www.burmeseclassic.com

ပန်းရွှေပြည်စာအုပ်တိုက်

ပန်းရွှေပြည်

# ဇာတ်တော်ကြီးဆယ်ဘွဲ့

ပေါင်းချုပ်

BURMESE CLASSIC .com



ဦးခင်မောင်ကြီး(ရန်ကုန်တက္ကသိုလ်) စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com







# ဇာတ်တော်ကြီး
# ၁၀ ဘွဲ့





www.burmeseclassic.com

www.burmeseclassic.com





ပန်းရွှေပြည်စာအုပ်တိုက်


BURMESE CLASSIC .com



ဦးဩဘာသ

ဦးပညာတိက္ခ

ဦးနန္ဒမေဓာ





www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်အစီအစဉ်**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁,၂၀၀ ကျပ်

ပထမအကြိမ်

၂၀၀၈ ခုနှစ် ဩဂုတ်လ

အုပ်ရေ ၅၀၀

အတွင်းသရုပ်ဖော်ပန်းချီ

ထင်လှဝင်းထင်

မျက်နှာဖုံး၊ ရေစ်ဒီဇိုင်း
ရဲရဲ

**ထုတ်ဝေသူ**

ဦးသိန်းဇေး (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
အမှတ် ၃၃၄၊ ၈ လမ်း၊ ၃၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးလှထွေး (၀၇၃၈၂)
ထူးပုံနှိပ်တိုက်
၂၂၅၊ ၁၀ ဘောင်ရပ်ကွက်၊
အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာ၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်
၃၂၀၀၈၀၇၁၀၇
အဖုံးခွင့်ပြုချက်
၃၂၁၀၀၈၀၇၀၈

www.burmeseclassic.com

www.burmeseclassic.com

# ပန်းရွှေပြည်
# ရာဇဝင်တော်ကြီး ၁၀ဘွဲ့
# ပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်တော်ကြီး ၁၀ဘွဲ့

၁။ တေမိယဇာတ်တော် – ဦးသြဘာသ
၂။ မဟာဇနကဇာတ်တော် – ဦးသြဘာသ
၃။ သုဝဏ္ဏသာမဇာတ်တော် – ဦးပညာတိက္ခ
၄။ နေမိဇာတ်တော် – ဦးသြဘာသ
၅။ မဟောသဓာဇာတ်တော် – ဦးသြဘာသ
၆။ ဘူရိဒတ်ဇာတ်တော် – ဦးနန္ဒမေဓာ
၇။ စန္ဒကုမာရဇာတ်တော် – ဦးသြဘာသ
၈။ နာရဒဇာတ်တော် – ဦးသြဘာသ
၉။ ဝိဓုရဇာတ်တော် – ဦးသြဘာသ
၁၀။ ဝေဿန္တရာဇာတ်တော် – ဦးသြဘာသ

| | ဇာတ်တော်အမည် | ကျမ်းပြုပုဂ္ဂိုလ် | ကျမ်းပြီးသက္ကရာဇ် | လျှောက်ထားသူ |
|---|---|---|---|---|
| ၁။ | တေမိ | ဦးသြဘာသဆရာတော် | ၁၁၄၈ ခုနှစ် တပို့တွဲလ | မောင်ဝ |
| ၂။ | ဇနက | ဦးသြဘာသဆရာတော် | ၁၁၄၇ ခုနှစ် နယုန်လ | မောင်ဝ၏သား မောင်ထောက် |
| ၃။ | သုဝဏ္ဏသာမ | အရှင်ပညာတိက္ခဆရာတော် | ၁၁၈၈ ခုနှစ် နယုန်လ | စာရေးတော်ကြီး မောင်သာ |
| ၄။ | နေမိ | ဦးသြဘာသဆရာတော် | ၁၁၄၈ ခုနှစ် ဝါဆိုလ | မောင်ထောက် |
| ၅။ | မဟောသဓ | ဦးသြဘာသဆရာတော် | ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလ | မောင်ထောက် |
| ၆။ | ဘူရိဒတ် | အရှင်နန္ဒမေဓာဆရာတော် | ၁၁၄၈ ခုနှစ် နတ်တော်လ | ဥက္ကံသရှင်သာမဏေ |
| ၇။ | စန္ဒကုမာရ | ဦးသြဘာသဆရာတော် | ၁၁၄၄ ခုနှစ် ပြာသိုလ | မောင်ထောက် |
| ၈။ | နာရဒ | ဦးသြဘာသဆရာတော် | ၁၁၄၄ ခုနှစ် တန်ခူးလ | မောင်ထောက် |
| ၉။ | ဝိဓုရ | ဦးသြဘာသဆရာတော် | ၁၁၄၅ ခုနှစ် ဝါခေါင်လ | မောင်ထောက် |
| ၁၀။ | ဝေဿန္တရာ | ဦးသြဘာသဆရာတော် | ၁၁၄၅ ခုနှစ် တပေါင်းလ | မောင်ထောက် |

www.burmeseclassic.com

www.burmeseclassic.com


- **တေမိယဇာတ်တော်ကြီး** ၁၇
- * ပဏာမ ၁၇
- * နိဒါန်း ၂၆
- ၁။ သားဆုတောင်းခန်း ၂၉
- ၂။ ပဋိသန္ဓေနေခန်း ၃၂
- ၃။ ဖွားတော်မူခန်း ၃၃
- ၄။ နို့ထိန်းရွေးခန်း ၃၄
- ၅။ အမည်မှည့်ခန်း ၃၆
- ၆။ ခိုးသူတို့စီရင်ခန်း ၃၇
- ၇။ ထီးချက်စောင့်နတ်သမီး မ ခန်း ၄၀
- ၈။ အလိုစမ်းခန်း ၄၃
- ၉။ ပုရောဟိတ်တို့ကိုမေးခန်း ၅၈
- ၁၀။ မင်းမြှောက်ရန်မယ်တော်တောင်းပန်ခန်း ၆၂
- ၁၁။ ၇ ရက် မင်းမြှောက်ခန်း ၆၉
- ၁၂။ စကားပြောရန် မယ်တော် တောင်းပန်ခန်း ၇၀
- ၁၃။ မြှုပ်သတ်ရန်အမိန့်ပေးခန်း ၇၂
- ၁၄။ မြှုပ်သတ်ရန်ဆောင်ယူခန်း ၇၄
- ၁၅။ အားအင်တော်ကိုစမ်းသပ်တော်မူခန်း ၇၇
- ၁၆။ ရထားထိန်းနှင့်စကားဆိုခန်း ၈၀
- ၁၇။ ရထားထိန်းပြန်ခန်း ၁၁၀
- ၁၈။ ရဟန်းပြုတော်မူခန်း ၁၁၄
- ၁၉။ မယ်တော်, ခမည်းတော်တို့ လိုက်လာခန်း ၁၁၆
- ၂၀။ ခမည်းတော်နှင့် စကားဆိုခန်း ၁၁၉
- ၂၁။ တစ်ပြည်လုံး တောထွက်ခန်း ၁၃၁
- ၂၂။ ၇ ပြည်ထောင် တောထွက်ခန်း ၁၃၂
- ၂၃။ ဇာတ်ပေါင်းခန်း ၁၃၅
- * နိဂုံး ၁၃၇
- * တေမိယဇာတ်တော်ကြီး ခက်ဆစ်အဓိပ္ပာယ်များ ၁၄၂

- **မဟာဇနကဇာတ်တော်ကြီး** ၁၅၇
- * ပဏာမ ၁၅၇
- * ဝတ္ထုနိဒါန်း ၁၅၉
- ၁။ ညီနောင် ၂ ပါးစစ်တိုက်ခန်း ၁၆၂
- ၂။ မိဖုရားကြီးထွက်ပြေးခန်း ၁၆၄


www.burmeseclassic.com

www.burmeseclassic.com


၃။ မိဖုရားကြီး ကာလစမ္မာနဂိုရ်ရောက်ခန်း ၁၆၇
၄။ ဖွားတော်မူခန်း ၁၆၉
၅။ သဘော်လွှင့်ခန်း ၁၇၂
၆။ မဏိမေခလာနတ်သမီး မ,ခန်း ၁၇၃
၇။ ဘထွေးတော် နတ်ရွာစံခန်း ၁၇၇
၈။ မင်းသမီး အလိုစမ်းခန်း ၁၇၉
၉။ ဖုဿရထား လွှတ်ခန်း ၁၈၂
၁၀။ ပုဏ္ဏားဖြေခန်း ၁၈၆
၁၁။ ဥဒါန်းကျူးတော်မူခန်း ၁၉၁
၁၂။ ဥယျာဉ်သို့ ထွက်တော်မူခန်း ၁၉၅
၁၃။ ရဟန်းပြုရန် တောင့်တတော်မူခန်း ၁၉၈
၁၄။ တောထွက်တောမူခန်း ၂၀၆
၁၅။ မိဖုရား ၇၀၀တို့ လိုက်ခန်း ၂၀၈
၁၆။ အရေးသား၍ တားမြစ်တော်မူခန်း ၂၁၁
၁၇။ နာရဒ ရှင်ရသေ့နှင့်တွေ့ခန်း ၂၁၃
၁၈။ မိဂါဇိန်ရှင်ရသေ့နှင့် တွေ့ခန်း ၂၁၇
၁၉။ အမဲကင်ပုံ့သုကူ ကောက်တော်မူခန်း ၂၂၂
၂၀။ သတို့သမီးငယ်နှင့် တွေ့ခန်း ၂၂၄
၂၁။ လေးသမားနှင့် တွေ့ခန်း ၂၂၈
၂၂။ မြက်သစ်ပင်ကို ပမာပြု၍ တောသို့ဝင်တော်မူခန်း ၂၃၀
၂၃။ မိဖုရား, မှူးမတ်, ဗိုလ်ပါတို့ ပြန်ခန်း ၂၃၂
၂၄။ ဇာတ်တော်ကိုပေါင်းခန်း ၂၃၃
* မဟာဇနကဇာတ်တော်ကြီး ခက်ဆစ်အဓိပ္ပာယ်များ ၂၃၇


**❑ သုဝဏ္ဏသာမဇာတ်တော်ကြီး** ၂၄၇


* နိဒါန်း ၂၄၇
* ပဏာမ ၂၄၈
* ဇာတ် နိဒါန်း ၂၅၀
၁။ ဒုကူလ, ပါရိကာတို့ ဖွားမြင်ခန်း ၂၅၆
၂။ ဒုကူလ, ပါရိကာတို့ တောထွက်ခန်း ၂၅၈
၃။ မြား ခ,တော်မူခန်း ၂၆၃
၄။ ပီဠိယက္ခမင်းနှင့် စကားဆိုခန်း ၂၆၅
၅။ သုဝဏ္ဏသာမ မိန်းမောခန်း ၂၇၀


www.burmeseclassic.com

၆။ ပိဋ္ဌိယကွမင်း ဒုကူလ, ပါရိကာတို့ထံ သွားခန်း ၂၇၅
၇။ ဒုကူလ, ပါရိကာတို့ လိုက်လာခန်း ၂၈၂
၈။ သစ္စာပြုခန်း ၂၈၄
၉။ ပိဋ္ဌိယကွမင်းကြီးအား တရားဟောခန်း ၂၈၈
၁၀။ ဇာတ်ပေါင်းခန်း ၂၉၂
* နိဂုံး ၂၉၅
* သုဝဏ္ဏသာမ ဇာတ်တော်ကြီး ခက်ဆစ်များ ၃၀၂

❑ **နေမိဇာတ်တော်ကြီး** ၃၀၉
* ပဏာမ ၃၀၉
* နိဒါန်း ၃၁၁
၁။ မဃဒေဝမင်း တောထွက်တော်မူခန်း ၃၁၅
၂။ နေမိမင်း ပဋိသန္ဓေနေတော်မူခန်း ၃၁၆
၃။ နေမိမင်းကြီး အကြဲဖြစ်တော်မူခန်း ၃၁၈
၄။ သိကြားမင်းပုစ္ဆာ ဖြေဆိုခန်း ၃၂၀
၅။ နေမိမင်းကြီးကို နတ်ပြည်သို့ဆောင်ခန်း ၃၂၈
၆။ ဝေတရဏီ ဥဿဒရက်ငရဲခန်း ၃၃၈
၇။ သုနခ ဥဿဒရက် ငရဲခန်း ၃၄၂
၈။ သဇောတိ ဥဿဒရက် ငရဲခန်း ၃၄၃
၉။ အင်္ဂါရကာသု ဥဿဒရက် ငရဲခန်း ၃၄၄
၁၀။ လောဟကုမ္ဘီ ဥဿဒရက် ငရဲခန်း ၃၄၅
၁၁။ ဒုတိယ လောဟကုမ္ဘီ ဥဿဒရက် ငရဲခန်း ၃၄၆
၁၂။ တပေါဒါနဒီ ဥဿဒရက် ငရဲခန်း ၃၄၇
၁၃။ သတ္တိဟတ ဥဿဒရက် ငရဲခန်း ၃၄၈
၁၄။ သုနာပဏ ဥဿဒရက် ငရဲခန်း ၃၄၉
၁၅။ မုတ္တကရီသ ဥဿဒရက် ငရဲခန်း ၃၅၁
၁၆။ လောဟိတပုဗ္ဗ ဥဿဒရက် ငရဲခန်း ၃၅၂
၁၇။ ဝိဒ္ဓဝိဟတ ဥဿဒရက် ငရဲခန်း ၃၅၃
၁၈။ သပရိဘိန္နဂတ္တာဒိ ဥဿဒရက် ငရဲခန်း ၃၅၄
၁၉။ အဝံသိရဟ ဥဿဒရက် ငရဲခန်း ၃၅၅
၂၀။ ကောဋိသိမ္ဗလိဝန ဥဿဒရက် ငရဲခန်း ၃၅၇
၂၁။ ဝိရဏီဘုံခန်း ၃၆၄
၂၂။ သောဏဒိန် ဘုံခန်း ၃၆၈

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၂၃။ | ဖလိက ဝိမာနခန်း | ၃၇၂ |
| ၂၄။ | ဝေဠုရိယ ဝိမာနခန်း | ၃၇၄ |
| ၂၅။ | ဒုတိယဖလိက ဝိမာနခန်း | ၃၇၆ |
| ၂၆။ | တတိယ ဖလိက ဝိမာနခန်း | ၃၇၈ |
| ၂၇။ | ဒုတိယ ဝေဠုရိယ ဝိမာနခန်း | ၃၈၀ |
| ၂၈။ | ကဋ္ဌန ဝိမာနခန်း | ၃၈၂ |
| ၂၉။ | အာကာသဋ္ဌ ဝိမာနခန်း | ၃၈၃ |
| ၃၀။ | စာတုမဟာရာဇ်ဘုံကို ပြသောအခန်း | ၃၈၅ |
| ၃၁။ | တာဝတိံသာဘုံ စိတ္တကူဋ်တံခါးမုခ်သို့ ရောက်ခန်း | ၃၈၈ |
| ၃၂။ | တာဝတိံသာ နတ်သဘင်သို့ဝင်ခန်း | ၃၉၂ |
| ၃၃။ | တာဝတိံသာနတ်ဘုံမှ ဆင်းသက်တော်မူခန်း | ၃၉၈ |
| ၃၄။ | နေမိမင်းကြီး တောထွက်တော်မူခန်း | ၄၀၀ |
| ၃၅။ | ဇာတ်တော်ကို ပေါင်းခန်း | ၄၀၁ |
| * | နိဂုံး | ၄၀၅ |



| | | |
|---|---|---|
| ❑ | **မဟောသဓဇာတ်တော်ကြီး** | ၄၁၁ |
| * | နိဒါန်း | ၄၁၃ |
| ၁။ | မဟောသဓ ဖွားတော်မူခန်း | ၄၁၅ |
| ၂။ | ဇရပ်ဆောက်ခန်း | ၄၁၉ |
| ၃။ | အိပ်မက်အရ ပညာရှိကိုရှာခန်း | ၄၂၀ |
| ၄။ | အမဲသားတစ်ကို ချစေခန်း | ၄၂၂ |
| ၅။ | နွားတရား စီရင်ခန်း | ၄၂၃ |
| ၆။ | လည်ရွဲတရား စီရင်ခန်း | ၄၂၆ |
| ၇။ | ချည်ထွေးတရား စီရင်ခန်း | ၄၂၈ |
| ၈။ | သားတရား စီရင်ခန်း | ၄၂၉ |
| ၉။ | မယားခိုးတရား စီရင်ခန်း | ၄၃၁ |
| ၁၀။ | ရထားတရား စီရင်ခန်း | ၄၃၅ |
| ၁၁။ | ရှားလုံးတပြဿနာ ဖြေခန်း | ၄၃၇ |
| ၁၂။ | ဦးခေါင်းခွံပြဿနာ ဖြေခန်း | ၄၃၉ |
| ၁၃။ | မြွေပြဿနာ ဖြေခန်း | ၄၃၉ |
| ၁၄။ | ကြက်ပြဿနာ ဖြေခန်း | ၄၄၀ |
| ၁၅။ | ပတ္တမြားပြဿနာ ဖြေခန်း | ၄၄၁ |
| ၁၆။ | သားဖွားပြဿနာ ဖြေခန်း | ၄၄၂ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၇။ | ထမင်းပြဿနာ ဖြေခန်း | ၄၄၄ |
| ၁၈။ | သဲလွန်ပြဿနာ ဖြေခန်း | ၄၄၄ |
| ၁၉။ | ရေကန်ပြဿနာ ဖြေခန်း | ၄၄၆ |
| ၂၀။ | ဥယျာဉ်ပြဿနာ ဖြေခန်း | ၄၄၇ |
| ၂၁။ | ဝိဒေဟရာဇ်မင်းကြီး အရှေ့ယဝမဇ္ဈုံရွာသို့ ထွက်တော်မူခန်း | ၄၄၇ |
| ၂၂။ | မြည်းပြဿနာ ဖြေခန်း | ၄၄၉ |
| ၂၃။ | ပထမ အချီးမြှောက်ခံရခန်း | ၄၅၄ |
| ၂၄။ | ထန်းပင်ပေါ် ကျိုးသိုက်မှပတ္တမြား ယူစေခန်း | ၄၅၅ |
| ၂၅။ | ကကဏ္ဍက ပဉှာခန်း | ၄၅၈ |
| ၂၆။ | သိရိကာလကဏ္ဏိ ပြဿနာခန်း | ၄၆၁ |
| ၂၇။ | မေဏ္ဍက ပဉှာခန်း | ၄၆၅ |
| ၂၈။ | သရီမန္တ ပြဿနာခန်း | ၄၇၆ |
| ၂၉။ | အမရာဒေဝီ ပရိယေသနခန်း | ၄၈၇ |
| ၃၀။ | သဗ္ဗရတနာခိုးရခန်း | ၄၉၉ |
| ၃၁။ | ဘူရိပဉှာခန်း | ၅၀၅ |
| ၃၂။ | ဒေဝမိတာ ပုစ္ဆိတ ပဉှာခန်း | ၅၁၅ |
| ၃၃။ | ပဉ္စပဏ္ဍိတ ပဉှာခန်း | ၅၁၈ |
| ၃၄။ | မဟောသဓသုခမိန် နိုင်ငံတော်ကို ပြုပြင်ခန်း | ၅၃၄ |
| ၃၅။ | ပထမ ကျေးစေခန်း | ၅၃၆ |
| ၃၆။ | စူဠနီဗြဟ္မဒတ်မင်း မင်းအများကို သိမ်းယူခန်း | ၅၄၁ |
| ၃၇။ | အောင်သေသောက်မည့် စီမံခန်း | ၅၄၃ |
| ၃၈။ | မိထိလာပြည်သို့ စစ်ချီခန်း | ၅၄၅ |
| ၃၉။ | စလာကဒေဝီ၏ ပညာခန်း | ၅၄၈ |
| ၄၀။ | မိထိလာပြည်ကို တိုက်ခိုက်ခန်း | ၅၅၂ |
| ၄၁။ | ရှေးဦးစွာ စစ်အောင်ခန်း | ၅၅၇ |
| ၄၂။ | ၂ ကြိမ်မြောက် စစ်အောင်ခန်း | ၅၆၃ |
| ၄၃။ | ဒုတိယကျေးစေခန်း | ၅၇၀ |
| ၄၄။ | ဥမင် စီရင်ခန်း | ၅၉၄ |
| ၄၅။ | ဥမင်စစ်ပွဲ ဆင်ခန်း | ၆၂၃ |
| ၄၆။ | ရေစောင့်ဘီလူး ပဉှာခန်း | ၆၄၅ |
| ၄၇။ | ဇာတ်တော်ပေါင်းခန်း | ၆၆၄ |
| * | ကျမ်းပြီးနိဂုံး | ၆၈၁ |
| * | နိဂုံးကောပိဒ်လင်္ကာ | ၆၈၆ |
| * | မဟောသဓဇာတ်တော် ခက်ဆစ်များ | ၆၈၇ |


www.burmeseclassic.com

www.burmeseclassic.com

### ❑ ဘူရိဒတ် ဇာတ်တော်ကြီးဝတ္ထု


| | | |
|---|---|---|
| * | နိဒါန်း | ၆၉၉ |
| ၁။ | နဂရခန်း | ၇၀၀ |
| ၂။ | ဥပေါသထခန်း | ၇၀၉ |
| ၃။ | နဂရပဝေသနခန်း | ၇၁၁ |
| ၄။ | မိစ္ဆာဒိဋ္ဌိကထာ | ၇၃၃ |
| ၅။ | ခမ္မကထာခန်း | ၇၃၆ |
| * | နိဂုံး | ၇၄၆ |
| * | ဘူရိဒတ်ဇာတ်တော်ခက်ဆစ်များ | ၇၄၇ |


### ❑ စန္ဒကုမာရ ဇာတ်တော်ကြီးဝတ္ထု


| | | |
|---|---|---|
| * | ပဏာမ | ၇၅၁ |
| * | နိဒါန်း | ၇၅၅ |
| ၁။ | ခဏ္ဍဟာလပုဏ္ဏားကို တရားသူကြီးအရာမှချခန်း | ၇၅၅ |
| ၂။ | မင်းကြီးယဇ်ပူဇော်မည်ကြံစည်ခန်း | ၇၅၆ |
| ၃။ | သားတော်,သမီးတော်များကို ဆောင်ယူစေခန်း | ၇၅၈ |
| ၄။ | မင်းကြီး မယ်တော်, ခမည်းတော်တို့အား တင်လျှောက်ခန်း | ၇၆၀ |
| ၅။ | စန္ဒကုမာရမင်းသား တောင်းပန်ခန်း | ၇၆၂ |
| ၆။ | မြူးမတ်,သားမယားတို့ကို တောင်းပန်စေခန်း | ၇၆၅ |
| ၇။ | ယဇ်တွင်းသို့ ဆောင်ယူခန်း | ၇၆၇ |
| ၈။ | ပုပ္ပဝတီပြည်အလုံး ချောက်ချားခန်း | ၇၆၈ |
| ၉။ | ယဇ်တွင်း၌ ၄င်းပြည်တမ်း၍ လျှောက်တောင်းပန်ခန်း | ၇၆၈ |
| ၁၀။ | သစ္စာကြောင့် သိကြားမင်း ဆင်း၍ကယ်ခန်း | ၇၇၆ |
| ၁၁။ | စန္ဒကုမာရမင်းသားကို ထီးနန်းနှင်းအပ်ခန်း | ၇၇၇ |
| ၁၂။ | ဇာတ်တော်အဆုံး၌ သစ္စာ ၄ ပါး ဟောဖန်ခန်း | ၇၇၈ |
| ၁၃။ | ဇာတ်တော်ပေါင်းခန်း | ၇၇၉ |
| * | နိဂုံး ပိုဒ်စုံရတု | ၇၈၀ |
| * | စန္ဒကုမာရဇာတ်တော် ခက်ဆစ်များ | ၇၈၁ |


### ❑ နာရဒ ဇာတ်တော်ကြီးဝတ္ထု


| | | |
|---|---|---|
| * | ပဏာမ | ၇၈၅ |
| * | နိဒါန်း | ၇၈၆ |
| ၁။ | ရုဇာမင်းသမီးအခန်း | ၇၈၈ |




www.burmeseclassic.com

www.burmeseclassic.com


၂။ အမတ်တို့နှင့် တိုင်ပင်ခန်း ၇၈၈
၃။ ကာသပတက္ကတွန်းထံကပ်ခန်း ၇၉၀
၄။ ဗိဇကသူဆင်းရဲ ဋိကြေးခန်း ၇၉၃
၅။ ရုဇာမင်းသမီး တရားဟောခန်း ၇၉၅
၆။ ရုဇာမင်းသမီး အတိတ်ကိုဆောင်ခန်း ၈၀၀
၇။ ရုဇာမင်းသမီးသည် ၇ ဖြစ်တို့ကို ဆင်ခြင်ခန်း ၈၀၃
၈။ အထူးထူးသောဥပမာဖြင့် ပြဆိုခန်း ၈၀၄
၉။ အဓိဋ္ဌာန်ပြုခန်း ၈၀၅
၁၀။ နာရဒပြဟ္မာမင်း တရားဟောခန်း ၈၀၆
၁၁။ ငရဲအကြောင်းကိုပြခန်း ၈၀၉
၁၂။ ရှေးမင်းမြတ်တို့အကျင့်ကို ပြဆိုခန်း ၈၁၃
၁၃။ ရထားဥပမာဖြင့် ပြဆိုခန်း ၈၁၄
၁၄။ ဇာတ်တော်ပေါင်းခန်း ၈၁၆
• နိဂုံး ပိုဒ်စုံရတု ၈၁၈


❑ **ဝိဓုရ ဇာတ်တော်ကြီးဝတ္ထု**


• ပဏာမ ၈၂၃
• နိဒါန်း ၈၂၃
• နိဒါန်းအကျယ် ၈၂၄
၁။ မင်း ၄ ပါးတို့ ဥပုသ်သုံးခန်း ၈၂၅
၂။ နဂါးမင်းမိဖုရားကြီး ချင်ခြင်းဖြစ်ခန်း ၈၃၂
၃။ မြင်း၏အစွမ်း, ပတ္တမြား၏အစွမ်းကိုပြခန်း ၈၄၁
၄။ အန်ကစားခန်း ၈၄၄
၅။ အိမ်ရာထောင်သော ပြဿနာကို မေးခန်း ၈၄၉
၆။ သားမယားတို့ကို ဆုံးမခန်း ၈၅၁
၇။ မင်းခယောက်ျားကျင့်ဆောင်ရာ တရားဟောခန်း ၈၅၄
၈။ ဘုရားလောင်းကို ပုဏ္ဏကဆောင်ယူခန်း ၈၆၁
၉။ နဂါးပြည်သို့ ဆောင်ယူစေခန်း ၈၇၂
၁၀။ နဂါးပြည်၌ တရားဟောခန်း ၈၇၄
၁၁။ နဂါးပြည်မှ ပြန်ခန်း ၈၈၂
၁၂။ ဇာတ်တော်ပေါင်းခန်း ၈၈၇
• နိဂုံး ပိုဒ်စုံရတု ၈၉၀
• ဝိဓုရဇာတ်တော် ခက်ဆစ်များ ၈၉၁




www.burmeseclassic.com

www.burmeseclassic.com

## ❑ ဝေဿန္တရာ ဇာတ်တော်ကြီးဝတ္ထု


| | |
|---|---|
| • ပဏာမ | ၈၉၆ |
| • နိဒါန်း | ၈၉၇ |
| • နိဒါန်းအကျယ် | ၈၉၇ |
| ၁။ ဖုဿတီမိဖုရား ဆုတောင်းခန်း | ၉၀၁ |
| ၂။ ဟိမဝန္တာ ချီးမွမ်းခန်း | ၉၀၄ |
| ၃။ ဒါနခန်း | ၉၂၀ |
| ၄။ ဝနပ္ပဝေသနခန်း | ၉၃၂ |
| ၅။ ဇူဇကာ ပဗ္ဗခန်း | ၉၄၀ |
| ၆။ စူဠဝန ဝဏ္ဏနာခန်း | ၉၄၆ |
| ၇။ မဟာဝန ဝဏ္ဏနာခန်း | ၉၄၉ |
| ၈။ ကုမာရ ပဗ္ဗခန်း | ၉၅၄ |
| ၉။ မဒ္ဒီ ပဗ္ဗခန်း | ၉၆၅ |
| ၁၀။ သက္က ပဗ္ဗခန်း | ၉၇၅ |
| ၁၁။ မဟာရာဇ ပဗ္ဗခန်း | ၉၈၀ |
| ၁၂။ ဆခတ္တိယခန်း | ၉၈၈ |
| ၁၃။ ပြည်တော်သို့ ပြန်ခန်း | ၉၉၂ |
| ၁၄။ ဇာတ်တော်ပေါင်းခန်း | ၉၉၇ |
| • နိဂုံး ပိဒ်စုံ | ၁၀၀၀ |
| • ဝေဿန္တရာဇာတ်တော် ခက်ဆစ်များ | ၁၀၀၅ |


www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်တော်ကြီး ဆယ်ဘွဲ့ နိဒါန်း

မောင်ခင်မင်(ဓနုဖြူ)

။ ၁ ။

ဇာတ်တော်ကြီးဆယ်ဘွဲ့ အပါအဝင် ဗုဒ္ဓစာပေ ဝတ္ထုများနှင့် မြန်မာတို့ မည်မျှ အကျွမ်းတဝင်ရှိကြောင်း အထူးဖော်ပြရမည့် အချက်တစ်ချက် ရှိသည်။ အခြားမဟုတ်ပါ။ မြန်မာစာအရေးအသား ဟူ၍ အထင်အရှား မပေါ်ပေါက်မီ ကတည်းကပင် ဗုဒ္ဓစာပေ ဝတ္ထုများနှင့် မြန်မာတို့ အကျွမ်းတဝင် ရှိနေပြီဟူသော အချက် ဖြစ်သည်။ ပုဂံဘုရားပုထိုးများရှိ မင်စာ, စဦးကွင်းစာများက ထိုအချက်ကို အထင်အရှား သက်သေပြနေပါသည်။

ပုဂံရှိ ဂူဘုရား အတွင်းနံရံများတွင် ရေးဆွဲထားသော ဇာတ်တော်ငါးရာ ငါးဆယ်, ဇာတ်တော်ကြီးဆယ်ဘွဲ့, ဗုဒ္ဓဝင် စသည့် ဗုဒ္ဓစာပေ ဝတ္ထုသရုပ်ဖော် ပန်းချီပုံများ၌ ပါဠိဘာသာ, ရေးမွန်ဘာသာတို့ဖြင့် ရေးထိုးထားသော ပုံအညွှန်း မင်စာများကို တွေ့နိုင်သကဲ့သို့ စဉ့်ကွင်းခေါ် စဉ့်ရည်သုတ်အုတ်ချပ်များနှင့် စဉ့်ရည်မသုတ်သော အုတ်ချပ်များတွင် ပုံဖော်ထားသော ဗုဒ္ဓစာပေ ဝတ္ထုဇာတ်ကွက် များ၌လည်း ပါဠိဘာသာ, ရေးမွန်ဘာသာတို့ဖြင့် ရေးထိုးထားသော ပုံအညွှန်း စာများကို တွေ့နိုင်ပါသည်။ အစောပိုင်းပေါ်ပေါက်သော မင်စာ, စဉ့်ကွင်းစာများ သည် ပါဠိစာ, မွန်စာများ ဖြစ်ပါသည်။ ထိုစဉ်က မြန်မာစာအရေးအသားဟူ၍ အထင်အရှား မပေါ်ပေါက်သေးပါ။ ပုဂံ အာနန္ဒာဘုရားရှိ ဇာတ်တော်ကြီးဆယ်ဘွဲ့ စဉ့်ကွင်းစာများသည် ထင်ရှားသော သာဓကတစ်ခု ဖြစ်ပါသည်။ ရေးမွန်ဘာသာ ဖြင့် ရေးထိုးထားသော စဉ့်ကွင်းစာများ ဖြစ်ပါသည်။

။ ၂ ။

မြန်မာစာအရေးအသား ပေါ်ပေါက်ပြီးနောက် မြန်မာဘာသာဖြင့် ရေးထိုး သော မင်စာများ ပေါ်ပေါက်လာသည်။ ပုဂံ လောကထိပ်ပန်ဂူဘုရားအတွင်း နံရံတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့သည် သရုပ်ဖော်ပန်းချီပုံများနှင့်အတူ မြန်မာ ဘာသာဖြင့် ရေးထိုးထားသော မင်စာများကို တွေ့ရပါသည်။ ပုံအညွှန်းစာ၏ သဘာဝနှင့်အညီ လိုရင်းကို ကျစ်ကျစ်လျစ်လျစ် ရေးသားထားသော မြန်မာစာ အရေးအသား ဖြစ်သည်။ ယင်း မင်စာများသည် မြန်မာစာပေ ပေါ်ထွန်းလာမှုကို သက်သေပြနေသော တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားများဖြစ်ကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က မိန့်ဆိုထားသည်။ လောကထိပ်ပန်မင်စာသည် မြန်မာစာဖြင့်ရေးသော အစောဆုံး ဇာတ်တော်ကြီးဆယ်ဘွဲ့စကားပြေ ဖြစ်ပါသည်။

'ဇာတ်တော် ငါးရာငါးဆယ်' နှင့် 'ဇာတ်တော်ကြီးဆယ်ဘွဲ့' ကို ခွဲခြား၍ ရည်ညွှန်းလေ့ ရှိသော်လည်း သီးခြားမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဇာတ်တော် ငါးရာ့ငါးဆယ်'နှင့် 'ဇာတ်တော်ကြီးဆယ်ဘွဲ့'ကို ခွဲခြား၍ ရည်ညွှန်းလေ့ရှိသော်လည်း သီးခြားမဟုတ်ပါ။ ဇာတ်တော်ငါးရာ့ငါးဆယ်မှ နောက်ဆုံးဇာတ်တော် ဆယ်ဆောင်ကို ဇာတ်တော်ကြီးဆယ်ဘွဲ့ဟု ခွဲခြားရည်ညွှန်းခြင်းဖြစ်သည်။

ပါဠိဘာသာဖြင့် 'ဇာတက'ဟု ခေါ်သည်။ ဂေါတမဘုရားရှင်၏ အတိတ်ဘဝ ဖြစ်တော်စဉ် ဇာတ်ဝတ္ထုများ ဖြစ်သည်။ ဇာတကသည် သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ် အဝင်အပါ ကျမ်း ၁၅ ကျမ်းအနက် ၁၀ ခုမြောက်ကျမ်းဖြစ်သည်။

ဇာတကတွင် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ် ပါဝင်သည်။ မှတ်သားရလွယ်အောင် ၃ ဖြည့်ကာ '၅၅၀' ဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြသည်။ ပုဂံခေတ်ကျောက်စာများတွင် 'ဇာတ်ငါးရာ', 'ဇာတ်ငါးရာ့ငါးဆယ်'ဟု ရည်ညွှန်းလေ့ရှိသည်။

ပါဝင်သည့် ဂါထာအရေအတွက်အလိုက် တစ်ဂါထာပါဝင်သော ဇာတ်များကို ဧကနိပါတ်, နှစ်ဂါထာပါဝင်သော ဇာတ်များ ဒုကနိပါတ် စသည်ဖြင့် နိပါတ်(နိပါတ)ခေါ် အစုပေါင်း ၂၂ ခုဖြင့် စုစည်းထားသည့်အတွက် 'ဇာတ်နိပါတ်' ဟုလည်းကောင်း ခေါ်သည်။ ၅၄၇ ဇာတ်မှ နောက်ဆုံး ၁၀ ဇာတ်မှာမူ ဂါထာအရေအတွက် များသည့်အတွက် ထိုဇာတ်များကို မဟာနိပါတ် ဟူ၍ သတ်မှတ် စုစည်းထားသည်။

ဇာတ်တော်စဉ်မပျက် ၅၃၈–တေမိယဇာတ်မှ ၅၄၇–ဝေဿန္တရာဇာတ်အထိ ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ဆိုသည်မှာ ထိုဇာတ် ၁၀ ဇာတ်ပင် ဖြစ်သည်။

။ ၄ ။

ဇာတကသည် မူလက ဂါထာသက်သက်မျှသာ ဖြစ်သည်။ ဂါထာ ၉၀၀၀ ကျော် ပါဝင်သည်။ ဘုရားရှင်၏ ရှေ့ဖြစ်နောက်ကြောင်း ဇာတ်လမ်းများ မပါသေး။ နောက်ပိုင်းတွင် ထိုဂါထာများကို အခြေခံ၍ ဇာတ်ကွက်ဇာတ်လမ်းများဖြင့် ဖွဲ့သော 'ဇာတကအဋ္ဌကထာ'ခေါ် အဖွင့်ကျမ်းများ ပေါ်လာသည်။

ဇာတက အဋ္ဌကထာကျမ်းကို ပြုစုသူမှာ သီဟိုဠ်ကျွန်းမှ အမည်မသိရသော ရဟန်းတော်တစ်ပါး ဖြစ်သည်ဟူ၍လည်းကောင်း၊ ရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်ဟူ၍လည်းကောင်း ပညာရှင်တို့ ဆိုကြသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ထိုကျမ်းများကို ခရစ်နှစ် ၅ ရာစုတွင် ပြုစုဖွယ်ရှိသည်ဟု အချို့က ယူဆကြပြီး၊ ရှင်မဟာဗုဒ္ဓဃောသသည် ထိုကျမ်းများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုသူသာ ဖြစ်သည်ဟု တချို့က ယူဆကြသည်။

ထပ်မံ၍ဖွင့်ဆိုသော ဋီကာများတွင် ပါဠိဇာတ်ဋီကာကို ရှင်ဓမ္မပါလ ပြုစုကြောင်း၊ ၅၅၀ ဋီကာ ဟုလည်းခေါ်ကြောင်း မှတ်သားရှိပါသည်။

ဇာတကတွင် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ် ပါဝင်သည်။ မှတ်သားရလွယ်အောင် ၃ ဖြည့်ကာ '၅၅၀' ဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



။ ၅ ။

ဇာတကပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့ကို ပါဠိတစ်ချက်, မြန်မာတစ်ချက်ပြန်ဆိုသော နိဿယကျမ်းများလည်း ပေါ်ပေါက်သည်။

ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်သော ကြံခင်းဆရာတော်၏ ပဋ္ဌဇာတ်ပါဠိတော် နိဿယဟောင်း၊ ပြည်ဆရာတော်၏ ပဋ္ဌဇာတ်ပါဠိတော် နိဿယသစ်တို့သည် ဇာတကပါဠိတော် နိဿယများ ဖြစ်သည်။ ဇာတကအဋ္ဌကထာနိဿယများကို ကုန်းဘောင်ခေတ်တွင် ဆရာတော်များက ရေးသားပြုစုကြရာ မဟာနိပါတ် ဇာတ်တော်ကြီးဆယ်ဘွဲ့ အဋ္ဌကထာနိဿများကို ဝက်ခုတ်ဆရာတော်က ပြုစုပြီး၊ နိဿယသစ်ကို ဒန့်ပေါ်ဆရာတော်က ပြုစုသည်။ ယခုအခါတွင် အဆိုပါ ဒန့်ပေါ်ဆရာတော် ရှင်ဂုဏာရုံသာလင်္ကာရ ပြုစုသော 'တေမိယဇာတက အဋ္ဌကထာ နိဿယ'မှ 'ဝေဿန္တရ ဇာတကအဋ္ဌကထာ နိဿယ'အထိ နိဿယ ၁၀ စောင်ကို ပုံနှိပ်မှုဖြင့် လေ့လာနိုင်ကြပါသည်။

။ ၆ ။

မြန်မာစာပေ စတင်ဖွံ့ဖြိုးသော အင်းဝခေတ်တွင် ပျို့စာဆိုတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ အပါအဝင် ဗုဒ္ဓစာပေ ဝတ္ထုဇာတ်လမ်းများကို 'ပျို့'ဟု ခေါ်သော ကဗျာဝတ္ထုများအဖြစ် ဝေဝေဆာဆာ ရေးဖွဲ့ကြသည်။

ပထမဆုံးပျို့ဟု ဆိုရမည့် ဘူရိဒတ်လင်္ကာကြီးနှင့် ဆက်လက်ရေးဖွဲ့သော ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့သည် ဘူရိဒတ်ဇာတ်ကိုပြန်ဖွဲ့သော ရှင်မဟာရဋ္ဌသာရ ၏လက်ရာ ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ပျို့များဖြစ်သည်။ ထိုအစဉ်အလာနှင့် အညီ ရှင်အဂ္ဂသမာဓိက သုဝဏ္ဏသျှံ သစ္စာခန်းပျို့, မြားမှန်ခန်းပျို့, သူဌေးခန်းပျို့ တို့ကို လည်းကောင်း၊ နေမိမဠ္ဌုဝိုးခန်းပျို့, ငရဲခန်းပျို့, ဘုံခန်းပျို့တို့ကို လည်းကောင်း ရေးဖွဲ့ခဲ့သည်။ သုဝဏ္ဏသာမဇာတ်နှင့် နေမိဇာတ်တို့ကို ပြန်ဖွဲ့သော ပျို့များ ဖြစ်သည်။ ဇာတ်တော်ကြီး ဆယ်ဘွဲ့ဝင် ပျို့များ ကုန်းဘောင်ခေတ်အထိ ဆက်လက်ပေါ်ထွန်းခဲ့ရာ တောင်ဘီလာဆရာတော်၏ ဝေဿန္တရာပျို့, တွင်းသင်းမင်းကြီး၏ ဝိဓုရပျို့နှင့် မဟာဇနကပျို့, မုံရွေးဆရာတော်၏ နာရဒပျို့, ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့, မောင်ဦးကာ၏ တေမိပျို့, ဦးရွှန်း၏ မဟော်ပြဿနာခန်းပျို့, မဟော်ဥမင်ခန်းပျို့တို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ပျို့များအဖြစ် မြန်မာစာပေသမိုင်းတွင် ရပ်တည်လျက် ရှိပါသည်။

ဦးကြင်ဥ၏ မဟော်ပြဇာတ်, ဦးပုည၏ ဝေဿန္တရာပြဇာတ်, ကင်းဝန်မင်းကြီး၏ နေမိရကန် စသည်ဖြင့် စာပေပုံသဏ္ဌာန်အမျိုးမျိုး တွေ့နိုင်ပါသည်။

အင်းဝခေတ်တွင် ပျို့စာဆိုတို့သည် ဇာတ်တော်ကြီး ဆယ်ဘွဲ့ အပါအဝင် ဗုဒ္ဓစာပေ ဝတ္ထုဇာတ်လမ်းများကို 'ပျို့'ဟု ခေါ်သော ကဗျာဝတ္ထုများအဖြစ် ဝေဝေဆာဆာ ရေးဖွဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



။ ၇ ။

ဇာတ်တော်ကြီးဆယ်ဘွဲ့ဝတ္ထုများ မြန်မာစကားပြေဖြင့် အပြည့်အစုံ ပေါ်ပေါက်လာခြင်းသည် ကုန်းဘောင်ခေတ် မြန်မာစာပေလမ်းကြောင်းတွင် အရေးပါသော အချက်တစ်ချက် ဖြစ်သည်။

'တေ, ဇ, သု, နေ, မ, ဘူ, စန်, နာ, ဝိ, ဝေ' ဟု အတိုကောက် အမှတ်အသားပြုကြသော ဇာတ်တော်ကြီးဆယ်ဘွဲ့ဝတ္ထုများအနက် တေမိယ, ဇနက, နေမိ, မဟောသဓာ, စန္ဒကုမာရ, နာရဒ, ဝိဓုရ, ဝေဿန္တရာ ဟူသော ဇာတ်တော်ကြီး ၈ ဆောင်ကို မင်းဘူးဆရာတော် ဦးသြဘာသက ရေးသားပြီး၊ သုဝဏ္ဏသာမ ဇာတ်တော်ကြီးဝတ္ထုကို ရှင်ပညာတိက္ခ ကလည်းကောင်း၊ ဘူရိဒတ် ဇာတ်တော်ကြီးဝတ္ထုကို ရှင်နန္ဒမေဓာ ကလည်းကောင်း ရေးသားသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ကဗျာစာဆိုများက ကဗျာဖြင့် ပရိသတ်၏ ရင်ထဲသို့ ပို့ပေးနိုင်စွမ်း ရှိသည့်နည်းတူ၊ စကားပြေဆရာများကလည်း စကားပြေဖြင့် ပရိသတ်၏ရင်ထဲသို့ ပို့ပေးနိုင်စွမ်း ရှိပါသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ လူ့စရိုက်, လူ့အမူအရာအမျိုးမျိုးကို 'ရသ'ဟူသော နှစ်သက်မှုနှင့်အတူ ရင်ထဲနှလုံးထဲတွင် ထင်ဟပ်ခံစားရစေပြီး ဘဝအသိအမြင်အမျိုးမျိုး ပေါ်ပေါက်လာစေနိုင်သည့်အတွက် ဇာတ်တော်ကြီးဆယ်ဘွဲ့သည် မြန်မာပရိသတ်နှင့် တစ်သားတည်း ဖြစ်သွားပါသည်။ မည်မျှအထိ တစ်သားတည်း ဖြစ်သွားသနည်းဆိုလျှင် ဇာတ်တော်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်ဆောင်များသည် ဇာတကထဲက မူလအသွင် ပျောက်ပြီး မြန်မာဝတ်စားဆင်ယင်မှုများဖြင့် ဆင်ယင်ထားသော မြန်မာအမျိုးသမီး, အမျိုးသားများအဖြစ် ပြောင်းသွားသည်အထိ ဖြစ်ပါသည်။ ဝေဿန္တရာဇာတ်ထဲက မဒ္ဒီဒေဝီသည် မြန်မာမင်းသမီးကလေး 'မယုမဒ္ဒီ'ဖြစ်နေပါပြီ။ ဇာလီနှင့် ကဏှာဇိနတို့သည်လည်း 'သားမောင်ဇာ'တို့, 'သမီးကဏှာ'တို့ ဖြစ်နေပါပြီ။ ဝေဿန္တရာမင်းကြီးကို 'မင်းဝေသန်'ဟု မြန်မာဆန်ဆန်ခေါ်ညွှန်းပြီး မင်းမြောက်တန်ဆာများ ဆင်ယင်ထားသော မြန်မာဘုရင်ကြီးတစ်ပါးအဖြစ် မြင်ယောင်နေပါပြီ။ သုဝဏ္ဏသာမ ဟုဆိုသည်နှင့် အမိလုပ်ကျွေးသော သားလိမ္မာကလေးအဖြစ် မြင်ယောင်လာသည့်အပြင်၊ မူလဇာတ်တော်တွင် မပါသည့် မြားဆိပ်ပြေပြီး ရွှေအိုးထမ်းလာသည့်အသွင်ကိုပါ ဖြည့်စွက်မြင်ယောင်နေပါပြီ။ ကေဝဋ်ပုဏ္ဏားကြီး၏နဖူးကို မြေကြီးနှင့်ဆောင့်ပြီး အနိုင်ယူသော မဟောသဓာသုခမိန်၊ ပုဏ္ဏက၏ မြင်းမြီးမှာချည်ပြီး ဒုန်းစိုင်းသည်ကို ခံရရှာသော ဝိဓုရသုခမိန်၊ စကားမပြောဘဲ အလိုစမ်းသမျှ သည်းခံသော တေမိမင်းသား၊ ပင်လယ်ပြင်မှာ တပြောင်းပြန်ပြန် ကူးခတ်နေသော မဟာဇနကမင်းသား၊ သိကြားမင်းကပင် အလေးအမြတ်ပြုရသော နေမိမင်းကြီး၊ ဥပုသ်ဆောက်တည်ရင်း အလမ္ပာယ်၏လက်တွင်းကျရောက်ကာ ဒုက္ခရောက်ရရှာသော ဘူရိဒတ်နဂါးမင်း စသည်တို့သည် မြန်မာတို့၏ သွေးရင်းသားရင်းများ ဖြစ်နေကြပါပြီ။

မူလဇာတ်တော်တွင် မပါသည့် မြားဆိပ်ပြေပြီး ရွှေအိုးထမ်းလာသည့်အသွင်ကိုပါ ဖြည့်စွက် မြင်ယောင်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



။ ၈ ။

ဓာတ်တော်ကြီးဆယ်ဘွဲ့၏ နှစ်သက်ဖွယ် ဓာတ်လမ်းဓာတ်ကွက်များ၊ လူ့အမှုအရာများ၊ သဘာဝပတ်ဝန်းကျင် နောက်ခံများ၏ နောက်ကွယ်တွင် သိမ်မွေ့လေးနက်သော သဘောတရားများ ကိန်းအောင်းလျက် ရှိပါသည်။ အထူးပြုရာပါရမီအရ အလောင်းတော်တို့ ပါရမီရှင် အရင်းအမာပုဂ္ဂိုလ်များအဖြစ် ပြုမူပြောဆို ကျင့်ကြံပုံများသည် လေးစားဖွယ်ဂုဏ်ရည်များကို အလေးအနက် ဖော်ညွှန်းလျက် ရှိပါသည်။ မဟောသဓာနှင့် ဝိဓုရသုခမိန်တို့၏ပညာ၊ ဇနကမင်းသား၏ ဝီရိယ၊ တေမိမင်းသား၏ အဓိဋ္ဌာန်၊ ဘူရိဒတ်နဂါးမင်း၏ သီလ၊ ဝေဿန္တရာမင်းကြီး၏ အလှူဒါန၊ သုဝဏ္ဏသာမက၏ မေတ္တာ စသည်ဖြင့် လေးစားစံပြုဖွယ် ဂုဏ်ရည်များကို ထိုဓာတ်တော်များက အထင်အရှား ညွှန်ပြလျက်ရှိပါသည်။ ထိုဂုဏ်ရည်များသည်လည်း မြန်မာပရိသတ်၏ရင်ထဲတွင် သိမ်မွေ့စွာ နေရာယူလျက် ရှိပါသည်။

။ ၉ ။

ဓာတ်တော်ကြီးဆယ်ဘွဲ့ စာပေအလျဉ်သည် ဆရာတော်ဦးသြဘာသတို့၏ နောက်ပိုင်းခေတ်တွင်လည်း ဆက်လက် စီးဆင်းလျက် ရှိပါသည်။ ကိုလိုနီခေတ်ဦးပိုင်းက အင်နှင့်အားနှင့်ပေါ်ပေါက်လာသော ပြဇာတ်များတွင် ဓာတ်တော်ကြီးဆယ်ဘွဲ့ဝင် ပြဇာတ်များကို ဆက်လက် တွေ့မြင်နေရသည်။ ဓာတ်ဝင်သီချင်းများ၊ ကဗျာများကလည်း ဝိုင်းဝန်း ပံ့ပိုးပေးကြသည်။

ကုန်းဘောင်ခေတ်ပေါ် ဝေဿန္တရာ ဓာတ်ထွက် 'ပန်းမှုန်ကြွယ်' ယိုးဒယားမှသည် ခေတ်အဆက်ဆက် ပေါ်ပေါက်သော ဓာတ်တော်ကြီးဆယ်ဘွဲ့ဝင် သီချင်းများ၊ ကဗျာများကို တွေ့နိုင်ပါသည်။ ပန်းချီဘက်တွင်လည်း ဘုရားစောင်းတန်းများမှ ဓာတ်တော်ကြီးဆယ်ဘွဲ့ သရုပ်ဖော် ပန်းချီများကို ယခုအထိ တွေ့မြင်နိုင်ပါသည်။ စာပေဘက်ဆိုလျှင်လည်း ဓာတ်တော်ကြီးဆယ်ဘွဲ့ကို လွယ်လွယ်ကျဉ်းကျဉ်းဖတ်နိုင်ရန် ရေးသားထားသော ဆရာလှသမိန်၊ ဆရာဦးမြင့်ဆွေ စသည့်ပညာရှင်များ၏ လက်ရာများနှင့် ပန်းချီဆရာကြီး ဦးဘကြည်၏ ဓာတ်ကြီးဆယ်ဘွဲ့ ရုပ်ပြဓာတ်လမ်းအထိ တွေ့နိုင်ပါသည်။

စကားနည်းသူကို 'တေမိ'၊ အလှူရက်ရောသူကို 'ဝေဿန္တရာ'၊ ပညာကြီးသူကို 'မဟောသဓာ'၊ အစားကြီးသူကို 'ဇူဇကာ'စသည်ဖြင့် တင်စားကြသည်။ 'တော်လေးဝ'ဟု ဝိသေသပြုရသော သစ္စာရှိသည့် ဇနီးများတွင် ဓာတ်တော်ကြီးဆယ်ဘွဲ့ဝင် အမရာနှင့် မဒ္ဒီတို့ ပါဝင်သည်။ 'ရှောပတ္တမြား ရှော့နဂါး'ဟူသော စကားပုံသည် ဘူရိဒတ်ဓာတ်ဝင်စကားပုံ ဖြစ်သည်။ 'နဖူးက အမာရွတ်မြင်လေ မဟော်သတိရလေ'ဟူသော စကားပုံသည် မဟောသဓာ ဓာတ်ဝင်စကားပုံ ဖြစ်သည်။ ဓာတ်တော်ကြီးဆယ်ဘွဲ့သည် မြန်မာ့လူနေမှုဘဝတွင် မည်မျှအရေးပါကြောင်း ဖော်ပြနေသော သာဓကများ ဖြစ်သည်။

လေးစားစံပြုဖွယ် ဂုဏ်ရည်များကို ထိုဓာတ်တော်များက အထင်အရှား ညွှန်ပြလျက်ရှိပါသည်။ ထိုဂုဏ်ရည်များသည်လည်း မြန်မာပရိသတ်၏ ရင်ထဲတွင် သိမ်မွေ့စွာ နေရာယူလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



။ ၁၀ ။

ဇာတ်တော်ကြီးဆယ်ဘွဲ့မှ အချို့ဇာတ်တော်များတွင် အမည်ကွဲများရှိသည်။ ပုဂံလောကထိပ်ပန်မင်စာတွင် ထိုအမည်ကွဲများကို တွေ့ရသည်။

ကုန်းဘောင် ခေတ်တွင် ပိဋကတ်တော်အုပ် ဦးယံပြုစုသော ပိဋကတ်တော်သမိုင်း၌ "ဇာတ်ကြီးဆယ်စောင်တွင် တေမိဇာတ်ကို 'မူဂပက္ခ'ဇာတ်လည်း ဟူ၏။ သုဝဏ္ဏသာမ ဇာတ်ကို 'သုဝဏ္ဏသျှံ' ဇာတ်လည်း ဟူ၏။ မဟော်ဇာတ်ကို 'ဥမင်္ဂ'ဇာတ်လည်း ဟူ၏။ ယင်း ဥမင်္ဂကား ပညာပ်ရိယာယ်တည်း။ ဤအကြောင်းကို သဘောမမိ သတိမမူသောသူတို့သည် ဇာတ်၌ ဥမင်ကိုစွဲ၍ သုတိတူသဖြင့် ဥမင်ဇာတ် ဟူကုန်၏။ စန္ဒကုမာရဇာတ်ကို ခဏ္ဍဟာလဇာတ်လည်း ဟူ၏။ ဝိဓူရဇာတ်ကို 'ပုဏ္ဏက'ဇာတ်လည်း ဟူ၏။ ဝေဿန္တရာဇာတ်ကား ဂါထာတစ်ထောင် ရှိ၏။ ထို့ကြောင့် 'သဟဿန္တ' ဟူသတည်း"ဟု ရှင်းပြထားပါသည်။

။ ၁၁ ။

ဇာတ်တော်ဆယ်ဘွဲ့သည် ခေတ်အဆက်ဆက်တွင် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ထွက်ခဲ့သော်လည်း ဦးသြဘာသ, ရှင်ပညာတိက္ခ, ရှင်နန္ဒမေဓာတို့ မြန်မာစကားပြေဖြင့် ပြည့်ပြည့်စုံစုံရေးသားပြုစုသော ဇာတ်တော်ကြီးဆယ်ဘွဲ့ဝတ္ထုများကား မတိမ်ကောပါ။ ထင်ရှားနေဆဲ ဖြစ်သည်။ ဇာတ်တော်ကြီးတစ်စောင်ချင်း ပုံနှိပ်ထားသော ဝတ္ထုများ, ဇာတ်တော် ၅စောင်စီ ၂တွဲခွဲကာ ပုံနှိပ်ထားသော ဝတ္ထုများကို ကျောင်းသားများ, မြန်မာစာပေလေ့လာသူများ အသုံးပြုနေကြဆဲ ဖြစ်သည်။

ဇာတ်တော်ကြီး ဆယ်ဘွဲ့မှ အချို့ ဇာတ်တော်များတွင် အမည်ကွဲများ ရှိသည်။ ပုဂံလောကထိပ်ပန် မင်စာတွင် ထိုအမည်ကွဲများကို တွေ့ရသည်။

ယခု ဇာတ်တော်ကြီးဆယ်ဘွဲ့ကို တပေါင်းတစည်းတည်း ပုံနှိပ်ထုတ်ဝေလိုက်သည့်အတွက် ပို၍ စုစုစည်းစည်းဖြစ်သွားပြီး၊ လေ့လာသူ, ကိုးကားသူများအတွက် ပို၍ အဆင်ပြေပါသည်။

ခေတ်အဆက်ဆက် မြန်မာ့နှလုံးသားထဲတွင် ကိန်းအောင်းခဲ့သော ဇာတ်တော်ကြီးဆယ်ဘွဲ့သည် မျိုးဆက်သစ်တို့၏ နှလုံးသားထဲတွင်လည်း ဆက်လက်ကိန်းအောင်းကာ စိတ်စေတနာကောင်းများ နိုးကြားရေးအတွက် သိမ်မွေ့စွာ အထောက်အပံ့ ပြုနေပါလိမ့်ဦးမည်။

မောင်ခင်မင်(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com

[illegible]

အကြင်သူသည် အသွေးစက်မှုန်တို့အား မြိုချခြင်းကို မြတ်နိုး ထိ ထိမ်းနိုင်မှုမရှိသောသူသည် သူတစ်ပါးအား
ပျော့ခြင်း ဝမ်းတို့ခြင်း, နှုတ်ခြင်း ရင်းလဲခြင်း, နှလုံးခြင်း စောင်းမြည်ခြင်းစသည်ဖြင့် ပျက်စီးစေခြင်း
မိမိသည်လည်း သူတစ်ပါးတို့၏ အသွက်အသွေးကို ခံရ၏
သူတစ်ပါးတို့ကို ဓားဖြင့် ဒုတ်ခံရသော မသေသေအောင် ပြုတတ်သူမြို
မိမိကိုလည်း သူတစ်ပါးတို့ မသေသေအောင် ပတ်ဖိုင်း ပြုရ၏
မိမိ ကြီးကြီးမားမားသော ထွန်းကားသော အမြဲကိုလည်း ခံရွံ့ထုတ်သကဲ့သို့
ဥပမာ (ကြွေကြိုးရှည်) ပြုလျက် သူတစ်ပါးတို့၏ဘဝတွင်ကိုလည်း ခံရ၏
သူတစ်ပါးတို့အား မြှောက်နိုးစသော ပုတ်သင်ညို မပြုခြင်းကြောင့်
မိမိကိုလည်း သူတစ်ပါးတို့ မြှောက်နိုးစသော ပုတ်သင်ညို မပြုအား
ကြိမ်မြှုံတိုသောသူတို့အား မကျိုးအနှံ့ တောင်ဆက်မည်း ငြိမ်းစက်ကျင့် အချိန်၌ ပြုခြင်းကြောင့်
မိမိကိုလည်း သူတစ်ပါးတို့ ကျိုးကျိုးနံ့နံ့ တောင်းဆက်နိုင်မှု ငြိမ်းစက်ကျင့် အချိန်မီးကိုင်း မပြုသောအား
ထိုသို့ ပုတ်ခြင်း, ငြိမ်းခြင်းမရှိသော အသွေးအသားနှင့်သည်
အမြဲအချိန် ကင်းခြင်း, ကျေးဇူးသော ပုတ်ခြင်း၌ ကျရောက်၏

[illegible]
[illegible]

ပျော်သွေးထောင် ပျက်စီးရသောသူ၏, ပူအောက် ပျက်စီးရသောသူ၏, အရှုံးပေါ်ဆောင်
ပျက်စီးရသော သူ၏ ပေသည့်ဖြင့် အဝိဇ္ဇာပေါ်ကို ပွားမိလျှင် ဖုန်း, ဝရ, ပဝေ မပြတ်နိုင်စေတ်သည်ဖြင့်
'ငိုအသက်, ငိုကိုယ်' ဟု ပြောဆိုရ၍ ကောင်းရာ တစ်ခုမှ မထင်ဘဲလျှက် အသက်ကို မိတင်နိုင်သကဲ့သို့
အသက်ပြောင်း 'ဆိုမှ ရောင်းပြု ယမ ထိန်းနိုင်' တိုတိုက်ပါတဲ့နည်း

[illegible]
[illegible]
[illegible]
[illegible]

ဥစ္စာစည်းစိမ်ရှုသည်တော ရန်သူ ၅ ပါး ရှုက်စိတ် ပျက်ပြန်းသွေးကြီးလည်း ဥစ္စာဉ်ကို ရှုံးတတ်၏
ရန်သူ ၅ ပါး မရောက်ပိတ် မိမြို၏, ပူဆောင်လည်း ဥစ္စာရှိသောကြို့ ဥစ္စာနိုင်ဘဲ ရှုံးတတ်၏
ထိုသို့ ရှုံးတတ်, ရှုံးစမ်းသောဥစ္စာကြောင့် ပျောက်ခြင်း, ကျိုးခြင်းရသောသောသူ
စင်ကြည်စွာ ငြိမ်ဝင်ချိမ်းမြို့ အသင်းကြောင့် အချိန်တက် မိတ်ဆွေကြိုက် မြဲမြဲရသည်

www.burmeseclassic.com

www.burmeseclassic.com



ငါသည် အခါမြင့်မြဲ ဆင်းရဲကြီးသော ငရဲမီး၌ ကြမ်းကြုတ်စွာ ကြမ္မာစီရင်တိုင်းခံလျက် သေရသောထက်၊ ဤဆင်ကြမ်းလက်တွင် တစ်ခဏတွက်ရုံမျှ နှိပ်စက်လတ္တံ့သော ဒဏ်ကိုခံလျက် သေရသော် အဆအသိန်းအသန်းမက မြတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

အကြင်သူသည် အဆွေခင်ပွန်းတို့အား မြတ်မှာခြင်းကို ပြုစုံ၊ ထို သင့်မြင်ခြင်းရှိသောသူသည် သူတော်ပါတို့အား
ဖရှည်ခြင်း ဝန်တိုခြင်း၊ နှက်ခြင်း ဆဲရေးခြင်း၊ နှလုံးခြင်း စောင်းမြောင်းခြင်းတို့ကိုပြု၍ ဂုဏ်ဖျက်သကဲ့သို့
ဗိုလ်သည်လည်း သူ့ခင်ပွန်းတို့၏ အကျိုးအချက်ကို ခံရလေ၏
သူတော်ပါတို့ကို ဂုဏ်ရှိ၊ ဂုဏ်မဲ့မှု မဟောမဟောက် ပြုတတ်သကဲ့သို့
ဗိုလ်ကိုလည်း သူတော်ပါတို့ မဟောမဟောက် မထီမဲ့မြင် ပြုရာ၏
မိမိ၌ ကြီးကြီးငယ်ငယ် တွယ်တာလေ့ရှိ အပြစ်ကိုလည်း စစ်၍ထုတ်သကဲ့သို့
ဥစ္စာငွေ (ကြွေးကြီးရှည်) ပြုလျက် သူတော်ပါတို့၏အကျွမ်းဝင်မှုကိုလည်း ခံရလေ၏
သူတော်ပါတို့အား မြတ်နိုးတနာ မှုစာသဏ္ဌာ မပြုခြင်းကြောင့်
ဗိုလ်ကိုလည်း သူတော်ပါတို့ မြတ်နိုးတနာ မှုစာသဏ္ဌာ မပြုရာ
ကြီးမြတ်သောတို့အား မကျိုးနွံ စောင်းမာန်မချိုး ရိုကျိုးစိတ်ကျင့် အရှင့်မသိ ပြုခြင်းကြောင့်
ဗိုလ်ကိုလည်း သူတော်ပါတို့ ကျိုးကျိုးနွံနွံ စောင်းမာန်နှိမ့်ချိုး ရိုကျိုးစိတ်ကျင့် အရှင့်သိတိုင်း မပြုလေရာ
ထိုသို့ မှုစာခြင်း၊ ရိုကျိုးခြင်းမရှိသော အဓွန့်ရှည်သည့်
အပြစ်အစုံ ကင်းခြင်း၊ ကျေမွှေးသတင်း ပျောက်ခြင်းသို့ ရောက်ရာ၏

[illegible]
အသက်ရှည် [illegible]


ပဋိသန္ဓေကာလ် ပျက်စီးရသောသတ္တဝါ၊ ဘူတကာလ် ပျက်စီးရသောသတ္တဝါ၊ အရွယ်ရောက်စကာလ်
ပျက်စီးရသော သတ္တဝါ စသည်ဖြင့် အခါအရွယ်ကို ငဲ့ငွယ်မရှိ၊ ဇာတိ၊ ဇရာ၊ မရဏ မပြတ်နိုင်ကြောင်းကို
'ငိုအသက်၊ ငိုကိုယ်' ဟု ပြောဆို၍ ကောင်းစွာ ထမ်းမှု မဆောင်ဘဲလျက် အသက်ကို မိတော့နိုင်သကဲ့သို့
အဘယ့်ကြောင့် 'အိုမှ ရဟန်းပြု ယခု ထိုနန်းစံဦး' ဆိုထိုက်ပါအံ့နည်း။

လောကကို မမြတ်နိုးမက်သည့်အား ဘေးမြင်တာညှိ၊ လောကကို မမြတ်ခြင်းသည့်အား ကိုယ်စီးတာညှိ၊
ဆရာ့နိုးမှတ်မှု ၍ ဖွဲ့တတ်၊ သူတော်တို့သည်အား ညှိတည်း အကျွံ့ကို ရောက်သည့် ချက်ချည်းမှန်ခြင်း ဟူ၏
ညှိ၊ ရောက်သည့် ချည်းကျင်း အဖွဲ့ချက်သည့်နှင့် ဟူ၏၊ ဂုဏ်မဲ့မှုသဖြင့် ချက်ချဲ့တောက်လည်းနှင့်ကား
ညှိ၊ နေ့ ကုန်ခန်းမှုသဖြင့် အသက်ကုန်ခြင်းနှင့် ဟူ၏

ဥစ္စာစည်းစိမ်းဟူသည်ကား ရန်သူ ၅ ပါး ဖျက်ဆီး၍ ပျက်ပြုန်းသဖြင့်လည်း ဥစ္စာရှင်ကို စွန့်တတ်၏
ရန်သူ ၅ ပါး မဖျက်ဆီး၍ မိမိခြင်း၊ မှာခဲ့သော်လည်း ဥစ္စာရှင်သေသဖြင့် ဥစ္စာရှင်သည် စွန့်ခွာ၏
ထိုသို့ စွန့်တတ်၊ စွန့်ခွာသောအခြင်းအရာဖြင့် ပျောက်ခြင်း၊ ကုန်ခြင်းသဘောသာရှိ၍
ဖောက်ပြန်ခြင်းသော ပြည်စည်းစိမ်ဖြင့် အဘယ့်ကြောင့် အညီအကော် မိတ်မဖွဲ့ခြင်းကို ပြုမြဲရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓါသည် အခါမြင့်ဖြူ ဆင်းရဲကြီးသော ငရဲ၌ ကြပ်ကြွတ်စွာ ကြမ္မာဒိုင်တိုင်းခံလျက် သေရသောအခါ၊
ဤဆင်ကြီးသက်ရှင် ကန်ခံရာတွင်မှ နှင်းခက်သည့်အသား ဒါတ်တိုင်ခံလျက် သေရသော်
အဆအသိန်းအသန်းမက ဖြစ်သော၏။

www.burmeseclassic.com

www.burmeseclassic.com

# တေမိယဇာတ်တော်ကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ပဏာမ

'သာရတ္ထဓမ္မ မဓုရောဒက တေမိယေဓံ၊ ဝေရောစနံ ဝိယ ဝိရောစန မာဝိရောစံ။
ဗုဒ္ဓါမလင်္ဂဏ မနင်္ဂဏ မင်္ဂလဂ္ဃံ၊ နတွာ ဂရုံ သုတဗလေန ဗလဿိတောသိံ။
ပဏိမိ ပုညကာရိဟိ၊ သုပဏိဓာနရူပတော၊ ပဏိဓာယ ပကာသိဿံ၊ ပဏိမိ တေမိဂဗ္ဘံ။ ။'
(ပထမဂါထာ ၁၄ လုံးဖွဲ့ ဝသန္တတိလကဂါထာ, ဒုတိယဂါထာ ၈ လုံးဖွဲ့ ပထျာဝတ္တဂါထာ)

အဟံ၊ ငါသည်။ ဓဓံ၊အဝိဇ္ဇာ[၁], တဏှာ[၂], ကိလေသာ[၃]အညစ်အကြေးတို့ဖြင့် မွေးယှက်သမ်းညှိုးခြင်းရှိသော သတ္တဝါအပေါင်းကို။ သာရတ္ထ ဓမ္မ မဓုရောဒက တေမိယံ၊ အကျိုး၏မြတ်ခြင်း, အကြောင်း၏မြတ်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ချိုမြိန်စွာသော တရားရေအေးဖြင့် မြူကြေးလျှော်ချွတ် ဖျန်းဆွတ်တော်မူတတ်ထသော၊ဝါ– ဒေသနာ[၄],အနက်, ပါဠိ, အသိဉာဏ် ၄ တန်သော နက်နဲခြင်းရှိသည်ဖြစ်၍ ချိုမြိန်စွာသော တရားတော်အဖျော် ပျားသကာဖြင့် ပညာလျှာကြော တက်ပြောဆွတ်စိမ့် နှစ်သိမ့်ရစ်ထုံး နှလုံးပူနွေးကို ပျောက်စေတော်မူတတ်ထသော။ ဝါ–အကာအမွေး ညစ်ကြေးမရှုပ် ဝိမုတ်[၅]စင်စစ် အနှစ်သက်သက် အနက်မြတ်နှင့်ပြည့်စုံသော တရားချိုအေး ကြိုင်မွှေးနံ့သာ ရေသီတာဖြင့် အခါမလပ် ဖျန်းဆွတ်တော်မူတတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို လည်းကောင်း။ ဝိရောစနံ၊ တရားရောင်ခြည် မတည်မတွန်း ရှုန်းရှုန်းမပွင့် မတင့်တယ်သေးသောသူကို။ ဝါ–အဆင်းသဏ္ဌာန်[၆] ခြွေရံစည်းစိမ် ညံ့တိမ်တန်ခိုး အမျိုးငယ်သူကို။ ဝေရောစနံဝိယ၊ အရောင်အဆင်း တင့်တယ်ခြင်းကျက်သရေကို ဆောင်တတ်သော ဝေရောစန ပတ္တမြားကဲ့သို့။ ဝိရောစနံ၊ တင့်တယ်ရွှင်ဖြိုး မြတ်နိုးစေတတ်ထသော။ ဝိရောစနံ၊ ပညာရောင်ခြည် တည်သည်ဖြစ်၍ သစ်သစ်[၇] ဝေရှန်း[၈] ထွန်းလင်းတင့်တယ်လေပြီးသောသူကို။ ဝါ၊ အဆင်းသဏ္ဌာန် ခြွေရံစည်းစိမ် မတိမ်မညှိုး အမျိုးကြီးမြင့် တန်ခိုးပွင့်ပြီးသောသူကို။ အာဝိရောစံ၊ အတိုင်းထက်အလွန် ကျော်ဝှန်[၉]လျှံတက် တုဖက်မဲ့အောင် ဘုန်းရောင်တန်ခိုးဖြင့် အစိုးတရ တင့်တယ်တော် မူထသော။ အမလံ၊ ကိလေသာမြူညစ် မမွေးရစ်သော တရားတော်မြတ် ၁၀ ပါး[၁၀]ကို လည်းကောင်း။ အနင်္ဂဏံ၊ ဒိဋ္ဌိ[၁၁], ဝိစိကိစ္ဆာ[၁၂] အစရှိသော ကိလေသာမရှိထသော။ မင်္ဂလဂ္ဃံ၊ မကောင်းမှုကို ရိတ်ဖြတ်ခြင်းအဖို့လည်း ရှိတော်မူထသော။ ဝါ–ပဏ္ဍိတ ပူဇနီယအစရှိသောဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ သူခပ်သိမ်းတို့၏ ကုသိုလ် မင်္ဂလာပြုရာ အဖို့လည်း ဖြစ်တော်မူထသော၊ ဝါ–သစ္စာ ၄ ပါး[၁၃]ကို မျက်မှောက်ပြုအပ်ပြီးသည်ဖြစ်၍ မင်္ဂလာအထွတ်နှဝ့်လည်း ပြည့်စုံတော်မူထသော။ ဂဏံ၊ ၈ ပါး အပြားရှိသော အရိယာသံဃာတော်မြတ်အပေါင်းကို လည်းကောင်း။ သုတဗလေန၊ ပါဠိ, အဋ္ဌကထာ, ဋီကာ[၁၄]တို့၌ သဒ္ဒါအနက် ခက်ဆစ်ပြည့်နှံ့ လွန်စွာသော သုတမယ[၁၅]ဉာဏ်အစွမ်းဖြင့်။ ဗလဿိတောသိ၊ အသင်,အကြဲ, ဉာဏ်အစွမ်းရှိသော တပည့်အပေါင်းကို နှစ်သက်စေတော်မူတတ်ထသော။ ဝါ၊ သင်အားကြားအားကိုမှီ၍ ဖြစ်သော စာသင်သားတို့၏ ပြဿနာ[၁၆]လှိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းခြားဖျောက်ချေ ဖြေစွမ်းနိုင်သော အသိဉာဏ်ကမ်းဆိပ်အဆုံးလည်း ရှိထသော။ ဂရုံ၊ မတွန့်မလိပ် စိတ်တမျဉ်းကြီး ကိုးကွယ်ထိပ်ထက် တင်ရွက်ကြည်ညို အရိုအသေပြုရာ ဆရာကျေးဇူးရှင်ကို လည်းကောင်း။ နတွာနမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

ပဏိဓိပုညကာရီဟိ၊ ဆောက်တည်ရာဆောက်တည်ကြောင်းဖြစ်သော ကောင်းမြတ်ကြည်ညို ကုသိုလ်တရား၌ အားထုတ်မမေ့ ပြုလေ့ရှိကုန်သော အမျိုးသားတို့သည်။ သုပဏိတာနုရူပတော၊ အကျိုးစီးပွား များပြားစေလို ရှိသေကောင်းမြတ် တောင်းပန်အပ်သည်အားလျော်စွာ။ ပဏိတာယ–ဉာဏ်လက်လွယ်ကူ လှမ်းယူ ဆွတ်သုံး နှလုံးထားစေခြင်းအကျိုးငှာ။ ပဏိမိတေမိဂမ္ဘဇံ၊ ကောင်းစွာသိမှီးအပ်သော ပိဋကတ်တော်[၁၇]ရွှေတိုက်မှ ဖြစ်၍ မြတ်သော တေမိယဓာတ်တော်[၁၈]ရတနာကို။ အဟံ၊ ငါသည်။ ပကာသိဿံ၊ ဖွင့်လှစ်ထုတ်ဖော် နာပျော်စဖွယ် မကျယ်မကျဉ်း အလျဉ်းသင့်ရာ ယောမနာ[၁၉]အစုံစုံ ကုန်စင်ထင်ရှား စကားပြေစီကုံးပေအံ့။

ထို ဂါထာပုဒ်အပေါင်းတို့တွင် 'သာရတ္ထ ဓမ္မမစုရောဒကတေမိယံ'ဟူသောပါဠ်ကိုကား ကျမ်းမပြုမီ ရှေးအဖို့၌ အန္တရာယ်[၂၀]ပျောက်ခြင်း, ကျမ်းပြီးခြင်း အကျိုးရှိသော မြတ်စွာဘုရားကို ရှိခိုးခြင်းအလို့ငှာ ဆိုသတည်း။ ကျမ်းမပြုမီ ရှေးအဖို့၌ ဘုရားကိုရှိခိုးခြင်းအလို့ငှာ ထိုပါဠ်ကိုဆိုသော ဟူ၍ ဆို၏။ အကယ်၍ ထိုသို့ဆိုချေသော် 'ဗုဒ္ဓံ နတွာ'ဟု ဆိုကာမျှဖြင့် ဘုရားကိုရှိခိုးခြင်း ဟူသောကိစ္စ မပြီးကောင်းသေး ဟူသောအနက်သည် ရောက်၏။ ထိုသို့တစ်မူကား 'ဗုဒ္ဓံနတွာ'ဟု ဆိုကလျှင် ဘုရားကိုရှိခိုးခြင်းကိစ္စ ပြီးကောင်းပြီ။ ထိုသို့ ပြီးကောင်းပြီဖြစ်သောကြောင့် 'သာရတ္ထ ဓမ္မ မစုရောဒက တေမိယံ' ဟူသောပုဒ်ကို မဆိုတန်။ ဆိုချေသော် ဂန္ထဂရု[၂၁] ပုနရုတ္တိဒေါသ[၂၂]ရောက်၏ဟု စောဒက[၂၃]ဆရာ အပြစ်တင်သော်

'ဗုဒ္ဓံ နတွာ'ဟုဆိုက ဘုရားကိုရှိခိုးခြင်းကိစ္စ ပြီးကောင်းပြီဖြစ်လျက်'သာရတ္ထဓမ္မမစုရောဒကတေမိယံ' ဟူသော ပါဠ်ကို ဆိုခြင်းသည်ကား ဂုဏ်ရှိသောသူသာလျှင် ရှိခိုးခြင်းကို ခံခြင်းငှာ ထိုက်၏။ဂုဏ်မရှိသောသူသည် ရှိခိုးခြင်းကို မခံထိုက်။ ဂုဏ်ရှိသောသူသာလျှင် တောင့်တအပ်သော အကျိုးကို ပြီးစေနိုင်၏။ ဂုဏ်မရှိသောသူသည် မပြီးစေနိုင်။ ငါရှိခိုးအပ်သော မြတ်စွာဘုရားသည်ကား စန္ဒိ, ပရမိသွာ အစရှိသောသူတို့ကဲ့သို့ ဂုဏ်မရှိသောသူ မဟုတ်။ ရှိခိုးခြင်းငှာထိုက်သော, တောင့်တအပ်သောအကျိုးကို ပြီးစေတတ်သော ဂုဏ်နှင့် ပြည့်စုံတော်မူ၏ ဟုမြတ်စွာဘုရား၏ ပဏာမာရဟာသဘောဂုဏ်ကို ပြအံ့သောငှာဆိုသတည်း။ 'ဗုဒ္ဓံ နတွာ'ဟု ဆိုကာမျှဖြင့် ရှိခိုးခြင်းကိစ္စ မပြီးကောင်းသေးသောကြောင့် ဆိုသည်မဟုတ်။ ထိုသို့ဖြစ်သောကြောင့် ဂန္ထဂရု ပုနရုတ္တိဒေါသ မရောက်။ ဆိုတန်၏ဟု ပရိဟာရ[၂၄]ဆရာ ဖြေအပ်၏ဟူလို။

ရှိခိုးအပ်သော မြတ်စွာဘုရား၏ဂုဏ်ကို ပြအံ့သောငှာ ထို 'သာရတ္ထဓမ္မမစုရောဒကတေမိယံ' အစရှိသော ပါဠ်ကို ဆိုသောဟူ၍ ဆို၏။ အကယ်၍ ထိုသို့ဆိုချေသော် မြတ်စွာဘုရား၏ ပဏာမရဟာသဘောဂုဏ်[၂၅]ကို ပြလိုက ဤ'သာရတ္ထ'အစရှိသောပါဠ်ကိုသာ ဆိုကောင်း၏။'အနန္တဉာဏံ[၂၆],အစိန္တေယျံ[၂၇]' အစရှိသည်ဖြင့် ပြားသော တစ်ပါးဂုဏ်ကို မဆိုကောင်း ဟူသောအနက်သည် ရောက်၏။ ထိုသို့တစ်မူကား တစ်ပါးသောဂုဏ်တော် တို့ကိုလည်း ဆိုကောင်း၏။ ထိုသို့ဆိုကောင်းသည်ဖြစ်သောကြောင့် ဤ 'သာရတ္ထဓမ္မမစုရောဒက တေမိယံ'ဟူသောပါဠ်ကိုသာ မဆိုတန်၊ ဆိုချေသော် အဗျာဝိတဒေါသ[၂၈] ရောက်၏ဟု အပြစ်တင်ပြားအံ့။

အရာအခွင့် သင့်တင့်လျော်စွာ ယောမနာခြင်းသည် ပညာရှိတို့အမှု ကျမ်းပြုဆရာတို့အလေ့သဘောဖြစ်၍ ဤသို့ဆိုလတ္တံ့သောဝတ္ထု၌ တေမိမင်းသားသည်လည်း ကာသိလရာဇ်တိုင်းအလုံးကို နှလုံးချမ်းမြေ့ကြောင်း



www.burmeseclassic.com

မိုးကောင်းရွာခြင်းနှင့်ယှဉ်လျက် ဖွားတော်မူ၏။ မြတ်စွာဘုရားသည်လည်း လောကအလုံးကို နှလုံးချမ်းမြေ့ကြောင်း တရားမိုးကောင်း သဲညောင်းရင့်ရှ[၁၉]ရွာတော်မူခြင်းနှင့်ယှဉ်လျက် ပွင့်တော်မူ၏။ဤသို့ ထောမနာအရာ သင့်သည်ဖြစ်၍ ဤ 'သာရတ္ထဓမ္မမဟရောဒကတေမိယ'ဟူသောပါဌ်ကို ဆိုသတည်း။ တစ်ပါးသော ဂုဏ်တော်တို့ဖြင့်လည်း မချီးမွမ်းကောင်းသောကြောင့် ဆိုသည်မဟုတ်။ ထို့ကြောင့် အဗျာပိတဒေါသ မရောက် ဆိုတန်၏ဟု ပရိဟာရ ပြုအပ်သည် ဟူလို။

အရာအခွင့် သင့်တင့်လျော်စွာ ထောမနာခြင်းသည် ပညာရှိအမှု, ကျမ်းပြုဆရာတို့အလေ့ ဟူရာ၌ နေမိဘုံခန်းကို စီရင်တော်မူသော အရှင်အဂ္ဂသမာဓိ[၂၀]သည် 'အမှာက် ဝံသော ပဗ္ဗဓဝံသော[၂၁]'ဟုရှုဆင်ခြင်သော မဃဒေဝပြဟ္မာ[၂၂] မင်း၏ အကြံအားလျော်စွာ လည်းကောင်း၊မဃဒေဝ[၂၃]မင်းမှစ၍ ၈သောင်း ၄ ထောင်တိုင်တိုင် ပဗ္ဗဓဝင်[၂၄]မပျက် ဆင်းသက်၍ဆက်ဆံသော မင်းတို့တွင် အဆုံးဖြစ်သော နေမိမင်းကို ဆိုအပ်သည့်အားလျော်စွာ လည်းကောင်း အနန္တဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏အလောင်းတော် နေမိမင်း ဟု ထောမနာခြင်းကို မပြုမူ၍ 'သကျာဝတဘောကုမာရာ[၂၅]'ဟု ဥက္ကိမ် တိုင်အောင်ဆိုအပ်သော ဥက္ကာကရာဇ်မင်း[၂၆]၏ နှုတ်မွန်ရည် အစွမ်းဖြင့် 'သာကီနွယ် [၂၇]' ဟု တွင်ကျယ်စွာလျက် ဥက္ကာမုခမင်းမှစ၍ ၈ သောင်း ၂ ထောင်တိုင်တိုင် သာကီနွယ်မပျက် ဆင်းသက်၍ဆက်ဆံသော မင်းအပေါင်းတို့တွင် အဆုံး၌ သိဒ္ဓတ်မင်း[၂၈]ဖြစ်၍ နန်း ၃ ဆောင်ဝယ် စံပယ်[၂၉]တော်မူပြီးမှ ဘုရားအဖြစ်သို့ရောက်တော်မူသော ငါတို့မြတ်စွာဘုရား၏ ရှေးသံသရာ[၃၀]၌ ဖြစ်တော်မူဖူးသော အလောင်းတော်နေမိမင်းကြီး ဟု အရာသင့်အောင် ထောမနာလို၍ 'သကျာဝတကုမာရ'ဟု စသည်ဖြင့် ချီလေသည်။

သေကာရီ[၃၁]မင်းကြီး သားပြုသော ဟတ္ထိပါလ[၃၂]မင်းသား, သံဝရ[၃၃]မင်းသားတို့ကို ဆိုလိုသော အရှင်ရဋ္ဌသာရ[၃၄]ထေရ်သည် မင်းတို့၏ ဂုဏ်နှင့်လျော်စွာ 'ဇာတိပုည ဂုဏ်မာနဖြင့်' စသည်ဖြင့်လည်းကောင်း၊ 'ဇာတိဉာဏ်ခိုင် တစ်ပင်တိုင်ဖြင့်'အစရှိဖြင့် လည်းကောင်း အရာသင့်လျော်စွာ ဘုရားဂုဏ်ကို ချီလေသည်။

ဗျာဒိတ်[၃၅]ရစ, ပါရမီ ၁၀ တန်ကိုအကြံဖြစ်စ ဖြစ်သော ဗျာဒိတ်ခန်း, ပါရမီခန်းတို့ကို စီရင်တော်မူလိုသော အရှင်သီလဝံသ[၃၆]သည် အစအရင်းကို ဆိုအပ်သည်နှင့်လျော်စွာ အရာသင့်အောင် ဘုရားဖြစ်တော်မူသည်ကစ၍ မြတ်စွာဘုရားအား ထောမနာလိုသဖြင့် 'ဗောဓိမဏ္ဍိုင်[၃၇] ခန်းဝါပိုင်က'စသည်ဖြင့် ချီလေသည်။

အဋ္ဌကထာ[၃၈]ဆရာတို့သည်လည်း သမန္တပါသာဒိက[၃၉]အဋ္ဌကထာ၌ ဒုတိယပါရာဇိကကို ဖွင့်တော်မူလိုသောအခါ 'ဒုတိယံ အဒုတိယေန'စသည်ဖြင့် လည်းကောင်း၊ တတိယံပါရာဇိကကို ဖွင့်တော်မူလိုသောအခါ 'တတိယံ တိဟိသုဒ္ဓေန'အစရှိသည်ဖြင့် လည်းကောင်း အရာသင့်လျော်စွာ မြတ်စွာဘုရား၏ဂုဏ်ကို ထောမနာတော်မူသည်။ ထိုသို့ အခွင့်နှင့်လျော်စွာ ချီးမွမ်းကျိုးကား 'ကြာသွတ်အိုးမှာ ကြာမျိုးပွင့်သည်'ဟူသကဲ့သို့ အရာသင့်သဖြင့် တင့်တယ်လိုက်လျော ပြေချောခြင်းဖြစ်သည်သာလျှင် အကျိုးတည်းဟု သိအပ်၏။ [ဤကား စောဒနာ ပရိဟာရ သံဝဏ္ဏနာ[၄၀]မျိုးရိုးသဘောတည်း။]

'ကျွန်းထင်းကျူဖော့၊ ဝဲကတော့ပတ်၊ ဇလပ်ပွင့်စည်း၊ ဖြစ်နည်းတူဟန်၊ နန္ဒိယာဝဋ္ဋနည်း' အလိုဆိုသော်ကား 'လာဘသက္ကာရာဒိ နိရပေက္ခစိတ္တဿ ယာနတ္တယမုခေနသဗ္ဗဒုက္ခနိယျာနိကဓမ္မဒေသနာ ပယော ဇေါနာမ' ဟူသော ဋီကာပါဌ်နှင့်အညီ လာဘ် [၄၁] ပူဇော်[၄၂] သက္ကာရ[၄၃] စသည်ကို ငဲ့ကွက်ခြင်းမကင်းမဲ့သော စိတ်ရှိတော်မူသော မြတ်စွာဘုရား၏ ယာဉ်[၄၄] ၃ ပါးကို တံခါးပြုသဖြင့် ခပ်သိမ်းသောဝဋ်[၄၅]ဆင်းရဲမှ ထွက်မြောက်စေခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟောတော်မူအပ်သော ဒေသနာတော်သည် ပယောဂ မည်၏။ ထို ပယောဂ၏ပြည့်စုံတော်မူခြင်းကို 'သာရတ္ထဓမ္မမဓုရောဒကတေမိယ'ဟူသော ဤပါဠိဖြင့် ပြ၏။ ပယောဂသမ္ပဒါ[၅၆] ရှိသဖြင့်လည်း ထိုသတ္တဝါတို့၏ အလိုစရိုက်[၅၇]ဟောထိုက်သောအခါကို မသိခြင်း, အကျိုးစီးပွားကို အလိုမရှိခြင်းတို့သည် လွှင့်စဉ်လေကုန်၏။ ထိုသို့လွှင့်စဉ်သဖြင့် ဒေဝဒတ်[၅၈],စိဉ္စမာဏဝိကာ[၅၉]အစရှိသော ရန်သူတို့အားသော်လည်း အစီးအပွားကိုသာ အလိုရှိခြင်း၊ သဒ္ဓါအစရှိသော ဣန္ဒြေ[၆၀] မရင့်ကျက်သေးသောသတ္တဝါတို့အား ဣန္ဒြေရင့်သောအခါကို ငံ့တော်မူခြင်းတည်း ဟူသော အာသယသမ္ပဒါ[၆၁]ရှိတော်မူ၏။ ထိုသမ္ပဒါကို တေမိယ၌ တိမ-ဓာတ်ဖြင့် ပြ၏။

ဤ အာသယပယောဂဟု ဆိုအပ်သော သတ္တုပကာရသမ္ပဒါ[၆၂]နှင့် ပြည့်စုံခြင်းသည် အရဟတ္တမဂ်[၆၃]ဉာဏ်, သဗ္ဗညုတ[၆၄]ဉာဏ်, အာသယာနုသယဉာဏ် စသောဉာဏ်တော်တို့နှင့် ကင်း၍မဖြစ်နိုင်သောကြောင့် သတ္တုပကာရ ရှိသဖြင့် ဉာဏသမ္ပဒါ[၆၅]လည်း ရှိတော်မူ၏။ ဉာဏသမ္ပဒါ ရှိတော်မူသဖြင့်လည်း ထိုဉာဏ်တို့၏ ရန်သူဖြစ်သော ဝါသနာ[၆၆]နှင့်တကွ ကိလေသာအလုံးစုံတို့ကို အကြွင်းမဲ့ ပယ်စွန့်တော်မူနိုင်ခြင်းကြောင့် ပဟာနသမ္ပဒါ[၆၇]လည်း ရှိတော်မူ၏။ ဉာဏပဟာနသမ္ပဒါရှိသဖြင့် အလိုရှိတိုင်းသောအကျိုးကို ပြီးစေနိုင်ခြင်း တည်းဟူသော အာနုဘာဝသမ္ပဒါ[၆၈]လည်း ရှိတော်မူ၏။ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ၈၀ သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်တော်အဖြစ်မှလည်း ထို ဉာဏ, ပဟာန, အာနုဘာဝတို့ကို ရစွမ်းနိုင်သောကြောင့် သူခပ်သိမ်းတို့၏မျက်စိ၌ သွန်းဘိသကဲ့သို့ တင့်တယ်သော ရူပကာယ[၆၉]လည်း ရှိတော်မူ၏။ ထို ဉာဏ,ပဟာန,အာနုဘာဝ,ရူပကာယ တည်းဟူသော ဖလသမ္ပဒါ[၇၀] ၄ ပါးကိုလည်း အကြောင်းရှိမှသာ ရအပ်သောကြောင့် ဖလသမ္ပဒါ ရှိတော်မူသဖြင့် မဟာကရုဏာ[၇၁]နှင့်ယှဉ်တော်မူခြင်း၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီ ၃၀ ကို ဖြည့်တော်မူခြင်းတည်းဟူသော ဟေတုသမ္ပဒါ[၇၂]လည်း ရှိတော်မူ၏။ဤ ဟေတုသမ္ပဒါ, ဖလသမ္ပဒါ ၂ ပါးကို 'သာရတ္ထဓမ္မ မဓုရောဒက တေမိယ'ဟူသောပါဌ်၏ အစွမ်းဖြင့်ပြ၏။ ထိုသို့ ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တုပကာရသမ္ပဒါ တည်းဟူသော သမ္ပဒါ ၃ ပါးကို ရသည်ရှိသော် မရေမတွက်နိုင်သော ဘုရားကျေးဇူးတော်အလုံးစုံကိုလည်း ပြစွမ်းနိုင်သောကြောင့် ဤတေမိယဝတ္ထုအစ၌ ဗုဒ္ဓပ္ပဏာမ[၇၃]ကို ပြုအံ့သောငှာ 'သာရတ္ထဓမ္မ မဓုရောဒက တေမိယ'ဟူသော ပဏာမဟေတု, ပဏာမာရဟာသော ဂုဏ်ကို ဆိုသတည်း။

[ဝဲဆင်းဝဲရိုက် လှည့်ဝိုက်ရစ်လည်သကဲ့သို့ အစိတ်အပေါင်း အကြောင်းအကျိုး အဆိုက်အခိုက် ရထိုက်ရာ ယူအပ်သောကြောင့်လည်း အာဝဋ္ဋနည်း[၇၄]ဟူ၍ ဆိုအပ်၏။ ဝဲမရေယဉ်သည် တည်ရာတွင်မနား ရွှေ့ရှားလျှော လိမ့်သကဲ့သို့ အကျိုးအစိတ်ဖြစ်သော ပယောဂသမ္ပဒါကိုရသဖြင့် အကြောင်းအပေါင်းဖြစ်သော အာသယ ဟေတုသမ္ပဒါ တို့ကိုလည်း ယူအပ်သောကြောင့် တိပုက္ခလ[၇၅]နည်း ဟူ၍လည်း ဆိုအပ်၏။ ဤကား နေတ္တိနည်းယူပုံ အမြွက်စကားတည်း။ နောက်နောက်နည်းတို့၌လည်း ဤနည်းကိုမှီ၍ ကျမ်းရိုးစသည်ကို ဆိုအပ်သည်ချည်းပင်။]

တရားတော်သည် ဝေနေယျတို့၏ပါရမီဉာဏ်, ဝိပဿနာ[၇၆]ဉာဏ်စသည်တို့၌ ချမ်းမြေ့မွေးကြိုင်စွာ စွတ်ခြင်းနှင့် ရေချို, ရေအေး, ရေမွှေး, ရေချမ်းတို့၏စွတ်ခြင်းသတ္တိ သဒိသဘော[၇၇] ဖြစ်သောကြောင့် 'မဓုရောဒကတေမိယ' ဟူသောပုဒ်သည် ဥပမာ မည်၏။ ထိုဥပမာသည် ဣဝ, ဝိယ, သမာန,သဒိသ သဒ္ဒါစသည် မပါ။ ထိုသဒ္ဒါတို့၏အနက်ဖြစ်သော ကဲ့သို့,တူစွာ,တူ၏ စသည်လည်း မပါသောကြောင့် သဒ္ဒုပမာ[၇၈], အတ္ထုပမာ[၇၉], ဝါကျတ္ထုပမာ[၈၀]အားဖြင့် ဥပမာ ၃ ပါးတို့တွင် အတ္ထုပမာ မည်၏။ ထို အတ္ထုပမာ သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



သရူပေါပမာ,ပရိကပ္ပေါပမာ,သံသယောပမာ, ပဋိဝတ္ထုပမာဟူ၍ ၄ ပါး အပြား ရှိ၏။ ထို ၄ ပါးတို့တွင် တောင်ငူဘုရင်စာ၌–

'ဇမ္ဗူရည်ပွင့်[၈၁] မိုးလုံးတင့်သား ရှင်ပင့်စတေ[၈၂] ခုနစ်နေတည့်'ဟူ၍ မထင်ရှားသောစေတီ၏ ရောင်ခြည်ကိုထင်ရှားသောနေ၏ရောင်ခြည်နှင့် တင့်တယ်ခြင်းတူရာ အစွဲပြု၍ ဆံတော်ရှင်စေတီ ၇ ဆူကို နေ ၇ စင်းဆိုသကဲ့သို့ လည်းကောင်း၊ 'ဘိင်္ဂါနေမာနိ စက္ခူနိ၊ နမ္ဗုဇ်မုခမေဝိဒံ'ဟူသည်၌ ထင်ရှားသောပိတုန်းရောင် အဆင်းနှင့် မထင်ရှားသော မျက်ဝန်းအဆင်းကို ရွှင်လန်းတင့်တယ်ခြင်း၏ ထင်ရှားသောကြာပွင့်နှင့် မထင်ရှားသော မျက်နှာအလှကို အမှုပြု၍၊ 'ဤအာရုံကား ပိတုန်းမဟုတ်၊ မျက်စိတည်း။ ဤအာရုံကား ကြာပွင့်မဟုတ်၊ မျက်နှာ တည်း'ဟု ဆိုအပ်သောစကားကဲ့သို့ လည်းကောင်း 'သုဗျတ္တသဒိသတ္ထေန၊ သာ သရူပေါပမာမတာ' ဟူသည်နှင့်အညီ ထင်ရှားသော သဒိသ[၈၃]အနက်ဖြင့် မထင်ရှားသောသဒိသီ[၈၄]ကို အမှုပြု၍ဆိုခြင်းသည် သရူပေါပမာ မည်၏။

ပရိကပ္ပေါပမာကား ပါရမီခန်း၌ 'ငါ့ကိုမြော်လျက် ရှင်တော်မေတ္တာ သက်လတည်း' ဟူသော စကားကိုဆိုပြီးမှ ငါနှင့် ငါ့ဆရာမှာသာ ဤကဲ့သို့ ဖြစ်သည်မဟုတ်။ ဝေနေယျ[၈၅]နှင့် ဝိနာယက[၈၆]တွေကြိမ်တော်မူ ကြိုက်လျှင် ဤသို့ချည်း အတူတူပင်တည်းဟု ထက်ဝန်းကျင်အကုန်လုံး ကျုံးစပ်အပ်သည်ကို သိစေလို၍ 'ဘုရားဟူသည်' ချီသောပိုဒ်၌ 'ဝေးမြောက်စကြဝဠာ ခြားရာမှာလည်း မကြာမားမား ကိုယ်တိုင်သွား၍ တရားညွှတ်နူး ချွတ်ဖူးသည်ချည်း သချေ်ပည်း[၈၇]၏'ဟု ဆိုသောစကားကဲ့သို့ လည်းကောင်း၊

'မယေဝ မုခသော ဘာသေ၊ တလမိန္ဒု ဝိကတ္ထနာ။ ယတောမ္ဗုဇေ ပိသာတ္တီတိ၊ ပရိကပ္ပေါပမာ အယံ။ ။' ဟူသည်၌ မိမိမျက်နှာ၌ လရောင်၏တင့်တယ်ခြင်းနှင့် ကြာ၌ လရောင်၏တင့်တယ်ခြင်း သဒိသဘောကို စွဲ၍ 'ဤလမင်းသည် ငါ၏မျက်နှာတင့်တယ်ခြင်းကိုသာ ပြုလေ့ရှိသည် မဟုတ်။ ကြာ၌လည်း တင့်တယ်ခြင်း ရှိ၏'ဟု ဆိုသော စကားကဲ့သို့လည်းကောင်း မကြိုးမပ မကြံစည်သော်လည်း ကြိုးပ[၈၈]ကြံစည်ရာ ထိုက်သဖြင့် တူရာဆိုသော စကားသည် ပရိကပ္ပေါပမာ မည်၏။

သံသယောပမာကား ဘုံခန်း၌ ဗီရဏီနတ်သမီး၏ စည်းစိမ်ကြီးသည်ကိုကြံခိုက်လည်း အသိမ်းအပိုက် ရှိပြီလိုအမှတ် နတ်သားတစ်ယောက်မျှ မထင်မမြင် ငယ်သွင်ငယ်သွေးကိုတွေးလျှင်လည်း အလွတ်ပင်ဖြစ်လေကောင်း အကြောင်း ၂ပါး သဘောတူ အယူအကြံ ယုံမှားနေမိခြင်းရှိဖွယ်ကို ဆိုလို၍ –

'အသူ့ဆွေဇနီးတို့နည်း။ အသူ့ ချစ်မငြီးတို့နည်း'ဟု ဆိုသောစကားကဲ့သို့ လည်းကောင်း၊

'ကိံ ဝါမ္ဗုဇန္တော ဘန္တာဠိ၊ ကိံ လောဠနယနံ မုခံ။ မမ ဒါဠွာယတေ စိတ္တ၊ မိစ္စယံ သံသယော ပမာ။ ။' ဟူသည်၌ မျက်နှာအလှ ပြုံးရွှင်ရွှင်မှာ ကြည်လင်သောအငင်အသိမ်းနှင့် ညိုစိမ်းစိမ်းလဲ့ရှန်းသော မျက်နှာဝန်း တင့်တယ်ဟန်ကို သဏ္ဍာန်တူဥပမာ ကြာတိုက်မုံအာ ပွင့်ချပ်ဖုံးမှာ ပိတုန်းကို လုံးလုံးလည်းမထင်, မမြင်ဘဲလည်း မရှိသည်နှင့် သဒိသဂုဏ်မှီ၍၊ 'ဤအာရုံကား အသို့နည်း။ အတွင်း၌ ပိတုန်းလှုပ်ခြင်းရှိသော ကြာပွင့်လော။ စိန်းစိန်းမကြည့် တည့်တည့်မရှုယ် အသွယ်သွယ်နှင့် ပရိယာယ်[၈၉] လော်လက်[၉၀]သော မျက်လုံးရှင်၏ မျက်နှာလော။ ငါ့နှလုံးယုံမှား စိတ်များလောက်လက်ခတ်[၉၁]ဘိ၏'ဟုဆိုအပ်သော စကားကဲ့သို့လည်းကောင်း သဒိသဂုဏ်ဖြင့် တွေးမှားဖွယ်ရှိသည်ကို ဆိုသောဥပမာသည် သံသယောပမာ မည်၏။

ပဋိဝတ္ထုပမာကား ပါရမီခန်းတွင်'ပမာသွေးသိ စာမရီ[၉၂]ဟု' စသည်ဖြင့် အတူဖြစ်သောဝတ္ထုကို တစ်ပိုဒ် တစ်ဝါကျဆိုပြီးမှ၊ 'မြီးဆံချစ်တပ် အသေဝပ်သား' စသည်ဖြင့် ဥပမေယျဖြစ်သော သီလဝန္တ ရဟန်းဂုဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုဒ် တစ်ဝါကျဆို၍ ဥပမေယျဖြစ်သော စတုပါရိသုဒ္ဓိ၏ အလေးအမြတ်ပြုအပ်သည်ကို ဥပမာဖြစ်သော စာမရီ၏မြီးဆံသေးမျှင် တစ်ပင်တစ်ချောင်းကိုလျက် အပျက်အပြုန်းမခံ အသက်ဆုံးခံကြောင်းဝတ္ထုဖြင့် ထင်စေသောစကားကဲ့သို့ လည်းကောင်း၊

'ဖနေသု စာယမာနေသု၊ နေကောဝိ ဒိနုသာဒိသော၊ဒုတိယော နုန နတ္ထေဝ၊ ပါရိစ္ဆတ္တကပါဒပေါ'ဟူသည်၌ မြတ်စွာဘုရား၏အကြောင်းကိုဆိုသဖြင့် ပင်လယ်ကသစ်ပင်၏အကြောင်းကို၊ ပင်လယ်ကသစ်ပင်၏အကြောင်း ဆိုသဖြင့် မြတ်စွာဘုရား၏ အကြောင်းကို အတူပြု၍ သိအပ်သောကြောင့် လူတို့၌ မြတ်စွာဘုရားမည်သည် ၂ဆူမဖြစ်, ပင်လယ် ကသစ်ပင်လည်း ၂ပင်မရှိ ဆိုသောစကားကဲ့သို့ လည်းကောင်း၊ မြတ်စွာဘုရားမှ အတု အစားပြု၍ ဝါတွင်း ၃ လပတ်လုံး အရှင်သာရိပုတ္တရာ၏ တရားဟောတော်မူသည်ဟူသော စကားကဲ့သို့လည်းကောင်း အတူဖြစ်သော ဝတ္ထုတစ်ပါးဖြင့် အတူဖြစ်သောဝတ္ထုတစ်ပါးကို ထင်စေခြင်းသည် ပဋိဝတ္ထုပမာမည်၏။

ထိုအတ္ထူပမာ ၄ပါးတို့တွင် ဤပဏ္ဏာမဂါထာ၌ 'မဓုရောဒက တောမိယံ'ဟူသော ဥပမာသည် တရားအချိုအအေးနှင့် ရေချိုရေအေးစွတ်ခြင်းသတ္တိကို သရုပ်တူပြု၍ 'တရားတည်းဟူသော ရေအေး'ဟု ဆိုသောကြောင့် သရူပေါပမာ မည်၏။

'ဝေရောစနံ ဝိယ ဝိရောစနံ' ဟူသောပုဒ်၌ ဝေရောစန ပတ္တမြားကား ဥပမာ, တရားတော်ကား ဥပမေယျ, ထို ပတ္တမြား, တရားတော်၏ ဆောင်ကုန်သောသူတို့အား အရောင်အသရေ တင့်တယ်စေခြင်းသတ္တိ သဒိသသော ဖြစ်သည်ကား ဥပမာန, ဝိယပုဒ်၏ ပညတ်အနက်ဖြစ်သော 'ကဲ့သို့'ဟူသောစကားကား ထိုဥပမာ အနက်ကို ထွန်းပြတတ်သော နိပါတ်တည်း။ ဤ ဝေရောစနံဝိယ–ဟူသောဥပမာသည် ဆိုခဲ့ပြီးသော ဥပမာ ၃ပါးတွင် ဝိယသဒ္ဒါနှင့်ယှဉ်သောကြောင့် သဒ္ဒူပမာ မည်၏။

ဤသဒ္ဒူပမာသည်လည်း ဓမ္မောပမာ,ဓမ္မဟီနောပမာ, အညမညောပမာ, ဝိပရီတောပမာ, အဗ္ဘုတောပမာ, သိလေသောပမာ, သန္တေ ာနောပမာ, နိန္ဒောပမာ, အသာဓာရဏောပမာ, ပဋိသေဓောပမာ, အဘူတောပမာဟူ၍ ၁၁ ပါး အပြားရှိ၏။

ထိုတွင် 'ဝိကာသိ ပဒုမံဝါတိ, သုန္ဒရံသုဂတာနနံ' ဟူသောဥဒါဟရုဏ်၌ အလွန်ကောင်းသော မြတ်စွာဘုရား၏မျက်နှာတော်သည် အလွန်ကောင်းသောကြာကဲ့သို့ တင့်တယ်၏ ဟူ၍ ဥပမာ, ဥပမေယျတို့၏ ကောင်းသောဂုဏ်ကို အတူပြု၍ပြသောကြောင့် ဓမ္မောပမာ မည်၏။

'ဓမ္မဟီနာမုခမ္ဘောဇ–သဒိသံ မုနိနောဣတိ'ဟူသည်၌' မြတ်စွာဘုရား၏မျက်နှာတော်သည် ကြာနှင့်တူ၏' သာဆို၍၊ သုန္ဒရ စသောဂုဏ်ကိုမဆိုဘဲ ဥပမာမျှဖြင့်ပြခြင်းကြောင့် ဓမ္မဟီနောပမာ မည်၏။

'တဝါနနမိဝမ္ဘောဇမိဝတောမုခံ'ဟူသည်၌ 'အရှင်ဘုရား၏မျက်နှာတော်သည် ကြာနှင့်တူ၏။ ကြာပဒုမ္မာ သည်လည်း အရှင်ဘုရား၏မျက်နှာတော်နှင့် တူ၏'ဟု အချင်းချင်း ဥပမာပြုသောကြောင့် အညမညောပမာ မည်၏။

'ဝိပရီတောပမာတုလျ–မာနနေနမ္ဗုဇံ တဝ' ဟူသည်၌ 'ကြာသည် အရှင်ဘုရားမျက်နှာတော်နှင့် တူ၏'ဟု ဥပမာဖြစ်သော ကြာကို ဥပမေယျ, ဥပမေယျဖြစ်သောမျက်နှာတော်ကို ဥပမာ–ဤ ဥပမာ, ဥပမေယျ ပြန်သောအားဖြင့် ဥပမာပြုခြင်းကြောင့် ဝိပရီတောပမာ မည်၏။

အဗ္ဘုတောပမာကား'ကျောက်ဖျာရေထဲ၊ ပေါ်နိုင်ခဲ့သို့' ဆိုသောစကား၊ 'တင့်တယ်သော ကြာပဒုမ္မာသည် လူတို့၏မျက်စိ,နားကို အကယ်၍ဖြစ်စေကာမူ အရှင်ဘုရား၏မျက်နှာတော်ကား တင့်တယ်ခြင်းဖြစ်၏'ဟုဆိုသော စကားတို့၌ သဘောပြကတော့ မဖြစ်ဘူးမြဲသောစကားကို ဥပမာပြုသောကြောင့် အဗ္ဘုတောပမာ မည်၏။



www.burmeseclassic.com

www.burmeseclassic.com



'သုဂန္ဓိ သောဘာ သမ္ဗန္ဓီ, သိသိရံသု ဝိရောစိခံ တဝမ္ဗုဇံ ဝေတိ, သာ သိလေသောပမာ မတာ' ဟူသည်၌ 'ကောင်းသောအနံ့ရှိလျက် တင့်တယ်ခြင်းနှင့်စပ်၍ လရောင်၌ဆန့်ကျင်ဘက် တက်နေအရုဏ်ဦးတွင် ပွင့်သောကြာကဲ့သို့ အရှင်ဘုရားမျက်နှာတော်သည် ကောင်းသောအနံ့ ရှိတော်မူ၏။ တင့်တယ်ခြင်းနှင့်လည်း စပ်တော်မူ၏။ လရောင်၏ဆန့်ကျင်ဘက်ဖြစ်သော ရွှေအဆင်းအရောင်, တရားအရောင်တို့နှင့်လည်း ပြည့်စုံတော်မူ၏'ဟု 'သုဂန္ဓိ' စသောပုဒ်ကို ဥပမာ,ဥပမေယျ ၂ပါးလုံးမှာယှဉ်လျက် ထပ်၍အနက် ပေးအပ်သောကြောင့် သိလေသောပမာ မည်၏။ လင်္ကာ၌လည်း ရသင့်၏။ 'ဇာတိဉာဏ်နိုင်၊ တပင်တိုင်ဖြင့်၊ မယိုင်မညွတ်၊ ခေါင်တမွတ်သို့၊ လွတ်လွတ်ဘုန်းရင့်၊ မတ်မတ်တင့်သား'ဟု ဂုဏ်ဝိသေနတို့ကို ဥပမာ, ဥပမေယျ ၂ပါး အနက်၌ထပ်၍ယူအပ်သောကြောင့် သိလေသောပမာ မည်၏။

သန္တာနောပမာကား 'ဗာလာဝုယျာန မာလာယံ, သာလကာနနသောဘိနီ' ဟူသောဥဒါဟရဏ်၌ 'ဆံထုံး, မျက်နှာတို့ဖြင့် တင့်တယ်သောသတို့သမီးငယ်ကဲ့သို့ ဤ ဥယျာဉ်, ပန်းစဉ်သည် အင်ကြင်းတောတို့ဖြင့် တင့်တယ်၏' ဟူ၍'သာလကာနနသောဘိနီ'ဟူသောပုဒ်၌ သဒ္ဒသုတ်ဖြင့်မပျက်စေဘဲ ဥပမေယျကိုငဲ့သောအခါ 'သာလကာနန'သဒ္ဒါသည် အင်ကြင်းတော ဟူသောအနက်၊ ဥပမာကိုငဲ့သောအခါ သာလက–အာနနဟု ပဒစ္ဆေဒပြု၍ ဆံထုံး, မျက်နှာ ဟူသောအနက်။ ဤသို့ အနက် ၂ပါး ရကောင်းသောသဒ္ဒါဖြင့် ဥပမာပြုသောကြောင့် သန္တာနောပမာ မည်၏။ [ဤ သန္တာနောပမာကို 'မတိတ်အားနည်း၊ မုန်တိုင်းသည်းလည်း၊ ယမ်းပည်းထွေငေါ်၊ ကျွန်နှင့်တော်သို့၊ထိုရော်အခါ၊ ချောင်းလျက်လာ၏''ဟူသော လင်္ကာစသည်တို့၌လည်း ရသင့်၏။]

ဤလင်္ကာ၌ 'ယမ်းပည်းထွေငေါ်'ဟူသောစကားသည်။ 'ကျွန်နှင့် တော်သို့' ဟူသောဥပမာကိုငဲ့သောအခါ အရှင်တို့ ခြိမ်းမောင်းဆုံးမသံ အနက်ကို ဟော၏။ 'ချောင်းလျက် လာ၏'ဟူသောဥပမေယျကို ငဲ့သောအခါ အမို့အယမ်းမရှိ သာယာဖြည်းညှင်းစွာ အနက်ကို ဟော၏။ ဤသို့'ယမ်းပည်းထွေငေါ်'ဟူသောဂုဏ်သည် ဥပမာ, ဥပမေယျ ၂ပါးယှဉ်၍ ပုဒ်ရင်းမပျက် အနက်တခြားစီ ဟောတတ်သောကြောင့် သန္တာနောပမာ မည်၏။

'ကျေးကျွန် တို့သည် အရှင်ခြိမ်းမောင်းသံနှင့် တော်ကြိုက်သကဲ့သို့ မုန်တိုင်းလေတို့သည်လည်း ပါရမီ ၁၀ပါးကို ဘုရားလောင်းကြံစည်သောအခါ တော်ကြိုက်သည်ဖြစ်၍ မို့ယမ်းထန်ပြင်းခြင်း မရှိ။ သာယာဖြည်းညင်းစွာ ချောင်းလျက် တည့်တည့်လာ၏'ဟူလို။

နိန္ဒောပမာကား ဥပမေယျဂုဏ်ကို ဥပမာဂုဏ်မမီသဖြင့် ကဲ့ရဲ့၍ပြုအပ်သော ဥပမာသည် နိန္ဒောပမာ မည်၏။ 'ဤတည်းအစ၊ တွင်မှအဆုံး၊ ဂဏန်းကျုံးလည်း၊ မြေလုံးတောင်စုန့်၊ အမုန့်မလောက်၊ ကြားသော် ကြောက်အံ့'ဟူသောစကား၌ကဲ့သို့ နိန္ဒောပမာကို ယူအပ်၏။

အသာဓာရဏောပမာကား 'တစ္ဆံစန္ဒာ ရဝိန္ဒာန–မတိက္ကမ္မ မုခံ တဝ၊အတ္တနာဝ သမံ ဇာတ–မိတျသာဓာရဏောပမာ'ဟူသည်၌ 'နတ်လူတို့၏မျက်နှာကိုလွန်၍ အရှင်ဘုရား၏မျက်နှာတော်သည် အရှင်ဘုရားနှင့်သာ တူတော်မူ၏'ဟု သူတစ်ပါးနှင့် ဆက်ဆံခြင်းမရှိမူ၍ ဥပမာပြုခြင်းသည် အသာဓာရဏောပမာ မည်၏။ 'ငါနှင့်ငါသာ၊ နှိုင်းစရာဟု၊ ပညာမုန်ယို၊ ငယ်ရွယ်ပျိုကြ'စသည်ဖြင့်ဆိုသော စကားကိုလည်းယူ။

ပဋိသေဓောပမာကား ဥပမာကိုမြစ်၍ ဥပမေယျကို ချီးမြှောက်ခြင်းသည် ပဋိသေဓောပမာ မည်၏။ 'လောင်ထိန်တောက်ညီး၊ တန်ဆောင်မီးလည်း၊ စနီးစပ်ကာ၊ မနှုန်းသာသား၊ နာဂတံသ၊ ဉာဏကျော်ခေါင်၊ ပညာရောင်ဖြင့်'ဆိုသောလင်္ကာ စသည်မှာယူ။



www.burmeseclassic.com

www.burmeseclassic.com



အဘူတောပမာကား'သောရီ ကတ္ထာ စက္ကဝါဠံ့, သိနေရုံ ဒဏ္ဍေနဝိဟန်။ တဝ သဒ္ဒေါ ဝိဘာဝတိ။' ဟူသော ဥဒါဟရဏ်၌ 'စကြဝဠာအဝန်းကို စည်ကြီးဗဟို, မြင်းမိုရ်တောင်ကို စည်လက်ခတ်ပြုပြီး၍ ခတ်တီးသကဲ့သို့ အရှင်ဘုရား၏အသံတော်သည် အလွန်ထင်ရှား၏'ဟုဆိုသောစကားကဲ့သို့ အံ့ဖွယ်သရဲ ဥပမာပြုခြင်းသည် အဘူတောပမာ မည်၏။ 'ဝေးမင်းလှစွာ၊ ဗြဟ္မာ့ရွာကို၊ လက်သာဆန့်ယမ်း၊ မှီစိမ့်လှမ်းသို့၊ ကိုယ်စွမ်းကိုယ်ကိုး' စသည်ဖြင့်ဆိုသော စကားလည်း ၎င်းဥပမာပင်တည်း။

ဤသို့အားဖြင့် ပြားသော သဒ္ဒူပမာ ၁၁ ပါးတို့တွင် ဤပဏ္ဏာမဂါထာ၌ 'ဝေရောစနံဝိယ' ဟူသော ဥပမာသည် တရားတော်နှင့် ပတ္တမြားအရောင်ကို အတူပြု၍ဆိုသောကြောင့် ဓမ္မောပမာ မည်၏။ ဥပမာ[၉၇], ဥပမေယျ[၉၈] ၂ပါးစုံ၌ ပုလ္လိင်အဖြစ်ဖြင့် တူသောလိင် ရှိခြင်းကြောင့် 'သတို့သမီးငယ်ကား ယောကျ်ားနှင့်တူ၏' ဟုဆိုသော စကားကဲ့သို့ လိင်ခြားခြင်းဖြင့် မသင့်သော ဘိန္န လိင်္ဂူပမာ ဒေါသမှလည်း လွတ်၏။ ဤ ဥပမာ, ဥပမေယျ ၂ ပါးစုံ၌ ဧကဝုစ်ချည်းဆိုသောကြောင့် 'ကောင်းကင်သည် အင်း,အိုင်အပေါင်းတို့ကဲ့သို့ တင့်တယ်၏'ဟု ဆိုသောစကားကဲ့သို့ ဝုစ်မတူခြင်းဖြင့် မသင့်သော ဘိန္နဝစနူပမာ ဒေါသမှလည်း လွတ်၏။

မြတ်သောပတ္တမြား ဥပမာဖြင့် ဥပမေယျကို ချီးမြှောက်စား၍ဆိုခြင်းကြောင့် 'မင်းခယောကျ်ားသည် မင်း၌ခစားသောအခါ ခွေးကဲ့သို့ ကျင့်ရာ၏'ဟုဆိုသော စကား၊ 'သင့်စကားကို မြက်လောက်မျှ မမှတ်'ဆိုသော စကားကဲ့သို့ ဥပမာယုတ်သဖြင့် မသင့်သော ဟီနူပမာဒေါသမှလည်း လွတ်၏။ ဥပမေယျထက် လွန်သောဥပမာကို ဆိုခြင်းကြောင့် 'ပိုးစုန်းကြူးသည် နေကဲ့သို့ တောက်ပခြင်း ရှိ၏'ဟုဆိုသော စကားကဲ့သို့ ဥပမေယျနှင့်မတန်၊ အလွန်ကဲသောဂုဏ်ကို ဆိုခြင်းကြောင့် မသင့်သော အဓိကူပမာဒေါသမှလည်း လွတ်၏။ ဥပမာ, ဥပမေယျတို့၏ နှောင့်ယှက်ခြင်းမရှိ သိသာသည်၏အဖြစ်ကြောင့် 'သမုဒ္ဒရာတည်းဟူသော စစ်သည်ဗိုလ်ပါများစွာသည် ကြောက်မက်ဖွယ်ကြွေးကြော်ခြင်း အသံတည်းဟူသော သမုဒ္ဒရာချောက်ချား၏'ဟု ဆိုသောစကားကဲ့သို့ ဥပမာမှထောက်၍, ဥပမေယျကို ဥပမေယျမှထောက်၍ ဥပမာကို မတွေ့ကောင်းအောင် တည်ရာမကျဆိုခြင်းဖြင့် မသင့်သော အဖောဋ္ဌဗ္ဗူပမာ ဒေါသမှလည်း လွတ်၏။

'ဝိရောစန မာဝိရောစ'ဟူသောပုဒ်ကို ဥပမာ, ဥပမေယျ ၂ပုဒ်လုံး၌ ကာရိုက်ကံအဖြစ်ဖြင့် ယှဉ်အပ်သောကြောင့် 'လဝန်း၌ ယုန်ရေးသည် ပိတုန်းကဲ့သို့ ထင်ရှား၏' ဟူသောစကားကဲ့သို့ 'လဝန်း၌' ဟူသောအာဓာရသည် 'ယုန်ရေး'၏တည်ရာ ဖြစ်၍၊ 'ပိတုန်း'၏တည်ရာ မဟုတ်ဘဲလျက် တစ်ချက်တည်းသော အာဓာရ ကိုသာဆိုသဖြင့် လဝန်း၌ ပိတုန်းကဲ့သို့ဟု စကားငဲ့ခြင်းရှိသည်ဖြစ်၍ မသင့်သော အပေက္ခနူပမာ ဒေါသမှလည်း လွတ်၏။ ဥပမာ, ဥပမေယျတို့ကို ဂုဏ်[၉၉]ဂုဏော[၁၀၀]အစုံဆိုခြင်းကြောင့် 'ယုန်ရေးနှင့်တကွသော လသည် ကြာတိုက်ကဲ့သို့ တင့်တယ်၏'ဟု ဆိုသောစကားကဲ့သို့ ဥပမေယျဂုဏ်ကိုသာဆို၍ ဥပမာဖြစ်သော ကြာတိုက်၏ဂုဏ်, ပိတုန်းနှင့်တကွ ဟူသောစကားကို မဆိုသည်ဖြစ်၍ ဥပမာ၏ဂုဏ်ပြတ်သဖြင့် မသင့်သော ခဏ္ဍိတူပမာဒေါသမှ လည်းလွတ်၏။

ဤသို့ ဥပမာဒေါသ ၇ ပါးတို့မှ လွတ်သည်ဖြစ်၍ ဤပဏ္ဏာမဂါထာ၌ 'ဝေရောစနံဝိယ'ဟူသော ဥပမာသည် ပညာရှိတို့၏နှလုံးကို ဝမ်းမြောက်စေတတ်သော ဥပမာ မည်၏။ ထိုသို့ပြခဲ့သော ဥပမာဒေါသ ၇ပါး တို့ကို ဒေါသမှလွတ်ကင်းအောင်ပြုခြင်းကား နယကောဝိဒ[၁၀၁]ဖြစ်သော ပညာရှိတို့အရာသာတည်း။

ဘိန္နလိင်္ဂူပမာဒေါသ၌ 'ဤသတို့သမီးငယ်ကား ယောကျ်ားနှင့်တူ၏'ဟုဆိုသော် ထိုဒေါသမှ လွတ်၏။ အဘယ့်ကြောင့်နည်းဟူမူ ပါဠိဘာသာ၌ 'အယံ', မြန်မာဘာသာ၌ 'ဤ' ဟူသောသဒ္ဒါတို့သည် လိင် ၂ပါး-



www.burmeseclassic.com

www.burmeseclassic.com



ဥပါးတို့နှင့်ပင် ဆက်ဆံလေသောကြောင့် ဥပမာနဒ္ဒ လိင်ပြားသော်လည်း ဘိန္နလိင်္ဂူပမာဒေါသ မရောက်ပြီ။ ထို့ကြောင့် အခွင့်ဒ္ဒလိမ္မာသော ပညာရှိတို့ပြုလျှင် တစ်ခုတည်း, အနည်းငယ်မျှသာ ဖြစ်သည်ဟူ၍ မမှတ်သာ။ အရာကျသဖြင့် ဒေါသမမီ[၃၀၂]။ 'ဤသတို့သမီးငယ်ကား ဤယောကျ်ားနှင့်တူ၏' ဟူသော အနက်ရောစွက်သော 'ဤ' ဟူသောတစ်လုံးကြောင့် အသုံးပြုရပြန်လေသည်။ [ကြွင်းသောဒေါသူပမာတို့ကိုလည်း အပြစ်ကင်းအောင် ကြံရမည်ချည်းပင်။ များလွန်းအံ့စိုး၍ လိုရင်းသို့ရောက်ခဲ့မှဖြင့် နိရုတ္တက[၃၀၃]ထင်သောကြောင့် မဆိုလိုက်သည်။]

ဤသို့ အတွင်း,အပ အန္တရာယ်ပျောက်ငြိမ်းခြင်း၊ ကျမ်းပြီးခြင်း၊ တောင့်တအပ်သောအလို ကုသိုလ်[၃၀၄] မင်္ဂလာ[၃၀၅] အဇ္ဈာသယ[၃၀၆] သုခသိဒ္ဓိ[၃၀၇] ပီတိ[၃၀၈]ရွှန်းဝေ ကျက်သရေတိုးပွားများစေခြင်း အကျိုးရှိသော ဆရာကျေးဇူးရှင်နှင့်တကွ ရတနာ ဥပါးတို့အား ညွတ်တွားထိပ်ထက် တင်ရွက်ရှိပန် မိတာန်[၃၀၉]အောင်ထီးကို ချီးမြှောက်မိုးကာ၍ မေတ္တာတော်အာနုဘော် ဘုန်းတော်ရိပ်အစွမ်းကို ချမ်းမြေ့စွာခိုလှုံလျက် အဓိပ္ပာယ်အနက် ဝှက်ကွယ်ခြင်းရှိသော ပါဠိတော်ရွှေတိုက် အမြိုက်ရည်လျှင်အဆီရှိသော တေမိယ ဇာတ်တော်ရတနာကို အခါခါတောင်းပန်အပ်သောသူတို့၏ အလိုနှင့်လျော်စွာ သဒ္ဓါ, သီလ, သုတ, ပညာ ပွားရာသောအကြောင်း သူတော်ကောင်း သူမြတ်တို့ မှတ်သားနာယူပျော်ဖွယ် မကျယ်မကျဉ်း အလျဉ်းသင့်ရာ ဥဒါဟရုဏ်[၃၁၀]စုံလင်ပြကြား၍ စကားကျစ်လစ် ပြေပြစ်သန့်ရှင်းစွာ အစွမ်းအလျောက် ထုတ်စီပေအံ့။

ဤတွင်ရွေ့ကား ပဏာမ[၃၁၁], ယောမနာ[၃၁၂], သံဝဏ္ဏနာကာရ[၃၁၃], ဥယျောဇဉ်[၃၁၄], ပဋိညာဉ်[၃၁၅]တို့ကို ပြဆိုသော ဂန္ထာရမ္ဘပုဗ္ဗက[၃၁၆]စကားရပ် အပြီးသတ်တည်း။



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

မဟာကရုဏာ[၃၃၇]တော်တည်းဟူသော မိုးတိမ်တိုက်ကို တစ်ခဲနက်စကြဝဠာ[၃၃၈]ကုဋေတစ်သိန်းလုံး ဖုံးအုပ်သွန်းဖျန်း ရွှင်လန်းငြိမ်းဆေး ပေးတော်မူလျက် ဇမ္ဗူကျွန်း[၃၃၉]သူ လူရှင်အပေါင်း သောင်းတိုက်[၃၄၀] နတ်ပြဟ္မာတို့၌ မြိုက်ရည်ချိုအေး တိုက်ကျွေးနှစ်လို့ အောင်မျိုး[၃၄၁]ငြိမ်းရာ ပြည်သာနိဗ္ဗူ[၃၄၂]တင်ယူပို့ဆောင် အောင်သူများသခင်ဖြစ်တော်မူသော တရားမင်းဘုရားသည် ၈ ပါးပရိသတ်[၃၄၃]ကျင့်ဝတ်ယူရာ သာဝတ္ထိပြည်[၃၄၄]ကြီး၏ အနောက်တောင်ဝယ် ရန်အောင်ခိုက်ဖွားသော ဇေတမင်းသား၏ဥယျာဉ်ကို ရန်စင်ကင်းဝေးသော သူဌေးကြီး အနာထပိဏ်[၃၄၅]သည် ရွှေအချိန် ၁၈ ဖြင့်ဝယ်၍ ရန်စွယ်အဆိပ်အတောက် ပျောက်ချေပယ်နုတ် ဝိမုတ်[၃၄၆]ငြိမ်းအေး ရှေးရှေးသောဘုရားအဆူဆူ အောင်သူတကာတို့ အောင်ရာဘိသိက်[၃၄၇] ဗျာဒိတ်အောင်ပွဲခံရာ မြေအချက်[၃၄၈]တွင် နှစ်သက်ဝမ်းမြောက် ဆောက်လှူအပ်သော နံ့စပ်ကျော်ဇွန် ဇေတဝန်အောင်ထီး ရွှေကျောင်းကြီး၌ နေတော်မူသောအခါ မဟာဘိနိက္ခမ[၃၄၉] ပါရမီတော်ကိုအကြောင်းပြု၍ 'မာပဏ္ဍိစ္စံ ဝိဘာဝယ' အစရှိသော ဂါထာတို့ဖြင့် တန်းဆာခြယ်စီလျက် ဤ 'တေမိယ'ဇာတ်တော်ကို ဟောတော်မူ၏။

အဘယ်သို့ အကြောင်းဖြစ်သနည်းမူဟူကား တစ်နေ့သ၌ တပည့်သံဃာ ရဟန်းအပေါင်းတို့သည် အစည်းအဝေးပြုရာ တရားသဘင်၌ ဤသို့ နိက္ခမပါရမီတော်ကို ချီးမွမ်းကြကုန်၏။

"အရှင်တို့။လာခြင်းကောင်းသော မြတ်စွာဘုရားသည် ဖွားတော်မူဦးကပင် လူ့မူးနတ်မှူးလက္ခဏာ ပါရိုကြောင်းအတ္ထုပ္ပတ်[၃၅၀]ကို နိမိတ်ဖတ် [၃၅၁]ပုရောဟိတ်[၃၅၂]တို့ ကြားလျှောက်၍ ဝမ်းမြောက်ခြင်းသည်း သဖြင့် ခမည်းတော်မင်းတရားသည် ဖွားဖက်တော် မင်းသမီး, မင်းသား, အမတ်သားတို့နှင့်တကွ များစွာအခြံအရံ စံပျော်ဖွယ်အလုံးစုံ ဘုံနန်း ၃ဆောင် အထွတ်အမြတ်နတ်စည်းစိမ်သဖွယ်ကို အရွယ်တော်ရောက်ဦးစကပင် အပ်နှင်းသဖြင့် မင်းဖြစ်မြောက်၍ ဘယ်လောက်မျှကာလ မမြင့်မီလျှင် မအီမရောင့်ရဲ မခွဲရက်နိုင်အောင်သော ဘုံနန်းနေမင်းသမီးအပေါင်း ပျော်ကြောင်းပျော်ရာရှိ၍ ပျော်စရာအစုစု ပျော်မှုအမျိုးမျိုးယှဉ်သော်လည်း ဥယျာဉ်[၃၅၃]တော်က သံဝေဂနိမိတ်မှာ စိတ်တော်အလုံးဝင်သည်မှ နန်းရင်ပြင်ရှေ့တော်တွင် သဘင်ပျော်ရွှင်မှု သူ့အလိုရ ငါ့အလိုပါ မာယာအလှယ်လှယ် ကိုယ်အရွယ်တော်လည်း ပျိုနုတုန်း, နှလုံးတော်လည်း ရွှင်ချိန်, စည်းစိမ်တော်လည်း လက်ရှိ ညွှတ်မိသောရွှေဟသာကဲ့သို့ ချွတ်ချွာရေးအခဲအကတ်မှ ဖြတ်တွန်း ပယ်ပစ်တော်မူလျက် နန်းသူနန်းသားအများအိပ်ပျော်စဉ် မြင်းယာဉ်တော်အထူးကို မြင်းမှူးအမတ်စီမံ၍၊ သန်းခေါင်ယံအချိန်တွင် မင်းစည်းစိမ်တော်ကြီးကို ဆီးဖြူတစ်လုံးခန့်မျှ မရေမတွက်ဘဲ ထွက်ကြွရွှင်လန်း ရဟန်းပြုတော်မူလျက် ဇမ္ဗူကျွန်းအလယ်ချက် ဖွားဖက်တော် ညောင်ဗုဒ္ဓဟော[၃၅၄]ပင်ရင်း၌ မာရ်နတ်[၃၅၅]မင်းဗိုလ်ပါထုနှင့် စစ်ပြု၍မနိုင်လျှင် နှလုံးမခိုင်သူ ယိုင်လွယ်ရာကြဲပြီးမှ သမီးနှင့်ဖြားယောင်းသည်တစ်လီ၊ လောကီကွန်ရက် နှောင့်ယှက်သည့် သံသရာဆူးပြောင်ကို ကြောင့်ကြတော်မမူ နိဗ္ဗူအောင်ခန်း[၃၅၆]သို့ ဖြောင့်တန်းထုတ်ချောက် ထွက်မြောက်နိုင်သဖြင့်



www.burmeseclassic.com

ဦးကိုင်သရဖူ[၁၃၇] မှန်ကူသင်းကျစ်[၁၃၈]နတ်, လူ, ဗြဟ္မာတို့အထွတ် ဖြစ်လေသည်ကား အလွန်အံ့ဩဖွယ်ရှိပေစွ"ဟု အသီးအသီး ချီးမွမ်းမြှောက်စား စကားဖြစ်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အကျိုး ၂ ပါးပွားများရာအခွင့် ဟောသင့်သောအခါ ကြိမ်သည်ဖြစ်၍၊ ထွက်သစ်သောလပြည့်ဝန်းကဲ့သို့ ထွန်းလင်းရှင်ပျလျက် ဂန္ဓကုဋီ[၁၃၉]တိုက်မှ ထွက်ကြွတော်မူလာလတ်သဖြင့် ပရိသတ် တရားသဘင် သံဃာတော်အလယ် ကြီးကျယ်သောနေရာမြတ်၌ ဖွဲ့ခွေထက်ဝယ် စံပယ်တော်မူပြီးလျှင်

"ငါ၏ တပည့်သားတော်အပေါင်းတို့။ ယခု ငါမရောက်မီ သင်တို့အစည်းအဝေးပရိသတ်၌ အဘယ်စကား ဖြစ်ကြသနည်း" ဟု မေးတော်မူသော်၊ တပည့်တော်အပေါင်းတို့သည်"ကိုယ်တော်မြတ်၏ မဟာဘိနိက္ခမ ပါရမီတော်ကို အလီလီချီးမွမ်း၍ ဆုံးခန်းသို့မရောက်နိုင်အောင် ရှိကြပါသည်"ဟု လျှောက်ထား ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် တပည့်သံဃာတော်တို့၏ စကားကိုကြားတော်မူလျှင် တပည့်သားတော် တို့အား စကားဖြစ်သည်နှင့်လျော်စွာ ပါရမီဖြည့်သော ဇာတ်တော်အထွေးပွတ်ကို ပညတ်တင်၍[၁၄၀] ကုန်စင်စွာ ဟောတော်မူလို သောကြောင့် "ငါ၏ တပည့်သားတော်အပေါင်းတို့။ ကောင်းစွာမဖောက်မပြန် လာခြင်းရှိသော ငါဘုရား၏ ၄ပါးသော နိမိတ်[၁၄၁] လန့်ထိတ်သောသံဝေဂအကြောင်းဖြင့် အပေါင်းပါရမီ[၁၄၂] စုံညီရင့်ဖြိုး တိုးပွားပြည့်ကြွယ် အောင်ဖွယ်မျိုး အပြီးရောက်သော မျက်မှောက်ကိုယ်တော် ယခုလူ့စည်းစိမ်ကိုစွန့်ပယ်လျက် ၅ သွယ်သောတရား[၁၄၃]ကို ထင်ရှားသိချင်သောစိတ် ကြိုးပမ်း၍ ရဟန်းပြုခြင်း၊ အထွတ်အမြတ်ဆည်းပူးအပ်သော ပါရမီအပြည့် မှည့်ပြီးရင့်ပြီး၍ အသီးချိုသည်ကို ကြည်ညိုရွှင်လန်း ချီးမွမ်းသောထက် ဝင်းဝင်းစက်စက် မထွက်လောက်သော ပါရမီ အဆီရောင်သွေး ငယ်နုသေးသော ရှေးသံသရာ[၁၄၄]ကာလည်း ပြည်မသနင်း[၁၄၅]မင်း၏ သားဖြစ်လတ်၍ နိမိတ်ဖတ် ပုဏ္ဏားတို့ ဖွားစကပင် ၄ကျွန်းရှင်လက္ခဏာ ပါရှိကြောင်းကို ဖတ်ကြားကြလျှင် အားရအင်တက် ဖွားဖက်ရွှေဖော်နှင့် ခမည်းတော်မြှောက်စားပြုစုသော် မတော်မတန် အပြစ်ဒဏ်အလျောက် ၄ယောက်သောသူခိုး နိမိတ်ဆိုး ၄ရပ်ကို အတပ်မြင်၍ ဆင်ခြင်သောဉာဏ်ဖြင့် သံဝေဂ[၁၄၇]ဖြစ်ကြောင်း ဘဝဟောင်းကဆင်းရဲလည်း ဖြစ်ဆဲကဲ့သို့ ထင်သည်နှင့်မယွင်း လန့်ထိတ်ခြင်းဖြစ်သည်မှ မိဘဆွေမျိုး မှူးရိုးမတ်သား အများရွှေဖော် ပျော်ကြောင်းအထူး တစ်ဦးမလိုက် တစ်ဦးကြိုက်လိုက်၍ အလိုစမ်း ရွှင်လန်းပျော်ပါးစေမှု ပြုကြမူလည်း စွဲယူစိတ်ပေါင်း မစောင်းမဖယ် အရွယ်ရောက်ပြီးလျှင်လည်း လက္ခဏာအင်ခွင်စုံလင်သော မင်းသမီးတို့ မင်းကြီးဝယ်အာမခံ၍ ဈာန်[၁၄၈]ရ လောကီ အဆီအဘိညာဉ်[၁၄၉]ကိုယှဉ်မိလျှင် မရွှင်မလန်း ခန်းလောက်အောင် စီမံလျက် အတန်တန်ဖျောင်းဖျသော်လည်း နိရောဓသမာပတ်သို့ ဆည်းကပ်သောရဟန္တာအသွင် တဒင်္ဂဉာဏ်စိတ်ကို မလိပ်မလည်းချုပ်တည်း ဆောက်တည်သဖြင့် ပြည်ကြီးစည်းစိမ် ထီးဖြူရိပ်ကို အဆိပ်သဖွယ်မှတ်လျက် အဇ္ဈတ္တသန္တာန်[၁၅၀]၌ ဉာဏ်လက်နက်ဝဇီရစိန်[၁၅၁]ကို အချိန်အခါမတော်၍ မဖော်မထုတ် အင်မယုတ်သောကိုယ်ကို သူမလိုအောင်ပြု၍ အမှုအမျိုးမျိုးစူးစမ်းရိုးဆုံးခန်းသဖြင့်၊ အမတ်ရထားမှူးကို မြင်းထူးမြင်းမြတ် ကအပ်သောရထားထက်တင်လျက် တိုင်းခွင်ပြည်ကြီး လူမနီးသောတောသို့ ပို့စေ၍ မြို့သို့ပြန်လည်သည့်နောက် ဝမ်းမြောက်စွာရဟန်းအဖြစ်ဖြင့် ပွင့်လင့်လုကြာပဒုံကို နေအရုဏ်ႈကွသကဲ့သို့ ၇ နေ့ရက်အတွင်း ဖန်ဆင်းခြင်းအဘိညာဉ် ဈာန်ယာဉ်တရား ကားကားပွင့်ပြီးမှ မင်းကြီးအား ရထားမှူးလျှောက်၍ ဘုန်းတောက်သောလက္ခဏာရှင် စစ်စစ်ဖြစ်ကြောင်းကို ကြားပြန်လျှင် မင်းမာန်ရော အချစ်သန် မပြန်ဘဲ ပြည်သို့နေရမည်မဟုတ်ဟု အားထုတ်၍ ဗိုလ်ထုဗိုလ်လုံး မင်းဘုန်းကျက်သရေဖြင့် နေရာသိမ်မဲ[၁၅၂]သို့



www.burmeseclassic.com

www.burmeseclassic.com



လာလတ်လျက် နေ့ရက်အရှည်အကြန့် ငံ့လင့်သွေးငင် အခင်အမွတ် စိတ်ညွတ်ဖွယ်ရာ ကာမဂုဏ်[၁၅၄]အာရုံ အလော်အလက် နှောင့်ယှက်ခြင်းအတန်တန် တောင်းပန်သည်ကိုလည်း ပျို့သက်ရွယ်နု ပျော်မှုအာရုံ ကာမဂုဏ်ကျေးဇူးနှင့် မူးယစ်ချိန်ဖြစ်လျက် အမြစ်ကြိုင်မွှေး မသေဆေး[၁၅၅]ကိုသာ ရှာလိုသောစိတ် မလိပ်မလည်း ချုပ်တည်းတည်ကြည်၍ ပြည်ကြီးစည်းစိမ်ကို စွန့်ပစ်နိုင်ဖူးလေသော နိက္ခမပါရမီ[၁၅၆]ကိုလည်း အလွန်အံ့ဩဖွယ် ရှိတုံသေး၏”ဟု တရားပွဲကြီး ထွက်ပြတော်မူလို၍ စကားဝိုဒ်ချီး[၁၅၇] မြွက်ဟတော်မူပြီးလျှင် အရဟတ္တဖိုလ်ဝင်စားလျက် ဉာဏ်တံခါးပိတ်၍ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ တပည့်သားတော်အပေါင်းတို့သည်“အရှင်ဘုရား။ ယခု ကိုယ်တော်အဖြစ်၌ နှစ်သက်အံ့ဩဖွယ်ကိုကား မကွယ်မဖုံး လောကလုံးထင်ရှားသည်ဖြစ်၍ နှစ်သက်ပီတိ သိကြရပါပြီ။ ဤ အမြွက်ဖော်သော ဇာတ်တော်အတ္ထုပ္ပတ်ကို စေ့စပ်ကုန်စင် ထင်ရှားသိသာအောင် ဟောတော်မူပါမှ တပည့်တော်အပေါင်းတို့ အကျိုးစီးပွား များပါမည်”ဟု တောင်းပန်လျှောက်ထားကြလတ်သော်၊ မြတ်စွာဘုရားသည် သတ္တဝါတို့အား သနားခြင်းမဟာကရုဏာ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်[၁၅၈]စိတ္တုပ္ပါဒ်[၁၅၉]ဖော[၁၆၀]အခါခါ အာဝဇ္ဇန်း[၁၆၁] လျှင်တော်မူလျက် မဇ္ဈု[၁၆၂]သဝဏီယ[၁၆၃]စသော ဂုဏ် ၈ အင်[၁၆၄]အစုံအလင်ဖြင့် ကောင်းကင်တောင်ထိပ်ကရေတံခွန် တသွန်တည်းဆင်းသကဲ့သို့ အတွင်းတွင်ထောက်၍ လျှောက်ခွင့်မရ အစ, အလယ်,အဆုံး ရှဲလုံးစီပုလဲသီ တညီတည်းနှာမငြီး အပြီးတိုင်အောင် ဤ တေမိယဇာတ် အတ္ထုပ္ပတ်တော်အလုံးစုံကို အကုန်အစင် သိမြင်မှတ်သား တရားရစေကြောင်း ကောင်းစွာ ဟောတော်မူပေ၏။



www.burmeseclassic.com

www.burmeseclassic.com



# တေမိယဇာတ်တော်ကြီး

## ၁။ သားဆုတောင်းခန်း

လွန်လေပြီးသောအခါ ဗာရာဏသီ[၁၆၅]ပြည် ကာသိတိုင်းကိုအစိုးရသောကြောင့် 'ကာသိကရာဇ်' အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုမင်းကား –

အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ စွန့်ကြဲပေးကမ်းချီးမြှောက်ခြင်း၊ ဖြိုးဖြောင့်စွာကျင့်ခြင်း၊ ဆွေမျိုးခြွေရံ, မှူးမတ်, ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း၊ သည်းခံခြင်း၊ အမျက်စောင်းမာန် မထန်ပြင်းခြင်း၊ ပြည်သူတိုင်းသားတို့အား ညှဉ်းဆဲကလူ အပူမတိုက်ခြင်း၊ နူးညံ့သောကရုဏာ, မေတ္တာကိုသာ အခါမပြတ် ရှေးရှုခြင်း၊ တရားလမ်းရှိတိုင်း ဖြောင့်မှန်ရာသသောကိုသာ အလိုရှိခြင်း တည်းဟူသော မင်းကျင့်တရား ၁၀ ပါးနှင့် လည်းကောင်း၊ သင်္ဂဟတရား ၄ ပါး[၁၆၆], နာယကဂုဏ် ၆ ပါး[၁၆၇]စသော မင်း၏ကျေးဇူးတို့နှင့် လည်းကောင်း ပြည့်စုံ၏။ ကိုယ်လုပ်[၁၆၈]မောင်းမ[၁၆၉]တို့ကား ၁ သောင်း ၆ ထောင် အရေအတွက် ရှိကုန်၏။

အဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသော မိန်းမကောင်းပေါ်ထွန်းရာ မဒ္ဒရာဇ်[၁၇၀]တိုင်း သာဂလပြည်၌ မဒ္ဒရာဇ်မင်း၏သမီးတော် စန္ဒာဒေဝီ[၁၇၁]မည်သောမိဖုရားကား ထို ၁ သောင်း ၆ ထောင်သော မင်းမောင်းမတို့၏ အထွတ်အချာ တောင်ညာနန်းမ အဂ္ဂမဟေသီ [၁၇၂]အရာထားသော မိဖုရားကြီးတည်း။ ထို စန္ဒာဒေဝီမိဖုရားကြီးကား လင်၏ အလိုသို့လည်း လိုက်၍ကျင့်တတ်၏။ အလှူ, သီလ အစရှိသော ကုသိုလ်တရား၌လည်း မွေ့လျော်၏။ ဥပုသ်နေ့ တို့၌လည်း မပြတ်လျှင် အင်္ဂါ ၈ ပါးနှင့်ပြည့်စုံစွာ ဥပုသ်[၁၇၃]သုံး၏။ [မိန်းမကောင်းပေါ်ထွန်းရာ မဒ္ဒရာဇ်တိုင်း ဟူရာ၌ 'မဒ္ဒရဋ္ဌံကိရ အဘိရူပါနံ ဣတ္ထီနံ ဥပ္ပတ္တိဋ္ဌာနံ'ဟူသော ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့် အညီတည်း။]

ထိုမိဖုရားကြီးမှစ၍ မင်းမောင်းမအပေါင်းတို့တွင် တစ်ယောက်သော မိဖုရား, မင်းမောင်းမတို့မှလည်း သားသမီးကား တစ်ယောက်မျှ မရှိကြကုန်။ ထိုသို့ မရှိကုန်သောကြောင့် ဗာရာဏသီပြည်သူပြည်သားအပေါင်းတို့သည် "ငါတို့အရှင်မင်းကြီး၌ ထီးရိုးနန်းနွယ်ကို စောင့်ရှောက်အံ့သော သားတော် တစ်ယောက်မျှ မရှိ။ ကိုးကွယ်ဟောင်း, အနွယ်ဟောင်းပျက်၍ အနွယ်သစ်ဆက်ပြန်အံ့သော အမျိုးဟူသည်၌ ဆိုး,ကောင်း,ယုတ်,မြတ်ကို အတပ်မည်သူမျှ မသိနိုင်ရာ။ ငါတို့ မင်းရင်ပြင်[၁၇၄]၌ အညီအညွတ်စည်းဝေး၍ အရှင်မင်းကြီးအား သားဆုတောင်း မည့်အကြောင်းကို လျှောက်ထားရသော် ကောင်း၏"ဟု တိုင်ပင်ကြပြီးလျှင်၊ နန်းတော်ပြင် တံခါးဝ၌ အညီအညွတ် စည်းဝေးလာကြလတ်၍

"တရား ၁၀ ပါး စောင့်တော်မူသည်နှင့်အညီ ပြည်သူတိုင်းသားတို့အား သနားမေတ္တာ ချမ်းသာပေးတော်မူခြင်းဖြင့် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းမြတ်။ အရှေ့ရပ်ကျွန်းမှ တက်ထွန်းသော နေမင်းသည် ရန်လင်းမောင်ဖြို နေ့ပဟိုရ်[၁၇၅]နာရီပတ်လုံးထွန်း၍ မြောက်ကျွန်းသို့ ပြောင်းကြွသဖြင့် ညဉ့်အချိန်သို့ ရောက်ခဲ့သော် နှုန်းလျော်နေမင်းအသွင် လျှံထင်လပြည့်ဝန်း ထွန်းပါလတ္တံ့သော လပြည့်နေ့နှင့်အတူ ဤပုရနဂရ[၁၇၆] ဗာရာဏသီ မင်းနေပြည်တော်ကြီးဝယ် နေစွယ်မကသော အရှင့်သားဘုန်းရောင်ခြည် လှည့်လည်ပြောင်းကြွခဲ့လျှင် ရင်နှစ်သားတော် ထင်ပေါ်လပြည့်ဝန်း ထွန်းပရာမမြင်။ ဆင်ခြင်မြော်ဆတိုင်း သောက[၁၇၇]ဖြစ်ကြပါသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းနွယ်တော်နေမျိုး ထီးရိုးနန်းညွန့် အစွန့်ရှည်ဆက် မပျက်ပါကြောင်း ကောင်းစွာ သားဆုတောင်းတော်မူပါ"ဟု ထိပ်ဦးလက်ချီ အညီကျူးအေး[၃၇၈] မြည်ကြွေးလျှောက်ထားကြကုန်၏။

ထိုမြည်သူပြည်သားတို့၏ ကြွေးကြော်လျှောက်ထားသံကို ကာသိကရာဇ်မင်းကြီး ကြားတော်မူလေသော် ပြဿတော့[၃၇၉] ကာလ၌ ပြည်သူတို့အား 'လ'ကဲ့သို့ ကျင့်လေ့ရှိသည်နှင့်အညီ "ယခု ပြည်သူတို့ကြွေးကြော်ကြသော အသံကား အဘယ်အကြောင်းနည်း"ဟု နူးညံ့သောနလုံးဖြင့် မေးတော်မူ၍ မှူးတော်မတ်တော်တို့က အကြောင်း ပြန်ကြားလျှောက်ထားကြလျှင်

"အချင်းပြည်သူပြည်သားတို့။ ကောင်းပြီ။ သင်တို့လျှောက်ထားတိုင်း ငါ၏မိဖုရားတို့ကို သားဆု တောင်းစိမ့်မည်။ မစိုးရိမ်ကြလင့်။ ဘုန်းပွင့်သော သားကောင်းရတနာဖြင့် ချမ်းသာနှောင်ဖို့ သင်တို့ ပြည်သူပြည်သား စီးပွားပြန့်ကြွယ်လတ္တံ့"ဟု နှစ်သိမ့်စေ၍ လွှတ်လိုက်ပြီးသော်၊ စန္ဒာဒေဝီ မိဖုရားကြီးမှတစ်ပါးသော ကိုယ်လုပ် မင်းမောင်းမအပေါင်းကိုခေါ်၍

"အဘယ်[၃၈၀]မိဖုရားတို့။ ယခု ပြည်သူတို့က အိမ်ရှေ့နန်းလျာ တောင်းချေသည်။ ငါ၌ ပေးစရာ မရှိသေး။ အလေးအမြတ် သင်တို့ကိုးကွယ်ရိုး ရှိသည့်အတိုင်း ကိုးကွယ်ကျိုးနွံ[၃၈၁]ခြင်းဖြင့် နန်းညွန့်နန်းလျာအလို့ငှာ သားဆု တောင်းကြလေ"ဟု ခန့်ထားအာဏာ[၃၈၂]ရာဇသံ[၃၈၃]ပေးတော်မူ၏။

[ဤသို့သောအရာ စသည်တို့၌ ဓမ္မရာဇ်မင်းတို့မည်သည် နေကဲ့သို့ ကျင့်သောအရာတည်း။]

ထိုသို့ မင်းကြီးအမိန့်ကို ရွက်ဆင်ကြရပြီးသော် ၁ သောင်း ၆ ထောင်သော မောင်းမအပေါင်းတို့သည် မိမိတို့ ကိုးရိုးကွယ်ရိုးရှိသည့်အတိုင်း အသီးအသီး စန္ဒီ, ပရမိသွာ, မဟာပိန္နဲ, ဗိဿနိုး, ပရမေသွာရ အစရှိသော နတ်တို့ကို ပူဇော်တင်ကိုး၍ သားဆုတောင်းကြကုန်၏။ ထိုသို့တောင်းကြသော်လည်း သူတော်ကောင်း အလောင်းအလျာ သန္ဓေနေရာတိုက်ဖြစ်ကြောင်း ကောင်းစွာကိုယ်ကိုကား ရှိသေစွာစောင့်ထိန်းမည့်အကြံ မရှိ။ တော်မိတော်ကြား ကံတရားအားကြီးစွာ စေခိုင်းလှမှ မ,စဖော်အချို့ရသော နတ်ကိုသာအမြတ်ပြု၍ ကိုးကွယ်ကြသော ကြောင့် နှောင့်ယှက်သောသန္ဓေ၏အန္တရာယ်ကို မကွယ်မဆီးနိုင်သဖြင့် တစ်ယောက်သော မင်းမောင်းမမျှ သားကို လည်းကောင်း, သမီးကို လည်းကောင်း မရရှိနိုင်ကြလျှင် မင်းကြီးအား အကြောင်းကို လျှောက်ထားကြကုန်၏။

ကာသိကရာဇ်မင်းကြီးလည်း မင်းမောင်းမတို့က သားမရနိုင်ကြောင်း စကားကိုလျှောက်ထားကြ၍ ကြားရပြီးလျှင် စန္ဒာဒေဝီ မိဖုရားကြီးကိုခေါ်၍ "အဘယ်။ သင်လည်း သားဆုကို တောင်းပါ"ဟု တိုက်တွန်း လတ်သော် စန္ဒာဒေဝီမိဖုရားကြီးသည် "နေရာမသန့်စင်လျှင် ဘယ်ဘုန်းကံရှင် ဝင်နားအံ့နည်း။ ကိုယ်အကျင့် မမြတ်လျှင် နတ်ကောင်းလည်း မ,မချင်၊ ဘယ်ဘုန်းကံရှင်လည်း မစွဲနေ၊ ကျက်သရေ မဝင်ရာ"ဟု ကုသိုလ်ရင်းပါရမီ အလီလီဝါသနာ ထုံကပ်လျက်ပါသောကြောင့် ဖြောင့်မှန်ရာအယူ၌တည်သဖြင့် လင်၏အလိုသို့လိုက်ခြင်း, ပဉ္စင်္ဂသီလ၌မြဲခြင်း စသော အလေ့အကျင့်ကောင်း ပြည့်စုံဟောင်းတွင် မင်းကြီးတိုက်တွန်း၍ "ကောင်းပါပြီ" ဝန်ခံသည်မှ လပြည့်နေ့ကြိမ်သောအခါ အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို မကျိုးမပေါက် မပြောက်မကြား[၃၈၄]ရအောင် တစ်နေ့ပတ်လုံး ကောင်းစွာဆောက်တည်လျက်၊ ညဉ့်အခါ၌လည်း မင်းသုံးစိုးသင့် နေရာမြင့်နေရာမြတ်ကို အလပ်ထား၍ တစ်ပါးသော နေရာနိမ့်နေရာညံ့ အခန့်တန်ရုံသော စက်မွေ့ရာထက်လျောင်းလျက် စင်ကြယ်စွာဆောက်တည်အပ်သော သီလကိုဆင်ခြင်ခြင်းနှင့် လင်းအားကြီးညဉ့်ပဟိုရ် ရောက်လတ်သော် မိမိသီလကို အာရုံပြု၍ ရှင်လန်းဝမ်းမြောက်ခြင်း မဟာကုသိုလ်ဇောဖြင့်

'သစာဟံ အက္ခဏ္ဍာသီလံ ရက္ခာမိ
ဣမိနာ မေသစ္စေန ပုတ္တောဥပ္ပဇ္ဇတု။ ။'

"အကယ်၍ ငါသည်မကျိုးမပျက် သီလကိုစောင့်ရှောက်သည်ဖြစ်အံ့။ ဤသို့ မကျိုးမပျက် စောင့်၏ဟု ထင်တိုင်းအမှန်ဆိုသော သစ္စာစကားကြောင့် ငါ့အား သားဆု ပြည့်စေသတည်း"ဟူ၍ သစ္စာပြုလေ၏။

ထိုအခါမိဖုရားကြီး၏ သီလတန်ခိုးဖြင့် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာ[၁၀၅]သည် သိကြားမင်းအား ပူပြင်းတင်းမာသောအခြင်းအရာကို ပြပေ၏။ သိကြားမင်းလည်း 'အဘယ်အကြောင်းကြောင့်နည်း'ဟု ကြည့်ရှုဆင်ခြင်လတ်သော် စန္ဒာဒေဝီမိဖုရားကြီးသည် သားဆုကိုအလိုရှိ၍ သစ္စာပြုကြောင်း အလုံးစုံကိုသိမြင်သဖြင့် 'ငါကား မျက်စိ ၁၀၀၀ အမြင်ဆောင်သော နတ်မင်းဖြစ်လျက် မဆင်ခြင်မိ၍မသိ။ အသက်မရှိသောကျောက်ဖျာကား စန္ဒာဒေဝီမိဖုရား၏ဂုဏ်ထူးကို ရှေးဦးစွာသိသကဲ့သို့ ဖြစ်လေ၏။ ယခုပင် မိဖုရားကြီးအား ထိုက်တန်သောသားဆုကို ပေးအံ့'ဟုကြံပြီးမှ မိဖုရားကြီးအား လျောက်ပတ်သောသားကို တာဝတိံသာ[၁၀၆]နတ်ပြည်၌ ရှိ၏လော, မရှိလောဟု စူးစမ်းကြည့်ရှုလတ်လျှင် ဘုရားလောင်းနတ်သားကို မြင်လေ၏။ ဘုရားလောင်းနတ်သားသည်လည်း တာဝတိံသာ၌ နတ်သားမဖြစ်မီ တတိယဘဝက ဗာရာဏသီပြည်ဝယ် အနှစ် ၂၀ ပတ်လုံး မင်းပြု၍ သုစရိုက်[၁၀၇]တရား အားလျော့ချေသောကြောင့် နောင့်ယှက်သောအကုသိုလ်ဖြင့် ထိုမင်းအဖြစ်မှ စုတေလျှင်[၁၀၈]ဥဿဒရက်ငရဲဝယ်၌ လူတို့အရေအတွက်အားဖြင့် အနှစ် ၈ သောင်းပတ်လုံး ကျက်၍၊ ထို ဥဿဒရက်ငရဲမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်တော်မူ၏။

ထိုသို့ သိကြားမင်းဆင်ခြင်သောအခါ ဘုရားလောင်းနတ်သားသည် တာဝတိံသာနတ်ပြည်၌ နတ်သက်တမ်းရှိတိုင်း လူတို့အရေအတွက်အားဖြင့် အနှစ် ၃ ကုဋေ ၆သန်းတိုင်တိုင် စံစားပြီး၍ နတ်သက်တမ်း ကုန်သော်လည်း ကုသိုလ်တော်အာနုဘော် မကုန်နိုင်သေးသောကြောင့် 'အထက်ယာမာ[၁၀၉]နတ်ပြည်သို့ ပြောင်းလဲစံအံ့'ဟု နှလုံးတော်ညွတ်လျက် နေလေ၏။

သိကြားမင်းသည်လည်း 'စန္ဒာဒေဝီမိဖုရား၏ သားဖြစ်မည့်အကြောင်းကို တောင်းပန်အံ့'ဟုကြံ၍ ဘုရားလောင်းနတ်သား၏ဗိမာန်[၁၁၀]သို့သွားပြီးလျှင်

"ငါနှင့်တူသော အချင်းနတ်သား။ သင် ယခု အထက်နတ်ပြည်သို့ ပြောင်းလဲစံမည့်အကြံသည်ကား စီးပွား မရှိလွန်း။ လူ့ပြည်၌ဖြစ်ပါသော်ကား သင်အားလည်း များစွာပါရမီကို ဖြည့်ရလတ္တံ့။ သူခပ်သိမ်းတို့အားလည်း များစွာသောအကျိုးစီးပွား ဖြစ်လတ္တံ့။ ယခု ကာသိကရာဇ်တိုင်း ဗာရာဏသီပြည်၌ ကာသိကရာဇ်မင်းကြီး၏ မိဖုရားကြီး စန္ဒာဒေဝီသည် မြတ်သောသီလအကျင့်နှင့် ပြည့်စုံစွာသော သားကောင်းသားမြတ်ဆုကို တောင်း၏။ ထိုမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ[၁၁၁]ယူစေချင်ပါသည်"ဟုဆို၍ ဘုရားလောင်းမှတစ်ပါး စုတေခါနီးဖြစ်ကုန်သော နတ်သား ၅၀၀ တို့ကိုလည်း အခြံအရံဖြစ်စေခြင်းငှာ ထို ကာသိကရာဇ်မင်း၏ အမှူးအမတ်သား ဖြစ်ကြပါမည့် အကြောင်းကို တိုက်တွန်းသဖြင့် ဝန်ခံစေ၏။

ဤအရာ၌ သိကြားမင်း[၁၁၂]သည် မိမိနှင့် စည်းစိမ်အခြံအရံ သမ္ပတ္တိ[၁၁၃]ချင်းမတူဘဲလျက် ဘုရားလောင်းနတ်သားကို 'သမ္မာရိသ'(ငါကဲ့သို့သော နတ်သား)ဟု အဘယ်ကြောင့် ဆိုသနည်း။ အဓိက္ကူပမာ ဒေါသ[၁၁၄]မရောက် ကောင်းပြီလော ဟူမူ မြောက်စားအပ်သောအခါ၌ မြောက်စားလိုသည်ဖြစ်၍ အစိုးရချင်းမတူသော်လည်း သူ့စီးပွားကို သိကြားမင်းလည်း ဆောင်၏။ ဘုရားလောင်းလည်း ဆောင်၏။ ဤသို့ ပရဟိတ[၁၁၅]ကို ဆောင်ရွက်ချင်း ဂုဏ်တူသည်ဖြစ်၍ လည်းကောင်း, တစ်စိတ်အားဖြင့် နတ်စည်းစိမ်ကို စိုးစံချင်းတူသည်ဖြစ်၍ လည်းကောင်း ဧကဒေသူပစာရ[၁၁၆]အားဖြင့် သိကြားမင်းဆိုခြင်းကြောင့် အဓိက္ကူပမာဒေါသ မရောက်။ ဆိုထိုက်၏။ ဤသို့ချည်း ချစ်၍လည်းကောင်း, ချီးမြှောက်၍လည်းကောင်း ဆိုရာဥပမာစကားတို့၌ နည်းတူမှတ်အပ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ ပဋိသန္ဓေနေခန်း

ဤသို့ ဘုရားလောင်းနတ်သားသည် သိကြားမင်းအား"ကောင်းပါပြီ"ဟုဝန်ခံ၍ တာဝတိံသာမှ စုတေသည်၏အခြားမဲ့၌လျှင် စန္ဒာဒေဝီမိဖုရားကြီး၀မ်း၌ ပဋိသန္ဓေစွဲယူတော်မူလေ၏။ ဘုရားလောင်းပဋိသန္ဓေယူသောခဏ၌ပင်လျှင် စန္ဒာဒေဝီမိဖုရားကြီး၀မ်း၌ ဝဇိရစိန်ရွဲ ပြည့်သကဲ့သို့ ပျိုးပျိုးရွှန်းရွှန်း ထွန်းလင်းတောက်ထိန် အရှိန်အလျှံ ခိုက်လာသောအသွင် ထင်သည်ဖြစ်၍၊ မိမိအား သားဆုပြည့်ကြောင်းကို သိလတ်သဖြင့် နံနက်မိုးသောက်ရောက်သောအခါ မင်းကြီးအား ကြားလျှောက်လေသော် ကာသိကရာဇ်မင်းကြီးလည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ပဋိသန္ဓေ၏အန္တရာယ် မရှိစေခြင်းငှာ အပ,အတွင်း မင်းတို့အကွယ် အကာပြုရိုးတို့ဖြင့် ကောင်းစွာ အစောင့်အရှောက်ထားပေ၏။ နတ်သား ၅၀၀ တို့သည်လည်း ဘုရားလောင်းနှင့်မရှေးမနှောင်းပင်လျှင် တာဝတိံသာမှ စုတေခဲ့ကြ၍ ကာသိကရာဇ်မင်း၏ မှူးတော် မတ်တော်တို့အိမ်၌ အသီးအသီး ပဋိသန္ဓေစွဲယူကြလေ၏။

['ဝဇိရစိန်ရွဲ ပြည့်သကဲ့သို့' ဟူသောစကား၌ ဝဇိရစိန်သဘောကား ပိတ်ဆို့ဆီးကာခြင်းကို ဖောက်ထွင်း၍ဖြစ်တတ်, သွားတတ်သောကြောင့် ဝဇိရစိန် မည်သည်။ ထူထပ်စွာအကာရှိသော တိုက်ဖြစ်စေကာမူ ဝဇိရစိန်ဖြင့် ပြည့်သည်ရှိသော် ဖန်ခွက်ထဲ၌ ရဲရဲတောက်သောပတ္တမြားနီကို ထားသကဲ့သို့ ဆီးတားခြင်း မထင်။ ပြင်သို့ အရောင်အဝါထွက်၏။ ဘုန်းရှိသောသူ ပဋိသန္ဓေစွဲယူသည်ရှိသော် ထိုဝဇိရစိန်ဖြင့် ပြည့်သကဲ့သို့ ဘုန်းရောင်အရှိန်အဝါ ဝင်းဝင်းညီးမျှ အမိနလုံး၌ ထင်လာသည်ကိုရည်၍ 'ဝဇိရပုဏ္ဏာဝိယ'ဟုဆိုသည်။ ပဋိသန္ဓေယူစ သိမ်မွေ့လှစွာသော ကလလရေကြည် ရုပ်ပါရုံကိုကား တိုက်ပြင်က မဆိုနှင့်ဦး။ အနီးကပ်ကြီးကြပ်၍ပင် မျက်စိကောင်းလှသူ ကြည့်သော်လည်း လူ၏မျက်စိဖြင့် မမြင်စကောင်း။ အဘိညာဉ်မျက်စိ, နတ်မျက်စိတို့၏ အရာသာဖြစ်သည်။ ထို့ကြောင့် ဘုန်းရှိသောသားဖြစ်မူ အိပ်မက်, နိမိတ်, အရောင်အဝါတို့ဖြင့် ပြ၍ဖြစ်ခြင်းဖြင့် ပဋိသန္ဓေစွဲယူစကပင် အမိတို့သာ သိကြ၏။ သာမညသားဖြစ်မူကား မိမိတို့မှတ်မြဲတိုင်း သဘောထူးမှသာ သိရသည်ဟု မှတ်အပ်၏။

[စန္ဒာဒေဝီမိဖုရားကြီး၏ သီလအာနုဘော်ကြောင့် သိကြားမင်းထောက်ပံ့၍ သားရသည်ဟူသော် အထက်အထက်က ကျင့်ဆောက်တည်သမျှသော သီလတို့ကား သားရခြင်းကို အဘယ့်ကြောင့် မဖြစ်စေနိုင်သနည်းဟူမူ သားရလို၏ ဟူသော ဆုတောင်းခြင်းပတ္ထနာ မရှိသေးသောကြောင့် မရသတည်း။ ထို့ကြောင့် ကုသိုလ်ကို ပြုသည်ရှိသော် မိမိလိုတိုင်းသောဆုကိုလည်း တောင်းအပ်သည်ဟု မှတ်အပ်၏။ ထိုမိဖုရားကြီးသည် အထက်က သားဆုတောင်းခြင်းနှင့်တကွသော ကုသိုလ်ကိုမပြုသောကြောင့် စင်စစ်အားဖြင့် မိန်းမတို့အရွယ်ရောက်၍ ရာသီပန်းပွင့်မြဲပွင့်လျှင် အကြောင်း ၃ပါးညီက သန္ဓေယူမြဲဟူသော်လည်း အာဂန္တုက[၁၆၇]သူရွှေး ဇောစိမင်းသား တို့ကဲ့သို့ ရှေးရှေးသောဘ၀က သူတစ်ပါး၏သားကို ဖျက်ဆီးဖူးသော အကုသိုလ်ကံကြောင့်လည်းကောင်း၊ သွေး, လေ,ပိုး အစရှိသော ဥတုဇ[၁၆၈]အန္တရာယ်ကြောင့် လည်းကောင်း ပျက်စီးလျှောကျလေသည်ဖြစ်၍သာ ဝဋ္ဋာ[၁၆၉]ဆိုရသည်။ မိဖုရားကြီး၌ကား ပဋိသန္ဓေကိုဖျက်ဆီးတတ်သော အကုသိုလ်ကံ မရှိ။ ဥတုဇအန္တရာယ် မငြိမ်းသဖြင့် ကိုယ်ဝန်မတည်။ ဆုပတ္ထနာခြင်းနှင့်တကွ သီလ ကုသိုလ်ကို ပြုသောအခါ၌မူ ထိုကုသိုလ်အစွမ်းဖြင့် ဥတုဇအန္တရာယ် ငြိမ်းသည်ဖြစ်၍ အကြောင်း၃ပါး စုံညီခိုက်လည်း ကြိုက်သည်အားလျော်စွာ သန္ဓေစွဲတိုင်း မပျက်မစီးတည်လေ သတည်း။

['ကုသဇာသကေ အာဂတနယေနေ၀' ဟူရာ၌ ပြည်သူတို့စည်းဝေး၍ မင်းကြီးအား သားဆုတောင်းမည့်အကြောင်းကို ကြွေးကြော်ခြင်းဟု ကုသဇာတ်နှင့်တူကြောင်းကို ပြသည်။ သားဆုတောင်းခြင်းကား တခြားစီပင်ဖြစ်သည်ဟု မှတ်အပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဖွားတော်မူခန်း

ဤသို့ စန္ဒာဒေဝီမိဖုရားကြီးသည် ပြည့်စုံသောကိုယ်ဝန် ရှိသည်ဖြစ်၍ ၁၀ လစေ့လတ်သော် ဘုန်းပညာ လက္ခဏာနှင့်ပြည့်စုံသော သားတော်ဘုရားလောင်းကို ဖွားမြင်လေ၏။ ထိုနေ့၌ပင်လျှင် ၅၀၀ သော အမှူးအမတ်တို့ အိမ်ဝယ်လည်း သတို့သား ၅၀၀ တို့ကို ဖွားမြင်လေကုန်၏။

[ဤ ဖွားဖက် ၅၀၀ တို့ကား ဘုရားလောင်းနှင့် လက်စီးနာရီ နက္ခတ်တူ တစ်ချိန်တည်းဖြစ်သည် မဆို။ 'တံ ဒိဝသမေဝ'ဟုဆိုသောကြောင့် တစ်နေ့တည်းဖွားကြ၍ ဖွားဖက် ဆိုသည်။]

ထို ဘုရားလောင်းမင်းသား ဖွားတော်မူသောနေ့၌ပင်လျှင် အဝန်း ယူဇနာ ၁၀၀၀ ရှိသော ကာသိကရာဇ်တိုင်းအလုံး အုပ်ဖုံးတိမ်လိပ် စိတ်ချမ်းမြေ့ကြောင်း မိုးကောင်းထန်[၂၀၀]ရွာ၏။

ကာသိကရာဇ်မင်းကြီးသည်လည်း ညီလာခံရာ နန်းရင်ပြင်စမုတ်ဦး[၂၀၁]၌ မှူးမတ်အပေါင်းခြံရံလျက် မင်း၏ကျက်သရေဖြင့်စံနေစဉ် မိဖုရားကြီး၌ အနှ ရာယ်ဥပဒ်[၂၀၂]ကင်းလွတ်ချမ်းမြေ့စွာ လက္ခဏာစုံလင် ဘုန်းတန်းရှင် သားကောင်းဖွားမြင်ကြောင်းကို မင်းကြီးအား လျှောက်ထားလာကြကုန်၏။ ထို သားတော် ဖွားမြင်ကြောင်းစကားကို မင်းကြီးကြားလျှင် သား မရစဘူး ရှေးဦးစွာဖြစ်၍ ချစ်ခြင်း ဂေဟာသိတပေမေတ္တာ[၂၀၃]ရေသီဒါ ကိုယ်လုံး[၂၀၄] လွှမ်းဖုံးခြင်းကြောင့် အချမ်းဖြင့်တုန်လှုပ်လျက် နှစ်သက်ခြင်းအဆီပီတိ စိမ့်အိန့်ဝေ၍ အပေါ်ရေကိုချင်းနင်း အတွင်းရေကိုဖြတ်ချိုး အရိုးကိုဖောက်သီ ခြင်ဆီသို့သွင်းလျက် ကိုယ်တွင်းပီတိ ဖြန့်ချိရစ်ထုံးသဖြင့် နှလုံးချမ်းမြေ့ခြင်း ဖြစ်လေ၏။

ဤသို့ သား၌ချစ်ခြင်း ပီတိအဟုန်သည် အလုံးစုံကိုယ်တွင်းတွင်နှံ့စေ၍ မဆံ့ယိုဖိတ် မပိတ်မဆီးနိုင်လတ် သဖြင့် မှူးမတ်အပေါင်းတို့အား "ငါ့သားတော် ယခု ဖွားမြင်လေပြီ။ သင်တို့ နှစ်သက်ကြပါ၏လော"ဟု ဝမ်းမြောက်စကားကိုဆိုလျှင် မင်းလိုလိုက်သာလျှောက်ထိုက်၍ မြောက်လိုက်သည်မဟုတ်လတ်။ အမတ် အပေါင်းတို့လည်း နှစ်မြို့ခြင်းပီတိ အရှိန်ကြလျှင်

"အရှင်မင်းကြီး။ အသို့ ကိုယ်တော် အမိန့်ရှိရလေသည် မသိ။ မျိုးမရှိသော လယ်လုပ်သမားသည် စပါးအသက်သခင် နောင်အင်ချို့မည်ကို ကြို၍လန့်သကဲ့သို့ အခန့်မတန် နန်းရံတော်ပျိုးညွန့် မဖွံ့မရှင်လျှင် အသက်သခင်စပါးမျိုး ကိုးကွယ်ရာအရှင် နောင်တင်ဖို့မရ၍ သောကကြီးစွာရှိကာ တောင့်တလျက် နေကြပါသည်။ နေပြည်တော်မှစ၍ တိုင်းမအလုံး မိုးချုန်းသောနိမိတ်ဖြင့် ဘုန်းရိပ်ရေချမ်း ဖျန်းဆွတ်မိုးကာ ကိုးကွယ်ရာနန်းညွန့် ဖွံ့သန်သောကုသိုလ်တော်ရှင် သခင်ကောင်းကိုရ၍ တောင့်တတိုင်းပြည့်ကြွယ်လျက် အဘယ်သူ ဝမ်းမမြောက်ဘဲ ရှိနိုင်ပါအံ့နည်းဘုရား"ဟု လျှောက်ထားကြကုန်၏။

[ဤသို့သောအရာ၌ သတ္တဝါတို့အား သုခတွေ့ဦး, ဒုက္ခတွေ့ဦး ဟူသည်ကို တည်ကြည်စောင့်ချုပ် စိတ်တုန်လှုပ်ခြင်း အလျဉ်းကွာသည်မှာ ရဟန္တာ[၂၀၅]တစ်ပါးတည်းသာ ရှိချေသည်။တည်ကြည်ကြောင်း ဉာဏ်ဝီရိယ ပိတ်ဖုံး၍ နှလုံး၌ အချမ်း,အပူကို သူတစ်ပါး ထင်ရှားမသိစေခြင်း သမာဓိရှိသူ လျစ်လျူရှုပုထုဇဉ်[၂၀၆]ပင် ဖြစ်သော်လည်း အလွန်ဖြစ်ခဲ၏ဟု သိအပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



## ၄။ နို့ထိန်းရွေးခန်း

ဤသို့ ကာသိကရာဇ်မင်းကြီးသည် မှူးတော်မတ်တော်တို့နှင့် ဝမ်းမြောက်စကားပြောဆိုပြီးလျှင် ဝန်ရှင်တော် မဟာသေနာပတိ[၂၇]အမတ်ကြီးကိုခေါ်၍"အမတ်ကြီး။ ယခု ငါ့သားတော် ဖွားမြင်လေသည်မှာ စကြာရှင်တို့အား ပတ္တမြားရတနာရောက်လျှင် အခြံအရံမြတ်ဆေါင်း ၈ သောင်း ၄ ထောင်မပါဘဲ ရှိမည်မဟုတ်။ ငါ့သားတော်အခြံအရံ ဖွားဖက်သူငယ်တော်လည်း ပါလာရမည်။ သားတော်၏ ရွှေဖော် သူငယ်တော်များအလို့ငှာ အမှူးအမတ်အိမ်တိုင်း မေးမြန်းကြည့်ရှုစေ။ ယနေ့ဖွားသည့် မှူးမတ်သားတို့ကိုတွေ့လျှင် ရေတွက်မှတ်သား၍ ငါ့ထံ စာရင်းတင်စေ"ဟု ခန့်ထားလေ၏။ အမတ်ကြီးလည်း"ကောင်းပါပြီ"ဟု ဝန်ခံ၍ အမှူးအမတ်အိမ်တို့၌ ကြည့်စေသော် ဘုရားလောင်းနှင့် တစ်နေ့တည်းဖွားဖက်ဖြစ်သော မှူးသားမတ်သား ၅၀၀ အရေအတွက်စာရင်းရေး၍ မင်းကြီးအား လျှောက်တင်လေ၏။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် သတို့သား ၅၀၀ တို့အားဆင်ရန် တန်ဆာအစုံတို့နှင့်တကွ နို့ထိန်းတစ်ယောက်စီ ပေး၍ ကျွေးမွေးပြုစုစေ၏။

သားတော် ဘုရားလောင်းအားကား နို့ထိန်းထားလိုသောကြောင့် အလွန်မြင့်ခြင်း အစရှိသဖြင့် ဒေါသ[၂၈] မလွတ်သော နို့ထိန်းသည်တို့ကိုရှောင်ကြဉ်၍ ယဉ်ကျေးလိမ္မာ ရောင်ဝါအဆင်း အမျိုးအရိုးနှင့် ပြည့်စုံစွာ'အာလမ္ဗ'[၂၉] သဒ္ဒါ၏အရ တွဲလျားမကျ လုပ္ပရှင်ပျို့ နှစ်လိုဖွယ် 'ထနာ'[၃၀] လက္ခဏာရှိလျက် မြိန်ဆိမ့်ချိုအေးစွာ နို့ရည်နှင့် ပြည့်စုံသော နို့ထိန်းမိန်းမအရွယ်ရှိ အရေအတွက် ၂ ရာ ၄ ကျိပ်တို့ကို ရွေးချယ်စေပြီးလျှင် တစ်နေ့နှင့်တစ်ညဉ့်တွက် တစ်ရက်လျှင် နာရီပေါင်း ၆၀မှာ တစ်နာရီလျှင် ၄ ယောက်စီခန့်ထား၍၊ တစ်ယောက်ကား မင်းသားငယ်ကို ချီပိုးခြင်း, တစ်ယောက်ကား ရေချိုးခြင်း, တစ်ယောက်ကား တန်ဆာဆင်ခြင်း, တစ်ယောက်ကား မင်းသားငယ်ကို ရွှင်စေခြင်း, ယပ်လေခတ်ခြင်း ကိစ္စ ၄ပါးတို့ဖြင့် အလှည့်လှည့် ထိန်းယပြုစုစေ၏။

[ဤသို့ဆိုခြင်းကား'ဓာရဏာ, နဟာပန, မဏ္ဍန, ဗီဇနကိစ္စာဟိ စတူဟိ ဓာတီဟိ ဝိယ ခတ္တိယ ကုမာရာ'အစရှိသည်ဖြင့် ပသာဒရုပ် အဖွင့်ဥပမာအရာ၌လာသော ဋီကာပါဠိနှင့် အညီတည်း။]

ဒေါသမလွတ်သော နို့ထိန်းကား

- အလွန်မြင့်သော မိန်းမ၏ရင်ခွင်၌နေ၍ နို့စို့သောသူငယ်သည် ရင်ခွင်နှင့် စို့ရာအရပ် ကွာလွန်းသဖြင့် လည်တငင်ငင် လှမ်းယူစို့သောက်ရခြင်းများသောကြောင့် သတို့သားငယ်၏လည် ရှည်တတ်၏။ ထိုသို့ဖြစ်၍ မြင့်လွန်းလျှင်လည်း ဒေါသမလွတ်။
- အလုံးနှင့် အရပ် မတန် အလွန်နိမ့်လွန်းသောမိန်းမသည်လည်း ရင်ခွင်နှင့် စို့ရာအရပ် နီးကပ်လွန်းသဖြင့် လူငယ်၏မျက်နှာကို ရင်သားအဖိအထိ များခြင်းကြောင့် သူငယ်၏လည်ကုပ် တိုတတ်သည်ဖြစ်၍ ဒေါသမလွတ်။
- အလွန်ကြုံသော မိန်းမသည်လည်း သူငယ်နေရာ ရင်ခွင်သားမဖြိုး အရိုးသာခုခံသောကြောင့် နို့စို့သူငယ်၏ ပေါင်,တင်ပါး နာကျင်တတ်သည်ဖြစ်၍ ဒေါသမလွတ်။



www.burmeseclassic.com

www.burmeseclassic.com



- ဆူဖြိုးလွန်းသော မိန်းမသည်လည်း အသားတုန်လှုပ်ခြင်းများသောကြောင့် နို့စို့သူငယ်၏ခြေဆွံ့တတ်သည်ဖြစ်၍ ဒေါသမလွတ်။
- ရင်သားရှည်လွန်းသော မိန်းမသည်လည်း နို့စို့သူငယ်၏နှာတံပေါ်၌ အဖိအထိ များခြင်းကြောင့် နှာတံပိစပ် ရှိတတ်သည်ဖြစ်၍ ဒေါသမလွတ်။
- ညိုမည်းလွန်းသော မိန်းမသည်လည်း နို့ရည်အေးလွန်းသောကြောင့် ဒေါသမလွတ်။
- ဖြူလွန်းသောမိန်းမသည်လည်း နို့ရည်ပူလွန်းသောကြောင့် ဒေါသမလွတ်။
- ချောင်းဆိုးနာစွဲသော မိန်းမသည်လည်း ချဉ်စူးသောနို့ရည် ရှိခြင်းကြောင့် ဒေါသမလွတ်။
- ကုတ်ဟီးနာ[၂၁]စွဲသောမိန်းမသည်လည်း ခါးခြင်း,စပ်ခြင်း စသည်တို့ဖြင့် များသောနို့ရည်၏အပြစ်များစွာရှိခြင်းကြောင့် ဒေါသမလွတ်။

ဤ ဒေါသ ၆ ပါး မလွတ်သောမိန်းမတို့ကိုကြဉ်၍ ရင်သား၏လှခြင်း, နို့ရည်၏မြိန်ရှက်ခြင်း ဤလက္ခဏာ ၂ ပါးနှင့်ပြည့်စုံသော မျိုးရိုးသမီး ၂ ရာ ၄ ကျိပ်တို့အား များစွာဆုလာဘ်ပေး၍ ထိန်းယစောင့်ရှောက် မွေးမြူစေသတည်း။

ခမည်းတော်မင်းကြီးသည် ဘုရားလောင်းမင်းသားအားလည်း များစွာဆင်ရန် သုံးရန် အလှယ်လှယ်ကြီးကျယ်သောအရာဖြင့် ပြုစုချီးမြှောက်၏။ စန္ဒာဒေဝီမိဖုရားကြီးအားလည်း သားတော်အား ပေးလတ္တံ့သော အိမ်ရှေ့အရာနှင့်တကွ ကြီးစွာသောဆုဖြင့် မိဖုရားတို့၏အထွတ်ဖြစ်ဟောင်းတွင် ထပ်လောင်း၍ ချီးမြှောက်ပြန်လေ၏။ မိဖုရားကြီးသည်လည်း ကိုယ်နှင့်တန်သည့် ဆုများကိုသာခံယူ၍၊ မတန်သမျှသောဆုတို့ကို "အရှင်မင်းကြီး လက်တော်တွင်ပင် ရှိပါစေ"ဟု အပ်ထား ဆက်ကပ်ပြန်လေ၏။

ဘုရားလောင်းအား အမည်မှည့်အံ့သောနေ့ ရောက်လတ်သော် လက္ခဏာဖတ်ပုဏ္ဏားတို့အား မင်းရင်ပြင်သဘင်အခင်း၌ နေစေလျက် များစွာ ကျွေးမွေးချီးမြှောက်ခြင်း ပူဇော်[၂၂]သက္ကာရ[၂၃]ကိုပြုပြီးလျှင် "ဆရာပုရောဟိတ်[၂၄]တို့။ ငါ၏သားတော်၌ လက္ခဏာပါရှိသည်ကိုဆင်ခြင်၍ ထင်မြင်တိုင်းမချွတ် ဥပဒ်အန္တရာယ် မရှင်းမည်, လွတ်ကင်းမည်ကို ဖတ်ကြားလျှောက်ထားကြလော့"ဟုဆိုတော်မူ၏။

ထိုအခါ လက္ခဏာဖတ်ပုရောဟိတ်တို့သည် မင်းသား၏လက္ခဏာအလုံးစုံကို ကြည့်ရှုဆင်ခြင်၍ ဘုန်းတန်းရှင်လက္ခဏာ ပြည့်စုံကြောင်း အခြင်းအရာကိုမြင်လျှင်"အရှင်မင်းကြီး။ သားတော်ကား ပုဏ္ဏားပုရောဟိတ်နိမိတ်ဖတ်လက္ခဏာတတ်တို့ အတပ်ထင်ထင် မြင်ရတွေ့ရခဲသော ဘုန်းတန်းရှင်လက္ခဏာနှင့် ပြည့်စုံ၏။ တစ်စုံတစ်ခုသောအန္တရာယ် အနှောင့်အယှက်လည်း မထင်။ ဤဇမ္ဗူဒိပ်[၂၅]တစ်ကျွန်းလုံးကို ထားဘိဦး။ ဘုန်းအထူးဆင့်ပြိုးတိုင်း မြင့်မိုး၍စံပယ်လိုလျှင် ကျွန်းငယ် ၅၀၀ စီ အညီရံဝန်းသော ၄ ကျွန်းလုံးသခင် စကြာရှင်ပင်သော်လည်း ဖြစ်ထိုက်၏"ဟု ဖတ်ကြားလျှောက်ထားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ အမည်မှည့်ခန်း

ထို ပုရောဟိတ်တို့စကားကို ကာသိကရာဇ်မင်းကြီး ကြားတော်မူလျှင် ဆင့်ကဲထပ်လောက် ဝမ်းမြောက် နှစ်သက်ခြင်း အလွန်ရှိသည်ဖြစ်၍ ပုရောဟိတ်တို့အား လာဘ်,ပူဇော်,သက္ကာရ စသည်ဖြင့် ပြုရာသည်များကို ပြုစုချီးမြှောက်ပြီးလျှင်"အချင်းတို့။ ငါ့သားတော်အား ငါပင် အမည် ပေးတော်မူမည်။ ငါ့သားဖွားမြင်စ အခါမင်္ဂလာ[၂၇]နေ့၌ အရှေ့ညီညာ သတ္တဝါအပေါင်း ချမ်းသာကြောင်းနိမိတ်၏အဖြစ် ကာသိကရာဇ်တိုင်းအလုံး အုပ်ဖုံးတိမ်လွှာ ထန်စွာမိုးရည်ချမ်းဖြင့် ဖျန်းဆွတ်ရွာသွန်းခြင်းလည်း ဖြစ်၏။ ငါကိုယ်တော်မှစ၍ မှူးတော် မတ်တော်တို့နှလုံးလည်း ရွှင်ပြုံးချမ်းမြ အေးလှသောပီတိရည်ဖြင့် ဖျန်းဆွတ်၏။ ထိုသို့ ကာသိကရာဇ်တိုင်းအလုံး မိုးရေချမ်းဖျန်းဆွတ်တုန်း ငါတို့သူတို့နှလုံးတွင်လည်း ရွှင်လန်းချမ်းမြ သောမနဿ[၂၈]ပီတိ[၂၉]ရည်ဖျန်းဆွတ်၍ စွတ်စိုခြင်းစုံညီစွာ အခါကောင်းခိုက် ဖွားမြင်သောကြောင့် တစ်ပါးမင်းသားများမှာကဲ့သို့ အဘိုးအမည်စသည် ဖွဲ့ချည်ရန် မရှိ။ 'တေမိယကုမာရ' ဟူသောအမည်သာတွင်စေဟု ဘုရားလောင်းအား အမည်မှည့်လေ၏။

[တေမိယကုမာရကိုဝိဂ္ဂြိုဟ်ပြုသော်ကား။ တေမေတိ ဧတ္ထာတိ တေမော။ ။ အခါရစေ။

[တေမေ ဇာတော တေမိယော၊ တေမိတဗ္ဗံ အနေနာတိ ဝါ တေမိယော၊ ကုစ္ဆိတံ မာရေတီတိ ကုမာရော၊ တေမိယောစ သော ကုမာရော စာတိ တေမိယကုမာရော။ ။ မင်းသားရစေ။

[ဧတ္ထသမယေ၊ ဤအခါ၌။ တေမေတိ၊ မိုးချမ်းရည်, ပီတိရည်ဖြင့် စွတ်စိုစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ မိုးချမ်းရည်, ပီတိရည်ဖြင့် ဆွတ်ဖျန်းရာဖြစ်သောသတ္တိကြောင့်။ သောသမယော၊ ထိုအခါသည်။ တေမော၊ တေမမည်၏။ ။ ကိတ်ဝိဂ္ဂြိုဟ်အဓိကရဏသာဓန၊ တိမ-ဓာတ်, ဏ-ပစ္စည်း။

[ယောရာဇပုတ္တော၊ အကြင်မင်းသားသည်။ တေမေ၊ တစ်တိုင်းလုံးကို မိုးချုန်း၍ရွာခိုက်, မင်း အမတ်တို့ နှလုံးချမ်းမြခိုက်၌။ ဇာတော၊ ဖွားသည်တည်း။ ဣတိတသ္မာ၊ ထိုသို့တစ်တိုင်းလုံးကို မိုးချုန်း၍ရွာခိုက်, မင်းအမတ်တို့ နှလုံးချမ်မြခိုက်၌ဖွားသည်၏ သတ္တိကြောင့်။ သောရာဇပုတ္တော။ ထိုမင်းသားသည်။တေမိယော၊ တေမိယမည်၏။ ဇာတတဒ္ဓိတ်၊ ဣယ-ပစ္စည်း။ ကာသိကရာဇ်တိုင်းလုံး မိုးရွာခိုက်, မင်းအမတ်တို့ နှစ်သက်ရွှင်လန်းခိုက်တွင် ဖွားမြင်သောကြောင့် တေမိယ မည်သည်ဟူလို။

[ဝါ၊ တစ်နည်းကား။ အနေန၊ ဤမင်းသားသည်။ တေမိတဗ္ဗံ၊ မိုးချမ်းရည်, ပီတိရည်တို့ဖြင့် စွတ်စေအပ်၏။ ဣတိတသ္မာ၊ ထိုသို့စွတ်စေတတ်သောသတ္တိကြောင့်။ သောရာဇပုတ္တော၊ ထိုမင်းသားသည်။ တေမိယော၊ တေမိယမည်၏။ တိမ-ဓာတ်, ဏျ-ပစ္စည်း၊ အဝုတ္တကတ္တုသာဓန။ မိုးရွာခြင်း မင်းအမတ်တို့ ရွှင်လန်းခြင်းကို ဖြစ်စေလျက် ဖွားတော်မူသောကြောင့် တေမိယမည်သည် ဟူလို။

[ယော ဒဟရော၊ အကြင်သူငယ်သည်။ ကုစ္ဆိတံ၊ မတင့်မတယ် စက်ဆုပ်ဖွယ်ကို။ မာရေတိ နိဝါရေတိ၊ မြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ မတင့်တယ်ခြင်းကို မြစ်တတ်သောသတ္တိကြောင့်။ သောဒဟရော၊ ထိုသူငယ်သည်။ ကုမာရော၊ ကုမာရ မည်၏။ ။ ၁၄ နှစ်, ၁၅နှစ်အရွယ် ရောက်ပြီးသောသူငယ်တို့ကား မိမိလည်း စက်ဆုပ်ဖွယ် မတင့်တယ်သည်ကို အလိုမရှိ။ သူတစ်ပါးမြင်၍သော်လည်း မချစ်မနှစ်လိုဖွယ်မည်သည် မရှိ၊ ထို့ကြောင့် ကုမာရ မည်၏။ အပြစ်အားကြီး၍ အရွယ်မရောက်သေးသောသူငယ်တို့ကား သူတစ်ပါးတို့မြင်၍ မနှစ်လိုဖွယ် အရွယ်မဟုတ်သောကြောင့်သာ 'ကုမာရ'မည်၏ ဟူလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



[တေမိယော၀၊ ချမ်းမြသောအခါ၌ ချမ်းသာစွာ ဆွတ်ဖျန်း ရွှင်လန်းစေလျက် ဖွားမြင်သည်လည်း။
ဟောတိ၊ ဖြစ်၏။ သော၊ ထို ချမ်းသာရွှင်လန်း ဖျန်းဆွတ်လျက်ဖွားသောမင်းသားသည်။ ကုမာရော၀၊
နှစ်လိုဖွယ်အရှယ်၏ ပြည့်စုံခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို ၂ ပါးသောသတ္တိကြောင့်။
တေမိယကုမာရော၊ တေမိယကုမာရ မည်၏။]

## ၆။ ခိုးသူတို့စီရင်ခန်း

ဤသို့ အမည်မှည့်ပြီး၍ တေမိယမင်းသားသည် ဘုံနန်းတောင်ညာ ထီးဖြူရိပ်၌သာလျှင် ထိန်းယ
စောင့်ရှောက်ရခြင်းဖြင့် စံပယ်[၂၀]လျက် ဖွားသည်မှ တစ်လမြောက်လတ်သော် အထိန်းတော်တို့သည် မင်းသားငယ်ကို
မွေးကြိုင်လှပစွာတန်ဆာဆင်၍ မင်းကြီးထံဆောင်လတ်သဖြင့် ကာသိကရာဇ်မင်းကြီးသည် သားတော်ကို
လှမ်းယူပိုက်ချီကာ ရင်ခွင်၌ထား၍ အားရရွှင်လန်း ပန်းနံ့သာအမွှေးထက် အလေးအရာသာသော သား၏ချစ်ခြင်း
မေတ္တာအဟုန်ဖြင့် စုံစုံမက်မက် နှစ်သက်နမ်းရှူ ရွှင်မြူးပျော်ပါးလျက် မုခ် [၂၁]တံခါး နန်းရင်ပြင် သဘင်တော်
ထီးဖြူရိပ်မှာ စိတ်နှလုံးချမ်းမြေ့စွာ နေလေ၏။

ထိုအခါ ခိုးသူ ၄ယောက်တို့ကို ဖမ်းယူချည်နှောင်၍ မင်းကြီးအား ဆက်လာလတ်၏။ ကာသိကရာဇ်
မင်းကြီးသည်လည်း ထို ခိုးသူ ၄ယောက်တို့အား အပြစ်အလျောက် နှောက်နှောင်၍ ရန်မီးမကြီးမပွားစေခြင်းငှာ
ငြိမ်းမောင်းလိုသောကြောင့် "အချင်းတို့။ သင်းတို့ပြည်ကြီး ဆူးငြောင့်ပြုသူ လူပျက်လူဆိုး သူခိုး ၄ယောက်တို့ကို
တစ်ယောက်အား လိပ်ကျောက်မြီး, ငါးမန်းစွယ် စသည် အဆူးရှိသော အာဏာတော်သိုင်းကြိမ်လုံးဖြင့် ဒဏ်အချက်
၁၀၀၀ ခတ်။ တစ်ယောက်အား သံခြေချင်းခတ်၍ နှောင်အိမ်သွင်း။ တစ်ယောက်အား ထက်လှစွာသော
လှံမသွား အဖျားဖြင့် အသားကို အဆွအဆွအဆိတ်ဆိတ်ထိုး။ တစ်ယောက်အားတံကျင်လျှို။ သင်းတို့ကို
အများကြောက်ရွံ့ ထိတ်လန့်အောင် ထင်ရှားစွာစီရင်လေ"ဟု ရာဇမာန်[၂၂] အာဏာသံ[၂၃]ဖြင့် ထိတ်ရွံ့
ကြောက်မက်ဖွယ် ဆိုတော်မူ၏။

ထိုသို့ ကြောက်မက်ဖွယ်ဆိုသော မင်းကြီးစကားကို ဘုရားလောင်းမင်းသားငယ် အရွယ်တော်
တစ်လတည်းနှင့် ခမည်းတော်ရင်ခွင်၌ ရွှင်မြူးလျက်နေစဉ် ကြားသိလေသော် ပါရမီတော် ၀ါသနာပါသော
နှလုံးသည်လည်း ဤစီရင်ထုံးကို အသုံးအလေ့ မရှိ။ တတိယဘ၀ ရှေးကဆင်းရဲမြိုတ်လည်း အရိပ်အငွေ့မကင်းလွတ်
နှလွတ်သော နှလုံးသွေးမှာ တစ်ထွေးတည်းဆုံ့ခိုက်၍ တုန်ရိုက်ထိတ်လန့် မခန့်နိုင်ရှိသော်လည်း ဉာဏ်,သတိတော်
စောင်မသဖြင့် 'ခမည်းတော်မင်းကြီးသည် အကြောင်းရင်းကုသိုလ်ကံ စီမံချပေးသော ပြည်မစည်းစိမ်ကိုမှီ၍ ဤသို့
ငရဲလားကြောင်း မကောင်းမှုကိုပြုပြန်လေသည်ကား အံ့ဖွယ်သရဲ အလွန်ဝန်လေးစွ'ဟု အကြံဖြစ်တော်မူလေ၏။

ဤအရာ၌ ကာသိကရာဇ်မင်းကြီးသည် ခိုးသူ ၄ယောက်တို့ကို ကြမ်းကြုတ်စွာ'ကမ္မကရဏ', အမှုပြုစီရင်
ခြင်းသည် အပါယ်လားကြောင်း မကောင်းမှုဖြစ်ခဲ့၏။ 'ခမ္မေနသမေနရဇ္ဇံကာရေသိ'ဟု တရားနှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com



မင်းပြုကြောင်းကိုလည်း အောက်ကဆိုခဲ့၏။ တရားနှင့်ညီလျှင်လည်း အပါယ်သွား မရှိ၊ သုဂတိအဖို့သာဖြစ်၍ ဤခိုးသူတို့ကို စီရင်သောအမှု ဒုစရိုက်မလွဲ ငရဲအဖို့ ဖြစ်ခဲ့သော် 'ဓမ္မေန သမေန'ဟူသောရှေးစကားနှင့် မဆန့်ကျင်ပြီလော ဟူမူ၊ သူမြတ်ကို သူယုတ်၊ သူယုတ်ကို သူကောင်း လမ်းကြောင်းမဟုတ်ရာ ၄ ဖြာသောအဂတိဖြင့် မစီရင်။ ချစ်ခင်မုန်းငြိုးမရွေး၊ နီးဝေးမငဲ့ခြင်း၊ ယမမင်း[၂၄]ကဲ့သို့ ဖြောင့်မှန်ရာ ဆုံးဖြတ်စီရင်လေ့ရှိသောကြောင့် 'ဓမ္မေန သမေန'ဟု ဆိုသည်။ ခိုးသူ ၄ယောက်တို့ကို စီရင်သည်မှာလည်း မာတင်းကြမ်းကြုတ်သော သံပြွတ်, သံရိုင်း အခဲကို ရေထဲမှာနှူးသော်လည်း အထူးမယဉ် အယဉ်သင့်မီးအပူခိုက်မှ လိုက်လျောယဉ်ကျေးသည်နှင့် နှုန်းတမ်းအကြမ်းကို အကြမ်းပြု၍ အနုကိုလည်းအနုအလျောက် ခြောက်ခြိမ်းဖျောင်းဖျ၍ ဆုံးမစီရင်ရခြင်းလည်း မင်းကောင်းတို့ သတိ, ပညာရှိတို့ ထုံးပင်ဖြစ်၍၊ အပြစ်အလျောက် ၄ ယောက်သောခိုးသူတို့ကို ကိုယ်စီဒဏ်နှင့် အာဏာသံထားကြောင်းကိုသာ ဆိုသည်။ ထိုမင်းအာဏာအတိုင်း ပြုသည်, မပြုသည်ဟု မလာ။

[ခြိမ်းခြောက်ကာမျှသာဖြစ်လျှင် ကာသိကရာဇ်မင်းကြီး၌ အပြစ်မရှိပင် ယူသင့်သည်။ ဤသို့ ကြမ်းတမ်းသောသူကို ဆုံးမသောအရာများမှာ မဟောသဓသုခမိန်သည် သိန်းအစရှိသော အမတ် ၄ယောက်တို့ကို သေလုနီးအောင် ရာဇဒဏ်ပေးစေသဖြင့်နှိပ်နှံ့ခြင်း၊ အာဒါသမုခမင်းသည် နွားတရား, သားဆုံးတရား စသည်တို့၌ အလိုက်သင့်ရန်ငြိမ်းစလွယ် တကယ်ပြုယောင်စီရင်ခြင်း ပညာပါရမီတော်ကိုလည်း မြတ်စွာဘုရားပင် ချီးမွမ်းတော်မူသည်။ နန္ဒောပနန္ဒ နဂါးကိုယ်အခွေကိုချေ၍ အမှုန့်ဖြစ်မတတ် ထေရ်မြတ်ရှင်မောဂ္ဂလာန်ပင်လည်း အမူအင်နှင့်ခန့်၍ နူးညံ့အောင်စီရင်တော်မူသည်။ အာဏာထားတိုင်း အဆုံးအခန်းစီရင်ချေမှုကား ကာသိကရာဇ်မင်းကြီး၌ အပြစ်မလွတ်။ ထိုသို့ပင်ဖြစ်သော်လည်း ယေဘုယျနည်း[၂၅], တဗ္ဗဟုလနည်း[၂၆]ကို အစွဲပြုသဖြင့် 'ဓမ္မေန သမေန'ဟူသော ရှေးစကားနှင့် မဆန့်ကျင်ဟု မှတ်အပ်၏။]

ထို ခိုးသူ ၄ယောက်တို့ကို စီရင်သည်၏နောက်တစ်နေ့၌ တေမိမင်းသားကို တန်ဆာဆင်အပ်သော ထီးဖြူရိပ်ဝယ် သိပ်ထားလေ၏။ ထိုအခါ တေမိမင်းသားသည် အတန်ငယ်အိပ်စက်ပြီး၍ နိုးလတ်သဖြင့် အထက်သို့ မျက်စိလှည့်လည် မျှော်ကြည့်လျှင်ပင် မင်းစည်းစိမ်ကြီး ထီးဖြူ၏ကျက်သရေကို မြင်လေ၏။ ထိုအခါ မိမိ မင်းပြုမိ၍ ငရဲခံရလေသည်ဟူသော သဘောဝါသနာ ပါသည်ဖြစ်၍ ပြကတေ့ထိတ်လန့်ဟောင်းမှာ ထပ်လောင်း၍တစ်ဖန် ယမန်နေ့က ခိုးသူ ၄ ယောက်တို့အား စီရင်သံ ကြားပြန်ခြင်းဖြင့် မင်းပြုရမည့်စိတ်ကြောင့် ထိတ်လန့်ကြောက်ရွံ့စွာရှိသော နှလုံးအယူမှာ ထီးဖြူရိပ်မင်းတန်ဆာ မလိုရာနှင့်တို့မိ၍ ဆို့မြို့နှလုံး ယူကျုံးမရ ဒေါမနဿ[၂၇]နှိပ်စက်လျက် အတိုင်းထက်အလွန် မွန်ထိတ်သောကြောက်ခြင်း ဖြစ်သဖြင့် ဤသို့ ကြံတော်မူ၏။

'ငါသည် ဤ ကြမ်းကြုတ်စွာသော ခိုးသူသတ်အိမ်မှာ အဘယ်ဘဝက လာ၍ ဖြစ်လာလေသည်မသိ'ဟု ဇာတိဿရဉာဏ်[၂၈]ဖြင့် နောက်ပြန်ဘဝကို သုတ်သင်မြော်ရှုလတ်သော် တာဝတိံသာနတ်ပြည်မှလာသော အဖြစ်ကို သိမြင်သဖြင့်၊ ဆင့်၍တစ်လီ 'ထိုနတ်ပြည်ကိုကား အဘယ်ဘဝက လာသနည်း'ဟု ရှုမြော်ပြန်သည်တွင် ငရဲပြည်ဥဿဒရက်၌[၂၉]ကျက်ခဲ့ကြောင်းကိုမြင်ရ၍၊ ထိုငရဲမှတစ်ဖန် ဆင်ခြင်ပြန်သောအခါ ဤဗာရာဏသီပြည်၌ အနှစ် ၂၀ တိုင်တိုင် မင်းပြုလျက် အစုစုအမှုမျိုး ဆိုး,ကောင်း,ယုတ်,မြတ်ကို အတပ်ထင်ထင် မြင်လေလျှင်၊ လူတို့တွင်ဖြစ်မြဲမှု ထိုဝတ္ထုကြောင့် အန္တရာယ်တစ်ကြိမ်ရောက်ဖူးလျှင် နောက်နောင်အစဉ် ကြဉ်ရှောင်လိုသကဲ့သို့သာ စာနာထောက်ထားမဲ့ဘဲ စိတ်ကွဲတော်မူသည် မဟုတ်။ မင်းလုပ်ရမည့် ခေတ်ကာလဖြစ် အမူအပြု အမှုဟူသမျှကို ချင့်မြော်တွေးဆလျက် ရှေးအသက်တမ်းရှည်စဉ်ပင်မှ ဘေးကင်းအောင် ကိုယ်ကိုမပြုနိုင်၍ စိုးပိုင်ရာမင်းစည်းစိမ် အနှစ်၂၀ မျှဖြင့် အဆ ၄၀၀၀ မြားမြောင်နှစ်ပေါင်း ၈သောင်းမှန်မှန် ငါ ခံရလေသည်တကား'ဟု တရားကိုရှု၍



www.burmeseclassic.com

www.burmeseclassic.com



'မင်းပြုမည်ဆိုသော်လည်း ရန်ပိုသောအခါ သူ့ချမ်းသာ ကိုယ့်စည်းစိမ်ကို မငြိမ်အောင်လှုပ်ချောက်သော ရန်ငြောင့်ရန်စွယ်ကို အပယ်အနုတ် ကြမ်းကြုတ်စွာလုံ့လများဖြင့် နှိမ်နိုင်မှငြိမ်ဝပ်နိုင်သော မင်းအဖြစ်ဖြင့် အပြစ်မည်သို့ ကိုယ်ကိုဖြူစင်အောင် အဘယ်သို့ ဖွပ်ဆေးနိုင်ပါအံ့နည်း။ ထန်သည်းပြင်းပြ ရာဇမာန်အခါခါနှင့် အာဏာယူသော ဤနိုးသူသတ် မင်းအိမ်မှာ ကြိမ်ရလေသောငါ ယခု ရှယ်နှငယ်သက် ရက် ၃၀မပြူ လူဖြစ်စရွေ့ပင် ယမန်နေ့က တွေ့ကြုံရသည်မှာ နှလုံးသားခြေဖွယ်လောက် ၄ယောက်သောခိုးသူတို့ကို ဆိုကြမ်းသောအမှုအင်နှင့်တိုင်း၍ ဆူးရိုင်းဖျဉ်ဖျဉ်လှည်းသော ခမည်းတော်အာဏာစွဲ ငရဲလားကြောင်း မကောင်းစကားကို နားနှင့်မတန်မရာ ငါကြားရပြီ။

'ဤ ခမည်းတော်အမွေအနှစ် မာန်ယစ်သောမင်းစည်းစိမ်ကို ငါ မြိန်ယှက်မြတ်နိုးခြင်းဖြင့် မင်းပြုပြန်လျှင် တစ်ဖန်ခမည်းတော်အတူ ရန်သူဆူးခလုတ်ကို မနုတ်ဘဲမနေသာသော် တစ်ခါ ထိုငရဲသို့ ဝဲကတော့အတွင်းမှာ ထင်းကျွန်းသဏ္ဍာန် ပြန်လည်လေရအံ့တကား'ဟု များစွာအဖန်ဖန် ကြံဆင်ခြင်တော်မူသော ဘုရားလောင်းအား ငရဲမီးလျှံနားမှာ ထားလေသောအသွင် အလွန်လျှင်ကြောက်လန့်ခြင်း ဖြစ်သဖြင့် ဦးသစ်သော ရွှေစင်အဆင်းကဲ့သို့ ဝင်းဝင်းပျို့ပျို့ နှစ်လိုဖွယ်အဆင်းရှိသော ကိုယ်တော်စင်လျက် လက်ဖြင့် ဆုပ်နယ်အပ်သော ကုမုဒြာ[၃၀] ပဒုမ္မာ[၃၁]ပန်းကဲ့သို့ နွမ်းလျသမ်းညှိုးခြင်း အဆင်းပျက် တော်မူအောင် ပူပြင်းထပ်ဖို့ မနှစ်လို့ခြင်း ဝေဒနာနှင့် 'ငါ အသို့လျှင် ဤမနှစ်မြို့သော ခိုးသူသတ်မင်းအိမ်မှ လွတ်မြောက်နိုင်ပါအံ့နည်း'ဟု ကြံစည်လျက် မျက်လွှာတော်ချ၍ ဖြဖြညှိုးဖိန်း မှိန်းစက်တော်မူ၏။

[ဤအရာ၌ မင်းစည်းစိမ်သမ္ပတ္တိဝယ် ကာယိကသုခကိုရသော်လည်း စိတ်တော်ကမနှစ်မြို့ သမ်းညှိုးသော ဒေါမနဿဝေဒနာကြောင့် မိုရာရုပ်ကလာပ် ဖြ ရပ်သောသွေးမကြည်၍ ဖြတည်သောဣန္ဒြေ မရွှင်လန်း စိတ်ချမ်းမြေ့သောအလို ကိုယ်ဆန္ဒနှင့်မျှသော ကာယိကဒုက္ခ ကြိမ်ရစေကာ–

['စိတ္တေ ပသန္နေ လောဟိတံ ပသီဒတိ၊ လောဟိတေ ပသန္နေ

မနစ္ဆဋ္ဌာနိကုပ္ပန္ဒြိယာနိ၊ အတိဝိယ ဝိရောစန္တိ။ ။'ဟူသော သုတ်မဟာဝါ အဋ္ဌကထာပါဠ်နှင့်အညီ 'ပီတိဆီဆို့ပိတ်သော စိတ်ကြည်လင် ချမ်းအေးလျှင် သွေးရွှင်လန်းသည်။ သွေးကြည်လင်ကလည်း နှလုံးလျှင် ဆဋ္ဌမမြောက် ဖြပါးသောဣန္ဒြေ တင့်တယ်လေသည်'ဟုမှတ်အပ်၏။]

ဘုရားလောင်းသည် ဤသို့သောမင်းစည်းစိမ်ကို တာဝတိံသာ၌ ပျော်စံစဉ်ကပင် အလိုမယှဉ် ကြဉ်ရှောင်ဝေးဝေး သူဌေး၊ ပုဏ္ဏား တစ်ပါးမျိုးနွယ်ထံ သန္ဓေမိုလျက် ပါရမီဖြည့်ရရာအရပ်သို့ ဆည်းကပ် သင့်ပါသည်။ 'ဝင်လာလျှင် ချည်နှောင်မည်' ထောင်သည့်ကျော့ညွှတ်ကောင်း ဆုတောင်း၍သားကို လိုချင်လုံးပမ်း ပိုက်တန်းကိုမြင်လျက် တိုးဝင်မိသည်မှာ သိလျက်အများ အဘယ်ကြောင့် ခံတော်မူလေသနည်း ဟူမူ၊ လူတို့မွေ့တာ ဥစ္စာစည်းစိမ်ကိုလိုလျှင် ကိုယ်ဆင်းရဲခံမှ အကြံရှိတိုင်း ပြီးမြောက်လွယ်သည်။ ဤဝယ်လည်း ဘုရားလောင်း နတ်သားသည် တစ်ပါးအမျိုး၌ ဖြစ်ရသောထက် မင်းကြီးသားဖြစ်ရသော် သူတော်တကာ ဖြည့်ကျင့်ရိုးတွင် မိုးကဲထူးမြတ်သော ပရမတ္ထပါရမီ[၃၂] စုံညီဖြည့်ရွှင် အလှည့်သင့်တော်ငြား၍ သူတစ်ပါးပြုနိုင်ခဲသော ဆင်းရဲကို ခံလျက် နိဗ္ဗာန်ဆိပ်ကမ်းသို့ နစ်မွန်းတတ်သော ဩဃဝဲစွယ် ပင်လယ်သံသရာမှ သတ္တဝါအများ မျောပါးနစ်မွန်းသူကို ဆယ်ယူပို့တင် မဂ္ဂင်[၃၃]ဖောင်မှူး ပြုလိုသောသဘောစရိုက် ရှိသည်နှင့်အညီ ဗာရာဏသီပြည် စည်းစိမ်ညွှတ်ကွင်းကို နင်းဖြတ်၍ထွက်ပြီးလျှင် မင်းကြီးမကြွင်း ညွှတ်ကွင်းရှင်အလုံးကို ယူကျုံးပိုက်ချီလျက် ငါ့ဆီသို့ပါစေအံ့ဟု ခန့်ရှယ်ရည်မှန်း အစွမ်းတော်ကိုတိုး၍ အကျိုးထူးရှိသဖြင့် သိလျက်လည်း အများ မသိဘဲလည်း မသွား သူတစ်ပါးအား စီးပွားအထူး ကျေးဇူးကိုသိသောကြောင့် ကိုယ်တော် အပင်ပန်းခံလေသတည်း ဟု သိအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၇။ ထီးချက်စောင့်နတ်သမီး မ ခန်း

ဤသို့ တေမိမင်းသားသည် နှလုံးအကြံဖြင့်ပူပန်လျက် မှိန်းစက်မျဉ်းခွေနေလတ်သော် ထီးဖြူတော်စောင့် နတ်သမီးသည် လွန်လေပြီးသော ရှေးသံသရာက အမိဖြစ်ခဲ့သော မေဟ္ဓာဟောင်းတွင် ဘုရားလောင်းအား သနားဖွယ်ကိုမြင်၍ အလွန်လျှင်စုံမက် ချစ်ခင်ကြင်နာခြင်းရှိသဖြင့် အမိသဖွယ်ဖန်ဆင်း၍ တေမိမင်းသားအား "မောင်ငယ်။အဘယ်ကိုကြံ၍ ပူပန်ခြင်း ဖြစ်ရသနည်း။ ကြောက်ခြင်း, စိုးရိမ်ခြင်း အထွေထွေအပြားပြားကြံ၍ ပူပန်ခြင်း မရှိနှင့်။ မိခင် အထင်အရှားစောင့်ကြားလျက် သားအလိုကို အဘယ့်ကြောင့် မပြည့်စေနိုင်ပါအံ့နည်း။ သူ မလိုသည်ကို လိုအောင်ပြုခြင်းသာ ခက်သည်။ သူလိုသည်ကို မလိုအောင်ပြုခြင်းကား ခက်သည်မရှိ။ မိခင် အကြံပေးအံ့"ဟု နှစ်သိမ့်စေလျက်၊ "ချစ်သား။ အကယ်၍ ပြည်စည်းစိမ်မှလွတ်မြောက်လိုလျှင် ကိုယ်ကိုအစွမ်းမပြ အန္ဓမ်းအလျှခံလျက် မဆွံ့သော်လည်း ဆွံ့သောအလား, နား မထိုင်းသော်လည်း ထိုင်းရုပ်, နှုတ် မအသော်လည်း အသောအသွင်၊ ဤ အင်္ဂါ၃ရပ်ကို ဆုံးဖြတ်၍ ထုံးမှတ်လောက်အောင် ကြပ်ကြပ်အမြဲ စွဲယူဆောက်တည်ရမည်"ဟု အကြံပေးပြီးလျှင် ဤတေမိယ ဇာတ်တော်ပါဠိ၌ ရှေးဦးစွာ-

'မာ ပဏ္ဍိစ္စံ ဝိဘာဝယ၊ ဗာလမတော ဘဝ သဗ္ဗပါဏိနံ။

သဗ္ဗော တံ ဇနော ဩစိနာယတု၊ ဧဝံ တဝ

အတ္ထော ဘဝိဿတိ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"ချစ်သား တေမိယကုမာရ။ တောက်ပလျှံထိန် ဝဇိရစိန်တူ သူခပ်သိမ်းတို့ နှစ်လိုခံ့ညားဖွယ် တင့်တယ်စွာ ရောင်ခြည်ငြိသော ပညာရှိတန်ခိုး မျက်မျိုးရတနာ ပညာအနှစ်ကို လှစ်ဖွင့်ပြဖော် အရာလျော်သော်လည်း အခါမတော်လျှင် မဖော်မပြလင့်။ မဖွင့်မလှစ် ကျစ်လစ်စွာဝှက်ဖုံး၍ အသုံးမဝင်ယောင် မြဲနှောင်သိုထားလျက် သူတစ်ပါးမြင်လျှင် ချို့အင်္ဂါယုတ် လူတိမ်ပုပ်[၁၂၅]ဟု သမုတ်[၁၂၅]ပစေ၊ အတွင်းနေ ပြင်သားအများလူဗိုလ် မောင့်ကိုချစ်ခင် မြင်သိသမျှ ဆွံ့အနားပင်း လူချင်းမတူ ဤသူကားကာလကဏ္ဏီ[၁၂၆]ဟု အညီအညာ သူတကာမထိမဲ့မြင် မကြားချင်အောင်မုန်းမှ မောင်နှလုံး အလိုပြည့်မည်။ ဤသည့်မိခင် ဆိုအင်စကားကို စိတ်ထားအမြဲ စွဲယူဆောက်တည်ပါလျှင် မုန်စွာအလို ပြည့်လတ္တံ့ဟုဆို၏။

ထီးချက်စောင့်နတ်သမီးကားကိုကြားလျှင် တေမိမင်းသားသည် အားရအင်တက် စိတ်သက်သာရာ ရသည်ဖြစ်၍ နတ်သမီး၏ဥယျောဇဉ်ကို ပဋိညာဉ်ပြုလျက် သာဓုကောင်းချီး ပေးလိုသောကြောင့်-

'ကရောမိ တေ တံ ဝစနံ၊ ယံမံ ဘဏသိ ဒေဝတေ။

အတ္ထကာမာသိ မေအမ္မ၊ ဟိတကာမာ မာသိ ဒေဝတေ။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"နတ်မိခင်။ မချွတ်ပင်လျှင် မိခင်ဆိုတိုင်း ထိုစကားကို ကျွန်ုပ် လိုက်နာပါမည်။ ပြည်စည်းစိမ်ဘုန်းတန်းဖြင့် ပွင့်လန်းသည်ကို မြင်လိုရှုလိုခြင်းရှိသော ကျွန်ုပ်ခမည်းတော်, မယ်တော်တို့ကား မိမိတို့ကိုယ်ဖို့ နှစ်လို့ရာသာ ကြည်ညို၍ ကျွန်ုပ်အလိုသို့မလိုက်။ နှစ်ခြိုက်ရာအကျိုးကို မပျိုးမပြုဖြစ်ရာသောကြောင့် ကျွန်ုပ်အား စီးပွားမတွင် ချစ်ခင်ရာမမည်။ နတ်မိခင်သည်သာ ၂ ဖြာသောဘဝ၌ တောင့်တအပ်သောစီးပွားများမယုတ် အကျွန်ုပ်အလိုသို့ လိုက်၍ နှစ်ခြိုက်ရာပြည့်စုံကြောင်း လမ်းဟောင်းပြည့္ဆွန်ပေသောကြောင့် အလွန် ကျွန်ုပ်အား စီးပွားတွင်တွင် ချစ်ခင်ရာရောက်ပေ၏"ဟုဆို၏။

ထိုသို့စကားပြောဆိုကြပြီးလျှင် ထီးဖြူစောင့် နတ်သမီး ကွယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤအရာ၌ ဘုရားလောင်းမင်းသားငယ်နှင့် ထီးဖြူစောင့်နတ်သမီး ကိုယ်ထင်ပြ၍ စကားပြောသည်မှာ အိပ်မက်ဟူ၍လည်း မဆို။ ထိုနတ်သမီးကိုမူကား တန်ခိုးရှင်ဖြစ်သောကြောင့် အဆင်းအသံကို သူတစ်ပါးမမြင် မကြားရရှိသော် ရှိတန်ပါစေ။ 'ကရောမိ တေ တံဝစနံ'အစရှိသည်ဖြင့် ဘုရားလောင်း ကောင်းချီးပေးသောစကားကို အနီးအပါးတွင် စောင့်ထိန်းပြုစုရသူ အထိန်းအကြီးတို့ မကြားပြီလော ဟူမူ ဘုရားလောင်းသည် ရန်သူ့လက်မှာ နေရသကဲ့သို့ သူတစ်ပါးတို့ ကြားသိလောက်အောင် အသံထွက်ထွက် မပြော၊ နတ်သမီး သိကြားတန်ရုံ နှလုံးဖြင့်သာ စကားဖြစ်စေ၍ပြောသောကြောင့် ထိုအနီးအပါးရှိသော အထိန်းအကြီးတို့ မကြားမသိ ရသတည်း။

[နှလုံးဖြင့်ပြောသောစကားကို နတ်သမီး အသို့ သိနိုင်ပါအံ့နည်းဟူမူ 'ဒေဝတာနာမ မဟာပညာ တိဟေတုက ပဋိသန္ဓိကာ အတီခိပ္ပံ ဇာနန္တိ'အစရှိသည်ဖြင့်လာသော ပါရာဇိကကဏ် အဋ္ဌကထာနှင့်အညီ 'နတ်တို့မည်သည်ကား တိဟိတ်ပဋိသန္ဓေနေသူသာလျှင် များသည်ဖြစ်၍ အလွန် ပညာကြီးသဖြင့် လူတို့ နှုတ်မမြွက်မီ ပြောအံ့ဟု ရွယ်ကာမျှနှင့်ပင် လျင်စွာ သိစွမ်းနိုင်သောကြောင့်' ဘုရားလောင်းစကားကို အနီးအပါးရှိသူ လူမကြားသော်လည်း နတ်သမီး သိကြားလေသည်ဖြစ်၍၊ အိပ်မက်မဟုတ်ဘဲ အိပ်မက်သောအခါကဲ့သို့ ဘုရားလောင်းမင်းသား မျက်လွှာတော်ကိုချလျက် စက်မှိန်းစဉ် နတ်သမီး သတိပေးလာသည်ဟု မှတ်အပ်၏။]

ထိုသို့ ထီးဖြူစောင့်နတ်သမီး၏ ဥပဒေစကား ၃ ပါးသောအင်္ဂါကို မြဲစွာဆောက်တည်ပြီးသည့်နောက်၌ ဘုရားလောင်းမင်းသားငယ်၏အထံဝယ် အခြံအရံဖြစ်စေခြင်းငှာ ၅၀၀ သောအမတ်သား ဖွားဖက်တော် သူငယ်တို့ကို နို့ထိန်းတစ်ယောက်စီနှင့်တကွ ထားစေ၏။

ထိုအခါ အမတ်သားသူငယ်တို့သည် နို့ရည်သောက်စို့ လိုလတ်သော် ဟစ်အော်ငိုကြွေးကြကုန်၏။ ဘုရားလောင်းမင်းသားငယ်မူကား ဗွဲမြဲအယူ ငရဲဘေးဖြင့် လန့်သည်ဖြစ်၍ စိတ်မပျံ့မကြည် 'နို့ရည်ဝတ်သဖြင့် ခြောက်ကပ်၍လျှင်မြန်စွာ ဤနေရာထက်တွင် ငါ့အသက်ဆုံးသော်လည်း မီးလျှံလုံးထက်၌ ကျက်ရသော ဝေဒနာထက် အဆအရာ သာ၍မြတ်သေး၏'ဟု မင်းဖြစ်အံ့အရေးကို ဘေးကြီးလုပ်၍ စက်ဆုပ်တော်မူသဖြင့်'သူငယ်တို့ သတ္တိ မချိလျှင်ငိုမြဲ'အားအစွမ်းကို တမ်းပျက်အောင်ပြုသကဲ့သို့ အမှုမလေး ငိုကြွေးမဲ့လတ် နို့ငတ်သောဝေဒနာကို သည်းခံကာပြုကတော့ နေတော်မူ၏။

ထိုသို့မင်းသားငယ် မငိုကြွေးနေလေသော် အထိန်းတော်တို့သည် ရှေးနှင့်မတူ အမူတခြား အမတ်သားငယ်များကဲ့သို့ နို့စို့သောက်ချိန် တန်၍မူလည်း အသံမပေး ဆေးမန္တ ရား[၂၇] အကုအကာပြုရာသောအနာ တစ်းတစ်[၂၈]ရှိမည့်အခြင်းအရာလည်း မထင်။ ဆင်ခြင်တွေးဆ၍ မရနိုင်ကြ ဖြစ်လေသော် မယ်တော်မိဖုရားကြီးအား သားတော်၏အခြင်းအရာအလုံးစုံကို အကုန်အစင် ပြန်ကြား လျှောက်ထားကြကုန်၏။

စန္ဒာဒေဝီမိဖုရားကြီးလည်း နို့ရည်မွတ်သိပ်လျက် မလှုပ်မယှက် တလက်လက်တကြောင်ကြောင်နေသော မင်းသားငယ်ကိုမြင်လျှင် ရှင်မြူးပျော်ပါးဖွယ်ပြုသော်လည်း အတုမလိုက် စိုက်မိရာကြည့်၍ မလှုပ်မတိမ်း တစိမ်းစိမ်းသာနေသောကြောင့် အထွေထွေမကြံနိုင်သဖြင့် မင်းကြီးအား ပြန်ကြား လျှောက်ထားပြန်လေ၏။

ထိုစကားကို ကာသိကရာဇ်မင်းကြီးကြားလေသော် 'သားတော်၏အကြောင်းအခွင့်ကို အတွေးဉာဏ်ဖြင့် မသိနိုင်ရာ။ ဆရာပုရောဟိတ်တို့သာ နိမိတ်ကိုမြင်သဖြင့် ဆင်ခြင်ဖတ်ကြားနိုင်ရာ၏'ဟု ကြံမိ၍၊ နိမိတ်ဖတ်ပုဏ္ဏားတို့ကိုခေါ်စေပြီးလျှင် သားတော်အား ကြည့်ရှုစေ၍ အခြင်းအရာကိုမေး၏။ ဆရာပုရောဟိတ်တို့လည်း စိတ်အစွဲအလမ်းကို နိမိတ်ကျမ်း, မင်္ဂလာကျမ်းတို့၌ပါရှိတိုင်း ညှိနှိုင်းဆင်ခြင်သော်လည်း အတွင်းအပြင် အန္တရာယ် ရှိဖွယ်လက္ခဏာမမြင်၊ ထင်ရှားတပ်အပ် မဖတ်ကြားနိုင်သောကြောင့် တွေးဆသောဉာဏ်ဖြင့်သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ သားတော်၏အခြင်းအရာလက္ခဏာကို ကျမ်းလာတိုင်းထောက်ရှုသော် ယခုမတုန်မလှုပ်နေခြင်း၌ အတွင်းအပအန္တရာယ် တစ်စွယ်တစ်စွန်းမျှ မငြိမရိပ် စိတ်စွဲတစ်ခုရှုမိရာ သူငယ်ဝလေ့ ပျော်မွေ့သော အာရုံ၌ခံ့မင်လတ်၍ ငေါ်မှတ်ရေသိပ်ခြင်းကို အခင်းမပြုသဖြင့် ယခု မငိုနေသည် ဖြစ်ပါမည်။ အရှည်အကြာ အခါင့်ဆွဲ၍ တိုက်မြဲအချိန် လွန်အောင်ထားရလျှင် ကိုယ်တွင်အာဟာရမလုံက တစ်ပါးအာရုံအစွဲအလမ်းမှာ စိတ်တင်းနိုင်မည် မဟုတ်။ တုန်လှုပ်သောကိုယ်ဖြင့် ငိုကြွေးခြင်းကို ပြုပါလိမ့်မည်။ ထိုသည့်ကာလ စို့စေရလျှင် ခင်ခင်မင်မင် ရှင်ပျနှစ်လို့ စို့အံ့ရာသည်ကား မချွတ်ရာပြီ"ဟုလျှောက်ထားကြကုန်၏။

ပုရောဟိတ်ပုဏ္ဏားတို့ စကားကြားလျှင် ခမည်းတော်မင်းကြီးသည်"ကောင်းပြီ။ ဆရာတို့ဆိုတိုင်း ပြုစေရတော့မည်"ဟုဆို၍ ထိုနေ့မှအစပြုပြီးလျှင် ၄ ယောက်စုအလှည့် ၆၀ နို့ထိန်းပေါင်း မောင်းသံ[၂၉]တစ်ချက်ချိတစ်နာရီပြည့်အချိန်တိုင်း တစ်ကြိမ်တစ်ကြိမ် တိုက်မြဲကိုင့်ဆွဲ၍ တစ်မောင်းခြား နို့အငေါ်ထားသော်လည်း မင်းသား၏ အမူအရာ မထူးခြားသဖြင့်၊ ဆင့်၍ ၂မောင်းခြား, ၃မောင်းခြားစသည်၊ ရံခါ ၁ ပဟိုရ်, ၂ပဟိုရ်၊ ရံခါ တစ်နေ့ပတ်လုံး မတိုက်မပေး အရေးစမ်းကာ ထားကြကုန်၏။ ထိုသို့ထားသော်လည်း ဘုရားလောင်းမင်းသားငယ် သည် ကြောက်မက်ဖွယ်သောငရဲမီးဖြင့် အနီးရောက်သကဲ့သို့ ခြိမ်းခြောက်ခြင်းရှိသည်ဖြစ်၍ နှစ်သက်ချိုမြိန်စွာ နို့အရသာမြတ် ငေါ်မှတ်ခြင်းနှင့်ညှိုးသော်လည်း တစိုးတစိမျှ ငိုကြွေးခြင်းကို ပြုတော်မမူ။ ယူမိရာစိတ်စွဲကို မြဲစွာချည်၍ တည်ကြည်ခြင်းမပျက်နေလေလျှင် အလွန်ကြင်နာခြင်းဖြင့် မယ်တော်မိဖုရားကြီးသည် "ငါ့သား နို့ငေါ်လှပြီ။ မိခင်နို့ကို စို့သောက်ပါ"ဟုတိုက်ပေး၏။ ရံခါရံခါလည်း နို့ထိန်းတို့ကို တိုက်စေ၏။ ထိုသို့ နို့ အာခံတွင်းသို့ ရောက်မှသာလျှင် စို့သောက်တော်မူ၏။ တစ်ပါးသောသူငယ်များကဲ့သို့မငို အလိုအလျောက် လက်,ခြေတို့ကိုလည်း မယူမသိမ်း မှိန်းမှိန်းယှက်ယှက် အိပ်စက်မွေ့ခြင်းလည်း မရှိ။ နား,မျက်စိတူရှု အမြူအဖျော် မေးခေါ်ပြောသော်လည်း မကြားယောင်သဖွယ် တိမ်းဖယ်လှည့်လည်၍ မကြည့်ရှု။ ပြုစုထိန်းယသူတို့ ထားတိုင်းသော ခြေ, လက်, မျက်နှာ, ဣရိယာပုထ်[၃၀]ဖြင့်သာထားလျက် အင်္ဂါ ၃ တန်ကို အဓိဋ္ဌာန်[၃၁]မြဲစွာနှင့် ပါရမီဖြည့်တော်မူ၏။

[ဤတွင်ရွှေကား ဘုရားလောင်း တေမိမင်းသား၏ ပရမတ္ထဖြစ်သော အဓိဋ္ဌာန်ပါရမီ, နိက္ခမပါရမီတို့ကို ဖြည့်တော်မူခြင်း အခင်းအကျင်း အရင်းအစကို ပြကြောင်းစကား ပြီး၏။]

ထိုသို့မင်းသား၏ မတုန်မလှုပ်နေကြောင်း အခြင်းအရာကို မသိနိုင်ကြလေသော အထိန်းတော်တို့သည် ဤသို့ ကြံကြကုန်၏။

'ငါတို့သခင့်သားသည် ဆွံ့အ,နားပင်းသကဲ့သို့ ယခု မတုန်မလှုပ်နေသည်မှာ ဆွံ့အသောသူတို့၏ လက်,ခြေနှင့်လည်း မတူ။ အ သောသူတို့၏ မေးနှင့်လည်း အသွင်တခြား၊ နားထိုင်းသော သူတို့၏ နားအုံ, နားရင်းနှင့်လည်း အဆင်းတစ်သွယ်။ ဆွံ့အ,နားထိုင်းဖွယ် လက္ခဏာတစ်စုံတစ်ရာမျှ မထင်။ သို့စင်လျက် ယခုသခင့်သား ရှေးများနှင့်မတူ အမူထူးပြုသည်မှာ တစ်ခုခု အကြောင်းရှိသည် ဖြစ်ရာမည်။ ထိုသို့ အကြောင်း တစ်ခုခု ရှိ၍နေသည် စင်စစ်မှန်လျှင် ထိုအကြံကို ဉာဏ်ကြီးပညာကြီး အသီးသီး တတ်သိကျွမ်းကျင်သော သုခမိန်[၃၂]တို့ဖြင့် ပြွမ်းလျက် ဤနန်းပွဲသဘင်အလယ်တွင် အဘယ်ကြောင့် မသိရှိရအံ့နည်း။ တစ်ခုမတော် တစ်ခုတော် လျော်ရာချင့်ရွယ်၍ အလှယ်လှယ်အပြောင်းပြောင်း ကောင်းမြတ်,ယုတ်ဆိုး စမ်းရိုးသပ်ရိုး အမျိုးမျိုးစီရင်လျက် သခင့်အလိုကိုစမ်းရသော် ကောင်း၏'ဟု ကြံစည်တိုင်ပင်ကြပြီးလျှင် ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားကြကုန်၏။



www.burmeseclassic.com

## ၈။ အလိုစမ်းခန်း

ထိုသို့ မင်းကြီးအားလျှောက်၍ ညီညွတ်ကြပြီးသော် "ယခု သားတော်သည် ၁လကျော် အရွယ်ခန့်သာ ရှိသေးသည်။ တစ်ပါးသောအလိုဖြင့် မစမ်းသင့်သေး။ ရှေးဦးစွာ နို့ရည်ဖြင့်ပင် အခါလည် ၁ နှစ်အရွယ်တိုင်အောင် စမ်းဦး။ မထူးမခြားမှ တစ်ပါးကို ပြောင်းရမည်"ဟု တစ်နေ့လုံး တစ်နေ့လုံး နို့ငတ်ထား၍ အလိုကို စမ်းကြကုန်၏။

ထိုသို့ အလိုစမ်းသောအခါ ဘုရားလောင်းမင်းသားသည် ရေဆာမွတ်သိပ်[၂၄]သည်ဖြစ်၍ ပြင်းစွာဆာလောင် ခြောက်ကပ်သော်လည်း နို့စို့အံ့သောငှာ အသံပေးခြင်း၊ ငိုကြွေးခြင်းကိုမပြုဘဲ ငရဲဘေးကိုရှုသဖြင့် သည်းခံ တော်မူ၏။ ထိုသို့ တစ်နေ့လုံးလုံး နို့မတိုက်လတ်၍ မွတ်သိပ်လျက် မလှုပ်မယှက်နေသောသားတော်ကိုမြင်လျှင် မယ်တော်မိဖုရားကြီးသည် အလွန် သား၏ချစ်ခြင်းဖြင့် သည်းမခံနိုင်သည်ဖြစ်၍ "ငါ့သား နို့ငတ်လှပြီ။ မိခင်တိုက်မည်"ဟူ၍ ရံခါ ကိုယ်တိုင်ပင်တိုက်ပေ၏။ ရံခါရံခါလည်း နို့ထိန်းတို့ကို တိုက်စေ၏။

ဤသို့သောနည်းဖြင့် ၁ နှစ်ပတ်လုံး လစဉ်မပြတ် ရံဖန် တစ်နေ့တိုင်တိုင် နို့ငတ်ထားခြင်း အလိုစမ်းကြီး တို့ဖြင့် လည်းကောင်း၊ အမေးအခေါ် အဖျော်အမြူ သူငယ်တို့ရှင်ကြောင်း ဖြားယောင်းမျိုးအသွယ်သွယ် အလိုစမ်းငယ်တို့ဖြင့် လည်းကောင်း စမ်းကြကုန်၏။

ထိုသို့ အလိုစမ်းကြီး၊အလိုစမ်းငယ်တို့ဖြင့် ၁နှစ်ပတ်လုံး စမ်းကြသော်လည်း ဘုရားလောင်း၏အလိုတော်နှင့် အလျော်မသင့်၍ အခွင့်မရရှိလတ်လျှင် အမတ်အပေါင်းတို့သည် ကာသိကရာဇ်မင်းကြီးအား "အရှင်မင်းကြီး။ သားတော်၏အလိုကို နို့ရည်ဖြင့်စမ်း၍ ယခု ၁နှစ်သာ လည်တော့သည်။ မည်သည့်ရက်တွင်မျှ အချက်မသင့် အခွင့်မရနိုင်ပါ။ အရွယ်အခါနှင့်လျော်အောင် တစ်သွယ်တရာရှာ၍ အလိုစမ်း စီရင်ဦးပါမှ သင့်ပါမည်"ဟု လျှောက်ထားကြကုန်၏။

ကာသိကရာဇ်မင်းကြီးလည်း "ကောင်းပြီ။ အလိုစမ်းမျိုး တစ်နည်းကြံ၍ စမ်းစေဦးမည်"ဟု ဆိုလျက်၊ အလိုစမ်းဖွယ်ကို တိုင်ပင်ကြံဆောင်ကြပြန်လေ၏။

[ဤကား ရှေးဦးစွာ ဘုရားလောင်းအား အရွယ်တော် ၁ နှစ်ပြည့်အောင် နို့ရည်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၁နှစ် အခါလည်ကျော်ပြီးသော သူငယ်တို့မလေ့ကား တွေ့မြင်ရာအရာမျိုးကို ဆိုးကောင်းမရွေး ဆုပ်လွေး[၂၅] ကိုက်ခဲချင်မြဲဖြစ်သဖြင့် အရှင့်သားတော်လည်း သူငယ်ဖော်တကာတို့ ဓမ္မတာပြုချင်မြဲကို လမ်းမလွဲနိုင်ရာ။ ခံတွင်း၊လျှာ အနုအဲထွား သွားပေါ်စသာဖြစ်၍ မသိမ်မွေ့သောအစာလည်း မလျောက်ပတ်။ သိမ်မွေ့ကောင်းမြတ်စွာ ရသာရှင်ရှင် သုံးချင်မရောင့်ရဲအောင် မုန့်ခဲဖွယ်စီရင်၍ ယခင်ထုံးကဲ့သို့ပင် ၁နှစ်လုံးလုံး တစ်ခါမသုံး တစ်ခါသုံး နှလုံးအလိုတော်၊မတော်ကို အလျော်သင့်စမ်းရသော် ကောင်း၏"ဟု မင်းအမတ်အပေါင်း အညီအညွတ်တိုင်ပင်ကြပြီးသော်၊ ဖွားဖက်ရွှေဖော် အမတ်သား ၅၀၀ အခြံအရံတို့နှင့်တကွ ဘုရားလောင်း တေမိမင်းသားကို နန်းရင်ပြင်၌ထား၍ အထူးထူးအပြားပြား များစွာသကာ၊ သကြား၊ ပျား၊ တင်လဲ ရောနှော၍ လုပ်အပ်သော အဆုပ်အခဲ အဆိမ့်အချို အမျိုးမျိုးမြိန်နိုးဖွယ် အသွယ်သွယ်မုန့်တို့ကို မင်းသား၏မနီးမဝေး၌ ခင်းကျင်းပြီးလျှင် "သခင်အလိုရှိတိုင်း သုံးတော်မူပါ"ဟု အမြူအချူ သူငယ်တို့အလိုလိုက် နှစ်ခြိုက်ရာချော့မော့ ပြောဆို၍ ဖွားဖက်သတို့သား ၅၀၀ မှတစ်ပါး တစ်ယောက်မျှ မနေမချဉ်းစေဘဲ လွှဲဖယ်ပုန်းကွယ်ကာ တင့်တယ်ရာ

အရပ်က နန်းသူနန်းသားအများ မင်းသား၏အခွင့်အကြောင်းကို ချောင်းမြောင်းကြည့်ရှုကာနေ၍၊ တစ်နေ့လုံး တစ်နေ့လုံး ရံဖန်ရံဖန် အခါသင့်မပြတ်မလပ် ၁နှစ်စပ်အောင် အလိုစမ်းကြကုန်၏။

ထိုသို့ အလိုစမ်းသောအခါ ဖွားဖက်ရွှေဖော် အမတ်သား ၅၀၀တို့သည် နှစ်လိုဖွယ်သော မုန့်အထူးထူးကိုမြင်လျှင် သူ့အရင်ငါ ဝမ်းသာရွှင်လန်း ယူလှမ်းငင်ဆုပ် နှုတ်တစ်ဘက်လက် ၂ စ ရသမျှစွဲကိုင် နိုင်ရာအချင်းချင်း ငြင်းခုံတွန်းလှုပ် ခတ်ပုတ်လုယက် မာန်ခက်နလုံးပြို ငိုသူရွှင်သူ အူအူတက်မျှ[၂၅] အားရအင်ရွှဲ ခဲကိုက်လျက်စားကြကုန်၏။

ဘုရားလောင်းတေမိမင်းသားမူကား ဤသို့ မိမိကိုယ်ကို ဆုံးမတော်မူ၏။ 'သတို့သား တေမိမင်းသား။ သင်သည် အစမထင် သံသရာက ဤ မုန့်အရသာကဲ့သို့သော အရသာကို အခါမရေမတွက်နိုင်အောင် စားခဲ့ရလှလေပြီ။ နောင်သံသရာလည်း အဘယ်အခါမျှ ဆုံးမည်မသိ။ ဤထက်မကသော အရသာကိုပင်လည်း အခါမရေမတွက်နိုင်အောင် သင် စားရမည်ကားမချွတ်။ သံသရာဝဋ်မလွတ်မီ အထဲတွင်ငရဲမီးအရှိန်ကို စည်းစိမ်မှတ်ထင်၍ သင်ခံစားလိုလျှင် ထိုမုန့်ခဲဖွယ် အပါယ်တံခါး၀ လမ်းစအကြောင်းရင်း မင်းဖြစ်ဖို့အမြစ်ကို ချစ်ခင်နှစ်သက် မြိန်ရှက်စွာ ဆုပ်ကိုင်၍စားလော့။ နလုံးထားအမြဲ ငရဲကိုမလိုလျှင် ထိုမုန့်၌အခင်အမင်ကို သင် မလိုက်နှင့်"ဟု ငရဲဘေးဖြင့် ခြိမ်း၍ဆုံးမတော်မူလျက် မျက်စိနှင့် ရူပါရုံဆိုင်လျှင် အနိုင်နှိပ်တတ်သော ရသတဏှာ[၂၆]ပေါ်လာခြင်းရှိ၍ သမာဓိအငြိမ်အသက် ပျက်အံ့သည်မှစိုးသောကြောင့် မြတ်နိုးခြင်းရှင်းရှင်းသန့်သန့် ကွာစေလိုသဖြင့် ထိုမုန့်ခဲဖွယ်တို့ကို မော်၍မျှမကြည့်ရှု၊ ပြုမိရာမျက်နှာထားပြကတေ့ဖြင့် သိမ်မွေ့တည်ကြည်စွာ နေတော်မူ၏။

မယ်တော်, အထိန်းတော်တို့သည် မုန့်တချို့ကို ဘုရားလောင်း၏လက်၌ထား၍ တချို့မုန့်ကိုလည်း မိမိတို့ဖုံခြွေကာ မြိန်ရေရှက်ရေ 'ဤမုန့်မျိုးကား ချို၏ ဤမုန့်ကား ဆိမ့်၏'ဟုဆို၍ သူငယ်တို့အလိုပါ ချော့ရာသမျှ အလိုစမ်းငယ်တို့ဖြင့် ချော့မော့ဖြားယောင်းငြားသော်လည်း လှုပ်ရှားရုံမျှမရ လက်ဆွဲနှုတ်အ အယောင်ဆောင်၍ နေတော်မူ၏။ ထိုမုန့်ခဲဖွယ်တို့ကို ခံတွင်းသို့ခွံ့မှသာလျှင် သုံးဆောင်တော်မူ၏။

ဤသို့ ၁ နှစ်တိုင်တိုင် အခါသင့် ရံဖန်ရံဖန် တစ်နေ့ပတ်လုံး, တစ်နေ့ပတ်လုံး မုန့်ခဲဖွယ်ဖြင့် အလိုစမ်းကြကုန်၏။ ထိုမုန့်ခဲဖွယ်ဖြင့် အလိုစမ်းလျက် ၂ ခါလည်တိုင်အောင် ဘုရားလောင်းမင်းသား၌ တစ်စုံတစ်ခုသောအခွင့်ကိုမျှ မရလတ်သော် မှူးတော် မတ်တော်တို့သည် ရှေးနည်းအတူ မင်းကြီးအား လျှောက်ထား၍ အလိုစမ်းမျိုးတစ်နည်း တိုင်ပင်ကြံဆောင်ကြပြန်လေ၏။

[ဤကား ဘုရားလောင်းမင်းသား အရွယ်တော် ၂ နှစ်ရှိ၍ ၂ ကြိမ်မြောက်သော မုန့်ခဲဖွယ်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၂ နှစ်ကျော်ပြီးသော သူငယ်တို့ဝလေကား သွားခံ့ကျန်းပြီဖြစ်၍ သစ်သီးခဲဖွယ်တို့ကို အငယ် အကြီးမဟူ လှမ်းယူကိုက်ခဲ ပြုမြဲဓမ္မတာ ဖြစ်တော့သည်။ မည်သည့်အသီးမဆို အချိုအချဉ် စားကောင်းသမျှ ကြီးငယ်မရွေး ရှေးနည်းအတူ အလိုစမ်းရသော်ကောင်း၏"ဟု မင်းအမတ်တို့ အညီအညွတ်တိုင်ပင်ကြပြီးလျှင် ရာသီလိုက် အခါသင့်ပေါ်သော သရက်, ပိန္နဲ, နစ္ဆဲ, သစ်မည်, စည်, တည်, လွန်, သစ်ကြား စားကောင်းသမျှသော သစ်သီးမျိုးတို့ဖြင့် အလှည့်လှည့်အပြောင်းပြောင်း ဘုရားလောင်းမင်းသား အမတ်သားရွှေဖော်အစည်းအဝေး၌

www.burmeseclassic.com



ရှေးမှန့်ခဲဖွယ်မှာကဲ့သို့ နှစ်လိုစေကြောင်း ဖြားယောင်းပေးကမ်းလျက် မပြတ်လျှင် အလိုစမ်းကြကုန်၏။ အမတ်သား ၅၀၀တို့သည်လည်း မုန့်ခဲဖွယ်မှာကဲ့သို့ပင်လျှင် အချင်းချင်း ငြင်းခုံပုတ်ခတ်ခြင်းကိုပြု၍ လုယူမြိန်ရှက် နှစ်သက်ရွှင်လန်းစွာ စားကြကုန်၏။

ဘုရားလောင်းမင်းသားမူကား ရှေးနည်းအတူလျှင် ငရဲဘေးဖြင့်ခြိမ်း၍ မိမိကိုယ်ကိုဆုံးမလျက် ငဲ့ကွက်မယိမ်း မတိမ်းမလှည့် ရှုကြည့်မမူ အယူမယိုင် ခိုင်မတ်စွာနေတော်မူ၏။ ဤသို့ သစ်သီးကြီးငယ်ဖြင့် ၁နှစ်ပတ်လုံး ရံဖန်ရံဖန် အလိုစမ်းကြသော်လည်း ဘုရားလောင်းအား တစ်စုံတစ်ခု ပြုမြဲသောအမူအရာမှ ထူးသောအခွင့်ကို မမြင်နိုင်ကြလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူ မင်းကြီးအားလျှောက်ထား၍ မင်းသား၏ အရွယ်နှင့်ချင့်လျက် အလျော်သင့်တစ်နည်း အလိုစမ်းရန် တိုင်ပင်ကြံဆောင်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၃ နှစ်ရှိ၍ ၃ကြိမ်မြောက်သော သစ်သီးကြီးငယ်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ “၃ လလည်ကျော်ပြီးသော သူငယ်တို့မည်သည်ကား ယောကျ်ားဖြစ်သော် ယောကျ်ားအလိုက်, မိန်းမဖြစ်သော် မိန်းမအလိုက် အမျိုးတို့စရိုက်[၅၇]အားလျော်စွာလျှင် ဆင်ရုပ်, မြင်းရုပ်, ဆိတ်ရုပ်, ကြက်ရုပ်စသည် တိုက်၍ကစားခြင်း၊ ထွန်ငယ်, လှည်းငယ်, လှေငယ် စသည်ဖြင့်ကစားခြင်း၊ အိုးပုတ်ငယ်, ဇန်းငယ်, ဆန်ကောငယ် စသည်ဖြင့်ကစားခြင်း၊ ယဉ်မင်းငယ်[၅၈]စသည်ဖြင့် ကစားခြင်း မိဘတို့အလေ့နှင့်လျော်စွာ ထိုသို့ များစွာသောသူငယ်တို့ ကစားဖွယ်မှုကို အလိုရှိချင်မြဲ ဖြစ်သည်။ ဤ သခင့်သားတော်အားလည်း အရွယ်နှင့် လျော်စွာ ဆင်ရုပ်, မြင်းရုပ်, နွားရုပ်, လားရုပ်, ဆိတ်ရုပ်, ကြက်ရုပ် စသော မင်းသားငယ်တို့ ကစားဖွယ်အရုပ်ဖြင့် အလိုစမ်းရသော်ကောင်း၏”ဟု အညီအညွတ်တိုင်ပင်ကြပြီးလျှင်၊ အထူးထူးအပြားပြား ရှုချင်ဖွယ်အဆင်းရှိသော ရွှေစင်ငွေစင် စသည်ဖြင့်ပြီးသည်ဖြစ်၍ ဆန်းကြယ်လှစွာ ပြုလုပ်စီရင်အပ်သော ဆင်ရုပ်, မြင်းရုပ်, နွားလားရုပ်, ဆိတ်ရုပ်, ကြက်ရုပ် စသည်များစွာ ကစားဖွယ်အရုပ်တို့ကို နန်းရင်ပြင်၌ အမတ်သား ၅၀၀ ခြံရံလျက် နေစေအပ်သော တေမိမင်းသား၏ရှေ့တူရူ မနီးမဝေးတွင် ခင်းကျင်းကာထား၍၊ “ဤအရုပ်ငယ်များကား ကစားချင်စဖွယ် အလွန်လှ၏။ ဆင်တိုက်ခြင်း, မြင်းတိုက်ခြင်း, နွားလားတိုက်ခြင်း, ဆိတ်တိုက်ခြင်း, ကြက်တိုက်ခြင်း စသည်ဖြင့် အလိုရှိရာ ကစားကြလော့”ဟု သူငယ်တို့အကြိုက် အလိုလိုက်ချော့မော့မြူးရွှင် မျိုးအလုံးစုံကိုပြု၍ ရှေးနည်းအတူပင် အလိုစမ်းကြပြန်လေ၏။ ဖွားဖက်တော် ရွှေဖော် ၅၀၀ တို့သည် ထို ဆင်ရုပ်,မြင်းရုပ်စသည်တို့ကိုမြင်လျှင် သူငယ်မမွတာ တန်ရာတွင်မရပ် လတ်လတ်ရွှင်ရွှင် မြင်တိုင်းလိုချင်ခြင်းဖြင့် အချင်းချင်း ငြင်းခုံခတ်နှက် လုယက်ဆိုယူ ကလူပျော်ပါး ကစားကြကုန်၏။

ဘုရားလောင်းတေမိမင်းသားမူကား ငရဲမီးတောက် အနီးရောက်သကဲ့သို့ ကြောက်လန့်ခြင်းဘေးဖြင့် ခြိမ်းသည်ဖြစ်၍ မတိမ်းမလှည့် ကြည့်ရှုမမူ ရှေးနည်းအတူ မိမိကိုယ်ကိုဆုံးမလျက် ငြိမ်သက်တည်ကြည်စွာ နေတော်မူ၏။ ဤသို့ သူငယ်တို့ ကစားဖွယ်ဖြစ်သော ဆင်ရုပ်, မြင်းရုပ်စသည်တို့ဖြင့် တစ်ကြိမ်မပါ တစ်ကြိမ်ပါ အခါသင့်ရံဖန်မပြတ် ၁ နှစ်ပတ်လုံး အလိုစမ်းကြကုန်၏။ ညဉ့်, နေ့ အခါမပြတ်လည်း အရွယ်နှင့်လျော်စွာ လိုရာချော့မော့ ဖြားယောင်းခြင်း အလိုစမ်းငယ်တို့ဖြင့်လည်း စမ်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အလိုစမ်းကြသော်လည်း ဘုရားလောင်းအား ထူးခြားသောအခွင့်ကို မမြင်နိုင်ကြလတ်လျှင် အမတ်တို့သည် မင်းကြီးအား အကြောင်းကို လျှောက်ထား၍ မင်းသားအရွယ်နှင့်ချင့်လျက် အလျော်သင့်တစ်နည်း အလိုစမ်းရန် တိုင်ပင်ကြံဆောင်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၄နှစ်ရှိ၍ ၄ကြိမ်မြောက်သော သူငယ်တို့ကစားဖွယ်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၄ ခါလည်ကျော်ပြီးသော သူငယ်မည်သည်ကား စားဖွယ်ခဲဖွယ်ကို ခင်မင်တတ်၏။ စားဖွယ် ခဲဖွယ် အထူးထူးစီရင်၍ အလိုစမ်းသော် ကောင်း၏"ဟု မင်းအမတ်တို့ အညီအညွတ်တိုင်ပင်ကြပြီးလျှင် အထူးအမြတ် ကောင်းမွန်မြိန်နိုးရာ စီရင်အပ်ပြီးသော ထမင်းဟင်းလျာ ဘောဇဉ်[၅၉]တို့ကို ရှေးနည်းအတူ မင်းသားအထံ၌ ကပ်ပေကုန်၏။ သူငယ်ရွှေဖော် ၅၀၀ တို့သည် ထိုဘောဇဉ်မြိန်ရှက်ဖွယ်တို့ကိုမြင်လျှင် ခင်မင်စုံမက် နှစ်သက်ရွှင်လန်းစွာကိုင်ဆုပ်၍ အလုပ်အလွေ့ မြိန်ရေရှက်ရေ စားကြကုန်၏။

ဘုရားလောင်း တေမိမင်းသားမူကား ငရဲဘေးဖြင့် ခြိမ်းသည်ဖြစ်၍ မိမိကိုယ်ကို ဤသို့ ဆုံးမတော်မူ၏။ "ချစ်သား တေမိယကုမာရ၊ အစမထင် ကျင်လည်ခဲ့ရသော သံသရာအယဉ်တွင် ဤဘောဇဉ်ကဲ့သို့ သုံးချင်မရက် နှစ်သက်ဖွယ်ရှိသောဘောဇဉ်ကို ကြဉ်ရှောင်သဖြင့် မစားရသောဘဝ, ဒုဗ္ဘိက္ခ[၆၀]ထိ၍ မရှိသဖြင့် မစားရသောဘဝ, နွမ်းနယ်ဆင်းရဲ ဇာတ်ကွဲ၍မထိုက်သဖြင့် မစားရသောဘဝတို့ကို ဂဏန်းသင်္ချာချ၍ ရေတွက်သော်လည်း မရေတွက်နိုင်၊ များစွာ ကြိမ်ခဲ့ရလှလေပြီ။ မြင့်မြတ်ချမ်းသာ ကောင်းစွာအမျိုးအလိုက် ထိုက်တန်သဖြင့် စားရသောဘဝ, သုဘိက္ခ[၆၁] သမ္ပတ္တိ ဝပြောခြင်းရှိ၍ ပြည့်စုံသဖြင့် စားရသောဘဝ တို့ကိုလည်း ဂဏန်းသင်္ချာချ၍ မရေတွက်နိုင်။ များလှစွာလေပြီ။ ယခုလည်း ငရဲဘေးကိုကြောက်သော သင်သည် အမျိုးအလိုက် ထိုက်တန် ကောင်းမြတ်စွာ ရှေ့သို့ရောက်လာသော ဤဘောဇဉ်ကို အမိဋ္ဌာန်ခြင်း အင်္ဂါမပျက်အောင် ကြဉ်ရှောင်သဖြင့် အခွင့်လိုရာ အပြီးရောက်ကြောင်း မစောင်းမတိမ်း ဆောက်တည်လော့။ ငဲ့ကွက်ခြင်း သင်မရှိနှင့်"ဟုမိမိကိုယ်ကို ဆုံးမတော်မူ၍ ပြကတေ့ဣန္ဒြေမပျက် ငဲ့ကွက်မကြည့် မလှည့်မလည် တည်ကြည်စွာနေတော်မူ၏။

ထိုသို့ မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာနေသည်ကို မယ်တော်မိဖုရား တစ်ပါးကွယ်ရာက အခါလေးမြင့် စောင့်စားလျက် မခြားမထူးမြင်လျှင် လိုအင်မရ၍ ထတုံထိုင်ထုံ အာရုံမရောင့်ရဲ စိတ်ထဲအပူအပန်ကို သည်းမခံနိုင်သောနှလုံးဖြင့် ပုန်းကွယ်ရာကထွက်၍ စုံမက်သနားဖွယ် အသွယ်သွယ်ဖြားယောင်းလျက် ကောင်းစွာကျွေးမွေးပေ၏။ ဘုရားလောင်းမင်းသားသည်လည်း ထို ထမင်းဟင်းလျာ ဘောဇဉ်တို့ကို ခံတွင်းသို့ ရောက်မှသာလျှင် သုံးဆောင်တော်မူ၏။ ဤသို့ မြိန်ရှက်ဖွယ်သော ဘောဇဉ်တို့ဖြင့် အခွင့်တစ်ခါမရ တစ်ခါရ ကောင်းလှစွာစီမံ၍ ကြိမ်ဖန်များစွာ အခါမပြတ် ၁နှစ်ပတ်လုံး အလိုစမ်းကြကုန်၏။ အရွယ်နှင့် ထိုက်တန်ရာယှဉ်၍ အစဉ်မပြတ်သော အလိုစမ်းငယ်တို့ဖြင့်လည်း စမ်းကြကုန်၏။ ထိုသို့ အလိုစမ်းကြသော်လည်း ဘုရားလောင်းမင်းသားအား ထူး၍သော အခွင့်ကိုမမြင်နိုင်ကြလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူ အကြောင်းကို မင်းကြီးအားလျှောက် အရွယ်နှင့်လျော်က်၍ အရွယ်နှင့်လျော်ကပတ်သော အလိုစမ်းဖွယ်တစ်နည်း တိုင်ပင် ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၅နှစ်ရှိ၍၊ ၅ကြိမ်မြောက်သော ထမင်း, ဟင်းလျာ, ဘောဇဉ်ဖြင့် အလိုစမ်းခြင်းတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ၅နှစ်အရွယ် ရှိပြီးသော သူငယ်မည်သည်ကား ထွားနသော ကိုယ်ဣန္ဒြေသည်းခြေနှလုံးလည်း မငြိမ်သက်တုန်းအချိန် မီးအရှိန်အလျှံကို မခံစားဝံ့။ ထိတ်လန့်ကြောက်ရွံ့ခြင်း ပြင်းပြစွာရှိတတ်သည်ဖြစ်၍ 'မနှစ်လိုဖွယ် အရှိန်ကြီးသောမီးဖြင့် အလိုစမ်းရသော်ကောင်း၏'ဟု မင်းအမတ်တို့ အညီအညွတ်တိုင်ပင်ကြပြီးလျှင် မင်းရင်ပြင် မုခ်နန်းတော်ရှေ့တလင်းတွင် အလျင်အမြန်ထွက်ပြေးသာအောင် များစွာထွက်ပေါက်တံခါးအဝထား၍ မင်းသားငယ်ကစားရာ ကြီးစွာတဲအိမ်မြေနန်း ဆောက်လုပ်စေလျက် ထန်းလက်ခက်ရွက်ခြောက်မိုးစေပြီးသော် ရွှေဖော်အမတ်သား ၅၀၀ အခြံအရံနှင့်တကွ ဘုရားလောင်းမင်းသားငယ်ကို ထိုတဲအိမ်တွင်း မြေတလင်းပြင်၌ ကစားစေလိုသောအဖြစ်ဖြင့် အမှတ်မဲ့နေစေ၍ အလန့်တကြား တစ်ပါးမျက်နှာလွှဲကာ တဲအမိုးထန်းရွက်ခြောက်ကို မီးတောက်ဖြင့်ရှို့မြိုက်လေလျှင် လျင်စွာတဲမိုးအလုံး ဟုန်းဟုန်းတောက်မျှ လောင်လေ၏။ ထိုအခါ အမတ်သား ၅၀၀ တို့သည် မီးလျှံစွဲကူးသည်ကို ရှေးဦးစွာ မြင်စဉ်ကလျှင် နီးရာတံခါးဖြင့် ထွက်သွားဟစ်အော် ကြွေးကြော်မြည်တမ်းလျက် ပရမ်းပတာ[၁၃၁]ပြေးကြလေ၏။

ဘုရားလောင်း တေမိမင်းသားမူကား ဤသို့ ကြံတော်မူ၏။ 'ဤထန်းရွက်ခြောက်မီးသည် ပူသော်လည်း ငါ့ကို လောင်ရုံမြိုက်ရုံမျှသာ ရှိမည်။ အရိုးအသား ကျွမ်းလောင်အောင်မျှ အပူမကြီးရာ။ ငရဲအဝီစိမီးမူကား အနီးမတွေ့ အဝေးအခိုးနှင့်ပင် အရိုးအသား ကြေကျွမ်းဘနန်း[၁၃၂]လျှမ်းလျှမ်းတက်မျှ ဤမီးထက် အဆအရာ, အဆအထောင်, အဆအသိန်းမက အရှိန်အပူ ကြီးစွာတုံသေး၏'ဟုကြံလျက်၊ "ချစ်သား တေမိယကုမာရ။ ဤထန်းရွက်ခြောက်မီးကိုမျှ သည်းမခံနိုင်ထွက်ပြေးခဲ့လျှင် ငရဲမီးမှာ အသို့လျှင် သင် ခံနိုင်ပါအံ့နည်း။ ငရဲမီးကိုကြောက်၍ မင်းမပြုလိုလျှင် ဤမီးပူကို အဓိဋ္ဌာန်မပျက်အောင် သင်သည်းခံလော့"ဟုမိမိကိုယ်ကို ဆုံးမတော်မူ၍ ပူပြင်းကြောက်လန့်ဖွယ်သော အနိဋ္ဌာရုံ၌[၁၃၃]တုန်လှုပ်ကြောက်လန့်တတ်သော'ဒေါသမူ ဗျာပါဒ'စိတ်ကို နှင်းနှိပ်အောင်မြင်ပြီး မထေရ်ကြီးအဝါ ၆၀ ကျော်ရှိ နိရောဓသမာပက်သို့ ဆည်းကပ်သောအခိုက်အခါ အနာဂါမ်ရဟန္တာအရှင်မြတ်တို့ကဲ့သို့ နှစ်လို၍လည်းမဟုတ်, စက်ဆုပ်၍လည်း စိတ်မညစ်, လျစ်လျူသြဘော လိုအပ်သောအမူရင်း၌သာလျှင် နှလုံးသွင်းစွဲချည်လျက် တည်ကြည်စွာ မတုန်မလှုပ်နေတော်မူ၏။

ထိုသို့ မီးလျှံအရှိန်အဝါ ထလျက်လည်း မတုန်မလှုပ်နေသော မင်းသားကိုမြင်လျှင် အထိန်းတော်တို့သည် မင်းသား၏အနီးသို့ မီးရောက်လတ်သောအခါ မီးပွားမီးပေါက် ကျရောက်အံ့သည်မှစိုးသောကြောင့် ဘုရားလောင်းမင်းသားကို ပိုက်ချီသိမ်းယူကြကုန်၏။ ထိုသို့ မီးဖြင့် ရံဖန်ရံဖန် အခါမပြတ် ၁နှစ်ပတ်လုံး တစ်ကြိမ်မကြောက် တစ်ကြိမ်ကြောက်အောင် ခြောက်ခြိမ်း၍ အလိုစမ်းကြကုန်၏။ အရွယ်နှင့်လျော်စွာ တစ်နေ့မပြတ်လည်း အလန့်တကြား ယောင်မှား၍စကားပြောအောင်၊ လက်,ခြေလှုပ်ရှားအောင်၊ နားလှည့်၍ ထောင်အောင် ကြံဆောင်လျက် ထိုထိုတော်သင့်ရာ အလိုစမ်းငယ်တို့ဖြင့်လည်း စမ်းကြကုန်၏။

ထိုသို့လူတွင် ဆေးစီရင်နည်းကျမ်း၌ 'ပူချမ်းဥတု၊ အိမ်မှုမိကြူး၊ လန့်မူးကြောက်ထိတ်၊ စိတ်အကြံများ၊ အစားမတော်၊ အိပ်မပျော်နိုး၊ ရေချိုးမသင့်'ဤသို့အားဖြင့် ၇ ပါးသော အနာရောက်ကြောင်းတွင် ဘုရားလောင်းမင်းသားကိုယ်တော် ဖျော့တော့[၁၃၄]ညှိုးကြုံ မတုန်မလှုပ်နေသောအနာကို ပညာရှိအများ တွေးဆ၍ စိတ္တဇသော[၁၃၅]ဖြစ်သည်ဟု စင်စစ် သိသဖြင့် အသင့်တော်ရာရှာ၍ ထိုသို့အလိုစမ်းဆေး ပေးကုစီရင်ကြသော်လည်း စိတ်တော်အကြိုက်နှင့် အလိုက်မသင့်၍ အခွင့်မရကြလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးအား လျှောက်ထား၍ အရွယ်တော်တစ်ဦး ကူးပြောင်းပြန်သည်နှင့်လျော်စွာ ရှာကြံလျက် အလိုစမ်းတစ်နည်း တိုင်ပင်ကြံစည်ပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၆နှစ်ရှိရင် ၆ကြိမ်မြောက်သော မီးဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၆ နှစ်အရွယ်ရှိပြီးသော သူငယ်မည်သည်ကား အသွေးအသားနှလုံးနေ ဣန္ဒြေရင့်ချိန် လိမ္မာစအရွယ် ကြောက်မက်ဖွယ်,ဖျော်ပါးဖွယ် ၂ သွယ်သောအမှု၌ စုဝေးနိုင်သဖြင့် ဆိုင်ပြိုင်တူရှု ရှေးရှုလာသော အမုန်ယစ်သောဆင်ကိုမြင်လျှင် ကြောက်လန့်တတ်သည်ဖြစ်၍ ဆင်ဖြင့်စမ်းရသော် ကောင်း၏"ဟု မင်းအမတ်တို့သည် တိုင်ပင်ညီညွတ်ကြပြီးလျှင် မင်းသားအား အန္တရာယ်မဖြစ်စေခြင်းငှာ လက္ခဏာဝင် ဆင်ကောင်းဆင်မြတ်တစ်စီးကို သူငယ်အလိုစမ်း ခြောက်ခြိမ်းသောအမှု၌ လိမ္မာစေကြောင်း ကောင်းစွာသင်ပြီးသော် ရွှေဖော်အမတ်သား ၅၀၀ အခြံအရံနှင့်တကွ ဘုရားလောင်းမင်းသားကို မင်းရင်ပြင်မုခ် နန်းတော်ဦးမြေတလင်း၌ ထား၍ ထိုဆင်ပြောင်ကို လွှတ်လိုက်လျှင် ချင်ချင်တက်မှုကြောက်မက်ဖွယ် ကြိုးကြာသံကဲ့သို့ မာန်သံပေးလျက် အမုန်ယစ်သော ဆင်အမှုအရာသင်ခြင်း၌ လိမ္မာ၍ နှာမောင်းအိုးခွဲဖောက်လျက် ကြောက်လန့်ဖွယ် မြေ၌ ရိုက်ဆောင့်ပုတ်ခတ်ကာ ပြင်းစွာမာန်ကြီး အမြီးကိုတန်း၍ မုန်းရွယ်တူရှု စွယ်ဖြူ ဖွေးဖွေးခင်းလျက် မင်းသားငယ် တစ်စုကို ယခုလိုက်၍ တိုက်ထိုးနင်းပစ်ယောင်ဆောင်ကာ ပြေးဝင်လာလတ်သော် ဖွားဖက်ရွှေဖော် အမတ်သား ၅၀၀ တို့သည် ပြင်းစွာသောအားမှ ကြောက်လန့်ခြင်းနှလုံးမွှန်သဖြင့် မြည်တွန်အော်ဟစ်လျက် မျက်နှာတူရှု ရှေးရှုမိရာအရပ်တို့သို့ လန့်ဖျပ်ဒိုကြွေး ပြေးရှောင်ကြလေ၏။

ဘုရားလောင်း တေမိမင်းသားမူကား အမုန်ယစ်သောအသွင်ဖြင့် ထိုဆင်ပြောင် လာလတ်သည်ကိုမြင်လျှင် ဤသို့ ကြံတော်မူ၏။ 'ငါသည် အခါမြင့်မြံ ဆင်းရဲကြီးသောငရဲမီး၌ ကြမ်းကြုတ်စွာကြမ္မာစီရင်တိုင်း ခံလျက် သေရသောထက် ဤဆင်ကြမ်းလက်တွင် တစ်ခဏတွက်ရုံမျှ နှိပ်စက်လတ္တံ့သောဒဏ်ကိုခံလျက် သေရသော် အဆ အသိန်းအသန်းမက မြတ်သေး၏။ ကြောက်၍ ငါပြေးလျှင် အရေးကောင်းဟူသမျှပျက်သဖြင့် ရှက်ဖွယ်သာ ရှိတော့မည်။ တည်ကြည်စွာ အင်္ဂါ ၃ပါး ဆောက်တည်ရင်းကိုသာ နှလုံးသွင်းခြင်း ဖြောင့်စင်းစေ'ဟု ဣန္ဒြေမပျက် စေဘဲ ငရဲဘေးဖြင့်ခြိမ်းခြောက်သည်ဖြစ်၍ မတုန်မလှုပ် ငြိမ်သက်စွာနေတော်မူ၏။

အခြောက်အခြိမ်းမှု၌ သင်ပြီးသည်ဖြစ်၍ လိမ္မာလှစွာသော ထိုဆင်ပြောင်သည်လည်း ကြောက်မက်ဖွယ် မာန်ဖြင့် လာလတ်ပြီးလျှင် ဘုရားလောင်းမင်းသားကို နှာမောင်းဖြင့် ပန်းစည်းကိုချီသည်နှင့်အတူ မွေ့ယူချီပိုက်၍ ရိုက်ယောင်ပစ်ယောင် နင်းထိုးသတ်ညှစ်ဟန် အယောင်ဆောင်လျက် တောင်, မြောက်,ဘယ်,ညာ လှုပ်ရှားကာ ခြိမ်းခြောက်လျက် မြှောက်တုံနှိပ်တုံ မင်းသားအားလည်း မပင်မပန်းစေရအောင် ဖြည်းဖြည်းညင်းညင်း မြင်ကွင်းမခံဝံ့ရုံပြု၍ ရှုကြည့်သူအများ သနားခြင်းဖြစ်သောအခါမှ အသာအယာ နေရာမြေတလင်းတွင် ချထားစေသဖြင့် လွှတ်ရာဖဲခွာ၍ နေလေ၏။

ဤသို့ မာန်ယစ်သောဆင်ဖြင့် ရံဖန်ရံဖန် အခါမပြတ် ၁ နှစ်ပတ်လုံး ကြောက်လန့်ဖွယ်မှုပြု၍ အလိုစမ်းကြကုန်၏။ အရွယ်နှင့်တော်သင့်ရာ အလိုစမ်းငယ်တို့ဖြင့်လည်း တစ်နေ့မပြတ် စမ်းကြကုန်၏။ ထိုသို့စမ်းကြသော်လည်း အလိုတော်နှင့်မသင့်၍ အခွင့်အထူးအခြားကို မမြင်လတ်ကြလျှင် အမတ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



ရှေးနည်းအတူ အကြောင်းကို မင်းကြီးအားလျှောက်ထား၍ နှစ်အရွယ်တော်တစ်ဦး ကူးပြောင်းပြန်သည်နှင့် လျော်စွာရာကြဲလျက် အလိုစမ်းနည်းတစ်နည်း တိုင်ပင်ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၇နှစ်ရှိ၍ ၇ကြိမ်မြောက်သော ဆင်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၇ နှစ်အရွယ်ရှိပြီးသော သူငယ်မည်သည်ကား ထောက်ထားဆင်ခြင်တတ်သော ဉာဏ်သတိ ရှိလောက်ချိန် မဟုတ်။ စက်ဆုပ်ရွံရှာ ကြောက်စရာမြင်လျှင် လျင်စွာကြောက်လန့်တတ်သည်ဖြစ်၍ မြွေဖြင့် အလိုစမ်းရသော် ကောင်း၏"ဟု တိုင်ပင်ကြပြီးလျှင်၊ မြွေငန်း, မြွေဟောက်စသော ပါးပျဉ်းရှိသောမြွေတို့ကို များစွာဖမ်းယူစေ၍ မြွေသမားအလမ္ပါယ်[၂၇]တို့သည် အစွယ်နုတ်ခြင်း, နှုတ်အာမလှုပ် ချုပ်စပ်ဖွဲ့စည်းခြင်းတို့ဖြင့် အန္တရာယ်မဖြစ်စေကြောင်း ကောင်းစွာစီရင်ပြီးသော် ဖွားဖက်ရွှေဖော် အခြံအရံ ၅၀၀ နှင့်တကွ ဘုရားလောင်း မင်းသားကို ထိုဆင်နှင့်စမ်းရာ မြေတလင်း၌ပင်ထား၍ များစွာသောမြွေအပေါင်းကို ဘုရားလောင်းသို့ ရှေးရှုလွှတ်စေကုန်၏။ ကြောက်မက်ဖွယ်ပါးပျဉ်းထလျက် လာလတ်သောမြွေအပေါင်းကိုမြင်လျှင် အမတ်သား ၅၀၀ တို့သည် ပြင်းစွာအော်ဟစ်မြည်တမ်း၍ လမ်းသင့်ရာတူရှုအရပ်တို့သို့ ပြေးကြလေကုန်၏။

ဘုရားလောင်း တေမိမင်းသားမူကား 'ငရဲဘေးဖြင့် ခြိမ်းသည်ဖြစ်၍ အဝီစိထဲ ငရဲ၏ခံတွင်းသို့ ဆင်းဝင်ရသော ဆင်းရဲခြင်းထက် ဤကြမ်းကြုတ်စွာသော မြွေ၏ခံတွင်းသို့ ရောက်ရခြင်းဆင်းရဲသည် အဆအသိန်း, အဆအသန်းမက မြတ်လှစွာသေး၏'ဟု ဆင်ခြင်တော်မူလျက် မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာ နေလေ၏။ ထိုအခါ မြွေငန်းကြီးတစ်ခုသည် ဘုရားလောင်း၏ကိုယ်အလုံးကို အခွေဖြင့် အဆင့်ဆင့်ပတ်ရစ်၍ ဦးခေါင်းထက် ပါးပျဉ်းဖြန့်မိုးကာ နေ၏။ ထိုသို့ အခွေဖြင့် မြွေပတ်ရစ်လျက် ကြောက်မက်ဖွယ်ရှိသော်လည်း ဖမ်းမိသောရန်ကို ကြောက်ရွံ့၍ပြေးခိုက်တွင် တိုက်မိရိုက်မိသော ချုံ့ဆူးငြောင့်ကို နှောင့်ယှက်သောရန်ဟု အကြံတစ်ခုပြု၍ မကြောက်သကဲ့သို့၊ ရောက်အံ့သောငရဲမီး ကြီးစွာသောရန်ကို ကြံ၍ကြောက်သဖြင့် လွတ်မြောက်အောင် ဆောင်ရွက်တုန်း နှလုံးသွင်းမြဲတော်မူ၍ မြွေရန်သူအနှောင့်အယှက်ကို ကြောက်မက်ဖွယ်မမှတ်၊ ၃ ရပ်သော အဓိဋ္ဌာန်[၂၈]ဖြင့် သည်းခံငြိမ်သက်စွာနေလျှင် မြွေကြည့်သူအများ သနားခြင်းဖြင့် မရှုကြည့်ဝံ့ အခန့်တန်မှ အလမ္ပာယ်ကိုစေ၍ ထိုမြွေကို သိမ်းယူစေ၏။

ထိုသို့ အဆိပ်ထန်သော မြွေမျိုးကြောက်မက်ဖွယ်ဖြင့် အသင့်စီမံ၍ ရံဖန်ရံဖန် ၁ နှစ်ပတ်လုံး အလိုစမ်းကြကုန်၏။ အရွယ်နှင့်လျောက်ပတ်ရာ များစွာသောအလိုစမ်းငယ်တို့ဖြင့်လည်း တစ်နေ့မပြတ် အလိုစမ်းကြကုန်၏။ ထိုသို့စမ်းကြသော်လည်း စိတ်တော်အကြိုက်နှင့် အလိုက်သင့်မကြုံ၍ တစ်စုံတစ်ခုမျှ ထူးသောအခွင့်ကို မမြင်ကြလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူ မင်းကြီးအား လျှောက်ထားကြ၍ ၁ နှစ် စေ့လတ်သော် အရွယ်တော်နှင့်လျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင်ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၈ နှစ်ရှိ၍ ၈ကြိမ်မြောက်သော မြွေဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၈ နှစ်ရွယ်ကျော်ပြီးသော သူငယ်မည်သည်ကား စိတ်ရွှင်ပျော်ပါးခြင်း ပွဲသဘင်ကို ခင်မင်ချိန်ရောက်ပြီဖြစ်၍ ကချေသဘင်ဖြင့် အလိုစမ်းရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြပြီးလျှင် မင်းရင်ပြင်မုခ်နန်းတော်ဦး၌ ဘုရားလောင်းမင်းသားကို ဖွားဖက်ရွှေဖော် သူငယ်တော် ၅၀၀ အခြံအရံနှင့်



www.burmeseclassic.com

www.burmeseclassic.com



တကွနေစေ၍ ကြီးစွာသောပွဲသဘင်ကို ပြုကြကုန်၏။ တိုင်တက်,ကွင်းလျှိုး, ကြိုးတန်းလျှောက်, ကျွမ်းသမားတို့သည်လည်း မျက်စိ, နား ပျော်ဖွယ်ရယ်ဖွယ် အသွယ်သွယ်အတတ်ကိုပြခြင်း၊ ကချေသည်, သီချင်းသည်တို့သည်လည်း မျက်စိ, နား ပျော်ဖွယ်အသွင်သွင် ကခြင်း၊ သီချင်း, ပတ်, စည်, နှဲ, ခရာ များစွာသော တီးမှုတ်ခြင်းမျိုးတို့ဖြင့်လည်း မျက်စိ,နား ပျော်ဖွယ်ရယ်ဖွယ် တီးမှုတ်ခြင်း,လက်ပမ်းသည်တို့သည်လည်း လက်ပမ်းကစားခြင်း၊ မျက်လှည့်သည်တို့သည်လည်း သန်လျက်မျိုခြင်း, မီးပုံဆင်းခြင်း, ကောင်းကင်တက်သွားခြင်း, ကိုယ်တစ်ခြမ်းကိုလှုပ်စေခြင်း စသော မျက်စိပျော်ဖွယ်ရယ်ဖွယ် အတတ်ကိုပြခြင်း စသည်တို့ဖြင့် များသောအလုံးစုံသော ကချေသဘင်မျိုးတို့ကို တစ်ဦးမရှုင် တစ်ဦးရှင်စီရင်၍ အလှည့်လှည့်အခြားခြား များစွာပြစေလျက် အလိုစမ်းကြကုန်၏။ ဖွားဖက်ရွှေဖော် ၅၀၀တို့သည် ထိုထိုသို့သော ပွဲသဘင်တို့ကိုမြင်လျှင် အလွန်ရွှင်ခြင်း, ဝမ်းမြောက်ခြင်းဖြင့် "ကောင်းစွ။ ကောင်းစွ"ဟုဆိုကြကုန်လျက် ပြင်းစွာရယ်ခြင်းကို ပြုကြကုန်၏။

ဘုရားလောင်း တေမိမင်းသားမှာမူကား 'ယခုသာ ကောင်းစေ, နောက်နောင် ဖြစ်ရာဖြစ်စေ'ဟု ပညာမသိမ်းဘဲ ပြိန်ဖျင်းသောလူတို့၏အယူကို နှလုံးမထား၍ "ချစ်သား တေမိယကုမာရ။ သင်သည် ငရဲခံရသော အခါ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ခန့်မျှ နှလုံးသာယာခြင်းကို ရဖူးသလော။ ဤသဘင်ကို သင် မရှုကြည့်ရသည် ဟူ၍ ငရဲထက်ဆင်းရဲသည် မဟုတ်။ အလွန် ချမ်းသာစွာသေး၏။ အဘယ်ကြောင့် မဆောက်တည်နိုင်ပါအံ့နည်း"ဟု မိမိကိုယ်ကို ဆုံးမတော်မူလျက် ငြိမ်သက်တည်ကြည်စွာ မတုန်မလှုပ်နေတော်မူ၏။ ခဏချင်းဝင်၍ လှုပ်ချောက်တတ်သော ပျော်ရွှင်မှုစိတ် ချိတ်ရိပ်လာအံ့စိုးသောကြောင့် နောင့်ယှက်လာသောပွဲသဘင်ကို မြင်ရုံမျှ ကြည့်တော်မမူ။

ဤသို့ ၁ နှစ်ပတ်လုံး ရံဖန်ရံဖန် ကြီးစွာသောကချေသဘင်တို့ဖြင့် အလိုစမ်းကြကုန်၏။ အရွယ်နှင့် လျောက်ပတ်ရာ များစွာအလိုစမ်းငယ်တို့ဖြင့်လည်း တစ်နေ့မပြတ် အလိုစမ်းကြကုန်၏။ ထိုသို့စမ်းကြသော်လည်း ဘုရားလောင်း၏စိတ်တော်နှလုံးသွင်းကဲ့သို့ မင်းအဆက်ဆက် အသက်တမ်းအလီလီ ကုန်သော်လည်း ကြုံတွေ့ရခဲသောအမှုဖြစ်၍ အနုမာနဉာဏ်[၁၅၉]ဖြင့် အမှန်ကျကျ မဆမသိနိုင်ခြင်းကြောင့် အခွင့်အထူး မမြင်ကြလတ်လျှင် အမတ်တို့သည် ရေးနည်းအတူ မင်းကြီးအား လျှောက်ထား၍ ၁ နှစ်ကုန်ပြီးသဖြင့် ခြားပြန်သောအရွယ်နှင့်လျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင်ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်းအရွယ်တော် ၉ နှစ်ရှိ၍၊ ၉ ကြိမ်မြောက်သော ကချေသဘင်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၉နှစ်ကျော် ရွယ်ရှိပြီးသော သူငယ်မည်သည်ကား နှလုံးသည်းခြေမငြိမ် လန့်ထိတ်တတ်ချိန် အရွယ်ဖြစ်၍ သန်လျက်ကို ကြောက်တတ်၏။ သန်လျက်ဖြင့်အလိုစမ်းရသော် ကောင်း၏"ဟုတိုင်ပင် ညီညွတ်ကြပြီးလျှင် မင်းရင်ပြင်မုခ်နန်းတော်ဦး၌ အခြံအရံသူငယ်ဖော် ၅၀၀ တို့ကို ကစားစေလျက် ဘုရားလောင်းမင်းသားကိုနေစေပြီးသော် ထိတ်လန့်ဖွယ်အသွင် အဆင်းကြမ်းခက်ပြက်ချော်စွာ သူငယ်တို့ကို ခြောက်ခြိမ်းတတ်သော ယောကျ်ားတစ်ယောက်ကို ဖန်ရောင်ဝင်းဝင်းရှိန်ရှိန် ထိန်ထိန်လက်လက်တောက်သော ကြောက်မက်ဖွယ်သန်လျက်ကို ပေးအပ်၍ ခြောက်ခြိမ်းစေ၏။ ထို သန်လျက်စွဲသောယောကျ်ားသည် ပုဆိုးကို တင်သီးနား[၁၆၀]ပေါ်အောင် ခါးတောင်းကျိုက်၍ လက်ပန်းပေါက်ခတ်လျက် သန်လျက်စွဲကိုင်ကာ ကြုံးပကြွေးကြော် ခုန်လွှားခြင်းပြင်းပြစွာ အသံကြောက်ရွံ့ ထိတ်လန့်ဖွယ်အသွင်အပြင်ဖြင့်"ဟယ်၊ အချင်းတို့။ ကာသိကရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးတွင် လူဖော်မဝင် အင်္ဂါချို့တဲ့သော သူယုတ်မာဆွံ့အ နားပင်းသားတစ်ယောက် ရှိ၏ဆိုသည်။ အဘယ်မှာ နည်း။ ထိုသူငယ်ယုတ်၏ဦးခေါင်းကို ယခုပင် ဖြတ်မည်"ဟု ခြိမ်းမောင်းလျက် သူငယ်အပေါင်းကစားရာသို့ ရေးရှုလျင်စွာ လိုက်လေ၏။ ထိုယောကျ်ားကိုမြင်လျှင် အမတ်သား ၅၀၀ တို့သည် ကိုးကွယ်ရာမရ ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ မြည်တမ်းငိုကြွေးလျက် ပြေးပုန်းကြကုန်၏။

ဘုရားလောင်း တေမိမင်းသားမှာမူကား 'ဤသန်လျက်ဘေးသည် ငရဲဘေးထက် မကြီးနိုင်ရာပြီ'ဟု ဆင်ခြင်တော်မူလျက် မသိယောင်ကဲ့သို့ ပြကတေ့အတိုင်း နေတော်မူ၏။ သန်လျက်စွဲသောယောကျ်ားသည် ဘုရားလောင်းကို သန်လျက်ဖြင့်ရွယ်လျက်"အချင်း သူယုတ်မာ။ သင့်ဦးခေါင်းကို ယခုဖြတ်မည်"ဟုအနီးအကပ် ကြပ်တည်းစွာမောင်းမဲခြောက်ခြိမ်းလေ၏။ ထိုသို့ အစွမ်းရှိတိုင်းခြိမ်းခြောက်၍ ဘုရားလောင်း ကြောက်လန့် တုန်လှုပ်ခြင်း တစိုးတစိမျှမရှိသောအခါ လွှတ်ရာရှဲပြန်လေ၏။

ဤသို့ ၁ နှစ်ပတ်လုံး အခါမပြတ် တစ်ကြိမ်နောက်တစ်ကြိမ် ကြောက်လိမ့်နိုး,ထိတ်လိမ့်နိုးထင်၍ ရံဖန်ရံဖန်သန်လျက်ဖြင့် အလိုစမ်းကြကုန်၏။ အရွယ်တော်နှင့်လျောက်ပတ်ရာ များစွာသော အလို စမ်းငယ်တို့ဖြင့်လည်း တစ်နေ့မပြတ် အလိုစမ်းကြကုန်၏။ ထိုသို့စမ်းကြသော်လည်း သံဝေဂစိတ်အကျိုတ်အခဲကို ခွဲစိတ်ဝေဖြန့် အခန့်လျော်ရာမသင့်၍ အခွင့်မရကြလတ်လျှင် မှူးမတ်တို့သည် ရေးနည်းအတူ မင်းကြီးအား လျှောက်ထား၍ အရွယ်တော်တစ်ပါး ကူးပြန်သည်နှင့်လျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင်ကြံစည် ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၀နှစ်ရှိ၍၊ ၁၀ကြိမ်မြောက်သော သန်လျက်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါအမတ်ပညာရှိတို့သည် "ယခု မင်းသား အရွယ်တော် ၁၀ နှစ် ရှိပြီ။ အလီလီအခါခါ သင့်ရာသင့်ရာ အနည်းနည်းပြောင်းလှည့်၍ စမ်းကြလျက် အချက်မရရှိသည်မှာ အကယ်၍ ထိုမင်းသား နှလုံးအလို တစ်ခုခုအစွဲနှင့်သာ မတုန်မလှုပ် နေသည်မှန်လျှင် ဈာန်[၂၆]ရသောသူပင် ဖြစ်စေ ဤ အထွေထွေအာရုံတွင် မတုန်မလှုပ်ဘဲ မရှိရာ။ ပဋိသန္ဓေအင်္ဂါပင် ချို့လေရာသည် မသိ။ နား, ရှိမရှိကိုသိသာအောင် ခရုသင်းဖြင့် စုံစမ်းရသော်ကောင်း၏"ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင် ဘုရားလောင်းမင်းသား၏ အိပ်ရာတိုက်ကို ပတ်ဝန်းကျင် တင်းတိမ်[၂၇]ကာရံပြီးသော် စက်မွေ့ရာသလွန်အောက်၌ ဘုရားလောင်းကိုမသိစေရဘဲ ခရုသင်း မှုတ်တတ်သူကိုနေစေ၍ တင်းတိမ် ၄ မျက်နှာတို့၌လည်း ပြင်က ချောင်းမြောင်းကြည့်ရှုသာရုံ အပေါက် အတန်ငယ်ထားပြီးသော် ဘုရားလောင်းကို ထိုမွေ့ရာသလွန်ထက်၌ တင်ထားပြီးသောအခါ သလွန်အောက်က နေလျက် အလန့်အကြား ခရုသင်းကို မှုတ်စေ၏။

ဘုရားလောင်း တေမိမင်းသားသည်လည်း 'ငရဲဘေးကို ရေးရေးအထင်မပျက် ၃ ချက်သောအင်္ဂါကို ဆောက်တည်သည်မှစ၍လည်း ငါ့အလိုကို ထိုထိုအကြောင်းဖြင့် ပြောင်းလဲကာ စမ်းချေမည်တကား'ဟု ထောက်ထားမြော်မြင်ခြင်းရှိလျက်၊ သတိလည်း အခါမပြတ်ပြုတော်မူသဖြင့် ယောင်မှား၍မျှ လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း, စောင်းလှည့်ခြင်း တုန်လှုပ်ရုံကိုမျှကိုလည်း ပြုတော်မမူ။ အယူ တစ်ဖြောင့်တည်းဖြင့်သာ မလှုပ်မယှက် နေတော်မူ၏။ တင်းတိမ်ပြင်ကနေလျက် တင်းတိမ်ပေါက်ဖြင့် ချောင်း၍ကြည့်ကြကုန်သော အမတ်တို့သည် ဘုရားလောင်းမင်းသား သတိလွှတ်၍ ခြေ,လက်လှုပ်ရှားခြင်းကိုမျှလည်း မမြင်ရဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တစ်နေ့မပြတ် ၁ နှစ်ပတ်လုံး ခရသင်းမှုတ်ခြင်းဖြင့် အလိုစမ်းကြကုန်၏။ ထိုသို့စမ်းကြသော်လည်း ခရသင်းမှုတ်သူ, ချောင်း၍ကြည့်သူ ကိုယ်လက်သွေးသဖြင့် တစ်ယောက်ပြောင်းလဲ၍ ကြည့်ရ, မှုတ်ရလေမှုလည်း ပြောင်းလဲ၍ခံသူ အဖော်မရှိဘဲ 'သမ္မာသမ္ဗောဓိပတ္တနာ'[၂၃]ပါရမီရှင်ကြီးရှင်မှာ ကိုယ်တော်စဉ်တစ်ပါးကောင်း အသောင်းအညာကိုသည်းခံကာ ငရဲဘေးကိုရှုလျက် အမှုမတူ အယူတစ်ဖြောင့်တည်း ငြိမ်သက်စွာနေတော်မူသဖြင့် အလိုစမ်းသူ အလျော်သင့်အခွင့်ထူးကို မမြင်ကြလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူ မင်းကြီးအား လျှောက်ထား၍၊ အရွယ်တစ်ပါး ကူးပြန်သည်နှင့်လျော်စွာ တော်ရာ အလိုစမ်းတစ်နည်း တိုင်ပင် ကြံစည်ကြပြန် လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၁ နှစ်ရှိ၍ ၁၁ကြိမ်မြောက်သော ခရသင်းဖြင့်အလိုစမ်းခြင်းတည်း။]

ထိုအခါ မင်းအမတ်တို့သည် "ယခု မင်းသား ၁၁နှစ်အရွယ် ကျော်ပြီဖြစ်သော်လည်း ယခင်စမ်းနည်း ကဲ့သို့ပင် ခရသင်းကိုသာပြောင်း၍ စည်ကြီးဖြင့် တစ်လှည့်စမ်းကြရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြသဖြင့် ရှေး ခရသင်းမှာကဲ့သို့ပင် စည်ကြီးသံဖြင့် ၁ နှစ်ပတ်လုံး တစ်နေ့မပြတ် အလိုစမ်းကြပြန်လေ၏။ ထိုသို့ ပုန်းကွယ်ရာ အောက်ကနေ၍ ဗဟိုရ်စည်ကြီး ရိုက်တီးလျက် အလန့်တကြားလှုပ်ရှားလိမ့်ယောင် ထင်ကြသဖြင့် ၁ နှစ်ပတ်လုံး အလိုစမ်းကြသော်လည်း ဘုရားလောင်းအား ထူးသောအခွင့်ကို မမြင်ကြလတ်လျှင်၊ အမတ်တို့သည် မင်းကြီးအား ရှေးနည်းအတူ လျှောက်ထား၍ အရွယ်နှင့်လျော်စွာ အလိုစမ်းနည်းတစ်နည်း တိုင်ပင် ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၂နှစ်ရှိ၍ ၁၂ကြိမ်မြောက်သော စည်ကြီးဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ ဘုရားလောင်းတေမိမင်းသား အရွယ်တော် ၁၂နှစ်ကျော်ပြီးသော် မင်းအမတ်တို့သည် "ယခုကား ဆီမီးဖြင့် တစ်လှည့်ပြောင်း၍ စမ်းရသော်ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြပြီးလျှင် ညဉ့်အဖို့သို့ ရောက်သောအခါ ဘုရားလောင်း၏အိပ်ရာတိုက်ခန်း၌ ဆီမီးမထွန်းစေဘဲ အမိုက်တိုက်ဖြစ်စေ၍ ထိုအမိုက်တိုက်၌ ဘုရားလောင်းကို သိပ်ထားလျက် 'ညဉ့်အိပ်ပျော်ချိန်တိုင်သောအခါ ဆိတ်ကွယ်ရာကိုရသဖြင့် လှုပ်ရှားခြင်းဖြစ်၍ ခြေထား, လက်ထား မပျက်ဘဲ ဤမင်းသား မရှိနိုင်ရာ"ဟု ပညာကြီးပညာကျယ်တို့ ဥပါယ်တမျဉ်[၂၄] ကြံစည်ပြီးလျက် ဆီမီးတိုင်, ဆီမီးခွက်တို့ကို အိုးဖြင့် လွှင်ပြင်သို့ အရောင်မထွက်စေရအောင် ကိုယ်စီဖုံးအုပ်၍ ဘုရားလောင်းအိပ်ရာ အမိုက်တိုက်သို့ ဝင်ကြပြီးလျှင်၊ အိုးကိုဖွင့်လှပ်သဖြင့် အလင်းကို တစ်ပြိုင်နက်ဖြစ်စေ၍ ဘုရားလောင်းအား 'လျောင်းလျက်ထားရာမှ ထိုင်လျက်တည်း ရှိသလော၊ ရပ်လျက်တည်း ရှိသလော၊ လက်ထား, ခြေထား ပျက်သလော'ဟု အနေအထားဣရိယာပုတ်ကို စူးစမ်းကြည့်ရှုကြကုန်၏။

ဘုရားလောင်း တေမိမင်းသားသည်လည်း စိုးစဉ်းမျှ ခြေ,လက်အနေအထား ပျက်ခြင်းမည်သည် မရှိ။ ထားတိုင်းသော ဣရိယာပုတ်ဖြင့်သာလျှင် ငရဲဘေးကိုရှုလျက် မလှုပ်မယှက် နေတော်မူ၏။ ဤသို့ တစ်ညဉ့် မပြတ် ၁ နှစ်ပတ်လုံး အမိုက်တိုက်၌ထား၍ ဆီမီးဖြင့် အလိုစမ်းကြကုန်၏။ အရွယ်နှင့်လျော်ရာ များစွာသော အလိုစမ်းငယ်တို့ဖြင့်လည်း အခါမပြတ် စမ်းကြကုန်၏။ ထိုသို့ မင်းသားသည် 'ဤအမှုကား အကယ်မဟုတ် အစမ်းသာဖြစ်သည်'ဟု သိလောက်ချိန်အရွယ်ရှိပြီဖြစ်၍ သူငယ်တို့အလိမ္မာကို ဥပါယ်ပညာဖြင့် သိသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုမည်ကြံစည်လျက် လျှို့ဝှက်သောအမှုဖြင့် အလိုစမ်းကြသော်လည်း သတိတော်မကင်း၍ အဓိဋ္ဌာန်ရင်းမပျက်သဖြင့် အခွင့်အထူးကိုမမြင်ကြလတ်လျှင် အမတ်တို့သည် ရေးနည်းအတူ မင်းကြီးအား လျှောက်ထား၍၊ အရွယ်နှင့်လျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင် ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၃နှစ်ရှိ၍၊ ၁၃ကြိမ်မြောက်သော ဆီမီးဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ "၁၃ နှစ်ကျော်ပြီးသော သူငယ်မည်သည်ကား နှလုံးရင့်စဖြစ်၍ သည်းမခံနိုင်။ ခွင့်ကြိမ်လျှင် လျှင်စွာ တုန်လှုပ်တတ်သောကြောင့် သည်းခံနိုင်ခဲ့ရာ တင်လဲဖြင့် အလိုစမ်းရသော်ကောင်း၏"ဟု အညီအညွတ် တိုင်ပင်ကြပြီးသော် ဘုရားလောင်းမင်းသား၏ ကိုယ်အလုံးကို တင်လဲရည်ဖြင့် သုတ်လူးလိမ်းကျံ၍ ခြင်, ယင်ရဲထူပြောရာအရပ်၌ ဘုရားလောင်းကို တစ်နေ့ပတ်လုံးထားလျက် အလိုစမ်းကြကုန်၏။ ထိုအခါ ခြင်, ယင်ရဲတို့သည် ဘုရားလောင်း၏ကိုယ်အလုံးကို ဝိုင်းအုံပုံနှားလျက် အပ်ဖျားဖြင့် တစ်ကိုယ်လုံးကို ထိုးဆွဘိသကဲ့သို့ ထိုတင်လဲနံ့မှလျှောက်၍ အသွေးအသားကို ဆိတ်,ပေါက်သောက်ယူ ကိုက်ခဲကြကုန်၏။

အနာဂါမ်ရဟန္တာ သမာပတ်ရှင်တို့မှတစ်ပါး သာမညသူဖြစ်လျှင် ခြင်တစ်ကောင်အကိုက်ကိုမျှ နှစ်မြိုက်မဆန် သည်းခံနိုင်ခဲသော ဆင်းရဲကြီးစွာကိုလျက်လည်း ဘုရားလောင်းသည် 'ပဋိဃာနုသယ[၆၅] ဗျာပါဒ[၆၆]' မကင်းသေးသော ပုထုဇဉ်သာဖြစ်လျက် အဓိဋ္ဌာန်တော် မပျက်စေကြောင်း ကောင်းစွာငရဲဘေးဖြင့် ခြိမ်းခြောက်၍ "ချစ်သား တေမိယကုမာရ။ ဥဿဒရက်ငရဲ၌ လှံ, သန်လျက်, ချွန်းတောင်း လက်နက်မျိုးတို့ဖြင့် ငရဲထိန်းတို့ ထိုးဆွရိုက်သတ်ခြင်း၊ ငရဲခွေး, ငရဲငှက်တို့ ထိုးပေါက်ကိုက်ခဲခြင်း ဆင်းရဲနှင့် ထောက်စာသော် ဤခြင်, ယင်ရဲတို့ ကိုက်ခဲခြင်းဆင်းရဲသည်ကား အဆအသိန်း အဆအသန်းမက သင်၌မြတ်တုံသေး၏။ ကောင်းစွာသည်းခံလော့"ဟု မိမိကိုယ်ကို ဆုံးမတော်မူလျက် စိတ်ဝိညာဉ်ရှိသော အနာဂါမ်ရဟန္တာကိုမျှ ဥပမာမနှုန်း စိတ်အားလုံးချုပ်၍ တိဇရုပ်သာ[၆၇]အကြွင်းရှိသော နိရောဓသမာပတ်သို့ ဆည်းကပ်ဝင်စားသည့် မဟာထေရ်[၆၈]ကြီးကဲ့သို့ မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာ နေတော်မူ၏။ ဤသို့ တင်လဲဖြင့်လူး၍ ၁နှစ်ပတ်လုံး ရံဖန်ရံဖန် အလိုစမ်းကြသော်လည်း ဘုရားလောင်း၏အဓိဋ္ဌာန်အစွဲကို ဆွဲပစ်တွန်းချခြင်းငှာ အရာမသင့်၍ အခွင့်မရလတ်လျှင် အမတ်တို့သည် ရေးနည်းအတူ မင်းကြီးအားလျှောက်ထား၍ အရွယ်အားလျော်စွာ အလိုစမ်းနည်းတစ်နည်း တိုင်ပင် ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၄ နှစ်ရှိ၍၊ ၁၄ ကြိမ်မြောက်သော တင်လဲဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ မင်းအမတ်တို့သည် "ယခု မင်းသားကိုယ်ကို ပြုပြင်ချိန်အရွယ်ရောက်ပြီ။ ၁၄ နှစ်ကျော် ရှိပြီးသော်ကား သူခပ်သိမ်းတို့မွေတာ လုလင်ပျို သွေးတက်စဖြစ်၍ တစ်နေ့တွင်ပင် အကြိမ်များစွာ ရေချိုးလိုခြင်း၊ ကိုယ်၏သန့်ရှင်းမွှေးထုံခြင်းကိုသာ အလိုရှိတတ်၏။ ကိုယ်၏ညစ်ညူးခြင်း, ညှီဟောက်နံစော် စက်ဆုပ်ဖွယ် ပုပ်နံ့လှိုင်ခြင်း, မသန့်ရှင်း မစင်ကြယ်သည်ကို အလိုမရှိ။ ထို့ကြောင့် အရွယ်အားဖြင့် အလိုမရှိကောင်းရာ ရွံ့ရှာစက်ဆုပ်ဖွယ်မစင်ဖြင့် အလိုစမ်းရသော် ကောင်း၏"ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင်၊ ထိုတိုင်ပင်ကြပြီးသောနေ့မှစ၍ ဘုရားလောင်းအား ရေချိုးခြင်းကိုလည်း မပြု။ သန့်သက်အိမ်[၆၉]သို့ဆောင်၍



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်သုတ်သင်ခြင်း ပြုမြဲသောဝတ်ကိုလည်း မပြု။ တစ်ခုသောအိပ်ရာ၌ထား၍ လျောင်းလျက်သာလျှင် ကိုယ်မှဖြစ်သော ကျင်ကြီး, ကျင်ငယ် ရွံရှာဖွယ်တို့ဖြင့် အနံ့တလှောင်းလှောင်း ပွမ်းစေ၏။

ထိုအခါ ဘုရားအလောင်းသည် ပုပ်နံ့တောက်အဲ့စွာ မကောင်းသဖြင့်လှောင်းသော ဂန္ဓာရုံနိုက်ယှဉ်၍ ဃာနဝိညာဉ်အတွေ့ မချမ်းမြေ့သောဆော[၂၈] တဒါရုံ[၂၉]မိုရာနှလုံးနာခြင်းရှိလျက် အခါခါရှုရသဖြင့် အအူ အသည်းလန်၍ အော့အန်မတတ် ချေ, ဆတ်, ချောင်းဟတ်, မွန်တက်သီးနင် ပင်ပန်းကြီးစွာ ခံတော်မူရ၏။ ပုပ်ညှီတောက်အဲ့စွာသော အနံ့ဖြင့် ယင်ရဲတို့သည်လည်း အစဉ်တက်နား၍ အများပင် ဝိုင်းအုံကိုက်ခဲကြကုန်၏။ အထိန်း အကြီးအချီတော်တို့သည်လည်း ဘုရားလောင်း၏အနီးပတ်ဝန်းကျင်၌ ရံကုန်လျက် "သခင့်သား။ ယခု မိမိကိုယ်ကို မိမိပင် သုတ်သင်ချိန် ရောက်ပါပြီတကား။ သခင့်သားမှာ ၅နှစ်အရွယ်,၁၀အရွယ် အငယ်များက ကဲ့သို့သာ သူတစ်ပါးတို့၏အပြင်အဆင်ကို စောင့်စား၍ လူသားလို မဟုတ်၊ စက်ဆုပ်ဖွယ် မစင်အလိမ်းလိမ်းနှင့် ထိန်းရသူကိုမျှလည်း မထောက်၊ ရှက်ကြောက်ချိန်တိုင်၍လည်း မရှက်သီး၊ ကျင်ကြီး,ကျင်ငယ် အညှီအဟောက်မှာ ပိုးလောက်မှုမတန်ခံ၍ မလှုပ်မယှက် တစ်ဘက်သားမြင်သူ မရှုချင်အောင် သခင် အဘယ့်ကြောင့် လျောင်းတုံကာ နေဘိသနည်း။ ထ၍ ကိုယ်လက်သုတ်သင် ဆေးကြောပါဦး"ဟု အထူးထူးအပြားပြား နားမခံချိအောင် ထိပါးခိုက်တိုက်၍ စိတ်လိုက်မာန်ကြွ ဓားစက်ဆင်သကဲ့သို့ နားထင်ထိုးကြကုန်၏။

ထိုသို့သောဆင်းရဲပင်ပန်းခြင်းသို့ ရောက်သောအခါ ဘုရားလောင်းတေမိမင်းသားသည် ဤသို့ကိုယ်ကို ဆုံးမတော်မူ၏။ "ချစ်သားတေမိယ ကုမာရ။ မစင်တွင်းငရဲ၌ ခံရသောထက် သင်ယခုခံရခြင်းသည် ခံသာ၏။ အနံ့မကောင်း လှောင်းသည်မဟုတ်။ စက်ဆုပ်ဖွယ် ထို ငရဲအပုပ်အနံ့ အခန့်ယူဇနာ ၁၀၀ လောက်ကနေ၍ လေတွင်အငွေ့မျှကို ရှုမိသူပင်လည်း အအူ, သည်းပွတ် ပြတ်၍ လှိုက်ဆန်အန်ထွက်မတတ် ဖြစ်၏။ သင်ခံရသော ဤမစင်အနံ့ကား အခန့်ကိုဆိုလျှင် နန်းရင်ပြင်ကမျှ မနံ။ ခံသာလှပေတောင်းရကား။ အယူတစ်ချောင်းတည်း တစ်မျဉ်းကြောင်း ဖြောင့်စေ"ဟု ဆုံးမတော်မူလျက် မစင်တွင်းငရဲကိုသာ အခါခါအဖန်ဖန် ကြံဆင်ခြင်၍ ကိုယ်တွင် ရောက်သော မစင်နံ့ဆင်းရဲသောကို အလေးမမှတ် ဆုံးဖြတ်ရင်းအဓိဋ္ဌာန်မပျက် ငြိမ်သက်တည်ကြည်စွာ မလှုပ်မယှက်နေတော်မူ၏။

ထိုသို့ ဘုရားလောင်းနေသဖြင့် အခန့်မတန်အောင် မစင်အနံ့ အားကြီးလှသောအခါမှ အထိန်းအကြီးတို့သည် မင်းသားကို ဆေးကြောသုတ်သင်ပြန်၍ တစ်ဖန် အလိုစမ်းလတ်သော် ရှေးနည်းအတူ မသုတ်မသင် ထားပြန်လေ၏။ ဤသို့ ရံဖန်ရံဖန် ၁ နှစ်ပတ်လုံး အလိုစမ်းကြသော်လည်း အလိုတော်မသင့်၍ အခွင့်မရလတ်လျှင် အမတ်တို့သည် ရှေးနည်းအတူ မင်းကြီးအားလျှောက်ထား၍၊ အရွယ်တော် ၁ နှစ်ကူးပြန်သည်နှင့်လျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင် ကြံစည်ပြန်လေ၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၅ နှစ်ရှိ၍ ၁၅ကြိမ်မြောက်သော မစင်ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ အမတ်တို့သည် "ဤမင်းသားကဲ့သို့ မကြားစဘူး အထူးထူးအပြားပြားများစွာ ဤမျှလောက်အလိုစမ်းလျှင် နားကန်း, ဆွံ့အ,သည်ပင်ဖြစ်စေ၊ အဘယ်သူ မလှုပ်မရှား နေနိုင်ပါအံ့နည်း။ အသည်းနှလုံးထဲ အစွဲတစ်ခုခုနှင့် ယခုအရွယ်တိုင်အောင် ဆွံ့အ,နားပင်းယောင်ဆောင်၍ မလှုပ်မယှက်နေသောအချက်ကို ဆက်ဆက်မသိရ။ ပြင်းပြစွာအပူတိုက်၍ ထိခိုက်နာကျင်အောင်ပြုရလျှင် အမှုကို သည်းခံနိုင်မည်မဟုတ်၊ တုန်လှုပ်သင့်ဖွယ်ရာ ရှိ၏။ မီးမယ်ဖျူး[၂၁]ဖြင့် ယခု စမ်းကြရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြပြီးလျှင်



www.burmeseclassic.com

အထိန်းတော်တို့သည် ဘုရားလောင်းမင်းသားကို သုတ်သင်ဆေးကြောလျက် ညောင်စောင်းသလွန်ပေါ် ထက်ထား၍ မင်းသား၏ကိုယ်ကို အနိုးအလျှံအရှိန်ခိုက်အောင် သလွန်အောက်၌ မီးမယ်ဖျူးထား၍ အလိုစမ်းကြကုန်၏။ ထိုအခါ ကျပ်တင်သကဲ့သို့ မီးကျီးခဲအရှိန်အငွေ့ တခြောင်းခြောင်းထိခိုက်၍ ဘုရားလောင်း၏ ကိုယ်အလုံး မီးလောင်မာ ဖူးရရှုးပေါက်လျက် အလွန်ပူခြင်း, နာကျင်ခြင်းသို့ ရောက်တော်မူ၏။

ထိုသို့ မီးမယ်ဖျူးဖြင့် အခြစ်ကင်၍ နာကျင်ပူပြင်းစွာ ခံတော်မူရသောအခါ ဘုရားလောင်းသည် ဤသို့ ကြံတော်မူ၏။ 'အဝီစိငရဲ[၂၄]မီးပူခြင်းကား အလျှံတွင်းသို့မရောက်ဘဲ ၁၀၀ လောက်ယူဇနာ ကွာရာအရပ်တိုင် နှံ့စပ်၍ မခံနိုင်အောင်ပူ၏။ ဤမီးပူကား တစ်သူမျှလောက် အလျှံမတက်။ သက်သက်သာသာ အဆအရာ အသိန်း အသန်းမက ခံသာလှတုံသေး၏'' ဟု ငရဲမီးကို ဆင်ခြင်မြော်ထောက်ဆောက်တည်လျက် စိတ်ဝိညာဉ် လွှင့်စဉ်စဲချုပ်သောပုဂ္ဂိုလ်ကဲ့သို့ မတုန်မလှုပ် ငြိမ်သက်စွာနေတော်မူ၏။ ဤသို့ တစ်နေ့လုံး မီးမယ်ဖျူးဖြင့်ကင်၍ ရံဖန်ရံဖန် ၁ နှစ်ပတ်လုံး အလိုစမ်းကြကုန်၏။

မယ်တော်, ခမည်းတော်တို့သည်လည်း မီးပူခြင်းဆင်းရဲကို သည်းခံလျက် မလှုပ်မယှက်နေသော သားတော်ဘုရားလောင်းကိုမြင်လျှင် သား၏ကြင်နာခြင်းဖြင့် နှလုံးကွဲကြေ သေချင်မအား များစွာပင်ပန်းခြင်းရှိသည် ဖြစ်၍ အထိန်းအကြီး အချီတော် နန်းတွင်းသူနန်းတွင်းသားအပေါင်းတို့ကို တစ်ပါးလွှတ်ရာ ဖဲခွာစေလျက် မီးမယ်ဖျူးကိုလည်း ပယ်စေပြီးမှ မျက်နှာညှိုးငယ် သနားဖွယ်သောအမူအရာဖြင့် ဘုရားလောင်းအနီး၌ နေကြလတ် ပြီးလျှင် ဤသို့ ပြောဆိုဖျောင်းဖျကြကုန်၏။

"ချစ်သား တေမိယကုမာရ။ မောင် နားပင်း,ဆွံ့အမဟုတ်သည်ကို အမယ်တို့ သိကြပါ၏။ ဆွံ့သူအသူ နားပင်းသူတို့၏ လက်, ခြေ, ခံတွင်း, နားတွင်းတို့နှင့် တစ်စုံတစ်ခုမျှ မောင့်တွင်မတူ။ အလွယ်တကူမထင်မရှား မွေးဖွားသည့်သားလည်း မဟုတ်။ ဥပုသ်[၂၅]သီတင်း မိခင်သုံး၍ 'ဘုန်းလက္ခဏာနှင့်ပြည့်စုံသော သားကောင်းကိုရပါ စေ'ဟုရှိသေနေ့ည တောင့်တခြင်းပတ္ထနာဖြင့် သန္ဓေအခါစွဲဦးကပင် ယောကျ်ားထူး၏ တိတ်နိမိတ် အရိပ်အရှိန်ကို ဝဇီရစိန်ဝင်သကဲ့သို့ ထင်ရှားစွာပြလျက် ဖွားစကပင်လည်း ဗေဒင်နိမိတ် ပုရောဟိတ် အပေါင်းတို့ လက္ခဏာ ကောင်းကိုမြင်လျှင် ၄ ကျွန်းရှင်ဖြစ်ထိုက်ကြောင်း အကောင်း,အမြတ်အသွယ်သွယ် ဖတ်ကြားကြသည်နှင့်မောင့် ခမည်းတော်လည်း အားရွှင်ဖြိုး မောင့်တန်ခိုးဘုန်းရောင်ထွန်း၍ တစ်ကျွန်းလုံး ကျော်စောခြင်းဖြင့် မင်းတကာတို့ ရှိညွတ်လျက်ရှိပါပြီကို အလိုရှိရာသော်လည်း မပြု၊ အမှုရေးကို မေးပါ၍လည်း မရ၊ အယောင် ဆွံ့ယောင် နားပင်းယောင် ဤကဲ့သို့သာ မတုန်မလှုပ်နေချေလျှင် မိခင်ဖခင်တို့မှာ စေတနာပြတ်ပြတ် ယုံမှတ်ကြသူ ဇမ္ဗူ သောင်းတွင်း ထီးဖြူဆောင်းချင်း မင်းပရိသတ်တို့အလယ်၌ ရှက်ဖွယ်ကြီးစွာ ဖြစ်ရတော့မည် တကား။ မောင့်အား လိုဖွယ် အမယ်တို့အကြိုက် အထိုက်အလိုက် ၂ ဦးသင့်အောင် အခွင့်ကိုမောင်ဆောင်ပါမှ ပရိသတ်ဘောင်ကဲ့ရဲ့ဖွယ် အမယ်တို့ လွတ်ပါမည်။ မိခင်, ဖခင်တို့နှလုံး ပျက်ပြုန်းကြေကွဲအောင် မပြုပါလင့်။ မောင်အလိုရှိရာ အခွင့်ကို ပြောသင့် သည်။ မိ,သား,ခမည်း ၃ ယောက်တည်း ယခုသူတစ်ပါး နားမကြားစေရအောင် ဖုံးဝှက်ပါမည်။ တိုးတိုးသက်သက် အမြွက်မျှ ဆိုစမ်းပါ"ဟု များစွာအသွယ်သွယ် အလှယ်လှယ်စကားသံဖြင့် တောင်းပန်ဖြားယောင်း ကြကုန်၏။

ထိုသို့ ခမည်းတော်,မယ်တော်တို့ တောင်းပန်ဖျောင်းဖျကြသော်လည်း ဘုရားလောင်းမင်းသားသည် မကြားယောင်ဆောင်၍ မတုန်မလှုပ်ထားတိုင်းသော လျောင်းလျက်ဖြင့် ငြိမ်သက်စွာနေတော်မူ၏။ မယ်တော်, ခမည်းတော်တို့သည် ကျောသပ်လက်ပိုက် ပြုထိုက်သမျှချော့မော့ရီး မြတ်နိုးသနားဖွယ် အလှယ်လှယ်

www.burmeseclassic.com



အပြောင်းပြောင်း တောင်းပန်ငြားသော်လည်း ဘုရားလောင်း၏ ထူးသောအမူအရာ တစ်စုံတစ်ခုကိုမျှ မရကြလတ်လျှင် ရင်သပ်လက်မှိုင် အိုင်သောမျက်ရည်ကိုသုတ်၍ တရှုတ်ရှုတ်ငိုကြွေးလျက် နှလုံးသွေးလှိုက်ဆူ ပူပင်ညှိုးနွမ်းသောမျက်နှာဖြင့် မသက်မသာ ဖဲခွာကြလေ၏။

ဤသို့နည်းဖြင့် မီးမယ်ဖျူးကင်ပြီးသည်၏နောက်နောက်တို့၌ ရံခါရံခါလည်း မယ်တော်တစ်ယောက်တည်းသာ ရံခါရံခါလည်း ခမည်းတော်တစ်ယောက်တည်းသာ မယ်တော်, ခမည်းတော် ၂ ဦးအစုံ ၁ နှစ်ပတ်လုံး သနားဖွယ်တောင်းပန် ဖြားယောင်းကြကုန်၏။

ဤသို့ အလိုစမ်း၍ ဘုရားလောင်း၏ ထူးခြားသောအခွင့်ကိုမမြင်ကြလတ်သဖြင့် ၁ နှစ်ခန့်ပြတ်လျှင် အမတ်တို့သည် မင်းကြီးအား လျှောက်ထား၍ အရွယ်အားလျော်စွာ အလိုစမ်းတစ်နည်း တိုင်ပင် ကြံစည်ကြပြန်လေ၏။

[ဤကား ဘုရားလောင်း ၁၆နှစ်ရွယ်ရှိ၍ ၁၆ကြိမ်မြောက်သော မီးမယ်ဖျူးဖြင့် အလိုစမ်းခြင်းတည်း။]

ထိုအခါ ပညာရှိအမတ် နိမိတ်ဖတ် ပုရောဟိတ်တို့သည် ဤသို့တိုင်ပင်ကြကုန်၏။ "ဆွံ့အသူ,နားပင်းသူဖြစ်စေကာ ကာမဂုဏ်သားအလျောက် အရွယ်ရောက်လတ်လျှင် တပ်အပ်သောအာရုံနှင့်ယှဉ်လျက် မတပ်သောသူမည်သည်မရှိ။ ရှုကြည့်ချင်ဖွယ် အာရုံနှင့်ယှဉ်လျက် မရှုကြည့်လိုသောသူမည်သည် မရှိ။ အချိန်အခါရောက်သော ပန်းသည် ပွင့်မြဲဓမ္မတာ၊ အခါအရွယ်ရောက်သော လုလင်သည်လည်း ရှင်မြဲဓမ္မတာ။ တစ်ပါးအရာမှာ ပညာသိမ်းဆည်း၍ သည်းခံချုပ်တည်းနိုင်သော်လည်း အရွယ်နှိုးဆော်သဖြင့် အတော်အသင့် အာရုံကြိမ်လတ်လျှင် ငြိမ်ဝပ်အောင်နှိပ်ကွပ်နိုင်ခဲသော နှလုံးရှိမြဲတမ်းကိုတက်လှမ်း၍ ဤမင်းသား မလွန်မြောက်နိုင်ကောင်း။ အကြောင်းသင့် မင်းသားပျော်ဖွယ် အရွယ်မျိုး, အဆင်းသိတင်း ဖြားယောင်းခြင်း မာယာလက္ခဏာမျိုး အပြည့်အစုံ ကာမဂုဏ်မှု၌ သူ့အလိုသို့ပါအောင်ငင်တတ်သော သမီးလုလင်ဖြင့် အလိုစမ်းရသော် ကောင်း၏"ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင် နတ်ကညာကဲ့သို့ လက္ခဏာအရောင်အဆင်း ကောင်းခြင်းဟူသမျှ အရပ်ရပ် မြတ်သော တင့်တယ်ခြင်းနှင့်ပြည့်စုံစွာ ကိုယ်,နှုတ် အပျောင်းအနွဲ့ အဖွဲ့အဆို၌ မင်းသားပျိုတို့စိတ်ကို ယိုဖိတ်၍ဝင်အောင် သွေးဆောင်ရှင်မြှူ ချူယူတတ်ခြင်းသတ္တိရှိ၍ နာဋကိတ္ထိ [၅၇]ဟုဆိုအပ်သော သမီးပျိုတို့ကို မင်းကြီးအမိန့်နှင့် ရွေးချယ်ကောက်ယူခေါ်စေပြီးသော် "သင်တို့သည် မင်းသားနှလုံးအကျိတ်အခဲကို အစွဲပြေအောင် အထွေထွေ အပြားပြား ဖြားယောင်းခြင်းဖြင့်ရှင်စေ၍ ကိလေသာအဖွဲ့အနှောင်ဖြင့် ဆောင်ယူပိုက်ဖွဲ့နိုင်မူ မည်သူမဆို အလိုတူရာ မင်းသားနှင့် ထိမ်းမြားစုံဖက်၍ မင်းသားကို ထီးနန်းအပ်နှင်းသောအခါ မိဖုရားကြီးအရာတင်မည်။ ရည်ရည်စားစား အားထုတ်ကြိုးပမ်းကြလေ"ဟု သေချာယုံမှတ် ပြတ်သားအောင် ပြောဆိုသွန်သင် မိန့်ကြားပြီးမှ တေမိမင်းသားအားလည်း ၁၆ နှစ်တွင်းက မသန့်မရှင်းကြိမ်ရသဖြင့် ညှိုးတိမ်လေသော လက္ခဏာအရောင်အသွေးကို ရေမွှေးနံ့သာရည် ချိုးသွန်းခြင်းဖြင့်ဖော်လျက် အရွယ်တော်တန်နိုးဖြင့် မြတ်နိုးကြည်ညိုဖွယ်မှာ တင့်တယ်စွာ နတ်မင်းသားကဲ့သို့ မပြားမခြားအောင် မင်းသားအိမ်ရှေ့ရှင်တို့ ဆင်ထိုက်သော အဝတ်တန်ဆာဖြင့် ဆင်စေ၍၊ မင်းသား၏နေရာ ကျက်သရေတိုက်ကိုလည်း နံ့သာဆိုင်း, ပန်းဆိုင်း အခိုးအထုံ ကာမဂုဏ်အဆောင်အသုံး တစ်ခန်းလုံး အမွှေးအကြိုင်ဖြင့်လှိုင်စေလျက် နတ်မင်းနေရာ သလွန်ဘုံခန်းကဲ့သို့ ရှင်လန်းနှစ်လိုဖွယ် တန်ဆာဆင်စေပြီးသော်၊ ဘုရားလောင်းတေမိမင်းသားကို ထို စံပျော်ဖွယ်ကျက်သရေတိုက်ခန်း၌ စက်မြန်းဖွယ်အုံးမွေ့ရာ သလွန်တော်ဝယ် နေစေလျက် နန်းသူ, နန်းသား, ယောကျ်ား, မိန်းမ အလွတ်ဟူသမျှတို့ကို လွတ်ရာဖဲခွာစေပြီးမှ လှပမွန်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထည်လက္ခဏာ ဇာတိအကောင်း မင်းထိုက်မင်းသုံး ရတနာအဝတ်တန်ဆာသင့်ရာ အဝေအဖန်မွမ်းမံ ဆင်ပြင်ခြင်း အကောင်းအပေါင်းညီမျှသဖြင့် တောက်ပလျှံညီး နတ်သမီးကဲ့သို့တင့်တယ်သော ထိုသမီးပျိုတစ်စုတို့ကို ကျက်သရေတိုက်တွင်းသို့သွင်း၍ မင်းသား၏အနီး၌ အသီးအသီး မငြီးမငွေ့သာအောင် များစွာသွယ်သွယ်ဖြင့် ဖြားယောင်းစေ၏။

ထိုအခါ ကိုယ်လက်အနွဲ့အပျောင်း ကောင်းစွာကခြင်း၌လိမ္မာကုန်သော မင်းသမီးတို့သည် မင်းသား၏ မျက်စိဣန္ဒြေအနေပျက်၍မက်မောစိတ်ပေါ်အောင် ဖျော်ဖျောင်းသွေးချူကြကုန်၏။ ချေင်း, တေး, ဘွဲ့ အနွဲ့အပျောင်း သီချင်းအမှု၌လိမ္မာကုန်သောမင်းသမီးတို့သည်လည်း နားတော် ဣန္ဒြေအနေပျက်၍ မက်မော စိတ်ပေါ်အောင် ဖျော်ဖျောင်းသွေးချူကြကုန်၏။ ချိုအေးသာယာ ကာမစကားဖြင့် ဖြားယောင်းပြောဆိုတတ်သော မင်းသမီးတို့သည် လည်း နှုတ်တော်ဆို့ပိတ်၍ ဆိတ်ဆိတ်မနေနိုင် ယိုင်၍ နှုတ်လက်ဝင်စွက် တိမ်းမှားအောင် စကားဆိတ်တို့ ကြိုးငဲ့ဖျော်ဖျောင်း ဖြားယောင်းကြကုန်၏။ နူးညံ့ထွားမွတ်စွာ ကိုယ်အတွေ့အထူးရှိကြကုန်သော မင်းသမီးတို့သည် လည်း အမြင်အတွေ့ကောင်းရာ ကာမဂုဏ်အညံ့အသက်ဖြင့် ကိုယ်လက်ထိပါး ကစားရွှင်မြူး အထူးစိတ်တော် ဝင်အောင် ရွှင်ပျော်မှုအထွေထွေဖြင့် ဖျော်ဖြေဖြားယောင်း ဖျောင်းဖျကြကုန်၏။

ထိုသို့ တစ်ခုမလိုက် တစ်ခုလိုက် အကြိုက်သင့်တော်ရာရည်ရော်၍ အသီးအသီးမင်းသမီးတို့ ဖြားယောင်း ဖျောင်းဖျကြသောအခါ ဘုရားလောင်းတေမိမင်းသားသည် ပါရမီပြည့်ကြောင်း ကောင်းမှုအလီလီ ချီပင့်၍ ရင့်ခိုင်သော ပညာတော်ဖြင့် 'ငါကား ဖွားစကပင် ဆင်ခြင်မြော်တွေးသဖြင့် ငရဲဘေးကိုမြင်လျှင် ပြည်ကြီးရှင် မပြုလိုသောကြောင့် မိမိကိုယ်ကို မိမိ အရိအပန်း အနွမ်းအနယ်ခံ၍ အဓိဋ္ဌာန်မပျက်အောင် အသက် ၁၆ နှစ်ပတ်လုံး တနှုန်းတည်းစိတ် မလိပ်မလည်းကြိုးပမ်းသဖြင့် ဆိပ်ကမ်းသို့ ယခုရောက်လုမှတစ်ခါ ဤ ကာမဂုဏ်ဘီလူး ပူးယှဉ်သည်ကို ကြည်ညိုညွှဲသက် မျက်နှာချိုသေးမားလျှင် အပါးမကွာ မြစ်စွာကပ်စွဲခြင်း အပြင်းဖမ်း၍ လမ်းရိုးအဓိဋ္ဌာန် ပျက်ခဲ့သော် ရက်ဖွယ်တကား။ ဤလူတွင် မတူနိုင်သော ငါ၌ ရက်ဖွယ်ဖြစ်ရာ၏။ ဆင်းရဲခံပါသမျှသော ကိုယ်အကျိုးလည်း အချည်းအနှီး ဖြစ်ခဲ့ရာ၏။ ငါသို့သောသူမှ အယူပျက်အောင် နှောင့်ယှက်လာသော ဤ ကာမဂုဏ်ကို မလွန်မြောက်လျှင် နောက်အဆက်ဆက်လည်း ရမ္မက်ကိလေသာ အာရုံလတ်လတ် ကပ်ယှဉ်က ပုထုဇဉ်သာမန်လျှင် မလွန်နိုင်ရာဟု ကာမဂုဏ်ကိုဦးစားထား၍ ငါ့အားသက်သေထူသဖြင့် သူခပ်သိမ်းအများ ဝဋ်တရား၌ ရှည်ကြာဖွယ်လည်း ဖြစ်ခဲ့ရာ၏။ ငါ ဤရန်စစ်ကို မလစ်ရအောင် အဓိဋ္ဌာန်ဖြင့် ပယ်လွှဲစွန့်ပစ်နိုင်လျှင် တစ်ပြိုင်တည်း ကိုယ့်အကျိုး သူ့အကျိုး ကောင်းမှုမျိုး တက်ဖြိုးပြည့်စုံ ကာမဂုဏ်ဘီလူးကို ရှေးဦးစွာ ငါတစ်ယောက် နိုင်လိုက်သဖြင့် နောက်လိုက်သူအများ ခံ့ညားခြင်းမဲ့ အတင်းနိပ်ကွပ်၍ ဝဋ်ပြတ်ရာတရားကို အားထုတ်ခြင်းမပျက် အဆက်ဆက်သူတို့ နည်းယူရာထုံးကောင်း လမ်းကြောင်းလည်း တွင်ရစ်စေတော့ဟု အသွယ်သွယ်အပြားပြား များစွာဆင်ခြင် မြော်မြင်တော်မူသည်ဖြစ်၍ မျက်စိအတွေ့, နားအတွေ့, နှာခေါင်းအတွေ့တို့ကို အငွေ့အရိပ်မျှ တို့ဆိတ်သူခံရလျှင် အဖန်ဖန်အကြိမ်ကြိမ် စည်းစိမ်ကောင်းပြု၍ အမှုရှာအံ့သည်တကား'ဟု မရှုမကြည့် မလှည့် မတိမ်း မှိန်းမှိန်းယှက်ယှက် မျက်နှာတော်မထူး ရှေးဦးကဣန္ဒြေ နေမြဲပြကတေ့ဖြင့် 'ငါ၏ကိုယ်အတွေ့ သိမ်မွေ့သောဖောဋ္ဌဗ္ဗာရုံ[၇၆]ကို ဤအလုံးစုံမိန်းမ မြူချူသမျှတို့ မရသည်သာ ဖြစ်စေသတည်း'ဟု မိဋ္ဌာန်တော်မူလျက် ထွက်သက်ဝင်သက်ကို ထွက်ရှူမှန်းမသိအောင် သိမ်းအုပ်၍ချုပ်သကဲ့သို့ထင်စေသဖြင့် အရေအသား ထွားထွားမွတ်ညက်ခြင်းကင်းလျက် ကိုယ်လက် ခက်ကြမ်းမာချော်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်ထိပါး ကစားရွှင်မြူးကြကုန်သော မင်းသမီးတို့သည် ဘုရားလောင်း၏ကိုယ်တော်၌ နူးညံ့သော အတွေ့ကိုမျှ မရကြလတ်လျှင် 'ဤသခင်၏ကိုယ်လက်ကား ဖက်ရွက်ကြမ်းကဲ့သို့ စမ်းသပ်ရခြင်းအရသာလည်း ဘယ်ဆီမှာမျှ မမွှတ်ညက်။ အသက်လည်း မရှူ။ အမူလည်းမထူး။ လူဘီလူး ဖြစ်ရာအံ့တကား'ဟု ရွှင်ပါးခြင်းပျောက်၍ ကြောက်စိတ်ဝင်ကြသဖြင့် အကြာအတင်မရပ်တည် ပြန်လည်မကြည့် ပြေးလေကုန်၏။

ဤသို့ ၁ နှစ်ပတ်လုံး အခါမပြတ် မိန်းမမြတ်ကချေသည် အသွေးအရည်အခြားခြား များစွာအလှယ်လှယ် အသွယ်သွယ်အပြောင်းပြောင်း ကောင်းနိုးရာကာမဂုဏ်ဖြင့် အလိုစမ်းကြကုန်၏။ ထိုသို့အလိုစမ်းကြသော်လည်း တစ်ယောက်သောမင်းသမီးမျှ မင်းသား၏ ငြိမ်သက်သောနှလုံးကို နုံးနုံးခွေ့ခွေ့ မျှဉ်း၍ပါအောင် မတတ်နိုင်ကြ လတ်လျှင် မင်းအမတ်တို့သည် မကြံတတ်အောင် နှလုံးမသာ ဖြစ်ကြလေကုန်၏။

[ဤကား ဘုရားလောင်း အရွယ်တော် ၁၇နှစ်ရှိ၍ ၁၇ကြိမ်မြောက်သော ကချေသည် သမီးလုလင်တို့ဖြင့် အလိုစမ်းခြင်းတည်း။]

ထိုသို့ ဖွားတော်မူစ ၁ လကျော်အရွယ်မှ ၁၇ နှစ်တိုင်အောင် ၁ နှစ်စီ အလိုစမ်းဖွယ်အထည်ထည် နို့ရည်ဖြင့်တစ်သွယ်, မုန့်ခဲဖွယ်ဖြင့် ၁နှစ် သစ်သီးဖြင့် တခြား, ကစားဖွယ်ဖြင့် တယုဉ်, သောဇဉ်ဖြင့် တစ်သီး, မီးဇရုံးတစ်တန်, မာန်ဆင်ဖြင့်တစ်ထွေ, မြွေဖြင့်တစ်သွင်, သဘင်တစ်ချက်, သန်လျက်တစ်မှု, ခရုသင်းတတည်, စည်ကြီးသံတသီး, ဆီမီးဖြင့်တကွဲ, တင်လဲဖြင့်တစ်ရင်, မစင်ဖြင့်တထူး, မီးမယ်ဖျူးဖြင့် တဝ, မိန်းမလှနောက်ပိတ် အစိတ်အကြားတွင် များစွာအလိုစမ်းငယ် အသွယ်သွယ်အထူးထူးဖြင့် ၈ ဦးသော လောကဓံကို အဖန်ဖန်အလှည့်လှည့် ကြိမ်စေလျက် စိတ်နေနှလုံးထဲ စွဲယူသောအလိုကို ထိုထိုအခွင့်စမ်း ရမ်းဆ၍ ပြုကြသော်လည်း သူ့စရိုက်အာသယ[၇၇]ကို ဘုရားမှတစ်ပါး ထင်ရှားဧကန် အမှန်မသိနိုင်ကောင်းသဖြင့် ဘုရားလောင်း၏ အလိုတော်နှလုံးသွင်းကို လွတ်ရှင်းပျောက်ကွာအောင် တော်သင့်ရာစရိုက်ဖြင့် ပိုက်ကျုံးခြင်းငှာ မတတ်စွမ်းနိုင် ဖြစ်ကြလေ၏။

ဤတွင်ရွေ့ကား မင်းမပြုလို၍ မတုန်မလှုပ်နေသော ဘုရားလောင်းအလိုကို နှစ်, လ, ရက်ရှည်ကြာစွာ အလှယ်လှယ်အပြောင်းပြောင်း ဆိုးကောင်းမြင့်နိမ့် နှစ်သိမ့်ချစ်ရွှတ် ယုတ်ယုတ်မြတ်မြတ်တို့ဖြင့် မင်းအမတ်တို့ စမ်းသည့်အခြင်းအရာကို ဆိုသောအခန်းကား ပြီး၏။

## ၉။ ပုရောဟိတ်တို့ကို မေးခန်း

ထိုသို့ မုန့်ခဲဖွယ်အစ မိန်းမလှအဆုံးသတ် ၁၇ ရပ်သော အလိုစမ်းခြင်းတို့ကို အစွမ်းကုန်ကြံ၍ အမှန်မသိနိုင်လျှင် မနေသာမကြံတတ်၊ အမတ်အပေါင်းရှိလျက် ကာသိကရာဇ်မင်းတရားသည် သား၏ချစ်ခြင်း ပြင်းစွာနှင့်ပင် မခင်သာမပစ်ရက် မျက်နှာတော်မရွှင်ပြုံး နှလုံးမသာ ကြံရာမသိရှိလေသော် ဘုရားလောင်း မင်းသားအား ဖွားဦးစကဖတ်ကြသော လက္ခဏာဖတ်ပုရောဟိတ်တို့ကို ခေါ်စေ၍ ရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ပုရောဟိတ်တို့။ ဤမင်းသား ဖွားစအခါက ဆရာတို့ကို ငါ သုခမိန်ထင်သည်နှင့်အညီ ဤမင်းသားတွင် မြင်တိုင်း လက္ခဏာကို မှန်ရာသိလို၍မေးလျှင် 'သခင့်သားတော်တွင် အတွင်း,အပအန္တရာယ် အနှောင့်အယှက် တစ်စုံတစ်ခုမျှ မရှိ'ဟု ဖတ်ကြားကြသည်မဟုတ်လော။ ယခု ဆရာတို့အန္တရာယ်မရှိဆိုသော မင်းသားသည် မေးမထူး ခေါ်မကြား စကားလည်းမပြောဆို ကိုယ်ဣန္ဒြေ ခြေ,လက်လည်းမလှုပ်ရှား နားပင်း,ဆွံ့အ ဖြစ်ခဲ့သည်တကား။ သင်တို့စကားနှင့် ယခု မညီ"ဟုဆို၏။

ထိုအခါရာဇဝတ်ရေး၌ လိမ္မာလှကုန်သော လက္ခဏာဖတ်ပုဏ္ဏားတို့သည် မင်းရေး၌ ကျွမ်းကျင်လိမ္မာ ပညာအခွင့်ကိုသိသည်နှင့်လျော်စွာ ကိုယ်၏ဂုဏ်တေဇာကိုလည်း မယုတ်မနွမ်းစေရ ရှေ့,နောက်စကားမခွ မှုသာဝါဒလည်းအရာမကျ မင်းကြီးနားလည်းချမ်းမြအောင် ခဏချင်းကြံ၍ မာန်သံပေးလျက်မေးသော မင်းကြီးစကား၏ အခြားမဲ့၌ပင်

"အရှင်မင်းမြတ်။ နိမိတ်ဖတ်လက္ခဏာကျမ်း၌ အစွမ်းဉာဏ်ထွင်းဖေါက်၍ တတ်မြောက်ပြီးသော ဆရာတို့မည်သည် ဇာတာလက္ခဏာပါရှိတိုင်း အကျိုး,အပြစ် ဖြစ်လတ္တံ့သောအနာဂတ်ကို အတပ်ထင်ထင် မမြင်သည် မရှိပါ။ စင်စစ်သော်ကား ဤအရှင့်သားတော်သည် အပေါ်အပို အလိုတမာ[၂၇၈] သာမညရသည့်သား မဟုတ်။ ရွှေနန်းရှင်အပေါင်း ဆုတောင်းခြင်းပတ္ထနာ အာသာ[၂၇၉]ချင်ခြင်း ပြင်းစွာနှင့်ရပါသော သားတော်ဖြစ်ပေလျက် သူယုတ်လက္ခဏာ ပါသောဟူ၍ဖတ်ချေလျှင် ရွှေနန်းရှင်အပေါင်းလည်း နှလုံးမသာ နှတ်မင်္ဂလာတွန့်ဆုတ်သဖြင့်လည်း အညွန့်ကိုဆိတ်သကဲ့သို့ ဘိသိက်မရွှင် ရှိမည် တစ်ကြောင်း။ ကောင်းမြတ်၏ဟုဆိုလျက် ဆိုးယုတ်ခဲ့သော်လည်း ရာဇဝတ်တော်အပန်းမကြီးဖြစ်၍ ဘုန်းကျက်သရေဝင်အောင်သာ ဖတ်ကြားရပါသည်"ဟု လျှောက်ထားကြကုန်၏။

[ဤအရာ၌ ထို ပုဏ္ဏားပညာရှိတို့သည် ပညာပွားရာသောအမှု၌ အချင်းချင်း ဆွေးနွေးမေးမြန်းလေ့ရှိခြင်း, မင်းပွဲစိုးဝင် သန့်စင်သောအဝတ်တို့ကို အသုံးရှိခြင်း, နက်နဲသော ခက်ဆစ်,ပုဒ်ဆစ်တို့၌ ကြံစည်လေ့ရှိခြင်း, တတ်ရာမှတ်ရာ ပညာမှု၌သာ အခါခါ နှလုံးညွတ်ဝင်ခြင်း အစရှိသော အကြောင်းနှင့်ပြည့်စုံသည်ဖြစ်၍ ပညာ၏ ပွားခြင်းကြောင့် လောကဝတ်[၂၈၀], ဓမ္မဝတ်[၂၈၁], ရာဇဝတ်[၂၈၂]တို့၌ အရာအခွင့် သင့်,မသင့်ကို သိ၏။ သိသည်နှင့် လျော်စွာ အခါမပြတ် အလေ့အကျက် အတွေ့အမြင်များသောကြောင့်လည်း ထိုဝတ်တို့၌ ကျွမ်းကျင်လိမ္မာသည်ဖြစ်၍ သနားနှစ်မြို့-ကိုယ်ဖို့ပါအောင် နာသာဖွယ်ပရိယာယ်အရောင်အရှားဖြင့် စကားတတ်မြောက်ရာရောက်လေ၏။ ထို့ကြောင့်'ပညာရှိမှ အခွင့်သိသည်။ လိမ္မာမှ စကားတတ်သည်'ဟူ၍ ရှေးသူဟောင်းတို့စကားရှိသည်။ လိမ္မာ၍ စကားတတ်ပါသော်လည်း ပညာကိုမမှီလျှင် ဝစီဒုစရိုက်[၂၈၃]ထိုက်သင့်ရာပါသဖြင့် သမ္မာဝါစာ[၂၈၄]ဖြစ်ခဲသည်။ ပုရောဟိတ်တို့သည် တေမိမင်းသား မတုန်မလှုပ် နေလတ္တံ့သည်ကို မိမိတို့မမြင်ဘဲလျက် ကိုယ့်ဂုဏ်ကို အနွမ်းမခံလို၍ ဆရာအများနှင့် ဆက်ဆံသောစကားဖြင့်သာ မုဒ္ဒါဝါဒလွတ်အောင်'မဟာရာဇ အာစရိယေဟိ အဒိဋ္ဌကံနာမနတ္ထိ' "အရှင်မင်းမြတ်။ ဆရာတို့ မမြင်သောမည်သည် မရှိ"ဟူ၍ ဆိုလေသည်။

[အခွင့်မကျွမ်းသူ ဖြစ်ချေသော်"အရှင်မင်းမြတ်။ ဤမင်းသား ဖွားစကပင် သူယုတ်လက္ခဏာပါသည်ကို အကျွန်ုပ်တို့ မြင်ကြ၏။ တောင့်တ၍ရအပ်သော သားဖြစ်သောကြောင့် နှလုံးမသာ ရှိတော်မူမည်စိုးသဖြင့်သာ နှတ်မင်္ဂလာဖြစ်စေကြောင်း ကောင်းစွာချီးမြှောက်စကား ဖတ်ကြားရပါသည်'ဟု မုသာဝါဒမလွတ်အောင် ရာဇဝတ်, လောကဝတ်ကို ကြောက်သောအလိုက် တိုက်ရိုက်လှည့်စားသံ ပါလေရာ၏။ ထို့ကြောင့် စကားအရာ ဟူသည်၌ ထုတ်နုတ် အုပ်သိမ်း တိမ်းရှောင်လှောင်ဆို့ ကြို့ဝင်တင်စီး ဆီးကန့်ဖာထေး အသွေးအငင် အပြင်အပယ်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်သွယ် အပြားပြားကို တရားမယုတ်မလျှံ သံသရာမျက်မှောက် ၂ ယောက်အကျိုးရှိအောင် အသိဉာဏ်ရှေ့သွားမှ တရားလမ်းအကျဉ်းအခဲမှာ မလွဲမတိမ်း ဖြောင့်မတ်နိုင်ရာချေသည်။ ဤသို့ထောက်၍ပညာကို အလိုရှိကုန်သော သူတို့သည်–

* ပရိပုစ္ဆကတာ = တရားစကား အကျိုးအကြောင်းနှင့် စပ်သောစကားတို့ကို အချင်းချင်း ဆွေးနွေးမေးမြန်း ပြောဟောလေ့ရှိခြင်း။
* ဝတ္ထုဝိသဒကြိယာ = ကိုယ်နှင့်စပ်သော အဝတ်ဆံပင်, ကိုယ်, လက်, အိပ်ရာနေရာ, အသုံးအဆောင်တို့ကို မညစ်ညူးစေရ။ သန့်သန့်ရှင်းရှင်းပြုခြင်း။
* ဣန္ဒြိယသမတာပဋိပါဒနာ = သဒ္ဓါနှင့် ပညာ,သမာဓိနှင့် ဝီရိယ စသော ဣန္ဒြေတို့ကို မျှစေ, ညီစေခြင်း။
* ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ = ပညာမရှိသောသူကို ပညာအရာ၌ မမှီဝဲမူ၍ကြဉ်ခြင်း။
* ပညဝန္တပုဂ္ဂလသေဝနာ = ပညာရှိသောသူကိုသာ အခါမပြတ် မှီဝဲဆည်းကပ်ခြင်း။
* ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ = နက်နဲသောအနက် လျှို့ဝှက်သိမ်မွေ့ရာ ခက်ဆစ်တို့၌ ဉာဏ်ဖြင့် အလေ့အလာ ပြု၍ကြံလေ့သုံးသပ်ဆင်ခြင်လေ့ရှိခြင်း။
* တဒဓိမုတ္တတာ = ပညာပွားရာသည်၌သာ ခင်ခင်မင်မင် သက်ဝင်သောနှလုံးရှိခြင်း။

ဤသို့ ပညာပွားရာသည့် အကြောင်း ၇ ပါးတို့ကို မှတ်သားသတိ ရှိကုန်ရာ၏။

ထိုပုဏ္ဏားတို့ကား မင်းသား၏ပဝတ္တိပယောဂ[၂၅၅]ကို တွေးဆမမြင် ကြံအင်မရရှိလျှင် ဘုရားလောင်း၏ ဇာတိလက္ခဏာ[၂၅၆] မြတ်ကိုကား ရှုတ်ချသံ, မိမိတို့ဂုဏ်ကိုကား ချီးမြှင့်သံ ကြံ၍၊ ပရိယာယ်ဖြင့်[၂၅၇] ၃ သွယ်သော ဝတ်၌လိမ္မာတိုင်း မုသာဝါဒလွတ်အောင်ပင် ဆိုနိုင်လေသော်လည်း ထိုပရဝမ္ဘန[၂၅၈]သည် ဆဲရေးခြင်းအရာ ဝင်သောကြောင့် သမ္မာဝါစာမဖြစ်။ စကားအကျွံအလွန်ကို အဖျက်အနုတ် အဆုတ်အသိမ်း အယိမ်းအနွဲ့ အလွဲအရှောင် စကားအရာ၌ တတ်ပေ၏ ဟူ၍ကား ဆိုရ၏ဟု သိအပ်၏။]

ထိုသို့ ပုရောဟိတ်ပုဏ္ဏားတို့ လျှောက်ကြသောအခါ ကာသိကရာဇ်မင်းကြီးသည် "ဆရာတို့။ ယင်းသို့ တပြီးကား ဤမင်းသားကို ယခု အသို့ပြုရသော် ကောင်းမည်နည်း"ဟု မေးတော်မူ၏။ မင်းကြီးစကားကြားလျှင် ထိုပညာရှိခဲကုန်သော ပုဏ္ဏားတို့သည် မိမိမိတို့ အယုတ်သဖြင့် စီရင်ထုံးဖြစ်သော သင်္ကေတ[၂၅၉] ပညတ် လောကဝတ်ကိုသာ ငဲ့ခြင်းရှိသည်ဖြစ်၍၊ ဓမ္မဝတ်ချွတ်ယွင်းအံ့သည်ကို မငဲ့ကွက်ဘဲ

"အရှင်မင်းမြတ်။ မင်္ဂလာမရှိရာအရပ်၌ မြတ်သောကျက်သရေ မဝင်မနေရာ။ အကြာအရှည် ဤနန်းတော်၌ ဤမင်းသားရှိသဖြင့် အရှင်မင်းမြတ်အား လည်းကောင်း၊ အရှင်မိဖုရားကြီးအား လည်းကောင်း အဖျားအနှာ အနှောင့်အယှက် အသက်၏အန္တရာယ်တစ်စုံတစ်ခုတော်လည်း ရှိ၏။ တိုင်းနိုင်ငံချောက်ချား၍ ခိုးသားဓားပြ လုပ်ကြွရန်မီး ထီးနန်းစည်းစိမ်တော်၏ အန္တရာယ်တော်လည်း ဖြစ်ရာ၏။ ထို့ကြောင့် ဤမင်းသားကို နန်းတော်တွင် အရှည်အကြာ မရှိစေရဘဲ အမင်္ဂလာ အင်္ဂါချို့ယုတ်သော မြင်းရထား၌တင်လျက် အမင်္ဂလာပြုရာ အနောက် တံခါးဖြင့်ထုတ်စေ၍ သုသာန်တစပြင်မှာ အများလွင်ပြင် မထင်စေရဘဲ မြေနှံသဖြင့် ဖျောက်ရန်သင့်မည် ထင်ပါသည်"ဟုလျှောက်ကြားကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤအရာ၌ ထိုပုဂ္ဂိုလ်တို့ကား သူ့ကိုသနားခြင်းလည်း မရှိ။ မိမိတို့ သီလဝတ်[၁၉၀]အမျိုးဇာတ် ပျက်အံ့သည်ကိုလည်း မရေတွက်။ အသက်,စည်းစိမ်ရှင်၏ သားတော်ဖြစ်ပေသည်ဟူ၍ ကျေးဇူးကိုလည်း ဆင်ခြင်ခြင်း မရှိ။ ဇာတိ[၁၉၁]အားဖြင့် ကြီးမြတ်၍ မဖျက်ဆီးအပ်သောသူ ဖြစ်သည်ကိုလည်း မထောက်။ သံသရာဘေးကိုလည်း မကြောက်။ လောကဝတ်ရေး၌သာ အလေးပြု၍ ဒုစရိုက်ကြီးစွာသောစကားကို ပြောဆိုသောကြောင့် အကျင့်သီလနှင့် အညမညယောဂီ[၁၉၂]ဖြစ်သော ပညာသည် ထိုပုဂ္ဂိုလ်တို့၌ မရှိ။ ထို ပညာမရှိသဖြင့် သံသရာ, ပစ္စုပ္ပန် ၂ တန်သော အကျိုးအပြစ်ကို မမြင်မမြော်၍ သူတော်ကောင်းမဆိုသာ။ ပညာရှိ မမည်။ လောကီကျမ်း, ရာဇဝတ်, လောကဝတ်, သုတ[၁၉၃]၌သာ လေ့ကျွမ်းတတ်သိလိမ္မာသော ဉာဏ်သာမည ရှိသောကြောင့်သာ ပညာရှိ ခေါ်ရလေသည်ဟု သိအပ်၏။

[သင်္ကေတပညတ် လောကဝတ်ကို ငဲ့သည်ဟူရာ၌ လူတို့မှာ—

[နှလုံးပျော်ဖွယ်, နှစ်လိုဖွယ် မြင်ရခြင်းအဆင်းကို 'ဒိဋ္ဌမင်္ဂလာ၊ နှလုံးပျော်ဖွယ် နှစ်လိုဖွယ် ကြားရခြင်း အသံကို 'သုတမင်္ဂလာ'၊ နှလုံးပျော်ဖွယ် နှစ်လိုဖွယ် နမ်းရခြင်း, စားသောက်ရခြင်း, တွေ့ထိရခြင်း, ဂန္ဓ ရသ ဖောဋ္ဌဗ္ဗကို 'မုတမင်္ဂလာ'ဟူ၍ ပညတ်၏။

[မြတ်စွာဘုရားတို့ကား အကုသိုလ်ဒုစရိုက်နှင့် ပြည့်စုံသောသူမိုက်သို့ မဆည်းကပ်ခြင်း၊ ကုသိုလ် သုစရိုက်နှင့်ပြည့်စုံသော ပညာရှိသို့ ဆည်းကပ်ခြင်း၊ ဝယ[၁၉၄], ဇာတိ[၁၉၅], ပညာ[၁၉၆], သီလ[၁၉၇], ဒိဂုဏ ဤ၄ပါးသော ကျေးဇူး တစ်ဦးဦးကြီးမြတ်သူကို ပူဇော်ချီးမြှောက်ခြင်း စသော ၃၈ ပါးသော တရားသည်သာလျှင် များစွာစီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်သည်ဟူ၍ ဟောတော်မူကုန်၏။

[မနှစ်လိုဖွယ်သော အဆင်း,သဏ္ဌာန်, အသံ, အနံ့, အတွေ့ စသည်ကို လူတို့မှာ အမင်္ဂလာ၊ လူမိုက်ကိုမှီဝဲခြင်း ပညာရှိကိုကဲ့ရဲ့ခြင်း ပူဇော်အပ်သောသူတို့ကို ရှုတ်ချပြစ်မှားခြင်း စသည်ကို မြတ်စွာဘုရားတို့မှာ အမင်္ဂလာ ဟူ၍ ပညတ်တော်မူ၏။ ဓမ္မဝတ်အားဖြင့် မင်းသား၌ တစ်စုံတစ်ခုသော အမင်္ဂလာမရှိဘဲလျက် မတုန်မလှုပ်နေတော်မူသည်ကိုသာ ဆွံ့,အ,နားပင်း အမင်္ဂလာလူ ဖြစ်သည်ဟုယူဆသောကြောင့် လောကဝတ် သင်္ကေတကိုသာ ငဲ့သည်မည်၏။

[ဘုရားလောင်းမင်းသားကား ကောင်းစွာဆောက်တည်အပ်သော သုစရိုက်တရားနှင့်ပြည့်စုံခြင်းကြောင့် စင်စစ်အားဖြင့် မင်္ဂလာရှိသောသူ မည်၏။ ထိုပုဂ္ဂိုလ်တို့ကား မိမိတို့သီလ ပျက်အံ့သည်ကို သိလျက်ပင်လည်း ဓမ္မဝတ်ကိုမငဲ့မူ၍ ဒုစရိုက်စကားကိုဆိုသောကြောင့် စင်စစ်အားဖြင့် မင်္ဂလာမရှိသောသူမည်ကုန်၏။

[ထို့ကြောင့် ပညာရှိကုန်သော သူတော်ကောင်းတို့သည် သုတ,သိပ္ပ[၁၉၈]တို့ကိုမှီ၍ တတ်သိလိမ္မာသည်နှင့် လျော်စွာ သင်္ကေတပညတ် လောကဝတ်ကိုပင်လိုက်သော်လည်း အပါယ် ၄ ပါး လားကြောင်း မကောင်းမှုဒုစရိုက် လွတ်,မလွတ်ကို ဆင်ခြင်ထောက်ထား၍ တရားယွင်းချွတ်သော လောကဝတ်သို့ မလိုက်အပ်။ ဓမ္မဝတ်၌သာ လုံ့လြိုစွာစောင့်ရှောက်အပ်၏။ ဒုစရိုက်ကင်းသော လောကဝတ်ကိုသော်ကား ဓမ္မဝတ်နှင့်ညှိ၍ ဟိတ[၁၉၉] ၂ တန်ကို သံသရာနောင်ခါလည်း အပြစ်မရောက် မျက်မှောက်၌လည်း သုခ[၂၀၀], လာဘ[၂၀၁], ကိတ္တိ[၂၀၂], ယသ[၂၀၃] စသော အကျိုးငှာ သင့်ရာသမျှလိုက်အပ်၏။

[ဓမ္မဝတ် စရိုက်သာရှိ၍ လောကဝတ် အလိုက်မရှိလျှင် မိမိ၌ရောက်သမျှ မျက်မှောက်ကြောင်း ဂုဏ်ပေါင်းမကြွယ်သဖြင့် ရောင်စွယ်တုံးတတ်သည်။ လောကဝတ်အလိုက်သာရှိ၍ ဓမ္မဝတ်စရိုက်မရှိလျှင် မိမိ၌



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘဝထွက်မြောက်ကြောင်း ကုန်ကောင်းမသွယ်သဖြင့် နောင်ဝယ်ရှုံးတတ်သည်။ ထို့ကြောင့် 'ရောင်စွယ်မတုံး နောင်ဝယ်လည်း မရှုံးအောင် အသုံးတတ်မှ ဝတ်ပြေသည်'ဟုမှတ်ရာ၏။]

ထိုသို့ မိမိတို့သာ အမင်္ဂလာတည်ရာဖြစ်လျက် မင်္ဂလာအပေါင်း ကောင်းမြတ်ခြင်းနှင့်ပြည့်စုံစွာသော ဘုရားလောင်းကိုမှ မကောင်းသဖြင့်နှလုံးဝင်၍ အမင်္ဂလာပညတ်လျက် မှားချွတ်သောထုံးဖြင့် အဆုံးအပြီး မင်းကြီးစိတ် လွတ်လွတ်စွန့်လွှယ်အောင် ထိုပုဏ္ဏားတို့ အကြံပေးစကား လျှောက်ထားကြလေသော် ကာသိကရာဇ် မင်းကြီးသည် စည်းစိမ်ကြီးသူ လောကီသားတို့ဓလေ့ ချမ်းသာစည်းစိမ်၌မက်မော၍ ဇောဝီထိ အမွေ့အသိမ်း စိုးရိမ်လျက် အသက်စည်းစိမ်အန္တရာယ် ဖြစ်ဖွယ်လမ်း ဤ ရန်ကြမ်းသောစကားကို ကြားရသဖြင့် သား၏ချစ်ခြင်းကို ထိတ်လန့်ခြင်း ဗျာပါဒ ဒေါသဖုံးလွှမ်း၍ ထီးနန်းအသက် ပျက်စီးအံ့သည်မှ ကြောက်သောကြောင့် ဖြောင့်ဖြောင့် နှလုံးမထား မှားရာသို့လိုက်၍ 'ဆရာပုရောဟိတ်တို့။ ထိုသို့ အန္တရာယ်အကယ်၍ ပြုအံ့သည်သာမှန်လျှင် နိုင်ငံပြည်ထဲရေး၌လည်း ကျေးဇူးမရှိ။ မိဘမျိုးဆွေ ခြွေရွေမျာ:း နန်းသား နန်းသူတို့လည်း စိတ်ပူကိုယ်ပန်း မချမ်းသာနိုင် ဖြစ်ကြတော့မည်သာ။ ဆရာပုရောဟိတ်တို့ဆိုတိုင်း ကောင်းပြီ။ ယခု မမြင့်မကြာခင် မျက်နှာလွဲ ပြုစေရတော့မည်"ဟု ဝန်ခံလေ၏။

## ၁၀။ မင်းမြှောက်ရန် မယ်တော် တောင်းပန်ခန်း

ထိုအခါ မင်းပုဏ္ဏားတို့ တိုင်ပင်ပြောဆိုသံစကားကို နန်းသူအများပျံ့နှံ့သဖြင့် စန္ဒာဒေဝီမိဖုရားကြီး ကြားလေသော် ရွှေဖော်အခြံအရံမပါဘဲ တောင်ညာနန်းမမှ တစ်ကိုယ်ချင်း ပြင်းပြပူပန် လျှင်မြန်စွာ မင်းကြီးစံရာ နန်းရင်ပြင်သို့ ထွက်လာလတ်၍ တုပ်ဝပ်ရှိသေစွာရှိခိုးလျက် အနီးသို့ကပ်ပြီးလျှင်

"အရှင်မင်းတရား။ အကျွန်ုပ်အား ရှေးဖျားမဆွက ကိုယ်တော်ပေးအပ် ချီးမြှောက်တော်မူသည့် ဆုအပေါင်းတွင် အကြောင်းသင့်ရာ ထိုက်တန်သမျှဆုကိုသာ အကျွန်ုပ်သိမ်းခံ၍ ကျန်သမျှဆုကို တစ်စုတည်း အရှင်မင်းကြီးထံ အပ်နှံ ဆက်သထားပါသည်။ အလိုရှိရာ အခါနှင့်လျော်စွာ ကိုယ်တော်ထံချန်ထားခဲ့သော အထက်က ပေးဟောင်းတောင်းဆုများကို ယခုအကျွန်ုပ်အား သနားတော်မူပါ"ဟု လျှောက်တောင်းလေ၏။

ကာသိကရာဇ်မင်းကြီးလည်း မိဖုရားအား သနားကြင်နာခြင်းဖြင့်

"အဘယ်။ သင်သည် အဘယ်ဆုကို အလိုရှိသနည်း။ ယူတော့"ဟုဆို၏။

ထိုအခါစန္ဒာဒေဝီမိဖုရားကြီးသည် မိမိစကားတောင်း ချောင်း၍အဝင်ကို အတင်ခံမှန်းသိလျှင်

"အရှင်မင်းတရား။ သားတော်အား ယခု ထီးနန်းအပ်နှင်းချိန် အရွယ်ရောက်ပြီဖြစ်၍ ပြည်၏စည်းစိမ်ကို အပ်နှင်းတော်မူပါ။ အကျွန်ုပ်တို့ ၂ ပါးစုံ ထင်ရှားရှိစဉ် ထီးနန်းကျက်သရေဖြင့် သား၏တင့်တယ်ခြင်းကို မျက်မှောက်ထင်ထင် မြင်ရပါစေ။ မတုန်မလှုပ်နေခြင်း၌ အလိုစမ်းသည်လည်း မည်ပါတော့သည်"ဟု လျှောက်တောင်းပန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးစကားကိုကြားတော်မူလျှင် ကာသိကရာဇ်မင်းကြီးသည် "မိဖုရားကြီး။ သင့်သားအား အဘယ်မှာ ထီးနန်းနှင့် တန်သနည်း၊ ငါ နှလုံးမသာရှိရာမှ ဤစကားကို မဆိုသာနှင့်"ဟုမာန်ဖီလျက်ဆို၏။

စန္ဒာဒေဝီ မိဖုရားကြီးလည်း လင်၏အလိုသို့လိုက်၍ နားချမ်းမြေ့အောင် ပြောတတ်သူဖြစ်သောကြောင့် "အရှင်မင်းကြီး။ အကျွန်ုပ်တည်း အလျှောက်မသင့်၍ အမျက်တော်ဝင်သလော။ အဘယ့်ကြောင့် ရင်သွေးတော်ကို စင်လျက် ဤမျှလောက် ခါထွက်တော်မူဘိသနည်း"ဟု စကားပူးကပ်၍ လျှောက်ပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ ထီးနန်းစည်းစိမ်နှင့် မထိုက်မတန်ကြောင်းကို သင် ယခုတိုင်အောင်မှ မသိဘဲ ရှိရာသလော။ သင့်သား သူယုတ်မှာ အင်္ဂါ မစုံမလင်တကား"ဟုဆိုလျှင်၊ စန္ဒာဒေဝီမိဖုရားကြီးသည်

"အရှင်မင်းကြီး။ ထိုသို့တပြီးကား ထီးနန်းနှင့်မတန်ဆိုသည်ကို တစ်သက်ပန် စံစေသင့်တော့သည်ဟု လျှောက်ဝံ့သောအကြောင်း မရှိပါ။ အကျွန်ုပ်တို့သား ဖြစ်လာသည်ကိုပါလျက် အချည်းအနှီး မရှိစေသင့်သည်ကိုသာ နှလုံးတော်မြတ်ထားသဖြင့် ၇ နှစ်မျှလည်ရုံ ပိုင်းခြားပေးတော်မူပါ"ဟု လျှောက်တောင်းပန်လေ၏။

ကာသိကရာဇ်မင်းကြီးလည်း 'နန်းထက်တွင် ဤသူရှိချေက ကိုယ်,အသက်,ထီးနန်းမခံနိုင် အန္တရာယ် ဖြစ်ချေ၏' ဟူသောအယူ ဖေါက်ပြန်ခြင်းရှိသောကြောင့် သား၏ချစ်ခြင်းကင်းသဖြင့် "မိဖုရားကြီး။ သင့်သား သူယုတ်မာအား မင်းစည်းစိမ်ကို ၇ နှစ်မျှသော်လည်း ငါ မပေးဝံ့"ဆိုလျှင်၊ စန္ဒာဒေဝီမိဖုရားကြီးသည် "အရှင်မင်းကြီး။ ထိုသို့ တပြီးကား ၆ နှစ်တိုင်ရုံ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း မိဖုရားအား သနားခြင်း၊ သားအား ချစ်ခြင်းကို ရှင်းရှင်းလွတ်လွတ်လည်း မဖြတ်ရက်၍ တစ်ချက်ကောင်းတန်လှန် ပြန်မရမဆိုဘဲ မလွဲသာသံစကားဖြင့်"မိဖုရားကြီး။ ထိုရွေ့မျှလည်း ငါ မပေးထိုက်"ဟု ပယ်ပြန်လျှင်၊ မိဖုရားကြီးသည် တင်ရာသမျှ တင်စေတော့ဟု အလျှော့ခံ၍ တစ်ဖန် "အရှင်မင်းကြီး။ ထိုမျှလောက်ကို များလွန်းအံ့ထင်တော်မူလျှင် ၅ နှစ်တိုင်ရုံမျှ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။ ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ သင့်သားနှင့် ထီးနန်းမတန်ပေ"ဟုပယ်ပြန်၏။

မိဖုရားကြီးသည် 'တောင်းဖန်များက မရနိုင်မည်မဟုတ်'ဟူသောအချက်ကို ယုံခြင်းဖြင့်"အရှင်မင်းကြီး။ ၅ နှစ်ရွေ့မျှကို များလွန်းအံ့ထင်တော်မူလျှင် ၄ နှစ်တိုင်ရုံမျှ ပေးတော်မူပါ"ဟုလျှောက်တောင်းပြန်၏။ ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ ဤ တေမိယကုမာရကား သင့်သားသာဟုတ်၍ ငါ့သားမဟုတ်ပါ သလော။ ထီးနန်းနှင့် မထိုက်သောသူဖြစ်သောကြောင့်သာ ငါ မပေး"ဟုဆိုလျှင်၊ မိဖုရားကြီးသည်"အရှင်မင်းကြီး။ ရင်သားရင်သွေးကို အပုပ်,အမွေးရွေး၍ ပစ်ပယ်သင့်သည် မဟုတ်။ ယုတ်သော်လည်း ကိုယ်တော်မြတ်လျှင် မြတ်ပါလိမ့်မည်။ ၄ နှစ်မျှကို များလွန်းအံ့ထင်လျှင် ၃နှစ်လည်ရုံ ပေးတော်မူပါ"ဟုလျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ ပြည်ရေးတိုင်းရေးကား ဆွေသားမျိုးပုံ ဂုဏ်ယုတ်အောင် ပြုသောသားကို ဂုဏ်ပွားအောင်ပြုသကဲ့သို့ အပွအဆာ အဘယ့်ကြောင့် သင်ပြုသနည်း။ ငါ မပေး"ဟုဆိုလျှင်၊ မိဖုရားကြီးသည်"အရှင်မင်းကြီး။ သားတော်၏ ခြေ,လက်,မျက်စိ,နား,ခံတွင်း,ကိုယ်အင်္ဂါတစ်စုံတစ်ရာမျှ ချို့တဲ့သည် မရှိ။ မြင်သူတို့တွေးကြ၍ အမှန်မကျတုန်း သူ့ဘုန်းသူ့ကံ နောက်အခါချီးမြှောက်သဖြင့် ပွင့်လန်းတောက်ပလျက် မိဘမျိုးဆွေ တိုင်းနေပြည်သားတို့ စီးပွားကိုဆောင်နိုင်လတ္တံ့သည်ကိုလည်း မည်သူမျှ မသိမမြင်နိုင်ပါသေး။ ဝေးလွန်းသည် ထင်တော်မူပါလျှင် ၂နှစ်တိုင်ရုံမျှ ပေးတော်မူပါ"ဟုလျှောက်တောင်းပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ သင့်သားအား အခြားခြားအစုစု အနုအကြမ်း အစမ်းမျိုးကုန်ပြီ။ တစ်စုံတစ်ရာမျှ နှစ်လိုဖွယ်မမြင်။ စင်စစ် နားခံတွင်းရှိသူ လူလိမ္မာမှန်လျှင် သည်းခံနိုင်ငြားသော်လည်း, အားနာသမှု ပြု၍ပင် ကိုယ့်အလိုကို ပြောဆိုကောင်းလှပြီ။ တီတီမခိုင်း ထားတိုင်းသောကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်နေသောသူကို ထီးဖြူပေး၍ ဘယ်အရေး ကောင်းနိုင်ပါအံ့နည်း။ ငါ မပေးထိုက်"ဟုဆို၏။

မိဖုရားကြီးသည်"အရှင်မင်းကြီး။ နေရောင်ခြည်ကို တောင့်တသောပန်း[၂၀၄]ကို လရောင်အချမ်း ခိုက်သော်လည်း အဆိုက်မသင့်၍ မလန်း။ အချမ်းအမြဲ လရောင်နှင့်မိတ်သင့်သောပန်းကို[၂၀၅]နေရောင်ခြည်ဖျန်း သော်လည်း လန်းချိန်မဟုတ်၍ မပွင့်။ သူ့အလိုနှင့် ကိုယ့်အစမ်းကို ပန်းမှာကဲ့သို့ သီးသီးခြားခြား ထင်ရှားအောင် ဘယ်သူမျှ မမြင်နိုင်ပါ။ ဆိုင်ရာမသင့်၍ မပွင့်သေးသော်လည်းမသိ။ ပြည်ကြီးစည်းစိမ်နေအရာ၏နှင့် သူ့အလိုကြာပဒုံ အမုံရင့်ဖြစ်ခဲ့သော် တော်လျော်လိမ့်မည် ထင်ပါသည်။ ရှည်လွန်းမည်ထင်လျှင် ရှေးစီရင်ခန်းကဲ့သို့ အလိုစမ်း ဖြစ်အောင် ၁ နှစ်မျှ ပေးတော်မူပါ"ဟုလျှောက်တောင်းပြန်လေ၏။

ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ ထီးဖြူ၏ကျက်သရေဟူသည် လူတို့စည်းစိမ်တွင် အထွတ်ဖြစ်၍ မြတ်သောကြန်လက္ခဏာရှင် ဘုန်းအင်တေဇာ ပညာမယုတ် ကိုယ်,နှုတ်,နှလုံး ၃ပါးသောကံဖြင့် ၃တန်သောဝတ်ကို မလွှတ်စေရပိုက်ကျုံးလျက် လုံ့လကောင်းရှေ့ဆောင်မှ အောင်မြင်ပြီးစီး ပြည်ကြီးချမ်းသာရာ ဖြစ်သည်။ လုံ့လ,ပညာ လက္ခဏာမလန်း ဘုန်းတန်းကျက်သရေမတောက်ပလျှင် ၁ လ ၁ နှစ် ဖြစ်သည်ဟူ၍ မမှတ်သာ။ များစွာ အပြစ်ရောက် မြှောက်သူလည်းမတင့်, မြင့်သူလည်း မချမ်းသာ, ပြည်ရွာလည်းမလုံခြုံ အလုံးစုံပင် ကောင်းဖို့မထင်သောကြောင့် ၁ နှစ်မျှပင်ဖြစ်သော်လည်း ငါ မပေး"ဟုဆို၏။

စန္ဒာဒေဝီမိဖုရားသည်လည်း "အရှင်မင်းကြီး။ အချို့အခါး အရသာကိုလည်း လျှာသို့ရောက်မှ မွေး,မမွေး၊ နံ့သာကိုလည်း နှာခေါင်းသို့ရောက်မှ စမ်းသပ်ရိုး ဆုံးပါသည်။ သားတော်၏လက္ခဏာ ဘုန်းတန်းကိုလည်း ထီးနန်း စည်းစိမ်သို့ရောက်မှ စမ်းသပ်ရိုး ဆုံးမည်ထင်ပါသည်။ ရှေ့တွင် အသင့်စမ်းခွင့် အကြောင်းရှိသေးလျက် အဆေးမစင်၍ အသွေးမရှင်သည်ကို မလေးမကြင်ပြုလွယ်လျှင် နောက်ဝယ်နောင်တ[၂၀၆]ရှိတတ်လှပါသောကြောင့် နောင့်နှေး နောင်တမဖြစ်ရအောင် ၁ နှစ်မျှ များလွန်းအံ့ထင်လျှင် ၇ လမျှ ပေးတော်မူပါ"ဟု လျှောက် တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ ထီးဖြူ ငါမအပ်နှင်းသော်လည်း အပ်နှင်းသည်နှင့်အတူတူပင်။ ဤပြည်ကြီးရှင်စံနန်း၌ မင်းခမ်းမင်းနားအလုံးစုံ ကာမဂုဏ်မှု အပျော်အပိုက်နှစ်ခြိုက်ရာစည်းစိမ်ကိုလည်း အချိန်အရွယ်နှင့်ချင့်၍ အခွင့်ကုန်စမ်းလေပြီ၊ မစွမ်းမသန်ကြန်အင်္ဂါချို့ယုတ်သော်လည်း ထိုအာရုံ အတို့အလှုပ် တို့ကို ချုပ်နိုင်ခဲသော အရာသာတကား။ သင့်သားကဲ့သို့ ဘယ်သူ့သားရှိ၍ ဘယ်မိဘ ငါကဲ့သို့ ပြုဘူးသနည်း။ အထူးထူးအစမ်းမျိုးကုန်တော့သည်။ အရှည်ထားသဖြင့် ငါတို့ အန္တရာယ်သာဖြစ်ရအံ့သည်။ ၇ လမျှလည်း ငါမပေး"ဟု ဆို၏။

မိဖုရားကြီးလည်း "အရှင်မင်းကြီး။ သားတော်လည်း မငယ်ပြီ။ တကယ်နှင့် အစမ်းကို ခွဲခြမ်း၍မသိနိုင်သူ ဖြစ်ချေလျှင် နှစ်သက်ဖွယ်ပင်။ ဆိုင်ရသော်လည်း ပိုင်သမျှသာ ကိုယ့်လိုအင်ကို ထင်ရှားစေမြဲဖြစ်ပါသည်။ မချစ်သာမပစ်သာ ကိုယ်တော်မှာယခု အမှုမကုန်ခန်း စမ်းရုံနှင့်သာနေလျှင် ချစ်ကြင်လေသမျှအလုံးကို အဆုံးသတ်တစ်ခုဆို၍ အကျိုးနပ်ဖွယ်မထင်။ ဤသို့စင် အပူအချမ်း စမ်းလေသမျှဒဏ်ကို ဘယ်သူ ခံဝံ့သည်မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မြိမြိစွဲစွဲ ရဲစွမ်းသည်ကိုထောက်လျှင်လည်း ယောကျ်ားမြတ်ဟူ၍ ယူရသောအကြောင်း ရှိပါသည်။ သူယုတ်မာ ကောက်မှန်၍ အန္တရာယ်ပြုအံ့သူဖြစ်လျှင် ၁၇ နှစ်အရွယ်ရောက်ပါပြီ။ ဘယ်ဆီတွင် ဘယ်အန္တရာယ် ဤမင်းသား ကြောင့် ရောက်ဖူးသည်မရှိပါ။ ဤအရာများကို ထောက်ထားတော်မူ၍ ၇ လမျှ မပေးသော်လည်း ၆ လတိုင်ရုံမျှ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ ဤမျှလောက် အလိုစမ်း၍မျှ အခွင့်မရ ရှိပြီးသည်ကို ထီးနန်းပင် အပ်နှင်းငြားသော်လည်း သင့်သားအမူအရာ ထူးနိုင်တော့မည် မဟုတ်။ အားထုတ်၍ ထီးနန်းကို သင်တောဖီး သော်လည်း အကြောင်းမတော်ဖြစ်သည်။ ငါ မပေး"ဟုဆို၏။

မိဖုရားကြီးလည်း"အရှင်မင်းကြီး။ ရှေးသောအခါ မဟာပနာဒမင်းသားကို ရွှင်ပြုံးစေခြင်းငှာ မျက်လှည့်တို့ဖြင့် အလှည့်လှည့်အသွယ်သွယ် ရယ်ဖွယ်ပြု၍စမ်းကြသော်လည်း မင်းသား၏ပြုံးရုံမျှကို ပြည်သူ ပြည်သားတို့မရကြလတ်သောအခါ နတ်ကချေသည်လာ၍ ကိုယ်တစ်ခြမ်းငြိမ် ကိုယ်တစ်ခြမ်းလှုပ် ပြုလျက်က,သည်ကို မြင်ရာတွင်မှ မင်းသား ပြုံးသော ဟူသကဲ့သို့၊ ယခု သားတော်မှာလည်း များစွာ အလိုစမ်းကြီး, အလိုစမ်းငယ်တို့ဖြင့်စမ်း၍ အခွင့်မရသော်လည်း မင်းစည်းစိမ်တော်ဖြင့် ချီးမြှောက်ပါလျှင် လိုအင်သင့်၍ အခွင့်ရမည်ကိုလည်း မသိနိုင်ပါဟူသောစကားအလိုဖြင့် ထို ၆ လကို များလွန်းအံ့ထင်လျှင် ၅လတိုင်ရုံမျှ ပေးတော်မူပါဟု" လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ သင့်သားကား သူတစ်ပါးသားကဲ့သို့ တစ်ခုခုအင်္ဂါသာ ချို့ယွင်းတ်သည်မဟုတ်။ အင်္ဂါချို့ယွင်းတ်ခြင်းပင် စုံညီလှသည်။ အသက်မရှိသကဲ့သို့ နေသော သင့်သားကို စကြာမင်းစည်းစိမ်၌ပင် ထားသော်လည်း ထူးခြားဖွယ်မရှိဘဲလျက် ငါ အဘယ်ကဲ့သို့ ထီးနန်း အပ်နှင်းရပါအံ့နည်း။ သူခပ်သိမ်းတို့ အပြစ်တင်ဖွယ် မဖြစ်ပြီလော ဟူသော စကားအလိုဖြင့် ၅လမျှလည်း ငါ မပေး"ဟုဆို၏။

မိဖုရားကြီးသည်"အရှင်မင်းကြီး။ ကိုယ့်တော်သားတော်သည်ကား စကားမပြောရုံ, ကိုယ်လက် မတုန်မလှုပ် နေရုံမျှသာ, ကြွန်လက္ခဏာ ချို့တဲ့ခြင်း မထင်။ သူခပ်သိမ်းတို့မြင်၍ ကြင်ဖွယ်ချစ်ဖွယ် သနားဖွယ်ရှိသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံပါသေး၏။ ရှေးသောအခါ ရာမမင်းသားသည် တောသွဲ့နေလျက်ပင် မိမိစီးသော ခြေနင်းကိုသာ ဗာရာဏသီပြည်ဝယ် ရာဇပလ္လင်ဥကင်[၁၀၇]ထီးဖြူအောက် ချီးမြှောက်တင်ထား၍ ကိုယ်စား မင်းပြုစေသော် မှူးတော်မတ်တော်အများ မင်းသားကိုခံညားခြင်းဖြင့် ခြေနင်းစင်မှ သခင်လုပ်လျက် လက်အုပ်မြတ်နိုး ကိုးကွယ်ကြကုန်၏ဟူသကဲ့သို့၊ ဘုန်းတေဇ အာဏာသတင်းဖြင့် မင်းတကာတို့ထက်မြတ်သော ကိုယ်တော်စင် ထင်ရှားရှိလျက် သားတော်တေမိကုမာရကို ထီးနန်းအပ်နှင်းသည်ဟူ၍ ဘယ်သူ မလေးမလောက် ပြုဝံ့ပါအံ့နည်း။ ယခုကဲ့သို့ မတုန်မလှုပ် အသက်ထက်ဆုံးပင် နေသော်လည်း တောင့်တ၍ရအပ်သောသားကို တစ်ပါးသူ မထိမဲ့မြင် မပြုကောင်းရာပါပြီ ဟူသောစကားအလိုဖြင့် ထို ၅ လကို များလွန်းအံ့ထင်လျှင် ၄ လတိုင်ရုံမျှ ပေးတော်မူပါဟု"လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း"မိဖုရားကြီး။ ပုရောဟိတ်ပညာရှိတို့က သင့်သား ထီးနန်းနှင့်တန်မည်ကို မဆိုလင့်ဦး။ နန်းတွင်းမျှ မထားထိုက်။ မိဘတို့ထီးနန်း မခံနိုင်,အန္တရာယ်ရောက်မည် ဟူ၍ မြင်သိတိုင်း ညွှန်ကြားလျှောက်ထားကြသည်ကို လွန်၍ ငါပြုလျှင် နောင်ပညာရှိတို့ ဆိုတိုင်းဖြစ်ခဲ့သော် ထိုအပြစ်ကို သင် အသို့ ဆီးတားနိုင်ပါအံ့နည်း ဟူသောစကားအလိုဖြင့် ၄ လမျှလည်း ငါမပေး"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည်"အရှင်မင်းကြီး။ လောကီပညာရှိဟူသည်၌ အရာတိုင်းမှာ သဘောကျနိုင်မည် မဟုတ်ပါ။ ကိုယ်လိုရာ အားကြီးတတ်ပါသည်။ သဘောလက္ခဏာ ရာ,မရာကို ဆင်ခြင်ခြင်းသာလျှင် မူလ ဆွံ့,အ,နားပင်း အင်္ဂါချို့ယုတ် တိုင်းရှာ ပြည်မြို့ပြ မခံနိုင်ဟူ၍ အယူတော်မထား သူတစ်ပါးကိုမျှ သနားကရုဏာ မေတ္တာတော်ရေ ပို့ဝေဖျန်းဆွတ်တော်မူသော ကိုယ်တော်ဖြစ်ပါလျက် ချစ်လှစွာသော ရင်သွေးရင်သားကိုကား သနားခြင်းကင်းသဖြင့် မင်းတို့ကျင့်ဝတ်တရားကို ပုဏ္ဏားလိမ္မာတို့မှောက်လှန်၍ ဖောက်ပြန်သင့်သည် မဟုတ်ပါ ဟူသောစကားအလိုဖြင့် ထိုငှလမှုကိုလည်း များလွန်းအံ့ထင်လျှင် ၃ လတိုင်ရုံမျှ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ သင်အသိုဆိုရသနည်း။ 'သားကောင်းလျှင်လည်း မိဘမှာသာ အကျိုး တက်မြောက်ရာသည်။ သားဆိုးလျှင်လည်း မိဘမှာသာ တန်ခိုး ပျက်ပျောက်ရာသည်။' ဆရာပုရောဟိတ်တို့မှာ သင့်သား ဆိုးသည် ဟူ၍ အဘယ်အကျိုး ရှိအံ့နည်း။ ကိုယ်အဖို့ဆိုသည်ကို မနာလို မရှိသင့်။ မိဘတန်ခိုးကို ရှုတ်၍ အကျိုးယုတ်သောသားကို မြှောက်စားသဖြင့် ပြည်တိုင်းကားသိမ်ဖျင်း၍ သတင်းသာ ပုပ်တော့မည်ဟူသော စကားအလိုဖြင့် ထို ၃ လကိုမျှလည်း ငါမပေး"ဟုဆို၏။

မိဖုရားကြီးသည်"အရှင်မင်းကြီး။ လိမ္မာသောသူညစ်ဆိုလျှင် သူ့အကျိုးကိုမလို၊ ကိုယ့်အလိုပြည့်အောင်သာ လှည့်ဖြား၍ အမှားကို အမှန် ဖန်ဆင်းတတ်ပါသည်။ ကျွန်ုပ်တို့အကျိုးကို ထိုပုဏ္ဏားတို့လို၍ လျှောက်သည် မဟုတ်ပါ။ သားတော်၏လက္ခဏာကို ဖွားစကပင် အကောင်းအမြတ်ဖြစ်ကြောင်းနှင့် ထိုပုဏ္ဏားတို့ဖတ်ကြား၍ ရှိပြီးလျက် နိမိတ်ကျမ်း၏တစ်ဘက်ကမ်းသို့ ရွယ်လှမ်းမြောက်နိုင်သော ပညာမရှိသဖြင့် မသိတတ်လျှင် ရာဇဝတ်တော် အနီးချဉ်းသောကြောင့် လှည့်ဖြားကာစကားသိမ်းနှင့် တိမ်းရှောင်ပလူး၍ အထူးနောက်ယခု ဒုစရိုက်အတိုင်အပင် အသစ်ပြင်စကားကိုသာ အမှန်ကြိုးစားသဖြင့် သားတော်အား ထီးနန်းမြှောက်၍ နောက်ကောင်းမြတ်စွာ ဘုန်းတန်းပွင့်လန်းဘိသော် မိမိတို့ဖတ်ဆိုလေသမျှ စကားပျက်၍ ရက်ကြောက်မတန် ရာဇဝတ်ဒဏ်ကြီး ပျက်စီးအင်ချို့ မိမိတို့သို့ အန္တရာယ်ဖြစ်မည်ကို အလွန်စိုးသောကြောင့် အဆိုလိမ္မာ ကိုယ့်ကိုသာ အနွမ်းမခံ လျှောက်ပါသည်။ ထောက်စရာအရေးမှာ ကျေးဇူးတော်ကိုဆောင်လို၍ သားတော်ကို ဖျောက်ဖျက်စေသည်ဟူ၍ ပုဏ္ဏားတို့စကား အကျအရ ရှိသည်မဟုတ်ပါလော ဟူသောစကားအလိုဖြင့် ထို ၃လကိုမျှ များလွန်းအံ့ထင်လျှင် ၂ လတိုင်ရုံမျှ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း "မိဖုရားကြီး။ သင်ကား သားကိုချစ်ခြင်း တစ်စိတ်တည်းနှင့်သာ သူတစ်ပါးကို မာန်ဖီ၍အလီလီ ယခုလျှောက်၏။ နောက်နောင် ပြည်ရေးတိုင်းမှု လူ့ကိစ္စကို သင် မြင်နိုင်သလော။ တစ်ပါးအကြောင်းကြောင့်ပင် တစိုးတစိ အန္တရာယ်ရှိခဲ့သော် နန်းတော်တွင် ဤမင်းသားကိုထားသောကြောင့် ဤသို့ အန္တရာယ်ဖြစ်လေသည်ဟု ထုံးသက်သေအစဉ်အဆက်လည်း မပျက်မပျောက် မျက်မှောက်လည်း သူခပ်သိမ်းကဲ့ရဲ့ဖွယ် အသွယ်သွယ် ဤအပြစ်များကိုမျှ မထောက်ထားဘဲ သားတစ်ယောက် ပျက်စီးအံ့သည်ကိုသာ အဘယ့်ကြောင့် ရေတွက်ရသနည်း ဟူသောစကားအလိုဖြင့် ထို ၂ လမျှကိုလည်း ငါမပေး"ဟုဆို၏။

မိဖုရားကြီးသည် "အရှင်မင်းကြီး။ ယခု ကိုယ်တော် တရား ၁၀ပါး[၃၀၈]စောင့်၍ ပြည်ကြီးစည်းစိမ် စံတော်မူသည်မှာ သဲသရာနောင်အဆင့်ဆင့် မြင့်သည်ထက်မြင့် ဘုန်းပွင့်တော်မူမည့်အကြောင်းကို တောင့်တတော်မူသည်မဟုတ်ပါလော။ ယခုဘဝ တင့်တယ်ရုံမျှသာဖြစ်လျှင် ဤသို့သောကိုယ်တော် ဘုန်းလက်ရုံးဖြင့် ဟုံးစုံး[၃၀၉]လိုသမျှ တရားအလွတ်ဟုံးစုံးသော်လည်း မှန်းသမျှသူသာ ကြုံဆွေးရမည်။ သည်ကိုလျက် မျက်မှောက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးထက် သံသရာတန်ခိုးကို အလိုရှိတော်ငြား၍ သနားခြင်းကရုဏာဖြင့် ကျင့်ရာမှန်သမျှ မင်းကျင့်ဝတ်ကို မချွတ်စေရအောင် ကျင့်တော်မူပါသည်တကား။ သားကြီးငါးကြီး တိရစ္ဆာန်ကိုမျှ အန္တရာယ်မဖြစ်စေရဟု တားမြစ်သောကိုယ်တော်သည် သားတော်ကိုကား သနားခြင်းဖြတ်၍ မြှုပ်သတ်မှ လောကဝတ်ပြေမည် ထင်တော်မူခဲ့သော် အယူတော်ဖောက်ပြန်သဖြင့် ဝတ် ၃ တန်လုံးပင် အမှားချည်းဖြစ်မည် ထင်ပါသည်။ ပညာတော်ရှိတိုင်း သတိမလွတ် သင့်မြတ်အောင် ဆင်ခြင်တော်မူပါ ဟူသောစကားအလိုဖြင့် ထို ၂ လကိုမျှ များလွန်းအံ့ထင်တော်မူပါလျှင် ၁ လတိုင်ရုံမျှ ပေးတော်ပါ”ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးလည်း“မိဖုရားကြီး။ ဂုဏ်မရှိသောသူကို ချီးမြှောက်လျှင် ချီးမြှောက်သူလည်း မတင့်၊ မြင့်သူလည်း မမြတ် ရှိတတ်သည်။ အပြစ်ရှိသူကိုသနားလျှင် သနားသူ အပြစ်ရောက်တတ်သည်။ ရှေးသောအခါ လှည်းကုန်သည် ၅၀၀ တို့သည် ပညာမရှိသောသူကို လှည်းမှူးမြှောက်သဖြင့် အချင့်အတွေး ပညာရေးမဝေဖန်နိုင်သောကြောင့် စဉ်းလဲသောအဆိပ်သီးကို သရက်သီးမှတ်၍ ဆွတ်ချူစားစေရာတွင် ၅၀၀ စလုံး အသက်ဆုံးဖူးသည်။ အန္တရာယ်ပြုတတ်သော မြွေ,ဆင်တို့ကိုသနားသဖြင့် မွေးမြူပြုစု၍ မြွေ့ခမည်း, ဆင့်ခမည်းဖြစ်သော ရှင်ရသေ့တို့သည်လည်း အသက်ဆုံးခြင်း၊ ကျောင်းပရိက္ခရာပြုန်းခြင်းသို့ ရောက်ဖူးကြလေသည်။ ဤ သင့်သား တေမိယကုမာရမှာလည်း ချီးမြှောက်ဖွယ်ဂုဏ် တစ်စုံတစ်ခုမျှ မရှိ။ မိဘတို့ကို အန္တရာယ်ပြုမည့်သား စင်စစ်မှန်သောကြောင့် သနား၍မထားသာ လွှတ်ရာတစ်ပါး တိုင်းခြားနိုင်ငံခြားသို့ ပို့ထုတ်ရမည်လည်း သင့်သားမတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ထိုထိုတိုင်းသား သူတစ်ပါးတို့မြင်၍ ကဲ့ရဲ့ပြစ်တင် ပြုချင်သမျှသောဒဏ် ခံရသောစကားကို ငါတို့ ကြားရတော့မည်သာ။ မြန်စွာဖျောက်ဖျက်မှ မျက်စိလွှဲ,နားလွှဲ စိတ်နှလုံး ချမ်းသာလွယ်မည် ဟူသောစကားအလိုဖြင့် ထို ၁ လမျှကိုလည်း ငါ မပေး”ဟုဆို၏။

မိဖုရားကြီးသည် “အရှင်မင်းကြီး။ ရှေးသောအခါ တေလပဏ္ဍမင်းသားသည် ဗာရာဏသီပြည်မှ တက္ကသိုလ်ပြည်[၃၁၀]အကြား ဝါဋ္ဌယက္ခ ကန္တာရ[၃၁၁]ခရီးခဲဥ္စကြိမ်သောအခါ ဘီလူးမတစ်ယောက်သည် ကြောက်မက်ဖွယ် ဆင်အဟန်, မြွေအဟန် စသည်ပြု၍ ခြောက်လှန့်ခြင်း၊ နတ်ကညာကဲ့သို့ ရှုချင်ဖွယ်အသွင်အပြင် ဖန်ဆင်း၍ ဖြားယောင်းခြင်း၊ မင်းသားနှင့် စုံဖက်စရာဖြစ်သော မင်းသမီးအသွင်အဟန် ဖန်ဆင်း၍ဖြားယောင်းခြင်း၊ မင်းသားကိုစွဲ၍ဖြစ်သော သန္ဓေဆောင် မင်းသမီးအဟန်ဖန်ဆင်းလျက် နောက်က အစဉ်တစိုက်လိုက်ခြင်း၊ နို့စို့သားငယ်ကိုပိုက်ချီလျက် မမိုမကမ်း မင်းသားနောက်က မြောက်သားတော်သမီး[၃၁၂]အသွင်အဟန် ဖန်ဆင်း၍ လိုက်ခြင်းတို့ဖြင့် များစွာ တစ်ခုမကြိုက်တစ်ခုကြိုက်လိုက်၍ လိုက်၍ဖြားယောင်းသော်လည်း သွားမြဲလမ်းကိုသာ ရှေးရှုလျက် မတုန်မလှုပ်သောမင်းသားကို လမ်းနားအနီးရှိ လူသူလယ်လုပ်သား, လယ်လုပ်သမီးတို့မြင်သဖြင့် ကိုယ်ချင်းစာ၍ များစွာအပြစ်တင်ကာ အယုတ်အဆိုး ကဲ့ရဲ့စကား နားမခံချိအောင်ဆိုကြလျက် နှစ်သက်ခြင်း, အမျက်ထွက်ခြင်းမရှိ သမာဓိဖြင့်သာသည်းခံ၍ ထိုကန္တာရကိုလွန်မြောက်သဖြင့် ပြည်စည်းစိမ်ကိုရသောအခါ ဘုန်းပညာပွင့်ချိန်ရောက်၍ ချီးမြှောက်သူလည်းတင့်, မြင့်သူမင်းသားလည်းအမြတ်အထွတ်တိုင်ဘူးသကဲ့သို့ သားတော်တေမိယကုမာရမှာလည်း ကိုယ်လိုရာ မတွေ့သေးသောကြောင့် ဘုန်းပညာကိုမဖော်ပြ အနု,အကြမ်း စမ်းသမျှကိုမတုန်မလှုပ်သည်းခံလျက် အချိန်တန်၍ နိုင်ငံကိုအစိုးရသောအခါ ဘုန်းအာဏာပညာ ပွင့်လန်းအံ့သည်ကိုလည်း သူမျှ မသိနိုင်ပါ။ အမင်္ဂလာ သူယုတ်မာစင်စစ် အပြစ်ရှိသူသာမှန်လျှင် သန္ဓေယူစ, ဖွားဦးစကပင် ဆုတ်သောလကဲ့သို့ တရွေ့တရွေ့ တစ်နေ့တခြား စီးပွားတော်ယုတ်လျော့ခြင်းကိုပြုသဖြင့် ယခု ၁၇နှစ်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားအရွယ် ကျော်တော့မည်။ ပြည့်စည်းစိမ်တော်အလုံး ပြန်း၍ကုန်သင့်လှပါပြီ။ ထိုသို့လျက် ကိုယ်တော်၏စည်းစိမ်တော်သည် ယခုပွင့်စသောပန်း, ဆန်းသစ်သောလကဲ့သို့ တစ်နေ့တခြား ပြန့်ပွားတက်ဖြိုး ခြင်းသာ ဖြစ်ပါသည်။ ဤကိုထောက်ထားသဖြင့် သားတော်၌ အပြစ်မရှိယူတော်မမူဘဲ ထီးဖြူအပ်နှင်း၍ မင်း၏စည်းစိမ်ဖြင့် စံတော်မူပါစေ ဟူသောစကားအလိုဖြင့် ထို ၁ လကို များလွန်းအံ့ထင်တော်မူလျှင် လခွဲ,၁၅ရက်မျှ ပေးတော်မူပါ"ဟု လျှောက်တောင်းပြန်၏။

ကာသိကရာဇ်မင်းကြီးမှာလည်း "မိဖုရားကြီး။ တစ်ပါးသောမင်းသားများမှာ အလားအလာကိုဆင်ခြင်၍ ထင်မြင်သာသည်။ သင့်သားမှာ အဘယ်ကိုဆင်ခြင်၍ ထင်မြင်စရာ မရှိ။ ရက်လိကြောက်ဖွယ် မင်းနွယ်မင်းမျိုး ထီးရိုးနန်းစဉ် သားမြေးမဟုတ်သကဲ့သို့ သူယုတ်၏အမူအရာကို ငါမြင်ရာတွင် နှလုံးတုန်ပြန်လှသည်။ သည်းခံနိုင်ခဲ ဟူသောစကားအလိုဖြင့် ထို လခွဲမျှလည်း ငါမပေး"ဟုဆို၏။

မိဖုရားကြီးသည် "အရှင်မင်းကြီး။ မင်းဟူသည်၌ အပြစ်ကိုမှီ၍ဖြစ်သော ဒေါသ, အချစ်ကိုမှီ၍ ဖြစ်သော ဒေါသ ၂ ပါးစလုံးပင် သုံးမြဲသောဉာဏ်တော်လက်ဖြင့် သိမ်း၍ ငြိမ်းဆေးကရုဏာ မေတ္တာရေ ဆွတ်ဖျန်းပါမှ သတ္တဝါအပေါင်းလဲလျောင်းမှီခိုရာ ဖြစ်ပါမည်။ ရှေးသောအခါ ဗာရာဏသီမင်းကြီး၌ သား သမီးတစ်ယောက်မျှ မရတတ်သဖြင့် တောင့်တအပ်သောပတ္တနာနှင့်လျော်စွာ နောက်အခါမှ မိဖုရားကြီးတွင် သမီးတစ်ယောက်ဖွားမြင်လေသော် အကျွန်ုပ်တို့ကဲ့သို့ သားရှား,သမီးရှားဖြစ်၍ သမီးကိုချစ်သောအားဖြင့် မိဖုရားကြီးအားလည်း လိုအပ်သမျှဆုကို အကုန်ပေးလျက် မင်းသမီးအားလည်း များစွာအခြံအရံ အထိန်း အကြီးတို့နှင့် ချီးမြှောက်ထား၍ မင်းသမီးအရွယ်ရောက်လျှင် ရမ္မက်စရိုက်ထူသောကြောင့် ပူပန်ခြင်းဖြင့် မအီမသာ ဖျားနာယောင်ဆောင်လေသည်နှင့် ဆေးသင့်ရာ အနာ၏အကြောင်းကိုသိလို၍ အမိမိဖုရားကြီးမေးလျှင် မိဘအမြှောက်အတင်ဖြင့် ကြင်ရခင်ရမည့်မင်းသား ယောကျ်ားဖြစ်သော်လည်းမကြိုက်၊ အလျောက်အလိုက် နှစ်ခြိုက်ရာစံရွေး၍ စိတ်နှင့်တွေ့သမျှကို နေရမှ ဤဝေဒနာ အထမြောက်မည်ဆိုသော် အမျိုးတော်တကာရှက်စုဖွင် အမှုကုန်ရှက်ဖွယ်ဖြစ်လျက် သမီး၌ချစ်သောအားဖြင့် မိဖုရားကြီးသည် ထိုစကားကို မင်းကြီးအား လျှောက်ထားသော် 'မတော်မတူ လူမိန်းမယုတ်မျှမက ဘီလူး,ပြိတ္တာမတကား'ဟု ရှက်အားကြောက်အားနှင့် စိတ်ထားအယူ မဖြူမကြည် မင်းကြီးရှိလျက်ပင် ဆင်ခြင်နှိုင်းညှိ နိသမ္မကာရီ[၁၈၈]စုံညီလှစွာသော ဓမ္မရာဇ်မင်း[၁၈၉]ဖြစ်သည်နှင့်လျော်စွာ 'ငါ၏သမီးကို ဖွားမြင်စက မိဖုရားကြီးအား အလိုရှိတိုင်းသော ဆုကို ယူဟု အကုန်အပ်နှင်းမိသော ကတိ[၁၉၀]စကားရင်း ရှိပေသည်။

"ထိုသစ္စာကတိကို ငါဖျက်ချေလျှင်ဂ္ဂ မျက်မှောက်လည်း ပြည်ထဲရေး, ကိုယ်ရေး မချမ်းသာ၊ နောင်သံသရာလည်း အပါယ်၌ ငါမလွတ်၊ ကတိဝတ်ချွတ်သောစီရင်ထုံးကို ဘုန်းရှိသော ငါဓမ္မရာဇ်မင်းမှ ကြိုက်ချေလျှင် နောက်လိုက်သောမင်းဆက် နန်းရိုးတို့သည် ထုံးဆိုးကို ထုံးကောင်းလုပ်၍ အဟုတ်အဟတ် သုံးပြန်ကြလေတော့မည်။ လခွဲ ၇ရက် တစ်သက်လျှာပင်ဖြစ်စေဦး။ ဤမျှခန့်အရှက်ကို ရေတွက်၍ ကတိသစ္စာကို ငါမဖျက်သာချေ'ဟု သစ္စာကတိဖျက်၍ အပြစ်ရောက်ဖူးသောထုံး, သစ္စာကတိတည်၍ အကျိုးရောက်ဖူးသော ထုံးတို့ကို သုံးလေ့လိုက်လေ့ရှိသည်နှင့်လျော်စွာ ကတိသစ္စာကိုမဖျက်ပဲ မိဖုရားကြီးအား တောင်းတိုင်းသောဆုကို ပေးလျက်သမီး၏အလိုကို ပြည့်စေသဖြင့် တက္ကသိုလ်ပြည်မှ အတတ်သင်၍အပြီးရောက်လာသော ဘဏ္ဍာရာဇ် မင်းကြီးသား အဖွဲ့နအစရှိသော မင်းညီနောင် ၅ ယောက်လုံးကိုပင် မင်းသမီး ပန်းကုံးဖြင့်ပစ်သည်နှင့် မင်းကြီးမနှစ်လိုခြင်း ပြင်းစွာရှိသော်လည်း ကတိချွတ်မည်ကိုကြောက်သောကြောင့် လောကဝတ်



www.burmeseclassic.com

www.burmeseclassic.com



အရှက်အကြောက်ကို အနိုင်အထက်ဖျောက်၍ ၅ ယောက်လုံးမင်းသားတို့နှင့်ပင် ယောကျ်ားမတန် အလွန်တရာ ယုတ်မာသောသမီးကို အိမ်သီးထောင်စေသဖြင့် ပဉ္စပတိကာ[၁၆]ဟူသောအမည်ကို ထိုမင်းသမီးလည်းရ၍ ထင်ရှားစွာပင် ဓမ္မရာဇ်မင်းတို့ကတီ၌ တည်ဖူးကြောင်း ထုံးဟောင်းနှင့်တကွ ရှိပါသည်။

"ကိုယ်တော်မှာလည်း ထိုရှေးရှေးမင်းတို့ကဲ့သို့ တရား ၁၀ ပါးကို ကျင့်တော်မူလေ့ရှိသည်နှင့်လျော်စွာ သားတော် တေမိယကုမာရ ဖွားစကပင် အကျွန်ုပ်အား အလုံးစုံသောဆုကို ပေးတော်မူ၍ ရှိပြီးဖြစ်ပါလျက် ထွက်ပြီးသောဆင်စွယ် မဝင်သကဲ့သို့ ထွက်ပြီးသောအမိန့်တော်လည်း မချော်မတွန့်သင့်ပါ။ သားတော်မှာလည်း ခြေလက်အင်္ဂါ တစ်စုံတရာမျှ ချို့တဲ့ခြင်းမရှိဖြစ်၍ အမျိုး၏အဆင်းသဏ္ဌာန် ကြန်လက္ခဏာကို ဖျက်သည်လည်းမဆိုရ၊ ရိုင်းပျဆိုးသွမ်း ကြမ်းကြုတ်ခက်ချော် လျှပ်ပေါ်ခြင်းဖြင့် မင်းတို့၏အကျင့်ကို ဖျက်ဆီးသည်လည်း မရှိ၊ သမာဓိကြီးခြင်းဖြင့်သာလျှင် ပျင်းရိမှုနှစ် လူမထိဖြစ်၍ ချစ်သူခင်သား အားမရနိုင်ရှိသည့် အပြစ်မျှသာ အပြစ်ကိုဆိုရပါသည်။ သစ္စာတော် မပျက်အောင် ဆောင်နှင်းသင့်ပါသည် ဟူသောစကားအလိုဖြင့် ထို ၁၅ ရက်မျှကို များလွန်းအံ့ထင်လျှင် ၇ ရက်တိုင်ရုံမျှ ပေးတော်မူပါ"ဟုလျှောက်တောင်းပြန်၏။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် သားတော်တေမိမင်းသား၌ ချစ်သနားခြင်းကရုဏာကြောင့် ဒေါသရောက်၍ အခါမပြတ် နှလုံးမသာရှိစဉ် ပုဏ္ဏားတို့က အပြစ်ဖို့စကား လျှောက်ထားပြန်သည်နှင့် အယူမမှန်ဝင်လျက် အသက်အန္တရာယ်, စည်းစိမ်အန္တရာယ် ဖြစ်အံ့သည်မှကြောက်သောကြောင့် လျင်မြန်စွာ ဖျောက်ဖျက်လိုသောနှလုံး ရှိသော်လည်း တရား ၁၀ ပါး စောင့်တော်မူသည်နှင့်လျော်စွာ ကတိသစ္စာကို အလေးအမြတ်ပြုလေ့ရှိသော မင်းဖြစ်၍ မိဖုရားကြီး နားပူနားကြပ် ပျပ်ဝပ်ကျိုးနွံစွာ အခါခါလျှောက်သဖြင့် ထောက်သင့်ပြီ ဟု အယူရှိမှ ကတိကဝတ် မချွတ်စေခြင်းငှာ ဤ မတုန်လှုပ်သောအမှုအရာမှ ထူးလျှင်လည်း တစ်သက်၊ မထူးလျှင်လည်း ၇ ရက်ဟု နှလုံးထား၍၊ မိဖုရားကြီးအား "သင့်သား၏အမူအရာကို တစ်ခါထူး၍ ဖြစ်မည် ငါ မထင်သောကြောင့် ထီးနန်း မပေးလို။ ပယ်သည်ကို သနားဖွယ်ပြု၍ အမှုရှာလာပြန်သည်မှာ ငါ၏ကတိလည်း ရှိပေသည်။ ၇ ရက်သာဖြစ်လျှင် ကောင်းပြီ။ ယူလေတော့"ဟု ဆုပေးတော်မူလေ၏။

[ဤကား 'တေနဟိ ဒေဝ ဒေထ'ဟူသော မိဖုရားစကား'နသက္ကာဒေဝိ'ဟူသောမင်းကြီးစကား ဤမျှသော ပါဠိတို့ကို ပညာနုသေးကုန်သောသူတို့အား ထုံးဥပဒေသ ရစိမ့်မှီစိမ့်သောငှာ မိဖုရားကြီး၏အလို, မင်းကြီး၏ အလိုနှင့်တကွ စကားတန်ဆာဆင်၍ ဆိုလိုက်သည်။]

## ၁၁။ ၇ရက် မင်းမြှောက်ခန်း

စန္ဒာဒေဝီမိဖုရားကြီးသည် သားတော်ကို ပြည်မှ မနှင်ထုတ်စေလိုသည်နှင့်အညီ "နှင်ထုတ်တော်မမူပါလင့်"ဟူ၍သာ မတောင်းပန်မူ၍၊ စိုးရေးမင်းရိပ်၌ စိတ်သုံးအလိမ္မာ ပညာရှိမိန်းမဖြစ်ခြင်းကြောင့် 'ရေကူးညာတင် စကား'ဖြင့် ရွယ်ကာသာတင်မိအောင် ထီးနန်းစည်းစိမ်အထွတ်အမြင့်မှာ အခွင့်သိတတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



အချက်ကျကျ အားထုတ်ဆွတ်လှမ်းသဖြင့် ထီးနန်းဆုကိုရလေသော်၊ သားတော် တေမိယကုမာရအား ပြည်ကြီးရှင်တို့ ဆင်အပ်သော အဝတ်တန်ဆာတို့ဖြင့် ဝတ်ဆင်စေပြီးလျှင် ရာဇပလ္လင် ဥကင်ထီးဖြူရိပ်၌တင်ထားနေစေလျက် ဖွားဖက်ရွှေဖော် အမတ်သား ၅၀၀နှင့် များစွာသော မှူးတော်, မတ်တော်, ပုဏ္ဏားပုရောဟိတ်အပေါင်း ခြံရံစေလျက် မင်းကြီး မိဖုရားကြီးတို့သည် "ချစ်သား တေမိယကုမာရ၊ အစွန့်[၁၁၇]ယူဇနာ ၁၀၀၀ရှိသော ဤကာသိကရာဇ်တိုင်းကြီး အထွတ်ဖြစ်သော ဤဗာရာဏသီပြည် ထီးနန်းစည်းစိမ်အလုံးကို ချစ်သားအား ယခု အပ်နှင်း၏။ ချစ်သားသည်လျှင် ဤပြည်ကြီးစည်းစိမ်ကို စိုးစံလျက် ဆွေတော်မျိုးတော်, မှူးတော်မတ်တော်, ပြည်သူပြည်သားအပေါင်းတို့အား မင်းကျင့်တရားနှင့်အညီ ငြိမ်ဝပ်ချမ်းသာစွာ စောင့်ရှောက် အုပ်ချုပ်နိုင်သည်ဖြစ်၍ ပွင့်သစ်သောပန်း, ဆန်းစသောလ, ထွက်စသောနေလုလင်ကဲ့သို့ နှစ်လိုလျှံဘက် အသက်ထက်ဆုံး ဘုန်းကျက်သရေတန်ခိုး တက်ဖြိုးရှင်လန်းသည် ဖြစ်စေသတည်း"ဟု ထီးနန်းအပ်နှင်း၍ အဘိသိက် သွန်းကြကုန်၏။

ပုဏ္ဏားပုရောဟိတ်, မှူးတော်,မတ်တော် အပေါင်းတို့သည်လည်း ကောင်းချီးမင်္ဂလာ များစွာဆောင်ညွှန်း အဘိသိက်သွန်းကြကုန်၏။ မြို့၌လည်း ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် သားတော်အား ထီးဖြူအပ်နှင်းတော်မူသည်ဖြစ်၍ "ယခု တေမိမင်းကြီး ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်။ နှစ်သက်ရှင်လန်း ချမ်းသာစွာ ငြိမ်ဝပ်စေ"ဟု စည်လည်စေ၏။ ၁၂ ယူဇနာ အဝန်းရှိသော ဗာရာဏသီပြည်ပတ်ဝန်းကျင်ကိုလည်း ရှုချင်ဖွယ် အလုံးစုံ တန်ဆာဆင်စေပြီးလျှင် တေမိမင်းကို တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ဖြင့်တင်၍ ထီးဖြူဆောင်းလျက် များစွာသောဆင်, မြင်း, ရထား, ခြေသည်အလုံးအရင်း မင်း, မှူးမတ်အပေါင်း အခြံအရံတို့နှင့် မြို့ကို လက်ယာရစ်လှည့်လျက် ထွက်စံ စံပယ်တော်မူစေ၏။

## ၁၂။ စကားပြောရန် မယ်တော် တောင်းပန်ခန်း

ထိုသို့ ပြည့်စည်းစိမ်ကို သိမ်းယူစိုးစံစေပြီးသော် မယ်တော်မိဖုရားကြီးသည် ဘုရားလောင်းတေမိယမင်းကို ကျက်သရေရှိသော စက်မွေ့ရာသလွန်ပေါ်၌ လျောင်းစက်စေ၍ ၆ ည၌ပတ်လုံး မအိပ်မစက် မျက်ရည်စီးယို ငိုလျက် ဤသို့ တောင်းပန်၏။

"ချစ်သား တေမိယကုမာရ၊ မိခင်၏ပူဆွေးခြင်းကို ချစ်သား မဖျောက်ဖြေပါပြီလော။ မိခင်သည် မောင့်ကိုဖွား၍ အခါလည် ၁ နှစ်ကျော်သည်မှ ၁၆ နှစ်တိုင်တိုင် ဘယ်နေ့ဘယ်ရက်တွင်မျှ အိပ်စက်ရမှန်းမသိ။ မိခင်မျက်စိမှာ မျက်ရည်စက်ယို ငိုကြွေးမလပ် ကျိန်းစပ်ကြေကွဲ သွေးခဲသွေးပေါက် မဆောက်တည်နိုင် ကြံမှိုင်မရ ညှိုးလျဖျော့တော့ လျော့ပါးသောကိုယ်လက်ဖြင့် အသက်မသေတတ်ကာသာ ယခု မိခင် ကျန်တော့သည်။ ပူပန်ခြင်းဆင်းရဲဖြင့် နှလုံးကွဲ၍ စိတ်ထဲလှိုက်ဆူ သည်းအူကြွေပြတ်မတတ် မိခင်ရှိသည်ကို သားတော်အသိပင် ဖြစ်ပါသည်တကား။



www.burmeseclassic.com

"ချစ်သား၏ နား, ခံတွင်း, ကိုယ်, လက်, မချို့တဲ့။ ရှုဖွယ်တစေ ခြေ, လက်, မျက်နှာ လက္ခဏာကောင်း အပေါင်းစုံညီစွာ ဘုန်းပညာ အာဏာသတင်း ကျော်စောခြင်းရှိအံ့သော ယောကျ်ားမြတ်ဖြစ်သည်ကို မိခင် သိလှပါ၏။ လိုရာအခွင့်ကို မဖွင့်မဆိုရှိသော ချစ်သားလိုအင်ကို မိခင် မသိရသဖြင့် မချိနိုင်ရှိပါသည်။ မိခင်အား သနားသဖြင့် မောင်သည်သာလျှင် မိခင်၏ကိုးကွယ်ရာ ဖြစ်ပါစေလော့ ချစ်သား။ မောင်ကဲ့သို့သောဘုန်းပညာရှိသော ယောကျ်ားမြတ်မှ မိခင်၏ဆင်းရဲခြင်းကို ချမ်းသာရာမပြုလျှင် ဘုန်းပညာနည်းသောသားတို့မှာ အဘယ်သို့လျှင် မိဘကျေးဇူးကို သိပေဆောင်ပေ်တော့မည်နည်း။ သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်၍ ကိုယ့်အသက်ကို လုကြကုန်သောသူတို့မှလည်း အမိ၏ဆင်းရဲခြင်းကိုမမြင်ဝံ့သဖြင့် ကိုယ့်အသက်ကို စွန့်၍ပင်လည်း အမိ၏ ချမ်းသာရာကိုသာ အလိုရှိခြင်းကြောင့် ပခုံး၌ အမိကိုထမ်းရွက်လျက် အပြောကျယ်စွာသော သမုဒ္ဒရာကို ကူးပါတဲ့သေး၏။ ထိုသို့ အတုမရှိသော လောကီပညာရှိ ယောကျ်ားမြတ်တို့နှင့်သာ တွေ့ထိုက်စွာသောချစ်သားသည် အဘယ့်ကြောင့် မိခင်၏ဆင်းရဲကို ရှု၍နေဘိသနည်း။

"သစ်ပင်အသိုက်၌ မပျံတတ်သေးသော လင်းတငယ်သည် အစာမွတ်သိပ်ခြင်း ဆင်းရဲရောက်သော်လည်း ငါ့အမိသည် ညဥ့်အခါ အစာချီ၍ လာလတ္တံ့၊ နက်ဖြန်ခါ အစာချီ၍ လာလတ္တံ့ဟု တဆန့်ဆန့်တမျှော်မျှော် တောင့်တခြင်းအာသာ မပြတ်မစဲခြင်းကြောင့် ထိုလင်းတငယ်တို့ အစာငတ်မွတ်လျက် အသက်ရှင်ရသကဲ့သို့ မိခင်မှာလည်း ယနေ့ည ငါ့သား စကားပြောလတ္တံ့။ နက်ဖြန် ပြောလတ္တံ့ဟု ငံ့စားတောင့်တခြင်း အာသာမပြတ် မစဲသေးသောကြောင့်သာ ဤမျှလောက်ကာလပတ်လုံး မိခင် အသက်ရှင်နိုင်ပါသည်။ မိခင်တောင့်တခြင်းအာသာ ရှိသောအတိုင်း ပူပန်ခြင်း, ဆင်းရဲခြင်း ကင်းစေခြင်းငှာ မောင့်မှာလည်း ယခုကိုယ်အစွမ်းဖြင့် အလိုရှိတိုင်း ကြံဆောင်နိုင်းချိန်နိုင်သော အရွယ်ရောက်ပါပြီ။ အခါညီလျော်သဖြင့် အခွင့်ကိုပြောဆို၍ မိခင်၏ပူဆွေးခြင်းကို ဖျောက်ပါလော့"ဟု ဤသို့စသော များစွာအသွယ်သွယ် သနားဖွယ်ငိုကြွေးလျက် ၅ ညဥ့် ဖရက်ပတ်လုံး ဘုရားလောင်း လျောင်းသောသလွန်ထက်၌ ပိုက်ဖက်ခယမ်း မြည်တမ်းတောင်းပန်လေ၏။

ထိုသို့ အဓိဋ္ဌာန်အမြဲ အစွဲမခိုင်လျှင် ယိုင်ညွှတ်ခြင်းရှိ၍ အမိကိုသနားသဖြင့် စကားပြောဆိုစေကြောင်း အပြောင်းပြောင်းအလှယ်လှယ် မယ်တော်မိဖုရားကြီး ငိုကြွေးတောင်းပန်သော်လည်း သဗ္ဗညုတ[၃၁၈]ဉာဏ်တော်ကို အလိုရှိ၍ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူကုန်သော ဘုရားလောင်းကိုယ်တော်အဖြစ် မရေတွက်နိုင်ရာ များစွာသောဘဝတို့တွင် ပရမတ္ထအဓိဋ္ဌာန်ဖြင့် နှုန်းစံဖော်နှစ်တစ်ကိုယ်တော်မရကောင်းသော ဘုရားလောင်း တေမိမင်းသားသည် မယ်တော်အား သနားခြင်းပြင်းစွာရှိတော်မူလျက် စက်သံသရာများစွာ လူ့နတ် မြတ်တုံ ယုတ်တုံ စုန်ဆန်မြဲ ဆင်းရဲအစစ် မချစ်အပ်သောကိုယ်ကို အလိုလွှတ်၍ ဝဋ်တရား၏အပြစ်ကို မမြင်သဖြင့် အဆင့်ဆင့် စက်ကြိုးသွယ်ကုန်သော သတ္တဝါအပေါင်းတို့အား ဝဋ်တရား၏အပြစ်ကို မြင်သောငါသည် ဥဖြာသော အဓိဋ္ဌာန်မြဲမှ အောင်ပွဲခံလွယ်မည်ဟု ရည်ရွယ်ကြိုးစား အများသတ္တဝါ၌ ကရုဏာတိုင်ဆောက်၍ မယ်တော်တစ်ယောက်ကို မထောက်မထား သနားခြင်းမရှိယောင်ဆောင်လျက် ပြကတေ့ သိမ်မွေ့တည်ကြည်စွာ မတုန်မလှုပ်သာလျှင် နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ မြှုပ်သတ်ရန် အမိန့်ပေးခန်း

ထီးနန်းအပ်နှင်းသည်မှ ၆ ရက်မြောက်လတ်သော် ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် သားတော်တေမိမင်း၏အမူအရာ မထူးသောအဖြစ်ကိုကြားသိလျှင် မိမိလိုက်သမျှ အလိုမှာပင် ကြည်ညိုဖွယ် တစ်ခုမျှ မထင် ချစ်ခင်ဖို့မသက် အမျက်ဝင်ဖို့အကြောင်းသာ ပေါင်းယှဉ်သောကြောင့် မယှဉ်သောရာဇမာန် ထန်ပြင်းစွာ ဒေါသမှုဖြင့် ရန်သူကြီးသဖွယ်မှတ်၍ အမတ်သုနန္ဒာ[၂၃၉]ရထားမှူးကိုခေါ်စေပြီးလျှင်

"အမောင်ရထားမှူး။ အထူးသဖြင့် အင်္ဂါချို့သော သတို့သားတေမိမင်း၏ သဏ္ဌာန်လက္ခဏာကို ငါသိလျက်ပင် တောင်နန်းရှင်ကသာ မိခင်ဖြစ်၍ ချစ်စိတ်နှင့်တစ်ဖန် ဆုတောင်းပြန်သောကြောင့် နိုင်ငံထီးနန်းကို အပ်နှင်းလျက် မင်းပြုစေသည်ကား ယခု ၆ ရက်မြောက် ရှိပြီ။ ဓာတ်ပါအမူကို ထိုသူ မစွန့်ဖြစ်သည်။ မချစ်သာသော အမင်္ဂလာသားကို ထား၍မသင့် ထီးနန်းနှင့်မတန် နက်ဖြန်မိုးသောက်လျှင် အမင်္ဂလာမြင်းက,သော အမင်္ဂလာရထား၌ အမင်္ဂလာသတို့သားကိုတင်၍ အမင်္ဂလာ အနောက်တံခါးဖြင့် ထုတ်။ လုပ်တိုင်း[၂၄၀]မှာ အမင်္ဂလာတွင်း ၄ တောင် အစောက်နက်နက်တူးပြီးမှ ချသွင်း၍ တူရွင်းပေါက်တူးနောင့်ဖြင့် ဦးခေါင်းကို ရိုက်ခွဲပစ်ချေ။ တွင်းစာမြေမှုန့်ကိုဖို့သိပ်၍ ပြကတေ့ပြုလျက် ထိုသူ့ကို မြေကြီးအစီးအပွားဖြစ်စေပြီးလျှင် သင်လည်း မြစ်ဆိပ်သို့သွား၍ ခေါင်းလျှော်ခြင်း, ရေချိုးခြင်း အမင်္ဂလာအညစ်အကြေးကို ဆေးကြောသန့်စင်စေပြီးမှ မြို့သို့ဝင်ခဲ့"ဟု ကိုယ်တိုင်ကိုယ်ကြပ် အမတ်ရထားမှူးအား ခန့်ထားစီရင်လေ၏။

[ဤအရာ၌ ကာသိကရာဇ်မင်းကြီးသည် တရား ၁၀ပါးကိုစောင့်သောမင်း ဟူ၍ ဆိုလျက် အဘယ့်ကြောင့် သားကိုသတ်စေသနည်း ဟူမူ ၁၆နှစ်ကျော်ကာလပတ်လုံး သား၌ချစ်ခြင်း, သနားခြင်း'ကရုဏာပေမ'ကို မှီ၍ဖြစ်သော စိတ်ညစ်ခြင်း ဒေါမနဿဇောအခါခါ ဝိစိကိစ္ဆာ ကြံရာမသိ ဉာဏ်မျက်စိလည်သဖြင့် မတည်မကြည် ရှိရာတွင်မှာ ပညာရှိခံပုဏ္ဏားတို့ ၃ပါးသောအန္တရာယ်ဖြင့်ချောက်၍ အောက်ပြည်တံခါးလမ်းများကို ညွှန်ကြား ဆောင်သွင်းလျှင် မင်းကြီးပြကတေ့ သမ္မာဒိဋ္ဌိသဘောမှ ဖောက်ပြန်ခြင်းကြောင့် အမှန်မသိ ဉာဏ်၏ အဆွေခင်ပွန်းဖြစ်သော သီလလဇ္ဇီသဘာဝ[၂၄၁]ကင်းကွာသဖြင့်၊ မိစ္ဆာဒိဋ္ဌိ[၂၄၂]၏ အဆွေခင်ပွန်းဖြစ်သော ဒုဿီလ[၂၄၃] အလဇ္ဇီသဘာဝ[၂၄၄]သို့ကျ၍ လောကဓမ္မ အလုံးစုံဝတ်မှာပင်ချွတ်ယွင်းသည်။ ဟုတ်မှန်သည်ဟူ၍ ဆင်ခြင် သိမ်းဆည်းခြင်းကို မရ။ ဒိဋ္ဌုမ္မတ္တက[၂၄၅]အဖြစ်သို့ ရောက်သောကြောင့် လောကဝတ်လည်း မကျေ, ဓမ္မဝတ်လည်းမပြေ, ရာဇဝတ်လည်း ယွင်းသွေ့ တိမ်းမှားလျက် သားကိုသတ်စေခြင်းအစီအရင်ကို ပြုလေသည်။

[အကယ်၍ သိမ်းဆည်းနိုင်သော ပညာအဆင်အခြင် ပြကတေ့သဘောသာ မင်းကြီးရှိပြီးတကား မြို့မှဉပစာ[၂၄၆]လွတ်ရာအရပ်၌ ဥမင်လိုဏ်တူး၍ အထူးသဘောမတူသူဟူသမျှကို မသိစေရဘဲ မြှုပ်သတ်ယောင် ရာဇပရိယာယ်ပြုလျက် မင်းသားကို ထိုမြေဥမင်၌ ကောင်းမွန်စွာနှလုံးဝင်သူ အကြည့်အရှုနှင့် ထားရာ၏။ ထိုသို့ထားသဖြင့် ချစ်သူမုန်းသူ လူ၂စုပင် စိတ်ဥပဒ်လွတ်ကင်း, မင်းသားလည်းချမ်းသာရာ, မင်းတို့စီရင်ရာ ဝတ်လည်းကုန် အလုံးစုံပင် သင့်မြတ်ရာ၏။ ထို့ကြောင့် မင်းသားကိုစီရင်ခြင်း၌ မင်းကြီးသဘောပြကတေ့ဖြင့် စီရင်သည်မဟုတ်ဖြစ်၍ 'ဓမ္မေန ရဇ္ဇံ ကာရေသိ'ဟူသော ရှေးစကားကို ဆိုထိုက်၏ဟူလို။

[ဤကိုထောက်၍ ဝဋ်ဆင်းရဲ, အပါယ်ဆင်းရဲကို ကြောက်လန့်ခြင်းရှိကုန်သော သူတော်ကောင်းတို့သည် မိစ္ဆာဒိဋ္ဌိကင်းကွာစွာ ယထာဘူတဉာဏ်[၂၄၇]ဖြစ်ကြောင်း အပေါင်းအမှီ ကောင်းမြတ်ရာဖြင့် ပညာရင့်ခြင်း, ပွားများခြင်း အကျိုးငှာ နည်းနာသယ သုတတို့ကို မပြတ်မလပ် ရှာမှီးခြင်း ပြုသမျှကုသိုလ်၌ မိစ္ဆာဒိဋ္ဌိကင်းမည့်အကြောင်း ဆုတောင်းခြင်းကို မမေ့မလျော့အပ်ချေ ဟုသိအပ်၏။ တစ်နည်းလည်း တရားစောင့်သောမင်းဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရန်ကြမ်းစွာ ကာသိကရာဇ်မင်းကြီး စီရင်လေသည်ကား ဘုရားလောင်း၏ပါရမီတော်အစွမ်းဖြင့် အလိုတော်ရှိတိုင်း ပြီးစေခြင်းငှာ စီရင်မိလေသည်ဟု မှတ်အပ်၏။]

ထိုသို့အယူဖောက်ပြန်ခြင်း ထိတ်လန့်ကြောက်ရွံ့ခြင်း ရာဇမာန်အာဃာတသံဖြင့် ကာသိကရာဇ်မင်းကြီးသည် ဤသူကား တစ်ပါးအပြုအစုမရှိဘဲ မိမိအသက်ကို မမွေးနိုင်ရာ၊ အခါ အရှည်အကျိုးလည်း ကျေးဇူးမရှိသော သားကို တစ်ပါးသူကား ဆိုဖွယ်မရှိ။ မိဘမျှ မကြည်ဖြူနိုင်ရာ မြန်စွာဖျောက်ဖျက်မှ ကိစ္စငြိမ်းလွယ်တော့မည်ဟူသော စိတ်သို့ တလိပ်တည်းဝင်သဖြင့် ချစ်ခင်ခြင်းပြတ်၍၊ အမတ်ရထားမှူးလည်း မင်းမိန့်ကိုဦးတင်၍ ပြင်ဆင်ရာသမျှ ရထား၌ အခင်းအကျင်းအလုံးစုံကိုပြင်ဆင်လျက် နက်ဖြန်မိုးသောက်ကိုသာ စောင့်လင့်ကာနေ၏။

[ဤအရာ၌ ရထားမှူး သုနန္ဒာအမတ်သည် ဘုရားလောင်းနှင့် သံသရာအဆက်ဆက် ပါရမီဖြည့်ဖက် အဆွေ ခင်ပွန်းစင်စစ်မှန်ပါလျက် အဘယ့်ကြောင့် တစ်စုံတစ်ခုကိုမျှ အခွင့်တော်ရာရှာ၍ လွတ်သာသည်ဖြစ်စေ၊ မလွတ်သာသည် ဖြစ်စေ ပေါင်းဟောင်းဖော်ဟောင်းဖြစ်သည်နှင့် လျော်စွာထောက်၍ မလျှောက်ဘဲနေသနည်းဟူမူ မင်းခယောကျ်ားဟူသည်၌ တိုင်ပင်စကား မဟုတ်လျှင် ဆုတ်,တက် မပြုရ။ အမှုမထိုက်သော်လည်း လိုက်၍ အကြည်အညို အလိုတူဆောင်ရခြင်းကြောင့်လည်းကောင်း၊ ပြင်းပြစွာသောအာဃာတသံကို ကြောက်ရွံ့ တုန်လှုပ်ခြင်းကြောင့် လည်းကောင်း၊ ရှေးရှေးသောသံသရာက မိဘသားသမီး အဆွေသားချင်း ကောင်းမှုပြုဖက် ဖြစ်ကြသော်လည်း မျက်မှောက်ဘဝ၌ အစီးအပွားမရှိသူဖြစ်၍ လျစ်လျူနှလုံး ရှိခြင်းကြောင့် လည်းကောင်း အထူးမလျှောက်ထားဘဲ လျင်စွာဝန်ခံလျက် မင်းနှင့် အလိုတူပြုလေသည်ဟု မှတ်အပ်၏။]

ထိုသို့ ဘုရားလောင်းတေမိမင်းသား မင်းပြု၍ ဖရက်မြောက်သောနေ့တွင် သုနန္ဒာရထားထိန်းအား ခန့်ထားပြီးနောက် ထိုနေ့ ညဥ့်အချိန်ရောက်လတ်သော် မယ်တော်စန္ဒာဒေဝီမိဖုရားကြီးသည် ငါ့သားကား တစ်ပါးအလိုစမ်းများမှာ ပညာဖြင့်မြော်ဆ၍ အသက်သေနိုင်မည်မဟုတ်။ သိမ်းအုပ်ခြင်းရှိသောကြောင့်သာ သည်းခံနိုင်သည်။ အသက် သေအံ့သောမည်သည်ကို မတုန်မလှုပ်သောသူမည်သည် မရှိရာ ဟူသော နှလုံးအလို မိမိကိုယ်အဖြစ်ဖြင့်လည်း ထိုစကားကိုကြားရသည်မှာ ဆောက်တည်မရသော သောကနိပ်စက်လျက် အသက်ကြေပြုန်း နှလုံးကွဲမျှ ပြင်းပြပူပန်ခြင်းရှိသည်ဖြစ်၍၊ သားတော်တေမိမင်းသားအား "ချစ်သားတေမိယ ကုမာရ။ မိခင်ချစ်ခင်သမျှ အမှုသည် ယခု အချည်းနှီးဖြစ်တော့မည်တကား။ ချစ်သား စကားမဆို မိခင်ကိုမျှ မရှုမစာ မထောက်ပါသောကြောင့် မောင့်ခမည်းတော် ကာသိကရာဇ်မင်းသည် ကျွန်ရင်းအမတ် သုနန္ဒာကို ခေါ်လျက် အမျက်တော်မာန်ဖြင့် နက်ဖြန်မိုးသောက်လျှင် အနောက်တံခါးမှ မောင့်ကိုထုတ်၍ သုသာန်မှာ မြှုပ်သတ်ရန် စေခဲ့ပြီ။ ဤတစ်ညဥ့်သာ မောင့်ကို ရှုမြင်ရတော့မည်တကား။ မိခင်ကိုသနားသဖြင့် စကားပြောဆိုပါမှ ချစ်သားလည်း အသက်ရှင်၊ မိခင်လည်း ချမ်းသာပါမည်"ဟု တစ်ညဥ့်ပတ်လုံး ပြောဆိုငိုကြွေး ပူဆွေးလျက် တောင်းပန်လေ၏။

မယ်တော်စကားကိုကြားလျှင် ဘုရားလောင်းတေမိမင်းသည် အလင်းကိုတောင့်တသော ကမ္ဘာဦးသူအား နေရောင်ဖြူလင်းရိပ် ပြေးသကဲ့သို့ လည်းကောင်း၊ ရေမလောင်း၍ ညှိုးကြုံသောကြာဝယ် သီတာရေပြည့်သော အိုးနှင့် အပွင့်အရိုးကိုမညှိုးအောင် တွေ့သကဲ့သို့လည်းကောင်း၊ မိန်ရာသီပြောင်း၍ နွေနှောင်းရတုက ရွက်နုမထွက်နိုင်သောပျိုးကို မိုးရာသီပြောင်း၍ ကောင်းကင်တိမ်လိပ် မှိုင်းရိပ်ရေချမ်း လန်းအားပေးသကဲ့သို့လည်းကောင်း၊ နှစ်ပေါင်း ၁၆ နှစ်ကျော် ကိုယ်တော်မကြည်မရွှင် လိုအင်မရောက်၍ နောက်ကိုကျဉ်းမြောင်း သောင်းညာသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်အလုံး တရုံးတစုတည်း ခဏာချင်းပျောက်သဖြင့် ဝမ်းမြောက်ရွှင်လန်းစွာ ငါ ဤမျှလောက်အရွယ်တိုင်အောင် သင်တုန်းသွားကို သတိထားနိုင်သူသွားလောက်ရုံ တစ်လမ်းလုံးအပြည့် စီစိုက်အပ်သောခရီးဝယ် ဆီအပြည့် ထည့်အပ်သော ရွှေဖလားကို မဖိတ်မယိုရအောင်ကိုင်၍သွား'ဟု လမ်းနားအနီးတွင် နတ်သမီးတမျှလှသော ကချေသည်အပေါင်းကို အမြူးအခေါ် ဖျော်ဖြေခြင်းနှင့် မသင့်လျှင်ကွပ်မည် ကြပ်သော သန်လျက်စွဲကိုကြောက်၍ လျှောက်သွားရသော သူရဲကောင်းမက နေ့ညအခါနာရီ ဘယ်ဆီမလပ် မပြတ်အားထုတ်အပ်သော လုံ့လထူး လုံ့လမြတ်သည် ယခု အထွတ်ရောက်တော့မည်တကား ဟု ထွားညွှန်ဖြူညက်စွာ ဂွမ်းပုံထွေးမှာ ဆီမွှေးစိမ့်၍နှံ့အောင် အခန့်မတန်သွန်းသကဲ့သို့ မွှန်းမွှန်းနှံ့မျှ ရွှင်ပျနှစ်သက်သောနှလုံး ရှိတော်မူလေ၏။

မယ်တော်မိဖုရားကြီးမှာကား ထိုသို့ ငိုကြွေးတောင်းပန်လျက် သားတော်မလှုပ်မယှက် မကြား မသိယောင်ကဲ့သို့ ပြကတေ့သဘောဖြင့်နေလျှင် နှလုံးကွဲကြေ သေချင်လုနီး ရှိက်ကြီးတငင် ပင်ပန်းစွာကိုယ်,စိတ်၏ ဆင်းရဲခြင်းသို့ ရောက်လေ၏။ ဘုရားလောင်းတေမိမင်းသားသည် ထိုသို့သော မယ်တော်၏ဆင်းရဲခြင်းကိုမြင်လျှင် ကြင်နာသနားခြင်း ပြင်းစွာဖြစ်တော်မူသော်လည်း 'ယခုမယ်တော်အား သက်သာရာ ငါပေးလျှင် အလေးအမြတ် ဆောင်ယူခဲ့အပ်သော ရတနာဆင်ဖြူကို ရေးရှုမြို့တံခါးအနီး ဝင်လုပြီးမှ မစီးမလိုချင်ဟု နှင်ထုတ်လိုက်သော မင်းကဲ့သို့ အဖျင်းအပြိန်း ဖြစ်တော့မည်။ ဤမျှခန့် နှလုံးဆင်းရဲခြင်းဖြင့် ငါ့မယ်တော် အသက်မဆုံးတန်သေး။ ငါ့အရေးလည်း ကြာတော့မည် မဟုတ်။ နှင်ထုတ်၍ မြို့ပြင်သို့ရောက်လျှင် ယောက်ျားကောင်းငါ ဖြစ်မည်မချွတ်ရာ။ ထိုအခါမှ ငါထင်ရှားအောင် မိဘဆွေမျိုးတို့၏ ကျေးဇူးကိုဆောင်ရတော့မည်'ဟု ဉာဏ်သတိတော်ဖြင့် သိမ်းဆည်း၍ ချုပ်တည်းစောင့်ရှောက်ခြင်းဖြင့် ငြိမ်သက်စွာနေတော်မူ၏။

ထိုသို့ မင်းကြီးစကားဖြင့် ဘုရားလောင်းမှာလည်း နှလုံးရွှင် မိခင်မှာလည်း နှလုံးနှောက် ရောက်ကြသော သုခ, ဒုက္ခဝေဒနာကြီးကို တစ်သီးစီအတူပြည့်လျက် ထိုည၌ မိုးသောက်လေ၏။

## ၁၄။ မြှုပ်သတ်ရန် ဆောင်ယူခန်း

ထိုအခါသုနန္ဒာရထားမှူးသည် ဘုရားလောင်း၏ ပါရမီတော်ဘုန်းတော်ကြောင့် နတ်တို့လှည့်ပတ်၍ တန်ဆာဆင်အပ်သော မင်္ဂလာမြင်းတော် ၄ စီးကို အမင်္ဂလာ အင်္ဂါမညီမညွတ်သောမြင်းဟု အမှတ်ရှိလျက်၊ မင်းစီး မင်္ဂလာရထားကို ရထားဆိုးရထားပျက် အမင်္ဂလာရထား ဟုအမှတ်ရှိလျက်၊ မင်္ဂလာမြင်းတော်ကို မင်္ဂလာရထားတော်၌ ကၡ၍ နံနက် ၄ ချက်တီးကျော်တွင် မင်္ဂလာအရှေ့တံခါးဖြင့်ဝင်ပြီးမှ မုခ်နန်းတော်သို့ရောက်လျှင် အနောက်ကို အရှေ့ထင်သောအားဖြင့် မြင်းရထားကို ဝင်ခဲ့သောတံခါးသို့ ရှေးရှုလှည့်လျက် ဆိုက်ထားပြီးသော် နန်းမတော်ဆောင်သို့တက်၍ ကျက်သရေတိုက်၌ တေမိမင်းရှိရာဝင်ပြီးလျှင် ဘုရားလောင်းကိုပိုက်ဖက်လျက် လျောင်းစက်ကာနေသော မယ်တော်မိဖုရားကြီးအား ရိုသေစွာရှိခိုး၍ "အသက်စည်းစိမ်ကို အစိုးရတော်မူသော အရှင်မိဖုရားကြီး။ အကျွန်ုပ်အား အမျက်တော် မဝင်ပါလင့်။ အရှင့်အာဏာတော်ဖြစ်ပါသည်။ လွတ်ရာ ဖယ်တော်မူပါ"ဟုလျှောက်ထား၍ မယ်တော်မိဖုရားကြီးသည် သား၏ချစ်ခြင်းဖြင့် မဖယ်မခွာနေလျှင်



www.burmeseclassic.com

www.burmeseclassic.com



သုနန္ဒာရထားမှူးသည် မယ်တော်မိဖုရားကြီး၏လက်ကို ရှိခိုးလျက်ဖြည်၍ မိမိလက်ဖမိုးဖြင့် အဖြည်းအသာ ပယ်ရှားပြီးသော် မင်းသားကို ပဒုမ္မာကြာပန်းစည်းကဲ့သို့ ပွေ့ပိုက်ချီလျက် နန်းတော်မှ ရထားရှိရာသို့ ဆင်းသက်လေ၏။

မယ်တော်မိဖုရားကြီးလည်း လက်အစုံဖြင့် ရင်အုံကိုခတ်တီး၍ ရှိုက်ကြီးတငင် တပင်ရှားရှား ရထားမှူး၏နောက်သို့ ငိုကြွေးကာလိုက်၍ မုခ်နန်းတော်ဦး၌ လူးလဲလျက်ကျန်ရစ်လေ၏။ ထိုအခါ ဘုရားလောင်း မင်းသားသည် မယ်တော်၏ပူပန်ခြင်းကို သည်းမခံနိုင်သဖြင့် မယ်တော်ကို မျက်စောင်းတိမ်းလှည့်ကြည့်လျက် 'ငါ့မယ်တော်သည် ငါ စကားမပြောလျှင် ဤဝေဒနာနှင့်ပင် နှလုံးကွဲ၍ သေရမည်လည်း မသိ။ ငါ့ကြောင့် ငါ့အမိသေခဲ့သော် ငါတစ်သက်ပန်ပင် ကြမ်မိတိုင်း နှလုံးမကောင်း ဖြစ်ရာအံ့တကား။ စကားပြောရသော် ကောင်းမည်မသိ'ဟု အမိကိုသနားခြင်းဖြင့် စကားပြောလိုသောအကြံတော် ဖြစ်သည်ကို ကဲ့မြစ်၍[၂၁၈] တစ်ဖန် အကြံဖြောင့်မတ် တည်ကြည်စေပြီးမှ 'အကယ်၍ ယခု ငါစကားပြောချေလျှင် ၁၆ နှစ်ကျော်ပြုသမျှ လုံ့လသည် အကျိုးမဲ့ဖြစ်ခဲ့ရာ၏။ ဤဝေဒနာနှင့်လည်း ငါ့မိခင် မသေတန်သေး။ ငါ စကားမပြောနေသော်ကား ကိုယ့်အကျိုး, မိဘအကျိုးများစွာ နောင်ရှိလတ္တံ့'ဟု သိမ်းဆည်းချုပ်တည်းတော်မူလျက် နှလုံး၏ပူပန်ခြင်းကိုလည်း သည်းခံတော်မူ၏။

ထိုအခါ သုနန္ဒာရထားမှူးသည် ရထား၌ မင်းသားကိုတင်၍ အနောက်တံခါးအမှတ်ဖြင့် ရှေးရှု နှင်လေသော် နတ်တို့၏အာနုဘော်[၂၁၉]ဘုရားလောင်း၏ပါရမီတော်ကြောင့် လူတို့ မကောင်းသမှတ်သည့်တံခါးမှ ရထားဦး တုံ့လှည့်မှန်းမသိတုံ့လှည့်၍ အရှေ့တံခါးသို့ ရှေးရှုနှင်သလေလျှင် ဤမင်္ဂလာတံခါးဖြင့် မင်းသားထွက်ရာ 'ငါ မင်္ဂလာရှိသော ယောကျ်ားမြတ်။ မှတ်ရစ်ကြတော့'ဟု အမှတ်ပေးခဲ့သောအလားဖြင့် တံခါးခုံ၌ ရထားဘီးနိုက်ငြိလျက် ရထားသံပေးကာ ထွက်လေ၏။

ဘုရားလောင်းမင်းသားသည် နန်းတော်မှချ၍ ရထားထက်သို့ရောက်သော်လည်း မျက်လုံးတော် မကစားသဖြင့် ရထားနှင်မှန်းမသိ။ အမိကြောင့် တစ်စိတ် ကြောင့်ကြရိပ်လည်း ရှိငြားသဖြင့် တံခါးခုံ၌ငြိ၍ ရထားမြည်သောအသံကို ကြားတော်မူမှသာလျှင် 'ငါကား ယခု နှလုံးအလို ပြီးမြောက်တော့သည်'ဟု အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်တော်မူလေ၏။

သုနန္ဒာရထားမှူးသည် အရှေ့မင်္ဂလာတံခါးဖြင့် မြို့မှထွက်၍ မြို့အနောက် သုသာန်[၂၂၀]ဟုအမှတ်ရှိလျက် ရှေးရှုနှင်လေသော် ဘုရားလောင်း၏ပါရမီတော်ကြောင့် နတ်တို့လှည့်ပတ်ခြင်းဖြင့် ဗာရာဏသီနေပြည်တော်မှ အရှေ့ ၃ ယူဇနာကွာသော တောအုပ်သို့ တစ်နေ့ချင်းဖြင့် ရောက်လေ၏။ သုနန္ဒာရထားမှူးအား ထိုတောအုပ်ကို ပင်လျှင် ဗာရာဏသီပြည်အနောက်မျက်နှာ လုပ်တိုင်းတစပြင်ဟု အထင်အမှတ်ရှိလေလျှင် ထိုတောအုပ်တွင် သင့်ရာအရပ်ဝယ် ခရီးမှလွဲ၍ ခရီးအနား၌ရထားချွတ်လျက် မြင်းတို့ကို လွှတ်ကျောင်းပြီးသော် ဘုရားလောင်း မင်းသား၌ ပြည်ကြီးရှင် ၇ ရက်ဖြစ်၍ ပြည်ကြီးရှင်တို့ဝတ်ဆင်ထိုက်သမျှ လက်စွပ်, လက်ကောက်, ဘယက်, နားတောင်း, နရကင်း, သရဖူ, ဝတ်လဲပုဆိုး, အဖိုးထိုက်အဝတ်တန်ဆာကောင်း ပါသမျှတို့ကို ချွတ်ယူထုပ်ဖွဲ့လျက် မင်းသားအား ဟိရိကောပိန[၂၂၁]အင်္ကျီများကို ဟိရိဩတ္တပ္ပလွတ်ရုံ ပုဆိုးဖြင့် ဝတ်ဆည်းဖုံးလွှမ်းခဲ့ပြီးမှ ပေါက်တူးခြင်းတောင်းတို့ကိုယူ၍ ရထား၏မနီးမဝေးတွင် ၄ တောင်တွင်းတူးအံ့သောငှာ ပြင်ဆင်အားထုတ်လေ၏။

ဤအရာ၌ လောကသင်္ကေတ[၂၂၂]အားဖြင့် အမင်္ဂလာဟုပညတ်သော မြင်း, ရထား စသည်တို့ကိုပင် သံသရာ၌ အကျိုးနည်းမည်ကဲ့သို့ အဘယ့်ကြောင့် နတ်ပညာရှိတို့ လှည့်ပတ်လေသနည်းဟူမူ ကသိုလ်ကံ၏



www.burmeseclassic.com

www.burmeseclassic.com



အာနုဘော်သည် ပစ္စုပ္ပန်, သံသရာ ၂ ပါးလုံးမှာပင် တင့်တယ်ခြင်းကိုသာ ဆောင်တတ်သောကြောင့် ထိုကုသိုလ်ကံပါရမီနှင့် ပြည့်စုံတော်မူသော ဘုရားလောင်းလည်း ကျက်သရေရှိသောယောကျ်ား မည်၏။ ထိုမြင်း, ရထား စသည်တို့သည် မိမိတို့၌ တင့်တယ်ခြင်းကိုဆောင်တတ်သော အကြောင်းလည်း မရှိ။ သင်္ကေတအားဖြင့်လည်း အမင်္ဂလာဟု လူတို့ သမုတ်အပ်၏။ ထို့ကြောင့် ကျက်သရေမရှိသော ဝတ္ထု မည်ကုန်၏။ ထိုသို့ ကျက်သရေမရှိသော မြင်း, ရထား စသည်တို့နှင့် မဆက်ဆံထိုက်ဟု ကုသိုလ်ဟောင်းမကြိုက်သဖြင့် နတ်ပညာရှိအပေါင်း အလိုက်သိစွာ ထုံးဖွဲ့ရလေသည်။ ထို့ကြောင့် ကေနိပါတ်ကျမ်း၌ ဥဒ္ဓမ္မရဒေဝီနှင့် ပိဂ္ဂံဗ္ဗရလုလင်ကို အကြောင်းပြု၍ ကျက်သရေရှိသော သူမြတ်နှင့် ကျက်သရေမရှိသော သူယုတ် ဆက်ဆံခြင်းမရှိသောအဖြစ်ကို ဟောတော်မူသည်။

[အကြင်ဝတ္ထုကို လူတို့သည် မျက်စိအမြင် မတင့်မတယ်ကာမျှဖြင့်သာ အမင်္ဂလာဟု သမုတ်အံ့။ ထိုဝတ္ထု၌ ဘ၀၂ ပါး စီးပွားများရာ သီလ,ပညာ စသောကျေးဇူးဂုဏ် တစ်စုံတစ်ခု မြတ်ခြင်းရှိမူ ထိုသင်္ကေတကို လူပြိန်းလူစိမ်းတို့မှတ်သော ပညတ်မှားဟု သိအပ်၏။ ကျက်သရေလည်းမရှင်, ကုသိုလ်ဂုဏ်သတ္တိမင်္ဂလာလည်း မရှိသော ဝတ္ထုကိုသာ ဘ၀ ၂ပါး၌ မတင့်တယ်ခြင်းကိုအကြောင်းပြု၍၊ ပညာရှိ ရှေးသူဟောင်းတို့ အမင်္ဂလာဟု လောကသင်္ကေတ ပညတ်ထားလေသည်ဟု မှတ်အပ်၏။

[ထို ပညာရှိတို့သမုတ်အပ်သော အမင်္ဂလာ, မင်္ဂလာ ၂ပါးကိုပင် ရှောင်ခြင်း, ဆောင်ခြင်း၌ လောကဝတ်နှင့် ဓမ္မကံကို ချိန်မှန်ညှိ၍မသုံး နှလုံးမသွင်း မလိမ္မာလျှင် မိစ္ဆာအယူ သက်တတ်သည်။ ကာသိကရာဇ်မင်းကြီးကား ဘုရားလောင်းကို အမင်္ဂလာ သူယုတ်မာဖြစ်သည်ဟူ၍၊ မြင်း, ရထား, တံခါး, လုပ်တိုင်းတို့ကိုသာ အမင်္ဂလာဖြစ်ရာ ရွေး၏။ ထိုသူနှင့်လျော်စွာ ရထားနှင်မည့်သူကိုလည်း နပုန်း[၃၃၃]ပဏ္ဍုက်[၃၃၄] အစရှိသော အမင်္ဂလာလူကိုပင် ရွေးသင့်ကောင်းလျက် ကျက်သရေမင်္ဂလာရှိသောသူဟူ၍ မင်းစီးရထားမှူးအရာဖြင့် မင်းသုံးခံသော သုနန္ဒာရထားမှူးကို ခန့်ထားမိလေသည်ကား ဘုရားလောင်း၏ပါရမီတော်ကြောင့်ပင် ခန့်ထားမိလေသည်ဟု မှတ်အပ်၏။ ဤတွင်ရွေကား ဘုရားလောင်းတေမိမင်းသား၌–

- တရားသဖြင့် လက်သို့ရောက်ပြီးသောစည်းစိမ်ကို စွန့်ကြဲခြင်းတည်းဟူသော ဒါနပါရမီ။
- မြတ်သောအာရုံ၌ ကောင်းစွာ စိတ်ကိုထားခြင်းတည်း ဟူသော သီလပါရမီ။
- ကာမဝိတက်သို့မဝင်မူ၍ ထွက်မြောက်ခြင်း ဟုဆိုအပ်သော နေက္ခမ္မပါရမီ။
- မင်းပြုခြင်း၌အပြစ်, တောထွက်ခြင်း၌အကျိုးကို မြင်ခြင်းတည်း ဟူသော ပညာပါရမီ။
- မတွန့်မဆုတ် အားထုတ်တော်မူခြင်းတည်း ဟူသော ဝီရိယပါရမီ။
- ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း စသည်တို့ကို သည်းခံတော်မူခြင်းတည်း ဟူသော ခန္တီပါရမီ။
- ထိုးချက်စောင့်နတ်သမီး၏စကားကို ဝန်ခံ၍ မှန်သောစကားရှိခြင်းတည်း ဟူသော သစ္စာပါရမီ။
- မထိမဲ့မြင်ပြုခြင်း စသည်တို့၌ ဝိဟိံသာဝိတက်[၃၃၅], ဗျာပါဒဝိတက်[၃၃၆]တို့ကို မဖြစ်စေခြင်းတည်း ဟူသော မေတ္တာပါရမီ။
- သုခ, ဒုက္ခ ၂ပါးတို့၌ လစ်လျူရှုခြင်းတည်း ဟူသော ဥပေက္ခာပါရမီ။
- ဤ ၉ပါးသော ပါရမီအခြွေအရံနှင့်တကွဖြစ်သော အင်္ဂါ ၃ပါးကို မတိမ်းမယွင်းကောင်းစွာ ဆောက်တည်ခြင်း တည်းဟူသော ပရမတ္ထ အဓိဋ္ဌာန်ပါရမီတော်ကို ပြရာပြကြောင်းဖြစ်သော အပိုင်းကား အလုံးစုံဆိုဖွယ်ကိစ္စ ပြီးပြီ။]



www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ အားအင်တော်ကို စမ်းသပ်တော်မူခန်း

ထိုသို့ သုနန္ဒာရထားမှူး တွင်းတူးခြင်း၌ အားထုတ်၍နေလေသောအခါ ဘုရားလောင်းတေမိမင်းသားသည် 'ငါကား အထက်ကပညာစွမ်း,ကိုယ်စွမ်းကို ဖုံးလွှမ်းမြှုပ်တိမ် အချိန်အခါမဟုတ်သဖြင့် ထုတ်ပြခြင်းကို မပြု။ ယခုမူကား ပညာနှင့် ကိုယ်အားကို ထင်ရှားစွာထုတ်ပြသင့်သောအခါ ရောက်ပြီ။ ၁၆ နှစ်ကျော် ကာလပတ်လုံး ထားတိုင်းသော ခြေ,လက်ဖြင့် ငြိမ်သက်စွာနေရသော ငါသည် အားထုတ်ခြင်းငှာစွမ်းနိုင်သော ကိုယ်စွမ်း ရှိပါမည်လော, မရှိလော'ဟု လျောင်းတော်မူရာမှထလျက် လက်တစ်ဘက်ဖြင့် လက်တစ်ဘက်ကို သုံးသပ်အုံ့ဟု လက်အစုံဆန့်တန်း၍ ပေါင်, တင်ပါး, သလုံးသား, ဖမိုး စသည်များကို ဆုပ်နယ်သုံးသပ်ကာ 'ငါသို့သော ယောကျ်ား'ဟု အားတော်အစွမ်းကိုသိလိုသဖြင့် ရထားထက်မှ ဆင်းသက်မည်ဟု လက်ယာဖဝါး ချီတော်မူလျှင် ဘုန်းဟောင်း, ဘုန်းသစ် အပြစ်မရှိ မြတ်သောပါရမီတော် အာဏာရိုက်နှက်၍ အသက်မရှိသော မြေသည် ခြေဖဝါးအစုံချရာအရပ်တွင် လေအပြည့်ဝင်သော သားရေနယ်အိတ် ပုံ့ပုံ့ကြွသကဲ့သို့ စုန့်စုန့်ထပြီး၍ ရထားမြီးကိုထိလျက် တည်လေ၏။

ထိုအခါ ဘုရားလောင်းမင်းသားသည် ရထားမှ မြေသို့လှမ်းသက်တော်မူ၍ ၂ခေါက်, ၃ခေါက် တောင်မြောက်လူးလာ စင်္ကြံသွားပြီးလျှင် 'ငါကား ဤမျှလောက်ပင် အားရှိမည် မထင်။ ယခု ငါ့အားကား တစ်နေ့ချင်းဖြင့်ပင် ယူဇနာ ၁၀၀ ကွာအရပ်သို့ အရောက်သွားခြင်းငှာ စွမ်းနိုင်သောအား ရှိသေး၏ တကား'ဟု ကိုယ်အစွမ်းကို သိတော်မူပြီးမှ 'အကယ်၍ သုနန္ဒာရထားမှူးသည် ငါ့အား မဆန့်ကျင်သည်ဖြစ်မူကား ငါ၌ ကိုယ်အားရှိကျိုးမထင်။ ဆန့်ကျင်၍ ရထားမှူးသည် ငါ့ကို လက်ရုံးအားကိုးပြုချေလျှင် ထိုသူ့အစွမ်းကို နှိပ်နင်းနိုင်သော ငါ့ကိုယ်စွမ်း ရှိပါမည်လော'ဟု အားတော်ကိုစုံစမ်းလိုသောကြောင့် ရထားနောက်စွန်းကို လက်တော်ဖြင့်ဆုပ်ကိုင်လျက် သတို့သားငယ်တို့ကစားသော ရထားငယ်,လှည်းငယ်တို့ကဲ့သို့ ကြီးစွာသော ထိုရထားကို မြှောက်ချီ၍ ပတ်ဝန်းကျင်လှည့်လည် တွန်းရှားထားတော် မူပြီးသော် 'ငါသို့သော ယောကျ်ားကို ရထားမှူးမျှသောသူ လက်ရုံးအားကိုး လာလိုသမျှလာစေ'ဟု ကိုယ့်အစွမ်းကို ယုံကြည်စွာသိရပြီးမှ 'ငါ့တွင်ယခု အဝတ်တန်ဆာ ရှိသမျှကိုလည်း ရထားမှူး ချွတ်ယူသိမ်းထားသဖြင့် ယောကျ်ားရုပ် ပီပြင်မှုသာ ရှိချေသည်။ ဘုန်းကျက်သရေ ဟူသည်မှာ တန်ဆာဆင်ခြင်းလည်း တစ်အင်္ဂါ ဖြစ်ပေသည်။ ကျက်သရေ ဘုန်းတန်း ပွင့်လန်းခြင်းအကြောင်း ဝတ်ကောင်းတန်ဆာဝတ်ဆင်ရသော် ကောင်းလေ၏'ဟု အကြံဖြစ်တော်မူလေ၏။

[ဤအရာ၌ ဘုရားလောင်းသည် 'ပြည်စည်းစိမ်ကိုမခင် အဝတ်တန်ဆာကို အဘယ်ကြောင့် မြင်ပြန်ရသနည်း' ဟူမူ ဂုဏ်ကျက်သရေယူဆောင်လျှင် အောင်မြင်လွယ်ခြင်းအကြောင်းရှိသဖြင့် အခွင့်လိုရာ ပြီးစေခြင်းငှာ အခါသို့လိုက်၍ အခိုက်အတန့် ခင်မင်တော်မူရလေသည်ဟု သိအပ်၏။ ဘုရားလောင်းသည်အလွန် ပညာရှိတော်မူခြင်းကြောင့် ကိုယ်ကြုံကိုယ်တွေ့ မရှေ့မရှောင်သာ ဆောင်ရတော့မည်စင်စစ် အမှုဖြစ်၍ သူ့အမှု ရှာသော် ဖြစ်ရာလတ္တံ့သော အကြောင်းအဝဝကိုပင် အမှုရှာသူရန်သူထက် ခံသူကိုယ်တော်က မြင်နှင့်သဖြင့်အခွင့်မျိုး ကိုစီရင်၍ အပြီးကြံတော်မူသတည်း။ ဤသို့သော ပညာရှိတို့ထုံးကိုထောက်၍ မရောက်မီက ရောက်မည့်အမှုမှန်လျှင် တင်လျင်၍ ဆင်ခြင်အပ်တုံ့ အလုံးစုံကို လုံခြုံစွာမပေါ့မလျော့ ကြံဆောင်သင့်လှပေသည်ဟု သိအပ်၏။]

ထိုသို့ ဘုရားလောင်းတေမိမင်းသား အဝတ်တန်ဆာ ဝတ်ဆင်တော်မူလိုသောနှလုံးရှိစဉ် ခဏခြင်းပင်လျှင် ပါရမီတော် ဘုန်းတန်ခိုးရှိန်ကြောင့် ပဏ္ဍုကမ္ဗလာ[၃၇]ကျောက်ဖျာသည် သိကြားမင်းအား ပူပြင်းတင်းမာသော



www.burmeseclassic.com

www.burmeseclassic.com



အခြင်းအရာကိုပြပေ၏။ သိကြားမင်းလည်း အဘယ်အကြောင်းကြောင့်နည်းဟု ရှုဆင်ခြင်လတ်သော် ဘုရားလောင်း၏အလိုတော်ကို သိ၍

ယခု တေမိမင်းသား တောသို့ ရောက်လေပြီ။ ရထားမှူးသုနန္ဒာသည် မင်းသားကို အင်္ဂါချို့တဲ့သူ၊ လူဆွံ့ လူအ ဟု နှလုံးစွဲရှိသောကြောင့် ထိုသူ၏နှလုံးစွဲ မလေးမလောက်ကို လန့်ကြောက် ပြေပျောက်ကြောင်း အရှိန်အဝါကိုယူလျက် ပြိုင်သူမနှုန်းဝံ့အောင် ဘုန်းကျက်သရေ ကိုယ့်အစွမ်းကိုပြလိုသဖြင့် တေမိမင်း ယခု အဝတ်တန်ဆာ ဝတ်ဆင်လိုချေသည်။ နတ်နှင့်တကွသော လူ၌မတူနိုင်အောင်သော အဓိဋ္ဌာန်ဖြင့် မြဲမြဲစွာ ကျင့်ဆောက်တည်ပေသော ထို တေမိမင်းမြတ်အား လူမင်းတို့ဝတ်ဆင်သော အဝတ်ဘန်ဆာနှင့်မထိုက်တန်ပေ။ ကျက်သရေမတူနိုင်သော နတ်မင်းတို့ အဝတ်တန်ဆာနှင့်သာ ထိုက်တန်ပေသည်။ ယခုပင် တန်ဆာဆင်စေအံ့'ဟု ကြံပြီးလျှင်၊ ဝိသုကြုံ[၃၃၀]နတ်သားကိုခေါ်၍ "အချင်း ဝိသုကြုံနတ်သား။ ကာသိကရာဇ်မင်းကြီး၏သား ယောကျ်ားမြတ်ဖြစ်သော တေမိမင်းသားအား ယခု အတုမရှိသော နတ်ဝတ်နတ်တွန်ဆာဖြင့် သင် တန်ဆာဝတ်ဆင်ချေလော့"ဟု စေလွှတ်လိုက်၏။

ဝိသုကြုံနတ်သားလည်း "အရှင်နတ်မင်း။ ကောင်းပါပြီ"ဟုဝန်ခံ၍ တာဝတိံသာနတ်ပြည်မှ ဆင်းလာလတ်ပြီးသော် သိကြားမင်း၏ ဝတ်လဲနှင့်တူစွာသော နတ်ပြည်၌ဖြစ်သော အဝတ်ပုဆိုး အမျိုးအသွေး အဆင်ခြား အထက်အဖို့၊ အောက်အဖို့၊ ကိုယ်အလုံးအသီးသီး ဝတ်ဆင်ရန် အင်္ကျီခါးရမ်းစည်းနှင့်တကွ ပုဆိုးပေါင်း ၁ သောင်းသော ဝတ်လဲတို့ဖြင့် လည်းကောင်း ရှေးဦးစွာ ရထားမှူး ထုပ်ပိုးသိမ်းထားလေပြီးသော ဘုရားလောင်း၏ ဝတ်လဲတန်ဆာတို့ကိုလည်း ပြကတေ့ဆင်မြဲတိုင်းဆင်ယင်၍ လူမင်း၏ကျက်သရေကိုယူစေပြီးလျှင် ထိုအခါတွင်မှ နတ်၌ဖြစ်သော ၁ သောင်းသော ဝတ်လဲတို့ဖြင့် လည်းကောင်း၊ များစွာသော ရတနာတန်ဆာစုံတို့ဖြင့် လည်းကောင်း ဝတ်ဆင်စေလျက် လူမင်း၊ နတ်မင်းတို့၏ အဝတ်တန်ဆာကျက်သရေတို့ဖြင့် သိကြားမင်းကဲ့သို့ တင့်တယ်စွာ ဘုရားလောင်း တေမိမင်းသားအား အဝတ်တန်ဆာဝတ်ဆင်ခဲ့ပြီးလျှင် မိမိနေရာ တာဝတိံသာသို့ တက်သွားလေ၏။

ဘုရားလောင်း တေမိမင်းသားသည်လည်း ကိုယ်တော်အလုံး၌ သိကြားမင်းကဲ့သို့ တင့်တယ်သော အဝတ်တန်ဆာတို့ကိုမြင်လျှင် 'ငါ၏အလိုကို သိကြားမင်းသိ၍ ဝတ်ဆင်လာချေသည်။ တရားကိုဆောင်လျှင် ပတ္တမြားကိုဆောင်သောသူထက် အထောင်အသောင်းမက တောက်ပစေကြောင်း တရားကောင်းဆောင်မမြဲ အမှန်တကား'ဟု တရား၌ မြတ်နိုးမျိုးတကာ့ မြတ်နိုးခြင်း ဖြစ်တော်မူလေ၏။

ဤအရာ၌ ဝတ်လဲပေါင်း ၁ သောင်းတန်ဆာပေါင်းများစွာတို့ကို ဝတ်ဆင်စေပြီးသော ဝိသုကြုံနတ်သားသည် ထိုအဝတ်တန်ဆာတို့ကိုလည်း ကျစ်လစ်သိမ်မွေ့အောင် ပြုလေသလော။ မင်းသားကိုလည်း ကြီးအောင်ပြုလေသလော။ နတ်ဝတ် နတ်တန်ဆာကား အကြီးအကျယ်၊ လူမင်းကိုယ်တော်ကား အသေးအငယ် ဖြစ်လျက် အဘယ့်ကြောင့် သိကြားမင်းကဲ့သို့ တင့်တယ်လေသနည်းဟူမူ အဝတ်တန်ဆာကိုလည်း မငယ်စေ၊ မင်းသားကိုလည်းမကြီးစေ၊ ရှေးကုသိုလ်ကံကြောင့် ရအပ်သော မိမိတို့နတ်တန်ခိုးသည် အစိုးရသောအရာ၌ ကိုယ့်အလိုသို့လိုက်စေခြင်းငှာ စွမ်းနိုင်သည်ဖြစ်၍ ဤအဝတ်တန်ဆာဖြင့် ဤမင်းသားကို တင့်တယ်စိမ့်မည်ဟု ရည်ရွယ်သောအလိုဆန္ဒအတိုင်း တင့်တယ်ခြင်းဖြစ်လေသည်။

ဤသို့သော နတ်မင်း၏တန်ခိုး ပုဆိုးအဝတ်တန်ဆာအရောင်ကို မဆိုလင့်ဦး။ လူတို့၌ရောင်ခြည် ထူထပ်သော ဖန်၊ ပတ္တမြားတို့၏အကြား၌ထားလျှင် စကားငုံ စသောပန်းတို့၏သဏ္ဌာန်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



အလျှံကူးဟပ်သဖြင့် ဖွံ့ထွားခြင်းဖြစ်တုံသေး၏ဟု သိအပ်၏။ သိကြားမင်းသည် မိမိ၌ စေခန့်စရာ နတ်သားအများရှိလျက် အဘယ်ကြောင့် ဝိသုကြံနတ်သားကိုသာ စေလေသနည်း ဟူမူ လူမင်းတို့၌ အလုံးစုံ ဒိုင်းမှူး, ဝင်းမှူး, သူရဲမှူး အစုစုတို့ကို အမှုလိမ္မာရာ အသီးသီးဝန်ခန့်၍ အစုသင့်အမှုရောက်လျှင် ဆိုင်ရာဝန်သာ ရွက်ဆောင်ရသကဲ့သို့ နတ်မင်းမှာလည်း လူ့ပြည်၌ ဘုန်းရှိသူတို့ တန်ခိုးနှိုးဆော်လျှင် ထိုသူတို့အလိုပြည့်စေခြင်းငှာ မြို့, နန်း, ပြ, တန်ဆောင်း, ကျောင်း, အိမ်, ဇရပ်, နေရာနေခင်း စသည်တို့ကို လည်းကောင်း၊ ထို ဘုန်းတန်းရှင်တို့အား အဝတ်တန်ဆာဆင်ယင်ခြင်းတို့ကို လည်းကောင်း ဖန်ဆင်းစီရင် တန်ဆာဆင်ခြင်းအမှု၌ လိမ္မာသည်ဖြစ်၍ ဤနတ်သားအား ဤအမှုဝန်ကို ရွက်ဆောင်စေခြင်းငှာထိုက်၏ဟု အစုသင့် တန်ဆာဆင်ခြင်း အမှု၌ သိကြားမင်း ခန့်ထားစေလွှတ်လေ့ရှိသောကြောင့် ထိုနတ်သားသည် 'ဝိသုကမ္မ'မည်၏။ ဝိဂြိုလ်ဆိုသော်ကား–

'သောကတော ဝိဂတတ္တိ ဝိသုကံ။

ဝိဝိဓာကာရေန သူစေတိ ပကာသေတီတိဝါ ဝိသုကံ။

ဝိသေသေန သူစေတိ ပေသုညံ ကရောတီတိဝါ ဝိသုကံ။

ဝိသံ အဝိသံဝိယ ဥကေတိ မဏ္ဍေတီတိဝါ ဝိသုကံ။

ဝိဝိဓာကာရေန သုန္ဒရံ ကရောတီတိဝါ ဝိသုကံ။

ဝိသုကေန ကတံ ကမ္မန္တိ ဝိသုကမ္မံ။

ဝိသုက ကမ္မေ ကုသလောတိ ဝိသုက ကမ္မော။ ။' ဤသို့ စသည်ဖြင့် ပြုရမည်။

ယံအလက်ာရံ၊ အကြင်တန်ဆာသည်။ သောကတော၊ စိုးရိမ်ခြင်း, နှလုံးမသာယာခြင်းမှ။ ဝိဂတံ၊ ကင်းစေတတ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ အလက်ာရံ၊ ထို တန်ဆာသည်။ ဝိသုကံ၊ ဝိသုက မည်၏။ ။ ဝိ–ဝုဒ်၊ သုက–ပုဒ်၊ ကမ္မဓာရည်းသမာသ်။

[ဝါ၊ တစ်နည်းကား။ ယံ အလက်ာရံ၊ အကြင်တန်ဆာသည်။ ဝိဝိဓာကာရေန၊ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်။ သူစေတိပကာသေတိ၊ ပြတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံအလက်ာရံ၊ ထိုတန်ဆာသည်။ ဝိသုကံ၊ ဝိသုက မည်၏။ ။ ဝိပုဗ္ဗသု–စဓာတ်၊ အ–ပစ္စည်း။ ကတ္တုသာဓန။

[ဝါ၊ တစ်နည်းကား။ ယံ အလက်ာရံ၊ အကြင်တန်ဆာသည်။ ဝိသေသေန၊ အထူးသဖြင့်။ သူစေတိပေသုညံ ကရောတိ၊ သဘာသညာ မဟုတ်သည်ကို သဘာသညာကဲ့သို့ ချောပစ်ခြင်းကို ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံအလက်ာရံ၊ ထိုတန်ဆာသည်။ ဝိသုကံ၊ ဝိသုက မည်၏။ ။ သုစ–ပေသုညေ၊ (ဓာတုမာလာ။)

[ဝါ၊ တစ်နည်းကား။ ယံအလက်ာရံ၊ အကြင်တန်ဆာသည်။ ဝိသံ၊ အသုဘသညာ အစရှိသော သဘောဖြင့် အဆိပ်သဖွယ် စက်ဆုပ်အပ်သော ရုပ်ကလာပ်ကို။ အဝိသံဝိယ၊ သုဘသညာ အစရှိသော ဝိပလ္လာသဖြင့် စက်ဆုပ်အပ်သော အဆိပ်မဟုတ်သကဲ့သို့။ ဥကေတိမဏ္ဍေတိ၊ ပြင်ဆင်တတ်၏။ တစ်နည်းလည်း။ အဝိသံ၊ အကျွမ်းမဝင်သေးသောသူကို။ ဝိသံဝိယ၊ နှလုံးအကျွမ်းဝင်ပြီးသော အဆွေခင်ပွန်းကဲ့သို့။ ဥကေတိမဏ္ဍေတိ၊ ကြည်ညိုစေတတ်၏။ ဣတိတသ္မာ၊ ထို သတ္တိ ၂ ပါး ရှိသည်၏အဖြစ်ကြောင့်။ တံ အလက်ာရံ၊ ထိုတန်ဆာသည်။ ဝိသုကံ၊ ဝိသုက မည်၏။ ။ ဝိသသဒ္ဒူပပဒ၊ ဥက–ဓာတ်။ အ–ပစ္စည်း။

[ဝါ၊ တစ်နည်းကား၊ ယံအလက်ာရံ၊ အကြင်တန်ဆာသည်။ ဝိဝိဓာကာရေန။ အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်။ သုန္ဒရံ၊ တင့်တယ်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံအလက်ာရံ၊ ထိုတန်ဆာသည်။ ဝိသုကံ၊ ဝိသုက မည်၏။ ။ (ဓာတ်ရ ပစ္စည်းရ တို့ကို ကောက်မည်ဆိုလျှင် များလွန်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စကား ရောက်ခဲ့တော့မည်။ ဝိသုက ပုဒ်လုံး၏အရကား ဖန်ဆင်းစီရင်ပြင်ဆင်အပ်သော တန်ဆာဟူသမျှကို ရစေ။

[ယံကိစ္စံ၊ အကြင်အမှုသည်။ ဝိသုကေန၊ ဖန်ဆင်းပြင်ဆင် စီရင်အပ်သောတန်ဆာဖြင့်။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုတည်း။ ဥတ္တိတသ္မာ။ ထိုသို့ တန်ဆာဖြင့်ပြုအပ်သော အမှုဖြစ်သောသတ္တိကြောင့်။ တံကိစ္စံ၊ ထိုအမှုသည်။ ဝိသုကကမ္မံ မည်၏။ ။ တန်ဆာဆင်ရာဟူသမျှ အမှုရစေ။

[ယောဒေဝပုတ္တော။ အကြင်နတ်သားသည်။ ဝိသုကကမ္မေ၊ ဖန်ဆင်းစီရင် တန်ဆာဆင်ခြင်း လက်သမား အမှု၌။ ကုသလော၊ လိမ္မာသည်တည်း။ ဥတ္တိသ္မာ၊ ထိုသို့ တန်ဆာဆင်ခြင်းအမှု၌ လိမ္မာသောသတ္တိကြောင့်။ သောဒေဝပုတ္တော၊ ထိုနတ်သားသည်။ ဝိသုကကမ္မော၊ ဝိသုကြ္မ မည်၏။ ။ က အက္ခရာတစ်လုံး ကျေသည်။ ဖန်ဆင်းစီရင် တန်ဆာဆင်ခြင်း လက်သမားအမှု၌ လိမ္မာသောနတ်သားရစေ။

[လူတို့မှာကား တစ်ပါးသောလက်မှုတတ်သူ ဗိသုကာ မဆို ကျောင်း, အိမ် စသည် ဖန်ဆင်းတတ်, ဆောက်လုပ်စီရင်တတ်သော လက်သမားကိုသာလျှင် 'ဗိသုကာ'ဟု ဆိုကုန်သည်ဟူ၍ သိအပ်၏။]

## ၁၆။ ရထားထိန်းနှင့် စကားဆိုခန်း

ထိုသို့ နတ်၏တန်ဆာဖြင့် သိကြားမင်းကဲ့သို့ တင့်တယ်စွာတန်ဆာဆင်ပြီးသော တေမိမင်းသည် သိကြားမင်း၏ တင့်တယ်ခြင်းဖြင့် ရထားမှူးသုနန္ဒာ တွင်းတူးရာအရပ်သို့သွား၍ တွင်းနား၌ရပ်တော်မူလျက် ရထားမှူးအား–

'ကိံနု သန္တရမာနောဝ၊ ကာသုံ ခဏာသိ သာရထိ။

ပုဋ္ဌော မေ သမ္မ အက္ခာဟိ၊ ကိံ ကာသုယာ ကရိဿတိ။ ။'ဟူသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"အသို့နည်း။ လူမမြင်မီ အဆောတလျင် ရွေအိုးကိုမြှုပ်ထား၍ သွားမည်ကြံသကဲ့သို့ အမြန်တဆော အမောအပန်းကိုယ်ကို အမှုရှာ၍ ပြင်းစွာတွင်းတူးဘိသနည်း။ ရထားမှူး။ သင် တွင်းတူးခြင်း၌ အကြောင်းကိုသိလို၍ မေးသော ငါ့အား စကားပြန်ပြောပါဦး။ သင် တူးသောတွင်းဖြင့် အဘယ်ပြုဖို့နည်း" ဟုမေး၏။

ဘုရားလောင်းမေးသော စကားကိုကြားလျှင် သုနန္ဒာရထားမှူးသည် အဆောတလျင်တူး၍ မင်းသားကိုမြှုပ်သတ်ပြီးလျှင် အလျင်အမြန် မြို့သို့ပြန်လိုသောစိတ်ဖြင့် အားထုတ်ခြင်း ပြင်းစွာရှိသောကြောင့်မော်၍ မှုမကြည့်အားဘဲ အောက်သို့ထားသောမျက်နှာဖြင့်ပင်လျှင် ဘုရားလောင်းအား စကားတုံ့ ပြန်ပြောလိုသည်ဖြစ်၍–

'ရညော မူဂေါစ ပက္ခော စ၊ ပုတ္တော ဇာတော အစေတသော။

သောမ္ဟိ ရညာသမဇ္ဈိဋ္ဌော၊ ပုတ္တံ မေနိက္ခတံ ဝနေ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ငါတို့အရှင်မင်းကြီး၌ နှုတ်လည်းအ, နားလည်းပင်း, ဆွံ့လည်းဆွံ့, အင်္ဂါချို့တဲ့ သောသားကို ဖွားမြင်လာသည်နှင့် ၁၆ နှစ်ကျော်ကာလပတ်လုံး နားကြားနိုး, စကားပြောနိုး, ခြေလက် လှုပ်ရှားနိုးထင်၍



www.burmeseclassic.com

www.burmeseclassic.com



ခင်ဖွယ်မင်ဖွယ် အသွယ်သွယ်အလိုစမ်းကြသော်လည်း စမ်းမှန်းမျှမသိ။ အသက်မရှိသောအလား စကားမဆို ကိုယ်,လက်မလှုပ်ရှား။ သူတစ်ပါးလည်း နားပင်း, ဆွံ့,အ ဖြစ်ကြပါ၏။ ဤမင်းသား အပင်း, အ–အ, အဆွံ့ပင် လွန်မင်းလှသောကြောင့် အနာဂတ်ကိုမြင်မြော်နိုင်သော ပညာရှိတို့က ဤသူကို အရှည်ထားသဖြင့် ၃ ပါးသောအန္တရာယ် မြင်သည်ဟု လျှောက်ထားကြ၍ ပြည်သူအများပင်လည်း မင်းသားကို မနှစ်မြို့နိုင်ရာပြီဟု ထင်တော်မူလျှင် အရှင်မင်းကြီးသည်လည်း စီရင်ခွင့်ရှိက သူတစ်ပါးနှင့် သားကို ထပ်တူပြု၍ ယမမင်း[၁၃၆]ကဲ့သို့ ကျင့်မြဲမမှုရာဓ် ဖြစ်တော်မူသည်နှင့်လျော်စွာ 'ချမ်းသာဖို့မထင်သော သားကို သင်သွား၍ သုသာန်တစပြင်၌ မြှုပ်သတ်ချေ'ဟု စေခိုင်းတော်မူသောကြောင့် ယခု မင်းသားကို ရထားနှင့်ဆောင်ယူခဲ့သဖြင့် မြှုပ်သတ်ရာ ဤတွင်းကို အဆောတလျင် ပြီးလွယ်အောင်ပင်အားထုတ်၍ တူးရတော့သည်"ဟုဆို၏။

ရထားမှူးစကားကိုကြားလျှင် ဘုရားလောင်းတေမိမင်းသားသည် 'ဤရထားမှူးကား တွင်းတူးခြင်းကိုသာ လုံးပမ်း၍ ငါသို့သော ဘုန်းတန်းရှင်ကိုမျှ မျှော်လှည့်၍ ရှုရှုပျူငှာ မပြုနေသည်မှာ ပညာနှင့် ငါ အရေးပြုမည်။ ယခုပင် ထိုသူ အထက်သို့ မျက်နှာမျှော်စေအံ့'ဟုကြံ၍ လျင်မြန်စွာ အခွင့်ကိုသိတတ်သော ပါရမီဉာဏ်အထူးဖြင့် ရထားမှူးအား–

'နဗဓိရော နမူဂေါ် သ္မိ၊ န ပက္ခော နစ ဝိကလော။
အဓမ္မံ သာရထိ ကယိရာ၊ မဉ္စေ တွံ နိက္ခဏံ ဝနေ။
'ဦရူ ဗာဟုဉ္စ မေ ပဿ၊ ဘာသိတဉ္စ သုဏောဟိ မေ။
အဓမ္မံ သာရထိ ကယိရာ၊ မဉ္စေ တွံ နိက္ခဏံ ဝနေ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ရထားမှူး။ သင် အသို့ဆိုရသနည်း။ ငါကားသိကရာဇ်မင်းကြီးသားသည် တစ်ပါး ဆွံ့, အသောသူနှင့် မတူ၊ အမှုထူးလျက်ပင်ကို သင်တို့ ပညာရှိခံသူအပေါင်း အကြောင်းကို ဆင်ခြင်နှိုင်းညှိသဖြင့် သိကောင်းကြသည် မဟုတ်လော။ အဘယ်ကြောင့် ငါ့ကို အနာတရ အ–သောဆွံ့သောဟု ဆိုဘိသနည်း။ ငါသည် နားလည်းမယုတ်, နှုတ်လည်းမအ, အဘယ်ခြေလက်မျှ မဆွံ့တကား။ နားပင်း, ဆွံ့အ–သောကြောင့် မြေ၌မြှုပ်သတ်ချေ မင်းကြီးစေကြောင်းကို သင် အဖြောင့်ဆို၍ရှိပြီ။ မင်းကြီးအမိန့်အတိုင်း ယခု ငါမဟုတ် ထိုသို့လျက် ဓမ္မဝတ် ရာဇသတ်ထုံးနှင့်ညီအောင် သင် အသို့စီရင်မည်နည်း။ အကြောင်းကိုမစူးစမ်းဘဲ စီရင်လျှင် သင် တရားပြုသည် မမည်ပြီလော။ ငါ့ခမည်းတော်လည်း သင့်ကို ဂုဏ်ရှိ, ဂုဏ်မဲ့ ရွေးချယ်ခြင်း၌ လိမ္မာသော သူဖြစ်သည်ဟူ၍ ဤအမှုမှာ အထူးနုတ်ကောက်၍ ခန့်ထားတော်မူသည်။ ငါ၏အရည်အဆင်းကို သင် ဆင်ခြင်၍ အမှုအင်အလျောက် ယခု သင်မထောက်လျှင် နောက်မကောင်း ရှိမည်။

"ခြေဖမိုးမှစ၍ နဖူးပြင်တိုင်အောင် ရွှေငှက်ပျောတိုင်လုံးကဲ့သို့ မကုန်းမညွတ် ထွားမွတ်ရှန်းပျိုသော ငါ့ကိုယ်လုံးရုပ်သဏ္ဌာန် တင့်တယ်ဟန်ကိုလည်း သင်ကြည့်ဦး။ ထူးလှသော ရွှေစင်သားကဲ့သို့ ထွားဖွံ့ရှန်းပျို နှစ်လိုဖွယ်သော မောင်းလက်ရုံးကိုလည်း မုန်းစိတ်မဝင်အောင် သင် မျှော်၍ ကြည့်စမ်း။ ဥမ်းဝယ်ဆီကျသကဲ့သို့ ကြားရသမျှ လှုနှစ်သိမ့်အောင် အမိန့်အဆို ချိုသာသန့်ရှင်းသော ငါ့စကားကိုလည်း ယခု သင် ကြားရပြီတကား။ နားမဲ့သောသူကဲ့သို့ အယူတစ်ခဲတည်း အစွဲသန်လျက် မမှန်ကို အဟုတ်လုပ်ငြားသဖြင့် တရား အသို့ သက်ပါအံ့နည်း။ မတရားသဖြင့်ပင် သင် ပြုတော့မည်လော"ဟုဆို၏။

ဤအရာ၌ ဘုရားလောင်းသည် ပထမဂါထာဖြင့် ဆိုသင့်သမျှစကား ပြီးကောင်းပြီဖြစ်လျက် ဒုတိယ ဂါထာဖြင့် အဘယ့်ကြောင့် ကိုယ်ကိုချီးမြှောက်၍ ဆိုပြန်ရသနည်းဟူမူ အကျိုးမဲ့ ပလွား[၁၃၇]လိုသဖြင့် ချီးမြှောက်၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မဟုတ်။ ထို သုန္ဒရာရထားမှူးသည် ပဌမဂါထာကိုကြားလျက်နှင့်မျှ တွင်းတူးကိုမဖျက် မျက်နှာမမော် နေသောကြောင့် သုန္ဒရာ မော်၍ ကြည့်စေခြင်းအလို့ငှာ ကိုယ်ကိုချီးမြှောက်ခြင်း နောက်ဂါထာဖြင့် ဆိုပြန်ရသည်။ ထို့ကြောင့် အဋ္ဌကထာ၌–

[‘ပုရိမံ ဂါထံ သုတွာပိ တံ အနုလ္လောကေန္တမေဝ ဒိသွာ အလင်္ကတသရီရဿ ဒဿသာမီတိစိန္တေတွာ အာဟ။ ။’ဟူ၍ မိန့်တော်မူလေသည်။

[ပုရိမံဂါထံ၊ နဗမိရောအစရှိသော ရှေးဂါထာကို။ သုတွာပိ၊ ကြားလျက်လည်း။ အနုလ္လောကေန္တမေဝ၊ မော်မကြည့်ပဲသာလျှင်။ နိသိန္နံ၊ နေသော။ တံ၊ ထိုရထားမှူးကို၊ ဒိသွာ၊ မြင်၍။ အလင်္ကတသရီရဿ၊ တန်ဆာဆင်ယင်သော ကိုယ်ကို။ ဒဿသာမိ၊ ငါပြဦးအံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ဣမံ၊ ဤဦရှမာဟူစ– အစရှိသော နောက်ဂါထာကို။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ အာဟ၊ ဆို၏။

[ထို့ကြောင့် အဆင်းဂုဏ်, စည်းစိမ်ဂုဏ်, အမျိုးဂုဏ်,ပညာဂုဏ်, စသော မိမိ၌ရှိသော ဂုဏ်တို့ကို လိုရာ အကျိုးမြင်သဖြင့် ချီးမြှောက်သော် ထီးဆောက်သကဲ့သို့ပြီးမြောက်ခြင်းအနှစ် ရှိရာသည်။ ပလွှားလိုသဖြင့် ချီးမြှောက်သော် သူ နားငြီးနောက်၍ တီးတောက်ခြင်းအပြစ် ရှိရာသည် ဟုသိအပ်၏။]

ထိုသို့ ကိုယ်ကိုချီးမြှောက်၍ဆိုသော ဘုရားလောင်းစကားကို ရထားမှူးကြားလေသော် ‘ဤသူကား အသူဖြစ်လေသနည်း။ မိမိ လာသည်မှစ၍ မိမိဂုဏ်ကိုသာလျှင် အလွန်တရာ ချီးမြှောက်ဘိ၏’ဟု အကြံဖြစ်သဖြင့် တွင်းတူးရာမှဖြတ်၍ အထက်သို့ မျှော်ကြည့်လျက် သိကြားမင်းကဲ့သို့ တင့်တယ်စွာသော ဘုရားလောင်းကိုမြင်လျှင် ‘ဤယောကျ်ားကား အဘယ်သူ ဖြစ်ပါလိမ့်နည်း။ လူလော, နတ်လော’ဟု တွေးတောကြံစည် မရမသိနိုင်သဖြင့်–

‘ဒေဝတာနုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။

တော ဝါ တွံ ကဿဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။ ။’ ဟူသောဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

“အဆင်းအသရေဖြင့် တင့်တယ်စွာသောလုလင်။ သင်ကား လာသည်မှစ၍ မိမိကိုယ် ချီးမြှောက်၍သာ ပြော၏။ ချီးမြှောက်တိုင်းလည်း မှန်ပေ၏။ ဤသို့သောသူကို မမြင်စဘူး။ သင် အသူပေနည်း။ ဤမြေ, ဤတောကိုစောင့်နေသော ဘုမ္မစိုးနတ်တည်း ဖြစ်သလော။ ဟိမဝန္တာဝယ် အိုင်ကြီး,တောင်ကြီးတို့ကို မှီ၍နေသော ဂန္ဓဗ္ဗနတ်တည်း ဖြစ်သလော။ သို့တည်းမဟုတ်လျှင် ရှေးသံသရာ၌ အလှူအတူးပေးခဲ့ဖူး၍ မျက်စိ ၁၀၀၀ အမြင်ဆောင်လျက် လိုရာအခွင့်ကို ပြီးစေခြင်းငှာ စွမ်းနိုင်သော သိကြားနတ်မင်းတည်း ဖြစ်သလော။ သင့်အမျိုးကား ဘယ်အမျိုး, အမည်ကား ဘယ်အမည် ဖြစ်သည်ဟူ၍ ငါတို့ အသို့သိရပါအံ့နည်း”ဟုမေး၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ‘ငါကား ကာသိကရာဇ်မင်းကြီးသား ဖြစ်ကြောင်းကို ရှေးဦးကပင် ဤသူအား ပြော၍ရှိပြီးလျက် ငါ့စကားကိုမယုံကြည်သဖြင့် အမှတ်မထားပြုသည်မှာ ယခုရထားမှူးအား ယုံကြည်အောင် အမျိုးအမည်ကို ငါပြ၍ ဆုံးမစကားကို ဆိုဦးအံ့’ဟုကြံ၍–

‘နမှိ ဒေဝေါ န ဂန္ဓဗ္ဗော၊ နမှိ သက္ကော ပုရိန္ဒဒေါ။

ကာသိရညော အဟံ ပုတ္တော၊ ယံ ကာသုယာ နိခညသိ။ ။

‘တဿ ရညော အဟံ ပုတ္တော၊ ယံ တွံ သမ္မုပဇီဝသိ။

အဓမ္မံ သာရထိ ကယိရာ၊ မဉ္စေ တွံ နိက္ခဏံ ဝနေ။ ။’ဟူသော ၂ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ရထားမှူး သုနန္ဒာ။ သင် အသို့မေးရသနည်း။ ရှေးမဆွကပင် အကြောင်းကို ငါ ပြောဖြစ်ရှိပြီ။ ငါကား နတ်, ဂန္ဓဗ္ဗ, သိကြား, တစ်ပါးတခြားသူ မဟုတ်။ ဗာရာဏသီပြည်သူ,ပြည်သား ဝပ်တွားပူဇော်ရာ ဥကင်ရာဇပလ္လင်ထီးဖြူ စိုက်ထူရှင်လန်း ဘုန်းပန်းပွင့်သော နန်းတော်ကြီးသည် ငါ့နေရာ မဟုတ်လော။ ငါ့အမျိုးကား ကာသိကရာဇ်တိုင်းကြီးကို အစိုးရ၍ 'ကာသိကရာဇာ' မည်သာဘွဲ့ချီ ပြည်တကာတို့၏သနင်း မင်းကြီး မဟုတ်လော။ ထို ကာသိကရာဇ်မင်းကြီးသားတော် 'တေမိယကုမာရ'ဟူသည် ငါ မဟုတ်လော။ သိလျက်လည်း မထိမဲ့မြင်ပြုလို၍ သင် မေးသလော, မသိ၍တည်း မေးသလော။ အဘယ်အကြောင်းကြောင့် သင်၏ကျေးဇူးသခင် ဖြစ်သော ငါ့ကို ဤတွင်း၌ မြှုပ်သတ်မည်ဟု ကြံဘိသနည်း။

"ရထားမှူးသုနန္ဒာ။ စင်စစ်သဖြင့် ငါလည်း ကာသိကရာဇ်မင်းကြီးသားတော် မှန်၏။ သင်လည်း ငါ့ခမည်းတော်ကိုပင် မှီ၍ အသက်မွေး၏။ ထိုသို့ဖြစ်လျက် ငါ့ကို ဤတွင်း၌ မြှုပ်သတ်ချေသော် တရား မဟုတ်သည်ကို သင် ပြုသည် မမည်ရာပြီလော"ဟုဆို၏။

ဤသို့သော ၂ဂါထာတို့ဖြင့် ဘုရားလောင်း ဆိုတော်မူသော်လည်း သုနန္ဒာရထားမှူးကား ယုံကြည်ခြင်း မရှိ။ အသံ၏သာယာခြင်း, အမိန့်အဆို နာသာခြင်း, အကြောင်းအကျိုး စပ်၍ပါခြင်းနှင့် ပြည့်စုံသည်ဖြစ်၍သာ ဘုရားလောင်း၏စကားကို တရားအမှတ်ဖြင့် ရပ်လျက်ငြိမ်သက်စွာ နှုတ်လုံမထိုး နားထောင်၍နေ၏။

ဘုရားလောင်း ထို ၂ဂါထာတို့ဖြင့် ရထားမှူး မယုံသောအကြောင်းကို သိ၍ ရုက္ခူပမ မိတ္တဒုဗ္ဘိ ဒေသနာ[၁၅]ဖြင့် ယုံကြည်မြတ်နိုးစေခြင်းငှာ–

'ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။

န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။ ။

'ယထာ ရုက္ခော တထာ ရာဇာ၊ ယထာ သာခါ တထာ အဟံ။

ယထာ ဆာယူပဂေါ ပေါသော၊ ဧဝံ တွမသိ သာရထိ။

အဓမ္မံ သာရထိ ကယိရာ၊ ပဗ္ဗဇေ တွံ နိက္ခိဏံ ဝနေ။ ။' ဟူသော ၂ ဂါထာခွဲတို့ဖြင့် တရား နည်းလမ်းပြတော်မူပြန်၏။ အနက်ကား–

သာရထိ၊ ရထားမှူး။ ယော၊ အကြင်သူသည်။ ယဿရုက္ခဿ၊ အကြင်သစ်ပင်၏။ ဆာယာယ၊ အရိပ်၌။ နိသီဒေယျဝါ၊ နေမူလည်း နေဖူးအံ့။ သယေယျဝါ၊ အိပ်မူလည်း အိပ်ဖူးအံ့။ သောနရော၊ ထိုသူသည်။ တဿ–ရုက္ခဿ၊ ထိုသစ်ပင်၏။ သာခံ၊အခက်အလက်ကို။ နဘဉ္ဇေယျ၊မချိုးမဖျက်ရာ။ ဘဉ္ဇန္တော၊ ချိုးဖျက်သည် ရှိသော်။ သောနရော၊ ထိုသူကို။မိတ္တဒုဗ္ဘော၊ ခင်ပွန်းပြစ်မှားသော။ ပါပကောဟိ–ပါပကောဧဝ၊ သူယုတ်မာ ဟူ၍သာလျှင်။ ဉာတော၊သိအပ်၏။

ရုက္ခောယထာ၊ သစ်ပင်ကဲ့သို့။ တထာသဒိသော၊ တူသည်ကား။ ရာဇာ၊ ခမည်းတော်မင်းကြီးတည်း။ သာခါယထာ၊ သစ်ပင်၏အခက်အလက်ကဲ့သို့။ တထာသဒိသော၊ တူသည်ကား။ အဟံ၊ ငါတည်း။ ဆာယူပဂေါပေါသော ယထာ၊ သစ်ပင်ရိပ်ခိုသော ယောကျ်ားကဲ့သို့။ ဧဝံသဒိသော၊ တူသည်ကား။ တွံသာရထိ၊ သင် ရထားထိန်းသည်။ အသိ၊ ဖြစ်၏။ တသ္မာ၊ ထိုသို့တူသောကြောင့်။ တွံ၊ သင်သည်။ မံ၊ ငါ့ကို။ ဝနေ၊ တော၌။ စေနိက္ခဏံ၊ အကယ်၍ မြှုပ်သတ်ငြားအံ့။ တွံသာရထိ၊ သင် ရထားထိန်းသည်။ အဓမ္မံ၊ မတရားသောအမှုကို။ ကယိရာ၊ ပြုသည်မည်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ရထားမှူးသုနန္ဒာ။ အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌ အိပ်ဖူး,နေဖူးအံ့။ ထိုသစ်ပင်၏ အခက်, အလက်, အရွက်, အညွန့်, အဖူး, အမြစ်, အခေါက်တို့ကို ဖျက်ဆီးလိုသောအားဖြင့် မချိုးမဖဲ့အပ်၊ ချိုးဖဲ့ဖျက်ဆီးချေမူကား ထိုသူကို ခင်ပွန်းပြစ်မှားတတ်သော သူယုတ်မာစင်စစ် ဖြစ်သည်ဟူ၍မှတ်အပ်၏။

"သူခပ်သိမ်းတို့မှီရာ အခက်, အလက်နှင့်ပြည့်စုံစွာသော ထိုသစ်ပင်နှင့်ကား ခမည်းတော် ကာသိကရာဇ်မင်းကြီးနှင့်တူ၏။ အခက်, အလက်နှင့်ကားထိုမင်းကြီးသားတော်ဖြစ်သော ငါနှင့် တူ၏ သစ်ပင်ရိပ်ခိုသော ယောက်ျားနှင့်ကား သင်ရထားမှူးနှင့်တူ၏။ ထိုသို့အသက်မရှိသော သစ်ပင်ကိုမျှလည်း မှီခိုဖူးပေလျှင် ကျေးဇူးကို မချေသင့် ဖြစ်တုံသေး၏တကား။ အသက်ရှိကာမျှသူ လူသာမည မန္နုန်းရအောင် မင်းသုံးခံလောက်သော ပညာ အသိအလိမ္မာနှင့် ပြည့်စုံသော သင်သို့စင်လျက် တိုင်းကြီးပြည်ကြီးကိုအုပ်စိုး၍ သူခပ်သိမ်းတို့အား ချမ်းသာပေးခြင်းဟု စွမ်းနိုင်စေကြောင်း ကောင်းစွာ တရား ၁၀ ပါးစောင့်သော သင်တို့ကျေးဇူးသခင် မင်းကြီး၏ အခက်အလက်သဖွယ်ဖြစ်၍ အပြစ်မရှိသော ငါမင်းသားကို ဤတောအုပ်၌ မြှုပ်သတ်ချေသော် မတရားသဖြင့် ပြုသည် မမည်ပြီလော။ သင်ရထားမှူး၌ ငါ့ခမည်းတော် ကျေးဇူးအရိပ်အငွေ့နှင့် အဘယ်သို့ကင်းသနည်း။ ကျေးဇူးရှိပေသော အဆွေခင်ပွန်းကိုပြစ်မှား၍ မျက်မှောက်၌ပင် ဘုန်းကျက်သရေ စည်းစိမ်ဆုတ်လျော့ခြင်း, အသက်ဆုံးခြင်းပျက်ပြုန်းခြင်း အပြစ်များစွာ ရောက်ဖူးကြောင်းကို သင်သိလျက် မဟုတ်လော"ဟု ဆို၏။

[ဤဂါထာတို့၌ အရိပ်ခိုဖူးသောသစ်ပင်ကို မဖျက်ဆီးအပ်သကဲ့သို့ စီးပွားဆောင်ဖူးသော သန္ဒိဋ္ဌ[၃၆၂] အဆွေခင်ပွန်း, သမ္ဘတ္တ[၃၆၃] အဆွေခင်ပွန်းတို့ကို မပြစ်မှားအပ်ဟု ဆိုသောကြောင့် 'ဒေဝသတ္တော ဒိဝါနဘုတ္တော်ထူလော' စသည်တို့၌ ဒေဝဒတ်သည် နေ့၌ထမင်းမစားဘဲ ကိုယ်,လက်ဆူဖြိုး၏ ဟု ဆိုသဖြင့် အစာနှင့်မကင်းရာဖြစ်၍ 'ညဉ့်၌ အစာစား၏'ဟု သိရသကဲ့သို့ အရိပ်မခိုဘူးသော သစ်ပင်ကိုဖျက်ဆီး၍ အပြစ်မရှိသောအတူ အဆွေခင်ပွန်းမဟုတ်သူကို ဖျက်ဆီး၍လည်းအပြစ်မရှိ'ဟု အသွား'အန္ဝယ' အနက်ကို ဆိုသဖြင့် အပြန် 'ဗျတိရိက်' အနက်မရောက်ကောင်းပြီလောဟူမူ၊ အသွားရှိရကား အပြန်ရှိသင့်၏။ ရှိသော်လည်း 'ပါဏာတိပါတကံ' အပြစ်မရှိဟု မပြန်သင့်။ အဆွေခင်ပွန်းမဟုတ်လျှင် 'မိတ္တဒုမ္ဘိ'[၃၆၄]အပြစ်မရှိဟု၊ ဤမျှသာ 'အတ္ထာပန္နနည်း[၃၆၅]'အားဖြင့် အနက်ရောက်၏။ ဗျတိရိက်အနက်နည်း အပြန်အားဖြင့်ကား အဆွေခင်ပွန်းကို ပူဇော်ချီးမြှောက်သော် အကျိုးကြီးစွာ ရောက်၏ဟု အလွန်အမြတ်ဖြစ်သော အနက်ကိုသာ ပြန်သင့်၏။ အဘယ့်ကြောင့် နည်းဟူမူကား ဘုရားလောင်းတေမိမင်းသည် ပါရမီဉာဏ်ဖန်၍ စကားအရာလိမ္မာတော်မူ လှသောကြောင့် သဗ္ဗညုအထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဥပါသကာ[၃၆၆]တို့အား–

['ပဉ္စိမေ ဘိက္ခဝေ ဝါဏိဇ္ဇာ ဥပါသကေန အကရဏီယာ'ဟု ၅ပါးသော ကုန်သွယ်ခြင်းကို ရတနာ ၃ ပါးသို့ ဆည်းကပ်သောသူသည် မသွယ်အပ်ဟု ဟောတော်မူရာ၌ ဥပါသကာမဟုတ်သူကုန် ၅ပါးကို သွယ်ကောင်း၏ဟု မယူထိုက်သကဲ့သို့၊ ပုဂ္ဂိုလ်အလွန်အမြတ်သို့လိုက်၍ ထိုက်ရာ 'အတိသယ' နည်းအားဖြင့် ရထားမှူးသုနန္ဒာသည် အကျိုးအပြစ်ကို သိသူပညာရှိဖြစ်လျက် မိမိအသက်စည်းစိမ်ကိုငဲ့၍, တရားစည်းစိမ်ကိုငဲ့၍ တရားမတိမ်းသင့်သည်ကို နားဝင်လွယ်ရာဥပမာဖြင့် ပြဆောင်တော်မူသည်ဟု သိအပ်၏။

[ကျေးဇူးရှိဖူးပေသောသစ်ပင်ကို ဖျက်ဆီး၍ ပျက်စီးဖူးသောထုံးစံကိုကား ဗာလဝါဏိဇ္ဇ[၃၆၇]ဖြစ်သော လှည်းကုန်သည် ၅၀၀ တို့သည် ရေမရှိသောခရီးလမ်းခဲ၌ ပင်ပန်းသဖြင့်နဂါးမင်းစောင့်သော သပြေပင်ကြီးကို တွေ့ကြလေသော် သစ်ပင်အောက်၌နေသော နဂါးမင်း၏တန်ခိုးဖြင့် တစ်ခုသောအခက်၌ ရေ,တစ်ခုသောအခက်၌



www.burmeseclassic.com

www.burmeseclassic.com



ရတနာတို့ကို ထွက်စေပြီးလျှင် ဘုရားလောင်း လှည်းမှူးပညာရှိသည် ထိုအခက်တို့၌ ရေ၏ပြည့်စုံခြင်း,ရတနာ၏ ပြည့်စုံခြင်းကိုမြင်သဖြင့် ရေရရှိသော အခက်ကိုဖြတ်ချိုး၍ သောက်ရခြင်း, ရတနာရှိသော အခက်ကို ဖြတ်ချိုး၍ ရတနာရရှိခြင်းပြီးလျှက် လှည်းသား ၅၀၀ တို့သည် လောဘအလျောက် စည်းကမ်းမရှိသောနှလုံးဖြင့် ပင်စည်, အမြစ်နှင့်တကွ ဖြတ်လှည်း ပယ်လှန်ရသော် များစွာသောဥစ္စာတို့ကို ရရာ၏ဟု တိုင်ပင်ကြလျှင် လှည်းမှူး ပညာရှိသည် ကျေးဇူးရှင်ဖြစ်သော သစ်ပင်၌ မပြစ်မှားအပ်ကြောင်းကို အကြိမ်ကြိမ် ထိုသူတို့အား တားမြစ် ဆုံးမပါသော်လည်း မနေ။ အနိုင်အထက် ဖျက်ဆီးမည်ဟုအားထုတ်ကြသောကြောင့် သစ်ပင်စောင့်ဖြစ်သော နဂါးမင်းအမျက်ထွက်၍ မျက်စောင်းလွှတ်သဖြင့် လှည်းသမား ၅၀၀လုံး ပျက်စီးခြင်းသို့ရောက်လေသည်။ ပြစ်မှားခြင်းကိုမပြုသော လှည်းမှူးပညာရှိမှုကား ချမ်းသာစွာ ရတနာလှည်း ၅၀၀နှင့် တကွ မိမိနေရာ ဗာရာဏသီပြည်သို့ ရောက်လေသည့် ဝတ္ထုပုံစံတို့ကို ထောက်၍ သိအပ်၏။]

ဤသို့ ဘုရားလောင်းတေမိမင်းသည် ရထားမှူးသုနန္ဒာကို ယုံကြည်စေခြင်းငှာ 'ရက္ခူပမာ' ဖြင့်ပြလျက်လည်း ဤသူကား မင်းကြီးသားတော်ပင် ဖြစ်ရာ၏ဟု ယုံကြည်ခြင်းမဖြစ်သေးသော ရထားမှူး၏ အမူအရာကိုသိလျှင် ယုံကြည်စေခြင်းလျှင် အကျိုးထူးရှိသော မိတ္တပူဇာ[၃၆၈] ၁၀ ဂါထာဖြင့် သူခပ်သိမ်းတို့အားလည်း အကျိုးစီးပွားများမြတ်စေကြောင်း ကောင်းစွာ တရားလမ်းထွင် ပြတော်မူလိုသည်ဖြစ်၍၊ ရှေးဦးစွာ–

'ပဟူတဘက္ခော ဘဝတိ၊ ဝိပ္ပမုတ္တော သကံ ဃရာ။

ဗဟူ နံ ဥပဇီဝန္တိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ အနက်ကား–

ယော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထို မပြစ်မှားသောသူသည်။ ပဟူတဘက္ခော၊ များမြတ်ပြန့်ပြောသော အစာရှိသည်။ ဘဝတိ၊ ဖြစ်၏။ သကံဃရာ၊ မိမိအိမ်မှ။ ဝိပ္ပမုတ္တော၊ ကင်းသော်လည်း။ နံ၊ ထိုသူကို။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ ဥပဇီဝန္တိ၊ မှီ၍ အသက်မွေးရကုန်၏။ အဓိပ္ပာယ်–

"ရထားမှူး သုနန္ဒာ။ ဤလောက၌ ချစ်ခြင်းမေတ္တာကို တစ်နေ့မခြား ပွားစေအပ်သော သူကား တစ်ကျိပ်အရေအတွက် ရှိ၏။ တစ်ကျိပ်ဟူသည်ကား

"သဗ္ဗညုမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ကိလေသာကုန်ပြီးသောရဟန္တာ၊ မြတ်စွာဘုရားတို့၏လက်ယာရံ၊ လက်ဝဲရံဖြစ်သော အဂ္ဂသာဝကအရှင်မြတ်[၃၆၉]၊ အမိ,အဖ,အရွယ်ကြီးခြင်း, အမျိုးမြတ်ခြင်း, ပညာကြီးခြင်း, သီလ သမာဓိရှိခြင်း အစရှိသောဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောသူ၊ အကျိုးအကြောင်းကို ဆုံးမသွန်သင် ပဲ့ပြင်ပေတတ်သော သူ၊ ထမင်း, အဖျော်, အိပ်ရာ, နေရာ, အဝတ်, ပုဆိုး စသည် တစ်စုံတစ်ခု ပစ္စည်းအာမိသ ပေးဖူးပေသောသူ၊ သူခပ်သိမ်းတို့ကို ကုသိုလ်တရား ပွားများစေခြင်းငှာ တရားဟောပေသောသူ။

"ဤသို့အားဖြင့် တစ်ကျိပ်ကုန်သောသူတို့သည် အဖန်တလဲလဲ ချစ်ခြင်းမေတ္တာကိုသာ ပွားစေအပ်သောကြောင့် အဆွေခင်ပွန်း မည်ကုန်၏။ ထို တစ်ကျိပ်ကုန်သော အဆွေခင်ပွန်းကောင်းတို့တွင် တစ်ယောက်ယောက်သော အဆွေခင်ပွန်းကောင်းကိုမျှ ပြစ်မှားလိုသောအားဖြင့် ချစ်ခြင်းမေတ္တာကို မဖျက်အပ်။ ချစ်ခြင်းမေတ္တာကို ဖျက်သောအားဖြင့် ပြစ်မှားချေသော် ပစ္စုပ္ပန်,သံသရာတို့၌ စည်းစိမ်အဝတ်အစား ခေါင်းပါးခြင်း၊ အထီးကျန်[၃၇၀]သောကိုယ် ရှိခြင်း အပြစ်တို့သည် ဖြစ်ကုန်ရာ၏။ ချစ်ခြင်းမေတ္တာကို မပျက်စေမူ၍ စုံမက် မြတ်နိုးကိုးကွယ်ပူဇော်လေ့ရှိသော သူအားသာလျှင် စည်းစိမ်, အဝတ်အစား ပွားများခြင်း၊ မိမိ အိပ်ရာနေရာမှ ကင်း၍ အရပ်တစ်ပါးသို့ ရောက်ငြားသော်လည်း စီးပွားချမ်းသာ မညှိုးမတုံး မပြုန်းသည်ဖြစ်၍ သူခပ်သိမ်းတို့



www.burmeseclassic.com

မိုနိုရာဖြစ်ခြင်း တည်းဟူသော အကျိုးတို့နှင့် ပြည့်စုံသည်ဖြစ်ရာ၏။ ထို့ကြောင့် စီးပွားချမ်းသာကို အလိုရှိသော သင်သည်လည်း အသက်စည်းစိမ်ရှင် ခင်ပွန်းစစ်ဖြစ်သော ခမည်းတော်မင်းကြီးအား ပြစ်မှားခြင်းကို ဖြစ်စေ၍ ငါ့ကိုသတ်မည် မကြံလင့်။ တရားမဟုတ်"ဟူလိုသည်။

[ဤစကား၌ မြတ်စွာဘုရား ဟူသော အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် စည်းစိမ်ချမ်းသာ, အဝတ်အစား ခေါင်းပါးခြင်းအဖြစ်သို့ ရောက်ပေဖူးသော ဒေဝဒတ်, ကောကာလိက အစရှိသော သူတို့ကို လည်းကောင်း၊ မဟာကပိဇာတ်၌ ချောက်ထဲမကုန်းသို့တင်၍ ဗာရာဏသီပြည် ခရီးတိုင်အောင်ပခုံးဖြင့် ပို့ဆောင်ပေးသော ဘုရားအလောင်းမျောက်မင်းအား ပြစ်မှားခြင်းကြောင့် အဝတ်အစားမဲ့အထီးကျန်လျက် ကုဋ္ဌနူနာစသော ဒဏ်ကြီးစွာရောက်၍ ပျက်စီးဖူးလေသော ဒေဝဒတ်အလောင်းနွားထိန်းပုဏ္ဏား အစရှိသော သူတို့ကိုလည်းကောင်း ထောက်၍ 'မိတ္တဒုဗ္ဘိ' ၌ အပြစ်ကိုသိအပ်၏။

[ဘုရားလောင်း အစရှိသောအဆွေခင်ပွန်းတို့အား ပြစ်မှားခြင်း မရှိမူ၍ မြတ်နိုးပူဇော်သောကြောင့် များမြတ်သောအဝတ်အစားနှင့် ပြည့်စုံခြင်း, လူမရှိသော တောအရပ်သို့ပင်ရောက်သော်လည်း ပူဇော်သက္ကာ မဆိတ်မတိတ်သည်ဖြစ်၍ သူခပ်သိမ်းတို့မိုနိုရာဖြစ်ခြင်း အကျိုးတို့နှင့် ပြည့်စုံရလေသော ရှင်သီဝလိထေရ် အစရှိသော သူတို့ကိုထောက်၍ 'မိတ္တပူဇာ'၌ အကျိုးတို့ကို သိအပ်၏။]

ဤသို့ ပထမစကားဖြင့် 'မိတ္တပူဇာ'၌အကျိုး ၂ ပါးကိုပြပြီးသော် ဘုရားလောင်းသည် တစ်ဖန် အကျိုးထူးကိုပြပြန်လို၍–

'ယံ ယံ ဇနပဒံ ယာတိ၊ နိဂမေ ရာဇဓာနိယော။

သဗ္ဗတ္ထ ပူဇိတော ဟောတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။'ဟူသော ဒုတိယဂါထာဖြင့် ဟောကြားပြန်၏။

အနက်ကား– သာရထိ၊ရထားမှူး။ယော၊အကြင်သူသည်။မိတ္တာနံ၊အဆွေခင်ပွန်းတို့အား။နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထိုမပြစ်မှားသောသူသည်။ ယံ ယံဇနပဒံ၊ အကြင် အကြင် ဇနပုဒ်သို့။ ယာတိ၊ သွားအံ့။ ယေယေနိဂမေ၊ အကြင် အကြင်နိဂုံး,ရွာတို့သို့။ ယာတိ၊ သွားအံ့။ ယာယာဇဓာနိယော။ အကြင်အကြင် မင်းနေပြည်တို့သို့။ ယာတိ၊ သွားအံ့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောရွာ,နိဂုံး, မင်းနေပြည်တို့၌။ ပူဇိတော၊ သူခပ်သိမ်းတို့ ပူဇော် ချီးမြှောက်ခြင်းကို ခံရသည်။ ဟောတိ၊ဖြစ်၏။ အဓိပ္ပာယ်–

"ရထားမှူး သုနန္ဒ။ အကြင်သူသည် အဆွေခင်ပွန်းကောင်းတို့အား ပြစ်မှားခြင်းကိုပြုအံ့။ ထိုသူသည် ရောက်တိုင်းရောက်တိုင်းသော အရပ်တို့၌ သူခပ်သိမ်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရရာ၏။ အကြင်သူသည် အဆွေခင်ပွန်းကောင်းတို့အား မပြစ်မှားမူ၍ မြတ်နိုးခြင်းကိုပြုအံ့။ ထိုသူသည် သွားလေရာရာ မြို့, ရွာ, နိဂုံး, မင်းနေပြည်အရပ်ရပ်တို့၌ သူခပ်သိမ်းတို့၏ချစ်ခြင်း, မြတ်နိုးခြင်း, လာဘ်,ပူဇော်, သက္ကာပြုခြင်းတို့ကို ခံရာ၏။ ထို့ကြောင့် အပြစ်အကျိုးတို့ကိုသိသော သင်သည်လည်း ငါ့ကိုသတ်ခြင်းသဖြင့် ကျေးဇူးရှင်ဖြစ်သော ငါ့ခမည်းတော် မင်းကြီးအား ပြစ်မှားခြင်းသို့ ရောက်လေအံ့သည်ဖြစ်၍ တရားမဟုတ်သည်ကို မပြုလင့်"ဟူလိုသည်။

[ဤဂါထာ၌ အဆွေခင်ပွန်းကောင်းတို့ကို ပြစ်မှား၍ သူတစ်ပါးတို့အရှုတ်အချကို ခံရဖူးကြောင်းကိုကား စန္ဒကုမာရဇာတ်၌ ခဏ္ဍဟာလပုဏ္ဏား, ဧကရာဇ်မင်း၊ အမ္ဗဋ္ဌသုတ်၌ အမ္ဗဋ္ဌလုလင်အစရှိသော သူတို့ကိုထောက်၍ သိအပ်၏။ အဆွေခင်ပွန်းကောင်းကို မြတ်နိုးပူဇော်ခြင်းကြောင့် သွားလေရာရာ မျက်နှာရွှင်လန်းလျက် လူနတ်တို့၏ ပူဇော်သက္ကာအထူးကို ခံရဖူးကြောင်းကိုကား ရှင်သီဝလိဝတ္ထုကို လည်းကောင်း၊ မဟောသဓသုခမိန်[အ], ဝိဓုရသုခမိန် အစရှိသော သူတို့ကို လည်းကောင်း ထောက်၍ သိအပ်၏။]

www.burmeseclassic.com



ဤသို့ ၂ ဂါထာတို့ဖြင့် ၃ပါးသောအကျိုးကိုပြပြီးလျှင် အကျိုးထူးကို တစ်ဖန်ပြလို၍–

'နာဿ စောရာ ပသဟန္တိ၊ နာတိ မညန္တိ ခတ္တိယာ။

သဗ္ဗေ အမိတ္တေ တရတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။'ဟူသော တတိယဂါထာဖြင့် ဟောပြန်၏။

အနက်ကား–ယော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ အဿ၊ ထိုမပြစ်မှားသောသူအား။ စောရာ၊ ခိုးသူတို့သည်။ နပသဟန္တိ၊ မညှဉ်းနိုင်ကုန်။ ခတ္တိယာ၊ မင်းတို့သည်။ နာတိမညန္တိ၊ မထီမဲ့မြင် မပြုကုန်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အမိတ္တေ၊ ရန်သူတို့ကို။ တရတိ၊လွန်မြောက်နိုင်၏။

အဓိပ္ပာယ်ကား–

"ရထားမှူးသုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းအား ကိုယ်,နှုတ်,နှလုံး ၃ ပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားခြင်းကို ပြုဖြူးအံ့။ ထို ခင်ပွန်းပြစ်မှားသော်သူအား ခိုးသူတို့သည်မူလည်း ညှဉ်းဆဲနိုင် လေကုန်ရာ၏။ မင်းတို့သည်မူလည်း မထီမဲ့မြင် ပြုလေကုန်ရာ၏။ ရန်သူ ၅ ပါး[၃၂]တို့တွင် တစ်ပါးပါး တွေ့ကြုံမိလတ်သော် ထိုဘေးရန်ကို မလွန်မြောက်သည် ဖြစ်ရာ၏။

"ရထားမှူးသုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းကောင်းတို့အား ပြစ်မှားခြင်းကို မပြု။ ထိုသူတို့အား ခိုးသူတို့သည်လည်း မညှဉ်းဆဲနိုင်ရာ, မင်းတို့သည်လည်း,မထီမဲ့မြင်မပြုနိုင်ရာ, ရန်သူ ၅ပါးနှင့် တွေ့ကြုံမိပြားသော်လည်း ထိုဘေးရန်တို့ကို လွန်မြောက်နိုင်သည်သာ ဖြစ်ရာ၏။ထို့ကြောင့် ခမည်းတော်၏ကျေးဇူးကို ခံစားလျက် အသက်ရှည်ရသော သင်သည်လည်း ငါ့အား ပြစ်မှားခြင်းကို မပြုလင့်။ တရားမဟုတ်"ဟုဆို၏။

[ဤဂါထာ၌ အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် ခိုးသူ၏အနှိပ်အစက်ကို ခံရကြောင်းကိုကား ဗာရာဏသီပြည်၌ အသပြာ ၁၀၀၀ထုပ်ဖြင့် အဆွေခင်ပွန်း မပြတ်ဖွဲ့ပေသော သူဌေးသားကို ပြစ်မှားမိ၍ ခိုးသူ၏ အနှိပ်အစက်ကိုခံရသော သာမာ[၃၃]အမည်ရှိ ပြည့်တန်ဆာမဝတ္ထုစသည်တို့ကို ထောက်၍သိအပ်၏။ မင်းတို့၏ မထီမဲ့မြင်ပြုခြင်းကို ခံရခြင်း၌ကား ပဒုမဇာတ်၌ ပတိဗ္ဗတာ[၃၄] အမည်ရှိသော မိန်းမဝတ္ထု စသည်တို့ကိုထောက်၍ သိအပ်၏။

[ရန်သူကို မလွန်မြောက်နိုင်ခြင်းကိုကား သာဝတ္ထိပြည်၌ သံဃိက[၃၅]မြေကို သိမ်းဆည်းဖူးပေသောကြောင့် သားဖြစ်သော ဝိဋူဍဘသည် ရန်သူပြု၍ ထိုရန်သူကို မလွန်နိုင်ခြင်းဖြင့် တစ်ရပ်တစ်မြေသို့ ထွက်ပြေးရလေသော ကောသလမင်းဝတ္ထု စသည်တို့ကိုထောက်၍ သိအပ်၏။ အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ခိုးသူတို့ မနှိပ်စက်နိုင်ကြောင်းကိုကား သံကိစ္စသာမဏေဝတ္ထု, ဓေရာဇဇာတ် စသည်တို့ကိုထောက်၍ သိအပ်၏။ မင်းတို့၏ မထီမဲ့မြင် မပြုနိုင်ခြင်းကိုကား ဇောတိကသူဌေး စသည်တို့ကို ထောက်၍ သိအပ်၏။ ရောက်လာသောဘေးရန်ကို လွန်မြောက်နိုင်ခြင်း၌ကား မဟာသီလဝမင်း, မာဃလုလင်, မဟောသဓ သုခမိန် အစရှိသောသူတို့ကို ထောက်၍ သိအပ်၏။]

ဤသို့ ထိုဂါထာတို့ဖြင့် အဆွေခင်ပွန်းတို့ကို မပြစ်မှားခြင်း၌ အကျိုးကိုပြပြီးလျှင် တစ်ဖန် အကျိုးထူးကို ပြပြန်လို၍

'အကုဒ္ဓေါ သဃရံ ဧတိ၊ သဘာယံ ပဋိနန္ဒိတော။

ဉာတီနံ ဥတ္တမော ဟောတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။' ဟူသော စတုတ္ထဂါထာဖြင့် ဟောပြန်၏။

အနက်ကား–သရထိ၊ ရထားမှူး။ ယော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထို မပြစ်မှားသောသူသည်။ အကုဒ္ဓေါ၊ အမျက်မထွက်သည်ဖြစ်၍။ သဃရံ၊ မိမိအိမ်သို့။



www.burmeseclassic.com

www.burmeseclassic.com



ဇတိ၊လာရ၏။ သဘာဟံ၊ပရိသတ်အလယ်၌။ပဋိနန္ဒိတော၊သူခပ်သိမ်းတို့ နှစ်လိုအပ်သည်။ ဟောတိ၊ဖြစ်၏။ ဉာတိနံ၊ ဆွေမျိုးအပေါင်းအဖော်တို့ထက်။ ဥတ္တမော၊မြတ်သည်။ ဟောတိ၊ဖြစ်၏။ အဓိပ္ပာယ်ကား—

"ရထားမှူး သုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းအား ပြစ်မှားခြင်းကို ပြု၏။ အဆွေခင်ပွန်းပြစ်မှားသောသူသည် တစ်ပါးအရပ်မှ လည်းကောင်း, ပရိသတ်မှ လည်းကောင်း, မင်းအိမ် စသည်တို့မှ လည်းကောင်း မိမိအိမ်သို့ ပြန်ရောက်လာသည်ရှိသော် မျက်နှာရွှင်လန်းသည် မဖြစ်။ ပုပ်ညစ်ညှိုးသမ်း စိတ်ဝမ်းမသန့်မသက် အမျက်ထွက်သောနှလုံးဖြင့်သာလျှင် လာရ၏။ ပရိသတ်အလယ်သို့ ဝင်သည် ရှိသော်လည်း မိမိအပြစ်ကို သူတို့ပြောဆိုခြင်း, စောင်းမြောင်းခြင်း စသည်တို့ဖြင့် မနှစ်မြို့ဖွယ်ပြုသည်ကိုသာလျှင် ခံရရာ၏။ အဆွေအမျိုးတို့၏အမွေဖြစ်သော စည်းစိမ်မှလည်း ကင်းသည်ဖြစ်၍ ယုတ်မာသောအဖြစ်သို့ ရောက်ရာ၏။

"ရထားမှူး သုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းကို မပြု။ ထို အဆွေခင်ပွန်းအား မပြစ်မှားသောသူသည် တစ်ပါးအရပ်မှ မိမိနေရာအိမ်သို့ ပြန်ရောက်လာသည်ရှိသော် အပြစ်မရှိသည်ဖြစ်၍ မျက်နှာရွှင်လန်း စိတ်ဝမ်းကြည်းသာစွာ ရောက်ရာ၏။ ပရိသတ်အလယ်သို့ ဝင်သည်ရှိသော်လည်း မိမိဂုဏ်ကျေးဇူးကို ပရိသတ်တို့ ချီးမွမ်းပြောဆိုခြင်း, နေရာပေးခြင်း စသည်တို့ဖြင့် သူခပ်သိမ်းတို့၏နှစ်လိုခြင်းကို ခံရရာ၏။ အမျိုးတို့၏အမွေဖြစ်သော စည်းစိမ်နှင့်ပြည့်စုံသည်ဖြစ်၍ အဆွေအမျိုး, အပေါင်းအဖော်တို့ထက် ကြီးမြတ်သောအဖြစ်သို့ ရောက်ရာ၏။ ထို့ကြောင့် အဆွေခင်ပွန်းစင်စစ်ဖြစ်သော ငါ့ကို မပြစ်မှားလင့်"ဟုဆို၏။

[ဤဂါထာ၌ အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် မိမိအိမ်သို့ နှလုံးမသာ မျက်နှာမရွှင် ရောက်လာရခြင်း၌ နေသာဒပုဏ္ဏား, ဇူဇကာပုဏ္ဏား အစရှိသော သူတို့ကိုထောက်၍ သိအပ်၏။ ပရိသတ်တို့ မနှစ်လိုခြင်း၌ကား မိတ္တဝိန္ဒက လုလင်, ရှင်လောကတိဿ အစရှိသောသူတို့ကို လည်းကောင်း၊ ရုရုမိဂဇာတ်၌ ရေထဲမှကုန်းထက်သို့ ဆယ်တင်ပေးသော ဘုရားလောင်းဆတ်မင်းအား ပြစ်မှားခြင်းဖြင့် မင်း အစရှိသောပရိသတ်တို့၏ ကဲ့ရဲ့ခြင်းစသည်ကိုခံရသော ရှင်ဒေဝဒတ်အလောင်း ပုဏ္ဏားဆင်းရဲ အစရှိသောသူတို့ကို လည်းကောင်း ထောက်၍သိအပ်၏။

[အဆွေအမျိုးတို့အောက် ယုတ်မာသောအဖြစ်သို့ ရောက်ခြင်း၌ကား ပြည်သူတို့ကိုပြစ်မှားခြင်းကြောင့် ပြည်မှ နှင်ထုတ်လိုက်သဖြင့် ယုတ်မာသောအဖြစ်သို့ ရောက်လေသော ပေါရိသာဒသူခိုး အစရှိသောသူတို့ကို ထောက်၍ သိအပ်၏။ အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် မိမိနေရာအိမ်သို့ မျက်နှာရွှင်လန်းချမ်းသာစွာ လာရောက်ရခြင်း၌ကား ဘူရိဒတ်နဂါးမင်း, ဝေဿန္တရာမင်း အစရှိသောသူတို့ကိုထောက်၍ သိအပ်၏။

[ပရိသတ်တို့ နှစ်လိုခြင်းကိုခံရခြင်း၌ကား အမရာဒေဝီ, မဒ္ဒီဒေဝီအစရှိသော သူတို့ကိုလည်းကောင်း၊ စူဠနီဗြဟ္မဒတ်မင်း အစရှိသော သူတို့ကို လည်းကောင်း ထောက်၍သိအပ်၏။ အဆွေအမျိုးတို့ထက် မြတ်သောအဖြစ်သို့ရောက်ခြင်း၌ကား ရတနာ ၃ပါးတို့ကို အရိုအသေ ချီးမြှောက်ပူဇော်လေ့ရှိသဖြင့် အဆွေအမျိုးတို့ထက် ထူးမြတ်၍ ယခုတိုင်အောင်ထင်ရှားသော ဝိသာခါ, အနာထပိဏ် အစရှိသောသူတို့ကို ထောက်၍သိအပ်၏။]

ဤသို့ ၄ဂါထာတို့ဖြင့် ဟောကြားပြီး၍ တစ်ဖန် အကျိုးထူးကို ပြပြန်ခြင်းငှာ

'သက္ကတွာ သက္ကတော ဟောတိ၊ ဂရုကော ဟောတိ ဂါရဝေါ။

ဝဏ္ဏကိတ္တိဘတော ဟောတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။

'ပူဇကော လဘတေ ပူဇံ၊ ဝန္ဒကော ပဋိဝန္ဒနံ။

ယသော ကိတ္တိဉ္စ ပပ္ပေါတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။' ဟူသော၂ဂါထာတို့ဖြင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ကား–သာရထိ၊ ရထားမှူး။ ယော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထိုသူသည်။ သက္ကတွာ၊ သူတစ်ပါးတို့အား မိမိ ချီးမြှောက်ပေးကမ်းခြင်း ပြုလေ့ရှိသည်ဖြစ်၍။ သက္ကတော၊ မိမိကို သူတစ်ပါးတို့ ပေးကမ်းချီးမြှောက်ခံရသည်။ ဟောတိ၊ဖြစ်၏။ ဂရုကော၊ သူတစ်ပါးတို့ကို မိမိ အရိုအသေ အလေးအမြတ် ပြုသည်ဖြစ်၍။ ဂါရဝေါ၊ မိမိကို သူတစ်ပါးတို့ အရိုအသေ အလေးအမြတ် ပြုသည်။ ဟောတိ၊ဖြစ်၏။ ဝဏ္ဏကိတ္တိဘဏ္ဍော၊ ဂုဏ်ကျေးဇူးသတင်း ကျော်စော၊ခြင်း ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

သာရထိ၊ ရထားမှူး ။ယော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထို မပြစ်မှားသောသူသည်။ ပူဇကော၊ သူတစ်ပါးတို့အား ပစ္စည်းဖြင့်ပူဇော်ခြင်း၊ ကိုယ်,နှုတ်တို့ဖြင့် ပူဇော်ခြင်း၊ နှလုံးဖြင့်ပူဇော်ခြင်းကို ပြုသည်ဖြစ်၍။ ပူဇံ၊ သူတစ်ပါးတို့ပူဇော်ခြင်းကို။ လဘတေ၊ မိမိ ခံရရာ၏။ ဝန္ဒကော၊ ဂုဏ်ဖြင့် ကြီးမြတ်သောသူတို့အား ရှိခိုးလေ့ရှိသည် ဖြစ်၍။ ပဋိဝန္ဒနံ၊ သူတစ်ပါးတို့၏ ရှိခိုးတုံ့ကို။ လဘတေ၊ မိမိ ခံရရာ၏။ ယသော ကိတ္တိဥ္စ၊ အခြံအရံများခြင်း, ကျော်စောခြင်းသို့လည်း။ ပပ္ပေါတိ၊ ရောက်၏။

အဓိပ္ပာယ်ကား–

"ရထားမှူး သုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းကိုပြုအံ့။ ထို ခင်ပွန်းပြစ်မှားသော သူသည် သူတစ်ပါးအား ပစ္စည်းဖြင့် ဝန်တိုခြင်း, ကိုယ်နှုတ်ဖြင့် စဉ်းလဲခြင်း, နှလုံးဖြင့် စောင်းမြောင်းခြင်းတို့ကိုပြု၍ ရှုတ်ချတတ်သဖြင့် မိမိသည်လည်း သူခပ်သိမ်းတို့၏အရှုတ်အချကို ခံရရာ၏။ သူတစ်ပါးတို့ကို ဂုဏ်ရှိ, ဂုဏ်မဲ့ မရွေး မလေးမလောက် ပြုတတ်သဖြင့် မိမိကိုလည်း သူတစ်ပါးတို့ မလေးမလောက် မထိမဲ့မြင် ပြုရာ၏။ မိမိ၌ ကြီးကြီး,ငယ်ငယ်တွယ်ကပ်သမျှအပြစ်ကိုလည်း စစ်၍ထုတ်သကဲ့သို့ 'ဥက္ကောဋန[256]'ပြုလျက် သူတစ်ပါးတို့၏အစွပ်အစွဲကိုလည်း ခံရရာ၏။ သူတစ်ပါးတို့ မြတ်နိုးတနာ ပူဇော်သက္ကာ မပြုခြင်းကြောင့် မိမိကိုလည်း သူတစ်ပါးတို့ မြတ်နိုးတနာ ပူဇော်သက္ကာ မပြုရာ။ ကြီးမြတ်သောသူတို့အား မကျိုးမနွံစောင်းမာန်မချိုး ရှိခိုးဝတ်ကျင့် အခွင့်မသိပြုခြင်းကြောင့် မိမိကိုလည်း သူတစ်ပါးတို့ ကျိုးကျိုးနွံနွံ စောင်းမာန်နှိမ့်ချိုး ရှိခိုးဝတ်ကျင့် အခွင့်သိတိုင်း မပြုလေရာ။ ထိုသို့ ပူဇော်ခြင်း, ရှိခိုးခြင်း မရှိသော အဆွေခင်ပွန်းပြစ်မှားခြင်းသည် အခြံအရံမှ ကင်းခြင်း, ကျေးဇူးသတင်းယုတ်ခြင်း ရောက်ရာ၏။

"ရထားမှူးသုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်း ပြစ်မှားခြင်းကို မပြု။ ထို အဆွေခင်ပွန်း မပြစ်မှားသောသူသည် သူတစ်ပါးတို့အား ပေးကမ်းချီးမြှောက်ခြင်းကို ပြုလေ့ရှိသောကြောင့် မိမိအားလည်း သူတစ်ပါးတို့ ချီးမြှောက်ပေးကမ်းခြင်းကို ပြုရာ၏။ သူတစ်ပါးတို့အား အလေးအမြတ် ပြုခြင်းကြောင့်လည်း မိမိကို သူတစ်ပါးတို့ အလေးအမြတ်ပြုရာ၏။ ထို သက္ကာရ,ဂါရဝဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် မိမိ၏ ကျေးဇူးသတင်း ကျော်စောခြင်းသည်လည်း ဖြစ်ရာ၏။

"ရထားမှူးသုနန္ဒာ။ ထို အဆွေခင်ပွန်းကို မပြစ်မှားတတ်သောသူသည် သူတစ်ပါးတို့အား ပစ္စည်းအာမိသ စသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုအံ့။ ထိုသို့ ပူဇော်ခြင်းကြောင့် မိမိတို့အား သူတစ်ပါးတို့ပူဇော်ရခြင်းကို ခံရာ၏။ ကြီးမြတ်သောသူတို့အား မိမိ ရှိခိုးကျိုးနွံခြင်းကို ပြုလေ့ရှိအံ့။ မိမိသည်လည်း သူတစ်ပါးတို့ ရှိခိုးခြင်းကို ခံရရာ၏။ ထိုသို့ ပူဇော်ခြင်း ရှိခိုးခြင်းတို့ကြောင့် အခြံအရံ၏ပြည့်စုံခြင်း, ကျော်စောခြင်းသို့လည်း ရောက်ရာ၏။ ထို့ကြောင့် သင်သည်လည်း အဆွေခင်ပွန်းစင်စစ်ဖြစ်သော ငါ့ကို ပြစ်မှားမည် မကြံလင့်"ဟုဆို၏။

[ဤ] ၂ဂါထာတို့၌ နေယျတ္ထနည်း[257], ဖျတ်ရိုက်နည်း[258]အားဖြင့်ပြအပ်သော 'မိတ္တဒုဗ္ဘိ'အရာတွင် သူတစ်ပါးတို့အား ပစ္စည်းအားဖြင့် ချီးမြှောက်ပေးကမ်းခြင်းကို မပြု။ စဉ်းလဲဝန်တိုခြင်းကြောင့် မိမိအား သူတစ်ပါးတို့



www.burmeseclassic.com

ပေးကမ်းချီးမြှောက်ခြင်းအရာ၌ ရှင်လောကတိဿအလောင်းဖြစ်သော ရဟန်း စသည်တို့ကို ထောက်၍ သိအပ်၏။

[သူ့ကို အရိုအသေအလေးအမြတ် မပြုခြင်းကြောင့် မိမိကို သူတစ်ပါးတို့ အရိုအသေ အလေးအမြတ် မပြုရာ၌ 'သတပတ္တ'ဇာတ်တွင် ဘုရားလောင်းအား အရိုအသေအလေးအမြတ် မပြုမှု၍ အမျိုး၏ဆဲရေးခြင်းဖြင့် ဆဲရေးပြီးလျှင် နောက်၌ ဘုရားလောင်း၏ကျေးဇူးကို ခံလိုပြန်သော်လည်း ဘုရားလောင်းသည် ထိုသူအား အရိုအသေ အလေးအမြတ်မပြုခြင်း အကြောင်းရှိသော သတပတ္တလုလင်ကို လည်းကောင်း၊ အရှင်သာရိပုတြာအား အရိုအသေအလေးအမြတ် မပြု၍ မိမိကိုယ်ကို ပလွှားလိုခြင်းဖြင့် မိမိအား များစွာသောပရိသတ်တို့ အရိုအသေအလေးအမြတ်မပြုဘဲ ဆဲရေးလိုက်လံခြင်းဖြင့် မစင်တွင်းလျှင် ကိုးကွယ်ရာပြုရခြင်း အကြောင်းရှိသော ရဟန်းကြီး ဝဏ္ဏုစသည်တို့ကို လည်းကောင်း ထောက်၍သိအပ်၏။

[သူ့ကို မြတ်နိုးတနာ၊ ပူဇော်၊ သက္ကာ မရှိသဖြင့် မိမိကို သူတစ်ပါးတို့ မြတ်နိုးတနာ၊ ပူဇော်၊ သက္ကာ မရှိခြင်း၌ စဏ္ဍာလဇာတ်တွင် ဘုရားလောင်း ဒွန်းစဏ္ဍားသည် ဒိသာပါမောက္ခဆရာ့ထံမှ အခါမရွေး သရက်ပင်တို့၌ အသီးကိုဖြစ်စေတတ်သော မန္တန်ကို ရသည်ဖြစ်၍၊ အရပ်ထက်ဝန်းကျင် ကျော်စောခြင်းကြောင့် ဗာရာဏသီပြည်သား ပုဏ္ဏားဆင်းရဲတစ်ယောက် လာ၍ ဘုရားလောင်းထံခစားလျက် ထိုမန္တန်ကိုတောင်းလျှင် မန္တန်၏ဥပစာနှင့်တကွ သင်လိုက်သဖြင့် ထိုပုဏ္ဏား ရသောအခါ ဗာရာဏသီပြည်သို့သွား၍ မင်းကြီးထံ ခစားလတ်သော် မန္တန်၏အစွမ်းဖြင့် ထင်ရှားခြင်းဖြစ်လေ၏။

[တစ်ရံရောအခါ မင်းကြီးသည် ဝမ်းမြောက်ခြင်းဖြင့် ပုဏ္ဏားအား 'ဆရာ။ ဤမန္တန်ကို အဘယ်ဆရာ့ထံမှ ရအပ်သနည်း'ဟုမေးလျှင်၊ 'ဒွန်းစဏ္ဍားထံမှ ရအပ်သည်ဟု ငါလျှောက်ချေသော် မင်းကြီး အလေးအမြတ် မပြုရာ'ဟု ယုတ်မာသောအကြံဖြစ်၍၊ 'အရှင်မင်းကြီး။ ဤမန္တန်ကို တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ[၃၅]ဆရာ့ထံမှ အကျွန်ုပ် ရခဲ့သည်'ဟု မုသာဝါဒ[၃၆]ဖြင့် မိမိ၏ဆရာဖြစ်သော ဘုရားလောင်းကို တိမ်မြှုပ်၍လျှောက်၏။

[ထိုအခါမှစ၍ မန္တန်၏အာနုဘော်[၃၇]တို့သည် ပျောက်ကုန်သဖြင့် ဖွဲ့အဖျင်းမျှသာ အကြွင်းရှိသော စကားလုံးကဲ့သို့ ဂါထာ၏ ပုဒ်၊ဝါကျမျှသာ အကြွင်းရှိသောအဖြစ်သို့ ရောက်ခြင်းကြောင့် သရက်ပင်တို့၌ အသီး သီးစေခြင်းဟု နောက်အခါတို့၌ မိမိအားထုတ်သော်လည်း မတတ်နိုင်လတ်သော်၊ မင်းကြီးကား ပညာရှိဖြစ်၍ 'ဤသူသည် စင်စစ် ဆရာအားပြစ်မှားသည် ဖြစ်ရာ၏'ဟုသိသဖြင့် အကြောင်းကို မင်းအာဏာပြလျက် စစ်မေးလတ်လျှင်၊ 'ဤမည်သောကျေးလက်ရွာ၌ ဤမည်သောဒွန်းစဏ္ဍားထံမှ ဤမန္တန်ကို သင်ခဲ့ပေသည်ဖြစ်လျက် ဆရာကိုမြတ်နိုးခြင်း မရှိ ပြုမိချေသောကြောင့် မန္တန်၏အာနုဘော် ဆုတ်ခဲ့ချေပြီ'ဟု အဖြောင့်လျှောက်၏။

[မင်းကြီးလည်း 'ဆရာကို မြတ်နိုးတနာ၊ ပူဇော်သက္ကာမရှိသော သင်သည် အဘယ်သို့လျှင် သူတစ်ပါးတို့၏ ပူဇော်သက္ကာကို ခံရပါအံ့နည်း'ဟု ဆို၍လွှတ်လိုက်၏။ ထိုပုဏ္ဏားလည်း တစ်ဖန် ဘုရားလောင်းထံသွား၍ အကြောင်းမျိုးကိုကြားလျက် ထိုမန္တန်ကိုပင် တောင်းပြန်လေသော် 'မသူတော်ခင်ပွန်းသစ်ကို ချစ်သနား၍ ပြုသော်လည်း ထိုသူအကျိုးကို မြတ်နိုးမခံရရာ၊ အပြစ်သာပြန်ချေမည်'ဟုကြံလျက် 'ပုဏ္ဏားလုလင်။ မြင်တတ်သော စက္ခုပသာဒရုပ် ချုပ်ပြီးသည်ကို မြင်လိုပြန်သည်မှာ အဘယ်ဆရာ ဆေးကုနိုင်အံ့နည်း။ သင် လွှတ်ရာဖယ်လေ'ဟု နှင်ထုတ်လိုက်သဖြင့် ပြင်းစွာ နှလုံးမသာခြင်းနှိပ်စက်လျက် တောသို့ဝင်၍ အကျိုးမဲ့ပျက်စီးလေသော ရှင်ဒေဝဒတ်အလောင်း မိတ္တဒုဗ္ဘိပုဏ္ဏား အစ္စုပွတ္တိကို လည်းကောင်း 'ဓူဋ္ဌဒုဗ္ဘရနာဂ'ဇာတ်၌ သူတစ်ပါးတို့အား

www.burmeseclassic.com



မြတ်နိုးတနာ, ပူဇော်, သက္ကာမရှိခြင်းကြောင့် အဖဖြစ်သော ဒုဒ္ဒုရနဂါးမင်း ပြည်မှနှင်ထုတ်လိုက်လေသော စူဠဒုဒ္ဒုရ နဂါးလုလင် အစရှိသောသူတို့ကို လည်းကောင်း ထောက်၍သိအပ်၏။

ကြီးမြတ်သောသူတို့အား ရှိခိုးကျိုးနွံခြင်းမရှိသောကြောင့် မိမိကို သူတစ်ပါးတို့ ရှိခိုးကျိုးနွံခြင်း မရှိရာ၌ ဓနဥ္စယ[၃၆၂] သူဌေး၏သမီး ဝိသာခါ၏ညီမဖြစ်သော သုဇာတာသူဌေးသမီးသည် အမျိုးမာန်, စည်းစိမ်မာန်ဖြင့် ထောင်လွှားကြမ်းကြုတ်လျက် မိမိလင်၌ အရှင်ကဲ့သို့ပြု၍ ယောက္ခမဖြစ်သောအနာထပိဏ်သူဌေးကြီး စသော ကြီးမြတ်သောသူအား ရှိခိုးကျိုးနွံခြင်းမရှိခြင်းကြောင့် မိမိအားလည်း ကျွန်အမှုလုပ်မှစ၍ တစ်ပါးသော သူတို့သည် 'ဤသူဌေးသမီးကား အမျိုးကောင်းသမီး အရှင်ပေတည်း'ဟု တစ်စုံတစ်ယောက်မျှ မြတ်မြတ်နိုးနိုး ရှိခိုးကျိုးနွံခြင်း မရှိ။ မိမိဆိုတိုင်း ရန်တုံ့ပြန်၍ နှုတ်လုံ့ထိုးခြင်း စသည်ကိုခံရခြင်း အကြောင်းရှိသော သုဇာတာသူဌေးသမီး စသည်တို့ကို လည်းကောင်း ထောက်၍သိအပ်၏။

နိုတတ္ထ[၃၆၃]အားဖြင့်ပြအပ်သော 'မိတ္တပူဇာ'အရာထို ၂ ဂါထာအရတွင် သူ့ကို ပစ္စည်းဖြင့် သဂြိုဟ် ချီးမြှောက် ထောက်ပံ့ပေးကမ်းခြင်း သက္ကာရရှိသောကြောင့် မိမိကို သူတစ်ပါးတို့ သဂြိုဟ်ချီးမြှောက် ထောက်ပံ့ခြင်း ရှိကြောင်းကိုကား 'သမ္ဗုလသာတီ'ဇာတ်၌ အသာအယာခေါ်ဝေါ်အပ်သော ဘုရားလောင်းသူဌေးသား၏ စကားကို မြတ်နိုးခြင်းရှိသဖြင့် တောမှ မိမိလှည်းဖြင့်အပြည့်တင်၍ ဆောင်ခဲ့အပ်သောအမဲတို့ကို သူဌေးသားအား ပေးကမ်းသဂြိုဟ်ခြင်းကြောင့် သူဌေးသားလည်း ကျေးဇူးသိသဖြင့် မိမိမုဆိုးအဖြစ်ကို စွန့်ပစ်စေ၍၊ များစွာသော အိမ်ထောင်ပစ္စည်း ဥစ္စာစည်းစိမ်တို့ကို ပေးကမ်းထောက်ပံ့လျက် သူဌေးအဖြစ်၌ တည်စေခြင်း အတ္ထုပ္ပတ္တိရှိသော ရှင်သာရိပုတြာအလောင်း မုဆိုးသား အစရှိသောသူတို့ကို လည်းကောင်း ထောက်၍သိအပ်၏။

သူ့ကို အလေးအမြတ်ပြုသဖြင့် မိမိကို သူတစ်ပါးတို့ အလေးအမြတ်ပြုခြင်း၌ 'တိရိဋ္ဌိဝစ္ဆ'ဇာတ်တွင် ဘုရားလောင်းသည် တိရိဋ္ဌိဝစ္ဆအမည်ရှိသော ရသေ့ဖြစ်၍၊ တော၌သခ်မ်းဆောက်လျက်နေသောအခါ အရှင်အာနန္ဒာ အလောင်းသည်လည်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းဖြစ်၍ တစ်ရံရောအခါ ပြည်စွန်ရွာလက်မငြိမ်သက်သဖြင့် ရန်မီးကိုငြိမ်းစိမ့်သောငှာ စစ်ထွက်လေသော် နိုင်ခွင့်မတန်၍ မြို့ပြန်မလှ ရှိချေသောကြောင့် တိုက်ဆင်တစ်စီးနှင့် တစ်ကိုယ်တည်းချင်း တောကြီးရှိရာ ခိုဝင်ရလေလျှင် ရေမွတ်သိပ်လျက် ထို တိရိဋ္ဌိဝစ္ဆရသေ့ နေရာကျောင်းသို့ ရောက်၍ ရှင်ရသေ့လည်း သစ်သီး,သစ်ဖု အရှာအမှီးသွားနိုက်ဖြစ်သည်နှင့် ရှင်ရသေ့ကို မတွေ့မမြင် ရေအိုးများတွင်လည်း ရေမရှိ၍ မရ။ ကျောင်းစင်္ကြံ၌ ရေတွင်းတစ်ခုကို တွေ့လေသော် ဆင်ပေါ်မှဆင်း၍ သင်ပြီးသော အတတ်ရှိသဖြင့် လိမ္မာလှစွာသောဆင်ကို တွင်းနား၌ရပ်စေလျက် ဆင်တော်ကုန်းပတ်ကြိုးကိုယူပြီးလျှင် ဆင်၏ခြေ၌ ကြိုးတစ်စကိုချည်၍ တွင်းထဲသို့ကြိုးကိုချလျက် ရေတွင်းသို့ဆင်းလေသော် အောက်ကြိုးစဖြင့် ရေကို မမီလျှင်၊ ကိုယ်တွင်ပါရှိသော ပုဆိုးကိုဆက်၍ ဆင်းပြန်လေသော်လည်း မမီသဖြင့် ပုဆိုးမြိတ်ကို လက်၌ဆက်၍ ကိုယ်ကိုမတ်ရပ်ဆွဲကာ ထောက်သောအခါ ခြေဖျားစွတ်ရုံမျှ ရေ၌ထိသဖြင့် ရေသိပ်ခြင်း အတန်ငယ်ပြေလျက် အလိုအားလျော်စွာ သောက်ခြင်းငှာလည်း မတတ်နိုင်, ကြိုးကိုဆွဲ၍ တက်ခြင်းငှာလည်း ကိုယ်ကို အားမယူနိုင်သဖြင့် ငါကား ယခု 'တစ်ယောက်ထီးတည်း သေရတော့မည်'ဟု ကြံလျက် ပင်ပန်းစွာ မင်းကြီးနေရလျှင် ဆင်တော်လည်း လိမ္မာခြင်းကြောင့် တစ်ပါးချမ်းသာရာမသွားဘဲ မင်းကြီးကိုကြည့်လျက် ငြိမ်သက်စွာနေ၏။

ရှင်ရသေ့လည်း တောမှပြန်လာလတ်သဖြင့် မင်းစီးဆင်ကိုမြင်လျှင် 'အကြောင်း အဘယ်နည်း'ဟု စုံစမ်းအံ့ သောငှာ ရေတွင်းအနီးသို့ကပ်လေသော် ဆင်သည်လည်း ကရုဏာ,မေတ္တာပြဋ္ဌာန်းသော ရှင်ရသေ့မျက်နှာ

www.burmeseclassic.com



အညံ့အပြေကိုမြင်လျှင် 'ကျေးဇူးဆောင်အုံသူ ဖြစ်သည်'ဟု တင့်အပ်ရာသို့ ဦးခေါင်း တိမ်းလှည့်ကာနေ၏။ ရှင်ရသေ့လည်း တွင်းနား၌ရပ်လျက် ကြည့်ရှုလတ်သဖြင့် မင်းကြီးကိုမြင်လျှင် အကြောင်းကိုဆင်ခြင်မိ၍ သိသောအခါ 'မင်းမြတ်။ မကြောက်လင့်။ ငါ ရှိပြီ'ဟုနှစ်သိမ့်စေလျက် လှေကားချ၍ မင်းကြီးကိုတက်စေပြီးမှ ကိုယ်လက်ဆုပ်နယ်ခြင်း, ရေချိုးခြင်း, ဆီဖြင့်လိမ်းသပ်ခြင်း စသည်တို့ဖြင့် လေးလေးမြတ်မြတ်ပြု၍ သစ်သီးကြီးငယ်တို့ကိုစားစေခြင်း, သောက်ရေတည်ကျွေးခြင်းတို့ဖြင့် ကောင်းစွာပြုစုပေ၏။ မင်းကြီးလည်း အပင်အပန်းပြေငြိမ်းသဖြင့် ရှင်ရသေ့အား မြို့သို့ကြွလာပါမည့်အကြောင်းကို တောင်းပန်၍၊ ရှင်ရသေ့၏ပဋိညာဉ်[၂၅၆]ကို ရသောအခါ ပြည်သို့ပြန်လေ၏။

ရှင်ရသေ့လည်း မင်းကြီးအား ပဋိညာဉ်ကိုပြုလိုက်တိုင်း ချဉ်ဆားမှီဝဲအံ့သောငှာ ဗာရာဏသီပြည်သို့ သွား၍ မင်းကြီးနန်းတော်သို့ဝင်လျှင် မင်းကြီးလည်း လေးလေးမြတ်မြတ် ရွှင်လန်းဝမ်းမြောက်စွာ ရာဇပလ္လင်ထက်၌ ရှင်ရသေ့ကိုနေစေလျက် များစွာသော လာဘ်, ပူဇော်, သက္ကာတို့ကိုပြုပြီးမှ မိမိဥယျာဉ်၌ နေ့သန့်ရာ, ညဥ့်သန့်ရာ[၂၅၇]ကျောင်းအဆောင်ဆောက်၍၊ ရှင်ရသေ့အား ချီးမြှောက်ပူဇော်ခြင်း, ရှင်ရသေ့အလိုရှိလျှင် ထီးနန်းစည်းစိမ်ကိုသော်လည်း မကပ်မတွယ်ပေးလှူလိုခြင်း, အားမရနိုင်အောင်သော ချီးမြှောက်ခြင်းတို့ဖြင့် ကိုးကွယ်လျက် အလေးအမြတ်ပြုဖူးသော ကျေးဇူးတုံ့ကို ခံရခြင်းအကြောင်းရှိသော တိရိဋ္ဌိဝစ္ဆဇာတ်ကို လည်းကောင်း ထောက်၍ သိအပ်၏။

ထို သူဌေးစည်းစိမ်ကိုရလေသော် မဆိုး, မင်းကြီးဆရာဖြစ်သော တိရိဋ္ဌိဝစ္ဆ ရှင်ရသေ့တို့သည် ကျေးဇူးသတင်း ကျော်စောခြင်းဖြစ်သကဲ့သို့ သက္ကာရ, ဂါရဝနှင့်ပြည့်စုံကုန်သော သူဟူသမျှတို့သည် ကျေးဇူးသတင်း ကျော်စောခြင်း ဖြစ်သည်ချည်းဟု သိစေလို၍ ဂါထာ၌ 'ဝဏ္ဏကိတ္တိဘဋောဟောတိ'ဟူသောစကား ချပ်တော်မူသည်။ သူ့ကိုပူဇော်, သက္ကာပြုသဖြင့် မိမိကို သူတစ်ပါးတို့ ပူဇော်ရာသည်၌ 'အသာရောဟ'ဇာတ်တွင် စစ်ရေးမလှ၍ မြင်းတစ်စီးချင်းဖြင့် တစ်ယောက်တည်း တိမ်းလှည့်ခဲ့ရလျှင် ရွာငယ်တစ်ခုသို့ရောက်လာသော မင်းကြီးအား ထိုရွာ သူကြွယ်သမီး ခင်ပွန်းတို့သည် ပြည့်ရှင်မင်းဟုမသိဘဲ မြင်းစီးသူရဲအမှတ်ဖြင့်ပင် ကြင်နာလေးမြတ်စွာ မိမိတို့အိမ်၌နေစေ၍ ခြေလက်ဆုပ်နယ်ခြင်း, ယပ်လေခတ်ခြင်း, အဝတ်အစားတို့ဖြင့် ပူဇော်ချီးမြှောက်ခြင်းကိုပြု၍ လွှတ်လိုက်ဖူးသော ကျေးဇူးကြောင့် ထို သူကြွယ်သမီးခင်ပွန်းတို့ မင်းကြီးထံရောက်လာသောအခါ မင်းကြီးသည် မိဖုရားကြီးကိုခေါ်၍ နံ့သာရည်ပြည့်သောရွှေဖလားဖြင့် သူကြွယ်ခြေကို ဆေးစေခြင်း, ယပ်လေခတ်ခြင်း, မင်း၏ကျက်သရေကို ယူစေခြင်းတို့ဖြင့် များစွာ ပူဇော်ချီးမြှောက်လျက် မြို့ကို ထက်ဝက်ပေး၍ မင်းပြိုင်ပြုခြင်း အထူးပူဇော်ခြင်း ရှိသော အသာရောဟဇာတ်ကို လည်းကောင်း ထောက်၍သိအပ်၏။

ကြီးမြတ်သောသူတို့အား ရှိခိုးကျိုးနွံခြင်းရှိသဖြင့် မိမိကို သူတစ်ပါးကို ရှိခိုးခံရခြင်း၌ စိတ္တသူကြွယ် အစရှိသောသူတို့ကို ထောက်၍သိအပ်၏။ ဤသို့ ရှိခိုးခြင်း၌ ဝန္ဒနာအရာ၌ကား သီလအစရှိသောဂုဏ်တို့ဖြင့် ကြီးမြတ်သောသူသည်သာလျှင် သီလ အစရှိသောဂုဏ်တို့ဖြင့် ငယ်သောသူတို့၏ရှိခိုးခြင်းကို ခံထိုက်၏။ ကြီးသောဂုဏ်ရှင်သည်လည်း ငယ်သောဂုဏ်ရှင်အား ရှိမခိုးထိုက်။ ရှိခိုးချေသော် ၂ ဦးလုံး အပြစ်မလွတ်။ ပညာဂုဏ် အစရှိသော ကျေးဇူးတစ်ခုခုကို အကြောင်းပြု၍လည်းကောင်း၊ နိဿယ နည်းယူသောအခါ, ပညာသင်သောအခါ အစရှိသည်တို့၌ လည်းကောင်း ဖြစ်မူကား ငယ်သော်လည်း ကြီးမြတ်သောသူတို့ ရှိခိုးကို ခံထိုက်၏။ သက္ကာရ, ဂါရဝ, ပူဇာအရာ ဖြစ်မူကား ပုဂ္ဂိုလ် အမြတ်, အယုတ် ဟူ၍မရွေးဆင့်။ ထိုသူတို့၌ ရှိတိုင်းသော ကျေးဇူးအားလျော်စွာ ပြုအပ်လှတော့သည်သာ ဟု သိအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



[ထိုတွင် 'သက္ကာရ'ဟူသည်ကား အဘယ်နည်း။ 'ဂါရဝ'ဟူသည်ကား အဘယ်နည်း။ 'ပူဇာ'ဟူသည်ကား အဘယ်နည်းဟူမူ–

['ယဿ စတ္တာရော ပစ္စယေ သက္ကရိတွာ သုဋ္ဌုအဘိသင်္ခတေ ပဏီတပဏီတေ ကတွာ ဒေန္တိ၊ သော သက္ကတော၊ ယသ္မိံ ဂရုဘာဝံ ပစ္စုပေတွာ ဒေန္တိ၊ သောဂရုကတော၊ ယံ မနသာ ပိယာယန္တိ၊သောမာနိတော၊ ယဿ သဗ္ဗမ္ပေတံ ကရောန္တိ၊သော ပူဇိတော။ ။'ဟူသော ပါဠိရာဇိကဏ် အဋ္ဌကထာနှင့်အညီ ပုဂ္ဂိုလ်အား အလေးမပြုလွန်းဘဲ ပစ္စည်းကိုသာ ကောင်းစွာစီရင်၍ပေးကမ်းခြင်းသည် 'သက္ကာရ'မည်၏။ ပေးကမ်းဖွယ် ပစ္စည်းတို့ကို ကောင်းစွာစီရင်ခြင်း စသည်တို့ကိုမပြုဘဲ ပုဂ္ဂိုလ်ကိုသာ အလေးအမြတ်ပြု၍ ပေးကမ်းခြင်းသည် 'ဂါရဝ'မည်၏။ ထို သက္ကာရ, ဂါရဝ ၂ ပါးနှင့်ပြည့်စုံစွာ ချစ်မြတ်နိုးခြင်းနှင့်တကွ ကောင်းမွန်စွာ စီရင်အပ်သော ပစ္စည်းဖြင့် ပုဂ္ဂိုလ်ကိုလည်း အလေးအမြတ်ပြု၍ ပူဇော်ချီးမြှောက်ခြင်းသည် 'ပူဇာ'မည်၏ဟု မှတ်အပ်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စတ္တာရောပစ္စယေ၊ ပစ္စည်း ၄ ပါးတို့ကို။ သက္ကရိတွာ၊ ကောင်းစွာ စီရင်ခင်းကျင်း၍။ သုဋ္ဌု၊ ကောင်းစွာ။ အဘိသင်္ခတေ၊ စီရင်အပ်ကုန်သော။ ပဏီတပဏီတေ၊ မွန်မြတ်မြတ် ဖြစ်ကုန်သောပစ္စည်းတို့ကို။ ကတွာ၊ ပြု၍။ ဒေန္တိ၊ ပေးကုန်၏။ သော ပုဂ္ဂလော၊ ထို အပေးကိုခံရသောပုဂ္ဂိုလ်သည်။ သက္ကတော၊ သက္ကတမည်၏။ ယသ္မိံ၊ အကြင်ပုဂ္ဂိုလ်၌။ ဂရုဘာဝံ၊ အလေးအမြတ်၏အဖြစ်ကို။ ပစ္စုပေတွာ၊ ဖြစ်စေ၍။ ဒေန္တိ၊ ပေးကုန်၏။ သော၊ ထိုအပေးခံရသောသူသည်။ ဂရုကတော၊ ဂရုကတ မည်၏။ ယံ ပုဂ္ဂလံ၊ အကြင်ပုဂ္ဂိုလ်ကို။ မနသာ၊ စိတ်ဖြင့်။ ပိယာ ယန္တိ၊ ချစ်ကုန်၏။ သော ပုဂ္ဂလော၊ ထိုချစ်အပ်သော ပုဂ္ဂိုလ်သည်။ မာနိတော၊ မာနိတ မည်၏။ ယဿ၊ အကြင်သူအား။ ဧတံပိသဗ္ဗံ၊ ဤ အလုံးစုံဆိုခဲ့ပြီးသော သက္ကာရ, ဂါရဝ, မာနိတကို။ ကရောန္တိ၊ ပြုကုန်၏။ သော ပုဂ္ဂလော၊ ထို အပြုကိုခံရသောပုဂ္ဂိုလ်သည်။ ပူဇိတော၊ ပူဇိတမည်၏။ **အဋ္ဌကထာပါဠိအနက်**]

ထိုသို့ ဖဂါထာတို့ဖြင့်ပြပြီးလျှင် တစ်ဖန် အကျိုးထူးကို ပြပြန်လို၍

'အဂ္ဂိ ယထာ ပဇ္ဇလတိ၊ ဒေဝတာဝ ဝိရောစတိ။

သိရိယာ အဇဟိတော ဟောတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။'ဟူသောဂါထာဖြင့် ဟောပြန်၏။

အနက်ကား–သာရထိ၊ရထားမှူး။ ယော၊အကြင်သူသည်။ မိတ္တာနံ၊အဆွေခင်ပွန်းတို့အား။နဒုဗ္ဘတိ၊ မပြစ်မှား။ သော၊ ထို မပြစ်မှားသောသူသည်။အဂ္ဂိယထာ၊မီးတောက်လျှံကဲ့သို့။ပဇ္ဇလတိ၊ အခြံအရံစည်းစိမ် အရှိန်အဝါဖြင့် တောက်ပရာ၏။ဒေဝတာဝ၊ တန်ခိုးကြီးသောနတ်ကဲ့သို့။ ဝိရောစတိ၊ကျက်သရေဖြင့်တင့်တယ်၏။ သိရိယာ၊ဘုန်းကျက်သရေမှ။အဇဟိတော၊မစွန့်သည်။ ဟောတိ၊ဖြစ်၏။ အဓိပ္ပာယ်ကား–

"ရထားမှူး သုနန္ဒ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းရှိသည်ဖြစ်အံ့။ ထိုသူသည် အဆိပ်မရှိသောမြွေကဲ့သို့ ကြောက်ရွံ့ခုံညားဖွယ်ဂုဏ်မဲ့သဖြင့် ဆောင်တတ်သောဂုဏ် မရှိသည်ဖြစ်၍လည်း မတင့်တယ်ရာ။ မိမိ၌ရှိသော ဘုန်းကျက်သရေတို့သည်လည်း စွန့်ရာ၏။

"ရထားမှူး သုနန္ဒ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းကို မပြု။ ထို အဆွေခင်ပွန်း မပြစ်မှားသောသူသည် မီးတောက်မီးလျှံကဲ့သို့ ဘုန်းအာဏာတို့ဖြင့်လည်း တောက်ပရာ၏။ တန်ခိုးရှိသော



www.burmeseclassic.com

www.burmeseclassic.com

နတ်တို့ကဲ့သို့လည်း သူခပ်သိမ်းတို့ နှစ်လိုဖွယ်ကို ဆောင်တတ်သော ကျက်သရေတို့ဖြင့် တင့်တယ်ရာ၏။ မိမိ၌ တင့်တယ်တောက်ပခြင်းကိုဆောင်တတ်သော ဘုန်းကျက်သရေတို့သည်လည်း ဖွံ့ဖွံ့ရာ။ ထို့ကြောင့် သင်ရထားမှူး သည်လည်း အဆွေခင်ပွန်းစင်စစ်ဖြစ်သော ငါ့ကိုမပြစ်မှားလင့်"ဟုဆိုလိုသည်။

[ဤဂါထာ၌ 'ဗျတိရိက်'နည်းတွင် အဆွေခင်ပွန်းကိုပြစ်မှားခြင်းကြောင့် အရှိန်အဝါမရှိရာ၌ 'မဟောသဓ' သုခမိန်ကိုပြစ်မှားခြင်းကြောင့် မျောက်ဖြူ ဟူသောအဖြစ်, လက်ရကျွန် ဟူသောအဖြစ်သို့ ရောက်ရလေသော သိန်းအမတ် အစရှိသောသူတို့ကို ထောက်၍သိအပ်၏။

[မတင့်တယ်သောအဖြစ်သို့ ရောက်ရာ၌ ဥဒုမ္ဗရဒေဝီကို ပြစ်မှားသော ပိင်္ဂုတ္တရလုလင် အစရှိသောသူတို့ကို ထောက်၍သိအပ်၏။

[ကျက်သရေစွန့်ခြင်းကိုကား ရှင်ဒေဝဒတ်, သုနက္ခတ္တ, မာဂဏ္ဍီ အစရှိသောသူတို့ကို ထောက်၍သိအပ်၏။

[အန္ဝယနည်း 'နီတတ္ထ'ပုဒ်တို့တွင် အဆွေခင်ပွန်းကိုမပြစ်မှားခြင်းကြောင့် မီးတောက်မီးလျှံကဲ့သို့ အရှိန်အဝါတောက်ပရာသည်၌ ပုဏ္ဏသူဌေး အစရှိသောသူတို့ကို ထောက်၍သိအပ်၏။

[နတ်ကဲ့သို့ တင့်တယ်ခြင်း၌ ငယ်သောအခါမှစ၍ အသက် ၁၂၀တိုင်အောင် 'ဆန်းသစ်သော လက်ဲ့သို့' တစ်နေ့တခြား တိုးပွားများမြတ်သော အစိုးရခြင်း, စည်းစိမ်အခြံအရံတို့ဖြင့် နတ်ကဲ့သို့တင့်တယ်ခြင်းရှိသော ပုဗ္ဗာရုံကျောင်းဒါယိကာမ ဝိသာခါ အစရှိသောသူတို့ကို ထောက်၍သိအပ်၏။

[ကျက်သရေမစွန့်ခြင်း၌ အနာထပိဏ်သူဌေးဝတ္ထုကို ထောက်၍ သိအပ်၏။

['ကျက်သရေ'ဟူသောစကား၌' အသရေရှိသော ကြက်၏ဦးခေါင်းကိုစား၍ ဆင်ကဲမင်းဖြစ်ဖူးကြောင်း အဋ္ဌုပ္ပတ္တိ ထင်ရှားရှိရာ အကြောင်းတစ်စိတ်ကိုအစွဲပြုသဖြင့် လူ စသည်တို့၌ရှိသော အသရေကိုလည်း ကျက်သရေ ဟူ၍ပင် ပညာရှိတို့ဆိုလေသည် ဟု သိအပ်၏။

[သိရီကို ဝိဂြိုဟ်ဆိုသော်ကား

'သိရတိ သေဝ္ဘာဝေန ဘဝတီတိ သိရော။

သိရေ သေဋ္ဌဇနေ ဇာတာတိ သိရီ။

သိရံ ဝိလာသေတီတိ ဝါ သိရီ။

[သုန္ဒရဋ္ဌာနံ ဤရိတုံ သက်မိတုံ သီလံ ယဿာ၊ လက္ခိယာ သာယန္တိ ဝါ သိရီ။ ။' ဤသို့စသည်တို့ဖြင့် ဆိုအပ်၏။

[ယောပုညဝန္တော၊ အကြင်ဘုန်းရှိသောသူသည်။ သိရတိ သေဋ္ဌဘာဝေန ဘဝတိ၊ မြတ်သည်၏ အဖြစ်အားဖြင့် ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောပုညဝန္တော၊ ထိုဘုန်းတန်းရှင်သည်။ သိရော၊ သိရမည်၏။

[သိရ-ဓာတ်၊ အ-ပစ္စည်း၊ သိရ-ဓာတ်၏အရကား ဒါန, သီလ အစရှိသော ဘုန်းကံကုသိုလ်သည် ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဖြစ်စေအပ်သည်ဖြစ်၍ ဥပဓိသမ္ပတ္တိဖြစ်သော ခန္ဓာ ၅ပါး၊ ခန္ဓာ ၅ပါးနှင့် စပ်၍ဖြစ်သော ဣဿရိယ, ပရိဝါရ,ဝဏ္ဏ, ကိတ္တိ အစရှိသောစည်းစိမ်တို့၌ ဥပ္ပါဒသတ္တိသည် မုချ။ ထိုသတ္တိ၏တည်ရာ ကောင်းမြတ်စွာ လက္ခဏာစုံလင်သော ခန္ဓာ ၅ပါးသည် ဌာနူပစာရအားဖြင့် ရ၏။ အ ပစ္စည်း၏ အရကား ထို မုချစာရတို့ဖြင့်မှတ်အပ်သော ဘုန်းတန်းရှင်ဖြစ်သောပုဂ္ဂိုလ်ဒြပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



[ယာလက္ခိ၊ အကြင် တင့်တယ်စံပယ်ခြင်းဂုဏ်ကို ဆိုအပ်သော ကျက်သရေပညတ်သည်။ သိရေသေဋ္ဌဇနေ၊ ဘုန်းတန်းရှင်ဖြစ်၍ မြတ်သောသူ၌။ ဇာတာ၊ ရောက်တတ်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ ဘုန်းတန်းတန်းရှင်ရှိသောသူ၌သာ ရောက်တတ်သောသတ္တိကြောင့်။ သာလက္ခိ၊ ထိုတင့်တယ်ခြင်းဂုဏ်ဟု ဆိုအပ်သောပညတ်သည်။ သိရီ၊ သိရီမည်၏။

[ဇာတတဒ္ဓိတ်၊ ဏ၊ ပစ္စည်း။ သိရေ၊ ဟူသော ရှေးပုဒ်၏အရကား ဘုန်းရှိသောသူဟု မှတ်ကြောင်းဖြစ်သောဘုန်းကံသည် ပြီးစေအပ်သော လက္ခဏာကောင်း အစိတ်, အပေါင်း, ဂုဏ, အာဓာရဖြစ်သော သဏ္ဌာနပညတ်ဒြပ် ဝိသေသရ၏ ဇာတာ ဟူသော နောက်ပုဒ်၏အရကား ထို ဂုဏအာဓာရဒြပ် ဝိသေသဖြစ်သော လက္ခဏာကောင်းအပေါင်းတို့၏ တင့်တယ်ခြင်းဂုဏ် အာဓာရ်ဖြစ်သော ကျက်သရေ ရ၏။ ဏ၊ ပစ္စည်းအရကား ကျေလေသော ဇာတပုဒ်၏အနက် ကျက်သရေကိုလည်းကောင်း, ကျေလေသော သို့ဝိဘတ်၏ ဇာတပုဒ်နှင့် ဋ္ဌာနဝိသေသအဖြစ်ဖြင့် စပ်ခြင်းကြိယာ ကာရကသမ္ဗန်ကို လည်းကောင်း ဟောစွမ်းသော ဝါစကသတ္တိရှိသည်ဖြစ်၍ ဘုန်းတန်းလက္ခဏာလျှင် တည်ရာရှိသော ကျက်သရေ ရ၏။ အန္တောဂနီတဖြစ်သော ‘ဇဝတ္ထ’ ဖြင့်ကား ဘုန်းကံညံ့၍ လက္ခဏာညိုးသူ၌ မရှိဟု ပဋိသေဓ, ဘုန်းကံစီရင်၍ လက္ခဏာရွှင်သော သူ၌သာရှိ၏ဟု သန္နိဋ္ဌာပက အနက်တို့ကို ပြီးစေ၏။

[ဝါ၊ တစ်နည်းကား။ ယာလက္ခိ၊ အကြင်ကျက်သရေသည်။ သိရံသေဋ္ဌဇနံ၊ မြတ်သောသူကို။ ဝိလာသေတိ၊ တင့်တယ် စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာလက္ခိ၊ ထိုကျက်သရေသည်။ သိရီ၊ သိရီမည်၏။

[ဝါ၊ တစ်နည်းကား။ ယာလက္ခိ၊ အကြင်ကျက်သရေသည်။ သိရေဉတ္တမင်္ဂေ၊ မြတ်သောအင်္ဂါဟု ဆိုအပ်သော ဦးခေါင်း၌။ ဇာတာ။ ရောက်တတ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာလက္ခိ၊ ထိုကျက်သရေသည်။ သိရီ၊ သိရီ မည်၏။

[ဝါ၊ တစ်နည်းကား။ ယဿာလက္ခိယာ၊ အကြင်ကျက်သရေအား။ သုန္ဒရဋ္ဌာနံ၊ တင့်တယ်ရာအရပ်သို့။ ဤရိတုံသက်မိတုံ၊ ပြောင်းခြင်းငှာ။ သီလံ၊ အလေ့သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့တင်တယ်ရာ လက္ခဏာတစ်ပါးသို့ ပြောင်းတတ်သောအလေ့ရှိသော သတ္တိကြောင့်။ သာအယံလက္ခိ၊ ထိုကျက်သရေသည်။ သိရီမည်၏။

[သံ–ရှေးရှိသော ဤရ–ဓာတ်။ ဏီ၊ပစ္စည်း။ ဤဝိဂ္ဂြိုဟ်ကား အနာထပိဏ်သူဌေး ဝတ္ထုကိုထောက်၍ ဆိုလိုက်သည်။]

ထိုသို့ ၇ ဂါထာတို့ဖြင့် ပြပြီးလျှင် တစ်ဖန် အကျိုးထူးကိုပြဆိုလိုသော ဘုရားလောင်း တေမိ မင်းသားသည်–

‘ဂါဝေါ တဿပဇာယန္တိ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ။

ဝုတ္တာနံ ဖလမသ္နာတိ၊ ယော မိတ္တာနံ န ဒုဗ္ဘတိ။ ။’ဟူသော ဂါထာဖြင့် ဟောပြန်၏။

အနက်ကား–သရုထိ၊ ရထားမှူး။ယော၊အကြင်သူသည်။မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။နဒုဗ္ဘတိ၊ မပြစ်မှား။ တဿ၊ ထို အဆွေခင်ပွန်းမပြစ်မှားသော သူအား။ ဂါဝေါ၊နွားတို့သည်။ ဝါ၊နွား,ကျွဲ,ဆင်,မြင်း, ကျွန်,အမှုလုပ် အစရှိသော အစေအပါး အခြံအရံတို့သည်။ အပ–ဇာယန္တိ၊ပွားများကုန်၏။ခေတ္တေ၊လယ်မြေ၌။ ဝါ၊ပစ္စုပ္ပန်, သံသရာအကျိုးငှာ ပြုအပ်သမျှသော သမယခေတ်၌။ ဝုတ္တံ၊ စိုက်ပျိုးအပ်သော စပါးမျိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါ၊စိုက်ပျိုးပြုစုဆောင်ရွက်အပ်သော အမှုအရေး အကျိုးပေးမျိုးစေ့ ဟူသမျှသည်။ဝိရူဟတိ၊ မနှောင့်မယှက် တက်ဖြိုးပွားစီး၏။ ဝုတ္တာနံ၊စိုက်ပျိုးအပ်သော စပါးပင်တို့၏။ ဝါ၊စိုက်ပျိုးပြုစု အမှုအရေး အကျိုးပေးသမျှတို့၏။ ဖလံ၊အသီးကို။ဝါ၊ချမ်းသာကောင်းကျိုးကို။ အသ္နာတိ–ပရိဘုဥ္ဇတိ၊ သုံးဆောင်ခံစား၏။

[ဤဂါထာ၌ အဋ္ဌကထာကား အသ္နာတိ ဟူသော ပုဒ်တစ်ခုကိုသာ ပရိဘုဥ္ဇတိ–ဟုဖွင့်၏။ အကြွင်းပုဒ်တို့ကိုမဖွင့်။ အနက်သင့် ယုတ္တိရှိသည်ဖြစ်၍သာ ၂နည်းအနက် ဝါသဒ္ဒါတက်၍ ပေးလိုက်ပေသည်။ ထိုသို့ပေးရာနောက်၌ 'ဂါဝေါ' သဒ္ဒါကား နွားကို မဟော။ ဂေါသဒ္ဒါ၏ အပဓာနတ္တ[၂၆၆] ဖြစ်ခြင်းကြောင့် ဓိနပုဂ်ဝံ, ဂဝံ စသည်တို့၌ ဂေါသဒ္ဒါသည် ဘုန်းနည်းသော သတ္တဝါသာမညကို ဟောသကဲ့သို့ ဤ၌လည်း 'ဂါဝေါ'သဒ္ဒါကို ဘုန်းနည်းသော သတ္တဝါသာမည အနက်ကြံ၍ ယောဇနာ လိုက်သည်။]

အဓိပ္ပာယ်ကား–

"ရထားမှူး သုနန္ဒာ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား မပြစ်မှားသည် ဖြစ်အံ့။ ထို အဆွေခင်ပွန်းတို့ မပြစ်မှားသောသူအား ခင်ပွန်းပြစ် သူယုတ်မာတို့ကဲ့သို့ နွား, ကျွဲ, ဆင်, မြင်း, သင်းပင်းအခြွေအရံ အစေခံ ကျေးကျွန်တို့၏ ဆုတ်ယုတ်လျော့ပါး ပြုန်းတီးပျက်စီးခြင်း မရှိမူ၍ ဆန်းသစ်သော လကဲ့သို့ တစ်နေ့တခြား တိုးပွားစည်ပင် ရှင်လန်းပြန့်ပြောခြင်းတို့သည် ဖြစ်ကုန်ရာ၏။ လယ်, ယာ, ကိုင်း, ကျွန်း, ဥယျာဉ်အရံတို့၌ စိုက်ပျိုးပြုစုအပ်သော စပါးမျိုးဟင်းလျာအရွက်အသီး ကြီးကြီးငယ်ငယ် ခဲဖွယ်စားဖွယ် သစ်ပင်မျိုး ပန်းမျိုး အစရှိသည်တို့သည်လည်း ခင်ပွန်းပြစ် သူယုတ်မာတို့ကဲ့သို့ ရေ, မြေ, မိုး အစရှိသော အန္တရာယ်တို့၏ နှောင့်ယှက်ခြင်းမရှိသဖြင့် စိုက်ပျိုးပြုစုတိုင်း ပွားစီးစည်ပင် အပင်ခိုင်ဖြိုး အသီးအပွင့် စသည်တို့နှင့် ပြည့်စုံနိုင်စေရာ၏။ ဆောင်ရာ ဆောင်သင့်သမျှသော အခွင့်ခေတ္တာ၌လည်း ဆောင်ဆောင်သမျှသော ကိစ္စတို့သည် ခင်ပွန်းပြစ် သူယုတ်မာတို့ကဲ့သို့ အနှောင့်ယှက်ကြောင့် ပျက်စီးခြင်းမရှိဘဲ အောင်မြင်ပွားစီးပြီးမြောက်သည်သာ ဖြစ်ရာ၏။ ထိုသို့ စိုက်ပျိုးပြုစု ဆောင်ရွက်၍ရအပ် ပြီးစေအပ်သော လုပ်သီးလုပ်စာ ဆောင်ရာအမှု၏ အကျိုးတို့ကိုလည်း ခင်ပွန်းပြစ် သူယုတ်မာတို့ကဲ့သို့ အပျက်အစီးမရှိဘဲ မိမိသုံးဆောင် ခံစားရသည်သာ ဖြစ်၏။ ထို့ကြောင့် သင်ရထားမှူးသည်လည်း အဆွေခင်ပွန်းစစ်ဖြစ်သော ငါ့အား မပြစ်မှားလင့်"ဟု ဆို၏။

[ဤဂါထာ၌ 'မစ္ဆဒါန'ဇာတ်တွင် အစ်ကိုဖြစ်သောဘုရားလောင်းအား ပြစ်မှားခြင်းကြောင့် ညီဖြစ်သော ကုန်သည်စဉ်းလဲ၏ဥစ္စာထုပ် ဆုံးပါးခြင်း, မိမိကြံဆောင်တိုင်း အလိုမပြည့်ခြင်း ကိုလည်းကောင်း၊ အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းမရှိသော အစ်ကိုဘုရားလောင်းအား ဆုံးပြီးသောဥစ္စာထုပ်ကို လုံ့လမပြုဘဲ တစ်ဖန် ရပြန်ခြင်း, အလိုရှိတိုင်းသော ကောင်းကျိုးချမ်းသာ၏ပြည့်စုံခြင်း စသည်တို့ကို လည်းကောင်း ထောက်၍သိအပ်၏။]

ထိုသို့ ဂါထာတို့ဖြင့် ဟောပြီးလျှင် တစ်ဖန် အကျိုးထူးကိုပြပြန်လိုသော ဘုရားလောင်းတေမိမင်းသည်–

'ဒူရတော ပပါတတော ဝါ၊ ရက္ခတော ပတိတော နရော။

စုတော ပတိဋ္ဌံ လဘတိ၊ ယော မိတ္တာနံ၊ နဒုဗ္ဘတိ။ ။' ဟူသောဂါထာဖြင့် ဟောပြန်၏။

အနက်ကား–ယောနရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ သော နရော၊ ထို မပြစ်မှားသောသူသည်။ ဒူရတော၊မြင့်သော။ ပပါတတောဝါ၊ တောင်ကမ်းပါးပြတ်မှလည်းကောင်း။ ဒူရတော၊ မြင့်သော။ ရက္ခတောဝါ၊ သစ်ပင်ထက်မှလည်းကောင်း။ ပတိတောပိ၊ ကျသော်လည်း။ ပတိဋ္ဌံ၊ တည်ရာကို။ လဘတိ၊ရ၏။ ပတိတော၊ ကျ၍။ စုတောပိ၊ စုတေရသော်လည်း။ ပတိဋ္ဌံ၊ တမလွန်ဘဝ၌ သုဂတိတည်းဟူသော တည်ရာ,ကိုးကွယ်ရာကို။ လဘတိ၊ရ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤဂါထာ၌'ပပါတတောဝါ'ဟူသောပုဒ်တွင်ပါသော'ဝါ' သဒ္ဒါဖြင့် အလုံးစုံ အမြင့်အမြတ်ဖြစ်သော ဈာနသမ္ပတ္တိအပေါင်းကို သင်္ဂြိုဟ်အပ်၏။'ဒုရတော'ဟူသောဝိသေသနဖြင့် လောကုတ္တရာမှတစ်ပါး ရွေ့ရှား ယုတ်လျော့တတ်သော လောကီတရားအပေါင်းကို ပြ၏။] အဓိပ္ပာယ်ကား–

"ရထားမှူး သုနန္ဒ။ အကြင်သူသည် အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းကို မပြုအံ့။ ထို မပြစ်မှားသောသူသည် တစ်စုံတစ်ခုသောဘေးရန်တို့ကြောင့် မြင့်စွာသော တောင်ကမ်းပါးပြတ်, သစ်ပင်ထက် စသည်တို့မှ ကျသော် လည်းကောင်း၊ မြင့်မြတ်သော စည်းစိမ်ချမ်းသာတို့မှ ရွေ့လျားယုတ်လျော့သော် လည်းကောင်း အဆွေခင်ပွန်းကောင်း တစ်စုံတစ်ယောက် အထောက်အပံ့ကိုရသဖြင့် ချမ်းသာစွာ အသက်ရှင်မှုလည်း ရှင်ရရာ၏။ အဆွေခင်ပွန်းကောင်း အထောက်အပံ့မရသည်ဖြစ်၍ ထိုကမ်းပါးပြတ်, တောင်, သစ်ပင် စသည်တို့မှ ကျလျှောသဖြင့်သေရသော်လည်း တမလွန်ဘဝ၌ သုဂတိဘဝတည်းဟူသော ကိုးကွယ်ရာ, ခိုဝင်ရာ အရပ်ကောင်းကို မရရာ၊ အဆွေခင်ပွန်းတို့အား ပြစ်မှားသောသူတို့ကဲ့သို့ ရှေးရှေးသောအကုသိုလ်ကံကြောင့် မကောင်းသဖြင့်တွေ့ကြိမ် ရသော်လည်း ပစ္စုပ္ပန်,သံသရာတို့၌ ကိုးကွယ်ရာမည်သည် မဖြစ်နိုင်ရာ။ ထို့ကြောင့် သင်ရထားမှူးသည်လည်း အဆွေခင်ပွန်းစစ်ဖြစ်သော ငါ့အား မပြစ်မှားလင့်"ဟူလိုသည်။

[ဤဂါထာ၌ ထိုသို့သော ဘေးရန်ကြိမ်သောအခါ ပစ္စုပ္ပန်ဘဝ၌ ကိုးကွယ်ရာ ရခြင်း, မရခြင်းကိုကား စူဠပဒုမဇာတ်၌ လက်ဖျား,ခြေဖျားတို့ကို မင်းဒဏ်ပေး၍ မြစ်ဝယ်မျှောလိုက်သော ဒေဝဒတ်အလောင်း သူယုတ်မာနှင့် ပေါင်းနော်မိသဖြင့် ကန္တာရခရီး၌ ရေငတ်သောအခါ သွေးတော်ကိုထုတ်၍ပေးခြင်း စသည်တို့ဖြင့် ကျေးဇူးကြီးလှသော ငယ်လင်ဖြစ်သော ဘုရားလောင်း မဟာပဒုမမင်းသားအား ကမ်းပါးပြတ်မှ မာယာဖြင့်ကြံ၍ တွန်းချပြစ်မှားခြင်းကို ပြုသော 'မိတ္တဒုဗ္ဘိ'ကံကြောင့် မျက်မှောက်သောကိုယ်အဖြစ်၌ တစ်စုံတစ်ခုသော ကိုးကွယ်ရာကိုမျှ မရခြင်းလျှင် အကြောင်းရှိသော 'ပတိဒေဝတာ'အမည်ရှိသော စိဉ္စမာဏဝိကာအလောင်း သူယုတ်မကို လည်းကောင်း။

[ထိုသူယုတ်မသည် ဘုရားလောင်းအား တောင်ကမ်းပါးပြတ်မှ တွန်းချလေသော်လည်း တစ်စုံ တစ်ယောက်သော အဆွေခင်ပွန်းကိုမျှ ပြစ်မှားလေ့မရှိသော ဘုရားလောင်း ပဒုမမင်းသားကား ကိုးကွယ်ရာမဲ့ မဖြစ်မူ၍ တောင်စောင့်နတ် ဆီးကြို၍ခံလင့်ခြင်း, သို့နတ်လက်မှလွတ်၍ နဂါးမင်း ဆီးကြိုခံလင့်လျက် နဂါးပြည်သို့ဆောင်၍ ၁ နှစ်ပတ်လုံး စံခဲ့ပြီးမှ လူ့ပြည်သို့ပို့လိုက်သောအခါ ဗာရာဏသီပြည်၌ မင်းပြုခြင်း အကြောင်းရှိသော မဟာပဒုမမင်းကို လည်းကောင်း။

[ထိုမှတစ်ပါး ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောနစ်မြုပ်၍ သင်္ဘောသားအပေါင်းတို့ ပျက်စီးသောအခါ အမိကို ထမ်းလျက်ကူးသော ဘုရားလောင်း ကဠာပါဟနလုလင်၏ ကိုးကွယ်ရာရခြင်းကို လည်းကောင်း။

[လင်ကို အရှိအသေလုပ်ကျွေးခြင်းဖြင့် တစ်တိုင်းတစ်နိုင်ငံမှ လင်၏နောက်သို့ လိုက်လာလတ်သော တက္ကသိုလ်ပါမောက္ခဆရာကြီး၏သမီးသည် မိထိလာပြည်သို့ ရောက်သောအခါ မိမိလင်ဖြစ်သော ပိင်္ဂုတ္တရလုလင်က စွန့်ပစ်၍ ကိုးကွယ်ရာမဲ့အောင်ပြုလေသော်လည်း လင်၏ ပြစ်မှားခြင်း မရှိခြင်းကြောင့် ကိုးကွယ်ရာမဲ့ မရှိဘဲ မိဖုရားကြီး၏အရာဖြင့် မင်း၏အချီးအမြှောက်ကို ခံရလေသော ဥဒုမ္ဗရဒေဝီ မိဖုရားကြီး စသည်တို့ကို လည်းကောင်း။

[ဇာတ်တူ လူသားကိုစားခြင်းကြောင့် ပြည်မှနှင်ထုတ်လိုက်သော ပေါရိသာဒမင်းသည် မဟာသုတသောမ မင်းတည်းဟူသော အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ယုတ်လျော့ပြီးသောကိုယ်အဖြစ်မှ မြင့်မြတ်သော စည်းစိမ်သို့ တက်မိရပြန်ခြင်း အကြောင်းရှိသော မဟာသုတသောမဇာတ်ကို လည်းကောင်း ထောက်၍သိအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



[ထို တောင်ကမ်း, သစ်ပင်တို့မှ လျှောကျခြင်းအန္တရာယ်ကြောင့် ထိုသို့သောအထောက်အပံ့ကို မရသဖြင့် သေရမည်ဖြစ်လျှင်မှုလည်း တမလွန်၌ ကိုးကွယ်ရာ မရခြင်း, ရခြင်းကိုကား ခန္တီဝါဒီ ရှင်ရသေ့ကို ပြစ်မှားခြင်းကြောင့် မဟာပထဝီမြေသည် ထိုသူ၏ဖဝါးနင်းခြင်းကို မခံမချိသကဲ့သို့ တည်ရာကိုမပေးမူ၍ ဟင်းလင်းဖွင့်လျက် အဝီစိမီးလျှံယူလေသော ကလာဗုမင်းကို လည်းကောင်း။

[ကိသဝစ္ဆရှင်ရသေ့အား ပြစ်မှားခြင်းကြောင့် ကြီးစွာသော လက်နက်မိုး, သဲမိုး ရွာ၍ ကိုးကွယ်ရာမရ ပျက်စီးလျက် ငရဲလက်သို့ရောက်ရသော ဒဏ္ဍကီမင်း အစရှိသည်တို့ကို လည်းကောင်း။

[ပုရောဟိတ်၏ သား ၂ ယောက်တို့တွင် အကြီးကိုအငယ်, အငယ်ကိုအကြီးဟု မုသာဝါဒဖြင့် အဆွေခင်ပွန်းအား ပြစ်မှားခြင်းကြောင့် မြေမျိုလေသော စေတီယမင်း အစရှိသည်တို့ကိုလည်းကောင်း ထောက်၍ တမလွန်၌ ကိုးကွယ်ရာမရှိသည်ကို လည်းကောင်း။

အဆွေခင်ပွန်းတို့အား ပြစ်မှားခြင်းမရှိသော ခန္တီဝါဒီရှင်ရသေ့, ကိသဝစ္ဆရှင်ရသေ့တို့၏ တမလွန်၌ ဖြဟ္မာ့ပြည်လျှင် ကိုးကွယ်ရာရှိသည်ကို လည်းကောင်း ထောက်၍၊ တမလွန်၌ ကိုးကွယ်ရာရခြင်းကိုလည်းကောင်း သိအပ်၏။]

ထိုသို့ ၉ဂါထာတို့ဖြင့် ဟောပြီးလျှင် တစ်ဖန် ၁၀ ကြိမ်မြောက်သော ဂါထာဖြင့် အကျိုးထူးကိုပြပြန်လို၍

'ဝိရူဠှမူလသန္တာနံ၊ နိဂြောဓမိဝ မာလုတော။

အမိတ္တာ နပ္ပသဟန္တိ၊ ယော မိတ္တာနံ နဒုဗ္ဘတိ။ ။'ဟူသောဂါထာဖြင့် ဟောပြန်၏။ အနက်ကား–

သာရထိ၊ ရထားမှူး။ ယောနရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဗ္ဘတိ၊ မပြစ်မှား။ တံနရံ၊ ထို မပြစ်မှားသော သူကို။ ဝိရူဠှမူလသန္တာနံ၊ တက်ပွားရှန်းမြိုင် ခိုင်ခံ့ခြင်း၏အကြောင်း ကောင်းစွာ မြစ်သေးမြစ်မ ခိုင်ခံ့မြဲမြဲလျက် တည်ခြင်းရှိသော။နိဂြောဓံ၊ ပညောင်ပင်ကို။ မာလုတော၊ လေဆိုး မုန်တိုင်းသည်။ နပ္ပသဟတိဣဝ၊ မညှဉ်းဆဲနိုင်သကဲ့သို့ ။ တထာ၊ထို့အတူ။ အမိတ္တာ၊ မချစ်မနှစ်လိုကုန်သော သူတို့သည်။ နပ္ပသဟန္တိ၊ မညှဉ်းဆဲနိုင်ကုန်။ အဓိပ္ပာယ်ကား–

"ရထားမှူးသုနန္ဒာ။ အကြင်သူသည် အဆွေအခင်ပွန်းတို့အား မပြစ်မှားအံ့။ ထို မပြစ်မှားသောသူအား ခိုင်ခံ့စွာသောသစ်ပင်ကြီးကို လေဆိုးပြကတေ့ ဖေ့တိုက်၍ မယိမ်းမယိုင်နိုင်သကဲ့သို့ မချစ်မနှစ်လိုသော ရန်သူတို့သည် မညှဉ်းဆဲနိုင်ရာ။

"အဆွေခင်ပွန်းအား ပြစ်မှားသောသူတို့သာလျှင် အခြေအမြစ်မခိုင်သော သစ်ပင်, မြက်မှိုက်တို့သည် လေတိုက်မခံသကဲ့သို့ ရန်သူအခွင့်ရသော် မြန်စွာနှိပ်စက်လေရာ၏။ ထို့ကြောင့် ထိုဂါထာတို့ဖြင့် အပြစ် အကျိုးကို ငါ ပြညွှန်ဟောကြားအပ်သောအတိုင်း သင်ရထားမှူး အသင့်နှလုံးဝင်လျက် ခင်ပွန်းစစ်ဖြစ်သော ငါ့အား မပြစ်မှားလင့်။ သင် ပြစ်မှားလိုသော်ငြားလည်း အဆွေခင်ပွန်းကို ရှိသေလေ့ရှိသော ငါ့အား သင် မနှိပ်စက်နိုင်ရာ။ သင်၌သာလျှင် များစွာ အပြစ်ရောက်လတ္တံ့။ နှလုံးထား ဖြောင့်စေ"ဟုလိုသည်။

[ဤဂါထာ၌ အဆွေခင်ပွန်းကို ပြစ်မှားခြင်းကြောင့် အခွင့်ရသောအခါ ရန်သူတို့ကို နှိပ်စက်နိုင်ကြောင်း ကိုကား ကဏှဒီပါယန ရှင်ရသေ့ကိုပြစ်မှား၍ ဝါသုဒေဝ, ဗလဒေဝ စသော မင်းညီနောင်တစ်ကျိပ်တို့၏ ပြည်စည်းစိမ်နှင့်တကွ ပျက်စီးခြင်း, ရန်သူဖြစ်သောဘီလူးသည် ကျဲရိုင်းအသွင် ဖန်ဆင်း၍ခတ်သဖြင့် ဗလဒေဝမင်း အသက်ဆုံးခြင်း စသည်တို့ကို ထောက်၍သိအပ်၏။



www.burmeseclassic.com

[အဆွေခင်ပွန်းကို မပြစ်မှားခြင်းကြောင့် ရန်သူတို့ မနှိပ်စက်နိုင်ကြောင်းကိုကား အရှင်သောဏထေရ်၏ အလုပ်အကျွေး ဒါယကာအိမ်၌ ဥစ္စာကိုခိုးအံ့ဟုဝင်သော ခိုးသူ၏ မခိုးဝံ့ခြင်း အစရှိသည်ကို လည်းကောင်း၊ မာဃလုလင်အား မစလရွာသူကြီးသည် မင်းကြီးထံကုန်းချောစား၍ နှိပ်စက်အံ့ဟု အားထုတ်သော်လည်း ပြစ်မှားခြင်းမရှိသော ဘုရားလောင်း မာဃလုလင်ကို မချစ်နှစ်လိုသော ရွာသူကြီးသည် လည်းကောင်း, မင်းသည် လည်းကောင်း မညှဉ်းဆဲနိုင်သည်သာ ဖြစ်ခြင်း အစရှိသည်ကိုလည်းကောင်း ထောက်၍သိအပ်၏။]

ဤသို့ ဘုရားလောင်းတေမိမင်းသည် ရဲရင့်သာယာစွာသော တရားအသံဖြင့်လည်းကောင်း၊ ထိုအရပ်၌ ရှိကုန်သော ဘုမ္မစိုး, ရုက္ခစိုးနတ်တို့၏ ကောင်းချီးပေးသံဖြင့် လည်းကောင်း ထက်ဝန်းကျင်တောအရပ်ကို ပဲ့တင်ထပ်စေလျက် 'မိတ္တပူဇာ' ၁၀ ဂါထာတို့ကို ရထားမှူးသုနန္ဒာအား ဟောတော်မူပေ၏။ ထိုသို့ မဟာကုသိုလ်ဉာဏ်ဖြင့် ကျက်စား၍ဟောတော်မူအပ်သော ဘုရားလောင်း၏ဒေသနာသည် သဗ္ဗညုအထွတ်သို့ ရောက်တော်မူသောအခါ သဗ္ဗညုတဉာဏ်ဖြင့်ကျက်စား၍ ဟောတော်မူအပ်သောဒေသနာတော်နှင့် 'အတ္ထနယ' အားဖြင့် တူသည်သာဟု မှတ်အပ်၏။

[ဤအရာ၌ အဆွေခင်ပွန်းတို့အား ပြစ်မှားသည်ဖြစ်လျက် ထိုတရားနှင့်လျော်စွာ မျက်မှောက်၌ အပြစ် မရောက်သောသူ ရှိရာမည်လောဟူမူ၊ ပြစ်မှားတတ်သောသူ၏ အကုသိုလ်စေတနာ ညံ့ခြင်း, ပြစ်မှားအပ်သော ပုဂ္ဂိုလ်၏ သီလအစရှိသောဂုဏ် ညံ့ခြင်း, ထိုပုဂ္ဂိုလ်၌ ပြစ်မှားခြင်းငှာထိုက်သော တစ်စုံတစ်ခုသော အပြစ်ရှိခြင်း,ထိုသို့သော အကြောင်းတို့နှင့်ယှဉ်သော်သာ မျက်မှောက်၌ မိတ္တဒုဗ္ဘိ အပြစ်ညံ့ရာ၏။ အလျဉ်းကား လွတ်နိုင်ခဲ၏ သံသရာ၌ကား အကုသိုလ်၏အကျိုးမည်သည် သုဂတိပဋိသန္ဓေ ဟူ၍မရှိ။ ထိုသို့ ဆိုခဲ့ပြီးသည်မှ တစ်ပါး ပြစ်မှားတတ်သောသူ၏ အကုသိုလ်စေတနာ ထက်သန်ခြင်း, ပြစ်မှားအပ်သောပုဂ္ဂိုလ်၏ သီလအစရှိသော ဂုဏ်မြတ်ခြင်း, ပြစ်မှားခြင်းငှာထိုက်သော အပြစ်မရှိခြင်း ဤသို့သောအကြောင်းတို့နှင့် ယှဉ်ချေသော်ကား ပစ္စုပ္ပန်, သံသရာတို့၌ ထင်ရှားစွာအပြစ်ရောက်ကြောင်းကို 'ယောဒဗ္ဘေန အဒဗ္ဘေသု' အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဂါထာတို့၌ သိအပ်လေပြီ။

[ထို့ကြောင့် သူတော်ကောင်းတို့သည် အတ္ထကာမယီ[၁၆၇], သမာနသုခဒုက္ခ[၁၆၈]အစရှိသော အဆွေခင်ပွန်းစစ်ကို မဆိုလင့်ဦး။ မိမိ၌ ထင်ရှားရှိသောပစ္စည်းကို မပေးလိုဘဲ မရှိသောပစ္စည်းကို ရှိသော်လည်း ပေးရလေ၏ဟုစသည်ဖြင့် ပြောဆိုတတ်သော အညဒတ္ထု[၁၆၉]၊ သဘောအားဖြင့် မချစ်ဘဲနှင့် ချစ်ဟန်မူသော အနုပိယ၊ ပေးမည်, ပြုမည် စသည်ဖြင့် စကားဖြစ်ဆန်းသောဆို၍ ဆိုတိုင်းမပြုသော ဝစီပရမ၊ ခိုးမှု, သတ်မှု, စသည်ဖြင့် အပါယ်လားကြောင်း၌ အဖော်သွေးတတ်သော 'အပါယသဟာယ' ဤ ၄ယောက်သော ခင်ပွန်းတို့ကို လည်းကောင်း, ထင်ရှားသောရန်သူတို့ကိုသော်လည်းကောင်း နိုင်လောက်သည်ဟူ၍ ပြစ်မှားခြင်းကို မပြု။ ထိုသို့ အခွင့်အားလျော်စွာ မိမိအစွမ်းနှင့်ညီလျက် သတိ, ဝီရိယ, ပညာဖြင့် ထုံစေအပ်သော နှလုံးကို ခန္တီ, မေတ္တာ တည်းဟူသော နံ့သာကြိုင်မွှေး ရေအေးဖြင့် အခါမပြတ် ဖျန်းဆွတ်ခြင်းသည်သာလျှင် သူတော်ကောင်းတို့၏ ဓမ္မတာတည်း။]

ဤသို့ ဘုရားလောင်းတေမိမင်းသည် တောအလုံးကို ပဲ့တင်ထပ်စေလျက် သာယာစွာသောအသံဖြင့် 'မိတ္တပူဇာဒေသနာ'တို့ကို ၁၀ ဂါထာ ဟောတော်မူသော်လည်း ရထားမှူးသုနန္ဒာသည် 'ဤသူကား အရှင်သား စင်စစ်ဖြစ်ရာ၏' ဟူသော အမှတ်မရှိ။ တရားဟောပုဂ္ဂိုလ်၏ တင့်တယ်ခြင်း, အသံတော်၏သာယာခြင်း, တရားစကားတော်၏ ကောင်းခြင်း ဖြင့်သာလျှင် မတုန်မလှုပ် ငြိမ်သက်စွာနာ၏။

www.burmeseclassic.com



ထိုသို့ တရားဟောပြီး၍ အဆုံးမှသာလျှင် 'ဤအရှင်ကား အဘယ်သူ ဖြစ်လေသည်မသိ။ မိမိကိုယ်ကိုလည်း ငါတို့အရှင့်သား ဖြစ်သည်ဟူ၍ ဆို၏။ အကြောင်းကို စုံစမ်းဦးအံ့'ဟု ကြံလျက်၊ တွင်းမှ တက်ပြီးလျှင် ရထားသို့ သွား၍ကြည့်လတ်သော် ဘုရားလောင်း မင်းသားကိုလည်းကောင်း၊ မိမိချွတ်ယူ ထုပ်ပိုး၍ထားအပ်သော ဝတ်လဲတန်ဆာတော်အထုပ်ကို လည်းကောင်း မမြင်သောအခါမှ 'ဤအရှင်ကား စင်စစ်မချွတ် မိမိဆိုတိုင်းပင် ငါတို့အရှင့်သား မှန်ရာမည် မသိ'ဟု ဘုရားလောင်းရှိရာ လာလျက် အခန့်တော်ရာ မြင်သာရာက မျက်နှာတော်ကို ကြည့်ရှုဆင်ခြင်သဖြင့် အလုံးစုံမျိုးကိုထောက်၍ အတပ်အမှန်သိရပြီးသော် ခြေတော်ရင်း၌ ထိပ်ထက်လက်စုံချီကာဝပ်လျက် အစုံသောဘုရားလောင်း၏ခြေဖမိုးတော်ကို နဖူး,လက်အုပ် တင်လျက် နေပြည်တော်သို့ ပြန်မည့်အကြောင်းကို လျှောက်တောင်းပန်လိုသောကြောင့် 'ဖဟိတံ ပဋိနေဿာမိ' အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား-

"ကာသိကရာဇ်တိုင်းကြီးသခင် အရှင့်သားတော်ဘုရား။ ဤသို့သော ဘုန်းကျက်သရေနှင့်ပြည့်စုံစွာ ကိုယ်တော်စင်လျက်ကိုလည်း အကျွန်ုပ်တို့ ဝစီကံဖြင့် မတန်မရာ ယုတ်မာသောအမှုကို ပြုမည်ဟု ကြံမိသည်ကား အမှားစင်စစ် ဖြစ်ခဲ့ပြီ။ အကျွန်ုပ်တို့ မှားခဲ့သမျှအမှုသည် ယခု ကိုယ်တော် နေပြည်တော်သို့ပြန်ပါမှ အမှန်ဖြစ်ကြရ ပါမည်။ အကျွန်ုပ်တို့အား သနားသဖြင့် ယခု နေပြည်တော်သို့ ပြန်တော်မူပါဦး။ သိကြားနတ်မှူးကဲ့သို့သော ကိုယ်တော်၏တင့်တယ်ခြင်း, အသံတော်၏သာယာခြင်း, အကျိုးအကြောင်းကို ပြညွှန်တတ်သော တရားစကား၌ လိမ္မာမြော်မြင်ခြင်း ယင်းသို့သောဂုဏ်တို့နှင့် ပြည့်စုံစွာသော ကိုယ်တော်စင်လျက် 'ပရဟိတ'ဆောင်ခြင်းငှာ မရစကောင်းသော ဤတောအရပ်၌ နေတော်မူ၍ အဘယ်အကျိုး ရှိပါအံ့နည်း။ 'ပရဟိတ'ကို ဆောင်စွမ်းတော် မူနိုင်သော ကိုယ်တော်သည် ထီးဖြူဆောင်းချင်း မင်းပရိသတ်တို့၏အလယ်၌ ဧကရာဇ်မင်းစည်းစိမ်ဖြင့် တင့်တယ် စံပယ်တော်မူလျက် သူခပ်သိမ်းတို့၏အကျိုးစီးပွားကို ဆောင်တော်မူခြင်းငှာ နေပြည်တော်သို့ ပြန်တော်မူပါ"ဟု လျှောက်တောင်းပန်၏။

ရထားမှူး သုနန္ဒာ စကားကိုကြားလျှင် ဘုရားလောင်းသည် ပြည်၏စည်းစိမ်ကို ပယ်တော်မူလို၍-

'အလံ မေ တေန ရဇ္ဇေန၊ ဉာတကေန ဓနေန ဝါ။

ယံ မေ အဓမ္မစရိယာယ၊ ရဇ္ဇံ လဗ္ဘေထ သာရထိ။ ။'ဟူသောဂါထာဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"ရထားမှူး သုနန္ဒာ။ ယခု ဤတောအရပ်သို့ ငါရောက်သည်ကား သင်တို့ မှူး, မတ်, ပြည်သူတို့က ထီးနန်း မစံစေလိုသောကြောင့်လည်း ငါ မရောက်။ ငါ့မယ်တော်, ခမည်းတော်, ဆွေတော်မျိုးတော်တို့က ထီးနန်း ဖစံစေလိုသောကြောင့်လည်း ငါ မရောက်။ တစ်စုံတစ်ယောက်သောသူမျှ ဤတောအရပ်သို့ ငါ့ကို ပို့ဆောင် နှင်ထုတ်ခြင်းမည်သည် မရှိ။ ငရဲအားကို ကြောက်ခြင်းဖြင့်သာ ငါကား ခိုးသူကိုစီရင်ခြင်း စသည်ဖြင့် မကောင်းမှု ဒုစရိုက်တည်းဟူသော ငရဲ၏အောင်လံစိုက်ထူခြင်းရှိသော ပြည်စည်းစိမ်ကိုမြင်ရလျှင် အောက်ခွင် ငရဲရပ်သို့ မကပ်စေလိုသောကြောင့် ငါ့စိတ်ပင်လျှင် ငါ့ကိုယ်ကို ငါ နှင်ထုတ်အပ်သည်ဖြစ်၍ ဤတောရပ်သို့ ယခု ငါ ရောက်ရသည်။ မိဘဆွေမျိုးမှစ၍ သူခပ်သိမ်းတို့၏အစီးအပွားကို ငါဆောင်လိုသော်လည်း ထိုအဓမ္မစရိုက်ဖြင့်ပြွမ်းသော မင်းစည်းစိမ်ကို ယမမင်းလက်တွင်း၌ စံခြင်းမလှ ငါ မစံလိုပြီ"ဟူလိုသည်။

ထိုအခါ ရထားမှူးသုနန္ဒာသည် 'ဤအရှင့်သားကား ဘုန်းကြီးသောသူတည်း။ ဘုန်းရှိသောသူဟူကလည်း သူတစ်ပါးတို့ ဆင်းရဲခြင်းဖြစ်သည်ဟူ၍ ကြားရ, မြင်ရလျှင် ကိုယ်ခံရသကဲ့သို့ အလွန် သနားခြင်းကရုဏာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအောင် ရွက်ဆောင်လိုသော သဘောထားဓမ္မတာ ရှိမြဲပင်ဖြစ်သည်။ ငါလည်း ယခု အရှင့်သားကို သနားခြင်း ဖြစ်အောင်ကြံ၍ လျှောက်ဦးအံ့’ဟု တောင်းပန်စကားလျှောက်ထားပြန်လို၍–

‘ပုဏ္ဏ ပတ္တံ မံ လဒ္ဓောဟိ၊ ရာဇပုတ္တ ဣတော ဂတော။
ပိတာ မာတာ စ မေ ဒဇ္ဇုံ၊ ရာဇပုတ္တ တယိ ဂတေ။ ။

‘သြရောဓာ စ ကုမာရာ စ၊ ဝေသိယာ နာ စ ဗြာဟ္မဏာ။
တေပိ အတ္တမနာ ဒဇ္ဇုံ၊ ရာဇပုတ္တ တယိ ဂတေ။ ။

‘ဟတ္ထာရောဟာ အနီကဋ္ဌာ၊ ရထိကာ ပတ္တိကာရကာ။
တေပိ အတ္တမနာ ဒဇ္ဇုံ၊ ရာဇပုတ္တ တယိ ဂတေ။ ။

‘ဗဟုဓညာ ဇာနပဒါ၊ နေဂမာ စ သမာဂတာ။
ဥပယာနာနိ မေ ဒဇ္ဇုံ၊ ရာဇပုတ္တ တယိ ဂတေ။ ။’ဟူသော ၄ ဂါထာတို့ဖြင့် လျှောက်ပြန်၏။

အဓိပ္ပာယ်ကား–

“တိုင်းကြီးသခင်ဖြစ်သော အရှင့်သားတော်ဘုရား။ ဆင်းရဲသောသူ, အလိုမပြည့်သော သူတို့ကိုမြင်လျှင် ချမ်းသာကြောင်း, အလိုပြည့်ကြောင်း ကောင်းစွာ သူတစ်ပါးတို့စီးပွားကို ဆောင်တော်မူလိုသော နှလုံးတော်မြတ်ရှိသည်နှင့်အညီ ပြည်စည်းစိမ်၌ အပြစ်ကိုမြင်တော်မူ၍ ရွံရှာတော်မူသည်ကို အထူး မစံစားသာသော်လည်း ကိုယ်တော် ပြည်သို့မပြန်ချေလျှင် ရာဇဒဏ်အန္တရာယ် အပြစ်တင်ဖွယ် အကျွန်ုပ်မှာ စုပေါင်းသဖြင့် အကြောင်းမဲ့ဘဲ ဆင်းရဲလိမ့်မည်များကို သနားကယ်မသင့်သော အကြောင်းရှိပါသောကြောင့်သာ နေပြည်တော်သို့ ပြန်တော်မူပါမည့်အကြောင်းကို အသနားတော် ခံဝံ့ပါသည်။ နေပြည်တော်မှ ဤတောအရပ်သို့ အကျွန်ုပ်ပို့ရသည်မှာလည်း ခမည်းတော်,မယ်တော်တို့ သဘောဆန္ဒ အပြိုင်အညီပို့ရသည် မဟုတ်ပါ။

“အကျွန်ုပ်ကိုသာ ပြည်သို့ လွှတ်တော်မူမည်ဖြစ်လျှင် စင်စစ် ခမည်းတော်ဘုရား အမေးတော်ရှိသောအခါ ကိုယ်တော်ဟော၍သိအပ်သော ‘မိတ္တပူဇာ’ဂါထာဖြင့် အဆွေခင်ပွန်းတို့အား နှုတ်ဖြင့်မျှ မပြစ်မှားကောင်းချေသောကြောင့် အကြောင်းမျိုးကို ယခုတွေ့မြင်ရသည့်အတိုင်း အကုန်အစင် ဖြောင့်မှန်စွာ လျှောက်ရချေမည်။ အမှန်အတိုင်း အကျွန်ုပ်လျှောက်ချေသော် ခမည်းတော်ဘုရားသည် သား၏ချစ်ခြင်းဖြင့် အကျွန်ုပ်အအမျက်ခဏချင်းဝင်၍ ‘ဤသို့သော ငါ့သားယောကျ်ားမြတ်ကို နင် အဘယ့်ကြောင့် ပစ်၍လာခဲ့ရသနည်း’ဟု ရာဇမာန် အမျက်တော်စွဲကို သဲကမ်းရေဇော့ တွေ့ရမည်ကား ရောက်မဆိုက်ဇကေန် အကျွန်ုပ်၌ မုန်ပါတော့သည်။ အထက်ကပင် သဘောမတူသော ဘုရားမယ်တော်အမျက်ကိုကား ဆိုဖွယ်မရှိ ဖြစ်ပါတော့သည်။

“အကျွန်ုပ်အား သနားသဖြင့် နေပြည်တော်သို့ ပြန်တော်မူပါလျှင်ကား မယ်တော်, ခမည်းတော်တို့သည် အကျွန်ုပ်တောင်းပန်သောကြောင့် ပြန်တော်မူကြောင်း စကားအလုံးစုံကိုကြားကြသောအခါ အကျွန်ုပ်၌ အတိုင်းထက်အလွန် နှစ်သက်, မြတ်နိုးခြင်း ရှိတော်မူကြသည်ဖြစ်၍ ရတနာ ၇ မျိုး မိုးကြီးသည်းစွာ ရွာသကဲ့သို့ ထားသိုရာမရရှိအောင် အကျွန်ုပ်အား တုဋ္ဌိဒါန[၃၇]ဖြစ်သော ဆုကြီးလာဘ်ကြီး ချပေးချီးမြှောက်ခြင်းကို ခံရပါလတ္တံ့။

“ဝသောင်း ဖိတောင်သော နန်းသူအပေါင်းတို့သည် လည်းကောင်း၊ အရှင့်ဖွားဖက်ရွှေဖော် သူငယ်ဖော် အမတ်သား ၅၀၀ တို့တို့သည်လည်းကောင်း၊ ပုဏ္ဏား, သူဌေး, သူကြွယ်, ကုန်သည်, ဆင်သည်, မြင်းသည် အစရှိသော သူရဲ, ဝင်းမှူး, သင်းမှူး, အပေါင်းကြီး, အစိုကြီး အသီးသီးသော ပြည်သူပြည်သားတို့သည် လည်းကောင်း၊ ကာသိကရာဇ်တိုင်းနိုင်ငံတော်အတွင်း မြို့, ရွာ နိဂုံး, ဇနပုဒ်တို့၌နေကြကုန်သော အကြီးအကဲ,



www.burmeseclassic.com

www.burmeseclassic.com



ကျေးစား၊ မြို့အုပ်မကျန်၊ နိုင်ငံသူနိုင်ငံသားအပေါင်းတို့သည် လည်းကောင်း၊ မနောမယပတ္တမြား[၃၅]ကို တစ်ခုစီလိုက်၍ ပေးသကဲ့သို့ ကျေးဇူးကြီးစွာ အကျွန်ုပ်၌တင်၍ ချစ်ခင်နှစ်လိုခြင်းဖြင့် အကျွန်ုပ်အား အသီးသီး ချီးမြှောက်ပူဇော်ခြင်းကိုလည်း ပြုကြပါလတ္တံ့။ ထိုသို့သောအကျွန်ုပ်အား မင်းဒဏ်အန္တရာယ် အပြစ်တင်ဖွယ် ခပ်သိမ်း ပျောက်ငြိမ်းလွင့်ကာ ချမ်းသာရွှင်လန်းလျက် များစွာသောအကျိုးစီးပွား ရှိပါလတ္တံ့သည်ကို သိမြင်တော်မူလှသောကိုယ်တော်သည် အစဉ်သနားခြင်းကို အကြောင်းပြု၍ ကြွတော်မူသင့် လှပါသောကြောင့် ရွှေဖဝါးတော်မြတ်အောက် အသနားတော်ခံ တောင်းပန်လျှောက်ထား ဝံ့ပါသည်"ဟု လျှောက်၏ဟူလိုသည်။

[ဤအရာ၌ ရထားမှူးသုနန္ဒာသည် လောကဝတ်[၃၆]၊ ရာဇဝတ်[၃၇]ကိုသာငဲ့၍ ဓမ္မဝတ်[၃၈]ချွတ်မည်၊ မချွတ်မည်။ ကုသိုလ်၊ အကုသိုလ်ကိုကား နှလုံးမထားဘဲ မိမိ၏မျက်မှောက်အကျိုးကိုသာ စင်စစ်လိုတပြီကား ပစ္စုပ္ပန်၌ လယ်လုပ်၊ ကုန်သွယ်၊ ရောင်းဝယ်ဖောက်ကား မပြု။ အမှုရှာ၍ ဥစ္စာလာဘ်လာဘ ရရာသော 'လာဘုပ္ပတ္တိ' အကြောင်း ၄ပါး ရှိသည်။

[– မရှူးသော်လည်း ရှူးဘန်မှူ၍ ဟိရိဩတ္တပ္ပမထိန်း သူစိမ်းကိုလျက် သူကျက်အသွင် အကျွမ်းအဝင် ပြုခြင်း နာနုမ္မတ္တက၊

– မင်းအိမ်စိုးအိမ်စသည်တို့၌ ဤမည်သောသူတွင် ဤမည်သောအမှုရှိ၏ စသည်ဖြင့် သူတစ်ပါးတို့အား ကုန်းချောစားခြင်းတည်းဟူသော နာပိသုဏ။

– မိမိ၏ ဟိရိဩတ္တပ္ပကိုဖျက်၍ သဘင်သည်မဟုတ်ဘဲလျက် သဘင်သည်ကဲ့သို့ အချီးအမြှောက် လာဘ်ရအံ့သော အိမ်တို့၌ အိမ်ရှင်တို့အလိုနှင့် လျော်စွာ ဟာသနကထာ၊ နစ္စမှု၊ ဂီတမှုစသည် စကားမှုတို့ဖြင့် ရွှင်စေခြင်းဟု ဆိုအပ်သော နာနုဋ္ဌ။

– 'ဤသူကြားလျှင် စိုးမင်းတို့နား ကြားချေအံ့'ဟု သူခပ်သိမ်းတို့ မိမိကိုကြောက်သဖြင့် လာဘ်၊ ပဏ္ဏာ၊ တံစိုးပေးအောင် အုတ်အုတ်ကျက်ကျက် စကားဖရိုဖရဲကြဲခြင်း ဟုဆိုအပ်သော နာကုတုဟာလ။

[ဤသို့မှုန်မှိုင်းသော မှုဋ္ဌဖြစ်သောသူတို့ကို ဖြားယောင်း၍ လာဘ်ကိုခံရရာသော အကြောင်း ၄ပါးတွင် ဘုရားလောင်းတေမိမင်းလည်း ပြည်သို့ပြန်လာတော့မည့်သူ မဟုတ်ပြီ။ မျက်စိလွှဲ၊ နားလွှဲ ယုံမှတ်၍ စိတ်ချလေပြီးသော ကာသိကရာဇ်မင်းကြီးအား နာပိသုဏလက္ခဏာဖြင့်ပင် မိမိ ဆုလာဘ်ရကြောင်းကြံ၍ လျှောက်လိုသမျှ လျှောက်သော်လည်း မင်းကြီးယုံကြည်သဖြင့် ဆုလာဘ်ရဖို့ အကြောင်းရှိလျက်လည်း သူပျက်သူယုတ်တို့အကြံမျိုးသည် အကျိုးပင်ကြီးသော်လည်း အပြီးသတ်သောအခါ အဆိုးသာဖြစ်မြဲဓမ္မတာကို ပညာဖြင့် အမြဲ နှလုံးစွဲသည်ဖြစ်၍ အပြစ်အကျိုးကိုမြင်မြော်သော သူတော်သူမြတ်ဖြစ်သည်နှင့်လျော်စွာ ပညာရှိ ခေါ်ထိုက်သောသူအပေါင်းတို့တွင် တစ်ယောက်ဖြစ်သော ရထားမှူးသုနန္ဒာသည် ကိုယ်၏အကျိုး၊ သူ၏အကျိုး၊ အရှင့်အကျိုး ဘ၀ ၂ ပါး၌ အကျိုးစီးပွား များအံ့သည်ကိုမြင်၍ အငင်အပြောင်း ဖြားယောင်းခြင်း စကားပြောခြင်း၌ လိမ္မာလှသောကြောင့် 'တရားခိုင်မာသောပညာရှိကို စဉ်းလဲစဉ်းစားပြော၍ ဖြားယောင်းလျှင် နှလုံး ညီစော်နံတတ်သည်။ သနားဖွယ်ရာ၍ လျှောက်သော်သာ ကရုဏာလှုပ်ရှားသဖြင့် စိတ်ထားတော်ယိုင်ညွတ်၍ ပါလတ္တံ့ရာသည်'ဟု အသင့်ကြံလျက် ထို ၄ဂါထာတို့ဖြင့် အသနားခံလျှောက်လေသည် ဟု မှတ်အပ်၏။

[သုနန္ဒာရထားမှူးကို သူတော်ကောင်းဟူ၍ဆိုသော် ပါဏာတိပါတကို အကုသိုလ်ကဲ မမှတ်။ အဘယ့်ကြောင့် ဘုရားလောင်းကို သတ်အံ့ဟု တွင်းတူးခြင်း စသည် ပြုရလေသနည်း။ သူတော်ကောင်းမှန်လျှင် ကိုယ့်အသက်ကိုသာ စွန့်ရမည် မဟုတ်လောဟူမူ –



www.burmeseclassic.com

www.burmeseclassic.com



[သဘောစရိုက်အားဖြင့် ပညာပြောသောသူပင် ဖြစ်သော်လည်း မိမိအသက် စည်းစိမ်၌ ချင်ခင်တတ်ခြင်း တည်းဟူသော လောဘ၊ ထိုလောဘကို မှီ၍ သေခြင်း, ပျက်စီးခြင်း၌ ကြောက်လန့်ထိုးရိမ်တတ်သော ဗျာပါဒဓါသ။ ဤဆူးပြောင့်တို့ဖြင့် ထိုးဆွလတ်သည်ရှိသော် အရိယာမဂ်ဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကို မပယ်ရသေးဖြစ်၍ ထိုဝေဒနာကို သည်းခံသဖြင့် တရားကိုမယူနိုင်လတ်လျှင် အရှင်အာဏာဖြင့် သတ်ရသည်ကို အပြစ်မရှိရာဟု ဒိဋ္ဌိဝိစိကိစ္ဆာ သဟာဂုတ်ဖော်သက်၍ အယူ၏ဖောက်ပြန်ခြင်းလျှင် အကြောင်းရှိသောကြောင့် လည်းကောင်း၊ မင်းကြီးအာဏာ အတိုင်း ဝန်ခံ၍ ရာဇဝတ်ပြေအောင် ဆောင်ရွက်သော်လည်း ပါဏာတိပါတကံ အဆုံး မရောက်သေးဖြစ်၍ ရဟားမွှား၏နှလုံးထားကို ဒုစရိုက်စင်စစ်ပင် ဖြစ်သည်ဟု မယူသာ။ အာဏာစွဲရုံသာပြု၍ အမှုအဆုံးမှာမှ ကောင်းစေရတော့မည်ဟု ကြံလေသည်ကိုလည်း မဆို၍ မသိရ။ ဝတ်ပြေရုံမျှသာ တွင်းတူးခြင်း စသည်ကိုပြုလျှင် အပြစ်မဆိုထိုက်ပေသောကြောင့် လည်းကောင်း၊ ဘုရားလောင်း၏တရားစကားကို ရှိသေစွာ နာခံပေသောသူ ဖြစ်ပေသောကြောင့် လည်းကောင်း၊ ပညာရှိလက္ခဏာ သက်သည်ဖြစ်၍ ရဟားမွှားသုနန္ဒာကို သူတော်ကောင်းပင် ဆိုထိုက်သည်ဟု သိအပ်၏။

[ထို 'လာဘုပ္ပတ္တိ'အကြောင်း ၄ပါးကိုကား အရှင်သာရိပုတ္တရာ၏ တပည့်အား ဆုံးမသောစကားတွင် အစပ်သင့်၍ ကိုယ်တော်ကို သက်သေထုတ်တော်မူအပ်သော လာဘဂရဟဇာတ်၌ –

'နာနုမ္မတ္တော နာပိသုဏော၊ နာနဋော နာကုတူဟလော။

မူဠေသု လဘတေ လာဘံ၊ ဧသော တေ အနုသာသနီ။ ။'ဟူသောဂါထာ လာ၏။ အနက်ကား–

မာဏဝ၊ လာဘ်၌ မက်မောသော လုလင်။ ဘယံ ၊ ပစ္စုပ္ပန်၌ သူတောင်ကောင်းတို့ ကဲ့ရဲ့ခြင်းစသော ဘေး, တမလွန်၌ အပါယ်ဘေးကို။ အဂဏေတွာ၊ မရေတွက်မူ၍ ။ လောဘာဘိဘူတော၊ လောဘဖြင့် နှိပ်စက်အပ်လျက်။လာဘမေဝ၊ ဥစ္စာလာဘ်ကိုသာလျှင်။ တွံ။ သင်သည်။ စေတ္တေသိ၊ အကယ်၍ အလိုရှိအံ့။ သုဏောဟိ၊ နာလော့။ နာနုမ္မတ္တော၊ မရူးသော်လည်း ရူးသကဲ့သို့ နှုတ်ပူးလက်ငင် အကျွမ်းတဝင် ပြုနိုင်သောသူသည် လည်းကောင်း။ နာပိသုဏော၊ အမှုရှင်တို့က မျက်စိ, နား ထားသောသူမဟုတ်ဘဲ ဤ၌ တစ်သွယ် ထိုဝယ်တခြား ချောစားကုန်းတိုက်တတ်သော သူသည် လည်းကောင်း။ နာနဋော၊ မိမိ သဘင်သည် မဟုတ်ဘဲ သဘင်သည်ကဲ့သို့ သူ့အလိုသို့လိုက်၍ သဘင်အမှု ပြုတတ်သောသူသည် လည်းကောင်း။ နာကုတူဟလော၊ စကားအငယ်ကို အကျယ်အပွား အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ်မင်း ထိုးနန်းစိုက်လုပ်၍ ဖရိုဖရဲ ဖွာဖွာကြံပြုတတ်သော သူသည် လည်းကောင်း။ ဤဒိသော၊ ဤ ၄ပါးတွင် တစ်ပါးပါးနှင့် ပြည့်စုံသောသူသည်။ မူဠေသု၊ စူးစမ်းဝေဖန် ဉာဏ်နှင့်မနော သဘောမှုန်မှိုင်း ကုန်သောသူတို့၌။ လာဘံ၊ ဥစ္စာဆုလာဘ်ကို။ လဘတေ၊ ရလေတတ်၏။ ဧသာ၊ ဤသည်လျှင်။ တေ၊ သင့်အား။ အနုသာသနီ၊ အဆုံး အမဖြစ်သော စကားတည်း။

[ဤ ၄ပါးတို့တွင် နာပိသုဏကား 'နှုတ်အပ်ဖျားဆွ', နာကုတူဟလကား 'နှုတ်မီးပွားကျ' စင်စစ်ဖြစ်၍ အပြစ်လွတ်အောင် မသုံးနိုင်ရာ။

[နာနုမ္မတ္တက နာနဋ ဤ ၂ပါးကိုကား လူဖြစ်သောသူသည် ဆုလာဘ်စည်းစိမ်ကို လို၍ လည်းကောင်း၊ အသက် စည်းစိမ် မြတ်သောအကျင့်တို့၏အန္တရာယ်မှ ကင်းစေလို၍ လည်းကောင်း ပြုသည်ရှိသော် မိမိတို့ ပြုအပ်သော နိစ္စသီလ အစရှိသော်သိက္ခာပုဒ်၏ကမ်းကို မလွန်စေမူ၍၊ မိစ္ဆာဇီဝလည်းမဖြစ်အောင် စွမ်းနိုင်သော်လည်း သံသရာဝဋ်မှ လွတ်သည်ဟု သိအပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သနားခြင်းသက်ဝင်၍ နေပြည်တော်သို့ပြန်စေခြင်းငှာ ရထားမှူးသုနန္ဒာ တောင်းပန်လျှောက်ထားသော စကားကိုကြားလျှင် ဘုရားလောင်းတေမိမင်းသည် သူဆိုဖွယ်စကား၌ အဖျားအမြစ်ကို ဓားထစ်ကျဉာဏ်ဖြင့် အမှန်သိ လိမ္မာတော်မူလှသည်ဖြစ်၍၊ ချစ်သနားဖွယ်စုံသဖြင့် မပြန်မလှန်သာအောင် အကြောင်းနှင့်အညီ ချေပြန်လို၍–

'ပိတု မာတုစဟံ စတ္တော၊ ရဋ္ဌဿ နိဂမဿ စ။
အထော သဗ္ဗကုမာရာနံ၊ နတ္ထိ မယှံ သကံ ဃရံ။ ။
'အနုညာတော အဟံ မာတျာ၊ သဉ္စတ္တော ပိတရာ. မဟံ။
ဧကော အရညေ ပဗ္ဗဇိတော၊ န ကာမေ အဘိပတ္ထယေ။ ။'ဟူသော ၂ဂါထာတို့ဖြင့် ဆိုပေ၏။

အဓိပ္ပာယ်ကား–

"ရထားမှူးသုနန္ဒာ။ ၂ဦးသောသူတို့၏အကျိုးစီးပွားကို မြင်သော်သာ ပညာရှိမည်ရာသည် ဖြစ်လျက်၊ ငါ့အကျိုးကိုကား သင် မကြည့်၊ ကိုယ့်အကျိုးကိုသာ ကြည့်၍ အဘယ့်ကြောင့်ဆိုရသနည်း။ ပြည့်ရှင်မင်းတို့၌ 'ထွက်ပြီးသည်ကို ဝင်စေ'ဟူ၍ စကား ၂ ခွန်း မရှိသည်ကို သင် သိ၏မဟုတ်လော။

"ခမည်းတော် မယ်တော်တို့သည် ငါ့အလိုကို မသိသော်လည်း သိသကဲ့သို့ နှလုံးဝင်တော်မူကြသဖြင့် ငါ့ကို ပြည်ထီးနန်းနှင့် မတန်သူဖြစ်သည်ဟု ထုတ်စွန့်၍ ယခု ရှိလေပြီးဖြစ်သည်။ ငါလည်း မြင်းရထားနှင့် သင်ရထားမှူး ထုတ်ဆောင်သည်မှစ၍ ပြည်တိုင်းကား ပြည်သားပြည်သူ မှူးသားမတ်သား များစွာသော မင်းစည်းစိမ်မှ ကပ်ငြိခြင်းကင်းလျက် ရာဟု [၂၇]လက်မှလွတ်ပြီးသော လကဲ့သို့ 'ငါ့အလို ပြည့်တော့သည်'ဟု ဝမ်းမြောက်ခြင်းနှင့် ဤတောအရပ်၌ နှလုံးချ၍ ရှိလေပြီးဖြစ်သည်။

"ငါ့ဘုန်းကံ နိုးဆော်ပေးသောကြောင့် မယ်တော်လည်း သင့်ကို တစ်စုံတစ်ခုမျှ ဆီးတားခြင်းမပြုဘဲ 'ငါ့သားတော်သည် ရဟန်းပြုလိုလျှင် ပြုပါစေ'ဟု အနူးအညွတ်ပင် လွှတ်တော်မူလိုက်သည်။ ခမည်းတော်လည်း ငါ့အလိုကို မြန်မြန်ပြည့်အောင်ပင် သင့်ကိုတိုက်တွန်း၍ ထုတ်စေသည်။ ထိုသို့ဖြစ်လျက် ထွက်မြောက်ပြီး လပြည့်ဝန်းသည် အဘယ့်ကြောင့် ရာဟုခံတွင်းသို့ တစ်ဖန်ပြန်၍ ဝင်ပါအံ့နည်း။ ထွက်မြောက်ပြီး ငါသည်လည်း ထိုပြည်စည်းစိမ် ကာမဂုဏ်ခံတွင်းသို့ မဝင်လိုပြီ။ ငါတောင့်တတိုင်း ရအပ်သော ဤတောအရပ်၌ ငါတစ်ယောက်တည်းသာ ရဟန်းပြုလျက် ချမ်းသာစွာ နေတော်မူအံ့သည်"ဟုဆိုတော်မူ၏ ဟူလိုသည်။

ဤသို့ရထားမှူးနှင့် အချေအလဲ ပြောဟောတော်မူသော ဘုရားလောင်းအား ကိုယ်တော်၏စကားကို မှီ၍ပင်လျှင် ကိုယ်တော်၏နှစ်သက်ခြင်း ပြင်းစွာရှိတော်မူလျက် ထိုပီတိအဟုန်ဖြင့် ဥဒါန်းကျူးတော်မူလိုသည်ဖြစ်၍–

'အပိ အတ္တရမာနာနံ၊ ဖလာသာဝ သမိဇ္ဈတိ။
ဝိပက္က ဗြဟ္မစရိယော သ္မိ၊ ဧဝံ ဇာနာဟိ သာရထိ။ ။
'အပိ အတ္တရမာနာနံ၊ သမ္မဒတ္ထော ဝိပစ္စတိ။
ဝိပက္က ဗြဟ္မစရိယောသ္မိ၊ နိက္ခန္တော အကုတော ဘယော။ ။'ဟူသော ၂ဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။ အဓိပ္ပာယ်ကား –

"ရထားမှူးသုနန္ဒာ။ မိမိရည်စူးတိုင်းသော အကျိုးကိုလိုလျှင် ထိုအကျိုးနှင့် တန်ရာအကြောင်းကိုကောင်းစွာ သတိ, ပညာ, သမာဓိမကင်း အားထုတ်ခြင်းရှိကုန်သောသူတို့အား မပွားမစီး ⁻မပြီးသေးသော နှလုံး၏အလို



www.burmeseclassic.com

www.burmeseclassic.com



ထိုထိုသို့သောအကျိုးသည် တက်တိုးပွားစီး ပြီးမြောက်လွယ်သည်သာ စင်စစ်ဖြစ်၏ တကား။ ငါ့အားလည်း ကြိုးစားအားထုတ် မဆုတ်မနစ် ၁၆ နှစ်ကျော် ပြုခဲ့လေသမျှသော လုံ့လ၏အကျိုးထူးကို ရထားမှူးအဖော်ပြု ပေသည်နှင့် ယခုကေန် အလျင်အမြန်ပင် အပြီးမြောက်ရပေတောသည်"ဟု ဝမ်းမြောက်စကားကို ဆိုတော်မူ၏။

ထိုသို့ ဥဒါန်းစကားကို ရထားမှူးကြားလျှင် ရထားမှူးသည် 'ဤအရှင့်သားကား ဤသို့သော စကား၏ ပြေပြစ်ခြင်း၊ သာယာနာပျော်ဖွယ်ရှိခြင်းနှင့်ပြည့်စုံပါလျက် အဘယ်အပြစ်ကိုမြင်၍ စကားမပြောဘဲ ၁၆နှစ် ပတ်လုံး နေတော်မူနိုင်လေသည် မသိ။ သူတစ်ပါးတို့လည်း ကာမဂုဏ်ကိုငြီးငွေ့သဖြင့် ငယ်ရွယ်သောအခါကပင် ရဟန်းပြုသူလည်း ပြုကြ၏။ ကြီးမှပြုသူလည်းပြုကြ၏။ ဤအရှင့်သားကဲ့သို့ မဆွံ့မအဘဲ စကားမပြောနေသည် ဟူ၍ကား ကြားမျှ မကြားစဖူးဖြစ်သည်။ စကားမပြောနေတော်မူခြင်း၌ အကြောင်းတစ်ခုခု ရှိရာသည်။ ငါ သိရအောင် လျှောက်မေးဦးအံ့'ဟုကြံလျက်–

'ဓဝံ ဝဂ္ဂုကတော သန္တော၊ ဝိသဋ္ဌဝစနော စ သော။

ကသ္မာ ပိတု စ မာတု စ၊ သန္တိကေ န ဘဏေ တဒါ။ ။'ဟူသော ဂါထာဖြင့် မေးလျှောက်ပြန်၏။ အဓိပ္ပာယ်ကား –

"အရှင့်သားတော်ဘုရား။ ကိုယ်တော်၏အသံတော်သည် နား၍ မရောင့်ရဲနိုင်အောင် အလွန်လည်း သာယာ၏။ အကြောင်းအကျိုးနှင့်စပ်၍ မြွက်တော်မူသမျှ စကား၏အဆိုက်၊ အတိုက်၊ အသို၊ အထားလည်း သန့်ရှင်းပြေပြစ် ကျစ်လစ်တင့်တယ်ခြင်း ရှိ၏။ ထိုသို့သော ကိုယ်တော်စင်ဖြစ်ပါလျက် မယ်တော်၊ ခမည်းတော်တို့ အသက်ကြွေပျက်လုမတတ် ၁၆ နှစ်ပတ်လုံး နေ့နေ့ညဥ့်ညဥ့် အခါမစဲ တောင်းပန်ပါသည်ကို အဘယ်အကြောင်းကြောင့် မပြောမဆို ကိုယ်တော် နေနိုင်ရပါသနည်း။ ကိုယ်တော်ကဲ့သို့သော သားပညာရှိသည် မယ်တော်၊ ခမည်းတော်တို့အား သနားဖွယ်ဖြစ်သည်ကို မြင်လျက်ပင် စကားမပြောဘဲ အကြောင်းမဲ့နေရှေးသော် သင့်ကောင်းပါမည်လော။ စကားပြောခြင်း၌ အပြစ်ကို မိန့်တော်မူပါ'ဟု လျှောက်ပြန်၏။

ထိုအခါ ဘုရားလောင်းတေမိမင်းသည် စကားမပြော နေတော်မူခြင်းကို လည်းကောင်း၊ နေခြင်း၏ အကြောင်းကို လည်းကောင်း အားထုတ်တော်မူခဲ့သမျှသော အကြောင်းမျိုးကို ကြားတော်မူလို၍–

'နာဟံ အသန္ဓိတာ ပက္ခော၊ နဗဓိရော အသော တတာ။
နာဟံ အဇိဝှတာ မူဂေါ၊ မာ မံ မူဂ မဓာရယိ။ ။
'ပုရိမံ သရာမဟံ ဇာတိံ၊ ယတ္ထ ရဇ္ဇ မကာရယိံ။
ကာရယိတွာ တဟိံ ရဇ္ဇံ၊ ပါပတ္တံ နိရယံ ဘုသံ။ ။
'ဝီသတိဉ္စေဝ ဝဿာနိ၊ တဟိံ ရဇ္ဇ မကာရယိံ။
အသီတိဝဿ သဟဿာနိ၊ နိရယမှိ အပစ္စိသံ။ ။
'တဿ ရဇ္ဇဿဟံ ဘီတော၊ မာ မံ ရဇ္ဇေ ဘိသေစယုံ။
တသ္မာ ပိတု စ မာတုစ၊ သန္တိကေ န ဘဏိံ တဒါ။ ။
'ဥစ္ဆင်္ဂေ မံ နိသီဒေတွာ၊ ပိတာ အတ္ထာနုသာသတိ။
ဧကံ ဟနထ ဗန္ဓထ၊ ဧကံ ခါရာ ပဋိစ္ဆကံ။ ။
'ဧကံ သူလသ္မိံ ဥပ္ပေထ၊ ဣစ္စဿ မနုသာသတိ။
တာယာဟံ ဖရုသံ သုတွာ၊ ဝါစာယော သမုဒီရိတာ။ ။



www.burmeseclassic.com

www.burmeseclassic.com



'အမူဂေါ် မူဂ၀ဏ္ဏေန၊ အပက္ခော ပက္ခသမ္မတော။

သကေ မုတ္တကရီသမှိ ၊ အစ္ဆာဟံ သမ္ပရိပ္လုတော။ ။'ဟူသော ၇ ဂါထာတို့ဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား –

"ရထားမှူး သုနန္ဒာ။ ငါသည် သဏ္ဌာန်အားဖြင့် လက္ခဏာချို့တဲ့သော နားပင်း၊ ဆွံ့အ ဖြစ်သူမဟုတ်ဘဲ၊ သူဆွံ့၊ သူအ၊ နားပင်းဖြစ်သူတို့ကဲ့သို့ သူ မလိုအောင် ကိုယ်ကိုလျှို့ဝှက်၍ မပျက်သော အဓိဋ္ဌာန်ဖြင့် နေသည်မှာ ဖွား၍ တစ်လရှိစဉ်ကပင် ထီးဖြူအောက်၌နေလျက် မင်း၏ကျက်သရေမှလျှောက်၍ နောက်၌ ဖြစ်ခဲ့ဖူးသောဘဝကို ဇာတိဿရဉာဏ်ဖြင့် ပြန်၍ ငါဆင်ခြင်လျှင် ဤပြည်တွင်ပင် ဤယခုကဲ့သို့ ထီးရိုးနန်းနွယ် ဖြစ်၍ အတွင်းရန်သူ ၅ ယောက်ကို ပျောက်ငြိမ်းနှင်းနယ် ပယ်ကျွပ်ခြင်းငှာမတတ်နိုင်သော ပြည်စည်းစိမ်၌ အနှစ် ၂၀ တို့ပတ်လုံး စိုးစံမိချေ၍ အတွင်းရန်သူ ကလူနှိပ်နင်း အတင်းငါ့ကို ဆောင်ယူသဖြင့် လွတ်ခွင့် မရသာအောင် များစွာနှစ်ပေါင်း ၈သောင်းတိုင်တိုင် သည်းမခံနိုင်အောင် ငရဲ၌ ဆင်းရဲဝေဒနာ ပြင်းစွာ ခံရကြောင်းကို မြင်လျှင် ယခုပင် ခံရဆဲဖြစ်သကဲ့သို့ ထိတ်လန့်ခြင်းပြင်းစွာ ငါဖြစ်၍ နှစ်လိုဖွယ်ကာမဂုဏ် စုံညီလှပေသော ပြည်စည်းစိမ် စမြိန်စာထုပ်ကို အပုပ်အစပ်မတန် ညှီနံ့ရှုရှာခြင်း သံဝေဂရသည်နှင့် လွတ်ခွင့်ကို ကြံသော် မယ်တော်ခမည်းတော်တို့အချစ်ကို မနှစ်လိုအောင်ပြုမှ အမှုလိုရာရောက်တော့မည်ဟု ၃ ပါးသောအကြံမြတ်ကို နတ်ကောင်းမ၍ ကြံရမိသည်တွင် ဂုဏ်အင်အစွမ်းကို လျှို့ဝှက်ဖြတ်ဆုတ်လျက် သူယုတ်မာအလား စကားပြောခြင်း မရှိဘဲပင်၊ မိခင်ဖခင်တို့ မပစ်မစွန့်လိုသောကြောင့် ၁၆ နှစ် ကျော်အောင် အဓိဋ္ဌာန်မပျက် ငါနေရသည်။

"စကားပြောမည်ဟူသော် အဘယ်သူ ငါ့ကို စွန့်ပစ်နိုင်အံ့နည်း။ အသည်းနှလုံးထဲ တစ္စဲတစိတ်နှင့် သာလည်း ငါ မင်းမပြုလိုသည်မဟုတ်။ 'အဆိုးလုပ်မှ အယုတ်ဖြစ်မည်၊ အကောင်းကျင့်က အမြင့်ဖြစ်မည်ကိုလည်း ငါ သိ၏။ နှိုင်းညှိတွေးဆသော်လည်း ရှေ့ကထက်တော်မည့် အခါမသက် မျက်မှောက်ထင်ထင်ပင်လည်း ခမည်းတော်ရင်ခွင်မှာ ငါနေခိုက် ဒုစရိုက်အလျောက် ၄ ယောက်သော ခိုးသူတို့ကို အစိုးတရ ငါ့ခမည်းတော် မင်းကြီးသည် အသီးအသီးရာဇ၀တ်ဒဏ် ခံစေရိုး ထုံးစံအတိုင်း ရိုင်းပျကြမ်းကြုတ်စွာ ထောင်နှောင်အိမ်မှာ သံခြေကျဉ်းနှင့် နေစေ၊ လှံထိုး၍ ဆားပက်ခံစေ၊ တံကျင်လျှိုခံစေ၊ ဒဏ် ၁၀၀၀ အခတ်ခံစေဟု ဦးရေကြွလုအောင် အမှုမဟုတ်ဘဲ ကြောက်မက်ဖွယ် မကြားဝံ့မနာသာကို ငါ အတပ်ကြားမြင်ရသည်ဖြစ်၍ အပြစ်ကြီးစွာ မြင်သောကြောင့် တောင့်တတိုင်းသော အကျိုးမပြည့်မီ ကာလပတ်လုံး နားမပင်းသော်လည်း ပင်းသကဲ့သို့၊ မဆွံ့မအသော်လည်း ဆွံ့အသကဲ့သို့ပြုသဖြင့် လူခပ်သိမ်းတို့ မပြုစုလို၍ ကိုယ့်အလိုလိုပင် ကျင်ကြီးကျင်ငယ်ဖြင့် ပြွမ်းလျက် အသက်ဆုံးရသော်လည်း နှလုံးသွင်းမြတ်သောငါသည် နတ်ပြည်လူ့ရွာ ချမ်းသာဧကန် နိဗ္ဗာန်သုခကို မရရှိမည် မဟုတ်။ ကြမ်းကြုတ်သော အမှုကိုဆောင်၍ နောင်သံသရာ အခါအမြဲ ငရဲမီးလျှံဖြင့် ပြွမ်းရ လတ္တံ့သောထက် မြတ်လှသေး၏ဟူသော အယူတစ်ချောင်းတည်းဖြင့် ကောင်းစွာ အင်္ဂါ ၃ ရပ်ကို အကြပ် ဆောက်တည်လျက် တစ်ရက်မကင်း ကြီးကြီးငယ်ငယ် အလိုစမ်းကြသမျှ ဒုက္ခအပေါင်းကို သည်းခံနိုင်သော အစွမ်းဖြင့် ချမ်းသာလိုရာ ယခုရောက်တော့သည်"ဟု ဆိုတော်မူပြီးလျှင်၊ ရွှင်ခြင်းမကန့်ရှင်ပျသော ပီတိအဟုန်ဖြင့် ပညာရှိဂုဏ်အစွမ်းနှင့်တကွ 'ဝဋ်ဒုက္ခ'ကို ပြတော်မူလို၍–

'ကသိရဉ္စ ပရိတ္တဉ္စ၊ ဒုက္ခေန ပဋိသံယုတံ။

ကော မံ ဇီဝိတမာဂမ္မ၊ ဝေရံ ကယိရာထ ကေနစိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ပညာယ စ အလာဘေန၊ ဓမ္မဿ စ အဒဿနာ။

ကော မံ ဓီဝိတမာဂမ္မ၊ ဝေရံ ကယိရာထ ကေနစိ။ ။'ဟူသော ၂ဂါထာတို့ဖြင့် ကြုံးပတော်မူ၍ 'အပိအတ္ထုရမာနာနံ'အစရှိသော ရှေးဥဒါန်း ၂ဂါထာတို့ဖြင့်လျှင် ဥဒါန်း^ကျူးတော်မူပြန်၏။ အနက်ကား-

သာရထိ၊ ရထားမှူး။ ကာယိရတ္ထ၊ ဆင်းရဲစွာဖြစ်လျက် အသက်အရှည်အကြာ ရှင်ရ၏။ ပရိတ္တိဒ္ဓ၊ ချမ်းသာစွာဖြစ်လျက်လည်း အသက်တိုရ၏။ ဒုက္ခေန၊ ဖျားနာခြင်း, အရွယ်ပျက်ခြင်း စသော ဝဋ်ဆင်းရဲနှင့်။ ပဋိသံယုတံ၊ ယှဥ်၏။ ဣမံ ဤဒိသံ၊ ဤသို့သဘောရှိသော။ ဓီဝိတံ၊ အသက်ကို။ အာဂမ္မ၊ စွဲ၍ ။ကော၊ အဘယ်ပညာရှိသည်။ ကေနစိ၊ တစ်စုံတစ်ခုသော အသက်မွေးမှုအကြောင်းဖြင့်။ ဝေရံ၊ သူ့အသက်သတ်ခြင်း အစရှိသော အတွင်းရန်သူ ၅ပါးကို။ ကယိရာထ၊ ပြုရာကောင်းအံ့နည်း။ .

သာရထိ၊ ရထားမှူး။ ပညာယစ၊ ဖြစ်လျှင် ပျက်မြဲ ဆင်းရဲအတိ မိမိကိုယ်မဟုတ် ဟူသော အသိပညာကိုလည်း။ အလာဘေန၊ မရသဖြင့်။ ဓမ္မဿ၊ ဆင်းရဲခြင်း၏အကြောင်း, ငြိမ်းခြင်း၏အကြောင်းဖြစ်သော တရားကိုလည်း။ အဒဿနာ၊ တစ်ပြိုင်နက်မျက်မှောက်ပြု၍ သိတတ်သောဉာဏ်ဖြင့် မမြင်ရဘဲ။ ကော၊ အဘယ်သူသည်။ ဣမံ ဤဒိသံ၊ ဤသို့သဘောရှိသော။ ဓီဝိတံ၊ အသက်ကို။ အာဂမ္မ၊ စွဲ၍။ ကေနစိ၊ တစ်စုံတစ်ခုသော အသက်မွေးမှုကြောင့်။ ဝေရံ၊ အတွင်းရန်သူဖြစ်သော ဒုစရိုက်ကို။ ကယိရာထ၊ ပြုလေကောင်းအံ့နည်း။ အဓိပ္ပာယ်ကား-

"သုနန္ဒာ ရထားမှူး။ ငါသည် ထိုထိုသို့သော အပါယ်ဘေးကို မြင်၍သာလျှင် ငါ စကားမဆိုနေသည် မဟုတ်။ ဝဋ်ဆင်းရဲဘေးကိုမြင်သဖြင့်လည်း ငါ စကားမဆို နေ၏။ ဝဋ်ဆင်းရဲ၌ ကျင်လည်ရသမျှသော သတ္တဝါတို့၏ဖြစ်ခြင်းကား အဖျားအနာ အစရှိသည့် အန္တရာယ်ဥပဒ် မပြတ်နှိပ်စက်သောအားဖြင့် ငြိုငြင်ခြင်း၊ အသုံးအဆောင် စည်းစိမ်ဥစ္စာအစရှိသည် ခေါင်းပါးသောအားဖြင့် ငြိုငြင်ခြင်း၊ ထိုထိုသို့သော ငြိုငြင်ခြင်းတို့ကြောင့် မြန်စွာ မိမိသေလို၏ ဟူလိုသော်လည်း မသေရ၊ ငြိုငြင်ဆင်းရဲလျက်ပင် ကြည်းတွားတွား အသက်ရှင်ရ၏။ အနာ,အဖျား,ဥပဒ်,အန္တရာယ် မရှိသည်ဖြစ်၍ ချမ်းသာခြင်း၊ အသုံးအဆောင် စည်းစိမ်ဥစ္စာအစရှိသည် ပြည့်စုံကြွယ်ဝသည်ဖြစ်၍ ချမ်းသာခြင်း စသော ထိုထိုသို့သောချမ်းသာခြင်းတို့ကြောင့် မရေမတွက်နိုင်အောင် ဤကိုယ်အတိုင်း အသက်ရှင်လို၏ ဟူသော်လည်း မရှင်ရ။ အသက်၏တိုခြင်း, စည်းစိမ်၏ တိုခြင်း ဖြစ်ပြန်ရခြင်းတို့ကြောင့် မိမိအလိုရှိရာသို့ တစ်ခုမျှမလိုက်။ မကြိုက်မနှစ်သက်ဖွယ်သာ မလိုရာဆင်းရဲနှင့် ယှဥ်တတ်သော ဤအသက်ကို အဘယ်ပညာရှိသည် ငါ့ကိုယ်ဟုမှတ်၍ အလေးအမြတ်ပြုလျက် အသက် ရှင်လိုခြင်းကို အကြောင်းအစွဲပြုသဖြင့် သူ့ကို သတ်ပုတ်ညှဥ်းဆဲခြင်း, ခိုးယူလုယက်ခြင်း, မဟုတ်မမှန် ပြောဆိုခြင်း အစရှိသော အပါယ်လားကြောင်း မကောင်းသောရန်သူ ဒုစရိုက်ကို အဆွေခင်ပွန်း ဖွဲ့ဝံ့ပါအံ့နည်း။

"ရထားမှူး သုနန္ဒာ။ ထိုသို့သော အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့ကို မြင်ရတွေ့ရသည်ဖြစ်လျက်လည်း သုခကိုရသောအခါ ချမ်းသာကိုမှီ၍ မိုက်ခြင်း, မက်မောခြင်းတို့ဖြင့် ခြံရံအပ်သောကြောင့်, 'ငါ့ကိုယ် မဆင်းရဲနိုင်ပြီ။ ဤချမ်းသာ၌ မြဲ၏'ဟူသောနှလုံး၏ဖောက်ပြန်ခြင်းရှိသဖြင့် 'မမြဲ ဆင်းရဲ၏။ ကိုယ် မဟုတ်'ဟူသော အဖြောင့်အမှန်ကို အဖန်ဖန် နှလုံးနူးတတ်သော ဉာဏ်ထူးဝိပဿနာကို ငါတို့ မရနိုင်သည်ဖြစ်၍ ဤမျှလောက်သော ကာလပတ်လုံး သစ္စာ ၄ ပါးကို မျက်မှောက်မပြုရဘဲ တဝဲလည်လည်သာလျှင် ခန္ဓာ၏ဆုံးရာငြိမ်းရာသို့ မရောက်နိုင်ဖြစ် တုံသေး၏။ 'ပါဏာတိပါတ' အစရှိသော အတွင်းရန်သူကို ဆူဖြိုးစေကြောင်း မကောင်းမှုဒုစရိုက် တို့ကို ပြုမိပြန်ချေသော်ကား ဤသို့သော အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့မှ အဘယ်အခါလျှင် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်မြောက်နိုင်တော့အံ့နည်း။ မကောင်းမှုကိုပြုခြင်းငှာ မဝံ့သည်ဖြစ်၍ သံသရာမှ လျင်မြန်စွာ ထွက်မြောက်စေခြင်းငှာ ၁၆ နှစ်ကာလပတ်လုံး လုံ့လပြုအပ်သောငါသည် လုံ့လ၏အစွမ်းဖြင့် ယခုအလိုရှိတိုင်း အပြီးရောက်တော့မည်ကား မချွတ်ရာ။ နှလုံးမွေ့လျော်ရာဖြစ်သော ဤတောအရပ်သို့ ယခုထွက်မြောက်ပြီးသော ငါ့အား ရာဟုခံတွင်းမှ ထွက်မြောက်ပြီးသော လပြည့်ဝန်းကဲ့သို့ အငြိအစွန်း ဘေးရန်မကပ်မတွယ် စင်ကြယ်ခြင်းသို့ ရောက်လေပြီ။ တစ်ယောက်ထီးတည်း ရဟန်းပြု၍ နေလေအံ့။ အပါယ်ဆင်းရဲ, ဝဋ်ဆင်းရဲတို့ကို ဘေးဟုမထင် အလွန်ပင်အရဲကြူးပေသော သင်တို့ကဲ့သို့၊ ဘေးဟုသိလျက် ငါ မရဲဝံ့ပြီ"ဟု ဆိုတော်မူလေ၏ ဟူလိုသည်။

ထိုသို့သော ဘုရားလောင်း၏ တရားစကားနှင့်တကွ ဥဒါန်းစကားအလုံးစုံကို ကြားလျှင် ရထားမှူး သုနန္ဒာသည် ဤသို့ အကြံဖြစ်၏။

'ဤအရှင်သားတော်ကား အမျိုးအားဖြင့်လည်း အမျိုး ၃ ပါးတို့၏ ဦးစွန်း ဖြစ်တော်မူ၏။ စည်းစိမ်အားဖြင့်လည်း သူခပ်သိမ်းတို့၏သခင် ဖြစ်တော်မူ၏။ အရွယ်တော်အားဖြင့်လည်း နံနက်အခါတက်သစ်စသော နေလုလင်ကဲ့သို့ ရွှင်မြူးပျော်ပါး အားကိုးချိန်အရွယ် ရန်စွယ်ရန်မြိတ်ကို ဆိတ်ချိုးလိုတုန်း ဘုန်းကျက်သရေ ယူချိန်လည်း ဖြစ်တော်မူ၏။ အဆင်းသဏ္ဌာန်, အသံတော်စကားတော် စသော ဂုဏ်အားဖြင့်လည်း တစ်စုံတစ်ယောက်သော လူမင်းနှင့်မတူ သိကြားမင်းဟူ၍ မှတ်လောက်သော ကိုယ်တော်၏ ကြည်ညိုဖွယ်ကိုလည်း ဆောင်တော်မူ၏။ ထိုသို့သော ကိုယ်တော်စင်ဖြစ်လျက် နတ်စည်းစိမ်နှင့်တူသော ပြည်ကြီးစည်းစိမ်ကျက်သရေကို မြွေကောင်, ခွေးကောင် မတန်ပုပ်နံသော နှလုံးဖြင့် အသုံးမပြုစွန့်ပစ်လျက် မပျက်သောအဓိဋ္ဌာန်ကိုအားထုတ်၍ ရဟန်းပြုအံ့သောငှာ တောသို့ ဝင်နိုင်တုံသေး၏။ သူ့အခြွေအရံမှုသာဖြစ်၍ စိတ်ပိုင်ကိုယ်စိုးမရှိ၊ သတိမြဲမြံမှု ဒဏ်လွတ်ရုံမျှရှိလျက် အသက်မွေးငြိုငြင်လှစွာသော ငါသည် သူ့ကျွန်ခံ၍ အဘယ်အကျိုး ရှိတော့အံ့နည်း။ ဤအရှင်သားနှင့် အတူပင်လျှင် ရဟန်းပြုလျက် တော၌ နေတော့မည်'ဟု အကြံဖြစ်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်းပန်လို၍–

'အဟံပိ ပဗ္ဗဇိဿာမိ၊ ရာဇပုတ္တ တဝန္တိကေ။

အဝှာယဿု မံ ဘဒ္ဒန္တေ၊ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ။ ။'ဟူသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"တိုင်းကြီးသခင်ဖြစ်တော်မူသော အရှင့်သားတော်ဘုရား။ အရှင့်ခမည်းတော် မယ်တော်တို့သည် ကိုယ်တော်၏တင့်တယ်ခြင်းကျက်သရေကို မမြင်ကြရပါလေသောကြောင့် ဖူးမြင်စေလိုသော နှလုံးသွင်းရှိ၍သာ နေပြည်တော်သို့ ပြန်ပါမည့်အကြောင်းကို အထူးထူးအပြားပြား ကြံစည်သင့်တင့်အောင် အကျွန်ုပ် တောင်းပန်လျှောက်ထားပါသော်လည်း ပြည်ကြီးစည်းစိမ်ကို ညွတ်ကွင်းကြိုး, ခမည်းတော်နှင့်*မယ်တော်တို့ကို တောမုဆိုး, အကျွန်ုပ်တို့ကို တိန်ညင်မျိုး[အ], အဆိုးတစေ ထင်တော်မူ၍ ဤတောအရပ်၌ ရဟန်းပြုတော်မူမည်ဖြစ်လျှင် အကျွန်ုပ်တစ်ယောက်တည်း' ပြည်သို့ မပြန်လိုပြီ။ ကိုယ်တော်ထံ၌ ရဟန်းပြု၍ အတူတကွ နေလိုပါသည်။ အကျွန်ုပ်အား သနားခြင်းကို ရှေးရှုတော်မူသဖြင့် 'သင်လည်း ငါ့ထံ၌ ရဟန်းပြု၍နေရမည်'ဟူသော အမိန့်တော်မြွက်ကို ဦးထိပ်တင်ရွက်လိုပါသည်"ဟု လျှောက်၏ ဟူလိုသည်။

ထို့သို့ ရထားမှူးသုနန္ဒာ လျှောက်တောင်းပန်လတ်သော် ဘုရားလောင်းသည် ဤသို့ ကြံတော်မူ၏။ 'ငါ အကယ်၍ ယခုသာ သုနန္ဒာကို ရဟန်းပြုစေလျှင် ငါ့မယ်တော်,ခမည်းတော်တို့သည် အကြောင်းကို ပြန်ကြားသူမရှိသဖြင့် ဤအရပ်သို့ မလာကြရာ။ ဤအရပ်သို့မလာသော် မယ်တော်,ခမည်းတော်တို့အား စီးပွားယုတ်ခဲ့ရာ၏။ ဤ မြင်းရထား, ဤငါဝတ်ဆင်အပ်သော အဝတ်တန်ဆာတို့သည်လည်း အကျိုးမဲ့ ပျက်စီးလေရာ၏။ သူခပ်သိမ်းတို့လည်း 'တေမိမင်းကို ရထားမှူး ထုတ်ဆောင်လေသည်မှာ သုသာန်တွင်လည်း

www.burmeseclassic.com



ကွပ်ရာမျက်ရာမရှိ, သတင်းလည်း မကြား, ရထားမှူးလည်း မပြန်လာ, ၂ ယောက်စလုံးကိုပင် ဘီလူးစားလေသလော၊ ရန်သူဖမ်းလေသလော။ အကြောင်းအသို့ ဖြစ်ပါလိမ့်နည်း’ဟု မိခင်ဖခင် ချစ်ကျွမ်းဝင်သူမှစ၍ ပြည်သူပြည်သား အထွေထွေအကြံများလျက် ‘စိုးရိမ်ကြောင့်ကြရှိအောင် မင်းသား ပြုလေသည်။ မြတ်သောတရားကို မြော်မြင်သည်ကား ဆို၏။ မျက်မှောက်၌ ရောက်အံ့သော မိမိအပြစ်ကိုမျှ မမြင်ပါလေ’ဟု ငါ၌ နောက်နောင် ကဲ့ရဲ့ဖွယ်လည်း ဖြစ်၏။ ထို့ကြောင့် ရထားမှူးကို နေပြည်တော်သို့ ပြန်အောင်ကြံ၍ ငါ တိုက်တွန်းအံ့’ဟု ကြံတော်မူပြီးလျှင်–

‘ရထံ နိယျာ ,တယိတွာန၊ အဏဏော ဧဟိ သာရထိ။

အဏဏဿ ဟိ ပဗ္ဗဇ္ဇာ၊ ဧတံ ဣသီဟိ ဝဏ္ဏိတံ။ ။’ဟူသောဂါထာဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

“ရထားမှူး သုနန္ဒာ။ ‘ရဟန်းပြုတော်မူပါ’ ဟူ၍ သင်တောင်းပန်သည်မှာ သံသရာဝဋ် ကျွတ်လွတ်ကြောင်း အလိုရှိသော သင့်အား အလွန်ပင် ငါ ရဟန်းပြုထိုက်လှပေသည်။ သို့ရာတွင် ယခု သင့်ကို ရဟန်း မပြုသာသေး။ သင်သည် သက်သက်သောသူ မဟုတ်။ အခွင့်နှင့် စေခန့်၍လာရသော မင်းခယောက်ျား ဖြစ်ပေသည်။ အကယ်၍ သင် ရဟန်းပြုလျှင် မင်းဘဏ္ဍာဖြစ်သော ဤမြင်းရထား, ငါ၏ဝတ်လဲတန်ဆာ အပေါင်းသည် သင်၌ ‘မြီ’ဖြစ်ခဲ့ရာ၏။ မြီတင်သောသူကို ရဟန်းပြုခြင်း၌ ဘုရားအစရှိသော ရသေ့ရဟန်း သူတော်သူမြတ်တို့ ချီးမွမ်းလေ့ မရှိချေ။ ထို့ကြောင့် ဤအလုံးစုံသော မင်းဘဏ္ဍာတို့ကို ပြည်သို့ပြန်၍ မင်းကြီးထံ ဆက်အပ်ချေပြီးမှ သင့်ကိုယ်ကို မြီမရှိအောင်ပြု၍ ငါ့ထံ လာခဲ့။ မြီမတင်သောသူကို ရဟန်းပြုခြင်း၌သာလျှင် ဘုရားအစရှိသော ရသေ့ရဟန်း သူတော်သူမြတ်တို့ ချီးမွမ်းခြင်းဖြစ်ချေသည်”ဟု ဆိုတော်မူ၏။

ဘုရားလောင်းစကားကိုကြားလျှင် ရထားမှူးသုနန္ဒာသည် ဤသို့ ကြံ၏။ ‘ယခု အရှင့်သားအမိန့်တော်သည် အလွန်သင့်ပေ၏။ ထိုသို့တမူကား ပညာကြီးသူတို့စကားကို ပညာငယ်သူ, သတိမဲ့သူ လိုက်လွယ်ရမည်ကား အလွန်ခဲယဉ်းသည်။ မည်သို့ အကြံနှင့် အမိန့်ရှိလေသည်ကိုမျှလည်း မသိရသေး။ အကယ်၍ ငါ ပြည်သို့ ပြန်သွားခိုက် အရပ်တစ်ပါးသို့ အရှင့်သားသွားနှင့်ခဲ့သော် မယ်တော် ခမည်းတော်တို့သည် ငါ့စကားဖြင့် သားကိုဖူးမြင်လိုသည်’ဟု ငါ့ကို ‘လိုက်၍ ပြချေ’ဆိုလျှင် ငါ မနေသာသဖြင့် ရှေ့ဆောင်ပြု၍ ဤအရပ်သို့ လာရသောအခါ အရှင့်သားကို မတွေ့ခဲ့သော် မင်းမာန်အပြင်းထွက်၍ ငါ့အား ကြီးစွာသောအပြစ်ဒဏ်ကို ပြုရာ၏။ ထို့ကြောင့် ချည်တိုင်စကားရမှ ငါ ပစ်၍သွားဝံ့မည်။ ပဋိညာဉ်ကို ရအောင် ငါ တောင်းဦးအံ့’ဟု ကြံပြီးလျှင်၊ ‘ယဒေဝတျာဟံ ဝစနံ’အစရှိသော ဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား –

“အရှင့်သားတော်ဘုရား။ ဘုန်းပညာတော်ဖြင့် သတ္တဝါတို့၏ချမ်းသာကို ဆောင်တော်မူလိုသော ကိုယ်တော်သည် ဘုန်းပညာနည်းလှစွာသော အကျွန်ုပ်အား အစဉ်သနားသဖြင့် အကျိုးစီးပွားနှင့် စပ်သောစကားကို ဆိုတော်မူ၏။ ကိုယ်တော် အမိန့်တော်အတိုင်း ဦးထိပ်ရွက်၍ အကျွန်ုပ် ပြည်သို့ပြန်ပါလေဦးမည်။ အကျွန်ုပ် လျှောက်ခွင့်စကားကိုလည်း သနားသဖြင့် အလေးပြုတော်မူပါ။ လျှောက်တင်လိုသည်မှာ အကျွန်ုပ် ပြည်သို့ပြန်၍ မယ်တော်ခမည်းတော်တို့ထံ အကြောင်းအရာအလုံးစုံကို ပြန်ကြားလျှောက်ထားလျက် သား,မိဘ အစုံအညီ နှစ်သက်ဝမ်းသာ ဖူးမြင်ပြောဆိုရအောင် သွေးဆောင်တိုက်တွန်းခြင်းနှင့်တကွ မယ်တော် ခမည်းတော်တို့ကိုချီးပင့်၍ မမြင့်မကြာခင် ဤအရပ်သို့ အကျွန်ုပ်ပါအရောက်လာပါမည်။ ‘မရောက်မီကာလပတ်လုံး ဤအရပ်မှ တစ်ပါး အရပ်သို့ ငါ မလွှဲမပြောင်းနေမည်’ဟူသော ကိုယ်တော်၏ပဋိညာဉ်ကို အကျွန်ုပ် နှလုံးပိုက်လိုလှပါသည်”ဟု လျှောက်၏ ဟူလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားမှူးစကားကို ကြားလျှင် ဘုရားလောင်းသည် ပဋိညာဉ်ကို ပေးလို၍–

'ကရောမိ တေ တံ ဝစနံ ၊ ယံ မံ ဘဏသိ သာရထိ။
အဟံပိ ဒဋ္ဌု ကာမော သ္မိ၊ ပိတရံ မေ ဣဓာဂတံ။ ။
'ဧဟိ သမ္မ နိဝတ္တဿု၊ ကုသလံ ဝဇ္ဇာသိ ဉာတိနံ။
မာတရံ ပိတရံ မယှံ၊ ဝုတ္တော ဝဇ္ဇာသိ ဝန္ဒနံ။ ။'ဟူသော ၂ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ရထားမှူး သုနန္ဒ။ သင်သည် ဥစ္စာကိုအလိုရှိသောသူတို့အား မဟာသမုဒ္ဒရာ ရေထဲ၌ရှိသော ရတနာမျက် ၉ ပါး[၃၅]ကို လက်ခုပ်ဖြင့် ကျုံး၍ပေးသကဲ့သို့၊ ငါ့အလိုနှင့် သင့်အကြံကား အလွန်ပင်ညီလျော်ကြ၏။ ငါလည်း မယ်တော်ခမည်းတော်တို့ကို ဖူးမြင်လိုသော နှလုံးနှင့်ပင် 'ဤအရပ်သို့ ငါ့မယ်တော်ခမည်းတော်တို့ကို ဘယ်သူ ဆောင်ပါမည်နည်း'ဟု တောင့်တလျက်ရှိသည်။ ထိုသို့ဖြစ်၍ သင်လျှောက်ထားတိုင်း ဤအရပ်တွင်ပင် ငါ နေနှင့်မည်။

"သင်လည်း ကြောင့်ကြမဲ့သာ သွားလေ။ ပြည်တော်သို့ရောက်လျှင်သာ ကျန်းမာကြောင်း စသော ငါ၏ သတင်းစကားကိုလည်း ကြားလေ။ ခမည်းတော်မယ်တော်တို့အား ထိပ်ထက်လက်စုံချီ၍ ငါရှိခိုးကြောင်း ကိုလည်း လျှောက်ထားလေ။ ခမည်းတော်,မယ်တော်, ဆွေတော်မျိုးတော်တို့အားလည်း ၁၆ နှစ်ကျော် ကာလပတ်လုံး ငါ့ကြောင့် ကိုယ်,စိတ်မရွှင်မလန်း မချမ်းမကြည် ရှိကြရလေသည်များကို ငါ ကန်တော့ပူဇော် ပြုလိုက်ကြောင်းကိုလည်း လျှောက်ထားလေ။ အလုံးစုံ ပြောဆိုခွင့်ရှိသမျှကို လျင်စွာ ပြီးအောင်ပြောဆို၍ 'မယ်တော်ခမည်းတော်, ဆွေတော်မျိုးတော်တို့ကို ရှိခိုးဖူးမြင်လိုပါသည်' ငါမှာလိုက်ကြောင်း စကားနှင့် ကောင်းစွာချီးပင့်လျက် ဤအရပ်သို့ သင်ပြန်ခဲ့"ဟု ရပ်တော်မူလျက်ပင် ရွှေငှက်ပျောပင်ယိမ်းသကဲ့သို့ မယ်တော်ခမည်းတော်တို့ရှိရာ ဗာရာဏသီပြည်သို့ ရှေးရှုမျှော်လှည့်ကာ ယိမ်းညွတ်တော်မူ၍၊ မယ်တော်ခမည်းတော်တို့ကို အာရုံပြုသောအားဖြင့် ခြေတော်အစုံထိခြင်း, ပုဆစ် ဒူးတော် အစုံထိခြင်း, လက်တော်အစုံ ထိပူးခြင်း, တံတောင်ဆစ်တော်အစုံ ထိပူးခြင်း, လက်အုပ်ကြာငုံနှင့် နဖူးတော်ထိခြင်း ဤ ၅ ပါးသောထိခြင်းဖြင့် ရှိခိုးလျက် အလုံးစုံ သတင်းစကားမှာထား၍ ရထားမှူးကို လွှတ်တော်မူလိုက်လေ၏။

## ၁၇။ ရထားထိန်း ပြန်စန်း

ရထားမှူးသုနန္ဒသည်လည်း ဘုရားလောင်း၏စကားကို "ကောင်းပါပြီ။ စိုးရိမ်တော်မမူပါလင့်"ဟု ဝန်ခံ၍ ဘုရားလောင်း၏ခြေဖမိုးတော်အစုံကို ဖက်လျက် ဦးအကြိမ်ကြိမ်ချကာ ရှိခိုးပြီးမှ လက်ယာရစ်လှည့်ပြီးသော် မြင်းရထားကိုပြင်ဆင်၍ ဗာရာဏသီပြည်သို့ ရှေးရှုနှင်လေ၏။

စန္ဒာဒေဝီမိဖုရားကြီးသည်လည်း သားတော်ကို ထုတ်လေသည်မှစ၍ 'သုနန္ဒပြန်လာလျှင် စကားအဘယ်သို့ကြားရပြန်မည်လည်း မသိ'ဟု သားကို ချစ်ခြင်းဖြင့် ပြင်းစွာပူပန်သောနှလုံး ရှိသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာမနေနိုင်သဖြင့် မျက်နှာညှိုးငယ် သနားဖွယ်သောအမူအရာရှိလျက် အရှေ့မုခ် နန်းတော်ပြတင်း၌ ရထားမှူးလာလမ်းကို မျှော်လင့်ကာနေ၏။

ရထားမှူးသုနန္ဒာသည်လည်း ခရီးအစဉ်အတိုင်း လာလတ်၍ အရှေ့နန်းတော် တံခါးဝသို့ ရထားဆိုက်လေ၏။

ထိုအခါ စန္ဒာဒေဝီမိဖုရားကြီးသည် တစ်ယောက်တည်းလာလတ်သော ရထားမှူးကိုမြင်လျှင် ရင်ကို လက်စုံရိုက်တီး၍ ရှိုက်ကြီးငိုကြီး ယိုစီးမျက်ရည် ဆောက်တည်မရ ပူပန်လှသောနှလုံးဖြင့် ရထားမှူးကို သနားဖွယ်ငိုကြွေး၍၊ မယ်တော်မေးဟန်ကို ထင်ရှားစွာပြတော်မူလိုသော ဘုရားသည်–

'သုညံ မာတာ ရထံ ဒိသွာ၊ဧကံ သာရထိ မာဂတံ။
အဿု ပုဏ္ဏေဟိ နေတ္တေဟိ၊ ရောဒန္တီ နံ ဥဒိက္ခတိ။ ။
'အယံ သော သာရထိ ဧတိ၊ နိဟန္တာမမ အတြဇံ။
နိဟတော နူန မေ ပုတ္တော၊ ပထဗျာ ဘူမိဝဍ္ဎနော။ ။
'အမိတ္တာ နူန နန္ဒန္တိ၊ ပတိတာ နူန ဝေရိနော။
အာဂတံ သာရထိံ ဒိသွာ၊ နိဟန္တာ မမ အတြဇံ။ ။
'သုညံ မာတာ ရထံ ဒိသွာ၊ ဧကံ သာရထိ မာဂတံ။
အဿုပုဏ္ဏေဟိ နေတ္တေဟိ၊ ရောဒန္တီ နံ ပရိပုစ္ဆိ။ ။
'ကိန္နု မူဂေါ ကိန္နု ပက္ခော၊ ကိန္နု သော ဝိလပီ တဒါ။
နိဟညမာနော ဘူမိယံ၊တံ မေ အက္ခာဟိ သာရထိ။ ။
'ကထံ ဟတ္ထေဟိ ပါဒေဟိ၊ မူဂပက္ခော ဝိဝဇ္ဇယိ။
နိဟညမာနော ဘူမိယံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။'ဟူသော ၆ ဂါထာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား–

"ငါ၏ တပည့်သားတော် အပေါင်းတို့။ ငါ တေမိမင်းဖြစ်တော်မူသောအခါ တော၌ တေမိမင်းကိုထားခဲ့၍ ရထားမှူးသုနန္ဒာ ပြည်သို့ဝင်လျက် နန်းရင်ပြင်အရှေ့တံခါး၌ ရထားဆိုက်လျှင် မျှော်လင့်ကာနေသော တေမိမင်း မယ်တော်သည် ရထားရှင် ဆိတ်လေသုဉ်းလေပြီးသော ရထားနှင့် သုနန္ဒာကိုမြင်လျှင် အလွန်ပင်ပန်းသောနှလုံး ရှိသည်ဖြစ်၍ ရင်ကိုလက်စုံတီးကာ ယိုစီးသောမျက်ရည်ဖြင့် ငိုကြွေးလျက် ဤသို့မြည်တမ်း မေးမြန်း၏။

"အမောင်ရထားမှူး။ ယခုရထားချည်းသာ ပြန်လာခဲ့ပြီ။ မချွတ်လျှင် ငါ၏ရင်သွေးကို မြှုပ်သတ်ခဲ့ယောင် တကား။

"ငါ့သားရတနာသည် မဟာပထဝီ၏ အစီးအပွားဖြစ်လေပြီတကား။ ငါ့သား၏ပျက်စီးခြင်းကို မချစ်မနှစ်လိုသော ရန်သူတို့သာ ဝမ်းမြောက်ဝမ်းသာ ရှိနိုင်လေတော့မည် တကား။ ဤရထားမှူး ငါ့သားကို သတ်၍ လာခဲ့ပြီ။ မိခင်အသက် အသို့ ရှင်နိုင်ပါအံ့နည်း။

"အချင်းရထားမှူး သုနန္ဒာ။ စင်စစ် ငါ့သား နားပင်း,ဆွံ့အ မှန်လေသလော။ တွင်း၌ မြှုပ်သတ်အံ့ဟု သင် ပြင်ဆင်ညှဉ်းဆဲသောအခါ ငါ့သား ညည်းညူသောအသံကိုမျှ မပြုပါလော။

"ရထားမှူး သုနန္ဒာ။ ငါ့အား ဟုတ်တိုင်း သင်ကြားပါလော့။ ငါ့သား၏ခြေ,လက်ကို တွင်း၌ချသောအခါ အသို့ ချလေသနည်း။ စိုးစဉ်းမျှ ငါ့သား ခြေ,လက် လှုပ်ရှားခြင်းကို မပြုပါသလော။ ငါ့ကို မြန်မြန်သေအောင်



www.burmeseclassic.com

www.burmeseclassic.com



သင်ရထားမှူး မပြုပါလင့်။ ငါမေးသည်ကို ဟုတ်မှန်တိုင်း ပြောပါလော့"ဟု ငိုကြွေးမြည်တမ်းလျက် သနားဖွယ်မေးရာ၏ ဟူလိုသည်။

ထိုသို့ မယ်တော်၏ပင်ပန်းခြင်းကို ရထားမှူးမြင်လျှင် နန်းတော်တံခါးပြင်၌ မြင်းရထားကိုထားခဲ့၍ နန်းတော်သို့တက်ပြီးလျှင် ဘုရားလောင်းမယ်တော်အား ရှိသေစွာရှိခိုးလျက် အခွင့်ကိုပန်လိုသောကြောင့်–

'အက္ခေယျံ တေ အဟံ အယျေ၊ ဒဇ္ဇာသိ အဘယံ မမ။

ယံ မေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ရာဇပုတ္တဿ သန္တိကေ။ ။'ဟူသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"ပြည်ကြီးသခင်ဖြစ်တော်မူသော အရှင်မ။ အကျွန်ုပ်အား သနားသဖြင့် ဘေးမဲ့ပေးတော်မူပါမှ မြင်ခဲ့တိုင်း, ကြားခဲ့တိုင်း သားတော်ဘုရား၏အကြောင်းကို အစေ့အစပ် အကျွန်ုပ် လျှောက်ထံ့ပါမည်"ဟု လျှောက်၏။

[ဤအရာ၌ သုနန္ဒာသည် မိဖုရားကြီးပင်ပန်းခြင်းကို သနားပါလျှင် မေးခြင်းခဏ သက်သာရာ ရလွယ်အောင် ချမ်းသာကြောင်းစကားကိုသာ ပြန်ကြားရမည်ဖြစ်လျက် ပင်ပန်းလှစွာသော သားမိခင်ကို သာ၍ ပူပန်အောင်ပြုသကဲ့သို့ အဘယ်ကြောင့် အခွင့်ငင်ကာ နေရသနည်းဟူမူ –

[လိမ္မာသော မင်းခစားဖြစ်၍ မင်းရေး၌ကျွမ်းကျင်သောကြောင့် ကိုယ်၌ အပြစ်ရောက်အံ့သည်ကိုမြင်၍ အလျင်တဆော မလျှောက်သတည်း။ အကယ်၍ အလျင်တဆော လျှောက်ငြားအံ့။ 'ဤသို့သော ငါ့သား ဘုန်းတန်းရှင်ကို သင် အဘယ်ကြောင့် ပစ်၍ထားခဲ့သနည်း။ သင် သူတော်ကောင်း မဟုတ်၊ သူယုတ်မာ စင်စစ်တကား'ဟု သား၏ချစ်ခြင်း,သနားခြင်းကို မှီ၍ဖြစ်သောဒေါသဖြင့် ကြီးစွာသောရာဇဝတ်ဒဏ် ပေးခဲ့ရာ၏။ ထို့ကြောင့် 'အရှင်မိဖုရားကြီးလည်း ဤမျှငိုကြွေးရုံမျှနှင့် သေနိုင်တော့မည် မဟုတ်ပြီ။ ငါလည်း အပြစ်လွတ်စေတော့'ဟု ကြံမိသောသုနန္ဒာသည် မလျှောက်မကြားဦးမူ၍ ရှေးဦးစွာ အခွင့်တောင်းလေသည် ဟု မှတ်အပ်၏။]

ထိုသို့ ရထားမှူးသုနန္ဒာ ဘေးမဲ့တောင်းလျှင် စန္ဒာဒေဝီမိဖုရားကြီးသည် ဘေးမဲ့ပေးလို၍–

'အဘယံ သမ္မ တေ ဒမ္မိ၊ အဘီတော ဘဏ သာရထိ။

ယံ တေ သုတံ ဝါ ဒိဋ္ဌံ ဝါ၊ ရာဇပုတ္တဿ သန္တိကေ။ ။' ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ရထားမှူး။ သင့်အား အခွင့်ကုန် မင်းကြီးအပ်လိုက်ပြီးသည်ကို ငါ အဘယ်သို့ အပြစ်ပြုပါအံ့နည်း။ သင့်အားဘေးမဲ့ပေး၏။ မကြောက်လင့်။ ငါ့သားထံ၌ မြင်ခဲ့,ကြားခဲ့,စီရင်ခဲ့တိုင်းသာ အချက်ကျကျလျှောက်လော့" ဟု ဆို၏။

ထိုအခါ ရထားမှူးသုနန္ဒာသည်–

'န သော မူဂေါ န သော ပက္ခော၊ ဝိဿဋ္ဌဝစနော စ သော။

ရဇ္ဇဿ ကိရ သော ဘီတော၊ အကရီ အာလယေ ဗဟူ။ ။

'ပုရိမံ သရတိ သော ဇာတိံ၊ ယတ္ထ ရဇ္ဇမကာရယိ။

ကာရယိတွာ တဟိံ ရဇ္ဇံ၊ ပါပတ္ထ နိရယံ ဘုသံ။ ။

'ဝီသတိဉ္စေဝ ဝဿာနိ၊ တဟိံ ရဇ္ဇမကာရယိ။

အသီတိဝဿသဟဿာနိ၊ နိရယမှိ အပစ္စသံ။ ။

'တဿ ရဇ္ဇဿ သော ဘီတော၊ မာ မံ ရဇ္ဇေ ဘိသေစယုံ။

တသ္မာ ပိတု စ မာတုစ၊ သန္တိကေ န ဘဏေ တဒါ။ ။



www.burmeseclassic.com

www.burmeseclassic.com



'အင်္ဂပစ္စင်္ဂသမ္ပန္နော၊ အာရောဟပရိဏာဟဝါ။
ဝိဿဋ္ဌဝစနော ပညော၊ မဂ္ဂေ သဂ္ဂဿ တိဋ္ဌတိ။ ။
'သစေ တွံ ဒဠှကာမောသိ၊ ရာဇပုတ္တ တဝ တြဇ၊
ဧဟိ တံ ပါပယိဿာမိ၊ ယတ္တ သမ္မတိ တေမိယော။ ။'ဟူသော ၆ ဂါထာတို့ဖြင့် ဘုရားလောင်း မင်း၏ မဆွံ့မအကြောင်း သာယာနာပျော်ဖွယ် သန့်ရှင်းပြေပြစ်သောစကားရှိကြောင်း၊ ဘုန်း,ပညာ အရောင်အဝါ အဆင်းကျက်သရေ ထွန်းပတောင့်တယ်ကြောင်း၊ မိမိတွင်းတူးရာ၌ တွင်းနားတွင်ရပ်၍ အမေးအဖြေ အချေအလဲ ပြောဆိုကြကြောင်း 'ရက္ခူပမာဂါထာ[၃၇၉]', မိတ္တပူဇာဂါထာ[၃၈၀]တို့ကို ဟောကြောင်း၊ ပြည်သို့ ပြန်ပါမည်ကို မိမိ အထူးထူးအပြားပြား တောင်းပန်သောအခါ ဇာတိဿရ[၃၈၁]ဉာဏ်ဖြင့် ရှေးအဖြစ်ကိုမြင်၍ ငရဲဘေးကို ကြောက်သဖြင့် စကားမပြောနေကြောင်း စကားအလုံးစုံကိုလည်းကောင်း, မှာထားလိုက်သမျှသော ဘုရားလောင်း၏ သတင်းစကားကို လည်းကောင်း အကုန်အစင် မခြွင်းမချန် ပြန်ကြားလျှောက်ထားလေ၏။

ထိုသို့ ရထားမှူး လျှောက်ထားလတ်သော် ဘုရားလောင်းမယ်တော်သည် မြစ်ရေအလျဉ်၌ တည်ရာမရ မျောလေသောသူအား ငှက်ဂဠုန် တောင်ဟုန်ပေးလျက်လာလတ်သော် ထိတ်လန့်ဖွယ်မျိုးအကုန် ထိတ်လန့်ခြင်းဖြင့် ပြစဉ် ထိုဂဠုန်ငှက်ပင် ထိုရေ၌မျောသောသူကိုယူ၍ ချမ်းသာရာ ကုန်းထက်၌တင်ထားသောအခါ ချမ်းသာခြင်းမြန်လှ၍ တက်လျှံသောစိတ်အဟုန်ဖြင့် တစ်စုံတစ်ခုမျှ မဆိုတတ်မပြောတတ် ရှိရာသကဲ့သို့ သားတော်ဘုရားလောင်းကြောင့် ကာလရှည်စွာ ကိုယ်,စိတ်၏ဆင်းရဲပင်ပန်းခြင်း ဖြစ်ရလေသောကြောင့် ရထားမှူးစကားဖြင့် ခဏချင်း ချမ်းသာရာရသော်လည်း ထိုဆင်းရဲဟောင်းအဟုန် မကုန်မစဲနိုင်သေးဖြစ်၍ နှစ်သက်ရွှင်လန်းသော အရသာကိုမျှ မခံစားနိုင်သေး။ ရေအေးဖိစီး၍ မီးကြီးအပူငြိမ်းသော်လည်း ခဏချင်း အငွေ့မစဲနိုင်သကဲ့သို့လည်းကောင်း၊ အဆိုးပေါင်းမှ အကျိုးကောင်းသို့ အပြောင်းမြန်သဖြင့် အကြံမရ သုခ, ဒုက္ခအရသာကို ခံစားရာမသိ ရှိလေ၏။

ထိုသို့ အကြောင်းမျိုးကို အကုန်အစင်လျှောက်ထားပြီးသော် ရထားမှူးသည် သားတော်ကို အဖူးအမြင် သွားမည်အကြောင်းကို လျှောက်တောင်းပန်လို၍–

'သစေ တွံ ဒဠှကာမောသိ' အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား –

"သခင်မ မယ်တော်ဘုရား။ သားတော်သည် အလွန်အထူး ကြီးမြတ်သော ပညာရှင်ဖြစ်၍ တိုင်ပင်ဖော်မရှာ ကိုယ်လိုရာကို တစ်ပညာ, တစ်စိတ်တည်းဖြင့်သာလျှင် လုံးရပ်သဏ္ဌာန် အရောင်အဆင်း၏ တင့်တယ်ခြင်း, အသံ၏တင့်တယ်ခြင်း, စကား၏သန့်ရှင်းခြင်း, ပညာ၏ကြီးမြတ်ခြင်းတို့ကို သူတစ်ပါး မသိစေရအောင် တိမ်မြှုပ်လျက် ဆွံ့,ရုပ်,နားထိုင်းရုပ်ထင်အောင် သူခပ်သိမ်းတို့အား လှည့်ပတ်၍ ကိုယ်လိုအပ်ရာကိုရအောင် ဆောင်ရွက်အားထုတ်လေသည်မှာ တောအရပ်၌ကြိမ်ရသော အကျွန်ုပ်သည် တစ်ယောက်ထီးတည်း အံ့ဩဖူးမြင်၍ မရောင့်ရဲနိုင်အောင်ဖြစ်ရသောကြောင့် ငါမျှသောသူပင် ဤရွှေ့လောက် အံ့ဩဖူးမြင်ခြင်းဖြင့် မရောင့်ရဲနိုင်ရှိခဲ့လျှင် သခင့်မယ်တော်, ခမည်းတော်တို့မြင်တော်မူရသော်မူကား အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။ သခင့်သားတော် ဤအရပ်၌ နေနှင့်တော်မူပါမည့်အကြောင်းကို ပဋိညာဉ်တောင်း၍ 'မယ်တော်, ခမည်းတော်တို့နှင့်အတူ ဤအရပ်သို့ တစ်ခေါက်ပြန်လျက် အညီအညွတ်ဖူးတွေ့ရအောင် ငါ ဆောင်ရွက်ရသော် ကောင်း၏'ဟု အကျွန်ုပ်ကြံမိသဖြင့် သားတော်ဘုရားအား 'ဤအရပ်၌ နေတော်မူနှင့်ပါမည့် အကြောင်းကို အကျွန်ုပ်တောင်းပန်လျှင် အရှင့်သားတော်ကလည်း 'ရထားမှူး။ သင့်အကြံနှင့် ငါ့အလို ပြိုင်မိကြ၏။ ငါလည်း မယ်တော်,ခမည်းတော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖူးမြင်လိုသည်။ ဤအရပ်သို့ မယ်တော်,ခမည်းတော်တို့ လာရောက်အောင် သင်ဆောင်ရွက်နိုင်ပါလျှင်, ဆောင်ရွက်ပါ။ လျှောက်ထား၍ ငါ့ထံ မြန်မြန်ပြန်ခဲ့ပါ။ ငါ ဤအရပ်တွင် သင်မရောက်သမျှ ငုံ့နေမည်'ဟု အမှာအထားနှင့်တကွ ဝန်ခံတော်မူလိုက်ပါသည်။ အတပ်တစ်ပါး သွားနှင့်လိမ့်မည် မှတ်တော်မမူပါလင့်။ ယခု ဝတ်လဲတန်ဆာတော်နှင့်ပင် ရှိရစ်ပါသည်။ သားတော်ရှိရာ ကြွတော်မူလိုလျှင် ခရီးညွန်ခြင်း၌ အကျွန်ုပ်ဝန် ဖြစ်ပါစေ။ စိုးရိမ်တော် မမူပါလင့်။ မမြင့်မကြာ အလျင်တဆော ကြွဖြစ်အောင် ကြွတော်မူပါမှ သင့်မည်ထင်ပါသည်"ဟုလျှောက်ထား၏ ဟူလိုသည်။

ကာသိကရာဇ်မင်းကြီးအားလည်း ထိုအကြောင်းအရာ အလုံးစုံကို ရထားမှူးသုနန္ဒာ လျှောက်ထားသဖြင့် ဘုရားလောင်းမယ်တော်,ခမည်းတော်မှစ၍ အလုံးစုံသောပြည်သူပြည်သားအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ 'ဘုရားလောင်း တေမိမင်းရှိရာ သွားအံ့'ဟု အားထုတ်စီရင် တိုင်ပင်ခန့်ထားကြလေ၏။

## ရဟန်းပြုတော်မူခန်း

ဘုရားလောင်း တေမိမင်းသားသည်လည်း ပြည်သို့ ရထားမှူးသုနန္ဒာ ပြန်လေသည်၏နောက်၌ 'ငါကား ယခုကိုယ်အဖြစ်ဖြင့် မယ်တော်,ခမည်းတော်တို့ကို အတွေ့ခံ၍ ကျေးဇူးမရှိ။ ရဟန်းအဖြစ်ဖြင့် တွေ့စေသော် ငါ့မယ်တော်, ခမည်းတော်တို့အား များစွာကျေးဇူးရှိသည် ဖြစ်ရာ၏။ ယခု ငါ အဘယ်သို့ ရသေ့ရဟန်း ပြုပါရအံ့နည်း'ဟု ကြံလျက် ရဟန်းပြုလိုသောနှလုံး ညွတ်တော်မူ၏။

ထိုအခါ ဘုရားလောင်း၏ပါရမီတော်အာနုဘော်ကြောင့် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ ပူပြင်းတင်းမာသောအခြင်းအရာကို ပြပေ၏။သိကြားမင်းသည်လည်း ဆင်ခြင်သဖြင့် ထိုအကြောင်းကို သိလျှင် ဝိသုကြံနတ်သားကို ခေါ်၍ "အချင်း ဝိသုကြံနတ်သား။ တေမိမင်းသား ယခု ရဟန်းပြုလိုပြီ။ နေရာကျောင်းသခ်မ်း, ရဟန်းပရိက္ခရာအလုံးစုံကို ဖန်ဆင်း၍ပေးချေဦး"ဟု စေလိုက်၏။

ဝိသုကြံနတ်သားသည်လည်း သိကြားမင်းဆိုတိုင်း ဝန်ခံလျက် ဘုရားလောင်းရှိရာ တောအုပ်သို့လာ၍ အချင်းအားဖြင့် ၃ ယူဇနာရှိသောတောအုပ်၌ ကြီးကျယ်စွာသော ကျောင်းသခ်မ်းကိုလည်းကောင်း၊ ထိုကျောင်း၌ ပရိသတ်တို့နှင့် ညီလာခံရာ, လေညှင်းခံရာ, ကမ္မဋ္ဌာန်းရှုရာ သမာပတ်ဝင်စားရာ စသော ညဥ့်သန့်ရာ, နေ့သန့်ရာ, တိုက်ခန်း, ပြတင်း, လေသာ, စမုတ်[၃၀၂],တပြင်ကျယ် ကုဋီ[၃၀၃]တို့ကိုလည်းကောင်း၊ ကျောင်းဦး၌ ထုပ်အကျယ် ၂၄ တောင်ရှိသော စင်္ကြံ[၃၀၄]ကို လည်းကောင်း၊ ကျောင်းမှမနီးမဝေး အရံအတွင်း၌ ကြာမျိုး ၅ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ၄ ထောင့်ရေကန်ကြီး, ရေတွင်းတို့ကို လည်းကောင်း၊ ၁၂ရာသီ အခါမရွေး ချိုမြိန်စွာ အသီးနှင့်ပြည့်စုံသော သစ်မည်စည်, တည်,လွှန်,သရက်,ပိန္နဲ,ငှက်ပျော စသော အထူးထူးအပြားပြား များစွာသော သစ်ပင်မျိုးတို့ကို လည်းကောင်း ဖန်ဆင်းလျက်၊ အရံအတွင်း, စင်္ကြံအတွင်းတို့၌ ဖန်ရောင်မကအလျှံထွက်သော ရတနာ သဲဖြူးခြင်း, သပိတ်, သင်းပိုင်, ကိုယ်ဝတ် ဒုကုဋ်[၃၀၅]ရေသနပ် , ဝါးရင်းတောင်ဝှေး, သစ်သီး သစ်ရွက်ချက်ပြုတ်ရန် မြေအိုး, မြေခွက်စသည် မကြွင်းအလုံးစုံ ရသေ့ရဟန်းတို့ အသုံးအဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပရိက္ခရာတို့ကိုလည်းကောင်း ဖန်ဆင်းပြီးလျှင်၊ ကျောင်းတွင်း၌စိုက်ထားအပ်သော ကမ္ပည်းတိုင်တွင် 'အကြင်မင်းမျိုး ပုဏ္ဏားမျိုး, သူဌေးမျိုး, သူကြွယ်မျိုး စသောသူတို့သည် ကာမဂုဏ်ကိုငြီးငွေ့၍ ရသေ့ရဟန်းပြုလိုကြအံ့။ ထိုသူတော်ကောင်းတို့သည် ဤကျောင်း၌ အလုံးစုံသော ရဟန်းအသုံးအဆောင်တို့ကို အလိုရှိတိုင်းယူ၍ ရဟန်းပြုကြပါစေသတည်း'ဟု ကမ္ပည်းအက္ခရာရေးထားပြီးသော် ခြင်္သေ့,ကျား,သစ်, ဝံ, အောင်း, ကြံ့, ဆင် အစရှိသော သားရဲတို့ကိုလည်းကောင်း၊ မနှစ်လိုဖွယ်သောအသံကို မြည်တတ်ကုန်သော ငှက်ရဲ, ငှက်ကြမ်း တို့ကိုလည်းကောင်း ထို ၃ ယူဇနာရှိသောတောအုပ်မှ နှင်ထုတ်ဖယ်ရှားစေပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ တက်သွားလေ၏။

ဘုရားလောင်း တေမိမင်းသားသည်လည်း ထိုသို့ ရဟန်းပြုလိုသော နှလုံးညွတ်ပြီးသည်၏နောက်၌ တောင်,မြောက်အရပ်ထက်ဝန်းကျင်တို့ကို မျှော်ရှုစဉ် မျက်နှာရှေးရှု မနီးမဝေးသောအရပ်၌ ရေတွင်း, ရေကန်, အရံ, ဥယျာဉ်နှင့်တကွသော ကျောင်းသခ်မ်းကိုမြင်လျှင် 'ငါ့အလိုကိုသိ၍ သိကြားမင်း ဖန်ဆင်း စီရင်လာချေသည်။ သူခပ်သိမ်းတို့တန်ခိုးဖြင့် ပြီးစေအပ်သောဝတ္ထု၊ ကိုယ်ဖြင့်ပြီးစေအပ်သောဝတ္ထု၊ နှုတ်ဖြင့် ပြီးစေအပ်သောဝတ္ထု၊ အလုံးစုံကျက်သရေမျိုးဟူသည်ကား ကုသိုလ်သမ္ဘာရ[၂၈၆]နှင့်ပြည့်စုံသော ဘုန်းတန်းရှင်၌သာလျှင် စုဝေးရာ,ပေါင်းရာ, ဆုံရာ ဖြစ်၏။ ကုသိုလ်တရား၏အာနုဘော်ကား အလွန် အံ့ဩဖွယ်ရှိစွ'ဟု နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာ နှလုံးရတော်မူလျက် ထိုကျောင်းသခ်မ်းတွင်းသို့ ဝင်ပြီးလျှင် ကမ္ပည်း[၂၈၇]အက္ခရာတို့ကိုဖတ်၍ အတပ်အမှန် အရှင်မရှိသေးသော သက္ကဒတ္တိယ[၂၈၈]ကျောင်း ဖြစ်သည်ကို သိသဖြင့် ထိုကျောင်းတွင်း၌ နတ်၏တန်ခိုးကြောင့် ဖြစ်သော ချိပ်ရည်ကဲ့သို့ရဲရဲနီလျက် ညှံ့သက်သိမ်မွေ့လှစွာ အတွေ့ရှိသော လျှော်တေသင်္ကန်းတစ်ထည်ကို သင်းပိုင်ဝတ်လဲတော်မူပြီးမှ တစ်ထည်သောလျှော်တေသင်္ကန်းကို လက်ကန်တော့စံပယ်တင် ကိုယ်ဝတ်ရုံတော်မူ၍၊ သစ်နက်ရေသင်္ကန်းကို လက်ဝဲပခုံးထက် ဒုကုဋ်တင်တော်မူလျက် မကိုဋ်,သင်းကျစ်တို့ကိုချွတ်ထား၍ ဦးခေါင်း၌ ဆံကျစ်[၂၈၉]အဝန်းကိုစွပ်ဖွဲ့လျက် ရဟန်းအသွင်ကိုယူတော်မူပြီးသော် ဝါးရင်းတောင်ဝှေးတို့ကို ကိုင်စွဲကာ ရဟန်း၏ ကျက်သရေကိုဖြစ်စေလျက် ငြိမ်သက်သောဣန္ဒြေဖြင့် ကျောင်းထဲမှထွက်၍, စင်္ကြံ၌ ထိုမှ, ဤမှ လှုးလာပြန်ခေါက် 'အဟောသုခံ, အဟောသုခံ'၊ ချော်–ချမ်းသာစွ, ချော်–ချမ်းသာစွ'ဟု ဝမ်းမြောက်ဝမ်းသာ စကားဥဒါန်း ကျူးလျက် စင်္ကြံသွားပြီးမှ ကျောင်းသခ်မ်းတွင်းသို့ဝင်၍၊ ပျဉ်အခင်းပေါ်၌ နေတော်မူလျက် သတ္တဝါပညတ်ကို အာရုံပြု၍ ဗြဟ္မဝိဟာရ[၂၉၀] ကမ္မဋ္ဌာန်းကို ထိုနေ့ပတ်လုံး အားထုတ်တော်မူလတ်သော် ရှေး မင်းသားလက်ထက် ကပင်လည်း တဒင်္ဂဉာဏ်[၂၉၁] သမာဓိ၏ရင့်တော်မူနှင့်ခြင်းကြောင့် ထိုနေ့ချင်း မကြာမမြင့်မီပင်လျှင် တထိုင်တည်းချင်းဖြင့် သမာပတ်[၂၉၂] ၈ စဉ်နှင့် အဘိဉာဏ် ၅ ရပ်[၂၉၃] မြတ်သော မဟဂ္ဂုတ်စည်းစိမ်[၂၉၄]ကို ရတော်မူလေ၏။

ထိုသို့ ဈာန် အဘိညာဉ် လက်တော်သို့ရောက်ပြီး၍ ညချမ်းတိုင်လတ်သောအခါ ထို ပျဉ်အခင်းနေရာ ကျောင်းကုဋီမှထွက်ပြီးလျှင် စင်္ကြံဦး၌ နတ်ဖန်ဆင်းအပ်သောသစ်ပင်မှ သစ်ရွက်တို့ကို ချူဆွတ်တော်မူလျက် နတ်ဖန်ဆင်းအပ်သော ခွက်ဖြင့်ထည့်၍ မချက်မပြုတ် အစိမ်းသက်သက် ဆားလည်းမရှိသော ထိုသစ်ရွက်ကို ရေနှင့်နှောကာ နတ်သုဓာဘုတ်အမြိုက်ရည်ကို သောက်စားသောသူကဲ့သို့ အမြိန်အရှက် ဘုဉ်းပေးခြင်း[၂၉၅] ဖြင့် ကိုယ်လက် ဖြည့်တင်းတော်မူပြီးလျှင်၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ တရား ၄ ပါးတို့ကို ပွားစေ၍ သမာပတ်ဈာန်စည်းစိမ်ဖြင့် ခံစားလျက် ထို သိကြားကျောင်း၌ နေတော်မူ၏။



www.burmeseclassic.com

[ဤတွင်ရွှေကား မိဘဆွေမျိုး အစရှိသောသူခပ်သိမ်းတို့အား နိဗ္ဗာန်တည်းဟူသော ဘေးမဲ့ရာသို့ ပို့ဆောင်တော်မူလိုသော ဘုရားလောင်း တေမိမင်းသားသည် ရှေးဦးစွာ 'အတ္တဟိတ'ကို ဆောင်တော်မူပြီး၍ 'ပရဟိတ'ကို ဆောင်တော်မူအံ့သောအခါ၏ အာဒိတ ပထမဖြစ်သော ရဟန်းအသွင်ကိုယူခြင်းလျှင် တေမိမင်းသား၏ ၂ကြိမ်မြောက်ဖြစ်သော နှလုံးအလိုပြည့်ခြင်း အောင်ခြင်းမင်္ဂလာကို ပြရာပြကြောင်း စကားအစဉ်ကား ပြီးပြီ။]

## ၁၉။ မယ်တော်, ခမည်းတော်တို့ လိုက်လာခန်း

ဗာရာဏသီ ပြည်တော်၌လည်း ရထားမှူးသုနန္ဒာလျှောက်ကြား၍ ဘုရားလောင်း မယ်တော်,ခမည်းတော်တို့ ဝမ်းမြောက်ဝမ်းသာရှိကြပြီးသောအခါ ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် 'ဤသို့သော ဘုန်းကျက်သရေနှင့်ပြည့်စုံပါလျက် အဘယ့်ကြောင့် ငါ့သား တော၌ နေရအံ့နည်း။ ယခုပင် အလုံးအရင်း ကြီးစွာနှင့် ငါကိုယ်တိုင်သွား၍ များစွာသောအကြောင်းဖြင့် ဖြားယောင်းသွေးဆောင်ပြီးလျှင် အဘိသိက် သွန်းလျက် ပြည်သို့ပြန်၍ မင်းပြုစေဦးအံ့'ဟု ညွှတ်ကွင်း,လက်တွင်းကမှ မဖမ်းနိုင်၍လွတ်ပြီးသည်ကို ကောင်းကင်ပျံသွားရာ မြေကလိုက်၍ဖမ်းမည်ကြံသကဲ့သို့ 'မဖြစ်ဟူသည် ရှိရမည်လော'ဟူသော မင်းမာန်ဝင်ခြင်း, သား၏ချစ်ခြင်းဖြင့်ကြံပြီးလျှင် အလျင်တဆောချီသွားလိုသောကြောင့် အမှုအလုံးစုံ ခွဲခန့်စီရင်စိမ့်သောငှာ ဝန့်ရှင်တော်မဟာသေနာပတိ အမတ်ကြီးကိုခေါ်၍ "အမတ်ကြီး မဟာသေနာပတိ။ ယခု ငါ့ သားတော် တေမိမင်းသားအား ငါ အဆုံးအမပေးခြင်းငှာ ထွက်ချီတော်မူမည်။ ဤနေပြည်တော်မှ ငါ့သားနေရာ တောအရပ် ၃ ယူဇနာ ခရီးတာ ကွာဝေးသည်ဟူ၍ ငါ ကြားရသည်။ ၄င်းခရီးကို ဆင်, မြင်း, ရထား, ဗိုလ်ထု အလုံးအရင်း သွားသာအောင် သုတ်သင်သန့်ရှင်း ခင်းကျင်းရိုးရှိတိုင်း အစို့သင့်ရာခန့်ထား၍ ခင်းကျင်းနှင့်စေ။ မြင်းစီးသူရဲ,ဆင်သည်သူရဲ,ရထားစီးသူရဲတို့မှာလည်း မစွမ်းမသန်သည်များကို ထားခဲ့၍ ခိုင်ခံ့စွမ်းသန် လျှင်မြန်သည့် ရထား, ဆင်, မြင်း တို့နှင့် စစ်ဝတ်စစ်ဆင် ဆောင်ရွက်ရိုးရှိတိုင်း ခင်းကျင်းစည်းဝေးစေ။ လေး, လှံ, ဓား, ကာချပ်စွဲ ခြေသည်သူရဲ ဝင်း အိပ်ဖန် ကိုယ်ရံမကြွင်း အလုံးစုံသူရဲတို့ကို အသီးအသီး ဝင်းမှူး, သင်းမှူး, ဗိုလ်မှူး, အကဲအကြပ်တို့နှင့် အဆင်သင့် စည်းဝေးခင်းကျင်းစေ။

"အလုံးစုံ သဘင်သည်တို့ကိုလည်း ခရုသင်း, နှဲ, ခရာ, ပတ်သာ, စည်, မောင်း, စောင်း, ငြင်း, ထက်စည်, မြောက်စည်, ဗဟိုရ်စည် စသောအလုံးစုံ အသီးသီး အတီးမှုတ်မျိုး တူရိယာဘဏ္ဍာတို့နှင့် စည်းဝေးခင်းကျင်း၍ တီးမှုတ်ကခုန်ခြင်း သီခြင်းတို့ဖြင့် မြူးထူးပျော်ရွှင် သဘင်ခံစေ။ ကိုယ်လုပ်မိဖုရား, နန်းသူနန်းသားတို့ စီးနင်းရန် ဆင်, ယာဉ်, ဝေါ[၇၆], မြင်း, ရထား တို့ကိုလည်း ဆိုင်ရာအသီးသီး ပြင်ဆင်ခင်းကျင်းစေ။ ငါ့သားတော်၏ ဖွားဖက် အမတ်သား ၅၀၀ တို့ကိုလည်း ပြင်ဆင်စေ။ ပုဏ္ဏားပုရောဟိတ်, သူဌေးသူကြွယ်, ပြည်သူ ပြည်သားမှစ၍ နိုင်ငံတော်အတွင်း မြို့, ရွာ, နိဂုံး, ဇနပုဒ်တို့၌နေသူ လူအပေါင်း တို့ကိုလည်း လိုက်လိုသမျှလိုက်စေ။ အလျင်အမြန် အလုံးစုံကိုပြီးအောင် ခန့်ထားစီရင်ကြ၊ ယခုမကြာမြင့်မီပင်

www.burmeseclassic.com



ငါ့သားတော်ကို အဆုံးအမပေးခြင်းငှာ ငါ ထွက်ချီတော်မူမည်။ အလျင်အမြန် ပြီးစေ"ဟု မင်းမိန့် အာဏာပေးတော်မူလေ၏။

ဝန့်ရှင်တော်အမတ်ကြီးသည်လည်း မင်းအမိန့်ရှိတိုင်း ဝန်ခံ၍၊ အမှူး, အမတ်, အကြပ်, အကဲ,သူရဲဗိုလ် တပ်အပေါင်း စစ်အင်္ဂါအလုံးစုံကို စီရင်ခန့်ထား၍ အသီးအသီး ခင်းကျင်းစေ၏။ ဗာရာဏသီပြည် အရှေ့တံခါးမှစ၍ ဘုရားလောင်း၏ကျောင်းသခ်မ်း ပရိဂုဏ်တံခါးတိုင်အောင် ၃ ယူဇနာကွာသောခရီးကို ဆင်လုံး မြင်းလုံး အလုံးအရင်းများစွာသွားသာအောင် သုတ်သင်သန့်ရှင်း ခင်းကျင်းစေ၏။ အစုစု ဗိုလ်ထုပေါင်းကာ ၁၈ ခေါဘိဏီခန့် ရှိ၏။ ထို အလုံးစုံသောအခင်းအကျင်းတို့ကို ခန့်ထားစီရင် ပြင်ဆင်၍ကား ၃ ရက်တိုင်မှပြီး၏။

[ဤအရာ၌ 'အက္ခောဘိဏီ' ဟူသည်ကား 'နိန္နဟုတ သတ သဟဿာနံ သတံ အက္ခောဘိဏီ' ဟူသည်ကား 'နိန္နဟုတ တစ်သိန်းအလီ ၁၀၀ သည် အက္ခောဘိဏီ မည်၏' ဟူသောကြောင့် ဂဏ်-တစ်လုံး၊ သုည ၄၂ သည် အက္ခောဘိဏီ မည်၏။ ဤ အက္ခောဘိဏီကား အလွန် ဂဏန်းများ၏။ အက္ခောဘိဏီ ကြီးတည်း။

['သဋ္ဌိဝေဠု ကလာပေသု၊ ပစ္စေကံ သဋ္ဌိဝေဠုသု။

စူလီကတေသု သေနာ ယာ၊ ယာတိ အက္ခောဘိဏီ တိသာ။ ။' ဟူသော သဒ္ဒသာရတ္ထ ဇာလိနီဂါထာ၌ ပြအပ်သော အက္ခောဘိဏီလည်း ရေတွက်ခြင်း တစ်နည်းတည်း။

[အနက်ကား။ သဋ္ဌိဝေဠုကလာပေသု ဝါးလုံး ၆၀ အစုအပုံတို့၌ ။ ပစ္စေကံ၊ တစ်လုံးစီ တစ်လုံးစီ။ သဋ္ဌိဝေဠုသု၊ ၆၀သော ဝါးလုံးတို့ကို။ စူလီကတေသု၊ မှုန်မှုန့်ညက်ညက် ကြေစေကုန်ပြီးသော်။ ယာသေနာ၊ အကြင်စစ်သည်သည်။ ယာတိ၊ သွားအံ့။ သာသေနာ၊ ထိုစစ်သည်ကို။ အက္ခောဘိဏီတိ၊ အက္ခောဘိဏီ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[တံခါး၀၌ပုံထားသော ဝါးလုံး ၆၀ တို့ကို နင်း၍ထွက်လတ်သော် ထို ၆၀ သောဝါးလုံးတို့သည် မြူမှုန့်ဖြစ်အံ့။ ထို ဗိုလ်ထု ဗိုလ်လုံးကို 'တစ်ခေါဘိဏီ'ဟု ဆိုအပ်၏ဟူလို။

[ငှင်းကျမ်း၌ပင်-

'န၀ နာဂ သဟဿာနိ၊ နာဂေ နာဂေ သတံ အဿာ။

အဿေ အဿေ သတံ ရထာ၊ ရထေ ရထေ သတံ ကညာ။

ကညေ ကညေ သတိတ္ထိယော၊ သော အက္ခောဘိဏီ နာမ။ ။'ဟူသော ဂါထာဖြင့် ပြအပ်သော အက္ခောဘိဏီလည်း တစ်နည်းတည်း။

[အနက်ကား။ န၀ နာဂ သဟဿာနိ ၊ ဆင် ၉၀၀၀ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နာဂေနာဂေ၊ ဆင်တစ်စီးတစ်စီးတို့၏အနီး၌။ သတံ အဿာ၊ မြင်း ၁၀၀ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဿေ အဿေ၊ မြင်းတစ်စီးတစ်စီးတို့၏အနီး၌။ သတံရထာ၊ ရထား ၁၀၀တို့သည်။ ဟောတိ၊ ဖြစ်ကုန်၏။ ရထေရထေ၊ ရထားတစ်စီးတစ်စီးထက်၌။ သတံ ကညာ၊မိန်းမပြတ် ၁၀၀စီ ၁၀၀စီတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကညေကညေ၊ မိန်းမပြတ် တစ်ယောက် တစ်ယောက်၌။ သတိတ္ထိယော၊ အခြံအရံမိန်းမ ၁၀၀စီ ၁၀၀စီတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ သော၊ ဤစစ်သည်သည်။ အက္ခောဘိဏီနာမ၊ အက္ခောဘိဏီ မည်၏။

[ဆင် ၉၀၀၀, မြင်း ၉သိန်း, ရထား ၉ကုဋေ, ရထားစီးမိန်းမပြတ် ကုဋေ ၉၀၀, အရံမိန်းမ ကုဋေ ၉သောင်း ဤသည်လျှင် အက္ခောဘိဏီ မည်၏ ဟူလို။ ဤ အက္ခောဘိဏီကား ပြည့်ရှင်မင်းတို့သည် မြတ်သောသူတို့ထံ ဆည်းကပ်သောအခါ စသည်တို့၌ 'ပဒုမဗျူဟာ'ဆင်၍ ထွက်စပယ်သောအခါ စစ်အင်္ဂါတည်း။



www.burmeseclassic.com

www.burmeseclassic.com



[ထို ၃ပါးသော အကျွောဘိဏီတို့တွင် ဤဘုရားလောင်းတေမိမင်းရှိရာထွက်စံအပ်သော ကာသိကရာဇ် မင်းကြီး၏ စစ်သည်ဗိုလ်ထုကိုရေတွက်ခြင်း အကျွောဘိဏီ၌ကား နောက်ပြအပ်သော ကတိယအကျွောဘိဏီဖြင့် ရေတွက်၍ ၁၈ ခါဘိဏီဆိုသည်ဟု ယူခြင်းသည်သာလျှင် သင့်မြတ်နိုးမည် ထင်သ[illegible]]

ထိုသို့ အမတ်ကြီးသေနာပတိသည် အလုံးစုံသော စစ်အင်္ဂါတို့ကိုစီရင်ပြီးသော် ၄ ရက်မြောက် သောနေ့၌ မင်းကြီးအား ပြီးကြောင်းကို လျှောက်တင်လေ၏။ ရထားမှူးသုနန္ဒာသည်လည်း အမတ်ကြီး ဝန့်ရှင်တော်က ခန့်ထားတိုင်း မိမိအုပ်စုဆိုင်ရာ မင်းစီးရန် မြင်း, ဆင်, ရထားတို့ကို အစီးအနင်း သူရဲ,အကဲအကြပ်နှင့် တကွ ပြင်ဆင်ခင်းကျင်းစေပြီးလျှင်၊ မိမိကား မင်းကြီးစီးရန် မြင်းရထားနှင့် နန်းတော်သို့ဝင်၍ သိန္ဓောမြင်းကအပ်သောရထားကို အရှေ့မုခ်တော်တံခါးဝ၌ ထားခဲ့ပြီးမှ မင်းကြီးစံရာနန်းတော်သို့ တက်လျက် မင်းကြီးထံ ရှိသေစွာရှိခိုးပြီးသော် "ဘုန်းတော်အလွန်ကြီးလှသော အရှင်မင်းမြတ်။ ယခု သားတော်ဘုရားရှိရာ ထွက်စံတော်ရန် အလုံးစုံစစ်အင်္ဂါ ခင်းကျင်း၍ ပြီးစီးပါပြီ။ စီးတော်မြင်းရထားလည်း သိန္ဓော[၁၅၇]မျိုးဖြစ်၍ လေ၏လျင်ခြင်းကဲ့သို့ လျင်ခြင်းရှိသော မင်္ဂလာမြင်းတော် ၄ စီးကဲ၍ ယခုအသင့်အတင့် နန်းတော်တံခါးဦး၌ ဖဝါးတော်ခံ ရောက်ပါပြီ။ ထွက်စံချိန် အခါတန်ပါတော့သည်"ဟု လျှောက်၏။

ရထားမှူးစကားကိုကြားလျှင် ကာသိကရာဇ်မင်းကြီးသည် သားတော်ထံ မြန်စွာရောက်လိုသော အာသာရှိသည်ဖြစ်၍ 'ထူလာ ဇဝေန ဟာယန္တိ၊ ကိသာ ဟာယန္တိ ထာမုနာ။ ။'ဟူသော ဂါထာဝက်ဖြင့် ဆို၏။ အဓိပ္ပာယ်ကား –

"ရထားမှူးသုနန္ဒာ။ သင် စီရင်ခန့်ထားသော မြင်းရထားအလုံးစုံတို့မှာ ရထား,ဆင်,မြင်းအပေါင်း သန်မြန်ကြပါ၏လော။ ဆူဖြိုးလွန်းသောမြင်းလည်း အားရှိစေကာမူ အသွားနှေးတတ်သည်။ ကြုံလွန်းပိန်လွန်းသော မြင်းလည်း မြန်စေကာမူ အားနွဲ့၍ ခရီးရှည်မလိုက်နိုင် ရှိတတ်သည်။ အသို့ သင့်ပါအံ့နည်း။ သင်တို့မြင်းများ စွမ်းမြန်သန်မာခြင်းနှင့် ပြည့်စုံပါ၏လော"ဟု မေး၏

ရထားမှူး သုနန္ဒာလည်း 'ကိသေ ထူလေ ဝိဝဇ္ဇေတွာ၊ သံသဋ္ဌာ ယောဇိတာ ဟယာ။ ။'ဟူသော ဂါထာဝက်ဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား –

"အရှင်မင်းကြီး။ ကြုံလွန်းဆူလွန်းသောမြင်းတို့ကို နှတ်ထား၍ မကြုံမဆူ စွမ်းမြန် သန်မာခြင်းနှင့် ပြည့်စုံသည့် သိန္ဓောမျိုး မင်္ဂလာမြင်းတော်မြင်းကောင်းတို့ကိုသာ ရထားတို့၌ က,ပြင်ပါသည်။ မြင်းရထားကြောင့် ခရီးနှောင့်ယှက်မည် စိုးရိမ်တော်မမူပါလင့်"ဟု လျှောက်၏။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် "အချင်းရထားမှူး။ ယင်းသို့တပြီးကား ကောင်းပြီ။ မိဖုရားကြီးမှစ၍ ထီးနန်းအပ်နှင်းပြီးမှ ပြည်သို့ပြန်မည်ဖြစ်သောကြောင့် ယခုပင် ထွက်တော်မူမည်။ ငါ့သားတော်ကိုလည်း ထိုတောအရပ်ကပင် အဘိသိက်သွန်း၍ ထီးနန်းနှင်းပြီးမှ ပြည်ကိုပြန်မည်ဖြစ်သောကြောင့် ရတနာသားမြီးယပ်, ရတနာသင်းကျစ်, ရတနာသန်လျက်, ရတနာခြေနင်း, ရတနာထီးဖြူ, ဤမင်းမြောက်တန်ဆာ ၅ ပါးတို့ကိုလည်း ငါစီးတော်မူရာ သင်၏ ရထား၌ တင့်တယ်စွာ တင်ဆောင်ခဲ့လော့"ဟု ဆိုပြီးမှ ရထားမှူးသုနန္ဒာအား ၅ပါးသော မင်းမြောက် တန်ဆာတို့ကို ရထား၌တင်စေပြီး၊ နန်းတော်မှဆင်းသက်၍ ရထားမှူးသုနန္ဒာ၏ရထားထက်၌ တက်စီး လျက် များစွာသော ကိုယ်လုပ်မောင်းမ, အမှူးအမတ် သူရဲ စစ်တပ်အပေါင်းအခြံအရံနှင့်တကွ ဗာရာဏသီပြည် အရှေ့တံခါးမှထွက်၍ ကောင်းစွာပြင်ဆင်အပ်ပြီးသော မင်းလမ်းမခရီးဖြင့် ဘုရားလောင်းရှိရာ ၃ ယူဇနာကွာသော တောအရပ်သို့ ရထားမှူးသုနန္ဒာလျှင် ရှေ့ဆောင်လမ်းညွှန်ရှိသည်ဖြစ်၍ ထွက်ချီလေ၏။ စန္ဒာဒေဝီမိဖုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း တစ်ခုသောမင်္ဂလာ မြင်းရထားကိုစီး၍ များစွာသော ၁သောင်း ၆ထောင်သော နန်းသူအပေါင်းခြံရံလျက် မင်းကြီး နောက်သို့လိုက်လေ၏။

ထို ကာသိကရာဇ်မင်းကြီးသည် ခရီးအစဉ်အတိုင်းထွက်ချီ၍ တောသို့ဝင်လျက် ဘုရားလောင်း၏ ကျောင်းသင်္ခမ်းအနီးသို့ရောက်သောအခါ သင့်တင့်ရာ တစ်ခုသောအရပ်၌ သစ်တပ်တဲနန်း စခန်းချ တည်လေ၏။

ဘုရားလောင်း တေမိ ရှင်ရသေ့သည်လည်း ခမည်းတော်ရောက်ကြောင်းကိုသိလျှင် သောက်ရေ၊ ချိုးဆေးရေ မင်းနှင့်ထိုက်တန်သော နေရာပလ္လင်အလုံးစုံကို အသင့်အတင့် ပြင်ဆင်တည်ထားနှင့်လေ၏။

ကာသိကရာဇ် မင်းကြီးသည်လည်း သစ်တပ်တဲနန်း၌ ရထား, ဆင်, မြင်း အစရှိသော စစ်အင်္ဂါတို့ကို ထားခဲ့ပြီးလျှင် မှူးတော်, မတ်တော် အခြံအရံနှင့်တကွ ရထားမှသက်ဆင်း၍ ခြေဖြင့်ဘုရားလောင်းရှိရာ ကျောင်းသင်္ခမ်းသို့ သွားပြီးသော် ကျောင်းသင်္ခမ်းပရိဝုဏ်သို့ဝင်သောအခါ အပေါ်ရုံကို လက်ကတော့စပယ်တင်လျက် ကျောင်းထက်သို့တက်၍ သင့်တင့်ရာက သားတော်ဘုရားလောင်းကို ရှိခိုးကာနေလေ၏။

## ၂၀။ ခမည်းတော်နှင့် စကားဆိုခန်း

ဘုရားလောင်း ရှင်ရသေ့သည်လည်း မင်း၏ကျက်သရေဖြင့် တောက်ပစွာလာလတ်သော ခမည်းတော် မင်းကြီးကို မြင်လျှင် အလွန်လေးမြတ်ခြင်းဖြင့် နှုတ်ဆက်မေးမြန်းခြင်း စသော ပဋိသန္ထာရ[၁၀]ကို ပြုတော်မူလို၍–

'ကစ္စိနု တာတ ကုသလံ၊ ကစ္စိ တာတ အနာမယံ။

သဗ္ဗာ စ ရာဇ ကညာယော၊ အရောဂါ မယှ မာတရော။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အသို့ပါနည်း ခမည်းတော်။ အပြစ်ဘေးဒဏ် ရန်မာန်ခပ်သိမ်း ကင်းငြိမ်းပါ၏လော။ ကိုယ်တွင်း, ကိုယ်ပအန္တရာယ် အဖျားအနာ ရောဂါခပ်သိမ်းကင်းငြိမ်းပါ၏လော။ ခပ်သိမ်းသောမင်းသမီး ကိုယ်လုပ် နန်းသူအပေါင်းလည်း အနာမရှိ ချမ်းသာကြပါ၏လော။ ငါ့မယ်တော်လည်း အနာမရှိ ချမ်းသာ ကြပါ၏လော"ဟု မေးမြန်းတော်မူ၏။

သားတော်စကားကိုကြားလျှင် ခမည်းတော်မင်းကြီးလည်း စကားတုံ့ပြန်လို၍–

'ကုသလဉ္စေဝ မေ ပုတ္တ၊ အထော ပုတ္တ အနာမယံ။

သဗ္ဗာ စ ရာဇ ကညာယော၊ အရောဂါ တုယှ မာတရော။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သား။ ခမည်းတော်မှာ အပြစ်အနာ အန္တရာယ်မရှိ ချမ်းသာပေ၏။ ခပ်သိမ်းသော နန်းသူ အပေါင်းတို့လည်း ချမ်းသာကြ၏။ မောင့်မယ်တော်လည်း အပြစ်အနာမရှိ ချမ်းသာပေ၏"ဟု ဆို၏။

ထို့နောင်မှ ဘုရားလောင်းသည် ခမည်းတော်မင်းကြီးအား စည်းစိမ်၏မြဲခြင်းကို သိပြီး၍၊ တရား၏ မြဲခြင်းကို မေးတော်မူခြင်းဌာ–



www.burmeseclassic.com

www.burmeseclassic.com



'ကစ္စိ အမဖ္ဖုပေါ တာတ၊ ကစ္စိ တေ သုရမပ္ပိယံ။

ကစ္စိ သစ္စေ စ ဓမ္မေ စ၊ ဒါနေ တေ ရမတေ မနော။ ။'ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အသို့နည်း ခမည်းတော်။ နေ့တိုင်းမပြတ် ကုသိုလ်တရားကို အောက်မေ့ခြင်း အပ္ပမာဒ တရားတည်းဟူသော မသေရည်ကို သောက်ရပါ၏လော၊ ကာမဂုဏ် ၅ ပါး၌ယစ်၍ ကုသိုလ်မေ့လျော့ကြောင်းဖြစ်သော သေရည်ကို မသောက် ကြဉ်ရှောင်နိုင်ပါ၏လော။ မုသာဝါဒတည်းဟူသော ပျက်ပြယ်တောက်အဲ့ ခါးစပ်သော အရသာတို့ကို မစားမူ၍ သစ္စာတည်းဟူသော ချိုအေးလေးနက်စွာ အရသာကောင်းတို့ကိုသာလျှင် စားရပါ၏လော။ အမျက်ထွက်ခြင်း, အမြင်မှားခြင်းစသည့် ဆူးငြောင့်ခလုတ် ချုံပိတ်ပေါင်းထူထပ်ရာ ဒုစရိုက်ခရီးဆိုးခရီးကြမ်းကို မသွားမူ၍ သနားခြင်း, ချစ်ခြင်း, သည်းခံခြင်း စသည့် အမွှေးအထုံတရားတို့ဖြင့် ဖြန့်ခင်းအပ်သော မင်းကျင့်တရားလမ်းကောင်းကိုသာ သွားရပါ၏လော။ ပစ္စည်းတို့၌ မိမိစိတ်ကို ဝန်တိုပိတ်ပင်ခြင်း, စဉ်းလဲခြင်းဖြင့် မပုပ်မသိုးစေမူ၍ လှူဒါန်းပေးကမ်း စွန့်ကြဲသဂြိုဟ် ထောက်ပံ့ခြင်းဖြင့် ပစ္စည်းကို ဆေးကြောထုတ်လှန်း သန့်ပြန့်စေခြင်း၌ ခမည်းတော် နှလုံးမွေ့လျော်ပါ၏လော"ဟု မေးမြန်းတော်မူ၏။

ဘုရားလောင်း စကားကိုကြားလျှင် ခမည်းတော်လည်း စကားတုံ့ပြန်လို၍-

'အမဖ္ဖုပေါ အဟံ ပုတ္တ၊ အထော မေ သုရမပ္ပိယံ။

အထော သစ္စေ စ ဓမ္မေ စ၊ ဒါနေ မေ ရမတေ မနော။ ။'ဟူသောဂါထာဖြင့် ဆို၏။အဓိပ္ပာယ်ကား-

"ချစ်သား။ ခမည်းတော်လည်း အပ္ပမာဒ တည်းဟူသော မသေရည်ကိုသာ သောက်၏၊ သူတစ်ပါးတို့အားလည်း သောက်စေ၏။ သေရည်ကိုကား ခမည်းတော် မသောက်၊ သူတစ်ပါးတို့ကိုလည်း မသောက်စေ။ မုသာဝါဒတည်းဟူသော အရသာဆိုးကိုလည်း ခမည်းတော် မစား။ သစ္စာတည်းဟူသော အရသာကောင်းကိုသာ ခမည်းတော်စား၏၊ သူတစ်ပါးကိုလည်း စားစေ၏။ ဒုစရိုက်တည်းဟူသော လမ်းဆိုးကိုလည်း ခမည်းတော်မသွား။ သုစရိုက် မင်းကျင့်တရားတည်းဟူသော လမ်းကောင်းကိုသာ ခမည်းတော်သွား၏၊ သူတစ်ပါးကိုလည်း သွားစေ၏။ တရားသဖြင့် ရအပ်သော ပစ္စည်းတို့ကိုလည်း ဝန်တိုခြင်းဖြင့် မပုပ်မသိုး အကျိုးမဲ့ မဆွေးမကြေစေမူ၍ ပေးကမ်းသဂြိုဟ်ခြင်းတည်းဟူသော သုံးဆောင်ထုတ်လှန်း ဖြန့်ခင်းခြင်း၌သာလျှင် ခမည်းတော် နှလုံးမွေ့လျော်၏၊ သူတစ်ပါးကိုလည်း မွေ့လျော်စေ၏"ဟုဆို၏။

ထို့နောက် မင်းပရိသတ်တို့၏ ကျန်းမာခြင်းစသည်ကို မေးလိုပြန်၍-

'ကစ္စိ အာရောဂျံ ယောဂ္ဂံ တေ၊ ကစ္စိ ဝဟတိ ဝါဟနံ။

ကစ္စိ တေ ဗျာဓယော နတ္ထိ၊ သရီရဿု ပတာပိယာ။ ။'ဟူသော ဂါထာဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"ခမည်းတော် အသို့ပါနည်း။ ဆင်ယာဉ်, မြင်းယာဉ် အစရှိသော အလုံးစုံဗိုလ်ပါ မှူးမတ် ပရိသတ်အပေါင်း အနာမရှိသည် ဖြစ်ပါ၏လော။ ထို ဗိုလ်ပါပရိသတ်တို့ကို မှီ၍ မချစ်မနှစ်လိုအပ်သော စိတ်၏စိုးရိမ်ခြင်း, ကိုယ်၏ပူပန်ခြင်းတို့သည် ခမည်းတော်၌ မရှိရသည် ဖြစ်ပါ၏လော"ဟု မေး၏။

ခမည်းတော်လည်း စကားပြန်လို၍-

'အထော အာရောဂံ ယောဂ္ဂံ မေ၊ အထော ဝဟတိ ဝါဟနံ။

အထော မေ ဗျာဓယော နတ္ထိ၊ သရီရဿုံ ပတာပိယာ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား။ အလုံးစုံဗိုလ်ပါ ပရိသတ်အပေါင်းတို့သည် အနာမရှိ ကျန်းမာကြ၏။ ဗိုလ်ပါပရိသတ်တို့ကြောင့် ခမည်းတော်အား တစ်စုံတစ်ခုသောစိုးရိမ်ပူပန်ခြင်း မရှိရပေ"ဟုဆို၏။

ထို့နောင် ပြည်တိုင်းကားကို မေးပြန်လို၍–

'ကစ္စိ အန္တော စ တေ ဖီတာ၊ မဇ္ဈေ စ ဗဟလာ တဝ။

ကောဋ္ဌာဂါရဉ္စ ကောသဉ္စ၊ ကစ္စိ တေ ပဋိသဏ္ဌိတံ။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်။ မြို့,ရွာ, နိဂုံး မင်းနေပြည်တို့၌နေကြကုန်သော တိုင်းသားပြည်သူလူအပေါင်းတို့ ကပ်ဥပဒ်မရှိ ချမ်းသာငြိမ်ဝပ် ကြပါ၏လော။ တိုင်းကားပြည်ရွာ ဝပြောစည်ပင် ပါ၏လော။ သူခပ်သိမ်းတို့၏ ကျီကြတို့၌ စပါးဖြင့် အခါခပ်သိမ်းပြည့်ပါ၏လော"ဟု မေးမြန်းတော်မူ၏။

ခမည်းတော်လည်း စကားတုံ့ပြန်ကြားလို၍–

'အထော အန္တာ စ မေ ဖီတာ၊ မဇ္ဈေ စ ဗဟလာ မမ။

ကောဋ္ဌာဂါရဉ္စ ကောသဉ္စ၊ သဗ္ဗံ မေ ပဋိသဏ္ဌိတံ။ ။'ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သား။ အလုံးစုံသော တိုင်းသားပြည်သူ လူအပေါင်းတို့သည်လည်း အနာ,ကပ်, ဥပဒ်မရှိ ချမ်းသာကြပေ၏။ တိုင်းကားပြည်ရွာလည်း စည်ပင်ဝပြော၏။ မိုးဥတု, ဆောင်းဥတု စသည်တို့ မှန်ခြင်းကြောင့် ကောက်ပင်တို့၏ကောင်းခြင်းဖြစ်၍ အခါခပ်သိမ်း ကျီကြတို့၌လည်း စပါးဖြင့် ပြည့်သည်သာ ဖြစ်ပေ၏"ဟုဆို၏။

ဤသို့ 'ငါ့သား ပျူပျူငှာငှာ အခြင်းအရာ ချမ်းသာ,ဆင်းရဲကိုပင် မေးမြန်းခြင်း ရှိပေသည်'ဟု ကာသိကရာဇ် မင်းကြီးတစ်သက်လုံး အောက်မေ့ခြင်းငှာ ထိုက်သောကြောင့် 'သာရဏီယကထာ' မည်သော မေးမြန်းခြင်းကို ပြုတော်မူပြီးလျှင် တေမိမင်းသား ရှင်ရသေ့သည် တစ်ဖန် ခမည်းတော်အား 'ပဋိသန္ထာရ' ပြုလိုသည်ဖြစ်၍–

'သွာဂတံ တေ မဟာရာဇ၊ အထော တေ အဒုရာဂတံ။

ပတိဋ္ဌပေန္တု ပလ္လင်္ကံ၊ ယတ္ထ ရာဇာ နိသက္ကတိ။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်။ ဤကျောင်းသို့ ယခုလာတော်မူခြင်းကား အကျိုးမဲ့ မဖြစ်စေသင့်။ ကောင်းသောလာခြင်း, အကျိုးရှိသောလာခြင်း ဖြစ်စိမ့်သောငှာ ခမည်းတော်နှင့် ထိုက်တန်သော ဤမင်းနေရာ ပလ္လင်ကို ခင်းထားအပ်၏။ ထိုမင်းနေရာ၌ ထိုင်တော်မူလော့"ဟုဆို၏။

ကာသိကရာဇ်မင်းကြီးသည်လည်း ဘုရားလောင်းအား ရိုသေခြင်းဖြင့် ထိုမင်းနေရာထက်၌ တက်၍မထိုင်ဘဲ "ချစ်သား။ ရှိပါစေတော့"ဟု ဆိုကာခဲ့နေ၏။ ထိုအခါ ဘုရားလောင်းသည်

"ခမည်းတော်။ အကယ်၍ မင်းနှင့်ထိုက်တန်သော နေရာထက်၌ မထိုင်လိုလျှင် 'အမတ်တို့။ ငါ့ခမည်းတော်အား ငါထိုင်သောနေရာနှင့် တူစွာ ဤမြက်တို့ကို ဖြန့်၍ ခင်းအပ်သော မြက်ခင်းနေရာ၌ ခမည်းတော်ကို နေပါစေ'"ဟု မြက်ကိုခင်းစေပြီးလျှင်၊ "ခမည်းတော်။ ဤမြက်ခင်းသည် တော၌နေသောငါတို့အား မြတ်သောအခင်း ဖြစ်၏။ ထိုမြက်ခင်း၌ နေတော်မူလော့။ ဤ၌ကား ခြေဆေးရေ တည်ထားအပ်၏။ အလိုရှိတိုင်း သုံးဆောင်တော်မူလော့"ဟု ဆို၏။

ကာသိကရာဇ်မင်းကြီးလည်း ဘုရားလောင်းကို ရိုသေသောအားဖြင့် ထိုမြက်ခင်း၌ မနေမူ၍ မြေ၌ပင်လျှင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည်လည်း ကျောင်းတွင်းသို့ဝင်၍ မိမိသုံးဆောင်ရန်အလို့ငှာ ဆားမှုမခတ်ရဘဲ ရေနှင့် နယ်နှော၍ကာစီရင်အပ်သော သစ်ရွက်တို့ကို ခွက်ဖြင့်ယူခဲ့ပြီးလျှင် ခမည်းတော်အား တည်ကျွေးလို၍-

'ဣဒံ ပိ ပဏ္ဏကံ မယှံ၊ ရန္ဓံ ရာဇ အလောဏကံ။

ပရိဘုဉ္ဇ မဟာရာဇ၊ ပဟုနော မေ ဣဓာဂတော။ ။'ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"ခမည်းတော်။ ဤအရွက်ကား တော၌နေသော ငါတို့အား မြတ်သော ဘောဇဉ်တည်း။ ဆားမှုလည်း မခတ်အပ်။ ရသတဏှာဖြင့် လွန်စွာတပ်ခြင်းငှာလည်း မထိုက်။ ကိုယ်, လက်၏ မှုတခြင်းကိုလည်း ဆောင်၏။ ကိလေသာကို ခေါင်းပါးစေခြင်းငှာ အလိုရှိကုန်သောသူတို့နှင့် အလွန်လျှင် လျောက်ပတ်၏။ ခမည်းတော် အလိုရှိတိုင်း သုံးဆောင်တော်မူပါလော့။ ဤသစ်ရွက်ကား ငါတို့မှာ မရှား။ အလိုရှိတိုင်း ရ၏။ စိတ်အားလိုရာ သုံးဆောင်တော်မူ"ဟုဆို၍ တည်ကျွေးတော်မူလေ၏။ ကာသိကရာဇ်မင်းကြီးသည်လည်း

"ချစ်သား။ ခမည်းတော်ကား သစ်ရွက်ကိုစားသူ မဟုတ်။ သလေးထမင်းကိုသာ စား၏"ဆိုလျက် ဘုရားလောင်းကို ရှိသေသောအားဖြင့် ဘုရားလောင်း ပေးတော်မူသည်ကို ခွက်နှင့်တကွခံယူပြီးမှ သင့်ရာချထား၍ မိမိလက်၌ ထိုသစ်ရွက်တို့ကို အတန်ငယ်ထားပြီးလျှင် "ချစ်သား။ ဤသစ်ရွက်ကိုပင် စားသလော"ဟုမေး၏။ ဘုရားလောင်းလည်း

"ခမည်းတော်။ ဤသစ်ရွက်ကိုပင် နေ့တိုင်းစား၍နေသည်။ ဤအစာကား ရဟန်းတို့နှင့် အလွန်လျောက်ပတ်၏"ဟု ဆိုတော်မူ၏။

ဤသို့ သားတော်, ခမည်းတော် တို့ ပိယကထာ***စကားကို ပြောဆို၍နေစဉ် ဘုရားလောင်းမယ်တော် စန္ဒာဒေဝီမိဖုရားကြီးသည် ၁သောင်း ၆ထောင်သော မောင်းမအပေါင်းခြံရံလျက် လာလတ်သဖြင့် ကျောင်းသို့ ရောက်သောအခါ ဘုရားလောင်းကို မြင်လေသော် ထိုမြင်သောခဏ၌ပင်လျှင် နှစ်လိုဝမ်းမြောက်ခြင်းကို မှီ၍ ဖြစ်သော ဗျာပါဒဖြင့် ရွှေငှက်ပျောပင်ယိမ်းသကဲ့သို့ မူးမိုက်တိမ်းလဲလျက် မိန်းမောခြင်းသို့ ရောက်လေ၏။ထိုနောင်မှ အခြွေအရံတို့၏ မ,စ ထောက်ပံ့ခြင်းဖြင့် သတိရ၍ လဲရာမှထပြီးလျှင် ဘုရားလောင်းခြေအစုံကို မြဲစွာဖက်လျက် မျက်ရည်ပြည့်သောမျက်စိဖြင့် မတားမဆီးနိုင်အောင် ငိုကြွေးပြီးသော် ခြေတော်မှလွှတ်၍ သင့်တင့်ရာက နေလေ၏။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် မိမိလက်၌ရှိသော ဟင်းလျာရွက်ကိုပြ၍ မိဖုရားကြီးအား "အဘယ်။ သင့်သားစားသော အစာကို သင် ကြည့်ပါလော့"ဟုဆိုကာ အတန်ငယ်အတန်ငယ် ဟင်းရွက်ဖတ်ကိုယူ၍ မိဖုရားကြီးလက်ပေါ်၌ ချထား၏။ မယ်တော်မိဖုရားကြီးသည်လည်း အခြံအရံမောင်းမတို့အား "ငါ့သား။ စားတော် ဟင်းရွက်ကို ကြည့်ကြစမ်း။ အသင်တို့"ဟုဆိုကာ အတန်ငယ်အတန်ငယ် မောင်းမတို့၏လက်၌ ထား၏။

ထို ၁ သောင်း ၆ ထောင်ကုန်သော မောင်းမတို့သည်လည်း "ဤဘောဇဉ်ကား ငါတို့အရှင်သား စားတော်ဘောဇဉ် ဟူသတတ်။ အလွန်မြတ်ပေစွ။ အရှင်သားသည်လည်း အမျိုး, အနွယ်, စည်းစိမ်နှင့် ပြည့်စုံသော သူတို့ ပြုနိုင်ခဲစွာသောအမှုကို ပြုပေ၏"ဟု ချီးမွမ်းပြောဆိုကြလျက် ထို ဟင်းလျာရွက်တို့ကို မိမိတို့ထိပ်ထက် တင်၍ လက်အုပ်ချီကာ ရှိခိုးပူဇော်ကြကုန်၏။

ခမည်းတော် ကာသိကရာဇ်မင်းကြီးသည်လည်း "ချစ်သား။ ယခု ခမည်းတော်နှလုံး၌ ဤသို့သော အံ့ဖွယ်သရဲသည် ထင်လာ၏" ဟုဆိုပြီးလျှင်-

'အစ္ဆေရကံ မံ ပဋိဘာတိ၊ ဧကကံပိ ရဟောဂတံ။

ဧဒိသံ ဘုဉ္ဇမာနာနံ၊ ကေန ဝဏ္ဏော ပသီဒတိ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား။ ယခု ခမည်းတော်နှလုံး၌ အံ့ဖွယ်ထင်လာသည်ကား ချစ်သားသည် လူမနီးသော ဤတောအရပ်၌ အဖော်မရှိဘဲ တစ်ယောက်တည်းသာလည်း နေ၏။ ဆားလည်းမခတ် ပြုတ်ဖျော်ခြင်း စသည်ကို မပြုခြင်းကြောင့်လည်း နူးနူးနပ်နပ် ညှံ့ညှံ့ပျောင်းပျောင်း အနံ့ကောင်းကိုမျှ ဆောင်ခြင်းမရှိသော ဤသစ်ရွက် စိမ်းအစာ ရန့်ကြမ်းစွာကိုလည်း စား၏။ ထိုသို့ဖြစ်လျက် ငါ့သား၏အရောင်အဆင်းသည် အဘယ့်ကြောင့် ယခု ရှေးအခါတစ်ပါးထက် လွန်၍တင့်တယ်ခြင်း ဖြစ်လေသည် မသိဟု ကြံမိသော ခမည်းတော်အား ဤသို့သော အံ့ဖွယ်သရဲ ဖြစ်ခဲ့၏"ဟု ဆို၏။

ခမည်းတော်စကားကိုကြားလျှင် ဘုရားလောင်းသည် ကိုယ်အဆင်းအရောင်၏ တင့်တယ်ကြောင်းကို ကြားလို၍–

'ဧကော ရာဇ နိပဇ္ဇာမိ၊ နိယတေ ပဏ္ဏသန္ထရေ။
တာယ မေ ဧကသေယျာယ၊ ရာဇ ဝဏ္ဏော ပသီဒတိ။ ။
'နစ နေတ္တိံ သုဗန္ဓာမေ၊ ရာဇရက္ခာ ဥပဋ္ဌိတာ။
တာယ မေသုခ သေယျာယ၊ ရာဇ ဝဏ္ဏော ပသီဒတိ။ ။
'အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိနာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။ ။
'အနာဂတပ္ပ ဇပ္ပါယ၊ အတီတဿာ နုသောစနာ။
ဧတေန ဗာလာ သုဿန္တိ၊ နဠောဝ ဟရိတော လုတော။ ။'ဟူသော ၄ ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်။အရောင်အဆင်းဟူသည်ကား စိတ်ငြိမ်သောသူ၌သာ ထွက်၏။ အိပ်မှု, စားမှု စသည်တို့၌ အလိုမပြည့်နိုင်သောသူ၊ ရောင့်ရဲလွယ်ခြင်းမရှိနိုင်သော သူသည် အရောင်အဆင်း ပျက်၏။ စည်းစိမ်ဥစ္စာ၌ ကြောင့်ကြစိုးရိမ်ကြီးသဖြင့် နှလုံးထိတ်လန့်သောသူလည်း အရောင်အဆင်း ပျက်၏။ လွန်လေပြီးသည်ကို ကြံ၍ စိုးရိမ်တတ်သောသူ, လာလတ္တံ့သောအနာဂတ်ကို ကြံ၍ စိုးရိမ်တတ်သောသူ, ဤ သူမလိမ္မာတို့သည်လည်း နှလုံးအသင့်အတင့် မထားတတ်ခြင်းကြောင့် ကျူရိုးကျူပင်ကို ကောင်းကင်သို့ နုတ်ပစ်လိုက်သကဲ့သို့ မိမိတို့ အဆင်းကိုပင် မိမိတို့ဖျက်ကုန်၏။

"ခမည်းတော်။ ငါမူကား ဤရန့်ကြမ်းစွာသော မြက်အခင်း၌ အိပ်လျက်ပင်လည်း 'ဤအခင်းထက်သာ၍ နူးညံ့သောအိပ်ရာကိုရသော် ကောင်းလေ၏'ဟု တောင့်တစိုးရိမ်ခြင်း ငါ မရှိ။ အခင်း၌ အဆိုး,အကောင်းကို အမှတ်မပြုလေခြင်းကြောင့် ကြမ်းသည်ဟူ၍ ငါမထင်။ ဤမြက်အခင်းဖြင့်ပင် ငါ၏အဆင်းကာ အလွန် ကြည်ညိုဖွယ်ဖြစ်၏။

ဤ ကျောင်းသခ်မ်း၌ သက်နီး, သပိတ် စသော ရဟန်းအသုံးအဆောင်ပရိက္ခရာတို့ကို မပျောက်မပျက် စေခြင်းငှာ ထီးနန်းမှာ ရွှေလုံ့,ရွှေအား အစောင့်အရှောက်ထားသကဲ့သို့ တစ်စုံတစ်ခုသော အစောင့်အရှောက်ကိုမျှလည်း မထား။ သူတစ်ပါး ဖျက်ဆီးလတ္တံ့ဟူ၍လည်း နှလုံးမရှိ။ ထို ပစ္စည်းပရိက္ခရာ၌ စိုးရိမ်ခြင်း မရှိသဖြင့်လည်း ငါ၏အဆင်းသည် ကြည်ညိုဖွယ်ကိုဆောင်သည် ဖြစ်ရာ၏။

"ငါသည် ဆွံ့,ယောင်အယောင် မဆောင်ဘဲ ကာမဂုဏ်စည်းစိမ်ကိုခံ၍ ယခုအရွယ် ၁၆နှစ်ကျော်လျှင် ရဟန်းပြုရလေသော်၊ မင်းသား ဖြစ်ကျိုးလည်း ရှိလေ၏စသည်ဖြင့် လွန်ခဲ့ပြီးသောအမှုကိုလည်း မသင့်သောအရာ, သင့်သောအရာ၌ပင် အဖန်တလဲလဲ ကြံအောက်မေ့၍ စိုးရိမ်ခြင်းမည်သည် မဖြစ်။ 'ယနေ့ ဤအစာကို စားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် အဘယ်အစာကို စားရမည်နည်း' စသည်ဖြင့် အိပ်ရာနေရာ, အစား, အဝတ်, အသုံးအဆောင်, အဖော်အရွေ စသည်တို့ကိုမှီ၍ အနာဂတ်၌ဖြစ်လတ္တံ့သည်ကို အဖန်တလဲလဲ ကြံအောက်မေ့သဖြင့် စိုးရိမ်ခြင်းမည်သည် မဖြစ်။ ယနေ့သော် ယနေ့အလျောက်, နက်ဖြန်သော် နက်ဖြန်အလျောက် ရသမျှ ပစ္စည်းဖြင့်သာ ရောင့်ရဲစေ၏။ ထိုသို့ စိုးရိမ်ခြင်းမရှိမူ၍ ရောင့်ရဲလွယ်ခြင်းကြောင့်လည်း ငါ၏အရောင်အဆင်းသည် ကြည်ညိုဖွယ်ကို ဆောင်သည်ဖြစ်ရာ၏။

"ခမည်းတော်။ နုးညံ့သောအာရုံ ကာမဂုဏ်နှင့်မစပ်မယှဉ်ဘဲ အဆင်းအရောင် ကြည်ညိုဖွယ်နှင့် ပြည့်စုံခြင်းကို ခမည်းတော်မြင်သဖြင့် 'ငါ့သားကား လွန်ခဲ့ပြီးသည်ကို လည်းကောင်း, လာလတ္တံ့သည်ကို လည်းကောင်း, အကျိုးမဲ့ အဖန်တလဲလဲကြံ၍ စိုးရိမ်ပင်ပန်းတတ်သော မလိမ္မာသူ အပြိန်အဖျင်း မဟုတ်ချေ'ဟူ၍ အံ့ဖွယ်သရဲ၏အကြောင်းကို ရှာကောင်းသည် မဟုတ်လော"ဟုဆို၏ ဟူလိုသည်။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် 'ငါ့သားကား ငါ့ကို 'ဖခင်'ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်၏။ မိဘ၌ချစ်ခြင်းကို မစွန့်သေး။ ငါ့သားအား ဤအရပ်၌ပင်လျှင် မင်း၏အဖြစ်ဖြင့် အဘိသိက်သွန်း၍ မြို့သို့ ချီပင့်ဆောင်သွားအံ့'ဟု ကြံလျက် ပြည်စည်းစိမ်ဖြင့် ဖိတ်ကြားလိုသောကြောင့်—

'ဟတ္ထာနီကံ ရထာနီကံ၊ အဿေ ပတ္တီ စ ဝမ္မိနော။
နိဝေသနာနိ ရမ္မာနိ၊ အဟံ ပုတ္တ ဒဒါမိ တေ။ ။
'ဣတ္ထာဂါရံပိ တေ ဒမ္မိ၊ သဗ္ဗာ လင်္ကာရဘူသိတံ။
တာသု ပုတ္တေ ပဋိပဇ္ဇ၊ တွံ နော ရာဇာ ဘဝိဿသိ။ ။
'ကုသလာ နစ္စဂီတဿ၊ သိက္ခိတာ စာတုရိတ္ထိယော။
ကာမေ တံ ရမယိဿန္တိ၊ ကိံ အရညေ ကရိဿသိ။ ။
'ပဋိရာဇူဟိ တေ ကညာ၊ အာနယိဿံ အလင်္ကတာ။
တာသု ပုတ္တေ ဇနေတွာန၊ အထ ပစ္ဆာ ပဗ္ဗဇိဿသိ။ ။
'ယုဝါ စ ဒဟရော စာပိ၊ ပဌမုပ္ပတ္တိကော သုသု။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တေ၊ ကိံ အရညေ ကရိဿသိ။ ။'ဟူသော ၅ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား—

"ချစ်သား။ ခမည်းတော်၌ မောင့်ဘိုးတော်မှ အမွေခံရလိုက်သော ပြည်ကြီး စည်းစိမ်သည် ရှိ၏။ ထို ပြည်ကြီးစည်းစိမ်ကို ချစ်သားမှတစ်ပါး ခံထိုက်သူမရှိသောကြောင့် ဤတောအရပ်၌ ချစ်သား စကားပြောကြောင်းကို သုနန္ဒာလျှောက်၍ ခမည်းတော်ကြားရလျှင် အလွန်ဝမ်းမြောက်ခြင်းနှင့် မောင်ကို တင်ဆောင်အံ့ဟု အလုံးအရင်း ကြီးစွာစီရင်၍ ခမည်းတော် လာခဲ့၏။ ဤ၌ ပါသမျှသော ဆင်, မြင်း,ရထား, ခြေသည်, များစွာသော သူရဲ, မှူးမတ်, ဗိုလ်တပ်အလုံးအရင်းတို့ကို ချစ်သားအား ယခု ခမည်းတော် ဆက်ကပ် အပ်နှင်းပါ၏။

"ထိုမှတစ်ပါး ခပ်သိမ်းကုန်သော ကာသိကရာဇ်တိုင်းကြီး ဗာရာဏသီပြည်ကြီး စည်းစိမ်ရေမြေနှင့် တကွ အလုံးစုံ ခမည်းတော်ပိုင်ထိုက်သမျှကိုလည်း ချစ်သားအား ဆက်ကပ် အပ်နှင်းပါ၏။ နတ်သမီးကဲ့သို့ အဆင်းကိုဆောင်လျက် ပြိုးပြိုးပြက်ပြက်တောက်ပသော အဝတ်တန်ဆာ, ရတနာရောင်တို့ဖြင့် ပြည်ကြီးရှင်တို့၏ နှလုံးအလိုကိုပြီးစေနိုင်သော သမီးပျိုနန်းသူအပေါင်း ၁ သောင်း ၆ ထောင်တို့ကိုလည်း ချစ်သားအား အလုပ်အကျွေး အလို့ငှာ ဆက်ကပ်အပ်နှင်းပါ၏။ ဤအရပ်၌ မင်းမြှောက်တန်ဆာ ၅ ပါးတို့နှင့်တကွ မင်း၏ အဘိသိက်ကို ခံပြီးလျှင် များစွာသော အမတ်ရွေဖော် သူငယ်တော်အပေါင်းခြံရံလျက် ပြည်သို့ပြန်၍ ထီးနန်းစည်းစိမ်ကို စိုးစံပါဦးလော့။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားသည်။ ယခု ပထမအရွယ်သာဖြစ်၍ ကာမဂုဏ်စည်းစိမ်ဖြင့် ပျော်မွေ့ခြင်းသည်သာလျှင် အရွယ်နှင့် လိုက်လျော၏။ ငြီးငွေ့လောက်သော အရွယ်ရောက်သော်တစ်မူကား ယခုကဲ့သို့ပင် ရဟန်းပြုလိုလည်း ပြုရပါ၏။ ယခုကား အရွယ်နှင့် မတန်သေး။ ပြည်သို့ပြန်၍ မင်းပြုသောအခါ ချစ်သား၏ဘုန်းအာနုဘော်ဖြင့် ထီးဖြူဆောင်းချင်း မင်းတစ်ပါးတို့ခံ့ညားခြင်း ရှိသည်ဖြစ်၍၊ နန္ဒဂီတ"""အမှု၌ လိမ္မာစွာ မင်းသမီး ကညာတစ်ယောက်စီ အသီးသီးဆက်ကပ်လာသဖြင့် ထိုမင်းသမီးတို့၏အလယ်၌ ချစ်သား၏နှလုံးသည် အလွန်မွေ့လျော်ခြင်း ဖြစ်လတ္တံ့။ ဤတောအရပ်၌ နေ၍ အဘယ်ပြုအံ့နည်း။

"အရွယ်နှင့် မတန်သေး။ ငယ်ရွယ်သောအခါက ကာမဂုဏ်ချမ်းသာကို ခံစား၍ နောင် အရွယ်လွန်သော အခါမှ ရဟန်းပြုရသော်သာ တော်လျော်တင့်အပ်၏။ 'ကြီးမှ ရဟန်းပြုသော် မအပ်' ဟူ၍ ရှိတော့သည် မဟုတ်ပြီ။ ထို့ကြောင့် ယခု ပြည်သို့ပြန်၍ အရွယ်ရှိသည့်ကာလပတ်လုံး အဘိုး၏အမွေဖြစ်သော ထီးနန်းစည်းစိမ်ကိုစိုးစံပါဦး။

"ချစ်သား။ ယခု အမိနို့ရည် စင်ရုံမျှအရွယ်သာရှိသေး၏။ အလွန် ထွားနုလှသေး၏တကား" ဟုဆို၍ တောင်းပန်ဖိတ်ကြား၏။

ခမည်းတော်စကားကိုကြားလျှင် ဘုရားလောင်းသည် 'ယခုတစ်မူကား စကားစရှာ၍ပင် ငါ ဆုံးမအပ်သည် ဖြစ်ပေလျက် ခမည်းတော် စကားစထွင်၍ ရှိပြီးဖြစ်သောကြောင့် ခမည်းတော်တို့အား ဝဋ်တရား၏ ဆင်းရဲစင်စစ်ဖြစ်သည်ကို ထင်စွာပြလျက် နိစ္စ, သုခ, အတ္တ, သုဘ ဟု အမှတ်မှားလေသည်ကို အမှန်ဖြစ်စေကြောင်း ကောင်းစွာ တရားဟောအံ့' ဟု ကြံ၍–

'ယုဝါ စရေ ဗြဟ္မစရိယံ၊ ဗြဟ္မစာရီ ယုဝါ သိယာ။
ဒဟရဿ ဟိ ပဗ္ဗဇ္ဇာ၊ ဧတံ ဣသိဘိ ဝဏ္ဏိတံ။ ။
'ယုဝါ စရေ ယုဝါ သိယာ၊ဗြဟ္မစာရီ ယုဝါ သိယာ။
ဗြဟ္မစရိယံ စရိဿာမိ၊ နာဟံ ရဇ္ဇေန မတ္ထိကော။ ။
'ပဿာမိ ဝေါဟံ ဒဟရံ၊ အမ္မတာတာ ဝဒန္တရံ။
ကိစ္ဆာလဒ္ဓံ ပိယံ ပုတ္တံ၊ အပတွာဝ ဇရံ မတံ။ ။
'ပဿာမိ ဝေါဟံ ဒဟရိံ၊ ကုမာရိံ စာရုဒဿနိံ။
နဝ ဝံသကဠီရံဝ၊ ပလုဂ္ဂံ ဇီဝိတက္ခယံ။ ။
'ဒဟရာ ဝိ စ မိယျန္တိ၊ နရာ စ အထ နာရိယော။
တတ္ထ ကော ဝိဿသေ ပေါသော၊ ဒဟရောမှီတိ ဇီဝိတေ။ ။
'ယဿ ရတျာ ဝိဝသာနေ၊ အာယု အပ္ပတရံ သိယာ။
အပ္ပေါဒကေဝ မစ္ဆာနံ၊ ကိံနု ကောမာရကံ တဟိံ။ ။
'နိစ္စ မဗ္ဘာဟတော လောကော၊ နိစ္စံဝ ပရိဝါရိတော။
အမောဃာသု ဝဇန္တီသု၊ ကိံ မံ ရဇ္ဇေန သိဉ္စသိ။ ။' ဟူသော ၇ ဂါထာဖြင့် တရားဟောတော်မူ၏။

အဓိပ္ပာယ်ကား–

"ခမည်းတော်။ ငယ်ရွယ်ပျိုနုသောအခါက မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော သူအားသာလျှင် 'ကာမဂုဏ်စိတ်၏ အလိုသို့ ကိုယ်မလိုက်နိုင်သောအရွယ်မှ မြတ်သော အကျင့်ကို ကျင့်သော သူတို့ထက်' အဆအရာ, အဆအထောင်အားဖြင့် ဘုရားအစရှိသော ရသေ့, ရဟန်း, သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အတွေ့စည်းစိမ်ကိုရှောင်ကြဉ်၍ ငယ်ရွယ်ပျိုနုသောအခါက ရဟန်းပြုရခြင်းသည် မြတ်၏။ ထို့ကြောင့် ငါလည်း လက်သို့ ရောက်ပြီးသော စည်းစိမ်ကိုပယ်၍ မြတ်သောအကျင့်ကိုသာလျှင် ကျင့်အံ့။ ပြည်စည်းစိမ်ဖြင့် အလိုမရှိပြီ။

"ယခုဆိုလတ္တံ့သော စကားကို မယ်တော်,ခမည်းတော်တို့ အသင့်နှလုံးသွင်း၍ မှတ်နာကြကုန်။ ဤလောက၌ အရွယ်ရောက်စသာဖြစ်ကုန်သော လုလင်ပျိုတို့သည် လည်းကောင်း၊ ယောကျ်ားတို့၏ နှလုံးကို ရွှင်စေတတ်သောအဆင်းကို ဆောင်ကုန်သော သမီးလုလင်တို့သည် လည်းကောင်း အိမ်ရာမကျမီ, သားကြီး မြေးပွားမရှိမီ, အဆင်း၏ပျက်ခြင်း, အိုခြင်း, သေခြင်းမည်သည် မဖြစ်နိုင်ရာ ဟူ၍ရှိသော်ကား 'အငယ်က ရဟန်းမပြုလင့်'ဆိုသော် အလျော်သင့်သေး၏။

"ယင်းသို့ကား မဟုတ်။ ပဋိသန္ဓေကပင် ပျက်စီးရသောသတ္တဝါ, ဖွားစကပင် ပျက်စီးရသော သတ္တဝါ, အရွယ်ရောက်စကပင် ပျက်စီးရသောသတ္တဝါ စသည့်ဖြင့် အခါအရွယ်ကို ငံ့တွယ်ခြင်း မရှိ၊ ဗျာဓိ, ဇရာ, မရဏာ မပြတ်နှိပ်စက်သဖြင့် 'ငါ့အသက်, ငါ့ကိုယ်'ဟုပြောဆို၍ ကောင်းရာတစ်ခုမျှ မထင်ဘဲလျက် အသက်ကို မိဘာ ပိုင်သကဲ့သို့ အဘယ့်ကြောင့် 'အိုမှ ရဟန်းပြု, ယခု ထိုးနန်းစံဦး'ဟုဆိုထိုက်ပါအံ့နည်း။

"တရွေ့တရွေ့ ခန်းခြောက်သဖြင့် ရေနည်းခြင်းသို့ရောက်သောအိုင်၌ ငါးကဲ့သို့ သတ္တဝါအပေါင်းတို့ အားလည်း တစ်ညဉ့်တစ်ညဉ့် ကုန်သဖြင့် အသက်၏နည်းခြင်းသို့ ရောက်မြဲကား ဓမ္မတာတည်း။ ထို့ကြောင့် မအို, မသေ မနေရဘဲလျက် ယခု ပျိုနုသောအရွယ် ဖြစ်သည်ဟူ၍ ထိုခဏဖြစ်သော အရွယ်အဆင်း၌တပ်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။

"ခမည်းတော်, မယ်တော်တို့။ လောကကို မပြတ်လည်း နှိပ်စက်၏။ မပြတ်လည်း ခြံရံ၏။ အချည်းနှီး မဟုတ်မူ၍လည်း လွန်၏။ ထိုသို့ဖြစ်လျက် မင်း၏အဘိသိက်ဖြင့် ငါ၌ အဘယ်ပြုအံ့နည်း။ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်သာလျှင် အကျိုးရှိ၏"ဟု သံဝေဂနှင့်စပ်ယှဉ်သော တရားစကားကို ကောင်းစွာဟောတော်မူ၏။

ထိုအခါ ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် 'လောကကို မပြတ်နှိပ်စက်၏'ဟု စသည်ဖြင့် ဟောသော ဘုရားလောင်းတရားတော်၏ အနက်ကို ဥဒ္ဒေသမျှဖြစ်၍ မသိနိုင်ခြင်းကြောင့် နှစ်သက်သည် အားလျော်စွာ ထိုတရား၏အနက်ကို သိလိုသည်ဖြစ်၍–

'ကေန မဗ္ဘာဟတော လောကော၊ ကေန စ ပရိဝါရိတော။

ကာယော အမောဃာ ဂစ္ဆန္တိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။'ဟူသော ဂါထာဖြင့်မေး၏။ အဓိပ္ပာယ်ကား–

"ချစ်သား။ လောကကို နှိပ်စက်တတ်သောရန်သူကား အဘယ်နည်း။ ခြံရံတတ်သော ရန်သူကား အဘယ်နည်း။ အချည်းနှီး မဟုတ်မူ၍ သွားတတ်ကုန်သည်ကား အဘယ်သည်တို့နည်း။ ထိုအကြောင်းကို သ်မြင်တိုင်း သိသာအောင် ချစ်သား ကြားဦးလော့"ဟု မေး၏။

ခမည်းတော်စကားကိုကြားလျှင် ဘုရားလောင်းသည် ထိုအကြောင်း ပြန်ကြားလို၍–

'မစ္စုနာ ဗ္ဘာဟတော လောကော၊ ဇရာယ ပရိဝါရိတော။

ရတျော အမောဃာ ဂစ္ဆန္တိ၊ ဧဝံ ဇာနာဟိ ခတ္တိယ။ ။

'ယထာပိ တန္တေ ဝိတန္တေ၊ ယံ ယံ ဒေဝူပဝိယျတိ။

အပ္ပကံ ဟောတိ ဝေတဗ္ဗံ၊ ဧဝံ မစ္စာနဇီဝိတံ။ ။

'ယထာ ဝါရိဝဟော ပူရော၊ ဂစ္ဆံ နုပရိဝတ္တတိ။

ဧဝ မာ ယု မနုဿနံ၊ ဂစ္ဆံ နုပရိ ဝတ္တတိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ယထာ ဝါရိဝဟော ပူရော၊ ဝဟေ ရုက္ခေ ပကူလဇေ။

ဇဝံ ဇရာ မရဏေန၊ ဝုယှန္တေ သဗ္ဗပါဏိနော။ ။'ဟူသော ၄ ဂါထာတို့ဖြင့် ဥပမာနှင့်တကွ အကျယ်ဝေဖန်၍ ဟောကြားတော်မူ၏။ အဓိပ္ပာယ်ကား-

"ခမည်းတော်ကြီး။ လောကကို မပြတ်နှိပ်စက်သည်ကား သေခြင်းတည်း။ လောကကို မပြတ်ခြံရံသည်ကား အိုခြင်းတည်း။ အချည်းနှီး မဟုတ်မူ၍ လွန်တတ်, သွားတတ်သည်ကား ညဉ့်,နေ့ တို့တည်း။

"ခမည်းတော်မင်းကြီး။ ထို ဇရာ,မရဏတို့ကို ဥပမာဆိုသော်ကား သတ္တဝါတို့အသက်သည် ရက်ကန်းချည်နှင့်တူ၏။ ညဉ့်, နေ့ တို့သည် ချည်ချောင်း အစဉ်ရက်သည်နှင့် တူ၏။ ရက်ဖန်များသဖြင့် ရက်ကန်းစာကုန်သည်နှင့်ကား ညဉ့်ကုန်ဖန်များသဖြင့် အသက်ကုန်ခြင်းနှင့် တူ၏။

"တစ်နည်းလည်း သတ္တဝါတို့၏ကိုယ်ကာယသည် မြစ်ကမ်းထိပ်၌ရောက်သော သစ်ပင်တို့နှင့် တူ၏။ အိုခြင်း, သေခြင်းသည် ထိုသစ်ပင်ကို တစ်နေ့မပြတ် ပြင်းစွာတိုးဇုံ့တတ်သော ရေနှင့် တူ၏။ ထိုရေအယဉ်သည် အချည်းနှီး မဟုတ်မူ၍ ကမ်းကို တရွေ့တရွေ့ပြုန်းစေ, ပြိုစေသည်နှင့်ကား အချည်းနှီးမလွန်မူ၍ သတ္တဝါတို့၏ အရွယ်ကို ကြီးစေခြင်း, အဆင်းကို ပျက်စေခြင်း, အားကို ယုတ်စေခြင်းကိစ္စကို ပြီးစေလျက် လွန်တတ်သော ညဉ့်,နေ့နှင့် တူ၏။

"ထို့ကြောင့် ပြည်စည်းစိမ်ဖြင့်နေ၍ ငါ၌ အကျိုးမရှိ။ ဝဋ်တရား၏ နှိပ်စက်ခြင်းကိုသာ ခံရတော့မည်။ ဇရာ, မရဏ အစရှိသော ဝဋ်တရား၏နှိပ်စက်ခြင်းကိုသာ ခံရသေးသော်လည်း မြတ်သောတရားကိုကျင့်၍ အကျိုးရှိသောနေခြင်းဖြင့် နေရသော်သာ မြတ်လှတော့သည်"ဟု ခမည်းတော်,မယ်တော်တို့အား တရားဟောတော်မူ၏ ဟူလိုသည်။

ဤသို့ ဘုရားလောင်း၏တရားစကားကို ကြားနာရလျှင် ခမည်းတော် ကာသိကရာဇ်မင်းကြီးသည် ကာမဂုဏ်၌ ရွံရှာခြင်းဖြစ်၍၊ ရဟန်းပြုလိုသောနလုံး ရှိသဖြင့် ဤသို့ ကြံ၏။

'ယခု ငါ့သားတော်ဟောအပ်သော တရားကိုနာရသဖြင့် ငါ၏နလုံးသည် အလွန်နှုံးညံ့ခြင်းသို့ ရောက်၏။ ပြည်စည်းစိမ်ဖြင့် ငါ အလိုမရှိပြီ။ ငါ့သားတော်မူကား အရွယ်ရှိပေသေးသောကြောင့် ပြည်စည်းစိမ် ကာမဂုဏ်ဖြင့် စံလိုလည်းစံပါစေဦး။ ပြည်စည်းစိမ်ကို ထပ်၍တစ်ဖန် ငါ အပ်နှင်းခြင်းဖြင့် စုံစမ်းအံ့'ဟု ကြံပြီးလျှင်-

'ဟတ္ထာနီကံ ရထာနီကံ၊ အဿေ ပတ္တီ စ ဝမ္မိနော။

နိဝေသနာနိ ရမ္မာနိ၊ အဟံ ပုတ္တ ဒဒါမိ တေ။ ။

'ဣတ္ထာဂါရံ ပိ တေ ဒမ္မိ၊ သဗ္ဗာလင်္ကာရ ဘူသိတံ။

တာသု ပုတ္တေ ပဋိပဇ္ဇ၊ တွံ နော ရာဇာ ဘဝိဿသိ။ ။

'ကုသလာ နစ္စဂီတဿ၊ သိက္ခိတာ စာတုရိတ္ထိယော။

ကာမေတံ ရမယိဿန္တိ၊ ကိံ အရညေ ကရိဿသိ။ ။

'ပဋိရာဇူဟိ တေ ကညာ၊ အာနယိဿံ အလင်္ကတာ။

တာသု ပုတ္တေ ဇနေတွာန၊ အထ ပစ္ဆာ ပဗ္ဗဇိဿသိ။ ။

'ယုဝါ စ ဒဟရော စာပိ၊ ပဌမုပ္ပတ္တိတော သုသု။

ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တေ၊ ကိံ အရညေ ကရိဿသိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ကောဋ္ဌာဂါရဉ္စ ကောသဉ္စ၊ ဝါဟနာနိ ဗလာနိ စ။
နိဝေသနာနိ ရမ္မာနိ၊ အဟံ ပုတ္တ ဒဒါမိတေ။ ။
'ဂေါမဏ္ဍလ ပရိဗျူဠှော၊ ဒါသိသံဃပုရက္ခတော။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တေ၊ ကိံ အရညေ ကရိဿသိ။ ။'ဟူသော ၇ ါထာတို့ဖြင့်အပ်နှင်း တောင်းပန်ပြန်၏။ အစိပ္ပာယ်ကား–

"ချစ်သား။ ခမည်းတော်အား သံသရာစီးပွားအလို့ငှာ ပဲ့ဟာကြားပေသောကြောင့် ကာမဂုဏ်၌ ကြဲခြင်းစသော စိတ်၏တုန်လှုပ်ခြင်း ကင်းငြိမ်းသဖြင့် ကောင်းသောသမာဓိကိုရသည်ဖြစ်၍၊ အရွယ်၏ ဖောက်ပြန်ခြင်းစသော အခြင်းအရာ ထင်ရှားစွာ နှလုံး၌ဝင်လာပေသောကြောင့် အရွယ်အားဖြင့်လည်း ကာမဂုဏ် ကိုငြီးငွေ့ချိန် အရွယ်ရောက်ပြီးဖြစ်၍ ထီးနန်းကို အလိုမရှိပြီ။ ဤတောအရပ်၌ပင်လျှင် တစ်ယောက်ထီးတည်း ဖြစ်သော်လည်း ရဟန်းတရားဖြင့် ကာလကို လွန်စေတော့မည်။ ယခု ခမည်းတော် အကြံရှိ၏။

"ထို့ကြောင့် ချစ်သားမူကား အရွယ်အားဖြင့် စည်းစိမ်စံချိန်သာလည်း ဖြစ်သေး၏။ ဝဋ်တရား၌ အပြစ်ကိုမြင်သော ချစ်သားသည် ပြည်စည်းစိမ်၌ စိုးစံသော်လည်း ဝဋ်တရားကင်းကြောင်းဖြစ်သော တရားတို့ကို မဖြည့်ကျင့်နိုင်ဘဲ ရှိတော့မည်မဟုတ်။ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ မင်းပြုလျှင်လည်း အကျိုးမဲ့ကာလကို လွန်စေသည် မမည်ရာ။ နောင် အရွယ်ကြီးသောအခါမှ ရဟန်းပြုပါလော့။

"ယခု ခမည်းတော် ဤတောအရပ်၌ ရဟန်းပြုရစ်လျှင် ဤ ဗိုလ်ထုအလုံးအရင်းနှင့် ပြည်သို့ပြန်၍ ချစ်သား မင်းပြုပါသော် ခမည်းတော်၏နှလုံးအလိုကို ဆောင်သည်လည်း မည်ပါ၏။

"ထို့ကြောင့် ပြည်သို့ပြန်၍ မင်းတစ်ပါးတို့မှ ဆင်းသက်လာအပ်သော မင်းသမီးတို့၏အလယ်၌ တင့်တယ်စွာ ကာမဂုဏ်ချမ်းသာကို အရွယ်နှင့် ပြည့်စုံသည့် ကာလပတ်လုံး စိုးစံပါချေဦး"ဟုထပ်၍ တစ်ဖန် ပြည်စည်းစိမ်ကို အပ်နှင်းပြန်၏ ဟူလိုသည်။

ခမည်းတော်စကားကို ကြားလျှင် ဘုရားလောင်းသည် ပြုအပ်သောကုသိုလ်ကောင်းမှု၌ အခါရွေး၍ အလေးအနွဲ့ မပြုအပ်ကြောင်း၊ ဇရာ,ဗျာဓိ အစရှိသော ဝဋ်တရားတို့ကို အစိုးမရကြောင်း၊ မိမိ၏ကာမဂုဏ် အနှောင်အဖွဲ့မှ 'ဝိက္ကမ္ဘန[၁၁]သတ္တိ'ဖြင့် ကင်းလွတ်လေပြီးကြောင်းကို ပြလို၍–

'ကိံ မံ ဓနေန ခီယေထ၊ ကိံ ဘရိယာယ မရိဿတိ။
ကိံ ယောဗ္ဗနေန ဝဏ္ဏေန၊ ယံ ဇရာယာ ဘိဘုယျတိ။ ။
'တတ္ထ ကာ နန္ဒိကာ ခိဍ္ဍာ၊ ကာ ရတိ ကာ ဓနေသနာ။
ကိံ မေ ပုတ္တေဟိ ဒါရေဟိ၊ ရာဇ မုတ္တောသ္မိ ဗန္ဓနာ။ ။
'ယော ဟံ ဧဝံ ပဇာနာမိ ၊ မစ္စု မေ နပ္ပမဇ္ဇတိ။
အန္တကေနာ ဓိပန္နဿ၊ ကာ ရတိ ကာ ဓနေသနာ။ ။
'ဖလာန မိဝ ပက္ကာနံ၊ နိစ္စံ ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။ ။
'သာယ မေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူ ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။ ။
'အဇ္ဇေဝ ကိစ္စံ အာတပ်ံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ ။



www.burmeseclassic.com

www.burmeseclassic.com



'စောရာ ဓနသာ ပတ္တေန္တိ၊ ရာဇ မုတ္တောသို့ ဗန္ဓနာ။

ပေဟိ ရာဇ နိဝတ္တေဿသု၊ နာဟံ ရဇ္ဇေန မတ္ထိကော။ ။'ဟူသော ၇ ဂါထာတို့ဖြင့် တရားဟောတော်မူ၏။ အဓိပ္ပာယ်ကား-

"ခမည်းတော်မင်းကြီး။ ဥစ္စာစည်းစိမ်ဟူသည်ကား ရန်သူ ၅ ပါး[၁၀၂]ဖျက်ဆီး၍ ပျက်ပြုန်းသဖြင့်လည်း ဥစ္စာရှင်ကို စွန့်တတ်၏။ ရန်သူ ၅ပါး မဖျက်ဆီးမူ၍ မိမိဖြစ်ဆဲ, ပွားဆဲသော်လည်း ဥစ္စာရှင်သေသဖြင့် ဥစ္စာရှင်သည် စွန့်အပ်၏။ ထိုသို့ စွန့်တတ်,စွန့်အပ်သော အခြင်းအရာဖြင့် ပျောက်ခြင်း, ကုန်ခြင်း သဘောသာလျှင် စင်စစ်ဖြစ်သော ပြည်စည်းစိမ်ဖြင့် အဘယ့်ကြောင့် ခမည်းတော် ဖိတ်မန်ခြင်းကို ပြုပြန်ရသနည်း။

"သမီးကညာ, မိဖုရား, မောင်းမ, ခြေရင်းအလုပ်အကျွေး ဟူသည်တို့လည်း ထိုပြည်စည်းစိမ်ကဲ့သို့ပင် စွန့်တတ်စွန့်အပ်သောအခြင်းအရာဖြင့် ကုန်ခြင်း,ကင်းခြင်းသဘောသာလျှင် စင်စစ်ဖြစ်လျက် အဘယ့်ကြောင့် မိန်းမမြတ်ရတနာတို့ဖြင့် ဖိတ်မန်ခြင်းကို ခမည်းတော် ပြုရသနည်း။ ယမန်နေ့ကဖြစ်သော အရွယ်အဆင်းကို ယနေ့ မမီနိုင်အောင် အိုခြင်း, ရင့်ခြင်းဖြင့် နှိပ်စက်အပ်သည်စင်စစ်ဖြစ်လျက် အဘယ့်ကြောင့် အရွယ်အဆင်း၏ ဂုဏ်ကို ချီးမွမ်းရသနည်း။

"မိန်းမမြတ်တို့၏ လက်, ခြေ, မျက်နှာ စသည်ကိုတွေ့မြင်၍ နှစ်သက်ခြင်း,တပ်ခြင်း၊ မြင်ဖူး, တွေ့ဖူး, ကြားဖူးသည်ကိုနှလုံးဖြင့် အကောင်းအမြတ်ကြံ၍ နှစ်သက်ခြင်း, တပ်ခြင်း၊ အစရှိသော ဆန္ဒရာဂ[၁၀၃], ကာမရာဂ[၁၀၄],သက်ပွရာဂ[၁၀၅]တို့ကို လည်းကောင်း, ကိုယ်စိတ်၏ ကစားမြူးထူးခြင်း, ကာမဂုဏ် ၅ ပါး၌ မွေ့လျော်ခြင်း ကာမရာဂကိုလည်းကောင်း၊ ညွှန်ပျောင်း ကျောက်သွတ်ကွင်းတို့မှ ရှင်းရှင်းဆေးဆေး ဆေးပွတ်ချွတ်ရန်း၍ ကုန်းထက်သန့်ပြန့်ရာ ရောက်ပြီးသောသူကဲ့သို့ မငြိမစွန်း မသမ်းမမြေး ဝေးစွာကွာစေ အပ်လေပြီးသည်ဖြစ်၍ ဥစ္စာ, သား, မယားတို့ဖြင့် ငါ၌ အဘယ်မူ စ,အံ့နည်း။

"ခမည်းတော်မင်းကြီး။ ဖြစ်တတ်သောတရား၏ ပျက်ခြင်းသာလျှင် အဆုံးရှိသည်၏အဖြစ်ကို အဖန်တလဲလဲ ငါအောက်မေ့မိ၏။ အဘယ်အခါမျှ မမေ့လျော့ခြင်းမည်သည် ငါ၌ မဖြစ်။ ထိုသို့ 'မရဏာနုဿတိ[၁၀၆]'ကို အဖန်တလဲလဲ အောက်မေ့မိသောငါ့အား ကာမဂုဏ်ဖြင့်မွေ့လျော်ခြင်း, ဥစ္စာပစ္စည်းကို ဆည်းပူးခြင်းတို့ဖြင့် အဘယ် ပြုတော့မည်နည်း။

"မှည့်ခြင်းဖြင့်နှိပ်စက်အပ်သော သစ်သီးအား အညာမှ ကြွေကျပျက်စီးခြင်း မြဲသကဲ့သို့ ပဋိသန္ဓေနေခြင်း ရှိကုန်သော သတ္တဝါအပေါင်းတို့အား ရုပ်,နာမ်တို့၏ ရင့်ခြင်း,အိုခြင်းဖြင့် တစ်နေ့မပြတ် နှိပ်စက်အပ်သော သေးရန်တို့၏ထူပြောခြင်းကြောင့် ယခု ငါတို့မျက်မှောက်တွင်ပင် အချို့သောသတ္တဝါတို့ကို နံနက်အခါက ပြကတေ့မြင်လျက် ညဦးအခါ မမြင်ရ၊ ညဦးအခါ ပြကတေ့မြင်လျက်လည်း နံနက်အခါ မမြင်ရ ဖြစ်၏။

"ထို့ကြောင့် အပါယ် ၄ ရပ်[၁၀၇], ကပ် ၃ တန် ၄၀၈,ရန်သူ ၅ စု, ဥပဒ်အန္တရာယ် အစရှိသည်တို့မှ လွတ်ကြောင်း၊ ဇရာ, မရဏာ အစရှိသော ဝဋ်ဆင်းရဲတို့မှ လွတ်ကြောင်း၊ ကောင်းမှုဖြစ်သော ဒါန,သီလ, ဘာဝနာ စသည်တို့ကို ပြုလိုသောနှလုံးရှိလျှင် ထို နှလုံးဝင်သောခဏချင်း ကြံမိသောကုသိုလ်ကို ပြီးမြောက်စေကြောင်း ကောင်းစွာလုံ့လဖြင့် ပြုအပ်လှတော့သည်။ ယနေ့ မကောင်း, နက်ဖြန် ကောင်း ဟူ၍ ပြောင်းလင့်ဖင့်နွဲလျက် အတွက်မရ ကာလကိုမကုန်စေသင့်။ အဘယ့်ကြောင့်နည်းဟူမူ မည်သူတစ်ယောက်မျှ မရဏာမင်းနှင့် မိတ်ကျွမ်းဝင်ပြု၍ နေ့ရက်အချက်အချိန်းကို ရသည် မရှိချေ။ ယခု စကားပြောဆဲခဏမှ ယနေ့လည်းကောင်း, နက်ဖြန်လည်းကောင်း မည်သည့်ကာလမဆို ထိုသို့သော အနာဂတ်တို့၌ သေအံ့, ရှင်အံ့သည်ကို မည်သူတစ်ယောက်မျှ မသိနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်း၁၅၂၅ ပါး, ကြမ္မာ၁၅၀ ၃၂ ပါး, အနာ ၉၆ ပါး, အိုခြင်းရင့်ခြင်း အစရှိသော စစ်သည်လက်သား အခြံအရံများလှစွာသော သေခြင်းဟုဆိုအပ်သော ခိုးသူကြီးသည် သတ္တဝါတို့၏ ပဋိသန္ဓေ နေခြင်းဖြစ်ခြင်းတည်း ဟူသော ဥစ္စာထုပ်ကို 'ကုသိုလ်အစောင့်အရှောက်လစ်လျှင် ခိုးယူအံ့'ဟု တောင့်တခြင်းဖြင့် လက်သား အစေအပါးဖြစ်သော ဇရာ, ဗျာဓိတို့ မပြတ်ခြံရံစေလျက် အခွင့်ရှာကာ နေဘိ၏။

"ခမည်းတော်မင်းကြီး။ ထိုသို့သောဘေးကို မြင်လေပြီးသော ငါ့အား အဘယ်ကြောင့် 'ဤအရွယ်ကား စည်းစိမ်စံချိန်, ဤအရွယ်ကား ရဟန်းပြုချိန် ဟူ၍ ဆိုရသနည်း။ ထိုသို့သောဘေးတို့ကြောင့် ဝေးစွာ ရှောင်လေပြီးသော ငါသည် အညာမှလွတ်သော သစ်သီးကဲ့သို့ တစ်ဖန်ပြန်၍ ဆက်စပ်ငြိတွယ် လိုခြင်းသဘောမှ ကင်းကွာလေပြီ။ ထို့ကြောင့် ငါ့အား မည်သို့မျှ ခမည်းတော် မတောင်းပန်လင့်။ ခမည်းတော်သာ ငါကဲ့သို့ ဝဋ်တရားကို ငြီးငွေ့သည်မှန်လျှင် မကြာမြင့်စေလင့်။ ယခုပင် လာလှည့်။ ငါကဲ့သို့ ရဟန်းပြုလျက် ဘာဝနာဖြင့်သာ ကာလကို လွန်စေတော့"ဟု ဆိုတော်မူ၏ဟူလိုသည်။

ဘုရားလောင်း၏တရားကို နာရသောအခါ ခမည်းတော်မင်းကြီးသည် ရဟန်း၏အဖြစ်၌ အလွန် သဒ္ဓါခြင်း ရှိသည်ဖြစ်၍

"ချစ်သား။ ခမည်းတော် ယခုတောင်းပန်သည်မှာ ဝဋ်ဆင်းရဲ၌ အပြစ်ကို မမြင်ခြင်းကြောင့်လည်း မဟုတ်ပြီ။ မြတ်သောစည်းစိမ်ကြီးဖြစ်၍ အမွေခံသားရှိပေလျက် မြက်, သစ်ရွက်ကိုကဲ့သို့ ဆင်ခြင်မဲ့ မပြုသာသေးသောကြောင့်သာ ချစ်သားအား တောင်းပန်ခြင်းကို ပြုပေသည်။ ယခုကား ထပ်၍တစ်ဖန် ချစ်သား၏ တရားစကားကို ကြားရသဖြင့် ထိုပြည်စည်းစိမ်ကို ခမည်းတော်၏နှလုံးမှာ မြက်,သစ်ရွက်လောက်မျှ အလေးမပြုလိုပြီ။ ခမည်းတော်အား ရဟန်းပြုခြင်း၌ ကိုးကွယ်လဲလျောင်းရာကို ချစ်သားသည်သာလျှင် ပြု၍ ရဟန်းအသွင်, ရဟန်းတရားတို့ကို ပေးတော်မူလော့"ဟုဆို၏။

မယ်တော် စန္ဒာဒေဝီ မိဖုရားကြီးသည်လည်း ထိုသို့သော ဘုရားလောင်း၏တရားကို နာရသောအခါ ရဟန်းအဖြစ်ကို မင်းကြီးတောင်းပန်သောစကား၏နောက်၌

"ချစ်သား။ မိခင်အားလည်း ရဟန်းပြုပါလော့။ ပြည်သို့ မိခင် မပြန်လိုပြီ"ဟု ဆို၏။

မယ်တော်, ခမည်းတော်တို့ ရဟန်းအဖြစ်ကို တောင်းပန်ပြီးသော် ၁ သောင်း ၆ထောင်သော ကိုယ်လုပ်အပျိုတော် နန်းသူအပေါင်းတို့သည် လည်းကောင်း၊ ဘုရားလောင်း၏ဖွားဖက်ရွှေဖော် အမတ်သား ၅၀၀ တို့သည် လည်းကောင်း၊ ဆင်သင်းမြင်းစိုး အစရှိသော သူရဲအမှူးအကဲတို့နှင့်တကွ အလုံးစုံ ၁၈ ခေါဘိဏီ ရှိသော ဗိုလ်ခြေ မင်းပရိသတ်အပေါင်းတို့သည် လည်းကောင်း အချင်းချင်း အယူ တညီတည်းဖြစ်ကြ၍ 'အရှင် ၃ ပါးတို့နှင့် ငါတို့လည်း မခွဲပြီ။ ရဟန်းတရားဖြင့်သာလျှင် ဤတောအရပ်၌ ကာလကို ကုန်စေအပ် လှတော့သည်ဖြစ်၍ ရဟန်းပြုကြအံ့'ဟု ကြံကြကုန်၏။

ထိုသို့ မင်းပရိသတ်အပေါင်း အကြံတစ်ခုတည်း ညီညွတ်ကြသောအခါ ကာသိကရာဇ်မင်းကြီးသည် မြို့စိုးမြို့ဝန်ကို ခေါ်တော်မူပြီးလျှင်

"ယခု မြို့သို့သွား၍ မြို့ပတ်လည်ဝန်းကျင် ဤသို့သောအမိန့်တော်နှင့် အောင်စည်တီးချေ။ 'ရန်သူတကာ တို့ကို အောင်တော်မူပြီးသော ကာသိကရာဇ် တိုင်းကြီးသခင် အမိန့်တော်ရှိသည်။ ဗာရာဏသီပြည်တော် မြို့ပြင်မြို့တွင်းနေ ပြည်သူပြည်သားအပေါင်းတို့။ ယခု သားတော် တေမိမင်းသားအထံတော်၌ ရဟန်းတရား တည်းဟူသော ရန်အောင်ကြောင်းအမြိုက်ရည်ကို ငါ သောက်တော်မူရ၍ အရသာပေါ်ပြက် စပ်ခါးခြင်းရှိသော



www.burmeseclassic.com

www.burmeseclassic.com



ပြည်ကြီးစည်းစိမ် ကာမဂုဏ်ကို ခံတွင်းမှလွတ်သော တံတွေးသဖွယ် ငါ မှတ်တော်မူပြီ။ သင် ပြည်သူ ပြည်သားအပေါင်းတို့သည်လည်း ငါတို့ကဲ့သို့ ရဟန်းတရားတည်းဟူသော အမြိုက်ရည်ကို သောက်လိုကြလျှင် အိမ်ထောင်ပစ္စည်းကို လွှတ်လွှတ်စွန့်ပစ်ခဲ့၍ ငါ့သားတော်ထံ ရဟန်းပြုလာကြစေ' ဤသို့ စည်လည်ချေ”ဟု စေခန့်လိုက်သဖြင့် ထိုမြို့စိုးအမတ် ပြည်သို့ပြန်၍ စည်လည်လေ၏။

## ၂၁။ တစ်ပြည်လုံး တောထွက်ခန်း

ထိုအခါ ဗာရာဏသီ ပြည်သူပြည်သားအပေါင်းတို့သည် လွန်စွာသော နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် အကြံတညီတညွတ်တည်း ဖြစ်ကြ၍၊ ပြည်တံခါး, နန်းတော်တံခါး, ရွှေတိုက် ငွေတိုက် ရတနာတိုက် တံခါး စသော အလုံးစုံတံခါးတို့ကို အပိတ်အဆို့မရှိ သိသာမြင်လွယ် လိုဖွယ်ရှိသူ ယူလွယ်အောင်ဖွင့်လှစ်၍၊ မြေထဲ၌ မြှုပ်ထားအပ်သော ရွှေအိုးတို့ကိုလည်း အလိုရှိသူ ဖော်ထုတ်လွယ်စေခြင်းငှာ 'ဤမည်သောအရပ်၌ ဤမည်သော ရွှေအိုး ရှိ၏။ အလိုရှိသူ ထုတ်ယူသုံးဆောင်ပါလော့'ဟု ရှိန်းခိုပင်မှဖြစ်သော အစေးအရည်တို့ဖြင့် တိုက်နံရံ စသည်တို့၌ ကမ္ပည်းအက္ခရာ ထင်မြင်သာအောင်ရေးထား၍၊ အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို ဖြန့်၍ကျင်းသကဲ့သို့ ကပ်ငြိခြင်းမှ မြက်,ဝါးခြမ်းစိတ်လောက်မျှ မမှတ်သောနှလုံး ရှိကြပြီးလျှင် ထိုအလုံးစုံ မြို့တွင်းမြို့ပ၌နေသော ဗာရာဏသီပြည်သူပြည်သားအပေါင်းတို့သည် အိမ်ထောင်ပစ္စည်းတို့ကိုစွန့်ခဲ့၍ ကာသိကရာဇ်မင်းကြီးရှိရာ ထွက်လာကြလေကုန်၏။

မြို့၌ကား သေအရက်ကြူး၍ ရဟန်းမပြုနိုင်သော သေသောက်ကြူးတို့သည်သာလျှင် အနည်းငယ်မျှ ကျန်ရစ်သည်ဖြစ်၍၊ လူရှိ၏ဟု မရေတွက်လောက်။ လူမရှိသဖြင့် ဆိတ်ငြိမ်သုန်ဖျင်းခြင်းသို့ ရောက်လေ၏။ ကာသိကရာဇ်မင်းကြီးထံ၌ ပြည်သူပြည်သားအပေါင်းတို့ အညီအညွတ်ရောက်ကြပြီးသော် ကာသိကရာဇ်မင်းကြီး သည် မိဖုရား,ပရိသတ်,မှူးမတ်ဗိုလ်ခြေပရိသတ်,ပြည်သူပြည်သားပရိသတ်တို့နှင့်တကွ ဘုရားလောင်း၏ အဆုံးအမကိုခံ၍ ရဟန်းပြုလေ၏။

ဘုရားလောင်း တေမိ ရှင်ရသေ့သည်လည်း ခမည်းတော်, မယ်တော်တို့အား လည်းကောင်း၊ ဖွားဖက်တော် အမတ်သား ၅၀၀, ရထားမှူးသုနန္ဒာ မှစ၍၊ အလုံးစုံသော အမှူးအမတ်,မင်းပရိသတ်,ပြည်သူပြည်သားအပေါင်း တို့အားလည်းကောင်း၊ ရသေ့ယောကျ်ား, ရသေ့မိန်းမ အသွင်ကို ယူစေပြီးလျှင် ပရိဝုဏ်[၈၁]အကျယ် ၃ ယူဇနာ ကွက်မှတ်၍ ဖန်ဆင်းအပ်သော သိကြားပေးသော ကျောင်းရပ်အတွင်း၌ သားရဲဘေး စသည်တို့မှ ကြောက်လန့်ခြင်း ကင်းစိမ့်သောငှာ ကိုယ်,စိတ်ခိုင်မာရဲရင့်ခြင်းရှိသော ရသေ့ယောကျ်ားတို့ကို ထိုပရိဝုဏ်နား ပတ်လည် ဝန်းကျင် သင့်ရာအသီးအသီး ကျောင်းနေရာ ဆောက်လုပ်နေစေ၏။

ထိုမှ အတွင်း၌ အိုသူ, မကျန်းမမာ နာသူ, မစွမ်းမသန်သူ, ကြောက်လန့်တတ်သူ ရသေ့ယောကျ်ားတို့ကို သင့်ရာကျောင်းသခ်မ်းနှင့် အသီးသီး နေစေ၏။ ထိုမှ အတွင်း၌ မိန်းမအပေါင်းတို့ကို နို့စို့သားငယ်, သမီးငယ်တို့နှင့် တကွ အသီးသီး သင့်ရာကျောင်းသခ်မ်းစီရင်၍ နေစေ၏။ထိုမှအတွင်း ဘုရားလောင်း၏ကျောင်းအနီး၌ မယ်တော်, ခမည်းတော်တို့ကို ကျောင်းတခြားစီ အသီးသီးနေစေ၏။ ထို အလုံးစုံသောကျောင်းသခ်မ်းတို့သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝိသုကြံ့နတ် ဖန်ဆင်းအပ်သော ကျောင်း၏တင့်တယ်ခြင်းကဲ့သို့ပင်လျှင် ဘုရားလောင်းရှင်ရသေ့ စီရင်အပ်သည်ဖြစ်၍ အလွန်လျှင် တင့်တယ်ကုန်၏။ ထို ကျောင်းသခ်မ်းတို့ကား ၃ ယူဇနာ အကျယ်ရှိသော ဘုရားလောင်း၏ ကျောင်းရပ်အပြင်၌ စပ်ယှဉ်ကာ အပြည့်အသိပ်ဖြစ်လေ၏။

ထိုသို့ ရဟန်းအသွင်ကို ယူဆောင်သောအခါမှစ၍ အလုံးစုံသောရသေ့အပေါင်းတို့သည် သစ်သီး သစ်ဖု စသည်အလို့ငှာ တူရွင်း, ခြင်းတောင်း, တံချူ ဆောင်ခြင်းမရှိ၊ အပင်၌ ဆွတ်,ချွေ,တူး,နုတ်၍မစားဘဲ အသီးသီးသောသစ်ပင်တို့၌ အလိုလိုကြွေကျသော သစ်သီးတို့ကိုသာလျှင် ကောက်ယူသုံးဆောင်ကြလျက် ဘုရားလောင်း၏အဆုံးအမကိုခံ၍ ရဟန်းတရားကိုပွားစေကာ နေကြကုန်၏။ ထို ရသေ့အပေါင်းတို့ကား ရသေ့မျိုး ၈ ပါး[၅၂]တွင် အလိုလိုကြွေကျသောသစ်သီးလျှင် အစာရှိသောကြောင့် 'သယံပတိတ ဖလာဟာရ' မည်ကောင်းသော ရသေ့ချည်းတည်း။

ရသေ့တကာတို့၏ပါမောက္ခ[၅၃] ဖြစ်သော ဘုရားလောင်း ရှင်ရသေ့သည် ထို တပည့်ရသေ့အပေါင်း အသောင်း, အသိန်းမကတို့အား ကြောင့်ကြမ့်မပြုမူ၍ အခါခပ်သိမ်းလျှင် ပရစိတ္တ ဝိဇာနန[၅၄]အဘိညာဉ်ဖြင့် ထိုထိုသို့သော ရသေ့တို့၏စိတ်ကို မျက်မှောက်ပြုလျက် "ဤရသေ့ကား ယခု ကာမဝိတက်ကို ကြံ၏။ ဤ ရသေ့ကား ဝိဟိံသာဝိတက်ကို ကြံ၏။ ဤရသေ့ကား ဗျာပါဒဝိတက်ကို ကြံ၏။' ဤသို့အားဖြင့် ထိုထိုသို့သော ရသေ့တို့၏အကြံကို သိလျှင် ခဏချင်း ထိုအဘိညာဉ်မှလွတ်၍ ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် အကြံဆိုးပေါက်သော ရသေ့ထံ ကောင်းကင်ဖြင့် ပျံသွားပြီးသော်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ပုဂ္ဂိုလ်အားလျော်စွာ တရားဟောတော်မူ၏။ ထို အကြံဆိုးပေါက်ကုန်သော ရသေ့ယောကျ်ား, ရသေ့မိန်းမတို့သည် ဘုရားလောင်း၏ တရားကို ကြားနာရသောအခါ ထိုအကြံဆိုးပျောက်၍ စိတ်၏တည်ကြည်ခြင်းသမာဓိကို ရကြသဖြင့် ပေးအပ်သော ကမ္မဋ္ဌာန်းလျှင် အာရုံရှိကြလျက် မကြာမီ လျင်စွာပင်လျှင် သမာပတ် ၈ပါး[၅၅],အဘိညာဉ် ၅ပါး[၅၆]တို့ကို ရကြလေကုန်၏။

## ၂၂။ ၇ ပြည်ထောင် တောထွက်ခန်း

ငှိုသို့ ဗာရာဏသီပြည်သူပြည်သားအားလုံး ဘုရားလောင်း၏အထံ၌ ရသေ့,ရဟန်းပြု၍ ဈာန်အဘိညာဉ် စည်းစိမ်ကို ရကြကုန်ပြီးသောအခါ ကာသိကရာဇ်တိုင်း၏နယ်စပ်အနီး ပြည်သီးတိုင်းခြားဖြစ်သော သာမန္တရာဇ်[၅၇] မင်းသည် 'ဗာရာဏသီပြည်၌ ကာသိကရာဇ်မင်းကြီး, မိဖုရားကြီးတို့နှင့်တကွ ပြည်ကိုစွန့်၍ တောထွက်ခြင်းဖြင့် တစ်ပြည်လုံး ရဟန်းပြုကြလေပြီ'ဟု သတင်းကြားလေသော် 'ဗာရာဏသီပြည်ကို သိမ်းယူအံ့'ဟု များစွာသော ဆင်, မြင်း, ရထား, ဗိုလ်ခြေအလုံးအရင်းနှင့် ချီလာလတ်၍ ဗာရာဏသီပြည်တွင်းသို့ ဝင်မိသောအခါ မြို့၏ အင်္ဂါ ၇ပါးတို့ဖြင့်လည်းကောင်း၊ နန်း, ပြာသာဒ်, အိမ်စဉ်, ပြ, တန်ဆောင်း စသည်တို့ဖြင့် လည်းကောင်း တန်ဆာဆင်အပ်သည်ဖြစ်၍ တင့်တယ်စွာသော မြို့၏ကျက်သရေကိုမြင်လျှင် အလွန်နှစ်သက် ရွှင်လန်းခြင်းဖြင့် နန်းတွင်းသို့ဝင်၍၊ ရွှေတိုက်, ရွှေကြဍာန်း, နန်းရင်ပြင် စသည်တို့၌ ရတနာ ၇ ပါး အစုအပုံတို့ကို လည်းကောင်း,



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့အသုံးအဆောင် မျိုးဘဏ္ဍာတို့ကိုလည်းကောင်း ကြည့်၍မနှံ့နိုင်အောင် မြင်လေသော် ‘ဤပြည့်ရှင် ကာသိကရာဇ်မင်းကြီးကား ဤသို့သော ပြည်စည်းစိမ်ကိုစွန့်၍ ရဟန်းပြုနိုင်လေသည်မှာ ဤစည်းစိမ်ဥစ္စာကိုမှီ၍ တစ်စုံတစ်ခုသော ဘေးဥပဒ် ရှိသည်ဖြစ်ရာမည်။ ဘေးရန်မရှိဘဲ ဤသို့သောစည်းစိမ်ကို မစွန့်ရာ’ဟု ကြံလျက် မြို့တွင် ရဟန်းမပြုဘဲ ဤသို့သောသေသောက်ကြူးတို့ကို ခေါ်၍ “အချင်းတို့။ သင်တို့ မင်းကြီးအား ဤပြည်၌ အဘယ်ဘေးရန် ဖြစ်သနည်း။ ခိုးသူမင်းတို့ နှောင့်ယှက်လေသလော”ဟု မေး၏။

သေသောက်ကြူးတို့လည်း “အရှင်မင်းကြီး ။ အကျွန်ုပ်တို့မင်းကြီး၌ တစ်စုံတစ်ခုသောဘေးရန်မျှမရှိ” ဟု လျှောက်ကြလျှင်၊ သာမန္တရာဇ်မင်းသည် “အချင်းတို့။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် သင်တို့မင်းကြီး ထွက်သွားသနည်း”ဟု မေးလတ်သောအခါ၊ သေသောက်ကြူးတို့သည်

“အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင်ကား တစ်ပါးသောဘေးရန်ရှိ၍ တောထွက်သည် မဟုတ်။ ‘တေမိယကုမာရ’အမည်ရှိသော အရှင့်သားတော်သည် ခမည်းတော်အမွေဖြစ်သော ဤပြည်စည်းစိမ်ကို စိုးစံရမည် ကြောက်သောကြောင့် ငယ်သောအခါကပင် ဆွံ့အ,နားပင်းယောင်ဆောင်၍ စကားမပြောမလှုပ်မရှား အသက်မရှိသောသူကဲ့သို့ အထူးထူးအပြားပြား ရှင်ဖွယ်၊ ကြောက်မက်ဖွယ်၊ စက်ဆုပ်ဖွယ်တို့နှင့် အလိုစမ်းသော်လည်း အထူးမရှိနေလျှင်၊ ခမည်းတော်မင်းကြီး ရက်နိုးထိတ်လန့်သဖြင့် တောသို့ထုတ်ပစ်စေရာတွင် တောသို့ရောက်သောအခါမှ မိမိ ပညာအစွမ်းဂုဏ်ကို ပြလျက် ရသေ့ရဟန်း ပြုလေသည်နှင့် ပို့ထုတ်ရသူ ရထားမှူးလည်း ထိုသခင့်သားအထံမှ တရားရခဲ့၍ အကျွန်ုပ်တို့ အရှင်မင်းကြီးအား အကြောင်းမျိုးကိုလျှောက်လျှင် ‘သားကို ပြည်သို့ ပြန်စေဦးမည်’အကြံဖြင့် များစွာသော အလုံးအရင်း ဗိုလ်ခြေကိုဆောင်လျက် သားတော်ထံ ချီသွားလေသော် ခမည်းတော်မင်းကြီး အလိုသို့ကား သားတော် မလိုက်။ သားတော်အလိုကို ခမည်းတော်မင်းကြီး နှစ်ခြိုက်လေသောကြောင့် အလုံးအရင်းနှင့် တကွ ရဟန်းပြုကြ၍၊ ဤပြည်သို့ သတင်းကြား စည်လည်ရုံမျှသာ မြို့စိုးအမတ်တို့ကို လွှတ်လိုက်သဖြင့် နောက်ထပ်၍ပင် ပြည်သူပြည်သားရှိသမျှ လိုက်ကြပြန်လေသည်နှင့် ယခု အကျွန်ုပ်တို့သာ ကာမဂုဏ်ချမ်းသာကို မစွန့်ပစ်နိုင်၍ ကျန်ရစ်ခဲ့ပါသည်။ ပြည်စည်းစိမ်၌ အပဘေးရန်ဟူသည် တစ်စုံတစ်ခုမျှ မရှိ။ အတွင်းဘေးရန် သံဝေဂဖြစ်ကြသော အခြင်းအရာ ကာမဂုဏ်အပြစ်ကိုကား အကျွန်ုပ်တို့ နှလုံးမထားနိုင်သူဖြစ်၍ မသိကြပါ”ဟု လျှောက်ကြားကြလေ၏။

ထို သာမန္တရာဇ်မင်းသည် သေသောက်ကြူးတို့ ပြောဆိုသောစကားကိုကြားရသဖြင့် ပညာရှိသော မင်းဖြစ်၍၊ ပြည်စည်းစိမ်၌ သံသရာဘေး၊ ဝဋ်ဆင်းရဲဘေးတို့ကိုမြင်သောကြောင့် ကာသိကရာဇ်မင်းကြီး တောထွက်ချေသည်’ဟုယူဆမိလျှင် နှစ်သက်ခြင်းဖြစ်လေသော်၊ ‘ငါလည်း ထိုမင်းကဲ့သို့ပင် ရဟန်းပြုရမှု ကောင်း၏’ဟု ကြံ၍၊ “အချင်း သေသောက်ကြူးတို့။ သင်တို့အရှင် ကာသိကရာဇ်မင်း တောထွက်သောအခါ အဘယ်တံခါးဖြင့် ထွက်သွားလေသနည်း”ဟု မေးလျှင်၊ သေသောက်ကြူးတို့လည်း “အရှင်မင်းကြီး။ အကျွန်ုပ်တို့ မင်းကြီးသည် ဤဗာရာဏသီပြည် အရှေ့တံခါးဖြင့် ထွက်သွားပါလေသည်”ဟု လျှောက်ကြသောအခါ ထို သာမန္တရာဇ်မင်းသည် မိမိပရိသတ် ဗိုလ်ခြေအလုံးအရင်းနှင့်တကွ အရှေ့တံခါးဖြင့်ထွက်၍ ဘုရားလောင်းရှိရာ ကျောင်းအရပ်သို့ သွားလေ၏။

ဘုရားလောင်း တေမိ ရှင်ရသေ့လည်း ‘ဤမည်သော သာမန္တရာဇ်မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့် တကွ ယခု ငါ့ထံ ရဟန်းပြုခြင်းကိုငဲ့လျက် လာလတ်၏’ဟုသိလျှင် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလျက် ဥစ္စာစည်းစိမ် ကာမဂုဏ်၌ အပြစ်၊ ရဟန်းပြုခြင်း၌ အကျိုးတို့ကို ပြ၍ ထိုသာမန္တရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မင်းအား တရားဟောတော်မူ၏။ သာမန္တရာဇ်မင်းသည်လည်း ဘုရားလောင်း၏တရားကို ကြားနာရသဖြင့်လည်းကောင်း၊ ဘုရားလောင်း၏ အရောင်အဆင်း တန်ခိုးကျက်သရေ တင့်တယ်ခြင်းကို မြင်သဖြင့်လည်းကောင်း အလွန်သဒ္ဓါခြင်းရှိလျက် မိမိပရိသတ်နှင့်တကွ ဘုရားလောင်းထံ ရဟန်းပြုလေ၏။

ဤနည်းအတူ ၇ ပြည်ထောင်ကုန်သော မင်းတို့သည် မိမိပရိသတ် ဗိုလ်ခြေအလုံးအရင်းနှင့်တကွ အသီးအသီး ထွက်လာလတ်၍ ဘုရားလောင်းထံ ရဟန်းပြုကြကုန်၏။ ဘုရားလောင်းသည်လည်း ထို ၇ ပြည်ထောင်သော မင်းပရိသတ် အပေါင်းတို့အား ကျောင်းနေရာအသီးသီး ချထားစေလျက် အဆုံးအမပေး၍ ကမ္မဋ္ဌာန်းကိုယ်စီ ပေးအပ်သဖြင့် အလုံးစုံသော ၇ ပြည်ထောင် ပရိသတ်အပေါင်းတို့သည် မကြာမြင့်မီပင်လျှင် ဈာန်သမာပတ်ရကြလေ၍ 'သယံ ပတိတ ဖလာဟာရ' ရသေ့ချည်း ဖြစ်ကြလေကုန်၏။

ထိုအခါ ဗာရာဏသီပြည်ဝ်မှစ၍ ၈ ပြည်ထောင်မင်းပရိသတ်တို့၏ အသုံးအဆောင်ဖြစ်ကုန်သော ဆင်, မြင်း အစရှိသော သက်ရှိဘဏ္ဍာတို့သည်လည်း သုံးဆောင်သူမရှိခြင်းကြောင့် တောဆင်, တောမြင်း အစရှိသည် ခေါ်ဝေါ်ခြင်းသို့ ရောက်လေကုန်၏။ လှည်း, ရထား, ယာဉ်, သံလျှင်း အစရှိသော သက်မဲ့ဘဏ္ဍာတို့သည်လည်း အလိုအလျောက်သာ ဆွေးမြည့်၍ မြေ၏အပွားအစီး ဖြစ်လေကုန်၏။ ထို ဗာရာဏသီပြည်မှ စ၍ ၈ပြည်ထောင် အတွင်း ရွှေတိုက်, ငွေတိုက်စသည်တို့၌ သုံးဆောင်သူ မရှိလေပြီးသော ရွှေ, ငွေ, ပတ္တမြား စသည် ရတနာမျိုး ၇ ပါး များစွာသောဥစ္စာတို့ကို ပံသုကူ[၁၁၈]အဖြစ်ဖြင့် သိမ်းယူဆောင်ကြဉ်းစေပြီးသော် ဘုရားလောင်းရှင်ရသေ့သည် အကျယ် ၃ ယူဇနာရှိသော ကျောင်းရပ်အပြင် ထက်ဝန်းကျင်မြေတလင်းတို့၌ ရတနာသဲဖြူး၍ ကြဲဖြန့်တော်မူ၏။

ဤသို့ ဘုရားလောင်း၏တပည့်ဖြစ်ကုန်သော ထို ၈ ပြည်ထောင်သော လူအပေါင်းတို့သည် ရသေ့အဖြစ်ဖြင့် အဘိညာဉ် ၅ ပါး,သမာပတ် ၈ ပါး တို့ကို ရကြကုန်သည်ချည်း။ တစ်ယောက်သောရသေ့မျှ ဈာန်အဘိညာဉ် မရသောသူမည်သည် မရှိဖြစ်၍၊ အသက်အာယုကပ်ပတ်လုံး အဘိညာဉ်သမာပတ်ဖြင့် ပျော်မွေ့ကြကုန်လျက် မပျက်သောဈာန် ရှိကြကုန်သည်ဖြစ်၍၊ အသက်အဆုံး၌ အလုံးစုံသော ရသေ့မိန်းမ အသောင်းအသိန်းမက တို့သည် ဗြဟ္မပါရိသဇ္ဇဘုံ ဗြဟ္မာ့ပြည်တို့သို့ လားကြလေကုန်၏။ အလုံးစုံသော ရသေ့ယောကျ်ား အသောင်းအသိန်းမကတို့သည်လည်း မိမိတို့ အလိုအားလျော်စွာ သုဒ္ဓါဝါသ[၁၁၉]မှတစ်ပါး ဗြဟ္မာ့ပြည်တို့သို့ လားကြကုန်၏။

ရသေ့အပေါင်းတို့၏ ဆရာဖြစ်တော်မူသော တေမိရှင်ရသေ့သည်လည်း မိဘဆွေမျိုး အစရှိသော ၇ပြည်ထောင်ပရိသတ် တပည့်ရသေ့အပေါင်းတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်း စသော 'ဉာတတ္ထစရိယ[၁၂၀]', လောကတ္ထစရိယ[၁၂၁]တို့ကို ပြီးစေတော်မူလျက် အသက်ထက်ဆုံး အဘိညာဉ် သမာပတ်ချမ်းသာကို ခံစားတော်မူ၍ အသက်အဆုံး၌ ထိုဗြဟ္မာ့ပြည်တို့တွင် အလိုတော်ညွှတ်ရာ ဗြဟ္မာ့ပြည်သို့ ပြောင်းလှည့်စံတော်မူလေ၏။

ထို ရသေ့ပရိသတ်မှတစ်ပါး အကျယ် ၃ ယူဇနာရှိသော ကျောင်းအရပ် အတွင်းအပြင် အနီးအစပ် နေကုန်သော ဆင်,မြင်း, ကျွဲ,နွား, ဆိတ်မြန်မာ, ဆိတ်ကုလား အစရှိသည့် တိရစ္ဆာန်အပေါင်းတို့သည်လည်း ရသေ့တို့၌ ကြည်ညိုလေးမြတ်သော နှလုံးရှိကြကုန်သဖြင့် စာတုမဟာရာဇ် တာဝတိံသာအစရှိသော နတ်ပြည် ၆ ထပ်တို့တွင် ကံအားနည်းသော် အကြီးအငယ်အားလျော်စွာ ထိုက်ရာဘုံတို့၌ အသီးအသီး 'နတ်သမီး, နတ်သားလျှင် ဖြစ်ကြလေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၃။ ဇာတ်ပေါင်းခန်း

ဤသို့ မြတ်စွာဘုရားသည် တေမိယကုမာရဇာတ်တော်၏ အတ္ထုပ္ပတ္တိအလုံးစုံလျှင် ပြရာပြကြောင်းရှိသော ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာ ၄ပါးတို့ကို ပြတော်မူပြီးသည်၏အဆုံး၌ စကားစဉ်ရှည်သဖြင့် ရေးစကားရင်း မပျောက်စေခြင်းငှာ အနုသန္ဓေ[၆၂]ကို ပြတော်မူလို၍—

'နဘိက္ခဝေ ဣဒါနေဝ ပုဗ္ဗေပိ တထာဂတော ရဇ္ဇံ ဆဍ္ဍေတွာ၊ မဟာဘိနိက္ခမနံ နိက္ခန္တော ယေဝ။'ဟူသော ပါဠိတော်ဖြင့် "သံသရာဘေးကို မြင်လေ့ရှိသော တပည့်သားတော်အပေါင်းတို့။ လာခြင်းကောင်းသော ငါဘုရားသည် ယခု ပစ္ဆိမဘဝ[၆၃]ကိုယ်တော်၏အဖြစ်၌သာ ကြီးစွာသော ပြည်စည်းစိမ်ကိုစွန့်၍ တောထွက်တော်မူသည် မဟုတ်သေး။ ရှေး ပါရမီမရင့်မီ သံသရာကလည်း ကြီးစွာသောပြည်စည်းစိမ်ကိုစွန့်၍ တောထွက်တော်မူဖူးပြီ"ဟု ဒေသနာရင်းနှင့် ဆက်စပ်၍ မိန့်တော်မူပြီးလျှင် ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

"ဤတရားသဘင်၌ တရားနာဖြစ်ကုန်သော တပည့်သားအပေါင်းတို့။ ငါ တေမိမင်း ဖြစ်တော်မူသောအခါ ငါ့ကိုအကြံပေးပေသော ထီးဖြူစောင့်နတ်သမီးသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ ကမ္ဘာ ၁ သိန်းပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါ၏တပည့်သားတော်မ ဘိက္ခုနီ အပေါင်းတို့တွင် ဒုတိယအဂ္ဂသာဝိကာ၏အရာ၌ တန်ခိုးအရာဖြင့် ၂ယောက် မရှိ အထွတ်ဖြစ်သော 'ဥပ္ပလဝဏ်[၆၄]ထေရီ'ဖြစ်လာ၏။

"ငါ တေမိမင်းသားဖြစ်တော်မူသောအခါ မင်းခယောက်ျားဖြစ်၍ မင်း၏ဥယျာဉ်ကို ခံသသူဖြစ်လျက် ငါ၏တရားစကားသံကို ကြားဦးမဆွကပင် ကြည်ညိုစုံမက်ခြင်းဖြင့် တရားရ၍ ကာသိကရာဇ်မင်း အစရှိသော မိမိအဆွေခင်ပွန်းအပေါင်းတို့ကို ညီညွတ်စေလျက် တေမိမင်းရှိရာ ရဟန်းပြုလာသော ရထားမှူးသုနန္ဒာသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ သိဋ္ဌည်းပရိဗိုဇ်၏တပည့်ဖြစ်၍ ဂိုဏ်းခြားသူဖြစ်လျက် ငါဘုရား၏တရားဒေသနာ တစ်ဂါထာမျှကို ကြားဦးစမဆွကပင် ယုံမှားကင်းသော ကြည်ညိုခြင်းဖြင့် သောတာပတ္တိမဂ်,ဖိုလ် တရားရ၍ ကောလိတအစရှိသော မိမိအဆွေခင်ပွန်းအပေါင်းတို့ကို ညီညွတ်စေလျက် ငါဘုရားရှိရာ ရဟန်းပြုလာသဖြင့် ၁ သင်္ချေနှင့်ကမ္ဘာ ၁ သိန်းဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါ့တပည့်သံဃာတော်အပေါင်းတို့တွင် အကြီးဖြစ်သော ပဌမအဂ္ဂသာဝက အရာနေ ဤသာသနာတော်ခေတ်ဝယ် ငါဘုရားမှတစ်ပါး အလုံးစုံသတ္တလောက၌ ပညာဖြင့် ၂ယောက် မရှိ။ အထွတ်ဖြစ်သော "သာရိပုတ္တရာထေရ်"ဖြစ်လာ၏။

ငါ တေမိမင်းသား ဖြစ်တော်မူသောအခါ အလုံးစုံသော ကာမဂုဏ်အသုံးအဆောင်တို့ကို အလိုရှိတိုင်းပြီးစေနိုင်သောတန်ခိုးနှင့် ပြည့်စုံစွာ မျက်စိ ၁၀၀၀ အမြင်ဆောင်လျက် ငါ၏ပါရမီကို စောင်မကြည့်ရှုပေသော သိကြားမင်းသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ အလုံးစုံသော ကာမဂုဏ်အသုံးအဆောင်တို့ကို မရှိဟူ၍ မကြားရစဖူး။ အလိုရှိတိုင်း ပြီးစေနိုင်လျက် ကမ္ဘာ ၁ သိန်းဖြည့်ဆည်းပူးအပ်သော ပါရမီ ဘုန်းသမ္ဘာရနှင့် ပြည့်စုံစွာ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါ၏သာသနာတော်၌ ၂ ယောက် မရှိ အထွတ်ဖြစ်သော, ငါ ပရိနိဗ္ဗာန်လွန်ပြီးသည့်နောက်တိုင်အောင်လည်း ငါ၏သာသနာတော်ကို စောင်မကြည့်ရှုလတ္တံ့. ဖြစ်သော ဘထွေးတော်၏သား ငါ့ညီ 'အနုရုဒ္ဓါထေရ်'ဖြစ်လာ၏။



www.burmeseclassic.com

"ငါ တေမိမင်းသားဖြစ်တော်မူသောအခါ ငါ့ကို အဝတ်တန်ဆာဆင်ခြင်း, သက်န်း, သပိတ်, ကျောင်းနေရာ အသုံးအဆောင်တို့ကို အသင့်အတင့်ဖန်ဆင်း စီရင်ခြင်း, မြတ်နိုးကြည်ညိုစွာ လိုရာ မတောင့်တရကြောင်း ကောင်းစွာပေးကမ်းလာပေသော ဝိသုကြံနတ်သားသည် ယခု ငါဘုရားဖြစ်တော် မူသောအခါ ငါ့အား သင်းပိုင်ကပ်ခြင်း, ကိုယ်ဝတ်ကပ်ခြင်း စသည်တို့ဖြင့် လည်းကောင်း၊ ကျောင်း,ကုဋီတို့ကို ပြင်ဆင်ခြင်း, တံမြက်လှည်းခြင်း စသည်တို့ဖြင့်လည်းကောင်း၊ ငါ၏သပိတ်,သက်န်းတို့ကိုဆောင်၍ နောက်သို့ အစဉ်တစိုက် လိုက်ခြင်းစသည်တို့ဖြင့်လည်းကောင်း မြတ်နိုးကြည်ညိုစွာ လိုရာ မတောင့်တရကြောင်း ကောင်းစွာလုပ်ကျွေးခြင်း ရှိလျက် ကမ္ဘာ ၁ သိန်းဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါ၏ဥပဋ္ဌာကအရာ၌ ဗဟုသုတအစရှိသည့် ဂုဏ် ၅ ပါး[၆၂၁]ဖြင့် သာသနာတော်၌ ၂ ယောက်မရှိ အထွတ်ဖြစ်သော ဘထွေးတော်သား ငါ့ညီ 'အာနန္ဒာထေရ်'ဖြစ်လာ၏။

"ငါ တေမိမင်း ဖြစ်တော်မူသောအခါ ကာသိကရာဇ်တိုင်းကြီးကိုအစိုးရသော ငါ့ခမည်းတော် ကာသိကရာဇ်မင်းကြီး, မယ်တော်စန္ဒာဒေဝီ မိဖုရားကြီးတို့သည် ယခု ငါဘုရားဖြစ်တော်မူသောအခါ သက္ကတိုင်းကြီးကိုအစိုးရသော အသမ္ဘိန္နခတ္တိယ [၆၂၆]မင်းမျိုးမင်းနွယ် သာကီဝင်မင်းတကာတို့၏အထွတ် ကပိလဝတ် ပြည်ကြီးရှင်ဖြစ်သော 'မင်းကြီး, မိဖုရားကြီး' ဖြစ်လာကြကုန်၏။

"ငါ တေမိမင်း ဖြစ်တော်မူသောအခါ ၇ ပြည်ထောင်တို့၏အပေါင်းဖြစ်သော ငါ၏တပည့် ရသေ့ ဟူသမျှတို့သည် ယခု ငါဘုရားဖြစ်တော်မူသောအခါ ငါဘုရား၏ 'ပရိသတ် ၈ ပါး' ဖြစ်လာကြကုန်၏။

ထိုအခါ သူခပ်သိမ်းတို့ပြုနိုင်ခဲသော ပရိမတ္တ အဓိဋ္ဌာန်ပါရမီကိုဖြည့်၍ ကာမဂုဏ်ညွှတ်ကွင်းမှ ထွက်မြောက်သဖြင့် မိဘဆွေမျိုး အစရှိသော သူ့အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ဆောင်လျက် တပည့်ရသေ့အပေါင်းတို့၏ ဆရာဖြစ်သော တေမိမင်းသားသည် ယခုအခါ သူခပ်သိမ်းတို့ ပြုနိုင်ခဲသော ပါရမီစာဂတို့ကို မရေတွက်နိုင်သောကာလပတ်လုံး ဖြည့်၍ သံသရာဝဲသြဃထဲမှ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ကူးခပ်ထွက်မြောက်ပြီးလျှင် မိဘဆွေမျိုး အစရှိသော သတ္တလောက၏ အကျိုးစီးပွား အလို့ငှာ သစ္စာ ၄ ပါးလျှင်အဆုံးရှိသော တရားဒေသနာဟောတော်မူခြင်း စသည်ဖြင့် ဗုဒ္ဓကိစ္စ ၅ပါးကို ဖြည့်ဆောင်တော်မူလျက် တပည့်သာဝက ရဟန်းသံဃာအပေါင်းတို့၏ ဆရာဖြစ်တော်မူသော 'ငါ ဘုရားလျှင်တည်း"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏ ဟူလိုသည်။

[ဤ၌တွင်ရွေ့ကား ဘုရားလောင်း တေမိမင်းသား၏ စိတ်အလိုနှင့် မပြိုင်မဆိုင်မိသော ကာလပတ်လုံး ပညာတည်းဟူသော ရတနာမြတ်ကို အဓိဋ္ဌာန်တော် သမာဓိ, ဝီရိယ တည်းဟူသော တံခါးရွက်, မင်းတုပ်, သော့ကျင်ထိုး၍ သံဝရသီလ၊ ခန္တီ, မေတ္တာ တည်းဟူသော လက်တော်ဖြင့် မြဲစွာပိတ်ဖုံးလျက် နှလုံးတည်းဟူသော တိုက်တော်၌ ဝှက်ထားသဖြင့် အလိုတော်ရှိတိုင်း ပြီးမြောက်တော်မူသောအခါ ထိုပညာတော်တည်းဟူသော ရတနာမြတ်အပေါင်းကို သတိဝီရိယပြဋ္ဌာန်းသော စိတ္တ ပွါဒ်တော်ဖြင့် တံခါးဟင်းလင်းဖွင့်လျက် သီလခန္တီ မေတ္တာဖြင့် ထုံစေခြင်းဟုဆိုအပ်သော လက်တော်ဖြင့်ကိုင်ဆုပ်ကာ ပေးဝေတော်မူ၍ သူခပ်သိမ်းတို့အား နတ်ဗြဟ္မာဖြစ်ကြောင်း ကောင်းမြတ်သော သီလ, သမာဓိ, ပညာ, သမာပတ်, အဘိညာဉ် စည်းစိမ်၌ တည်စေသဖြင့် ချင့်တွက်၍ပုဂ္ဂိုလ်ပေါင်း သချာမသိနိုင်အောင် ၇ ပြည်ထောင်ပရိသတ် မြတ်သောအခြွေအရံ အပေါင်းတို့ကို တရားသဖြင့် အစိုးရတော်မူကြောင်း အတ္တုပ္ပတ္တိနှင့်တကွ ရှေ့နောက်စကား အဆက်အစပ် ဇာတ်တော်ပေါင်း အယှဉ်အစဉ်ဖြစ်သောပါဠိတော်၌ ဟောတော်မူရာဟောတော်မူကြောင်းဖြစ်သော ဒေသနာတော်၏ အဓိပ္ပာယ်ကို ထုတ်ဖွင့်၍ဆိုအပ်သော စကားရှိသမျှ ပြီးအောင်မြင်ကြောင်းကို ပြခြင်းတည်း။]

**တေမိယ ဇာတ်တော်ကြီးဝတ္ထု ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

‘ပုရေ ရာဇာ မဟောသိယာ၊ ဂစ္ဆတေတ္ထ သမာဂမံ။
တသ္မွေပိ ဗုဓယေ ဂါမေ၊ လေသာ လိန္တ္တဒီပကေ။ ။
‘သေဋ္ဌဿနေ သုသော ဘန္တေ၊ နာနာ စေတိယ ဥဏ္ဏိသေ။
မဟာထေရဿ ဝဏ္ဏိဿ၊ မယာ သိသေန ဒဿိနာ။ ။
‘ဩဘာ သောဏ္ဏတိနာမေန၊ ရစိတာယ ဝိဘာဝနီ။
အဋ္ဌမာပိ ကတာ ဒါနိ၊ ယာ တေမိယဝိဘာဝနီ။ ။
‘ယာစိတေန ပရတ္ထတ္ထံ၊ အတ္ထဒက္ခိနပါသကေ။
ဖုလ္လာလိနေ ဓိနဥက္ကေ၊ သက္ကရာဇေ ပိယာ ဝိဓေ။ ။
‘ဇုဗ္ဗော ကာ ဒသမေ မာဃေ၊ သိတဂါဟောစ နိဋ္ဌိတာ။
ဗြဲသော စန္ဒိမသံသုတ္တေ၊ မိသော ပက္ခေ စ လက္ခဏံ။ ။
‘သုဒ္ဓေန စေတသာ မယှံ၊ ယထာ ကတဿ သိဒ္ဓိတံ။
မမဥ္စသိဒ္ဓိ တိဿိတံ၊ သဗ္ဗေသဥ္စ သုဒဿိတံ။ ။
‘ဝိဘာဇ မေကမေကံဝ၊ ဣမိနာ စ ဘာဝါမှ ဟံ။
ဣတော နိဗ္ဗာန သမ္ပတ္တိ၊ ကိစ္စေ နိဒါန ကောဝိဒေါ။ ။
‘အဘူတေပိ ဘူတေ ဉာဏံ၊ ဉာဏေ လဘာမိ မိဋ္ဌတံ။
အဋ္ဌာနေန ယောဇေန္တောပိ၊ ဌာနေ နိဒါနကောဝိဒေါ။ ။
‘ပတ္တိတိဋ္ဌိတ သမ္ပတ္တိံ၊ ဓမ္မိယာ သုခုမလဒ္ဓကော။
သုဝိမုတ္တော အနိဋ္ဌေဟိ၊ ဣဋ္ဌေဟိ စ ပုရက္ခတော။ ။
‘သဗ္ဗပဋ္ဌမံဝ ပူရေန္တော၊ သုဝဟန္တော ပရံဟိတော။
ဗန္ဓူ မမာ နုဝတ္တေဝ၊ လဘော ဝိတော ဝိသမကာ။ ။
‘နေယျေ နာယကဉာဏေန၊ ဝိသမေ သမကာရကော။
မမ ဗလေ သုပရိသော၊ ဉာတိမိတ္တာန မတ္တဓာရော။ ။
‘သံသုဒ္ဓဂတိသမ္ပန္နော၊ သန္တဝိဓေ သုခံ ဝိဓော။
စေတနုပနိဿယေန၊ အခီဏဉာဏဘောဂဝါ။ ။
‘ပါရမိယောဝ ပူရေတွာ၊ ယထာဘူတံ ဘာဝါဘဝေ။
ဗုဒ္ဓတ္တရေ စ ဗုဒ္ဓတ္တံ၊ ဗောဓိံ ဗောဓေမိ ပတ္တိမေ။ ။

ပန်းဆွေမြင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ပမောဒက္ကိ သုဏန္တာစ၊ ယေ မေ ပုညဥ္စ တံ ဖလံ။
ဘူပါလော စ ဉာတိ မိတ္တာ၊ တဒညာ ပိ သမံ လဘော။ ။
'သာသနံ ရက္ခန္တု ဒေဝါစ၊ ရာဇာ သန္တိစ္ဆ ပူရဏော။
ပဇံ ပါလေတု ဓမ္မေန၊ သုဘိက္ခော ဟောတု သဗ္ဗဒါ။ ။
'စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ သဗ္ဗေဝမုန္တု မင်္ဂလံ။
ဣဒံပုညံ နမောဒန္တု၊ မမ ပုညဿ တေဇသာ။ ။'

ပုရေ၊ ရှေးသက္ကရာဇ်မပြည့်မီ ၈၀၀တွင်း၌ ။ ရာဇာ၊ ဂူကြီးဒါယကာ မိုးညှင်းမင်းတရားကြီးသည်။ မဟေသိယာ၊ ဘိုမယ်အမည် ထင်ရှားသောမိဖုရားနှင့်။ ဧတ္ထ၊ ဤအရပ်၌။ သမာဂမံ၊ မာန်ကင်းသည်ဖြစ်၍ နူးညွှံ့ခံညားသဖြင့် အညီအညွှတ်ပေါင်းမိခြင်းသို့။ ဂစ္ဆတိကိရ၊ ရောက်သတတ်။ (ပုရေသဒ္ဒါနောက် ကိရပုဒ်ကြေသည်) တံ တေနကာရဏေန၊ ထိုသို့ မင်း ၂ ပါးတို့၏ ဖူးမြင်ကြည်နူး ပူးဆုံရာဖြစ်သောကြောင့်။ အဿပဒဿ၊ ထို ရာဇသမာဂမော ဟူသောပုဒ်၏။ အတ္ထေ့ပိ–အတ္ထေနပိ၊ အနက်အားဖြင့်လည်း။ အဝှယေ၊ 'မင်းပူး'ဟုခေါ်ဝေါ်အပ်သော။ ဂါမေ၊ ရွာ၌။(အတ္ထေပိ၌ အပိသဒ္ဒါဖြင့် မင်္ဂလ ပူရေတီတိ မင်းပူး။ မံသိရိံ ပရိသံဝါ ပူရေတီတိ မင်းပူး။ စသည်တို့ဖြင့် သဒ္ဒါအားလျော်စွာ ရထိုက်သမျှသော အနက်တို့ကို ပေါင်းသည်။) ဝဏ္ဏိဿ၊ ပရိယတ္တိ အစရှိသောဂုဏ်နှင့် ပြည့်စုံထသော။ ဝါ၊ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ထသော။ မဟာထေရဿ၊ မဟာထေရ်မြတ်၏။ သေဋ္ဌဋ္ဌာနေ၊ မြတ်သောနေရာဖြစ်ထသော။ ဝါ၊ မြတ်သောသူတို့၏ နေရာဖြစ်သော အရှေ့မျက်နှာအဖို့၌။ နာနာစေတိယဥက္ကိသေ၊ မကိုင်ပန်းကုံးကဲ့သို့ ညွှတ်ရုံးကိုးကွယ် တည်ထားအပ်သော စေတီ, မုခ်, လိုဏ်ဂူ အဆူဆူဖြင့်တင့်တယ်စွာသော ဘုရားကုန်း,တောင်လျှိုလျှိုင် ဦးရစ်သင်းကျစ်သဖွယ် ရှိထသော။ သုသောဘန္တေ၊ စာပေသင်ခြင်း စသည်တို့ဖြင့် မဆိတ်မည်သည်ဖြစ်၍ ကောင်းစွာ တင့်တယ်ထသော။ လေသာလိနဂ္ဂ ဒီပကေ၊ ကွယ်ဝှက်သောအနက်ကိုပြရာ 'လေသာ'အမည်ရှိသော ကျောင်းတိုက်၌။ အဿထေရဿ၊ ထိုမဟာထေရ်မြတ်၏။ သိဿေန၊ လက်ရင်းငယ်တပည့်လည်း ဖြစ်ထသော။ ဒဿိနာ၊ ကိုယ့်စီးပွား,သူ့စီးပွား ၂ပါးကို ရှုလေ့ရှိထသော။ ဩဘာသော ဉာတိနာမေန၊ 'ဩဘာသ'ဟူ၍ ခေါ်ဝေါ်အပ်သော အမည်ရှိထသော။ မယာ၊ ငါသည်။ ရစိတာယ၊ ရေးစီထုတ်ပြအပ်သော။ ဝိဘာဝနီ–ဝိဘာဝနိယာ၊ မဟာနိပါတ် ဇာတ်တော်ကြီးအဖွင့်ဝတ္ထု၌။ ဝါ၊ မဟာဇာတက ဝိဘာဝနီ အမည်ရှိသော ဝတ္ထု၌။ သမဘိနိဝိဋ္ဌာ၊ ကောင်းစွာအကျုံးဝင်သော။ အဋ္ဌမာပိ၊ ၈ ကြိမ်မြောက်လည်းဖြစ်ထသော။ ဒါနီ–ဣဒါနိ၊ ယခု။ ယာ တေမိယ ဝိဘာဝနီ၊ အကြင်တေမိ ဇာတ်တော်အဖွင့်ကို။ ဝါ၊ တေမိယဝိဘာဝနီကို။ (ကတာ၊ ဟူသောပုဒ်မှာစပ်)။ ပရတ္ထတ္တံ–ပရအတ္ထတ္ထာယ၊ သူတစ်ပါးအကျိုး, မိမိအကျိုးအလို့ငှာ။ အတ္ထဒက္ခိနာ၊ အကျိုး ၂ပါးကို မြင်လေ့ရှိထသော။ ဥပါသကေ ဥပါသကေန၊ ကျောင်းတကာ 'မောင်ဝ'အမည်ရှိသော ဒါယကာသည်။ ယာစိတေန၊ အဖန်တလဲလဲ တောင်းပန်အပ်သည်ဖြစ်၍။ ကတာရစိတာ၊ ရေးစီထုတ်ပြအပ်ပြီ။ သောတေမိဝိဘာဝနီ၊ ဤတေမိယဝတ္ထုအဖွင့်သည်။ (နိဋ္ဌိတာမှာစပ်)။ ဖုလ္လာ လိနေ၊ ပိတုန်းတို့၏ ဝတ်ရက်သောက်ယူခြင်း မကင်းစေမူ၍ တင့်တယ်စွာပွင့်သော ပဒုမ္မာကြာကဲ့သို့ ဂန္ထဓုရ စသည်တို့ကို သောက်ယူတတ်သော သာဝကပရိသတ် မဆိတ်သည်ဖြစ်၍ တင့်တယ်စွာပွင့်ထသော။ ဇိနစက္ကေ၊ မြတ်စွာဘုရား သာသနာတော်စက်သည်။ ဖုလ္လာလိနေ၊ ၂၃၃၀ ခုနှစ်သို့။ ပိယာဝိဒေ၊ အခါအစွဲအမှတ်ပြုသဖြင့် ချစ်ခင်အပ်သော ဝတ္ထုကို ရကြောင်းဖြစ်သော။ သက္ကရာဇေ၊ ကောဇာသက္ကရာဇ် ရှည်သည်။ ပိယာဝိဒေ၊ ၁၁၄၈ ခုနှစ်သို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။



www.burmeseclassic.com

www.burmeseclassic.com



မာဃေ၊ တပို့တွဲလဖြစ်သော။ သီတဂါဟေ၊ ဆောင်းရာသီ၌။ ဝါ၊ သီတဂုဂါဟော၊ တနင်္လာနေ့ဖြစ်သော။ ဇုဏှေကာဒသမေ၊ လဆန်းပက္ခ ၁၁ ရက်၌။ ဖြိဿေ၊ ဖြိဿ ရာသီနက္ခတ်သည်။ စန္ဒိမသံယုတ္တေ၊ စန်းနှင့်ယှဉ်သည်ရှိသော်။ မိဿေစ၊ မိဿရာသီ နက္ခတ်သည်လည်း။ လက္ခဏ၊ သုဘနိမိတ် အစရှိသည်ကို မှတ်ကြောင်းဖြစ်သောလက်သို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ နိဋ္ဌိတာ၊ ပြီးပြီ။

သုဒ္ဓေနစေတသာ၊ စင်ကြယ်သောစိတ်ဖြင့်။ မယှံမယာ၊ ငါသည်။ ကတဿ၊ ပြုအပ်သော။ ဣမဿ၊ ဤဝတ္ထု၏။ ဝတ္ထုဗွကိစ္စံ၊ ဆိုဖွယ်ကိစ္စသည်။သိဒ္ဓိတံယထာ၊ အပြီးရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ မမဥ္စ၊ ငါ၏လည်း။ ဣစ္ဆိတံ၊ အလိုရှိအပ် တောင့်တအပ်သောအကျိုးသည်။ သဗ္ဗေသဥ္စ၊ သူခပ်သိမ်းတို့၏လည်း။ သုခဿိတံ၊ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်သောအကျိုးသည်။ ဂါ၊ မမဥ္စ ငါ၏ လည်းကောင်း။ သဗ္ဗေသဥ္စ သူခပ်သိမ်းတို့၏ လည်းကောင်း။ သုခဿိတံ၊ ချမ်းသာခြင်းလျှင် မှီရာရှိသော။ ဣစ္ဆိတံ၊ အလိုရှိအပ် တောင့်တအပ်သော အကျိုးသည်။ သိဒ္ဓိတံ၊ အပြီးသို့ ရောက်သည်။ ဘဝတု၊ ဖြစ်စေသတည်း။

– ဣမဿ ပုညဿ၊ ဤကောင်းမှု၏။ ဖလံ ၊ အကျိုးကို။ ယထာသမ္ဘဝံ၊ အကြောင်းအားလျော်စွာ။ ဧက မေကံဝ၊ တစ်ခုတစ်ခုစီလျှင်။ ဝိဘဇံ ဝိဘဇန္တော၊ ဝေဖန်သည်ရှိသော်။ အဟံ၊ ငါသည်။ ဣမိနာပုညေန၊ ဤဇာတ်တော်ပါဠိ၏ နိဒါန်းကို ဖွင့်ရသောကောင်းမှုကြောင့်။ ဣတော၊ ဤယခုနေ့မှ။ ပဋ္ဌာယ၊ စ၍။ နိဗ္ဗာန သမ္ပတ္တိ၊ အရဟတ္တဖိုလ် နိဗ္ဗာန်နှင့် ပြည့်စုံသည်တိုင်အောင်။ ကိစ္စေ၊ ဆောင်အပ်သော ကိစ္စကြီးငယ်၌။ နိဒါန ကောဝိဒေါ၊ ထိုကိစ္စကိုပြီးကြောင်း အခွင့်အရာ၌ လိမ္မာသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

– ဣမိနာစ ပုညေန၊ ဤတေမိမင်း၏ အဓိဋ္ဌာန်ပါရမီ၌ ဆောက်တည်ကြောင်း အတ္ထုပ္ပတ်ကို ဖွင့်ရသော ကောင်းမှုကြောင့်လည်း။ အဘူတေပိ၊ သဘောမဟုတ်ရာနှင့် တွေ့ကြုံရသော်လည်း။ ဘူတော၊ သဘောဟုတ်မှန်သော အရာ၌။ ဉာဏဥ္စ၊ ဇာတိသရ, သုတမယစသည်တို့ဖြင့် သိတတ်သောဉာဏ်ကိုလည်းကောင်း။ ဉာဏ၊ ထိုဉာဏ်တို့ဖြင့် သိပြီးသော သဘောဟုတ်မှန်ရာ၌။ အဓိဋ္ဌိတဥ္စ၊ မရွေ့မဆောင်း ကောင်းစွာဆောက်တည်နိုင်သော အဖြစ်ကိုလည်းကောင်း။ လဘာမိ၊ ရပါလို၏။

– ဣမိနာစ ပုညေန၊ ဤတေမိမင်းသားအား အလိုစမ်းအဋ္ဌုပ္ပတ်ကို ဖွင့်ရသော ကောင်းမှုကြောင့်လည်း။ ပရေဟိ၊ သူတစ်ပါးတို့သည်။ အဋ္ဌာနေန၊ အကြောင်းအရာ မဟုတ်သဖြင့်။ ယောဇေန္တောပိ၊ တိုက်တွန်းသော်လည်း။ ဌာနေ၊ အကြောင်းအရာ ဟုတ်သည်၌သာလျှင်။ နိစ္စလသမ္ဘဝေါ၊ မယိုင်မညွတ်သောအားဖြင့် မြဲစွာတည်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

– ဣမိနာစ ပုညေန၊ ဤတေမိမင်းသားအား ခမည်းတော်, မယ်တော်, ပြည်သူပြည်သား, သိကြား, ဝိသုကြံနတ်တို့ ချစ်ခင်မြတ်နိုးခြင်း, ချီးမြှောက်ပြုစုခြင်းအတ္ထုပ္ပတ်ကိုဖွင့်ရသော ကောင်းမှုကြောင့်လည်း။ ပတ္ထိ တိန္တိတ သမ္ပတ္တိ၊ တောင့်တအပ်သော, အလိုရှိအပ်သော စည်းစိမ်ချမ်းသာအပေါင်းကို။ ခမ္မိယာသုခမ လဒ္ဓကောၤတရားသဖြင့် သိမ်မွေ့နူးညံ့စွာသာလျှင် ရသည်။ဘဝါမိ၊ ဖြစ်ရပါလို၏။

– ဣမိနာစပုညေန၊ ဤဘုရားလောင်း၏ ကာမဂုဏ်အနှောင်အဖွဲ့မှ ထွက်မြောက်ကြောင်း အတ္ထုပ္ပတ်ကို ဖွင့်ရသော ကောင်းမှုကြောင့်လည်း။ အနိဋ္ဌေဟိ၊ အလိုမရှိအပ်, မတောင့်တအပ်သော အရာတို့မှ။ သုဝိမုတ္တော၊ ကောင်းစွာလွတ်မြောက်သည်။ ဣဋ္ဌေဟိစ၊ အလိုရှိအပ်, တောင့်တအပ်သော အရာတို့ဖြင့်လည်း။ ဝါ၊ အရာတို့ကိုလည်း။ ပုရက္ခရော၊ ပြည့်ခြင်းကိုပြုရသည်။ ဝါ၊ ရှေးဦးစွာပြုရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။



www.burmeseclassic.com

www.burmeseclassic.com



– ဣမိနာစ ပုညေန၊ ဤဗေဒ်မိမင်းသား၏ ရဟန်းအသွင်ကိုယူခြင်း၊ ရထားမှူးနှင့် စကားပြော ဟောခြင်း အတ္ထုပ္ပတ်ကို ဖွင့်ရသောကောင်းမှုကြောင့်လည်း။ သဗ္ဗပဋ္ဌမံ၀၊ သူခပ်သိမ်းတို့၏ ရှေးဦးစွာလျှင်။ အဟံ၊ငါသည်။ အတ္တာနံ၊ ကိုယ်ကို။ ပူရေန္တော၊ ဒါန, သီလ အစရှိသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံစေလျက်။ ပရဟိတော၊ သူတစ်ပါးတို့၏ အကျိုးစီးပွားတို့ကို ။ သုဝဟန္တော၊ ကောင်းစွာဆောင်တတ်သော။ ဝိသမကာ၊ အယူသီလ မတူသည်ဖြစ်၍ မညီမညွတ်ခြင်းကိုပြုတတ်သော အဖော်အပေါင်းမှ။ ဝိဂတော–အပဂတော၊ ကင်းသည်ဖြစ်၍။ မမာနုဝတ္တော၀၊ အယူသီလ တူသောအားဖြင့် ငါ၏အလိုသို့သာလျှင် လိုက်တတ်ကုန်သော။ ဗန္ဓူ၊ ဘုရားလောင်းအား ရထားမှူးသုနန္ဒာကဲ့သို့ ငါ့အား အဆွေခင်ပွန်းကောင်းတို့ကို။ သဗ္ဗပဋ္ဌမံ၊ ခပ်သိမ်းစုံတို့၏ရှေးဦးစွာ။ လဘော–လဘာမိ၊ ရပါလို၏။

– ဣမိနာစပုညေန၊ ဤမိတ္တပူဇာ ၁၀ ဂါထာ, သံဝေဂ ဂါထာတို့၏အနက်ကို ဖွင့်ရသောကောင်းမှု ကြောင့်လည်း။ နေယျ၊ဘုရားလောင်းအား ရထားမှူးသုနန္ဒာ အစရှိသော သူတို့ကဲ့သို့ ငါ့အား ဆုံးမထိုက်သော သူအပေါင်းတို့ကို။ နာယက ဉာဏေန၊ ဆုံးမခြင်းငှာစွမ်းနိုင်သော နာယကဉာဏ်ဖြင့်။ ဝိသမေ၊ ဘုရားလောင်းအား ခမည်းတော်, မယ်တော်အစရှိသော သူတို့ကဲ့သို့ အယူသီလမညီမညွတ်ကုန်သောသူတို့ကို။ သမကာရကော၊ တရားနှင့်လျော်စွာ ညီညွတ်ခြင်းကို ပြုနိုင်သည်။၀ါ၊ ဝိသမေ၊ ဒေါသ, မာန, မစ္ဆေရ စသည်တို့ဖြင့် အချင်းချင်း မသင့်မတင့်ရှိကုန်သောသူတို့ကို။ သမကာရကော၊ ကိုယ်,စိတ် ၂ ပါး တညီတညွတ်တည်းဖြစ်စေကြောင်း ကောင်းစွာညှိနိုင်သည်။ ဘ၀ါမိ၊ ဖြစ်ရပါလို၏။

– ဣမိနာစပုညေန၊ ဤဘုရားလောင်း၏ ဆွေတော်မျိုးတော် မင်းပရိသတ်နှင့်တကွ ၈ ပြည်ထောင်သားတို့ အား သင်္ဂြိုဟ်စောင့်ရှောက်ခြင်း စသောအတ္ထုပ္ပတ်ကို ဖွင့်ရသောကောင်းမှုကြောင့်လည်း။ မမဗလေ၊ ငါ့ဆောင်ရွက်အပ်သော နာယကဂုဏ်အစွမ်း၌။ သုပရိသော၊ ကောင်းစွာငြိမ်သက်သော ပရိသတ်ရှိသည်။ ဉာတိမိတ္တာနံ၊ ဆရာ, မိဘနှင့် တူကုန်သောသူတို့၏။ ဝါ၊ အဆွေခင်ပွန်းတို့၏။ အတ္ထမာရော၊ အကျိုးစီးပွားတို့ကို ရွက်ဆောင်နိုင်သည်။ သံသုဒ္ဓဂတိသမ္ပန္နော၊ အဂတိ ၄ပါးမှ ကင်းသည်ဖြစ်၍ သန့်ရှင်းစင်ကြယ်စွာ ဖြောင့်မှန်ကောင်းမြတ်သော သစ္စာ,ဂတိနှင့်ပြည့်စုံသည်။ ဝါ၊ အပါယဂတိ စသည်တို့မှ ကင်းလွတ်သည်ဖြစ်၍ ကောင်းမြတ်သော တိဟိတ်ပဋိသန္ဓေဂတိနှင့် ပြည့်စုံသည်။ သန္တဝိဓ္မေ၊ ဘုရားလောင်းသူတော်ကောင်းတို့ သင်အပ်သော လောကီကျမ်း, ဓမ္မကွန်, ပိဋကတ်ကျမ်း, လက်အတတ်, နှုတ်အတတ် အလုံးစုံအပြစ်ကင်းသော အတတ်မျိုးစုံ၌။ သုခံဝိဇ္ဇော၊ မြင်ကာ ကြားကာ ကြံကာ အလွယ်တကူ တတ်မြောက်နိုင်သည်။ အဓိဏဉာဏ သောဂဝါ၊ သူခပ်သိမ်းတို့အား သင်ကြားပြညွှန်၍ မကုန်ခန်းနိုင်သော ပညာအသုံးအဆောင်, လှူဒါန်းပေးကမ်း၍ မကုန်နိုင်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်။ ဘ၀ါမိ၊ ဖြစ်ရပါလို၏။

– ဣမိနာစပုညေန၊ ဤဇာတ်ပေါင်းခြင်းလျှင် အဆုံးရှိသော ဗေဒ်မိဇာတ်တော်ကြီး အတ္ထုပ္ပတ် အလုံးစုံကို ဖွင့်ရသောကောင်းမှုကြောင့်လည်း။ ဘ၀ါဘဝေ၊ ဘဝကြီး,ငယ်၌။ ဓဇော့နုပနိဿယေနစ၊ ဤကျမ်းပြုခြင်း ကုသိုလ်လျှင် ဥပနိဿယပစ္စည်းပြုသဖြင့်လည်း။ ယထာဘူတံ၊ သဿတ, ဥစ္ဆေဒ အစရှိသည်တို့မှ ကင်းသည်ဖြစ်၍ ဖြောင့်မှန်စွာ။ ဝါ၊ မဖောက်မပြန်။ ဗုဒ္ဓက္ကရေ၊ သဗ္ဗညုတအဖြစ်ကို ပြုတတ်ကုန်သော။ ပါရမိယော၀၊ ပါရမီတို့ကို သာလျှင်။ ပူရေတွာ၊ ပြည့်စေ၍။ ပစ္ဆိမေ၊ အဆုံးစွန်သောဘဝ၌။ ဗုဒ္ဓတ္တံ၊ သဗ္ဗညုတ အဖြစ်သည်သာလျှင် ကျေးဇူးရှိသော။ ဓောဓိ၊ သစ္စာ ၄ပါးတရားကို။ ဓောဓေမိ၊ သိရပါလို၏။ ဝါ၊ ဗုဒ္ဓတ္တံ၊ သဗ္ဗညုတအဖြစ်သို့။



www.burmeseclassic.com

www.burmeseclassic.com



ပတ္တာ၊ ရောက်ပြီး၍။ ဗောဓိ၊ သစ္စာ ၄ပါးလျှင် သိလတ္တံ့အကြောင်းရှိသော ဝေနေယျ အပေါင်းကို။ ဗောဓေမိ၊ ပွင့်စေရပါလို၏။

– ယေသပ္ပုရိသာ၊ အကြင်သူတော်ကောင်းတို့သည်။ ဣမံဇာတက ဝိဘာဝနီ၊ ဤတေမိယဇာတ်တော် အဖွင့်ဝတ္ထုကို။ သုဏန္တာစ၊ ကြားနာရကုန်သည်ဖြစ်၍လည်း။ ပမောဒန္တိ၊ ဝမ်းမြောက်ကုန်၏။ တေသပ္ပုရိသာ၊ ထို ဝမ်းမြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် လည်းကောင်း။ ဘူပါလောစ၊ ရေမြေရှင် မဟာဓမ္မရာဇ်မင်းသည် လည်းကောင်း။ ဉာတိမိတ္တာစ၊ ဆရာ, မိဘနှင့်တူကုန်သော သူတို့သည် လည်းကောင်း။ ဝါ၊ အဆွေအမျိုး ချစ်ကျွမ်းဝင်ကုန်သော သူအပေါင်းတို့သည် လည်းကောင်း။ တဒညာပိ၊ ထိုမှ ကြွင်းကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ မေ မမ၊ ငါ၏။ တံပုညဥ္စ၊ ထို အလုံးစုံသောကုသိုလ်ကို လည်းကောင်း။ တံဖလဥ္စ၊ ထို အလုံးစုံသောကုသိုလ်၏ အကျိုးကို လည်းကောင်း။ မေ မယာ၊ ငါနှင့်။ သမံ၊ အတူအမျှ၊ လဘော–လဘန္တု၊ ရစေကုန်သတည်း။

– မမ ပုညသ၊ ငါ ယခုပြုအပ်သော ကောင်းမှု၏။ တေဇသာ–ဗလေန၊ အစွမ်းအားဖြင့်။ ဒေဝါ၊ လောကပါလ နတ်မင်း, သိကြားမင်း အစရှိကုန်သော နတ်တို့သည်လည်း။ သာသနံ၊ မြတ်စွာဘုရား သာသနာတော်မြတ်ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ရာဇာစ၊ ရေမြေ့သခင် ဘဝရှင်မင်းတရားသည်လည်း။ သန္တိဋ္ဌပုရဏော၊ တရားနှင့်လျော်စွာ အလိုဟူသမျှ ပြည့်စုံသည်ဖြစ်၍။ ဝါ၊ သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အလိုဟူသမျှ ပြည့်စုံသည်ဖြစ်၍။ ပဇံ၊ ပြည်သူတိုင်းသား အများသတ္တဝါအပေါင်းကို။ ဓမ္မေန၊ တရားဖြင့်။ ပါလေတု၊ စောင့်ရှောက်စေသတည်း။ သဗ္ဗဒါ– သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ဇနပဒေါ၊ ဇနပုဒ်သည်။ သုဘိက္ခော၊ ဝပြောစည်ပင်သည်။ ဟောတု၊ ဖြစ်စေသတည်း။ သဒ္ဓမ္မော၊ မြတ်စွာဘုရားသာသနာတော် တည်းဟူသော သူတော်ကောင်းတရားသည်။ စိရံ၊ မြင့်ရှည်စွာကာလပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ မင်္ဂလံ၊ ကောင်းမှုတည်းဟူသော မင်္ဂလာကို။ ဝဍ္ဎန္တု၊ ပွားစေကုန်သတည်း။ ဣဒံပုညံ၊ ဤကောင်းမှုကို။ အနုမောဒန္တု၊ ဝမ်းမြောက်ကြစေကုန်သတည်း။

ဤတွင် နိဂုံး ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



# တေမိယဇာတ်တော်ကြီး ခက်ဆစ်အဓိပ္ပာယ်များ

၁။ အဝိဇ္ဇာ=သစ္စာ ၄ ပါးကို မသိမမြင်ခြင်း။

၂။ တဏှာ=တပ်နှစ်သက်ခြင်း။

၃။ ကိလေသာ=ညစ်နွမ်းစေတတ်, ပူလောင်စေတတ်သော တရား။

၄။ ဒေသနာ=ဟောကြားသော တရားစကား။

၅။ ဝိမုတ်=(ဝိမုတ္တိ)ကိလေသာမှ လွတ်ခြင်း။

၆။ သဏ္ဍာန်=(သဏ္ဍာန)အခြင်းအရာ အသွင်ပုံပန်း။

၇။ သစ်သစ်=မကြွင်းကျန်။

၈။ ဝေရွှန်း=ဝေ-ဝေဝေဆာဆာ၊ ရွှန်း-ပြည့်ပြည့်စုံစုံ။

၉။ ကျော်ဝှန်=ကျော်လွန်ခြင်း,ပိုလျှံခြင်း။

၁၀။ တရား ၁၀ပါး=မဂ် ၄ပါး,ဖိုလ် ၄-ပါး, နိဗ္ဗာန်,ပရိယတ်။

၁၁။ ဒိဋ္ဌိ=အယူ။[ဤ၌ အယူမှားကို ဆိုလိုသည်။]

၁၂။ ဝိစိကိစ္ဆာ=ယုံမှားခြင်း, မဆုံးဖြတ်နိုင်ခြင်း။

၁၃။ သစ္စာ ၄ ပါး=ဒုက္ခသစ္စာ,သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ။

၁၄။ ဋီကာ=အဋ္ဌကထာကျမ်းကို ဖွင့်ပြသောကျမ်း။

၁၅။ သုတမယ=နားကြားသဖြင့် ဖြစ်သောဉာဏ်။

၁၆။ ပြဿနာ=ခက်ခဲသော အမေး။

၁၇။ ပိဋကတ်(ပိဋကတ္တယ)ပိဋက=သင်ကြားအပ်သောကျမ်း၊ တယ-၃-ပါး။[ပိဋက ၃-ပုံ]

၁၈။ ဇာတ်(ဇာတက)ဇာတ=ရှေးဖြစ်ပုံအတ္ထုပ္ပတ်၊ က-ဟောပြောသောစကားစဉ်။

၁၉။ ထောမနာ=ချီးမွမ်းခြင်း။

၂၀။ အန္တရာယ်=အကြားအကြား၌ ဖြစ်တတ်သောဘေးဥပဒ်။

၂၁။ ဂန္ထဂရု=ကျမ်းလေးသောအပြစ်။

၂၂။ ပုနရုတ္တ ဒေါသ=အဖန်ဖန်အထပ်ထပ်ဆိုသော အပြစ်။

၂၃။ စောဒက=အပြစ်တင်သူ။

၂၄။ ပရိဟာရ=ဖြေရှင်းခြင်း။

၂၅။ ပဏ္ဍာမာရဟာဘောဂုဏ်=ရှိခိုးထိုက်သောဂုဏ်။

၂၆။ အနန္တဉာဏ်=အဆုံးမရှိသောဉာဏ်။

၂၇။ အစိန္တေယျ=မကြံစည်နိုင်သောဂုဏ်။

၂၈။ အဗျာပိတဒေါသ=မပျံ့နှံ့သောအပြစ်။

၂၉။ သံသြောင်းရင့်ရှူ=အသံတော်ဖြင့် ကျူးရင့်ခြင်း,ဟောပြောခြင်း။

၃၀။ အဂ္ဂသမာဓိ=အဂ္ဂ-အမြင့်မြတ်,အထွတ်အထိပ်၊သမာဓိ-တည်ကြည်ခြင်း၊မြင့်မြတ်တည်ကြည်သောမထေရ်။

၃၁။ အမှာကံ ဝံသော ပဗ္ဗဇ္ဇဝံသော=ငါတို့၏အမျိုးအနွယ်ကား ရှင်ရဟန်းပြုသော အမျိုးအနွယ်တည်း။

၃၂။ ဗြဟ္မာ=ချွန်တရား ပွားများနေသူ။

၃၃။ မဃဒေဝ=မြင့်မြတ်၍ ပူဇော်ထိုက်သောမင်း။

၃၄။ ပဗ္ဗဇ္ဇဝင်(ပဗ္ဗဇ္ဇ-ဝံသ)ပဗ္ဗဇ္ဇ=ရှင်,ရဟန်း,ရသေ့၊ ဝံသအနွယ်အဆက်။

၃၅။ သကျဝတ ဘော ကုမာရာ=အိုအချင်းတို့-မင်းသားများ စွမ်းဆောင်နိုင်ပေကုန်စွတကား။

၃၆။ ဥက္ကာက=ပန်းပဲပိုကဲ့သို့ ခံတွင်းမှ အရောင်အလင်းထွက်သော မင်း။

www.burmeseclassic.com

၃၇။ သာကီ=(သာကိယ)အမျိုးမပျက်အောင် စောင့်စွမ်းသောမင်း။
၃၈။ သိဒ္ဓတ်=(သိဒ္ဓတ္ထ)အကျိုးစီးပွားပြစ်စေတတ်သော မင်းသား။
၃၉။ စမွယ်=တင့်တယ်စွာနေထိုင်ခြင်း။
၄၀။ သံသရာ=ခန္ဓာကိုယ် မပြတ်မလပ် အထပ်ထပ်ဖြစ်ခြင်း။
၄၁။ ဧသုကာရီ=အစီးအပွား ရှာဖွေလေ့ရှိသူ။
၄၂။ ဟတ္ထိပါလ=ဆင် ထိန်းသိမ်းစောင့်ရှောက်အပ်သူ။
၄၃။ သံဝရ=မကောင်းမှုမှ စောင့်စည်းသောမင်း။
၄၄။ ရဋ္ဌသာရ=တိုင်းပြည်၏ အနှစ်သဖွယ်ဖြစ်သောမထေရ်။
၄၅။ ဗျာဒိတ်=(ဗျာဒိတ)ဧကန် ဘုရားဖြစ်လတ္တံ့ဟု မိန့်ကြားသံ။
၄၆။ သီလဝံသ=သီလရှိသူတို့၏ အနွယ်။
၄၇။ ဗောဓိမဏ္ဍိုင်=(ဗောဓိမဏ္ဍလ)သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဌာန။
၄၈။ အဋ္ဌကထာ=(အတ္ထကထာ)အနက်အဓိပ္ပာယ်ကို ပြဆိုသောကျမ်း။
၄၉။ သမန္တပါသာဒိတ=ပတ်ဝန်းကျင်အားလုံး ကြည်နူးဖွယ်ကောင်းသောကျမ်း။
၅၀။ သံဝဏ္ဏနာ=အကျယ်ဖွင့်ပြခြင်း။
၅၁။ လာဘ်=(လာဘ)ရအပ်သောဝတ္ထုပစ္စည်း။
၅၂။ ပူဇော်=(ပူဇာ)ပေးလှူခြင်း။
၅၃။ သက္ကာရ=ရိုသေစွာပြု၍ပေးလှူခြင်း။
၅၄။ ယာဉ်=(ယာန)နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အနိစ္စ,ဒုက္ခ,အနတ္တ–ဟူသော လက္ခဏာယာဉ်သုံးပါး။
၅၅။ ဝဋ်=(ဝဋ္ဋ)သံသရာ၌ ကျင်လည်ခြင်း။
၅၆။ ပယောဂသမ္ပဒါ=အားထုတ်မှု လုံ့လနှင့် ပြည့်စုံခြင်း။
၅၇။ စရိုက်=(စရိတ)အလေ့အကျင့်။
၅၈။ ဒေဝဒတ်=(ဒေဝ–ဒတ္တ)ဒေဝ–နတ်,ဒတ္တ–ပေးခြင်း၊ နတ်ပေးသောသား။
၅၉။ စိဉ္စမာဏဝိကာ=မန်ကျည်းပင်၌ သန္ဓေစွဲမှီသော သူငယ်မ။
၆၀။ ဣဒ္ဓြေ=(ဣဒ္ဓြိယ)စိုးအုပ်ခြင်း၊သက်ဆိုင်ရာ တရားကို စိုးအုပ်သောတရားထူး။
၆၁။ အာသယသမ္ပဒါ=တရားရစေလိုသော ဆန္ဒတော်နှင့် ပြည့်စုံခြင်း။
၆၂။ သတ္တူပကာရသမ္ပဒါ=ဝေနေယျသတ္တဝါတို့အား ကျေးဇူးပြုခြင်းနှင့် ပြည့်စုံခြင်း။
၆၃။ အရဟတ္တမဂ်=ရဟန္တာဖြစ်ရန်အကြောင်း။
၆၄။ အာသယာနုသယ=(အာသယ–အနုသယ)အာသယ–အလိုဆန္ဒ၊ အနုသယ–ကိန်းအောင်းနေသော ကိလေသာ။
၆၅။ ဉာဏသမ္ပဒါ=ဉာဏ်နှင့်ပြည့်စုံခြင်း။
၆၆။ ဝါသနာ=အလေ့အကျင့်။
၆၇။ ပဟာနသမ္ပဒါ=ကိလေသာပယ်ဖျောက်ခြင်းနှင့် ပြည့်စုံခြင်း။
၆၈။ အာနုဘာဝသမ္ပဒါ=တန်ခိုးအစွမ်းနှင့် ပြည့်စုံခြင်း။
၆၉။ ရူပကာယ=ရူပ–အဆင်း၊ ကာယ–ကိုယ်သဏ္ဌာန်။
၇၀။ ဖလသမ္ပဒါ=အကျိုးနှင့် ပြည့်စုံခြင်း။
၇၁။ မဟာကရုဏာ=ကြီးမားသောသနားခြင်း။
၇၂။ ဟေတုသမ္ပဒါ=အကြောင်းနှင့် ပြည့်စုံခြင်း။

www.burmeseclassic.com



၇၃။ ဗုဒ္ဓပ္ပကာမ=ဘုရားအားရှိခိုးခြင်း။
၇၄။ အာဝဋ္ဋနည်း=ဝဲ လှည့်လည်သကဲ့သို့ အစိတ်ကိုဆိုက အပေါင်းကိုလည်း ယူရ၏၊ အပေါင်းကိုဆိုက အစိတ်ကိုလည်း ယူရ၏။အကြောင်းကိုဆိုက အကျိုးကိုလည်း ယူရ၏။ အကျိုးကိုဆိုက အကြောင်းကိုလည်း ယူရ၏ဟု သိစေရန် ပြဆိုချက်။
၇၅။ တိပုက္ခလနည်း=အစိတ် ၃ ပါးဖြင့် တင့်တယ်သောနည်း။
၇၆။ ဝိပဿနာ=အနိစ္စ,ဒုက္ခ,အနတ္တ ဟု ထူးခြားစွာ ရှုဆင်ခြင်ခြင်း။
၇၇။ သဒိသဘော=(သဒိသ-ဘာဝ)တူသည်၏အဖြစ်။
၇၈။ သဒ္ဒူပမာ=ဣဝ,ဝိယ-ကဲ့သို့ စသောသဒ္ဒါဖြင့် သိအပ်သော ဥပမာ။
၇၉။ အတ္ထူပမာ=အနက်ဖြင့်သာ သိအပ်သော ဥပမာ။
၈၀။ ဝါကျတ္ထူပမာ=ဝါကျအနက်ဖြင့် သိအပ်သော ဥပမာ။
၈၁။ ဖမ္မူရည်ပွင့်=ကျွန်းဦးသပြေပင်၏အသွေးအရောင် လှပသောအပွင့်။
၈၂။ ရှင်ပင့်စတေ=ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ဇာတ်တော်စစ်၊ ဝါ-ဆံတော်စစ်များ ဌာပနာခြင်း။
၈၃။ သဒိသ=အတူ။
၈၄။ သဒိသီ=အတူရှိ။
၈၅။ ဝေနေယျ=ဆုံးမထိုက်သူ၊မဂ်,ဖိုလ် ရထိုက်သူ။
၈၆။ ဝိနာယက=ဆုံးမတတ်သောဘုရား။
၈၇။ သချေ်ာပည်း၏=သချော်-အသေချော်အနန္တ ၊ပည်း၏-များပြားလှ၏ ။
၈၈။ ကြိုးပ=ကြိုးဝါးခြင်း။
၈၉။ ပရိယာယ်=(ပရိယာယ)အလဲအလှယ်,ပြောင်းလဲခြင်း,လှည့်စားခြင်း။
၉၀။ လော်လက်-=လျှပ်ပေါ်လော်လီခြင်း။
၉၁။ လောက်လက်ခတ်=ယောက်ယက်ခတ်,မဆုံးဖြတ်နိုင်။
၉၂။ စာမရီ=အမွေးရှည်သော တိဘက်နွားမျိုး။
၉၃။ ပါရိသုဒ္ဓိ=ထက်ဝန်းကျင်ကြယ်ခြင်း။
၉၄။ သာရိပုတ္တရာ=ရူပသာရီမည်သော ပုဏ္ဏေးမ၏သား။
၉၅။ အရုဏ်=(အရုဏ)နေမထွက်မီ ဦးစွာပေါ်ထွက်လာသော အရောင်။
၉၆။ သဒ္ဒသုတိ=သဒ္ဒါသံ,စကားသံ။
၉၇။ ဥပမာ=နှိုင်းယှဉ်ပြသော ထင်ရှားသောဝတ္ထု။
၉၈။ ဥပမေယျ=နှိုင်းယှဉ်အပြခံရသော မထင်ရှားသောဝတ္ထု။
၉၉။ ဂုဏ်=(ဂုဏ)ဝတ္ထုဒြပ်၌မှီသော ထူးသောအခြင်းအရာ။
၁၀၀။ ဂုဏေ=(ဂုဏီ)ဂုဏ်၏ တည်ရာဝတ္ထုဒြပ်။
၁၀၁။ နယကောဝိဒ=နည်းပြလိမ္မာသည်။
၁၀၂။ ဒေါသမမီ=အပြစ်မရောက်။
၁၀၃။ နိရတ္ထက=အကျိုးမရှိ။
၁၀၄၊ ကုသိုလ်=(ကုသလ)ကောင်းကျိုးကို ဖြစ်စေသောတရား။
၁၀၅။ မင်္ဂလာ=ကြီးပွားတိုးတက်စေသော တရား။
၁၀၆။ အဇ္ဈာသယ=ကြီးမားလွန်ကဲသော အလိုဆန္ဒ။
၁၀၇။ သုခသိဒ္ဓိ=ကောင်းကျိုးချမ်းသာ ပြီးပြည့်စုံခြင်း။
၁၀၈။ ပီတိ=နှစ်သက်ဝမ်းမြောက်ခြင်း။
၁၀၉။ ဝိတာန်=(ဝိတာန)မျက်နှာကြက်။



www.burmeseclassic.com

www.burmeseclassic.com



၁၁၀။ ဥဒါဟာရက်=(ဥဒါဟာရဏ)ပုံစံသာဓက ထုတ်ဆောင်ပြခြင်း။
၁၁၁။ ပဏာမ=ရှိခိုးခြင်း။
၁၁၂။ ထောမနာ=ချီးမွမ်းခြင်း။
၁၁၃။ သံဝဏ္ဏနာကာရ=အကျယ်ဖွင့်ဆိုသော အခြင်းအရာ။
၁၁၄။ ဥယျောဇဉ်=(ဥယျောဇန)တိုက်တွန်းခြင်း။
၁၁၅။ ပဋိညာဉ်=(ပဋိညာ)တာဝန်ခံခြင်း။
၁၁၆။ ဂန္ထာရမ္ဘပုဗ္ဗက=ကျမ်းပြုစကားဦး။ဝါ၊ ကျမ်းမရေးမီ ဦးစွာဆိုအပ်သောစကား။
၁၁၇။ မဟာကရုဏာ=ကြီးမားသောသနားခြင်း။
၁၁၈။ စကြဝဠာ=၄ ကျွန်းတစ်မြင်းမိုရ်ကို စကြဝဠာ တစ်တိုက် ခေါ်သည်။
၁၁၉။ ဇမ္ဗူကျွန်း=ကျွန်းဦးကျွန်းထိပ်၌ သပြေပင်ရောက်သော ကျွန်းကြီး။
၁၂၀။ သောင်းတိုက်=စကြဝဠာတိုက်ပေါင်း ၁ သောင်း။
၁၂၁။ မှို့=ကျက်သရေမင်္ဂလာ။
၁၂၂။ ပြည်သာနိဗ္ဗူ=သာယာသော နိဗ္ဗာန်ပြည်။
၁၂၃။ ၈ ပါးပရိသတ်=စတုမဟာရာဇ်နတ်,တာဝတိံသာနတ်,မာရ်နတ်,ဗြဟ္မာ,ရဟန်း, ပုဏ္ဏား,သူကြွယ်,မင်းမျိုး။
၁၂၄။ သာဝတ္ထိ=သဝတ္ထုရသေ့၏ နေရာဟောင်းဖြစ်သော ပြည်။ ဝါ၊ ရွှေငွေစသော ဥစ္စာအပြည့်အစုံရှိသော ပြည်။
၁၂၅။ အနာထပိဏ်=(အနာထပိဏ္ဍိက)ကိုးကွယ်ရာ မဲ့သူတို့အား အစားအစာ ပေးကမ်းသောသူဌေး။
၁၂၆။ ဝိမုတ်=(ဝိမုတ္တိ)ကိလေသာမှ လွတ်ခြင်း။
၁၂၇။ ဘိသိက်=(အဘိသေက)ဦးထိပ်၌ သွန်းလောင်းခြင်း။
၁၂၈။ မြေအချက်=အချက်အချာဖြစ်သောမြေ။ ဝါ-ချက်တိုင်သဖွယ် ဇမ္ဗူကျွန်း၏ဗဟိုအလယ်ကျသောမြေ။
၁၂၉။ မဟာဘိနိက္ခမ=မြတ်သော တောထွက်ခြင်း။
၁၃၀။ အတ္တုပ္ပတ်=(အတ္တုပ္ပတ္တိ)အကြောင်းအရာ, ဖြစ်ပုံပျက်ပုံ။
၁၃၁။ နိမိတ်ဖတ်=ကောင်း,မကောင်းနှင့် ကြောင်း,ကျိုး ဟောပြခြင်း။
၁၃၂။ ပုရောဟိတ်=(ပုရောဟိတ)ပြည်ကျိုးဆောင် မင်းဆရာ။
၁၃၃။ ဥယျာဉ်=(ဥယျာန)ဥ-ဥလ္လောကန-မော်ကြည့်ခြင်း၊ယာန-လာရောက်ခြင်း၊ အဆန်းတကြယ်ရှုလိုသူတို့ လာရောက်ရာ မြိုင်တော။
၁၃၄။ ညောင်ဗုဒ္ဓဟော=သဗ္ဗညုတဉာဏ် ရရာ,ရကြောင်း, ဘုရား ဖြစ်ရာ ဖြစ်ကြောင်း ညောင်ပင်။
၁၃၅။ မာရ်=(မာရ)သတ်ပုတ်ညှဉ်းဆဲတတ်သော နတ်ဆိုး။
၁၃၆။ နိဗ္ဗူအောင်ခန်း=ကိလေသာရန်ကိုအောင်ရာ နိဗ္ဗာန်ရွှေပြည်။
၁၃၇။ သရဖူ=ဘုရင်များ၏ ဦးစွပ်။
၁၃၈။ မှန်ကူသင်းကျစ်=မှန်ကူ-မျက်မှောင်ကြား၌ ခြယ်သော အပြောက်၊ သင်းကျစ်-ဘုရင်များ၏ဦးရစ်ခေါင်းပေါင်း။
၁၃၉။ ဂန္ဓကုဋိ=နံ့သာမွှေးထုံအပ်သော ကျောင်းငယ်။
၁၄၀။ ပညတ်တင်၍=ဝေါဟာရစကားစဉ် တင်၍။
၁၄၁။ ၄ပါးသော နိမိတ်=သူအို,သူနာ,သူသေ,ရဟန်း။
၁၄၂။ ပါရမီ=နိဗ္ဗာန်တစ်ဘက်သို့ ကူးလိုသူတို့၏အကျင့်။
၁၄၃။ ၅သွယ်သောတရား=သင်္ခါရ,ဝိကာရ,လက္ခဏ,နိဗ္ဗာန်,ပညတ်ဟူသော တရား၅ပါး။
၁၄၄။ သံသရာ=ဘဝအတန်တန် ခန္ဓာဝန်မပြတ် တရစပ်ဖြစ်ရခြင်း။
၁၄၅။ သနင်း=မင်းမြတ်။
၁၄၆။ လက္ခဏာ=အမှတ်အသား။
၁၄၇။ သံဝေဂ=ထိတ်လန့်ကြောက်ရွံ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၄၈။ ချာန်=(ဈာန)နီဝရဏများကို ရှို့မြိုက်ပယ်သတ်သော တရား။

၁၄၉။ အဘိညာဉ်=(အဘိညာဏ)လွန်ကဲထူးမြတ်သော အသိဉာဏ်။

၁၅၀။ နိရောဓ သမာပတ် =စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ ပိုင်းခြားသောကာလအတိုင်း၌ ချုပ်ငြိမ်းခြင်းသို့ရောက်ခြင်း။

၁၅၁။ အဗျူဟ္တသန္တာန်=(အဗျူဟ္တသန္တာန)အစဉ်မပြတ်ဖြစ်နေသော မိမိကိုယ်ခန္ဓာ။

၁၅၂။ ဝဇိရစိန်=အရာဟူသမျှ ဖောက်ထွင်းနိုင်သော သိကြားမင်းစွဲကိုင်သော လက်နက်ထူး၊ ဝါ၊ အရာဟူသမျှ အရောင်ဖြင့် ဖောက်ထွင်းနိုင်သော ရတနာထူး။

၁၅၃။ သခ်မ်း=သူတော်သူမြတ်တို့ နေရာဌာန။

၁၅၄။ ကာမဂုဏ်=(ကာမဂုဏ)အလိုရှိအပ်,နှစ်သက်အပ်သော အာရုံ ၅ ပါးအစု။

၁၅၅။ မသေဆေး=မသေရာနိဗ္ဗာန်သို့ ရောက်ကြောင်း-မဂ္ဂင်။

၁၅၆။ နိက္ခမပါရမီ=ကာမနယ်မှ ထွက်မြောက်ကြောင်း ပါရမီအကျင့်။

၁၅၇။ ဝိုရှိုး=ရှိုးမြောက်သည်။

၁၅၈။ ဉာဏသမ္ပယုတ်=ဉာဏ်နှင့် ယှဉ်သည်။

၁၅၉။ စိတ္တုပ္ပါဒ်=(စိတ္တ-ဥပ္ပါဒ)စိတ္တ-စိတ်ဥပ္ပါဒ-ဖြစ်ခြင်း။

၁၆၀။ ဇော=(ဇဝန)အရှိန်အဟုန်နှင့်တကွ ရှိသောစိတ်။

၁၆၁။ အာဝဇ္ဇန်း=(အာဝဇ္ဇန)နှလုံးသွင်းခြင်း။

၁၆၂။ မဍ္ဍူ=သာယာခြင်း။

၁၆၃။ သဝဏီယ=နာပျော်ဖွယ်ရှိခြင်း။

၁၆၄။ ဂုဏ် ၈အင်=ကြည်လည်သန့်ရှင်းခြင်း၊ သာယာခြင်း၊ သိလွယ်ခြင်း၊ နာပျော်ဖွယ်ရှိခြင်း၊ ဖရိုဖရဲမရှိခြင်း၊ လုံးလုံးစည်းစည်းရှိခြင်း၊ နက်နဲခြင်း၊ ပဲ့တင်ထပ်ခြင်း ဟူသောမုဒ္ဓ၏ အသံတော်ဂုဏ်အင် ၈ပါး။

၁၆၅။ ဗာရာဏသီ=(ဝါနရ သီသ)မျောက်ဦးခေါင်းရှိသော မြို့။ ဝါ၊ မျောက်ဦးခေါင်းသဏ္ဌာန် ကျောက်ဖျာရှိသောမြို့။

၁၆၆။ သင်္ဂဟတရား ၄ ပါး='အခွန် ၁၀ ဖို့၊ ၁ ဖို့ခွဲယူ၊ မှူထမ်းသူကို၊ ကြည်ဖြူပေးကမ်း၊ ငြိမ်းချမ်းသာယာ၊ ပြောကာစကား၊ တိုးပွားကင်းပ၊ ချေးငှားက၊ ၄ ဝစီးမြှောက်နည်း'ဟူဆိုသည့်အတိုင်းသိလေ။

၁၆၇။ နာယကဂုဏ် ၆ ပါး='ထကြွ,နိုးကြားသနား,သည်းခံ၊စေဖန်,ကြည့်ရှု၊ကြောင်းမြဲမှုကြီးသူ့ကျင့်ရာ တရားတည်း'ဟု ဆိုသည့် အတိုင်းသိလေ။

၁၆၈။ ကိုယ်လုပ်=ကိုယ်၏အနီးခြေရင်း၌ အမှုကိစ္စ ပြုလုပ်ဆောင်ရွက်သော အပျိုတော်။

၁၆၉။ မောင်းမ=မိဖုရားငယ်။

၁၇၀။ မဒ္ဒရဇ်=(မဒ္ဒရဋ္ဌ)မဒ္ဒတိုင်း[မဒ္ဒ-သဒ္ဒါသည် ယစ်ခြင်းအနက်ကိုဟောသောကြောင့် ယောကျ်ားများကို ယစ်စေတတ်သော မိန်းမကောင်းပေါ်ထွန်းရာ တိုင်းပြည်ဖြစ်၍ မဒ္ဒတိုင်း ဟုတွင်သည်။]

၁၇၁။ စန္ဒာဒေဝီ=လပြည့်ဝန်းပမာ ကျက်သရေအဖြာဖြာရှိသော မိဖုရား။

၁၇၂။ အဂ္ဂမဟေသီ=မြင့်မြတ်သောမိဖုရား,မိဖုရားခေါင်။

၁၇၃။ ဥပုသ်=(ဥပေါသထ)၈ ပါးသီလ စောင့်သုံးခြင်း။

၁၇၄။ မင်းရင်ပြင်=နန်းတော်ဦး။

၁၇၅။ ပဟိုရ်=(ပဟာရ)တီးခတ်ခြင်း။ [နေ့၄-ပဟိုရ်,ညဥ့် ၄-ပဟိုရ်၊ ပေါင်း ၈-ပဟိုရ် တစ်ရက်]

၁၇၆။ ပုရ=နဂရ-နေပြည်တော်,မြို့တော်။

၁၇၇။ သောက=စိုးရိမ်ခြင်း။

၁၇၈။ ကျူးအေး=အသံသာယာစွာ ကျူးရင့်ခြင်း။

၁၇၉။ ပြကတေ့=ပကတိနဂိုမူလ။

၁၈၀။ အဘယ်=အိမ်ရှင်မကိုခေါ်သော အာလုတ်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၁။ ကျိုးနွံ=မာန်စွယ်ကျိုး၍ နှိမ့်ချခြင်း။
၁၈၂။ အာဟာ=စေနိုင်းခြင်း,အမိန့်ပေးခြင်း။
၁၈၃။ ရာဇာသံ=မင်း၏အမိန့်။
၁၈၄။ မကျိုး=မပေါက်–မပြောက်–မကြား–၅ပါး,၈ပါးစသောသီလတို့တွင် အစ,အဆုံးပျက်လျှင် ကျိုးပဲ့သည် မည်၏။ အလယ်တည့်တည့် တစ်ပါးပျက်လျှင် ပေါက်သည် မည်၏။ အလယ်မှ ၂–ပါး,၃–ပါးပျက်လျှင် ကြားသည် မည်၏။ တစ်ခုကြား,၂–ခုကြားပျက်လျှင် ပြောက်သည်မည်၏။
၁၈၅။ ပဏ္ဍုကမ္ဗလာကျောက်ဖျာ=ဖျော့တော့သော အဆင်းရှိသော သားမွေးသက္ကလပတ်အထည်နှင့်တူသော ကျောက်ဖျာ။
၁၈၆။ တာဝတိံသာ=မာဃလုလင်နှင့်တကွ ကုသုလ်ပြုဖက် ၃၂ယောက်သော သူတို့ဖြစ်ရာ ဒုတိယနတ်ဘုံ။
၁၈၇။ သုစရိုက်=(သုစရိတ)ကောင်းသောကျင့်ဝတ်တရား။
၁၈၈။ စုတေ=(စုတိ)ရွေ့လျောခြင်း, သေခြင်း။
၁၈၉။ ယာမာ=ဆင်းရဲဒုက္ခကင်းသော တတိယနတ်ဘုံ။
၁၉၀။ ဗိမာန်=(ဝိမာန)ထူးဆန်းအံ့ဩ ရှုချင်ဖွယ်အဆောက်အအုံ။
၁၉၁။ ပဋိသန္ဓေ=ဘဝ ၂ ပါး ဆက်စပ်သောအားဖြင့် ဘဝဦးအစ သတ္တဝါဖြစ်မှု။
၁၉၂။ သိကြား=(သက္က)အလိုရှိရာ ဆောင်ရွမ်းနိုင်သော တာဝတိံသာနတ်မင်းကြီး။
၁၉၃။ သမ္ဘတ္တိ=ပြည့်စုံခြင်း,ကြွယ်ဝချမ်းသာခြင်း။
၁၉၄။ အဓိကူပမာဒေါသ=ဥပမာကမြင့်၍ ဥပမေယျက နိမ့်ကျသောအပြစ်။
၁၉၅။ ပရဟိတ=သူ့အကျိုး၊ အများအကျိုး။
၁၉၆။ ကေဒေသူပစာရ=အပေါင်း၌ အစိတ်ကို တင်စား၍ ဆိုသောစကား။
၁၉၇။ အာဂန္တုက=ဧည့်သည်။
၁၉၈။ ဥတုဇ=ဥတုကြောင့်ဖြစ်သော။
၁၉၉။ ဝဠ္ဍာ=သားမဖွား–အမြုံမ။
၂၀၀။ ယူဇနာ=(ယောဇန)ပေါင်းခြင်း။ ၄–ဂါဝုတ်ပေါင်း ၁ ယူဇနာ။
၂၀၁။ စမုတ်=အဆောင်တော်။
၂၀၂။ ဥပဒ်=(ဥပဒ္ဒဝ)ဘေးရန်အန္တရာယ်။
၂၀၃။ ဂေဟာသိတမေတ္တာ=ဂေဟသိတ–အိမ်သူအိမ်သား၌မှီသော၊မေတ္တာ–ချစ်ခင်ခြင်း။
၂၀၄။ ရေသီဒါ=သီဒါ သမုဒ္ဒရာရေ။[ထိုရေသည် အလွန်အားရကား ဥဒေါင်းလည်ဆံမွေးသော်ပင် နစ်မြုပ်ရသည် ဟူ၏]
၂၀၅။ ရဟန္တာ=(အရဟန္တ)ကိလေသာကုန်ခန်း၍ ပူဇော်ထူးခံထိုက်သူ။
၂၀၆။ ပုထုဇဉ်=(ပုထုဇ္ဇန)ကိလေသာထူပြောသူ။
၂၀၇။ မဟာသေနာပတိ=စစ်ဘုရင်,ဗိုလ်ချုပ်။
၂၀၈။ ဒေါသ=အပြစ်။
၂၀၉။ အာလမ္ဗ=တွဲလျားကျခြင်း။
၂၁၀။ ထနာ=နို့အုံ။
၂၁၁။ ကုတ်ဟီးနား=မောနာ,ပန်းနာ။
၂၁၂။ လာဘ်=(လာဘ)ရအပ်သော ဝတ္ထုပစ္စည်း။
၂၁၃။ ပူဇော်=(ပူဇာ)ပေးလှူခြင်း။
၂၁၄။ သက္ကာရ=အရိုအသေပြု၍ပေးလှူခြင်း။
၂၁၅။ ပုရောဟိတ်=(ပုရ–ဟိတ)ပုရ–တိုင်းပြည်၊ဟိတ–အကျိုးစီးပွား၊ တိုင်းကျိုးပြည်ကျိုးဆောင် မင်းဆရာ။
၂၁၆။ ဇမ္ဗူဒိပ်=(ဇမ္ဗုဒိပ)ကျွန်းဦး၌ ဇမ္ဗူသပြေပင်ရှိသော ကျွန်း။



www.burmeseclassic.com

www.burmeseclassic.com



၂၁၇။ မင်္ဂလာ=စီးပွားချမ်းသာ တိုးပွားစေခြင်း။
၂၁၈။ သောမနဿ=ဝမ်းသာခြင်း။
၂၁၉။ ပီတိ=နှစ်သက်ခြင်း။
၂၂၀။ စမွယ်=တင့်တယ်ခြင်း။
၂၂၁။ မုခ်=မုခ-အဝင်ဝ။
၂၂၂။ ရာဇမာန်=(ရာဇ-မာန)ရာဇ-မင်း၊မာန-ထောင်လွှားခြင်း,မောက်မာခြင်း။
၂၂၃။ အာဏာသံ=စေနိုင်သောအသံ,အမိန့်ပေးသောအသံ။
၂၂၄။ ယမမင်း=ငရဲမင်း။
၂၂၅။ ယေဘုယျနည်း=ရှားတော,ပေါက်တော ဟူသော စကားမျိုးကဲ့သို့ အတည်အမှိ,ဝတ္ထုဖြင့် တည်ရာမှီရာဝတ္ထုကိုမှတ်သားလျက် အများကိုဆိုလျှင် အနည်းအပါး သိရသောနည်း။
၂၂၆။ တဗ္ဗဟုလနည်း=တောလည်မှဆိုး,စစ်မြေလှည့်ဆင်-ဟူသောစကားမျိုးကဲ့သို့ တည်ရာမှီရာဝတ္ထုဖြင့် အတည်အမှီဝတ္ထုကို မှတ်သားလျက် အများကိုဆိုလျှင် အနည်းအပါးကို သိရသောနည်း။
၂၂၇။ ဒေါမနဿ=နှလုံးမသာယာခြင်း။
၂၂၈။ ဇာတိဿရဉာဏ်=နောက်နောက်ဘဝကို သတိရသောဉာဏ်။
၂၂၉။ ဥဿဒရက်=ငရဲငယ်များ။
၂၃၀။ ကုမ္ဘြာ=ကြာဖြူ။
၂၃၁။ ပဒုမ္မာ=ပွင့်ချပ် ၁၀၀ ရှိသောကြာ။
၂၃၂။ ပရမတ္ထပါရမီ=မွန်မြတ်သောအသက်ကိုပင် စွန့်နိုင်သောအကျင့်။
၂၃၃။ မဂ္ဂင်=(မဂ္ဂင်)သံသရာဝဋ်ဒုက္ခ ငြိမ်းခြင်း၏ အကြောင်း။ဝါ၊နိဗ္ဗာန်ရောက်ကြောင်း။
၂၃၄။ လွှတိမ်ပုပ်=မိုးတိမ်ပုပ်နှင့် တူသူ။ဝါ၊လူတိမ်,လူအ,လူပုပ်,လူညစ်။
၂၃၅။ သမုတ်=(သမ္မုတိ)ခေါ်ဝေါ်ခြင်း။
၂၃၆။ ကာလကဏ္ဏီ=လူယုတ်,လူညစ်။
၂၃၇။ မန္တရား=(မန္တ)ဗေဒင်စသောအတတ်။
၂၃၈။ တစိုးတစိ=အနည်းအကျဉ်း။
၂၃၉။ မောင်းသံ=ရေခွက် တစ်ခါနစ်လျှင် တစ်မောင်း၊ ၄ မောင်းတစ်ပဟိုရ်၊ နေ့ ၄-ပဟိုရ်၊ ညဉ့် ၄-ပဟိုရ်၊ ပေါင်း ၈-ပဟိုရ် တစ်ရက်၊ နာရီ ၆၀-တစ်ရက် [၄-ယောက် အလှည့် ၆၀ ပြည့်နိ့ထိန်းပေါင်း]ဆိုရာ၌ စတုသဋ္ဌိအရ-တစ်နာရီ၄-ယောက်၊ နာရီ ၆၀-သော် နိ့ထိန်း ၂၄၀-ဖြစ်၏။
၂၄၀။ ဣရိယာပုထ်=ထ,ထိုင်,သွား,လျောင်းခြင်း ၄ -ပါးဖြင့် ခန္ဓာကိုယ်ကို မှုစေခြင်းအမှု။
၂၄၁။ အဓိဋ္ဌာန်=(အဓိဋ္ဌာန)အဓိ-အလွန်အကဲ၊ ဌာန-တည်ခြင်း, ဆောက်တည်ခြင်း။
၂၄၂။ သုမမိန်=လွယ်ကူချမ်းသာစွာ နိုင်းချိန်တတ်သော ပညာရှိ။
၂၄၃။ မွတ်သိပ်=ဆာလောင်ခြင်း,စားလိုသောက်လိုခြင်း။
၂၄၄။ ဆုပ်လွှေး=ဆုပ်ကိုင်စားသောက်ခြင်း။
၂၄၅။ အူအူတက်=ဆူဆူညံညံ။
၂၄၆။ ရသတဏှာ=အရသာ၌တပ်မက်ခြင်း။
၂၄၇။ စရိုက်=(စရိတ)အကျင့်။
၂၄၈။ ယဉ်မင်းငယ်=အရုပ်ငယ်။
၂၄၉။ ဘောဇဉ်=(ဘောဇန)စားဖွယ်,အစာ။
၂၅၀။ ဒုဣကွ=အစာရှားပါးခြင်း,ငတ်မွတ်ခြင်း။

ပန်းရွှေပြည်တာဆုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၂၅၁။ သုဘိက္ခ=အစာရလွယ်ခြင်း,ဝပြောခြင်း။

၂၅၂။ ဝရမ်းပတား=ရှုပ်ယှက်ခတ်။

၂၅၃။ ကြေကျွမ်းဘနန်း=ကြေမွလုမတတ်, ကျွမ်းလုမတတ်။

၂၅၄။ အနိဋ္ဌာရုံ=အလိုမရှိအပ်သောအာရုံ။

၂၅၅။ ပျော့တော့=အပြု,အဝါရော၍ ဝါဖန့်ဖန့်အရောင်။

၂၅၆။ စိတ္တဇ=စိတ်ကြောင့်ဖြစ်သည်။

၂၅၇။ အလမ္ပာယ်=(အလမ္ပာယန)မြွေကို အစိုးတရ ထူးထူးထွေထွေ ဖြစ်စေနိုင်သူ။

၂၅၈။ ၃ ရပ်သောအဓိဋ္ဌာန်=ပညာရှိဖြစ်ကြောင်း မသိစေခြင်း၊ လူတိမ်ပုပ်, လူယုတ်မာဟု ထင်စေခြင်း၊ လူတကာ အော့နှလုံးနာစရာဖြစ်စေခြင်း။

၂၅၉။ အနုမာနဉာဏ်=မှန်းဆ၍သိသောဉာဏ်။

၂၆၀။ တင်သီးနား=တင်ပါး,တင်ပဆုံ,တင်ရိုး။

၂၆၁။ ဈာန်=(ဈာန)အကုသိုလ် နီဝရဏတရားတို့ကို ရှို့မြိုက်ပယ်သတ်တတ်သော တရား။

၂၆၂။ တင်းတိမ်=ကန့်လန့်ကာ။

၂၆၃။ သမ္မာသမ္ဗောဓိပတ္တနာ=ဘုရားဆုပန်ခြင်း။

၂၆၄။ ဥပါယ်တမျဉ်=အောင်မြင်ရန်အကြောင်းတစ်မျိုး။

၂၆၅။ ပဋိယာနုသယ=ငုပ်ကိန်းနေသော အမျက်ဒေါသ။

၂၆၆။ ဗျာပါဒ=အကျိုးစီးပွား ပျက်စီးစေတတ်သော အမျက်ဒေါသ။

၂၆၇။ တိဇရုပ်=ကံ,ဥတု,အာဟာရကြောင့်ဖြစ်သော ရုပ်။

၂၆၈။ မဟာထေရ်=ကြီးမားသော သမာဓိရှိသူ။

၂၆၉။ သန့်သက်အိမ်=အညစ်အကြေးစွန့်ရာအိမ်။

၂၇၀။ ဇော=(ဇဝန)အဟုန်နှင့်တကွဖြစ်သော စိတ်အစဉ်။

၂၇၁။ တဒါရုံ=(တဒါရမ္မဏ)ထိုဇောစိတ်၏ အာရုံကိုယူသော စိတ်။

၂၇၂။ မီးမယ်ဖျူး=မီးအိုးကင်း, မီးလင်းဖို။

၂၇၃။ အဝီစိ=ငရဲသား,မီးလျှံဆင်းရဲခြင်းတို့ဖြင့် အကြားအလပ်မရှိသော ငရဲကြီး။

၂၇၄။ ဥပုသ်=(ဥပေါသထ)သီတင်းသီလ စောင့်သုံးခြင်း။

၂၇၅။ နာဋကိတ္ထိ=ကချေသည်မိန်းမ။

၂၇၆။ ဖောဋ္ဌဗ္ဗာရုံ=အတွေ့အထိအာရုံ။

၂၇၇။ အာသယ=အလိုဆန္ဒ။

၂၇၈။ အလိုတမာ=အလိုအလျောက်။

၂၇၉။ အာသာ=တောင့်တခြင်း,မက်မောခြင်း။

၂၈၀။ လောကဝတ်=လောက၌ပြုရာသောကျင့်ဝတ်။

၂၈၁။ ဓမ္မဝတ်=တရားသဘောရှိတိုင်း ပြုရာသောကျင့်ဝတ်။

၂၈၂။ ရာဇဝတ်=မင်း၌ပြုရာသောကျင့်ဝတ်။

၂၈၃။ ဒုစရိုက်=(ဒုစ္စရိတ)မကောင်းသောအလေ့အကျင့်။

၂၈၄။ သမ္မာဝါစာ=ကောင်းသောစကား။

၂၈၅။ ပဝတ္တိပယောဂ=မွေးပြီးနောက်အခါ ပြုအပ်သော အားထုတ်မှု။

၂၈၆။ ဇာတိလက္ခဏာ=ဖွားမြင်ချိန် မှတ်ကြောင်း,ဇာတာလက္ခဏာ။

၂၈၇။ ပရိယာယ်=(ပရိယာယ)သွယ်ဝိုက်ခြင်း။

ပန်းချီပြည့်တေဆုပ်ထိုက်

www.burmeseclassic.com

www.burmeseclassic.com



၂၈၈။ ပရဝမ္ဘန=ပရ–သူတစ်ပါး၊ဝမ္ဘန–ကဲ့ရဲ့ရှုတ်ချခြင်း။
၂၈၉။ သင်္ကေတ=အမှတ်အသား။
၂၉၀။ သီလဝတ်=သီလစန်း၌ လာရှိတိုင်း ပြုရာသောကျင့်ဝတ်။
၂၉၁။ ဇာတိ=အမျိုးအနွယ်။
၂၉၂။ အညမညယောဂီ=အညမည–အချင်းချင်း၊ယောဂီ–ယှဉ်တွဲဖက်ရှိသော။
၂၉၃။ သုတ=အကြားအမြင်။
၂၉၄။ ဝယ=အရွယ်။
၂၉၅။ ဇာတိ=အမျိုးဇာတ်။
၂၉၆။ ပညာ=အပြားအားဖြင့်သိခြင်း။
၂၉၇။ သီလာ=ကိုယ်,နှုတ်စောင့်သုံးခြင်း အလေ့။
၂၉၈။ သိပ္ပ=အတတ်ပညာ။
၂၉၉။ ဟိတ=ပစ္စုပ္ပန်,အနာဂတ်အကျိုးစီးပွား။
၃၀၀။ သုခ=ချမ်းသာခြင်း။
၃၀၁။ လာဘ=လာဘ်ရခြင်း။
၃၀၂။ ကိတ္တိ=အကျော်အစော။
၃၀၃။ ယသ=အခြံအရံ။
**၃၀၄။ နေရောင်ခြည်ကို တောင့်တသောပန်း= ကြာပဒုမ္မာ။**
၃၀၅။ လရောင်နှင့်မိတ်သင့်သော ပန်း=ကြာဖြူ။
၃၀၆။ နောင်တ=နောင်မှ တသရခြင်း။ ဝါ၊ စိုးရိမ်ရခြင်း။
၃၀၇။ ဥကင်=ရာဇပလ္လင်၏အထက် တံကဲပန်းကုံး။
၃၀၈။ တရား ၁၀ပါး=လှူ,ကျင့်,စွန့်ကြဲ, မညှဉ်းဆဲနှင့် ဖြောင့်စွဲနူးညံ့မဆန့်ကင်းပ မြေမျှသည်းခံ မြိုးမြဲအသင့် ဤ ၁၀ ဆင့်၊ မင်းကျင့်တရားမှတ် ဟု ဆိုသည်အတိုင်းသိလေ။
၃၀၉။ ဟုံးစုံး=ကြုံးဝါးခြင်း။
၃၁၀။ တက္ကသိုလ်=(တက္ကသီလ)ကြံစည်လေ့လာသူတို့ နေထိုင်ရာပြည်။
၃၁၁။ ဝါဠုယကွက္ကန္တရ=သားရဲ,ဘီလူး ပေါများသောခရီးခဲ။
၃၁၂။ မြောက်သားတော်သမီး=ကြင်ဖော်တော်မယား။
၃၁၃။ နိသမ္မကာရီ=စူးစမ်းဆင်ခြင်မှု ပြုလေ့ရှိခြင်း။
၃၁၄။ ဓမ္မရာဇ်=(ဓမ္မရာဇ) တရားမင်း။
၃၁၅။ ကတို=(ကတိက)ဝန်ခံခြင်း။
၃၁၆။ ပဥ္စပတိကာ=လင် ၅ ယောက်ရှိသော မိန်းမ။
၃၁၇။ အဒ္ဓန့်=(အဒ္ဓါန)ရှည်ဝေးသောခရီး။
၃၁၈။ သဗ္ဗညုတဉာဏ်=တရားအားလုံးကို သိသောဉာဏ်။
၃၁၉။ သုနန္ဒာ=အလွန်နှစ်သက်ဖွယ်ရှိသူ။
၃၂၀။ လုတ်တိုင်း=သူသေမြှုပ်ရာသင်းချိုင်း။
၃၂၁။ လဇ္ဇိသဘာဝ=ရှက်ခြင်းသဘော။
၃၂၂။ မိစ္ဆာဒိဋ္ဌိ=မှားသောအမြင်။
၃၂၃။ ဒုဿီလ=သီလမရှိ အကျင့်ပျက်သူ။
၃၂၄။ အလဇ္ဇိသဘာဝ=မရှက်ခြင်းသဘော။



www.burmeseclassic.com

www.burmeseclassic.com



၂၁၅။ ဒိဋ္ဌမင်္ဂလိက=အမြင်မှား၍ရှုးသောသူ။
၂၁၆။ ဥပစာ=အနီးအပါး။မြို့မှတိုင်းထွာသော်-ကုတ်လုပ် ၄ တာအပြန် ၅၀၀ အတွင်းတည်း။
၂၁၇။ ယထာဘူတဉာဏ်=ဟုတ်မှန်တိုင်းသိသောဉာဏ်။
၂၁၈။ ကံမြစ်၍=တားမြစ်၍,ဆုံးမ၍။
၂၁၉။ အာနုဘော်=(အာနုဘာဝ)တန်ခိုး,အစွမ်း။
၂၂၀။ သုသာန်=(သုသာန)သူသေကောင်စွန့်ပစ်ရာဌာန။
၂၂၁။ ဟိရိကောပိန=အရှက်ကိုဖျက်ဆီးခြင်း။
၂၂၂။ လောကသင်္ကေတ=လောကအမှတ်။
၂၂၃။ နပုန်း=(နပုံသက)ဣတ္ထိလိင်,ပုလ္လိင်မရှိသူ။
၂၂၄။ ပဏ္ဍုက်=(ပဏ္ဍက)မိန်းမတစ်လှည့်,ယောကျ်ားတစ်လှည့်ဖြစ်သူ။
၂၂၅။ ဝိဟိံသာဝိတက်=သတ်ဖြတ်ညှဉ်းဆဲရန်ကြံစည်ခြင်း။
၂၂၆။ ဗျာပါဒဝိတက်=ပျက်စီးရန်ကြံစည်ခြင်း။
၂၂၇။ ပဏ္ဍုကမ္ဗလာ=အဖြူ,အရွှေ အရောင် ၂ မျိုးရော၍ ဖျော့သောသောအဆင်းရှိသော, သိုးမွေးကမ္ဗလာနှင့်တူသော ကျောက်ဖျာ။
၂၂၈။ ဝိသုကြံ=(ဝိသုကမ္မ)ထူးချွန်စွာ ပြုလုပ်ဖန်ဆင်းသော နတ်။
၂၂၉။ ယမမင်း=ငရဲမင်းကြီး။
၂၄၀။ ပလွှား=ဝါကြွားခြင်း။
၂၄၁။ ရက္ခပမိတ္တ ဒုတ္တိဒေသနာ=သစ်ပင်ပမာဖြင့် ခင်ပွန်းပြစ်မှားပုံ ပြဆိုသောတရားစကား။
၂၄၂။ သန္ဓိဋ္ဌ=အတူတကွ မြင်ဖူးသောသူ။
၂၄၃။ သမ္ဘုတ္တ=အတူတကွ စားသုံးဖူးသောသူ။
၂၄၄။ မိတ္တဒုဗ္ဘိ=အဆွေခင်ပွန်းပြစ်မှားခြင်း။
၂၄၅။ အတ္တူပနယနည်း=အနက်သဘောအလျောက် ယူရသောနည်း။
၂၄၆။ ဥပသကာ=ရတနာ ၃ ပါးကို ဆည်းကပ်ကိုးကွယ်သောသူ။
၂၄၇။ ဗာလဝါဒိဇ္ဇ=မိုက်သောလှည်းကုန်သည်။
၂၄၈။ မိတ္တပူဇာ=အဆွေခင်ပွန်းကို ပူဇော်ခြင်း။
၂၄၉။ အင်္ဂသာဝက=အင်္ဂ-အထွတ်အထိပ်။သာဝက-တပည့်။
၂၅၀။ အထီးကျန်=နိုကိုးရာမဲ့သူ။
၂၅၁။ သုခမိန်=လွယ်ကူချမ်းသာစွာ နှိုင်းချိန်တတ်သောပညာရှိ။
၂၅၂။ ရန်သူ ၅ ပါး=ရေ,မီး,မင်း,ခိုးသူ,မချစ်မနှစ်သက်အပ်သောသူ။
၂၅၃။ သာမာ=ရွှေအဆင်းရှိသောသူ။
၂၅၄။ ပတိဒေဝတာ=လင်ကို နတ်သံဖွယ်ထား၍ လုပ်ကျွေးသောသူမ။
၂၅၅။ သံဃိက=သံဃာအများ ပိုင်ဆိုင်သည့်ဝတ္ထု။
၂၅၆။ ဥက္ကောဋန=လှုပ်ချောက်ချားခြင်း။
၂၅၇။ နေယျတ္ထနည်း=ဆောင်၍သိအပ်သောနည်း။ဝါ၊သွယ်ဝိုက်၍သိအပ်သောနည်း။
၂၅၈။ ဗျတိရိက်နည်း=ပြန်ဘက်အားဖြင့် သိအပ်သောနည်း။
၂၅၉။ ဒိသာပါမောက္ခ=အရပ်ရပ် တိုင်းသူတို့၏ အမှူး၊အချုပ်ဆရာကြီး။
၂၆၀။ မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း။
၂၆၁။ အာနုဘော်=(အာနုဘာဝ)တန်ခိုးအစွမ်း။
၂၆၂။ ဓနဥ္စယ=ဥစ္စာများစွာ ဆည်းပူးထားသူ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



၃၆၃။ နိတတ္ထ=တိုက်ရိုက်သိအပ်သောနည်း။ဝါ၊မသွယ်မဝိုက်သိအပ်သောနည်း။
၃၆၄။ ပဋိညာဉ်=ဝန်ခံခြင်း။
၃၆၅။ နေ့သန့်ရာ,ညဉ့်သန့်ရာ=နေ့နေရာ,ညဉ့်နေရာ။
၃၆၆။ အပဓာနတ္ထ=မပြဌာန်းသောအနက်။
၃၆၇။ အတ္ထက္ခာယီ=အကျိုးစီးပွားရှိသည်ကိုသာ ပြောဆိုတတ်သောမိတ်ဆွေ။
၃၆၈။ သမာနသုခဒုက္ခ=ချမ်းသာအတူ ဆင်းရဲအမျှ ခံစားတတ်သောမိတ်ဆွေ။
၃၆၉။ အညဒတ္ထု=ပစ္စည်းကိုသာယူလိုသော မိတ်ဆွေတု။
၃၇၀။ တုဋ္ဌိဒါန=နှစ်သက်အားရသော ကောင်းချီးပေးခြင်း။
၃၇၁။ မနောမယပတ္တမြား=စိတ်ကြံတိုင်းပြီးစေနိုင်သော ပတ္တမြား။
၃၇၂။ လောကဝတ်=လောကအလိုအားဖြင့် ပြုလုပ်ရသော ဝတ်တရား။
၃၇၃။ ရာဇဝတ်=မင်းအလိုအားဖြင့် ပြုလုပ်ရသောဝတ်တရား။
၃၇၄။ ဓမ္မဝတ်=တရားတော်အလိုအားဖြင့်ပြုလုပ်ရသော ဝတ်တရား။
၃၇၅။ ရာဟု=အသုရိန်နတ်။
၃၇၆။ ဥဒါန်း=(ဥဒါန)ပီတိအဟုန်ဖြင့် စိတ်၌ မသိုထားနိုင်မှု၍ ထုတ်ဖော်မြွက်ဟသော စကား။
၃၇၇။ တိန်ညင်မျိုး=တည်ကြက်ပမာ အယောင်ပြမှုထားသော သတ္တဝါမျိုး။
၃၇၈။ ရတနာမျက် ၉ ပါး=စိန်,ပုလဲ,သန္တာ,ဂေါမုတ်,နီလာ,ကြောင်မျက်ရွဲ,ဥဿဖယား,မြ,ပတ္တမြား ဟူသော နဝရတ် ၉ ပါး။
၃၇၉။ ရုက္ခူပမာဂါထာ–သစ်ပင်ဥပမာဖြင့်ပြသော ဂါထာ။
၃၈၀။ မိတ္တပူဇာဂါထာ=မိတ်ဆွေကို ပူဇော်ချီးမြှောက်ရပုံပြသော ဂါထာ။
၃၈၁။ ဇာတိဿရ=ဖြစ်ပြီးဘဝကို သတိရအောက်မေ့နိုင်သောဉာဏ်။
၃၈၂။ စမုတ်=အဆောင်,ပြာသာဒ်။
၃၈၃။ ကုဋီ=ကျောင်းငယ်။
၃၈၄။ စင်္ကြံ=(စင်္ကမ)အညောင်းပြေလျှောက်ရာ လမ်းငယ်။
၃၈၅။ ဒုကုဋ်=၂ ထပ် ၂ လွှာချုပ်၍ လက်ဝဲပခုံးစွန်း၌ တင်ရုံအပ်သောသင်္ကန်း။
၃၈၆။ ကုသိုလ်သမ္ဘာရ=ကောင်းမှု ဟူသော အဆောက်အဦ။
၃၈၇။ ကမ္မည်း=ထင်ရှားရေးထားသော စာကြောင်းလိပ်စာ။
၃၈၈။ သက္ကဒတ္တိယ=သိကြားမင်းပေးလှူအပ်သော ကျောင်းသင်္ခမ်း။
၃၈၉။ ဆံကျစ်=ဆံထုံးကို စုပ်ဖွဲ့ထားသောဝတ္ထု။
၃၉၀။ ဗြဟ္မဝိဟာရ=မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရား ၄ပါး။
၃၉၁။ တဒင်္ဂဉာဏ်=ထိုထိုကုသိုလ်ဖြင့် ထိုထိုအကုသိုလ်တစိတ်ကို တစ်ခဏမျှပယ်သတ်သောဉာဏ်။
၃၉၂။ သမာပတ်=ဈာန်ဝင်စားခြင်း။
၃၉၃။ အဘိညာဉ် ၅ရပ်=ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,ဣဒ္ဓိဝိဓ, စေတောပရိယ,ပုဗ္ဗေနိဝါသာနုဿတိ ဟူသော အထူးသိတတ်သောဉာဏ် ၅ပါး။
၃၉၄။ မဟဂ္ဂုတ်=(မဟာ–ဂတ)မြတ်သောဈာန်။
၃၉၅။ ဘုဉ်းပေးခြင်း=စားသောက်ခြင်း။
၃၉၆။ ဝေါ=ထမ်းစင်။
၃၉၇။ သိန္ဓော=သိန္ဓုတိုင်း၌ဖြစ်သော မြင်းကောင်း။
၃၉၈။ ပဋိသန္ထာရ=အစေ့အစပ်ပြောဆိုခြင်း။
၃၉၉။ ပိယကထာ=ချစ်နှစ်သက်ဖွယ်စကား။
၄၀၀။ နစ္စဂီတ=ကခြင်း,သီဆိုခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၄၀၁။ ဝိက္ခမ္ဘန = ကိလေသာကို ဝေးစွာပယ်ခွာခြင်း။

၄၀၂။ ရန်သူမျိုး ၅-ပါး = ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူ။

၄၀၃။ ဆန္ဒရာဂ = အလိုဖြင့်တပ်မက်ခြင်း။

၄၀၄။ ကာမရာဂ = ကာမဝတ္ထုဖြင့် တပ်မက်ခြင်း။

၄၀၅။ သက်ပွရာဂ = ကြံစည်စိတ်ကူးဖြင့် တပ်မက်ခြင်း။

၄၀၆။ မရဏာနုဿတိ = သေခြင်းတရားကို အဖန်ဖန်အောက်မေ့ခြင်း။

၄၀၇။ အပါယ် ၄ ရပ် = ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်။

၄၀၈။ ကပ် ၃ တန် = လက်နက်ကပ်, ရောဂါကပ်, ငတ်မွတ်ခေါင်းပါးသောကပ်။

၄၀၉။ ဘေး = (ဘယ) = ကြောက်မက်ဖွယ် အန္တရာယ်ဆိုး။

၄၁၀။ ကြမ္မာ = (ကမ္မ) = ကံဆိုး၊ မှုပြစ်ဆိုး။

၄၁၁။ ပရိဝုဏ် = ပရိဝေဏ = အရံမ်အပိုင်းအခြား။

၄၁၂။ ရသေ့မျိုး ၈ ပါး = ၁-ဥစ္စာစီးပွား ရှာမှီးသိမ်းဆည်းသောရသေ့၊ ၂-ကောက်စပါးစသည်ကို တောင်းခံထုထောင်း ချက်ပြုတ်စားသောရသေ့၊ ၃-ဆန်ကိုသာ တောင်းခံချက်ပြုတ်စားသော ရသေ့၊ ၄- ထမင်းကိုသာ တောင်းခံစားသော ရသေ့၊ ၅-သစ်ခွံ, သစ်ခေါက်ကို လက်ရိုက်ဖြင့် ရိုက်ပုတ်ခွာထုတ်စားသောရသေ့၊ ၆-သစ်ခွံ, သစ်ခေါက်ကို သွားဖြင့်သာ ခွာထုတ်စားသောရသေ့၊ ၇-သစ်သီး, သစ်ရွက်ကို တုတ်, လှံတန်, တံချူဖြင့် ခြွေယူစားသောရသေ့၊ ၈- အလိုလိုကြွေကျမှသာ စားသောရသေ့။

၄၁၃။ ပါမောက္ခ = အကြီး, အမှူး, အချုပ်။

၄၁၄။ ပရစိတ္တဝိဇာနန = သူတစ်ပါးစိတ်အကြံကို သိခြင်း။

၄၁၅။ သမာပတ် ၈ ပါး = စတုက္ကနည်းအားဖြင့် ရူပဈာန် ၄ ပါး, အရူပဈာန် ၄ ပါး၊ ပေါင်း ၈-ပါး။

၄၁၆။ အဘိညာဉ် ၅-ပါး= ၁-ထူးထူးထွေထွေ တန်ခိုးဖန်ဆင်းခြင်း၊ ၂- နတ်မျက်စိကဲ့သို့မြင်နိုင်ခြင်း၊ ၃- နတ်နားကဲ့သို့ ကြားနိုင်ခြင်း၊ ၄- သူတစ်ပါးစိတ်ကို သိနိုင်ခြင်း၊ ၅- ရှေးဖြစ်ဖူးသည်ကို သိနိုင်ခြင်း။

၄၁၇။ သာမန္တရာဇ် (သာမန္တ-ရာဇ) သာမန္တ-အနီးအပါး၊ ရာဇ-မင်း။

၄၁၈။ ပံသုကူ (ပံသု-ကူလ) = မြေမှုန့်လိမ်းကျံသောပုဆိုး။

၄၁၉။ သုဒ္ဓါဝါသ = ကာမဝတ္ထု အညစ်အကြေး ကင်းစင်သောသူ။

၄၂၀။ ဉာတတ္ထစရိယ = ဆွေမျိုးတို့၏အကျိုးဆောင်ရွက်ခြင်း။

၄၂၁။ လောကတ္ထစရိယ = သတ္တဝါတို့၏အကျိုးဆောင်ရွက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## မဟာဇနကဇာတ်

သင် သမုဒ္ဒရာအလယ်ကြား၌ ဤကဲ့သို့ ဆောင်ရွက်လျှင်လည်း လုံ့လဝီရိယကျိုးပေါက်ခြင်း အကျိုး ရှိသည့်
သင် မသေသော်၍ ကြွင်းပါ၌ ငါ ဆုံသော်လည်း ပြောပြင်မှ ငါ့ ရှိလေပြီ
ငါသည် အစွမ်းရှိသမျှ၊ အားရှိသမျှ
ဆောင်ရွက်သောလုံ့လကြောင့် မဟာသမုဒ္ဒရာကမ်းသို့ရောက်
ထော်ကျိုးတည်မြဲသော လုံ့လကို မြင်ပါသလော

လအကြတ်ဝန်းကဲ့သို့ ရွှန်းရွှန်းဝင်းကြည်လင် သန့်စင်သောကျောက်သလင်းရေအောက်ပြင်မှ
တင့်တယ်စွာလာလတ်သော ဘုရားလောင်းကိုမြင်လျှင်
ရှုမငြီးဖွယ်ကောင်းသော မိန်းမဖြစ်လျက် မိမိကိုယ်အဖြစ်ဖြင့် မတည်နိုင်သည်ဖြစ်၍
နေရာမှ လျှင်မြန်စွာထပြီးလျှင် နှမ်းမကောင်းတင်ပါလေသို့ သွား၍
ဘုရားလောင်းအနီးသို့ ရှိသာမိုရ်သကဲ့သို့ ချောင်းနွဲ့သောအမူအရာဖြင့်
မိမိလက်ကို ဘုရားလောင်းလက်ပါးသို့ ညွှတ်ခါပို့ကိုင်လေ၏။

ဤလောက၌
တစ်စုံတစ်ယောက်သော ဂုဏ် ရှိကုန်သော သူတို့သည်
ထို မိမိတို့နှင့်ညီသော ဂုဏ်ကိုမြင်၍
ကိုယ်အောက် ညံ့သောဟန်၊ ကိုယ်နှင့် အင်တန်တူသောဟန်၊ ကိုယ်နှင့် အင်မတန် လွန်စွာသောဟန်၊
ဤဟန် ၃ ပါးတို့တွင်
တစ်ပါးပါးဖြင့် ဆောင်ရွက်ကြကုန်၏။

ရှင်ရှုတန်မှ အပင်များကြောင်း အစရှိသည်မှာ ကောင်းသည် မဟုတ်။
ဤ ပြဇာတ်ခြင်းမည်သည်လည်း
မျက်စိ ၂ ဘက်ဖြင့် ကြည့်၍ ကြောင်ဖြစ်လျှင် စိတ်များပြုပြင်ကြောင့် အဆုံးပြသည်ဖြစ်၍
ပြ၏ အသိမ်အမွေ့ဖြစ်သော အချိုးအဆစ်၊ အနုအလှ၊ အဝိုင်းအစောင့်၊
အကြောင်းအကောက်ကို မမြင်ဘဲ တစ်မြင်တည်းသာတင်သဖြင့် အလွန်ကြောင်နိုင်၏။
မျက်စိတစ်ဘက်တည်းဖြင့် ကြည့်၍ ကြောင်ရမှား
စိတ်တစ်ခုတည်းဖြင့်ကြည့်ကြောင့် သမာဓိကိုရသဖြင့်
အသိမ်အမွေ့ဖြစ်သော ပြ၏ အကောက်အကြောင်း၊
အစောင်းအလိမ်၊ အပိန်အဖိုင်ကို မြင်မြင်ထင်ထင် မြင်သည်ဖြစ်၍
ပြင်လွယ်၊ ဖြောင့်လွယ် ရှိသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခြေကိုလှမ်းကာ ကြည့်လေသော် ယောကျ်ားမြတ်တို့၏ လက္ခဏာကောင်းတို့ကိုမြင်လျှင် 'ဤယောကျ်ားမြတ်ကား ဇမ္ဗူဒိပ်ကျွန်းကို ထားဘိဦး၊ ကျွန်းငယ် ၂၀၀၀နှင့်တကွ ၄ကျွန်းလုံးကိုပင်လည်း သိမ်းယူ၍ မင်းပြုမည်ဆိုသော် မင်းပြုထိုက်သော ဘုန်းလက္ခဏာရှိ၏' ဟု သိ၍ ဝမ်းသာမျိုးမက ဝမ်းသာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

## မဟာဇနကဇာတ်

သင် သမုဒ္ဒရာအလယ်မှ ငါ့ကို တောင်းပန်လျှင်လည်း လိုအင်ဆန္ဒပြည့်မြောက်ခြင်း အကျိုး ရှိမည်
သင် မသေမီတွင်၌ ဤကွင်းပြင် ၇ ရက်ကြာလည်း လှုပ်ရှားမှု ပြု ရှိလေပြီ
ငါသည် အရှုံးဆိုတိုင်း၊ အားရှိတိုင်း
မဆုတ်မဆိုင်းသောလုံ့လဖြင့် မဟာသမုဒ္ဒရာကိုဖြတ်ကူးလျက်
ကမ်းကိုတက်ပြီးသော၊ လုံ့လကို ပြုခဲ့သတည်း။


လကောက်ဝန်းကဲ့သို့ ရွှန်းရွှန်းစက်ကြည်လင် သန့်စင်သောကျောက်အရောင်အသင်းဖြင့်
တင့်တယ်စွာလာလတ်သော ဘုရားလောင်းကိုမြင်လျှင်
ရှုမငြီးစွာသော မိန်းမဖြစ်လျက် မိမိကိုယ်အကြွင်းမဲ့ မတည်နိုင်သည်ဖြစ်၍
နေရာမှ လျှင်မြန်စွာထ၍လျှင် နန်းဆောင်တံခါးသို့ သွား၍
ဘုရားလောင်းအနီး၌ မိုးတွင်းဆုံးသကဲ့သို့ ပျော်ရွှင်သောအမူအရာဖြင့်
မိမိလက်ကို ဘုရားလောင်းလက်ပေါ်သို့ ညွှတ်ပေါ်စေလိုက်လေ၏။

ဤလောက၌
တစ်စုံတစ်ခုသောရာဇ် ရှိကုန်သောသူတို့သည်
ထို မိမိတို့ပြည့်စုံသော ဂုဏ်ကိုအမှီပြု၍
ကိုယ့်အောက် ညံ့သောမာန်၊ ကိုယ်နှင့် အင်တန်တူသောမာန်၊ ကိုယ်နှင့် အင်မတန် လွန်စွာသောမာန်၊
ဤမာန် ၃ ပါးတို့တွင်
တစ်ပါးပါးဖြင့် ထောင်လွှားတတ်ကုန်၏။

ရှင်ဘုရင်မင်း၊ အသက်မှာထိုင်း အရောင်သီးမှာ ကောင်းသည် မဟုတ်။
ဤ မြှားပြောင်းခြင်းနည်းသည်လည်း
မျက်စိ ၂ ဘက်ဖြင့် ကြည့်၍ ပြောင်ဝင်မှုလျှင် စိတ်မှုတ်ခြင်းကြောင့် အာရုံပြုသည်ဖြစ်၍
မြှား၏ အသိအမှုဖြစ်သော အချိုအယမ်း၊ အရှုပ်အလိမ်၊ အပိန်အဝထောင့်၊
အခြောင့်အကောက်ကို မမြင်ဘဲ တစ်ခြမ်းတည်းသာထင်သဖြင့် အလွန်ပြောင်နိုင်ခဲ၏။
မျက်စိတစ်ဘက်တည်းဖြင့် ကြည့်၍ ပြောင့်လျှင်ကား
စိတ်တစ်ခုတည်းဖြစ်ခြင်းကြောင့် သမာဓိကိုရသဖြင့်
အသိအမှုဖြစ်သော မြှား၏ အကောက်အဖြောင့်၊
အကောင့်အလိမ်၊ အပိန့်အဖိုက်ကို ပြတ်ပြတ်ထင်ထင် မြင်သည်ဖြစ်၍
ပြင်လွယ်၊ ဖြောင့်လွယ် ရှိသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဖြေကိုလှစ်ကာ ကြည့်လေသော် ယောကျ်ားမြတ်တို့၏ လက္ခဏာကောင်းတို့ကိုမြင်လျှင် 'ဤယောကျ်ားမြတ်ကား ဖမ္မူဒိပ်ကျွန်းကို ထားဘိဦး၊ ကျွန်းငယ် ၂၀၀၀နှင့်တကွ ၄ကျွန်းလုံးကိုပင်လည်း သိမ်းယူ၍ မင်းပြုမည်ဆိုသော် မင်းပြုထိုက်သော ဘုန်းလက္ခဏာရှိ၏' ဟု သိ၍ ဝမ်းသာမျိုးမက ဝမ်းသာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်အနုဘာဝါတော်ကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ပဌာမ**

'ဇနေသု အဂ္ဂေါဝ မဟန္ဓဟန္တော၊ ဝိဒေါ သရသ္သိဟိ သုရသ္သိသံသော။

သုခေတ္တပတ္တော သုခေတ္တာ သုခလ္လီ၊ နမတ္ထု တေသဠ ဂုဏိဿရော မေ။ ။' [ဥပေန္ဒ ဝဇိရာဂါထာ]

ဇနေသု၊ လူတို့၌။ အဂ္ဂေါ။ နေမင်းသည်။ ဝိဒေါသရသ္သိဟိ၊ အပြစ်ကင်းသော ရောင်ခြည်တို့ဖြင့်။ သုခေတ္တပတ္တော၊ ဝိဝဋ္ဋဌာယီ အသင်္ချေယျကပ်သို့ ရောက်သည်ရှိသော်။ သုခေတ္တာ၊ နိုင်ခံသောမြေအဖို့ကို ဖြစ်စေလျက်။ မဟန္ဓဟန္တော၀- မဟာအန္ဓကာရံဝိဓမေန္တော၀ိယ၊ ကြီးစွာသောအမိုက်တိုက်ကို ဖျောက်သကဲ့သို့။ သရသ္သိဟိ၊ ရူပကာယတော်မှထွက်လတ်သော ရောင်ခြည်တော်, နာမကာယတော်မှထွက်လတ်သော မရေမတွက်နိုင်သော တရားရောင်ခြည်တော်တို့ဖြင့်။ ဇနေသု၊ ဘုံ ၃ ပါး၌ရှိကုန်သော ဝေနေယျတို့၏သန္တာန်တို့၌။ မဟန္ဓဟန္တော၊ ကြီးစွာသော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတော်မူတတ်ထသော။ သုရသ္သိသံသော၊ ကောင်းသော ရောင်ခြည်တော်, ချီးမွမ်းအပ်သောတရားတော်နှင့် ပြည့်စုံတော်မူထသော။ ယောဝိဒေါစ၊ အကြင်လောက ၃ ပါးကို သိတော်မူထသော မြတ်စွာဘုရားသည် လည်းကောင်း။ ဂုဏိဿရော၊ ဂုဏ်သတ္တိအပေါင်းတို့ကို အစိုးရတော်မူထသော။ သုရသ္သိ၊ မတုန်မလှုပ်သောရောင်ခြည်လည်း ဖြစ်ထသော။ ယောသံသောစ၊ အကြင်သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော ၁၀ ပါးသော တရားတော်မြတ်သည် လည်းကောင်း။ သုခလ္လီ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာလျှင် အာရုံရှိထသော။ သုခေတ္တပတ္တော၊ ဗုဒ္ဓုပ္ပါဒကာလ ဟုဆိုအပ်သော သာသနာတော်စက်၌။ ယောသုခေတ္တောစ၊ အကြင်ကောင်းမှုကိုပြုသောသူတို့၏ ကောင်းမှုတည်းဟူသော မျိုးစေ့စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော ပရမတ္ထ, သမ္မုတိ, အရိယာ သံဃာတော်အပေါင်းသည် လည်းကောင်း။ သုခလ္လီ၊ အကျွန်ုပ်ကို သူကောင်းပြုတော်မူပေသော။ ယောဂုဏိဿရောစ၊ အကြင် ကျေးဇူးသခင် ဆရာအရှင်မြတ်သည် လည်းကောင်း။ အတ္ထိ၊ ရှိတော်မူ၏။ တေသံ ရတနတ္တယဂုရူနံ၊ ထို ရတနာ ၃ ပါး, ကျေးဇူးရှင်ဆရာမြတ်တို့အား။ မေ-မမ၊ အကျွန်ုပ်၏။ နမော- နမက္ကာရော၊ ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ ဖြစ်စေသတည်း။

[ဤဂါထာ၌ အနက်ပေးသည်ကား ဝါကျသိလေသနည်းတည်း။ ။ပရမတ္ထ, သမ္မုတိ, အရိယာ သံဃာတော်ဟု အနက်ပေးရာ၌ 'ပရမတ္ထသံဃာတော်သာလျှင် အရိယာ မဟုတ်။ မဂ်,ဖိုလ် မရသေးသော သမ္မုတိ သံဃာသည်လည်း အရိယာ မည်၏'ဟု စကားရောက်ခဲ့သည်။ 'အသို့လျှင် အရိယာ မည်နိုင်ပါအံ့နည်း' ဟူငြားအံ့။

သော ပန အရိယော စတုဗ္ဗိဓော ဟောတိ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ တတ္ထမနုဿောဝါဟောတု တိရစ္ဆာနောဝါ အရိယာစာရေ ဌိတော အာစာရအရိယော နာမ၊ ရူပေန ပန ဣရိယာပထေ ပါသာဒိကောန ဒဿနီယေန သမန္နာဂတော ဒဿနအရိယောနာမ၊ နိဝါသနပါရုပန



www.burmeseclassic.com

www.burmeseclassic.com



လိင်္ဂပ္ပဟာဏေန ပန ဿမဏာသဒိသော ဟုတွာ ဝိစရန္တော ဒုဿီလော ဟုတွာပိ လိင်္ဂအရိယောနာမ၊ ဗုဒ္ဓါဒယောပန ပဋိဝေဓ အရိယောနာမ ဟူ၍ တိကနိပါတ် တိလမုဋ္ဌိဇာတ်တွင် လာသောကြောင့် အရိယာကား– အာစာရအရိယာ, ဒဿနအရိယာ, လိင်္ဂအရိယာ, ပဋိဝေဓအရိယာ ဟူ၍ ၄ ပါးပြား၏။ ထို ၄ ပါးတို့တွင်–

[လူ,တိရစ္ဆာန်တို့ပင်ဖြစ်သော်လည်း မြတ်သောအကျင့်ကိုကျင့်လျှင် 'အာစာရအရိယာ'မည်၏။

ထိုလူ,တိရစ္ဆာန်တို့ပင်လျှင်လည်း မြတ်သောအကျင့်ကို ကျင့်သည်ဖြစ်စေ,မကျင့်သည်ဖြစ်စေ၊ အထင် အမြင်အားဖြင့် သွားခြင်း, နေခြင်း, ကြည့်ခြင်းစသည် ကြည်ညိုဖွယ်ရှိလျှင် 'ဒဿနအရိယာ'မည်၏။

[ဇင်းအရိယာပုဒ်၌ ကြည်ညိုဖွယ်မရှိသည်ပင်ဖြစ်စေ၊ ဝတ်ခြင်း, ရုံခြင်းဖြင့် ရဟန်းတို့နှင့်အသွင်တူလျှင် ဒုဿီလစင်စစ်ဖြစ်သော်လည်း 'လိင်္ဂအရိယာ'မည်၏။

[ဘုရားအစရှိသော ပရမတ္ထပုဂ္ဂိုလ်တို့သည် မဂ်,ဖိုလ်နှင့် ပြည့်စုံခြင်းကြောင့် 'ပဋိဝေဓအရိယာ'မည်၏။

[ယင်းသို့ တိရစ္ဆာန်, လူတို့ပင်လည်း မိမိတို့ အားထိုက်ရာအကျင့်ကိုကျင့်ကာမျှ အာစာရအရိယာ မည်တုံသေး၏။ သမ္မုတိသံဃာတော်တို့မှာ မြတ်စွာဘုရားသည် ပေးတော်မူအပ်သော ဝတ်ခြင်း, ရုံခြင်းစသော ရဟန်း၏အသွင်၊ သွားခြင်း, နေခြင်း, ကြည့်ခြင်းစသော အရိယာပုထ်တို့၏ကြည်ညိုဖွယ် 'အဓိကသီလအာစာရ ဂေါစရ' ဟုဆိုအပ်သော မြတ်သောအကျင့်သီလကို ကျင့်တော်မူသည်ဖြစ်လျက် အဘယ့်ကြောင့် အရိယာ မဖြစ်ထိုက် ရှိအံ့နည်း။ အလွန် အရိယာ ဟု ဆိုထိုက်လှ၏။ မဂ်,ဖိုလ်ကို မျက်မှောက်ပြုသူမဟုတ်သောကြောင့်သာ ပရမတ္ထသံဃာတော်ဟု မုချမဆိုရ။ ဥပစာရအားဖြင့်ကား သမ္မုတိသံဃာတို့ကျင့်သော စတုပါရိသုဒ္ဓိသီလကိုပင်လျှင် ပရမတ္ထသံဃာလည်း ကျင့်တော်မူသောကြောင့် အကျင့်သီလတူသည်ဖြစ်၍ သဒိသူပစာရအားဖြင့် သမ္မုတိသံဃာတို့ ကျင့်အပ်သော သီလသည် မဂ်,ဖိုလ်ရခြင်း၏အကြောင်းဖြစ်သောကြောင့်လည်း ဖလူပစာရအားဖြင့် ပရမတ္ထသံဃာ ဟူ၍ပင် ဆိုအပ်ပါသေး၏။ ဤအကြောင်းကို 'သီလဝန္တပုထုဇ္ဇနော သောတာပန္နောယေဝ သင်္ဂဟိတော'ဟု အဋ္ဌကထာဆရာ မိန့်ဆိုလေပြီ။

[ပရမတ္ထသမ္မုတိအရိယာ ဟူသောစကား၌ ပရမတ္ထအရိယာသံဃာ, သမ္မုတိအရိယာသံဃာဟု အရိယာ သဒ္ဒါကို ၂ ပုဒ်လုံး၌ စပ်၍ယူပါ။ ပရမတ္ထနှင့်ယှဉ်သော အရိယာသဒ္ဒါဖြင့် ဆိုခဲ့ပြီးသည့် အရိယာ ၄ ပါးလုံးကိုပင် ယူ။ သမ္မုတိနှင့်ယှဉ်သော အရိယာသဒ္ဒါဖြင့် အာစာရ, ဒဿန, လိင်္ဂ ဤ ၃ ပါးနှင့်ပြည့်စုံသော အရိယာကိုယူ။ ဤသို့ယူခြင်းကား 'သက္ခရကထလိကမ္ပိ မစ္ဆဂုမ္ဗမ္ပိစရန္တံ မ္ပိတိဋ္ဌန္တံ မ္ပိပဿတိ'ဟု ရေထဲ၌ ကျောက်စစ်, အိုးခြမ်း, ငါး,လိပ်အပေါင်းတို့ သွားသည်, တည်သည်ကိုမြင်၏ဟူ၍ ကျောက်စစ် မသွားတတ်ဘဲလျက် တစ်ဝါကျတည်း ဆိုသော်လည်း သက္ခရကထလိကမ္ပိကို တိဋ္ဌန္တံ မ္ပိနှင့်တွဲစပ်၍ မစ္ဆဂုမ္ဗမ္ပိကို စရန္တံ မ္ပိတိဋ္ဌန္တံ မ္ပိ ၂ ပုဒ်လုံးနှင့် တွဲစပ်၍ ယူရသကဲ့သို့ ဤ၌လည်း ယထာလာဘနည်းအားဖြင့် တွဲစပ်၍၊ ရသင့်ရာအရိယာကို ယူပါ ဆိုလိုသည်။ စကားထွက်တိုင်း ဝင်၍မျှင်မူ အခင်းကြီးသဖြင့် ပြီးခဲမည်စိုးသောကြောင့် မဆိုပြီ။ ။ဤ ဇနေသု အစရှိသော ဥပေန္ဒဝဇိရာဂါထာဖြင့် ဂန္ထာရမ္ဘ ၃ ပါးတို့တွင် အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘကိုပြုပြီး၍ တောင်းပန်သောသူ၏ ဆန္ဒအားလျော်စွာ မဟာဇနကဇာတ်တော်၏အတ္ထုပ္ပတ္တိကို ပါဠိတော်လာတိုင်း သိသာနာပျော်ဖွယ်ရှိအောင် စကားပြေ စီကုံးပေအံ့။]



www.burmeseclassic.com

## ဝဏ္ဏုနိဒါန်း

နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒကာသလတိုင်း[၁] သာဝတ္ထိပြည်[၂]ကြီး၏ အနောက်သို့ စဉ်းငယ်ယွန်းသော တောင်မျက်နှာ ကုလ၄တာ[၃] ၅၀၀ ခြားသောအရပ်၌ ဇေတမင်း[၄]၏ ဥယျာဉ်ကို ၅၄ ကုဋေသော ဥစ္စာတို့ဖြင့်ဝယ်၍ အနာထပိဏ်[၅] သူဌေးသည် ဆောက်လှူကိုးကွယ်အပ်သော ဇေတဝန်[၆]ကျောင်းတော်၌ နေတော်မူသောအခါ တစ်နေ့သ၌ တရားသဘင်ဝယ် ပရိသတ်အစည်းအဝေးဖြစ်ကြလတ်သော် ရဟန်းတို့သည် ဤသို့ နိက္ခမပါရမီ[၇]တော်ကို ချီးမွမ်းကြကုန်၏။

"အရှင်တို့ လူ ၃ ဦး[၈]တို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဟာသမ္မတမင်းမှ ဆင်းသက်၍ ရွှေလက်ထက်တိုင် ထီးရိုးနန်းစဉ် မင်းဆက်မပြတ် သားမြေးအစဉ်အတိုင်း စိုးစံကြသော အသမ္ဘိန္နခတ္တိယ[၉] အနွယ်အမျိုးတော်၌ဖြစ်သော ဤ အတုမရှိသောစည်းစိမ်တော်တွင် မင်းဆက်တကာတို့ မစံရဘူးသော ရွှေအိုးကြီး ၄ လုံးနှင့်တကွ ကာလရတု ဥတုရာသီနှင့်လျော်စွာ အချမ်း,အပူကိုမှုစေတတ်သော နန်း ၃ ဆောင်[၁၀]တို့ဝယ် အလှယ်လှယ်အပြောင်းပြောင်း အသောင်းမက မင်းသမီးတို့၏အကြီးဖြစ်သော မြောက်သားတော်မင်းသမီးနှင့် အတူတကွစိုးစံတော်မူ၍ အလွန် ကာမဂုဏ်ချမ်းသာဖြင့် သိမ်မွေ့နူးညံ့သော ကိုယ်တော်, နှလုံးတော် ရှိသူဖြစ်လျက် နိမိတ် ၄ ပါး[၁၁]ကိုမြင်ကာမျှဖြင့် ကာမဂုဏ်အနှောင်အဖွဲ့ကို ဖြတ်တော်မူ၍၊ အလွန်ကြင်နာလှစွာသော မြောက်သားတော်မင်းသမီးကိုမျှ မသိစေဘဲ ဆန္နအမတ်တစ်ယောက်ကိုသာ အဖော်ပြုတော်မူလျက် သဗ္ဗညုတဉာဏ်[၁၂]အလို့ငှာ မြင်းတော်နှင့် တောသို့ထွက်ကြွတော်မူ၍၊ ရဟန်းပြုတော် မူနိုင်လေသည်ကား အလွန်အံ့ဩဖွယ်ရှိစွ"ဟု နိက္ခမပါရမီတော်ကို ချီးမွမ်း၍နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီ[၁၃] ဘုရားနေရာတော်၌ နေတော်မူလျက် တရားသဘင်၌ နိက္ခမပါရမီကိုချီးမွမ်းလျက် ရဟန်းတို့နေသောအကြောင်းကို သိတော်မူလျှင် 'ဤအကြောင်းကိုမှီ၍ အတ္ထုပ္ပတ်[၁၄]ကို ဟောရသဖြင့် ဤမှုလောက်သောသတ္တဝါတို့သည် အကျွတ်တရားကို ရလတ္တံ့သည်'ဟု မြင်တော်မူသည်နှင့်လျော်စွာ ရဟန်းပရိသတ်ရှိရာ တရားသဘင်သို့ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူပြီးသော်

"သံသရာ[၁၅]ဘေးကို ရှုလေ့ရှိသော ငါ၏ တပည့်သားတော်အပေါင်းတို့။ ယခု ငါမရောက်မီတွင် သင်တို့ အဘယ်စကားကို ပြော၍နေကြသနည်း"ဟု မေးတော်မူ၏။ ရဟန်းတို့သည်လည်း "ဘုန်းတော်ကြီးလှသော အရှင်ဘုရား။ ယခု ကိုယ်တော်၏ နိက္ခမပါရမီတော်ကို အံ့ဩချီးမွမ်း၍ နေကြပါသည်"ဟု လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည်

"ငါ၏ တပည့်သားတော်အပေါင်းတို့။ အဆက်ဆက်သော ပါရမီ အထွတ်အထိပ်ဖြစ်၍ သဗ္ဗညုတဉာဏ် လက်သို့ ရောက်လုနီးသော ယခုဘဝ၌ ငါဘုရား၏ မဟာဘိနိက္ခမ[၁၆]ဂုဏ်ကို မအံ့ဩလောက်သေး၊ ရှေးပါရမီ နုစဉ်ကပင် ယခုကဲ့သို့သော မင်းစည်းစိမ်၌ ရာဟုလာမိခင်ကဲ့သို့ အလွန်မြတ်သောမင်းသမီးနှင့် ထီးနန်းစံလျက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယခုမြင်သော နိမိတ် ၄ ပါးကဲ့သို့ သံဝေဂ[၁၇]မထင်ရှားလောက်သေးသော နိမိတ်ကိုမြင်သဖြင့် မင်းစည်းစိမ်၌ ငြီးငွေ့၍ နန်းတော်၌ တစ်စုံတစ်ယောက်ကိုမျှ မသိရစေဘဲ ရဟန်းအသွင်ကိုယူလျက် ယခုကဲ့သို့မျှ အဖော်မပါ တစ်ယောက်တည်းသာလျှင် ဟိမဝန္တာ[၁၈]သို့ ရှေးရှုသွားစဉ် ယခုကဲ့သို့မျှ လွတ်လွတ်မသွားရ။ စည်းစိမ်ဖက် မင်းသမီးကြားသိသဖြင့် ငါ့နောက်သို့အစဉ်တစိုက် ဟိမဝန္တာတောဝနာတိုင်အောင်လိုက်လျက် နန်းသို့ ပြန်မည့်အကြောင်းကို အသွယ်သွယ်အဖြာဖြာ များစွာသောပရိယာယ်ဖြင့် ခုံခုံမင်မင် ဖက်လဲတကင်း[၁၉] ဖြားယောင်း တောင်းပန်လျက်လည်း ထို အလုံးစုံသောကာမဂုဏ်ချမ်းသာကို ခံတွင်းနှင့်ကင်းလေပြီးသော တံတွေးကဲ့သို့ ငဲ့ကွက်ခြင်းမရှိ။ သဗ္ဗညုတဉာဏ်တည်းဟူသော စည်းစိမ်တော်ကိုသာ တောင့်တခြင်းဖြင့် တောထွက်တော်မူ ဖူးလေပြီ"ဟု အရှည်ဆက်လို၍ အမြွက်မိန့်တော်မူပြီးလျှင် အရဟတ္တဖိုလ်[၂၀] စည်းစိမ်ခံစား၍ နေတော်မူလေ၏။

ထိုအခါ ရဟန်းတို့သည် "ဘုန်းတော်ကြီးလှသော တရားမင်းဘုရား။ ရှေး၌ တောထွက်တော်မူဖူး ကြောင်းကို အကျယ်ဟောတော်မူပါမှ တပည့်သားတော်အပေါင်းတို့ သိမှတ်ရပါမည်"ဟု လျှောက်တောင်းပန်ကြ လတ်သော်၊ မြတ်စွာဘုရားသည် တောင်းပန်ခြင်းနှင့်လျော်စွာ မဟာဇနက[၂၁]မင်းကြီးဖြစ်၍ မိဖုရားကြီးနှင့် စိုးစံခဲ့ပြီးမှ တောထွက်တော်မူကြောင်းတွင်ရှေ့သော ဟောတော်မမူဘဲ မဟာသမုဒ္ဒရာ[၂၂]၌နစ်မွန်းလျက် ယောကျ်ားတို့၏လုံ့လကို မလျှော့ခြင်းကြောင့် အကျိုးထူးကို ရဖူးကြောင်းနှင့်တကွ အရင်းအမြစ်ကစ၍ဟောရလျှင် အလွန်အံ့သြဖွယ်ရှိသဖြင့် ကျွတ်ထိုက်သောဝေနေယျ[၂၃]တို့လည်း ထိုကိုမှီ၍ အကျွတ်တရားရခြင်း, ပရိသတ်အပေါင်းတို့ မှတ်နာရသဖြင့်လည်း အလွန်ကျေးဇူးများခြင်း အကျိုးရှိသည်ဟု သိမြင်တော်မူသည်ဖြစ်၍ ဝေနေယျတို့၏အလိုအားလျော်စွာ အမြစ်အရင်း မကြွင်းစေစုံစွာ 'ဝါယမေထ ဝ ပုရိသော' အစရှိသောဂါထာ[၂၄]တို့ဖြင့် တန်ဆာဆင်အပ်သော ဤမဟာဇနက ဇာတ်တော်ကို ဟောတော်မူ၏။

[ဤစကား၌ 'မဟာဘိနိက္ခမနံ ဝဏ္ဏယန္တာ နိသီဒိံသု' ဟု တရားသဘင်၌ တောထွက်တော်မူခြင်းကို ရဟန်းတို့ချီးမွမ်း၍ နေကြကုန်သည်ဟူ၍သာ သာမည[၂၅] ဆိုသည်။ မည်သို့ချီးမွမ်းသည်ဟူ၍ မဆိုဘဲလျက် ထိုသို့ချီးမွမ်းကြောင်းကို ဆိုလိုက်သည်ကား 'ဝန်းသောအရွက်ကို မြင်သဖြင့် ထိုအရွက်၏အစေ့သည်လည်း ဝန်းရာ၏' ဟု ဆနိုင်ရာသကဲ့သို့၊ မြတ်စွာဘုရားတို့မည်သည်လည်း အကြောင်းနှင့်လျော်စွာသော အကျိုးကို ဟောတော်မူသောကြောင့် အကျိုးဒေသနာတော်ဖြစ်သော 'မဟာဇနက' ဝတ္ထုကို ထောက်သဖြင့် ထိုဒေသနာတော်၏ ဟောကြောင်း နိဒါန်း[၂၆]ဖြစ်သော ရဟန်းတို့၏အချီးအမွမ်းစကားကိုလည်း ဝတ္ထုနှင့်လျော်စွာ 'ဤသို့ ချီးမွမ်းသည်ဖြစ်ရာ၏'ဟု ဆီလျော်သင့်မြတ် လျောက်ပတ်တင့်တယ်အောင် စကားကို တန်ဆာဆင်လိုက်သည်။

[မြတ်စွာဘုရားသည် ရဟန်းတို့ချီးမွမ်းကြသည်ကို သိတော်မူလျက် မကြားမသိယောင်ကဲ့သို့ မေးတော် မူလေသည်ကား–

['ဇာနန္တာပိ တထာ ဂတာ ပုစ္ဆန္တိ၊ ဇာနန္တာပိ နပုစ္ဆန္တိ–'ဟူသော ပါဠ်နှင့်အညီ သိလျက်ပင်မေးတော်မူခြင်း၊ သိလျက်ပင် မသိယောင်ကဲ့သို့ မမေးနေတော်မူခြင်းသည် ဘုရားတို့ဓမ္မတာဖြစ်၍ သိလျက်ပင် မေးတော်မူသတည်း။ အဘယ်ကိုဆင်ခြင်တော်မူ၍ သိလျက်ပင် မေးတော်မူခြင်း၊ မမေးနေတော်မူခြင်းကို ပြုလေသနည်း ဟူမူကား–

['ကာလံ ဝိဒိတွာ ပုစ္ဆန္တိ၊ ကာလံ ဝိဒိတွာ န ပုစ္ဆန္တိ–'ဟူသော ပါဠ်နှင့်အညီ သိတော်မူသော်လည်း မေး၍ အကျိုးစီးပွားများမည့်အခါ, မေး၍ အကျိုးစီးပွားမရှိမည့်အခါကို မြော်တော်မူသဖြင့် အကျိုးစီးပွား များသည့်အခါဖြစ်လျှင် မေးတော်မူ၏။ အကျိုးစီးပွား မရှိမည့်အခါဖြစ်လျှင် မေးတော်မမူ။



www.burmeseclassic.com

www.burmeseclassic.com



[မြတ်စွာဘုရားတို့ မေးတော်မူခြင်းအကြောင်းကား–

[‘တထာဂတာ ဒွီဟိ ကာရဏေဟိ ဘိက္ခူ ပဋိပုစ္ဆန္တိ ဓမ္မံ ဝါ ဒေသိဿာမ သာဝကာနံ ဝါ သိက္ခာပဒံ ပညပေဿာမာတိ’ဟူသော ပါဠိတော်နှင့်အညီ တရားဒေသနာ စသော အဋ္ဌုပ္ပတ္တိကို ဟောတော်မူလိုသောကြောင့် လည်းကောင်း၊ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူလိုသော်ကြောင့် လည်းကောင်း ဤအကြောင်း ၂ ပါးတို့တွင် တစ်ခုခုသောအကြောင်း ပေါ်ရှိ၍ မေးအပ်သောအခါကြိမ်လျှင် အခါကိုသိသည်နှင့် လျော်စွာ မေးတော်မူ၏။ အကြောင်းပင်ရှိသော်လည်း အခါမဟုတ်လျှင် မေးတော်မမူ။ ဤဇာတ်တော်ကို ဟောတော်မူသောအခါ၌ကား မေးအပ်သောအကြောင်း, မေးအပ်သောကာလ ကြိမ်သည်ဖြစ်၍ သိတော်မူလျက်ပင် မေးတော်မူလေသတည်း။

[ထိုတရားသဘင်၌ ‘ဘုရားကြွတော်မူလာမှ နေရာခင်းရလေသလော’ဟူမှုကား– ဘုရားကြွတော်မူလာမှ ခင်းသည်မဟုတ်။ မည်သည့်အရပ်မှာမဆို ရဟန်းတို့သည် အစည်းအဝေးပြုသည် ဖြစ်စေ, တစ်ယောက်တည်းပင် နေသည် ဖြစ်စေ အကြောင်းပေါ်ရှိ၍ လျောက်ပတ်သောအခါဖြစ်လျှင် ထိုရဟန်းတို့ရှိရာသို့ ရှောင်တခင်[၂၇] ကြွလာတော်မူတတ်သောကြောင့် နေရာတော်ခင်း၍ အစဉ်ပင်ထားကြရသည်ဟု မှတ်အပ်၏။ ဤကား စကားချပ်တည်း။ ]



www.burmeseclassic.com

www.burmeseclassic.com



# မဟာဇနကဇာတ်တော်ကြီး

## ၁။ ညီနောင် ၂ ပါး စစ်တိုက်ခန်း

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်[၂၈] တိုင်း မိထိလာပြည်[၂၉] ၌ မဟာဇနက အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုမင်း၌ အရိဋ္ဌဇနကမင်းသား, ပေါလဇနကမင်းသား ဟူ၍ သားတော် ၂ ပါး ရှိ၏။ ထို ၂ ပါးတို့တွင် သားတော်အကြီးဖြစ်သော အရိဋ္ဌဇနကမင်းသားအား အိမ်ရှေ့အရာကို ပေး၏။ သားတော်အငယ်ဖြစ်သော ပေါလဇနကမင်းသားအား စစ်ဘုရင် သေနာပတိ[၃၀]အရာကို ပေး၏။

မဟာဇနကမင်းကြီးသည် ကာလရှည်လျားစွာမင်းပြု၍ ဘုန်းကံအာနုဘော်ကုန်သောအခါ ဘဝတစ်ပါး ပြောင်းလဲလေ၏။ အိမ်ရှေ့မင်းဖြစ်သော အရိဋ္ဌဇနက မင်းသားသည် ခမည်းတော်အား ဖုတ်ကြည်းသဂြိုဟ်[၃၁] ခြင်းကိုပြုပြီးသော် မြို့ကို ဆေးသန့်[၃၂]သုတ်သင်တန်ဆာဆင်၍ အဘအရိပ်အရာဖြစ်သောထီးနန်းကို သိမ်းမြန်းလေ၏။ အရိဋ္ဌဇနကမင်းသား မင်းဖြစ်သောအခါ ညီတော် ပေါလဇနကမင်းသားအား အိမ်ရှေ့အရာကို ပေးလေ၏။ ထိုအခါ အိမ်ရှေ့မင်း၏အတွင်းကျွန်ယုံဖြစ်သော အမတ်တစ်ယောက်သည် တစ်စုံတစ်ခုသောအခွင့်၌ ကိုယ့်အလိုအတိုင်းမပြည့်လျှင် မိမိအရှင်ဖြစ်သောအိမ်ရှေ့မင်းကို စိတ်တွင်အငြိုးထား၍ အရိဋ္ဌဇနကမင်းကြီးထံသို့ ဝင်ပြီးသော်–

"အရှင်မင်းကြီး။ အရှင်မင်းကြီးညီတော် အိမ်ရှေ့မင်းသည် ကိုယ်တော်၏အသက်အန္တရာယ်[၃၃], စည်းစိမ်တော်၏အန္တရာယ်ကို ပြုမည်ကြံဆောင်ခဲ့သည်။ မပြတ် သတိထားတော်မူပါ။ အကျွန်ုပ်မှုကား ကိုယ်မှီခိုသည့်အရှင်ဖြစ်၍ အိမ်ရှေ့မင်း၏ အတိုင်းထက်အလွန် တင့်တယ်ခြင်းကို အလိုရှိငြားသော်လည်း အရှင်မင်းကြီး၏ ရာဇဝတ်တော်ကိုစောင့်ထိန်းလျက် နေရသူဖြစ်သည်နှင့်အညီ ကျေးဇူးသစ္စာတော်ရှိတိုင်း အရှင့်ရန်သူစစ်စစ်မှန်လျှင် အမှုကို မထိန်ဝှက်သာ၊ အလိုပါအလိုတူ မပြုသင့်ဖြစ်၍သာ လျှောက်ထားရခြင်းဖြစ်ပါသည်"ဟု ကုန်းတိုက် ချောစား[၃၄]လေ၏။

အမတ်စကားကိုကြားလျှင် အရိဋ္ဌဇနကမင်းကြီးသည် မည်သို့မျှမဆို။ 'ငါ့ညီ ငါ့ကို မကောင်းကြံမည့်သူ မဟုတ်'ဟု နှလုံးမူကာသာ နေလေ၏။ ထိုအမတ်လည်း အခွင့်မသာ၍နေပြန်ပြီးလျှင် တစ်ဖန် အခွင့်သာသော ကာလ၌ ရှေးနည်းအတူ လျှောက်ပြန်လေ၏။ မင်းကြီးလည်း မည်သို့မျှမဆို၊ နှလုံးမူကာသာ နေလိုက်၏။

ဤသို့သောနည်းဖြင့် ထိုအမတ်သည် အကြောင်းသင့်တိုင်း ထိုစကားကို လျှောက်ဖန်များလတ်သော် အရိဋ္ဌဇနက မင်းကြီးသည် 'ဤအမတ်ကား ဤစကားကို တစ်ကြိမ်သာမဟုတ်။ ကြိမ်ဖန်များစွာ ငါ့အား လျှောက်ထား၏။ အမတ်လျှောက်တိုင်းပင် ငါ့ညီသည် ငါ့ကို မကောင်းကြံသည် ဖြစ်ရာ၏'ဟု အယူရှိသဖြင့် ညီတော်အား ချစ်ခြင်းကိုဖြတ်၍ 'ဤပေါလဇနကမင်းသားသည် မိမိကျေးဇူး ငါ့တွင် တစ်စုံတစ်ခုမျှမရှိဘဲလျက်



www.burmeseclassic.com

ညီ၏ချစ်ခြင်းဖြင့် ငါချစ်၍ သူကောင်းပြုတော်မူသည်ကို ငါ့ကျေးဇူးကိုမှုမသိ၊ ပြုရမည်လော'ဟု ရာဇမာန်[၅၅] ဖြင့် အမျက်ဝင်လေသော်–

'ကောဓော အတ္တံ န ဇာနာတိ[၅၆]ဟူသည်နှင့်အညီ မင်းတို့ ဆင်ခြင်စူးစမ်းရာသည့် အကြောင်းရှိပါလျက် ဆင်ခြင်စူးစမ်းတတ်သော နိသမ္မညာဏ်[၅၇]ကို ထန်စွာသောဒေါသမီး ဆီးကာသဖြင့် ဆင်ခြင်စူးစမ်း မေးမြန်း စစ်ဆေးခြင်းကိုမပြုဘဲ တစ်ဘက်စကားနှင့်သာ "ယခုပင် ပေါလဇနကမင်းကို ဖမ်း။ အိမ်ရှေ့မင်းစည်းစိမ်မှ ရှုတ်ချ၍ သံခြေကျဉ်းအနှောင်အဖွဲ့ အစောင့်အရှောက်လုံခြုံစွာ အိမ်ဆိုးတစ်ခုခုမှာ ထား"ဟု မြို့ဝန်မြို့ကွပ်[၅၈]တို့ဆီသို့ မင်းမိန့်ထုတ်ပြန်လိုက်၏။

မြို့ဝန်မြို့ကွပ်တို့လည်း မင်းမိန့်ရှိတိုင်း အိမ်ရှေ့မင်းကိုဖမ်းယူ၍ နန်းတော်မှမနီးမဝေးဖြစ်သော အိမ်ဆိုး[၅၉]တစ်ခု၌ သံခြေကျဉ်းအနှောင်အဖွဲ့နှင့် အစောင့်အရှောက် လုံခြုံစွာထားလေ၏။

အိမ်ရှေ့မင်းသည် အနှောင်အဖွဲ့နှင့်နေရလေသော် 'ငါကား ခမည်းတော်မရှိသည့်နောက် နောင်တော် ထီးနန်းကိုသိမ်းမြန်း၍ ငါ့ကို အိမ်ရှေ့အရာ၌ထားသည်မှ ယခုတိုင် နောင်တော်ကို ရန်သူနှလုံးထားသဖြင့် ပြစ်မှားမိသောအရာမည်သည် ဆံလွှာခန့်မျှ ငါ၌ မရှိ။ ထိုသို့လျက် ယခု ငါ့ကို အကျဉ်းအမြှောင်းထားသည်မှာ ငါ့အား အခြားကိုးကွယ်ရာ မရှိပြီ။ သစ္စာသာလျှင် ကိုးကွယ်ရာဖြစ်တော့သည်'ဟု ကြံမိလျှင်–

"ငါသည် နောင်တော်၏ ရန်သူစစ်စစ်မှန်လျှင် ဤ အိမ်တံခါး, အနှောင်အဖွဲ့ သံခြေကျဉ်းတို့သည်လည်း မပွင့်မလွတ် စေကုန်သတည်း။ နောင်တော်၏ ရန်သူစစ်စစ်မဟုတ်လျှင် ဤ အိမ်တံခါး, အနှောင်အဖွဲ့ သံခြေကျဉ်းတို့သည် ယခုခဏချင်း ပွင့်စေ, လွတ်စေကုန်သတည်း"ဟု သစ္စာပြု၏။

ထိုအခါ ထက်လှစွာသောသန်လျက်ဖြင့်ဖြတ်၍မျှ တစ်ခဏချင်းပြတ်ခြင်းငှာ မစွမ်းနိုင်ကောင်းသော သံခြေကျဉ်းတို့သည်လည်း သစ္စာ၏အာနုဘော်ဖြင့် ခဏချင်း အပိုင်းပိုင်းပြတ်လေကုန်၏။ အိမ်တံခါးသည်လည်း ပွင့်လေ၏။ ထိုအခါ ပေါလဇနကမင်းသားသည် အနှောင်အဖွဲ့မှလွတ်သော ဆင်ပြောင်မုန်ယစ်ကဲ့သို့ မင်းဖြစ် ထိုက်သောဘုန်းလက္ခဏာ ရှိသည်တစ်ကြောင်း, တော်ဖြောင့်သောနှလုံး ရှိသည်တစ်ကြောင်းဖြစ်၍ အစောင့်အရှောက် ပြုသူမှစ၍ တစ်စုံတစ်ယောက်မျှမဖမ်းဆီးဝံ့ဘဲ မြို့မှထွက်သွားသဖြင့် တစ်ခုသော ရပ်စွန်ရွာငယ်၌ နေလေ၏။ ပစ္စန္တရစ်[၆၀]ရွာသူရွာသားတို့လည်း အိမ်ရှေ့မင်းမှန်းကိုသိလျှင် ခစားကျိုးနွံကြလေကုန်၏။

အရိဋ္ဌဇနကမင်းလည်း အိမ်ရှေ့မင်းကို ဖမ်းယူခြင်းငှာ မတတ်နိုင်ဖြစ်လေ၏။

ပေါလဇနကမင်းသားသည်လည်း အစဉ်သဖြင့် ပစ္စန္တရစ်ရွာငယ်များကိုသိမ်းရုံး၍ လက်နက်ပြုပြီးသော် 'ငါသည် အထက်ကမူကား နောင်တော်၏ရန်သူ မဟုတ်။ ယခုမူကား ရန်သူ လုပ်ရတော့မည်'ဟုကြံလျက် များစွာသောအလုံးအရင်းနှင့် မိထိလာပြည်သို့ချီလာလတ်၍ မြို့ပြင်မနီးမဝေး၌ သစ်တပ်[၆၁]တည်ကာ နေလေ၏။ ပေါလဇနကမင်းထံ ခစားထမ်းရွက်ဖူးသူ အမှုထမ်း, အမတ်, သူရဲတို့သည် လည်းကောင်း၊ ထိုမှတစ်ပါး ပေါလဇနကမင်းကို မြတ်နိုးကုန်သော အမတ်, သူရဲတို့သည် လည်းကောင်း အိမ်ရှေ့မင်းချီလာကြောင်းကို ကြားလျှင်ပင် မိမိတို့၌ရှိသော ဆင်, မြင်း စသည့်လက်နက်နှင့်တကွ မြို့မှထွက်လာလတ်၍ ပေါလဇနကမင်းထံ ဝင်စားလာကြကုန်၏။ ထို မှူးမတ်, သူရဲတို့ကိုအမှီပြု၍ အချို့သောပြည်သူပြည်သားတို့သည်လည်း ဝင်စားလာကြ ကုန်၏။ ပေါလဇနကမင်းသားသည် များစွာသော အလုံးအရင်းရှိပြီးသော် ထိုသစ်တပ်၌နေလျက် နောင်တော် အရိဋ္ဌဇနကမင်းကြီးထံ ဤသို့ စာနှင့်လွှတ်လိုက်၏။

'နောင်တော်အရိဋ္ဌမင်း။



www.burmeseclassic.com

www.burmeseclassic.com



'အကျွန်ုပ်သည် နောင်တော်ထံ အိမ်ရှေ့စည်းစိမ်နှင့်နေသည့်ကာလ နောင်တော်အား ၃ ပါးသောက်[62]ဖြင့် ရန်သူနှလုံးထား ပြစ်မှားမိသောအရာ မရှိစဘူး။ ယခုမူကား အကျွန်ုပ်သည် ရန်သူမလုပ်လိုဘဲလျက် နောင်တော်က လုပ်စေလိုသောကြောင့် ရန်သူပင် လုပ်ရတော့မည်။ ရွှေထီးရွှေနန်းကိုသော်လည်း ပေးအပ်မည်လော၊ စစ်ပွဲသော်လည်း ပြိုင်ဆိုင်မည်လော။ အချက်ကျကျသိရအောင် အမိန့်ရှိတော်မူလိုက်။ အကြာအရှည်နေ၍ ကျွန်တော်မျိုးများသာ ပင်ပန်းကြတော့မည်'ဟု စာနှင့် ရဲရင့်သောသူတို့ကို စေလိုက်၏။

ထိုစကားကို အရိဋ္ဌဇနကမင်းကြားလျှင် "ငါသို့သော မင်းကိုစင်လျက် ဤစကားကို ဆိုရမည်လော"ဟု မင်းမာန်ပေါက်၍–

'ပေါလဇနက။

'ထီးနန်းနှင့် သင် ထိုက်တန်သလော။ ယခုပင် ငါ များစွာအလုံးအရင်းနှင့်ထွက်၍ သင့်ဦးခေါင်းကို ယူတော်မူမည်'ဟု ပြန်ဆိုလိုက်၏။

ထိုအခါကား ထို အရိဋ္ဌဇနကမင်း၏မိဖုရားကြီးဝမ်းတွင် ဘုရားလောင်း ပဋိသန္ဓေ[63]ယူ၍ ကိုယ်ဝန် အရင့်အမာ ရှိသတည်း။

အရိဋ္ဌဇနကမင်းသည် ထိုစကားကို ဆိုလိုက်ပြီးလျှင် မိဖုရားကြီးခေါ်၍–

"အဘယ်။ စစ်ထိုးခြင်းမည်သည်ကား ရှုံးအံ့သည်, နိုင်အံ့သည် မသိနိုင်ဖြစ်ချေသည်။ ယခု ငါ စစ်ထိုး ထွက်ချီတော်မူရမည်ဖြစ်သောကြောင့် အခွင့်ကိုနားထောင်၍ ကိုယ်ဝန်ကို ကောင်းစွာ သင် စောင့်ရှောက်လေ"ဟု မှာထားပြီးသော်၊ စစ်အခင်းအကျင်းအလုံးစုံကို ခန့်ထားစုရုံးစေ၍ လက်နက်စွဲ, သူရဲ[64], သူခက်[65], စစ်မှူး, စစ်ကြပ်[66], ဆင်, မြင်း, ရထား စသော များစွာသောအလုံးအရင်းနှင့်တကွ ထွက်ချီလေ၏။

ပေါလဇနကမင်းလည်း များစွာသောအလုံးအရင်းနှင့် အခိုင်အခံ့ခံ၍ ကျင်းပနှင့်လေ၏။

ထို မင်းညီနောင်တို့ စစ်မျက်နှာပြိုင်၍ထိုးကြလေသော် ပေါလဇနကမင်း၏စစ်သည်များလက်နက်ဖြင့် အရိဋ္ဌဇနကမင်း အသက်ကုန်လေ၏။ ထိုအခါ အရိဋ္ဌဇနကမင်းကြီးဆုံးလေလျှင် စစ်မှူး, စစ်ကြပ်နှင့်တကွ လက်နက်စွဲ သူရဲအပေါင်းတို့ကို ပေါလဇနကမင်း သိမ်းယူလေ၏။

မိထိလာပြည်အလုံးလည်း 'မင်းကြီး ဆုံးခဲ့ပြီ'ဟု အုတ်အုတ်ကျက်ကျက်[67] ဖြစ်လေ၏။

## ၂။ မိဖုရားကြီး ထွက်ပြေးခန်း

အရိဋ္ဌဇနကမင်း၏မိဖုရားကြီးသည်လည်း ထိုအကြောင်းကိုကြားသိလျှင် အမှုမငြိမ်မဝပ် ဆူလောင်ဆဲတွင် အလျင်အမြန် ရွှေတိုက်၌ ရွှေစင်ရွှေကောင်း, ပတ္တမြား စသော ကျောက်မျက်ကောင်းတို့ကိုယူ၍ ခိုင်ခံ့သော ပုဆိုးဖြင့် အထပ်ထပ်ရစ်ထုပ်ပြီးလျှင် တောင်းဆိုးတစ်ခု၌ထည့်ပြီးမှ အပေါ်၌ ပုဆိုးနွမ်းခင်း၍ အတန်ငယ် ဆန်စေ့များကို ဖုံးလောက်ရုံကြဲဖြန့်ကာ မိမိမှာလည်း နန်းသုံးနန်းဝတ်ကိုစွန့်၍ ညစ်နွမ်းသောအဝတ်,



www.burmeseclassic.com

www.burmeseclassic.com



ထွေးရှပ်သောဆံဦးဖြင့် ဆင်းရဲသူမအသွင်ကိုယူလျက် ထိုတောင်းကိုရွက်ပြီးသော် စစ်မျက်နှာလွတ်ရာ မြောက်တံခါးဖြင့် ထွက်သွားလေ၏။ တစ်စုံတစ်ယောက်သော မြို့သူမြို့သားမျှလည်း အသွင်ခြားသည်ဖြစ်၍ မိဖုရားကြီးဟု မသိကြလေကုန်။

ပေါလဇနကမင်းသည်လည်း အလုံးစုံ ပြုဖွယ်ကိစ္စတို့ကိုပြု၍ မြို့ကိုသိမ်းယူပြီးလျှင် မိထိလာမြို့၌ ထီးနန်းစိုးစံလေ၏။

[ဤအရာ၌ အရိဋ္ဌဇနကမင်းသည် သူကြီးပြုသူတို့ ဂုဏ် ၆ ပါးတွင် ဆင်ခြင်ရာသည့်အခွင့် ရှိပေလျက် ဆင်ခြင်စူးစမ်းခြင်းကိုမပြုဘဲ ဣက္ကဏဂုဏ်[၆၈] ချို့တဲ့၍ ဒေါသာဂတိ[၆၉]သို့ လိုက်မှားသဖြင့် မပြစ်မှားအပ်သောသူကို ပြစ်မှားမိချေသောကြောင့်–

['ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပဒုဋ္ဌေသု ဒုဿတိ။

ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။'ဟုဟောတော်မူသော ဓမ္မပဒပါဠိတော်နှင့်အညီ အပြစ်ဒဏ် မထိုက် မပြစ်မှားအပ်သူတို့၌ ဒဏ်ဖြင့် ပြစ်မှားကုန်သောသူတို့အား–

'ဝေဒနံ ဖရုသံ' ဟုဆိုအပ်သော ကြမ်းတမ်းစွာသောဦးခေါင်းနာ စသည်ရောက်ခြင်း၊ 'ဇာနိ' ဟုဆိုအပ်သော ဥစ္စာစည်းစိမ်သည် ဆုတ်ယုတ်ဆုံးပါးခြင်း၊ 'သရီရဿစ ဘေဒနံ' ဟုဆိုအပ်သော လက်ပြတ်ခြင်း စသည့် ကိုယ်အင်္ဂါပျက်ခြင်း၊ 'ဂရုကံ ဝါပိ အာဗာဓံ' ဟုဆိုအပ်သော ကုဋ္ဌနာ, အပမာရနာ စသော ဆေးမကုနိုင်ရာ လေးစွာအနာ ကပ်ရောက်ခြင်း၊ 'စိတ္တက္ခေပဥ္စ' ဟုဆိုအပ်သော ရူးသွပ်ခြင်း၊ 'ရာဇတောဝါ ဥပသဂ္ဂံ' ဟုဆိုအပ်သော မင်းဘေးမင်းဒဏ်သင့်ခြင်း၊ 'အဗ္ဘက္ခာနဥ္စဒါရုဏံ' ဟုဆိုအပ်သော ရန့်ကြမ်းလှစွာသော သူတစ်ပါးတို့အစွပ်အစွဲကို ခံရခြင်း၊ 'ပရိက္ခယဥ္စ ဉာတီနံ' ဟုဆိုအပ်သော အဆွေအမျိုး ပြုန်းတီးခြင်း၊ 'ဘောဂါနဥ္စ ပဘင်္ဂုနံ' ဟုဆိုအပ်သော စည်းစိမ်အခြွေအရံ ပျက်စီးခြင်း၊ 'အဂ္ဂါရာနိ အဂ္ဂိဒယှတိ' ဟုဆိုအပ်သော အိမ်ကိုမီးသင့်ခြင်း ဤ ၁၀ ပါးသောအပြစ်တို့တွင် တစ်ခုခုသည် လျင်စွာရောက်၍၊ သေသည်၏အခြားမဲ့၌ ငရဲသို့သာ ရောက်ရလေ၏ဟူ၍ ဟောတော်မူသည်နှင့်လျော်စွာ ပေါလဇနကမင်းကိုပြုသောဒဏ်သည် မိမိသို့ ပြန်လာသဖြင့် စည်းစိမ်လည်းပြုန်း အသက်လည်းဆုံး ရှိချေသည်။

ဤသို့ထောက်၍ ယခုအခါ သူကြီးပြုသမျှသော သူအပေါင်းတို့သည်–

[မီးမပွားလောက်သည့်အမှု၌ ပမာဏမပြုဘဲ သည်းခံခြင်းဟုဆိုအပ်သော 'ခမာဂုဏ်'၊ သွားခြင်း, နေခြင်း, အိပ်ခြင်း, ဝတ်ခြင်းစသည်တို့၌ သတိပညာ ထက်ကြပ်ပါခြင်းတည်းဟူသော 'ဇာဂရိယဂုဏ်'၊ ခပ်သိမ်းသောအခွင့်တို့၌ ငယ်သူငယ်သားထက် ၂ ဆတက်, ၃ ဆတက်လုံ့လရှိခြင်းတည်း ဟူသော 'ဥဋ္ဌာနဂုဏ်'၊ အထိုက်အလိုက်ကိုချင့်၍ ဝေဖန်ထုံးဖွဲ့ခြင်းတည်း ဟူသော 'သံဝိဘာဂဂုဏ်'၊ ငယ်သူငယ်သားတို့အား မိမိကိုယ်ကဲ့သို့ သနားချစ်ခင် ကြင်နာခြင်း ဟုဆိုအပ်သော 'ဒယာဂုဏ်'၊ အလုံးစုံသောအခွင့်အရေးတို့ကို တွေးမြော်ဆင်ခြင်ခြင်း ဟုဆိုအပ်သော 'ဣက္ကဏဂုဏ်'။ ဤနှာယ ဂုဏ် ၆ ပါးနှင့်ပြည့်စုံကြောင်း ကောင်းစွာ နှလုံးထားကုန်ရာ၏။ ခပ်သိမ်းသောသူအပေါင်းတို့ သည်လည်း မပြစ်မှားအပ်သောသူတို့အား နှလုံးဖြင့်မျှ မပြစ်မှားချေဟု မှတ်ကုန်ရာ၏။ ဤကား စကားချပ်တည်း။]

အရိဋ္ဌဇနကမင်း၏မိဖုရားကြီးသည် ထိုမြောက်တံခါးဖြင့် ထွက်သွားလေသော် မိမိသည် အရပ်တစ်ပါးသို့ မသွားဘူးသူဖြစ်၍ ခရီးလမ်းကိုလည်း မသိ၊ အရပ်အစွဲအမှတ်လည်း မရှိဖြစ်သဖြင့် မြို့မှထွက်၍ ဝေးစွာမသွားဝံ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်သောဇရပ်တွင် ဝင်နားလျက်၊ 'ဤပြည်မှအကွာ ယူဇနာ ၆၀ ထက်၌ ကာလစမ္ပာနဂိုရ်[၁၀] ပြည်ရှိ၏'ဟု ရှေးကကြားဖူးသည်နှင့်သာ ထိုပြည်ကိုအစွဲအမှတ်ပြု၍ ကာလစမ္ပာနဂိုရ်ပြည်သို့သွားသူတို့ကို ခရီးသွားကြုံတိုင်း မေးမြန်းနေလေ၏။

ထိုအခါ မိဖုရားကြီးဝမ်း၌ ဘုန်းသမ္ဘာ[၁၁]ရင်ဖြစ်သော ဘုရားလောင်း၏အာနုဘော်[၁၂]ဖြင့် တာဝတိံသာ နတ်ပြည်ဝယ် ပင်လယ်ကသစ်ပင်ရင်း၌ခင်းအပ်သော အလျား ယူဇနာ ၆၀, အနံ ယူဇနာ ၅၀, အထု ၁၅ ယူဇနာ ပမာဏ, လယ်ခေါင်ရန်းပွင့်ကဲ့သို့ နီမြန်းသောအဆင်း, သိကြားမင်းထိုင်လျှင် ခါးတိုင်အောင်နစ်သော အနူးအညွှန့်နှင့်ပြည့်စုံသော ပဏ္ဍုကမ္ဗလာ[၁၃] ကျောက်ဖျာသည် စည်မျက်နှာကဲ့သို့ တင်းမာခြင်းဖြင့် သိကြားမင်းနှလုံး ညှိုးနွမ်းပူပန်အံ့သောအခြင်းအရာကို ပြလေ၏။ သိကြားမင်းသည်–

'ငါတည်း ဤစည်းစိမ်မှ ရွေ့လျောလိုသလော။ အဘယ်အကြောင်းကြောင့် ဤသို့သောအခြင်းအရာ ဖြစ်လေသနည်း'ဟုဆင်ခြင်လေသော်၊ 'တစ်ပါးအကြောင်းကြောင့် မဟုတ်။ အရိဋ္ဌမင်း၏မိဖုရားသည် ယခု မိမိတို့ထီးနန်းစည်းစိမ် တိမ်းယိမ်းသဖြင့် ဆင်းရဲစွာသွားရာ လမ်းမပေါက်ရှိ၍ မိမိဝမ်း၌ သန္ဓေစွဲသူသည် ဘုန်းသမ္ဘာရင်ဖြစ်ခြင်းကြောင့် ထိုသူငယ်၏အာနုဘော်ဖြင့် ဤအခြင်းအရာ ဖြစ်ချေသည်'ဟုသိဖြီးသော်၊ 'မင်းဖြစ်ထိုက်သော ဘုန်းရှိယောကျ်ားဖြစ်ပေလျက် မပျက်စီးသင့်လေကောင်း။ ဤသူငယ် အသက်ရှည်သဖြင့် ပြည်သူပြည်သားတို့အားလည်း များစွာ စီးပွားဖြစ်လတ္တံ့။ ထိုသို့သောယောကျ်ားမြတ်ကို အန္တရာယ်မဖြစ်စေခြင်းငှာ ငါ သွား၍ မစ,ထိုက်လှပေသည်'ဟုကြံပြီးလျှင်၊ ရထားပေါင်းချုပ်[၁၄] ဖန်ဆင်း၍ ထိုရထားပေါ်၌ ညောင်စောင်း[၁၅] နေရာခင်းပြီးသော် ယောကျ်ားအို၏အသွင်ဖန်ဆင်းလျက် ရထားကိုနှင်၍ မိဖုရားနေရာဇရပ်သို့ ရှေးရှုလာသဖြင့်၊ ဇရပ်နားသို့ရောက်လျှင် ရထားကိုတန့်လျက်–

"ဤအရပ်တွင် ကာလစမ္ပာနဂိုရ်ပြည်သို့ သွားလိုသူခရီးသွား ရှိသလော"ဟု အမှတ်မထင် မေးလေ၏။

မိဖုရားကြီးသည် ထိုစကားကိုကြားလျှင် "ဘိုးအေ။ အကျွန်ုပ် သွားလိုပါသည်"ဟု ဆို၏။

သိကြားမင်းသူအိုလည်း "ချစ်သမီး။ ယင်းသို့တပြီးကား[၁၆] ရထားထက်သို့ တက်လှည့်။ ယခုပင် သွားကြကုန်အံ့"ဟုဆို၏။

မိဖုရားကြီးလည်း "ဘိုးအေ။ အကျွန်ုပ်ကား ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်ခဲ့သည်။ ရထားစီးခြင်းငှာ မဝံ့ပါ။ ဤ အကျွန်ုပ်၏တောင်းကိုသာ ရထား၌ တင်ပါရစေတော့။ ရထားနောက်က အကျွန်ုပ် လိုက်ပါမည်"ဟုဆို၏။

သိကြားမင်းသူအိုလည်း "ချစ်သမီး။ အသို့ ဆိုရပါသနည်း။ တစ်ပါးသူကဲ့သို့ ဘိုးအေကို မှတ်ထင်သလော။ ရထားနှင်ခြင်း၌ ဘိုးအေနှင့်တူ၍ တတ်သောသူ မရှိ။ မကြောက်နှင့်။ တက်သာ တက်"ဟု ဆို၏။

မိဖုရားကြီးလည်း သိကြားမင်းသူအိုစကားဖြင့် 'ရထားထက်သို့ တက်အံ့'ဟု ရှေးရှုလာ၏။ ထိုအခါ သိကြားမင်း၏အာနုဘော်ကြောင့် ရထားသို့ မိဖုရားကြီးတက်ရာဖြစ်သောမြေအရပ်သည် လေဖြင့်ပြည့်သော သားရေနယ်အိတ်ကဲ့သို့ ပုံ့ပုံ့ကြွ၍ ရထားနောက်မြိတ်[၁၇]ကို ထိလျက်တည်လေ၏။ မိဖုရားကြီးသည်လည်း ပြကတေ့[၁၈] လှမ်းမြဲသောခြေဖြင့် ရထားထက်သို့တက်၍ ညောင်စောင်းအပြင်ဝယ် ခင်းအပ်သောအိပ်ရာ၌ လျောင်းမိခါလျှင် 'ဤအဘိုးကား လူမဟုတ်။ နတ်စင်စစ် မှန်ရာသည်'ဟုသိလျက် နတ်၏အတွေ့ကို တွေ့ရခြင်းကြောင့် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ မိဖုရားကြီး ကာလစမ္ပာနဂိုရ်ရောက်ခန်း

သိကြားမင်းလည်း ရထားနှင့် မိဖုရားကိုဆောင်ယူ၍နှင်လေသော် ခဏချင်းဖြင့် မိထိလာပြည်မှ ယူဇနာ ၃၀ ကွာသောအရပ်တစ်ခု၌ မြစ်နားသို့ရောက်သောအခါ ရထားကိုတန့်နား၍ မိဖုရားကြီးကိုနိူးပြီးလျှင်-

"ချစ်သမီး။ ဤမြစ်၌ ရေချိုးချေတော့။ ရေချိုးပြီးလျှင် သင့် အိပ်ရာဦးခေါင်းရင်း၌ထားသော ထိုအဝတ်စုံတို့ကိုဝတ်ဆင်လျက် ရထားတွင်း၌ထားအပ်သော ထမင်းထုပ်မှ ထမင်းဘောဇဉ်တို့ကို ယူ၍ သုံးဆောင်လေ"ဟု ဆို၏။

မိဖုရားကြီး အိပ်ရာမှထ၍ သိကြားမင်းဆိုတိုင်း ရေချိုးခြင်း, ဝတ်စားခြင်းတို့ကိုပြုပြီးသော် တစ်ဖန် ထိုအိပ်ရာ၌ပင် လျောင်းခါမျှဖြင့် အိပ်ပျော်ခြင်းသို့ ရောက်ပြန်လေ၏။ သိကြားမင်းသူအိုလည်း ရထားကို အဖြည်းအသာနှင်၍ ညချမ်းသောအခါ ကာလစမ္ပာနဂိုရ်ပြည်၏ တောင်တံခါးအနီးသို့ ရောက်လေသော် မိဖုရားကြီးကို နိူး၏။ မိဖုရားကြီးလည်း နိုးပြီးကြည့်လတ်လျှင် မြို့[၅၉], ပြ[၆၀], တန်ဆောင်း, ပစ္စင်[၆၁], ရင်တား[၆၂], တံခါးမုခ်[၆၃] တို့ကိုမြင်သဖြင့်-

"ဘိုးအေ။ ဤရှေ့ကမြို့ကား အဘယ်မြို့နည်း"ဟု မေး၏။

သိကြားမင်းသူအိုလည်း "ချစ်သမီး။ ကာလစမ္ပာနဂိုရ်ဆိုသည် ဤမြို့ မဟုတ်လော"ဟု ဆို၏။

မိဖုရားကြီးလည်း "ဘိုးအေ။ အသို့ ဆိုရသနည်း။ ကျွန်ုပ်တို့ကြားဖူးသည်မှာ ကျွန်ုပ်တို့ပြည်မှ ကာလစမ္ပာနဂိုရ်ပြည်သည် ယူဇနာ ၆၀ ကွာဝေး၏တကား။ နေ့ချင်းဖြင့် အသို့လျှင် ရောက်နိုင်ပါအံ့နည်း"ဟုဆို၏။

သိကြားမင်းလည်း "ချစ်သမီး။ ကြားဖူးတိုင်းပင် ယူဇနာ ၆၀ ကွာသည် မှန်၏။ ဘိုးအေမှာမူကား ဤအရပ်၌ ကျွမ်းကျင်သူဖြစ်၍ ခရီးဖြောင့်ကိုသိသောကြောင့် ယခုနေ့ချင်း ဤပြည်သို့ ရောက်နိုင်လေသည်"ဟု ဆို၏။

ဤသို့ပြောဆိုပြီးလျှင် သိကြားမင်းသည် "ချစ်သမီး။ သင်မူကား ယခု လိုရာရောက်ပြီ။ ဘိုးအေမှာမူကား သွားရာခရီး ဝေးသေးသည်ဖြစ်၍ သွားရဦးမည်။ ဤအရပ်၌ဆင်း၍ သင်ချစ်သမီး မြို့တွင်းသို့ ဝင်လေလော့"ဟု ဆိုပြီးလျှင်၊ မိဖုရားကြီးကို ထိုအရပ်၌ချထား၍ ရထားဖြင့် မိဖုရားကြီး မျက်စိဆုံးလောက်ရုံတိုင်အောင် သွားဟန်မူ၍ တာဝတိံသာသို့ တက်လေ၏။

မိဖုရားကြီးလည်း ကာလစမ္ပာနဂိုရ်ပြည်၏ တောင်တံခါးအပြင်မနီးမဝေးတွင် တစ်ဆောင်သောဇရပ်၌ ဝင်နားကာနေလေ၏။

ထိုအခါ ထိုပြည်၌ ဗေဒင် စသောအတတ်တို့ကို ဆောင်ရွက်၍ အရပ်မျက်နှာတို့၏ ဆရာအကြီးပြုလျက် ဗြာဟ္မဏမဟာသာလ[၆၄] ဖြစ်၍လည်းကောင်း၊ အလုံးစုံသော အတတ်မျိုးတို့ကို တတ်သဖြင့် အရပ် ၈ မျက်နှာတို့၌ နေကုန်သော မင်းသား, ပုဏ္ဏားသား, သူဌေး သူကြွယ်သား အမျိုး ၄ပါး[၆၅] တို့၏အတတ်သင်ရာ ဆရာဖြစ်၍လည်းကောင်း ကျော်စောထင်ရှားခြင်းကြောင့် ဥဒိစ္စပုဏ္ဏား[၆၆] ဟု ခေါ်ဝေါ်အပ်သော ဒိသာပါမောက္ခ[၆၇] ဆရာကြီးသည် တပည့် ၅၀၀ အခြံအရံနှင့်တကွ ထိုနေ့ညချမ်းသောအခါ၌ 'ရေချိုးအံ့'ဟု တောင်တံခါးဖြင့် ထွက်လာလတ်၍ အဝေးကပင်လျှင် ဇရပ်ပေါ်၌ အရှယ်အဆင်း တင့်တယ်ခြင်းနှင့်ပြည့်စုံစွာသော မိဖုရားကြီးကိုမြင်လေသော်၊ မိဖုရားကြီးဝမ်း၌ ပိုက်လျက်ပါလာသော ဘုရားလောင်း၏ဘုန်းအာနုဘော်အစွမ်းဖြင့် မြင်သည်နှင့်တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



ပင်လျှင် ကာလလျားစွာ[၆၈] ကွေကွင်းလေပြီးသော တစ်မိတစ်ဘတည်းပေါက်ဖွားသော နှမငယ်ကို ယခုမှ တွေ့ကြုံရသကဲ့သို့ အပြစ်ကင်းသော နှမ၏ချစ်ခြင်းဖြင့် ဖြဟ္မစိုရ်[၆၉]မေတ္တာရေသက်ပြီးသော် မိမိအခြံအရံဖြစ်သော ပုဏ္ဏားလုလင်ပျိုတို့ကို လွှတ်ရာဖယ်ခွာစေပြီးလျှင် တစ်ယောက်တည်းချင်း ဖရပ်သို့ဝင်၍–

"နှမထွေး။ သင် အဘယ်အရပ်သူပေနည်း"ဟု မေး၏။

မိဖုရားကြီးသည်လည်း "မောင်ကြီး။ အကျွန်ုပ်ကား မိထိလာပြည်ကိုအစိုးရသော အရိဋ္ဌဇနကမင်း၏ မိဖုရားကြီးဖြစ်သတည်း"ဟု ဆို၏။

ပါမောက္ခဆရာလည်း "အမယ်။ ထိုသို့သော မိဖုရားစင်လျက် ဤဝေးစွာသောအရပ်သို့ အဘယ်အကြောင်းကြောင့် တစ်ယောက်တည်း လာခဲ့သနည်း"ဟု ဆို၏။

မိဖုရားလည်း "မောင်ကြီး။ ဤအရပ်သို့ အကျွန်ုပ်လာရသည်ကား ပေါလဇနကအမည်ရှိသော အိမ်ရှေ့မင်းသည် ဤမည်သောအကြောင်းဖြင့်ထောင်ထား၍[၇၀] အကျွန်ုပ်ကျေးဇူးရှင် ဆုံးချေသောကြောင့် ကိုးကွယ်ရာမဲ့ဖြစ်၍ ပဋိသန္ဓေကိုစောင့်ရှောက်ခြင်းငှာ တစ်ယောက်တည်းချင်း ထွက်လာခဲ့လျှင် ခရီးလမ်းအကြား၌ အဘိုးအိုတစ်ယောက် ရထားနှင်လာသည်ကို တွေ့ကြိမ်ပေသောကြောင့် ထိုရထားရှင်ကိုပင် အမှီပြု၍ ဤပြည်သို့ အကျွန်ုပ် ရောက်လာပါသည်"ဟု ဆို၏။

ပါမောက္ခဆရာလည်း "အမယ်။ ဤပြည်၌ သင်နှင့်တော်စပ်သူ အဆွေအမျိုး တစ်စုံတစ်ယောက် ရှိပါ၏လော"ဟု မေး၏။

"မောင်ကြီး။ ဤပြည်၌ အဆွေအမျိုး,သိကျွမ်းသူ တစ်စုံတစ်ယောက်မျှ အကျွန်ုပ်မှာ မရှိပါ"ဟုဆို၏။

ပါမောက္ခဆရာလည်း "အမယ်။ ယင်းသို့တပြီးကား မစိုးရိမ်ပါလင့်။ အကျွန်ုပ်သည် ဤပြည်၌ ဗြာဟ္မဏမဟာသာလ ဖြစ်၍လည်းကောင်း၊ အလုံးစုံသော အတတ်မျိုးတို့ကိုတတ်သဖြင့် အရပ် ၈ မျက်နှာတို့၌ နေကုန်သော မင်းသား, ပုဏ္ဏားသား, သူဌေး သူကြွယ်သား အမျိုး ၄ ပါးတို့၏အတတ်သင်ရာ ဆရာဖြစ်၍လည်းကောင်း ဒိသာပါမောက္ခဆရာ ဟူ၍ ကျော်စောထင်ရှားသော ပုဏ္ဏားသူကြွယ်ပင်တည်း။ အဝတ်အစား, အသုံးအဆောင် ငြိုငြင်ဆင်းရဲမည်ဟူ၍ မစိုးရိမ်နှင့်။ နှမရင်းကဲ့သို့မှတ်၍ အကျွန်ုပ် ကျွေးမွေးပြုစုပါမည်။ သင်ကလည်း အကျွန်ုပ်ကို မောင်ကြီးကဲ့သို့မှတ်၍ ယခု ကျွန်ုပ်ခြေကိုဖက်လျက် 'ကာလရှည်ကြာစွာ ကွဲပြီးမှ မောင်ကြီးကို မသေမပျောက်တွေ့ရပေသည်'ဟု မြည်တမ်းငိုကြွေးလော့"ဟု ဆို၏။

မိဖုရားလည်း ပါမောက္ခဆရာဆိုတိုင်း ခြေကိုဖက်၍ သည်းစွာငိုကြွေးလေ၏။

ပါမောက္ခဆရာသည်လည်း "ငါ့နှမကို ယခုမှ မသေမပျောက် တွေ့ရပေတော့သည်"ဟု ငိုကြွေးလေ၏။

၂ ဦးသောသူတို့၏ ငိုကြွေးသံကိုကြားလျှင် တပည့် ပုဏ္ဏားလုလင်ပျိုတို့သည် ဇရပ်သို့ စည်းဝေးလာကြ၍–

"ဆရာ။ အဘယ့်ကြောင့် ငိုကြွေးဘိသနည်း"ဟု မေးကြကုန်၏။

ပါမောက္ခပုဏ္ဏားလည်း "အမောင်တို့။ နှစ်လရှည်စွာ ကွဲလေပြီးသော ဤငါ့နှမကို ယခုမှ မသေမပျောက် တွေ့ရပြန်သောကြောင့် နှလုံးကြည်နူး[၇၁]ခြင်းဖြစ်၍ ငိုရတော့သည်"ဟုဆိုလျှင် တပည့်လုလင်ပျိုတို့သည်–

"ဆရာ။ ကွဲလေပြီးသော ပေါက်ဖော်ဆွေမျိုးကို တွေ့မြင်ရပေသည်ကား အလွန်ကောင်း၏။ ဆောင်ရွက်ရန်ရှိသည်ကို အကျွန်ုပ်တို့ ဆောင်ရွက်ပါကုန်အံ့။ စိုးရိမ်တော်မမူပါလင့်"ဟု ဆိုကြကုန်၏။

ပါမောက္ခပုဏ္ဏားလည်း "အမောင်တို့။ ငါ့နှမစီးရန် အိမ်မှာသွား၍ ရထားပေါင်းချုပ်ကို ယူချေကုန်"ဟု စေလွှတ်လိုက်သဖြင့် ယူစေပြီးလျှင်၊ ရထားပေါင်းချုပ်ထက်၌ မိဖုရားကိုနေစေပြီးသော် 'ပုဏ္ဏေားမအား ငါ့နှမအဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောရ၍ ပြုရဆောင်ရသည့် ဝတ်တို့ကိုပြုလျက် ကောင်းစွာ ငါ့နမကို သိမ်းပိုက်နိုင်ဘိ'ဟု ငါမှာလိုက်ကြောင်းကို ဆိုလေ"ဟု မှာထားပြီးလျှင် မိဖုရားကို မိမိအိမ်သို့ပို့စေ၏။

## ၄။ ဖွားတော်မူခန်း

ပုဏ္ဏားမလည်း မိမိအိမ်သို့ မိဖုရားရောက်လာသဖြင့် ပါမောက္ခဆရာကြီး မှာလိုက်ကြောင်းအလုံးစုံကို ကြားလျှင် 'ငါ့ယောက်မကို တွေ့ရလေသည်'ဟု ဝမ်းမြောက်ဝမ်းသာကြိုဆို၍ နွေးသောရေတို့ဖြင့် ရေကိုချိုးစေလျက် ကောင်းမြတ်သောအိပ်ရာနေရာတို့ဖြင့် ချပေးပြုစု သိမ်းပိုက်ကာထားနှင့်လေ၏။

ပါမောက္ခဆရာလည်း ရေချိုးပြီးသော် တပည့်လုလင်ပျိုအပေါင်းခြံရံလျက် မိမိအိမ်သို့ ပြန်လာလတ်၏။ ထမင်းစားသောအခါ၌လည်း "ငါ့နမနှင့် အတူစားအံ့။ ခေါ်လိုက်ပါ"ဟုဆို၍ မိဖုရားကြီးနှင့် အတူစား၏။

ပါမောက္ခဆရာသည် မိဖုရားကို နှမရင်းကဲ့သို့သော ချစ်ခြင်းဖြင့် အိမ်တွင်း၌သာနေစေလျက် ကောင်းစွာ ကျွေးမွေးပြုစုလေ၏။ ထိုအခါ ပါမောက္ခဆရာအိမ်သို့ရောက်၍ ကာလမမြင့်မီပင် မိဖုရားကြီးသည် ရွှေအဆင်းကဲ့သို့ ရှုချင်ဖွယ်အဆင်းနှင့်ပြည့်စုံသော ဘုရားလောင်းကို ဖွားမြင်လေ၏။

ထိုသတို့သားအား အမည်မှည့်အံ့သောနေ့၌ မိဖုရားသည် တစ်ပါးသောအမည်ကို မမှည့်မူ၍ ဘိုးတော်မင်းကြီး၏အမည်ဖြင့်ပင်လျှင် 'မဟာဇနက သတို့သား'ဟူသောအမည်ကို မှည့်လေ၏။

[ဤ 'မဟာဇနက' ဟူသော အမည်သည် ရုဠှီအမည်, အန္ဝတ္ထအမည် ၂ ပါးတို့တွင် တိဿ, ဒတ္တ အမည်တို့ကဲ့သို့ ဝိဂြိုဟ်မပြုကောင်းသော အမည် မဟုတ်။ ဝိဂြိုဟ်ပြုကောင်းသောကြောင့် အန္ဝတ္ထအမည်တည်း။ ဝိဂြိုဟ် ပြုသော်ကား-

['မဟာဇနေဟိ ကနိတဗ္ဗော နန္ဒိတဗ္ဗောတိ မဟာဇနကော။'

[ယော ရာဇကုမာရော၊ အကြင် မင်းသားကို။ မဟာဇနေဟိ၊ လူအပေါင်းတို့သည်။ ကနိတဗ္ဗော နန္ဒိတဗ္ဗော၊ ချစ်နှစ်လိုအပ်၏။ ဣတိတသ္မာ၊ ထိုသို့ တိုင်းသားပြည်သူလူအပေါင်းတို့ ချစ်နှစ်လိုအပ်သော သတ္တိကြောင့်။ သောရာဇကုမာရော၊ ထိုမင်းသားသည်။ မဟာဇနကော၊ မဟာဇနက မည်၏။

[ကိတန္တ သမာသ်ဝိဂြိုဟ်။ မဟာဇနသဒ္ဒါပုဗ္ဗပဒ၊ ကန-ဓာတ်၊ ကွိ-ပစ္စည်း။ ။ကန-ဓာတ်၏အရ ကတ္တုတ္တ ကြိယာကား မိဘဆွေမျိုး အစရှိသော တိုင်းသူပြည်သားလူအပေါင်းတို့၏ ချစ်နှစ်လိုခြင်းဟုဆိုအပ်သော အကျိုး ပစ္စုပ္ပန်ဖြစ်သော ပီတိသဟဂုတ် ဇောစိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မတ္တကြိယာကား ထိုဇောစိတ္တုပ္ပါဒ်၏ အကောင်းအာရမ္မဏပစ္စည်းဖြစ်သော မင်းသား၏အဆင်းသဏ္ဌာန် ဘုန်းကြန်လက္ခဏာ ဓာတိမဟတ္တ စသော ဂုဏ်သည် ဖလူပစာရတ္တအားဖြင့် ရ၏။ ကွိ-ပစ္စည်း၏အရကား ထို မုချဖလူပစာရတို့ဖြင့် မှတ်အပ်သောဂုဏ်, အမည်, သတ္တိတို့၏တည်ရာ ဂုဏော, အာဓာရ, သတ္တိမာန်ဖြစ်သော နန်းညွန့်နန်းလျာ ဘုန်းပညာ လက္ခဏာကောင်းရှင်ဖြစ်သော မင်းသား ရ၏။ ။ဤကား စကားချပ်တည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထို မဟာဇနကမင်းသားသည် လီမွှာလောက်သောအရွယ်သို့ ရောက်လတ်သော် တစ်ပါးသောသူငယ်တို့နှင့် ကစားကြသောအခါ သူငယ်တို့သည် မိမိတို့အလိုနှင့် မဆိုင်မိလျှင် သူငယ်တို့ဓလေ့အားဖြင့် ဘုရားလောင်းကို မနာလိုအောင် ချုပ်ချယ်ကြကုန်၏။ ဘုရားလောင်းမင်းသားသည် ဘောဘိုးမှဆင်းသက်၍ မဖျက်သောထီးနန်းရှင်သားမြေးဖြစ်ခြင်း ဇာတိဂုဏ်[၅], တစ်ပါးသောသူငယ်တို့ထက် သာလွန်၍ ခွန်အားကြီးခြင်း ကာယဗလဂုဏ်[၆], ဤအကြောင်း ၂ ပါး ပေါင်းယှက်၍ မာန်ခက်ထန်ခြင်းရှိသဖြင့် သူတစ်ပါးရမ်းကားသည်ကို သည်းမခံနိုင်ဘဲ ထိုချုပ်ချယ်သည့်သူငယ်တို့ကို ပြန်၍ လက်စားမချေဝံ့အောင် နာကျင်စွာ တွန်းကိုးပုတ်ခတ်လိုက်၏။ ထိုသူငယ်တို့လည်း နှုတ်ဖြင့်မျှ ဆဲဆိုခြင်းကိုမပြုဝံ့ဘဲ ငိုကာသာ နေကြကုန်၏။ သူငယ်မိဘတို့သည် သားငိုသည်ကို ကြားမြင်သဖြင့် လာ၍–

"အဘယ်သူ သတ်ပုတ်သနည်း"ဟု မေးလျှင်၊ သူငယ်တို့သည် မိဘတို့ကိုအမှီရမှ "ဤမုဆိုးမသား ငါ့ကိုသတ်သည်"ဟု ပြောကြကုန်၏။

'မုဆိုးမသား' ဟူသောစကားကို ကြားလျှင် 'ဤသူငယ်တို့ကား ငါ့ကို မုဆိုးမသားဟု နှိပ်စက်၍ဆိုကုန်ဘိ၏။ အကယ်ပင် ငါသည် မုဆိုးမသား ဟုတ်လေသလော။ ငါ့အမိကို ငါ မေးဦးအံ့'ဟုကြံလျက်၊ တစ်နေ့သ၌ မယ်တော်ကို–

"မိခင်။ အကျွန်ုပ်အဘကား အသူနည်း"ဟု မေးလေ၏။

မယ်တော်လည်း သား နလုံးမသာရှိအံ့စိုး၍ မှန်တိုင်းမပြောဘဲ–

"ချစ်သား။ ဤပါမောက္ခဆရာသည် မောင့်ဖခင်တည်း"ဟုဆို၍ ဘုရားလောင်းမင်းသားလည်း အမိစကားကို ယုံကြည်၏။

နောက်တစ်ဖန် သူငယ်တို့နှင့် ခိုက်ရန်ဖြစ်ပြန်သဖြင့် ရှေးနည်းအတူ 'မုဆိုးမသား'ဟု သူငယ်တို့ဆိုသောအခါ–

"အဘယ့်ကြောင့် သင်တို့ ငါ့ကို 'မုဆိုးမသား' ဟု ဆိုကြသနည်း။ ဤပုဏ္ဏားသူကြွယ်သည် ငါ့အဘ မဟုတ်လော"ဟု ဆို၏။

သူငယ်တို့သည်လည်း "သင်တို့ သားအမိကား တစ်ပြည်တစ်ရပ်ကလွင့်ပါး၍ ဤ ငါတို့ပြည်သို့ ရောက်လာသည်တကား။ ဤ ပုဏ္ဏားသူကြွယ်နှင့် သင် အဘယ်တော်စပ်သနည်း"ဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် 'ဤသူငယ်တို့ကား ယခု ငါ့ကို ဤသို့သောစကားဖြင့် ဆိုကုန်၏။ ထိုသူငယ်တို့စကားပင် ဟုတ်ရာမည်မသိ။ ငါ့အမိသည် မိမိတို့မိန်းမမာန်ဖြင့် ငါ့အား ဟုတ်မှန်တိုင်း မပြောသည် ဖြစ်ရာ၏။ ငါသို့သော ယောကျာ်းကိုစင်လျက် ဟုတ်မှန်တိုင်း ငါ့အမိ မပြောနေရမည်လော'ဟုကြံ၍၊ မယ်တော်မှာလည်း သားတစ်ယောက်တည်းသာရှိသည်နှင့် ဘုရားလောင်းသည် နို့စို့ချိန်အရွယ် ဟူ၍မရှိပြီ။ မယ်တော်ရင်ကြား၌သာ ကြီးရခြင်းကြောင့် တစ်နေ့သ၌ မယ်တော်၏သားမြတ်စွန်းကိုကိုင်လျက်–

"မိခင်။ အကျွန်ုပ်ဖခင်ကို အမှန်အတိုင်း ပြောလော့။ မှန်တိုင်းမပြောလျှင် သားမြတ်စွန်းကို ပြတ်အောင် ကိုက်မည်"ဟု ဆို၏။

မယ်တော်လည်း လှည့်စား၍မပြောဝံ့သောကြောင့် "ချစ်သား။ သင်ကား မိထိလာပြည်ကြီးကိုအစိုးရသော အရိဋ္ဌဇနကမင်းကြီး၏ သားတည်း"ဟုဆို၍ အလုံးစုံ ဤပြည်သို့ မိမိရောက်သည်တိုင်အောင် မခြွင်းမချန် ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှစ၍ တစ်ပါးသောသူငယ်တို့သည် 'မုဆိုးမသား'ဟူ၍ပင် နှိပ်စက်ချုပ်ချယ်ကြသော်လည်း စိုးစဉ်း[၇၄]မျှ အမျက်မထွက်ဘဲ 'မှန်လျှင်ဆိုစေတော့'ဟု သည်းခံတော်မူ၏။ ဤသို့ ချမ်းသာစွာကစားလျက် ကြီး၍ ပညာစွဲမှတ်ချိန်ရောက်သောအခါ ထိုပါမောက္ခဆရာ့ထံ၌ပင်လျှင် ဗေဒင်ကျမ်း, ဓမ္မသတ်ကျမ်း, ဆန်း, အလင်္ကာ, သဒ္ဒါ, နီတိ အစရှိသော နှုတ်အတတ်, လက်အတတ် များစွာသောအတတ်တို့ကို သင်ကြားဆောင်ရွက်၍ ၁၆ နှစ်အရွယ်ရောက်သောအခါ၌ အတတ်သင်ခြင်း အပြီးသို့ရောက်လေ၏။

ဘုရားလောင်းသည် ၁၆ နှစ်လွန်သဖြင့် မြတ်သောအရွယ်အဆင်းကိုဆောင်လျက် အစွမ်းအားလျော်စွာ ကိုယ်ကိုထူထောင်နိုင်သောအရွယ်သို့ ရောက်လတ်သော် 'ငါ့ခမည်းတော်၏ အရိုက်အရာဖြစ်သော မိထိလာပြည်ကို ယောက်ျားတို့၏လုံ့လအစွမ်းဖြင့် ရအောင် ငါ သိမ်းယူအံ့'ဟု ကြံပြီးလျှင် မယ်တော်ကို–

"မိခင်။ ဥစ္စာစိုးစဉ်းမျှ မိခင်မှာ ရှိပါ၏လော။ ဥစ္စာမရှိလျှင်လည်း ကျွန်ုပ် ကုန်သွယ်သွားလာ ဖောက်ကားရောင်းဝယ်ခြင်းကိုပြု၍ ဥစ္စာရသောအခါ အဘအရိုက်အရာဖြစ်သော မိထိလာပြည်ကို သိမ်းယူလိုပါသည်"ဟု ဆို၏။

မယ်တော်လည်း "ချစ်သား။ မိထိလာပြည်မှ မိခင် ဆင်းရဲစွာထွက်လာခဲ့သော်လည်း လက်ချည်းသက်သက်လာသည် မဟုတ်။ ဆောင်လွယ်ယူလွယ် အနည်းငယ်နှင့် အဖိုးများစွာထိုက်သော ရတနာတို့ကိုယူ၍ မိခင် လာခဲ့၏။ ယခု မိခင်လက်တွင် အဖိုးပြတ်လောက်သော ရွှေကောင်း, ကျောက်ကောင်းတို့ကို ထားဘိဦး။ မောင့်ခမည်းတော် ဝတ်ဆင်မြဲဖြစ်သော ပုလဲရတနာ ၁ လုံး, မြကောင်း ၁ လုံး, စိန်ကောင်း ၁ လုံး၊ ဤ ၃ လုံးသော မျက်မြတ်ရတနာတို့သည်လည်း ပါလာကုန်၏။ ထို ၃ လုံးသော မျက်မြတ်ရတနာတို့ကို ၁ လုံးလျှင် အဖိုးမည်မျှထိုက်၏ဟူ၍ ရာပြတ်[၇၅]တို့ မပြတ်,မဆိုနိုင်ကုန်။ ဤရတနာ ၃ လုံးသည် မောင့်ခမည်းတော် လက်ထက်တွင်သာ ပေါ်ရောက်လာသည့်ရတနာ မဟုတ်။ ဘေးလောင်းတော်, ဘိုးလောင်းတော်တို့မှ ဆင်းသက်၍ နန်းစဉ်ထားသော မျက်မြတ်ရတနာနှစ် ဖြစ်သည်။ ထို ၃ ခုတွင် တစ်ခုခုသောရတနာပင်လည်း တစ်တိုင်း တစ်ပြည်မက အဖိုးထိုက်သောကြောင့် တစ်ခုခုသော မျက်မြတ်ရတနာကိုယူ၍ မောင့်ခမည်းတော် အရိုက်အရာ ဖြစ်သော မိထိလာပြည်ကို သိမ်းယူချေလော့။ ရောင်းဝယ်ဖောက်ကား သွားလာခြင်းကို မပြုလင့်"ဟုဆို၏။

မယ်တော်စကားကို ဘုရားလောင်းကြားလျှင်–

"မိခင်။ ယခု မိခင်လက်တွင်ရှိသည့် ဥစ္စာစုကို တစ်ဝက်ခွဲ၍ အကျွန်ုပ်အား ပေးလော့။ ထို တစ်ဝက်သော ဥစ္စာကို ပွားများအောင်ပြုလျက် သုဝဏ္ဏဘူမိတိုင်း[၇၆]သို့သွား၍ များစွာသောဥစ္စာနှစ်တို့ကို ဆောင်ယူပြီးလျှင် မိထိလာပြည်ကို ကျွန်ုပ် သိမ်းယူချေအံ့"ဟု ဆို၏။

မယ်တော်လည်း မင်းသားဆိုတိုင်း မိမိတွင်ရှိသမျှဥစ္စာကို တစ်ဝက်ခွဲ၍ ပေးလေ၏။ ဘုရားလောင်းလည်း ထိုဥစ္စာကို လုံခြုံစွာထုပ်ဖွဲ့ပြီးလျှင် သုဝဏ္ဏဘူမိသို့လွှင့်အံ့သည့် သင်္ဘောစီးကုန်သည်တို့ကို ရှာမေးသဖြင့် တွေ့၍၊ "ကျွန်ုပ်တို့နှင့်အတူပင် လိုက်ခဲ့လော့"ဟု သင်္ဘောစီးတို့ကဆိုသော်၊ ထိုဥစ္စာထုပ်ကို သင်္ဘောဆိပ်သို့ချ၍ သင်္ဘော၌ တင်ထားခဲ့ပြီးမှ မယ်တော်ဆီသို့ တစ်ဖန်ပြန်လာလတ်၍ မယ်တော်ကို ရိုသေစွာရှိခိုးလျက်–

"မယ်တော်။ ယခု သုဝဏ္ဏဘူမိသို့သွားသူ သင်္ဘောစီးကုန်သည်များ အဖော်ကြိမ်သောကြောင့် ထိုသူတို့နှင့်အတူ သုဝဏ္ဏဘူမိသို့လိုက်၍ ကုန်ကူးပါချေအံ့။ အကျွန်ုပ်ကို အနူးအညွတ်လွှတ်တော်မူပါ"ဟု ခွင့်တောင်းလေ၏။



www.burmeseclassic.com

မယ်တော်လည်း "ချစ်သား။ မဟာသမုဒ္ဒရာမည်သည်ကား အလွန် ဘေးအန္တရာယ်များသည်ဖြစ်၍ မဟာသမုဒ္ဒရာ၌ကျက်စားကုန်သော သင်္ဘောစီးကုန်သည်တို့သည် မိမိတို့လိုအပ်သောအရပ်သို့ ရောက်မည်ကား အလွန်ခဲလှ၏။ မဟာသမုဒ္ဒရာသို့ ချစ်သား မလိုက်လေနှင့်။ ဥစ္စာများသည်ဟူ၍ အဘယ်အကျိုး ရှိအံ့နည်း။ ယခု မိခင်တွင်ရှိသော ဥစ္စာနှစ်ဖြင့်ပင်သော်လည်း မိထိလာတစ်ပြည်ကိုသာမက များစွာသောပြည်တိုင်းကားကိုပင် အလိုရှိလျှင် ရလောက်ပြီ။ ယခုရှိသည့် ဥစ္စာနှင့်သာ မိထိလာပြည်သို့သွား၍ အဘအရိပ်အရာကို သိမ်းယူချေလော့" ဟုဆို၍ မဟာသမုဒ္ဒရာသို့ မလိုက်စိမ့်သောငှာ မြစ်၏။

## ၅။ သင်္ဘောလှွင့်ခန်း

ဘုရားလောင်းလည်း "မိခင်။ ကျွန်ုပ်လိုက်မည်ဟူ၍ သင်္ဘော၌ ဥစ္စာထုပ်ကိုတင်လျက် အပြီးအစီးရှိပြီ။ ကျွန်ုပ်ကို မတားပါလင့်။ လိုက်ပါရစေ။ အသာအကြည် ခွင့်လွှတ်တော်မူပါ"ဟုဆို၍ မယ်တော်ကို ရှိခိုးပူဇော်ခဲ့ပြီးလျှင် အိမ်မှ သင်္ဘောဆိပ်သို့ဆင်း၍၊ ၇၀၀ သော သင်္ဘောသားတို့နှင့်တကွ သင်္ဘောစီးလျက် သုဝဏ္ဏဘူမိသို့ ရှေ့ရှုလွှင့်လေ၏။

ထို ဘုရားလောင်း သင်္ဘောလွှင့်သည့်နေ့၌ပင်လျှင် မိထိလာပြည်၌ ဘထွေးတော် ပေါလဇနကမင်း နာလေ၏[၇၇]။

ဘုရားလောင်းသည်လည်း သင်္ဘောလွှင့်လေသော် ၇ ရက်ဖြင့်ပင်လျှင် ယူဇနာ ၇၀၀တိုင်တိုင် ရောက်လေသဖြင့် လေအဟုန်ပြင်းခြင်းကြောင့် မခိုင်မခံနိုင်သည်ဖြစ်၍ သင်္ဘောပျဉ်စပ်တို့သည် ကွဲပေါက်ခြင်းသို့ ရောက်လေကုန်၏။ ထိုသို့ကွဲပျက်ရာမှ ရေဝင်လတ်သဖြင့် မဆောင်းမတိမ်းဘဲ မတ်တတ်ပင်လျှင် သမုဒ္ဒရာအလယ်၌ သင်္ဘောနစ်မြုပ်လေ၏။ ထိုအခါ ၇၀၀ သော သင်္ဘောသားတို့သည် သေအံ့သောဘေးမှ ကြောက်လန့်ကုန်သဖြင့် ငိုကြွေးမြည်တမ်းကြကုန်လျက် အချို့သောသင်္ဘောသားတို့သည် မိမိတို့အလိုရှိရာ အသီးသီးနတ်တို့ကို ကိုးကွယ် ရှိခိုးကြကုန်၏။

ဘုရားလောင်းမူကား 'ရောက်လေရာသောဘေးကို ငိုကြွေး၍ လွတ်နိုင်မည်မဟုတ်။ အားထုတ်အပ်သော ယောကျ်ားတို့၏အစွမ်းသာလျှင် ဘေးလွတ်ကြောင်းဖြစ်၏'ဟု နှလုံးစွဲတော်မူသဖြင့် ငိုကြွေးခြင်းကိုမပြု။ ဥပဒ်[၇၈] လွတ်ကြောင်းမဟုတ်၍ သမုဒ္ဒရာနတ်တို့ကိုလည်း ရှိမခိုးဘဲ၊ ပျဉ်ကွဲ၍ သင်္ဘောနစ်မှန်းသိလျှင် ထောပတ်သစ်ကို သကြားနှင့်နယ်၍ ဝစွာစားပြီးသော် ခိုင်ခံ့ညှံ့မွတ်သော ပုဆိုး ၂ ထည် ရေမဝင်စေခြင်းငှာ ဆီဆွတ်ကာ မြဲစွာဝတ်၍ လင်းယဉ်တိုင်[၇၉]ကိုမှီလျက် ရပ်နေသဖြင့်၊ သင်္ဘောမြုပ်သောအခါ လင်းယဉ်တိုင်ထက်သို့ တက်လေ၏။ သင်္ဘောသား ၇၀၀ တို့သည် ယောကျ်ားတို့၏လုံ့လကို တစ်စုံတစ်ခုမျှမပြုကြဘဲ စိုးရိမ်ကြောက်လန့်ခြင်း ပြင်းစွာငိုကြွေးမြည်တမ်းလျက်ပင် ငါး,လိပ်,မကန်း[၈၀]တို့၏အစာ ဖြစ်လေကုန်၏။ သင်္ဘောထက်ဝန်းကျင် တစ်ဥသဘ[၈၁] ခန့်သော မဟာသမုဒ္ဒရာရေသည် သွေးအတိလွှမ်းယှက်သဖြင့် ခြင်းခြင်းနီမျှ ရှိလေ၏။

www.burmeseclassic.com



ဘုရားလောင်းသည် လင်းယဉ်တိုင်ထွက်ဖျား၌ရပ်လျက် 'ဤမည်သောအရပ်၌ မိထိလာပြည် ရှိရာ၏'ဟု အရပ်ကိုမှတ်၍ လင်းယဉ်တိုင်ဖျားမှခုန်လေသော် ခွန်အားကြီးတော်မူခြင်းကြောင့် ငါး, လိပ်တို့ စားရာကိုလွန်၍ တစ်ဥသဘခန့်လောက်သောအရပ်သို့ ကျလေ၏။

ထိုသော်ာနစ်သည့်နေ့၌ပင်လျှင် မိထိလာပြည်တွင် ဘထွေးတော် ပေါလဇနကမင်းသည် ဘဝပြောင်းလေ၏။

ဘုရားလောင်းသည် ထိုကျရာ ရေအပြင်မှစ၍ မြခုံလောက်[၅၂] ကြား၌ထားသော ရွှေတုံးကဲ့သို့ လှိုင်းလုံး, လှိုင်းကြား၌ နှထွားလှသောကိုယ်တော်ဖြင့် ပေါ်တုံပျောက်တုံ တပြောင်းပြန်ပြန် အားအင်ဖြည့်တင်းလျက် တစ်နေ့ချင်းကူးခတ်၍ လိုရပ်သို့ရောက်တော်မူမည်ကဲ့သို့ မတွန့်တိုဘဲ ရဲရင့်တင်းမာခြင်းဂုဏ်, ခုံခုံမင်မင် လျင်စွာရောက်ကြောင်း ကောင်းမြတ်သောလုံ့လဝန်ဖြင့် ၇ ရက်ပတ်လုံး ကူးတော်မူလေ၏။

ထို ကူးတော်မူရသော ၇ ရက်အတွင်း၌ နေ့တိုင်းမပြတ်လျှင် အခါကိုမြော်ချင့်၍ နေလွှဲညစာ ဖြစ်ကောင်းသော စားဖွယ်သောက်ဖွယ် တစ်စုံတစ်ခု အနီးအစပ်မျောကပ်လာသော်လည်း မသုံးဆောင်ဘဲ ဆားငန်ရေဖြင့် ခံတွင်းကိုဆေးလျက် ဥပုသ် ဆောက်တည်တော်မူ၏။

## ၆။ မဏိမေခလာနတ်သမီး မ,ခန်း

ထိုကာလ၌ကား 'မိဘကို အရိုအသေလုပ်ကျွေးခြင်း, သူတစ်ပါးတို့အား ချစ်ခင်သနားခြင်း, အလှူပေးခြင်း, သီလဆောက်တည်ခြင်း စသည့်ဂုဏ်နှင့်ပြည့်စုံသော ယောကျ်ားမြတ်တို့ကို မဟာသမုဒ္ဒရာ၌ နစ်မွန်း၍ မသေစေလင့်'ဟု စတုလောကပါလ[၅၃] နတ်မင်းကြီး ၄ ယောက်တို့က မဏိမေခလာ[၅၄] မည်သော နတ်သမီးအား ထို နစ်မွန်းသောသူတို့ကို ဆယ်တင်စိမ့်သောငှာ သမုဒ္ဒရာ၌ အစောင့်ထားကြသတည်း။

ဘုရားလောင်းနစ်တော်မူသော ၇ ရက်အတွင်း၌ကား မဏိမေခလာနတ်သမီးသည် မိမိဘုံဗိမာန်၌ နတ်၏စည်းစိမ်ကိုခံစားခြင်းဖြင့် မေ့လျော့၍ 'သမုဒ္ဒရာမှာ မည်သို့ဖြစ်လိမ့်အံ့နည်း'ဟု မကြည့်, မဆင်ခြင်မိ။ ၇ ရက်မြောက်သောနေ့မှ သတိရ၍ 'ငါကား သမုဒ္ဒရာကိုမကြည့်မိသည်မှာ ယနေ့ ၇ ရက်ရှိပြီ။ အကြောင်း အသို့နည်း'ဟု သမုဒ္ဒရာကို ရှုကြည့်ဆင်ခြင်လေသော်၊ ရွှေတုံးကဲ့သို့ တပြောင်းပြန်ပြန်ကူးသော ဘုရားလောင်းကို မြင်လျှင် 'မိထိလာပြည်ရှင်သားဖြစ်သော ဤမဟာဇနကသတို့သားသည် အကယ်၍ မဟာသမုဒ္ဒရာ၌ နစ်မွန်း၍ဆုံးချေအံ့။ ငါသည် နတ်တို့အစည်းအဝေးသဘင်သို့ ဝင်ရတော့မည်မဟုတ်'ဟုကြံလျက် တင့်တယ်စွာသော မြခါးရန်းကြိုး, ပြီးပြီးပြက်တောက်ပသော အဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်သော နူးညံ့ရှည်သွေးစွာသော ကိုယ်ဖြင့် ဘုရားလောင်းရှိရာ မဟာသမုဒ္ဒရာအပြင်သို့သွား၍ မနီးမဝေးသောကောင်းကင်က ကိုယ်ထင်ပြကာ ရပ်လျက် 'ကောင်းမြတ်သောလုံ့လဖြင့်တည်း ကူးသလော၊ မူးရူးသောစိတ်ဖြင့်တည်း ကူးသလော။ စုံစမ်းအံ့'ဟု ကြံပြီးသော် ရှေးဦးစွာ–



www.burmeseclassic.com

www.burmeseclassic.com



'ကောယံ မၛ္ဈေ သမုဒ္ဒသ္မိံ၊ အပဿံ တီရ မာယုဟေ။

ကံ တွံ အတ္ထဝသံ ဉတွာ၊ ဧဝံ ဝါယမသေ ဘုသံ။ ။' ဟူသောဂါထာဖြင့် ဘုရားလောင်းအား စူးစမ်းလေ၏။ အဓိပ္ပာယ်ကား–

"အပြောကျယ်စွာသော ဤမဟာမုဒ္ဒရာအလယ်၌ ချင့်ရှယ်မျှော်လှမ်း၍ ကမ်းကိုမျှမမြင်ဘဲလျက် ရှဲရှဲရှုံးစူး[၅] ကူးဘိသည်ကား အသူနည်း။ တစ်ဘက်ကမ်းသို့ မရောက်နိုင်ရာသော ဤမဟာသမုဒ္ဒရာ၌ အပင်အပန်းကူးသဖြင့် အဘယ်အကျိုးထူးကိုရ၍ ကိုယ့်ဆန္ဒ[၆]ပြည့်မည် ထင်မြင်ဖွယ်ရှိသောကြောင့်တည်း မရပ်မနား ကြိုးစားအား ထုတ်ခြင်းကို ပြုဘိသလော။ သင်ကူးခြင်း၌ အဘယ်အကျိုး ရှိပါအံ့နည်း"ဟု ဆို၏။

နတ်သမီးစကားကိုကြားလျှင် ဘုရားလောင်းသည် ဤသို့ ကြံ၏။

'ဤသမုဒ္ဒရာ၌ ငါကူးရသည်ကား ယနေ့ ၇ ရက်ရှိပြီ။ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်ရစဘူး။ ယနေ့မှသာ ဤသို့သောစကားကို ကြားရ၏။ အဘယ်အသံနည်း'ဟု ကောင်းကင်သို့ မျှော်ကြည့်လတ်သော် နတ်သမီးကိုမြင်၍ စကားတုံ့ပြန်[၇]အံ့သောငှာ–

'နိသမ္မ ဝတ္တံ လောကဿ၊ ဝါယမဿ စ ဒေဝတေ။

တသ္မာ မၛ္ဈေ သမုဒ္ဒသ္မိံ၊ အပဿံ တီရ မာယုဟေ။ ။' ဟူသောဂါထာဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

"နတ်သမီး။ လောက၌ ဤသို့ပြုလျှင် ဤအပြစ်ဖြစ်၏။ ဤသို့ပြုလျှင် ဤအပြစ်မှလွတ်၏။ ဤအမှုကို ပြုလျှင် ပစ္စုပ္ပန်တွင်သာ အကျိုးရှိ၏။ ဤအမှုကိုပြုလျှင် သံသရာမှာလည်း အကျိုးရှိ၏စသည်ဖြင့် လူတို့၏ ကျင့်ရာဆောင်ရာသည့် ဝတ်တို့သည် လည်းကောင်း၊ ပစ္စုပ္ပန်, သံသရာ, မျက်မှောက်, မျက်ကွယ် အပြစ် လွတ်ကြောင်း ကောင်းစွာအားထုတ်အပ်သော ယောကျ်ားတို့၏လုံ့လသည် လည်းကောင်း အကျိုးမဲ့ဖြစ်ဖူးသည် မရှိ။ ပစ္စုပ္ပန်, သံသရာတွင် တစ်ခုခု၌ သုခကို မလွတ်စေနိုင်ရာပြီ ဟူ၍လည်းကောင်း၊ စူးစမ်းဆင်ခြင်၍ နေလေ့ရှိသည်နှင့်အညီ ယခု အပြောကျယ်စွာသော မဟာသမုဒ္ဒရာ၌လည်း ယောကျ်ားတို့၏လုံ့လကို မလျှော့သဖြင့် တစ်ခုခုသော အကျိုးစီးပွားနှင့် လွတ်ကင်းတော့မည်မဟုတ်ဟု အားထုတ်ခြင်း၌ အကျိုးကိုမြင်သည် စင်စစ်ဖြစ်လျက် ဤသမုဒ္ဒရာ၏ကမ်းကို မမြင်ကာမျှနှင့် အဘယ့်ကြောင့် ယောကျ်ားတို့၏လုံ့လကို လျှော့ထိုက်အံ့နည်း။ ကမ်းကို မြင်သည်ဖြစ်စေ, မမြင်သည်ဖြစ်စေ အကျိုးကိုမြင်သဖြင့် ငါ လုံ့လပြုတော့သည်"ဟု ဆို၏။

ဘုရားလောင်းစကားကို နတ်သမီးကြားလျှင် အလွန်နှစ်သက်ခြင်းဖြင့် တရားကိုနာလိုပြန်သောကြောင့်–

'ဂမ္ဘီရေ အပ္ပမေယျသ္မိံ၊ တီရံ ယဿ န ဒိဿတိ။

မောဃော တေ ပုရိသ ဝါယာမော၊ အပတွာဝ မရိဿတိ။ ။' ဟူသောဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"လုလင်ပျို။ ယောကျ်ားတို့၏လုံ့လဖြင့် အကျိုးရှိကြောင်းကို သင်ဆိုသည်မှာ တစ်ပါးသောအရာ၌ သင်ဆိုတိုင်း မှန်၏။ အစောက်[၈] အပြော[၉]အားဖြင့် မရေမတွက်နိုင်သော ဤမဟာသမုဒ္ဒရာ၏အလယ်၌ ကူးသော သင့်အားမူကား ကမ်းသို့မရောက်နိုင်ဘဲ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်လတ္တံ့တကား။ ကြိုးစားအားထုတ်ပါသော သင်၏လုံ့လသည်လည်း အရာမဟုတ်ခြင်းကြောင့် အချည်းနှီးဖြစ်၍ ကိုယ်ပင်ပန်းကာ မျှသာ ရှိမည်မဟုတ်လော" ဟုဆို၏။

နတ်သမီးစကားကို ဘုရားလောင်းကြားလျှင် "နတ်သမီး။ ကမ်းသို့ရောက်၍ သေရသော်လည်း အပြစ်တင် ကင်းလွတ်ရစ်အောင် သေမည်"ဟုဆိုပြီးမှ–



www.burmeseclassic.com

www.burmeseclassic.com



'အဏဏော ဉာတိနံ ဟောတိ၊ ဒေဝါနံ ပိတုနဉ္စ သော။
ကရံ ပုရိသကိစ္စာနိ၊ န စ ပစ္ဆာနုတပ္ပတိ။ ။' ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"နတ်သမီး။ အကြင်သူသည် ယောကျ်ားတို့၏လုံ့လကို မလျှော့ဘဲ ကောင်းစွာ လုံ့လပြုသည်ဖြစ်အံ့။ ထိုသူသည် မိဘ,ဆွေမျိုး, ချစ်နှစ်လိုအပ်သောအဆွေခင်ပွန်း,နတ်,ဗြဟ္မာတို့၏အလယ်၌ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း မခံရ။ နောက်တစ်ဖန်ပြန်၍လည်း နောင်တ မရှိရ။ ငါတဲ့သည်လည်း 'ဤသမုဒ္ဒရာအလယ်၌ ကမ်းသို့ ရောက်နိုင်ဖွယ် မရှိတကား'ဟု အကယ်၍ လုံ့လကို လျှော့ချေငြားအံ့။ ယောကျ်ားမြတ်ဖြစ်ကျိုး အဘယ်မှာ ရှိတော့အံ့နည်း။ သင်နတ်သမီးမှစ၍ အဆင့်ဆင့်ကြားသမျှ ငါ့ကို ချစ်နှစ်လိုကုန်သော သူအပေါင်းတို့သည် 'မဟာဇနကမင်းသားကား မိမိပင် ယောကျ်ားအားနှင့် ပြည့်စုံသူစင်စစ်မှန်လျက် အသက်မရှိသော ကျွန်းထင်းကဲ့သို့ လုံ့လမပြုဘဲနေခြင်းကြောင့် မဟာသမုဒ္ဒရာမှာ ပျက်စီးလေသည်'ဟု ချစ်ခင်စုံမက်သဖြင့် ထိုက်သမျှအခွင့်ကိုရှာကြံ၍ ငါ့အား အပြစ်မတင်ရစ်ပြီလော။ ယင်းသို့ဖြစ်သောကြောင့် သေသော်လည်း အပြစ်တင်လွတ်ရစ်အောင် ယောကျ်ားတို့လုံ့လကို ငါပြုသည်"ဟု ဆို၏။

ထိုစကားကို နတ်သမီးကြားလျှင် လုံ့လအပြုများ၍ အပြစ်ထပ်ပွားကြောင်းကို ပြလိုပေပြန်၍–

'အပါရနေယျံ ယံ ကမ္မံ၊ အဖလံ ကိလမထုဒ္ဒယံ။
တတ္ထကော ဝါယာမေနတ္ထော၊ မစ္စု ယဿာဘိနိပ္ပတ္တံ။ ။' ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မင်းသား။ အကြင်သူသည် လုံ့လမပြုအပ်သောအရာ၌ လုံ့လပြုများချေအံ့။ ထိုသူ၏လုံ့လသည် အရာမကျ ခြင်းကြောင့် လိုအပ်သောကိစ္စ တောင့်တအပ်သောအကျိုး မပြီး။ အသက်ကိုယ်လုံး ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်သော်လည်းရောက်ရာ၏။ ကိုယ်, စိတ်၏ပင်ပန်းကာမျှလည်း ရှိတတ်၏။ ပရိသတ်အလယ်၌ ရှက်ဖွယ်သော်လည်း ရရာ၏။ ယခု မင်းသားမှာလည်း ကမ်းကိုမမြင်သော မဟာမုဒ္ဒရာ၌ ကူးသည်ဟူ၍ လုံ့လသည် နေရာကျပါအံ့လော"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် စကားတုံ့ပြန်၍ တစ်ဖန် နတ်သမီးကမဆိုသာအောင် ချေတော်မူခြင်းငှာ–

'အပါရနေယျ မစ္စန္တံ၊ ယော ဝိဒိတွာန ဒေဝတေ။
န ရက္ခေ အတ္တနော ပါဏံ၊ ဇညာ ယော ယဒိ ဟာပယေ။ ။
'အဓိပ္ပါယ ဖလံ ဧကေ၊ အသ္မိံ လောကမှိ ဒေဝတေ။
ပယောဇယန္တိ ကမ္မာနိ၊ တာနိ ဣဇ္ဈန္တိ ဝါနဝါ။ ။
'သန္ဒိဋ္ဌိကံ ကမ္မဖလံ၊ နနု ပဿသိ ဒေဝတေ။
သန္နာ အညေ တရာမဟံ၊ တဉ္စ ပဿာမိ သန္တိကေ။ ။
'သော အဟံ ဝါယမိဿာမိ၊ ယထာသတ္တိ ယထာဗလံ။
ပစ္ဆံ ပါရံ သမုဒ္ဒဿ၊ ကဿံ ပုရိသကာရိယံ။ ။'ဟူသော ၄ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"နတ်သမီး။ ယခု ငါ မဟာသမုဒ္ဒရာကိုကူးသကဲ့သို့ အကြင်သူတို့၌ ဆောင်ရွက်၍မပြီးနိုင်သော အမှုကြီး, အမှုကျယ်ရောက်လတ်သော် 'ဤအမှုကို ငါလုံ့လပြု၍ အောင်နိုင်ဖွယ်မရှိရာ။ ကံကြမ္မာ[၉၀] စီမံတိုင်းဖြစ်စေတော့'ဟု လုံ့လကိုလျှော့၍ နွား,ကျွဲ,ဆင်,မြင်း တို့ကိုပင်သော်လည်း **မိမိစောင့်ထိန်း**သူဖြစ်ပါလျက် ပြင်းပြသော **အမှုမှ** ဖြည်းညင်းသက်သာစေကြောင်း ကောင်းမြတ်သောလုံ့လဖြင့် **ကိုယ်**,အသက်ကိုမျှ မစောင့်ထိန်းနေငြားအံ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူကို လောက၌ လူပျင်းလူတန်[၈၉] ဟူ၍ လူခပ်သိမ်းတို့ အပြစ်တင်စရာ ဖြစ်လေ၏။ ကိုယ်သို့ရောက်လာသော အမှုမှန်က တန်သည်, မတန်သည်, ရာသည်, မရာသည် ဆိုရတော့သည်မဟုတ်။ အောင်သည်ဖြစ်စေ, မအောင်သည်ဖြစ်စေ လုံ့လကို မလျှော့ထိုက်။ စင်စစ် မှန်သည်ဖြစ်လျက် လူပျင်းလူတန်တို့၏ စကားအယူကိုသာ သင်နတ်သမီးအစွဲအမှတ်ပြု၍ ယခုဆိုသောစကား မသင့်။

"နတ်သမီး။ ဤလောက၌ ရှေးကုသိုလ်ကံ မဖွံ့ဖြိုးလွန်းကုန်သောသူတို့သည် မိမိတို့နှင့် ထိုက်တန်ရာ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစရှိသောအမှုတို့ကို ဆောင်ရွက်လိုသည်ဖြစ်စေ၊ မဆောင်ရွက်လိုသည်ဖြစ်စေ ကိုယ့်အလိုဆန္ဒပြည့်စုံမည် စင်စစ်မှန်လျှင် ပျင်းရိသည်ဟူ၍ မနေအပ်။ ကောင်းစွာလုံ့လဖြင့် အခါခပ်သိမ်းပင် ကိုယ်ဖြင့်တန်သည်, နှုတ်ဖြင့်တန်သည်, စိတ်ဖြင့်ကြံမည်ဟု ထောက်ချင့်၍ လုံ့လပြုအပ်လှတော့သည်။

"နတ်သမီး။ လုံ့လရှိသောသူတို့၏ လုံ့လအကျိုးဆက်ကို များစွာ ငါ ပြောရတော့မည် မဟုတ်။ ဤသမုဒ္ဒရာ၌ ငါနှင့်အတူ ၇၀၀ သော သင်္ဘောသားကုန်သည်တို့လည်း နစ်မွန်းကြသည်တွင် ထို ၇၀၀ သော သင်္ဘောသားတို့သည် ယောကျ်ားတို့၏လုံ့လ ချို့တဲ့လေခြင်းကြောင့် ငါး,လိပ်တို့၏အစာသာ ဖြစ်ကြလေကုန်ပြီ။ ငါမူကား ယောကျ်ားတို့၏လုံ့လကို မလျှော့ခြင်းကြောင့် ငါး,လိပ်တို့၏ဘေးမှလည်း လွတ်ခဲ့၏။ လူသာမညတို့ မြင်ရခဲသော နတ်ဝတ်, နတ်တန်ဆာနှင့်လာလတ်သော သင်နတ်သမီးကိုလည်း အနီးကြပ်ကြပ် အမှတ်မထင် ငါမြင်ရ၏။ သင် သနားချစ်ခင်ခြင်းရှိ၍ ငါ့ကို ဆောင်ပါလျှင်လည်း လိုအင်အပြီးရောက်ခြင်း အကျိုးရှိလတ္တံ့။ သင် မဆယ်တင်၍ ဤတွင်ပင် ငါဆုံးရသော်လည်း လုံ့လပြုကျိုး ငါ၌ရှိလေပြီ။

"ငါသည် အစွမ်းရှိတိုင်း, အားရှိတိုင်း မဆုတ်မဆိုင်းသော လုံ့လဖြင့် မဟာသမုဒ္ဒရာကမ်းသို့ကူးလျက် ယောကျ်ားတို့ပြုအပ်သောလုံ့လကို ပြုအံ့သတည်း"ဟု ဆို၏။

ဘုရားလောင်းစကားကို မဏိမေခလာနတ်သမီး ကြားလျှင် 'ဤမင်းသားကား အလွန် စကားမြဲမြံလှပေ၏' ဟု နှစ်သက်သဖြင့် ချီးမွမ်းလို၍-

'ယော တွံ ဧဝံ ဂတေ ဩဃေ၊ အပ္ပမေယျေ မဟဏ္ဏဝေ။

ဓမ္မဝါယာမ သမ္ပန္နော၊ ကမ္မုနာ နာဝသီဒတိ။ ။

'သော တွံ တတ္ထေဝ ဂစ္ဆာဟိ၊ ယတ္ထ တေ နိရတော မနော။' ဟူသော တစ်ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"မင်းသား။ အစောက်,အပြောအားဖြင့် မရေတွက်နိုင်။ ကျယ်စွာသော ဤမဟာသမုဒ္ဒရာအလယ်၌ နစ်မွန်းသောသင်သည် သူတစ်ပါးတို့ပြုနိုင်ခဲသော မြဲမြံခြင်းစိတ်ဖြင့် တွန့်လိပ်ဆုတ်နစ်ခြင်း မရှိ။ မိမိလိုရာရောက်ကြောင်း ကောင်းမြတ်ဖြောင့်စင်းသောလုံ့လနှင့် ပြည့်စုံသည် မှန်ပေ၏။ ယောကျ်ားတို့ပြုရာသော လုံ့လနှင့် ပြည့်စုံခြင်းကြောင့် ငါး,လိပ်တို့၏ဘေးရန်မှလည်း လွတ်၍ ဤသမုဒ္ဒရာ၌ မနစ်မွန်းဘဲ ချမ်းသာလေ၏။ ယခု နှလုံးမွေ့လျော်ရာ အရပ်သို့ သင် သွားတော့"ဟု ဆိုပြီးလျှင်၊

"မြတ်သောလုံ့လရှင် ပညာရှိမင်းသား။ သင့်ကို ယခု ငါ ဆယ်တင်အံ့။ အဘယ်အရပ်သို့ ပို့ဆောင်ရမည်နည်း"ဟု မေး၏။

နတ်သမီးစကားကို ဘုရားလောင်းကြားလျှင် "နတ်သမီး။ မိထိလာပြည်သို့ ငါ့ကို ပို့ဆောင်လော့"ဟု ဆို၏။ ထိုအခါ မဏိမေခလာနတ်သမီးသည် ပန်းစည်းကိုပိုက်ချီသကဲ့သို့ ဘုရားလောင်းကို လက် ၂ဘက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်သာသာချီဆောင်ပြီးလျှင် ချစ်ခင်လှစွာသောသားငယ်ကို အမိပိုက်သကဲ့သို့ သိမ်မွေ့လှစွာသော ရင်သားဖြင့်ပိုက်၍ ကောင်းကင်ခရီးဖြင့် ဆောင်လေ၏။

ဘုရားလောင်းသည် ၇ ရက်ပတ်လုံး ဆားငန်ရေဖြင့် လိမ်းကျံသောကိုယ်ရှိလျက် အလွန် ပင်ပန်းတော်မူသည်ဖြစ်၍လည်းကောင်း၊ နတ်သမီးအတွေ့ သိမ်မွေ့နူးညံ့သောရင်ငွေ့ကို လှုံရသည်ဖြစ်၍ လည်းကောင်း အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

မဏိမေခလာနတ်သမီးသည် မိထိလာပြည်သို့ဆောင်ပြီးလျှင် မင်းအဆက်ဆက် ထွက်စံရာဖြစ်သော သရက်ဥယျာဉ်ဝယ် မင်းတို့စံပယ်ရာ မင်္ဂလာကျောက်ဖျာအပြင်၌ လက်ယာနံတောင်းဖြင့် စောင်းကာသိပ်ထား၍၊ ဥယျာဉ်၌ရှိသည့် ရက္ခစိုး‌နတ်တို့ကို "သင်တို့။ ဤယောက်ျားမြတ် အိပ်ရာမှမထသမျှ ကာလပတ်လုံး စောင့်ရှောက်ရစ်ကြရမည်"ဟု အစောင့်အရှောက်ထားခဲ့ပြီးသော် မိမိနေရာသို့ သွားလေ၏။

[ဤအရာ၌ ဆားရစန်ရောက်သောအခါ လုံ့လပြုရာသည့် အကြောင်း ၅ ပါးတွင် ဘုရားလောင်းသည် မြဲမြံရဲရင့်ခြင်း, ခွန်အားနှင့်ပြည့်စုံခြင်း တည်းဟူသော သက်သက်သောကိုယ်တော်၏အစွမ်းဖြင့် ထို ရေဘေးမှ လွတ်တော်မူလေ၏။ ယခုအခါ လူ့ခပ်သိမ်းတို့သည် တစ်စုံတစ်ခုသော ဥပဒ်နှင့် တွေ့ကြုံမိခဲ့သော် 'ဓမ္မေန မန္တေန သုဘာသိတေန၊ အနုပ္ပဒါနေန ပဝေဏိယာ ဝါ။ ယထာ ယထာ ယတ္ထ လဘေထ အတ္ထံ၊ တထာ တထာ တတ္ထ ပရက္ကမေယျ။ ။'ဟု ဟောတော်မူသည်နှင့်အညီ ထိုရောက်လာသောရန်ကို

မိမိအစွမ်းဖြင့်သော်လည်း နိုင်နင်းအောင် လုံ့လပြုရာ၏။ ကိုယ်အစွမ်းဖြင့်မတတ်နိုင်လျှင် နှလုံးဝင်သူ အဆွေခင်ပွန်းကောင်းတို့နှင့်သော်လည်း တိုင်ပင်၍ ဆောင်ရာ၏။ ထို အန္တရာယ်ပြုလတ္တံ့သောသူတို့အား 'သုဘာသိတ'ဟု ဆိုအပ်သော ဖြောင့်မှန်တည်ကြည်စွာ ချစ်ဖွယ်သောစကားဖြင့် ဖြားယောင်း ပူးကပ်၍သော်လည်း ဆောင်ရာ၏။ 'အနုပ္ပဒါန'ဟုဆိုအပ်သော ကိုယ်နှုတ်တံစိုး, ဥစ္စာတံစိုးတို့ဖြင့် သော်လည်း ဆောင်ရာ၏။ 'ပဝေဏီ'ဟုဆိုအပ်သော ထိုအန္တရာယ်ပြုမည့်သူနှင့် အမျိုးအဆွေ စသည်မပြားမခြားဖြစ်ကြောင်းနှင့် အနွယ်ဆက်၍သော်လည်း ဆောင်ရာ၏။ ဤ ၅ ပါးတို့တွင် အခွင့်နှင့်လျော်စွာ မိမိ၌ ထိုက်ရာသောအကြောင်းဖြင့် ဘေးဥပဒ်မှလွတ်ကြောင်း ကောင်းစွာလုံ့လပြုရာသည်ဟု မှတ်ကုန်ရာသည်။ ။ဤကား စကားချပ်တည်း။]

## ၇။ ဘထွေးတော် နတ်ရွာစံခန်း

ထိုအခါ မိထိလာပြည်၌ကား ဘထွေးတော်ပေါလဇနကမင်း လွန်၍ ၇ ရက် ရှိနှင့်ပြီးသတည်း။ ထို ပေါလဇနကမင်း၌ကား သားတစ်ယောက်မျှ မရှိ။ 'သီဝလိဒေဝီ' အမည်ရှိသော သမီးတော်တစ်ယောက်သာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သီဝလိဒေဝီမင်းသမီးကား အကျိုးအပြစ်ကိုမြင်မြော်သော ပညာလည်းရှိ၏။ ခွဲခြားဝေဖန် စီမံ ထုံးဖွဲ့ခြင်း၌လည်း လိမ္မာ၏။ သမီးတစ်ယောက်တည်းသာ ရှိသည်ဖြစ်၍လည်း ခမည်းတော်မင်းသည် ကြီးမြင့်စွာသော မင်းသမီးစည်းစိမ်ဖြင့် ချီးမြှောက်လျက်ထား၏။ ထိုအခါ၌လည်း အပြစ် ၆ ပါး[၉၂] ကင်းလွတ်လျက် ကောင်းခြင်း ၅ ဖြာ[၉၃] လက္ခဏာစုံညီရင်းတွင် အဆင်းကိုဆောင်ချိန် အရွယ်ရောက်ပြီးသည်ဖြစ်၍လည်း ပြေပြစ်နုနယ် တင့်တယ်သောအရည်အသွေးနှင့်လည်း ပြည့်စုံ၏။

ပေါလဇနကမင်းကြီးသည် ဘုန်းကံကုန်သည့်အလျောက် သည်းစွာ အနာကပ်ရောက်၍ သလွန်[၉၄]ပေါ်၌ မထသောလျောင်းခြင်းဖြင့် လျောင်းစက်သောအခါ အမတ်ကြီးတို့သည် ဤသို့ လျှောက်ထားလိုက်ကြကုန်၏။

"အရှင်မင်းကြီး။ ကိုယ်တော်သည် ဤစည်းစိမ်တော်မှပြောင်းလဲ၍ နတ်ပြည်စံတော်မူခဲ့လျှင် အရှင့်အရိပ်အရာဖြစ်သော ဤစည်းစိမ်တော်ကို အဘယ်သူအား အပ်နှင်းရပါမည်နည်း။ သမီးတော်နှင့် စည်းစိမ်ယှဉ်ဖက်ရမည့်သူကို အမိန့်တော်ရှိတော်မူခဲ့ပါ"ဟု လျှောက်မေးကြကုန်၏။

ပေါလဇနကမင်းကြီးလည်း "အမတ်ကြီးတို့။ ငါ့သမီးတော်နှင့် မည်သူသာ ထိုက်တန်သည်ဟူ၍ ငါ့နှလုံးစွဲယောင်းလည်း မရှိ။ ယခု ငါ အရိပ်လွဲတော်မူလျှင်[၉၅] အမျိုးစည်းစိမ် မြင့်မြတ်သည်, ယုတ်ညံ့သည်ဟူ၍ မရွေးချယ်ရစ်ကြနှင့်။ ငါ့သမီးတော် နှစ်သက်သည်မူလည်း ဖြစ်စေ၊ ကာယဗလ[၉၆], ဉာဏဗလ[၉၇] ၂ ပါးနှင့် ပြည့်စုံသည် မူလည်းဖြစ်စေ၊ ထိုအကြောင်း ၂ပါးနှင့်ပြည့်စုံလျှင် မည်သည့်အမျိုးမဆို ငါ့သမီးတော်နှင့် စည်းစိမ်ဖက်ပြုရစ်ကြတော့"ဟု ဆို၏။

အမတ်ကြီးတို့လည်း "အရှင်မင်းကြီး။ လူတို့မှာ အင်တန်ရုံမျှသော ကိုယ်အား, ပညာအားနှင့် ပြည့်စုံလျှင်ပင် ကာယဗလ, ဉာဏဗလ ရှိသူဟူ၍ ခေါ်ဝေါ်ကြပါသည်။ ယခု ကိုယ်တော် အမိန့်တော်ရှိသည့်ဗလမှာ ပမာဏကို အမိန့်ရှိတော်မူပါမှ အကျွန်ုပ်တို့ ရွေးချယ်သာပါမည်"ဟု လျှောက်ထားကြလျှင်၊ ပေါလဇနကမင်းကြီးသည်–

"အမတ်တို့။ ကာယဗလ ငါဆိုသည်မှာ လူဗိုလ်ခြေ ၁၀၀၀ တင်နိုင်, ချနိုင်သော လေးကို တစ်ယောက်တည်းဖြင့် တင်နိုင်, ချနိုင်လျှင် ကာယဗလ ရှိသည်ဖြစ်စေ။ ဉာဏဗလမှာလည်း သားရဲရုပ်[၉၈] အစောင့်နှင့် ထောင့် ၄ ခုဖြင့် ရှုဖွယ်တင့်တယ်စွာ ငါစံပယ်ရာဖြစ်သော ပလ္လင်တော်၏ခေါင်းရင်းကို သိစွမ်းနိုင်သော် လည်းကောင်း၊ ၁၆ လုံးသော ရွှေအိုးကြီးတို့ကို ဖော်ထုတ်နိုင်သော် လည်းကောင်း ဉာဏဗလရှိသည်ဖြစ်စေ။ ထိုသို့သောအင်္ဂါနှင့်ပြည့်စုံလျှင် မည်သည့်အမျိုးမဆို အပ်နှင်းရစ်ကြတော့"ဟု ဆို၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ အမိန့်တော်ရှိတိုင်း ထိုအင်္ဂါ ၄ပါး[၁၀၀] စုံညီသူကို အကျွန်ုပ်တို့ ရှာရပါတော့မည်။ ရွှေအိုးကြီး ၁၆ လုံးတို့၏ ထားရာကိုသာ အမြွက်မျှ ပြတော်မူပါ"ဟု လျှောက်ထားကြကုန်၏။

အမတ်တို့စကားကိုကြားလျှင် ပေါလဇနကမင်းကြီးသည် ရွှေအိုးကြီး ၁၆ လုံးတို့၏ထားရာကို အမြွက်မျှ ပြလို၍–

'သူရိယုဂ္ဂမနေ နိဓိ၊ အထော ဩက္ကမနေ နိဓိ။
အန္တော နိဓိ ဗဟိ နိဓိ၊ န အန္တော န ဗဟိ နိဓိ။ ။
'အာရောဟနေ မဟာနိဓိ၊ အထော ဩရောဟနေ နိဓိ။
စတုရော စ မဟာသာလာ၊ သမန္တာ ယောဇနေ နိဓိ။ ။



www.burmeseclassic.com

'ဒန္တဂ္ဂေသု မဟာနိဓိ၊ ဝါလဂ္ဂေသု စ ကေပုကေ။

ရုက္ခဂ္ဂေသု မဟာနိဓိ၊ သောဠသ တေ မဟာနိဓိ'။ ။ ဟူသော ၃ ဂါထာတို့ဖြင့် အဖြေကိုပြဆိုလေ၏။ အဓိပ္ပာယ်ကား–

"အမတ်တို့။ ရွှေအိုးကြီးတို့၏အဖြေကို ငါ ပြအံ့" မှတ်ကြကုန်။ ရွှေအိုးကြီးထားရာကား နေထွက်၌ ၁လုံး, နေဝင်ရာ၌ ၁လုံး, အတွင်း၌ ၁လုံး, အပြင်၌ ၁လုံး, အတွင်းအပြင်မဟုတ်သည်၌ ၁လုံး, တက်ရာ၌ ၁လုံး, သက်ရာ၌ ၁လုံး, အင်ကြင်းပင်ကြီး ၄ ပင်တို့၌ ၁လုံးစီ, ၈ ရပ်ဝန်းကျင် တစ်ယူဇနာထက်၌ ၁လုံး, အစွယ်ဖျားတို့၌ ၁လုံး, အမြီးဖျား၌ ၁လုံး, ရေထဲ၌ ၁လုံး, သစ်ပင်ဖျားတို့၌ ၁လုံး။ ဤသည်လျှင် ရွှေအိုးကြီး ၁၆ လုံးတို့၏ အဖြေစကားဖြစ်သည် မှတ်သားရစ်ကြ"ဟု ဆို၏။

ဤမှတစ်ပါး သမီးတော်၌ အခွင့်မျိုးတို့ကိုလည်းကောင်း, ဆွေတော်မျိုးတော်, မိဖုရား,မောင်းမ, အမှူးအမတ်တို့၌ မှာထားအပ်သည်တို့ကို လည်းကောင်း၊ အလုံးစုံသော ပြည်ထဲရေးကိစ္စတို့ကို လည်းကောင်း အမတ်တို့အား မှာထားပြီးလျှင် ပေါလဇနကမင်းကြီး ဘဝပြောင်းလဲလေ၏။

## ၈။ မင်းသမီး အလိုစမ်းခန်း

ထိုအခါ အမတ်တို့လည်း ဥတုဇ[၃၀၁]ရုပ်အကြွင်းမျှသာဖြစ်သော မင်း၏ကိုယ်ကို ၇ ရက်အတွင်း၌ ဖုတ်ကြည်းသဂြိုဟ်ခြင်းကိုပြု၍ မင်းလွန်သည်မှ ၇ ရက်မြောက်လတ်သော် ဘုရားလောင်းမင်းသား ဥယျာဉ်သို့ ရောက်သောနေ့၌ပင် မှူးမတ်, ပုရောဟိတ်အပေါင်းတို့သည် လွှတ်[၃၀၂]သဘင်၌ အညီအညွတ်စည်းဝေး၍ ဤသို့ တိုင်ပင်ကြ၏။

"မှူးတော်,မတ်တော်တို့။ အကျွန်ုပ်တို့အရှင်မင်းကြီးသည် 'သမီးတော် နှစ်သက်ရာသူကို ထီးနန်း နှင်းလေ'ဟု မှာထားတော်မူခဲ့သည့်အတိုင်း အလားအလာကို ထောက်မြော်ချင့်လျှင် စစ်သူကြီးသည် မင်းသမီးနှင့်လည်း အကျွမ်းဝင်၏။ အရှင်ရှိစဉ်ကပင်လျှင်လည်း အလုံးစုံသောပြည်ထဲရေးကို လွှဲ၍ စစ်သူကြီးအရာ၌ ခန့်ထားစီရင်ရသူဖြစ်ခြင်းကြောင့် ဗလ ၃ တန်[၃၀၃] စွမ်းအင်ရဲရင့်ခြင်းမှာ မရှိ မဆိုသာ ဖြစ်တော့သည်။ ယင်းသို့ ဖြစ်၍ စစ်သူကြီးကို စူးစမ်းရသော် မကောင်းလော"ဟု တိုင်ပင်ကြသဖြင့်၊ 'ကောင်းပြီ'ဟု အများညီညွတ်ကြပြီးလျှင် ထိုအကြောင်းကိုစာစီ၍ အမတ်တစ်ယောက်ကို စာနှင့် စစ်သူကြီးအိမ်သို့လွှတ်ကာ စေလိုက်၏။

ထိုစကားကို စစ်သူကြီးကြားလျှင် ဝမ်းမြောက်ဝမ်းသာ 'ကောင်းပါပြီ'ဟု ဝန်ခံလိုက်၍၊ ထိုနေ့ညချမ်းအချိန် ရောက်သောအခါ စစ်သူကြီးသည် 'မင်းသမီးကို စူးစမ်းအံ့'ဟု နန်းတော်သို့သွား၍ နန်းတော်တံခါးဝသို့ရောက်လျှင်၊ ဤသို့သောအကြောင်းနှင့် စစ်သူကြီးလာကြောင်းကို မင်းသမီးအား ကြားစေ၏။

ထိုအကြောင်းကို မင်းသမီးကြား၍ ဤသို့ကြံ၏။ 'မင်း၏စည်းစိမ်ကို စံမည့်သူဟူသည်ကား အလွန် ခဲလှ၏[၃၀၄]။ အမှုအထိုက်အလိုက်ကို မသိ၊ သမာဓိ မတည်၊ အရည်အသွေး ယောကျ်ားမြတ်လက္ခဏာ မညီသူ

ဖြစ်ချေလျှင် ပြည်ထဲရေးလည်း မချမ်းသာ။ ငါလည်း မနှစ်မြို့။ ယခုဖို့လည်း ကောင်းကျိုးမထင်။ သံသရာလည်း ဝန်မလွတ် ရှိတော့မည်။ ဤသို့ဖြစ်၍ ထီးဖြူ၏ကျက်သရေကို ဆောင်ခြင်းငှာထိုက်သောသမာဓိ ရှိမည်, မရှိမည်ကို ထိုစစ်သူကြီးအား ငါ အလိုစမ်းဦးအံ့'ဟု ကြံပြီးလျှင်၊ ဤသို့သောအကြောင်းနှင့် စစ်မှူးမင်းနန်းတော် တံခါးဝသို့ ရောက်သည်ဆိုသော် "အကြာအရှည် ငံ့လင့်[၁၈၅] ရတော့မည် မဟုတ်။ ယခုပင် အရှေ့စမုခ်ဝက လျောင်းတော်ဦးသို့ ဝင်ပါစေ"ဟု ဆိုလိုက်၏။

ထိုစကားကိုကြားလျှင် စစ်သူကြီးလည်း 'မင်းသမီး နှစ်သက်လွယ်ပါစေ'ဟူသောနှလုံးထားနှင့် နန်းတော် အရှေ့လှေကား စမုခ်ဝမှဝင်လျက် မင်းသမီးစံရာ နန်းပွဲသဘင်လျောင်းတော်ဦးသို့ ဂုဏ်မဲ့သောသူတို့၏သွားခြင်းဖြင့် အလျင်တခဲသွား၍[၁၈၆] မင်းသမီးအနီး၌ ရပ်လေ၏။ မင်းသမီးလည်း ပညာရှိသောမိန်းမ ဖြစ်ခြင်းကြောင့် စစ်သူကြီး၏လာခြင်းကိုမြင်လျှင် ကိုယ်တွင်း၌ ပညာခေါင်းပါးသောအဖြစ်ကို သိ၍ မိမိအနီးသို့ရောက်သောအခါ အလိုစမ်းပြန်လိုသဖြင့်–

"စစ်မှူးမင်း။ ဤလျောင်းတော်ဦးတွင် လှူးလာပြန်ခေါက် ယောကျ်ားတို့၏အင်အားဖြင့် လျင်လျင်မြန်မြန် ပြေးတော်မူစမ်းပါ။ အရည်အသွားကို ကြည့်ချင်ပါသည်"ဟု ဆို၏။

စစ်သူကြီးလည်း အချစ်ကိုသာနှလုံးထား၍ အပြစ်ကိုနှလုံးမထားဘဲ မင်းသမီးအား နှစ်သက်စေကြောင်း 'ကောင်းစွာ ငါပြေးအံ့'ဟုကြံလျက် ပြေးလွှားခြင်းကို ပြုပြန်လေ၏။

ထိုအခါ မင်းသမီးသည် "စစ်မှူးမင်း။ ထိုမှ, ဤမှ ကျွန်ပ်ဆီသို့ ပြေးတော်မူခဲ့ပါ။ ကြည့်ပါရစေဦး"ဟု ဆိုပြန်လျှင်၊ တစ်ဖန် မင်းသမီးဆီသို့ ပြေးပြန်လေ၏။

ထိုသို့သောအခြင်းအရာကို မင်းသမီးမြင်လျှင် 'ဤသူကား ရွှေတောင်မှာနား၍ ရွှေကျီး ခေါ်ရသကဲ့သို့သာ ငါ့ခမည်းတော် သူကောင်းပြု၍ စစ်သူကြီး ခေါ်ရကာမျှတကား။ အသို့လျှင် ထီးဖြူ၏ကျက်သရေကို ဆောင်နိုင်ပါအံ့'ဟု စစ်သူကြီး၏ သမာဓိမရှိသောအဖြစ်ကို သိပြီးသော်–

"စစ်မှူးမင်း။ ယောကျ်ားတို့၏အရည်အသွားကို သိရပေပြီ။ ပန်းမောတော် မူတော့မည်။ မပြေးပါနှင့်တော့။ ဤတွင်ထိုင်၍ အကျွန်ုပ်ခြေကို ဆုပ်စမ်းပါ"ဟု ဆို၏။

စစ်သူကြီးလည်း 'တရွေ့ရွေ့ ငါ အနီးစပ် ရောက်တော့သည်'ဟု မင်းသမီးနှစ်သက်စေခြင်းငှာ မင်းသမီး ခြေရင်း၌ထိုင်၍ ခြေကို ဆုပ်နယ်လေ၏။

ထိုအခါ မင်းသမီးသည် 'ဤသူကား သူယုတ်မာတည်း။ ဤမျှလောက် ငါအလိုစမ်း၍မျှ မိမိ မသိ။ မက်မောခြင်းပြင်းစွာနှင့် ချစ်နိုး,နှစ်သက်နိုးထင်လျက် ငါ့အလိုသို့သာလိုက်၍ ပြုဘိ၏။ ယခု အဖြည်းအသာ နန်းထက်မှချလိုက်ရမည်လည်း ငါ့တွင် မိန်းမပရိသတ်သာ ရှိချေသည်။ နေ့အခါလည်း မရှိချေပြီ။ ငါ ခေါက်ငမ်း ဆဲဆိုပြားသော်လည်း မက်မောခြင်းပြင်းစွာဖြစ်ခြင်းကြောင့် ထိုသူ၏နား၌ ခါးစပ်နိုင်မည် မဟုတ်ချေ။ ဤ ငါ့အခြံအရံမိန်းမများလည်း တစ်ပါးအမှုကဲ့သို့မဟုတ်၍ ယခု ငါ့အလိုကိုပင် မသိနိုင်ကြရာသေး။ ဤသို့ဖြစ်၍ ငါ့အခြွေအရံလည်း သိစေတော့၊ ထိုသူလည်း မိမိအပြုအမူကို ယူစားမိလေစေတော့ ထင်ရှားအောင် ငါ ဒဏ်ပေးလိုက်အံ့'ဟု ကြံပြီးလျှင်၊ စစ်သူကြီး၏ရင်ကို ခြေဖြင့် တွန်းရှားလိုက်လေ၏။ စစ်သူကြီးလည်း အမှတ်မဲ့ဖြစ်၍ မင်းသမီးခြေရင်း၌ ပက်လက်နောက်သို့ လန်လဲလေ၏။

မင်းသမီးလည်း "သင်တို့။ ယောကျ်ားရူးကို နာကျင်စွာရိုက်ပြီးလျှင် လည်ကိုကိုင်ငင်၍ နန်းတော်မှ ချလိုက်"ဟု အခြွေအရံမိန်းမတို့အား အမှတ်ပေးပြီးလျှင်၊ မိမိမူကား ကျက်သရေတိုက်သို့ ဝင်၍နေလေ၏။ နန်းတွင်းသူအပျိုတော်တို့လည်း မင်းသမီးဆိုတိုင်း စစ်သူကြီးကို နန်းထက်မှငင်ချ နှင်ထုတ်လိုက်လေကုန်၏။

www.burmeseclassic.com



နန်းတော်အပြင်၌ အမှုကိုသိရအောင် စောင့်နေကြကုန်သော မှူးမတ်အစရှိသောသူတို့သည် နန်းတော်မှ စစ်သူကြီး နှလုံးမသာလာသည်ကိုမြင်လျှင် "အရှင်မင်းမြတ်။ အသို့ပါနည်း"ဟု ဆီး၍မေးကြကုန်၏။ စစ်သူကြီးလည်း "အချင်းတို့။ ငါကား သင်တို့မင်းသမီးကို လူမိန်းမမှတ်၍ သွားမိသည်။ ဘီလူးမတကား။ ဤမျှသာ ပြောပါရစေတော့"ဟုဆို၍ မိမိအိမ်သို့ သွားလေ၏။

မှူးမတ်တို့လည်း "ဤစစ်သူကြီးကား စစ်ရေး၌သာတွင်ကျယ်၍ မိန်းမရေး၌ ကျင်လည်ဟန်မရှိ"ဟု နှလုံးထားလျက်၊ တစ်ပါးတော်သင့်ရာ ရှာကြံတိုင်ပင်ကြပြန်လျှင်

"မင်းဘဏ္ဍာစိုး ရွှေတိုက်ဝန်သည် အလွန် မင်းသမီးနှင့်လည်း အကျွမ်းဝင်၏။ ပညာစွမ်း, ကိုယ်စွမ်းနှင့်လည်း ပြည့်စုံ၏။ ထိုသူကို စုံစမ်းရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြသဖြင့်၊ ရွှေတိုက်ဝန်အိမ်သို့ ထိုအကြောင်းကို မှူးမတ်တို့အစည်းအဝေးပြုရာ လွှတ်သဘင်က စေလိုက်ပြန်၏။

ရွှေတိုက်ဝန်လည်း ထိုစကားကိုကြားလျှင် ဝန်ခံလျက် နန်းတော်သို့သွားပြန်လေသော် မင်းသမီးလည်း စစ်သူကြီးမှာကဲ့သို့ပင်လျှင် ရွှေတိုက်ဝန်ကိုလည်း အရှက်ကြီးတရ ပြုလိုက်လေ၏။

မှူးမတ်တို့လည်း "ဤရွှေတိုက်ဝန်ကား ရွှေ,ငွေ စသော ဘဏ္ဍာတို့ကိုသာ မဖိတ်မယိုရအောင် စောင့်ထိန်းနိုင်၏။ မိမိစိတ်ကို အရိပ်မတိုရအောင်[၁၇] မပြုနိုင်လေ"ဟု နှလုံးထားကြလျက်၊ တစ်ပါးတော်သင့်ရာ ရှာကြံတိုင်ပင်ကြပြန်လျှင်

"မင်း၏သူဌေးကြီးသည် မင်းသမီးနှင့်လည်း အကျွမ်းဝင်၏။ ကိုယ်စွမ်း,ပညာစွမ်းလည်း ရှိ၏။ ထိုသူကို စုံစမ်းစေရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြသဖြင့်၊ သူဌေးကြီးအိမ်သို့ ထိုအကြောင်းကို စေလွှတ်ကြပြန်၏။

သူဌေးကြီးလည်း ထိုစကားကိုကြားလျှင် ဝန်ခံလျက် ရေးနည်းအတူ နန်းတော်သို့သွားပြန်လေသော် မင်းသမီးလည်း ထို ၂ ဦးသူမှာကဲ့သို့ပင် သူဌေးကြီးကိုလည်း အရှက်ကြီးရအောင် ဒဏ်ပေးလိုက်ပြန်လေ၏။

မှူးမတ်တို့လည်း "ဤသူဌေးကြီးကား ဥစ္စာကိုသာ ပွားစီးအောင်ပြုတတ်၏။ မိမိကိုယ်ကို ကြီးမားအောင် မပြုနိုင်လေ"ဟု နှလုံးထားကုန်လျက်၊ တစ်ပါးတော်သင့်ရာ ရှာကြံတိုင်ပင်ကြပြန်လျှင်

"မင်းကြီး၏ထီးတော်မိုးအမတ်သည် မင်းသမီးနှင့်လည်း အကျွမ်းဝင်၏။ ပညာစွမ်း, ကိုယ်စွမ်းလည်း ရှိ၏။ ထိုသူကို စုံစမ်းစေရသော်ကောင်း"ဟု တိုင်ပင်ညီညွတ်ကြသဖြင့်၊ ထိုအကြောင်းကို ထီးတော်မိုးအိမ်သို့ စေလိုက်ပြန်၏။

ထီးတော်မိုးလည်း ရေးနည်းအတူ နန်းတော်သို့သွားပြန်လေသော် မင်းသမီးသည် ထီးတော်မိုးကိုလည်း ထို ၃ယောက် သူမှာကဲ့သို့ပင် အရှက်ခွဲလိုက်ပြန်လေ၏။

မှူးမတ်တို့လည်း 'ဤသူကား မင်း၏ထီးတော်ကိုသာ မိုးကိုင်တတ်၏။ မင်း၏သမီးတော်ကို [illegible] ရအောင် မကြံနိုင်လေ'ဟု နှလုံးထားလျက်၊ တစ်ပါးတော်သင့်ရာ ရှာကြံတိုင်ပင်ကြပြန်လျှင်

"မင်းကြီး၏ ဓားသန်လျက်တော်စွဲအမတ်သည် မင်းသမီးနှင့်လည်း အကျွမ်းဝင်၏။ ကိုယ်စွမ်း ပညာစွမ်းလည်း ရှိ၏။ ထိုသူကိုစုံစမ်းရသော် ကောင်း၏"ဟု တိုင်ပင်ညီညွတ်ကြသဖြင့်၊ ထိုအကြောင်းကို ရေးနည်းအတူ စေလိုက်ပြန်၏။

သန်လျက်တော်စွဲအမတ်လည်း ရေးနည်းအတူ နန်းတော်သို့သွားပြန်လေသော် မင်းသမီးသည် ထို ၄ ဦးသူမှာကဲ့သို့ပင် အရှက်ကြီးရအောင် ပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မှူးမတ်တို့လည်း 'ဤသူကား မင်း၏သန်လျက်၌သာ အခွင့်လျော်အောင် ဝေဖန်တတ်၏။ စည်းစိမ်စံဖက်၌ အသင့်တော်အောင် ချောင်ခြင်းမရှိလေ'ဟု နှလုံးထားကုန်လျက် တစ်ပါးတော်သင့်ရာရှာကြ၍ မရနိုင်လတ်သော် ဤသို့ အားလျှော့စကား ပြောဆိုကြကုန်၏။

"မှူးတော်မတ်တော်တို့။ မင်းကြီးမှာတော်မူခဲ့သည့် အင်္ဂါ ၄ ပါးတွင် ပလ္လင်၏ ဦးခေါင်းရင်းကို သိသူ, ဗိုလ်ခြေ ၁၀၀၀ တင်သောလေးကို တင်နိုင်ချနိုင်သူ, ၁၆ လုံးသော ရွှေအိုးကြီးတို့ကို ဖော်ထုတ်နိုင်သူတို့ကို ထားဘိဦး။ မင်းသမီးနှစ်သက်သောသူကိုမျှ မရနိုင် ယခုရှိခဲ့၏။ မင်းမရှိသော ပြည်မည်သည်လည်း အမှူးအမတ်တို့ စောင့်ရှောက်ထိန်းသိမ်းခြင်းငှာ ခဲယဉ်းလှသည်။ အသို့ ကြံကြပါမည်နည်း"ဟုပြောဆိုကာ မကြံနိုင်အောင် ရှိကြကုန်၏။

[ဤအရာ၌ သီဝလိဒေဝီမင်းသမီးသည် အမျိုးကောင်းသမီး ပညာရှိမိန်းမမှန်လျက် ယောကျ်ားကို ခြေဆုပ်ခိုင်းလေသည်ကား သက်သက်မဟုတ်၊ အလိုစမ်းလို၍သာ ပြုခြင်းကြောင့် ဆိုးယုတ်သည် မဆိုသာ။ ခြေဖြင့် ခါတွက်လိုက်သည်မှာလည်း ကိုယ်ကို ရှိသေစွာစောင့်ထိန်းရသူဖြစ်၍ ထိုအမှု, ထိုအခါ, ထိုယောကျ်ားတို့ကို နှုတ်ဖြင့်ခါတွက်သော်လည်း ကွာနိုင်ဖွယ်မထင်သဖြင့် လွှင့်ကွာလွယ်ရာရှာ၍ ခါတွက်ရပေသောကြောင့် ရုန့်ကြမ်းသည် မဆိုသာချေ။ ထို စစ်သူကြီးစသော သူ ၅ ယောက်တို့လည်း အရှင်မင်းသမီးဖြစ်၍ အစဉ်ရှိသေမြဲဖြစ်ခြင်းကြောင့် လည်းကောင်း၊ မင်းသမီးစကားကို မြင်ကြားရသဖြင့် နား,မျက်စိ ချိုဆိမ့် မူးယစ်ခြင်းကြောင့် လည်းကောင်း။ 'သူ့ကျေးဇူးကိုခံလိုလျှင် သူ့အလိုသို့လိုက်အပ်လှ၏'ဟု အရာကိုမချင့်, အခွင့်ကိုမစာ, သမာဓိအရေးမှာ ဝီရိယကို သုံးမှားချေသောကြောင့် ရှုံးသွပ်ခြင်းသို့ ရောက်ချေသည်။ ထို့ကြောင့်–

[အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ။

အငင်မတတ်လျှင် ပန်းလျက်နှင့်မရ ရှိတတ်၏။

[ယိုင်ယိုင်ညွတ်ညွတ် ပြုရမည့်အမှုမှာ ခိုင်ခိုင်မတ်မတ်ပြုချေလျှင် ခက်ကြမ်းရာရောက်တတ်သည်။

ခိုင်ခိုင်မတ်မတ် ပြုရမည့်အမှုမှာ ယိုင်ယိုင်ညွတ်ညွတ်ပြုချေလျှင် ရှက်လမ်းသာပေါက်တတ်သည်'ဟု သိအပ်၏။

[ထိုစစ်သူကြီးသည် နန်းထက်သို့ရောက်သည်ကာလ မိမိ မတရားသဖြင့် ထီးနန်းကို သိမ်းယူလိုလျှင် သိမ်းယူနိုင်ရာအံ့လောဟူမူ 'ဗိုလ်ခြေသင်းပင်း ဝင်းအစောင့်အရှောက် ဆင်,မြင်းစသော မြို့၏ လက်နက် အလုံးစုံသည် မိမိလက်မှာ မရှိ။ မှူးမတ်တို့လက်ဝယ် ရှိချေသောကြောင့် မတရားသဖြင့်ပင် သိမ်းယူသော်လည်း မရနိုင်ရာ'ဟု သိအပ်၏။ ဤကား စကားချုပ်တည်း။]

ဃ

## ၉။ ဖုဿရထား လွှတ်ခန်း

ထိုသို့ မှူးမတ်ပုရောဟိတ်[၁၀၈] တို့အစည်းအဝေး၌ မင်းသမီးနှင့်ထိုက်တန်ရာကို ရှာကြံ၍မရနိုင်ကြလတ်သော် ပုရောဟိတ်က ဤသို့ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"မှူးတော်မတ်တော်တို့။ သင်တို့, ကျွန်ုပ်တို့သည် ဆဲ၍တော်ပါသော်လည်း လျော်ရာမရနိုင်ဖြစ်၍ မည်သူမည်ဝါဟု အထူးမကြံကြနှင့်တော့။ ထိုက်ရာက် ဆောင်နှင်းပါစေ။ ဖုဿရထား[၁၀၉] သာ လွှတ်အပ်လှတော့သည်။ ဖုဿရထားဖြင့်ရအပ်သော မင်းဖြစ်လျှင်လည်း ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို သိမ်းယူပိုင်စိုးနိုင်သော ဘုန်းတန်းရှင်သာ ဖြစ်ရာ၏။ သင်တို့ အသို့နည်း။ နှစ်သက်ကြ၏လော"ဟု ဆို၏။

မှူးမတ်အပေါင်းတို့လည်း ပုရောဟိတ်စကားကိုကြား၍ နှစ်သက်ကြသဖြင့်

"ဆရာ့စကား သင့်ပြီ။ ဖုဿရထား လွှတ်ကြကုန်အံ့"ဟု စိတ်ညီညွတ်ကြလေ၏။

ထိုအခါ အမတ်, ပုရောဟိတ်တို့သည် မြို့၌ ပြရာသမျှအလုံးစုံကို သုတ်သင်ခင်းကျင်း၍ တန်ဆာဆင်စေပြီးသော် မင်္ဂလာရှိသောရထား၌ ထူးမြတ်ဆန်းကြယ်စွာ မင်းနေရာအခင်းနှင့် မင်းမြောက်တန်ဆာ ၅ ပါး[၁၁၀]ကို တင်ထားခင်းကျင်းကြလျက် ကုမုဒြာကြာပွင့်[၁၁၁] အဆင်းကဲ့သို့ အဆင်းရှိသော စိုင်လျော်စွေမွေး[၁၁၂] မြင်း၄ စီးတို့ကို ကြိုးကတန်ဆာကောင်းစွာဆင်၍ တညီတစဉ်တည်း ရထား၌ကပြီးလျှင်– ထိုရထား၏ ရှေ့တူရူလမ်းကိုသာလွှတ်၍ လက်ယာ,လက်ဝဲ, ရှေ့,နောက် ဝန်းကျင်တို့၌ ဆင်,မြင်း,ရထား,ခြေသည် စစ်အင်္ဂါ ၄ ပါးဝန်းရံလျက်၊ "မုရိုးစည်, မြောက်စည်, နှဲ, ခရာ စသော တီးမှုတ်မျိုးတို့ကိုမူကား ချီးမြောက်အပ်သူ အရှင်သခင်ရှိမှ ချီးမြောက် တီးမှုတ်ရာသည်။ ချီးမြောက်အပ်သူမပါလျှင် မတီးမမှုတ်သင့်။ ထုံးစံရှိသည့်အတိုင်း ယခု မတီးမှုတ်ကြနှင့်ဦး။ နောင် အရှင်သခင်တွေ့မှ ချီးမြောက်တီးမှုတ်ရမည်"ဆို၍ မတီးမှုတ်စေရဘဲ၊ ရထားတို့၌ အသီးသီး ဆောင်ယူခဲ့စေ၏။ ဤသို့ အလုံးစုံခင်းကျင်းပြီးလျှင် ပုရောဟိတ်ပုဏ္ဏားသည် ရွှေကရားဖြင့် ရထားအဖွဲ့အစပ်တို့ကို လည်းကောင်း၊ ရထားဦးကို လည်းကောင်း၊ ရွှေနှင်တံကို လည်းကောင်း ရေစင်ဖျန်းလျက်–

"ဤပြည်စည်းစိမ်ကိုခံထိုက်သော ဘုန်းတန်းရှင်သည် အကြင်အရပ်၌ ရှိအံ့။ ထိုမင်းလောင်းရှိရာသို့ ဤရထား သွားစေသတည်း"ဟု အဓိဋ္ဌာန်ခြင်းနှင့်တကွ အဘိသိက်မြောက်ပြီးသော် ဖုဿရထားကို လွှတ်ကြ၏။

ထိုအခါ ဖုဿရထားသည် နန်းတော်ကို လက်ယာရစ်လှည့်ပြီးမှ မင်းလမ်းမသို့သက်၍ မြို့ကို လက်ယာရစ်လှည့်လေ၏။ ထို မြို့ကို လက်ယာရစ်လှည့်သောအခါ ယခင်တွင် မင်းသမီးဒဏ်ခတ်သော စစ်သူကြီးသည် မိမိအိမ်သို့ တူရူမင်းလမ်းမဖြင့် ရထားလာသည်ကိုမြင်လျှင် 'ငါ့အိမ်သို့ပင် ရထားရှယ်၍ လာယောင်ထင်၏။ ငါကား ဘုန်းရှိသော ယောက်ျားပင်တည်း။ လျင်စွာ ငါ့အိမ်သို့ ရထားဦးဆိုက်ပါစေ'ဟု ကြံစည်လျက် မျှော်ကြည့်ကာနေလင့်၏။ မိမိအိမ်က ရထားလွန်မှ စိတ်အကြံလျှော့ခြင်းသို့ ရောက်၏။ ထို့နောင် ရွှေတိုက်ဝန်, သူဌေးကြီး, ထီးတော်မိုး, ရွှေခါးမှူးတို့လည်း ရထားလာသည်ကိုမြင်လျှင် 'ငါ့အိမ်သို့ လာပါစေ'ဟု အသီးသီးကြံကြကုန်၏။ ဖုဿရထားလည်း ထိုအိမ်တို့ကိုလွန်၍ မြို့ကို လက်ယာရစ်လှည့်ပြီးသော် မြို့အရှေ့တံခါးဖြင့်ထွက်လျက် ဘုရားလောင်းရှိရာဥယျာဉ်သို့ ရှေးရှုလျင်စွာ သွားလေ၏။

ထိုအခါ အမတ်တို့သည် "ဆရာပုရောဟိတ်။ ယခု မြို့ကိုလွန်ခဲ့ပြီ။ ရထားလည်း အသွားမြန်လှသည်။ ရထားကိုပြန်စေရသော် မကောင်းလော"ဟု ဆိုကြကုန်၏။ ပုရောဟိတ်လည်း "မှူးတော်မတ်တော်တို့။ အသို့ဆိုကြသနည်း။ ယူဇနာ ၁၀၀ တိုင်အောင်ပင် သွားသော်လည်း သွားစေ။ ပြန်စေ၍မသင့်"ဟု ဆို၏။

ရထားလည်း အစဉ်အတိုင်းသွား၍ ဥယျာဉ်သို့ဝင်ပြီးသော် ဘုရားလောင်းစက်တော်ခေါ်ရာ မင်္ဂလာကျောက်ဖျာကို လက်ယာရစ်လှည့်လျက် 'တက်တော်မူပါတော့'ဟု အသင့်စီမံ၍ ယာဉ်[၁၁၃]စီးဘိသကဲ့သို့ ရပ်တန့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပုရောဟိတ်ပုဏ္ဏားသည် မင်္ဂလာကျောက်ဖျာအပြင်၌ ဦးခေါင်းခြုံ၍ စက်တော်မူသော ဘုရားလောင်းကိုမြင်လေသော်၊ အမတ်တို့ကို "အချင်းတို့။ ကျောက်ဖျာထက်၌ တစ်ယောက်သောသူ အိပ်၍နေသည် မြင်၏။ ထီးဖြူ၏ကျက်သရေကို ဆောင်နိုင်သောဘုန်း ထိုသူ၌ ရှိမည်,မရှိမည်ကို သိအောင်ပြုကုန်အံ့။ အကယ်၍ ဘုန်းရှိသူမှန်မူ ငါတို့လှုပ်ခြောက်သော်လည်း မတုန်လှုပ်သဖြင့် ဖွင့်၍မျှ မကြည့်ရာခဲ့။ ဘုန်းမဲ့သူဖြစ်လျှင် အလန့်တကြားထ၍ ကြည့်လတ္တံ့။ ယခုပင် ထက်စည်, မြောက်စည်, မုရိုးစည် စသည့်တီးမှုတ်မျိုးတို့ကို တစ်ပြိုင်နက် တီးမှုတ်စေ"ဟု ဆို၏။

ထိုအခါ အရာမကသော တီးမှုတ်မျိုးတို့ကို တစ်ပြိုင်နက်တီးမှုတ်ကြသဖြင့် မဟာသမုဒ္ဒရာ၌ ဗလဝါမုခဲ[၁၃၄] လှုံ၍ကျသောအသံကဲ့သို့ ဥယျာဉ်အလုံး ထိန့်ထိန့်ရှင်မျှ[၁၃၅] ရှိလေ၏။

ဘုရားလောင်းသည် ထိုတီးမှုတ်သံဖြင့် နိုးလေသော် ဦးခေါင်းခြုံကို စဉ်းငယ်ဖွင့်လှစ်ကာကြည့်၍ များစွာသော ဗိုလ်ထုဗိုလ်ခြေကိုမြင်လျှင် 'ငါ့အား ထီးဖြူအပ်နှင်းမည်အကြံနှင့် ထိုသူတို့လာကြသည် ဖြစ်ရာ၏'ဟုကြံလျက်၊ တစ်ဖန် ဦးခေါင်းခြုံမြဲတိုင်းခြုံပြီးမှ တစ်ဘက်သို့ပြောင်းလဲ၍ လက်ဝဲနံတောင်းဖြင့် လျောင်းစက်ပြန်လေ၏။

ပုရောဟိတ်ပုဏ္ဏားသည် ဘုရားလောင်း၏အနီးသို့ချဉ်းကပ်၍ ခြေရင်း၌ထိုင်လျက် ခြေကိုလှစ်ကာကြည့်လေသော် ယောကျ်ားမြတ်တို့၏လက္ခဏာကောင်းတို့ကိုမြင်လျှင် 'ဤယောကျ်ားမြတ်ကား ဇမ္ဗူဒိပ်ကျွန်းကိုထားဘိဦး။ ကျွန်းငယ် ၂၀၀၀ နှင့်တကွ ၄ ကျွန်းလုံးကိုပင်လည်း သိမ်းယူ၍ မင်းပြုမည်ဆိုသော် မင်းပြုထိုက်သောဘုန်းလက္ခဏာရှိ၏'ဟု သိ၍ ဝမ်းသာမျိုးမကဝမ်းသာသဖြင့် တစ်ဖန် အတီးအမှုတ်တို့ကို ချီးပင့်ဆင့်လောင်း၍ သောင်းသောင်းညံမျှ တီးမှုတ်စေပြန်၏။

ထိုအခါ ဘုရားလောင်းသည် မျက်နှာတော်ကိုဖွင့်၍ လက်ဝဲနံတောင်းမှပြောင်းပြီးလျှင် လက်ယာနံတောင်းဖြင့်လျောင်းလျက် ပရိသတ်တို့ကို ကြည့်တော်မူ၏။ ထိုအခါ ပုရောဟိတ်သည် ပရိသတ်တို့ကိုစုရုံးပြီးသော် အမှူး,အမတ်တို့နှင့်တကွ အညီအညွတ်လက်အုပ်ချီ၍ မျက်နှာအောက်ချလျက်

"အရှင်မင်းကြီး။ ထတော်မူပါလော့။ ဤပြည်စည်းစိမ်သည် အရှင့်ရွှေလက်တော်သို့ ရောက်၏"ဟု လျှောက်ထားကြလျှင်၊ ဘုရားလောင်း မဟာဇနကမင်းသားသည်–

"အချင်းတို့။ သင်တို့ ပြည့်ရှင်မင်းကား အဘယ်မှာရှိသနည်း"ဟု မေးတော်မူ၏။ ပုရောဟိတ်လည်း

"အရှင်မင်းမြတ်။ အကျွန်ုပ်တို့အရှင်မင်းကြီး နတ်ပြည်စံတော်မူသည် ယခု ၇ ရက်ကျော်ရှိပြီ"ဟု လျှောက်လျှင်၊ "အချင်းတို့။ ယင်းသို့တပြီးကား သင်တို့မင်းကြီးတွင် သားတော်, ညီတော် တစ်စုံတစ်ယောက် ထီးနန်းဆက်ခံမည့်သူ မရှိလော"ဟု မေး၏။ ပုရောဟိတ်လည်း

"အရှင်မင်းမြတ်။ ညီတော်, သားတော် တစ်စုံတစ်ယောက်မျှ ထီးနန်းဆက်ခံမည့်သူ မရှိပါ။ သမီးတော်တစ်ယောက်သာ ရှိရစ်ပါသည်"ဟု လျှောက်လေသော်၊ "အချင်းတို့။ ထိုသို့ တပြီးကား ကောင်းပြီ"ဟု ဝန်ခံတော်မူလျက် လျောင်းစက်တော်မူရာမှထ၍ မင်္ဂလာကျောက်ဖျာအပြင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေ၏။

ထိုအခါ အမတ်, ပုရောဟိတ်တို့သည် "ဤမင်းမြတ်ကား ဖုဿရထားဖြင့် ရအပ်သည်ဖြစ်၍ ငါတို့မင်းကြီးမှာတော်မူခဲ့သည့် အင်္ဂါ ၄ ပါးနှင့်လည်း ညီညွတ်တော်မူရာ၏။ အတိုင်းမသိသော ဘုန်း, လက္ခဏာ[၁၃၆], အာဏာသတင်းနှင့်လည်း ပြည့်စုံရာ၏"ဟု နှစ်လိုဝမ်းမြောက်ကြသဖြင့် ထိုဥယျာဉ် မင်္ဂလာကျောက်ဖျာအပြင်၌ပင်လျှင် မင်းမြောက်တန်ဆာ ၅ ပါးနှင့်တကွ ဘုရားလောင်းကို မင်း၏အဖြစ်ဖြင့် အဘိသိက်သွန်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဟာဇနကမင်းကြီးသည် ပြည်စည်းစိမ်ကို သိမ်းခံတော်မူပြီးလျှင် မင်္ဂလာရှိသောမြင်းရထားထက်သို့ တက်စီးတော်မူလျက် အတိုင်းမသိသော မင်း၏ကျက်သရေဖြင့် တင့်တယ်စွာ မှူးမတ်, ဗိုလ်ခြေအပေါင်းခြံရံ၍ မြို့သို့ ဝင်တော်မူပြီးလျှင် နန်းတော်အရှေ့စမုခ်ဝမှ တက်တော်မူသဖြင့် အထက်က စစ်သူကြီး စသောသူ ၅ ယောက်တို့ကို စုံစမ်းရာဖြစ်သောလျောင်းတော်ဦး၌ စစ်သူကြီး အစရှိသောသူတို့အား ရှေး မိမိတို့ ရာထူးဌာနန္တရအတိုင်း စီမံခန့်ထားပြီး၍ မင်း၏ကျက်သရေဖြင့် နေတော်မူ၏။

သီလဝိဒေဝီမင်းသမီးလည်း စစ်သူကြီး စသောသူတို့မှာကဲ့သို့ပင် ဘုရားလောင်းကို စုံစမ်းအံ့သောငှာ မင်းချင်းတစ်ယောက်ကိုခေါ်၍ "အမောင်။ သင်သည် မင်းကြီးဆီသို့ ယခုသွား၍ ဤပြည်ကြီးရှင်သမီးတော် သီဝလိဒေဝီမင်းသမီးက အရှင်မင်းကို ခေါ်တော်မူသည်။ ယခုပင် အဆောတလျင် မင်းသမီးထံ ကြွတော်မူပါဟု လျှောက်ချေ"စေလိုက်၏။

ထိုမင်းချင်းလည်း မင်းသမီးဆိုတိုင်း ဘုရားလောင်းထံသွား၍ လျှောက်လေ၏။ ဘုရားလောင်းလည်း အတုမရှိသောပညာ, အတုမရှိသောအလိမ္မာနှင့် ပြည့်စုံတော်မူခြင်းကြောင့် ထိုမင်းသမီးကခေါ်ကြောင်း စကားကိုကြားလျှင် 'ဤမင်းသမီးကား မလိမ္မာသူကို အလိုစမ်းသကဲ့သို့ ငါသို့သောသူကိုပင် ကလူကစားဘိ၏[၁၁၅]' ဟုကြံလျက်၊ ထိုမင်းချင်း၏စကားကိုသော်လည်း မကြားယောင်ကဲ့သို့ ငုံ့စောင်း၍မျှမကြည့်။ ပမာဏမပြုဘဲ[၁၁၆] တစ်ပါးသောအမတ်ပုရောဟိတ်တို့နှင့်သာ–

"အချင်းတို့။ ဤနန်းပြာသာဒ်ကို စီရင်ပေးသူကား အလွန်စေ့စပ်ပေ၏။ တစ်ခုမျှ အပြစ်ဆိုစရာ မရှိပေ။ တင့်လည်း တင့်တယ်ပေတောင်း"ဟု နန်းတော်ကိုသာ အထွေထွေအပြားပြားစကားရာ၍ ချီးမွမ်းတော်မူကာသာ နေ၏။ မင်းသမီးကစေလိုက်သော မင်းချင်းလည်း မင်းကြီး မကြားသေးထင်၍ ထိုစကားကို ထပ်ခါထပ်ခါ အဖန်များစွာ လျှောက်ပါသော်လည်း မကြားနိုင်သဖြင့် နားတော်လမ်းမသင့်ကြောင်းကို သိလေလျှင် မင်းသမီးထံသွား၍ "သခင်မ။ မင်းကြီးအား အကြိမ်ကြိမ်အထပ်ထပ် အကျွန်ုပ်လျှောက်ထားပါသော်လည်း ပြာသာဒ်ကိုသာ ချီးမွမ်း၍နေတော်မူခဲ့၏။ သခင်မစကားကိုကား မြက်လောက်မျှမမှတ်ပါ"ဟု လျှောက်ကြားလေ၏။

ထိုစကားကို သီဝလိဒေဝီမင်းသမီး ကြားလျှင် 'ဤမင်းကား။ ယောကျ်ားမြတ်တို့၏ နှလုံးသွင်းခြင်းနှင့် ပြည့်စုံပေ၏'ဟုကြံလျက်၊ တစ်ဖန် ထိုမင်းချင်းကိုပင် "ခေါ်ချေဦး"ဟု စေလိုက်ပြန်၏။

ဤသို့သောနည်းဖြင့် ၃ ကြိမ် တိုင်အောင်စေ၍၊ မလာလတ်သော် 'ဤမင်းကား။ အလွန်ဘုန်းရှိသော ယောကျ်ားပေတည်း။ ငါငင်၍ သူမယိမ်း, သူသိမ်းမှ ငါ ပါရချေတော့မည်တကား'ဟု အယူရှိလေ၏။

ဘုရားလောင်း မဟာဇနကမင်းသည် မှူးမတ်,ပရိသတ် တို့နှင့် စကားပြောဟော၍ ငြီးငွေ့တော်မူသော အခါမှ အလိုတော်အလျောက် ပြကတေ့သောသွားခြင်းဖြင့် ရွှေဂူဝသို့ဝင်လာသော ခြင်္သေ့မင်းကဲ့သို့ တည်ကြည်ရဲရင့်ခြင်းနှင့်ပြည့်စုံစွာ လျောင်းတော်ဦးမှ မင်းသမီးရှိရာနန်းမဆောင်သို့ တက်ကြွတော်မူလေ၏။

ထိုအခါ ဘုရားအလောင်း၏ဘုန်းအလျှံတော်မိုက်နှင့် ကြုံသည်ဖြစ်၍ သီဝလိဒေဝီမင်းသမီးသည် ဘုရားလောင်းလာအံ့သည်ကိုသာ မျှော်လင့်လျက်နေစဉ် လစက်ဝန်းကဲ့သို့ ရွှန်းရွှန်းကြည်လင် သန့်စင်သောကျက်သရေ အပေါင်းဖြင့် တင့်တယ်စွာလာလတ်သော ဘုရားလောင်းကိုမြင်လျှင် ဣန္ဒြေကြီးစွာသောမိန်းမဖြစ်လျက် မိမိကိုယ်အဖြစ်ဖြင့် မတည်နိုင်သည်ဖြစ်၍ နေရာမှလျင်စွာထပြီးလျှင် နန်းမဆောင်တံခါးဝသို့သွား၍ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လောင်း၏နံပါးမှ မိုတွဲအုံသကဲ့သို့ ပျောင်းနွဲ့သောအမူအရာဖြင့် မိမိလက်ကို ဘုရားလောင်းလက်ပါးသို့ ညွတ်ယိမ်းလိုက်လေ၏။

ဘုရားလောင်းသည် သီဝလိဒေဝီ မင်းသမီး လက်တော်ဖြင့်ဆွဲလျက် နန်းမဆောင်သို့တက်တော်မူပြီးလျှင် ကြငှန်းထီးဖြူ စိုက်ထူဖြန့်မိုးအပ်သော ရာဇပလ္လင်[၁၁၉] ပေါ်၌ အတူယှဉ်ပြိုင် ထိုင်နေတော်မူလေ၏။ မှူးမတ်အပေါင်းတို့လည်း ရာဇပလ္လင်ရှေ့ဝန်းကျင်၌ အောက်သို့မျက်နှာချကုန်လျက် လက်အုပ်ကြာမှုံ[၁၂၀] ပြု၍ ကျိုးနွံခစား[၁၂၁] ကြလေ၏။

## ၁၀။ ပုစ္ဆာဖြေခန်း

ထိုအခါ မဟာဇနကမင်းကြီးသည် အမတ်တို့ကို "အချင်းတို့။ သင်တို့မင်းကြီး ဆုံးမထားခဲ့သော အရာ တစ်စုံတစ်ခုမျှ မရှိလော။ အဘယ်စကားများကို မှာထားခဲ့သနည်း"ဟု မေးတော်မူ၏။

အမတ်ကြီးတို့လည်း "ဘုန်းတော်ကြီးလှသော အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင် မှာထားခဲ့သည်မှာ 'သမီးတော်၏ဂုဏ်ကျက်သရေ အထူးအမြတ်ကို သိတော်မူသည်နှင့်အညီ ဥပေါသထဆင်[၁၂၂] သည် စကြာရမည့် သူမှန်မှ ညွတ်လတ္တံ့ဟူသကဲ့သို့ နှလုံးထား၍ ငါ့သမီးတော်နှစ်သက်လျှင် မည်သူကိုမဆို ထီးနန်းနှင်းလေ'ဟူ၍ သာမညမှာ ထားခဲ့ပါသည်။ ယခု အရှင့်သမီးတော်သည် အရှင်မင်းကြီးမသိမ်းမီကပင် ယိမ်းညွတ်၍ ရွှေလက် ရောက်ပြီးဖြစ်သောကြောင့် ထိုအမှာတော်၌ဆောင်ရွက်ရန် ကိစ္စပြီးပါတော့သည်"ဟု လျှောက်ထားကြကုန်၏။

မဟာဇနကမင်းကြီးသည် တစ်ဖန် "အချင်းတို့။ ဤအမှုမှာ ပြီးစေတော့။ ဤမှတစ်ပါး မှာထားခဲ့သော အရာ ရှိသေးသလော"ဟု မေးတော်မူပြန်၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ တစ်ပါး မှာထားတော်မူခဲ့သည်မှာလည်း 'သမီးတော် နှစ်သက်သူ မှန်လျှင် မစွမ်းနိုင် မရှိရာ'ဟု နှလုံးထား၍ ယခု 'ကိုယ်တော်စံပယ်တော်မူသည့် ရာဇပလ္လင်၌ ဦးထားရာကို သိသည်လည်း ဖြစ်စေ'ဟု မှာထားတော်မူခဲ့ပါသည်"ဟု လျှောက်ထားကြပြန်၏။

ထိုအခါ မဟာဇနကမင်းကြီးသည် 'ဤအရာကား မြင်ကာမျှနှင့် သိနိုင်ခဲသောအရာ ဖြစ်ချေသည်။ ပရိယာယ်ဖြင့် သိအောင်ပြုအံ့'ဟု ကြံလျက်၊ မင်းသမီးဆီမှာလည်း တစ်ဘက် စကားပြောဟန်ပြု၍ ရွှေဥသျှောင်ကျင်[၁၂၃] ကို ချွတ်တော်မူပြီးလျှင် 'ထားလိုက်'ဟု မင်းသမီးအားပေးတော်မူ၏။ မင်းသမီးလည်း ဥသျှောင်ကျင်ကို လက်ဖြင့် မ,၍နေခြင်းငှာလည်း မသင့်၊ ရင်ခွင်၌ထားခြင်းငှာလည်း မထိုက်၊ တစ်ပါးမှာ ထားရမည်မှာလည်း မလျောက်ပတ်သဖြင့် ပလ္လင်ဦးခေါင်းရင်း၌ ထားလေ၏။

ဘုရားလောင်းသည် ဥသျှောင်ကျင်ကိုထား၍ တစ်ခဏခန့်ကြာမှ အမတ်တို့စကားကို သတိမမူ၍ မမှတ်မိယောင်ပြုလျက် "အချင်းတို့။ ယခင် လျှောက်ကြသည့်စကားမှာ အဘယ်သို့ ဆိုသနည်း"ဟု မေးတော်မူပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အမတ်တို့လည်း ထပ်၍ ထိုစကားကိုလျှောက်ပြန်လျှင် "အချင်းတို့။ ဤအရာသည် အံ့ဖွယ်သရဲ သိနိုင်ခဲသော အရာပေတကား။ ငါ့မှာမူ ထီးနန်းကို ဆက်ခံထိုက်သောသူဖြစ်၍ သင်တို့ ယခုပြောသောစကားကို ကြားကာမျှနှင့်ပင် အသင့်ကြံပြီး၍ အမှန်ငါသိပြီ။ ဤသည်လျှင် ဤပလ္လင်၌ ဦးခေါင်းရင်း ဖြစ်သည်"ဟု ရွှေဥသျှောင်ကျင်ထားရာကို ညွှန်ပြတော်မူလေ၏။

ထို့နောက် တစ်ဖန် "အချင်းတို့။ ဤမှတစ်ပါး ရှိသေးလျှင် လျှောက်ကြဦးလော့"ဟု မေးတော်မူပြန်၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ လူဗိုလ်ခြေ ၁၀၀၀ အားညီမှ တင်နိုင်,ချနိုင်သော လေးကြီးသည်လည်း ဤနန်းတော်တွင် ရှိပါသည်။ ထိုလေးကို 'တစ်ယောက်အားနှင့် တင်နိုင်,ချနိုင်သောသူဖြစ်မှ ထီးနန်းနှင်းလေ'ဟူ၍လည်း မှာခဲ့ပါသည်"ဟု လျှောက်ထားကြပြန်၏။

မဟာဇနကမင်းကြီးလည်း "အချင်းတို့။ ယင်းသို့တပြီးကား ယခုပင် ငါ တင်တော်မူမည်။ ထိုလေးကို ဆောင်ချေ"ဟုစေ၍ ဆောင်စေပြီးလျှင်–

ရာဇပလ္လင်ပေါ်၌ နေမြဲတိုင်းသော ပြကတေ့ကိုယ်တော်ဖြင့် ကိုင်စွဲတော်မူလျက် မိန်းမတို့ ဝါဖတ်သော ဝါပစ်လေးကိုကဲ့သို့ လေးညှို့ကိုဆွဲငင်ကာ တင်တုံချတုံကိုပြု၍ "ရှုကြလော့"ဟု ဆိုတော်မူပြီးလျှင်၊ ထင်ရှားအံ့သြကြသောအခါ၌ ထိုလေးကို လွှတ်ရာထားပြီးသော် "အချင်းတို့။ ဤမှတစ်ပါး ရှိသေးလျှင် ဆိုဦးလော့"ဟု မေးတော်မူပြန်၏။

အမတ်တို့လည်း "ဤမှတစ်ပါး '၁၆ လုံးသောရွှေအိုးကြီးတို့ကို ဖော်ထုတ်နိုင်သူဖြစ်မှ ထီးနန်းနှင်းလေ'မှာထားခဲ့ပါသည်"ဟု လျှောက်ကြ၏။

ဘုရားလောင်းလည်း "အချင်းတို့။ ရွှေအိုးကြီးတို့၏ထားရာကို အမြွက်မျှ မှာထားခဲ့သောအရာ မရှိလော"ဟု မေးတော်မူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ အမြွက်မျှ မှာထားခဲ့သောအရာ ရှိပါ၏"ဟုလျှောက်လျှင်–

"ထိုအမြွက်စကားကို ဆိုလော့"ဟု မိန့်တော်မူပြန်၏။

ထိုအခါ အမတ်တို့လည်း အထက်က ပေါလဇနကမင်း မှာခဲ့သည့်အတိုင်း 'သူရိယုဂ္ဂမနေ နိဓိ'အစရှိသော ၃ ဂါထာတို့ဖြင့် လျှောက်ထားကြကုန်၏။

ထိုစကားကို ဘုရားလောင်းကြားလျှင် အညစ်အကြေးစင်သောကောင်းကင်ပြင်၌ လစက်ဝန်းကိုမြင်သကဲ့သို့ ထို ၁၆ ဌာနသော အမြွက်စကား၏အနက်ကို ထင်ရှားစွာ သိမြင်တော်မူလေ၏။

ထိုအခါ မဟာဇနကမင်းကြီးသည် "အချင်းတို့။ ယနေ့ကား အခါမရှိပြီဖြစ်၍ ထိုရွှေအိုးကြီးတို့ကို ထုတ်ဖော်မိတော့မည် မဟုတ်။ နက်ဖြန်နံနက်မှ ရွှေအိုးကြီး ၁၆ လုံးတို့ကို ထုတ်ဖော်ကြကုန်အံ့"ဟု ဆိုတော်မူလျှင်– အမတ်တို့လည်း "ကောင်းပါပြီ"ဟု ဝန်ခံကြ၏။

ဘုရားလောင်းသည် ထိုနေ့၌ အမတ်တို့နှင့် အဖြစ်အပျက်အလုံးစုံ အကျိုးအကြောင်းစကားကို ပြောဟောတော်မူပြီးလျှင် မှူးမတ်ပရိသတ် အိပ်ဖန်[၃၂၆] ဝန်းကျင်တို့ဖြင့် စောင့်ရှောက်အပ်သော ရွှေနန်းစည်းစိမ်၌ မင်းသမီးနှင့်အတူတကွ ညဉ့် ၃ ယံ[၃၂၇] ပတ်လုံး စံပယ်တော်မူပြီးမှ နံနက်မိုးသောက်သောအခါ မှူးမတ်တို့ အညီအညွှတ် မင်းကြီးထံ ခစားလာကြကုန်၏။



www.burmeseclassic.com

ထိုအခါ မဟာဇနကမင်းကြီးသည် အမတ်တို့ကို ဤသို့မေးတော်မူ၏။

"အချင်းတို့။ သင်တို့မင်းကြီးသည် အရှင်ပစ္စေကဗုဒ္ဓါ[၁၄၆] တို့အား နေ့တိုင်းမပြတ် နန်းတော်မှာ ဆွမ်းလုပ်ကျွေးသည် မဟုတ်လော"ဟု မေးတော်မူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ မပြတ်ပင် ဆွမ်းလုပ်ကျွေးပါသည်"ဟု လျှောက်ထားကြလျှင်၊ ဘုရားလောင်းသည် ဤသို့ကြံ၏။

'နေဟူသည်ကား အခြားမဟုတ်။ ဘုရားဟူသည်လည်း နေမင်းနှင့်တူသည်ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါတို့ကို 'နေ'ဟူ၍ ဆိုသည်။ ထိုအရှင်ပစ္စေကဗုဒ္ဓါတို့ ကြွလာတော်မူသောအခါ မင်းကြီး ထ၍ ခရီးဦးကြိုဆိုရာအရပ်သည် နေထွက်ရာ ဖြစ်တော့သည်။ ထိုအရပ်၌ ရွှေအိုးတစ်လုံး မြှုပ်ထားသည် ဖြစ်ရာ၏'ဟု ကြံတော်မူပြီးလျှင်၊ "အချင်းတို့။ ထို အရှင်ပစ္စေကဗုဒ္ဓါတို့ နန်းတော်သို့ကြွလာတော်မူသောအခါ သင်တို့မင်းကြီးသည် အဘယ်အရပ်တိုင်အောင်သွား၍ ခရီးဦးကြိုဆိုသနည်း"ဟု မေးတော်မူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ဤအရပ်တိုင်အောင် ခရီးဦးကြိုဆိုပါသည်"ဟု လျှောက်ထားကြလျှင်-

"အချင်းတို့။ ဤအရပ်သည်လျှင် နေထွက်ရာဖြစ်တော့သည်။ ထိုအရပ်၌ ရွှေအိုးကြီး ၁ လုံးရှိ၏။ တူးလော့"ဟုဆို၍ တူးဖော်စေ၏။ ထို့နောင် "အချင်းတို့။ အရှင်ပစ္စေကဗုဒ္ဓါတို့သည် နန်းတော်မှ ဆွမ်းစားပြီး၍ ကြွတော်မူသောအခါ အဘယ်အရပ်တိုင်အောင် မင်းကြီး လိုက်ပို့သနည်း"ဟု မေးတော်မူ၏။

"ဤအရပ်တိုင်အောင် မင်းကြီး ပို့လိုက်ပါသည်"ဟု အမတ်တို့လျှောက်လျှင်-

"အချင်းတို့။ နေဝင်ရာဟူသည်ကား ဤအရပ်တည်း။ ထိုအရပ်၌ ရွှေအိုးကြီး ၁ လုံးရှိ၏။ တူးလော့" ဟုဆို၍ တူးဖော်စေ၏။

ထိုအခါ အမတ်တို့သည် "ငါတို့ကား နေထွက်ရာ, နေဝင်ရာဆိုသည် အကယ် နေမင်းစင်စစ်မှတ်၍ အသို့လျှင် ဥဒည်တောင်[၁၄၇], အတ္တဂ်မတောင်[၁၄၈]မှာ တူးနိုင်ပါအံ့နည်း'ဟု မအပ်သောအရာများကိုပင် ကြံမိလေသည်။ ငါတို့ကဲ့သို့ အယူပေါ့လျှသူသာ ဖြစ်ချေလျှင် အရှေ့မျက်နှာ, အနောက်မျက်နှာ အရပ်တို့၌ ရွှေအိုးကိုရှာသည်နှင့် မြေအပြင် အကောင်းမရနိုင်အောင်ပင် ရှိရာချေ၏။ ဘုန်းပညာကြီးတော်မူလှသော အရှင်ဖြစ်၍သာလျှင် အလျှို့ အဝှက် အမြွက်စကားကို ကြားရုံမျှနှင့် အလွယ်တကူ သူတစ်ပါးမပင်ပန်းရ ခဏချင်း ထုတ်ဖော်ယူနိုင်ပေသည်ကား အံ့ဩပြောပ၍ မကုန်နိုင်ရာ"ဟု အထောင်မကသော ကောင်းချီးပေးခြင်းဖြင့် ကြွေးကြော်ကြကုန်၏။

ထို့နောင် ဘုရားလောင်းသည် အမတ်တို့ကို "အချင်းတို့။ အတွင်း၌ ၁ လုံး၊ အပြင်၌ ၁ လုံး၊ အတွင်း, အပြင်မဟုတ်သည်၌ ၁ လုံး ဆိုသည်မှာ အခြားမဟုတ်။ ဤနန်းတော် အရှေ့တံခါးမ၌ တံခါးခုံတွင်းကလည်း ၁ လုံး, တံခါးခုံပြင်နားကလည်း ၁ လုံး, တံခါးခုံအောက်ကလည်း ၁ လုံး၊ ရွှေအိုး ရှိသည်။ ယခုပင် ဖော်ချေ" ဟုဆို၍ ထိုရွှေအိုး ၃ လုံးတို့ကိုလည်း ဖော်ထုတ်စေ၏။

ထို့နောင် "အချင်းတို့။ မင်းကြီးလည်း မင်္ဂလာဆင်တော်ကိုစီးသောအခါ အဘယ်အရပ်၌ ဆင်တက် လှေကား ထားသနည်း။ ဆင်ထက်မှ ဆင်းသောအခါ အဘယ်အရပ်၌ လှေကား ထားသနည်း"ဟု မေးတော်မူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ဤအရပ်၌ ဆင်တက်လှေကားထား၍ ဆင်ထက်သို့ တက်တော်မူပါသည်။ ဤအရပ်၌ လှေကားထား၍ ဆင်ပေါ်မှ ဆင်းသက်တော်မူပါသည်"ဟု လျှောက်ထားကြကုန်၏။

ဘုရားလောင်းသည် ထိုစကားကိုကြားလျှင် "အချင်းတို့။ တက်ရာ၌ ၁ လုံး, သက်ရာ၌ ၁ လုံး ဆိုသည်မှာ အခြား တက်ရာ, သက်ရာ မဟုတ်။ ဤ ဆင်တော်၌ တက်ရာ, သက်ရာပင် ဖြစ်သည်။ ထို ၂ ရပ်၌ ၁ လုံးစီ ရွှေအိုးရှိသည်။ တူးလေ"ဟုဆို၍ ထိုရွှေအိုး ၂ လုံးတို့ကိုလည်း တူးဖော်စေ၏။

www.burmeseclassic.com



ထို့နောင် "အချင်းတို့။ အင်ကြင်းပင်ကြီး ၄ ပင်တို့၌ ၁ လုံးစီ ဆိုသည်မှာ အခြားမဟုတ်။ ဤနန်းတော်ရှေ့ အမတ်တို့စည်းဝေးရာမြေပြင်၌ မင်းကြီး လျှောင်းစက်စံပယ်ရန်အလို့ငှာ နန်းမြင့်စီရင်အပ်သော ပြောင်စောင်းတော်၏ အခြေ ၄ ချောင်းသည် အင်ကြင်းသား မဟုတ်လော။ ထိုပြောင်စောင်း ခြေ ၄ ချောင်းတို့၏အောက်၌ ရွှေအိုး ၁ လုံးစီ ရှိသည်။ ဖော်ထုတ်လေ"ဟု ဆို၍ ဖော်ထုတ်စေ၏။

ထို့နောင် "အချင်းတို့။ ၈ ရပ်ဝန်းကျင် တစ်ယူဇနာထက်၌ ရွှေအိုးရှိသည်ဆိုရာမှာ ဤအရာ၌ ၄ ဂါဝုတ်ဖြင့် နှိုင်းယှဉ်အပ်သောခရီးတာကို ယူဇနာ ဆိုသည် မဟုတ်။ မြင်း ၄ စီးဖြင့် ကအပ်သော ရထားထမ်းပိုးနှင့် နှိုင်းယှဉ်အပ်သော ခရီးတာကို ယူဇနာ ဆိုသည် ဖြစ်မည်။ မင်းကြီးစက်တော်မူရာ ကျက်သရေတိုက်မှ ပတ်ဝန်းကျင် ရထားထမ်းပိုး တစ်ပြန်ခြားရာ ၈ မျက်နှာအရပ်တို့၌ ရွှေအိုး ၁ လုံးစီ ရှိသည်။ ထိုရွှေအိုး ၈ လုံးတို့ကို ဖော်ထုတ်လေ" ဟုဆို၍ ဖော်ထုတ်စေ၏။ [ဤ၌ ရွှေအိုး ၈ လုံးပင်ဖြစ်သော်လည်း ဌာနအားဖြင့် ၁ ခုသာ ယူရမည်။]

ထို့နောင် "အချင်းတို့။ အစွယ်များတို့၌ ရွှေအိုးရှိသည်ဆိုရာမှာ အခြားမဟုတ်။ မင်္ဂလာဆင်ထားရာ တင်းကုပ်မှာ ဆင်မျက်နှာမူမြဲသောအရပ်တွင် ဆင်စွယ် ၂ ချောင်းတို့၏အောက်၌ ရွှေအိုး ၁ လုံးစီ ရှိသည်။ ထိုရွှေအိုး ၂ လုံးကိုလည်း ဖော်ထုတ်ချေ"ဟုဆို၍ ဖော်ထုတ်စေ၏။ [ဤ၌လည်း ဌာနအားဖြင့် ၁ လုံးသာယူ။]

ထို့နောင် "အချင်းတို့။ အမြီးဖျား၌ ၁ လုံး ဆိုသည်မှာလည်း ၎င်းဆင်တော်ထားရာ တင်းကုပ်တွင် ဆင်တော်အမြီးနေရာအောက်၌ ရွှေအိုး ၁ လုံး ရှိသည်။ တူးချေ"ဟုဆို၍ တူးဖော်စေ၏။

ထို့နောင် "အချင်းတို့။ ရေထဲ၌ ၁ လုံးဆိုရာမှာ တစ်ပါးရေထဲမှာ မဟုတ်။ မင်္ဂလာရေကန်တော် အလယ်တွင် ရှိသည်။ သင်တို့မြင်လိုလျှင် ကန်တော်မှရေကို မြွန်ဝဖြင့် အစဉ်ထုတ်"ဟုဆို၍ ကန်ရေကို ထုတ်စေပြီးလျှင်၊ "ကန်အလယ်၌ ရွှေအိုးကို ရှုကြလော့"ဟု ပြတော်မူ၏။

ထို့နောင် "အချင်းတို့။ သစ်ပင်များဆိုသည်ကား တစ်ပါးမဟုတ်။ ဉယျာဉ်တွင် မင်္ဂလာပြုရာဖြစ်သော အင်ကြင်းပင်ကြီး၌ နွယ်တာလရာသီ^၁၈ ဝယ် နေမွန်းတည့်သောအခါ ပင်စည်ဝန်းကျင် ပတ်၍နေသောအရိပ်သည် သစ်ပင်ဖျား ဖြစ်တော့သည်။ ထိုအင်ကြင်းပင်ကြီး ပတ်ဝန်းကျင် အရပ် ၈ မျက်နှာ အရိပ်ဖျားကျရာ၌ ရွှေအိုးကြီး ၈ လုံး ရှိသည်။ ဖော်ထုတ်ချေ"ဟုဆို၍ ဖော်ထုတ်စေ၏။

ဤသို့ ရွှေအိုးကြီး ၁၆ လုံးတို့ကို ဖော်ထုတ်စေပြီးလျှင် မဟာဇနကမင်းကြီးသည် အမတ်တို့ကို–

"အချင်းတို့။ ဤမှတစ်ပါး သင်တို့မင်းကြီးမှာခဲ့သောအရာရှိလျှင် လျှောက်ထားဦး"ဟု ဆိုတော်မူ၏။ အမတ်တို့လည်း "အရှင်မင်းကြီး။ ဤမှတစ်ပါး မှာထားခဲ့သောအရာ မရှိပြီ"ဟု လျှောက်ထားကြကုန်၏။

[ဤအရာ၌ ရွှေအိုးကြီး ၁၆ လုံးဆိုသော်လည်း ဌာနအားဖြင့် ၁၆ ဌာနကို ရည်၍သာဆိုသည်။ ရွှေအိုးကား ၁၆ လုံးမက။

[အရှင်ပစ္စေကဗုဒ္ဓါတို့ကို မင်းကြီးကြိုဆိုရာ၌ ၁ လုံး, ပို့လိုက်၍ မင်းကြီးပြန်လည်ရာ၌ ၁ လုံး, နန်းတော်တံခါးခုံတွင်း၌ ၁ လုံး, တံခါးခုံပြင်နား၌ ၁ လုံး, တံခါးခုံအောက်၌ ၁ လုံး, ဆင်တော်သို့တက်ရာ၌ ၁ လုံး, ဆင်တော်မှဆင်းသက်ရာ၌ ၁ လုံး, အင်ကြင်းသား ပြောင်စောင်းခြေ ၄ ခုအောက်၌ ၁ လုံးစီ, (ဤကား ဌာနလည်း ၁၁ ဌာန, ရွှေအိုးလည်း ၁၁ လုံး), ကျက်သရေတိုက် ၈ ရပ်ဝန်းကျင် ရထားထမ်းပိုး တစ်ပြန်ခြားရာ၌ ရွှေအိုးကြီး ၈ လုံး (ဌာနကား သမန္တာယောဇန တစ်ပါးသာ။), ဆင်တင်းကုပ်၌ ဆင်တော်အစွယ်



www.burmeseclassic.com

www.burmeseclassic.com



၂ ချောင်းအောက်ဝယ် ရွှေအိုးကြီး ၂ လုံး (ဌာနအားဖြင့် ဒန္တဂ္ဂေသု တစ်ပါးသာ။), ဆင်တော်အမြီးထားရာ၌ ၁ လုံး, ရေကန်ထဲ၌ ၁ လုံး, (ဤ၌ကား ဌာနနှင့် ဌာနီ ညီ၏။), ဥယျာဉ်၌ အင်ကြင်းပင်ကြီး ၈ ရပ် ဝန်းကျင် မွန်းတည့်အရိပ်ဖျားကျရာ၌ ၈ လုံး (ဌာနအားဖြင့် ရုက္ခဂ္ဂေသု တစ်ပါးသာ။)။ ဤသို့ ဌာနအားဖြင့်ပေါင်းသော် ၁၆ လုံး, အိုးလုံးရေအားဖြင့်ပေါင်းသော် ၃၁ လုံး ရွှေအိုးရှိသည်ဟု သိအပ်၏။ ။ဤကား စကားချပ်တည်း။]

ထိုအခါ မှူးမတ်, ပုရောဟိတ်မှစ၍ ပြည်သားပြည်သူအပေါင်းတို့သည် ဤသို့သော ဘုရားလောင်း၏ အာဏာ, လက်ရုံး, ဘုန်းအင်, တေဇာ, ပညာတော်အစွမ်းကို မြင်ရပြန်သဖြင့် အံ့သြ၍မပြီး ကောင်းချီးပွဲတင်ထပ်မျှ နှစ်သိမ့်ဝမ်းမြောက်ခြင်း ရှိကြကုန်လျက် ငှက်ပျောပင်, ကြံပင်, တံခွန်, ကုက္ကား, မုလေးပွား[၁၃၀] စသည်တို့ဖြင့် တန်ဆာဆင်ပြီးသော မင်းလမ်းမတို့၌ ရပ်စုရပ်ကွက်အသီးအသီး ပွဲကြီးသဘင် ခံကြကုန်၏။ နန်းတော်ပတ်လည် ဝန်းကျင်တို့၌လည်း ကော်ဇော, ခင်းနီးပြောက် အစရှိသော အထူးထူးအပြားပြား များမြတ်ဆန်းကြယ်စွာ အခင်းတို့ကိုခင်းကုန်လျက် နံ့သာဆိုင်း, ပန်းဆိုင်း စိုက်ဆွဲခြင်း၊ ပေါက်ပေါက်ပန်း ကြဲဖြန့်ခြင်း၊ အစိုး,အထုံ, နံ့သာမှုန့်, နံ့သာပျောင်းတို့ဖြင့် ကျင်းပတည်ထားခြင်း၊ စားဖွယ်, ခဲဖွယ်, သောက်ဖွယ်, အဖျော်ယမကာတို့ကို တည်ထားကျင်းပခြင်းတို့ဖြင့် ချီးမြှောက်ပူဇော်ကြကုန်လျက်၊ မှူးမတ်, ပုရောဟိတ်, သူဌေးသူကြွယ်တို့သည် ရွှေဖလားတတ်နိုင်သူ ရွှေဖလားတို့၌၊ ငွေဖလားတတ်နိုင်သူ ငွေဖလားတို့၌ မွန်မြတ်သောခဲဖွယ်ဘောဇဉ်, စတုမဓု[၁၃၁] တို့ကိုထည့်၍ မင်းကြီးအား လက်ဆောင်တော်အလို့ငှာ တစ်လုံးစီကိုင်စွဲလျက် ဥကင်[၁၃၂] ရာဇပလ္လင်၌ စံပယ်တော်မူသောမင်းကြီးထံ ဆက်သပူဇော်ကြပြီးလျှင်၊ မှူးကြီး, မတ်ကြီး, မှူးလတ်, မတ်လတ်, မှူးငယ်, မတ်ငယ်, မင်းခယောက်ျားတို့မှာလည်း မိမိတို့အားထိုက်သော နေရာကနေ၍ ရှိသေဦးညွှတ်ကာ ခစားကြကုန်၏။

ပုဏ္ဏားပုရောဟိတ်တို့မှာလည်း ထိုက်သောနေရာက တစ်စုတဝေးနေ၍ မင်္ဂလာရှိသော ပန်း, ရေချမ်း, ရေအေး, အမွှေးနံ့သာတို့ဖြင့်စီမံအပ်သော ခရုသင်းတစ်ခုစီကိုင်စွဲလျက် မင်းကြီးထံသို့ပျောင်းညွှတ်ကာ နှုတ်မင်္ဂလာဖြစ်ကြောင်း ကောင်းချီးဘိသိက် သွန်းကြကုန်၏။ သူဌေး, သူကြွယ်, ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲ စသော ပြည်သူပြည်သားတို့လည်း အစုသင့်ရာ တစ်စည်းတဝေးတည်း မိမိတို့အား ထိုက်သောနေရာကနေ၍ ကန်တော့ပွဲလက်ဆောင်နှင့် ပူဇော်ချီးမြှောက်ကြကုန်၏။ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ လိမ္မာလေ့ကျွမ်းကုန်သော သဘင်သည်လုလင်ပျိုတို့သည်လည်း မိမိတို့ထိုက်ရာအရပ်က တစ်စုတဝေးတည်းနေ၍ နား,မျက်စိအာရုံ ကာမဂုဏ်မှု အနုအပျောင်း ကောင်းမြတ်သောကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ချီးမြှောက်ပူဇော်ကြကုန်၏။ မြတ်သောအဆင်းကိုဆောင်ကုန်လျက် အသော်င်းမကသော နန်းတွင်းသူ အပျိုတော်အပေါင်းတို့သည်လည်း သီဝလိဒေဝီမင်းသမီးကို ခြံရံကုန်လျက် မင်းကြီး၏အနီး၌ ဦးညွှတ်ကာ နေကြကုန်၏။ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း၌ လိမ္မာကုန်သော ကချေသည် နန်းတွင်းသူတို့ သည်လည်း သိမ်မွေ့ပျော့ပျောင်း ကောင်းမြတ်သာယာစွာတီးမှုတ်လျက် ပူဇော်ကြကုန်၏။ ထိုသို့ပူဇော် ချီးမြှောက်ကြသောအသံ, တီးမှုတ်ကခုန် ရွှင်မြူးကြသော ပွဲသဘင်အသံဖြင့် ယုဂန္ဓိုရ်[၁၃၃] တောင်ခြေက လေအဟုန်လှုပ်သော သမုဒ္ဒရာအဝှမ်းကဲ့သို့ နန်းတော်အလုံး အုန်းအုန်းသဲသဲ တစ်ခဲနက် ပွဲတင်ထပ်ကုန်၏။

မဟာဇနကမင်းကြီးသည်လည်း ထီးဖြူဖြန့်မိုးအပ်သော ဥကင်ရာဇပလ္လင်ပေါ်၌ မင်း၏ဣန္ဒြေဖြင့် ရဲရင့် တည်ကြည်စွာ ကန်တော့ပူဇော်ခြင်းကိုခံတော်မူ၍ မိထိလာပြည်နှင့်တကွ ထီးနန်းကို သိမ်းပိုက်တော်မူလေ၏။ ဝိဒေဟရာဇ်တိုင်းအတွင်း မြို့ငယ်, ခရိုင်, နိဂုံး, ရွာနေအကြီးအအုပ်ပြုသူတို့နှင့်တကွ တိုင်းသားတိုင်းသူ



www.burmeseclassic.com

အပေါင်းတို့သည်လည်း "ငါတို့ရာဇဓာနီ မိထိလာပြည်ကြီးသည် ကျက်သရေမဆုံးနိုင်သောမြို့ဖြစ်၍ တိထိ ၁၅ လုံးမိုသော လပြည့်နေ့၌ နေမင်းဝင်လျှင် အရှေ့ဥဒည်တောင်က လစက်ဝန်းထွန်းပေါ်လာသကဲ့သို့ ငါတို့အရှင် နတ်ပြည်စံတော်မူလျှင် အရှင့်အရိပ်အရာထီးနန်းသို့ ဆက်ခံမည့်သူ ဘုန်းတန်းရှင်မင်းတရား ပေါ်ထွန်းကြွရောက် တော်မူလာပေ၏။ ထိုအရှင်သည် အခြားမဟုတ်။ ငါတို့အရှင်ဖြစ်သော အရိဋ္ဌဇနကမင်းကြီး၏ သားတော် နန်းညွန့်ပင် ဟူသတတ်။ ယခုအရွယ်တော်လည်း နံနက် ၄ ချက်တီးကျော်[၁၄၄] အချိန်၌ လျှံထိန်တောက်ပသော နေမင်းကဲ့သို့ ပထမအရွယ် နုနယ်ပျိုမျစ် ဘုန်းသစ်သောအချိန်တွင် စည်းစိမ်တော်နှင့်ဆိုင်၍ မအုံနိုင်သောပညာ, ၃ ဖြာသော ဗလ, ရာဇပရိယာယ်, အသွယ်သွယ်သောသတ္တိ, အတုမရှိသော ဘုန်းပညာအလျှံဖြင့် နိုင်ငံလုံး ကျက်သရေ ဖြစ်တော်မူပေ၏။ ထိုမင်းမြတ်ကို ရှုကြည့်ဖူးမြော် ပူဇော်ကြကုန်အံ့"ဟု အသီးအသီး များစွာသော လက်ဆောင်တို့ဖြင့် နေပြည်တော်သို့ ဆက်သပူဇော် ဖူးမြော်လာကြကုန်သဖြင့် မိထိလာပြည်၌ နေရာမြေပြင် မဆံ့နိုင်အောင် အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။

မဟာဇနကမင်းကြီးသည်လည်း သီဝလိဒေဝီမင်းသမီးကို များစွာသော ကိုယ်လုပ်မောင်းမတို့၏အမှူး ဖြစ်သော မိဖုရားကြီးအရာ တောင်ညာနန်းမ၌ထား၍ နန်းလုံးနှင်းလေ၏။

ကာလစမ္မာနကိုရ်ပြည်၌နေသော မယ်တော်ကို လည်းကောင်း, အိမ်ထောင်သမီးသား ပုဏ္ဏေးမနှင့်တကွ ပါမောက္ခဆရာကြီးကို လည်းကောင်း ထိုပြည်မှ မိထိလာပြည်သို့ ခေါ်ဆောင်စေပြီးသော် မယ်တော်အား များစွာသောစည်းစိမ်အခြံအရံနှင့် နန်းအခြားဆောက်၍ ချီးမြှောက်ကိုးကွယ်လျက်ထား၏။ ပါမောက္ခ ဆရာကြီးလည်း ထိုပြည်၌ ပုဏ္ဏားသူကြွယ်စည်းစိမ်ထက် သာလွန်ထူးမြတ် ကြီးမြင့်သောစည်းစိမ်ဖြင့် ဦးရီးတော်အရာနှင့် ကျေးစားမြို့ရွာ ခရိုင်ပေး၍ သင့်ရာချထား ချီးမြှောက်တော်မူ၏။

ထိုအခါ မဟာဇနကမင်းကြီးသည် 'ငါ့ဘိုးတော်, ခမည်းတော်, ဘထွေးတော်တို့ကား မိမိတို့သွားရာ ထက်ကြပ်ပါအောင် ဥစ္စာကိုမဆောင်ယူကြဘဲ ငါ့ကိုဆောင်ယူစိမ့်မည်ဟု စွန့်ထားခဲ့ကြသည်။ ဥစ္စာရပ်လည်း များစွာရှိ၏။ ငါ့ဘထွေးတော်ထားခဲ့သည့် ရွှေအိုးကြီး ၁၆ ဌာနတို့၌ များစွာသောဥစ္စာတို့သည်လည်း ရှိကုန်၏။ ယခု ငါ့လက်ထက်မှ ကန်တော့ပူဇော်ရောက်သည့် ဥစ္စာရပ်တို့လည်း သုံး၍မကုန်နိုင်အောင် ဖြစ်၏။ ထိုဥစ္စာရပ်တို့ကို ထက်ကြပ် ငါသွားတိုင်း ပါအောင်ဆောင်ရွက်အံ့'ဟု ကြံတော်မူလျက်၊ မြို့တံခါး ၄ မျက်နှာ, မြို့လယ် ဤ ၅ ဌာနတို့၌ ကြီးစွာသောအလှူဇရပ် ၅ ဆောင်ဆောက်စေ၍ နေ့တိုင်းမပြတ် ကြီးစွာသောအလှူကို ပေးလှူ စွန့်ကြံတော်မူ၏။

## ၁၁။ ဥဒါန်းကျူးတော်မူခန်း

ဤသို့ ပြည်စည်းစိမ်ကို ခံစားတော်မူရပြီးသော် ဘုရားလောင်းမဟာဇနကမင်းကြီးသည် ထီးဖြူဖြင့် ဖြန့်မိုးအပ်သော ဥကင်ရာဇပလ္လင်၌ များစွာသော မှူးမတ်, ပုရောဟိတ်, ပရိသတ်အပေါင်းခြံရံလျက် မင်း၏ ကျက်သရေဖြင့် တင့်တယ်စံပယ်တော်မူသောအခါ အံ့ဩ၍မပြီးနိုင်သော စည်းစိမ်တော်ကိုရှုကြည့်လျက် မဟာသမုဒ္ဒရာ၌ ဆင်းရဲတော်မူဖူးသည်ကို အောက်မေ့တော်မူ၏။

'ငါသည် မဟာသမုဒ္ဒရာ၌ နစ်မွန်းသောအခါ ၇၀၀ သောသင်္ဘောသားတို့ကဲ့သို့သာ လုံ့လမပြု နေချေအံ့။ ၎င်းအမိကိုလည်း မတွေ့ရ၊ ဤသို့သော စည်းစိမ်ကိုလည်းမရဘဲ ငါး, လိပ်, မကန်းတို့၏ အစာသာ ဖြစ်လေရာ၏။ လုံ့လအားနှောက်ကြောင့် ငါတောင့်တတိုင်း ဤသို့သောစည်းစိမ်ကိုလည်း ရ၏။ အမိကိုလည်း ဖူးမြင်ရ၏။ ထို့ကြောင့် 'လုံ့လ'ဟူသည်ကို အလွန်ပြုအပ်လှ၏တကား'ဟု အဖန်တလဲလဲ အောက်မေ့တော်မူသော ဘုရားလောင်းအား ထိုလုံ့လလျှင် အာရုံရှိသော မဟာကုသိုလ်[၁၄၃] သောမနဿသဟဂုတ်[၁၄၄] ဇော[၁၄၅] စိတ္တုပ္ပါဒ်[၁၄၆] သည် ဘဝင်[၁၄၇] ကိုဖြတ်၍ အထပ်ထပ်ဖြစ်သဖြင့် နှစ်သက်ခြင်းဟု ဆိုအပ်သော ခဏိကာပီတိ[၁၄၈], ခုဒ္ဒကာပီတိ[၁၄၉] သည် ညှံ့အိသောဝါဂွမ်းမှာ ဆီသွန်းသကဲ့သို့ မွှမ်းမွှမ်းစိမ့်မျှ နှစ်သိမ့်သောကိုယ်,စိတ်တော် ရှိသည်ဖြစ်၍ ထိုပီတိအဟုန်ဖြင့် နှလုံးတော်မဆုံ့နိုင်ခြင်းကြောင့် ချီပုံ့နှစ်သက် မိန့်မြွက်တော်မူလို၍–

'အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟမတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟုံ။ ။
'အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟမတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။ ။
'ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟမတ္တာနံ၊ ယထာ ဣစ္ဆိံ တထာအဟုံ။ ။
'ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါ ဟမတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတံ။ ။
'ဒုက္ခူပနီတောပိ နရော သပညော၊ အာသံ န ဆိန္ဒေယျ သုခါဂမာယ။
ဗဟူပိ ဖဿာ အဟိတာ ဟိတာ စ၊ အဝိတက္ကိတာ မစ္စု မုပပဇ္ဇန္တိ။ ။
'အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ။
န ဟိ စိန္တာမယာ ဘောဂါ၊ ဣတ္ထိယာ ပုရိသဿ ဝါ။ ။'ဟူသော ၆ ဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

'ဘောဓိသတ္တော၊ အမတ်တို့။ ပဏ္ဍိတော၊ ပစ္စုပ္ပန်, သံသရာ အကျိုး ၂ ပါးကို မြင်တတ်ထသော။ ပုရိသော၊ ယောက်ျားသည်။ အာသီသေထေဝ၊ မြတ်သောတောင့်တခြင်းကို ပြုရာသလျှင်ကတည်း။ န နိဗ္ဗိန္ဒေယျ၊ မပျင်းရိရာ။ အဟံ၊ ငါသည်။ အတ္တာနံ၊ ကိုယ်ကို။ ပဿာမိ၊ ရှု၏။ အဟံ၊ ငါသည်။ ယထာဣစ္ဆိံ၊ အကြင်မင်းအဖြစ်ကို အလိုရှိ၏။ တထာ၊ ထိုအလိုရှိတိုင်း။ အဟုံ၊ ဖြစ်ပြီ။

'ဘောဓိသတ္တော၊ အမတ်တို့။ ပဏ္ဍိတော၊ သော။ ပုရိသော၊ သည်။ အာသီသေထဧဝ၊ တည်း။ န နိဗ္ဗိန္ဒေယျ၊ ရာ။ ဥဒကာ၊ ရေမှ။ ထလံ၊ ကြည်းသို့။ ဥဗ္ဘတံ၊ ကူးမြောက်ပြီးသော။ အတ္တာနံ၊ ကိုယ်ကို။ အဟံ၊ ငါသည်။ ပဿာမိ၊ မြင်ရ၏။

'ဘောဓိသတ္တော၊ တို့။ ပဏ္ဍိတော၊ သော။ ပုရိသော၊ သည်။ ဝါယမေထဧဝ၊ လုံ့လပြုအပ်လှသည်သာတည်း။ န နိဗ္ဗိန္ဒေယျ၊ ရာ။ အဟံ၊ ငါသည်။ အတ္တာနံ၊ ကိုယ်ကို။ ပဿာမိ၊ ရှုမိ၏။ အဟံ၊ သည်။ ယထာဣစ္ဆိံ၊ အကြင်ဝတ္ထုကို အလိုရှိ၏။ တထာ၊ ထိုအလိုရှိတိုင်း။ အဟုံ၊ ဖြစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဘောဓန္တော၊ တို့။ ပဏ္ဍိတော၊ သော။ ပုရိသော၊ သည်။ ဝါယမေထ၀ေ၊ တည်း။ န နိမ္ဗိန္ဒေယျ၊ ရာ။ ဥဒကာ၊ မှ။ ထလံ၊ သို့။ ဥဗ္ဗူဠံ၊ ကူးမြောက်ပြီးသော။ အတ္တာနံ၊ ကိုယ်ကို။ အဟံ၊ သည်။ ပဿာမိ၊ ၏။

'ဘောဓန္တော၊ တို့။ သပညော၊ ပညာရှိသော။ နရော၊ လူသည်။ ဒုက္ခူပနီတောပိ၊ ဆင်းရဲသို့ရောက်သော်လည်း။ သုခဂ္ဂမာယ၊ ချမ်းသာသို့ရောက်စိမ့်သောငှာ။ အာသံ၊ မြတ်သောတောင့်တခြင်းကို။ နဆိန္ဒေယျ၊ မဖြတ်ရာ။ အဟိတာဟိတာစ ဖဿာ၊ ဆင်းရဲတွေ့ခြင်း, ချမ်းသာတွေ့ခြင်းတို့သည်။ ဗဟူဟိ-ဗဟူ၀ေ၊ များးကုန်သလျှင်ကတည်း။ ဣတိ၊ ဤသို့။ အဝိတက္ကိတာ၊ ကြံစည်လေ့မရှိကုန်သော သူတို့သည်။ မစ္စုံ၊ သုံးရှုံးပျက်စီးခြင်းသို့။ ဥပပစ္စန္တိ၊ ရောက်ကုန်၏။

'ဘောဓန္တော၊ အမတ်တို့။ အစိန္တိတမ္ပိ၊ မကြံဘဲလည်း။ ဘ၀တိ၊ ဖြစ်တတ်၏။ စိန္တိတမ္ပိ၊ ကြံလျက်လည်း။ ဝိနဿတိ၊ ပျက်စီးတတ်၏။ ဟိယသ္မာ၊ ထိုစကား သင့်၏။ ဣတ္ထိယာ၀ါ၊ မိန်းမအား လည်းကောင်း။ ပုရိသဿ၀ါ၊ ယောကျ်ားအား လည်းကောင်း။ ဘောဂါ၊ စည်းစိမ်တို့သည်။ စိန္တာမယာ၊ ကြံတိုင်း ပြီးကုန်သည်။ နဘ၀န္တိ၊ မဖြစ်ကုန်။' ဤကားအနက်။ အဓိပ္ပာယ်ကား-

"အမတ်တို့။ ပစ္စုပ္ပန်, သံသရာ အကျိုးစီးပွား ၂ ပါးကို မြော်မြင်သောယောကျ်ားတို့သည် ပျင်းရိခြင်းကို မဖြစ်စေဘဲ မိမိတို့တောင့်တအပ်သောအကျိုးကို ပြီးမြောက်စေခြင်းငှာ မြတ်သောလုံ့လကို အားထုတ်အပ်လှ၏။ လုံ့လသည်လျှင် အလိုရှိတိုင်း အကျိုးကို ပြီးစေနိုင်၏။

"တစ်ပါးထုံးသက်သေကို မထောက်ဦးမူ၍ ကမ်းတစ်ဘက်ကို မမြင်သော မဟာသမုဒ္ဒရာ၌ နစ်မွန်းသည်ဖြစ်လျက် လိုအပ်သောအကျိုး ပြီးမြောက်စေခြင်းငှာ လုံ့လအားထုတ် သည်ဖြစ်၍ ထိုလုံ့လအစွမ်းကြောင့် မဟာ သမုဒ္ဒရာမှ ဤပြည်သို့ကူးမြောက်သဖြင့် တောင့်တတိုင်းပြီးလေသော ငါ့ကိုယ်ကိုပင် သက်သေထား၍ ငါဆိုသတည်း။

"အချင်းတို့။ အကြင်သူသည် ပစ္စုပ္ပန်, သံသရာ ၂ ဖြာသော အကျိုးစီးပွားကို မြော်မြင်နိုင်သော ပညာရှိ မှန်ပါအံ့။ ထိုသူသည် ကိုယ်ကိုမှီ၍ဖြစ်သော ဆင်းရဲ, စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲတို့နှင့် တွေ့ကြိမ်လတ်သော်လည်း ငါ့အား ဆင်းရဲခြင်းပင် ရှိမည်မဟုတ်။ ကောင်းစွာအားထုတ်လျှင် ချမ်းသာခြင်းမည်သည် အနေးနှင့် အမြန်သာ တောင့်တတိုင်း မပြီးမရှိရာဟု လုံ့လမလျှော့ဘဲ ဆင်းရဲကိုသည်းခံ၍ အားထုတ်ခြင်း၌ ယှဉ်လေရာ၏။ ထိုသို့သောပညာရှိသည်လည်း ငါကဲ့သို့ပင် မိမိတောင့်တတိုင်း အကျိုးအပြီးသို့ ရောက်လေရာ၏။

"အကြင်သူသည် ပညာနည်းသဖြင့် ပျင်းရိခြင်းကိုသာ အလေးအမြတ်ပြုသည်ဖြစ်အံ့။ ထိုသူသည် မိမိ၌ တစ်စုံတစ်ခု ကိုယ်,စိတ်ဆင်းရဲတွေ့သောအခါ 'ဤသို့သောဆင်းရဲကို ခံရသောငါ့အား ချမ်းသာကို အဘယ်မှာ ရနိုင်ပါတော့အံ့နည်း'ဟု ဆင်းရဲတစ်ခါ, ချမ်းသာတစ်လှည့် လောက၌ဖြစ်မြဲဓမ္မတာကို မယူစားမိဘဲ ပျင်းရိခြင်းကို အစွဲပြု၍ လုံ့လကို လျှော့လေ၏။ ထိုသို့သော ပျင်းရိခြင်းသဘောရှိသောသူသည် လုံ့လမပြုသဖြင့် မဟာသမုဒ္ဒရာ၌ ငါး,လိပ်တို့၏အစာဖြစ်လေသော သင်္ဘောသား ၇၀၀ တို့ကဲ့သို့ တောင့်တအပ်သောအလိုလည်း မပြည့်ဘဲ ဆင်းရဲမှလည်း မလွတ်မကင်းနိုင်သည်သာ ဖြစ်လေရာ၏။

"အမတ်တို့။ ဤလောက၌ လူတို့၏ဆန္ဒသည် ကြံလျက်နှင့်လည်း ပျက်တတ်၏။ မကြံဘဲလည်း ဖြစ်တတ်၏။

"ငါသည်လည်း ယခုကဲ့သို့ ဗုဒ္ဓဘုရားဆိုက်၍ ပြည်စည်းစိမ်ကို အလွယ်တကူ သိမ်းယူစိုးမြန်းရမည်ဟု ကိုးတစ်မျှ အကြံမရှိ။ 'သုဝဏ္ဏဘူမိသို့သွား၍ ကုန်ပြုသဖြင့် ဥစ္စာပြန့်ပွား များမြင့်ကြီးကျယ်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာဖြင့် ဖြားယောင်း၍ တစ်ပြည်တစ်နိုင်ငံကို လက်နက်ပြုလျက် အလုံးအရင်းကြီးစွာနှင့်တိုက်ယူမှ ငါ့ခမည်းတော်ဥစ္စာ ဖြစ်သော ဤပြည်ကို သိမ်းမြန်းနိုင်အံ့သည်ဟူ၍သာ ငါ အကြံရှိသည်။ ထိုအကြံကားပျက်စီး၍ မကြံဘဲနှင့် ပင်လယ်ထဲ၌နစ်ရာအရပ်မှ နတ်သမီးဆောင်ပို့သဖြင့် မြို့ဥယျာဉ်ကျောက်ဖျာ၌ ငါ နံ့ခွေမည်းညောင်း၍ လျောင်းစက်ရာတွင်းမှာ ဖုဿရထားဆိုက်လာလျှင် အကြိုက်သင့်လိုရင်းသို့ ခဏချင်းအလျင်အမြန် မကြံဘဲ ငါယခုရောက်၍ ပြီးမြောက်တော်မူသည်။ ငါသာလည်း မဟုတ်။ ဤလောက၌ အကြင်ယောကျ်ားမိန်းမတို့သည် မင်းဖြစ်ခြင်းငှာ, မိဖုရားဖြစ်ခြင်းငှာ, သူဌေးသူကြွယ်ဖြစ်ခြင်းငှာ စသည်ဖြင့် မိမိတို့ဆန္ဒသွားရာ အသီးအသီး ကြံကြကုန်သည်ချည်းပင် ဖြစ်သည်။ ယင်းသို့ကြံကြသော်လည်း ကြံတိုင်းမမြောက်သည်သာ များရာ၏။ ထို့ကြောင့် လုံ့လဟူသည်ကို ကောင်းစွာ အားထုတ်အပ်လှ၏"ဟု အနုသာသန မိန့်ခွန်းနှင့်တကွ ဥဒါန်း ကျူးရင့်တော်မူ၏။

[ဤအရာ၌ ဘုရားလောင်းသည် မင်းဖြစ်ထိုက်သော ကုသိုလ်သမ္ဘာရနှင့် ပြည့်စုံတော်မူသည့် ကိုယ်တော် ဖြစ်၍၊ မချို့တဲ့သောဣန္ဒြေဟု ဆိုအပ်သော ဥပဓိသမ္ပတ္တိ, မင်းဖြစ်ခြင်းငှာ ကောင်းစွာအားထုတ်တော်မူခြင်း တည်းဟူသော ပယောဂသမ္ပတ္တိ, ဖုဿရထားဆိုက်ခြင်းငှာ ထိုက်ရာအရပ်နှင့် ပြည့်စုံခြင်းတည်းဟူသော ဒေသသမ္ပတ္တိ။ ထိုမိထိလာပြည်၌ မင်းမရှိ၍ မင်းကိုတောင့်တသောအခါနှင့် ကြိမ်ကြိုက်ခြင်းတည်းဟူသော ကာလသမ္ပတ္တိ။ ဤသို့ သမ္ပတ္တိ ၄ ပါးနှင့် ပြည့်စုံတော်မူသောကြောင့် တောင့်တသည်နှင့်လျော်စွာ မင်းအဖြစ်ကို ရလေသတည်း။ ထို့ကြောင့် အကြင်သူ၌ ကုသိုလ်ကံအားကြီးစွာပင် ရှိငြားသော်လည်း မချို့တဲ့သော ဥပဓိ, လျောက်ပတ်သော ဒေသ, လျောက်ပတ်သော ကာလ, ကောင်းမြတ်သော လုံ့လနှင့် မပြည့်စုံချေလျှင် ထိုကုသိုလ်ကံ အစွမ်းရှိတိုင်း အားကြီးသောကောင်းကျိုးကို မပေး။ ကံအားနည်းသူပင်ဖြစ်သော်လည်း ဥပဓိ,ဒေသ, ကာလ,ပယောဂ၊ ဤ ၄ ပါးနှင့်ပြည့်စုံလျှင် ထိုအားနည်းသောကံအစွမ်းရှိတိုင်း ကောင်းကျိုးကို ပေးနိုင်ရာ၏ဟု မှတ်အပ်၏။ ဤကား စကားချပ်တည်း။]

ထိုသို့ မဟာဇနကမင်းကြီးသည် မင်းစည်းစိမ် အထွတ်အမြတ်ရောက်သည်မှ အနှစ် ၇၀၀၀ ပတ်လုံး ရာဇဓမ္မ ၁၀ ပါး[၁၄၂], သင်္ဂဟ ၄ ပါး[၁၄၃], နာယကဂုဏ် ၆ ပါး[၁၄၄]တို့ကို မပျက်စေရဘဲ တရားသဖြင့် သီဝလီဒေဝီ မိဖုရားကြီးနှင့် အတူတကွ မင်းပြုတော်မူ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့အားလည်း အလုပ်အကျွေး ဒါယကာအဖြစ်ဖြင့် ဝန်ခံ၍ နန်းတော်၌ မပြတ်လျှင် ဆွမ်းကျွေးတော်မူ၏။ အလှူဇရပ် ၅ ဆောင်တို့၌လည်း တင်နေ့မပြတ် မြတ်သောဥစ္စာနှစ်တို့ကို ထုတ်၍ အလှူပေးတော်မူ၏။

တစ်ရံရောအခါ သီဝလီဒေဝီ မိဖုရားကြီးသည် ကိုယ်ဝန်ဆောင်လတ်သဖြင့် ၁၀ လစေ့လျှင် ဘုန်းပညာ, လက္ခဏာနှင့်ပြည့်စုံစွာသော သတို့သားကို ဖွားမြင်လေ၏။ ထိုမင်းသားအား အမည်မှည့်အံ့သောနေ့၌ ဒီဃာဝု[၁၄၅]မင်းသား ဟူသောအမည်ကို မှည့်ကြကုန်၏။

ဒီဃာဝုမင်းသား ၁၆ နှစ်အရွယ်သို့ရောက်၍ မင်းသားတို့သင်အပ်သော အတတ်တို့ကိုသင်ကြားသဖြင့် တတ်မြောက်ပြီးသော် ခမည်းတော် မဟာဇနကမင်းကြီးသည် သားတော် ဒီဃာဝုမင်းသားအား အိမ်ရှေ့အရာ အပ်နှင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ဥယျာဉ်သို့ ထွက်တော်မူခန်း

ထိုအခါ တစ်နေ့သ၌ ဥယျာဉ်မှူးသည် ဥယျာဉ်တော်မှ အချို့ အဆိမ့် အရသာရှိသော သစ်သီးကြီးငယ်တို့ကိုလည်းကောင်း၊ မွှေးပျံ့သင်းကြိုင်စွာ အဆင်းကျက်သရေရှိသောပန်းမျိုး အထူးထူးအပြားပြားတို့ကိုလည်းကောင်း ယူခဲ့၍ မင်းကြီးအား ဆက်သလေ၏။ မဟာဇနကမင်းကြီးသည် ထို ပန်း,သစ်သီးတို့ကိုမြင်လျှင် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ ဥယျာဉ်မှူးအား ဆုလာဘ်ထိုက်လျောက်ရာ ပေးချပြီးသော် "အချင်းဥယျာဉ်မှူး။ ငါ ဥယျာဉ်တော်ကို ကြည့်ရှုစံပယ်တော်မူလိုသည်။ နက်ဖြန်ခါ ဥယျာဉ်ကို တန်ဆာဆင်၍ ရှိနှင့်စေ"ဟု မိန့်တော်မူလိုက်၏။

ဥယျာဉ်မှူးလည်း မင်းကြီးအမိန့်တော်ရှိတိုင်း ဝန်ခံ၍ ဥယျာဉ်၌ မသင့်မတော်သည်များကို ရှင်းလင်းသုတ်သင်လျက် တင့်တယ်စွာခင်းကျင်းစီရင် တန်ဆာဆင်ပြီးသော် မင်းကြီးအား ပြီးကြောင်းကို လျှောက်စေ၏။

မဟာဇနကမင်းကြီးသည်လည်း နံနက်မိုးသောက်ရောက်သောအခါ ထီးဖြူစိုက်မိုးလျက် ရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ကိုစီး၍ များစွာသော ဗိုလ်ထုဗိုလ်ခြေ အခြွေအရံနှင့် ဥယျာဉ်တော်သို့ ထွက်စံတော်မူလေသော် ဥယျာဉ်တံခါးဝသို့ ရောက်တော်မူ၏။

ထိုဥယျာဉ်တော် တံခါးဝ၌ကား သရက်ပင် ၂ ပင် ရှိ၏။ ထို သရက်ပင် ၂ ပင်သည် မြရည်လိမ်းသကဲ့သို့ စိမ်းစိမ်းလတ်လတ် ညိုဖပ်သောခက်ရွက်တို့ဖြင့် တင့်တယ်၏။ တစ်ပင်ကား အသီးမသီး၊ တစ်ပင်ကား ချိုအေးသော အရသာနှင့်ပြည့်စုံစွာ အသီး သီး၏။ ထို သရက်ပင်၏အသီးကိုကား မင်းကြီးအား လည်းကောင်း၊ အိမ်ရှေ့မင်းအား လည်းကောင်း ဆက်ပြီးမှသာလျှင် သူတစ်ပါးတို့ ဆွတ်ချူစားကြရကုန်မြဲတည်း။

ထိုအခါ၌ကား မင်းကြီးအား မဆက်ရသေးဖြစ်၍ တစ်စုံတစ်ယောက်မျှ မဆွတ်မချူဝံ့ကုန်။ မင်းကြီးသည် ထို အသီးနှင့်ပြည့်စုံသောသရက်ပင်ကို မြင်လျှင် အပင်ရင်းသို့ ဆင်တော်ကိုယှဉ်စေလျက် သရက်သီးကို ဆင်တော်ကျောက်ကုန်းထက်ကလှမ်းဆွတ်ကာ အရသာကိုသိလို၍ တစ်လုံးမျှတည်း စားတော်ခေါ်၏။ ထိုသရက်သီး အရသာ လျှာတော်ဖျားသို့ရောက်ကာမျှ၌ နတ်သုဓာဘုတ်[၁၄၆]ကဲ့သို့ ချိုအေးသောအရသာ ရှိသည်၏အဖြစ်ကို သိလေသော် ရသတဏှာ[၁၄၇]၌ တပ်ငြိတော်မူသဖြင့် 'ငါ ယခု ဥယျာဉ်စံပယ်တော်မူဦးမည်။ ဥယျာဉ်က ထွက်သောအခါမှ ဤသရက်သီးကို ဝအောင်စားတော်မူမည်'ဟု အကြံတော်အာလယ[၁၄၈]နှင့် ဥယျာဉ်သို့ဝင်၍ စံပယ်တော်မူလေ၏။

အိမ်ရှေ့မင်းသည်လည်း မင်းကြီးကဲ့သို့ပင် တစ်လုံးမျှသာ ဆွတ်ချူစားပြီး၍ နောက်တော်သို့ လိုက်လေ၏။ မင်းကြီး, အိမ်ရှေ့မင်းမှ တစ်ပါးကုန်သော မှူးမတ်, ပရိသတ် ဗိုလ်ခြေတို့သည်လည်း 'ဤသရက်သီးကို အရှင်တို့အား အဦးဆက်၍ပြီးပြီ'ဟု အလိုရှိတိုင်း တတ်အားသမျှ ဆွတ်ချူပစ်ခတ်၍ စားကြလေကုန်၏။ လူများ၍ သရက်သီးနည်းခြင်းကြောင့် ဆင်ထိန်း, မြင်းထိန်း, ဆိတ်ထိန်း အစရှိသော ကံကျေးနောက်ပါ လူစုတို့သည် ဘုန်းမရှိသဖြင့် နောက်ကျ၍ သရက်ပင်၌ အသီးကုန်မှ ရောက်ကြလတ်သော် လူမလိမ္မာတို့ မလေ့အားလျော်စွာ 'ငါတို့ သရက်သီးကို မစားရဘိလော'ဟု သရက်ပင်ကိုအမျက်ထွက်၍ ခဲ, အုတ်, တုတ်, လှံတံ စသည်တို့ဖြင့် အကိုင်း, အခက်, အရွက်တို့ကို ပစ်ခတ်ရိုက်နှက်ချိုးဖဲ့လျက် အရွက်ဟူသမျှပြုန်း၍ အရိုးအခက်မျှသာကျန်မှ မိမိတို့လိုရာသို့ သွားကြလေကုန်၏။

www.burmeseclassic.com



မင်းကြီးသည် ဥယျာဉ်တော်၌ အလိုရှိသမျှ လှည့်လည်စံပယ်တော်မူ၍ မြို့သို့ဝင်ချိန် အခါရောက်သဖြင့် ဥယျာဉ်တော်မှထွက်လေသော် ထိုသရက်ပင်ကိုမြင်လျှင် အမတ်တို့ကို "အချင်းတို့။ ဤသရက်ပင်ကား ငါ ဝင်တော်မူစကနှင့်မတူ။ ယခု အဘယ့်ကြောင့် ဤသို့ ရှိလေသနည်း"ဟု မေး၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ကိုယ်တော်အား အဦးဆက်၍ပြီးပြီဟု ဗိုလ်ပါရဲမက်တို့ လုယက် ဆွတ်ချူကြသဖြင့် သရက်ရှား၍ လက်များခြင်းကြောင့် အပင်တော်ခက်ရွက် ပွန်းရိပါသည်"ဟု လျှောက်ထားကြ၏။

မင်းကြီးလည်း "အချင်းတို့။ ယင်းသို့ဖြစ်လျှင် ဤအပင်သာ စနောင့်စနင်း အသို့ကြောင့် ရှိရသနည်း။ ထိုအပင်ကား ခက်ရွက် စနောင့်စနင်းမရှိတကား"ဟု မေးပြန်၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ထိုအပင်သည် ဤအပင်ကဲ့သို့ အသီးမသီးသောကြောင့် ခက်ရွက် မပွန်းမရိ ရှိပါသည်"ဟု လျှောက်ထားကြကုန်၏။

ထိုစကားကို ဘုရားလောင်း မဟာဇနကမင်းကြီးကြားလျှင် ဤသို့ သံဝေဂ ဖြစ်တော်မူ၏။

'ဤအပင်ကား အသီးမသီးသောကြောင့် စိမ်းစိမ်းလတ်လတ် ညိုဖပ်သောခက်ရွက်ဖြင့် နှစ်သက်ဖွယ် ပြကတေ့အတိုင်း ရှိ၏။ ဤအပင်ကား အသီးသီးခြင်းကြောင့် ဖျက်ဆီးတတ်သောသူနှင့် ဆက်ဆံသည်ဖြစ်၍ ပြကတေ့အတိုင်း မတည်ရ။ ဤပြည်စည်းစိမ်သည်လည်း ရန်သူနှင့်ဆက်ဆံခြင်းကြောင့် အသီးသီးသော သရက်ပင်နှင့် တူ၏။ ရန်သူနှင့်မဆက်ဆံသော စည်းစိမ်ကိုရှာလျှင် ရသေ့ရဟန်းအဖြစ်သည်သာ ရန်သူနှင့် မဆက်ဆံခြင်းကြောင့် အသီးမသီးသောသရက်ပင်နှင့် တူ၏။ စည်းစိမ်ဥစ္စာ, သား, မယား, ဆွေမျိုး စသည်တို့ကိုမှီ၍ ကြောင့်ကြခြင်းရှိသူသာလျှင် ဘေး များ၏။ ကြောင့်ကြမဲ့သောသူအား ဘေး မရှိ။ ယင်းသို့ဖြစ်သောကြောင့် ဤ သရက်ပင် ၂ ပင်တွင် အသီးမသီးသောသရက်ပင်ကို ဥပမာထား၍ အလုံးစုံသောကြောင့်ကြကို ဖြတ်ပြီးလျှင် ငါ ရဟန်းပြုအံ့'ဟု နှလုံးတော်အမြဲ စွဲယူဆောက်တည်တော်မူလျက် မြို့သို့ဝင်ပြီးသော် နန်းတော်အရှေ့စမုန် တံခါးဝ၌ရပ်တော်မူပြီးလျှင် စစ်သူကြီးကို ခေါ်တော်မူ၍–

"စစ်သူကြီး။ ပြည်ထဲရေးကိစ္စမှာ ငါ့သားတော်အိမ်ရှေ့မင်း ရှိပြီ။ သင်မှုကား ငါ့အလိုတော်ကိုသာ လိုက်၍ စောင့်ရှောက်ရမည်။ ငါသည် ယနေ့မှစ၍ အလိုရှိသမျှကာလပတ်လုံး နန်းတော်ပြာသာဒ် အထက်ဆင့်၌ တစ်ယောက်ထီးချင်း ရဟန်းတရားကို ပွားများစေလျက် ငြိမ်သက်တည်ကြည်စွာ နေတော်မူလိုသည်။ ငါ၏ အလိုမပြည့်သမျှ ယနေ့မှစ၍ ငါ့ထံသို့ စားတော်အုပ် သွင်းဆက်သူ, ဒန်ပူ မျက်နှာသစ်ရေ ဆက်ကပ်သူ, အလုပ်အကျွေးလက်ပါးစေ ယောက်ျားတို့ကိုသာ ဝင်စေ။ ဤမှတစ်ပါး မိဖုရားကြီးမှစ၍ အလုံးစုံသော နန်းတွင်းသူ နန်းတွင်းသား ခစားသမျှ မှူးမတ်, ပရိသတ်အပေါင်းတို့ကို တစ်ယောက်မျှ ငါ့ထံ မဝင်စေနှင့်။ ကြပ်ကြပ် တည်းတည်း နိုင်နင်းအောင် ဆီးတား"ဟု နန်းတော်တွင်း၌ ကိစ္စကို စစ်သူကြီးအား လွှဲတော်မူပြီးလျှင်၊ တရားစီရင်ရာ လွှတ်သဘင်၌ တရားသူကြီးပြုသူ အမတ်ကြီးကို ခေါ်တော်မူပြန်၍ စစ်သူကြီးမှာကဲ့သို့ပင် အကြောင်းကို ပြောတော်မူပြီးလျှင်–

"အမတ်ကြီး။ ငါ ကြောင့်ကြမဲ့ နေတော်မူသည်ဟူ၍ တရားအဆုံးအဖြတ် မတိမ်းမယိမ်းစေနှင့်။ သတိ, ပညာစွဲကပ်လျက် ဖြောင့်မတ်ဟုတ်မှန်တိုင်း စီရင်။ အလုံးစုံသော မှူးမတ်, ပြည်သူတို့အားလည်း ပစ္စုပ္ပန်, သံသရာ အကျိုး ၂ ပါး ပြည့်စုံစေကြောင်း ကောင်းမြတ်သောအဆုံးအမကိုလည်း ပေး"ဟု မှာတော်မူပြီးသော် နန်းတော်ပြာသာဒ် အထက်ဘုံဆင့်သို့တက်တော်မူ၍ တစ်ယောက်အထီးတည်း ရဟန်းတရားကိုပွားစေလျက် နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းရင်ပြင်လျှောက်တော်ဦး၌ ခစားမြဲဖြစ်ကုန်သော မင်းခယောက်ျား အမှူးအမတ်ပရိသတ်တို့သည် ထိုလျှောက်တော်ဦး၌ မင်းကြီးကို မတွေ့မမြင်ရသဖြင့် စားတော်အုပ်သွင်းသူ, ဒန်ပူမျက်နှာသစ်ရေ ဆက်ကပ်သူတို့ကို သင့်ရာခေါ်၍ "အချင်းတို့။ သင်တို့သည် မင်းကြီးထံ မပြတ်ဝင်ကြရ၏။ မင်းကြီး အသို့ နေတော်မူသနည်း။ သင်တို့နှင့် စကားပြောဟောခြင်းကို ပြုတော်မူ၏လော"ဟု မေးကြကုန်၏။

ထို အလုပ်အကျွေးမင်းချင်းတို့လည်း "အချင်းတို့။ အကျွန်ုပ်တို့ကား အချိန်ရောက်လျှင် ဒန်ပူ, မျက်နှာသစ်ရေ, စားတော်များကို ဆက်ကပ်၍သာ ထွက်ခဲ့ရသည်။ ကျွန်ုပ်တို့အား တစ်ခွန်းသောစကားကိုမျှ မေးမြန်းပြောဆိုတော် မမူ။ မလှုပ်မယှက် ငြိမ်သက်တည်ကြည်စွာ နေတော်မူသည်"ဟု ပြောဆိုကြကုန်၏။ ထိုစကားကိုကြားလျှင် မှူးမတ်, ပရိသတ်အပေါင်းတို့သည် "ငါတို့အရှင်မင်းကြီးကား ရှေးကနှင့် မတူ။ အသို့ ယခုရှိလေသနည်း"ဟုဆိုလျက် မြည်တမ်းကြလို၍–

'အပေါရာဏံ ဝတ ဘောရာဇာ၊ သဗ္ဗဘူမော ဒိသမ္ပတိ။
န စ နစ္စေ နိသာမေတိ၊ န ဂီတေ ကုရုတေ မနော။ ။
'န ဂမေနာပိ ဥယျာနေ၊ နာပိ ဟံသေ ဥဒိက္ခတိ။
မူဂေါဝ တုဏှိဘူတောသိ၊ န အတ္ထမနုသာသတိ။ ။'ဟူသော ၂ ဂါထာတို့ဖြင့် ဆိုကြကုန်၏။

အဓိပ္ပာယ်ကား–

"အချင်းတို့။ အရပ်မျက်နှာတို့၏ ထီး[၁၇], မြေကြီးသေဋ္ဌနန်း[၁၈] ဖြစ်တော်မူသော ငါတို့အရှင်မင်းကြီးသည် ရှေး၌ကား အခါအခါနှင့်လျော်စွာ ရှင်မိဖုရား, မောင်းမ,ကိုယ်လုပ်တော်, ရွှေဖော်အပေါင်းတို့၌ လည်းကောင်း၊ စောင်း,ငြင်း,ပတ်သာ,ခရာ,ဒုံမင်း စသော တီးမှုတ်ခြင်း, သီခြင်း, ကခြင်းသဘင်တော်၌ လည်းကောင်း၊ ဆင်တိုက်ခြင်း, ဆိတ်တိုက်ခြင်းတို့၌ လည်းကောင်း၊ ဥယျာဉ်သို့ထွက်စံတော်မူ၍ ကြာမျိုး ၅ ပါးဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာရေကန်တော်၌ ဟင်္သာဖိုမတို့, ပျော်ဟန်, မြူးထူးဟန်များကို လည်းကောင်း ကြည့်ရှုစံပယ်တော်မူမြဲ ဖြစ်လျက်၊ ယခုကား ထို ပျော်မှုပျော်ဖွယ်များကို လုံးလုံးပစ်ပယ်တော်မူ၍ ဆွံ့အသောသူကဲ့သို့ တစ်ယောက်သောသူကိုမျှ စကားမပြောဘဲ ပြည်သားပြည်သူ မှူးတော်မတ်တော်တို့အားလည်း အဆုံးအမ မပေးဘဲ နေတော်မူဘိ၏တကား"ဟု တ,ယူ ပြောဆိုကြကုန်၏။

ဘုရားလောင်း မဟာဇနကမင်းကြီးသည် နန်းတော်ပြာသာဒ်အထက်ဘုံဆင့်၌ တစ်ယောက်အထီးတည်း နေတော်မူလျက် ကာမဂုဏ်၌မကပ်ငြိသော နှလုံးတော်ဖြင့် ဆရာဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါတို့၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့တော်မူ၍–

'သုခကာမာ ရဟော သီလာ၊ ဝဓဗန္ဓာ ဥပါရတာ။
ကဿ နု အဇ္ဇ အာရာမေ၊ ဒဟရာ ဝုဒ္ဓါစ အစ္ဆရေ။ ။
'အတိက္ကန္တဝနထာ ဓီရာ၊ နမော တေသံ မဟေသိနံ။
ယေ ဥဿုကမှိ လောကမှိ၊ ဝိဟရန္တိ အနုဿုကာ။ ။
'တေ ဆေတွာ မစ္စုနော ဇာလံ၊ တတံ မာယာဝိနော ဒဠှံ။
ဆိန္နာလယတ္တာ ဂစ္ဆန္တိ၊ ကော နေသံ ဂတိမာပယေ။ ။'ဟူသော ၃ ဂါထာတို့ဖြင့် ကျူးရင့်တော်မူ၏။

အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ငါ၏နန်းတော်သို့ နေ့တိုင်းမပြတ် ဆွမ်းစားကြွတော်မူလာ၍ ငါ၏ဆရာ ဖြစ်တော်မူကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် အရွယ်အားဖြင့် အငယ်, အလတ်, အကြီး ဟု နိမ့်, မြင့် ရှိတော်မူကုန်၏။ ကျေးဇူးဂုဏ်အားဖြင့် တူမျှတော်မူကြသည်သာ ဖြစ်ကုန်၏။ ထိုအရှင်မြတ်တို့သည် နိဗ္ဗာန်ချမ်းသာကို အလိုရှိတော်မူကုန်သည်ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်၌လည်း နေလေ့ရှိတော်မူကုန်၏။ ကိုယ်၌ထင်ရှားရှိသော သီလ, သမာဓိ ဂုဏ်ကိုလည်း သူတစ်ပါးတို့အား မပြဘဲ အလွန် လျှို့ဝှက်တော်မူကုန်၏။ သတ်ခြင်း, နှောင်ဖွဲ့ခြင်း အစရှိသော အကုသိုလ်ဒုစရိုက်တို့မှ ကင်းသည်ဖြစ်၍ ငြိမ်သက်သောနှလုံးလည်း ရှိတော်မူကုန်၏။ ထို ငါ့ဆရာဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် ယခု အဘယ်သူ့ကျောင်းမှာ နေတော်မူလေကုန်ဘိသနည်း။

"ငါ့ဆရာဖြစ်ကုန်သော ထိုအရှင်မြတ်တို့သည် လေဖြေ့၍မတိမ်းနိုင်သော တစ်ခဲနက်ကျောက်တိုင်ကဲ့သို့ မြဲမြံသောပညာနှင့် ပြည့်စုံတော်မူကုန်လျက် သတ္တဝါအပေါင်းတို့၏နှလုံးကို ရွှန်းရင်းခတ်မွေ့နှောက်တတ်သော တဏှာအပြားမှလည်း ထွက်မြောက်တော်မူပြီးသဖြင့် ကြောင့်ကြစိုးရိမ်ခြင်းမကင်းနိုင်သော လူတို့၏ဘောင်၌ ကြောင့်ကြစိုးရိမ်ခြင်းကင်းသောအားဖြင့် နေတော်မူလေ့ ရှိကုန်၏။ မြတ်သော သီလက္ခန္ဓ[၁၃] ကျေးဇူးကို ရှာမှီးလေ့ ရှိတော်မူကုန်သော ထိုအရှင်မြတ်တို့အား ရှိသေစွာ အကျွန်ုပ်ရှိခိုးပါ၏။ သေမင်းသည် သတ္တဝါတို့အား အသုဘနိမိတ်ကို သုဘနိမိတ်ဟုထင်မှားအောင် လှည့်စားတတ်သော တဏှာကွန်ရက်ဖြင့် ဖမ်းယူဖွဲ့ရစ်ခြင်းကို ပြုတတ်၏။ ထို သေမင်း၏ကွန်ရက်ဖြစ်သော တဏှာအနှောင်အဖွဲ့ကို အကြွင်းမဲ့ဖြတ်ပယ်၍ ငါ၏ဆရာ အရှင်မြတ်တို့သည် နိဗ္ဗာန်သို့ ကြွတော်မူကြလေပြီ။ ထို ကိလေသာအာလယ ငြိမ်းပြီးသော ငါ၏ဆရာ အရှင် ပစ္စေကဗုဒ္ဓါတို့၏နေရာသို့ ယခု ငါ့ကို အဘယ်သူ ပို့ပါအံ့နည်း"ဟု အရှင်ပစ္စေကဗုဒ္ဓါတို့၏ သီလ,သမာဓိ အစရှိသော ကျေးဇူးဂုဏ်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့တော်မူသော ဘုရားလောင်းမင်းကြီးအား အလွန်နှစ်သက်ခြင်း ပီတိဖြစ်တော်မူ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူရာမှ ရုံခါရုံခါ ထကြွတော်မူသဖြင့် မြောက်လေသာပြတင်းကို ဖွင့်လှစ်တော်မူပြီးလျှင်၊ ပြတင်းဝ၌စုံရပ်လျက် မြောက်ဟိမဝန္တာသို့ ရည်ရော်မျှော်ကြည့်ကာ လက်အုပ်ချီ၍ အရှင်ပစ္စေကဗုဒ္ဓါတို့ကိုရှိခိုးလျက် ယခင်ဆိုခဲ့ပြီးသည့် 'အတိက္ကန္တ ဝနထာ' အစရှိသော ၂ဂါထာ တို့ဖြင့် အရှင်ပစ္စေကဗုဒ္ဓါတို့၏ဂုဏ်ကို ထုတ်၍ ဥဒါန်းမြွက်ဆို ကြည်ညိုမြတ်လေး အဝေးကပူဇော် တော်မူခြင်းကိုလည်း ပြုတော်မူ၏။ ဤသို့သောနည်းဖြင့် ဘုရားလောင်းသည် ရဟန်းတရားကိုပွားစေလျက် ၄ လပတ်လုံး ကိုယ်တော်အထီးတည်း ပြာသာဒ်အထက်ဘုံဆင့်၌ နေတော်မူ၏။

## ၁၃။ ရဟန်းပြုရန် တောင့်တတော်မူခန်း

ထိုသို့ နေတော်မူ၍ ၄ လ လွန်လတ်သော် ဘုရားလောင်းသည် ရဟန်းအဖြစ်သို့ညွှတ်သော စိတ်အား ကြီးတော်မူသည်ဖြစ်၍ ရွှေနန်းစည်းစိမ်ကို လောကန္တရိက်[၁၄] ငရဲကဲ့သို့ ထင်တော်မူလျက် ၃ ဘုံသောဘဝမီး သည် ညီးညီးဖြောင်ဖြောင် တောက်လောင်တော်မူလျှင် ဆားမဲ့ရာသို့ လျှင်စွာပြေးဝင်လိုသော နှလုံးတော်ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ကဲ့သို့ တန်ဆာဆင်အပ်သော ဤမိထိလာပြည်ကိုစွန့်ပစ်၍ အဘယ်ကာလရောက်မှ ဟိမဝန္တာ၌ ရဟန်းပြုခွင့်ကို ရပါမည်နည်း'ဟု ကြံတော်မူလျက်–

'ကဒါဟံ မိထိလံ ဖီတံ၊ ဝိဘတ္တံ ဘာဂသော မိတံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ဝိသာလံ သဗ္ဗတောပဘံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ဗဟုပါကာရတောရဏံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ဒဠှမဋ္ဋာလ ကောဋ္ဌကံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ သုဝိဘတ္တံ မဟာပထံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ သုဝိဘတ္တန္တ ရာပဏံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ဂဝဿရထ ပီဠိတံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ အာရာမ ဝနမာလိနိံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ဥယျာနဝနမာလိနိံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ ပသာဒ ဝနမာလိနိံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ မိထိလံ ဖီတံ၊ တိပုရံ ရာဇဗန္ဓုနိံ။
မာပိတံ သောမနဿေန၊ ဝေဒေဟေန ယသဿိနာ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။' ဟူသော ၁၁ ဂါထာခွဲတို့ဖြင့် နေပြည်တော်ကို ချီးမွမ်း၍ ရဟန်းပြုခွင့်ကို ရှာတော်မူ၏။ အဓိပ္ပာယ်ကား–

"ငါစံတော်မူရာ ဤ မိထိလာရာဇဌာနီ ပြည်ကြီးသည် ညချမ်းတိုင်း, နံနက်ချမ်းတိုင်း လမ်းမလမ်းငယ် အသွယ်သွယ်သော ဆိုင်စဉ်ခရီး၌ သွားလေကုန်သော အရွယ်ရှိ မိန်းမ,ယောက်ျားတို့၏ ဝတ်ဆင်သောအဝတ်တန်ဆာရောင်၊ ဆင်,မြင်း,ရထား စသည်တို့၌ဆင်သော တန်ဆာရောင်၊ ဈေးတန်းဆိုင်စဉ်တို့၌ မပြတ်ခင်းကျင်းကာထားသော အဝတ်တန်ဆာရောင်၊ မင်းပွဲစိုးပွဲ ထွက်ဝင် တက်သက်ကြကုန်သော မှူးမတ်, ပြည်သူပြည်သား, မင်းခယောက်ျားတို့၏ ဝတ်ဆင်ဆောင်ရွက်သော အဝတ်တန်ဆာရောင် စသည်တို့ဖြင့်လည်း အခါမလပ် ပွင့်လန်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဤအရပ်ကား ရွှေနန်းပြာသာဒ် တည်ထားရာ, ဤအရပ်ကား လွှတ်သဘင် တည်ထားရာ, ဤအရပ်ကား အန္တေပုရဟု ဆိုအပ်သော အတွင်းနန်းတော်မြို့ တည်ထားရာ, ဤအရပ်ကား ပြင်မြို့ကြီး ၂ ထပ် တည်ထားရာ, ဤအရပ်ကား တံခါး မုခ် ဆိုင်စဉ် မင်းလမ်း ခိုနန်း တန်ဆောင်း တည်ထားရာ, ဤအရပ်ကား အိမ်ရှေ့မင်းနေရာ စစ်သူကြီး နေရာ ဆွေတော်မျိုးတော်တို့ နေရာ မှူးမတ်တို့ နေရာ စသည်ဖြင့် ရှေးပညာရှိတို့ ကောင်းစွာ ဝေဖန်စီမံခဲ့သည်ဖြစ်၍ ကြီးကျယ်တင့်တယ်စွာသော မြို့၏အခင်းအကျင်းနှင့်လည်း ပြည့်စုံ၏။ တံခါးမ, တံခါးငယ်, ပစ္စင်, ရင်တား, တံခါးမုခ်, ပြ, တန်ဆောင်း, သူကောင်းသူမြတ်တို့၏ နေရာအခင်းအကျင်း ဝင်းပြာသာဒ်အဆောင်ဆောင်တို့ဖြင့်လည်း တင့်တယ်၏။ တံခါးလမ်းမတို့၌ မြင်း က,သော ရထား, ဆိတ် ကသောရထား, နွား ကသောရထားတို့၏ ထွက်ဝင်သွားလာခြင်းဖြင့်လည်း ပြွမ်း၏။ မြို့ပတ်လည်ဝန်းကျင်တို့၌ ပန်းဥယျာဉ်, သစ်သီးဥယျာဉ်တို့ဖြင့်လည်း နှလုံးမွေ့လျော်ဖွယ် ခြံရံအပ်၏။ ရှေးဝိဒေဟရာဇ်တိုင်းကြီးကို အစိုးရသော ငါ၏ဘေးလောင်းတော် သောမနဿမင်းကြီးသည် တည်ထားစီမံတော်မူခဲ့သော ဤမိထိလာပြည်ကြီးသည် နန်းတော်ရံမြို့ငယ်နှင့်တကွ မြို့တံတိုင်း ၃ ထပ်, ကျုံး ၃ ထပ်[၁၁] တို့ဖြင့် အလွန်တင့်တယ်၏။ မြို့ ၃ ထပ် တို့၏အတွင်း၌လည်း သားတော်, ညီတော်, ဦးရီးတော် စသော မင်းဆွေမင်းမျိုးတို့၏နေရာ ပြာသာဒ်တန်ဆောင်း, အိမ်ကောင်းအိမ်ကြီးတို့ဖြင့်လည်း ပြည့်၏။ ဤသို့စသောဂုဏ်တို့ဖြင့် နှလုံးမွေ့လျော်ဖွယ်ရှိသော ရာဇဓာနီ မင်းနေပြည်ကြီးစည်းစိမ်ကို အဘယ်အခါ စွန့်ခွာနိုင်၍ ငါ ရဟန်းပြုဖြစ်ပါအံ့နည်း"ဟု နေပြည်တော်ဂုဏ်ကို ချီးမွမ်း၍ ရဟန်းပြုခွင့်ကို တောင့်တတော်မူ၏။

ထို့နောက် ဝိဒေဟရာဇ်တိုင်းကို ချီးမွမ်းတော်မူလိုပြန်၍–

'ကဒါဟံ ဝေဒေဟေ ဖီတေ၊ နိစိတေ ဓမ္မရက္ခိတေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ ဝေဒေဟေ ဖီတေ၊ အဇေယျေ ဓမ္မရက္ခိတေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။'ဟူသော ၂ ဂါထာတို့ဖြင့် မြွက်ဆို

တောင့်တတော်မူ၏။ အဓိပ္ပာယ်ကား–

"ငါ၏ ဘုန်းအာဏာတော် နံ့ရာဖြစ်သော ဤဝိဒေဟရာဇ်တိုင်းကြီးသည် ဥစ္စာစပါး ပွားများပေါကြွယ်ခြင်းနှင့်လည်း ပြည့်စုံ၏။ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံကုန်သော သူဌေး, သူကြွယ်တို့နှင့်လည်း ပြည့်စုံ၏။ ရွာငယ် အစွန်းအမြိတ်မျှဖြစ်သော်လည်း တစ်ပါးပြည်ထောင်မင်းတို့သည် လုယက်ဖျက်ဆီးခြင်းငှာ မဝံ့ကုန်။ တိုင်းအတွင်း၌လည်း ခိုးသူ, ဓားပြ စသော ရန်မရှိသည်ဖြစ်၍ အလွန်စည်ပင်သာယာ၏။ အမျိုး ၄ ပါးတို့သည်လည်း မိမိတို့နှင့်လျော်ရာ ငါးဆုံးမတိုင်း တရားကို ကျင့်ကြကုန်သည်သာ ဖြစ်၏။ ဤသို့စသော ဂုဏ်တို့ဖြင့် နှလုံးမွေ့လျော်ဖွယ်ရှိသော ဤဝိဒေဟရာဇ်တိုင်းကြီးကို အဘယ်အခါ စွန့်ခွာနိုင်၍ ငါ ရဟန်းပြုဖြစ်ပါအံ့နည်း"ဟု တိုင်းကြီးဂုဏ်ကိုချီးမွမ်း၍ ရဟန်းပြုခွင့်ကို တောင့်တတော်မူ၏။

ထို့နောက် နန်းတော်ရံအတွင်း မြို့ကိုချီးမွမ်းတော်မူလိုပြန်၍–

'ကဒါဟံ အန္တေပုရံ ရမ္မံ၊ ဝိဘတ္တံ ဘာဂသော မိတံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ကဒါဟံ အန္တေပုရံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ အန္တေပုရံ ရမ္မံ၊ သုစိဂန္ဓံ မနောရမံ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။'ဟူသော ၃ ဂါထာတို့ဖြင့် မြွက်ဆိုတောင့်တတော်မူ၏။ အဓိပ္ပာယ်ကား-

"ငါ၏နန်းတော်အရံသည် ဤအရပ်၌ နန်းတော်ပြာသာဒ်မ၊ ဤအရပ်၌ ဆောင်သီး, ဆောင်သွယ်, ထားငယ်, လေသာ, စမုခ်၊ ဤအရပ်၌ အတွင်းသားတို့စည်းဝေးရာ အဆောင်၊ ဤအရပ်၌ လွှတ်သဘင်၊ ဤအရပ်၌ မှူးမတ်တို့ ခစားရာ၊ ဤအရပ်၌ ဆင်တော်, မြင်းတော်, ရထားတော်, ယာဉ်တော်ထားရာ၊ ဤအရပ်၌ ပွဲသဘင်ပြုရာ စသည်ဖြင့် ကောင်းစွာ တောင်တာကွက်မှတ်နှိုင်းယှဉ်၍ ဝေဖန်စီရင်အပ်သဖြင့် အလွန် နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ဤနန်းတော်ဝန်းကျင် ရံသောမြို့၌ နရပတေ အင်္ဂတေတို့ဖြင့် အပြေအပြစ် ပြုအပ်သည်ဖြစ်၍လည်း အလွန်ရှုချင်ဖွယ် ရှိ၏။ နန်းတော်ပတ်လည်၌ မွှေးကြိုင်ပျံ့သင်းသောပန်းတောတို့မှ လေပြည်ဆောင်သွေး၍ မွှေးကြိုင်လှသောပန်းရနံ့တို့ဖြင့် လည်းကောင်း, နန်းသားနန်းသူတို့အသုံးအဆောင်ဖြစ်သော အမွှေးအထုံမျိုးတို့ဖြင့် လည်းကောင်း, တစ်နန်းတော်လုံး တသင်းသင်းတပျံ့ပျံ့ သန့်စင်သောနံ့သာရနံ့အတိ လှိုင်ကြူသဖြင့် အလွန်နှလုံး မွေ့လျော်ဖွယ်ရှိ၏။ ဤသို့စသော ဂုဏ်တို့ဖြင့် မခွာရက်နိုင်အောင်သော ဤနန်းတော်စည်းစိမ်ကို အဘယ်အခါမှ ခွာစွန့်ပစ်၍ ရဟန်းပြုဖြစ်နိုင်ပါအံ့နည်း"ဟု နန်းတော်အရံ,အတွင်း မြို့ကိုချီးမွမ်း၍ ရဟန်းအဖြစ်ကို တောင့်တတော်မူ၏။

ထို့နောက်တစ်ဖန် နန်းတော်ပြာသာဒ်ကို ချီးမွမ်းတော်မူလိုပြန်၍-
'ကဒါဟံ ကူဋာဂါရေစ၊ ဝိဘတ္တေ ဘာဂသော မိတေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ ကူဋာဂါရေစ၊ သုဓာမတ္တိက လေပနေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ ကူဋာဂါရေစ၊ သုစိဂန္ဓေ မနောရမေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။
'ကဒါဟံ ကူဋာဂါရေစ၊ လိတ္တေစန္ဒန ဖုသိတေ။
ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။'ဟူသော ၄ ဂါထာတို့ဖြင့် တောင့်တမြွက်ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"ဤငါ၏ နန်းတော်ပြာသာဒ်ဆောင်တို့သည် စိန်ဖူး, စိန်ပွင့်, စိန်ပျံ, မှန်ကင်း, တုရင်, စုလစ်အမွမ်း, ထုပိကာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍လည်း အလွန်တင့်တယ်၏။ ရွှေတိုက်, ငွေတိုက်, ကျောက်သရေတိုက် စသည်တို့၌ နရပတေ အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုလျက် ရွှေ, ငွေ စသော ရတနာတို့ဖြင့် တန်ဆာဆင်အပ် သည်ဖြစ်၍လည်း အလွန်တင့်တယ်၏။ လက်အမှု၌တတ်လှစွာသော ဗိသုကာဆရာကြီးတို့သည် ကောင်းစွာ တမျဉ်းခင်းလျက် ဤအရပ်၌ ဤအဆောင် စသည်ဖြင့် သင့်ရာတော်ရာ ချထားစီမံ ဖန်ဆင်းအပ်သည်ဖြစ်၍ ဤ ၇၀၀ ကျော် အရေအတွက်ရှိကုန်သော နန်းပြာသာဒ်ဆောင်တို့သည်လည်း နတ်ဘုံဗိမာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုတည်းကျသကဲ့သို့ တစ်ဆောင်ကအရောင် တစ်ဆောင်ကိုကူးခတ်လျက် တလျှပ်လျှပ်ရောင်နွယ် ယှက်တွယ် ယိုဖိတ်၍ စိတ်နှလုံးမွေ့လျော်ဖွယ်လည်း ရှိကုန်၏။ နန်းတော်ပတ်လည်၌ စင်ကြယ်သန့်ရှင်း မွေးသင်းသော ပန်းရနံ့တို့ဖြင့် လည်းကောင်း၊ အကျော်,စန္ဒကူးနီ စသော အထုံအခိုး မွေးမျိုးနံ့သာပျောင်းတို့၏ ရနံ့ဖြင့် လည်းကောင်း နန်းတော် ပြာသာဒ်ဆောင်တိုင်း တသင်းသင်းတကြိုင်ကြိုင် လှိုင်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် လည်း ရှိကုန်၏။ ဤသို့စသော ဂုဏ်တို့ဖြင့် မခွာရက်နိုင်အောင်သော ဤရွှေနန်းပြာသာဒ်စည်းစိမ်ကို အဘယ်အခါမှ ခွာဖြစ်, စွန့်ဖြစ်ရှိ၍ ရဟန်းပြုနိုင်ပါအံ့နည်း”ဟု နန်းတော်ပြာသာဒ်ဆောင်တို့ကို ချီးမွမ်း၍ ရဟန်းအဖြစ်ကို တောင့်တတော်မူ၏။

ထို့နောက် နန်းမဆောင်၌ ထီးဖြူဖြန့်မိုးလျက်ခင်းအပ်သော ရတနာပလ္လင်အရှေ့ လျောင်းတော်ဦး စမုခ်ဝ ပြာသာဒ်ဆောင်၌ ကန်တော့ပူဇော်ခံရာ ရတနာပလ္လင်, နေရာထိုင်, ရွှေညောင်စောင်း, ရွှေသလွန် မှစ၍ အလုံးစုံသောပလ္လင်တော်တို့ကို ချီးမွမ်းတော်မူလိုပြန်၍–

‘ကဒါဟံ သောဏ္ဏပလ္လင်္ကေ၊ ဂေါဏကေ စိတ္တသန္ထတေ။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။

‘ကဒါဟံ မဏိပလ္လင်္ကေ၊ ဂေါဏကေ စိတ္တသန္ထတေ။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။’ ဟူသော ၂ ဂါထာတို့ဖြင့် မြွက်ဆို တောင့်တတော်မူ၏။ အဓိပ္ပာယ်ကား–

“ဤ နန်းမ, နန်းငယ် အသွယ်သွယ်သောအဆောင်တို့၌ ၇၀၀ သောကျက်သရေတိုက်ဝယ် တစ်ခုစီ ခင်းအပ်သော ရတနာသလွန်တော်, ဤနန်းတော်အတွင်း၌ အသီးအသီး သင့်ရာတော်ရာ ခင်းအပ်သော နေရာထိုင်, အင်းပျဉ်, ရာဇပလ္လင်အပေါင်းတို့သည် အချို့ကား ရွှေဖြင့် ပြီးကုန်၏။ အချို့ကား မျက် ၉ ပါး[၁၃၆] ဖြင့် ပြီးကုန် ၏။ ထို သလွန်, ညောင်စောင်း, နေရာထိုင်, အင်းပျဉ်[၁၃၇], ရာဇပလ္လင်တို့၌ သိမ်မွေ့ကောင်းမြတ် နူထွတ်ညံ့သက်သော သားမွေး,ငှက်မွေးတို့ဖြင့် လက် ၄ သစ်ကျော်အရှည် အထက်သို့တက်စေလျက် အထူးအဆန်းရက်အပ်သော ခင်းနီးပြောက်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍လည်း အလွန် နှလုံးမွေ့လျော်ဖွယ် ရှိကုန်၏။ ထို ရတနာပလ္လင် စသည်တို့ကို အဘယ်အခါမှ စွန့်ခွာနိုင်၍ ရဟန်းပြုဖြစ်ပါအံ့နည်း”ဟု တောင့်တတော်မူ၏။

ထို့နောက် ဝတ်လဲတော်ပုဆိုးကို ချီးမွမ်းတော်မူလိုပြန်၍–

‘ကဒါဟံ ကပ္ပါသ ကောသေယျံ၊ ခေါမကောဋုမ္ဗရာနိစ။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။’ ဟူသောဂါထာဖြင့် တောင့်တ မြွက်ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

“ငါ ယခုဝတ်ဆင်အပ်သော အင်္ကျီ စုလျား[၁၃၈] ဝတ်လဲတော်ပုဆိုးတို့သည် သိမ်မွေ့နူးညံ့စွာသော ဝါချည်ဖြင့် ရက်အပ်သည်ဖြစ်၍ လည်းကောင်း၊ သိမ်မွေ့နူးညံ့စွာသော ပိုးချည်, သိမ်မွေ့နူးညံ့စွာသော ခေါမ[၁၃၉] မည်သောချည်တို့ဖြင့် အထူးအဆန်း ရက်အပ်သည်ဖြစ်၍ လည်းကောင်း၊ ကောဋုမ္ဗရာဇ်[၁၄၀] တိုင်းပြည်၌ဖြစ်သော ပုဆိုးတို့သည် အလွန်နူးညံ့သည်ဖြစ်၍ လည်းကောင်း စိတ်၏နှစ်သက်ခြင်းကို ဆောင်ကုန်၏။ ထို သိမ်မွေ့နူးညံ့



www.burmeseclassic.com

www.burmeseclassic.com



တင့်တယ်စွာသောပုဆိုးတို့ကို စွန့်ပစ်၍ အဘယ်အခါမှ လျှော်တေသကန်း, သမန်းမြက်သကန်း, သစ်နက်ရေသကန်း, ရှန့်ကြမ်းသောအဝတ်တို့ကိုဝတ်၍ လွတ်လွတ်နေရပါအံ့နည်း"ဟု တောင့်တတော်မူ၏။

ထို့နောက် ရေကန်တော်ကို ချီးမွမ်းတော်မူပြန်လို၍–

'ကဒါဟံ ပေါက္ခရဏီ ရမ္မာ၊ စက္ကဝါက ပကူဇိတာ။

မန္ဒာလကေဟိ သဉ္ဆန္နာ၊ ပဒုမုပ္ပလကေဟိ စ။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။' ဟူသော ဂါထာဖြင့် မြွက်ဟ ချီးမွမ်းတော်မူ၏။ အဓိပ္ပာယ်ကား–

"ငါ ထွက်စံတော်မူရာဖြစ်သော မင်္ဂလာရေကန်တော်သည် ဟင်းရန့်, ကတောက်, မျောက်လှေကူးတို့ဖြင့် လည်းကောင်း၊ ဥပ္ပလမျိုးဖြစ်သော ကြာညို, ကြာဖြူ, ကြာနီ, ပုဏ္ဍရိကမျိုးဖြစ်သော ကြာတံဆိပ်, ပဒုမမျိုးဖြစ်သော ကြာခေါင်းလောင်း ဤ ကြာမျိုး ၅ ပါးတို့ဖြင့် လည်းကောင်း ဖုံးလွှမ်းအပ်လျက်၊ ဝမ်းဘဲ, ဟင်္သာ, စက္ကဝါက် စသော ရေကျေးရေငှက် လည်ယုက်မြူးပျံ့ မောင်နှံဖိုမတို့ ရွှင်ပျော်ကစားရာဖြစ်၍ အလွန်ရှုချင်ဖွယ် ရှိ၏။ ထိုရေကန်တော်ကို စွန့်ပစ်၍ အဘယ်အခါမှ ရဟန်း ပြုနိုင်ပါအံ့နည်း"ဟု တောင့်တတော်မူ၏။

ထို့နောက် ဆင်တော်, မြင်းတော်, ရထားတော်တို့ကိုချီးမွမ်း၍ ရဟန်းအဖြစ်ကို တောင့်တပြန်ခြင်းမှာ 'ကဒါဟံ ဟတ္ထိဂုမ္ဗေစ'အစရှိသော ၂၂ ဂါထာတို့ဖြင့် ချီးမွမ်းတောင့်တတော်မူပြန်၏။ အဓိပ္ပာယ်ကား–

"မာတင်္ဂမျိုးဖြစ်ကုန်သော ငါ၏ဆင်တော်အပေါင်းတို့သည် နှာမောင်းမှအမြီးတိုင်အောင်, ခြေထူးခံမှ မင်းစံရာကျောက်ကုန်းတိုင်အောင် အလုံးစုံသောကိုယ်အရပ်တို့၌ အထူးထူးအပြားပြား ဆန်းကြယ်စွာတန်ဆာဆင်လျက် ရွှေကြိုးဖြင့် ဖွဲ့သိုင်းအပ်သည်ဖြစ်၍ လည်းကောင်း၊ ဦးကင်း၌လွှမ်းဆင်အပ်သော ရွှေကွန်ရက်အရောင်ဖြင့် လည်းကောင်း၊ လုံမ, ချွန်းတော်င်း လက်နက်စွဲကိုင်လျက် တက်စီးသော ဆင်စီးသူရဲတို့၏ အစီးအနင်းလိမ္မာခြင်းဖြင့် လည်းကောင်း အလွန်တင့်တယ်ကုန်၏။

"ဇာတိအားဖြင့် ပြုရာသည်, မပြုရာသည်ကိုမျှ မသင်မပြဘဲ သိတတ်သော အာဇာနည်[၁၆၆] မျိုး, သိန္ဓောမျိုး[၁၆၇] ဖြစ်ကုန်သော ငါ၏မြင်းတော်အပေါင်းတို့သည်လည်း ရတနာအတိပြီးသော ဦးခက်ဇက်သိုင်း အဆိုင်းအတွ ကြိုးကဖွဲ့သန်း တင်ရန်းခါတောင်းတို့ဖြင့် တန်ဆာဆင်အပ်လျက် ရတနာလှင်တံ လေးလက်နက်စွဲကိုင်ကုန်သော မြင်းစီးသူရဲတို့၏ အစီးအနင်းလိမ္မာခြင်းဖြင့် လည်းကောင်း၊ မြင်းတို့၏လျင်ခြင်းအားနှင့် ပြည့်စုံခြင်းဖြင့် လည်းကောင်း၊ အလွန်ရှုချင်ဖွယ် ရှိကုန်၏။ ဆန်းကြယ်စွာစီရင်အပ်ကုန်သော ငါ၏ရထားတော် အပေါင်းတို့သည် လက်တင်, ဖွယ်ရန်း, ခါးပန်း, ဝန်းလည်တို့၌ ရံကာအပ်သော ကျားရေ, သစ်ရေတို့ဖြင့် လည်းကောင်း၊ ရထားဦး, ရထားမြိတ်တို့၌ စိုက်လွှားအပ်သော အလံရွှေရွက်တို့ဖြင့် လည်းကောင်း၊ နီစွာသောကမ္ဗလာခါးစည်းနှင့်တကွ မိန်ညို[၁၆၈], ချပ်[၁၆၉], ကာ[၁၇၀] ဝတ်ကုန်လျက် လေးလက်နက်စွဲကိုင်ကုန်သော ရထားစီးသူရဲတို့၏ အစီးအနင်းလိမ္မာခြင်းဖြင့် လည်းကောင်း အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ အလွန်တင့်တယ်ကုန်၏။ ထိုရထားတို့သည် အချို့ကား ငွေစင်ဖြင့် ပြီးကုန်၏။ အချို့ကား ရွှေစင်ဖြင့် ပြီးကုန်၏။ အချို့ကား မျက် ၉ ပါးတို့ဖြင့် စီခြယ်အပ်ကုန်၏။ ထို ရွှေ,ငွေ,မျက်မျိုးဖြင့် ဆန်းကြယ်ကုန်သောရထားတို့သည် မြင်း ကသောရထား, ကုလားအုတ် ကသောရထား, ဥသဘ ကသောရထား, ဆိတ်မြန်မာ ကသောရထား, ဆိတ်ကုလား[၁၇၁] ကသောရထား, သမင် ကသောရထား, စိုင် ကသောရထားအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



များသောအပြား ရှိကုန်၏။ ထိုရထားတို့ကိုစွန့်ပစ်၍ အဘယ်အခါမှ ငါ ရဟန်းပြုနိုင်ပါအံ့နည်း”ဟု တောင့်တတော်မူ၏။

ထို့နောက် ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ လေးသည်တော်တို့ကို ချီးမွမ်းတော်မူလိုပြန်၍–

‘ကဒါဟံ ဟတ္ထာရူဠ္ဍေစ၊ သဗ္ဗာလင်္ကာရ ဘူသိတေ။

နီလ ဝမ္မိဓရေ သူရေ၊ တောမရင်္ကုသ ပါဏိနော။ ။

‘ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။

ကဒါဟံ အဿာရူဠ္ဍေစ၊ သဗ္ဗာလင်္ကာရ ဘူသိတေ။ ။

‘နီလာ ဝမ္မိဓရေ သူရေ၊ ဣလ္လိယာ စာပဓာရိနော။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။

‘ကဒါဟံ. ဓနုဂ္ဂဟေ စ၊ သဗ္ဗာလင်္ကာရ ဘူသိတေ။

နီလ ဝမ္မိဓရေ သူရေ၊ စာပ ဟတ္ထေ ကလာပိနော။

ပဟာယ ပဗ္ဗဇိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။ ။ဟူသော ၃ ဂါထာတို့ဖြင့် ချီးမွမ်းတော်မူပြန်၏။

အဓိပ္ပာယ်ကား–

“ငါ၏ ဆင်စီးသူရဲတို့သည် မိန်ညို့,ချပ်,ကာတန်ဆာအပေါင်း ဝတ်ဆင်ကုန်သဖြင့် လှံမ,ချွန်းတောင်း လက်စွဲကုန်လျက် ရဲရင့်ခြင်းနှင့်ပြည့်စုံစွာ တင့်တယ်ကုန်၏။ ငါ၏ မြင်းစီးသူရဲတို့သည်လည်း ခါးစည်း, ဝတ်လုံစသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သဖြင့် ရွှေကြိမ်လုံး, လေးလက်နက်စွဲကုန်လျက် ရဲရင့်ခြင်းနှင့် ပြည့်စုံစွာတင့်တယ်ကုန်၏။ ငါ၏ လေးသည်တော်တို့သည်လည်း မိန်ညို့,ချပ်,ကာဝတ်ဆင်ကုန်သဖြင့် မြားတောင့်အံ့ လွယ်ကာ ရွှေလေးလက်စွဲလျက် ရဲရင့်ခြင်းနှင့်ပြည့်စုံစွာ တင့်တယ်ကုန်၏။ ထို ဆင်စီးသူရဲ, မြင်းစီးသူရဲ, လေးသည်သူရဲတို့ကို စွန့်ပစ်၍ အဘယ်အခါမှ လွတ်လွတ် ရဟန်းပြုရပါအံ့နည်း”ဟု တောင့်တတော်မူ၏။

ထို့နောက် မင်းသားလုလင်ပျို, ပုဏ္ဏားလုလင်ပျိုတို့ကို ချီးမွမ်းတော် မူလိုပြန်၍ ‘ကဒါဟံရာဇပုတ္တေစ’ အစရှိသော ဂါထာ, ‘ကဒါဟံ အရိယဂဏေ’အစရှိသောဂါထာ၊ ဤ ၂ ဂါထာတို့ဖြင့် ချီးမွမ်းတော်မူပြန်၏။

အဓိပ္ပာယ်ကား–

“ငါ၏ညီတော်, တူတော်, မြေးတော်ဖြစ်ကုန်သော အသောင်းမကသော မင်းသားအပေါင်းတို့သည် ရွှေချည်, ပိုးချည်, ခေါမချည်တို့ဖြင့် ဆန်းကြယ်စွာရက်အပ်သော ပုဆိုးဝတ်လုံတို့ကိုဝတ်ဆင်ကုန်၍ ရွှေလက်ကောက်, ရွှေနားတောင်း အစုံဆင်လျက် နတ်လုလင်ကဲ့သို့ အလွန်တင့်တယ်ကုန်၏။ ငါ၏ပုရောဟိတ် ပုဏ္ဏားတော် အပေါင်းတို့သည်လည်း အကျော်, စန္ဒကူး, အမွှေး, အထုံတို့ဖြင့် လိမ်းသပ်ပြင်ဆင် တန်ဆာဆင်၍ သန့်စင် နုထွတ် ဖြူဆွတ်သော ကာသိကရာဇ်အဆင့်တိုင်းဖြစ် ပုဆိုးတို့ကိုဝတ်ဆင်ကုန်လျက် အလွန်တင့်တယ်ကုန်၏။ ထို မင်းသားလုလင်ပျို, ပုဏ္ဏားလုလင်ပျိုတို့ကို စွန့်ပစ်၍ အဘယ်အခါမှ ငါ လွတ်လွတ် ရဟန်းပြုရပါအံ့နည်း”ဟု တောင့်တတော်မူ၏။ ’

[ဤအရာတွင် တစ်ပါးသောကာလ၌ ပုဏ္ဏားတို့ကို မာဂဓ ဘာသာအားဖြင့် ‘ဗြာဟ္မဏ’ဟု ခေါ်ဝေါ်ကုန်၏။ ထိုကာလ၌ကား ဘုရားလောင်းမင်းကြီးသည် အမျိုးတို့၏ကျင့်ရိုးရှိတိုင်း ကောင်းမြတ်သောအကျင့်ကို ကျင့်စေ ခြင်း၄၁ ဆုံးမ စောင့်ရှောက်တော်မူသည်ဖြစ်၍ လည်းကောင်း၊ ကာလအားလျော်စွာ ၎င်းပုဏ္ဏားတို့သည်လည်း ကောင်းမြတ်ဖြူစင်သောအကျင့်ကို ကျင့်ကြကုန်သောကြောင့်လည်းကောင်း–



www.burmeseclassic.com

www.burmeseclassic.com



[‘အရိယ ဂဏောတိ ဗြဟ္မဏဂဏော၊ တေ ကိရ သဒါ အရိယာစာရာ အဟေသုံ။ ။’ဟူသော အဋ္ဌကထာနှင့်အညီ ထိုမဟာဇနကမင်းကြီး မင်းပြုတော်မူသောကာလ၌ ပုဏ္ဏားတို့ကို ‘အရိယာ’ဟု လူတို့ကို ခေါ်ဝေါ်စေကုန်၏။ ။ဤကား စကားချပ်တည်း။]

ထို့နောက် မိဖုရား ၇၀၀ တို့ကိုချီးမွမ်း၍ ရဟန်းအဖြစ်ကို တောင့်တပြန်ခြင်းဟာ ‘ကဒါဟံ သတ္တသတာ ဘရိယာ’အစရှိသော ၃ ဂါထာတို့ဖြင့် ကြံတော်မူပြန်၏။ အဓိပ္ပာယ်ကား–

“ဤ ငါ၏နန်းတော်၌ အသောင်းမကကုန်သော မိဖုရားကြီး, မိဖုရားငယ်, ကိုယ်လုပ်မောင်းမအပေါင်းတို့တွင် သီဝလိဒေဝီကဲ့သို့ တူမျှသောသဘောရှိလျက် ငါ၏နှလုံးကို ရွှင်ပြုံးနှစ်သက်စေတတ်သော မိဖုရားမြတ်တို့ကား ၇၀၀ အရေအတွက် ရှိကုန်၏။ ထို ငါ၏မိဖုရားကြီးနှင့်တကွ ၇၀၀ ကုန်သော မိဖုရားငယ်တို့သည် အဆင်းအရွယ်အားဖြင့်လည်း မယုတ်မလျော့, ပျော့ပျောင်းသောဣန္ဒြေ, သေချွေယဉ်ကျေးသောအသွင်အပြင်, ပြုံးရွှင်သောမျက်နှာ, သာယာသောစကားလည်း ရှိကုန်၏။ နန်းသုံးနန်းဝတ် နန်းတန်ဆာဖြင့် သုံးဆောင်ဝတ်ဆင်အပ်သည်ဖြစ်၍လည်း နတ်သမီးအဆင်းကဲ့သို့ တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်၏။ စကားရိပ် မျက်နှာထားကို ကြားမြင်ကာမျှနှင့် လင်၏စိတ်အလိုကိုလည်း သိတတ်ကုန်၏။ တစ်စုံတစ်ခု မလျော်မသင့် အခွင့်မဆိုင်ဘဲ ငါဆိုမည်ပြုသော်လည်း နှလုံးသားစိတ်ခံ မာန်မူခြင်းမရှိ။ ရှိသေခံ့ညားခြင်းဖြင့် ဝပ်တွားကိုးကွယ် ချစ်ဖွယ်သောစကားကိုလည်း ဆိုတတ်ကုန်၏။ ခပ်သိမ်းသောအမှုတို့၌ လင်၏အလိုသို့သာလိုက်၍ ကျင့်တတ်ကုန်၏။ ထိုသို့သောဂုဏ်တို့ဖြင့် မခွာနိုင်အောင်ရှိသော ငါ၏မိဖုရားတို့ကို အဘယ်အခါမှ ပစ်ခွာနိုင်ပါအံ့နည်း”ဟု တောင့်တတော်မူ၏။

ထို့နောက် စားတော်ခေါ်မြဲဖြစ်သော ရွှေလင်ပန်းကို ချီးမွမ်းတော်မူလိုပြန်၍ ‘ကဒါဟံသတပလံကံသံ’ အစရှိသော ဂါထာဖြင့် ကြံတော်မူ၏။ အဓိပ္ပာယ်ကား–

“ငါ ခံဖွယ်သောဘောဇဉ်တို့ကို စားတော်ခေါ်ရာဖြစ်သော ရွှေလင်ပန်းသည် ရွှေစင်အချိန် ပိုလ် ၁၀၀ ရှိ၏။ အနားရေး ၁၀၀ တို့ဖြင့် ဆန်းကြယ်စွာ လုပ်အပ်သည်ဖြစ်၍လည်း အလွန်တင့်တယ်၏။ ထိုရွှေလင်ပန်းကို စွန့်ပစ်၍ အဘယ်အခါမှ ရဟန်းပြုနိုင်ပါအံ့နည်း”ဟု တောင့်တတော်မူ၏။

[ဤအရာ၌ ပိုလ်ဟူသည်ကား ၅ ကျပ်ဖြင့်ဖွဲ့သော ပိုလ်, ၂၅ ကျပ်ဖြင့်ဖွဲ့သော ပိုလ်, ၅၀ ဖြင့်ဖွဲ့သော ပိုလ်, ၁၀၀ ဖြင့်ဖွဲ့သောပိုလ် ဟူ၍ ၄ သွယ် ၄ မျိုးပင်ရှိသည်တွင် အသက် ၁ သောင်းတမ်းကိုထောက်၍ ၂၅ ကျပ်ဖြင့်ဖွဲ့သော ပိုလ်လျှင် သင့်မည်ထင်၏။ ဤကား စကားချပ်တည်း။]

ဤသို့တောင့်တပြီးလျှင် ထို ဆင်တော်, မြင်းတော် စသော အခြွေအရံ ပရိသတ်တို့သည် နောက်တော်သို့ မလိုက်နေခြင်းကို တောင့်တတော်မူလိုပြန်၍ ‘ကဒါဿု မံ ဟတ္ထိဂုမ္ဗာ’အစရှိသော ဂါထာ ၃၀ တို့ဖြင့် တန်ဆာဆင်လျက် “ငါထွက်တော်မူတိုင်း ဝန်းရံ၍ကာလိုက်ကုန်သော ငါ၏ဆင်တော်, မြင်းတော်, ရွှေငွေ မျက် ၉ ပါး ဖြင့်ပြီးသော မြင်းရထား, ကုလားအုတ်ရထား, ဥသဘရထား, ဆိတ်မြိန်မာရထား, ဆိတ်ကုလားရထား, သမင် ကသောရထား, စိုင်ကသောရထား, ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, လေးသည်ကျော်သူရဲ, နတ်လုလင်ကဲ့သို့ မင်းသားမျိုးအပေါင်း, ဆရာပုရောဟိတ်ဖြစ်ကုန်သော ပုဏ္ဏားအရိယာအပေါင်း, မိဖုရား ၇၀၀ အပေါင်း၊ ဤ ပရိသတ်အပေါင်းတို့သည် ငါသွားရာနောက်တော်သို့ အဘယ်အခါမှ မလိုက်ဘဲ နေပါအံ့နည်း”ဟု တောင့်တတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဟန်းအသွင်ကို တောင့်တတော်မူလိုပြန်၍ 'ကဒါပ် ပတ္တံ ဂဟေတွာ'အစရှိသော ၇၀၀ ဂါထာတို့ဖြင့် တောင့်တတော်မူ၏။ အဓိပ္ပာယ်ကား-

"ငါသည် ဦးပြည်း[၁၆] ရိတ်သဖြင့် ဖန်ရည်စွန်းသော ဒုကုဋ်[၁၇]သင်္ကန်းကိုရုံ၍ သပိတ်လက်စွဲလျက် အဘယ်အခါမှ ဆွမ်းခံ, ဆွမ်းစား သွားရပါအံ့နည်း။ ခရီးလမ်းမတို့၌ လူတို့ အသုံးမဝင်၍ စွန့်ပစ်လေပြီးသော အဝတ်တို့ကို ပံ့သကူ[၁၈] ကောက်ယူသဖြင့် သင်္ကန်းဒုကုဋ် ချုပ်ဆိုး၍ အဘယ်အခါမှ ဝတ်ရုံရပါအံ့နည်း။ ရက်လည် နေ့စပ် မပြတ်ရွာသောမိုးကြီးထဲ၌ သင်္ကန်းစွတ်စိုလျက် အဘယ်အခါမှ ဆွမ်းခံရပါအံ့နည်း။ ငါသည် ထိုထို သို့သောအရပ်တို့သို့ သွား၍ တစ်တောမှလျှင် တစ်တောဝင်လျက် သစ်တစ်ပင်နား ဝါးတစ်ရုံရိပ် စိတ်ကြောင့်ကြမဲ့ ငဲ့ကွက်လွတ်ရှင်း တစ်ကိုယ်ချင်းဖြင့် သီတင်းဖြူစွာသော ပြဟ္မစရိက်ကို အလိုက်အဘယ်အခါမှ ဖြည့်ဆောင် ရပါအံ့နည်း။ ငါသည် ဟိမဝန္တာတော၌ တစ်ကုန်းပြောင်းတက် တစ်ကုန်းသက်၍ ကြောက်မက်ဖွယ်ရန် ဘေးဒဏ် မမြော် အဖော်မပါဘဲ အဘယ်အခါမှ သွားရပါအံ့နည်း။

"လိမ္မာတတ်ကျွမ်းလှစွာသော စောင်းသမားသည် ကောင်းလှစွာသောစောင်း၌ ၇ ချောင်းသော ညို့ကို နှလုံးမွေ့လျော်ဖွယ် အညီအညွတ်ညှိသကဲ့သို့ ယခု ငါ၌ ကြောင့်ကြဖွယ်အသွယ်သွယ် နှောင်ယှက်၍ စိတ်စက် မသာမအီ မညီမညွတ်ရှိသောနှလုံးကို ဖြုန်းဖြုန်းဖြတ်၍ ညီညွတ်ဖြောင့်မတ်စွာ အဘယ်အခါမှ တရည်တည်း ကျနိုင်ပါအံ့နည်း။

"ဖိနပ်ခြေနင်းအလို့ငှာ သားရေနယ်သမားသည် ထက်လှစွာသောဆောက်ဝန်းဖြင့် သားရေနယ်ကို ညီညွတ်စွာ ပိုင်းပိုင်းဖြတ်လီးသကဲ့သို့ လူ့နတ်တို့၏သန္တာန်၌ တန်တန်ရစ်မြေး ဖွဲ့ယှက်ကာနေသော ကာမ သံယောဇဉ်[၁၉]ကို လွှင့်ကင်းပျောက်အောင် ဉာဏ်ဆောက်ဝန်းဖြင့် ပယ်တွန်းပိုင်းဖြတ်၍ မြတ်သောနေရာ၌ အဘယ်အခါမှ ငါ နေရပါအံ့နည်း"ဟု တောင့်တတော်မူ၏။

## ၁၄။ တောထွက်တော်မူခန်း

ဤသို့ ဘုရားလောင်းသည် နေက္ခမ္မဝိတက်[၂၀]ဖြင့် အကြံတော်အားကြီးခြင်းကြောင့် ငြိစရာတွယ်စရာ မွေ့ရာတတ်သော တဏှာကြိုးစကို တဒင်္ဂပဟာန်[၂၁]ဖြင့် တစ်ဖန် မထပ်မရစ်စေခြင်းငှာ ဟန့်တားဆီးဆို့တော်မူလျက် အထက်ကရစ်ဖွဲ့ဟောင်းဖြစ်သော ဥပါဒါန်[၂၂]ကိုလည်း ဉာဏ်တော်တဒင်္ဂဖြင့် ၄ လကျော်ပတ်လုံး တစ်ထုံး ဖြတ်ပိုင်း တစ်လှိုင်းပယ်ပစ် တစ်ရစ်ခုတ်ထွင် တစ်ပင်ချိုးဖဲ့၍ အဖွဲ့အနှောင်မှလွတ်သော နှလုံးတော်ရှိပြီးသော်၊ ကျော့ညွတ်ကွင်းမှ လွတ်ပြီးသောငှက်သည် ဘေးမဲ့ရာသို့ ရှေးရှုသကဲ့သို့ ဟိမဝန္တာသို့သာ ရှေးရှုသောစိတ် ရှိတော်မူသည်ဖြစ်၍ အလုပ်အကျွေးဖြစ်သော စားတော်ကဲကို ခေါ်တော်မူပြီးလျှင်-



www.burmeseclassic.com

www.burmeseclassic.com



"အချင်း။ ယခု သမဏာပရိက္ခရာ[၁၇]ရောင်းသည့် ဈေးတန်းသို့ သင် သွားချေ။ အိမ်ရှေ့မင်းအမိမှစ၍ မည်သူကိုမျှ မသိစေနှင့်။ ထို ပရိက္ခရာတန်းမှ သင်္ကန်း ၃ ထည်နှင့် မြေသပိတ် ၁ လုံးကိုဝယ်၍ ယခု အလျင်အမြန် ပြန်ခဲ့"ဟု စေတော်မူလိုက်၏။

စားတော်ကဲလည်း မင်းကြီးအမိန့်ရှိတိုင်း တစ်ယောက်သောသူကိုမျှ မသိစေဘဲ ပရိက္ခရာတန်းသို့သွား၍ သင်္ကန်း, သပိတ်တို့ကို ဝယ်ခဲ့ပြီးလျှင် မင်းကြီးအားဆက်၏။

ဘုရားလောင်းမင်းကြီးသည် သင်္ကန်း,သပိတ် ရောက်သောအခါ ဆတ္တာသည်[၁၈]ကို ခေါ်တော်မူ၍ ဆံ,မုတ်ဆိတ်တို့ကိုရိတ်စေပြီးလျှင် ဆတ္တာသည်အား ကျေးစားရွာစားဆုပေးလျက် "ဤအကြောင်းကို အသူတစ်ယောက်အားမျှ သင် မပြောလေနှင့်" ဟု နှုတ်ပိတ်၍ လွှတ်တော်မူလိုက်ပြီးသော်၊ တစ်ထည်သော သင်္ကန်းကို သင်းပိုင်ဝတ်တော်မူလျက်၊ တစ်ထည်ကို တစ်ဘက်လက်ကတော့ စံပယ်တင်ရုံတော်မူပြီးမှ တစ်ထည်သောသင်္ကန်းကို လက်ဝဲပခုံးပေါ်၌ ဒုကုဋ်တင်တော်မူ၍၊ အိတ်ဖြင့်သွတ်သွင်းအပ်ပြီးသော မြေသပိတ်ကို လက်ယာပခုံး၌ လွယ်တော်မူလျက် ဝါးရင်းတောင်ဝှေးကို ကိုင်စွဲတော်မူပြီးလျှင် ထိုအထက်ဘုံဆင့် နန်းရင်ပြင်၌ပင် အရှင် ပစ္စေကဗုဒ္ဓါ၏ တင့်တယ်ခြင်းနှင့်တူသော တင့်တယ်ခြင်းဖြင့် ၂ ခေါက်, ၃ ခေါက် ထိုမှဤမှ စင်္ကြံကြွတော်မူ၍၊ ထိုနေ့ကား ထွက်သွားရာအခွင့်မရသဖြင့် နန်းတော်တွင်ပင် တစ်ညဥ့် တည်းနေတော်မူရ၏။

နံနက်မိုးသောက်ရောက်လတ်၍ နေအရုဏ်တက်လာသောအခါ၌ နန်းတော်အထက်ဘုံဆင့်မှ ဆင်းသက်၍ တောသို့ကြွတော်မူအံ့ဟု ပြင်ဆင်တော်မူလေ၏။

ထိုအခါ အိမ်ရှေ့မင်းမယ်တော်သည် မင်းကြီး၏နှလုံးအကြံကို အတပ်သော်လည်း မသိရ၊ မရိပ်မတွေး မိသော်လည်း မဆိုရ၊ စိတ်ချ၍မနေနိုင်သဖြင့် မင်းကြီးမြတ်နိုးတော်မူသော မိဖုရားငယ် ၇၀၀ တို့ကို ခေါ်ပြီးလျှင်

"အမယ်တို့။ သင်တို့,ငါတို့သခင်ကို မမြင်မဖူးရသည်မှာ ယခု ၄ လ ကျော်ရှိပြီ။ ရာဇပလ္လင် ဥကင်ထီးနန်းကို သိမ်းမြန်းတော်မူသည်မှစ၍ အနှစ် ၆၀၀၀ ကျော် ၇၀၀၀ ခန့် ရှိပြီ။ အဘယ်ကာလတွင်မျှ ငါနှင့်ခွဲ၍ အခြားပျော်တော်မူသည် မရှိဘူးဘဲလျက် ယခု ၄ လကျော် ကိုယ်တော်တစ်ပါးတည်းသာ ပျော်မွေ့တော်မူသည်မှာ ဖောက်လွဲသောအကြံ ရှိတော်မူသည်ဖြစ်ရာ၏။ ယခု အဖူးအမြင် ပြည်ကြီးသခင်ရှိရာသို့ သွားကြကုန်အံ့။ သင်တို့သည် မင်းကြီးမြတ်နိုးတော်မူသည်လည်း ဖြစ်ကြ၏။ အရွယ်အဆင်းလည်း ရှိကြ၏။ ငါးတစ်ခုကို ကွန်ကြီးဖြင့် မပြေးမထွက်နိုင်အောင် ဖွဲ့ရစ်ပိုက်ခြုံသကဲ့သို့ မင်းကြီးစိတ်တော်ကို ပြင်သို့မထွက်ရအောင် ဖွဲ့ရစ် ပိုက်ခြုံကြရမည်။ သင်တို့အား ထိုက်ရာနံ့သာ အမွေးအထုံ အဝတ်တန်ဆာတို့ကို ဝတ်ဆင်ဖီးလိမ်း၍ ငါနှင့် လိုက်ခဲ့ကြ"ဟုဆိုလျက် ပြင်ဆင်ဝတ်စားစေပြီးသော် အိမ်ရှေ့မင်းမယ်တော်သည် မိဖုရားငယ် ၇၀၀ ခြံရံလျက် မင်းရှိရာအထက်ဘုံဆင့်သို့ တက်လေ၏။

ဘုရားလောင်းမင်းကြီးလည်း 'ဟိမဝန္တာသို့ သွားအံ့'ဟု နန်းတော်အထက်ဘုံဆင့်မှ ဆင်းသက်မည် အပြုတွင် ရေးရှုတက်လာလတ်သော မိဖုရား ၇၀၀ တို့သည် ရဟန်းအသွင်ဖြင့် ဆင်းသက်အံ့ဟုပြုသော ဘုရားလောင်းကို ရှောင်တခင်မြင်လေသော် အသွင်ခြားသည်ဖြစ်၍ 'မင်းကြီး'ဟု တစ်ယောက်သော မိဖုရားမျှ အမှတ်မရှိဘဲ 'အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ငါတို့အရှင်မင်းကြီးအား အဆုံးအမပေး၍ ယခု ဆင်းသက် တော်မူလာသည် ထင်၏'ဟုအမှတ်ရှိကြသဖြင့်၊ လမ်းလွှဲကာ သင့်ရာကထိုင်လျက် ရှိခိုး၍နေကြကုန်၏။

ဘုရားလောင်းမင်းကြီးသည်လည်း ရဟန်းအသွင်ဖြင့် ငြိမ်သက်တည်ကြည်စွာ နန်းတော်အထက်ဘုံဆင့်မှ ဆင်းသက်တော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ မိဖုရား ၇၀၀ တို့ လိုက်ခန်း

မိဖုရား ၇၀၀ တို့သည်လည်း အထက်ဘုံဆင့်သို့တက်၍ ဘုရားအလောင်းကို ကြည့်ရှုကြလေသော် စက်တော်မူရာရွှေသလွန်ပေါ်၌ ဝတ်ဆင်တော်မူသည့် ဝတ်လဲတော်တန်ဆာ အဆောင်အရွက်တို့ကို စုပုံလျက်၊ ထိုဝတ်လဲတော်၏အပေါ်၌ ချွေလျက်တင်ထားခဲ့သော ပိတုန်းတောင်အဆင်းကဲ့သို့သော ဆံတော်တို့ကို မြင်ကြလတ်လျှင်–

"ရဟန်းအသွင်ဖြင့် ယခုတွင်ဆင်းသက်တော်မူသော သခင်ကို ငါတို့ကား အရှင်ပစ္စေကဗုဒ္ဓါဟု အမှတ်မှားဘိ၏။ အရှင်ပစ္စေကဗုဒ္ဓါ မဟုတ်။ ငါတို့အရှင် ဖြစ်ခဲ့၏တကား။ ယခု သွား၍ တောင်းပန်ကြကုန်အံ့"ဟု အထက်ပြာသာဒ်ဘုံဆင့်မှ ဆင်းသက်ခဲ့ကြပြီးသော် ဘုရားလောင်း အရှေ့စမုခ်ဝ ရောက်တော်မူစဉ် မီကြလေ၏။ ထိုသို့မီကြသောအခါ ၇၀၀ သောမိဖုရားတို့သည် ဆံပင်ဖြန့်ကြဲလျက် လက်အစုံတို့ဖြင့် ရင်အုံကိုခတ်တီး၍ "အရှင်မင်းကြီး။ ကျွန်မတို့နလုံး ဆုံးရှုံးကြေကွဲအောင် အဘယ့်ကြောင့် ဤသို့ပြုရသနည်း"ဟု သနားစဖွယ် အသွယ်သွယ်ငိုကြွေးလျက် ဘုရားလောင်းနောက်သို့ အစဉ်တစိုက်လိုက်ကြကုန်၏။ မြူးမတ်ပြည်သူ လူအပေါင်းတို့သည်လည်း မိထိလာပြည်အလုံး ချောက်ချားလျက် "ငါတို့အရှင်မင်းကြီး ရဟန်းပြုတော်မူခဲ့သော် ငါတို့အရှင်နှင့် ဘုန်းအာဏာ ပညာသီတင်း တူမျှသောမင်းကို အဘယ်မှာ ငါတို့ ရနိုင်ပါအံ့နည်း"ဟု ငိုကြွေးလျက် မင်းကြီးနောက်တော်သို့ အစဉ်တစိုက် လိုက်ကြကုန်၏။

ထိုအခါ မိဖုရား ၇၀၀ တို့၏ သနားစဖွယ်ငိုကြွေးလျက် နောက်တော်သို့လိုက်ကြောင်း၊ ထိုသို့လိုက်သည်ကိုစင်လျက် ငဲ့ကွက်ခြင်းမရှိမူ၍ လွတ်လွတ်ထွက်ကြတော်မူကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည် 'တာစ သတ္တသတာ ဘရိယာ'အစရှိသော ၆ ဂါထာတို့ကို ဟောတော်မူသည်။ အဓိပ္ပာယ်ကား–

"ရဟန်းတို့။ မဟာဇနကမင်း ငါဖြစ်တော်မူသောအခါ ရဟန်းပြု၍ နန်းတော်မှ ဟိမဝန္တာသို့ထွက်လတ်သော် ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော မိဖုရား ၇၀၀ တို့သည် မောင်း ၂ ဘက်တို့ကို ထိပ်ထက်ချီလျက် 'အရှင်မင်းကြီး။ အဘယ်အပြစ်ရှိသဖြင့် ကျွန်မတို့ကို စွန့်ပစ်၍ ကြွတော်မူရက်ဘိသနည်း' ဟု ငိုကြွေးကာ လိုက်ကြကုန်၏။

ထိုအခါ လုံးရပ်သဏ္ဌာန် ကိုယ်ဟန်နုနယ် ငယ်သောခါးရှိကုန်သော မိဖုရား ၇၀၀ တို့သည်–

"အရှင်မင်းကြီး။ ကျွန်မတို့ကို စွန့်ပစ်တော်မူလိုသော်လည်း အပြစ်ကိုသာ သိသိသာသာ ထင်ရှားပြ၍ စွန့်တော်မူကောင်းပါလျက် တစ်ခွန်းသောအမိန့်တော်မျှ မပြန်ခဲ့ဘဲ နလုံးကွဲ၍သေလေအောင် အဘယ့်ကြောင့် ကျွန်မတို့ကို စွန့်ပစ်တော်မူရက်ဘိသနည်း"ဟု မျက်ရည်ယိုစက် ထိပ်ထက်လက်ချီ တိမ်းပီတိမ်းပါး သနားစဖွယ် ကိုးကွယ်ရာမရ ငိုကြွေး၍လိုက်ကြကုန်၏။

ထိုအခါ လင်၏အလိုသို့သာလိုက်လျက် ချစ်ဖွယ်သောစကားကို ဆိုတတ်ကုန်သော မိဖုရား ၇၀၀ တို့သည်

"အရှင်မင်းကြီး။ ကျွန်မတို့၏အသည်းအအူ လှိုက်ဆူပူပန်ခြင်းကို ကယ်တော်မမူပါပြီလော။ အဘယ်အကြောင်းကြောင့် ကျွန်မတို့ကိုစွန့်ပစ်၍ ကြွတော်မူရက်ဘိသနည်း"ဟု လက်ဝဲလက်ယာ နောက်ပါထက်ကြပ်မရပ်မတည် ဝန်းလည်ညွတ်ပျောင်းလျက် ဦးခေါင်းထက်လက်ချီ အလီလီလျှောက်ထားခြင်းဖြင့် သနားစဖွယ် ငိုကြွေး၍လိုက်ကြကုန်၏။

"ရဟန်းတို့။ ထို မဟာဇနကမင်းကြီးသည် ရဟန်းအဖြစ်သို့ ရေးရှုခြင်းဟု ဆိုအပ်သော နေက္ခမ္မဝိတက်လျှင် မြန့်စေထက်ကြပ် ကပ်၍နှိုးဆော်လေသောကြောင့် သိကြားစံဖက်သကဲ့သို့ နှစ်သက်ဖွယ်အတူတူဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



နန်းသူ ၇၀၀ တို့၏ တဏှာကျော့ကွင်း ချိတ်ငင်ခြင်းကို နှိမ်နင်းချိုးဖဲ့၍ ငဲ့ကွက်ခြင်းမရှိ သမာဓိအဘိသိက်ကို ရှေးဦးစွာ ခံပြီးမှ ပိုလ်ချိန် ၁၀၀ အမှန်ရှိသော ရွှေလင်ပန်းကို စွန့်ပစ်လေ၍ မြေသပိတ်လွယ် စံပယ်တင်သက်န်း ရဟန်း အဖြစ်တည်းဟူသော အဘိသိက်ကို ၂ ကြိမ်မြောက် ခံယူနိုင်လေ၏”ဟု ဟောတော်မူ၏။

သီဝလိဒေဝီ မိဖုရားကြီးမူကား မိမိအရွယ်ကြီးပြီဖြစ်၍ အရွယ်ရှိမိဖုရားများကဲ့သို့ လျှမ်းလျှမ်းတက်မျှ မပြုဘဲ မိဖုရားငယ် ၇၀၀ တို့ကိုသာ “သင်တို့သည် မင်းကြီးစိတ်ကို ညိတ်၍ပါအောင် များစွာသနားဖွယ်ဖြင့် ဖြားယောင်းကြ”ဟု နှိုးဆော်ကာ သိမ်မွေ့နူးညံ့သောဉာဏ်ဖြင့် မင်းကြီးနောက်ကသာ ငိုကြွေးလျက် နန်းတော်သို့ ပြန်ပါမည့်အကြောင်းကို အသာအယာတောင်းပန်၍ လိုက်၏။

ထို သီဝလိဒေဝီမိဖုရားကြီးသည် အသွယ်သွယ်အပြားပြား များစွာအကြောင်းရှာ၍ တောင်းပန်ပါ သော်လည်း ဘုရားလောင်းကို စကားတုံ့ပြန်၍ ဆိုစိမ့်သောငှာ မတတ်နိုင်ရှိလေလျှင် ‘တစ်ခုသော ဥပါယ် တံမျဉ်[၁၇၈]ဖြင့် မင်းကြီးကို နန်းတော်သို့ပြန်စေအံ့’ဟု ကြံပြီးသော် စစ်သူကြီးအမတ်ကြီးကိုခေါ်၍–

“အမောင်စစ်သူကြီး။ ယခု မင်းကြီးသွားလတ္တံ့သောလမ်း မနီးမဝေးမှာ အိမ်ဆိုးဇရပ်ဆိုး[၁၇၉] ရှိသမျှတို့ကို မင်းကြီးမြင်သာအောင် ရှေ့ကဆီး၍ မီးတိုက်ချေ။ မြက်, ကောက်ရိုး, သက်ငယ် လောင်လွယ်သည်များကိုလည်း အခိုးဖြစ်အောင်ရေဆွတ်၍ မီးပုံမှာထည့်။ အခိုးအလျှံ ပြင်းစွာထစေ”ဟု ဆို၍ စေလိုက်သည်။

စစ်သူကြီးသည် လျင်စွာသွားနှင့်၍ မိဖုရားဆိုတိုင်း အိမ်ဆိုး, ဇရပ်ဆိုးတို့ကို စုပုံ၍ အခိုးအလျှံကြီးစွာ ထအောင် မီးတိုက်နှင့်လေ၏။

ထို မီးအခိုးအလျှံထလတ်သောအခါ သီဝလိဒေဝီမိဖုရားသည် ဘုရားလောင်း၏နံပါးသို့တက်၍ ရှေ့တူရူ ခြေရင်း၌ ဆံပင်ဖြန့်ကြဲလျက် လက်အုပ်ချီကာ တုပ်ဝပ်ပြီးသော်–

‘ဘိသွာ အဂ္ဂိသမာ ဇာလာ၊ ကောသာ ဍယှန္တိ ဘာဂသော။

ရဇတံ ဇာတရူပဥ္စ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။ ။

‘မဏိယော သင်္ခမုတ္တာ စ၊ ဝတ္ထကံ ဟရိစန္ဒနံ။

အဇိနံ ဒန္တဘဏ္ဍဉ္စ၊ လောဟံ ကာဠာယသံ ဗဟူ။ ။

ဧဟိ ရာဇ နိဝတ္တဿု၊ မာ တေ တံ ဝိနဿ ဓနံ။ ။’ဟူသော ၂ ဂါထာခွဲတို့ဖြင့် လျှောက်၏။

အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ ယခု ကိုယ်တော် မြို့ပြင်သို့မျှ မရောက်မီကပင် ပြည်သားပြည်သူတို့သည် မင်းရေး မင်းဝတ်၌ ခံ့ညားခြင်း မရှိကြပြီ။ မိမိတို့မီးကိုမျှ လုံအောင်မထိန်းဘဲ မြောက်တံခါးနားက မီး ထခဲ့ပြီ။ ကိုယ်တော် ရှုစမ်းပါလော့။ ထိုမီးကို ကိုယ်တော်အုပ်ချုပ်၍ ငြိမ်းစေတော်မူပါမှ ထီးနန်းစည်းစိမ် မပျက်မစီး ရှိပါမည်။ အကယ်၍ ကြည့်ရှုတော်မမူချေလျှင် နန်းတော်၌ ရွှေတိုက်၊ ငွေတိုက်၊ ပုလဲ, ကြောင်မျက်ရွဲ, ပတ္တမြားမျိုး, ခရုသင်းကဲ့သို့ ဖြူစင်စွာသောပုလဲ, ဖြူစင်စွာသော မျက်မျိုး[၁၈၀]ထားရာ ရတနာတိုက်၊ အဖိုးများစွာထိုက်သော အဝတ်ကောင်း, တန်ဆာကောင်း, သစ်နက်ရေ, စန္ဒကူးနီထားရာ တန်ဆာတိုက်၊ ဆင်စွယ်, ကြေးနီ, ကြေးစင်, ကြေးဝါ, ခံလောက်စိမ်း[၁၈၁], သလွဲစင်[၁၈၂], သံကောင်းထားရာ ကြေးတိုက်။

“ထီးနန်းအဆက်ဆက် မပျက်မစီးဘူးသော ဤ အလုံးစုံစည်းစိမ်တို့သည် အရှင်မင်းကြီး မျက်မှောက်တွင်ပင် ပျက်စီးမည်ဟူသော် မပျက်စီးသေးသင့်တကား။ ယခု နန်းတော်သို့ဝင်၍ စစ်သူကြီး,



www.burmeseclassic.com

www.burmeseclassic.com



မှူးမတ်တို့ကို အာဏာစွဲတော်မူလျက် ဤကြောက်မက်ဖွယ် ထလတ်သောမီးကို ငြိမ်းစေတော်မူပါဦးလော့။ နောက်မှ ရဟန်းပြုတော်မူလိုလည်း ပြုရပါ၏။ ယခုသာ မကြည့်မရှု ထွက်သွားတော်မူချေလျှင် 'မဟာဇနကမင်းကြီးသည် မိမိ ပညာရှိသူဖြစ်လျက် မီးကိုသတ်သောသူအား ရဟန်းမပြုကောင်းဟု ထုံးစံရှိလေယောင်ကဲ့သို့ ရှေ့တွင်လောင်လတ်သော မီးကိုမျှ မသတ်မငြိမ်းစေပါလေ'ဟု ပြည်သူပြည်သားမှစ၍ ကြားတိုင်းကြားတိုင်းသော သူတို့သည်လည်း အပြစ်တင်ဖွယ်ရှိ၏။ အရှင်မင်းကြီးအားလည်း ဘုန်းပညာရှိ စင်စစ်ဖြစ်သူမှန်လျက် မိမိရှေ့မှောက်တွင် သူတစ်ပါးတို့ ဖျက်ဆီးရလေသဖြင့် ကြီးစွာသောရှက်ဖွယ်လည်း ဖြစ်ရာ၏။ ထို့ကြောင့် ယခု ရဟန်းပြု၍ မသင့်ပါသေး။ ဤမီးကို ငြိမ်းစေပြီးမှ ရဟန်းပြုလိုလည်း ပြုတော်မူပါလော့။ နန်းတော်သို့ ဝင်တော်မူပါဦး"ဟု လျှောက်ထားတောင်းပန်၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် "မိဖုရား။ သင် အသို့ဆိုသနည်း"ဟုဆို၍ ကိုယ်တော်ကို အလွတ်ရုန်းတော်မူခြင်းငှာ–

'သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။

မိထိလာ ဍယှမာနယ၊ န မေ ကိဉ္စိ အဍယှထ။ ။'ဟူသော ဂါထာဖြင့် ဆိုတော်မူ၏။

ဒေဝိ၊ မိဖုရား။ ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ကြောင့်ကြခြင်းသည်။ နတ္ထိ၊ မရှိ။ တေ–မယံ၊ ထို ငါတို့သည်။ သုသုခံဝတ၊ အလွန်ချမ်းသာစွာလျှင်။ ဇီဝါမ၊ အသက်မွေးရကုန်၏။ မိထိလာယ၊ မိထိလာပြည်သည်။ ဍယှမာနာယ၊ မီးလောင်လေသော်လည်း။ မေ၊ ငါ၏။ ကိဉ္စိ၊ တစ်စုံတစ်ခုသောဥစ္စာကို။ န အဍယှထ၊ မီးမလောင်။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"မိဖုရား။ ငါ့အား ဝတ္ထုကာမ[၁၈၃], ကိလေသာကာမ[၁၈၄] ကိုမှီ၍ တပ်မက်ခြင်း စသောအားဖြင့် 'ကိလေသာ'ဟု ဆိုအပ်သော ကြောင့်ကြခြင်းမည်သည် မရှိ။ ထို ကြောင့်ကြခြင်းကိလေသာ ငြိမ်းပြီးသောကြောင့် ယခု ငါ့စိတ်သည် အလွန်ချမ်းသာစွာ ရှိ၏။ ဤသို့ ချမ်းသာသောအသက်မွေးခြင်း ရှိသည်ဖြစ်၍ ထီးနန်းစည်းစိမ်နှင့်တကွ တစ်ပြည်လုံးကိုပင် မီးလောင်လေသော်လည်း ငါ၏စည်းစိမ်ကို လောင်သည်ဟူ၍ အနည်းငယ်မျှ ငါ မြင်တော်မမူ" ဟု ဆိုတော်မူလျက် မြို့မြောက်တံခါးဖြင့် ထွက်တော်မူ၏။

မိဖုရား ၇၀၀ တို့သည်လည်း အသွယ်သွယ်အပြားပြား မြည်တမ်းငိုကြွေးလျက် နောက်တော်သို့လိုက်ကြကုန်၏။ သီဝလိဒေဝီ မိဖုရားကြီးသည်လည်း မှူး, မတ်, ပြည်သားပြည်သူအပေါင်း ခြံရံလျက် ငိုကြွေးကာ နောက်တော်သို့ လိုက်လေကုန်၏။ ထိုမြို့ပြင်သို့ရောက်သောအခါ သီဝလိဒေဝီမိဖုရားသည် တစ်ခုသော ဥပါယ်တံမျဉ်ကို ရှာကြံပြန်၍ စစ်သူကြီး, အမတ်ကြီးတို့ကိုခေါ်ပြီးလျှင်–

"အမောင်တို့။ မြို့,ရွာ,တိုင်း,နိုင်ငံတို့ကို လုယက်ဖျက်ဆီးသော လူဆိုး,လူပျက်, ရန်မီးပေါ်ဟန်ကဲ့သို့ စီရင်လေ"ဟု အာဏာထားလိုက်၏။

စစ်သူကြီး, အမတ်ကြီးတို့လည်း မိဖုရားဆိုတိုင်း ထိုခဏ၌ပင်လျှင် များစွာသောသူရဲတို့ကို လက်နက်စွဲစေလျက် မြို့အနီးအစပ်ရှိသော ရွာငယ်နိဂုံးတို့ကို 'ထိုးကြကုန်, သတ်ကြကုန်, ဖမ်းကြကုန်'ဟူသော အသံဖြင့် မြို့ဝန်းကျင်၌ ကြောက်မက်ဖွယ်ဖြစ်စေလျက် လုယက်ဖျက်ဆီးသကဲ့သို့ ပြုစေ၏။ မင်းကြီးမြင်လောက်ရာ အရပ်တို့၌လည်း ရွာသားမြို့သားဖြစ်သော ယောကျ်ားတို့၏ကိုယ်ကို ချိပ်ရည်ဖြင့်လောင်းသွန်း၍ အချို့သောသူတို့အား ဓား,လှံထိသဖြင့် သွေးယိုစီးလျက် ပြေးလာယောင်ကဲ့သို့ လည်းကောင်း၊ အချို့သောသူတို့အား ဓား,လှံထိ၍ သွေးအလိမ်းလိမ်း ကပ်သောကိုယ်ဖြင့် သစ်ပင်အကြား လမ်းနား, လမ်းလယ် စသည်တို့၌



www.burmeseclassic.com

www.burmeseclassic.com



သေသော အခြင်းအရာတို့ဖြင့် အိပ်စေခြင်းကို လည်းကောင်း၊ ကြောက်မက်ဖွယ်သောအသံနက်နှင့် တစ်ပြိုင်နက် ကြွေးကြော်ခြင်းကို လည်းကောင်း ပြုစေ၏။

ထိုအခါ သီဝလိဒေဝီမိဖုရားကြီးသည် မင်းကြီးထံသွား၍ ခြေရင်း၌တုပ်ဝပ်ပြီးလျှင် မြို့သို့ပြန်စိမ့်သောငှာ ရှိခိုးလျက်–

'အဋဝိယော သမုပ္ပန္နာ၊ ရဋ္ဌံ ဝိဒ္ဓံသယန္တိ တံ။

ဖေဟိ ရာဇ နိဝတ္တဿု၊ မာ ရဋ္ဌံ ဝိနသာ ဣဒံ။ ။' ဟူသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ တောအုပ်ကိုအမှီပြု၍နေသော ခိုးသား,ဓားပြတို့သည် ကိုယ်တော်ထင်ရှား ရှိစဉ်ပင်လျှင် ဤပြည်ကြီးကို ဖျက်ဆီးအံ့ဟု ရန်မီး ယခုထခဲ့၏။ ဤရန်မီးကို ကိုယ်တော် ငြိမ်းအောင်မပြုလျှင် ပြည်သူတို့အား ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရတော့မည်။ ဤသို့သော သူပုန်ရန်မီးကို မျက်မှောက်ထင်ထင် ကိုယ်တော် မြင်တွေ့သည်ဖြစ်လျက် မငြိမ်းစေဘဲ ကြွတော်မမူသင့်။ ရန်မီးငြိမ်းပြီးမှ ရဟန်းပြုလိုလည်း ပြုတော်မူရပါ၏။ ယခု နန်းတော်သို့ ပြန်တော်မူပါ"ဟု လျှောက်ထားတောင်းပန်ပြန်လေ၏။

ထိုစကားကို ဘုရားလောင်းကြားလျှင် "ငါ ထင်ရှားရှိသေးလျက် အဘယ်သူတို့ ဤပြည်ကို ဖျက်ဆီးဝံ့အံ့နည်း။ ဤအကြံအစည်ကား မိဖုရားကြီးအကြံအစည်သာ ဖြစ်မည်"ဟု သိတော်မူ၍ မိဖုရားကြီးအား စကားဆိုရာ မဲ့အောင် ပြုတော်မူခြင်းငှာ–

'သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။

ရဋ္ဌေ ဝိလုပ္ပမာနမှိ၊ န မေ ကိဉ္စိ အာဟရထ။ ။

'သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။ ။' ဟူသော ၂ ဂါထာတို့ဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

"မိဖုရား။ ကိလေသာတည်းဟူသော ကြောင့်ကြခြင်း ရှိသောသူအားသာလျှင် လုယက်ဖျက်ဆီးခြင်း ရန်မီးသည် ဖြစ်၏။ ကြောင့်ကြခြင်း ကင်းပြီးသောငါ့အား လုယက်ဖျက်ဆီးခြင်းရန်မီး မရှိ။ မိထိလာပြည် အလုံးပင် ရန်သူဖျက်ဖြန်း၍ ဆုံးလေသော်လည်း မက်မောခြင်းကင်းလျက် ချမ်းသာစွာအသက်မွေးခြင်းရှိသော ငါ့အား အဘယ်ပြုအံ့နည်း။ ငါသည် အလုံးစုံသော ပြည်စည်းစိမ်ကို စွန့်လေပြီးသောတံတွေးကဲ့သို့ ထင်၍ တပ်ငြိခြင်း ကင်းလေသဖြင့် အာဘဿရာဘုံ၌ဖြစ်သော ဗြဟ္မာတို့ကဲ့သို့ ပီတိသာလျှင် အစာရှိလျက် ဈာန်၏ မွေ့လျော်ခြင်းဖြင့် မွေ့လျော်၍သာ ကာလကိုလွန်စေအံ့"ဟု ဆိုတော်မူလျက် ကြွတော်မူ၏။

## ၁၆။ အရေးသား၍ တားမြစ်တော်မူခန်း

သီဝလိဒေဝီမိဖုရားသည်လည်း များစွာသော ဗိုလ်ခြေပရိသတ်အပေါင်း ခြံရံလျက် နောက်တော်သို့ လိုက်ပြန်လေ၏။ ထိုအခါ ဘုရားအလောင်းသည် မိဖုရား, ပြည်သားပြည်သူတို့ မပြန်လိုလတ်သော် 'ဤသူတို့ကို ငါ စိုးစဉ်းမျှ အပြစ်မဆိုလျှင် ဟိမဝန္တာသို့ပင် ရောက်အောင်လိုက်၍ ငါ့အား ရဟန်းပြုခြင်း၏အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုရာချေသည်။ ထို့ကြောင့် 'တစ်ခုသောအကြောင်းဖြင့် ထိုသူတို့ကို ပြန်စေအံ့'ဟု ကြံပြီးလျှင် မိထိလာနေပြည်တော်မှ ခရီးတာ ဥသဘ ၄၀ မျှလောက်[၁၀၅] ကွာသောအရပ်သို့ရောက်သောအခါ ခရီး၌ နောက်သို့လှည့်လည် ရပ်တော်မူလျက် အမတ်တို့ကို ဤသို့ မေးတော်မူ၏။

"အမတ်တို့။ မိထိလာပြည်သည် အသူ့ပြည်နည်း"ဟု မေးတော်မူ၏။ အမတ်တို့လည်း

"အရှင်မင်းကြီး။ ဤပြည်တော်သည် အရှင်မင်းကြီးပြည်တော်တည်း"ဟု လျှောက်ကြကုန်၏။ မင်းကြီးလည်း–

"အမတ်တို့။ ဤပြည်သည် သင်တို့လျှောက်ချက်အတိုင်း ငါ့အစိုးရသော ပြည်မှန်လျှင် တစ်ယောက်သောသူမျှ ကျော်နင်း၍မလိုက်စေခြင်းငှာ ဤလမ်း၌ ဖီလာဖြတ်အရေး သားတော်မူခဲ့မည်[၁၀၆]။ ငါ သားတော်မူသောအရေးကို ကျော်နင်းဖျက်ဆီးလျှင် ရာဇဒဏ်[၁၀၇] ထင်ရှားအောင်ပေး"ဟု အာဏာထားတော်မူပြီးသော် လက်စွဲတော်တောင်ဝှေးဖြင့် ထိုခရီးမ၌ ဖီလာဖြတ်အရေး သားတော်မူ၍ ပရိသတ်ကိုကျောထားကာ ကြွသွားတော်မူလေ၏။

မှူးမတ်အပေါင်းတို့သည်လည်း ဘုရားလောင်း၏ဘုန်းတော်ကြောင့် ထိုအရေးကို တစ်စုံတစ်ယောက်မျှ မကျော်နင်းဝံ့သည်ဖြစ်၍ ဘုရားလောင်းကို မျှော်ကြည့်ကာမျှသာလျှင် ထိုသားကြောင်းကိုဦးခိုက်လျက် ငိုကြွေးကြကုန်၏။

အိမ်ရှေ့မင်းမယ်တော်လည်း မိမိကိုယ်ကို မဆောက်တည်နိုင်သည်ဖြစ်၍ ဘုရားလောင်းကို မျှော်ကြည့်ကာ ပြင်းစွာရင်ကိုခတ်တီးလျက် ထိုသားကြောင်းကိုဦးခိုက်၍ မြေ၌လူးလဲကာ ငိုကြွေးလေသော်၊ မိမိရောက်မှန်း မသိဘဲ ထိုသားကြောင်း၏အတွင်းသို့ရောက်သဖြင့် တစ်ဖန်ထ၍ ဘုရားလောင်းနောက်တော်သို့ လိုက်ပြန်လေ၏။

မှူးမတ်ပရိသတ်အပေါင်းတို့လည်း မိဖုရားလူးလဲ၍ သားကြောင်းပျက်လေလျှင်–

"ဤအရေးကို သူတစ်ပါး မဖျက်။ အရေးရှင်ပင် ဖျက်သည်ဖြစ်သောကြောင့် ရာဇဒဏ် မရှိပြီ"ဟု မိဖုရားကြီးနောက်သို့ လိုက်ကြပြန်လေ၏။

ဘုရားလောင်းသည် မိဖုရား, မှူးမတ်တို့ကို ပြန်စိမ့်သောငှာ လုံ့လပြုပါသော်လည်း မတတ်နိုင်သည်ဖြစ်၍ အနှောင်အဖွဲ့မှ မလွတ်ကင်းနိုင်သောကိုယ်တော်ဖြင့်ပင်လျှင် မြောက်ဟိမဝန္တာသို့ရှေးရှု ယူဇနာ ၆၀ တိုင်အောင် ကြွတော်မူရ၏။ အိမ်ရှေ့မင်းမယ်တော်လျှင် အုပ်ချုပ်ခြင်းရှိသော မှူးမတ်, ပြည်သားပြည်သူ လူအပေါင်းတို့လည်း သနားဖွယ်သောငိုကြွေးခြင်းဖြင့် ငိုကြွေးကြလျက် ဘုရားလောင်းနောက်တော်သို့ ယူဇနာ ၆၀ တိုင်အောင် လိုက်ကြလေ၏။

ညဥ့်အခါရောက်တိုင်း အိမ်ရှေ့မင်းမယ်တော်မှာ သစ်တပ်တည်စေ၍ တဲစခန်းချ၏။ ဘုရားလောင်းမူကား ထိုသစ်တပ်တဲနန်းမ၌ မနေမူ၍ လွတ်ရာတစ်ခုခုသော သစ်ပင်ရင်း၌သာလျှင် တစ်ပါးတည်း ကျိန်းစက်တော်မူ၏။

ဤသို့သောနည်းဖြင့် နေ့တိုင်းကြွတော်မူ၍ မိထိလာပြည်မှ ယူဇနာ ၆၀ ကွာသောအရပ်သို့ ရောက်တော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ နာရဒ ရှင်ရသေ့နှင့် တွေ့ခန်း

ထိုအခါ နာရဒအမည်ရှိသော ရှင်ရသေ့သည် ဟိမဝန္တာဝယ် တစ်ခုသောရွှေဂူ၌ အဘိညာဉ် ၅ ပါး[၁၈၈], ဈာန်[၁၈၉], သမာပတ်[၁၉၀] ချမ်းသာတို့ကို ခံစားလျက်နေ၏။ ထိုနာရဒရသေ့သည် ၇ ရက်လွန်၍ ဈာန်သမာပတ်မှ ထပြီးသော် 'သြော်၊ ချမ်းသာစွ, ချမ်းသာစွ'ဟု နှစ်သက်ဝမ်းမြောက်စွာ ဥဒါန်းကျူးလျက် 'ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဤသို့သောဈာန်ချမ်းသာကို ရှာသောသူ တစ်စုံတစ်ယောက် ရှိလိမ့်အံ့လော'ဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လေသော်၊ ဘုရားအညွန့်ဖြစ်သော မဟာဇနကမင်းကြီး တောထွက်တော်မူသည်ကို မြင်လေ၏။ ထိုအခါ နာရဒရှင်ရသေ့သည် ဤသို့ကြံ၏။

'ဤမင်းကား ကြီးစွာသောပြည်စည်းစိမ်ကို စွန့်၍ မြတ်သောတောထွက်ခြင်းဖြင့် ရဟန်းပြုပါသည်ကို သီဝလိဒေဝီ အမှူးရှိသော မှူးမတ်, ပရိသတ်အပေါင်းတို့သည် နောက်ကဝန်းရံ၍ လိုက်ကြကုန်၏။ ထိုမင်းလည်း မိမိပရိသတ်ကို ပြန်စေခြင်းငှာ မတတ်နိုင်လေ။ ဤသို့ မိဖုရားပရိသတ်တို့လိုက်သဖြင့် ထိုမင်းသည် ဝိက္ခမ္ဘနပဟာန်[၁၉၁] ကို မရသေးသူဖြစ်ခြင်းကြောင့် တဒင်္ဂပဟာန်တည်းဟူသော ငယ်နုလှစွာသောအတောင်ဖြင့် မိဖုရား, မှူးမတ်တို့ ဖြားယောင်းခြင်းတည်းဟူသောညွတ်ကွင်းမှ လွတ်မြောက်အောင်မပျံနိုင်ဘဲ ရှိခဲ့သော် ရဟန်းပြုခြင်း၏အန္တရာယ်သည် ဖြစ်လေရာ၏။ ထို့ကြောင့် ယခု ငါသွား၍ စိတ်တစ်ချောင်းတည်းဖြင့် ကောင်းစွာစွဲယူပြီးသောအယူကို တစ်ပါးသူလှုပ်ရှား၍ မပျက်နိုင်အောင် မြဲမြံနိုင်ခံ့စေခြင်းငှာ အဆုံးအမပေးချေသော် ကောင်း၏'ဟု ကြံပြီးလျှင်၊ ဣဒ္ဓိဝိဓ အဘိညာဉ်တန်ခိုးဖြင့် ထိုရွှေဂူမှ ဘုရားလောင်းရှိရာသို့ ကောင်းကင်ခရီးဖြင့် လာလတ်၍၊ ဘုရားလောင်း၏ရှေ့ဖြစ်သော ကောင်းကင်၌ရပ်လျက် အားထုတ်ပြီးသောလုံ့လကို မလျော့စေခြင်းငှာ တိုက်တွန်းလို၍–

'ကိမေသော မဟတော ဃောသော၊ ကာနု ဂါမေဝ ကီဠိယာ။

သမဏံ တေဝ ပုစ္ဆာမိ၊ ကတ္ထေသော အဘိသဋော ဇနော။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ အသို့နည်း။ တစ်ပါးရဟန်းမှာကဲ့သို့ မဟုတ်။ သင့်မှာ အသံများလှစွာ၏တကား။ ရွာကြီး မြို့ကြီးကဲ့သို့ အဝတ်ကောင်း,တန်ဆာကောင်းဆင်ယင်ဝတ်စားကာ သမီးပျို,သားပျိုတို့မြူးထူးကြသော အသံဖြင့် မြေပြင်ထိန့်မျှ ဖြစ်ခဲ့၏တကား။ သင့်ကိုပင် ငါ မေးရတော့သည်။ ဤအသံများစွာ အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်းကား အကြောင်းအသို့နည်း"ဟု ဆို၏။

နာရဒ ရှင်ရသေ့ စကားကိုကြားလျှင် ဘုရားလောင်းသည် အကြောင်းကို ပြန်ကြားလို၍–

'မမ သြဟာယ ဂစ္ဆန္တံ၊ ဧတ္ထေသော အဘိသဋော ဇနော။

သီမာတိက္ကမနံ ယန္တံ၊ မုနိ မောနဿ ပတ္တိယာ။

မိဿံ နန္ဒီဟိ ဂစ္ဆန္တံ၊ ကိံ ဇာနမနုပုစ္ဆသိ။ ။' ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ ကိလေသာတည်းဟူသောစောင်ရန်းဖြင့် ဆီးတားပိုင်းခြားအပ်သော လူတို့၏ဘောင်မှ ထိုအဆီးအတားကို ဖျက်ဆီးနှိမ်နင်း၍ ကိလေသာစောင်ရန်းမရှိသော ရဟန်းဘောင်သို့ ကျွန်ုပ် ထွက်လာလတ်သည်ကို ဤပရိသတ်သည် နောက်သို့ထက်ကြပ်ကပ်လျက် လိုက်လာကုန်ဘိ၏။ ထို ပြည်စည်းစိမ်၌ ငြိတွယ်ငဲ့ကွက်ခြင်းမည်သည် ကျွန်ုပ်၌ မရှိ။ ရှင်ရသေ့ကဲ့သို့ ဈာန်သမာပတ်၌ မွေ့လျော်ခြင်းကိုသာလျှင် အလွန်နှစ်သက်သည်ဖြစ်၍ 'ငါကား ကိလေသာကွန်ရက်မှလွတ်မြောက်သဖြင့် ယခု ရဟန်းအဖြစ်ကို ရတော့သည်'ဟူ၍သာ



www.burmeseclassic.com

www.burmeseclassic.com



အဖန်တလဲလဲအောက်မေ့လျက် ဟိမဝန္တာသို့ ထွက်လာခဲ့၏။ ထိုသို့ ရဟန်းပြုသောအကျွန်ုပ်ကို ရှင်ရသေ့သည် သိလျက်တည်း မေးတော်မူသလော၊ မသိ၍တည်း မေးတော်မူသလော။ ဝိဒေဟရာဇ်တိုင်းကြီးကို စွန့်၍ မဟာဇနက မင်းကြီး တောထွက်သည်'ဟူ၍ ကြားတော်မူကောင်းပါလေ၏တကား"ဟု ဆို၏။

ဘုရားလောင်းစကားကို ကြားလျှင် နာရဒရှင်ရသေ့သည် မင်းကြီးအား ရဟန်းအဖြစ်၌ မြဲမြံစွာတည်စေခြင်းငှာ–

'မာသုတိဏ္ဏော အမညိတ္ထ၊ သရီရံ ဓာရယံ ဣမံ။

အတီရနေယျံ ယမိဒံ၊ ဗဟူဟိ ပရိပန္ထယော။ ။' ဟူသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်ကာမျှဖြင့် ကိလေသာတည်းဟူသောစောင်ရန်းကို ဖျက်ဆီးနိုင်ပြီ သင် မှတ်သလော။ ရဟန်းပြုကာမျှဖြင့် ကိလေသာတည်းဟူသောစောင်ရန်းကို မဖျက်ဆီးနိုင်သေး။ နတ်ပြည်ခရီးသို့ မရောက်နိုင်အောင် ဆီးကာမြေးရစ်တတ်သော ကိလေသာဘေးရန်တို့သည် နောက်ကထက်ကြပ်ဝန်းရံ၍ လိုက်တတ်ကုန်၏။ ထိုရန်သူတို့ကို ဆွဲငင်၍မပါနိုင်အောင် ညွတ်ပြီးသော, ရဟန်းအဖြစ်ဟုဆိုအပ်သော တိုင်၌ အဖန်တလဲလဲ နှစ်သက်ခြင်း,သက်ဝင်ခြင်းတည်းဟူသော ကြိုးဖြင့် စိတ်ကို မြဲစွာဖွဲ့နှောင်နိုင်သူမှသာလျှင် ကိလေသာတည်းဟူသောစောင်ရန်းမှ လွတ်မြောက်ရာသည်"ဟု ဆို၏။

နာရဒရှင်ရသေ့စကားကို ကြားလျှင် ဘုရားလောင်းသည် ကိုယ်တော်၏စင်ကြယ်ကြောင်းကို ပြ၍ ကိလေသာတည်းဟူသောဘေးရန်ကို မေးတော်မူပြန်ခြင်းငှာ–

'ကော နုမေ ပရိပန္ထဿ၊ မမ ဧဝံ ဝိဟာရိနော၊

ယော နေဝ ဒိဋ္ဌေနာဒိဋ္ဌေ၊ ကာမာနံ အဘိပတ္ထယေ။ ။'ဟူသော ဂါထာဖြင့် ဆိုတော်မူပြန်၏။ အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ ယခု ကျွန်ုပ်သည် လူ့ပြည်၌ဖြစ်သော ကာမဂုဏ်ကိုလည်း တောင့်တခြင်းမရှိ။ နတ်ပြည်၌ဖြစ်သော ကာမဂုဏ်ကိုလည်း တောင့်တခြင်း မရှိ။ ထို ကိလေသာတည်းဟူသော တောင့်တခြင်းကင်းပြီးသော ကျွန်ုပ်ကို အဘယ်ဘေးရန် ခြံရံ၍ နှိပ်စက်နိုင်အံ့နည်း။ ကျွန်ုပ်အနီး၌ရှိသော ဘေးကို ရှင်ရသေ့ ဆိုတော်မူပါလော့"ဟု ဆို၏။

ဘုရားလောင်းစကားကိုကြားလျှင် နာရဒရှင်ရသေ့သည် ဘုရားလောင်းအနီး၌ရှိသော ဘေးရန်ကိုပြလို၍–

'နိဒ္ဒါ တန္ဒီ ဝိဇမ္ဘိတာ၊ အရတိ ဘတ္တသမ္မဒေါ၊

အာဝသန္တိ သရီရဋ္ဌာ၊ ဗဟူဟိ ပရိပန္ထယော။ ။' ဟူသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ အကြင်သူတို့သည် ကာမဂုဏ်အနှောင်အဖွဲ့မှ လွတ်မြောက်၍ ရဟန်းအဖြစ်သို့ ရောက်တုံသော်လည်း မိမိတို့ကိုယ်၌ နေ့တိုင်းမပြတ်ဖြစ်ကုန်သော ဘေးရန်တို့သည် ခြံရံကုန်၏။ ဘေးရန်တို့ကား အိပ်ကြူးခြင်း, ပျင်းရိခြင်း, ကိုယ်လက်တဆန့်ကျင်ကျင်ရှိခြင်း, ရဟန်းတရား၌မမွေ့လျော်ခြင်း, အစာ၌ အတိုင်းအရှည်ကိုမသိဘဲ မိမိစားသောအစာ ယစ်ခြင်း စသောအားဖြင့် များစွာသောဘေးရန် ရှိတုံသေး၏။ သင်သည်လည်း သူခပ်သိမ်းတို့ မြင်လျှင် ကြည်ညိုဖွယ်သောအဆင်းလည်း ရှိ၏။ 'ပြည်ကြီးစည်းစိမ်ကိုစွန့်၍ ရဟန်းပြုနိုင်ပေသည်'ဟူ၍လည်း သူခပ်သိမ်းတို့ ကြားလျှင်, မြင်လျှင် အလွန်ကြည်ညို နှစ်သက်ဖွယ်ရှိ၏။ ဤသို့သောအကြောင်းတို့ဖြင့် သူခပ်သိမ်းတို့သည် အလွန် ကြည်ညိုသည်ဖြစ်၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို



www.burmeseclassic.com

သင့်အား လှူကုန်လတ္တံ့။ ထို သူတစ်ပါးတို့လှူသော ဆောဖဥ်ခဲဖွယ် အရသာကောင်းတို့ကို သပိတ်အပြည့်ခံယူ၍ အလိုရှိသမျှ ဝစွာစားပြီးလျှင် ကျောင်းသခ်န်းသို့ဝင်လျက် အင်းပျဉ်အခင်း၌ ခြေပစ်လက်ပစ်ကြောင့်ကြမဲ့ အလိုရှိတိုင်း ဟောက်တုံ ယောင်တုံ ဘယ်ပြောင်းညာပြန် အိပ်လတ္တံ့။ အိပ်၍နိုးသောအခါ၌လည်း အိပ်ရာမှမထဦးဘဲ လူးလဲကာ ခြေပစ်လက်ပစ် အရှည်အကြာနေပြီးမှ ထပါတုံသော်လည်း အရသာကောင်းယစ်၍ ပျင်းရိခြင်းကြောင့် ကျောင်း၌ တံမြက်လှည်းခြင်း, သောက်ရေသုံးရေ တည်ထားခြင်း, ကမ္မဋ္ဌာန်း^ဃ^ ၌ လုံ့လပြုခြင်း တို့ကိုမပြုဘဲ တစ်ဖန် ထိုအိပ်ရာ၌ပင် အိပ်ပြန်လတ္တံ့။ ဤသို့ စသောအားဖြင့် ဆားရန်ဟူသည်ကား ကိုယ်၌ပင်လျှင် များစွာရှိတုံသေး၏။ ကာမဂုဏ်ကိုစွန့်ပစ်ရုံမျှနှင့် ရဟန်းတို့၏ဆားရန် ကုန်သည်မဟုတ်။ သင်သည် 'ငါကား ကာမဂုဏ်ကို လွန်မြောက်သဖြင့် ရဟန်းဖြစ်ပြီးတော့သည်' ဟူ၍သာ လုံ့လကိုလျှော့ချေငြားအံ့။ ယခု ငါဆိုခဲ့ပြီးသော ဆားရန်တို့သည် သင့်ကိုနှိပ်စက်သဖြင့် ကာမဝိတက်သာလျှင်များ၍ ရဟန်းတရား၌ တစ်ဖန် မမွေ့လျော်ခြင်း ဖြစ်ပြန်လတ္တံ့." ဟု ဆို၏။

ရှင်ရသေ့စကားကိုကြားလျှင် ဘုရားလောင်းသည် အလွန်နှစ်သက်သဖြင့် ကောင်းချီးပေးလို၍–

'ကလျာဏံ ဝတ မံ ဘဝံ၊ ဗြာဟ္မဏ မနုသာသတိ။

ဗြာဟ္မဏံတွေဝ ပုစ္ဆာမိ၊ ကော နု တွမသိ မာရိသ။ ။' ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ အရှင်သည် အကျွန်ုပ်ကို မြင့်ရာတွင်မြတ်စေခြင်းဟု ကောင်းသောစကားဖြင့်သာ အဆုံးအမ ပေးတော်မူပေ၏။ ရှင်ရသေ့သည် အကျွန်ုပ်၏ဆရာ ပေတည်း။ မသိသောအလျောက် အကျွန်ုပ် လျှောက်မေးပါအံ့။ ရှင်ရသေ့၏အမည်ကို အသူ ဆိုပေသနည်း"ဟု မေး၏။

ထိုစကားကိုကြားလျှင် နာရဒရှင်ရသေ့သည် အမည်ကိုကြားလျက် ဘုရားလောင်းအား အဆုံးအမကို ပေးလို၍–

'နာရဒေါ ဣတိ နာမေန၊ ကဿပေါ ဣတိ မံ ဝိဒူ။

ဘောတော သကာသ မာဂစ္ဆံ၊ သာဓု သဗ္ဘိ သမာဂမော။ ။

'တဿ တေ သဗ္ဗော အာနန္ဒော၊ ဝိဟာရော ဥပပဇ္ဇတု။

ယံ ဦနံ တံ ပရိပူရေဟိ၊ ခန္တိယာ ဥပသမေန စ။ ။

'ပသာရယ သန္နတဉ္စ၊ ဥန္နတဉ္စ ပသာရယ။

ကမ္မံ ဝိဇ္ဇဉ္စ ဓမ္မဉ္စ၊ သက္ကတွာန ပရိဗ္ဗဇ။ ။' ဟူသော ၃ ဂါထာတို့ဖြင့် ဆို၏။

သမဏ၊ ရှင်ရဟန်း။ မံ၊ ငါ့ကို။ နာမေန၊ အမည်အားဖြင့်။ နာရဒေါဣတိ၊ နာရဒ ဟူ၍။ ဝိဒူ၊ လူတို့ သိကုန်၏။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ မံ၊ ငါ့ကို။ ကဿပေါဣတိ၊ ကဿပ ဟူ၍။ ဝိဒူ၊ ကုန်၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ သာဓု၊ ကောင်း၏ဟု။ ဘောတော၊ အရှင်ရဟန်း၏။ သကာသံ၊ အထံသို့။ အာဂစ္ဆိံ၊ လာခဲ့၏။

သမဏ၊ ရှင်ရဟန်း။ တဿတေ၊ ထိုသင်အား။ သဗ္ဗော၊ အလုံးစုံသော။ အာနန္ဒော၊ ရဟန်းအဖြစ်၌ နှစ်လိုခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဝိဟာရော၊ ၄ ပါးသော ဝိဟာရဖြင့် နေခြင်းသည်လည်း။ ဥပပဇ္ဇတု၊ ဖြစ်စေလော့။ ယံဦနံ၊ အကြင် ယုတ်သောအရာသည်။ အတ္ထိ၊ ရှိ၏။ တံဦနံ၊ ထို ယုတ်သောအရာကို။



www.burmeseclassic.com

www.burmeseclassic.com



ခန္တီယာစ၊ သည်းခံခြင်းဖြင့် လည်းကောင်း။ ဥပသမေနစ၊ ကူဠေ့ကို ဆုံးမခြင်းဖြင့် လည်းကောင်း။ ပရိပူရေဟိ၊ ပြည့်စေလော့။

သမဏ၊ ရှင်ရဟန်း။ သန္တတဉ္စ၊ ကိုယ်နှင့်တန်ရုံ ထောင်လွှားတတ်သောမာန်ကိုလည်း။ ပဇာရယ၊ စွန့်ဘိလော့။ ဥန္နတဉ္စ၊ ကိုယ်နှင့်မတန် လွန်စွာထောင်လွှားတတ်သော မာန်ကိုလည်း။ ပဇာရယ၊ စွန့်ဘိလော။ ကမ္မဉ္စ၊ ကုသိုလ်ကမ္မပထ အစရှိသောကောင်းမှုကို လည်းကောင်း။ ဝိဇ္ဇဉ္စ၊ ဈာန်,အဘိညာဉ် အစရှိသောပညာကို လည်းကောင်း။ ဓမ္မဉ္စ၊ ကသိုဏ်း, ပရိကံ အစရှိသောအကျင့်ကို လည်းကောင်း။ သက္ကတွာန၊ အရိုအသေပြု၍ ပရိဗ္ဗဇ၊ ကျင့်လေလော့။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ ငါ့ကို အမည်အားဖြင့် 'နာရဒရသေ့'ဟု လူတို့ခေါ်ဝေါ်ကြ၏။ အမျိုးအနွယ်အားဖြင့်လည်း 'ကဿပ'ဟု လူတို့သိကြကုန်၏။ ငါသည် ဟိမဝန္တာ ဝေးစွာသောအရပ်၌ ဈာန်၏ချမ်းသာခြင်းဖြင့် နေလျက်ပင် လျှင် 'သူတော်ကောင်းတို့နှင့် တစ်ခဏမျှ အတူနေရသော်လည်း အကျိုးစီးပွား များစွာရှိသည်ဖြစ်၍ မြတ်၏'ဟု အောက်မေ့သဖြင့် သင့်ထံသို့ ငါ လာခဲ့သတည်း။ 'သူတော်ကောင်း'ဟု ငါမှတ်သည်နှင့်အညီ သင်သည်လည်း မြတ်သောအကျင့်ကိုသာ အလိုရှိသည် ဖြစ်၍လည်းကောင်း, ပညာရှိသောသူတို့၏ အကျိုးစီးပွားနှင့်ယှဉ်သော စကားကို နာယူလွယ်သည် ဖြစ်၍လည်းကောင်း သင်သည်စင်စစ် သူတော်ကောင်းမှန်ပေ၏။ ယခု သင် နှလုံးသွင်းသည့်အတိုင်း အသက်ထက်ဆုံး ရဟန်းတရား၌သာ နှစ်သက်ခြင်းရှိသည်ဖြစ်၍ မဖောက်လဲသည် ဖြစ်စေသတည်း။ မြတ်သောသူတို့၏ နေခြင်းဟုဆိုအပ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ၊ ဤ ဗြဟ္မဝိဟာရ[၁၉၃] ၄ ပါးဖြင့် ချမ်းသာစွာနေသည် ဖြစ်စေသတည်း။ လောက၌ သူတော်ကောင်းဟု ပြုကြကုန်သော အချို့တို့သည် မိမိတို့၌ ပြည့်စုံသော တစ်ခုခုသောဂုဏ်ကျေးဇူးကိုမှီ၍ 'ငါကား အလှူဒါယကာတည်း'၊ 'ငါကား ပဉ္စင်္ဂသီလ[၁၉၄], အဋ္ဌင်္ဂသီလ[၁၉၅], ဒသင်္ဂသီလ[၁၉၆]နှင့် ပြည့်စုံသောသူတည်း'၊ 'ငါကား ကသိုဏ်းပရိကံ[၁၉၇] ဈာန်အဘိညာဉ်နှင့် ပြည့်စုံသောသူတည်း၊ 'ငါကား မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုးတည်း' ဟူ၍ ယုတ်ညံ့ထက်မြက်သော မာန်မူခြင်းကို ပြုတတ်ကုန်၏။ ထိုသို့သောမာန်ကို နှိမ့်ချသည်းခံခြင်းဖြင့် လည်းကောင်း၊ မိမိ၌ထင်ရှားရှိသော ထို သီလပညာဖြင့် လည်းကောင်း နှိပ်ကွပ်ဆုံးမခြင်းကိုပြု၍ ကောင်းစွာကျင့်လော့။

"ဤလောက၌ တစ်စုံတစ်ခုသော ဂုဏ်ရှိကုန်သောသူတို့သည် ထို မိမိတို့၌ပြည့်စုံသောဂုဏ်ကို အမှီပြု၍ ကိုယ့်အောက်ညံ့သော မာန်, ကိုယ်နှင့်အင်တန်ရုံသော မာန်, ကိုယ်နှင့် အင်မတန်လွန်စွာသော မာန်၊ ဤမာန် ၃ ပါး တို့တွင် တစ်ပါးပါးဖြင့် ထောင်လွှားတတ်ကုန်၏။ ထို ထောင်လွှားတတ်သော မာန်အပေါင်းတို့ကို နှိပ်ကွပ်ဆုံးမ၍ ကုသိုလ်ကမ္မပထ ၁၀ ပါး[၁၉၈]ကို လည်းကောင်း၊ အဘိညာဉ်သမာပတ် ဟုဆိုအပ်သော အတတ်ကိုလည်းကောင်း, ကသိုဏ်းပရိကံ အစရှိသော ကောင်းမြတ်သောအကျင့်ကို လည်းကောင်း မဆောင်းမတိမ်း ဖြောင့်ဖြောင့်ပြည့်စုံစေလျက် အသက်ထက်ဆုံး ရဟန်းတရားကို အားထုတ်လေလော့"ဟု ဘုရားလောင်းအား အဆုံးအမပေးပြီးလျှင် နာရဒရှင်ရသေ့လည်း ကောင်းကင်ခရီးဖြင့် မိမိနေရာရွှေဂူသို့ ပြန်သွားလေ၏။

နာရဒရှင်ရသေ့ သွားပြီးသော် ဘုရားလောင်းလည်း မြောက်ဟိမဝန္တာသို့ ရှေးရှုပင်လျှင် ပြန်သွားလေ၏။

အိမ်ရှေ့မင်းမယ်တော်မှစ၍ မှူးမတ်ပရိသတ်တို့သည်လည်း နောက်တော်သို့ လိုက်ကြပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ မိဂါဇိန်ရှင်ရသေ့နှင့် တွေ့ခန်း

ထိုအခါ ဟိမဝန္တာဝယ် တစ်ခုသောရွှေဂူ၌ ဈာန်သမာပတ်စည်းစိမ်ကို ခံစား၍နေသော မိဂါဇိန်ဟူသော အမည်ရှိသော ရှင်ရသေ့သည် ၇ ရက်မြောက်၍ ဈာန်မှထသောအခါ နာရဒရှင်ရသေ့ကဲ့သို့ပင် လောကကို ကြည့်လေသော် ဘုရားလောင်းကိုမြင်သဖြင့် 'မဟာဇနကမင်း တောထွက်ပါသည်ကို မိဖုရားပြည်သူတို့သည် လွတ်လွတ်မသွားရအောင် နောက်ကထက်ကြပ် ကပ်၍လိုက်ကြဘိ၏။ ထိုမင်းအား ရဟန်း၏အန္တရာယ် မဖြစ်စေခြင်းငှာ ငါသွား၍ အဆုံးအမပေးရသော် ကောင်း၏'ဟုကြံပြီးလျှင် ရှေးနည်းအတူ ကောင်းကင်ခရီးဖြင့် လာလတ်၍ ဘုရားလောင်းရှေ့တူရူ ကောင်းကင်ပြင်၌ရပ်လျက် အမည်အမျိုးကို မေးမြန်းပြောဆိုပြီးလျှင်–

'ဗဟူ ဟတ္ထီ စ အဿေ စ၊ နာဂရေ ဇနပဒါနိ စ။
ဟိတွာ ဇနက ပဗ္ဗဇိတော၊ ကပါလေ ရတိ မဇ္ဈဂါ။ ။
'ကစ္စိ နု တေ ဇာနပဒါ၊ မိတ္တာ မစ္စာ စ ဉာတကာ။
ဒုဗ္ဘိမကံသု ဇနက၊ ကသ္မာ တေ တံ အရုစ္စထ။ ။' ဟူသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မဟာဇနကမင်း။ ရွာ, နိဂုံး, မြို့ငယ်များစွာတို့၏ အခွန်ဆက်ရာဖြစ်၍ ဆင်, မြင်း, ရထား, ခြေသည်, သူဌေး, သူကြွယ်, အမတ်, ပုရောဟိတ်, မင်းဆွေမင်းမျိုးတို့ဖြင့် ပြွမ်းသော မိထိလာပြည်ကြီး စည်းစိမ်ဝယ် အဖိုးများစွာထိုက်သော အဝတ်တန်ဆာတို့ကို လည်းကောင်း၊ ပိုလ် ၁၀၀ အချိန်ရှိသော ရွှေလင်ပန်းကို လည်းကောင်း စွန့်ပစ်၍၊ အဖိုးမထိုက်သော၍သက်န်းကို ဝတ်လျက်, အဖိုးမထိုက်သော၍မြေသပိတ်ကို လွယ်ပိုက်ကာ ထွက်လာခဲ့ရသည်မှာ အကြောင်းအသို့နည်း။ သင့်ကို ဆွေတော်မျိုးတော်, မှူးမတ်ပြည်သူတို့သည် မနှစ်မြို့၍ ပြည်တိုင်းကားမှ ဟိမဝန္တာတောအရပ်သို့ ပို့ဆောင်ထုတ်နှင်လိုက်ခြင်းကြောင့် ပြည်သူတို့ကို မလွန်နိုင်သဖြင့် ဤမြေခွက်ကို နှစ်သက်ရလေသလော"ဟု မေး၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် အပြစ်မရှိသောအဖြစ်ကို ပြလို၍–

'န မိဂါဇိန ဇာတုစ္ဆေ၊ အဟံ ကိဉ္စိ ကုဒါစနံ။
အဓမ္မေန ဇိနေ ဉာတိ၊ န စာပိ ဉာတယော မမံ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သစ်နက်ရေသက်န်းကို ဝတ်ရုံတော်မူသော ရှင်ရသေ့။ ကျွန်ုပ်သည် မိထိလာပြည်ကြီး၌ အနှစ် ၇၀၀၀ ပတ်လုံး မင်းပြု၏။ ကျွန်ုပ် မင်းပြုသည့်ကာလ၌ အဆွေအမျိုးတို့ကို လည်းကောင်း၊ မှူးမတ်, ပြည်သူတို့ကိုလည်းကောင်း မည်သည့်အခါ မည်သည့်အမှုတွင်မျှ မတရားသဖြင့် ကျွန်ုပ် မအောင်ရစဘူး။ ဆွေမျိုး, မှူးမတ်တို့သည်လည်း ကျွန်ုပ်ကို မည်သည့်အခါ မည်သည့်အမှုတွင်မှ မတရားသဖြင့် မအောင်ရစဘူး။ တရားသဖြင့်သာလျှင် ဆွေမျိုး, မှူးမတ်, ပြည်သူတို့ကို စိုးအုပ်သည်ဖြစ်၍ တစ်စုံတစ်ယောက်မျှ အကျွန်ုပ်ကို ပြစ်မှားမည့်သူ မရှိ"ဟု ရှင်ရသေ့ကို ချေဆိုတော်မူ၏။

ဘုရားလောင်းသည် ရှင်ရသေ့စကားကို ချေဆိုတော်မူပြီးလျှင် မြတ်သောတောထွက်ခြင်းကို ပြတော်မူလိုပြန်၍–

'ဒိသွာန လောကဝတ္တန္တံ၊ ခဇ္ဇန္တံ ကဒ္ဒမီကတံ။
ဟညရေ ဗဇ္ဈရေ စေတ္ထ၊ ယတ္ထ သန္နော ပုထုဇ္ဇနော။ ။

www.burmeseclassic.com



စေတာဟံ ဥပမံ ကတွာ၊ ဘိက္ခုကောသျှ မိဂါဒိန။' ဟူသော တစ်ဂါထာခွဲဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"သစ်နက်ရေသက်န်းကို ဝတ်တော်မူသော ရှင်ရသေ့။ ဤလောက၌ လူအပေါင်းကို ဝတ္ထုကာမ, ကိလေသာကာမဟု ဆိုအပ်သောပိုးသည် မပြတ်ကိုက်ခဲအပ်၏။ ထို ကိလေသာတည်းဟူသော ညွန်ပျောင်းသည် မပြတ်လိမ်းကျံအပ်၏။ ကိလေသာတည်းဟူသော ကြိုးဖြင့် မပြတ်နှောင်ဖွဲ့အပ်၏။ ထိုကိလေသာတည်းဟူသော ပိုး, ညွန်ပျောင်း, ကြိုးအနှောင်အဖွဲ့တို့၌သာလျှင် မလိမ္မာသောပုထုဇဉ်[၂၈၀] တို့သည် နှစ်သက်ခြင်းဖြင့် မွေ့လျော်ကုန်၏။ ထိုသို့ မွေ့လျော်ကုန်သောပုထုဇဉ်တို့အား သံသရာဝဋ်ဆင်းရဲတည်းဟူသော ဘေးရန်တို့သည် မပြတ်နှိပ်စက် အပ်ကုန်၏။ ထိုသို့ မလိမ္မာသောပုထုဇဉ်တို့၏ ကျင့်စဉ်ပြုစဉ် ပဝေဏီ[၂၈၁] ဟုဆိုအပ်သော လောကဝတ်၌ အပြစ်ကိုမြင်သောကြောင့် ဝဋ်တရားမှ ထွက်မြောက်လွယ်ခြင်းငှာ 'ဤအဝတ်ကိုဝတ်လျက် ဤခွက်ဖြင့် အသက်မွေး၍ တရားကို ပွားစေအံ့'ဟု အကျွန်ုပ် ရဟန်းပြုသတည်း။ သံသရာဘေးဖြင့် မလန့်နိုင်ဘဲ အပြစ်ဒဏ်သင့်၍ ရဟန်းပြုသည်မဟုတ်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် မိဂါဒိန်ရှင်ရသေ့သည် နှစ်သက်သောနှလုံး ရှိသည်ဖြစ်၍ ဘုရားလောင်းစကားကို အကျယ်အားဖြင့် နားလိုပြန်သောကြောင့်-

'ကောနု တေ ဘဂဝါသတ္ထာ၊ ကဿေတံ ဝစနံ သုစိ။

န ဟိ ကမ္မံ ဝါ ဝိဇ္ဇံဝါ၊ ပဗ္ဗဇ္ဇာယ ရထေသဘ။ ။

သမဏံ အာဟု ဝတ္တန္တံ၊ ယထာ ဒုက္ခဿ တိက္ကမော။' ဟူသော တစ်ဂါထာခွဲဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား-

"ဝိဒေဟရာဇ်တိုင်းကြီးရှင်ဖြစ်သော မင်းမြတ်။ ယခု သင်ဆိုသောစကားသည် အလွန်ခက်ခဲ၏။ အဘယ်ဆရာ့ထံမှ ရအပ်သော စကားနည်း။ သင်၏ဆရာကား အသူနည်း။ သင်ဆိုသောစကားကား အလွန်သန့်ရှင်းစင်ကြယ်သော စကားတည်း။ ဤစကားကို ဈာန်အဘိညာဉ်နှင့်ပြည့်စုံသော ကမ္မဝါဒီ[၂၈၂]ရသေ့, အာသဝက္ခယဝိဇ္ဇာ[၂၈၃] ဉာဏ်နှင့် ပြည့်စုံသော ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အစမူ၍ မဟောပြနိုင်ရာ။ ထိုဘုရား, ရသေ့တို့ကို အမှီမရဘဲလည်း သင်ဆိုသောကျင့်ဝတ်တရားကို မကျင့်နိုင်ရာ။ မင်းကြီး။ သင်ဆိုတိုင်း အကြင်ပုဂ္ဂိုလ်သည် ဝဋ်တရားကို လွတ်မြောက်နိုင်သည်ဖြစ်အံ့။ ထိုသူကို 'သမဏ'ဟု ဆိုစအပ်၏။ ဘုရားတို့၏အရာဖြစ်သောစကားကို သင်ဆိုသည်ဖြစ်သောကြောင့် သင်၏ဆရာသည် ဘုန်းကြီးသောဘုရား ဖြစ်ရာ၏။ ဟုတ်မှန်တိုင်း ဆိုလော့။ သင်၏ဆရာ အသူနည်း"ဟု မေး၏။

ရှင်ရသေ့စကားကိုကြားလျှင် ဘုရားလောင်းသည် အမေးနှင့်တန်ရုံ ရှေးဦးစွာပြန်ကြားလို၍-

[ဤသို့ မိဂါဒိန်ရှင်ရသေ့သည် ဘုရားလောင်းအား 'သင့်အလိုအလျောက်ပင် ကာမဂုဏ်ကိုစွန့်ရှာ၍ ရဟန်းပြုသလော'ဟူ၍သာ အိုးတန်ဆန်ခတ်စကားကိုမမေးဘဲ အရိုးကိုဖြတ်လှီးမှ အသီးအနှံပါမည့် အရည်ရှိသဖြင့် ဘုရားလောင်း၏ တောထွက်သော အခြင်းအရာကို အကျယ်နားထောင်လိုသောကြောင့် ဘုရားလောင်းစကားကိုချီးမြှောက်လျက် ကောက်ပင်ရိတ်ဖြတ်ခြင်းစကားမျိုးဖြင့် နားထောင်လိုရင်းမဟုတ်သောအရာကို အလေးပြု၍ မေးလေသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



'န မိဂါဇိန ဇာတုစ္ဆေ၊ အဟံ ကိဉ္စိ ကုဒါစနံ။

သမဏံ ဗြာဟ္မဏံ ဝါပိ၊ သက္ကတွာ အနုပါဝိသိ'။ ။'ဟူသောဂါထာဖြင့် ဖြေဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

"မိဂါဇိန် ရှင်ရသေ့။ အကျွန်ုပ်သည် ရဟန်းပြုခြင်း၏ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ရဟန်းတို့ကျင့်ဝတ် တရားကို လည်းကောင်း သိလို၍မေးလျှောက်သဖြင့် ပူဇော်သက္ကာရအထူးနှင့် မည်သည့်ဆရာထံသို့မျှ မဆည်းကပ်စဖူး။ မည်သည့်ဆရာမျှလည်း အကျွန်ုပ်အား ရဟန်းကျင့်ဝတ်၊ ရဟန်းတို့၏ဂုဏ်ကျေးဇူးကို ပြညွှန်ဟောကြားဖူးသည် မရှိ"ဟု ဆို၏။

[ဤအရာ၌ ဘုရားလောင်းသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား မပြတ်ဆွမ်းလုပ်ကျွေးသော ဥပါသကာစင်စစ်မှန်လျက် ဤရဟန်းပြုခြင်း၌ 'အကျွန်ုပ် မေးမြန်းဆည်းကပ်သော ဆရာ မရှိ'ဟု ဆိုလေသည်ကား–

'န ကဒါစိ ဥဒ္ဒိဿဝသေန ပဗ္ဗဇာယ ဂုဏော ပုစ္ဆိတပုဗ္ဗော။ ။'ဟု အဋ္ဌကထာဖွင့်သောကြောင့် အရှင်ပစ္စေကဗုဒ္ဓါတို့ကို မပြတ်လှူဒါန်းဆည်းကပ်လျက် တရားတော်ကိုနာသော်လည်း ရဟန်းပြုခြင်း၏ဂုဏ်ကျေးဇူးကိုရည်မှတ်၍ မလျှောက်မထားဘူးသောကြောင့် 'ဆရာ မရှိ'ဟု ဆိုလေသည်ဟု သိအပ်၏။]

ထို့နောက် ရဟန်းပြုသောအကြောင်းကို အရင်းကစ၍ အကျယ်ပြန့်ကြားခြင်းငှာ–

'မဟတာ စာနုဘာဝေန၊ ဂစ္ဆန္တော သိရိယာ ဇလံ။
ဂါယမာနေသု ဂီတေသု၊ ဝဇ္ဇမာ နေသု ဝဂ္ဂုသု။ ။

'တူရိယာတာဠ သဃုဋ္ဌေ၊ သမ္မာတာဠ သမာဟိတေ။
သ မိဂါဇိန မဒ္ဒက္ခိံ၊ ဖလံ အမ္ဗံ တိရောစ္ဆဒံ။ ။

'ဟညမာနံ မနုဿေဟိ၊ ဖလကာမေဟိ ဇန္တုဘိ။
သော ခေါဟံ တံ သိရိံ ဟိတွာ၊ ဩရောဟိတွာ မိဂါဇိန။ ။

'မူလံ အမ္ဗဿ ပါဂစ္ဆိံ၊ ဖလိနော နိပ္ဖလဿ စ။
ဖလံ အမ္ဗံ ဟတံ ဒိသွာ၊ ဝိဒ္ဓံသံ ဝိနဠီကတံ။ ။

'အထေကံ ဣတရံ အမ္ဗံ၊ နီလောဘာသံ မနောရမံ။
ဧဝမေဝ နူနမှေပိ၊ ဣဿရေ ဗဟုကဏ္ဋကေ။ ။

'အမိတ္တာနော ဝဓိဿန္တိ၊ ယထာ အမ္ဗော ဖလောဟတော။
အဇိနမှိ ဟညတေ ဒီပိ၊ နာဂေါ ဒန္တေဟိ ဟညတိ။ ။
ဓနမှိ ဓနိနော ဟန္တိ၊ အနိကေတ မသန္ထဝံ။
ဖလော အမ္ဗော အဖလော စ၊ တေ သတ္ထာရော ဥဘော မမ။ ။'ဟူသော ၆ ဂါထာတို့ဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

"မိဂါဇိန် ရှင်ရသေ့။ စင်စစ်သော်ကား သရက် ၂ ပင်သာလျှင် ကျွန်ုပ်ဆရာ ဖြစ်တော့သည်။ အသို့ဖြစ်သနည်းဟူမူကား 'တစ်နေ့သ၌ ဆင်, မြင်း, ရထား, ခြေသည်, မှူးမတ်, ပုရောဟိတ်, မင်းညီမင်းသားအပေါင်းခြံရံလျက် မြှောက်စည်, ထက်စည်, ခရာ, စောင်း,ငြင်း, မောင်း, ကြေးနင်း, ဒုံမင်း, ပတ်သာများစွာသော တီးမှုတ်မျိုးတို့ဖြင့် မြေပြင်သိမ့်မျှတီးမှုတ်၍ ဥယျာဉ်သို့ ကျွန်ုပ် ထွက်စံသောအခါ ဥယျာဉ်တံခါးဝတွင်

www.burmeseclassic.com



စောင်ရန်းတွင်း၌ အမြစ်, အပင်ရောက်၍ အခက်အလက် စောင်ရန်းပြင်သို့ထွက်လျက် သရက် ၂ ပင်တို့သည် ရှိကုန်၏။ ထို သရက် ၂ ပင်တို့တွင် တစ်ပင်ကား အခက်အရွက်ပြည့်စုံစွာ စိမ်းစိမ်းဖပ်ဖပ်၊ တစ်ပင်ကား အခက်အရွက်မပြည့်စုံ စနောင့်စနင်းရှိသည်ကို မြင်သောကြောင့် 'ထို ၂ ပင်သည် ရေမြေ အပြုအစု မခြားဘဲလျက် ခက်ရွက်အနုအပျို မတူကြသည်မှာ အကြောင်းအသို့နည်း'ဟု ကြံမိသဖြင့် ဆင်ပေါ်မှ သရက်ပင်ရင်းသို့ ချဉ်းကပ်ကြည့်ရှုလျက် ထိုအကြောင်းကို အမတ်တို့အား အကျွန်ုပ်မေးလျှင်၊ 'ဤအပင်ကား အသီးသီးသောကြောင့် လူညဉ်းဆဲ၍ ခက်ရွက်ပျက်စီးသဖြင့် စနောင့်စနင်း ရှိနေပါသည်။ ဤအပင်ကား အသီးမသီးသောကြောင့် အဖျက်လွတ်သဖြင့် ခက်ရွက်ဝေဝေဖားဖား ရှိပါသည်'ဟု လျှောက်ထားကြသောစကားကို ကြားရသောခဏ၌ပင် 'မင်းစည်းစိမ်သည် အသီးသီးသောသရက်ပင်နှင့် တူ၏။ ရဟန်းအဖြစ်သည် အသီးမသီးသော အရက်ပင်နှင့်တူ၏'ဟု ဥပမာထား၍ ထိတ်လန့်ခြင်းဖြစ်သဖြင့် ကျွန်ုပ် ရဟန်းပြုသတည်း။

၂ "မိဂါဇိန်ရှင်ရသေ့။ သစ်ကိုလည်း အရေကိုလိုသောကြောင့် သတ်ကုန်၏။ ဆင်ကိုလည်း အစွယ်ကို လိုသောကြောင့် သတ်ကုန်၏။ အစိုးရကုန်သောသူတို့အားလည်း စည်းစိမ်ကြောင့် များစွာသော ရန်စူးရန်ငြောင့် ရှိသဖြင့် ရန်သူတို့သည် ဖျက်ဆီးကုန်ရာ၏။ အိမ်ရာစည်းစိမ် မရှိ, ကိလေသာဖြင့် အဆွေခင်ပွန်းဖွဲ့အပ်သော အဖော်လည်း မရှိ, တစ်ယောက်အထီးတည်း နေရသောသူအားကား အဘယ်ရန်သူ ညှဉ်းဆဲပါအံ့နည်းဟု ကြံ၍ ရဟန်းအဖြစ်သို့ အခါမပြတ်ညွတ်လျက် ထို သရက် ၂ ပင်လျှင် ဆရာရှိသဖြင့် ယခု ကျွန်ုပ် တောထွက်ခဲ့ပါသည်" ဟုဆို၏။

ထိုသို့ ဘုရားလောင်းစကားကိုကြားလျှင် မိဂါဇိန်ရှင်ရသေ့သည် နှစ်လိုသောစိတ်ရှိသဖြင့် "မဟာဇနကမင်း။ ကောင်းစွ, ကောင်းစွ။ ယခုစွဲယူမိသည့်စိတ်ကို ရန်သူမဖျက်ဆီးရအောင် လုံ့လပြု။ မမေ့မလျော့စေနှင့်" ဟု အဆုံးအမပေးပြီးလျှင် မိမိနေရာ ဟိမဝန္တာရွှေဂူသို့ ပြန်သွားလေ၏။

ထိုအခါ မိဂါဇိန်ရှင်ရသေ့ ပြန်သွားသည်၏အခြားမဲ့၌ အိမ်ရှေ့မင်းမယ်တော်သည် ထိပ်ထက်လက်စုံ ရှိခိုးလျက် ဘုရားလောင်း၏ခြေဖမိုးတော်အစုံကို ဦးခိုက်၍–

'သဗ္ဗော ဇနော ပဗျာဓိတော၊ ရာဇာ ပဗ္ဗဇိတော ဣတိ။

ဟတ္ထာရောဟာ အနီကဋ္ဌာ၊ ရထိကာ ပတ္တိကာရကာ။ ။

'အဿာသယိတွာ ဇနတံ၊ ဌပယိတွာ ပဋိစ္ဆဒံ။

ပုတ္တံ ရဇ္ဇေ ဌပေတွာန၊ အထ ပစ္ဆာ ပဗ္ဗဇိဿတိ။ ။' ဟူသော ၂ ဂါထာတို့ဖြင့် လျှောက်တောင်းပန်ပြန်၏။

အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု ကိုယ်တော်ရဟန်းပြုသည်မှာ သိကောင်းသိရာ တစ်စုံတစ်ယောက်ကိုမျှ တိုင်ပင်ပြောဆိုတော်မမူဘဲ သူခပ်သိမ်းတို့ အရိပ်ခိုရာဖြစ်သော ပညောင်ပင်ကြီး ထီးဗိတာန်အချက်ကို ငှက်ဂဠုန်သိမ်းခတ်၍ လတ်တလောချင်း ပါလေသကဲ့သို့ ကိုယ်တော်စိတ်အကြံနှင့်သာ ခဏချင်း ရဟန်းပြုတော်မူခဲ့သောကြောင့် ဆွေတော်မျိုးတော်, မှူးမတ်, ပြည်သူလူအပေါင်းတို့သည် ရင်ထုမနာ ကိုးရာမရ ခဏချင်းဥပဒ်ကြိမ်၍ ညှိုးငိုက်သောစိတ်ဖြင့် အရိပ်ခိုရာမတွေ့ ရန်ဇွေ့ပူလောင်မည့်နှောင်ရေးများကို တွေးတိုင်းကြံတိုင်း ထိတ်လန့်ခြင်း ပြင်းစွာနှင့် တစေ[၂၀၄] ရှိကြပါသည်။ ရဟန်းပြုတော်မူလိုလျှင် အထက်ကပင် မြောက်တန်နိုင်တန်သည့်သူတို့ကို တရားနှင့်လျော်အောင် အသင့်အတင့်ထုံးဖွဲ့စီမံတော်မူ၍ အမှာအထား အဆုံးအမပေးတော်မူပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပြုပါလေသော် နေရောင်ပျောက်လျှင် လရောင်ရောက်လာသကဲ့သို့ ဘုန်းရောင်မပြတ် ငြိမ်ဝပ်ခြင်း ဖြစ်ကောင်းပါလေ၏။ သို့သော်လည်း လွန်ပြီးသည်ကို တ၍ ရနိုင်တော့မည် မဟုတ်။

"ယခုသာ သူခပ်သိမ်းတို့၏ချမ်းသာကို ဆောင်လေ့ရှိသည်နှင့်အညီ နေပြည်တော်သို့ ပြန်လည်တော်မူ၍ သားတော်ဒီဃာဝုကို မင်းစည်းစိမ်၌ ရွှေလက်တော်ဖြင့် အပ်နှင်းချီးမြှောက်တော်မူ၍ ပြည်သူအပေါင်းတို့၏ ကိုးကွယ်ရာ ပြုတော်မူပြီးမှ ပြည်ထဲရေးအမှု လူ့ကိစ္စကိုနားမထောင်ဘဲ နန်းတွင်းမှာပင် နေလိုလည်း နေတော်မူရပါ၏။ ဥယျာဉ်တော်မှာ ရဟန်းပြု၍ နေလိုလည်း နေတော်မူရပါ၏။ ယခု ကြွတော်မူရာ ဟိမဝန္တာသို့ကြွ၍ နေမည်ဆိုသော်လည်း နေတော်မူရပါ၏။ ထိုသို့ ပြည်ထဲရေးကိစ္စကို ထုံးဖွဲ့စီမံတော်မူပြီးမှ ဖြစ်လျှင် အလိုရှိတိုင်းပင် ပြုတော်မူရပါ၏။ ယခုမူကား အခွင့်မကျသေးဖြစ်သောကြောင့် ပြည်တော်သို့ ပြန်တော်မူဦးမှ သင့်ပါမည်"ဟု လျှောက်၏။

ဘုရားလောင်းလည်း ပြကတေ့သောသွားမြဲဖြင့် မရပ်မူ၍ မိဖုရားစကားကိုကြားလျှင် တစ်ခုခုသော ပလိဗောဓ[၂၇]ကိုမျှ ငဲ့ကွက်ခြင်း မရှိလေပြီးသောအဖြစ်ကို ပြတော်မူလို၍–

'စတ္တာ မယာ ဇာနပဒါ၊ မိတ္တာ မစ္စာ စ ဉာတကာ။

သန္တိ ပုတ္တာ ဝိဒေဟာနံ၊ ဒီဃာဝု ရဋ္ဌဝဍ္ဎနော။ ။

တေ ရဇ္ဇံ ကာရယိဿန္တိ၊ မိထိလာယံ ပဇာပတိ။' ဟူသော တစ်ဂါထာခွဲဖြင့် ဆိုတော်မူ၏။

အဓိပ္ပာယ်ကား–

"ပြည်ထဲရှင်မ။ နိဂုံး, မြို့ရွာ ဇနပုဒ်သားတို့ကိုလည်းကောင်း၊ သင်မှစ၍ ဘုံနန်းနေ ခင်ပွန်းရှိသမျှတို့ကို လည်းကောင်း၊ သား,သမီး, ချွေးမ စသော အဆွေအမျိုးအပေါင်းတို့ကို လည်းကောင်း၊ စစ်သူကြီး, မှူးမတ်, ပုရောဟိတ်, သူရဲအပေါင်းတို့ကို လည်းကောင်း၊ တိုင်းကြီး, ပြည်ကြီး, ထီးနန်းစည်းစိမ်ကို လည်းကောင်း ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်တော်မူ၍ ရဟန်းအဖြစ်၌ ယခု ငါ တည်တော်မူပြီးဖြစ်သောကြောင့် ရဟန်းဖြစ်သော ငါ့အား သားသမီးဟူ၍ မရှိပြီ။ ဝိဒေဟရာဇ်တိုင်းကြီးသူတို့၏ နေ့တိုင်းမျက်ရှု သားဟုမှတ်၍ ချစ်မြတ်နိုးအပ်သော ဒီဃာဝုသတို့သားသည်ကား ထီးနန်းရှင်တို့၏သားလည်း မှန်၏။ နှလုံးအသိပညာလည်း လိမ္မာယဉ်ကျေး၏။ မိမိစီးပွား, သူတစ်ပါးစီးပွား ၂ ပါးကို စဉ်းစားမြော်ချင့်၍ အသင့်စီမံ ဝေဖန်ခွဲခြားနိုင်သော ဗလစွမ်းအင်နှင့်လည်း ပြည့်စုံ၏။ သင်ရာ, တတ်ရာသည့် အတတ်မျိုးတို့၌လည်း တတ်သိကျွမ်းကျင်၏။ ထို ဒီဃာဝု သတို့သားသည် ငါကဲ့သို့ပင် ဝိဒေဟရာဇ်တိုင်းကြီး၏အစီးအပွားကိုဆောင်၍ ပြည်စည်းစိမ်ကို သိမ်းမြန်းစိုးအုပ်လတ္တံ့။ ငါ မထုံးမဖွဲ့ခဲ့၍ ပြည်သူတို့အား ကိုးကွယ်ရာမဲ့ မရှိနိုင်ပြီ"ဟု ဆို၏။

ဘုရားလောင်းစကားကိုကြားလျှင် အိမ်ရှေ့မင်းမယ်တော်သည် ဘုရားလောင်းနောက်တော်က အစဉ် တစိုက်လိုက်လျက် "အရှင်မင်းကြီး။ ကိုယ်တော် ရဟန်းပြုခဲ့လျှင် ဘုရားကျွန်မကား တစ်ယောက်ထီးတည်း အသို့နေရပါအံ့နည်း။ မကြံနိုင်အောင် ကိုယ်တော်ပြုခဲ့၏တကား"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် အိမ်ရှေ့မင်းမယ်တော်အား အကြံပေးလို၍–

'ဧဟိ တံ အနုသိက္ခာမိ၊ ယံ ဝါကျံ မမ ရုစ္စတိ။

ရဇ္ဇံ တုဝံ ကာရယသိ၊ ပါပံ ဒုစ္စရိတံ ဗဟုံ။ ..။

www.burmeseclassic.com



'ကာယေန ဝါစာ မနသာ၊ ယေန ဂစ္ဆသိ ဒုဂ္ဂတိံ။

ပရဒိန္နကေန ပရနိဋ္ဌိတေန၊ ပိဏ္ဍေန ယာပေတိ သစိရစမ္မော။ ။' ဟူသော ၂ ဂါထာတို့ဖြင့် အဆုံးအမ ပေးတော်မူ၏။ အဓိပ္ပာယ်ကား-

"ပြည်ထဲရှင်မ။ ကောင်းပြီ။ သင် မကြဲနိုင်လျှင် ဤသို့လာလှည့်။ ငါ အကြံပေးအံ့။ ယခု သင့်သား မင်း ပြုလျှင် အမှုအခွင့်မျိုးကို သင် မဆောင်မဖဘဲ မနေနိုင်ရာ။ ကြည့်ရှုဆောင်မရသဖြင့်လည်း မဖြောင့်သောအမှုကို အဖြောင့်ပြုခြင်း၌ အလွန်ခဲယဉ်းလှသည်ဖြစ်၍ ကိုယ်,နှုတ်,နှလုံး ၃ ပါးတွင် တစ်ပါးပါးဖြင့် ထိုအမှုကိုမှီ၍ ဒုစရိုက်[၂၈၆]သာ ပွားရာ၏။ ထိုဒုစရိုက်သည် ကောင်းသောဂတိသို့ ပို့ဆောင်တတ်သည် မဟုတ်။ ယုတ်ညံ့ဆင်းရဲစွာ ၄ ဖြာသောအပါယ်[၂၈၇] သို့ ပို့ဆောင်တတ်သောသဘောသာ ဖြစ်၏။

"ယင်းသို့ဖြစ်သောကြောင့် သားနှင့်အတူနေလျှင် မကောင်းမှုသာများ၍ အပါယ်လားတော့မည်။ တစ်အိမ် တစ်လှတ် ရတတ်သမျှဆွမ်း, ရတတ်သမျှသင်္ကန်းနှင့် သပိတ်လက်စွဲလျက် ရဟန်းပြုပြီးလျှင် ကုသိုလ်ပွားရာ အရပ်၌သာ တစ်ယောက်တည်းချင်း ကမ္မဋ္ဌာန်းကိုရှေးရှု၍ နေလေတော့။ ထိုသို့နေခြင်းသည်လျှင် သူတော်ကောင်းတို့ ချီးမွမ်းအပ်သောခလေ့ ဖြစ်တော့သည်"ဟု ဆုံးမတော်မူ၏။

ဤသို့ အချင်းချင်းစကားပြောဟော၍ သွားစဉ်ပင် ထိုနေ့ နေဝင်ချိန်ရောက်ခဲ့၍ 'ထူဏ'အမည်ရှိသော မြို့ကိုမရောက်မီတွင် အိမ်ရှေ့မင်းမယ်တော်လည်း သင့်ရာအရပ်၌ သစ်တပ်တည်း၍ ညဥ့်တည်းနေလေ၏။

ဘုရားလောင်းလည်း လှပရိသတ်နှင့် မနီးမဝေးဖြစ်သော သစ်တစ်ပင်ရင်း၌ ညဥ့်တည်းနေတော်မူလေ၏။

နံနက်မိုးသောက် ရောက်လတ်သော် ဘုရားလောင်းသည် ထိုစခန်းမှ ကြွသွားတော်မူပြန်လေ၏။ အိမ်ရှေ့မင်း မယ်တော်လည်း မှူးမတ်, ဗိုလ်ပါတို့ကို "သင်တို့ နောက်မှ ဖြည်းဖြည်းသာသာ လာခဲ့ကြတော့"ဟုဆို၍ တစ်ယောက်တည်းချင်း ဘုရားလောင်းနောက်တော်သို့ အမီလိုက်လေ၏။

ထို မင်း, မိဖုရား ၂ ပါးတို့သည် ခရီးအစဉ်အတိုင်းသွား၍ ဆွမ်းခံဝင်အချိန်တွင် ထူဏမြို့သို့ ရောက်ကြလေ၏။

## ၁၉။ အမဲကင်ပုံသုက္ခ ကောက်တော်မူခန်း

ထိုအခါ မြို့တွင်း၌ ယောက်ျားတစ်ယောက်သည် အိမ်ဈေးမှ အမဲသားကိုဝယ်၍ တံစို့နှင့် မီးကျီးစုမှာ ကင်ပြီးလျှင် 'အေးစေအံ့'ဟု တစ်ခုသောပျဉ်စွန်းပေါ်၌ထားလျက် တစ်ပါးကိုနှလုံးမူ၍ ရပ်နေစဉ်အခိုက်တွင် ခွေး တစ်ကောင်သည် ထိုအမဲကင်ကိုချီလျက် တောင်တံခါးသို့ ရှေးရှုပြေးလေ၏။ ထိုယောက်ျားသည် ခွေးချီကြောင်း ကိုသိလျှင် ထိုခွေးကို တောင်တံခါးဝတိုင်အောင်လိုက်ပြီးမှ မမိသဖြင့် ငြီးငွေ့၍ 'ဆုံးပစေတော့'ဟု ပြန်ခဲ့၏။

ဘုရားလောင်းသည်လည်း အိမ်ရှေ့မင်းမယ်တော်နှင့် ထိုမြို့တံခါးကို ရှေးရှုလာလတ်သဖြင့် ထိုခွေးနှင့် ရင်ဆိုင် တွေ့ကြုံလေသော် ခွေးသည် ကြောက်သောအားဖြင့် အမဲကင်ကိုပစ်ချ၍ လွတ်ရာသို့ပြေးလေ၏။ ထိုအခါ ဘုရားလောင်းသည် ခွေးစွန့်ပစ်လေပြီးသော ထိုအမဲကင်ကိုမြင်လျှင်-



www.burmeseclassic.com

www.burmeseclassic.com



'ထိုခွေးကား ငဲ့ကွက်ခြင်းမဲ့၍ အမဲကင်ကို ပစ်ချ၍ပြေးလေပြီ။ တစ်ပါးသောအရှင်လည်း မရှိဖြစ်သောကြောင့် ဤအမဲကား ပံ့သုကူဆွမ်း စင်လှ၏'ဟု ကြံတော်မူလျက်၊ မြေသပိတ်ကို အိတ်မှထုတ်တော်မူ၍ အမဲကင်ကို ကောက်ယူတော်မူပြီးလျှင် 'ဘုဉ်းပေးအံ့'ဟု ရေရှိရာအရပ်သို့ ကြွတော်မူလေ၏။

ထိုအခါ အိမ်ရှေ့မင်းမယ်တော်သည် ဤသို့ကြံ၏။

'မင်းကြီးသည် ပြည်စည်းစိမ်ကို ငဲ့ကွက်ခြင်းရှိ၍ ရဟန်းအဖြစ်၌ မခိုင်သေးသောနှလုံး ရှိသည်မှန်လျှင် ဤ ရွံရှာဖွယ် မြေမှုန့်အလိမ်းလိမ်းကပ်သော ခွေးစားကြွင်းအမဲကို မစားရာ။ အကယ်၍ အမဲကိုစားချေလျှင် ငါတို့ကို အုပ်ချုပ်လိုသောနှလုံး ဆံချည်မျှ ငြိတွယ်ခြင်းမရှိချေပြီ'ဟု ကြံပြီးလျှင်–

"အရှင်မင်းကြီး။ ဤ စက်ဆုပ်ရွံရှာဖွယ် မြေမှုန့်အလိမ်းလိမ်းကပ်သော ခွေးစားကြွင်းအမဲကို သုံးဆောင်တော်မူမည်ဟု ကိုယ်တော် အကြံရှိသလော။ ရွှေနန်းရှင်စားတော် မဟုတ်။ မထိုက်ပါတကား"ဟု လျှောက်၏။

မိဖုရားစကားကိုကြားလျှင် ဘုရားလောင်းသည်–

"ပြည့်ရှင်မ။ သင်ကား မလိမ္မာသောကြောင့် ဤအမဲကင်၏ ဩဇာထူးကို မသိလေ"ဟု ဆိုတော်မူပြီးလျှင် ရေရှိရာအရပ်၌ ထိုင်တော်မူ၍ ဤအမဲကင်၏ ခမ္ဘိယလဒ္ဓ[၂၈၈] စင်ကြယ်သည်၏အဖြစ်ကို ဆင်ခြင်တော်မူလျက်၊ နတ်သုဓာဘုတ်ကဲ့သို့ မြိန်မြိန်ယှက်ယှက် ဘုဉ်းပေးတော်မူပြီးလျှင် ဓမ္မကရိုဏ်[၂၈၉]ဖြင့်စစ်၍ ရေကိုသုံးဆောင်တော်မူပြီးလျှင်၊ နှုတ်ခမ်းတော်, သပိတ်တော်, လက်တော်တို့ကို ဆေးတော်မူ၏။

ထိုအခါ သီဝလိဒေဝီမိဖုရားသည် ဘုရားလောင်းအား ကဲ့ရဲ့ပြစ်တင်လို၍–

'ယောပိ စတုတ္ထေ ဘတ္တကာလေ န ဘုဉ္ဇေ၊ အဇုဋ္ဌမာရီဝ ခုဒ္ဒါယ မိယျေ။

နတွေဝ ပိဏ္ဍံ လုဠိတံ အနရိယံ၊ ကုလပုတ္တရူပေါ သပ္ပုရိသော န သေဝေ။ ။

'တယိဒံ န သာဓု တယိဒံ န သုဋ္ဌု၊ သုနခုစ္ဆိဋ္ဌကံ ဇနက ဘုဉ္ဇသေ တုဝံ။' ဟူသော တစ်ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မဟာဇနကမင်း။ အမျိုးကောင်းသားဖြစ်သော သူတော်ကောင်းသည် ၃ ရက်, ၄ ရက် အစာမမှိဝဲရဘဲ ငတ်မွတ်သော်လည်း ဤအမဲကင်ကဲ့သို့ ရွံရှာဖွယ်အစာကို ရသည်ဟူ၍ မစားရာ။ အသက်ကို အသေခံရာသည်မဟုတ်လော။ ထိုသို့လျက် သခင်မှာမူကား သူကောင်းသား မဟုတ်လေ၏သို့ ဤရွံရှာဖွယ် မြေမှုန့်အလိမ်းလိမ်းကပ်သော ခွေးစားကြွင်းအမဲကိုပင် ကျွန်မရင်ကို ခွဲဘိသကဲ့သို့ရှိအောင် ရှေ့တွင်ထား၍ အားမျှမနာ မြိန်ယှက်စွာ ကိုယ်တော် သုံးတော်မူဘိ၏။ အကြောင်း မဖွယ်ရာတကား"ဟု ဆို၏။

မိဖုရားစကားကိုကြားလျှင် ဘုရားလောင်းသည် ထိုအမဲကင်၏ မြတ်သောအစာဖြစ်ကြောင်းကို ပြတော်မူလို၍–

'န စာပိ မေ သီဝလိ သော အဘက္ခော၊ ယံ ဟောတိ စတ္တံ ဂိဟိနော သုနဿ ဝါ။

ယေကေစိ ဘောဂါ ဣဓ ဓမ္မလဒ္ဓါ၊ သဗ္ဗော သော ဘက္ခော အနဝယောတိ ဝုတ္တော။ ။' ဟူသော ဂါထာဖြင့် ဆိုတော်မူ၏။

သီဝလိ၊ သီဝလီ။ မေ၊ ငါ့အား။ သော၊ ထိုဆွမ်းသည်။ နစာပိအဘက္ခော၊ မစားကောင်းသည်မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ယံ၊ အကြင်ဝတ္ထုကို။ ဂိဟိနောဝါ၊ လူသည်လည်းကောင်း။ သုနဿဝါ၊ ခွေးသည်လည်းကောင်း။ စတ္တံ၊ စွန့်အပ်လေပြီးသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဝတ္ထုသည်။ ပံ့သုကူလံနာမ၊ ပံ့သုကူဆွမ်း မည်၏။ သီဝလိ၊ သီဝလီ။ ဣဓ၊ ဤလူ့ပြည်၌။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဘောဂါ။



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ် ချမ်းသာတို့ကို။ ဓမ္မလဒ္ဓါ၊ တရားသဖြင့် ရကုန်၏။ သောသမ္ဘော၊ ထိုအလုံးစုံသည်။ ဘဂ္ဂော၊ စားကောင်းသည် ချည်းတည်း။ အနဝယော၊ အပြစ်မရှိ။ ဣတိ၊ ဤသို့ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ဝုတ္တော၊ ဆိုအပ်၏။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"သိဝလိ။ သင်ကား ကောင်းမွန်စွာ အမွှေးအကြိုင် အဆီအပြားဖြင့်စီရင်အပ်သော အစာကိုသာ သူကောင်းသူမြတ်တို့အစာ ဖြစ်သည်ဟု မှတ်ထင်ဘိ၏။ ဤအမဲကင်၏ သူကောင်းသူမြတ်တို့အစာ ဖြစ်ကြောင်းကို သင် မသိလေ။ အဘယ့်ကြောင့်နည်းဟူမူ ဤအမဲကင်ကို အရှင်ဖြစ်သော လူသည် လည်းကောင်း၊ ခွေးသည် လည်းကောင်း၊ စွန့်ပစ်လေပြီးဖြစ်သောကြောင့် ထိုအမဲကင်သည် ပံ့သုကူစင်စစ် မှန်လှ၏။ ထို ပံ့သုကူဖြစ်သော အစာကို ငါရခြင်းသည်လည်း တရားသဖြင့်ရသည် စင်စစ် မှန်၏။ ထို တရားသဖြင့်ရသော အစာသည်သာလျှင် သူကောင်းသူမြတ်တို့၏အစာ ဖြစ်သည်။ သိဝလိ။ ဤအစားအသောက်၌သာ မဟုတ်–

"လောက၌ အဝတ်တန်ဆာဖြစ်စေ၊ ရွှေငွေစသော ဥစ္စာစည်းစိမ်ဖြစ်စေ၊ အလုံးစုံ လူတို့အသုံးအဆောင် ဟူသမျှမှာပင် အဖိုးထိုက်သည်, မထိုက်သည်, တင့်တယ်သည်, မတင့်တယ်သည်ကို အမြတ်အယုတ် မခွဲဝေသော။ တရားသဖြင့် ရသည်, မရသည်ကိုသာ အမြတ်အယုတ် ခွဲဝေထိုက်၏။ တရားသဖြင့်ရသော ပစ္စည်း, ပရိက္ခရာ, ဥစ္စာစည်းစိမ်သည် ပဲဝက်မျှပင် အဖိုးထိုက်စေကာမူ သူကောင်းသူမြတ်တို့သုံးဆောင်ရာသော ပစ္စည်း ဖြစ်တော့သည်။

"မတရားသဖြင့်ရသော ပစ္စည်း, ပရိက္ခရာ, ဥစ္စာစည်းစိမ်သည် အဖိုးအသိန်းအသန်းပင် ထိုက်စေကာမူ သူယုတ်မာတို့၏သုံးဆောင်ရာသာ ဖြစ်သောကြောင့် သူကောင်းသူမြတ်တို့ သုံးဆောင်ထိုက်သောပစ္စည်း မဟုတ်ဟူ၍ ရှေးပညာရှိတို့ ဆိုတော်မူခဲ့သော စကားထုံးဟောင်း လမ်းကြောင်းထင်စွာရှိသည်ကို သင် မသိသလော။ တရားသဖြင့် ရသည်ဖြစ်၍ အလွန်မြတ်လှစွာသောအမဲကင်ကို အဘယ့်ကြောင့် သူယုတ်တို့၏ အစာဖြစ်သည် သင် ဆိုဘိသနည်း"ဟု ဆိုတော်မူလျက် နေရာမှထ၍ ကြွတော်မူပြန်လေ၏။

## ၂၀။ သတို့သမီးငယ်နှင့် တွေ့ခန်း

အိမ်ရှေ့မင်းမယ်တော်လည်း နောက်တော်က အစဉ်တစိုက်လိုက်လေ၏။ ထိုသို့ မင်း ၂ ပါးတို့သည် စကားပြောဟောကာ သွားကြသဖြင့် ထူဏမြို့ တောင်တံခါးဝသို့ ရောက်ကြလေ၏။

ထိုမြို့တံခါးဝ၌ကား သတို့သမီးငယ်တို့သည် အိုးပုတ်ငယ်, ခွက်ငယ်, ဆန်ကောငယ်တို့ဖြင့် သဲကို ထမင်းချက်ဟန်, ဆန်ခြင်ဟန်, စပါးလှေ့ဟန်, ဆန်ပြာဟန် ကစား၍နေကြကုန်၏။ ထိုသတို့သမီးငယ်အစုတွင် တစ်ယောက်သောသတို့သမီးငယ်၌ လက်တစ်ဘက်ဝယ် ရွှေလက်ကောက် ၂ ဆင့်, တစ်ဘက်မှာကား တစ်ဆင့်တည်းဝတ်ဆင်လျက် ဆန်ကောငယ်ဖြင့် သဲကို ဆန်ပြာဟန်, ဝိုင်းဟန်ပြု၍ကစားလေသော် လက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



၂ ဆင့်ဝတ်ရာက လက်ကောက်ချင်းခတ်မိသဖြင့် အသံဖြစ်၏။ တစ်ဆင့်ထည်းဝတ်သော လက်ကောက်ကား ခတ်မိစရာမရှိသောကြောင့် အသံမဖြစ်။

ထိုအခြင်းအရာကို ဘုရားလောင်းမြင်လေလျှင် ဤသို့ ကြံတော်မူ၏။

'ယခု သီဝလိဒေဝီသည် ငါ့နောက်သို့ အစဉ်တစိုက် လိုက်ဘိ၏။ မိန်းမမည်သည်လည်း ရဟန်းတို့၏ အညစ်အကြေး ဖြစ်ခဲ့သည်။ ငါ့ကို သူတစ်ပါးမြင်သော် ဤသူကား ရဟန်းပြုသည်တိုင်အောင်ပင်လည်း မယားကို မစွန့်ပစ်လေဟု ကဲ့ရဲ့ဖွယ်ရောက်ခဲ့၏။ ဤ ရွှေလက်ကောက်ရှင် သတို့သမီးငယ်သည် ပညာရှိသူ ဖြစ်မူကား ငါ့နောက်သို့ သီဝလိဒေဝီ မလိုက်ဝံ့အောင် ဆိုနိုင်လိမ့်အံ့။ ထိုသတို့သမီးငယ်၏စကားဖြင့် သီဝလိ ဒေဝီလက်မှ ငါ လွတ်သင့်ကောင်း၏ဟု ကြံတော်မူ၍ သတို့သမီးငယ်၏အနီးသို့ ချဉ်းကပ်လျက် အကြောင်းကို မေးအံ့သောငှာ–

'ကုမာရိကေ ဥပသေနိယေ၊ နိစ္စံ နိဂ္ဂလမဏ္ဍိတေ။

ကသ္မာ တေ ဧကော ဘုဇော ဇနတိ၊ ဧကော တေ န ဇနတော၊ ဘုဇော။ ။' ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အဝတ်တန်ဆာ ဝတ်ဆင်လျက် အမိရင်ခွင်၌သာ မှီတွဲကာနေချိန်အရွယ်ဖြင့် အမိရင်အုပ်မကွာသေးသော သတို့သမီးငယ်။ အဘယ့်ကြောင့် သင်၏လက်တစ်ဘက်ကား မြည်သနည်း၊ တစ်ဘက်ကား အဘယ့်ကြောင့် မမြည်သနည်း"ဟု မေးတော်မူ၏။

ဘုရားလောင်းစကားကိုကြားလျှင် သတို့သမီးငယ်သည် ပါရမီရှိ မိန်းမဖြစ်ခြင်းကြောင့် အမေးနှင့်တန်ရုံ သာမဖြေဘဲ ထုံးစံရလောက်အောင် ကရားရေပိတ်စကားဖြင့် ဖြေလို၍–

'ဣမသ္မိံ မေ သမဏ ဟတ္ထေ၊ ပဋိမုက္ကာ ဒုနီဝရာ။

သံဃဋ္ဋာ ဇာယတေ သဒ္ဒေါ၊ ဒုတိယဿေဝ သာဂတိ။ ။

'ဣမသ္မိံ မေ သမဏ ဟတ္ထေ၊ ပဋိမုက္ကော ဧကနီဝရာ။

သော အဒုတိယော န ဇနတိ၊ မုနိဘူတောဝ တိဋ္ဌတိ။ ။

'ဝိဝါဒပ္ပတ္တော ဒုတိယော၊ ကေနေကော ဝိဝဒိဿတိ။

တဿ တေ သဂ္ဂကာမဿ၊ ဧကတ္တ မုပရောစတံ။ ။' ဟူသော ၃ ဂါထာဖြင့် ဆို၏။

သမဏ၊ ရှင်ရဟန်း။ မေ၊ အကျွန်ုပ်၏။ ဣမသ္မိံဟတ္ထေ၊ ဤလက်တစ်ဘက်၌။ ပဋိမုက္ကာ၊ ဝတ်ကုန်သော။ ဒုနီဝရာ၊ လက်ကောက် ၂ ချည်တို့သည်။ သံဃဋ္ဋာ၊ ထိကြသောကြောင့်။ သဒ္ဒေါ၊ အသံသည်။ ဇာယတေ၊ ဖြစ်၏။ သာဂတိ၊ ထိုသို့ အသံဖြစ်ခြင်းသည်ကား။ ဒုတိယဿေဝ၊ ၂ ခုမြောက်သော လက်ကောက်အားသာလျှင်။ ဟောတိ ဖြစ်၏။

သမဏ၊ ရှင်ရဟန်း။ မေ၊ ငါ၏။ ဣမသ္မိံဟတ္ထေ၊ ၌ကား။ ဧကနီဝရော၊ လက်ကောက် တစ်ချည်သာ။ ပဋိမုက္ကော၊ ဝတ်၏။ သော၊ ထိုလက်ကောက်သည်။ အဒုတိယော၊ အဖော်မရှိသောကြောင့်။ နဇနတိ၊ အသံမဖြစ် လေသတည်း။ မုနိဘူတောဝ၊ ရဟန်းသဖွယ် ဖြစ်၍သာလျှင်။ တိဋ္ဌတိ၊ တည်၏။

သမဏ၊ ရှင်ရဟန်း။ ဒုတိယော၊ ၂ ယောက်ရှိမူကား။ ဝိဝါဒပ္ပတ္တော၊ ငြင်းခုံခြင်းသို့ ရောက်တတ်၏။ ဧကော၊ တစ်ယောက်တည်းသည်။ ကေန၊ အသူနှင့်။ ဝိဝဒိဿတိ၊ ငြင်းခုံလတ္တံ့နည်း။ သဂ္ဂကာမဿ၊ နတ်ပြည်ကို



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိသော။ တဿ–တော၊ ထိုရှင်ရဟန်းအား။ ကေတ္တုံ၊ တစ်ယောက်တည်းသောအဖြစ်ကို။ ဥပရာစေတဲ–ဥပရောစတု၊ နှစ်သက်တော်မူလော့။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ အကျွန်ုပ်၏ ဤလက်၌ကား လက်ကောက် ၂ ဆင့်ဖြစ်၍ အချင်းချင်းခတ်မိသဖြင့် အသံဖြစ်၏။ ဤသို့ ဖြစ်ခြင်းသည်ကား အဖော်အဖက်ရှိခြင်း၏ခလေ့ ဖြစ်တော့သည်။ ဤလက်ကား လက်ကောက် တစ်ချည်သာဖြစ်၍ အချင်းချင်းထိခိုက်စရာ မရှိသောကြောင့် အသံ မဖြစ်။ ထိုသို့မဖြစ်ခြင်းသည်ကား ကိလေသာကို ပယ်ပြီးသော ရဟန်းကဲ့သို့ အဖော်မရှိခြင်း၏ခလေ့ ဖြစ်တော့သည်။ ရှင်ရဟန်း။ ဤလက်ကောက်မှာသာ မဟုတ်။

"လောက၌ ခပ်သိမ်းသောအရာမှာပင် အဖော်အဖက်ရှိလျှင် ငြင်းခုံခြင်းဖြစ်ရခြင်းကား အမြဲတည်း။ အဖော်မရှိ တစ်ယောက်ထီးတည်းနေသောသူအား အဘယ်သူလာ၍ ငြင်းခုံခြင်းကို ပြုအံ့နည်း။ နတ်ပြည်ကို လိုသောကြောင့် မုတ်ဆိတ်,ဆံကိုဖြတ်၍ ရဟန်းပြုလေပြီးသော ရှင်ရဟန်းသည်လည်း အဖော်မပါ တစ်ယောက် ထီးတည်းနေခြင်းကိုသာ နှစ်သက်တော်မူလော့။

"အဘယ့်ကြောင့် ဤအရည်အသွေးနှင့်ပြည့်စုံသောမိန်းမကို နောက်လိုက်ပြု၍ မြို့ထဲရွာထဲ ကျက်စား လှည့်လည်ရသနည်း။ ဤအမယ်ကား ရှင်ရဟန်း၏ခင်ပွန်းလော, နှမလော။ ရဟန်းတို့မှာ စင်စစ် နှမပင် ဖြစ်သော်လည်း အတူသွားခြင်း, အတူနေခြင်းဟာ မလျော်ကန်ပတ်ပါတကား။ ရှင်ရဟန်းသည် ဤမိန်းမနှင့် အတူနေဖန် များသဖြင့် မိန်းမကိုမှီ၍ဖြစ်သော ရဟန်း၏အန္တရာယ်သည် မကြာမြင့်မီပင် ရောက်လတ္တံ့"ဟု ဆို၏။

[ဤအရာ၌ ကုမာရီသဒ္ဒါဖြင့်ပြသောကြောင့် ထိုသတို့သမီးငယ်ကား ၈ နှစ်, ၉ နှစ် ဂေါရီအရွယ် နို့ရည်မစင် မာန်မဝင်သောမိန်းမလည်း မဟုတ်။ ၁၃ နှစ်, ၁၄ နှစ် ကညာအရွယ် အမိနို့ရည်စင်၍ မာန်ဝင် စသောမိန်းမလည်း မဟုတ်။ ဣတ္ထိဟု ခေါ်ဝေါ်အပ်သော အိမ်ထောင်ပြီးသောမိန်းမလည်း မဟုတ်။ ၁၅ နှစ် အရွယ်လည်း ရောက်, အိမ်လည်းမထောင်သေးသောကြောင့် 'ကုမာရီ'ဟု ခေါ်ဝေါ်အပ်သော မိန်းမတည်း။

[ထို ကုမာရီခေါ်ဝေါ်အပ်သော မိန်းမကား ၁၅ နှစ်အရွယ်မှသည် အိမ်မထောင်သေးလျှင် လူတို့အသက် တမ်း၌ ပထမအရွယ်ကုန်အောင် ကုမာရီ ဟု ခေါ်ဝေါ်အပ်၏။ အိမ်ထောင်မှုကား ၁၅ နှစ်မျှပင် ဖြစ်သော်လည်း ကုမာရီ ဟူသော အဝတ္ထာပညတ်ကိုစွန့်၍ မာဂဓအားဖြင့် 'ဣတ္ထီ'၊ မြန်မာအားဖြင့် 'အိမ်ထောင်သူ'ဟု ခေါ်ဝေါ်လေ တော့သည်။ ထို ကုမာရီသည်လည်း အငယ်, အလတ်, အကြီး အားဖြင့် ၃ ပါးရှိသည်တွင် ဤရွှေလက်ကောက်ရှင် သတို့သမီးကား အလတ်, အကြီး မဟုတ်ဘဲ၊ ၁၅ နှစ်အရွယ်ရောက်စ အငယ်သာတဲ့တည်းဟု ပြတော်မူလို၍ ကုမာရိဟု သာမညသာမဆိုဘဲ ကုမာရိကာဟု က–အက္ခရာနှင့် ဆိုတော်မူသတည်း။

[နာမ်ပုဒ်နောက်၌ကျသော က–အာဂုံသည် ပိုင်းခြားခြင်းအနက်, အတိုင်းအရှည်အနက်, အငယ်ဟူသော အနက်စသည်ဖြင့် ဟောရာတွင် ဤကုမာရိကာ၌ က–သဒ္ဒါကား မာနဝက၌ က–သဒ္ဒါ, ပေါတက၌ က–သဒ္ဒါ တို့ကဲ့သို့ အငယ်ဟူသော အနက်ကိုဟော၏။

[ဤသို့ အဏ္ဏောအက္ခရသညာတောဟု ဟောတော်မူသည်နှင့်အညီ အနက်ကို အက္ခရာဖြင့်သာလျှင် မှတ်ခြင်း ရှိသောကြောင့် သဒ္ဒါကိုသိမြင်သဖြင့် အနက်အစဉ်ကို သိရာသည်ဟု မှတ်အပ်၏။ ထိုအရွယ်ရှိပြီးမှ ဗန်းငယ်, ဆန်ကောငယ်ဖြင့် ကစားလေသည်ကား အသက်ရှည်သောကာလ ဖြစ်၍လည်းကောင်း၊ ရွှေငွေဖြင့်ပြီးသော လက်ကောက်, ခြေကျင်းစသည် တန်ဆာဆင်ယင်သော သူကောင်းသူမြတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍လည်းကောင်း ငယ်ကိုယ် ငယ်စိတ်နှင့်သာ နေရခြင်းများသောကြောင့် ကစားလေသတည်း။ ဤကား သဒ္ဒလက္ခဏာ၌ ယူနည်းကို မှတ်စေလို၍ စကားချပ်လိုက်သည်။)

ထိုသတို့သမီးစကားကို ကြားလျှင် ဘုရားလောင်းသည် 'ဤသတို့သမီးငယ်ကား ငါ့ကို ကောင်းစွာ ဆုံးမပေ၏။ ဤသတို့သမီးစကားဖြင့် သီဝလီဒေဝီလည်း နှလုံးချပ်မိကောင်းပြီ။ ငါ့အား ထောက်ပံ့ကူမခြင်းကို ထိုသတို့သမီးငယ် ပြုပေသည်'ဟုကြံလျက်၊ သီဝလီဒေဝီနှင့် စကားပြောပဟာတော်မူလို၍–

'သုဏာသိ သီဝလိ ကထာ၊ ကုမာရိကာ ပဝေဒိတာ။
ပေသိယာ မံ ဂရဟိတော၊ ဒုတိယဿေဝ သာဂတိ။ ။'
'အယံ ဒွိဓာ ပထော ဘဒ္ဒေ၊ အနုစိဏ္ဏော ပထာဝိဟိ။
တေသံ တွံ ဧကံ ဂဏှာဟိ၊ အဟမေကံ ပုနာပရံ။ ။
မာဝစ မံ တွံ ပတိမေတိ၊ နာဟံ ဘရိယာတိ ဝါ ပုန။' ဟူသော ၂ ဂါထာခွဲတို့ဖြင့် ဆိုတော်မူ၏။

အဓိပ္ပာယ်ကား–

"သီဝလိ။ ဤသတို့သမီးငယ် ဆိုသောစကားကို သင် နားချပ်မိပါ၏လော။ ဤသတို့သမီးငယ်သည် အရွယ်အားဖြင့်ထောက်သော်လည်း ငါ့သမီး, ငါ့မြေးလောက်သာ ရှိသည်။ အမျိုးစည်းစိမ်ဂုဏ်အားဖြင့် ထောက်သော်လည်း ငါ့အစေအပါး ကျွန်အမှုလုပ်မျှလောက်သာ ရှိသည်။ အဆင်းအရည်အားဖြင့်ထောက်သော်လည်း ငါ့ခြေရင်း အလုပ်အကျွေးမျှလောက်သာ ရှိသည်။ သို့စဉ်လျက် ထိုသတို့သမီးငယ်၏ကဲ့ရဲ့ခြင်းကို ငါခံရသည်မှာ သင့်ကြောင့်သာ ခံရသည်။

"ဤသို့ဆင်ခြင်သဖြင့် ငါ့ကို သနားချစ်ခင်ပါလျှင် ပြည်ထဲရှင်မ မိန်းမကောင်း။ ဤခရီး ၂ ကြောင်းတွင် သင်နှစ်သက်ရာခရီးကို ငါနှင့်ခွဲ၍ သွားပါလေ။ သင် မသွားသောခရီးကို ငါလည်း သွားပါလေအံ့။ ယနေ့မှစ၍ ငါ့ကို 'လင်'ဟု သင် မပြောမဆိုပါလေနှင့်။ ငါလည်း သင့်ကို 'မယား'ဟူ၍ မပြောမဆိုပါရစေနှင့်တော့။ သင့်ကိုမှီ၍ပင် ငါ့ကိုဆုံးမရမည့်သူ, ငါနှင့်အဖက်တန်သူ မဟုတ်။ ငါ့အစေအပါးလောက်မျှ မရှိဘဲလျက် ဤသတို့သမီးငယ်သည် မိမိအစေအပါးကဲ့သို့ ငါ့ကို ကဲ့ရဲ့ဘိ၏။ ငါ့နှမကောင်း။ ယခု ငါဆိုသောစကားကို နားထောင်၍ ကုသိုလ်ပွားရာ သင် တခြားသွားပါလေတော့"ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားလျှင် အိမ်ရှေ့မင်းမယ်တော်သည် နှလုံးသားကို ရဲလှစွာသောသံတွေခဲဖြင့် မွှေဘိသကဲ့သို့ ပြင်းစွာသော စိတ်၏ပူပန်ခြင်းရှိသော်လည်း သတို့သမီးငယ်၏ရှေ့တွင် ဖြစ်၍လည်းကောင်း၊ ဘုရားလောင်း၏ စကားကို မလွန်ဝံ့ ဖြစ်၍လည်းကောင်း–

"အရှင်မင်းကြီး။ အရွယ်ရောက်ဦးကစ၍ အနှစ် ၇၀၀၀ ပတ်လုံး အတူတကွ ထီးနန်းစိုးစံကြပါသည်ကို ယနေ့တွင်မှသာ 'ကျွန်မလင်' မဟုတ်ဟု အဘယ်သို့ ပြောရက်နိုင်ပါအံ့နည်း။ ကိုယ်တော်နှင့်အတူ မလိုက်စေလိုလျှင် ကိုယ်တော်ကား ယောက်ျားမြတ် ဖြစ်ပေသောကြောင့် ဤလက်ယာဘက်ခရီးဖြင့် ကြွတော်မူပါလော့။ အကျွန်ုပ်ကား ဤလက်ဝဲခရီးဖြင့် သွားပါလေအံ့"ဟု ဆို၍ လက်ဝဲဘက်ခရီးဖြင့် အတန်ငယ်သွားပြီးလျှင် ကိုယ်ကွဲသော်လည်း စိတ်မကွဲဘဲ တွဲဆိုင်းလျက်သာရှိသောကြောင့် မခွာရက်နိုင်သည်ဖြစ်၍ ထိုခရီးမှတစ်ဖန် ပြန်လည်ခဲ့သဖြင့် ဘုရားလောင်းနှင့်အတူပင်လျှင် နောက်တော်က စကားပြောကာ လိုက်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ လေးသမားနှင့် တွေ့ခန်း

ဘုရားလောင်းသည်လည်း မိဖုရားကို မပစ်မခွာစေနိုင်သည်ဖြစ်၍ မင်း ၂ ပါး အတူပင်လျှင် ထူဏမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူရလေ၏။

ဘုရားလောင်းသည် ထိုမြို့၌ အိမ်စဉ်ဆွမ်းရပ်လေသော် တစ်ယောက်သောလေးသမား၏ အိမ်တံခါးဝသို့ရောက်၍ ရပ်တော်မူ၏။ သီဝလိဒေဝီလည်း သင့်ရာက ရပ်နေလေ၏။

ထိုအခါ ထိုလေးသမားသည် မိမိအိမ်ဝတွင် မီးမယ်ဖျူး[၂၁၀] တစ်ခု၌ မြားကိုမီးကင်ပြီးလျှင် မျက်စိတစ်ဘက်ကိုမှိတ်လျက် တစ်ဘက်သောမျက်စိဖြင့်ကြည့်၍ မြားတံကို ပအုံးရည်[၂၁၁]ဆွတ်ကာ ဖြောင့်လျက်နေ၏။

ဘုရားလောင်းသည် ထိုလေးသမားကိုမြင်လျှင် 'ဤလေးသမားကား အကယ်၍ ပညာရှိဖြစ်မူ ငါ့အား တစ်စုံတစ်ခုသောအကြောင်းကို ဆိုလတ္တံ့။ ထိုလေးသမားအား ယခု ငါမေးအံ့" ဟုကြံ၍ လေးသမားအနီးသို့ ကပ်လေပြီးသော်–

'ဧဝံ နု သာဓု ပဿသိ၊ ဥသုကာရ သုဏောဟိ မေ။

ယဒေကံ စက္ခုံ နိဂ္ဂယှ၊ ဇိမှမေကေန ပေက္ခသိ။ ။' ဟူသော ဂါထာဖြင့် မေးတော်မူ၏။ အဓိပ္ပာယ်ကား–

"မြားသမား။ ငါဆိုအံ့သောစကားကို သင် နာလော့။ ယခု သင် မျက်စိတစ်ဘက်ကိုမှိတ်လျက် တစ်ဘက်ဖြင့်သာကြည့်၍ မြားကို ဖြောင့်ဘိ၏။ ဆိုမီး ၂ တိုင် ပြိုင်၍ထွန်းဘိသကဲ့သို့ မျက်စိ ၂ ဘက်ဖြင့်ကြည့်လျက် ဖြောင့်လျှင် သာ၍ ဖြောင့်လွယ်ပါမည် မဟုတ်လော။ အဘယ့်ကြောင့် မျက်စိတစ်ဘက်ကို မှိတ်ရသနည်း။ မျက်စိတစ်ဘက်တည်းဖြင့် ကြည့်ခြင်း၌ သာ၍မြင်လေသလော"ဟု မေးတော်မူ၏။

ဘုရားလောင်းစကားကို ကြားလျှင် လေးသမားသည် ဖြည့်ဆည်းပူးအပ်သော ပါရမီရှင်ဖြစ်၍ ပညာရှိခြင်း ကြောင့် အတင်ပြေရုံမျှသာ မဖြေဆိုဘဲ၊ စကားလမ်းသင့်တိုင်း ဖြေလို၍–

'ဒွီဟိ သမဏ စက္ခုဟိ၊ ဝိသာလံ ဝိယ ခါယတိ။

အသမ္ပတွာ ပရမံ လိင်္ဂံ၊ နုဇုဘာဝါယ ကပ္ပတိ။ ။

'ဧကဉ္စ စက္ခုံ နိဂ္ဂယှ၊ ဇိမှမေကေန ပေက္ခတော။

သမ္ပတွာ ပရမံ လိင်္ဂံ၊ ဥဇုဘာဝါယ ကပ္ပတိ။ ။

'ဝိဝါဒပ္ပတ္တော ဒုတိယော၊ ကေနေကော ဝိဝဒိဿတိ။

တဿ တေ သဂ္ဂကာမဿ၊ ဧကတ္တ မုပရောစတံ။ ။' ဟူသော ၃ ဂါထာတို့ဖြင့် ဆို၏။

သမဏ၊ ရှင်ရဟန်း။ ဒွီဟိစက္ခုဟိ၊ မျက်စိ ၂ ဘက်တို့ဖြင့်။ ပေက္ခတော၊ ကြည့်သောသူအား။ ဝိသာလံဝိယ၊ အဖျင်းဖျင်း။ ဝါ၊ မှိုယမ်းမှုန်း မသိ။ ခါယတိ၊ အပြားမဲ့ ထင်၏။ ပရမံ၊ သိမ်မွေ့သော။ လိင်္ဂံ၊ အသွင်သဏ္ဌာန်ကို။ အသမ္ပတွာ၊ မဆင်ခြင်နိုင်သောကြောင့်။ ဥဇုဘာဝါယ၊ ဖြောင့်တန်းစေခြင်းငှာ။ နကပ္ပတိ၊မအပ်။

သမဏ၊ ရှင်ရဟန်း။ ဧကဉ္စ စက္ခုံ၊ မျက်စိတစ်ဘက်ကိုလျှင်။ နိဂ္ဂယှ၊ မှိတ်၍။ ဧကေန၊ မျက်စိတစ်ဘက် တည်းဖြင့်။ ဇိမှံ၊ အကောက်ကို။ ပေက္ခတော၊ ကြည့်သောသူအား။ ပရမံ၊ သိမ်မွေ့သော။ လိင်္ဂံ၊ သဏ္ဌာန်ကို။ သမ္ပတွာ၊ မြင်သောကြောင့်။ ဥဇုဘာဝါယ၊ ဖြောင့်စွာဖြစ်ခြင်းငှာ။ ကပ္ပတိ၊ အပ်၏။



www.burmeseclassic.com

www.burmeseclassic.com



သမဏာ၊ ရှင်ရဟန်း။ ဒုတိယော၊ ၂ ယောက်မြောက်မှုကား။ ဝိဝါဒပ္ပတ္တော၊ အငြင်းအခုံ ဖြစ်တတ်၏။ ဧကော၊ တစ်ယောက်တည်းဖြစ်မှုကား။ ဧကေန၊ အသူနှင့်။ ဝိဝဒိဿတိ၊ ငြင်းခုံလတ္တံ့နည်း။ သဂ္ဂကာမဿ၊ နတ်ပြည်ကို အလိုရှိသော။ တဿ–တေ၊ ထိုရှင်ရဟန်းသည်။ ဧကောဒိဘာဝေါ၊ တစ်ယောက်တည်းနေသော အဖြစ်ကို။ ဥပရောစတံ–ဥပရုစ္စတု၊ နှစ်သက်လေလော့။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"ရှင်ရဟန်း။ အဖော်များတိုင်း အရာခပ်သိမ်းမှာ ကောင်းသည်မဟုတ်။ ဤ မြားဖြောင့်ခြင်းမည်သည်လည်း မျက်စိ ၂ ဘက်ဖြင့် ကြည့်၍ဖြောင့်ချေလျှင် စိတ်များခြင်းကြောင့် အာရုံပြားသည်ဖြစ်၍ မြား၏အသိမ်အမွေ့ဖြစ်သော အမို့ အယမ်း, အဝှမ်း အလိမ်, အပိန် အထောင့်, အဖြောင့် အကောက်ကိုမမြင်ဘဲ တစ်ပြင်တည်းသာထင်သဖြင့် အလွန် ဖြောင့်နိုင်ခဲ၏။ မျက်စိတစ်ဘက်တည်းဖြင့်ကြည့်၍ ဖြောင့်ရမှုကား စိတ်တစ်ခုတည်းဖြစ်ခြင်းကြောင့် သမာဓိကိုရသဖြင့် အသိမ်အမွေ့ဖြစ်သော မြား၏အကောက် အဖြောင့်, အထောင့် အလိမ်, အပိန် အမို့ကို ပြက်ပြက်ထင်ထင်မြင်သည်ဖြစ်၍ ပြင်လွယ် ဖြောင့်လွယ်ရှိသတည်း။

"ရှင်ရဟန်း။ ဤမြားဖြောင့်ခြင်းမှာသာ မဟုတ်။ အလုံးစုံ အဖြောင့်ပြုအပ်သည် ဟူသမျှအမှုမှာပင် ၂ ကိုယ်, ၂ စိတ်, ၂ ပညာဖြင့်သာပြုချေက အနှောင့်အယှက် အငြင်းအခုံများသည်ဖြစ်၍ သမာဓိကို မရခြင်းကြောင့် အလွန်ဖြောင့်မှန်ရာသို့ ကျခဲ၏။ မိမိသတိပညာကို ရင့်စေပြီး၍ တစ်ကိုယ်, တစ်စိတ်, တစ်ပညာတည်းဖြင့်ပြုရမှုကား အာရုံ၌ သမာဓိကိုရခြင်းကြောင့် အလွန်ဖြောင့်မှန်ရာသို့ ကျလွယ်၏။

"နတ်ပြည်ကိုလို၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လေပြီးသော ရှင်ရဟန်းသည်လည်း အဘယ့်ကြောင့် ကိစ္စများအောင် မိန်းမကိုခေါ်၍ လာဘိသနည်း။ ဤမိန်းမကား အရောင်အသွေးလည်း မပျက်၊ အသွင်အပြင်လည်း မင်းသမီးအသွင်အပြင် ရှိ၏။ ရှင်ရဟန်း၏ နှမလော၊ ခင်ပွန်းလော။ စင်စစ် နှမပင်ဖြစ်စေ။ ရဟန်းတို့နှင့် အတူသွားခြင်း, နေခြင်းဌာ မတင့်အပ်ပါတကား။ ရဟန်းမည်သည်လည်း တစ်ယောက်ထဲသာနေ၍ တရားအကျင့်ကိုရှာမှ ကောင်းသောအာရုံ၌ သမာဓိကိုရသဖြင့် တောင့်တသောအကျိုး ပြည့်စုံမည် မဟုတ်လော။ သို့မိန်းမနှင့်သာ ရှင်ရဟန်းနေလျှင် မကြာမြင့်မီပင် ရဟန်း၏သီလအန္တရာယ် ဖြစ်လတ္တံ့။ ထို့ကြောင့် ဤမိန်းမကိုစွန့်၍ တစ်ယောက်တည်း ချမ်းသာစွာနေလျက် ရဟန်းတရားကို ဖြောင့်ဖြောင့်ကျင့်တော်မူလော့"ဟု ဆို၏။

ဤသို့ ဘုရားလောင်းအား အဆုံးအမစကားကိုဆိုပြီးလျှင် လေးသမားသည် မိမိအိမ်၌ ဘုရားလောင်း ဆွမ်းရပ်သောအဖြစ်ကိုကား နှလုံးမမူမိသဖြင့် မေးမြန်းခြင်းကိုမျှမပြုဘဲ မြားဖြောင့်ကာသာ နေလေ၏။

ဘုရားလောင်းသည်လည်း လေးသမားနှင့် စကားပြောဆိုပြီးလျှင် အိမ်စဉ်အတိုင်း လှည့်လည်၍ ဆွမ်းခံတော်မူသဖြင့် ဖွန်းစာ, စလောင်းစာ အနအကြမ်းရောပြွမ်းသောဆွမ်းစမဲကို မျှလောက်အောင်ရပြီးသော် မြို့မှထွက်တော်မူခဲ့၍ ရေကောင်းရာအရပ်၌ ဆွမ်းဘုဉ်းပေးတော်မူလေ၏။

သီဝလိဒေဝီသည်လည်း ဘုရားလောင်းကြွတိုင်း နောက်မနီးမဝေးကလိုက်လျက်၊ ထိုဆွမ်းဘုဉ်း ပေးတော်မူသောအခါ၌လည်း အနီးအပါး သင့်ရာကရှုကြည့်ကာ စောင့်နေလေ၏။

ဘုရားလောင်းသည် ဆွမ်းဘုဉ်းပေးပြီးသော် နှုတ်တော်, လက်တော်, သပိတ်တော်တို့ကို ဆေးကြောပြီးမှ သပိတ်အိတ်ကိုထုတ်၍ သပိတ်တော်ကိုသွတ်လျက် သီဝလိဒေဝီကို ခေါ်တော်မူပြီးလျှင်–

'သုဏာသိ သီဝလိ ကထာ၊ ဥသုကာရေန ပဝေဒိတာ။

ပေသိယာ မံ ဂရဟိတော၊ ဒုတိယဿေဝ သာဂတိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'အယံ ဒွိဓာ ပထော ဘဒ္ဒေ၊ အနုစိဏ္ဏော ပထာ ဝိဟိ။

တေသံ တွံ ဧကံ ဂဏှာဟိ၊ အဟမေကံ ပုနာပရံ။ ။

မာဝစ မံ တွံ ပတိ မေတိ၊ နာဟံ ဘရိယာတိ ဝါပုန။' ဟူသော ၂ ဂါထာခွဲဖြင့် သတို့သမီးမှာကဲ့သို့ပင် ဆိုတော်မူပြန်၏။ အဓိပ္ပာယ်ကား–

"သီဝလီ။ လေးသမားဆိုသောစကားကို သင် ကြား၏လော။ ငါ့အစေအပါး ကျွန်အမှုလုပ်လောက်မျှ မရှိသော ဤလေးသမားသည် ငါသို့သောသူကိုပင် မိမိကျွန် အမှုလုပ်လောက်မျှမရှိအောင် ကဲ့ရဲ့ပြစ်တင်ပြုဘိ၏။ ထိုလေးသမား၏ ကဲ့ရဲ့ခြင်းကို ခံရခြင်းသည်လည်း ငါ၌ အပြစ်ရှိသောကြောင့် ခံရသည် မဟုတ်။ သင် ငါ့နောက်သို့ ဖဝါးခြေထပ် ကပ်၍လိုက်သောကြောင့်သာ ခံရ၏။ ပြည်ထဲရှင် မိန်းမကောင်း။ သင် ငါ့ကို သနားချစ်ခင်ပါလျှင် ရဟန်းတရားကို လွတ်လွတ် ငါကျင့်ပါရစေ။ ငါ့နောက်သို့ သင် မလိုက်ပါနှင့်။ ဤခရီး ၂ ကြောင်းတို့တွင် လိုရာခရီးဖြင့် သင် သွားပါလေ။ သင် မသွားသောခရီးဖြင့် ငါ သွားပါလေအံ့။ ငါ့နှမကောင်း။ ယနေ့မှစ၍ ငါ့ကို 'လင်' ဟူ၍မပြောဘဲ ကုသိုလ်ပွားရာအရပ်၌ သုဂတိ[၂၂]သို့ လားရကြောင်း ကောင်းစွာ သင်လည်း ကျင့်လေလော့။ ငါလည်း သင့်ကို 'မယား'ဟုမပြောဘဲ ကုသိုလ်ပွားရာအရပ်၌ တစ်ယောက်အထီးတည်း ရဟန်းတရားကို ကျင့်ပါလေအံ့"ဟု ဆို၏။

ဘုရားလောင်းစကားကို ကြားလျှင် သီဝလီဒေဝီသည် အပြစ်ကိုပြု၍တောင်းပန်သော ဘုရားလောင်း စကားကိုလည်း အားနာ၊ ခွာ၍သွားရမည်ကိုလည်း အလွန်ပူပန်ခြင်းဖြင့် အထူးပြန်လှန်၍ မလျှောက်ဘဲ "အရှင် မင်းကြီး။ ကိုယ်တော်ကား ယောက်ျားမြတ်ဖြစ်သောကြောင့် လက်ယာဘက်လမ်းကို ကြွတော်မူလော့။ အကျွန်ုပ် လည်း လက်ဝဲဘက်လမ်းဖြင့် သွားပါလေအံ့"ဟုဆို၍ လက်ဝဲဘက်လမ်းဖြင့် အတန်ငယ်သွားပြီးလျှင်၊ "သခင်။ ကိုယ်တော်ကိုခွာ၍ ကျွန်မ မသွားတတ်ပါ"ဟုဆိုလျက် ပြန်လည်ခဲ့ပြန်သဖြင့် ဘုရားလောင်းနောက်တော်သို့ပင် တောင်ကပ်ဖားရား လိုက်ပြန်လေ၏။

ဘုရားလောင်းသည် မိဖုရားကို မခွာမပစ်နိုင်သည်ဖြစ်၍ မိဖုရားနှင့်အတူပင် မြောက်ဟိမဝန္တာသို့ ရှေးရှု ကြွတော်မူပြန်လေ၏။

မှူးမတ်၊ ဗိုလ်ပါအပေါင်းတို့သည်လည်း မီလာလတ်၍ ဘုရားလောင်းနောက်တော်သို့ပင်လျှင် လိုက်ကြပြန်လေ၏။

## ၂၂။ မြက်သစ်ပင်ကို ပမာပြု၍ တောသို့ဝင်တော်မူခန်း

ထိုသို့ မင်း ၂ ပါး သွားကြပြန်လေသော် ရှေ့မနီးမဝေး၌ သစ်ကြီးဝါးကြီးပိတ်ဆီးအုံ့ဆိုင်း မှိုင်းမှိုင်း ညို့ညို့ရှိသော တောကြီးစုံမြိုင်ကိုမြင်လျှင် ဘုရားလောင်းသည် ထိုတောဝသို့ရောက်သောအခါ မိဖုရားကို ပြန်စေအံ့ဟု ကြံလျက် လမ်းနား၌ရှိသော ဖြူဆံမြက်ပင်မှ အညွန့်အမြိတ်စကို လက်တော်ဖြင့် ဖြုတ်ယူပြီးသော် မိဖုရားကိုခေါ်၍–



www.burmeseclassic.com

www.burmeseclassic.com



"သီဝလိ။ သင်ရှုလော့။ ဤမြက်ညွန့်ကို ထိုအပင်၌ တစ်ဖန်ဆက်ပြန်လျှင် စပ်နိုင်ပါဦးမည်လော။ ဤ မြက်ညွန့်နှင့် ပမာတူစွာ ငါသည်လည်း ရဟန်းတရားကို ကျင့်လိုသောကြောင့် သင်တို့ကိုစွန့်ပြီးမှ တစ်ဖန် သင်တို့နှင့်ပေါင်းဖော်ခြင်းမည်သည်ကို မပြုလိုပြီ။ သီဝလိ။ အပင်မှပြတ်ကင်းသော ဖြူဆံမြက်ညွန့်ကဲ့သို့ ငါတစ်ယောက်အထီးတည်း ဟိမဝန္တာ၌ ရဟန်းတရားကို ပွားစေ၍ နေပါအံ့။ သင်သည်လည်း စည်းစိမ်ချမ်းသာ၌ ငြိမ့်ငွေ့လောက်သောအရွယ် ရှိပြီ။ ငါနှင့်ကင်း၍ စည်းစိမ်ချမ်းသာကိုခံစားခြင်းဖြင့် အဘယ်ပြုတော့အံ့နည်း။ ငါကဲ့သို့ပင် တစ်ယောက်အထီးတည်း ရဟန်းပြု၍ နေရစ်လေတော့"ဟု အဆုံးအမပေးတော်မူ၏။

ထိုစကားကိုကြားလျှင် သီဝလိဒေဝီ မိဖုရားသည် "ငါ့ကိုပစ်၍ ကျေးဇူးရှင် ဤတောအုပ်သို့ ဝင်မည်ကြံခဲ့ပြီ တကား။ စိမ်းကားသောစကားကို ယခု ဆိုတော်မူခဲ့၏"ဟု ကိုးကွယ်ရာမရ ပူပန်ခြင်းရှိသည်ဖြစ်၍ မသေနိုင်မှသာ ရှင်စေတော့ ဟူသကဲ့သို့ လက်ဆုပ် ၂ ဘက်ဖြင့် ပြင်းစွာရင်တီးခတ်လျက် ခရီးမ၌ မတ်တတ်ပင်လျှင် မိန်းမောခြင်းသို့ရောက်သဖြင့် အရင်းပြတ်သောငှက်ပျောတိုင်ကဲ့သို့ ယိုင်ကာ လဲလေ၏။ ထိုအခါ ဘုရားလောင်းသည် မိဖုရား မိန်းမော၍ရှိကြောင်းကို သိလေလျှင် ခြေရာကိုဖျက်၍ တောအုပ်သို့ ပြေးဝင်တော်မူလေ၏။

အမတ်တို့လည်း စိတ်လျှော့ကြသဖြင့် ဘုရားလောင်းဆီသို့မလိုက်ဘဲ မိဖုရားမိန်းမော၍ ရှိသည်ကိုသာ စုရုံးဝိုင်းအုံကြလျက် ရေဖြင့် သွန်းခြင်း, ခြေလက်ဆုပ်နယ်ခြင်းတို့ဖြင့် ပြုစုကုမကြ၏။ အိမ်ရှေ့မင်းမယ်တော်လည်း သတိရပြီးသော် အမတ်တို့ကို "အမောင်တို့။ မင်းကြီး အဘယ်မှာနည်း"ဟု မေး၏။

အမတ်တို့လည်း "အကျွန်ုပ်တို့ကား ဝေးရာကဖြစ်၍ မင်းကြီး အဘယ်သို့သွားသည် မသိလိုက်ပါ"ဟု လျှောက်ကြကုန်၏။

အိမ်ရှေ့မင်းမယ်တော်လည်း "အမောင်တို့။ ထိုသို့တပြီးကား ယခု မင်းကြီးကို တွေ့အောင်ရှာကြ"ဆို၏။

အမတ်တို့လည်း ပြည်ထဲရှင်မစကားကို မလွန်ဝံ့ကြသဖြင့် အသီးသီးခွဲခန့်၍ ထိုတောစုံမြိုင်ထဲ၌ ထိုမှဤမှ လှည့်လည်ရှာဖွေကြပြီးလျှင် ပြန်ခဲ့ကြ၍ ခြေရာမျှမထင် မတွေ့မမြင်ကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ အိမ်ရှေ့မင်းမယ်တော်သည် ပြင်းစွာငိုကြွေးခြင်းဖြင့် ငိုကြွေး၍-

ဘုရားလောင်းရပ်နေတော်မူလျက် ဖြူဆံမြက်ကို ပြရာအရပ်၌ စေတီတည်ထားစေပြီးလျှင် ပန်းနံ့သာ စသည်တို့ဖြင့် စေတီကိုရှိခိုးပူဇော်၍ ထိုတောမှ မိုလ်ထုနှင့်တကွ ပြန်လည်လေ၏။

ဘုရားလောင်းသည်လည်း ထိုဟိမဝန္တာ၌ ကသိုဏ်းပရိကံတို့ကို ပွားစေလတ်သော် ကြောင့်ကြကြီး, ကြောင့်ကြငယ်တို့ကိုဖြတ်ပြီးလျှင် စင်ကြယ်သောသီလ, သမာဓိရှိခြင်းကြောင့် ၇ ရက်အတွင်း၌ပင်လျှင် အဘိညာဉ် သမာပတ်ကို ရတော်မူသည်ဖြစ်၍ အနှစ် ၃၀၀၀ ပတ်လုံး လူတို့သွားသောခရီးသို့ တစ်ရံတစ်ဆစ်မျှမလာဘဲ ဟိမဝန္တာ၌သာလျှင် ဈာန်၏မွေ့လျော်ခြင်းဖြင့် နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၃။ မိဖုရား, မှူးမတ်, ဗိုလ်ပါတို့ ပြန်ခန်း

အိမ်ရှေ့မင်းမယ်တော်သည်လည်း ထိုတောဝမှ ပြန်လည်၍လာခဲ့သော် ခရီးအစဉ်အတိုင်း ပြန်သွားသဖြင့် ထူဏမြို့သို့ရောက်သောအခါ လေးသမားနှင့် ဘုရားလောင်း စကားပြောရာအရပ်၌ စေတီတစ်ဆူ, သတို့သမီးနှင့် ဘုရားလောင်း စကားပြောရာအရပ်၌ စေတီတစ်ဆူ, ပုံသုကုအမဲကင်ကို ဘုဉ်းပေးတော်မူရာအရပ်၌ စေတီတစ်ဆူ, ထိုထူဏမြို့၌ စေတီ ၃ ဆူ တည်၍ ပန်းနံ့သာစသည်တို့ဖြင့် ရှိခိုးပူဇော်လျက်လာပြန်လတ်သော်၊ ခရီးအစဉ်အတိုင်း မိဂါဓိန်ရှင်ရသေ့နှင့် စကားပြောတော်မူရာ၌ စေတီတစ်ဆူ, နာရဒရှင်ရသေ့နှင့် စကားပြောတော်မူရာ၌ စေတီတစ်ဆူ, ထိုစေတီတို့ကို တံခွန်ကုက္ကား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍လာခဲ့ပြန်သော်၊ ဘုရားလောင်း တောင်ဝှေးတော်ဖြင့် ခရီးမတွင် ဗီလာဖြတ် အရေးသားတော်မူရာ၌ စေတီတစ်ဆူ, မိထိလာပြည်ကို ရောက်လုနီး လူဆိုးလူပျက်, ခိုးသူစားပြ ထကြောင်းကို အထက်က မိဖုရားလျှောက်ရာ၌ စေတီတစ်ဆူ, မီးလောင်ကြောင်းကို လျှောက်ရာ မြို့တွင်း၌ စေတီတစ်ဆူ တည်ထားစေ၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက် မိထိလာပြည်သို့ ရောက်လေ၏။

ထိုသို့ စေတီတော်များကို ပူဇော်ကိုးကွယ်ခြင်း ပွဲသဘင်ပြုပြီးသော် အိမ်ရှေ့မင်းမယ်တော်သည် မြို့ကိုတန်ဆာဆင်စေလျက် မှူးမတ်, ဗိုလ်ပါ စစ်အင်္ဂါအပေါင်းခြံရံ၍ အိမ်ရှေ့မင်းနှင့်တကွ ဥယျာဉ်သို့ထွက်ပြီးလျှင် ထိုဥယျာဉ်မင်္ဂလာ ကျောက်ဖျာအပြင်၌ အိမ်ရှေ့မင်းကိုနေစေလျက် ရာဇာဘိသေကဘိသိက်ဖြင့် အဘိသိက်သွန်း၍ မှူးမတ်စစ်သည် ဗိုလ်ပါအလုံးအရင်းနှင့်တကွ ပြည်စည်းစိမ်ကို အိမ်ရှေ့မင်းအား အပ်နှင်းပြီးသော်–

“ချစ်သား။ မောင့်ခမည်းတော် အုပ်ချုပ်သည့်အတိုင်း ပြည်ထဲရေး ၄ မျက်နှာ သာယာငြိမ်ဝပ်အောင် တရားသဖြင့် မင်းပြုလေ။ မမေ့မလျော့စေနှင့်။ မိခင်မှုကား မောင့်ခမည်းတော် ဆုံးမခဲ့သည့်အတိုင်း ဤဥယျာဉ်တွင် ရဟန်းပြု၍ နေရစ်အံ့”ဟု ဆိုလျက် အလုံးစုံကိုမှာထား၍ လွှတ်လိုက်၏။

သားတော် ဒီဃာဝုမင်းသည်လည်း မှူးမတ်, ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တွင်းသို့ဝင်၍ ထီးနန်းကို သိမ်းမြန်းစိုးစံလေ၏။

ဒီဃာဝုမင်းကြီးမယ်တော်လည်း သားတော် မြို့သို့ဝင်ပြီးနောက်၌ ဆတ္တာသည်ကိုခေါ်၍ ပရိက္ခရာ ရောင်းသောဈေး၌ သင်္ကန်း, သပိတ် ဝယ်စေလျက် ဆံချပြီးလျှင် ရဟန်းပြု၍ ထိုဥယျာဉ်၌နေလျက် ကြောင့်ကြကြီး, ကြောင့်ကြငယ်တို့ကိုဖြတ်သဖြင့် ကသိဏ်းပရိကံကို ပွားစေလျက် မကြာမြင့်မီပင်လျှင် ပထမဈာန် သမာပတ်ကို ရလေ၏။

[ဤ၌ ‘အဘိညာသမာပတ္တိယော နိဗ္ဗတ္တေတွာ’ဟု မဆိုဘဲ ‘ဈာနံ နိဗ္ဗတ္တေတွာ’ဟူ၍သာ ဆိုတော်မူခြင်းသည်ကား ပဋိသမ္ဘိဒါပတ္တ မဟုတ်သေးသော မိန်းမတို့သည် ဈာန်ရတုံသော်လည်း အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို မရနိုင်။ စတုတ္ထဈာန်ကို မရသဖြင့်လည်း အဘိညာဉ်မရ။ ပထမဈာန်သမာပတ်ကိုသာ ရနိုင်စွမ်းသောကြောင့် ‘ဈာနံ နိဗ္ဗတ္တေတွာ’ဟူ၍သာ ဆိုတော်မူသည်ဟု သိအပ်၏။]

ဤသို့ ဒီဃာဝုမင်းကြီးမယ်တော်သည် ဥယျာဉ်၌ ဈာန်သမာပတ်စည်းစိမ်ကိုခံစားလျက် အနှစ် ၃၀၀၀ ပတ်လုံးနေ၍ စုတေလတ်သော် ရပြီးသောဈာန်မပျက်သဖြင့် ဗြဟ္မပါရိသဇ္ဇာ[၂၃၄] ဘုံသို့ ပြောင်းလဲလေ၏။

ဘုရားလောင်းသည်လည်း အဘိညာဉ်သမာပတ် စည်းစိမ်ကိုခံစားလျက် ဟိမဝန္တာ၌ အနှစ် ၃၀၀၀ ပတ်လုံးနေ၍ စုတေလတ်သော် ရပြီးသောဈာန်မပျက်သဖြင့် ဝေဟပ္ဖိုလ်[၂၃၅] ဘုံသို့ ပြောင်းလဲတက်စံတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ ဇာတ်တော်ကို ပေါင်းခန်း

ဤသို့ မြတ်စွာဘုရားသည် တပည့်သားတော်တို့အား အကျယ်အားဖြင့် ရှေးဖြစ်တော်မူကြောင်းကို ဟောတော်မူပြီးလျှင် အကြောင်းရင်း ၄ပ်မည်စိုးတော်မူသောကြောင့်– 'န ဘိက္ခဝေ ဣဒါနေဝ၊ ပုဗ္ဗေပိ တထာဂတော မဟာဘိနိက္ခမနံ နိက္ခန္တော ယေဝ'ဟု ဟောတော်မူပြန်၏။ အဓိပ္ပာယ်ကား–

"တပည့်သားအပေါင်းတို့။ လာခြင်းကောင်းသော ငါဘုရားသည် ယခုသာလျှင် နိမိတ် ၄ ပါးထင်သဖြင့် ပြည်စည်းစိမ်ကိုစွန့်၍ တောထွက်တော်မူသည် မဟုတ်။ ရှေးပါရမီကို ဖြည့်စဉ်ကပင်လည်း နိမိတ်ထင်သဖြင့် ယခုထက်မက ငြိတွယ်စရာများသော မင်းစည်းစိမ်ကိုစွန့်၍ မြတ်သောတောထွက်ခြင်းဖြင့် တောထွက်တော်မူဖူးပြီ" ဟု ဒေသနာတော်အဆုံးကို ဆက်စပ်တော်မူပြီးလျှင် 'တဒါ သမုဒ္ဒရက္ခိတာ'အစရှိသည်ဖြင့် ဇာတ်တော်ကို ပေါင်းတော်မူ၏။ အဓိပ္ပာယ်ကား–

"ထို မဟာဇနကမင်း ငါ ဖြစ်တော်မူသောအခါ ငါ့ကို သမုဒ္ဒရာထဲမှချီပိုက်၍ မိထိလာပြည် ဥယျာဉ် မင်္ဂလာကျောက်ဖျာအပြင်၌ သိပ်ထားပေသော သမုဒ္ဒရာစောင့် မဏိမေခလာနတ်သမီးသည် ယခုအခါ သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်၍၊ ငါ့သာသနာတော်၌ ရဟန်းပြုသဖြင့် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီနှင့်လျော်စွာ လက်ဝဲရံ တပည့်တော်မအပေါင်းတို့တွင် အမြတ်ဆုံး ဒုတိယအဂ္ဂသာဝိကာ[၂၅] ဖြစ်သော ဥပ္ပလဝဏ်ထေရီ[၂၆] ဖြစ်လာ၏။

"ထိုအခါ ငါ့ကို ရဟန်းအဖြစ်၌ မြဲမြဲစေခြင်းငှာ အဆုံးအမပေးပေသော ထူဏမြို့ ရှေ့လက်ကောက်ရှင် သတို့သမီးသည် ယခု ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရ[၂၇] မင်းကြီး မိဖုရားဖြစ်၍၊ ငါရှိရာ ဝေဠုဝန်ကျောင်း တော်သို့ ရောက်လာသောကြောင့် ကိုယ်အဆင်းကိုမှီ၍ နန္ဒီရာဂ[၂၈] ပြောသူဖြစ်၍ ထိုသူ၏စရိုက်အားလျော်စွာ အသုဘနိမိတ်ကို ငါ ထင်စေတော်မူလျက် တရားဟောတော်မူလျှင်၊ တရားနာစဉ် လူဝတ်နှင့်ပင် မင်္ဂလေးတန် ဘဝင်ခြားတန့်ခြင်းမရှိ ခိပ္ပပဋိသမ္ဘိဒါခိပ္ပါဘိညာ[၂၉] ဖြင့် ရဟန္တာအဖြစ်သို့ရောက်ပြီးမှ ငါ့သာသနာတော်၌ ရဟန်းပြုသဖြင့် ကမ္ဘာ ၁ သိန်းပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီနှင့်လျော်စွာ လက်ယာရံ တပည့်တော်မ အပေါင်းတို့တွင် အမြတ်ဆုံး ပထမအဂ္ဂသာဝိကာ ဖြစ်သော ခေမာထေရီ ဖြစ်လာ၏။

"ထိုအခါ ငါ့ကို ရဟန်းအဖြစ်၌ မြဲမြဲစေခြင်းငှာစောင်မသော မိဂါဇိန်ရှင်ရသေ့သည် ယခုအခါ ရာဇဂြိုဟ်ပြည်၏အနီး ကောလိတရွာသူကြီးသားဖြစ်၍၊ ငါ သာသနာတော်၌ရဟန်းပြုသဖြင့် ၁ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီနှင့်လျော်စွာ လက်ဝဲရံတပည့်တော်အပေါင်းတို့တွင် အမြတ်ဆုံး ဒုတိယအဂ္ဂသာဝကဖြစ်သော မဟာမောဂ္ဂလန်ထေရ် ဖြစ်လာ၏။

"ထိုအခါ ငါ့ကို ရဟန်းအဖြစ်၌ ခိုင်ခံ့စေခြင်းငှာ အဆုံးအမပေးလာသော နာရဒရှင်ရသေ့သည် ယခုအခါ ရာဇဂြိုဟ်ပြည်၏အနီး ဥပတိဿရွာသူကြီး ဝင်္ဂန္တပုဏ္ဏားသားဖြစ်၍ ငါ့ထံသို့ ရဟန်းပြုလာသဖြင့် ၁ သင်္ချေနှင့် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီနှင့်လျော်စွာ လက်ယာရံ တပည့်တော်အပေါင်းတို့တွင် ငါမှတစ်ပါး ဤသူထက်သာ၍ မြတ်သူမရှိ၊ ပထမ အဂ္ဂသာဝကအရာနေ ငါ၏တပည့်ကြီး သာရိပုတ္တရာထေရ် ဖြစ်လာ၏။

"ထိုအခါ ငါ့ကို ရဟန်းအဖြစ်၌ မငဲ့မစောင်း ဖြောင့်မတ်စွာတည်စေခြင်းငှာ ဆုံးမပေသော ထူဏမြို့သား လေးသမားသည် ယခုအခါ ကပိလဝတ်ပြည်၌ ငါ၏ဘထွေးတော်သားဖြစ်လာ၍၊ ငါ့သာသနာတော်၌ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ပြုသဖြင့် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပွားအပ်သော ပါရမီနှင့်လျော်စွာ ငါဘုရား၏အလုပ်အကျွေး နှုတ်လျှာကောင်းခြင်း၌ ငါမှတစ်ပါး တူသူမရှိသော ငါ့ညီ ဓမ္မဘဏ္ဍာဂါရိက[၂၅] အာနန္ဒာမထေရ် ဖြစ်လာ၏။

"ထိုအခါ မဟာဇနကမင်း၏မိဖုရားကြီး သီဝလိဒေဝီ သည် ယခုအခါ ငါ့ဦးရီးတော် ဒေဝဒဟမင်းကြီး၏သမီးဖြစ်၍၊ ကပိလဝတ်ပြည်၌ ငါနှင့် ထီးနန်းစံဖက်ဖြစ်သော ရာဟုလာမိခင် ဗိမ္ဗာထေရီ[၂၆] ဖြစ်လာ၏။

"ထိုအခါ ဒီဃာဝုမင်းသားသည် ယခု ကပိလဝတ်ပြည်၌ ငါ့ကိုစွဲ၍ရအပ်သော ဗိမ္ဗာဒေဝီ၏သားဖြစ်၍၊ ၇ နှစ်အရွယ်ကပင် ငါ့အထံဝယ် အမွေတောင်းလာသောကြောင့် ငါ့သားကြီး သာရိပုတ္တရာကိုအပ်၍ ရှင်ရဟန်းပြုစေပြီးလျှင် သိက္ခာ ၃ ပါးကို လွန်စွာကျင့်ခြင်း၌ ငါ ဧတဒဂ်ထားအပ်သော သာရိပုတ္တရာ၏တပည့် ရာဟုလာထေရ် ဖြစ်လာ၏။

"ထိုအခါ မဟာဇနကမင်း၏ မယ်တော်,ခမည်းတော်တို့သည် ယခုအခါ၌ ကပိလဝတ်ပြည်ကိုအစိုးရသော သာကီဝင်မင်းမျိုး၌ မြတ်သောမင်း, မြတ်သောမိဖုရား ဖြစ်ကြကုန်၏။

"ထိုအခါ မဟာဇနကမင်းကြီးသည်ကား ယခုအခါ ခပ်သိမ်းသောတရားကို သိတော်မူပြီးသော လူ,နတ်တို့၏ဆရာ ငါဘုရား ဖြစ်တော်မူ၏"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

[မဟာသမုဒ္ဒရာထဲ၌ မဏိမေခလာ နတ်သမီးနှင့် စကားပြောကြသော ဂါထာ ၁၁ ဂါထာ။ ဘထွေးတော် ပေါလဇနကမင်း ရွှေအိုးကြီး ၁၆ လုံးကို အမြွက်ပြခဲ့သော ဂါထာ ၃ ဂါထာ။ မင်းအဖြစ်သို့ ရောက်သောအခါ မဟာဇနကမင်းကြီး ဥဒါန်းကျူးသော ဂါထာ ၆ ဂါထာ။ အထက်ပြာသာဒ်၌ ဘုရားလောင်းနေသောအခါ အမတ်တို့မြည်တမ်းသောစကားမှာ ၂ ဂါထာ။ ရှင်ပစ္စေက ဗုဒ္ဓါတို့၏ကျေးဇူးဂုဏ်ကို အောက်မေ့၍ ဝမ်းမြောက်ဝမ်းသာဆိုတော်မူသော စကားဥဒါန်း ၃ ဂါထာ။ မိထိလာပြည်စည်းစိမ်ကို ချီးမွမ်းတော်မူသော ဂါထာ ၁၉ ဂါထာ။ တောထွက်တော်မူသောအခါ ၇၀၀ သောမိဖုရားတို့ ငိုခြင်းကိုပြသော ဂါထာ ၇ ဂါထာ။ သီဝလိဒေဝီ မိဖုရားနှင့် အစုစု ပြောဟောတော်မူသော ဂါထာ ၁၆ ဂါထာ။ နာရဒ ရှင်ရသေ့နှင့် ပြောဟောတော်မူသော ၉ ဂါထာ။ မိဂါဇိန် ရှင်ရသေ့နှင့် စကားပြောဟောတော်မူသော ဂါထာ ၁၇ ဂါထာ။ ထူဏာမြို့၌ သတို့သမီးနှင့် စကားပြောဟောတော်မူသော ဂါထာ ၄ ဂါထာ။ လေးသမားနှင့် စကားပြောဟောတော်မူသော ဂါထာ ၄ ဂါထာ။ ဤသို့ အစုစုဂါထာပေါင်း ၁၇၇ ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော မဟာဇနက ဇာတ်တော်အပြီးသို့ ရောက်၏။

[မဟန္တံ သကပရတ္တံ ဇနေတိတိ မဟာ ဇနကော။ ။ယောရာဇာ၊ အကြင်မင်းသည်။ မဟန္တံ၊ ကြီးမြတ်သော။ သကပရတ္တံ၊ ကိုယ်စီးပွား, သူ့စီးပွားကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောရာဇာ၊ သည်။ မဟာဇနကော၊ မဟာဇနက မည်၏။ ။မဟန္တ သဒ္ဒူပပဒ-ဇနဓာတ်, ဏွု ပစ္စည်း။ ဟောတု ကတ္တုသာဓန ကိတ်ဝိဂြိုဟ်။ ။ဇနဓာတ်အရ သုဒ္ဓကတ္တ ကြိယာကား မင်းစည်းစိမ်ပြည်တိုင်းကား စည်ပင်ပြန့်ပွားခြင်း, တိုင်းသားပြည်သူ ငြိမ်းချမ်းဝပြောခြင်း, အဲလူ့သီတင်း အကျင့်နှင့်ပြည့်စုံခြင်း တည်းဟူသော



www.burmeseclassic.com

www.burmeseclassic.com



အကျိုးတို့၏ ဥပ္ပါဒသတ္တိသည် မုချ၊ ကာရိုက်ပစ္စည်း၏ ဟေတုကတ္တုဟူသော ကြိယာကား ထိုအကျိုးအားတပ်သော သင်္ဂဟ ၄ ပါး, ရာဇဓမ္မ ၁၀ ပါး စသည်တို့ဖြင့် ကောင်းစွာကျင့်ခြင်း ဟုဆိုအပ်သော မင်းကျင့်တရား၏ ပကတူပနိဿယသတ္တိ သည် ဖလူပစာရ၊ ဇ္ဈ ပစ္စည်း၏အရကား ထို မုချဖလူပစာရဟူတို့ဖြင့် မှတ်အပ်သော မဟာဇနကမင်း ရ၏။

[မဟာဇနေ တီဟိ ဗလေဟိ ကမတိ အတိက္ကမတီတိ မဟာဇနကော။ ။ယော ရာဇာ၊ သည်။ တီတိဗလေဟိ၊ အာဏာဗလ, ဘောဂ ဗလ, ဉာဏဝီရိယဗလဟု ဆိုအပ်သော ၃ ပါးသောဗလတို့ဖြင့်။ မဟာဇနေ၊ တိုင်းသူလူအပေါင်းတို့ကို။ ကမတိ–အတိက္ကမတိ၊ လွှမ်းမိုးသောကြောင့်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ရာဇ၊ သည်။ မဟာဇနကော၊ မည်၏။

[ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ် မဟာဇနသဒ္ဒူပပဒ ကမုဓာတ်, ကွိပစ္စည်း။ ။ကမုဓာတ်အရကား မင်း၏သန္တာန သတ္တိသည် မုချ။ ကရဏတ္တကြိယာကား ထိုသတ္တိအားတပ်သော အာဏာ, လက်ရုံး, စည်းစိမ်, အခြံအရံ, အစိုးရခြင်း အသဒိသဘောဖြစ်အောင် ဘုန်း အာနုဘော်၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာရဟူ၊ ကွိပစ္စည်း၏ အရကား ထိုမုချ ဖလူပစာရဟူတို့ဖြင့် မှတ်အပ်သော သတ္တိ၏တည်ရာ သတ္တိမန်ဖြစ်သော မဟာဇနကမင်း ရ၏။ ။တစ်နည်းလည်း မဟန္တော စ သော အာဇာနကော ဇာတိ မဟာဇာနကော၊ ဇာ,ဋ္ဌ အာ,ကို ရဿပြု။ ။မဟန္တော၊ မြတ်သည်လည်း။ ဟောတိ ဖြစ်၏။ သော၊ ထိုမြတ်သောသူသည်။ အာဇာနကော စ၊ အာဇာနည် ၃ ပါးထက် လွန်ကဲသော လူအာဇာနည်သည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ မဟာဇနကော၊ မည်၏။

[ကမ္မဓာရည်းသမာသ်ဝိဂြိုဟ်။ ။မဟန္တ ပုဒ်, အာဇာနကပုဒ်။ ။မဟန္တောပုဒ်၏ အရကား ထီးစဉ် နန်းရိုး မင်းမျိုးစိုးနွယ်ဖြစ်သော ဇာတိမဟတ္တ, ဉာဏဝီရိယမဟတ္တ, ဘောဂမဟတ္တဂုဏ်, အာဇာနကော ဟူသော နောက်ပုဒ်၏အရကား အဆင်း, ပညာ, အာဏာ, လက်ရုံ, ဘုန်းကျက်သရေတည်းဟူသော ဥပမိသမ္ပတ္တိ ဂုဏ်သည် အပ္ပဓာနအား ဖြင့်ရ၏။ မဟာဇနကော ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုဂုဏ် ၂ ပါး၏တည်ရာ ဂုဏဖြစ်သော မဟာဇနကမင်းသည်သာလျှင် ပဓာနအားဖြင့် ရ၏။

[မဟာဇနကဿ ဇာတော မဟာဇနကဇာတော။ တပ္ပုရိသ် သမာသ်ဝိဂြိုဟ်။ ။မဟာဇနကဿ၊ မဟာဇနကမင်း၏။ ဇာတော၊ အဖြစ်တော်တည်း။ မဟာဇနကဇာတော၊ မဟာဇနကမင်း၏ အဖြစ်တော်။

[မဟာဇနကပုဒ်, ဇာတပုဒ်။ ။မဟာဇနကောဟူသော ရှေးပုဒ်၏အရကား မဟာဇနကမင်းရ၏။ ဇာတော ဟူသော နောက်ပုဒ်၏အရကား ခန္ဓာ ၅ ပါးတို့၏ ဥဒါရသော ရ၏။ သမာသ်ပုဒ်လုံး၏အရကား မဟာဇနကမင်းဟု ခေါ်ဝေါ်အပ်သော သန္တာနပညတ်၏တည်ရာ ခန္ဓာ ၅ ပါးတို့၏ ဖြစ်ခြင်းသဘောသာလျှင်ရ၏။

[မဟာဇနက ဇာတဿ ဥပ္ပတ္တိဋ္ဌာနံ မဟာဇနကဇာတကံ။ ။ဇာတာဒိတဒ္ဓိတ်။ ။မဟာဇနကဇာတဿ၊ မဟာဇနက ဇာတ်တော်၏။ ဥပ္ပတ္တိဋ္ဌာနံ၊ ဖြစ်ခြင်း အကြောင်းအရာတည်း။ မဟာဇနကဇာတကံ၊ အရာ။

[မဟာဇနက–ပုဒ်, ဏက–ပစ္စည်း။ ။တဒ္ဓိတ်ပုဒ်လုံး၏ အရကား မဟာဇနကမင်း၏ အဖြစ်အပျက် အနေအထိုင် အသုံးအဆောင် အပေါင်းအဖော် အစရှိသော အလုံးစုံအကြောင်းအရာ ဟူသမျှရ၏။

[မဟာဇနက ဇာတကဿဣဒံ ပကာသနံ မဟာဇနကဇာတကံ။ ရာဂါဒိတဒ္ဓိတ်။ ။ဣဒံ၊ ဤ ပြကြောင်း ဖြစ်သော ကျမ်းသည်။ မဟာဇနက ဇာတကဿ၊ မဟာဇနက မင်းကြီး၏ အဖြစ်အပျက် အကြောင်းအရာကို။ ပကာသနံ၊ ပြကြောင်းဖြစ်သော ကျမ်းတည်း။ မဟာဇနကဇာတကံ၊ မဟာဇနကဇာတ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com



[တဒ္ဓိတ်ပုဒ်လုံး၏ အရကား 'ကောယံမဗ္ဗေသမုဒ္ဒသ္မိံ'အစရှိသော ဂါထာဖြင့် တန်ဆာဆင်၍ ဟောတော်မူခြင်း ဒေသနာတော်အစဉ် ရ၏။

[မဟာဇနကဇာတကတော ဥဒ္ဓရိတံ ဝတ္ထုံတိ မဟာဇနကဇာတကဝတ္ထု။ တပ္ပုရိသ်သမာသ်။ ။ယံ ဣဒံ၊ အကြင်ဝတ္ထုသည်။ မဟာဇနကဇာတကတော၊ မဟာဇနက ဇာတ်ပါဠိတော်မှ။ ဥဒ္ဓရိတံ။ အနက်ကို ထုတ်၍ မြန်မာဘာသာရေးစီအပ်သော။ ဝတ္ထု၊ ထိုဇာတ်တော်၏ အကြောင်းအရာဖြစ်သော ဝတ္ထုတည်း။ ဣတိသ္မာ၊ ထို့ကြောင့်။ တံဣဒံ၊ ထိုဝတ္ထုသည်။ မဟာဇနကဇာတကဝတ္ထု၊ မဟာဇနကဇာတ်ဝတ္ထု မည်၏။

[သမာသ်ပုဒ်လုံး၏ အရကား ဤမြန်မာဘာသာဖြင့် ထုတ်စီရင်အပ်သော ဝတ္ထုရ၏။ ။ဂါထာတူ ပေါင်းဖွဲ့ဖက် ဇာတ်မရှိသောကြောင့် နိပါတ်လွတ် သန့်သန့်သီးသီးထားအပ်သော ဇာတ်ကြီး ၁၀ စောင်တွင် နေမိ, နာရဒ, ဝေဿန္တရာ ဤ ၃ စောင်ဇာတ်တို့မှာ စရိယပိဋကကျမ်း၌ လာသောကြောင့်လည်း ကောင်း၊ တစ်ပါးသော ထောက်ထားရာ ရှိသောကြောင့် လည်းကောင်း ဤကမ္ဘာ ဤအန္တရကပ်တွင်ပင် ဖြစ်သည်ဟု သိရ၏။ တေမိ, သုဝဏ္ဏသာမ, ဘူရိဒတ်, စန္ဒကုမာရ ဤ ၄ စောင် ဇာတ်တို့မှာ ၎င်းကျမ်း၌လာရကား ဤကမ္ဘာတွင် ဖြစ်သည်ဟု သိရ၏။ တစ်ပါးထောက်ထားရာ မထင်သောကြောင့် မည်သည့် အန္တရကပ်တွင် ဖြစ်သည်ဟု မသိရ။ မဟာဇနက, ဝိဓုရ, မဟောသဓ ဤ ၃ စောင်ဇာတ်တို့မှာ ၎င်းကျမ်းတွင်လည်းမလာ ထောက်ထားရာ လည်း မထင်သောကြောင့် မည်သည့်ကမ္ဘာတွင် ဖြစ်သည်ဟူ၍ အတပ်မဆိုသာဟု မှတ်အပ်၏။]

**သမထောနေဘာသာဘိဓာနယုဝကေန ရစိတိဒံဝတ္ထု**

**မြန်မာဘာသာယ နိဋ္ဌိတံ။**

**ဇာတ်တော်ပေါင်းခန်း ပြီး၏။**

**မဟာဇနက ဇာတ်တော်ကြီးဝတ္ထု ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



## မဟာဇနကဇာတ်တော်ကြီး ခက်ဆစ်အဓိပ္ပာယ်များ

၁။ ကောသလတိုင်း=ရွှေ့ရွှေ ဥစ္စာဘဏ္ဍာများကို သွင်းယူရာတိုင်း။
၂။ သာဝတ္ထိပြည်=သာဝတ္ထမည်သော ရှင်ရသေ့ကြီးတစ်ပါး၏ သခ်မ်းကျောင်းနေရာ၌ တည်သောမြို့။
၃။ ကုလ ၄ တာ= ၂ တောင်ထွာ ပမာဏရှိသော အမျိုး၏လေးကိုင်းဖြင့် တိုင်းတာလျှင် ၅၀၀ ကွာသောအရပ်။
၄။ ဇေတမင်း=ရန်သူအပေါင်းကို အောင်မြင်နိုက်တွင် ဖွားမြင်သောမင်းသား။
၅။ အနာထပိဏ်=ကိုးကွယ်ရာမဲ့သူတို့အား ထမင်းကိုပေးတတ်သောသူဌေး။
၆။ ဇေတဝန်=ဇေတမင်းသား၏ဥယျာဉ်၌ ဆောက်လုပ်အပ်သောကျောင်း။
၇။ နိက္ခမပါရမီ=နိက္ခမ(ပါဠိ) တောထွက်ခြင်း၊ ပါရမီ(ပါဠိ) မြတ်သောသူတို့၏ ဥစ္စာပစ္စည်း။
တစ်နည်း-သံသရာမှ တစ်ဘက်ကမ်း ဖြစ်သော နိဗ္ဗာန်သို့ ကူးသွားနိုင်သောတရား။
၈။ လူ ၃ ဦး=လူ, နတ်, ဗြဟ္မာ။
၉။ အသမ္ဘိန္နဝတ္တိယ=မဟာသမ္မတမင်းမှစ၍ အမျိုးမကွဲ အဆက်မပြတ် ဆင်းသက်လာသောမင်းမျိုး။
၁၀။ နန်း ၃ ဆောင်= ၃ ဆောင်သော နန်းတော်ပြာသာဒ်ကြီးများ။
၁၁။ နိမိတ် ၄ ပါး=သူအို, သူနာ, သူသေ, ရဟန်း။
၁၂။ သဗ္ဗညုတဉာဏ်=အလုံးစုံသော တရားအပေါင်းကို သိတတ်သောဉာဏ်။
၁၃။ ဂန္ဓကုဋီ=ဘုရား သီတင်းသုံးတော်မူရာ မွှေးပျံ့သင်းကြိုင်သောရနံ့ရှိသော ကျောင်းတော်။
၁၄။ အတ္တုပ္ပတ်=အတ္တုပ္ပတ္တိ(ပါဠိ) အကြောင်းအရာ အဖြစ်အပျက်။
၁၅။ သံသရာ=ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်နေသော တရား။
၁၆။ မဟာဘိနိက္ခမ=မြတ်သောတောထွက်ခြင်း။
၁၇။ သံဝေဂ=ထိတ်လန့်ခြင်း။
၁၈။ ဟိမဝန္တာ=ဆီးနှင်းရှိသောတောင်။
၁၉။ ဖက်လဲတကင်း=ချစ်ခြင်း,စုံမက်ခြင်း။
၂၀။ အရဟတ္တဖိုလ်=ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ။ ခုမြောက်သော လောကုတ္တရာစိတ်သည် အရဟတ္တဖိုလ်စိတ် မည်၏။
၂၁။ မဟာဇနက= ကြီးမြတ်သော ကိုယ်စီးပွားသူ့စီးပွားကို။ ဖြစ်စေတတ်သောသူ။
၂၂။ မဟာသမုဒ္ဒရာ=ကြီးစွာသော ဆားငန်ရေ အမျှရေသော လှိုင်းရေလုံးကြီးများတက်သောကြောင့် မဟာသမုဒ္ဒရာ ခေါ်သည်။
၂၃။ ဝေနေယျ=ဆုံးမထိုက်သူ, ကျွတ်ထိုက်သူ။
၂၄။ ဂါထာ=ဉာဏ်၏တည်ရာ။ ဝါ-သီဆိုအပ်သော ပါဠိအဖွဲ့။
၂၅။ သာမညာ=သာမန်၊ အထူးဝိသေသ မဟုတ်။
၂၆။ နိဒါန်း=မူလအကြောင်းရင်း။
၂၇။ ရှောင်တခင်=အလျှင်တဆော(ပေါ်ရာထ)။
၂၈။ ဝိဒေဟရာဇ်=ဝိဒေဟ။ ဝိ၊ ထူးခြားသော။ ဒေဟ၊ ကိုယ်ခန္ဓာ။ ရာဇ၊ မင်း။ ထူးခြားသော ကိုယ်တင့်တယ်ခြင်းရှိသော မင်း၏စိုးပိုင်ရာတိုင်းပြည်။
၂၉။ မိထိလာပြည်=ရန်သူတို့ကို နှိပ်စက်တတ်သောပြည်။
၃၀။ သေနာပတိ=စစ်သည်တို့အရှင်၊ စစ်သူကြီး။
၃၁။ ဖုတ်ကြည်းသဂြိုဟ်=သုသာန်သချိုင်းတွင် သေသူ၏အလောင်းကို မီးရှို့ခြင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကူညီဝိုင်းဝန်းခြင်း။
၃၂။ မြို့ကိုဆေးသန့်=ဤအရာမျိုးကိုရည်၍ ကဝိလက္ခဏာသတ်ပုံ၌ 'စင်သန့်သွေး၊ မြို့တော်ဆေး၊ ရေအေးပက်တော့သည်'ဟုစပ်၏။
၃၃။ အန္တရာယ=အန္တရာယ်၊ အကြား၌ ရောက်တတ်သောဘေးရန်။
၃၄။ ချောစား=မဟုတ်မမှန်သည်ကို အမှန်ကဲ့သို့ ပြုလုပ်ပြောဆိုကာ အရှုံးပျက်အောင် ကုန်းတိုက်ခြင်း။
၃၅။ ရာဇမာန်=မင်း၏ တက်ကြွထောင်လွှားသော စိတ်မျိုး။
၃၆။ ကောဓေး=ကြမ်းကြုတ်သော အမျက်ဒေါသသည်။ အတ္တ=အကျိုးအကြောင်း အဆိုးအကောင်းကို။ နဇာနာတိ=မသိ။



www.burmeseclassic.com

www.burmeseclassic.com



၃၇။ နိသမ္မဉာဏ်=ဆင်ခြင်စူးစမ်း ထောက်လှမ်းမြော်မြင်တတ်သောဉာဏ်။

၃၈။ မြို့ဝန်,မြို့ကွပ်=ရင်း ၂ ချက် အတူတူပင် ဖြစ်၏။ ထို့ကြောင့် ကုသပျို့သစ်၌ 'ပြည်ထဲအရေး၊ ရှေးမြို့ကွပ်ခေါ်၊ နောက်သော်တွင်ပြန်၊ ရွှေမြို့ဝန်တို့'ဟု မုံရွေးဆရာတော်ကြီး စပ်ဆို၏။

၃၉။ အိမ်ဆိုး=လူကောင်းသူကောင်းတို့ နေထိုင်သုံးဆောင်ခြင်းငှာ မထိုက်သော ဆိုးဝါးသောအချုပ်ထောင်ကို အိမ်ဆိုး။

၄၀။ ပစ္စန္တရစ်=အဝန်း ၉၀၀ ရှိသော မဇ္ဈိမဒေသမှ အပြင်အပဖြစ်သောအရပ်။

၄၁။ သစ်တပ်=သစ်သားတို့ဖြင့် တည်သောတပ်။

၄၂။ ၃ ပါးသောက်=ကိုယ်မှု, နှုတ်မှု, စိတ်မှု။

၄၃။ ပဋိသန္ဓေ=တစ်ဘဝနှင့်တစ်ဘဝ အဖန်ဖန် ချုပ်တတ်စပ်တတ်သော တရားသဘော။

၄၄။ သူရဲ=သူရ-ရဲရင့်သူ။

၄၅။ သူခက်=ခက်ခဲကြပ်တည်းလှသော တိုက်ပွဲတို့၌ နိုင်အောင်တိုက်ခိုက်နိုင်သော စစ်သား။

၄၆။ စစ်မှူး,စစ်ကြပ်=စစ်သည်တပ်သားတို့အပေါ် အမှူးအကြီးအကဲပြုသော အရာရှိ။

၄၇။ အုတ်အုတ်ကျက်ကျက်=ဆူဆူညံညံ သူတစ်မျိုး,ငါတစ်ပုံ လူအများပြောဆိုကြသော စကားသံ။

၄၈။ ဣက္ခဏဂုဏ်=အမှုကိစ္စဟူသမျှ၌ သင့်,မသင့် တော်,မတော် ရှုမြော်တတ်သောဉာဏ်။

၄၉။ ဒေါသာဂတိ=အမျက်ထွက်သဖြင့် မလားအပ်, မပြုအပ်သည်ကို လားခြင်းပြုခြင်း။

၅၀။ ကာလစမ္ပာနဂိုး=မည်းနက်သော စကားပင်ရှိသောမြို့။

၅၁။ ဘုန်းသမ္ဘာ=ဘုန်းကံအဆောက်အဦ။

၅၂။ အာနဘော်=တန်ခိုးအာနဘော်။

၅၃။ ပဏ္ဍုကမ္ဗလာ=ဖျော့တော့သောအဆင်းရှိသော ကမ္ဗလာနှင့်တူသော သိကြားမင်း၏ ကျောက်နေရာ။

၅၄။ ရထားပေါင်းချုပ်=အမိုးအကာရှိသော ဗိရိုရထားလုံး။

၅၅။ ညှောင်စောင်း=ခုတင်။

၅၆။ တပြီးကား=သည်လိုဖြင့်၊ သလိုဖြင့်။

၅၇။ ရထားနောက်မြိတ်=ရထားနောက်မြီးစွန်း။

၅၈။ ပြကတော့=ပင်ကိုမူလသဘော။

၅၉။ မြို့=မြို့ရိုး, မြို့တံတိုင်းတို့ကို ဤနေရာ၌ မြို့ ဟုယူဆရမည်။ မြေမြို့ရိုး, အုတ်မြို့ရိုး စသည်ဟူ၍မှတ်။

၆၀။ ပြ=မြို့ရိုးပတ်လည် တံခါးတို့၏အကြားအကြားတို့၌ ဘုံ ၂ ဆင့်, ဘုံ ၃ ဆင့် စသည်ဖြင့် မြို့တွင်းရှိ အကွက်လမ်းတို့ကို ပြည့်ရှုနိုင်ရန် ပြုလုပ်ထားသောအရာ။

၆၁။ ပစ္စင်=တံခါးအပေါ်က ပြာသာဒ်ကြီး။

၆၂။ ရင်တား=ရန်တားထားသောနေရာ။ တစ်နည်း၊ အမြောက်,သေနတ်,လက်နက်ပစ်ခတ်ရန် ရင်ပတ်ခန့်မြင့်အောင် ကာထားသောအရာ။

၆၃။ တံခါးမှစ်=သွားလာဝင်ထွက်ရာ အပေါက်ဝတွင် စရွေးစွပ်လျက် ဖိတ်လို,ဖွင့်လိုသောအခါ လည်၍ ဖိတ်နိုင်,ဖွင့်နိုင်သောအရာ။

၆၄။ ဗြာဟ္မဏ မဟာသာလ=ဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုး၊ များသောဥစ္စာနှစ်ရှိသောအမျိုး။

၆၅။ အမျိုး ၄ ပါး=မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုး, သူဆင်းရဲမျိုး။

၆၆။ ဥဒိစ္စပုဏ္ဏား=မြင့်မြတ်ထင်ရှား ကျော်စောသောပုဏ္ဏား။

၆၇။ ဒိသာပါမောက္ခ=အရပ် ၄ မျက်နှာ, အရပ် ၈ မျက်နှာမှ လာသမျှသောသူတို့၏ အတတ်သင်ရာဆရာကြီး။

၆၈။ ကာလလျှားစွာ=ကာလရှည်ကြာစွာ။

၆၉။ ဗြဟ္မစိုရ်=ဗြဟ္မစရိယ-မြတ်သောအကျင့်။

၇၀။ ထောင်ထား၍=ထကြွပုန်ကန်၍၊ မြှားနား၍။

၇၁။ ကြည်နူး=လွမ်းဆွတ်ဝမ်းနည်းခြင်း။

၇၂။ ဇာတိဂုဏ်=အမျိုးဇာတိဂုဏ်။



www.burmeseclassic.com

www.burmeseclassic.com



၇၃။ ကာယဗလဂုဏ်=ကိုယ်အင်အား ကြီးမားသန်စွမ်းသောဂုဏ်။
၇၄။ နီးစဦး=အနည်းငယ်။
၇၅။ ရာပြတ်=စိန်ကျောက်တို့ကို အကဲတန်ဖိုးဖြတ်သူ။
၇၆။ သုဝဏ္ဏဘူမိတိုင်း=ရွှေထွက်သောမြေရှိသောတိုင်း။
၇၇။ နှာလေ၏=ဖျားနှာလေ၏။
၇၈။ ဥပဒ်=ဘေးရန်။
၇၉။ လင်းယဉ်တိုင်=သင်္ဘောရွက်တိုင်။
၈၀။ မကန်း=မကန်းခေါ်သော ရေသတ္တဝါတစ်မျိုး။
၈၁။ တစ်ဥသဘ=နွားလားတစ်တွန်၊ အတောင် ၁၄၀ ကွာ၏။
၈၂။ မြန့်လောက်=မြသား ဖိနှောက်။
၈၃။ စတုလောကပါလ=လောကကိုစောင့်ကုန်သော နတ်မင်းကြီး ၄ ပါး။ ဓတရဋ္ဌ၊ ဝိရူဠှက, ဝိရူပက္ခ, ကုဝေရ။
၈၄။ မဏိမေခလာ=ပင္လယ်မြားစါးကြိုးတန်ဆာ ဝတ်ဆင်သော နတ်သမီး။
၈၅။ ရဲရဲရှူးရှူး=ရဲဝံ့စွာ လိုရာသို့ရောက်စေအံ့ဟု မြမြရှုးစိုက် နလုံးပိုက်ခြင်း။
၈၆။ ကိုယ်ဆန္ဒ=မိမိလိုလားခြင်း, တောင့်တခြင်း။
၈၇။ စကားတုံ့ပြန်=တစ်ဖန် စကားပြန်ပြောခြင်း။
၈၈။ အဓောက်=အနက်, အဓောက်။
၈၉။ အပြော=အကျယ်အဝန်း။
၉၀။ ကံကြမ္မာ=ကုသိုလ်ကံ, အကုသိုလ်ကံ၊ ကောင်းသောကံ, မကောင်းသောကံ။
၉၁။ လူပျင်းလူတန်=တစ်စုံတစ်ခုသောအလုပ်၌ အားမထုတ်ဘဲ ပျင်းရိပေါ့တန်နေတတ်သောသူ။
၉၂။ ရုက္ခစိုး=သစ်ပင်ကို စိုးမိုးပိုင်ဆိုင်သောနတ်။
၉၃။ အပြစ် ၆ ပါး=မြင့်လွန်း, နိမ့်လွန်း, မည်းလွန်း, ဖြူလွန်း, ကြုံလွန်း, ဆူလွန်း ဟူသော အပြစ် ၆ ပါး။
၉၄။ ကောင်းခြင်း ၅ ဖြာ=အရေ၏ကောင်းခြင်း, အသား၏ကောင်းခြင်း, အရိုး၏ကောင်းခြင်း, အရွယ်၏ကောင်းခြင်း, ဆံပင်၏ ကောင်းခြင်း။
၉၅။ သလွန်=အခြားနေရာတို့ထက် သာလွန်၍မွန်မြတ်နိုးအပ်သည် ဖြစ်သောကြောင့် 'သာလွန်'ခေါ်ရာက ကာလကြာ၍ 'သလွန်'။
၉၆။ ငါအရိပ် လွဲတော်မူလျှင်=ထီးနန်းစည်းစိမ်ကို စွန့်ခွာ၍ ဘဝတစ်ပါး ပြောင်းသွားလျှင်။
၉၇။ ကာယဗလ=ကိုယ်စွမ်းအင်အား။
၉၈။ ဉာဏဗလ=အသိဉာဏ်ပညာအင်အား။
၉၉။ သားရဲရုပ်=ခြင်္သေ့,သစ်,ကျား စသော ရဲရင့်သောသတ္တဝါတို့၏အရုပ်ကို သားရဲရုပ်။
၁၀၀။ အင်္ဂါ ၄ ပါး=သမီးတော်နှစ်သက်ခြင်း အင်္ဂါတစ်ပါး, ကာယဗလအင်္ဂါတစ်ပါး, ဉာဏဗလ အင်္ဂါ ၂ ပါးတည်း။
၁၀၁။ ဥတုစ-အအေး, အပူဟူသော ဓာတ်ဓာတ်၊ ဥတုကြောင့်ဖြစ်သောရုပ်။
၁၀၂။ လွှတ်=ထီးလိုမင်းလိုမင်းသည် နောင်တော်တို့အား ပြည်ထဲရေးကို စီမံရန် လွှဲအပ်ခွင့်လွှတ်ရာ ဖြစ်သောကြောင့် 'လွှတ်'ခေါ်၏ဟု ရှေ့ဘုံဒါန်း၌ ဆို၏။ တစ်နည်း-ပုဓော်ခြင်းကိုပင် 'လွှတ်'ခေါ်၏။
၁၀၃။ ဗလ ၃ တန်=ကိုယ်အား,ဉာဏ်အား,စည်းစိမ်အား။
၁၀၄။ ခဲလှ၏=ခဲယဉ်း၏။
၁၀၅။ ငံ့လင့်=ဆိုင်းငံ့လင့်စားခြင်း, စောင့်စားမျှော်လင့်ခြင်း။
၁၀၆။ ဂုဏ်မဲ့သောသူတို့၏ သွားခြင်းဖြင့် အလျင်တဆောသွား၍၊ စစ်သူကြီးသည် စစ်သူကြီးနှင့်မတန်သော အမူအရာကို ပြုသောကြောင့် ဆိုသည်။
၁၀၇။ အရိပ်မတိုရအောင်=ဂုဏ်မငယ်ရအောင်။
၁၀၈။ ပုရောဟိတ်=ပြည်၏အကျိုးစီးပွားကို ဆောင်တတ်သောသူ။



www.burmeseclassic.com

www.burmeseclassic.com



၁၀၉။ မုသာရထား=မုသာနက္ခတ်နှင့်ယှဉ်၍ စီရင်အပ်သော ရထား။ ဖုတ်သွင်းရထား။

၁၁၀။ မင်းမြောက်တန်ဆာ ၅ ပါး=သားမြီးယပ်, သင်းကျစ်, သန်လျက်, ခြေနင်း, ထီးဖြူ။

၁၁၁။ ကုမုဒြာကြာပွင့်=ပဒုမာကြာ၊ ဝါ-ကြာဖြူ။ ကု-မြေ၌။ မုဒ-ရွှင်လန်းပေါက်ရောက်တတ်သောကြာ။

၁၁၂။ ခိုင်လျော်ရွှေမွေး=နံ့သာရောင်တွင် နေရောင်ဟပ်သဖြင့် ရွှေကဲ့သို့ တလျှပ်လျှပ်နေသည့်အရောင်။

၁၁၃။ ယာဉ်=ရထား။

၁၁၄။ ဗလဝါမုခဝဲ=ကတော့ကြီးသဖွယ် ကြီးကျယ်သောမျက်နှာဝရှိသော ဝဲ။

၁၁၅။ ‘ထိန့်ထိန့်ရှင်မျှ=‘သံမြတ် သာအိန့်၊ ဤသို့မိန့်၏၊ ကျော်ထိန့်အံ့ဖွယ်’(၉ ခန်း။) ‘ချိုလေးသာအိန့်၊ နှုတ်တော်မိန့်၊ ထိန့်ထိန့် ကျော်သဝေ’(ကဝိလက္ခဏာ။)

၁၁၆။ လက္ခဏာ=အမှတ်အသား။

၁၁၇။ ကလုကစားဘိ၏= ‘ကလုန့်၊ သနားစဖွယ်။ ပရိဒေဝယိ၊ ငိုကြွေးရှာလေပြီ’စသည်ဖြင့် ဇာတ်တော်များ၌ပါ၏။ ရှေးမြန်မာ စာပေတို့၌ ‘နှစ်ပါးအတူ-ကလုကျိုးစယ်၍ နေကုန်၏’စသည်ဖြင့် ရေးလေ့ရှိကုန်၏။ နဝဒေးကြီး၏ ရတု၌လည်း ‘ကလု၏သို့-မြူ၏သို့’ဟု အသုံးချထားသည်ကို တွေ့ရလေသည်။

၁၁၈။ ပမာဏမပြုဘဲ=နှိုင်းယှဉ်ကြောင်းမပြုဘဲ။

၁၁၉။ ရာဇပလ္လင်=မင်းတို့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာ။

၁၂၀။ လက်အုပ်ကြာမုံ=လက်အုပ်ချီခါ ကြာပန်းငုံကဲ့သို့ပြု၍။

၁၂၁။ ကျိုးနွံစေား=ရိုသေတုပ်ဝပ်စွာ နေခြင်း။

၁၂၂။ ဥပေါသထဆင်=ရန်သူတို့ကိုကပ်၍ ပူပန်စေတတ်သောကြောင့် ဥပေါသထ မည်၏။ အစွယ် ၂ ချောင်း ညီစွာရှည်၏။ အမြီးနှင့် နှာမောင်း ညီ၏။ ကောင်းကင်သို့ ပျံနိုင်၏ တောဆင် ၁၀ စီးအားကို ဆောင်နိုင်၏။

၁၂၃။ ရွှေဥဿျှာင်ကျင်=ရွှေဆောင်းတော်။

၁၂၄။ အိပ်ဖန်=အိပ်ဖန်တော်ဆောင်၊ စက်တော်ခေါ်ရာတွင် ဆောင်ရသူများ။

၁၂၅။ ညဥ့် ၃ ယံ=ညဥ့်ဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံ။

၁၂၆။ ပဇ္ဇေကဗုဒ္ဓါ=ပဇ္ဇေက-အသီးအခြား။ ဗုဒ္ဓ-ဘုရား။ သီးခြားပွင့်သော ဘုရားငယ်။

၁၂၇။ ဥဒည်တောင်=နေတက်တောင်၊ နေထွက်တောင်။

၁၂၈။ အတ္ထင်္ဂမတောင်=နေဝင်တောင်။

၁၂၉။ နွယ်တာလရာသီ=ဝါဆိုလ။

၁၃၀။ မလေးပွား=မလေးအစစ်ကို အခါခပ်သိမ်းရရန် ခဲယဉ်းသောကြောင့် မလေးပန်းအတုပွားအောင် ပြုထားသည်ကို ဆို၏။ မြတ်လေးဟုလည်း ခေါ်ရိုးရှိ၏။

၁၃၁။ စတုမဓု=ပျားရည်, ဆီကြည်, ထောပတ်, တင်လဲ ၄ ဦးပေါင်းသော အရသာ။

၁၃၂။ ဥကင်=မြင့်မြတ်သော နေရာ။

၁၃၃။ ယုဂန္ဓိုရ်=နေ,လ,အစုံကို ဆောင်တတ်သောတောင်။ [နေ,လထွက်ရာ ကောင်း ကင်အရပ်နှင့် အညီအမျှမြင့်မားသော တောင်။]

၁၃၄။ နံနက် ၄ ချက်တီးကျော်=စက်နာရီ နံနက် ၉ နာရီအတွင်းမှတ်၊ နေဝင် ၆ နာရီမှ နေထွက် ၆ နာရီကို ၄ ချပြု၍ တစ်ချ တစ်နာရီ-ပေါင်း ည ၄ နာရီ၊ နေ့လည်းအတူ။

၁၃၅။ မဟာကုသိုလ်=မဟာ-မြင့်မြတ်ကြီးကျယ်သော။ ကုသလ-အပြစ်မရှိ ကောင်းသော အကျိုးပေးခြင်း လက္ခဏာရှိသော တရား။

၁၃၆။ သောမနဿ သဟဂုတ်=ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်သောစိတ်။

၁၃၇။ စော=အဟုန်ပြင်းစွာ ဖြစ်သောစိတ်၊ စိတ်အဟုန်။

၁၃၈။ စိတ္တုပ္ပါဒ်-စိတ္တ-စိတ်။ ဥပ္ပါဒ-ဖြစ်ကြောင်း စေတသိက်။



www.burmeseclassic.com

၁၃၉။ ဘဝင်=ဘဝ+အင်္ဂ၊ ဘဝ၏အစိတ်အပိုင်း။

၁၄၀။ ခဏိကာပီတိ=ခဏိက–ခဏချင်း။ ပီတိ–နှစ်သက်ရွှင်လန်းခြင်း။

၁၄၁။ ခုဒ္ဒကာပီတိ=ခုဒ္ဒက–သေးငယ်သော။ ပီတိ–နှစ်သက်ရွှင်လန်းခြင်း။

၁၄၂။ ရာဇဝမ္မ ၁၀ ပါး=‘လှူ,ကျင့်,စွန့်ကြဲ၊ မညည်းဆဲနှင်၊ ဖြောင့်စွဲ,နူးညံ့၊ မဆန့်,ကင်းပ၊ မြေမှုသည်းခံ၊ မြိုးခြံအသင့်၊ ဤ ၁၀ ဆင့်၊ မင်းကျင့်တရားမှတ်’။

၁၄၃။ သင်္ဂဟ ၄ ပါး=‘၁–အခွန် ၁၀ဗို့ ၁ဗို့ခွဲယူ၊ ၂–မှုထမ်းသူကို ကြည်ဖြူပေးကမ်း၊ ၃–ငြိမ်းချမ်းသာယာ ပြောကာစကား၊ ၄–တိုးပွားကင်းပ ချေးငှားက ‘၄’ ၀ ချိုးမြောက်နည်း’ဟုမှတ်။

၁၄၄။ နာယကဂုဏ် ၆ ပါး=‘ထကြွ,နိုးကြား၊ သနား,သည်းခံ၊ ဝေဖန်,ကြည့်ရှု၊ ကြောင်း ၆ ခု၊ ကြီးသူကျင့်ရာ တရားတည်း။

၁၄၅။ ဒီယာဝု=အသက်ရှည်သောမင်း။

၁၄၆။ သုဓာဘုတ်=သုဓာ(ပါဠိ) ကောင်းစွာစီရင်အပ်သော။ ဘုတ်–ဘုတ္တ(ပါဠိ)စားခြင်း။ ဝါ၊ စားအပ်သောအစာ။

၁၄၇။ ရသတဏှာ=အရသာ၌ တပ်မက်ငြိအပ်သော တဏှာ။

၁၄၈။ အာလယ=အလိုအာသာ ငြိကပ်သောတဏှာ။

၁၄၉။ စနောင့်စနင်း=အရှက်, အခက်ကျိုးပြတ်၍ ပရိုဖရဲရှိခြင်း, ကြည့်ရှုမကောင်းခြင်းကို ဆိုလိုသည်။

၁၅၀။ ဒန်ပု=သွားဖြူစင်ကြောင်းအရာ။

၁၅၁။ အရပ်မျက်နှာတို့၏ ထီး=အရပ် ၄ မျက်နှာရှိ, အရပ် ၈ မျက်နှာရှိ လူအပေါင်းတို့၏မိုးရာ။

၁၅၂။ မြေကြီးသေဌ်နင်း=မြေရှိလူအပေါင်းတို့ထက် မြတ်သောမင်း။

၁၅၃။ သီလက္ခန္ဓ=သီလအစု။

၁၅၄။ လောကန္တရိက်=လောကဓာတ်ကျယ်ဝန်း ၄ ကျွန်း ၁ မြင့်မိုရ် ထိုထိုစကြဝဠာတို့၏အကြား၌ တည်သော ငရဲ။

၁၅၅။ ကျုံး ၃ ထပ်=ရေကျုံး, ညွန်ကျုံး, အခြောက်ကျုံး။

၁၅၆။ မျက် ၉ ပါး=ပတ္တမြား, ကြောင်မျက်ရွဲ, ဓါးမှတ်, ဥဿဖယား, မဿာရဂလ်, မြ, စိန်, နီလာ, ပြရိုးယား။

၁၅၇။ အင်းဖျဉ်=သြောင်စောင်းတစ်မျိုး။

၁၅၈။ စုလျား=အပေါ်တင်အဝတ်။

၁၅၉။ ခေါမ=ခေါမ ဟူသောအမည်ဖြင့် ချည်ကိုလည်းကောင်း, ပုဆိုးကိုလည်းကောင်း, အီဂျစ်ပြည်–ခေါမတိုင်းကိုလည်းကောင်း, ပါဠိကျမ်းဂန်တို့၌ ခေါ်လေ့ရှိကုန်၏။

၁၆၀။ ကောဋုမ္ဗရာဇ်=ကောဋုမ္ဗရ တိုင်းမှဖြစ်သော အဝတ်ပုဆိုး။

၁၆၁။ အာဇာနည်=အကျိုးအကြောင်းကို လွန်စွာသိတတ်သော မြင်းမျိုး။

၁၆၂။ သိန္ဓောမျိုး=သိန္ဓုအရပ်, သိန္ဓုသမုဒ္ဒရာ၌ဖြစ်သော မြင်းမျိုး။

၁၆၃။ မိန်ညို–လက်ရှည်စစ်ဝတ်တန်ဆာအညို။

၁၆၄။ ချပ်=အချပ်ချပ်အထပ်ထပ် ငါးကြေးပတ်, နဂါးကြေးခွံ စသည်တို့ကဲ့သို့ပြုထားသော စစ်ဝတ်တန်ဆာ။ (သံကိုလုပ်၍ သံချပ်အင်္ကျီစသည်ဖြင့် ခေါ်ပြန်၏။)

၁၆၅။ ကာ=စစ်တက်သူတို့ သုံးသည်။ လက်ဝဲကိုင် လက်နက်ကာသည့်တန်ဆာ။

၁၆၆။ ဆိတ်ကုလား=သိုး။

၁၆၇။ မြားတောင့်=မြားထည့်သောပုံး။

၁၆၈။ ကာသိကရာဇ်=ထွန်းပတတ်သော တိုင်း။

ဝန်းရွှေမြင်တော်ပင်ကိုက်

www.burmeseclassic.com



၁၆၉။ ဦးပြည်း=ခေါင်းတုံး။

၁၇၀။ ဒုကုဋ်=၂ ထပ်သင်္ကန်းကြီး။

၁၇၁။ ပံ့သုကူ=မြေမှုန့်အလိမ်းလိမ်းကပ်သော အဝတ်တို့ကို ချုပ်စပ်၍ ပြုအပ်သောသင်္ကန်း။

၁၇၂။ ကာမသံယောဇဉ်=သံယောဇဉ် ၁၀ ပါးတို့တွင် တစ်ပါး။ ကာမဂုဏ်တရားဖြင့် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ မလွတ်အောင် နှောင်ဖွဲ့တတ်သောတရား။

၁၇၃။ နေက္ခမ္မဝိတက်=တောထွက်ရန် အကြံအစည်။

၁၇၄။ တဒင်္ဂပဟာန်=တဒင်္ဂပဟာန(ပါဠိ) ထိုထိုမဟာ ကုသိုလ်အင်္ဂါဖြင့် ကိလေသာတို့ကို ပယ်ခြင်း။

၁၇၅။ ဥပါဒါန်=ပြင်းစွာစွဲလမ်းတတ်သော တရား။

၁၇၆။ သမဏပရိက္ခရာ=ရဟန်းတို့၏အသုံးအဆောင်။ (ကေသိ, ခါးဝတ်သင်းပိုင်, ၂ ထပ်သင်္ကန်းကြီး, သပိတ်, ခါးပန်းကြိုး, ရေစင်, သင်တုန်းဓား, အပ်)

၁၇၇။ ဆတ္တာသည်=ခေါင်းရိတ်သောသူ။

၁၇၈။ ဥပါယ်တမျဉ်=လှည့်ပတ်သော အကြောင်းအချက်တစ်ခု ဟု ဆိုလို၏။

၁၇၉။ အိမ်ဆိုး, ဇရပ်ဆိုး=ဤ၌ အဆွေးအဟောင်းသက်သက်ကို ဆိုလိုသည်။

၁၈၀။ မျက်မျိုး=ကျောက်မျက်ရတနာမျိုး။

၁၈၁။ နံလောက်စိမ်း=သံမဏိ။

၁၈၂။ သလွဲစင်=ခဲ။

၁၈၃။ ဝတ္ထုကာမ=ဘုံ ၃ ပါး၌ဖြစ်သော တရားမှန်သမျှ ဝတ္ထုကာမ မည်၏။

၁၈၄။ ကိလေသာကာမ=ကာမရာဂပင်တည်း။ ကာမရာဂဟူသည်-ဝတ္ထုကာမ၌ တပ်မက်သော တဏှာပင်တည်း။

၁၈၅။ ဥသဘ ၄၀ မှုလောက်=ကိုက် ၂၀၀၀ မှုလောက်။

၁၈၆။ ဖိလာဖြတ် အရေးသားတော်မူခဲ့မည်=ကန့်လန့်ဖြတ် မျဉ်းကြောင်း ဆွဲဆောင်မူခဲ့မည်။

၁၈၇။ ဂျာဓဘ်=မင်းပြစ် မင်းဒဏ်။

၁၈၈။ အဘိညာဉ် ၅ ပါး=ဒိဗ္ဗစက္ခု-နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း, ဒိဗ္ဗသောတ-နတ်နားကဲ့သို့ ကြားနိုင်ခြင်း, ပရစိတ္တဝိဇာနန သူ့စိတ်အကြံကို သိနိုင်ခြင်း, ဣဒ္ဓိဝိဓ-အထူးထူးအပြားပြား ဖန်ဆင်းနိုင်ခြင်း, ပုဗ္ဗေနိဝါသာနုဿတိ-ရှေး၌ မိမိဖြစ်ခဲ့ဖူးသည်ကို သိနိုင်ခြင်း, ပဉ္စမဈာန်နှင့်တကွဖြစ်သော ပညာသည် အဘိညာဉ်မည်၏။

၁၈၉။ ဈာန်=ရှူးရှူးစိုက်စိုက် ကပ်၍ရှုတတ်သော တရား။

၁၉၀။ သမာပတ်=ကောင်းစွာဝင်စားခြင်း။ သမာပတ် ၈ ပါး ရှိ၏။

၁၉၁။ ဝိက္ခမ္ဘနပဟာန်=မဟဂ္ဂုတ်ဈာန်တရားဖြင့် နီဝရဏတရားတို့ကို ခွါတွက်ပယ်ရှားခြင်း။

၁၉၂။ ကမ္မဋ္ဌာန်း=ကမ္မဋ္ဌာန(ပါဠိ) 'အလုပ်စခန်း'။

၁၉၃။ ဗြဟ္မဝိဟာရ=မြတ်သောနေခြင်း၊ တစ်နည်း-ဗြဟ္မာတို့၏နေခြင်း၊ မေတ္တာ-ချစ်ခြင်း၊ ကရုဏာ-သနားခြင်း၊ မုဒိတာ-ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ-လျစ်လျူရှုခြင်း။

၁၉၄။ ပဉ္စင်္ဂသီလ=အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော သီလအကျင့်။

၁၉၅။ အဋ္ဌင်္ဂသီလ= ၈ ပါးသောအင်္ဂါနှင့် ပြည့်စုံသော သီလ။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆။ ဒသဂ်သီလ= ၁၀ ပါးသောအင်္ဂါနှင့် ပြည့်စုံသော သီလ။

၁၉၇။ ကသိုဏ်းပရိကံ=ကသိဏပရိကမ္မ(ပါဠိ) ကသိဏ–အကြွင်းမဲ့ရောက်ခြင်း အပွနာကို ပြုပြင်တတ်သော, အပွနာ၏ အစဖြစ်သော ကာမာဝစရဘာဝနာသည် ပရိကံမည်၏။

၁၉၈။ ကုသိုလ်ကမ္မပထ ၁၀ ပါး=ကောင်းမှုလမ်းကြောင်း ၁၀ ပါး၊ မသတ်, မခိုး, မှားရှဲမကျင့်, မမှန်မပြော, ကုန်းတိုက်မပြော, ကြမ်းတမ်းမဆို, ပြိန်ဖျင်းမပြော, သူ့ဥစ္စာကို တပ်မက်၍မကြံ, ပျက်စီးကြောင်းမကြံ ကောင်းသောအမြင် ဤ ၁၀ ပါး။

၁၉၉။ မိဂါဒိန်=မိဂ–အဓိန(ပါဠိ) မိဂ–သားသတ္တဝါ၊ အဓိန–အရေ၊ သစ်နက်, သစ်ဆင်, သစ်ကျွတ်တို့ကဲ့သို့သော သားတစ်မျိုး အရေ၊ ရှေးဆရာအချို့လည်း သစ်နက်မည်သော သစ်ပင်၏အခေါက်လျှော်တေဟု ယူ၏။

၂၀၀။ ပုထုဇဉ်=ကိလေသာကို များစွာဖြစ်စေသူ။

၂၀၁။ ပဆေဏီ=အလေ့အလာ အစဉ်။

၂၀၂။ ကမ္မဝါဒီ=ကံ ဟု ယူဆပြောဆိုလေ့ရှိသူ။

၂၀၃။ အာသဝက္ခယ ဝိဇ္ဇာ=အာသဝေါတရား ၄ ပါး ကုန်ပြီးသော အဘိညာဉ်ရှိသူ။

၂၀၄။ တစေ=အမြဲ။

၂၀၅။ ပလိဗောဓ=(ပါဠိ) ကြောင့်ကြမှု။

၂၀၆။ ဒုစရိုက်=မကောင်းသော အလေ့အကျင့်။

၂၀၇။ ၄ ဖြာသောအပါယ်=ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်။

၂၀၈။ ဓမ္မိယလဒ္ဓ=တရားသဖြင့် ရအပ်သောပစ္စည်း။

၂၀၉။ ဓမ္မကိစ္စ=ရေစစ်ကိရိယာ။

၂၁၀။ မီးမယ်ဖျူး=မီးလင်းဖို၊ မီးအိုးကင်း။

၂၁၁။ ပအုံးရည်=ပုန်းရည်။

၂၁၂။ သုဂတိ=ကောင်းသောသူတို့၏ လားရာဘုံ။

၂၁၃။ ဗြဟ္မပါရိသဇ္ဇာ=မဟာဗြဟ္မာတို့၏ အလုပ်အကျွေးများနေရာဘုံ။

၂၁၄။ ဝေဟပ္ဖိုလ်=ကြီးကျယ်သော ကောင်းကျိုးရှိသူတို့၏ ဖြစ်ရာဘုံ။

၂၁၅။ အဂ္ဂသာဝိကာ=ကြီးမြတ်သော တပည့်မ။

၂၁၆။ ဥပ္ပလဝဏ်ထေရီ=ကြာညိုအဆင်းရှိသော ရဟန်းမ။

၂၁၇။ ဝိမ္ဗိသာရ=ရွှေစင်အနှစ်ကဲ့သို့ တင့်တယ်သောမင်း။

၂၁၈။ နန္ဒိရာဂ=နှစ်သက်တပ်မက်လှသော တဏှာ။

၂၁၉။ ဓမ္မပဋိသမ္ဘိဒါဓိပ္ပါဘိညာ=လျှင်သောပဋိသမ္ဘိဒါအဘိညာ။

၂၂၀။ ဓမ္မဘဏ္ဍာဂါရိက=တရားဘဏ္ဍာစိုး။

၂၂၁။ ဝိဇ္ဇာထေရီ=ရွှေအဆင်းကဲ့သို့ တင့်တယ်သော ရဟန္တာထေရီမ။ (ယသောဓရာ ထေရီမကို ဆိုလိုသည်။)



www.burmeseclassic.com

www.burmeseclassic.com

## [illegible]

ချစ်သား၊ သင်သည် ငါဘုရား၏ သွားသောခရီး၌ တည်သောသူမဟုတ်ပြီ။
ငါဘုရားသည်လည်း ရှေးသောအခါက အကျင့်ကိုကျင့်သည်ရှိသော် အမိအဖတို့ကို ကျွေးမွေးခဲ့၏။

ဒီ-မိခင်ဖခင်ကို၊ သင်တို့ မျက်စိသည် ပိုရှုမ်းသောအခါမှာပင် မျက်စိမြင်သို့ ပျောက်ကြကုန်၏။ ထိုကြောင့် ဉ်သည်။
ယခုအချိန်ကား ငါသည် မိခင်ဖခင်တို့ကို လုပ်ကျွေးခဲ့သော ရာထူးသာတည်။ ထိုကြောင့် ရမ်းသတည်း။

သုဝဏ္ဏသာမလုလင်သည် ပါးစပ်သော်လည်း ရောဂါကို မကျွတ်စေမူ၍ သစ္စာကိုပြုစေလျက် အသောချိုသွင်း သကဲ့သို့သော် ရောဂါကို ထားစေ၏။ ထိုသို့ အိုးကိုအသာချပြီးမှ အစ်ပျက်နာကိုမှတ်၍ 'ကျွန်ုပ်သည် ငါ၏ မယ်တော်၊ ခမည်းတော်တို့ အရပ်တည်း' ဟု မယ်တော်၊ ခမည်းတော်တို့ နေရာအရပ်သို့ ဦးခေါင်းပြုလျက် ငွေအသင်းနှင့်တူသော၊ မြစ်ကမ်းရှိသော သဲပြင်၌ မြဲဆင်းကျကဲ့သို့အိပ်၍ သစ္စာကိုပြုစေလျက် ၅ ပါးသော ရှိခိုးခြင်းဖြင့် မယ်တော်၊ ခမည်းတော်တို့ကို ရှိခိုး၍ ဤသို့ မြည်တမ်း၏။ "ကျွန်ုပ်မရှိသောအခါ၌ ငါ၏ရန်သူလည်း မရှိ၊ မိခင်၊ ဖခင်တို့၏ ရန်သူလည်း မရှိ" ဟု ဆို၍ ခံတွင်းဖြင့် သွေးကိုအန်၍ မင်းကို မမြင်ဘဲလျက်လျှင်

ရှေဦးစွာ ဝင်လာသောအခါလှမ်းမြင်သော် အမိအဖတို့ကို မပြစ်မြင်စေသော
နိမိတ်ပြင်းတည်း၊ ပျောသာပြသည့် အသားရည်၊ အသားသစ္စာ၊ အသားသိမ်း၊ အသားသန့်မှာ
လှန်မှာသောအခါပြင်းသည့် ငုံအား ဖြစ်သည်။

ကာလကြာရှည်ပြည့်ကြီးကို အရိုးဆက်မူသော မဟာဒုက္ခရှင်ကြီးသည်
အကျွန်ုပ်တို့၏ အကြိုင်းတို့ကို ဖြစ်စေသည် သဘောမဟုတ်
ငါတို့ အသူကြီးတော်ကို မြင်ခြင်းသည် ငါတို့ရွှေ့စေ၏
အရှင်မင်းကြီးသည် ငါတို့သင်ဖြစ်သော မင်း ပေတည်း။ ငါတို့သည် အရှင်မင်းကြီးမင်းမြင့်ကို ရှိခိုးကုန်၏

ငါသည် လူလောက်၊ သင်ချစ်သား သုဝဏ္ဏသာမ၏ဝဲသည့် လည်းကောင်း အတိုင်း မှုသော ကောင်း
ငိုရီ၏ သင်းမိသော ပင်တောင်းမှုကိုမင်း ငါသာ သုဝဏ္ဏသာမ မြောင်း လောက်သေသတည်း။

အကြင်သူတို့သည် အမိကို လည်းကောင်း၊ အဖကို လည်းကောင်း တရားသဖြင့် လုပ်ကျွေးမွေး၏
ထိုသို့ အမိအဖကိုလုပ်ကျွေးသောသူကို ပဏ္ဍိတ်ဟောတော်ကြသည်မင်းလျှင် သင်္ချိုင်းသောသူတို့သည် ချီးမွမ်းကုန်၏
နောက်ဘဝလွန်သည့်နောက်လည်း ကောင်းမှုကိုနှင့်ပြည့်စုံလျက် နတ်သက်တင့်စိုးမွေပျော်ပျော်ပါ၏ ဝံကြလုံ၏

www.burmeseclassic.com

www.burmeseclassic.com



သစ်သီးကြီး,ငယ်တို့ကို ကျောင်းသခ်မ်း၌ ထားခဲ့ပြီးလျှင် ရေအိုးဖြင့် ရေကိုဆောင်ယူ၍ ရေချမ်းရေပူတို့ဖြင့် အမိအဖတို့ကို အလိုအားလျော်စွာ ရေချိုးခြင်းကိုလည်းကောင်း၊ ခြေဆေးခြင်းကိုလည်းကောင်း . . .

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ချမ်းသာ ဆင်းရဲ ငါတို့ကြား ရှားသောဆိုင်း တည်းသောမှုပေတည်း။
ငါတို့မှာသည်လည်း ရှေ့သောအခါ အကျင့်ကိုကျင့်သည့်ရှိသော အမိအဘတို့ကို ကျေးဇူးမှုမျိုး။

[illegible]

သုတ္တသောမသုသိန်သည် ပင်းမိသင်လည်း ဖရုဇ်ကို မပျော်စေမူ၍ သတိကိုပြုစေလျက် အသာမျိုးလျှင် သဲကိုဟင်၍ ရေကိုကို ထားဖဲ ထိုသို့ အိုကိုအသာချိုမှု အရပ်များစွာကိုမှတ်၍ 'ကြံစရာသည် ငါ၏ မဟိတော်, သည့်တော်တို့ အရပ်တည်း' ဟု မဟိတော်, အည်းတော်ကို ရေနာအရပ်သို့ ဦးခေါင်းပြုလျက် ရေ့သာင်မှန်တုသော ပြုံးလွှာသော သံပြင်၌ ရွှေသင်တုကဲ့သို့အိပ်၍ သတိကိုပြုစေလျက် ၂ ပါးသော မိုးမြင်ခြင်း မဟိတော်, အည်းတော်တို့ကို ရှိခို၍ ဤသို့ ပြည်တမ်းစဉ်း "ကျုပ်မှတ္တာအရပ်၌ ငါစံရန်သူလည်း မရှိ။ မိခင်, ဖခင်တို့၏ ရန်သူလည်း မရှိ" ဟု ဆို၍ ခံတွင်းပြင်း သွေးကိုရှန်၍ ပင်ကို မမြင်ဘဲလျက်လျှင်

ရှေးဦးစွာ ဝင်လာသောအိမ်လူ့မြေသော် အမိအဘတို့ကို မမြင်ရပြင်မြဲသော
စိုးရိမ်ခြင်းတည်း ဖွယ်သော်ပြသည့် အသာရေ, အသာအလောင်, အသာဆိုင်း, အသာသေနံ့အာ
လွန်စွာသောအင်မြှင်းသည့် ငါ့တား ဖြစ်သည်။

ကလေးကစုစ်ပြည့်ကြီးကို အစိုးရတော်မူသော မဟာမျော့စ်မင်းကြီးသည်
အကျွန်ုပ်တို့၏ အမျိုးကိုလေးကို ဖြစ်စေသည့် သဘောမတော်။
ငါတို့ အမျိုးကိုလေးကို ပြည့်ဖြစ်သည့် ငါတို့မှတော်။
အချင်းမင်းကြီးသည့် ငါတို့သင်ခြင်သော ဖင်း ပေးတည်း။ ငါတို့သည် အချင်းမင်းကြီးမင်းမျိုးကို ရှိခိုးကြရန်။

[illegible]

အကြင်သတ္တဝါတို့သည် အမိကို လည်းကောင်း, အဘကို လည်းကောင်း တရားသဖြင့် လုပ်ကျွေးမွေး၏
ထိုသို့ အမိအဘကိုလုပ်ကျွေးသောသူကို ပညာရှိလောကကြားဝဲဆိုလျှင် ခံသိမ်းသောသူတို့သည် ချီးမွမ်းကုန်၏
နောင်ဘဝလွန်ဘဝ၌လည်း ငါတဝမ္မတိုင်ပြည့်စုံလျက် နတ်သကတိုင်း ရွှင်ပျော်ရပါ၏ စံစားရ၏

www.burmeseclassic.com



သစ်သီးကြီးငယ်တို့ကို ကျောင်းသခမ်း၌ ထားခဲ့ပြီးလျှင် ရေအိုးဖြင့် ရေကိုဆောင်ယူ၍ ရေချမ်းရေနွေးတို့ဖြင့် အမိအဖတို့ကို အလိုအားလျော်စွာ ရေချိုးခြင်းကိုလည်းကောင်း၊ ခြေဆေးခြင်းကိုလည်းကောင်း . . .

www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏသာမဇာတ်တော်ကြီး

## နိဒါန်း

ဤသုဝဏ္ဏသာမ ဇာတ်တော်ကြီးဝတ္ထုကို စကားပြေ ပြန်ဆိုပြုစုတော်မူသော အရှင်သူမြတ်သည်ကား တမ္ဗဒီပတိုင်း (မာဃဝ) မာဂဝလုလင်၏နေရာဖြစ်၍ (မဃေး) မကွေးမြို့အပိုင် ကျည်းပင်တက်ရွာ, ကျွဲသိုးမြောင်ရွာတို့၏ကျေးလက်ဖြစ်သော ပုဂံစစ်ရွာ အရှေ့စေတီရင်ပြင်ဝယ်တည်ရှိသော 'စေတီယင်္ဂဏ'ခေါ် ကျောင်းတော်မြတ်၌ ကိန်းဝပ်စံပယ် တင့်တယ်ရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူသော 'ပညာတိက္ခ' နာမခေါ်ဆို ပဋ္ဌင်းပျို ဖြစ်တော်မူသည်။

ဤဇာတ်တော်ကြီးဝတ္ထုကို ရေးသားတော်မူသော ကျမ်းဆရာ၏ကျေးဇူးရှင် ဆရာမြတ်သည်ကား သုနာပရန္တတိုင်း စကုမြို့အပိုင် 'နမန္တာ'ခေါ် မန်းမြစ်သို့ပေါင်းဆုံရာ မြစ်ငယ်တို့၏ အညွန့်အဖူးသဖွယ်ဖြစ်သော ဌာန၌ တည်ရှိသောကြောင့် (မန်းဖူး) 'မင်းဖူး'ဟူ၍လည်းကောင်း၊ တစ်နည်း မန်းမြစ်သို့ မြစ်ငယ်တို့၏ပူးပေါင်းရာဌာန၌ တည်ရှိသောကြောင့် (မန်းပူး) 'မင်းပူး'ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်အပ်သောရွာဝယ် 'ရန်ကုန်တိုက်,' 'ရတနာတိုက်'ဟု ၂ မည်ရသော ကျောင်းတိုက်ကြီး၌ ထက်,အောက် ၂သွယ် စာသင်ငယ်တို့၏အားထားဖွယ်ဖြစ်၍ ဂန္ထကာရက ပရိယတ္တိဝိသာရဒ ပဋိပတ္တိအာရဒ္ဓက လဇ္ဇီပေသလ သိက္ခာကာမ ဝဇ္ဇဘီရုက ဂုဏ်ပေါင်းခသော ထေရမဟော် ဆရာတော် ဖြစ်တော်မူသတည်း။

ဤ သုဝဏ္ဏသာမဇာတ်တော်ကြီးဝတ္ထုကို ပြုတော်မူသော ဆရာတော် အရှင်ပညာတိက္ခသည် ပရိယတ္တိဝိသာရဒ နာနာနယကောဝိဒ ဂန္ထန္တရဗဟုသုတ အလင်္ကာရဝိဒူဖြစ်၍ 'ကျရောက်မြူသွင် အပြစ်မြင်က တင်၍နှုတ်သာ ကဲ့ရဲ့ပါနှင့် လျင်စွာလှောက်ကူ ပြင်တော်မူရှင့်'ဟု မှာကြားရေးသားတော်မူခဲ့သဖြင့် ပုထုဇဉ်ရဟန်းမျှသာဖြစ်၍ မောဟတရား မကင်းနိုင်သေးရကား သတိတရားယွင်းပါး တိမ်းချော်မှုမှ မကင်းနိုင်သည်၏အဖြစ်ကို လည်းကောင်း, မာန်မာနမခက်ထန် အမှန်ကိုသာလိုလားသော သူမွန်သူမြတ်အဖြစ်ကို လည်းကောင်း, သည်းခံခြင်း 'ခမာ'ဂုဏ်နှင့် ပြည့်စုံသည်၏အဖြစ်ကို လည်းကောင်း သိရှိရလေသည်။

ၐင်းပြင် 'သုံးပါးထွက်ချာ မေတ္တာယျာဟု မြတ်စွာဘုရား ထင်ရှားကံ့ကော် ဗောဓိကျော်ဝယ် ပွင့်တော်မူခါ လက်ဦးစွာက စိန္တေယျလျှင် ခေါ်ထဖော်' စသော နိဂုံးဆုတောင်းတွင် ရေးသားစီရင်တော်မူခဲ့သဖြင့် ထိုကျမ်းပြုအရှင်သည် နိဗ္ဗာန်နန်းသို့ အလှမ်းမကျယ် အလွယ်နှင့်ရောက် ရွှေမျက်မှောက်တွင် မဂ်ပေါက်ဖိုလ်ထိ ပကတိသာဝက ဆုငယ်မျှနှင့် ဘဝဇာတ်သိမ်း၍ ငြိမ်းအေးတော်မူလိုသတည်း။

ဤကျမ်းကို ပြုတော်မူရန် ရှိသေစွာ တောင်းပန်လျှောက်ထားသူမှာ ကျမ်းပြုဆရာတော် အရှင်ပညာတိက္ခနှင့် မိတ်ဆွေရင်း ငယ်သူငယ်ချင်းဖြစ်သူ မင်းအမှုထမ်း စာရေးတော်ကြီး 'မောင်သာ' မှည့်ခေါ် သူတော်ကောင်း တစ်ယောက် ဖြစ်လေသည်။

ဤကျမ်းကို သာသနာသက္ကရာဇ် ၂၃၆၉ ခုနှစ်, ကောဇာသက္ကရာဇ် ၁၁၈၈ခုနှစ် မေထုန်ရာသီ နယုန်လပြည့်ကျော် ၈ ရက် မြန်မာနာရီ ၃ ချက်တီးအချိန်တွင် ရေးသားစီရင်ခြင်း ပြီးဆုံးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# သုဝဏ္ဏသာမဇာတ်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ပဌာမ

'တထာဂတော ယော ကရုဏာကရော ကရော၊ ပယာတ မောသဇ္ဇသုခ ပွဒံ ပဒံ။
အကာ ပရတ္ထံ ကလိ သမ္ဘဝေ ဘဝေ၊ နမာမိ တံ ကေဝလ ဒုက္ကရံ ကရံ။ ။
'အပူဇယုံ ယံ မုနိကုဉ္ဇရာ ဇရာ၊ ရုဇာ ဒိမုတ္တာ ယဟိ မုတ္တရေ တရေ။
ဋ္ဌိတာ တိဝဋ္ဋ မ္ဗုနိမိန္နရာ နရာ၊ တရိံ သု တံ ဓမ္မ မဃပွဟံ ပဟံ။ ။
'ဂတံ မုနိန္ဒော ရသသူနုတံ နုတံ၊ သုပုညခေတ္တံ ဘဝနေ သုတံ သုတံ။
ဂဏာမ္ပိ ပါဏီကတ သံဝရံ ဝရံ၊ သဒါ ဂုဏောဃေန နိရန္တရ န္တရံ။ ။

ကရုဏာကရော၊ ကရုဏာတော်၏ တည်ရာဖြစ်တော် မူထသော။ ယော တထာဂတော၊ အကြင်မြတ်စွာဘုရားသည်။ ကရောပယာတံ၊ လက်တော်သို့ ရောက်ပြီးသော။ သုခပွဒံ၊ ချမ်းသာခြင်း၏တည်ရာဖြစ်သော။ ပဒံ၊ နိဗ္ဗာန်ကို။ ဩသဇ္ဇ၊ စွန့်တော်မူ၍။ ကလိသမ္ဘဝေ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော။ ဘဝေ၊ သံသရာ တည်းဟူသောဘဝ၌။ ကေဝလဒုက္ကရံ၊ စင်စစ်ပြုနိုင်ခဲလှစွာသော စွန့်ခြင်းကြီး ၅ပါး[၃] အစရှိသည်ကို။ ကရံ–ကရောန္တော၊ ပြုတော်မူသည်ဖြစ်၍။ ပရတ္ထံ၊ သူတစ်ပါးတို့၏ အကျိုးစီးပွားကို။ အကာ၊ ပြုတော်မူလေပြီ။ တံ တထာ ဂတံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမာမိ၊ ရှိခိုးပါ၏။

ယံဓမ္မံ၊ အကြင် တရားတော်မြတ်ကို။ ဇရာရုဇာဒိမုတ္တာ၊ အိုခြင်း, နာခြင်း အစရှိသော သံသရာဘေးမှ လွတ်တော်မူကုန်ပြီးသော။ မုနိကုဉ္ဇရာ၊ မြတ်စွာဘုရားတို့သည်။ အပူဇယုံ၊ ပူဇော်တော်မူကုန်ပြီ။ ဉတ္တရေ၊ မြတ်စွာထသော။ ယဟိံတရေ၊ အကြင်တရားတည်းဟူသော သင်္ဘောလှေ၌။ ဋ္ဌိတာ၊ တည်ကုန်သော။ နရာ နရာ၊ လူနတ်တို့သည်။ တိဝဋ္ဋမ္ဗုနိမိံ၊ ဝဋ် ၃ ပါး[၂] ဖြင့်နှောင့်ယှက်သော သံဝရာဝဋ်[၄]တည်းဟူသော မဟာသမုဒ္ဒရာကို။ တရိံသု၊ ကူးကုန်ပြီ။ အဃပွဟံ၊ သံသရာဝဋ်ဆင်းရဲကို ပယ်ဖျက်တော်မူတတ်ထသော။ တံဓမ္မံအပိ၊ ထိုတရားတော်မြတ်ကိုလည်း။ အဟံ၊ ငါသည်။ နမာမိ၊ ရှိခိုးပါ၏။

မုနိန္ဒောရသသူနုတံ၊ မြတ်စွာဘုရား၏ရင်၌ဖြစ်သော သားတော်အဖြစ်သို့။ ဂတံ၊ ရောက်ပြီးထသော။ နုတံ၊ ကိလေသာ[၅] အပေါင်းကိုလည်း ပယ်ပြီးထသော။ သုပုညခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်လည်းဖြစ်ထသော။ ဘဝနေ၊ လောက ၃ပါး[၆]၌။ သုတံ၊ ကျော်စောစွာထသော။ အသုတံ၊ ကိလေသာတည်းဟူသော မိုးဖြင့်လည်း မစွတ်ထသော။ ပါဏီကတသံဝရံ၊ အသက်ကဲ့သို့ပြုအပ်သော သံဝရသီလလည်းရှိထသော။ ဝရံ၊ နတ်နှင့်တကွသော လူအပေါင်းတို့သည် တောင့်တအပ်ထသော။ သဒါ၊ အခါခပ်သိမ်း။ ဂုဏောဃေန၊ သီလအစ ရှိသော ဂုဏ်ကျေးဇူးအပေါင်းဖြင့်။ နိရန္တရ ရန္တရံ၊ မပြတ်သောစိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိထသော။ ဂဏာမွိ၊ ၈ ယောက်သောအရိယာ[၆] ပုဂ္ဂိုလ်မြတ်တို့၏အပေါင်းကိုလည်း။ အဟံ၊ ငါသည်။ နမာမိ၊ ရှိခိုးပါ၏။

ဤသို့ အတွင်း, အပ အန္တရာယ်ပျောက်ငြိမ်းခြင်း၊ ကျမ်းပြီးခြင်း၊ တောင့်တအပ်သောအလို, ကုသိုလ်မင်္ဂလာ, အဇ္ဈာသယ[၇], သုခသိဒ္ဓိ[၈], ပီတိရွှန်းဝေ[၉], ကျက်သရေတိုးပွား များစေခြင်း၊ အကျိုးရှိသော ရတနာ ၃ပါးတို့အား ညွတ်တွားထိပ်ထက် တင်ရွက်ရှိပန်[၁၀] ပိတာန်[၁၁]အောင်ထီးကို ချီးမြှောက်မိုးကာ၍ မေတ္တာတော်အာနုဘော် ဘုန်းတော်ရိပ်အစွမ်းကို ချမ်းမြေ့စွာခိုလှုံလျက် အဓိပ္ပာယ်အနက် ကွယ်ဝှက်ခြင်းရှိသော ပါဠိတော်ရွှေတိုက်မှ အမြိုက်ရည်[၁၂]လျှင် အဆီရှိသော ဤ'သုဝဏ္ဏသာမ' ဓာတ်[၁၃]တော်ရတနာကို အခါခါတောင်းပန်သောသူတို့၏ အလိုနှင့်လျော်စွာ သဒ္ဓါသီလသုတ[၁၄]ပညာ[၁၅] ပွားရာသောအကြောင်း သူတော်သူမြတ်အပေါင်းတို့ မှတ်သားနာပျော်ဖွယ် မကျယ်မကျဉ်း အလျဉ်းသင့်ရာ ဥဒါဟရဏ်[၁၆]စုံလင်အောင် ပြန်ကြား၍ စကားကျစ်လစ်[၁၇] ပြေပြစ်သန့်ရှင်းစွာ ပွန်းပွင့်ဝတ်ဆံမပျက် ပန်းရွက်ဝတ်မှုန်ကိုယူသော ပျားပိတုန်း ဥပမာ[၁၈]ကဲ့သို့ အစွမ်းအလျောက် အားထုတ်စီရင်ပေအံ့။

ဤ သုဝဏ္ဏသာမ ဓာတ်တော်ရတနာကို ရှေးဆရာတော်တို့ မရေးမသား ချန်ထားခဲ့သည်မှာ 'လင်္ကာဒီပ'ဟု ဆိုအပ်သော သီဟိုဠ်[၁၉]ကျွန်း၌ သိရီဓမ္မာသောကမင်းကြီး၏သားတော် ဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်သည် ဒေဝါနံပိယတိဿမင်းကြီးနှင့် ဒေသစာရီကြွချီတော်မူသောအခါ စကားပန်းတို့ဖြင့် မဟာစေတီတည်မည့်အရပ်ကို အရှင်မဟိန္ဒထေရ် ပူဇော်တော်မူလျှင် မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်၏။

ထိုသို့ မြေတုန်လှုပ်သောအကြောင်းကို ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒထေရ်အား မေးလျှောက်သည်ရှိသော်၊ အရှင်မဟိန္ဒထေရ်သည်လည်း ဤသို့ မိန့်တော်မူ၏။

"မြတ်သောမင်းကြီး။ လူ ၃ ဦးတို့၏အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ မွေ့တော်[၂၀] ဓာတ်တော်[၂၁]မြတ် ကိန်းဝပ်တော်မူရာ မဟာစေတီ[၂၂]တည်မည့် အကြောင်းနိမိတ်တည်း"ဟု မိန့်တော်မူ၏။

ထိုအကြောင်းကိုကြားလျှင် ဒေဝါနံပိယတိဿမင်းကြီးသည် "အကျွန်ုပ်ပင် တည်ပါမည်"ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ အရှင်မဟိန္ဒထေရ်သည် ဤသို့မိန့်တော်မူ၏။

"မြတ်သောမင်းကြီး။ သည်းခံဦးလော့။ ဤမြေကြီးတုန်လှုပ်သည်ကား သင်မင်းကြီးအား တည်ထားစိမ့်သောငှာ တုန်လှုပ်သည် မဟုတ်။ သင်မင်းကြီးအား များစွာသောပြုဖွယ်ကိစ္စ ရှိသေး၏။ နောင်သောအခါ သင်မင်းကြီး၏မြစ်တော်ဖြစ်သော ဒုဋ္ဌဂါမဏိ အဘယမင်း တည်လတ္တံ့။ ထို ဒုဋ္ဌဂါမဏိ အဘယမင်း တည်စိမ့်သောငှာ မြေတုန်လှုပ်သတည်း"ဟု မိန့်တော်မူလျှင်၊ ဒေဝါနံပိယတိဿမင်းကြီးသည်

"အကျွန်ုပ်မြစ်တော်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမင်း တည်လျှင်လည်း အကျွန်ုပ်တည်သည်ပင် မည်သည်"ဟု ကျောက်တိုင်စိုက်၍ ကမ္ပည်းကျောက်စာ အက္ခရာထားသကဲ့သို့၊ ထို့အတူ ၎င်းသုဝဏ္ဏသာမ ဓာတ်တော်ရတနာ၏ဝတ္ထုကို မရေးမသား ရှေးဆရာတို့ ချန်ထားခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ် နိဒါန်း

မဟာကရုဏာ[၂၃], မေတ္တာ[၂၄]တော်တည်းဟူသော မိုးတိမ်တိုက်တစ်ခဲနက် စကြဝဠာကုဋေ ၁ သိန်းလုံး ဖုံးအုပ်သွန်းဖျန်း ရွှင်လန်းငြိမ်းဆေး ပေးတော်မူလျက် ဇမ္ဗူကျွန်းသူ ဗိုလ်လူအပေါင်း သောင်းတိုက်[၂၅] နတ်ဗြဟ္မာတို့အား အမြိုက်ချိုအေး တိုက်ကျွေးနှစ်လို့ အောင်မြို့ငြိမ်းရာ ပြည်သာနိဗ္ဗူ[၂၆] တင်ယူပို့ဆောင် အောင်သူများသခင် သာကီဝင်မင်းတို့အထွတ်ဖြစ်သော မြတ်စွာဘုရားသည် ၈ ပါးသောပရိသတ်[၂၇]တို့၏ ကျင့်ဝတ်ယူရာ သာဝတ္ထိပြည်ကြီး၏ အနောက်တောင်ဝယ် ရန်အောင်နိုက်မှားသော ဇေတဝန်မင်းသား၏ဉယျာဉ်ကို ရန်စင်ကင်းဝေးသော သူဌေးကြီးအနာထပိဏ်[၂၈]သည် ရွှေအချိန် ၁၈ ကုဋေဖြင့် ဝယ်၍ ရန်စွယ်အဆိပ်အတောက် ဖျောက်ချေပယ်နုတ် ဝိမုတ်[၂၉]ငြိမ်းအေး ရှေးရှေးသောဘုရားအဆူဆူ အောင်သူတကာတို့၏ အောင်ရာဘိသိက် ဗျာဒိတ်[၃၀]အောင်ပွဲခံရာမြေအချက်တွင် နှစ်သက်ဝမ်းမြောက် ဆောက်လှူအပ်သော နှံ့စပ်ကျော်ဝှန် ဇေတဝန်အောင်ထီး ရွှေကျောင်းကြီး၌ ၄ ပါးသော ဣရိယာပုထ်[၃၁]တို့ဖြင့် နေတော်မူသောအခါ အမိ,အဖကိုကျွေးမွေးသော တစ်ယောက်သောရဟန်းကို အကြောင်းပြု၍ 'ကောန မံ ဥသုနာ ဝိဇ္ဈိ[၃၂]' အစရှိသောဂါထာတို့ဖြင့် တန်ဆာ ခြယ်စီလျက် ဤ သုဝဏ္ဏသာမဇာတ်တော်ကို ဟောတော်မူပေ၏။

အဘယ်သို့ အကြောင်းဖြစ်သနည်း ဟူမူကား သာဝတ္ထိပြည်၌ ၁၈ ကုဋေ ဥစ္စာရှိသော တစ်ယောက်သော သူဌေးမျိုးအား တစ်ယောက်တည်းသောသား ရှိသည် ဖြစ်သတတ်။ ထို တစ်ယောက်တည်းသောသားကို အမိ, အဖတို့သည် အလွန် ချစ်နှစ်လိုကုန်၏။ ထိုသူဌေးသားသည် တစ်နေ့သောနေ့၌ မြတ်သောပြာသဒ်ထက် နေလျက် 'သီဟပဥ္ဇရ' ဟုဆိုအပ်သော ခြင်္သေ့ခံသော မြတ်သောလေသာနန်းတံခါးကို ဖွင့်၍ ခရီးမကို ကြည့်သည်ရှိသော်၊ ပန်း,နံ့သာ အစရှိသော ဒါနဝတ္ထုတို့ကို လက်ဖြင့်ကိုင်ကုန်လျက် တရားတော်ကို နာအံ့သောငှာ ဇေတဝန်ကျောင်းတော်သို့သွားသော များစွာသောလူအပေါင်းတို့ကို မြင်လေ၏။

ထိုသို့မြင်လေသည်ရှိသော် 'ငါသည်လည်း တရားတော်ကို နာပါအံ့'ဟူ၍ ပန်း, နံ့သာ အစရှိသော ဒါနဝတ္ထုတို့ကို ယူစေ၍ ဇေတဝန်[၃၃]ကျောင်းတော်သို့သွားလေ၍၊ ပုဆိုး, ဆေး, အဖျော် အစရှိသော အလှူဝတ္ထုကို ရဟန်းသံဃာတော်တို့အား လှူစေ၏။ မြတ်စွာဘုရားကို ပန်း,နံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍ တင့်အပ်သောအရပ်၌ နေလျက် တရားတော်ကိုနာ၍ ကာမဂုဏ်[၃၄]အပြစ်ကို လည်းကောင်း၊ ရဟန်းအဖြစ်၌ အကျိုးကို လည်းကောင်း မှတ်၍ ပရိသတ်တို့ထပြီးသော် မြတ်စွာဘုရားကို ၅ ပါးသောရှိခိုးခြင်း[၃၅]တို့ဖြင့် ရှိသေစွာရှိခိုး၍ ရဟန်းအဖြစ်ကို တောင်းပန်၏။

မြတ်စွာဘုရားသည်လည်း "အမျိုးသား။ အမိ,အဖတို့ ခွင့်မပြုသောသားကို ဘုရားမြတ်စွာတို့သည် ရဟန်းမပြုကုန်"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

သူဌေးသားသည် ထိုစကားကိုကြားလျှင် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပူဇော်ခဲ့ပြီးလျှင် အိမ်သို့တစ်ဖန်ပြန်သွားလေ၍ အမိ,အဖတို့အား ရိုသေစွာရှိခိုးလျက် "အို၊ မိခင်, ဖခင်တို့။ အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်၌ ရဟန်းပြုပါအံ့"ဟု ဆို၏။

ထိုသို့ဆိုသောအခါ သူဌေးသား၏ မိခင်,ဖခင်တို့သည် သူဌေးသား၏စကားကိုကြားလျှင် တစ်ယောက်တည်းသောသား၏အဖြစ်ဖြင့် နှလုံး ၇ စိတ် ကွဲအံ့သကဲ့သို့ သားၶ၌ချစ်ခြင်းဖြင့် ကိုယ်အလုံးတုန်လှုပ်လျက် ဤသို့ဆိုကုန်၏။

"ေသြာ်၊ ချစ်လှစွာသော သား။ ေသြာ်၊ အမျိုး၏အညွန့်ဖြစ်သော သား။ ေသြာ်၊ မျက်စိနှင့်တူသော သား။ ေသြာ်၊ အသက်နှင့်တူသော သား။ သင်ချစ်သားနှင့် ကင်း၍ အဘယ်သို့လျှင် ငါတို့ အသက်ရှည်ကုန်အံ့။ သင်ချစ်သားနှင့် ငါတို့၏အသက်သည် စပ်၏။ ချစ်သား။ ငါတို့သည် အိုမင်းဆွေးမြည့်ခြင်းသို့ ရောက်ကုန်ပြီ။ အင်္ဂါကြီးငယ် ရင့်ခြင်းသို့ ရောက်ကုန်ပြီ။ သွားကျိုးခြင်း, ဆံဖြူခြင်း အစရှိသည်ဖြင့် ကြီးခြင်းသို့ ရောက်ကုန်ပြီ။ ချစ်သား။ ငါတို့သည် ယနေ့လည်းကောင်း, နက်ဖြန်လည်းကောင်း,သန်ဘက်လည်းကောင်း သေခြင်းသို့ ရောက်ကုန်အံ့။ ထို့ကြောင့် ချစ်သား ငါတို့ကို စွန့်၍မသွားပါလင့်။ ချစ်သား။ ရဟန်းအဖြစ်မည်သည်ကား အလွန်ပြုခဲလှစွာ၏။ အချမ်းကိုအလိုရှိသော် အပူကို ရတတ်၏၊ အပူကိုအလိုရှိသော် အချမ်းကို ရတတ်၏။ ထို့ကြောင့် ချစ်သား ရဟန်းမပြုနှင့်"ဟု ဆိုကုန်၏။

သူဌေးသားသည်လည်း အမိ, အဖတို့ဆိုသော စကားကိုကြားလျှင် နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ချသောဦးခေါင်းရှိလျက် နောက်ဖီတကိုင် ကြံမှိုင်တွေဝေလျက် ၇ ရက်ပတ်လုံး အစာမစားဘဲ နေလေ၏။ ထိုသို့ အစာမစားဘဲနေသောအခါ သူဌေးသား၏အမိ,အဖတို့သည် 'ငါတို့သားကို အကယ်၍ ခွင့်မပြုချေအံ့။ ဤအရပ်၌ပင် သေခြင်းသို့ ရောက်ခဲ့ရာ၏။ တစ်ဖန် ငါတို့သည် မမြင်ရကုန်ပြီ။ ရဟန်းပြုလတ်သော်မူကား တစ်ဖန် ငါတို့ မြင်ရကုန်အံ့'ဟုကြံ၍၊ "ချစ်သား။ ရဟန်းပြုစိမ့်သောငှာ ငါတို့ ခွင့်ပြုကုန်၏။ သင်ချစ်သားသည် ရဟန်းပြုလေတော့"ဟု ခွင့်ပြုကုန်၏။

သူဌေးသားသည် အမိ, အဖတို့စကားကို ကြားလျှင် အလွန်နှစ်သက်ဝမ်းမြောက်သော နှလုံးရှိသည်ဖြစ်၍ အမိ, အဖတို့ကိုရှိခိုး၍ ပန်ကြားခဲ့ပြီးလျှင်၊ ဇေတဝန်ကျောင်းတော်သို့သွားလေ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် "အရှင်ဘုရား။ အကျွန်ုပ်ကို ရဟန်းပြုတော်မူပါ"ဟု ရဟန်းအဖြစ်ကို တောင်းပန်၏။

မြတ်စွာဘုရားသည် တစ်ယောက်သောရဟန်းကို ခေါ်တော်မူ၍ "ချစ်သား။ ဤသူဌေးသားကို ရဟန်းပြုလေလော့"ဟု စေတော်မူ၏။ ထိုရဟန်းသည်လည်း "အရှင်ဘုရား။ ကောင်းပါပြီ"ဟု ဝန်ခံ၍ ထိုသူဌေးသားကို ရဟန်းပြုပေ၏။

ထိုသူဌေးသား ရဟန်းပြုသောအခါမှစ၍ ဆရာဥပဇ္ဈယ်[၃၆]တို့အား များသောလာဘ်သပ်ပကာတို့သည် ဖြစ်ကုန်၏။ ထို သူဌေးသားရဟန်းသည်လည်း ဆရာဥပဇ္ဈယ်တို့ကို နှစ်သက်စေလျက် ပဉ္စင်းအဖြစ်ကိုရပြီးသော် ၅ ဝါပတ်လုံး ပါတိမောက်ကိုသင်၍ 'ငါသည် ဤအရပ်၌ ပွမ်းလျက်နေ၏။ ထိုသို့နေခြင်းသည် ငါ့အား မလျောက်ပတ်'ဟု ဝိပဿနာဓုရ[၃၇]ကို ဖြည့်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ဆရာဥပဇ္ဈာယ်အထံ၌ ကမ္မဋ္ဌာန်း[၃၈]ကိုယူ၍ ဇေတဝန်ကျောင်းတော်မှထွက်လေ၍ တစ်ခုသောပစ္စန္တရစ်[၃၉]ရွာကို အမှီပြု၍ တောကျောင်း၌ နေလေ၏။

ထို သူဌေးသားရဟန်းသည် ထိုကျောင်း၌ ဝိပဿနာကိုပွားစေလျက် ၁၂ နှစ်ပတ်လုံး စေ့ဆော်လျက် လုံ့လပြုသော်လည်း မဂ်[၄၀]ကို လည်းကောင်း, ဖိုလ်[၄၁]ကို လည်းကောင်း ဖြစ်စိမ့်သောငှာ မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကမ္မဋ္ဌာန်းစီးဖြန်း၍ ၁၂ နှစ်ပတ်လုံးနေသောအခါ ထို သူဌေးသားရဟန်း၏ အမိ,အဖတို့သည် သား ရဟန်းပြုသောအခါမှစ၍ သူဌေး ၂ ယောက်တို့သည် ဆင်းရဲခြင်းသို့ ရောက်ကုန်၏။

အကြင်သူတို့သည် ထိုသူဌေးတို့၏လယ်ကို လည်းကောင်း၊ ကုန်စလယ် သွယ်ခြင်းကို လည်းကောင်း ယုဉ်စေကုန်၏။ ထိုအမှုကို ပြုကုန်သောသူတို့သည် 'ဤသူဌေးမျိုး၌ သားသည် လည်းကောင်း, ညီသည် လည်းကောင်း မြီကိုတောင်းခံယူအံ့သောသူ မည်သည် မရှိပြီ'ဟု မိမိတို့၏လက်၌ရှိသော ဥစ္စာဘဏ္ဍာတို့ကိုယူ၍ အလိုအလျောက် ပြေးကြလေကုန်၏။ အိမ်၌နေကုန်သော, အမှုကြီးငယ်ကိုလုပ်သော ကျွန်တို့သည်လည်း ရွှေ,ငွေ, အဝတ်, ပုဆိုး အစရှိသော ဥစ္စာတို့ကိုယူ၍ အလိုအလျောက် ပြေးကြလေကုန်၏။

နောက်အဖို့ဖြစ်သောကာလ၌ သူဌေး ၂ယောက်တို့သည် အထီးကျန်[၆၂]ကုန်သည်ဖြစ်၍ ရေဆေးရန်ဖြစ်သော အိုးခွက်ကိုမျှလည်း မရသောကြောင့် အိမ်ကိုရောင်းရသဖြင့် အိမ်မရှိကြကုန်သည်ဖြစ်၍၊ အလွန်သနားဖွယ်ဖြင့် ပုဆိုးညစ်ကိုဝတ်၍ ခွက်လက်စွဲလျက် ထမင်းတောင်း၍ စားရအံ့သောငှာ သွားကြရကုန်၏။

ထိုအခါ ရဟန်းတစ်ပါးသည် ဇေတဝန်ကျောင်းတော်မှထွက်ခဲ့၍ သူဌေးသားရဟန်း၏ နေရာအရပ်သို့ သွားလေ၏။ သူဌေးသားရဟန်းသည် ဇေတဝန်ကျောင်းတော်မှရောက်လာသော ရဟန်းအား နေရာပေးခြင်း, သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း အစရှိသော အာဂန္တုက[၆၃]ဝတ်ကိုပြု၍ ချမ်းသာစွာနေစေပြီးသော် "အရှင်ဘုရား။ အဘယ်အရပ်မှ လာတော်မူသနည်း"ဟု မေး၏။ အာဂန္တုက ရဟန်းသည်လည်း "သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှလာခဲ့သည်"ဟု ဆိုပေ၏။

ထိုသို့သော အာဂန္တုကရဟန်း၏စကားကိုကြားလျှင် အလွန် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍

"အရှင်ဘုရား။ မြတ်စွာဘုရားအား လည်းကောင်း, ၈ ကျိပ်ကုန်သော မဟာသာဝက[၆၄]တို့အား လည်းကောင်း အနာရောဂါမရှိသည် ဖြစ်ပါ၏လော။ ဆွမ်း,သင်္ကန်းစသည် မျှတပါ၏လော"ဟု မေး၏။

ထိုသို့ သူဌေးသားရဟန်း မေးသောအခါ အာဂန္တုကရဟန်းသည်လည်း ဤသို့ ဆိုပေ၏။

"ငါ့ရှင်။ မြတ်စွာဘုရားမှစ၍ အဂ္ဂသာဝက[၆၅], မဟာသာဝကတို့အား အနာရောဂါမရှိ၊ ခံ့ကျန်းသာယာ မာသည်ဖြစ်ကုန်၏"ဟု ဆိုလေသော်၊ အမိ, အဖတို့အကြောင်းကို မေးမြန်းလို၍ 'အသုကဿ ဘန္တေ သာဝတ္ထိယံ' စသောပါဌ်ကို ဆို၏။ အဓိပ္ပာယ်ကား "အရှင်ဘုရား။ သာဝတ္ထိပြည်၌ ဤမည်သော သူဌေးမျိုးအား အနာရောဂါ မရှိသည်ဖြစ်၍ ခံ့ကျန်းသာယာပါ၏လော"ဟု မိမိ၏ အမိအဖတို့အကြောင်းကို မေး၏။

"ငါ့ရှင်။ ထိုသူဌေးအမျိုး၏အကြောင်းကို မမေးလင့်"ဟု ဆို၏။

ထိုသို့ အာဂန္တုကရဟန်း ဆိုသောစကားကိုကြားလျှင် သူဌေးသားရဟန်းသည် "အရှင်ဘုရား။ အဘယ်ကြောင့်နည်း"ဟု မေး၏။

"ငါ့ရှင်။ ထိုသူဌေးမျိုးအား တစ်ယောက်တည်းသောသား ရှိသတည်း။ ထိုသားသည် သာသနာတော်၌ ရဟန်းပြုလေသတတ်။ ထိုသူဌေးသား ရဟန်းပြုသောအခါမှစ၍ ထိုသူဌေးအမျိုးသည် ပြုန်းတီးခဲ့ကုန်၏။ ယခုမူကား ထိုသူဌေး၂ယောက်တို့သည် အထီးကျန်ကုန်သည်ဖြစ်၍ ကိုးကွယ်ရာမရ အလွန်သနားဖွယ်သောအဖြစ်သို့ ရောက်ကုန်၍ ခွက်လက်စွဲလျက် ထမင်းတောင်း၍စားရအံ့သောငှာ သွားကြကုန်သည်"ဟု ဆိုလေ၏။

ထိုသို့ပြောဆိုသော အာဂန္တုကရဟန်း၏ စကားကိုကြားလျှင် သူဌေးသားရဟန်းသည် မိမိကိုယ်၏ အဖြစ်ဖြင့် တည်စိမ့်သောငှာ မတတ်နိုင်သည်ဖြစ်၍ ငိုကြွေးမြည်တမ်း၏။



www.burmeseclassic.com

"ငါ့ရှင်။ အဘယ့်ကြောင့် ငိုသနည်း"ဟု မေး၏။

"အရှင်ဘုရား။ ထိုသူဌေးဆင်းရဲတို့သည် အကျွန်ုပ်၏ အမိ, အဖတို့တည်း။ အကျွန်ုပ်သည် ထိုသူဌေးဆင်းရဲတို့၏ သားပင်တည်း"ဟုဆို၏။

"ထိုသို့တပြီးကား ငါ့ရှင့်။ သင်၏ မိခင်,ဖခင်တို့သည် သင့်ကိုမှီ၍ ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ကုန်၏။ ငါ့ရှင် သွားချေ။ ထိုအမိ,အဖတို့ကို လုပ်ကျွေးချေလော့"ဟု ဆိုပေ၏။

ထို သူဌေးသားရဟန်းသည် ဤသို့ကြံ၏။

'ငါသည် ၁၂နှစ်ကာလပတ်လုံး စေ့ဆော်လျက် လုံ့လပြုသော်လည်း မဂ်ကိုလည်းကောင်း, ဖိုလ်ကိုလည်းကောင်း ဖြစ်စိမ့်သောငှာ မတတ်နိုင်။ မကျွတ်ထိုက်[၅၈]သည် ဖြစ်လတ္တံ့သတည်း။ ထို့ကြောင့် ငါ့အား ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လူထွက်ပြီးလျှင် အမိ,အဖတို့ကိုမွေး၍ အလှူပေးခြင်း, သီလဆောက်တည်ခြင်းကိုပြု၍ နတ်ပြည်သို့လားရသည် ဖြစ်လတ္တံ့သတည်း' ဟု ကြံ၍၊ တောကျောင်းကို ထို ညီ့သည်ဖြစ်သောရဟန်းအား အပ်နှင်းခဲ့၍၊ မိုးသောက်သောနေ့၌ တောကျောင်းမှ ထွက်ခဲ့၍ အစဉ်သဖြင့် သွားလေသည်ရှိသော် သာဝတ္ထိပြည်၏အနီး ဇေတဝန်ကျောင်းတော်နောက်သို့ ရောက်လေ၏။

ဇေတဝန်ကျောင်းတော်နောက်၌ ၂ ကြောင်းသောခရီးတို့သည် ရှိကုန်၏။ တစ်ကြောင်းသောခရီးကား ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ တစ်ကြောင်းသောခရီးကား သာဝတ္ထိပြည်သို့ သွားလေ၏။

သူဌေးသားရဟန်းသည် ထိုခရီးအကြား၌ ရပ်လျက် ဤသို့ကြံ၏။

'ငါသည် ရှေးဦးစွာ အမိ, အဖတို့ကို ဖူးမြင်ရအံ့လော။ ထိုသို့မဟုတ်မူကား အား ၁၀ ပါးနှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးမြင်ရအံ့လော'ဟု ကြံ၏။ ဤသို့ကြံပြီးလျှင်

'ငါသည် အမိ,အဖတို့ကို အရှည် မြင်ရလတ္တံ့သတည်း။ ဤနေ့မှစ၍ ငါ့အား မြတ်စွာဘုရားကို ဖူးမြင်ခြင်း ဟူ အလွန် ရခဲလတ္တံ့သတည်း။ ထို့ကြောင့် ယနေ့ပင်လျှင် မြတ်စွာဘုရားကို ဖူးမြင်၍၊ တရားတော်ကို နာ၍ နက်ဖြန်မှလျှင် အမိ, အဖတို့ကို ဖူးမြင်အံ့'ဟု သာဝတ္ထိပြည်သို့ သွားသောခရီးကို စွန့်၍ ညချမ်းသောအခါ၌ ဇေတဝန်ကျောင်းတော်သို့ ရောက်လေ၏။

ထို့နေ့ မိုးသောက်သောအခါ၌ မြတ်စွာဘုရားသည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် ဤသူဌေးသား ရဟန်း၏ မဂ်,ဖိုလ်ရအံ့သော ဥပနိဿယ[၅၉]ကို မြင်တော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုသူဌေးသားရဟန်း လာသောအခါ၌ မာတုပေါသက[၆၀]သုတ်ဖြင့် အမိ,အဖတို့၏ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူ၏။ ထို သူဌေးသားရဟန်းသည်လည်း ပရိသတ်၏အဆုံး၌တည်၍ သာယာစွာသောတရားစကားကို နာလျက် ဤသို့ကြံ၏။

'ငါသည်ကား လူထွက်၍ အမိ,အဖတို့အား လုပ်ကျွေးအံ့သောငှာ တတ်နိုင်၏ဟု မှတ်ဘိ၏။ မြတ်စွာဘုရားသည်ကား ရဟန်းပြု၍ပင်လျှင် အမိ,အဖတို့အား ကျေးဇူးဆပ်ရာ'ဟု မိန့်တော်မူ၏။

'ငါသည် အကယ်၍ မြတ်စွာဘုရားကို မဖူးမြင်မူ၍ သွားချေအံ့။ ဤသို့သဘောရှိသော သာသနာတော်၌ အလွန်ရခဲလှစွာသော ရဟန်းအဖြစ်မှ ယုတ်လေရာ၏။ ဤယခု ငါကား လူမထွက်မူ၍ ရဟန်းဖြစ်လျက်ပင်လျှင် အမိ, အဖတို့ကို လုပ်ကျွေးအံ့'ဟု ကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြံပြီး၍ သုဝဏ္ဏသာမရဟန်းသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးခဲ့ပြီးလျှင် ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့၍ သာဝတ္ထိပြည်သို့သွားပြီးလျှင်၊ စာရေးတံဖြစ်သော ယာဂုကိုလည်းကောင်း, စာရေးတံ ဖြစ်သော ဆွမ်းကိုလည်းကောင်း ဆောင်ယူခဲ့၍ ၁၂ နှစ်ပတ်လုံး တောခို၌နေသောရဟန်းသည် ပါရာဇိက ရောက်သကဲ့သို့ဖြစ်၏။

ထို သုဝဏ္ဏသာမရဟန်းသည် နံနက်ကပင်လျှင် သာဝတ္ထိပြည်သို့ ဝင်လေ၏။

'ရှေးဦးစွာ ယာဂုကို ခံရအံ့လော၊ ထိုသို့မဟုတ်မူကား အမိ, အဖတို့အား ဖူးမြင်ရအံ့လော'ဟု ကြံ၏။

'ငါသည် အထီးကျန်သော အမိ, အဖတို့၏ထံသို့ လက်ချည်းသွားအံ့သောငှာ မသင့်ချေ'ဟုကြံ၍ စာရေးတံယာဂုကို လည်းကောင်း, စာရေးတံဆွမ်းကို လည်းကောင်း ခံပြီးလျှင်၊ ထိုအမိ,အဖတို့ အိမ်ဟောင်းတံခါးသို့ သွားလေ၏။

ထိုအခါ သုဝဏ္ဏသာမရဟန်း၏ အမိ,အဖတို့သည်လည်း ယာဂုထမင်းကိုခံပြီးလျှင် သူတစ်ပါးတို့အိမ်နံရံကို မှီ၍နေကုန်၏။ သုဝဏ္ဏသာမရဟန်းသည်လည်း အနီးသို့ကပ်၍ အထီးကျန်ကုန်သော အမိ,အဖတို့ကိုမြင်လေလျှင် ပြင်းစွာသောစိုးရိမ်ခြင်း ရှိသည်ဖြစ်၍ မျက်ရည်ဖြင့်ပြည့်သောမျက်စိတို့ဖြင့် အမိ,အဖတို့ အနီး၌ရပ်၏။ သူဌေး၂ယောက်တို့သည်လည်း သားဖြစ်သောရဟန်းကိုမြင်၍ မသိကြကုန်။

ထိုအခါ သုဝဏ္ဏသာမရဟန်းအမိသည် 'ဤရဟန်းကား ဆွမ်းအလို့ငှာ ငါတို့၏အထံ၌ ရပ်သည်ဖြစ်လတ္တံ့' ဟူသောအမှတ်ဖြင့်၊

"အရှင်ဘုရား။ အရှင်ဘုရားတို့အား လှူအပ်သည်နှင့်ယှဉ်သော ဝတ္ထုသည် ငါတို့အား မရှိကုန်။ ငါတို့သည် အလွန်ဆင်းရဲခြင်းသို့ ရောက်ကုန်၏။ အရှင်ဘုရား ကန်တော့ပါ၏"ဟု ဆို၏။

ထိုအခါ သုဝဏ္ဏသာမရဟန်းသည် အမိဆိုသောစကားကိုကြားလျှင် ကွဲအံ့သောနှလုံးဖြင့် စိုးရိမ်ခြင်း ပြင်းစွာဖြစ်သည်ဖြစ်၍ မျက်ရည်တွေတွေ ခြေဖမိုးသို့ကျလျက် ရပ်၏။ ၂ကြိမ်, ၃ကြိမ်တိုင်အောင် အမိဆိုသော်လည်း မသွားမူ၍ ရပ်သည်သာတည်း။

ထိုသို့ရပ်သောအခါ သုဝဏ္ဏသာမရဟန်း၏အဖသည် အမိကို ဆို၏။

"အဘယ်။ သွား၍ သိအောင်ပြုလော့။ ဤရဟန်းသည် ငါတို့သားပင် ဖြစ်လေသည်မသိ"ဟုဆို၏။

အမိသည် ထ၍ကြည့်သည်ရှိသော် သား၏အဖြစ်ကိုသိ၍ သူရူးမကဲ့သို့ဖြစ်၍ သား၏ခြေရင်း၌ဝပ်လျက် ပြင်းစွာငိုကြွေး၏။ ထိုသို့ငိုကြွေးသောအသံကို ကြားလျှင် သုဝဏ္ဏသာမ ရဟန်း၏အဖသည်လည်း သား၏ခြေကို ဖက်၍ အလွန်သနားဖွယ် ပြင်းစွာငိုကြွေး၏။

သုဝဏ္ဏသာမရဟန်းသည်လည်း အမိ,အဖတို့ ပြင်းစွာငိုကြွေးသည်ကိုသိ၍ မိမိကိုယ်၏အဖြစ်ဖြင့် တည်စိမ့်သောငှာ မတတ်နိုင်သည်ဖြစ်၍ မျက်ရည်တို့ဖြင့် ယိုစီး၏။ သုဝဏ္ဏသာမရဟန်းသည် ပြင်းစွာသောစိုးရိမ်ခြင်း သောကကို သည်းခံ၍

"အို၊ မိခင်,ဖခင်တို့။ မစိုးရိမ်ကြကုန်လင့်။ ငါသည် မိခင်,ဖခင်တို့ကို မွေးအံ့"ဟု အမိ,အဖတို့ကို နှစ်သိမ့်စေဦး၍၊ ယာဂုကိုသောက်စေ၍ တင့်အပ်သောအရပ်၌နေစေပြီးလျှင်၊ ဆွမ်းအလို့ငှာသွား၍ ဆွမ်းကို ဆောင်ယူချေပြီးလျှင်၊ တစ်ဖန် အမိ, အဖတို့ကို စားစေ၏။ မိမိအလို့ငှာ ဆွမ်းခံသွား၍၊ ဆွမ်းရပြီးလျှင် အမိ, အဖအနီးသို့ချဉ်းကပ်၍ နောက်မှ စား၏။

ထိုသုဝဏ္ဏသာမရဟန်းသည် အမိ, အဖတို့ကို တွေ့သည်မှစ၍ ဤသို့သောနည်းဖြင့်လျှင် အမိ, အဖတို့ကို လုပ်ကျွေး၏။ လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ရအပ်သောဆွမ်း အစရှိသည်တို့ကို အမိ, အဖတို့အား ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ဆွမ်းခံ၍ ရသည်ရှိသော် စားရ၏၊ မရသော် မစားရ။ ဝါဆိုဖို့ ပုဆိုးကို လည်းကောင်း၊ ထိုမှတစ်ပါး အမှတ်မရှိ ရအပ်သော ပုဆိုးကို လည်းကောင်း ရ၍ အမိ၊ အဖတို့အားသာလျှင် ပေး၏။ အမိ၊ အဖတို့ ဝတ်ရုံသုံးဆောင်လေ့ပြီးသည်မှ ဟောင်းနွမ်းဆွေးရိသော ပုဆိုးကိုယူ၍ စပ်ဖာပြီးလျှင် ဆိုးရည်တို့ဖြင့်ဆိုး၍ မိမိသည် သုံးဆောင်ရ၏။

ထို သူဌေးသားရဟန်းသည် ဆွမ်းရသောနေ့ကား နည်းလှ၏၊ ဆွမ်းမရသောနေ့ကား များ၏။ ဝတ်ရုံသော သင်္ကန်းတို့ကား အလွန်ညစ်နွမ်းကုန်၏။ ထိုသူဌေးသားရဟန်းသည် အမိ၊ အဖတို့ကို လုပ်ကျွေးမွေးမြူရသောကြောင့်လျှင် နောက်အဖို့ဖြစ်သောကာလ၌ ကြုံပြ၍ ဖက်ရွက်ရော်အဆင်းကဲ့သို့ ဖျော့တော့လျက် အကြောပြိုင်းပြိုင်းထသောကိုယ် ရှိ၏။

ထိုအခါ သူဌေးသားရဟန်းကို အတူတကွ မြင်ဖူး၊ စားဖူးသောရဟန်းတို့သည် မေးကုန်၏။

“ငါ့ရှင် ရှေး၌ သင်၏အဆင်းသည် အလွန်တင့်တယ်၏။ ယခုမူကား သင် ကြုံလှီလှ၏တကား၊ ညစ်ညှိုးလှ၏တကား၊ ဖက်ရွက်ရော်အဆင်းကဲ့သို့ ဖျော့တော့ခြင်းရှိ၏တကား၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏တကား။ သင့်အား အဘယ်ရောဂါ ရှိသနည်း”ဟု မေးကုန်၏။

“ငါ့ရှင်တို့။ ငါ့အား တစ်စုံတစ်ခုမျှ အနာရောဂါ မရှိ။ စင်စစ်သော်ကား ငါ့အား တစ်ခုသော ကြောင့်ကြသည် ရှိ၏”ဟု ဆို၏။

ထိုအခါ သူဌေးသားရဟန်းကို တစ်ပါးသောရဟန်းတို့သည်

“ငါ့ရှင်။ သဒ္ဓါ၍လှူသောပစ္စည်းကို အဘယ့်ကြောင့် ဖျက်ဆီးလေသနည်း။ သင်သည် သဒ္ဓါ၍ လှူသောပစ္စည်းကို လူတို့အားပေး၍ မအပ်သောအမှုကို အဘယ့်ကြောင့် ပြုဘိသနည်း”ဟု ဆိုကုန်၏။

ထို သူဌေးသားရဟန်းသည် ထိုရဟန်းတို့စကားကို ကြားလျှင် အလွန်ရှက်သည်ဖြစ်၍ ဦးခေါင်းချလျက် ပုန်းလေ၏။

ထိုရဟန်းတို့သည် ဤမျှကဲ့ရဲ့ခြင်းဖြင့်လည်း မရောင့်ရဲကုန်သည်ဖြစ်၍၊ မြတ်စွာဘုရားအထံတော်သို့ သွားကြလေ၍ မြတ်စွာဘုရားအား လျှောက်ကြလေကုန်၏။

“အရှင်ဘုရား။ ဤမည်သောရဟန်းသည် သဒ္ဓါ၍လှူသောပစ္စည်းကို ဖျက်ဆီး၍ လူတို့အား ပေး၏”ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် သူဌေးသားရဟန်းကို ခေါ်တော်မူ၍ သိတော်မူလျက်ပင် မေးတော်မူ၏။

“ချစ်သားရဟန်း။ သင်သည် သဒ္ဓါ၍လှူသောပစ္စည်းကို လူတို့အား ကျွေးမွေးသောဟူသည် မှန်၏လော”ဟု မေးတော်မူ၏။

သူဌေးသား ရဟန်းသည်လည်း

“အရှင်ဘုရား။ မှန်ပေ၏”ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထို သူဌေးသားရဟန်း၏အပြုအမူကို ချီးမွမ်းတော်မူလိုသည်ဖြစ်၍၊ ကိုယ်တော်၏လည်း ရှေး၌ဖြစ်သောအကျင့်တော်ကို ထင်ရှားပြတော်မူလိုသည်ဖြစ်၍

“ချစ်သားရဟန်း။ လူတို့ကို ကျွေးမွေး၏ ဟူသည်ကား အဘယ်မည်သောသူကို ကျွေးမွေးသနည်း”ဟု မေးတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား။ အကျွန်ုပ်၏ အမိ, အဖတို့ကို ကျွေးမွေးပါသည်"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ထိုသူဌေးသားရဟန်းအား အားထုတ်ခြင်းကိုဖြစ်စိမ့်သောငှာ

"ချစ်သားရဟန်း။ သာဓု, သာဓု, သာဓု၊ ကောင်းစွာ့ ကောင်းစွာ့"ဟု ၃ကြိမ် ကောင်းချီးပေးတော်မူ၍၊

"ချစ်သား။ သင်သည် ငါဘုရား၏ သွားသောခရီး၌ တည်သောသူပေတည်း။ ငါဘုရားသည်လည်း ရှေးသောအခါက အကျင့်ကိုကျင့်သည်ရှိသော် အမိ, အဖတို့ကို ကျွေးမွေးဖူး၏"ဟု မိန့်တော်မူ၏။

ထိုအခါ သူဌေးသားရဟန်းသည် သက်သာရာကို ရလေ၏။

မြတ်စွာဘုရားသည် ထို ရှေး၌ဖြစ်သောအကျင့်တော်ကို ထင်ရှားပြတော်မူအံ့သော်ငှာ ဆိတ်ဆိတ်နေတော်၏။

ထိုအခါ ရဟန်းတို့သည်

"အရှင်ဘုရား။ သူဌေးသားရဟန်း၏ အမိ, အဖတို့ကို လုပ်ကျွေးမွေးမြူသည်ကို အကျွန်ုပ်တို့ သိရပါကုန်ပြီ။ အရှင်ဘုရား၏ ရှေး၌ အမိ,အဖတို့အား ကျွေးမွေးသောအကြောင်းကို ဟောတော်မူပါ"ဟု လျှောက်ကြကုန်၏။

ထိုသို့ လျှောက်ထားတောင်းပန်သောအခါ မြတ်စွာဘုရားသည် လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

## ၁။ ဒုကူလ, ပါရိကာတို့ ဖွားမြင်ခန်း

သံသရာအားကို ရှုလေ့ရှိကုန်သော ချစ်သားရဟန်းများတို့။ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ[၁၅]ပြည်မှ မနီးမဝေးသောအရပ်၌ အမွန်ရှည်သော တစ်ခုသောမြစ်သည် ရှိ၏။ ထိုမြစ်၏ ဤမှာဘက်ကမ်းနား၌ နေသာဒဂါမ ဟုဆိုအပ်သော တစ်ခုသောတံငါရွာသည် ရှိ၏။ ထိုမှာဘက်ကမ်းနား၌လည်း တစ်ခုသောတံငါရွာသည် ရှိ၏။ တစ်ရွာ, တစ်ရွာ၌လည်း ၅၀၀, ၅၀၀ သော တံငါမျိုးတို့သည် နေကြကုန်၏။

ထို ၂ ရွာတို့၌လည်း တံငါကြီး ၂ယောက်တို့သည် ရှိကုန်၏။ အဆွေခင်ပွန်းပြု၍ နေကြကုန်၏။ ထို တံငါကြီး ၂ ယောက်တို့သည် ငယ်သောအခါကပင်လျှင် ကတိကဝတ်[၁၆]ကို ပြုကြကုန်၏။

"အဆွေ။ ငါတို့သည် တစ်ယောက်သောသူအား သားမိန်းမ ရှိသည်ဖြစ်အံ့။ တစ်ယောက်သောသူအား သားယောကျ်ား ရှိသည်ဖြစ်အံ့။ ထို သားသမီးတို့အား ထိမ်းမြားခြင်းမင်္ဂလာကို ပြုကြကုန်အံ့"ဟု ကတိကဝတ်ကို ပြုပြီးသော်၊ ထိုသို့ ကတိကဝတ်ကိုပြုပြီးသောကာလ၌ ဤမှာဘက်၌ရွာသူကြီးအား သားယောကျ်ား ဖွား၏။ ထိုသတို့သား ဖွားသောခဏ၌ ဘွဲ့ဖြူပုဆိုး[၁၇]ဖြင့် ခံ၏။ ထိုသတို့သားအား အမည်မှည့်သည်ရှိသော် ဘွဲ့ဖြူပုဆိုးဖြင့် ခံသောကြောင့် 'ဒုကူလ' သတို့သား ဟူသောအမည်ကို မှည့်ကုန်၏။

ဤမှာဘက်မှတစ်ပါး ရွာသူကြီးအိမ်၌ သမီးမိန်းမ ဖွားလေ၏။ ထိုသတို့သမီးအား ထိုမှာဘက်၌ ဖွားသောကြောင့် 'ပါရိကာ' ဟူသောအမည်ကို မှည့်ကုန်၏။ ထို ၂ ယောက်သော ဒုကူလ, ပါရိကာတို့သည်



www.burmeseclassic.com

www.burmeseclassic.com



အလွန် အဆင်းလှကုန်၏။ ကြည်ညိုဖွယ် ရှိကုန်၏။ ရွှေအဆင်းနှင့် တူသောအဆင်း ရှိကုန်၏။ ထို ၂ယောက်ကုန်သော ဒုကူလ, ပါရိကာတို့သည် တံငါမျိုး၌ဖြစ်သော်လည်း အသက်သတ်ခြင်း အစရှိသောအကုသိုလ် ဒုစရိုက်ကို မပြုကုန်။

နောက်အဖို့ဖြစ်သောကာလ၌ ၁၆နှစ် အရွယ်ရောက်သော ဒုကူလသတို့သားကို အမိ,အဖတို့သည်

"ချစ်သားဒုကူလ။ ငါတို့အဆွေခင်ပွန်း၏သမီးသည် အလွန် အဆင်းလှ၏။ ရှုဖွယ်ကြည်ညိုဖွယ် ရှိ၏။ ရွှေအဆင်းနှင့် တူသောအဆင်း ရှိ၏။ ထို သတို့သမီးကို သင့်အား ဆောင်နှင်းအံ့"ဟု ဆိုကုန်၏။

ဒုကူလသတို့သားသည်ကား ဗြဟ္မာ့ပြည်မှလာ၍ စင်ကြယ်သော သတ္တဝါဖြစ်သောကြောင့် နား ၂ဘက်ကို ပိတ်၍၊

"ငါ့အား အိမ်ရာထောင်ခြင်းကို အလိုမရှိ။ မိခင်, ဖခင်တို့။ ဤသို့သောစကားကို မဆိုကြကုန်လင့်"ဟု ဆို၏။ ၂ကြိမ်, ၃ကြိမ်မြောက်အောင်ဆိုသော်လည်း "အိမ်ရာထောင်ခြင်းကို အလိုမရှိ"ဟု ဆို၏။

ပါရိကာကို အမိ, အဖတို့လည်း ဒုကူလအတူ ဆိုကုန်၏။

"ချစ်သမီးပါရိကာ။ ငါတို့အဆွေခင်ပွန်း၏သားသည် ရှိ၏။ ထိုသတို့သားသည် အလွန် အဆင်းလှ၏။ ကြည်ညိုဖွယ်ရှိ၏။ ရွှေအဆင်းနှင့် တူသောအဆင်း ရှိ၏။ ထိုသတို့သားအား သင့်ကို ပေးကုန်အံ့"ဟုဆိုကုန်၏။

ထိုသို့ အမိ, အဖတို့ဆိုသော စကားကိုကြားလျှင် ပါရိကာသည် နား ၂ ဘက်ကိုပိတ်၍ ဒုကူလအတူပင် ဆိုလေ၏။ ထိုပါရိကာသည်လည်း ဗြဟ္မာ့ပြည်မှလာသည်ဖြစ်၍ စင်ကြယ်သောသတ္တဝါ ဖြစ်သောကြောင့် "အိမ်ရာထောင်ခြင်းကို အလိုမရှိ"ဟုဆို၏။

ထိုရောအခါ ဒုကူလသတို့သားသည် ပါရိကာအား 'လျှို့ဝှက်သောသတင်းစကားကို အကြောင်းကြားချေ'ဟု စေလိုက်၏။ 'ပါရိကာ။ သင်သည် အကယ်၍ မေထုန်သဘောဖြင့် အလိုရှိသည်ဖြစ်အံ့။ တစ်ပါးသောယောကျ်ား၏ အိမ်သို့ သွားလေလော့။ ငါ့အား မေထုန်သဘောဖြင့် အလိုမရှိ'ဟု စေလိုက်၏။

ပါရိကာသည်လည်း ထိုဒုကူလ သတို့သားအား 'လျှို့ဝှက်သောသတင်းစကားကို အကြောင်းကြားချေ'ဟု စေလိုက်၏။ 'ဒုကူလသတို့သား။ သင်သည် အကယ်၍ မေထုန်သဘောဖြင့် အလိုရှိသည်ဖြစ်အံ့။ တစ်ပါးသော အမျိုးသမီးအိမ်သို့ သွားလေလော့။ ငါ့အား မေထုန်သဘောဖြင့် အလိုမရှိ'ဟု စေလိုက်၏။

ထို ဒုကူလ,ပါရိကာတို့သည် အလိုမရှိကုန်ဘဲလျက် အမိ,အဖတို့သည် ထိမ်းမြားပေးစားခြင်းကို ပြုကုန်၏။ ထိုသို့ပြုကုန်သော်လည်း ကိလေသာတည်းဟူသော မဟာသမုဒ္ဒရာသို့ မသက်မူ၍ ၂ယောက်သော ဗြဟ္မာကြီးတို့ကဲ့သို့ တကွနက်လျှင် နေကြကုန်၏။ ဒုကူလသတို့သားသည် ငါးကို့ လည်းကောင်း, သမင်ကို လည်းကောင်း မသတ်မပုတ်။ အယုတ်သမြဲ့ ဆောင်ခဲ့သောဟင်းမျိုးတို့ကိုမျှလည်း ရောင်းခြင်းကိုမပြု။

ထိုသို့မပြုနေသောအခါ အမိ, အဖတို့သည် ဒုကူလကို ဆိုကုန်၏။

"ချစ်သား ဒုကူလ။ သင်သည် မုဆိုး,တံငါမျိုးတို့၌ပင်ဖြစ်လျက် အသက်သတ်ခြင်းကို မပြု။ အယုတ်သဖြင့် ဆောင်ခဲ့သော ငါး, အမဲကိုမျှလည်း ရောင်းခြင်းငှာ အလိုမရှိ။ အဘယ်အမှုကိုပြု၍ အသက်ရှည်ကုန်အံ့နည်း"ဟု ဆိုကုန်၏။

"မြင်းမိုရ်, စကြဝဠာ, မဟာမြေစိုင်မက ကြီးလှသောကျေးဇူး ရှိပေသော မိခင်, ဖခင်တို့။ သင်တို့သည် အကယ်၍ အနှုးအညွတ် ခွင့်လွှတ်ပါကုန်သည်ဖြစ်အံ့။ အကျွန်ုပ်တို့ ရဟန်းပြုပါကုန်အံ့"ဟု ဆို၏။

www.burmeseclassic.com



အမိ,အဖတို့သည်လည်း ဒုကူလ, ပါရိကာတို့စကားကိုကြားလျှင်

"ချစ်သားတို့။ ထိုသို့ ရဟန်းပြုလိုပြီးတကား၊ ကောင်းစွာ့, ကောင်းစွာ့။ ရဟန်းပြုကြလေကုန်လော့"ဟု ခွင့်ပြုကြကုန်၏။

## ၂။ ဒုကူလ, ပါရိကာတို့ တောထွက်ခန်း

ထို ဒုကူလ, ပါရိကာတို့သည် အမိ, အဖတို့စကားကိုကြားလျှင် အလွန်ဝမ်းမြောက်သောစိတ် ရှိကုန်သည်ဖြစ်၍ အမိ, အဖတို့ကို ရိုသေစွာ ရှိခိုးပန်ကြားခဲ့ပြီးလျှင် နေသာဒဂါမ ဟုဆိုအပ်သော တံငါရွာမှထွက်ခဲ့၍ အစဉ်သဖြင့် သွားလေကုန်သည်ရှိသော်၊ ဂင်္ဂါမြစ်နားသို့ရောက်၍ ဟိမဝန္တာ[၅၅]သို့ ဝင်ကြလေကုန်၏။

အကြင်အရပ်၌ မိဂသမ္မတာ[၅၆]မြစ်သည် ရှိ၏။ ထို မိဂသမ္မတာမြစ်သည် ဟိမဝန္တာမှသက်လတ်၍ ဂင်္ဂါမြစ်သို့စီးလာ၏။ ထို စီးရာမြစ်နားသို့ရောက်လာလျှင် ထိုဂင်္ဂါမြစ်ကိုစွန့်၍ မိဂသမ္မတာမြစ်သို့ ရှေးရှုတက်လေကုန်၏။

ထိုသို့တက်လေကုန်သော ခဏ၌ပင်လျှင် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ[၅၇] မြကျောက်ဖျာသည် ပူပြင်းမာချော် ခက်တရော်ရှိသောအခြင်းအရာကို ပြပေ၏။ သိကြားမင်းသည် 'အဘယ်အကြောင်းကြောင့်နည်း'ဟု ကြည့်ရှုဆင်ခြင်လတ်သည်ရှိသော်၊ ဒုကူလ, ပါရိကာတို့သည် နေသာဒ ဂါမဟုဆိုအပ်သော တံငါရွာမှထွက်ခဲ့သော အကြောင်းအရာကို သိမြင်သဖြင့်

'ငါကား မျက်စိ ၁၀၀၀ အမြင်ဆောင်သော သိကြားနတ်မင်းဖြစ်လျက် မဆင်ခြင်၍ မသိ။ အသက်မရှိသော ဤကျောက်ဖျာကား ထိုသူမြတ် ၂ယောက်တို့၏ဂုဏ်ထူးကို သိသကဲ့သို့ ဖြစ်လေ၏။ ယခုပင် ထိုသူမြတ် ၂ယောက်တို့၏ နေရာဖြစ်သော ကျောင်းသခ်မ်း[၅၈]ကို ပြီးစေအံ့'ဟု ဝိသကြုံ[၅၉]နတ်သားကိုခေါ်တော်မူ၍၊

"အချင်းဝိသကြုံနတ်သား။ ဒွေမဟာပုရိသ ဟုဆိုအပ်သော ယောကျ်ားမြတ် ၂ ယောက်တို့သည် ရွာမှထွက်၍ ရသေ့ရဟန်းအဖြစ်ဖြင့် ရဟန်းပြုအံ့သောငှာ အလိုရှိသည်ဖြစ်၍ ဟိမဝန္တာသို့ ဝင်ကုန်၏။ ထိုယောကျ်ားမြတ် ၂ယောက်တို့၏နေရာ ကျောင်းသခ်မ်းကို လည်းကောင်း, ရဟန်းတို့၏ပရိက္ခရာ[၆၀]တို့ကို လည်းကောင်း ဖန်ဆင်း၍ပေးချေ"ဟု စေလိုက်၏။

ထို ဝိသကြုံနတ်သားသည် "ကောင်းပါပြီ အရှင်မင်း"ဟု သိကြားမင်း၏အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ပြီးလျှင် ဟိမဝန္တာသို့လာလတ်၍၊ ထိုသူမြတ်တို့၏နေရာ ကျောင်းသခ်မ်းကို လည်းကောင်း၊ ရဟန်းတို့ ပရိက္ခရာကိုလည်းကောင်း၊ ထိုသခ်မ်း၌ ညီလာခံရာ[၆၁], လေညှင်းခံရာ, ကမ္မဋ္ဌာန်းရှုရာ, သမာပတ်[၆၂]ဝင်စားရာ စသော ညဥ့်သန့်စင်ရာ[၆၃] နေ့သန့်စင်ရာ[၆၄]တိုက်ခန်း, ပြတင်း, လေသာ, စမုတ်, တပြင်ကျယ်, ကုဋီတို့ကို လည်းကောင်း၊ ကျောင်းဦး၌ ထုပ်အကျယ် ၂၄တောင်ရှိသော စင်္ကြံ[၆၅]ကို လည်းကောင်း၊ ကျောင်းနှင့်မနီးမဝေး အာရာမ်အတွင်း၌ ကြာမျိုး ၅ပါး[၆၆]တို့ဖြင့် ဖုံးလွှမ်းအပ်သော ၄ ထောင့်ရေကန်တို့ကို လည်းကောင်း၊ ၁၂ ရာသီ အခါမရွေး ချိုမြိန်စွာသော အသီးနှင့်ပြည့်စုံသော သစ်မည်စည်, တည်, လွန်, သရက်, ပိန္နဲ, ၄က်ပျောစသော



www.burmeseclassic.com

www.burmeseclassic.com



အထူးထူးအပြားပြား များစွာသော သစ်ပင်မျိုးတို့ကို လည်းကောင်း ဖန်ဆင်း၍၊ အာရာမ်အတွင်း စင်္ကြံတွင်းတို့၌ ဖန်ရောင်မကအလျှံထွက်သော ရတနာသဲဖြူခင်းခြင်း၊ သပိတ်, သင်္ကန်း, သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်[၆၆], ရေသနုပ်, ဝါးရင်းတောင်ဆေး, တံချူ, ခြင်းတောင်း, သစ်သီးသစ်ရွက်ချက်ပြုတ်ရန် တည်ရန် ရေအိုးစသည်မကြွင်း အလုံးစုံသော ရသေ့ရဟန်းတို့ အသုံးအဆောင် ပရိက္ခရာတို့ကို လည်းကောင်း ဖန်ဆင်းစီရင်ပြီးလျှင်၊ ကျောင်း၏အတွင်းနံရံ၌ 'အကြင်မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုး, သူကြွယ်မျိုး စသောသူတို့သည် ကာမဂုဏ်ကိုငြီးငွေ့၍ ရသေ့ရဟန်း ပြုလိုကြဖြားအံ့။ ထိုသူတော်ကောင်းတို့သည် ဤကျောင်း၌ အလုံးစုံသောရဟန်းအသုံးအဆောင်တို့ကို အလိုရှိတိုင်းယူ၍ ရဟန်းပြုပါစေသတည်း'ဟု ကမ္ပည်းအက္ခရာတို့ကို ရေးသား၍ထားပြီးသော် ခြင်္သေ့, ကျား, သစ်, ဝံ, အောင်း, ကြံ့, ဆင်, စိုင်, ပြောင်, တောင်ကြောင်, ဝက်ဝံ အစရှိသော သားရဲတို့ကို လည်းကောင်း၊ မနှစ်လိုဖွယ်သော အသံကို မြည်တွန်ကုန်သော ငှက်ယုတ်, ငှက်ကြမ်းတို့ကိုလည်းကောင်း ဝေးစွာသောအရပ်သို့ ဖယ်ရှားစေပြီး၍ တစ်ယောက်သွားလောက်ရုံသော ခြေကြောင်းခရီးကို ဖန်ဆင်းပြီးလျှင် မိမိနေရာ တာဝတိံသာသို့ တက်သွားလေ၏။

ဒုကူလ, ပါရိကာတို့သည်လည်း ရဟန်းပြုအံ့သောငှာ သွားကြလေကုန်သော် တစ်ယောက်သွားလောက်ရုံ ခရီးကို မြင်လေ၏။ ထိုခရီးကို အစဉ်သဖြင့် သွားကြလေ၍ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ထိုကျောင်း သင်္ခမ်းသို့ ရောက်ကြလေ၏။

ဒုကူလသူခမိန်သည် ရေတွင်း, ရေကန်, ဥယျာဉ်, ပန်းမန်နှင့်တကွ ကျောင်းသင်္ခမ်းကို မြင်လျှင် ထိုကျောင်းသင်္ခမ်းတွင်းသို့ဝင်၍ ထိုမှဤမှ ကြည့်ရှုသည်ရှိသော် ကမ္ပည်းအက္ခရာတို့ကိုဖတ်၍၊ အတပ်အမှန် အရှင်မရှိသော သဏ္ဍဒတ္တိယ[၆၇] ကျောင်း၏အဖြစ်သိ၍ မိမိဝတ်ခဲ့သောပုဆိုးကို ချွတ်စွန့်၍ နတ်၏တန်ခိုးကြောင့် ဖြစ်သော ချိပ်ရည်ကဲ့သို့ရဲရဲနီလျက် ညှံ့သက်သိမ်မွေ့စွာအတွေ့ရှိသော လျှော်တေသင်္ကန်း တစ်ထည်ကို သင်းပိုင်ဝတ်တော်မူပြီးမှ တစ်ထည်သော လျှော်တေသင်္ကန်းကို လက်ကန်တော့စံပယ်တင်ကာ ကိုယ်၌ဝတ်ရုံတော်မူ၍ သစ်နက်ရေသင်္ကန်းကို လက်ဝဲပခုံးထက် ဒုကုဋ်တင်တော်မူပြီးလျှင် ဆံကျစ်ဦးစွန်းကိုပြုတော်မူ၍ ရသေ့၏အသွင်ကို ယူတော်မူပြီးလျှင်၊ ပါရိကာအားလည်း ရသေ့အဖြစ်ကို ပေး၏။

ထို ၂ ဦးကုန်သော ရသေ့တို့သည် ဝါးရင်းတောင်ဆေးကိုကိုင်စွဲကာ ရဟန်း၏ကျက်သရေကို ဖြစ်စေလျက် ငြိမ်သက်သောဣန္ဒြေဖြင့် ကျောင်းသင်္ခမ်းမှထွက်၍ စင်္ကြံ၌ ထိုမှဤမှ လူးလာပြန်ခေါက်သွား၍ "အဟောသုခံဝတ အဟောသုခံဝတ။ ခြော် ချမ်းသာစွာ့တကား၊ ခြော် ချမ်းသာစွာ့တကား"ဟု ဝမ်းမြောက်သောစကားဖြင့် ဥဒါန်း[၆၈]ကျူး၍ စင်္ကြံသွားပြီးမှ ကျောင်းသင်္ခမ်းတွင်းသို့ဝင်၍ အင်းပျဉ်[၆၉]ပေါ်၌ အသီးသီးနေကြကုန်ပြီးသော် သတ္တဝါပညတ်ကို အာရုံပြု၍ ကာမာဝစရဟုဆိုအပ်သော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း[၇၀]ကိုပွားစေ၍ ထိုကျောင်းသင်္ခမ်း၌ နေကြကုန်၏။

ထို ၂ ယောက်ကုန်သော ဒုကူလ,ပါရိကာတို့သည် မေတ္တာဘာဝနာ အာနုဘော်[၇၁]ကြောင့် ခပ်သိမ်းသော ငှက်တို့သည်လည်း အချင်းချင်း မေတ္တာစိတ်သာလျှင် ရှိကုန်၏။ တစ်ခုတစ်ခုသောသားငှက်သည် တစ်ခုတစ်ခုသောသားငှက်ကို ညှဉ်းဆဲခြင်း မရှိကုန်။

ထိုအခါမှစ၍ ပါရိကာသည် သောက်ရေ, သုံးဆောင်ရေတို့ကို ဆောင်၍ ကျောင်းသင်္ခမ်းကို တံမြက်လှည်း၏။ ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြု၏။ ထို ၂ယောက်ကုန်သော ဒုကူလ, ပါရိကာတို့သည်



www.burmeseclassic.com

www.burmeseclassic.com



သစ်သီး, သစ်မြစ်တို့ကိုဆောင်ယူ၍ စားကြကုန်ပြီးလျှင်၊ မိမိတို့၏ ကျောင်းသင်္ခမ်းသို့ အသီးသီးဝင်၍ ရဟန်းတရားကိုပြုကုန်လျက် ထိုကျောင်းသင်္ခမ်း၌ပင်လျှင် နေကြကုန်၏။

ထိုအခါ သိကြားနတ်မင်းသည်လည်း ထို ဒုကူလ, ပါရိကာတို့အား ခစားအံ့သောငှာ လာ၏။ ထိုသို့လာသောအခါ တစ်နေ့သ၌ သိကြားနတ်မင်းသည် ကြည့်ရှုဆင်ခြင်လတ်သော် 'ဤ ဒုကူလ, ပါရိကာတို့၏ မျက်စိတို့သည် ယုတ်ကုန်လတ္တံ့တည်း'ဟု ထိုဒုကူလ, ပါရိကာတို့၏အန္တရာယ်ကို မြင်၏။ ထိုသို့ မြင်သောအခါ သိကြားနတ်မင်းသည် ဒုကူလသုခမိန်[၇၄]သို့ကပ်၍ ရှိခိုးလျက် ဤသို့လျှောက်၏။

"အရှင်ဒုကူလ။ အရှင်ရသေ့တို့အား အန္တရာယ်သည် ထင်၏။ ရှင်ရသေ့တို့အား လုပ်ကျွေးစိမ့်သောငှာ, သားကိုရအံ့သောငှာ အပ်၏။ ထို့ကြောင့် လူတို့၏အကျင့်ဖြစ်သော မေထုန်ကို မှီဝဲကုန်လော့"ဟု ဆို၏။

ထိုသို့ သိကြားမင်းဆိုသောအခါ ဒုကူလသုခမိန်သည် သိကြားမင်းအား

"သိကြားမင်း။ အဘယ့်ကြောင့် ဤစကားကို ဆိုဘိသနည်း။ ငါတို့သည် လူတို့ဘောင်၌ နေသည်ရှိသော်လည်း ဤယုတ်မာသောအစုကို ပိုးလောက် အစုကဲ့သို့ စက်ဆုပ်ရွံရှာကုန်၏။ ယခုတောသို့ဝင်၍ ရသေ့ရဟန်းအဖြစ်ကို ယူပြီးလျှင် ရဟန်းပြုပြီးလျက် အသို့မူ၍ ဤသို့သဘောရှိသောအမှုကို ပြုနိုင်အံ့နည်း"ဟု ဆို၏။

ထိုသို့သော ဒုကူလသုခမိန်စကားကို သိကြားမင်းကြားလျှင် တစ်ဖန် သိကြားမင်းသည်

"အရှင်ရသေ့တို့။ ဤသို့သဘောရှိသောအမှုကို အကယ်၍ မပြုနိုင်ကုန်အံ့။ ပါရိကာရသေ့မ၏ ဥတု[၇၅]လာသောအခါ၌ ချက်ကို လက်ဖြင့် သုံးသပ်ကုန်လော့"ဟု ဆို၏။

ထိုသို့ သိကြားမင်းဆိုသောအခါ ဒုကူလသုခမိန်သည် "ဤသို့ ချက်ကို သုံးသပ်သောအမှုကို ပြုအံ့သောငှာ တတ်ကောင်း၏"ဟု ဝန်ခံ၏။ သိကြားမင်းသည် ဒုကူလသုခမိန်ကို ရှိခိုး၍ မိမိနေရာ တာဝတိံသာ[၇၆]နတ်ပြည်သို့ တက်သွားလေ၏။

ဒုကူလသုခမိန်သည်လည်း ပါရိကာရသေ့မအား ထိုအကြောင်းကိုကြား၏။ ပါရိကာသည်လည်း "အရှင်ဒုကူလ။ ကောင်းပါပြီ"ဟု ဝန်ခံ၏။

ထို့နောင်မှ ပါရိကာသည် ဥတုလာသောအခါ၌ ဒုကူလသုခမိန်အား ကြားလေ၏။ ဒုကူလသုခမိန်သည် ချက်ကို လက်ဖြင့် သုံးသပ်လေ၏။ ထိုသို့သုံးသပ်သောအခါ ဘုရားလောင်းသည် နတ်ပြည်မှစုတေခဲ့၍ ပါရိကာရသေ့မ၏ ဝမ်း၌ ပဋိသန္ဓေ စွဲယူလေ၏။

ပါရိကာရသေ့မသည် ၁၀ လလွန်သဖြင့် ရွှေအဆင်းနှင့်တူသောသားကို ဖွား၏။ ထိုသို့ ရွှေအဆင်းနှင့် တူသောအဆင်း ရှိသောကြောင့် ဘုရားလောင်းအား 'သုဝဏ္ဏသာမ'ဟူသောအမည်ကို မှည့်ကြလေကုန်၏။

ပါရိကာသည် ဟိမဝန္တာတောသို့ သစ်သီး, သစ်မြစ်အလို့ငှာ သွား၏။ ထိုသို့သွားသောအခါ တောင်ကြား၌ ကိန္နရီတို့သည် နို့ထိန်းကိစ္စကို ပြုကြကုန်၏။ ထိုသို့ ၂ယောက်သော ဒုကူလ, ပါရိကာတို့သည်လည်း ဘုရားလောင်းကို ရေချိုးစေ၍ သင်္ခမ်းအတွင်း၌အိပ်စေပြီးလျှင် သစ်သီး, သစ်မြစ်အလို့ငှာ ဟိမဝန္တာသို့ သွားကြလေကုန်၏။

ထိုသို့ သွားသောအခါ ကိန္နရာမတို့သည် သတို့သားကိုယူ၍ တောင်, မြှောင်, ချောက်ကြား စသည်တို့၌ နံ့သာရေဖြင့်ချိုးစေ၍၊ တောင်ထိပ်သို့တင်ပြီးလျှင် အထူးထူးသောပန်းတို့ဖြင့် တန်ဆာဆင်ယင်ပြီးလျှင် ဆေးဒန်း, မြင်းသီလာ အစရှိသည်တို့ကို ကျောက်ပြင်၌သွေး၍ နဖူးပြင်၌ မှန်ကူ[၇၇]လျက်ဆောင်ခဲ့၍ သင်္ခမ်းတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



သိပ်ထားပြီးလျှင် ကိန္နရာမတို့သည် သွားကြလေကုန်၏။ ပါရိကာလည်း ဟိမဝန္တာမှလာလတ်၍ သတို့သားကို ယူပြီးလျှင် ရင်ခွင်၌ထား၍ နို့စို့စေ၏။

ထို 'သုဝဏ္ဏသာမ' သတို့သားသည် နောက်အဖို့ဖြစ်သောကာလ၌ ကြီးလတ်၍ ၁၆နှစ်ရှိပြီးသော် အမိ, အဖတို့သည် အစဉ်စောင့်ရှောက်လျက် သစ်မင်း၌နေစေ၍ မိမိတို့အလိုလိုသာလျှင် တောသစ်သီး, တောသစ်မြစ်တို့ကို ရှာအံ့သောငှာ တောသို့သွားကြလေကုန်၏။ ထိုသို့သွားလေသောအခါ ဘုရားလောင်းသည် 'ငါ၏ အမိ, အဖတို့အား တရံရောအခါ၌ တစ်စုံတစ်ခုသောအန္တရာယ် ဖြစ်ရာ၏'ဟု အမိ,အဖတို့သွားသောခရီးကိုမှတ်၏။

ထိုသို့မှတ်ပြီးသော နောက်ကာလ တစ်နေ့သ၌ ထို ဒုကူလ, ပါရိကာတို့သည် တောသစ်မြစ်, တောသစ်သီး ကြီးငယ်ကို ဆောင်ချေ၍ ညချမ်းသောအခါ ပြန်ခဲ့ကုန်သည်ရှိသော်၊ ကျောင်းသစ်မင်းနှင့် မနီးမဝေးသောအရပ်သို့ ရောက်လျှင် မိုးကြီးသည် တက်လတ်၏။ ထိုသို့ မိုးကြီးတက်လတ်သောအခါ ၂ယောက်ကုန်သောရသေ့တို့သည် တစ်ခုသောသစ်ပင်ရင်းသို့ ကပ်၍ တစ်ခုသောတောင်ပို့ထက်၌ ရပ်ကုန်၏။

ထိုတောင်ပို့၏အတွင်း၌ကား အဆိပ်ထန်သောမြွေဟောက်သည် ရှိ၏။ ထိုရသေ့တို့၏ကိုယ်မှ ချွေးအနံ့နှင့်ရောသော ကိုယ်ရေသည် ဆင်းသက်လေ၍ ထိုမြွေဟောက်နှာခေါင်းတွင်းသို့ ဝင်လေ၏။ ထိုသို့ ဝင်သောအခါ မြွေဟောက်သည် အမျက်ထွက်လတ်၍ နှာခေါင်းလေဖြင့် မှုတ်လေ၏။ ထို ဒုကူလ, ပါရိကာတို့သည် ကန်းကုန်သည်ဖြစ်၍ တစ်ယောက်သည် တစ်ယောက်ကို မမြင်ကြလေကုန်။

ဒုကူလသူမြတ်သည် ပါရိကာကိုခေါ်၍ "ပါရိကာ။ ငါ၏မျက်စိတို့သည် ကန်းခဲ့ကုန်ပြီ။ သင့်ကိုမျှလည်း ငါမမြင်ပြီ"ဟု ဆို၏။ ပါရိကာသည်လည်း ထို့အတူလည်းကောင်းလျှင် "ငါမမြင်ပြီ"ဟု ဆို၏။ ထို ဒုကူလ, ပါရိကာတို့သည် "ငါတို့၏ အသက်မရှိပြီ။ ခရီးကိုမျှလည်း မမြင်ကုန်ပြီ"ဟု ငိုကြွေးကြကုန်လျက် ရပ်ကုန်၏။

[ထိုဒုကူလ, ပါရိကာတို့သည် ရှေး၌ အဘယ်မကောင်းမှုကို ပြုမိလေသောကြောင့် ကန်းကုန်သနည်းဟူမူကား- ထို ဒုကူလ, ပါရိကာတို့သည် ရှေး၌ ဆေးသမားအမျိုး၌ ဖြစ်ကုန်၏။ ထိုသို့ ဆေးသမားအမျိုး၌ ဖြစ်သောအခါ ထိုဆေးသမားသည် တစ်ယောက်သော ဥစ္စာများသောယောကျ်ား၏မျက်စိနာကို ဆေးကု၏။ ထိုသူကြွယ်သည်လည်း ဆေးသမားအား တစ်စုံတစ်ခုသောဆေးခကို မပေး။ ထိုသို့မပေးသောအခါ ထိုဆေးသမားသည် အမျက်ထွက်၍ မိမိအိမ်သို့သွားပြီးလျှင် မယားအား ကြားလေ၏။ "အဘယ်။ ငါသည် ဤမည်သောသူကြွယ်၏ မျက်စိနာကို ဆေးကု၏။ ယခု ထိုသူကြွယ်သည် ငါ့အား တစ်စုံတစ်ခုသောဆေးခကို မပေး။ အဘယ်သို့ ပြုရအံ့နည်း"ဟု ဆို၏။ ထို ဆေးသမားမယားသည်လည်း လင်၏စကားကိုကြားလျှင် အမျက်ထွက်၍ "ငါတို့အား ထိုသူကြွယ်၏ဥစ္စာဖြင့် အဘယ်ပြုအံ့နည်း။ သင်သည် ထိုသူကြွယ်အား တစ်ပါးသော မကောင်းသောဆေးကိုဖော်၍ မျက်စိကန်းအောင်ပြုလော့"ဟု ဆို၏။ ထိုဆေးသမားသည် "ကောင်းပါပြီ"ဟု အိမ်မှထွက်ခဲ့၍ မျက်စိကန်းစေတတ်သောဆေးကို ယူခဲ့ပြီးလျှင် ထိုသူကြွယ်၏အထံသို့သွား၍ မယားဆိုတိုင်းပင် ပြု၏။ ထိုသူကြွယ်သည်လည်း မကြာမြင့်မီပင် ကန်းလေ၏။ ဤသို့ ရှေး၌ပြုခဲ့ဖူးသော မကောင်းမှုကြောင့် ဒုကူလ, ပါရိကာတို့ မျက်စိကန်းကုန်သတည်း။]

ထိုသို့ အမိ, အဖတို့သည် ရောက်ချိန်တန်၍ မရောက်သောအခါ ဘုရားလောင်းသည် ဤသို့ကြံ၏။ 'ငါ၏အမိ, အဖတို့သည် တစ်ပါးသောနေ့တို့၌ ဤမည်သောအခါ လာလတ်ကုန်၏။ ယခု အမိ, အဖတို့ အကြောင်းကို မသိ။ ခရီးဦးကြိုဆိုအံ့သောငှာ သွားအံ့'ဟုကြံ၏။ ထိုသို့ကြံပြီးလျှင် ခရီးကြိုဆိုခြင်းငှာ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အို၊ မိခင်, ဖခင်တို့"ဟု အသံပြု၏။

ထို ဒုကူလ, ပါရိကာတို့သည် ဘုရားလောင်း၏အသံကိုကြားလျှင် အသံတုံ့ကိုပြုကုန်၏။ သား၌ချစ်ခြင်းဖြင့် "ချစ်သားသုဝဏ္ဏသာမ။ ဤအရပ်၌ ဘေးရန်ရှိ၏။ မလာလင့်"ဟု ဆိုကုန်၏။ ထိုသို့ဆိုသောအခါ အမိ, အဖတို့အား "ထိုသို့တပြီးကား ဤနွယ်စွန်းကိုကိုင်၍ လာလတ်ကုန်လော့"ဟု ဆို၍ ရှည်စွာသောနွယ်ကြိုး၏အစွန်းကို ပေးလေ၏။ ထို ဒုကူလ, ပါရိကာတို့သည်လည်း နွယ်စွန်းကိုကိုင်၍ ဘုရားလောင်းအထံသို့ လာကြကုန်၏။

ထိုသို့ လာရောက်သောအခါ အမိ, အဖတို့ကို "အဘယ်အကြောင်းကြောင့် သင်မိခင်, ဖခင်တို့၏ မျက်စိတို့သည် ပျက်ကုန်သနည်း"ဟု မေး၏။ ထိုသို့ ဘုရားလောင်းမေးသောအခါ အမိ, အဖတို့သည် ဤသို့ဆိုပေကုန်၏။

"ချစ်သားသုဝဏ္ဏသာမ။ ငါတို့သည် မိုးကြီးသည်းစွာရွာသောကြောင့် ဤမည်သောသစ်ပင်ရင်းသို့ ချဉ်းကပ်၍ တောင်ပို့ထက်၌ ရပ်ကြကုန်၏။ ထိုသို့ရပ်နေကြသောကြောင့် ငါတို့သည် မျက်စိပျက်ကုန်၏"ဟု ဆို၏။

ဘုရားလောင်းသည် အမိ, အဖတို့စကားကို ကြားကတည်းကလျှင် 'ထို အမိ, အဖတို့ ကိုယ်၌ဖြစ်သော ချွေးတို့သည်ယိုစီးလျက် ထိုတောင်ပို့အခေါင်း၌ မြွေဟောက်သည် ရှိရာ၏။ ထိုမြွေဟောက်သည် အမျက်ထွက်၍ နှာခေါင်းလေဖြင့် မှုတ်သည်ဖြစ်လတ္တံ့'ဟု သိလေ၏။

ဘုရားလောင်းသည် မျက်စိကန်းသော အမိ, အဖတို့ကိုမြင်၍ ငိုလည်းငို, ရယ်လည်းရယ်၏။ ထိုသို့ ငိုလည်းငို, ရယ်လည်းရယ်သောအခါ ဘုရားလောင်းကို ဒုကူလ, ပါရိကာတို့သည် မေးကုန်၏။

"ချစ်သားသုဝဏ္ဏသာမ။ အဘယ့်ကြောင့် ငိုလည်းငို, ရယ်လည်းရယ်သနည်း"ဟု မေးကုန်၏။

ထိုသို့ အမိ,အဖတို့မေးသောအခါ ဘုရားလောင်းသည်

"အို၊ မိခင် ဖခင်တို့။ သင်တို့မျက်စိသည် ပျိုရွယ်သောအခါကပင် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ ထို့ကြောင့် ငိုသတည်း။ ယခုအခါ၌ကား ငါသည် မိခင်ဖခင်တို့ကို လုပ်ကျွေးအံ့သောဟု ရလတ္တံ့သတည်း။ ထို့ကြောင့် ရယ်သတည်း။ အို၊ မိခင်, ဖခင်တို့။ သင်တို့ မစိုးရိမ်ကြကုန်လင့်။ ငါသည် မိခင်, ဖခင်တို့ကို လုပ်ကျွေးအံ့"ဟု ဆို၏။

ဤသို့ဆိုပြီး၍ ဘုရားလောင်းသည် အမိ, အဖတို့ကို နှစ်သိမ့်စေပြီးလျှင် ကျောင်းသခမ်းသို့ ဆောင်လေ၏။ ထို ဒုကူလ,ပါရိကာတို့၏ ညဉ့်သန့်စင်ရာ နေ့သန့်စင်ရာ၌ လည်းကောင်း၊ စင်္ကြံ၌ လည်းကောင်း၊ သခမ်း၌ လည်းကောင်း၊ ကျင်ကြီး, ကျင်ငယ်သွားရာအရပ်၌ လည်းကောင်း၊ ဤသို့အစရှိသော ခပ်သိမ်းသော အရပ်တို့၌ ကြိုးတန်းကို ဖွဲ့၏။ ဘုရားလောင်းသည် ထိုနေ့မှစ၍ အမိ, အဖတို့ကို (အဿမပဒ်) သခမ်း၌ထား၍ မိမိသည် တောသစ်မြစ်, တောသစ်သီးကို ရှာချေ၍ စားစေ၏။

ဘုရားလောင်းသည် နံနက်စောစောကလျှင် အမိ, အဖတို့နေရာအရပ်ကို တံမြက်လှည်း၍၊ အမိ,အဖတို့ကို ရှိခိုးခဲ့ပြီးလျှင် အိုးကိုယူလျက် မိဂသမ္မတာမြစ်ကိုသွား၍ ရေကိုဆောင်ချေ၍ သောက်ရေ, သုံးဆောင်ရေကို ကပ်ပေ၏။ ဒန်ပူ[၇၇] မျက်သစ်ရေတို့ကိုပေး၍ ကောင်းမြတ်သောသစ်သီးကြီးငယ်တို့ကို စားစေ၏။ အမိ, အဖတို့သည် ခံတွင်းကိုလုတ်ဆေးပြီးလျှင် အမိ, အဖတို့၏အကြွင်းကို မိမိသည် စား၏။ အမိ, အဖတို့ကို ရှိခိုး၍ သမင်အပေါင်း ခြံရံလျက် သစ်သီးကြီးငယ်အလို့ငှာ တောသို့ဝင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဘုရားလောင်း တောသို့ဝင်သောအခါ တောင်ခြေရင်း၌နေကုန်သော ကိန္နရာ[၇၇]ကိန္နရီတို့သည် ဘုရားလောင်းကိုခြံရံ၍ သစ်သီးကြီးငယ်တို့ကိုဆွတ်ယူ၍ ဘုရားလောင်းအား ပေးကုန်၏။ ဘုရားလောင်းလည်း ညချမ်းသောအခါ ကျောင်းသခ်မ်းသို့လာ၍ သစ်သီးကြီးငယ်တို့ကို ကျောင်းသခ်မ်း၌ထားခဲ့ပြီးလျှင် ရေအိုးဖြင့် ရေကိုဆောင်ယူ၍ ရေချမ်းရေပူတို့ဖြင့် အမိ,အဖတို့ကို အလိုအားလျော်စွာ ရေချိုးခြင်းကို လည်းကောင်း၊ ခြေဆေးခြင်းကို လည်းကောင်း ပြု၍ မီးမယ်ဖျူး[၇၈]တို့ကို ကပ်ပေ၏။ ထို ဒုကူလ, ပါရိကာတို့သည် လက်ခြေတို့ကိုကင်၍, ဆုပ်နယ်၍ နေကုန်၏။ ထိုသို့နေကုန်သော အမိ,အဖတို့အား သစ်သီးကြီးငယ်တို့ကို ပေး၏။ အမိ,အဖတို့ စားပြီးသောအဆုံး၌ မိမိသည်စား၍ ကြွင်းသော သစ်သီးတို့ကို ထားပေ၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်လျှင် အမိ, အဖတို့ကို လုပ်ကျွေး၍ အမြဲနေ၏။

## ၃။ မြား ခ,တော်မူခန်း

ထိုအခါ ဗာရာသီပြည်၌ ပိဠိယက္ခမင်းသည် မင်းပြု၏။ ထို ပိဠိယက္ခမင်းသည် သမင်သားကိုစားကြူးသော ကြောင့် မယ်တော်အား ပြည်ကိုအပ်နှင်းခဲ့၍၊ မြမြစွာဖွဲ့အပ်သော ၅ပါးသောလက်နက် ရှိသည်ဖြစ်၍ ဟိမဝန္တာသို့ ဝင်၍ သမင်တို့ကိုသတ်ပြီးလျှင် သမင်သားကိုစားလျက်၊ မိဂသမ္မတာမြစ်သို့ရောက်လတ်၍ အစဉ်သဖြင့် သွားလေသည်ရှိသော် သုဝဏ္ဏသာမ၏ရေခပ်ဆိပ်သို့ ရောက်လေ၏။

ထိုအခါ ပိဠိယက္ခမင်းသည် ရေဆိပ်၌ သမင်ခြေရာကိုမြင်လျှင် မြအဆင်းနှင့် တူသော အဆင်းရှိကုန်သော သစ်ခက်တို့ဖြင့်အုံဖွဲ့၍ လေးတင်လျက် အဆိပ်လူးသောမြားကိုကိုင်လျက် ထိုအုံ၌ ပုန်း၍နေ၏။ ဘုရားလောင်းသည် ညချမ်းသောအခါ တောသစ်မြစ်, တောသစ်သီးတို့ကိုဆောင်ယူခဲ့၍၊ ကျောင်းသခ်မ်း၌ထားခဲ့ပြီးလျှင် မယ်တော်, ခမည်းတော်တို့ကိုရှိခိုး၍ ရေချိုးအံ့သောငှာ သောက်ရေအိုးကိုယူ၍ များစွာသောသမင်အပေါင်းခြံရံလျက် ၂ခုသော သမင်တို့ကို ဘာပေါင်းတည်းပြုပြီးလျှင် ထို သမင်၂စီးတို့၏ကျောက်ကုန်းထက်၌ သောက်ရေအိုးကိုတင်၍ လက်ကိုင်လျက် မြစ်ဆိပ်သို့သွားလေ၏။

ပိဠိယက္ခမင်းသည်လည်း ထိုအုံ၌တည်လျက်လျှင် များစွာသောသမင်အပေါင်းခြံရံလျက် တင့်တယ်စွာသော ဘုရားလောင်း သုဝဏ္ဏသာမကိုမြင်လျှင် 'ငါသည် ဤမျှလောက်သော ကာလပတ်လုံး ဟိမဝန္တာသို့ သွားသော်လည်း လူမည်သည်ကို မမြင်စဘူး။ ဤသူကား လူလော, နတ်လော, နဂါးလော ဟု အနီးသို့ကပ်၍ ငါ မေးချေအံ့။ နတ်ဖြစ်လျှင်လည်း ကောင်းကင်သို့ ပျံလတ္တံ့။ နဂါးဖြစ်လျှင်လည်း မြေကို လျှိုးလတ္တံ့။ ငါသည်လည်း အခါခပ်သိမ်း ဟိမဝန္တာမှ ဗာရာဏသီပြည်သို့ သွားပြန်ရလတ္တံ့။ ထိုဗာရာဏသီပြည်၌ အမတ်,စစ်သူကြီး အစရှိကုန်သောသူတို့သည် ငါ့အား မေးကုန်လတ္တံ့။ 'မြတ်သောမင်းကြီး။ ဟိမဝန္တာ၌နေသော အရှင်မင်းကြီးသည် တစ်စုံတစ်ခုသော အံ့ဖွယ်သရဲ မမြင်ဘူးသည်ကို မြင်ခဲ့သလော'ဟု မေးကုန်လတ္တံ့။ ထိုသို့မေးသောအခါ 'ဤသို့သဘောရှိသော သတ္တဝါကို မြင်၏'ဟု ဆိုချေအံ့။ 'ထိုသတ္တဝါကား အဘယ်မည်သော သတ္တဝါနည်း'ဟု မေးသည်ရှိသော် 'အဘယ်သတ္တဝါမှန်းကို ငါမသိ'ဟု ဆိုကုန်အံ့။ ငါ့ကို အမတ်, စစ်သူကြီးအစရှိသော ပြည်သူ ပြည်သားတို့ ကဲ့ရဲ့ကုန်ရာ၏။ ထို့ကြောင့် ဤသူကို မြားဖြင့်ပစ်၍ အားနည်းအောင်ပြုပြီးမှ မေးအံ့'ဟုကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြံသောအခါ သမင်အပေါင်းတို့သည် ဘုရားလောင်း၏ရှေးဦးစွာသက်၍ ရေသောက်ပြီးလျှင် ရေမှတက်ကုန်သည်ရှိသော် ဘုရားလောင်းသည် ကောင်းစွာသင်အပ်သော အကျင့်ရှိသော မဟာထေရ်ကြီးကဲသို့ အသာအယာဆင်းသက်၍ ရေချိုးပြီးလျှင် တစ်ဖန် ရေမှတက်၍ ချိပ်ရည်ကဲ့သို့ရဲရဲနီသော ညှံ့သက်သိမ်မွေ့စွာ အတွေ့ရှိသော လျှော်တေသင်္ကန်း"တစ်ထည်ကို ဝတ်ပြီးလျှင် တစ်ထည်သောလျှော်တေသင်္ကန်းကို လက်ကန်တော့ စံပယ်တင်ဝတ်ရုံ၍၊ သစ်နက်ရေကို လက်ဝဲပခုံးထက်၌ ဒုကုဋ်တင်ပြီးလျှင် သောက်ရေအိုးကိုချီ၍ ရေကိုခပ်၍ လက်ဝဲပခုံးထက်၌ ထား၏။

ထိုသို့ထားသောအခါ ပီဠိယက္ခမင်းသည် 'ယခု ငါ့အား ပစ်အံ့သောအခါ တန်ပြီ'ဟု အဆိပ်လူးသောမြားကို တင်၍ ဘုရားလောင်း၏လက်ယာနံပါး၌ ပစ်လေ၏။ ထိုသို့ပစ်သောမြားသည် လက်ဝဲနံပါးဖြင့် ထွက်လေ၏။

ထိုအခါ ဘုရားလောင်းအား ပစ်မိသောအဖြစ်ကိုသိ၍ သမင်အပေါင်းတို့သည် ကြောက်လန့်ကုန်သည် ဖြစ်၍ ပြေးကြလေကုန်၏။

သုဝဏ္ဏသာမသုခမိန်သည် ပစ်မိသော်လည်း ရေအိုးကို မလွှတ်စေမူ၍ သတိကိုဖြစ်စေ လျက် အသာချပြီးလျှင် သဲကိုယက်၍ ရေအိုးကိုထား၏။ ထိုသို့ အိုးကိုအသာချပြီးမှ အရပ်မျက်နှာမှတ်၍ ဤအရပ်သည် 'ငါ၏ မယ်တော်, ခမည်းတော်တို့ အရပ်တည်း'ဟု မယ်တော်, ခမည်းတော်တို့နေရာအရပ်ကို ဦးခေါင်းပြုလျက် ငွေအဆင်းနှင့်တူသော ဖြူစင်လှစွာသောသဲပြင်၌ ရွှေဆင်းတုကဲ့သို့အိပ်၍ သတိကိုဖြစ်စေလျက် ငါးပါးသောရှိခိုးခြင်းဖြင့် မယ်တော်, ခမည်းတော်တို့ကိုရှိခိုး၍ ဤသို့မြည်တမ်း၏။

"ဤဟိမဝန္တာအရပ်၌ ငါ၏ ရန်သူလည်း မရှိ။ မိခင်, ဖခင်တို့၏ ရန်သူလည်း မရှိ"ဟုဆို၍ ခံတွင်းဖြင့် သွေးကိုစွန့်၍ မင်းကိုမမြင်ဘဲလျက်လျှင် ရှေးဦးစွာ

'ကော နု မံ ဥသုနာ ဝိဇ္ဈိ၊ ပမတ္တံ ဥဒဟာရကံ၊

ခတ္တိယော ဗြာဟ္မဏော ဝေဿာ၊ ကော မံ ဝိဒ္ဓါ နိလီယသိ။ ။' ဟူသောဂါထာကို ဆို၏။

ဘော၊ အို အချင်း။ ပမတ္တံ၊ မေတ္တာဘာဝနာ မေ့လျော့သတိပေါ့လျက်။ ဥဒဟာရကံ၊ ရေခပ်လာသော။ မံ၊ ငါ့ကို။ ကော၊ အဘယ်သူသည်။ ဥသုနာ၊ မြားဖြင့်။ ဝိဇ္ဈိနု၊ ပစ်ဘိလေသနည်း။ ခတ္တိယော၊ မင်းလော, ဗြာဟ္မဏော, ပုဏ္ဏားလော။ ဝေဿာ၊ ကုန်သည်လော။ ကော၊ အဘယ်သူသည်။ မံ၊ ငါ့ကို။ ဝိဒ္ဓါ၊ ပစ်၍။ နိလီယသိ၊ ပုန်း၍နေဘိသနည်း။

အဓိပ္ပာယ်ကား "အို-အချင်း။ မေတ္တာဘာဝနာ မေ့လျော့သတိပေါ့လျက် ရေခပ်လာသောငါ့ကို အဘယ်သူသည် မြားဖြင့် ပစ်ဘိသနည်း။ မင်းလော, ပုဏ္ဏားလော, ကုန်သည်လော။ အဘယ်သူသည် ငါ့ကို မြားဖြင့်ပစ်၍ ပုန်းဘိသနည်း"ဟု ဆို၏။

ဤသို့ မြားဖြင့်ပစ်သောသူ၏အမည်ကို မေးပြီးလျှင် တစ်ဖန် မိမိအသားကို မစားကောင်းဟု သမုတ်အပ်သောအဖြစ်ကို ပြအံ့သောငှာ-

'န မေ မံသာနိ ခဇ္ဇာနိ၊ စမ္မေနတ္ထော နဝိဇ္ဇတိ။

အထ ကေနနု ဝဏ္ဏေန၊ ဝိဒ္ဓေယျံ မံ အမညထ။ ။' ဟူသောဂါထာကို ဆို၏။

ဘော၊ အို-အချင်း။ မေ၊ ငါ၏။ မံသာနိ၊ အသားတို့ကို။ နခဇ္ဇာနိ၊ စားလည်း မစားကောင်းကုန်တကား။ စမ္မေန၊ အရေဖြင့်လည်း။ အတ္ထော၊ အကျိုးသည်။ နဝိဇ္ဇတိ၊ မရှိခဲ့တကား။ အထ၊ ထိုသို့ဖြစ်လျက်။ ကေနုဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ မံ၊ ငါ့ကို။ ဝိဒ္ဓေယျံ၊ ပစ်အပ်၏ဟူ၍။ အမညထ၊ အောက်မေ့ဘိသနည်း။



www.burmeseclassic.com

www.burmeseclassic.com



အမိပွာယ်ကား– "အို–အချင်း။ ငါ၏အသားကို စားလည်း မစားကောင်းပါတကား။ အရေဖြင့်လည်း အကျိုးမရှိနဲ့တကား။ ထိုသို့ အကျိုးမရှိဘဲလျက် အဘယ်အကြောင်းကြောင့် ငါ့ကို ပစ်အပ်၏ဟု မောင် အောက်မေ့ဘိသနည်း" ဟုဆို၏။

## ၄။ ပီဠိယက္ခမင်းနှင့် စကားဆိုခန်း

ဤသို့ ဘုရားလောင်းသည် ၂ခုမြောက်သောဂါထာဖြင့် ဆိုပြီး၍ တစ်ဖန် ထိုပစ်သောသူကိုပင်လျှင် အမျိုးအမည်အားဖြင့် မေးလိုသောကြောင့်–

'ကောဝါ တွံ ကဿဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။

ပုဋ္ဌောမေ သမ္မ အက္ခာဟိ၊ ကိံမံ ဝိဒ္ဓါ နိလီယသိ။ ။'ဟူသော ဂါထာကို ဆိုလေ၏။

သမ္မ၊ အချင်း။ တွံ၊ သင်ကား။ ကောဝါ၊ အဘယ်သူနည်း။ ကဿ၊ အဘယ်သူ၏။ ပုတ္တော၊ သားနည်း။ ကထံ၊ အသို့မူ၍။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ဇာနေမု၊ သိရကုန်အံ့နည်း။ ပုဋ္ဌော၊ မေးအပ်သောသင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။ ကိံ၊ အဘယ်ကြောင့်။ မံ၊ အကျွန်ုပ်ကို။ ဝိဒ္ဓါ၊ ပစ်၍။ နိလီယသိ၊ ပုန်းလေဘိသနည်း။

ထိုသို့ အမျိုးအမည်ကိုမေးပြီးလျှင် ဘုရားလောင်းသည် ဆိတ်ဆိတ်နေလေ၏။

ထိုအခါ ပီဠိယက္ခမင်းသည် ဘုရားလောင်းဆိုသောစကားကိုကြား၍ 'ဤယောကျ်ားကား ငါသည် အဆိပ်လူးသောမြားဖြင့် ပစ်၍သော်လည်း ငါ့ကို မဆဲရေး မရေရွတ်။ ငါ၏နှလုံးကို ဆုပ်နယ်ဘိသကဲ့သို့ ချစ်ဖွယ်စကားကိုသာ ဆို၏။ ထိုယောကျ်ား၏အထံသို့ သွားအံ့'ဟု ကြံပြီးလျှင်၊ ဘုရားလောင်း၏အထံ၌ ရပ်လျက်–

'ရာဇာဟမသ္မိ ကာသီနံ၊ ပီဠယက္ခောတိ မံ ဝိဒူ။

လောဘာ ရဋ္ဌံ ပဟတ္တွာန၊ မိဂ မေသံ စရာမဟံ။ ။

'ဣဿတ္ထေစသ္မိ ကုသလော၊ ဒဠှဓမ္မောတိ ဝိဿုတော။

နာဂေါပိမေ နမုစ္စေယျ၊ အာဂတော ဥသုပါတနံ။ ။'ဟူသော ၂ဂါထာကို ဆို၏။

ဘောမာဏဝ၊ အို–လုလင်။ အဟံ၊ ငါကား။ ကာသီနံ၊ ကာသိကရာဇ်ပြည်သူတို့၏။ ရာဇာ၊ မင်းသည်။ အသ္မိ၊ ဖြစ်၏။ ပီဠိယက္ခောတိ၊ ပီဠယက္ခဟူ၍။ မံ၊ ငါ့ကို။ ဝိဒူ၊ လူတို့သိကုန်၏။ လောဘာ၊ သမင်သားကို စားကြူးသောကြောင့်။ ရဋ္ဌံ၊ ပြည်တိုင်းကားကို။ ပဟတ္တွာန၊ စွန့်ခဲ့၍။ မိဂံ၊ သမင်ကို။ ဧသံ–ဧသန္တော၊ ရှာလျက်။ အဟံ၊ ငါသည်။ စရာမိ၊ သွား၏။

အဟံ၊ ငါကား။ ဣဿတ္ထေစ၊ လေးအတတ်၌လည်း။ ကုသလော၊ လိမ္မာသည်။ အသ္မိ၊ ဖြစ်၏။ ဒဠှဓမ္မောတိ၊ ကြမ်းတမ်းသောလေးကို တင်နိုင်,ချနိုင်သောမင်း ဟူ၍။ ဝိဿုတော၊ ကျော်စော၏။ မေ၊ ငါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥသုပါတနံ၊ မြားကျရာအရပ်သို့။ အာဂတော၊ လာသော။ နာဂေါပိ၊ ဆင်ပြောင်"သော်လည်း။ နမုစ္စေယျ၊ မလွတ်နိုင်ရာ။

အမိပွာယ်ကား–"အို–လုလင်။ ငါကား ကာသိကရာဇ်ပြည်သူတို့၏နှလုံးကို ပွားစေတတ်သော မင်းတည်း။ ပီဠိယက္ခမင်းဟူ၍ လူတို့သည် သိကုန်၏။ သမင်သားကို စားကြူးသောကြောင့် ပြည်တိုင်းကားကိုစွန့်ခဲ့၍ သမင်ကိုရှာလျက် ငါ သွား၏။ လေးအတတ်၌လည်း လိမ္မာ၏။ ကြမ်းတမ်းသောလေးကို တင်နိုင်ချနိုင်သော မင်းဟူ၍ ကျော်စောထင်ရှား၏။ ငါ၏မြားကျရာအရပ်သို့ လာသည်ရှိသော် ဆင်ပြောင်သော်မှလည်း မလွတ်နိုင်ရာ" ဟူ၍ မိမိအစွမ်းကိုပြ၍ ချီးမွမ်း၏။

ဤသို့ ပီဠိယက္ခမင်းသည် မိမိအစွမ်းကိုချီးမွမ်းပြီးလျှင် ဘုရားလောင်း၏အမျိုးအမည်ကို မေးလို၍–

'ကောဝါ တွံ ကဿဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ။

ပိတုနော အတ္တနော စာပိ၊ နာမဂေါတ္တံ ပဝေဒယ။ ။' ဟူသောဂါထာကို ဆို၏။ အမိပွာယ်ကား–

"အို–လုလင်။ သင်ကား အဘယ်သူနည်း။ အဘယ်သူ၏သားနည်း။ အသို့မူ၍ သင့်ကို ငါတို့ သိရကုန်အံ့နည်း။ အမိအဖ၏ လည်းကောင်း, မိမိ၏လည်းကောင်း အမျိုးအမည်ကို ကြားဘိလော့"ဟု ဆို၏။

ထိုသို့ဆိုသော ပီဠိယက္ခမင်းကြီး၏စကားကိုကြားလျှင် ဘုရားလောင်းသည် ဤသို့ကြံ၏၊

'အကယ်၍ ငါသည် နဂါး, ကိန္နရာ, မင်း အစရှိသောသူတို့တွင် တစ်ယောက်ယောက်သော သူတည်းဟု ဆိုချေအံ့။ ဤမင်းကြီးသည် ငါ့စကားကို ယုံလေရာ၏။ ထိုသို့ယုံလေငြားသော်လည်း ယခုအခါ ထိုမင်းကြီးအား မှန်သောစကားကိုသာလျှင် ဆိုအံ့သောငှာအပ်၏'ဟု ကြံ၍–

'နေသာဒပုတ္တော ဘဒ္ဒန္တေ၊ သာမောဣတိ မံ ဉာတယော။
အာမန္တာယိံသု ဇီဝန္တံ၊ သွဇ္ဇေဝဂ်တေ သယေ။ ။
'ဝိဒ္ဓေါသ္မိ ပုထုသလ္လေန၊ သဝိသေန ယထာမိဂေါ။
သကမှိ လောဟိတေ ရာဇ၊ ပဿ သေမိ ပရိပ္လုတော။ ။
'ပဋိဝမ္မဂတံ သလ္လံ၊ ပဿ. မိမှာမိ လောဟိတံ။
အာတုရော တျာနပုစ္ဆာမိ၊ ကိံ မံ ဝိဒ္ဓါ နိလီယသိ။
'အဇိနမှိ ဟညတေ ဒီပိ၊ နာဂေါ ဒန္တေဟိ ဟညတေ။

အထ ကေန နု ဝဏ္ဏေန၊ ဝိဒ္ဓေယျံ မံ အမညထ။ ။' ဟူသော ၄ ဂါထာကို ဆို၏။ အမိပွာယ်ကား–

"ကာသိကရာဇ် ပြည်ကြီးသခင်ဖြစ်တော်မူသော အရှင်မင်းမြတ်။ ငါကား တံငါသားတည်း။ သုဝဏ္ဏသာမ ဟူ၍ အသက်ရှည်သောအမိ,အဖတို့သည် ငါ့ကို ခေါ်ကုန်၏။ ထိုငါသည် ယခု သေအံ့သောဘဝ၏ အနီးသို့ ရောက်သည်ဖြစ်၍ အိပ်ရ၏။

"ကာသိကရာဇ်ပြည်ကြီးကို အစိုးရတော်မူသောအရှင်မင်းမြတ်။ ငါ့ကို အဆိပ်လူးသောမြားဖြင့် သမင်ကိုပစ်သကဲ့သို့ ပစ်သည်ဖြစ်၍ ငါသည် မိမိသွေး၌နစ်လျက် အိပ်သည်ကို အရှင်မင်းကြီး ကြည့်ရှုတော်မူလော့။

"လက်ယာနံတောင်းဖြင့်ဝင်၍ လက်ဝဲနံတောင်းဖြင့်ထွက်လေသော မြားကိုလည်း ' အရှင်မင်းကြီး ရှုတော်မူလော့။ ခံတွင်းဖြင့် သွေးကို ထွေးရသည်ကိုလည်း အရှင်မင်းကြီး ရှုတော်မူလော့။ အလွန်နာကျင်လျက် အရှင်မင်းကြီးအား အကျွန်ုပ်မေးပါအံ့။ အဘယ့်ကြောင့် အကျွန်ုပ်ကို ပစ်၍ ပုန်းပါသနည်း။



www.burmeseclassic.com

"သစ်ကိုမူကား အရေကိုလိုသောကြောင့် ပစ်သတ်ရာ၏။ ဆင်ပြောင်ကိုမူကား အစွယ်ကိုလိုသောကြောင့် ပစ်သတ်ရာ၏။ အဘယ်အကြောင်းကြောင့် အကျွန်ုပ်ကို ပစ်အပ်၏ဟူ၍ အရှင်မင်းကြီးသည် အောက်မေ့တော်မူဘိသနည်း"

ဤသို့ ဘုရားလောင်းသုဝဏ္ဏသာမသည် သတိကို ထင်စွာဖြစ်စေလျက်, အလွန်နာကျင်လျက်, ခံတွင်းဖြင့် သွေးကိုစွန့်လျက် "အကျွန်ုပ်ကိုပစ်၍ အရှင်မင်းကြီး အဘယ့်ကြောင့် ပုန်း၍နေဘိသနည်း"ဟု ဆို၏။

ထိုသို့ ဘုရားလောင်းဆိုသောစကားကို ကြားလျှင် ပိဠိယက္ခမင်းကြီးသည် ဟုတ်မှန်သောအတိုင်း မကြားမူ၍ မမှန်သောစကားကို ဆိုလိုသောကြောင့်–

'မိဂေါ ဥပဋ္ဌိတော အာသိ၊ အာဂတော ဥသုပါတနံ၊

တံ ဒိသွာ ဥဗ္ဗိဇိ သာမ၊ တေန ကောဓော မမာဝိသိ။' ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"သုဝဏ္ဏသာမ။ ငါ၏မြားကျရာသို့ လာသောသမင်သည် သင်၏အနီးအပါး၌ တည်သည်ဖြစ်၍ သင့်ကိုမြင်၍ လန့်လေ၏။ ထိုသို့လန့်သောကြောင့် အမျက်သည် ငါ့ကို ဖုံးလွှမ်းနှိပ်စက်လေ၏"ဟု ဆို၏။

ထိုသို့ဆိုသော ပိဠိယက္ခမင်းကြီး၏စကားကိုကြားလျှင် ဘုရားလောင်းသုဝဏ္ဏသာမသည်

"ကာသိကရာဇ်ပြည်ကြီးသခင်ဖြစ်တော်မူသော အရှင်မင်းကြီး။ အဘယ်သို့ ဆိုတော်မူသနည်း။ ဤဟိမဝန္တာတောအရပ်၌ အကျွန်ုပ်ကို မြင်၍ပြေးသော သားသမင်မည်သည် မရှိ"ဟု ဆိုလိုသောကြောင့်–

'ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။

န မံ မိဂါ ဥတြာသန္တိ၊ အရညေ သာပဒါနိပိ။ ။

'ယတော နိဓိံ ပရိဟရိံ၊ ယတော ပတ္တောသ္မိ ယောဗ္ဗနံ။

န မံ မိဂါ ဥတြာသန္တိ၊ အရညေ သပဒါနိပိ။ ။

'ဘိရူ ကိံ ပုရိသာ ရာဇ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။

သမ္မောဒ မာနာ ဂစ္ဆာမ၊ ပဗ္ဗတာနိ ဝနာနိစ။ ။

'န မံ မိဂါ ဥတြာသန္တိ၊ အရညေ သပဒါနိပိ။

အထ ကေန နု ဝဏ္ဏေန၊ ဥတြာသန္တိ မိဂါ မမံ။ ။' ဟူသော ၄ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"မြတ်သောမင်းကြီး။ အကြင်အခါမှစ၍ မိမိကိုယ်ကို အောက်မေ့၏။ အကြင်အခါမှစ၍ သိ ကြား လိမ္မာသောအဖြစ်သို့ ရောက်၏။ ထိုအခါမှစ၍ သမင်တို့သည် လည်းကောင်း, သားရဲတို့သည် လည်းကောင်း ငါ့ကိုမြင်၍ မလန့်ကြကုန်"

"မြတ်သောမင်းကြီး။ အကြင်အခါမှစ၍ ဖန်ရည်စွန်း^{ဂ}သော လျှော်တေသင်္ကန်းကို ဝတ်၏။ အကြင်အခါမှစ၍ ကြီးသောအရွယ်သို့ ရောက်၏။ ထိုအခါမှစ၍ သမင်တို့သည် လည်းကောင်း, သားရဲတို့သည် လည်းကောင်း ငါ့ကိုမြင်၍ မလန့်ကြကုန်။

"မြတ်သောမင်းကြီး။ ဂန္ဓမာဒနတောင်ထိပ်၌ ကိန္နရာတို့သည် ကြောက်တတ်သောသဘော ရှိကုန်၏။ ထိုကိန္နရာတို့သည် ငါ့နှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ တောသို့လည်းကောင်း, တောင်သို့လည်းကောင်း သွားကြကုန်၏"

"ထိုသို့ ဝမ်းမြောက်ဝမ်းသာ အတူတကွသွားကြကုန်လျက် အဘယ့်ကြောင့် သမင်တို့သည် ငါ့ကိုမြင်၍ ကြောက်ကုန်လတ္တံ့နည်း"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုသော ဘုရားလောင်း၏စကားကိုကြားလျှင် ပီဠိယက္ခမင်းကြီးသည် 'အပြစ်မရှိသော ဤသုဝဏ္ဏသာမကို ငါပစ်၍ မမှန်သောစကားကို ဆို၏။ ယခု မှန်သောစကားကို ဆိုခြင်းသည်လျှင် သင့်သည်သာတည်း'ဟု ကြံ၍–

'န တံ တသ မိဂါ သာမ၊ ကိန္တာဟံ အလိကံ ဘဏေ၊

ကောဓ လောဘာ ဘိဘူတောဟံ၊ ဥသုံ တေ တံ အဝဿဇိံ ။ ။' ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သုဝဏ္ဏသာမ။ သင့်ကိုမြင်၍ သမင်သည် မလန့်ပေ။ အဘယ့်ကြောင့် သင်အား ငါသည် မမှန်သောစကားကို ဆိုအံ့နည်း။ အမျက်ဒေါသ, လောဘဖြင့် နှိပ်စက်သည်ဖြစ်၍ မြားဖြင့်လွှတ်မိ၏"ဟူသော စကားကိုဆိုပြီးလျှင်၊ 'ဤသုဝဏ္ဏသာမသည် ဤဟိမဝန္တာတောအရပ်၌ တစ်ယောက်အထီးတည်းသာ မနေရာ။ ထိုသုဝဏ္ဏသာမ၏ မိဘဆွေမျိုးတို့သည် ရှိရာ၏။ တစ်ဖန် သုဝဏ္ဏသာမကို မေးအံ့' ဟု ကြံ၍–

'ကုတော နု သာမ အာဂမ္မ၊ ကဿဝါ ပဟိတော တုဝံ၊

ဥဒဟာရော နဒိံ ဂစ္ဆ၊ အာဂတော မိဂသမ္မတံ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"အချင်းသုဝဏ္ဏသာမ။ အဘယ်အရပ်မှ လာသနည်း။ 'မြစ်သို့ ရေခပ်ချေ'ဟု အဘယ်သူစေသောကြောင့် သင်သည် ဤမိဂသမ္မတာမြစ်သို့ လာသနည်း"ဟု မေး၏။

ထိုသို့မေးသော ပီဠိယက္ခမင်းကြီး၏စကားကိုကြားလျှင် ဘုရားလောင်းသည် ဆင်းရဲဝေဒနာကို သည်းခံ၍ ခံတွင်းဖြင့် သွေးကိုစွန့်ပြီးလျှင်–

'အန္ဓာ မာတာပိတာ မယှံ၊ တေ ဘရာမိ ဗြဟာဝနေ။

တေသာဟံ ဥဒကဟာရော၊ အာဂတော မိဂသမ္မတံ။ ။' ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ဗာရာဏသီပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ အကျွန်ုပ်၏ အမိ, အဖတို့သည် ကန်းကုန်၏။ ထို ကန်းကုန်သော အမိ, အဖတို့ကို ဟိမဝန္တာ ကျယ်စွာသောတောကြီး၌ အကျွန်ုပ် မွေးကျွေး၏။ ထို အမိ, အဖတို့အား ရေကို အလိုရှိသည်ဖြစ်၍ အကျွန်ုပ်သည် ဤမိဂသမ္မတာမြစ်သို့ လာသတည်း"ဟုဆို၏။

ဤစကားကို ဆိုပြီးလျှင် အမိ,အဖတို့၏ ကျေးဇူးကြီးမားသောအဖြစ်တို့ကို အကြောင်းပြု၍ ငိုကြွေးမြည်တမ်းလိုသောကြောင့်–

'အတ္ထိ နေသံ ဥသာမတ္တံ၊ အထ သာဟာယ ဇီဝိတံ။

ဥဒကဿ အလာဘေန၊ မညေ အန္ဓာ အရိယရေ။ ။

'န မေ ဣဒံ တထာ ဒုက္ခံ၊ လဗ္ဘာ ဟိ ပုမုနာ ဣဒံ။

ယဉ္စ အမ္မံ န ပဿာမိ၊ တံ မေ ဒုက္ခတရံ ဣတော။ ။

'န မေ ဣဒံ တထာ ဒုက္ခံ၊ လဗ္ဘာ ဟိ ပုမုနာ ဣဒံ။

ယဉ္စ တာတံ နပဿာမိ၊ တံ မေ ဒုက္ခတရံ ဣတော။ ။

'သာ နူန ကပဏာ အမ္မာ၊ စိရရတ္တာယ ရုစ္ဆတိ။

အဍ္ဎရတ္တေဝ ရတ္တေဝါ၊ နဒီဝ အဝသုဿတိ။ ။

'သော နူန ကပဏော တာတော၊ စိရရတ္တာယ ရုစ္ဆတိ။

အဍ္ဎရတ္တေဝ ရတ္တေဝါ၊ နဒီဝ အဝသုဿတိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဥဏှာန ပါရိစရိယာယ၊ ရာဇ သမ္မာဟနသာစ၊
သာမ တာတ ဝိလပန္တာ၊ ဟိတ္ထာ္ဟိသန္တိ ဗြဟာဝနေ။ ။
'ဣဒံပိ ဒုတိယံ သလ္လံ၊ ကမ္ပေတိ ဟဒယံ မမ။
ယဉ္စ အန္ဓေ န ပဿာမိ၊ တံ မေ ဟိဿာမိ ဇီဝိတံ။ ။'ဟူသော ဂါထာတို့ကို ဆို၏။အဓိပ္ပာယ်ကား-

"ကာသိကရာဇ် ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ ဖရက် အသက်ရှည်သော အစာမျှသည် ထို မိခင်, ဖခင်တို့၌ ရှိရစ်၏။ သောက်ရေကို မရကုန်သော မိခင်, ဖခင်တို့သည် သေရစ်လေအံ့ဟူ၍ ငါ အောက်မေ့၏။

"ကာသိကရာဇ် ပြည်ကြီးသေဌ်နင်း ဖြစ်တော်မူသော အရှင်မင်းကြီး။ ဤ မြားမှန်သောဆင်းရဲထက် မိခင်, ဖခင်တို့ကို မမြင်ရခြင်းသည် အထူးဆင်းရဲ၏။ ဤ မြားမှန်သောဆင်းရဲကိုကား သံသရာ၌ကျင်လည်သော ယောကျ်ားတကာတို့သည် ခံရမြဲလျှင်တည်း။ ငါ၏ မိခင်, ဖခင်တို့ကို အကြင်ကြောင့် မမြင်ရ၊ ထိုသို့မမြင်ရခြင်းသည်ကား ငါ့အား ဤ မြားမှန်သောဆင်းရဲထက် လွန်သောဆင်းရဲ ဖြစ်ပါသတည်း။

"ကာသိကရာဇ် ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ ငါ့အား မြားမှန်သောဆင်းရဲသည် ဆင်းရဲမဟုတ်သေး။ ဤ မြားမှန်သောဆင်းရဲကိုကား သံသရာ၌ကျင်လည်သော ယောကျ်ားတကာတို့သည် ခံရမြဲလျှင်တည်း။ ငါ၏မိခင်, ဖခင်တို့ကို အသက်ရှင်စဉ် မမြင်ရသောအကြောင်းကြောင့် ထို မိခင်, ဖခင်တို့ကို မမြင်ရသောငါ့အား ဤမြားမှန်သောဆင်းရဲထက် အလွန်ဆင်းရဲ၏။

"ကာသိကရာဇ် ပြည်ကြီးသခင်ဖြစ်တော်မူသော အရှင်မင်းကြီး။ အထီးကျန်သော ထို မိခင်, ဖခင်တို့သည် အခါလေးမြင့်လျှင် ငိုကြွေးမြည်တမ်းရစ်လေအံ့သည်တကား။ သန်းခေါင်အခါ၌လည်းကောင်း, မိုးသောက်ယံအခါ၌လည်းကောင်း အမှန်တိုသောမြစ်ငယ်ကဲ့သို့ ခြောက်ထပ်လေအံ့သတည်း။

"ကာသိကရာဇ်ပြည်ကြီးကို ထီးဖြူအုပ်၍ မင်းလုပ်တော်မူသောအရှင်မင်းကြီး။ အကျွန်ုပ်သည် လုံ့လအားထုတ်၍ လုပ်ကျွေးခြင်းကို လည်းကောင်း, ခြေဆုပ်လက်နယ်ခြင်းကို လည်းကောင်း ပြု၏။ ဤယခုအခါ အကျွန်ုပ်ကို မမြင်ရသောကြောင့် 'ချစ်သား သုဝဏ္ဏသာမ'ဟု မြည်တမ်းကုန်လျက်၊ ဟိမဝန္တာတောကြီး၌ လှည့်လည်၍ သွားလေအံ့သည်တကား။

"မြတ်သောမင်းကြီး။ ရှေးဦးစွာဝင်သော ဆိပ်လူးမြားထက် အမိ, အဖတို့ကို မမြင်ရခြင်းကြောင့် ဖြစ်သော စိုးရိမ်ခြင်းတည်းဟူသောမြားသည် အဆအရာ, အဆအထောင်, အဆအသိန်း, အဆအသန်းမက လွန်စွာသော ဆင်းရဲခြင်းသည် ငါ့အား ဖြစ်သည်"ဟု ဆို၏။

ပီဠိယက္ခမင်းကြီးသည် ထိုဘုရားလောင်း၏ ငိုကြွေးမြည်တမ်းသောစကားကို ကြား၍

'ဤသုဝဏ္ဏသာမသည် စင်စစ်လျှင် မြတ်သောအကျင့်တည်းဟူသော သူတော်ကောင်းတို့၏တရား၌ တည်သည်သာဖြစ်၍ အမိ, အဖတို့ကို လုပ်ကျွေးပေသောသူတည်း။ ယခု ဤသို့သော ဆင်းရဲသို့ရောက်သော်လည်း ထို အမိ, အဖတို့၏အကျိုးငှာသာလျှင် ငိုကြွေးမြည်တမ်း၏၊ ဤသို့ကျေးဇူးနှင့် ပြည့်စုံသောသူ၌ ငါသည် ပြစ်မှားခြင်းကို ပြုမိ၏။ ထို့ကြောင့် ထိုသုဝဏ္ဏသာမကို နှစ်သိမ့်စေအံ့'ဟု ကြံ၍

'ငါ၏ ငရဲ၌ခံရသော မင်း၏အဖြစ်သည် အဘယ်ပြုလတ္တံ့နည်း။ ဤသုဝဏ္ဏသာမသည် လုပ်ကျွေးသော နည်းဖြင့်သာလျှင် ထိုသုဝဏ္ဏသာမ၏ အမိ,အဖတို့ကို ငါ လုပ်ကျွေးအံ့။ ဤသို့လုပ်ကျွေးသည်ရှိသော် ဤသုဝဏ္ဏသာမသည် သေခြင်းသို့ရောက်သော်လည်း မသေသကဲ့သို့ ဖြစ်လတ္တံ့သတည်း'ဟု ကြံ၍-



www.burmeseclassic.com

www.burmeseclassic.com



'မာတာဋ္ဌံ ပရိဒေဝေသိ၊ သာမ ကလျာဏဒဿန။
အဟံ ကမ္မကရော ဟုတွာ၊ ဘရိဿံ တေ ဗြဟာ၀နေ။ ။
'ဣဿတ္ထေစသ္မိ ကုသလော၊ ဒဠှဓမ္မောတိ ဝိဿုတော။
အဟံ ကမ္မကရော ဟုတွာ၊ ဘရိဿံ တေ ဗြဟာ၀နေ။ ။
'မဂါနံ ဝိဃာသ မန္ဒေသံ၊ ဝနမူလ ဖလာနိစ။
အဟံ ကမ္မကရော ဟုတွာ၊ ဘရိဿံ တေ ဗြဟာ၀နေ။ ။
'ကတမံ တံ ဝနံ သာမ၊ ယတ္ထ မာတာ ပိတာ တ၀၊
အဟံ တေ တထာ ဘရိဿံ၊ ယထာ တေ အဘရိ တုဝံ။ ။'ဟူသော ၄ ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား–

"ကောင်းသောအမြင်ရှိသော သုဝဏ္ဏသာမ။ ပြင်းစွာငိုကြွေးမြည်တမ်းခြင်းကို မပြုလင့်။ ငါသည် အမှုလုပ်ဆောင်သည်ဖြစ်၍ သင်၏အမိ,အဖတို့ကို တောကြီး၌ သင်ကဲ့သို့ မွေးပါအံ့။

"သုဝဏ္ဏသာမ။ ငါသည်ကား လေးအတတ်၌ လိမ္မာကျွမ်းကျင်၏။ ကြမ်းတမ်းသောလေး၊ကို တင်နိုင် ချနိုင်သောသူ ဟူ၍လည်း ကျော်စောထင်ရှား၏။ ငါသည် အမှုကို လုပ်ဆောင်သည်ဖြစ်၍ သင်၏အမိ, အဖတို့ကို တောကြီး၌ ကျွေးမွေးပါအံ့။

"သုဝဏ္ဏသာမ။ ခြသေ့်, သစ်, ကျားတို့ စားကြွင်းကို လည်းကောင်း၊ တောသစ်မြစ်, တောသစ်သီးတို့ကို လည်းကောင်း အစဉ်သဖြင့်ရှာ၍၊ ငါသည် အမှုကြီးငယ်ကိုပြုသည်ဖြစ်၍ သင်၏ အမိ,အဖတို့ကို တောကြီး၌ ကျွေးမွေးပါအံ့။

"သုဝဏ္ဏသာမ။ အကြင်တောအရပ်၌ သင်၏အမိ,အဖတို့ နေကုန်၏။ ထိုတောအရပ်သည် အဘယ်မှာနည်း။ သင်၏ အမိ,အဖတို့၏ အဆောက်အဦးဖြစ်သော ကျောင်းသင်္ခမ်း နေရာအရပ်သည် အဘယ်မှာနည်း။ သင် ပြသွန်ဦးလော့။ သင်၏အမိ,အဖတို့ကို ငါသည် သင်လုပ်ကျွေးသကဲ့သို့ လုပ်ကျွေး မွေးမြူပါအံ့"ဟု ဆို၏။

ထိုသို့ဆိုသော ပီဠိယက္ခမင်းကြီး၏စကားကိုကြားလျှင် ဘုရားလောင်းသုဝဏ္ဏသာမသည် "မြတ်သော မင်းကြီး။ သာဓု, သာဓု။ ကောင်းစွာ့, ကောင်းစွာ့။ ထိုသို့တပြီးကား ငါ၏မိခင်,ဖခင်တို့ကို မွေးတော်မူပါလော့"ဟု ဆိုပြီးလျှင်၊ ထိုပီဠိယက္ခမင်းကြီးအား ခရီးကို ညွှန်ကြားလိုသောကြောင့်–

'အယံ ဧကပဒီ ရာဇ၊ ယောယံ ဥဿီသကေ မမ။
ဣတော ဂန္တွာ အမုကောသံ၊ ယတ္ထ တေသံ အဂါရကံ။
တတ္ထ မာတာပိတာ မယှံ၊ တေ ဘရဿု ဣတော ဂတော။ ။' ဟူသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား–

"ကာသိကရာဇ် ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းမြတ်။ ငါ၏ဦးခေါင်းရင်း၌ တစ်ယောက်သွား လောက်ရုံသော ခရီးသည် ရှိ၏။ ဤအရပ်မှ တစ်ခေါ်ခွဲ မျှလောက်သောအရပ်သို့ သွား၍ အကြင်အရပ်၌ ငါ၏မယ်တော်, ခမည်းတော်တို့သည် နေကုန်၏။ ငါတို့တောအရပ်၌ ငါ၏မယ်တော်, ခမည်းတော်တို့ သင်္ခမ်းသည် ရှိ၏။ ထို ငါ၏ မယ်တော်, ခမည်းတော်တို့ကို အရှင်မင်းကြီးသည် ဤမိဂသမ္မတာမြစ်မှ သွားလေ၍ မွေးတော်မူပါလော့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဘုရားလောင်းသုဝဏ္ဏသာမသည် ပိဠိယက္ခမင်းကြီးအား သွားအံ့သောခရီးကို ညွှန်ကြား၍ အမိ, အဖတို့၌ ပြင်းစွာသောချစ်ခြင်းဖြင့် မြားမှန်သောကြောင့်ဖြစ်သော ဆင်းရဲဝေဒနာကို သည်းခံ၍ ထိုမိခင်, ဖခင်တို့ကို မွေးစိမ့်သောငှာ လက်အုပ်ချီ၍ တောင်းပန်လိုသောကြောင့်–

'နမော တေ ကာသိရာဇတ္ထု၊နမော တေ ကာသိဝဍ္ဎန၊

အန္ဓာ မာတာ ပိတာ မယှံ၊ တေ ဘရဿု ဗြဟာဝနေ။ ။

'အဉ္ဇလိံ တေ ပဂ္ဂဏှာမိ၊ ကာသိရာဇ နမတ္ထု တေ။

မာတရံ ပိတရံ မယှံ၊ ဝုဍ္ဎော ဝဍ္ဎာသိ ဝန္ဒနံ။ ။' ဟူသော ၂ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ် ပြည်ကြီးသခင် ဖြစ်တော်မူသောအရှင်မင်းကြီး။ အရှင်မင်းကြီးအား ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ ကာသိကရာဇ်ပြည်သူတို့၏ အစီးအပွားကိုဆောင်တတ်သော အရှင်မင်းကြီး။ အရှင်မင်းကြီးအား ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ ငါ၏မိခင်, ဖခင်တို့သည် ကန်းခဲ့ကုန်၏။ ထို ကန်းကုန်သော မိခင်, ဖခင်တို့ကို ဤဟိမဝန္တာတောကြီးအလယ်၌ မွေးတော်မူပါလော့။

"ကာသိကရာဇ် ပြည်သူတို့၏နှလုံးကို ပွားစေတတ်သော အရှင်မင်းကြီးအား လက်အုပ်ချီ၍ ရှိခိုးပါ၏။ ငါ၏မယ်တော်ကို လည်းကောင်း, ခမည်းတော်ကို လည်းကောင်း 'သင်တို့၏သားဖြစ်သော သုဝဏ္ဏသာမသည် မိဂသမ္မတာမြစ်နား၌ အဆိပ်လူးသောမြားဖြင့်ပစ်မိ၍ ဤပြောအဆင်းနှင့်တူသော သဲစု၌ လက်ယာနံတောင်းဖြင့် လျောင်းသည်'ဖြစ်၍၊ လက်အုပ်ချီလျက် အရှင်မင်းကြီး အကျွန်ုပ်မှာလိုက်အပ်သည်ဖြစ်၍ မိခင်,ဖခင်တို့အား ရှိခိုးခြင်းကို ပြောပါလေလော့"ဟု ဆို၏။

## ၅။ သုဝဏ္ဏသာမ မိန်းမောခန်း

ထိုအခါ ပိဠိယက္ခမင်းကြီးသည် ဘုရားလောင်းသုဝဏ္ဏသာမ၏စကားကိုကြားလျှင် "ကောင်းပါပြီ သုဝဏ္ဏသာမ။ သင် မှာလိုက်သည့်အတိုင်း သင်၏မိခင်,ဖခင်တို့ကို ငါပြောအံ့"ဟု ဝန်ခံ၏။ ဘုရားလောင်း သုဝဏ္ဏသာမသည်လည်း အမိ, အဖတို့အား ရှိခိုးခြင်းကိုမှာလိုက်ပြီးလျှင် မိန်းမောခြင်းသို့ ရောက်လေ၏။

ထိုသို့ မိန်းမောသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'ဣဒံ ဝတွာန သော သာမော၊ ယုဝါ ကလျာဏဒဿနော။

မုစ္ဆိတော ဝိသဝေဂေန၊ ဝိသညီ သမပဇ္ဇထ။ ။'ဟူသောဂါထာကို မိန့်တော်မူ၏။ အဓိပ္ပာယ်ကား–

"သံသရာရေး လာမည့်ဘေးကို တုန်အေးကြောက်လှသော ချစ်သားရဟန်းတို့။ နုနုနယ်နယ် လုလင်ငယ်ဖြစ်သောကြောင့် ကောင်းသောအမြင်ရှိသော သုဝဏ္ဏသာမသည် ဤသို့ မိခင်, ဖခင်တို့အား ရှိခိုး၏ ဟူသော စကားကိုဆိုပြီးလျှင် အဆိပ်၏အဟုန်ဖြင့် မိန်းမောသည်ဖြစ်၍ အမှတ်မရခြင်းသို့ ရောက်လေ၏။ ထိုသို့ ဘုရားလောင်းသုဝဏ္ဏသာမသည် ဤမျှသောစကားကို ဆိုပြီးလျှင် ထွက်သက်,ဝင်သက် ချုပ်သကဲ့သို့ အမှတ်မရဘဲ စကားမဆိုနိုင် ရှိလေ၏"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြစ်ခြင်းသည်ကား ထိုသုဝဏ္ဏသာမ၏ အဆိပ်ပြင်းသောအဟုန်ဖြင့် နှိပ်စက်သည်ဖြစ်၍ ဘဝင်စိတ် အစဉ်သည် ချုပ်သကဲ့သို့ဖြစ်၏။ ဟဒယဝတ္ထုရုပ်[၈]ကိုမှီ၍ဖြစ်သော စကားသည် ချုပ်ခဲ့၏။ ခံတွင်းသည်လည်း ပိတ်ခဲ့၏။ မျက်စိသည်လည်းမှိတ်ခဲ့၏။ လက်ခြေတို့သည်လည်း ခက်တရော်[၇]ရှိသောအဖြစ်သို့ ရောက်ကုန်၏။ ကိုယ်အလုံးသည် သွေးအလိမ်းလိမ်းကပ်သည်ဖြစ်၍ အိပ်၏။

ထိုအခါ ပီဠိယက္ခမင်းကြီးသည် 'ယခုပင်လျှင်လည်း ဤသုဝဏ္ဏသာမသည် ငါနှင့်အတူတကွ စကားပြောဟော၏။ အဘယ်သို့နည်း'ဟု ထိုသုဝဏ္ဏသာမ၏ ထွက်သက်, ဝင်သက်ကို စူးစမ်း၏။ ထိုထွက်သက်, ဝင်သက်တို့သည်ကား ချုပ်ခဲ့ကုန်၏။ ကိုယ်အလုံးသည် ခက်တရော်ရှိ၏။ ထိုအခါ ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ၏ ထွက်သက်, ဝင်သက်ချုပ်သည်ကိုမြင်လျှင် 'ဤသုဝဏ္ဏသာမသည် ချုပ်ခဲ့ကုန်ပြီ, ချုပ်ခဲ့ကုန်ပြီ' ဟုဆို၍ စိုးရိမ်ခြင်း ပြင်းစွာနှိပ်စက်အပ်သောကြောင့် မိမိကိုယ်၏အဖြစ်ဖြင့် တည်စိမ့်သောငှာမတတ်နိုင်သည်ဖြစ်၍ လက်၂ ဘက်ကို မြှောက်လျက် ထိပ်ထက်တင်ထားပြီးလျှင် တောအုပ်ကို ပဲ့တင်ထပ်စေလျက် သည်းစွာသော အသံဖြင့် ငိုကြွေး၏။

ထို ပီဠိယက္ခမင်းကြီး၏ငိုကြွေးသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'သော ရာဇာ ပရိဒေဝေသိ၊ အဟံ ကာရုည သဥ္စိတ်။
အဇရာ မရောဟံ အာသိံ၊ အဇ္ဇ ဟညာမိ နော ပုရေ။
သာမံ ကာလင်္ကတံ ဒိသွာ၊ နတ္ထိ မစ္စုဿ နာဂမော။ ။
'ယဿု မံ ပဋိမန္တေတိ၊ သဝိသေန သမပ္ပိတော။
သွဇ္ဇေဝံဂတေ ကာလေ၊ န ကိဉ္စိ မဘိဘာသတိ။ ။
'နိရယံ နူန ဂစ္ဆာမိ၊ ဧတ္ထ မေ နတ္ထိ သံသယော။
တဒါ ဟိ ပကတံ ပါပံ၊ စိရရတ္တာယ ကိဗ္ဗိသံ။ ။
'ဘဝန္တိ တဿ ဝတ္တာရော၊ ဂါမေ ကိဗ္ဗိသကာရကော။
အရညေ နိမ္မနုဿမှိ၊ ကော မံ ဝတ္တု မရဟတိ။ ။
'သာရယန္တိ ဟိ ကမ္မာနိ၊ ဂါမေ သင်္ဂစ္ဆ မာဏဝါ။
အရညေ နိမ္မနုဿမှိ၊ ကော နု မံ သာရယိဿတိ။ ။' ဟူသော ၅ ဂါထာကို မိန့်တော်မူ၏။

အဓိပ္ပာယ်ကား–

"ချစ်သားရဟန်းတို့။ ငါ သုဝဏ္ဏသာမဇာတ်တော်၌ဖြစ်သောအခါ ထို ပီဠိယက္ခမင်းကြီးသည် များစွာသော သနားခြင်းနှင့်ယှဉ်သည်ဖြစ်၍ ငိုကြွေး၏။ ငါသည် ရှေး၌ ငါတို့အား မအို, မသေ ဟု အမှတ်ရှိ၏။ ယခုအခါ သေခဲ့သော သုဝဏ္ဏသာမကိုမြင်၍ 'သေမင်း၏မလာခြင်းသည် မရှိ'ဟု သိ၏တကား။

"အကြင်သုဝဏ္ဏသာမသည်လည်း ငါနှင့် စကားကိုဆိုကြ၏။ ထို သုဝဏ္ဏသာမသည် ယခု အဆိပ်လူး သောမြားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဤသို့ သေအံ့သောအခါသို့ ရောက်သည်ရှိသော် တစ်စုံတစ်ခုသော စကားကိုမျှ မဆိုခဲ့တကား။

"အပြစ်မရှိသော သုဝဏ္ဏသာမကို သတ်ခဲ့သောငါ့အား ငရဲသို့ လားရအံ့သည်တကား။ ဤသို့လားခြင်း၌ ငါ့အား ယုံမှားမရှိ။ ထိုသို့ ငရဲသို့လားရသောအခါ ရှည်မြင့်စွာသောသံသရာ၌ နေ့,ညဥ့်ကာလပတ်လုံး ကြမ်းကြုတ်စွာသောမကောင်းမှုကို ငါ ပြုမိ၏တကား။



www.burmeseclassic.com

www.burmeseclassic.com



"ထိုမကောင်းမှုကိုပြုသော ငါ့ကို ရွာတိုင်း,ရွာတိုင်း 'မကောင်းမှုကိုပြုသော မင်း'ဟူ၍ ကဲ့ရဲ့ခြင်း ဖြစ်အံ့သည်တကား။ လူမနီးသော တောကြီးကျယ်စွာ ဟိမဝန္တာ၌ ငါ့ကို အဘယ်သူ ကဲ့ရဲ့အံ့သောဟု ထိုက်ပါအံ့နည်း။

"မြို့, ရွာ, နိဂုံး, ဇနပုဒ်တို့၌စည်းဝေးကြ၍ များစွာကုန်သောလူအပေါင်းတို့သည် မကောင်းမှုကို အောက်မေ့စေကုန်ရာ၏။ လူမနီးသော တောကြီးအလယ်၌ အဘယ်သူ ငါ့ကို အောက်မေ့စေခြင်းငှာ ထိုက်ပါအံ့နည်း။

"ငါသည် ဤမျှလောက်သော ကာလပတ်လုံး 'မအို, မသေပြီ'ဟု အမှတ်ရှိ၏။ ယခုအခါ သေသော ဤ သုဝဏ္ဏသာမကိုမြင်၍ ငါ့အား လည်းကောင်း, သူတစ်ပါးအား လည်းကောင်း သေမင်း၏မလာခြင်းသည် မရှိ။ ထို 'သေမင်း'ည်းဟူသော အေးကို ယခု သိရပြီတကား။

"ဤအခါမှ ရှေးဖြစ်သောကာလ၌ အိုခြင်း,သေခြင်း မည်သည်ကို ငါ မသိတကား ဟု ငိုကြွေး မြည်တမ်း၏။ ငါသည် အဆိပ်လူးသောမြားဖြင့် ပစ်မိသော ထိုသုဝဏ္ဏသာမသည် ယခုပင်လျှင် ငါနှင့်တကွ စကားပြောဆိုကြ၏။ ယခုအခါ ဤသို့ သေအံ့သောအနီးသို့ ရောက်သည်ရှိသော် တစ်စုံတစ်ခု စိုးစဉ်းသော စကားကိုမျှလည်း မဆိုခဲ့တကား။ ထိုဇာဘ၌ ဤသုဝဏ္ဏသာမကို ပစ်မိသောငါသည် မကောင်းမှုကို ပြုမိ၏တကား။ ထိုသို့ ငါပြုမိသော မကောင်းမှုသည်ကား ရှည်မြင့်စွာသောကာလပတ်လုံး မကောင်းသောအကျိုးပေးခြင်း၌ စွမ်းနိုင်သောအားဖြင့် အလွန်ကြမ်းကြုတ်စွာသောငရဲ၌ ခံရအံ့သည်တကား။ ဤသို့သဘောရှိသော မကောင်းမှုကိုပြု၍ ထိုထိုတစ်ပါး ရပ်တခြားသို့ သွားသောငါ့ကို သူခပ်သိမ်းတို့ ကဲ့ရဲ့လေကုန်အံ့သည်တကား။

"အဘယ်အရပ်၌ ကဲ့ရဲ့သည် ဖြစ်ကုန်ရာသနည်း ဟူမူကား ရွာ၌နေကုန်သောသူတို့သည် ကဲ့ရဲ့ကုန်သည် ဖြစ်ရာ၏။ အဘယ်သို့ ကဲ့ရဲ့ကုန်ရာသနည်း ဟူမူကား 'ကြမ်းကြုတ်သောအမှုကို ပြုတတ်သောမင်း'ဟူ၍ ကဲ့ရဲ့ကုန်ရာ၏။ လူမနီးသောတောကြီး၌ကား အဘယ်သူသည် ငါ့ကိုကဲ့ရဲ့ခြင်းငှာ ထိုက်ပါအံ့နည်း။ တစ်စုံတစ်ယောက်သောသူသည် အကယ်၍ ရှိသည်ဖြစ်တုံငြားအံ့။ ကဲ့ရဲ့လေရာ၏ဟု ငိုကြွေးမြည်တမ်း၏။ ရွာ၌ လည်းကောင်း, နိဂုံးဇနပုဒ်တို့၌ လည်းကောင်း ထိုထိုသို့သောအရပ်တို့၌ များစွာကုန်သောလူအပေါင်းတို့သည် စည်းဝေးကြ၍ 'အို၊ သူသတ်ယောကျာ်း။ ဝန်လေးစွာသော ကြမ်းတမ်းသောမကောင်းမှုကို ပြုတတ်၏။ သင်သည် ဤမျှသော ဒဏ်သို့ ရောက်သည်မည်၏'ဟု အမှုတို့ကို အောက်မေ့စေကုန်ရာ၏။ လူမရှိသော ဤတောကြီး၌ကား အဘယ်သူသည် ငါ့ကို အောက်မေ့စေအံ့နည်း' ဟု မိမိပင်လျှင် မိမိကိုယ်ကို စောဒနာလျက် ငိုကြွေးမြည်တမ်း၏။

ထိုသို့ ပီဠိယက္ခမင်းကြီးသည် များစွာသောအကြောင်းတို့ဖြင့် ငိုကြွေးမြည်တမ်းသောအခါ ဗဟုသုန္ဒရီ[*] အမည်ရှိသော ဂန္ဓမာဒန[*]တောင်၌နေသော နတ်သမီးသည် ဘုရားလောင်း၏ ၇ ကြိမ်မြောက်သောကိုယ်၏ အဖြစ်၌ အမိဖြစ်ခဲ့ဖူးသောကြောင့် သား၏ချစ်ခြင်းဖြင့် ဘုရားလောင်းကို အမြဲလျှင် ကြည့်ရှုစောင်မ၏။

[ထို မြားမှန်သောနေ့၌ကား ဗဟုသုန္ဒရီနတ်သမီးသည် နတ်၏စည်းစိမ် ခံစားသည်ဖြစ်၍ ထိုဘုရားလောင်း သုဝဏ္ဏသာမကို မကြည့်ရှုမိ။ နတ်၏အစည်းအဝေးသို့ သွားလေသည် ဟူ၍လည်း ဆိုကုန်၏။]

ထို ဗဟုသုန္ဒရီ နတ်သမီးသည် နတ်၏စည်းစိမ်ကို ခံစားသည်ဖြစ်၍ ဘုရားလောင်း၏ မိန်းမောသောအခါ 'ငါ့သား၏ အကြောင်းကား အသို့နည်း'ဟု ကြည့်ရှုဆင်ခြင်လတ်သော်၊ ထို မြားမှန်သောအကြောင်းကို မြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပီဠိယက္ခမင်းကြီးသည် ငါ့သားသုဝဏ္ဏသာမကို အဆိပ်လူးမြားဖြင့်ပစ်၍၊ မိဂသမ္မတာမြစ်နားဌ် ငွေပြားအဆင်းနှင့် တူသော သဲပြင်၌သက်၍ သည်းစွာသောအသံဖြင့် ငိုကြွေးမြည်တမ်းလျက် နေချေပြီတကား။

'ယခု အကယ်၍ ငါမသွားဘဲနေသည်ရှိသော် ငါ၏သားဖြစ်သော သုဝဏ္ဏသာမသည် ဤမိဂသမ္မတာမြစ်နားဌ်ပင်လျှင် သေခြင်းသို့ ရောက်လတ္တံ့။ ပီဠိယက္ခမင်းကြီး၏နှလုံးသည်လည်း ကွဲလတ္တံ့။ သုဝဏ္ဏသာမ၏ အမိ, အဖတို့သည်လည်း အစာမစားရကုန်သည်ဖြစ်၍ လည်းကောင်း၊ သောက်ရေကို မရကုန်သည်ဖြစ်၍ လည်းကောင်း ခြောက်ကပ်၍ သေခြင်းသို့ ရောက်ကုန်လတ္တံ့။

'ငါသွားသည်ရှိသော်ကား ဤပီဠိယက္ခမင်းကြီးသည် သောက်ရေအိုးကိုယူ၍ သုဝဏ္ဏသာမ၏အမိ, အဖတို့ထံသို့ သွားလတ္တံ့။ ထိုသို့သွားသည်ရှိသော် ပီဠိယက္ခမင်းသည် ဒုကူလ, ပါရိကာတို့စကားကို ကြားလျှင် ထို ဒုကူလ, ပါရိကာတို့ကို သုဝဏ္ဏသာမအထံသို့ ဆောင်လတ္တံ့။ ထိုသို့ဆောင်သည်ရှိသော် ဒုကူလ, ပါရိကာတို့သည် လည်းကောင်း, ငါသည် လည်းကောင်း သစ္စာပြုရလတ္တံ့။ ထိုသို့ သစ္စာပြုရသည်ရှိသော် သုဝဏ္ဏသာမ၏မြားဆိပ်သည်လည်း ပျောက်လတ္တံ့။ ဤသို့ပျောက်သည်ရှိသော် သုဝဏ္ဏသာမသည် အသက်ကို ရလတ္တံ့။ ဒုကူလ, ပါရိကာတို့သည်လည်း မျက်စိအလင်းကို ရကုန်လတ္တံ့။ ပီဠိယက္ခမင်းကြီးသည်လည်း သုဝဏ္ဏသာမ၏တရားစကားကိုကြား၍ ဗာရာဏသီပြည်သို့ပြန်ပြီးလျှင် ကြီးစွာသောအလှူကိုပေး၍ နတ်ပြည်သို့ လားရသည်ဖြစ်လတ္တံ့။ ထို့ကြောင့် ငါ ထိုအရပ်သို့သွားအံ့'ဟု ကြံ၍၊

ထို ဗဟုသုန္ဒရီနတ်သမီးသည် သွားလေ၍ မိဂသမ္မတာမြစ်နားဌ် မထင်ရှားသော ကိုယ်ဖြင့် ကောင်းကင်၌ရပ်၍ ဤပီဠိယက္ခမင်းကြီးနှင့် စကားဆို၏။

ထိုသို့ ပီဠိယက္ခမင်းကြီးနှင့် စကားဆိုသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'သာ ဒေဝတာ အန္တရဟိတာ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။
ရညောဝ အနုကမ္ပာယ၊ ဣမာ ဂါထာ အဘာသထ။ ။
'အာဂုံ ကိရ မဟာရာဇ၊ အကရိ ကမ္မ ဒုက္ကဋံ။
အဒူသကာ ပိတာပုတ္တာ၊ တယော ဧကူသုနာ ဟတာ။ ။
'ဧဟိ တံ အနုသိက္ခာမိ၊ ယထာ တေ သုဂတိ သိယာ။
ဓမ္မေနန္ဓေ ဝနေ ပေါသ၊ မညေဟံ သုဂတိ တယာ။ ။' ဟူသော ၃ ဂါထာကို မိန့်တော်မူ၏။

အဓိပ္ပာယ်ကား–

"သံသရာဘေးကို ရှုလေ့ရှိကုန်သော ချစ်သားရဟန်းတို့။ ထိုသုဝဏ္ဏသာမဇာတ်၌ ဖြစ်သောအခါ ထို ဗဟုသုန္ဒရီနတ်သမီးသည် ဂန္ဓမာဒန အမည်ရှိသောတောင်၌ ကွယ်ခဲ့၍ ပီဠိယက္ခမင်းကြီးအား အစဉ်သနားသဖြင့် ဤဂါထာကို ဆို၏။

"မြတ်သောမင်းကြီး။ မကောင်းသောအမှုကိုပြုလျက် လာဘိ၏တကား။ အပြစ်မရှိသော ၃ ယောက်သော အမိ, အဖ, သားတို့ကို တစ်စင်းတည်းသောမြားဖြင့် အရှင်မင်းကြီးသည် သတ်ဘိ၏တကား။

"မြတ်သောမင်းကြီး။ လာတော်မူလော့။ အကြင်အခြင်းဖြင့် ကျင့်သည်ရှိသော် အရှင်မင်းကြီးသည် ကောင်းသောအလားသို့ လားရာ၏။ ထိုအခြင်းဖြင့် အရှင်မင်းကြီးကို ငါ သင်အံ့။ တရားသဖြင့် ကန်းသော အမိ,အဖတို့ကို ဟိမဝန္တာတောကြီး၌ မွေးလေလော့။ ဤသို့မွေးသည်ရှိသော် အရှင်မင်းကြီးသည် ကောင်းသော အလားသို့ လားရာ၏"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## ၆။ ပိဋ္ဌိယက္ခမင်း ဒုကူလ, ပါရိကာတို့ထံ သွားခန်း

ထိုသို့ဆိုသော ဗဟုသုန္ဒရီနတ်သမီး၏စကားကိုကြားလျှင် ပိဋ္ဌိယက္ခမင်းကြီးသည် 'ငါသည် ထိုသုဝဏ္ဏသာမ၏ အမိ,အဖတို့ကိုမွေး၍ ကောင်းသောအလားသို့ လားရအံ့သတည်း'ဟု ကြံပြီးလျှင်၊ 'ငါ့အား မင်း၏အဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ထိုသုဝဏ္ဏသာမ၏ အမိ,အဖတို့ကိုသာလျှင် မွေးအံ့'ဟု မြဲစွာဆောက်တည်၍ ပြင်းစွာသောငိုကြွေးခြင်းဖြင့်ငိုကြွေးလျက် စိုးရိမ်ခြင်းကိုခေါင်းပါးစေ၍၊ 'သုဝဏ္ဏသာမ သေသည်ဖြစ်လတ္တံ့'ဟု အထူးထူးသောအဆင်း,အနံ့ရှိသော မဟာလှေကား, စံကား, ကံ့ကော်, စွယ်တော်, ရင်းမာ, ဇလပ်, ခတ္တာ, ချရား, ဆပ်သွား, ပုန်းညက်, သရဖီ, သဇင် အစရှိသောပန်းတို့ဖြင့် ထိုသုဝဏ္ဏသာမ၏ ကိုယ်ကိုပူဇော်၍ ရေသွန်းပြီးလျှင်၊ လက်ယာရစ် ၃ကြိမ်လှည့်လျက် အရပ် ၄မျက်နှာတို့ကို ရှိခိုးပူဇော်ပြီးလျှင် ထိုသုဝဏ္ဏသာမ၏ ပြည့်စေအပ်သော သောက်ရေအိုးကိုယူ၍ နှလုံးမသာခြင်းဖြင့် တောင်အရပ်သို့ ရှေးရှုသွားလေ၏။

ထိုပိဋ္ဌိယက္ခမင်းကြီးသည် နှလုံးမသာခြင်းဖြင့် သွားလေသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'သော ရာဇာ ပရိဒေဝိတွာ၊ ဗဟုံ ကာရုည သဉှိတံ။

ဥဒက ကုမ္ဘ မာဒါယ၊ ပက္ကမိ ဒက္ခိဏာ မုခေါ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား–

"သံသရာဘေး လာမည့်ရေးကို တုန်အေးကြောက်လှသော ချစ်သားတို့။ ထိုပိဋ္ဌိယက္ခမင်းကြီးသည် များစွာသောသနားခြင်းနှင့်ယှဉ်သော ငိုကြွေးခြင်းဖြင့်ငိုကြွေးလျက် ရေအိုးကိုထမ်းယူ၍ တောင်အရပ်သို့ ရှေးရှုသွားလေ၏။"

ထိုပိဋ္ဌိယက္ခမင်းသည်လည်း ပြကတေ့သောသဘောဖြင့်၊ ခွန်အားကြီးသောကြောင့် သောက်ရေအိုးကိုယူ၍ သခ်မ်းကို နှိပ်နယ်ဘိသကဲ့သို့ဝင်လေ၍ ဒုကူလသုခမိန်၏သခ်မ်းသို့ ရောက်လေ၏။

ဒုကူလသုခမိန်သည် သခ်မ်းအတွင်း၌နေလျက်လျှင် ထိုပိဋ္ဌိယက္ခမင်းကြီး၏ခြေသံကိုကြား၍ 'ဤခြေသံသည်ကား ငါ့သားသုဝဏ္ဏသာမ၏ ခြေသံ မဟုတ်။ ဤခြေသံသည်ကား အဘယ်သူ၏ ခြေသံနည်း'ဟု မေးလိုသောကြောင့်–

'ကဿ နု ဧသော ပဒသဒ္ဒေါ၊ မနုဿဿေဝ အာဂတော။

နေသော သာမဿ နိဂ္ဃောသော၊ ကော နု တွံ မသိ မာရိသ။ ။

'သန္တံ ဟိ သာမော ဝဇတိ၊ သန္တံ ပါဒါနိ နေယတိ။

နေသော သာမဿ နိဂ္ဃောသော၊ ကော နု တွံ မသိ မာရိသ။ ။' ဟူသော ၂ ဂါထာကို ဆို၏။

မာရိသ၊ အချင်း။ ဧသောပဒသဒ္ဒေါ၊ ဤခြေသံသည်ကား။ ကဿ၊ အဘယ်သူ၏။ ပဒသဒ္ဒေါနု၊ ခြေသံနည်း။ မနုဿဿေဝ၊ လူ၏သာလျှင်။ အာဂတော၊ လာသော။ ပဒသဒ္ဒေါ၊ ခြေသံတည်း။ ဧသော နိဂ္ဃောသော၊ ဤခြေသံသည်ကား။ သာမဿ၊ သုဝဏ္ဏသာမ၏။ နနိဂ္ဃောသော၊ ခြေသံမဟုတ်။ တွံ၊ သင်ကား။ ကော၊ အဘယ်သူသည်။ အသိနု၊ ဖြစ်ဘိသနည်း။

မာရိသ၊ အချင်း။သာမော၊ သုဝဏ္ဏသာမသည်။ သန္တံ၊ ငြိမ်သက်စွာလျှင်။ ဝဇတိ၊ သွား၏။ သန္တံ၊ အသာအသာ။ ပါဒါနိ၊ ခြေတို့ကို။ နေယတိ၊ ချလေ၏။ ဧသော၊ ဤခြေသံသည်ကား။ သာမဿ၊ သုဝဏ္ဏသာမ၏။ နနိဂ္ဃောသော၊ ခြေသံမဟုတ်။ တွံ၊ သင်ကား။ ကော၊ အဘယ်သူသည်။ အသိနု၊ ဖြစ်ဘိသနည်း။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အချင်း။ ဤခြေသံသည် အဘယ်သူ၏ ခြေသံနည်း။ ဤခြေသံသည်ကား ခြင်္သေ့, သစ်, ကျား, နတ်, ဘီလူး, ကိန္နရာ အစရှိသည်တို့၏ လာသောခြေသံ မဟုတ်။ ဤခြေသံသည် လူ၏ခြေသံတည်း။ ထို လူ၏ခြေသံပင်ဖြစ်သော်လည်း ဤခြေသံသည် သုဝဏ္ဏသာမ၏ခြေသံ မဟုတ်။ အချင်း။ သုဝဏ္ဏသာမသည် ငြိမ်သက်စွာသွား၏။ အသာအသာ ခြေကိုချ၏"ဟု ဆို၏။

ထိုသို့ ဒုကူလသုခမိန် ဆိုသောစကားကိုကြားလျှင် ပီဠိယက္ခမင်းကြီးသည် 'အကယ်၍ ငါသည် မင်းအဖြစ်ကို မဆိုမူ၍ 'သင်တို့၏သားကို ငါသတ်မိချေ၏'ဟု ဆိုချေတုံအံ့။ ဤသူတို့သည် အမျက်ထွက်၍ ငါနှင့်တကွ ကြမ်းကြုတ်သောစကားကို ဆိုလတ်ကုန်အံ့သတည်း။ ထိုသို့ဆိုသည်ရှိသော် ငါ့အား ထိုသူတို့၌ အမျက်ထွက်ခြင်းသည် ဖြစ်လတ္တံ့သတည်း။ ထိုသို့ဖြစ်သည်ရှိသော် ထိုသုဝဏ္ဏသာမ၏ အမိ,အဖတို့ကို ညှဉ်းဆဲမိလတ်အံ့သတည်း။ ထိုသို့ ညှဉ်းဆဲခြင်းသည်ကား ငါ့အား မကောင်းမှုပွားများသည် ဖြစ်လတ္တံ့။ 'မင်း'ဟူ၍ ဆိုသည်ရှိသော် မင်းကို မကြောက်သောသူမည်သည် မရှိ။ ထို့ကြောင့် မင်း၏အဖြစ်ကို ရှေးဦးစွာဆိုအံ့'ဟု ကြံ၍၊ ရေအိုးစင်၌, ရေအိုးကိုချထားပြီးလျှင် သခ်မ်းတံခါး၌ရပ်လျက်–

'ရာဇာဟ မသ္မိ ကာသိနံ၊ ပီဠိယက္ခောတိ မံ ဝိဒူ။
လောဘာ ရဋ္ဌံ ပဟတ္တွာန၊ မိဂ မေသံ စရာမဟံ။ ။
'ဣဿတ္ထေစသ္မိ ကုသလော၊ ဒဠှဓမ္မောတိ ဝိဿုတော။
နာဂေါပိ မေ န မုစ္စေယျ၊ အာဂတော ဥသုပါတနံ။ ။' ဟူသော ၂ ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"အို–ရသေ့။ ငါကား ကာသိကရာဇ်ပြည်ကြီးကို အစိုးရသော မင်းတည်း။ 'ပီဠိယက္ခမင်း' ဟူ၍ လူတို့ ငါ့ကို သိကုန်၏။ သမင်သားကို စားကြူးသောကြောင့် ပြည်တိုင်းကားကိုစွန့်ခဲ့၍ သမင်ကိုရှာလျက် သွား၏။

"အချင်းရသေ့။ ငါသည် လေးအတတ်၌လည်း လိမ္မာ၏။ ကြမ်းတမ်းသောလေးကိုလည်း တင်နိုင်, ချနိုင်သောမင်း ဟူ၍ ကျော်စော၏။ ရှင်ရသေ့။ ငါ၏မြားကျရာအရပ်သို့ လာသည်ရှိသော် ဆင်ပြောင်ပင် ဖြစ်သော်လည်း မလွတ်နိုင်ရာ။ သေခြင်းသို့ ရောက်၏"ဟု ဆို၏။

ထိုပီဠိယက္ခမင်းကြီးစကားကိုကြားလျှင် ဒုကူလသုခမိန်သည် ထိုပီဠိယက္ခမင်းကြီးနှင့် စကား ပြောဟောခြင်းကို ပြုလိုသောကြောင့်–

'သွာဂတံ တေ မဟာရာဇ၊ အထော တေ အဒုရာဂတံ။
ဣဿရောသိ အနုပ္ပတ္တော၊ ယံ ဣဓတ္ထိ ပဝေဒယ။ ။
'တိန္ဒုကာနိ ပိယာလာနိ၊ မဓုကေ ကာသုမာရိယော။
ဖလာနိ ခုဒ္ဒကပ္ပါနိ၊ ဘုဉ္ဇ ရာဇ ဝရာဝရံ။ ။
'ဣဒမ္ပိ ပါနီယံ သီတံ၊ အာဘတံ ဂိရိဂဗ္ဘရာ။
တတော ပိဝ မဟာရာဇ၊ သစေ တွံ အဘိကင်္ခသိ။ ။' ဟူသော ၃ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ်ပြည်သူတို့၏နှလုံးကို ပွားစေတတ်သော အရှင်မင်းကြီး။ အရှင်မင်းကြီး၏လာခြင်းကား ကောင်းသောလာခြင်းတည်း။ ထိုမှတစ်ပါး အရှင်မင်းကြီး၏လာခြင်းကား အပြစ်ကင်းသောလာခြင်းတည်း။ အစိုးရတော်မူ၍ အစဉ်ရောက်တော်မူ၏။ အရှင်မင်းကြီး။ အကြင်အမှုကို အလိုရှိ၏။ ထိုအလိုကို ကြားတော်မူလော့။



www.burmeseclassic.com

www.burmeseclassic.com



"ကာသိကရာဇ်ပြည်ကြီးကို အစိုးရတော်မူသော အရှင်မင်းကြီး။ တည်သီး, လွှန်သီး, သစ်မည်စည်သီး, ထောက်ရှာသီး, သရက်ဖြူသီးတို့သည်ကား ပျားမွဲအရသာနှင့် တူကုန်၏။ ချိုနီးရာရာကို အလိုတော်ရှိတိုင်း စားတော်မူလော့။

"ကာသိကရာဇ်ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ ဂိရိဂဗ္ဘရ ဟုဆိုအပ်သော တောင်, မြောင်, ချောက်ကြားမှစီးသော မိဂသမ္မတာမြစ်မှဆောင်ချေအပ်သော ရေသည်လည်း အလွန်ချမ်းအေးစွာ၏။ အရှင်မင်းကြီးသည် အကယ်၍ အလိုရှိတော်မူအံ့။ ထိုရေစင်မှယူ၍ ပိဋ္ဌိယက္ခမင်းကြီး သောက်တော်မူလော့"ဟု ဆို၏။

ဤသို့ ဒုကူလသုခမိန်သည် ပိဋ္ဌိယက္ခမင်းကြီးနှင့် စကားပြောခြင်းကို ပြုသည်ရှိသော် ပိဋ္ဌိယက္ခမင်းကြီးသည်

'အချင်းရသေ့တို့။ သင်တို့၏သားကို ငါ သတ်မိပေ၏ဟု ရှေးဦးစွာဆိုခြင်းငှာ မလျောက်ပတ်သေး။ မသိသကဲ့သို့ စကားကို ကောင်းစွာဖြစ်စေလျက် ဆိုအံ့'ဟု ကြံ၍–

'နာလံ အန္ဓာ ဝနေ ဒဋ္ဌုံ၊ ကော နု ဝေါ ဖလ မာဟရိ။

အနန္ဓဿေဝ ယံ သမ္မာ၊ နိဝါတော မယှံ ခါယတိ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"အချင်းရသေ့တို့။ သင်တို့သည် ကန်းကုန်သောကြောင့် ဤတော၌ တစ်စုံတစ်ခုမျှ မြင်အံ့သောငှာ မစွမ်းနိုင်ကုန်။ အဘယ်သူသည် သင်တို့အား တောသစ်သီး, တောသစ်မြစ်တို့ကို ဆောင်သနည်း။ ဤသစ်သီး ဆည်းပူးခြင်းသည် မကန်းသကဲ့သို့ ငါထင်၏တကား"ဟု ဆို၏။

ဤသို့ ပိဋ္ဌိယက္ခမင်းကြီးဆိုသောစကားကို ကြားလျှင် ဒုကူလသုခမိန်သည်

'ကာသိကရာဇ်ပြည်သူတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ တောသစ်သီး, တောသစ်မြစ်တို့ကို ငါတို့ မဆောင်ပေကုန်။ ငါတို့၏သားသည် ဆောင်ပေ၏'ဟု ပြလိုသောကြောင့်–

'ဒဟရော ယုဝါ နာတိဗြဟာ၊ သာမော ကလျာဏဒဿနော။

ဒီဃဿ ကေသာ အသိတာ၊ အထော သောနဂ္ဂဝေလ္လိတာ။

'သော ဟဝေ ဖလ မာဟရိတွာ၊ ဣတော အာဒါယ ကမဏ္ဍလုံ။

နဒီံ ဂတော ဥဒဟာရော၊ နု မညေ ဒူရ မာဂတော။ ။' ဟူသော ၂ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ် ပြည်ကြီးသေဋ္ဌနင်းဖြစ်တော်မူသော အရှင်မင်းကြီး။ ငါတို့၏သားဖြစ်သော သုဝဏ္ဏသာမသည် အလွန်ငယ်သေး၏။ လုလင်ငယ်သာတည်း။ မြင့်လည်းမမြင့်လွန်း, နိမ့်လည်းမနိမ့်လွန်း ရှုချင်စဖွယ်သော အဆင်းလည်း ရှိ၏။ ထို သုဝဏ္ဏသာမ၏ ဆံတို့သည် ရှည်လည်းရှည်ကုန်၏, မည်းလည်းမည်းကုန်၏, သားလိုးဖားငယ်ကဲ့သို့ အဖျားကော့ရှော ရှိ၏။

"ထို သုဝဏ္ဏသာမသည် တောသစ်သီး, တောသစ်မြစ်တို့ကို ဆောင်ပေ၏။ ထို သုဝဏ္ဏသာမသည် ဤသခ်မ်းမှ အိုးကိုယူ၍ ရေခပ်လိုသည်ဖြစ်၍ မိဂသမ္မတာမြစ်သို့ သွားလေ၏။ ယခု အနီးသို့ရောက်လတ်ပြီ"ဟု ဆို၏။

ထိုသို့ဆိုသော ဒုကူလသုခမိန်၏စကားကိုကြားလျှင် ပိဋ္ဌိယက္ခမင်းကြီးသည်

'အဟံ တံ အဝဓိံ သာမံ၊ ယော တုယှံ ပရိစာရကော။

ယံ ကုမာရံ ပဝေဒေထ၊ သာမံ ကလျာဏဒဿနံ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဃသ္သ ကေသာ အသိတာ၊ အထော သောနဂ္ဂဝေလ္လိတာ။

တေသု လောဟိတလိတ္တေသု၊ သေတိ သာမော မယာ ဟတော။ ။' ဟူသော ၂ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား-

"အို၊ ရှင်ရသေ့တို့။ အရှင်ရသေ့တို့အား လုပ်ကျွေးသော အကြင်သုဝဏ္ဏသာမသည် ရှိ၏။ ထိုသုဝဏ္ဏသာမကို ငါသည် အဆိပ်လူးသောမြားဖြင့် ပစ်၍သတ်မိ၏။ ကောင်းသောအကြားအမြင်ရှိသော အကြင်သတို့သားကို သုဝဏ္ဏသာမ ဟု ဆိုအပ်၏။

"ထိုသုဝဏ္ဏသာမ၏ဆံတို့သည် ရှည်သွယ်မည်းနက်ကုန်၏။ ထိုမြို့တံ့ ^{ဇ} သားလိုးဓားကဲ့သို့ စဉ်းငယ်ညွတ်သော အဖျားရှိကုန်၏။ ငါသတ်မိသော သုဝဏ္ဏသာမသည် သွေးအလိမ်းလိမ်းကပ်သောကိုယ်ဖြင့် မိဂသမ္မတာမြစ်နား၌ ငွေပြားအဆင်းနှင့်တူသောသဲစု၌ အိပ်ရစ်၏"ဟု ဆိုပေ၏။

ထိုသို့ ဒုကူလသုခမိန်နှင့် ပိဠိယက္ခမင်းကြီး စကားပြောဆိုကြသည်တွင် ဒုကူလသုခမိန်၏ မနီးမဝေးသော အရပ်၌ ပါရိကာ၏သခ်မ်းသည် ရှိ၏။ ထိုပါရိကာသည် မိမိသခ်မ်း၌နေလျက် ပိဠိယက္ခမင်းကြီး၏ စကားကိုကြားလျှင် ထိုအကြောင်းကို နာလိုသည်ဖြစ်၍ မိမိသခ်မ်းမှထွက်ပြီးလျှင် ကြိုးတန်းအမှတ်ဖြင့် ဒုကူလသုခမိန်၏အထံသို့သွား၍။

'ကေန ဒုကူလ မန္တေသိ၊ ဟတော သာမောတိ ဝါဒိနာ။

ဟတော သာမောတိ သုတွာန၊ ဟဒယံ မေ ပဝေဓတိ။ ။

'အဿတ္ထဿေဝ တရုဏံ၊ ပဝါဠံ မာလုတေရိတံ။

ဟတော သာမောတိ သုတွာန၊ ဟဒယံ မေ ပဝေဓတိ။ ။' ဟူသော ၂ ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"ဒုကူလသုခမိန်။ 'သုဝဏ္ဏသာမကို သတ်မိ၏' ဟူသောစကားကို အဘယ်သူနှင့် ပြောဆိုကြသနည်း။ ဒုကူလသုခမိန်။ 'သုဝဏ္ဏသာမကို သတ်မိ၏' ဟူသောစကားကိုကြားလျှင် ငါ၏နှလုံးသည် ကွဲအံ့သကဲ့သို့ ပြင်းစွာတုန်လှုပ်၏။

"ဒုကူလသုခမိန်။ အလွန်လုပစွာသော ညောင်ဗုဒ္ဓဟေပင်၏အညွန့်တို့ကို လေခတ်တုန်လှုပ်သကဲ့သို့ 'သုဝဏ္ဏသာမကို သတ်မိ၏' ဟူသောစကားကိုကြားလျှင် ငါ၏နှလုံးသည် တုန်လှုပ်၏"ဟု ဆို၏။

ထိုသို့ဆိုသောအခါ ဒုကူလသုခမိန်သည် ပါရိကာကို ဆုံးမလိုသောကြောင့်-

'ပါရိကေ ကာသိ ရာဇာယံ၊ သော သာမံ မိဂသမ္မတေ။

ကောဓသာ ဥသုနာ ဝိဇ္ဈိ၊ တဿ မာ ပါပ မိစ္ဆိမှာ။ ။'ဟူသော ဂါထာဖြင့် ဆုံးမ၏။ အဓိပ္ပာယ်ကား-

"ပါရိကာ။ ကာသိကရာဇ်ပြည်ကြီးသေဌ်နင်း မင်းမြတ်သည် သုဝဏ္ဏသာမကို မိဂသမ္မတာမြစ်နား၌ သမင်၌ဖြစ်သော အမျက်ကြောင့် မြားဖြင့်ပစ်မိလေ၏။ ထို ကာသိကရာဇ်မင်းကြီးအား အမျက်ထွက်ခြင်းဟု ဆိုအပ်သော မကောင်းမှုကို အလိုမရှိနှင့်"ဟု ဆုံးမ၏။

ထိုသို့ ဒုကူလသုခမိန် ဆုံးမသောအခါ ပါရိကာသည်-

'ကိစ္ဆာ လဒ္ဓေါ ပိယော ပုတ္တော၊ ယော အန္ဓေ အဘရီ ဝနေ။

တံ ဧကပုတ္တံ ဃာတိမှိ၊ ကထံ စိတ္တံ နကောပယေ။' ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"ဒုကူလသုခမိန်။ ငြိုငြင်ဆင်းရဲသဖြင့်ရအပ်သော ချစ်စွာသောသားကို သတ်သောသူ၌ အဘယ်ကြောင့် ငါ၏စိတ်သည် အမျက်မထွက်ဘဲ ရှိအံ့နည်း"ဟု ဆို၏။

ထိုသို့ ပါရိကာဆိုသောအခါ ဒုကူလသုခမိန်သည်-

'ကိစ္စာ လဒ္ဓေါပိယော ပုတ္တော၊ ယော အန္ဓေ အဘာရီ ဝနေ။

တံ ဧကပုတ္တံ ဃာတိမှိ၊ အကောဓံ အာဟု ပဏ္ဍိတာ။ ။' ဟူသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား-

"ပါရိကာ။ ဆင်းရဲငြိုငြင်သဖြင့်ရအပ်သော ချစ်စွာသောအကြင်သားသည် ကန်းကုန်သောငါတို့ကို ဤဟိမဝန္တာတောကြီး၌ ကျွေးမွေးပေ၏။ ထို တစ်ယောက်တည်းသော ချစ်စွာသောသားကို သတ်သောသူ၌ အမျက်မထွက်အပ်။ 'အမျက်ထွက်ခြင်းသည် မကောင်းကျိုးကို ပေးတတ်၏'ဟူ၍ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့သည် ဆိုကုန်၏"ဟု ဆုံးမ၏။

ဒုကူလသုခမိန်သည် ပါရိကာအား ဤသို့ ဆုံးမသောစကားကိုဆိုပြီးလျှင် ၂ယောက်ကုန်သော ဒုကူလ, ပါရိကာတို့သည် လက် ၂ ဘက်တို့ဖြင့် ရင်ကိုထု၍ မရပ်မတည်နိုင်ဘဲ ဘုရားလောင်းသုဝဏ္ဏသာမဂုဏ်တို့ကို ချီးမွမ်းလျက် သည်းထန်ပြင်းပြစွာ ငိုကြွေးမြည်တမ်းကြကုန်၏။

ထိုသို့ ဒုကူလ, ပါရိကာတို့သည် အထူးထူးအပြားပြား များစွာသောအကြောင်းတို့ဖြင့် ငိုကြွေးမြည်တမ်းကြသောအခါ ပိဠိယက္ခမင်းကြီးသည် ထို ဒုကူလ, ပါရိကာတို့ကို နှစ်သိမ့်စေလိုသောကြောင့်-

'မာဗာဠံ့ ပရိဒေဝေထ၊ ဟတော သာမောတိ ဝါဒိနာ။

အဟံ ကမ္မကရော ဟုတ္វာ၊ ဘရိဿာမိ ဗြဟာဝနေ။ ။

'ဣဿတ္ထေ စသ္မိ ကုသလော၊ ဒဠှဓမ္မောတိ ဝိဿုတော။

အဟံ ကမ္မကရော ဟုတွာ၊ ဘရိဿာမိ ဗြဟာဝနေ။ ။

'မိဂါနံ ဝိဃာသ မန္វေသံ၊ ဝနမူလဖလာနိစ။

အဟံ ကမ္မကရော ဟုတွာ၊ ဘရိဿာမိ ဗြဟာဝနေ။ ။' ဟူသော ၃ ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"အို၊ ဒုကူလ, ပါရိကာ အရှင်ရသေ့တို့။ သုဝဏ္ဏသာမကို သတ်မိ၏။ 'ယခု အဘယ်သူလျှင် လုပ်သူမရှိ ဤတောကြီး၌ခရီးမတွင် လမ်းမမြင်သား သူကန်းများကို နိုးကြားမပြတ် လုပ်ကျွေးမွေးပါအံ့နည်း'ဟု ပြင်းစွာ မငိုကြွေးကြကုန်လင့်။ ငါသည် အမှုကြီး,ငယ်ကို ပြုသည်ဖြစ်၍ လူမရှိသော တောကြီးကျယ်စွာ ဟိမဝန္တာ၌ သင်တို့ကို ငါ ကျွေးမွေးပါအံ့။

"ရှင်ရသေ့တို့။ ငါသည် လေးအတတ်၌ ကျွမ်းကျင်လိမ္မာ၏။ လေးကို တင်နိုင်,ချနိုင်သော မင်းဟူ၍လည်း ကျော်စော၏။ ငါသည် အမှုကြီး,ငယ်ကို ပြုသည်ဖြစ်၍ လူမရှိသောတောကြီးကျယ်စွာ ဟိမဝန္တာ၌ သင်တို့ကို ငါ လုပ်ကျွေးပါအံ့။

"အချင်းရသေ့တို့။ ငါသည် ခြသေ့်, သစ်, ကျားတို့၏ စားကြွင်းကိုရှာ၍ လည်းကောင်း၊ တည်သီး, လွှန်သီး, သစ်မည်စည်သီး, ထောက်ရှာသီး, သရက်ဖြူသီး, ပိန္နဲ, မာလကာတို့ကို ရှာ၍လည်းကောင်း ဤသို့ အစရှိသော ပျားမွဲအရသာနှင့်တူသော သစ်သီးသစ်မြစ်တို့ကိုရှာပြီးလျှင်၊ ငါသည် သောက်ရေသုံးရေတည်ထားခြင်း, ခြေလက်ဆုပ်နယ်ပြုခြင်း, ရေပူရေချမ်းကမ်းလှမ်းခြင်း အစရှိသော အမှုကြီး,ငယ်တို့ကိုပြု၍ ဟိမဝန္တာ ကျယ်စွာသော တောကြီး၌ သင်တို့ကို သုဝဏ္ဏသာမကဲ့သို့ ငါ လုပ်ကျွေးမွေးပါအံ့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပိဠိယက္ခမင်းကြီးသည် "အချင်းရသေ့တို့။ သင်တို့သည် မစိုးရိမ်ကုန်လင့်။ ငါသည် မင်းအဖြစ်ကို အလိုမရှိပြီ။ ငါသည် ရှင်ရသေ့တို့ကို အသက်ထက်ဆုံး လုပ်ကျွေးပါအံ့"ဟု ဆို၍၊ ထို ဒုကူလ, ပါရိကာတို့ကို နှစ်သိမ့်စေ၏။

ထို ဒုကူလ, ပါရိကာတို့သည် ပိဠိယက္ခမင်းကြီးနှင့် စကားပြောလိုသောကြောင့်–

'နေသ ဓမ္မော မဟာရာဇ၊ နေတံ အမှေသု ကပ္ပတိ။

ရာဇာ တွံ မသိ အမှာကံ။ ပါဒေ ဝန္ဒာမ တေ မယံ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ်ပြည်ကြီးကို အစိုးရတော်မူသော မဟာဓမ္မာရာဇ် မင်းမြတ်။ အရှင်မင်းကြီးသည် အကျွန်ုပ်တို့၏ အမှူကြီး,ငယ်ကိုပြုခြင်းသည် သဘောမဟုတ်။ ငါတို့အမှုကြီး,ငယ်ကို ပြုခြင်းသည် ငါတို့၌မအပ်။ အရှင်မင်းမြတ်သည် ငါတို့သခင်ဖြစ်သော မင်းပေတည်း။ ငါတို့သည် အရှင်မင်းကြီး၏ခြေကို ရှိခိုးပါကုန်၏"ဟု ဆို၏။

['ပါဒေ ဝန္ဒာမ တေ မယံ'ဟူသောစကားကိုကား ရဟန်း၏အသွင်၌ တည်ကုန်သော်လည်း သား၌ စိုးရိမ်ခြင်းဖြင့် နိပ်စက်အပ်သည်အဖြစ်ကြောင့် လည်းကောင်း၊ မာန်ကိုချသည်၏အဖြစ်ကြောင့် လည်းကောင်း၊ မင်းကြီးအား အကျွမ်းဝင်ခြင်းကို ဖြစ်စိမ့်သောငှာ လည်းကောင်း၊ ဤသို့ 'ပါဒေ ဝန္ဒာမ တေ မယံ' ဟူ၍ ဆိုကုန်၏ဟု ဆရာတို့ ဆိုကုန်၏။]

ထို ဒုကူလ, ပါရိကာတို့စကားကိုကြားလျှင် ပိဠိယက္ခမင်းကြီးသည် အလွန်နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ 'အဟော အစ္ဆရိယံ၊ ဪ အံ့ဖွယ်ရှိစွာတကား။ ဤသို့ အပြစ်ကိုပြုတတ်သော ငါ၌လည်း ကြမ်းကြုတ်သော စကားကိုမျှလည်း မဆို။ ငါ့ကို ချီးပင့်သလျှင်ကတည်း'ဟု ကြံ၍–

'ဓမ္မံ နေသာဒ ဘဏထ၊ ကတာ အပစိတီ တယာ၊

ပိတာ တွံ မသိ အမှာကံ၊ မာတာ တွံ မသိ ပါရိကေ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"နေသာဒအမျိုးဖြစ်ကုန်သော ရသေ့တို့။ သင်တို့သည် သဘောကိုသာလျှင် ဆိုကုန်၏။ ဒုကူလရှင်ရသေ့။ ယနေ့မှစ၍ ရှင်ရသေ့သည် ငါ၏အဖအရာ၌ တည်လော့။ ပါရိကာသည်လည်း ငါ၏ အမိအရာ၌ တည်လော့။ ငါကား သင်တို့သားဖြစ်သော သုဝဏ္ဏသာမ၏အရာ၌ တည်၍ ခြေဆေးခြင်းအစရှိသော ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြုပါအံ့။ ငါ့ကို 'မင်း'ဟူ၍ မမှတ်လင့်။ 'သုဝဏ္ဏသာမ' ဟူ၍သာလျှင် မှတ်ကုန်လေ"ဟု ဆို၏။

ထို ပိဠိယက္ခမင်းကြီး၏စကားကိုကြားလျှင် ဒုကူလ, ပါရိကာတို့သည် လက်အုပ်ချီလျက်ရှိခိုး၍ "ကာသိကရာဇ်ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ အရှင်မင်းကြီးသည် ငါတို့ကို မွေးအံ့သောကိစ္စ မရှိပေ။ စင်စစ်သော်ကား ကြိုးတန်းနွယ်စွန်းကိုကိုင်၍ ငါတို့ကိုဆောင်ပြီးလျှင် သုဝဏ္ဏသာမကို ပြပါလော့"ဟု တောင်းပန်လိုသောကြောင့်–

'နမော တေ ကာသိရာဇတ္ထု၊ နမော တေ ကာသိဝဍ္ဎန။

အဉ္ဇလိံ တေ ပဂ္ဂဏှာမ၊ ယာဝ သာမာ နုပါပယ။ ။

'တဿ ပါဒေသမဇ္ဇန္တာ၊ မုခဉ္စ ဘုဇဒဿနံ။

သံသုမ္ဘမာနာ အတ္တာနံ၊ ကာလ မာဂမယာမသေ။ ။' ဟူသော ၂ ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

"ကာသိကရာဇ်ပြည်သူတို့ကို အစိုးရတော်မူသောအရှင်မင်းကြီး။ အရှင်မင်းကြီးအား ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ ကာသိကရာဇ်ပြည်သူတို့၏အစီးအပွားကို ဆောင်တော်မူသော အရှင်မင်းကြီး။ အရှင်မင်းမြတ်အား ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ အရှင်မင်းမြတ်အား လက်အုပ်ချီပါကုန်၏။ အရှင်မင်းမြတ်သည် ငါတို့ကို သုဝဏ္ဏသာမထံသို့ ပို့တော်မူလော့။

"ထိုသုဝဏ္ဏသာမကို ခြေတို့ကိုလည်းကောင်း, ရွှချင်ဖွယ်သော မျက်နှာကို လည်းကောင်း သုံးသပ်ပြီးလျှင် မိမိကိုယ်ကိုပုတ်ခတ်လျက် သေခြင်းသို့ ရောက်ကုန်အံ့"ဟု ဆို၏။

ဤသို့လျှင် ၃ယောက်သော မင်း, ရသေ့တို့ စကားပြောဟော၍နေစဉ်တွင်ပင်လျှင် ဓိနေဝင်ခဲ့၏။ ထို နေဝင်သောအခါ ပိဠိယက္ခမင်းကြီးသည် 'ဤယခုအခါ ငါသည် ဤရသေ့တို့ကို သုဝဏ္ဏသာမနေရာ မိဂသမ္မတာမြစ်သို့ ဆောင်ချေအံ့။ ထိုသုဝဏ္ဏသာမကို ပြကတည်းကလျှင် ထိုရသေ့၏နှလုံးသည် ကွဲလတ္တံ့သတည်း။ ဤသို့နှလုံးကွဲသောအခါ ၃ယောက်သောသူတို့သည် သေခြင်းသို့ ရောက်ကုန်လတ္တံ့။ ထိုသို့ ဒုကူလ, ပါရိကာ, သုဝဏ္ဏသာမတို့သည် သေခြင်းသို့ရောက်သောအခါ ငါသည် ငရဲ၌ဖြစ်သည်သာ မည်ရာ၏။ ထို့ကြောင့် ဒုကူလ, ပါရိကာတို့ သွားအံ့သောဟာ မပေးအံ့'ဟု ကြံ၍-

'ဗြဟာ ဝါဠမိဂါကိဏ္ဏံ၊ အာကာသန္တံဝ ဒိဿတိ။
ယတ္ထ သာမော ဟတော သေတိ၊ စန္ဒောဝ ပတိတော ဆမာ။
'ဗြဟာ ဝါဠမိဂါကိဏ္ဏံ၊ အာကာသန္တံဝ ဒိဿတိ။
ယတ္ထ သာမော ဟတော သေတိ၊ သူရောဝ ပတိတော ဆမာ။ ။
'ဗြဟာ ဝါဠမိဂါကိဏ္ဏံ၊ အာကာသန္တံဝ ဒိဿတိ။
ယတ္ထ သာမော ဟတော သေတိ၊ ပံသုနာ ပတိကုဏ္ဍိတော။ ။
'ဗြဟာ ဝါဠမိဂါကိဏ္ဏံ၊ အာကာသန္တံဝ ဒိဿတိ။
ယတ္ထ သာမော ဟတော သေတိ၊ ဣဓေဝ ဝသထ ဿမေ။ ။' ဟူသော ၄ ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား-

"အရှင်ရသေ့တို့။ ဗြဟာရည ဟုဆိုအပ်သော ကျယ်စွာသောတောကြီး၌ ကြောက်မက်ဖွယ်သော တိုး, အောင်း, စာမရီ, ဆင်, ခြသေ့်, သစ်, ကျား, သားရဲတို့ဖြင့်ပြည့်သော ဟိမဝန္တာ ကျယ်စွာသောတောကြီး၌ ငါသတ်မိသော သုဝဏ္ဏသာမသည် မြေထက်၌ကျသောလမင်းကဲ့သို့ အိပ်ရစ်၏။

"အို၊ ရှင်ရသေ့တို့။ အကြင်တောအရပ်၌ ငါသတ်မိသော သုဝဏ္ဏသာမသည် မြေကြီးထက်၌ကျသော နေလုလင်ကဲ့သို့ အိပ်ရစ်၏။

"ထိုတောသည်ကား ဗြဟာရည ဟုဆိုအပ်သော တောကြီးသည် အလွန်မြင့်စွာ၏။ ဝါဠမိဂါကိဏ္ဏ ဟု ဆိုအပ်သော သားရဲတို့ဖြင့်လည်း ပြည့်၏။ ကောင်းကင်အဆုံးကဲ့သို့ ထင်၏။ တစ်နည်းကား အို-ရှင်ရသေ့တို့။ ဟိမဝန္တာတောအရပ်၌ ငါသတ်မိသောသုဝဏ္ဏသာမသည် မြေမှုန့်အလိမ်းလိမ်း ကပ်သည်ဖြစ်၍ အိပ်ရစ်၏။

"ထို ဗြဟာရည ဟုဆိုအပ်သော တောကြီးသည် အလွန်ကျယ်စွာရှိ၏။ ဝါဠမိဂါကိဏ္ဏ ဟုဆိုအပ်သော သားရဲတို့ဖြင့် ပြည့်၏။ ကောင်းကင်အဆုံးကဲ့သို့ ထင်၏။ ဤသစ်မြိုင်၌သာလျှင် နေကြကုန်လော့"ဟု ဆို၏။

www.burmeseclassic.com



ထိုသို့ဆိုသောအခါ ဒုကူလ, ပါရိကာတို့သည် မိမိတို့၏ သားရဲ၌ မကြောက်သောသဘော ရှိသောအဖြစ်ကို ပြအံ့သောငှာ–

'ယဒိ တတ္ထ သဟဿာနိ၊ သတာနိ နဟုတာနိစ။
နေဝမှာကံ ဘယံ ကောစိ၊ ဝနေ ဝါဠေသု ဝိဇ္ဇတိ။ ။' ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ်ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ အဘယ့်သို့ ဆိုတော်မူသနည်း။ ဤဟိဝမန္တာ ကျယ်စွာသောတောဌ် အထောင်, အသောင်း, အသိန်း, အသန်းမကသော သားရဲတို့သည် အကယ်၍ ရှိကုန်အံ့။ ထို ဟိမဝန္တာ ကျယ်စွာသောတောဌ် ထိုသားရဲတို့သည် ရှိလေငြားသော်လည်း တစ်စုံတစ်ခုသော သားရဲ၌ ငါတို့ ကြောက်ခြင်းလည်း မရှိ"ဟု ဆို၏။

## ၇။ ဒုကူလ, ပါရိကာတို့ လိုက်လာခန်း

ထိုသို့ ဒုကူလ, ပါရိကာတို့ ဆိုသောအခါ ပီဠိယက္ခမင်းကြီးသည် ထို ဒုကူလ, ပါရိကာရသေ့တို့ကို တားမြစ်အံ့သောငှာ မတတ်နိုင်သောကြောင့် ထိုဒုကူလ, ပါရိကာလက်တို့ကိုကိုင်၍ မိဂသမ္မတာမြစ်နား သုဝဏ္ဏသာမ၏အထံသို့ ဆောင်လေ၏။

ထိုသို့ ပီဠိယက္ခမင်းကြီး ဆောင်လေသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'တတော အန္ဓာန မာဒါယ၊ ကာသိရာဇာ ဗြဟာဝနေ။
ဟတ္ထေ ဂဟေတွာ ပက္ကာမိ၊ ယတ္ထ သာမော ဟတော အဟု။ ။' ဟူသော ဂါထာကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တတော–တဒါကာလေ၊ ထို ငါသုဝဏ္ဏသာမ ဖြစ်တော်မူသောအခါဌ်။ ကာသိရာဇာ၊ ကာသိကရာဇ်မင်းကြီးသည်။ ဗြဟာဝနေ၊ လွှမ်းမိုးသော တောကြီးအလယ်ဌ်။ အန္ဓာနံ၊ ကန်းသောရသေ့တို့ကို။ အာဒါယ၊ ယူ၍။ ယတ္ထ၊ အကြင်အရပ်ဌ်။ သာမော၊ သာမကို။ ဟတော၊ သတ်အပ်သည်။ အဟု၊ ဖြစ်၏။ တတ္ထ၊ ထိုအရပ်သို့။ ဟတ္ထေ၊ လက်တို့ကို။ ဂဟေတွာ၊ ကိုင်၍။ ပက္ကာမိ၊ ဘဲလေပြီ။ အဓိပ္ပာယ်ကား–

"သံသရာဘေးကို မပြတ်ရှုလေ့ရှိသော ချစ်သားရဟန်းတို့။ ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ ကာသိကရာဇ် ပြည်ကြီးသခင်ဖြစ်တော်မူသော ပီဠိယက္ခမင်းကြီးသည် ဗြဟာရညဟုဆိုအပ်သော တောကြီးကျယ်စွာ ဟိမဝန္တာဌ် သူကန်းဖြစ်သောရသေ့တို့ကို ဆောင်ယူ၍ အကြင်မိဂသမ္မတာမြစ်နားဌ် သုဝဏ္ဏသာမကို သတ်အပ်၏။ ထို မိဂသမ္မတာမြစ်နားသို့ ဒုကူလ, ပါရိကာတို့၏လက်ကိုကိုင်၍ သွားလေ၏။"

ထိုသို့ဆောင်သွားပြီးလျှင် သုဝဏ္ဏသာမ၏အထံဌ် ရပ်၍ "ဤသည်ကား သင်တို့၏သားဖြစ်သော သုဝဏ္ဏသာမတည်း"ဟု ကြားပေ၏။ ထိုပီဠိယက္ခမင်းကြီးကြားသော် သုဝဏ္ဏသာမ၏ခမည်းတော်သည် ဦးခေါင်းကိုချီ၍, မယ်တော်သည် ခြေကိုချီ၍ ပေါင်ပေါ်ထက်ဌ်ထားပြီးလျှင် အထူးထူးအပြားပြား များစွာသော အကြောင်းတို့ဖြင့် ငိုကြွေးမြည်တမ်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဒုကူလ, ပါရိကာတို့ ငိုကြွေးသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'ဒိသွာန ပတိတံ သာမံ၊ ပုတ္တကံ ပံသုကုဏ္ဍိတံ၊

အပဝိဒ္ဓံ ဗြဟာရညေ၊ စန္ဒံဝ ပတိတံ ဆမာ။ ။' ဟူသော ဂါထာကို မိန့်တော်မူ၏။ အဓိပ္ပာယ်ကား–

"သံသရာဘေးကို ရှုလေ့ရှိသော ချစ်သားရဟန်းတို့။ ငါ သုဝဏ္ဏသာမဖြစ်သောအခါ၌ သားဖြစ်သော, မြေမှုန့်အလိမ်းလိမ်းကပ်သော, လူမနီးသော ဗြဟာရည ဟုဆိုအပ်သော တောကြီးထဲ၌ မြေဝယ်ကျသော လကဲ့သို့ လဲသော သုဝဏ္ဏသာမကိုမြင်၍ "အို၊ အချင်းတို့။ တရားမဟုတ်သောအမှုကို ပြုလေစွာတကား"ဟု လက် ၂ ဘက်တို့ကိုချီ၍ ငိုကြွေးကြကုန်၏။

ဤသို့ ဒုကူလ, ပါရိကာတို့သည် မြေဝယ်ကျသောလမင်းကို ဥပမာပြု၍ ငိုကြွေးမြည်တမ်းသော်လည်း သား၌ဖြစ်သော စိုးရိမ်ခြင်း ပြင်းစွာနှိပ်စက်အပ်သောကြောင့် မြေထက်၌ကျသောနေမင်းကို ဥပမာပြု၍ ငိုကြွေးမြည်တမ်းလိုသောကြောင့်–

'ဒိသွာန ပတိတံ သာမံ၊ ပုတ္တကံ ပံသုကုဏ္ဍိတံ၊

အပဝိဒ္ဓံ ဗြဟာရညေ၊ သူရိယံဝ ပတိတံ ဆမာ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သားဖြစ်သော, မြေမှုန့်အလိမ်းလိမ်းကပ်သော, လူမနီးသော ဗြဟာရည ဟုဆိုအပ်သော တောကြီးထဲ၌ မြေဝယ်ကျသောနေကဲ့သို့ လဲသော သုဝဏ္ဏသာမကို မြင်၍ "အို–အချင်းတို့။ ပြုရက်လေစွာ တကား"ဟု လက် ၂ဘက်ကိုမြှောက်၍ သည်းစွာသောအသံဖြင့် ငိုကြွေးကြကုန်၏။

ဤသို့ သုဝဏ္ဏသာမသည် မြေထက်၌လဲသည်ကို ကောင်းကင်မှကျသောနေကဲ့သို့ ဥပမာပြု၍ ငိုကြွေးသော်လည်း သား၌ဖြစ်သောစိုးရိမ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်အပ်သောကြောင့်–

'ဒိသွာန ပတိတံ သာမံ၊ ပုတ္တကံ ပံသုကုဏ္ဍိတံ၊

အပဝိဒ္ဓံ ဗြဟာရညေ၊ ကလုနံ ပရိဒေဝယုံ။ ။' ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

သားဖြစ်သော မြေမှုန့် အလိမ်းလိမ်းကပ်သော လူမနီးသော ဗြဟာရည ဟုဆိုအပ်သော တောကြီး၌ လဲသော သုဝဏ္ဏသာမကိုမြင်၍ အလွန်သနားဖွယ်' လက် ၂ဘက်ကိုမြှောက်၍ ငိုကြွေးကြကုန်၏။

"ကောင်းသောအမြင်ရှိသော သုဝဏ္ဏသာမ။ ယမန်ကာလ မိနှင့်ဖကို နိစ္စမပြတ် ကျွာလက်သပ်၍ သားမြတ်သည် လုပ်ကျွေးမွေး၏။ ယခု သင်သည် ပြင်းစွာမေ့လျော့ သလော။ သင်သည် သေအံ့သောအခါသို့ ရောက်လတ်သည်ရှိသော် တစ်စုံတစ်ခုသော စကားကိုမျှ မဆိုခဲ့တကား။

"ကောင်းသောအဆင်းရှိသော ချစ်သားသုဝဏ္ဏသာမ။ ပြင်းစွာငိုက်မျဉ်း သလော။ သင်သည် ယခု သေအံ့သောအခါ ရောက်သည်ရှိသော် တစ်စုံတစ်ခုသော စကားကိုမျှ ငါတို့အား မဆိုခဲ့တကား။

"ချစ်သား သုဝဏ္ဏသာမ။ ယခု အဘယ်သူသည် ငါတို့၏ မြေမှုန့်အလိမ်းလိမ်းကပ်သော, ရှုပ်ထွေးသော ဆံကျစ်ကို ရှင်းလင်းသုတ်သင်၍ ထုံးပေလတ္တံ့နည်း။ သူကန်းဖြစ်ကုန်သော ငါတို့ကို လုပ်ကျွေးမွေးပေသော ဤသုဝဏ္ဏသာမသည် သေခဲ့ပြီတကား။

"ချစ်သားသုဝဏ္ဏသာမ။ ယခု အဘယ်သူသည် တံမြက်စည်းကိုယူ၍ ငါတို့သခမ်း၌ တံမြက်လှည်းပေလတ္တံ့နည်း။ ကန်းကုန်သောငါတို့ကို လုပ်ကျွေးမွေးပေသော သုဝဏ္ဏသာမသည် သေခြင်းသို့ ရောက်ခဲ့ပြီတကား။



www.burmeseclassic.com

"ချစ်သား သုဝဏ္ဏသာမ။ ယခုအခါ အဘယ်သူလာ၍ ကန်းကုန်သောငါတို့ကို ရေပူ၊ ရေချမ်း ကမ်းပါလတ္တံ့နည်း။ ကန်းကုန်သောငါတို့ကို လုပ်ကျွေးမွေးပေသော သုဝဏ္ဏသာမသည် သေခြင်းသို့ ရောက်ခဲ့ပြီတကား။

"ချစ်သား သုဝဏ္ဏသာမ။ ယခုအခါ အဘယ်သူလျှင် တောသစ်မြစ်၊ တောသစ်သီးတို့ကို ဆောင်ခဲ့၍ ကန်းကုန်သော ငါတို့ကို ကျွေးမွေးပေလတ္တံ့နည်း။ ကန်းကုန်သောငါတို့ကို လုပ်ကျွေးမွေးပေသော သုဝဏ္ဏသာမသည် သေခြင်းသို့ရောက်ခဲ့ပြီတကား"ဟု သုဝဏ္ဏသာမ၏ အမိ၊အဖဖြစ်သော ဒုကူလ၊ပါရိကာတို့သည် ပြင်းစွာငိုကြွေး မြည်တမ်းပြီးလျှင် သုဝဏ္ဏသာမ၏ရင်၌ လက်ကိုထား၍ အငွေ့ကို စူးစမ်းလတ်သည်ရှိသော်

'ငါတို့သား သုဝဏ္ဏသာမ ရှိသေးသလျှင်ကတည်း။ အငွေ့သည် ရှိသေးသလျှင်ကတည်း။ အဆိပ်၏ အဟုန်ဖြင့် မိန်းမောခြင်းသို့ ရောက်လတ္တံ့။ အဆိပ်မရှိစိမ့်သောငှာ သစ္စာအမှုကို ပြုအံ့'ဟု ကြံ၍ သစ္စာကိုပြုကြကုန်၏။

## ၈။ သစ္စာပြုခန်း

ထိုသို့ သစ္စာပြုသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'ဒိသွာန ပတိတံ သာမံ၊ ပုတ္တကံ ပံသုကုဏ္ဌိတံ၊
အဋ္ဋိတာ ပုတ္တသောကေန၊ မာတာသစ္စံ အဘာသထ။ ။
'ယေန သစ္စေန ယံ သာမော၊ ဓမ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ ဗြဟ္မစာရီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ သစ္စဝါဒီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ မာတာ ပေတ္တိဘရော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ ကုလေ ဇေဋ္ဌာ ပစာယိကော။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ ပါဏာ ပိယတရော မမ။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

www.burmeseclassic.com



'ယံကိဉ္စိတ္ထိ ကတံ ပုညံ၊ မယှဉ္စေဝ ပိတုစ္စ တေ။

သဗ္ဗေန တေန ကုသလေန၊ ဝိသံ သာမဿ ဟညတု။ ။' ဟူသော ၈ ဂါထာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား-

"သံသရာဘေးကို ရှုလေ့ရှိသော ချစ်သားတို့။ မြေမှုန့်အလိမ်းလိမ်းကပ်သော,မြေကြီးထက်၌လဲသော, သားဖြစ်သော သုဝဏ္ဏသာမကို မြင်၍ သား၌ဖြစ်သောစိုးရိမ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သည်ဖြစ်၍ သုဝဏ္ဏသာမ၏ အမိသည် သစ္စာစကားကို ဆိုလေ၏။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ ၁၀ပါးအပြားရှိသော ကုသိုလ်ကမ္မပထ တရားကို ကျင့်၏။ ထိုသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ဖြစ်သောအကျင့်ကို ကျင့်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ ဟုတ်မှန်သောစကားကိုသာ ဆိုတတ်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် အမိ,အဖတို့ကို လုပ်ကျွေးမွေးတတ်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် အမျိုး၌ အသက်ကြီးသောသူတို့ကို လည်းကောင်း၊ အမိ,အဖတို့ကို လည်းကောင်း ရိုသေ၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမကို ငါသည် ငါ၏အသက်ထက် ချစ်မြတ်နိုး၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"ငါသည် လည်းကောင်း, ချစ်သားသုဝဏ္ဏသာမ၏အဖသည် လည်းကောင်း အမှတ်မရှိပြုအပ်သော ကောင်းမှုရှိ၏။ ထိုသို့ပြုအပ်သော ခပ်သိမ်းသောကောင်းမှုကြောင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း"

ဤသို့ သုဝဏ္ဏသာမ၏အမိသည် သစ္စာပြုသည်ရှိသော် သုဝဏ္ဏသာမသည် နံပါးတစ်ဘက်ဖြင့် ပြန်၍အိပ်၏။

ထိုသို့အိပ်သောအခါ သုဝဏ္ဏသာမ၏အဖသည် "ငါ့သား အသက်ရှင်သေး၏။ ငါသည်လည်း သစ္စာပြုအံ့"ဟု ထိုပါရီကာအတူလျှင် သစ္စာပြု၏။

ထို ဒုကူလသုခမိန်၏ သစ္စာပြုသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်-

'ဒိဿာန ပတိတံ သာမံ၊ ပုတ္တကံ ပံသုကုဏ္ဌိတံ။

အဋ္ဋိတာ ပုတ္တသောကေန၊ ပိတာ သစ္စံ အဘာသထ။ ။

'ယေန သစ္စေန ယံ သာမော၊ ဓမ္မစာရီ ပုရေ အဟု။

ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

'ယေန သစ္စေန ယံ သာမော၊ ဗြဟ္မစာရီ ပုရေ အဟု။

ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။



www.burmeseclassic.com

www.burmeseclassic.com



'ယေန သဗ္ဗေန ယံ သာမော၊ သစ္စဝါဒီ ပုရေ အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ မာတာပေတ္တိဘရော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန ယံ သာမော၊ ကုလေ ဇေဋ္ဌာပစာယိကော။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယေန သစ္စေန် ယံ သာမော၊ ပါဏာ ပိယတရော မမ။
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။
'ယံကိဉ္စိတ္ထိ ကတံ ပုညံ၊ မယှဉ္စေဝ ပိတုစ္စ တေ။
သဗ္ဗေန တေန ကုသလေန၊ ဝိသံ သာမဿ ဟညတု။ ။' ဟူသော ၈ ဂါထာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား–

"သံသရာဘေးကို ရှုလေ့ရှိကုန်သော ချစ်သားရဟန်းတို့။ သုဝဏ္ဏသာမ၏အဖဖြစ်သော ဒုကူလသုခမိန်သည် မြေမှုန့်အလိမ်းလိမ်း ကပ်သောကိုယ်ဖြင့် ငွေပြားအဆင်းနှင့်တူသောသဲစု၌လဲသော သုဝဏ္ဏသာမကိုမြင်လျှင် သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သည်ဖြစ်၍ သစ္စာစကားကို ဆိုပေ၏။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ ကုသိုလ်ကမ္မပထတရား ၁၀ ပါးကို ကျင့်၏။ ထိုသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ မြတ်သောအကျင့်ကို ကျင့်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် ရှေး၌ ဟုတ်မှန်သောစကားကိုသာ ဆိုတတ်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား; မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် အမိ,အဖတို့ကို လုပ်ကျွေးမွေးတတ်၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမသည် အမျိုး၌ အသက်ကြီးသောသူတို့ကို လည်းကောင်း၊ အမိ,အဖတို့ကို လည်းကောင်း ရိုသေ၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"အကြင်သစ္စာစကားဖြင့် ဤ ငါ့သားသုဝဏ္ဏသာမကို ငါသည် ငါ၏အသက်ထက် ချစ်မြတ်နိုး၏။ ဤသို့ မှန်သောသစ္စာစကားဖြင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"ငါသည် လည်းကောင်း, သင်ချစ်သား သုဝဏ္ဏသာမ၏အမိသည် လည်းကောင်း, အမှတ်မရှိပြုအပ်သော ကောင်းမှု ရှိ၏။ ခပ်သိမ်းသောထိုကောင်းမှုကြောင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း"ဟု သစ္စာပြု၏။

ဤသို့ ဒုကူလသုခမိန်သည် 'ယေနသစ္စေန' အစရှိသော ၇ ဂါထာတို့ဖြင့် သစ္စာပြုသည်ရှိသော် သုဝဏ္ဏသာမသည် ဤမှတစ်ပါးသော နံတောင်းဖြင့် ပြန်၍အိပ်၏။

ထိုသို့အိပ်သောအခါ ဘုရားလောင်းအား ဥကြိမ်မြောက်အောင် သစ္စာပြုခြင်းကို ဗဟုသုန္ဒရီနတ်သမီးသည် ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို ဗဟုသုန္ဒရီနတ်သမီး၏ သစ္စာပြုသောအဖြစ်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်–

'သာ ဒေဝတာ အန္တရဟိတာ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။
သာမဿ အနုကမ္ပာယ၊ ဣမံ သစ္စံ အဘာသထ။ ။

'ပဗ္ဗတျာဟံ ဂန္ဓမာဒနေ၊ စိရရတ္တာ နိဝါသိနီ။
န မေ ပိယတရော ကောစိ၊ အညော သာမာ နဝိဇ္ဇတိ။ ။

'ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။
သဗ္ဗေ ဝနာ ဂန္ဓမယာ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။

ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။ ။

'တေသံ လာလပ္ပမာနာနံ၊ ဗဟုံ ကာရုညသဥှိတံ။
ခိပ္ပံ သာမော သမုဋ္ဌာသိ၊ ယုဝါ ကလျာဏ ဒဿနော။ ။' ဟူသော ၄ ဂါထာကို ဟောတော်မူ၏။

အဓိပ္ပာယ်ကား–

"ငါသည် အခါလေးမြင့် 'ဂန္ဓမာဒန' အမည်ရှိသောတောင်၌ နေ၏။ ဤ ငါ့သားသုဝဏ္ဏသာမမှတစ်ပါး တစ်စုံတစ်ယောက်သော ချစ်မြတ်နိုးသောသူသည် မရှိ။ ဤသို့ မှန်သောသစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း။

"ဂန္ဓမာဒန အမည်ရှိသောတောင်၌ ခပ်သိမ်းသောတောတို့သည် နံ့သာအတိသာ ပြီးကုန်၏။ တစ်စုံတစ်ခုသော သစ်ပင်မည်သည် မရှိ။ ဤသို့ မှန်သောသစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမအား မြားဆိပ် ပျောက်စေသတည်း"

"ချစ်သား ရဟန်းတို့။ ထို ဒုကူလ, ပါရိကာတို့၏ များစွာသောသနားခြင်းနှင့်ယှဉ်သော ငိုကြွေးခြင်းဖြင့် ငိုကြွေးကုန်စဉ်လျှင် ဗဟုသုန္ဒရီ နတ်သမီး၏ သစ္စာပြုသောအဆုံး၌ ဘုရားလောင်းသုဝဏ္ဏသာမသည် လျင်စွာထ၏။ ပဒုမ္မာကြာဖက်မှ လျှောကျသောရေကဲ့သို့ သုဝဏ္ဏသာမ၏မြားဆိပ်သည် ပြယ်လေ၏။ မြားမှန်သော အနာသည်လည်း ပြကတေ့ရှိလေ၏။ ဤအရပ်၌ ပစ်မိလေသလော, ထိုအရပ်၌ ပစ်မိလေသလော' ဟု ပစ်မိရာအရပ်သည်မျှလည်း မထင်"

ဤသို့လျှင် ဘုရားလောင်း၏ အနာမရှိသောအဖြစ်သည် လည်းကောင်း၊ မယ်တော်, ခမည်းတော်တို့၏ မျက်စိကိုရခြင်းသည် လည်းကောင်း၊ နေအရုဏ်တက်သောအခါ နတ်၏အာနုဘော်အားဖြင့် ၄ ယောက်ကုန်သော ဒုကူလ, ပါရိကာ, ပိဋ္ဌိယက္ခ, သုဝဏ္ဏသာမတို့၏သခ်မ်း၌သာ ထင်ရှားစွာဖြစ်ခြင်းသည် လည်းကောင်း၊ ဤအလုံးစုံသည် တစ်ပြိုင်နက် တစ်ချက်တည်းဖြစ်၍၊ သုဝဏ္ဏသာမ၏မယ်တော်, ခမည်းတော်တို့သည် "မျက်စိကို ငါတို့ရကုန်ပြီ။ သုဝဏ္ဏသာမလည်း အနာမရှိပြီ" ဟု အတိုင်းထက်အလွန် နှစ်သက်ခြင်းဖြစ်ကုန်၏။

ထိုအခါ မယ်တော်, ခမည်းတော်တို့ကို သုဝဏ္ဏသာမသုခမိန်သည်–

'သာမော ဟ မသ္မိ ဘဒ္ဒန္တေ၊ သောတ္ထိနာမှိ သမုဋ္ဌိတော။
မာဗာဠ္ဟံ ပရိဒေဝေထ၊ မဉ္စုနာ ဘိဝဒေထ မံ။ ။' ဟူသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား –

"မယ်တော်, ခမည်းတော်တို့။ ငါသည်ကား သင်တို့သားဖြစ်သော သုဝဏ္ဏသာမ တည်း။ ချမ်းသာသဖြင့် ကောင်းစွာထမြောက်ပြီ။ ပြင်းစွာ မငိုကြွေးကြလင့်။ သာယာစွာသောစကားဖြင့် ငါ့ကို ခေါ်ကြကုန်လော့"ဟု ဘုရားလောင်းဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## ၉။ ပိဠိယက္ခမင်းကြီးအား တရားဟောခန်း

ထိုသို့ဆိုပြီးသောအခါ ဘုရားလောင်းသည် ပိဠိယက္ခမင်းကြီးကိုမြင်၍ ပဋိသန္ထာရစကားတို့ကို ပြောဟောလိုသောကြောင့်–

'သွာဂတံ တေ မဟာရာဇ၊ အထော တေ အဒုရာဂတံ။
ဣဿရောသိ အနုပ္ပတ္တော၊ ယံ ဣဓတ္ထိ ပဝေဒယ။ ။
'တိန္ဒုကာနိ ပိယာလာနိ၊ မဓုကေ ကာသုမာရိယော။
ဖလာနိ ခုဒ္ဒကပ္ပါနိ၊ ဘုဉ္ဇ ရာဇ ဝရာဝရံ။ ။
'အတ္ထိ မေ ပါနိယံ သီတံ၊ အာဘတံ ဂိရိဂဗ္ဘရာ။
တတော ပိဝ မဟာရာဇ၊ သစေ တွံ အဘိကင်္ခသိ။ ။' ဟူသော ၃ ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ် ပြည်ကြီးသခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ အရှင်မင်းကြီး၏လာခြင်းကား ကောင်းသောလာခြင်းတည်း။ ထိုမြို့တုံ အရှင်မင်းကြီး၏လာခြင်းကား အပြစ်ကင်းသောလာခြင်းတည်း။ အစိုးရတော်မူသော အရှင်မင်းကြီးသည် အစဉ် ရောက်တော်မူ၏။ အရှင်မင်းကြီးသည် ဤအရပ်၌ အကြင် အလိုသည် ရှိ၏။ ထိုအလိုကို ဆိုတော်မူလော့။

"ကာသိကရာဇ် ပြည်သူတို့၏နှလုံးကို ပွားစေတတ်သော အရှင်မင်းကြီး။ တည်သီး, လွန်သီး, သစ်မည်စည်သီး, ထောက်ရှာသီး, သရက်ဖြူသီးတို့သည် ပျားမွဲအရသာနှင့် တူကုန်၏။ ထိုမှတစ်ပါး သရက်, ပိန္နဲ, နစ္ဆဲ, မာလကာ, ဩဇာ, ရှောက်ချို, လိမ္မော်, ကျွဲကောတို့သည် ရှိကုန်၏။ အရှင်မင်းကြီး ချိုနိုးရာရာကို အလိုရှိတိုင်း စားတော်မူပါလော့။

"ကာသိကရာဇ် ပြည်သူတို့၏ အစီးအပွားကို ဆောင်တော်မူတတ်သော အရှင်မင်းကြီး။ ဂိရိဂဗ္ဘရ ဟု ဆိုအပ်သော တောင်, မြောင်, ချောက်ကြားမှစီးသော မိဂသမ္မတာမြစ်မှဆောင်ခဲ့အပ်သော ဤရေသည်လည်း အလွန်ချမ်းအေး ကြည်လင်စွာ၏။ အကယ်၍ အလိုတော်ရှိအံ့။ ထိုရေအိုးစင်မှ သောက်တော်မူလော့"

ဤသို့လျှင် ဘုရားလောင်းသည် ပိဠိယက္ခမင်းကြီးအား သာယာနာပျော်ဖွယ် အသက်ထက်ဆုံး အောက်မေ့အပ်သောစကားကို ဆို၏။

ပိဠိယက္ခမင်းကြီးသည် အံ့ဖွယ်သရဲ သေလေပြီးသောသုဝဏ္ဏသာမ ပြန်ရှင်သည်ကိုမြင်လျှင် ဘုရားလောင်းအား မေးလိုသောကြောင့်–

'သံမုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။
ပေတံ တံ သာမ မဒ္ဒက္ခိံ၊ ကော နု တွံ သာမ ဇီဝသိ။ ။' ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"အချင်း သုဝဏ္ဏသာမ။ ငါသည် ပြင်းစွာတွေဝေ၏။ အထူးထူးအပြားပြား တွေဝေ၏။ ငါ့အား အလုံးစုံသောအရပ်မျက်နှာတို့သည်လည်း တွေဝေကုန်၏။ သေလေပြီးသော သင်သုဝဏ္ဏသာမကို မြင်ပြန်ရ၏။ အချင်းသုဝဏ္ဏသာမ။ သင်ကား အဘယ်အကြောင်းကြောင့် အသက်ရှင်ပြန်သနည်း"ဟု မေး၏။

ထိုသို့ ပိဠိယက္ခမင်းကြီး ဆိုသောစကားကိုကြား၍ ဘုရားလောင်းသည် 'ဤမင်းကြီးကား ငါ့ကိုသေလေပြီဟု မှတ်ဘိ၏။ ထိုမင်းကြီးအား မသေသောအဖြစ်ကို ပြအံ့'ဟု ကြံ၍–



www.burmeseclassic.com

www.burmeseclassic.com



'အပိ ဗီဝံ မဟာရာဇ၊ ပုရိသံ ဂါဠဝေဒနံ။
ဥပနီတမနသင်္ကပ္ပံ၊ ဗိဝန္တံ မညတေ မတံ။
အပိ ဗီဝံ မဟာရာဇ၊ ပုရိသံ ဂါဠဝေဒနံ။
တံ နိရောဓဂတံ သန္တံ၊ ဗိဝန္တံ မညတေ မတံ။ ။' ဟူသော ၂ဂါထာကို ဘုရားလောင်းဆို၏။
အဓိပ္ပာယ်ကား–

"ကာသိကရာဇ်တိုင်းအလုံးကို အစိုးရတော်မူသော အရှင်မင်းကြီး။ အသက် ရှင်သေးလျက်လည်း ပြင်းစွာဝေဒနာနှိပ်စက်သည်ဖြစ်၍ ဘဝင်အနီးသို့ ရောက်သောစိတ်ရှိသော အသက်ရှင်သောယောကျ်ားကို သေလေပြီဟု အောက်မေ့တော်မူဘိ၏တကား။

"ကာသိကရာဇ်ပြည်ကြီးကို ရွှေထီးဖြူဖြန့်မိုး၍ အစိုးရတော်မူသော အရှင်မင်းကြီး။ အသက်မသေဘဲလျက် လျှင် ပြင်းစွာဝေဒနာရှိသော ထွက်သက်, ဝင်သက် ချုပ်ခြင်းသို့ ရောက်သောအားဖြင့် ထင်ရှားရှိသော အသက်ရှင်သော ထိုယောကျ်ားကို သေလေသည်ဟူ၍ လူအများတို့သည် အောက်မေ့ဘိ၏တကား"

ထိုသို့ ဘုရားလောင်းသုဝဏ္ဏသာမသည် သာယာနာပျော်ဖွယ်ရှိသောစကားကို ပြောဆိုပြီးလျှင် ပိဠိယက္ခမင်းကြီးကို အကျိုးစီးပွားနှင့်ယှဉ်စေလိုသည်ဖြစ်၍ တစ်ဖန် တရားဟောတော်မူလိုသောကြောင့်–

'ယော မာတရံ ပိတရံဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
ဒေဝါပိနံ တိကိစ္ဆန္တိ၊ မာတာပေတ္တိဘရံ နရံ။ ။
'ယော မာတရံ ပိတရံဝါ၊ မစ္စော ဓမ္မေန ပေါသတိ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။ ။'ဟူသော ၂ ဂါထာကိုဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယောမစ္စော၊ အကြင်သတ္တဝါသည်။ မာတရံဝါ၊ အမိကိုလည်းကောင်း။ ပိတရံဝါ၊ အဖကိုလည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသတိ၊ မွေးပေ၏။ မာတာပေတ္တိဘရံ၊ အမိ, အဖကို လုပ်ကျွေးပေသော။ နံနရံ၊ ထိုသူကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ တိကိစ္ဆန္တိ၊ ဆေးကုကုန်၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယောမစ္စော၊ အကြင်သတ္တဝါသည်။ မာတရံဝါ၊ အမိကို လည်းကောင်း။ ပိတရံဝါ၊ အဖကို လည်းကောင်း။ ဓမ္မေန၊ တရားသဖြင့်။ ပေါသတိ၊ မွေးမြူ၏။ မာတာပေတ္တိဘရံ၊ အမိ, အဖကိုမွေးမြူသော။ နံနရံ၊ ထိုသူကို။ ဣဓေဝ၊ ဤပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ပေစ္စ၊ တမလွန်ဘဝ၌။ သဂ္ဂေ၊ နတ်ပြည်၌။ ပမောဒတိ၊ မွေ့လျော်ပျော်စံရ၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ် တိုင်းကြီး၌ ထီးဖြူရွှေနန်းသခင် ဖြစ်တော်မူသော အရှင်မင်းမြတ်။ မှတ်တော်မူလော့။ အကြင်သတ္တဝါသည် အမိကိုလည်းကောင်း, အဖကိုလည်းကောင်း တရားသဖြင့် လုပ်ကျွေးမွေးပေ၏။ ထို အမိ, အဖတို့ကို လုပ်ကျွေးမွေးမြူသောသူကို နတ်တို့သည်လည်း ဆေးကုပေကုန်၏။

"ကာသိကရာဇ်ပြည်ကြီးသခင် ဘုရင်တကာတို့၏အထွတ် ဖြစ်တော်မူသော အရှင်မင်းမြတ်။ တစ်ဖန် မှတ်ဦးလော့။ အကြင်သတ္တဝါသည် အမိကို လည်းကောင်း, အဖကို လည်းကောင်း တရားသဖြင့် လုပ်ကျွေးမွေး၏။ ထိုသို့ အမိ, အဖကို မွေးပေသောသူကို ပစ္စုပ္ပန်လောက ဤဘဝ၌ပင်လျှင် ခပ်သိမ်းသောသူတို့သည် ချီးမွမ်းကုန်၏။ နောင်တမလွန်ဘဝ၌လည်း ဒေဝသမ္ပတ္တိနှင့်ပြည့်စုံလျက် နတ်သက်အတိုင်း မွေ့လျော်ပျော်ပါး စံစားရ၏"ဟု ပိဠိယက္ခမင်းကြီးအား တရားဓမ္မဒေသနာဖြင့် ဟောကြားညွှန်ပြ ဆုံးမတော်မူ၏။

ထိုသို့ဆုံးမသော ဘုရားလောင်း၏တရားစကားကို ကြားလျှင် ပိဠိယက္ခမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



"အို၊ အချင်းတို့။ အံ့ဖွယ်သရဲ ရှိစွာ့တကား။ အမိ,အဖကို လုပ်ကျွေးမွေးပေသောသတ္တဝါအား ဖြစ်သောရောဂါဝေဒနာကို နတ်တို့သည် ဆေးကုစား ပေကုန်သတတ်။ အလွန်လျှင် သုဝဏ္ဏသာမသည် တင့်တယ်စွာ့တကား"ဟု ၅ ဖြာခုံညီလျက် လက်အုပ်ချီတောင်းပန်လိုသောကြောင့်–

'ဧသ ဘိယျော သံမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။

သရဏံ သာမ ဂစ္ဆာမိ၊ တွဉ္စ မေ သရဏံ ဘဝ။ ။' ဟူသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား–

"အချင်း သုဝဏ္ဏသာမ။ အပြစ်မရှိသောသင့်အား ငါ ပြစ်မှားမိခြင်းသည် အလွန် မိုက်မဲတွေဝေ၏။ ငါသည် သင်သုဝဏ္ဏသာမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သင်သုဝဏ္ဏသာမသည် ငါ၏ကိုးကွယ်ရာ ဖြစ်သော နတ်ပြည်သို့သွားသောခရီးကို ငါ့အား ကြားပါလော့"ဟု ဆို၏။

ထိုသို့ ပီဠိယက္ခမင်းကြီးဆိုသောအခါ ထိုပီဠိယက္ခမင်းကြီးကို ဘုရားလောင်းသည် ဤသို့ဆို၏။

"ကာသိကရာဇ်အရှင်မင်းမြတ်။ 'ဒေဝလောက'ဟုဆိုအပ်သော နတ်ပြည်သို့ အကယ်၍ သွားလိုသည်ဖြစ်အံ့။ ကြီးကျယ်စွာသော နတ်တို့၏စည်းစိမ်ချမ်းသာကို အကယ်၍ ခံစားလိုသည် ဖြစ်အံ့။ ဒသရာဇဓမ္မ ဟုဆိုအပ်သော ၁၀ပါးသော မင်းကျင့်တရားတို့၌ မမေ့မလျော့ ကျင့်တော်မူလော့"ဟု ထိုပီဠိယက္ခမင်းကြီးအား တရားဟောတော် မူလိုသောကြောင့်–

'ဓမ္မဉ္စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ မိတ္တာမစ္စေသု ခတ္တိယ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ဝါဟနေသု ဗလေသု စ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ဂါမေသု နိဂမေသု စ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ရဋ္ဌေ ဇနပဒေသု စ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ သမဏေ ဗြာဟ္မဏေသု စ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ မိဂပက္ခီသု ခတ္တိယ။ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ဓမ္မော သုစိဏ္ဏော သုခ မာဝဟတိ၊ ဣဓ ဓမ္မံ စရိတွာန၊ ရာဇ သဂ္ဂံ ဂမိဿသိ။ ။

'ဓမ္မဉ္စရ မဟာရာဇ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။ သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပမာဒေါ။ ။'
ဟူသော ၁၀ ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"ကာသိကရာဇ်တိုင်းခွင် မြေအပြင်ကို အစိုးရတော်မူသော, ခတ္တိယအစစ်ဖြစ်တော်မူသော အရှင်မင်းကြီး။ အမိ,အဖတို့၌ လုပ်ကျွေးမွေးမြူခြင်းကို ပြုတော်မူလော့။ ဤလူ့ပြည်၌ တရားကိုကျင့်တော်မူသည်ရှိသော် အရှင်မင်းကြီးသည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"မြေကြီးသေဋ္ဌ်နင်း မင်းဖြစ်တော်မူသော ကာသိကရာဇ်မင်းမြတ်။ သားမယားတို့၌ လုပ်ကျွေးမွေးမြူခြင်း တည်းဟူသော တရားကို ကျင့်လော့။ ဤပစ္စုပ္ပန်ဘဝ၌ ဓမ္မကိုကျင့်သည်ရှိသော် အရှင်မင်းကြီးသည် နတ်ပြည်သို့ ရောက်ရလတ္တံ့သတည်း။

"အာဏာလက်ရုံး ဘုန်းတော်ကြောင့် မြေအပြင်ကိုအစိုးရတော်မူသော အရှင်မင်းကြီး။ အဆွေခင်ပွန်း ဖြစ်ကုန်သော မှူးမတ်မိုလ်ပါ တိုင်းသားပြည်သူ လူအပေါင်းတို့၌ ပေးကမ်းစွန့်ကြဲခြင်း ဟုဆိုအပ်သော တရားကို



www.burmeseclassic.com

www.burmeseclassic.com



ကျင့်တော်မူလော့။ ဤ ပစ္စုပ္ပန်လောကဌ် တစ်စမယွင်းကျင့်သော အရှင်မင်းကြီးသည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"မဟာပထဝီ မဟီတလ စိုးရခွင့်ပိုင်သော ကာသိကရာဇ်မင်းကြီး။ ဆင်, မြင်း, ဗိုလ်ပါတို့၌ တရားကို ကျင့်တော်မူလော့။ ဤလောကဌ် တရားကိုကျင့်သည်ရှိသော် အရှင်မင်းမြတ်သည် နတ်ပြည်သို့ လားရလတ္တံ့သတည်း။

"ကာသိကရာဇ် တိုင်းကြီးသခင် မြေအပြင်ကို အစိုးရတော်မူသော အရှင်မင်းမြတ်။ ရွာ, နိဂုံးတို့၌ တရားကို ကျင့်တော်မူလော့။ ဤလူ့ပြည်၌ တရားကိုကျင့်သော အရှင်မင်းမြတ်သည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"ကာသိကရာဇ်ပြည်သူတို့၏နှလုံးကို ပွားစေတတ်သော အရှင်မင်းမြတ်။ ပြည်တိုင်းကားတို့၌ လည်းကောင်း, ဇနပုဒ်တို့၌ လည်းကောင်း တရားကို ကျင့်တော်မူလော့။ ဤလောကဌ် တရားကိုကျင့်သည်ရှိသော် အရှင်မင်းမြတ်သည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"ကာသိကရာဇ်ပြည်သူတို့၏ အစီးအပွားကို ဆောင်တော်မူတတ်သော အရှင်မင်းမြတ်။ ရဟန်း, ပုဏ္ဏားတို့၌လည်း တရားကို ကျင့်တော်မူလော့။ ဤလူ့ပြည်၌ တရားကိုကျင့်သည်ရှိသော် အရှင်မင်းမြတ်သည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"ကာသိကရာဇ်တိုင်းခွင် မြေအပြင်ကို အစိုးရတော်မူသော အရှင်မင်းမြတ်။ သားငှက်တို့၌ တရားကို ကျင့်တော်မူလော့။ ပစ္စုပ္ပန်လောကဌ် တရားကိုကျင့်သော အရှင်မင်းမြတ်သည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"ကာသိကရာဇ်ပြည်ကြီး၌ ရွှေထီးဖြန့်မိုး၍ အစိုးရတော်မူသော အရှင်မင်းမြတ်။ တရားကိုကျင့်တော်မူလော့။ ကောင်းစွာလေ့ကျက်အပ်သော တရားသည် ချမ်းသာကို ဆောင်ပေတတ်၏။ ဤလူ့ပြည်၌ တရားကို ကျင့်သော အရှင်မင်းမြတ်သည် နတ်ပြည်သို့ သွားရလတ္တံ့သတည်း။

"ကာသိကရာဇ်ပြည်ကြီး၌ ထီးဖြူရွှေနန်းကို အစိုးရတော်မူသော အရှင်မင်းမြတ်။ တရားကို ကျင့်တော်မူလော့။ ဗြဟ္မာမင်းနှင့်တကွသော သိကြား, နတ်မင်းတို့သည် ကောင်းစွာ တရားကို ကျင့်သောကြောင့် နတ်ပြည်, ဗြဟ္မာ့ပြည်သို့ ရောက်ကုန်၏။ အရှင်မင်းမြတ်။ ကျင့်ဝတ်တရားကို မမေ့မလျော့ ကျင့်တော်မူလော့"ဟု မင်းကျင့်တရား ၁၀ ပါး တို့ဖြင့် ဆုံးမ၏။

ဤသို့ ဘုရားလောင်းသည် ထို ပီဠိယက္ခမင်းကြီးအား ရာဇဓမ္မ ၁၀ ပါးကိုဟောပြီးလျှင် လွန်စွာ ဆုံးမတော်မူလို၍ ၅ ပါး သီလကို ပေး၏။

ပီဠိယက္ခမင်းကြီးသည် ဘုရားလောင်းသုဝဏ္ဏသာမ၏ အဆုံးအမကိုခံ၍ ဘုရားလောင်းကို ရှိသေစွာရှိခိုးပူဇော်ပြီး၍၊ ဗာရာဏသီပြည်သို့သွားပြီးလျှင် အလှူအစရှိသည်တို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့ လားရလေ၏။

ဘုရားလောင်းလည်း မယ်တော်, ခမည်းတော်တို့နှင့်တကွ အဘိညာဉ် ၅ ပါး[၈၄]တို့ကို လည်းကောင်း, သမာပတ် ၈ ပါး[၈၅]တို့ကို လည်းကောင်း ဖြစ်စေ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ဇာတ်ပေါင်းခန်း

ဤသို့ မြတ်စွာဘုရားသည် ‘သုဝဏ္ဏသာမ’ဇာတ်တော်၏ အတ္ထုပ္ပတ္တိအလုံးစုံတို့ကို ပြရာပြကြောင်းဖြစ်သော ဤဓမ္မဒေသနာကို ဆောင်တော်မူ၍

“သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းတို့။ အမိ, အဖတို့ကို လုပ်ကျွေးမွေးမြူပေသော လူတို့မည်သည်ကား ရှေး၌ ပညာရှိတို့၏ အနွယ်အဆက်လျှင်တည်း”ဟု မိန့်တော်မူပြီးလျှင် သစ္စာ ၄ပါးကို ပြတော်မူ၏။

သစ္စာ, ၄ ပါးကို ပြတော်မူသည်၏အဆုံး၌ အမိ, အဖတို့ကို လုပ်ကျွေး,မွေးမြူသော ရဟန်းသည် ‘သောတာပတ္တိဖိုလ်’သို့ ရောက်လေ၏။ တရားနာပရိသတ်တို့သည် တရားအရသာကို သောက်ရကုန်၏။

ဤသို့ မြတ်စွာဘုရားသည် တရားဒေသနာကို အကျယ်ဟောတော်မူ၍ စကားဆက်ဝေးသဖြင့် ရှေးဝတ္ထုအကြောင်းရင်း ပျောက်မည် စိုးသောကြောင့်

“ချစ်သားရဟန်းတို့။ ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ ကာသိကရာဇ်တိုင်း၌ ဗာရာဏသီပြည်ကို အစိုးရတော်မူသော ပိဠိယက္ခမင်းကြီးသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ ငါ၏သပိတ်, သင်္ကန်းတို့ကို ဆောင်ယူ၍ နောက်သို့ အစဉ်တစိုက်လိုက်ခြင်း စသည်တို့ဖြင့် မြတ်နိုးကြည်ညိုစွာ လိုရာမတ ရကြောင်း ကောင်းစွာ လုပ်ကျွေးခြင်းရှိလျက် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါဘုရား၏ ဥပဋ္ဌာကအရာ၌ ဗဟုသုတအစရှိသော ဂုဏ် ၅ပါးဖြင့် သာသနာတော်၌ ၂ယောက်မရှိ အထွတ်ဖြစ်သော ဘထွေးတော်၏သား ငါ့ညီ ‘အာနန္ဒာထေရ်’ ဖြစ်လာ၏။

“ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ ငါ့ကို မပြတ်စောင်မလျက် ဂန္ဓမာဒနတောင်၌နေသော ဗဟုသုန္ဒရီ နတ်သမီးသည် ယခု ငါ ဘုရားဖြစ်တော်မူသောအခါ ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါ၏တပည့်တော်မ ဘိက္ခုနီအပေါင်းတို့တွင် ဒုတိယအဂ္ဂသာဝိကာ၏အရာဖြင့် တန်ခိုးအရာ ၂ယောက်မရှိ အထွတ်ဖြစ်သော ‘ဥပ္ပလဝဏ်’[၈၁]ထေရီ ဖြစ်လာ၏။

“ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ အလုံးစုံသော ကာမဂုဏ်အသုံးအဆောင်တို့ကို အလိုရှိတိုင်း ပြည့်စေနိုင်သော တန်ခိုးနှင့်ပြည့်စုံစွာ မျက်စိ ၁၀၀၀ အမြင်ဆောင်လျက် ငါတို့ကိုကြည့်ရှုပေသော သိကြားမင်းသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ အလုံးစုံသော ကာမဂုဏ်စည်းစိမ်တို့ကို မရှိဟူ၍ မကြားရ၊ အလိုရှိတိုင်း ပြည့်စေနိုင်လျက် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီသမ္ဘာရနှင့်ပြည့်စုံစွာ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ငါ၏သာသနာ၌ ၂ယောက်မရှိ အထွတ်ဖြစ်သော, ငါဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည့်နောက်တိုင်အောင်လည်း ငါ၏သာသနာတော်ကို စောင်မကြည့်ရှုလတ္တံ့ဖြစ်သော ဘထွေးတော်သား ငါ့ညီ ‘အနုရုဒ္ဓါ’ထေရ် ဖြစ်လာ၏။

“ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ ငါ၏ခမည်းတော်ဖြစ်သော ဒုကူလသုခမိန်သည် ယခု ငါဘုရားဖြစ်တော်မူသောအခါ မဂဓရဋ္ဌတိုင်း ဗြာဟ္မဏမဟာသာလ[၈၂] အမျိုး၌ဖြစ်၍၊ လက်သို့ရောက်ပြီးသောကာမဂုဏ်ကို တံတွေးပေါက်ကဲ့သို့စွန့်ပစ်လျက် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါဘုရား တပည့်သားတော်အပေါင်းတို့တွင် ဓုတင်[၈၃]အရာဖြင့် ငါ၏သာသနာတော်၌ ၂ယောက်မရှိ အထွတ်ဖြစ်သော, ငါဘုရား

ပရိနိဗ္ဗာန်စံလွန်ပြီးသည်နောက် ငါဘုရား၏သာသနာတော်ကို ချီးမြှောက်လတ္တံ့သော တတိယအဂ္ဂသာဝက 'မဟာကဿပ'ထေရ် ဖြစ်လာ၏။

"ငါ သုဝဏ္ဏသာမ ဖြစ်တော်မူသောအခါ ငါ၏မယ်တော်ဖြစ်သော ပါရိကာသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ မဂဓရဇ္ဇတိုင်း၌ ၁၈ ကုဋေမက ကြွယ်ဝသော ဗြဟ္မဏမဟာသာလ ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ ကာမဂုဏ်၌ အပြစ်ကိုမြင်၍ အတိုင်းမသိသော ဆင်, မြင်း, ကျွဲ, နွား, စပါး, ဆန်, ရေ, ကျွန်, ခြွေရံတို့ကို စွန့်ပစ်လျက် ကမ္ဘာ ၁ သိန်း ဖြည့်ဆည်းပူးအပ်သော ပါရမီအားလျော်စွာ ငါဘုရားတပည့်တော် ဘိက္ခုနီအပေါင်းတို့တွင် 'ဘဒ္ဒါကာပိလာနီ'ထေရီ ဖြစ်လာ၏။

"ဟိမဝန္တာ ဗြဟာရည တောဝမြိုင်ခွင်၌ မိခင်,ဖခင် မျက်မမြင်ကို ချိုချဉ်သစ်သီး လုံးကြီးလုံးငယ် အသွယ်သွယ်တို့ဖြင့် လည်းကောင်း၊ သောက်ရေ,ချိုးရေတို့ဖြင့် လည်းကောင်း နေ့ညဉ့်မပြတ် လုပ်ကျွေးမွေးမြူသော သုဝဏ္ဏသာမ သုခမိန်သည်ကား ယခုအခါ ကပိလဝတ်နေပြည်တော်ကြီး၌ မဟာသမ္မတမင်းမှဆင်းသက်၍ မပြတ်သောအနွယ်ရှိသော သာကီဝင်မင်းမျိုး၌ဖြစ်၍၊ အရွယ်သို့ရောက်လတ်သော် ဘုန်းတော်ကြောင့်ဖြစ်သော ရွှေအိုးကြီး ၄လုံးနှင့်တကွ ဥတု ၃ပါးတို့၌ အချမ်း,အပူမျှသော ရွှေနန်းပြာသာဒ် ၃ ဆောင်၌ ယသောဓရာ[၂၉၈] ဗိမ္ဗာဒေဝီ[၂၉၉] အမှူးရှိသော မင်းသမီးအပေါင်း ၄သောင်း ၂ထောင်တို့ဖြင့် ခြံရံလျက် ရွှေနန်းစည်းစိမ်ကို ၂၉ နှစ်တိုင်အောင် စိုးစံတော်မူစဉ် ၄လတစ်ကြိမ်, ၄လတစ်ကြိမ် ဥယျာဉ်သို့ထွက်တော်မူရာတွင် သိကြားမင်းအမှူးရှိသော တစ်သောင်းသော စကြဝဠာ၌နေကုန်သော နတ်အပေါင်းတို့သည် ဗုဒ္ဓုပ္ပါဒ[၃၀၀] ခဏသင့်လျော် အချိန်တော်ပြီဟု တောထွက်တော်မူလိုသောစိတ်, လန့်ထိတ်ခြင်းဟူသော သံဝေဂတရားကို ရစေခြင်းငှာ သူအို, သူနာ, သူသေ, ရဟန်း ဟူသော ၄ ပါးသော အကြောင်းနိမိတ်တို့ကိုပြ၍ မြင်တည့်ရသောခဏ၌ ငါ၏ရူပသမ္ပတ္တိ အဆင်းအင်္ဂါ လက္ခဏာသည် လည်းကောင်း၊ ဇမ္ဗူဒီပါကျွန်းအပြင်၌နေသော ၁၀၁ စင်းသော ထီးဆောင်းမင်းအပေါင်းတို့သည် ဝပ်စင်းညွှတ်ပျပ် ဆက်ကပ်လာသော ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, ကျွဲ, နွား, မြင်း, ဆင်, ယာဉ်, သံလျင်း, ရထား, စပါး, ဆန်, ရေ တို့သည်လည်းကောင်း၊ ဆောင်း, နွေ, ဝသန် ဟုဆိုအပ်သော ဥတု ၃ပါးတို့၌ ၄ပါးသော မဟာဘုတ်[၃၀၁]တို့ကိုမျှစေလျက် သပ္ပါယ[၃၀၂]ဖြစ်စေခြင်းငှာ စွမ်းနိုင်သော ကပိလဝတ်[၃၀၃] နေပြည်တော်နှင့်တကွ ရမ္မ[၃၀၄], သုဘ[၃၀၅], သုရမ္မ[၃၀၆], အစရှိသော အတိုင်းမသိသော အဝိညာဏက, သဝိညာဏက တို့သည်လည်းကောင်း၊ တစ်သက် တစ်ဘဝ တစ်ခဏ အခိုက်အတန့်သာ ဖြစ်ချေသည်တကားဟု များစွာသော ဝတ္ထု ဘောဂက္ခန္ဓ[၃၀၇] ခနအစုတို့ကို ဟူးဟူးပြောင်းပြောင် ထိန်ထိန်လောင်သော မီးကျီးတွင်းကဲ့သို့လည်းကောင်း၊ မစင်,ဘင်ပုပ်, မြွေကောင်ပုပ်, ခွေးကောင်ပုပ်ကဲ့သို့လည်းကောင်း ကြပ်ကြပ်စွဲသုံး နှလုံးထားတော်မူ၍ သားတော် ရာဟုလာကိုဖွားမြင်တော်မူသည့်နေ့ ဖွားဖက်တော်[၃၀၈] ရင်းဖြစ်သော ငဆန်, ကဏ္ဍကနှင့်တကွ တောထွက်၍ သဲဖြူသာယာ အနောမာ[၃၀၉] မြစ်နား၌ ဆံတော်ကို ပယ်ဖြတ်၍ ဃဋိကာရ[၃၁၀] ဗြဟ္မာမင်းသည် ကောင်းစွာရှေးရှု ကပ်လှူအပ်သော ကမ္ဘာတန်ဆာ ကြာသင်္ကန်းနှင့် ရဟန်းပြုတော်မူပြီးလျှင် အနုပိယ[၃၁၁]တောတွင် သမဏသုခကို ခံစားတော်မူလျက် ၇ ရက်ပတ်လုံး ကျင့်သုံးတော်မူပြီးလျှင် ရာဇဂြိုဟ်[၃၁၂]ပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူပြီးမှ ပဏ္ဍဝတောင်ဝှမ်း၌ ဆွမ်းဘုဉ်းတော်မူစဉ် ဗိမ္ဗိသာရ[၃၁၃]မင်းကြီး၏ တောင်းပန်ခြင်းကို ငြင်းဆန်ဖိတား

www.burmeseclassic.com



စကားပငြိညာဉ်[၃၃၆]ကို ပေးတော်မူပြီးမှ အာဠာရ, ဥဒကရသေ့တို့ထံတွင် ဆက်ဆံခြင်းတည်းဟူသော အညမည[၃၃၇] ကျေးဇူးကို ခံစားတော်မူပြီးမှ ခပ်သိမ်းသောသူအပေါင်းတို့သည်ပြုခြင်းငှာ စွမ်းနိုင်ခဲလှသော 'ဒုက္ကရစရိယာ'အကျင့်ကို ၆ နှစ်ပတ်လုံး ကျင့်တော်မူပြီးမှ သေနနိဂုံး၌ သူဌေးသမီးသုဇာတာသည် ကောင်းစွာရှေးရှုကပ်လှူအပ်သော ယနာနို့[၃၃၈]ဆွမ်းကို ရွှေခွက်နှင့်တကွ ခံတော်မူပြီးလျှင် နေရဉ္ဇရာ[၃၃၉]မြစ်သာ ချောင်းနား၌ နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးမှ ထိုနေရဉ္ဇရာ၌ ရွှေခွက်ကိုမျှောတော်မူပြီးလျှင် နေ့သန့်စံပယ် တော်မူပြီးမှ ညချမ်းသောအခါ၌ ၈ ဥသဘ အနံ့ကျယ်သော မဟာမဂ္ဂ[၃၄၀]နတ်လမ်းမဖြင့် ကြွတော်မူ၍၊ မဟာဗောဓိ မဏ္ဍိုင်[၃၄၁]၌ နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူ၍၊ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်[၃၄၂], သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်[၃၄၃], မိုးသောက်ယံ အရုဏ်တက်လုနီးဆဲဆဲတွင် အာသဝက္ခယဉာဏ်[၃၄၄]ကို ရတော်မူ၍ ဒေယျုခံတရား[၃၄၅] ၅ပါးတို့ကို သူတစ်ပါးမညွှန် ကိုယ်တော်တိုင်သာလျှင် အလိုလိုသိတော်မူလျက် မရေတွက်နိုင်သော ဂုဏ်တော်အပေါင်းနှင့်တကွ သဗ္ဗညုတ[၃၄၆]အဖြစ်သို့ ရောက်တော်မူပြီးသော ငါဘုရား ဖြစ်တော်မူ၏။

**သုဝဏ္ဏသာမ ဇာတ်တော်ကြီးဝတ္ထု ဤတွင်ရွေ ပြီး၏။**



www.burmeseclassic.com

# နိဂုံး

၁။ ရဇ္ဇေ သုနာပရန္တမှိ၊ စကုဘိဓာနဂရေ။ သိရိပရိသပုဏ္ဏတ္တာ၊ မင်းဖူးတိ လဒ္ဓဝှါယကော။ ။

၂။ အထဝါစ နမန္တဂ္ဂ၊ ဝိလာသဋ္ဌာနဘာဝတော။ ပုရတ္ထိမေစ ဧရာဝတီ၊ လောဏဝတီစ ဒက္ခိဏေ။ ပစ္ဆိမေ ဣသိပဗ္ဗာစ၊ နမန္တာဝိစ ဥတ္တရေ။ ။

၃။ ဝါရိတော တေဟိ ယော တသ္မိံ၊ ထူပါရာမာဒိသောဘိတေ။ ရန်ကုန်ဘိဓာနဝေါဟာရေ၊ ဆာယန္တကာသမ္ဗန္ဓကေ။ ။

၄။ သောတာလယပဝါရမှိ၊ ကပ္ပရုက္ခူပမာလယေ။ တိဘူမကေ မနောရမ္မေ၊ ကုဋာဂါရာဒိမဏ္ဍိတေ။ ။

၅။ ဝသန္တော ဂန္ထကာရောစ၊ သီသာနံ ဝိတိဝမုကော။ ဝိဋ္ဌုကေသု နိရာသင်္ကော၊ သာသနေသု အာရဒ္ဓကော။ ။

၆။ ဝိသုဒ္ဓေါ် သုဒ္ဓသိဿေဟိ၊ သောဘန္တော စန္ဒိမာယထာ။ ပါသာဒိကောစ နိပုဏော၊ သဗ္ဗရဇ္ဇေ သုပါကဋော။ ။

၇။ တဿာ စရိယ သေဋ္ဌဿ၊ သိဿေနိဒံ မယာ ကတံ။ သုတေသီနံ ဟိတတ္ထာယ၊ မဟာလေခဝှယာစိတော။ ပုဗ္ဗာပရသုဝိဿဋ္ဌံ၊ သောတာလင်္ကာရ ဝှုပမံ။ ။

၈။ တမ္ဗဒီပေ ရဋ္ဌဒေသေ၊ မာဃဝပုရာဘိဓာနေ။ ပစ္ဆိမေ ဧရာဝတီယာ၊ မုစလိန္ဒာ ရဋ္ဌဟာဒ္ဒေ။ ။

၉။ မဟီသဒေသဝိသယေ၊ ပုညကာမာန မာဝါသံ၊ နာနာဇနသမာကိဏ္ဏံ၊ ဣသီနံ ပဗ္ဗတေဟိစ။ ။

၁၀။ ပုဂံစရွာတိ ဝေါဟာရော၊ ယော တဿ ပုဗ္ဗဒိသာယံ။ မနောရမ္မံ သုကာရိတံ၊ ထူပါရာမာဒိ သောဘိတံ။ ။

၁၁။ တာလ နာဠိကေရ ဇမ္ဗူ၊ ပေါတ္ထက အမ္ဗ သမ္ပန္နံ။ ဝိဋ္ဌာယ ကပိဋ္ဌေဟိစ၊ စမ္ပကမကုလေဟိစ။ ။

၁၂။ ပဥ္စပဒုမသဥ္ဆန္နံ၊ ဝါရိစရသမာကုလံ။ တဠာကေဟိစ သောဘိတံ၊ အာလယံ ဝသန္တော ကတံ။ ။

၁၃။ ဝါကျာနုသန္ဓိ မယုတ္တံ၊ မိနေတွေတ္ထ မနုဿယာ။ ဝဏ္ဏိတာ သုတသမ္ဗန္ဓာ၊ သဒ္ဒနာ သဒ္ဒနူ ပဏ္ဍိတာ။ ။

၁၄။ ပုညေနေတေန ပဗ္ဗေါမိ၊ မောက္ခံ သန္တံ သုဒုဒ္ဒသံ။ န တံ ပပ္ပေါမိ ယာဝါဟံ၊ တာဝတာ ဇာတိဇာတိယံ။ ။

၁၅။ စတုဝိပတ္တိဝိဂတော၊ စတုသမ္ပတ္တိ ပါဂတော။ စတုစက္ကေဟိ သမ္ပန္နော၊ သဒ္ဓမ္မေဟိစ သတ္တဟိ။ ။

၁၆။ အဘိရူပေါ မဟိဒ္ဓိကော၊ အင်္ဂပစ္စင်္ဂသမ္ပန္နော။ အာရောဟပရိဏာဟောစ။ ဘဝါဘဝေ သံသရန္တော။ ။

၁၇။ အနန္တာ သီဏာဘောဂေါစ၊ ဥဠာရာတုလဘောဂဝါ။ အနုပဟတဘောဂေါစ၊ ပဉ္စဝေရီဟိ မာဟာဝေ။ ။

www.burmeseclassic.com



၁၈။ တိက္ခဂ္ဂိရပညောစ၊ ဟာသဖဝနပညဝါ။ ဘူရိနိဗ္ဗေဓပညောစ၊ သဗ္ဗပဥ္စိသဗ္ဗနော။ ။

၁၉။ အဋ္ဌောသောဠသဝဿဿ၊ တိပိဋကဓရော ဘဝေ။ သဗ္ဗသိပ္ပေသု ကမ္မေသု၊ နိဋ္ဌင်္ဂေါ ဝေဒပါရဂူ။ ။

၂၀။ သက်ိ ဒဿနမတ္တေန၊ ဒိဋ္ဌေဒိဋ္ဌေ သုတေသုတေ။ အတိဆေကော အပ္ပမတ္တော၊ယာဝ ဘဝဂ္ဂ ရူပဂါ။ ။

၂၁။ နိဗ္ဗုတိ ဝစနံ ဒုက္ခံ၊ ဒေတိဟိ ဝစနံ တထာ။ တသ္မာ နဗ္ဗုတိ ဒေဟိတိ၊ မာ မေ ဟောတု ဘဝါဘဝေ။ ။

၂၂။ သဗ္ဗံ ပရိဝသံ ဒုက္ခံ၊ သဗ္ဗံ ဣဿရိယံ သုခံ။ သဗ္ဗံ ပရဝသံ မတ္တျ၊ သဗ္ဗမိဿရိယံ ဘဝေ။ ။

၂၃။ မေဃံ ဝါတဋ္ဌ ရတနံ၊ ခည ဝဏ္ဏဋ္ဌ သောဇနံ။ သမ္ဗိဋ္ဌိတံ တ ဒညံပိ၊ မာပေယျံ ကမ္မဖိဒ္ဓိယာ။ ။

၁,၂,၃,၄။ သုနာပရန္တမှိ ရဋ္ဌေ၊ သုနာပရန္တတိုင်းဖြစ်သော။ စကုဘိမာနနဂရေ၊ စကုမြို့၏အတွင်း၌။ ပုရတ္ထိမေ၊ အရှေ့မျက်နှာ၌။ ဇေရာဝတီစ၊ ဧရာဝတီမြစ်သည် လည်းကောင်း။ ဒက္ခိဏော၊ တောင်မျက်နှာ၌။ လောဏ ဝတီစ၊ ဆားပွတ်တောင်သို့ ညွတ်၍စီးရာဖြစ်သော ချောင်းမကြီးသည် လည်းကောင်း။ ပစ္ဆိမေ၊ အနောက်မျက်နှာ၌။ ဣသိပဗ္ဗာစ၊ ဘုရားမပွင့်မီက ဈာနလာဘီ ရှင်ရသေ့တို့ တောင်လျှဉ်တောင်ဝှမ်းတို့သည် လည်းကောင်း။ ဥတ္တရေ၊ မြောက်မျက်နှာ၌။ နမန္တာဝီစ၊ မန်းမြစ်သည်လည်းကောင်း။ တေဟိ၊ ထို မြစ်ငယ်,မြစ်ကြီး,ချောင်းမကြီး,တောင်လျှဉ်, တောင်ဝှမ်းတို့ဖြင့်။ ဝါရိတော၊ ၄ မျက်နှာမှ ဆီးကာဝန်းလည်၍ တည်ထသော။ သိရီ ပရိသပုဏ္ဏတ္တာစ၊ ကောင်းမြတ်သော ကျက်သရေအိမ်ခြေ ပရိသတ်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် လည်းကောင်း။ အထဝါ၊ တစ်နည်းသော်ကား။ နမန္တ ဂုဝိလာသဋ္ဌာနဘာဝတောစ၊ မြစ်မသို့ ပေါင်းဆုံရာဖြစ်၍ အညွန့်အဖူး၌ တင့်တယ်စွာ တည်ထောင်အပ်သောအရပ် ဖြစ်သောကြောင့် လည်းကောင်း။ မင်းဖူးတိလဒ္ဓဝှာယကော၊ မင်းဖူးရပ်ဟု ရအပ်သော အမည်ရှိထသော။ ယောဂါမော၊ အကြင်ရွာသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံဂါမေ၊ ထိုမင်းဖူးရွာ၌။ ထူပါရာမာဒိသော ဘိတော၊ ရွှေစေတီ, ဆုတောင်းပြည့်, ရွှေတန်ဆာ အစရှိသော ဂူကြီး, စေတီ, လိုဏ်နန်းတို့ဖြင့် တင့်တယ်စွာထသော။ မနောရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်လည်းရှိထသော။ တိဘူမကေ၊ ဘုံ ၃ဆင့်လည်းရှိထသော။ ကုဋာဂါရာဒိမဏ္ဍိတော၊ မုခ်, မှန်ကင်း, အမွှန်းတန်ဆာ စသည်တို့ဖြင့် တန်ဆာဆင်အပ်ထသော။ သောတာလယပဝါရမှိ၊ စာသင့်သားတို့၏ ဆန္ဒကို ဖိတ်မန်ရာလည်းဖြစ်ထသော။ ဝါ၊ စာသင်ကျောင်းတို့ဖြင့် ဝန်းလည်ခြံရံ အပ်ထသော။ ဆာယူဒကသမ္ပန္နကော၊ အရိပ်, ရေနှင့်လည်း ပြည့်စုံထသော။ ဝါ၊ ဥယျာဉ်, ရေကန်နှင့်လည်း ပြည့်စုံထသော။ ရန်ကုန်ဘိဓာနဝေါဟာရေ၊ ရန်ကုန်တိုက်ဟု ခေါ်ဝေါ်အပ်ထသော။ ဝါ၊ စေတီ, လိုဏ်နန်း, ရဟန်းသံဃာ, ရတနာအပေါင်း, ကောင်းမြတ်သော မင်္ဂလာရတနာတိုက်ဟု ခေါ်ဝေါ်အပ်ထသော။ ကပ္ပရုက္ခူပမာလယေ၊ သဒ္ဓါ, သီလ, သုတ အစရှိသော သူတော်ကောင်းဥစ္စာ ရတနာ ၇ရပ်ကို ပရိသတ်တို့ဆွတ်ယူရာ ပဒေသာသဖွယ်ဖြစ်သော ကျောင်း၌။

၅။ ဝသန္တော၊ နေတော်မူထသော။ ဂန္ထကာရော၊ ကျမ်းပို့ကျမ်းပြုဆရာလည်း ဖြစ်ထသော။ သိဿာနံ၊ တပည့်အပေါင်းတို့၏။ ပီတိဝဍ္ဎကော၊ နှစ်သက်ခြင်းကိုလည်း ပွားစေတတ်ထသော။ ပိဋကေသု၊ ပိဋကတ်တို့၌။ နိရာသင်္ကော၊ ရွံ့ရှာခြင်းကင်းတော်မူထသော။ သာသနေသု၊ ပရိယတ္တိ, ပဋိပတ္တိသာသနာတော်တို့၌။ အာရဒ္ဓကော၊ အားထုတ်တော်မူလေ့ရှိထသော။



www.burmeseclassic.com

www.burmeseclassic.com



၆။ ဝိသုဒ္ဓေါ၊ စတုပါရိသုဒ္ဓိသီလ, အာစာရ, ဂေါစရ စသည်တို့၌ အညစ်အကြေးမတင်ဖြူစင်တော်မူလျက်။ တာရာဂဏေဟိ၊ ကြယ်အပေါင်းတို့ဖြင့်။ သောဘန္တော၊ တင့်တယ်သော။ စန္ဒိမာယထာ၊ လပြည့်ဝန်းကဲ့သို့။ သုဒ္ဓသိသေဟိ၊ စင်ကြယ်သော တပည့်အပေါင်းတို့ဖြင့်။ သောဘန္တော၊ တင့်တယ်တော်မူသည်ဖြစ်၍။ သဗ္ဗရဋ္ဌေ၊ အလုံးစုံသော မြန်မာတိုင်းနိုင်ငံ၌။ သုပါကဋော၊ ကောင်းစွာထင်ရှားထသော။ ပါသာဒိကော၊ ကိုယ်,စကားဖြင့်လည်း ကြည်ညိုဖွယ်ရှိထသော။ နိပုဏော၊ သိမ်မွေ့နူးညံ့သော နှလုံးတော်လည်းရှိတော်မူသော။ ယောအာစရိယသေဋ္ဌော၊ အကြင်ရန်ကုန်ဆရာတော်မြတ်သည်။ အတ္ထိ၊ ရှိ၏။

၇။ တဿအာစရိယသေဋ္ဌဿ၊ ထိုရန်ကုန်ဆရာတော်ကျေးဇူးရှင်ဘုရား၏။ သိဿေန၊ လက်ရင်းငယ် တပည့်လည်း ဖြစ်ထသော။ ယုဝါနကေန၊ ပထမအရွယ် ပျိုနုသောအရွယ်လည်း ဖြစ်ထသော။ ပိယဝါကျေန၊ ချစ်ဖွယ်သောစကားကိုလည်း ဆိုတတ်ထသော။ သာသနာသိသေန–သဒ္ဓမ္မာသိသေန၊ သူတော်ကောင်းတို့၏ တရားကိုလည်း တောင့်တလေ့ရှိထသော။ ဖုလ္လကုမုဒဝိကာသိတဓိရေန၊ အခါသင့်၍ပွင့်သော ကုမုဒြာကြာကဲ့သို့ ဆရာမြတ်မှရအပ်သော နည်းဥပဒေသဖြင့် ပွင့်လန်းသော ဉာဏ်ပညာလည်းရှိထသော။ မယာ၊ ငါသည်။ သုတေသီနံ၊ သုတပညာကို ရှာကုန်သောသူတို့၏။ ဟိတတ္ထာယ၊ အစီးအပွားအလို့ငှာ။ ပုဗ္ဗာပရသုဝိဿဋ္ဌံ၊ ရှေ့, နောက်စကား အထားအနေ သေချွေကျစ်လစ်ပြေပြစ်သန့်ရှင်းထသော။ သောတာလက်ာရရူပမံ၊ သုတကိုရှာကုန်သော သူတို့၏ ဆင်သောတန်ဆာသဖွယ်လည်း ဖြစ်ထသော။ ဣဒံဇာတကဝတ္ထုံ၊ ဤသုဝဏ္ဏသာမ ဇာတ်ဝတ္ထုကို။ မဟာလေခဝှယာစိတော၊ 'မောင်သာ'အမည်ရှိသော စာရေးတော်ကြီးသည် ရှိသေစွာတောင်းပန် အပ်သည်ဖြစ်၍။ မြမ္မဘာသာယ၊ သိသာမှတ်လွယ် မိပွာယ်ထုတ်ဆေ စကားပြေဖြင့်။ ကတံ–လိခိတံ၊ ရေးစီကုံးအပ်ပြီ။

၈။ ကတ္တုဒေသေ၊ အဘယ်အရပ်၌။ လိခိတံ၊ ရေးစီသနည်း။ တမ္ဗဒီပေရဋ္ဌဒေသေ၊ တမ္ဗဒီပတိုင်းဖြစ်သော။ ဝါ၊ မြန်မာလူမျိုးတို့၏နေရာဖြစ်သော။ မာဃဝပုရာဘိဓာနေ၊ မကွေးမြို့အတွင်း၌။ ဝါ၊ မာဃဝပုရာဘိဓာနေ၊ မာဃဝလုလင်၏မြို့နယ်အတွင်း၌။ [မာဃဝမြို့ဟု ဆိုအပ်လျက် မာ၌ အာ–ကို အ ရဿပြု၍, စတုတ္ထအက္ခရာ ဃ–ကို တတိယက္ခရာ ဂ–ပြု၍, ဧ–အက္ခရာလာ၍, ဝ 'ဧ' ဂ 'ဝေ'သို့ကပ်၍ ဝိသဇ္ဇနီနှင့် မဂွေး(ကွေး)မြို့ဟု ဆိုသည်။] တစ်နည်းကား– မာဃဝပုရာ ဘိဓာနေ၊ ဆင်တော်, ကင်းတော်, သဖန်းခါးတော်, သက်န်းတော်တည်း ဟူသော တော် ၄လုံးတို့၏တည်ရာဖြစ်သော မဂွေးမြို့နယ်အတွင်း၌ ရောဝတီယာ၊ ရောဝတီမြစ်၏။ ပစ္ဆိမေ၊ အနောက်ဘက်၌၊ မုစလိန္ဒာရဋ္ဌပဟဏ္ဏေ၊ ကျည်းပင်တက်ရွာ၏ ကျေးလက်လည်း ဖြစ်ထသော။

၉,၁၀။ မဟိသဒေသဝိသယေ၊ ကျွဲသိုးမြောင်ရွာ၏ ကျေးလက်လည်း ဖြစ်ထသော။ ပုညကာမာနံ၊ ကောင်းမှုကို အလိုရှိကုန်သောသူတို့၏။ အာဝါသံ၊ နေရာလည်းဖြစ်ထသော။ နာနာဇနသမာကိဏ္ဏံ၊ အထူးထူး သောလူမျိုးတို့ဖြင့်ပြွမ်းထသော။ ဝါ၊ ချင်း, ကရင်, ကသည်း, ကုလား, တရုတ်, ရှမ်း, ယိုးဒယား, မြန်မာစသော လူမျိုးတို့ဖြင့်လည်း ပြွမ်းထသော။ ဣသီနံ၊ ဈာနလာဘီရှင်ရသေ့တို့၏။ အာဝါသေဟိ၊ နေရာဖြစ်ကုန်သော။ ပဗ္ဗတေဟိစ၊ ဥမင်, စေတီ, လိုဏ်နန်း အဆန်းအကြယ်ပြုအပ်သော မြင်သာတောင်တို့ဖြင့် လည်းကောင်း။ သောဘိတံ၊ တင့်တယ်စွာထသော။ ပုဂံစစ္စာတိဝေါဟာရော၊ ပုဂံစစ်ဟုခေါ်ဝေါ်အပ်သော။ ဝါ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော [ပုဝုစ္စတိ နိဗ္ဗာနံ၊ တံ ဂစ္ဆတိတိ ပုဂံ–ဟူသောဝစနတ္ထနှင့် လျော်စေသည်။] ဝါ၊ နိဗ္ဗာန်မင်္ဂဖိုလ်ကို အလိုရှိကုန်သော ရဟန်းရှင်လူအပေါင်းတို့သည် မြတ်သောအကျင့်ကို ကျင့်အပ်သည်ဟု ဆိုအပ်သော [ပုဂေဟိ စရောတိ ပုဂစရော– ဟူသော ဝစနတ္ထနှင့် လျော်စေသည်။ ဤဝစနတ္ထ၏အလိုသော်ကား စရစ္စာဟု ဆိုလိုသည်။]



www.burmeseclassic.com

www.burmeseclassic.com



ယောဂါမော၊ အကြင်ရွာသည်။ အတ္ထိ၊ ရှိ၏။ တဿာဂါမဿ၊ ထိုရွာ၏။ ပုဗ္ဗဒိသာယံ၊ အရှေ့မျက်နှာအရပ်၌။ သုကာရိတံ၊ ကောင်းစွာပြုပြင်အပ်သော။ မနောရမ္မံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော၊ ထူပါရာမာဒိသောဘိတံ၊ စေတီ၊ လိုဏ်နန်း စသည်တို့နှင့် တင့်တယ်ထသော။

၁၁,၁၂။ တာလ နာဠိကေရ ဇမ္ဗု ပေါက္ခက အမ္ဗသမ္ပန္နံ၊ ထန်း၊ အုန်း၊ သပြေ၊ ပေ၊ သရက်ပင်နှင့် ပြည့်စုံထသော၊ စိဉ္စာယကပိဋ္ဌေဟိစ၊ မန်ကျည်းပင်၊ သီးပင်တို့နှင့်လည်းကောင်း။ စမ္ပကဗဟုလေဟိစ၊ စကားပင်၊ ချရားပင်တို့သည် လည်းကောင်း။ သမ္ပန္နံ၊ ပြည့်စုံထသော။ သုကာရိတကမ္မေဟိစ၊ ကောင်းစွာဆောက်လုပ်သော။ ဝါ၊ ခွဲနွေးသစ်သင် အခြင် ထုပ် လျှောက်တို့နှင့်လည်း။ သမ္ပန္နံ၊ ပြည့်စုံထသော။ ပဥ္စပဒုမ သဉ္ဆန္နံ၊ ကြာမျိုး ၅ပါးတို့ဖြင့် ဖုံးလွှမ်းအပ်ထသော။ ဝါရိစရသမာကုလံ၊ ရေ၌ကျက်စား သွားလာကုန်သော ဝမ်းဘဲ၊ ဟင်္သာ၊ ရေကြက်၊ စက္ကဝက်ငှက်တို့ဖြင့်လည်း ပြွမ်းထသော။ တဠကေဟိစ၊ ရေကန်တို့ဖြင့်လည်း။ သောဘိတံ၊ တင့်တယ်ထသော။ အာလယံ- အာလယေ၊ ကျောင်း၌။ ဝသန္တော၊ နေစဉ်။ ကတံ-လိခိတံ၊ ရေးအပ်ပြီ။

၁၃။ တံဇာတကတ္ထု၊ ထို သုဝဏ္ဏသာမ ဇာတ်ဝတ္ထုသည်။ အနုဿုယာ၊ သူတစ်ပါးတို့အား ငြူစူချုပ်ချယ်ခြင်း မရှိကုန်ထသော။ ဝဏ္ဏိတာ၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်ထသော။ သုတသမ္ပန္နာ၊ သုတနှင့် ပြည့်စုံကုန်ထသော။ သဇ္ဇနာ၊ သူတော်ကောင်း အစစ်ဖြစ်ကုန်ထသော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဇေတ္တ၊ ဤယခု အကျွန်ုပ်စီကုံးသော ဝတ္ထု၌။ ဝါကျာနုသန္ဓိ၊ ရှေ့နောက် စကားအထားအသို အဆိုအမြွက် အစပ်အဟပ် အစပ်အဆော်ကို။ မိနေတွာ၊ ပညာဖြင့်နှိုင်းချိန်၍။ သစေ အယုတ္တံ၊ အကယ်၍ မသင့်ထင်အံ့။ တံ၊ ထိုသို့ မသင့်သောအရာကို။ သဇ္ဇနာ၊ လောင်းနုတ်စီရင် ပြင်ဆင်တော် မူစေကုန်သတည်း။

၁၄,၁၅။ အဟံ၊ ငါသည်။ ဧတေန၊ ထိုသို့သဘောရှိသော။ ပုညေန၊ သုဝဏ္ဏသာမဇာတ်ကို ပြုရသော ကောင်းမှုကြောင့်။ သန္တံ၊ ငြိမ်သက်သော။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲလှစွာထသော။ မောက္ခံ၊ နိဗ္ဗာန်သို့။ ပပ္ပေါမိ၊ ရောက်ရပါလို၏။ ယာဝ၊ အကြင်မျှလောက်သာ ကာလပတ်လုံး။ တံ၊ ထိုနိဗ္ဗာန်သို့။ နပပ္ပေါမိ၊ မရောက်ရသေး။ တာဝ၊ ထိုသို့ မရောက်ရသေးသမျှ။ ဇာတိ ဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ စတုဝိပတ္တိဝိဂတော၊ ၄ပါးသောဝိပတ္တိမှ ကင်းသည်လည်းကောင်း။ စတုသမ္ပတ္တုပါဂတော၊ ၄ပါးသော သမ္ပတ္တိနှင့် ပြည့်စုံသည် လည်းကောင်း။ စတုစက္ကေဟိစ၊ ၄ပါးသော စက်တို့နှင့်လည်းကောင်း။ သတ္တဟိ၊ ၇ပါးကုန်သော။ သဒ္ဓမ္မေဟိစ။ သူတော်ကောင်းတို့၏ တရားတို့နှင့်လည်းကောင်း။ သမ္မန္နော၊ ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

၁၆,၁၇။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ ကျင်လည်လတ်သည်ရှိသော်။ အဘိရူပေါ၊ အလွန်အဆင်းလှသည် လည်းကောင်း။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသည် လည်းကောင်း။ အင်္ဂပစ္စင်္ဂသမ္ပန္နော၊ ခြေ, လက်စသောအင်္ဂါနှင့် ပြည့်စုံသည် လည်းကောင်း။ အာရောဟပရိဏာဟ ယောဂါ၊ အလုံးအရပ်နှင့် ပြည့်စုံသည် လည်းကောင်း။ အနန္တာဒိဏာဘောဂေါစ၊ အတိုင်းမသိ သုံးဆောင်ပေးကမ်း၍ မကုန်နိုင်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည် လည်းကောင်း။ ဥဠာရာတုလဘောဂဝါ၊ မြတ်သော အတုမရှိသော ရတနာစစ် ဥစ္စာနှစ် အသုံးအဆောင်နှင့် ပြည့်စုံသည် လည်းကောင်း။ ဟာဝေ-ကေဏ္ဍေန၊ စင်စစ်သဖြင့်။ ပဉ္စဝေရီဟိ၊ ရန်သူ ၅ပါးတို့သည်။ အနုပဟတဘောဂေါစ၊ မလုယက်၊ မဖျက်ဆီးနိုင်သော စည်းစိမ်နှင့် ပြည့်စုံသည် လည်းကောင်း။ ဘဝေ၊ ဖြစ်ရပါလို၏။

၁၈။ သောအဟံ၊ ထိုငါသည်။ ဘဝါဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ တိက္ခဂမ္ဘီရပညောစ၊ ထက်မြက်သော ပညာ, နက်နဲသောပညာရှိသည် လည်းကောင်း။ ဟာသဇဝနပညဝါ၊ ရွှင်လန်းလျင်မြန်သောပညာ ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဘူရိနိဒ္ဒေပညာစ၊ မြေကြီးအထုနှင့်တူသော ထိုးထွင်းနိုင်သောပညာ ရှိသည် လည်းကောင်း။ သဗ္ဗပဥ္စိသဇ္ဇနာစ၊ ခပ်သိမ်းသော အမေးပုစ္ဆာပြဿနာကို လွယ်ကာဖြေနိုင်သော ပညာနှင့်ပြည့်စုံသည် လည်းကောင်း၊ ဘဝေ။ ဖြစ်ရပါလို၏။

၁၉။ သောအဟံ၊ ထိုငါသည်။ အန္တောသောဥ္စသဝဿဿ၊ ၁၆နှစ်အတွင်း၌။ တိပိဋကဓရော၊ ပိဋကတ် ၃ပုံကို ဆောင်နိုင်သည်လည်းကောင်း။ သဗ္ဗသိပ္ပေသု၊ ခပ်သိမ်းသောအတတ်တို့၌လည်းကောင်း။ သမ္မကမ္မေသု၊ ခပ်သိမ်းသောအမှုတို့၌ လည်းကောင်း။ ဝေဒပါရဂူ၊ ဗေဒင် ၃ပုံ၏ ကမ်းတစ်ဘက်သို့ရောက်သောအားဖြင့် လည်းကောင်း။ နိဋ္ဌင်္ဂေါ၊ အပြီးတိုင်သည်။ ဘဝေ၊ ဖြစ်ရပါလို၏။

၂၀။ သော အဟံ၊ ထို ငါသည်။ ဘဝါဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ သက်ဒသနမတ္တေန၊ တစ်ကြိမ်မြင်ကာမျှဖြင့်။ ဒိဋ္ဌေဒိဋ္ဌေ၊ မြင်တိုင်းမြင်တိုင်း။ သုတေသုတေ၊ ကြားတိုင်း ကြားတိုင်း။ ယာဝဘဝန္တ ရူပဂါ၊ ဘဝတစ်ပါး လားသည်တိုင်အောင်။ အတိဆေကော၊ အလွန်တတ်သိလိမ္မာသည် လည်းကောင်း။ အပ္ပမတ္တော၊ မမေ့မလျော့သည် လည်းကောင်း။ ဘဝေ၊ ဖြစ်ရပါလို၏။

၂၁။ နတ္ထိတိဝစနံ၊ 'မရှိ'ဟုဆိုရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဒေဟီတိဝစနံ၊ 'ပေးပါ'ဟူ၍ ဆိုရခြင်းသည်။ တထာ၊ ထို့အတူ။ ဒုက္ခံ၊ ဆင်းရဲ၏။ တသ္မာ၊ ထို့ကြောင့်။ ဘဝါ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ နတ္ထိတိဝစနံ၊ 'မရှိ'ဟူ၍ ဆိုရခြင်းသည် လည်းကောင်း။ ဒေဟီတိဝစနံ၊ 'ပေးပါ'ဟူ၍ ဆိုရခြင်းသည် လည်းကောင်း။ မေ၊ ငါ့အား။ မာဟောတု၊ မဖြစ်စေသတည်း။

၂၂။ သဗ္ဗံ၊ အလုံးစုံသော။ ပရဝသံ၊ သူ့အလိုသို့ လိုက်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဣဿရိယံ၊ အစိုးရခြင်းသည်။ သုခံ၊ ချမ်းသာ၏။ တသ္မာ၊ ထို့ကြောင့်။ ဘဝါဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ သဗ္ဗံ၊ အလုံးစုံသော။ ပရဝသံ၊ သူ့အလိုသို့ လိုက်ရခြင်းသည်။ မာအတ္ထု၊ မဖြစ်စေသတည်း သဗ္ဗံ၊ အလုံးစုံသော။ ဣဿရိယံ၊ အစိုးရခြင်းသည်။ ဘဝေ၊ ဖြစ်ရပါလို၏။

၂၃။ မေဃဥ္စ၊ မိုးကို လည်းကောင်း။ ဝါတဥ္စ၊ လေကို လည်းကောင်း။ ရတနဥ္စ၊ ရတနာမြတ်ဥစ္စာကို လည်းကောင်း။ ဓညဥ္စ၊ စပါးကို လည်းကောင်း။ ဝတ္ထဥ္စ၊ အဝတ်ပုဆိုးကို လည်းကောင်း။ ဘောဇနဥ္စ၊ ဘောဇဉ်ကို လည်းကောင်း။ တံ၊ ထိုဆိုအပ်ခဲ့ပြီးသည်မှ။ အညံပိ၊ တစ်ပါးလည်းဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ ဣစ္ဆိတံ၊ အလိုရှိအပ်သောဝတ္ထုကို လည်းကောင်း။ ကမ္မဖိဒ္ဓိယာ၊ ကံကြောင့်ဖြစ်သော တန်ခိုးဖြင့်။ မာပေယျံ၊ ဖန်ဆင်းနိုင်လို၏။

ဣမဿ ပုညဿ၊ ဤကောင်းမှု၏။ ဘာဂဥ္စ၊ အဖို့ကိုလည်း။ သိနေရုတော၊ မြင့်မိုရ်တောင်မင်းထက်။ မဟာဂုဏဝတံ၊ ကြီးမြတ်သော ကျေးဇူးရှိကုန်သော။ ဇနေတ္တိ–ဇနကာနဥ္စ၊ မွေးသမိခင်, မွေးသဖခင်တို့အား လည်းကောင်း။ နိရိန္ဒဿ၊ လူတို့ကို အစိုးရတော်မူသော အရှင်ဖြစ်သော။ ဘူပတိဿစ၊ မြေကိုအစိုးရသော မြေကြီးသေဌ်နင်းမင်းအားလည်းကောင်း။ သုမာနိတဗ္ဗာနံ၊ အလွန်မြတ်နိုးအပ်ကုန်သော။ သုဟဇ္ဇာနံ၊ ကောင်းသော နှလုံးထားရှိကုန်ထသော။ ဝတ္ထုတ္တယမာမကာနံ၊ ရတနာ ၃ပါးကို မြတ်နိုးကုန်ထသော။ သဒ္ဓါသီလသမ္မန္နာနံ၊ သဒ္ဓါခြင်း သီတင်းနှင့် ပြည့်စုံကုန်ထသော။ ဘဝန္တ ရဂတာနံ၊ ဘဝသစ်သို့ လှမ်းယူပြောင်းသွားလေကုန်သော။ ဉာတိနဥ္စ၊ အဆွေအမျိုးတို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆုံးမပဲ့ပြင် သွန်သင်ပြသပေသော ဆရာမြတ်တို့အား လည်းကောင်း။ ယမရာဇာနံ၊ ယမမင်းကြီးကို။ အာဒိ ကတွာ၊ အစပြု၍။ တိဘူမိယာ၊ ဘုံ ၃ပါး၌။ အဝစရာနံ၊



www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ကုန်သော။ သတ္တာနဥ္စ။ သတ္တဝါတို့အားလည်းကောင်း။ ဒေမ၊ ပေးဝေပါကုန်၏။ သာဓုသာဓူတိ၊ သာဓု သာဓုဟူ၍။ မောဒန္တု၊ ဝမ်းမြောက်စေကုန်သတည်း။

အေးမြက်သီတာ၊ ဂန္ဓမာတွင်၊ နံ့သာဆူဆူ၊ မွှေးမတူသား၊ မဥ္ဇူသက၊ ပင်ရက္ခဝယ်၊ အလှအဆန်း၊ ပွင့်သည့်ပန်းကို၊ လန်းလန်းသီရုံး၊ ဆွတ်ယူကုံး၍၊ သက်လုံးမြတ်လေး၊ ဆင်တော့ပေးသို့၊ ပျံ့အေးဂုဏ်အင်၊ သုံးလူ့ရှင်၏၊ သုံးခွင်ဒေသနာ၊ ပင်ရိုပ်သာမှ၊ ဤစာသုဝဏ္ဏလျှံ၊ ဇာတ်တော်မွန်ကို၊ ဉာဏ်အမြင်နံ့၊ သူတို့ရှုကြောင်း၊ ဝဏ္ဏသက်သေ၊ စကားပြေဖြင့်၊ အနေကျစွာ၊ ရေးစီပါဟု၊ မောင်သာတွင်ခြင်း၊ မိတ်ဆွေရင်းလျှင်၊ ဝပ်စင်းရိုသေ၊ တောင်းပန်ထွေကြောင့်၊ ပေကိုးကြောင်းစာ[၁၂၅]၊ သုံးအင်္ဂါ[၁၂၆]ဖြင့်၊ ပညာတိက္ခ၊ နာမခေါ်ဆို၊ ပဥ္စင်းပျိုလျှင်၊ ကုသိုလ်မင်္ဂလာ၊ ပွားရာမှန်ဘိ၊ ဘူမိနက်သံ၊ ကြံကြံသမျှ၊ ကြွယ်ဝချမ်းသာ၊ ပြည်သာနိဗ္ဗူ၊ ဟူရာဌာန၊ သာယာလှသား၊ နာမတွင်လစ်၊ ပုဂံစစ်တွင်၊ စေတီပြင်ဝယ်၊ တင့်တယ်ထူးဆန်း၊ ကျောင်းသခ်မ်း၌၊ လေးပိုက်ဣရိယာ၊ နေသောခါလျှင်၊ သီသာစေမှု၊ ဖော်ထုတ်ပြုရှင့်၊ ဗဟုသုတ၊ ကိုငလောက်စွာ၊ ပညဝါတို့၊ ဤမှာဤနှိုက်၊ ဤမထိုက်ဟု၊ အဆိုက်အသွား၊ စကားရှေ့နောက်၊ နှိုင်းညှိထောက်၍၊ ကျရောက်မြူသွင်၊ အပြစ်မြင်က၊ တင်၍နှုတ်သား၊ ကဲ့ရဲ့ပါနှင့်၊ လျင်စွာ ‌ေသာက်ကူ၊ ပြင်တော်မူရှင့်၊ အယူဣဒ္ဓိဟ[၁၂၇]၊ မကျနမှု၊ မောဟဆို့ပိတ်၊ ကုသိုလ်ဟိတ်ဖြင့်။ ။ ဉာဏ်စိတ် ထောက်ဆပါစေသော်။

မွှေးညက်ဆီမှာ၊ ကျဥ္စမ်းဝါသို့၊ ရသာချိုဆိမ့်၊ နှလုံးအိမ့်၍၊ နှစ်သိမ့်စေမှု၊ ဤဝတ္ထုကို၊ ပြုရမြို့၊ ဤကုသိုလ်ကြောင့်၊ ထိုထိုနောင်ခါ၊ သံသရာ၌၊ ဝါနာ[၁၂၈]မကုန်၊ လည်ရတုံလည်း၊ လုံးစုံပညာ၊ အင်ရှစ်ဖြာနှင့်၊ ဝိသာရဒ၊ တတ်ကုန်ငလျက်၊ ဗုဒ္ဓအလောင်း၊ သူတော်ကောင်းတို့၊ ကျင့်ဘောင်းထုံးနည်း၊ နိဿရည်းကို၊ ငါလည်းဤတူ၊ ရပါမူလော့၊ လူမလိမ္မာ၊ လူမိုက်ထွာနှင့်၊ ကြုံလာတော်မိ၊ တွေ့ရဘိလည်း၊ ဒိဋ္ဌိပယ်ချွေး၊ စင်စွာဆေး၍၊ နည်းပေးဆရာ၊ မြောက်လိုပါ၏။ ကြမ်းစွာဒေါသ၊ ဂုဏ်မာနနှင့်၊ ပပလွှားလွှား၊ သူတို့အားလည်း၊ တရားသဖြင့်၊ တစ်ခွန်းရင့်က၊ အသင့်နှလုံး၊ ယူသုံးကြည်ညို၊ ညွတ်စေလို၏။ ထိုထိုခဲစွာ၊ ခွင့်ရေးရာ၌၊ ပညာနေဝန်း၊ ကဲ့သို့ထွန်း၍၊ ငြိစွန်းမထင်၊ နံ့သီမြင်လျက်၊ များဖြင်သတ္တ၊ ရှိသမျှကို၊ သုခတိုက်ကျွေး၊ ရန်ဘေးကင်းဖြို၊ လွတ်ရလို၏၊ ကြည်ညိုမေတ္တာ၊ လူတကာလည်း၊ ကြင်နာနှစ်သက်၊ အဆက်ဆက်လျှင်၊ တိုးတက်လျှံဖိတ်၊ ဉာဏ်နိမိတ်ဖြင့်။ ။ ပဏ္ဍိတ် မြောက်ရပါစေသော်။

လေးနက်ဤစာ ပြီးသည်မှာကား၊ အဇာတသတ်၊ မင်းမြတ်ဖြိုနောက်၊ ဤနှစ်ရောက်အောင်၊ လျှံတောက်သာသနာ၊ ဒွယာတြိ၊ သဋ္ဌိနဝ[၁၂၉]၊ သချာရ၏။ ဒီဃသက္ကရာဇ်၊ ကောဇာနှစ်ကား၊ ဇော်နှင့်ကေ၊ အဋ္ဌအဋ္ဌာ[၁၃၀]၊ ခုသချာ၌၊ ရတနာပုရ[၁၃၁]၊ ရွှေပြည်မကို၊ နရ[၁၃၂]ထိပ်ပန်း၊ စိုးသိမ်းမြန်း၍၊ ရွှေနန်းတက်စံ၊ ဘိသိက်ခံလျက်၊ ဘုန်းလျှံတောက်ပ၊ ထွန်းသစ်စတွင်၊ လကားနယုန်၊ မေထုန်ရာသီ၊ ခါရောက်ပြီဟု၊ တိမ်နီတိမ်ဝါ၊ တိမ်ပြာတိမ်ပုပ်၊ မှိုင်းအုပ်ဆင်ကာ၊ မုန်တိုင်းလာ၍ ရေမြစ်ချွင်၊ နာဝါရှင်တို့၊ ရင်ကိုလက်တီး၊ ကြောက်အားကြီး၍၊ တုန်ရီးတုန်ရင်၊ လေ့ရှင်လေ့သား၊ ဗျာပါများလျက်၊ လေ့တက်ဆိုက်ကာ၊ နေသောအခါလျှင်၊ အာကာကောင်းကင်၊ ဝတိ်ပြင်က၊ နတ်ရှင်မာဃ၊ ဝါသဝလျှင်၊ ရွှင်ပျအုန်းအုန်း၊ ပဇ္ဇုန်[၁၃၃]ဘုန်းဖြင့်၊ ထစ်ချုန်းရိုက်မြည်၊ မိုးဖွဲစည်လျက်၊ စိုပြည်မြေပြင်၊ ပန်းသစ်ပင်လည်း၊ ညွန့်ရှင်ဆိုင်းဆိုင်း၊ ရိပ်ညှိမှိုင်းလျက်၊ ခက်ကျိုင်းလန်းလန်း၊ မြရည်သွန်းသို့၊ ထက်ဝန်းစုံညီ၊ တီထီပြည့်၍၊ ရှစ်ရက်နေ့တွင်၊ မစေ့ခင်၌၊ သိုက်မြိုက်သေချာ၊ အခါရောက်ပြီး၊ သုံးချက်တီးတွင်၊ ပြီးအောင်မြင်ရှင့်၊



www.burmeseclassic.com

www.burmeseclassic.com



သုံးခွင်သတ္တ၊ ရှိသမျှလည်း၊ တောင့်တရာရာ၊ လွယ်ကာမဆိတ်၊ ကောင်းကျိုးစိတ်ဖြင့်။ ။ ရန်မြိတ် ပျောက်ကြပါစေသောဝ်။

ဤစာရေးသား၊ အကျိုးအားကြောင့်၊ ပိုက်ဖြားလွယ်ဖူး၊ လက်ဦးဆရာ၊ မည်ထိုက်စွာသည်၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖအား၊ ဝေဖြားအမျှ၊ ရပါစေလေ၊ သုန္ဒရေ[၁၃၆]အား၊ သက်သေထား၍၊ များသားထိုမှ၊ တေဘူမကာ၊ စစမကျန်၊ လျှဝေဖန်ဟု၊ တန်တန်ရှန်းစို၊ ဤကိုယ်အတ္တ၊ မုကစ၍၊ ဘဝဆက်တိုင်း၊ မယိုင်းသာသနာ၊ ကောင်းမြတ်စွာဒ္ဓ၊ ပညာဇဝန[၁၃၇]၊ ဂမ္ဘီရ[၁၃၈]နှင့်၊ တိက္ခ[၁၃၉]တွင်ဆို၊ ဟာသ[၁၄၀]ကိုလျှင်၊ မငြင်မငြို၊ ပြည့်ပါလိုသော၊ ဆုယူသြဟု၊ သဘောပန်နက်၊ သစ္စာရွက်၍၊ လေးချက်အတ္တ၊ မေ္ဓသန္တိဒါ[၁၄၁]၊ ပြားသည်မှာလည်း၊ မဂ္ဂါဂရိယ်နှင့်၊ မြဲသဖြင့်လျှင်၊ အသင့်ကြံတွေ့၊ ပြည့်ပါစေဟု၊ အမှတ်ပြု၍၊ ဗဟုသုတ၊ အဋ္ဌာရသသိပ္ပ၊ ဘဝေဘဝါ၊ သံသရာက၊ မဂ္ဂါသမ္မူ၊ တောင့်တပြု၍။ ။ လျင်မှုမကြာ ပြည့်စေသောဝ်။

ဤစာရေးပြု၊ မြတ်ကောင်းမှုကြောင့်၊ ယခုသာသနာ၊ တော်မြတ်စွာဒ္ဓ၊ မဂ္ဂါစတော၊ တိဟိတ်နေ၍၊ သန္ဓေစွဲမှန်၊ ဤကာယ်ကို၊ ဖောက်ပြန်မရှိ၊ မြင်သိအမြော်၊ သုံးဖော်ရပ်သူ၊ နတ်နှင့်လူတို့၊ ဆုယူတောင့်တ၊ များကုန်ကြသား၊ မှန်လှသမ္မာ၊ ငါးဖြာဥေယျ၊ ဓမ္မအယူ၊ နလုံးဖြူ၍၊ လျင်မှုမကြာ၊ သတ္တာဝါသ[၁၄၂]၊ ဘုံတို့မျှလည်း၊ လွဲရမရှိ၊ သတိပါရမီ၊ အစဉ်မှီသား၊ ဘုရားရှင်တော်၊ ဖြည့်သော် ပါရမီ[၁၄၃] သုံးဆယ်စီလျှင်၊ ဖြည့်ညီအမှန်၊ စွန့်ဟန် ငါးပါး၊ တရားအကျင့်၊ အဆင့်ဆင့်ကို၊ ပွားမြင့်လေအောင်၊ ဆောင်သည့်ဘာဝနာ၊ ရှစ်ဖြာမဂ္ဂင်၊ အရှင်တို့အား၊ မြဲမှတ်သား၍၊ သုံးပါးထွတ်ချာ၊ မေတ္တေယျာဟု၊ မြတ်စွာဘုရား၊ ထင်ရှားကံ့ကော်၊ ဗောဓိကျော်ဝယ်၊ ပွင့်တော်မူခါ၊ လက်ဦးစွာက၊ စိန္တေယျလျှင်၊ ခေါ်ထ၊ ဟေဘိက္ခုဒုက္ခဿအန္တကိရိယာယ[၁၄၄]၊ သံသာရင့်ကျူ၊ မိန့်တော်မူသား၊ ငါ့ကိုယ်အားကို။ ။ သနားချတ်တော် မူစေသောဝ်။

ပုဒ္ဒိအာနင့်[၁၄၅]၊ သုံးဖြာဉာဏ၊ စိန္တေယျအား၊ မှတ်သားသတိ၊ မြဲဘိစေအောင်၊ လုံ့လဆောင်သား၊ ဘုန်းခေါင်ဘုရား၊ တိုးတက်ပွား၍၊ ။ ငါ့အားသတိ ရှိစေသောဝ်။

ဤစာရေးရ၊ ကုသလကြောင့်၊ တနသွန်သင်၊ ပဲ့ပြင်ဆရာ၊ ဉာတကာဆွေမျိုး၊ ဘိုးဘွားကစ၊ မိနှင့်ဖတို့၊ နန်းမဒေဝီ၊ မဟေသီက၊ မင်းညီမင်းသား၊ မင်းဖျားမှူးရာ၊ ပါသည်ခြွေရံ၊ မိသံမပြား၊ မောင်းမများနှင့်၊ တိုင်ကြားသက်သေ၊ သုန္ဒရေက၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့ ၊မရျို့စုံအင်၊ နိဗ္ဗာန်ခွင်သို့၊ ကယ်တင်ပို့မည်၊ ကျွန်ပ်ရည်၍၊ တောင်းသည်သာပ၊ ဘုံနန်းမကို၊ စံရအောင်လျှင်၊ ဆုတောင်းဆင်သည်။ ။ လူရှင် အူအူသောင်းသောင်း အပေါင်းသာခု ခေါ်စေသောဝ်။

**သုဝဏ္ဏသာမ စာတ်တော်ကြီးဝတ္ထု နိဂုံး ဤတွင်ရွေ့ ပြီးပြီ။**



www.burmeseclassic.com

www.burmeseclassic.com



# သုဝဏ္ဏသာမ ဇာတ်တော်ကြီး ခက်ဆစ်များ

၁။ စွန့်ခြင်းကြီး ၅ပါး=ဓနပရိစ္စာဂ၊ ဥစ္စာကိုစွန့်ခြင်း။ ပုတ္တပရိစ္စာဂ၊ သားသမီးကိုစွန့်ခြင်း။ ဘရိယပရိစ္စာဂ၊ မယားကိုစွန့်ခြင်း။ အင်္ဂပရိစ္စာဂ၊ လက်ခြေစသောအင်္ဂါကြီးငယ်ကို စွန့်ခြင်း။ ဇီဝိတပရိစ္စာဂ၊ ကိုယ့်အသက်ကိုစွန့်ခြင်း။

၂။ ဝဋ် ၃ပါး=ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်။

၃။ သံသရာဝဋ်=ခန္ဓာကိုယ် မပြတ်မလပ် အထပ်ထပ်လည်ပတ်ခြင်း, ဖြစ်ခြင်း။

၄။ ကိလေသာ=ညစ်နွမ်းစေတတ်ပူလောင်စေတတ်သော တရား။

၅။ လောက ၃ပါး=သတ္တ, သင်္ခါရ, ဩကာသလောက။

၆။ ၈ယောက်သော အရိယာ=မဂ္ဂဋ္ဌာန် ၄ယောက်, ဖလဋ္ဌာန် ၄ယောက်။
အရိယာ=ကိလေသာ အညစ်အကြေး ကင်းဝေးဖြူ စင်သော ပုဂ္ဂိုလ်။

၇။ အဇ္ဈာသယ=အလိုဆန္ဒ။

၈။ သုခသိဒ္ဓိ=ချမ်းသာပြီးမြောက်ပြည့်စုံခြင်း။

၉။ ပီတိရွှန်းဝေ=နှစ်သက်ခြင်း ပီတိတရား၏ များပြားလျှံတက်ခြင်း။

၁၀။ ရှိပန်=လက် ၁၀ ဖြာ ထိပ်မှာပန်ဆင်၍ ရှိခိုးခြင်း။

၁၁။ စိတာန်=ဝိတာန-မျက်နှာကြက်။

၁၂။ အမြိုက်ရည်=အမတ-မသေရာနိဗ္ဗာန်၊ဝါ-မသေစေတတ်သော အာယုဝဍ္ဍနဆေးရည်။

၁၃။ ဇာတ်=ဇာတက-အဖြစ်တော်အတ္ထုပ္ပတ္တိကို ဆိုရာစကားတော်။

၁၄။ သဒ္ဒါ=ယုံကြည်ခြင်း။ သီလ-ကာယကံ, ဝစီကံကို စောင့်ထိန်းသဖြင့် ကုသိုလ်ကိုတည်စေခြင်း။ သုတ-အကြားအမြင်။

၁၅။ ဥဒါဟရုဏ်=ထုတ်ဖော်ပြအပ်သောစကား။

၁၆။ ကျစ်လစ်=ဖရိုဖရဲမရှိခြင်း၊ သိပ်သည်းခြင်း။

၁၇။ ဥပမာ=နှိုင်းယှဉ်ခြင်း။

၁၈။ လင်္ကာဒီပ=ဇမ္ဗူဒိပ်ကျွန်းကြီး၏ လင်းယဉ်တိုင်(ရှက်တိုင်)သဖွယ်ဖြစ်သော သီဟိုဠ်ကျွန်း။

၁၉။ သီဟိုဠ်=(သီဟလ)-သီဟကုမာရမင်း၏သားတော် ဝိဇယမင်း သိမ်းယူအပ်သောကျွန်း။ (လင်္ကာဒိုင်ဟုပြောင်းလဲသည်)။

၂၀။ မွေတော်=ဘုရားရှင်၏အမွေအနှစ် ပရိဘောဂစေတီ၊ [မွေတော်နှင့် ဓာတ်တော်အတူတူပင် ဟူ၍လည်း ဆိုကြသည်။]

၂၁။ ဓာတ်တော်=ဘုရားရှင်ကိုယ်တော်မှဖြစ်သာ အရိုး စသော ဓာတုစေတီ။

၂၂။ မဟာစေတီ=ကြီးကျယ်မြင့်မြတ်သော ပူဇော်ရာစေတီ။

၂၃။ မဟာကရုဏာ=ကြီးမားသောသနားခြင်း။

၂၄။ မေတ္တာ=ချစ်ခင်ခြင်း။

၂၅။ သောင်းတိုက်=၄ ကျွန်း တစ်မြင်းမိုရ်သည် စကြဝဠာတစ်တိုက် ဖြစ်၏။ ထို စကြဝဠာတိုက်ပေါင်း ၁ သောင်းတည်း။

၂၆။ နိဗ္ဗူ=ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်။

၂၇။ ၈ ပါးသောပရိသတ်=စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, မာန်နတ်, ဗြဟ္မာ, ရဟန်း, ပုဏ္ဏား, မင်း, သူကြွယ်။

၂၈။ အနာထပိဏ်=(အနာထပိဏ္ဍိက) ကိုးကွယ်ရာမဲ့သော သူတို့အား ထမင်းစသည်တို့ကို ပေးကမ်းစွန့်ကြဲတတ်သော သူဌေး။

၂၉။ ဝိမုတ်=(ဝိမုတ္တိ)ကိလေသာ လွတ်ကင်းခြင်း။

၃၀။ ဗျာဒိတ်=ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့ဟု ရှေးရှေးသောဘုရားရှင်တို့ မိန့်ကြားခြင်း။

၃၁။ ၄ ပါးသော ဣရိယာပုထ်=သွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း, လျောင်းခြင်း။

၃၂။ ကော နမ် ဥသုနာ ဝိဒ္ဓိ=အဘယ်သူ ငါ့ကို မြားဖြင့် ပစ်ဘိသနည်း။

၃၃။ ဇေတဝန်=ဇေတမင်းသား၏ဥယျာဉ်။



www.burmeseclassic.com

www.burmeseclassic.com



၃၄။ ကာမဂုဏ်=အလိုရှိအပ်, မြတ်နိုးအပ်သော အာရုံ ၅ ပါးတရားအစု။

၃၅။ ၅ပါးသော ရှိခိုးခြင်း=တည်ရာဌာနအပြင်၌ ခြေ ၂ဘက်ဖြင့် လည်းကောင်း, လက် ၂ဘက်ဖြင့် လည်းကောင်း, ဦးခေါင်းဖြင့် လည်းကောင်း, ၅ပါးသော အင်္ဂါတို့ဖြင့်ထိ၍ ရှိခိုးခြင်း။

၃၆။ ဥပဏ္ဏာယ်=အပြစ်ကြီး, အပြစ်ငယ်ကို ဆုံးမတတ်သောဆရာ။

၃၇။ ဝိပဿနာစရုရ=လက္ခဏာယာဉ် ၃ပါးဖြင့် ရှုဆင်ခြင်ခြင်း အမှုတာဝန်။

၃၈။ ကမ္မဋ္ဌာန်း=သမထအမှု, ဝိပဿနာအမှု ၂ပါး၏ တည်ရာ။ (ပထဝီကသိုဏ်း စသော အာရုံ, သခ်ါရ စသောအာရုံနှင့် ၎င်းကို အာရုံပြု၍ သုံးသပ်ဆင်ခြင်သော သမာဓိ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုရ၏။

၃၉။ ပစ္စန္တရစ်=မင်းတို့နိုးပိုင်သော တိုင်းပြည်တို့၏အကြား တိုင်းစွန်တိုင်းဖျားရွာငယ်။

၄၀။ မဂ်=ကိလေသာကိုသတ်ဖြတ်လျက် နိဗ္ဗာန်သို့ရောက်စေတတ်သော တရား။

၄၁။ ဖိုလ်=မဂ်၏အခြားမဲ့ မဂ်ကြောင့်ရရှိသော အကျိုးတရား။

၄၂။ အထီးကျန်=အားကိုးရာမဲ့ ဆင်းရဲသူ။

၄၃။ အာဂန္တုက=အရပ်တစ်ပါးမှလာရောက်သော ဧည့်သည်။

၄၄။ မဟာသာဝက=ပကတိသာဝကတို့ထက် မြင့်မြတ်၍ ဘုရားရှင်စကားတော်ကို လိုက်နာသောရဟန်းတော်။

၄၅။ အဂ္ဂသာဝက=မဟာသာဝကတို့ထက်မြင့်မြတ်၍ အထွက်အထိပ်သို့ရောက်သော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်။

၄၆။ မကျွတ်ထိုက်=သံယောဇဉ်နှောင်ကြိုးမှ မကျွတ်ထိုက်သူ၊ မဂ်,ဖိုလ် မရထိုက်သူ။

၄၇။ ဥပနိဿယ=မဂ်,ဖိုလ်ရရန် အားကြီးသောအကြောင်း။

၄၈။ မာတုပေါသက=အမိအဖကို လုပ်ကျွေးခြင်း။

၄၉။ စာရေးတံ=မဲချခြင်း၊ (ရှေးအခါက ဝါးတံ စသည်၌ ကမ္မည်းလိပ်စာရေး၍ မဲချသည်။)

၅၀။ ကြွပြ၍=ကြွလို၍။

၅၁။ တာရာဏသီ=(ဝါနရသီသ)မျောက်ဦးခေါင်းနှင့်တူသောမြို့။ တစ်နည်း ဘုရားလောင်းမျောက်မင်း ဦးခေါင်းရှိသောမြို့။

၅၂။ ကတိကဝတ်=အညီအညွတ် တိုင်ပင်ဆွေးနွေး၍ ပြုရာကျင့်ဝတ်။

၅၃။ ဘွဲ့ပြုပုဆိုး=ချောမွေ့နူးညံ့သောအဝတ်။

၅၄။ ဟိမဝန္တာ=ဆီးနှင်းများစွာရှိသောတောင်။ တစ်နည်း ဆီးနှင်းအန်ထွက်သောတောင်။

၅၅။ မိဂသမ္မတာ=သမင်ဟု သမုတ်အပ်သောမြစ်။

၅၆။ ပဏ္ဏကမ္မလာ=အဖြူ အဝါရောနှော၍ ဖျော့တော့သောအဆင်းရှိသော ကမ္ဗလာနှင့်တူသော မြကျောက်ဖျာ။

၅၇။ သစ်မ်း=ရသေ့သူမွန်တို့ နေရာ။

၅၈။ ဝိသကြုံ(ဝိသုကမ္မ)=ဝိသုကာ ဘဝမှဖြစ်လာသော နတ်သား။ တစ်နည်း အထူးထူးအပြားပြား ဖန်ဆင်းမှု၌ လိမ္မာသောနတ်သား။

၅၉။ ပရိက္ခရာ=သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်, သပိတ်, ခါးပန်း, ရေစစ်, ပဲကွပ်, အပ် ဟူသော ရဟန်းတို့ အသုံးအဆောင်။

၆၀။ ညီလာခံ=အညီအညွတ်လာရောက်၍ နာခံရာ။

၆၁။ သမာပတ်=လေ့လာဝင်စားအပ်သော ဈာန်တရား။

၆၂။ ညဉ့်သန့်စင်ရာ=ညဉ့်အခါနေရာဌာန။

၆၃။ နေ့သန့်စင်ရာ=နေ့အခါနေရာဌာန။

၆၄။ စင်္ကြံ=အညောင်းပြေ လမ်းလျှောက်ရာဌာန။

၆၅။ ကြာမျိုး ၅ ပါး=ကြာဖြူ, ကြာနီ, ကြာညို, ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်။

၆၆။ ဒုကုဋ်=ပခုံးစွန်း၌ တင်အပ်သောသင်္ကန်း။

၆၇။ သဏ္ဌဒတ္တိယ=သိကြားမင်းပေးလှူအပ်သော ကျောင်း။

၆၈။ ဥဒါန်း=စိတ်တွင်း၌မတည်နိုင် နှစ်သက်ဝမ်းမြောက်သဖြင့် ထုတ်ဖော်မြွက်ဆိုသောစကား။

၆၉။ အင်းပျဉ်=ကုလားထိုင်။

၇၀။ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း=မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ကမ္မဋ္ဌာန်း ၄ပါး။



www.burmeseclassic.com

www.burmeseclassic.com



၇၁။ အာနသော်=အစွမ်းသတ္တိ။
၇၂။ သုခမိန်=သည်းခံလွယ်၍ နှိုင်းချိန်တတ်သော ပညာရှိ။
၇၃။ ဥတု=မိန်းမတို့ ဓမ္မတာလာသောသွေး။
၇၄။ တာဝတိံသာ=မာဃလုလင်နှင့် ကုသိုလ်ပြုဘက် ၃၃ ကျိပ် ၃ယောက်သောသူတို့၏နေရာ နတ်ပြည်။
၇၅။ မှန်ကူ=နဖူး၌ထိုးသော အစက်,အပြောက်,အလုံး,အဝိုင်း။
၇၆။ ညချမ်း=ချမ်းအေးသောညဉ့်အခါ။
၇၇။ ဒန်ပူ=(ဒန္တပေါန)သွားတိုက်ရန်ဝတ္ထု။ (သွားပွတ်တံ)။
၇၈။ ကိန္နရာ=လူနှင့်တူသောသတ္တဝါ။
၇၉။ မီးမယ်ဖျူး=မီးလင်းဖို၊ မီးအိုးကင်း။
၈၀။ လျှော်တေသက်န်း=သစ်ခွံလျှော်ကို ထုတော၍ ပြုအပ်သောသင်္ကန်း။
၈၁။ သစ်နက်ရေ=သစ်နက်သတ္တဝါ၏သားရေ။
၈၂။ ဆင်ပြောင်=အင်အားကောင်းသောဆင်ကြီး။ (ဆင်ဖြူ)
၈၃။ ဖန်ရည်=အရသာဖန်သော သစ်ခွံ,သစ်ခေါက် စသည်ကို ပြုသောအရည်။
၈၄။ ငရဲ=ချမ်းသာကင်း၍ အလွန်ဆင်းရဲပြီး အမြဲအော်ဟစ်ရသောမှုပြစ်ခံရာဌာန။
၈၅။ ကြမ်းတမ်းသောလေး=ပိုလ်အချိန် ၁ထောင်ရှိသော အလေးကိုတင်ပြီး လေးညှို့၌ဆွဲချိတ်၍ ချီမြှောက်သော် မြားတစ်ရပ်ခန့်သာ ကွေးသောလေး။
၈၆။ ဟဒယဝတ္ထုရုပ်=စိတ်၏ တည်ရာမှီရာရုပ်၊ နှလုံးအိမ်အတွင်း သွေးစု။
၈၇။ ခက်တရော်=တောင့်တင်းနိုင်မာခြင်း, မခံ့ကျန်းခြင်း။
၈၈။ ဗဟုသုန္ဒရီ=များစွာသောကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်သော နတ်သမီး။
၈၉။ ဂန္ဓမာဒန=နံ့သာ, ပန်းမာန်တို့ဖြင့် ယစ်စေတတ်သောတောင်။
၉၀။ ထိုမြို့တံ=ထိုမှတစ်ပါးထိုပြင်။
၉၁။ ကမ္မပထ=၃စရိုက် ၁၀ပါးမှ ကြဉ်ရှောင်၍ သုစရိုက် ၁၀ပါးကို ကျင့်ခြင်းဟူသော ကံမြောက်ကြောင်း တရား ၁၀ပါး။
၉၂။ ဘဝင်အနီးသို့ရောက်သောစိတ်=ဓောစိတ်နည်းပြီး ဘဝင်စိတ် များစွာဖြစ်၍ မိန်းမောတွေဝေသောစိတ်။
၉၃။ အဘိညာဉ် ၅ပါး=ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, ဣဒ္ဓိဝိဓ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသာနုဿတိ ဟူသော ထူးသော အသိဉာဏ် ၅ပါး။
၉၄။ သမာပတ် ၈ပါး=စတုက္ကနည်းအားဖြင့် ရူပဈာန် ၄ပါး, အရူပဈာန် ၄ပါး ပေါင်း ၈ပါးတည်း။
၉၅။ ဥပ္ပလဝဏ်=ကြာပန်းကဲ့သို့ လှပသော အဆင်းရှိသော မထေရ်မ။
၉၆။ ဗြာဟ္မဏမဟာသာလ=များသော ဥစ္စာနှစ်ရှိသောပုဏ္ဏား။
၉၇။ မုတင်=ကိလေသာကို ခါတွက်သောအကျင့်။
၉၈။ ယသောရော=အခြံအရံအကျော်အစောကို ဆောင်သောမိဖုရား။
၉၉။ ဗိမ္ဗာဒေဝီ=ရွှေအဆင်းရှိသော မိဖုရား။
၁၀၀။ ဗုဒ္ဓုပ္ပါဒ=ဘုရားပွင့်တော်မူသောကာလ။
၁၀၁။ မဟာဘုတ်=ကြီးကျယ်စွာ ဖြစ်တတ်သော ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီး ၄ပါး။
၁၀၂။ သပ္ပါယ=လျော်ကပ်ခြင်း။
၁၀၃။ ကပိလဝတ်=(ကပိလဝတ္ထု)ကပိလမည်သော ရသေ့၏နေရာ၌ တည်ထောင်သောပြည်။
၁၀၄။ ရမ္မ=မွေ့လျော်ဖွယ်ကောင်းသောပြာသာဒ်။
၁၀၅။ သုဘ=တင့်တယ်သောပြာသာဒ်။
၁၀၆။ သုရမ္မ=အလွန်မွေ့လျော်ဖွယ်ကောင်းသောပြာသာဒ်။
၁၀၇။ ဘောဂက္ခန္ဓ=စည်းစိမ်ဥစ္စာအစု။



www.burmeseclassic.com

www.burmeseclassic.com



၁၀၈။ ဖွားဖက်တော်=အာ–ဗော–ကော–ယ–ဆန်–ချွေ–ကဏ်ဟူသည်နှင့်အညီ အရှင်အာနန္ဒာ, (တစ်နည်း အာရောဟဏ–စီးတော်ဆင်) ဗောဓိပင်, ကာဠုဒါယီအမတ်; ယသောဓရာမိဖုရား, ဆန္နအမတ်, ရွှေအိုးကြီး ၄လုံး, ကဏ္ဍကမြင်းဟူသော အချိန်တူဖွားဖက်တော် ၇ဦး။

၁၀၉။ အနောမာ=မယုတ်မာ မြင့်မြတ်သောမြစ်။

၁၁၀။ ယင်္ဂကာရ=အိုးထိန်းသည်ဘဝမှ ဖြစ်သောဗြဟ္မာ။

၁၁၁။ အနုပိယ=ချစ်နှစ်သက်အပ်သောတော။

၁၁၂။ ရာဇဂြိုဟ်=(ရာဇဂဟ)စကြဝတေး, မန္ဓာတ်စသော မင်းထူးမင်းမြတ်တို့ တည်ထောင်ဖန်ဆင်းအပ်သော ပြည်။

၁၁၃။ မိမ္မိသာရ=ရွှေတုံးရွှေနှစ်အဆင်းရှိသော မင်း။

၁၁၄။ ပဋိညာဉ်=ဝန်ခံခြင်း။

၁၁၅။ အညမညာ=အချင်းချင်း။

၁၁၆။ ယနာဂူ=တစ်ခဲနက်ပျစ်ခဲသောနို့ဆွမ်း။

၁၁၇။ နေရဉ္ဇရာ=(နီလဇလ)ညိုသောရေရှိသောမြစ်။

၁၁၈။ မဟာမဂ္ဂ=လမ်းမကြီး–လမ်းမတော်။

၁၁၉။ ဗောဓိမဏ္ဍိုင်=သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာဌာန။

၁၂၀။ ပုဗ္ဗေနိဝါသဉာဏ်=ရှေးရှေးဘဝ၌ နေအပ်ဖူး, စံစားအပ်ဖူးသည်ကို သိတတ်သောအသိဉာဏ်။

၁၂၁။ ဒိဗ္ဗစက္ခုဉာဏ်=နတ်တို့၏မျက်စိနှင့်တူသော သိတတ်သောအသိဉာဏ်(တစ်နည်း)ဒိဗ္ဗဝိဟာရ၏ အစွမ်းသတ္တိဖြင့် ရအပ်သော အသိဉာဏ်။

၁၂၂။ အာသဝက္ခယဉာဏ်=အာသဝေါတရား ကုန်ခန်းရာ အရ ဟတ္တဖိုလ်ဉာဏ်တော်။

၁၂၃။ ဧယျမံတရား=သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟူသော သိအပ်သော တရား ၅ပါး။

၁၂၄။ သဗ္ဗညုတ=အလုံးစုံသောတရားကို သိတတ်သောဘုရား။

၁၂၅။ ပေ ၉ ကြောင်းစာ=တစ်ချပ်လျှင် ၉ ကြောင်းရေးသော ပေစာ။

၁၂၆။ ၃ အင်္ဂါ=တစ်အင်္ဂါလျှင် ၁၂ ချပ်။

၁၂၇။ အယျုဒ္ဓိဟ=နှလုံး ၂၈ ယုံမှားခြင်း။

၁၂၈။ ဝါနာ=သောတဏှာ။

၁၂၉။ ဒွယာတြိ၊ သဋ္ဌိနဝ=ဒွယ(၂)၊ တြိ(၃)၊ သဋ္ဌိ (၆၀)၊ နဝ (၉) ဂဏန်းသင်္ချာများကို ဆက်စပ်၍ (၂၃၆၉)ခုဖြစ်၏။

၁၃၀။ ဧက်နှင့်ဧကအဋ္ဌအဋ္ဌာ=ဧက်(၁)၊ ဧက(၁)၊ အဋ္ဌ(၈)၊ အဋ္ဌ(၈) ဂဏန်းသင်္ချာများကို ဆက်စပ်၍ (၁၁၈၈)ခုဖြစ်၏။

၁၃၁။ ရတနာပုရ=လောကီရတနာ ၇ ပါး, လောကုတ္တရာ ရတနာ ၃ ပါးတို့၏ ပြည့်ရာရတနာပုံခေါ် မန္တလေးမြို့။

၁၃၂။ နရ=လူ။

၁၃၃။ ပဇ္ဇုန်=(ပဇ္ဇုန္န)ခေါ်မိုးနတ်သား။

၁၃၄။ သုန္ဒရေ=(ဝသုန္ဒရာ)မဟာပထဝီမြေကြီး။

၁၃၅။ ဇဝန=လျင်မြန်ခြင်း။

၁၃၆။ ဂန္တိရ=နက်နဲခြင်း။

၁၃၇။ တိက္ခ=ထက်မြက်ခြင်း။

၁၃၈။ ဟာသ=ရွှင်ခြင်း။

၁၃၉။ အတ္တဓမ္မ သန္နိဒါ=အကျိုး,အကြောင်း (တစ်နည်း)အနက်,သဒ္ဒါကို ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောဉာဏ်။

၁၄၀။ သတ္တာဝါသ=သတ္တဝါတို့၏နေရာဘုံ။

၁၄၁။ ပါရမီ=မြတ်သော ဘုရားအလောင်းတော်တို့၏ အကျင့်။ (တစ်နည်း) မြတ်သောနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်။

၁၄၂။ ဧဟိ ဘိက္ခု ဒုက္ခဿ အန္တ ကိရိယာယ=ဘိက္ခု၊ ရဟန်း။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တ ကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဧဟိ၊ ငါဘုရားထံသို့ လာခဲ့လော့။

၁၄၃။ ပု–ဒိ–အာ=ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်။



www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

မင်းကြီးသည် ထိုဆံမှတ်ဆိတ်ကို
ရွှေမှုညှပ်ဖြင့်နုတ်စေ၍ လက်ဝဲမြင်း၌တင်ထားပြီးလျှင်
ဆံဖြူကိုကြည့်လျက် ဒေဝဒူတကို ရွတ်ဆိုသည်

ကုသိုလ်ကံ၊ အကုသိုလ်ကံ စီမံသောကြောင့် လောကဖြစ်သည် မဟုတ်
ချိုသောမျိုးစေ့သည် ချိုသောအပင်သာ၊ ချဉ်သောမျိုးစေ့သည် ချဉ်သောအပင်သာ ဖြစ်လာသကဲ့သို့
မင်းဖြစ်သောသူသည်လည်း မင်းသား၊ သူကြွယ်ဖြစ်သော သူသည်လည်း သူကြွယ်သား၊
သူဆင်းရဲဖြစ်သောသူသည်လည်း သူဆင်းရဲသား အစဉ် ဖြစ်သည်
တမင်ပြုလုပ်သော တရားမှု ပြုပြင်ခြင်း မရှိ ဟု မိလည်း မှုအစ် သူဆင်းရဲကိုလည်း မှုစေ၏
ထိုသို့ အယူရှိသော အကိရိယဝါဒီ

မျက်စိနှင့် မထု ထူထုင်
ငါမြင်ကာမျှင် ထိုနန်းတော်ဝယ်မှာ
ထုံးမပါလျှင်စံ ဘုန်းတော်ယှဉ်တိုင်မှို
ပိုင်ပိုင်ကြီးတိုင်ကို ကိုယ်တွေ့ကာ့သို့
နန်းကြီးမြတ်သော အထိန်းမှိုင်လျှင်
ငါ့ဖိုက်နေတွင် နံ့မှု ရှိရှိသော
ထိုနတ်သမီးငယ်မိမိကို ချစ်မိရသော ဝိုင်းလေ
လောကလားပြုတည့် တည်ကြည်ခွင့်ပေးသော့သို့
ငါ ဆော့ပေးသောအကြောင်းကို
ကောင်းစွာ သင် ပြောပြီ

ကိုယ်သည်နှင့်သာ အကျိုးအပင်မထင်သော သူတစ်ပါးနှိပ်စက်၍ ပုဂ္ဂိုလ်နေသောသူ့ကိုမြင်သည် ...
ဒါကား ...
ငါ တန်နိုး ... သာတ်
...
ငါ ...
...
... ငါ ...

www.burmeseclassic.com



ဗီရဏီနတ်သမီး၏ ဘုံအနီးအပါးသို့ ရထားရောက်သောအခါ မာတလိနတ်သားသည် မင်းတရားစိတ် ထိတ်လန့်လျက်စွဲ၍ ငရဲကပါသောဝေဒနာကို ကုဏ္ဍာရုံရေချမ်းဖြင့် လန်းလန်းနိုင်စည် ကြည်ရွှင်စိမ့်ပြု၍

www.burmeseclassic.com

www.burmeseclassic.com

# ရှေ့စကား

မင်းကြီးသည့် ထိုခံ့ရက်ဆီတက်ကို
ရွှေရွှေညွှပ်မြှိန့်နက်ဝေ၍ လက်ထံမြင့်ကြက်ထောဦးမျှင်
သိမ်ကြိုကြည့်လျှက် ဝေသမင်းဘေကို ရှုလတ်သော်

ကုသိုလ်ကံ၊ အကုသိုလ်ကံ စီမံသောလမ်းကြောင်း လောကကြီးသည် ယောက်
ချိုသောကျိုးရသည် ချိုသောအပင်သာ၊ ချဉ်သောကျိုးရသည် ချဉ်သောအပင်သာ ဖြစ်သကဲ့သို့
မင်းဖြစ်သောသူသည်လည်း မင်းသာ၊ ချမ်းသာဖြစ်သော သူသည်လည်း ချမ်းသာ၊
သူတော်ကောင်းဖြစ်သောသူသည်လည်း သူတော်ကောင်းသာ အစဉ် ဖြစ်သည်။
တစ်ခုတစ်ခုသော တရားမှု ဖြစ်ပြီးပြီ မရှိ ဟု ဆိုလည်း ယူအေး၊ သူတော်ပါကိုလည်း ယူအေး
ထိုသို့ အယူရှိသော အကြောင်းမှာ။

မျက်စိနှင့် ယာ ရှုဘုန်း
ငါ့မြို့ကကျွန် ထိုနန်းတော်ထဲမှာ
ကျွန်မယ်လေးစိတ် ဘုန်းကံမှည့်ချိန်၌
ဝိုင်းဝိုင်းလည်ပြီးလိုက် ကိုယ်ကျွန်းကဲ့သို့
နန်းလိုမြှင်းအသော အထိမ်းမှုန်ဝင်ပြီး
ငါ့စိတ်နှလုံးတွင် နှမမှုရှိကောင်း
ထိုနတ်သမီးလည့်စိမ်းကို ချစ်ကြိမ်ရသော ထိုအား
ကောက်ကာကျေမြှည့် ကျည်ကြည့်မြှုံသဘောကဲ့သို့
ဤ ဖေးနိုးသောအကြောင်းကို
ကောင်းစွာ သင် ကြွပါပြီ

[illegible]
[illegible]
ဤ တန်ခိုး [illegible]
[illegible]
ဤ [illegible]
[illegible]
[illegible]

www.burmeseclassic.com



ဗီရဏီနတ်သမီး၏ ဘုံအနီးအပါးသို့ ရထားရောက်သောအခါ မာတလိနတ်သားသည် မင်းတရားစိတ်ထိတ်လန့်လျက်ခွဲ၍ ငရဲကပါသောဝေဒနာကို ကျွှာချိုရေချမ်းဖြင့် လန်းလန်းမိုင်စည် ကြည်ရွှင်စိမ့်ပြု၍

www.burmeseclassic.com

www.burmeseclassic.com

# နေမိဇာတ်တော်ကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

**ပဌာမ**

'နေမိ' သုနေမိ' ဖိန မာနိတံ နိတံ၊ တိတ္တိ' သုတိတ္တိ' ဘုသ မာဝရံ ဝရံ။

ဖောခိ' သုဖောခိ' ဂဏာ မုဂ္ဂတံ ဂတံ၊ ရောစိ' သုရောစိ' ပဏာမျာ စရိယံ ရိယံ။' (ဣန္ဒဝံသဂါထာ၊ ၁၂လုံးဖွဲ့)

'သဒ္ဒါဗုဒ္ဓိ သုတိဖွေဟိ၊ သမုဿာဟိတာ ဝဏ္ဏနာ။

နေမိဿတ္ထံ ဝိကာသိဿံ၊ ဥဒ္ဒါရေတွာ တဒုညတော။' (ပထျာဝတ္တဂါထာ)

(ပထမဂါထာ စတုတ္ထပါဒ၌ စရိယသဒါ ပါသောကြောင့် အက္ခရာတစ်လုံး လွန်သည်။ အာဗျန္တ ယမက ဂါထာ)

အဟံ၊ ငါသည်။ နိတံ၊ ဒိဋ္ဌိ, မာန အစရှိသော အဆိပ်အတောက်ကင်းသည်ဖြစ်၍ သဒ္ဒါ, မေတ္တာအစရှိသည်ဖြင့် နှိမ့်ချသောနှလုံးလည်း ရှိထသော။ အာနိတံ၊ ဆုံးမအပ်သော ဝေနေယျအပေါင်းကို။ ဝါ၊ အာနိတံ၊ ပို့ဆောင်အပ်ထသော။ နိတံ၊ မဂ်,ဖိုလ်၏ အဆောက်အဦးပါရမီ ရှိသည်ဖြစ်၍ ကျွတ်ထိုက်သော ဒုက္ခိတသတ္တဝါအပေါင်းကို။ နေမိ၊ မရဏဒုက္ခ စသည်တို့မှကင်းဝေးသော နိဗ္ဗာန်သို့။ သုနေမိ၊ ကောင်းစွာ ဆောင်တော်မူတတ်ထသော။ ဝါ၊ နိတံ၊ မဆွေးမကြေ ကျက်သရေမစဲ အမြဲလျှင်တည်ထသော။ အာနိတံ၊ သူတော်ကောင်းတို့သည် အရိုအသေဆောင်ရွက်အပ်ထသော။ နေမိ၊ အစ,အဆုံး နိဂုံး,နိဒါန်းဖြင့် ဆက်တန်းစပ်ချုပ် အပ်သည်ဖြစ်၍ မရစ်မထွေး အရေးသန့်သန့် အကန့်ခြားခြား ရထားစက်အကွပ်သဖွယ်ဖြစ်သော တရားတော် မြတ်ကို။ သုနေမိ၊ အခွင့်အကြောင်းနှင့် ကောင်းစွာလျော်အောင် ထုတ်ဖော်မြွက်ဟ ဆောင်ပြတော်မူတတ်ထသော။ ဖိနံ၊ ဒေဝပုတ္တ စသည်ဟုံးစုံး ၅ မာရ်လုံးကို ဖျက်ဖြုန်းခုတ်ထွင် အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို။ ပဏာမျ-ပဏာမာမိ၊ ရိုသေစွာရှိခိုးပါ၏။ ပဏာမျ၊ ရှိခိုးပြီး၍။ တိတ္တိ၊ ရေကိုအလိုရှိကုန်သောသူတို့၏ သက်ဝင်ရာဖြစ်သော ဆိပ်ကမ်းသဖွယ်ကဲ့သို့ နိဗ္ဗာန်ကို အလိုရှိကုန်သောသူတို့၏ သက်ဝင်မှီခိုရာဖြစ်ထသော။ သုတိတ္တိ၊ အထူးထူးအပြားပြား များစွာသောနည်းနာနယ သုတတည်းဟူသော တောင့်တအပ် နှစ်သက်အပ်သော ဣဋ္ဌာရုံအပေါင်းနှင့်လည်း ပြည့်စုံတော်မူထသော။ ဘုသမာဝရံ။ သူတော်ကောင်းတို့သည် ပြင်းစွာတောင့်တ အပ်ထသော။ ဝရံ၊ အညစ်အကြေးမတင် သန့်စင်သည်ဖြစ်၍ မြတ်ထသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ဥစ္စာ ဖြစ်သော ၁၀ ပါးသော တရားတော်မြတ်ကို။ ပဏာမျ-ပဏာမာမိ၊ ရှိခိုးပါ၏။ ပဏာမျ၊ ရှိခိုးပြီး၍။ ဖောခိ၊ မဂ်ဉာဏ် ၄ပါးကို။ သုဖောခိ၊ ကောင်းစွာအသင့် ပွင့်စေတော်မူပြီးထသော၊ ဥဂ္ဂတံ၊ သီလအစရှိသော ဂုဏ်တို့ဖြင့်

www.burmeseclassic.com



ကျော်စောခြင်းသို့။ ဂတာ၊ ရောက်တော်မူပြီးထသော။ ဝါ၊ ဥဂ္ဂတံ၊ သံသရာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သို့။ ဂတာ၊ အာရုံပြုသောအားဖြင့် ရောက်တော်မူပြီးထသော။ ဂဏံ အရိယသံဃံ၊ ၈ ယောက်သော ပရမတ္ထ အရိယာ သံဃာတော်အပေါင်းကို။ ပဏာမျ-ပဏာမာမိ၊ ရိုသေစွာရှိခိုးပါ၏။ ပဏာမျ၊ ရှိခိုးပြီး၍။ ရောစိ၊ ဂန္ထခုရ ဝိပဿနာခုရ ၂ ပါးတို့ဖြင့် တင့်တယ်ထွန်းပထသော။ သုရုစိ၊ သူတော်ကောင်းတရားကိုလည်း နှစ်သက်တတ်ထသော။ ဝါ၊ သီလ သမာဓိ ပညာအစရှိသော ဂုဏ်တို့ကြောင့် သူတော်ကောင်းတို့သည် မြတ်နိုးနှစ်သက်အပ်ထသော။ ဝါ၊ အတ္တုက္ကံသန ပရိဝမ္ဘန မက္ခပလာသ မာယာ သာဌေယျ စသည်တို့ဖြင့် သကာသန္တာန်, ပရသန္တာန်တို့၌ မထိပါးစေမူ၍ ဖြောင့်မှန်ရိုးသား တရားကိုလည်း အလိုရှိထသော။ အရိယံ၊ ဖြူစင်ထွက်မြတ်သော သဘောအကျင့်လည်း ရှိတော်မူထသော။ ဝါ၊ ထင်ရှားသောအားရန်, မထင်ရှားသောအားရန်တို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ကောင်းသောလုံ့လ သတိသမာဓိ ပညာလည်းရှိတော်မူထသော။ မမ၊ ငါ၏။ အာစရိယံ၊ ဆရာထေရ်မြတ် ကဝိထွတ်ကို။ ဝါ၊ ငယ်ရွယ်အစပထမက ဆုံးမသွန်သင် ပဲ့ပြင်မြတ်လေး နည်းပေးပြုစု သုတပညာ စီးပွားရှာသော ဆရာကျေးဇူးရှင်ကို။ ပဏာမျ-ပဏာမာမိ၊ ရိုသေစွာ ရှိခိုးပါ၏။ ပဏာမျ၊ ရှိခိုးပြီး၍–

သဒ္ဒါဗုဒ္ဓိသုတိဆွေဟိ၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း, ရတနာ ၃ပါးကို ကြည်ညိုခြင်း, အကျိုးအပြစ်ကို ဆင်ခြင်မြော်မြင်ခြင်း, ကျမ်းဂန်ဒေသနာ သင်ခြင်းတို့ကို အလိုရှိကုန်သော အမျိုးသားတို့သည်။ သမုဿာဟိတာ၊ ဆောင်းစွာတိုက်တွန်းအပ်သည်ဖြစ်၍။ နေမိဿ၊ နေမိမင်း ဇာတ်တော်၏။ အတ္ထံ၊ မြန်မာဘာသာ သိသာမှတ်လွယ် အဓိပ္ပာယ်အနက်ကို။ ဝါ၊ နေမိဿတ္ထံ၊ နေမိမင်းဇာတ် ဒေသနာတည်းဟူသော လူနတ်တို့အား ဆုံးမရာဆုံးမကြောင်း ကောင်းမြတ်စွာ အနုသာသနီဖြစ်သော မြတ်စွာဘုရားကို။ ဝဏ္ဏနာ-ဝဏ္ဏနာယ၊ ထိုဇာတ်တော်၏ အဋ္ဌကထာမှ လည်းကောင်း။ တဒညတော စ၊ ထိုအဋ္ဌကထာမှတစ်ပါး အထူးထူးသောကျမ်းတို့မှ လည်းကောင်း။ ဥဒ္ဓါရေတွာ၊ သင့်ရာယူနုတ် အကျဉ်းထုတ်၍။ အဟံ၊ ငါသည်။ ဝိကာသိဿံ-ဝိကာ သိဿာမိ၊ ပွင့်တော်မူစေအံ့။

ဤသို့ ရတနတ္တယ ပဏာမစသည်တို့ဖြင့် ကျမ်းမပြုမီ ရှေးအဖို့၌ ပုဗ္ဗကိစ္စကိုပြုပြီး၍ ဝန်ခံအပ်သည်နှင့် လျော်စွာ နေမိဇာတ်တော် ဒေသနာကို တောင့်တအပ်သောသူတို့၏ အလိုနှင့်အညီ အဋ္ဌကထာ စသည်တို့မှ အနက်အဓိပ္ပာယ်ကိုထုတ်၍ မြန်မာဘာသာ စကားပြေ စီကုံးပေအံ့။



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ လောက ၃ပါးတို့၏ အထွတ်အမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ များစွာသောရဟန္တာ သံဃာတပည့်တော်အပေါင်းခြံရံလျက် အရှေ့ပုဗ္ဗဝိဒေဟကျွန်းမှ ကြယ်အပေါင်းခြံရံလျှက် ထွက်လတ်သော လပြည့်ဝန်း၏တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဘထွေးတော် အမိတောဒနမင်းကြီး၏သားဖြစ်သော ညီတော်အရှင်အာနန္ဒာမထေရ်လျှင် ကိုယ်တော်၏ နောက်တော်အနီး၌ အမြဲပါလျက် ထိုထိုသို့သော နိဂုံး မြို့ ပြည် တိုင်းနိုင်ငံတို့သို့ ဒေသစာရီ လှည့်လည်တော်မူလေသော် ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ ရောက်တော်မူလျှင် ထို၌ အတ္တုပ္ပတ္တိထုတ်ဖော်၍ တရားဒေသနာ သဘင်ကြီးစွာဖြစ်မည်ကို မြင်တော်မူသဖြင့် ထိုမိထိလာပြည်ကို အမှီပြု၍ မိထိလာပြည့်ရှင်မင်းတို့၏ မင်္ဂလာသဘင် ပျော်ရွှင်စံပယ်ရာဖြစ်သော သရက်ဥယျာဉ်၌ နေတော်မူစဉ်တွင် အဇ္ဈေရံဝတ လောကသို့ အစရှိသော ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဤနေမိဇာတ်တော်ကို ဟောတော်မူ၏။

အဘယ်ကဲ့သို့သော အတ္တုပ္ပတ္တိရှိ၍ ဟောတော်မူသနည်း ဟူမူကား တစ်နေ့သ၌ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် ရဟန္တာ သံဃာတော်အပေါင်း ခြံရံလျက် ထိုသရက်ဥယျာဉ်တော်၌ ညချမ်းသော အခါ ရွှေစကြာဖြန့်ချီ လှည့်လည်လေသော် ရှေးသံသရာက မိထိလာပြည်၌ မင်းဖြစ်တော်မူ၍ အကျင့်သီလ ဗြဟ္မစိုရ်မေတ္တာဖြင့် ပွားစေတော်မူဖူးရာဖြစ်သော မြေအရပ်ကိုမြင်တော်မူလျှင် 'ယခု အတ္တုပ္ပတ္တိကိုရ၍ လောက၏ အစီးအပွားကို ငါဆောင်ရအုံတော့မည်'ဟု မဟာကရုဏာဉာဏ် ပြဋ္ဌာန်းသော မဟာကိရိယာ သောမနဿသဟဂုတ် ဇောစိတ္တုပ္ပါဒ်ဖြင့် ရွှင်ခြင်းရှိတော်မူသည်ဖြစ်၍ ပြကတေ့သော ရွှေနှုတ်ခမ်းတော် စဉ်းငယ်လှစ်ရုံမျှ ပြုံးတော်မူ၏။

ပြုံးရယ်ခြင်းကား ပုဂ္ဂိုလ်အားဖြင့် အမြတ်ဖြစ်သောပုဂ္ဂိုလ်၏ ရယ်ခြင်း၊ အလတ်ဖြစ်သော ပုဂ္ဂိုလ်၏ ရယ်ခြင်း၊ အယုတ်ဖြစ်သောပုဂ္ဂိုလ်၏ ရယ်ခြင်း ဟူ၍လည်း ၃ပါး။ ပုထုဇဉ်ပုဂ္ဂိုလ်၏ရယ်ခြင်း၊ သေက္ခပုဂ္ဂိုလ်၏ ရယ်ခြင်း၊ အသေက္ခပုဂ္ဂိုလ်၏ရယ်ခြင်း ဟူ၍လည်း ၃ပါး။ ရယ်သောအခြင်းအရာကား ကာယဝိညတ်အားဖြင့် သိတ, ဟသိတ, ဝိဟသိတ, ဥပဟသိတ, အပဟသိတ, အတိဟသိတ အားဖြင့် ၆ ပါး အပြားရှိ၏။ ထို ၆ပါးတို့တွင် ရယ်ခြင်းကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်အားဖြင့်လည်း လောဘမူ သောမနဿ သဟဂုတ် ၄ခု, မဟာကုသိုလ် သောမနဿ သဟဂုတ် ၄ ခု, ဟာကိရိယာ သောမနဿ သဟဂုတ် ၄ခု, ဟသိတုပ္ပါဒ်စိတ် ၁ ခုအားဖြင့် ၁၃ပါးတည်း။ ။ စိတ်တို့၏ သံရုပ်အကျယ်ကိုကား အရာမဟုတ်၍ မထုတ်လိုက်ပြီ။

ထို ရယ်ခြင်းအပေါင်းတို့ကို သင့်ရာယှဉ်၍ ဤသို့မှတ်အပ်၏။ အမြတ်ဖြစ်သောပုဂ္ဂိုလ်၏ ရယ်ခြင်းကား သိတ–မျက်လုံး, နှုတ်ခမ်း စဉ်းငယ်အနေပျက်ရုံ ပြုံးကာပြု၍ ရယ်ခြင်း ၁ ပါး, ဟသိတ– စဉ်းငယ်သွားပေါ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ခြင်း ၁ ပါး၊ ဤသို့အားဖြင့် ၂ပါးတည်း။ အလတ်ဖြစ်သောပုဂ္ဂိုလ်၏ ရယ်ခြင်းကား ဝိဟသိတ–ပြကတေ့သော အသံညှင်းညှင်း ထွက်ရုံရယ်ခြင်း ၁ ပါး၊ ဥပဟသိတ–ပခုံး, ဦးခေါင်းလှုပ်အောင်ရယ်ခြင်း ၁ ပါး၊ ဤသို့အားဖြင့် ၂ပါးတည်း။ အယုတ်ဖြစ်သောပုဂ္ဂိုလ်၏ ရယ်ခြင်းကား အပဟသိတ– မျက်ရည်ထွက်အောင် ရယ်ခြင်း ၁ပါး၊ အတိဟသိတ–လက်ပစ်ခြေပစ် မရှိက်နိုင်မရှုနိုင်အောင်ရယ်ခြင်း ၁ပါး, ဤသို့အားဖြင့် ၂ ပါးတည်း။ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ အယုတ်,အလတ်,အမြတ်သို့လိုက်၍ ထို ၆ ပါးသော ရယ်ခြင်းနှင့် ဆက်ဆံ၏။ အရိယာပုဂ္ဂိုလ်တို့၌ မူကား အယုတ်ဖြစ်သောရယ်ခြင်း၊ အလတ်ဖြစ်သော ရယ်ခြင်း ၂ပါး မရှိရာပြီ။ စိတ္တုပ္ပါဒ်အားဖြင့် ၁၃ပါးတို့တွင် လောဘမူသောမနဿ သဟဂုတ် ၄ခု၊ မဟာကုသိုလ် သောမနဿ သဟဂုတ် ၄ခု၊ ဤ ၈ပါး သောစိတ်တို့တွင် တစ်ခုခုသည် ပုထုဇဉ်တို့၌ ရယ်ခြင်းကို ဖြစ်စေတတ်သောစိတ်တည်း။ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ သဟဂုတ်စိတ် ၂ခု၊ မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄ခု၊ ဤ ၆ ခုသောစိတ်တို့တွင် တစ်ခုခုသည် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဟုဆိုအပ်သော သေက္ခပုဂ္ဂိုလ် ၃ ယောက်တို့၌ ရယ်ခြင်းကို ဖြစ်စေတတ်သောစိတ်တည်း။ မဟာကိရိယာ သောမနဿ သဟဂုတ်စိတ် ၄ခု၊ ဟသိတုပ္ပါဒ်စိတ် ၁ ခု၊ ဤ ၅ ခုသော စိတ်တို့တွင် တစ်ခုခုသည် ဘုရားရဟန္တာဟု ဆိုအပ်သော အသေက္ခပုဂ္ဂိုလ်တို့၌ ရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်တည်း။ ထို့ကြောင့် 'တေရသာတိ ကုသလတော စတ္တာရိ အကုသလတော စတ္တာရိ ကိရိယာတော ပဉ္စာတိတေရသ။ တေသု ဟိ ပုထုဇ္ဇနာ အဋ္ဌဟိ ကုသလာ ကုသလေဟိ ဟသန္တိ။ သေက္ခာ ဒိဋ္ဌိသဟဂတဝဇ္ဇိ တေဟိ။ အသေက္ခာ ပန ပဉ္စဟိ ကိရိယစိတ္တေဟိ။ ။' ဟူ၍ ဋီကာကျော်ကျမ်း၌ မိန့်အပ်၏။

[တေရသာတိ၊ တေရသဟူသည်ကား။ ကုသလတော၊ မဟာကုသိုလ်စိတ်မှ။ စတ္တာရိ၊ သောမနဿ သဟဂုတ်စိတ် ၄ခုတို့ လည်းကောင်း။ အကုသလတော၊ အကုသိုလ်စိတ်မှ။ စတ္တာရိ၊ လောဘမူ သောမနဿ သဟဂုတ်စိတ် ၄ခုတို့ လည်းကောင်း၊ ကိရိယတော၊ ကိရိယာစိတ်မှ။ ပဉ္စ၊ သောမနဿသဟဂုတ် [illegible] ခု ဟသိတုပ္ပါဒ် စိတ် ၁ ခုအားဖြင့် ၅ခုတို့ လည်းကောင်း။ ဣတိဣမေတေရသ၊ ဤ ၁၃ပါးတို့တည်း။ [illegible] မှန်၏။ တေသု၊ ထို ၁၃ ပါးကုန်သော စိတ်တို့တွင်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ ကုသလာကုသလေဟိ၊ ကုသိုလ်, အကုသိုလ်အားဖြင့်ပြားကုန်သော။ အဋ္ဌဟိ၊ သောမနဿ သဟဂုတ်စိတ် ၈ ခုတို့ဖြင့်။ ဟသန္တိ၊ ပြုံးရယ်ကုန်၏။ သေက္ခာ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည်။ ဒိဋ္ဌိသဟဂတဝဇ္ဇိတေဟိ၊ ဒိဋ္ဌိဂတသဟဂုတ်သည် ကြဉ်အပ်ကုန်သော။ ဝါ၊ ၂ ခုသော စိတ်တို့သည် ကြဉ်အပ်ကုန်သော ကုသိုလ်,အကုသိုလ် သောမနဿ သဟဂုတ် စိတ် ၆ ခုတို့ဖြင့်။ ဟသန္တိ၊ ပြုံးရယ်ကုန်၏။ အသေက္ခာပန၊ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား။ ပဉ္စဟိ၊ အဟိတ် သဟိတ်အားဖြင့် ၅ ပါး အပြားရှိကုန်သော။ ကိရိယစိတ္တေဟိ၊ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ် ကိရိယာစိတ်တို့ဖြင့်။ ဟသန္တိ ပြုံးရယ်ကုန်၏။ ဤသည်ကား အနက်တည်း။

[ဤစကားအပေါင်းတို့တွင် မြတ်စွာဘုရားတို့ကား အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃ပါး၌တည်သော ဉေယျဒမ္မတို့ကိုဖွင့်လှစ်၍ မြင်တတ်သော ဉာဏ်တော်နှင့်ပြည့်စုံသည်ဖြစ်၍ ကိုယ်ဖြင့်ပြုအပ်သောအမှု, နှုတ်ဖြင့်ပြုအပ်သောအမှု, စိတ်ဖြင့်ပြုအပ်သောအမှု တို့သည် ဉာဏ်တော်သာလျှင် ပြဋ္ဌာန်းခြင်း၊ ဉာဏ်တော်သို့သာ အစဉ်လိုက်ခြင်း ရှိသောကြောင့် ဤရယ်ခြင်း, ပြုံးခြင်းသည်လည်း ကာယဝိညတ်သာလျှင်ဖြစ်၍ ဉာဏ်နှင့်မယှဉ်သော အဟိတ် ဟသိတုပ္ပါဒ်ဖြင့် ပြုံးတော်မမူ။ ၄ပါးသော မဟာကိရိယာစိတ်ဖြင့်သာ ပြုံးတော်မူသည် ဟု ယူ၍။ ။ တဏ္ဍာပိ ဗုဒ္ဓါ စတူဟိ သဟေတုက ကိရိယစိတ္တေဟေဝ ဟသန္တိ။ နအဟေတုကေန။ ။ စသည်ဖြင့် ကေစိ

www.burmeseclassic.com



ဆရာတို့ဆိုကြောင်းကို ဋီကာဆရာ ပြတော်မူသည်။ ထို ကေစိဆရာတို့၏စကားကိုပင် ယုံကြည်ရတော့မည်လောဟု စောဒနာပြန်သောကြောင့် ကေစိဆရာတို့ဆိုတိုင်း မယုံကြည်သင့်။ ဟသိတုပ္ပါဒ်စိတ်ဖြင့် ဘုရားပြုံးတော်မူ၏ဟု ပြတော်မူလို၍။ ။ ဟသိတုပ္ပါဒ စိတ္တေန ပန ပဝတ္တိယမာနမ္ပိ တေသံ သိတကရဏံဟု မိန့်ပြန်သည်။ အနက်ကား ပန ဝဒန္တေပိ၊ ထိုသို့ ကေစိဆရာတို့ ဆိုသော်လည်း။ တေသမ္ပိ၊ ထိုမြတ်စွာဘုရားတို့အားလည်း၊ သိတကရဏံ၊ ပြုံးခြင်းသည်။ ပဝတ္တိယမာနံ၊ ဖြစ်သည်ရှိသော်။ ဟသိတုပ္ပါဒစိတ္တေနပိ၊ ဟသိတုပ္ပါဒ်စိတ်ဖြင့်လည်း။ ပဝတ္တတိ၊ ဖြစ်၏။

[သမ္မာဝနာ အနက်၌ထွန်းတတ်သော ပနသဒ္ဒါဖြင့် ကေစိဆရာတို့၏စကားကို ဂရုဟာပြုတော်မူသည်။ ကေစိဆရာတို့ကား မြတ်စွာဘုရားတို့၌ ဟသိတုပ္ပါဒ်စိတ် မရှိသည်ဟု အလွတ်မဆို၊ အကြောင်းနှင့်ပင် ဆိုပေသည် ဖြစ်လျက် အဘယ့်ကြောင့် မယုံကြည်သင့်မည်နည်း။ မယုံကြည်သင့်သည့်အကြောင်းနှင့်တကွဆိုမှပင် သက်ဘကင်း ထိုက်မည် မဟုတ်လောဟု စောဒနာရိပ်ကြွင်းသောကြောင့် ကေစိဆရာပြသော အကြောင်းကို ချေလိုပြန်၍၊ 'ပုဗ္ဗေနိဝါသအနာဂတံသ သဗ္ဗညုတဉာဏာနံ အနုဝတ္တ ကတ္တာ ဉာဏာနု ပရိဝတ္တိယေဝါတိ။ ။' ဟူသောပါဠိဖြင့် ဟသိတုပ္ပါဒ်စိတ်ကား ဉာဏ်ကင်းသည် မှန်၏။ ယင်းသို့မှန်သော်လည်း ဟသိတုပ္ပါဒ်ဇောသည် မိမိ၏ရှေး၌ ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်ဇောတို့သည် များစွာဖြစ်ခြင်းကြောင့် ထိုဉာဏ်သို့သော အစဉ်လိုက်ခြင်း, ထိုဉာဏ်သာလျှင် ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍၊ ဟသိတုပ္ပါဒ်စိတ်ဖြင့်ပြုံးခြင်းကို ဉာဏပုဗ္ဗင်္ဂမ ဉာဏာနုပရိဝတ္တိဖြင့် ယူထိုက်၏ဟု ဋီကာဆရာ ချေဆိုတော်မူသည်။ ဤစကားကို ဆရာဉာဏ်ဖြင့်တည်း ထိုးထွင်း၍ ဆုံးဖြတ်သလော။ အဋ္ဌကထာနှင့်အညီ ဆုံးဖြတ်သင့်သည်မဟုတ်လောဟု စောဒနာဝတ် မစင်သေး၍ ငါ၏စကားသည် အဋ္ဌကထာနှင့် တပြေးတည်း ညီ၏။ ငါ၏အသိဉာဏ်ဖြင့် ဆုံးဖြတ်သည်မဟုတ်။ ထို့ကြောင့် မြတ်စွာဘုရားတို့သည် ဟသိတုပ္ပါဒ်စိတ်ဖြင့် ပြုံးတော်မူကုန်၏ဟု သန္နိဋ္ဌာန်ကျကျ ယုံကြည်အပ်တော့သည်ဟု ပြလို၍။ 'ဣတိ ဝေဠ ကတွာ အဋ္ဌကထာယံ တေသံ ဉာဏာနံ စိဏ္ဏပရိယန္တေ ဣဒံ စိတ္တံ ဥပ္ပဇ္ဇတီတိ ဝုတ္တံ။ တသ္မာ န တဿ ဗုဒ္ဓါနံ ပဝတ္တိ သဏ္ဍာ နိဝါရေတုံ။ ။'ဟု မိန့်တော်မူသည်။ ဣတိဝေဠကတွာ၊ ဤသို့ နှလုံးပြု၍လည်း။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ တေသံဉာဏာနံ၊ ထိုသဗ္ဗညုတဉာဏ် စသည်တို့၏။ စိဏ္ဏပရိယန္တေ၊ အလေ့အကျက် ပြုတော်မူပြီးသည်၏ အဆုံး၌။ ဣဒံ စိတ္တံ၊ ဤ ဟသိတုပ္ပါဒ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယသ္မာ၊ အကြင်ကြောင့်။ ဝုတ္တံ၊ မိန့်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ တဿ၊ ထိုဟသိတုပ္ပါဒ်စိတ်၏။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ နိဝါရေတုံ၊ မြစ်ခြင်းငှာ။ နသဏ္ဍာ၊ မစွမ်းရာ။ ဤဇာတ်တော်၌ မြတ်စွာဘုရား၏ရယ်ခြင်းကား ၆ ပါးသောရယ်ခြင်းတို့တွင် သိတကမ္မဟု လာသောကြောင့် သိတဖြစ်သော ပြုံးခြင်းဖြင့် ပြုံးတော်မူသည်။ စိတ္တုပ္ပါဒ်အားဖြင့် ပြုံးရယ်ခြင်းကိုဖြစ်စေတတ်သော ကိရိယာစိတ် ၅ ခုတို့တွင် ပကာသေတုကာမော ဟူသောပုဒ်၌ ကမုဓာတ်၏အရဖြစ်သော မဟာကိရိယာ ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ္တုပ္ပါဒ်ဖြင့် ပြုံးတော်မူသည်။ သိတာကမ္မံ ကတွာ ဟူသောပုဒ်၌လည်း အပ္ပဋ္ဌာနအားဖြင့် ခိုက်သောကြောင့် ဟသိတုပ္ပါဒ်စသော စိတ္တုပ္ပါဒ်ဖြင့် ပြုံးတော်မမူ။ မဟာကိရိယာ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပြုံးတော်မူသည်ဟု သိအပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မြတ်စွာဘုရား ပြုံးတော်မူသည်ရှိသော် ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်စွာသောသွားတော်မှ ဖြူသောရောင်ခြည်တော်သည် ရေ့တူရူအရပ်မျက်နှာသို့ ထွက်သွားလတ်၍၊ ချုံ့သစ်ပင် စသည်တို့၌စွဲကပ်သဖြင့် ဖွေးဖွေးဖြူစွာတောက်ပလျက် တည်လည်ကို နောက်တော်၌ အစဉ်တစိုက်ပါသော အရှင်အာနန္ဒာမထေရ် မြင်သဖြင့် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား။ အဘယ်အကြောင်းရှိ၍ ပြုံးတော်မူသနည်း"ဟု လျှောက်မေးလတ်လျှင်၊ မြတ်စွာဘုရားသည် အကျယ်ဟောတော်မူလိုသောကြောင့် အကျဉ်းဖြစ်သော ဥဒ္ဒေသဖြင့် "အာနန္ဒာ။ ဤမြေအရပ်သည် ရှေး မဃဒေဝမင်းဖြစ်တော်မူသောအခါ ဈာန်၏စံပယ်ခြင်းဖြင့် စံပယ်လျက် နေတော်မူသောအရပ်ဖြစ်သည်"ဟု မိန့်တော်မူပြီးလျှင် အရဟတ္တဖိုလ် ရွှေနန်းစည်းစိမ်၌ သက်ဝင်စံပယ်တော်မူလျက် နေတော်မူ၏။ ထိုအခါ နောက်တော်ပါ ရဟန်းသံဃာတော်အပေါင်းတို့သည် "ဤအရပ်၌ ဈာန်စည်းစိမ်ဖြင့် နေတော်မူပုံအကြောင်း ရှေးအတိတ်ကို ဟောကြားထုတ်ပြန်တော်မူပါမှ တပည့်သားတော်အပေါင်းတို့ အကျိုးစီးပွားများ ပါမည်"ဟု လျှောက်ထားတောင်းပန် ပြန်ကြားလတ်သော် မြတ်စွာဘုရားသည် ထိုအရပ်ဝယ် ခင်းအပ်သောဘုရား နေရာတော်၌ ထက်ဝယ်စံပယ်တော်မူလျက် ဤ 'နေမိရာဇ'ဇာတ်တော်ကို ပတ္တမြားရွှေကြုတ်နှင့်တူသော ရွှေအာလုတ်တော်မှ ဖွင့်လှစ်၍ဟောတော်မူ၏။

[ဤအရာ၌ ပြုံးတော်မူသောအခါ အရှင်အာနန္ဒာသာ နောက်တော်ကပါသကဲ့သို့ တစ်ပါးသော တပည့်သံဃာတို့သည် မလျှောက်မေးမူ၍ အရှင်အာနန္ဒာသာ အဘယ့်ကြောင့် လျှောက်မေးလေသနည်း။ ဤကဲ့သို့ အမူရှိလျှင် အာနန္ဒာသာ လျှောက်မေးစေဟု အမိန့်တော်အခွင့်ရသောကြောင့်တည်း။ မြတ်စွာဘုရား၌ အမူအသေးအဖွဲ ကိစ္စကြီးငယ်ပေါ်ရှိလျှင် လုံ့လ,သတိ,ကတိဖြင့် မလစ်မဟင်းရအောင်ဆောင်ရွက်ခြင်း၌ အရှင်အာနန္ဒာနှင့် တူသောသူမရှိ။ မိမိကိစ္စကို ပမာဏမပြု။ မြတ်စွာဘုရား၏အမှုအခွင့်ကိုသာ ဆင်ခြင်မြော်ရှုလျက် တစ်ခုမလပ် မပြတ်သတိထားတော်မူသောကြောင့် ပြုံးတော်မူခြင်း ဓာတီထိတစ်ချက်၏အစွမ်းဖြင့် ယုက်သန်း၍ တစ်ခဏမျှ ထွက်သော ရောင်ခြည်တော်ကို သူတစ်ပါးအလျင် မြင်ရသည်ဖြစ်၍လည်းကောင်း၊ ကိုယ်တော်၌ အမြဲအလုပ် အကျွေးဖြစ်ခြင်းကြောင့် မြတ်စွာဘုရား၌ အကျွမ်းဝင်သည်ဖြစ်၍လည်းကောင်း၊ မြတ်စွာဘုရား ဟောတော်မူအပ်သော ဒေသနာနည်းနာနယကို သူတစ်ပါးတို့ထက် အကြားအမြင် အဆောင်အရွက်များသဖြင့် မေးခွင့်ပြုခွင့် သင့်မသင့်ကို မြော်ချင့်နိုင်းဆသော သုတမယဉာဏ်သာသည်ဖြစ်၍လည်းကောင်း၊ စကားအရာ၌ မြတ်စွာဘုရားမှတစ်ပါး တူသူမမြင် နှုတ်လျှင်တော်မူသည် ဖြစ်၍လည်းကောင်း၊ အထက်အလုပ်အကျွေးအရာကို ခံဦးကပင်လည်း မည်သည့်အခါမဆို အကျွန်ုပ်၌ မေးခွင့်ရှိလျှင် လျှောက်မေးပါရစေဟု လျှောက်ထားတောင်းပန် ဖူးသည်နှင့်အညီ အလိုရှိတိုင်းလျှောက်မေးစေဟု အခွင့်ပြုတော်မူသည်ဖြစ်၍လည်းကောင်း၊ ဤကဲ့သို့ဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ထိုသို့ ပြုံးတော်မူသောအခါ အရှင်အာနန္ဒာသာ လျှောက်မေးလေသတည်း။ တပည့်သားတော် ဖြစ်သော ရဟန်းသံဃာတော်အပေါင်းတို့ ရှိငြားသော်လည်း အရှင်အာနန္ဒာနှင့်တူသော လုံ့လ,သတိ မရှိခြင်းကြောင့် မြတ်စွာဘုရား ပြုံးတော်မူသည်ကို မြင်သည်လည်း ရှိရာ၏၊ မမြင်သည်လည်းရှိရာ၏။ မြင်ကြသော်လည်း အရှင်အာနန္ဒာကဲ့သို့ ဆိုခဲ့ပြီးသောဂုဏ်နှင့် မပြည့်စုံခြင်းကြောင့် လျှောက်မေးခြင်း၌ အလျင် မဦးနိုင်ကြသတည်း။

[ထို့ကြောင့်သာလျှင် 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဗဟုဿုတာနံ ဂတိမန္တာနံ သတိမန္တာနံ ဓိတိမန္တာနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။ ။' ဟူသော ဒေသနာတော်ဖြင့် အကြားအမြင်များခြင်း, နှုတ်လျှင်ခြင်း, အမှတ်အသားသတိရှိခြင်း, လုံ့လရှိခြင်း, ငါဘုရားကိုလုပ်ကျွေးခြင်းတို့နှင့် ပြည့်စုံကုန်သော တပည့်သားတော်အပေါင်းတို့တွင် အာနန္ဒာသည်လျှင် အထွတ်အမြတ်တည်းဟု ၅ ကြိမ်သောဧတဒဂ်ဖြင့် အဘိသိက်သွန်းတော်မူ၏ ။]



www.burmeseclassic.com

# နေမိဓာတ်တော်ကြီး ဝတ္ထု

## ၁။ မဃဒေဝမင်း တောထွက်တော်မူခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဃဒေဝမင်းကား မိမိလက်ထက်တွင်သာ ဘုန်းလက်ရုံး အာဏာတောက်ပ၍ မင်းဖြစ်သည်မဟုတ်။ ဗုဒ္ဓါဘိသေက မင်းမျိုးမင်းနွယ်သားဖြစ်၍ မင်းသားငယ်၏ စံပယ်ခြင်းဖြင့် အနှစ် ၈ သောင်း ၄ထောင်, အိမ်ရှေ့မင်း၏စံပယ်ခြင်းဖြင့်လည်း အနှစ် ၈သောင်း ၄ထောင် စံပယ်ပြီးမှ ခမည်းတော်ဘုရား နန်းရိပ်လွှဲသဖြင့် ထီးနန်းကိုရ၍၊ အနှစ် ၈သောင်း ၄ထောင်တိုင်တိုင် ပြည်စည်းစိမ်၌ မင်း၏အဖြစ်ဖြင့် စိုးစံ၏။ ထိုအခါ မဃဒေဝမင်းသည် နိက္ခမပါရမီကိုတောင့်တခြင်း အာသယရှိသူဖြစ်၍ ဆံမှတ်ဆိတ်တို့ကို ပြင်ဆင်စေမြဲဖြစ်သော ဆတ္တာသည်အား "အချင်းဆတ္တာသည်။ ငါ၏ဦးခေါင်း၌ မှတ်ဆိတ်ဆံဖြူ မြင်လျှင် ကြားလျှောက်လော့"ဟု မှာထား၏။

မင်းစည်းစိမ် အနှစ် ၈သောင်း ၄ထောင် တိုင်လတ်သော် အာယုကပ်ကို ၄ စုပြု၍ တတိယတစ်စု ကုန်ခါနီးခြင်းကြောင့် အရွယ်၏ရွေ့ပါးခြင်းဖြစ်သဖြင့်၊ တစ်နေ့သောနေ့၌ ဆံမှတ်ဆိတ်တို့ကိုပြင်ဆင်လျှင် ဦးခေါင်း၌ တစ်ချောင်းသောဆံဖြူကိုမြင်လျှင် မင်းကြီးအား လျှောက်ကြား၏။ မင်းကြီးလည်း ထိုဆံမှတ်ဆိတ်ကို ရွှေမွေးညှပ်ဖြင့် နုတ်စေ၍ လက်ဝါးပြင်၌ တင်ထားပြီးလျှင် ဆံဖြူကိုကြည့်လျက် သေမင်းဆောကိုရှုလတ်သော် အလွန်ကြမ်းလှစွာသော ဝသဝတ္တီနတ်မင်းတို့ကိုသော်လည်း ပါရမီတော်ဖြင့် နှိမ်နင်းနိုင်သော လောက ၃ပါးတို့၏ အထွတ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်စွာဘုရားမှာတုံလျက်လည်း အစိုးမပိုင် မလွန်ဆန်နိုင်သောကြောင့် ပရိနိဗ္ဗာန်ပြုရချေသည်ဖြစ်၍ နတ်မင်းတို့ထက် အရှိန်အတောက်ကြီးသော သေမင်း၏ ဗျာဓိ, ဇရာ အစရှိသော စစ်သည် ၅ယောက်တို့တွင် အရွယ်၏ဖောက်ပြန်ခြင်းတည်းဟူသော ဇရာစစ်သည် ကျရောက်သဖြင့် ငါတို့ သေမင်းစာရင်းဝင် လူဖြစ်သည်ဟု မှတ်ချက်တံဆိပ်သည့် နဖူး၌ ထိုးခတ်လာဘိသကဲ့သို့ ထိတ်လန့်ခြင်းသံဝေဂ ဖြစ်လျက် အကြိမ်များစွာ မရဏမင်းနှိပ်စက်သောနိုင်ငံမှ အလွန်ကြောက်သည်ဖြစ်၍ ရဟန်းအဖြစ်သို့ ညွတ်သောနှလုံးရှိသဖြင့် 'ငါကား ရဟန်းပြုချိန် အရွယ်ရောက်ပြီ'ဟုကြံပြီးလျှင် ဆတ္တာသည်အား ကျေးစားရွာတစ်ရွာ ဆုပေး၍၊ သားကြီးအိမ်ရှေ့မင်းကိုလည်း ခေါ်စေပြီးလျှင်

"ချစ်သား။ ငါ ရဟန်းပြုချိန် အရွယ်သို့ရောက်ပြီဖြစ်၍ ရဟန်းပြုတော်မူမည်။ ဤထီးနန်းစည်းစိမ်ကို အရွယ်ရှိစဉ် ကာလပတ်လုံး သင်ဆက်ခံ၍ စိုးစံရစ်လေတော့။ ရဟန်းပြုချိန် အရွယ်ရောက်လျှင်လည်း ငါကဲ့သို့ရဟန်းပြုလေ"ဟု မှာထား၍ ပြည်စည်းစိမ်ကို သားတော်အိမ်ရှေ့မင်းအား အပ်နှင်း၏။ အိမ်ရှေ့မင်းလည်း "အရှင်မင်းကြီး အဘယ်အကြောင်းကိုအစွဲပြု၍ ရဟန်းပြုတော်မူမည် ကြံသနည်း"ဟု မေးလျှောက်လျှင်၊

www.burmeseclassic.com



မဃဒေဝမင်းကြီးသည် ဥတ္တမဂ်ရှုဟာမယ် အစရှိသော ဂါထာဖြင့် အကြောင်းကို အကုန်အစင် ပြန်ပြောတော်မူလေ၏။ အဓိပ္ပာယ်ကား–

"ငါ၏ချစ်သား။ ငါ၏မြတ်သော အင်္ဂါဟုသမုတ်အပ်သော ဦးခေါင်း၌ ဖျိုနေသော အရောင်အသွေးတို့ကို ဖျက်၍၊ 'ဆံဖြူခြင်း အိုမှုအိုသွေး တည်းဟူသော မရဏမင်းတမန်တို့သည် ယခု ငါတို့၌ ထင်ရှားဖြစ်ချေပြီ'ဟူ၍ ရဟန်းပြုချိန် အခွင့်ရောက်ပြီ။ သင်လည်း နောက်အခါ ငါကဲ့သို့ ဦးခေါင်း၌ ဆံဖြူကိုမြင်လျှင် ရဟန်းပြုရစ်"ဟု ပြောဆိုမှာထား၍၊ အိမ်ရှေ့မင်းအား ထီးနန်းစည်းစိမ်၌ မင်း၏အဖြစ်ဖြင့် အဘိသိက်သွန်းတော်မူပြီးလျှင် သရက်ဥယျာဉ်သို့ထွက်၍ ရဟန်းပြုလျက် မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရ တရား ၄ ပါးတို့ကို ပွားစေသဖြင့် ဈာန်အဘိညာဉ်နှင့် ပြည့်စုံစွာ အနှစ် ၈သောင်း ၄ထောင်ပတ်လုံး ဈာန်၏စံပယ်ခြင်းဖြင့် မွေ့လျော်စံပယ်တော်မူ၍၊ အသက်အဆုံး၌ မပျက်သောဈာန်ရှိခြင်းကြောင့် ဗြဟ္မာပြည်သို့ ပြောင်းလဲစံပယ်တော်မူ၏။

မဃဒေဝမင်း၏သားတော်သည်လည်း ခမည်းတော်မင်းကြီး နည်းဥပဒေသ ပေးတော်မူခဲ့သည့်အတိုင်း ဦးခေါင်း၌ ဆံဖြူရောက်သည်ကိုမြင်လျှင် သား အိမ်ရှေ့မင်းအား ပြည်စည်းစိမ်ကိုအပ်နှင်း၍ ထို သရက်ဥယျာဉ်၌ ပင်လျှင် ရဟန်းပြုလျက် ဗြဟ္မဝိဟာရ ဘာဝနာတရားဖြင့် သမာပတ်နှင့်ပြည့်စုံစွာ ဈာနကီဠနကိုပြု၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်မှာ ဖြစ်လေ၏။ နောက်နောင်သော သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့သည်လည်း ၎င်းနည်းတူလျှင် ရဟန်းပြုကြ၍ ဈာန်၏အစွမ်းဖြင့် ဗြဟ္မာ့ပြည်မှာချည်း ဖြစ်ကြကုန်၏။

## ၂။ နေမိမင်း ပဋိသန္ဓေနေတော်မူခန်း

ဤသို့ ရဟန်းပြုကြကုန်သော မဃဒေဝမင်း၏ သားတော်အစဉ် မြေးတော်အဆက်ဆက် မင်းအပေါင်းကား မဃဒေဝမင်းနှင့်တကွ ၈သောင်း ၃ထောင် ၉ရာ ၉ကျိပ် ၉ယောက်တိုင်အောင် ဆင်းသက်၍ဖြစ်၏။ ထိုသို့ အဆုံးဖြစ်သော မင်း၏လက်ထက်ရောက်သောအခါ ဤပဗ္ဗဇ္ဇာဝံသမင်းတို့၏ အစပထမဖြစ်သော မဃဒေဝမင်းသည် ဗြဟ္မာ့ပြည်၌ ဗြဟ္မာမင်း၏အဖြစ်ဖြင့်တည်လျက်လျှင် လူ့ပြည်၌ မိမိအမျိုးအနွယ်ဖြစ်သော မင်းတို့ကို ရှုကြည့်လတ်သော် 'ငါ၏သားတော်မှစ၍ ၂ယောက်ယုတ်, ၈သောင်း ၄ထောင်သောမင်းတို့သည် ငါ၏အဆုံးအမ အတိုင်းမပျက် ငါကဲ့သို့ချည်း ရဟန်းပြုကြပေ၏တကား'ဟု သိမြင်လတ်လျှင် အလွန်နှစ်သက် တော်မူ၍ တစ်ဖန် 'ယခုပြုသောမင်းမှ နောက်ကို အမျိုးတို့၏အကျင့်မပျက် ဆက်ခံမည့်မင်း ဖြစ်ပါဦးမည်လော'ဟု ကြည့်ရှုဆင်ခြင်ပြီးလျှင်၊ ပဗ္ဗဇ္ဇာဝံသ အနွယ်ပျက်အံ့သည်ကိုမြင်သဖြင့် ငါ၏အနွယ်ကို ငါပင် အဆုံးကွပ်၍ ဆက်စပ်အံ့'ဟု ကြံပြီးလျှင်၊ ဘုရားလောင်းတို့အား မိဋ္ဌာန်ခြင်းသာလျှင် ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ရျာန်၏အာနုဘော်အားဖြင့် ဗြဟ္မာတို့၏အသက်တမ်း မကုန်မဆုံးသော်လည်း ဗြဟ္မာပြည်မှစုတေခဲ့သဖြင့် မိထိလာပြည်၌ မင်းကြီး၏မိဖုရားဝမ်းတွင် ပဋိသန္ဓေ စွဲယူတော်မူ၏။

မိဖုရားကြီးသည် ပဋိသန္ဓေဝန်ကိုရွက်ဆောင်၍ ၁၀ လစေ့လတ်သော် ဘုန်းပညာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံစွာသော, ရွှေအဆင်းကဲ့သို့အဆင်းရှိသော သတို့သားကို ဖွားမြင်တော်မူလေ၏။ ထိုအခါ ခမည်းတော် မင်းကြီးသည် ဘုရားလောင်းမင်းသားအား အမည်မှည့်အံ့သောနေ့၌ နိမိတ်လက္ခဏာ ဖတ်တတ်ကုန်သော ပုဏ္ဏားတို့ကို စည်းဝေးစေပြီးလျှင် "ဆရာတို့။ ငါ၏သား၌ နိမိတ်လက္ခဏာကို အဘယ်သို့ ထင်မြင်ကြသနည်း"ဟု မေးတော်မူ၏။

နိမိတ်ဖတ် ပုဏ္ဏားတို့သည် မင်းသား၏ အလုံးစုံသောနိမိတ်လက္ခဏာတို့ကို ဆင်ခြင်ကြည့်ရှု ပြီးလျှင် ဤသို့ ဖတ်ကြား လျှောက်ထားကြကုန်၏။

"အရှင်မင်းကြီး။ ဤမင်းသားကား အရှင်မင်းကြီးတို့၏အနွယ်ကို ဆက်ခံဖွဲ့ထုံး၍ အဆုံးကွပ်လျက် ဖြစ်လာ၏။ ဤမင်းသား၏ ဘုန်းအာနုဘော်တော်သည်လည်း ခမည်းတော် ဘိုးတော် ဘေးတော် ဘီတော် အဆက်ဆက်သော ရှေးမင်းတို့ထက် ဘုန်းတန်ခိုးကြီးလတ္တံ့။ အရှင်မင်းကြီးတို့၏ အနွယ်တော်ကား ပဗ္ဗဇ္ဇဝင် အနွယ်တော်တည်း။ ဤမင်းသားမှတစ်ပါး ထိုပဗ္ဗဇ္ဇအနွယ်တော်ကို နောက်ဆက်ခံမည့်သူ မရှိလတ္တံ့"ဟု ဖတ်ကြားလျှောက်ထားကြကုန်၏။ ထိုစကားကိုကြားလျှင် မင်းကြီးလည်း

"အမတ်တို့။ ဤ ငါ၏သားတော်ကား ရထားစက်ဘီး၌ အစအဆုံးကိုဆက်တတ်သော အကွပ်ကဲ့သို့ ငါတို့၏ ပဗ္ဗဇ္ဇဝင်အနွယ်ကို အဆုံးကွပ်လျက် ဖွားသည်ဖြစ်သောကြောင့် တစ်ပါးသောအမည်ကို မှည့်ခြင်းငှာ မထိုက်ပြီ။ ရထားစက်အကွပ်နှင့် တူသည်ဖြစ်၍ ငါ၏သားတော်အား 'နေမိကုမာရ' ဟူသောအမည်ကို တွင်စေ" ဟူ၍ အမည်ပေးတော်မူ၏။

ထိုဘုရားလောင်း နေမိကုမာရမင်းသားသည် ငယ်သောအခါမှစ၍ အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်သီတင်းသုံးခြင်းတို့၌ အလွန်မွေ့လျော်တော်မူသတည်း။

ခမည်းတော်မင်းကြီးသည် ရှေးမင်းကဲ့သို့ ဦးခေါင်း၌ ဆံဖြူပေါက်သည်ကို မြင်သောအခါ သားတော် နေမိကုမာရမင်းသားအား တိုင်းပြည်ထီးနန်းတို့ကို အပ်နှင်းတော်မူ၍ အဆုံးအမပေးပြီးလျှင် သရက်ဥယျာဉ်တော်၌ ရဟန်းပြုသဖြင့် ဗြဟ္မဝိဟာရကိုပွားစေလျက် အသက်၏အဆုံး၌ မပျက်သောဈာန်အာနုဘော်ဖြင့် ဗြဟ္မာပြည်၌ ဖြစ်တော်မူ၏။

နေမိမင်းကြီးသည် ခမည်းတော်၏အရိုက်အရာကိုယူ၍ မင်းဖြစ်ပြီးသော် မြို့တံခါး ၄မျက်နှာ, မြို့လယ် ဤ ၅ ဌာနတို့၌ အလှူဇရပ်ကြီးတစ်ဆောင်စီ ဆောက်စေ၍ တစ်ဆောင်တစ်ဆောင်သော ဇရပ်၌ အသပြာကဟာပဏပေါင်း ၁ သိန်းစီအားဖြင့် တစ်နေ့လျှင် ၅သိန်း,၅သိန်း ထုတ်စွန့် လှူဒါန်းတော်မူ၏။ မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဆင်းရဲမျိုးတည်းဟူသော အမျိုး ၄ပါးတို့နှင့် ထိုက်တန်ရာ သုံးဆောင်ဖွယ်သော အဝတ်အစား, အသုံးအဆောင်, လှူဖွယ်ဝတ္ထုတို့ကိုလည်း ဇရပ်အပြည့်ဖြစ်စေလျက်၊ တစ်နေ့တည်းဖြင့် ကုန်စေခြင်းငှာ တံခါး ၄ မျက်နှာ၌ထား၍ တောင်းလာခံလာသမျှသော အလှူခံ အမျိုး ၄ ပါး ရသေ့ရဟန်းတို့အား အလိုရှိတိုင်းသော သုံးဆောင်ဖွယ်တို့ကို ပေးလှူစွန့်ကြဲစေ၏။ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေမိမင်းကြီး အလှူဝတ္ထုကို မသုံးဆောင်ရသောသူမည်သည် မရှိ။ အနှံ့အပြန့် သုံးဆောင်ကြရသည်ဖြစ်၏။ ပါဏာတိပါတာ ဝေရမဏီ



www.burmeseclassic.com

www.burmeseclassic.com



အစရှိသော ၅ ပါးသောသီလတို့ကိုလည်း အမြဲနေ့တိုင်းမပြတ် ဆောက်တည်ကျင့်ဆောင်တော်မူ၏။ လပြည့်,လကွယ်နေ့တို့၌လည်း အမြဲတစ်နေ့မပြတ် ဥပုသ် ဆောက်တည်တော်မူ၏။ ပြည်သူပြည်သားအပေါင်းတို့အားလည်း အမြဲနေ့တိုင်းမပြတ် ဆောက်တည်ကျင့်ဆောင်စေတော်မူ၏။ မင်းရေးစိုးမှု မပြုမကြံ ဘေးရန်အနှောင့်အယှက် အမှုအခင်းမရှိစေရဘဲ အားနှင့်လျော်စွာ အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်သုံးခြင်းအစရှိသည်တို့ကို မပြတ်နှိုးဆော်ချီပင့်လျက် ပြုစေတော်မူ၏။ အခါမပြတ်လည်း အစည်းအဝေးသဘင်ပြု၍ ပြည်သူပြည်သားတို့အား ငရဲဘေးဖြင့် ခြိမ်းခြောက်လျက် နတ်ပြည်ခရီးကို ညွှန်ကြားပြသဆုံးမခြင်းဖြင့် တရားဟောတော်မူ၏။

ဇမ္ဗူဒိပ်ကျွန်းအပြင်၌ရှိကုန်သော ပြည်သူပြည်သားအပေါင်းတို့သည်လည်း ဘေးရာစ်ဖြစ်တော်မူသော နေမိမင်းကြီးဆုံးမတိုင်း အလှူပေးခြင်း, သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ်သုစရိုက်တို့ကိုသာ များစွာအားထုတ်သဖြင့် ကျင့်ကြကုန်သည်ဖြစ်၍ အသက်အဆုံး၌ နတ်ပြည် ၆ ထပ်သို့ လားရသည်သာ များကြကုန်၏။ ထို နေမိမင်းလက်ထက် နတ်ပြည်ဘုံဗိမာန်တို့၌ နတ်သမီးနတ်သားအပေါင်းတို့ စည်ပင်ပြန့်ပွားကြသဖြင့် အပြည့်အနက်ဖြစ်လေ၏။ ငရဲသို့လားရသော သတ္တဝါနည်းသဖြင့် မရှိသကဲ့သို့ဖြစ်၍ ငရဲပြည်အလုံး တိတ်ဆိတ်လေ၏။ ထိုအခါ တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့သည် သုဓမ္မာသဘင်ဝယ် အစည်းအဝေးပြုကြ၍ "မိထိလာပြည်ကြီးသခင်ဖြစ်တော်မူသော နေမိမင်းကြီးသည် ငါတို့၏ဆရာပေတည်း။ ထိုနေမိမင်းကြီးကိုမှီ၍ ဘုရားဉာဏ်ဖြင့်ပင်သော်လည်း မပိုင်းခြား နိုင်ကောင်းသော ဤနတ်ပြည်၏စည်းစိမ်ကို ငါတို့ ခံစားရပေသည်။ ဤနေမိမင်းကြီး၏ ကျေးဇူးတော်ကား အလွန်အံ့ဖွယ် ရှိပေစွ"ဟု ဘုရားလောင်းနေမိမင်းကြီး၏ ဂုဏ်တော်ကို သာလျှင် အညီအညွတ် အဖန်တလဲလဲ ချီးမွမ်းပြောဆိုကြကုန်၏။

ဤလူ့ပြည်၌လည်း နေမိမင်းကြီး၏ ကျေးဇူးသတင်း ကျော်စောခြင်းသည် မဟာသမုဒ္ဒရာရေအပြင်၌ လောင်းသွန်လိုက်သော ဆီပေါက်ကဲ့သို့ နစ်မြုပ်ခြင်းမရှိ အရပ်ထက်ဝန်းကျင်၌ ပျံ့နှံ့လေ၏။

## ၃။ နေမိမင်းကြီး အကြံဖြစ်တော်မူခန်း

ဤသို့ အလှူပေးခြင်း, သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ် သုစရိုက်တရားတို့ကို မပြတ်အားထုတ်တော်မူလျက် သူခပ်သိမ်းတို့အားလည်း ကိုယ်နှင့်ထပ်တူ အကျိုးစီးပွားကိုသာ အလိုရှိတော်မူသည်ဖြစ်၍ အလှူသီလတို့ကို အားထုတ်စေသဖြင့် အတ္တဟိတ, ပရဟိတတရားတို့ကို ဆောင်ရွက်တော်မူသော နေမိမင်းကြီးသည် ဒါနနှင့် သီလ ၂ပါး၌ ဤသို့ အကြံဖြစ်တော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည် ဤနေမိဇာတ်တော်၏ အစ၌—

'အဈေရံ ဝတ လောကသ္မိံ၊ ဥပ္ပဇ္ဇန္တိ ဝိစက္ခဏာ။

ယဒါ အဟု နိမိရာဇာ၊ ပဏ္ဍိတော ကုသလတ္ထိကော။



www.burmeseclassic.com

www.burmeseclassic.com



ရာဇာ သဗ္ဗ ဝိဒေဟာနံ၊ အဒါ ဒါနံ အရိန္ဒမော။

တဿ တံ ဒဒတော ဒါနံ၊ သက္ကပ္ပေါ၊ ဥပပဇ္ဇထ။

ဒါနံ ဝါ ဗြဟ္မစရိယံဝါ၊ ကာတမံ သုမဟပ္ဖလံ။ ။' ဟူသော ၂ ဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား-

"တပည့်သားတော်အပေါင်းတို့။ မိမိစီးပွား, သူတစ်ပါးစီးပွား ၂ပါးကို အလိုရှိလျက် ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားကို မြင်မြော်သောပညာနှင့်ပြည့်စုံစွာ ငါ နေမိမင်း ဖြစ်တော်မူသောအခါ ငါ၏အဆုံးအမ၌သာ တည်ကြကုန်သဖြင့် ပညာရှိသူတော်ကောင်းတို့သာ ပေါ်ထွန်းကုန်သည်ဖြစ်၍ အလုံးစုံသောလောကသည် အလွန် အံ့ဩဖွယ်ရှိ၏။ ဝိဒေဟရာဇ်တိုင်းသူတို့၏ အရှင်ဖြစ်၍ ရန်သူတို့ကိုဆုံးမနိုင်သော ထိုနေမိမင်းကြီး ငါ ဖြစ်တော်မူသောအခါ အလှူပေးခြင်း, သီလဆောက်တည်ခြင်း၌မွေ့လျော်သော ငါ့အား 'အလှူတည်း အကျိုးကြီး သလော' သို့တည်းမဟုတ် 'ဥပုသ်သုံးခြင်းတည်း အကျိုးကြီးသလော'ဟု အကြံဖြစ်တော်မူသည်" ဟူလိုသတည်း။

ဤသို့ ဟောတော်မူရာ၌ နေမိမင်းကြီးအကြံဖြစ်သည်ကား နေမိမင်းကြီးသည် ၁၅ ရက်ဖြစ်သော ဥပုသ်နေ့၌ အင်္ဂါ ၈ ပါးနှင့်ပြည့်စုံစွာသော ဥပုသ်ကိုဆောက်တည်လျက် ညဉ့်အခါရောက်လတ်သော် ကိုယ်၌ ဆင်အပ်သော အဝတ်တန်ဆာအားလုံးကို ချွတ်ထား၍ ကျက်သရေတိုက်တွင် အလွန်လျောက်ပတ်သော သလွန် ပေါ်ဝယ် ခင်းထားအပ်သော စက်မွေ့ရာ၌ ညဉ့်ဦးယံ, သန်းခေါင်ယံပတ်လုံး စက်တော်ခေါ်ပြီးလျှင် မိုးသောက်ယံ၌ နိုးလတ်၍ ထက်ဝယ်ထိုင်လျက် ဤသို့ ကြံတော်မူ၏။

'ငါသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ရှိသော လူအပေါင်းတို့အား အတိုင်း အရှည်မရှိ အလုံးစုံသောသုံးဆောင်ဖွယ် တို့ကို စွန့်ကြဲပေးလှူခြင်း မဟာဒါနကိုလည်း ပြု၏။ ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလတို့ကိုလည်း အခါနှင့်လျော်စွာ နေ့တိုင်းမပြတ် ဆောက်တည်၏။ ထိုသို့ ငါပြုအပ်သော ကောင်းမှုအစုတို့တွင် ဒါနသည်တည်း အကျိုးကြီးအံ့လော၊ ဥပုသ်သီလ ဟုဆိုအပ်သော မြတ်သောအကျင့်သည်တည်း အကျိုးကြီးအံ့လော'

ဤသို့ အဖန်တလဲလဲကြံသော ဘုရားလောင်းအား ဝိတက်ဝိစာရများသဖြင့် စိတ်၏ပျံ့လွင့်ခြင်းဖြစ်၍ သမာဓိကိုမရခြင်းကြောင့် ယထာဘူတဉာဏ် မဖြစ်။ ထိုသို့ ယထာဘူတဉာဏ် မဖြစ်ခြင်းကြောင့် အဘယ် တရားသည် သာ၍အကျိုးကြီးသည်ဟု ဆုံးဖြတ်ခြင်းငှာမတတ်နိုင်သော ယုံမှားခြင်း ဖြစ်လေ၏။

ထိုအခါ ဘုရားလောင်း၏ သီလအာနုဘော်တော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက် နေရာသည် ပူပြင်းတင်းမာသောအခြင်းအရာကို ပြပေ၏။ သိကြားမင်းလည်း 'အဘယ်အကြောင်းကြောင့်နည်း'ဟု လူ့ပြည်ကို မျှော်ကြည့်လတ်သော်၊ နေမိမင်းကြီး၏ ဒါနသီလ၌ အကြံဖြစ်သည်ကိုမြင်ပြီးလျှင်၊ 'ထိုနေမိမင်း၏ အကြံဖြစ်တော်ယုံမှားခြင်းကို ငါဖျောက်အံ့'ဟုကြံလျက် မိထိလာပြည်သို့ တစ်ယောက်တည်းချင်း လျင်စွာလာလတ်၍ နေမိမင်း၏နန်းတော်အလုံးကို တစ်ပြိုင်နက်တောက်ပစေလျက် နေမိမင်းရှိရာ ကျက်သရေတိုက်သို့ဝင်ပြီးလျှင် ကောင်းကင်၌ ရပ်နေ၏။

ထိုအခါ နေမိမင်းကြီးသည် အရောင်အဝါဖြင့်တောက်ပလျက် မိမိအနီး ကောင်းကင်၌နေသော သိကြားမင်းကိုမြင်လျှင် ကြက်သီးမွေးညင်းထလျက် ထိတ်လန့်သောနလုံး ရှိသည်ဖြစ်၍-

'ဒေဝတာနုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။' အစရှိသော ဂါထာပါဌ်ဖြင့် မေး၏။ အဓိပ္ပာယ်ကား-

"ကောင်းသောအချင်း။ သင် အဘယ်သူနည်း။ စာတုမဟာရာဇ် နတ်မင်းတည်း ဖြစ်သလော၊ ဟိမဝန္တာ၌ နေသော ဂန္ဓဗ္ဗနတ်မင်းတည်း ဖြစ်သလော၊ ရှေးသံသရာ၌ အလှူအထူးပေးဖူးသောကြောင့် မျက်စိ ၁၀၀၀



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆောင်လျက် နတ်တကာတို့ကိုအစိုးရသော သိကြားမင်းလျှင်တည်း ဖြစ်သလော၊ တစ်ခါနန်းရုံး အလျှံတပြောင်ပြောင် တောက်လောင်အံ့မတတ်ဖြစ်သော ဤကဲ့သို့ အရောင်အဆင်းကို ရှေးက တစ်ကြိမ်တစ်ခါမျှ မမြင်ရစဖူး၊ ဤသို့ အရောင်အဝါ တင့်တယ်ခြင်းနှင့်ပြည့်စုံစွာသော သင့်ကို အဘယ်သူဟူ၍ ငါ သိရပါအံ့နည်း”ဟူ၍ နေမိမင်းကြီး ကြက်သီးမွေးညင်းထလျက် ထိတ်လန့်စွာမေးသည်၏အဖြစ်ကို သိကြားမင်းသိလျှင် မိမိ သိကြားအဖြစ်ကို ပြောဆိုလို၍–

'သက္ကော ဟ မသ္မိ ဒေဝိန္ဒော၊ အာဂတော သ္မိ တဝန္တိ ကေ။' ဟူသော ဂါထာဝက်ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“လူအပေါင်းတို့ကို အစိုးရသော နေမိမင်း။ ငါကား နတ်အပေါင်းတို့ကိုအစိုးရသော သိကြားမင်းတည်း။ သင်၌ တစ်ခုသောယုံမှားခြင်း ရှိသည်အလျောက် နှလုံးမသက်မသာ ရှိသည်ကိုမြင်၍၊ ထိုယုံမှားခြင်းကို ဖျောက်အံ့သောငှာ ငါ လာ၏။ ထိတ်လန့်ကြောက်ရွံ့ခြင်း, ကြက်သီးမွေးညင်းထခြင်းတို့ကို မဖြစ်စေဘဲ အလိုရှိအပ်သောပြဿနာကို ငါ့အား သင် မေးလော့။ သင်၏ပြဿနာကို ငါ ဖြေအံ့”ဟုဆို၏။

သိကြားမင်း ဆိုသောစကားကိုကြားလျှင် နေမိမင်းကြီးသည် ထိတ်လန့်ခြင်းကင်းသည်ဖြစ်၍ မိမိ ယုံမှားခြင်းဖြစ်သည်ကို မေးအံ့သောငှာ 'ပုစ္ဆာမိ တံ ဒေဝရာဇာ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

“ဘုတ်ပြိတ္တာက စ၍မလွတ် နတ်တကာတို့ကို အစိုးရတော်မူသော သိကြားမင်း။ ငါ၏ ယုံမှားခြင်းကို သင့်အား ကြားအံ့။ သင် နှလုံးသွင်း၍ နာတော်မူလော့။ 'အလှူပေးခြင်းတည်း အကျိုးကြီးသလော၊ ဥပုသ်ဆောက်တည်ခြင်းတည်း အကျိုးကြီးသလော'ဟု ကြံသောငါ့အား ယုံမှားခြင်းသည် ဖြစ်၏။ ထိုယုံမှားခြင်းကို သင် ဆုံးဖြတ်နိုင်ပါအံ့လော။ မဆုံးဖြတ်နိုင်သည်ဖြစ်၍ မေးအပ်သော ငါ့အား ထို ဒါန,သီလဟု ဆိုအပ်သော, အကြောင်းတရား ၂ပါး တို့၏အကျိုး အယုတ်,အမြတ် ရှိသည်ကိုသိလျှင် သိသောအတိုင်း သင်နတ်မင်း ဟောကြားလော့”**ဟုဆို၏**။

## ၄။ သိကြားမင်းပုစ္ဆာ ဖြေဆိုခန်း

ထိုစကားကိုကြားလျှင် သိကြားမင်းသည် 'ဒါန၏အကျိုးထက် သီလ၏အကျိုးလျှင် မြတ်သည်'၏ အဖြစ်ကို ပြလို၍–

'ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
ပဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။ ။
န ဟိ တေ သုလဘာ ကာယာ၊ ယာစ ယောဂေန ကေနစိ။
ယေ ကာယေ ဥပပဇ္ဇန္တိ အနာဂါရာ တပဿိနော။ ။'ဟူသော ၂ဂါထာဖြင့် ဆို၏။

မဟာရာဇ၊ နေမိမင်းကြီး။ ဟီနေန၊ ယုတ်သော။ ဗြဟ္မစရိယေန၊ သီတင်းသုံးခြင်းဖြင့်။ ခတ္တိယေ၊ မင်းမျိုး၌။ ဥပပဇ္ဇတိ၊ ဖြစ်သေး၏။ မဇ္ဈိမေန စ၊ အလတ်ဖြစ်သော သီတင်းသုံးခြင်းဖြင့်ကား။ ဒေဝတ္တံ၊



www.burmeseclassic.com

www.burmeseclassic.com



နတ်၏အဖြစ်သို့။ ဥပပဇ္ဇတိ၊ ရောက်တတ်လေ၏။ ဥတ္တမေန၊ အမြတ်ဖြစ်သော သီတင်းသုံးခြင်းဖြင့်။ ဝိသုဇ္ဈတိ၊ ကိလေသာတို့မှ စင်ကြယ်လေ၏။

ဖနိန္ဒ၊ လူတို့သေဌ်နင်းဖြစ်တော်မူသော နေမိမင်းမြတ်။ အနာဂါရာ၊ အိမ်ရာမထောင်ကုန်သော။ တပဿိနော၊ မြိုးခြစ္စာကျင့်ကုန်သော။ ယေဗ္ဗသယော၊ အကြင်ရသေ့တို့သည်။ ကာယာ၊ ဗြဟ္မာ့ပြည်၌။ ဥပပဇ္ဇန္တိ၊ ဖြစ်လေကုန်၏။ တေကာယာ ထို ဗြဟ္မာအပေါင်းတို့ကို။ ကေနစိ၊ တစ်စုံတစ်ရာသော။ ယာစ ယောဂေန၊ ပေးလှူပူဇော် စွန့်ကြဲခြင်းဖြင့်။ နပတိ သုလဘာ၊ မရလွယ်သည်သာတည်း။ အဓိပ္ပာယ်ကား-

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်း။ အလှူပေးခြင်း, သီလဆောက်တည်ခြင်း ဤတရား ၂ပါးတို့တွင် အမြတ်ဆုံးဖြစ်သော မဟာဒါန၏အကျိုးဖြစ်တုံသော်လည်း အယုတ်ဆုံးဖြစ်သော ဥပုသ်သီလ၏ အကျိုးကို မတူ,မညီ, မမီနိုင်ရာ။ ဥပုသ်အင်္ဂါ တစ်ခုတည်းမျှ ပြည့်စုံသည်ဖြစ်၍ အယုတ်ဆုံးဖြစ်သော သီတင်းသုံးခြင်းပင်လျှင် ပဒေသရာဇ်မင်း, ဓကရာဇ်မင်း, စကြာမင်းတို့၏စည်းစိမ်ကို ပေးတတ်၏။ အလတ်ဖြစ်သော ဥပုသ်သီတင်းသည် လူမင်းစည်းစိမ်တို့ထက် အဆအရာမကမြတ်လှသော နတ်မင်းစည်းစိမ်ကို ပေးတတ်၏။ အမြတ်ဆုံးဖြစ်သော ဥပုသ်သီတင်းသည်ကား လူမင်း,နတ်မင်းတို့၏စည်းစိမ်ထက် အဆအထောင်, အဆအသောင်းမကလွန်မြတ်သော ကိလေသာစင်ခြင်းဖြင့် ဗြဟ္မာမင်း၏အဖြစ်သို့ ရောက်တတ်၏။ ထိုသို့ အိမ်ရာမထောင်ဘဲ မြိုးခြစ္စာ အကျင့်ကိုကျင့်ကုန်သော ရသေ့ရဟန်းတို့သည် ချမ်းသာတကာတို့၏ပေါင်းခုံရာ ဖြစ်သော ဗြဟ္မာမင်း၏အဖြစ်သို့ ရောက်ဖူးကြလေသည်ကား များလှလေပြီ။ ထိုဗြဟ္မာမင်း၏အဖြစ်ကို ဤတစ်ကျွန်းလုံး၌အပြည့် ဒါနဝတ္ထု အထူးအမြတ်တို့ကိုစုပုံ၍ အသက်ထက်ဆုံး အမြဲလှူဒါန်းပူဇော်ငြားသော်လည်း ရလွယ်သည် မဖြစ်နိုင်ရာ"ဟု ဆို၏။

[ဤစကားအပေါင်းတွင် ဥတ္တမေန ဝိသုဇ္ဈတိဟူသော ပါဠ်ဖြင့် ဘုရားပွင့်တော်မူသောကာလ မဟုတ်ဖြစ်၍ ဒေသနာတော်နည်းကို မရခြင်းကြောင့် ကိလေသာကာမဂုဏ်တို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် ငြိမ်းစေကွာစေခြင်းရှိသော ဗြဟ္မာ့ပြည်ကိုပင် နိဗ္ဗာန် ဟု ဆိုစကုန်သည်ကိုအစွဲပြု၍ ဝိသုဇ္ဈတိဟု သိကြားမင်း ဆိုလေသည်။ ထို့ကြောင့် ဤဇာတ်တော် အဋ္ဌကထာ၌ 'တံ ဗာဟိရကာ နိဗ္ဗာနန္တိ ကထေန္တိ၊ တေနာဟ ဝိသုဇ္ဈတီတိ'ဟု မိန့်တော်မူလေသည်။ ဗာဟိရကာ၊ သာသနာတော်မှအပဖြစ်ကုန်သော ရသေ့ရဟန်းတို့သည်။ တံ၊ ထိုဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်မည်၏ဟူ၍။ ကထေန္တိ၊ ဟောကြားကုန်၏။ တေန၊ ထို့ကြောင့်။ သက္ကော၊ သိကြားမင်းသည်။ ဝိသုဇ္ဈတီတိ၊ ဝသုဇ္ဈတိဟူ၍။ အာဟ၊ ဆိုတော်မူ၏။

[ထိုသာသနာပ၌ အဘယ်ကို ဟီန ဗြဟ္မစရိယဆိုသနည်းဟူမူကား 'ပုထဝီတ္ထာယတနေ မေထုနဝိရတိမတ္တံ သီလံ ဟီနံနာမ။ ။' ဟူသော အဋ္ဌကထာနှင့်အညီ များစွာသော တိတ္ထိတို့၏ကျောင်း၌ မေထုနမှုကြဉ်ရှောင်ခြင်းကို ပြုသော တစ်ခုသော ဝိရတိစေတနာမျှ သီလသည် ဟီနမည်၏။

[မဇ္ဈိမဟူသည်ကား 'ဈာနဿ ဥပစာရ မတ္တံ မဇ္ဈိမံနာမ'ဟူသည်နှင့်အညီ ၈ပါး, ၁၀ပါးသော သီလတို့၌ မြဲစေလျက် ကသိုဏ်းအသုဘ အစရှိသောကမ္မဋ္ဌာန်းသို့ ရှေးရှုလုံ့လပြုသဖြင့် ဈာန်၏အနီးသို့ရောက်၍ နီဝရဏတို့ကို တဒင်္ဂသတ္တိဖြင့်စွန့်ခွာနိုင်သော မဟာကုသိုလ်စေတနာဟု ဆိုအပ်သော သီလသည် မဇ္ဈိမ မည်၏။

[ဥတ္တမဟူသည်ကား 'အဋ္ဌသမာပတ္တိမတ္တံ ဥတ္တမံနာမ'။ ဟူသည်နှင့် အညီ ကမ္မဋ္ဌာန်းကိုအားထုတ်သဖြင့် ဈာန်ကိုရ၍ သမာပတ် ၈ပါးနှင့် ပြည့်စုံခြင်းသည် ဥတ္တမ မည်၏။



www.burmeseclassic.com

www.burmeseclassic.com



[မြတ်စွာဘုရားသာသနာတော်တွင်းဖြစ်မှုကား တစ်စုံတစ်ခုသော နတ်မင်း,သိကြားမင်းအဖြစ်တို့ကို တောင့်တလျက် စတုပါရိသုဒ္ဓိသီလကို စင်ကြယ်စွာစောင့်ရှောက်သောရဟန်း၏ မြတ်သော ဗြဟ္မစရိယ စေတနာသည် မိမိတောင့်တတိုင်း ဒေဝသမ္ပတ္တိကိုသာ ပေးစွမ်းနိုင်လေသောကြောင့် ဟီန မည်၏။

[စတုပါရိသုဒ္ဓိသီလ ၄ပါးနှင့် ပြည့်စုံစွာသော ရဟန်းသည် ဗြဟ္မာ့ပြည်ကို တောင့်တသဖြင့် ကမ္မဋ္ဌာန်းဒွန် လုံ့လပြု၍ သမာပတ် ၈ပါးနှင့်ပြည့်စုံခြင်း ဗြဟ္မစရိယသီလသည် ဗြဟ္မာ့ပြည်၌သာလျှင် ဖြစ်စွမ်းနိုင်လေသောကြောင့် မဇ္ဈိမ မည်၏။

[စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသောရဟန်း၏ ဝိပဿနာကိုပွားစေသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ရောက်၍ ရဟန္တာဖြစ်ခြင်းသည် စင်ပြီးသော ကိလေသာရှိခြင်းကြောင့် ဥတ္တမသီလ မည်၏။]

ဤသို့ မျက်စိ ၁၀၀၀ အမြင်ဆောင်သော သိကြားမင်းသည် ရှေး၌ဖြစ်ဖူးကြလေသော ဒါနရှင်, သီလရှင်တို့၏ဂုဏ် အယုတ်,အမြတ်ကို မိမိမျက်မှောက်ထင်ထင် တွေ့မြင်မှတ်သား ကြားဖူးသည်လည်းဖြစ်၍ ထို ၂ ဂါထာတို့ဖြင့် နေမိမင်းကြီးအားဟောကြားပြီးလျှင်၊ အတိတ်ဖြစ်သော ဥဒါဟရဏ်ကိုထုတ်လျက် သက်သေညွှန်းလိုသောကြောင့် 'ဒုတိပေါ သာဂရော သေလော' အစရှိသောဂါထာ, 'ဧတေစညေ့စ ရာဇာနော အစရှိသော ဂါထာ အထယိမေ အဝတ္တိံသု' အစရှိသော ဂါထာ, 'သမုဒ္ဒေါ တယော အရတော' အစရှိသော ဂါထာ။ ဤ ၄ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းကြီး။ ဒါနထက် သီလ အကျိုးကြီးကြောင်းကို ငါ ကြားဖူးသောအတိုင်း သက်သေထုတ်ဦးအံ့။ နာလော့။ ငါ ကြားဖူးသည်ကား ရှေး၌ ဒုတိပ အမည်ရှိသောမင်း, သာဂရမင်း, သေလမင်း, မုဇကိန္ဒမင်း, ဘဂီရသမင်း, ဥသိန္ဒရမင်း, ပုထုဇ္ဇနမင်း ဤမင်းတို့သည် လည်းကောင်း၊ ဤမှတစ်ပါး များစွာကုန်သော မင်းပုဏ္ဏားတို့သည် လည်းကောင်း အလုံးစုံကောင်းမြတ်သော လှူဖွယ်ဝတ္ထုတို့ဖြင့် ပေးလှူပူဇော်ခြင်းဟုဆိုအပ်သော မဟာဒါနကို ပြုဖူးကြကုန်ပြီ။ ထို မင်းပုဏ္ဏားတို့သည် မိမိတို့ပြုအပ်သော မဟာဒါနအစွမ်းသည် ချမ်းသာသောစည်းစိမ်ဘက်ကို တောင့်တလျက် အမြဲ ချင်ရဲမပြေ နေတတ်သောကြောင့် ပြိတ္တာဘုံ ဟူ၍လည်းကောင်း သမိုက်အပ်သော ကာမာဝစရနတ်ပြည်ထက်လွန်၍ အကျိုးကိုမပေးနိုင်သည်၏ အဖြစ်ဖြင့် ပြိတ္တာဘုံဆိုအပ်သော ကာမာဝစရနတ်ပြည်၌သာ ဖြစ်ကြရကုန်၏။ နေမိမင်းကြီး၊ အိမ်ရာမထောင်ဘဲ ငြိုးငြံစွာသောအကျင့်ကိုကျင့်ကုန်သော ရသေ့ရဟန်းတို့၌ကား ယာမဟနု အမည်ရှိသော ရှင်ရသေ့, သောကယာဂ ရှင်ရသေ့, မနောဇ ရှင်ရသေ့, သမုဒ္ဒ ရှင်ရသေ့, မာဃ ရှင်ရသေ့, ဘရတ ရှင်ရသေ့, ကာလပုရက္ခတ ရှင်ရသေ့၊ ဤ ရသေ့ညီနောင် ၇ ယောက်တို့သည် လည်းကောင်း၊ အင်္ဂီရသ ရှင်ရသေ့, ကဿပ ရှင်ရသေ့, ကိသဝစ္ဆ ရှင်ရသေ့, အကတ္တိ ရှင်ရသေ့၊ ဤ ရသေ့ ၄ ယောက်တို့သည် လည်းကောင်း။ ထို အလုံးစုံသော ရှင်ရသေ့တို့သည် အိမ်ရာထောင်ခြင်းမှကြဉ်၍ သီလဖြင့် ငြိုးငြံခြင်းရှိကုန်သည်ဖြစ်၍ ပြိတ္တာဘုံဟု သမိုက်အပ်သော ကာမာဝစရ နတ်ပြည်ကိုလွန်လျက် အလွန်စင်ကြယ်စွာသော ဗြဟ္မာမင်း၏အဖြစ်သို့ ရောက်ကြလေကုန်ပြီ။ ထိုကြောင့် အလှူ၏အကျိုးထက် ဗြဟ္မစရိယ သီလ၏အကျိုးသည် အဆအထောင်, အဆအသိန်းမက မြတ်သည်သာ ဖြစ်၏ မှတ်တော်မူလော့"ဟု ဆို၏။

[ဤဂါထာတို့တွင် ပေတတ္တံ နာတိဝတ္တိံသုဟူသော သာဓကပုဒ်၌ နတ်ပြည် ၆ထပ်ကို ပြိတ္တာဘုံဟု သိကြားမင်းဆိုခြင်းသည်ကား ကိလေသာကာမ ဟုဆိုအပ်သော လောဘဇော၏ကျက်စားရာ မှီခိုငြိတွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



၅ ဖြာသောအာရုံ ကာမဂုဏ်ဟု ဆိုအပ်သော ဝတ္ထုကာမကို မရသည်ရှိသော် တောင့်တခြင်းဖြင့် အလွန်ပူပန်တတ်သောကြောင့် ရေဆာငတ်မွတ်သောပြိတ္တာ၏ ရေကိုတောင့်တလျက် ပူပန်ခြင်းဖြစ်သည်နှင့် တူသည်ဖြစ်၍ နတ်ပြည် ၆ ထပ်ကို သဒ္ဒိသူပစာရ အားဖြင့် ပြိတ္တာဘုံ ဟု ဆိုသတည်း။

[အဋ္ဌကထာဆရာသည် ထိုစကားကို သိကြားမင်း ဆိုသင့်ပေ၏ဟု မြဲစေလို၍ 'ကာမာဝစရဒေဝတာ ဟိ ရူပါဒိနော ကိလေသဝတ္ထုဿ ကာရဏာ ပရိပစ္စာသိသတော တာပနတာယ ပေတာတိ ဝုစ္စန္တိ။ ။'ဟု မိန့်အပ်၏။ ဟိသစ္စံ၊ ထိုသိကြားမင်းဆိုတိုင်း မှန်၏။ ကာမာဝစရဒေဝတာ၊ ကာမာဝစရနတ်တို့သည်။ ရူပါဒိနော၊ ရူပါရုံအစရှိသော။ ကိလေသဝတ္ထုဿ၊ ကိလေသာ၏ ကျက်စားရာဖြစ်သော ဝတ္ထုကာမ၏။ ကာရဏာ၊ အကြောင်းကြောင့်။ ပရိ၊ ပျော်ရွှင်ဖွယ်ကို။ ပစ္စာသိသတော၊ အခါခါ တောင့်တသောအားဖြင့်။ တာပနတာယ၊ ပူပန်သည်၏ အဖြစ်ကြောင့်။ တေ၊ ထို နတ်ပြည် ၆ ထပ်တို့ကို။ ပေတာတိ၊ ပြိတ္တာဘုံ မည်ကုန်၏ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

[အဋ္ဌကထာဆရာသည် မိမိစကားကို တစ်ဆင့်တစ်ထပ် ကြပ်တည်းတော်မူစေလိုပြန်၍။ 'ဝုတ္တမ္ပိစေတံ ယေ အဒ္ဒုတိယာ န ရမန္တိ ကေဝလာ၊ ဝိဝေကဇံ ယေ န လဘန္တိ ပီတိံ။ ကိဉ္စာပိ တေ ဣန္ဒ သမာနဘောဂါ၊ တေ ဝေ ပရာဓိနသုခါ ဝရာကာတိစ။ ။'ဟူသော ပါဠိတော်ကို ဆောင်တော်မူပြန်သည်။ အနက်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊ အကြင် ကာမာဝစရနတ်တို့သည်။ အဒ္ဒုတိယာ၊ အဖော်မရှိကုန်ဘဲ။ ကေဝလာ၊ တစ်ယောက် အထီးတည်း။ နရမန္တိ၊ မမွေ့လျော်ကုန်။ ဝိဝေကဇံ၊ ဆိတ်ဆိတ်နေခြင်း၌ဖြစ်သော။ ပီတိံ၊ နှစ်သက်ခြင်းကို။ ယေ၊ အကြင် ကာမာဝစရနတ်တို့သည်။ နလဘန္တိ၊ မရကုန်။ ယေ၊ အကြင် ကာမာဝစရနတ်တို့သည်။ ကိဉ္စာပိ ဣန္ဒသမာန ဘောဂါ၊ အကယ်၍ သိကြားမင်း စည်းစိမ်နှင့်တူတူပင် ဖြစ်စေကုန်ကာမူ။ တေ၊ ထို ကာမာဝစရနတ်တို့သည်။ ဝေ၊ စင်စစ်။ ပရာဓိနသုခါ၊ မိမိမှတစ်ပါး စံပျော်ဖက်နှင့် စပ်ယှက်သော ချမ်းသာရှိခြင်းကြောင့်။ ဝရာကာ၊ ဆင်းရဲကုန်၏။ ဣတိစ၊ ဤသို့လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တမ္ပိစ ဝုတ္တမ္ပိဓဝေ၊ ဟောတော်မူအပ် သလျှင်ကတည်း။

[ဤပါဠိတော်၌ နတ်ပြည် ၆ထပ်ကိုသာ ပြိတ္တာဘုံဟု ဟောတော်မူခြင်းသည် နိဒဿနနည်းမျှသာတည်း။ အကြောင်းအားဖြင့်သော်ကား ကာမာဝစရ ၁၁ ဘုံသည် ကာမတဏှာ၏ ကျင်လည်ရာချည်းပင် ဖြစ်သောကြောင့် ကိလေသာကို မခွာကုန်သေးသမျှသတ္တဝါတို့သည် ဝတ္ထုကာမကိုတောင့်တခြင်းဖြင့် ပူပန်ခြင်း မကင်းရာဖြစ်၍ ပြိတ္တာ မည်ကုန်၏။ အပါယ် ၄ ပါးအဝင်ဖြစ်သော ပြိတ္တာကား မုချပြိတ္တာတည်း။ ထိုမှကြွင်းသော ကာမာဝစရဘုံကား သဒ္ဒိသူပစာရ ပြိတ္တာတည်း ဟု သိအပ်၏။]

ဤသို့ သိကြားမင်းသည် ဒါနထက် သီလအကျိုးကြီးကြောင်းကို မိမိ ကြားဖူးမှတ်သားဖူးသောအတိုင်း သက်သေထုတ်၍ နေမိမင်းကြီးအား ပြဆိုပြီးလျှင် မျက်မှောက်ထင်ထင် မိမိတွေ့မြင်ဖူးသော သက်သေကိုထုတ်ပြန်လို၍ 'ဥတ္တရေန နဒီသီဒါအစရှိသောဂါထာ။ ပရဋ္ဌကစ္စာ တဂ္ဂရာ' အစရှိသောဂါထာ, 'အဟံသေဋ္ဌသိ ဗ္ဗာနေန' အစရှိသော ဂါထာ, 'ဓာတိဝန္တံ နဝဇ္ဈ' အစရှိသောဂါထာ, 'သဗ္ဗေ ဝဏ္ဏာ အဓမ္မဋ္ဌာ' အစရှိသောဂါထာ၊ ဤ ၅ ဂါထာတို့ဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းကြီး။ ဒါနအကျိုးထက် သီလအကျိုးကြီးမြတ်သော အဖြစ်ကို သက်သေတခြား ထုတ်ဦးအံ့။ နာဦးလော့။ ဤလူ့ပြည်မှ မြောက်အရပ်ဖြစ်သော ဟိမဝန္တာ၌ ရွှေတောင်



www.burmeseclassic.com

www.burmeseclassic.com



၂ လုံးတို့၏အကြားကို ရစ်ခွေကာစီးသဖြင့် နေရောင်မသန်းသည်ဖြစ်၍ ချမ်းမြေ့အေးကြည်စွာလျက် သီဒါအမည်ရှိသောမြစ်သည် ရှိ၏။ ထိုမြစ်ကိုကား လှေဖေါင်ဖြင့်ကူးခြင်းငှာ ခက်ခဲ၏။ လေးစွာသော ဝတ္ထုကိုထား၍ ထိုရေ၏အပြင်၌ အလွန်ပေါ့လှစွာသော ဥဒေါင်းရင်မွေး ငွမ်းဝါ၊ထွေးတို့မျှ ကျရောက်သော်လည်း မတည်နိုင်သည်ဖြစ်၍ နစ်ခြင်းသို့သာ ရောက်ရလေကုန်၏။ ထိုသို့ အမှိုက်မြူချေး ငွမ်းဝါ အမွေးစသည်တို့ကို နစ်စေတတ်လျက် မြရည်ကဲ့သို့ စိမ်းမြအေးကြည်သော ရေရှိခြင်းကြောင့် ထိုမြစ်သည် သီဒါနဒီ အမည်ရှိ၏။ ထိုမြစ်ကမ်းနား ၂ ဘက်သည်လည်း ကျူမြီးရောင်အဆင်းကဲ့သို့ ဝင်းဝင်းညီးသော ရွှေစင်အတိသာလျှင် ဖြစ်ကြ၏။ ထို ရွှေမြေဆိပ်ကမ်း တောင်ဝှမ်း တောင်ယံတို့၌ တောင်ဇလပ်, စွယ်တော်, ကံ့ကော်, စကား, ချယား, သရဖီ, နှင်းဆီ, မိုးစွေ, သင်းခွေ, ပုန်းညက်, ကရမက်, စန္ဒကူး အထူးထူးသော နံ့သာပင်, ပန်းပင်, ဆေးပင်တို့သည်လည်း ရွှေစင်အပြား၌ ၉ ပါးသောမျက်မျိုးဖြင့် ကြိုးနွယ်ကူးယှက် ခက်လက်ရှည်တွယ် ခြယ်လှယ်စီမံဘိသကဲ့သို့ နှစ်လိုဖွယ်သော အပွင့်အသီးကိုဆောင်လျက် အသီးသီးတည်ကြကုန်၏။ ထို သီဒါနဒီမြစ်နားဝယ် နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအရပ်၌ ရှေးသောအခါ ၁ သောင်းမျှလောက်ကုန်သော ရှင်ရသေ့တို့သည် နေကြကုန်၏။ ထို ရှင်ရသေ့တို့သည် အဘိညာဉ် ၅ပါး,သမာပတ် ၈ ပါးတို့ကို ရကြကုန်သည် သာတည်း။ တစ်ပါးသော ရှင်ရသေ့မျှ မရသောမည်သည် မရှိ။ ဆွမ်း,မိုဝဲလိုသောအခါ၌ကား အချို့သော ရှင်ရသေ့တို့သည်ကား ဤကျွန်းဦး၌ရောက်သော ဇမ္ဗူ့သပြေပင်သို့သွား၍ မြောက်ဥတ္တရကုရု ကျွန်းသို့သွား၍ ဆွမ်းခံကုန်၏။ အချို့သောရှင်ရသေ့တို့သည် အသီးကိုဆောင်ကုန်၏။ အချို့သော ရှင်ရသေ့တို့သည်ကား ထိုဟိမဝန္တာ၌ပင် ချိုဆိမ့်ကောင်းမွန်သော သစ်သီးတို့ကို ယူဆောင်သုံးဆောင်ကုန်၏။ အချို့သော ရှင်ရသေ့တို့သည်ကား ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထိုထိုသို့သော မြို့ရွာတိုင်းပြည်သို့သွား၍ ဒါယကာတို့အိမ်၌ ဆွမ်းခံကုန်၏။ တစ်ယောက်သောရှင်ရသေ့မျှ ရသတဏှာဖြင့် နိပ်စက်ခြင်းမည်သည် မရှိ။ မိမိတို့ကိုယ်ခန္ဓာ၏ မှုတခြင်းငှာသာလျှင် အာဟာရကို မှီဝဲကုန်၍ ဈာန်ချမ်းသာဖြင့်သာလျှင် ကာလကို လွန်စေ၏။

"ထိုအခါ ရှင်ရသေ့တစ်ပါးသည် ဗာရာဏသီပြည်သို့ လာလတ်၍ ကောင်းစွာဝတ်ရုံလျက် ငြိမ်သက်သော ဣန္ဒြေဖြင့် မြို့တွင်းသို့ဆွမ်းခံဝင်လတ်သော် ဗာရာဏသီမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားအိမ်သို့ ရောက်လေလျှင် ထိုရှင်ရသေ့၏ ဣန္ဒြေနှင့် ပြည့်စုံခြင်းကိုမြင်၍ ကြည်ညိုသဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မိမိအိမ်တွင်းသို့ ထိုရှင်ရသေ့ကို ပင့်ဆောင်လျက် ဆွမ်းလုပ်ကျွေးလေ၏။ ဤသို့သောနည်းဖြင့် ထိုရှင်ရသေ့ ရောက်လာတိုင်းပင့်၍ ၂ရက်,၃ရက် ဆွမ်းလုပ်ကျွေးလေလျှင် ပုရောဟိတ်ပုဏ္ဏားသည် ရှင်ရသေ့နှင့် အကျွမ်းဝင်လတ်သော် 'ရှင်ရသေ့။ အဘယ်အရပ်၌ ရှင်ရသေ့ နေတော်မူသနည်း'ဟု မေးလျှောက်လေ၏။ ရှင်ရသေ့လည်း ဟိမဝန္တာဝယ် သီဒါနဒီမြစ်နား၌ နေကြောင်းကို ကြားပေ၏။ ပုရောဟိတ်ပုဏ္ဏားလည်း 'အရှင်ဘုရား။ ထို သီဒါနဒီမြစ်နား၌, ကိုယ်တော်တစ်ပါးတည်းပင် နေတော်မူသလော။ ရသေ့ရဟန်း တစ်စုံတစ်ယောက် အဖော် ရှိတော်မူပါသလော'ဟု မေး၏။ ရှင်ရသေ့ကလည်း 'ဒကာ အဘယ်သို့ဆိုသနည်း။ သီဒါနဒီမြစ်နား၌ ငါတစ်ယောက်တည်းသာ မဟုတ် အဖော်အပေါင်းဖြစ်သော ရသေ့ကား ၁သောင်းခန့် အရေအတွက် ရှိ၏။ ထို ၁သောင်း အရေအတွက်ရှိကုန်သော ရသေ့တို့သည် အဘိညာဉ် ၅ရပ်, သမာပတ် ၈ဦး အထူးထူးနှင့် ပြည့်စုံကြသည်ချည်းတည်း။ မိမိတို့တန်ခိုးဖြင့် လိုရာအသီးသီး ဥတ္တရကုရု ကျွန်း ဇမ္ဗူ့သပြေပင် အစရှိသည်တို့သို့သွား၍ အာဟာရကို ဆောင်ယူသုံးဆောင် ကြရ၏။' ဤသို့စသည်တို့ဖြင့် ရသေ့တို့၏ ဂုဏ်ကိုချီးမွမ်း၍ ပုရောဟိတ်ပုဏ္ဏားအား ထိုရှင်ရသေ့ပြောလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်ပုဏ္ဏားသည် အဘိညာဉ်တန်ခိုးတို့၌ တပ်သောစိတ်ဖြင့် ရဟန်းအဖြစ်သို့ ညွတ်သောနှလုံး ရှိသည်ဖြစ်၍ 'အရှင်ဘုရား။ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့ကဲ့သို့ ရသေ့ရဟန်း ပြုလိုပါ၏။ ထိုဟိမဝန္တာသို့ဆောင်၍ အကျွန်ုပ်ကို ရသေ့ရဟန်းပြုတော်မူပါ'ဟု လျှောက်ဆိုတောင်းပန်၏။ ရှင်ရသေ့လည်း 'ဒကာပုရောဟိတ်ပုဏ္ဏား။ သင်ကား မင်းကြီး၏ အစွယ်အပွားဖြစ်သော ပုရောဟိတ်အမတ် ဖြစ်ပေသည်။ မင်းကြီးထံ အခွင့်မရဘဲ သင့်ကို ငါ ရဟန်းမပြုထိုက်'ဟု ဆိုလတ်သော်၊ ထိုပုရောဟိတ်ပုဏ္ဏားသည် 'အရှင်ဘုရား။ ထိုသို့တပြီးကား ယနေ့ မင်းကြီးအား ရဟန်းပြုရအံ့သောအခွင့်ကို လျှောက်ထားတောင်းပန်၍ အသင့်နေနှင့်ပါမည်။ နက်ဖြန် မိုးသောက်လျှင်သာ အကျွန်ုပ်အိမ်သို့ အရှင်ဘုရား ကြွတော်မူခဲ့ပါ'ဟု လျှောက်ဆိုတောင်းပန်သဖြင့်၊ ရှင်ရသေ့လည်း 'ကောင်းပြီ။ နက်ဖြန်ခါ ငါလာဦးအံ့'ဟုဆို၍ ကောင်းကင်ခရီးဖြင့် မိမိနေရာ သီဒါနဒီမြစ်သို့ ပြန်သွားလေ၏။

ပုရောဟိတ်ပုဏ္ဏားလည်း ရှင်ရသေ့သွားပြီးသည်၏နောက်၌ ထမင်းနံနက်စာစားပြီးသော် နန်းတော်သို့ဝင်၍ 'အရှင်မင်းကြီး။ အကျွန်ုပ် ရဟန်းပြုလိုပါသည် အခွင့်ပေးတော်မူပါ'ဟု လျှောက်တောင်းပန်၏။ မင်းကြီးလည်း 'ပုရောဟိတ်အမတ်။ သင် အဘယ်ကြောင့် ရဟန်းပြုလိုပါသနည်း'ဟု မေး၏။ ပုရောဟိတ်အမတ်က လည်း 'အရှင်မင်းကြီး။ ဝတ္ထုကာမ, ကိလေသာကာမတို့၌ အပြစ်ကိုလည်းကောင်း၊ ရဟန်းပြုခြင်း၌အကျိုးကို လည်းကောင်း မြင်သောကြောင့် ရဟန်းပြုလိုပါသည်'ဟု လျှောက်ထားတောင်းပန်လတ်သော်၊ မင်းကြီးသည် 'ပုရောဟိတ်အမတ်။ ထိုသို့တပြီးကား ကောင်းပြီ။ ရဟန်းပြုလေလော့။ ရဟန်းပြုပြီးလျှင်ကား ဟိမဝန္တာမှာသာ မနေပါလေနှင့်။ ငါ့ထံသို့လည်း လာ၍ပြလင့်ပါ။ ရဟန်းရသေ့၏အသွင်ဖြင့် လာသောသင့်ကို ငါ မြင်လိုသည်'ဟု ဆို၍ အခွင့်ပေးလေ၏။ ပုရောဟိတ်အမတ်လည်း 'အရှင်မင်းကြီး။ ကောင်းပါပြီ'ဟုဆို၍ နန်းတော်မှ မိမိအိမ်သို့ ပြန်ပြီးလျှင် သားကြီးကိုခေါ်ပြီး၍ ရဟန်းပြုအံ့သော အခြင်းအရာကိုပြောဆိုလျက် 'ငါကဲ့သို့ မင်းကြီးထံတော်မှာ ပုရောဟိတ်အရာကိုခံ၍ မင်းရေးမင်းမှုတို့ကို မလစ်မဟင်းရအောင် လုံ့လသတိဖြင့် အမျိုးအနွယ်ကိုစောင့်ရှောက်ရစ်'ဟု အဆုံးအမပေး၍ သက်ရှိသက်မဲ့ ဥစ္စာရပ်တို့ကိုလည်း ကမ္ပည်းစာရင်းနှင့်တကွအပ်နှင်းပြီးသော် သင်္ကန်းသပိတ်စသော ရသေ့ရဟန်းတို့၏ ပရိက္ခရာကို အသင့်ပြင်ဆင်ပြီးလျှင် ရှင်ရသေ့ လာအံ့သောအခါကို မျှော်လင့်၍နေ၏။

ရှင်ရသေ့လည်း နံနက်မိုးသောက်လျှင် ကောင်းကင်ခရီးဖြင့် ထိုပုရောဟိတ်ပုဏ္ဏားအိမ်သို့ ရောက်လာလတ်၏။ ပုရောဟိတ်ပုဏ္ဏားလည်း ရှင်ရသေ့အား လုပ်ကျွေးမြဲတိုင်းသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆွမ်းလုပ်ကျွေးပြီးသော် 'အရှင်ဘုရား။ မင်းကြီးထံမှ ရဟန်းပြုအံ့သောအခွင့်ကို အကျွန်ုပ် ရအပ်ပြီ။ ယခု အသို့ပြုရအံ့နည်း'ဟု လျှောက်မေးလျှင်၊ ရှင်ရသေ့သည် 'ထိုသို့တပြီးကား ကောင်းပြီ။ ယခု ဟိမဝန္တာသို့ သွားကြကုန်အံ့'ဟု ဆို၍ ပုဏ္ဏား၏လက်ကိုဆွဲလျက် မိမိတန်ခိုးဖြင့် သီဒါနဒီမြစ်သို့ဆောင်၍ ပုရောဟိတ်ပုဏ္ဏားကို ရသေ့ရဟန်းပြုစေသဖြင့် 'ဤမည်သော ကသိုဏ်းကိုစီးဖြန်း'ဟု ကမ္မဋ္ဌာန်းတရားတို့ကိုပေး၍ ကျောင်း၌နေစေလျက် ထိုပုရောဟိတ်ဖြစ်သော ရသေ့အား ဈာန်အဘိညာဉ်တရားတို့ကို မရသမျှကာလပတ်လုံး တစ်ပါးသောအရပ်မှ ဘောဇဉ်ခဲဖွယ်တို့ကို ဆောင်ယူ၍ ကျွေးမွေး၏။ ပုရောဟိတ်ဖြစ်သောရှင်ရသေ့လည်း ဆရာနည်းပေးသည့်အတိုင်း ကမ္မဋ္ဌာန်းကိုအားထုတ်သဖြင့် ၂ရက်-၃ရက်တိုင်လျှင် အဘိညာဉ်သမာပတ်တရားတို့တို့ကိုရ၍ မိမိအလိုရှိတိုင်း ထိုထိုသို့သောအရပ်သို့ ကောင်းကင်ခရီးဖြင့် ဆွမ်းခံသွားနိုင်လေ၏။

"တစ်နေ့သ၌ ထိုပုရောဟိတ်ရသေ့သည် 'မင်းကြီးအား ဝန်ခံသောပဋိညာဉ်သည် ငါ၌ရှိချေသည်တကား' ဟု ကြံ၍၊ ဆရာရှင်ရသေ့များကို ရှိခိုးပြီးလျှင် ကောင်းကင်ခရီးဖြင့် ဗာရာဏသီမြို့သို့သွားလျက် ဆွမ်းခံဝင်လေသော်



www.burmeseclassic.com

www.burmeseclassic.com



အစဉ်အတိုင်း မင်းကြီးနန်းတော်တံခါးဝသို့ ရောက်လေ၏။ မင်းကြီးလည်း ရှင်ရသေ့ကိုမြင်လျှင် မိမိပုရောဟိတ်မှန်း သိသဖြင့် နန်းတွင်းသို့ပင့်၍ ပူဇော်သက္ကာရပြုပြီးလျှင် 'ရှင်ရသေ့။ အဘယ်အရပ်၌ နေတော်မူသနည်း'ဟုမေး၏။ ရှင်ရသေ့လည်း 'ဒကာတော်မင်းကြီး။ မြောက်ဟိမဝန္တာဝယ် ရွှေတောင်နှလုံးတို့၏အကြားသို့စီးသော သီဒါနဒီမြစ်နား၌နေသည်'ဟု ပြောကြားလျှင်၊ မင်းကြီးလည်း 'ရှင်ရသေ့။ ထိုဟိမဝန္တာ၌ တစ်ပါးတည်းပင် နေတော်မူသလော'ဟုမေး၏။ ပုရောဟိတ်ရှင်ရသေ့လည်း 'ဒကာတော်မင်းကြီး။ ထိုအရပ်၌ ငါတစ်ပါးတည်းသာ နေသည်မဟုတ်။ ငါတို့ ဆရာရှင်ရသေ့တို့ကား ၁သောင်းမျှလောက် အရေအတွက် ရှိကုန်၏။ ထို ၁သောင်းမျှလောက်သော ရှင်ရသေ့တို့သည် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံကုန်သည်ချည်းတည်း။ တစ်ပါးမျှ မပြည့်စုံသောမည်သည် မရှိ'ဟု ရှင်ရသေ့တို့၏ ကျေးဇူးစကားကိုကြားလျှင် အလွန် သဒ္ဓါကြည်ညိုခြင်းရှိသည်ဖြစ်၍ ၁သောင်းသောရှင်ရသေ့တို့အား ဆွမ်းလှူလိုသောအကြံသည် ဖြစ်၏။ ထိုအခါ မင်းကြီးသည် ရှင်ရသေ့အား 'အရှင်ဘုရား။ ထို ၁သောင်းကုန်သော ရှင်ရသေ့တို့အား အကျွန်ုပ် ဆွမ်းလှူလိုပါသည်။ အဘယ်သို့ ကြံရပါအံ့နည်း' ဟု လျှောက်၏။ ရှင်ရသေ့လည်း 'ဒကာတော်မင်းမြတ်။ ထို ၁သောင်းသောရှင်ရသေ့တို့ကား လျှာရှိခြင်းကြောင့် အရသာတို့တွင် အဖန်၊ အငန်၊ အဆိမ့်၊ အချို၊ အချဉ်၊ အခါး၊ အစပ်တို့ကို သိတတ်ကာသာ၊ ထိုအရသာတို့၌ တပ်မက်မောခြင်း တဏှာ မရှိသည်ဖြစ်၍ ဤပြည်သို့ ငါပင့်ဖိတ်သော်လည်း ကြွလာမည်မထင်'ဟုဆိုလျှင်၊ မင်းကြီးသည် 'အရှင်ဘုရား။ အကျွန်ုပ်သည် ကိုယ်တော်ကိုအမှီပြု၍ ထို ၁သောင်းသောရှင်ရသေ့တို့အား ဆွမ်းလုပ်ကျွေးလိုပါသည်။ အကြောင်းတစ်ခုခုဖြင့် လုပ်ကျွေးရအောင် ကြံဆောင်တော်မူပါ'ဟု လျှောက်၏။

"ရှင်ရသေ့လည်း မင်းကြီးစကားကိုကြားလျှင် 'ဒကာတော်မင်းမြတ်။ ထိုသို့တပြီးကား ၁ သောင်းသော ရှင်ရသေ့တို့အား ဆွမ်းလုပ်ကျွေးလိုလျှင် အသင်မင်းကြီးကို အခြွေအရံနှင့်တကွ ငါ ဆောင်ယူအံ့။ ဟိမဝန္တာ သီဒါနဒီမြစ်နား၌နေ၍ အလိုရှိတိုင်း လုပ်ကျွေးလော့'ဟုဆို၏။ ရှင်ရသေ့စကားကိုကြားလျှင် မင်းကြီးသည် 'အရှင်ဘုရား။ ထိုသို့တပြီးကား ကောင်းပါပြီ'ဟုဝန်ခံ၍၊ သုံးဆောင်ရန် အလုံးစုံသောအဆောက်အဦးတို့ကို ယူလျက် စစ်အင်္ဂါ ၄ပါး မင်းဖိပုရားနှင့်တကွ ရှင်ရသေ့လျှင်လမ်းညွှန်ရှိသဖြင့် ဗာရာဏသီပြည်မှ အလုံးအရင်းကြီးစွာနှင့် ထွက်သွား၍ ဗာရာဏသီပိုင်နက်နိုင်ငံ၏အဆုံး မြေခြားသို့ ရောက်လေ၏။

"ထိုအခါ ပုရောဟိတ်ရှင်ရသေ့သည် မင်းကြီးနှင့်တကွ ထို များစွာသောဗိုလ်ပါအလုံးအရင်းကို မိမိအဘိညာဉ်တန်ခိုးဖြင့် ဆောင်၍ ဟိမဝန္တာဝယ် သီဒါနဒီမြစ်နား သင့်ရာအရပ်၌ချထားပြီးလျှင် သစ်တပ်တဲနန်း တည်ထောင်၍နေစေပြီးမှ မိမိနေရာကျောင်းသခ်မ်းသို့သွား၍၊ ထိုနေ့မိုးသောက်ပြန်သော် တစ်ဖန် သစ်တပ်နန်းသို့ လာလတ်သဖြင့် မင်းကြီးလည်း ထိုရှင်ရသေ့အား မွန်မြတ်သောဘောဇဉ်တို့ဖြင့် ဆွမ်းကျွေးလတ်၏။ ထိုအခါ မင်းကြီးသည် ရှင်ရသေ့အား 'အရှင်ဘုရား။ နက်ဖြန်ခါ ၁သောင်းသော ရှင်ရသေ့တို့အား အကျွန်ုပ်စကားဖြင့် ပင့်ဖိတ်လျှောက်ကြား၍ ဤသစ်တပ်သို့ ဆွမ်းစားကြွတော်မူပါ'ဟုလျှောက်၏။ ရှင်ရသေ့သည်လည်း 'ကောင်းပြီ'ဟုဝန်ခံလျက် မိမိကျောင်းသို့ပြန်၍ နက်ဖြန်မိုးသောက်ရောက်လတ်သော် ဆွမ်းခံအံ့သောအခါ၌ ၁ သောင်းကုန်သော ရှင်ရသေ့တို့သို့ ကပ်၍ 'အရှင်တို့။ ဗာရာဏသီမင်းကြီးသည် အရှင်တို့အား ဆွမ်းလုပ်ကျွေးလိုသောကြောင့် ဤအရပ်သို့လာလျက် ဘောဇဉ်ခဲဖွယ်တို့ကိုစီရင်ပြီးလျှင် အရှင့်ရသေ့ အပေါင်းကို ဆွမ်းလုပ်ကျွေးလိုပါသည်။ တစ်ပါးမကျန် ကြွတော်မူပါမည့်အကြောင်းကို လျှောက်ပါလေဟု အကျွန်ုပ်ကို ဖိတ်ကြားလိုက်ပေသည်။ ယနေ့ တစ်ပါးအရပ်သို့မကြွဘဲ အစဉ်သနားတော်မူသည်ကို အကြောင်းပြု၍ မင်းကြီးတဲနန်းသို့ ကြွတော်မူကြပါ'ဟုဆို၏။ ထို ပုရောဟိတ်ရှင်ရသေ့နှင့်တကွ ၁ သောင်းမျှကုန်သော



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရသေ့တို့သည် 'ကောင်းပြီ'ဟု ဝန်ခံ၍ ကောင်းကင်ခရီးဖြင့် သွားကြပြီးလျှင် သစ်တပ်မြို့နှင့်မနီးမဝေး၌ ကောင်းကင်မှသက်ကြ၍ မင်းကြီးနေရာတဲနန်းသို့ ရှေးရှုသွားကြလေ၏။ ထိုအခါ ဗာရာဏသီမင်းကြီးသည် အစဉ်အတိုင်း မိမိသို့ရှေးရှုလာသော ရှင်ရသေ့အပေါင်းတို့ကိုမြင်လျှင် အလွန်ကြည်ညိုခြင်းဖြင့် ခရီးဦးကြိုဆိုလျက် သစ်တပ်မြို့သို့ပင့်၍ ခင်းအပ်သောနေရာ၌နေစေပြီးသော် ကောင်းမြတ်စွာစီရင်အပ်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် ရောင့်ရဲစေ၏။ ထိုအခါ မင်းကြီးသည် ရှင်ရသေ့တို့၏ ငြိမ်သက်သောဣန္ဒြေကိုမြင်သဖြင့် သဒ္ဓါတရားပွားများလတ်၍ 'နက်ဖြန်လည်း အရှင် ၁ သောင်းလုံးပင် ယနေ့ကဲ့သို့ ကြွတော်မူပါ'ဟု ဖိတ်မန်လျှောက်ထားလိုက်ပြန်၏။ ဤသို့နည်းဖြင့် ဗာရာဏသီမင်းကြီးသည် ၁ သောင်းမျှလောက်ကုန်သော ရှင်ရသေ့တို့အား တစ်နေ့မပြတ် ဆွမ်းလုပ်ကျွေးလျက် ထိုသီဒါနဒီမြစ်နား၌ပင်လျှင် ကျုံး, တံခါး, ပြ, တန်ဆောင်း, ပစွင်, ရင်လျှောက်, အခင်းအကျင်းအလုံးနှင့်တကွ မြို့နန်းတည်ထောင်ပြီးလျှင် လုပ်ခင်း, ဆောင်ခင်း, လယ်ယာ, ချောင်းတာ တီထွင်၍ အနှစ် ၁သောင်းကာလပတ်လုံး နေလေ၏။

"လူအပေါင်းတို့ကို အစိုးရသောနေမိမင်းကြီး။ ထိုဟိမဝန္တာတော၌ အနှစ် ၁ သောင်းပတ်လုံး ၁သောင်းမျှလောက်ကုန်သော ရှင်ရသေ့တို့ကို တစ်နေ့မပြတ် ဆွမ်းလုပ်ကျွေး၍နေသော ဗာရာဏသီမင်းကြီးကား အခြားသူ မဟုတ်။ ငါ သိကြားတည်း။ နေမိမင်းကြီး။ ထိုဗာရာဏသီမင်းဖြစ်သောအခါ ငါသည် စောင့်ရှောက်အပ်သော သီလ, ဆုံးမအပ်သောဣန္ဒြေဖြင့် အနေအထိုင် အသွားအလာ အရာရာမျိုး၌ မြတ်ကုန်သည်သာ ဖြစ်ကုန်သော ထိုရှင်ရသေ့ ၁ သောင်းတို့ကို အမျိုး မြတ်,ယုတ် မရွေးမူ၍ မိမိတို့၏ဂုဏ်ကိုသာလျှင် မြတ်နိုးကြည်ညိုခြင်းဖြင့် နှစ်,လ,ရက် ရှည်မြင့်စွာ ရိုခိုးဖူးမြော်ခြင်း, ပူဇော်ခြင်း, အလှူဒါနအကြီးအကျယ်ပြု၍ မဟာဒါနကြီးကို တစ်နေ့မပြတ် ငါပြု၏။ ထိုသို့ အမျိုးယုတ်ညံ့ မရွေးမူ၍ ကြီးစွာသောပူဇာနုဂ္ဂဟာကို ငါပြုသည်ကား ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကံသာလျှင် အဆွေအမျိုးဖြစ်ကုန်ခြင်းကြောင့် တရားကိုမကျင့်ကုန်သော သတ္တဝါတို့သည် အောက်ငရဲသို့လားရလေမြဲတည်း။ တရားကိုကျင့်ကုန်သော သတ္တဝါတို့သည် မြတ်သော စင်ကြယ်ခြင်းသို့ ရောက်စမြဲတည်း။ ဤသို့ ကံကိုလည်းကောင်း, ကံ၏အကျိုးကို လည်းကောင်း ယုံကြည်ခြင်း သဒ္ဓါတရား အားကြီးသည်ဖြစ်၍ မဟာဒါနကိုပြုသတည်း။ ထို အနှစ် ၁ သောင်းပတ်လုံးပြုအပ်သော ငါ၏ဒါနကုသိုလ်သည်ကား ဆကာမာဝစရ နတ်ပြည်တည်းဟူသော ပြိတ္တာဘုံကို မလွန်နိုင်သည်ဖြစ်၍ ယခု ငါသိကြား ဖြစ်လာ၏။ ၁သောင်းမျှလောက်ကုန်သော ရှင်ရသေ့တို့သည်ကား အိမ်ရာမထောင်ဘဲ တစ်ယောက်ထီးတည်း သီလဣန္ဒြေကို ဆုံးမပြည့်စုံစေလျက် မြတ်သောအကျင့်တို့ကိုကျင့်ခြင်းကြောင့် အနှစ် ၁သောင်းပတ်လုံး ကောင်းစွာစီရင်အပ်သော ငါ၏ဆွမ်းပစ္စည်းကိုသုံးဆောင်၍လျှင် ကာမာဝစရနတ်ပြည် တည်းဟူသော ပြိဟ္မာဘုံကိုလွန်သဖြင့် မြတ်သော စင်ကြယ်ခြင်းရှိသော ဗြဟ္မာ့ပြည်မှာချည်း ဖြစ်ကုန်၏။

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းကြီး။ ထိုသို့သော ထုံးသက်သေတို့ကို ကြားဖူး၍ လည်းကောင်း၊ မြင်ဖူး၍လည်းကောင်း ဒါနထက် ဗြဟ္မစရိယသီလသာလျှင် အကျိုးကြီးမြတ်သည်ဟု ငါ ဆိုသတည်း။ ယင်းသို့ဖြစ်သော်လည်း ထို ဒါနကုသိုလ်, သီလကုသိုလ် ၂ ပါးသည် ကံ,ကံ၏အကျိုးကို ယုံကြည်ကုန်သော ယောကျ်ားမြတ်သူတော်ကောင်းတို့၏ အကြံအဆောင် အလေ့အကျက်ချည်းပင်ဖြစ်၍ မင်းကြီးသည်လည်း ဒါနကုသိုလ်,သီလကုသိုလ် ၂ပါးလုံးကိုပင် မမေ့မလျော့ ပြည့်စုံစေလော့"ဟု နေမိမင်းကြီးအား အဆုံးအမပေးခဲ့ပြီးလျှင် သိကြားမင်းသည် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်တက်လတ်သော်၊ ထိုနေ့ကား



www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့ဖြစ်၍ သုဓမ္မာသဘင်၌ နတ်တို့အစည်းအဝေးပြုသည့်အခါ ကြိမ်သည်နှင့် သုဇာတာမိဖုရားရှိရာ ဝေဇယန္တာနန်းပြာသာဒ်သို့ မသွားဘဲ သုဓမ္မာသဘင် နတ်ပရိသတ်အလယ်တွင်ခင်းအပ်သော သိကြားနေရာ၌ ထိုင်လျက်လျှင် ကိုယ်ကိုပြလေ၏။

ထိုသို့ သုဓမ္မာသဘင်၌ သိကြားမင်း ပေါ်ရောက်သောအခါ နတ်အပေါင်းတို့သည် "အရှင်မင်းကြီး။ ဘယ်အရပ်သို့ ကြွတော်မူချေသနည်း"ဟု မေးလျှောက်ကြကုန်၏။ သိကြားနတ်မင်းသည်လည်း "အချင်းနတ်များ အပေါင်းတို့။ မိထိလာပြည်၌ နေမိမင်းကြီးအား တစ်ခုသောယုံမှားခြင်း ဖြစ်သည်ကိုမြင်၍ ထိုမင်း၏ ယုံမှားခြင်းပြဿနာကို ဖြေဆိုအံ့ဟု ငါ သွားချေသဖြင့် ယခု ထိုမင်း၏ယုံမှားခြင်းကို ပြေငြိမ်းစေပြီးမှ ဤနတ်သဘင်သို့ ငါပြန်လည် တော်မူခဲ့သည်"ဟု ပြောဆိုပြီးလျှင် 'နေမိမင်း။ အဘယ်သို့ ယုံမှားခြင်းရှိလေသနည်း' ဟု မသိကုန်သော နတ်တို့အား သိစေခြင်းငှာ နေမိမင်းကြီး၏ယုံမှားခြင်းကိုပြလို၍ 'ဟီနေန ဗြဟ္မစရိယေန' စသော ဂါထာ၊ 'ယထာအဟံ နေမိရာဇာ' စသော ဂါထာ၊ 'တဿ တံ ဒဒတော ဒါနံ' စသော ဂါထာ ဤ ၃ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"သုဓမ္မာသဘင်၌ အစည်းအဝေးဖြစ်ကုန်သော အချင်းနတ်အပေါင်းတို့။ လူ့ပြည်၌ ဝိဒေဟရာဇ် တိုင်းသားတို့၏ အရှင်ဖြစ်သော နေမိမင်းကြီးအား ဤသို့အားဖြင့် ကြီးကြီးငယ်ငယ်ဖြစ်ကုန်သော ဂုဏ်ကျေးဇူး အပေါင်းတို့သည်ကား များစွာရှိကုန်၏။ ထိုသို့ ကြီးကြီးငယ်ငယ် အယုတ်အမြတ်များစွာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော နေမိမင်းကြီး၌ ယုံမှားခြင်းဖြစ်သည်မှာ 'များစွာပြုအပ်လေသော ငါ၏ဒါနသည်တည်း အကျိုးကြီးအံ့လော၊ စင်ကြယ်စွာဆောက်တည်အပ်သော ငါ၏ဥပုသ်သီလသည်တည်း အကျိုးကြီးအံ့လော'ဟု ကြံလတ်သဖြင့် ထိုအကြံကို ဉာဏ်ဖြင့်ဆုံးဖြတ်ခြင်းငှာ မိမိမတတ်နိုင်သည်ဖြစ်၍ ယုံမှားခြင်းဖြစ်သတည်း။ ထိုမင်း၏ ယုံမှားခြင်းကို ဤမည်သောအကြောင်းကိုပြ၍ ငါ ဖြေဆိုဆုံးဖြတ်ခဲ့၏။ အချင်းနတ်အပေါင်းတို့။ လူ့ပြည်၌ နေမိမင်းကြီး၏ ဂုဏ်ကျေးဇူးသည်ကား ဤသို့အားဖြင့် များစွာအံ့ဖွယ်ရှိပေစွ"ဟု အတိုင်းထက်အလွန် နေမိမင်းကြီး၏ ဂုဏ်ကျေးဇူးကိုသာလျှင်ထုတ်ကာဆောင်ကာ နတ်ပရိသတ်တို့အား ကြားသိစေခြင်းငှာ ချီးမွမ်းပြောဆို၏။

[ဤအရာ၌ ဒါနကိုရည်၍ အယုတ် အငယ်၊ သီလကိုရည်၍ အမြတ် အကြီးဆိုသည် မှတ်အပ်၏။]

## ၅။ နေမိမင်းကြီးကို နတ်ပြည်သို့ဆောင်ခန်း

ထိုအခါ နတ်ပရိသတ်အပေါင်းတို့သည် ဓမ္မတာအားဖြင့် သတ္တဝါတို့အား တစ်ပါးသောသူတို့ကို မိမိတို့နှလုံး အကျွမ်းဝင်သည့် အဆွေခင်ပွန်း၊အရှင်စိုးမင်း၊ယုံကြည်အပ်သည့်သမာဓိ ပညာရှိသောသူတို့ ချီးမွမ်း ပြောဆိုလျှင် ထိုသူတို့၌ ဂုဏ်ရှိသည်ဖြစ်စေ ဂုဏ်မရှိသည်ဖြစ်စေ ချီးမွမ်းသောသူတို့စကားကိုသာ ပမာဏပြု၍ ယုံကြည်သဖြင့် နှစ်သက်မြတ်နိုးခြင်းရှိမြဲဖြစ်ရာတွင် နေမိမင်းကြီး၏ဂုဏ်ကို သိကြားမင်းမပြောမီကပင် မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအသိချည်းဖြစ်၍ နှစ်သက်မြတ်နိုးဖွယ်ကောင်းမှာ ရေကောင်းသောကန်၌ ဖူးတံရိုးဖြင့် အသင့်အတင့် ရင့်နုပ်ပြီးသော ပဒုမ္မာဝတ်မှုန်ကို နေအရုဏ်ချိန်ဆုံးသဖြင့် ကန်လုံးကျွတ်ပွင့်သကဲ့သို့ အသင့် နှလုံးကိုသွင်းကြတုန်းခါ မင်္ဂလာသဘင်ကြီးလည်းကြိမ်သဖြင့် ဣန္ဒြေမငြိမ်မသက်နိုင်အောင် စုံမက်ခြင်းတစ်ပြိုင်နက်ရှိသဖြင့် နေမိမင်းကို ခုဆင်း၍ ခုတင်ဖူးမြင်ကြိုက် ဆုံတွေ့ကြုံလိုသော ဆန္ဒအာသာဖြစ်လျက် သိကြားမင်းအား "အရှင်မင်းကြီး။ ယခု အရှင်ချီးမွမ်းမိန့်ကြားတော်မူသော နေမိမင်းကြီးကား တစ်ပါးမဟုတ်ပါ။ အကျွန်ုပ်တို့၏ ဆရာပေတည်း။ ထိုနေမိမင်းကြီးကို အကျွန်ုပ်တို့ အမှီပြု၍သာလျှင် ဤနတ်ပြည်၌ ဘုရားဉာဏ်မျှ မပိုင်းခြားနိုင်ကောင်းအောင် ဤသို့သော ဒေဝသမ္ပတ္တိကို အကျွန်ုပ်တို့ ရယေ၏။ ယခုပင်လျှင် ထိုနေမိမင်းကြီးကို အကျွန်ုပ်တို့ ဖူးမြင်လိုပါသည်။ အပင့်အခေါ် တမန် စေလွှတ်တော်မူပါ"ဟု လျှောက်ထားကြကုန်၏။

[ဤအရာ၌ ထိုနတ်အပေါင်းတို့သည် နေမိမင်းကြီးကို ဖူးမြင်လိုသောဆန္ဒအားကြီးသည် အကယ်မှန်လျှင် မိမိတို့စိတ်လိုကိုယ်စိုး တန်ခိုးကြီးသောနတ်ချည်းဖြစ်၍ အလျင်တဆော လူ့ပြည်သို့ရောက်ခြင်းငှာ စွမ်းနိုင်လျက် အဘယ်ကြောင့် မစွမ်းမမြင်သောသူတို့ကဲ့သို့ ပင့်စေခေါ်စေရသနည်းဟူမူ နေမိမင်းရှိရာ လူ့ပြည်သို့သွား၍ ညှိသည်၏အဖြစ်ဖြင့် ဖူးမြင်ရသောထက် တစ်သက်ပတ်လုံး ရှု၍မငြီးနိုင်အောင်တင့်တယ်သော တာဝတိံသမဟာသုဒဿနနတ်နန်း၌ အထူးထူးအဆန်းဆန်းသောရတနာတို့ဖြင့်ခြယ်လှယ်၍ ယှက်နွယ်ယိုစီး ညီးညီးလျှံမျှ ထွန်းတောက်ပသော သုဓမ္မာသဘင်၌ နတ်လုလင်ပရိသတ်အပေါင်း ခြသောင်းရံဝန်းလျက် ဘုန်းတန်းကျက်သရေတို့ကို ရှုစေတော်မူရလျှင် ပြောပ၍မကုန်နိုင်ရာ။ ကမ္ဘည်းစဉ်ဆက် မပျက်သောဘုန်းတန်ခိုး သတင်းပျံ့နှံ့ခြင်းနှင့် လူမင်း၏အာနုဘော် ထင်ပေါ်ကျော်စောကြောင်း ကောင်းခြင်းဖြစ်ရာသောကြောင့် ပူဇာနုဂ္ဂဟအထူးပြုလို၍ ခေါ်စေပင့်စေသတည်းဟု ပရိဟာရပြု၍ ဖြေကြားအပ်၏။ ။ ဤကား စကားအချက်ကို ဆောဒနာကင်းအောင် ထုတ်လိုက်သည်။]

ထိုသို့ နတ်အပေါင်းတို့ လျှောက်ကြသောအခါ သိကြားမင်းသည် "အချင်းတို့။ ထိုသို့တပြီးကား ကောင်းပြီ။ ယခုပင် ပင့်ခေါ်စေအံ့"ဟု ဝန်ခံပြီးလျှင်၊ ဝေဇယန္တာရထားမှူးဖြစ်သော မာတလိနတ်သားကို ခေါ်တော်မူစေ၍ "အချင်းမာတလိနတ်သား။ ဝေဇယန္တာရထားကို သိန်းနှာမြင်း ၁၀၀၀ ကလျက် မိထိလာပြည်သို့ သွား၍ နေမိမင်းကြီးကို ယခု တင်ဆောင်ချေ"ဟု စေခိုင်းတော်မူလေ၏။ ရထားမှူး မာတလိနတ်သားသည်လည်း "အရှင်မင်းကြီး။ ကောင်းပါပြီဘုရား"ဟု ဝန်ခံ၍၊ ဝေဇယန္တာရထားကို သွားအံ့သောအခြင်းအရာဖြင့် ခင်းကျင်းပြင်ဆင်လေ၏။

[ထိုသို့ ပြင်ဆင်ရာ၌ သိကြားမင်းသည် လူ့ပြည်ကရောက်၍ နတ်ပရိသတ်နှင့် စကားပြောဟောသည်မှာ မာတလိနတ်သား ရထားက,၍ပြီးသည်တိုင်အောင် လူတို့အရေအတွက်အားဖြင့် တစ်လတိုင်အောင် ကြာလေသတည်း။ နတ်တို့ အရေအတွက်နှင့် ချင့်တွက်ဆသော် လူတို့မှာ အနှစ် ၁၀၀ရှိမှ တာဝတိံသာနတ်တို့မှာ တစ်ရက် ဖြစ်သောကြောင့် လူတို့၏အရေအတွက် အမှတ်အသားဖြစ်သော နာရီ ၆၀ကို ဗီဇနာပုံပြု၍ လူတို့နှင့်နှိုင်းရှည်ဝေမူ လူတို့အရေအတွက် တစ်လလျှင် နတ်တို့အရေအတွက်အားဖြင့် ၃ ဗီဇနာသာ ရသည်။ ထို့ကြောင့် ထိုအခိုက် လူတို့အရေအတွက်အားဖြင့် တစ်လ, နတ်တို့အရေအတွက်အားဖြင့် ၃ ဗီဇနာခန့်ကြာသည်ဟု သိအပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



[တာဝတိံသာနတ်ပြည်သည် ရှမငြိးအောင် အဘယ်သို့ တင့်တယ်သနည်းဟူမူကား ၈သောင်း ၄ထောင် အမြင့်ဆောင်သော မြင်းမိုရ်ရွှေတောင်ထွတ်အပြင်၌ အကျယ်အပြန့် ၈သောင်း ၄ထောင်သော ရွှေမြေအရပ်သည် လည်းကောင်း၊ ထိုရွှေမြေအရပ်ဖြစ်သော တောင်ထွတ်နှင့်အညီအမျှ စကြဝဠာတောင်နားအနိုက် တည်သော ကောင်းကင်အရပ်သည် လည်းကောင်း ၂ဆင့်မြောက်ဖြစ်သော တာဝတိံသာနတ်ပြည် မည်၏။ ထို အရပ်၌ နေကုန်သော ဘုမ္မစိုး, အာကာသစိုးဖြစ်ကုန်သော နတ်အပေါင်းတို့သည် တာဝတိံသာနတ် မည်ကုန်၏။ ထို တာဝတိံသာ ရွှေမြေတောင်ထွတ်အပြင်၌ သိကြားမင်းစံရာဖြစ်သော မြို့ကား မဟာသုဒဿန အမည်ရှိ၏။ ထို မဟာသုဒဿနမြို့၏အကျယ်ကား အရှေ့အနောက်လည်း ယူဇနာ ၁သောင်း, တောင်နှင့်မြောက်လည်း ယူဇနာ ၁သောင်း ရှိ၏။ မြို့တစ်မျက်နှာတစ်မျက်နှာလျှင် တံခါးပေါင်း ၂၅၀ စီရှိသောအားဖြင့် တံခါးပေါင်းလည်း ၁၀၀၀ ရှိ၏။

[အရှေ့မျက်နှာ၌ ရတနာမျိုးဖြင့် တံတိုင်းဝန်းကျင်၌ ရံအပ်သော နန္ဒဝန်ဥယျာဉ်ကား အဝန်းယူဇနာ ၁၀၀၀ ရှိ၏။ ထို နန္ဒဝန်ဥယျာဉ်တွင်း၌ ကြာမျိုး ၅ပါးဖြင့် ဖုံးလွှမ်းလျက် ချမ်းကြည်စိမ်းမြစွာသော ရေရှိသော ကန်သည်ကား မဟာနန္ဒာ, စူဠနန္ဒာ ဟူ၍ ၂ကန် ရှိ၏။ ထိုရေကန်၌လည်း သားရဲရုပ် ရတနာတို့ဖြင့် ခံအပ်လျက် နူးညံ့သိမ်မွေ့စွာသောအတွေ့ရှိသော မဟာနန္ဒာ, စူဠနန္ဒာဟူ၍ ရတနာကျောက်ဖျာ ၂ခု ရှိ၏။

[တောင်မျက်နှာ၌လည်း ရတနာမျိုးတို့ဖြင့်ပြီးသော တံတိုင်း,မုခ်,တံခါးတို့ဖြင့် ဝန်းကျင်ရံအပ်သော ဟာရုသကာဥယျာဉ်ကား အဝန်းယူဇနာ ၇၀၀ ရှိ၏။ ရှေးနည်းအတူ ထိုဥယျာဉ်တွင်း၌ ရေကန်သည်ကား ဘဒ္ဒါ,သုဘဒ္ဒါဟူ၍ ၂ကန် ရှိ၏။

[အနောက်မျက်နှာ၌လည်း ရတနာမျိုးတို့ဖြင့်ပြီးသော တံတိုင်းမုခ်တံခါးတို့ဖြင့် ဝန်းကျင်ရံအပ်သော စိတ္တလတာ ဥယျာဉ်သည်ကား အဝန်းယူဇနာ ၅၀၀ ရှိ၏။ ထိုဥယျာဉ်၏အတွင်း၌လည်း ဝိစိတ္တာ, စူဠဝိစိတ္တာဟူ၍ ရေကန် ၂ကန် ရှိ၏။ ထိုဥယျာဉ်၌လည်း အာသာဝတီနွယ်ပင် ရောက်၏။

[ထိုမြို့ မြောက်မျက်နှာ၌ကား ရတနာတို့ဖြင့် အတိပြီးသော တံတိုင်း, မုခ်, တံခါး, ဝန်းကျင်ရံအပ်သော မိဿကဥယျာဉ်ကား အဝန်းယူဇနာ ၅၀၀ ရှိ၏။ ထိုဥယျာဉ်တွင်း၌ကား ဓမ္မာ, သုဓမ္မာ ဟူ၍ ရေကန် ၂ကန် ရှိ၏။ ထိုရေကန်နား၌လည်း ဓမ္မာ,သုဓမ္မာ ဟူ၍လည်း ကျောက်ဖျာ ၂ခု ရှိ၏။

[မြို့၏အရှေ့မြောက်ထောင့်၌လည်း ရတနာမျိုးတို့ဖြင့်ပြီးသော မြို့တံတိုင်း, မုခ်, တံခါးတို့ဖြင့် ဝန်းကျင်ရံအပ်သော မဟာဝန်ဥယျာဉ်သည်ကား အဝန်းယူဇနာ ၇၀၀ ရှိ၏။ ထိုဥယျာဉ်တွင်း၌ သိကြားမင်း စံတော်မူရာ ရတနာ ၇ပါးတို့ဖြင့်ပြီးသော ပြာသာဒ်ကွန်းဘုံဗိမာန်ကား ၁သောင်းမျှလောက် အရေအတွက်ရှိ၏။ မဟာဝန်ဥယျာဉ်, နန္ဒဝန်ဥယျာဉ်တို့၏ အတွင်း၌ရှိသော နန္ဒာ, သုနန္ဒာ ရေကန်တို့ကား အဝန်းယူဇနာ ၁၀၀ စီ ရှိကုန်၏။

[သုဓမ္မာသဘင်၏တင့်တယ်ခြင်းကား မြို့၏အရှေ့မြောက် ပင်လယ်ကသစ်ပင်၏အနီး၌ သုဓမ္မာ သဘင်သည် ရှိ၏။ ထိုသုဓမ္မာသဘင်ကား အလျား, အနံအားဖြင့် ယူဇနာ ၃၀၀, အဝန်းယူဇနာ ၉၀၀, အမြင့်ယူဇနာ ၅၀၀ ရှိ၏။ နတ်အပေါင်းတို့ညီလာခံရာ သုဓမ္မာသဘင် မြေအပြင်သည်ကား ဖန်ဖြင့်ပြီး၏။ တိုင်, အခြင်, ထုပ်, လှေကား စသည်တို့ကား မြကျောက်မျက်ရွဲ, ပုလဲရတနာ, မသာရကန်, ဥဿဖရား, ပတ္တမြား, နီလာ, သန္တာကျောက်မျိုး ၉ ပါးသောရတနာတို့ဖြင့် ခြယ်လှယ်စီမံ ကံလျှင်အကြောင်းပြု၍ ဥတုသမုဋ္ဌာန် နတ်မလုပ်ဘဲ ပြီးစေအပ်၏။



www.burmeseclassic.com

[ထိုသုဓမ္မာသဘင်၏ အနီး၌ရောက်သော ပင်လယ်ကသစ်ပင်ကား အမြင့်, အချင်း ယူဇနာ ၁၀၀ ရှိ၏။ လူတို့အရေအတွက် နှစ် ၁၀၀တိုင်မှ တစ်ကြိမ် ပွင့်၏။ ထိုပင်လယ်ကသစ်ပွင့်၏ အရောင်အဝါကား ကသစ်ပင်ဝန်းကျင် ယူဇနာ ၁၀၀ တိုင်တိုင်ထွက်၍ပျံ့နှံ့၏။ မွှေးသောအနံ့သည် အကြောသို့ ယူဇနာ ၁၀၀ တိုင်တိုင် လှိုင်၏။ ထိုအပွင့်ကို အပင်သို့တက်၍ ဆွတ်ခူးရခြင်းမည်သည် မရှိ။ ဆွတ်ခြွေတတ်သော ကဏ္ဍာနလေသည် ထလတ်သဖြင့် အလိုလိုကြွေစေ၏။ ထိုအခါ သမ္ပဋိစ္ဆန မည်သောလေသည် မြေသို့ အပွင့်မကျစေဘဲ ခံလင့်၏။ ပဝေသနမည်သော လေသည်လည်း ထို အလုံးစုံသောအပွင့်တို့ကို သုဓမ္မာသဘင် အတွင်းသို့ သွင်းပေ၏။ သမ္မဇ္ဇနမည်သော တံမြက်လှည်းလေသည်လည်း သုဓမ္မာသဘင်၌ရှိနှင့်သော ပန်းမှိုက်ဟောင်းတို့ကို ထုတ်စွန့်သန့်စင်စေ၏။ သန္ထာရက မည်သော နေရာခင်းလေသည် ထို အသစ်ဖြစ်သော ပင်လယ်ကသစ်ပွင့်တို့ကို ပန်းကုံးသီကြိုးတို့ဖြင့် ကောင်းစွာဖွဲ့ကုံးစီသကဲ့သို့ ကောင်းစွာဖွဲ့ကုံးခြယ်လှယ်၍ သုဓမ္မာသဘင်၏အလယ်၌ တရားဟောနေရာပလ္လင်ကို ဖြစ်စေ၏။ အချို့သောကသစ်ပွင့်တို့ကို ကုံး၍ ၃ယူဇနာ အဝန်းရှိသော ထီးဖြူကို စိုက်ဆောက်ဖြန့်မိုးလျက် တစ်ယူဇနာပမာဏရှိသော သိကြားမင်းနေရာ ရတနာပလ္လင်၏ အပြင်၌ ပန်းအခင်းခင်း၍ အထက်၌လည်းပန်းအချက်တို့ဖြင့် ခြယ်လှယ်ဖြန့်မိုး၏။ ထို သိကြားမင်းနေရာ ရတနာပလ္လင်နှင့်စပ်၍ စီခင်းအပ်သော ၃ကျိပ် ၂ပါးသော နတ်မင်းတို့၏နေရာ၌လည်း ပန်းအချက်တို့ကို ဖြစ်စေ၏။ ထိုမှတစ်ပါး တန်ခိုးကြီးသောနတ်တို့၏နေရာ၌လည်း ပန်းအခင်း, ပန်းအချက်တို့ကို ဖြစ်စေ၏။

[သိကြားမင်းသည် ထိုသုဓမ္မာသဘင်ဇရပ် နတ်၏လွှတ်တော်ကြီး၌ စည်းဝေးချိန်အခါရောက်၍ နတ်တို့ အစည်းအဝေးပြုလိုလတ်သော် သဘင်သို့မထွက်မီ ဝေဇယန္တာပြာသာဒ်နန်း၌နေလျက် ဝိဇယုတ္တရအမည်ရှိသော ခရုသင်းကို မှုတ်၏။ ထိုခရုသင်းသည်ကား အတောင် ၂၀၀ခန့် ပမာဏရှိ၏။ သိကြားမင်းမှုတ်သော ခရုသင်း၏ အသံသည်ကား ယူဇနာ ၁သောင်းကျယ်ရှိသော တာဝတိံသာနတ်ပြည်အလုံးကို နှံ့လျက် လူတို့အရေအတွက် အားဖြင့် ၄လတိုင်မှ အသံစဲ၏။ သိကြားမင်းသည် ဧရာဝဏ်ဆင်ကိုစီး၍ နတ်ဖိဖုရားကြီး ၄ယောက်နှင့်တကွ ၃ကုဋေ ဖြသန်းမျှလောက်ကုန်သော နတ်သမီးအပေါင်း ဝန်းရံခစားလျက် များစွာသောပရိသတ်တို့ဖြင့် ပတ်ဝန်းကျင်ပြည့်စေ၍ ထိုသဘင်သို့ ထွက်စံ စံပယ်တော်မူသဖြင့် ကြီးစွာသောအစည်းအဝေးပွဲသဘင်ကို ဖြစ်စေ၏။

[ထိုသုဓမ္မာသဘင်တော်အစည်းအဝေး၌ ရံခါရံခါလည်း တရားဟောတတ်သောနတ်တို့ကို တရားဟော ပလ္လင် ထက်သို့တက်၍ ဟောစေ၏။ ရံခါရံခါလည်း မိမိကိုယ်တိုင်ပင်လျှင် ဟော၏။ ရံခါရံခါလည်း သနင်္ကုမာရ မည်သော ဗြဟ္မာမင်းသည် လောက၏အစီးအပွားကို ဆောင်လိုသဖြင့် နတ်အစည်းအဝေးသို့ လာလတ်၍ ပဉ္စသိခနတ်သား၏ အသွင်ဖန်ဆင်းလျက် တရားဟော၏။ အဘယ့်ကြောင့် ထိုနတ်သား၏အသွင်ကို ဖန်ဆင်းလေသနည်းဟူမူကား ပဉ္စသိခနတ်သားသည် ရှေးလူဖြစ်သောအခါ အလှူသီတင်းတို့ကို မပြတ်အားထုတ်၍ ပြုခဲ့သဖြင့် စာတုမဟာရာဇ် နတ်ပြည်၌ အနှစ် ၉သန်း ပတ်လုံး စံခဲ့ပြီးမှ ထိုကောင်းမှု၏ အစွမ်းအားဖြင့်လျှင် တာဝတိံသာနတ်ပြည်၌ ပဉ္စသိခနတ်သား ဟု ဖြစ်လာ၏။ ထိုနတ်သားသည် ရွှေစင်အစုကဲ့သို့ ၃ ဂါဝုတ်မျှ လောက်သော ကိုယ်၏သဏ္ဌာန်သည် ပြိုးပြိုးပြက်တောက်ပလျက် ကြည်ညိုဖွယ်ရှိ၏။ ကိုယ်၌ဆင်ယင် အပ်သော အဝတ်တန်ဆာအပေါင်းကား လှူပြည်၌ လှည်း ၁၀၀၀ တိုက် ဝန်ရှိ၏။ ကိုယ်၌ပန်ဆင်ကုန်သော ပန်းနံ့သာတို့သည်ကား တစ်ကြိမ်, တစ်ကြိမ်လျှင် အိုးစရည်းကြီး ၉လုံး, ၉ လုံး အပြည့်ခန့်ရှိ၏။

[ထိုပဉ္စသိခနတ်သားသည် နီစွာသောအဝတ်ပုဆိုး, နီစွာသောလက်ကောက်, နားတောင်းအစရှိသော တန်ဆာတို့ကို ဝတ်ဆင်လျက် ဦးခေါင်း၌ ဆံပင်ကို ၅ စုပြု၍၊ ဦးစွန်း ၅ ခု ထုံးခြင်းကြောင့် 'ပဉ္စသိခ'ဟု

www.burmeseclassic.com



အမည်တွင်၏။ နတ်အပေါင်းတို့သည် ထိုပဥ္စသိခနတ်သားကို မြင်ချင်ရှုချင် ချစ်ခင်မြတ်နိုးခြင်း ရှိ၏။ ထို့ကြောင့် သနင်္ကုမာရ ဗြဟ္မာမင်းသည် တစ်ပါးသောအသွင်ဖြင့်မဖန်ဆင်းဘဲ ပုဂ္ဂိုလ်ခင်မှ တရားကိုမင်သည်ဖြစ်၍ ပဥ္စသိခနတ်သား၏ အသွင်ဖြင့်ဖန်ဆင်းလျက် တရားဟောလေ၏။

[ထို သုဓမ္မာသဘင်နတ်တို့၏အစည်းအဝေးကား လူတို့ အရေအတွက်အားဖြင့် ၄ လ တိုင်မှ ပြီး၏။ နတ်တို့အရေအတွက်ကား ၁၂ မိနစ် ကြာလေ၏။ ထိုအစည်းအဝေး၌ ကား စာတုမဟာရာဇ်နတ်မင်း ၄ယောက်တို့လည်း မိမိအခြံအရံ နတ်ဘီလူး, ကုမ္ဘဏ်, နဂါး, ဂဠုန်တို့နှင့်တကွ ခစားကြကုန်၏။ လူ့ပြည်၌ လဆန်း,လဆုတ် ၈ရက်နေ့ကြိမ်ခိုက်ဖြစ်လျှင် စာတုမဟာရာဇ်နတ်မင်း၏ အမတ်ဖြစ်သော နတ်တို့ကို သုဓမ္မာက စေလွှတ်၍ လူ့ပြည်၌ ဤမည်သော မြို့,ရွာ နိဂုံး ဇနပုဒ်တို့၌ ဤမည်သောယောကျာ်း ဤမည်သောမိန်းမသည် သာသနာတော်တွင်းဖြစ်မှု ဘုရားကို ကိုးကွယ်၏၊ တရားတော်ကို ကိုးကွယ်၏၊ သံဃာတော်ကို ကိုးကွယ်၏၊ ဤမည်သောအလှူကိုပေး၏၊ သီလဆောက်တည်၏၊ ဥပုသ်သီတင်းသုံး၏၊ အမိ အဖကိုလုပ်ကျွေး၏၊ အစ်ကို, အစ်မ, ဦးရီး, အရီး, ဘကြီး, ဘထွေး, မိကြီး, မိထွေးစသော အမျိုးအဆွေ အကြီးအကဲတို့ကို ရိုသေ လေးမြတ်၏၊ တရားနာ၏၊ တရားဟောသောသူတို့အား ပူဇော်ချီးမြှောက်ခြင်းကိုပြု၏၊ စေတီ, ဗောဓိပင်, ရုပ်တုတော်တို့ကို ပူဇော်ရှိခိုး ကိုးကွယ်ဆည်းကပ်၏၊ ကုသိုလ်ကမ္မပထတရား ၁၀ ပါး တို့ကို ပြည့်စုံစေလျက် နေလေ့ရှိ၏၊ သုစရိုက် ၃ပါးကို ဖြည့်လေ့ရှိ၏။ ဤသို့စသည်ဖြင့် ရွှေပုရပိုက်၌ ကမ္ပည်းအက္ခရာနှင့် ရေးတင်မှတ်သွင်းပြီးလျှင် ပဥ္စသိခနတ်သားအား အပ်ရ၏။

[ပဥ္စသိခနတ်သားကလည်း ဝေဇယန္တရထားမှူးမာတလိနတ်သားအား အပ်ရ၏။ မာတလိနတ်သားကမှ သိကြားမင်းအား ဆက်သရ၏။ သိကြားမင်းသည် ပုရပိုက်၌ပါသော မှတ်ချက်စာရင်းကိုကြည့်၍ စာရင်းမှတ်ချက် အကျနည်းလျှင် "အချင်းတို့။ ယခု လူတို့ပြည်၌ ကုသိုလ်တရားကို မေ့လျော့ကြခဲ့၏"ဟုဆို၏။ ထိုအခါ "ငါတို့ နတ်ပြည်မှာ ဆိတ်ညံအံ့သည်တကား"ဟု နတ်အပေါင်းတို့ နှလုံးမသာ ရှိကြ၏။ ၎င်းစာရင်းပုရပိုက်တွင် ကုသိုလ်ကောင်းမှုပြုသောသူတို့၏ စာရင်းမှတ်ချက် အပါများမှုကား "လူတို့သည် ကုသိုလ်ကောင်းမှုအရာ၌ မမေ့လျော့ အားထုတ်ကုန်သည်ဖြစ်၍ အပါယ် ၄ဘုံ ဆိတ်လတ္တံ့။ ငါတို့နတ်ပြည် စည်ပင်လတ္တံ့"ဟု ဝမ်းမြောက်ကြကုန်၏။

[ထိုပုရပိုက်စာရင်းကို သိကြားမင်းကြည့်ပြီးလျှင် နတ်ပရိသတ်တို့အလယ်၌ ပြကတေ့သောအသံဖြင့် ဖတ်၏။ ထိုပြကတေ့သော သိကြားမင်းအသံကား ၁၂ယူဇနာတိုင်အောင် ကြား၏။ ပြင်းပြင်းဖတ်မှုကား တာဝတိံသာနတ်ပြည် ၁သောင်းလုံး ကြား၏။

[လူ့ပြည်၌ လကွယ်နေ့ကြိမ်မှု စာတုမဟာရာဇ်နတ်မင်းတို့၏သားဖြစ်သော လုလင်တို့ကိုစေ၍ မှတ်သားစေ၏။ လပြည့်နေ့ဖြစ်မူ နတ်မင်းကြီး ၄ယောက်တို့ ကိုယ်တိုင်ဆင်း၍ မှတ်သားပြီးလျှင် ရှေးက ဆိုထားခဲ့သည့်အတိုင်း အဆင့်ဆင့်ပေးအပ်ရ၏။

[သုဓမ္မာသဘင် ပင်လယ်ကသစ်ပင် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတို့ကား မြို့၏အရှေ့မြောက် ပုဏ္ဍရီကဥယျာဉ်၌ ရောက်သတည်း။

[သုဒဿနမြို့၏အလယ်၌ သိကြားမင်းစံရာဖြစ်သော ဝေဇယန္တာဘုံနန်း ပြာသာဒ်သည်ကား အမြင့်ယူဇနာ ၇၀၀ ရှိ၏။ ထိုပြာသာဒ်ကို ခြံရံ၍ ပတ်ဝန်းကျင် အောင်လံတံခွန်ကြီးတို့ဖြင့် အများအပြား စိုက်ဆောက်အပ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအလံတို့၏ အမြင့်ကား ယူဇနာ ၃၀၀ မြင့်၏။ ရဲရဲညီးသော ရွှေအလံတိုင်၌ ပတ္တမြားညို၊ မြ၊ နီလာ အလံရွက်တို့သည် ဖြစ်ကုန်၏။ မြ၊ နီလာ၊ ပတ္တမြား အလံတိုင်၌ ရွှေဖြင့်ပြီးသောတံခွန်ရွက်တို့သည် ဖြစ်ကုန်၏။ သန္တာဖြင့် ပြီးသောတိုင်၌ ပုလဲအလံရွက်တို့သည် ဖြစ်ကုန်၏။ ထိုပုလဲအလံတိုင်၌ သန္တာအလံရွက်တို့သည် ဤသို့သော နည်းဖြင့် အသင့်ခြယ်လှယ်စီမံ၍ အလုံးစုံသော အလံတိုင်၊ အလံရွက်တို့သည် ရတနာ ၇ပါးတို့ဖြင့် ပြီးကုန်၏။

[မာတလိနတ်သားအမှူးရှိသော ဝေဇယန္တရထားသည်ကား ရထားရှေ့ဦးမှသည် နောက်ဆုံးအဖျားတိုင်အောင် ယူဇနာ ၁၅၀ ရှိသည်ဆိုသော်၊ ရှေ့ဦးက ရထားအိမ်အထိယူဇနာ ၅၀၊ အလယ်ရထားအိမ်လည်း ယူဇနာ ၅၀၊ နောက်စွန်းလည်း ယူဇနာ ၅၀၊ ၃ ရပ်ပေါင်း၍ ယူဇနာ ၁၅၀ ရှိ၏။ အနံကား ယူဇနာ ၅၀ ရှိ၏။ အဝန်းအားဖြင့် ယူဇနာ ၄၀၀ ရှိ၏။ ရထားအိမ်၏အလယ်၌ သိကြားမင်းနေရာ ရတနာပလ္လင်ကား တစ်ယူဇနာ အမြင့်၊အကျယ်ရှိ၏။ ထိုပလ္လင်၌ စိုက်ဆောက်ဖြန့်မိုးအပ်သော ထီးဖြူအဝန်းကား ၃ ယူဇနာ ရှိ၏။ တစ်ခုတည်းသော ထမ်းပိုး၌သာလျှင် အာဇာနည်သိန္ဓောမြင်းပျို ၁၀၀၀ တို့ကို ကတောင်တင်ရန်း ရင်လွှမ်းအုပ်ခက် ဆက်သိုင်းမေးတွ ကြိုးကတန်ဆာ ရတနာတို့ဖြင့် တင့်တယ်သော ရွှေခြူ၊ ရွှေကြယ်စသည် စီခြယ်ပြင်ဆင်လျက် တပေါင်းတစည်းတည်း က,အပ်၏။ ထို မြင်း ၁၀၀၀ ကား တိရစ္ဆာန်မြင်းမဟုတ်။ သိကြားမင်း၏အမှုတော်ဝန်ကို ထမ်းရွက်သော နတ်သားတို့သည် ကမ္မဇိဒ္ဓိတန်ခိုး၏အစွမ်းဖြင့် ဖန်ဆင်းသော မြင်းတို့ချည်းတည်း။ ထိုရထား၌ စိုက်ဆောက်အပ်သော အောင်လံတို့ကား ယူဇနာ ၁၅၀ မြင့်၏။ အလံရွက်တို့သည်လည်း ရတနာ ၇ ပါးတို့ဖြင့်ပြီး၏။ စည်မျိုး ၅ ပါးတို့ဖြင့် တီးမှုတ်အပ်သော အသံတို့ကဲ့သို့ လေခတ်တိုင်းလှုပ်သော အလံရွက်တို့မှအသံတို့သည် ညည်ငြိမ့်ငြိမ့် နှစ်သိမ့်သာယာ နာ၍မငြီးနိုင်အောင် ထွက်ကုန်၏။ ထိုသို့ ဆိုအပ်ခဲ့ပြီးသည်မှတစ်ပါး ရထား၌ဆင်ယင်အပ်သော တန်ဆာတို့သည်ကား အတိုင်းအရှည် ပမာဏမရှိ အထူးအဆန်း တင့်တယ်ကုန်၏။ ဤသို့လျှင် တာဝတိံသာနတ်ပြည်၏ တင့်တယ်ခြင်းကို သိအပ်၏။

ဤသို့ ပြဆိုအပ်ပြီးသော တာဝတိံသာ၏အကြောင်းအတ္ထုပ္ပတ္တိတို့ကို အကျယ်နှင့်တကွ သိသာမှတ်သားလိုလျှင် ပါရာဇိကဏ် အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းတို့၌ လာသောအရာတို့ကို တံကဲပြု၍ သာရတ္ထဒီပနီဋီကာ၊ ဇိနာလင်္ကာရဋီကာကျမ်းတို့မှ ယူအပ်၏။ ဤဝတ္ထု၌ အကျယ် မဆိုလိုက်သည်ကား ၎င်းကျမ်း၏ ဂန္ထဂရုဖြစ်၍ စကားဆက်ဝေးလွန်းမည်ကို စိုးသောကြောင့် မဆိုလိုက်သည်။ ပညာကြီးကြသောသူတို့ ထိုကျမ်းတို့ကိုကြည့်လျှင် အသေအချာ သိပါလိမ့်မည်။ ။ ဤကား စကားချပ်ဖြစ်သည်။]

ဝေဇယန္တာရထားမှူးဖြစ်သော မာတလိနတ်သားသည် ရထားကို အလုံးစုံပြင်ဆင်၍ သိန္ဓောမြင်း ၁၀၀၀ က ပြီးလျှင် ရထားဦး၌နေလျက် ၁၀၀၀ သောဆက်ကြိုးကို တပေါင်းတည်းပြု၍ဆွဲကိုင်ကာ တာဝတိံသာနတ်ပြည်မှ အရှေ့မျက်နှာ မဂ်လာတံခါးဖြင့် ထွက်နှင်ဆင်းသက်ခဲ့သဖြင့် အရှေ့ပုဗ္ဗဝိဒေဟကျွန်းမှ လပြည့်ဝန်းအထွက်နှင့် တစ်ချက်တည်းပြိုင်ညီလျက် လူတို့မျက်စိဖြင့်မြင်ရအောင် လမင်း၏ပေါ်လာသောအလားနှင့် ထင်ရှားပြလေသော် နေမိမင်းကြီးသည် ထိုနေ့လည်း လပြည့်ဥပုသ်နေ့ဖြစ်သည်နှင့် ဥပုသ်ဆောက်တည်သဖြင့် ညချမ်းသောအခါ ခြသေ့်ခံသော အရှေ့စမုတ်ဝပြတင်းကိုဖွင့်၍၊ ညီလာခံရာ နန်းပြာသဒ်အပြင်၌ မျှးတော်မတ်တော်အပေါင်း ခြံရံလျက် ဆောက်တည်အပ်သောသီလကို ဆင်ခြင်၍ အရှေ့လောကဓာတ်သို့ မျက်နှာမူကာနေစဉ် လရထားနှင့် အတူပြိုင်၍တက်ထွန်းသော ဝေဇယန္တာရထား၏အဝန်းကို မြင်ကြလေ၏။

ပြည်သူပြည်သားအပေါင်းတို့သည် ထမင်းညစာစားပြီးလျှင် မိမိတို့အိမ်တံခါးဝ၌ အသီးသီး စိတ်နှစ်သက်ရာ ချမ်းသာသောစကားတို့ဖြင့် ပြောဟောလျက် နေကြစဉ် လပြည့်နေ့ လပြည့်ဝန်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်၍ထွန်းသော ဝေဇယန္တာရထားအဝန်းကို မြင်ကြသော် "ယနေ့ကား အကြောင်းအဘယ်သို့နည်း။ လမင်း ၂ဆူထွက်လတ်သည်တကား"ဟု အညီအညွတ်မျှော်ရှု ပြောဆို၍နေကြသည့်အခိုက်တွင် ဝေဇယန္တာရထားသည် လေ၏လျင်ခြင်းဖြင့်လာလတ်၍ ရထား၏အဖြစ်ကို သိသိထင်ထင် မြင်ကြလေ၏။ ထိုအခါ လူအပေါင်းတို့သည် "ငါတို့ကား လပြည့်ဝန်းဟု အများပင် အထင်မှားကြ၏။ လ မဟုတ်။ နတ်တို့၏ ရထားအရောင် ရှိသည်"ဟု တွေးဆမျှော်ကြည့်ကြစဉ် မာတလိနတ်သား၏ နှိုးဆော်ချီးပင့်ခြင်းနှင့် သိန္ဓောမြင်း ၁၀၀၀ ကအပ်သော ဝေဇယန္တာရထား၏အဖြစ်ဖြင့် ထင်ရှားစွာ မျက်စိအနီးအပါးသို့ ရောက်လာလျှင် "အဘယ်အကြောင်းကြောင့် နတ်၏ယာဉ်သည် လာလတ်သနည်း"ဟု ကြည့်ရှုလျက် "သူတစ်ပါးတို့အလို့ငှာ မဟုတ်ရာ။ ငါတို့ အရှင်မင်းကြီးကား တရား ၁၀ ပါး စောင့်တော်မူ၏။ ထို ငါတို့အရှင်၏ ဘုန်းတန်ခိုးအာနုဘော်သည် လူ့ပြည်ကတက်၍ နတ်ပြည်သို့တိုင်အောင် ကျော်စောသည်ဖြစ်၍ နတ်အပေါင်းတို့ မြတ်နိုးခြင်းဖြင့် ဤရထားကို သိကြားမင်း စေလွှတ်လိုက်သည်ဖြစ်မည်။ ငါတို့အရှင်မင်းကြီးကား အလွန်အံ့ဩဖွယ် ရှိစွတကား"ဟု နှစ်သက်ဝမ်းမြောက်ကြသည်ဖြစ်၍ 'အဗ္ဘုတော ဝတ လောကသ္မိံ' အစရှိသော ဂါထာဖြင့် ချီးမွမ်းအံ့ဩပြောဆို ရွှင်လန်းကြကုန်၏။ အဓိပ္ပာယ်ကား-

"ယခုအခါ ငါတို့မတွေ့မမြင်ရစဖူးသည်ကို ကံထူးစီရင် အရှင်ကောင်းကျွန်ဖြစ်သဖြင့် ငါတို့ မြင်ကြပေသည်။ ဤရွှေပြာသာဒ် နတ်ရထား၊ နတ်သားမြင်းပျံတို့ကြောင့် ရှုကြည့်၍မကုန်စင်နိုင်အောင် စိတ်ရွှင်ဝမ်းသာခြင်းဖြင့် မွေးညင်းကြက်သီး ထကြီးမကထအောင် ဝိဒေဟရာဇ်တိုင်းသူ လူတို့သေဌ်နှင်း မင်းတကာတို့၏အထွတ်ဖြစ်တော်မူသော ငါတို့အရှင်၏ ဘုန်းတော်ကျေးဇူးတော်မြတ်ကို ထုတ်ဖော်အံ့ဩ ပြောပချီးမွမ်း၍ ဥဒါန်းစဉ်လျှောက် မပျောက်နိုင်အောင် ဖြစ်ခဲ့၏တကား"ဟု စကားပြောပဟော အံ့ဩကြ၏။ ထိုသို့ ပြည်သူတို့ အံ့ဩပြောဟော၍နေစဉ်ပင် မာတလိနတ်သားသည် လေ၏လျင်ခြင်းဖြင့်လာလတ်၍ နတ်ရထားကို နန်းတော်အပါး အခိုက်တန့်ရောက်လျှင် နောက်လာခဲ့သောလမ်းကို ရစ်သန်းပိုက်လှည့်၍ အရှေ့နန်း စမုတ်ဝအနီး၌ ရထားမြီး ယှဉ်ကပ်လျက် ကောင်းကင်ရပ်အပြင်ဝယ် တင်ဆောင်အပ်သောအလားဖြင့် တံခါးခုံတွင်ခိုက်စေ၍ ဆိုက်လေ၏။

ဤအရာ၌ ရထားအိမ် အလျား၊ အနံ၊ အကျယ် ယူဇနာ ၁၅၀ ရှိသောကြောင့် အမြင့်လည်း ထိုအနံနှင့် တန်အောင် မြင့်ရာသည်ဖြစ်၍ ရထားစက်ဘီးသည် နေမိမင်းကြီး နန်းတော်မကပင် မြင့်ရာ၏။ နေမိမင်းကြီး နန်းတော်ကား အသက်ရှည်သော ကာလပင်ဖြစ်သော်လည်း ထိုရထားစက်ဘီး၏ထက်ဝက် အချက်ပုံတောင်းကိုမျှ မမီနိုင်ကောင်း။ ထိုသို့ဖြစ်ခဲ့လျှင် ရထားထဲသို့ နေမိမင်းတတ်သောအခါ လှေကားထောင်မှသာ တက်နိုင်ရာ၏။ မာတလိနတ်သား ပိုက်ချီ၍တင်မှသော်လည်း တက်နိုင်ရာ၏။ နန်းတော်စမုတ်ဝပြင်နှင့် ရထားနောက်မြီးအပြင် မျှကြောင်းကိုဆိုသဖြင့်လည်း ကြီးမြတ်လှစွာသော ရထားစက်ဘီး၏အခြေသည် မြေ၌ထိဖွယ် ရှိ၏။ မြေ၌ထိခဲ့လျှင် အလျား ယူဇနာ ၁၅၀ ရှိသော ရထားသည် အဝန်း ၇ ယူဇနာခန့်မျှသာရှိသော မိထိလာပြည်၌ ကျရောက်လာသောအခါ မြို့ပြ၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ ဇရပ်၊ သတ္တဝါများ၌ ရထား၏ဥပဒ်မှ မလွတ်နိုင်ရာဖြစ်သော်လည်း ဖြစ်ခဲ့ရာ၏။

ဤအရာများကို မည်ကဲ့သို့အကြောင်းဖြင့် သိအပ်သနည်းဟူမူ လူတို့လုပ်ဆောင်၍သာ ပြီးသည့် ရထားဖြစ်လျှင် ဤမျှသာ ကြံဖန်စောဒနာခွင့် ရှိသည် မဟုတ်သေး။ ရထားထက်သို့ နေမိမင်းကြီးရောက်စေကာမူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယူဇနာခန့်ပမာဏရှိသော ရာဇပလ္လင်ပေါ်သို့ ရောက်အောင်ပင်သော်လည်း အလိုအလျောက်ဖြစ်က တပင်တပန်းကြံ၍ တက်ရဦးမည်ဖြစ်သည်။ ဤအရာ၌ကား စေလိုက်သောသူလည်း သိကြား,သွားသောသူလည်း မာတလိနတ်သား, မြင်းရထားလည်း နတ်ဖြစ်, လူမင်းလည်း ကေရာဇ် ဘုန်းသစ်ဘုန်းဟောင်း ပေါင်းဆုံဆင့်ထပ် မြင့်မြတ်ပေါ်ထွန်းခိုက် ဆိုက်လိုရာအခွင့်မျိုးကို အစိုးရသောတန်ခိုးရှင်ချည်းဖြစ်၍ အထွေထွေအပြားပြား စကားအိမ်ဖွဲ့လျက် ဘုန်းမဲ့သောသူမှာကဲ့သို့ အယူအကြံ ဉာဏ်လွန်ခွင့်မရှိ။ ကမ္မဝိဒ္ဓိအရာ ဖြစ်သည်။ ဤသို့သော လူမင်းနတ်မင်း၏ ကမ္မဝိဒ္ဓိကို ထားဘိဦး။ သီဟိုဠ်ကျွန်း အနုရာဓပြည်၌ မိမိနန်းကနေ၍ မိမိ၏သွားကို လက်ဖြင့်ခေါက်ခါမျှပင်လျှင် ကုဋ္ဌမ္ဗသူကြွယ်၏ ဖီဝိတိန္ဒြေကိုကြွေစေတတ်သော အနုရာဓမင်း၏ ကမ္မဝိဒ္ဓိကို သော်လည်းကောင်း, တစ်ညဉ့်ချင်းဖြင့် အတောင် ၆၀ခန့်မျှ ရှည်လျားသော ကြာရိုးတို့ကိုလည်းကောင်း, တစ်နေ့ချင်းဖြင့် မြို့ရိုးအပြင် ထက်ဝန်းကျင်၌ ဝါးရင်းရှိရှိကြီးသော စပါးပင်ကောက်မျိုးတို့ကို ဖြစ်စေရသော အမတ်သုံခမိန် မဟောသဓာ၏ ကမ္မဝိဒ္ဓိကိုသော်လည်းကောင်း မကြံအပ်မကြံနိုင်သည်သာ ဖြစ်၏။ ထို့ကြောင့် ကြံရေးကြံဖွယ် မရှိပြီ။ ဤသည်ကား စကားချပ်တည်း။]

ဤသို့ ရထားဆိုက်ပြီးလျှင် တန်ခိုးကြီးလှစွာသော ရထားမှူးမာတလိနတ်သားသည် ဘုန်းကြီးလှစွာသော နေမိမင်းကြီးအား ပင့်ဖိတ်လျှောက်ကြားလို၍ 'ဧဟိ မံ ရထမာရုယှ' အစရှိသောဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရပ် ၁၀ မျက်နှာတို့ကို အစိုးရတော်မူသော မင်းမြတ်။ ယခု တာဝတိံသာနတ်ပြည်ဝယ် သုဓမ္မာသဘင်၌ နတ်တကာတို့ကိုအစိုးရတော်မူသော အကျွန်ုပ်တို့သခင် အရှင်သိကြားမင်းနှင့်တကွ အလုံးစုံသော နတ်ပရိသတ်အပေါင်းတို့သည် မိထိလာပြည်ကြီးသခင်ဖြစ်သော အရှင်မင်းကြီး၏ ကျေးဇူးသတင်း ကျော်စောခြင်း ရှိသည်ဖြစ်၍ ဖူးမြင်လိုသောကြောင့် ဝေဇယန္တာ ရထားမှူးဖြစ်သဖြင့် မာတလိ ဟု မှတ် သမုတ်အပ်သော အကျွန်ုပ်ကို စေလွှတ်လိုက်သည်နှင့် အရှင်မင်းကြီးကို ယခု နတ်ပြည်သို့ ပင့်ခေါ်တင်ဆောင်မည်ဟု အကျွန်ုပ် လာရောက်ပါသည်။ အကျွန်ုပ်အား လည်းကောင်း၊ အဆွေတော် သိကြားမင်းနှင့်တကွ အလုံးစုံသော နတ်အပေါင်းတို့အား လည်းကောင်း သဂြိုဟ်ထောက်ပင့်ချီးမြှင့် သင်္ဂဟတရားကိုရှေးရှု၍ ယခုပင့်ခေါ် ရောက်လာသော ရထားထက်သို့ တက်ကြွတော်မူပါ"ဟု တောင်းပန်လျှောက်ကြား၏။

ထိုအခါ မာတလိနတ်သားစကားကို ကြားလျှင် နေမိမင်းကြီးလည်း 'ငါကား ဤနတ်ရထား၌လိုက်လျှင် ဘိုးဘေးစဉ်ဆက် မမြင်စဖူးသော နတ်ပြည်ကိုလည်း မြင်ရလတ္တံ့။ ငါ့အလိုရှိတိုင်းလည်း ငါ့အား မာတလိ နတ်သားသည် ထောက်ပံ့သဂြိုဟ်ခြင်းကို ပြုလတ္တံ့။ ထိုသို့ဖြစ်၍ လုပ်ရသော်ကောင်း၏'ဟု ကြံပြီးမှ ဖိဖုရားကြီး, မိဖုရားငယ်, မောင်းမကိုယ်လုပ်မကြွင်း နန်းတွင်းသူနန်းတွင်းသားအပေါင်းတို့ကို လည်းကောင်း၊ ဆွေတော်မျိုးတော်, မှူးတော် မတ်တော်တို့မှစ၍ ပုရောဟိတ်မကြွင်း မြို့တွင်းမြို့ပ နေကြကုန်သော ပြည်သူပြည်သား သိ,ကြား,လိမ္မာ, အရာတွင်,သူတို့ကို လည်းကောင်း စည်းဝေးခေါ်စေပြီးလျှင် "အချင်းတို့။ ယခု သိကြားမင်းက ငါ့ကိုရထားနှင့် တင်ဆောင်လာသည်ဖြစ်သောကြောင့် တာဝတိံသာနတ်ပြည်သို့ တစ်ခဏမျှ ငါ လိုက်တော်မူအံ့သည်။ ငါမရှိသည်ဟူ၍ အလှူပေးခြင်း, သီလဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှု ပြုမြဲဝတ်ကို မချွတ်မယွင်း မကင်းမပေါ့ မလျော့မမေ့ရစ်ကြနှင့်။ ငါလည်း နတ်ပြည်မှာ အကြာအရှည် နေမည်မဟုတ်။ အလျင်အမြန် ပြန်လည်တော်မူခဲ့မည်"ဟု မှာထားပြောဆိုတော်မူ၍ အရှေ့စမုတ်ဝနန်းတံခါးဖြင့် ရထားမြီး စမုတ်သို့ဝင်လျက် ရတနာပလ္လင်ထက်၌ တက်စီးတော်မူပေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤအရာ၌ တစ်ယူဇနာကျယ်ဝန်းသော ပလ္လင်ထက်ဝယ် နေမိမင်းကြီးနေသောအခါ မြင်းမိုရ်တောင်ဖျား၌ နားသော ဟင်္သာငှက်ကဲ့သို့ မမြင်မထင်သာ ရှိရာသလော ဟူမူ အသက်ရှည်သောကာလဖြစ်၍ ယခုထက် ကိုယ်သဏ္ဌာန်လည်း ကြီးမြင့်ရာ၏။ ပြကတေ့သောကိုယ်သဏ္ဌာန်ဖြင့် မတင့်တယ်လောက်သော်လည်း ဘုန်းထောက်ပံ့ဖန်ဆင်းသဖြင့် သိကြားမင်းနေသောအခါကဲ့သို့ မြင်သာထင်သာ တင့်တယ်ရာ၏။ ကမ္ဘာဦး၌အရာ၌ မကြံအပ်သည်ကို ဆိုခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာဦးဖြစ်သောတန်ခိုး၌ အံ့ဩဖွယ်ဖြစ်သည်ကား ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းတို့သည် ဖွားတော်မူစသော ဖြစ်လျက်လည်း ၁၆ နှစ်အရွယ်ကဲ့သို့ လူ့နတ်တို့ ထင်ကြရ၏။ ပကတိ အဝတ်တန်ဆာမရှိသေးဘဲလျက်လည်း အဝတ်တန်ဆာတို့ဖြင့် ဝတ်ဆင်အပ်သော ဗြဟ္မာမင်းကဲ့သို့ အများထင်ကြရ၏။ ထို့ကြောင့် ကမ္ဘာဦး၌ အထူးကြံဖွယ် မရှိဖြစ်၍ ထိုရာဇပလ္လင်၌ နေမိမင်းကြီး၏ နေခြင်းသည် မထင်မရှား မရှိနိုင်ရာဟု မှတ်အပ်၏။]

ဤသို့ နေမိမင်းကြီး ရထားထက်သို့ရောက်လာသောအခါ မာတလိနတ်သားသည် 'တမန်သာမည မဟုတ်။ ဂုဏ်အထူးနှင့်ပြည့်စုံသော နတ်တမန်တည်း'ဟု မိမိဂုဏ်ကိုပြလို၍ 'ကေန တံ နေမိ မဂ္ဂေန' အစရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"အရပ် ၁၀ မျက်နှာတို့၏အရှင်ဖြစ်မူသော နေမိမင်းမြတ်။ ယခုသွားရမည့် ခရီးသည်ကား မကောင်းမှုကို ပြုကျင့်သောသူတို့၏ခံရာ ငရဲပြည်အနီးသို့သွားသော ခရီးလည်း ရှိသည်။ ကောင်းမှုကိုပြုကျင့်သော သူတို့၏စံရာ နတ်ပြည်ဘုံဗိမာန်အနီးသို့သွားသော ခရီးလည်း ရှိသည်။ ထိုခရီး ၂ ကြောင်းတွင် အဘယ်ခရီးဖြင့် သွားတော်မူလိုသနည်း။ အသို့ရှိရာ အမိန့်တော်မြတ် ရှိတော်မူပါလော့။ အရှင်မင်းကြီး အလိုတော်ရှိသော ခရီးဖြင့်သာလျှင် အကျွန်ုပ် သွားပါအံ့။ အကယ်၍ မကောင်းမှုကိုပြုသောသူတို့၏ခံနေရာ ငရဲ၏အနီးလမ်းသို့ ကြွသွားတော်မူလျှင် မိမိကံအကြောင်းနှင့်တကွ မကောင်းသောအရာ၌ အကျိုးပေးသဖြင့် ခံလျက်ခံလျက်နေကုန်သော သတ္တဝါတို့ကို မင်းကြီးမြင်တော်မူရလတ္တံ့."ဟု ရထားမှူးဖြစ်သော မာတလိနတ်သားသည် လျှောက်ထား၏။

[ဤအရာ၌ မာတလိနတ်သားသည် နေမိမင်းကြီးလည်း မြင်လိုပါသည်ပြပါဟူ၍ မတိုက်တွန်း၊ မိမိအရှင် သိကြားမင်းကလည်း ငရဲပြည်,နတ်ပြည် ဘုံဗိမာန်တို့ကိုပြ၍ ဆောင်ယူခဲ့ရမည်ဟု မမှာထားဘဲလျက် အရှင့်အရေး မကုန်မီ မိမိဂုဏ်ကိုပြ၍ ကာလကြန့်ကြာအောင် ပြုထိုက်ပါအံ့လော ဟူမူ မိမိအရေး, အရှင့်အရေးတို့၌ အပြစ်အစွန်းမငြိ အကျိုးရှိမည်အရာဖြစ်လျှင် မိမိဂုဏ်အစွမ်းကိုပြခြင်းသည် တမန်တို့ဓလေ့ပင် ဖြစ်၍ ဤနေမိမင်းကြီးကို အတင်အဆောင် မိမိအရှင်က စေလွှတ်လိုက်သည်မှာလည်း စစ်ခွင့်ကြောရန် ဒဏ်အမှုပြုလို၍ စေသည်မဟုတ်။ သမုဒ္ဒရာမှရတနာအားလုံးကို ကျုံး၍ကျင်းသကဲ့သို့ နေမိမင်း၏ကျေးဇူးဂုဏ်ကို နတ်ပရိသတ်တို့ အလယ်တွင် တင့်တယ်ကျော်ရှိန်အောင် တာဝတိံသာပြည်အလုံးကို ပန်းကုံးအမှတ်ဖြင့် နတ်မင်းပူဇော်လို၍ ပင့်ခေါ်စေသည်ဖြစ်သောကြောင့် အဖြောင့်လျင်လျင် တင်ဆောင်သောထက် နှစ်သက်ရာအလိုကို ပြည့်စေသဖြင့် အတင့်အတယ် အဖွယ်အရာ ဖြစ်စေခြင်းဟာ ဆောင်သည်ဖြစ်၍ အပြစ်မရှိ။ မိမိဂုဏ်ကိုပြခြင်း၌ အကျိုးတိုးတက်ရာ သည်မှာ တာဝတိံသာနတ်ပြည်သားတို့ မျက်မြင်ဖူးရစေကြောင်းနှင့် ကောင်းမြတ်သောကျေးဇူးကို ရထားမှူးပြောသည် သဘောထားပင် မှန်ပေရာ၏။ ငါအလိုရှိတိုင်းပြည့်စိမ့်မည် နှလုံးရှိ၍ မာတလိနတ်သား မေးပေသည်ဟု နေမိမင်းကြီး၏စိတ် ယုံကြည်ဟောင်းတွင် ဆင့်လောင်း၍ယုံစေသဖြင့် မင်း ၂ ပါးတို့၏ကျေးဇူးကို အထူးဆောင်ရာလည်း ရောက်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



[နေမိမင်းကြီးသည် ကံ,ကံ၏အကျိုးကို ယုံကြည်သူဖြစ်သည်နှင့်အညီ အပြစ်သင့်သူ, အကျိုးမြင့်သူတို့ကို မြင်စေရလျှင် ထိုအပြစ်အကျိုးတို့၏အကြောင်း မကောင်းမှုကိုခွာ၍ ကောင်းမှုကိုရှာမြဲတွင် တွေ့မြင်သော သက်သေထုံးကို နှလုံးနှစ်မြှုပ်လျက် ဒုစရိုက်ကို သံတွေမီးပုံအလား, သုစရိုက်ကို စံရွှေနိတုံအလား မှတ်သားစေရ သဖြင့် မြင့်ရာတွင် မြတ်စေခြင်းရှိ၍ နေမိမင်းကြီး၏အကျိုးတော်ကိုလည်း ဆောင်ရာရောက်၏။ မာတလိနတ် ရထားမှူးမှု ဤသို့သော တန်ခိုးရှိလျှင် မိမိအရှင်ဖြစ်သောသိကြားမင်းကား အကြောင်းရင်းကုသိုလ်ကံ ဖွံ့သန် လှစွာသောဘုန်းဖြင့် နတ်ပြည်အလုံးကို အစိုးရတော်မူသည့် တန်ခိုးရှင်ဖြစ်ခြင်းကြောင့် ထုတ်လှစ်၍ မကုန်ရာချေ။ ပဂေဝ ဖြစ်တော့သည်ဟု ထောက်ဆစာနာ ယှဉ်ဖွယ်ရာရှိသဖြင့် မိမိအရှင့်ဂုဏ်ကို ချီးမြှောက်သည်လည်း မည်၏။ ဤသို့သော အတ္တာပတ္တိရှိသဖြင့် မာတလိနတ်သားသည် မိမိဂုဏ်ကို ပြသတည်း။ ဤမျှခန့်ရုံကြာသော်လည်း မျှော်လင့်ကုန်သောနတ်တို့၏ ဆန္ဒအာသာဖြင့် သဒ္ဓါ, မေတ္တာ, စေတနာ ပွားများတုန်းအချိန်သင့်ဖြစ်၍ ကာလ ကြန့်ကြာ အောင်ပြုသည်ဟု မဆိုထိုက်သည်သာဖြစ်၏။ ဤကိုထောက်၍ မင်းခစားသော တပည့်လုလင်တို့သည် အရှင်, အမိ, အဖ, ဆရာကြီးသူတို့ စေလျှင် ကြီးသူ, ဆရာ, မိဖ, အရှင်တို့၏ အခွင့်လည်းပြေအောင်၊ ကိုယ်ကိုလည်း သူကောင်းသူမြတ်ပေဟု ချီးမွမ်းရအောင်၊ ခေါ်ချေအပ်သောသူကိုလည်း အယူမနှောင့်နှေး စိတ်အေးအောင် အရေးကိုထောက်စာ၍ အရာကိုသိဖြင့် မိမိအစွမ်းကို ပြရာသတည်း ဟု မှတ်အပ်၏။ ။ ဤသည်ကား စကားချပ်တည်း။]

ထိုသို့ မာတလိနတ်သားမေးလျှောက်သောအခါ နေမိမင်းကြီးလည်း ခရီး ၂ ကြောင်းလုံးပင် မြင်လိုသည် ဖြစ်၍ 'ဥဘယေနေဝ မံ နေဟိ' အစရှိသော ဂါထာဖြင့် ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"မာတလိနတ်သား။ ငါအလိုရှိတိုင်း သယ်ဆောင်လိုလျှင် ငရဲပြည်, နတ်ပြည် ၂ပြည်လုံးကိုပင် မြင်လိုသည်"ဟုဆို၏။ ထိုအခါ မာတလိနတ်သားသည် အောက်,အထက်ဖြစ်၍ သွားဆစ်မနီးသော ခရီး ၂ကြောင်းကို တပေါင်းတည်းဆိုင်လျက် တစ်ပြိုင်နက်တည်းမပြနိုင်ခြင်းကြောင့် မေးလျှောက်ပြန်လို၍ 'ကေန တံ ပဌမံ နေမိ' အစရှိသော ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"မင်းတကာတို့ အထွတ်အမြတ်ဖြစ်တော်မူသော နေမိမင်းမြတ်။ ထို ခရီး ၂ကြောင်းတို့တွင် အဘယ်ခရီးကို ရှေးဦးစွာ ကြွမြင်တော်မူလိုပါသနည်း။ အလိုရှိရာ အမိန့်တော်ရှိတော်မူပါ"ဟု လျှောက်ထား၏။

မာတလိနတ်သား၏စကားကိုကြားလျှင် နေမိမင်းကြီးသည် 'ယခု နတ်ပြည်ကိုပင် ငါတက်မည်ဖြစ်၍ နတ်ဘုံဗိမာန်ကို မချွတ်မြင်ရလတ္တံ့။ ငရဲပြည်ကိုကား လမ်းမသင့်ဖြစ်၍ မြင်ရခဲ၏။ ထိုကြောင့် ငရဲပြည်ကိုကြည့်ပြီးမှ နတ်ပြည်သို့ တက်ရသော်ကောင်း၏'ဟု ကြံပြီးလျှင် 'နိရယေ တာဝ ပဿာမိ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"နတ်ရထားမှူးဖြစ်သော မာတလိ။ ဒါန,သီလစသည့် အကျင့်သုစရိုက်မရှိ မိမိတို့ပြုသော အကုသိုလ် ဒုစရိုက် ညှဉ်းပန်း၍ ကြမ်းကြုတ်စွာခံရကုန်သော ငရဲသူငရဲသားတို့ကို ရှေးဦးစွာမြင်လို၏။ ထိုအရပ်သို့ ရှေးဦးစွာ ရထားကို နှင်ဦးလော့"ဟု ဆို၏။

ထိုအခါ နတ်ရထားမှူးဖြစ်သော မာတလိနတ်သားသည် သဉ္ဇိဝ်ငရဲမင်းကြီး၏ အရံဖြစ်သော ဥဿဒရက်ငရဲပြည်သို့ မြင်းပျံ ၁၀၀၀ ဆောင်အပ်သော ဝေဇယန္တာနတ်ရထားကို ဆောင်နှင်လေ၏။



www.burmeseclassic.com

## ၆။ ဆေတရကီ ဥဿဒရက်ငရဲခန်း

[ငရဲပြည်တို့၏ ဖြစ်ဟန် တည်ဟန်တို့ကို သိသာရုံဆိုဦးအံ့။ သဉ္ဇိဝ်းငရဲ, ကာဠသုတ်ငရဲ, သင်္ဃာတငရဲ, ရောရုဝငရဲ, မဟာရောရုဝငရဲ, တာပနငရဲ, မဟာတာပနငရဲ, အဝီစိငရဲ ဟူ၍ ငရဲကြီး ၈ ထပ်တို့သည် ဤမြေကြီးအောက်၌ အဆင့်ဆင့်တည်ကုန်၏။ ထို ငရဲကြီး ၈ထပ်တို့၌ မြို့တံတိုင်းကား သံဖြင့် ပြီး၏။ တံတိုင်းအထုကား ၉ ယူဇနာစီ ရှိ၏။ တစ်မျက်နှာလျှင် အပေါက်အားဖြင့် တံခါး ၄ ပေါက်စီရှိ၏။ မြို့ကား ၄ထောင့် ချည်းနှင်နှင်တည်း။ မြို့အတွင်း မြေအပြင်လည်း သံဖြင့်ပြီး၏။ မြို့ အလျား,အနံအားဖြင့် ယူဇနာ ၁၀၀ စီ ရှိ၏။ မီးလျှံကား ကမ္ဘာပျက်သည်တိုင်အောင် တည်၏။ ထိုမြို့တွင်း၌ရှိကုန်သော သတ္တဝါတို့အား မီးလျှံသာလျှင် မိမိတို့ဥစ္စာ, မိမိတို့အဆွေခင်ပွန်း ဖြစ်ကုန်၏။ ထို ငရဲကြီး ၈ထပ်တို့၌ ငရဲထိန်းဟူ၍ မရှိ။ မိမိတို့ ရှေးကပြုခဲ့ဖူးသော ကံ,ကံ၏အကျိုး စသည်တို့၌ မယုံကြည်မှု၍ အယူမှားခြင်း, ဝန်တိုစဉ်းလဲခြင်း, သတ္တဝါတို့အား သနားကရုဏာ မရှိခြင်း, သူ့အသက်ကို သတ်လေ့ရှိခြင်း, သူ့ဥစ္စာကို ခိုးယူလုယက် နှိပ်စက်ကလူပြုခြင်း, သက်သေအရာ၌တည်၍ မဟုတ်သည်ကို အဟုတ်ပြုခြင်း, မမှန်သောစကားကို ပြောဆိုခြင်း, ပဉ္စာနန္တရိယကံ–နိယကမိစ္ဆာဒိဋ္ဌိကံ တို့ကိုပြုခြင်း, ရတနာ ၃ ပါးကို ဆဲရေးခြင်း စသော အကုသိုလ် ကမ္မပထ ဗလဝကံသည်သာလျှင် ထိုသူတို့အပေါ်၌ အရှင်သခင်ပြု၍ စီရင်ကုန်၏။

- ထိုသူတို့၏အသက်တမ်းကား လူတို့၏အရေအတွက်အားဖြင့် စာတုမဟာရာဇ်နတ်တို့၏အသက် **အနှစ်** ၉ သန်းသည် သဉ္ဇိဝ်းငရဲကြီး၌ ၁ ရက် ဖြစ်၏။ ထိုရက်ဖြင့် ရက်ပေါင်း ၃၀, ၁လ။ ထို လဖြင့် ၁၂ လလျှင် ၁နှစ်။ ထိုနှစ်ဖြင့် အနှစ် ၉ သန်းသည် သဉ္ဇိဝ်းသူတို့၏ အသက်တမ်းဖြစ်၏။
- လူတို့၏ အရေအတွက်အားဖြင့် တာဝတိံသာနတ်တို့၏အသက် အနှစ် ၃ ကုဋေ ၆ သန်းသည် ကာဠသုတ် ငရဲကြီး၏ ၁ ရက် ဖြစ်၏။ ထို ရက်,လ,နှစ်တို့ဖြင့် အနှစ် ၃ကုဋေ ၆သန်းသည် ထိုငရဲကြီးသူတို့၏ အသက်တမ်း ဖြစ်၏။
- လူတို့အရေအတွက်အားဖြင့် ယာမာနတ်တို့၏အသက် အနှစ် ၁၄ ကုဋေ ၄သန်းသည် သင်္ဃာငရဲကြီး၌ ၁ ရက် ဖြစ်၏။ ထို ရက်,လ,နှစ်တို့ဖြင့် အနှစ် ၁၄ ကုဋေ ၄ သန်းသည် ထိုငရဲကြီးသူတို့၏ အသက်တမ်း ဖြစ်၏။
- လူတို့၏အရေအတွက်အားဖြင့် တုသိတာနတ်တို့၏အသက် အနှစ် ၅၇ ကုဋေ ၆ သန်းသည် ရောရုဝငရဲကြီး၌ ၁ရက်ဖြစ်၏။ ထို ရက်, လ, နှစ်တို့ဖြင့် အနှစ် ၅၇ ကုဋေ ၆ သန်းသည် ထိုငရဲကြီးသူတို့၏ အသက်တမ်း ဖြစ်၏။
- လူတို့၏ အရေအတွက်အားဖြင့် နိမ္မာနရတိနတ်တို့၏ အသက် အနှစ် ကုဋေ ၂၃၄ သန်းသည် မဟာရောရုဝငရဲကြီး၌ ၁ ရက် ဖြစ်၏။ ထို ရက်,လ,နှစ် တို့ဖြင့် အနှစ် ကုဋေ ၂၃၄ သန်းသည် ထိုငရဲကြီးသူတို့၏ အသက်တမ်းဖြစ်၏။
- လူတို့၏အရေအတွက်အားဖြင့် ပရိနိမ္မိတ ဝသဝတ္တီနတ်တို့၏ အသက် အနှစ်ကုဋေ ၉၂၁ ကုဋေနှင့် အနှစ် ၆ သန်းသည် တာပန ငရဲကြီး၌ ၁ ရက် ဖြစ်၏။ ထို ရက်,လ,နှစ်တို့ဖြင့် အနှစ်ကုဋေ ၉၂၁ ကုဋေ ၆ သန်းသည် ထိုငရဲကြီးသူတို့၏ အသက်တမ်း ဖြစ်၏။



www.burmeseclassic.com

- လူတို့၏ အန္တရကပ်ထက်ဝက်သည် မဟာတာပနငရဲကြီး၏ အသက်တမ်း ဖြစ်၏။
- လူတို့၏အန္တရကပ်သည် အဝီစိငရဲကြီးသူတို့၏ အသက်တမ်း ဖြစ်၏။

ဤအရာ၌ နတ်တို့၏အသက်ကား အဘယ်ကြောင့် တိုသည်၊ ငရဲအသက်ကား အဘယ့်ကြောင့် ရှည်သည် ဖြစ်ရာသနည်း။ ကုသိုလ်၏အာနုဘော်ထက် အကုသိုလ်၏အာနုဘော် ကြီးသောကြောင့်တည်း။ ငရဲအသက်က ရှည်လေသလော ဟူမူကား ကုသိုလ်ဇနကကံထက် အကုသိုလ်ဇနကကံ၏အာနုဘော် ကြီးသောကြောင့် မဟုတ်။ ဇနကကံ၏အာနုဘော်ကား တူမျှစေကာ ဥပတ္ထမ္ဘကကံ၏အာနုဘော်ကား နတ်တို့ထက် ငရဲသူတို့၌ အားကြီး၏။ အဘယ်သို့နည်း ဟူမူကား ကောင်းစွာ ဒါန,သီလကို အားထုတ်ခြင်းကြောင့် နတ်ပြည်၌ မရေတွက်နိုင်သော ဒေဝသမ္ပတ္တိကို ရလတ်ကုန်သည်ရှိသော် ထိုသို့ပြုခဲ့ဖူးသော ကုသိုလ်ကံ၏အစွမ်းအားဖြင့် ရအပ်သော သမ္ပတ္တိ၌ ကာမရာဂ ပြောသည်ဖြစ်၍ လည်းကောင်း၊ သမ္ပတ္တိကို အမိုပြု၍ မာန်ထောင်လွှားခြင်း, ငြူစူစောင်းမြောင်းခြင်း အစရှိသော ပဋိဃာတ်တရားတို့ ပွားများသည်ဖြစ်၍ လည်းကောင်း ဤသို့သော အကုသိုလ် ဥပပီဠကကံတို့ဖြင့် ဇနကကံ၏အကျိုးဖြစ်သော သမ္ပတ္တိတို့ကိုညှဉ်းဆဲသဖြင့် ထိုသမ္ပတ္တိတို့ကို ခိုင်စေကြောင်း ကောင်းမှု ဥပတ္ထမ္ဘက အားနည်းခြင်းကြောင့် နတ်တို့၏အသက်သည် ငရဲတို့၏အသက်တမ်းလောက် မရှည်သတည်း။ ပါဏာတိ ပါတ အစရှိသော မကောင်းမှုကြောင့် ငရဲပြည်တို့၌ ခံရကုန်သည်ရှိသော် ထိုဒုက္ခဝေဒနာကို သည်းခံနိုင်သည်ဖြစ်၍ ငြိမ်သက်တမ်းခြင်း, နှလုံးမသာမယာရှိခြင်း, နိုးရိမ်ပင်ပန်းခြင်း တည်းဟူသော ဒေါသမှုစိတ္တုပ္ပါဒ်သည်သာလျှင် မပြတ်ဖြစ်ခြင်းကြောင့် မိမိ၌ ရှေးရှေးကပြုအပ်သော အကုသိုလ်ကံတို့သည် အခွင့်ရ၍ ဥပတ္ထမ္ဘကသတ္တိဖြင့် ဇနကကံ၏အကျိုးဖြစ်သော ငရဲ၌ ဆင်းရဲခြင်းကို ခိုင်ခံ့မြဲမြံစွာတည်အောင် ထောက်ပံ့ခြင်းရှိသည်ဖြစ်၍ နတ်တို့အသက်ထက် ငရဲတို့အသက်သည် ရှည်လေသတည်း။ ဇနကကံ၏အာနုဘော် ကြီးသောကြောင့် ရှည်သည်မဟုတ်ဟု သိအပ်၏။

ဤငရဲတို့၏ အသက်တမ်းရှည်ကြောင်းကို ဗိနာလင်္ကာရဋီကာကျမ်း၌ လာ၏။ **အဘိဓမ္မတ္ထသင်္ဂဟ** လက်သန်းအဋ္ဌကထာကျမ်း၌ကား 'စတုန္နံ အပါယာနံ ဝိနိပါတိကာ သုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ' ဟုလာ၏။ ထိုကျမ်း၏အဖွင့်ဖြစ်သော ဋီကာကျော်၌လည်း ၎င်းပါဠ်၏အဖွင့်တွင်–

[အပါယာဒီသုဝါ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ၊ ကေသဉ္စိ စိရာယုကတ္တာ ကေသဉ္စိ စိရတရာယုကတ္တာစ။ တထာ စာဟု၊ အပါယိကာ အနုသာယု ပရိစ္ဆေဒေါ နဝိဇ္ဇတိ။ တထာဟိ ကာလော မန္တာတာ၊ ယက္ခာ ကေစိ စိရာယူနောတိ။ ။ အပါယေသု ဟိ ကမ္မမေဝ ပမာဏံ။ တတ္ထ နိမ္ဗတ္တာနံ ယာဝကမ္မံ နခီယတိ၊ တာဝစဝနာ ဘာဝတော၊ စသည်ဖြင့် လာ၏။

[အပါယာဒီသုဝါ၊ အပါယ်စသည်တို့၌လည်း။ အာယုပ္ပမာဏဂဏနာယ၊ အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌။ နိယမော၊ မြဲခြင်းသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ကေသဉ္စိ၊ အချို့ကုန်သော အပါယ်ပုဂ္ဂိုလ် စသည်တို့၏။ စိရာယုကတ္တာ၊ အသက်ရှည်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ကေသဉ္စိ၊ အချို့သော သတ္တဝါတို့၏။ စိရတရာယုကတ္တာစ၊ အလွန် အသက်ရှည်သည်၏အဖြစ်ကြောင့် လည်းကောင်း။ နိယမော၊ မြဲခြင်းသည်။ နတ္ထိ၊ မရှိ။ တထာစ တတောဧဝ၊ ထို့ကြောင့်သာလျှင်။ အပါယိကာမနုဿာယု၊ ပ။ စိရာယိနောတိ၊ စိရာယုနောဟူ၍။ အာစရိယာ၊ အဋ္ဌကထာဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။ အပါယိကာမနုဿာ ယုပရိစ္ဆေဒေါ၊ အပါယ် ၄ ဘုံ၌ဖြစ်ကုန်သောသတ္တဝါ လူတို့၏အသက် အပိုင်းခြားသည်။ နဝိဇ္ဇတိ၊ မရှိ။ တထာ– တံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ ကာလော၊

www.burmeseclassic.com



ကာလနဂါးမင်းသည် လည်းကောင်း။ မန္ဓာတာ၊ မန္ဓာတ် စကြာမင်းသည် လည်းကောင်း။ ကောစိယက္ခာ၊ အချို့သော မြေဘုတ်ဘီလူးတို့သည် လည်းကောင်း။ စိရာယုနော၊ အသက်ရှည်ကုန်၏။ ဟိသစ္စ၊ မှန်၏။ အပါယေသု၊ အပါယ် ၄ ဘုံတို့၌။ ကမ္မမေဝ၊ အကုသိုလ်ဇနာက ကံသည်သာလျှင်။ ပမာဏံ၊ ပမာဏတည်း။ တတ္ထ၊ ထို အပါယ် ၄ ဘုံတို့၌။ နိဗ္ဗတ္တာနံ၊ ဖြစ်ကုန်သော သတ္တဝါ တို့အား။ ယာဝ၊ အကြင်မျှလောက်။ ကမ္မံ၊ အကုသိုလ်ဇနကကံ၏ အစွမ်းသည်။ နခီယတိ၊ မကုန်သေး။ တာဝ၊ ထိုမျှလောက်။ စဝနာဘာဝတော၊ စုတေခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။

[ထိုစကား ၂ရပ်တို့တွင် ငါတို့ကား အပါယ် ၄ ဘုံတို့၌ အသက်အပိုင်းအခြား မရှိဟု ဆိုသောစကားကိုပင် နှစ်သက်သည်။ အဘယ်ကြောင့်နည်းဟူမူ ဇိနာလင်္ကာရကျမ်း၌ပြအပ်သော ငရဲတို့၏အသက်တမ်းထက် အသက်ရှည်သော ငရဲသူတို့လည်း ရှိကုန်သောကြောင့် အကယ်၍ အသက်တမ်း ရှိငြားအံ့။ လူ့ပြည်၌ အသက် ၁၀၀ တမ်းတွင် ဖြစ်ကုန်သောသူတို့သည် ၂၀၀ တမ်းသို့ မရောက်နိုင်သကဲ့သို့ အန္တရကပ် ၁ကပ် အသက်တမ်းရှိသော အဝီစိငရဲသားတို့သည် အန္တရကပ် ၂ ကပ်သို့ မရောက်နိုင်ရာ။ ထိုသို့ကား မဟုတ်။ နိယတမိစ္ဆာဒိဋ္ဌိ ငရဲသူတို့သည် မိမိတို့အယူကို မစွန့်သမျှ ကာလအပိုင်းအခြားမရှိ ခံရကြောင်းကို ဟောတော်မူသည်ကိုထောက်၍ 'တေသံ ကမ္မမေဝ ပမာဏံ'ဟု ဋီကာကျော်ဆရာ ပြသည့်အတိုင်း မရဏာပွတ္တိ ၄ ပါးတွင် အာယုက္ခယဟူ၍ မရှိသင့်ပြီ။ ကမ္မက္ခယ တစ်ပါးသာ ရသင့်မည် ထင်ပေသည်။ တစ်ခုတစ်ခုသော ငရဲကြီး၌ တစ်မျက်နှာလျှင် ၄ ခုစီအားဖြင့် ဥဿဒရက် ငရဲငယ် တစ်ခုစီ ရံကုန်၏။ ထို ဥဿဒရက်ငရဲတို့၏ အလျား, အနံ, ပမာဏကား မရှိ။ တစ်ခုတစ်ခုသော ငရဲကြီးသည် မိမိအရံဖြစ်သော ဥဿဒရက် ငရဲငယ်နှင့် တကွဖြစ်သော ယူဇနာ ၁ သောင်းစီ ရှိကုန်၏။ 'အဝီစိ မဟာနိရယော ဒသသဟဿယောဇနော'ဟု ဟောတော်မူသည်ကား နိဒဿန နည်းမျှသာဖြစ်သည်။ ဤသို့ ငရဲကြီး တစ်ထပ် ၁၆ ခုစီ အရံရှိသောကြောင့် ဥဿဒရက်ငရဲပေါင်းကား ၁၂၈ ထပ် ရှိ၏။ ထို ငရဲအပေါင်းတွင် နေမိမင်းကြီးအား မာတလိနတ်သားပြသော ငရဲကား သဉ္ဇိုဝ်းငရဲကြီးအရံ ၁၆ ခုသော ဥဿဒရက် ငရဲတည်း။ ထို ငရဲကြီး, ငရဲငယ်တို့ကား သတ္တဝါတို့၏ ကံလျှင်အကြောင်းရှိသော ဥတုသည်ဖြစ်စေအပ်သော ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ဖြစ်သော ဘုံနေရာချည်းတည်း။]

ဝေဇယန္တာရထားမွန်ဖြစ်သော မာတလိနတ်သားသည် ရှေးဦးစွာ သဉ္ဇိုဝ်းငရဲကြီး၏ အရံဖြစ်သော ဝေတရဏီ ကြိမ်ပိုက်ချောင်း ဥဿဒရက်ငရဲသို့ ရှေးရှုနှင်လေသော် ထိုငရဲသို့ရောက်သောအခါ မိမိတန်ခိုးဖြင့် ငရဲ၌ခံရကုန်သော သတ္တဝါအပေါင်းတို့ကို နေမိမင်းကြီးအား မြင်တော်မူစေ၏။ ထို ဝေတရဏီ ကြိမ်ပိုက်ချောင်း ငရဲကား ခါးစပ်စွာ သံရည်ကဲ့သို့ ပူသောရေဖြင့် ပြည့်၏။ ထိုရေအပြင်၌ သံကြာရွက်တို့သည် အလျှံတထိန်ထိန် တောက်လျက် တည်ကုန်၏။ ရေအပြင်၌လည်း ချောင်းတစ်ပြင်လုံး သင်ဓုန်းသွားဖြင့် စီစိုက်ကာပြည့်၏။ ရေအပြင် သံကြာရွက်တို့၏အထက်၌လည်း သင်ဓုန်းသွားတို့ကဲ့သို့ထက်စွာ ထွန်တုံးပမာဏရှိသော သံဆူးတို့သည် အလျှံတပြောင်ပြောင် တောက်လျက်တည်ကုန်၏။ ထို သံဆူးတို့၏အထက်၌ အသွားထက်လှစွာသော ခက်ရင်းပမာဏရှိသော သံဆူးတို့ဖြင့် ပြည့်လျက် သံကြိမ်နွယ်တို့သည် ချောင်းအလုံးကို ဖုံးလွှမ်း၍ အလျှံတပြောင်ပြောင် တောက်လျက် တည်ကုန်၏။ ချောင်းနားတို့၌ ငရဲထိန်းတို့သည် လက်နက်စွဲကိုင်လျက် နေကြကုန်၏။ ငရဲသူတို့သည် ထိုငရဲသို့ရောက်လာလတ်သော် သန်လျက်, လှံမ, ရွှန်းတောင်း, ခက်ရင်း, ဆောက်ပုတ် အသီးသီး လက်နက်စွဲကိုင်လျက် နေကုန်သော ငရဲထိန်းတို့သည် ထိုငရဲသူတို့ကို မိမိတို့စွဲကိုင်သော



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တို့ဖြင့် ထိုးပုတ်ရိုက်နှက် ညှဉ်းဆဲကြကုန်၏။ ထိုသို့ညှဉ်းဆဲခြင်းကို မခံနိုင်သဖြင့် ကြိမ်ပိုက်ထဲသို့ ကျရလေ၏။ ထိုအခါ ထက်စွာသော သံကြိမ်ဆူးတို့ဖြင့် အပိုင်းပိုင်းအပေါက်အပေါက် ခုတ်ထိုးပစ်ခတ်အပ်သော ကိုယ်ရှိလျက် အနှစ် ၁၀၀၀ မျှလောက် ခံရပြီးလျှင်၊ ထို ကြိမ်ဆူးကြိမ်နွယ် မီးလျှံတို့မှလျှောာ၍ အလျှံတပြောင်ပြောင်တောက်သော သံဆူးပေါ်သို့ ကျပြန်လတ်သော် တံစို့ထိုးကင်အပ်သော ငါးကဲ့သို့ သံဆူးတို့ဖြင့် တံကျင်လျှိုလျက် ကြာမြင့်စွာသော နှစ်ကာလပတ်လုံး မီးလျှံဖြင့်တောက်သောကိုယ် ရှိသည်ဖြစ်၍၊ ဆိုအပ်ခဲ့ပြီးသော ငရဲ၌ခံရပြီးမှ သံဆူး၏ အောက်ရေအပြင်၌တည်သော သံကြာရွက်အပေါ်သို့ကျပြန်လတ်သော် အလွန်ဆင်းရဲခြင်းသို့ ရောက်လျက် နှစ်လရှည်စွာ ခံရပြီးလျှင် အလွန်ခါးစပ်သောရေအပြင်သို့ ကျပြန်လေ၏။ အခိုးအလျှံတို့ဖြင့် တောက်စွာသော ရေအပြင်၌ ကြီးစွာသောဆင်းရဲကို မြင့်ရှည်စွာခံရသဖြင့် ချမ်းသာနိုးထင်၍ ရေထဲသို့ ငုပ်လတ်သော်လည်း သင်ခုန်းသွားအပြင်၌ကျ၍ အပိုင်းအပိုင်းပြတ်လျက် ကြီးစွာသောဆင်းရဲကို ခံရကုန်သဖြင့် သည်းစွာမြည်တမ်းခြင်းကို ပြု၍၊ အလျှံပြောင်ပြောင် တောက်လောင်သောရေထဲ၌ စုန်တုံဆန်တုံ ပြေးရာမသိ ခံရကုန်၏။ ရေထဲမှ ကမ်းနားသို့တက်လတ်ကုန်သော် ငရဲထိန်းတို့သည် မိမိတို့ကိုင်စွဲသောလက်နက်တို့ဖြင့် ထိုးခုတ် ရိုက်နှက်ကြကုန်၏။ ထိုသို့သောဆင်းရဲခြင်းကို မခံနိုင်၍ သည်းစွာသောအသံတို့ဖြင့် ငိုကြွေးမြည်တမ်းကြကုန်၏။ အချို့သောငရဲသူတို့ကို အာခေါင်၌ သံမြားချိတ်တို့ဖြင့် သွင်းငင်ကြကုန်၏။ အချို့သောငရဲသူတို့ကို မြေ၌ပက်လက် လှဲလျက် ရဲရဲတောက်သောသံတွေဖြင့် ခံတွင်းကို သိပ်ကုန်၏။

ဤ ဝေတရဏီ ကြိမ်ပိုက်ချောင်းငရဲ၌ ခံရကုန်သော ငရဲသူအပေါင်းတို့ကို နေမိမင်းကြီးမြင်လေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ ပြင်းစွာကြောက်လန့် တုန်လှုပ်သောနှလုံး ရှိသည်ဖြစ်၍ မာတလိနတ်သားအား "နတ်ရထားမှူးဖြစ်သော မာတလိ။ ဤသို့သောဆင်းရဲဖြင့် ပင်ပန်းငြိုငြင်စွာ ခံကြရသောငရဲသူတို့ကို မြင်တော်မူရခြင်းသည် ငါ ခံရဘိသကဲ့သို့ဖြစ်၍ သင့်အား ငါမေးအံ့။ ဤငရဲသူတို့သည် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့ဖူးသောကြောင့် ဤငရဲ၌ ခံကြရသနည်း။ မသိ၍မေးသော ငါ့အား သင်နတ်သား မာတလိသည် သိမြင်သည့်အတိုင်း ကြားလော့"ဟု မေးတော်မူ၏။

ထိုအခါ မာတလိနတ်သားသည် ထိုငရဲသူတို့ပြုဖူးသော မကောင်းမှုကို သိမြင်တိုင်း ပြန်ကြား လျှောက်ထားလို၍ 'ယေ ဒုဗ္ဗလေ ဗလဝန္တော' အစရှိသော ဂါထာဖြင့်ကြား၏။ အဓိပ္ပာယ်ကား–

"အရပ် ၁၀မျက်နှာတို့၏ အရှင်ဖြစ်တော်မူသော မင်းကြီး။ ဤဝေတရဏီငရဲ၌ ခံရကုန်သော ငရဲသူတို့ကား လူဖြစ်သောအခါက လူမော် လူဆိုးတစေတို့ချည်းတည်း။ အချို့သောသူတို့ကား သရီရဗလ ရှိသည်ဖြစ်၍ ထို သရီရဗလ မောင်းလက်ရုံးအားဖြင့် အားနည်းပါးသောသူတို့ကို အနိုင်အထက် နှိပ်စက်ပုတ်ခတ် ထောင်းသတ်ညှဉ်းဆဲခြင်းကိုလည်း ပြု၏။ အားနည်းပါးသောသူတို့၏ ဥစ္စာပစ္စည်းတို့ကိုလည်း လုယူဖျက်ဆီး တတ်ကုန်၏။ အချို့သူတို့ကား မိမိ၌ ဥစ္စာပစ္စည်း အားကြီးသည်ဖြစ်၍ ဘောဂဗလအားဖြင့် စည်းစိမ်မရှိ ပါးရှားသောသူတို့ကို အနိုင်အထက် နှိပ်စက်ညှဉ်းဆဲခြင်းကို ပြု၏။ အချို့သောသူတို့ကား ဘုန်းပညာ အာဏာအရှိန်အဝါကြီးသည်ဖြစ်၍ ထိုအာဏာဗလဖြင့် ဘုန်းပညာမရှိသောသူတို့ကို အနိုင်အထက် နှိပ်စက်ညှဉ်းဆဲခြင်းကို ပြု၏။ ထိုသို့ပြုခဲ့ ဖူးကုန်သော လက်ရုံးအားကိုး, စည်းစိမ်အားကိုး, ဘုန်းပညာအာဏာ အားကိုး ဖြစ်ကုန်သော အား ၃ ပါးရှင်တို့သည် ဤ ဝေတရဏီ ကြိမ်ပိုက်ချောင်းငရဲ၌ ဤသို့သောဆင်းရဲကို ရှည်မြင့်စွာခံရကုန်သည်ဟူ၍ အရှင်မင်းကြီး မှတ်တော်မူလော့"ဟု လျှောက်ကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကိုထောက်၍ ထိုသို့သောငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းတို့သည် သရီရဗလ,
ဘောဂဗလ, အာဏာဗလတည်းဟူသော ဗလ ၃ပါး အားနည်းကုန်သောသူတို့အား ကိုယ်နှုတ်ဖြင့် နှိပ်စက်
ညှဉ်းဆဲခြင်းကိုမပြုမူ၍ မေတ္တာ, ကရုဏာကိုသာလျှင် ရှေ့သွားဖြစ်စေရာသည် ဟု မှတ်အပ်၏။

ဤအရာ၌ ပညာသည်နှိပ်စက်ကြောင်း မဟုတ်ဘဲလျက် အဘယ့်ကြောင့် အာဏာဗလ၌ သွင်းလေသနည်း
ဟူမူကား ရှေးဘဝတို့က ကုသိုလ်အဆောက်အဦကောင်း၍ ပဋိသန္ဓေပညာ, ပဝတ္တိပညာ ၂ပါးပင်ရှိသော်လည်း
မသင့်သောအားဖြင့် နှလုံးသွင်း၍ လောဘရမ္မက် အမျက်ရန်ငြိုးတို့ကြောင့် အလင်္ကာ ပမာအားဖြင့် သုတသိပ္ပ
စသောအတတ်တို့ကို တတ်မြောက်အောင်သင်ပြီးလျှင် ဆိမ်းထွန်း၍ ဉစ္စာထုပ်ကို ခိုးအံ့ဟု ရှာသောခိုးသူကဲ့သို့
ထိုပညာနှင့် နှိပ်စက်ခွင့်ကိုရသဖြင့် သူတစ်ပါးကိုနှိပ်စက်တတ်သော ဒေါသမူဖောသည် ပညာဥပနိဿယရှိခြင်း
ကြောင့် သူတစ်ပါးကို နှိပ်စက်လေ၏။ ထို့ကြောင့် ဤသို့သောပညာကို ရည်၍ အာဏာဗလ၌ သွင်းသတည်း။
ဤပညာကား စဉ်းလဲစဉ်းစားတရားတို့၌ နှုတ်သူရင်းငှားတို့မှာ ထင်ရှားစွာ၏။ ။ဤကား စကားချပ်တည်း။)

## ၇။ သုနခ ဥဿဒရက် ငရဲခန်း

ဤသို့ပြုပြီးလျှင် မာတလိနတ်သားသည် ထိုငရဲကို ကွယ်စေလို၍ ခွေးကျားကြီးငရဲသို့ ရှေးရှုနှင်ပြန်သဖြင့်
နေမိမင်းကြီးအား ဆင်းရဲကြီးစွာခံနေရကုန်သော ငရဲသူတို့ကိုပြလေ၏။ ထို သုနခ ငရဲခွေးတို့သည်ကား
ဆင်ပမာဏ ရှိကုန်သော ခွေးတို့သည်လည်း ရှိကုန်၏။ အချို့ကား ရဲရဲနီသော မီးတောက်မီးလျှံအဆင်း
ရှိကုန်၏။ အချို့ကား ဖွေးသောအဆင်း ရှိကုန်၏။ အချို့ကား အနီ, အဖွေ, အညို, အဖြူ, အမည်း အဆင်း
၅ပါးတို့ဖြင့် ပြွမ်း၍ အကြောင်အကျား ရှိကုန်၏။ ကျီးလင်းတတို့သည်လည်း ကိုယ်သဏ္ဍာန် လှည်းဘီးကြီးပမာဏ
ရှိကုန်၏။ သွား,နှုတ်သီးတို့သည် ရဲရဲညီးသောသံဖြင့် ပြီး၏။ ထိုငရဲ၌ ခံရကုန်သော ငရဲသူတို့၏ကိုယ်ကား
၃ဂါဝုတ်မျှ ပမာဏ ရှိကုန်၏။ ထို ငရဲသူတို့ကို ငရဲခွေးတို့သည် ရဲရဲပြောင်ပြောင် တောက်လောင်သောသံမြေ
အပြင်၌ ကျစေ၍ ယုန်သမင်တို့ကဲ့သို့သောအမှတ်ဖြင့် အတုံးအစိုင်ကိုက်ခဲလျက် အသားကို စားကြကုန်၏။
အချို့ကိုလည်း သံမြေအပြင်၌ ပက်လက်ထား၍ ရင်ဘတ်,မျက်နှာ,လျှာ,မျက်လုံး,အသား,အသွေးတို့ကို
ကိုက်ခဲဆိတ်ဖောက် နုတ်ယူဆွဲပစ်ကာစား၍ အရိုးချည်းသာ ကျန်စေကုန်၏။ ကျီး,လင်းတတို့သည်လည်း
ထက်လှစွာသောသံနှုတ်သီးဖြင့် အရိုးကိုဖောက်ခွဲ၍ ခြင်ဆီတို့ကို စားကုန်၏။ ထိုအခါ ငရဲသူတို့သည်
ပြင်းစွာသောအသံဖြင့် မြည်တမ်းလျက် ပျက်တုံပြန် ဖြစ်တုံပြန် ကာလမြင့်ရှည်စွာ ခံရကြကုန်၏။ ထိုသို့
ငရဲသူတို့ကို နေမိမင်းကြီးမြင်တော်မူလေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်းရှိသည်ဖြစ်၍
မာတလိနတ်သားအား 'သာမာစ သောဏာ သဗလာ' အစရှိသော ဂါထာဖြင့် ရွတ်ဆိုတော်မူ၍ မေးတော်မူ၏။
အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤသို့သောဆင်းရဲကို ခံရကုန်သော ငရဲသူတို့ကား အဘယ်မကောင်းမှုကို ပြုခဲ့ဖူးသနည်း။ သင် သိမြင်သည့်အတိုင်း ကြားပါလော့"ဟုဆို၏။

ထိုအခါ မာတလိနတ်သားသည် နေမိမင်းကြီးအား ထိုသူတို့၏ မကောင်းမှုကို ကြားလျှောက်၍ 'ယေကေစိ မေ ပဏ္ဍရိနော' အစရှိသောဂါထာဖြင့် ရွတ်ဆို၍လျှောက်၏။ အဓိပ္ပာယ်ကား-

"မြေကြီးသေဋ္ဌနင်း မင်းမြတ်။ နာတော်မူလော့။ ထိုငရဲသူတို့ကား လူဖြစ်သောအခါက စဉ်းလဲဝန်တို ဆဲဆိုနှုတ်ကြမ်း လှည့်စည်မ်းတစေတို့ချည်းတည်း။ ထိုသူတို့ကား မကောင်းမှုကိုစွဲရှာ၍ ကောင်းရာကို ကျင့်ပါကုန်သော ရဟန်း, ပုဏ္ဏား တရားမြင်မြော် သူတော်ကောင်းတို့ကို ဆဲရေးခြင်း, မလောက်မစားမထိမ့်မြင် ပြစ်တင်ချုပ်ချယ် ကဲ့ရဲ့ရှုတ်ချခြင်း, မိမိဥစ္စာစည်းစိမ်တို့ကို မစွန့်ရက်မလှူရက် ဝန်တိုခြင်းတို့ဖြင့် သူတစ်ပါးတို့နှင့် မဆက်ဆံရအောင် ပိတ်သိုခြင်း, သူတစ်ပါးတို့လှူဒါန်းသည်ကို မနာလို မနှစ်သက်သောအားဖြင့် မြစ်တားခြင်း။ ဤသို့သော မကောင်းမှုတို့ကို ပွားများစေခဲ့ဖူးသောကြောင့် ဤသို့သောဆင်းရဲ၌ ခံကြရသည် မှတ်တော်မူလော့"ဟု ကြားပေ၏။

[ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သောသူတို့သည် ဝန်တိုစောင်းမြောင်းခြင်း တည်းဟူသော ဣဿာမစ္ဆရိယ ရန်သူကို သတိ, ပညာ, သဒ္ဓါ, ဝီရိယတို့ဖြင့် နိုင်နင်းအောင် နှိပ်ကွပ်ဆုံးမ၍၊ အကောင်းအမြတ်ကို ကျင့်ဆောင်ပေသမျှသောသူတို့အား သဒ္ဓါစုံမက် နှစ်သက်မြတ်နိုးခြင်း, ပေးလှူချီးမြှောက်ခြင်း အစရှိသော ကုသိုလ်တရားတို့ကိုသာ အားထုတ်အပ်လှပေသည်ဟု မှတ်အပ်၏။]

## ၈။ သဓောတိ ဥဿဒရက် ငရဲခန်း

ထိုငရဲကို ပြပြီးလျှင် မာတလိနတ်သားသည် သုနခငရဲကိုကွယ်စေ၍ သဓောတိငရဲကို တစ်ဖန် ရှေးရှုနှင့် ပြန်သဖြင့် ဆင်းရဲကြီးစွာခံရကုန်သောသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို သဓောတိငရဲကား ၉ ယူဇနာ ခန့်လောက် အလျှံပြောင်ပြောင်တောက်သော သံမြေအပြင်၌ ရဲရဲညီးသောကိုယ်ဖြင့်နင်းသွားလျက် ခံရကုန်သော ငရဲသူတို့ကိုငရဲထိန်းတို့သည် ထန်းလုံးရှိလောက် တောက်လောင်သော်လုံ့တံဖြင့် အစဉ်တစိုက်လိုက်၍ ရိုက်နှက်လျက် သံမြေအပြင်၌လဲစေပြီးလျှင် ထိုလှံ့တံဖြင့်ရိုက်ပုတ်၍ မုန့်မှုန့်ညက်ညက် ကျေစေကုန်၏။ ဤသို့သောနည်းဖြင့် ပျက်တုံဖြစ်တုံ ဆင်းရဲကြီးစွာခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးမြင်လေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်းရှိသဖြင့် မာတလိနတ်သားအား 'သဓောတိ ဘူတာ ပထဝိ'အစရှိသော ဂါထာဖြင့် မေးတော်မူ၏။ အဓိပ္ပာယ်ကား-

"နတ်တို့၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ရဲရဲညီးသော သံမြေအပြင်၌ အလျှံတပြောင်ပြောင် တောက်လောင်သောကိုယ်ဖြင့် ထိုသို့ဆင်းရဲကို ခံရကုန်သောငရဲသူတို့သည် အဘယ်မကောင်းမှုကို ပြုဖူးသောကြောင့် ခံရလေသနည်း"ဟု မေးတော်မူ၏။



www.burmeseclassic.com

မာတလိနတ်သားသည် မိမိနတ်မျက်စိဖြင့် သိမြင်တိုင်း ကြားလို၍ 'ယေဗိဝလောကသ္မိံ သုပါပဓမ္မာ' အစရှိသော ဂါထာဖြင့်ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"လူတို့၏[illegible]ရှင်ဖြစ်တော်မူသော နေမိမင်းမြတ်။ နာတော်မူဦးလော့။ ထိုငရဲသူတို့ကား လူဖြစ်သောအခါက နှုတ်အာဘော်ကြမ်းသော လူရမ်းကား တစေတို့ချည်းတည်း။ ထိုသူတို့သည် လူ့ပြည်၌ အမျိုးကောင်းသားသမီး ဖြစ်ကုန်သောသူတို့၏ အမျိုးစာရိတ္တဖြင့် ကောင်းစွာသဘောအကျင့်ရှိသည်ကို လည်းကောင်း၊ ပဉ္စင်္ဂ, အဋ္ဌင်္ဂစသော သီလအကျင့်တို့၌ ကောင်းစွာကျင့်ဆောက် တည်သည်ကို လည်းကောင်း၊ သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းခြင်း စသော ကုသိုလ်တရားတို့၌ မွေ့လျော်ပျော်ပါးသည်ကို လည်းကောင်း နာလိုခြင်း ရှုစိမ့်ခြင်းမရှိမူ၍၊ ထိုအလေ့အကျင့်ကောင်းကိုကျင့်ပါသော သူတော်ကောင်း အမျိုးသား, အမျိုးသမီးတို့အား ကိုယ်,စိတ် ချမ်းသာရာ မရအောင် ညှဉ်းဆဲခြင်း, စောင်းမြောင်းချုပ်ချယ်ခြင်းကို ပြုကုန်၏။ ထိုသို့ မိမိတို့၌ အကျင့်မရှိသည်ဖြစ်၍ ကောင်းစွာကျင့်ပါပေသော မိန်းမ, ယောကျာ်းတို့ကို ညှဉ်းဆဲချုပ်ချယ်လေ့ရှိကုန်သော မိန်းမ,ယောကျာ်းတို့သည် ဤ တစ်ကိုယ်လုံးတောက်လောင်သော သဖောတိငရဲ၌ ငရဲထိန်းတို့လက်မှမကွာ ဆင်းရဲကြီးစွာခံရသည် မှတ်တော်မူလော့"ဟု ပြန်ကြားပေ၏။

ဤသို့ထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းတို့သည် တရားကိုစောင့်ပေသော သူတော်ကောင်းတို့အား ကိုယ်အလိုနှင့် မပြုင်မိဟူ၍ ညှဉ်းဆဲချုပ်ချယ်ခြင်းကို မပြုသင့်ပေဟု မှတ်အပ်၏။

## ၉။ အင်္ဂါရကာသု ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် သဖောတိငရဲကိုကွယ်ခဲ့စေ၍ မီးကျီးတွင်းငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ဆင်းရဲကြီးစွာခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထိုအင်္ဂါရကာသု ငရဲ၌ကား နွားအပေါင်းကို ခြံသို့သွင်းသော နွားကျောင်းသားတို့ကဲ့သို့ ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်လောင်သော သန်လျက်, လှံမ, ချွန်းတောင်း, လှံတံ, ဆောက်ပုတ် လက်နက်မျိုးတို့ကို အသီးသီးစွဲကိုင်လျက် ငရဲသူအပေါင်းတို့ကိုဝန်းရံ၍ ထိုးခုတ်ရိုက်နှက်ခြင်းဖြင့် အလျှံပြောင်ပြောင်တောက်သော မီးကျီးတွင်း၌ ဆင်းကြစေ၍၊ ထိုမီးကျီးတွင်းငရဲ၌ ခါးနှစ်အောင်ခံရကုန်သော ငရဲသူတို့၏ဦးခေါင်းထက်သို့ ကြီးစွာသော သံခြင်းတောင်းဖြင့် မီးကျီးခဲကိုကျုံး၍ ငရဲထိန်းတို့သည် သွန်းလောင်းကုန်၏။ မိမိတို့ကြမ္မာကြောင့် အချို့သော ငရဲသူတို့သည် အလိုအလျောက်ပင်လျှင် မိမိတို့ဦးခေါင်းကို မီးကျီးစုထဲသို့ ထိုးသွင်းပွတ်မွှေရကုန်၏။ ထိုသို့သော ဆင်းရဲခြင်းဖြင့် ပြင်းစွာမြည်တမ်းလျက်ခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးမြင်လေသော်

www.burmeseclassic.com



ကိုယ်တိုင်ခံရ ဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်းရှိသည်ဖြစ်၍ မာတလိနတ်သားအား 'အင်္ဂါရကာသုံ အပရေ ဖုန္ဒိ' အစရှိသော ဂါထာဖြင့် မေးတော်မူ၏။ အဓိပ္ပာယ်ကား-

"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤငရဲသူတို့သည် အဘယ်မကောင်းမှု ကံတို့ကြောင့် ဤသို့သောဆင်းရဲခြင်းကို ခံရကုန်ဘိသနည်း"ဟု မေးတော်မူ၏။

ထိုအခါ နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သားသည် မိမိမြင်တိုင်း ကြားလို၍ 'ယေကေစိ ပူဂါယ နေသ ဟောတု' အစရှိသော ဂါထာဖြင့် ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

"မိထိလာပြည်ကြီးသခင် ဖြစ်တော်မူသော နေမိမင်းမြတ်။ ဤငရဲသူတို့ကား လူ့ပြည်၌ လူဖြစ်သော အခါက စကားခေါ် အပေါ်လှုံနှင့် အကောက်ကြံတတ်သောသူ နှင်နှင်တို့ချည်းတည်း။ ထိုသူတို့သည် မိမိတို့ အမျိုးအဆွေ မိတ်သဟာယအပေါင်းတို့အားညီညွတ်၍ 'ဤမည်သောပုဂ္ဂိုလ်တို့အား ဤမည်သောအလှူကို လှူဒါန်းပူဇော်ရသော် ကောင်း၏။ ဤမျှလောက်သော ဥစ္စာကုန်အောင် ကျောင်းဆောက်၍ လှူရသော်ကောင်း၏။ ဆောက်လုပ်လှူဒါန်းပူဇော်ရန် အားနှင့်တန်သမျှ ပစ္စည်းဥစ္စာ ထုတ်ကြကုန်၏။ ငါ ကြပ်မတ်လုံ့လပြု၍ ဆောင်ရွက်အံ့'ဟု စုဆောင်းပေါင်းဆုံစေပြီးလျှင် ထိုဥစ္စာရပ်တို့ကို အလိုရှိတိုင်းသုံးစား၍ လျော့ပါးကုန် ပျောက်ပြီးမှ အလှူခံပုဂ္ဂိုလ် ဂိုဏ်းအကြီးတို့ထံ တံစိုးထိုးသဖြင့် 'ထိုသူ ဤအရပ်၌ ဤမျှလောက် လှူ၏ဟု ဆိုပါကုန်'ဟု နှုတ်သွင်းပြီးသော် အနည်းငယ်မျှသာလှူ၍၊ နောင် သူတစ်ပါးတို့ မေးသောအခါ ထို စဉ်းလဲစဉ်းစားဖြစ်သော အလှူခံကို သက်သေတည်လျက် ထိုထိုသို့သော ဥစ္စာရပ်တို့ကို အကျိုးမဲ့ ဖျက်ဆီးသုံးဆောင်ခြင်းမကောင်းမှုဖြင့် လူ့လက်ထက်က အလိမ္မာလွန်သောကြောင့် ယခု ငရဲထိန်းကျွန် ဖြစ်ရချေသည်။ မှတ်တော်မူလော့"ဟု ပြန်ကြားပေ၏။

[ဤကိုထောက်၍ ငရဲအေားကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် စကားနှင့်အမှုသွား ၂ပါးဖြောင့်မတ်ကြောင်း ကောင်းစွာလုံ့လပြုရာ၏။ စကားပင် ထောင်လွှားချွတ်ယွင်းသော်လည်း အမှုဖြောင့်စင်းလျှင် မထောင်းတာ။ မာယာအလိမ္မာကြောင့် သစ္စာမချွတ်အောင်စောင့်သော်လည်း အမှုမဖြောင့်လျှင် အပါယ်ရွာမှ လွတ်သာခဲချေ၏ဟု မှတ်အပ်၏။]

## ၁၀။ လောဟကုမ္ဘီ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် အင်္ဂါရကာသု ငရဲကို ကွယ်ခဲ့စေ၍ သံအိုးကင်းငရဲသို့ ရှေးရှုနှင် ပြန်သဖြင့် ဆင်းရဲဝေဒနာ ပြင်းစွာခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို လောဟကုမ္ဘိငရဲ၌ကား တောင်ကြီးပမာဏရှိသော သံအိုးကင်း၌ အလျှံတပြောင်ပြောင်တောက်သော သံရည်တို့သည် အပြည့်အလျှံ ကမ္ဘာပတ်လုံး တည်ကုန်၏။ ထို ငရဲအိုးအနီး၌နေကုန်သော ငရဲထိန်းတို့သည် ငရဲသူတို့ကို ခြေကကိုင်၍ ဦးခေါင်းဖောက်ထိုး သံရည်အိုးသို့ချလိုက်သဖြင့် ငရဲသူတို့သည် မြည်တမ်းလျက် အခါရှေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲကြီးစွာ ပေါ်တုံမြုပ်တုံ ခံရကုန်၏။ ဤသို့သော ငရဲသူတို့၏ဆင်းရဲခြင်းကို နေမိမင်းကြီးမြင်လေသော် ကိုယ်တိုင်ခံရဘိ သကဲ့သို့ အလွန်ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍၊ မာတလိနတ်သားအား 'သဇောတိဘူတာ ဖလိတာပဒိတ္တာ' အစရှိသောဂါထာဖြင့် မေးတော်မူ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား၊ ဤ ကြီးစွာသော သံအိုးကင်းငရဲ သံရည်ထဲ၌ ဆင်းရဲပြင်းစွာခံရကုန်သော ငရဲသူတို့ကား အဘယ်မကောင်းမှုကို ပြုခဲ့ဖူးသောကြောင့် ဤသို့သော ဆင်းရဲကိုခံနေရသနည်း"ဟု မေးတော်မူ၏။ ထိုအခါ မာတလိနတ်သားသည် နတ်မျက်စိဖြင့် သိမြင်တိုင်း နေမိမင်းကြီးအား လျှောက်ကြားလို၍ 'ယေ သီလဝန္တံ သမဏံ ဗြာဟ္မဏံဝါ' အစရှိသော ဂါထာတို့ဖြင့် ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ်တိုင်းကြီးသခင် အရှင်မင်းမြတ်၊ ဤငရဲသူတို့သည် ရှေးဘဝ လူဖြစ်သောအခါက လူဆိုးလူကြမ်း တစေတို့ချည်းတည်း။ အကျင့်သီလ အာစာရနှင့်ပြည့်စုံကုန်သော ရဟန်းပုဏ္ဏားတို့အား ဆဲရေးသတ်ပုတ် ချုပ်ချယ်စောင်းမြောင်း မကောင်းသောအမျက်ဖြင့် နှိပ်စက်ဖူးကုန်၏။ ထိုသို့ နှိပ်စက်ခဲ့ဖူးသော မကောင်းမှုကြောင့် ဤသို့ သံအိုးကင်းငရဲ၌ ထိုသို့သောဆင်းရဲကို ခံရလေသည် မှတ်တော်မူလော့"ဟု ပြန်ကြားလျှောက်တင်လေ၏။

[ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် ရဟန်းသဃာ အစရှိကုန်သော သီလဝန္တပုဂ္ဂိုလ်တို့၌ ချွတ်ယွင်းသောအမှု တစ်စွန်းတစ်စပင်ရှိသော်လည်း အမျက်မဝင်မူ၍ ပြည့်စုံသောသီလကိုသာလျှင် ဆင်ခြင်မြော်ချင့်လျက် ကြည်ညိုခွင့်လမ်းရှာ၍ သဒ္ဓါမေတ္တာ မပျက်အပ်ချေဟု မှတ်အပ်၏။]

## ၁၁။ ဒုတိယ လောဟကုမ္ဘိ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် ပထမ လောဟကုမ္ဘီငရဲကို ကွယ်စေ၍ ဒုတိယသံအိုးကင်းငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ဒုက္ခကြီးစွာခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို ဒုတိယ လောဟကုမ္ဘီငရဲ၌ကား ငရဲထိန်းတို့သည် ၃ ဂါဝုတ်ခန့် ကြီးသောကိုယ်ရှိသော ငရဲသူတို့ကို ရဲရဲတောက်သော သံကြိုးဖြင့် လည်၌ ဦးစောက်ကွေး၍ ရစ်စည်းတုပ်နှောင်ပြီးလျှင် သံအိုးကင်း၌ အလျှံရဲရဲညီးသော သံရည်ထဲသို့ ပစ်ချတွန်းထိုးလိုက်ကုန်၏။ အချို့သော ငရဲသူတို့ကိုလည်း တစ်ယောက်လည်နှင့် တစ်ယောက်လည်တွဲပူး၍ သံကြိုးဖြင့် ရစ်စည်းဂုပ်နှောင်ရိုက်ပုတ်လျက် သံအိုးကင်းထဲသို့ ပစ်ချလိုက်ကုန်၏။ ထိုငရဲသူတို့သည် ဤသို့ တပြောင်းပြန်ပြန် ပျက်တုံဖြစ်တုံ ကြီးစွာသောဆင်းရဲဒုက္ခတို့ကို ခံရကုန်၏။ ထို သံအိုးကင်းငရဲ၌ ဤသို့



www.burmeseclassic.com

တပြောင်းပြန်ပြန် ပျက်တဲ့ဖြစ်တဲ့ ဆင်းရဲကြီးစွာခံကြရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးမြင်လေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန့်ကြောက်လန့်ခြင်း ရှိသည်ဖြစ်၍ မာတလိနတ်သားအား ရှေးနည်းအတူလျှင် ထိုသူတို့၏ မကောင်းမှုကို မေးမြန်၏။

ထိုအခါ မာတလိနတ်သားသည် သိမြင်တိုင်း ငရဲသူတို့၏မကောင်းမှုကို ကြားလျှောက်လို၍ 'ယေ ဗိဝလောကသ္မိံ သုပါပဓမ္မိနော' အစရှိသော ဂါထာဖြင့်ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"အရပ် ၁၀ မျက်နှာတို့၏သခင် ဖြစ်တော်မူသော အရှင်နေမိမင်းမြတ်။ နာတော်မူလော့။ ဤ သံအိုးကင်းငရဲ၌ခံရကုန်သော ငရဲသူတို့သည် လူဖြစ်သောအခါက ငှက်ခတ်မုဆိုး တစေတို့ချည်းတည်း။ ထိုသူတို့သည် ချိုး, ခါ, နို, ကြက် စသောငှက်တို့ကို လည်၌ ရစ်စည်းသွစ်လိမ် ချိုးဖဲ့ရိုက်နှက်၍ အသက်ဆုံးစေလျက် စားမှုလည်း စားဖူးကြကုန်၏၊ ဈေး၌ရောင်းမှုလည်း ရောင်းဖူးကြကုန်၏။ ထိုသို့သော မကောင်းမှုတို့ကြောင့် ဤ သံအိုးကင်းသံရည်ထဲ၌ သံကြိုးဖြင့် ရစ်စည်းဆွဲငင် ပစ်ချခြင်းဆင်းရဲကို ခံရလေသည် မှတ်တော်မူလော့"ဟု ကြားလျှောက်လေ၏။

[ဤကိုထောက်၍ ငရဲအားကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် ရှေး၌လွန်ကြူးမိဖလေသော်လည်း စိုးရိမ်ပင်ပန်းခြင်းကိုလည်း မဖြစ်စေရ၊ အာစိဏ္ဏပြု၍လည်း ထိုမကောင်းမှုကို မပွားများစေရဘဲ 'ငါကား အလွန်မိုက်၏။ သုံးဆောင်သောအခါကား အများနှင့်ဆက်ဆံ၏။ အပြစ်ရောက်သော အခါကား ငါတစ်ယောက်တည်းသာတည်း။ ထိုအပြစ်ကား အလွန်ဝန်လေးစွ။ ထိုအပြစ်ဝန်ကို ရှောင်ကြဉ်ခြင်း သီလသည်သာလျှင် ချနိုင်ရာ၏'ဟု အသင့်နှလုံးသွင်း၍ ပြုအပ်ပြီးသောမကောင်းမှုမှ ဆေးစေခြင်းငှာ အလှူ,သီလ စသော ကုသိုလ်တရားတို့ကိုအားထုတ်ခြင်း၊ အသက်ရှိသမျှသော သတ္တဝါတို့အား သနားခြင်းတည်း ဟူသော သုစရိုက်တို့၌သာလျှင် စိတ်ကို မွေ့လျော်ကုန်စေရာသတည်း။]

## ၁၂။ တပေါဒါနဒီ ဥဿဒရက် ငရဲခန်း

ထိုငရဲကို ပြပြီးလျှင် မာတလိနတ်သားသည် ဒုတိယလောဟကုမ္ဘီငရဲကို ကွယ်စေပြီး၍ ပြာပူမြစ်ငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ပြင်းစွာပင်ပန်းကုန်သောငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို တပေါဒါမြစ်ကား အလျှံတပြောင်ပြောင်တောက်သော သံမြေ၏အနီး၌ စီး၏။ နှစ်လိုမွေ့လျော်ဖွယ်ရှိသော သဲပြင်ဆိပ်ကမ်း၌ မြချမ်းအေးကြည်သော ရေ၏အရောင် ရှိ၏။ ထိုမြစ်အနီး၌ သံမြေတွင်နင်းသွားလျက် ခံရကုန်သောငရဲသူတို့သည် ပူစွာသောမီးအရှိန်ဖြင့် ရေသိပ်ခြင်း ပြင်းစွာရှိ၏။ ဤ အလျှံတပြောင်ပြောင်တောက်သော သံမြေအပြင်ကို နင်းသွားလျက် ထိုမြစ်သို့ ဆင်းသက်ကုန်လတ်သော် မြစ်ဆိပ်ကမ်းအပြင်တို့သည် အလျှံရဲရဲ တောက်လတ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေအပေါင်းတို့သည်လည်း ရဲရဲတောက်သောပြာပူတို့သာလျှင် ဖြစ်ကုန်၏။ ငရဲသူတို့သည် ရေငတ်ခြင်း ပြင်းစွာနှိပ်စက်ခြင်းကြောင့် ထိုပြာပူကိုပင်လျှင် ရေငတ်ပြေအံ့ထင်၍ သောက်ကြကုန်သဖြင့် နှုတ်ခမ်း, အာခေါက်, လည်ချောင်း, ရင်, နှလုံးသည်းပွတ်, အူသိမ်, အူမတို့ကိုလောင်လျက် ထိုပြာပူတို့သည် အစာဟောင်းထွက်ရာ တံခါးဖြင့် ထွက်လေကုန်သည်ကို သည်းမခံနိုင်သည်ဖြစ်၍ ငရဲသူတို့သည် လက် ၂ ဘက်ကို ထိပ်ထက် မြှောက်ချီလျက် စီစီညံညံ ပူပန်ပြင်းပြစွာ မြည်တမ်းကြကုန်၏။

ထိုသို့ ပြင်းပြစွာခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးမြင်တော်မူလေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ ပြင်းပြစွာထိတ်လန့်ခြင်းရှိသည်ဖြစ်၍ မာတလိနတ်သားအား ရှေးနည်းအတူပင်လျှင် ထိုသူတို့၏မကောင်းမှုကို မေးပြန်၏။

ထိုအခါ မာတလိနတ်သားသည်လည်း ရှေးနည်းအတူပင်လျှင် နတ်မျက်စိဖြင့် သိမြင်တိုင်း ပြန်ကြားလို၍ 'ယေ သုဒ္ဓေညံ ပလာသေန မိဿံ' အစရှိသော ဂါထာဖြင့် ကြားလျှောက်လေ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

"မင်းကျင့်တရား၌ မွေ့လျော်တော်မူသော မင်းမြတ်။ နာတော်မူဦးလော့။ ထိုငရဲသူတို့ကား လူဖြစ်သော အခါက စပါးကုန်သည် လူလုည့်စား တစေတို့ချည်းတည်း။ ထိုသူတို့သည် သလေးစပါး, နတ်ကောက်စပါး, မုယောစပါး, လူး, ဆပ်, ပြောင်း, ပဲ, စပါးမျိုး ၇ပါးတို့တွင် တစ်ခုခုကိုရောင်းသောအခါ ဖွဲ့,အဖျင်း,နံ့ညှာမပါ အစင်အကြွယ်စပါးကို ဘန်းပြလျက် "ဤစပါး ဤအဖိုးဖြတ်"ဆို၍ အတိုးခံပြီးလျှင် ပေးသောအခါ စဉ်းလဲစဉ်းစားပြု၍ နံ့ရိုးနံ့ညှာ, ဖွဲ့, အဖျင်း, ကျောက်စရစ်, သဲမြေမှုန့်, ဆီးသီး, ဆီးဆော့ စသည်တို့ကိုရောနှော ခုခံသဖြင့် လည်းကောင်း၊ တောင်းငယ်, တောင်းကြီး ချေးနှီးရောင်းစားဆော် အငယ်ဝယ် သွင်းသိမ်းခံသော် အကြီး တစ်ပြန်စီး ပြုသဖြင့် လည်းကောင်း၊ ရောင်းခြင်း, ဝယ်ခြင်းတို့ကိုပြုလျက် မကောင်းမှုတို့ကို အခါမပြတ်ပွားစေ၏။ ထိုသို့ မကောင်းမှုကြောင့် ဤသို့သောငရဲဆင်းရဲကို ခံရသည် မှတ်တော်မူလော့"ဟု ကြားလျှောက်လေ၏။

[ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော အမျိုးသားတို့သည် ချိန်စဉ်းလဲ, တောင်းစဉ်းလဲ, အသပြာစဉ်းလဲတို့ကို မပြုမူ၍၊ 'ဤသို့ပြုမှသာ ငါတို့ ဥစ္စာရတတ်မည်မဟုတ်'ဟု တစ်သက်လျာမျှတွင် ဝမ်းဝမည်ကို မရေတွက်ဘဲ အသင့်နှလုံးသွင်းလျက် ရိုးဖြောင့်မှန်ကန်စွာ တရားသဖြင့်ရှာ၍သာ အသက်မွေးရာသည်ဟု မှတ်အပ်၏။]

## ၁၃။ သတ္တိဟတ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် ပြာပူမြစ်ငရဲကို ကွယ်စေပြီး၍ လက်နက်ငရဲကို ရှေးရှုနှင်ပြန် သဖြင့် ပြင်းစွာမြည်တမ်းလျက် ဆင်းရဲခံရကုန်သောငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ သတ္တိဟတ ငရဲ၌ကား စိုင်, သမင် သားဟင်းမျိုးတို့ကိုဖမ်းမိသော တောမုဆိုးကဲ့သို့ အလွန်ကြမ်းခက်ကုန်သော ငရဲထိန်းတို့သည် လှံ, သန်လျက်, ခက်ရင်း, ချွန်းတောင်း အစရှိသောလက်နက်တို့ကို စွဲကိုင်ကုန်လျက် အလျှံပြောင်ပြောင် တောက်သော သံမြေ၌ ငရဲသူတို့ကိုဝန်းရံကုန်၍ သန်လျက်ဖြင့် အပိုင်းအပိုင်းဖြတ်ခြင်း၊ လှံမဖြင့် နံပါးတစ်ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



နံပါးတစ်ဘက်သို့ပေါက်အောင် ဖက်ရွက်ခြောက်ကိုသိသကဲ့သို့ တစ်စည်းတည်းတွန်းလှဲ၍ ထိုးဆွခြင်း၊ ချွန်းတောင်း, လှံမ, ခက်ရင်းတို့ဖြင့် ချိတ်ငင်တွန်းနှိပ်ခြင်း၊ ရိုက်နှက်ညှဉ်းဆဲခြင်းတို့ကို ပြုကုန်၏။ ထိုသို့ လက်နက်တို့ဖြင့် နှိပ်စက်လျက် ခံရကုန်သောငရဲသူတို့ကို နေမိမင်းကြီးမြင်တော်မူလေသော် ကိုယ်တိုင် ခံရဘိသကဲ့သို့ ပြင်းစွာတုန်လှုပ်သောနှလုံး ရှိတော်မူသည်ဖြစ်၍၊ ရှေးနည်းအတူလျှင် မာတလိနတ်သားအား ထိုငရဲသူတို့၏ မကောင်းမှုကို မေးပြန်၍ မာတလိနတ်သားလည်း မိမိမြင်သည့်အတိုင်းလျှောက်ကြားလို၍ 'ယေ ဗိဝလောကသ္မိံ သာဓုဓမ္မိနော' အစရှိသော ဂါထာဖြင့် ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"လူတို့သေဉ္စနင်း မင်းဖြစ်တော်မူသော နေမိမင်းကြီး။ ထိုငရဲသူတို့ကား ရှေးလူဖြစ်သောအခါက ဓားပြ, သူခိုး, အဆိုးအသွမ်း တစေတို့ချည်းတည်း။ ထိုသူတို့သည် သူတစ်ပါးတို့၏ သက်ရှိသက်မဲ့ဥစ္စာတို့ကို အိမ်,ခြံစပ်,နံရံ စသည်တို့ကိုဖောက်၍ ခိုးခြင်း၊ မတရား မင်းစေတိုက်၍ခိုးခြင်း၊ အနိုင်အထက် လုယက်၍ခိုးခြင်း၊ စဉ်းလဲစဉ်းလှည့်ပတ်၍ ခိုးခြင်း စသည်တို့ဖြင့် ရွှေ, ငွေ, ရတနာ, စပါး, ဆန်, ရေ, ဥယျာဉ်, လယ်ယာ အစရှိသော သက်မဲ့ဥစ္စာ၊ ဆင်, မြင်း, ကျွဲ, နွား, ဆိတ်, ဝက်, ကြက်, ခွေး, ဝမ်းဘဲ အစရှိသော သက်ရှိဥစ္စာတို့ကို ခိုးယူ၍သာလျှင် အသက်မွေးမှုကုန်၏။ ထိုသို့သောမကောင်းမှုတို့ကြောင့် ဤငရဲသူတို့သည် အလျှံပြောင်ပြောင် တောက်သော သံမြေအပြင်၌ ပြေးရာမမြင် လှင်တံ, သန်လျက်, ခက်ရင်း, လှံမတို့ဖြင့် ထိုးဆွခုတ်သတ် ဖြတ်ပိုင်းပေါက်ဆိတ်လျက် ဤသို့သောဆင်းရဲကြီးကို နှစ်လရှည်စွာ ခံရလေသည် မှတ်တော်မူလော့"ဟု ကြားလျှောက်ပေ၏။

[ဤကိုထောက်၍ ငရဲအားကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်း လုယက်ခြင်း စသည်ဖြင့် ထင်ရှားသော ခိုးခြင်း, လှည့်ပတ်ခြင်းစသည်ဖြင့် မထင်ရှားသောခိုးခြင်းတို့ကို ဓမ္မရာဇ်မင်း, ယမမင်း ၂ပါးတို့၏အာဏာကိုထောက်၍ ကြောက်ရွံ့ကြဉ်ရှောင်ကုန်ရာ၏။]

## ၁၄။ သူနာပထ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် သတ္တိဟတငရဲကိုကွယ်စေပြီး၍ အသားစုငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ပြင်းစွာပင်ပန်းကုန်သောငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထိုအခါ ဆင်းရဲခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးမြင်လေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ ထိတ်လန့်သောနှလုံး ရှိတော်မူသဖြင့် မာတလိနတ်သားအား မေးတော်မူလို၍ 'ဂိဝါယ ဗန္ဓာ ကိဿ ဣမေ ပုနေကေ' အစရှိသော ဂါထာဖြင့် ဆိုတော်မူ၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤငရဲ၌လည်း တစ်ကွဲတစ်သွယ် ကြောက်မက်ဖွယ် ခြိမ်းခြောက်လျက် ငရဲထိန်းတို့၏အဆင်းအသွင်လည်း မြင်၍မျှမကောင်း၊ သံကြိုးကရိုးရိုးရဲရဲ မီးခဲအရှိန်ကလည်း တထိန်ထိန်တလျှံလျှံတောက်လျက် ဆောက်ပုတ်, ခက်ရင်း, လှင်တံ, လှံ, သန်လျက် အစရှိသောလက်နက်တို့ကို စွဲကိုင်လျက် ငရဲသူတို့လည်ကို ချည်နှောင်ဆွဲငင် စီရင်ခတ်ပုတ် ထိုးခုတ်ကွပ်မျက် လက်နက်ကစားခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းညီးသောသံမြေတွင် မသေမရှင် တပင်ရှားရှား ခံရက်များရှိပါပြီ။ ဤ ငရဲထိန်းအပေါင်းတို့ ကောင်းစိတ်မဝင် နှိပ်စက်ချင်ခြင်း မပြေတုံဘဲ ငရဲသူများအသားကို ငါးဈေး သားဈေးတည်သကဲ့သို့ အဖို့ဖို့အစုစုပြု၍ ခင်းကျင်းတုံပြန် တစ်ဖန် ရှေးနည်းအတူ လည်းကောင်း။ ဦးခေါင်း,ကိုယ်သဏ္ဌာန် ဖြစ်တုံပျက်တုံပြန် အကြိမ်ကြိမ်ခံ၍မပြီး ကြီးစွာသောဆင်းရဲမှာ မြင့်မြစွာ ခံနေရလေဟန်တကား။ ထိုငရဲသူတို့သည်ကား။ အဘယ်သို့သော မကောင်းမှုကို ပြုဖူးကြလေသနည်း။ သိမြင်တိုင်း သင် လျှောက်ထားဦးလော့"ဟု မေးတော်မူ၏။

ထိုအခါ နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သားသည် ထိုငရဲသူတို့၏ ရှေး၌ပြုခဲ့ဖူးသောမကောင်းမှုကို နေမိမင်းကြီးအား လျှောက်ထားလို၍ 'ဩရဗ္ဘိကာ သူကရိကာ စ မစ္ဆိကာ' အစရှိသောဂါထာဖြင့် ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော အရှင်နေမိမင်းကြီး။ ထိုငရဲသူတို့ သည်ကား ရှေးလူဖြစ်သော အခါက တံငါ, သားထိုး, လူဆိုး, လူကြမ်း တစေချည်းတည်း။ ထိုသူတို့သည် ဆိတ်, ဝက် ကျွဲ, နွား, ဆိတ်ကုလား, ဆိတ်မြန်မာတို့ကို သတ်၍လည်းကောင်း၊ ကွန်ပိုက်, မြုံး, မျှားစသည်တို့ဖြင့် ငါးတို့ကို သတ်၍လည်းကောင်း ထို တံငါသားထိုးတို့နှင့် သဟာယမိတ်ခင်ပွန်းပြုလျက် ထိုးမှုသတ်မှုတို့၌ အစုခံဝင်စား၍ အားပေးသဖြင့် လည်းကောင်း၊ ရအပ်သော သားကောင်, ငါးကောင်, သားတစ်, ငါးတစ်တို့ကို ဈေးကနားတို့၌ ဖောက်ကားကျင်းပလျက် အသက်မွေးဖူးသော မိမိတို့အကုသိုလ်သည် ထိုနှင့်တူစွာပြု၍ ယခု ငရဲ၌ ဆင်းရဲကြီးစွာ ထိုငရဲသူတို့ ခံရကုန်သည် မှတ်တော်မူလော့"ဟု လျှောက်ကြားပေ၏။

[ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းတို့သည် ရှေး၌ ထိုသို့သောအမှုကို ပြုမိကျင့်မိလေသော်လည်း ပသဝေတွာ ဟူသောဝိသေသနဖြင့်ပြသောကြောင့် အာစိဏ္ဏပြု၍ ထိုမကောင်းမှုကို အဖန်တလဲလဲ ပွားစေသောသူသည်သာလျှင် သေသည်၏အခြားမဲ့၌ ထိုသို့သောဆင်းရဲသည် ဖြစ်ရာ၏။ ထိုအကုသိုလ်ကို အာစိဏ္ဏမပြုဘဲ 'ငါကား ယုတ်မာသောအမှုကို ပြုမိ၏။ ဤသို့သောမကောင်းမှုကို နောင် မပြုပြီ။ ပြုပြီးသည်ကိုလည်း ဤသို့သောအလှူသီတင်းဖြင့် ကင်းစေကွာစေ ပျောက်စေအံ့'ဟု အသင့် နှလုံးသွင်း၍ သတ္တဝါတို့အား သနားခြင်း, အလှူပေးခြင်း, သီလဆောက်တည်ခြင်း စသည်တို့ကိုပြုလျှင် ထို အကုသိုလ်သည် ဂရုကံမဟုတ်ခြင်းကြောင့် ဝေးစွာရှုံသဖြင့် အပါယ်ငရဲမှလွတ်၍ ဖွပ်လျှော်ပြီးသောပုဆိုးဖြူကဲ့သို့ သူတော်ကောင်းစင်စစ် ဖြစ်လေရာ၏။ ထိုကြောင့် ပဋ္ဌာန်းဒေသနာတော်၌ 'အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော ပါဏံ ဟန္တွာ တဿ ပဋိဃာတာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ' အစရှိသည်ဖြင့် အကုသိုလ်ကိုအမှီပြု၍ ကုသိုလ်ဖြစ်ကြောင်းကို ဟောတော်မူပေ၏။ အကုသလော၊ မကောင်းမှုဖြစ်သော။ ဓမ္မော၊ သူ့အသက်ကို သတ်ခြင်းအစရှိသော တရားသည်။ ကုသလဿ၊ ကောင်းမှုဖြစ်သော။ ဓမ္မဿ၊ အလှူပေးခြင်းအစရှိသော တရားအား။ ဥပနိဿယ ပစ္စယေန၊ အကြောင်းရင်း သတ္တိဖြင့်။ ပစ္စယော၊ ထောက်ပံ့တတ်သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ပါဏံ၊ သူ့အသက်ကို။ ဟန္တွာ၊ သတ်ပြီး၍။ ဝါ၊ သတ်မိသောကြောင့်၊ တဿ၊ ထို ပါဏာတိပါတကံကို။ ပဋိဃာတာယ၊ ဆို့ပိတ်ထားဆီး အနိုးမချဉ်းစေခြင်းငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ ပဉ္စင်္ဂသီလ, အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလကို။ အမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်အဋ္ဌင်္ဂသီလကို။ ကရောတိ၊ ပြု၏။ ဤသည်ကား ပဋ္ဌာန်းဒေသနာတော်မြတ် ပါဠိ၏အနက်တည်း။]



www.burmeseclassic.com

## ၁၅။ မုဏ္ဍကရီသ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် သုနာပဏာငရဲကိုကွယ်စေပြီး၍ ကျင်ကြီးကျင်ငယ်တွင်း ငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ကြောက်မက်ရွံရှာဖွယ်ခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြပေ၏။ ထို ငရဲသူတို့ကို မြင်တော်မူလေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်တော်မူသည်ဖြစ်၍ မာတလိနတ်သားအား ‘ရဟာဒေါ အယံ မုဏ္ဍကရီသပူရော’ အစရှိသော ဂါထာဖြင့် မေးတော်မူ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

“နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤငရဲလည်း တစ်သွယ် ကျင်ငယ်ကျင်ကြီး နိုးနှောဆက်ဆံ နံစော်သိုးပုပ် စက်ဆုပ်ဖွယ်အနံ့ အခန့်မတန် အလျှံအမိုး တခြောင်းခြောင်းနှင့် တလှောင်းလှောင်းလှိုင်လျက် တစ်အိုင်လုံးပြည့်သော မစင်ရည်မစင်ဖတ်တို့ကို ငတ်ငတ်မွတ်မွတ် ဝိုက်နမ်းကိုင်ဆုပ်၍ အလုတ်အလွေး အထွေးအလိပ် သိပ်သွင်းစားသောက်ကြဘိ၏။ မိမိတို့အစာကား ရွံစရာလိလိ အရိအစွဲနှင့် ရဲရဲ ညီးညီး မီးလျှံတထိန်ထိန်ကိုပင် အမြိန်အယှက် နှစ်သက်မြတ်နိုးစွာပြု၍ ယခုခံကြရကုန်သော ထိုငရဲသူတို့သည် အဘယ်မည်သောမကောင်းမှုကို ပြုခဲ့မိကြလေသနည်း။ မသေနိုင်မရှင်ကောင်း ရှေးအကြောင်း အကုသိုလ်ကံကြီးဟန် ရှိခဲ့၏။ သိမြင်သည့်အတိုင်း ငါ့အား သင် ကြားလျှောက်ပါလော့”ဟုဆို၏။

ထိုအခါ မာတလိနတ်သားသည် ထိုငရဲသူတို့၏မကောင်းမှုကို ပြန်ကြားလို၍ ‘ယေကေစိမေ ကာရဏိကာ ဝိရောသကာ’ အစရှိသော ဂါထာဖြင့်ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

“လူတို့သေဋ္ဌနင်း နေမိမင်းမြတ်။ ထိုငရဲသူတို့ကား လူဖြစ်သောအခါက ထောင်မှူး၊ လက်မရွံ့၊ မင်းဒဏ်သင့်အမျိုး၊ လူဆိုး၊ လူကြမ်း တစေတို့ချည်းတည်း။ ထိုသူတို့သည် တစ်နေ့မပြတ် သတ်ခုတ် ညှဉ်းဆဲရအံ့သော အခွင့်ကိုသာရှာလျက်၊ ရာဇဒဏ်ရာဇဝတ် မလွတ်အံ့ယောင် အမှုရိပ်ထင်လျှင် ချစ်ခင်သသူ၊ ဂုဏ်ကျေးဖူးအထူး ရှိဖူးပေသသူ ဟူ၍မရွေး၊ အမှုသေးကို အမှုလေးပြုလျက် တစ်ခုသောအပြစ်ဒဏ်ဖို့မျှ မငြိမတွယ် စင်ကြယ်သောသူတော်ကောင်းတို့ကို ယိုးစွပ်ယုတ်မာ အပြစ်ရှာခြင်း။ အခါအကြောင်းမဲ့၌ မိတ်ဖွဲ့သော အားဖြင့် သူ့အစား၊သူ့အဝတ်နှင့် မကင်းဘဲလျက်လည်း အခင်းပေါ်ထွက်လျက် လက်ဆောင်တံစိုးကိုငဲ့၍ မထီမဲ့မြင် မခင်မကျွမ်းပြုခြင်း တည်းဟူသော ခင်ပွန်းပြစ်မှားခြင်း မကောင်းမှုကိုသာလျှင် အခါလေးမြင့်စွာ ပွားစေခဲ့ သောကြောင့် ဤမုဏ္ဍကရီသငရဲ၌ သံတွေခဲကဲ့သို့ပူလောင်လျက် ထက်စွာသောသင်မှန်းသွားမမာ လျှာ, အာ, လည်ချောင်း, ထောင်းထောင်းပြတ်စုတ်၍ ပုပ်နံ့စွာအနံ့ရှိသော ကျင်ကြီး, ကျင်ငယ်တို့ကိုစားလျက် ထွက်သွားမပိုင် ထိုအိုင်ထဲ၌ တလူးလဲလဲခံရကုန်သည် မှတ်တော်မူလော့”ဟု လျှောက်ကြားလေ၏။

[ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် သူတစ်ပါးတို့အား အပြစ်ရှာ၍ လုပ်စာစားခြင်း, ကျေးဇူးရှိပေဖူးသောအဆွေခင်ပွန်းကောင်းတို့အား ပြစ်မှားခြင်းကို မပြုမူ၍ မေတ္တာ ကရုဏာနှင့် ပြည့်စုံစွာ ကတညုတကတဝေဒီ တရားတို့ကိုသာ အခါမပြတ် ပွားစေရာသည်ဟု မှတ်အပ်၏။]

www.burmeseclassic.com



## ၁၆။ လောဟိတပုဗ္ဗ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် မုဏ္ဍကရီသငရဲကိုကွယ်စေပြီး၍ သွေးပြည်တွင်းငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ကြောက်မက်ရွံရှာဖွယ် ခံရကုန်သောငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို ငရဲသူတို့ကို နေမိမင်းကြီး မြင်တော်မူလေသော် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ မာတလိနတ်သားအား 'ရုဟာဒေါ်အယ် လောဟိတပုဗ္ဗပူရော' အစရှိသောဂါထာဖြင့် မေးတော်မူပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ကြောက်မက်ဖွယ်လိလိ ရွံရှာဖွယ် ဤဝယ်လည်းတစ်မျိုး အလှုံအခိုးနှင့် ပုပ်သိုးညှီဟောက် တောက်အဲ့နံစော်သော အနံ့လှောင်းလျက် မကောင်းသဖြင့် အိုင်လုံးပြည့်သော သွေးပြည်အရှိအရွဲတို့ကို ဆွဲကာဆုပ်ကာ တွေ့ရာမရွေး အလွေးအလုတ် နှုတ်မဆုံနိုင်အောင်ငုံ၍ စုံစုံမက်မက် လျက်ကြစားကြ သောက်ကြတုန်တုန် မကုန်မခန်းနိုင်၊ ထိုအိုင်၌ အဖန်တလဲလဲ ဆင်းရဲကြီးစွာခံရကုန်သော ဤငရဲသူတို့သည်ကား အဘယ်မကောင်းမှုကို ပြုခဲ့ဖူးသနည်း"ဟု မေးတော်မူ၏။

ထိုအခါ မာတလိနတ်သားသည် သိမြင်သည်အတိုင်း လျှောက်ကြားလို၍ 'ယေ မာတရံဝါ ပိတရံဝါ ဇီဝလောကေ' အစရှိသော ဂါထာဖြင့် ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းမြတ်။ နာတော်မူဦးလော့။ ထိုငရဲသူတို့သည် ရှေးလူဖြစ်သောအခါက သာသနာတော်တွင်း၌ ရဟန်းမပြုဘဲလျက် လူပါရာဇိက ရှုံးစုကျသော ပါပကာရီ နှင်နှင်ချည်းတည်း။ ထိုသူတို့တွင် အချို့ကား သူတစ်ပါးတို့၏ အမွေးအကျွေး အပြုအစုနှင့်သာ အသက်ရှည်ခြင်းငှာ ထိုက်လေပြီးသော သက်အိုရွယ်ကြီးအမိကို မယား၏နှောင့်ယှက်ခြင်း စသည်တို့ကြောင့် ဖောက်ပြန်သောစိတ်ဝင်၍ မခင်မလေး မွေးတုံ့မပြု ရန်သူ့နှလုံးဖြင့် အသက်ဆုံးအောင် သတ်ညှဉ်းဆဲခဲ့ဖူး၏။ အချို့ကား ထို့အတူ အိုလေပြီးသောအဖကို, အချို့ကား မြတ်စွာဘုရား သာသနာတော်၌ကြိမ်၍ လူဖြစ်ပါတုံလျက် ဂုဏ်အထူးနှင့် ပြည့်စုံသော ရဟန္တာအရိယာသံဃာတော်တို့ကို အရှိအသေမပြု တစ်စုစုသောအခွင့်ဖြင့် နှောင့်ယှက်၍ အမျက်နိုင်သို့ လိုက်သဖြင့် ရိုက်ပုတ်သတ်နက်ခြင်း အသက်အန္တရာယ်ကို ပြုခဲ့ဖူးကုန်၏။ ထိုသို့ပြုခဲ့ဖူးကုန်သော မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတကဖြစ်သော သူယုတ်တို့သည် မသေမီကပင် ထိုမကောင်းမှုကို ပြုသည်၏ အခြားမဲ့မှစ၍ မရဏာသန္နဇောတိုင်အောင် တစ်နေ့တစ်ရက် တစ်ခဏမျှ ချမ်းသာစွာမနေရဘဲ ငရဲမီးလျှံ ငရဲလုလင်တို့ ငင်လာဆွဲလာ ဝန်းရံလာသကဲ့သို့သော ဒေါမနဿဝီထိ၌ ဂတိနိမိတ် အခါခါထင်လျက် ပူပင်ခြင်းနှိပ်စက်၍ ချမ်းသာကွက်မထင် ရဟန်းခံရှင်ပြုလိုသော်လည်း သဗ္ဗညုဘုရားက သနားတော်မူလျက် မထိုက်တန်၍ လက်မခံပယ်သူ လူပါရာဇိကဖြစ်ခြင်းနှင့် ပြင်းပြပူပန်စွာ ခန္ဓာကိုစွန့်သည်၏ အခြားမဲ့၌ပင် ဖွဲ့အပ်သောသံယောဇဉ် အလျှင်မစဲ၍ ဤငရဲဝေဒနာ ကြီးစွာသောဒုက္ခကို ခံရသည် မှတ်တော်မူလော့"ဟု ပြန်ကြားလျှောက်ထားပေ၏။

ဤအရာ၌ 'အရဟန္တေ တိသဒ္ဒေန ဗုဒ္ဓသာဝကေပိ သင်္ဂဏှာတေဝ'ဟု အဋ္ဌကထာ၌ဖွင့်သောကြောင့် ရဟန္တာကိုသတ်မှသာ ဤသွေးပြည်ငရဲ၌ ခံရသည်မဟုတ်၊ အနာဂါမ်, သကဒါဂါမ်, သောတာပန်, သီလဝန္တ ပုထုဇဉ်, ဘုရားတပည့်သား ဟူသမျှတို့ကိုပင် သတ်မိချေက ခံရမည်ကေန်ဟူ၍ မှတ်အပ်၏။ အရဟန္တေ တိသဒ္ဒေန၊



www.burmeseclassic.com

www.burmeseclassic.com



အရဟာန္တေ ဟူသော သဒ္ဒါဖြင့်။ ဗုဒ္ဓသာဝကောပိ၊ မြတ်စွာဘုရား တပည့်သားတော် ဟူသမျှတို့ကိုလည်း။ သင်္ဂဏှာတော၊ ရေတွက်သလျှင်ကတည်း။

[ဤကိုထောက်၍ ငရဲအေားကိုကြောက်ကုန်သော သူတော်ကောင်းတို့သည် အမိ, အဖ, ရတနာ ၃ပါး ဤမီး ၃ပုံကို 'အလှူတတ်လျှင် ထီးဖြူ, အလှူမတတ်လျှင် မီးပူ'ဟု မှတ်ယူအမြဲ စွဲကုန်ရာ၏။ ဤငရဲ၌ ခံရကုန်သောသူတို့ကား တစ်စုံတစ်ခု ဥပနိဿယကုသိုလ် အထောက်အပံ့ရှိသောကြောင့်သာ ဤမျှသော ဆင်းရဲကို ခံရ၏။ မိမိတို့ပြုသော မကောင်းမှုဝန်ကား အလွန် သည်းခံနိုင်ခဲသော ငရဲကြီး ၈ထပ်သို့ ဆည်းကပ်အံ့သော အတိဋ္ဌာနက်တည်း။ ပိတုယာတကကံ ထိုက်သော အဇာတသတ်မင်း၏ဝတ္ထုကို ထောက်၍ ဆိုသည်။]

## ၁၇။ ဝိဒ္ဓံဝိဟာတ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် အရေဆုတ်, အသားဖြတ်ငရဲသို့ ရှေးရှုနှင်ပြန်၍ ကြောက်လန့်ဖွယ်ခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ နေမိမင်းကြီးသည် ထိုငရဲသူတို့ကိုမြင်လျှင် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ မာတလိနတ်သားအား 'ဖိဝ္ဗုပဿ ဗဋ္ဋိသေနဝိဒ္ဓံ' အစရှိသောဂါထာဖြင့် မေးတော်မူ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"နတ်ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤ ထန်းလုံးရှိမျှ ညိညိရဲရဲ တစ်ခဲနက်တောက်သော သံမြားကောက်ဖြင့် အာစောက်လျှာရင်းကို ဖောက်ထွင်းထိုးချိတ် နင်းနိုပ်ငင်ဆွဲ ဆဲရေးခြိမ်းခြောက်လျက် ငရဲထိန်းတို့အမူအရာ ကြောက်စရာများနှင့် ငရဲသားအပေါင်း ကပြောင်းကပြန် အော်သံဟစ်ကြွေးကာ လိုက်ရှာကြသည်ကို ငါမြင်ရပြန်ပြီ၊ ဤသူများကို ရှုစမ်းပါဦး။ အမှုးအမော် အော်ဟစ်လန့်ကြား၍ သံမြားချိတ်အန္တ ရာယ်ကြောင့် ကိုးကွယ်ရာမရ ရှိကြပါပြီကို ထိုငရဲထိန်း သူစိမ်းကားတစေတို့ သံမြေအပြင်သို့ ဆောင်တင်နင်းနိုပ် အပ်စေပြန်သဖြင့် သည်းမခံနိုင်အောင်ပူ၍ ငရဲသူတို့ မြည်တမ်းရသည်ကို အာဏာပေးလျက် တဖွားဖွားတံတွေးဖြင့် ထွေးပြန်တုံသည့်အမှုကိုလည်း သင် ရှုစမ်းပါဦး။ အလူးအလဲ ဆင်းရဲပူပြင်းစွာ သံမြေတွင် သေ,ရှင်မသိ ရှိပါပြီကိုလည်း ထိုငရဲထိန်းများသည် နွားလားဥသဘအရေကို မြေ၌ဖြန့်ခင်း၍ တံသင်းအရာဖြင့် နက်သည့်အလား ငရဲသားတို့ခြေ,လက်ကို လိုးဖျက်ဖြန့်ခင်း၍ သံမီးတောက်တလင်းမှာ သွတ်သွင်းရိုက်နှက် စီရင်လျက်ရှိသည်ကို သင် ရှုစမ်းပါဦး။ အထူးထူးအပြားပြား များစွာသောဒုက္ခကို ခံကြရကုန်သော ထိုငရဲသူတို့သည် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့ကြဖူးလေသနည်း။ သင် သိမြင်သည့်အတိုင်း ငါ့အား ကြားလျှောက်လော့"ဟု မေးတော်မူ၏။

ထိုအခါ မာတလိနတ်သားသည် ထိုငရဲသူတို့ ရှေးကပြုခဲ့ကြဖူးသော မကောင်းမှုကို ပြန်ကြားလျှောက်ထားလို၍ 'ယေကေစိ သန္ဓာနဂတာ မနုဿာ' အစရှိသောဂါထာဖြင့် ဆို၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"မြေကြီးသေဌ်နင်း ဖြစ်တော်မူသော အရှင်နေမိမင်းမြတ်။ ထိုသူတို့သည် ရှေးလူဖြစ်သောအခါက အစီရင်ခံသမတ် ရာပြတ်ပွဲစား ၂၂ပါးရှေ့နေ ခွဲဝေလိမ္မာ အရာတွင်သူနှင့် လူစဉ်းလဲ ကုန်သည် တစေတို့ချည်းတည်း။ ထိုသူတို့ကား ဆင်, မြင်း, နွား, ကျွဲ, ဝမ်းဘဲ, ဆိတ်, ဝက်, ခို, ကြက်, ဥဒေါင်း, ချိုး အစရှိသော



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိဥစ္စာ၊ ကိုင်း, ယာ, ဥယျာဉ်, လယ်မြေ, ရွှေ, ငွေ, ပတ္တမြား, စပါး, ဆန်ကုန်စည် အစရှိသော သက်မဲ့ဥစ္စာ။ ထိုဥစ္စာရပ်တို့တွင် တစ်ခုခုသောဥစ္စာရပ်တို့ဖြင့် ဝယ်ခြင်း,ရောင်းခြင်းကို ပြုကြကုန်သော သူတို့သည် အချင်းချင်း အခွင့်မပြေမကုန်၍ ခုံသမတ်အစီရင်တို့ထံ, ရာပြတ်ပွဲစားတို့ထံ, ဤအမှု၌ လေ့ကျွမ်းသော ဤမည်သောသူတို့ထံ အဖြတ်အဆို ခံမည်ဟူ၍ မိမိတို့ထံ အမှုသည် ၂ဦးရောက်လျှင် ပဏ္ဍာလက်ဆောင်ပင်းရာ မျက်နှာကိုငဲ့၍ လည်းကောင်း၊ ချစ်ကျွမ်းဝင်သူ, လျစ်လျူဖြစ်သူ ရန်သူ လူ ၃ တည်တို့တွင် ချစ်ကြည်ရာဘက်က လျှို့ဝှက်သော ရှေ့နေပြု၍ လည်းကောင်း၊ အမှုသည်တစ်ဦး ပူးမိသောသူနှင့်အတူ 'စားတစ်ဝက်ဆိုင်က နိုင်စိမ့်မည်, မစိုးရိမ်လင့်'ဟု ခံဝန်၍ လည်းကောင်း၊ ဘယာဂတိ, မောဟာဂတိသို့လိုက်၍ လမ်းကြောင်းမှန်ရာသို့မသွားဘဲ ၅၀ ထိုက်ကို တစ်ပိဿာ၊ တစ်ပိဿာတန်ကို ၅၀ထိုက် နှစ်ခြိုက်ရာသူက ကူမ၍ ဖြတ်ဆိုဆုံးဖြတ် အမြတ်အတူ စားလျက် အသက်မွေးလေ့ရှိကုန်သော အစီရင်ခုံသမတ်, ရာပြတ်ပွဲစား, ၂ ဦးသားရှေ့နေ ခွဲဝေစိတ်ဖြာသူ လူလိမ် လူကောက်တို့သည် လည်းကောင်း၊

"ဆွဲ, ရာဇူ, အလေး, စဉ်းချိန်, ကပွယ်ကြီးငယ်တို့ရှည် စသည်ဖြင့် ပြားသော ချိန်စဉ်းလဲ။ ခဲ, ကြေး, သံမ, စသည်ကို ရွှေငွေအယောင် ဖန်ဆင်းခြင်း၊ မရှင်းမသန့်သောရွှေငွေကို ရွှေစင်ငွေစင်အသွင်နှင့် တူအောင်ပြုခြင်း အစရှိသောနည်းတို့ဖြင့် ပြားသော အသပြာစဉ်းလဲ။ ရောင်း တင်းအငယ်, ဝယ် တင်းအကြီး စသည်ထားခြင်းဖြင့် ပြားသော တောင်းစဉ်းလဲ။ ဤ ၃ပါးသော စဉ်းလဲခြင်းတို့ဖြင့် ငါးမျှား၍ စားချင်ဖွယ်သော အစာကောင်းတို့ကို မွမ်းမံ၍ ငါးကိုမျှားသော တံငါတို့ကဲ့သို့ ပျားရည်အလား နှုတ်စကားချိုသာ နာချင်ဖွယ်အပေါ်မံ၍ စိတ်အကြံနှလုံးထား ငါးမျှားကောက်ပမာ မာယာသာဌေယျပြုသဖြင့် သူ့ကိုအကျိုး နည်းစေကြောင်း ရောင်းဝယ်ဖောက်ကားလျက် အသက်မွေးကုန်သော ကုန်သည်တို့သည် လည်းကောင်း၊ ထို အလုံးစုံသော သဘောမဖြောင့်သူ လူကောက်တို့သည် ဤ အသားပျက်အရေကျက်ငရဲ၌ လျှို့ဝှက်ခဲ့သမျှ အမှုကိုပြ၍ ခံကြရကုန်သည် မှတ်တော်မူပါလော့"ဟု နားတော်လျှောက်ကြားပေ၏။

ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူအပေါင်းတို့သည် ဤဆိုအပ်ခဲ့ပြီးသော အကောက်ကြံမျိုးကား ပညာတန်ခိုးဖြိုးမောက်သော အလိမ္မာရှိသူနှင့်ကြိမ်လျှင် ပစ္စုပ္ပန်တွင်လည်း ဒဏ်နှင့်အလျောက် အကြောက်ကြီး အရှက်ကြီး၍၊ ဒုက္ခမလွတ် ဝဋ်တရားမှာလည်း ထိုငရဲသာလျှင် သက်သေဖြစ်ချေသည်ဟု နှလုံးစွဲမှတ်သဖြင့် ဖြောင့်မတ်မှန်ကန်စွာ ဖြတ်ဆိုဆုံးဖြတ်ခြင်း, ရောင်းဝယ်ဖောက်ကားခြင်းကို ပြု၍ အသက်မွေးရာသည်ဟု မှတ်အပ်၏။

## ၁၈။ သပရိဘိန္နဂတ္တာဒိ ဥဿဒရက် ငရဲခန်း

ထိုငရဲကို ပြပြီးလျှင် မာတလိနတ်သားသည် သံလုံးကြိတ်ငရဲသို့ ရှေးရှုနင်ပြန်သဖြင့် ထိုငရဲ၌ ခံရကုန်သော ငရဲသူမိန်းမတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို ငရဲသူတို့ကိုမြင်လျှင် နေမိမင်းကြီးသည် ကိုယ်တိုင်ခံရဘိသကဲ့သို့ အလွန်ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ မာတလိနတ်သားအား 'နာရိယော ဣမာသံ ပရိဘိန္နဂတ္တာ' အစရှိသောဂါထာဖြင့် မေးတော်မူ၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား—



www.burmeseclassic.com

www.burmeseclassic.com



"နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ကြောက်မက်ဖွယ်ရှိသော ဤငရဲ၌လည်း တကွဲတခြားပင် ယောက်ျားတစ်ယောက်မျှ မခံရ။ ဤ မိန်းမအများတို့သည် နွားသတ်ရာအရပ်တို့၌ ခေါင်းပြတ်၍ သွေးလိမ်းကျံသော နွားတို့ကဲ့သို့ အချို့သောကိုယ်လည်း အပြတ်ပြတ်အပိုင်းပိုင်း, အချို့လည်း အထွင်းထွင်းအပေါက်ပေါက်, ခါးအောက် ကိုယ်အနေလည်း သံမြေထဲသို့ မြုပ်သိပ်လျက် မြေထိပ်ခတ်သောအတူ ပူပြင်းကျင်နာ ဝေဒနာအဟုန်တို့ကြောင့် လက်စုံထိပ်ပြင်တင်ထား၍ ဟစ်အော်ကာ ကိုးကွယ်ရာမသိ ရှိစဉ်တုန်းတွင် ပင်တောင်လုံကမ်းလုံးလိမ့်သကဲ့သို့ ထိမ့်ထိမ့်သဲသဲ ရဲရဲတောက်သောသံလုံးကြီးများစွာ ၄ ဖြာသောအရပ်က အထပ်ထပ်အဖန်ဖန် အလုံခံရ၍ သံမြေပြင်သို့လိမ့်လာလတ်သဖြင့် ခြောက်ထပ်သောမုန်ညင်းစေ့ကို မွှေနင်း၍ ကြိတ်သကဲ့သို့ အစိတ်စိတ်အမှုန့်မှုန့် ကြေရာကြေပါပြီ။ မသေဘဲ တစ်ဖန်ရှင်ပြန်တုံ တလဲလဲခံမြဲကို မစွန့်ရ။ ထို မိန်းမငရဲသူအပေါင်းတို့၌ မကောင်းသောဒုက္ခဝေဒနာ ပြင်းစွာလှ၏တကား။ ငါ့အား သိမြင်တိုင်း သင်နတ်သား ကြားဦးလော့။ အဘယ်ကဲ့သို့သော မကောင်းမှုကို ထိုမိန်းမတို့ ပြုခဲ့ဖူးလေသနည်း"ဟု မေးတော်မူ၏။

ထိုအခါ နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သားသည် မိမိသိမြင်သည့်အတိုင်း ထိုမိန်းမတို့၏ ရှေးကပြုခဲ့ဖူးသော မကောင်းမှုတို့ကို ပြန်ကြားလို၍ 'ကောလိတ္တိယော ဣမ ဓိဝလောကေ' အစရှိသောဂါထာဖြင့် ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

"အရပ် ၁၀ မျက်နှာတို့၏ အရှင်ဖြစ်တော်မူသော နေမိမင်းမြတ်။ ဤ ငရဲသူမိန်းမတို့ကား ရှေးလူဖြစ်သောအခါက ကာမဂုဏ်ကြူး တထူးယောက်ျားကို စောင်ထားသော မိန်းမချည်းတည်း။ ထိုသူတို့သည် မိမိတို့ မျိုးကောင်းဆွေကောင်းသမီး ဖြစ်လျက်လည်း လင်မသိစေရဘဲ မာယာဖြင့်ကွယ်ပုန်း၍ ကိုယ်,စိတ်,နှလုံးကို မထိန်းကျောင်း၊ မကောင်းသောရမ္မက်အလျောက် ယောက်ျားတစ်ပါးနှင့် တိမ်းမှားယွင်းချွတ် အလွတ်ကျင့်မိသော မကောင်းမှုကံတို့ကြောင့် ကြိုညှစ်ယန္တရားကဲ့သို့ ခါးတိုင်အောင်မြုပ်စေသော သံမြေတလင်းမှာ သံလုံးကြီးနှင့် ကြိတ်သဖြင့် အစိတ်စိတ်အဖွားဖွား ရိုးသားမွကြေ သေတုံရှင်မြဲ ဤငရဲတွင် ပူပင်ပြင်းပြစွာ ခံရကုန်သည် မှတ်တော်မူလော့"ဟု လျှောက်ကြားပေ၏။

[ဤကိုထောက်၍ ငရဲဆားကိုကြောက်ကုန်သော အမျိုးကောင်းသမီးတို့သည် ကွယ်ဝှက်၍ပြုသမျှ မကောင်းမှုဒုစရိုက်ကား အခိုက်တစ်ခဏသာ နှစ်လိုဖွယ်ရှိ၍၊ နောက်ပြီးမကြာခင် လျင်စွာပုပ်သိုးသဖြင့် အကျိုး ၂တန်လုံးပင် ရှုံးတတ်ချေသည်ဟု မှတ်ကုန်ရာ၏။]

## ၁၉။ အဝံသိရပတ ဥဿဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် ဦးစောက်ကျ ငရဲသို့ ရှေးရှုနှင်ပြန်သဖြင့် ထိုငရဲ၌ခံရကုန်သော ငရဲသားယောက်ျားတစ်ဖွဲ့တို့ကို နေမိမင်းကြီးအား ပြလေ၏။ ထို ငရဲသားယောက်ျားတို့ကို နေမိမင်းကြီးမြင်လျှင် ကိုယ်တိုင်ခံရဘိသကဲ့သို့ ပြင်းစွာထိတ်လန့်သည်ဖြစ်၍ မာတလိနတ်သားအား 'ပါဒေဂယေတွာ ကိဿ ဣမေ ပုနေကေ'အစရှိသော ဂါထာဖြင့်ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



“နတ်၏ရထားမှူးဖြစ်သော မာတလိနတ်သား။ ဤငရဲလည်း တစ်ကွဲတခြား နွားအပေါင်းကို နွားကျောင်းသားတစ်စုရံ၍ ခြံသို့သွင်းသကဲ့သို့ ဝင်းဝင်းလျှံလတ်သော လက်နက်အထူးထူးစွဲကိုင်လျက် ငရဲထိန်းအပေါင်းတို့သည် ထောင်းထောင်းတက်မျှ ရိုက်နှက်ရံဝန်း တွန်းထိုးယူဆောင်သဖြင့် ပြောင်ပြောင်ညီးညီး အရှိန်ကြီးသော မီးကျီးစုငရဲသို့ရောက်လျှင် အောက်ထိုး ဦးခေါင်းဖြင့် ခြေ ၂ ချောင်းကိုကိုင်ညှစ်၍ ပစ်ချလိုက်ခြင်း ဒုက္ခကြောင့် ကိုးကွယ်ရာမရ ဟစ်အော်မြည်တမ်းလျက် ခံရကုန်၏တကား။ ထို ငရဲသားတစ်စုတို့သည် အဘယ်မည်သော မကောင်းမှုကို ပြုခဲ့ဖူးကြသနည်း”ဟု မေးတော်မူ၏။

ထိုအခါ မာတလိနတ်သားသည် နတ်မျက်စိဖြင့်သိမြင်တိုင်း လျှောက်ကြားလို၍ ‘ယေဝ ဇီဝလောသ္မိံ အသာဓုဓမ္မိနော’ အစရှိသော ဂါထာဖြင့် ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

“လူအပေါင်းတို့၏သခင်ဖြစ်သော နေမိမင်းမြတ်။ နာတော်မူဦးလော့။ ထို ငရဲသူတို့ကား ရှေးလူဖြစ်သောအခါက သူ့အိမ်ရာကိုပြစ်မှားတတ်သော ယောကျ်ားတစေတို့ချည်းတည်း။ ထိုသူတို့သည် မသူတော်သသော မကောင်းသောအလေ့အလာ ရှိသည်ဖြစ်၍ ကာမရာဂါနုသယကို အစိုးရခြင်း မကင်းသေးသော ကာမဂုဏ်ရှင်တို့မှာ, ချစ်ခင်စုံမက် နှစ်သက်သောနှလုံးဖြင့် အမြတ်ဆုံးရတနာဟု အခါခါ တပ်စွဲမိလျက် ပရဒါရတို့၏ ကိုယ်သန္တာန်၌ရောက်သော ဘဏ္ဍာထုပ်ကို ယုတ်မာသောအားဖြင့် ခိုးစားခိုးကြောင် ပြုမိသော ပရဒါရ မိစ္ဆာစာရကံကြောင့် အလျှံကြီးသော ဤမီးခဲစု နရက်ချောက်၌ ဦးစောက်ကျ၍ ကာလမြင့်မြဲ ဆင်းရဲကြီးစွာခံကြရသည် မှတ်တော်မူလော့”ဟု လျှောက်ကြားလေ၏။

ဤပါဠိဂါထာ၌ ‘ဥတ္တမဘဏ္ဍာ ထေနကာ’ ဟူသောပုဒ်ကို ‘မနုဿဟိ ပိယာယိတဿ ပရဘဏ္ဍဿ ထေနကာ’ဟု အဋ္ဌကထာဖွင့်သောကြောင့် ယောကျ်ားတို့၏ ကာမစ္ဆန္ဒ စိတ္တုပ္ပါဒ်ဇော သဘောနှလုံး၏အနေမှာ ခြေဖမိုးမှ ဆံဖျားအစပ်အမြတ် ဘဏ္ဍာချည်းပင်ထင်မှတ်မြဲဖြစ်၍ အပြစ်ရကောင်းသောဌာန၌ သူတစ်ပါးတို့ ဒါရကို တစ်စတစ်မြိတ်မျှ ထေယျစိတ်ဖြင့် ဆွဲငင်လွန်ကြူးချေလျှင် ဥတ္တမဘဏ္ဍာထေနက ဖြစ်ရာ၏။ ထို့ကြောင့် လောကီပညာရှိတို့ဆုံးဖြတ်သော ဓမ္မသတ်တွင်လည်း ဆိတ်ကွယ်ရာ၌ ပြောဟောရုံမျှကိုပင် ပရဒါရ ထေနက အင်္ဂါအပြားမှာ သွင်း၍ ဆုံးဖြတ်ချေသည်။

ဤကိုထောက်၍ ငရဲဘေးကိုကြောက်ကုန်သော သူတော်ကောင်းအပေါင်းတို့သည် အဝေးကကွင်း၍ လွတ်ကင်းအောင် ရှောင်ကြဉ်ရာသည်။ ပညာဆီမီးတောက်ကို ကာမဂုဏ်လေနှောက်သဖြင့် အဝိဇ္ဇာမှောင်ရောက်၍ အဓောက်နက်စွာ သမုဒ္ဒရာမကသော လောဘဇော, မောဟဇောကို တဒင်္ဂဉာဏ် ခြေတစ်လံမျှလောက်နှင့် မထောက်မိနိုင်သည်ဖြစ်၍ မြုပ်နစ်မျောပါ၊ မှားမိခဲ့သော်လည်း လော်ကူအားထုတ် မယုတ်သောသတိ, ပညာ, သမာဓိဖြင့် ဟရိတစရင်ရသေ့တို့ကဲ့သို့ ထပ်ဖို့ဆင့်ပွား မများစေရ အာသဝအယဉ်ကို ချုကြဉ်ဖြတ်တွန်း ကျွန်းစိပ်ရောက်လို ကုသိုလ်လှေကြီး ယှဉ်မှီးစီးတက်မှ နရက်သို့မရောက် မျက်မှောက်လည်း ချမ်းသာမည်ဟု မှတ်ကုန်ရာ၏။ ထို့ကြောင့် ‘နဟိပါပကာရိဿ ဘဝန္တိတာဏာ သကေဟိ ကမ္မေဟိ ပုရက္ခိတဿ’ ဟု ဟောတော်မူ သည်။

[ပါပကာရိဿ၊ မကောင်းမှုကို ပြုလေ့ရှိသော။ သကေဟိ၊ မိမိဥစ္စာဖြစ်ကုန်သော။ ကမ္မေဟိ၊ အကုသိုလ်ကံတို့သည်။ ပုရက္ခိတဿ၊ ထက်ဝန်းကျင် ခြံရံအပ်သောသူအား တာဏာ။ ကိုးကွယ်ရာတို့သည်။ နဟိဘဝန္တိ၊ မဖြစ်ကုန်။ ဤပါဠိ၌ နဘဝန္တိဟူသော ဗျတိရိက်ကိုဆိုသဖြင့် ဤအရာဝယ် ‘ဤဘဝ, ရှေးဘဝတို့၌



www.burmeseclassic.com

www.burmeseclassic.com



ပြုဖူးသော်လည်း ထိုသို့ပြုဖူးသောအကုသိုလ်ကို ဝေးစေကွာစေ၍ သုစရိုက်ကိုပြုသဖြင့် ကုသိုလ် အခြံအရံရှိသော ပုဂ္ဂိုလ်အား ကိုးကွယ်မှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်လေ၏' ဟူသော အနွယအနက် ရောက်သည်ဟု မှတ်အပ်၏။]

## ၂၀။ ကောင်္ခီသိမ္မလိဝန ဥဿာဒရက် ငရဲခန်း

ထိုငရဲကိုပြပြီးလျှင် မာတလိနတ်သားသည် လက်ပံတောငရဲသို့ ရှေးရှုနှင်ပြန်၍ ထိုငရဲ၌ခံရကုန်သော ငရဲသူတို့ကို နေမိမင်းကြီးအား ပြလေ၏။ ထိုလက်ပံပင်ငရဲ၌ကား သံမြေအပြင်၌ တစ်ခုတစ်ခုသော လက်ပံပင်သည် အမြင့် တစ်ယူဇနာစီ ရှိ၏။ သံဖြင့်ပြီးသော အဆူးအရှည်ပမာဏကား ၂ မိုက် ရှိ၏။ တစ်ပင်လုံး မီးလျှံတပြောင်ပြောင် တောက်လောင်လျက် တည်၏။ လက်ပံပင်ရင်း၌လည်း ငရဲထိန်းတို့သည် သန်လျက်, လှံမ စသည်လက်နက်စွဲကိုင်လျက် များစွာနေကြကုန်၏။ ထိုလက်ပံပင်ရင်း၌ ခံရကုန်သောသတ္တဝါတို့ကား လူဖြစ်သောအခါက မိစ္ဆာဒိဋ္ဌိ တစေချည်းတည်း။

'အကုသိုလ်ကံသည် ငရဲ စသည်တို့ကို ပေးတတ်၏။ ကုသိုလ်ကံသည် နတ်ပြည်စသည်တို့ကို ပေးတတ်၏'ဟူ၍ ကံကိုလည်း မယုံကြည်။ 'ဆင်းရဲခံရသောသူကား အကုသိုလ်ကံ၏ အကျိုးတည်း။ ချမ်းသာကိုစံစားရသောသူကား ကုသိုလ်ကံ၏အကျိုးတည်း'ဟု ကံ၏အကျိုးကိုလည်း မယုံကြည်။ 'ရှေးရှေးက ပြုဖူးသော ကုသိုလ်ကံကြောင့် ယနေ့ဘဝမှာ ချမ်းသာ၏။ အကုသိုလ်ကံကြောင့် ဆင်းရဲ၏။ ယခုဘဝက ကုသိုလ်ပြုလျှင် နောင်သံသရာမှာ ချမ်းသာအံ့။ အကုသိုလ်ပြုလျှင် သံသရာ၌ ဆင်းရဲအံ့'ဟူ၍လည်း ပစ္စုပ္ပန်လောက, တမလွန်လောကကို မယုံကြည်။ ရတနာ ၃ ပါးတို့အား ကြည်ညိုမြတ်နိုး ကိုးကွယ်လှူဒါန်းခြင်းကိုလည်းမပြု။ ဘာဝနာ, သီလ စသည်ကိုလည်း ပြုရကောင်းသည် မမှတ်။ နတ်ကြီးပရမိသွာ, မဟာပိန္နဲစသည်တို့သာ ချမ်းသာစေသည်, ဆင်းရဲစေသည်, အဆင်းလှစေသည်, အရုပ်ဆိုးစေသည်, ယောကျ်ားဖြစ်စေသည်, မိန်းမဖြစ်စေသည် စသည်ဖြင့် ယုံမှတ်၍ အမြတ်တနိုးပြုကြကုန်၏။ ထိုသို့ မှားသောအယူရှိကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် ထိုလက်ပံပင်ငရဲ၌ ခံရကုန်သော် ဖနီးမောင်နှံ အယူတူကြသည်ဖြစ်အံ့။ မိန်းမကား လက်ပံပင်ဖျား၌ ဖြစ်၏။ ယောကျ်ားကား လက်ပံပင်ရင်း၌ ဖြစ်၏။ ငရဲထိန်းတို့သည် ထိုငရဲသူယောကျ်ားကို လှံ,သန်လျက် စသော လက်နက်တို့ဖြင့် ခုတ်ထိုးရိုက်နှက်လျက် 'သင့်မယားရှိရာ ရောက်အောင်တက်'ဟု အနိုင်အထက် တက်စေ၏။ ထိုယောကျ်ား တက်သောအခါ လက်ပံဆူးတို့သည်လည်း အောက်သို့ အဖျားညွတ်လျက်ရောက်လျှင် စူးအံ့ဟု ရွယ်ကာနေသဖြင့် လက်ပံပင်မှဖြစ်သော ဆူးနှင့် ငရဲထိန်းတို့နှိပ်စက်ခြင်းကြောင့် မိန်းမရှိရာအဖျားသို့ မရောက်မီ အောက်သို့ကျသဖြင့် ပျက်စီးခြင်းသို့ရောက်၍၊ တစ်ဖန် ဖြစ်မြဲဖြစ်ပြန်၍ တက်ရပြန်လေ၏။ မိန်းမတို့ကိုလည်း ငရဲထိန်းတို့သည် 'သင့်လင်ရှိရာ သစ်ပင်ရင်းသို့ ဆင်းရမည်'ဟု လက်နက်တို့ဖြင့် အနိုင်အထက်နှိပ်စက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းစေ၏။ လက်ပံဆူးတို့သည် ဆင်းသောအခါ အထက်သို့အဖျားထောင်လျက် ရောက်လျှင် စူးအံ့ဟု ရွယ်ကာနေသဖြင့် လက်ပံပင်ရင်းသို့မရောက်မီ ငရဲထိန်း,လက်ပံဆူးတို့၏နှိပ်စက်ခြင်းဖြင့် ပျက်စီး၍ တစ်ဖန် လက်ပံပင်ဖျား၌ဖြစ်လျက် ဆင်းပြန်ရလေ၏။

ဤသို့နည်းဖြင့် ခံရကုန်သော ကောင်ဒ္ဓိသိမ္မလိဝနု ဥဿဒရက်ငရဲ တို့ကိုလည်းကောင်း ထိုလက်ပံပင်တော ငရဲမှတစ်ပါးလည်း 'လှူဒါန်းခြင်း, ပူဇော်ခြင်း, သီလဆောက်တည်ခြင်း, ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်းတို့ကို ပြုသည်ဟူ၍ ပင်ပန်းကာသာ ဥစ္စာကုန်ကာသာ အကျိုးမရှိ။ သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကိုခိုးခြင်း စသည်ကို ပြုသည်ဟူ၍လည်း အပြစ်မရှိ'ဟုအယူရှိသော နတ္ထိကဒိဋ္ဌိ။

'ကုသိုလ်ကံ, အကုသိုလ်ကံ စီမံသောကြောင့် လောက ဖြစ်သည် မဟုတ်။ ချိုသောမျိုးစေ့သည် ချိုသောအပင်သာ, ချဉ်သောမျိုးစေ့သည် ချဉ်သောအပင်သာဖြစ် သကဲ့သို့ မင်းဖြစ်သောသူသည်လည်း မင်းသာ, သူကြွယ်ဖြစ်သောသူသည်လည်း သူကြွယ်သာ, သူဆင်းရဲဖြစ်သော သူသည်လည်း သူဆင်းရဲသာ အစဉ်ဖြစ်သည်။ တစ်စုံတစ်ခုသောတရားမျှ ပြုပြင်ခြင်းမရှိ'ဟု မိမိလည်း ယူ၏၊ သူတစ်ပါးကိုလည်း ယူစေ၏။ ထိုသို့အယူရှိသော အကိရိယဒိဋ္ဌိ။

'အကြောင်းမရှိ'ဟု မိမိလည်းယူ၏။ သူတစ်ပါးကိုလည်း ယူစေ၏။ ဤသို့ အယူရှိသော အဟေတုကဒိဋ္ဌိ။

ထိုသို့အားဖြင့် ပြားသောနိယတ မိစ္ဆာဒိဋ္ဌိ ၃ မျိုးတို့၏ခံရာ သဗ္ဗကမ္မ ကရဏာ မူလကငရဲရွာကား ကြိမ်,ပိုက်,ချေး,လင်းတ, ကျီး, မစင်တွင်း, သံရည်မြစ် စသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော ငရဲအပြား၊ မဆိုအပ်သေးသော ငရဲအပြား များစွာအလုံးစုံသော ကမ္မကရဏာတို့၏ ဆုံရာပေါင်းရာ ဖြစ်၏။

ထို သဗ္ဗကမ္မ ကရဏာမူလက ဥဿဒရက်ငရဲကို လည်းကောင်း နေမိမင်းကြီးအား ပြလေ၏။ ထို ငရဲ ၂၅ပိတို့တွင် လက်ပံပင် ငရဲတို့ကိုပြ၍ နေမိမင်းကြီးနှင့် မေးကာဖြေကာ ပြောဆိုစဉ်ပင် တာဝတိံသာနတ်ပြည် သုဓမ္မာသဘင်၌ နတ်ပရိသတ်တို့သည် အာသာဝတီနွယ်ပင်၌ အသီးရောက်အံ့သောအခါကို ငံ့လင့်မျှော်တတ်သကဲ့သို့ နေမိမင်းကြီးရောက်အံ့သည်ကို မျှော်ငံ့လင့်ကြကုန်သဖြင့် သိကြားမင်းသည် 'ရထားမှူးမာတလိနတ်သားသည် ကြာလေစွတကား။ အကြောင်း အသို့နည်း'ဟု နတ်မျက်စိဖြင့် ရှုကြည့်လေသော် ငရဲပြည်သို့ သွားကြောင်းကိုမြင်လျှင် 'ငါ၏ရထားမှူး မာတလိနတ်သားသည် မိမိ၏တမန် အထူးဖြစ်ကြောင်း ဂုဏ်ကိုပြလို၍ ငါ၏အကြည်တော်မင်းကြီးကို မြေအတွင်း ငရဲပြည်သို့ဆောင်သွားလျက်၊ 'ဤကား ဤငရဲတကွဲ၊ ဤမှာ ဤသို့'ဟု အစုစုငရဲမျိုးတို့ကို အကျိုးအကြောင်းနှင့်တကွညွှန်ကြား၍ သွားကာတန့်ကာ လွန်စွာဂုဏ်ရေးချိန်လျက် စိမ်စိမ်ပြေပြေ အထွေထွေ အသွယ်သွယ် အကျယ်ပြု၍နေချေပြီ။

'ဤကဲ့သို့သာပြု၍ မာတလိနတ်သားနေချေလျှင် နေမိမင်းအသက်တမ်းသည် နန်းသို့ရောက်မည်ကား အစဲ၊ ငရဲပြည်အဆုံးမသတ် အလတ်လောက်မတိုင်ခင် ကုန်စင်လုံးလုံး ဆုံးခဲ့ရာ၏။ ငရဲပြည်ရွာ တည်ရာအရပ်ကို ဆုံးခပ်အောင် မရောက်နိုင်ရာ။ ငါကယခု လျင်မှုနှင့် မြန်မြန် တမန်ထပ်ဦးမှ ရထားမှူးဆောစွာ လာရောက် တော့မည်'ဟုကြံ၍၊ လျင်မြန်စွာသွားတတ်သောအရာကြောင့် 'မဟာဇဝန'အမည်ရှိသောနတ်သားကို ခေါ်ပြီးမှ "အမြန်အလျင် လူ့ဘုရင် နေမိမင်းကို အညှင်းအသာ ငရဲရွာအောက်ပြည်ကတဲ့လည်၍ နတ်နန်းသို့ လမ်းဖြောင့်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တင်လျက် လျှင်လျှင်လာခဲ့ ဆိုချေ"ဟု စေလိုက်သဖြင့် မဟာဇဝနနတ်သားသွား၍၊ သိကြားမင်းအမိန့်ကို မာတလိနတ်သားအား ပြန်ကြားလေသော် နေမိမင်းကြီးအား အပြီးအဆုံးသတ်အောင် စေ့စပ်စုံလင်စွာ နောက်များမှာကဲ့သို့ မာတလိနတ်သား ပြန်ကြားကာမနေဘဲ၍ အခန့်တန့်ရုံသာ ငရဲဘုံတည်ရာ များစွာသောအရပ်ကို စဉ်ကာဆက်ကာ တစ်နေရာထိုင်သဖြင့် တစ်ပြိုင်တည်းစီရင်၍ မြင်စေပြီးလျှင် 'ဝိဒိတာနိ တေ မဟာရာဇ' အစရှိသော ဂါထာဖြင့် ဆို၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းကြီး။ အသီးသီးကံကြမ္မာဖြင့် ငရဲရွာဆင်းရဲကို တကွဲတခြား များစွာခံရလျက်ရှိတိုင်း မျက်စိလင်းလင်း မင်းကြီးအားပြ၍ မြင်ရသိရသဖြင့် ဒုက္ခအစုစု ဒုစရိုက်ကံမျိုး၌ အဆိုးအယုတ် စက်ဆုပ်ဖွယ်အပြစ်ရှိကြောင်းများကို မင်းကောင်းနှလုံးမှာ ဖွဲ့ထုံးရစ်စည်းလျက် နည်းသက်သေ ဆောင်လောက်အောင် ရှိပါပြီ။ မင်းကြီးလည်း အားရတော်မူလော့။ ယခုအခါ နတ်မှူးဒေဝိန် တာဝတိံသခင်က 'လျှင်စေ' အမိန့်တော်ပြန် တမန်စေထပ်၍ အကြပ်ပင်ယခု ရှုလိုသည့်အာသာနှင့် ခေါ်လာချေသည်ဖြစ်၍ အပြစ်ကင်းသော နတ်မင်းပိုင်စု ကောင်းမှုအကျိုးဖြင့် တန်ခိုးကျက်သရေ ဆန်းထွေရာ သမ္ပတ္တိကို မျက်စိတရံ သူမြင်တွေ့လျှင် ချာ၍မစွန့်ရက်နိုင်သော အထက်နတ်ပြည်၌ အတည်တည်ဘုံနန်းကို ရှုစမ်းတော်မူရအောင် ကြွတော်မူလော့"ဟုဆို၍ ထို မြေထဲငရဲပြည်ကို နောက်လှည့်ချာခဲ့သဖြင့် ဘုန်းပွင့်သောနတ်နန်းသို့ ဖြောင့်တန်းတူရှု ရှေးရှုနှင်ပြန်လေ၏။

[ထိုသို့ဆိုအပ်ခဲ့ပြီးသော ငရဲသားရောက်ကြောင်း မကောင်းမှုတို့တွင် ပဉ္စာနန္တရိယကံ, မိစ္ဆာဒိဋ္ဌိကံ ဤကံတို့ကား တစ်ပါးသောကုသိုလ်ကံတို့ဖြင့် ဟန့်တားပိတ်ဆီး၍ မတတ်နိုင်ရာသော ဂရုကံတည်း။ ထိုကံတို့မှ ကြွင်းသောအကုသိုလ်ကံတို့ကား အထပ်ထပ်ပွားစေအပ်သော အာစိဏ္ဏကံ သေခါနီးကာလ၌ ပြုသော်လည်းကောင်း, အောက်မေ့မိသော်လည်း, အာသန္နကံ၏သတ္တိဖြင့် နိရယဂတိကို ပေးတတ်၏။ ဗောဓိပင်,စေတီတော်တို့ကို ဖျက်ဆီးသောကံကား အကျိုးပေးသော် အနန္တရိယကံနှင့်တူစွာ ပေးတတ်၏။ တစ်ပါးသောကုသိုလ်ကံ နှိပ်စက်၍ အခွင့်မရသော် အခြားမဲ့၌ အကျိုးကိုမပေးတတ်။ ထို့ကြောင့် အနန္တရိယကံ မမည်။ အရိယာတို့ကို စွပ်စွဲခြင်း အရိယူပဝါဒကံလည်း အကျိုးပေးသော် အနန္တရိယကံနှင့် တူစွာ အကျိုးပေးတတ်၏။ ထို ပြစ်မှားမိသောပုဂ္ဂိုလ်ထံ သွား၍တောင်းပန်ကန်တော့သော် အကျိုးမပေးပြီ၊ ပြေငြိမ်းလေ၏။ အမျက်အားဖြင့် လည်းကောင်း၊ ထိုသူ နောက်နောင် မပြုစေခြင်းငှာ လည်းကောင်း၊ တောင်းပန်ကန်တော့ခြင်းကို မခံမူ၍ တစ်ပါးသို့ထွက်သွားခဲ့သော် ထိုအခိုက်ရှိသော ပုဂ္ဂိုလ်တို့ရှေ့တွင် ထိုပုဂ္ဂိုလ်အား ရည်မှတ်၍ကန်တော့သဖြင့် ကံပြေငြိမ်း၏။ စုတေခဲ့သော်လည်း ထိုစုတေရာသို့ လည်းကောင်း၊ သင်္ချိုင်းသို့ လည်းကောင်း သွား၍ကန်တော့သဖြင့် ကံ ပြေငြိမ်း၏။ ထို့ကြောင့် အနန္တရိကံ မမည်။ ဤသို့ ကံတို့၏ သဘောလက္ခဏာကိုထောက်၍ ငရဲသားကိုကြောက်ကုန်သော သူတော်ကောင်း အပေါင်းတို့သည် စတုစက်နှင့် မပြည့်စုံသည်ဖြစ်၍ လည်းကောင်း၊ ယောနိသော မနသိကာရကို မရသဖြင့် လည်းကောင်း လွန်ကျူးမိဖူးသော်လည်း 'တဿ ပဋိဃာတာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ' အစရှိသည်ဖြင့် ဟောတော်မူသည်နှင့်အညီ စက်နှင့်ပြည့်စုံ၍ သူတော်ကောင်းတို့တရားကို ကြားနာရသောအခါ အသင့် နှလုံးသွင်းခြင်းဖြင့် ပြုမိသောမကောင်းမှုကို ပျောက်စေခြင်းငှာ ဒါန, သီလ စသောကုသိုလ်တရားတို့ကို ပွားများစေရာ၏။ ပဟာတဗ္ဗတရားကို ဘာဝေတဗ္ဗပြုလျှင် ဒုစရိုက်ပွားများမည်၊ ဘာဝေတဗ္ဗတရားကို မဟာတဗ္ဗ



www.burmeseclassic.com

www.burmeseclassic.com



ပြုလျှင် သုစရိုက်ပါးရှားမည်။ ပယ်အပ်သည်ကို ပယ်ရှား၊ ပွားအပ်သည်ကိုစိုက်ပျိုး၍ မျိုးစေ့အောင်မှ နောင်အကျိုးဖွံ့ဖြိုးတော့မည်ကို နှလုံးထားလျက် မှတ်သားသတိ ရှိကုန်ရာ၏။

[ထို ငရဲကြီး, ငရဲငယ်တို့သည် လူ့ပြည်၌ ဂါမခေတ်တို့ကဲ့သို့ အောက်မြေအပြင်၌ အထပ်ထပ်တည်ကုန်၏။ မာတလိနတ်သား ပြသည်ကား သဉ္ဇိဝ်းငရဲကြီး၏အရံဖြစ်သော ဥဿဒရက် ငရဲငယ်ကိုသာ ပြသည်။ ထိုဥဿဒရက် ငရဲငယ်တို့၌ဖြစ်သော ငရဲထိန်းတို့ကား ငရဲသတ္တဝါ မဟုတ်။ စတုမဟာရာဇ်နတ်မင်း၏ အုပ်စုတစ်မျိုးဖြစ်သော ဝေမာဏိက ဘုတ်, ပြိတ္တာ,ဘီလူးတစေတို့ချည်းတည်း။ ထို့ကြောင့် 'နိရယဥပပတ္တိသံဝတ္တနိယ ကမ္မတောဟိ အညေနေဝ ကမ္မုနာ တေနိဗ္ဗတ္တန္တိ'ဟူ၍ မိန့်၏။ ။ ဥပရိပဏ္ဏာသ အဋ္ဌကထာ။

[နိရယဥပပတ္တိ သံဝတ္တနိယ ကမ္မတော၊ ငရဲပဋိသန္ဓေကို ဖြစ်စေတတ်သော အကုသိုလ်ကံမှ။ အညေနေဝ၊ တစ်ပါးသာလျှင်ဖြစ်သော။ ကမ္မုနာ၊ မသန့်မရှင်းသော ကုသိုလ်ကံကြောင့်။ တတ္ထ၊ ထိုငရဲအနီး၌။ တေ၊ ထိုငရဲထိန်းနတ်ဘီလူးတို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

[ထို ငရဲထိန်းနတ်တို့သည် သုဂတိဘုံသားဖြစ်ပါလျက် အဘယ့်ကြောင့် ဆင်းရဲခံရာ အပါယ်ဘုံအနီး၌ ဖြစ်ရလေသနည်းဟူမူကား ထိုကံကိုပြုသောအခါ ဒုဋ္ဌဂါမဏိမင်း၏အလောင်းဖြစ်သော သာမဏေ၏ဆုတောင်းခြင်းစသည်တို့ကဲ့သို့ သူတစ်ပါးကို သတ်ညှဉ်းဆဲလိုသော ပတ္ထနာရှိလျက် ခိုးခြင်း,သတ်ခြင်း စသည်ကိုပြု၍ ရသောပစ္စည်းဖြင့် အလှူစာဂတို့ကို ပြု၏။ ထိုသို့ပြုခြင်းကြောင့် အကုသိုလ်, ကုသိုလ် ၂ပါး ရောပြွမ်းသည်ဖြစ်၍ အကုသိုလ်အစွမ်းဖြင့် ပြည့်ရှင်မင်းတို့သည်ထားအပ်သော လက်မရွံ့သူဖျင်းကဲ့သို့ မိမိတို့လည်း ကိုယ်,စိတ် ၂ပါး၏ ဆင်းရဲခြင်းမကင်း သူတစ်ပါးအား ညှဉ်းဆဲခြင်းဖြင့်လည်း မရောင့်ရဲ ဖြစ်ရကုန်သတည်း။

[ထို့ကြောင့် 'တေပိပါက ကမ္မေနေဝ တတ္ထနိဗ္ဗတ္တာ မနုဿလောကေ ကာရဏိကာဝိယ ဟောန္တိ'ဟု မိန့်၏။ ။ ဇိနာလင်္ကာရဋီကာ။ ။

[တေပိ၊ ထိုငရဲထိန်းတို့သည်လည်း။ ပါပကမ္မေနေဝ၊ ဥပနိဿယ သတ္တိရှိသော အကုသိုလ်ကံကြောင့်သာလျှင်။ တတ္ထ၊ ထို ဥဿဒရက် ငရဲပြည်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သည်ဖြစ်၍။ မနုဿလောကေ၊ လူ့ပြည်၌။ ကာရဏိကာဝိယ၊ လက်မရွံ့ထောင်မှူးတို့ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤဋီကာပါဌ်၌ ထို ငရဲထိန်းအဖြစ်ကို ပဋိသန္ဓ ပဝတ္တိ ၂ပါး၌ပင် အကုသိုလ်ကံသည် ကမ္မသတ္တိဖြင့် အကျိုးပေးသကဲ့သို့ ပါပကမ္မေနေဝ နိဗ္ဗတ္တာ'ဟု သာမညဆို၏။ ယင်းသို့ဆိုသော်လည်း ပဋိသန္ဓေအခါ၌ ကမ္မသတ္တိကို ရည်၍မဆို။ ဥပနိဿယသတ္တိကိုသာ ရည်၍ဆိုသည်။ ဤသို့ယူမှ ရှေးအဋ္ဌကထာနှင့် ညီမည်။

[ထိုငရဲထိန်းတို့ကား ငရဲသူတို့ကို ငရဲမီးတို့သို့ ဆွဲငင်တွန်းပစ်သောအခါ ငရဲမီးလျှံ သံ,မြေ,မီးတို့သည် ငရဲသူတို့ကိုသာ လောင်သည်မဟုတ်။ မိမိတို့၌လည်း ပူလောင်ခြင်းဖြစ်၏။ သို့ရာတွင် ငရဲသူတို့ကဲ့သို့သာ ဆင်းရဲမကြီးသည်။ အဘယ့်ကြောင့် သုဂတိသားဖြစ်လျက် ထိုသို့သောဆင်းရဲကို ခံရလေသနည်းဟူမူ 'ကထံ ဒါဟဒုက္ခံ အနုဘဝန္တီတိ တေသံ ကမ္မာနုဘာဝတော'။ ။ ၎င်းအဋ္ဌကထာ။ ။

[ကထံ၊ အဘယ့်ကြောင့်။ ဒါဟဒုက္ခံ၊ ပူပန်သောဆင်းရဲကို။ တေ၊ ထိုငရဲထိန်းတို့သည်။ အနုဘဝန္တိ၊ ခံရလေကုန်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ တေသံ၊ ထိုငရဲထိန်းတို့၏။ ကမ္မာနုဘာဝတော၊ အကုသိုလ်ကံ၏ အစွမ်းကြောင့်။ အနုဘဝန္တိ၊ ခံရကုန်၏။ ဣတိအယံ၊ ဤသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။ ။ ၎င်းပါဌ်၏ အနက်။



www.burmeseclassic.com

www.burmeseclassic.com



[ထို ဝေမာဏိကဖြစ်သော ငရဲထိန်းနတ်ဘီလူးတို့သည် ရှေးရှေးသောဘဝတို့က အမျက်ရန်ငြိုး အစရှိသော အကုသိုလ် ပြဋ္ဌာန်းခြင်းဖြင့် ဒါန, သီလအစရှိသော ကုသိုလ်ပြု၏။ ထိုသို့ အကုသိုလ်၏ အဆောက်အဦနှင့်တကွ ဖြစ်သော ကုသိုလ်သည် ဝိနိပါတိကဖြစ်သော ဘုတ်, ပြိတ္တာ, တစ္ဆေ, နတ်ဘီလူးတို့ကဲ့သို့ပင် ထို နိရယဘုံအနီး၌ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ၃ပါးတို့တွင် တစ်ခုခုသောပဋိသန္ဓေကိုပေး၍၊ ပဝတ္တိအခါ ထိုပဋိသန္ဓေကို ပေးတတ်သော ဇနကကုသိုလ်ကံနှင့်အတူပါသော အကုသိုလ်ကံသည် လည်းကောင်း အကျိုးကိုပေးလတ်သဖြင့် ရံခါကောင်းမှုအကျိုးဖြစ်သော ဘုံဗိမာန်စည်းစိမ်ကို စံရ၏။ ရံခါ မကောင်းမှုအကျိုး ဖြစ်သော ငရဲခွေးတို့ ကိုက်ခဲခြင်း စသောဆင်းရဲကို ခံရ၏။ မြတ်စွာဘုရားတရားတော်ကို နာရခြင်း စသည် ဖြစ်လတ်သော် တိဟိတ် ပဋိသန္ဓေနေသူ ငရဲထိန်းဖြစ်အံ့။ သောတာပန် စသည်ဖြစ်၍ မကောင်းမှုအကျိုးကို ခံရခြင်းမှ လွတ်သဖြင့် ကောင်းမှု အကျိုးကိုသာ ခံစားရလေ၏။

[ထို့ကြောင့် 'ဝေမာဏိက ပေတာဟိ ကဏှသုက္ကဝသေန မိဿကကမ္မကတ္တာ ဝိနိပါတိက ဒေဝတာဝိယ သုက္ကေနကမ္မုနာ ပဋိသန္ဓိ ကဏှာန္တိ။ ယထာဟိ မဂ္ဂပဘာဝိတာပိ ဟောန္တိ။ ပဝတ္တိယံပန ကမ္မာ နုရူပံကဒါစိ ပုညဖလံ ကဒါစိအပုညဖလံ ပစ္စနုဘဝန္တိ။ ယေသံ ပန အရိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။ တေသံမဂ္ဂါမိကမတော ပဋ္ဌာယ ပုညဖလမေဝ ဥပ္ပဇ္ဇတီတိ ဒဋ္ဌဗ္ဗံ'ဟူ၍မိန့်၏။ ။ ဥပရိပဏ္ဏာသအဋ္ဌကထာ။

[ဝေမာဏိက ပေတာ၊ ဘုံဗိမာန်၌စံရခြင်း, ဝေ်မှုတ်ခြင်း, ငရဲမီးစသည်ဖြင့် ဆင်းရဲခံရခြင်း သုခ ဒုက္ခ ၂ပါး ဆက်ဆံကုန်သော ဝေမာဏိက နတ်ပြိတ္တာတို့သည်။ ကဏှသုက္ကဝသေန၊ ကုသိုလ်, အကုသိုလ်၏ အစွမ်းဖြင့်။ မိဿကံ၊ ရောသော။ ကမ္မံ၊ ကံကို။ ကတ္တာ၊ ပြု၍။ ဝိနိပါတိက ဒေဝတာဝိယ၊ ဝိနိပါတိကနတ်တို့ကဲ့သို့။ သုက္ကေန၊ ကုသိုလ်ဖြစ်သော။ ကမ္မုနာ၊ ကံ၏အစွမ်းဖြင့်။ပဋိသန္ဓိ၊ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေကို။ ဂဏှန္တိ၊ ယူကုန်၏။ ယထာဟိ ယသ္မာ ကာရဏာ၊ အကြင် တိဟိတ် ပဋိသန္ဓေနေခြင်းကြောင့်လျှင်။ မဂ္ဂပဘာဝိတာပိ၊ သောတာပတ္တိမဂ် စသည်ကို ဖြစ်စေနိုင်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဝတ္တိယံပန၊ ပဝတ္တိအခါ၌ကား။ ကမ္မာနုရူပံ၊ ကံအားလျော်စွာ။ ကဒါစိ၊ ရံခါ။ ပုညဖလံ၊ ကောင်းမှု၏အကျိုးကို။ ကဒါစိ၊ ရံခါ။ အပုညဖလံ၊ မကောင်းမှု၏အကျိုးကို။ ပစ္စနုဘဝန္တိ၊ အစဉ် ခံစားရကုန်၏။ တသ္မာ၊ ထိုသို့ မဂ်ကို ဖြစ်စေနိုင်သော ပဋိသန္ဓေရှိခြင်းကြောင့်။ ယေသံပန၊ အကြင် ဝေမာဏိက နတ်ပြိတ္တာတို့အား။ မဂ္ဂါမိဂမတော၊ မဂ်ကိုရသည်မှ။ ပဋ္ဌာယ၊ စ၍။ ပုညဖလမေဝ၊ ကုသိုလ်၏အကျိုးသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။ငင်းပါဌ်၏အနက်။

[ဤ နတ်ပြိတ္တာနှင့် အသုရကာယ်ပြိတ္တာ ၂ပါးသည် အသို့ ထူးကြသနည်း ဟူမူကား အကြင်သူသည် ခိုးခြင်း, သတ်ခြင်း စသည်ကိုပြု၍ ရသောပစ္စည်းဖြင့် ဒါနကိုပြု၏။ အကြင်သူသည် နိစ္စသီလ အင်္ဂါ ၅ပါးတို့တွင် ၁ပါး, ၂ပါးစသည်ကို လွန်ကျူး၍ ၂ပါး, ၃ပါးစသည်ကို မပျက်မစီးစေရ ကျင့်၏။ ထိုသို့ဖြစ်သော ကံသည် အကုသိုလ်, ကုသိုလ်ရောယှက်သော ကဏှသုက္က မိဿကကံ မည်၏။ ထိုကံသည် ပဋိသန္ဓေအခါ အကျိုးပေးလတ်သော် အကုသိုလ်ရှေ့ဆောင်၍ ပေးသည်ဖြစ်အံ့။ အပါယ် ၄ ဘုံအဝင် အသုရကာယ်ပြိတ္တာ ဖြစ်လေ၏။ ကုသိုလ်ရှေ့ဆောင်၍ ပေးသည်ဖြစ်အံ့။ နတ်ပြည်အဝင် ဝေမာဏိကပြိတ္တာ ဖြစ်လေ၏။ ဤသည်လျှင် အထူးတည်း။ အသုရကာယ် တို့ကား အပါယ်ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်ဖြစ်၍ မဂ်ကျွတ်ထိုက်။ နတ်ပြိတ္တာတို့ကား တိဟိတ်ဖြစ်သောကြောင့် ကျွတ်ထိုက်၏။ ပဝတ္တိအခါ စံရခြင်း, ခံရခြင်းကား အလားတူကြ၏။ နတ်ပြိတ္တာမှာ သုဂတိဘုံသားဖြစ်၍ စံရခိုက် တန်ခိုးကြီးခြင်းတစ်ခုသာ သာသည်။



www.burmeseclassic.com

www.burmeseclassic.com



[ထို ဝေမာဏိက နတ်ပြိတ္တာဖြစ်သော ငရဲထိန်းတို့၌ အုပ်ချုပ်စီရင်သူကား ယမမင်းတည်း။ အဘယ့်ကြောင့် ‘ယမမင်း’ တွင်သနည်းဟူမူကား ငရဲသူငရဲသားတို့သည် ထိုငရဲသို့ ခံရအံ့သောငှာ ရောက်လာလျှင် ငရဲထိန်းတို့သည် ဆွဲငင်ခေါ်ဆောင်၍ ယမမင်းထံ အစစ်အကြောခံစေ၏။ ထိုအခါ အကုသိုလ် အားကြီးသော ငရဲသူဖြစ်အံ့။ အရာမကသောရန်သူဘောင်၌ ၂ယောက်, ၃ယောက်မျှသော အဆွေခင်ပွန်း သက်သေ ထုတ်ပြစရာရှိပါသော်လည်း ရန်သူဖိစီးခြင်းကြောင့် မိမိလည်းသတိမရ၊ စစ်ကြောသူမင်းလည်း ချမ်းသာ ပေးခွင့်မရသကဲ့သို့ ကဋတ္တာမတ္တာ ဖြစ်သော ကုသိုလ်ကံ ရှိပါလျက်လည်း အာစိဏ္ဏကံဖြစ်သော အကုသိုလ် ဗလဝကံ ရန်သူ၏နှောင့်ယှက်ခြင်းကြောင့် ထိုသို့ပြုခဲ့ဖူးသော ကုသိုလ်၏အကြောင်းကို မအောက်မေ့နိုင်, ယမမင်းလည်း သတိမပေးနိုင် မဆိုတတ်မပြောတတ် ဖြစ်ချေသော်၊ မိမိတို့ကံကြမ္မာအလျောက် ငရဲထိန်းတို့ စီရင်လေ၏။ အာသန္နကံမျှသာဖြစ်၍ အကုသိုလ်ကံ အားနည်းသူဖြစ်အံ့။ အရာမကသော အဆွေခင်ပွန်းဘောင်၌ ၁ ယောက် ၂ယောက်မျှသော ရန်သူ၏ နှောင့်ယှက်ခြင်းကြောင့် စိုးမင်းတို့ထံ အစစ်ခံရသောသူသည် အဆွေခင်ပွန်း အားပေးသူများသည်ဖြစ်၍ မိမိရဲ့ရဲသာဖြင့် သမာဓိကိုရခြင်းကြောင့် ပြုသမျှအခွင့်ကို သတိမကင်း လျှောက်ဆိုနိုင်ခြင်း, မိမိပင်သတိမရသော်လည်း အဆွေခင်ပွန်းကောင်းတို့မျက်နှာကြောင့် စိုးမင်းတို့က မစချီးပင့်ခြင်း ဖြစ်သကဲ့သို့ အကုသိုလ်အာသန္နကံကြောင့် ငရဲသို့ရောက်ရလေသော်လည်း အာစိဏ္ဏကံဖြစ်သော ကုသိုလ်ကံ ခြံရံလျက် ပါသည်ဖြစ်၍ ယမမင်း မေးစစ်သောအခါ သတိရသဖြင့် မိမိပြုဖူးသောကုသိုလ်ကို ဖော်ထုတ်ပြန်ကြားအောက်မေ့ ဆင်ခြင်နိုင်သလေ၏။ မိမိ သတိမရသော်လည်း ဗလဝဖြစ်သော ကုသိုလ်အခြံအရံ၏ အာနုဘော်ကြောင့် ယမမင်းကပင်လျှင် “အချင်းငရဲသူ။ သင် ရှေးကိုယ်အဖြစ်က ဤမည်သောအရပ်တွင် ဤမည်သောကောင်းမှုကို ပြုသောအခါ ငါ့ကို သင် အမျှဝေသည် မဟုတ်လော။ သင်၏ကောင်းမှုကို ငါကား မမေ့။ သင် အဘယ့်ကြောင့် မေ့လေသနည်း” ဟု သတိပေးသဖြင့် ထိုကုသိုလ်ကိုအာရုံပြုနိုင်လေသော် ထိုငရဲမှလွတ်၍ ကံအားလျော်စွာ သုဂတိသို့ လားရလေ၏။ ဤသို့ ငရဲသူတို့အား ရှေး၌ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုတို့ကို မှတ်စေတတ်, သတိပေးတတ်သော ဂုဏ်ကြောင့် ထိုဝေမာဏိက နတ်ပြိတ္တာမင်းကို ‘ယမမင်း’ဟု ဆိုအပ်လေသတည်း။

[ထို့ကြောင့် ‘ယထူပစိတေ ပုညကမ္မေ ယမေတိ နိယမေတီတိ ယမော။ တဿ ယမဿ ဝေမာဏိက ပေတာနံ ဓာတာဝတောရညော တေနာဟ ယမရာဇာနာမ ဝေမာဏိက ပေတရာဇာတိ’ ဟုမိန့်၏။ ။ ၎င်း အဋ္ဌကထာ။

[ယထူပစိတေ၊ အကြင်အခြင်းဖြင့် ဆည်းပူးအပ်ပြုအပ်ကုန်သော။ ပုညကမ္မေ၊ ကောင်းမှုကုသိုလ်ကံတို့ကို။ နေရယိကာနံ၊ ငရဲသူတို့အား။ ယမေတိ နိယမေတိ၊ မှတ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ရှေး၌ပြုဖူးသော ကုသိုလ်ကောင်းမှုတို့ကို မှတ်စေတတ်သောသတ္တိကြောင့်။ သောဝေမာဏိက ပေတရာဇာ၊ ထို နတ်ပြိတ္တာမင်းသည်။ ယမော၊ ယမ မည်၏။ ဝေမာဏိကပေတာနံ၊ နတ်ပြိတ္တာတို့ထက်။ ဓာတာဝတော၊ အဖြစ်မြတ်သော။ ယမဿ၊ ယမအမည်ရှိသော။ တဿရညော၊ ထိုမင်း၏။ (ဤကား ပါဠိတော်၌ ‘ယမဿ ရညော’ဟု ပုဒ်ရင်းရှိသောကြောင့်။ ပဒါဝဓိကန္တ အားဖြင့် ဝစနတ္ထိသံဝဏ္ဏနာကိုပြုပြီး၍ ပုဒ်ရင်းမပျက်စေခြင်းငှာ အဋ္ဌကထာဆရာဝိဘတ်ချန်ခဲ့သည်။) တေန၊ ထို့ကြောင့်။ ယမရာဇာနာ မ ဝေမာဏိက ပေတရာဇာတိ၊ ရာဇာဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။ ယမရာဇာနာမ၊ ယမမင်းမည်သည်ကား။ ဝေမာဏိက ပေတရာဇာ၊ ဝေမာဏိက နတ်ပြိတ္တာတို့၏ အရှင်မင်းတည်း။ ။၎င်းပါဠိ၏အနက်။

[ထိုငရဲတို့ကို မာတလိနတ်သား၏ မြင်ခြင်းကား–



www.burmeseclassic.com

www.burmeseclassic.com



[‘ဒေဝတာနံ့ဟိ သုစရိတ ကမ္မနိဗ္ဗတ္တံ ပိတ္တသေမှ ရုဟိရာဒီဟိ အပလိ ဗုဒ္ဓံ ဥပက္ကိလေသ ဝိမုတ္တတာယ ဒူရေပိ အာရမ္မဏ သမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခုံ ဟောတိ။’ ဟူသော ပါရာဇိကဏ် အဋ္ဌကထာပါဠိနှင့်အညီ သုစရိုက်ကံသည်ဖြစ်စေအပ်သော သည်းခြေ, သလိပ်, သွေး, လေတို့ဖြင့် မရောမယှက်အပ်သည်ဖြစ်၍ ညစ်ညူး သိမှုန်ခြင်းကင်းသဖြင့် အလွန်ကြည်လင်စွာ ဆေးရာတိုက်နံရံ တောင်မြေစသည် ဖုံးလွှမ်းကွယ်ဆီးရာအရပ်တို့ကို ဖောက်ထွင်းလျက်မြင်တတ်သော မိမိ ပသာဒစက္ခုဖြင့် မြင်၏။ နေမိမင်းကြီး၏မြင်ခြင်းလည်း နတ်တို့၏ တန်ခိုးကြောင့် မိမိ ပသာဒစက္ခုဖြင့်ပင် မြင်၏။ ထိုငရဲသူတို့၏အကုသိုလ်ကို မာတလိနတ်သားမြင်သည်ကား နတ်မျက်စိကိုရလျှင် ယထာ ကမ္မူပဂဉာဏ်, အနာဂတံသဉာဏ်တို့ကိုလည်း သတ္တိနှင့်လျော်စွာ ရလေသောကြောင့် မိမိ၏မျက်စိအမြင်ကို အမှီပြု၍ ဆင်ခြင်တတ်သောပညာဖြင့် ထိုငရဲသူတို့၏ အကုသိုလ်ကံ အတိတ်ဖြစ်သော ဓမ္မာရုံကို သိမြင်သတည်း။

[ဟိသစ္စံ၊ မှန်၏။ သုစရိတကမ္မနိဗ္ဗတ္တံ၊ သုစရိုက်ကံသည် ဖြစ်စေအပ်သော။ ပိတ္တသေမှရုဟိရာဒီဟိ၊ သည်းခြေ, သလိပ်, သွေး အစရှိသည်တို့ဖြင့်။ အပလိဗုဒ္ဓံ၊ မရောယှက်အပ်ထသော။ ဥပက္ကိလေသဝိမုတ္တတာယ၊ ညစ်ညူးခြင်းမှ လွတ်သည်၏အဖြစ်ဖြင့်။ ဒေဝတာနံ၊ နတ်တို့၏။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ပသာဒစက္ခု၊ ပသာဒစက္ခုသည်။ ဒူရေပိ၊ အဝေး၌လည်း။ အာရမ္မဏ သမ္ပဋိစ္ဆန သမတ္ထံ၊ ရူပါရုံကိုခံခြင်းငှာ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ၎င်းပါဠိ၏အနက်။

[ဥဿဒရက် ငရဲကို ဝိဂြိုဟ်ဆိုလိုက်အံ့။ ။ဥဒုက္ခလာဘာန သဝန္တိ ရဝန္တိ ဇွောတိဥဿဒါ။ ဥဿေန တာပေန ဒယန္တိ ဇွောတိဝါ ဥဿဒါ။ နိရယပါလာ နေရယိ ကေ ဩသာရေန္တိ ပါတေန္တိ ဇွောတိဝါ ဥဿဒါ။ ဥဿံတပံအဒတိ ဘက္ခတိ ဇွောတိ ဝါ ဥဿဒါ။ ဥဿူဟိ အဒန္တိဟိ သန္တိဇွောတိ ဝါ ဥဿဒါ။ ဤသို့ စသည်ဖြင့် ဝိဂြိုဟ်ပြုအပ်၏။

[ဇွော–ဧတေသု၊ ထိုငရဲတို့၌။ သတ္တာ၊ ငရဲသူသတ္တဝါတို့သည်။ ဥ–ဒုက္ခလာဘာန၊ ဆင်းရဲခြင်းကိုရသဖြင့်။ သဝန္တိ ရဝန္တိ၊ အော်ဟစ်မြည်တမ်းတတ်ကုန်၏။ ဣတိသမ္မာ၊ ထိုသို့ဆင်းရဲခြင်းကိုရသဖြင့် အော်ဟစ်မြည်တမ်းရာ ဖြစ်သောသတ္တိကြောင့်။ တေနိရယာ၊ ထိုငရဲတို့သည်။ ဥဿဒရက်ငရဲ မည်ကုန်၏။ ဥပုဗ္ဗ၊ သဝဓာတ်။ တ–ပစ္စည်း။ မောဂ္ဂလာန်ဆရာကား။ ဒကပစ္စည်းကိုပြု၏။ ဤအလိုကား ငရဲကြီးတို့၌ ဃဘုယျအားဖြင့် မအော်ဟစ်နိုင်၊ ဤငရဲငယ်တို့ကား ဆင်းရဲညံ့၍ အော်ဟစ်နိုင်သေးသောကြောင့် ဥဿဒရက် ငရဲ မည်သည် ဟူလို။ ဝါ၊ တစ်နည်းကား။ ဇွော၊ ဤငရဲငယ်တို့၌။ ဥဿေန တာပေန၊ ပူပန်ခြင်းဖြင့်။ ဒယန္တိ၊ လောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့လောင်ရာဖြစ်သော သတ္တိကြောင့်။ တေနိရယာ၊ ထိုငရဲတို့သည်။ ဥဿဒါ၊ ဥဿဒရက်ငရဲ မည်ကုန်၏။ ဥဿသဒ္ဒူပပဒ၊ ဒဟဓာတ်၊ ကွိပစ္စည်း။ ဤ ဝိဂြိုဟ်၌ပူပန်ခြင်းဖြင့် လောင်တတ်သောကြောင့် ဥဿဒရက်မည်သော ဟူ၍ဆိုသော် ငရဲကြီးတို့၌ မလောင်တတ် ဟူသောအနက် ရောက်၏။ ထိုသို့တမူကား ငရဲကြီးတို့၌လည်း မလောင်သည်မဟုတ်၊ လောင်တတ်၏။ ထိုသို့လောင်တတ်လျက် ငရဲငယ်ကိုသာ ဥဿေနဒယန္တိဟု ဝိဂြိုဟ် မပြုတန်ပြုချေသော်၊ အတိဗျာပိတဒေါသ ရောက်၏။ တစ်နည်းလည်း ဝစနတ္ထဝစနီယ ဆန့်သော ဝိရောဓိဒေါသ ရောက်၏ဟူမူ ငရဲကြီးတို့၌ ဆင်းရဲကြီးသည် မှန်၏။ တိထ သို့မှန်သော်လည်း သုခ တစ်ရံတစ်ခါမျှ နှောင့်ယှက်ခြင်းမရှိဖြစ်၍ ပူပန်ခြင်း အရာမတွင်။ ဤငရဲငယ်တို့၌ကား စိုးစဥ်းစိုးစဥ်း ခဏခေတ္တမျှသော ချမ်းသာခွင့်တို့သည် ဖြစ်ကုန်၏။ ထိုသို့ချမ်းသာခွင့်ကို ရတုံသော်လည်း သုခဝေဒနာ မဖြစ်နိုင်ကုန်။ ဆင်းရဲထပ်ခါလာသောကြောင့် ဒုက္ခဝေဒနာသာလျှင် ဖြစ်ကုန်၏။ ဤသို့ သုခ ရံခါရှိလျက်



www.burmeseclassic.com

www.burmeseclassic.com



သုခကို မခံစားနိုင်အောင် ပူပန်ခြင်းရှိသည်ဟု ငရဲငယ်တို့၌သာ ပူပန်ခြင်းအရာ တွင်သည်ဖြစ်သောကြောင့် 'ဥသေနဒယန္တိ'ဟု ဝစနတ္တ ပြုသတည်း။ ငရဲကြီးတို့၌ ပူပန်ခြင်းမရှိသောကြောင့် ပြုသည်မဟုတ်။ ထို့ကြောင့် ဆိုအပ်ပြီးသောဒေါသ မရောက်ဆိုတန်၏ဟူလို။

[ဥပမာကား- စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်သည် ဥပေက္ခာဝေဒနာနှင့်ယှဉ်သည်ဖြစ်၍ စင်စစ် ထိုဈာန်ကိုဝင်စားသောပုဂ္ဂိုလ်သည် ဥပေက္ခကပုဂ္ဂိုလ် မှန်လျက် ထိုဈာန်၌ သုခဝေဒနာ နှောင့်ယှက်ခြင်းမရှိ။ ဥပေက္ခာဝေဒနာ သက်သက်သာဖြစ်သောကြောင့် လျစ်လျူရှုခြင်း အရာမတွင်သဖြင့် 'ဥပေက္ခကော'ဟု ချီးမွမ်းတော်မမူ။ တတိယဈာန်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာလျှင် ထိုဈာန်၌ သုခရှိလျက်ပင် သုခဝေဒနာကို မခံစားမူ၍ ဥပေက္ခာကိုသာရှုသောကြောင့် လျစ်လျူရှုခြင်း အရာတွင်သည်ဖြစ်၍ 'ဥပေက္ခကော'ဟု ချီးမွမ်းတော်မူသကဲ့သို့ ဤငရဲ၌လည်း သုခ ရံခါဖြစ်လျက် သုခကိုမခံစားရမူ၍ ဒုက္ခဝေဒနာကိုသာ ခံစားရလေသောကြောင့် ဥသေနဒယန္တိ ဟူသော ဝစနတ္တကို ဆိုသတည်း ဟုယူပါ။ ဝါ၊ တစ်နည်းကား။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နေရယိကေ၊ ငရဲသူတို့ကို။ ဧတ္ထ၊ ဤငရဲတို့၌။ သြသာရေန္တိ-ပါတေန္တိ၊ ရိုက်ပုတ်ဆွဲငင် သွင်းဝင်ပစ်ချတတ်ကုန်၏။ ဣတိတမှာ၊ ထိုသို့ ငရဲထိန်းတို့ သွင်းရာ, ပစ်ချရာဖြစ်သော သတ္တိကြောင့်။ တေနိရယာ၊ ထိုငရဲတို့သည်။ ဥဿဒါ၊ ဥဿဒရက်မည် ကုန်၏။ အဝပုဗ္ဗ၊ သရဓာတ်။ တ-ပစ္စည်း။ ဝါ၊ ကား။ ဧတ္ထ၊ ဤငရဲတို့၌။ ဥသံတပံ၊ ပူပန်ခြင်းကို။ အဒတိ-ဘက္ခတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထိုသို့ခံစားရာဖြစ်သော သတ္တိကြောင့်။ ဥဿဒါ၊ ဥဿဒရက် မည်ကုန်၏။ ဥသသဒ္ဒူပပဒ အဒဓာတ်၊ အပစ္စည်း။ အဓိပ္ပာယ်ကို ရှေးနည်းအတူ ယူပါ။ ဝါ၊ ကား။ ဧတ္ထ၊ ဤငရဲငယ်တို့၌။ သတ္တေ၊ ငရဲသူသတ္တဝါတို့ကို။ ဥသုယံ၊ လက်နက်တို့ဖြင့်။ အဒန္တိ-ဟိံ သိန္တိ၊ ညှဉ်းဆဲတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥဿဒါ၊ ဥဿဒရက် မည်ကုန်၏။]

## ၂၁။ ဗီရဏီဘုံခန်း

ဝေဇယန္တာရထားမှူး မာတလိနတ်သားသည် ငရဲပြည်မှ တုံ့လည်ပြန်တက်၍ အထက်နတ်နန်းသို့ ကောင်းကင်လမ်းခရီးဖြင့်နှင်လေသော် မြင်းမိုရ်သတ္တရဘာန်သို့ မရောက်မီ ရထားလမ်းခရီးအနီး ကောင်းကင်ယံတွင် အမြင့် ၁၂ ယူဇနာခန့် အလျား, အနံကျယ်သော ရွှေမြေတလင်းဝယ် မွေးသင်းပျံ့ထုံ ရဂုံပန်းစဉ် ဥယျာဉ်ပဒေသာ သီဒါရေကန် ခြံရံပတ်ဝန်းလျက် အမွှမ်းတန်ဆာ ရတနာမျိုးအစုံ ဘုံ ၅ဆင့်ဖြင့် လှတင့်ထွန်းပြောင် အရောင်တလျှပ်လျှပ်ထွားသော ပတ္တမြားဗိမာန်အတွင်း ခင်းအပ်သောနတ်သလွန်ပေါ်၌ ရွှေဖော်နတ်သမီးငယ် အရွယ်တူ ၁၀၀၀ ရံဆောင်ခယမ်း၍ ရထားလမ်းမျက်နှာစာက ဘုံလေသာပြတင်းကို ရှင်းရှင်းရှုသာအောင် ဖွင့်စေလျက် လေညင်းယူခံ၍ ပျော်စံ စံပယ်ကာနေသော ဗီရဏီနတ်သမီး၏ဘုံအနီးအပါးသို့ ရထား ရောက်သောအခါ မာတလိနတ်သားသည် မင်းတရားစိတ် ထိဘ်လန့်လျက်စွဲ၍ ငရဲကပါသောဝေဒနာကို



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒာရုံရေချမ်းဖြင့် လန်းလန်းခိုင်စည် ကြည်ရွှင်စိမ့်ပြေ၍ သုခသမ္ပတ္တိကို မိမိတန်ခိုးဖြင့် လူမျိုးသခင်ဖြစ်တော်မူသော နေမိမင်းကြီးအား ရထားဖြင့် ဘုံအနီးသို့ကပ်လျက် တပ်အပ်ထင်ထင် ရှုမြင်သာအောင်ပြလေ၏။

ထိုအခါ ဗီရဏီနတ်သမီး၏တင့်တယ်ခြင်းကို နေမိမင်းကြီးမြင်လေသော် ဖော်မဲ့သောနတ်သမီးစည်းစိမ်ကို တွေ့ကြိမ်ရသည်လည်း ရှေးဦးကညာဏ်နှ၍ မကျေနိုင်အောင် ယိုင်ညွတ်သောနှလုံးရှိလျက် လောကီဓမ္မတာစိတ်ဖြင့် မွန်ထိတ်လန့်ကြား ရထားမှူးမာတလိနတ်သားကို မေးလို၍ 'ပဥ္စထူပံဒိဿတိဒံဝိမာနံ' အစရှိသော ဂါထာ၊ 'ဝိတ္တံဟိမံ ဝိန္ဒတိ သုတဒိသွာ' အစရှိသောဂါထာ၊ ဤ ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"နတ်ရထားမှူး မာတလိ။ ဝင်းဝင်းညီးစီခြယ်သော အမွှမ်းတန်ဆာ ရတနာမျိုးစုံ ဘုံ ၅ဆင့်ဗိမာန်ကို ကောင်းကင်ယံအပြင်တွင် ခု ငါထင်တော်မူသည်။ တူရှုထိုပြတင်းက လေညင်းအဝင်ခံ၍ ဗိမာန်အလယ်အချက်တွင် မြမျက်စုံစီမြွာ ရတနာသလွန်ပေါ်၌ ရွှေဖော်ရွှယ်တူ နတ်နန်းသူအများ ခယမ်းဝပ်တွားလျက် သနားဖွယ်အမူအရာ မခွာရက်အောင်သောဣန္ဒြေနှင့် ဆင်လေပြင်လေသော အဝတ်တန်ဆာလည်း ရတနာမျိုးတို့ ယှက်သန်းလျက် ပန်းကုံးကတစ်သွယ် ရှုကြည့်ဖွယ်အသီးသီး မငြီးငွေ့သာအောင် နာနာပကာရမျိုး မြတ်နိုးဖွယ်ကျက်သရေကို အထွေထွေအဆန်းဆန်းဖြင့်ပြ၍၊ အနုအနယ်နှင့် ဗိမာန်ဘုံရိပ်ခိုသော ထိုလက္ခဏာထူး နတ်သမီးသည် ဤဗိမာန်ကြီး သခင်ပေ မသိ။ မျက်စိနှင့်ယခု လူ့ဘုရင် ငါမြင်ကာမျှပင် ထိုနန်းမဘုံလယ်မှာ တူစံပယ်ပျော်စံ ဘုန်းကံယှဉ်ဆိုင်၍ ပိုင်ပိုင်ရပြီလိုလို ကိုယ်ဥစ္စာကဲ့သို့ နှစ်လို့ခြင်းအာသာ အခါခါမျှရိပ်သဖြင့် ငါ့စိတ်နှလုံးတွင် နုံးမွေ့၍ရှိအောင် ထိုနတ်သမီးစည်းစိမ်ကို ခုကြိမ်ရသောငါ့အား ထောက်ထားဖြေဆည် တည်ကြည်ရွှင့်ပေးသကဲ့သို့ ငါမေးအံ့သောအကြောင်းကို ကောင်းစွာ သင် ဖြေပါဦး။ ထူးသောနတ်ပြည်ဘုံပျံ ထိုဗိမာန်မှာ ခြွေရံရွှေအများနှင့် ထင်ရှားစွာစံရသော ဗိမာန်ရှင်နတ်သမီးသည် လွန်လေပြီးသောသံသရာက ဘယ်ရွာဘယ်မြေ ဘယ်တိုင်းပြည်မှာ ဘယ်အမည်ဘယ်အမျိုးဖြစ်၍ နှစ်သက်မြတ်နိုးဖွယ် အဘယ်ကောင်းမှုကို ပြုခဲ့ဖူးလေသနည်း"ဟု မေး၏။

နေမိမင်းကြီး စကားကိုကြားလျှင် ရထားမှူးမာတလိနတ်သားသည် သိမြင်တိုင်း မင်းကြီးအား ပြန်ကြားလို၍ 'ယဒိတေသု တာဗီရဏီဇိဝလောကေ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ပဲခွပ္ပြုန်, သံသရာ ချမ်းသာမည့်အကြောင်း လူအပေါင်းကို သွန်းလောင်းထပ်ဖြိုး ကုသိုလ်မိုးဖြင့် အစိုးရတော်မူသော မင်းတရား။ မှတ်သားနာယူ စွဲယူတော်မူလော့။ ဤသူမြနန်းရှင်ကို သခင်တို့လူ့ပြည်မှာ အရှည်ဥဒါန်း ချီးမွမ်းသောစကား ထင်ရှားစွာမပျက် ခုထက်တိုင်ပြောပ၍မကုန် ဂုဏ်ကျက်သရေ တင့်တယ် လေသောအကြောင်းများနှင့် ကြားသိတော်မူဖူးသည် မဟုတ်လော။ အတ္တုပ္ပတ္တိအကြောင်းမှာ သံသရာရှည် ဝေး ရှေးသောကာလက ကဿပအမည်တော်ဖြင့် ၃ဖော်လူ့သေဋ္ဌနင်း တရားမင်းဘုရား ပွင့်တော်မူသောအခါ သာနာတည်ထွန်းသော ဇမ္ဗူကျွန်းမြတ်တွင် ပရိသတ်စုံစွာ ရွာတစ်ရွာ၌ ကောင်းမှုဖြင့်ပျော်ပါးသော ပုဏ္ဏား, သူကြွယ်အိမ်ဝယ် ဤစည်းစိမ်ရှင်နတ်သမီးသည် အတိဘဝဟောင်းက မကောင်းကံဖန်ဝေ၍ သနွေနွမ်းနယ် ညှိုးငယ်သောဓာတိ ရှိသည့်အမှုနှင့် သူ့အစေခံဖြစ်သော်လည်း တော်ဖြောင့်သောနှလုံး သုံးသပ်သောသီတင်း သန့်ရှင်းသောကိုယ်,နှုတ် စောင့်ချုပ်သောဣန္ဒြေဖြင့် ဆွေကောင်းမျိုးကြီး သမီးမတန် စောင်းမာန်မျက်ကြွတ် စိတ်ယုတ်စိတ်ဆိုးကို အကျိုးမရှိမှန်းသိ၍ ပယ်ရှားသည်လည်း တစ်ကြောင်း။ ကောင်းမြတ်သောဝါသနာ ပါ၍လည်း ကြည်ဖြူစွာ လူ့ရှင်ဧည့်သည် အတည်အကျေး အိမ်ရေးအိမ်ဝတ် မလွတ်ရသဖြင့် အခွင့်မျိုးကုန်စင်အောင် အရှင့်နှလုံးကို ကျုံး၍ပိုက်သကဲ့သို့ အထိုက်အလိုက် အဖွယ်အရာဖြင့် စိတ်ဖြာစိမ့် ဝေဖန်တတ်သောသူဖြစ်၍–



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့သောအခါ သံဃာတော် ၈ ပါးအား ထို မိမိအရှင်ပုဏ္ဏားသည် ၅ပါးသောဖဉ် ကောင်းယှဉ် မြိန်ယှက် နှစ်သက်ဖွယ်စာရေးတံဆွမ်း လှူဒါန်း၍တစ်ဖန် ကျောင်းမှပြန်ခဲ့ပြီးလျှင် ကြည်ရွှင်သောစေတနာ သဒ္ဓါပွားထပ်သဖြင့် မပြတ်စေရအောင် ကုသိုလ်ပြုလိုသည်ဖြစ်၍ ၈ သပြာ, ၈ အသပြာသောဥစ္စာဖြင့် သံဃာတော် ၈ ပါးအား တစ်ပါး တစ်သပြာစီတန်အောင် အမှန်နေ့တိုင်း စာရေးတံဆွမ်း လှူဒါန်းလိုသောကြောင့် မနှောင့်မနှေး ပုဏ္ဏေးမအား ကြိုးစားပါဆိုလျှင်၊ လင်လိုလင်ကြိုက် မလိုက်တတ်သောမယား ၃ပါးသောရတနာတို့၌ သဒ္ဓါခြင်းနည်းသဖြင့် အသင့်နှလုံးမဝင် သံဃာတော်တို့ကို မရှိမသေခြင်းဖြင့် ပျင်းစိတ်နှင့်အပြစ်တင်၍ "အရှင်ပုဏ္ဏား။ ဘုရားတပည့်ရဟန်းများသည် အစားအသောက်ကြူး၏။ အထူးထူးပင်စီရင်၍ ကျွန်ုပ်တို့လုပ်ကျွေးသော်လည်း တော်တန်ရုံမျှ အားရနိုင်မည် မထင်'ဟုဆိုလျှင် ထိုပုဏ္ဏားတွင် အသုံးဝင်အဖော်ရပြီးသော သမီးမိန်းမများ ရှိသည်နှင့် အမိမှာအခွင့်မပြီး၍ သမီးများကို ဆိုပြန်သော် ငြင်းဖော်ရှေ့ဆောင်ကောင်း၍ အမိလမ်းကြောင်းသို့သာ လိုက်လတ်၍၊ 'မတတ်နိုင်ပါ'ဟု ဆိုပြန်ကြကာ ပယ်သောကြောင့် သူကောင်းသွေးရည် ဂုဏ်စုံညီစွာ ဗီရဏီတွင်သော ထိုအိမ် ပေါက်သမီးအား ပုဏ္ဏားတိုက်တွန်းလတ်သော် သူတော်ကောင်းနှလုံး ကျင့်သုံးမြဲလေ့တွင် သာ၍စိတ်ဝမ်း ရွှင်လန်းခြင်းစေတနာ သဒ္ဓါထပ်လောင်းသဖြင့် ကောင်းပါပြီအရှင်။ သခင်မြတ်တို့အား ၈ ကျပ်သောအသပြာကို စေ့စုံစွာစီရင်၍ ရွှင်လန်းကြည်ညို ကိုယ်စားမမေ့ တစ်နေ့မပြတ် မြိန်မြက်အောင် လုပ်ကျွေးပါမည်'ဟု ဝန်ခံသဖြင့် ပုဏ္ဏားထံမှရအပ်သော အသပြာနှင့် သံဃာတော် ၈ ပါးတို့အား သားတစ်ယောက်သာရှိသောမိခင်သည် ဝေးခွင်ရပ်ရွာ၌ ကြာမြင့်စွာကွဲလေပြီးသော ထိုသားကို မိမိအားအဖူးအမြင် ရွှင်လန်းလျက်ရောက်သကဲ့သို့ ဝမ်းမြောက်နှစ်သက် စုံမက်မြတ်နိုး ကိုးကွယ်ကြည်ရွှင်စွာ သံဃာတော်မြတ် ၈ ပါး ဆွမ်းစားကြွလာလျှင် နေရာအသင့်အတင့် သုံးဆောင်ခွင့်မျိုးကို ကျင်းပလျက် အိမ်မှဆင်းပြီး၍ ခရီးဦးကြိုဆိုခြင်းနှင့် သန့်ရှင်းကြည်လင် ကျွမ်းဝင်ရိုသေ နှလုံးနေအသိမ်မွေ့နှင့် တစ်နေ့မပြတ် ဆွမ်းလုပ်ကျွေးလျက် အရှင်က လေးမြတ်ခြင်းရှိသည်ဖြစ်၍–

"မိမိအား အသီးအခြား စားဖို့သုံးရန်ပေးသဖြင့် ကြေးငွေတစ်စုံတစ်ရာ ရသည့်ဥစ္စာကိုလည်း နည်းနည်း များများအားနှင့်လျော်စွာ အဖို့အစုဝင်စေ၍ တစ်နေ့မပြတ်လှူဒါန်းခြင်း, သီတင်းသီလ ပဉ္စင်ကို နေ့ညမယုတ် ဥပုသ်နေ့တိုင်လျှင်လည်း စွမ်းနိုင်သည်ကာလမကင်း သန့်ရှင်းစွာစောင့်သုံး နှလုံးသွင်းဖြောင့်မှန်စွာ အရာရာဆောင်ခွင့် ဝတ်မလွတ်ရအောင် လုံ့လစောင့်ကြပ် မပြတ်ဝေဖန်စိမ်ခြင်း ယင်းသို့အလုံးစုံ ထိုဂုဏ်ဆိုခဲ့သမျှ ဒါန, စာဂ, သီလကုသိုလ်ကို ထိုမိန်းမပြုဖူးသည့် ကောင်းမှုထူးအကျိုးအားဖြင့် ထိုပုဏ္ဏားအိမ်မှ အချိန်အရွယ်တန်၍ ခန္ဓာကြွေပျက်လျှင် မြေခွက် စားပွဲကို ရိုက်ခွဲပစ်ပယ်လျက်လွယ်စွာ ရွှေလင်ပန်းကို လှမ်းယူသုံးဆောင်သကဲ့သို့ နှစ်လို့ဖွယ်နတ်သမီး အာကာသစိုးရပ်ခွင် ဤကောင်းကင်မြနန်း၌ ရွှေဝန်း ၁၀၀၀ ဆောင်သော ကျက်သရေ အထွေထွေအပြားပြား များစွာတန်ခိုးလွှတ်လျက် မျက်စိမအီနိုင်အောင် 'ဗီရဏီ'ဟူသော လူကအမည်ဟောင်း မပြောင်းမခြားထင်ရှားစွာ နတ်သမီး ဤဗိမာန်ကြီးသခင် ဖြစ်လာသည်။ ပြည်ကြီးသခင် အရှင်မင်းမြတ် မှတ်တော်မူလော့"ဟု ပြန်ကြားပေ၏။

[ဗီရဏီခန်း၌ ဘုံခန်းလင်္ကာမှာ အကျယ်အဝန်းဆိုပြီ။ ထို ဘုံခန်းလင်္ကာ၌ 'အဖြာဖြာလျှင်၊ ချီသည့်ပိုဒ်တွင်၊ တီးမြည်ရိုက်ဆင့်၊ ဓးကျူးရင့်သား၊ ထိုရှင့်ဘုန်းမျိုး၊ ရွှန်းရွှန်းတိုးသား၊ ကောင်းမျိုးကောင်းသူ၊ ကောင်းအပ်တူက၊ ရည်ချူပစေ'ဟူသောစကားသည် ကတ္တားလည်း မပါ, ကိရိယာလည်း မခြား, ရှေ့စကားနောက်စကား ရောယှက်ခြင်း ဗျာကိဏ္ဏဒေါသမကင်းရှိ၍ နေမိမင်းဆိုသောစကားပင် အထင်ရောက်ဖွယ်ရှိသည်။ နေမိမင်းစကား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ စည့်,စောင်း,ငြင်းတီးတတ်သော နတ်သမီးရွှေဖော်တို့က ဗီရဏီနတ်သမီးကို ဖွဲ့နွဲ့၍ဆိုသော တေးတျာဖွဲ့သံ, စည် စောင်း ငြင်းသံ မြည်ဟန်ထွက်ဟန်ကို ဆိုသောစကား ဖြစ်သည်။

[‘အထွေအထွေ ရှုချေသောတုံ’ ချီသည့်ပိုဒ်တွင် ‘မိုးမချုပ်မီ ဇွနာရိဝယ်’ဟု စပ်လေသည်ကား မာတလိနတ်သား ရထားနှင့် ညဥ့် ၄ ချက်တီးကျော်တွင် မိထိလာပြည်သို့ရောက်၍ မင်းကြီးကို ဆောင်တင်သွားသဖြင့် ရှေ့ပြည်မှာ ၆ မောင်းကျော်ခန့်သာ ကြာစေပြီးလျှင် ညဥ့် ၁ ချက်မတီးမီ ၁ မောင်းကြွင်းတွင် ဗီရဏီဘုံသို့ ရောက်လာသည်။ ထိုလက်ထက်၌ နာရီကြွင်းကား ဇွနာရီသာ ရှိတော့သည်ဟု တော်လျော်အောင်ဆ၍ ဆိုခြင်းဖြစ်သည်။ ‘မိုးမချုပ်မီ’ ဟူသည်ကား ‘သန်းခေါင်မတိုင်မီ’ ဆိုလိုသည်။

[‘ဇာတိမြတ်စွာ’ ချီသည့်ပိုဒ်တွင် ‘သူ့အချင်းကား၊ ဝါတွင်းဝါပ၊ စောင့်သီလနှင့်၊ ညဟူသရွေ့၊ ဩဇာငွေ့လည်း၊ မတွေ့မှတ်သိပ်’ ဟု စပ်သည်မှာ ပါဠိတော်၌ အထက်သောဏာဒိန်ခန်း စသည်များမှာကဲ့သို့ ဥပုသ်အထူးပြု၍မဆို။ သံယမာဟူ၍သာ ပြသည်။ သံယမာကိုလည်း ‘သံယမာတိ သီလဝတီ အထဝါ ဣန္ဒြိယဒမနာ’ဟူ၍သာ ဖွင့်သည်။ ထို့ကြောင့် ယင်းလင်္ကာကို အာချွတ္တဒေါသ လွတ်အောင် ကြံရမည်။

[‘အတန္တုကြား’ ချီသည့်ပိုဒ်တွင် ‘မြေကိုခွဲခြမ်း၊ ရွှေခွက်လှမ်းသို့’ ဟုစပ်ရာ၌ ‘မိတိကာဘာဇနံ ဘိန္ဒိတွာ သုဝဏ္ဏဘာဇနံ ဂဏှန္တော ဝိယ’ဟု မမ္မပဒပါဠိတော် မဏ္ဍူက ဒေဝပုတ္တ ဝတ္ထုတွင်လာသော ပါဌ်ကိုမြင်၍ သဘောတူ သောကြောင့် စပ်လေသည်။ လင်္ကာအဓိပ္ပာယ်ကို ပြေအောင်ဆိုလျှင် များအုံစိုး၍ စိုးစဉ်းမျှယူသာရုံ ဉာဏ်လမ်း ထွင်လိုက်သည်။

[ဗီရဏီ ဟူသောအမည်ကို ဝိဂ္ဂြိုဟ်ပြုသော်ကား ‘ဝိရတိသုက္ကံကရောတီတိ ဗီရဏီ။ ဒွိဟိကာရဏေဟိ ဉာရတိကမ္မတီတိ ဝါ ဗီရဏီ။ ဒွေအတ္တေ ဉာရတိဝီရိယံ ကရောတီတိဝါ ဗီရဏီ။ ကာယဝါစာဟိ ပရေသံ မနံ ဗီလတိ ဗန္ဓတီတိ ဝါ ဗီရဏီ။ ဒုက္ခေန ဉာရတိ ဗိဝတီတိဝါဗီရဏီ။ ဝေဒကောသလ္လံ ဘာဏောတိ ဘာသတီတိ ဝါ ဗီရဏီ’ ဤသို့စသည်ဖြင့် ပြုအပ်၏။

[ဝိဂ္ဂြိုဟ်အနက်ကား– ယာ နာရီ၊ အကြင် သတို့သမီးသည်။ ဝိရတိဥသုက္ကံ ကရောတိ၊ လုံ့လပြုတတ်၏။ ဣတိတသ္မာ၊ ထိုသို့လုံ့လပြုတတ်သောသတ္တိကြောင့်။ သာ နာရီ၊ ထို သတို့သမီးသည်။ ဗီရဏီ၊ ဗီရဏီမည်၏။ ဝိရ–ဓာတ်။ ယုပစ္စည်း။ ကိတ်ဝိဂ္ဂြိုဟ်။ ဝိရဓာတ်၏အရကား ခပ်သိမ်းသောအိမ်ထောင်မှု ကောင်းမှုတို့၌ မလစ်ဟင်းစေ ကြောင်း ကောင်းစွာအားထုတ်ခြင်း ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ၊ ထိုစိတ္တုပ္ပါဒ်အား တပ်သောကာယဝိညတ် ဝစီဝိညတ်တို့၏ သဟဇာတသတ္တိသည် ကာရဏူပစာရတ္ထ၊ ယုပစ္စည်း၏အရကား ထိုမုချဥပစာရတို့ဖြင့် မှတ်အပ်သော ဗီရဏီသတို့သမီး ရှ၏။ မိမိကံ၏အစွမ်းကြောင့် ထိုသို့ဖြစ်လတ္တံ့သော အခြင်းအရာကို ဖွားစကပင် အမည်မှည့်အံ့သောသူတို့၏စိတ်၌ ထင်လာရသည်ဖြစ်၍ ထိုအမည်တွင်သည် ဟူလို။

[ဝါ၊ တစ်နည်းကား။ ယာ နာရီ၊ အကြင်သတို့သမီးသည်။ ဒွိဟိ။ ၂ပါးကုန်သော။ ကာရဏေဟိ၊ အမျိုးညံ့ခြင်း, သံသရာဆေးကိုလန့်ခြင်း ဟုဆိုအပ်သော အကြောင်းတို့ဖြင့်။ ဉာရတိကမ္မတိ၊ တုန်လှုပ်တတ်၏။ ဣတိတသ္မာ၊ ထို ၂ပါးသော အကြောင်းတို့ဖြင့် တုန်လှုပ်တတ်သော သတ္တိကြောင့်။ သာ နာရီ၊ ထို သတို့သမီးသည်။ ဗီရဏီ၊ ဗီရဏီမည်၏။ ဒွိသဒ္ဒူပပဒ၊ ဉာရဓာတ်။ ယု–ပစ္စည်း။ ဒွိကို–ဗာပြုသည်။ ဉာရ–ဓာတ်၏ အရကား အမျိုးအားဖြင့် ထောင်လွှားခွင့်မရ မဖြစ်သာသည်ကိုလည်းကောင်း သူ့ကို ဆဲရေးယိုးစွပ်ခြင်း မာနထောင်လွှားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင့်တရားကြောင့် ငါ့အား ကိုယ်နှုတ်မချောင်ခြင်း ဒေါသမာနစသည်တို့ကို မဖြစ်စေရအောင် ကောင်းစွာနှိမ့်ချဆုံးမတတ်သော အသိပညာပြဋ္ဌာန်းသော ဓောစိတ္တုပ္ပါဒ်သည် မုချ၊ ကိုယ်,နှုတ်,နှလုံး၏ နူးညံ့ပြေပြစ်ခြင်း မုဒုအဇ္ဈဝသတ္တိသည် ကာရဏူပစာရတ္တအားဖြင့် ရ၏။ ယု–ပစ္စည်း၏အရကား ထိုမုအချ ဥပစာရတို့ဖြင့် မှတ်အပ်သော ကိုယ်,နှုတ်,နှလုံးမြတ်သော ဝီရဏီသတို့သမီး ရ၏။

[ဝါ၊ တစ်နည်းကား။ ဒွေအတ္တေ၊ ၂ပါးကုန်သော အရှင်အကျိုး, ကိုယ့်အကျိုးတို့ကို။ ဝါ၊ ပစ္စုပ္ပန်, သံသရာ အကျိုးများခြင်းအကြောင်း ကောင်းမှုတို့ကို။ ဤရတိ ဝီရိယံ ကရောတိ၊ လုံ့လပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာနာရီ၊ ထိုသတို့သမီးသည်။ ဝီရဏီ၊ မည်၏။

[ဝါ၊ တစ်နည်းကား။ ကာယဝါစာဟိ၊ ကိုယ်,နှုတ်တို့ဖြင့်။ ပရေသံ၊ သူတစ်ပါးတို့၏။ မနံ၊ စိတ်ကို။ ဗီရတိ– ဗန္ဓတိ၊ ဖွဲ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာနာရီ၊ ထိုသတို့သမီးသည်။ ဗီရဏီ၊ ဗီရဏီ မည်၏။ ဗီရ–ဓာတ်။ ယု–ပစ္စည်း။ ဗီရဓာတ်၏အရကား ကောင်းမြတ်ယဉ်ကျေးသော ကိုယ်နှုတ်တို့ဖြင့် ပြဋ္ဌာန်းသော ပေမနီယသတ္တိသည် မုချ။ ထိုသတ္တိကိုဖြစ်စေတတ်သော အဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၏ ပကတူပရနိဿယသတ္တိသည် ဖလူပစာရတ္တအားဖြင့် ရ၏။ ယု–ပစ္စည်းအရကား ထိုမုချ ဥပစာရတို့ဖြင့် မှတ်အပ်သော ဗီရဏီသတို့သမီး ရ၏။

[ဝါ၊ တစ်နည်းကား။ ယာ နာရီ၊ အကြင် သတို့သမီးသည်။ ဒုက္ခေန၊ အမျိုးစည်းစိမ် ငြိုငြင်ခြင်းဖြင့်။ ဤရတိ–ဗီဝတိ၊ အသက်ရှည်ရ၏။ ဣတိတသ္မာ၊ ထိုသို့ ငြိုငြင်စွာအသက်ရှည်ရသော သတ္တိကြောင့်။ သာ နာရီ၊ ထို သတို့သမီးသည်။ ဗီရဏီ၊ ဗီရဏီ မည်၏။ ဒုပုဗ္ဗ၊ ဤရ–ဓာတ်၊ ယု–ပစ္စည်း။ ဒု–ကို–ဗာပြုသည်။ ဤဝိဂြိုဟ်အလိုကား ဗီရဏီ ဟူသောအမည်သည် ကျွန်သမီးတို့အား မှည့်ကြမြဲအမည် ဆိုလိုသည်။

[ဝါ၊ တစ်နည်းကား။ ယာ နာရီ၊ အကြင်သတို့သမီးသည်။ ဒေဝ–ကောသလ္လံ၊ လိမ္မာခြင်း၏ အကြောင်းဖြစ်သော ပညာရှိစကားကို။ ဘဏတိ ဘာသတိ၊ ဆိုတတ်၏။ ဣတိတသ္မာ၊ ထိုသို့စကားကောင်းကို ဆိုတတ်သော သတ္တိကြောင့်၊ သာ နာရီ၊ ထိုသတို့သမီးသည်။ ဗီရဏီ၊ ဗီရဏီမည်၏။]

## ၂၂။ သောဏဒိန် ဘုံခန်း

ဤသို့ မာတလိနတ်သားသည် ဗီရဏီနတ်သမီး၏ ရေ့ဋ္ဌပြုဖူးသောကောင်းမှုကို နေမိမင်းကြီးအား ပြန်ကြားပြီးလျှင် တောင်မြင်းမိုရ်သို့ရှေးရှု ရထားကိုနှင်ပြန်လေသော် ရှမျှော်၍မပြီး ညီးညီးရဲရဲ တစ်ခဲနက် တောက်လျှံသော ရွှေဗိမာန် ၇ ဆောင်ဝယ် ၁ ထောင်, ၁ ထောင်စီ ဗိမာန်နေ ရံခြွေရွေ နတ်သမီးအပေါင်း ညွတ်ပျောင်းခယလျက် တောက်ပရွှန်းဝေ ဂုဏ်ကျက်သရေအသွယ်သွယ်ဖြင့် ဆူလှယ်ပြောင်းကာ သောင်းညာဥပဒ် ကင်းလွတ်သန့်စင် ရွှင်ပျသောတန်ခိုးနှင့် အာကာသစိုးနတ် ထူးမြတ်သောစည်းစိမ်၌ ချမ်းငြိမ်းပျော်စံလျက်နေသော



www.burmeseclassic.com

www.burmeseclassic.com



သောဏာဒိန်နတ်သား၏ ထင်ရှားထိန်ပြောင် ၇ ဆောင်သော ရွှေဗိမာန်အနီးအပါးသို့ နတ်ရထားရောက်လေလျှင် ထင်ထင်သိသိ မျက်စိမြင်သာအောင် နတ်မြင်း ၁၀၀၀ ကို ရပ်တန့်စေ၍ နေမိမင်းကြီးအား ထင်ရှားစွာပြလေ၏။

ထိုအခါ နေမိမင်းကြီးသည် နတ်သမီးဗိရဏီဘုံထက် စုံအညီဆန်းဟန်နှင့် ထူးလွန်ကဲဆင့် မြင့်မြတ်သော နတ်သားစည်းစိမ်ကို တွေ့ကြိမ်ရလေသော် ရှုမျှော်စုံမက် နှစ်သက်ခြင်းအခါခါရှိ၍ မာတလိနတ်သားအား 'ဒဒ္ဒဠ္ဟမာနာအာဘန္တိ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"နတ်ရထားမှူး မာတလိ။ ရွှန်းညိုလျှံပြောင် ရောင်ခြည်ရောင်နွယ် ငြိတွယ်ယှက်ကူးလျက် ခြူးပန်းခြူးအုံ ရုပ်စုံစီရင် ရွှင်ရွှင်လန်းကြည် ၇ မည်ရတနာ တန်ဆာအမွှမ်းတို့ဖြင့် ထွန်းသစ်စနေလုလင်ကဲ့သို့ နှစ်လိုဖွယ် တင့်တယ်လျက် တလက်လက်လျှံပြောင်သော ဤ ၇ ဆောင်ဗိမာန်ကိုမြင်ပြန်ရ ယခု မရှုနိုင်အောင်ရှိပြီ။ ထိုဘုံမှ ထိုနန်း ကူးသန်းပြောင်းလဲကာ လက်ယာလက်ဝဲ ယှဉ်တွဲခြွေရံ တူစုံဖော်နတ်သမီး အသီးသီးသော အဆင်းအသရေ အထွေထွေအဆန်းဆန်း အံ့မခန်းနိုင်သောအဝတ်တန်ဆာ ရတနာအခြားခြားဖြင့် အများခြံရံလျက် ပျော်စံစံပယ်သော ထိုဘုံလယ်တစ်ဆောင်မှာ ဗိမာန်ရောင်, အဝတ်တန်ဆာရောင်, ကိုယ်အဆင်းအရောင်တို့ဖြင့် တင့်တယ်စွာတန်ခိုးအသရေ ဖန်ဆင်းလျက်စံနေသော ထိုနတ်သားသည် များစွာသောနတ်သမီးတို့၏ဦးသျှောင် ထို ၇ ဆောင်ဗိမာန်လုံး သခင်ပေမသိ။ မျက်စိအာရုံ မကုန်နိုင်အောင် အဆောင်ဆောင်ဘုံနန်းနှင့် အဆန်းဆန်း အသွယ်သွယ် ကြီးကျယ်လှသောနတ်စည်းစိမ်အထူးကို နတ်သမီးများအမှူး ၇ ဦးဗိမာန်ရှင် ဤနတ်သားသည် တစ်ပါးသောသံသရာက ဘယ်ရွာဘယ်မြေ ဘယ်တိုင်းပြည်မှာ ဘယ်အမည် ဘယ်အမျိုးဖြစ်၍၊ အပြစ်စင်ကြယ်စွာ ဘယ်ကောင်းမှုပြုဖူးသောကံ စီမံ၍ရသနည်း။ သောမနဿဝေဒနာ ငါ့စိတ်မှာယခု သူ့ကုသိုလ်ဖန်၍ သူ့ဗိမာန် စည်းစိမ်ကို သမာဓိမြွေ အနေဖောက်ပြန် ကိုယ်စံရသကဲ့သို့ နှစ်လို့ခြင်းပြင်းစွာ ငါဖြစ်ဘိ၏။ သိမြင်တိုင်း ငါ့အား ကြားဦးလော့"ဟု မေးမြန်းတိုက်တွန်း၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် ထိုသောဏာဒိန်နတ်သား၏ ရှေးကုသိုလ်ကံကို သိမြင်တိုင်းကြားလို၍ 'သောဏဒိန္နော ဂဟပတိ' အစရှိသော ၄ ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"ဇမ္ဗူကျွန်းတွင် မင်းများအထွတ်ဖြစ်တော်မူသော နေမိမင်းကြီး။ ဤရွှေဗိမာန် ၇ ဆောင်ဝယ် ၇၀၀၀ သော နတ်သမီးတို့၏ အရှင်ဖြစ်သောနတ်သားသည် ရှည်လျားကာလ ရှေးဘဝ၌ ကဿပ အမည်ရှိတော်မူသော မြတ်စွာဘုရားလက်ထက်တော်တွင် ထင်ပေါ်သော ကာသိကရာဇ်တိုင်းဝယ် အသွယ်သွယ် မပျက် ညန်နက်ဈေး သူဌေးသူကြွယ်တို့ဖြင့်ပြည့်သော ရွာနိဂုံးတစ်ခု၌ အလှူဒါယကာ ထင်စွာကျော်ရှိန် သောဏာဒိန် အမည်ရှိသော သူကြွယ်ဖြစ်၍ အပြစ်စင်ကြယ် ရောင်းဝယ်ကြံဆောင်၍ ရအပ်သော ဥစ္စာရွှေငွေကို မကျေမပျောက် နောက်သို့ထက်ကြပ် ကပ်၍ပါစေခြင်းဟာ သာသနာတော်ကို ကြည်ညိုစေတနာ သဒ္ဓါတရားဖြင့် ဘုရားတပည့်တော် ဖြစ်သော ရဟန်းသံဃာတော်တို့အားရည်မှတ်၍ တတ်စွမ်းနိုင်သောအားနှင့်လျော်စွာ နေရာကျောင်း,ကုဋီ ၇ ဆောင် ဆောက်လုပ်လှူဒါန်းလျက် ကျောင်းနေရဟန်းသံဃာတို့အား ၄ ပါးသောပစ္စည်း ဖိုးနည်းဖိုးမြတ် လိုအပ်သော အသုံးဆောင်တို့ဖြင့် အသင့်ဖိတ်ကြား၍ အားထုတ်မမေ့ တစ်နေ့မပြတ် ရိုညွတ်ကြည်လင် ရွှင်လန်းနှစ်သက်လျက် သက္ကစ္စဖြစ်ကြောင်း ကောင်းစွာလုပ်ကျွေး ကိုးကွယ်၏။ ၅ သွယ်သောအင်္ဂါ ပါဏာတိပါတာ ဝေရမဏီ အစရှိသော ပဥ္စင်္ဂ နိစ္စသီလကိုလည်း ကြည်ညိုမမေ့ တစ်နေ့မကင်း စောင့်ရှောက်ခြင်းမြဲလျက် ၈ ရက် လပြည့်လကွယ်တို့၌ အကြိုအပို့ရက်နှင့်တကွ တစ်လတစ်လဝယ် ၁၂ ရက်သော ဥပုသ်နေ့ကြိမ်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုဆင်ခြင်၍ အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၏။ ဤသို့မပျက် အသက်ထက်ဆုံး ကျင့်သုံးအပ်သောသီလ, ဆုံးမအပ်သော ဣန္ဒြေ, ခွဲဝေစီမံ လှူဒါန်းရန်အဖို့ မချို့တဲ့သောဒါန, စာဂတို့နှင့်စုံညီစွာ သဒ္ဓါရေးရှု ဖြူစင်သန့်ရှင်း မကင်းမလပ် မပြတ်ပြုနိုင်သောကောင်းမှုကံသည် ထိုခဏ္ဍာအချိန်ရောက်၍ ဖောက်လှဲ သည်၏အခြားမဲ့၌ပင်၊ ဤကောင်းကင်အရပ်ဝယ် ထူးမြတ်သောရွှေဗိမာန် ၇ ဆောင်၌ ၇၀၀၀ နတ်သမီးအခြံအရံနှင့် တကွ ဒေသသမ္ပတ္တိကိုပေး၍ မွေးပျံ့သောဂုဏ်သတင်းအရှိန်နှင့် သောဏဒိန်ဟူသော လူကအမည်ဟောင်း မပြောင်းမလွဲ တွင်မြဲတံဆိပ်ဖြင့် ဤဗိမာန်ကြီးသခင် နတ်သားဖြစ်လာသည် မှတ်တော်မူလော့”ဟု ပြန်ကြားလေ၏။

[ဤသောဏဒိန်ခန်း၌ ဘုံခန်းလင်္ကာမှာ အကျယ်ဆိုပြီး ထိုဘုံခန်းလင်္ကာ၌ ‘လက်ဝဲလက်ယာ၊ ရှေ့မှာနောက်ဆို့’ ချီသည့်ပိုဒ်တွင်၊ ‘ယောက်ျားဘုန်းလျှင်၊ ရှုန်းရှုန်းဝန်းမြင့်၊ ခုနစ်ဆင့်သား၊ နတ်မင်းတစ်ခွန်၊ ရွှေဗိမာန်ကို’ ဟူ၍ စပ်ရာ၌ ဗီရဏီနတ်သမီး၏ဗိမာန်ဘုံမှာကဲ့သို့ တစ်ဆောင်တည်း၌ ဘုံ ၇ ဆင့်ရှိသည်ဟု မယူအပ်။ ဤ သောဏဒိန်နတ်သား၏ဘုံဗိမာန်ကား ဆောင်သီး ၇ ဆောင်ပင် ရှိသည်။ အဘယ်ကြောင့်နည်းဟူမူ ‘သောဏဒိန္နဒေဝပုတ္တဿ သတ္တကူဋ္ဌ ဝိမာနာနိ’ဟူ၍လည်းကောင်း၊ ဂါထာအဖွင့်တွင်လည်း ‘ဥပရူပရိဟု မဆို ပဋိပါဋိယာဋ္ဌိတေသု သတ္တသု တေသု တေသု ဝိမာနေသု’ဟူ၍လည်းကောင်း၊ ဆောင်သီးဆောင်ခြား ဖြစ်ကြောင်းကိုလာသောကြောင့် သိရသတည်း။ ထိုသို့ ဆောင်သီးဖြစ်လျက် လင်္ကာ၌ အဘယ်ကြောင့် ဧကဝုစ်နှင့် စပ်လေသနည်း ဟူမူကား ‘ဓာတျာပေက္ခ ဧကဝစနံ’ဟု သဒ္ဒါဆရာတို့အမိန့်နှင့်အညီ ဘုံတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်ကိုငဲ့၍ ဧကဝုစ်သချာနှင့် စပ်လေသည်။ ဤသို့ယူမှ ပါဠိနှင့်လင်္ကာ တပြေးတည်းညီမည်။

[‘ထိုသို့ဇေစုံ၊ မေးလေတုံသော’ ချီသည့်ပိုဒ်တွင် ‘ဗာရာဏသီ၊ ဓါညီမည်သီး၊ ထိုပြည်ကြီး၌၊ ဝှဲချီးလှူချစ်၊ သူကြွယ်ဖြစ်၍’ ဟူသောလင်္ကာ၌ သောဏဒိန် သူကြွယ်နေသောရွာကို ဗာရာဏသီပြည်ဟု ဆိုသည်ကား ဂင်္ဂါ၌ နွားကျောင်းရွာ တည်၏ဟူသကဲ့သို့ သမီပူပစာရ အားဖြင့်လည်းကောင်း၊ သိကြားကြောင်းကို မသောင်းမညာ အပြစ်ရှာ၍ ဟူသကဲ့သို့ ပမာနနည်း သဒိသူပစာရအားဖြင့်လည်းကောင်း တင်စား၍ စပ်ခြင်းဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူကား ‘ကာသိရဋ္ဌေ အညတရသ္မိံ နိဂမေ သောဏဒိန္နောနာမ ဂဟပတိ’ အစရှိသည်ဖြင့် အမည်မထင်ရှားလွန်းသော နိဂုံးရွာ၌နေကြောင်းကို လာသောကြောင့်တည်း။ ဤသို့ယူမှ ပါဠိတော်နှင့် လင်္ကာ မဆန့်ကျင်မည်။

[‘စတုဒ္ဒသီ ပဉ္စဒသီ ယာစပက္ခဿအဋ္ဌမီ ပါဋိဟာရိယပက္ခဉ္စ’ စသည်ဖြင့် ပါဠိအဋ္ဌကထာတို့၌ လာသောအတိုင်း အကြို,အပို့နှင့်တကွ ထို လပြည့်,လကွယ် ၈ရက်သတင်း နေ့တို့၌သာ ဥပုသ် ဆောက်တည် ကောင်း၏။ ကြွင်းသောနေ့တို့၌ မဆောက်တည်ကောင်းဟု အချို့ဆရာတို့ယူသည်မှာ ‘န ဘိက္ခဝေ အနုပေါသထေ ဥပေါသထော ကာတဗ္ဗော ယောကရေယျ အာပတ္တိဒုက္ကဋဿ’ဟု ရဟန်းပဉ္စင်းတို့မှာ ဥပုသ်နေ့မဟုတ်သည်၌ ဥပုသ်ပြုလျှင် ဒုက္ကဋ်သင့်စေ ပညတ်တော်မူသကဲ့သို့ လူတို့မှာ ဥပုသ်နေ့မဟုတ်သည်၌ ဥပုသ်ဆောက်တည်လျှင် အတ္တကိလမထ မျှသာ ဖြစ်သည်။ အပါယ်လားခြင်း အကြောင်းဖြစ်သည်ဟု တားမြစ်တော်မမူသောကြောင့် ထိုဆရာတို့စကားကို ဆင်ခြင်အပ်၏။

[ထိုသို့တစ်မူကား ဥပုသ်နေ့မဟုတ်ရာ၌ လူတို့မှာ ဥပုသ်ဆောက်တည်သည်ဟူ၍ တစ်စုံတစ်ခု အပြစ်မရှိ၊ ဥပုသ်နေ့တိုင်း မဆောက်တည်နိုင်သည်ဟူ၍လည်း အပြစ်မရှိ။ ဤ ဆိုခဲ့ပြီးသောရက်သည် အိမ်၌



www.burmeseclassic.com

www.burmeseclassic.com



နေကုန်သောသူတို့အား ဥဿာဟပြုသည်ရှိသော် စွမ်းနိုင်ရာသောကြောင့် ဥပုသ်နေ့ဟု မှတ်သားခြင်းဖြစ်သည်။ မှတ်သားခြင်းရှိသည့် အတိုင်းလည်း ပါဠိအဋ္ဌကထာ လာသည်။ ထို့ကြောင့် မည်သည်နေ့မဆို စွမ်းနိုင်လျှင် ဆောက်တည်ကောင်းတော့သည် ဟု သိအပ်၏။

[သောဏဒိန်ဟူသော အမည်ကို ဝိဂြိုဟ်ပြုသော်ကား 'သောဏံ သုန္ဒရံ ဒါနံ ဒဒါတီတိ သောဏဒိန္နော။ သဒ္ဓမ္မံ သုဏာတီတိ သောဂါဏော။ ဒါနံ ဒဒါတီတိ ဒိန္နော။ သောဏောစသော ဒိန္နောစာတိ သောဏဒိန္နော။ ဩဒနေန သဟ ယော ဝတ္တတီတိ သောဏော။ တံဒဒါတီတိ ဝါ သောဏဒိန္နော' ဤသို့ စသည်ဖြင့် ပြုအပ်၏။

[ဝိဂြိုဟ်အနက်ကား– ယော ဂဟပတိ၊ အကြင်သူကြွယ်သည်။ သောဏံ သုန္ဒရံ၊ ကောင်းမြတ်သော။ ဒါနံ၊ အလှူကို။ ဒဒါတိ၊ ပေးတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကောင်းမြတ်သောအလှူကို ပေးတတ်သောသတ္တိကြောင့်။ သော ဂဟပတိ၊ ထိုသူကြွယ်သည်။ သောဏဒိန္နော၊ သောဏဒိန် မည်၏။ သောဏာသဒ္ဒါပု ပဒ ဒဒ ဓာတ်။ တ–ပစ္စည်း။ ကိတ် ဝိဂြိုဟ်။ သောဏာဟူသော ပါဠိပဒိကပုဒ်၏အရကား ဆွမ်းကျောင်းအစရှိသော ဒါနစေတနာတို့၏ သုန္ဒရဘောဂုဏ်နှင့် ဂုဏောအဖြစ်ဖြင့် စပ်အပ်သော သမ္ဘန်သည်သာ ပဓာန။ ဒါနဝတ္ထုသည် အပ္ပဓာနအားဖြင့် ရ၏။ ဒဒဓာတ်၏အရကား ထိုဒါနဝတ္ထုကို အာရုံပြု၍ဖြစ်သော စာဂစေတနာ ရ၏။ တ–ပစ္စည်း၏အရကား ထိုစေတနာတို့ဖြင့်မှတ်အပ်သော ဂုဏောဖြစ်သော ၇ ကျောင်းဒါယကာ သောဏဒိန်သူကြွယ် ရ၏။

[ဝါ၊ တစ်နည်းကား။ ယော၊ အကြင်သူသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ သုဏာတိ၊ နာတတ်၏။ ဣတိတသ္မာ၊ ထိုသို့ သူတော်ကောင်းတရားကို နာတတ်သောသတ္တိကြောင့်။ သော၊ ထိုသူသည်။ သောဏော၊ သောဏမည်၏။

[ယော၊ အကြင်သူသည်။ ဒနံ၊ အလှုကို။ ဒဒါတိ၊ ပေးတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အလှူကိုပေးတတ်သော သတ္တိကြောင့်။ သော၊ ထိုသူသည်။ ဒိန္နော၊ ဒိန္နမည်၏။

[သောဏောစ၊ သူတော်ကောင်းတရား နာတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူတော်ကောင်းတရားကို နာတတ်သောသူသည်။ ဒိန္နောစ၊ အလှူပေးတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို ၂ ပါးသောသတ္တိကြောင့်။ သော ဂဟပတိ၊ ထိုသူကြွယ်သည်။ သောဏဒိန္နော၊ သောဏဒိန် မည်၏။

[ရှေ့ပုဒ်အရကား သူတော်ကောင်းတရားစကားကို မှတ်နာခြင်းစေတနာသည် ပဓာန။ ထိုဓမ္မဿဝဏလျှင် ဥပနိဿယရှိသော သီလ ဘာဝနာ ဓမ္မဒေသနာ အပစာယန ဝေယျာဝစ္စ ဒိဋ္ဌိဇုကမ္မ ကုသိုလ်တို့၏ ပစ္စယုပ္ပန္န သတ္တိသည် အပ္ပဓာနရ၏။ နောက်ပုဒ်အရကား စာဂစေတနာသည် ပဓာန။ ထို စာဂစေတနာလျှင် ဥပနိဿယရှိသော ပတ္တိဒါန ပတ္တာနုမောဒန ဒိဋ္ဌိဇုကမ္မကုသိုလ်တို့၏ ပစ္စယုပ္ပန္နသတ္တိသည် အပ္ပဓာန ရ၏။ သမာသ်ပုဒ်လုံး၏ အရကား ထိုပဓာန အပ္ပဓာနတို့ဖြင့်မှတ်အပ်သော ကုသိုလ် ၁၀ ပါးနှင့်ပြည့်စုံသော သောဏဒိန်သူကြွယ် ရ၏။

[ဝါ၊ ကား။ ယောဒေယျဓမ္မော၊ အကြင်လှူဖွယ်ဝတ္ထုသည်။ ဩဒနေန၊ ဆွမ်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သောဒေယျဓမ္မော၊ သည်။ သောဏော၊ သောဏမည်၏။ သဟပုဒ်၊ ဩဒနပုဒ်၊ ဗဟုဗ္ဗီဟိ၊ ဟနင့်ဒကို ချေရမည်။

www.burmeseclassic.com



[ယော ဂဟပတိ၊ သည်။ သောဏာ၊ ဆွမ်းနှင့်တကွသော ကျောင်းအစရှိသော ဒါနဝတ္ထုကို။ ဒဒါတိ၊ လှူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ဆွမ်းနှင့်တကွသော ကျောင်းအစရှိသောအလှူဝတ္ထုကို ပေးလှူတတ်သော သတ္တိကြောင့်။ သောဂဟပတိ၊ သည်။ သောဏာဒိန္နော၊ သောဏာဒိန် မည်၏။]

## ၂၃။ ဖလိက ဝိမာနခန်း

ဤသို့ မာတလိနတ်သားသည် သောဏာဒိန်နတ်သား၏ ရှေး၌ပြုဖူးသော ကောင်းမှုအကြောင်းကို ပြန်ကြားပြီး၍ တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်လေသော် တိမ်ပေါ်ကောင်းကင်ရပ် နတ်ရထားသွားရာခရီး အနီး တာထောက်သင့်တွင် အမြင့် ၂၅ ယူဇနာ, ၇ မည်ရတနာ အရာမကရွှမ်ဖွယ် တင့်တယ်စွာအခန်းခန်း ဆန်းကြယ်စွာ စီမံ အလျှံချင်းတွယ်ရစ်လျက် စုလစ်မွန်ကောင်း ရောင်မောင်းတန်ဆာ အရာမက တောက်ပရွှင်ကြည် ဆောင်လည်နိမ့်မြင့် ဖူးဆင့်အဆူဆူမှာ ရတနာခြူ ရတနာကွန်ရက် 'မျက် ၉ ပါးစီခြယ်အပ်သောအလျှံနှင့် မှန်ကင်းစိန်ဖူးတွင် အထူးထူးရတနာကို သင့်ရာယှဉ်ဖက် ပတ္တမြားရွက်နှင့် ရွှေရိုးငွေရိုးနှင့် သန္တာနီမြွာရောင် လက် ကူးယှက်ရွှန်းစို ယိုစီးလုမတတ် ဘုံပြာသာဒ်အလယ်မှာ နေစွယ်ဆီမီး တန်ဆောင်ကြီးကဲ့သို့ ညီးညီးပြောင်လျက် လရောင်ခြည်တမျှ ချမ်းအေးလှသော မြဆီမီးတိုင် လှိုင်စမုတ်လေသာ ရတနာ ၇ မျိုး အမိုးနယ်နံရံ ဖန်အတိပြီးသော ဗိမာန်ကြီးဘုံဆောင်ဝယ် အထောင်မကသော နတ်သမီးအပေါင်း အပျောင်းအနွဲ့ အဖွဲ့အဆို သံချိုသံလေး ကျူးအေးသံလွင် ပဥ္စင်တူရိယ တီးကြကကြ သီဆိုကြသော သဘင်ရတု ပျော်မွှုရွှင်ခန်းနှင့် ပန်းမျိုးစုံယှဉ် ဥယျာဉ်ရေကန် ခြံရံဝန်းပတ်လျက် နက်သားကဲ့တူ ကျွမ်းသူလည်းမရှိသေး၊ တစ်စုတဝေးသော နတ်သမီးအပေါင်းတို့ ရှေးအကြောင်းစီမံတိုင်း စံရသောဖန်ဗိမာန်အနီးသို့ရောက်လျှင် အထောက်သင့်ရာ မျက်နှာစာက မာတလိနတ်သားသည် ရထားကိုတန့်ရပ်စေ၍ နေမိမင်းကြီးအား ပြလေ၏။

ထိုအခါ နေမိမင်းကြီး ဖန်ဗိမာန်အတွင်းခင်းအပ်သော သလွန်အုံးစက်ရာ အခြားခြားနှင့် နတ်သားတစ်ယောက်မျှ မနှောက်မနှော ၅ ပါးသောအာရုံ ဂုဏ်ကာမာသဝမငြီး နတ်သမီးအပေါင်းကိုမြင်လေသော် နှလုံးတော်လည်း ပုလုဓဉ်ယှဉ်အပ်သော အာရုံလည်း ဂုဏ်ဂုဏအသင့်ဖြစ်၍ နှစ်လိုသသော ဖောသောမနသဖြင့် မြင်သမျှအကျိုးထူးကို ရထားမှူးအားမေးလိုသောကြောင့် 'ပဘာသတိမိဒံဗျမှံ' အစရှိသော ၃ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အချင်း မာတလိရထားမှူး။ ဤကောင်းကင်နတ်နန်းလည်း တထူးရှေးဦးက ဗိမာန် ၂ ဘုံထက် အလုံးစုံကျက်သရေသာလွန်စွာ ရတနာ ၇ ပါးခြယ်လှယ်ကာ အရာမကသောသီတိုင်က ရောင်ခြည်ချင်း ဆိုင်ပြိုင်လျက် လှိုင်စမုတ်လေသာက ရတနာ ၇မျိုး အမိုးနံရံ ဖန်အတိပြီး၍ ညီးညီးတောက်ထွန်းလျက် မွန်းမွန်းထိန်မျှ သံခြိမ့်သံလေး ကျူးအေးသောသီချင်းသံ တရံမစဲ ပွဲသဘင်ပြု၍၊ ထွားနှပျော့ပျောင်းသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကောင်းလက္ခဏာ အမှုအရာ အသွယ်သွယ်နှင့် ချစ်ဖွယ်တစေပြု၍ နန္ဒဂီတမှု တူရိယာမျိုး တန်ခိုးဖန်ဆင်းခြင်း အဆင်းအရောင်ဖြင့် တစ်ဆောင်လုံးညီမျှ နတ်သမီးအပေါင်း ပျော်ကြောင်းခြံရံလျက် ဤဖန်ဗိမာန်နန်းကား နတ်သားတစ်ယောက်မျှ မမြင် ဘုံဝန်းကျင်ပတ်ရစ်ကာ မြစ်သီဒါရေလည်း တထွေထွေစီးလျက် ဥယျာဉ်ကြီး, ရေကန်ကြီး အသီးသီး အသွယ်သွယ် ပျော်ဖွယ်အတန်တန် စားရန်သောက်ရန် ဝတ်ဆင်ရန်အလုံးစုံ ကာမဂုဏ်မျိုးပြည့်လျက် ကြည့်စဖွယ် ပျော်စဖွယ် ထူးလှခဲ့၏တကား။ ထိုနတ်သမီးအများ ရွှင်လန်းဟန် ဗိမာန် ဘုံနန်း၏ထူးဆန်းခြင်း ဘုံတွင်းဘုံပြင် မြင်သမျှကိရိယာစုံကို ခုကြုံရသောငါသည် ကြည်ရွှင်သောနှလုံးဖြင့် ကိုယ်သုံးဆောင်ရန်ပိုင်စုလို သူ့ကံကြောင့် သူစံရပေသည်ကို မဖြေဆည်နိုင်အောင် ယိုင်ညွတ်သောစိတ် ဖိတ်ယိုကူးယှက် နှစ်သက်ခြင်းဖြစ်ဘိ၏။ သိသာအောင်လျှင်လျှင် သင်နတ်သား ကြားပါဦး။ ထို ကျက်သရေ ထူးဆန်းသော ဖန်နန်းသူအပေါင်းသည် ဘဝဟောင်းသံသရာက ဘယ်ရွာဘယ်ရပ်မှာ ထူးမြတ်ကြီးကျယ်သော အဘယ်ကောင်းမှု ပြုခဲ့ဖူးကြလေသနည်း”ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကို ပြန်ကြားလို၍ 'ယာကာစိ နာရိယော ဣဓ ဓိဝလောကေ' အစရှိသော ၂ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“သင်္ဂဟ ၄ပါး မြတ်တရားဖြင့် ပြည်သားပြည်သူ မပူမဆာ ချမ်းသာငြိမ်းအေး ပေးတော်မူလေ့ရှိသော နေမိမင်းမြတ်။ ဤ နတ်သမီးဖန်နန်းသူအပေါင်းတို့ ကောင်းမှုပြုဖူးသော အထူးဘဝမှာ ကဿပမြတ်စွာဘုရား သာသနာတော်တွင်းတွင် မင်းနေစံရာ ဗာရာဏသီပြည်ကြီး၌ အမျိုးသမီးတစေ အဆွေသဟာ မေတ္တာယှက်စည်း တပေါင်းတည်းဖြစ်ကြ၍ ဘုရားသာသနာတော်ကို သဒ္ဓါခြင်းပြန့်ပွားလျက် ၃ ပါးသရဏာ, ၅ ဖြာသောသီလတို့ကို တစ်နေ့မျှမပျောက် မပေါက်မကြား စကားသစ္စာ မှန်စွာမလွှဲ အမြဲစောင့်ထိန်းလျက် ခပ်သိမ်းသော စက္ခုသောတ စသောဣန္ဒြေကိုလည်း အနေသင့်ရာအာရုံတွင် လုံခြုံစွာဆို့ပိတ်၍ မိတ်သဟာယတစ်စု ကိုယ့်အမှုသူ့အမှု လှူမှုတန်းရန် စီမံပြင်ဆင်ခွင့်ရှိလျှင် စင်ကြယ်သန့်ပြန့်စွာ ရတနာ ၃ ပါးအား လှူဖို့လှူစု ဒါနဝတ္ထုအလျောက် ဝမ်းမြောက်သောနှလုံးနှင့် သုံးဆောင်ကျင့်ဖွယ် တင့်တယ်စွာ သဒ္ဓါကြည်ဖြူလျက် လူရှင်သည့်သည်အလိုက် ထိုက်လျော်ကြောင်းကောင်းစွာပြင်ဆင် စီရင်လှူဒါန်းခြင်းနှင့် သီတင်းဥပုသ်နေ့ရောက်လျှင် တစ်ယောက်ကို တစ်ယောက် ဝမ်းမြောက်ရွှင်လန်းစွာ ဆော်နှိုးခြင်းကိုပြု၍ တစ်စုတပေါင်းတည်း ကျောင်းကန်ဘုရား ၃ ပါး ရတနာရှိရာသို့ ဆည်းကပ်လျက်အားနှင့် လျောက်ပတ်သော လှူဒါန်းပူဇော်ဖွယ်တို့ဖြင့် နှစ်လို့စွာပူဇော်လှူဒါန်း၍ ရဟန်းသံဃာတော်တို့၏အထံတွင် အင်္ဂါ ၈ ပါးတို့နှင့်ပြည့်စုံသော ဥပုသ်သီလကိုခံယူပြီးသော် သင့်လျော်ရာ အရပ်၌နေကုန်လျက် မနွမ်းမပျက်စေခြင်း သန့်ရှင်းစင်ကြယ်စိမ့်သောငှာ ဗုဒ္ဓါနုဿတိ အစရှိသော ကမ္မဋ္ဌာန်း၊ ကသိုဏ်း, အသုဘ အစရှိသော ကမ္မဋ္ဌာန်း၊ အတ္ထိဣမသ္မိံ ကာယေ ကေသာ လောမာ အစရှိသော ကာယ ဂတာ သတိကမ္မဋ္ဌာန်း 'သဗ္ဗေသင်္ခါရာ အနိစ္စာသဗ္ဗေ သင်္ခါရာ,ဒုက္ခာ သဗ္ဗေ ဓမ္မာအနတ္တာ အစရှိသော ကမ္မဋ္ဌာန်းတို့တွင် တစ်ခုခုသောကမ္မဋ္ဌာန်းသို့ ရှေးရှုအာရုံပြုလျက် ဥပစာရသမာဓိကိုဖြစ်စေ၍ ဣန္ဒြေကိုဆုံးမသဖြင့် မခွမတွန့်သောနှလုံးဖြင့် ကောင်းစွာကျင့်သုံးလျက် ဥပုသ်ထွက်သောနေ့ စသည်တို့၌ နှလုံးကြည်ရွှင်စွာ ရတနာ ၃ ပါးတို့အား အားနှင့်လျော်စွာ တပေါင်းတစ်စည်း တညီတညွတ် မပြတ်သောဝတ်ကိုဖြစ်စေသဖြင့် လှူဒါန်းပူဇော်ခြင်းကိုပြုကြ၍ ထိုဘဝအဆုံးရောက်သဖြင့် မျက်မှောက်သောခန္ဓာကိုယ်ကို စွန့်ကြလေသော် ဤတိမ်ပေါ် ကောင်းကင်ယံတွင် ဤဗိမာန်ဘုံနန်း၌ အဆန်းအထူးသောစည်းစိမ်ကြီး နတ်သမီးချမ်းသာကို ထိုဘဝဟောင်းက



www.burmeseclassic.com

www.burmeseclassic.com



တပေါင်းတည်းပြုဖူးသော ကုသိုလ်ထူးအစွမ်းကြောင့် ချမ်းမြေ့စွာ ဤနန်းသူအများ ပျော်ပါးစံရှင်ကြရသည် မှတ်တော်မူလော့”ဟု ပြန်ကြားပေ၏။

[ဤဖလိကဝိမာနခန်း၌ ဘုံခန်းလင်္ကာမှာ အကျယ်ဆို၏။ ထို ဘုံခန်းလင်္ကာ၌ ‘ကောင်းကင်လမ်းမ၊ ကွန်းထောက်ချသို့’ ချီသည့်ပိုဒ်တွင် ‘ဖန်မိုးရိပ်ငြိမ်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်သခင်၊ နတ်လုလင်လည်း၊ စုံအင်တန်ခိုး၊ ဘုန်းမညှိုးတည့်, ဟူ၍လည်းကောင်း, ‘ဝင်းဝင်းညီးညီး၊ ဖီးရရီးသား၊ နတ်သမီးမရှား၊ နတ်သားသိန်းသန်း’ဟူ၍ လည်းကောင်း နတ်သမီးနတ်သား ၂ ပါးစုံညီရှိကြောင်းကို စပ်သည်။

[ပါဠိတော်၌ နေမိမင်းကြီးအမေးတွင် နာရိဝရဂဏာကိဏ္ဏာ ဟူ၍လည်းကောင်း၊ ဣမာနုနာရိယော ဟူ၍လည်းကောင်း၊ မာတလိနတ်သားအဖြေတွင် ယာကာစိနာရိယော ဟူ၍လည်းကောင်း၊ အဖွင့်အဋ္ဌကထာတွင် လည်း နစ္စ, ဂီတ, ဝါဒိတာ, ဒိသု, ဆေကာပဟိ, အစ္ဆရာဟိ, ပရိ, ကိဏ္ဏာ ဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့် နတ်သမီးအပေါင်းသာ ရှိကြောင်းကို လာသည်။ နတ်သားရှိကြောင်းကို မဆို။

[ထိုသို့ ပါဠိတော်နှင့် လင်္ကာ မညီလွန်းဖြစ်၍ အရျတ္တဓါသရိပ် ထင်သော်လည်း လင်္ကာဆရာ၏ အလိုတော်သည် ဤဖန်ဗိမာန်၌ ပါဠိတော်တွင် နတ်သမီးကိုသာဆိုသည်ကား ကုသိုလ်ကံ၏အစွမ်းဖြင့် ထင်ရှားရာသို့ လိုက်၍သာ ဆိုသည်။ နတ်သား မရှိသောကြောင့် ဆိုသည်မဟုတ်။ ဥပမာကား ဝိသာခါသူဋ္ဌေးမသည် ပုဏ္ဏဝဓ္ဓနသူဋ္ဌေးနှင့် ဇနီးမောင်နှံ အစုံအညီပင် ပုဗ္ဗာရုံကျောင်းတော်ကို ဆောက်သည်ဖြစ်လျက် ပုဗ္ဗာရုံကျောင်းကို ဝိသာခါဒါယိကာမ ဆောက်လှူသည်ဟု ထင်ရှားရာသို့လိုက်၍ ဆိုဘိသကဲ့သို့ ဤဖန်နန်းကိုလည်း နတ်သမီးတို့၏ ကုသိုလ်ကံအစွမ်းဖြင့် ရလေသောကြောင့်သာ နတ်သမီးအပေါင်းကိုဆိုသည် နတ်သားကိုမူကား နတ်သမီးတို့နှင့် အဖော်အဖက်ဖြစ်ရုံမျှသော ကောင်းမှုကြောင့်သာ ဖြစ်လာကြရသဖြင့် မထင်မရှားသောကြောင့် မဆိုသည်ဟု အယူတော်စွဲသဖြင့် ၎င်းလင်္ကာကို စပ်သည်ဖြစ်မည်။ သို့ဖြစ်သော်လည်း ပါဠိတော်ထွက် နီတတ္ထ နေယျတ္ထတို့ဖြင့် မလာမရှိသည်ကို အထွေထွေတွေးဆဖွယ် မရောက်ပြီ။]

## ၂၄။ ဓေဋ္ဌုရိယ ဝိမာနခန်း

ဤသို့ မာတလိနတ်သားသည် ဖန်ဗိမာန်ကိုပြပြီးလျှင် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်၍ တစ်ဖန် ထိုကောင်းကင်လမ်းခရီးအနီးတွင် မြေအပြင်မညီမညွတ်၌ မြတ်ထွတ်သောကျောက်မျက်ရွဲ မြပုလဲမျက်ရှင်တောင် ပြောင်ပြောင်ရွှန်းရွှန်း ထွန်းပသကဲ့သို့ အသို့ကျယ်စွာ သင့်ရာဝေဖန်လျက် ရေကန်ဥယျာဉ် ပန်းစဉ်ပန်းတော သာမောရှုဖွယ် မြစ်ငယ်သီဒါ ရစ်ကာခြံရံ၍ ရတနာ ၇ တန် စီမံခြယ်လှယ်သဖြင့် တင့်တယ်ထွန်းပြောင် ရောင်ခြည်အခိုးနှင့် အမိုးသီတိုင် မုတ်လိုက်နံရံ ဗိမာန်တွင်းပြင် မျက်ရှင်ကျောက်မျက်ရွဲ ရဲရဲတောက်လောင်အံ့သော ဗိမာန်ဘုံနန်းဆောင်ဝယ် အထောင်မကသောနတ်သမီးတို့ အသီးအသီး တီးမှုတ်ကသီ သံညီသံမြူး အေးချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော် အပျော်အပါးဖြင့် နတ်သားတစ်ဦးတစ်ဦး၌ အထူးထူးကိုယ်စီ တူညီဝန်းရံ ရွှင်စံပျော်ပါးလျက် နတ်သားနတ်သမီး ဖနီးမောင်နှံအစုံ ဘုံဗိမာန်တစ်ဆောင်တွင် အထောင်မကနေကြသော အစုအပေါင်းကို လမ်းကြောင်းခရီးနား၌ ရထားကိုတန့်စေ၍ နေမိမင်းကြီးအား ပြလေ၏။

ထိုအခါ ကျောက်မျက်ရွဲဗိမာန်၌ ပျော်စံကာနေကြသော နတ်သမီးနတ်သားတို့၏ များစွာသော တင့်တယ်ခြင်းတို့ကို နေမိမင်းကြီး မြင်လေသော် ရွှင်ပျော်နှစ်သက်ခြင်းအဟုန်ဖြင့် ရှုပါရုံစက္ခုဖြင့် ရှုမြင်ရုံမတန် ကိုယ်စံရပြီးလောက် ဝမ်းမြောက်တော်မူသည်ဖြစ်၍ မာတလိနတ်သားအား 'ပဘာပတိမိဒ်ဗျမှံ' အစရှိသော ၄ဂါထာခွဲဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"နတ်ရထားမှူးမာတလိ။ သီဒါမြစ်လည်း ဝန်းရစ်ပတ်ရံ ဥယျာဉ်ရေကန် အဖန်အဝေ အနေအခင်းလည်း သန့်ရှင်းတော်လျော်စွာ ထိုလူ့ပြည်လူ့ရွာမှာ ဘယ်ပညာရှိလူတတ် ကွပ်မှတ်စီမံ ဝေဖန်သည်ထက်မက တင့်တယ်လှသောအခင်းအကျင်းနှင့် တစ်ဆောင်လုံးပြောင်လင်းအောင် ဝင်းဝင်းလျှပ် ရောင်ခြည်စိုသော ထိုကျောက်မျက်ရွဲဗိမာန်နန်းမှာ အဆန်းဆန်းအထွေထွေ ကချေသည်နတ်သမီး ပဥ္စင်တီးအလီလီ သီချင်းသည် အခြားခြားနှင့် နတ်သားနတ်သမီး မငြီးပျော်မှု တစ်ခုတည်းသော ဘုံနန်းဗိမာန်ဆောင်၌ အထောင်အသောင်းမက ပျော်စံကြသောအခြင်းအရာကို ငါရှုမြင်၍မငြီး၊ အာလမ္ဗရမည်သော ပဟိုရ်စည်ကြီးကို မြှောက်ချီကာခတ်တီး၍ အသီးသီးသောသဘင်ပျော်ခန်းနှင့် ဘုံနန်းဆောင်အလုံး ငြိမ့်ငြိမ့်မွှမ်းမွှမ်းရှိသည်ကိုလည်း စိတ်အလိုနှစ်သက်ရာနာ၍ မရောင့်မရဲ အံ့အဲချီးမွမ်း၍ ဥဒါန်းမကုန်အောင် ထိုဘုံဆောင် ကျောက်မျက်ရွဲဗိမာန်ကြီး၌ နတ်သမီးနတ်သား အပေါင်းသည် ဘဝဟောင်းသံသရာက ဘယ်ရွာဘယ်ပြည်မှာ အဘယ်မည်သောကောင်းမှုကို ပြုခဲ့ကြဖူး၍ ဤအထူးအဆန်းသော ဘုံနန်းဗိမာန်မှာ စံစားကြရလေသနည်း"ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် ထိုနတ်သမီးနတ်သားတစ်စုတို့၏ ကောင်းမှုကို ပြန်ကြားလို၍ 'ယေကေစိ မဇ္ဈာဣမစီဝလောကေ' အစရှိသော ၄ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"သဗ္ဗညုဂါအပေါင်းအား အကြောင်းတော်ရာ ကံသာအခွေဟု နှလုံးနေအယူ စွဲတော်မူသော ဓမ္မကျွန်းပြီး သခင် နေမိမင်းမြတ်။ ထိုနတ်သားနတ်သမီး ဗိမာန်ရှင်တစ်စုတို့၏ ပြုဖူးသောကောင်းမှုမှာ ကဿပအမည်ရှိသော မြတ်စွာဘုရားပွင့်တော်မူသောအခါ ဗာရာဏသီ မင်းနေပြည်ကြီး၌ အမျိုးသမီးအမျိုးသား တပေါင်းတစ်စုဖြစ်၍ အပြစ်မင်ကြွယ်ကြောင်းအပေါင်းဖွဲ့လျက် မပျက်သောသဒ္ဓါတရားဖြင့် ရတနာ ၃ ပါးတို့အား ဆည်းကပ် ကိုးကွယ်ခြင်း၊ သရဏဂုံ ပဥ္စသီတို့ကို တစ်နေ့မကင်း ကျင့်ဆောင်ခြင်းနှင့်ပြည့်စုံစွာ ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း၊ မြတ်သောတရားကို ဖြောင့်မတ်စွာကျင့်ဆောင်တော်မူကုန်သော အရိယာသံဃာ သီလဝန္တပုဂ္ဂိုလ် မြတ်တို့အား လည်းကောင်း၊ ကျောင်းဆောင်း, ဖတိုင်, သရိုင်သင်ဖြူး, အင်းပျဉ်, ယာဉ်, သံလျင်း, အုံးမွေ့ရာစသည်တို့ဖြင့် များပြားသောအိပ်ရာနေရာ၊ ဆွမ်း, သင်္ကန်း, ဆေး, ပစ္စည်းအသုံးအဆောင်တို့ကို အားနှင့်လျော်စွာ အသီးသီးလှူဒါန်းပူဇော်ခြင်းနှင့် ရတနာ ၃ ပါးတို့အားရည်မှတ်၍ ဇရပ်,တန်ဆောင်း, ကျောင်းအာရာမ်, ရေကန်, ရေတွင်း တို့ကိုလည်း ကြည်ညိုအားထုတ် ဆောက်လုပ်ပူဇော်လျက် သီတင်းရက်နေ့ကို အကြိုအပို့နှင့်တကွ တစ်လလျှင် ၁၂ရက်သော ဥပုသ်နေ့တို့၌လည်း နှစ်ခြိုက်ရွှင်လန်း စွမ်းနိုင်တိုင်းမမေ့မယုတ် အားထုတ်စောင့်သုံး ဆုံးမအပ်သောဩဝါဒ်ရှိခြင်း၊ မကင်းသောသတိ, ဝီရိယ, ပညာဖြင့် စိတ်ဖြာဝေဖန် ကောင်းမွန်ဖြူစင်သော သဘောအလေ့သို့သာ နှလုံးသက်ဝင်ခြင်း၊ ယင်းသို့အလုံးစုံ ဆိုခဲ့ပြီးသမျှ ဒါန,သီလ,



www.burmeseclassic.com

www.burmeseclassic.com



တာဂတည်းဟူသော ကောင်းမှုကို အပေါင်းအစုလုပ်၍ တစ်အုပ်တဆွေ တရွေတဖော်တည်း မွေ့လျော်စုံမက် နှစ်သက်ကြည်လင်စွာ ပြုခဲ့ဖူးသောကောင်းမှုကြောင့် ထိုအစုအပေါင်းမပျက် အသက်ခန္ဓာကုန်သည်၏ အခြားမဲ့၌ပင် ဤကောင်းကင်အလယ်၌ အလွန်ကျယ်ပြန့်သော ကျောက်မျက်ရွဲဗိမာန်ကြီးဝယ် နတ်သမီးနတ်သား မိတ်ဆွေစုံညီစွာဖြစ်၍ အပြစ်သန့်စင် ကြည်ရွှင်မညှိုး တန်ခိုးကျက်သရေဖြင့် တူနေချမ်းငြိမ် စည်းစိမ်ကြီးသခင် ဖြစ်လာကြပေသည် မှတ်တော်မူလော့”ဟု ပြန်ကြားပေ၏။

[ဤအရာ၌ အာလမ္ဗရစည်ကြီး ဟူသည်ကား ကုဏာလအိုင်၌ ရေကျလာကုန်သော ဆင်, သမင် စသည်တို့ကို အစာပြုလျက်နေသော ကောက်နယ်တလင်းခန့် ကိုယ်သဏ္ဌာန်ရှိသော ပုစွန်ကြီးကို ဘုရားလောင်း ဆင်မင်းသည် နိပ်စက်ဖျက်ဆီးသဖြင့် ပုစွန်ကြီး၏လက်မတစ်ချောင်းသည် ထိုအိုင်မှ သမုဒ္ဒရာသို့ မျောပါလေသော် အသုရာနတ်တို့ရ၍ ‘အာလမ္ဗရ’ဟုသမုတ်လျက် စည်ကြီးလုပ်သည်ကို မြင်းမိုရ်သို့တက်၍ စစ်မက်အထိုးအပြိုင်တွင် မနိုင်၍ပြေးရသဖြင့် ထိုအာလမ္ဗရစည်ကြီးကို သိကြားမင်းက ရပြန်လေသည်။ ထိုပုစွန်လက်မစည်ကို အစွဲပြု၍ အာလမ္ဗရစည်နှင့် သဏ္ဌာန်တူစွာဖြစ်သမျှသော စည်ကိုလည်း အာလမ္ဗရစည်ဟု နတ်တို့မှာ သမုတ်ကြလေသည်။ ဤဝေဠုရိယဗိမာန်၌ အာလမ္ဗရစည်လည်း ပုစွန်လက်မစည်မဟုတ်။ ထိုစည်နှင့်တူသော သဏ္ဌာန်ရှိသောကြောင့် သဒိသူပစာရအားဖြင့် အာလမ္ဗရ ဟု သမုတ်သောစည်ကြီးဖြစ်သည်ဟု သိအပ်၏။

[ဤ ဝေဠုရိယဘုံခန်း၌ ပါဠိမှာ ‘တေနကဿပ ဗုဒ္ဓကာလေ ဗာရာဏသိဝါသိနော ဥပါသကာ ဂဏဗန္ဓနေန’ စသည်ဖြင့် ဗာရာဏသီပြည်သူ ပြည်သားဖြစ်ကြောင်းကို လာသည်။ ဘုံခန်းလင်္ကာ၌ ‘ထိုသို့ဆေ့ရေ၊ မေးတုံလေသော်’ ချီသည့်ပိုဒ်တွင် ‘တမလွန်ရေး၊ ယခင်ဝေးက၊ လူ့ကျေးချက်ကြ၊ ရပ်ဌာနကား၊ ဘုရားပါဠိ၊ သာဝတ္ထိဟု၊ ပြည်ကြီးမည်သော’ စသည်ဖြင့် သာဝတ္ထိပြည်သူပြည်သားဖြစ်ကြောင်းကို စပ်လေသည်ကား ပါဠိကို နှလုံးမမူမိ၍ တိမ်းတော်မူသည်။ ဤမျှခန့်သော ပမာဒလေခကို ရဟန္တာမှသော် မလွတ်ချေသေးဖြစ်သည်ဟု နှလုံးထား၍ ပါဠိလာတိုင်းသာ သဘောအရကို မှတ်ယူအပ်၏။]

## ၂၅။ ဒုတိယဖလိက ဗိမာနခန်း

ဤသို့ ကျောက်မျက်ရွဲဗိမာန်ရှင် နတ်သားနတ်သမီးတို့၏ ရှေး၌ပြုဖူးသောကောင်းမှုကို နေမိမင်းကြီးအား ပြန်ကြားပြီးလျှင် မာတလိနတ်သားသည် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်၍၊ တစ်ဖန်ကောင်းကင်ပြင် ရထားလမ်းအနီးတွင် ဖန်ဖြင့်ပြီး၍ ညီးညီးတောက်လျက်၊ အစောက်အနံကျယ်စွာ အရာမကသောရတနာ စုလစ်မွန်းချွန်တို့ဖြင့် ထွန်းတောက်တင့်တယ်ခြင်းဖြင့်၊ မွှေးသင်းပျံ့ထုံ ရဂုံပန်းစဉ် ဥယျာဉ်ပင်ပျိုတို့ဖြင့် ခြံရံလျက်၊ ကျေးငှက်အပေါင်း ရင့်ခြောင်းကြူးအေးသံလည်း တရံမပြတ်၊ ပတ်ရစ်ခွေကာ သာယာသောဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်းသောရွှေသဲပြင်ကျွန်း ထွန်းလျက်စီးသော ရေကြည်မြစ်အသွယ်သွယ်ဖြင့်လည်း တင့်တယ်စွာရံဝန်း၍၊ ထိုဖန်နန်းဗိမာန်ဆောင်ဝယ် အထောင်အရာမကသော နတ်သမီးတစ်စု ပျော်မှုနှင့်အသွယ်သွယ် ချစ်စဖွယ်ပြုပြင်၍ ပတ်ဝန်းကျင်စံစားသော နတ်သားဗိမာန်ရှင်၏ ဂုဏ်အင်လျှံမိုးသော တန်ခိုးကျက်သရေကို နေမိမင်းကြီးအား ရထားကိုရပ်တန့်၍ အခန့်တော်ရာက မာတလိနတ်သား ပြလေ၏။

ထိုအခါ နေမိမင်းကြီးသည် နတ်သမီးအပေါင်း ခြောင်းဝန်းရံလျက်စံနေသော ဖန်နန်းရှင်နတ်သားကို မြင်လျှင် အလွန်ရွှင်ပျသောနှလုံးဖြင့် ကိုယ်သုံးဆောင်ရသောစည်းစိမ်ကဲ့သို့ နှစ်လို့ခြင်းရှိသည်ဖြစ်၍ မာတလိနတ်သားအား 'ပဘာသတိမိဒံဗျမ္ဟံ'အစရှိသော ၃ဂါထာခွဲဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား–

"အများသတ္တဝါတို့၏ ချမ်းသာဆင်းရဲကြောင်း ကောင်း,မကောင်းအမှုကို မျှော်ရှုတိုင်း လျှင်လျှင် သိမြင်တတ်သော နတ်ရထားမှူး မာတလိ။ မျက်စိနှင့်နား မြင်ကြား၍မငြီးငွေ့သာအောင် ရတနာ ၇မျိုး ပြိုးပြိုးပြက်ပြက်တောက်ထွန်းသော အမွှန်းစိန်ပျံ မှန်ကင်းစိန်ဖူး မုတ်ကျားလည်သီးတို့မှ ယိုစီးမတတ်သော ရောင်ခြည်နှင့် သီတိုင်, မုတ်တိုင်, အမိုးနံရံ ဖန်အတိပြီးသော ထိုဗိမာန်ကြီးအဝင်မာရဘင် ဥကင်ရာစပလ္လင် ထီးဖြူရိပ်၌ ဖိတ်ဖိတ်တောက်သောကိုယ်ရောင်, အဝတ်တန်ဆာရောင်, ဗိမာန်ရောင်တို့ဖြင့် အထောင်မကသော နတ်သမီးအပေါင်းဝန်းရံလျက် စံစားသော ထိုနတ်သား၏စည်းစိမ်ကို ယခုတွေ့ကြိမ်ပြန်ရသည်မှာ ငါမြင်ခဲ့ရသမျှ ကျော်ဖူးထက်ထူး၍ တင့်တယ်သည်ပင် ထင်မိချေသည်။ ရေသီဒါမြစ်ဝှမ်းမှာလည်း ဆိပ်ကမ်းသာယာစွာ ရစ်ကာစီး ဝင်လျက်, ပန်းပင်မျိုးအထူးထူးမှာလည်း ညွှန့်ဖူးပွင့်ဖူးဆင်လျက် ပွဲသဘင်အခန်းမှာလည်း ယခင်က ဘုံနန်းထက်ထူးဆန်း၍ သာယာခြင်းနှင့် ဤနတ်မင်းဘုန်းကံသည် အလွန်ပင် ကြီးဟန်ရှိ၏တကား။ သင် သိမြင်တိုင်း ကြားပါဦး။ ဤနတ်သမီးများအမှူး ဖန်နန်းရှင်လည်း သံသရာရှေးအဖို့က ဘယ်မြို့သတ်မှတ် ဘယ်အရပ်မှာ ကောင်းမြတ်တင့်တယ် အဘယ်မည်သောကောင်းမှုကို ပြုခဲ့ဖူးလေသနည်းဟု မေး၏။

နေမိမင်းကြီး၏စကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းပြန်ကြားလို၍ 'မိထိလာ ယံဂဟပတိ' အစရှိသော ၄ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ပစ္စုပ္ပန်,သံသရာ ၂ ဖြာစီးပွား များအံ့သောအကြောင်း ဘုန်းသစ်လောင်း၍ ဘုန်းဟောင်းတန်ခိုးဖြင့် လူမျိုးတကာတို့၏အရှင်ဖြစ်သော နေမိမင်းမြတ်။ မှတ်နာတော်မူဦးလော့။ ဤဗိမာန်ထူး ဖန်နန်းရှင်သည် ရှေးအလျှင် သံသရာက မိထိလာပြည်ကြီးဝယ် သူကြွယ်ဖြစ်လတ်၍ ကဿပမြတ်စွာဘုရားသာသနာတော် တည်ထွန်းဆဲခဏနှင့် ကြိမ်ရသည့်အားလျော်စွာ ရဟန္တာအရိယာ သံဃာတော်မြတ်တို့ကို ကြည်ညိုသဒ္ဓါ စေတနာရွှင်လန်းလျက် သင်္ကန်း, ဆွမ်း, ဆေး, ပရိက္ခရာ, အိပ်ရာနေရာ ဒါနဝတ္ထုတို့ဖြင့် ပြုစုပူဇော် ဖူးမြော်အားရင့် ချီးမြှင့်ကိုးကွယ်လျက် တစ်ရက်မကင်း သီတင်း ၅ မည် ၃ တည်သောသရဏဂုံ ခိုလှုံအားထုတ် စာတုဒ္ဒသီ ပန္နရသီ အဋ္ဌမီ ပါဋိဟာရိယ တစ်လတစ်လတွက်၌ ၁၂ ရက်သော ဥပုသ်နေ့တိုင်လျှင် စွမ်းနိုင်သည်နှင့်လျော်ညီစွာ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော ဥပေါသထ စာရိတ္တသီလကို ဥဿာဟပြုလျက် စက္ခုသောတ စသည်မဲသွေ ဣန္ဒြေ ၆ သွယ်ကိုလည်း တင့်တယ်သောအာရုံ၌ လုံခြုံစွာပိတ်ဆို့ခြင်းနှင့် ရေတွင်းရေကန် အာရာမ်ကျောင်းဇရပ် တို့ကိုလည်း သူမြတ်အရိယာ ထေရ်သံဃာတို့အား ညွှတ်တွားရည်မှတ်၍ တတ်အားသမျှကြီးကုတ် ဆောက်လုပ်တူးဖော် ပူဇော် လှူဒါန်းခဲ့ခြမ်း ဝေဖန်စီမံ ထုံးဖွဲ့ခြင်းကုသိုလ်ကိုသာ အခါလေးမြင့် ပွားဆင့်မပျက် အသက်ထက်ဆုံး ပြုခဲ့ဖူးသော ကောင်းမှုထူးခံ စီမံသည်အားလျော်စွာ ထိုခန္ဓာဆုံးသည်၏ အခြားမဲ့၌ပင်

www.burmeseclassic.com



ဤကောင်းကင်တိမ်ယံတွင် ဖန်အတိပြီးသောဗိမာန်ကြီးပတ်ဝန်း ကျွန်းငယ်အတန်တန် ရေကန်ဥယျာဉ် ပန်းစဉ်မြစ်ငယ် အသွယ်သွယ်အဖြာဖြာ များစွာရံဆောင်လျက် အထောင်မကသောနတ်သမီး ဖနီးအိမ်သူနှင့်တကွ ဤဒေဝသမွတ္တိ အတိုင်းမသိသော စည်းစိမ်ကြီးသခင် ဖြစ်လာသည်။ မှတ်တော်မူလော့”ဟု ပြန်ကြားပေ၏။

[ဤ ဖလိက ဝိမာနခန်း၌ ဘုံခန်းလင်္ကာမှာ ‘စွမ်းအင်လက်ရုံး၊ တန်ခိုးမှုန်းလျက်’ ချီသည့်ပိုဒ်တွင် ‘သပြေတခန်း၊ ကျွန်းကားဇမ္ဗူ၊ လူကားမြန်မာ၊ တောင်ခန်းဝါထက်၊ သော်တာဆန်း၍၊ ဝန်းသည့်နေ့တွင်၊ ဖူးတွေ့ငါ့ကို၊ မြမြချိုလျက်’ စသည်ဖြင့်ဆိုသော အာလုတ်စကား၌ မိထိလာပြည်သူပြည်သားကို မြန်မာမျိုးပြု၍ စပ်လေသည်ကား မြန်မာဘာသာလင်္ကာဖြစ်သောကြောင့် မြန်မာတို့၏ နားတန်ဆာသာဖြစ်သဖြင့် ကုလား, ရှမ်း, တရုတ်မျိုးဟူ၍ ဆိုလျှင် အမျိုးကွဲဖြစ်၍ သဒ္ဒါတရားတွန့်တိုသဖြင့် အရိုအသေပြု၍ မနာရာ။ မနာသဖြင့် ထိုလင်္ကာ၌ပါသော ဒါနကထာ, သီလကထာတို့ကို မသိရာ။ မသိသဖြင့် အကျိုးယုတ်ခဲ့ရာ၏။ ထိုသို့သော အပြစ်ကိုမြင်လေသောကြောင့် ယခုသာသနာတော် တည်ထွန်းဆဲဖြစ်သော မြန်မာတို့၏အလေ့အကျင့်နှင့် နေမိမင်းကြီးအဆုံးအမ တည်ထွန်းဆဲ ဖြစ်သော မိထိလာပြည်သူ ပြည်သားတို့၏ အလေ့အကျင့် သဘောတူသည်ဖြစ်၍ ဂုဏ်အကျင့်အားဖြင့် အမျိုးစပ်လျက် ဤလင်္ကာကို လေ့ကျက်မှတ်နာကုန်သော မြန်မာတို့၏ သဒ္ဒါတရား ပွားများစေခြင်းငှာ နေမိမင်းကြီးကို အမျိုးတူပြု၍ စပ်လေသည်။ ဥပမာကား ဝိဝဋ္ဋဋ္ဌာယီကပ်၌ နေတို့သည်လည်း ၂ စင်းပြိုင်၍ မထွက်,ဗုဒ္ဓပ္ပါဒကာလ၌ မြတ်စွာဘုရားတို့သည်လည်း ၂ ဆူပြိုင်၍ မပွင့်။ နေ၏အရောင်အလျှံသည်လည်း ထင်ရှားရှိသော ရူပါရုံအပေါင်းကို ပြတတ်၏။ မြတ်စွာဘုရားတို့၏ အရဟတ္တမဂ် ဉာဏ်တော်အပေါင်းသည်လည်း အလုံးစုံသော ဉေယျဓမ္မတရားအပေါင်းကို ပြတတ်၏။ ဤသို့ နေမင်းနှင့် တစ်စိတ်တူသောဂုဏ်အားဖြင့် အမျိုးတူသည်ကိုစွဲ၍ အာဒိစ္စဗန္ဓု ‘နေမျိုးဖြစ်တော်မူသော မြတ်စွာဘုရား’ဟု ဆိုသကဲ့သို့ မှတ်အပ်၏။ ပါဠိ၌ကား မိထိလာပြည်သားကို အဘယ်အမျိုး ဖြစ်သည်ဟူ၍ မလာ။]

## ၂၆။ တတိယ ဖလိက ဝိမာနခန်း

ဤသို့ ဖန်နန်းရှင်တို့၏ ကောင်းမှုကိုကြားပြီးလျှင် မာတလိနတ်သားသည် တောင်မြင်းမိုရ်သို့ ရှေ့ရှုနှင်ပြန်လေသော် တိမ်ပေါ်ကောင်းကင်ယံ တစ်ဖန်ရထားလမ်း၌ ရှေးထက်ထူးဆန်းစွာ ကျွန်းအပြင်ကဲ့သို့ သစ်ပင်မြစ်ငယ် အသွယ်သွယ်အစဉ်စဉ် ဥယျာဉ်ရေကန်ခြံရံအပ်သော ဖန်နန်းဗိမာန်ကြီး၌ နတ်သမီးအများနှင့် နတ်သားဦးတိုင် ဘုန်းလိုင်တန်ခိုးဖြင့် အစိုးတရ စံပယ်သောကျက်သရေကို နေမိမင်းကြီးအား ရထားကိုရပ်တန့်၍ အခန့်တော် ရာက ရှုမျှော်သာအောင်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နေမိမင်းကြီးသည် နတ်သမီးအပေါင်းခြံရံလျက် ဖန်ဗိမာန်၌ပျော်စံပယ်သော နတ်သားကို မြင်လေသော် အလွန်နှစ်သက်ခြင်းရှိသည်ဖြစ်၍ မာတလိနတ်သားအား 'ပဘာသတိ မိဒံဗျမံ' အစရှိသော ၄ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"လပြည့်ရောင်ဝန်း ထွန်းပသည်နှင့်မပြား ရထားစက်ဘီး ညီးညီးထိန်ပြောင် ဝေယန်ဆောင် ပြာသာဒ်နှင့် နတ်မြင်း ၁၀၀၀ကို အုပ်ဆောင်ကြီးမှူး အထူးဂုဏ်ရှိသော မာတလိနတ်မင်း။ အခင်းအနေ ကျက်သရေ အတည်တည်မြင်ခဲ့သည့် ဗိမာန်များထက် ထူးခြားကဲလွန်သော ဤဗိမာန်ကို မြင်ပြန်ရသည်။ ယခုရှုလေတိုင်း အသွယ်သွယ်မြစ်ငယ် ဥယျာဉ်ရေကန် ခြံရံပတ်ဝန်းလျက် အမွှန်းတန်ဆာ ရတနာ ၇မျိုးနှင့် အမိုးနံရံ ဖန်အတိပြီးသောဗိမာန်ကြီးအလယ်တွင် တင့်တယ်စွာအဆင်းအရောင်ဖြင့် အထောင်မက ရံခဝန်းပတ်သော နတ်သမီးခြွေရွေနှင့်စံနေသော နတ်သား၏စည်းစိမ်သည် မကြိမ်စဖူး အထူးထူးပင် ငါနှစ်သက်ခြင်း ရှိပြန်သည်။ ဗိမာန်ဘုံနန်းမှ မနီးမဝေး ပွင့်သေးပွင့်ရောင်က ရွှန်းရွှင်သနှင့် လင်းလွန်းပင်, အင်ကြင်းပင် ပန်းပင်ဖျိုအများလည်း ထွားထွားစက်စက် သရက်, သစ်မည်စည်, တည်ပင်, သီးပင်, သပြေပင်ကြီး အသီးကိုဆောင်ကုန်သော သစ်ပင်မျိုးကလည်း ခက်ရိုးညာခိုင်မှ ညွတ်ယိုင်ဖားဝေလျက် ရွှေမြေဘုံနန်းက ဆွတ်လှမ်းမှီအောင် တညီတမျှ သီးပွင့်ကြသဖြင့် တင့်တယ်သာမော အံ့ဩစဖွယ်တကား။ များစွာသောစည်းစိမ်ရှင်ကို မြင်ရသည်ဖြစ်၍ ထုံယစ်သော ပီတိအဟုန်ဖြင့် သူ့ဘုံသူ့ကောင်းကျိုးကို အစိုးရသလောက်ပင် ထင်ယောင်ထင်မိရသည်။ ဤအေဝသမ္ပတ္တိကို အဘယ်ဇာတိသံသရာက ဘယ်ရွာဘယ်ပြည်မှ အဘယ်မည်သောကောင်းမှုတို့ကို ထိုဖန်နန်းရှင်နတ်သားသည် အားထုတ်ခဲ့လေသနည်း"ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကြားလို၍ 'မိထိလာယံ ဂဟပတိ' အစရှိသော ၄ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အဘေးအဘိုးမှ ကျင့်ရိုးစဉ်ဆက် မပျက်စေကြောင်း ကောင်းမြတ်သောသန္တေ ဂဟော ဆက်သွယ်၍ နန်းနွယ်နန်းရိုးဖြင့် လူမျိုးတကာတို့၏အထွတ်ဖြစ်သော နေမိမင်းမြတ်။ ဤဖန်နန်းရှင်သည် သံသရာရှေးဘဝက ကဿပအမည်တော်ဖြင့် ဥဖော်လူ့သေဋ္ဌ်နင်း တရားမင်းသာသနာတော်တွင် မိထိလာပြည်၌ အသည် သူကြွယ်မျိုးဖြစ်၍ အညစ်အကြေး မိစ္ဆာစင်ကြယ်စွာနှင့် သဒ္ဓါကြည်ဖြူ အလှူအတန်း၌ မွေ့လျော်ခြင်းဖြင့် ရေတွင်း, ရေကန်, အာရာမ်, ဥယျာဉ် စိုက်ပျိုးပြုစုလျက် နှစ်သက်ဝမ်းမြောက်စွာ ရဟန္တာအရိယာ သံဃာတော်တို့အား ဆောင်းတန်း, လှေကား, တံခါးဝင်းမုခ် ဆောက်လုပ်လှူဒါန်း ဆွမ်း, သင်္ကန်း, ဆေး, ပစ္စည်း, အိပ်ရာ, နေရာ, ပရိက္ခရာတို့ဖြင့် ကြည်ညိုသောက်ပင့် ချီးမြှင့်ကိုးကွယ်ခြင်း မကင်းနိစ္စ သီလသရဏဂုံပြည့်စုံစွာ အခါမမေ့ ဥပုသ်နေ့တိုင်းလျှင် စွမ်းနိုင်သောအလျောက် ဆောက်တည်ကျင့်သုံး၍ နှလုံးဖြောင့်မှန်လျက် စင်ကြယ်သောတ စသည်တံခါးဖြင့် ထွက်သွားတတ်သောဝိညာဉ်ကို ပယ်ကြဉ်အပ်သောလမ်းသို့မလွှတ် နှိပ်ကွပ်စောင့်ထိန်းခြင်း, ခပ်သိမ်းသောအလှူအတန်း၌ ခွဲခြမ်းဝေဖန်စီမံထုံးဖွဲ့ခြင်း ကောင်းမှုတို့ကို ကိုယ်ခန္ဓာအာယုကပ်တည်သမျှ နေ့ညမမေ့မယုတ် အားထုတ်ခဲ့ဖူးသော ကုသိုလ်ထူးစီမံ၍ ဤဖန်နန်းရိပ်ငြိမ် စည်းစိမ်ကြီးသခင်ဖြစ်လာရသည် မှတ်တော်မူလော့"ဟု ပြန်ကြားပေ၏။

ဤဖန်နန်းကို ဘုံခန်းလက်ာတွင် ယခင်ဖန်နန်းနှင့် အလုံးစုံတူသည်ဖြစ်၍ အကျယ်မဆို။ 'ထိုသို့ညွှန်းဘိ၊ မာတလိလျှင်' ချီသည့်ပိုဒ်တွင် 'မိုးစွန်ထိနီး၊ ဖန်သားပြီးလျက်၊ ညီးညီးထင်ပေါ်၊ မြင်လေသော်တည့်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်မေးငြား။ နတ်သားပြန်မြွက်၊ ရှေးဟန်ဆက်တည့်၊ သံမြွက်ချေငံ၊ ထုံးစံကျင့်နွယ်၊ အဓိပ္ပာယ်လည်း၊ နည်းသွယ်တစ်ကြောင်း၊ သိလေကောင်းစွ၊ တန့်ညောင်းငုံနေ၊ အောက်မေ့ချေလည်း၊ ခြွေရွေမျိုးပွား၊ တပည့်သားတို့၊ သင်ကြားကျမ်းရိုး၊ ကြာမည်စိုးခဲ့၊ နတ်မျိုးနန်းသာ၊ နတ်ခန်းဝါကို၊ ပေယျာချုံးချုံး၊ ရှေ့ကြုတ်ဖုံးသို့၊ ရုံးပေခဲ့လျက်' ဟူ၍သာဆို၍ ပြီးစေသတည်း။]

## ၂၇။ ဒုတိယ ဝေဇ္ဇယန္တ ဗိမာနစခန်း

ဤသို့သော ဖန်နန်းရှင်နတ်သား၏ကောင်းမှုကို ကြားပြီးလျှင် မာတလိနတ်သားသည် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်လေသော် ပျော်ဖွယ်ရာအများနှင့် ရထားလမ်းခရီး ကောင်းကင်ယံတွင် သာလွန်ထူးကဲသော ကျောက်မျက်ရွဲဗိမာန်ကို တစ်ဖန် နေမိမင်းကြီးအား ရထားကိုတန့်၍ အခန့်တော်ရာက ရှုမျှော်သာအောင် ပြပြန်လေ၏။

ထိုအခါ နေမိမင်းကြီးသည် အသီးအသီးသော တီးမှုတ်မျိုးပွဲသဘင်ခံ၍ ရွှင်စံပျော်ပါးသော နတ်သားစည်းစိမ်ကိုမြင်လျှင် နှလုံးရွှင်ဖွယ်ပေါ်ရမ်း၍ စိတ်ဝမ်းမဆည်နိုင်အောင်ရှိသဖြင့် မာတလိနတ်သားအား 'ပဘာသတိ မိဒံဗျမှံ' အစရှိသော ဂါထာ, 'အာလမ္ဗရာမုဒိင်္ဂါ' အစရှိသော ဂါထာတို့ဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"ကိုယ်၏သတ္တိဂုဏ်ကို ရှိ၏ ဟုမပြဘဲ မူလကွဏာကို ပညာနှင့်ချင့်၍ အစွင့်နှင့်သိရအောင် မိမိတန်ခိုးကို အလိုလိုပြီးစေတတ်သော နတ်ရထားမှူး မာတလိ။ ဝေဇ္ဇရိယအရောင် နံထောင်အမိုး၌ ကြီးနွယ်အခိုး ပြိုးပြိုးပြက် တောက်ထွန်းလျက် အမွှမ်းတန်ဆာ ရတနာ ၇ မည်လည်း ရောင်ခြည်ချင်းယှက်ငြိ၍ မျက်စိမရှုဝံ့အောင် အံ့ဖွယ်ထူးကဲသော ဤ ကျောက်မျက်ရွဲဗိမာန်သည် ရေကန်ဥယျာဉ် စီလျဉ်ဖန်ဝေ အနေအခင်း အကျင်းအပ သင့်လျော်စွာဝန်းကျင်ရံလျက် နာခံ၍မရောင့်ရဲ အောင်ပွဲသဘင် က,သီ,တီး,မှုတ်ခြင်း မငြီး။ နတ်သမီးအများတို့ အဖြားအယောင်း အပျောင်းအနွဲ့လည်း အံ့ဖွယ်တစေသာ နာ၍အားမရ၊ အာလမ္ဗရစည်ကြီးသံ, မြောက်စည်သံလည်း ညံ့ညံ့ထိန့်မွှန်းလျက် နှလုံးချမ်းငြိမ်းဖို့ အထွေထွေ။ ရှုလေတိုင်းအံ့မပြီးအောင် ဤစည်းစိမ်ကြီးကို တစ်ဖန်တွေ့ကြိမ် ရပြန်သောငါ့အား ကိုယ်စံရသကဲ့သို့ နှစ်လို့ခြင်းအခါခါပွား၍ စိတ်များစရာဖြစ်ခဲ့၏။ ဆင်းရဲမဲ့ချမ်းငြိမ်စွာ ထိုစည်းစိမ်ရှင်နတ်သားသည် တစ်ပါးသောဘဝဟောင်းက အဘယ်ကောင်းမှုကုသိုလ်ကို ကြည်ညိုစွာ ပြုခဲ့ဖူးလေသည်မသိ။ အထူးပူဇော်ဖြစ်ခြင်းရာကို သိသာစွာရထားမှူးက ကြားပါ၊ ပြပါဦးလော့"ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကြားလို၍ 'ဇာရာဏာသိယံ ဂဟပတိ' အစရှိသော ၄ ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ဝေပုလ္လတောင်ခေါင်း၌ အသောင်း ၁၀ ပြန် ကုဋ္ဌေအထိန်းအစောင့်နှင့် ၈ သောင်း ၄ ထောင်သော ရတနာအပေါင်းတို့၏ ခစားရာဖြစ်သော ပတ္တမြားမျက်ရှင် ကျရောက်ရာရေကဲ့သို့ နောက်မှေးတတ်သော မြူလွှာဒိဋ္ဌိဝိစိကိစ္ဆာကို သဒ္ဓါခြင်းဖြင့် နှိမ်နင်းပယ်လှန်၍ ကံ,ကံ၏အကျိုးကို မြတ်နိုးယုံကြည်လျက် ရည်မှန်တိုင်းဆုကြီးသို့ အပြီးရောက်လွယ်ကြောင်း ကောင်းစွာအားထုတ်တော်မူသော နေမိမင်းမြတ်။ မှတ်နာတော်မူဦးလော့။ ထူးလွန်ဆင့်ကဲသော ဤကျောက်မျက်ရွှဲဗိမာန်ရှင်သည် ရှေးသံသရာဘဝက ကဿပမြတ်စွာဘုရားသာသနာတော်တည်ထွန်းရာ ဗာရာဏသီပြည်ကြီးဝယ် သူကြွယ်မျိုး အလှူဒါယကာဖြစ်၍ အပြစ်စင်ကြယ်စွာ ရဟန္တာအရိယာ သံဃာတော်တို့အား ညွှတ်တွားဆည်းကပ်လျက် မပြတ်ကြိုးပမ်း ဆွမ်း, သင်္ကန်း, အိပ်ရာ, နေရာ, ပရိက္ခရာ, အသုံးအဆောင်တို့ဖြင့် လှူဒါန်းသောက်ပင့် ချီးမြှင့်ကိုးကွယ်ခြင်းနှင့် ရေတွင်း, ရေကန်, အာရာမ်ဥယျာဉ် စိုက်ပျိုးပြုစုခြင်း အခြားခြား စောင်းတန်း, လှေကား, တံခါးဝင် မုခ်တို့ကို ဆောက်လုပ်ဆေဖန် စိမ်ခွဲခြမ်းလှူဒါန်းခြင်း၊ မကင်းနေ့ည နိစ္စသီလ သရဏဂုံကို ကြည်ယုံဆောက်တည်ခြင်း၊ သီတင်းဥပုသ်နေ့တိုင်လျှင်လည်း စွမ်းနိုင်သည့်အားလျော်စွာ အင်္ဂါ ၈ပါးနှင့် ပြည့်စုံသော ဥပုသ်သီလတို့ကို စောင့်သုံးလျက် ဆုံးမအပ်သောဩဝါဒကို လိုက်နာ ကြည်ညိုမပျက် အသက်ထက်ဆုံး အထူးပြုခဲ့ဖူးသော ကုသိုလ်ကံစိမ်သဖြင့် ဤဗိမာန်ကျောက်မျက်ရွှဲ တစ်ခဲနက်ရတနာအတိပြီးသော စည်းစိမ်ကြီး၌ နတ်သမီးအပေါင်းတို့ ကိုးကွယ်ရာ တန်ခိုးကြီးသောနတ်သား ဖြစ်လာသည် မှတ်တော်မူလော့"ဟု ကြားပေ၏။

[ဤ ဒုတိယကျောက်မျက်နန်း၌ ဘုံခန်းလင်္ကာမှာ 'ထိုသို့မင်းမြတ်၊ မေးတုံလတ်သော်' ချီသောပိုဒ်တွင် 'နယ်ရှာထွန်းစ၊ နေဝန်းပလျက်၊ လလည်းနောက်လိုက်၊ မှောင်ရိပ်မိုက်တွင်၊ တိမ်တိုက်နှင်းဖွဲ့၊ ဝင်းဝင်းရဲ့လျက်၊ ကြယ့်အတိသာ၊ ပေါ်လာရာ၌၊ ဘုံသာပေါ်ထွန်း၊ ထိုမြနန်းတွင်၊ လိုဏ်ခန်းကျယ်ဆို၊ မြင်းမိုရ်တောင်လွှဲ၊ ကျောက်မျက်ရွှဲဖြင့်၊ ယှဉ်နွှဲစံပျော်၊ ဗိမာန်ကျော်ထက်' ဟူ၍ ကမ္ဘာဦးကပင် ကျောက်မျက်ရွှဲဘုံနန်းသည် ကမ္ဘာ့တန်ဆာ ဗိမာန်ဖြစ်ကြောင်းကို ဆိုသည်။ ပါဠိတော်တွင်လည်း ထိုသူကြွယ်တို့ နတ်သားဖြစ်ရာတွင်မှ ဗိမာန်များပေါ် ဖြစ်ကြောင်းကို မဆို။ 'ဝိမာနသို့' ဟူ၍သာ အာဓာရနှင့်ဆိုသောကြောင့် လင်္ကာဆရာ့အယူအတိုင်း ကမ္ဘာဦးကပင် ဖြစ်ဟန်ထင်ပေသည်။

ဤလင်္ကာပိုဒ်တွင်ပင် 'ဝေးနီးမှီရာ၊ မိထိလာဟု၊ မည်သာဆိုကြ၊ နဂိုရ်မတွင်၊ မိဘမျိုးဆွေ၊ မွေးချက်ကြွေလျက်၊ သန္ဓေစွဲစွဲ၊ ပစ္စည်းခဲလျက်၊ ဆင်းရဲသားစစ်၊ ဖြစ်လတ်သရော်၊ ရှင်ဖွယ်ပျော်လည်း၊ မနော်ပိတ်ဆိုင်၊ စိုးရိမ်မှိုင်သည်၊ နေထိုင်ငြိုငြို ငြင်ငြင်တည်း'ဟူ၍စပ်ရာ၌ ဤကျောက်မျက်ရွှဲ ဗိမာန်ရှင်နတ်သားကို မိထိလာပြည်သား ဟူ၍စပ်လေသည်ကား ပမာဒလေခ နောက်ကပေယျာလစ်ခဲ့သော ဖန်နန်းရှင်ကို စိတ်ကူးယွင်းတော်မူ၍ ရှိသည်။ ပါဠိတော်၌ 'ဂဟပတိ'ဟူ၍သာရှိလျက် ပစ္စည်းငြိုငြင်စွာ ဆင်းရဲသားဖြစ်ကြောင်းကို စပ်လေသည်ကား ထိုအလှူဒါယကာ၏ စာဂသီလဂုဏ်ကို ချီးမွမ်းလို၍ လည်းကောင်း၊ နောက်နောက်သော သူတို့သည် ဤလင်္ကာကိုကြားရသဖြင့် 'ဤသို့သောသူဆင်းရဲလျက် ကုသိုလ်ကို အားထုတ်တုံသေး၏။ သုံးနိုင်စားနိုင်ရှိသော ငါတို့ကား အဘယ်ကြောင့် အားမထုတ်ဘဲ နေထိုက်ပါအံ့နည်း'ဟု အသင့်နှလုံးသွင်းကုန်သဖြင့် သဒ္ဓါ, သီလ, ဒါနကုသိုလ်တို့ကို ကြိုးစားအားထုတ်စေခြင်းငှာ လည်းကောင်း စပ်လေသည်။ သူ့အိမ်သူ့ရာကို မှီခို၍နေရသော အစေခံသူဆင်းရဲအမျိုးဖြစ်ခြင်းကြောင့် စပ်လေသည်မဟုတ်။ ဂဟပတိ သဒ္ဒါ၏ သဒ္ဒတ္ထကား 'ကိုယ့်အိမ်ကိုယ့်စည်းစိမ်နှင့် အသီးအခြားနေသောသူ' ဆိုလိုသည်။]



www.burmeseclassic.com

www.burmeseclassic.com



## ၂၈။ ကဍ္ဍနဝိမာနခန်း

ဤသို့ ကျောက်မျက်ရွဲဗိမာန်ရှင်နတ်သား၏ ကောင်းမှုကိုကြားပြီးလျှင် မာတလိနတ်သားသည် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်လေသော် နေလုလင်ကဲ့သို့ ရွှေစင်အတိပြီး၍ ညီးညီးထိန်လျှံသော ဗိမာန်နန်း၌ ထူးဆန်းတင့်တယ်စွာစံနေသော နတ်သားကို ရထားတန့်လျက် အခန့်တော်ရာက ရှမ္မော်သာအောင် နေမိမင်းကြီးအား တစ်ဖန်ပြပြန်လေ၏။

ထိုအခါ နေမိမင်းကြီးသည် နတ်သမီးအထောင်မက ခြံရံလျက်စံနေသော ရွှေဗိမာန်ရှင်ကို ရှုမြင်ရလျှင် ရွှင်ပျစုံမက် နှစ်သက်မြတ်နိုးသောနှလုံး ရှိသည်ဖြစ်၍ မာတလိနတ်သားအား 'ယထာ ဥဒယမာဒိစ္စော' အစရှိသော ၂ဂါထာဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား-

"လူ့ပြည်နှင့်နတ်ရပ် နယ်စပ်မနီး ခရီးဝေးစွာမှ ပင့်ချီလာသော်လည်း အဖော်မပါ ငါတစ်ယောက်တည်း လှိုက်လှဲဆာနုံး နှလုံးညှိုးရိုရှိဖို့ အကြောင်းပေါင်းဆိုင်လျက်ပင် ရွှင်ပျလန်းကြည်သဖြင့် နေပြည်လူ့ရပ်ကို အမှတ်မရှိစေအောင် ဖျော်ဖြေတတ်သော နတ်ရထားမှူး မာတလိ။ ဝင်းဝင်းညို ထွက်သစ်စနေကဲ့သို့ ရွှေစင်ရဲရဲ တစ်ခဲနက်ပြီးလျက် ညီးညီးတောက်သော ဤဗိမာန်သည် စံနေသူနတ်သား၊ ခစားသောနတ်သမီး၊ အသီးသီးသော ပွဲသဘင် ယခင်ကဗိမာန်များနှင့်မတူ အဆူဆူဥယျာဉ် ရေကန်အခြံအရံ အခင်းအကျင်းနှင့်တကွ တင့်တယ်လှ၏တကား။ ထိုနတ်သား၏ကုသိုလ်ကံကို တစ်ဖန် သင်ကြားပါဦး။ ကြုံးခဲ့သောသံသရာက ဘယ်ရွာ ဘယ်ပြည်မှာ အဘယ်မည်သောကောင်းမှုကို ပြုခဲ့ဖူးလေသနည်း"ဟုမေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကြားပြန်လို၍ 'သာဝတ္ထိယံ ဂဟပတိ' အစရှိသော ၄ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"ဇမ္ဗူတမွတ် လောကနတ်ဖြစ်တော်မူသော နေမိမင်းမြတ်။ မှတ်နာတော်မူဦးလော့။ အထူးထူးသော ကျက်သရေနှင့် ဤရွှေဗိမာန်၌စံနေသော နတ်သားသည်လည်း ရှည်လျားသောသံသရာက ကဿပ မြတ်စွာဘုရား သာသနာတော် တည်ထွန်းသောအခါ သာဝတ္ထိပြည်ကြီးဝယ် သူကြွယ်အလှူရှင်ဖြစ်၍ ကျောင်း၊ ဇရပ်၊ ဥယျာဉ်၊ ရေတွင်း၊ ရေကန်၊ တံတား၊ တံခါးမုခ် ဆောက်လုပ်တည်ထားပြုစုခြင်း၊ ရဟန္တာ၊ အရိယာ၊ သံဃာတော်တို့အား ရိုသေလေးမြတ်စွာ သင်္ကန်း၊ ဆွမ်း၊ ပစ္စည်း၊ အိပ်ရာ၊ နေရာတို့ကို လှူဒါန်းပူဇော်ခြင်း၊ ဥပုသ်နေ့တို့၌ သီတင်းသီလ ဆောက်တည်ခြင်း၊ အခါခပ်သိမ်းလည်း သရဏဂုံပဥ္စသီတို့၌ စောင့်ရှောက်မကွေ ဣန္ဒြေကို ဆုံးမခြင်း၊ ဒါနဝတ္ထုတို့၌ ကြည့်ရှုစီမံ ဝေဖန်လေ့ရှိခြင်း၊ ယင်းသို့သော ကောင်းမှုတို့ကို ကြည်ညိုရွှင်လန်းလျက် အသက်ထက်ဆုံး ပြုခဲ့ဖူးသောကြောင့် ဤအထူးအဆန်း ရွှေနန်းဗိမာန်ဆောင်၌ အထောင်မကသော အခြံအရံနှင့်တကွ မွေ့လျော်ရသည် မှတ်တော်မူလော့"ဟု ပြန်ကြားပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ အာကာသ၌ ဝိမာနစခန်း

ဤသို့ ဆိုအပ်ခဲ့ပြီးသော ၈ ရပ်သောဘုံဗိမာန်ရှင် နတ်သားနတ်သမီးတို့သည် လူဖြစ်သောအခါက ရတနာ ၃ ပါးသို့ ကိုးကွယ်ဆည်းကပ် မပြတ်ဖူးမြော် ပူဇော်ချီးမြှောက်လေ့ရှိသော ဥပါသကာ, ဥပါသိကာ တစေချည်းတည်း။ ထို ဥပါသကာ ဥပါသိကာတို့သည် မိမိတို့ကျင့်အပ်သော ပဉ္စသီလနှင့်လည်း ပြည့်စုံကုန်၏။ မိမိတို့အသက်မွေးအပ်သော သတ္တဝါဏိဇ္ဇ အစရှိသည်တို့မှကြဉ်၍ သန့်ရှင်းကောင်းမြတ်သော အသက်မွေး ခြင်းနှင့်လည်း ပြည့်စုံကုန်၏။ ထို သီလအာဇီဝနှင့်ပြည့်စုံခြင်းကြောင့် 'ဥပါသကစဏ္ဍာလ'မှလွတ်၍ 'ဥပါသကပဒုမ'အဖြစ်သို့လည်း ရောက်ကုန်၏ ထို ဥပါသကပဒုမအဖြစ်သို့ ရောက်ခြင်းကြောင့် မိမိတို့ နှစ်သက်အပ်, တောင့်တအပ်သော သုခသမ္ပတ္တိတို့နှင့် ပြည့်စုံကုန်၏။

[ဤကိုထောက်၍ ရတနာ ၃ပါးသို့ ဆည်းကပ်ကိုးကွယ်သဖြင့် သရဏဂုံတည်ကုန်သော သူတော်ကောင်း တို့သည် ဥပါသက ပတိကိဋ္ဌ, ဥပါသက စဏ္ဍာလမှ လွတ်၍ ဥပါသက ပဒုမ, ဥပါသက ပုဏ္ဍရိက ဖြစ်စေခြင်းငှာ 'ပါဏာတိပါတာ ဝေရမဏီ' အစရှိသော ပဉ္စသီလကို တစ်နေ့မပြတ် ဆောက်တည် စောင့်ရှောက်ခြင်း။ သတ္တဝါဏိဇ္ဇ ဓား, လှံ, မြား, မြှား, ပိုက်ကွန် အစရှိသောလက်နက်ကုန်၊ သတ္တဝါဏိဇ္ဇ သူ့ကိုမတော်လှန်စေကြောင်း ရောင်းစားခြင်း ကုန်၊ မံသဝါဏိဇ္ဇ ဆိတ်, ဝက်, ကြက်, ဝမ်းဘဲ စသည်တို့ကို အသားပိုအောင်မွေး၍ သားထိုး, ငှက်ခတ်, မုဆိုး, တံငါ ပြုခြင်းတည်းဟူသော အသားကုန်၊ ပဇ္ဇဝါဏိဇ္ဇ ယစ်မျိုး, ယစ်မျိုးနှင့်ရောစပ်သော ဝတ္ထုတို့ကို ရောင်းစားခြင်း ယစ်မျိုးကုန်၊ ဝိသဝါဏိဇ္ဇ အဆိပ်, အဆိပ်နှင့် ရောစပ်သော ဝတ္ထုတို့ကို ရောင်းစားခြင်း အဆိပ်ကုန်၊ ဤ ၅ ပါးသော အခမ္မိက ကုန်သွယ်ခြင်းတို့မှကြဉ်၍ ကောင်းသောလယ်လုပ်ကုန်သွယ် ရောင်းဝယ်ဖောက်ကား၍အသက်မွေးခြင်း အားထုတ်နိုင်သည်ရှိသော် ဥပုသ် အဌင်္ဂ, ဒသင်္ဂသီလ သမထ ဝိပဿနာအားဖြင့်ပြားသော ကမ္မဋ္ဌာန်းအားနှင့်လျော်စွာ ဒါန, ဓာဂ စသောကုသိုလ် တို့ကိုသာလျှင် ကြိုးစား အားထုတ်ကြကုန်လျက် ပုထုဇဉ်အလျောက် မှားရောက်ခဲ့မိသော အပြစ်ရှိသော်လည်း ထိုအပြစ်တို့ကို မအောက်မေ့ဘဲ ဖျောက်လွှင့်၍ တင့်တယ်စွာပြုအပ်သော ကုသိုလ်ကောင်းမှုတို့ကိုသာလျှင် တစ်နေ့မလပ် မပြတ်ရအောင် အဖန်များစွာ ပွားစေရာသည်ဟု မှတ်အပ်၏။ ဤကား စကားချပ်တည်း။]

ဤသို့ မာတလိနတ်သားသည် အခြားခြားအသွယ်သွယ် တင့်တယ်ခြင်းအဆန်းဆန်းနှင့် ရထားလမ်း ကောင်းကင်ပြည် တည်ဟန်စံဟန် ဗိမာန် ၈ ဦးကို ညွှတ်နူးသောဇောပိတိရှိအောင် နေမိမင်းကြီးအားပြကာ ပြန်ကြား၍နေစဉ်ပင်လျှင် သုဓမ္မာသဘင်၌ မျှော်လင့်ကုန်သော နတ်ပရိသတ်တို့၏ တောင့်တခြင်းအလိုအားဖြင့် သိကြားမင်းသည် 'ငါ၏ ရထားမှူးမာတလိ။ ကြာလေစွ။ အဘယ်အကြောင်းကြောင့်နည်း'ဟု ကြည့်လတ်သည် ရှိသော်၊ ဗိမာန်အထူးအဆန်း ကောင်းကင်နန်းများကို ရထားတန့်ကာ ပြ၍နေကြောင်းကိုမြင်လျှင် 'နတ်လုလင်မာတလိသည် နေမိမင်းကြီးနှလုံးမှာ ရွှင်ပြုံး၍အံ့မကုန်အောင် နတ်ဘုံများကိုပြလျက် နှစ်သက်မြတ်လေး ဆေးဆေးနွဲ့နွဲ့ ပွဲပြု၍လာသည်မှာ အလွန်တရာလျှောက်ပတ်ပေသည်ပင်။ ယခုဖူးမြင်ရမည့်စိတ်နှင့် ယိုဖိတ်မတတ်သော နတ်ပရိသတ်တို့၏ဆန္ဒကိုလည်း အလိုအတိုင်း ပြည့်စေလွယ်မှသာ ငါတို့သူတို့ နှစ်လို့ခြင်း တညီတမျှ ဖြစ်ကြချေမည်'ဟုကြံ၍၊ တစ်ဖန် ဇဝန အမည်ရှိသော နတ်တမန်တစ်ယောက်ကိုခေါ်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"အချင်းဇဝန၊ ယခင်တွင် မဟာဇဝနနတ်ကို စေထပ်လိုက်သည်မှ၍လည်း လူမင်းနှင့် ရထားမှူး ၂ ဦးလုံးသောသူတို့၏အမှုအရာ မေးရည် ဖြေရည်ကို ရှုကြည့်စုံမက် နှစ်သက်မြတ်နိုးခြင်းဖြင့် မန္တီးမဆော် ယှော်ဖက်ပြု၍ ယခုနေချေပြီ။ တစ်လီ သင်နတ်သား သွား၍ထပ်ဦးမှ ရထားမှူး ပြန်တော့မည်။ ကောင်းကင်ပြင် ဘုံရပ်ကို စေ့စပ်အောင်ပြလျှင် ကာလသာကုန်၍ ဘုံဆုံးနိုင်မည် မဟုတ်ရာ။ အခါနှင့်ချင့်၍ သင့်ရာများကိုသာ အခန့်တော်ပြပြီးလျှင် အလျင်အမြန် တင်ဆောင်၍လာခဲ့' ငါအမိန့်တော်ရှိကြောင်းကို ယခု ပြန်ကြားချေ"ဟု စေထပ်လိုက်၏။

ဇဝနနတ်သားလည်း သိကြားမင်းဆိုတိုင်း အလျင်အမြန်သွား၍ ရထားမှူးမာတလိနတ်သားအား ပြန်ကြားလေ၏။ ထိုအခါ မာတလိနတ်သားသည် သိကြားမင်းရာဇသံကြောင့် ဗိမာန်အလီလီကို တစ်ခုစီမထုတ်ဘဲ တစ်အုပ်တစ်ခရိုင် တစ်ပြိုင်နက်တည်း ဖွင့်လတ်၍ အရပ် ၄ မျက်နှာတို့၌ များစွာသော အာကာသဋ္ဌ ဗိမာန်အလုံးကို ကျုံး၍ကျင်းသကဲ့သို့ လင်းလင်းထင်ထင် ရှုမြင်သာအောင်ပြလေ၏။

ထိုသို့သော ရတနာ ၇ မည် အတည်တည်အဆန်းဆန်းနှင့် ဘုံနန်းဗိမာန်အဆူဆူကို တူရူလည်လှည့် ရှုကြည့်ခြင်းဖြင့် နေမိမင်းကြီးမြင်လျှင် ဇောဘဝင် တဒါရုံ မကြုံစဖူးကောင်းသောနတ်စည်းစိမ်ကို တွေ့ကြိမ်ရှုမော အံ့ဩမပြီးနိုင်အောင်ရှိသည်နှင့် မာတလိနတ်သားအား 'ဓေဟာယသာမေဗဟုကာ' အစရှိသော ၂ဂါထာချွဲဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား-

"သိကြားမင်း၏နှလုံးကို ပိုက်ကျုံး၍အကုန်အစင် သိမြင်တိုင်းအသင့် အခွင့်၌လိမ္မာစွာသော မာတလိရထားမှူး။ အထူးထူးအထွေထွေ ကြည့်လေတိုင်းအသွယ်သွယ် အံ့ဖွယ်အဆန်းဆန်းနှင့် ဤဘုံနန်းဗိမာန် ဆောင် အဆောင်အရာမကာ ကောင်းကင်ဝတစ်ပြင်လုံး ဆုံးနိုင်ဟန်မရှိ။ လျှံညီဝင်းဝါ ရတနာရောင်ခြည်လည်း တို့ပြည်လူ့ဘုံမှာ နယုန်နွယ်တာ ရာသီမိုးဦးကြိမ်လျှင် တိမ်တိုက်တိမ်ထပ်က လျှပ်စစ်ရောင်နွယ် အသွယ်သွယ် ကူးယှက်၍ တလက်လက်လျှံသကဲ့သို့ ဤဗိမာန်နှင့်ထိုဗိမာန် အလျှံချင်းယှက်ငြိ၍ မျက်စိမှုမရှုဝံ့အောင် အံ့ဖွယ်အတိပြီးသော နတ်သမီးနတ်သားတို့ဝတ်စားသော အဝတ်တန်ဆာရောင်, ဗိမာန်ရောင်, ဘုံနန်းဆောင် အသီးသီးပင် မြင်ခဲ့ရသမျှဗိမာန်ထက် နှစ်သက်ဖွယ်လွန်ကဲသော စည်းစိမ်ကိုတွေ့ကြိမ်ရသဖြင့် ယခုတစ်ဖန် ကိုယ်စံရပြီးကဲ့သို့ နှစ်လိုခြင်းပီတိ ရှိပြန်ရသည်ဟုဆ၍ ဖြေဆည်သာအောင် သံသရာဟောင်းက ထိုနတ်သား အပေါင်းတို့အကြောင်း ကုသိုလ်ကံကို တစ်ဖန်နတ်ရထားမှူး ကြားပါဦးလော့"ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကြားပြန်လို၍ 'သဒ္ဓါယ သုပတိဋ္ဌယ' အစရှိသော တစ်ဂါထာချွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"လူ့ပြည်နှင့်နယ်စပ်သော ဤဘုံရပ်ဗိမာန်နန်းများကို ဆွတ်လှမ်းလောက်သည်မထင်၊ ထက်ရပ်ခွင် ဘုံအထွတ်မှာ ရန်လွတ်သောဘုံနန်းကို သိမ်းမြန်းစိုးယူ စံတော်မူမည့်နှလုံးနှင့် ဘုန်းသစ်ဘုန်းဟောင်း ထပ်လောင်းဆင့်ဖြိုးသော တန်ခိုးသတင်းဖြင့် နတ်မင်းတို့၏အဆွေဖြစ်တော်မူသော နေမိမင်းမြတ်။ မှတ်နာ တော်မူဦးလော့။ ဤ အထူးထူးအဆန်းဆန်း ဘုံနန်းသူအပေါင်းတို့ ရှေးအကြောင်းကုသိုလ်ကံမှာ သံသရာ ဘဝဟောင်းက ကဿပမြတ်စွာဘုရားသာသနာတော်တွင်း၌ သဒ္ဓါခြင်းနှင့်ပြည့်စုံသူ လူသူတော်ကောင်းဖြစ်ကြသဖြင့် အဆုံးအမပိဋကတ် မြတ်စွာဘုရားသာသနာတော်ကို ချီးမြှောက်ရှင်လန်းစွာ ရဟန်းသာမဏေပြုလတ်၍ ပညတ်တော်မူတိုင်း ဖြူစင်သန့်ရှင်းသောသီလရှိလျက် ရဟန်းတရားကိုပွားစေသဖြင့် ကိလေသာ ၂ တန်ကို

www.burmeseclassic.com



မဂ်ဉာဏ်ဖြင့်ပယ်ဖြတ်၍၊ သောတာပတ္တိဖိုလ်ကို ကြည်ညိုနှစ်သက် မျက်မှောက်ပြုလျက် အထက်မဂ်ကို အလိုမပြည့် မကုန်သဖြင့် လူ့ဘုံနတ်ရွာ သံသရာစက်မှ မထွက်ရသေးသော အရိယသီလဝန္တ ကလျာဏပုထုဇဉ် ဖြစ်ကြ၍ သီလဘာသနာ ပညာသုတကို နေ့ညည့်ပွတ်နူး ပြုဖူးသောကုသိုလ်ကံကြောင့် ဤဗိမာန်ဘုံနန်း၌ ထူးဆန်း လျောက်ပတ် မြင့်မြတ်သောနတ်စည်းစိမ်ကြီးမှာ အသီးသီးခံစား မွေ့လျော်ကြရသည် မှတ်တော်မူလော့”ဟု ပြန်ကြားပေ၏။

## ၃၀။ တာတုမဟာရာဇ်ဘုံကို ပြသောအခန်း

ဤသို့ မာတလိနတ်သားသည် အာကာသဋ္ဌ ဗိမာန်ဘုံနန်းတို့ကို ပြန်ကြားပြီးလျှင် သုမေရုသဘင် သိကြားမင်းအထံသို့သွားအံ့သောဟာ နေမိမင်းကြီးအား တိုက်တွန်းချီးပင့်ခြင်းကိုပြုလို၍ ‘ဝိဒိတာနိ တေ မဟာရာဇ’ အစရှိသော တစ်ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“ကရုဏာမေတ္တာဖြင့် ချမ်းသာရှေးရှု ရန်သူတို့ကိုဆုံးမတတ်သော မဟာဓမ္မရာဇ်မင်းမြတ်။ အောက်ရပ်ငရဲရွာ၌ ၃ ဖြာသောဒုစရိုက်အပေါင်း မကောင်းမှုကိုပြုဖူးသူ လူဆိုးလူယုတ်တို့ ကြမ်းကြုတ်စွာခံရသော ဆင်းရဲအတန်တန်ကိုလည်း သံဝေဂရှိလောက်အောင် သိမြင်တော်မူရပြီ။ ဤ ကောင်းကင်နတ်ရပ်မှာလည်း ၃ ဖြာ သုစရိုက်အပေါင်း ကောင်းမှုဖြစ်ဖူးသူ လူသူတော်ကောင်းတို့ စည်းစိမ်စိုးရိမ် မယှက်သန်းသော ဘုံနန်းဗိမာန် အထူးထူးကိုလည်း ညွတ်နူးစုံမက် နှစ်သက်ခြင်းပီတိ ယှက်ငြိစွဲကပ်၍ ရောင့်ရဲတော်မူလောက်အောင် မြင်တော်မူရပြီ။ ယခုတစ်လီ ဤဗိမာန်များထက်အထူး နတ်မူးဝတီရှင် စံရှင်တော်မူရာ ဝတီသာရွှေမြေ၌ ဘုန်းကျက်သရေ အတည်တည် မြို့ပြည်ဘုံနန်းအခင်းအကျင်းနှင့် နတ်မင်းတန်ခိုးကို လူမျိုးအရှင် ရှုမြင်ရအောင် ကြွတော်မူဦးလော့”ဟု ဆိုပြီးလျှင် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်ပြန်လေသော်၊ ရွှေတောင်မြင်းမိုရ်အရံ သတ္တရဘန်တောင်ရပ်သို့ နတ်ရထား ရောက်သောအခါ ထက်အောက်ထင်ထင် ရှုမြင်လွယ်အောင် အလယ်တောင်ထိပ်တွင်တန့်နား၍ အခြားခြားသီဒါ ချွေကာရစ်သန့်လျက် ခန့်တာယှဉ်နော ကျယ်စွာဝေးဘိ လူ့မျက်စိပြကတေ့ဖြင့် တွေ့မြင်ခြင်းငှာမတန်သော တောင်ရံ ၇ လီ, သီဒါ ၇ ချွေ အနေအထားကို နတ်သား၏တန်ခိုးကျက်သရေဂုဏ်ဖြင့် ကြေးမုံမှန်အပြင် တစ်ထွာခန့်မှာ ပစ္စယာ ၇ ဆင့် မြင့်ကျယ်လှသောစေတီကြီးကို ထီးတိုင်အောင်ပြသကဲ့သို့ အဆုံးအစ မကြွင်းရအောင် တကွနတ်လင်းစေ၍ ရှင်းရှင်းမြင်သာအောင် ပြလေ၏။

ထိုအခါ နေမိမင်းကြီးသည် သီဒါအကြားချပ်၍ အထပ်ထပ်အဆင့်ဆင့် စွင့်မြင့်ကြီးကျယ်သော တောင် ၇ လုံးကိုမြင်သော် ရှုမျှော်လည်လည့် ကြည့်လေတိုင်း အံ့ဖွယ်အသွယ်သွယ် များသည်ဖြစ်၍ နှစ်သက်ရွှင်လန်း သောအားဖြင့် ရထားမှူးမာတလိနတ်သားအား “နတ်ရထားမှူးမာတလိ။ သင်သိတိုင်း ပြောပါဦး။ အထူးထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းဆန်းနှင့် ပန်းနွယ်ပန်းတံ ခက်လံဖားဝေ ရွှေအဆင်းမြအဆင်း ဝိုးဝင်းထင်ယောင် ထိုတောင်ဤတောင် အဆင့်ဆင့် အထပ်ထပ် ပတ်ရစ်၍နေသောရေအဝှမ်းလည်း ချမ်းမြေ့အေးကြည်ယောင်အသွင် ကမ်းဆိပ်အပြင်, တောင်ထိပ် အပြင်၌ သဘင်သံ, သစ်ပင်သံဟု အမှန်မသိရ ညီးညီးငြိမ့်မှု သိမ့်သိမ့်သဲသဲ တစ်ခဲနက်အသံ ထင်ယောင်ထင်မှား ရှိခဲ့သည်။ ဤတောင်, ဤပြည်ကား အဘယ်အမည် ရှိသနည်း”ဟုမေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် မိမိသိမြင်တိုင်း ညွှန်ကြားလို၍–

‘သုဒဿနော ကရဝီကော၊ ဤသန္ဓရော ယုဂန္ဓရော။

နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဍော ဂိရိ ဗြဟာ။ ။

ဧတေ သီဒန္တရေ နဂါ၊ အနုပုဗ္ဗ သမုဂ္ဂတာ။

မဟာရာဇာန မာဝါသာ၊ ယာနိ တွံ ရာဇ ပဿသိ။ ။’ ဟူ၍ ၂ဂါထာဖြင့် ဆို၏။

မဟာရာဇ၊ နေမိမင်းကြီး။ သုဒဿနော၊ သုဿနတောင်။ ကရဝိကော၊ ကရဝိကတောင်။ ဤသန္ဓရော၊ ဤသန္ဓရတောင်။ ယုဂန္ဓရော၊ ယုဂန္ဓိုရ်တောင်။ နေမိန္ဓရော၊ နေမိန္ဓရတောင်။ ဝိနတကော၊ ဝိနတကတောင်။ ဗြဟာ၊ အပြင်ကျယ်သော။ အဿကဏ္ဍောဂိရိ၊ အဿကဏ်တောင်။

သီဒန္တရေ၊ သီဒါအကြား၌။ ဧတေနဂါ၊ ထိုတောင် ၇လုံးတို့သည်။ အနုပုဗ္ဗသမုဂ္ဂတာ၊ အစဉ်အတိုင်း မြင့်ကုန်၏။ မဟာရာဇာနံ၊ နတ်မင်းကြီးတို့၏။ အာဝါသာ၊ နေရာဖြစ်ကုန်၏။ ရာဇ၊ နေမိမင်းကြီး။ ယာနိပဗ္ဗတာနိ၊ အကြင်တောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုတောင်တို့ကို။ တွံ၊ အရှင်မင်းကြီးသည်။ ပဿသိ၊ ရှုတော်မူလော့။ ဤကား အနက်။ အဓိပ္ပာယ်ကား–

“သူတစ်ပါးလည်း မှတ်သားဥပဒေ ရရစ်စေ ဟူသောနလုံးဖြင့် မဖုံးမဝှက် အနက်သတ္တိကို မသိသော အရာထင်လျှင် လျင်စွာဆွေးနွေး မေးမြန်းလေ့ရှိတော်မူသော နေမိမင်းမြတ်။ မှတ်နာတော်မူဦးလော့။ ရထားဦးကွန်းထောင်ချရာ ဤတောင်မြတ်ကား ‘သုဒဿန’အမည်ခေါ်၏။ ဤမှအတွင်း သမုဒ္ဒရာပေါ်ကို မျှော်ရှုပြန်လျှင် သုဒဿနတောင်ထက် ထမ်းပိုးဆင့်၍ မြင့်ကျယ်မောက်မိုသော ထိုတောင်ဂိရိကား ‘ကရဝိက’ အမည်ခေါ်ဝေါ်ကြ၏။ ထိုမှအတွင်းလည်း မွေးသင်းသောရေ ရစ်ခွေအေးမြလျက် ကရဝိကတောင်ထက် ထမ်းပိုးဆင့်၍ မြင့်ကျယ်မောက်မိုသော ထိုတောင်ညိုအမည်ကိုကား ‘ဤသန္ဓရ’ဟုခေါ်ဆိုကြ၏။ ထိုမှအတွင်းနေ ရေကြည်မြရိပ်နှင့် ဤသန္ဓရတောင်ရိုးထက် ထမ်းပိုးတက်၍ မြင့်ကျယ်မောက်မိုသော ထိုတောင်ကြီးဖြိုးဖြိုးကား တန်ခိုးကြီးမြတ်သော နတ်မင်း ၄ ပါးတို့ပျော်ရာ နဂိုရ်မြင်းမိုရ်တောင်ခါးပန်းနှင့် ထမ်းပိုးတန်းအမျှ နေလတာရာ သွားရာခရီးခွင်နှင့်လည်း အမြင့်ထပ်တူ လူ့နတ်တို့အခေါ်အဆို ‘ယုဂန္ဓိုရ်’အမည်ရှိ၏။ နောက်လှည့်တစ်ဖန် ပြန်လည်စဉ်လျှောက်၍ အောက်က တောင် ၃ ခုကို ရှုတော်မူပါဦး။ ဤသုဒဿနတောင်အောက် တစ်ဝက်လောက် နိမ့်သော ထိုတောင်အခွေကား ‘နေမိန္ဓရ’ အမည်တွင်၏။ ထိုတောင်ပြင်က သီဒါကိုဆီးကာပတ်ခွေလျက် နေမိန္ဓရတောင်အောက် တစ်ဝက်လောက် နိမ့်ကြုံသောနဂိုရ်ဖြင့် ထိုတောင်ဂိရိကား ‘ဝိနတက’ အမည်ဆို၏။

ထိုမှ အပြင်စွန်းသီဒါကို ဆီးကာပတ်ချုပ်၍ သမုဒ္ဒရာဆားငန်ကို ပြင်နံပါးထိလျက် ဝိနတကတောင်အောက် တစ်ဝက်လောက် အစောက်အနံ နိမ့်ကြုံသောနဂိုရ် ထိုတောင်အစွန်းကား ‘အဿကဏ်’အမည်ရှိ၏။ ထိုတောင်စဉ် ၇ တန်သည် အဿကဏ်မှစ၍ အနံအစဉ်သင့် ၂ ပြန်ဆင့်၍ အမြင့်ကျယ်ဆောင်လျက် တောင်မြင်းမိုရ်နန်းနှင့် စောင်းတန်းလေ့ကားသွင် ဝန်းကျင်ရံပတ်သော ၇ ထပ်အခြေတွင် ၇ ခွေရေညီ မိုဝိုပတ်လျှောက်၍ မြလက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



၇ ခြည်လို အေးကြည်ချမ်းမြေ့စွာ လဲဝါဂွမ်းမွေးကိုမျှ အလေးမခံ နှိပ်နှံ့ဆွဲထုတ် မြုပ်နှစ်တတ်သောသတ္တိရှိသည့်ပြင်ပြင် 'သီဒါသမုဒ္ဒရာ'ဟု လူ့ရွာနတ်ပြည် အမည်ထင်ရှားစွာ ဤသီဒါသမုဒ္ဒရာ ဆီးကာပတ်ရံ၍ ဤသတ္တရဘာန် တောင် ၇ လုံးသည် ဘုန်းတန်ခိုးတောက်ပလျက် လောကအစောင့်အထိန်း ခပ်သိမ်းသော နဂါး, ဂဠုန်, ကုမ္ဘဏ်, ရက္ခိုသ်တို့၏သေဌ်နင်း နတ်မင်းကြီး ၄ယောက်တို့၏နိုင်ငံ စံပျော်ရာနေရပ် ဖြစ်သည် မှတ်တော်မူလော့"ဟု ညွှန်ကြားပေ၏။

ဤအရာ၌ ထိုဂါထာ၏အဖွင့် နေမိဇာတ်တော်အဋ္ဌကထာတွင် 'တတ္ထသုဒဿ နောတိ အယံ မဟာရာဇ ဓောသံ သဗ္ဗာဗာဟိရော သုဒဿနော နာမ၊ တဒနန္တရေ ကရဝိကောနာမ သောသုဒဿနတော ဉစ္စတရော' စသည်ဖြင့် ဂါထာ၌လာသော တောင်မည်အစဉ်အတိုင်း သုဒဿနတောင်ကို ပြင်စွန်းပြု၍ အဿကဏ်တောင်ကို အတွင်းဆုံးပြုလျက် ဖွင့်၏။ ဝိသုဒ္ဓိမဂ်, ပါရာဇိကဏ်, အဋ္ဌသာလိနီ စသောအဋ္ဌကထာတို့၌ကား အဿကဏ်တောင်ကို ပြင်စွန်းပြု၍ ယုဂန္ဓိုရ်တောင်ကို အတွင်းဆုံးပြု၍ဆို၏။ ဤ နေမိဇာတ်တော်ပါဠိ၌ မည်သည့်တောင်ကနေ၍ ပြကြောင်းကို မဆို။ ထိုဇာတ်တော်အဖွင့် အဋ္ဌကထာ၌သာ ပြင်စွန်းကနေ၍ပြကြောင်းကို အတ္တာပတ္တိအားဖြင့် လာ၏။ ထိုအဋ္ဌကထာလာတိုင်း သုဒဿနတောင်ကို ပြင်စွန်းပြုချေလျှင် တစ်ပါးသော အဋ္ဌကထာတို့နှင့် မညီမညွတ်ဖြစ်ခဲ့၏။ ထိုအဋ္ဌကထာ စကား ၂ ရပ်ကို ညီညွတ်အောင်ပြု၍ အချို့ဆရာတို့ ယူသည်ကား နေမိမင်းကြီး ဖြစ်တော်မူသောကာလက ပညတ်သောအမည်နှင့် ယခုပညတ်သောအမည် ကွဲသည်ဖြစ်ရာ၏။ ယခုကား ပြင်စွန်းတောင်ကို အဿကဏ်, နေမိမင်းလက်ထက်ကား ပြင်စွန်းတောင်ကို သုဒဿန၊ ဤသို့ နာမပညတ်ခြားသောကြောင့် ခေါ်ဝေါ်ပညတ်ရာ ကာလသို့လိုက်၍ဆိုသည်ဟု ယူကုန်၏။ ထိုကာလအမည် အခြားတွင်ကြောင်းကို အဋ္ဌကထာ မဖွင့်၊ အထောက်အထားနှင့်လည်းမဆို ညီစေလိုသော ဆန္ဒနှင့်သာ ကြံဆ၍ယူသော ဝါဒဖြစ်ခြင်းကြောင့် ထိုဆရာတို့၏စကားကို ဆင်ခြင်အပ်၏။

[အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူ အကယ်၍ နေမိမင်းဖြစ်တော်မူသောကာလ ထိုတောင်တို့သည် အမည်အထူး ရှိသည်ဖြစ်အံ့။ နေမိမင်းကြီးကာလကား ဝေးသေးသည် မဟုတ်။ ဤအန္တရကပ် အသင်္ချေမှ ဆုတ်၍ အနှစ် ၂သိန်းကျော်, ၃သိန်း အသက်တမ်းမျှလောက်တွင်သာဖြစ်ခြင်းကြောင့် မြတ်စွာဘုရား လက်ထက်တော်တိုင်အောင်ပင် ပြင်စွန်းတောင်ကို သုဒဿန ဟု သမုတ်အပ်သော ရှေးအမည်မပျက် ရှိရာသည်။ ထိုနေမိမင်း မဖြစ်မီကပင် တည်ထောင်သမုတ်နှင့်သော ရာဇဂြိုဟ်, မိထိလာ အစရှိသောပြည်တို့သည် ထိုတောင်တို့ကဲ့သို့ အလိုအလျောက်ရှိရသည် မဟုတ်။ ထီးနန်းအပြောင်းအလဲ အဖန်များစွာ ရှိလျက်ပင်လည်း အရှွန့်ရှည်စွာ ခေါ်ဝေါ်အပ်သောအမည် မပျောက်မတိမ်နိုင် ဖြစ်တုံသေး၏။ ထို့ကြောင့် ထိုဆရာတို့၏အယူကို ဆင်ခြင်အပ်၏။

[သာရတ္ထဒီပနီ ဋီကာဆရာကား အထူးမဆုံးဖြတ်။ နေမိဇာတ်တော် အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်, ပါရာဇိကဏ် အဋ္ဌကထာ စသောကျမ်းတို့၌ မညီမညွတ်လာကြောင်းကိုသာ သာမညဆို၏။

[ဝိနာလင်္ကာရ ဋီကာဆရာကား ခြသေ့်သံကဲ့သို့ ရွံ့ရှားကင်းသောစကားဖြင့် ဤသို့ဆို၏။ ဤနေမိဇာတ်တော်ဂါထာ၌၊ 'သုဒဿနော ကရဝိကော' စသည်ဖြင့် သင်္ဂါယနာဆရာတို့ ၃ကြိမ်တိုင်အောင် သင်္ဂါယနာတင်အပ်သော ဘုရားပါဠိတော်ဂါထာ ဖြစ်သည်။ ပါရာဇိကဏ်, အဋ္ဌသာလိနီ စသည်တို့၌လည်း 'ယုဂန္ဓရော ဤသန္ဓရော' အစရှိသော ဂါထာသည်လည်း ၃ကြိမ်တိုင်အောင် သင်္ဂါယနာတင်အပ်သောဂါထာပင် ဖြစ်သည်။ အနိုင်အခံ့ ကျမ်းချည်းပင်ဖြစ်၍ မညီမညွတ် မရှိသင့်။ ထိုစကားလည်း ထင်ရှားသိမြင်သော



www.burmeseclassic.com

www.burmeseclassic.com



စကားပင်ဖြစ်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်, သုတမယဉာဏ် စသည်တို့ဖြင့် သိခြင်းငှာ မစဲ။ ဤမျှခန့်သော အရာကိုမျှ ကျမ်း ၂ ကွဲ ရှိခဲ့လျှင် သိမ်မွေ့စွာသော ပရမတ္ထဒေသနာတော်၌ ညီညွတ်နိုင်တော့မည်မဟုတ်။ ထို့ကြောင့် ဗုဒ္ဓရက္ခိတ အမည်ရှိသော ငါ ဇိနာလင်္ကာရ ဋီကာဆရာသည် ထိုစကား ၂ရပ်ကို ညီညွတ်အောင် ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်၏။ အဘယ်သို့ ဆုံးဖြတ်ရအံ့နည်း ဟူမူကား ထိုတောင်တို့၏ ရှေးပညတ်နှင့်ခြား၍ ယခုပညတ်သောကြောင့် 'သုဒဿနော' စသည်ဖြင့် ဆိုသည်မဟုတ်။ မာတလိနတ်သားသည် အာကာသဋ္ဌဗိမာန်များကို ပြပြီးသဖြင့် တောင်မြင်းမိုရ်သို့ ရှေးရှုနှင်၍ တောင်စဉ် ၇ထပ်တွင် အလယ်ဖြစ်သော သုဒဿနတောင်သို့ရောက်သောအခါ ထိုတောင်ထိပ်၌နေလျက် နေမိမင်းကြီးအား သုဒဿနတောင်မှစ၍ အထက်အထက်၌ အဆင့်အဆင့်တည်သော တောင်တို့ကိုပြလို၍ 'သုဒဿနော ကရဝိကော ဤသန္ဓရော ယုဂန္ဓရော'ဆိုပြီးမှ အောက်အောက်သော တောင်တို့ကိုပြလို၍ 'နေမိန္ဓရောဝိနတကော အဿကဏ္ဏော'ဟု ဆိုသည်။ ဤသို့ယူသည်ရှိသော် ဤနေမိဇာတ်တော်ပါဠိနှင့် တစ်ပါးသောအဋ္ဌကထာတို့သည် ညီညွတ်ခြင်းသို့ ရောက်၏။

[ထိုသုဒဿနတောင်ကို အလယ်ထား၍ ဖွင့်အပ်သည်ဖြစ်လျက် ထိုနေမိဇာတ်တော်အဖွင့်ဖြစ်သော အဋ္ဌကထာ၌ ပြင်စွန်းထား၍ဖွင့်လေသည်ကား အဋ္ဌကထာဆရာတို့ သတိမေ့လျော့၍သာ ရေးမိလေသည်။ အမှန်ရေးလို၍ ရေးသည်မဟုတ် ဟု ထိုစကားကို ဋီကာဆရာ နုတ်တော်မူသည်။ ပါဠိသောကား-

['ယံ ပန နေမိဇာတက ဋ္ဌကထာယံ သုဒဿနောတိ အယံ မဟာရာဇ ဧတောသံ

သဗ္ဗဗာဟိရော သုဒဿန ပဗ္ဗတော နာမာတိအာဒိ လိခိတံ၊ သတိသမ္မောသေန လိခိတန္တိ ဂဟေတဗ္ဗံ၊ ဤပါဠိလျှင်တည်း။

[နေမိဇာတကဋ္ဌကထာယံ၊ နေမိဇာတ်တော် အဋ္ဌကထာ၌။ သုဒဿနောတိ၊ ပ၊ ပဗ္ဗတောနာမာတိအာဒိ၊ ပဗ္ဗတောနမ ဤသို့အစရှိသော။ ယံ ဝစနံ၊ အကြင်စကားကို။ အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ လိခိတံ၊ အက္ခရာတင်အပ်၏။ တံဝစနံ၊ ထိုစကားကို။ သတိသမ္မောသေန၊ သတိမေ့လျော့တော်မူသဖြင့်။ လိခိတန္တိ၊ ရေးအပ်သော စကားဟူ၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဋီကာပါဠိအနက်။

[ဤသို့ဆိုအပ်သော ဇိနာလင်္ကာရ ဋီကာဆရာစကားကိုပင် ငါတို့လည်း နှစ်သက်သည်ဖြစ်၍ ၎င်းဋီကာလာတိုင်း ဂါထာ၌ အဓိပ္ပာယ်ကို ဆိုလိုက်သည်။ ဘုံခန်းလင်္ကာ၌လည်း ဤအဓိပ္ပာယ်ကိုပင် စပ်ပြသည်။]

## ၃၁။ တာဝတိံသာဘုံ စိတ္တကူဋ်တံခါးမုခ်သို့ ရောက်ခန်း၊

ဤသို့ မာတလိနတ်သားသည် စာတုမဟာရာဇ်နတ်ပြည်ကို နေမိမင်းကြီးအားပြပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ရှေးရှုနှင်လေသော် သုဒဿနမြို့အရှေ့မျက်နှာ စိတ္တကူဋ်အမည်ရှိသော တံခါး,မုခ်,ပြ,တန်ဆောင်း၌ ထက်ဝန်းကျင်ရံ၍ထားအပ်သော သိကြားရုပ်တို့ကို နေမိမင်းကြီးအား ပြပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နေမိမင်းကြီးသည် အလွန်တရာ ရတနာမျိုးတို့ဖြင့် ဆန်းကြယ်စွာသော ပြ, တန်ဆောင်း, တံခါးမုခ်၌ သိကြားရုပ်တို့ကိုမြင်လျှင် အလွန်ရွှင်ပျ နှစ်သက်သောနှလုံး ရှိသည်ဖြစ်၍ မာတလိနတ်သားအား 'အနေကရူပံစိယံ' အစရှိသော ၂ဂါထာဖြင့်မေး၏။ အဓိပ္ပာယ်ကား–

"နတ်ရထားမှူး မာတလိ။ မျက်စိအာရုံဖြင့် ယှဉ်၍မကုန်နိုင်အောင် အထောင်အရာမက တောက်ပသော ရောင်ခြည်ရောင်နွယ် ဆန်းကြယ်ခြင်းအထူးထူးအပြားပြားနှင့် သိကြားမင်းအရုပ်အသွင် အရှင်သဏ္ဍာန်လို ထိုရေ့တူရှုတွင် ခြသေ့, ကျားအပေါင်းလည်း ဦးခေါင်းမျက်နှာပြင်သို့လှည့်၍ အပြည့်အနက် ထက်ဝန်းကျင် ရံအပ်သော မဟာစုန်တောကြီးကဲ့သို့ မြို့နန်း မုခ်တံခါး, ပြ, တန်ဆောင်းအဆောင်၌ အထောင်မက ဝန်းကျင်ပြွမ်း၍ လျှမ်းလျှမ်းတက်မျှ ကျက်သရေအသွယ်သွယ်နှင့် တင့်တယ်စွာ ငါ၏မျက်စိ၌ မကြည့်နိုင်အောင် ထင်ပြန်ဘိ၍ ပီတိနှံ့သောဓာဖြင့် အံ့ဩမကုန်ဖြစ်ပြန်တုံသော ငါ့အား နတ်ရထားမှူး ပြောပါဦး။ အထူးအဆန်းသော တံခါးမုခ်နန်းကို အဘယ်အမည်ဖြင့် ခေါ်ဝေါ်ကြသနည်း"ဟု မေး၏။

နေမိမင်းကြီးစကားကိုကြားလျှင် မာတလိနတ်သားသည် သိမြင်တိုင်းကြားလို၍ 'စိတ္တကူဋောတိယံ အာဟု'အစရှိသော ၂ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"လူအပေါင်းကို အစိုးရတော်မူသော နေမိမင်းကြီး။ ညီးညီးလျှံထိန်စွာ တာဝတိံသာ နတ်မင်းရုပ်တု သဏ္ဍာန် အရာအထောင်မကများစွာဖြင့် ရံကာစောင့်ထားအပ်သော ဤတံခါးမုခ်ကို စိတ္တကူဋ ဟူသောအမည်ဖြင့် နတ်ပြည်ဘုံသားတို့ ထင်ရှားစွာခေါ်ဝေါ်ကုန်၏။ ဤအလုံးစုံမျိုး အခင်းအကျင်းသည် အကျွန်ုပ်တို့ သခင် အရှင်သိကြားမင်းလက်ထက်တွင်မှ ဖြစ်သည်မဟုတ်။ ဖော်ထုတ်၍အမွန်အစကို ပြန်လျှောက်ပါမည်။ နာတော်မူဦး။ ကျူးလေပြီးသော ရှေးအခွန့်ရှည်စွာကာလက လူ့ပြည်မဂဓရာဇ်တိုင်း မစလရွာတွင် 'မာဃ'အမည်ရှိသော လုလင်သည် သင်းဝင်အဖော် ၃၃ကျိပ် ၂ယောက်နှင့် ဝမ်းမြောက်ရွှင်လန်းစွာ ခရီးလမ်းစောင်းတန်း လှေကား တံခါးမုခ် ဆောက်လုပ်ပြင်ဆင်ခြင်း၊ ရေတွင်း, ရေကန်, အာရမ် ဥယျာဉ်စိုက်ပျိုးပြုစုခြင်း၊ ဇရပ်, တန်ဆောင်း ဆောက်လုပ်ခြင်း စသောကောင်းမှုတို့ကို အသက်ထက်ဆုံးပြု၍–

"ထိုကောင်းမှုအကျိုးအားဖြင့် လက်သား ၃ ကျိပ် ၂ ယောက်နှင့်တကွ အစုံအညီ ဤတာဝတိံသာ နတ်ပြည်၌ သိကြားမင်းဖြစ်လာလျှင် နတ်ဘုရားဟောင်းနှင့် ဤ ၁သောင်းယူဇနာ ကျယ်စွာသော သုဒဿနမြို့ကို ၂ ဖို့ပြု၍ တစ်ခုစီစိုးအုပ်ကြသည်နှင့် ကာလမကြာမီပင် ဘုန်းကြီးသူရောက်က ဘုန်းနည်းသူပျောက်မြဲ ဖြစ်ချေသောကြောင့် မဖြောင့်သောအယူ မသူတော်ဆန္ဒနှင့် ရသကာမဂုဏ်၌ အစုံအမက်ကြူး၍ ယစ်မူးမေ့လျော့သော သိကြားဟောင်းကို အပေါင်းသဘောတူ နတ်ပရိသတ်နှင့်တကွ မာဃနတ်ဘုရင်က ဆွဲငင်တွန်းပစ်စေသဖြင့် မသေမပျောက်ဘဲ ရေထဲ မြင်းမိုရ်တောင်ခြေအဆုံး ၃ လုံးသောအထွတ်ကြား၌ ကံထားသောနေရာမှာ အသုရာပြည်ဟု တည်ထောင်ပြန်၍ စိတ်ခုစိတ်ခံနှင့် ရန်မီးစဖြစ်ကြ၍ ရှိပါသည်ကို ထိုမာဃသိကြားသစ်တွင် လူဖြစ်သောအခါက သုဓာတာ, သုဓမ္မာ, သုနန္ဒာ, သုစိတ္တာ ဟူသော ခင်ပွန်း ၄ ယောက်ရှိသည်တွင် အငယ် ၃ယောက်မှာ ဥယျာဉ်, ဇရပ်, တန်ဆောင်း ကောင်းမှု ဒါယိကာမချည်းဖြစ်ခြင်းကြောင့် နတ်မင်းနှင့်အတူ မရှေးမနှောင်းပင် တာဝတိံသာနတ်ပြည်၌ နတ်မိဖုရား ဖြစ်လာကြသည်။ သုဓာတာမိဖုရားကြီးမှုကား ကောင်းမှုမှ မေ့လျော့ချေသောကြောင့် ထိုအဖြစ်မှုစုတေလျှင် ဥဗျိုင်းမဖြစ်သည်နှင့် သိကြားမင်းစောင်မ၍ ဥဗျိုင်းအဖြစ်မှ စုတေပြန်၍၊ လူ့ပြည်၌ သူဆင်းရဲမ ဖြစ်ပြန်သည်ကို သိကြားမင်းသိ၍ စောင်မပြန်သဖြင့် ထိုအဖြစ်မှုစုတေလေသော်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကျွမ်းဖော်ရှိရာ တာဝတိံသာသို့ကား မလား ရန်ပွားအောင်လောင်းဆင့်ပြန်၍ ရန်သူဖြစ်သောအသုရာပြည်မှာ အသုရာနတ်မင်းသမီး ဖြစ်လေသည်တွင် တာဝတိံသာနတ်ဘုရင်က မထင်မရှား အသုရာပြည်သို့သွား၍ မိမိမြောက်သားတော် သုဇာတာနတ်သမီးကို ဆောင်ယူခဲ့ပြီးလျှင် မိဖုရားကြီးတင်ထားလေသည်နှင့် ဝေပစိတ္တိ အသုရာနတ်သည် ဆင့်ထပ်ပွားကြီး သမီးနှင့်ပြည် ၂ တည်သောရန်စဖြစ်၍ နှစ်စဉ်မချွတ် သစွတ်ပွင့်ချိန်တိုင်လျှင် နိုင်နိုးပိုင်နိုး အားကိုးအန်တက် နှောင့်ယှက်လာသောကြောင့် အစောင့်အရှောက်ဖြစ်စေခြင်းငှာ ကြီးစွာသော တော၀ စုံအဖျား၌ ကျား,ခြင်္သေ့အများ မြူးစားလျက်နေသည်ကိုမြင်လျှင် မဝင်ဝံ့သောမုဆိုးကဲ့သို့ ရှိစေလို၍ ထိုအသုရာစစ်သည်တို့ မချဉ်းဝံ့စေကြောင်း ကောင်းစွာဖန်ဆင်း၍ မာဃသိကြားမင်း၏ရုပ်သွင်တော် များစွာအစီစီကို ဤစိတ္တကုဋ် တံခါး, မုခ်, ပြ, တန်ဆောင်း၌ လုပ်ထားစီရင်ခဲ့သည်ဖြစ်၍ ယခုတိုင်အောင် စကားဥဒါန်း မော်ကွန်းစဉ်ဆက် မပျက်မစီးတည်သည်။

"ဤသာလည်း မဟုတ်။ သုဓမ္မာဇရပ်, သုနန္ဒာရေကန်, သုစိတ္တာရေကန်, ဥယျာဉ်တို့သည်လည်း သုဓမ္မာဒေဝီ, သုနန္ဒာဒေဝီ, သုစိတ္တာဒေဝီ နတ်မိဖုရားတို့၏ ကုသိုလ်ကံအသီးသီးကြောင့် ဖြစ်ပေါ်လာသည်ဖြစ်၍ အတိုင်းထက်အလွန် ဤတာဝတိံသာနတ်ပြည်၏ တင့်တယ်ခြင်းသည် ယခုတိုင်ဖြစ်လေသည်။ ရှေးရှေးသောကာလက 'ဒေဝလောက' ဟူသောအမည်, 'ဒိဝေါသဂ္ဂ' ဟူသောအမည်, 'ဒေဝေါကာသ' ဟူသောအမည်, 'အမရာဒေဝ' ဟူသောအမည်, 'တာဝတိံသာ' ဟူသောအမည် စသည်တို့ဖြင့် ထင်ရှားသော အမည်မောင်းတွင် ဆင့်လောင်း၍ ထိုမာဃသိကြားမင်းလက်ထက်တွင် 'တိဒသ'ဟူသောအမည်, 'သုဓာသိန' ဟူသောအမည်, 'အယုဇ္ဈပုရ'ဟူသော အမည်တို့ဖြင့် တံဆိပ်မော်ကွန်း ပေါ်ထွန်းပြန်သည်။ နတ်မင်းတို့၏ အမည်မှာလည်း 'သက္က' ဟူသောအမည်, 'ဒေဝိန္ဒ' ဟူသောအမည်, 'ဣန္ဒ' ဟူသောအမည်, 'ပုရိန္ဒဒ' ဟူသောအမည်, 'ဒေဝရာဇာ' ဟူသောအမည်, 'ဝဇိရပါဏိ' ဟူသောအမည်, 'ဝဇိရာဝုဓ' ဟူသောအမည်, 'သဟဿက္ခ' ဟူသောအမည်, 'ဝါသဝ' ဟူသောအမည်, 'ဘူတပတိ' ဟူသောအမည်, 'ဝတြဘူ' ဟူသောအမည်, စသည်တို့ဖြင့် တွင်းဟောင်းတွင် ဆင့်လောင်း၍ ထိုမာဃသိကြားမင်း လက်ထက်တွင်မှ 'မာဃ' ဟူသောအမည် 'သုဇမ္ပတိ' ဟူသောအမည်, 'သုရနာထ' ဟူသောအမည်, 'တိဒိဝါဓိဘူ' ဟူသောအမည်တို့ဖြင့် နောက်နောက်သော သိကြားမင်းအဆက်ဆက် ယခုလက်ထက်တိုင်အောင် အမည်ဘိသိက် တံဆိပ်ရွှေဘွဲ့ ခံယူတော်မူကြသည် မှတ်တော်မူလော့။ အရှင်မင်းကြီးသည် ဤစိတ္တကုဋ်တံခါးဖြင့် သုဒဿနမြို့တွင်းသို့ ဝင်တော်မူမိလျှင် ၇ အင်သော ရတနာအဖြာဖြာအသွယ်သွယ် အံ့ဩဖွယ်ပြီးပြောင်အရောင်ချင်းကူးလျက် အထူးထူးအဆန်းဆန်းသော ဘုံနန်းဗိမာန် ရေကန်ဥယျာဉ် စပ်ယှဉ်ဆက်ကာနှင့် ရတနာရွှေမြေအပြင်ကို မြင်တော်မူရလတ္တံ့။ ရဲဝံ့ရွှင်ပြုံး နှလုံးငြိမ်းချမ်း စိတ်ဝမ်းပျော်ပါးလျက် ဤရထားမှဆင်းသက်၍ နူညက်သော ရွှေမြေဖန်မြေ အပြင်ကို အရှင်မင်းကြီးဖဝါးဖြင့် ချသွားတော်မူရအံ့သည်"ဟု ညွှန်ကြားပြောဆိုပြီးလျှင် မာတလိနတ်သားသည် ထိုစိတ္တကုဋ်တံခါးဖြင့် မြို့တွင်းသို့ ရထားနှင့်ဝင်လေ၏။

[ဤအရာ၌ 'ကေကနိပါတေ ကုလာဝက ဇာတကေန ကထေတဗ္ဗော'ဟု အဋ္ဌကထာ စကား ရှိသောကြောင့် အမိပ္ပာယ်ထုတ်လိုက်သည်။]

ထိုအခါ သုဓမ္မာသဘင်၌ စည်းဝေးလျက်နေကုန်သော နတ်ပရိသတ်အပေါင်းတို့သည် နေမိမင်းကြီးကို ဖူးမြင်လိုသောဆန္ဒနှင့် မာတလိနတ်သား၏ ရထားလာရာလမ်းကိုသာ မျှော်လင့်လျက်နေစဉ် စိတ္တကုဋ်တံခါးဝသို့



www.burmeseclassic.com

ရထားနှင့် နေမိမင်းကြီးရောက်ကြောင်းကို သိမြင်ကြလေသော် ပင်လယ်ကသစ်ပွင့် စသည်တို့ဖြင့် နတ်ဒ္ဒြဖြစ်သော ပန်းနံ့သာလက်စွဲလျက် သုဓမ္မာသဘင်မှသည် စိတ္တကူဋ်တံခါးမုခ်တိုင်အောင် ယူဇနာအကျယ် ၆၀ ရှိသော ရထားလမ်း ၂ ဘက်အပြည့်အနက် စဉ်ကာဆက်၍ စုံမက်မြတ်နိုး ရှိခိုးဖူးမြော်ပူဇော်ခြင်းအသီးသီးဖြင့် ခရီးဦးကြိုဆိုလာကြကုန်၏။

မာတလိနတ်သားသည်လည်း သိန္နောမြင်း ၁၀၀၀ က,အပ်သောရထား၌ သိကြားမင်း၏တင့်တယ်ခြင်းဖြင့်စီးသော နေမိမင်းကြီးအား ပျော်ကြောင်းပျော်ဖွယ် ဖျော်ဖြေညွှန်ကြားလျက် များစွာသောနတ်ပရိသတ်အပေါင်း ခြံရံအပ်သော ထိုမင်းလမ်းခရီးဖြင့် သုဓမ္မာသဘင်သို့ ရှေးရှုနှင်လေ၍ ရွှေငွေဖန်ပုလဲ ကျောက်မျက်ရွဲစသည်တို့ဖြင့် တောက်ပလျက်တည်သော သုဓမ္မာသဘင် နေမိမင်းကြီးမြင်ပြန်လျှင် အလွန်နှစ်သက် ကြည်လင်ရွှင်လန်းခြင်းဖြင့် မာတလိနတ်သားအား မေးလေသောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည် 'သဟာသသ ယုတ္တံဟယဝါဟိ' အစရှိသော ဂါထာတို့ဖြင့် ဟောတော်မူ၏။ အဓိပ္ပာယ်ကား–

"ငါ၏တပည့်သားတော် အပေါင်းတို့။ ငါ နေမိမင်းကြီး ဖြစ်တော်မူသောအခါ အာဇာနည် သိန္နောမြင်း ၁၀၀၀ကအပ်သော ဝေဇယန္တာရထားထက် ထီးဖြူစိုက်ဆောင်း ဖြန့်မိုးအပ်သော ပလ္လင်ပေါ်၌စီးလျက် မာတလိနတ်သား၏ချီးပင့်ခြင်းဖြင့် တာဝတိံသာသို့တက်၍ သုဒဿနမြို့အဝင် မင်္ဂလာပြုရာတံခါးမှ ရထားလမ်း ခရီးဖြင့် နတ်သဘင်သို့ရှေးရှုသွားစဉ် ပေါင်းယှဉ်အပ်သော ရတနာမျိုးတို့ဖြင့် ပြိုးပြိုးပြက်ပြက် တောက်ပသော သုဓမ္မာသဘင်ကိုမြင်လျှင် ဝမ်းမြောက်ရွှင်ပျခြင်းဖြင့် မာတလိနတ်သားအား ဤသို့မေး၏။ "အချင်းမာတလိ။ ဝင်းဝင်းညိုတောက်ပသော ဤဗိမာန်ကား အဘယ်အမည် ရှိသနည်း။ ကြတ္တိကာ, အဿဝဏီ, ပုဗ္ဗာမိ ကြိုက်သောလ မုန်တိုင်းလေရိုင်းမထ မြူမှုန်မကြွသောအခါတွင်းဝယ် တိမ်တိုက်ဆီးနှင်း လွတ်ကင်းသောရက်တွင် စင်ကြယ် သန့်ရှင်းသော ကောင်းကင်အသွေးသည် အဆေးကအမြင် ညိုလွင်ရွှန်းတိတ် လင်းရိပ်ရောင်ထင်သကဲ့သို့ ယခုမြင်ရသော ဗိမာန်ရောင်လည်း ကျောက်မျက်ရွဲရတနာကို အရာသင့်ခြယ်လှယ် စီမံဖန်ဆင်းလေသည်မသိ ငါထင်မိလေသည်နှင့် ပီတိဖိတ်ယို ကိုယ်စံရပြီးလောက် ဝမ်းမြောက်ခြင်းရှိ၍ သိရအောင် မေးမြန်းရတော့သည်။ 'ထူးလည်တွေပြား မှတ်သားဖွယ်အကြောင်းများကို သင်နတ်သား ကြားပါဦး'ဟုဆိုလျှင်၊ ထိုရထားမှူးမာတလိသည် သိမြင်တိုင်း နှစ်လိုစွာ ဤသို့ ညွှန်ကြားပြန်၏။

"လူအပေါင်းတို့၏သခင် ဖြစ်တော်မူသော နေမိမင်းမြတ်။ လူနတ်တို့အား အစီးအပွားများအံ့သော အကြောင်းကို သိကြားနတ်ကောင်းအပေါင်း စည်းဝေးလျက် ၃–၄လအဖို့ လူတို့အရေးအတွက် ရက်လကြာအောင် အခါပြုသဖြင့် လူ့ပြည်သို့အလွှတ်အစေ ရွှေပုရပိုက်ထက် မှတ်ချက်မတင်ထိုက် ဒုစရိုက်မကောင်းမှုပြုကျင့်သူ လူမစင်မသန့်များကိုသာ ခြွင်း၍၊ အလှူ,သီတင်း,ဘာဝနာ ၁၀ ဖြာသောကုသိုလ်ကို ကြည်ညိုရွှင်လန်း ကြိုးပမ်းကျင့်ဆောင်သူ လူစင်လူသန့်ဟူသမျှကို မကြွင်းစေရဘဲ ရွှေပုရပိုက်ထက် မှတ်ချက်တင်လျက် သဘင်ဇရပ် ဖတ်ကြားနာသိ ပီတိစိတ်ချမ်း ရွှင်လန်းအံ့ချီး ကောင်းချီးသာခု အနုမောဒနာ နတ်တကာတို့ခေါ်ရာဟူ၍ လူနှင့်နတ်ကို နှံ့စပ်ဖောက်ထွင်းလျက် သတင်းကျော်စောစွာသော သုဓမ္မာဇရပ်ဆိုသည် ဤဗိမာန်ကြီးမဟုတ်လော။ အပြန့်အပြော ယူဇနာ ၃၀၀ ကျယ်စွာသောဇရပ်တွင်း၌ အခင်းဖန်မြေ စောင်းတန်းလှေကား တံခါးမုခ်အကွေ့ အထောင့်တို့၌ အစောင့်အရှောက်ထားသော သားရဲရုပ်အထူးထူးမှာလည်း ၇ ဦးသော ရတနာမျိုးသည် တိုင်ကွန်းစင် ၈ မြောင့်ချိုး အမိုးလည်သီးတို့၌ ကျောက်မျက်ရွဲဝမ်းဘဲတောင်, ခေါင်အုပ်ကပတ်တို့၌ ရွှေစင်ခြင်ပိတ်,

www.burmeseclassic.com



ယနယ်လည်ညှပ် ထုပ်လျှော်ကတို့၌လည်း ဣန္ဒနီလာ, ထုပိကာဘုံထွတ်ဖူးမှာ ၇ ဦးသောရတနာ, ကြာသွတ်အိုး ကြာခံမှာ ဝေ့စင်, တုရင်မှန်ကင်း အမွှမ်းတန်ဆာတို့၌ ရတနာ ၇ပါး အခြားခြားအသွယ်သွယ် ခြယ်လှယ်အပ်၏။ နတ်အရေအတွက် တစ်ရက်မလစ် ကသစ်ပွင့်အခင်း သဘင်တွင်းနေရာမှာ သုရာနာထ နတ်များတမွတ်သည် နတ်မူးနတ်မတ် ပရိသတ်နှင့် လူနတ်တို့အစီးအပွား များအုံသောအကြောင်း ကောင်းသောတရားစကားဖြင့် ဟောကြားနာခံ ကြံစည်တိုင်ပင်ခြင်းကို ပြု၏။

သုဓမ္မာဟူသော နာမပညတ် သတ်မှတ်ဖွဲ့ချည် အမည်တွင်ခြင်းအကြောင်းမှာ ကောင်းစွာ အစီးအပွားတရားကို တိုင်ပင်ကြံစည်ရာ ဖြစ်၍လည်းကောင်း၊ အလောင်းမင်းတရား သိကြားမာဃ၏ မြောက်သားတော် ချစ်ကျွမ်းဖော် ၄ပါးတွင် မိဖုရားလတ် သုဓမ္မာဒေဝီ၏ ကောင်းမှုအာနိသင်ကြောင့် ဤသဘင် ဖြစ်ပေါ်လာသည်ကို အစွဲပြု၍ လည်းကောင်း သုဓမ္မာသဘင် ဟု အမည်ခေါ်ညွှန်း မော်ကွန်းစိုက်ထူအပ်၏။

## ၃၂။ တာဝတိံသာ နတ်သဘင်သို့ဝင်ခန်း

"ယခု နတ်အများလည်း သိကြားမင်းနတ်ဒေဝိန်နှင့် ကသစ်ပွင့်ချိန် ရာသီထူး ၂ ဦးအပျော်အရွှင် သဘင်ကာလအခိုက် ဖူးထိုက်၍ကြည်ဖြူစွာ ဓမ္မလုံးသခင် အရှင်မင်းမြတ်ကို စွဲကပ်သောစိတ်နှင့် ညွတ်ညိတ်သော နှလုံး ရှိကြပါသည်။ ပယင်းရောင်အသွေးဖြင့် ရေကြည်ရောင်ပြေးသော နတ်သဘင်အတွင်း နတ်မင်းစံရာသို့ ဤမင်္ဂလာတံခါးဖြင့် ရထားမှဆင်းသက်၍ အရှင်မင်းကြီး ဝင်ကြွတော်မူလော့"ဟုဆိုလျက် မာတလိနတ်သားသည် သုဓမ္မာ အရှေ့မျက်နှာတံခါးသို့ အစဉ်အတိုင်းသွား၍ ရထားဦး ဆိုက်လေ၏။

ထိုအခါ နေမိမင်းကြီးသည် ဝေဇယန္တာရထားထက်မှ ဆင်းသက်၍ မျက်နှာတော်ရွှင်ရွှင်နှင့် တရားသဘင်သို့ နတ်လုလင် စည်းဝေးရံဝန်းလျက် ပန်းနံ့သာအသီးသီး ချီးမြှောက်ပူဇော်ရာ များစွာအသွယ်သွယ် တင့်တယ်သောဂုဏ်ကျက်သရေဖြင့် ရေမြေရှင်မင်းဘုရားလည်း စိတ်ထားတော်ပြကတေ့နှင့် သိမ်မွေ့နူးညံ့ တည်ကြည်စွာဝင်လျှင်၊ နတ်ဘုရင်သိကြားလည်း တရားဟောနေရာ ပလ္လင်ကိုပြင်စေပြီး၍ ခရီးဦးကြိုလင့်လျက် "လူမင်းနေရာ ဤမှာ ပြင်ဆင်ပါပြီ။ ဖြန့်ချီဖဝါး တက်သွားစံနေတော်မူပါလော့"ဟု ကြည်ဖြူနှစ်သက် နှုတ်ဆက်မေးမြန်းကာ အပ္ပကသ္မာယီ ခင်ပွန်းစစ်ဖြစ်သူတို့ ဝတ်မလွှတ်စေရသဖြင့် မြင့်မြတ်သော ရတနာပလ္လင်ထက်၌ စံနေစေ၏ဟူလို။

ထိုအခါ နတ်အပေါင်းတို့သည် ရွှင်ပြုံးညှာသက် စုံမက်ဖွယ်ကျွန်ဖြင့် ဖန်မြေကိုနင်း၍ နေမိမင်းကြီးလာသည် ကို ဖူးမြင်ရဦးကပင်လျှင်၊ ကြည်ရွှင်သောစေတနာဖြင့် 'သွာဂတံ တေ မဟာရာဇ' အစရှိသော ၂ဂါထာဖြင့် ဝမ်းမြောက်စကား လျှောက်ကြားဖိတ်မန်ကြကုန်၏။ အဓိပ္ပာယ်ကား-

"နတ်ဝယ်အရေအတွက် ၁၀ ရက်ကမပြု လူမှာ အနှစ် ၁၀၀၀ မြားမြောင်ရှည်ကြာမှ စိတ္တလတာ တွင်သောဥယျာဉ်တွင် တစ်ခါတစ်ခါသီးလာသော ရသာနှစ်သိမ့် ချိုဆိမ့်မျိုးအဆီ အာသာဝတီနွယ်သီးသည်



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးနတ်သားတို့ ဆန္ဒအားညီလျောက်အောင် ဖြစ်ပေါ်လာသည်ထက် ဤမင်္ဂလာအခါသဘင်ကဲ့သို့ ဘယ်တွင်မျှမကြိမ်စဘူး ကံထူး၍ကျေးဇူးသခင်ကို တို့အရှင်ချီပင့်သဖြင့် အသင့်ဖူးမြော် ပူဇော်ရပေသည်။ လူ့ပြည်လုံးသခင် အရှင်မင်းတရား ကိုယ်တော်အားကို ရှိသေကြည်နူး ဖူးမြင်လို၍ မြင်းမိုရ်လုံးသခင်လည်း လျှင်စေမြန်စေ တမန်အခေါက်ခေါက်နှင့် ခရီးထောက်အခန့်အလျော်ကို မျှော်လင့်လျက် မြင့်ရှည်စွာရှိပြီ။ ဤနတ်သဘင်သို့ အရှင်မင်းမြတ်ရောက်တော်မူခြင်းသည် အပြစ်ကင်းလျက် သတင်းကျေးဇူးဖြိုးအောင် အကျိုးရှိသောရောက်ခြင်း ဖြစ်ပါစေ။ နေရာတော်ထိုင်ပလ္လင်အခင်း၌ နတ်မင်းနှင့်အနီး ယှဉ်ပြိုင်ထိုင်နေတော်မူ၍ လူ့တို့အဓိပတိ မိထိလာပြည်ကြီးသခင် စံရွှင်နှစ်သက် နှုတ်ဆက်မေးမြန်း စိတ်ဝမ်းရွှင်ပျော် စက်တော်မူပါ"ဟု ပျူပျူငှာငှာ မေတ္တာသဘော ဖောကုသိုလ်စိတ် မိတ်ဆွေအစစ်ဖြင့် နှစ်သိမ့်ကြစေကုန်၏။

သိကြားမင်းသည်လည်း အလွန်စုံမက် နှစ်သက်မြတ်နိုးသောအားဖြင့် ၅ ပါးသောကာမဂုဏ် စုံညီထူးမြတ်လှစွာသော တာဝတိံသာနတ်ပြည်ကို အလုံးစုံနှင်းလို၍–

'သာဓုခေါသိ အနုပ္ပတ္တော၊ အာဝါသံ ဝသဝတ္တိနံ။
ဝသဒေဝေသု ရာဇီသိ၊ သဗ္ဗကာမ သမိဒ္ဓိသု။
တာဝတိံသေသု ဒေဝေသု၊ ဘုဥ္စကာမေ အမာနုသေ။ ။' ဟူသောဂါထာဖြင့် ဆို၏။

ရာဇီသိ၊ မင်းမြတ်။ ဝသဝတ္တိနံ၊ ဝသဝတ္တိနတ်တို့၏။ ဝါ၊ မိမိအလိုသို့ ကာမဂုဏ်ကိုလိုက်စေတတ်သော သူတို့၏။ အာဝါသံ၊ နေရာသို့။ သာဓုခေါ၊ ကောင်းစွာလျှင်။ တွံ၊ သင်မင်းမြတ်သည်။ အနုပ္ပတ္တော၊ အစဉ်ရောက်လာသည်။ အသိ၊ ဖြစ်ပြီ။ ဒေဝေသု၊ နတ်တို့၌။ ဝသ၊ နေတော်မူလော့။ သဗ္ဗကာမသမိဒ္ဓိသု၊ ခပ်သိမ်းသော ကာမဂုဏ် အလိုဟူသမျှတို့နှင့် ပြည့်စုံကုန်ထသော။ တာဝတိံသေသု၊ တာဝတိံသာပြည်သူပြည်သား နတ်သမီး နတ်သားတို့၌။ အမာနုသေ၊ နတ်၌ဖြစ်ကုန်သော။ ဝါ၊ လူ့ပြည်၌ အိပ်မက်တွင်မျှ မထင်ရကုန်သော။ ကာမေ၊ ကာမဂုဏ်တို့ကို။ ဘုဥ္စ၊ ခံစား စံပျော်တော်မူလော့။ ဤကားအနက်။ အဓိပ္ပာယ်ကား–

"မိထိလာပြည်ကြီးသခင်ဖြစ်သော နေမိမင်းမြတ်။ ခပ်သိမ်းသော ဘောဂသမ္ပတ္တိတို့ကို ကိုယ်အလိုရှိရာသို့ လိုက်စေတတ်သော, နတ်ပြည် ၆ ထပ်တွင် ၂ဆင့်မြောက်ဖြစ်သော ဤတာဝတိံသာနတ်ပြည်သို့ အကြည်တော်ရောက်လာလျှင် ဝမ်းမြောက်ခြင်းစေတနာ ကျွန်ုပ်မှာအလီလီ မရောက်မီကပင် ဖြစ်သည်နှင့် နှစ်သက်ဖွယ်ကာမဂုဏ် စုံညီလှသော ဤတာဝတိံသာနတ်ပြည်စည်းစိမ်ကို အပ်နှင်း၍ မင်းကြီး၏အဆုံးအမကို ခံလျက် အမှုဝန်ကို အလိုတော်မညှိုးရအောင် ကိုးကွယ်ရတော့မည်။ ရည်မှတ်တိုင်းအညီ ဤသမ္ပတ္တိကို မိထိလာပြည်ကြီးရှင်အား အကုန်အစင်အလုံးစုံ အပ်နှင်းပါ၏။

"ဤ တာဝတိံသာနတ်ပြည်သည် အတည်တည်သောဥယျာဉ်, ရေကန်,ဗိမာန်,ဘုံနန်း အဆန်းဆန်း အသီးသီး နတ်သမီးတို့အပျော်အပါးလည်း မင်းယောကျ်ားတို့စိတ်ကို ချိတ်၍ငင်သကဲ့သို့ ရွှင်ပျော်ဖွယ် ကာမဂုဏ်တို့ဖြင့်လည်း အလုံးစုံတင့်တယ်၏။ ပင်လယ်ကသစ်ပင်, တရားသဘင်သုဓမ္မာ, ပဏ္ဍုကမ္ဗလာ ကျောက်မျက်ရှင် ဤ ၃ အင် ဂုဏ်တင်သကဲ့သို့ အဘယ်ပြည်တွင် ရှိ၏ဟူ၍လည်း မသိမထင် မမြင်စဘူး။

"၂ ဦးရာသီစပ် နတ်တို့ကာလ နက္ခတ်သဘင်ကြိမ်မူ နန္ဒဝန်, စိတ္တလတာ, ဖရုသက, မိဿက, သုဓမ္မာ အစရှိသော သဘင်ဥယျာဉ်တို့သို့ လှည့်လည်လိုသောအခါလည်း ဧရာဝဏ်နတ်ဆင် အမြင့်ယူဇနာ ၁၅၀ မှာ ၃ ဂါဝုတ်, ၂ ဂါဝုတ်စီ အဝန်းရှိသော ဦးခေါင်းဦးကင်း ၃၃ လုံးတို့၏အလယ်၊ ယူဇနာ ၃၀



www.burmeseclassic.com

www.burmeseclassic.com



အဝန်းရှိသော သုဒဿနဦးကင်းမြတ်၌ ပြာသာဒ်အဝန်း ၁၂ ယူဇနာဖန်ဆင်း၍၊ အလံတိုင်အမြင့် ၁ ယူဇနာစီ ရတနာ ၇ လီ စဉ်ညီဝန်းကျင်စိုက်လွှားလျက် ပြာသာဒ်နားသတောင်းလယ်မှာ ရတနာကွန်ရက် ခြုံဆည်းလည်းဆွဲ၍ နှံ့, ခရာ, ပတ်သာ, စောင်းငြင်းသံလို အဆိုအငြိမ့် လေအိမ့်တိုင်းကျူးတုံ ဘုံအလယ်ချက်တွင် ပတ္တမြားပလ္လင် ထီးဖြူ ၁ ယူဇနာ မင်းနေရာခင်းကျင်းလျက်၊ အရံဦးကင်း ၃၃ လုံးမှာ တစ်လုံးတစ်လုံး၌ အရှည် ယူဇနာ ၅၀ စီ အစွယ် ၇ ချောင်းပေါက်သော, ၂၃၁ ဖြစ်သော ထိုအစွယ် တစ်ခု တစ်ခုအပေါ်ယံတွင် ရေကန် ၇ ခု ၇ ခု အစုစု ရေကန်ပေါင်း ၁၆၁၇ ကန်၊ တစ်ကန်တစ်ကန်မှာ ပဒုမ္မာကြာပင် ၇ ရုံစီ အညီတွက်စုပေါင်း ၁၁၃၁၉ ရုံ၊ တစ်ရုံတစ်ရုံမှာ ကြာ ၇ ပွင့်စီ အညီတွက်ပေါင်း ၇၉၂၃၃ ပွင့်၊ တစ်ပွင့်တစ်ပွင့်၌ ပွင့်ချပ် ၇ ခုစီ အညီတွက်စုပေါင်း ၅၅၄၆၃၁ ချပ်၊ ပွင့်ချပ် တစ်လွှာတစ်လွှာမှာ ပတ်သာစောင်းငြင်း အမှုတ်အတီးနှင့် နတ်သမီး ၇ ယောက်စီ အညီတွက်စုပေါင်း နတ်သမီး ၃၈၈၂၄၁၇ ယောက် ဝမ်းမြောက်ရွှင်ပျ သီကတီးမှုတ်ခြင်း သဘင်အရွှင်အပျော်နှင့် အကြည်တော်နှစ်သက်ရာ နတ်သမီးကိုရွေး၍ ၄ ယောက်သော နတ်မိဖုရားကြီးတို့၏ အမည်နှင့်တူစွာ မိဖုရားကြီးအရာနှင့်တင်ထားလျက်၊ ရှေ့က သုဓမ္မာဒေဝီ, နောက်ဆီက သုနန္ဒာ, လက်ဝဲမှာ သုစိတ္တာဒေဝီ, လက်ယာတောင်ညာမှာ သုဇာတာဒေဝီ၊ ဤနတ်ပြည်၌ မင်းစဉ်မင်းဆက် မပျက်သောစံစားရိုးဖြင့် အစိုးတရပိုင်သစွာ စံတော်မူပါလျှင် ဇမ္ဗူကျွန်းသူ လူတို့ပြည်မှာ ဆက်ရှည်မော်ကွန်း ဥဒါန်းမဆုံးနိုင်အောင်ရှိ၍၊ ပီတိနှံ့သောကိုယ်ဖြင့် ကုသိုလ်ကောင်းမှု သုစရိုက်တရား ပွားများရာသောအကြောင်းလည်း ဖြစ်ပါသည်။

"မဟာပထဝီနှင့် စပ်လျက်တည်သော အပြည်ပြည်ဘုံနန်းတကာတို့၏ အထွတ်ဖြစ်၍ လည်းကောင်း၊ လူအပေါင်းနတ်အပေါင်းတို့၌ ကောင်းကျိုးမင်္ဂလာ ပွားများရာ သည်ကို အောက်ပြည်, အထက်ပြည် အတည်တည်နတ်ဗြဟ္မာ သုဓမ္မာသို့လာ၍ ကြည့်ရှုဆင်ခြင် တိုင်ပင်ဟောကြား တရားသဘင်ခံရာဖြစ်၍ လည်းကောင်း ပြည်တကာတို့ထက်မြတ်သော ဤနတ်ပြည်စည်းစိမ်သည် ဂုဏ်အကျင့်သတင်းအားဖြင့် မင်းတကာတို့ထက်မြတ်သော မိထိလာပြည်ကြီးရှင် မင်းမြတ်နှင့် အလွန်ထိုက်တန်၏။ လူ့ပြည်သို့မပြန်ဘဲ စိုးစံတော်မူလော့"ဟု တာဝတိံသာ ပြည်စည်းစိမ်ဖြင့် ပူဇော်ဖိတ်ကြားလေ၏။

[ဤအရာ၌ ဂါထာတွင် တာဝတိံသာနတ်ပြည်ကို 'ဝသဝတ္တိနံ'ဟု ဆိုခြင်းသည်ကား တစ်စွန်းတစ်မြိတ်သော သမုဒ္ဒရာကို မြင်ဖူးကာမျှဖြင့်၊ 'သမုဒ္ဒေါ မယာဒိဋ္ဌော၊ သမုဒ္ဒရာကို ငါမြင်ဖူး၏'ဟု ဆိုသကဲ့သို့ အထက်နတ်ပြည် ၄ ထပ်၌ဖြစ်သော ကာမဂုဏ်စည်းစိမ်ကို မိမိအလိုသို့ မလိုက်စေနိုင်သော်လည်း မိမိတို့ပြည် စာတုမဟာရာဇ် နတ်ပြည်၌ဖြစ်သော ကာမဂုဏ်စည်းစိမ်တို့ကို မိမိအလိုသို့ လိုက်စေနိုင်သောအကြောင်း တစ်စိတ်မျှကိုစွဲလျက် ဧကဒေသူပစာရအားဖြင့်တင်စား၍ သိကြားမင်း ဆိုသည်။ တစ်နည်းလည်း မိမိတန်ခိုးဖြင့် အစိုးရထိုက်သော ကာမဂုဏ်တို့ကို အလိုရှိတိုင်း ပြီးစေနိုင်သည်ဖြစ်၍ နတ်ပြည် ၆ထပ် နတ်တို့သည် ဝသဝတ္တိချည်းပင် မည်ကောင်းသောကြောင့် မိမိဂုဏ်ကို ချီးမြှောက်သောအားဖြင့် ဝသဝတ္တိနံဟု သိကြားမင်းဆိုလေသည်ဟု သိအပ်၏။]

ဤသို့ သိကြားမင်းသည် နတ်ပြည်စည်းစိမ်ဖြင့် နေမိမင်းကြီးအားဖိတ်ကြားလေသော် ဘုရားလောင်း နေမိမင်းကြီးသည် 'ကိုယ့်ဘုန်းကံ အချီးအပင့်မဟုတ်ဘဲ သူတစ်ပါးချီးမြှင့်၍ ပွင့်လန်းရသောစည်းစိမ်သည် ဣန္ဒြေမတည်ကြည်ရာ။ ငါကား လူမင်းစည်းစိမ်နှင့် သူကားနတ်ဇာတ်မျိုးနွယ် တစ်သွယ်တစ်ကြောင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုအကျိုးမှာ ငါ တန်ခိုးလွှမ်းမိုးနိုင်မည် မဟုတ်။ အုတ်အုတ်သဲသဲ ဤပွဲသဘင်တွင် နတ်ဘုရင်နှင့်တကွ ချီးမြှောက်ကြသော သမာန သုခမိတ္တအရာကို ငါ မလေးမလောက် အခေါက်ခေါက်ပြုရမည်လည်း ပဏ္ဍိတဂုဏ် အလုံးစုံပင် မသင့်။ အခွင့်နှင့်လျော်စွာ ဥပမာပြ၍ ဓမ္မကထာဖြင့် ညွှန်ကြားပြောဆိုရလျှင် အကြည်အညိုကုသိုလ် ထိုသူတို့လည်းမပျက် ငါနှစ်သက်ရာလည်း ပြည့်စုံအံ့သည်'ဟု ရည်ကြံတော်မူလျက်၊ 'ယထာ ယာစိတကံယာနံ၊ ယထာ ယာစိတကံ ဓနံ' အစရှိသော ၄ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"နတ်ပြည် ၂ ထပ်လုံးကို ရှေးဘုန်းရှေးကံ၏အကျိုးဆက် ခုဆက်ဆံသောတန်ခိုးဖြင့် အစိုးတရ ပိုင်သအုပ်ချုပ်လျက် အယုဇ္ဈပုရိန် ဝဇိရစိန် လက်နက်သခင်ဖြစ်သော နတ်ဘုရင်သိကြားမင်း။ အခင်းအကျင်း အပြုအနေ ကျက်သရေသမ္ပတ္တိ ဣဿရိယဘောဂ လောကစည်းစိမ် ဤဝတီသာ ထူးမြတ်ကြောင်းနှင့် မဟာမိတ်ကောင်း ပေါင်းဖက်လိုသော ဝတီရှင်က ကြည်ရွှင်သောစိတ်ဖြင့် ဖိတ်မန်သည်မှာ လူ့ပြည်မှ နတ်ဆောင်သို့ တင်ဆောင်ချီပင့်၍ နတ်မင်းတို့ပူဇော်ရီး မြတ်နိုးခြင်းသဘော ပြီးပြည့်စုံညီ၍ အသင့်အတင့်အခွင့်မျိုး မချွတ်မလွတ် ဝတ်ကုန်လှပေသည်။ ၃ တည်သောသမ္ပတ္တိ ပရိဘောဂ ဥပဘောဂ ဣဿရိယမျိုးကို တန်ခိုးကြီးသောနတ် ပေးအပ်ဖန်ဆင်း၍ မရနိုင်ရာ။ အနုဂါမိကဥစ္စာမျိုး တန်ခိုးကြီးသောကုသိုလ်ကံ စီမံဖန်ဆင်း ဆောင်နှင်းပေးအပ်မှသာ ရရာချေသည်။ မြေကောင်း,ရေကောင်း, အပြုအစုကောင်း အကြောင်းသင့်ပျိုးသော်လည်း မျိုးစေ့နဂိုရှင်မှ အပင် ကောင်းရာချေသည်။ ဝေဖန်တတ်သောကုသိုလ်ကံလည်း ကိုယ်လိုတိုင်းမဆောင်မသွေး သိကြားမင်း အပေးနှင့်သာ အကြွေးအငှားစည်းစိမ် ဤဝတီသာကို ငါလူမင်း စံရမည်မှာ ဥပမာဆိုလျှင် ကုသိုလ်ကံဆိုင်၍ မပိုင်စားရ။ သူတစ်ပါးတို့အပင့်အထောက် အမြှောက်အချီးနှင့်သာ စီးနင်းဝတ်စားစိမ့်မည်။

"ကြည်ညို၍ပင် ဆင်,မြင်း,ဆိတ်,နွား,ရထား,လှည်း,သံလျင်း,ထမ်းစင်,ဝေါ,ယာဉ်,ထီး,ကျိုင်း,ကွမ်းအုပ်, ကွမ်းခွက် စသည်အဆောင်အရွက်မျိုး၊ ပုဆိုးအဝတ် ဥစ္စာရွှေငွေ စသည့်အသုံးအဆောင်မျိုးတို့ကို ပေးငှားသဖြင့် ဝတ်စားစီးနင်းရစေကာမူ ပျောက်ရှယွင်းယို ကွဲပြိုပျက်စီးခဲ့ချေလျှင် ဥစ္စာရှင်ကြည်ဖြူသော်လည်း စီးနင်းဝတ်စား သုံးဆောင်သူအခွင့်မသိရာ ရောက်အံ့သည်ကား ဟု အငှားဥစ္စာကိုမှီ၍ အလီလီအဝဝ ကြောင့်ကြ စိုးရိမ်မကင်း နိုင်ရာသကဲ့သို့၊ ဤဝတီသာနတ်နန်းကို သိမ်းမြန်းစိုးစံပါဟု နတ်များဘုရင်က နှင်းအပ်သည်မှာ စေတနာ မယွန်းမထောင့် ဖြောင့်မှန်သောအယူ ကြည်ဖြူသောနှလုံး ရှိသည်ကို အသိပင်ဖြစ်သော်လည်း အတော် အသင့်သို့လိုက်၍ အခိုက်ခေတ္တမျှသာ အပိုင်အစိုးကို အကျိုးနှင့်အကြောင်း မညီတန်သဖြင့် နှောင်တစ်ဖန် စိုးရိမ်ရန် ကြောင့်ကြဖွယ်အသွယ်သွယ် မကင်းနိုင်ရာထင်သောကြောင့် နှောင့်ယှက်ကြောင့်ကြ နှောင်တတစ်ဖန် စိုးရိမ်ရန်မရှိအောင် သမ္ပတ္တိဘဏ္ဍာတို့၏အကြောင်းဖြစ်သော ကောင်းမှုကုသိုလ်ပွားရာ ငါတို့လူ့ပြည်သို့ဆင်း၍ သီတင်းသီလ သံယမနှင့် ဒါနကုသိုလ်ကို ဖြည့်ဆောင်လိုသောနှလုံးသာ ငါ၌ဝင်သည်။

"နတ်ဘုရင်စကား ကောင်းသော်လည်း အကြောင်းမဆုံးသေးသောကြောင့် အပေးခံ၍ စံလိုသောစိတ် မရှိ။ ရမိသည့်စည်းစိမ်၌သာ သိမ်မွေ့ငြိမ်သက်စွာ ကျင့်ရာသည့်တရား ပွားအပ်သောကုသိုလ်၌ ကိုယ်ကို အလုံအခြုံတည်စေဦး၍ ကျေးရွာခံလူ တိုင်းသူတိုင်းသား အများသတ္တဝါအပေါင်းတို့ကိုလည်း မကောင်းသော ဥပဒ်ဘေးဒဏ် ရန်မီးရန်ဆူး မစူးမခိုက်ရအောင် ကံထိုက်၍ရသောဘုန်းဖြင့် ဖြန့်ဖုံးမိုးကာလျက် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်မကင်း အချင်းချင်းအကျိုးလို ကြည်ညိုမြတ်နိုး မညှိုးမနွမ်း ရွှင်လန်းသောနှလုံးဖြင့် သုံးအပ်သောသီတင်း မကင်းအပ်သောသီလ ဆုံးမအပ်သောကိုယ်နှုတ် အားထုတ်အပ်သော



www.burmeseclassic.com

www.burmeseclassic.com



အလှူ အယူဖြောင့်မှန်ကြောင်း ကောင်းမြတ်သောတရား၌ ညွှန်ကြားဆုံးမ ပြသဆော်နိုး၍ ကိုယ့်အကျိုး သူ့အကျိုး ပစ္စုပ္ပန်အကျိုး သံသရာအကျိုး တိုးပွားကြောင်းမျိုးစေ့ စိုက်ပျိုးရာအရပ်၌ သူမြတ်သူကောင်းအဖြစ်ကို ရရိုက်လိုထိုက်သမျှစည်းစိမ် ပြည့်စုံအောင် အားထုတ်ဦးအံ့သည်။ ဤနတ်ပြည်စည်းစိမ်ကြီး အကျိုးပြီးကိုသာ သုံးဆောင်ရာအရပ် နတ်မင်းတို့ကို ငါလူမင်း မတုသာသေး" ဟုဆို၍ နတ်စည်းစိမ်ကို လက်မခံ ပယ်တော်မူ၏။

[နတ်ပြည်၌ ဆင် စသောတိရစ္ဆာန်တို့ကား ဇာတိတိရစ္ဆာန် မဟုတ်။ နိမ္မိတတိရစ္ဆာန် ဖြစ်သည်။ ဇာတိအားဖြင့်ကား နတ်သားချည်းတည်း။ သိကြားမင်း၏တန်ခိုးကြောင့် အချို့သောနတ်သည် ဆင်, အချို့သောနတ်သည် မြင်း, အချို့သောနတ်တို့သည် ဟင်္သာ, ဝမ်းဘဲ စသည်ဖန်ဆင်း၍ သိကြားမင်းနှလုံးကို မွေ့လျော်စေလျက် အသီးသီးအစွမ်းနှင့်လျော်စွာ အမှုထမ်းရွက်ကြသည်ဟု မှတ်အပ်၏။ ဒေဝလောကေ တိရစ္ဆာနဂတာနာမ နတ္ထိ။ ။ ဋီကာပါဌ်။ ။ ပရမတ်၌လည်း အာယတန ယမိုက် စသည်တို့မှာ ဆင်ခြင်၍ သိရမည်။]

ဤသို့ ဘုရားလောင်းနေမိမင်းကြီးသည် လက်သို့ရောက်ပြီးသော နတ်၏ကာမဂုဏ်ကို ဥပမာနှင့်တကွ ထုံးသက်သေရရစ်အောင်သာ ဓမ္မကထာဖြင့်ပယ်ပြီးလျှင် လူတို့၏အရေအတွက်အားဖြင့် လာသည်မှ ပြန်သည်တိုင်အောင် ဂုရက်အတိုင်းအရှည် နတ်တို့၏အရေအတွက်အားဖြင့် တစ်ပြန်နှင့်တစ်ခရာဝက်ခန့်သာ ကြာစေလျက် နတ်ပြည်၌နေသမျှကာလပတ်လုံး သိကြားမင်းအမှူးရှိသော နတ်ပရိသတ်အပေါင်းတို့အား အလှူပေးခြင်း၌အကျိုး၊ ကံ,ကံ၏အကျိုးကိုယုံကြည်ခြင်း၌ အကျိုး။ အယူမှားခြင်း၌အပြစ်၊ သီလနှင့်ပြည့်စုံခြင်း၌ အကျိုး၊ သီလမရှိခြင်း၌ အပြစ် ဤသို့ စသောအားဖြင့် ပြားသောတရားစကားတို့ကို သာယာနာပျော်ဖွယ်ရှိသော အသံဖြင့် ဟောကြားဆုံးမခြင်းကိုလည်း ပြုတော်မူ၏။ ထို နတ်သား, နတ်သမီး, နတ်မင်းတို့၏ ပြည့်စုံသောဂုဏ်ကျက်သရေတို့ကို လည်းကောင်း၊ ထိုဂုဏ်ကျက်သရေတန်ခိုးတို့၏အကြောင်းဖြစ်သော ကောင်းမှုတို့ကို လည်းကောင်း ချီးမွမ်းအံ့ဩခြင်းဖြင့် ရွှင်လန်းဝမ်းမြောက်စေလျက် ထက်သောသဒ္ဓါ မေတ္တာစေတနာကိုလည်း ပွားစေတော်မူ၏။ အထူးသဖြင့် မာတလိနတ်သား၏ဂုဏ်ကို ချီးမွမ်းလို၍လည်း နတ်ပရိသတ်၏အလယ်၌–

'ဗဟူပကာရော နော ဘဝံ၊ မာတလိ ဒေဝသာရထိ။

ယော မေ ကလျာဏကမ္မာနံ၊ ပါပါနံ ပဋိဒဿယိ။' ဟူသော ဂါထာကိုဆို၏။

ဘဝံ၊ ရှင်သိကြား။ ဒေဝသာရထိ၊ နတ်၏ရထားမှူးလည်း ဖြစ်ထသော။ ယော မာတလိ၊ အကြင် မာတလိ နတ်သားသည်။ နော အမှာကံ၊ ငါတို့အား။ ဗဟူပကာရော၊ များစွာသောကျေးဇူး ရှိပေ၏။ သော မာတလိ၊ ထို မာတလိနတ်သား ရထားမှူးသည်။ မေ၊ ငါ့အား၊ ကလျာဏကမ္မာနံ၊ ကောင်းမှုကို ပြုကုန်သော သူတို့၏။ ဌာနာနိစ၊ ဘုံဗိမာန်စံရာ အရပ်ဌာနတို့ကို လည်းကောင်း။ ပါပါနံ၊ မကောင်းမှုကိုပြုကုန်သော သူတို့၏။ ဌာနာနိစ၊ ငရဲဝေဒနာခံရာ အရပ်တို့ကို လည်းကောင်း။ ပဋိဒဿယိ၊ သိသိသာသာ ညွှန်ပြပေ၏။ ။ ဤကား အနက်။ အဓိပ္ပာယ်ကား–

"နတ်အပေါင်းတို့၏အရှင်ဖြစ်သော သိကြားမင်း၏နတ်ပြည်နယ်အတွင်းတွင် မာတလိ နတ်သားကဲ့သို့ အဆင်းအရောင်အဝါ တေဇာရွှင်ဖြိုး တန်ခိုးကြီးသောနတ်ကိုရှာလျှင် ငင်ကာကောက်ကာပင် ရလွယ်ဖွယ် ရှိ၏။ ခွင့်သိလိမ္မာ ပညာနဂိုဖြင့် သူ့အလိုကိုယ့်အခွင့် အရှင့်အရေးကို တစ်ထွေးတည်းပါအောင် အရာကိုမြော်ရှု၍ အမှုကိုဆောင်လျှင် အထောင်ဩသာဂုဏ်ပေါ်လျက် ကျော်စော၍မပြီး ချီးမွမ်း၍မကုန်ရာ။ ပညာနှင့် ဘုန်းကို



www.burmeseclassic.com

www.burmeseclassic.com



အသုံးတတ်ခြင်း၌ နတ်မင်းမတ်ရင်းမာတလိနှင့် ညှိ၍ရွေးသော်လည်း အလေးတူ ခဲပေရာသည်။ လူ့ပြည်မှ နတ်ဘောင်သို့ ဆောင်တင်ချေကာမျှသာ စေလိုက်သောရာဇသံကို ဉာဏ်စဉာဏ်မြော်မရှင်သူ အယူတစ်ပင်တိုင်သာ ဖြစ်လျှင် ‘တင်ဆောင်ချီပို့က ကူးတို့အမှု ကုန်တော့သည်’ဟု တရည်တည်းစိတ်နှင့် အမှုရိပ်စကားမြွက်ကို အချက်ကောင်းမရှာ အရာသင့်တင့်အောင် အခွင့်၌မကျွမ်းနိုင်၍ ဂုဏ်မပြိုင်မဝေခန့် စေရင်းဖြင့်သာ အမှုစင်ချော ရှိရာဖိမ့်သည်။

“နှစ်သိမ့်ဖွယ်ပညာနှင့် ဤမာတလိမူကား အယူအကြံ သူ့ဉာဏ်နှလုံးဝယ် အကယ်၍ပင် အရှင်က အလျင်အမြန်ကိုသာ အလိုတော်ရှိလျှင် ‘လျင်လျင်တင်ချေ။ အထွေထွေခရီးကောက်အောင် ချီးမြှောက်၍ မကြာစေနှင့်’ဟု နောက်ဆင့်၍ ပဋိသိမ်ပိတ်တော်မူလိုက်စကောင်းလျက် ‘အကြောင်းနှင့်အခွင့်လျော်အောင် အတော်အသင့် ချီးပင့်ဆောင်တင်စေလိုသဖြင့် အချိန်ကိုမတွက် နေ့ရက်ကိုမခန့် ကန့်သတ်၍မှာတော်မမူ။ ဤလူမင်းလည်း အကြောင်းရင်းကကို စိတ်သန်၍နှလုံးနူး၊ ငါ့သခင်လည်း ဝတီခွင်နတ်မှူး၊ ငါလည်း တမန်တွင်အထူး၊ ကျေးဇူးကိုမပြလျှင် ငါ့ကိုရွေးမှတ်၍ စေလွှတ်တော်မူမျိုး ဆံတစ်ရိုးတစ်မျှင်လောက်မျှ တွင်တော့မည် မဟုတ်’ဟု သရုပ်ကိုသိတတ်သော မာတလိနတ်မင်းသည် ဆင်းရဲအတည်တည်ဖြင့် ငရဲပြည်မှာခံရသော သတ္တဝါအပေါင်းကို မကောင်းမှုကံရင်းနှင့်တကွ မကြွင်းရအောင် ပြညွှန်းဖော်ကြား၍၊ ရထားတုံ့လည်ကာ နတ်ပြည်သို့နှင်ပြန်လျှင် ရွှင်စဖွယ်အသီးသီး နတ်သမီးနတ်သားတို့ ခံစားကြသောဘုံဗိမာန် သတ္တရဘာန် ၇ ခွေ ရေတစ်ထပ်တောင်တစ်ထပ် နတ်မင်းကြီးတို့စံရာအထူးထူးကို ကျေးဇူးရင်းကုသိုလ်ကံနှင့် မကျန်မကြွင်း ဆင်းရဲချမ်းသာခံစံရာအရပ်ကို နတ်မင်းမတ်ရင်းမာတလိသည် သိသိသာသာ သညာသရုပ် အတ္တုပ္ပတ္တိအစုံ ပုံစံဥပဒေ သက်သေမော်ကွန်း တည်ထွန်းရစ်အောင် ပြညွှန်းပေသောကြောင့် အမောင့်ရောဂါ ကိလေသာအန္တရာယ် တစ်စွယ်တစ်စက ကျရောက်ကပ်ငြိသဖြင့် သတိ, ဝီရိယစသောကုသိုလ် ကိုယ်မအိမသာလျှင် စင်ကြွာပျောက်ကင်း သန့်ရှင်းစေကြောင်း ကောင်းစွာပြညွှန်း ဖော်ကြားခြင်းထုံးသက်သေ နတ်ဆေးမျိုးအကျိုး အတိုင်းမသိကို မာတလိနတ်မင်းပေးအပ်၍ ယခုရပေသည်နှင့်အညီ ထောက်မှီစာနာ ပညာတည်းဟူသော ဆေးသမား၌ သဒ္ဓါတရားတည်းဟူသော လက်ဖြင့်သွေး၍ သင်းမွှေးပျံ့ကြူ နမ်းရှူသုတ်လိမ်းရသဖြင့် ခပ်သိမ်းသော လူအပေါင်းအား ကောင်းမှုတရား ပွားများရာအကြောင်း လမ်းကောင်းထွင်ပေသော မိတ်ကျွမ်းဝင်မာတလိသည် ဆရာ,မိဘအလား ငါတို့လူအပေါင်းအား များစွာကျေးဇူးရပ် ဆပ်၍မကုန်နိုင်အောင် ဆောင်ရွက်ပေ၏”ဟု ရထားမှူးမာတလိ ဂုဏ်ကျေးဇူးကို ဖော်ထုတ်၍ ချီးမွမ်းပြောဆိုတော်မူ၏။

ဤသို့ ဘုရားလောင်းနေမိမင်းကြီးသည် နတ်ပရိသတ်အလယ်၌ အသွယ်သွယ်တရားစကားဖြင့် ဟောကြား ပြောဆို၍ လူတို့အရေအတွက် ၇ရက်မြောက်ပြီးသော် အဖျော်သောဖဉ် ခဲဖွယ်နှစ်သက်ဖွယ် အမြိန်အမြတ် နတ်သုဓာကို သုံးဆောင်တော်မူရသော်လည်း၊ ကိုယ်တော်၏ကရဇကာယကို သိမ်မွေ့လှစွာသောနတ်ဩဇာဖြင့် ခံစားစေခြင်းငှာ မစွမ်း၊ နေပြည်တော် နန်းမိထိလာက အာဟာရသက်လည်း ၇ ရက်တွင် အဆုံး၊ ကိုယ်တော်လည်း ခွေနုံးသဖြင့် နှလုံးတော် နေပြည်နန်းသို့လွှမ်းဆွတ် တမ်းညွတ်ဟော်မူလျှင် နတ်ဘုရင်သိကြားမင်းအား “နတ်များ အထွတ်ဖြစ်သော သိကြားမင်း။ သတင်းနှံ့ပျံ့ အခန့်မရှိကျော်အောင် အကြည်တော်ပင့်ချီ၍ အညီအညွတ် နတ်ပရိသတ် အပျော်အရွှင်နှင့် ဤသဘင်တွင် ဖူးမြင်တွေ့ကြုံ ကြည်ယုံမြတ်နိုး အကျိုးအကြောင်း အဟောင်းအသစ် ထုတ်လှစ် ပြောဆိုကာ မေတ္တာမိတ်ဝင်မင်္ဂလာပွဲပြု၍ ယခု ရောင့်ရဲလောက်ကြပြီ။ တစ်လီတစ်ကြိမ် အချိန်လည်း



www.burmeseclassic.com

www.burmeseclassic.com



အခန့်တော် မျှော်လင့်ကြသော မိထိလာပြည်သူ လူအများနှင့် ငါ၏မိဖုရားကြီး, ငါ၏သားတော်, ဆွေတော်မျိုးတော်တို့ကိုလည်း ထိုနတ်ပြည်မှာ ငါ မရှည်မကြာစေဘဲ တစ်ခဏချင်းပြန်မည် မှာခဲ့သည့်အချက်အတိုင်း နေ့ကိုတွက်၍ ရောက်ချိန်ရက် ယခုတန်သဖြင့် အကြံအထွေထွေအပြားပြားနှင့် စိုးရိမ်များကြလေတော့မည်ဖြစ်၍ ယနေ့ယခုပင် လူ့ပြည်နေရပ်သို့ ပြန်ချင်တော့သည်"ဟု ဆို၏။

## ၃၃။ တာဝတိံသာနတ်ဘုံမှ ဆင်းသက်တော်မူခန်း

နေမိမင်းကြီးစကားကိုကြားလျှင် သိကြားမင်းလည်း

"မိထိလာပြည်ကြီးသခင် ဖြစ်တော်မူသောမင်းမြတ်။ ကြွတော်မူလိုတပြီးကား ကောင်းပြီ။ ကြွတော်မူပါလော့။ မာတလိနတ်ရထားမှူးကိုပင် ပို့စေရဦးတော့မည်"ဟု ဆို၍ မာတလိနတ်သားကိုခေါ်ပြီးလျှင်၊

"ရထားမှူးမာတလိ။ ငါ၏အဆွေတော် ယခု လူ့ပြည်သို့ သက်တော်မူလိုသတတ်။ နတ်မြင်း ၁၀၀၀ ဆောင်အပ်သော ဝေဇယန္တာရထားနှင့်ပင် သင် ပို့ချေဦး"ဟုဆို၏။ ရထားမှူး မာတလိနတ်သားသည်လည်း

"အရှင်မင်းကြီး။ ကောင်းပါပြီ"ဟု ဝန်ခံ၍ သိန္ဓောမြင်း ၁၀၀၀ က,အပ်သော ဝေဇယန္တာရထားကို သုဓမ္မာသဘင် အရှေ့တံခါးသို့ကပ်ပြီးသော် နေမိမင်းကြီးအား

"အရှင်မင်းကြီး။ ဝေဇယန္တာရထားကို ပြင်ဆင်၍ပြီးပြီ။ အလိုရှိတိုင်း ကြွတော်မူပါလော့"ဟု လျှောက်ကြား၏။

ထိုအခါ နေမိမင်းကြီးသည် သိကြားမင်းမှစ၍ နတ်ပရိသတ်အပေါင်းတို့အား သွားအံ့သောအခြင်းအရာကို ပန်ကြားပြောဆို ကြည်ညိုလေးမြတ်စွာ အာလာပသလ္လာပပြုတော်မူလျက် နေရာပလ္လင် သုဓမ္မာသဘင်မှထွက်ကြွ၍ ရထားထက်သို့ တက်နေစံပယ်တော်မူ၏။ သိကြားမင်းအမှူးရှိသော နတ်ပြည်သူနတ်ပြည်သားတို့လည်း နေမိမင်းကြီးကို ခြံရံပတ်ဝန်းလျက် အညီအညွတ် ဝမ်းမြောက်ဝမ်းသာပြောဆို၍ ရထားထက်သို့ တက်သည်တိုင်အောင် လိုက်ပို့ကြကုန်၏။

နေမိမင်းကြီး ရထားထက်သို့ရောက်ပြီးသော် မာတလိနတ်သားသည် သုဒဿနမြို့မှ အရှေ့တံခါးဖြင့် ထွက်၍ လူ့ပြည်သို့ရှေးရှုနှင်သဖြင့် အရှေ့ဝိဒေဟကျွန်းမှ လပြည့်ဝန်းထွက်သကဲ့သို့ အရှေ့မျက်နှာအရပ်က နတ်ရထား ထွန်းပေါ်လေ၏။

ထိုအခါ မိထိလာပြည်သားအပေါင်းတို့သည် လထွက်သည့်အခါ မဟုတ်သောအချိန်တွင် တောက်ထိန်လျှံလက် ထွက်ပေါ်လာသော ရထားစက်ကိုမြင်လျှင် "တို့အရှင်မင်းကြီး ယခု ကြွတော်မူ လာပြီ"ဟု တညီတညွတ် ဝမ်းမြောက်ဝမ်းသာ ပြောဆိုမျှော်ရှုလျက် နေကြကုန်၏။ ထိုသို့ ပြည်သူပြည်သားတို့မျှော်လင့်စဉ်ပင် နတ်မြင်း ၁၀၀၀ ဆောင်အပ်သော ဝေဇယန္တာရထားသည် မာတလိနတ်သား၏အစီအမံဖြင့် ယုဂန်ခရီးမှ အလျင်အမြန် လာလတ်၍ မိထိလာရာဇဌာနီ မင်းနေပြည်ကြီးကို လက်ယာရစ် ၃ ပတ်လှည့်ပြီးသော် နန်းတော်စမုတ်



www.burmeseclassic.com

www.burmeseclassic.com



ဤအကြံကို ကြံတော်မူဘိသလော။ အဘယ်အကြောင်းကြောင့် ရဟန်းပြုတော်မူမည် ကြံဘိသနည်း"ဟု မေးလျှောက်၏။ အိမ်ရှေ့မင်းစကားကိုကြားလျှင် ဘုရားလောင်းသည် 'ဥတ္တမင်္ဂရုဟာမယ်' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သားအိမ်ရှေ့မင်း။ ယခု ခမည်းတော် ရဟန်းပြုမည်ကြံသည်မှာ ချစ်သား၌ လည်းကောင်း၊ မောင့်မယ်တော်၌ လည်းကောင်း၊ မှူးတော်မတ်တော်, ပြည်သူပြည်သားတို့၌ လည်းကောင်း မနှစ်လို့ဖွယ် တစ်စုံတစ်ခုသောအပြစ်မျှ မထင်။ ငါ၏ကိုယ်၌သာလျှင် မနှစ်လို့ဖွယ်သောအပြစ်ကို မြင်၏။ ထိုအပြစ်ကား တစ်ပါးမဟုတ်။ ဦးခေါင်း ဟူသော ကိုယ်အင်္ဂါအမြတ်ဆုံး၌ နှလုံးမနှစ်လို့ဖွယ် အရွယ်ယုတ်လျော့ခြင်း, မရဏမင်း၏တမန်ဆံဖြူ ယခု အမှုရှာ၍ ထင်စွာပေါက်ရောက်ခြင်းကြောင့် လူမင်းစည်းစိမ်နှင့် မတန်ပြီ။ ဈာန်သမာပတ် မြတ်သောစရိယ သီလသမာဓိ ကောဒိဘာဝ သုခရွှင်လန်း ရဟန်းပြုချိန် တော်သည်ဖြစ်၍ ချစ်စွာသော သားသမီး,မိဖုရား ပြည်သားပြည်သူတို့ကို ဆံဖြူဝင်ဆင်းရဲ ငင်ဆွဲထုံးဖွဲ့သဖြင့် မင်္ဂကွက် မခင်မင်သာပြီ"ဟု ဆိုတော်မူပြီးလျှင်၊ ကာလရဋ္ဌ အမည်ရှိသောသားတော်အိမ်ရှေ့မင်းအား ကြီးစွာသော ရာဇဘိသေကမင်္ဂလာဖြင့် အဘိသိက်သွန်း၍ ထီးနန်းအပ်နှင်းလေ၏။

ထိုသို့ အိမ်ရှေ့မင်းကို ထီးနန်းအပ်နှင်းပြီးသော် ခပ်သိမ်းသောသူအပေါင်းတို့အား အဆုံးအမကိုပေး၍ ရှေး ခမည်းတော်, ဘိုးတော်တို့ကဲ့သို့ ရဟန်းပရိက္ခရာကိုယူလျက် သရက်ဥယျာဉ်သို့ပင်လျှင် ထွက်သွားတော်မူသဖြင့် ရဟန်းပြု၍၊ ထိုသရက်ဥယျာဉ်၌နေတော်မူလျက် ဗြဟ္မဝိဟာတရား ၄ ပါးတို့ကို ပွားစေတော်မူသဖြင့် ဈာန်, အဘိညာဉ်, သမာပတ်တို့ကိုပြည့်စုံစေလျက် အသက်အာယုကပ်ပတ်လုံး ဈာန်၏စံပယ်ခြင်းဖြင့် စံပယ်ပျော်ပါးလျက်၊ အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ ပြောင်းလဲ၍စံတော်မူလေ၏။

## ၃၅။ ဇာတ်တော်ကို ပေါင်းခန်း

ဤသို့ မဃဒေဝ မင်းမှစ၍ ၈ သောင်း ၄ ထောင် ကုန်သောမင်းတို့သည် သားတော်, မြေးတော် အစဉ်အဆက် မပျက် ရဟန်းပြုကြကုန်၏။ နေမိမင်း၏သားတော် ကာလရဋ္ဌမင်းတွင် အစပြု၍ကား ပဗ္ဗဇ္ဇဝင် ပြတ်လေ၏။

ဤသို့ မြတ်စွာဘုရားသည် တရားပရိသတ်တို့၏အလိုအားလျော်စွာ အကျယ်ဖြစ်သောဒေသနာဖြင့် နေမိမင်းကြီးအတ္ထုပ္ပတ္တိ မဟာဘိနိက္ခမကို ဟောကြားတော်မူပြီးလျှင် စကားဆက်ဝေ၍ ရှေးစကားရင်း မပျောက်စေခြင်းငှာ၊ 'နိဘိက္ခဝေတ္တဒါနေဝ၊ ပုဗ္ဗေပိတထာဂတော မဟာဘိနိက္ခမန် နိက္ခန္တောယေဝ' ဟူသော အဆုံးနိဂုံးဒေသနာဖြင့်

"ဤတရားသဘင်၌ တရားနာပရိသတ်အပေါင်းတို့။ ယခုမှသာလျှင် မဟာဘိနိက္ခမကို ပြုတော်မူသည် မဟုတ်။ ရှေးသံသရာကလည်း လာခြင်းကောင်းသောဂါဘုရားသည် မြတ်သောတောထွက်ခြင်းကိုပြု၍



www.burmeseclassic.com

www.burmeseclassic.com



ရှာန်၏စံပယ်ခြင်းဖြင့် စံပယ်လျက် ဤသရက်ဥယျာဉ်၌ နေတော်မူဖူးပြီ”ဟု မိန့်တော်မူပြီးလျှင် ဤသို့ဇာတ်တော်ကို ပေါင်းတော်မူ၏။

“ငါ၏တပည့်သားတော်အပေါင်းတို့။ ထို နေမိမင်းကြီးဖြစ်တော်မူသောအခါ တာဝတိံသာနတ်ပြည်မှ မိထိလာပြည်သို့လာ၍ ငါ၏ယုံမှားခြင်းကို ပျောက်စိမ့်သောငှာ ဖြေဆိုပြောဟောလာပြီးလျှင် နတ်သဘင်သုဓမ္မာ၌ ငါ၏ဂုဏ်ကျေးဇူးကို အထူးချီးမွမ်း၍မှု တင်းမတိမ်၊ နတ်ပြည်စိုးစိမ်ကိုအပ်နှင်းသော သိကြားမင်းကား ယခု ငါဘုရားဖြစ်တော်မူသောအခါ ငါ၏ဘထွေးတော်ဖြစ်သော ဓောတောဒန သာကီဝင်မင်း၏သား အနုရုဒ္ဓါထေရ် ဖြစ်လာ၏။

“ထိုအခါ သိန်တောမြင်း ၁၀၀၀ က,အပ်သော ဝေဇယန္တာရထားဖြင့် ငါ့ကိုတင်ဆောင်၍ ငရဲပြည်, နတ်ပြည်တို့ကိုညွှန်ပြပေသော ရထားမှူးမာတလိကား ယခုအခါ ငါ၏ဘထွေးတော်အငယ် အမိတ္တောဒန သာကီဝင်မင်း၏သား အာနန္ဒာထေရ် ဖြစ်လာ၏။

“ထိုအခါ နေမိမင်းကြီး၏မယ်တော်ကား ယခုအခါ ငါ၏မယ်တော် သိရိမဟာမာယာဒေဝီ ဖြစ်လာ၏။

“ထိုအခါ ၈၄၀၀၀ သော ပဗ္ဗဇ္ဇဝံသ မင်းဆက်တို့တွင် မဃဒေဝမင်း, နေမိမင်း ဤမင်း ၂ ယောက်ကို ထား၍ ကြွင်းသော ပဗ္ဗဇ္ဇဝံသမင်းအပေါင်းတို့သည် ယခုအခါ ငါဘုရား၏ ရဟန်းပရိသတ်, လူပရိသတ် ဖြစ်လာကြကုန်၏။

“ထိုအခါ ပဗ္ဗဇ္ဇဝင်အနွယ်၏ အမွန်အစဖြစ်သော မဃဒေဝမင်း, ပဗ္ဗဇ္ဇဝင်အနွယ်၏ အဆုံးအကွပ် သဖွယ်ဖြစ်သော နေမိမင်းကြီးကား ယခုအခါ ခပ်သိမ်းသော ဉေယျမံတရားတို့ကို သိတော်မူပြီးသည်ဖြစ်၍ လောက ၃ ပါး၌ သမ္မာသမ္ဗုဒ္ဓဟု ထင်ရှားစွာအမည်ရသော ငါဘုရားလျှင်တည်း”ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

[ဤဇာတ်ပေါင်း၌ ဘုံခန်းလင်္ကာမှာ ရှင်အနုရုဒ္ဓါကို, ‘ကျော်တင်ဝှန့်တက်၊ ငါ့လက်ထက်၌၊ ဖြစ်ဆက်ကြိုက်လာ၊ ယခုခါဝယ်၊ ပြင်လျာလှထွား၊ ဘထွေးသားတည့်’ဟူ၍ ဘထွေးတော် ဓောတောဒနမင်းကြီး၏ သားဖြစ်ကြောင်းကို စပ်လေသည်။ နောက် ရေးကူးသူတို့ အယူတွင်ပါ၍ အက္ခရာမှားယွင်းသဖြင့် ‘ပြင်လျာလှထွား၊ သူဌေးသားတည့်’ဟု စာအများပင်ရှိ၍ ဖတ်ကြလေသည်။ မသင့်။ နောက်ဆင့်ပြောင်းလွှဲသူတို့ အက္ခရာ ယွင်းမှားသောကြောင့် လင်္ကာဆရာမှာ အပြစ်ခိုက်ပေသည်။ ထို့ကြောင့် ပုဂ္ဂိုလ်ရည် စကားတည်ကိုထောက်ထား၍ အများပင်မြင်သော်လည်း အပြစ်တင်မဦးစေနှင့်ဟု မှတ်အပ်၏။

[နေမိရာဇာ ဟူသောပုဒ်ကို ဝိဂြိုဟ်ဆိုသော်ကား။ အာဒိတော အန္တံ နေ တိတိ နေမိ။ ။ ရထားစက်ဘီး အကွပ်ရစေ။ ။ နိသေသံမယန္တိ ဧတေသာတိဝါနေမိ။ ။ ၎င်းရစေ။ ။ မိတောဘိန္နတော နိဂ္ဂတောတိဝါ နေမိ။ ။ ၎င်းရစေ။ ။ဝါ။ သူတော်ကောင်းတရားရစေ။ ။ နေမိဝိယာတိနေမိ။ နေမိပကာဒေတီတိဝါ နေမိ။ ။သုဂတိ နေတီတိဝါနေမိ။ ။ ဓမ္မေနသတ္တေရဇ္ဇေတီတိရာဇာ။ ။ နေမိစသောရာဇာတိနေမိရာဇာ။ ။ မင်းကြီးရစေ။ ။ ဝိဂြိုဟ်အနက်ကား။ ။ ယံ စက္ကန္တံ၊ အကြင်ရထားစက်အကွပ်သည်။ အာဒိတော၊ အစမှ။ အန္တံ၊ အဆုံးကို။ နေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အစမှအဆုံးကိုဆောင်တတ်သော သတ္တိကြောင့်။ တံစက္ကန္တံ၊ ထိုရထားစက်အကွပ်သည်။ နေမိ၊ နေမိမည်၏။ ကိတ်ဝိဂြိုဟ်။ ကတ္တုသာဓန။ နိဓာတ်၊ မိ-ပစ္စည်း။ ။နိဓာတ်၏အရကား အကန့်တို့၏အဆုံး၌ဖွဲ့တတ်သော အကွပ်၏ ယဋ္ဌနာကာရ သတ္တိရ၏။ မိ-

www.burmeseclassic.com



အရှေ့လေသာပြတင်း၌ နတ်မြင်း ၁၀၀၀ လည့်ဝိုက်၍ ရထားဆိုက်လျှင် နေမိမင်းကြီးသည် ဝေဇယန္တာရထားမှူး မာတလိနတ်သားအား လေးမြတ်ကြင်နာ မေတ္တာစကားပြောဆို၍ လွှတ်လိုက်ပြီးသော် မျက်စိတဆုံးရှုမျှော်၍ မမျှော်နိုင်သောကာလမှ နန်းပေါ်သဘင်သို့ သက်ဝင်စံပယ်တော်မူလေ၏။

မာတလိနတ်သားသည် နေမိမင်းကြီးကို အရှေ့စမုတ် ပြတင်းလေသာ နေရာပလ္လင်၌ ချတင်ပြီးလျှင် "အရှင်မင်းကြီး။ အကျွန်ုပ် နတ်ပြည်သို့ ပြန်လည်အံ့"ဟု ပြောဆိုမြတ်နိုး ရှိခိုးဖူးမြော်၍ တိမ်ပေါ်ကောင်းကင်ခရီးဖြင့် တန်ခိုးကြီးသောသိကြားမင်းစံရာ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

ထိုသို့ နတ်ပြည်က နေမိမင်းကြီးရောက်တော်မူသောအခါ မိဖုရားကြီး, မိဖုရားငယ်, သားတော်, မြေးတော်, ဆွေတော်, မျိုးတော်, မှူးမတ်, မတ်တော်, ပြည်သားပြည်သူ လူအပေါင်းတို့သည် အညီအညွတ် စည်းဝေးလာလတ်၍ "အရှင်မင်းကြီး။ ကိုယ်တော်ကို နတ်ပြည်သို့ပင် အဖြောင့်တင်ဆောင်၍ သွားလေသလော။ နတ်ပြည်ဆိုသည်ကား အသို့နည်း။ ဤမိထိလာနေပြည်တော်ကြီးထက်ပင် အနုအပျို အစည်အပင် သဘင်ပွဲလမ်း ထူးဆန်းအံ့ဖွယ် အသွယ်သွယ်စည်းစိမ် သာချေဦးမည်လော။ ကျွန်ုပ်တို့ပြည် လူ့စည်းစိမ်နှင့် အသို့ထူးသနည်း။ သိခဲ့မြင်ခဲ့တော်မူတိုင်း မိန့်ကြားတော်မူပါ"ဟု မေးမြန်းလျှောက်ကြကုန်၏။

ထိုအခါ နေမိမင်းကြီးသည် မိဖုရား, သားတော်တို့မှစ၍ ပြည်သူပြည်သားအပေါင်းတို့အား နတ်သားမာတလိ တင်ဆောင်လာသည်မှစ၍ နန်းတော်သို့ ပြန်ရောက်သည့်တိုင်အောင် ချမ်းသာ,ဆင်းရဲ ငရဲပြည်, နတ်ပြည် တည်ဟန်နေဟန် ခံ,စံရသောသတ္တဝါတို့၏ အကြောင်းအရာအလုံးစုံကို အကုန်အစင် တွေ့မြင် ကြားသိခဲ့သည်အတိုင်း မကြွင်းမကျန် ပြန်ကြားပြောဆိုတော်မူဦး၍၊ အထူးသဖြင့် တာဝတိံသာနတ်ပြည်၏ သာယာခြင်း နတ်မင်း,နတ်မိဖုရား, နတ်သား,နတ်သမီးတို့၏ ကြီးမြတ်သောတန်ခိုးကျက်သရေ အရောင်အဝါတို့ကို ချီးမွမ်းပြောဆိုတော်မူပြီးလျှင် ခင်မင်အပ်သော နတ်၏ကာမဂုဏ်မှာ အာရုံကပ်ငြိသဖြင့် ပီတိဖြစ်လေပြီးသော ပရိသတ်အပေါင်းတို့အား

"အချင်းတို့။ ထိုသို့သောစည်းစိမ်ချမ်းသာကို ခံစားရကြကုန်သော သိကြားနတ်မင်း, နတ်မိဖုရား, နတ်သား, နတ်သမီးတို့သည် ရှေးလူဖြစ်သောအခါက ယခု သင်တို့ပြုသောကောင်းမှုကဲ့သို့သော ရှင်လန်း ကြည်ညိုစွာ ကုသိုလ်တရား၌ အားထုတ်ဆောင်ရွက် လေ့ကျက်ခဲ့ဖူးလေသောကြောင့် ထိုသို့သောစည်းစိမ်ကို ရကြလေသည်။ နတ်ပြည်စည်းစိမ်နှင့် ငါတို့လူမင်းစည်းစိမ်ကိုစာသော် မင်းတို့စံရာ ရတနာမြနန်းဆောင်နှင့် သူကောင်စွန့်ပစ်ရာသုသာန် ဂုဏ်မတူတန်၍ စံမနှုန်းသင့်သကဲ့သို့ ငါတို့လူ့ဘုံမှာ ဂုဏ်ဝါသေးနုပ် သုသာန်အသွင် မနှိုင်းယှဉ်သင့် ဖြစ်ချေသည်။ အထွေထွေအပြားပြား များစွာသောစည်းစိမ် တာဝတိံသာရွှေမြေရပ် နတ်မင်း, နတ်မိဖုရား, နတ်သား, နတ်သမီးအဖြစ်ကို အလိုရှိကုန်သောသူတို့သည် နှစ်လိုကြည်ဖြူ အလှူသီတင်း မကင်းသော ဘာဝနာ, မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတရားတို့ကို ငါဆုံးမသည့်အတိုင်း မမေ့မလျော့ ကြိုးစားအားထုတ် ကြကုန်။ ထိုဘုံနန်းရပ်၌ မချွတ်လျှင် သင်တို့ ဖြစ်ကြကုန်လတ္တံ့"ဟု တရားစကား ဟောကြားဆုံးမတော်မူ၏။

ဤသို့ နေမိမင်းကြီးသည် မင်းဖြစ်တော်မူသည်မှစ၍ အလှူပေးခြင်း သီလဆောက်တည်ခြင်းစသော ကုသိုလ် သုစရိုက်တရားတို့၌ ကိုယ်တော်အား လည်းကောင်း၊ တိုင်းသားပြည်သူ လူအပေါင်းတို့အား လည်းကောင်း မမေ့လျော့ပျော့ပါး ကြိုးစားအားထုတ်စေပြောင်းတွင် ကောင်းမှု,မကောင်းမှုအလျောက် အကျိုး,အပြစ်ရောက်သည်ကို မျက်မှောက်ထင်စွာ မာတလိနတ်သား, သိကြားမင်းတို့ကိုမှီ၍ တွေ့ကြုံသိမြင်ခဲ့ရသည်ကို အလွန်လျှင်နှစ်သက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကံ၊ကံ၏အကျိုးကိုယုံကြည်ခြင်း သဒ္ဓါစေတနာပြဋ္ဌာန်းလျက် နတ်နန်းဝတ်သာက ရောက်လာသည်မှစ၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို အခါမပြတ်အားထုတ်တော်မူခြင်း၊ ပြည်သူပြည်သားတို့အားလည်း ဒါနကထာ၊ သီလကထာ၊ ဘာဝနာကထာတို့ဖြင့် ပုံစံဥပဒေ ထုံးသက်သေပြလျက် ဆုံးမစောင့်ရှောက်တော်မူခြင်းနှင့် ပြည့်စုံစွာ ခန္ဓာအာယုကပ်ကို ၄ ဖို့ပြု၍ တတိယတစ်စုအဆုံးတိုင်အောင် ရန်သူရန်ဖက် နှောင့်ယှက်ခြင်းကင်းသော ဇကရာဇ်မင်း၏စည်းစိမ်ကို စိုးစံတော်မူလျက် လောက၏အစီးအပွားကို ဆောင်တော်မူ၏။

ထို နေမိမင်းကြီး၏ လက်ထက်တော်၌ကား ယခု ဘုရားပွင့်တော်မူသောအခါကဲ့သို့ ဘုရားလောင်း၏ အဆုံးအမ၌သာ တည်ကြကုန်သည်ဖြစ်၍ ဤဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ထိုသို့သောမင်းနေပြည် မြို့၊ ရွာ၊ နိဂုံး၊ ဇနပုဒ်တို့၌နေကုန်သော အမျိုး ၄ပါး ပြည်သားပြည်သူ လူအပေါင်းတို့သည် သဒ္ဓါ၊သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ၇ ဖြာသောတရားတို့ကို ကြိုးစားအားထုတ်လျက် မယုတ်သောအပွမာဒ ရှိကုန်၏။

## ၃၄။ နေမိမင်းကြီး တောထွက်တော်မူခန်း

နေမိမင်းကြီးသည် နှစ်ပေါင်း အသိန်းမကသော ထီးနန်းစည်းစိမ်၌ စံပျော်တော်မူ၍ တတိယအရွယ်သို့ ရောက်တော်မူသောအခါ တစ်နေ့သ၌ ဆံမုတ်ဆိတ်တော်တို့ကို ဆတ္တာသည်ပြုပြင်သည်ကာလ ဦးခေါင်းတော်၌ ဆံဖြူရောက်သည်ကိုမြင်လျှင် အထက်နန်းစဉ် အမိန့်တော်ရင်းအတိုင်း မင်းကြီးအားလျှောက်ကြားပြီးလျှင် ရွှေမွေးညှပ်ဖြင့်နုတ်ယူ၍ မင်းကြီးအား ပြဆက်လေ၏။ နေမိမင်းကြီးသည်လည်း ထိုဆတ္တာသည်အား ခမည်းတော်၊ ဘိုးတော်၊ ရှေးမင်းအဆက်ဆက်တို့ ပြုရိုးထုံးရှိသည့်အတိုင်း ကျေးစားရွာတစ်ရွာ ဆုပေးပြီးလျှင် ဆံဖြူတော်ကို လက်ဝါးပေါ်၌တင်လျက် 'ငါကား ယခု ပထမ၊ ဒုတိယအရွယ်နှင့်မတူ၊ အိုမှုအိုရုပ်ပေါက်သဖြင့် ရဟန်းပြုအံ့သော အရွယ်ရောက်ပြီ'ဟု ရဟန်းအဖြစ်သို့ ညွတ်သောနှလုံး ရှိတော်မူ၏။

ထိုနေမိမင်းကြီး၌ ထီးနန်းဆက်ခံလတ္တံ့ဖြစ်သော သားတော်အိမ်ရှေ့မင်းကား 'ကာလရဋ္ဌ'အမည်ရှိ၏။ ထိုသို့ 'ရဟန်းပြုအံ့' ဟု ကြံတော်မူသောအခါ နေမိမင်းကြီးသည် သားတော်အိမ်ရှေ့မင်းကို ခေါ်တော်မူ၍

"ချစ်သား။ ယခု ခမည်းတော် ရဟန်းပြုမည် အကြံရှိသည်။ ချစ်သားသည် ငါကဲ့သို့ တရား ၁၀ ပါးနှင့်အညီ ဤမိထိလာပြည်စည်းစိမ်ကို သိမ်းမြန်းဆက်ခံလျက် တိုင်းနိုင်ငံသူ လူအပေါင်းတို့၏ အစီးအပွားကို လည်းကောင်း၊ ဆွေတော်မျိုးတော်တို့၏အစီးအပွားကို လည်းကောင်း ဆောင်ရွက်စောင့်ရှောက်ရစ်"ဟု အပ်နှင်းမှာထား မိန့်ကြားဆုံးမတော်မူ၏။ နေမိမင်းကြီးစကားကို ကြားလေလျှင် သားတော်အိမ်ရှေ့မင်းသည်

"ခမည်းတော်ဘုရား။ အကျွန်ုပ်၌ လည်းကောင်း၊ မယ်တော်၌ လည်းကောင်း၊ မှူးတော်မတ်တော် ပြည်သားပြည်သူတို့၌ လည်းကောင်း တစ်စုံတစ်ခု မနှစ်လိုဖွယ်သောအပြစ်ကို မြင်တော်မူသောကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း၏ အရကား။ ထိုဖွဲ့ခြင်းသတ္တိ၏တည်ရာ သတ္တိမန်ဖြစ်သော အကွပ်ရ၏။ ။ ဝါ၊ ကား။ တေသ၊ ထိုစက်အကွပ်အား။ နိသေယသံ၊ အကြွင်းမဲ့။ နာဘိ အရာ၊ ပုံတောင်းအကန့်တို့သည်။ မယန္တိ၊ ပြီးတတ် ဆုံးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပုံတောင်းအကန့်တို့၏ ပြီးရာဆုံးရာဖြစ်သော သတ္တိကြောင့်။ တံ စက္ကန္တံ၊ ထိုစက်ဘီးအကွပ်သည်။ နေမိ၊ နေမိ မည်၏။ ကိတ်ဝိဂ္ဂြိုဟ်၊ သမ္ပဒါနသာဓန။ နိသဒ္ဒူပပဒ မိဓာတ် ကွိ–ပစ္စည်း။ မိဓာတ်၏အရ ကတ္တုဗ္ဗ ကိရိယာကား၊ ပုံတောင်းအကန့်အဆုံးတို့၏ ပတိဋ္ဌာန သတ္တိသည်မုချ။ တေသဟူသော သမ္ပဒါနတ္ထအရကား ထိုသတ္တိကိုခံတတ်သော အကွပ်၏ ပဋိဂ္ဂဟဏာကာရဘောသည် ဌာနူပစာရတ္ထရ၏။ ကွိ–ပစ္စည်း အရကား၊ ထို မုချ ဥပစာရတို့ဖြင့်မှတ်အပ်သော အကွပ် ရ၏။

[ဝါ၊ ကား။ ယံစက္ကန္တံ၊ အကြင်စက်အကွပ်သည်၊ တစ်နည်းလည်း။ ယောသဒ္ဓမ္မော၊ အကြင် သူတော်ကောင်းတရားသည်။ မိတောဘိန္နတော၊ ပျက်စီးခြင်းမှ နိဂ္ဂတော အပဟတော၊ ကင်းစေတတ်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ ပျက်စီးခြင်းမှ ကင်းစေတတ်သောသတ္တိကြောင့်။ တံ စက္ကန္တံ၊ ထို စက်အကွပ်သည်။ ဝါ၊ သောသဒ္ဓမ္မော၊ ထို သူတော်ကောင်းတရားသည်။ နေမိ၊ နေမိ မည်၏။ အဗျယီဘော သမာသ်ဝိဂ္ဂြိုဟ် နိပုဒ် မိပုဒ် သမာသ်ပုဒ်၏ အရကား၊ ပုံတောင်းအကန့်တို့၏ မပျက်စီးခြင်းကိုဖြစ်စေတတ်သော စက်အကွပ် ရ၏။ တစ်နည်းလည်း၊ အပါယ ဒုက္ခစသည်တို့ဖြင့် မပျက်စီးစေကြောင်းဖြစ်သော သူတော်ကောင်းတရား ရ၏။ ။ ယော ခတ္တိယော၊ အကြင်မင်းသည်။ နေမိဝိယ၊ အစမှအဆုံးသော ဆောင်တတ်သောအကွပ်ကဲ့သို့။ ဝါ၊ ပုံတောင်းအကန့်တို့၏ ပြီးရာဆုံးရာဖြစ်သော အကွပ်ကဲ့သို့။ ဝါ၊ ပုံတောင်းအကန့်တို့ကို မပျက်စီးစေတတ်သော အကွပ်ကဲ့သို့။ ဟောတိ၊ အစဖြစ်သော မဃဒေဝမင်းမှ အဆုံးဖြစ်သောပဗ္ဗဇ္ဇဝင်ကို ဆောင်သောအားဖြင့်။ ဝါ၊ ၈သောင်း ၄ ထောင်သောပဗ္ဗဇ္ဇဝင်တို့၏ အပြီးအဆုံးအားဖြင့်။ ဝါ၊ ပဗ္ဗဇ္ဇဝင်ကို မပျက်စီးစေသောအားဖြင့် ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တိ ၃ပါးရှိသော အကွပ်နှင့်တူသည်၏အဖြစ်ကြောင့်။ သောခတ္တိယော၊ ထိုမင်းသည်။ နေမိ၊ နေမိ မည်၏။ ။ ဥပမာတဒ္ဓိတ်၊ ဏ–ပစ္စည်း။ ဝါ၊ ကား။ ယော ခတ္တိယော၊ သည်။ နေမိ၊ သတ္တဝါတို့ကို အပါယဒုက္ခစသည်တို့ဖြင့် မပျက်စီးစေတတ်သော သူတော်ကောင်းတရားကို။ ပကာသေတိ၊ ဟောကြားညွှန်ပြတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောခတ္တိယော၊ သည်။ နေမိ၊ နေမိမည်၏။ ။ ပကာသေတိတဒ္ဓိတ်ဝိဂ္ဂြိုဟ်။

[ဝါ၊ ကား။ ယောခတ္တိယော၊ သည်။ သုဂတိ၊ သုဂတိဘဝသို့။ သတ္တေ၊ တိုင်းသားပြည်သူ လူအပေါင်းတို့ကို။ နေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောခတ္တိယော၊ သည်။ နေမိ၊ နေမိ မည်၏။ ။ ကိတ်ဝိဂ္ဂြိုဟ်၊ ကတ္တုသာဓန၊ နီဓာတ်။ မိ–ပစ္စည်း။ နီဓာတ်အရကား၊ နေမိမင်းကြီး၏ အဆုံးအမ သီလ, ဒာဂ စသောဂုဏ်ကို အာရုံအလေးအမြတ် အမှီပြု၍ဖြစ်သော ပြည်သားပြည်သူတို့၏ ယောနိသော မနသိကာရ သဒ္ဓါ, ဝီရိယ, သတိ, ပညာ ပြဋ္ဌာန်းသောအားဖြင့် ဒါနမယ, သီလမယ, ဘာဝနာမယ ကိစ္စကိုပြီးစေတတ်သော မဟာကုသိုလ်ဇော စိတ္တုပ္ပါဒ်သည် မုချ။ ဒါန, သီလ စသောဂုဏ်တို့၏ အာရမ္မဏာအဓိပတိ ဥပနိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ မိ–ပစ္စည်းအရကား ထို မုချဥပစာရတို့ဖြင့်မှတ်အပ်သော ခန္ဓာပဥ္စက သန္တာန်ကိုစွဲ၍ နေမိဟု သမုတ်အပ်သောမင်း ရ၏။ ။ ယော ခတ္တိယော၊ သည်။ ဓမ္မေန၊ တရား ၁၀ပါးဖြင့်။ သတ္တေ၊ ပြည်သူ ပြည်သားတို့ကို။ ရဉ္ဇေတိ၊ တပ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ကတ္တိယော၊ သည်။ ရာဇာ၊ မည်၏။ ။ နေမိစ၊ နေမိ အမည်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထို



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ရာဇာစ၊ ပြည်ကြီးရှင် မင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို ၂ပါးသောသတ္တိကြောင့်။ သော ခတ္တိယော၊ သည်။ နေမိရာဇာ၊ နေမိမင်း မည်၏။

[မာတလိကို ဝိဂ္ဂြိုလ်ဆိုမှုကား။ ။ မာဝိယစန္ဒော ဝိယ တလတိဂစ္ဆတိ ဒိဗ္ဗတိ တိဝါ မာတလော။ ။ နတ်ရထား ရစေ။ ။ မာတလော အဿ အတ္ထီတိ မာတလီ။ ။ဤသို့ စသည်ဖြင့်ပြုလေ။ ။ ယောရထော၊ အကြင် ဝေဇယန္တာရထားသည်။ မာဝိယစန္ဒောဝိယ၊ လပြည့်ဝန်းကဲ့သို့။ တလတိ ဂစ္ဆတိ၊ သွားတတ်၏။ ဝါ၊ ဒိဗ္ဗတိ၊ ထွန်းပတတ်၏။ ဣတိတသ္မာ၊ ထိုသို့ လပြည့်ဝန်းကဲ့သို့ သွားတတ်, ထွန်းပတတ်သောသတ္တိကြောင့်။ သော ရထော၊ သည်။ မာတလော၊ မာတလ မည်၏။ ။ အဿဒေဝပုတ္တဿ၊ ထိုနတ်သားအား။ မာတလော၊ လနှင့်တူသော ဝေဇယန္တာရထားသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဒေဝပုတ္တော၊ သည်။ မာတလီ၊ မာတလိ မည်၏။]

**နေမိဇာတ်တော်ကြီး ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

၁။ မင်္ဂလပူရေ သတဒ္ဓာနေ၊ ဂါမေ လေသာဘိဓေယျကော။
သိရိ ဝိဇ္ဇ ဝေါ ဒါရာမေ၊ လီနတ္ထ မေသိ ဘူမိတော။
၂။ ဂရု ဂါရဝ ဘာဝိဿ၊ မဟာ ထေရဿ သိဿေန။
ဓာတိယာစ မဟာ စရိယ၊ ပါစရိယာနု သေဋ္ဌေန။
၃။ သာခေကထ ဓာတိ ဉာတေန၊ ဥဒ္ဒါရေတွာစ ဘာသတော။
သြဘာသောတိပိ နာမေန၊ ဥဘယတ္ထံ ဝိဓာနတော။
၄။ ကုဟာကေ မဝဘာသတ္တွာ၊ သန္တေသံ ဖုကဘွာသတော။
ဉာဏာ လောကေန ဓောတတ္တွာ၊ ဣတိဝေါ ဟာရိ တေနစ။
၅။ မယာ မလပ ဝေါဒန္တံ၊ ကတံ ပီတိ ဝိဝဍ္ဎနံ။
သောတာ လင်္ကာရ ဘူတာနံ၊ ပုည ဝိဇ္ဇဝ ဗုဒ္ဓိယာ။
၆။ ဒိန္န စက္ကေ ဖလဂ္ဂဉ္စ၊ သက္ကရာဇေ ပိယာဝဒေ။
သမ္ပတ္တာ သဥ္စမာသေဝ၊ ဖုဏ္ဏေ ပဉ္စမဒိဝဟော။
၇။ ဗြိဿာယံ လက္ခဏာ သမ္ပတ္တေ၊ ကညေ စန္ဒိမ သံယုတေ။
ကိစ္စာကိစ္စ မဟာပေတန္တံ၊ နိဋ္ဌင်္ဂတ မနာ ယာသာ။
၈။ ယထာမေ သဗ္ဗစိန္တာစ၊ သမ္ပိဇ္ဈာ ပတ္ထိ ပတ္ထိတံ။
ခိပ္ပံခိပ္ပံ သမိဇ္ဈန္တု၊ မဏိဇောတိရ သူပမံ။
၉။ မနောရထံ နော ရာဇာပိ၊ ဌပေန္တောဝ သုခေ ပဇံ။
ဓမ္မေနေဝ သုပူရေတု၊ ဓနောစ ပုညမင်္ဂလံ။
၁၀။ ဂုရုပိ မေ ဂုဏာဓိပ္ပော၊ ရောဂါဒီဟိ ဝူပသမော။
ယထာ သုခံ တထာ ဟောတု၊ ပီတိ ပါမောဇ္ဇ သုဒ္ဓိယာ။
၁၁။ ဉာတိ မိတ္တာ တဒညာပိ၊ သုခီ အတ္တာ သတဒ္ဓနာ။
အမညမညံ ပီယံ ဟောတု၊ မမပုညဿ တေဇသာ။
၁၂။ ဣတော ယာဝ ဘဝဿန္တံ၊ မယံ ဂုဏေန သေဋ္ဌတံ။
ဟိတ သုခ္ခ သမ္ဘေသံ၊ တအံ ကောသလ္လေန ဝါ ဟတံ။
၁၃။ ကာရိတာ သဂ္ဂမဂ္ဂဿ၊ စသာ မေ ပစ္စယော ဟောတု။
သဗ္ဗေ သတ္တာ နမောဒန္တု၊ အညမညံ သမ်လသော။
(ဒုတိယဂါထာဝတ္တသက်သက်။ ။ အကြွင်းဂါထာပထျာဝတ္တချည်း။)



www.burmeseclassic.com

www.burmeseclassic.com



၁။ သတင္ဘာနေ၊ ၁၀၈ ကွက် ရွှေစက်တော်ရာသို့ တက်ရာဆိပ်ကမ်းလည်း ဖြစ်ထသော။ မင်္ဂလာပူရေ၊ လူ့ရှင်ရဟန်း ရွှင်လန်းကြည်ညို ကုသိုလ်မင်္ဂလာ ဖြည့်ကျင့်ရာလည်း ဖြစ်ထသော။ ဝါ၊ စေတီလိုဏ်နန်း ရဟန်းသံဃာ မင်္ဂလာအပေါင်း အကောင်းအမြတ် ကျက်သရေတို့ဖြင့်လည်း ပြည့်ထသော။ ဂါမေ၊ မင်းပူးရွာ၌။ ဝါ၊ သတင္ဘာနေ၊ သူတော်ကောင်းတို့နေရာဖြစ်ထသော။ မင်္ဂလပူရေ၊ မင်းပူးအမည်ရှိသော ဂါမေ၊ ရွာ၌။ ။ (ဤအလိုကား မင်္ဂလပူရ ဟုဆိုအပ်လျက် မင်္ဂလ၌ ဂလသဒ္ဒါကိုချေ၍ ပူရ၌ ရကိုချေ၍ မြန်မာဘာသာအားဖြင့် အဆုံး၌ ဝိသဇ္ဇနီသံဖြင့် မင်းပူးဟု ခေါ်ဝေါ်သည် ဟူလို)။ ။လီနတ္ထံ၊ ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ ကွယ်ဝှက်ခဲခက်သောအနက်ကို။ ဧသိဘူမိတော၊ စာသင်သား တရားနာသူ လူ့ရှင်ရဟန်းတို့၏ ရှာမှီးရာဖြစ်သောကြောင့်။ လေဘာဘိမေယျကော၊ လေသာဟု ပညတ်ကြောင်း အနက်ရှိထသော။ သိရိဝိဗ္ဘဝေါဒါ ရာမေ၊ ကျက်သရေစည်းစိမ် ပြန့်ပွားကြောင်း ကောင်းမှုဖြင့် မွေ့လျော်ရာဖြစ်သောကျောင်းတိုက်၌။ ဝသန္တေန၊ သင်ကြားကြည့်ရှု သုတရှာဖွေနေထသော။ ။ (မယာဟူသော နောက်ပုဒ်မှာစပ်)။

၂။ ဂရုဂါရဝဘာဝိသ မဟာထေရဿ၊ အရိအသေ အလေးအမြတ်ပြုအပ်သော သီလ, သမာဓိ, ပညာအစရှိသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော မဟာထေရ်မြတ်၏။ သိဿေန၊ လက်ရင်းတပည့်လည်း ဖြစ်ထသော။ ဇာတိယာ၊ အမျိုးအားဖြင့်။ မဟာစရိယ ပါစရိယာန သေဋ္ဌေန၊ ဆရာအဆက်ဆက်အားဖြင့် မြတ်သည်ဖြစ်၍ အစဉ်ချီးမွမ်းအပ်သော ဆရာ၏တပည့်လည်းဖြစ်ထသော။

၃။ သာကေတဇာတိဘူတေန၊ ရပ်သာမြို့ အသည်ကြီးသားလည်း ဖြစ်ထသော။ ။(မယာမှာ ချည်းစပ်)။ ။ နာမေနပိ၊ အမည်အားဖြင့်လည်း။ ဥဒ္ဒါရေတွာ၊ အလျှို့အဝှက် အနက်အဓိပ္ပာယ်ကို ယူလွယ်သိသာ နာပျော်ဖွယ်ဖော်ထုတ်၍။ ဘာသာတောစ၊ အစွမ်းအားလျော်စွာ ပြေဆိုတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ (ဤကား ဥသဒ္ဒူပပဒ၊ ဘာသဓာတ် ကြံသည်)။ ဥဘယတ္ထံ၊ ကိုယ့်အကျိုး သူ့အကျိုးကို။ ဝိဇာနတောစ၊ ဆင်ခြင်နိုင်းညှိ သိတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ (ဤကား ဥဘသဒ္ဒူပပဒ၊ အသဓာတ်ကြံသည်)။

၄။ ကုဟာကော၊ မဖြောင့်သော ကိုယ်,နှုတ်ဖြင့် စဉ်းလဲစဉ်းစားပြုတတ်ကုန်သော သူတို့ကို။ အဝဘာ သတ္တာစ၊ လျော့တင်းနိမ့်မြင့် အသင့်လိုက်ဖက် နှစ်သက်ရာဆိုတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ (ဤကား အဝသဒ္ဒူပပ၊ ဘာသဓာတ်ကြံသည်)။ သန္တေသု၊ ဖြောင့်မှန်ရိုးသားစွာ စကားကိုယ်,နှုတ် ရှိကုန်သော သူတော်ကောင်းတို့၌။ ဥဇုကဘာသတောစ၊ ဖြောင့်ဖြောင့်စင်းစင်း အနင်းအကျော်ခံ၍ ကျိုးနွံစွာဆိုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ (ဤကား ဥဇုသဒ္ဒါကို ဩအပြုကြံသည်)။ ဉာဏာလောကေန၊ ရွှင်လန်းသော ဉာဏ်ရောင်ခြည်ဖြင့်။ ဇောတတ္တာစ၊ ထွန်းပတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ (ဤကား အဝသဒ္ဒူပပဒ၊ ဘာသဓာတ်၊ ဒိဗ္ဗတိ အနက်ကြံသည်)။ ဣတိဣမေဟိ ဝစနတ္ထေဟိ၊ ဤသို့သော ဝစနတ္ထတို့ကြောင့်။ ဩဘာသောတိ၊ ဩဘာဟူ၍။ အာစရိယေဟိ၊ ဆရာမြတ်တို့သည်။ ဝေါဟာရိတေန၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်ထသော။

၅။ မယာ၊ ငါသည်။ မလစိတ္တာနံ၊ တစ်စုံတစ်ခု ဒုစရိုက်တည်းဟူသော မြူတင်သောစိတ် ရှိကုန်သော သူတို့၏။ မလပဝေါဒန္တံ၊ စိတ်အညစ်အကြေးကို ဖွပ်ဆေးလျှော်တတ်သည်၏ အဖြစ်ကြောင့် ခဝါရေကြည်သဖွယ် လည်း ဖြစ်ထသော။ သုဇနာနံ၊ ဒုစရိုက်တည်းဟူသော မြူမတင်သည်ဖြစ်၍ စင်ကြယ်ကုန်သောသူတို့၏။ ပိတိဝိဝမုနံ၊ ဒေဝတာနုဿတိစသော အာရုံသို့ သက်ဝင်သည်ဖြစ်၍ ရွှင်လန်းနှစ်သက်ခြင်းကိုလည်း ပွားစေတ



www.burmeseclassic.com

www.burmeseclassic.com



ထသော။ ယံဝတ္ထုံ၊ အကြင် နေမိဇာတ်ဝတ္ထုကို။ သောတာ လက်ံာရဘူတာနံ၊ သောတဒွါရဝီထိဒ္ဒိ တန်ဆာသဖွယ်ဖြစ်၍ ဖြစ်ကုန်သောသူတို့အား။ ပုညဝိဗ္ဘဝဗုဒ္ဓိယာ၊ ကုသိုလ် ဟူသော အနုဂါမိက စည်းစိမ်ပွား များစေခြင်းငှာ။ (ဘုန်းကျက်သရေပညာ ပြန့်ပွားစေခြင်းငှာ လည်းဟူ)။ မြန်မာဘာသာယ၊ မြန်မာဘာသာ စကားပြေဖြင့်။ ကတံ–ရစိတံ၊ ရေးစီရင် အပ်ပြီ။ တံဇာတကဝတ္ထုံ ထို နေမိဇာတ်ဝတ္ထုသည်။ (နိဂ္ဂုံတံမှာစပ်)

၆။ ဖလဂ္ဂုဒေ၊ လောကုတ္တရာတရားတည်းဟူသော အကျိုးထူးလည်း ရှိထသော။ ဇိနစက္ကေ၊ မြတ်စွာဘုရားသာသနာတော်စက်သည်။ ဖလဂ္ဂုဒေ၊ ၂၃၃၀ သို့။ ပိယာဝဒေ၊ လူတို့သည် အလေးအမြတ် ဖြတ်တမ်း မှတ်စာ အက္ခရာကမ္ပည်းတင်၍ ဆောင်အပ်သော။ သက္ကရာဇေ၊ ကောဇာသက္ကရာဇ် ရှည်သည်။ ပိယာဝဒေ၊ ၁၁၄၈ သို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ အာသဠမာသေ၊ ဝါဆိုလ၌။ ဖုဏ္ဏေ၊ လဆန်းပက္ခဖြစ်သော။ ပဉ္စမ ဒိဗ္ဗသေ၊ ထိုနှစ် သက္ကရာဇ်စွန်းဖြစ်သော ၅ ရက် သောကြာနေ့၌။

၇။ ကဒေ့စန္ဒိမသံယုတေ၊ ကန်ရာသီ ပုဗ္ဗာဘဒ္ဒရဂုဏ္ဍိနက္ခတ်နှင့် စန်းယှဉ်စဉ်။ ဗြိ စ္ဆာယံ၊ ဗြိစ္ဆာရာသီသည်။ လဂ္ဂဏသမ္ပတ္တေ၊ လက်သို့ရောက်သည်ရှိသော်။ (နိဂ္ဂုံတံမှာချည်းစပ်)။ ။ ကိစ္စာကိစ္စံ၊ စာပေသင်ခြင်း, ကြည့်ရှုခြင်း, ပို့ချခြင်းအစရှိသော ကိစ္စကြီးငယ်ကိုလည်း။ အပဟာယေတန္တံ၊ မယုတ်စေမူ၍။ အနာယာသာ–အနာယာသေန၊ မပင်မပန်းသဖြင့်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂတံ၊ ရောက်ပြီ။ ဝါ၊ နိဂ္ဂုံတံ၊ အပြီးဆုံး နိဂုံးကမ္ပတ်သတ်ရပြီ။ ဣဒံ ဝတ္ထုံ၊ ဤဇာတ်ဝတ္ထုသည်။ အနာယာသာ၊ ကိုယ်,စိတ် မပင်မပန်းသဖြင့်။ နိဋ္ဌံဂံတံယထာ၊ အပြီးရောက်သကဲ့သို့။

၈။ ကထာ၊ ထို့အတူ။ တေနပုညေန၊ ထိုကျမ်းပြုခြင်း ကောင်းမှုအစွမ်းကြောင့်။ မေ–မမ၊ ငါ၏။ သဗ္ဗစိန္တာစ၊ ခပ်သိမ်းကုန်သော အကြံတို့သည် လည်းကောင်း။ သဗ္ဗိစ္ဆာစ၊ ခပ်သိမ်းသော အလိုတို့သည် လည်းကောင်း။ ပတ္ထိပတ္ထိတံ၊ တောင့်တတိုင်း တောင့်တတိုင်း။ မဏိဇောတိရသူပမံ၊ မဏိဇောတိရသ် ပတ္တမြားမျက်ရှင်ကို ဆောင်ရသည်နှင့်အတူ။ အနာယာသာ– အနာယာသေန၊ မပင်မပန်းသဖြင့်။ ခိပ္ပံခိပ္ပံ၊ လျင်စွာ လျင်စွာ။ သမိဇ္ဈန္တု၊ ပြည့်စုံစေကုန်သတည်း။

၉။ နော၊ ငါတို့၏။ ရာဇာပိ၊ မဟာဓမ္မရာဇ်မင်းမြတ်သည်လည်း။ ပဇံ၊ တိုင်းသူတိုင်းသား အများသတ္တဝါအပေါင်းကို။ သုခေ၊ ငြိမ်ဝပ်ချမ်းသာခြင်း၌။ ထပေန္တော၀၊ ကရုဏာပြဋ္ဌာန်းခြင်းဖြင့် တည်စေလျက်လျှင်။ အနာယာသာ၊ မပင်မပန်း။ ဓမ္မေနေဝ၊ တရားသဖြင့်လျှင်။ မနောရထံ၊ နှလုံးအလိုသည်။ သုပူရေတု။ ကောင်းစွာ ပြည့်စေသတည်း။ ။ သုခေဋ္ဌိတော၊ ရွှင်လန်းသာယာ ငြိမ်းချမ်းခြင်း၌ တည်ပေပြီးသော။ မနောစ၊ တိုင်းသားပြည်သူ လူအပေါင်းသည်လည်း။ ပုညမင်္ဂလံ၊ ဒါန်, သီလ အစရှိသော ကုသိုလ်မင်္ဂလာကို။ သုပူရေတု၊ ကောင်းစွာ ဖြည့်ကျင့်စေသတည်း။

၁၀။ ဂုဏောစိပ္ပေဟ၊ သီလ အစရှိသောဂုဏ်တို့ဖြင့် တပည့်အပေါင်းတို့၏အကြီးဖြစ်သော။ ဝါ၊ မေ၊ ငါ၏။ ဂုဏာမိပ္ပေါ၊ ကျေးဇူးရှင်ဖြစ်သော။ ဂုရုပိ၊ ဆရာမြတ်သည်လည်း။ ရောဂါဒိဟိ၊ အနာအစရှိသော အန္တရာယ်တို့မှ။ ဥပသမော၊ ကင်းငြိမ်းတော်မူသည်ဖြစ်၍။ ယထာ၊ အကြင်နေရာစသည်ဖြင့်။ သုခံ၊ ကိုယ်,စိတ် ချမ်းသာတော်မူ၏။ တထာ၊ ထိုနေရာ စသော ကိုယ်တော်, စိတ်တော်ချမ်းသာရာရှိခြင်းသည်။ ပီတိပါမောဇ္ဇသုဒ္ဓိယာ၊ မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဇောတိတ္တုပ္ပါဒ်ဖြင့် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ နှလုံးတော်၏ စင်ကြယ်ခြင်းငှာ။ ဝါ၊ ပီတိပါမောဇ္ဇလျှင် နီးစွာသောအကြောင်းရှိသော သီလ,သမာဓိ စသောဂုဏ်တို့ဖြင့် အတိုင်းထက်အလွန် စင်ကြယ်စေခြင်းငှာ။ ဟောတု၊ ဖြစ်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



၁၁။ မမပုညသ္မာ၊ ငါ ယခုပြုအပ်သော ကောင်းမှု၏။ တေဇသာ၊ အစွမ်းဖြင့်။ ဉာတိစ၊ အဆွေအမျိုးတို့သည် လည်းကောင်း။ မိတ္တာစ၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း။ တဒညာပိ၊ ထိုမှတစ်ပါး များစွာကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ သုခီအတ္တာ၊ ချမ်းသာသော ကိုယ် ရှိကုန်သည်ဖြစ်၍။ သတဒ္ဓနာ၊ သူတော်ကောင်းတို့ဥစ္စာဖြစ်သော ကုသိုလ်တရားတို့ကို ပွားစေကုန်လျက်။ အညမည်၊ အချင်းချင်း။ ပိယံ၊ လေးမြတ်ချစ်ခင် ကြင်နာမြတ်နိုးခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၂-၁၃။ မေ၊ ငါ၏။ ဧသာစေတနာ၊ ဤ အလုံးစုံသော ကုသိုလ်စေတနာသည်။ ဣတော၊ ဤ ယခုနေ့မှ။ ပဋ္ဌာနယ၊ စ၍။ ယာဝဘာဝသန္တံ၊ နိဗ္ဗာန်ရသော ဘဝတိုင်အောင်။ မယှံ၊ ငါ၏။ ဂုဏေန၊ ဂုဏ်ဖြင့်။ သေဋ္ဌတဥ္စ၊ ချီးမွမ်းအပ်သည်အဖြစ်ကို လည်းကောင်း။ သမ္ပေသံ၊ ခပ်သိမ်းသောသူတို့၏။ ဟိတသုခဥ္စ၊ စီးပွားချမ်းသာကို လည်းကောင်း။ တံကောသလ္လေန၊ ထိုသို့သော အခွင့်အရာတို့၌ လိမ္မာသောပညာဖြင့်။ ဝါဟတံ၊ ဆောင်စွမ်းနိုင်သည်၏ အဖြစ်ကို။ ကာရိတာ၊ ပြီးစေလျက်။ သဂ္ဂမဂ္ဂဿ၊ နတ်ပြည်မဂ်ဖိုလ်၏။ ဝါ၊ သယမ္ဘူဖြစ်၍ ကောင်းမြတ်သော အရဟတ္တမဂ်၏။ ပစ္စယော၊ အဆောက်အအုံသည်။ ဟောတု၊ ဖြစ်စေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မမ၊ ငါ၏။ ပုညံ၊ ကုသိုလ်အကျိုးကို။ အညမည်၊ အချင်းချင်း။ သမံ၊ ငါနှင့်ထပ်တူ။ လဘော၊ လဘန္တု၊ ရစေကုန်သတည်း။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ သာဓုလည်းခေါ်စေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

[illegible]

"ဂုဏ်ရှိမှုကား ရှားရှားပါးပါး ထက်မြက်ခြင်းတွင်ရှိ၏
ထိုသို့လျှင် ဂုဏ်ရှိသောကို ရှုတ်ချသူတို့မှ ပန်းပန်းထော်
ကိုယ်တွင်လည်း ချွေတာခေါင်းမှ မပျောက်
ထွက်ပေါက်ဝင်ပေါက်လည်း မသိကြဘို
မည်သည့်ကိုယ်မှလည်း ကျော်ကြားခြင်း မရှိ
မျက်စိကြွင်းကြွင်း မျက်တောင်မှလည်း မခတ်
ဂုဏ်အမှုမှုတ်ကို တောက်ထားသော်
သိကြားမှတ် စင်စစ် ဖြစ်သည်။ ရှု မဟုတ်" ဟု ဆိုကြလျှင်
သိကြားကို "သင် သိကြား မဟုတ်လော" ဟု မေး၏

သိကြားမင်းကို
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

အရှင်မင်းကြီး လျှို့ဝှက်အပ်သော အမှုကို
လျှို့ဝှက်မှုသာလျှင် ကောင်း၏။ လျှို့ဝှက်အပ်သော အမှုကို
မလျှို့ဝှက်မှု၌ သူတစ်ပါးအား ပြောမှားရသော်
နောင် မကောင်းဖြစ်တတ်၏။

မင်းသားသည်လည်း ထိုမှ ခွေးမကိုအလွှတ်နေလတ်သော်
နိုးသောအခါသာ အနီးဖြင့် မင်းတို့သည်တကောက်၌ မိမိကိုယ်ကို ဆိုကြကုန်၏
မင်းသားသည် ယင်းတုံနိုးသောအခါ လက်၌ရှိသော ခွေးမကို အသက်ပေးလိုက်၏
ကြိမ်၌ အရှေ့အခေါင်ဝေါက်ချုံပြီးလျှင် လက်၌ရှိသောဖယောင်းတိုင်ကို လက်ကြွက်ဖြင့်ဆွဲ၍ ပွဲတော်
ယင်းအခေါင်း၌ရှိသည်လည်း မင်းသား လက်၌ရှိသည်
ထိုကြိမ်၌ရှိသော ခွေးမခေါင်းကိုရှိသာလျှင် ဆိုကြကုန်၏

www.burmeseclassic.com



'ခပ်သိမ်းသော မိန်းမကောင်းတို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ တုန်းရှိသော မိန်းမပေတည်း။
ဤမိန်းမ၌ အကယ်၍ မိတ်လင်ခင်ပွန်း မရှိသောမူ ငါ၏အလုပ်အကျွေး ဖြစ်ထိုက်လှ၏။' ဟု ကြံ၏။...
'ငါသည် ဤလုလင်ပျို၏ အိမ်သူဖြစ်ရလျှင် ခဏမကြာ ဥစ္စာစီးပွား များပြတ်တိုးတက် နိုင်ပြီးစေလျက်
သူကြွယ်ကြီးခံရအောင်လည်း တတ်နိုင်ရာ၏။' ဟု ကြံ၏။...

www.burmeseclassic.com

www.burmeseclassic.com

"ဂျိုဆူမှာ ရထားရောက်က ထက်ကြွမ်းဝင်လျှင်ထိုင်ကင်း
ထိုသို့ရှက် ဂျိုဆူအား၏ ရှက်ဘောသူသောကျွ ပန်းပန်းလောင်
ကိုယ်တွင်လည်း ရွှေအစ်ပေါက်မှု မထွက်၊
ရွှက်သက်ပင်သက်လည်း မပို့က်မပို၊
ဆည်သည်ကိုမူလည်း ကြောက်လန့်ခြင်း မရှိ၊
မျက်စိကြွင်းကြွင်း မျက်တောင်မူလည်း မခတ်၊
ဂျိုဆူရှုတ်ကို ဆောက်ထားသော်
သိကြားနတ် စင်စစ် ဖြစ်သည်။ ဖူ မတုတ်" ဟု ဆိုပြီးလျှင်
သိကြားကို "သင် သိကြား မဟုတ်လော" ဟု မေး၏။

သိကြားက၊
ဘက်ဒေသအဖို့သူမာ၏ အမှုကို
ပြု၍ ...
ကြောက်ရွံ့သောအခွင့်သာရ ရှိသောအခါ
[illegible]
[illegible]
[illegible]
[illegible]
[illegible]
မနိုင်ဘဲကြိုးလည်း
ဘာသာတရားနောင်
မျှကြွသောဥပမာ

အရှင်မင်းကြီး ရွှေဗွက်ပါသော အမှုကို
ရွှေဗွက်မှုသာလျှင် ကောင်း၏ ရွှေဗွက်ပါသော အမှုကို
မရွှေဗွက်မှု၍ သူတစ်ပါးအား ပြောမှုဆေးသော်
နောင် မကောင်းဖြစ်တတ်၏။

မင်းသားသည်လည်း ထိုပုံ အဲ့ဖူးဆိုးအလျှင်နေလက်သော်
ရှိသောအခါ၊ အနံ့ဖြင့် ယင်တို့သည်ကလက်၍ မိန်းကိုယ်ကို အုံကြကုန်၏။
မင်းသားသည် ယင်ကောင်းစိုးသောဟု လက်ရှိသော အဲ့ဖူးကို အတန်ပေါ်အဲ့ကြ၍
ကြခိုင်၍ အစုစုအပေါ်ကပေါ်ကနှဲ့ပြီးလျှင် လက်ရှိအုံသောယင်တို့ကို လက်မြန်ဖုတ်ထင်၍ ပုံသေး၏။
ယင်အပေါင်းတို့သည်လည်း မင်းသား လက်၌မကုန်ဘဲ
ထိုကြမ်းပုံသော အဲ့ဖူးပေါ်ကတို့၌သာလျှင် အုံကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခပ်သိမ်းသော မိန်းမကောင်းတို့၏ ကြွန်ဆင်လက္ခဏာနှင့် ပြည့်စုံ၏၊ တုန်ရှိသော မိန်းမပေကာည်း၊
ဤမိန်းမ၌ အကယ်၍ မိတ်လင်ခင်ပွန်း မရှိသော်မူ ငါ၏အလုပ်အကျွေး ဖြစ်ထိုက်လှ၏။' ဟု ကြံ၏။...
'ငါသည် ဤလုလင်ပျို၏ အိမ်သူဖြစ်ရလျှင် စားကြွေ ဥစ္စာမပြား များပြွတ်တိုးတက် 'နိုင်ငြားစေလျက်
သူကြွယ်ကြီးဖြစ်ရအောင်လည်း စာတ်နိုင်ရာ၏။' ဟု ကြံ၏။...

www.burmeseclassic.com

# ဓမ္မောဿဝနေတ်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဌမ

မဟန္တ ဉာဏောဿဝ နိဗ္ဗိသံသံ၊ သဒ္ဓမ္မ သံဃပ္ပရိဝါရိတံ တံ။
မဟံ ဂရုံ ဉာဏုပိတံ နမံ မံ၊ တေဓဇ္ဇေ့ တေသံ နုဘာဝါ ပသံသံ။ ။
[ကုန္တဝဇိရာ ဥပေန္တဝဇိရာ ၂ပါးရောသော ဥပဇာတိဂါထာ။]

အဟံ၊ အကျွန်ုပ်သည်။ မဟန္တဉာဏောဿဝ နိဗ္ဗိသံသံ၊ အရှင်ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် ကဲလွန်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တည်းဟူသော သုဒ္ဓိနတ်ဆေးကို ရပြီးသည်ဖြစ်၍ ဝေနေယျတို့၏သန္တာန်၌ ကိလေသာတည်းဟူသော အဆိပ်အတောက်ကို ဖျောက်ပယ်ငြိမ်းအေး ပေးတော်မူလျက် အတုမရှိသောဂုဏ်ကျေးဇူး အပေါင်းတို့၏စုဝေးရာလည်း ဖြစ်တော်မူထသော။ 'သဒ္ဓမ္မသံဃပ္ပရိဝါရိတံ၊ သွာက္ခာတကတာ' အစရှိသော ဂုဏ်တော်တို့ဖြင့် ချီးမွမ်းအပ်သော ၁၀ ပါးသောတရားတော်, သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်တို့ဖြင့် ချီးမွမ်းအပ်သော ၈ယောက်သော ပရမတ္ထသံဃာတော်, သမ္မုတိသံဃာတော် သန့်ရှင်းစင်ကြယ်သော သာဝက ပရိသတ် မြတ်သောအခြံအရံလည်း ရှိတော်မူထသော။ တံ တာဒိသံ၊ ထိုသို့သောဂုဏ်ဖြင့် ၃ ဘုံမှန်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမံ–နမာမိ၊ ရိုသေစွာ ရှိခိုးပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍။ ဉာဏုပိတံ၊ ပရိယတ္တိဓမ္မ၌ ရွံ့ရှာခြင်းကင်းသော ဝိသာရဒဉာဏ်နှင့်လည်း ပြည့်စုံတော်မူထသော။ မဟံ–မဟန္တံ၊ စင်ကြယ်စွာသောပဋိပတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ ပူဇော်ထိုက်သော မဟာထေရ်ကြီးလည်း ဖြစ်တော်မူထသော။ ဝါ၊ မေ၊ အကျွန်ုပ်၏။ ဉာဏုပိတံ၊ အသိဉာဏ်ကိုလည်း ပျိုးစေတော်မူတတ်ထသော။ ဂရုံ၊ ကျေးဇူးရှင်ဆရာမြတ်ကိုလည်း။ နမံ–နမာမိ၊ ရိုသေစွာရှိခိုးပါ၏။ တေသံဗုဒ္ဓါဒိရတနဂရူနံ၊ ထို ရှိခိုးအပ်ပြီးသော ဘုရား, တရား, သံဃာ, ဆရာ ကျေးဇူးရှင်တို့၏။ အာနုဘာဝါ–သေဋ္ဌဗလာ၊ မြတ်သောအစွမ်း အာနုဘော်တော်တို့သည်။ မံ–မမ၊ အကျွန်ုပ်၏။ ဉာဏဗလံ၊ ဉာဏ်အစွမ်းကို။ ပသံသ–ပသံသန္တာ၊ ချီးမြှောက်တော်မူကုန်လျက်။ တေဓဇ္ဇေ့၊ မောဟမိစ္ဆာ စင်ခွာပယ်ဖျက် ထက်ကြောင်း သွေးတော်မူစေကုန်သတည်း။

ဤဂါထာ၌ မဟံ ဟူသော ပုဒ်, ဉာဏုပိတံ–ဟူသောပုဒ်တို့ကို အနက် ၂ နည်းပေးသည်ကား အဘိဓ္ဈပဒဝါကျ သိလေသနည်း ရသင့်သောကြောင့်ပေတည်း။ ၄ ပါဒတို့၏ အဆုံးအဆုံး၌ ၂လုံးသော အက္ခရာကို အစုံထား၍ ဖွဲ့အပ်သောကြောင့် ပါဒန္တက္ခရ ယမကဂါထာဟု အလင်္ကာနည်း ယူအပ်၏။ ဤဂါထာသည်– ရဝါကာသဂ္ဂိယုတ္တာပိ၊ မဟာသမ္ဗတ္တိ ကာရဟာန္တိ။ ။ဟူ၍ ဆန်းငွိကာလာသည်နှင့် အညီ နေနတ်သားစောင့်သော 'ဇ'ဂိုဏ်းနှင့် အာကာသစိုးနတ်သားစောင့်သော 'တ'ဂိုဏ်း မိတ်သဟာယချင်း ယှဉ်၍ ဖွဲ့အပ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မဟာသမ္မတ္တိကို ပြီးစေတတ်သောအားဖြင့် ရန်ဆူးရန်ငြောင့် နှောင့်ယှက်ပိတ်ပင်ခြင်း မရှိ၊ မငြိမတွယ်သွားတတ်သော သိကြားမင်း၏ ဝဇိရစိန်လက်နက်နှင့် တူသည်ဖြစ်၍ ဝဇိရဂါထာ ဟု ဝဏ္ဏောဒယဆရာ မှည့်အပ်၏။ 'ဇ'ဂိုဏ်းသည် ပုနဗ္ဗသျှုနက္ခတ်နှင့်ယှဉ်ရကား ဤဂါထာကိုဖွဲ့တတ်သော ဆရာ၏ လည်းကောင်း၊ ဖွဲ့အပ်သော နေ့၏လည်းကောင်း ထိုနက္ခတ်သည် ဝရစုတ် ကြိမ်သည်ဖြစ်၍ ကဗျာဗန္ဓ ဖွဲ့တတ်ကုန်သောကဝိတို့၏ ငြူစူနှောင့်ယှက်ခြင်းအပြစ်တို့မှ လွတ်စေခြင်းဟူလည်းကောင်း၊ ၁၁ လုံးဘွဲ့ဖြစ်၍ မတိုမရှည် ရှုတ်လွယ် ဖတ်လွယ်ခြင်း အကျိုးဟူလည်းကောင်း ဤ ဥပဇာတိဂါထာဖြင့် အာသီသပုဗ္ဗ ကန္တာရဗ္ဗကို ဆိုသတည်း။ ထိုဂါထာ၏ အတ္ထနယ, သဒ္ဒနယ, ဆန္ဒနယ စသည်တို့ကိုဆိုလျှင်ကား များစွာ၏။ စကားလိုရင်းကို မရောက်နိုင်သဖြင့် နားထောင်သူငြီးငွေ့၍ ကုသိုလ်မင်္ဂလာ သဒ္ဒါတရား မပွားအံ့စိုးသောကြောင့် မဆိုပြီ။]



www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူလျက် ရန်သူတကာတို့၏မာန်[၁]ကို ပယ်နှိမ့်ဖြတ်ချိုး၍ ၉ပါးသော အမြိုက်ရေဖြင့် ဝေနေယျ[၂]တို့အား သနားလေးမြတ် ဖျန်းဆွတ်ငြိမ်းဆေး ပေးတော်မူတတ်သော မြတ်စွာဘုရားသည် ကာသိတိုင်း[၃], ကောသလတိုင်း[၄]တို့၏အစွန်ဆက်ရာ မြို့ ရွာ ခရိုင် ၈ သောင်းတို့ဖြင့် တန်ဆာဆင်လျက် အစိရဝတီ[၅] မြစ်ကြီး၏နဖူး၌ အထူးထူးသော အသုံးအဆောင်တို့နှင့်ပြည့်စုံစွာ မြို့တွင်းမြို့ပြင်နေ အိမ်ခြေ ၅သန်း ၇သိန်းတို့ဖြင့်ပြည့်လျက် သာဝတ္ထိ[၆]အမည်ရှိသော ရာဇဌာနီ မင်းနေပြည်ကြီး၏မနီးမဝေး ကုလ ၄ဘာ ၅၀၀ ခန့်လောက် အနောက်တောင်ထောင့်ခပ်ယွန်း ဦးစွန်းသဖွယ်ဖြစ်သော မြေအချက်အချာ၌ အနာထပိဏ်[၇]သူဌေးကြီး ဆောက်လုပ်ကပ်လှူအပ်သော ဇေတဝန်[၈]ကျောင်းတော်၌ နေတော်မူသောအခါ ပညာပါရမီ[၉]တော်ကိုအကြောင်းပြု၍ 'ပဉ္စာလော သဗ္ဗသေနာယ' အစရှိသောဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဤ'မဟောသဓပဏ္ဍိတ' ဇာတ်တော်ကြီးကို ဟောတော်မူ၏။

အကြောင်းကား တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်အစည်းအဝေး ဖြစ်သောအခါ မြတ်စွာဘုရား၏ပညာတော်ကို ဤသို့ ချီးမွမ်းကြကုန်၏။

"အရှင်တို့။ လာခြင်းကောင်းသောမြတ်စွာဘုရားသည် ကြီးမြတ်သောမဟာပညာ, မြေကြီးအထုနှင့်တူသော ပုထုပညာ, ရွှင်လန်းသော ဟာသပညာ, လျင်မြန်သော ဇဝနပညာ, ဝဇီရစိန် လက်နက်ကဲ့သို့ ထက်မြက်လှစွာသော တိက္ခပညာ, ခဲခက်နက်နဲသော ဂမ္ဘီရပညာ, ယုံမှားသက်ာ မိစ္ဆာအထုံးအဖွဲ့ကိုဖြည်နိုင်သော နိဗ္ဗေဓိတပညာ, သူတစ်ပါးတို့၏မိစ္ဆာအယူကို နှိမ်နင်းနိုင်သော ပရပ္ပဝါဒမဒ္ဒန ပညာ ဤသို့သော ပညာတော်အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူ၏။ ထိုပညာတော်၏အစွမ်းဖြင့် ကူဋဒန္တ[၁၀]အစရှိသော ပုဏ္ဏား, သဘိယသစ္စက[၁၁]အစရှိသော ပရိဗိုဇ်[၁၂], အာဠဝက[၁၃]အစရှိသော ဘီလူး, သိကြား[၁၄]အစရှိသော နတ်, ဗက[၁၅]အစရှိသော ဗြဟ္မာ ဤသို့ လောက၌ထင်ရှားကုန်သော ပုဏ္ဏား, ပရိဗိုဇ်, ဘီလူး, နတ်, ဗြဟ္မာတို့၏မာန်စွယ်ကို နုတ်ပယ်ချိုးဖြတ်လျက် မြတ်သောအဆုံးအမတော်ကို ပေးသဖြင့် အဆိပ်အတောက်မရှိသည်ကို ပြုတော်မူ၏။ များစွာကုန်သော လူအပေါင်းတို့အားလည်း ရှင်ရဟန်းအဖြစ်ကို ပေးတော်မူ၍ မဂ်ဉာဏ်[၁၆],ဖိုလ်ဉာဏ်[၁၇]၌ တည်စေတော်မူ၏။ ဤသို့ ချီးမွမ်း၍မကုန်နိုင်သော ပညာရှိတော်မူ၏"ဟု နှစ်သက်ရွှင်လန်း ချီးမွမ်းလျက်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ "ရဟန်းတို့။ ယခု ငါလာတော်မူသောအခါ အဘယ်စကားဖြင့် သင်တို့ အစည်းအဝေးဖြစ်ကြကုန်သနည်း"ဟု မေးတော်မူ၏။ ရဟန်းတို့လည်း "အရှင်ဘုရား။ ကိုယ်တော်၏ပညာပါရမီတော်ကို ချီးမွမ်းကြပါကုန်သည်"ဟု လျှောက်လျှင်၊ မြတ်စွာဘုရားသည် "ရဟန်းတို့။ ယခုအခါကား ငါဘုရားသည် သဗ္ဗညုတဉာဏ်[၁၈]၏အထွတ်အမြတ်သို့ ရောက်ပြီးဖြစ်၍ ပညာတော်ကိုချီးမွမ်းခြင်း၌



www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ် မဖြစ်လွန်းသေး။ ရှေးပါရမီ မရင့်မီကာလ ဘဝကပင်လျှင် သဗ္ဗညုတဉာဏ်ကိုရှာသော ငါဘုရား၏ အလောင်းတော်သည် အလွန် ပညာရှိဖူးသည်သာ ဖြစ်၏"ဟု မိန့်တော်မူပြီးလျှင် ဖလသမာပတ်[၁၉]ကို ဝင်စားတော်မူလျက်နေ၏။ ထိုအခါ ရဟန်းတို့သည်

"ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော အရှင်ဘုရား။ ရှေးပါရမီ မရင့်မီကာလ ဘဝက ပညာရှိဖူးတော်မူသောအဖြစ်ကို ဖွင့်လှစ်ဟောကြားတော်မူပါမှ သတ္တဝါအပေါင်းတို့ ချမ်းသာကြောင်း ဖြစ်ပါမည်"ဟု လျှောက်ထားတောင်းပန်ကြလတ်သော်၊ မြတ်စွာဘုရားသည် အတိတ်ကိုဆောင်၍ ဤ မဟောသဓပဏ္ဍိတ ဇာတ်ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



# မဟောသဓ ဇာတ်တော်ကြီးဝတ္ထု

## ၁။ မဟောသဓ ဖွားတော်မူခန်း

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း[၂၀]မိထိလာပြည်[၂၁]၌ ဝေဒေဟ အမည်ရှိသောမင်းသည် မင်းပြု၏။

[ထိုမင်းသည် 'ဝေဒဟ'အမည်တွင်သည်ကား 'ဝိဒေဟော ဣဿရော ဝေဒေဟော'ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ ဝိဒေဟရာဇ်တိုင်းကို အစိုးရသောကြောင့် 'ဝေဒေဟ'ဟု အမည်တွင်သတည်း။]

ထိုဝိဒေဟရာဇ်မင်းကြီးအား အကျိုးအကြောင်း ကောင်း,မကောင်း ရာ, မရာကို ဆုံးမညွှန်ပြတတ်သော မင်းတိုင်ပင်အမတ်သုခမိန်ကား-သေနက အမည်ရှိသော အမတ်, ပက္ကုသ အမည်ရှိသောအမတ်, ကာမိန္ဒ အမည်ရှိသောအမတ်, ဒေဝိန္ဒ အမည်ရှိသောအမတ် ဟူ၍ သုခမိန်အမတ်ကြီး ၄ ယောက် ရှိ၏။

ထိုဝိဒေဟရာဇ်မြို့မှ မနီးမဝေး ၄ မျက်နှာအရပ်တို့၌ အရှေ့က ပါစီနယဝ မဇ္ဈိုင်းရွာ[၂၂], တောင်က ဒက္ခိဏယဝ မဇ္ဈိုင်းရွာ[၂၃], အနောက်က ပစ္ဆိမယဝ မဇ္ဈိုင်းရွာ[၂၄], မြောက်က ဥတ္တရယဝ မဇ္ဈိုင်းရွာ[၂၅]ဟူ၍ ညဉ့်နံ့နက်ဈေးသူဌေးသူကြွယ်, ကုန်သွယ်,လယ်လုပ် အုတ်အုတ်ကျက်ကျက်သောအိမ်ဈေးတို့ဖြင့်နေ၍ ပျော်ဖွယ်ဖြစ်သော ရွာကြီး ၄ ရွာတို့သည် ရှိကုန်၏။

ထို ရွာကြီး ၄ ရွာတို့တွင် မြို့မှ အရှေ့မျက်နှာ ပါစီနယဝမဇ္ဈိုင်းရွာ၌ သိရိဝမုန[၂၆]အမည်ရှိသော သူဌေးကြီးသည် သူဌေးငယ်, သူကြွယ်, ဆွေမျိုးများစွာတို့နှင့် ပြည့်စုံစွာနေ၏။ သူဌေးမကား သုမနဒေဝီ အမည်ရှိ၏။ ထိုအခါ ဘုရားလောင်းသည် တာဝတိံသာ[၂၇]နတ်ပြည်မှ စုတေခဲ့၍ သိရိဝမုနသူဌေးကြီး၏ မယား သုမနဒေဝီအမည်ရှိသော သူဌေးမဝမ်း၌ ပဋိသန္ဓေ[၂၈]ယူ၏။ ဘုရားလောင်းနတ်သားနှင့် တပေါင်းတဖော်တည်း ဖြစ်သော နတ်သား ၁၀၀၀ တို့သည်လည်း ဘုရားလောင်းနှင့်အတူပင်လျှင် တာဝတိံသာနတ်ပြည်မှ စုတေခဲ့၍ သိရိဝမုန သူဌေးကြီး၏ အပေါင်းအဖော် ဆွေတော်မျိုးစပ်ဖြစ်သော သူဌေးငယ်တို့၏အိမ်တို့၌ အသီးသီး ပဋိသန္ဓေ ယူကြကုန်၏။

ဘုရားလောင်း ပဋိသန္ဓေယူသည်နှင့် တစ်ပြိုင်နက်ပင်လျှင် ဝိဒေဟရာဇ်မင်းကြီး၏ ဤသို့သောအိပ်မက်မြင်မက်၏။

'မင်းအား ညီလာခံရာမြေအပြင်၌ပင်လျှင် ၄ ထောင့်သောအရပ်တို့၌ မြို့တံတိုင်းခန့်အမြင့်ရှိသော မီးပုံကြီး ၄ ပုံတို့သည် ထလတ်၍ တလျှပ်လျှပ်တထိန်ထိန် အရှိန်အဝါနှင့်တောက်ပကုန်၏။ ထို မီးပုံကြီး ၄ ခုတို့၏ အလယ်၌ပင်လျှင် ပိုးစုန်းကြူးခန့်ပမာဏရှိသော မီးပုံငယ်သည် ထလတ်ပြန်၍ အလျှံကဲမိုးသဲဖြင့် ထို မီးပုံကြီး ၄ ခုတို့ကိုလွှမ်းလျက် အထက်ဗြဟ္မာပြည်တိုင်အောင်တက်၍ စကြဝဠာတိုက်[၂၉]အလုံး၌ ဖုံးကွယ်တတ်သော အမိုက်မှောင်ကို အရောင်အဝါဖြင့်ပျောက်စေ၍ တောက်ပလျက်တည်၏။

www.burmeseclassic.com



'ထို မီးပုံငယ်သည် ကောင်းကင်၌ထွန်းလင်းပြီး၍ မြေသို့တစ်ဖန် ကျလတ်ပြန်သော် မုန်ညင်းသီး ပမာဏခန့်သာ ထင်၏။ နတ်ပြည် ၆ ထပ်၌ရှိကုန်သော နတ်ပရိသတ်, လူ့ပြည်၌ ရှိကုန်သော လူပရိသတ်အပေါင်းတို့သည်လည်း ထိုမီးပုံငယ်ကို ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၏။ မီးလျှံအတွင်း၌ လူအပေါင်းတို့သည် သွားလာကြကုန်၏။ ထို လူတို့သည်လည်း မွေးတွင်းမျှ ပူရှိန်သောမည်သည်ကို မရှိ။ ချမ်းငြိမ်းစွာလျှင် သွားလာကြကုန်၏။'

ဤသို့သော အိပ်မက်ကို မင်းကြီး မြင်မက်သတည်း။

ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့ အိပ်မက်ကို မြင်ပြီးလျှင် ကြောက်လန့်တကြားနိုးလတ်သဖြင့် ထ၍ 'ငါ့အား အဘယ်သို့ဖြစ်လတ္တံ့သည် မသိ'ဟု ကြံမိသောစိတ်ဖြင့် အိပ်မပျော်နိုင် ထိုင်လျက်ပင်လျှင် နေအရုဏ်တက်၍ ၄ ချက်တီးကျော်အချိန်ရှိလျှင် သုခမိန်အမတ်ကြီး ၄ယောက်တို့သည် ရှေ့နောက်အစဉ်သင့် မင်းခွင့်မင်းရေး မေးလျှောက်တိုင်ပင် ဆင်ခြင်စုံစမ်းမြဲအတိုင်း နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားကြလျက် "အရှင်မင်းကြီး။ ယနေ့ည၌ ကိုယ်စိတ်ချမ်းသာစွာ စက်တော်ခေါ်၍ ပျော်မွေ့ငြိမ်းအေးတော်မူပါ၏လော"ဟု သာရဏီယကထာ[၁၁] စကား လျှောက်ထားကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန်အမတ်ကြီးတို့။ ယနေ့ အဘယ်မှာ ချမ်းသာစွာအိပ်ရအံ့နည်း။ ဤသို့သော အိပ်မက်ကို ပြက်ပြက်ထင်ထင်ငါ မြင်မက်တော်မူ၏"ဟု မြင်မက်တိုင်းအလုံးစုံသော အိပ်မက်ကို သုခမိန်တို့အား ပြန်ကြားလေ၏။

ထိုအိပ်မက်ကိုကြားလျှင် သေနကသုခမိန်သည် ဤသို့ဖတ်၏။

"အရှင်မင်းကြီး။ မည်သည်ကိုမျှ စိုးရိမ်တော်မမူပါလင့်။ မြင်မက်သော အရှင်မင်းကြီး အိပ်မက်တော်သည် မင်္ဂလာ[၁၂]ရှိသော အိပ်မက်တည်း။ အရှင်မင်းကြီးအား များမြတ်သောစီးပွားချမ်းသာ ဘုန်းကျက်သရေတော် တိုးတက်ရာသောအကြောင်း ဖြစ်ပါသည်"ဟုလျှောက်၏။

"အရှိန်လျှံညီး မီးတောက်ကိုစင် မြင်မက်သည်ဖြစ်လျက် အဘယ်ကြောင့် ချမ်းသာရာဖြစ်မည်ဟု သင်ဖတ်သနည်း။ အကြောင်းအကျိုးစပ်၍ အတပ်သိသာအောင် ဖတ်လော့"ဟု မင်းကြီး ဆို၏။

သေနကသုခမိန်သည်

"အရှင်မင်းကြီး။ မီးတောက်မီးလျှံဟူသည်ကား ဉာဏ်ပညာ ဘုန်းကျက်သရေပင် ဖြစ်ပါသည်။ အိပ်မက်တော်၌ မီးပုံကြီး ၄ ပုံကို မြင်တော်မူသည်ကား အကျွန်ုပ်တို့ အမတ်ကြီးသုခမိန် ၄ ယောက်တို့သည် တိုင်းရေး, နိုင်ငံရေး, အရှင့်အရေးတော်တို့၌ မှေးယုက်မိုက်မှောင်ကင်းလျက် ထွန်းလင်းသောပညာဖြင့် စိပ်ဖြာ ခွဲခြမ်း ဝေဖန်စီရင်တတ်သော အမတ်ကြီးများ ဖြစ်ကြသည်နှင့်လျော်စွာ အကျွန်ုပ်တို့ သုခမိန် ၄ယောက်တို့ကိုရည်၍ မြင်မက်တော်မူပါသည်။ ထို မီးပုံကြီးတို့အလယ်၌ ပိုးစုန်းကြူးခန့် ပမာဏရှိသော မီးပုံငယ်ကို မြင်တော်မူသည်မှာ ပါရမီတော် ဘုန်းတော်ကြောင့် အသစ်ပညာရှိတစ်ယောက် ပေါ်ထွန်းမည့်အကြောင်း ဖြစ်ပါသည်။ ထိုပညာရှိသည် အကျွန်ုပ်တို့ သုခမိန် ၄ယောက်တို့ကိုလွှမ်း၍ နတ်နှင့်တကွသောလူ၏ အတုမရှိ, မိမိကျေးဇူး ပညာဂုဏ်ဖြင့် ကျော်စောထင်ရှားစွာဖြစ်မည်ကား မချွတ်ရာပြီ"ဟု အိပ်မက်ကို ဖတ်ကြားလျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးသည် သေနကသုခမိန်စကားကိုကြားလျှင် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့်

"အမတ်ကြီး သုခမိန်။ ယခု သင်ဖတ်သော ပညာရှိသုခမိန်သည် အဘယ်မှာရှိမည်နည်း"ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



သေနကအမတ်ကြီးသည် မိမိသင်အပ်သော ဗေဒင်ကျမ်း[၃၃], နေမိတ္တကကျမ်း[၃၄]တို့၌ ထွက်သည့်အတိုင်း နတ်မျက်စိကိုရသကဲ့သို့ မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်းမြင်၍ "အရှင်မင်းကြီး။ ယခု ဤပညာရှိသည် ပဋိသန္ဓေယူဆဲသော်လည်း ဖြစ်ရာသည်။ ဖွားဆဲသော်လည်း ဖြစ်ရာသည်"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုအိပ်မက် မြင်သည့်နေ့မှစ၍ သေနကအမတ်ကြီးစကားကိုသာလျှင် တစ်နေ့မပြတ် ငွအောက်မေ့လျက်နေ၏။

သုမနဒေဝီသူဌေးမသည်လည်း ကိုယ်ဝန်ဆောင်ခြင်းဖြင့် ၁၀ လ မြောက်လတ်သော် ဘုရားအလောင်းကို ဖွားမြင်၏။ ထိုဘုရားလောင်း ဖွားမြင်သောခဏ၌ပင်လျှင် သိကြားမင်းသည် လူ့ပြည်ကို ရှုကြည့်လတ်သော် ဘုရားလောင်းသတို့သား ဖွားမြင်သောအဖြစ်ကိုသိမြင်လတ်၍ 'သတို့သားဘုရားအညွန့်ကို နတ်နှင့်တကွသော လူ၌ ငါသည် ထင်ရှားစေခြင်းကို ပြုထိုက်လှ၏'ဟု မထင်ရှားသောကိုယ်ဖြင့် လာလတ်၍ ဘုရားလောင်းဖွားစ ခဏဝယ် တစ်ခုသောဆေးတုံးကို ဘုရားလောင်းသတို့သား၏ လက်ပေါ်၌ထားပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။

ဘုရားလောင်းသည် ထိုနတ်ဆေးတုံးကို လက်ဖြင့်ကိုင်ဆုပ်လျက် နေ၏။ မယ်တော် သုမနဒေဝီ၌လည်း တစ်ပါးသောသူတို့ကဲ့သို့ သားဖွားခြင်းဆင်းရဲသည် တစိုးတစိမျှ မရှိ။ ဓမကရိက်ရေစစ်[၃၅]မှထွက်သောရေကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ ချမ်းသာသဖြင့် ဖွား၏။ မယ်တော်သုမနဒေဝီသည် သတို့သားငယ်၏လက်၌ ဆေးတုံးကိုမြင်လျှင် "ချစ်သား။ အဘယ်မှ ရသနည်း"ဟုဆို၏။ ဘုရားလောင်းသတို့သားငယ်သည်

"မိခင်။ ဤကား နတ်ဆေးတုံးတည်း။ မိခင် ယူလော့။ တစ်စုံတစ်ခုသောအကြောင်းဖြင့် မကောင်းသော အနာရောက်၍ မပျောက်နိုင်ကုန်သောသူတို့အား ဤဆေးကိုသွေး၍ လိမ်းစေလော့"ဟုဆိုလျက် မယ်တော်လက်ပေါ်၌ ထား၏။ မယ်တော်သုမနဒေဝီလည်း ထိုအကြောင်းကို သူဌေးကြီးအား ဝမ်းမြောက်ဝမ်းသာ ပြော၏။

ထို သိရိဝဍ္ဍနသူဌေးကား ၇ နှစ်ရှိပြီးသော ဦးယဉ်းခေါင်းခဲနာသည် ရှိ၏။ သူဌေးကြီးသည် သုမနဒေဝီသူဌေးမ စကားကိုကြားလျှင် အလွန်ဝမ်းမြောက်ဝမ်းသာလျက် ဤ ငါ၏သားငယ်သည် အမိဝမ်းမှ ဖွားစကပင်လျှင် ဆေးတုံးကို ကိုင်၍ဖွား၏။ ဖွားပြီးလျှင်လည်း အမိနှင့် စကားပြော၏။ 'ဤ သို့သော အခြင်းအရာသည် သူတစ်ပါး ဘုန်းနည်းသောသူတို့၌ မဖြစ်ရာ။ ငါ့သားငယ်၏ပါရမီကြောင့် ဘုန်းတန်ခိုးကြီး ကုန်သော သူတို့သည် ဤဆေးတုံးကို ပေးသည်ဖြစ်ရာ၏။ ဤဆေးတုံးသည်လည်း အာနုဘော်[၃၆]ရှိရာ၏'ဟု ယုံကြည်သဖြင့် ထိုဆေးတုံးကို ကျောက်ပျဉ်၌သွေး၍ အတန်ငယ် မိမိနဖူးပြင်၌ လိမ်း၏။ ထို လိမ်းသောခဏ၌ပင်လျှင် ၇နှစ် စွဲရောက်၍ မပျောက်နိုင်သော ဦးယဉ်းခေါင်းခဲနာသည် ပဒုမ္မာကြာရွက်[၃၇]မှ လျှောကျသောရေပေါက်ကဲ့သို့ ပျောက်ကင်း လွတ်ငြိမ်းခြင်းသို့ ရောက်လေ၏။

သူဌေးကြီးသည် မိမိအနာပျောက်လျှင် 'ဤဆေးတုံးသည် အလွန်အာနုဘော်ရှိစွ'ဟု လွန်စွာနှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ ဘုရားလောင်းသတို့သား၏ ဆေးတုံးကိုကိုင်လျက်ဖွားသောအဖြစ်သည် ဖနပုဒ်[၃၈]မြို့ရွာ ၈ မျက်နှာသောအရပ်တို့၌ ကျော်စောထင်ရှားခြင်း ဖြစ်၏။ မည်သည့်အနာမဆို ခပ်သိမ်းကုန်သော လူအပေါင်းတို့သည် မိမိတို့၌ စွဲရောက်လျှင် သူဌေးကြီးအိမ်သို့သာ ဆေးတောင်းသွားကြကုန်၏။ သိရိဝဍ္ဍန သူဌေးကြီးသည်လည်း ထိုရောက်လာကုန်သော သူနာတို့အား ဆေးတုံးကို ကျောက်ပျဉ်၌သွေးပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



များစွာသောရေ၌ ဆေးရည်အငွေ့ အနံ့မျှ ဖျော်၍ပေး၏။ ထိုနတ်ဆေးကို အတန်ငယ်မျှ ရှူရ, လိမ်းရကုန်သော သူနာတို့သည် အနာမရှိ ပကတိသောကိုယ်အဖြစ်သို့ ရောက်သဖြင့် "သိရီဝမုနအမည်ရှိသော ရှင်သူဌေးအိမ်၌ ဆေးတုံးသည် အလွန်အာနုဘော်ရှိပေစွ"ဟု ဝမ်းမြောက်ဝမ်းသာ ချီးမွမ်း၍ သွားကြလေကုန်၏။

ဘုရားလောင်းသူဌေးသားအား အမည်မှည့်အံ့သောနေ့၌ ခမည်းတော်သူဌေးကြီးသည် 'ငါ့သားအား တစ်ပါးသောသားတို့မှာကဲ့သို့ အဘိုး၏အမည်စသည်ဖြင့် အမည် မမှည့်ထိုက်။ ဖွားစကာလ၌ ဆေးတုံးကိုကိုင်၍ ဖွားသောကြောင့် ထိုဆေး၏အမည်ဖြင့်ပင်လျှင် ငါ့သား၏အမည်ကိုဖြစ်စေအံ့'ဟု ကြံလျက်၊ 'မဟောသဓ'³⁹ သတို့သား ဟူသောအမည်ကို မှည့်၏။

သိရီဝမုနသူဌေးအား ဤသို့သောအကြံသည်လည်း ဖြစ်၏။ 'ငါ့သားသည် ဘုန်းအာနုဘော်ရှိသော သားတည်း။ တစ်ယောက်တည်းသာ ဖြစ်ရာသည်မဟုတ်။ ငါ့သားနှင့်အတူ ဖွားဖက်တော် သူငယ်တို့သည်လည်း ရှိရာ၏'ဟု အကြံဖြစ်၍ ရှုကြည့်မေးမြန်းစေသော် ၁၀၀၀ ကုန်သော သူဌေးသားတို့ကိုလည်း ဟောသဓသတို့သားနှင့် ဖွားဖက်တော်၏အဖြစ်ကိုသိပြီးလျှင် ထိုသတို့သားငယ် ၁၀၀၀ တို့အား အထိန်း တစ်ယောက်စီနှင့်တကွ ဆင်ရန် တန်ဆာအစုံပေး၍ "ငါ့သားမဟောသဓ၏ အခြံအရံအလုပ်အကျွေး သူငယ်ဖော် ဖြစ်စေကုန်လော့"ဟု သူငယ်ဖော် ၁၀၀၀ နှင့်တကွ ဘုရားလောင်းအား မင်္ဂလာရှိရာအရပ်၌ အတင့်အတယ် ခံခြင်းမင်္ဂလာကို ပြုစေ၏။ နေ့တိုင်းနေ့တိုင်း မဟောသဓသတို့သားကို တန်ဆာဆင်၍ ထိုမင်္ဂလာပြုရာအရပ်၌ ထား၏။ အထိန်းတို့သည်လည်း ဖွားဖက်ဖြစ်သော သူငယ် ၁၀၀၀ တို့ကို တန်ဆာဆင်၍ မဟောသဓ၏ အခြံအရံအလို့ငှာ ဆောင်ခဲ့ကြကုန်၏။

ဘုရားလောင်း မဟောသဓကုမာရ⁴⁰သူဌေးသားသည် ဤဖွားဖက်သူငယ်တော် ၁၀၀၀ တို့နှင့် ကစားရွှင်ပျော်လျက် ကြီးလတ်၍ ၇နှစ်အရွယ်သို့ရောက်လတ်သော် ရွှေဆင်းတုကဲ့သို့ ရှုချင်ဖွယ်သော အရောင်အဆင်းနှင့် ပြည့်စုံသည်ဖြစ်၏။ ဘုရားလောင်း မဟောသဓကုမာရ သူဌေးသားသည် ဖွား၍ ၇နှစ်မြောက်သောအခါ ရွာလယ်၌ ကစားရာဖြစ်သော မြေတလင်းသည် ဆင်, မြင်း, ကျွဲ, နွား သွားလာခြင်းဖြင့် ပျက်၏။ လေ နေပူ တံလျှပ်ခတ်သဖြင့်လည်း သတို့သားငယ်တို့သည် ပင်ပန်းကုန်၏။

တစ်နေ့သ၌ သူငယ်ဖော် ၁၀၀၀ တို့နှင့် ဘုရားလောင်းသည် ကစား၍ နေစဉ် တိမ်ထပ်,တိမ်လိပ် ရိပ်ညိုထစ်ကြိုး မိုးကြီးတက်လတ်သဖြင့် ဘုရားလောင်းသည် ဆင်ပြောင်ကြီး၏အားနှင့် တူသောအားဖြင့် လျှင်စွာပြေး၍ တစ်ဆောင်သောဇရပ်သို့ ဝင်၏။ ဖွားဖက်သူငယ်တော် ၁၀၀၀ တို့သည်လည်း ဘုရားလောင်း၏ နောက်မှ တစ်ယောက်ကိုတစ်ယောက် လွန်မြောက်အောင်မပြေးနိုင်ကြသဖြင့် အချင်းချင်းတိုက်မိ၍ ဦးစိုက်နောက်ပြန် နံစောင်တချို့ မြေ၌လဲခြင်းကြောင့် ဆောင့်မိသည်ဖြစ်၍ ပုဆစ်, ဒူး, နဖူး, တင်သား, ပါး, ကျော, နံရိုးစသည်တို့၌ ကွဲပြတ်စုတ်ရှ ပွန်းတီးခြင်းသို့ ရောက်ကုန်၏။



www.burmeseclassic.com

## ၂။ ဇရပ်ဆောက်ခန်း

ထိုအခါ ဘုရားလောင်းသည် ဤသို့သောအကြံ ဖြစ်၏။

'ငါတို့ပျော်ပါးကစားရာဖြစ်သော မြေတလင်းသည် ဆင်, မြင်း, ကျွဲ, နွား စသည် သွားလာခြင်းကြောင့် ဖြောင့်ခလုတ်သည် ထူထပ်၏။ လေ, နေပူ, တံလှပ်တို့ ခတ်သဖြင့်လည်း ငါတို့ ပင်ပန်းကုန်၏။ မိုးရွာသဖြင့်လည်း ရွံ့နှင့်မကင်း တလင်းမသန့် ပြန့်ပြန့်ပြူးပြူး မြူးထူးပျော်ပါး မကစားရသည်လည်း ဖြစ်ကုန်၏။ ထိုသို့ဖြစ်၍ ဤအရပ်၌ ကစားရန် ဇရပ်ဆောက်အံ့သောငှာ အပ်၏'ဟု ကြံပြီးလျှင်၊ ဖွားဖက်ရွှေဖော် သူငယ် ၁၀၀၀ တို့ကို

"အချင်းတို့။ ဤအရပ်၌ ငါတို့ ယခုကစားရသည်ကား မိုး, လေ, နေပူ, တံလှပ်လာလတ်သော် အလွန်ပင်ပန်းကြကုန်၏။ ထိုဘေးရန်အပေါင်းတို့ကို တားမြစ်စေခြင်းငှာ ငါတို့ကစားရာ ဇရပ်ဆောက်ရသော် ကောင်း၏။ ဇရပ်ဆောက်လုပ်ရန် တစ်ယောက်လျှင် အသပြာ တစ်ကျပ်စီ ဆောင်ယူစုပေါင်းကြလော့"ဟုဆို၏။

ဖွားဖက်တော် ၁၀၀၀ တို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မိမိတို့အိမ်မှ တစ်ကျပ်စီ ဆောင်ယူစုပေါင်းကြသဖြင့်၊ အသပြာ ၁၀၀၀ စုမိပြီးသော် ဘုရားလောင်းသည် ဗိသုကာမှူး အစီအရင်၌ ကျွမ်းကျင်လိမ္မာ ထင်ရှားစွာသော ဗိသုကာ ဆရာကြီးကိုခေါ်စေ၍၊ ရောက်လျှင် "ဆရာကြီး။ ဤအသပြာ ၁၀၀၀ ကိုအခပေးအံ့။ လက်ခဥစ္စာနှင့် တန်အောင် ဤအရပ်၌ ဇရပ်တစ်ဆောင်ကို ဆရာကြီးဆောက်လော့"ဟုဆို၍ အသပြာ ၁၀၀၀ကို လက်သမားကြီးအား ပေး၏။ ဗိသုကာကြီးလည်း "ကောင်းပြီ၊ ဆောက်အံ့"ဟု ဝန်ခံ၍ အသပြာ ၁၀၀၀ကို ယူပြီးလျှင် ဇရပ်ဆောက်ရာမြေအရပ်၌ ဆူးဖြောင့်ခလုတ်တို့ကို နုတ်ပယ်လျက် ညီညွတ်စွာညှိပြီးသော် မိမိတတ်သမျှသော ပညာအစွမ်းဖြင့် ဆန်းဆန်းကြယ်ကြယ် တင့်တယ်လျောက်ပတ်ကြောင်း ကောင်းစွာတံမျဉ်းကြိုးကိုခင်း၏။

မဟောသဓသေတို့သားသည် ဗိသုကာကြီး၏တံမျဉ်းကြိုးအခင်းကို မနှစ်သက်သည်ဖြစ်၍ "ဆရာကြီး။ ဤသို့ မခင်းလင့်။ အသစ်ပြင်၍ ခင်းဦးလော့"ဟုဆို၏။ လက်သမားကြီးလည်း "အရှင့်သား။ ဤတံမျဉ်းကြိုး အခင်းကား ကျွန်ုပ်တတ်သမျှ ပညာစွမ်းဖြင့်စီရင်အပ်သော အခင်းပင်ဖြစ်သည်။ ဤထက်လွန်၍ ဆန်းကြယ် လျောက်ပတ်သော အရာကို ကျွန်ုပ် မတတ်ပြီ"ဟု ဆို၏။

ထိုအခါ မဟောသဓသေတို့သားသည် "ဆရာကြီး။ ဤမျှလောက်သော ဗိသုကာအတတ်ဖြင့် ငါတို့ဥစ္စာ ၁၀၀၀ ကိုယူလျက် ဇရပ်ကိုဆောက်အံ့ဟု ဝန်ခံလေသည်။ အဘယ်သို့ သင် ဖြစ်အံ့နည်း"ဟု ဆိုပြီးလျှင်၊ "တံမျဉ်းကြိုးကို ယူချေ။ ငါ ခင်း၍ပေးအံ့"ဟု ဘုရားလောင်း အသစ်ပြင်၍ တံမျဉ်းကြိုးကိုခင်းပြန်၏။ ထိုအခင်းသည် ဝိသုကြံနတ်သားခင်းသကဲ့သို့ အဆန်းတကြယ် တင့်တယ်စွာဖြစ်၏။

ထိုသို့ တံမျဉ်းကြိုးခင်းပြီးသော် ဗိသုကာကြီးကို "ဆရာကြီး။ သင် ဤသို့ ခင်းနိုင်ပါအံ့လော"ဟုဆို၏။ ဗိသုကာကြီးလည်း "အရှင့်သား။ ကျွန်ုပ် မတတ်" ဟုဆိုလျှင်၊ ဘုရားလောင်းသည် ဤတစ်ခုတည်းသော ဇရပ်တွင်ပင်

"ဤအရပ်၌ ကိုးကွယ်ရာမရှိကုန်သော ခရီးသွားဧည့်သည်တို့၏ နေရာ ဖြစ်စေ။ ဤအရပ်၌ ကိုးကွယ်ရာမရှိကုန်သော ခရီးသွား ကိုယ်ဝန်ဆောင်မိန်းမတို့၏ သားဖွားရာ ဖြစ်စေ။ ဤအရပ်၌ အာဂန္တုက[၅၀]ဖြစ်သော ရဟန်း, ပုဏ္ဏားတို့၏နေရာ ဖြစ်စေ။ ဤအရပ်၌ ခရီးသွားလူဧည့်သည်တို့၏နေရာ ဖြစ်စေ။ ဤအရပ်၌ လှည်းကုန်သည် ခြေကုန်သည်တို့၏ ဘဏ္ဍာ[၅၁]ထားရာဖြစ်စေ။ ဤအရပ်၌ ငါတို့ကစားရာတလင်း ဖြစ်စေ၊ ဤအရပ်၌ တရားစီရင်ရာသဘင်ဖြစ်စေ"ဟု အလုံးစုံသောအရာတို့ဖြင့် ပြင်သို့ တံခါးဝထား၍သာလျှင် ၂ရက်, ၃ရက်ဖြင့်ပြီးအောင် ဗိသုကာကြီးကို ဆောက်လုပ်စေ၏။

www.burmeseclassic.com



ဇရပ်ဆောက်လုပ်ပြီးသော် ဆေးခြယ်, ဆေးရေးအတတ်၌ထင်ရှားကုန်သော ပန်းချီသမားတို့ကိုခေါ်၍ 'ဤအရပ်၌ ဤမည်သောဆေးဖြင့် ဤမည်သောအရုပ် ခြူးပန်း, ခြူးနွယ်, ပန်းအိ, ပန်းထပ်စသည်တို့ကိုထားလော့' ဟု ဘုရားလောင်းသည်သာလျှင်စီရင်၍ အလုံးစုံသောဇရပ်ကို ဆေးခြယ်စေ၏။ ထိုဇရပ်သည် တာဝတိံသာနတ်ပြည်၌ သုဓမ္မာ[၅၇]ဇရပ်ကဲ့သို့ လျောက်ပတ်ဆန်းကြယ် အလွန်တင့်တယ်စွာ ဖြစ်၏။ 'ဤသို့ ဆောက်လုပ် စီရင်ပြီးသောဇရပ်သည် ဤမျှဖြင့် မတင့်တယ်သေး။ ဇရပ်အနီး၌ ရေကန်ကြီးတစ်ခုတူးရသော် သာ၍ တင့်တယ်ဖွယ် ရှိသေး၏'ဟု ကြံလျက် ဘုရားလောင်းသည် ဇရပ် အနီး ၄ ထောင့်ကန်ကြီးကို တူးစေပြီးသော် ပန်းရန်အမှု၌ လိမ္မာသော ပန်းရန်ဆရာကြီးကိုခေါ်၍ ဘုရားလောင်းသည်သာလျှင် စီရင်လျက် အကောက် ၁၀၀၀, ရေဆိပ် ၁၀၀ရှိသော ရေကန်ကြီးကို ပြုစေ၏။ ထိုရေကန်သည် တာဝတိံသာနတ်ပြည်၌ ကြာမျိုး ၅ပါးတို့ဖြင့် လွှမ်းအပ်သော နန္ဒာရေကန်[၅၈]ကဲ့သို့ နှစ်လိုဖွယ်ဖြစ်၏။

ထိုရေကန်နား ထက်ဝန်းကျင်အရပ်တို့၌လည်း အသီးအပွင့်တို့ကို ဆောင်ကုန်သော သစ်ပင်တို့ကို စိုက်ပျိုးစေသဖြင့် ဥယျာဉ်ပြုစေ၏။ ထိုဥယျာဉ်သည် တာဝတိံသာနတ်ပြည်၌ နန္ဒဝန်ဥယျာဉ်[၅၉]ကဲ့သို့ နှလုံးမွေ့လျော်ပျော်ဖွယ်ရာဖြစ်၏။ ထိုဇရပ်သို့ရောက်လာကုန်သော တရားစောင့်သော ရဟန်း, ပုဏ္ဏားတို့အားလည်းကောင်း၊ ခရီးသည်ဖြစ်သော လူတို့အားလည်းကောင်း ထိုသူတို့နှင့်လျော်စွာသော ဒါနဝတ်[၆၀]ကိုလည်း ဖြစ်စေ၏။ ဤသို့စီရင်အပ်သော ဘုရားလောင်း၏ အမှုအရာ ကောင်းစွာသောဂုဏ်သတင်းသည် အရပ်ထက်ဝန်းကျင်တို့၌ ကျော်စောထင်ရှားသည်ဖြစ်၏။ ထိုထိုသို့သော ရွာ, နိဂုံး[၆၁], မြို့တို့၌ နေကုန်သော လူအပေါင်းတို့သည်လည်း ဇရပ်, ရေကန်, ဥယျာဉ်, သူဌေးသား၏အမှုအရာတို့ကို ကြည့်ရှုဖူးမြင်ခြင်းငှာ လာလတ်ကုန်၏။

ဘုရားလောင်းသည်လည်း ထိုဇရပ်၌နေလျက် ရောက်လာကုန်သောသူတို့အား အကြောင်းအကျိုးနှင့်စပ်သော စကားကိုလည်းကောင်း၊ သင့်သည်, မသင့်သည်ကိုလည်းကောင်း ကောင်းစွာ ဆုံးဖြတ်ပြောဟော၏။

ထိုအခါ ဝိဒေဟရာဇ်တိုင်းသည် ဘုရားပွင့်တော်မူသောအခါကဲ့သို့ များသောအားဖြင့် ဟုတ်မှန်သော တရားအကျင့် တို့၌သာ တည်ကုန်၏။

[ဤကား ဘုရားလောင်းမဟောသဓ သတို့သားသည် ၇ နှစ်အရွယ် ရောက်ဦးကပင်လျှင် ကောင်းသောပညာ ကျေးဇူးအထူးဖြစ်သည်ကို ဆိုသောစကားတည်း။]

## ၃။ အိပ်မက်အရ ပညာရှိကိုရှာခန်း

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ထိုအိပ်မက်မြင်သည်မှ ၇ နှစ်ရှိပြီးသော် ဤသို့ အကြံဖြစ်၏။ 'ငါ၏အမတ် သုခမိန် ၄ ယောက်တို့သည် မိမိတို့ကိုလွန်၍ ၅ယောက်မြောက်သော ပညာရှိသည် ပေါ်လတ္တံ့ဟု ငါ၏အိပ်မက်ကို ဖတ်ကြားလျှောက်ထားကြကုန်၏။ ထိုပညာရှိသည် ယခု အဘယ်အရပ်၌ ရှိလိမ့်အံ့နည်း'ဟု အောက်မေ့လျက် အမတ် ၄ ယောက်ကိုခေါ်၍၊ "ငါ၏အိပ်မက်ကို သုခမိန်အမတ်တို့က 'ပညာရှိပေါ်မည်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ကြားကြကုန်သည်။ သင်တို့ ယခုထိုသုခမိန်တို့ဖတ်သော ပညာရှိကို အရပ် ၄ မျက်နှာတို့၌ အသီးသီးရှာကြရမည်"ဟု တစ်ယောက်စီ တံခါး ၄ မျက်နှာတို့မှ စေလွှတ်လိုက်၏။

ထိုအမတ်ကြီး ၄ ယောက်တို့တွင် တောင်, မြောက်, အနောက် ၃မျက်နှာတို့၌ ရှာကုန်သော အမတ်တို့သည် ပညာရှိကို မတွေ့ကုန်။ အရှေ့တံခါးမှထွက်၍ ရှာသောအမတ်သည် ပါစီနယဝ မဗျွဂ့ုံးရွာအလယ်၌ ဘုရားလောင်းသည် စီရင်အပ်သော ဇရပ်ကိုမြင်လတ်သော် 'ဤဇရပ်ကို ဆောက်လုပ်စီရင်သော သူသည် မချွတ်လျှင် ပညာရှိဖြစ်လတ္တံ့'ဟု ကြံလျက်၊ "ဤဇရပ်ကို အဘယ်ဗိသုကာဆောက်သနည်း"ဟု မေး၏။

လူအပေါင်းတို့သည် "ဤဇရပ်ကို လက်သမားဗိသုကာတို့ ဆောက်လုပ်စီရင်သည် မဟုတ်။ သိရိဝဍ္ဎနသူဌေးကြီးသား မဟောသဓသုခမိန်သည် ဆရာအမှီမရှိဘဲ မိမိပညာအစွမ်းဖြင့် စီရင်အပ်သော ဇရပ်တည်း"ဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် အမတ်လည်း "မဟောသဓသုခမိန်သည် အဘယ်မျှနှစ်အရွယ် ရှိပြီနည်း"ဟု မေး၏။ ရွာသားတို့လည်း "မဟောသဓသုခမိန်သည် ယခု ဤလတွင် ၇နှစ် အသက်စေ့ပြီ"ဟု ဆိုကုန်၏။ ထိုစကားကိုကြားလျှင် အမတ်သည် မင်းကြီးအိပ်မက်သော နှစ်လရက်များကို မှတ်သားရသည်နှင့် လျှော်စွာ မင်းကြီးအိပ်မက်သည့် နေမှ ထိုလတိုင် နှစ် လ ရက် ပေါင်းကိုချင့်တွက်သော် သူဌေးသားအရွယ် အသက်နှင့် အိပ်မက်သည် နှစ် လ ညီကြသည်ဖြစ်၍ 'သုခမိန်ဟူသည်ကား ဤသတို့သားပင်တည်း'ဟု အတပ်သိပြီးသျှင် မိဘနေရပ် အတ္တုပ္ပတ္တိ"အသွယ်သွယ်နှင့် အရွယ်အသက်ကို လျှောက်ချက်တင်၍

"အရှင်မင်းကြီး။ ပါစီနယဝမဗျွဂ့ုံးရွာနေ သိရိဝဍ္ဎနသူဌေးကြီးသား မဟောသဓသုခမိန်အမည်ရှိသော သတို့သားငယ်သည် မည်သည့်နှစ်,လ,ရက်က ဖွား၍ ၇နှစ်အရွယ်မျှသာရှိသေးလျက် ဤသို့သဘောရှိသော ဇရပ်ကိုဆောက်ပြီးလျှင်၊ ဤသို့သော သဘောရှိသော ရေကန်, ဥယျာဉ်ကို မိမိပညာအစွမ်းဖြင့် စီရင်၏။ ထိုသတို့သားသည် အိပ်မက်တော်မှုသော နှစ်, လနှင့်ထောက်ချင့်သော် အညီပင်ဖြစ်၍ ဘုန်းတော်ကြောင့် ပေါ်ထွန်းလာသော ပညာရှိကေန် မှန်ပါသည်။ ယခု ဆောင်ယူတော်မူလျှင် သင့်မည်ထင်ပါသည်"ဟု မင်းချင်း တစ်ယောက်ကိုစေ၍ လျှောက်ထားစေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သဖြင့် သေနကသုခမိန်အမတ်ကြီးကို ခေါ်စေ၍ ထိုအကြောင်းကိုပြောဆိုပြီးလျှင် "ဆရာအမတ်ကြီး။ ထိုသုခမိန်ကို ယခု ဆောင်ယူရသော် ကောင်းမည်မဟုတ်လော"ဟု တိုင်ပင်မေးမြန်း၏။

သေနကအမတ်သည် ဝန်တိုပိတ်ပင်ခြင်း ရှိသည်ဖြစ်၍ "အရှင်မင်းကြီး။ ဤမျှလောက်သောဇရပ်ကို ဆောက်လုပ်စီရင်တတ်ကာမျှနှင့် သုခမိန် မမြောက်သေး။ ဤမျှလောက်သောဇရပ်ကို သူခပ်သိမ်းတို့ပင် စီရင်နိုင်သည်ချည်းဖြစ်၍ ချီးမြှောက်လောက်အောင် ဂုဏ်ကျေးဇူး မရှိ" ဟုဆို၏။

ဝိဒေဟရာဇ်မင်းကြီးလည်း သေနကအမတ်ကြီးစကားကိုကြားလျှင် 'ငါ၏အမတ်ကြီးသည် အကြောင်းထူးရှိသေးသောကြောင့် ဆိုသည်ဖြစ်မည်'ဟု သေနကအမတ်ကြီးစကားကို မပယ်ဘဲ ပါစီနယဝမဗျွဂ့ုံးရွာ၌ ဘုရားလောင်းကိုတွေ့သော အမတ်သို့သာလျှင် "သင်သည် ပါစီနယဝ မဗျွဂ့ုံးရွာ၌ နေလျက် မဟောသဓ သတို့သား၏ အမူအရာ ပညာရှိ, မရှိကို သိသာအောင် စူးစမ်းဆင်ခြင်လေဦး"ဟု မင်းချင်းတစ်ယောက်ကို စေလွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမတ်သည်လည်း မင်းကြီးစကားကိုကြားလျှင် ထိုပါစိနယဝမန္တုဂုံးရှာ၍နေလျက် ဘုရားလောင်း၏ အမူအရာပညာရှိ မရှိကို မပြတ်လျှင်စူးစမ်းဆင်ခြင်၏။

ထိုအမတ် စူးစမ်းဆင်ခြင်ရာ၌ ဤဆိုလတ္တံ့သည်ကား ဥဒါန်း[၆၆]အစဉ်တည်း။

'မံသံ ဂေါဓော ဂန္ဓိသုတ္တံ၊ ပုတ္တံ ဂေါတော ရထေနစ။

ဒဏ္ဍော သီသံ အဟိ စေဝ၊ ကုက္ကုဋော မဏိ ဝိဇာယနံ။

ဩဒနံ ဝါလုကဉ္စပိ၊ တဠာကုယျာန ဂဒြဘော မဏိတိ။ ။'

မံသဉ္စ၊ အမဲတရား လည်းကောင်း။ ဂေါဓောစ၊ နွားတရား လည်းကောင်း။ ဂန္ဓိ စ၊ လည်ရွဲတရား လည်းကောင်း။ သုတ္တဉ္စ၊ ချည်တွေးတရား လည်းကောင်း။ ပုတ္တဉ္စ၊ သားတရား လည်းကောင်း။ ဂေါတောစ၊ ဂေါတကာလ၏ မယားခိုးတရား လည်းကောင်း။ ရထေနစ၊ ရထားလုတရား လည်းကောင်း။ ဒဏ္ဍောစ၊ ရှားလုံတံပြဿနာ လည်းကောင်း။ သီသဉ္စ၊ ဦးခေါင်းခွဲပြဿနာ လည်းကောင်း။ အဟိစေဝ၊ မြွေပြဿနာ လည်းကောင်း။ ကုက္ကုဋောစ၊ ကြက်ပြဿနာ လည်းကောင်း။ မဏိစ၊ ပတ္တမြားပြဿနာ လည်းကောင်း။ ဇာယနဉ္စ၊ သားဖွားပြဿနာ လည်းကောင်း။ ဩဒနဉ္စ၊ ထမင်းပြဿနာ လည်းကောင်း။ ဝါလုကဉ္စပိ၊ သဲလွန်ပြဿနာ လည်းကောင်း။ တဠကဉ္စ၊ ရေကန်ပြဿနာလည်းကောင်း။ ဥယျာနဉ္စ၊ ဥယျာဉ်ပြဿနာ လည်းကောင်း။ ဂဒြဘောစ။ မြည်းပြဿနာ လည်းကောင်း။ မဏိစ၊ ပတ္တမြားကိုထုတ်ယူခြင်း လည်းကောင်း။ ဣတိဣဒံ၊ ဤ ၁၉ပါးသည်ကား။ ဝီမံသနဒါနံ၊ ပညာရှိလက္ခဏာကို စူးစမ်းခြင်းအကြောင်းတည်း။

## ၄။ အမဲသားတစ်ကို ချစေခန်း

ဤ ၁၉ပါးသော ဥဒါန်းအစဉ်တို့တွင် 'အမဲဟင်းမျိုးကို ဆောင်ယူခြင်းဟူသည် အဘယ်နည်း'ဟူမူကား

တစ်နေ့သ၌ မဟောသဓသတို့သားသည် ဖွားဖက်ဓိရွှေဖော် ၁၀၀၀ ခြံရံလျက် ကစားရာဇရပ်အတွင်း မြေတလင်းသို့ သွားလေသည်ရှိသော် စွန်ရဲတစ်ကောင်သည် ဈေးမှ အမဲသားတစ်တစ်ခုကိုချီလျက် ပျံလာသည်ကို မြင်ကြလေလျှင် ဖွားဖက်ရွှေဖော် ၁၀၀၀ တို့သည် ထိုသားတစ်ကို ချစိမ့်သောငှာ လိုက်ကြကုန်၏။ စွန်သည်လည်း အောက်က သူငယ်များ ဟစ်ကြွေးသောအသံဖြင့် ရွံ့ကြောက်၍ တောင်မြောက်လူးလာ ဘယ်ညာယုက်တင် ကောင်းကင်သို့ ပျံ၍ပြေး၏။ သူငယ်တို့သည်လည်း စွန်ကိုမျှော်ကြည့်လျက်လိုက်ခြင်းကြောင့် တွင်း၊ ချောက်၊ ခလုတ်စသည်တို့၌ ချော်၍လဲသဖြင့် ပင်ပန်းကြကုန်၏။

ထိုအခါ မဟောသဓသခမိန်သည် "အချင်းတို့။ ထိုစွန်ချီသောသားတစ်ကို ယခုပင် ချစေအံ့။ သင်တို့ မြင်လိုကြသလော"ဟု ဆို၏။ ဖွားဖက်ရွှေဖော်အပေါင်းတို့လည်း "အရှင့်သား။ မြင်လိုပါသည်"ဟု ဆိုကြလတ်သော် "ထိုသို့တပြီးကား သင်တို့ရှုကြကုန်လော့"ဟုဆို၍ ဘုရားလောင်းသည် ကောင်းကင်သို့မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လေ၏လျှင်ခြင်းဖြင့် လျှင်စွာပြေးလတ်ပြီးလျှင် စွန်၏အရိပ်ကိုနင်းလျက် လက်ခုပ်တီး၍ ပြင်းစွာသောအသံဖြင့် ဟစ်၏။ ထို ဟစ်သောအသံသည် ဘုရားလောင်း၏အာနုဘော်ကြောင့် စွန်၏ရင်တွင်း၌နေ၍ ဟစ်သကဲ့သို့ တစ်တစ်ချင်ချင် ကောင်းကင်သို့ ဝုန်တက်လျက် စွန်ငှက်၏ နားပွင့်အံ့သကဲ့သို့ဖြစ်၏ စွန်သည် ဘုရားလောင်း၏ အသံဖြင့် ရွံ့ကြောက်ခြင်းဖြစ်၍ သားတစ်ကို လွှတ်၏။ ဘုရားလောင်းသည် ကောင်းကင်သို့ မမျှော်မကြည့်ဘဲ သာလျှင် သားတစ်ကျလာသော အဖြစ်ကိုသိ၍ မြေသို့မကျစေရ၊ လက်ဖြင့် သားတစ်ကို ခံလင့်၏။ ထိုသို့သော အခြင်းအရာကို များစွာကုန်သော လူပရိသတ်အပေါင်းတို့သည် မြင်ကြလတ်သော ရင်သပ်ရှုမော သောသော အုတ်အုတ်ရုတ်ရုတ်သဲသဲ အံ့အဲချီးမွမ်း လက်ပန်းပေါက်ခတ်လျက် လက်ဖျစ်ရိုက်တီး ငြီးငြီးသံလေး ဟစ်ကြွေးကျူးကျော်ကြကုန်၏။

[ဤသည်ကား ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ ရှေးဦးစွာဖြစ်ခြင်းတည်း။]

ဤသို့သောအခြင်းအရာကို ရှုမျှော်စောင့်နေရသော အမတ်သည် အတပ်သိလေသော်၊ အလုံးစုံသော အခြင်းအရာကို လျှောက်စာတင်၍ လုလင်မင်းချင်းတစ်ယောက်ကို အလျှောက်အထား မင်းကြီးထံသို့ စေလိုက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် သေနကအမတ်ကြီးကိုခေါ်၍ "ဆရာအမတ်ကြီး။ မဟောသဓ သူခမိန်ကို သိမ်းဆောင်ချိန် အခွင့်တော်သင့်ပြီမဟုတ်လော"ဟု မေးတော်မူ၏။ ဝိဒေဟရာဇ်မင်းကြီး တိုင်ပင်သော စကားကို သေနကအမတ်ကြီးကြားလျှင် ဤသို့ အကြံဖြစ်၏။ 'မဟောသဓသတို့သားသည် ဤနန်းတော်သို့ ရောက်သည်ရှိသော် ထိုသူရောက်သောအခါမှစ၍ ငါတို့ပညာ ကျေးဇူးဂုဏ်သည် တစ်စုံတစ်ခုသောအခွင့်တွင်မျှ မပွင့်မလန်း ညှိုးနွမ်းယုတ်လျော့စွာ အရာမဝင်သည် ဖြစ်လတ္တံ့။ မင်းကြီးသည်လည်း ထိုမဟောသဓ ရောက်သည်ရှိသော် ငါတို့ရှိမှန်းကိုမျှ မသိလတ္တံ့။ ထို့ကြောင့် မဟောသဓကို မသိမ်းမဆောင်စေခြင်းငှာ မင်းအား လျှောက်ကြားအံ့'ဟု လာဘ်ပူဇော်သက္ကာ ဂုဏ်ပညာတို့၌ ဝန်တိုခြင်းဖြင့် "အရှင်မင်းကြီး။ ဤ စွန်ချီသောသားတစ်ကို ချစေနိုင်ခြင်းသည် အနည်းငယ်မျှသာတည်း။ ဤမျှလောက်သော အခြင်းအရာဖြင့် ပညာရှိသူခမိန် မခန့်လောက်သေး။ ဆင်ခြင်တော်မူဦးလော့"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးစကားကိုကြားလျှင် စိတ်လျစ်လျူဖြစ်ပြန်၍ တစ်ဖန် အမတ်ထံသို့ 'မဟောသဓ သတို့သားကို စုံစမ်းလေဦး'ဟု စေလိုက်ပြန်၏။

## ၅။ နွားတရား စီရင်ခန်း

နွားတရားဟူသည်ကား ပါစီနယဝ မရွှေကုံးရွာသားတစ်ယောက်သည် မိုးကျလျှင် လယ်လုပ်အံ့ဟု ရွာတစ်ပါးမှ နွားတစ်ရှဉ်းကိုဝယ်၍ မိမိအိမ်သို့ ဆောင်ယူခဲ့၏။ မိုးသောက်သောနေ့၌ ထိုနွားတစ်ရှဉ်းကို မြက်ကောင်းရာ အရပ်သို့သွား၍ နွားကျောက်ကုန်းပေါ်၌စီးလျက် ကျောင်းပြီးလျှင် ညောင်းညာဝိုက်မျဉ်းသည်ဖြစ်၍ နွားပေါ်မှဆင်းပြီးသော် အရိပ်ကောင်းသောသစ်ပင်အောက်၌ အိပ်၏။ ထိုနွားရှင် အိပ်ပျော်စဉ်



www.burmeseclassic.com

www.burmeseclassic.com



သူခိုးတစ်ယောက်သည်လာလတ်၍ ထိုနွားတစ်ရှဉ်းကို ခိုးဆောင်ပြေးလေ၏။ နွားရှင်နိုး၍ နွားကိုကြည့်လျှင် မမြင်သဖြင့် ထိုမှဤမှ မျှော်ကြည့်လတ်သော် သူခိုးဆောင်ယူပြေးသွားသည်ကို မြင်၍ လျင်စွာလိုက်လျက် မီလတ်သော်

"သင် အဘယ့်ကြောင့် ငါ့နွားတစ်ရှဉ်းကို ခိုးယူသနည်း"ဟုဆို၏။ ထိုစကားကိုကြားလျှင် နွားခိုးသည် "ဟယ်-ယောကျ်ား။ နင် ဘယ်က လူနည်း။ နှုတ်ရှိန်းစော်ကား မပြောငြားနှင့်။ ငါ့နွားကို ငါ လိုရာဆောင်သွားမည်။ ငါ့အားအဘယ့်ကြောင့် သူခိုးဟု ယိုးစွပ်ဘိသနည်း"ဟု ဆို၏။ ဤသို့ နွားရှင်, နွားခိုးတို့သည် ငြင်းခုံကြလျက် ပါစီနယဝ မစ္ဆုဂုံးရွာသို့ ရောက်လာကုန်သဖြင့် လူအပေါင်းတို့သည် ထိုသူ ၂ယောက်တို့ ခိုက်ရန်စကားကို နားထောင်ကြည့်ရှုအံ့သောငှာ လာကြကုန်၍ အုတ်အုတ်ကျက်ကျက်ဖြစ်၏။

ထိုအသံကို မဟောသဓသုခမိန် ကြားလေသော် "ငါ၏ဇရပ်တံခါးဝ လမ်းမခရီး၌ အဘယ့်ကြောင့် ဤသူ ၂ ယောက်တို့ အငြင်းအခုံ ဖြစ်ကြသနည်း။ ထိုသူ ၂ ယောက်တို့ကို ခေါ်စေ"၍ နွားရှင်နှင့် နွားခိုးတို့ရောက်လျှင် ထိုသူ ၂ ယောက်တို့၏ အမူအရာလက္ခဏာကို ဆင်ခြင်ထောက်ရှု၍ 'ဤသူကား နွားရှင်၊ ဤသူကား နွားခိုးတည်း'ဟု အတပ်အမှန် သိငြားသော်လည်း၊ 'သူတစ်ပါးလည်း ထင်ရှားစွာသိမှ အဂတိသို့ မငြိမစောင်း ကောင်းစွာအစီအရင် ထင်ရှားသည်ဖြစ်၍ အပြစ်တင်လွှတ်ရာချေသည်'ဟုကြံလျက် "သင်တို့ ၂ ယောက် အဘယ်ကြောင့် အငြင်းအခုံ ဖြစ်ကြသနည်း"ဟုမေး၏။ နွားရှင်က ရှေးဦးစွာ

"အရှင့်သား။ ဤမည်သောရွာနေ ဤမည်သောသူ၏လက်မှ ဤနွားတစ်ရှဉ်းကို ဤမျှအဖိုးနှင့်ဝယ်ခဲ့၍ အိမ်၌ တစ်ညဉ့်မျှသာ ရှိပါသေးသည်။ ထိုဝယ်သည့်နောက် ယခုနေ့ မိုးသောက်ထ နံနက်ကပင် မည်သည့်အရပ် မြက်ကောင်းရာ၌ နွားတစ်ရှဉ်းကိုလွှတ်ကျောင်း၍ အရိပ်ကောင်းရာ အကျွန်ုပ်အိပ်ပျော်ငိုက်မျဉ်းစဉ် ဤသူသည် ကျွန်ုပ်နွားတစ်ရှဉ်းကို ခိုးယူဆောင်သွားသည့်နောက် အိပ်ရာမှနိုး၍ ကျွန်ုပ်ကြည့်မျှော်လျှင် ဤမသူတော် ခိုးသူယူသွားသည်ကိုမြင်သဖြင့် လျင်စွာ ကျွန်ုပ်လိုက်နိုင်သောကြောင့်သာ ဤနွားခိုးကို ဘဏ္ဍာနွားတစ်ရှဉ်းနှင့် လက်ပူးလက်ကြပ်မိပါသည်။ အကျွန်ုပ်စကားကို အရှင့်သား ယုံတော်မမူပါလျှင် ဤနွားတစ်ရှဉ်းကို ဝယ်ရာ ရွာသား မည်သူ မည်သူတို့ အသိအရှိ အမြင်အကြားဖြစ်ပါသည်။ ထို သိ,ကြားသူတို့ခေါ်၍ စစ်မေးတော်မူလျှင် စီရင်သာအောင် သိရပါလိမ့်မည်"ဟု ဆို၏။

မဟောသဓသုခမိန်သည် ထိုစကားကိုကြားလျှင် နွားခိုးကို "အချင်းယောကျ်ား။ တစ်ဦးက စကားကုန်ခန်းအောင် သက်သေနှင့်တကွ ဆိုပြီ။ သင်က ဟုတ်မှန်တိုင်းကို ဆိုလော့"ဟုဆို၏။ နွားခိုးသည်

"အရှင့်သား။ အကျွန်ုပ်ခြံပေါက် ဤနွားတစ်ရှဉ်းကို ကျွန်ုပ်လိုရာအရပ်သို့ ဆောင်သွားပါစဉ် ဤသူသည် အနိုင်အထက် မင်းမျက်မင်းဒဏ်သင့်အောင် အခွင့်မဟုတ်ဘဲ ကျွန်ုပ်ကို နွားခိုးဟုယိုးစွပ်၍ မအပ်မရာ ပြုကျင့်သည့် အမှုသာ ဖြစ်ပါသည်။ ထိုသူ့နွား မဟုတ်"ဟု ဆို၏။

ဤသို့ အမှုသည် ၂ဦး၏စကားကိုကြားလျှင် ဘုရားလောင်းသည် ထိုသူတို့အမှုတရား မပွားများရအောင် ဟုတ်မှန်တိုင်းစီရင်လို၍

"သင်တို့ ၂ ယောက် ငါ ကောက်ယူဆုံးဖြတ်ချက်ကို နှစ်သက်စွာပြီးကြမည်လော"ဟု မေး၏။

"အရှင့်သား။ ပြီးပါမည်"ဟု အမှုသည် ၂ ဦးဆိုလျှင် ဇရပ်တွင်ရှိသမျှပရိသတ်တို့အား ထင်ရှားစွာ ဖြစ်စေခြင်းငှာ ဤသို့ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"သင်တို့စကား ၂ရပ်ပင် လက်သပ်မကွာ မွေးကျွေး၍ထားသောနွားဖြစ်ဟန် အမှန်အတပ် ဆိုကြပေသည်တွင် တရားသူကြီးတို့ဆင်ခြင်ရန် စကားမကုန်သေးသည်ဖြစ်၍ မဆုံးမဖြတ်သာသေး။ စစ်မေးရဦးမည်။ သင်တို့ ဟုတ်မှန်တိုင်း ပြောလော့"ဟု ဆိုပြီးလျှင်၊ ခိုးသူကို ရှေးဦးစွာ "အချင်းယောကျာ်း။ ဤနွားတစ်ရှဉ်းကို သင့်ခြံပေါက်ဖြစ်သည် ဟု ဆိုပြီ။ အဘယ်အစာကို အသင် ကျွေးမွေးသနည်း"ဟု မေး၏။ နွားခိုးသည်

"အရှင့်သား။ နှမ်းဖတ်နှင့် ပဲမှော်ကိုသာ စားစေလျက် ရက်မန်းရည် ယာဂုကိုသာ သောက်စေ၏" ဟု ဆို၏။ ထို့နောက် နွားရှင်ကို မေးပြန်လျှင်

"အရှင့်သား။ အကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ အလွန်ဆင်းရဲ၏။ အဘယ်မှာ ယာဂု ရနိုင်ပါမည်နည်း။ မြက်ကိုသာ ကျွေးရ၏"ဟု ဆို၏။

ထိုသူ ၂ယောက်တို့စကားကို အလုံးစုံသောပရိသတ်အပေါင်းတို့အား မှတ်သားစေပြီးသော် ဘုရားလောင်းသည် သျှိသျှားရွက်ကို ဆောင်ယူစေပြီးလျှင် ညက်စွာထောင်းပြီးမှ ရေနှင့်ဖျော်၍ နွားတစ်ရှဉ်းကို တိုက်စေ၏။ ထိုအခါ နွားတို့သည် ဝမ်းသက်ကုန်လတ်သော် မြက်ဖတ်သာလျှင် ပါကုန်၏။

ဘုရားလောင်းသည် လူအပေါင်းတို့အား "သင်တို့ ဤနွားချေးကို ရှုကြကုန်လော့"ဟု ပြပြီးလျှင်၊ သူခိုးကို "အချင်းယောကျာ်း။ 'သင့်နွားကား နွားခိုး မဟုတ်။ သင့်နွားကကား နွားခိုးဖြစ်သည်'ဟု ယခု ပရိသတ်အလယ်၌ အထင်အရှားပြ၍ ရှိချေပြီ။ သင် နွားခိုးဟုတ်၏လော, မဟုတ်၏လော"ဟုမေး၏။

ခိုးသူလည်း လွှဲဖယ်၍ မပြောသာရကား "အရှင့်သား။ ခိုးမိချေ၏"ဟု ဝန်ခံ၏။

ထိုအခါ ဘုရားလောင်းသည် "အချင်းယောကျာ်း။ အရှေ့မဇ္ဈိုလ်ရွာ၌ သူဌေးကြီးသား မဟောသဓသည် သူတစ်ပါးတို့ လျှို့ဝှက်သောအမှုကို တစ်စုမကျန် ဉာဏ်အစွမ်းဖြင့် သိမြင်တတ်သည်ဟူ၍ သင် မကြားဘူးသလော။ မုသာဝါဒ[၃၇]ကို အဘယ့်ကြောင့် သင်ပြောဆိုသနည်း။ ယနေ့မှစ၍ အသက်ရှည်သော ကာလပတ်လုံး ဤကဲ့သို့အမှုကို ပြုကျင့်မည် မကြံလေနှင့်"ဟုဆုံးမ၏။

ဘုရားလောင်း ဖွားဖက်ရွှေဖော် ၁၀၀၀ တို့သည် ထို နွားခိုးသောယောကျာ်းကို ခြေဖြင့် ယမ်းခတ်ခြင်း, လက်ဖြင့် ထောင်းထုခြင်းဖြင့် တစ်သက်လုံးအရှက်ရအောင် နာကျင်စွာ ဒဏ်ပေးကြကုန်၏။ ဘုရားလောင်းသည် သူငယ်ဖော်တို့ ထောင်းခတ်၍ မှတ်လောက်အောင် ထိုသူနာကျင်ပြီးသော် သူငယ်ရွှေဖော်များကို တားမြစ်၍ ထိုနွားခိုးအား "အချင်းယောကျာ်း။ သင်သည် သူ့ဥစ္စာကို ခိုးယူခြင်းအပြစ်ကြောင့် မသေမီကပင် နာကျင်ပြင်းပြစွာသော ဆင်းရဲကို ခံရပြီ။ သေလွန်သည်ရှိသော်ကား ယခုခံရသော ဆင်းရဲထက် အဆ အထောင် အသောင်းမက ပြင်းပြပူပန်စွာ ၄ ဖြာသောအပါယ်[၃၈]၌ ကိုးကွယ်ရာမရ ဒုက္ခမလွဲ ဆင်းရဲကို ခံရလတ္တံ့။ အပါယ်ဆင်းရဲကို သင် ဆင်ခြင်ကြောက်လန့်လျက် အသက်ထက်ဆုံး ဤကဲ့သို့သောအမှုကို ယခုငါ့ထံက စွန့်ပစ်၍ အသစ်တရား ၅ ပါးသောသီလ၌ နေ့ည တည်စေလော့"ဟု ပဥ္စင်္ဂသီလ[၃၉]ဖြင့် အဆုံးအမ ပေးလိုက်၏။

ထိုအခါ ဘုရားလောင်းကို စုံစမ်းလျက်နေသောအမတ်သည် ထိုအကြောင်းကိုသိလျှင် ရှေးနည်းဖြင့် အလုံးစုံကို စာတင်၍ ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ကြားစေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားသော် သေနကအမတ်ကြီးကိုခေါ်၍ အလုံးစုံကို ပြန်ကြားပြီးလျှင် ဆရာအမတ်ကြီး မဟောသဓသုခမိန်ကို ဆောင်ယူချိန် အခွင့်သင့်ပြီမဟုတ်လောဟု မေးမြန်းတိုင်ပင်၏။ သေနကအမတ် သုခမိန်သည်



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ တရားစီရင်ရာ လွှတ်သဘင်၌ အမတ်တရားသူကြီးတို့သည် မပြတ်လျှင် ခိုးမှုယိုးမှု အစုစုပေါ်ပေါက်လာသည့် တရားကိုပင် ဆင်ခြင်မျှော်ရှုလျက် အမှုသည်တို့ လျှို့ဝှက်ကုန်ငြားသော်လည်း သိသာအောင် စစ်ဆေးမေးမြန်း၍ တရားလမ်းရိုး ရှိတိုင်း စီရင်နိုင်ကြသည်ချည်းပင် ဖြစ်ပါသည်။ ထိုမှသွားတရားကို စီရင်နိုင်ကာမျှနှင့် သုခမိန်မခေါ်လောက်သေးဖြစ်၍ ငုံလင့်နေတော်မူဦးလော့"ဟု လျှောက်၏။

သေနကအမတ်ကြီးစကားကို ကြားလျှင် မင်းကြီးသည် လျစ်လျူဖြစ်ပြန်၍၊ တစ်ဖန် အမတ်ထံသို့ "စုံစမ်းလေဦး" ဟု စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းသောမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။

၆။ လည်ရွဲတရား စီရင်ခန်း

လည်ရွဲတရားဟူသည်ကား သူဆင်းရဲမတစ်ယောက်သည် ကြွယ်ဝသောမိန်းမများကဲ့သို့ ရွှေငွေကျောက်မျက် ခြယ်လှယ်အပ်သော လည်ရွဲဘယက်တို့ကို မဆင်ရသဖြင့် အနီ, အဝါ, အပြာ, အစိမ်း စသောချည်မျိုးတို့ဖြင့် ထိုးချုပ်စီရင်အပ်သော ချည်လည်ရွဲကိုသာ ဆင်ရ၏။ ထိုမိန်းမသည် ထိုချည်လည်ရွဲကို လည်မှချွတ်၍ အပေါ်ရုံအင်္ကျီတဘက်ပေါ်၌ ထားပြီးလျှင် ဘုရားလောင်းစီရင်အပ်သော ရေကန်သို့ ရေချိုးအံ့သောငှာ ဆင်းသက်လတ်သော် မိန်းမငယ်တစ်ယောက်သည် ထိုလည်ရွဲကိုမြင်၍ လိုချင်သောစိတ်ဖြင့် ထိုလည်ရွဲကို အင်္ကျီတဘက်ပေါ်မှ ကောက်ယူပြီးလျှင် "အမယ်။ ဤလည်ရွဲသည် အလွန် တင့်တယ်လျောက်ပတ်၏။ အဘယ်မျှ ချည်ကုန်သနည်း။ ဤလည်ရွဲကဲ့သို့ ကျွန်ုပ်လည်း ထိုးချုပ်ချင်ပါသည်"ဟုဆိုလျက် လည်၌စွပ်ပြီးသော် "ခဏမျှ အတုယူပါရစေ"ဟု ဆို၏။ လည်ရွဲရှင်မိန်းမလည်း သဘောဖြောင့်ဖြောင့်ဆိုသည်ထင်၍ "ကောင်းပြီ၊ ကြည့်ပါလော့"ဟုဆိုလတ်လျှင် ထိုမိန်းမငယ်သည် လည်ရွဲကိုဆင်၍ လျင်စွာပြေးလေ၏။

ထိုလည်ရွဲရှင်မိန်းမသည် ထိုမိန်းမငယ် ခိုးယူသွားသည်ကို မြင်လျှင် လျင်စွာ ကန်မှတက်လျက် အဝတ်အင်္ကျီ ထမိတဘက်ဝတ်ပြီးသော် လျင်စွာလိုက်၍ "အဘယ်ကြောင့် ငါ့လည်ရွဲကို ယူ၍ပြေးဘိသနည်း"ဟု မိန်းမငယ်၏တဘက်ကို ဆွဲကိုင်၏။ မိန်းမငယ်လည်း "ငါ့လည်ရွဲကို ငါဆင်၍ ခရီးသွားရာ အဘယ့်ကြောင့် ရှင်မ လည်ရွဲခိုး ဟုယိုးစွပ်၍ ဆွဲငင်အံ့သနည်း"ဟုဆို၏။

ထိုသို့ အချင်းချင်း ငြင်းခုံကြ၍ ကြည့်ရှုနားထောင်အံ့ဟု လာကုန်သော ရွာသူရွာသားအပေါင်းတို့ ဝန်းရံလျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ လမ်းမခရီးအနီးသို့ လာလတ်ကုန်၏။

ဘုရားလောင်းသည် ထိုငြင်းခုံကြသောအသံကို ကြားလတ်သော် "အဘယ်အသံနည်း"ဟုမေးလျှင် ထိုသူ ၂ ယောက်တို့ကို ခေါ်စေ၍၊ ရောက်သောအခါ ထိုသူ ၂ယောက်တို့၏ အမူအရာလက္ခဏာကိုမြင်လျှင် 'ဤသူကား ခိုးသူမ၊ ဤသူကား ဥစ္စာရှင်'ဟု အတပ်သိပြီးလျှင်၊ သူခပ်သိမ်းလည်း သိစေခြင်းငှာ "သင်တို့



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ငြင်းခုံကြသနည်း”ဟု မေးလျှင်၊ ၂ ဦးစလုံးကပင် အသီးအသီး မိမိတို့ဥစ္စာဖြစ်ကြောင်းကို ပြောဆိုကြလတ်သော်၊ ဘုရားလောင်းသည် “သင်တို့စကား ၂ ရပ်ကို ကြားသိရပြီ။ ငါဆုံးဖြတ်သည့်အတိုင်း သင်တို့ ပြီးကြမည်လော”ဟု မေး၏။ “အရှင့်သား။ ပြီးပါမည်”ဟု ဝန်ခံကြလျှင်၊ ဘုရားလောင်းသည် “သင်တို့သည် ဟုတ်မှန်တိုင်း ပြောလော့”ဟုဆို၍၊ ခိုးသူမကို ရှေးဦးစွာ “သင်၏လည်ရွဲကို အဘယ်နံ့သာရည်ဖြင့် မပြတ် လိမ်းသုတ်သနည်း”ဟုမေး၏။

ခိုးသူမလည်း “အရှင့်သား။ အလုံးစုံသော အမွှေးမျိုးတို့ဖြင့် ပေါင်းနှော၍လုပ်အပ်သောကြောင့် သဗ္ဗသံဟာရက[၁၅]အမည်ရှိသော နံ့သာပေါင်းဖြင့် နေ့တိုင်းအမြဲ လိမ်းသုတ်ပါသည်”ဟု ဆို၏။ ထို့နောက် လည်ရွဲရှင် မိန်းမကြီးကို မေးပြန်သော် “အရှင့်သား။ ဆင်းရဲသောအကျွန်ုပ်အား သဗ္ဗသံဟာရကနံ့သာ အဘယ်မှာ ရပါအံ့နည်း။ အကျွန်ုပ်သည် ဤလည်ရွဲကို သျှိသျှားပွင့်ဖြင့်သာလျှင် နေ့တိုင်းမပြတ် လိမ်းသုတ်ရ၏”ဟုဆို၏။

ဘုရားလောင်းသည် ထိုသူ ၂ယောက်တို့စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင် တစ်ခုသော ရေခွက်ကို ဆောင်ယူစေ၍ ထိုရေခွက်၌ လည်ရွဲကိုနှစ်ပြီးသော် ဂန္ဓာရုံ[၁၆]၌ကျွမ်းကျင်သော လူတစ်ယောက်ကိုခေါ်၍ မည်သည့်အနံ့ နံသည်ဟုသိရအောင် နမ်းစေ၏။

ထိုသူသည် လည်ရွဲကို နမ်းလတ်သော် သျှိသျှားပွင့်နံ့သာ ရှိသည်အဖြစ်ကိုသိပြီး၍–

‘သဗ္ဗသံဟာရကော နတ္ထိ၊ သုဒ္ဓကင်္ဂု ပဝါယတိ။

အလီကံ ဘာသတိ ယံ ဓုတ္တီ၊ သစ္စမာဟ မဟလ္လိကာ။ ။’ ဟု ဧကနိပါတ် ကျမ်း၌လာသော ဂါထာဖြင့်ဆို၏။

အနက်ကား။ ။ ပဏ္ဍိတ၊ သုခမိန်။ သဗ္ဗသံဟာရကော၊ သဗ္ဗသံဟာရက နံ့သာနံ့သည်။ နတ္ထိ၊ မရှိ။ သုဒ္ဓကင်္ဂု၊ သျှိသျှားပွင့်နံ့ သက်သက်သာ။ ပဝါယတိ၊ လှိုင်၏။ အယံဓုတ္တီ၊ ဤမိန်းမငယ်သည်။ အလီကံ၊ မမှန်သောစကားကို။ ဘာသတိ၊ ဆို၏။ မဟလ္လိကာ၊ မိန်းမကြီးသည်။ သစ္စံ၊ မှန်သောစကားကို။ အာဟ၊ ဆို၏။ အဓိပ္ပာယ်ကား–

“အရှင့်သား။ ဤလည်ရွဲ၌ သဗ္ဗသံဟာရက နံ့သာနံ့ မရှိ။ သျှိသျှားပွင့်နံ့သာ သက်သက်လှိုင်၏။ မိန်းမငယ် စကားမမှန်။ မိန်းမကြီးစကားသာလျှင် ဆိုတိုင်းမှန်ပေသည်ဟု လည်ရွဲကို နမ်းသောသူသည် ဘုရားလောင်းအား ပြန်ကြား၏။

ဘုရားလောင်းသည် “သင်တို့ကြည့်ရှုကြကုန်လော့”ဟု ပရိသတ်အပေါင်းတို့အား သိစေပြီးလျှင် ခိုးသူမကို “သင့်ဥစ္စာဟု သင်ဆိုသည်။ လည်ရွဲက သင့်ကို ခိုးသူမ ဟု ပြ၍ရှိချေပြီ။ သင် အသို့နည်း။ လည်ရွဲခိုး မဟုတ်လော”ဟု မေး၏။ ခိုးသူမလည်း လွှဲ၍ပြောခွင့်မရသောကြောင့် “အရှင့်သား။ အကျွန်ုပ်ခိုးယူမိသည် မှန်ပေ၏”ဟု ဝန်ခံ၏။ ထိုအခါ ဘုရားလောင်းသည် ရှေးနည်းဖြင့် ‘နောင် ဤကဲ့သို့ မကျင့်လေနှင့်’ဟု အဆုံးအမပေး၏။

ဖွားဖက်သူငယ် ၁၀၀၀ တို့သည်လည်း ရှေးနည်းဖြင့် ထောင်းထုခြင်းဒဏ် နှာကျင်စွာပေးကြကုန်၍ လွှတ်လိုက်၏။

ထိုအကြောင်းကို အမတ်သိလျှင် အလုံးစုံကိုလျှောက်စာတင်၍ မင်းကြီးကို ကြားလျှောက်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် သေနကအမတ်ကြီးကိုခေါ်၍ စကားအလုံးစုံကို ပြန်ကြားပြီးသော် “မဟောသဓသုခမိန်ကို ဆောင်ချိန် မသင့်သေးသလော”ဟု မေးမြန်းတိုင်ပင်တော်မူပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး။ ဤမျှသောအရာနှင့် သုခမိန် မခန့်လောက်သေး။ ငုံ့တော်မူဦးလော့" ဟုလျှောက်၏။ မင်းကြီးသည် သေနကအမတ်ကြီး စကားကိုကြားလျှင် စိတ်လျှစ်လျူဖြစ်ပြန် တစ်ဖန် အမတ်ထံ "စုံစမ်းလေဦး"ဟု စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်း၏ ကောင်းသောကျေးဇူးဂုဏ်သတင်း ကျော်စောခြင်း တစ်ကြိမ် ဖြစ်ခြင်းတည်း။

## ၇။ ချည်ထွေးတရား စီရင်ခန်း

ချည်ထွေးတရား ဟူသည်ကား ဝါခင်းစောင့်သော မိန်းမတစ်ယောက်သည် ထိုဝါခင်း၌စောင့်နေရင်း ဝါပေါက်စင်စင်ကို ချည်ချောဝင့်ပြီးလျှင် အစာတင်ပြီးမှ ကောင်းစွာလုံး၍ထား၏။

ထိုမိန်းမသည် တစ်နေ့သ၌ ချည်လုံးကို ရင်၌ပိုက်၍ မိမိအိမ်သို့ လာလတ်သော် 'ဘုရားလောင်း၏ရေကန်၌ ရေချိုးအံ့'ဟု ချည်လုံးကို မိမိအင်္ကျီပေါ်၌ထား၍ ရေကန်တွင်းသို့ ရေချိုးဆင်းလေ၏။ ထိုအခါ မိန်းမတစ်ယောက်သည် ထိုချည်လုံးကိုမြင်လေသော် လိုချင်သောစိတ် ဖြစ်လာလတ်၍ 'ချည်ချောပေစွ၊ ကောင်းပေစွ'ဟု ချီးမွမ်းလျက် ကိုင်ယူပြီးလျှင်၊ "အမယ်။ ဤချည်ကို အမယ်ပင် ဝင့်ပေသလော။ ဖြစ်ခဲပေစွ"ဟု လက်ခုပ်တီး၍ ကြည့်ဟန်ပြုလျက် ရင်ခွင်၌ပိုက်၍ ပြေးလေ၏။

ချည်လုံးရှင်မိန်းမသည်လည်း ရေးနည်းဖြင့် အလျင်တဆော ရေမှတက်၍လိုက်လျက် "သင် အဘယ့်ကြောင့် ချည်လုံးကို ခိုးယူပြေးသနည်း"ဟု အင်္ကျီစကို လက်ဖြင့်ကိုင်ဆွဲ၏။ ခိုးသူမလည်း "ငါ့ချည်လုံးကို ငါယူ၍ ငါအလိုအလျောက် ခရီးသွားရာ သင် အဘယ့်ကြောင့် ချည်လုံးခိုးစွပ်စွဲ၍ ငါ့အင်္ကျီစကို ဆွဲကိုင်ဘိသနည်း။ ဆုတ်လော့။ ကောင်းစွာသွားပါရစေ" ဟုဆို၏။

ဤသို့ အချင်းချင်း အငြင်းအခုံဖြစ်၍ လူအပေါင်းဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်လာကြကုန်၏။

ဘုရားလောင်းသည် ရေးနည်းဖြင့် ထိုမိန်းမ ၂ ယောက်ကိုခေါ်စေ၍၊ ရောက်လတ်သော် ထိုသူတို့၏ အမူအရာလက္ခဏာကို ဆင်ခြင်သဖြင့် ဤသူကား 'ခိုးသူမ။ ဤသူကား ချည်လုံးရှင်'ဟု အမှန်အတပ် သိပြားသော်လည်း၊ သူတစ်ပါးတို့အား သိစေခြင်းငှာ အကြောင်းအရာကိုမေး၍ ၂ ဦးလုံးကပင် ဥစ္စာရှင်ချည်း ဖြစ်ဟန်စကားဖြင့် ပြောဆိုချေလဲပြီးသော်၊ ဘုရားလောင်းသည် "သင်တို့ ငါဆုံးဖြတ်တိုင်း ပြီးကြမည်လော"ဟု မေး၏။ ထိုမိန်းမ ၂ယောက်တို့လည်း 'ပြီးပါမည်'ဟု ဝန်ခံကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ခိုးသူမကို "ချည်လုံး၏အတွင်း၌ အဘယ်ကိုထည့်ခံ၍ လုံးသနည်း"ဟု မေး၏။ ခိုးသူမလည်း "အရှင့်သား။ ဝါစေ့ကိုထည့်၍ လုံးပါသည်"ဟုဆို၏။ ထို့နောက် ချည်လုံးရှင်ကို မေးမြန်းလတ်လျှင် "အရှင့်သား။ တည်စေ့ကိုထည့်၍ လုံးပါသည်"ဟုဆို၏။

www.burmeseclassic.com



ထိုမိန်းမ ၂ယောက်တို့၏စကားကို ပရိသတ်တို့အား မှတ်သားစေပြီး၍ ချည်လုံးကို ဖြည်ဖွင့်ကြည့်ရှုစေလတ်သော် တည်စေ့ကို တွေ့လေ၏။ ထိုအခါ ဘုရားလောင်းသည် ဆိုအပ်ပြီးသောနည်းဖြင့် ခိုးသူအဖြစ်ကို ဝန်ခံစေပြီးလျှင် ထိုခိုးသူမအား အဆုံးအမပေး၍ လွှတ်လိုက်လေ၏။ ဤအကြောင်းကို အမတ်သိလတ်သော် အလုံးစုံကို မင်းကြီးအား လျှောက်ထားစေပြန်၏။ မင်းကြီးလည်း ရှေးနည်းအတူ သေနကအမတ်ကြီးကို တိုင်ပင်၍၊ သေနကအမတ်ကြီး ဖျက်ပြန်လေသော် စိတ်လျစ်လျူဖြစ်သဖြင့် 'စုံစမ်းလေဦး'ဟု ဓေတော်မူလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။

## ၈။ သားတရား စီရင်ခန်း

သားတရား ဟူသည်ကား တစ်နေ့သ၌ မိန်းမတစ်ယောက်သည် မိမိသားကို ပိုက်ချီလျက် ရေချိုးအံ့သောငှာ မဟောသဓ သုခမိန် စီရင်သောရေကန်သို့ လာလတ်၍၊ ထိုရေကန်၌ သားငယ်ကိုရေချိုးပြီးသော် မိမိရေချိုးအံ့သောငှာ သားငယ်ကို အဝတ်ပေါ်၌ သိပ်ထားပြီးလျှင် ရေကန်နားသို့ ဆင်းသက်လေ၏။

ထိုအခါ ဘီလူးမတစ်ယောက်သည် ထိုသူငယ်ကို မြင်လျှင် စားချင်သောစိတ် ရှိသဖြင့် မိန်းမအသွင်ဖန်ဆင်းလျက် လာလတ်၍ "အဆွေမ။ ဤသူငယ်သည် ချစ်ဖွယ် သနားဖွယ်ရှိ၏။ သင့်သားပေလော"ဟု မေး၏။ သူငယ်အမိလည်း "အဆွေမ။ ကျွန်ုပ်သားပင်တည်း"ဟု ဆိုလတ်သော် ဘီလူးမသည် "သူငယ်ကိုချီ၍ နို့တိုက်စမ်းပါရစေ"ဟု ဆို၏။

သူငယ်အမိလည်း သဘောရိုးထင်၍ "တိုက်ပါတော့"ဟုဆိုလျှင် ဘီလူးမသည် သူငယ်ကိုပိုက်၍ နို့တိုက်ယောင်ဟန် အတန်ငယ်ရှင်စေ၍ ဆောင်ယူပြေးလေ၏။ သူငယ်အမိလည်း "ငါ့သားကိုယူ၍ အဘယ်သို့ သွားမည်နည်း"ဟု လိုက်လျက် ဘီလူးမကို ကိုင်ဆွဲ၏။ ဘီလူးမသည်လည်း "သင့်သား အဘယ်မှာရှိသနည်း။ ဤသူငယ်ကား ငါ့သားတည်း"ဟုဆို၏။ ဤသို့ငြင်းခုံကြလျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝသို့ ရောက်ကြလေ၏။

ဘုရားလောင်းသုခမိန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် မေးမြန်းပြီးလျှင် ထိုမိန်းမ ၂ ယောက်ကို ခေါ်စေ၍ ရောက်သောအခါ "သင်တို့ အဘယ့်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း"ဟု မေး၏။ ဘီလူးမသည် "အရှင့်သား။ ကျွန်ုပ်သားကို ကျွန်ုပ်ရင်၌ပိုက်ချီ၍ အလိုအံလျောက် ခရီးသွားပါသည်။ ဤမိန်းမသည် ကျွန်ုပ်ကိုမျှ မသိမကျွမ်းပါဘဲလျက် သူ့သားကို ယူဘိသည်ဟု ယိုးစွပ်ခဲ့သည်"ဟု ဆို၏။ သူငယ်အမိကလည်း "အရှင့်သား။ ထိုသို့မဟုတ်ပါ"ဟုဆို၍ အလုံးစုံကို ဟုတ်တိုင်းပြန်ကြားလေ၏။

ဘုရားလောင်းသည် စကား ၂ ရပ်ကို ကြားပြီး၍ ထိုမိန်းမတို့ အမူအရာ လက္ခဏာ³ကို ဆင်ခြင်လတ်သော် "ဤမိန်းမကား မျက်တောင်လည်းမခတ်၊ မျက်ထောင့်လည်း နီ၏။ ရဲလည်း ရဲရင့်၏။ ဘီလူးမတည်း။ ဤမိန်းမကား သူငယ်အမိတည်း"ဟု အဟုတ်အမှန်သိပြီး၍ "သင်တို့ ငါ့အဆုံးအဖြတ်၌



www.burmeseclassic.com

www.burmeseclassic.com



တည်ကြအံ့လော" ဟုမေး၏။ "အရှင့်သား။ တည်ပါမည်"ဟု ၂ ဦးလုံး ဝန်ခံကြလျှင် မဟောသဓသေုခမိန်သည် မြေ၌ စည်းသားပြီးသော် စည်းပေါ်၌ သူငယ်ကိုသိပ်ထား၍ ဘီလူးမကို သူငယ်၏လက်တို့၌, သူငယ်၏အမိကို ခြေတို့၌ကိုင်စေပြီးလျှင် "သင်တို့ ၂ယောက် လုကြကုန်။ လုနိုင်သသူ သားရှင် ဖြစ်စေ"ဟု ဆို၏။

ထိုမိန်းမ ၂ ယောက်တို့လည်း ဘုရားလောင်းဆိုတိုင်း လုကြလတ်သော် သူငယ်သည် အလွန်နာကျင်သည်ဖြစ်၍ သည်းစွာငိုလတ်လျှင် အမိသည် မိမိနှလုံးကွဲအံ့သကဲ့သို့ ပြင်းစွာပင်ပန်းသည်ဖြစ်၍ သူငယ့်ခြေမှ လက်ကိုလွှတ်ပြီးလျှင် ရပ်လျက်ညှိုးငယ်စွာနေ၏။

ထိုအခါ မဟောသဓသေုခမိန်သည် ပရိသတ်အပေါင်းတို့အား "အချင်းတို့။ သူငယ်တို့ကို မိခင်တည်းသာ၍ ချစ်သလော။ အမိမဟုတ်သောသူတည်း သာ၍ချစ်သလော"ဟု မေး၏။ လူအပေါင်းတို့လည်း "အရှင့်သား။ အမိသည်သာ သားတို့၌ လွန်စွာချစ်၏"ဟု ဆိုကြလတ်သော်၊ ဘုရားလောင်းသည် "အချင်းတို့။ ယခု သူငယ်ကို လုယူနိုင်သောမိန်းမတည်း ထိုသူငယ်၏မိခင်လော။ မလုနိုင် မှိုင်၍နေသောမိန်းမတည်း ထိုသူငယ်၏ မိခင်လော။ သင်တို့ အသို့ထင်ကြသနည်း"ဟုမေး၏။ ပရိသတ်တို့သည် "အရှင့်သား။ သူငယ်၏ နာကျင်ခြင်းဖြင့် သည်းမခံနိုင်၍ လွှတ်လိုက်သောမိန်းမသည်သာ သူငယ်၏မိခင် ဖြစ်မည်ဟု ကျွန်ုပ်တို့ထင်သည်"ဟု ဆိုကြကုန်၏။ ဘုရားလောင်းသည် "အချင်းတို့။ ထိုသူငယ်ကို ခိုးယူသောမိန်းမကို သင်တို့ သိကြကုန်၏လော"ဟု မေး၏။ "အရှင့်သား။ ကျွန်ုပ်တို့ မသိကြကုန်"ဟု ဆိုကြလတ်သော်၊ "အချင်းတို့။ ဤမိန်းမကား လူ မဟုတ်။ ဘီလူးမတည်း။ ဤသူငယ်ကို စားလို၍ ခိုးယူသည်"ဟု ဘုရားလောင်းဆို၏။

ပရိသတ်တို့လည်း "အရှင့်သား။ အဘယ့်ကြောင့် သိသနည်း"ဟု မေးကြလတ်လျှင်၊ "အချင်းတို့။ ဤ သားခိုးမကို သင်တို့ ရှုလော့။ မျက်တောင်လည်း မခတ်, မျက်ထောင့်လည်း နီ၏။ သူငယ်၌ သနားချစ်ခင်ခြင်းလည်း အလျဉ်းမရှိ။ ထိုသို့သောအကြောင်းတို့ကြောင့် ဘီလူးမ ဟု သိရသတည်း"ဟုဆို၏။

ဤသို့ ပရိသတ်တို့နှင့် ပြောဆိုပြီးလျှင် မဟောသဓသေုခမိန်သည် ဘီလူးမကို "သင် အဘယ်သူနည်း။ မှန်တိုင်းပြောလော့"ဟု မေး၏။ ဘီလူးမသည် "အရှင့်သား။ အကျွန်ုပ် ဘီလူးမပင် မှန်ပေ၏"ဟု ဝန်ခံလတ်သော် "အဘယ့်ကြောင့် ဤသူငယ်ကို အသင် ဖမ်းသနည်း"ဟု မေး၏။ ဘီလူးမလည်း "အရှင့်သား။ ဤသူငယ်ကို အကျွန်ုပ် စားလို၍ ဖမ်းသည်"ဟု ဆိုလတ်လျှင်၊ ဘုရားလောင်းသည် "ဟယ်၊ ဘီလူးမ။ သင်သည် ရှေးသံသရာ[၃၇]က မလိမ္မာ မိုက်စွာသောအလျောက် သူ့အသက်ကိုသတ်ခြင်း အစရှိသောမကောင်းမှုကို ပြုကျင့်မိဖူးသောကြောင့် ယုတ်မာစွာသော ဤ ဘီလူး, ဖုတ်, ပြိတ္တာမျိုး[၃၈]၌ဖြစ်လျက် ထိတ်လန့်ခြင်းကိုမျှ မရ။ ယခုတစ်ဖန် မကောင်းမှုကို ပြုကျင့်ပြန်သည်ကား သင်၏အမိုက်သည် အလွန်အံ့ဩဖွယ် ရှိပေစွ"ဟုဆိုပြီးလျှင်၊ ဘီလူးမအား "နောင် ဤကဲ့သို့မကောင်းမှုကို မပြုလေနှင့်"ဟု ၅ ပါးသီလ၌တည်စေလျက် လွှတ်လိုက်၏။

သူငယ့်အမိလည်း "အရှင့်သား။ အကျွန်ုပ်မွေးသောအသက်သည် ဤသူငယ်တွင် မရှိပြီ။ အရှင့်သား ပေးသောအသက်သာ ရှိတော့သည်"ဟု ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းပြီးလျှင်၊ "အရှင့်သားသည် အာယုကပ်[၃၉]ပတ်လုံး အသက်တော် ရှည်စေသတည်း"ဟု ဆုတောင်းဆုယူပြုလျက် သားငယ်ကိုပိုက်ချီ၍ မိမိအိမ်သို့ သွားလေ၏။

ဤသို့သောအခြင်းအရာကို လျှောက်စာတင်၍ အမတ်သည် မင်းကြီးအား လျှောက်ထားစေပြန်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ရှေးနည်းအတူလျှင် သေနကအမတ်ကြီးနှင့်တိုင်ပင်၍၊ သေနကအမတ်ကြီး ဟန့်တားပြန်လျှင် စိတ်လစ်လျူဖြစ်သဖြင့် "စုံစမ်းလေဦး"ဟု အမတ်ထံသို့ စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၉။ မယားခိုးတရား စီရင်ခန်း

မယားခိုးတရားဟူသည်ကား ဂေါတကာဠ[၆၀]အမည်ရှိသော ယောကျ်ားတစ်ယောက်သည် မိမိနေသော ရွာ၏ မနီးမဝေးဖြစ်သော ရွာတစ်ခု၌ လယ်လုပ်သမီး ဒီဃတာလာ[၆၁]အမည်ရှိသောမိန်းမကို ရည်ငံစိတ် ရှိသည်ဖြစ်၍၊ ထို ဒီဃတာလာ သတို့သမီး၏မိဘအိမ်၌ သမီးအလို့ငှာ အမှုလုပ်ကျွန် ၇ နှစ်ပတ်လုံးခံပြီးမှ ဒီဃတာလာနှင့် မိဘတို့ ပေးထိမ်းမြားသတည်း။

[ထိုယောကျ်ားသည် 'ဂေါတကာဠ'အမည်တွင်သည်ကား 'ဂေါတောစ သော ကာဠောစာတိ ဂေါတကာဠော' ဟူသော ကမ္မဓာရည်းသမာသ်ဝိဂြိုဟ်နှင့်အညီ ကွလည်း ကွ, မည်းလည်း မည်းသောကြောင့် ဂေါတကာဠဟု မာဂဓဘာသာ၌ ခေါ်ဝေါ်ကုန်သတည်း။ မြန်မာဘာသာ၌ကား 'ငမည်းကွ'ဟု ခေါ်ဝေါ်၏။ ထိုဂေါတကာ၏ မယားကို 'ဒီဃတာလာ'အမည် ခေါ်ဝေါ်သည်ကား 'တာလော ဝိယ ဒီဃော ကာယော ယဿာတိ ဒီဃတာလာ'ဟူသော မဟုဗ္ဗိဟိသမာသ် ဝိဂြိုဟ်နှင့်အညီ ထန်းပင်သည် အထင်အားဖြင့် မြင့်ရာထင်သကဲ့သို့ မြင့်သွယ်သောကိုယ်ဟန် သဏ္ဌာန်ရှိသောကြောင့် ဒီဃတာလာဟု မာဂဓဘာသာ၌ ခေါ်ဝေါ်ကုန်သတည်း။ မြန်မာဘာသာကား အိမ်, ထန်းပင်ဟု ခေါ်ဝေါ်ကုန်၏။

ထိုဝိဂြိုဟ်တို့၏ အနက်ကား။ ။ ဂေါတောစ၊ ကွသည်လည်း။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူကွသည်။ ကာဠောစ၊ မည်းနက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုအနက် ၂ ပါးကြောင့်။ ဂေါတကာဠော၊ ဂေါတကာဠ မည်၏။ ယဿာ၊ အကြင်မိန်းမအား။ တာလောဝိယ၊ ထန်းပင်ကဲ့သို့။ ဒီဃော၊ မြင့်ရာထင်သော။ ကာယော၊ ကိုယ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ ထန်းပင်ကဲ့သို့ ကိုယ်သဏ္ဌာန်မြင့်ရာ ထင်ခြင်းကြောင့်။ သာ၊ ထိုမိန်းမသည်။ ဒီဃာတာလာ၊ ဒီဃတာလာ မည်၏။]

ထို ဂေါတကာဠသည် မိမိယောက္ခမအိမ်၌နေပြီး၍ တစ်နေ့သ၌ ယောက္ခမအိမ်တွင် မနေချင်သော စိတ်ရှိသဖြင့် မိမိမယား ဒီဃတာလာကို "အဘယ်။ ငါသည် သင့်မိဘအိမ်၌နေသဖြင့် ငါ့မိဘအိမ်သို့ မရောက်သည် ကြာပြီ။ ငါ့မိဘအိမ်၌ သွား၍ နေကြကုန်အံ့။ မိဘတို့အား ကန်တော့ရန် လက်ဆောင်ပဏ္ဏာ[၆၂], ခရီးရိက္ခာ, စားဖွယ်ဘောဇဉ်[၆၃]တို့ကို ပြင်ဆင်လော့။ ယခု သွားကုန်အံ့"ဟု ဆို၏။ ဒီဃတာလာသည် မသွား မပြောင်းရမည့်အကြောင်း ကောင်းမွန်သာယာစွာသောစကားဖြင့် ၃ ကြိမ်တိုင်အောင် မြစ်တားသော်လည်း "မနေလို။ ယခုသွားမည်။ ပြင်သာပြင်"ဟု ဆို၍၊ လက်ဆောင်ပဏ္ဏာနှင့်တကွ ခရီးစာ ဘောဇဉ်ခဲဖွယ်ပြင်၍ပြီးသော်၊ ဂေါတကာဠသည် လက်ဆောင်ပဏ္ဏာ ခရီးရိက္ခာစာနှင့်တကွ မိမိမယား ဒီဃတာလာကိုခေါ်၍ မိဘအိမ်သို့ သွားလေသောအခါ ခရီးအကြား၌ တိမ်သောရေအလျဉ်ရှိသော တစ်ခုသောမြစ်ငယ်နားသို့ ရောက်လေ၏။

ထိုသူ လင်မယား ၂ယောက်လုံးပင်လျှင် ကျေးတောရွာ လယ်လုပ်သား, လယ်လုပ်သမီးဖြစ်၍ ရေကို အလွန်ကြောက်တတ်ကြကုန်သဖြင့် မြစ်ကိုမကူးဝံ့ဘဲ ကမ်းနား၌သာ ထိုမှာဘက်ကို မျှော်လျက်နေလတ်ကုန်၏။ ထိုအခါ ဒီဃပိဋ္ဌ[၆၄]မည်သော သူဆင်းရဲ တစ်ယောက်သည် ခရီးလှည့်လည် သွားလာလေသော် ထိုသူ လင်မယား ၂ ယောက်နှင့် အသင့် တွေ့ကြုံလေ၏။

[ဤယောကျ်ားကို ဒီဃပိဋ္ဌိ ခေါ်ဝေါ်သည်ကား 'ဒီဃာ ပိဋ္ဌိ ယဿာတိ ဒီဃပိဋ္ဌ'ဟူသော ဗဟုဗ္ဗိဟိသမာသ် ဝိဂြိုဟ်နှင့်အညီ ကျောက်ကုန်းရှည်သောကြောင့် ဒီဃပိဋ္ဌိ ဟု မာဂဓဘာသာ၌ ခေါ်ဝေါ်သတည်း။

www.burmeseclassic.com



မြန်မာဘာသာကား 'ကျောက်ရှည်'ဟု ခေါ်ဝေါ်ကုန်၏။ ယဿ၊ အကြင်သူအား။ ဒီဃာ၊ ရှည်သော။ ပိင္ဂါ၊ ကျောက်ကုန်းသည်။ အတ္ထိ၊ ရှိ၏။ တ္တတိတဿ၊ ထိုသို့ ကျောက်ကုန်းရှည်သောကြောင့်။ သော၊ ထိုသူသည်။ ဒီဃပိင္ဂါ၊ ဒီဃပိင္ဂ မည်၏။]

ထိုအခါ ဂေါတကာဥသည် ဒီဃပိင္ဂကို မြင်လေသော် "အဆွေ။ ဤမြစ်သည် ရေနက်သလော၊ တိမ်သလော"ဟု မေး၏။ ဒီဃပိင္ဂသည် ရေကို ထိုသူ လင်မယား ၂ ယောက်တို့ ကြောက်မှန်းသိလျှင် "အဆွေ။ ဤမြစ်ကား အလွန်ပင် ရေနက်၏။ ငါး, လိပ်, မကန်း, မိကျောင်း, လပိုင်တို့လည်း များစွာရှိကုန်၏"ဟုဆို၏။

ထိုစကားကိုကြားလျှင် ဂေါတကာဥသည် "အဆွေ။ ဤမြစ်သည် သင်ဆိုတိုင်း မိကျောင်း, လပိုင် ရဲသည်မှန်သော် သင်ကား အဘယ်သို့ ကူးလိမ့်မည်နည်း"ဟု မေး၏။ ဒီဃပိင္ဂသည် "အဆွေ။ ငါမူကား ဤမြစ်၌ ကျင်လည်သည်ဖြစ်သောကြောင့် မိကျောင်း, လပိုင်တို့နှင့် အဆွေခင်ပွန်း အကျွမ်းဝင်သည်ဖြစ်၏။ ထို့ကြောင့် ငါ့ကို မိကျောင်း,လပိုင်တို့ မညှဉ်းဆဲကုန်"ဟု ဆို၏။

"အဆွေ။ ထိုသို့တပြီးကား ငါတို့လင်မယားကိုလည်း ထိုမှာဘက်သို့ ပို့စေချင်ပါသည်"ဟု ဆို၏။ ဒီဃပိင္ဂလည်း "ကောင်းပြီ။ ပို့အံ့"ဟုဆိုလတ်သော် ဂေါတကာဥသည် ဒီဃပိင္ဂကို "အဆွေ။ ထမင်းဟင်းလျာ အချိုအချဉ် ငါတို့မှာ ပါ၏။ စားလှည့်"ဟု ခေါ်၍ ဘောဇဉ်, ခဲဖွယ် ကျွေးမွေး၏။

ဒီဃပိင္ဂလည်း ထမင်းစားပြီးသော် "သင်တို့ ၂ ယောက်တွင် အဘယ်သူကို အလျှင် ပို့ရမည်နည်း"ဟု မေး၏။ ဂေါတကာဥလည်း မိမိမယားကို အလျှင်ပို့စေလိုသောကြောင့် "အဆွေ။ သင့်အဆွေမကို အလျှင်ပို့ပြီးလျှင် နောက်မှ ငါ့ကိုပို့ပါလော့"ဟု ဆို၏။ ဒီဃပိင္ဂသည် "ကောင်းပြီ"ဟု ဝန်ခံပြီးသော်၊ ဒီဃတာလာကို ပခုံးပေါ်၌ ထမ်းလျက် အိမ်ကပါလာသမျှသော အဝတ်တန်ဆာ, မျိုးရိက္ခာ, ပဏ္ဏာလက်ဆောင်တို့ကိုလည်းယူ၍ မြစ်သို့ ဆင်းသက်ပြီးလျှင် အတန်ငယ်ပြကတော့အတိုင်း သွားပြီးမှ ဆောင့်ကြောင့်ထိုင်လျက် မြစ်တစ်ဘက်ကို ကူးလေ၏။

ဂေါတကာဥလည်း ကမ်းနား၌ ရပ်နေမျှော်ကြည့်လျက် 'ဤမြစ်သည် အလွန်နက်စွာ၏။ ဤသို့သော လူမြင့်မှ ဤမျှလောက်နစ်လျှင် ငါကဲ့သို့လူပုများမှာ သျှောင်ဖျားမျှ ပေါ်ဖွယ်မရှိပြီ'ဟု ကြံ၏။

ဒီဃပိင္ဂသည် ကူး၍ မြစ်လယ်လောက်ရောက်လျှင် ဒီဃတာလာကို

"အဘယ်။ သင်သည် အဘယ့်ကြောင့် ဤလူကွနှင့် နေပါဘိသနည်း။ ဤ သင်၏လင် လူကွသည် အဆင်းသဏ္ဌာန်ဗြာအားဖြင့်လည်း တစ်စုံတစ်ခုမျှ နှစ်သက်ဖွယ် မရှိ။ အမျိုးစည်းစိမ်လည်း ရှိမည်မထင်။ သင်သည် ဤလင်နှင့်နေ၍ အဘယ်အကျိုး ရှိပါအံ့နည်း။ သင်ကား မြင့်မြင့်သွယ်သွယ် ရှုဖွယ်သောကိုယ်ဟန် ရှိ၏။ သင့်လင်ကား မည်းမည်းကွကွ။ သင့်၏ရှေ့ကသွားသည်ကို သူတစ်ပါးမြင်လျှင် အပြစ်တင်ကျီစယ် ပြက်ရယ်ပြု၍ ရှက်မှုကြောက်ရန် အတန်တန်နှောင့်ယှက်လျက် တစ်သက်တွင် လင်မနေဘဲ အိုသေရသလောက်မျှ မကောင်းဟန်တကား။ ရှေ့သွားနောက်လိုက် ထိုက်လျော်စွာ ငါတို့များနှယ်ကို ချစ်ကြင်နာပါတပြီး စိတ်ရှိတိုင်းသော အဝတ်တန်ဆာကို အခါခါအလဲလဲ မဖွဲမနွမ်းခင်ဖြစ်စေ၍ နှစ်သက်ဖွယ်သောစည်းစိမ်ဖြင့် အိမ်ရှင်နှင်းပြီးလျှင် ကျွန်သမီး, ကျွန်ယောကျ်ား ခစားခြွေရံနှင့် စံမငြီး ပျော်ရအံ့။ သင် ငါ့စကားကို နားထောင်ပါလျှင် ယခုပင် ကြံဆောင်ပါမည်"ဟု ဆို၍ သူ့ထမင်းကိုစားလျက် သူ့မယားကို အားမျှမနာ ဖြားယောင်းဖျက်ဆီးဘိ၏။

ဒီဃပိင္ဂစကားကိုကြားလျှင် ဒီဃတာလာသည် ၇ နှစ်ပတ်လုံး အိမ်၌ အစေအပါးခံရရှာသော မိမိလင် ဂေါတကာဥကို ခဏချင်းစည်းစိမ်သံနှင့် တစ်ရံတွေ့သူ ဖြားယောင်းသည့်စကားကို နားဝင်၍ လင်မျှမမှတ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းပြတ်လျက် နေရပ်ကိုမျှမသိဘဲ ဒီဃပိဋ္ဌိကိုသာ ကြည့်ညိုချစ်ခင် ကြင်နာသဖြင့် "အရှင်သား။ အကျွန်ုပ်ကို မယားမှတ်မှတ် ချစ်ခင်ကြင်နာပါလျှင် အရှင့်စကားကို လိုက်နာအံ့"ဟု လက်တလောပင် သဘောတူမျှလေ၏။

ဒီဃပိဋ္ဌိသည် ဒီဃတာလာစကားကိုကြားလျှင် "အဘယ်။ သင် အသို့ဆိုသနည်း။ မစိုးရိမ်လင့်"ဟုဆိုလျက် မြစ်တစ်ဘက်သို့ ရောက်လေ၏။

ထို ဒီဃပိဋ္ဌိ, ဒီဃတာလာတို့သည် ကမ်းတစ်ဘက်သို့ရောက်လေသော် ဂေါတကာဠကို "သင် ခဏမျှ နေလင့်ဦး"ဟုဆိုလျက် ဝမ်းမြောက်ဝမ်းသာ အိမ်ပါဘောဇဉ်ခဲဖွယ်များကို စားကြပြီးလျှင် ဂေါတကာဠမြင်စဉ်ပင် လိုရာအရပ်သို့ သွားကြလေ၏။

ဂေါတကာဠသည် မြစ်တစ်ဘက်ကနေလျက် ဒီဃပဋ္ဌိတို့ အတူတကွ သွားကြသည်ကိုမြင်လျှင် 'ဤသူသည် ငါ့မယားကိုခိုးယူ၍ သွားသည်တကား'ဟု မယားကြောင့် စိတ်နောက်၍ ပေါက်ယောင်ခုန်ယောင် တောင်ပြေးမြောက်ပြေးပြုလျက် 'ယခု ငါသေအောင် ရေပင်နစ်သော်လည်း နစ်စေ'ဟု မြစ်သို့ အတန်ငယ်ဆင်းမိလျှင် တင်းမာသောစိတ်ပျောက်၍ ကြောက်စိတ်နှင့်တစ်ဖန် တက်ပြန်ချည်, ဆင်းပြန်ချည် မတည်မရပ်နိုင်ဖြစ်သဖြင့် အပြစ်အကျိုးကို မမြင်သော ဒေါသစိတ်ဖုံးလွှမ်း၍ မြစ်ကမ်းထိပ်က စိတ်ဗျာပါဝိတက်ကြောင့် 'အသက်ရှင်လိုလည်း ရှင်စေ၊ သေလိုလည်း သေစေ'ဟု ရေထဲသို့ခုန်ဆင်းလေသော် ရေတိမ်မှန်းသိ၍ အလျင်တဆောကူးလျက် ကမ်းတစ်ဘက်သို့တက်သွားသဖြင့် "မယားခိုး၊ မယားခိုး"ဟု ငြိုးစိတ်နှင့်ဆို၍ လိုက်လေသော်၊ မသူတော် ၂ ယောက်ကိုမီလေလျှင်၊ "ဟယ်၊ သူယုတ်သား။ ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း"ဟု ဆို၏။ ဒီဃပိဋ္ဌိလည်း ဂေါတကာဠကို "ဟယ်၊ သူယုတ်သား။ ဣမွ။ နင့်မယား အဘယ်မှာရှိသနည်း။ ငါ့မယားနှင့် ငါ ခရီးသွားရာ သူမြင်၍ မလျောက်ပတ်အောင် အဘယ်ကြောင့် မယားခိုး ယိုးစွပ်ဘိသနည်း"ဟုဆိုပြီးလျှင်၊ လည်ကိုကိုင်ညှစ်၍ တွန်းပစ်လိုက်သဖြင့် မြေ၌လဲလေ၏။

ဒီဃပိဋ္ဌိသည် ဒီဃတာလာလက်ကိုဆွဲ၍ သွားလေလျှင် ဂေါတကာလည်း လဲရာမှထပြီးလျှင် "ဟယ်၊ သူယုတ်သား။ ငါသည် ဤမိန်းမကို မိဘထံ၌ ၇ နှစ် အမှုလုပ် အစေအပါးခံပြီးမှ မိဘ ၂ ပါးစုံ ပေးထိမ်းမြား၍ရ၏။ ထိုသို့ ဆင်းရဲသဖြင့်ရသော ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း"ဟု မနီးမကမ်းက ဆိုမြည်လျက်လိုက်၏။

ဤသို့ ဒီဃပိဋ္ဌိ, ဂေါတကာဠတို့သည် ခိုက်ရန်အငြင်းအခုံနှင့် သွားကြလေသော် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်ကြလေ၏။ ရွာသူရွာသားအပေါင်းတို့သည်လည်း များစွာစုရုံး၍ ကြည့်ကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ထိုသူ ၃ ယောက်တို့ကို ဆိုအပ်ပြီးသောနည်းဖြင့် ခေါ်စေ၍ရောက်လျှင် "အဘယ်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း"ဟု မေး၏။

ဂေါတကာဠလည်း ၇ နှစ်ပတ်လုံး ကျွန်ခံမှုရကြောင်းနှင့် ဒီဃပိဋ္ဌိ ခိုးယူသည်တိုင်အောင် စကားအလုံးစုံကို ပြန်ကြား၏။

ဒီဃပိဋ္ဌိလည်း မဟုတ်မမှန်သောစကားဖြင့် မိမိမယား ဖြစ်ကြောင်းကို ဆို၏။

ဒီဃတာလာကလည်း "ဤလူကွကို ကျွန်မ မသိ။ ဤသူသည်သာလျှင် မိဘထိမ်းမြားသော လင်တည်း"ဟု ဒီဃပိဋ္ဌိကိုသာ လင်အမှတ်ဖြင့် မဟုတ်မမှန်သောစကားကို ဆို၏။

မဟောသဓသုခမိန်သည် သူတို့စကားကို ကြားပြီးသော် "သင်တို့ ငါ၏အဆုံးအဖြတ်၌ တည်ကြမည်လော"ဟု မေး၏။ ထိုသူ ၃ ယောက်တို့လည်း "တည်ပါမည်"ဟု ဝန်ခံကြလတ်သော်၊ "ဤလူ



www.burmeseclassic.com

www.burmeseclassic.com



၃ ယောက်တို့ကို အသီးအသီး သင့်ရာနေစေ"ဟု တခြားစီခွဲ၍ထားပြီးလျှင်၊ ရှေးဦးစွာ ဒီဃပိဋ္ဌိကိုခေါ်စေ၍ "သင်၏အမည် အသူခေါ်သနည်း"ဟုမေး၏။ "အရှင့်သား။ အကျွန်ုပ်၏အမည်ကို ဒီဃပိဋ္ဌိ ခေါ်ကုန်၏"ဟု ဆိုသော်၊ "သင့်မယား၏အမည်ကို အသူခေါ်သနည်း"ဟုမေး၏။ ဒီဃပိဋ္ဌိလည်း ဒီဃတာလာ၏အမည်ကို မသိခြင်းကြောင့် တော်ဆ၍ တစ်ပါးသောအမည်ကို ပြော၏။ "သင်၏မိဘ အဘယ်ရွာနေ, အဘယ် အမည်ရှိသနည်း"ဟုမေးပြန်သော်၊ ဒီဃပိဋ္ဌိလည်း ကျွန်ုပ်မိဘ 'ဤရွာနေ, ဤအမည် ရှိ၏'ဟုပြော၏။ "သင့်မယား၏မိဘကား အဘယ်ရွာနေ, အဘယ်အမည်ရှိသနည်း"ဟု မေးပြန်၏။ ဒီဃပိဋ္ဌိလည်း နေရပ်အမည်ကို မသိခြင်းကြောင့် ရမ်းဆ၍ 'ဤရွာနေ, ဤအမည် ရှိ၏'ဟု မဟုတ်သောအမည်ကို ဆို၏။

ဤသို့ ဒီဃပိဋ္ဌိကို စစ်မေးပြီးသော် ထိုသူ၏စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင်၊ ဒီဃပိဋ္ဌိကို ဖယ်ရှားစေ၍၊ ဂေါတကာဠကို ခေါ်ပြီးသော် ရှေးနည်းဖြင့် မိမိအမည်, မိဘအမည်ကို လည်းကောင်း၊ မယား၏အမည်, မယား၏မိဘ, နေရပ်အမည်ကို လည်းကောင်း မေး၏။ ဂေါတကာဠသည် သိသောအလျောက် မဖောက်မပြန် ဟုတ်မှန်တိုင်း အလုံးစုံသောအမည် နေရပ်ကို ပြော၏။

ဤသို့ ဂေါတကာဠကို စစ်မေးပြီးလျှင် ထိုသူစကားကိုလည်း ပရိသတ်တို့အား မှတ်သားစေပြီးလျှင်၊ ဂေါတကာဠကိုဖယ်စေ၍၊ ဒီဃတာလာကို ခေါ်ပြန်သဖြင့် "သင်၏အမည်ကား အဘယ်နည်း"ဟုမေး၏။ "အရှင့်သား။ အကျွန်ုပ်အမည်ကား ဒီဃတာလာ တည်း"ဟုဆို၏။ "သင်၏မိဘကား အဘယ်ရွာနေ အဘယ်အမည် ရှိသနည်း"ဟုမေး၏။ 'အကျွန်ုပ်မိဘကား ဤအမည်သော ရွာနေ, ဤအမည် ရှိ၏'ဟုဆို၏။ "သင်၏လင်ကား အဘယ်အမည် ရှိသနည်း"ဟုမေးလတ်သော် ဒီဃပိဋ္ဌိ ဟူသောအမည်ကို မသိခြင်းကြောင့် ရမ်းဆ၍ 'ဤအမည်ရှိ၏'ဟု တစ်ပါးသောအမည်ကို ပြော၏။

ဤသို့ ဒီဃတာလာကို စစ်မေးပြီးသော် ထိုသူ၏စကားကိုလည်း ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဂေါတကာဠ, ဒီဃပိဋ္ဌိတို့ကို ခေါ်စေ၍၊ ပရိသတ်တို့အား "အချင်းတို့။ ဤမိန်းမ ထွက်ဆိုသောစကားသည် ဤလူမြင့်စကားနှင့် ညီသလော။ ယင်းသို့မဟုတ်မူ ဤလူပုစကားနှင့်တည်း ညီသလော"ဟု ဘုရားလောင်း မေး၏။

ပရိသတ်တို့လည်း "အရှင့်သားသုခမိန်။ ဤမိန်းမစကားသည် ဤလူကွစကားနှင့်သာ ညီ၏။ ဤလူမြင့်စကားနှင့် မညီ"ဟုဆိုကြလတ်သော်၊ ဘုရားလောင်းသည် "အချင်းတို့။ ထိုသို့တပြီးကား အဘယ်သူသည် မယားခိုးဖြစ်မည်နည်း"ဟု မေး၏။ ပရိသတ်တို့လည်း "အရှင့်သား။ ဤလူကွသည် ဤမိန်းမ၏လင်တည်း။ ဤလူမြင့်ကား မယားခိုးတည်း"ဟု ဆိုကြကုန်၏။

ထိုအခါ မဟောသဓသုခမိန်သည် ဒီဃပိဋ္ဌိကို "အချင်းယောကျ်ား။ ဤမိန်းမကား 'ဒီဃတာလာ အမည်ရှိ၏'ဟု လူကွ နှုတ်ထွက်အတိုင်း ညီ၏။ သင့် နှုတ်ထွက်မယားကား ဤမိန်းမမဟုတ်။ အမည်တခြား ဖြစ်ခဲ့၏။ သင် အသို့နည်း။ လျှို့ဝှက်သောအမှုကို တစ်ခုမကျန် သိမြင်တတ်၏ဟု ငါ၏သတင်းကျော်စောကို မကြားဘူးသလော။ ဤမိန်းမကို သင် ခိုးမိချေသည် မဟုတ်လော"ဟု မေး၏။

ဒီဃပိဋ္ဌိသည် မလွှဲမဖယ်သာသောကြောင့် "အရှင့်သား။ ခိုးမိပချေ၏"ဟု ဝန်ခံ၏။

ဂေါတကာဠလည်း မိမိမယားဒီဃတာလာကို ယူဆောင်၍ ဘုရားလောင်းအား ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းပြီးလျှင် မိမိ၏မိဘအိမ်သို့ သွားလေ၏။ ဘုရားလောင်းသည် ဒီဃပိဋ္ဌိအား နောင် မပြုမကျင့်စိမ့်သောငှာ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမပေး၏။ ဖွားဖက်တော် သူငယ် ၁၀၀၀ တို့သည်လည်း ထို ဒီဃပိဋ္ဌိကို ခြေဖြင့်ယမ်းခတ်ခြင်း၊ လက်ဖြင့်ထောင်းထုခြင်း စသည်ဖြင့် နာကျင်စွာဒဏ်ပေး၍ လွှတ်လိုက်ကုန်၏။

ဤအကြောင်းကို အမတ်သိလျှင် အလုံးစုံကို လျှောက်စာတင်၍ ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ကြားစေ၏။ မင်းကြီးလည်း ထိုစကားကိုကြားလျှင် သေနကအမတ်ကြီးအား ပြန်ကြားတိုင်ပင်ပြန်သဖြင့်၊ သေနကအမတ်ကြီး မြစ်တားပြန်လတ်လျှင် စိတ်လျှစ်လျူဖြစ်၍ "စုံစမ်းလေဦး"ဟု အမတ်ထံသို့ စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းမြှုံးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။

## ၁၀။ ရထားတရား စီရင်ခန်း

ရထားတရားဟူသည်ကား ယောက်ျားတစ်ယောက်သည် မျက်နှာဆေးအံ့သောငှာ တစ်ခုသောရွာမှ လည်းရထားစီးလျက် ထွက်သွားလေ၏။ ထိုအခါ သိကြားမင်းသည် လောကကိုကြည့်လတ်သော် ဘုရားလောင်းကိုမြင်၍ 'ဤသုခမိန် ဘုရားလောင်းအညွန့်အား ပညာဂုဏ်ထင်ရှားသောအဖြစ်ကို ငါ ပြုခြင်းငှာ ထိုက်၏'ဟု လူ၏အသွင်ဖြင့် လာလတ်၍ ထိုရထားစီးလျက် သွားသောယောက်ျား၏ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်တစိုက် လိုက်၏။ ရထားရှင်သည် ရထားနောက်မြီးစွန်းကိုကိုင်လျက် အစဉ်တစိုက်လိုက်သော လုလင်ကိုမြင်လျှင် 'ဤသူသည် အဘယ်အကြောင်းရှိ၍ နောက်သို့ အစဉ်တစိုက်လိုက်သည် မသိ'ဟုကြံလျက်၊ "အချင်းယောက်ျား။ သင် အဘယ်ကို အလိုရှိ၍ ရထားနောက်စွန်းကိုကိုင်လျက် အစဉ်တစိုက် လိုက်ဘိသနည်း"ဟု မေး၏။

သိကြားလုလင်သည် "အရှင်၊ အကျွန်ုပ်သည် သင်၏အထံသို့ မှီခို၍နေလိုပါသောကြောင့် လိုက်သည်"ဟုဆို၏။ ထိုစကားကိုကြားလျှင် ရထားရှင်သည် "လုလင်၊ ကောင်းပြီ၊ နေတော့"ဟုဆိုလျက် အတန်ငယ်သွားပြီးသော် ရထားကိုတန့်ရပ်စေပြီးလျှင် ရထားမှဆင်းသက်၍ ကိုယ်လက်သုတ်သင်အံ့သောငှာသွား၏။ ထိုရထားရှင် ကိုယ်လက် အသုတ်အသင်သွားခိုက်တွင် သိကြားမင်းသည် ရထားပေါ်သို့တက်၍ ရထားကို စိုင်းနှင်ပြေးလေ၏။

ရထားရှင်လည်း ကိုယ်လက်သုတ်သင်ပြီး၍ လာလတ်သော် ရထားကို လုလင် ခိုးယူပြေးသည်ဟုသိလျှင် "အချင်း၊ ရပ်လော့ ရပ်လော့"ဟု အလျင်တဆောလိုက်လျက် မီလတ်သောအခါ "အချင်း၊ သင် အဘယ်ကြောင့် ရထားကို ခိုးယူပြေးသနည်း"ဟုဆို၏။ သိကြားမင်းလည်း "သင့်ရထား ဘယ်မှာနည်း၊ ဤရထားကား ငါ့ရထားတည်း။ သင့်ရထားနှင့် အလားတူ၍သာ သင် အထင်မှားသည် ဖြစ်မည်၊ သင့်ရထား မဟုတ်"ဟုဆို၏။

ဤသို့ အချင်းချင်းအငြင်းအခုံစကားနှင့် လူအများလည်း ရှုကြည့်ဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်လာကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသုခမိန်သည် "ထိုသူ ၂ ယောက်ကို ခေါ်ချေ"ဟု စေလိုက်သဖြင့် ဖွားဖက်ရှေဖော်တို့ခေါ်ခဲ့၍၊ ထိုသူ ၂ ယောက်တို့လာလတ်သော် ဘုရားလောင်းသည် 'ဤသူကား သူတစ်ပါးကို ခုညားကြောက်ရွံ့ခြင်း တစိုးတစိမျှ မရှိ။ အလွန်ရဲရင့်၏။ မျက်တောင်လည်း စိုးစဉ်းမျှမခတ်။ စင်စစ် ဤသူသည် လူ မဟုတ်။ သိကြား, နတ်တည်း။ ဤသူကား ရထားရှင်တည်း'ဟု အတပ်အမှန်သိပြားသော်လည်း တရားသူကြီးတို့ စစ်မေးရိုးထုံးစံ ရှိသည့်အတိုင်း အငြင်းအခုံစကားကိုမေး၍ အသီးသီးထွက်ဆိုကြသည့် စကား ၂ ရပ်ကိုကြားပြီးသော် "သင်တို့သည် ငါ၏ အဆုံးအဖြတ်၌ တည်ကြအံ့လော"ဟုမေး၏။ "တည်ပါမည်"ဟု ၂ ဦးလုံး ဝန်ခံကြလတ်လျှင်၊ မဟောသဓသုခမိန်သည်

"အချင်းတို့။ သင်တို့ရထားကို ငါ၏လူတစ်ယောက်ကို စိုင်းနှင်စေအံ့။ သင်တို့ ၂ ယောက် ရထားနောက်မြိတ်ကို တစ်ဘက်စီကိုင်ဆွဲ၍ လိုက်ကြလော့။ ရထားကိုမလွှတ်လျှင် ရထားရှင်ဖြစ်စေ, လွှတ်လျှင် ရထားခိုးဖြစ်စေ"ဟုဆိုပြီးသော်၊ ရထားကို လုလင်တစ်ယောက်ကိုနှင်စေလျက် ထိုသူ ၂ ယောက်ကိုလည်း ရထားနောက်မြိတ်ကိုဆွဲ၍ လိုက်စေ၏။ ထိုအခါ ရထားရှင်သည် လူဖြစ်သောကြောင့် မောပန်းသောကိုယ်ဖြင့် 'ဆုံးလိုလည်း ဆုံးစေတော့'ဟု အားလျော့ပါးသဖြင့် ရထားမှလွှတ်လျက် ကြည့်မျှော်ကာ ရပ်နေရစ်၏။ သိကြားမူကား ရထားနှင့် ထက်ကြပ်ကပ်လျက် လိုက်လေ၏။

မဟောသဓသုခမိန်သည် ရထားကို ပြန်လည်စေပြီးသော် ပရိသတ်အပေါင်းတို့အား

"အချင်းတို့။ ဤသူကား ရထားနောက်သို့ အတန်ငယ်မျှလိုက်၍ လွှတ်လိုက်သဖြင့် နေရစ်၏။ ဤသူကား ရထားနောက်က ထက်ကြပ်ပင်လျှင် လိုက်၏။ ထိုသို့လျက် ဤရထားကို လွှတ်သောသူလောက်မျှ ပန်းဟန်မထင်။ ကိုယ်တွင်လည်း ချွေးတစ်ပေါက်မျှ မထွက်။ ထွက်သက်ဝင်သက်လည်း မလှိုက်မဖို။ မည်သည်ကိုမျှလည်း ကြောက်လန့်ခြင်းမရှိ။ မျက်စိကြောင်ကြောင် မျက်တောင်လည်း မခတ်။ ဤ အထွေထွေကို ထောက်ထားသော် သိကြား, နတ်စင်စစ် ဖြစ်သည်။ လူမဟုတ်"ဟု ဆိုပြီးလျှင်၊ သိကြားကို "သင် သိကြား မဟုတ်လော"ဟုမေး၏။

သိကြားမင်းသည် "သုခမိန်။ ငါသည် သုခမိန်ဆိုတိုင်းပင် သိကြားမင်း မှန်ပေ၏"ဟု ဆိုလတ်သော်၊ "သင် သိကြားနတ်မင်းဖြစ်လျက် အဘယ့်ကြောင့် ဤသို့သောအမှုကို ပြုလာဘိသနည်း"ဟု မေး၏။ သိကြားနတ်မင်းလည်း "သုခမိန်။ သင်၏ပညာကျေးဇူး ထင်ရှားစေလို၍ ငါလာသည်"ဟုဆိုလျှင်၊ "သိကြားနတ်မင်း။ သင်သည် နောင်ကို ဤသို့မပြုလာနှင့်"ဟု ဆုံးမပေ၏။

သိကြားမင်းသည် မိမိတန်ခိုးကိုပြလျက် ကောင်းကင်၌နေ၍ "မဟောသဓသုခမိန်သည် တရားကို ကောင်းစွာဆုံးဖြတ်ပေ၏"ဟု ကောင်းချီးပေးပြီးလျှင် နတ်ပြည်သို့သွားလေ၏။

ထိုအခါ ဘုရားလောင်း၏ပညာကျေးဇူးကို ဆင်ခြင်စုံစမ်းလျက် စောင့်နေရသောအမတ်သည် အထက်တရား အဆုံးအဖြတ်များမှာကဲ့သို့ အခြားသူကို မစေမူ၍ မိမိကိုယ်တိုင်ပင်လျှင် ဝိဒေဟရာဇ်မင်းကြီးထံ သွားပြီးသော် ရထားတရား၌ စီရင်ဆုံးဖြတ်ကြောင်း အထွေထွေရှိတိုင်းကို လျှောက်ထားပြီးလျှင် "အရှင်မင်းကြီး။ အမှု ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ မိမိတန်ခိုးဖြင့် သူတစ်ပါးတို့စိတ်နှလုံးကို ထင်ယောင်ထင်မှားရှိအောင် ဖန်ဆင်းတတ်သော သိကြားနတ်များမှသော်လည်း တရားမဟုတ်လျှင်, မနိုင်မဆိုင်လျှင် ရှုံးစေခြင်းဌာ စွမ်းနိုင်သော လောကတွင် ၂ ယောက်မထင် ပညာရှင် ယောကျ်ားထူး ယောကျ်ားမြတ် နတ်မျက်စိသဖွယ်ဖြစ်သော သုခမိန်ကို ဆောင်ယူချိန် အခါရွှေးလျက် ဆေးလေးနွှဲဖင့်၍ နေသင့်တော့မည်မထင်။ ယခုပင် ဆောင်ယူတော်မူပါ"ဟု လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "အချင်းအမတ်။ သင်ဆိုတိုင်းပင် အလျင်တဆော ငါကိုယ်တိုင်သွား၍ သတို့သားကို ဆောင်ယူချင်သောစေတနာ**သည် ကောင်းကင်မှသားတစ်ကို ဟစ်လိုက်သော အသံနှက်၍ စွန်လက်မှလွတ်ရသည်ဟု ကြားဦးစကပင် အခါခါအခေါက်ခေါက် ရောက်၏။ သို့ပင် ဝမ်းမြောက်စိတ် ဖိတ်ယိုခြင်းရှိသော်လည်း အမတ်ကြီး သုခမိန် ၄ ယောက်တို့သည် ရှေ့နောက်ကိုရှုတွေးလျက် မင်းရေးမင်းခွင့်၌ မြင်မြော်ကျွမ်းကျင်လိမ္မာစွာ အရာရာသော သုတပညာဖြင့် ငါ၏အိပ်မက်တော်ကို အထက်ကဖတ်ကြားသည်လည်း နတ်မျက်စိဖြင့်ကြည့်ရှု၍ မြင်သကဲ့သို့ ထင်ရှားစွာသောပညာရှိ ဖြစ်ကြပေသည်နှင့်အညီ ပညာရှိသုခမိန်တို့ကို မတိုင်မပင် အလျင်တဆော မပြုသာသေးသည် တစ်ကြောင်း၊ ထိုသတို့သားလည်း အရွယ်အားဖြင့် နုနယ်ငယ်ရွယ် သေးသည် တစ်ကြောင်း၊ ကျေးဖူးပညာလည်း အရာအချက် နည်းသေးသည်တစ်ကြောင်းဖြစ်၍ သုခပ်သိမ်းတို့ အပြစ်တင်လွတ်လောက်အောင် အမတ်ကြီးသုခမိန်တို့နှင့် တိုင်ပင်ခွင့် ရှိပေသေးသည်"ဟု ဆိုပြီးလျှင်၊ သေနကသုခမိန် အမတ်ကြီးကိုခေါ်၍ ရထားတရား၌ သိကြားကိုအရှုံးပေးကြောင်း အလုံးစုံကို ချီးမွမ်းပြောဆိုပြီးသော် "အမတ်ကြီး။ မဟောသဓသုခမိန်ကို ဆောင်ယူရသော် တော်သင့်ပြီ မဟုတ်လော"ဟု တိုင်ပင်မေးမြန်း၏။

မင်းကြီးစကားကို ကြားလျှင် သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး။ ဤမျှလောက်သောတရားကို ဆုံးဖြတ်နိုင်ကာမျှနှင့် သုခမိန် မခန့်လောက်သေး။ ပညာရှိသောသူတို့ ခဲခက်အောင်လျှို့ဝှက်၍ မေးအပ်သော အမေးပြဿနာတို့ကို ဖြေဆိုနိုင်မှ ပညာရှိသုခမိန် ခန့်ခြင်းငှာ ထိုက်ပါသည်။ ပညာရှိ၊ မရှိကို သိသာအောင် ယခု ငုံ့ဆိုင်းနေတော်မူ၍ ပညာစမ်း မေးတော်မူဦးလော့"ဟု လျှောက်ဆို၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော မံသ၊ ဂေါဏ၊ ဂန္ထိ၊ သုတ္တ၊ ပုတ္တ၊ ဂေါတ၊ ရထ ဤ ၇ ပါးတို့ကို သတို့သားလက်ထက် အသက် ၇ နှစ်အရွယ်က သူငယ်များနှင့်ကစားရင်း စီရင်၍၊ ထင်ရှားစွာ ၇ ခါ ၇ ကြိမ် အရှိန်အစော် ကျော်စောစွာဖြစ်သတည်း။ ဤတွင်သတ္တဒါရကပဥှာခန်း*ပြီး၏။

## ၁၁။ ရှားလုံ့တပြဿနာ ဖြေခန်း

ဆိုလတ္တံ့သော ပညာစမ်းကို စီရင်ခြင်းသည်ကား သေနကအမတ်ကြီး၏ အတတ်ပညာသာတည်း။

ရှားလုံ့တံပြဿနာ ဟူသည်ကား တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် 'မဟောသဓကို စုံစမ်းအံ့'ဟု ရှားနှစ် တစ်ခုကို ယူစေ၍ တစ်ထွာလောက်ဖြတ်ပြီးလျှင် ပန်းပွတ်သမားတို့ကို အလုံးစုံညီစွာ ပွတ်ခံစေပြီးသော် "အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်။ ဤရှားတုတ်ကို အရင်း၊အဖျား မည်သည်က ဖြစ်သည်ဟု အတပ်အမှန် သိကြစေ။ ဤရှားတုတ်၏အရင်း၊အဖျားကို မသိကုန်သောသူတို့အား ဒဏ် ၁၀၀၀ ခတ်မည်"ဟု ရာဇသံစကားနှင့် ရှားလုံ့တံကို ပါစီနယဝ မဇ္ဈဂုံးရွာသို့ ပို့စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပါစီနယဝ မဇ္ဈုဂုံးရွာသားတို့သည် စည်းဝေးရုံးစု၍ ရှုကြည့်ဆင်ခြင်လတ်သော် ထိုလှံတံ၏အရင်းအဖျားကို တစ်ယောက်သောသူမျှ မသိနိုင်ဖြစ်ကြကုန်လျှင် ရွာသားအပေါင်းတို့သည်

"အချင်းတို့။ ငါတို့သည် ဤရှားလှံတံ၏ အရင်းအဖျားကို မသိနိုင်ကြဖြစ်၍ ထိုအကြောင်းကို မင်းကြီးအား လျှောက်လျှင်လည်း တစ်ယောက် ၁၀၀၀စီ မှန်မှန် ရာဇဒဏ် ခံကြရတော့မည်။ အဘယ်သို့ကြံမည်နည်း"ဟု တိုင်ပင်ကြသော်၊ "သိရီဝဍ္ဎန ရှင်သူဌေးသား မဟောသဓသေုခမိန်သည် ၇ ကြိမ် ၇ ခါ ခဲခက်စွာသောတရားကို ကစားရင်းပင် ဆုံးဖြတ်နိုင်သည့်သူငယ်ပင် ဖြစ်သည်ဟု မလောက်မလေး ပြုသာမည်မဟုတ်။ ပညာသာလျှင် ပဓာန ဖြစ်ချေသည်။ ဤ ရှားလှံတံ၏အရင်းအဖျားကို သူဌေးသား သိကောင်းရာ၏"ဟု ပြောဆိုကြ၏။

ထိုအခါ သိရီဝဍ္ဎနသူဌေးကြီးသည် "ကောင်းပြီ။ ငါ့သားအား မေးစမ်းအံ့"ဟု ဆို၍ ကစားရာဇရပ်သို့ သွားပြီးလျှင် မိမိသားတော် ဘုရားလောင်းကိုခေါ်၍၊ မင်းကြီး၏ရာဇသံနှင့်တကွ ရှားလှံတံအကြောင်းကို ပြောဆိုပြီးသော် "ချစ်သား။ ငါတို့သည် ရှားလှံတံ၏ အရင်း,အဖျားကို မသိနိုင်ကုန်။ ချစ်သား သိနိုင်ပါမည်လော" ဟု မေး၏။

ခမည်းတော်သူဌေးကြီးစကားကို ကြားလျှင် ဘုရားလောင်းသည် ဤသို့ကြံ၏။ 'မင်းကြီးအား ဤရှားလှံတံ တစ်ထွာမျှလောက်ကို အရင်း,အဖျားသိရုံဖြင့် အဘယ် အသုံးဝင်အံ့နည်း။ ငါ့အား ပညာစမ်း စေလွှတ်သည်သာ ဖြစ်မည်'ဟု ကြံပြီးလျှင်၊ "ဖခင်။ ဤရှားလှံတံကို ဆောင်ယူခဲ့လော့။ အကျွန်ုပ် အရင်း,အဖျားကို သိလတ္တံ့"ဟု ဆို၍ ရှားလှံတံကို ဆောင်ယူစေပြီးသော်၊ ဘုရားလောင်းသည် လက်ဖြင့် ရှားလှံတံ၏အလယ်၌ကိုင်၍ ချိန်ကာမျှဖြင့် 'ဤကားအရင်း, ဤကားအဖျား ဖြစ်သည်'ဟု သိငြားသော်လည်း အများအား ထင်ရှားစေခြင်းငှာ ရေခွက်တစ်ခုကို ဆောင်ယူစေပြီးလျှင် ရှားလှံတံ၏အလယ်ချက်တည့်တည့်၌ ချည်ကြိုးဖြင့်ချည်၍ ကြိုးစွန်းကကိုင်လျက် ရေအပြင်၌ တင်ကာထား၏။

ထိုအခါ အရင်းသည် လေးသောကြောင့် ရှေးဦးစွာ နစ်၏။ ထိုသို့ ရေ၌ချ၍သိပြီးသော် မဟောသဓသေုခမိန်သည်

"ပရိသတ်အပေါင်းတို့ သစ်ပင်တို့၌ အရင်း, အဖျားသည် အဘယ်က လေးမည်နည်း"ဟု မေး၏။ လူအပေါင်းတို့သည် "သုခမိန်။ အရင်းသာလျှင် လေး၏"ဟုဆိုကြလတ်သော်၊ ဘုရားလောင်းသည် "ပရိသတ် အပေါင်းတို့။ ထိုသို့တပြီးကား ဤရှားလှံတံကို ရှေးဦးစွာရေ၌နစ်ရာကို အရင်း၊ နောက်မှ နစ်ရာကို အဖျား ဟု မှတ်သား၍ မင်းကြီးအား ဆက်လေလော့"ဟုဆို၏။

လူအပေါင်းတို့သည်လည်း ဘုရားလောင်းဆိုတိုင်း မှတ်သား၍ဆက်စေ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ဤအကြောင်း အဘယ်သူသိပါသနည်း"ဟု မေး၍ "သိရီဝဍ္ဎနသူဌေး၏သား မဟောသဓသေုခမိန် သိပါသည်"ဟု လျှောက်သဖြင့် ကြားလတ်သော် သေနကအမတ်ကြီးကို ခေါ်၍ တိုင်ပင်မြဲတိုင်ပင်ပြန်၏။

သေနကအမတ်ကြီးသည်လည်း "အရှင်မင်းကြီး။ ငံ့တော်မူဦးလော့။ အထူးအခြား တစ်ပါးသော ပြဿနာဖြင့် ပညာစမ်းသပ်ဖွယ် ရှိပါသေးသည်"ဟု လျှောက်၍၊ မင်းကြီး ငံ့နေပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ဦးခေါင်းခွံပြဿနာ ဖြေခန်း

ဦးခေါင်းခွံပြဿနာ ဟူသည်ကားထိုရှားလုံတံကို မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် မိန်းမဦးခေါင်းခွံ၊ ယောကျ်ားဦးခေါင်းခွံတို့ကို ရအောင်ရှာဆောင်စေပြီးလျှင် "အရှေ့ယဝမဇ္ဈဂုံးရွာသားတို့။ ဤဦးခေါင်းခွံ ၂ လုံးကို 'ဤကား မိန်းမဦးခေါင်းခွံ၊ ဤကား ယောကျ်ားဦးခေါင်းခွံ'ဟု အတပ်အမှန် သိသာအောင် လျှောက်ရမည်။ မသိလျှင် ရာဇဒဏ် ၁၀၀၀ သင့်စေမည်"ဟု ရာဇသံနှင့်တကွ ဦးခေါင်းခွံ ၂ လုံးကို အရှေ့ယဝ မဇ္ဈဂုံးရွာသို့ ပို့စေ၏။ အရှေ့ယဝ မဇ္ဈဂုံးရွာသားအပေါင်းတို့သည် မသိနိုင်ကြကုန်သည်ဖြစ်၍ ရှေးနည်းဖြင့် မဟောသဓသေခမိန်ထံ မေးမြန်းကြကုန်၏။

မဟောသဓသေခမိန်လည်း ဦးခေါင်းခွံ ၂ လုံးကိုမြင်လျှင် သိမ်မွေ့သောအရာကို ထင်စွာသိတတ်သော ဉာဏ်အစွမ်းဖြင့် 'ယောကျ်ားတို့၏ဦးခေါင်းခွံ၌ ဦးခြားရေးသည် ဖြောင့်၏။ မိန်းမတို့၏ဦးခေါင်းခွံ၌ ဦးခြားရေးသည် ယှက်တင်ကွေ့ကောက် နောက်သို့ပြန်လိမ်၍သွား၏'ဟု သိပြီးသော်၊ "ဤဦးခေါင်းခွံကား မိန်းမဦးခေါင်းခွံ၊ ဤဦးခေါင်းခွံကား ယောကျ်ား၏ဦးခေါင်းခွံတည်းဟု သင်တို့မှတ်သား၍ မင်းကြီးအား ဆက်ပို့လေလော့" ဆို၏။

ရွာသားအပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မင်းကြီးအား ပို့ဆက်ကုန်၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ဤအရာကို သိသည်ကား အဘယ်သူ့ပညာနည်း"ဟုမေး၏။ ရွာသားတို့လည်း "မဟောသဓ၏ ပညာဖြစ်ပါသည်"ဟု လျှောက်ကြကုန်လတ်သော်၊ သေနကအမတ်ကြီးကို ရှေးနည်းဖြင့် တိုင်ပင်ပြန်၏။

သေနက အမတ်ကြီးလည်း "အရှင်မင်းကြီး။ ဤမျှသောအရာဖြင့် ပညာရှိသုခမိန် မခန့်လောက်သေး။ အသစ်စိမ်၍ စုံစမ်းရန် ပြဿနာရှိပါသေးသည်။ ငံ့တော်မူဦးလော့"ဟု လျှောက်ပြီးလျှင် ပြဿနာတစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၁၃။ မြွေပြဿနာ ဖြေခန်း

မြွေပြဿနာဟူသည်ကား ဦးခေါင်းခွံကို စမ်းပြီးသည့်နောက် တစ်နေ့သ၌ မြွေဖို၊ မြွေမ ၂ ကောင်ကို ဖမ်းစေပြီးသော် မင်းကြီးသည် "အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိသည်ဟု ငါ ကြားသိတော်မူရသည်။ ဤမြွေ ၂ ကောင်ကို ဤကား မြွေဖို ဖြစ်သည်၊ ဤကား မြွေမဖြစ်သည်ဟု အတပ်အမှန် လျှောက်ဆိုကြရမည်။ အတပ်အမှန် မသိကုန်သောသူတို့အား ဒဏ် ၁၀၀၀ သင့်စေ"ဟု ရာဇသံနှင့်တကွ အရှေ့ယဝမဇ္ဈဂုံးရွာသို့ ပို့စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားအပေါင်းတို့လည်း ရှေးနည်းအတူ မိမိတို့ပညာဖြင့် မသိနိုင်ကုန်လတ်သော် မဟောသဓ သုခမိန်ကို မေးမြန်းကြကုန်၏။

မဟောသဓသုခမိန်လည်း ထိုမြွေ ၂ ကောင်ကိုမြင်လျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရသော အရှင်တို့၏ မြင်ခြင်းကဲ့သို့ ပိတ်ဆို့ခြင်းကင်းသောပညာအစွမ်းဖြင့် 'ဤမြွေကား ဦးခေါင်းလည်း ကြီး၏၊ အမြီးလည်း ဖွံ့၏၊ မျက်စိလည်း ကျယ်၏၊ လည်ရေးလည်း စပ်၏။ ဤသို့သော အခြင်းအရာရှိသောကြောင့် မြွေဖိုတည်း။ ဤမြွေကား ဦးခေါင်းလည်း ငယ်၏၊ အမြီးလည်း သွယ်၏။ မျက်စိလည်း ကျဉ်း၏၊ လည်ရေးလည်း မစပ်။ ဤသို့သော အခြင်းအရာရှိသောကြောင့် မြွေမတည်း'ဟု အတပ်အမှန်သိပြီးသော်၊ 'ဤကားမြွေဖို, ဤကားမြွေမဟု သင်တို့မှတ်သား၍ မင်းကြီးအား ပို့ဆက်လေလော့"ဟု ဆို၏။ ရွာသားအပေါင်းတို့လည်း မဟောသဓ ဆိုတိုင်းပင်လျှင် မြွေဖို, မြွေမကိုမှတ်သား၍ ဝိဒေဟရာဇ်မင်းကြီးအား ပို့ဆက်လေ၏။

မင်းကြီးလည်း "ဤမြွေ ၂ကောင်ကို အဖို အမ ပြဆိုနိုင်သူကား အဘယ်သူ့စကားနည်း"ဟုမေး၏။ ရွာသားတို့လည်း "သူဌေးသား မဟောသဓ၏ပညာသာ ဖြစ်ပါသည်ဟု လျှောက်ကြားကုန်လတ်သော်၊ ဝိဒေဟရာဇ် မင်းကြီးသည် သေနကအမတ်ကြီးကို ခေါ်၍ ရှေးနည်းဖြင့် တိုင်ပင်ပြန်၏။

သေနကအမတ်ကြီးသည်လည်း "အရှင်မင်းကြီး။ ဤမျှသော ပြဿနာသည် ခက်ခဲသေးသည်မဟုတ်။ ထို့ထက်သာ၍ ခက်ခဲသောပြဿနာဖြင့် စုံစမ်းရန်ရှိပါသေးသည်။ သည်းခံတော် မူပါဦးလော့"ဟု လျှောက်၏။ မင်းကြီးလည်း အမတ်ကြီးသုခမိန်စကားကို ကြားလျှင် စိတ်လျှစ်လျူဖြစ်ပြန်၍ ပြဿနာတစ်နည်းကို စီရင် စေပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၁၄။ ကြက်ပြဿနာ ဖြေခန်း

ကြက်ပြဿနာဟူသည်ကား ထိုမြွေပြဿနာကို မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် ဤသို့ စေလိုက်ပြန်၏။ "ပါစီနယဝ မဇ္ဈိဂံ့ရွာသားတို့ ပညာရှိကြောင်းကို ငါကြား သိတော်မူ ရသည်နှင့်လျော်ညီစွာ ငါအလိုရှိတော်မူသည်။ ထိပ်ပေါ်၌ လပို့ရောက်လျက်, ခြေ ၂ ဘက်၌ ဦးချိုနှင့်, ကိုယ်လုံးကျွတ် ဖြူစွာ, အခါ ၃ တန်တို့၌ အမှန်တွန်တတ်သော ဥသဘ"တစ်ကောင်ကို ယခုအလျှင်အမြန် ငါ့ထံ ရောက်စေ။ မရောက်လျှင် ရာဇဒဏ် ၁၀၀၀ ခံကြရမည်"ဟု စေလိုက်၏။

ရွာသားအပေါင်းတို့လည်း "ဦးခေါင်း၌ လပို့နေ၍ ခြေ ၂ ချောင်း၌ ဦးချိုရှိသော နွားကို တွေ့ဖူးမည်ကား ထား၍ ကြားမှုမကြားဘူးလျက် အထူး ငါတို့ သိနိုင်တော့မည် မဟုတ်ရာ။ မဟောသဓာ၏အရာသာတည်း"ဟု ဤအကြောင်းကို ဘုရားလောင်းအား ပြန်ကြားမေးမြန်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည် ထိုစကားကိုကြား၍ မဆုံးမီကပင် အလုံးစုံသောအနက်ကို ထက်လှစွာသောဉာဏ်ဖြင့် လျင်မြန်စွာသိလျက် "သင်တို့။ ယခု မင်းကြီးလိုက်တော်မူသည်မှာ မင်းကြီးသည် သင်တို့ကို ကြက်ဖြူတစ်ဖ ဆက်စေတော်မူလိုသည်။ အဘယ့်ကြောင့်နည်းဟူမူကား ကြက်သာလျှင် ခြေ၌အတက်, ထိပ်ထက် အမောက် ရောက်သည်။ တစ်ထူး ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံ ဤ ၃ တန်သောအခါကို မှန်စွာ မယုတ်မလွန် တွန်တတ်သည်ကို စွဲ၍ အခဲအခက် လျှို့ဝှက်သောအမိန့်တော် ဖြစ်သည်။ ထို့ကြောင့် ကြက်ဖြူလှလှ တစ်ဖရှာ၍ သင်တို့ ယခုပို့ ဆက်ကြလေတော့"ဟုဆို၏။

ရွာသားအပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်း ကြက်ဖြူတစ်ဖကိုရှာ၍ မင်းကြီးအား ပို့ဆက်လေ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း ရှေ့နည်းအတူမေး၍ ဘုရားလောင်းဖြေကြောင်း အတ္ထုပ္ပတ်ကို အတပ်အမှန်သိရပြီးသော် သေနကအမတ်ကြီးကိုခေါ်၍ တိုင်ပင်ပြန်၏။

သေနကသုခမိန်သည် "အရှင်မင်းကြီး။ ဤအရာလည်း ပညာမရှိလျှင် မသိနိုင်ရာ။ ဤအရာမျှကို သိတတ်သော ပညာရှိလည်း အများပင် ရှိရာသည်။ ပညာကျေးဇူး ထူးသည် မယူလောက်သေး။ နောက်ကိုတစ်သွယ် စီမံ၍စုံစမ်းရန် ပြဿနာ ရှိပါသေးသည်။ သည်းခံတော်မူပါဦးလော့"ဟု လျှောက်၍၊ မင်းကြီး ငံ့နေပြန်သဖြင့် တစ်ဖန် ပြဿနာကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၁၅။ ပတ္တမြားပြဿနာ ဖြေခြင်း

ပတ္တမြားပြဿနာဟူသည်ကား ထိုဝိဒေဟရာဇ်မင်းကြီး၏ ဘုရားလောင်းကုသမင်း ဖြစ်တော်မူသောအခါ သိကြားမင်းပေးအပ်သော ပတ္တမြားသည် ထီးနန်းလဲဖောက်သော်လည်း မပျောက်မပျက် အဆက်ဆက်မင်းတို့ သုံးဆောင်ရာဖြစ်၍ ဝိဒေဟရာဇ်မင်းကြီးလက်ထက်တိုင် ရှိ၏။ ထိုပတ္တမြားသည် ကြိုးထားရာအပေါက် အကောက် ၈ ပါးရှိသည်ဖြစ်၍ ဝိဒေဟရာဇ်မင်းကြီးလက်ထက် အထက်က ကြိုးဟောင်းပြတ်သဖြင့် ကြိုးတပ်၍ မသုံးဆောင်ရဖြစ်၏။

ဝိဒေဟရာဇ် မင်းကြီးသည် ထိုပတ္တမြားကို ပြဿနာပြု၍ မဟောသဓသုခမိန်ကို စုံစမ်းလိုသောကြောင့် "အရှေ့ယဝ မဇ္ဈုံရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်နှင့်အညီ ဤပတ္တမြား၏ ကြိုးဟောင်းစကို နုတ်ပစ်၍ ကြိုးသစ်တပ်ရမည်။ ကြိုးသစ်မတပ်နိုင်ကြလျှင် ရာဇဒဏ် ၁၀၀၀ သင့်စေ"ဟု ရာဇသံနှင့် ပတ္တမြားကို ပါစီနယဝ မဇ္ဈုံရွာသို့ ပို့စေ၏။

ရွာသူရွာသားအပေါင်းတို့သည် ထိုပတ္တမြား၏ ကြိုးဟောင်းကို မည်သို့နုတ်ရမည်၊ ကြိုးသစ်ကိုကား မည်သို့တပ်ရမည်ဟု မသိနိုင်ကြသဖြင့် ရှေးနည်းအတူ မဟောသဓသုခမိန်ကို မေးကြကုန်၏။

မဟောသဓသုခမိန်သည် ထိုပတ္တမြားကိုမြင်လျှင် "သင်တို့ မစိုးရိမ်ကြလင့်။ ပျားရည်သာ ဆောင်ယူကြချေ" ဟုဆို၍၊ ပျားရည်ကိုဆောင်ယူစေပြီးသော် ပတ္တမြား၏ အပေါက်ဝ ၂ ဘက်ကို လိမ်းသုတ်ပြီးမှ



www.burmeseclassic.com

နူးညံ့သိမ်မွေ့လှစွာသော ကမ္ဗလာချည်ကြိုးကို ကျစ်ပြီးလျှင် ထိုကမ္ဗလာကြိုးစ၌ ပျားရည်ဖြင့်သုတ်၍ ကမ္ဗလာကြိုးစကို ပတ္တမြားပေါက်ဝ ကြိုးဟောင်းစတစ်ဘက်နှင့်တွေ့ပြီး စဉ်းငယ်သွင်း၍ထားပြီးသော် ပတ္တမြားဝတစ်ဘက်က ပရွက်, ပိုးရ, ကျဉ်နီများကို စားသောက်စေခြင်းငှာ ပရွက်,ကျဉ်နီ,ပိုးရှူများတို့ နေရာလမ်းစ၌တွေ့လျက် ပတ္တမြားကိုထား၏။ ထိုအခါ ပရွက်,ကျဉ်နီ ပိုးရှူတို့သည် ပျားရည်အနံ့ဖြင့်ထွက်လာလျက် တစ်ဘက်သောပတ္တမြားဝ၌ ကြိုးဟောင်းစ ဆွေးဆွေးကို ထွေးရော သုတ်ထားသော ပျားရည်ရှမ္ဗက်ဆော်နှိုးသဖြင့် ကြိုးနှင့် ပျားတို့ ခြားနားမထင်။ သူ့အလျှင် ငါဦးအောင်သာ ကိုက်ခဲသောက်စားကာ ပတ္တမြားတွင်းသို့ဝင်လျက် တစ်ဘက်ကမ္ဗလာကြိုးသစ်ကို ကိုက်ငင်၍ ဝင်ခဲ့သောအပေါက်ကို နောက်ဆုတ်ဆောင်ယူ ထွက်ကုန်၏။

ဤသို့ အကောက် ၈ ဆယ်နှင့် ပတ္တမြားမျက်မြတ်ကို ကြိုးတပ်၍ပြီးပြီးသော် မဟောသဓသုခမိန်သည် "ရွာသားအပေါင်းတို့အား။ ဤပတ္တမြား၌ ကြိုးဟောင်းကိုနုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းသည် သူဌေးသား မဟောသဓပညာ ဖြစ်သည်ဟု လျှောက်ထား၍ မင်းကြီးအား ဆက်လေတော့"ဟုဆို၏။

ရွာသူရွာသား အပေါင်းတို့လည်း ဘုရားလောင်း ဆိုတိုင်းပင်လျှင် မင်းကြီးအားလျှောက်ထား၍ ပတ္တမြားကို ပို့ဆက်ကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပတ္တမြား၌ ကြိုးနုတ်ကြိုးသွင်း အခြင်းအရာ ပညာဂုဏ်သတ္တိကို ကြားသိရလျှင်၊ အလွန်နှစ်သက်သဖြင့် သေနကအမတ်ကြီးကိုခေါ်ကာ တိုင်ပင်မြဲတိုင်ပင်ပြန်၏။

သေနကအမတ် သုခမိန်လည်း "အရှင်မင်းကြီး။ ဤမျှဖြင့် မဆောင်ယူသင့်သေး။ ပညာစမ်းရန် ရှိပါသေးသည်။ ငံ့တော်မူပါဦးလော့"ဟုလျှောက်သဖြင့်၊ မင်းကြီး ငံ့နေပြန်၍ တစ်ဖန် ပြဿနာတစ်နည်း စီရင်ပြန်၏။

ဤလည်း ဘုရားကောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၁၆။ သားဖွားပြဿနာ ဖြေမန်း

သားဖွားပြဿနာ ဟူသည်ကား ထိုပတ္တမြားကို ကြိုးတပ်စေပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီး၏ တစ်ကောင်သောမင်္ဂလာနွားလားကို သားရှိသောဝမ်းကဲ့သို့ ယမ်းယမ်းမို့အောင် ပဲပြုတ်ကိုသာ အခါခါတိုက်ကျွေး၍ နေ့ရက်စေ့ပြီး ဖွားလုနီးသောနွားမကဲ့သို့ ရှိစေပြီးသော်၊ ဦးချို ၂ ဘက်ကိုလည်း သန့်သက်စွာပွတ်ဆေး၍ ဆီဖြင့်သုတ်လိမ်းလျက် ကိုယ်ကိုလည်း နနွင်းရည်ဖြင့်လိမ်းသုတ်ပြီးလျှင် "အရှေ့ယဝ မဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်နှင့် လျော်ညီစွာ ငါ၏မင်္ဂလာရှိသော ဤ နွားလားဥသဘသည် ကိုယ်ဝန်ဆောင်၍ ယခု လစေ့နေ့စေ့ပြီး ဖြစ်သည်။ ထို နွားလားဥသဘကို သားဖွားစေပြီးလျှင် သားငယ်နှင့်တကွ ထိုနွားလားဥသဘကို ငါ့ထံသို့ ပို့ဆက်ရမည်။ ဆိုတိုင်းမပို့ဆက်ကြလျှင် ရာဇဒဏ် ၁၀၀၀ သင့်စေ"ဟု ရာဇသံနှင့် နွားလားဥသဘကို အရှေ့ယဝ မဇ္ဈဂုံးရွာသို့ပို့စေ၏။

www.burmeseclassic.com



ရွာသားအပေါင်းတို့လည်း "ဤနွားလားကို သားဖွားစေရမည်ဟူသည် ငါတို့အရာ မဟုတ်။ မဟောသဓသေုခမိန်၏ အရာသာတည်း"ဟု မဟောသဓသေုခမိန်ကို "အဘယ်သို့ပြုရအံ့နည်း"ဟု နွားလားကိုပြ၍ မေးကြကုန်၏။

မဟောသဓသေုခမိန်သည် မင်းကြီးစကားနှင့် နွားလားကိုမြင်လျှင် သဘောလက္ခဏာ အလုံးစုံကိုသိ၍ ဤပြဿနာကို 'ဝိဘဇ္ဇဗျာကရဏ[၇၄]ဖြင့် ဖြေခြင်းငှာမထိုက်။ ပဋိပုစ္ဆာဗျာကရဏ[၇၅]ဖြင့် မေးတုံ့မေး၍ ဖြေခြင်းငှာထိုက်၏'ဟု ကြံပြီးသော်၊ "ရွာသားအပေါင်းတို့။ သင်တို့သည် မင်းကြီးနှင့် အကျွမ်းဝင်သည်ဖြစ်၍ ရဲရင့်စွာ မင်းကြီးအား မကြောက်မရွံ့ လျှောက်ထားဝံ့သောသူကို ရနိုင်ပါမည်လော"ဟု မေး၏။ ရွာသားတို့လည်း "သုခမိန်။ မင်းကြီးအား လျှောက်ထားဝံ့သောသူကို ရလွယ်ပါ၏"ဟု ဆိုကြကုန်၏။

မဟောသဓသေုခမိန်သည် "ကောင်းပြီ။ ထိုသူကိုရလျှင် သင်တို့ မစိုးရိမ်လင့်"ဟုဆို၍ မင်းကြီးအား လျှောက်ထားဝံ့သောသူကို ခေါ်စေ၍၊ ထိုသူရောက်လျှင် မင်းကြီးအား လျှောက်ထားစိမ့်သောငှာ မဟောသဓ သုခမိန်သည် ဤသို့ မှာထား၏။

"အချင်းယောကျာ်း။ ငါ မှာထားအံ့။ သင်သည် ဆံပင်ဖြန့်ထား ဖားလျားချလျက် ထိပ်ထက်လက်တင် ရင်အုံခတ်တီး ရှိက်ကြီးတငင်ပင်ပန်းစွာ ဤရွာမှ မင်းကြီးနန်းတော် အရှေ့တံခါးဝတိုင် ငိုမြည်တမ်း၍ သွားလော့။ မင်းကြီးမှတစ်ပါး မေးမြန်းသော်လည်း မည်သို့မျှ မပြန်ကြားနှင့်။ မင်းကြီးနား ကြားတော်မူ၍ အမေးတော်ရှိမှ ဤသို့လျှောက်လေ။ 'ကြီးမြတ်တော်မူလှသော ဘုန်းတော်ဖြင့် ကျွန်တော်မျိုးတို့၏ချမ်းသာကို ပေးတော်မူတတ်သော အရှင့်မင်းကြီး။ အကျွန်ုပ်အား သနားကိုးကွယ်ရာ ဖြစ်တော်မူပါ။ အကျွန်ုပ်၏ အဖသည် လောက၌ ယောကျာ်း သားမွေးဖူးသည် မရှိဘူးလျက် အထူးအခြား သားဖွားမည်ပြုလျက် မဖွားနိုင်၍ ယနေ့ ၇ ရက်တိတိ ရှိခဲ့ပြီ။ အကျွန်ုပ်အား သနားတော်မူသဖြင့် အကျွန်ုပ်အဖ သားဖွားခြင်းအကြောင်းကို အရှင်မင်းကြီး ဖန်ဆင်း စီရင်တော်မူပါလော့'ဟု မကြောက်မရွံ့ လျှောက်လေလော့။ ထိုသို့တင်လျှောက်ထားသဖြင့် မင်းကြီးသည် 'အချင်းယောကျာ်း။ သင် အဘယ်သို့ မြည်တမ်းသနည်း။ ရူးသလော။ အဘယ်သို့လျှင် ယောကျာ်းစင်စစ်ဖြစ်လျက် သားဖွားအံ့နည်း'ဟုဆိုလျှင်၊ 'အရှင်မင်းကြီး။ ထိုသို့အမိန့်တော်ရှိတိုင်း ယောကျာ်း သားဖွားရိုးမဟုတ်ခဲ့သော် အရှေ့ယဝ မဇ္ဈဂုံးရွာသားတို့သည် မင်္ဂလာနွားလားကို သားဖွားစေခြင်းငှာ အဘယ်သို့ တတ်နိုင်ရာလိမ့်မည်နည်း'ဟု သင် လျှောက်ထားလေ"ဟုဆို၏။

ထိုယောကျာ်းလည်း ဤသို့ မဟောသဓ သုခမိန်မှာတိုင်း အလုံးစုံကိုပြု၏။ ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "အချင်းယောကျာ်း။ ဤပြဿနာတုံ့ကို အဘယ်သူ စီရင်သနည်း"ဟု မေး၏။ ထိုယောကျာ်းလည်း "အရှင်မင်းကြီး။ သူဌေးသားမဟောသဓ စီရင်ပါသည်"ဟု လျှောက်လျှင်၊ ဝိဒေဟရာဇ် မင်းကြီးသည် အလွန်နှစ်သက်ခြင်းရှိသဖြင့် ရှေးနည်းအတူ သေနကအမတ်ကို တိုင်ပင်ပြန်လတ်သော်၊ သေနကအမတ်သည် "အရှင်မင်းကြီး။ စုံစမ်းရန် ပြဿနာရှိပါသေးသည်။ ငံ့နေတော်မူဦးလော့"ဟု လျှောက်၍၊ မင်းကြီး ငံ့နေတော်မူသဖြင့် ပြဿနာတစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇။ ထမင်းပြဿနာ ဖြေမှန်း

ထမင်းပြဿနာ ဟူသည်ကား ထို သားဖွားပြဿနာ မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် 'အရှေ့ယဝ မဇ္ဈကုံးရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်နှင့်အညီ ဆန်လည်း မဟုတ်, ရေလည်း မဟုတ်, ထမင်းအိုးလည်း မဟုတ်, ခုံလောက်လည်း မဟုတ်, မီးလည်း မဟုတ်,ထင်းလည်း မဟုတ်, မိန်းမယောကျ်ားလည်း မဟုတ်သည်တို့ဖြင့် ထမင်းချဉ်ချက်၍ လမ်းမဟုတ်သည်ဖြင့် ပို့ဆက်လာရမည်။ ဤအင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော ထမင်းချဉ်မရောက်လျှင် ရာဇဒဏ် ၁၀၀၀ သင့်စေ"ဟု စေလိုက်၏။

ရွာသားအပေါင်းတို့သည် မကြံနိုင်ကုန်သည်ဖြစ်၍ မဟောသဓသူခမိန်ကိုသာလျှင် မေးကြကုန်၏။

မဟောသဓသူခမိန်လည်း ထိုစကားကိုကြားလျှင် "သင်တို့ မစိုးရိမ်ကြလင့်။ 'ဆန် မဟုတ်'ဆိုသောကြောင့် ဆန်ကွဲကို ယူချေ။ 'ရေ မဟုတ်'ဆိုသောကြောင့် ဆီးနှင်းကို ယူချေ။ 'ထမင်းအိုး မဟုတ်'ဆိုသောကြောင့် ထမင်းဟင်း မချက်ရသေးသော အိုးသစ်ကို ယူချေ။ 'ခုံလောက် မဟုတ်'ဆိုသောကြောင့် သစ်သားစိမ်း ၃ ချောင်းကို ယူ၍ ၃ခု ဆိုင်နှက်၍၊ 'မီး မဟုတ်' ဆိုသောကြောင့် တစ်ပါးမီးမှာမညှိဘဲ ပွတ်မီးကို ယူချေ။ 'ထင်း မဟုတ်'ဆိုသောကြောင့် သစ်ရွက်ခြောက်ကိုယူချေ"

ဤသို့ဆိုတိုင်း ယူစေ၍ စိရင်ခင်းကျင်းလျက် ချဉ်သောအရသာ အတန်ငယ်ရောစေ၍ ထမင်းချဉ်ချက်စေပြီးသော် အိုးသစ်၌ထည့်ပြီးမှ 'အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော ထမင်းချဉ်တော်'ဟု တံဆိပ်တော်ခပ်နှိပ်ပြီးလျှင် မိန်းမ, ယောကျ်ားမဟုတ် ဟူသောကြောင့် နပုံသကပဏ္ဍုက်[75]ကိုရွက်စေလျက်၊ လမ်းခရီးမဟုတ်ဟူသောကြောင့် ခရီးလမ်းမကို မသွားစေဘဲ အိမ်ကြားဝင်းနား ခြေဖြင့်သွားလောက်သော ခြေကြောင်းခရီးဖြင့်သာ သွားစေ၍ မင်းအား ပို့ဆက်စေ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ဤပြဿနာကို အဘယ်သူဖြေစီရင်သနည်း"ဟု မေး၍ "မဟောသဓသူခမိန် စီရင်ပါသည်"ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်းဖြစ်သဖြင့်၊ ရှေးနည်းအတူ သေနက သူခမိန်အမတ်ကြီးကို ခေါ်၍ တိုင်ပင်ပြန်၏။ သေနကအမတ်လည်း "အရှင်မင်းကြီး။ သည်းခံတော်မူလော့"ဟု လျှောက်၍ ပြဿနာတစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ်ဖြစ်သတည်း။

## ၁၈။ သဲလွန်ပြဿနာ ဖြေမှန်း

သဲလွန်ပြဿနာ ဟူသည်ကား ထို့နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "ပါစီနယဝမဇ္ဈကုံးရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူသည်နှင့်အညီ ငါ ယခု ပုခက်ယာဉ်ညင်စီး၍ ကစားတော်မူလိုသည်။ ပုခက်ယာဉ်ညင် ဆွဲမြဲဖြစ်သော သဲလွန်ကြိုးဟောင်း ပြတ်သည်ဖြစ်သောကြောင့် ယခု



www.burmeseclassic.com

www.burmeseclassic.com



ပုခက်ယာဉ်ညင်ဆွဲရန် သဲလွန်ကြိုးသစ်ကျစ်၍ ဆက်ပို့ကြရမည်။ သဲလွန်ကြိုးသစ်ကျစ်၍ မဆက်မပို့နိုင်လျှင် ဒဏ်ငွေ ၁၀၀၀ သင့်စေမည်"ဟု စေလိုက်၏။

ရွာသားအပေါင်းတို့သည် မကြံနိုင်ကြကုန်သဖြင့် မဟောသဓသေ့ခမိန်ကို မေးကြကုန်၏။

မဟောသဓသေ့ခမိန်သည် ထိုစကားကိုကြားလျှင် 'ဤအရာကား ပဥှာ၊ တို့မေး၍ ဖြေခွင့်ဖြစ်သည်'ဟု သိပြီးသော် "သင်တို့ မစိုးရိမ်ကြလင့်။ စကားအရာ၌ လိမ္မာကျစ်လစ် ပြေပြစ်ကျွမ်းကျင်စွာ အရှင်မင်းကြီးအား လျှောက်ထားဝံ့သောသူ ၂ ယောက်ကိုသာ ရစေလော့"ဟု ဆို၍၊ စကားအရာ၌ လိမ္မာသောသူ ၂ ယောက်ကိုရှာ၍ ရသဖြင့်၊ ထိုသူ ၂ ယောက်တို့အား မဟောသဓသေ့ခမိန်သည် ဤသို့သောအကြောင်းကို မှာကြားလျှောက်ထားစေ၏။

"အချင်းတို့။ သင်တို့သည် ငါမှာတိုင်းမှတ်သား၍ မင်းကြီးအား လျှောက်ထားချေ။ 'ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး။ အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ကို သဲလွန်ဟောင်းပြတ်၍ သဲလွန်သစ်ကျစ်ရမည် အမိန့်တော်ရောက်သည်မှာ သဲလွန်အကြီးအငယ်ပမာဏ, ကျစ်ရမည့်သဏ္ဌာန် အလုံးအထွာကို မသိရ ဖြစ်ပါသည်။ သဲလွန်ဟောင်းပြတ်စ ၁ ထွာ လက် ၄ သစ်မျှခန့် ပုံတော်ရပါမှ အတုပုံယူ၍ တူအောင်ကျစ်နိုင်ပါမည် ဖြစ်သောကြောင့် သဲလွန်ဟောင်းစတစ်ခုကို သနားတော်မူပါ' ဤသို့လျှောက်ချေ။ မင်းကြီးသည် သင်တို့စကားကိုကြားလျှင် 'အချင်းတို့။ ငါ၏နန်းတော်၌ သဲလွန်စ ဘယ်မှာ ရမည်နည်း။ မအပ်မရာသောစကားကို အဘယ့်ကြောင့် သင်တို့ လျှောက်ထားကြသနည်း'ဟု အမိန့်တော်ရှိလျှင် "အရှင်မင်းကြီး။ အလိုတော်ရှိတိုင်းပြီးစေနိုင်လျက် ဘုန်းတော်ကြီးလှသောအရှင်မှ သဲလွန်ကို ကျစ်၍မဖြစ်နိုင်ခဲ့သော် ဘုန်းညံ့သော အရှေ့ယဝမဇ္ဈဂုံးရွာသား ကျွန်တော်မျိုးတို့မှာ အဘယ်သို့ သဲလွန် ကျစ်ရပါမည်နည်း' ဤသို့လျှောက်ချေလော့"ဟု စေလိုက်၏။

ထိုယောကျ်ား ၂ယောက်တို့သည် မဟောသဓသေ့ခမိန်မှာတိုင်း အလုံးစုံကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် "ဤပြဿနာကို အဘယ်သူ ဖြေစီရင်ပါသနည်း"ဟုမေး၍၊ "မဟောသဓ ဖြေစီရင်ပါသည်"ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်းဖြစ်သဖြင့် ရှေးနည်းအတူ သေနကအမတ်ကြီးကိုခေါ်၍ တိုင်ပင်ပြန်၏။

အမတ်ကြီးလည်း "အရှင်မင်းကြီး။ သည်းခံတော်မူဦးလော့။ အထူးစုံစမ်းရန် ပြဿနာရှိပါသေးသည်"ဟု လျှောက်၍ ပြဿနာတစ်နည်း စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၁၉။ ရေကန်ပြဿနာ ဖြေစခန်း

ရေကန်ပြဿနာဟူသည်ကား ထို သဲလွန်ပြဿနာဖြင့် စုံစမ်းပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "အရှေ့ယဝ မဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်နှင့်အညီ ယခုရေကစားတော်မူလိုသောကြောင့် ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်တစ်ခုကို ယခု



www.burmeseclassic.com

www.burmeseclassic.com



ပို့ဆက်ကြရမည်။ မပို့ဆက်နိုင်လျှင် ဒဏ် ၁၀၀၀ သင့်စေ”ဟု စေလိုက်၏။ ရွာသားအပေါင်းတို့လည်း မကြံနိုင်ကြသဖြင့် မဟောသဓကိုသာ မေးကြကုန်၏။

မဟောသဓ သုခမိန်သည် ထိုစကားကိုကြားလျှင် ‘ဤအရာလည်း ပြဿနာတုံ့ပြန်ခြင်းမှာ ထိုက်၏’ဟု သိပြီးသော် “အချင်းတို့။ မစိုးရိမ်ကြလင့်။ စကားအရာ လိမ္မာရဲရင့်သော လူ ၂ ယောက်, ၃ ယောက်ကို ခေါ်ချေ”ဟုစေ၍ ခေါ်ပြီးလျှင် “သင်တို့ ငါမှာအပ်သောစကားကို နား စွင့်ကြကုန်။ သင်တို့သည် မျက်စိများနီအောင် ရေကစားပြီးလျှင် ဆံပင်,အဝတ် စွတ်စွတ်စိုစို ကိုယ်၌အလိမ်းလိမ်းလူးကပ်သော ရွံ့ညွှန်, လွန်ကြိုး, လှံတံ, တုတ်, အုတ်, ကျောက်ခဲ စွဲကိုင်ကုန်လျက် နန်းတော်အရှေ့မျက်နှာ တံခါးဝသို့ ရှေးရှုသွားပြီးသော် တံခါးဝ၌ရပ်နေ၍ အတွင်းတော်မြဲမင်းများကို အရှေ့ယဝ မဇ္ဈဂုံးရွာသားတို့က အသနားတော်ခံ နန်းတော်တံခါးဝသို့ ရောက်ကြောင်းနှင့် မင်းကြီးအားလျှောက်ထားစေပြီးမှ မင်းကြီးကဝင်စေ အမိန့်တော်ပြန်လျှင် အလျှင်လိုဟန်နှင့်ဝင်၍ အရှင်မင်းကြီးအား ဤသို့လျှောက်ထားကြလေ။ ‘ဘုန်းတော်ကြီးလှသောအရှင်မင်းကြီး။ အရှေ့ယဝ မဇ္ဈဂုံးရွာသားတို့ကို ရေကန် ပို့ဆက်ရမည် အမိန့်တော်မြတ်ရောက်၍ အရှင်မင်းကြီးနှင့်ထိုက်တန်သော ရေကန်တစ်ခုကို တောအရပ်၌ ရှာဖွေလိုက်လံ ဖမ်းဆီးလျက် မထွက်မပြေးသာအောင် ခိုင်ခံ့စွာသောကြိုးလွန်တို့ဖြင့် စည်းနှောင်ချည်တုပ်ပြီးလျှင် ဆွဲငင်ယူဆောင်၍ မြို့တော်သို့အပို့အဆက် အကျွန်ုပ်တို့တစ်စု လာပါသည်တွင်

“ထိုရေကန်သည် လွှသံမကြား တောသားအရိုင်းဖြစ်သည်နှင့် အရှင့်မြို့တော်, ကျုံးတော်, ပြအိုး, တန်ဆောင်း, သူရဲခို, မုခ်တံခါး, သွားလာမြူးရွှင်ကြသော လူသံ, ဆင်သံ, မြင်းသံ အတန်တန်အတည်တည် စည်ပင်လှသော မြို့အင်္ဂါကို တစ်ရံတစ်ခါ ဤနေ့မှ တွေ့ကြုံရသည်ဖြစ်၍ ဆွေ့ဆွေ့ခုန်ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် ငြင်းဆန်ဖယ်ရုန်း၍ ကြိုးလွန်အားလုံးကို ဖြုန်းဖြုန်းဖြတ်လျက် အလွတ်ထွက်ပြေးသဖြင့် အကျွန်ုပ်တို့ ဤတုတ်, အုတ်, လှံတံ, ကျောက်ခဲဖြင့် ရိုက်ပုတ်ပစ်ခတ်၍ ကြပ်တည်းစွာ ချည်နှောင်ဆောင်ယူပါသော်လည်း အရိုင်းတောသားကို မတားမြစ်နိုင်ရှိပါသည်။ အကျွန်ုပ်တို့အား သနားတော်မူသဖြင့် လိမ္မာယဉ်ကျေးသော အရှင်မင်းကြီးရေကန်တော်ဟောင်းနှင့်တွဲယှဉ်၍ ဆောင်ယူပါမှ မြို့တော်သို့ ထိုရေကန် ရောက်နိုင်ပါမည်။ ရေကန်ဟောင်း သနားတော်မူပါ’ဟု မင်းကြီးအား လျှောက်ထားကြလေ။

“သင်တို့စကားကို မင်းကြီးကြားလျှင် ‘အချင်းတို့။ ငါသည် ထီးနန်းစိုးစံတော်မူသည်လည်း ကြာလေပြီ။ တောအရပ်မှ ရေကန်ကို ဆောင်ယူရသည်ဟူ၍လည်း မကြားစဖူး။ ရေကန်ရိုင်းကို ရေကန်ယဉ်နှင့် တွဲယှဉ်ဆောင်ယူရသည် ဟူ၍လည်း မရှိစဖူး။ သင်တို့ အဘယ့်ကြောင့် ဤစကားကို လျှောက်ထားကြသနည်း”ဟု မေးလတ္တံ့။

“ထိုအခါ သင်တို့သည် ‘အရှင်မင်းကြီး။ အလိုတော်ရှိလျှင် ပြီးစေနိုင်လျက် ဘုန်းတော်ကြီးလှသော အရှင်မှ တော၌ ရေကန်ရိုင်းကို မဆောင်ယူနိုင်ခဲ့သော် ဘုန်းနည်းသော အရှေ့ယဝမဇ္ဈဂုံးရွာသား ကျွန်တော်မျိုးတို့သည် အဘယ်သို့ ရေကန်ကို ဆောင်ယူနိုင်ပါအံ့နည်း’ဟု မင်းကြီးအား သင်တို့လျှောက် ထားလေ”ဟု ဆို၏။

ထိုသူတို့လည်း မဟောသဓသုခမိန် စီရင်တိုင်း အလုံးစုံကိုပြု၍ မင်းကြီးအား လျှောက်ထားကြလေ၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ထိုစကားကိုကြားလျှင် “ဤပြဿနာကို အဘယ်သူဖြေစီရင်သနည်း”ဟု မေး၏ “မဟောသဓသုခမိန် စီရင်ပါသည်”ဟု ကြားလတ်သော် ရှေးထက်အလွန် နှစ်သက်ခြင်းဖြစ်သဖြင့် သေနကသုခမိန်ကို ခေါ်၍ ရှေးနည်းအတူ တိုင်ပင်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး။ ငံ့တော်မူပါဦး။ အထူးအခြား တစ်ပါးသောပြဿနာ ရှိပါသေးသည်"ဟု လျှောက်၍ ပြဿနာတစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၂၀။ ဥယျာဉ်ပြဿနာ ဖြေခန်း

ဥယျာဉ်ပြဿနာ ဟူသည်ကား ထိုရေကန်ပြဿနာဖြင့် စမ်းပြီးသည်နောက် တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် "အရှေ့ယဝမဇ္ဈဂုံး ရွာသားတို့ ပညာရှိကြောင်းကို ငါ ကြားသိတော်မူရသည်နှင့်အညီ ယခု ဥယျာဉ်ကစားတော်မူလိုသည်။ ငါ့တွင် ဥယျာဉ်ဟောင်း၌ သစ်ပင်တို့သည် ကာလမြင့်ရှည်သဖြင့် မစည်မကား မထွားမစက် အဖူးအရွက်မလန်း ညှိုးနွမ်း ပျက်စီးသည်ဖြစ်သောကြောင့် စည်စည်ကားကား ထွားထွားဝေဝေ အထွေထွေသောပန်းမျိုး, အသီးမျိုး ပျိုးသစ်စသော သစ်ပင်ပျိုတို့ဖြင့် တင့်တယ်စွာဥယျာဉ်တစ်ခုကို ယခု ပို့ဆက်ရမည်။ မပို့ဆက်နိုင်လျှင် ဒဏ် ၁၀၀၀ သင့်စေ"ဟု အရှေ့ယဝမဇ္ဈဂုံးရွာသို့ စေလိုက်၏။

ရွာသားအပေါင်းတို့လည်း မဟောသဓသူခမိန်ကို မေးကြကုန်၏။

မဟောသဓသူခမိန် ရေကန်ပြဿနာမှာကဲ့သို့ အလုံးစုံကိုစီရင်၍ မင်းကြီးအား လျှောက်ထားစေ၏။ မင်းကြီးသည်လည်း အလုံးစုံသောအခြင်းအရာကိုမေး၍ မဟောသဓ စီရင်သောအဖြစ်ကို သိလတ်သဖြင့် အလွန်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ သေနကသူခမိန်အမတ်ကြီးကိုခေါ်ပြီးလျှင် "ဆရာအမတ်ကြီး။ မဟောသဓကို ဆောင်ယူချိန်သင့်ပြီ မဟုတ်လော"ဟု မေး၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး။ ဤမျှလောက်သော ပြဿနာကို ဖြေနိုင်ကာမျှနှင့် ပညာရှိသူခမိန် မခန့်လောက်သေး။ သည်းခံတော်မူပါဦး။ အထူးအခြား တစ်ပါးသော ပြဿနာကို စီရင်၍ စုံစမ်းရန် ရှိပါသေးသည်"ဟုလျှောက်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတတည်း။

## ၂၁။ ဝိဒေဟရာဇ်မင်းကြီး အရှေ့ယဝမဇ္ဈဂုံးရွာသို့ ထွက်တော်မူခန်း

ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီး အကြိမ်ကြိမ်တားမြစ်သော စကားကိုကြားလျှင် ဤသို့ အကြံဖြစ်၏။

မဟောသဓတို့သားသည် ၇ နှစ်အရွယ်ကပင်လျှင် ကောင်းကင်ကသားတစ်ကို ကျစေသည်မှတစ်ပါး ၆ ယောက်သားတို့ တရား ၆ ခုကို ထောက်ရှုဆင်ခြင်လျက် လျင်စွာသောဉာဏ်ဖြင့် ဟုတ်မှန်တိုင်း ဆုံးဖြတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုပေါင်း ၇ ရပ်ကို အထပ်ထပ်အသွယ်သွယ် အံ့ဖွယ်စကားကြားရစဉ်ကပင် မင်္ဂလာကြီးတစ်ခု သုခမိန်တန်ဆောင် အောင်ပွဲခံ၍ မျက်မှန်းထင်ထင် တွေ့မြင်လိုသောစေတနာအခါခါညွှတ်လျက်၊ ဤအမတ်ကြီးသေနက နှောင့်ယှက်၍ ပျက်ပြန်ရသည်။

အတည်တည် လျှို့ဝှက်သည့်အနက် ခက်ခဲသော ပြဿနာကို မိမိပညာသတ္တိဖြင့် မိမိအမေးကို မိမိမှပြေလည်အောင် မဖြေနိုင်ရာ။ ၁၀ ခါ ၁၀ တန် အတန်တန်မေး၍ ငယ်သွေးငယ်ကိုယ်နှင့် ထိုသုခမိန်သတို့သားသည် ဘုရား၏ဖြေခြင်းကဲ့သို့ နှစ်လိုဖွယ်ဖြေဆို၍ ရှိပါပြီကိုလျက် မနှစ်သက်သံ ဝန်တိုသံနှင့် အတန်တန်ရက်ရှည်ငင်သဖြင့် ဆံပင်မြှုနမှု တစ်ခုခုအပြစ်ငြိလျှင် ဖိစီး၍ လွင်ဖြစ်လေအောင် ကြံဆောင်လိုဟန်ရှိသည်။ ဤသေနက အမတ်စကားကိုသာ နာယူငံ့နေချေလျှင် ဤ တစ်သက်တွင်ပင် သုခမိန်သတို့သားကို ငါ့သား ပြုရဟန် မရှိချေ။ သေနကအမတ်ဖြင့် ငါအဘယ်အလို ပြည့်တော့အံ့နည်း။ ယခုပင် အရှေ့ယဝမဇ္ဈဂုံးရွာသို့သွား၍ သတို့သား သုခမိန်ကို ငါကိုယ်တိုင်ပင်ဆောင်ယူအံ့’ဟု ကြံပြီးသော်၊ အတွင်းသား မှူးတော် မတ်တော်အပေါင်းခြံရံလျက် မထင်ရှားလွန်းသောထွက်ခြင်းဖြင့် မြင်းစီး၍ အရှေ့ယဝမဇ္ဈဂုံးရွာသို့ ဝိဒေဟရာဇ်မင်းကြီး ထွက်သွားလေ၏။

ထိုသို့ ထွက်သွားလေသောအခါ အရှေ့ယဝမဇ္ဈဂုံးရွာသို့ မရောက်မီ ခရီးအကြား၌ မင်းကြီးစီးသော မင်္ဂလာမြင်းတော်သည် မြေပပ်ကြား၌ ခြေကိုလျှိုမိသဖြင့် ခြေတစ်ဘက်ကျိုးခဲ့၏။ ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓရှိရာသို့မရောက်ဘဲ ထိုမြင်းတော် ခြေကျိုးရာအရပ်ကပင်လျှင် ပြန်လည်၍ နန်းတော်သို့ဝင်လေ၏။

ထိုနေ့ မိုးသောက်ထသောအခါ သေနကအမတ်ကြီးသည် မင်းကြီးထံ ခစားအံ့ ဟု ဝင်လတ်၍ “အရှင်မင်းကြီး။ ယမန်နေ့က အရှေ့ယဝမဇ္ဈဂုံးရွာသို့ ထွက်တော်မူချေသလော”ဟု လျှောက်မေးကြ၏။ “ဆရာသုခမိန်။ ထွက်ချေသည် ဟုတ်၏”ဟု မင်းကြီးဆိုလျှင်၊ သေနကအမတ်ကြီးသည် ဤသို့လျှောက်၏။

“အရှင်မင်းကြီး။ အရှေ့ယဝမဇ္ဈဂုံးရွာသို့ ထွက်သွားတော်မူသည်မှာ ထိုရွာသည် မင်္ဂလာကောင်းကျိုး တိုးတက်ရာဖြစ်သည်, မဖြစ်သည်ကို သတိတော် စွဲယူမိပါ၏လော။ အရှင်မင်းကြီးသည် အကျွန်ုပ်တို့ကို အပ်, မအပ် ရာ,မရာတို့၌ ပြည့်ွန်ဝေဖန်စိမ့်မည်ဟူ၍ အရာအထူးဖြင့် ကျေးဇူးတော်မြတ်ကို ခံတော်မူစေသည့် သုခမိန်အမတ်ဖြစ်၍၊ ကျွန်ုပ်တို့လည်း ကျေးဇူးတော်မြတ်ရှိသည်အတိုင်း နေ့ညဥ့်မပြတ် မင်းရေးမင်းမှု အစုစုအချက်ချက် ပေါ်ထွက်မည့်အရာကို ပညာဖြင့်မြော်ချင့်၍ တော်သင့်အောင်စီမံ ဝေဖန်ခွဲခြမ်းလျက် အသက်မက ကြောင့်ကြစိုးရိမ်လေ့ ရှိသည်နှင့်အညီ အရှင်မင်းကြီးအလိုတော်ရှိသော အရာများကိုလျက် အသက်ကိုစွန့်၍ ကောင်းညွှန့်မင်္ဂလာ မဖြစ်ရာအမှုမှန်လျှင် ‘သည်းခံလင့် နေပါ’ဟု တားမြစ်လျှောက်ထားရှိပါသည်။

ဤ ယခုသုခမိန်သတို့သားကို ဆောင်ယူတော်မူမည် တိုင်ပင်သည်မှာလည်း ပညာကျေးဇူးထူး၍ မတင့်တယ်၊ အရွယ်လည်းငယ်သေးသဖြင့် မင်းရေးမင်းမှု ထမ်းရွက်စီရင်နိုင်သေးမည် မဟုတ်။ ထိုသတို့သား သုခမိန်ခန့်လောက်သူ စင်စစ်မှန်လျှင် အတန်တန်လျှို့ဝှက် ခဲခက်သောပြဿနာဖြင့် ပညာကျေးဇူးလည်းလွန်၍ တင့်တယ်စွာအရွယ်လည်း ရောက်စေဦးတော့ ဟု နောက်ရေးကိုမြော်ထောက်၍ လျှောက်ပါသည်ကို အရှင်မင်းကြီး မနာယူဘဲ မထွက်မသွားရာသော ရွာသို့ ထွက်သွားတော်မူမိချေသောကြောင့် မင်္ဂလာမြင်းတော် ခြေကျိုးခြင်း အန္တရာယ် ရောက်ချေသည်။ အလျင်တဆော ပြုရမည့်အခွင့်ကို နွှဲဖင့်ချေလျှင်လည်း အကျိုးယုတ်ရာသည်။ တိုင်ပင်ဆွေးနွေး၍ ဆေးလေးစွာ ပြုရမည့်ကိစ္စကို စိတ်ကအလျင်လိုတိုင်း အားကြီးလျှင်လည်း တန်ခိုးဆုတ်ယုတ်ရာ ချေသည်များကို နှလုံးထားတော်မူရပါမည်”ဟု လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးသည်လည်း ပညာထက် သဒ္ဓါ[၇၆]လွန်သူဖြစ်၍ အကြောင်းအကျိုးကို ဆက်စပ်လျက် ပြောဆိုသောစကားကို ယုံကြည်သဖြင့် ဆိတ်ဆိတ်နေ၏။

## ၂၂။ မြည်းပြဿနာ ဖြေခန်း

မြည်းပြဿနာ ဟူသည်ကား ထိုနေ့မှ တစ်ရက်မြောက် မိုးသောက်သောနေ့၌ သေနကအမတ်ကြီးကိုခေါ်၍ "ဆရာအမတ်ကြီး။ မဟောသဓသူငယ်ကို ယခုဆောင်ယူရသော် ကောင်းမည်မဟုတ်လော"ဟု တိုင်ပင်ပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီးစိတ်တော်က ဆောင်ယူတော်မူလိုသော အာသာ[၇၇]ရှိတော်မူလျှင် ဆောင်ယူတော်မူပါတော့။ ထိုသို့ ဆောင်ယူခြင်း၌မူကား ယမန်နေ့၌ကဲ့သို့ ကိုယ်တော်တိုင်ထွက်၍ ဆောင်ယူခြင်းငှာ မထိုက်။ မင်း၏ကုဋေ[၇၈]ကို ဖြစ်စေရမည်လည်း တစ်ကြောင်း၊ သူတော်ကောင်းစင်စစ် ထိုသူဖြစ်၍ ချစ်မြတ်နိုးသော အရှင့်ကျေးဇူးတော်ကို သိပါလျှင် သင့်တော်၏။ အရှင့်ကျေးဇူးတော်ကို မသိဘဲ စဉ်းလဲစဉ်းစား သစ္စာ[၇၉]မစောင့် မဖြောင့်နှလုံး သုံးသူဖြစ်ချေက အချစ်ယုံကြူး၍ ၂ ဦးလုံး နောင်အကျိုးမဲ့ ရှိတတ်သည်တစ်ကြောင်း၊ ညွှတ်ညွှတ်ပျောင်းပျောင်း ကောင်းသောသဒ္ဓါ, မေတ္တာ[၈၀], ပညာကျေးဇူး လူထူးလူမြတ်မှန်လျှင် ဆင်ကောင်း,မြင်းကောင်း အစရှိသော တစ်ပါးသော မင်းထိုက်ဘဏ္ဍာများကို ဆောင်ယူသိမ်းပိုက်သကဲ့သို့ တိုက်ရိုက်သိမ်းယူ၍ ထိုသူ၏ ဂုဏ်ကျေးဇူး ထူး,မထူးကို မသိမသာဖြစ်မည်တစ်ကြောင်း၊ ဤသို့သော အလားအလာ နောင်လာအခွင့်ကို မြော်ချင့်တော်မူသဖြင့် လျှို့ဝှက်သောအနက် ခဲခက်သောပြဿနာနှင့် လိမ္မာသောတမန်ကို စေ၍ခေါ်တော်မူလျှင် သင့်မည်ထင်ပါသည်။ စင်စစ် မဟောသဓသည် ပညာရှိမှန်အံ့။ ထိုပြဿနာကိုသိသဖြင့် အရှင်မင်းကြီး အထံတော်သို့ လာရောက်ပါလိမ့်မည်"ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးလည်း သေနကအမတ်ကြီးစကားကို နှစ်သက်၍ "ဆရာအမတ်ကြီး။ လျှို့ဝှက်သော ပြဿနာ အဘယ်သို့ စီရင်အံ့နည်း"ဟု မေး၏။

သေနက အမတ်ကြီးလည်း "အရှင်မင်းကြီး။ ဤသို့ စေတော်မူပါလော့။ 'အရှေ့ယဝ မဇ္ဈကုံးရွာနေ မဟောသဓပညာရှိ သင်၏ ပညာရှိကြောင်းကျေးဇူးသတင်းကို ငါ ကြားသိတော်မူရသဖြင့် သင့်ကိုရှုကြည့်လို၍ ယမန်နေ့က အရှေ့ယဝမဇ္ဈကုံးရွာသို့ ထွက်တော်မူစဉ် ခရီးအကြား၌ ငါ၏မင်္ဂလာမြင်းတော် ခြေကျိုးရသည် ဖြစ်သောကြောင့် အရှေ့ယဝမဇ္ဈကုံးရွာသားတို့က မြင်းကောင်းတစ်စီးနှင့် သူ့ဋ္ဌေးကောင်းတစ်ယောက်ကို ငါ့ထံ ပို့ဆက်စေရမည်'ဟု စေတော်မူပါလော့။ စင်စစ် မဟောသဓသည် ပညာရှိမှန်လျှင် 'မြင်းကောင်းတစ်စီး ဆိုသည်ကား ငါ့ကိုယ်ကိုရည်၍ ဆိုသည်။ သူ့ဋ္ဌေးကောင်းဆိုသည်ကား ငါ့အဖသူ့ဋ္ဌေးကြီးကို ရည်၍ ဆိုသည်'ဟု သိလတ္တံ့"ဟူ၍ လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ သေနကအမတ်ကြီးစီရင်တိုင်း အမိန့်တော်အမှာဖြင့် လိမ္မာသောအမတ်တစ်ယောက်ကို အရှေ့ယဝမဇ္ဈကုံးရွာသို့ စေလွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသုခမိန်သည် အမတ်စကားကိုကြားလျှင် 'မင်းကြီးသည် ငါ့ကိုလည်းကောင်း၊ ခမည်းတော်ကို လည်းကောင်း မြင်တော်မူလိုချေသည်'ဟုသိသဖြင့်၊ ခမည်းတော်သူဌေးကြီးထံ သွားပြီးလျှင် ရိုသေစွာရှိခိုးလျက်

"ခမည်းတော်။ အရှင်မင်းကြီးသည် ခမည်းတော်ကိုလည်းကောင်း၊ အကျွန်ုပ်ကိုလည်းကောင်း မြင်တော်မူလိုသံနှင့် တမန်စေလွှတ်လိုက်သည်ဖြစ်သောကြောင့် ခမည်းတော်သည် အကျွန်ုပ်တို့မသွားမီ အလျင် ၁၀၀၀ သောသူဌေးအခြံအရံနှင့် အရှင်မင်းကြီးထံ သွားတော်မူစေချင်ပါသည်။ ထိုသို့သွားသောအခါ လက်ချည်းသက်သက်မသွားမူ၍ ထောပတ်သစ်ဖြင့်ပြည့်သော စန္ဒကူးကြုတ်ကိုဆောင်ယူ၍ သွားတော်မူနှင့်ပါ။

"မင်းကြီးထံရောက်လျှင် မင်းကြီးသည် ခမည်းတော်အား ပဋိသန္ထာရ^ီစကား ဟောပြောလျက် လျောက်ပတ်သောနေရာ၌ ချပေးတော်မူလတ္တံ့။ ထို မင်းချပေးသောနေရာ၌ ခမည်းတော် နေတော်မူနှင့်ပါ။ အကျွန်ုပ်လာသောအခါ မင်းကြီးသည် ပဋိသန္ထာရပြုပြီးလျှင် 'သုခမိန် သင်နှင့်ထိုက်သောနေရာကို ကြည့်၍နေလော့'ဟု ဆိုလတ္တံ့။ ထိုသို့ မင်းကြီးဆိုသောအခါ ခမည်းတော် မျက်နှာကို အကျွန်ုပ် ကြည့်ပါမည်။ သည်းခံတော်မူပါ။ ခမည်းတော်မျက်နှာကို အကျွန်ုပ်ကြည့်လျှင် ခမည်းတော်သည် နေရာမှ ထပြီးသော် 'ချစ်သား။ ဤခမည်းတော် နေရာမှာ နေလှည့်'ဟုဆို၍ ခမည်းတော်နေရာ လွှဲပေးတော်မူပါ။ ဤသို့ ပြုပါလျှင် တစ်ခုသောပြဿနာသည် အပြီးသို့ ရောက်ပါလတ္တံ့"ဟု ဆို၏။

သိရိဝဍ္ဎနသူဌေးကြီးသည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ မဟောသဓသုခမိန် စီရင်တိုင်းပင်လျှင် သူဌေး ၁၀၀၀ ခြံရံလျက် ဝိဒေဟရာဇ်မင်းကြီးထံ သွား၍ နန်းတော်ရှေ့တံခါး၀၌ ရပ်နေပြီးသော် အရှေ့ယဝမဇ္ဈဂုံးရွာက သူဌေးကြီးလာကြောင်းကို မင်းကြီးအား လျှောက်ထားစေပြီးလျှင်၊ 'ဝင်စေ' အမိန့်တော်ပြန်မှ နန်းတော်သို့ဝင်သဖြင့် ရှေ့နောက်မတည့် မဝေးမနီး လေညာလေအောက် ၆ ပါးသော အပြစ်ကင်းသည်ဖြစ်၍ တင့်အပ်သောနေရာ၌ ရှိခိုးလျက်နေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း သူဌေးကြီးအား ပဋိသန္ထာရစကား ပြောဟောပြီးသော် "သူဌေးကြီး။ သင်၏သား မဟောသဓသုခမိန် မပါလော"ဟုမေး၏။ သိရိဝဍ္ဎနသူဌေးလည်း "အရှင်မင်းကြီး။ နောက်မှ ခြေတော်ရင်းသို့ ရောက်ပါလိမ့်မည်"ဟု လျှောက်လျှင်၊ ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက်သည်ဖြစ်၍ "သူဌေးကြီး။ တင့်တယ်လျောက်ပတ်သောနေရာကို သိသဖြင့် နေလော့"ဟု နေရာချပေး၏။ သူဌေးကြီးလည်း အပြစ် ၆ ပါး ကင်းသော မင်းပေးနေရာ၌ နေ၍ခစား၏။

မဟောသဓသုခမိန်သည်လည်း ဘယက်တန်ဆာစသည်တို့ဖြင့် တန်ဆာဆင်ပြီးသော် ဖွားဖက်ရွှေဖော် ၁၀၀၀ ခြံရံလျက် တန်ဆာဆင်အပ်သော မြင်းရထားစီး၍ အရှေ့ယဝ မဇ္ဈဂုံးရွာမှ နန်းတော်သို့ဝင်အံ့ ဟု လာလတ်သော်၊ ကျုံးရိုးပေါ်၌သွားသော မြည်းတစ်ကောင်ကိုမြင်လတ်လျှင် သန်သန်မြန်မြန် အားအင်စွမ်းပကား ရှိသော လုလင်ပျိုတို့ကို "အချင်းတို့။ ထိုကျုံးရိုး၌သွားသော မြည်းကို လိုက်၍ မိအောင်ဖမ်းပြီးမှ မမြည်မဟစ်နိုင်အောင် ဇက်ခွံ့ပြီးလျှင် ဖျာဖြင့်လိပ်၍ ပိုက်ချီယူဆောင်ခဲ့ကြ"ဟု စေလိုက်၏။

ထိုအခါ လုလင်ပျိုတို့လည်း မဟောသဓသုခမိန် ဆိုတိုင်း မြည်းကိုဖမ်း၍ ယူဆောင်ခဲ့ပြီးသော်၊ မဟောသဓသုခမိန်သည် ၁၀၀၀ သောသူငယ်ဖော် ခြံရံလျက် မြို့တွင်းသို့ဝင်လေ၏။

ခရီးမင်းလမ်းမ အိမ်စဉ် ၂ဘက်နေ မိန်းမ, ယောကျ်ား, အရွယ်ရောက်သူ, အရွယ်မရောက်သူ, အရွယ်လွန်သူ လူအပေါင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



"ဤ သူငယ်ရွှေဖော်အလယ် ရထားထက်၌ နှစ်သက်ကြည်ညိုဖွယ်သောသတို့သားသည် အရှေ့ယဝမဇ္ဈဂုံးရွာ သိရိဝဍ္ဎနသူဌေးသား ထင်ရှားသောသုခမိန်ဟူသည် ဤသတို့သားပင်တည်း။ ဤသတို့သားသည် ဖွားစကပင်လျှင် ဆေးတုံးကိုင်လျက်ဖွား၍ စကားအမိနှင့်ပြောသည်ဟု ကျော်စောခြင်း ရှေးဦးက တစ်လီ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာဆရာတို့ မတတ်နိုင်သော ဇရပ်ထူးဇရပ်ကောင်းကိုဆောက်၍ အကောက် ၁၀၀၀ ရေဆိပ်ရှိသော ရေကန်ကိုစီရင်သည် တစ်တန်၊ ပန်းမန်၊ အသီးအပွင့်မျိုးတို့နှင့်ယှဉ်သော ဥယျာဉ်ကို စိုက်ပျိုးသဖြင့် တန်ခိုးသတင်း ကျော်စောခြင်းဖြစ်သည် တစ်ချက်၊ စွန်လက်မှ သားတစ်ကိုဟာစ်၍ ကျစေသော အစီအမံနှင့် ၆ တန်သောတရားကို ၂ ဦးသားကြည်ညိုအောင် မည်သူ့အလိုသို့ မလိုက် ထိုက်ရာဆုံးဖြတ်သည် တစ်သီး၊ မင်းကြီးဖြေခက်အောင် ၁၀ချက်သော အမေးပြဿနာတို့ကိုလည်း ပညာတုံ့ပြန်၍ အတန်တန် ဖြေစီရင်သည် တစ်ခြား၊ အပျော်အပါး အကစားအင်ဂို စိတ်လိုတိုင်းအစာတောင်း အကြောင်းသည်မျှသာ ရှိရှိနှိုက်အစွယ် ငယ်နိုင်မျှသေးက ဘေးဘိုးဆင်းသက်၍ ဘယ်လက်ထက်တွင်မျှမကြားရစဖူး၊ ကျေးဖူးအသီးသီးနှင့် ရှင်မင်းကြီး ဘုန်းတော်ကြောင့် ပေါ်ထွန်းလာသော ဤသုခမိန်ကို အကြိမ်ကြိမ်ယခု ရှုကြည့်၍လည်း ငါတို့ အားမရနိုင်"ဟု အချင်းချင်း မေးကြပြောကြ ရှုမောကြလျက် နန်းတော်အရှေ့ တံခါးဝတိုင်အောင် လိုက်၍ကြည့်ကြကုန်၏။

မဟောသဓသုခမိန်သည် နန်းတော်အရှေ့တံခါးဝသို့ရောက်လျှင် ရောက်ကြောင်းကို မင်းကြီးအား လျှောက်ထားစေ၍၊ ဝိဒေဟရာဇ်မင်းကြီးလည်း နှစ်သက်ရွှင်လန်းစွာ မဟောသဓသုခမိန်ကို 'ယခုပင်ဝင်စေ'ဟု မင်းမိန့်ပြန်မှ သူငယ်ဖွားဖက်ရွှေဖော် ၁၀၀၀ ခြံရံလျက်ဝင်၍ နန်းတော်သို့တက်ပြီးသော် မင်းကြီးအား ရှိခိုးလျက် တင့်အပ်သောနေရာ၌ ရပ်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း မဟောသဓသုခမိန်ကိုမြင်လျှင် နှစ်သက် ဝမ်းမြောက်ခြင်းဖြင့် ပဋိသန္ဓာရစကား မေးမြန်းပြောဆိုပြီးသော် "ချစ်သားသုခမိန်။ သင့်အား လျောက်ပတ်သော နေရာကိုသိသဖြင့် ကြည့်၍နေလော့"ဟု ဆို၏။ ထိုအခါ မဟောသဓသုခမိန်သည် ခမည်းတော်သူဌေးကြီး၏ မျက်နှာကိုကြည့်၏။ သူဌေးကြီးသည်လည်း အထက်မှာထား ရှိသည့်အတိုင်း မိမိနေရာမှထပြီးလျှင် "ချစ်သား။ ဤနေရာ၌ နေလှည့်လော့"ဟုဆို၏။ မဟောသဓသုခမိန်သည်လည်း ခမည်းတော်သူဌေးကြီး၏နေရာ၌ နေလေ၏။

ထိုသို့ အဖနေရာ၌ နေသည်ကိုမြင်လျှင် သေနကအမတ်၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်၊ ဤ ၄ ယောက်သော အမတ်သုခမိန်တို့သည် ကိုယ်ဣန္ဒြေကိုဖျက်၍ လက်ခုပ်တီးကာ ပြင်းစွာရယ်ကြလျက် "အန္ဓဗာလ[၁]ကို ပဏ္ဍိတ[၂]ထင်၍ အရှင်မင်းကြီး ခေါ်တော်မူမှားချေပြီ"ဟု ဆိုကြကုန်၏။

အမတ်ကြီး ၄ ယောက်တို့လည်း ကျီစယ်ရယ်ဟန် ဂုဏ်ညှိုးအောင်ကြံ၍ ဝန့်တိုသံပြက်ရယ်ပြုသည်ကို အတုလိုက်၍ အထိုက်အလိုက်ကိုမသိကုန်သော နန်းတွင်းသားမှူးမတ်အပေါင်းတို့သည်လည်း ပြစ်တင်ကဲ့ရဲ့ အကျိုးမဲ့နှိပ်နယ် ပြက်ရယ်ပြုကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း တိမ်မြူစင်သော လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်းရွှင်ရွှင် ကြည်လင်သော မျက်နှာရှိတုန်းပါကို ရာဟုဖမ်းသော လကဲ့သို့ ခဏချင်းညှိုးသမ်း၍ စိတ်ဝမ်းမရွှင်မပြုံး နှလုံးတော်မသာ ဖြစ်လေ၏။

မဟောသဓသုခမိန်သည် မင်းကြီးမျက်နှာ မသာသည်ကိုမြင်လျှင် "အရှင်မင်းကြီး။ မျက်နှာတော် မသာဟန် တကား။ အဘယ့်ကြောင့်နည်း"ဟုမေး၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း "သုခမိန်။ ငါ နှလုံးမသာရှိသည် မှန်၏။ အဘယ့်ကြောင့်နည်းဟူမူ သင်သည် ဖွားစကပင်လျှင် ဂုဏ်အင်အထူးနှင့် ၇ ဦးသော တရား၊ ၁၀ ပါးသော ပြဿနာတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုစီရင်နိုင်သည်ဟု ကြားသိရခြင်းသည် ကောင်းခြင်းမင်္ဂလာ ငါ့၌ နှစ်လိုဖွယ်ဖြစ်၏။ ယခု သင့်ကိုမြင်ရခြင်းမှုကား အကြားနှင့် မညီမလျော် အကျော်အစောနှင့်မလိုက်ဖက် နှစ်သက်ဖွယ်မရှိ"ဟု ဆို၏။

မဟောသဓသေုခမိန်သည် "အရှင်မင်းကြီး။ အဘယ့်ကြောင့် နှစ်လိုတော် မမူသနည်း"ဟု မေး၏။ ဝိဒေဟရာဇ်မင်းကြီးလည်း

"သုခမိန်။ အထူး ငါပြောဖွယ် မရှိပြီ။ အမျိုးမြတ်သူ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်တို့ ဓလေ့ မိဘကိုထား၍ သားချင်းဆွေမျိုးတွင် အသက်အရွယ်ကြီးသောသူကိုမျှ နေရာမှ ထစေခြင်းဟူ မထိုက်။ သင်မူကား ယခု ဆပ်၍မပြေနိုင်သော ကျေးဇူးရှင် အဖသူဌေးကိုလျက် နေရာမှထစေသဖြင့် အဖနေရာမှာ သင်နေသည့် အခွင့် သင့်တင့်လျော်ပါ၏လော"ဟု မေး၏။

မဟောသဓသေုခမိန်သည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ အရာတိုင်းမှာပင် သားထက် အဖမြတ်သည် ထင်မှတ်တော်မူသလော"ဟု မေး၏။ မင်းကြီးလည်း "သုခမိန်။ အရာတိုင်းမှာပင် သားထက် အဖမြတ်သည်"ဟု ဆိုလတ်သော်၊ မဟောသဓသေုခမိန်သည် "အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို မြင်းကောင်းတစ်စီးနှင့် သူဌေးကောင်းတစ်ယောက် ပို့ဆက်ရမည် စေတော်မူသည် မဟုတ်လော"ဟု ဆိုပြီးလျှင်၊ နေရာမှထ၍ မြည်းကို ဆောင်ခဲ့ကုန်သော လုလင်ပျိုတို့ကိုကြည့်လျက် "အချင်းတို့။ ဤသို့ မြည်းကိုသွင်းယူခဲ့"ဟုဆို၍ မြည်းကိုသွင်း စေသဖြင့် မင်းကြီးခြေရင်း၌ အိပ်စေလျက်ထားပြီးမှ "အရှင်မင်းကြီး။ ဤမြည်းသည် အဖိုးမည်မျှ ထိုက်သနည်း"ဟု မေး၏။ ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန်။ မြည်းကောင်းဖြစ်လျှင် အလွန်အားဖြင့် ၈ကျပ် အဖိုးထိုက်၏"ဟုဆို၏။

မဟောသဓသေုခမိန်သည် "အရှင်မင်းကြီး။ ဤ ၈ ကျပ်တန် မြည်းထီးနှင့်ဆက်ဆံ၍ အာဇာနည် မြင်းမ°°ဝမ်း၌ ဖြစ်သော အဿတိုရ်မြင်း°°ကောင်းသည်ကား အဘယ်မျှ အဖိုးထိုက်မည်နည်း"ဟု မေး၏။

"သုခမိန်သတို့သား။ အဿတိုရ်မြင်းကောင်းတို့၏အဖိုးကား အပိုင်းအခြားမရှိ များစွာထိုက်၏"ဟု မင်းကြီးဆိုလျှင်၊ မဟောသဓသေုခမိန်သည် "အရှင်မင်းကြီး။ အဘယ့်ကြောင့် ဤသို့ အမိန့်ရှိသနည်း။ ယခုတွင်ပင်လျှင် 'အရာတိုင်း၌ သားထက် အဖမြတ်၏'ဟု အမိန့်ရှိတော်မူသည် မဟုတ်လော။ အရှင်မင်းကြီး အမိန့်ရှိတိုင်း အရာတိုင်းမှာ သားထက် အဖမြတ်သည်မှန်လျှင် သားဖြစ်သော အဿတိုရ်မြင်းကောင်းထက်လည်း အဖဖြစ်သောမြည်းထီး မြတ်သင့်ကောင်းပါသည်။ အရှင်မင်းကြီး။ ဤသို့ အရာသို့လိုက်၍ ထိုက်ရာသာ အမြတ်,အယုတ်ကို ယူရပါမည်စင်စစ်မှန်လျက် အရှင့်သုခမိန်ကျော် အမတ်ကြီး ၄ ယောက်တို့သည် ဤမျှလောက်ကိုမျှ မသိနိုင်ကြဘဲလျက် လက်ခုပ်တီး၍ရယ်ကြသည်မှာ ထိုပညာရှိ ၄ ယောက်တို့၏ အမြော်အမြင်ပညာသည် အံ့သြစရာများပေတောင်း။ ဤ သူကောင်း ၄ ယောက်တို့ကို အဘယ်မှာ အရှင်မင်းကြီး ရပါချေသနည်း"ဟု ပြက်ရယ်ပြု၏။

'ဟံသိ တုဝံ ဧဝံ မညာသိ သေယျော၊ ပုတ္တေဟိ ပိတာ။

ရာဇသေဋ္ဌ၊ ဟန္ဒဿတရဿ တေ။

အယံ၊ အဿတရဿ ဟိ ဂြဒြဘော ပိတာ။ ။' ဟု စေနိပါတ်ကျမ်း၌ လာသောဂါထာဖြင့် ဆို၏။

ရာဇသေဋ္ဌ၊ မင်းမြတ်။ ပုတ္တေဟိ၊ သားတို့ထက်။ ပိတာ၊ အဖသည်။ သေယျော၊ မြတ်၏။ ဧဝံ၊ ဤသို့။ မညာသိ–မညန္တော၊ အောက်မေ့တော်မူသည် ဖြစ်၍။ တုဝံ၊ အရှင်မင်းကြီးသည်။ ဟံသိ၊



www.burmeseclassic.com

www.burmeseclassic.com



ပြက်ရယ်ပြုတော်မူ၏။ ဟန္ဒ ဒါနိ၊ ယခု။ တေ၊ အရှင်မင်းကြီး၏။ အဿတရဿ၊ အဿတိုရ်မြင်းကောင်းထက်။ အယံ၊ ဤမြည်းသည်။ သေယျော၊ မြတ်သည်။ ဟောတု၊ ဖြစ်တော်မူစေလော့။ ဟိ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဂဒြဘော၊ မြည်းသည်။ အဿတရဿ၊ အဿတိုရ် မြင်းကောင်း၏။ ပိတာ၊ အဖဖြစ်သောကြောင့် တည်း။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ သားထက် အရာတိုင်းမှာပင် အဖမြတ်၏ အယူတော်ရှိ၍ အကျွန်ုပ်ကို ပြက်ရယ်ပြုသည်မှာ အရှင်မင်းကြီး အမိန့်တော်အတိုင်း အရာတိုင်း၌ သားထက် အဖမြတ်သည်မှန်လျှင် ဤမြည်းသည်လည်း အဿတိုရ်မြင်းကောင်း၏ အဖပင်ဖြစ်သောကြောင့် အဿတိုရ်မြင်းကောင်းထက် ဤမြည်း မြတ်ရာသည် မဟုတ်ပါလော"ဟု ဆို၏။

ဤသို့ ဂါထာဖြင့်လျှောက်ဆိုပြီးလျှင် မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ထိုသို့မြည်းကိုပုံပြု၍ အကျွန်ုပ်သိသာတော်မူအောင် လျှောက်သော်လည်း စိတ်ရောက်တော်မမူလျှင် ယခု အကျွန်ုပ်တို့သားအဖ ၂ ယောက်ကို မြတ်ရာရွေး၍ အဖသည် အကျွန်ုပ်ထက်မြတ်လျှင်လည်း အကျွန်ုပ်နှင့် အရှင်မင်းကြီးမှာ အကျိုးမရှိ။ အဖကိုပင် ကောက်ယူတော်မူပါ။ ယင်းသို့မဟုတ်၊ အဖထက် အကျွန်ုပ်မြတ်လျှင်လည်း အကျွန်ုပ်ကိုပင် ကောက်ယူတော်မူပါလော့" ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် နှစ်လိုသောနှလုံးဖြင့် ရွှင်ပြုံးသော မျက်နှာရှိခြင်းသို့ ရောက်လေ၏။ ခပ်သိမ်းကုန်သော မင်းပရိသတ် မှူးမတ်အပေါင်းတို့သည်လည်း 'ခက်ခဲသော ပြဿနာကို ကောင်းစွာဖြေပေသည်'ဟု ပွဲတင်ထပ်မျှ ချီးမွမ်းကောင်းချီးသံပေးလျက် အကျီအပေါ်လွှမ်း, ဦးရစ်ပေါင်း ပစ်လွှားခြင်း, လက်ပမ်းပေါက်ခတ်ခြင်း, လက်ဖျစ်ခတ်တီးခြင်းတို့ဖြင့် ရွှင်မြူးကြကုန်၏။

သေနကအစရှိသော အမတ်ကြီး ၄ ယောက်တို့သည်ကား အောက်သို့မျက်နှာချလျက် လက်ဖြင့် ဆုပ်နယ်အပ်သော ကြာညိုပန်းကဲ့သို့ ညှိုးသမ်းသဖြင့် ပင့်သက်လှိုင်လှိုင် မှိုင်၍နေကြကုန်၏။

[ဤအရာ၌ ဘုရားလောင်းအား သူတစ်ပါးပြစ်တင်ရန် စကားကို ဓာဒနာ[၆၆]ပရိဟာရ[၆၇]ထိုက်၍ ဆိုအံ့။ ဘုရားလောင်း မဟောသဓသုခမိန်သည် သံသရာအဆက်ဆက်က ဖြည့်ဆည်းပူးအပ်သော ပါရမီသမ္ဘာရ[၆၈], အတုမရှိသော ပညာ၊ ဤသို့သော ဂုဏ်ရှင်ဖြစ်၍ အမိအဖတို့ ကျေးဇူးကို သိတတ်ခြင်း၌ မဟောသဓထက် သာ၍ သိသောသူ မည်သည်မရှိ။ ထိုသို့ မိဘကျေးဇူးကို သိတတ်သူဖြစ်လျက်မိမိပညာဂုဏ်ကို မင်းကြီးအား သိစေလိုလျှင် တစ်ပါးသော အကြောင်းဖြင့်သာ ပြုရာ၏။ ကျေးဇူးရှင်ဖြစ်သော အဘကို နေရာမှ ထစေထိုက်သည်မဟုတ်။ ထိုသို့ မထိုက်ဘဲကို နေရာမှ ထစေသည်ကိုထောက်လျှင် မဟောသဓသုခမိန်သည် မိဘကျေးဇူးကို သိတတ်၏ ဟူသောစကားနှင့် မဆန့်ကျင်ပြီလောဟု ဓာဒနာ။

[အဖြေကား။ ။ မဟောသဓသုခမိန်သည် အဘကို နေရာမှထစေသည် မှန်၏။ ထိုသို့ ထစေသော်လည်း အဖကို မထေမဲ့မြင်ပြုလို၍ ထစေသည် မဟုတ်။ ဤသို့အဖကို နေရာမှ မထစေဘဲ တပါးသော အရာဖြင့်သာ ပညာဂုဏ်ကို ပြချေက အထက် မင်းကြီး တမန်စေ၍ အဿတိုရ်မြင်းကောင်းတစ်စီးနှင့် သူဌေးကောင်း တစ်ယောက် ဆက်ပို့ရမည်ဟူသော ပြဿနာသည် တိမ်မြုပ်ပျောက်ပျက်၍ မထင်မရှားဖြစ်ရာဘိသော်–

– ထို မင်းကြီးစေအပ်သော မြည်းပြဿနာကို ထင်ရှားစေခြင်းငှာလည်းကောင်း,

– မြည်းပြဿနာကိုမှီ၍ မိမိပညာကျေးဇူး အထူးရှိသည်ကိုပင် ပရိသတ်၌ ထင်ရှားစေခြင်းငှာ လည်းကောင်း,



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြည်းပြဿနာကိုမှီ၍ ပညာဂုဏ်ပေါ်ထွန်းသဖြင့် သေနကအစရှိသော အမတ် ၄ ယောက်တို့စကားဆိုရာမရှိသည်ကို ပြုခြင်းဟူလည်းကောင်း,

ဤသို့သော အကြောင်းကို မြော်၍ နန်းတော်ကို မသွားမီအိမ်က ပင်လျှင် မိမိအဖကို ခယတောင်းပန်သည်းခံစေသဖြင့် နေရာမှ အဖကို ထစေသတည်း၊ ကျေးဇူးကို မသိမိမိဂုဏ်ကိုသာလို၍ ထစေသည် မဟုတ်၊ ထိုသို့ ဖြစ်သောကြောင့် မိဘကျေးဇူးကို သိတတ်ခြင်း၌ အတုမရှိဟူသော စကားနှင့် မဆန့်ကျင်ဟု မြေ]

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ၂၃။ ပထမ အချီးအမြှောက်ခံရခန်း

ထို မြည်းပြဿနာကိုဖြေ၍ ဝိဒေဟရာဇ်မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာရှိသဖြင့် နံ့သာပေါင်းအမွှေးပေါင်းရည်ဖြင့်ပြည့်သော ရေကရားကိုချီလျက် "အရပ် ၄ မျက်နှာ ရွာနယ်နိမိတ်ရှိတိုင်း အရှေ့ယဝမဇ္ဈုံရွာကို ဥကင်ဇရာဇပလ္လင်ဇေထီးဖြူသာကြွင်းစေ။ မင်းတို့အဆောင်အရွက်ဖြင့် ငါကဲ့သို့ စံစားစိုးအုပ်လေ" ဟုဆိုလျက်၊ သိရီဝမုန သူဌေးကြီး၏လက်၌ အဘိသိက်ရေစင် သွန်း၍ပေး၏။ သူဌေး ၁၀၀၀ တို့ကိုလည်း သူဌေးကြီး၏ အလုပ်အကျွေး အခြံအရံအလို့ငှာ ပေးအပ်လက်ဖွဲ့လိုက်၏။ ဘုရားလောင်းမယ်တော် သုမနဒေဝီ သူဌေးမအားလည်း မိဖုရား၏အဆောင်အရွက် အဝတ်တန်ဆာများစွာတို့ကို ပို့စေ၏။

ဤသို့ မဟောသဓ၏မိဘတို့အား ချီးမြှောက်ပေးအပ်ပြီးလျှင် "သူဌေးကြီး။ သင်၏သား မဟောသဓကို ငါ့သား ပြုပါရစေ။ ငါ့အား သင်ပေးလော့"ဟု တောင်း၏။ သိရီဝမုနသူဌေးကြီးသည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ အကျွန်ုပ်သား မဟောသဓသည် ယခု ခံတွင်း၌ အမိနို့ရည်မျှ မစင်ပါသေး။ နောက်အရွယ်ရောက်မှ အရှင်မင်းကြီးထံတော်၌ မြဲစွဲထမ်းရွက်ပါစိမ့်မည်။ ယခု မွေးကျွေးပြုစုပါရစေဦး"ဟု လျှောက်လျှင်၊ ဝိဒေဟရာဇ်မင်းကြီးသည် "သူဌေးကြီး။ ဤမဟောသဓအား ယနေ့မှစ၍ မည်သည့်အမှုကိုမျှ သင် စိုးရိမ်ကြောင့်ကြခြင်း မရှိနှင့်။ သင်၏အိမ်၌ ကျွေးမွေးပြုစုသည်ထက် သာ၍ ငါသည် မဟောသဓကို ရင်သွေးရင်သားပြုလျက် ကောင်းစွာမွေးကျွေးပြုစုအံ့။ ဤမဟောသဓကို ငါသည် ကိုယ်မွေးသောသားနှင့် အတူတူ ချစ်ခင်မြတ်နိုးတော်မူ၏။ ထိုသို့ သားရင်းတမျှ ချစ်ခင်မြတ်နိုးသော ငါသည် ပြည်ကြီးသေဌ်နင်း မင်းဖြစ်လျက် အဘယ့်ကြောင့် သင့်ထက်သာ၍ မမွေးမကျွေး မပြုစုနိုင် ရှိအံ့နည်း။ မစိုးရိမ်လင့်။ အိမ်သို့သွား၍ ငါကဲ့သို့စိုးစံလျက် ချမ်းသာစွာ သင် နေလော့"ဟု ဆို၏။

ထို သိရီဝမုနသူဌေးကြီးသည် မင်းကြီးအားရှိခိုးပြီးလျှင် မဟောသဓသေ့ခမိန်ကို မိမိရင်ခွင်ပေါ်၌ထားလျက် နဖူးဦးခေါင်းတို့ကို ပိုက်နမ်း၍ "ချစ်သား။ မင်းဟူသည်ကား မျက်နှာအစိမ်းအကျက် မရွေး။ မင်းချွင့်မကုန်လျှင် အလျင်တဆော အမျက်ထွက်တတ်၏။ အချစ် မယုံအပ်။ မမေ့မလျော့ လုံ့လပြု"ဟု အဆုံးအမပေး၏။



www.burmeseclassic.com

မဟောသဓသေုခမိန်လည်း ခမည်းတော်အား ရိုသေစွာရှိခိုးလျက် "ခမည်းတော်။ အကျွန်ုပ်ကို စိုးရိမ်ကြောင့်ကြတော် မမူလင့်"ဟု နှစ်သိမ့်စေ၏။ သိရိဝမုနသူဌေးကြီးသည် ဤသို့ သားအားမှာထားပြီးလျှင် သူဌေး ၁၀၀၀ ခြံရံလျက် ပါစိနယဝ မဇ္ဈဂုံးရွာသို့ပြန်ပြီးလျှင် မင်းပေးသောစည်းစိမ်၌ 'ရွာမင်း'အဖြစ်ဖြင့် နေလေ၏။

သိရိဝမုနသူဌေးကြီး သွားပြီးသည်နောက် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသေုခမိန်ကို ခေါ်ပြီးလျှင် "ချစ်သား သုခမိန်။ သင်သည် နန်းတွင်း၌နေ၍ ခစားမည်လော။ ယင်းသို့မဟုတ် ပြင်ကနေ၍ ခစားမည်လော"ဟု မေး၏။ ထိုစကားကိုကြားလျှင် မဟောသဓသေုခမိန်သည် ဤသို့ကြံ၏။

'ယခု ငါ့အား အမြဲလျှင် အထိန်းအကြပ် အလုပ်အကျွေးတို့နှင့် ရွှေဖော်ဖွားဖက် ၁၀၀၀ တို့ဖြင့် များစွာသောအခြံအရံ ရှိ၏။ ထိုအခြံအရံများစွာနှင့် နန်းတွင်း၌နေ၍ ခစားခြင်းငှာ မလျောက်ပတ်။ နန်းပြင်ကသာနေ၍ ခစားရသော် ကောင်း၏'ဟုကြံပြီးလျှင် "အရှင်မင်းကြီး။ ပြင်ကသာ နေ၍ ခစားလိုပါသည်"ဟု လျှောက်၏။

မဟောသဓစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ကောင်းပြီ။ ခစားတော့"ဟုဆို၍ အမတ်တို့အား မဟောသဓနေအိမ်ကို တော်သင့်လျောက်ပတ်စွာ ရွေးချယ်စေပြီးသော် မင်းသား၏ အချီးအမြှောက်ဖြင့် အိမ်ကို ကောင်းမွန်စွာဆောက်လုပ်ပြီးလျှင် မဟောသဓသေတို့သားအား အကြီးအကြပ် အချီအထိန်း အလုပ်အကျွေးနှင့်တကွ ဖွားဖက်ရွှေဖော် ၁၀၀၀ ခြံရံလျက် နေစေ၏။ ဖွားဖက် ၁၀၀၀ အစရှိသော အခြံအရံနှင့်တကွ မျိုးရိက္ခာ လုံလောက်အောင်လည်း မပြတ်ပေးစေ၏။

မဟောသဓသေုခမိန်သည်လည်း ထိုနေ့မှစ၍ နေ့တိုင်းမပြတ် မင်းကြီးအား ခစား၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီး၌ သုခမိန် ၅ယောက် ဖြစ်သတည်း။

ဤတွင်ရွှေ့ကား မဟောသဓသေုခမိန် မင်းကြီးထံသို့ရောက်စ ပထမအချီးအမြှောက် ခံရသည်ကို ဆိုသောစကားတည်း။

## ၂၄။ ထန်းပင်ပေါ် ကျီးသိုက်မှပတ္တမြား ယူစေခန်း

မဟောသဓသေုခမိန်၏ပညာကို ဝိဒေဟရာဇ်မင်းကြီးသည် မျက်ကွယ်သာကြား၍ မျက်မှောက်ထင်ထင် မမြင်ရသေးသဖြင့် 'အဘယ်အကြောင်းဖြင့် သတို့သားပညာကို သိမြင်ရပါအံ့နည်း'ဟု တောင့်တလျက်ရှိ၏။

ထိုအခါ မြို့၏တောင်တံခါးဝနှင့် မနီးမဝေးသောအရပ်၌ ရေကန်သည် ရှိ၏။ ထိုရေကန်နားဌလည်း ထန်းတစ်ပင် ရှိ၏။ ထိုထန်းပင်၌ ကျီးတို့သည် အသိုက်ဖွဲ့၍နေကုန်၏။ ထိုကျီးသိုက်၌ အလွှံပြောင်ပြောင် တောက်သော ပတ္တမြားတစ်လုံးသည်လည်း ရှိ၏။ ထိုပတ္တမြား၏အရောင်သည် ကန်အတွင်းရေထဲ၌ ထင်၏။ ထိုသို့ထင်သောအခါ ရေကန်သို့ ရောက်ကြကုန်သောသူတို့သည် 'ဤရေကန်ထဲ၌ ပတ္တမြားကျောက်ကောင်း

www.burmeseclassic.com



ရှိ၏။ ဤပတ္တမြားသည် မင်းကြီးအား ထိုက်၏'ဟု ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် သေနကအမတ်ကြီးကိုခေါ်၍ "ဆရာအမတ်ကြီး။ မြို့တော်တံခါးဝမနီးမဝေး ရေကန်တွင်း၌ ပတ္တမြားမျက်ကောင်းတစ်လုံး ရှိသည်ဟု လျှောက်ထားကြကုန်သည်။ ထိုပတ္တမြားမျက်ကောင်းကို အဘယ်သို့ ယူရအံ့နည်း"ဟု မေး၏။

သေနကအမတ်သည်လည်း "အရှင်မင်းကြီး။ ရေကန်မှရေကို အကုန်အစင်ထုတ်၍ ယူရသော်သင့်ပါ၏"ဟုလျှောက်လေသော်၊ ဝိဒေဟရာဇ်မင်းကြီးသည် "ဆရာအမတ်ကြီး။ ကောင်းပြီ။ ဆရာအမတ်ကြီးပင် ကြပ်မတ်၍ ပတ္တမြားကို ရအောင်ပြုလော့"ဟု သေနကအမတ်ကြီးအား ပတ္တမြားကို ထုတ်ယူစေခြင်းငှာ ခန့်ထားလိုက်၏။

သေနကအမတ်ကြီးသည်လည်း မြို့သူမြို့သားအပေါင်းတို့ကို စည်းဝေးစေပြီးသော် ရေကန်၌ ရေကိုထုတ်စေပြီးမှ ရွှံ့ညွန်တို့ကိုလည်း ထုတ်ပစ်စေသဖြင့် ပတ္တမြားကိုမရလျှင် မြေကိုတူးပေါက်၍ ရှာစေ၏။ ထိုသို့ မြေကို တူးပေါက်သော်လည်း ပတ္တမြား၏နေရာ မဟုတ်သောကြောင့် မရနိုင် ဖြစ်၍နေပြန်၏။ ထိုရေကန်သည် တစ်ဖန်မိုးရွာ၍ ရေပြည့်ပြန်လတ်သော် ပတ္တမြားရောင် ထင်မြဲထင်ပြန်၏။

သေနကအမတ်ကြီးသည်လည်း ရှေးနည်းအတူလျှင် မြို့သူမြို့သားတို့ကို စည်းဝေး၍ ရေ၊ ညွန်၊ မြေတို့ကို ထုတ်ယူတူးပေါက်လျက် ရှာပြန်စေသော်လည်း မရနိုင် ဖြစ်၍နေပြန်၏။ ဤသို့ သေနကအမတ်ကြီးသည် ၃ ကြိမ်တိုင်အောင် မြို့အားနှင့် လုံ့လပြုပါသော်လည်း အရာမကျ၍ မရနိုင်ရှိလတ်သော် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်ကို ခေါ်တော်မူ၍ "ချစ်သား။ မြို့တောင် ရေကန်တစ်ခု၌ ပတ္တမြားတစ်လုံးမြင်ကြောင်းကို ငါ့ထံ လျှောက်လာသောကြောင့် သေနကအမတ်ကြီးကိုခန့်ထား၍ မြို့အားနှင့် ၂ ကြိမ်၊ ၃ ကြိမ်တိုင်အောင် ရေကန်၌ ရေ၊ညွန်မြေတို့ကို အကုန်အစင်ထုတ်ပစ်၍လည်း မတွေ့၊ မရသဖြင့် မြေကိုတူးပေါက်၍ ရှာပါသော်လည်း ပတ္တမြားကို မရ။ စိတ်ချ၍နေရမည်လည်း ရေကန်၌ တစ်ဖန်ရေပြည့်ပြန်လျှင် ပတ္တမြားကို ရေထဲ၌ ထင်ပြန်ခဲ့သောကြောင့် စိတ်လည်း မလျှော့သာ။ ချစ်သားသည် ထိုပတ္တမြားကို ထုတ်ယူနိုင်ပါမည်လော"ဟု မေးတော်မူ၏။

မဟောသဓသုခမိန်လည်း ထိုစကားကိုကြားလျှင် "အရှင်မင်းကြီး။ ပညာနည်းသောသူတို့မှာ ဖြစ်လျှင်လည်း ဤပတ္တမြားကို ထုတ်ယူခြင်းဟာ အလွန်ခဲ၏။ ပညာရှိသောသူတို့မှာမူကား ထိုပတ္တမြားကို ထုတ်ယူခြင်း၌ မခဲ။ အကျွန်ုပ်သည် မပင်မပန်းရစေသဖြင့် ထိုပတ္တမြားကို ရေကန်မှထုတ်ယူ၍ ဆက်ပါအံ့"ဟု လျှောက်၏။

မဟောသဓစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက် ဝမ်းမြောက်စွာ "ယခု မဟောသဓသုခမိန်၏ ပညာအစွမ်းကို မျက်မှောက်ထင်ထင် ငါမြင်ရအံ့"ဟု မှူးမတ်သင်းပင်းဝင်း ကိုယ်ရံ့၊ရွှေလုံ၊ရွှေဓား စသော အဆောင်အရွက်များ ခင်းကျင်း၍ သုခမိန် ၅ ယောက်နှင့်တကွ မြို့တောင် ရေကန်သို့ ထွက်သွားလေ၏။

ရေကန်သို့ရောက်လျှင် မဟောသဓသုခမိန်သည် ကန်ရိုးပေါ်၌ရပ်လျက် ပတ္တမြားကိုရှုလတ်သော် ပတ္တမြားရောင်ကို မြင်သဖြင့် 'ဤပတ္တမြားသည် ရေကန်ထဲ၌ရှိသည်မဟုတ်။ ထန်းပင်ပေါ်ကျီးသိုက်ထဲ၌ ရှိရာ၏။ ထိုထန်းပင်ထက်က ပတ္တမြားအရောင်သာ ဤရေကန်ထဲ၌ ထွန်းသည်ဖြစ်မည်'ဟု အတပ်သိပြီး၍ "အရှင်မင်းကြီး။ ဤပတ္တမြားသည် ရေကန်ထဲ၌ မရှိ"ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သား။ ပတ္တမြားသည် ရေကန်ထဲ၌ တပြောင်ပြောင် တလက်လက် ထွန်းပလျက်ပင် မမြင်ပါလော"ဟု ဆိုလတ်သော်၊ မဟောသဓသုခမိန်သည် တစ်ခုသောရေခွက်ကို ဆောင်ယူစေပြီးလျှင် "အရှင်မင်းကြီး။ ရေကန်၌ ပတ္တမြားကိုသာ မြင်တော်မူ၏။ ဤရေခွက်၌ ပတ္တမြားကိုလည်း ရှုကြည့်တော်မူဦး"ဟု ပတ္တမြားရောင်ခတ်မိရာ၌ ရေခွက်ကိုထား၍ မင်းကြီးအား ပြ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့သော အခြင်းအရာကိုမြင်လျှင် "ချစ်သား။ ထိုသို့ ရေရှိတိုင်းမှာပင် ပတ္တမြားထင်ခဲ့သော် ထိုပတ္တမြားသည် အဘယ်မှာရှိသနည်း"ဟု မေးတော်မူ၏။ မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ရေကန်၌လည်းကောင်း၊ ရေခွက်၌လည်းကောင်း၊ ဤပတ္တမြား ရှိသည်မဟုတ်။ ရေကန် ရေခွက်၌ထင်သည်ကား ပတ္တမြား၏အရောင်အရိပ်မျှသာ ဖြစ်ပါသည်။ ပတ္တမြားမူကား ဤထန်းပင်ထက် ကျီးသိုက်ထဲမှာ ရှိပါသည်"ဟု လျှောက်၍၊ မင်းချင်းတစ်ယောက်ကို ခေါ်ပြီးလျှင် "ဤထန်းပင်တက်သို့ သင်တက်၍ ကျီးသိုက်ထဲမှ ပတ္တမြားကို ဆောင်ယူချေ"ဟု မင်းချင်းတစ်ယောက်ကို တက်စေ၏။

မင်းချင်းတစ်ယောက်လည်း မဟောသဓသုခမိန်ဆိုတိုင်း ထန်းပင်သို့ တက်ပြီးလျှင် ကျီးသိုက်ထဲမှ ပတ္တမြားကို ချယူဆင်းသက်ခဲ့၍ မဟောသဓအား ပေး၏။

မဟောသဓသုခမိန်သည်လည်း ထိုပတ္တမြားကိုယူ၍ ဝိဒေဟရာဇ်မင်းကြီးအား ဆက်၏။ ဤသို့သော အခြင်းအရာကို မူးမတ်ပရိသတ် ပြည်သားပြည်သူ လူအပေါင်းတို့မြင်ကြလတ်သော် ဘုရားလောင်း မဟောသဓ သုခမိန်အား ချီးမွမ်းကောင်းချီး အသီးသီးပေးကြကုန်လျက် သေနကအမတ်ကို ဤသို့ ပြစ်တင်ကဲ့ရဲ့ ဆဲရေး ကြကုန်၏။

"အမတ်ကြီးသေနကသုခမိန်သည် အလွန်ပညာရှိသည်ဖြစ်၍ ထန်းပင်ထက်၌ ပတ္တမြားရှိသည်ကိုပင် ရေကန်၌ ရေညွန့်တို့ကို ထုတ်စေ၍ မြို့သူမြို့သားအပေါင်းတို့ အငြိမ်မနေရအောင်ရှာစေ၍ မြို့သူမြို့သားအပေါင်းတို့ ကြွက်ကြွက်ဆူပူသည်ကိုမျှ အားမရသေးသဖြင့် မြေကို တူးပေါက်ဖြိုဖျက်၍ ကြာမျိုး ၅ ပါးဖြင့် တင့်တယ်သော ရေကန်ကိုလည်း ပျက်စေ၏။ ထိုသို့သူခပ်သိမ်းတို့ကို အကျိုးမဲ့ကြောင်း မကောင်းသောဆင်းရဲခြင်းကိုသာ ရှာကြံ၍ စီရင်တတ်ပေသော သေနကအမတ်သုခမိန်သည် အလွန်ပညာရှိပေစွ။ အရှင်မင်းကြီးသည် ဤသေနကကို ပညာရှိ ထင်၍ အစီအရင်ခန့်ထားတော်မူချေလျှင် ပြည်သူပြည်သားအများ စီးပွားမထင် ပူပင်ဆင်းရဲမည်ဖြစ်ချေ၏။ မိမိပညာစွမ်းသည် အကျိုးစီးပွားတော်ဖြစ်သော ပတ္တမြားကိုကား ရအောင်မယူတတ်။ အရှင်မင်းကြီး၏ စီးပွားတော်ဖြစ်သော မြို့သားမြို့သူ လူအပေါင်းကိုလည်း ဆင်းရဲပင်ပန်းစေတတ်၏။ မြို့၏တန်ဆာဖြစ်သော ရေကန်ကိုလည်း ပျက်စေ၏။ မဟောသဓသုခမိန်မူကား မင်းကြီး၏စီးပွားတော်ဖြစ်သော ပတ္တမြားရတနာကိုလည်း မိမိပညာအားဖြင့် အလွယ်တကူယူဆောင်၍ ပြည်သားပြည်သူတို့အားလည်း ချမ်းသာကို ဆောင်စေတတ်၏။ အရှင်မင်းကြီး၏ ဘုန်းကျက်သရေကိုလည်း တိုးတက်ပြန့်ပွားများစေတတ်၏။ ဤမဟောသဓနှင့်တူသော ပညာရှိသုခမိန်သည် ဇမ္ဗူဒိပ်ကျွန်း[၂၂]အပြင်၌ တစ်ယောက်မျှ မရှိ"ဟု သေနကအမတ်ကိုဆဲရေး၍၊ ဘုရားလောင်းအားသာလျှင် ချီးမွမ်းကောင်းချီး ပေးကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ မိမိလည်၌ဆင်သော ပုလဲသွယ်လည်ရွဲကို ချွတ်ပြီးလျှင် မဟောသဓသုခမိန်အားပေးအပ်ပြီးမှ ဖွားဖက်ရွှေဖော် ၁၀၀၀ တို့အားလည်း ပုလဲလက်ကောက်တစ်ရံစီ ပေး၍ "ဤ ငါဆုချပေးအပ်သော လည်ရွဲလက်ကောက်တန်ဆာကိုဆင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဤသူငယ်ဖော် ၁၀၀၀ အခြံအရံနှင့်တကွ နေ့တိုင်း ငါ့ထံ၌ ကောင်းစွာစားလော့”ဟုဆို၍၊ “မည်သည့် အစောင့်အရှောက် အဆီးအတားမျှ မရှိစေနှင့်။ ငါ့သားတော် မဟောသဓကို စိတ်ရှိတိုင်း ငါ့ထံသို့ ဝင်ထွက်စားစေ”ဟု ခွင့်ပေးပြီးလျှင် မြို့တွင်းသို့ ဝင်လေ၏။

ဤကား ဘုရားလောင်းအား ၂ ကြိမ်မြောက်သော မင်း၏အချီးအမြှောက်ကို ခံရခြင်းတည်း။

ဤသို့ဆိုအပ်ပြီးသော သတ္တဒါရက ပဉှာ ၇ ပါး, ပြဿနာ ၁၂ ပါးအားဖြင့် ၁၉ ပါးသော ပဉှာစမ်း ပြဿနာသည် ဤတွင် အဆုံးသတ်သတည်း။ ဤတွင် ကေ့နဝိသတိ ပဉှာခန်း[၆၃] ပြီး၏။

## ၂၅။ ကကဏ္ဍက ပဉှာခန်း[၆၄]

ထို့နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် များစွာသော ပူးမတ်အခြွေအရံနှင့်တကွ မဟောသဓ သုခမိန်ကိုခေါ်၍ ဥယျာဉ်သို့ထွက်သွားလေသော် ပုတ်သင်တစ်ကောင်သည် ဥယျာဉ်တံခါးရွက် အထက်ဖျား၌နေ၏။ ထိုပုတ်သင်သည် မင်းကြီးလာသည်ကို မြင်လျှင် တံခါးရွက်အဖျားမှဆင်းသက်၍ မြေ၌ဝပ်လျက် မင်းကြီးသို့ ရှေးရှုလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် တံခါးရွက်မှဆင်းသက်၍ မိမိသို့ ရှေးရှုဝပ်လျက်နေသော ပုတ်သင်ကို မြင်လျှင် မဟောသဓသုခမိန်ကို ခေါ်၍ “ချစ်သားသုခမိန်။ ဤပုတ်သင်သည် အသို့ပြုသနည်း”ဟုမေး၏။ မဟောသဓသုခမိန်သည်လည်း “အရှင်မင်းကြီး။ ဤပုတ်သင်သည် အရှင်မင်းကြီးကိုမြင်လျှင် ဘုန်းတော်ကြောင့် မနေဝံ့၍ အရှင် ဟူသောအမှတ်ဖြင့် ရိုသေစွာ အရှင်မင်းကြီးအား ခစားပါသည်”ဟုဆို၏။

ဝိဒေဟရာဇ်မင်းကြီးသည် သုခမိန်စကားကိုကြားလျှင် “ဤပုတ်သင်သည် အကယ်၍ ငါ့အား ခစားသည်မှန်မူ ခစားခြင်းအကျိုးမဲ့ မဖြစ်စေလင့်။ ထိုပုတ်သင်အား ထိုက်လျောက်ရာ စည်းစိမ်ဥစ္စာကို ပေးလော့”ဟုဆို၏။ မဟောသဓသုခမိန်သည် “အရှင်မင်းကြီး။ ဤပုတ်သင်အား တစ်ပါးသောစည်းစိမ်ဥစ္စာကို ပေးသော်လည်း အကျိုးရှိမည် မဟုတ်။ ခဲဖွယ်စားဖွယ်သည်သာလျှင် မိမိတို့၏စည်းစိမ်ဖြစ်ပါသည်”ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ထိုသို့တပြီးကား “ပုတ်သင်ဟူသည် အဘယ်အစာကို စားသနည်း”ဟု မေး၏။ မဟောသဓသုခမိန်သည်“ အရှင်မင်းကြီး။ အမဲကို ပုတ်သင်တို့ စားကုန်သည်”ဟု လျှောက်၏။

“ထိုသို့ အမဲကိုစားသော် အဘယ်မျှလောက် အမဲကိုပေးလျှင် တစ်နပ်စာ လောက်မည်နည်း”ဟု မင်းကြီးမေး၏။ မဟောသဓသုခမိန်သည် “အရှင်မင်းကြီး။ တစ်ချင်ရွေးဖိုးမျှသော အမဲသော်လည်း တစ်နပ်စာ လောက်ကောင်းပါ၏”ဟု လျှောက်လျှင် ဝိဒေဟရာဇ်မင်းကြီးလည်း မင်းခယောကျ်ားတစ်ယောက်ကိုခေါ်၍ “မင်းတို့အချီးအမြှောက် ဆုလာဘ်မည်သည် တစ်ချင်ရွေးခန့်မျှနှင့် မလျောက်ပတ်။ မစားနိုင်၍ကျန်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်စေ။ တစ်နေ့လျှင် ၄ ရွေးဖိုး အမဲဝယ်၍ ဤပုတ်သင်အား သင် မပြတ်ကျွေးမွေး”ဟု ဆိုပြီးလျှင် ဉယျာဉ်၌ မွေ့လျော်သမျှကစား၍ နန်းတော်သို့ ဝင်လေ၏။

ထိုမင်းချင်းသည် မင်းကြီးဆိုတိုင်း ထိုနေ့မှစ၍ မပြတ်လျှင် ၄ ရွေးဖိုး အမဲဝယ်၍ ဤပုတ်သင်အား အစာကျွေး၏။

တစ်နေ့သ၌ ဥပုသ်နေ့ဗြကြိမ်သဖြင့် မုဆိုး,တံငါတို့ သား,ငါးမလုပ်၍ ဈေး၌ အမဲမပေါ် မရောင်းခြင်းကြောင့် အမဲမရသဖြင့် ၄ ရွေးခန့်သော အသပြာကိုဖောက်၍ ကြိုးသီပြီးလျှင် ပုတ်သင်လည်၌ ဆွဲ၏။ ထိုအခါ ပုတ်သင်ငယ်သည် အသပြာကိုရသဖြင့် ထို ၄ ရွေးမျှလောက်သော အသပြာကိုမှီ၍ ‘ငါ ဉစ္စာစည်းစိမ်ရှင်တကား’ဟု မာန်ထောင်လွှားခြင်း ဖြစ်၏။

ထိုနေ့ပင်လျှင် ဝိဒေဟရာဇ်မင်းကြီးသည် များစွာသော မှူးမတ်အခြွေအရံနှင့်တကွ မဟောသဓကိုခေါ်၍ ဉယျာဉ်သို့ထွက်၏။ ထိုပုတ်သင်သည် မင်းကြီးလာသည်ကိုမြင်လျှင် ဉစ္စာကိုမှီ၍ ဖြစ်နေသောမာန်ဖြင့် ‘ငါနှင့် ဝိဒေဟရာဇ်မင်းကြီးသည် အဘယ်သူ ဉစ္စာသာ၍များသနည်း။ ငါလည်း ဉစ္စာရှင်, မင်းကြီးလည်း ဉစ္စာရှင်။ မင်းကြီးအား ခစား၍ အဘယ်အကျိုး ရှိတော့အံ့နည်း’ဟု မိမိလည်၌ ပဲဝက်မျှလောက်သော ဉစ္စာနှင့် အချင့်အတွက်မရှိ များစွာသော ဝိဒေဟရာဇ်မင်းကြီးဉစ္စာကို ထပ်တူပြုလျက် တံခါးရွက်မှမဆင်းသက်ဘဲ တံခါးရွက်အဖျား၌ ဦးခေါင်းကိုညိတ်ကာ မင်းကြီးသို့ ရှေးရှုနေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုပုတ်သင်၏အမူအရာကို ရပ်တန့်ရှုကြည့်လျက်–

‘နာယံ ပုရေ ဩရမတိ၊ တောရဏဂ္ဂေ ကကဏ္ဍကော။

မဟောသဓ ဝိဇာနဟိ၊ ကေန ထဒ္ဓေါ ကကဏ္ဍကော။ ။’ ဟူသော ဂါထာဖြင့် မဟောသဓ သုခမိန်အား မေး၏။

မဟောသဓ၊ မဟောသဓ။ တောရဏဂ္ဂေ၊ တံခါးရွက်ဖျား၌။ အယံကကဏ္ဍကော၊ ဤပုတ်သင်ငယ်သည်။ ပုရေဃထာ၊ ရှေး၌ကဲ့သို့။ နဩရမတိ၊ မသက်။ တွံ၊ သင် မဟောသဓသုခမိန်သည်။ ဝိဇာနာဟိ၊ ဆင်ခြင်ပါလော့။ ကေန၊ အဘယ့်ကြောင့်။ ကကဏ္ဍကော၊ ပုတ်သင်ငယ်သည်။ ထဒ္ဓေါ၊ မာန်ခက်ထန်သနည်း။ အဓိပ္ပာယ်ကား–

“မဟောသဓသုခမိန်။ ဤပုတ်သင်ငယ်သည် ရှေး၌ ငါထွက်တော်မူလျှင် တံခါးရွက်မှ ဆင်းသက်၍ မြေ၌ဝပ်နေသည်။ ယခုမူကား ရှေးနှင့်မတူ ငါလာတော်မူသည်ကို မြင်လျက် တံခါးရွက်ဖျားမှ မသက်မဆင်း ဦးညိတ်လည်ညိတ် စိတ်မာန်ထောင်လွှားဟန်နှင့်နေသည်မှာ အဘယ်အကြောင်းကြောင့် နေသည်ဖြစ်မည် သင်ဆင်ခြင်၍ သိသာအောင်လျှောက်လော့”ဟု ဆို၏။

ထိုစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ရှုကြည့်ဆင်ခြင်လတ်သော် “ဤနေ့သည် ဥပုသ်နေ့ဖြစ်၍ ငါးအမဲ ဈေးမှာမပေါ်ရသဖြင့် ပုတ်သင်စာကျွေးသော မင်းချင်းသည် ပုတ်သင်လည်၌ အသပြာပဲဝက်ကို ဖောက်ဆွဲသည်ဖြစ်မည်။ ထိုအသပြာကိုမှီ၍ ဤပုတ်သင် မာန်ရှိသည်ဖြစ်ရာ၏”ဟု သိပြီးလျှင်–

‘အလဒ္ဓပုဗ္ဗံ လဒ္ဓါန၊ အဍ္ဎမာသံ ကကဏ္ဍကော။

အတိမညတိ ရာဇာနံ၊ ဝေဒေဟံ မိထိလဂ္ဂဟံ။ ။’ ဟူသော ဂါထာပါဠ်ဖြင့် လျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ကကဏ္ဍကော၊ ပုတ်သင်ငယ်သည်။ အလဒ္ဓပုဗ္ဗံ၊ ရှေး၌မရဘူးသော။ အဍ္ဎမာသံ၊ ပဲဝက်မျှသောအသပြာကို။ လဒ္ဓါန၊ ရသောကြောင့်။ မိထိလဂ္ဂဟံ၊ မိထိလာပြည်ကို အစိုးရတော်မူသော။



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟာံရာဇာနံ၊ ဝိဒေဟရာဇ်တိုင်းလုံးသခင် အရှင်မင်းကြီးကို။ အတိမညတိ၊ ငါလည်း စည်းစိမ်ရှင်ဟု မထီမဲ့မြင် ပြုဘိ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဤပုတ်သင်ငယ်သည် ရှေး၌ မရစဘူးသော ပဲ၀က်မျှသော ဥစ္စာကိုရသော ကြောင့် ထိုဥစ္စာဖြင့် အတင်းခံ၍ နိုင်ငံကြီးသခင် အရှင်မင်းကြီးကို မထီမလေး မေးတညိတ်ညိတ် ပြုဘိ၏"ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ပုတ်သင်စာကျွေးသော မင်းချင်းကို ခေါ်စေ၍ ထိုအကြောင်းကို မေး၏။ ထိုမင်းချင်းလည်း ဟုတ်မှန်တိုင်း ထိုအကြောင်းကို မင်းကြီးအား လျှောက်၏။ ပုတ်သင်စာကျွေးသော မင်းချင်းစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ မဟောသဓသုခမိန်အား "ဤမဟောသဓသည် သဗ္ဗညုတဉာဏ်ကို ရသည်နှင့်အတူ ထိုပုတ်သင်သည် မိမိအား ပြော၍ပြသကဲ့သို့ တစ်စုံတစ်ခုသောအခြင်းအရာကိုမျှ မမြင်မကြားရဘဲ မိမိပညာအစွမ်းဖြင့် ဟုတ်တိုင်းမှန်တိုင်း သိသာအောင် ဖြေလျှောက်ပေ၏။ ထိုသို့သော ပညာရှိသုခမိန်အား မြို့တံခါး ၄ မျက်နှာတို့၌ ဖြစ်သော အခွန်အတုတ်ကို ငါ ဆုပေးတော်မူ၏။ ဤသို့သော တိရစ္ဆာန်မိုက်အား အစာမပေးနှင့်"ဟုဆို၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ဥစ္စာစည်းစိမ်ဟူသည်ကား နည်းသည်, များသည် မရှိ။ ဤသို့သော တိရစ္ဆာန်များကိုထား၍ ပညာရှိသောလူတို့သော်လည်း ဥစ္စာကိုမှီ၍ မာန်ထောင်ထား ပလွှားတတ်ကုန်၏။ ထိုသို့သောအရာကို နှလုံးတော်မြတ် မကပ်မူ၍ အထက်က ခစားဖူးသည်ကိုသာ အောက်မေ့တော်မူသဖြင့် ပေးမြဲသောဝတ်ကို ဖြတ်တော်မမူပါလင့်"ဟု လျှောက်၍၊ ပေးမြဲတိုင်းပေးစေ၏။

[ဤတိရစ္ဆာန်ကို မြန်မာဘာသာ၌ 'ပုတ်သင်'ခေါ်သည်ကား ပုနပ္ပုနံ သီသံ စာလေတီတိ ပုတ်သင်ဟု ဝိဂ္ဂြိုလ်ပြုသဖြင့်၊ 'အဖန်တလဲလဲ ဦးခေါင်းကိုညိတ်တတ်သောကြောင့် ပုတ်သင်'မည်၏။ မာဂဓဘာသာ၌ ကကဏ္ဍက ဟု ခေါ်ဝေါ်ကုန်၏။ ကကဏ္ဍကကို ဝိဂ္ဂြိုဟ်ပြုသော်ကား ကံ သီသံ ကဋတိ စာလေတီတိ ကကဏ္ဍကော ဟူ၍ လည်းကောင်း၊ ကေ သီသေ ကဏ္ဍကောယဿာတိ ကကဏ္ဍကော ဟူ၍လည်းကောင်း ဝိဂ္ဂြိုဟ်ပြုအပ်သည်။

[ယောသတ္တော၊ အကြင်သတ္တဝါသည်။ ကံသီသံ၊ ဦးခေါင်းကို။ ကဋတိစာလေတိ၊ တညိတ်ညိတ် လှုပ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ဦးခေါင်းတညိတ်ညိတ် လှုပ်တတ်သောသတ္တိကြောင့်။ သောသတ္တော၊ ထိုသတ္တဝါသည်။ ကကဏ္ဍကော၊ ကကဏ္ဍကမည်၏။ ယဿ၊ အကြင်သတ္တဝါ၏။ ကေသီသေ၊ ဦးခေါင်း၌။ ကဏ္ဍကော၊ ဆူးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုသို့ ဦးခေါင်း၌ ဆူးရှိသောသတ္တိကြောင့်။ သောသတ္တော၊ ထိုသတ္တဝါသည်။ ကကဏ္ဍကော၊ ကကဏ္ဍမည်၏။

ဤသို့ ဝိဂ္ဂြိုဟ် ၂နည်းပင် ပြုသင့်၏။ ကကဏ္ဍကကို ဝိဂ္ဂြိုဟ်ဆိုလိုက်သည်ကား သဒ္ဒါကစ္စည်းကျမ်း၌ လေ့ကျွမ်းကုန်သောသူတို့၏ ဉာဏ်လက်ကတုံးဖြစ်စေခြင်းငှာ အလျဉ်းသင့်၍ စကားချပ် လိုက်သည်။ ။ဤသို့ ကကဏ္ဍကပြသနာကို ဖြေခြင်း၌လည်း ဘုရားလောင်းအား ၃ ကြိမ်မြောက်သော အချီးအမြှောက်ဖြစ်၏။



www.burmeseclassic.com

## ၂၆။ သိရီကာလကဏ္ဍိ ပြဿနာခန်း[၆၁]

ထိုသို့ မံသ, ဂေါဏ အစရှိသော ၁၉ပါးသောပဥှာ, ဤကကဏ္ဍကပဥှာတို့ဖြင့် ကျော်စောထင်ရှားစွာ မဟောသဓသုခမိန်ပေါ်ထွန်းစဉ် ထိုမိထိလာပြည်၌နေသော ပိင်္ဂုတ္တရ[၆၂]အမည်ရသော လုလင်ပျိုသည် တက္ကသိုလ်[၆၃]ပြည်သို့ သွား၍ ဒိသာပါမောက္ခ[၆၄]ဆရာ့ထံ၌ အတတ်ပညာသင်ကြားသဖြင့် များမကြာမီပင် တတ်မြောက်ခြင်းသို့ ရောက်လေ၏။ ထို ဒိသာပါမောက္ခဆရာတို့၏ အမျိုးအလေ့ကား အရွယ်သို့ရောက်သော သမီးရှိလျှင် တပည့်ကြီးအား ထိမ်းမြားမြဲ အလေ့တည်း။

ထိုအခါ ဒိသာပါမောက္ခ ဆရာ၌လည်း အရွယ်ရောက်သော သမီးတစ်ယောက်သည် ရှိ၏။ ထိုသတို့သမီးသည် နတ်သမီးတမျှ လှပသောအရည်အဆင်း လုံးရပ်သဏ္ဌာန်နှင့်လည်း ပြည့်စုံ၏။ ကောင်းမြတ်သော စိတ်နှလုံး အလေ့အကျင့်လည်း ရှိ၏။

ပိင်္ဂုတ္တရလုလင်သည် အတတ်ပညာတတ်မြောက်ပြီးသော် ဆရာအား ထိုက်လျော်ရာပဏ္ဏာ ဆရာ့ဆုဖြင့် ပူဇော်၍ "အကျွန်ုပ်သည် မိဘနေရပ်သို့ ပြန်ပါတော့မည်"ဟု ပန်ကြား၏။ ဒိသာပေါမောက္ခဆရာသည် ထိုပိင်္ဂုတ္တရလုလင် ခွင့်တောင်းသည်ကို ကြားလျှင် "ကောင်းပြီ။ လုလင် သွားလေတော့။ ထိုသို့တစ်မူ့ကား သင့်အား ငါ မြတ်နိုးသည်နှင့်အညီ ငါအမျိုးအလေ့အကျင့်လည်း မပျက်စေရသဖြင့် ငါ့သမီးကို သင့်အား ထိမ်းမြားပေးစားလိုက်အံ့။ သင် ချစ်ခင်ကြင်နာစွာ ငါ့သမီးကို ဆောင်ယူမည်လော"ဟု ဆို၏။

ထိုပိင်္ဂုတ္တရလုလင်သည်ကား ဘုန်းမရှိသော သူယုတ်မာတည်း။ ဒိသာပါမောက္ခဆရာ၏သမီးသည်ကား ဘုန်းရှိသော မိန်းမတည်း။

ပိင်္ဂုတ္တရလုလင်သည် ဆရာ့စကားကိုကြားလျှင် ထိုသတို့သမီးကိုမြင်လျှင်လည်း တပ်ငြိခြင်းမရှိသဖြင့် စိတ်၏နှစ်သက်ခြင်းသည် တစ်ရံတစ်ဆစ်မျှ မဖြစ်။ ထိုသို့ ကြိုက်နှစ်သက်ခြင်းမရှိသော်လည်း ဆရာ့စကားကို မပယ်မဖျက်ဝံ့၍ "ကောင်းပါပြီ"ဟု ဝန်ခံ၏။

ဒိသာပါမောက္ခဆရာလည်း အမျိုးတို့ဖြင့် ဆောင်ရွက်ရိုးရှိသည်အတိုင်း သမီးကို ပိင်္ဂုတ္တရလုလင်အား ထိမ်းမြားခြင်းလက်ထပ်မင်္ဂလာ ပြုပေး၏။ ပိင်္ဂုတ္တရလုလင်လည်း ထိုပြည်၌ ရက်လည်အောင် နေပြန်ရ၏။

ထို နေရသောအခါ ညဉ့်အချိန်ရောက်၍ ပိင်္ဂုတ္တရလုလင်သည် ကျက်သရေရှိသောအိပ်ရာ၌နေလျှင် ထိုသတို့သမီးသည် 'ငါ့အား မိဘပေးထိမ်းမြားသော ငယ်လင် ဖြစ်သည်'ဟု လင်ဟူသောအမှတ်ဖြင့် မိန်းမတို့ဝတ်ကို မလွတ်စေခြင်းငှာ ပိင်္ဂုတ္တရလုလင်အနီး အိပ်ရာတိုက်သို့ ဝင်လေ၏။ ပိင်္ဂုတ္တရလုလင်သည် ထိုသတို့သမီး အိပ်ရာနားသို့ ရောက်ခါမျှလျှင် ဘုန်းမတန်သဖြင့် ရွံရှာစက်ဆုပ်ခြင်းဖြစ်၍ နှင်တံဖြင့်လှန့်လိုက်သော ကြက်ကဲ့သို့ တုန်လှုပ်လျက် အိပ်ရာမှဆင်းသက်ပြီးသော် မြေ၌အိပ်လေ၏။ သတို့သမီးလည်း လုလင်သွားရာ မြေသို့လိုက်၍ အနီး၌ အိပ်နေမည်ပြု၏။

ပိင်္ဂုတ္တရလုလင်သည် သတို့သမီးအနီးသို့ရောက်လျှင်ပင် လျင်စွာထ၍ အိမ်ထက်သို့ တက်ပြန်လေ၏။ သတို့သမီးလည်း တစ်ဖန် အိမ်ထက်သို့ လိုက်ပြန်၏။ ပိင်္ဂုတ္တရလုလင်သည် သတို့သမီး မိမိအနီးသို့ရောက်ပြန်လျှင် အိပ်ရာမှထလျက် မြေသို့ဆင်း၍ အိပ်ပြန်လေ၏။ သတို့သမီးသည် လုလင်နောက်သို့ မလိုက်နိုင်သဖြင့် ကျက်သရေရှိသောအိပ်ရာ၌ပင်လျှင် အိပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဘုန်းမရှိသော သူယုတ်မာသည် ဘုန်းရှိသောသူနှင့် ထပ်တူ မဖြစ်ရချေသောကြောင့် ဤသို့သော နည်းဖြင့် ၇ရက်ပတ်လုံး ပိင်္ဂုတ္တရလုလင်သည် မြေ၌သာ အိပ်လှည့်သင့်၏။ သတို့သမီးမူကား ကျက်သရေရှိသောအိပ်ရာ၌သာ အိပ်ရလေ၏။

ပိင်္ဂုတ္တရလုလင်သည် ၇ ရက်မြောက်ပြီးသော် မချစ်မကြင်သော်လည်း ဆရာ့စကားကို မပယ်ဝံ့သောကြောင့် ဆရာကိုရှိခိုးပြီးလျှင် သတို့သမီးကိုခေါ်၍ မိထိလာပြည်သို့ ပြန်သွားလေ၏။ ခရီးအကြား၌ကား ထိုသူ ၂ ယောက်တို့သည် အချင်းချင်း ချစ်စကားကိုထား၍ တစ်ပါးသောစကားကိုပင်သော်လည်း တစ်ခွန်းမျှ မပြောမဆို။ မိမိထမင်းကို မိမိချက်၍ ကိုယ်စီသာလျှင် စားကြ, အိပ်ကြကုန်လျက် လာလတ်သဖြင့် မိထိလာပြည်နားသို့ ရောက်ကြလေ၏။ ထိုအခါ ပိင်္ဂုတ္တရလုလင်သည် ခရီးမနီးမဝေး၌ ရေသဖန်းပင်ကိုမြင်လျှင် ထမင်းမွတ်သိပ်သဖြင့် ရေသဖန်းပင်ပေါ်သို့တက်၍ ရေသဖန်းသီးကို စား၏။ သတို့သမီးသည်လည်း ရေသဖန်းပင်အောက်၌နေလျက် "အရှင့်သား။ အကျွန်ုပ်ဖို့လည်း ရေသဖန်သီးကို ချလိုက်ပါလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ပိင်္ဂုတ္တလုလင်သည် "အဘယ့်ကြောင့် ငါ ချရမည်နည်း။ လက်,ခြေ မရှိသလော။ တက်၍စားလော့"ဟု ဆို၏။ သတို့သမီးသည်လည်း သဖန်းသီးကို စားချင်သောအာသာရှိသဖြင့် သဖန်းပင်သို့တက်၍ သဖန်သီးကိုစား၏။ ပိင်္ဂုတ္တရလုလင်သည် ထိုသတို့သမီးတက်မိလျှင် ရေသဖန်းပင်မှ လျင်စွာဆင်းပြီးသော် ရေသဖန်းပင်ရင်း ထက်ဝန်းကျင်၌ ဆူးရံ၍၊ "သူယုတ်လက်မှ ယခု ငါ လွတ်မြောက်တော့သည်"ဟုဆိုလျက် မြို့နား မိမိနေရပ်သို့ ပြေးလေ၏။ သတို့သမီးသည် မဆင်းမသက်နိုင်သည် ဖြစ်၍ ရေသဖန်းပင်ပေါ်၌ပင်လျှင် နေလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုနေ့နံနက်ကပင် ဥယျာဉ်သို့ ဆင်စီးလျက်ထွက်၍ ဥယျာဉ်ကစားပြီးလျှင် ညချမ်းသောအခါ ဆင်စီးလျက် မြို့သို့အဝင် ထိုသဖန်းပင်ပေါ်၌ သတို့သမီးကိုမြင်လေသော် အရွယ်အဆင်း ကောင်းခြင်း ၅ တန် ကြန်လက္ခဏာကောင်းတွင် ဘဝဟောင်းက ပေါင်းဖူးသောကံ နီးစပ်ကြသဖြင့် ငြိတွယ်သောစိတ် ရှိသည်ဖြစ်၍ အမတ်တစ်ယောက်ကိုခေါ်ပြီးလျှင် "ထိုသတို့သမီး၌ လင်ရှိသည်, မရှိသည်ကို စုံစမ်းမေးမြန်းချေ"ဟု စေလိုက်၏။ ထိုအမတ်လည်း ရေသဖန်းပင်သို့သွား၍ သတို့သမီးအား အကြောင်းကိုမေး၏။ သတို့သမီးသည်

"အရှင်။ အကျွန်ုပ်ကား တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာ၏ သမီးတည်း။ အကျွန်ုပ်အား အဖသည် မိထိလာပြည်သားလုလင်နှင့် ထိမ်းမြားလိုက်၏။ ထိုအဖ ထိမ်းမြားသောလုလင်သည် အကျွန်ုပ်ကို ရေသဖန်းပင်ပေါ်၌ ပစ်ခဲ့၍ ယခု စွန့်သွားလေပြီ"ဟုဆို၏။

အမတ်သည် ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထား၏။ ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ထိုသို့တပြီးကား အရှင်မရှိသောဥစ္စာမည်သည်ကား မင်းဘဏ္ဍာ ထိုက်၏"ဟုဆို၍ ရေသဖန်းပင်ရင်းသို့ ဆင်နှင့်ချဉ်းကပ်ပြီးသော် ထိုသတို့သမီးကို ရေသဖန်းပင်မှချပြီးလျှင် ဆင်ပေါ်၌တင်၍ နန်းတော်သို့ဝင်လေ၏။

နန်းတော်သို့ရောက်သောအခါ များစွာသော မင်းမိဖုရားကြီးတို့၏ အဆောင်အရွက်တို့ဖြင့် ခင်းကျင်းစီရင်၍ ထိုသတို့သမီးကို ရေသဖန်းပင်၌ ရသောကြောင့် 'ဥဒုမ္ဗရဒေဝီ[၁၀၀]' ဟူသောအမည်ဖြင့် အဘိသေက မင်္ဂလာ[၁၀၁]ကြီးကို ဆောင်လျက် တောင်ညာနန်းမ မိဖုရားကြီးအရာ၌ ထား၏။ ထို ဥဒုမ္ဗရဒေဝီမိဖုရားအား ဝိဒေဟရာဇ်မင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အလွန်နှစ်သက် ချစ်ခင်ကြင်နာခြင်းဖြစ်၏။ ဤသို့ မြတ်သောသူသည် မြတ်သောသူနှင့်သာ တူမျှသောသဘော ရှိသည်ဖြစ်၍ ဝိဒေဟရာဇ်မင်းကြီးနှင့် တွေ့ကြိမ်သဖြင့် ဒီဃာပါမောက္ခဆရာ၏သမီးသည် ဥဒုမ္ဗရဒေဝီ ဟူသောအမည်ဖြင့် ထင်ရှားစွာ မိဖုရားကြီးအဖြစ်ကို ရလေ၏။

ထိုအခါ တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် များစွာသောအခြံအရံနှင့်တကွ ဥယျာဉ်သို့ ထွက်လိုသောကြောင့် ဥယျာဉ်သို့သွားရာ မြို့တံခါး၀အပြင်၌ နေကုန်သော အရပ်သားတို့ကို ခရီးလမ်း သုတ်သင်ပြင် ဆင်စေ၏။ ပိင်္ဂုတ္တရလုလင်သည်လည်း ထိုအရပ်သားဖြစ်သောကြောင့် ပုဆိုးနံငယ်ကို ခါးတောင်းကျိုက်လျက် ပေါက်တူးနှင့် မြေကိုပေါက်၍ ခရီးလမ်း ပြင်ဆင်သုတ်သင်ရ၏။ ထိုသူတို့ လမ်းပြင်၍ မပြီးမီကပင် ဝိဒေဟရာဇ် မင်းကြီးသည် များစွာသော ပူးမတ်ပရိသတ်အပေါင်းခြံရံလျက် ဥဒုမ္ဗရဒေဝီမိဖုရားနှင့် ရထားစီး၍ ထွက်လာလတ်၏။

ထိုအခါ ခရီး၌ တူးဖောက်သုတ်သင်၍နေသော ပိင်္ဂုတ္တရလုလင် သူယုတ်မာကို ဥဒုမ္ဗရဒေဝီမိဖုရားကြီး မြင်လေသော် အလုံးစုံသော အဖြစ်အစစ်ကို အောက်မေ့မိသဖြင့် ဘုန်းကျက်သရေနှင့်ပြည့်စုံသော မိဖုရားကြီး၏ ဣန္ဒြေကိုလျက်လည်း မချုပ်နိုင်၍ ရယ်မိ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ဥဒုမ္ဗရဒေဝီမိဖုရားရယ်သည်ကိုမြင်လျှင် အမျက်ထွက်သောမျက်နှာဖြင့် "သင် အဘယ့်ကြောင့် ရယ်သနည်း" ဟုမေး၏။

ဥဒုမ္ဗရဒေဝီလည်း "အရှင်မင်းကြီး။ ပုဆိုးနံငယ်ကို တင်သီးနား ခါးတိုင်အောင်ပင် လိပ်လျက် ခါးတောင်းကျိုက်၍ ပေါက်တူးနှင့် လမ်းကို သုတ်သင်တူးပေါက်သော ဤယောကျ်ားသည် အကျွန်ုပ်ကို မိဘထံမှ ဆောင်ယူခဲ့သော ခင်ပွန်းဟောင်းတည်း။ ဘုန်းမရှိသော ထိုသူယုတ်မာသည် မိမိနှင့်မထိုက်မတန်ခြင်းကြောင့် အကျွန်ုပ်သို့သော ဘုန်းကျက်သရေရှိသော မိန်းမကိုရလျက် ရေသဖန်းပင်ပေါ်တင်၍ ဆူးခက်ဝန်းရံလျက် စွန့်ပစ်ပြေးသွားလေ၏။ အကျွန်ုပ်သည် ဤသူယုတ်မာ၏မျက်နှာကို တူရှုအခန့်တော်သဖြင့် မျှော်ကြည့်မိရာတွင် 'တိုင်းကြီးပြည်ကြီးသခင် အရှင်တို့၏ မိဖုရားကြီးဖြစ်လတ္တံ့သော ငါ၏ဘုန်းကျက်သရေကို ဤသူ မဆောင်ဝံ့လေ။ မြေမှုန့်အလိမ်းလိမ်းကပ်လျက် ပေါက်တူးနှင့်သာတန်သော သူယုတ်မာတကား' ဟု အောက်မေ့မိသဖြင့် အကျွန်ုပ်ရယ်မိပါသည်" ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် "သင် အဘယ့်ကြောင့် မဟုတ်မမှန် ဖျက်ရယ်သောစကားကို ပြောဆိုသနည်း။ တစ်စုံတစ်ခု တစ်ပါးသောအကြောင်း ရှိသောကြောင့်သာ ရယ်သည်တကား" ဟု ဝေါက်ငန်းခြိမ်းခြောက်၍ ဥဒုမ္ဗရဒေဝီကိုသတ်အံ့သောငှာ သန်လျက်အိမ်မှ လက်စွဲသန်လျက်ကို နုတ်၏။ ဥဒုမ္ဗရဒေဝီသည်လည်း အလွန်ကြောက်လန့်ခြင်း ပြင်းစွာရှိသည်ဖြစ်လျက် "အရှင်မင်းကြီး။ အကျွန်ုပ်လည်း သေထိုက်မှ သေပါရစေ။ အရှင်မင်းကြီးလည်း နောင်တတစ်ဖန် မဖြစ်ပါစေလင့်။ အကျွန်ုပ်အား ကွပ်မျက်တော်မူထိုက်သည်, မထိုက်သည်ကို ပညာရှိတို့အား မေးတော်မူဦးလော့" ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဟုတ်မှန်တိုင်းစီရင်ပိုင်အောင် သေနကသုခမိန်အမတ်ကြီးကို ခေါ်၍

"ဆရာအမတ်ကြီး။ ဤ ဥဒုမ္ဗရဒေဝီသည် မိမိအလိုအလျောက် ရယ်သောကြောင့် ငါစစ်မေးတော်မူလျှင် 'အကျွန်ုပ်ကို ရေသဖန်းပင်၌တင်၍ စွန့်ပစ်ပြေးသွားလေသော ယောကျ်ားကိုမြင်သောကြောင့် ရယ်မိပါသည်' ဟု ငါ့အား လျှောက်ထားသည်။ ထိုသို့ ဥဒုမ္ဗရဒေဝီ လျှောက်ထားသောစကားကို သင် ယုံ၏လော" ဟု မေးတော်မူ၏။ မင်းကြီးစကားကိုကြားလျှင် သေနကအမတ်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ဤသို့သော အင်္ဂါလက္ခဏာ အရွယ်အဆင်းနှင့်ပြည့်စုံသော မိန်းမကိုစင်လျက် အဘယ်ယောကျ်ား စွန့်ပစ်၍ သွားပေအံ့နည်း။ ဤသို့သော မိန်းမမည်သည်ကို အဘယ်ယောကျ်ားမျှ မစွန့်ပစ်ရာ။ ထိုယောကျ်ား စွန့်ပစ်၍သွားသည် ဆိုသောစကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ"ဟု လျှောက်၏။

ဥဒုမ္ဗရဒေဝီသည် သေနကအမတ်ကြီး လျှောက်သောစကားကို ကြားရပြန်လျှင် ပူပန်ကြောက်လန့်ခြင်း ပြင်းစွာဖြစ်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း မိဖုရားအား အမျက်ပင်ထွက်သော်လည်း ချစ်လက်စွဲ မကွာဖြစ်သည်နှင့် 'သေနကအမတ်သည် သူခပ်သိမ်းပင်လျှင် ထင်မြင်နိုင်သာအရာကိုသာ ပြောတတ်၏။ ပညာရှိလက္ခဏာနှင့် အရာအခွင့်ကို ထောက်ချင့်မြော်တွေး၍ မဆိုမသိတတ်။ အမတ်သေနကစကားနှင့် မိဖုရား မဆုံးသင့်လေသေး။ မေးမြန်းတိုင်ပင်ရာသော မဟောသဓလည်း ရှိပေသေးသည်'ဟု အသင့်ယူမိ၍၊ မဟောသဓကို ခေါ်ပြီးလျှင် အကြောင်းမရှိဘဲ မေးသကဲ့သို့ ပြဿနာလုပ်တော်မူလျက်–

'ဣတ္ထီ သိယာ ရူပဝတီ၊ သာစ သီလဝတီ သိယာ။

ပုရိသော တံ န ဣစ္ဆေယျ၊ သဒ္ဒဟာသိ မဟောသဓ။ ။' ဟူသော ဂါထာဖြင့် မေး၏။

မဟောသဓ၊ မဟောသဓသေုခမိန်။ ယာဣတ္ထိ၊ အကြင်မိန်းမသည်။ ရူပဝတီစ၊ အဆင်းလှသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ သီလဝတီစ၊ လင်ကို မြတ်နိုးခြင်းစသော မိန်းမကောင်းတို့၏အကျင့် ပြည့်စုံသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ တံဣတ္ထိံ၊ ထိုမိန်းမကို။ ပုရိသော၊ ယောကျ်ားသည်။ နဣစ္ဆေယျ၊ အလိုမရှိရာ၊ တော၊ ဤသို့သော အကြောင်းသည်။ လောကေ၊ လူ့ဌ။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမိန်းမကောင်းကို အလိုမရှိသော ယောကျ်ားသည် လောကဌ်ရှိ၏ဟူသောစကားကို။ တွံ၊ သင်သည်။ သဒ္ဒဟာသိ၊ ယုံကြည်အံ့လော။ အဓိပ္ပာယ်ကား–

"မဟောသဓ၊ အကြင်မိန်းမသည် ရှုချင်ဖွယ်တင့်တယ်သော အရွယ်အဆင်းနှင့်လည်း ပြည့်စုံ၏။ လင်ကို ချစ်ခင်မြတ်နိုးခြင်းစသော မိန်းမကောင်းတို့၏ အကျင့်နှင့်လည်းပြည့်စုံ၏။ ထိုသို့အရွယ် အဆင်းသီတင်းအကျင့်နှင့် ပြည့်စုံသော မိန်းမကောင်းကို အလိုမရှိသောယောကျ်ားသည်လည်း ရှိ၏ဟုဆိုသော စကားကို သင်ယုံကြည်၏လော"ဟုမေး၏။

မင်းကြီးစကားကို ကြားလျှင် မဟောသဓသေုခမိန်သည်–

'သဒ္ဒဟာမိ မဟာရာဇ၊ ပုရိသော ဒုဗ္ဘဂေါ သိယာ။

သိရီ စ ကာလကဏ္ဏီ စ၊ န သမေန္တိ ကုဒါစနံ။ ။' ဟူသော ဂါထာဖြင့် ဖြေလျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ တံဝစနံ၊ ထိုမိန်းမကောင်းကို ယောကျ်ားစွန့်ပစ်၍ သွား၏ဟု ဆိုသော စကားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒ္ဒဟာမိ၊ ယုံကြည်ပေ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပုရိသော၊ မိန်းမကောင်း လင်ယောကျ်ားသည်။ ဒုဗ္ဘဂေါ၊ ဘုန်းမရှိသည်။ သိယာ၊ ဖြစ်ရာ၏။ သိရီစ၊ ဘုန်းကျက်သရေရှိသော သူသည်လည်းကောင်း။ ကာလကဏ္ဏီစ၊ သူယုတ်မာသည်လည်းကောင်း။ ဣတေ၊ ထိုသူ ၂ ယောက်တို့သည်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ။ နသမေန္တိ၊ မတူကြကုန်။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ 'မိန်းမကောင်းကို ယောကျ်ား စွန့်ပစ်၍သွား၏'ဟူသောစကားကို ယုံကြည်၏လောဟု အမေးတော်ရှိသည်မှာ ယုံကြည်လောက်ပေသော စကားဖြစ်၍ အကျွန်ုပ် ယုံကြည်ပေ၏။ အဘယ့်ကြောင့်နည်းဟူမူကား 'ဘုန်းကံနည်းသောသူတို့မှာ မိမိတို့နှင့် မထိုက်မတန်သည်ဖြစ်၍ ဣဋ္ဌာရုံ[၁၀၄]ကိုပင် အနိဋ္ဌာရုံ[၁၀၅]ထင်တတ်ပါသည်။ ထို မိန်းမကောင်းကိုစွန့်ပစ်သော ယောကျ်ားသည်လည်း ဘုန်းကံနည်းသော



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ရာ၏။ ဘုန်းကျက်သရေရှိသောသူနှင့် ဘုန်းမရှိသော သူယုတ်မာသည် ထပ်တူမရှိရာ။ ဥပမာကား မဟာသမုဒ္ဒရာ[၁၀၅]၌ ထိုမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်း ကွာလှမ်းသကဲ့သို့ လည်းကောင်း၊ အထက်ကောင်းကင်နှင့် မြေကြီး ကွာလှမ်းသကဲ့သို့ လည်းကောင်း သူမြတ်နှင့် သူယုတ်သည် ထိုထက်ပင်လည်း ကွာလှမ်းကြ၏။ တူမျှသည် မဖြစ်ရာ။ ထို့ကြောင့် အကျွန်ုပ် ယုံကြည်ပေသည်"ဟု လျှောက်၏။

ဤသို့ မဟောသဓသေခမိန် လျှောက်သောစကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ဥဒုမ္ဗရဒေဝီ၌ အမျက်ပြေငြိမ်းခြင်းသို့ ရောက်လေ၏။ မဟောသဓသေခမိန်အားလည်း ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက် မြတ်နိုးခြင်းရှိသဖြင့် "ငါသည် အကယ်၍ မဟောသဓသေခမိန် မရှိသည်ဖြစ်အံ့။ သေနက အမတ်မိုက်စကားကို ယုံမှား၍ မိဖုရားရတနာမှ ဆုံးရှုံးခြင်းသို့ ရောက်ရာ၏။ မဟောသဓသေခမိန်ကို မှီ၍သာလျှင် ဤမိဖုရား၏အသက်ကို ငါ ရအပ်ပေသည်"ဟု အသပြာ ၁သိန်းဖြင့် ပူဇော်၏။ ဥဒုမ္ဗရဒေဝီသည်လည်း မင်းကြီးကိုရှိခိုးလျက်

"အရှင်မင်းကြီး။ မဟောသဓသေခမိန်ကိုမှီ၍ အကျွန်ုပ်အသက်ကို ရပေ၏။ ဤ မဟောသဓသေခမိန်ကို အကျွန်ုပ်သည် မောင်ငယ်အရာ၌ ထားပါရစေ"ဟု အခွင့်တောင်း၏။ မင်းကြီးသည်လည်း "မိဖုရားမြတ်။ ကောင်းပြီ။ မောင်ငယ်အရာ၌ ထားလော့"ဟု မိဖုရားအားလည်း ဆုပေး၏။ ဥဒုမ္ဗရဒေဝီသည် "အရှင်မင်းကြီး။ အကျွန်ုပ်၌ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ရသည်ရှိသော် အကျွန်ုပ်ချည်း မသုံးဆောင်လိုပါ။ ဤမဟောသဓအားလည်း ပေးလိုပါ၏။ ထိုသို့ ကောင်းမြတ်သောခဲဖွယ်စားဖွယ်ကို မည်သည့်အချိန်မဆို ပို့ရပါစေခြင်းငှာ တံခါးကိုလည်း သနားတော်မူပါလော့"ဟု ဆုတောင်း၏။

ဝိဒေဟရာဇ်မင်းကြီးသည် "အဘယ်။ ကောင်းပြီ။ မည်သည့်အချိန်အခါမဆို ခဲဖွယ်စားဖွယ်ပို့ခြင်းငှာ တံခါးကို အလိုရှိတိုင်း ထွက်စေ,ဝင်စေတော့"ဟု ဆုပေး၏။

တံခါးမှူးတို့အားလည်း "မဟောသဓထံသို့ ဥဒုမ္ဗရဒေဝီမိဖုရားက ခဲဖွယ်စားဖွယ် ပို့စေသူတို့ကို မည်သည့်အချိန်မဆို ထွက်ဝင်စေ။ မဆီးမတားနှင့်"ဟု မိန့်တော်မူ၏။

ထိုနေ့မှစ၍ ဥဒုမ္ဗရဒေဝီမိဖုရားနှင့် မဟောသဓသေခမိန်တို့သည် အစ်မကြီးအဖြစ် မောင်ငယ်အဖြစ်ဖြင့် ယုံကြည်မြတ်နိုးခြင်း ဖြစ်ကြသတည်း။

ဤကား ဘုရားလောင်းအား ၄ ကြိမ်မြောက်သော မင်း၏အချီးအမြှောက်ကို ခံရခြင်းတည်း။

## ၂၇။ မေဏ္ဍက ပဥှာခန်း[၁၀၆]

အခါတစ်ပါးသောတစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် ထမင်းစားပြီးလျှင် စင်္ကြံသွားလျက် လေသာ တံခါးပေါက်ဖြင့် မျက်စိရှေ့မျှော်ကြည့်လေသော် ဆိတ်နှင့်ခွေး ရန်ဖက်သတ္တဝါ ၂ ကောင်တို့ အဆွေခင်ပွန်းဖွဲ့၍ နေကြသည်ကိုမြင်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို ဆိတ်,ခွေးတို့ အဆွေခင်ပွန်းဖွဲ့ကြရင်းကား ဆိတ်သည် ဆင်တင်းကုပ်သို့သွားပြီးလျှင် ဆင်၏ရှေ့၌ ဆင်စာကျွေးသောမြက်ကို ဝင်၍စား၏။ ထိုသို့စားသည်ကို ဆင်ထိန်းတို့ မြင်လေသော် ကျောက်ခဲ, နှင်တံဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ပြေးစေ၏။ ထိုသို့ ဆိတ် ကြောက်၍ပြေးစဉ် ဆင်ထိန်းတစ်ယောက်သည် လိုက်၍ တုတ်, လှံတံဖြင့် ဆိတ်၏ကျောက်ကုန်းကို ကန့်လန့်ဖြတ် နာကျင်စွာရိုက်၏။ ဤ ရိုက်နှက်သောဒဏ်ချက်ဖြင့် နာကျင်စွာ ကျောကိုကော့ညွတ်လျက် မြည်တမ်း၍ ဦးစွပ်ပြေးသဖြင့် မင်းကြီးနန်းတော်နံရံနား၌ ခါးရည့်သီ အိပ်နေ၏။

ထိုနေ့၌ပင်လျှင် မင်းကြီးစားတော်ကဲအိမ်၌ အမဲရိုး, အရေစသည်တို့ဖြင့်မွေးကျွေး၍ ကြီးသော ခွေးတစ်ကောင်သည် စားတော်ကဲစားဖိုအိမ်၌ စားတော်ချက်ပြီးလျှင် ဟင်းလျာအိုးကို ဖုံးအုပ်သိမ်းဆည်းခဲ့ပြီးမှ ကိုယ်၌ ချွေးဝင်စေခြင်းငှာ အိမ်ထဲမှ ပြင်သို့ထွက်စဉ် ငါးအမဲနံ့ကိုခံလျက် စားဖိုအိမ်သို့ဝင်ပြီးသော် ဟင်းလျာအိုးတို့၌ စလောင်းကိုဖွင့်လှစ်၍ ထိုခွေးသည် အမဲဟင်းလျာကို စား၏။ စားတော်ကဲသည် စလောင်းသံကြားသဖြင့် ဝင်၍ကြည့်လတ်သော် ခွေးစားမှန်း သိလျှင် တံခါးကိုပိတ်၍ ကျောက်ခဲလှံတံဖြင့် ပစ်ခတ်ရိုက်နှက်၏။ ထိုခွေးသည်လည်း ကြောက်လန့်တကြား စားသောအစာကိုအန်၍ စားဖိုအိမ်ထဲမှ ထွက်ပြေး၏။ စားတော်ကဲသည် ထိုခွေးကို လိုက်၍ တုတ်လှံတံဖြင့် ကျောက်ကုန်း၌ ကန့်လန့်ဖြတ် နာကျင်စွာရိုက်၏။ ဤသို့ရိုက်နှက်လိုက်သော ဒဏ်ချက်ဖြင့် နာကျင်စွာမြည်တမ်းလျက် ခါးရည့်သီ ခြေတစ်ချောင်းမြှောက်၍ နန်းတော်နံရံနား ဆိတ်အိပ်ရာ အနီးသို့ပင်လျှင် ပြေးဝင်လေ၏။

ထိုခွေးလာသည်ကို ဆိတ်မြင်လျှင် "အဆွေခွေး။ ခြေ တစ်ချောင်းမြှောက်လျက် ကျောက်ကုန်းညွတ်ခါ အဘယ့်ကြောင့် လာသနည်း။ သင့်အား လေနာ ထိုးကျင်သလော"ဟု မေး၏။

ထိုသို့ ဆိတ် ဆီး၍မေးသည်ကြားလျှင် ခွေးသည် "အဆွေဆိတ်။ ငါ့ကိုကား သင်မေး၏။ သင်တုံ့ သည်လည်း ညှိုးငယ်သောမျက်နှာထားနှင့် ခါးညွတ်ခွေကာ အဘယ့်ကြောင့် အိပ်သနည်း။ သင့်အား လေနာ ထိုးကျင်ကိုက်ခဲလေသလော"ဟု စကားတုံ့ပြန် နှုတ်ဆက်မေးမြန်းလျှင်၊ ဆိတ်သည် ဆင်ထိန်းရိုက်နှက်ကြောင်း စကားအလုံးစုံကို ခွေးအားပြန်ကြား၏။ ခွေးသည်လည်း စားတော်ကဲရိုက်နှက်လိုက်ကြောင်း စကားအလုံးစုံကို ဆိတ်အား ပြန်ကြားလေ၏။

ထိုသို့ အညီအညွတ်ပြောဆိုကြပြီးသော် ဆိတ်သည်ခွေးကို "အဆွေခွေး။ သင်သည် စားတော်ကဲအိမ်သို့ နောက်တစ်ဖန် ချဉ်းဝံ့ပါဦးမည်လော"ဟုမေး၏။ ခွေးသည် "အဆွေဆိတ်။ စားတော်ကဲအိမ်သို့ နောက်တစ်ဖန် ငါချဉ်းပြန်လျှင် ငါ့အား အသက်ရှင်နိုင်တော့မည် မဟုတ်"ဟုဆို၏။ ခွေးသည်လည်း ဆိတ်ကို "အဆွေဆိတ်။ သင်ကား ဆင်တင်းကုပ်သို့ တစ်ဖန် ချဉ်းဝံ့ပါဦးမည်လော"ဟု မေး၏။ ဆိတ်သည် "အဆွေခွေး။ ငါလည်း ဆင်တင်းကုပ်သို့ မချဉ်းဝံ့ပြီ။ ဆင်တင်းကုပ်သို့ တစ်ဖန်သွားပြန်လျှင် ငါ့အသက် ရှင်နိုင်တော့မည် မဟုတ်"ဟုဆို၏။

"ဤသို့ မချဉ်းဝံ့သော် ငါတို့သည် အဘယ်သို့ အသက်မွေးရပါအံ့နည်း"ဟု ကြံစည်တိုင်ပင်ကြကုန်၏။

ထိုအခါ ဆိတ်သည် ခွေးကို "အဆွေခွေး။ သင်နှင့် ငါ အတူတကွနေကြရသည်ဖြစ်မှုကား တစ်ခုသော အကြံကို ငါကြံမိ၏"ဟုဆိုလျှင်၊ ခွေးသည် "အဆွေဆိတ်။ သင်ကြံမိသောအကြောင်းကို ငါ့အား ပြောလော့"ဟု ဆို၏။ ဆိတ်သည် "အဆွေခွေး။ ငါကြံမိသည်ကား သင် ဤနေ့မှစ၍ နေ့တိုင်းလျှင် ဆင်တင်းကုပ်သို့ သွားလော့။ မြက်သစ်ရွက်သည် ခွေးတို့၏အစာ မဟုတ်သောကြောင့် ဆင်ထိန်းတို့သည် သင်၌ ယုံမှားသင်္ကာ ရှိရှာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်းလတ္တံ့။ သင်သည် ဆင်တင်းကုပ်မှမြက်ကို ဆောင်ယူခဲ့၍ ငါ့အား ပေးလော့။ ငါသည်ကား စားဖိုအိမ်သို့ သွားအံ့။ ငါးအမဲတို့သည် ဆိတ်တို့၏အစာ မဟုတ်သောကြောင့် စားတော်ကဲသည် 'အမဲကို ဆိတ် မစားရာ'ဟု ငါ၌ ယုံမှားသင်္ကာ ရှိရာခြင်းကင်းလတ္တံ့။ ငါ စားဖိုအိမ်မှ ငါးအမဲကိုဆောင်ယူ၍ သင့်အား ပေးအံ့။ ဤသို့ ငါကြံသည်"ဟုဆို၏။

ဆိတ်စကားကိုကြားလျှင် ခွေးသည် "အဆွေဆိတ်။ သင်ကြံမိသည်အတိုင်း ကောင်းမြတ်လှပြီ။ ငါတို့ ၂ ယောက် အတူနေကြကုန်အံ့"ဟုဆို၍ အချင်းချင်း အဆွေခင်ပွန်းဖွဲ့ကြကုန်၏။

ထိုနေ့မှစ၍ ခွေးသည်လည်း ဆင်တင်းကုပ်ဝမှ မြက်ကိုကိုက်ချီခဲ့ပြီးလျှင် နန်းတော်နံရံပါး၏နောက်၌ ထား၏။ ဆိတ်သည်လည်း စားဖိုအိမ်မှ အမဲဟင်းလျာကို ခံတွင်းဖြင့် ငုံခဲ့ပြီးလျှင် ထိုနံရံနောက်၌ပင် ထား၏။ ခွေးသည် အမဲဟင်းလျာကို စားလျက်, ဆိတ်သည် မြက်ကိုစားလျက် နှစ်သက်ဝမ်းမြောက်စွာ အညီအညွတ် အဆွေခင်ပွန်းဖွဲ့၍ နေကြကုန်၏။

ထို ခွေး, ဆိတ်တို့၏ အညီအညွတ် အဆွေခင်ပွန်းဖွဲ့ကြသည်ကို မင်းကြီး စင်္ကြံသွားရင်း ပြတင်းလေသာက မျက်နှာရှေးရှုမြင်လျှင် 'ငါသည် မမြင်မကြားစဖူး။ ဆိတ်နှင့်ခွေးသည် ရန်သူဖြစ်လျက် ယခု အညီအညွတ် နှစ်သက်မြတ်နိုးစွာ အဆွေခင်ပွန်းဖွဲ့ကြသည်ကို မြင်ရ၏။ ထိုအကြောင်းကို အကြံရခက်အောင် ပြဿနာပြု၍ သုခမိန် ၅ ယောက်တို့အား မေးအံ့။ ငါမေးသောပြဿနာကို မဖြေနိုင်သော သုခမိန်အား ပြည်နိုင်ငံမှ နှင်ထုတ်ခြင်း မင်းဒဏ်ကိုပေးအံ့။ ဖြေနိုင်သောသုခမိန်အားလည်း များစွာသော ဆုလာဘ်ကိုပေး၍ ချီးမြှောက်အံ့။ ယနေ့ကား အချိန်မရှိပြီ။ နက်ဖြန် နံနက် သုခမိန် ၅ ယောက်တို့ ငါ့ထံခစားလာမှ ဤပြဿနာကို မေးအံ့'ဟု ကြံ၏။

ဤသို့ ကြံပြီးလျှင် ထိုည၌ မိုးသောက်လတ်သော် သုခမိန် ၅ ယောက်တို့သည်လည်း နန်းတော်သို့ဝင်၍ မိမိတို့ထိုက်လျောက်သော နေရာ၌နေလျက် မင်းကြီးအား ခစားကုန်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သုခမိန် ၅ ယောက်တို့အား–

'ယေသံ န ကဒါစိ ဘူတပုဗ္ဗံ၊ သခီ သတ္တပဒံပိ ဣမသ္မိံ လောကေ။

ဇာတာ အမိတ္တာ ဒွေ သဟာယကာ၊ ပဋိသန္ဓာယ စရန္တိ ကိဿ ဟေတု။ ။' ဟူသော ဂါထာဖြင့် ပြဿနာမေးပြီးလျှင်–

'ယဒိ မေ သဇ္ဇ ပါတရာသကာလေ၊ ပဉှံ နသက္ကုဏေယျာထ ဝတ္တုမိဒံ။

ရဋ္ဌာ ပဗ္ဗာဇိဿံ ဝေါ သဗ္ဗေ၊ နဟိ မမတ္ထော ဒုပ္ပညဇာတိကေဟိ။ ။' ဟူသောဂါထာဖြင့် မင်းကြီး အာဏာထား၏။

ပဏ္ဍိတာ၊ သုခမိန် ၅ ယောက်တို့။ ဣမသ္မိံလောကေ၊ ဤလူ့ပြည်၌။ ယေသံ သတ္တာနံ၊ အကြင်သတ္တဝါတို့အား။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ သတ္တပဒံပိ၊ ၇ ဖဝါး လှမ်းရုံမျှလည်း။ သခီ၊ အဆွေခင်ပွန်းသည်။ နဘူတပုဗ္ဗံ၊ ရှေး၌မဖြစ်စဖူး။ ဒွေ၊ ၂ ကောင်ကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အမိတ္တာ၊ ရန်ဘက်တို့သည်။ ဇာတာ၊ ဖြစ်ကုန်လျက်။ သဟာယကာ၊ အဆွေခင်ပွန်းဖြစ်ကြကုန်၏။ ပဋိသန္ဓာယ၊ ယုံကြည်စေ့စပ်ခြင်းဖြင့်။ စရန္တိ၊ ကျင်လည်ကုန်၏။ ဟေတု၊ အကြောင်းကား။ ကိံ၊ အသို့လျှင်။ အဿ၊ ဖြစ်ရာသနည်း။ ဤကား ရှေ့ဂါထာအနက်။



www.burmeseclassic.com

www.burmeseclassic.com



မေမမ၊ ငါ၏။ ဣဒံပဥှံ၊ ဤပြဿနာကို။ အစ္စ၊ ယနေ့။ ပါတရာသကာလေ၊ ထမင်းနံနက်စာ စားပြီးသော အခါ၌။ ဝတ္တုံ၊ ဖြေခြင်းငှာ။ တုမှေ၊ သင်တို့သည်။ ယဒိ န သက္ကုဏေယျာထ၊ အကယ်၍ မတတ်နိုင်ကုန်အံ့။ ဓဝံသန္တေသု၊ ဤသို့မဖြေနိုင်ကြကုန်သည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံသော။ ဝေါတုမှေ၊ သင်တို့ ၅ ယောက်တို့ကို။ ရဋ္ဌာ၊ တိုင်းနိုင်ငံမှ။ ပဗ္ဗာဇိဿံ၊ နှင်ထုတ်အံ့။ ဟိသစ္စံ၊ မှန်၏။ မမ၊ ငါ၏။ အတ္တော၊ အနက်ပြဿနာကို။ ဒုပ္ပညဇာတိကေဟိ၊ အသိဉာဏ်နည်းကုန်သော သူတို့သည်။ နဇာနေယ်ျ၊ မသိနိုင်ကုန်ရာ။ ဤကား နောက်ဂါထာအနက်။ အဓိပ္ပာယ်ကား–

“သုခမိန် ၅ ယောက်တို့၊ သင်တို့အား ငါသည် ပြဿနာမေးအံ့။ သတိစွဲ၍ နာကြကုန်။ ဤလောက၌ အကြင်သတ္တဝါတို့သည် ၇ လှမ်းမျှ အတူ သွားလာချစ်ခင်စွာ အဆွေခင်ပွန်းဖွဲ့သည်ဟူ၍ တစ်ရံတစ်ဆစ် မျှ မဖြစ်စဖူး။ တစ်ဦးကိုတစ်ဦးမြင်လျှင် တင်မိအောင်သာကြံ၍ ရန်မူကြမြဲ သဘောဖြစ်လျက် နှစ်သက်ကြည်ဖြူ အတူမကွေ မိတ်ဆွေပြုသဖြင့် ၂ ခုသောသတ္တဝါတို့ နေကြကုန်၏။ ထိုသတ္တဝါကား အဘယ်နည်း။ ဤယခု ငါမေးတော်မူသည့် ပြဿနာကို ယနေ့ ထမင်းနံနက်စာစားပြီးလျှင် ဖြေဆိုကြရမည်။ မဖြေဆိုနိုင်လျှင် သင်တို့ ၅ ယောက်ကို တိုင်းနိုင်ငံမှ နှင်ထုတ်မည်။ ငါ၏ပြဿနာကို လွယ်သည် မထင်ကြနှင့်။ ပညာနည်းသောသူတို့ မသိနိုင်ရာ”ဟု မိန့်ဆိုတော်မူ၏။

ဤပြဿနာကို မေးသောအခါ၌ သေနကအမတ်သည် နေရာ ၅ ရပ်တွင် အမြတ်အထူး အဦးဖြစ်သော နေရာ၌ နေ၏။ မဟောသဓသုခမိန်သည် အဆုံးဖြစ်သောနေရာငယ်၌ နေရ၏။

ထိုအခါ မဟောသဓသုခမိန်သည် မင်းကြီးမေးသောပြဿနာကို ဆင်ခြင်လတ်သော် ထိုပြဿနာ၏အနက်ကို မထင်မမြင်နိုင်သောကြောင့် ဤသို့အကြံဖြစ်၏။

‘ဤမင်းသည် အလွန်နုံ့သောပညာရှိ၏။ ဤပြဿနာကို မိမိအလိုအလျောက် အကြောင်းမဲ့ဘဲ ကြံစည်ရုံးစု၍ ပြုနိုင်မည်မဟုတ်ရာ။ တစ်စုံတစ်ခုကို မမြင်ဘူးမြဲသောအရာကို မြင်၍သာ ဤပြဿနာကို မေးသည်ဖြစ်ရာ၏။ တစ်နေ့မျှ ငံ့နေပါလျှင် ဤပြဿနာကို မချွတ်လျှင် ငါဖြေနိုင်အံ့။ အဘယ်သို့သော အကြောင်းဖြင့် မင်းကြီးအား တစ်နေ့မျှ ငံ့နေတော်မူပါမည့်အကြောင်းကို ငါ လျှောက်ရအံ့နည်း’ဟုကြံ၏။

မဟောသဓသုခမိန်, သေနကသုခမိန်မှတစ်ပါး ၃ ယောက်သောသုခမိန်တို့ကား အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော အမိုက်တိုက်သို့ ဝင်ရသကဲ့သို့ တစ်စုံတစ်ခုမျှ မထင်မမြင်နိုင်သဖြင့် မှိုင်ကာသာနေကြကုန်၏။

သေနကအမတ်သည် ‘မဟောသဓကား အသို့ကြံသည်မသိ’ဟု မဟောသဓ၏မျက်နှာကို ကြည့်၏။

မဟောသဓသုခမိန်သည်လည်း ‘တစ်နေ့မျှ ငံ့နေတော်မူပါမည့်အကြောင်းကို မင်းကြီးအား လျှောက်ထားပါ’ ဆိုလိုသောမျက်နှာရိပ်ဖြင့် သေနကအမတ်ကို ကြည့်၏။

သေနကသုခမိန်သည်လည်း မဟောသဓသုခမိန်၏ မျက်နှာရိပ်ဖြင့်ပင်လျှင် ‘မဟောသဓသည် တစ်ပါးသောပြဿနာတို့၌ မေးတိုင်းပင် ရွှင်လန်းနှစ်လို တွန့်တိုခြင်းကင်းသောမျက်နှာ ရှိသည်။ ယခုပြဿနာ၌ကား မိမိဉာဏ်ဖြင့် ကြံ၍ မရနိုင်သောကြောင့် တွန့်တိုသောမျက်နှာ ရှိ၏။ တစ်ရက်မျှ ငံ့စေလိုဟန်ထင်သည်’ဟု တွေးယူမိသဖြင့် မဟောသဓ၏ စိတ်အလိုကို ပြည့်စေအံ့ဟု ကြံပြီးသော် သေနကအမတ်သည် ဝိဒေဟရာဇ်မင်းနှင့် အကျွမ်းဝင်သည်ဖြစ်၍ ပြင်းစွာရယ်လျက် “အရှင်မင်းကြီး။ ယခု ဤသို့သောအကြောင်းကို ပြဿနာပြု၍



www.burmeseclassic.com

www.burmeseclassic.com



အမေးတော်ရှိလျက် မဖြေနိုင်မည်မှတ်ထင်တော်မူသဖြင့် အာဏာတော်ထားတော်မူသည်မှာ အကျွန်ုပ်တို့ ဟုတ်မှန်သောအရာကို မဖြေဆိုနိုင်လျှင်သာ ပြည်မှ နှင်ထုတ်တော်မူပါ။ ဟုတ်မှန်တိုင်း ဖြေဆိုလျှင်လည်း မှန်ပြီ အယူတော်ရှိပါ"ဟု လျှောက်ထားပြီးလျှင် မဟောသဓာ၏မျက်နှာကိုလည်း တစ်ဘက်ကြည့်လျက်-

'မဟာဇနံ သမာဂမမှိ ဃောရေ၊ ဇနံ ကောလာဟလမှိ ဇာတေ။

ဝိက္ခိတ္တမနာ အနေကစိတ္တာ၊ ပဉှံ နသက္ကောမ ဝတ္တုံ မိဒံ။ ။

ဧကဂ္ဂ စိတ္တာ ဧကမေကာ၊ ရဟာသဂတာ တွေ့ စိန္တေတွာ။

ပဝိဝေကေ သမ္မသိတွာန ဓီရာ၊ အထ ဝက္ခန္တိ ဇနိန္ဒတ္တ မိဒံ။ ။' ဟူသော ၂ ဂါထာဖြင့် ငံ့တော်မူပါမည့် အကြောင်းကို လျှောက်ထားတောင်းပန်၏။

ဇနိန္ဒ၊ လူအပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ ဃောရေ၊ စွဲရှာဖွယ်ရှိသော။ ဇနကောလာဟလမှိ၊ လူအပေါင်းတို့၏ အုတ်အုတ်သဲသဲသည်။ ဇာတေ၊ ဖြစ်သည်ရှိသော်။ မဟာဇနသမာဂမမှိ၊ လူအပေါင်းတို့၏ အစည်းအဝေး၌။ ဝိက္ခိတ္တမနာ၊ ပျံ့လွင့်သောစိတ်ရှိကုန်သည်ဖြစ်၍။ အနေကစိတ္တာ၊ အကြံများကုန်သည်ဖြစ်၍။ မယံ၊ အကျွန်ုပ်တို့သည်။ ဣဒံပဉှံ၊ ဤပြဿနာကို။ ဝတ္တုံ၊ ဖြေဆိုခြင်းငှာ။ နသက္ကောမ၊ မတတ်နိုင်ကုန်။

ဧကဂ္ဂစိတ္တာ၊ တည်ကြည်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဧကမေကာ၊ တစ်ယောက် တစ်ယောက်တည်း။ ရဟာသဂတာ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ကုန်သည်ဖြစ်၍။ အတ္ထေ၊ အနက်တို့ကို။ စိန္တေတွာ၊ ကြံဦး၍။ ပဝိဝေကေ၊ ဆိတ်ငြိမ်ရာအရပ်၌။ သမ္မသိတွာန၊ သုံးသပ်လေ့လာပြီး၍။ အထပစ္ဆာ၊ ထိုအနက်ကိုသိပြီးသည်၏ နောက်မှ။ ဓီရာ၊ ပညာရှိသုခမိန်တို့သည်။ ဣဒံအတ္ထံ၊ ဤအနက်ကို။ ဝက္ခန္တိ၊ ဆိုကုန်လတ္တံ့။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ သိမ်မွေ့နက်နဲ ခက်ခဲသော ပြဿနာ၏အနက်ကို ကြံခြင်းဟူသည်၌ ကြောက်စွံ့ ခုံညားရသောသူ ရှိသောအရပ်၊ လူပရိသတ် ထူထပ်ရာအရပ်တို့၌ နှလုံးတုန်လှုပ်ခြင်း၊ ပျံ့လွင့်ခြင်း၊ စိတ်များခြင်းရှိသဖြင့် တည်ကြည်ခြင်းကို မရနိုင်။ စိတ်၏တည်ကြည်ခြင်းကို မရနိုင်သဖြင့်လည်း အသင့် အမှန်ကျအောင် လျင်စွာ မဖြေဆိုနိုင်။ ယခု အရှင်မင်းကြီး မေးတော်မူသောပြဿနာသည်လည်း သိမ်မွေ့ ခက်ခဲသောအနက် ရှိခြင်းကြောင့် အကျွန်ုပ်တို့ သုခမိန် ၅ယောက်တို့သည် ဆိတ်ငြိမ်ရာ တစ်ယောက်စီနေလျက် ငြိမ်သက်တည်ကြည်သော စိတ်ကိုဖြစ်စေသဖြင့် အနက်ကိုကြံ၍သိရပြီးမှ စကားအင်္ဂါပြည့်စုံစွာ ပြဿနာတော်၏ အနက်ထွက်တိုင်း အတပ်အမှန်သိသာအောင် ဖြေလျှောက်ပါမည်။ ဖြည်းဖြည်းသာသာ တစ်နေ့မျှ ငံ့တော်မူပါ"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီး စကားကိုကြားလျှင် ဤသူတို့သည် သုခမိန်ခံကြလျက် ဤမျှကိုမှ မြန်စွာမသိနိုင်ကြကုန်'ဟု နှလုံးမသာရှိသော်လည်း မြွက်ဖော်၍မဆိုဘဲ၊ "ကောင်းပြီ။ သင်တို့ ယခု မကြံနိုင်လျှင် ဖြည်းဖြည်းသာသာ တစ်နေ့ပတ်လုံး ကြံစည်ဆင်ခြင်ကြလေဦးတော့။ သင်တို့အလိုကိုပင် လိုက်ရဦးတော့မည်။ နောက် မကြံနိုင်ကြလျှင် ပြည်မှနှင်ထုတ်မည်ကား မချွတ်"ဟု အာဏာထား၏။

သေနကအမတ်၊ ပက္ကုသအမတ်၊ ဒေဝိန္ဒအမတ်၊ ကာမိန္ဒအမတ် ဤသုခမိန် ၄ ယောက်တို့သည် နန်းတော်မှ ဆင်းသက်ကြလတ်သော် သေနကသုခမိန်သည် ၃ ယောက်သော သုခမိန်တို့ကို "အချင်းတို့။ ယခုမေးတော်မူသော မင်းကြီး၏ပြဿနာသည် အလွန်ခက်ခဲသိမ်မွေ့၏၊ သင်တို့,ငါတို့ မဖြေနိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြည်မှနှင်ထုတ်ခြင်းကို ခံရမည်ကား မချွတ်ရာ။ ပေါ့ပေါ့လျော့လျော့ မပြုကြနှင့်။ မအီမသာ ပူဆာမှုးဝေ ငိုက်မျည်းစေတတ်သောအစားများကို မစားမူ၍ လျောက်ပတ်သင့်တင့်သော ဘောဇဉ်တို့ကိုသာ သုံးဆောင် စားသောက်ကြပြီးလျှင် လုံ့လသတိပြုလျက် ထောက်ရှုစူးစမ်း အစွမ်းရှိတိုင်း ကြံကြလေ”ဟု ဆိုပြီးသော်၊ မိမိတို့အိမ်သို့ အသီးသီး ပြန်သွားကြလေကုန်၏။

မဟောသဓသုခမိန်သည်ကား မင်းကြီးထံမှထပြီးလျှင် အမှုကိုဆင်ခြင်လိုသောကြောင့် ဥဒုမ္ဗရဒေဝီ မိဖုရားထံသို့သွား၍ “အရှင်မိဖုရား။ ယမန်နေ့နှင့် ယနေ့၌ မင်းကြီးသည် အဘယ်အရပ်တွင် ကြာမြင့်စွာ ရပ်နေတော်မူသနည်း”ဟု မေး၏။ ဥဒုမ္ဗရဒေဝီမိဖုရားသည် “မောင်ငယ်။ ယနေ့ မင်းကြီး ကြာမြင့်စွာ ရပ်နေတော်မူသည်ကိုကား မမြင်။ ယမန်နေ့ကမူ စင်္ကြံရှည်၌ လေသာပြတင်းဖြင့် မျှော်ကြည့်တော်မူလျက် ကြာမြင့်စွာပင် စင်္ကြံကြွတော်မူသည်ကို မြင်၏”ဟု ပြော၏။

ထိုစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ‘စင်စစ်၊ စင်္ကြံဦး နန်းတော်နံပါး၌ ဖစ်စ်တစ်ခုကို မြင်တော်မူသည်ဖြစ်မည်’ဟု ကြံပြီးသော် ဥဒုမ္ဗရဒေဝီထံမှဆင်းသက်ခဲ့၍၊ မင်းကြီးစင်္ကြံသွားရာ လေသာ ပြတင်းပေါက်နှင့် ရှေ့တူရူအရပ်တို့၌ မျှော်ကြည့်ဆင်ခြင်သဖြင့် ဆိတ်နှင့်ခွေး အဆွေခင်ပွန်းဖွဲ့ကြသော အမှုအရာကို မြင်လေ၏။ ထိုသို့မြင်သောအခါ ‘မင်းကြီးသည် ဤဆိတ်နှင့် ခွေးကိုပင် ပြဿနာပြု၍ ငါတို့ကို မေးတော်မူသည် စင်စစ်မှန်၏’ဟု သန္နိဋ္ဌာန်^(၁၁၈)အမြဲ စိတ်ထဲ၌စွဲပိုက်လျက် မိမိအိမ်သို့ သွားလေ၏။

ကွ္ကသအမတ်၊ ကာမိန်းအမတ်၊ ဒေဝိန်းအမတ်၊ ဤ သုခမိန် ၃ ယောက်တို့သည် မိမိတို့ဉာဏ်ဖြင့် ကြံ၍ မသိနိုင်ကြလတ်သော် သိန်းအမတ်ကြီးအိမ်သို့ လာကြကုန်၏။

သိန်းအမတ်ကြီးလည်း “ပြဿနာ၏အနက်ကို သင်တို့ သိကြပြီလော”ဟု ဆီး၍မေး၏။

အမတ် ၃ ယောက်တို့သည်လည်း “ဆရာသုခမိန်။ အကျွန်ုပ်တို့ကြံ၍ မသိမမြင်နိုင်ပါ”ဟု ဆိုကြကုန်၏။

သေနကအမတ်သည် ထိုစကားကိုကြားလျှင် “သုခမိန် ၃ ယောက်တို့။ ထိုသို့ မကြံနိုင်ကြသဖြင့် မင်းကြီး ပြည်မှနှင်ထုတ်လျှင် သင်တို့ အသို့ပြုကြအံ့နည်း”ဟုဆို၏။

သုခမိန် ၃ ယောက်တို့လည်း သေနကအမတ်ကို “ဆရာသုခမိန်။ ဆရာကား ကြံနိုင်တော်မူပါ၏လော”ဟု မေး၏။

သေနကအမတ်သည် သုခမိန် ၃ ယောက်တို့ကို “သုခမိန်တို့။ ငါလည်း မကြံနိုင်”ဟုဆို၏။

ထိုစကားကိုကြားလျှင် သုခမိန် ၃ ယောက်တို့သည် “ဆရာသို့သော သုခမိန်မှု မကြံနိုင်လျှင် အကျွန်ုပ်တို့ အသို့ကြံနိုင်အံ့နည်း”ဟု ဆိုကြလတ်သော်၊ သေနကအမတ်သည် “သုခမိန်တို့။ မင်းကြီးရှေ့တော်မှာ ငါတို့သည် ‘ဆိတ်ငြိမ်ရာ၌ကြံ၍ အမှန်အတပ်သိသာအောင် ပြဿနာတော်၏အနက်ကို ဖြေလျှောက်ပါမည်’ဟု ခြင်္သေ့သံကဲ့သို့ ရွံ့ရှာခြင်းမရှိ။ သိယောင်နှင့်ထောင်လွှား၍ လျှောက်ထားဝန်ခံ ခဲ့ကြချေသည်။ ယခု မသိနိုင်ကြသော် မင်းကြီး ပြင်းစွာအမျက်ထွက်သဖြင့် အသက်ကိုပင်သော်လည်း စိုးရိမ်ရန်ရှိသည်။ အသို့ ကြံအံ့နည်း”ဟုဆို၍၊ သုခမိန် ၄ ယောက်တို့သည် တောင်ကြံမြောက်ကြံ အမှန်မကျနိုင်သော်လည်း အသက်စည်းစိမ်အန္တရာယ်ကို ကြောက်လန့် စိုးရိမ်ခြင်း ပြင်းစွာရှိကြသဖြင့်

“ဆရာသုခမိန်တို့။ အကျွန်ုပ်တို့ကြံကြသော်လည်း အမှန်ကျနိုင်တော့မည် မဟုတ်ပြီ။ မဟောသဓ သုခမိန်သည်ကား အသိဉာဏ်ကျယ်သောသူ ဖြစ်သောကြောင့် အကျွန်ုပ်တို့ထက် အဆအရာ၊ အဆအထောင် သာ၍ ပြဿနာ၏အနက်ကို ဉာဏ်သက်ရာအစွမ်းဖြင့် အဆန်းအကြယ် အသွယ်သွယ်အနည်းနည်း ကြံလေရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမဟောသဓသေုခမိန်ထံသို့ သွားကြရသော် ကောင်းမည်မဟုတ်လော”ဟု တိုင်ပင်ပြောဆိုကြပြီးလျှင် စိတ်ညီညွတ်ကြသဖြင့် သုခမိန် ၄ယောက်တို့သည် မဟောသဓသုခမိန်အိမ်သို့ သွားကြလေ၏။

မဟောသဓသုခမိန်၏ အိမ်တံခါးဝသို့ရောက်လျှင် လာကြောင်းကို မဟောသဓသုခမိန်အား ကြားစေပြီးမှ အိမ်သို့တက်၍ လျောက်ပတ်သောနေရာ၌နေကြလျက် အချင်းချင်း နှုတ်ဆက်မေးမြန်း ပြောဆိုကြပြီးသော် သုခမိန် ၄ယောက်တို့သည် “သုခမိန်။ မင်းကြီးမေးသောပြဿနာကို ကြံနိုင်ပြီလော”ဟု မဟောသဓအား မေးကြကုန်၏။

မဟောသဓသုခမိန်လည်း “ဆရာတို့။ ဤပြဿနာကို အကျွန်ုပ်မှ မကြံနိုင်လျှင် ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ အဘယ်သူ ကြံနိုင်မည်နည်း။ ပြဿနာ၏ အနက်အလုံးစုံကို အကုန်အစင် ကျွန်ုပ် သိမြင်ပြီ”ဟု ဆို၏။ ထိုစကားကို ကြားလျှင် သုခမိန် ၄ ယောက်တို့သည် မဟောသဓအား “သုခမိန်။ ထိုသို့ သင် ကြံနိုင်ပါလျှင် ကျွန်ုပ်တို့အားလည်း ပြောပါလော့”ဟု ဆိုကြလတ်သော်၊ မဟောသဓသုခမိန်သည် ဤသို့ကြံ၏။

‘ငါသည် ထိုသူ ၄ ယောက်တို့အား အကယ်၍ မပြောဘဲ နေချေအံ့။ မင်းကြီးသည် ပြင်းစွာအမျက်ထွက်၍ ဤ သူမလိမ္မာ ပညာရှိယောင် ၄ ယောက်ကို ပြည်မှနှင်ထုတ်မည် မချွတ်ရာ။ ငါ့အားလည်း များစွာသော ရတနာမျိုးတို့ဖြင့် မင်းကြီး ချီးမြှောက်ပူဇော်မည် မချွတ်ရာ။ ဤသို့ မလိမ္မာ ပညာရှိယောင် ၄ ယောက်တို့သည် ယခုမျက်မှောက်တွင် မပျက်စီးထိုက်။ မင်းနှစ်ခြိုက်ရုံ အမြွက်စကားဖြင့် သင်ကြားလိုက်အံ့’ဟု ကြံပြီးလျှင်၊ “ကောင်းပြီ။ ဆရာတို့။ အကျွန်ုပ် သင်ကြားလိုက်အံ့။ တစ်ယောက်တစ်ယောက်စီ အသီးအသီး မှတ်သားနာယူ၍ မင်းကြီးအား ဖြေဆိုလျှောက်ထားကြလော့”ဟု ဆိုပြီးသော် သုခမိန် ၄ ယောက်တို့ကို နိမ့်သောတပည့်တို့နေရာ၌ ပုဆစ်တုပ်လျက် လက်အုပ်ချီ၍နေစေပြီးလျှင် စကားအလုံးစုံကို မသိစေဘဲ အမြွက်မျှ ၄ ဂါထာဖွဲ့၍ တစ်ယောက် တစ်ဂါထာစီ ပါဠိဖြင့်သာလျှင် နှုတ်တိုက်ချသင်လိုက်၏။ သုခမိန် ၄ ယောက်တို့သည်လည်း တစ်ဂါထာစီရလျှင် ဝမ်းမြောက်ဝမ်းသာ မိမိတို့နေအိမ်သို့ ပြန်သွားကြလေကုန်၏။

နက်ဖြန်မိုးသောက်ရောက်သောအခါ သုခမိန် ၅ ယောက်တို့သည် နန်းတွင်းသို့ဝင်၍ မင်းကြီးအား ခစားကြကုန်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးအား “ငါမေးသော ပြဿနာ၏အနက်ကို သင် သိပြီလော”ဟု မေး၏။ သေနကအမတ်သည် “အရှင်မင်းကြီး။ အကျွန်ုပ်ကဲ့သို့သော သုခမိန်မသိလျှင် အဘယ်သူ သိအံ့နည်း”ဟု လျှောက်ဆိုလတ်သော်၊ မင်းကြီးသည် “သေနကအမတ်။ ထိုသို့တပြီးကား သင်သိတိုင်း ငါ၏ပြဿနာကိုဖြေလော့”ဟု ဆို၏။ သေနကအမတ်ကြီးသည် မင်းကြီးစကားကို ကြားလျှင် ပြဿနာ ဖြေဆိုအံ့သောငှာ မဟောသဓသုခမိန် သင်လိုက်သည့်အတိုင်း–

‘ဥဂ္ဂပုတ္တ ရာဇပုတ္တိယာနံ ဥရဗ္ဘမံသံ ပိယံ မနာပံ။

န တေ သုနခဿ ဓါဒန္တိ မံသံ၊ အထ မေဏ္ဍကဿ သုနခေန သချံ။’ ဟူသောဂါထာဖြင့် လျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ဥဂ္ဂ ပုတ္တ–ဥဂ္ဂပုတ္တာနဉ္စ၊ ကျော်စောထင်ရှားကုန်သော အမတ်တို့သည် လည်းကောင်း။ ရာဇပုတ္တိယာနဉ္စ၊ မင်းသား မင်းမြေးတို့သည်လည်းကောင်း။ ဥရဗ္ဘမံသံ၊ ဆိတ်သားကို။ ပိယံ၊ ချစ်မြတ်နိုးအပ်၏။ မနာပံ၊ နှလုံးကို ပွားစေအပ်၏။ တေ၊ ထို အမတ်သား, မင်းသား, မင်းမြေးတို့သည်။ သုနခဿ၊ ခွေး၏။ မံသံ၊ အသားကို။ နခါဒန္တိ၊ မစားကုန်။ အထ၊ ထိုသို့ဖြစ်လျက်။ မေဏ္ဍဿ၊ ဆိတ်၏။ သုနခေန၊ ခွေးနှင့်။ သချံ၊ အဆွေခင်ပွန်းအဖြစ်သည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤဂါထာ၌ကား သချသဒ္ဒါသည် ရေတွက်ခြင်းအနက်ကိုဟောသော သင်္ချာသဒ္ဒါ မဟုတ်။ သခိနောဘာဝေါ သချ်ဟု ဝိဂြိုဟ်ပြု၍ ဘာဝတဒ္ဓိတ်ကြံရမည်။] အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ သတ္တဝါရန်ဖက် ၂ခု အဆွေခင်ပွန်းဖွဲ့ကြသည်ဟူသော ပြဿနာ၌ မင်းသား, မင်းမြေး, မှူးသား, မတ်သားတို့သည် ဆိတ်တို့၏အသားကို လေးလေးမြတ်မြတ်ပြု၍ သုံးဆောင်စားသောက် ကြကုန်၏။ ခွေးသားကိုကား မစား မသုံးဆောင်ကြကုန်။ ထိုသို့ မတူသောအသားရှိလျက် ဆိတ်နှင့်ခွေး အဆွေခင်ပွန်းဖွဲ့သည် ဖြစ်ရသည်"ဟု လျှောက်ထားဖြေဆို၏။

ဤသို့ပင် မိမိဖြေဆိုသော်လည်း အဖြေဂါထာ၏သဘောလက္ခဏာကို မိမိ မသိ။ ဝိဒေဟရာဇ် မင်းကြီးမူကား ပြဿနာ၏သဘောလက္ခဏာကို မိမိသိပြီးဖြစ်သဖြင့် သေနကအမတ်စကားကိုကြားလျှင် 'ငါ၏အမတ်ကြီး သိနိုင်ပေစွ'ဟု အယူရှိ၏။

ထို့နောက် မင်းကြီးသည် "သေနကသုခမိန်၏အဖြေစကားကိုကြားရပြီ။ ပက္ကုသသုခမိန်ကား ပြဿနာ၏ အနက်ကို ကြံမိပါ၏လော"ဟု မေး၏။

ပက္ကုသအမတ်သည် "အရှင်မင်းကြီး။ သေနကဆရာသာ ပညာရှိလော။ အကျွန်ုပ်လည်း ပညာရှိ မဟုတ်ပါလော" ဟု အားကျမခံ စကားလျှောက်ထားပြီးလျှင် မဟောသဓသုခမိန် သင်ချလိုက်တိုင်း–

'စမ္မံ ဝိဟနန္တိ ဧဠကဿ၊ အဿ ပိဋ္ဌတ္ထရဏဿ ဟေတု။

နတေ သုနခဿ အတ္ထရန္တိ၊ အထ မေဏ္ဍဿ သုနခေန သချဿ။' ဟူသော ဂါထာဖြင့် ဆို၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ဧဠကဿ၊ ဆိတ်၏။ စမ္မံ၊ အရေကို။ အဿပိဋ္ဌတ္ထရဏဿ၊ မြင်းကုန်းနှီး၏။ ဟေတု၊ အကြောင်းကြောင့်။ ဝိဟနန္တိ၊ ကြက်ကုန်၏။ တေ၊ ထိုသူတို့သည်။ သုနခဿ၊ ခွေး၏။ စမ္မံ၊ အရေကို။ နအတ္ထရန္တိ၊ မကြက်ကုန်။ အထ၊ ထိုသို့လျက်။ မေဏ္ဍဿ၊ ဆိတ်၏။ သုနခေန၊ ခွေးနှင့်။ သချံ၊ အဆွေခင်ပွန်း၏ အဖြစ်သည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဆိတ်ရေကို မြင်းကုန်းနှီးအလို့ငှာ လူတို့သည် အခင်းလုပ်ကြကုန်၏။ ခွေးရေကိုကား မြင်းနှီးအခင်း မလုပ်ကုန်။ ထိုသို့ မတူသောအရေရှိကြလျက် ဆိတ်နှင့် ခွေး အဆွေခင်ပွန်းဖွဲ့သည် ဖြစ်ရာ၏"ဟု ဖြေဆိုလျှောက်ကြား၏။

ထိုသို့ပင်ဖြေသော်လည်း ဂါထာ၏အဓိပ္ပာယ်ကို မိမိ မသိ။ မင်းကြီး မူကား သိဟောင်းအခံရှိနှင့်သဖြင့် အမြွက်စကားနှင့်ပင် 'ပက္ကုသအမတ်လည်း သိနိုင်ပေစွ'ဟု စကားကျိုးစကားပြတ်ကို မိမိဆက်၍သာလျှင် နှစ်သက်ခြင်းဖြစ်၏။

ထို့နောက် မင်းကြီးသည် "အမတ် ၂ယောက်တို့ အဖြေစကားကို ငါကြားရပြီ။ ကာမိန္ဒသုခမိန်ကား ပြဿနာ၏အနက်ကို မြင်နိုင်ပါ၏လော"ဟု မေး၏။

ကာမိန္ဒအမတ်သည်လည်း သူလည်း သူ့ဥစ္စာနှင့် ဂုဏ်လုပ်သော ယောကျ်ားကဲ့သို့ ပလွှား၍ "အရှင်မင်းကြီး။ အကျွန်ုပ်ကား ပညာရှိ မဟုတ်ပါလော"ဟု ဆိုပြီးလျှင် မဟောသဓသုခမိန် သင်ချလိုက်တိုင်း–

'အာဝေလ္လိတသိင်္ဂေါ ဟိ မေဏ္ဍော၊ န သုနခဿ ဝိသာဏာနိ အတ္ထိ။

တိဏဘက္ခော မံသဘောဇနော စ၊ အထ မေဏ္ဍဿ သုနခေန သချဿ။ ။' ဟူသော ဂါထာဖြင့် ဖြေဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဇ၊ အရှင်မင်းကြီး။ ဟိသဝ္ဓ၊ မှန်၏။ မေဏ္ဍော၊ ဆိတ်သည်။ အာဝလ္လိတသိင်္ဂေါဟိ၊ ကောက်သောဦးချိုရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သုနခဿ၊ ခွေးအား၊ ဝိသာဏာနိ၊ ဦးချိုတို့သည်။ နအတ္ထိနသန္တိ၊ မရှိကုန်။ မေဏ္ဍာ၊ ဆိတ်သည်။ တိဏဘက္ခော၊ မြက်ကိုသာစား၏။ သုနခေါ၊ ခွေးသည်။ မံသဘောဇနော၊ အမဲကိုသာစား၏။ အထ၊ ထိုသို့ အသွင်အစားမတူကြလျက်။ မေဏ္ဍဿ၊ ဆိတ်၏။ သုနခေန၊ ခွေးနှင့်။ သချံ၊ အဆွေခင်ပွန်း အဖြစ်သည်။ အဿ– ဘဝေယျ၊ ဖြစ်ရာ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဆိတ်သည် ကောက်သောဦးချို ရှိ၏၊ မြက်ကိုသာ စား၏။ ခွေးသည် ဦးချိုလည်း မရှိ၊ ငါးအမဲကိုသာ စား၏။ ထိုသို့ အသွင်,အစား မတူကြဘဲ ဆိတ်နှင့်ခွေး အဆွေခင်ပွန်းဖွဲ့သည် ဖြစ်ရာ၏"ဟု ဖြေလျှောက်၏။

ထိုသို့ပင်ဖြေသော်လည်း အဓိပ္ပာယ်ကို မိမိ မသိ။ မင်းကြီးမူကား သိဟောင်းဖြစ်၍ အမြွက်စကားနှင့်ပင် 'ငါ၏အမတ် ကာမိန္ဒသုခမိန်သည်လည်း သိနိုင်ပေစွ'ဟု အယူရှိ၏။

ထို့နောက် မင်းကြီးသည် "အမတ်သုခမိန် ၃ ယောက်တို့အဖြေစကားကို ကြားရပြီ။ ဒေဝိန္ဒသုခမိန်ကား ကြံမိပါ၏လော"ဟု မေး၏။

ဒေဝိန္ဒအမတ်လည်း "အရှင်မင်းကြီး။ အကျွန်ုပ်ကား ပညာရှိ မဟုတ်ပါလော။ ဖြေလျှောက်ပါမည်"ဟု ဂုဏ်ပြစကားနှင့် ကြွားဝါပြီးလျှင် မဟောသဓသုခမိန် သင်ချလိုက်သည့်အတိုင်း–

'တိဏမာသိ ပလာသမာသိ မေဏ္ဍော၊ သုနခေါ တိဏမာသိ နောပလာသံ။

ဂဏှေယျ သုနော သသံ ဗိဠာရံ၊ အထ မေဏ္ဍဿ သုနေ သချမဿ။ ။' ဟူသော ဂါထာဖြင့် ဖြေဆို၏။

မဟာရာဇ၊ အရှင်မင်းကြီး။ မေဏ္ဍော၊ ဆိတ်သည်။ တိဏံ၊ မြက်ကို။ အာသိ၊ စား၏။ ပလာသံ၊ သစ်ရွက်ကို။ အာသိ၊ စား၏။ သုနခေါ၊ ခွေးသည်။ နတိဏမသိ၊ မြက်ကိုလည်း မစား။ နောပလာသမာသိ၊ သစ်ရွက်ကိုလည်း မစား။ သုနခေါ၊ ခွေးသည်။ သသံ၊ ယုန်ကိုလည်းကောင်း။ ဗိဠာရံ၊ ကြောင်ကိုလည်းကောင်း။ ဂဏှေယျ၊ ဖမ်း၍စားတတ်၏။ အထ၊ ထိုသို့အစားအလေ့အကျက်မတူကြလျက်။ မေဏ္ဍဿ၊ ဆိတ်၏။ သုနေန၊ ခွေးနှင့်။ သချံ၊ အဆွေခင်ပွန်း အဖြစ်သည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဆိတ်သည် မြက်သစ်ရွက်ကိုသာ စား၏။ သူတစ်ပါးကိုဖမ်းယူ၍ မစားတတ်။ ခွေးသည် မြက်သစ်ရွက်ကို မစား။ ယုန်, ကြောင် စသည်ကို ဖမ်း၍စားတတ်၏။ ထိုသို့ အလေ့အကျက် မတူကြဘဲ ဆိတ်နှင့်ခွေး အဆွေခင်ပွန်းဖွဲ့သည် ဖြစ်ရာ၏"ဟု ဖြေ၏။

ထိုသို့ပင်ဖြစ်သော်လည်း မိမိ မသိ။ မင်းကြီးသာ သိနှင့်ဟောင်းခဲ၍ ရှေးနည်းအတူ အယူရှိ၏။

ထို့နောက် ဝိဒေဟရာဇ်မင်းကြီးသည် "ငါ၏ပြဿနာကို အမတ်သုခမိန် ၄ ယောက်တို့က မိမိတို့ ဉာဏ်ထက်တိုင်း အသီးသီး ဖြေဆိုလျှောက်ထားကြပြီ။ ငါ့သား မဟောသဓသုခမိန်ကား ဤပြဿနာ၏ အနက်ကို ကြံနိုင်ပါ၏လော"ဟု မေး၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်း မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ အောက်ဖြစ်သော အဝီစိငရဲ[၁၀၉]မှ အထက်ဖြစ်သော ဗြဟ္မာ့ဘုံ[၁၁၀] အဆုံးတိုင်အောင် ခဲခက်သော ပြဿနာ၏အရာ၌ အကျွန်ုပ်ကိုထား၍ တစ်ပါးဖြေနိုင်သူ ရှိသေး၏ ထင်တော်မူသလော။ အကျွန်ုပ်မှတစ်ပါး ဘယ်သူသိလတ္တံ့နည်း"ဟု ပညာစွမ်းကိုယုံ၍ ဂုဏ်ပြစကား လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သားသုခမိန်။ ထိုသို့တပြီးကား ငါ၏ ပြဿနာကို ဖြေလော့"ဟု ဆို၏။ မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သတိတော်စွဲ၍ ခဲခက်သောပြဿနာ၏အနက်ကို နား စွင့်တော်မူပါ။ သိသာအောင် ဖြေဆိုပါမည်"ဟု လျှောက်ထားပြီးလျှင်–

'အဋ္ဌပါဒေါ စတုပ္ပဒဿ မဋ္ဌော၊ အဋ္ဌနခေါ အဒိဿမာနော။

ဆာဒိယံ အာဟရတိ အယံ ဣမဿ၊ မံသံ အာဟရတိ အယံ အမုဿ။ ။

ပါသာဒဝရဂတော ဝိဒေဟသေဋ္ဌော၊ ဝိတိဟာရံ အညမညံ ဘောဇနာနံ။

အဒ္ဒက္ခိ ကိရ သက္ခိတံ ဇနိန္ဒော၊ ဗုဘုက္ကဿ ပုဏ္ဏမုခဿ စေတံ။ ။' ဟူသော ၂ ဂါထာဖြင့် ဖြေဆို၏။

မဟာရာဇ၊ အရှင်မင်းကြီး။ အဋ္ဌပါဒေါ၊ အခြေ ၈ ခုခွဲလည်း ရှိထသော။ အဋ္ဌနခေါ၊ ခွာ ၈ ခုလည်း ရှိထသော။ အယံ မဋ္ဌော–မေဏ္ဍာ၊ ဤဆိတ်သည်။ အဒိဿမာနော၊ မထင်ရှားသည်ဖြစ်၍။ စတုပ္ပဒဿ၊ အခြေ ၄ ချောင်းရှိသော။ အမုဿ၊ ဤခွေးအား။ မံသံ၊ အမဲကို။ အာဟရတိ၊ ဆောင်၏။ အယံသုနခေါ၊ ဤခွေးသည်။ ဣမဿ၊ ဤဆိတ်အား။ ဆာဒိယံ၊ မြက်ကို။ အာဟရတိ၊ ဆောင်၏။

ဇနိန္ဒော၊ တိုင်းသားတိုင်းသူ လူအပေါင်းတို့ကို အစိုးရတော်မူထသော။ ပါသာဒဝရဂတော၊ မြတ်သောပြာသာဒ်ထက်၌ နေတော်မူထသော။ ဝိဒေဟသေဋ္ဌော၊ ဝိဒေဟရာဇ်ပြည်ကြီးသခင် အရှင်မင်းမြတ်သည်။ ဗုဘုက္ကဿ၊ ဟုတ်ဟုတ်သော အသံဖြင့် မခံသာအောင် ဟောင်တတ်သော ခွေး၏လည်းကောင်း။ ပုဏ္ဏမုခဿစ၊ ပြည့်ဝသောမျက်နှာရှိသော ဆိတ်၏လည်းကောင်း။ အညမညံ ဘောဇနာနံ၊ အချင်းချင်း၏ အစာတို့ကို။ ဧတံဝိတိဟာရံ၊ ဤသို့အထူးထူးအပြားပြား ဆောင်ယူခြင်းကို။ သက္ခိတံ၊ မျက်မှောက်။ အဒ္ဒက္ခိ ကိရ၊ မြင်တော်မူသတတ်။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ၈ ချောင်းခွဲ အခြေနှင့် ခွာအရေအတွက် ၈ ခုသော အခြေ ၄ ခု သတ္တဝါဆိတ်၏ အစာအလို့ငှာ ခွေးသည် မိမိကိုယ်ကို မထင်မရှား အမှတ်မဲ့သွား၍ မြက်ကိုဆောင်ယူပြီးလျှင် ဆိတ်အား ပေး၏။ ဆိတ်လည်း ထိုခွေး၏အစာအလို့ငှာ မိမိကိုယ်ကို မထင်မရှား အမှတ်မဲ့သွား၍ ငါးအမဲကို ဆောင်ယူပြီးလျှင် ခွေးအားပေး၏။

"ဤသို့ 'ဟုတ်ဟုတ်' ဟူသောအသံဖြင့် မခံသာအောင်ဟောင်တတ်သော ခွေးနှင့် မျက်နှာ ပြည့်ဝစွာသောဆိတ် ရန်ဖက်သတ္တဝါ ၂ခုတို့၏ အချင်းချင်း ပလဲ့ပတင် ချစ်ခင်မှုနှင့် တစ်ကောင်အစာကို တစ်ကောင် ဆောင်ယူပေးကမ်း၍ ခင်ပွန်းဖွဲ့ကြသည်ကို ပြည်ကြီးသခင် နန်းရင်ပြင်က ရှုမြင်တွေ့ကြုံတော် မူသည် ဖြစ်ရာ၏။ ဤသို့ ပြဿနာတော်၏အနက် ထွက်ရှိပါသည်"ဟု လျှောက်ထားဖြေဆို၏။ [ဤဂါထာ၌ ဘုရားလောင်း မဟောသဓသုခမိန်သည် သဒ္ဒါနည်း၌ လိမ္မာတော်မူသည်နှင့်အညီ အခြေ ၄ ခုရှိသော ဆိတ်ဟု တိုက်ရိုက်မဆိုဘဲ ၈ ချောင်းခွဲ ဟူသောစကားဖြင့် ပုဒ်ထားအနေသင့် ဆန်းနှင့်လျော်အောင် ဆိုတော်မူသတည်း။ အခြေတစ်ချောင်းတစ်ချောင်း၌ ခွာ ၂ ခု အစုံရှိသည်ကို ရည်၍လည်း ခွာ ၈ ခု ဆိုတော်မူ၏။]

ဤသို့ သုခမိန် ၅ ယောက်တို့၏ အဖြေစကားကိုကြားရလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအစရှိသော သုခမိန် ၄ ယောက်တို့အား မဟောသဓသုခမိန် သင်ချလိုက်ကြောင်းကို မသိ။ မိမိတို့ပညာအစွမ်းဖြင့် ကြံ၍သာ ဖြေဆိုသည် ထင်မှတ်တော်မူသဖြင့် "ငါ၏ သုခမိန် ၅ ယောက်တို့သည် အလွန်ခက်ခဲသောအရာကိုပင် သိနိုင်ပေစွ" ဟု နှစ်သက်ဝမ်းမြောက်ခြင်းရှိလျက်–



www.burmeseclassic.com

www.burmeseclassic.com



'လာဘာ ဝတ မေ အနုပ္ပဏ္ဏပါ၊ ယဿ မေ ဧဒိသာ ပဏ္ဍိတာ ကုလမှိ။

ပဉှဿ ဂမ္ဘီရဂတံ နိပုဏာမတ္ထံ၊ ပဋိဝိဇ္ဈန္တိ သုဘာသိတေန ဓီရာ။' ဟူသောဂါထာဖြင့် ချီးမွမ်းကောင်းချီးပေး၏။

ဘောန္တော၊ အို-အချင်းတို့။ ယဿ မေ၊ အကြင်ငါ၏။ ကုလမှိ၊ နန်းတော်၌။ ယေဓီရာ၊ အကြင်ပညာရှိတို့သည်။ သန္တိ၊ ရှိကုန်၏။ တေဓီရာ၊ ထိုပညာရှိတို့သည်။ ပဉှဿ၊ ပြဿနာ၏။ ဂမ္ဘီရဂတံ၊ နက်နဲသော အဖြစ်သို့ ရောက်သော။ နိပုဏံ ၊ သိမ်မွေ့စွာထသော။ အတ္ထံ၊ အနက်ကို။ သုဘာသိတေန၊ ကောင်းစွာဖြေဆိုသဖြင့်။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း၍ သိကြပေကုန်၏။ အနုပ္ပဏ္ဏပါ၊ များသောဂုဏ်တို့ဖြင့် ပြည့်စုံသော သဘောရှိကုန်သော။ ဧဒိသာပဏ္ဍိတာ၊ ဤပညာရှိတို့ကို။ လာဘာဝတ၊ ရတော်ကုန်စွတကား။ အဓိပ္ပာယ်ကား-

"ငါ၏ မူးတော်မတ်တော်အပေါင်းတို့။ တိုင်းကြီးပြည်ကြီး အသီးအသီးသော မင်းနေပြည်တို့၌ တစ်ယောက်သောပညာရှိကိုမျှလည်း အလွန်ရခဲကုန်၏။ ယခု ငါ၏နန်းတော်၌ကား တန်ဆောင်ကြီး ၅ ဆူကို စိုက်ထူ၍ တစ်ပြိုင်တည်းညှိသကဲ့သို့ ဤသို့သောပညာရှိ အတိုင်းမသိသော သုခမိန်တို့သည် ပေါ်ထွန်းလာကုန်၏။ ထီးဖြူဆောင်းခြင်း မင်းတစ်ပါးတို့၌ တောင့်တ၍မျှမရနိုင်သော ဤပညာရှိသုခမိန်တို့ကို ငါသည် အရတော်စွတကား။ လှုပ်ရှား၍မရနိုင် ခိုင်ခံ့သောမြင်းမိုရ်တောင်ကဲ့သို့ ပညာရောင် တစ်ခဲနက်တောက်ထိန်သော သုခမိန် ၅ ယောက်တို့သည် ရောက်လာသောပြဿနာ အလျှို့အဝှက် ခဲခက်နက်နဲ သေးဖွဲ့သိမ်မွေ့စွာသော သဘောလက္ခဏာကို လက်ပေါ်မှာတင်၍ ကြည့်သကဲ့သို့ အပြည့်အစုံ အကုန်အစင် သိမြင်ထိုးထွင်းသဖြင့် အကြွင်းမဲ့ ဖြေဆိုကြပေကုန်၏"ဟု ချီးမွမ်းရှင်လန်း ဥဒါန်းကျူးရင့်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့ချီးမွမ်းပြီးလျှင် 'ငါသည်။ နှစ်သက်၍ နှုတ်ဖြင့်သာချီးမွမ်းခြင်းသည် နှစ်သက်ခြင်း မမည်ရာ။ နှစ်သက်ဖွယ်သော ဆုလာဘ်တို့ဖြင့်လည်း ပူဇော်ထိုက် လှပေသည်'ဟု ကြံ၍-

'အဿတရီရထဉ္စ ဧကမေကံ၊ ဖီတံ ဂါမဝရဉ္စ ဧကမေကံ။

သဗ္ဗေသံ ဝေါ ဒမ္မိ ပဏ္ဍိတာနံ၊ ပရမပ္ပတီတမနော သုဘာသိတေန။ ။' ဟူသော ဂါထာဖြင့် ဆုပေး၏။

ပဏ္ဍိတာ၊ သုခမိန်တို့။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ပဏ္ဍိတာနံ၊ ပညာရှိကုန်သော။ ဝေါ၊ သင်သုခမိန် ၅ ယောက်တို့အား။ သုဘာသိတေန၊ ပြဿနာကို ကောင်းစွာဖြေပေသဖြင့်။ ပရံ၊ လွန်စွာ။ အပ္ပတီတမနော၊ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဧကမေကံ၊ တစ်ယောက် တစ်စီးစီ။ အဿတရီရထဉ္စ၊ အဿတိုရ်မြင်းက,သောရထားကို လည်းကောင်း။ ဧကမေကံ၊ တစ်ယောက်တစ်ရွာစီ။ ဖီတံ၊ ဝပြောစွာ ထသော။ ဂါမဝရဉ္စ၊ ကျေးစား ရွာစားကို လည်းကောင်း။ ဒမ္မိ၊ ငါပေးတော်မူ၏။ အဓိပ္ပာယ်ကား-

"သုခမိန် ၅ ယောက်တို့။ သင်တို့သည် သိမ်မွေ့နက်နဲသော ငါ၏ပြဿနာကို သိသာအောင် ကောင်းစွာဖြေလျှောက်ကြပေသည်နှင့်အညီ အလွန်နှစ်သက် မြတ်နိုးတော်မူသည်ဖြစ်၍ သင် သုခမိန် ၅ ယောက်တို့အား ထိုက်လျောက်သောဆုကို ငါ ပေးတော်မူမည်။ အဿတိုရ်မြင်းကောင်းက,သော ရထားတစ်စီးစီနှင့် စည်ပင်ဝပြောသော ရွာ တစ်ရွာစီ ယူကြလော့"ဟုဆို၍ အလုံးစုံကို ရွေးချယ်စီရင်ပြီးလျှင် အခွန်စားရွာ တစ်ရွာစီနှင့် မြင်းရထား တစ်စီးစီ ပညာရှိသုခမိန် ၅ ယောက်တို့အိမ်သို့ ပို့အပ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤသို့ဆိုခဲ့ပြီးသော ဆိတ် ခွေးတို့ပြဿနာခန်း၌ ၁၂ ဂါထာသည် ဒွါဒသကနိပါတ်ကျမ်း၌လာ၏။ ထို ၁၂ ဂါထာသည် ၄ ပါဒတို့၌ ၁၆ မတြာစီ အတူအမျှထား၍ ဖွဲ့အပ်သောကြောင့် မတ္တာသမကအမည်ရသော ဂါထာမျိုးကို ရောနှောသဖြင့် ဖွဲ့အပ်သော ပါဒါကုလကဂါထာနည်းတည်း။ ဆန်းကျမ်း သဒ္ဒါကျမ်းကို လေ့ကျွမ်းသဖြင့် စွမ်းနိုင်သူတို့ နောင်ဂါထာအရေးပျက်လျှင် မြင်လွယ်စေခြင်းငှာ မှာလိုက်သည်။]

ဤကား ဘုရားလောင်း မဟောသဓအား ၅ ကြိမ်မြောက်သော အချီးအမြောက်ကို ခံရခြင်းတည်း။

## ၂၈။ သိရိမန္တ ပြဿနာခန်း[၁၁၁]

ဥဒုမ္ဗရဒေဝီမိဖုရားသည် 'မဟောသဓသုခမိန်ကို မှီ၍သာလျှင် သေနကအစရှိသော သုခမိန်တို့သည် အဖြေဂါထာကို ရကုန်သည်'ဟု သိသဖြင့်၊ မင်းကြီးသည် သုခမိန် ၅ယောက်တို့ကို ထပ်တူပြု၍ ချီးမြှောက်ကြောင်းကို ဥဒုမ္ဗရဒေဝီမိဖုရား ကြားလေသော် ဤသို့အကြံဖြစ်၏။ 'မင်းကြီးသည် ပဲနောက်နှင့် ပဲကြီးကို ထပ်တူပြုသကဲ့သို့ လည်းကောင်း၊ ကောက်စပါးနှင့် သလေးစပါးကို ထပ်တူပြုသကဲ့သို့လည်းကောင်း၊ ကာဠာဝကဆင်နှင့် ဥပေါသထဆင်ကို ထပ်တူပြုသကဲ့သို့လည်းကောင်း၊ ငါ့မောင်၏ပညာကို မှီ၍ အသက်ရှင်သော သုခမိန် ၄ယောက်တို့နှင့် ငါ့မောင်ကို ထပ်တူပြု၍ မင်းကြီး ချီးမြှောက်တော် မမူသင့်။ ငါ့မောင် မဟောသဓသုခမိန်အား အထူးသဖြင့် ချီးမြှောက်တော်မူထိုက်သည်တကား'ဟု ကြံပြီးလျှင်၊ ဝိဒေဟရာဇ်မင်းကြီးထံသို့ သွား၍ "အရှင်မင်းကြီး။ ကိုယ်တော်၏ပြဿနာကို အဘယ်သုခမိန် ဖြေပေသနည်း"ဟု လျှောက်၏။ မင်းကြီးလည်း "အဘယ်သုခမိန် ၅ ယောက်လုံးပင် ဖြေနိုင်ကြပေ၏"ဟု ဆို၏။

ဥဒုမ္ဗရဒေဝီသည် ထိုစကားကိုကြားလျှင်"အရှင်မင်းကြီး။ မဟောသဓသုခမိန်ကို မှီ၍သာလျှင် ထို ၄ ယောက်ကုန်သော သုခမိန်တို့သည် ဖြေနိုင်ပါသည်။ မိမိတို့၏အစွမ်းဖြင့် ဖြေဆိုနိုင်သည် မှတ်တော်မမူလင့်"ဟု လျှောက်၏။ မင်းကြီးလည်း "အဘယ်။ သင် ယခုပြောမှ သိရ၏။ ငါ ဤစကားကို မကြားချေ။ သေနကအစရှိသော သုခမိန် ၄ ယောက်တို့လည်း ရဲရင့်စွာဝန်ခံ၍ သူတို့ဉာဏ်စွမ်းနှင့်ပင် ဖြေနိုင်ဟန်ရှိပေသည်"ဟုဆို၏။ ဥဒုမ္ဗရဒေဝီသည် ထိုစကားကိုကြားလျှင် "အရှင်မင်းကြီး။ သေနကအစရှိသော သုခမိန်တို့သည် ပညာရှိအယောင်ဆောင်၍ လျှောက်သည်ကိုသာ ကြားသိတော်မူရသဖြင့် ဟုတ်နိုးထင်တော်မူပါသည်။ ထိုသူတို့၏ အကြောင်းမှုကား အကျွန်ုပ် ကြားသိရ၏။ မိမိတို့သည် ပြဿနာတော်၏အနက်ကို မကြံနိုင်ဘဲလျှင် ဝန်ခံမိသောရာဇဝတ်ရေး[၁၁၂]ကြောင့် နှလုံးသွေးမငြိမ်သဖြင့် တစ်ဦးအိမ်သို့တစ်ဦး ကူးသန်းသွားလာကာ မျက်နှာညှိုးငယ် ကိုးကွယ်ရာမရသည်နှင့် မဟောသဓအိမ်သို့ လာရောက်ကြ၍ ခယတောင်းပန်ပြသည်တွင် မဟောသဓသုခမိန်က ထိုသူတို့၏ စည်းစိမ် အသက် ပျက်စီးလိမ့်မည်တစ်ကြောင်း၊ ထီးဖြူဆောင်းခြင်း မင်းတစ်ပါးတို့က 'ဤပြည်တော်၌ ၅ ယောက်သော သုခမိန်



www.burmeseclassic.com

www.burmeseclassic.com



အမတ်ကောင်းရှိ၏'ဟူသောစကားနှင့် ခံညားလောက်ပေသော အရှင့်ဘုန်းကျက်သရေတော် ပျက်စီးလိမ့်မည်တစ်ကြောင်း ကောင်းမြတ်သောဆန္ဒ^၁၁၇နှင့် ထောက်ဆစာနာ၍ တစ်ဂါထာစီ သင်ချလိုက်သောကြောင့်သာ ထိုပညာရှိ ၄ယောက်တို့ ရှေ့တော်၌ လျှောက်ထားဖြေဆိုစရာ ရပါသည်။ ထိုသို့ဖြစ်၍ မဟောသဓသုခမိန်၌ ဂုဏ်အထူးရှိပေသူ စင်စစ်မှန်လျက် မဟောသဓအသက်ကိုသာ အမှီပြု၍ အသက်ရှုရသော အမတ် ၄ယောက်တို့နှင့် ထပ်တူပြုသဖြင့် ချီးမြှောက်တော် မမူသင့်ပါ။ ဂုဏ် အမြင့်, အနိမ့်လိုက်၍ ထိုက်ရာသာ ချီးမြှောက်သင့်ပါသည်"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် မိဖုရားစကားကိုကြားလျှင် "အဘယ်။ ဤသို့သော အခြင်းအရာကို ငါ အလျင်အစက မသိရပါလေ။ ယခု သင့်စကားကိုကြားရပြန်လျှင် ငါ့သားမဟောသဓအား အလွန်နှစ်သက်မြတ်နိုးခြင်း ငါ၌ဖြစ်၏။ ဤသို့ ဂုဏ်အထူးရှိပေသောသူကို ထူး၍မြတ်နိုးသည်နှင့်အညီ ယခုထူး၍ ပြုပြင်ရမည်လည်း ထပ်တူပြုမိချေပြီးဖြစ်သောကြောင့် ငါတို့မင်းဣန္ဒြေကို မဖျက်သာပြီ။ သည့်တစ်ကြိမ်တွင် ထပ်တူပင် ဖြစ်စေဦးတော့။ အထူးနောက်တစ်ဖန် ငါကြံ၍ ပြဿနာပြုဦးအံ့။ ထိုပြဿနာ အဖြေပွဲကြိမ်ခါမှ စည်းစိမ်အထူးအခြားဖြင့် ငါ့သား မဟောသဓကိုသာ ချီးမြှောက်အံ့"ဟုဆိုပြီးသော်၊ ဝိဒေဟရာဇ်မင်းကြီးသည် ပြဿနာအထူးကို ရှာကြံပြန်သဖြင့် သိရီမန္တပြဿနာကို ကြံမိလေ၏။

တစ်နေ့သ၌ သုခမိန် ၅ယောက်တို့သည် နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားကြလေသော် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကို "ဆရာအမတ်ကြီး။ သင့်အား ငါ ပြဿနာမေးမည်။ သင် ဖြေနိုင်အံ့လော"ဟု မေး၏။ သေနကအမတ်လည်း "အရှင်မင်းကြီး။ အမေးတော်ရှိလျှင် အကျွန်ုပ်မှတစ်ပါး အဘယ်သူ ဖြေနိုင်အံ့နည်း"ဟု လျှောက်လျှင်၊ မင်းကြီးသည် သိရီမန္တပြဿနာကို မေးလိုသည်ဖြစ်၍ ဂါထာ ၂ ဆယ်တို့တွင် ရှေးဦးဖြစ်သော–

'ပညာယုပေတံ သိရိယာ နိဟီနံ၊ ယသဿိနံ ဝါပိ အပေတပညံ။

ပုစ္ဆာမိ တံ သေနက ဧတမတ္ထံ၊ ကမေတ္ထ သေယျော ကုသလာ ဝဒန္တိ။ ။' ဟူသော ဂါထာဖြင့်ဆို၏။

သေနက၊ သေနကအမတ်။ တံ၊ သင့်ကို။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆာမိ၊ ငါမေးအံ့။ ပညာယ၊ ပညာနှင့်။ ဥပေတံ၊ ပြည့်စုံ၏။ သိရိယာ၊ စည်းစိမ်မှ။ နိဟီနံ၊ ယုတ်၏။ ယသဿိနံဝါပိ၊ စည်းစိမ်းချမ်းသာနှင့်သော်ကား ပြည့်စုံ၏။ အပေတပညံ၊ ပညာမူကား မရှိ။ ဧတ္ထ၊ ဤ ၂ ယောက်သောသူတို့တွင်။ ကံ၊ အဘယ်သူကို။ သေယျော၊ မြတ်၏ဟူ၍။ ကုသလာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်သနည်း။ အဓိပ္ပာယ်ကား–

"သေနကသုခမိန်အမတ်ကြီး။ ထိုသို့ သင် ဖြေနိုင်တပြီးကား ငါမေးအံ့။ ဤလောက၌ ၂ ယောက်သောသူတို့တွင် တစ်ယောက်ကား ပညာရှိ၏။ စည်းစိမ်သော်ကား ထိုသူ၌ မရှိ။ တစ်ယောက်ကား စည်းစိမ်ရှိ၏။ ပညာသော်ကား ထိုသူ၌မရှိ ထိုသူ ၂ ယောက်တို့တွင် အဘယ်သူကို ပညာရှိတို့သည် အမြတ်ဆိုကုန်သနည်း"ဟု မေး၏။

သေနကသုခမိန်သည် မင်းကြီးစကားကိုကြားလျှင် မိမိမျိုးရိုးမတ်နွယ် ပြန့်ကြွယ်သောစည်းစိမ်ကြီးသားဖြစ်သည်နှင့်အညီ အနွယ်အမျိုးသို့လိုက်သဖြင့် ပြဿနာ၏အနက်သဘောကို ကြာမြင့်စွာမကြံ၊ လျင်မြန်စွာပင်လျှင်–



www.burmeseclassic.com

www.burmeseclassic.com



'ဓိရာ စ ဗာလာ ဟဝေ ဇနိန္ဒ၊ သိပ္ပူသမူပန္နာစ အသိပ္ပိနောစ။

သဗ္ဗာတိ မန္တော်ပိ အဇာတိမဿ၊ ယသဿိနော ပေသကာရာ ဘဝန္တိ။

တော်ပိ ဒိသွာန အဟံ ဝဒါမိ၊ ပညော နိဟီနော သိရိမာဝ သေယျော။'ဟူသော ဂါထာခွဲဖြင့် ဖြေဆိုရ၏။

ဇနိန္ဒ၊ လူအပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ ဓိရာစ၊ ပညာရှိတို့သည် လည်းကောင်း။ ဗာလာစ၊ သူမိုက်တို့သည် လည်းကောင်း။ သိပ္ပူသမူပန္နာစ၊ နှုတ်အတတ် လက်အတတ်ကိုတတ်ကုန်သော သူတို့သည် လည်းကောင်း။ အသိပ္ပိနောစ၊ နှုတ်အတတ် လက်အတတ်ကို မတတ်ကုန်သောသူတို့သည်လည်းကောင်း။ သဗ္ဗာတိမန္တော်ပိ၊ အမျိုးမြတ်ကုန်သော သူတို့သည် လည်းကောင်း။ အဇာတိမန္တာပိ၊ အမျိုးယုတ်ကုန်သော သူတို့သည် လည်းကောင်း။ ယသဿိနော၊ စည်းစိမ်ဥစ္စာရှိသောသူ၏။ ပေသကာရာ၊ အစေအပါးတို့သည်။ ဟဝေ၊ စင်စစ်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တော်ပိ၊ ဤအကြောင်းကိုလည်း။ ဒိသွာန၊ မြင်သောကြောင့်။ ပညော၊ ပညာရှိသည်။ နိဟီနော၊ ယုတ်၏။ သိရိမာဝ၊ စည်းစိမ်ဥစ္စာရှိသော သူသာလျှင်။ သေယျောတိ၊ မြတ်၏ဟူ၍။ အဟံ၊ အကျွန်ုပ်သည်။ ဝဒါမိ၊ ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ဤလောက၌ ပညာရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဗေဒသတ်ကျမ်း[၁၃၄], ဆေးကျမ်း, ဗေဒင်, ယတြာကျမ်း[၁၃၅] အစရှိသော နှုတ်အတတ်၊ ပန်းချီ,ပန်းပု,ဗိသုကာ အစရှိသော လက်အတတ်၊ ဤသိပ္ပ[၁၃၆]မျိုးအတတ်ကိုပင် တတ်သည်ဖြစ်စေ, မတတ်သည်ဖြစ်စေ, အမျိုးမြတ်သည် ဖြစ်စေ, ယုတ်သည်ဖြစ်စေ၊ အလုံးစုံကုန်သော သူအပေါင်းတို့သည် စည်းစိမ်ဥစ္စာအခြံအရံနှင့် ပြည့်စုံသောသူ၏ အစေအပါးသာ ဖြစ်ရကုန်၏။ ဤသို့ လူတို့၌ဖြစ်သော အထင်အမြင်ကိုထောက်သဖြင့်ပင် ပညာရှိသောသူထက် စည်းစိမ်ရှိသောသူ မြတ်ကြောင်းကို သိရပါသည်"ဟုဆို၏။

သေနကသုခမိန်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ပက္ကုသ အစရှိသော အမတ် ၃ ယောက်တို့ကို မမေးမူ၍၊ သုခမိန် ၅ ယောက်တို့တွင် အငယ်နေရာ ၅ သွယ်တွင်အဆုံးနေရာဖြစ်သော ဘုရားလောင်း မဟောသဓသုခမိန်ကိုသာလျှင် 'တုဝမ္ပိ ပုစ္ဆာမိ အနောမပည' အစရှိသောဂါထာဖြင့် "မယုတ်မလျော့သော ပညာဂုဏ်နှင့် အလုံးစုံသောတရားကိုသိမြင်တတ်သော မဟောသဓသုခမိန်။ သင့်ကိုလည်း ငါ မေးတော်မူအံ့။ 'ပညာသာ ရှိသောသူနှင့် စည်းစိမ်သာ ရှိသောသူ၊ ဤသူ ၂ ယောက်တို့တွင် အဘယ်သူမြတ်သနည်း'ဟု သေနကသုခမိန်အား ငါမေးတော်မူလျှင် 'စည်းစိမ်ရှိသောသူသာ မြတ်ကြောင်း'ကို ဆို၏။ သင်ကား အဘယ်သို့ ထင်သနည်း"ဟု မေး၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ အမေးတော်မြတ်ကို ဖြေလျှောက်ပါမည်။ သတိတော်စွဲ၍ နာတော်မူပါ"ဟု လျှောက်ပြီးလျှင်-

'ပါပါနိ ကမ္မာနိ ကရောန္တိ ဗာလာ၊ ကာဒမေဝ သေယျောကတိ မညမာနာ။

ဣဓလောကဒဿီ ပရလောကအဒဿီ၊ ဥဘယတ္ထ ဗာလော ကလိမဂ္ဂဟောသိ။

တော်ပိ ဒိသွာန အဟံ ဝဒါမိ၊ ပညောဝ သေယျော န ယသဿိ ဗာလော။' ဟူသော ဂါထာဖြင့် ဖြေလျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ဗာလာ၊ သူမိုက်တို့သည်။ ကာဒမေဝ၊ ဤစည်းစိမ်သာလျှင်။ သေယျောတိ၊ မြတ်၏ဟူ၍။ မညမာနာ၊ အောက်မေ့ကုန်လျက်။ ပါပါနိ ကမ္မာနိ၊ မကောင်းမှုတို့ကို။ ကရောန္တိ၊ ပြုကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗာလော၊ သူမိုက်သည်။ ဣဓလောကဒဿီ၊ ဤပစ္စုပ္ပန်လောကကိုသာ ရှုလေ့ရှိသည်ဖြစ်၍။ ပရလောကံ အဒဿီ၊ တမလွန်လောကကို ရှုလေ့မရှိသည်ဖြစ်၍။ ဥဘယတ္ထ၊ ၂ ပါးစုံသော လောကဌ်။ ကလိံ၊ အရှုံးကို။ အဂ္ဂဟောသိ၊ ယူ၏။ ဧတံပိ၊ ထိုအကြောင်းကိုလည်း။ ဒိသွာန၊ မြင်သောကြောင့်။ ပညော၀၊ ပညာရှိသော သူသည်သာလျှင်။ သေယျော၊ မြတ်၏။ ယသဿိဗာလော၊ စည်းစိမ်ရှိသောသူမိုက်သည်။ နသေယျော၊ မမြတ်။ ဣတိ၊ ဤသို့။ အဟံ၊ အကျွန်ုပ်သည်။ ၀ဒါမိ၊ ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ကောင်းမှု,မကောင်းမှု၌ အကျိုး,အပြစ်ကို မသိမမြင်ကုန်သော ပညာမဲ့သူလူအပေါင်းတို့သည် စည်းစိမ်ဥစ္စာကိုသာ အမြတ်တနိုး တိုးပွားစေခြင်းငှာ ဥစ္စာရမှုကြောင့် သူ့အသက်, သူ့ဥစ္စာ, သူ့အိမ်ရာ မရှောင်ရှား၊ စကားအမှန်မဆို၊ ယစ်မျိုးကိုသောက်စားခြင်း အစရှိသော အကုသိုလ်[၁၁၇] ၁၀ ဖြာကို မလိမ္မာသည်အလျောက် ပြုကျင့်ကုန်၏။ ထို သူမလိမ္မာသည် ဥစ္စာရှင် ခံရတုံသော်လည်း ဤပစ္စုပ္ပန်[၁၁၈]၌ ဂုဏ်သရေညှိုးနွမ်း၍ ချီးမွမ်းဖွယ် မရှိ။ နောက်ပြီးတစ်ဖန် သေလွန်ပြန်လည်း ၄ တန်သောအပါယ်တို့၌ ကိုးကွယ်ရာမရ ခံရ၍၊ တစ်ဖန် လူဖြစ်ပြန်လည်း ဆိုးညစ်ယုတ်မာ ညံ့သောအမျိုးတို့၌ ဖြစ်လတ္တံ့မှန်သဖြင့် ၂ တန်စလုံး အရှုံးကိုသာ ယူရ၏။ ထိုသို့ သူမိုက်တို့၌ အပြစ်ကိုမြင်သောကြောင့် 'ဥစ္စာမရှိသော်လည်း ပညာရှိသောသူသည် သာလျှင် ဥစ္စာရှိသောသူမိုက်ထက် မြတ်၏'ဟု အကျွန်ုပ် ဆိုပါသည်"ဟု လျှောက်၏။

[သုခမိန် ၂ ယောက်တို့ နောင်ဆိုလတ္တံ့သော အဖြေအတင်စကားမှာ ဂါထာများကို မရေးပြီ။ သိသာမှတ်လွယ်အောင် အဓိပ္ပာယ်စကားပြေကိုသာ အနေသင့်စီကုံး၍ ရေးလိုက်အံ့။]

ထိုသို့ မဟောသဓသုခမိန်စကားကို ကြားလျှင် မင်းကြီးသည် သေနကသုခမိန်ကိုကြည့်လျက် "သေနကအမတ်ကြီး။ သင်ကလည်း စည်းစိမ်ရှင်သူမိုက်ကို အမြတ် ဆိုသည်။ ယခု မဟောသဓကလည်း ပညာရှင်သူဆင်းရဲကို အမြတ် ထင်သည်။ သင်တို့ သုခမိန် ၂ ယောက်ပင် စကားအယူ မတူမညီကြ"ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်ကြီးသည် "အရှင်မင်းကြီး။ မဟောသဓကား အသက်အရွယ်ငယ်သေးသည်ဖြစ်၍ အကြားအမြင် ထုံးသက်သေကို မသိ။ မိမိခံတွင်းမှ နို့ရည်နံ့မျှ မစင်သေး။ ဤအရေးများမှာ သတို့သား မဟောသဓ သိရာစိမ့်မည် မဟုတ်။ အတ္ထုပ္ပတ္တိ သက်သေထုံးနှင့် နှလုံးတော်မြတ်နိုးချိန်ရန် စည်းစိမ်ရှင် မြတ်ကြောင်းကို လျှောက်ပါမည်"ဆို၍ 'နသိပ္ပ မေတံ ၀ိဒဓာတိ ဘောဂံ'အစရှိသော ဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ နေပြည်တော်၌ ဂေါဝိန္ဒသူဌေးကြီး[၁၁၉]ကို သက်သေထုတ်၍ အယုတ်အမြတ်ကို ဆင်ခြင်တော်မူပါ။ ဤဂေါဝိန္ဒသူဌေးသည် ကိုယ်သဏ္ဌာန် အရုပ်အဆင်းလည်း ရှုချင်ဖွယ် မရှိ။ မိမိစကားပြောလျှင် နှုတ်ခမ်း ၂ ဘက်မှ ယိုထွက်သောလျှာရည်အရိဖြင့် ရွံဖွယ်လိစမန်း ရှိ၏။ ချစ်ခင် တွယ်တာစရာ မိမိမှာ သားသမီး တစ်ယောက်မျှလည်း မရှိ။ တစိုးတစိမျှသော အတတ်ပညာကိုမျှလည်း မတတ်။ ထိုသို့လျက် ကုဋေ ၈၀ ဥစ္စာကြွယ်သော စည်းစိမ်ကြီးရှင်ဖြစ်ချေသောကြောင့် ဤမြို့တော်တွင် ပညာရှိသူ ဖြစ်စေ, မရှိသူ ဖြစ်စေ ဥစ္စာပစ္စည်းမကုံမလုံ ဆင်းရဲငြိုငြင်သောသူတို့သည် ထိုဂေါဝိန္ဒသူဌေးကို မှီ၍သာလျှင် အသက်မွေးကြကုန်၏။ ဤအခြင်းအရာကို မြင်၍ 'ပညာရှိသောသူဆင်းရဲထက် စည်းစိမ်ရှိသောသူမိုက် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

[ဤစကား၌ ဂေါဝိန္ဒသူဌေးသည် အဘယ်မျှလောက် စည်းစိမ်ကြီးလေသနည်း ဟူမူကား ထိုသူဌေး စကားပြော၍ နှုတ်ခမ်း ၂ ဘက်မှ လျှာရည်အရိယိုထွက်လျှင် နတ်သမီးတမျှလှသော အရွယ်တန်သတို့သမီး ၂ ယောက် သူဌေးကြီး၏ နံပါး ၂ ဘက် လက်ဝဲလက်ယာနေလျက် ကြာညိုပန်းကိုယ်စီနှင့် လျှာရည်အရိကိုခံပြီးလျှင်



www.burmeseclassic.com

လေသာပြတင်းပေါက်ဖြင့် ထိုလျှာရှည်ခံကြာညိုပွင့်ကို ပစ်စွန့်လိုက်၏။ သေသောက်ကြူးတို့သည် ကြာညိုပန်းလိုကြလျှင် ထိုဂေါဝိန္ဒသူဌေးကြီးအိမ်သို့သွား၍ ကြာညိုပွင့်ပစ်စွန့်ရာ ပြတင်းဝပြင်ကနေလျက် "အရှင်သူဌေးကြီး"ဟု အသံပေးကြကုန်၏။ ဂေါဝိန္ဒသူဌေးသည် "အဘယ်နည်း။ သင်တို့"ဟုမေးလတ်သော်၊ နှုတ်ခမ်း ၂ ဘက်မှ လျှာရှည်အရိတို့သည် စက်ဆုပ်ဖွယ်လိယိုထွက်ကုန်၏။ ထိုလျှာရှည်အရိကို ကြာညိုပန်းဖြင့် သတို့သမီး ၂ ယောက်ခံ၍ ပြတင်းပေါက်သို့ ပစ်ချလိုက်သဖြင့်၊ ထိုကြာညိုပွင့်ကို သေသောက်ကြူးတို့ကောက်ယူ၍ နား ၂ ဘက်တို့၌ ထိုးပန်လျက် သေတင်းကုပ်သို့သွားကြကုန်၏။ ဤသို့သော စည်းစိမ်ကြီးဖြစ်၍ သေနကသုခမိန်သည် ထို ဂေါဝိန္ဒသူဌေးကို သက်သေပြု၍ မင်းကြီးအား လျှောက်ထားသတည်း။]

ထိုသို့ သေနကအမတ်စကားကိုကြားလျှင် မင်းကြီးသည် "မဟောသဓသုခမိန်။ သေနကအမတ်ကြီးက စည်းစိမ်ရှင် မြတ်ကြောင်းကို သက်သေထုတ်၍ ဆိုချေသည်။ သင်ကား အသို့နည်း"ဟု မေး၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သေနကအမတ်ကြီးအလို အဆိုစကားမှာ လေး,မြား,ညွှတ်, ကျော့ကွင်းကိုမမြင်၊ စားချင်သောအာသာ နှိမ်နင်း၍ ထမင်းလုံးကြီရာ ဝင်လာ နားလာ စားလာသောကျီးကဲ့သို့ လည်းကောင်း၊ ဦးခေါင်းပေါ်၌ လက်ရိုက်, ဆောက်ပုတ်, တုတ်, လှံတံကို မမျှော်လှမ်း၊ နို့ဓမ်းအိုး၌ဝင်၍စားသော အိမ်ခွေးကဲ့သို့ လည်းကောင်း၊ ကောင်း, မကောင်း ရာ, မရာကို ပညာမရှိ၍ မသိတတ်သဖြင့် မကျင့်အပ်သော တရားကိုကျင့်မှားချေသော် သေလွန်ခါ၌ ချမ်းသာမရှိ ဒုဂ္ဂတိ[၁၅]သို့လားကြောင်း မကောင်းမှု ဖြစ်ရာပေသည့် အကြောင်းကိုကား သေနကဆရာ ဆင်ခြင်၍မဆို။ ထို သူမလိမ္မာ၌ တစ်သက်လျာမျှ ချမ်းသာသောအကျိုးကိုသာ မျက်စိအမြင်အထင်နှင့် ဆိုခြင်းသာဖြစ်ပါသည်။ ပညာရှိသောသူသာလျှင် မြတ်ကြောင်းကို သိသာထင်ရှားအောင် လျှောက်ပါမည်"ဆို၍ 'လဒ္ဓါသုခံ ပမဇ္ဇတိ အပ္ပပညော'အစရှိသောဂါထာဖြင့် ဖြေဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ပညာမရှိသောသူသည် ဘဝဟောင်းက ကောင်းမှုကံ တော်တော်ပြားပြား အခွင့်အသင့် ကြိမ်၍ စည်းစိမ်ဥစ္စာရှင် ခံရလျှင်ပင် ထိုစည်းစိမ်ဥစ္စာလည်း မကြာမပျက် အသက်လည်း မသေနိုင်ပြီလော်က် မှတ်ထင်လျက် ဥစ္စာရမှုကြ်၌သာလျှင် နှစ်သက်မွေ့လျော်ခြင်း စည်းစိမ်ယစ်သဖြင့် ကုသိုလ်တရားတို့၌မေ့လျော့၍ စိတ်၏အလိုပါ ပျော်ရာရွှင်ရာ အမှုဒုစ္စရိုက်[၁၆]ကိုသာ ပြုကျင့်လေ့လာသဖြင့် ၄ ဖြာသော အပါယ်လားကြောင်း မကောင်းမှုဝန်ကို ရွက်ဆောင်၏။ ထိုစည်းစိမ်ဥစ္စာ၏သဘောသည် အရိပ်ကောင်းကိုမြင်၍ ဝင်နားလာသော ငှက်သည်သဖွယ်မျှ တစ်ခဏနားနေရုံ အခိုက်အတန့်သာ ဖြစ်ခြင်းရှိသဖြင့် မိမိ၌ရောက်သော စည်းစိမ်ဥစ္စာသည် အတည်မမြဲ ဖောက်လွဲပျက်ပြုန်း ဆုံးရှုံးလျော့ပါးခဲ့သော် လည်းကောင်း၊ စည်းစိမ်တည်ခိုက်ပင် ဖြစ်စေကာမူ ထိုသူမိုက်၌ ထိခိုက်ပေါက်ရောက်လာသော စိုးရိမ်ကြောင့်ကြရန် အမှုတစ်ခုခုကြောင့် ကိုယ်,စိတ်၏ ဆင်းရဲခြင်း တွေ့ကြုံသော် လည်းကောင်း ထိုသူသည် နောင်အရေး,ယခုအရေးကိုပင် တွေးခေါ်မြင်မြော်တတ်သော ပညာမရှိချေ၍ ရေထဲမှထုတ်ယူလျက် သဲပူသောင်ပြင်သို့ ငင်ပစ်လိုက်သော ငါးနှင့်အတူ အသစ်ထူထောင်၍ ချမ်းသာအောင် အကြံမရ။ ရေးကချမ်းသာဖူးသည်ကိုသာ အောက်မေ့တမ်းဆိုလျက် ကိုယ်,စိတ်လျော့သွဲ့၍ တဆန့်ငင်ငင် ပူပင်ပြင်းပြ ဒုက္ခကြီးစွာကို သူယုတ်မာ၏ခံရခြင်းဖြင့် ခံရတတ်၏။ ဤသို့ သူမိုက်တို့၌ အပြစ်ကိုမြင်သောကြောင့် 'စည်းစိမ်ပင်မရှိသော်လည်း ပညာရှိသောသူသာလျှင် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကသုခမိန်မျက်နှာကို ကြည့်လျက် "သေနကဆရာအမတ်။ မဟောသဓသုခမိန်က ပညာရှိမြတ်ကြောင်းကို ယခု ပုံဆောင်၍ ဆိုပြန်ချေသည်။ ဆရာကား အသို့နည်း"ဟု မေး၏။

www.burmeseclassic.com



သေနကသုခမိန်သည် "အရှင်မင်းကြီး။ မဟောသဓကား အရာရာသော လူရေးလူမှုတို့၌ ငယ်နုသေးသည် ဖြစ်၍ မသိ။ အသက်ရှိသောသူကို မဆိုနှင့်ဦး။ တော၌ရောက်သော သစ်ပင်မှသော်လည်း ငှက်အပေါင်းတို့၏ မှီခိုရာဖြစ်ပါသေးသည်"ဟု လျှောက်ပြီးလျှင် 'ဒုမံ ယထာ သာဒု ဖလံ အရညေ' အစရှိသောဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ တောအရပ်ဝယ် တင့်တယ်သောအရိပ်ကြီးနှင့် အသီးချိုဆိမ့်စွာ ပင်လုံးကျွတ်သီးသော သစ်ပင်ကြီး၌ အရပ် ၈ မျက်နှာမှ ငှက်အပေါင်းတို့သည် လာကုန်၍ သစ်သီးအလို့ငှာ ခိုဝင်ဆည်းကပ်ကြကုန်သကဲ့သို့၊ ထို့အတူ စည်းစိမ်ဥစ္စာကြွယ်ဝသော သူတို့၌လည်း ခပ်သိမ်းသောလူအပေါင်းတို့သည် ဥစ္စာအလို့ငှာ မှီဝဲဆည်းကပ် ရကုန်သည်သာ ဖြစ်၏။ ဤသို့သောအကြောင်းကိုမြင်၍ ပညာရှိသောသူထက် ဥစ္စာရှိသောသူ မြတ်၏ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သား။ အသို့နည်း"ဟု မဟောသဓကို မေး၏။ မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သေနကဆရာအမတ်အား အရှင်၏အချီးအမြှောက် စည်းစိမ်တော်ကိုမှီ၍ အဆီ, ဩဇာ, အရသာကောင်းများကို အစားကြူးသောကြောင့်သာ ဘီလူးကိုယ်ကဲ့သို့ မိုမောက်အိတွဲသော ဝမ်းဗိုက်,ရင်အုံ ရှိပါသည်။ ဝမ်းဗိုက်ကဲ့သို့ သူတစ်ပါးထင်ရှားသိသာအောင် ပညာသတ္တိမှုကား မိမိ၌ အဘယ်မှာရှိနိုင်အံ့နည်း။ ဤမျှလောက် လျှောက်ထား၍မျှ စိတ်သဘောကျတော်မမူသေးပါလျှင် နာတော်မူဦးလော့"ဟုဆို၍ 'န သာဒု ဗလဝါ ဗာလော၊ သာဟသံ ဝိန္ဒတေ ဓနံ' အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ပညာမရှိသောသူသည် ပစ္စုပ္ပန်, သံသရာ အကျိုးအပြစ်ဖြစ်လတ္တံ့သည်ကို မသိမမြင်ခြင်းကြောင့် သူတစ်ပါးတို့အား ကိုယ်ဖြင့် လည်းကောင်း၊ လက်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း အနိုင်အထက်နှိပ်စက်၍ စည်းစိမ်ဥစ္စာကို ရ၏။ ထိုသူမိုက်၌ရသော စည်းစိမ်ဥစ္စာအပေါင်းသည် ကောင်းသောရခြင်း မဟုတ်။ ယုတ်မာသော ထိုဥစ္စာပင်လျှင် ပညာမရှိသောမိမိကို စုတိစိတ်ကျ၍ ဘဝပြောင်းလဲသော် ငရဲထိန်းတို့ခြောက်ခြိမ်းသံနှင့် ကြောက်ရွံ့မြည်တမ်းစဉ်ပင် မရှင်မသေ ရွှေရောင်ကဲ့သို့ ညီးညီးပြောင်ပြောင် တောက်လောင်သောငရဲမီးလျှံတွင်းသို့ ဆင်းဟု ငင်ဆွဲပစ်ချတတ်၏။ ဤသို့ သူမိုက်တို့၌ အပြစ်ကိုမြင်သောကြောင့် 'ပညာရှိသော သူသာလျှင် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

ထို မဟောသဓသုခမိန်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ဆရာသေနက။ မဟောသဓက သူမိုက်တို့၌ အပြစ်ကိုပြ၍ ဆိုချေသည်။ သင်ကား အသို့နည်း"ဟု သေနကသုခမိန်အား မေးပြန်၏။

သေနကအမတ်သည် "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟု ဆို၍ 'ယာကာစိ နဇ္ဇော ဂင် မဘိသဝန္တိ' အစရှိသောဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အသွယ်သွယ်အခြားခြား များစွာကုန်သော မြစ်ငယ်တို့သည် မိမိတို့အမည် အသီးအသီးဖြင့် စီးလာလတ်၍ ဂင်္ဂါ[၁၄]မြစ်သို့ သက်ဝင်သည်ရှိသော် မိမိတို့အမည်ကို စွန့်သဖြင့် 'ဂင်္ဂါ'ဟူသော အရေအတွက်သို့သာ ရောက်လေသကဲ့သို့ လည်းကောင်း၊ ချောင်းငယ်မြစ်ငယ်တို့၏သက်ဝင်ရာ ဂင်္ဂါမြစ်သည်လည်း မဟာသမုဒ္ဒရာသို့ စီးဝင်လေသည်ရှိသော် ဂင်္ဂါ ဟူသောအမည်လည်း မထင်ရှားဘဲ 'မဟာသမုဒ္ဒရာ' ဟူသော အမည်သို့သာ ရောက်လေသကဲ့သို့ လည်းကောင်း အကြောင်းကြောင်း အသွယ်သွယ် ပရိယာယ်ဝေဝုစ်စသည်ဖြင့် နှုတ်တတ်သော သူ,လက်တတ်သောသူ လူအပေါင်းတို့သည် စည်းစိမ်ဥစ္စာရှိသောသူ၏အထံသို့ ရောက်လေသည်



www.burmeseclassic.com

www.burmeseclassic.com



ရှိသော် မိမိတို့ပညာ မြတ်ရာမဝင် မထင်မရှား စေစားခံရရုံမျှသာ ဖြစ်လေ၏။ ဤသို့ စည်းစိမ်ရှင်၌ အကျိုးကို မြင်သောကြောင့် 'ပညာရှိသောသူထက် မြတ်၏'ဟု အကျွန်ုပ် ဆိုပါသည်"ဟု လျှောက်၏။

သေနကသုခမိန်စကားကိုကြားလျှင် မင်းကြီးသည် မဟောသဓအား "ငါ့သားသုခမိန်ကား အသို့နည်း"ဟု မေးပြန်၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟုဆို၍ 'ယမေတမက္ခာ ဥဒဓိံ မဟန္တံ' အစရှိသော ဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ သေနကအမတ်သည် စည်းစိမ်ရှင်လူမိုက်ကို မဟာသမုဒ္ဒရာနှင့် ပုံပြု၍ ယခုဆိုသည့် စကားအတိုင်း မဟာသမုဒ္ဒရာနှင့်ဝင် တူသည် ဖြစ်ပါစေ။ ၅ ထွေသော မြစ်ကြီး အသီးသီး အခြားခြား များစွာသော မြစ်ငယ်,အသွယ်သွယ်သောချောင်းမြောင်း ပေါင်းဆုံသက်ဝင်ရာ ထိုမဟာသမုဒ္ဒရာသည် ယူဇနာ ၄၀, ယူဇနာ ၅၀,ယူဇနာ ၆၀ ခန့် အမြင့်ဆောင်၍ တောင်ကြီးဆီးကာသကဲ့သို့ ကြီးမားလှစွာသော လှိုင်းတံပိုးရှိငြားသော်လည်း ကမ်းနားသို့ရောက်လျှင် ကြေပျောက်သဖြင့် မြင့်မိုင်သောလမ်းကို မလျှမ်းမလွန်နိုင် သကဲ့သို့ စည်းစိမ်ရှင်ဖြစ်စေကာမူ သူမိုက်တို့စကားသည် ထောင်လွှား၍ပြောသော်လည်း သဘောလက္ခဏာအရာကို မသိခြင်းကြောင့် ပညာရှိကို မလွန်နိုင်ရာ။ ပညာရှိရှေ့ရောက်လျှင် ပျောက်ကွယ်ဆုံးရှုံး အသုံးမရ ဖြစ်တတ်၏။ တစ်စုံတစ်ယောက်သောသူ၌ ယုံမှားသက်ာ ပြဿနာမှုတစ်ခုခု ရှိသော်လည်းကောင်း၊ ခပ်သိမ်းသောသူ၌ ဥပဒ်ရန်အား အရေးအခွင့် ပေါ်ထွက်သော်လည်းကောင်း ထိုသူတို့သည် ယုံမှားသက်ာပျောက်စေခြင်း, ဘေးရန် လွတ်ငြိမ်းခြင်း အကျိုးငှာ ပညာရှိသောသူ၏အထံ၌သာ ကျိုးနွံတုပ်ဝပ်၍ အဆုံးအဖြတ်စကားကို ကြားသိ မှတ်နာရကုန်၏။ စည်းစိမ်ဥစ္စာရှင်ဖြစ်သော သူမိုက်၏အထံသို့ တစ်စုံတစ်ယောက်မျှ မသွားကုန်။ ဤသို့ ပညာရှိသောသူ၌ အကျိုးကိုမြင်၍ 'သူမိုက်စည်းစိမ်ရှင်ထက် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် မင်းကြီးသည် သေနကအမတ်အား "ဆရာသုခမိန် ပညာရှိ ဂုဏ်ကိုပြု၍ မဟောသဓက ဆိုပြန်ချေပြီ။ ဆရာကား အသို့နည်း"ဟု မေးပြန်၏။

သေနကအမတ်သည် "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟုဆို၍ 'အသညတော စေပိ ပရေသမတ္တံ' အစရှိသောဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကြင် ပညာမရှိသောစည်းစိမ်ရှင်သည် ကိုယ်,နှုတ်,နှလုံး ၃ ပါးကို မစောင့်မသိမ်း မထိန်းမကျင့်သည်ပင် ဖြစ်စေကာမူ လူအပေါင်းတို့၏အစည်းအဝေး၌ အဆုံးအဖြတ်ကြိမ်လျှင် မိမိအလိုရှိရာ မဟုတ်မမှန်ကိုပင် စီရင်ဆုံးဖြတ်ပြောဆိုသော်လည်း ထိုစည်းစိမ်ရှင် အလိုသို့သာလျှင် ခပ်သိမ်းကုန်သောသူတို့သည် နှစ်ခြိုက်သဖြင့် လိုက်နာရကုန်သည်။ ပညာရှိစေကာမူ သူဆင်းရဲသည် ထိုပွဲပရိသတ်၌ဝင်၍ စီရင်ဆုံးဖြတ်ပြောဆိုသော်လည်း ထိုသူဆင်းရဲစကားကို သူတစ်ပါးတို့ နားမျှမထောင်မငဲ့ မထီမဲ့မြင်သာ ပြုကုန်၏။ ထိုသို့ ပညာရှိသူဆင်းရဲ၌ အပြစ်ကိုသာမြင်သောကြောင့် 'မိုက်သော်လည်း စည်းစိမ်ဥစ္စာရှင်သာ မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟုလျှောက်၏။

သေနကအမတ်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်အား "ငါ့သားသုခမိန်။ သေနကဆရာက ဥစ္စာရှင်၌ ဂုဏ်ထူးရှိကြောင်းကို ထုတ်၍ဆိုချေသည်။ သင်ကား အသို့နည်း"ဟုမေးပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သေနကအမတ်သည် ပစ္စုပ္ပန်လောကကိုသာ ကြည့်၍ တမလွန်လောကကို မရှုမကြည့် မသိ။ မျက်စိတစ်ဘက်တွင် ပျက်ပြယ်သောစကားကိုသာ ဆို၏။ ထိုသို့ အကျွန်ုပ်လျှောက်သမျှ စကားနှင့် နားကျတော်မမူလျှင် နာတော်မူဦးလော့"ဟုဆို၍ 'ပရသဝါ အတ္တနောဝါပိဟေတု'အစရှိသောဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်ပညာမရှိသော သူမိုက်သည် ကိုယ့်အဖို့ ကိုယ့်အတွက်ကြောင့် လည်းကောင်း၊ သူ့အဖို့သူ့အတွက်ကြောင့်လည်းကောင်း မကောင်းသောအကြံနှင့် မမှန်သောစကားကိုဆို၏။ ထိုသူမိုက်သည် ပရိသတ်အလယ်၌ မျက်နှာထားမရ ရှုတ်ချကဲ့ရဲ့ခြင်းကိုလည်း ခံရတတ်၏။ တစ်ဖန် မိမိစကားကို သူတစ်ပါးတို့ ယုံကြည်လေးမြတ်ခြင်း မရှိ။ နောက်ပြီးတစ်ဖန် သေလွန်ပြန်သောအခါ၌ ချမ်းသာ မရှိ။ ဒုဂ္ဂတိ ၄ ပါးသို့ လားလေရာ၏။ ဤသူမိုက်တို့၌ ပစ္စုပ္ပန်အကျိုးလည်း မသန်။ တမလွန်အကျိုးလည်းပျက်, ၂ ချက် စလုံး၌ အရှုံးကိုသာ မြင်သောကြောင့် ပညာရှိသောသူသာမြတ်၏ဟု အကျွန်ုပ်ဆိုပါသည်"ဟုလျှောက်၏။

မဟောသဓသုခမိန်၏ စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကသုခမိန်အား "သေနက ဆရာကား အသို့နည်း"ဟု မေးပြန်၏။

သေနကအမတ်သည် "အရှင်မင်းကြီး။ ခဲတွင်းမှာ အမိနို့ရည်နံ့မျှ မစင်သေးသော သူငယ်စကားကြောင့် နားကျတော်မမူသေးလျှင် လျှောက်ပါဦးမည်"ဟု ဆို၍ 'အတ္ထံပိစေ ဘာသတိ ဘူရိပညော'အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်သူဆင်းရဲသည် မြေကြီးအထုကဲ့သို့ ထူထပ်ကြီးကျယ်သော ပညာရှိသည် ဖြစ်စေကာမူ၊ ထိုသူဆင်းရဲသည် ပရိသတ်အတွင်း၌နေ၍ မိမိပညာအစွမ်းဖြင့် အကျိုးအကြောင်း ကောင်း,မကောင်း သင့်,မသင့် ကျင့်ရာဆောင်ရာကိုသိသာစေကြောင်း ထုံးဟောင်းဥပဒေ သက်သေပုံစံနှင့် ပြည့်စွန် ပြောဆိုငြား သော်လည်း ထိုသူစကားကို မတည်မကြည်မယုံ ဂုဏ်ကျက်သရေမဲ့ အကဲ့အရဲ့မှမလွတ် ဖြစ်တတ်၏။ ထိုပညာရှိသည် စည်းစိမ်ရှိသောသူ၏အထံသို့ ရောက်သည်ရှိသော်လည်း နေထွက်သောအခါ ပိုးစုန်းကြူးအရောင် မထွန်းနိုင်သကဲ့သို့ ဖြစ်၏။ ဤသို့ ပညာရှိသူဆင်းရဲ အပြစ်ကိုမြင်သောကြောင့် 'စည်းစိမ်ရှင်သူမိုက်သာလျှင် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟုလျှောက်၏။

သေနကအမတ်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်အား "ငါ့သားကား အသို့နည်း"ဟု မေးပြန်၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ယခု သေနကသုခမိန် လျှောက်သမျှ စကားသည် တမလွန်လောကကို မျှော်ဆရှုကြည့်သံ တစ်ခွန်းမျှမပါ။ ပစ္စုပ္ပန်တွင်သာ သူယုတ်မာတို့ပြုသောအမှုကို ရှုမျှော်၍ သူတော်ကောင်းတို့ မနှစ်သက်သော စကားကိုသာ ဆို၏။ ထိုသုခမိန်စကားကို နားတော်မယောင်သာအောင်နာတော် မူဦးလော့"ဟုဆို၍ 'ပရသဝါအတ္တနောဝါပိ ဟေတု' အစရှိသောဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်ပညာရှိသောသူသည် ကိုယ့်အဖို့ ကိုယ့်အတွက်ကြောင့် လည်းကောင်း၊ သူ့အဖို့ သူ့အတွက်ကြောင့်လည်းကောင်း အပါယ်လားကြောင်း မကောင်းသဖြင့် ကြံ၍ မမှန်သော စကားကိုမဆို။ ထိုပညာရှိသည် ရောက်လေရာရာအရပ် ပရိသတ်တို့၏အလယ်၌ ချီးမွမ်းဖွယ်သော ဂုဏ်ကျက်သရေတိုးတက်လျက် မြတ်နိုးတနာ မေတ္တာပွား၍ သူတစ်ပါးတို့ ပူဇော်ချီးမြှောက်ခြင်းကိုလည်းခံရ၏။ တမလွန်၌လည်း လူ့ပြည်နတ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်သော သုဂတိဘဝသို့လားရအံ့။ ဤ ပစ္စုပ္ပန်သံသရာ ၂ ဖြာစလုံး ဘုန်းကျက်သရေဖြစ်ကြောင်း ကောင်းကျိုးကိုသာ မြင်သောကြောင့် စည်းစိမ်ရှင်သူမိုက်ထက် 'ပညာရှိ သူဆင်းရဲမြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟုလျှောက်၏။

ထိုမဟောသဓသုခမိန်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်အား "သေနက သုခမိန်ကား အသို့နည်း"ဟု မေးပြန်၏။

သေနကအမတ်သည်လည်း "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟု ဆို၍ 'ဟတ္ထိဂဝဿာ မဏိကုဏ္ဍလာစ' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဆင်, မြင်း, ကျွဲ, နွား, ဆိတ်ကုလား, ဆိတ်မြန်မာ အစရှိသော ကောင်းမြတ်သော အသုံးအဆောင်တို့သည် လည်းကောင်း၊ ပတ္တမြားမျိုးမျက်မြတ် စီတပ်အပ်သော ရွှေလည်ရွဲ, ရွှေလက်ကောက်, ရွှေနားတောင်း စသည်တို့ဖြင့် နှစ်လိုဖွယ်သော သတို့သမီးရတနာ ကောင်းစွာသော အခြံအရံတို့သည် လည်းကောင်း၊ ထိုမှတစ်ပါး များစွာသောလူအလုံး ဘုန်းကျက်သရေစည်းစိမ်ရှိသမျှ လူအပေါင်းတို့သည် လည်းကောင်း၊ ဤအလုံးစုံသည် စည်းစိမ်ဥစ္စာရှင်၏အသုံးအဆောင်သာ ဖြစ်ကုန်၏။ ဤသို့ စည်းစိမ်ရှင်၌ အကျိုးကို မြင်သောကြောင့် 'ပညာရှိသောသူဆင်းရဲထက် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

သေနကအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓအား "ငါ့သားသုခမိန်။ အသို့နည်း"ဟု မေးပြန်၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သေနကသုခမိန်သည် အကြိမ်ကြိမ် ပေါ့ပြက်ရယ်ဖွယ် စကားနှင့် လျှောက်ထားနှောင့်ယှက်၍ အချက်ကျကျ စိတ်တော်ကမရှိလျှင် သိသာတော်မူအောင် ပုံဆောင်၍ လျှောက်ပါဦးမည်" ဆိုပြီးလျှင် 'အသံဝိဟိတ ကမ္မန္တံ'အစရှိသော ဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်သူမိုက်သည် မိမိ၌ကပ်ဆိုက်၍ စည်းစိမ်ဥစ္စာနှင့်ပင် ပြည့်စုံသော် လည်း မတော်မမှန် ကြံစည်ပြုကျင့်မိ၍ လည်းကောင်း၊ သူမကောင်းကို အကြောင်းအကျိုး၌ ကိုးကွယ်တိုင်ပင်မိ၍ လည်းကောင်း၊ ထိုသို့သောအကြောင်းတို့ကြောင့် မိမိ၌ ဘုန်းကျက်သရေ စည်းစိမ်ဥစ္စာတို့သည် ပျက်စီး ယုတ်လျော့ခြင်းဖြင့် မိမိကိုထားခဲ့၍ စွန့်သွားသောအဖြစ်သို့ ရောက်၏။ စည်းစိမ်ပြုန်းတီးပြီးသော် ထိုသူမိုက်သည် ဆွေးပဟောင်းမပြ ခွာလဲစွန့်ပစ်သော မြွေ၏အရေကဲ့သို့ ကျက်သရေတစ်ဖန် ပြန်၍မဝင် ပူပန်ဆင်းရဲခြင်းသို့ ရောက်၏။ ဤသို့ သူမိုက်၌ မြွေရေလဲနှင့်တူသော အပြစ်ကိုမြင်သောကြောင့် 'ပညာရှိသောသူသာလျှင် မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်အား "အမတ် သုခမိန်ကား အသို့နည်း"ဟု မေးပြန်၏။

သေနကအမတ်သည် 'နောက်ကိုတစ်ဖန်လုန်၍ မဟောသဓမဆိုနိုင်အောင် ဆိုအံ့'ဟုကြံလျက် "အရှင်မင်းကြီး။ လောကအမှုအခွင့်အရေး၌ ငယ်သေး၍ မသိမလိမ္မာသော မဟောသဓစကားကြောင့် စိတ်နှောင့်နှေး ရှိတော်မူလျှင် သိသာအောင် လျှောက်ပါဦးမည်"ဆို၍ 'ပဉ္စပဏ္ဍိတာ မယံ ဘဒ္ဒန္တေ'အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ကိုယ်တော်သည် အကျွန်ုပ်တို့ သုခမိန် ၅ ယောက်တို့ကို ငါ့ထက်သာ၍ ပညာရှိသောသူဖြစ်သည်ဟု အကျိုးအပြစ်ကို လှစ်ပြလျှောက်ထားစေခြင်းငှာ သုခမိန်အရာ၌ခန့်ထား၍ ချီးမြှောက်တော်မူသည် မဟုတ်ပါလော။ ထို အကျွန်ုပ် သုခမိန် ၅ ယောက်တို့သည် အလွန်ပညာရှိသောသူ စင်စစ်မှန်လျက် နတ်ပြည် ၂ ထပ်ကိုအစိုးရသော သိကြားမင်း၏စည်းစိမ်ကဲ့သို့ မြို့ကြီးပြည်ကြီး တိုင်းကြီးအထွတ်အမြတ်ဖြစ်သော စည်းစိမ်တော်သခင် အရှင်မင်းကြီးကိုသာလျှင် အကျွန်ုပ်တို့ ပညာရှိ ၅ ယောက်တို့သည် လက်အုပ်ချီ၍ ရှိခိုးရ၏။ ထိုသို့ ပညာရှိသောသူဖြစ်လျက် စည်းစိမ်တော်ရှင်၏ အစေအပါးဖြစ်ရသည်ကို မြင်သောကြောင့် 'ပညာရှိသောသူထက် စည်းစိမ်ရှင်မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

[ဤသို့ သေနကအမတ်ကြီးသည် အသက်စည်းစိမ်၏အန္တရာယ်ဖြစ်သော မင်းကြီးအား ခိုင်း၍ဆိုသော စကားကို ဘုရားလောင်းမဟောသဓမှတစ်ပါး ပျက်အောင် ဖျက်ဆီးနိုင်သောသူ မရှိရာ။]

သေနကအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် 'ယခု သေနကအမတ်ဆိုသောစကားမှာ ထင်ထင်ရှားရှား ခြားနားသိသာစွာ ရှိချေသည်။ ငါ့သား မဟောသဓက အကြောင်းတစ်ပါးဆောင်၍ ကျေအောင်ချေဆိုနိုင်ပါမည် မသိ'ဟု ကြံလျက် "ငါ့သားသုခမိန်။ ယခု သေနကသုခမိန်က ထင်ရှားသိသာအောင် ဥဒါဟရုဏ်ဆောင်၍ ဆိုချေသည်။ သင်ကား အသို့နည်း"ဟု မေးပြန်၏။

မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ သေနကအမတ်စကားမှာ လူမလိမ္မာတို့ မျက်စိအမြင်အထင်နှင့်သာ ဆိုသောစကားကဲ့သို့ ဖြစ်ပါသည်။ မိမိ သုခမိန်ခံသူဖြစ်လျက် ပစ္စုပ္ပန်,သံသရာ အကျိုးအကြောင်းကို မြော်ထောက်၍ ရှေ့နောက်ညီလျော်စွာ ပညာရှိပီပီ မဆို။ ထို သေနကအမတ်သည် အတပ်သိသာအောင် လျှောက်ဆိုပါသော အကျွန်ုပ်စကားကိုမျှ နားမလည် မသိ။ ပညာရှိ၏ဂုဏ်ကို မထင်။ စည်းစိမ်ရှင်သူမိုက်ကိုသာ အမြတ်ယူလျှင် ထိုသူတစ်ဖန် မလှန်သာအောင် လျှောက်ပါမည်"ဆို၍ 'ဒါသော၀ ပညဿ ယသဿီ ဗာလော'အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကြင် ပညာမရှိသောစည်းစိမ်ရှင်သည် မိမိ၌ တစ်စုံတစ်ခု အမှုကြီးအမှုခက် ပေါ်ထွက်သည်ရှိသော် ပညာရှိသောသူဆင်းရဲကိုသာလျှင် မှီခိုကိုးကွယ်လျက် ထိုသူဆင်းရဲ ပညာရှိ၏ သားပေါက်ကျွန်, ဥစ္စာ၀ယ်ကျွန်, အစေခံကျွန်ကဲ့သို့ မိမိကိုယ်ကို ပြုရ၏။ မိမိတွင် ပေါက်ရောက်သောအမှု၌ တစ်ခုသော အကျိုးအပြစ်ကိုမျှ ထိုသူမိုက်စည်းစိမ်ရှင် မမြင်မသိနိုင်ရာ။ ဤသို့သော ပညာရှိ၏အကျိုးကို မြင်သောကြောင့် စည်းစိမ်ရှိသောသူမိုက်ထက် 'ပညာရှိသောသူသာ မြတ်၏'ဟု အကျွန်ုပ်ဆိုပါသည်"ဟု လျှောက်၏။

ဤသို့ ဘုရားလောင်း မဟောသဓသုခမိန်သည် အကြိမ်ကြိမ်အတန်တန် အပြန်ပြန်အလဲလဲ ဖြေဆိုလျက် မြင်းမိုရ်တောင်ခြေ သီဒါ[၂၄]ရေအထဲမှ ရတနာသဲကို ထုတ်ယူဘိသကဲ့သို့ လည်းကောင်း၊ ကောင်းကင်ပြင်၌ လျှံထင်ထွန်းပသော လပြည့်ဝန်းကို လှမ်းယူလျက် လက်ဝါးအပြင်၌ တင်ပြဘိသကဲ့သို့ လည်းကောင်း၊ သူတစ်ပါးတို့ သိနိုင်ဆိုနိုင်ခဲသော စကားအလှယ်လှယ်ဖြင့် အံ့ဩဖွယ်သော ကိုယ်တော်၏ပညာဂုဏ်ကို ထင်စွာပြလတ်သည်ရှိသော် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်အား "သုခမိန်အမတ်။ သင်တို့ ၂ ယောက် အစက တစ်ကြိမ် ဖြေတင်မိကြလျှင်ပင် သင်က ပစ္စုပ္ပန်လောကတွင် တင့်တယ်ခြင်းမျှကိုသာ ဆိုသည်။ မဟောသဓသုခမိန်မှာ ပစ္စုပ္ပန်လောက, တမလွန်လောက ၂ ပါးလုံး တင့်တယ်ခြင်းကို ဆိုပေသည်ဖြစ်၍ စာနာချင့်ထောက်လျှင် 'ပညာရှိသာ မြတ်ကြောင်း'ကို ကောက်ယူထိုက်လှပေသည်ပင်။ သင် နောက်တို



www.burmeseclassic.com

www.burmeseclassic.com



အသင့်ကြံ၍ ဖြေလှန်ချေဦးတော့ဆို၍ ငံ့နေတော်မူသည်ကို သင်က ထူး၍မဆိုနိုင်။ မဟောသဓာမှာ ပညာရှိမြတ်ကြောင်းကို အပြောင်းပြောင်းအလှယ်လှယ် အသွယ်သွယ်ဥဒါဟရဏ်နှင့် ယှံမှားကင်းလောက်အောင် ဆိုပေသည်။ ယခု သင် ရှေးကထက်သာ၍ ဆိုစွမ်း ရှိသေးလျှင်လည်း ဆိုဦးတော့”ဟုဆို၏။

သေနကအမတ်သည် ဤကောက်တမ်းကိုပြ၍ မင်းကြီးကဆိုသောစကားကို ကြားလျှင် စပါးကျီ၌ တင်းတောင်းအခြင် အရေအတွက်နှင့်သွင်းထားအပ်သော စပါးသည် ကျီမှထုတ်ယူ၍ သုံးဖန်များသဖြင့် စပါးကုန်ခြင်းသို့ ရောက်လတ်သော် ကျီမျှသာ ကြွင်းကျန်၍၊ တစ်ဖန်ထုတ်ယူ၍ သုံးဆောင်စရာ မရှိတတ်သကဲ့သို့ မိမိပျို့ရှယ်သောအခါက သင်ကြားသမျှသောအခွင့်၌ အတတ်သည် အထပ်ထပ်အဖန်ဖန် ချေဆိုဖန်များသဖြင့် မိမိ၌ အသစ်ထူး၍လည်း မကြံစွမ်း၊ ကုန်ခန်းခြင်းသို့ရောက်လေသော် နောက်ကိုတစ်ဖန် တုံ့လှန်၍မဆိုနိုင်၊ မှိုင်တွေညှိုးနွမ်း စိတ်ဝမ်းမသက်မသာ မျက်နှာလှည့်၍ နောက်ဘီတဏိုင်းနေလေ၏။

[အကယ်၍ သေနက အမတ်သည် ထပ်၍တစ်ဖန် ချေဆိုတုံ့အံ့။ ဘုရားလောင်း မဟောသဓသေုခမိန်သည် သေနကဆိုတိုင်းလိုက်၍ ချေဆိုနိုင်သော ပညာအစွမ်းတော်ရှိသဖြင့် ဇာတ်တော်သည် ဤပြည့်နှာနှင့်ပင် အထောင်မကသော ဂါထာ ရှိသည်ဖြစ်ရာ၏။]

ဘုရားလောင်းမဟောသဓသေုခမိန်သည် သေနကအမတ် စကားတုံ့လှန် ပြန်၍ဆိုစရာ မရှိသောအဖြစ်ကို သိလတ်သော် စကြဝဠာနားဝယ် သူတစ်ပါးတို့အပါးအနီးသို့မျှ မချဉ်းမရောက်ဝံ့။ အစောက်နက်စွာသော မဟာသမုဒ္ဒရာ၌ ဗလဝါမုခဝဲ[၃၂၅]ရေစက်ကို လက်ခုပ်နှင့်ကျုံးယူ၍ သူတစ်ဘက်သားမဝံ့အောင် လှန့်ခြောက်မြှောက်သွန်ဘိသကဲ့သို့ ပညာရှိသောသူသာလျှင် မြတ်ကြောင်းကို ရှေ့ထက်အလွန် ချီးမွမ်းလိုပြန်၍–

‘အဒ္ဓါ ဟိ ပညာဝ သတံ ပသတ္ထာ၊ ကန္တာ သိရီ ဘောဂရတာ မနုဿာ။

ဉာဏဉ္စ ဗုဒ္ဓါန မတုလျရူပံ၊ ပညံ နစ္စေတိ သိရီမာ ကဒါစိ။ ။’ ဟူသောဂါထာဖြင့် လျှောက်ဆို၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ဟိသစ္စံ၊ မှန်၏။ အဒ္ဓါ၊ အကယ်မလွဲသဖြင့်။ ပညာဝ၊ ပညာရှိတို့ကိုသာလျှင်။ သတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ပသတ္ထာ၊ ချီးမွမ်းအပ်ကုန်၏။ ဘောဂရတာ၊ စည်းစိမ်ချမ်းသာဖြင့် မွေ့လျော်ကုန်သော။ မနုဿာ၊ လူတို့သည်။ သိရီ၊ စည်းစိမ်ချမ်းသာကို။ ကန္တာ၊ နှစ်သက်ကုန်၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဉာဏဉ္စ၊ ဉာဏ်တော်သည်ကား။ အတုလျရူပံ၊ အတုမရှိသောသဘောရှိ၏။ ပညံ၊ ပညာရှိသောသူကို။ သိရီမာ၊ စည်းစိမ်ရှိသောသူသည်။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ နစ္စေတိ၊ မလွန်နိုင်။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ သဗ္ဗညုတဉာဏ် သံသရာအဆက်ဆက် ဖြည့်ကျင့်သဖြင့်ရအပ်သော, သူတော်ကောင်းတကာတို့၏အထွတ်ဖြစ်သော သူမြတ်ကို ‘ဘုရား’ဟုဆိုအပ်၏။ ထို မြတ်စွာဘုရားအစရှိသော သူတော်ကောင်းတို့သည် ပညာသာလျှင် လောကီ[၃၂၆], လောကုတ္တရာ[၃၂၇]အစီးအပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် ပညာရှိသောသူကိုသာလျှင် ချီးမွမ်းအပ်ကုန်၏။ ပညာရှိကိုမှီ၍ ဒါန[၃၂၈],သီလ[၃၂၉]အစရှိသော ကုသိုလ်[၃၃၀]ကိုပြုသဖြင့် စည်းစိမ်ဥစ္စာကို ရအပ်၏။ ထို ရအပ်သောစည်းစိမ်ကိုသာ ခံစား၍ တရားမှန်းမသိသော စည်းစိမ်ရှင်လူမိုက်ကို ထို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ရှုံ့ရှာကဲ့ရဲ့အပ်ကုန်၏။ လောက ၃ ပါး၌ အမြတ်တကာတို့၏အထွတ်ဖြစ်သော အမြတ်သည် သဗ္ဗညုတဉာဏ်တည်းဟူသော ပညာရှင် မြတ်စွာဘုရားသည်သာလျှင်တည်း။ အဘယ်စည်းစိမ်ရှင် လူမိုက်လျှင် ပညာရှင်ကို လွန်မြောက်နိုင်သည် မဖြစ်စဖူး။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သဗ္ဗညုတဉာဏ်တည်းဟူသော ပညာရှင်မြတ်စွာဘုရားကိုသာလျှင် သက်သေပြု၍ စည်းစိမ်ရှင်လူမိုက်၌ သံသရာ, ပစ္စုပ္ပန် ၂ တန်စလုံး အသုံးမဝင်ဖြစ်သည်ကို နှလုံးတော်အမြဲ စွဲမှတ်တော်မူရပါမည်"ဟု လျှောက်၏။

ဤသို့ ဘုရားလောင်းမဟောသဓ၏ စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ တိမ်လိပ်တိမ်လွှာတက်လျက် တစ်ခဲနက်ထစ်ကြိုးသဖြင့် မိုးနတ်ရေစင်သွန်းဘိသကဲ့သို့ ဘုရားလောင်းအား များစွာသော ဆုလာဘ်အသီးသီးဖြင့် အချီးအမြှောက် ပူဇော်သက္ကာပြုလို၍ 'ယံတံအပုစ္ဆိမှ အကိတ္တယိနော'အစရှိသောဂါထာဖြင့် နှစ်သက်ဝမ်းမြောက်စွာ ဆုပေး၏။ အဓိပ္ပာယ်ကား-

"ပစ္စုပ္ပန်,သံသရာ ၂ ဖြာသော အကျိုးအကြောင်းကို ကောင်းစွာလျှင်မြန် ဟုတ်မှန်သော အတိုင်းသိမြင်တတ်ပေသော ငါ့သားမဟောသဓ။ သင့်အား ငါသည် အလွန်သိမ်မွေ့သောပြဿနာကို မေးသည်ရှိသော် သင်သည် အထူးထူးအပြားပြား များစွာသောပုံသက်သေနှင့် ဖြေဆိုပေသည်ဖြစ်၍ အလွန် ငါ့နှစ်သက်တော်မူသည်နှင့်အညီ သင့်အား ဆုပေးအံ့။ နို့ညှစ်နွားမ ၁၀၀၀၊ နွားလားဥသဘ ၁၀၀၀၊ တန်ဆာအဆောင်အရှက်နှင့်တကွ စီးဆင် ၁၀၀၀၊ အာဇာနည်မြင်းကောင်းက,အပ်သော ရထား ၁၀ ဆူ, ကျေးစားအခွန်သွင်းရွာ ၁၆ ရွာ ဤအလုံးစုံကို ငါ ပေးတော်မူ၏"ဟု ဆို၍ ထိုအလုံးစုံကို မဟောသဓအိမ်သို့ ပို့သစေ၏။

[ဤကား ဘုရားလောင်း မဟောသဓအား ၆ ကြိမ်မြောက်သော မင်း၏အချီးအမြှောက်ကို ခံရခြင်းတည်း။]

[ဤသိရီမန္တပြဿနာခန်း၌ ဂါထာ ၂၀ သည် ပါဒါကုလက ဂါထာချည်းတည်း။ ဝီသတိနိပါတ်ကျမ်း၌ ဂါထာ ၂၀ လာ၏။ ဤသို့ မဟောသဓသုခမိန်သည် မင်းကြီးထံရောက်ဦးစက မြည်းပြဿနာတွင် အချီးအမြှောက် တစ်ကြိမ်,ပတ္တမြားကို ရေကန်မှထုတ်ယူနိုင်သည်တွင် အချီးအမြှောက် တစ်ကြိမ်, ပုတ်သင်ပြဿနာတွင် အချီးအမြှောက် တစ်ကြိမ်, ဥဒုမ္ဗရဒေဝီကို အကြောင်းပြု၍ဖြစ်သော ပြဿနာတွင် အချီးအမြှောက် တစ်ကြိမ်, ဆိတ်နှင့် ခွေးပြဿနာတွင် အချီးအမြှောက် တစ်ကြိမ်, ဤသို့သိရီမန္တပြဿနာတွင် အချီးအမြှောက် တစ်ကြိမ်အားဖြင့် သတို့သားငယ်လက်ထက်ကပင်လျှင် ၆ ကြိမ် ၆ ခါ များစွာသော မင်း၏အချီးအမြှောက်ကို ခံရသည်ဖြစ်၍ ဘုန်းကျက်သရေ, စည်းစိမ်ဥစ္စာ, အခြံအရံ တိုးတက်ပြန့်ပွား များမြတ်သည် ဖြစ်၏။]

## ၂၉။ အမရာဒေဝီ ပရိယေသနခန်း[၁၁၁]

ထို မဟောသဓသုခမိန်အိမ်၌ အိမ်ထောင်မှုပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းမည့်သူ အိမ်ရှင်မရှိသေးသည်ဖြစ်၍ ဥဒုမ္ဗရဒေဝီ မိဖုရားသည်သာလျှင် ကြည့်ရှုဝေဖန် စီမံခွဲခြမ်းသဖြင့် အုပ်ချုပ်စောင်မရ၏။

ဤသို့ မဟောသဓ သုခမိန်သည် များမြတ်သော စည်းစိမ်အခြံအရံဖြင့် ပျော်စံလျက် ကြီး၍၊ အသက် ၁၆ နှစ် အရွယ်ရောက်လတ်သော် ဥဒုမ္ဗရဒေဝီသည် ဤသို့ အကြံဖြစ်၏။ 'ငါ့မောင်ငယ် မဟောသဓသည်



www.burmeseclassic.com

www.burmeseclassic.com



ယခု အရွယ်ရောက်ပြီ။ ငါ့မောင်အိမ်၌ မင်းပေးစည်းစိမ်သည်လည်း များစွာဖြစ်ခဲ့၏။ စောင့်ရှောက် ထိန်းသိမ်းမည့်သူ မရှိသေး။ ယခု ငါ့မောင်အား ထိုက်တန်သောသတို့သမီးနှင့် ထိမ်းမြားရသော် ကောင်း၏'ဟု ကြံပြီးသော်၊ ဝိဒေဟရာဇ်မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားတိုင်ပင်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း "အဘယ်။ ကောင်းပြီ။ ငါတို့ တိုင်ပင်ကြံဆောင်ကြရအံ့။ ဤအကြောင်းကို သင့်မောင်အားသာ ကြားသိစေလော့"ဟုဆို၏။ ဥဒုမ္ဗရဒေဝီသည်လည်း "ကောင်းပါပြီ"ဝန်ခံ၍ မဟောသဓသုခမိန်ကို ခေါ်စေပြီးလျှင် "မောင်ငယ်။ သင်၏ ယခုစည်းစိမ်ဥစ္စာတို့ကို ထိန်းသိမ်းမည့်သူ မရှိသေး။ သင်လည်း အရွယ်သို့ ရောက်ပြီဖြစ်၍ သင့်အား ထိုက်တန်သောသတို့သမီးနှင့် ထိမ်းမြားရသော် ကောင်း၏ဟု မင်းကြီးနှင့် ငါတို့ အတိုင်အပင် အကြံအစည် ရှိကြသည်။ သင့်စိတ်ကား အသို့နည်း"ဟုမေး၏။ မိဖုရားစကားကို ကြားလျှင် မဟောသဓသုခမိန်သည် "အရှင်မိဖုရား။ အကျွန်ုပ်ကို အထိန်းအသိမ်း အလုပ်အကျွေးရှိချိန် အရွယ်ရောက်ပြီးထင်၍ ကြံဆောင်တော်မူ လိုကြလျှင် သခင်မတို့အလိုကိုပင် အကျွန်ုပ် လိုက်နာပါမည်"ဟု ဆို၏။

ဤသို့ ဝန်ခံစကားကိုကြားလျှင် ဥဒုမ္ဗရ ဒေဝီသည် "မောင်ငယ်။ ထိုသို့တပြီးကား ထိုက်တန်သော သတို့သမီးကိုရွေးချယ်၍ မည်သည့်နေ့ရက်ရောက်လျှင် ထိမ်းမြားလက်ထပ် မင်္ဂလာပြုအံ့"ဟုဆို၏။

ထိုစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ဤသို့ကြံ၏။

'မင်းကြီး။ မိဖုရားတို့သည် ငါ့ကိုအကျိုး ယုတ်အောင် မပြုရာပေ။ ကောင်းစေချင်သည့်နှလုံးနှင့် မင်းသုံးစိုးထိုက် သိုက်မြိုက်ဖွယ်ရာ လက္ခဏာကောင်းခြင်း စုံညီသည့် အမျိုးအရိုးသမီးနှင့် ထိမ်းမြားရာစိမ့်မည်။ ထိုသို့ပင်ဖြစ်သော်လည်း တစ်ယောက်ဆန္ဒနှင့် တစ်ယောက် ဆန္ဒသည် တူမျှကြခဲသည်။ ဤအမှုဟူသည်လည်း သူတစ်ပါးဆန္ဒနှင့်သာ ပြီးသည့်အမှု မဟုတ်ချေ။

အကြင်သတို့သမီးကို မင်းကြီး, မိဖုရားတို့က ထိုက်ပြီတန်ပြီဟူ၍ သဘောတူမျှကြသဖြင့် ငါ့အားထိမ်းမြားလျှင် ငါနှစ်သက်သော မိန်းမဖြစ်မူကား ၃ပါးလုံးပင် သင့်၏။ ငါမနှစ်သက်သော မိန်းမဖြစ်ချေသော် ငါ၌လည်း ဂုဏ်သရေမတောက်ပ,ထိုမိန်းမ၌လည်း အကျိုးမထင်, အရှင် ၂ပါး၌လည်း မကောင်း ရှိတော့မည်။ ထိုသို့ဖြစ်၍ ငါ့အလိုအလျောက် လှည့်ပတ်ရှာဖွေပြီးမှ မင်းကြီးအားလျှောက်ထားရသော် ကောင်း၏'ဟု ကြံပြီးလျှင်

"အရှင်မိဖုရား။ ဤ ၂ ရက်, ၃ ရက်ခန့်နေ့အတွင်းတွင် မင်းကြီးအား ဤစကားနှင့်စပ်သည်ကို တစ်ခွန်းမျှ မလျှောက်မထားပါနှင့်ဦး။ အကျွန်ုပ် အလိုအလျောက် လှည့်ပတ်ရှာဖွေ၍ နှစ်သက်ရာမိန်းမကို ရမှ အရှင်မိဖုရားအား လျှောက်ကြားပါမည်။ ၂ ရက်, ၃ ရက်ခန့် ငံ့တော်မူပါဦး"ဟုဆိုလျှင်, ဥဒုမ္ဗရဒေဝီသည် "မောင်ငယ်။ ကောင်းပြီ။ လှည့်ပတ်ရှာဖွေလိုသေးလျှင် ရှာဦးတော့"ဟုဆို၏။

မဟောသဓသုခမိန်သည် ဥဒုမ္ဗရဒေဝီမိဖုရားကို ရှိခိုးပြီးသော် နန်းတော်မှဆင်းသက်၍ မိမိအိမ်သို့ သွားပြီးလျှင် ဖွားဖက်ရွှေဖော် လုလင်ပျို ၁၀၀၀ တို့အား စကားအလုံးစုံကို ပြန်ကြားပြီးမှ "အချင်းတို့။ မင်းရေး မင်းမှု အစုစုကိစ္စကိုပင် ငါမရှိသည်ဟူ၍ မထူးရအောင် မလစ်မဟင်း လုံ့လပြုရစ်ကြ"ဟု မှာထားပြောဆိုပြီးသော် မင်းဝတ် မင်းတန်ဆာကိုချွတ်လဲ၍ မထင်မရှား ဆင်းရဲသား၏အသွင်ဖြင့် အပ်ချုပ်သမားတို့၏အဆောက်အဦ အပ်ကျည်, ချည်ခင် စသည်တို့ကိုယူလျက် တစ်ယောက်တည်းပင်လျှင် မြောက်တံခါးဖြင့်ထွက်၍ ဥတ္တရယဝမဇ္ဈဂုံးရွာသို့ သွားလေ၏။

ထိုအခါ ဥတ္တရယဝမဇ္ဈဂုံးရွာ၌ ဘိုးဘွားမိဘတို့လက်ထက် သူဌေးကြီးစည်းစိမ်မပျက်စီး၊ မိမိတို့လက်ထက်မှ စည်းစိမ်ပြုန်းတီးပျက်စီးသဖြင့် လယ်ယာလုပ်ဆောင်၍ အသက်မွေးရသော သူဌေးဟောင်းလင်မယားသည် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးဟောင်းလင်မယားအား 'အမရာ'အမည်ရှိသော သမီးတစ်ယောက် တည်းသာ ရှိ၏။ ထိုသူဌေးသမီးသည် မကြုံမဆူ, မဖြူမညို, ကိုယ်သဏ္ဌာန်မနိမ့်မမြင့် တင့်တယ်စွာ ကလျာ ၅ ပါးနှင့် ပြည့်စုံခြင်းဖြင့် အလွန်အဆင်းလှသည်ဖြစ်၍ နှစ်သက်ကြည်လင် ရှုချင်ဖွယ်လည်း ရှိ၏။ ခပ်သိမ်းသောမိန်းမတို့၏ လက္ခဏာကောင်းဟူသမျှတို့နှင့်လည်း ပြည့်စုံ၏။ သံသရာဘဝဟောင်းက သူတော်ကောင်းနှင့် ပေါင်းဖူးဖော်ဖူးသော အထူးကုသိုလ်ကံဖွံ့သန်သည်နှင့်လျော်စွာ ဘုန်းပညာနှင့်လည်း ပြည့်စုံ၏။ ထို အမရာသူဌေးသမီးသည် အဖလယ်လုပ်ရာသို့ ဆင်းရဲသောအလျောက် နံနက်စာ ယာဂုကို ချက်၍ နေ့တိုင်းမပြတ် ပို့ရ၏။

ထိုဥတ္တရယဝမဇ္ဈဂုံးရွာသို့ မဟောသဓသုခမိန် ထွက်သွားသောအခါ၌ အမရာသူဌေးသမီးသည်လည်း အဖရှိရာလယ်တောသို့ နံနက်စာ ယာဂုချက်၍ ပို့အံ့သောငှာ ယာဂုအိုးကိုရွက်လျက် ရွာမှထွက်၍ မဟောသဓလာသောလမ်းကိုပင်လျှောက် သွားလေ၏။

ထိုအခါ မဟောသဓသုခမိန်သည် ယာဂုအိုးကိုရွက်လျက် ခရီးရင်ဆိုင်လာသော အမရာသူဌေးသမီးကို မနီးမဝေးက ရှေးရှုမြင်လေသော် အဆက်ဆက်သောသံသရာက မေတ္တာချင်းလဲလှယ်ပေးယူ အတူတကွ ပြုဖူးကြသော ၂ ဦးလုံးကုသိုလ်ကံ ဆော်ဖန်စေ့စပ်သဖြင့် လည်းကောင်း၊ ကောင်း,မကောင်းကိုမြင်လျှင် လျော်စွာ သိတတ်သော ပညာတော်အစွမ်းဖြင့် လည်းကောင်း ကောင်းမြတ်သော အဝတ်တန်ဆာကို မဆင်မဝတ်ရ၊ ဆင်းရဲမ၏အမူ လယ်တောသူ၏အသွင်အပြင်ကိုပင် မြင်သော်လည်း တော်ဖြောင့်သောနှလုံးဖြင့် ဘုန်းရှိမိန်းမ ဖြစ်သည်ဟုသိ၍ ဤသို့ကြံ၏။

'ဤ ငါသို့ရှေးရှုလာသောမိန်းမသည် ခပ်သိမ်းသောမိန်းမကောင်းတို့၏ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ ဘုန်းရှိသော မိန်းမတည်း။ ဤမိန်းမ၌ အကယ်၍ မိတ်လင်ခင်ပွန်း မရှိသေးမူ ငါ၏အလုပ်အကျွေး ဖြစ်ထိုက်လှ၏'ဟုကြံ၏။

အမရာသူဌေးသမီးသည်လည်း ခရီးရင်ဆိုင်လာသော မဟောသဓသုခမိန်ကိုမြင်လျှင် သံသရာဘဝဟောင်းက ပေါင်းဖူးသောမေတ္တာအဟုန်သည် အကြံသင့်လှနိုး၍ အကျိုးဆောင်မည့်သူ, မဆောင်မည့်သူကို အမူအရာမြင်ကာမျှနှင့် တွေးဆဆင်ခြင်နိုင်သော ပညာအစွမ်းရှိသည်ဖြစ်၍ လည်းကောင်း၊ နွမ်းနယ်သော အဝတ်အစား မထင်မရှားနှင့် ဆင်းရဲသား၏အသွင်အပြင်ကိုပင်သော်လည်း ကျော်စောထင်ရှားလောက်သော ဂုဏ်ပညာဘုန်းကျက်သရေရှိ ယောကျ်ားမြတ်ဖြစ်သည်ဟုသိ၍ ဤသို့ကြံ၏။

'ငါသည် ဤလုလင်ပျို၏အိမ်သူဖြစ်ရလျှင် ခဏမကြာ ဥစ္စာစီးပွား များမြတ်တိုးတက် နိုင်ဖြိုးစေလျက် သူကြွယ်ကြီးခံရအောင်သော်လည်း တတ်နိုင်ရာ၏'ဟု ကြံ၏။

ထိုအခါ မဟောသဓသုခမိန်သည် 'ဤမိန်းမ၌ မိတ်လင်ခင်ပွန်း ရှိ,မရှိကို ငါ မသိရသေး။ နှုတ်ဖြင့်အနီးသို့ ချဉ်း၍မမေးဘဲ အဝေးကပင် လက်ဆုပ်ဖြင့် ပြပေအံ့။ တွေးယူတတ်သော ပညာရှိမူ သိလတ္တံ့။ ပညာမရှိ၍ မသိလျှင် စွန့်ပစ်၍ သွားအံ့'ဟုကြံပြီးလျှင် အဝေးကရပ်လျက် လက်ဆုပ်ကိုပြ၏။

အမရာသူဌေးသမီးသည်လည်း 'ငါ့အား လင်ရှိ, မရှိကို ဤယောကျ်ား မေးသည်ဖြစ်မည်'ဟု တွေးယူမိသဖြင့် လက်ဝါး ဖြန့်ကာပြ၏။

မဟောသဓသုခမိန်သည် 'ဤမိန်းမ လင်မရှိသေး'ဟု သိ၍ အမရာသူဌေးသမီးအနီးသို့ ချဉ်းပြီးလျှင် "အဘယ်။ သင်၏အမည် အသူဆိုသနည်း"ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



အမရာသူဌေးသမီးလည်း "သခင်။ အကျွန်ုပ်အမည်ကား ဖြစ်ဆဲ, ဖြစ်လတ္တံ့, ဖြစ်ပြီး ကာလ ၃ ပါး တို့၌ မရှိသောအမည် ဆိုပါသည်"ဟု ပြောဆိုလျှင်၊ မဟောသဓသုခမိန်သည် "အဘယ်။ လောက၌ 'အမရာ'ဟူသော အမည်သည်ကား မရှိသောအမည် ဖြစ်တော့သည်။ ထို့ကြောင့် သင်၏အမည်ကို 'အမရာ'ဆိုသလော"ဟုမေး၏။

[ဤစကား၌ 'အမရာ'ဟူသည်ကား 'မသေ' ဆိုလို၏။ သူဌေးသမီးစကား၌ မရှိသောအမည်ကို ရှာကြံသော် လောက၌ မသေသူမည်သည် မရှိတော့သည်'ဟု တွေးယူမိသဖြင့် 'အမရာ ဆိုသလော'ဟု သူဌေးသမီးအမည်ကို ဖော်ထုတ်တော်မူသည်။]

"အမရာသူဌေးသမီးလည်း သခင်ဆိုတိုင်း အမည်မှန်ပေ၏"ဟု ဝန်ခံပြီးသော်၊ မဟောသဓသုခမိန်သည် "အဘယ်။ သင်ကား ဤယာဂုကို မည်သူ့ထံသို့ ပို့ဆောင်လိမ့်မည်နည်း"ဟု မေး၏။ အမရာလည်း "အရှင်။ အိမ်ရှေ့နတ်သို့ ပို့ဆောင်ပါမည်"ဟုဆိုလျှင်၊ မဟောသဓသုခမိန်သည် "အဘယ်။ 'အိမ်ရှေ့နတ်'ဟူသည်ကား သင်၏အဖတည်း။ အဖထံသို့ ပို့မည်လော"ဟု မေး၏။ အမရာလည်း 'မှန်ပေ၏' ဝန်ခံလျှင်၊ တစ်ဖန် မဟောသဓသုခမိန်သည် "အဘယ်။ သင်၏အဖကား အဘယ်အမှုကို ယခုလုပ်ဆောင်လေသနည်း"ဟု မေး၏။ အမရာလည်း "အရှင်။ တစ်ယောက်တည်းဖြင့် ၂ ကွဲသောအမှုကို ယခုပြုဆောင်ပါသည်"ဟု ဆိုလတ်သော် ဘုရားလောင်းသည် တစ်ယောက်တည်းဖြင့် ၂ ကွဲသောအမှုကို ပြု၏'ဟူသော်ကား လယ်ထွန်ခြင်းသည် ထွန်သွားဖြင့် လယ်မြေကို ၂ ကွဲ ကွဲစေသောကြောင့် လယ်ထွန်သည်ဖြစ်မည်'ဟုသိ၍၊ "အဘယ်။ သင်၏အဖသည် ယခု လယ်ထွန်ခြင်းအမှုကို ပြုသလော"ဟု မေး၏။ အမရာလည်း "မှန်ပေ၏"ဟု ဝန်ခံပြန်လျှင်၊ တစ်ဖန် ဘုရားလောင်းသည် "အဘယ်။ သင်၏အဖ ယခု အဘယ်အရပ်၌ လယ်လုပ်သနည်း"ဟု မေး၏။

အမရာလည်း "အရှင်။ အကျွန်ုပ်အဖသည် ထိုအရပ်သို့ တစ်ကြိမ်ရောက်သော သူတို့ တစ်ခါက်တစ်ဖန် မပြန်လာကြရသောအရပ်၌ လယ်လုပ်၏"ဟု ဆိုလတ်သော် ဘုရားလောင်းလည်း 'တစ်ကြိမ်ရောက်လျှင် တစ်ခါက် မပြန်လာဟူသည်ကား 'သင်္ချိုင်းတည်း'ဟုသိ၍၊ "သင့်အဖ သင်္ချိုင်းကုန်း၌ လယ်လုပ်သလော"ဟု မေး၏။ အမရာလည်း "မှန်ပေ၏"ဟုဝန်ခံပြီးလျှင် တစ်ဖန် ဘုရားလောင်းသည် "အဘယ်။ ယနေ့အိမ်သို့ သင် ပြန်လာမည်လော"ဟု မေး၏။ အမရာလည်း "အရှင်။ လာလျှင် အကျွန်ုပ် မလာရ။ မလာလျှင် အကျွန်ုပ် လာရပါအံ့"ဟု ဆိုလတ်သော် ဘုရားလောင်းသည် 'မိုးရွာသောအခါ ရေကျသော် ချောင်းဆီး၍ ရှိသည်ဖြစ်မည်။ ထိုချောင်းရေလာလျှင် မိမိ မလာရ ချောင်းရေမလာလျှင် မိမိ လာအံ့သည်ကို ရည်၍ဆိုသည်'ဟု သိပြီး၍၊ "အဘယ်။ သင်၏အဖသည် ချောင်းတစ်ဘက်၌ လယ်လုပ်သလော"ဟု မေး၏။ အမရာလည်း "မှန်ပေ၏"ဟု ဝန်ခံ၏။

ဤသို့ ၂ ဦးစလုံး ရပ်လျက် မေးမြန်းပြောဆိုကြပြီးလျှင် အမရာသူဌေးသမီးသည် "အရှင်။ အကျွန်ုပ်တွင် ပါသော ဤယာဂုကို အရှင့်အားဆက်လျှင် သုံးဆောင်တော်မူပါမည် မသိ"ဟုဆို၏။ ဘုရားလောင်းမဟောသဓ သုခမိန်သည်လည်း 'ချစ်၍ပေးသည်ကို ပယ်ခြင်းသည် မင်္ဂလာမရှိ' ဟုကြံ၍ "အဘယ်။ ယုတ်မြတ်, ဆိုးကောင်း ဟူသည် စားဖွယ်ဝတ်ဖွယ်တို့၌ ပမာဏ မဟုတ်။ ယုတ်ညံ့သော အစား,အဝတ် ဖြစ်စေကာမူ ချစ်ကြင်နာသူပေးက လေးမြတ်ထိုက်လှပေသည်ဖြစ်လျက်၊ အသက်ကိုနှင်းရမည့်သူ သင်သို့စင်လျှင် ကြင်နာမြတ်လေး၍ ပေးကျွေးပေသည်ကို အဘယ့်ကြောင့် မသုံးဆောင်ချင်ဘဲရှိအံ့နည်း"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အမရာသည် "ကောင်းပါပြီ သခင်"ဟုဆို၍ ဦးခေါင်းပေါ်မှ ယာဂုအိုးကို မြေ၌ချ၏။ မဟောသဓသုခမိန်သည်လည်း ဤသို့ကြံ၏။ 'ဤမိန်းမသည် ငါ့အား လက်ဆေးရေမပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ယာဂုထည့်သည့် ခွက်ကိုလည်း မဆေးမကြောဘဲ မသန့်မရှင်း ပေးကြရာတဲ့အံ့။ ဤမိန်းမကို ဤအရပ်၌ ထားခဲ့၍ စွန့်သွားအံ့”ဟုကြံ၏။

အမရာလည်း ယာဂုထည့်အံ့သောခွက်ဖြင့် ရေကိုဆောင်ယူပြီးလျှင် “အရှင် လက်ဆေးတော်ရေ”ဟုပေး၏။ မဟောသဓသုခမိန် လက်ဆေးပြီးမှ ထိုခွက်ကိုယူ၍ ယာဂုအိုး၌ ခွက်စောင်းမခပ်ဘဲ ခွက်ကို မြေ၌တည်ထားပြီးလျှင် ယာဂုအိုးကို မွှေလှုပ်၍ ခွက်ပြည့်အခန့်တန်အောင် လောင်းထည့်၏။ ယာဂုသည်ကား ရေများ၍ ဆန်နည်းသဖြင့် သွက်၏။ ဤသို့ ယာဂုခွက်၌ ထည့်ပြီးသော် “အရှင်။ သုံးဆောင်တော်မူပါလော့”ဟု ပေး၏။

ထိုအခါ ဘုရားလောင်းသည် ယာဂု၌ ထမင်းလုံးနည်းသည်ကိုမြင်လျှင် “အဘယ်။ သင်၏ယာဂုကား အလွန်ပျစ်၏။ အဘယ့်ကြောင့်နည်း”ဟု မေး၏။ အမရာလည်း “အရှင်။ ရေရှားသောကြောင့် ယာဂု ပျစ်ပါသည်”ဟု ဆိုလတ်သော်၊ မဟောသဓသုခမိန်သည် “အဘယ်။ ထိုသို့တပြီးကား သင့်ဖေလုပ်သည့် လယ်ကွက်များ၌ ရေရှား၍ စပါးမအောင်သည် ထင်၏”ဟု ဆို၏။ အမရာလည်း “အရှင်။ ရေရှားသည် မှန်၏”ဟုဆို၍၊ အဖဖို့ တန်လောက်ရုံမျှ ဦးကိုချန်ထားပြီးလျှင် ဘုရားလောင်းအား ကောင်းမြတ်ရှိသေစွာ ကျွေးမွေးပေ၏။

ဘုရားလောင်းသည် အတန်ငယ် ယာဂုကိုသောက်၍ပြီးသော် အမရာသည်လည်း ထိုခွက်ကို စင်စွာ ဆေးကြော၍ ဆောင်ခဲ့ပြီးလျှင် “အရှင်။ လုတ်ဆေးတော်ရေ”ဟု ပေး၏။ ဘုရားလောင်းသည် လုတ်ဆေးပြီးသော် “အဘယ်။ သင်၏အိမ်သို့ ငါ သွားနှင့်လိုပါ၍ ငါ့အား ခရီးလမ်း ညွှန်ကြားလိုက်ပါ”ဟု ဆို၏။

အမရာလည်း ‘ကောင်းပြီ။ ညွှန်ကြားလိုက်အံ့’ဟု ဆို၍-

‘ယေန သတ္တု ဗိလင်္ကာစ၊ ဒွိဂုဏပလာသောစ ပုပ္ဖိတော။

ယောန ဒဒါမိ တေန နဒဒါမိ၊ ယေန နဒဒါမိ တေန ဒဒါမိ။

ဧသမဂ္ဂေါ ယဝမဇ္ဈကဿ၊ ဧတံ ဆန္နပထံ ဝိဇာနာဟိ။ ။’ဟူ၍ ဇာနိပါတ်၌ လာသောဂါထာဖြင့် ညွှန်ပြလိုက်၏။

သာမိ၊ အရှင်။ ယေနမဂ္ဂေန၊ အကြင်ခရီးဖြင့်။ သတ္တု၊ မုန့်လုံးဈေးသည်လည်းကောင်း။ ဗိလင်္ကာစ၊ ပုန်းရည်ဈေးသည်လည်းကောင်း။ ပုပ္ဖိတော၊ပွင့်သော။ ဒွိဂုဏပလာသောစ၊ အရွက် ၂ ဆင့်ရှိသော ကသစ်ပင်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ယေန၊ အကြင်လက်ဖြင့်။ ဒဒါမိ၊ ပေး၏။ တေန၊ ထိုပေးသောလက်ဖြင့်။ နဒဒါမိ၊ မပေး။ တေန၊ ထိုမပေးသောလက်ဖြင့်။ ဒဒါမိ၊ ပေး၏။ ဧသသောမဂ္ဂေါ၊ ဤခရီးသည်။ ယဝမဇ္ဈကဿ၊ ယဝမဇ္ဈဂုံးရွာ၏။ မဂ္ဂေါ၊ ခရီးတည်း။ ဧတံဆန္နပထံ၊ ဤလျှို့ဝှက်သောခရီးကို။ ဝိဇာနာဟိ၊ သိတော်မူလော့။ အဓိပ္ပာယ်ကား-

“အရှင်။ ဤလမ်းဖြင့် ကြွတော်မူလျှင် အကျွန်ုပ်တို့ ရွာသို့ ရောက်ပါလိမ့်မည်။ ရွာတွင်းသို့ ဝင်မိလျှင် ရှေးဦးစွာ မုန့်လုံးဈေးကို တွေ့လတ္တံ့။ ထိုမုန့်လုံးဈေးမှ အစဉ်အတိုင်းသွားပြန်လျှင် ပုန်းရည်ဈေးကို တွေ့မြင်တော်မူလတ္တံ့။ ထိုပုန်းရည်ဈေးမှသွားပြန်လျှင် ပင်လုံးကျွတ်ပွင့်လျက် အရွက် ၂ ဆင့် ကသစ်ပင်ကို တွေ့တော်မူလတ္တံ့။ ထိုအရွက် ၂ ဆင့် ကသစ်ပင်သို့ရောက်လျှင် အကြင်လက်ဖြင့် အကျွန်ုပ်ပေး၏။ ထို ပေးသောလက်ဖြင့် မယူမူ၍၊ ထို အကြင်လက်ဖြင့် အကျွန်ုပ်မပေး။ ထို မပေးသောလက်ဖြင့်သာ ယူတော်မူပါ။ ဤသို့ ဆိုအပ်ပြီးသောခရီးသည် ထို ယဝမဇ္ဈဂုံးရွာ၌ အကျွန်ုပ်တို့အိမ်သို့ သွားသောလမ်းတည်း။ ဤသို့လျှို့ဝှက်၍



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်ညွှန်ကြားလိုက်သောလမ်းကို အရှင် သိတော်မူပါလျှင် အကျွန်ုပ်၏အိမ်သို့ မချွတ်လျှင် ရောက်တော်မူလတ္တံ့"ဟု သူဌေးသမီးအမရာသည် ခရီးကိုညွှန်ကြားပြီးသော် ယာဂုအိုးကိုရွက်၍ အဖထံ လယ်တောသို့ သွားလေ၏။

မဟောသဓသုခမိန်လည်း အမရာသူဌေးသမီး ညွှန်ကြားလိုက်သောလမ်းဖြင့်သွားလေသော် ယဝမဇ္ဈဂုံးရွာသို့ ရောက်လေ၏။ ရွာတွင်းသို့ဝင်မိလျှင် ရှေးဦးစွာ မုန့်လုံးရောင်းသောဈေးကို တွေ့လေ၏။ ထိုမှသွားပြန်လျှင် ပင်လုံးကျွတ်ပွင့်သော ပင်လယ်ကသစ်ပင်ကို တွေ့လေ၏။ ထို ကသစ်ပင်သို့ရောက်လျှင် အိမ်ကြားသို့ဝင်သော လမ်းလည်းရှိသောကြောင့် သစ်ပင်ရင်း၌ရပ်လျက်, ဤသို့ကြံ၏။ 'အမရာသည် ငါ့ကို 'အကြင်လက်ဖြင့် အကျွန်ုပ် ပေး၏။ ထို ပေးသောလက်ဖြင့် မယူလင့်'ဟု မှာလိုက်သည့်စကားမှာ မုန့်လုံးဈေးမှ ဤကသစ်ပင်ရင်း တိုင်အောင်သောလမ်းသည် မိမိပေးသောလက် ဖြစ်တော့သည်။ ထိုလမ်းဖြင့် ကသစ်ပင်သို့ရောက်လျှင် မသွားနှင့် ဆိုလိုချေသည်။ 'အကြင်လက်ဖြင့် အကျွန်ုပ်, မပေး။ ထို မပေးသောလက်ဖြင့် ယူတော်မူပါ"ဟု မှာလိုက်သည့်စကားမှာ ဤအိမ်ကြားသို့ဝင်သောလမ်းသည် မိမိ မပေးလိုက်သောလမ်းကြောင်း ဖြစ်တော့သည်။ 'ကသစ်ပင်သို့ရောက်လျှင် အိမ်ကြားသို့ဝင်သောလမ်းဖြင့် လိုက်ပါလေ'ဆိုလိုချေသည်'ဟု ကြံပြီးသော်၊ ကသစ်ပင်လမ်းကို လက်ဝဲထား၍ ထိုကသစ်ပင်မှ လက်ယာဘက်လမ်းဖြင့်လိုက်လျှင် ဆိုက်ဆိုက်လျှင်စွာ အမရာသူဌေးသမီးမိဘအိမ်သို့ ဘုရားလောင်း ရောက်လေ၏။

အမရာ၏အမိဖြစ်သော သူဌေးဆင်းရဲမသည် အိမ်သို့တက်လာသော မဟောသဓသုခမိန်ကိုမြင်လျှင် 'မကျွမ်းမကျင် မမြင်စဖူး ထူးထူးခြားခြား နုထွားသောကိုယ်နှင့် လုလင်ပျို ရောက်လာသည်။ အရပ်ဝေးသားဖြစ်ဟန်တကား'ဟု အောက်မေ့၍ နေရာပေးခြင်းစသော ဧည့်သည်တို့ဝတ်ကိုပြုပြီးသော် "အမျိုးသား။ ထမင်းနံနက်စာ စားခဲ့ရပြီလော။ အမယ်တို့မှာ ဆင်းရဲသည်ဖြစ်၍ ယာဂုကိုသာ အမြတ်အလေး ပြုပါ၏။ ယာဂုကိုပေးလျှင် လုလင်ပျိုအမျိုးသား သုံးဆောင်ပါမည်လော"ဟု မေး၏။

သူဌေးမစကားကိုကြားလျှင် မဟောသဓသုခမိန်သည် "မိခင်။ ကျွန်ုပ်နှမငယ် အမရာကို လမ်းတွင် တွေ့ကြုံမိပေသောကြောင့် ကျွန်ုပ် ယာဂုကို သောက်ခဲ့ရပေပြီ။ မပေးပါလင့်။ ရှိပါစေတော့"ဟုဆို၏။ ထိုစကားကိုကြားလျှင် သူဌေးမသည် 'ဤလုလင်ပျိုကား တစ်ပါးသောအကြောင်းကြောင့် ယခု ငါ့အိမ်သို့ ရောက်လာသည် မဟုတ်။ ငါ့သမီးအမရာကို လိုသောကြောင့် ရောက်လာချေသည်'ဟု သိလေ၏။

မဟောသဓသုခမိန်လည်း ထိုသူဌေးမတို့၏ ဆင်းရဲသောအဖြစ်ကို သိလျက်လည်း "မိခင်။ အကျွန်ုပ်ကား အပ်ချုပ်သမားတည်း။ မိခင်တို့တွင် တစ်စုံတစ်ခု ချုပ်စရာအဝတ်ပုဆိုး ရှိပါသလော"ဟု မေးလျှင် သူဌေးမက "ချစ်သား။ ချုပ်စရာအဝတ်ပုဆိုး ရှိပါ၏။ အချုပ်လက်ခ ပေးစရာ မရှိပါ"ဟုဆိုလျှင် မဟောသဓသုခမိန်လည်း "မိခင်။ အကျွန်ုပ်ကား အမယ်တို့ကို အမိအရင်းကဲ့သို့ မှတ်ပါသည်။ အဘယ့်ကြောင့် လက်ခယူပါအံ့နည်း။ ချုပ်စရာရှိမူ ထုတ်ဆောင်ခဲ့ပါ။ မေတ္တာနှင့်သက်သက် ချုပ်၍ပေးပါမည်"ဟုဆို၏။

သူဌေးမလည်း ဟောင်းနွမ်းစုတ်ပြတ်သည့် အဝတ်ပုဆိုးတို့ကို ထုတ်၍ပေးလျှင် ဘုရားလောင်းလည်း ယူခဲ့တိုင်းယူခဲ့တိုင်းသော အဝတ်ပုဆိုးတို့ကို ချုပ်၍ပေး၏။ သူဌေးမအိမ်၌ ပုဆိုးအဝတ် ချုပ်ထိုက်သမျှအကုန် ချုပ်ပြီးလျှင် မဟောသဓသုခမိန်သည် "မိခင်။ ဤရွာတွင် မိခင်တို့နှင့် အဆွေခင်ပွန်း မိတ်ကျွမ်းဝင်သသူတို့အားလည်း အကျွန်ုပ်အကြောင်းကို ကြားလော့"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမလည်း မဟောသဓသုခမိန်ဆိုတိုင်း အိမ်ဈေးခရီးလမ်းသို့လှည့်လှည့်၍ မိတ်ကျွမ်းဝင်သော သူတို့အား "ကျွန်ုပ်အိမ်၌ အပ်ချုပ်သမားတစ်ယောက် ရောက်လာသည်။ ချုပ်လိုလျှင် အဝတ်ပုဆိုးချုပ်ရန်များနှင့် လာရောက်ကြပါ"ဟု ပြောဆိုရာ ထိုရွာ၌နေသော သူအပေါင်းတို့သည်လည်း အဆင့်ဆင့်ကြားကြသဖြင့် များစွာ သူဌေးမအိမ်သို့ လာကြကုန်၏။ ဘုရားလောင်းလည်း ရောက်တိုင်းရောက်တိုင်းသော အဝတ်ပုဆိုးတို့ကို ချုပ်၍ ထိုနေ့တစ်ရက်တည်း ဖြင့်လျှင် အထောင်မျှလောက်သော အဝတ်ပုဆိုးတို့ကို ပြီးစေ၏။

[ဤသို့ပြီးစေခြင်းသည် 'ပုညဝတော ကြိယာနာမ သမိဇ္ဈတိယေဝ'ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဘုန်းကံရှိသောသူတို့ ပြုသောအမှုဟူသည် မပြီးသောမည်သည် မရှိ။ ပြီးသည်သာလျှင်တည်း။]

သူဌေးမသည်လည်း မဟောသဓသုခမိန်အား "နံနက်စာထမင်းချက်၍ ကျွေးမွေးပြီးလျှင် ညစာထမင်း အဘယ်မျှလောက် ချက်ရမည်နည်း"ဟုမေး၏။ မဟောသဓသုခမိန်သည် "မိခင်။ သုံ့များထက်ထူး၍ ကျွန်ုပ်စား နိုင်တော့မည် မဟုတ်။ ဤအိမ်တွင် စားကြသောသူတို့နည်းတူပင် ချက်ပါလော့"ဟုဆို၏။ သူဌေးမသည်လည်း 'ဤသို့သော ဘုန်းပညာရှင်ဖြစ်လျက် သမက်ခံလို၍ ရောက်လာပေသည်' စိတ်စွဲနှင့် ဆင်းရဲသော်လည်း တော်ကြောင်းတင့်တယ်ကြောင်း ကောင်းမြတ်သောငါးအမဲ စားဖွယ်ဟင်းလျာနှင့် များစွာသောထမင်းကို ချက်၏။

အမရာသည်လည်း ညချမ်းသောအခါ လယ်တောမှ ထင်းစည်းကို ဦးခေါင်း၌ရွက်လျက် ဟင်းရွက်ကို တံဘက်မြိတ်ဖြင့် ပိုက်၍ အိမ်သို့ပြန်လာလတ်သဖြင့်ရောက်လျှင် အိမ်မျက်နှာစာတံခါးဝ၌ ထင်းစည်းကိုချထား ပြီးသော် အိမ်အနောက်တံခါးပေါက်ဖြင့် တက်ဝင်လေ၏။ အဖသူဌေးလည်း ညချမ်းသောအခါ လယ်တောမှ အိမ်သို့ လာလတ်၏။ အမရာသူဌေးသမီးလည်း မဟောသဓသုခမိန်အား ကောင်းမြတ်သော သောဇဉ်ခဲဖွယ်တို့ဖြင့် ညစာထမင်းကျွေးမွေး၍ ပြီးလျှင် အမိအဖတို့အား နေ့တိုင်းဝတ်ဖြင့် ကျွေးမွေး၍ နောက်မှ မိမိစား၏။ ထိုသို့ ညစာထမင်းစားကြပြီးသော် အမရာသည် အမိအဖတို့အား နေ့တိုင်းဝတ်ဖြင့် ခြေဆေးခြင်း, ဆုပ်နယ်ခြင်း စသောဝတ်ကိုပြုပြီးမှ မဟောသဓသုခမိန်၏ခြေ၌ ဆေးခြင်း, ဆုပ်နယ်ခြင်းကို ပြု၏။

မဟောသဓသုခမိန်သည် အမရာသူဌေးသမီး၏ အမူအရာအကျင့်အလေ့ကို ရှုကြည့်ဆင်ခြင်လိုသဖြင့် ထိုအိမ်၌ ၂ ရက်,၃ ရက်ပတ်လုံး နေ၏။

တစ်နေ့သ၌ မဟောသဓသုခမိန်သည် အမရာကို ပညာစမ်းလို၍ "အဘယ် အမရာ။ ကျွန်ုပ် ဆန်တစ်ခွက်ကို နက်ဖြန်နံနက်စောစော မုန့်ကြွပ်, ယာဂု, ထမင်း၊ ဤ ၃ မျိုးကိုရအောင် ချက်၍ပေးပါ"ဟုဆို၏။ အမရာလည်း "သခင်။ ကောင်းပါပြီ။ ချက်ပါမည်"ဆို၍ ထိုတစ်ခွက်သောဆန်ကို ဆုံ၌ဖြူစင်စွာ ဖွပ်သဖြင့် ဆန်ရင်းကို ထမင်းချက်၏။ ဆန်လတ်ကို ယာဂုကျို၏။ ဆန်ကွဲကိုကား အမှုန့်ဖြစ်အောင် ဆုံ၌ထောင်း၍ မုန့်ကြွပ်လုပ်၏။ ထို ထမင်း,ယာဂု,မုန့်ကြွပ်တို့နှင့်လျော်သော စမဲဟင်းလျာကိုလည်း ပြီးစေပြီးသော် နံနက်စောစော၌ စမဲနှင့်တကွ ယာဂုကို ကောင်းစွာပြင်ဆင်၍ မဟောသဓအား ပေး၏။

မဟောသဓသုခမိန်သည် ထိုယာဂုကို ခံတွင်းလျှာပေါ်၌ ချခါမျှလျှင် ယာဂု၏ကောင်းမြတ်သော သြဇာ[၃၂]သည် ၇၀၀၀ ကုန်သော လျှာအကြောတို့ကို ဆောင်၍တည်၏။ ထိုယာဂုသည် လျှာကြောစိမ့်မျှ ကောင်းသော်လည်း မဟောသဓသုခမိန်သည် အမရာအား စုံစမ်းလိုသောကြောင့် "အဘယ်။ သင်သည် ယာဂုမျှ မချက်တတ်ဘဲလျက် ငါ့ဆန်ကို အဘယ်ကြောင့် ဖျက်စီးဘိသနည်း"ဟု ဆို၍ မစင်ကဲ့သို့ ရွံရှာဟန်ပြုလျက် ခံတွင်းသို့ရောက်သောယာဂုကို တံတွေး,လျှာရည်နှင့်တကွ မြေပေါ်သို့ ထွေးပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အမရာသည် ထိုသို့သောအခြင်းအရာကို မြင်သော်လည်း နှလုံးမသာရုံမျှမရှိမူ၍ "အရှင်။ ယာဂုမကောင်းလျှင် မုန့်ကြွပ်ကို သုံးဆောင်တော်မူပါဦး"ဟု မဟောသဓအား မုန့်ကြွပ်ကိုပေးပြန်၏။ ထိုမုန့်ကြွပ်ကို မဟောသဓသည် လျှာပေါ်တွင်တင်ရုံမျှလျှင် အကြော ၇၀၀၀ ဆောင်၍ နှစ်သိမ့်ခြင်းရှိသော်လည်း၊ ဟာဂုမှာကဲ့သို့ပင်ဆိုလျက် ထွေးပစ်လိုက်ပြန်၏။

အမရာသည် "အရှင်။ မုန့်ကြွပ်မကောင်းလျှင် ဤထမင်းကိုသုံးတော်မူပါ"ဟု အမဲဟင်းလျာနှင့်တကွ ကောင်းစွာပြင်ဆင်၍ ထမင်းကိုပေး၏။ မဟောသဓသူခမိန်လည်း ရှေးအတူပင်လျှင် ထွေးပစ်လိုက်ပြီးသော် "သင်သည် ထမင်းမျှမချက်တတ်ဘဲလျက် ငါ့ဆန်ကို ဖျက်ရမည်လော"ဟု စိတ်ဆိုးယောင်ဆောင်လျက်၊ ထို ဟာဂု,မုန့်ကြွပ်, ထမင်း ၃ မျိုး တစ်ပေါင်းတည်းနယ်ပြီးလျှင် အမရာ၏ဦးခေါင်းမှစ၍ ကိုယ်အလုံးကို သွန်းလောင်းလိမ်းကျံပြီးလျှင် "သင် ယခုသွား။ တံခါးဝမှာ နေချေ"ဟု မပိုင်မိခင်ကပင် နိုင်သံနှင့် ဆို၏။

အမရာလည်း ဘုရားလောင်းအား စိုးစဉ်းမျှ စိတ်မသာခြင်း မရှိမူ၍ "အရှင်။ ကောင်းပါပြီ။ နေစေချင်လျှင် နေပါမည်"ဆိုလျက် တံခါးဝ၌ သွား၍နေ၏။ မဟောသဓသူခမိန်သည် 'ဤမိန်းမကား အမျက်စောင်မာန် မရှိ။ မိန်းမကောင်း, မိန်းမမြတ်ပေတည်း'ဟု သိပြီးလျှင်၊ "အဘယ်။ လာလှည့်"ဟုခေါ်၏။ အမရာလည်း အမျက်ဒေါသ မာန်မရှိခြင်းကြောင့် တစ်ခွန်းတည်းဖြင့်ပင်လျှင် ရှိသေစွာလာ၍ အနီး၌နေ၏။

ဘုရားလောင်းလည်း ကွမ်းအစ်ထည့်သောအိတ်၌ အသပြာ ၁၀၀၀ နှင့် ထဘီကောင်းတစ်ထည်ကိုထည့်၍ မိမိအိမ်ကပင် ဆောင်ယူခဲ့သတည်း။ ထိုသို့ အမရာကိုခေါ်၍ အနီးသို့ရောက်သောအခါ အိတ်ထဲမှ ထဘီကောင်းကို ထုတ်ပြီးလျှင် "အဘယ်။ သင် ဤထဘီကိုယူလျက် သင့်အဖော်များနှင့် ရေဆိပ်သို့သွား၍ ရေချိုးပြီးလျှင် ဤထဘီကိုဝတ်၍ လာခဲ့"ဟုဆို၏။

အမရာသည် မဟောသဓသူခမိန်ဆိုတိုင်း ရေချိုးပြီးသော် ထဘီသစ်ကို ဝတ်၍လာ၏။ မဟောသဓ သူခမိန်သည် ဤမဇ္ဈိုးရွာ၌ အဝတ်ပုဆိုးချုပ်ခ ရသောဥစ္စာတို့ကို လည်းကောင်း၊ အိမ်ကပါလာသော အသပြာ ၁၀၀၀ ကိုလည်းကောင်း သူဌေးလင်မယားတို့အား ပေးပြီးလျှင် "ဦးရီး, အရီးတို့။ ကျွန်ုပ်သည် ရှေးရှေးသော ဘဝဟောင်းက ပေါင်းခဲ့ဖူးသောဝါသနာဖြင့် မေတ္တာ ၂ ဦးလုံး ပူးတွယ်မိကြသည်နှင့်အညီ ဤသတို့သမီးကို ဇနီးအိမ်သူအဖြစ် နှင်းလိုပါသည်။ ဤ ဥစ္စာအသပြာ ၁၀၀၀ ကျော်ကိုလည်း ထမင်းတစ်နပ်စာမျှ ကျွေးမွေးပေသော ဦးရီးတို့၏ကျေးဇူးအဖို့မျှသာ ကျွန်ုပ်ထင်ပါသည်" ဆို၍ အမရာကို တောင်းသတည်း။

အမရာ၏မိဘတို့သည်လည်း အရည်အသွေး,ယောကျာ်းတို့၏ ကြံရည်ဆောင်ရည်,မျိုးကောင်းဆွေကောင်း သား အမူအရာလက္ခဏာနှင့် ပြည့်စုံသည်ကို သိသည်ဖြစ်၍ နှစ်သက်သဖြင့် အမျိုးအမည်ကိုမျှ မမေးမဆေးပြီ။ "ချစ်သား။ သမီးတစ်ယောက်တည်းသာ ရှိသည်ဖြစ်၍ အသက်တမျှ ချစ်သည်နှင့်အညီ စည်းစိမ်ဥစ္စာရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ ကိုယ်စိတ်ချမ်းသာကြောင်း ကောင်းမြတ်စွာ သမီးကိုကြင်နာလေးမြတ် ရှိပါသူဖြစ်လျှင် နှစ်သက်ပါတော့သည်။ တူမောင်သည်လည်း အိမ်တွင် ၂ ရက်, ၃ ရက်တည်းနေသဖြင့် ၂ ဦးလုံးစိတ်ကိုပင် ဦးရီး အရီးတို့ချင့်ယူမိသည်နှင့်အညီ အမရာကို တူမောင့်အား ဆောင်နှင်းပါ၏။ သို့ရာတွင် သူ့ရွာသူ့အိမ်၌ သမီးမလိမ္မာ၍ ကျင့်ရာဆောင်ရာဝတ်မကုန်သဖြင့် တဖျင်းသုန်ရှိမည်များကိုသာ သမီးဖြစ်၍ စိုးရိမ်ပါသည်"ဟု ဆိုပြီးလျှင် မဟောသဓသူခမိန်အား သမီးအမရာကို ပေးသတည်း။

မဟောသဓသူခမိန်ကလည်း "ဦးရီးတို့။ မည်သည့်အခွင့်ကိုမျှ စိုးရိမ်တော်မမူကြလင့်"ဟု နှစ်သိမ့်စေ၏။ ဤသို့ မိဘတို့အား ခွင့်တောင်းပြီးသော် မဟောသဓသူခမိန်သည် ယောက္ခမ ၂ ယောက်ကိုပန်ကြား၍ အမရာသူဌေးသမီးကိုခေါ်လျက် မိမိနေရာမြို့ကို ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဥတ္တရယဝမဇ္ဈိဂုံးရွာမှ မြို့သို့ အမရာကို ခေါ်၍လာလတ်သောအခါ မဟောသဓသေ့ခမိန်သည် အမရာ၏ပညာကိုစမ်းလိုသဖြင့် အမရာအား "အဘယ်။ ဤဖိနပ်ကိုစီး၍၊ ဤထီးကို ဆောင်းခဲ့လော့"ဟု ထီး ဖိနပ်ကို ပေး၏။ အမရာသည်လည်း ထို ထီး, ဖိနပ်ကို လက်ဖြင့်ကိုင်ဆောင်၍ သစ်ပင်,သစ်ခက်စသည် မရှိသောလွင်ပြင်၌ နေပူသော်လည်း ထီးကို မဆောင်း, သစ်ပင်သစ်ခက်အောက်စသည်၌ သွားရသောအခါ နေမပူသော်လည်း ထီးကိုဖွင့်လှစ်၍ဆောင်း၏။ ရေမရှိသော မြေအပြင်၌ ဖိနပ်ကို မစီး၊ ရေရှိရာ ရောက်မှသာလျှင် ဖိနပ်ကိုစီး၍ သွား၏။

ဤသို့ သွားကြသောအခါ လယ်လုပ်ချိန်၏လယ်ပြင်သို့သွားကြရသည်ဖြစ်၍ ရွှံ့ရေဆင်းရလတ်သော် အမရာသည် ဖိနပ်ကိုစီးလျက် ရေထဲသို့ဆင်းသွား၏။ ထိုအကြောင်းကို မဟောသဓသေ့ခမိန် မြင်လျှင် "အဘယ် အမရာ။ သင်သည် ရေမရှိရာ၌ ဖိနပ်ကို မစီး၊ ယခု ရေထဲသို့ဆင်းမှ အဘယ့်ကြောင့် ဖိနပ်ကို စီးသနည်း"ဟုမေး၏။ ထိုစကားကို အမရာကြားလျှင် "အရှင်။ ရေမရှိရာ မြေအပြင်၌ကား ခလုတ်,ဆူး,ခြောင့်ကို မြင်သာသည်ဖြစ်၍ ဖိနပ်မစီးသော်လည်း မစူးမရှရာ။ ရေထဲ၌မူကား ငါး,လိပ်,ဆူး,ခြောင့်,ခလုတ်ရှိ၍ မမြင်နိုင်သဖြင့် နင်းမိခဲ့သော် ဖိနပ်မစီးလျှင် မစူးမရှပြီလော"ဟုဆို၏။ ထိုစကားကိုကြားလျှင် မဟောသဓသေ့ခမိန်သည် 'ဤသတို့သမီးကား မိန်းမတို့၏ အရွယ်ရောက်စသာဖြစ်၍ ငယ်သေးလျက် အလွန်ပညာရှိပေစွ' ဟု အောက်မေ့လျက် သွားပြန်သော် လယ်ပြင်မှလွန်၍ မြို့သို့မရောက်မီအကြား၌ တောရှိသဖြင့်၊ ထိုတောအတွင်းသို့ဝင်မိလျှင် အမရာသူဌေးသမီးသည် ထီးကိုဖွင့်လှစ်၍ ဆောင်းလျက်သွား၏။

ထိုအခြင်းအရာကိုမြင်လျှင် မဟောသဓသေ့ခမိန်သည် "အဘယ်အမရာ။သူတစ်ပါးမှာ လွင်ပြင်၌ နေပူသောအခါမှ ထီးကိုဆောင်း၏။ သင်မူကား လွင်ပြင်၌ နေပူသောအခါ ထီးကိုမဆောင်း။ ယခုသစ်ပင်ရိပ်ကို ခိုလျက် သစ်ခက်အောက်သို့သွားနေမှ အဘယ့်ကြောင့် ထီးကို ဆောင်းရသနည်း"ဟုမေး၏။ ထိုစကားကိုကြားလျှင် အမရာသည် "အရှင်။ တောရိပ်သို့သွားရခြင်းမည်သည်ကား သစ်ပင်သစ်ခက်တို့၌ သစ်ယောင်း ဝါးယောင်းစသည်တို့ များစွာရှိကုန်၏။ ထို သစ်ယောင်းဝါးယောင်း စသည်တို့သည် ထိပ်ပေါ်၌ကျမည်ကို အဘယ်သူ မြင်နိုင်အံ့နည်း။ ထို သစ်ယောင်းဝါးယောင်းစသည်တို့ ဦးခေါင်း၌ကျခဲ့သော် မစုတ်မရှပြီလော။ ဤသို့သောအပြစ်ကို မြင်၍ ကျွန်ုပ် ထီးဆောင်းလျက်သွားသည်"ဟု ဆို၏။

ထိုစကားကို မဟောသဓသေ့ခမိန်ကြားလျှင် အလွန်နှစ်သက်ခြင်းဖြစ်လျက် သွားပြန်လတ်သော် လမ်းနား၌ အသီးသီးသော ဆီးပင်တစ်ခုကိုမြင်၍ ထိုဆီးပင်သို့ ထိုင်ကြလေ၏။ ထိုအခါ အမရာသည် "အရှင်။ ဆီးပင်ပေါ်သို့ တက်၍ ဆီးသီးကိုဆွတ်ယူ သုံးဆောင်တော်မူပါလော့"ဟု ဆို၏။ မဟောသဓသေ့ခမိန်သည် "အဘယ်။ ငါခရီး မောပန်း၍ ဆီးသီးကိုပင် စားချင်ပါသော်လည်း မတတ်နိုင်။ သင်စွမ်းနိုင်သဖြင့် ငါ့အားစားစေလိုလျှင် တက်၍ပေးပါတော့လော့"ဟုဆို၏။ ထိုစကားကိုကြားလျှင် အမရာသည် ဆီးပင်သို့တက်၍ သစ်ခွကြား၌နေလျက် ဆီးသီးကိုဆွတ်ယူ၏။ မဟောသဓသေ့ခမိန်သည် "အဘယ် အမရာ။ ငါ့အား ဆီးသီးကို ချလိုက်ပါလော့"ဟုဆို၏။

ထိုစကားကို ကြားလျှင် အမရာသူဌေးသမီးလည်း 'ဤယောကျ်ားကား ပညာရှိ၏လော, မရှိ၏လောဟု ငါစမ်းအံ့'ဟု ကြံပြီးသော်၊ "အရှင်။ ဆီးသီးအေးကိုတည်း သုံးလိုသလော။ ဆီးသီးပူကိုတည်း သုံးလိုသလော"ဟု မေး၏။ မဟောသဓသေ့ခမိန်သည် စမ်းမှန်းကို မသိလေယောင်ပြု၍ "အဘယ်။ ဆီးသီးပူကို စားလို၏"ဟုဆို၏။ အမရာသည် ဆီးသီးကို ဆွတ်ယူပြီးလျှင် မြေပူရာမြူဖုတ်ထဲသို့ "အရှင်။ ကောက်ယူတော်မူပါ"ဟု ဆို၍



www.burmeseclassic.com

ချလိုက်၏။ မဟောသဓသေ့ခမိန်သည်လည်း ထို ဆီးသီးပူကိုကောက်ယူပြီးလျှင် လက်ဖြင့် မြူမှုန့်ကို သုတ်ပွတ်၍ စား၏။ တစ်ဖန် မဟောသဓသည် အမရာကို စမ်းလိုပြန်သောကြောင့် "အဘယ်။ ဆီးသီးအေးကို စားလိုသည်။ ချလိုက်ပါလော့"ဟု ဆို၏။ အမရာလည်း ဆီးသီးကိုဆွတ်ယူပြီးလျှင် မြက်ပင်ပေါ်သို့ "အရှင်။ ကောက်ယူတော်မူပါ"ဟုဆို၍၊ ချလိုက်၏။ ဘုရားလောင်းသည်လည်း ထိုဆီးသီးကိုကောက်ယူ၍ စားလျက် 'ဤသတို့သမီးသည် အလွန်ပညာရှိ၏' ဟု နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏။ မဟောသဓသေ့ခမိန်သည် "အဘယ်။ ဆီးပင်မှ ဆင်းသက်ခဲ့လော့"ဟုဆို၏။ ထိုစကားကို အမရာကြားလျှင် ဆီးပင်မှဆင်းသက်၍ ရေသောက်အိုးကို ယူပြီးသော် မြစ်သို့သွား၍ ရေခပ်ခဲ့ပြီးလျှင် "အရှင်။ သောက်တော်မူပါ"ဟု ပေး၏။ မဟောသဓသေ့ခမိန်သည်လည်း ရေကိုသောက်၍ လုတ်ကျင်းပြီးလျှင် ထိုဆီးပင်မှထ၍ အမရာနှင့်လာကြလတ်သော် မြို့သို့ရောက်လေ၏။

မြို့သို့ရောက်သောအခါ အမရာကို စုံစမ်းလိုသောကြောင့် မဟောသဓသေ့ခမိန်သည် တံခါးမှူးအိမ်၌ အမရာကို "သင်သည် ဤအိမ်၌ ခဏမျှနေရစ်ဦး"ဟုဆိုပြီးလျှင်၊ တံခါးမှူးမယားအားလည်း "အကျွန်ုပ်မယားကို မိခင်တို့အိမ်တွင် ခဏမျှနေပါစေ"ဟု အပ်ထားခဲ့ပြီးသော် မိမိအိမ်သို့သွား၍၊ လုလင်ပျို မင်းချင်းတို့ကို ခေါ်ပြီးလျှင် "ငါသည် မြောက်တံခါးမှူးအိမ်၌ မိန်းမတစ်ယောက်ကို ထားခဲ့၍လာသည်။ ထိုမိန်းမအား ဤအသပြာ ၁၀၀၀ ထုပ်နှင့်သွား၍ သင်တို့ စုံစမ်းကြချေ"ဟု စေလိုက်၏။

မင်းချင်းတို့သည်လည်း မဟောသဓဆိုတိုင်း အသပြာ ၁၀၀၀ ထုပ်ကိုယူ၍ အမရာသူဌေးသမီးအား မင်းကြီး၏သားတော်က စေလွှတ်ကြောင်းနှင့် ပြောဆိုစုံစမ်းကြ၏။

အမရာသည် အသပြာ ၁၀၀၀ ထုပ်နှင့်လာ၍ ပြောဆိုလာသောလုလင်တို့အား "မောင်ကြီးတို့။ ဤအသပြာ ၁၀၀၀ သည်ကား ကျွန်ုပ်လင်၏ ခြေဖဝါး၌ကပ်သော မြူလုံးလောက်မျှ အဖိုးမထိုက်။ နှစ်ခြိုက်ရာသွား၍ တစ်ပါးမှာသာ ရှာကြပါလေ။ အကျွန်ုပ်မှာ လွတ်လပ်သူ မဟုတ်"ဟုဆို၏။

ထိုမင်းချင်းတို့လည်း အမရာဆိုလိုက်သော အကြောင်းစကားအလုံးစုံကို မဟောသဓထံပြန်၍ ပြောကြကုန်၏။ မဟောသဓသေ့ခမိန်သည်လည်း "အချင်းတို့။ သင်တို့စကား မချောင်သောကြောင့် ရှိသည်ဖြစ်မည်။ တစ်ကြိမ်သွား၍ စကားလှည့်လည် ချောင်စွာ ဖြားယောင်းပြောဆိုချေဦး"ဟု လွှတ်ပြန်၏။ မင်းချင်းတို့လည်း ရှေးနည်းတူ အသပြာ ၁၀၀၀ ထုပ်နှင့် သွား၍ စကားလှည့်လည်ချောင်စွာ ဖြားယောင်းပြောဆိုသော်လည်း အမရာသည် ရှေးနည်းအတူပင်လျှင် ပယ်လိုက်ပြန်၏။ မင်းချင်းတို့လည်း ထိုအကြောင်းကို မဟောသဓထံသို့သွား၍ ပြန်ကြားလေ၏။ မဟောသဓသေ့ခမိန်လည်း "တစ်ကြိမ်သွား၍ စုံစမ်းချေဦး"ဟု လွှတ်လိုက်ပြန်၏။ အမရာလည်း ရှေးနည်းအတူလျှင် ပယ်ဆိုလိုက်၏။ ဤသို့ ၃ ကြိမ်တိုင်အောင်စေလွှတ်၍ စကားမရလျှင် မင်းချင်းတို့ကို "တစ်ဖန် သင်တို့သွားချေဦး။ မင်းအာဏာထား၍ ခေါ်ချေ။ မလိုက်လျှင် လက်ကိုဆွဲ၍ ခေါ်ခဲ့"ဟု စေလွှတ်လိုက်၏။

မင်းချင်းတို့သည်လည်း ဘုရားလောင်းဆိုတိုင်း တံခါးမှူးအိမ်သို့သွား၍ အမရာကို "အမိငယ်အသက် ဦးလည်ကိုပိုင်သော အရှင်သားတော်က သူကောင်းပြုတော်မူလို၍ ၃ ကြိမ်တိုင်အောင် အသပြာလက်ဆောင် အထိုက်အလျောက်နှင့် ယုံမှတ်တော်မူသည့် သူငယ်ဖော်များကို အသာအယာ စေလွှတ်တော်မူသည်ကိုလျက် တစ်ပါးတခြားဆင်းရဲသားများမှာကဲ့သို့ မလောက်မလေး ပြောဆိုငြင်းပယ်နေသောကြောင့် သခင်က အမျက်တော်ဝင်၍၊ 'အလျင်တခဆော အပါခေါ်ခဲ့' စေလွှတ်တော်မူသဖြင့် ကျွန်ုပ်တို့ ယခုလာခဲ့ကြရသည်။ သင် အသို့နည်း။



www.burmeseclassic.com

www.burmeseclassic.com



လိုက်မည်လော, မလိုက်မည်လော"ဟုမေးလျှင်၊ အမရာကလည်း "မောင်ကြီးတို့။ အရှင့်သားတော်စင်ကို မလောက်မလေးပြုဝ့်မည့် ကျွန်မ မဟုတ်ပါ။ အရှင် သူကောင်းပြုလိုသော်လည်း ဘုန်းကံနည်းသည့် ကျွန်မဖြစ်၍ ကံထားရာလင်နှင့် ရှိချေပြီဖြစ်သောကြောင့်သာ သူကောင်းမပြုထိုက်။ ကံနည်းမိန်းမဖြစ်ကြောင်းကို လျှောက်ဆိုခြင်းဖြစ်ပါသည်"ဟု ဆို၏။ မင်းချင်းလုလင်ပျိုတို့လည်း "သင် မလိုက်ဘဲ မနေသာ။ အပါခေါ်ခဲ့ရမည် အမိန့်တော်နှင့် ဖြစ်သည်"ဟု လက်ကို ဆွဲငင်လျက် မဟောသဓသုခမိန်ထံသို့ ခေါ်သွားကြလေ၍၊ အတွင်းသား, အပြင်သား ထွက်ဝင်သွားလာကြလျက် များစွာသောအခြံအရံဖြင့် မင်းသားစည်းစိမ်အိမ်ကြီးထွက်၌ အဆောင်အရွက်များစွာနှင့် မင်းသား၏တင့်တယ်ခြင်းဖြင့် တင့်တယ်စွာနေသော မဟောသဓထံသို့ ရောက်လေ၏။

အမရာသူဌေးသမီးသည် 'ငါ့လင် အပ်ချုပ်သမားပင်လော'ဟု တွေးတောဖွယ်အကြောင်း မပေါင်းမဆိုင် လာသဖြင့် သတိမမူ။ 'မင်းသား'ဟူသော အမှတ်သာရှိ၍ ဒသိမမြင် ဖူးယောင်ထင်လျက် ကြီးမြင့်တင့်တယ်စွာသော မင်းသားကိုမြင်လေသော် ရှုကြည့်လျက် ပြုံးရယ်ခြင်းကိုလည်း ပြု၏။ မျက်ရည်စီးယို ငိုခြင်းကိုလည်း ပြု၏။ ထိုသို့ ရယ်မြူးခြင်း,ငိုကြွေးခြင်းကို မဟောသဓသုခမိန်မြင်လျှင် "သင် အဘယ့်ကြောင့် ငါ့ကိုကြည့်၍ ရယ်ယောင်, ငိုယောင်ပြုဘိသနည်း" ဟုမေး၏။ အမရာသည်လည်း မဟောသဓစကားကိုကြားလျှင်

"ခွေနန်းသခင် အရှင့်သားတော်ဘုရား။ အကျွန်ုပ်နလုံး ပြုံးရွှင်ပေသည်မှာ အရှင့်သားကို မခံညားလို၍ မဟုတ်ပါ။ ဤသို့သော စည်းစိမ်အိမ်တော်ကို အကျွန်ုပ် မမြင်စဖူး မြင်ရသဖြင့် 'မြင့်မြတ်သောဤစည်းစိမ်သည် ဘုန်းကံနည်းသောသူတို့အား မထိုက်။ အကြောင်းမရှိဘဲ လုံ့လပြုကုန်သော်လည်း ဤသို့သောစည်းစိမ်ကို မရရာ။ ရှေးရှေးသောသံသရာက စင်ကြယ်စွာ ဒါန,သီလ စသည်ကိုပြု၍ ကုသိုလ်ကံအရင်းသန်လှသောကြောင့်သာ ရအပ်၏။ ကုသိုလ်ကံ၏အကျိုးမည်သည်ကား အလွန် အံ့ဩဖွယ်ရှိစွတကား'ဟု ကြံမိ၍ နှစ်လိုသောနှလုံးဖြင့် ရွှင်ပြုံးမိပါသည်။

"မျက်ရည်စီးယို ငိုသည်မှာ ဤသို့သော စည်းစိမ်တော်ကြီးကို ရသောသခင် ဖြစ်ပါလျက် ပစ္စုပ္ပန်မှာလည်း တင့်တယ်စွာ သံသရာလည်းမရှုံး ဘုန်းတော်တိုးပွားကြောင်း သူတော်ကောင်းတို့အကျင့်အလေ့ဖြင့်သာ မွေ့လျော်ပျော်ပါးရမည်ကို စိတ်အလိုသို့လိုက်သဖြင့် ခွင့်ရှုံးပိုင် အနိုင်အနင်း စည်းစိမ်တော်ယစ်၍ အပြစ်ကိုမမြော်မိ လင်ရှိမိန်းမဖြစ်သူကို သိမ်းယူမည်။ ယခု ပြုကြံတော်မူသော မကောင်းမှုဝန်သည် တမလွန်သံသရာ၌ ကြီးစွာသောဆင်းရဲ ငရဲမီးလျှံသို့ပို့ဆောင်သဖြင့် နောင်ဘဝမှာ ချမ်းသာမမြဲ ဆင်းရဲရှာပြန်လိမ့်တကားဟု အရှင့်သားကို သနားခြင်းကရုဏာ[၃၄၄]သက်၍ စိတ်စက်ကွဲပြိုသဖြင့် ငိုမိပါသည်"ဟု ဆို၏။

ဤသို့လျှောက်ထားသော အမရာသူဌေးသမီးစကားကို ကြားလျှင် မဟောသဓသုခမိန်သည် 'ဤမိန်းမကား စိတ်ထားစိတ်နေ စင်ကြယ်ပေဟန် ရှိ၏'ဟု စုံစမ်းသဖြင့်သိရပြီးသော်၊ မင်းချင်းတို့ကိုခေါ်၍ "အချင်းတို့၊ ဤမိန်းမကို သူ့နေရာအိမ်သို့ ပို့ကြပါချေတော့။ သူ့အလိုမရှိလျှင် ဖြစ်သာမည်မဟုတ်"ဟု ဆို၍ တံခါးမှူးအိမ်သို့ ပို့စေပြီးသော်၊ မဟောသဓသုခမိန်သည် မထင်မရှားသော အပ်ချုပ်သမား၏အသွင်ကိုပင် ဆောင်ပြန်၍ ထိုနေ့ညဉ့် တံခါးမှူးအိမ်၌ အမရာသူဌေးသမီးနှင့်အတူတကွ အိပ်နေပျော်ရွှင်ကြလျက်၊ နံနက်မိုးသောက် ရောက်လတ်သော် မဟောသဓ သုခမိန်သည် အမရာကို တံခါးမှူးအိမ်တွင်ပင်ထားခဲ့၍၊ နန်းတော်သို့ဝင်ပြီးလျှင် ဥဒုမ္ဗရဒေဝီမိဖုရားအား စိတ်နှစ်သက်ရာ မိန်းမကောင်းရခဲ့ကြောင်းကို လျှောက်ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



ဥဒုမ္ဗရဒေဝီသည်လည်း နှစ်သက်ဝမ်းမြောက်စွာ ဝိဒေဟရာဇ်မင်းကြီးထံသို့ သွား၍ "အရှင်မင်းကြီး။ ယမန်နေ့ ၃-၄ ရက်က အကျွန်ုပ်လျှောက်ထားချက်ကို ဆောင်ရွက်တော်မူပါ။ ကိုယ်တော်က 'မဟောသဓကို စုံစမ်းလေဦး'အမိန့်တော်ရှိ၍ အကျွန်ုပ်စုံစမ်းလေလျှင် လုလင်ပျို့ဓလေ့ မိန်းမကောင်းကိုလှည့်လည်၍ နှစ်သက်ရာ ရှာကြံလိုပါသည့်အကြောင်းကို ပြောဆိုပါသည်။ ယခု ရှာကြံသဖြင့် ရောက်ပြီဖြစ်သောကြောင့် ကောင်းစွာ ယူဆောင်ရမည် မဟုတ်ပါလော"ဟု လျှောက်ကြား၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း မိဖုရားစကားကိုကြားလျှင် "ကောင်းပြီ"ဟုဆို၍ မဟောသဓအား မြို့တွင်း မင်းညီမင်းသားတို့ ထိမ်းမြားမင်္ဂလာဆောင်ရွက်ရိုး အစဉ်ရှိသည့်အတိုင်း၊ အမရာအားလည်း မင်းသမီး, မိဖုရားတို့ ဝတ်ဆင်ထုံးရှိသည်နှင့်လျော်စွာ ထူးမြတ်သောအဝတ်တန်ဆာတို့ဖြင့် ဝတ်ဆင်စေပြီးလျှင် 'အမရာဒေဝီ' ဟူသောအမည်ဖြင့် ထူးမြတ်သောယာဉ်ပေါ်၌ စီးစေလျက်၊ များစွာသော မိန်းမရွှေဖော် အခြံအရံနှင့်တကွ မြောက်တံခါးမှူး အိမ်မှသည် မဟောသဓသေနမိန်အိမ်သို့တိုင်အောင် တန်ဆာဆင်သောမင်းလမ်းခရီးဖြင့် ကြီးစွာသော ပွဲသဘင် အချီးအမြှောက်ကိုပြု၍ ဆောင်ယူစေပြီးသော် မဟောသဓ၏အိမ်၌ ကြီးစွာသောထိမ်းမြားမင်္ဂလာကို ပြုစေ၏။

ထိုသို့ လက်ထပ်မင်္ဂလာဆောင်ပြီးသော် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသေနမိန်အား အဖိုး ၁၀၀၀ ထိုက်သော ထူးထူးမြတ်မြတ် မင်းထိုက်စိုးသုံး ပဏ္ဏာလက်ဆောင်တို့ဖြင့် ပေးအပ်လက်ဖွဲ့ခြင်းကိုပြု၏။ တံခါးမှူးကိုအစပြု၍ မှူးတော်မတ်တော်,ပုဏ္ဏား,သူဌေး အလုံးစုံ ပြည်သူပြည်သားအပေါင်းတို့ကလည်း မိမိတို့အားနှင့်လျော်စွာ ပဏ္ဏာလက်ဆောင်တို့ဖြင့် မဟောသဓသေနမိန်အား ပူဇော်စေ၏။

အမရာဒေဝီသည် ထို ရောက်ရောက်သမျှ အလုံးစုံသောပဏ္ဏာလက်ဆောင်တို့ကို မင်းကြီးက လက်ဖွဲ့သည့်ပဏ္ဏာမှလည်း တစ်ဝက်ခွဲ၍ မင်းကြီးအား ဆက်ပြန်၏။ တံခါးမှူးအစရှိသော အလုံးစုံသောသူတို့၏ ပဏ္ဏာမှလည်း တစ်ဝက်စီခွဲ၍ ထိုသူတို့ကို လက်ဆောင်တုံ့ပြန်လိုက်၏။

ထိုသို့ ထိမ်းမြားမင်္ဂလာ ပြုပြီးသည့်နေ့မှစ၍ ဘုရားလောင်း မဟောသဓသေနမိန်သည် ဘုန်းပညာ ကျက်သရေ တိုးတက်သောအချိန်အရွယ်လည်း ရောက်သည်နှင့် လျှံတောက်ထွန်းပသော ပတ္တမြားမျက်ရစ်ကို လျော်သစ်သော သိင်္ဂနိက်ရွှေခြောင်ပေါ်၌ တင်ထားဘိသကဲ့သို့ နှစ်လို့ဖွယ်လန်း တင့်တယ်ပေါ်ထွန်းစွာ အမရာဒေဝီကို မင်းပေးစည်းစိမ် အိမ်လုံးနှင်း၍ မင်းကြီး၏အကျိုးစီးပွား ဘုန်းကျက်သရေတိုးတက်ကြောင်း ကောင်းမကောင်း, ရာမရာကို မချာနေ့ည လုံ့လမပြေ့နှောင် ဆောင်ရွက်စီရင်လျက် အသက်ထက်ဆုံး နှလုံးချစ်ခင် ကြင်နာခြင်းမေတ္တာနှံ၍ စံပျော်ချမ်းငြိမ် စည်းစိမ်ကြီးသခင်ခံလေသတည်း။

ဤကား ဘုရားလောင်းမဟောသဓအား ၇ ကြိမ်မြောက်သော မင်းကြီး၏အချီးအမြှောက်ကို ခံရခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၃၀။ သမ္ဗရတနဓောရခန်း[၇၁]

အမတ်သုခမိန် ၄ ယောက်တို့တွင်လည်း ၃ ယောက်သောသုခမိန်တို့သည် သေနကသုခမိန်အိမ်သို့ နည်းနာခံလို၍ လည်းကောင်း၊ မင်းရေးမင်းခွင့်ကို တိုင်ပင်လို၍ လည်းကောင်း နေ့တိုင်းမပြတ်လျှင် ရောက်ကြကုန်၏။ ထိုသို့ မဟောသဓသုခမိန်သည် လက်ထပ်မင်္ဂလာ ပြုပြီးသောအခါ တစ်နေ့သ၌ သေနကအမတ်သည် မိမိအိမ်သို့ရောက်လာသော သုခမိန် ၃ ယောက်တို့ကို ဤသို့ တိုင်ပင်ပြောဆို၏။

"အမတ်သုခမိန်တို့။ ငါတို့သည် သူဌေးသား မဟောသဓကဲ့သို့ပင် အရာရာမှာပင် မစွမ်းနိုင်ကြဖြစ်ချေသည်။ သူဌေးသားမဟောသဓ၏ ပညာကို ပြိုင်နှန်းလျှင် အရှုံးဘက်ကသာ ကြိမ်ကြရသည်ကို မတန်သေး။ ယခုတစ်ဖန် မဟောသဓမှာ နှစ်ကိုယ်တစ်စိတ်တည်း ရှေ့ပိတ် နောက်ပါ ဘုန်းပညာရှိမယားကောင်းနှင့် ပေါင်းမိပြန်သဖြင့် မဟောသဓ ၂ ယောက်ဖြစ်သကဲ့သို့ ရှိချေသော် ငါတို့နေရာ ရနိုင်တော့မည်မဟုတ်။ ထိုသို့ဖြစ်၍ သူဌေးသား မဟောသဓ၏ ပျက်စီးကြောင်း မကောင်းသော ဥပါယ်[illegible]ဖြင့် ကုန်းတိုက်ချောစား၍ မင်းကြီးအား လျှောက်ထားရသော် မကောင်းလော"ဟု တိုင်ပင်၏။

သုခမိန် ၃ ယောက်တို့သည် သေနကသုခမိန်စကားကိုကြားလျှင် "ဆရာသုခမိန်။ ဆရာဆိုတိုင်းပင်လျှင် အကျွန်ုပ်တို့ ဖြစ်မည်မှန်၏။ ထိုသို့ဖြစ်သော်လည်း အကျွန်ုပ်တို့ မကြံနိုင်"ဟု ဆိုကြ၏။ သုခမိန် ၃ ယောက်တို့စကားကို သေနကသုခမိန်ကြားလျှင် "သုခမိန် ၃ ယောက်တို့။ သင်တို့ မကြံနိုင်လျှင် ငါ၏အလိုသို့သာ လိုက်ကြကုန်။ မဟောသဓပျက်စီးမှု တစ်ခုသောဥပါယ်တံမျဉ်ကို ငါ ကြံမိပြီ။ သင်တို့ မစိုးရိမ်ကြလင့်။ ငါသည် မင်းကြီး၏ပတ္တမြားဆံကျင်ကို ခိုးယူအံ့။ ပက္ကုသအမတ်မှာ မင်းကြီး၏ ရွှေပန်းကုံးကို၊ ကာမိန္ဒအမတ်မှာ မင်းကြီး၏ကမ္ဗလာကို၊ ဒေဝိန္ဒအမတ်မှာ မင်းကြီး၏ရွှေခြေနင်းကို ခိုးယူကြလော့။ ဤသို့ ငါတို့ခိုးယူပြီးလျှင် ငါတို့အိမ်၌မထားဘဲ မဟောသဓအိမ်သို့ တစ်ပါးသောစားဖွယ်သောက်ဖွယ်တို့ကို ရောင်းဟန်ပြု၍ ပို့အံ့။ ထိုမင်းကြီး အသုံးအဆောင်တော် တန်ဆာ ၄ ခု မဟောသဓအိမ်သို့ရောက်သောအခါ ထင်ရှားစွာ အမှုဖြစ်လတ္တံ့။ ငါ ယခု ဆိုတိုင်းသာလျှင် သင်တို့ပြုကြကုန်လော့"ဟု တိုင်ပင်ပြောဆိုကြပြီးသော် သေနကအမတ်သည် မင်းကြီး နန်းတော်မှ ပတ္တမြားဆံကျင်ကိုခိုးယူပြီးလျှင် ရက်တက်အိုး၌ထည့်၍ မိမိကျွန်မ တစ်ယောက်ကိုခေါ်ပြီးသော် "သင်သည် ရက်တက်အိုးကိုရွက်လျက် ရက်တက်ရောင်းဟန်ပြု၍ သူတစ်ပါးက ဝယ်လိုသော်လည်း မရောင်းမပေးနှင့်။ မဟောသဓ အိမ်ကခေါ်မေးလျှင် ဤရက်တက်အိုးကို အဖိုးမဆိုဘဲ ပေးအပ်၍လာခဲ့"ဟု စေလွှတ်လိုက်၏။

ထိုကျွန်မသည်လည်း သေနကအမတ်ဆိုတိုင်း "ကောင်းပြီ"ဟုဝန်ခံ၍ ရက်တက်အိုးကိုရွက်လျက် ရက်တက်ရောင်းဟန် အမူအရာဖြင့် "ရက်တက်အလိုရှိပါလျှင် ဝယ်လိုက်ကြ"ဟု ဆိုကာဆိုကာ မဟောသဓအိမ် အနီးအပါး၌သာ လှုးလာခေါက်ပြန်သွား၏။ အမရာဒေဝီလည်း အိမ်တံခါးဝ၌ရပ်လျက် ရက်တက်သည်မ၏ အမူအရာကိုမြင်လေသော် 'ဤမိန်းမသည် တစ်ပါးသောအရပ်သို့လည်း မသွား။ ငါ့အိမ်အနီးအပါး၌သာ လှုးလာခေါက်ပြန်သွား၏။ ဤမိန်းမ၌ အကြောင်းတစ်စုံတစ်ခု ရှိသည်ဖြစ်ရာ၏'ဟု ကြံပြီးလျှင် မိမိအစေအပါး အိမ်ကျွန်မများကို "သင်တို့ တစ်ပါးလွှတ်ရာမှာနေချေ။ နောင် ငါခေါ်သော်လည်း မလာကြနှင့်"ဟုဆို၍ တစ်ပါးအရပ်သို့ ဖယ်နေစေပြီးမှ "ရက်တက်ရောင်းသည့် မိခင်။ ရက်တက်ကို ကျွန်မ ဝယ်လိုက်အံ့။ ဤသို့ လာလှည့်"ဟု ရက်တက်သည်မကို ခေါ်၏။ အမရာဒေဝီအိမ်သို့ ရက်တက်သည်မ ရောက်လာသောအခါ မိမိအစေအပါး ကျွန်မများကို ခေါ်ဟန်ပြု၏။ ကျွန်မများလည်း အမှာအထားနှင့်ဖြစ်၍ မလာဘဲနေကြလတ်သော်



www.burmeseclassic.com

www.burmeseclassic.com



ရက်တက်သည်မကို "အမယ်။ သင်တို့ကျွန်မများ မကြားသည်ထင်၏။ ခေါ်၍မလာလိုပါ။ ရက်တက်အိုးကို ဤတွင်ချခဲ့၍ ကျွန်မများကို အမယ်ပင် သူငယ်အမှု ပြုလုပ်တည့်ပါချေ"ဟု အိမ်ကျွန်မများကို အခေါ်သွားခိုက်တွင် အမရာဒေဝီသည် ရက်တက်အိုးကို လက်ဖြင့်နှိုက်၍စမ်းလေသော် ပတ္တမြားဦးသျှောင်ကျင်ကို တွေ့မြင်လျှင် လက်ကိုနုတ်၍ ပြကတေ့အတိုင်း အိုးကိုထား၏။ ရက်တက်သည်မလည်း အိမ်ကျွန်မများကို ခေါ်ခဲ့ပြီးမှ အမရာဒေဝီ ထံလာလတ်၏။ အမရာဒေဝီသည် အသာအယာဖျောင်းဖျပြောဆို၍ ရက်တက်သည်မကို "အမယ်။ သင်သည် အသူ့အိမ်ကပေနည်း" ဟု မေး၏။ ရက်တက်သည်မသည် "သခင်မ။ အကျွန်ုပ်ကား သေနကသုခမိန်၏ ကျွန်မပေတည်း"ဟုဆိုလျှင်၊ "သင့်အမည်ကို အသူဆိုပေသနည်း"ဟု မေးပြန်၏။ ရက်တက်သည်မသည်လည်း "သခင်မ။ အကျွန်ုပ်အမည်ကား ဤအမည် ရှိ၏"ဟု ဆိုပြန်လတ်သော် "သင့်အမိကား အဘယ်အမည် ရှိသနည်း"ဟု မေးပြန်လေ၏။ ရက်တက်သည်မ သည်လည်း "သခင်မ။ အကျွန်ုပ်အမိ အမည်ကား ဤအမည် ရှိ၏"ဟု ဆိုပြန်လျှင် အမရာ ဒေဝီလည်း "သင်၏ရက်တက်အိုးကား အဖိုး မည်မျှ ထိုက်မည်နည်း"ဟု မေးပြန်၏။ ရက်တက်သည်မလည်း "သခင်မ။ အကျွန်ုပ် ရက်တက်အိုးကား အဖိုး ၄ သပြာ ထိုက်၏"ဟု ဆိုလတ်သော် "အမယ်။ ထိုသို့တပြီးကား ဤရက်တက်အိုးကို အကျွန်ုပ်ဝယ်လိုက်အံ့"ဟု ဆို၏။ ဤရက်တက်သည်မလည်း အမရာဒေဝီစကားကို ကြားလျှင် "သခင်မ။ အကယ် သခင်မ ဝယ်မည်မှန်မူ အကျွန်ုပ် အဖိုးကို မလိုပြီ။ ဤရက်တက်ကို အိုးနှင့်တကွပင် ယူတော်မူရစ်လော့"ဟုဆို၍၊ အမရာဒေဝီအား ပေးအပ်ခဲ့ပြီးလျှင် မိမိအိမ်သို့ ပြန်သွားလေ၏။

အမရာဒေဝီလည်း ထိုကျွန်မ သွားပြီးသော် သေနကဆရာအမတ်ကြီးသည် မင်းကြီး၏ပတ္တမြားဆံကျင်ကို ရက်တက်အိုး၌ထည့်၍၊ 'မိမိအိမ်ပေါက်, ဤအမည်ရှိသောကျွန်မ၏သမီး, ဤအမည်ရှိသောကျွန်မကို ရက်တက်ရောင်းဟန်နှင့် ပို့ချေစေလွှတ်လိုက်သဖြင့် မည်သည့် နှစ်,လ, ရက် အချိန်တွင် ပို့ရောက်လာသောကြောင့် စကားအလုံးစုံကို စစ်မေး၍ လည်းကောင်း ကျွန်မနှုတ်ထွက်ချက်အတိုင်း သိမ်းယူလိုက်သည့် ရက်တက်အိုးတည်း'ဟု ကမ္ဗည်းအက္ခရာ ထိုအိုး၌ တံဆိပ်လိပ်ထိုးမှတ်၍ သိမ်းယူထား၏။

ပက္ကုသအမတ်လည်း မင်းကြီး၏ ရွှေပန်းကုံးကို နိုးပြီးလျှင် ပန်းတောင်း၌ထည့်၍ အပေါ်၌ မြတ်လေးပန်းဖြင့် ဖုံးလွှမ်းပြီးသော် မိမိကျွန်မတစ်ယောက်ကို ရှေးနည်းအတူ အမရာဒေဝီအိမ်သို့ ပို့စေ၏။

ကာမိန္ဒအမတ်သည်လည်း မင်းကြီးကမ္ဗလာကို နိုးယူပြီးလျှင် ဟင်းရွက်တောင်း၌ထည့်၍ အပေါ်၌ ဟင်းရွက်ဖြင့် ဖုံးလွှမ်းပြီးသော် မိမိကျွန်မတစ်ယောက်ကို ရှေးနည်းအတူ အမရာဒေဝီအိမ်သို့ပို့စေ၏။

ဒေဝိန္ဒအမတ်သည်လည်း မင်းကြီး၏ ရွှေခြေနင်းကို နိုးယူပြီးလျှင် မုယောစပါးတို့ဖြင့် ဖုံးလွှမ်းဖွဲ့စည်း၍ မိမိကျွန်မတစ်ယောက်ကို ရှေးနည်းအတူ အမရာဒေဝီအိမ်သို့ ပို့စေ၏။

အမရာဒေဝီသည်လည်း ဤ ရွှေပန်းကုံး,ကမ္ဗလာ, ရွှေခြေနင်းတို့ကို ရှေးနည်းအတူ သုခမိန်တို့အမည်၊ ပို့လာသည့် နှစ်, လ, ရက်, အချိန်၊ ကျွန်မ၏အမည်၊ အမိ၏အမည်၊ အရှင်နှင့်တကွ အလုံးစုံကို ကျွန်မတို့ နှုတ်ထွက်အတိုင်း ကမ္ဗည်းလိပ်ထိုးမှတ်၍ သိမ်းယူထားလေ၏။

ဤ ၄ ခုသော မင်းတန်ဆာတို့ကို ရပြီးသော် အမရာဒေဝီသည် ထိုမင်းတန်ဆာ ၄ ခုကို ကမ္ဗည်းလိပ်နှင့်တကွ ဆောင်ယူ၍ မဟောသဓသုခမိန်အား လျှောက်ကြားပေ၏။

သုခမိန် ၄ ယောက်တို့သည်လည်း တန်ဆာ ၄ ခုကို အမရာအိမ်သို့ ပို့စေပြီးလျှင် နန်းတော်သို့ ဝင်ကြလေ၏ ဝိဒေဟရာဇ်မင်းကြီးအား ဤသို့ လျှောက်ထားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ကိုယ်တော်အရှင်၌ ဆင်တော်မူမြဲဖြစ်သော ပတ္တမြားဆံကျင်ကို ယခုအကျွန်ုပ်တို့ မမြင်ရပါ။ အဘယ့်ကြောင့် ဆင်တော် မမူပါသနည်း"ဟု လျှောက်ကြ၏။ မင်းကြီးလည်း ဆရာအမတ်ကြီးတို့။ ကောင်းပြီ။ ယခု ငါ ဆင်တော်မူအံ့"ဟု ဆို၍ ဆံကျင်ကိုယူချေစေသော်၊ ထားရာအရပ်၌ ပတ္တမြားဆံကျင်ကို မမြင်မတွေ့သောကြောင့် မင်း၏တန်ဆာမှူးတို့က ပတ္တမြားဆံကျင် ပျောက်ကြောင်းကိုလျှောက်လျှင် သုခမိန် ၄ ယောက်တို့က "အရှင်မင်းကြီး။ ပတ္တမြားဆံကျင်တော်သာ မဟုတ်။ ရွှေပန်းကုံး၊ ကမ္ဗလာ၊ ရွှေခြေနင်း တန်ဆာတော်များလည်း ထားရာတွင် ယခု ရှိမည်မထင်ပါ"ဟု တင်လျှောက်၍၊ ကြည့်စေပြန်သော် မတွေ့မမြင်သဖြင့် တန်ဆာ ၄ ခု ပျောက်ကြောင်းကို မင်းကြီးသိလျှင် ဤတန်ဆာ ၄ခုကား အဘယ့်ကြောင့် ပျောက်ရအံ့နည်း"ဟု မင်းကြီးဆို၏။

ထိုအခါ သုခမိန်အမတ် ၄ယောက်တို့က "အရှင်မင်းကြီး။ ဤတန်ဆာ ၄ ခုတို့သည် တစ်ပါး အခြား လွင့်ပါးပျောက်ရမည် မဟုတ်။ မထင်မရှားခိုးသူ ယူ၍ သုံးဆောင်ဝံ့မည်လည်း မဟုတ်။ အရှေ့ယဝ မဇ္ဈိုလယ်တောရွာ သူကြွယ်သားကို မြှောက်စား၍ သူကောင်းပြုတော်မူရာတွင် ပြည်ကြီးသခင်ကိုစင်လျက် အရှင်မမှတ် မညွတ်မကိုင်း ရိုင်းပျဆိုးသွမ်း သောင်းကျန်းထောင်ထား လိုဟန်အကြံနှင့် ရန်သူတော် ထိုသူခိုး ယူသုံးစားသည်ကို သိကြားသောကြောင့် လျှောက်ပါသည်"ဟုဆို၍၊ မင်းကြီးအား ကုန်းတိုက် ချောစားကြကုန်၏။

ဤသို့ မင်းကြီးအား သုခမိန် ၄ ယောက်တို့ လျှောက်ထားသည့်စကားကို အတွင်းတော်သား မင်းခစားတို့ ကြားသိလေသော် မဟောသဓသုခမိန်၏အကျိုးကို လိုကုန်သော အတွင်းတော်သားတို့သည် ထိုအကြောင်းကို မဟောသဓသုခမိန်ထံ သွား၍ ပြောဆိုကြကုန်၏။ မဟောသဓသုခမိန်သည်လည်း ထိုစကားကိုကြားလျှင် 'ဤသူတို့ ပြောဆိုလာတိုင်း မှန်မမှန်ကို မင်းကြီးနှင့်တွေ့မြင်ရမှ အတပ်သိနိုင်အံ့'ဟု ကြံပြီးလျှင် မင်းကြီးအား ခစားအံ့သောငှာ နန်းတော်သို့ဝင်လေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း အမတ်ကြီး ၄ ဦးတို့စကားကို နားဝင်၍ ရှိနှင့်ပြီးဖြစ်သောကြောင့် ပြင်းစွာ အမျက်ထွက်သဖြင့် မဟောသဓသုခမိန်လာသည်ကို မြင်လျှင် "အဘယ်သူနည်း။ ငါတို့မသိချေ"ဟု မိန့်တော်မူလျက် မျက်နှာကိုမျှ အမြင်မခံ ပြန်မကြည့်ဘဲ နန်းထဲသို့ ဝင်သွားလေ၏။

သုခမိန် ၄ ယောက်တို့သည်လည်း မဟောသဓအား မင်းကြီး အမျက်ထွက်မှန်းကိုသိပြီးသော် နန်းတော်မှ ထွက်ခဲ့၍ မိမိတို့အိမ်သို့ သွားကြလေ၏။ မဟောသဓသုခမိန်လည်း မင်းကြီးအတွေ့မခံသဖြင့် မိမိအိမ်သို့ ပြန်သွားလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း အကြောင်းအခွင့်ကိုမျှ မစစ်ဆေးမူ၍လာလျှင် တစ်ဘက်သား တို့၏ စကားနှင့် ယုံမှားသဖြင့် "ငါ၏ရန်သူ မဟောသဓကို ကွပ်မျက်ရီး ရာဇဝတ်ထုံးရှိသည့်အတိုင်း ယခုပင် လုပ်ကြံပြီးစေ"ဟု သူသတ်အမှုးအကြီးတို့ကို စေခန့်လိုက်၏။ မဟောသဓ၏ အကျိုးကိုလိုကုန်သော နန်းတွင်းသား တို့သည်လည်း "အရှင်သား။ ယခု မင်းကြီး အမျက်ထွက်ဆဲဖြစ်သည်။ ခေတ္တခဏရှောင်လွှဲ၍ နေတော်မူမှ သင့်ပါမည်" ဆိုကြသဖြင့်၊ မဟောသဓသုခမိန်သည် 'ထိုသူတို့ပြောသောစကားကား အကျိုးလိုသောစကား ဖြစ်ပေသည်'ဟု ယူ၍၊ အမရာဒေဝီအား "အဘယ် အမရာ။ ငါ သည်တွင် ယခုနေ၍ မသင့်သေး။ မင်းကြီး အမျက်တော်မပြေသမျှ ကာလပတ်လုံး တောင်မဇ္ဈိုလ်ရွာသို့ လွှဲဖယ်နေချေဦးမည်။ သင်သာလျှင် မင်းရေးမင်းခွင့် သာ, မသာကို ပညာဖြင့်သိအောင်ပြုလျက် နေ့ညဉ့်မပြတ် သတိဝီရိယ ရှိပါစေ"ဟု မှာထားခဲ့ပြီးသော် မထင်မရှား



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသား၏အသွင်ဖြင့် မြို့တော်တံခါးမှထွက်၍ ဒက္ခိဏယဝ မဇ္ဈဂုံးရွာသို့သွားပြီးလျှင် အိုးထိန်းအိမ်၌မှီခိုလျက် အိုးထိန်းအမှုကို လုပ်ဆောင်၍ နေလေ၏။

မိထိလာပြည် မြို့တွင်းမြို့ပြင်နေသော လူအပေါင်းတို့လည်း 'မဟောသဓသေနမိန်သည် မင်းရှိန်မင်းမျက်နှင့် ထွက်ပြေးရခဲ့ပြီ'ဟု တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကြကုန်၏။ သုခမိန် ၄ ယောက်တို့သည်လည်း မဟောသဓသေနမိန် ပြေးကြောင်းကိုသိကြလျှင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ခြင်းပြင်းစွာနှင့် "ဆရာတို့။ အသို့နည်း။ မည်သည်ကိုမျှ မစိုးရိမ်ကြနှင့်။ ငါတို့ကား ပညာရှိ မဟုတ်ပါသလော။ ငါတို့အကြံကို ဘယ်သူ ခံနိုင်အံ့နည်း"ဟု အချင်းချင်း ပြောဆိုပလွှားပြီး၍ မိမိတို့အိမ်၌ အသီးအသီး တစ်ယောက်ကိုတစ်ယောက် မသိရစေဘဲ 'အမရာဒေဝီကို သိမ်းယူမည်'ဟု ကိုယ်စီကြံစည်ကြပြီးသော် အမရာဒေဝီထံ အမှာအထား စကားအနီးအစပ်နှင့် ကောင်းမြတ်သော လက်ဆောင်ပဏ္ဏာကို အသီးအသီး ပို့သစေ၏။

ထိုအခါ အမရာဒေဝီသည်လည်း သုခမိန် ၄ ယောက်တို့ လက်ဆောင် ၄ ဦးကို သိမ်းယူလိုက်၏။ လက်ဆောင်ပို့လာသူတို့တွင် 'မည်သည့်အချိန်ရောက်လျှင် ကြွတော်မူခဲ့ပါတော့'ဟု အသီးအသီး ၄ ယောက်လုံးကိုပင် မှာလိုက်ပြီးမှ မိမိအိမ်တွင်း၌ အစောက်တစ်သူကျော်ဘလောက်,အကျယ် ၄ ယောက် ၅ ယောက်နေသာရုံ တွင်းတူးစေပြီးလျှင် ထိုတွင်း၌ မစင်ခြောက်, မစင်စို ရသမျှကို ရေနှင့်ဖျော်၍ ထိုမစင်ရည်ဖြင့် ပြည့်စေပြီးသော် တွင်းပေါ်၌ အိမ်ထဲကနေ၍ နင်းသာအောင် ယန္တရားစက်ပျဉ်ဖုံးထိုးပြီးမှ တွင်း ၄ မျက်နှာ၌ ကဲလားကာရံ၍ထား၏။

အမရာဒေဝီမှာလိုက်သည့်အချိန်သို့ရောက်လျှင် သေနကသုခမိန်သည် ရေချိုးခြင်း, အမွှေးအထုံအမှုန့်တို့ဖြင့် ကိုယ်ကိုလိမ်းသပ်ခြင်း, အဝတ်တန်ဆာဆင်ခြင်း, အထူးထူးသော အရသာ ဘောဇဉ်ကောင်းကို စားသောက်ခြင်း ကိစ္စပြီးပြီးသော် အမရာဒေဝီအိမ်သို့သွား၍ တံခါးဝသို့ရောက်လျှင် ရပ်နေလျက် လာကြောင်းကို အမရာဒေဝီအား ကြားသိစေ၏။

အမရာဒေဝီလည်း "ဆရာ။ ဤသို့ကြွတော်မူပါ"ဟုဆိုလျှင် သေနကအမတ်သည် အမရာဒေဝီအနီး၌ ရပ်နေ၏။ အမရာဒေဝီလည်း စကားမာယာ လိမ္မာလှသောမိန်းမဖြစ်၍ စိတ်ထဲကမကြင်သော်လည်း အပေါ်စကားဖြင့် "အရှင်။ အကျွန်ုပ်ကား အရှင်၏အလိုသို့ လိုက်ရမည်ကေန် မှန်ပါတော့သည်။ ထိုသို့တစ်မူကား ရေမချိုးဘဲအိပ်ခြင်းဟာ မလျောက်ပတ်ဖြစ်၍ ရေချိုးတော်မူပါဦး"ဟု ဆို၏။

သေနကအမတ်သည်လည်း တပ်မက်သောစိတ်နှင့် "အဘယ်။ သင်က ရေချိုးစေလိုလျှင် ချိုးရဦးတော့မည်" ဟုဆိုလတ်သော်၊ အမရာဒေဝီသည် ပြင်သို့ထွက်၍ ရေအိုးကိုချီပြီးလျှင် သွန်းအံ့သကဲ့သို့ပြုလျက် "အရှင်။ ဤသို့ ထွက်တော်မူလှည့်။ ရေချိုးပျဉ်ပေါ်သို့ တက်တော်မူပါလော့"ဟု ဆို၏။ သေနကအမတ်လည်း ထွက်ပြီးလျှင် ပျဉ်ပေါ်သို့တက်၍ရပ်သောအခါ ကိစ္စတစ်ပါးနှင့်သွားဟန် အိမ်ထဲသို့ဝင်၍ ယန္တရားပျဉ်ဖုံးအစွန်းကို နင်း၏။ ထိုအခါ သေနကအမတ်သည် ပျဉ်ပေါ်မှလျှော၍ မစင်တွင်းသို့ကျလေ၏။ အမရာဒေဝီလည်း ယန္တရားပျဉ်ဖုံးကို တွင်းပေါ်၌ဖုံးအုပ်မြဲ ဖုံးအုပ်၍ထားလေ၏။

ပက္ကုသ အမတ်သုခမိန်သည်လည်း အမရာဒေဝီ မှာလိုက်သည့်အချိန် ရောက်လျှင် ရေချိုးခြင်း, အဝတ်တန်ဆာ ဆင်ခြင်း, ကောင်းမြတ်သော ဘောဇဉ်ခဲဖွယ်စားခြင်းကိစ္စပြီးပြီးသော် အမရာဒေဝီအိမ်သို့သွား၍ အိမ်တံခါးဝသို့ရောက်လျှင် လာကြောင်းကို သိစေ၏။ အမရာဒေဝီ၏လက်ပါးစေ ကျွန်မ တစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍုသအမတ် လာကြောင်းကို အမရာဒေဝီအား ကြားလေလျှင် အမရာဒေဝီ ထလတ်၍ "အရှင်။ ကိုယ်လက် မသန့်သက်ဘဲ အသို့လျှင် အိပ်၍ ကောင်းပါအံ့နည်း။ ရေချိုးတော်မူဦးလော့"ဟု ဆို၏။ ပဏ္ဍုသအမတ်လည်း "အဘယ် အမရာ။ သင် ရေချိုးစေလိုမူ ချိုးရဦးတော့မည်"ဟု ဝန်ခံလတ်သော် အမရာဒေဝီသည် ပြင်သို့ထွက်၍ ရေဖျဉ်းအိုးကိုချီသဖြင့် သွန်းအံ့သကဲ့သို့ပြု၍ "အရှင်။ ဤသို့ကြွတော်မူ။ ရေချိုးပျဉ်ပေါ်သို့ တက်ပါလေ"ဟုဆို၏။

ပဏ္ဍုသအမတ်သည် အမရာဒေဝီဆိုတိုင်း ပျဉ်ပေါ်သို့တက်၍ရပ်နေလျှင် အမရာဒေဝီသည် ကိစ္စတစ်ပါး ရှိဟန် အိမ်ထဲသို့ဝင်၍ ယန္တရားပျဉ်စွန်းကို ဆွဲလိုက်သောအခါ ပဏ္ဍုသအမတ်သည်လည်း ပျဉ်ပေါ်မှလျှော၍ မစင်တွင်းသို့ကျလေသော်၊ သေနကအမတ်က "သင် အသူနည်း"ဟု ဆီး၍မေး၏။ "ငါကား ပဏ္ဍုသအမတ်တည်း"ဟု ဆိုလျှင်၊ "သင်ကား အသူနည်း"ဟု မေးပြန်၏။ သေနကအမတ်ကလည်း "ငါကား သေနကအမတ်တည်း"ဟုဆို၍ အချင်းချင်းမေးမြန်းလျက် မစင်တွင်း၌ ရပ်ကြရကုန်၏။ အမရာလည်း ပျဉ်ဖုံးကို ဖုံးမြဲဖုံး၍ ထားပြန်လေ၏။

ကာမိန္ဒအမတ်သည်လည်း အမရာမှာလိုက်သော အချိန်သို့ရောက်လျှင် ရှေးနည်းအတူ အမရာဒေဝီအိမ်သို့ သွား၍ တံခါးဝသို့ရောက်လျှင် ပဏ္ဍုသအမတ်မှာကဲ့သို့ လာကြောင်းကိုကြားသိသဖြင့် ရှေးနည်းအတူဆို၍ ပျဉ်ပေါ်သို့တက်စေပြီးသော် အိမ်ထဲသို့ဝင်သဖြင့် ပျဉ်စွန်းကိုဆွဲငင်လိုက်ရာ ကာမိန္ဒအမတ်သည်လည်း ပျဉ်ပေါ်မှလျှော၍ မစင်တွင်းသို့ ကျလေ၏။ မစင်ရည် ချိုးစိမ်နှင့်ရသော အမတ် ၂ ယောက်တို့က ကာမိန္ဒအမတ်ကို "သင်ကား အသူနည်း"ဟု ဆီး၍မေးသည်ကို "ငါကား ကာမိန္ဒအမတ်တည်း"ဟု ပြောပြီးလျှင်၊ "သင်တို့ကား အသူနည်း"ဟု မေး၏။ ထိုအမတ် ၂ ယောက်တို့ကလည်း "ငါကား သေနက," "ငါကား ပဏ္ဍုသအမတ်တည်း" ဟု ပြောကြကုန်၏။ အမရာဒေဝီသည်လည်း ပျဉ်ကိုဖုံးမြဲဖုံး၍ ထားပြန်၏။

ဒေဝိန္ဒအမတ်သည်လည်း အမရာဒေဝီ မှာလိုက်သောအချိန်ရောက်လျှင် ရှေးနည်းအတူ လာပြန်သဖြင့် အမရာဒေဝီသည် ဒေဝိန္ဒအမတ်ကို မာယာဖြင့် ပျဉ်ပေါ်သို့တက်စေပြီးလျှင် ပျဉ်စွန်းကိုဆွဲ၍ တွင်းထဲသို့ တစ်ဖန် ကျပြန်စေ၏။ အမတ် ၃ ယောက်တို့ကလည်း "အသူနည်း"ဟု ဆီး၍မေးကြသဖြင့် အချင်းချင်းအမည်ကို ပြောဆိုကြပြီးလျှင် မစင်တွင်း၌ မစင်ရည်တို့ဖြင့် နစ်မွန်းသောကိုယ် ရှိကုန်လျက် မတ်တတ်ရပ်ကာသာလျှင် ထိုညဉ့်ပတ်လုံး မိမိတို့အိမ်ပြု၍ နေကြရသတည်း။

ထိုညဉ့် မိုးသောက်ရောက်လတ်သော် အမတ် ၄ ယောက်တို့ကို မစင်တွင်းမှ ထုတ်ယူစေ၍ ဆံမုတ်ဆိတ်တို့ကို ရိတ်နုတ်စင်စေပြီးလျှင် ဟိရိကောပိနအင်္ဂါများ[၁၅၆]ကို ဖုံးလွှမ်းမိရုံသာ ပုဆိုးနံငယ် ဝတ်စေလျက် မုန့်မှုန့်ကို ကော်ရည်ပျစ်ပျစ်ရှိအောင်ကျိုစေပြီးမှ အေးအောင်ထား၍ ထိုကော်ရည်ဖြင့် ထိုအမတ် ၄ ယောက်တို့ကို ဦးခေါင်းမှစ၍ တစ်ကိုယ်လုံးအနှံ့လိမ်းသုတ်ပြီးသော် လဲဝါဂွမ်းဖြင့် ဖွေးဖွေးဖြူအောင် ကြဲလွှင့်ကပ်ငြိစေ၍ အရှက်အကြောက်ကို မအောက်မေ့နိုင်အောင်သော ဆင်းရဲပင်ပန်းခြင်းသို့ ရောက်စေပြီးသော် ဖျာလိပ်ခေါင်း၌ တစ်ယောက်စီ သွင်းထားအိပ်စေ၏။ ဤသို့ အလုံးစုံကို စီရင်ပြီးသော အမရာဒေဝီသည် မင်းကြီးအား လျှောက်ထားပို့ဆက်အံ့သောငှာ ပတ္တမြားဆံကျင်စသော မင်းတန်ဆာ ရတနာ ၄ ခုကိုလည်း ကမ္ပည်းလိပ်စာရင်းနှင့် တကွ, အမတ် ၄ ယောက်တို့ကိုလည်း ဖျာလိပ်ကိုယ်စီနှင့်တကွ ထမ်းယူဆောင်ရွက်စေပြီးသော နန်းတော်သို့ သွားလေ၍ တံခါးဝသို့ရောက်လေလျှင် 'အရှင်မင်းကြီးနှင့်သာ ထိုက်တန်သော ရတနာ ၄ ပါးနှင့်တကွ မျောက်ဖြူ ၄ စီး အမရာဒေဝီက ဆက်သလို၍ နန်းတော်တံခါးဝသို့ ရောက်ကြောင်း'ကို မင်းကြီးအား လျှောက်ထားစေပြီးလျှင်၊



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးက "ဆက်သရန် ပဏ္ဏာလက်ဆောင်နှင့် အမရာဒေဝီကို ဝင်စေ"ဟု အမိန့်တော်ပြန်မှ ထိုအလုံးစုံကို နန်းတော်တွင်းသို့သွင်း၍၊ မင်းကြီးရှေ့တော်၌ ထားပြီးလျှင် "အရှင်မင်းကြီး။ ဤ ရတနာ ၄ ခုနှင့် မျောက်ဖြူကြီး ၄ စီးကို အကျွန်ုပ် ဆက်သပါအံ့။ ခံတော်မူပါ"ဟု လျှောက်ထား၍ မင်းကြီးအား ဆက်သ၏။ ဝိဒေဟရာဇ်မင်းကြီး သည်လည်း ဖျာလိပ် ၄ ခုကို ဖွင့်စွာစေသော် မျောက်ဖြူနှင့်တူသော သုခမိန် ၄ ယောက်တို့ကို မင်းကြီးမှစ၍ မှူးမတ်အခြွေအရံ နန်းတွင်းသားအပေါင်းတို့ မြင်ကြလေကုန်သဖြင့် ခပ်သိမ်းကုန်သော နန်းတွန်းသား၊ နန်းတွင်းသူ အပေါင်းတို့သည် အမရာဒေဝီက ဆက်သသော ဤမျောက်ဖြူ ၄ စီးတို့ကား အလွန်အံ့ဩဖွယ်ရှိပေစွဟု အကြိမ်ကြိမ်ဆိုလျက် လက်ခုပ်တီး၍ ရယ်ကြီးမကာ ရယ်ကြကုန်၏။ ထိုသုခမိန် ၄ ယောက်တို့သည်လည်း ရှက်ခြင်းမကာ အရှက်ရကြကုန်၏။

ဤသို့ရှက်စေပြီးမှ အမရာဒေဝီသည် မိမိခင်ပွန်း မဟောသဓသုခမိန်၌ အပြစ်မရှိသောအဖြစ်ကို လျှောက်တင်လို၍ "အရှင်မင်းကြီး။ အကျွန်ုပ်လင် မဟောသဓသုခမိန်သည် ခိုးသူ မဟုတ်ပါ။ ဤ ၄ ယောက်တို့သာ ရတနာ ၄ ပါးကို ခိုးယူသူ ဖြစ်ပါသည်။ ဤ ၄ ယောက်တို့တွင် သေနကအမတ်ကား ပတ္တမြားဆံကျင်ကို ခိုးယူသူ ဖြစ်ပါသည်။ ပက္ကုသအမတ်ကား ရွှေပန်းကုံးကိုခိုးယူသူ ဖြစ်ပါသည်။ ကာမိန္ဒအမတ်ကား ကမ္ဗလာကို ခိုးယူသူ ဖြစ်ပါသည်။ ဒေဝိန္ဒအမတ်ကား ရွှေခြေနင်းကို ခိုးယူသူ ဖြစ်ပါသည်။ ထိုသူ ၄ ယောက်တို့သည် အကျွန်ုပ်လင် မဟောသဓသုခမိန်အား ပျက်စီးစေကြောင်း မကောင်းကြံသောအမှုအရာ အစီအရင်ကို ဤဘဏ္ဍာတော် ၄ ခုတွင် မိမိတို့ ကျွန်မသမီး ၄ ယောက်တို့ အသီးသီးနှုတ်ထွက်ကို မှတ်ချက်စာရင်း ရှိပါသည်။ စာရင်းကို ဖတ်ကြည့်လျှင် သိတော်မူရပါလိမ့်မည်" ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးသည် အလုံးစုံသောစာရင်းကို ဖတ်စေသဖြင့် အမတ် ၄ ယောက်တို့ သာလျှင် မဟောသဓသုခမိန်ကို ပျက်စီးစေလို၍ ပြုကျင့်သည့် အမှုဖြစ်သည်ဟု သိတော်မူသော်လည်း မဟောသဓာ ထွက်ပြေးကြောင်းကိုကြားသိသဖြင့် ဆင်ခြင်တိုင်းဆတော်မူသည်မှာ 'မဟောသဓာသည် အတုမရှိသော ပညာရှင်တည်း။ ငါ့ကို နှလုံးအခံအခုနှင့် ယခု ထွက်ပြေးရလေသည်။ မည်သို့ ကြံဆောင်လိမ့်မည်ကို မသိ။ အကယ်၍ မဟောသဓသည် တစ်ရွာတစ်မြို့ကို လက်နက်ပြု၍ထောင်ထားချေသော် ငါ၌ သုခမိန် ၄ ယောက်မှတစ်ပါး တိုင်ပင်ရမည့်သူ မရှိ'ဟု အောက်မေ့၏။ သုခမိန် ၄ယောက်တို့အား မည်သို့မျှ အပြစ်ကိုမပြု။ တစ်ခုသောအပြစ်တင် စကားကိုမျှမဆိုဘဲ "ဆရာသုခမိန်တို့။ဤနန်းတွင်း၌ ရေချိုးပြီးလျှင် ဤပုဆိုးကိုဝတ်၍ သင်တို့အိမ်သို့ သွားကြလေ"ဟုဆို၍ လွှတ်လိုက်၏။

ထိုအခါ အမတ်သုခမိန် ၄ ယောက်တို့သည်လည်း ပြင်းစွာသော ရှက်ကြောက်ခြင်းဖြင့် မိမိတို့အိမ်သို့ သွားကြလေကုန်၏။ အမရာဒေဝီလည်း မိမိလင်၌ အပြစ်မရှိကြောင်းကို လျှောက်ပြီးလျှင် မိမိအိမ်သို့ ပြန်သွားလေ၏။

ဤကား အမရာဒေဝီ၏ အကျင့်သီလဂုဏ် ပညာကျေးဇူး အထူးသဖြင့် တင့်တယ်မြင့်မြတ်ကြောင်းကို ပြခြင်းတည်း။



www.burmeseclassic.com

## ၃၁။ ဘူရိပဉှာခန်း[၁၆၈]

မဟောသဓသုခမိန်သည် ဒက္ခိဏာယဝ မဇ္ဈိုဝုံးရွာ၌ နေရသောအခါ ဝိဒေဟရာဇ်မင်းကြီး၏နန်းတော် ရာဇပလ္လင် ဥကင်ကနက်[၁၆၉]ထီးချက်၌စောင့်သောနတ်သမီးသည် မဟောသဓသုခမိန် ထွက်ပြေးသည်မှစ၍ နန်းတော်၌ ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားနှင့်စပ်လျဉ်းသော တရားစကားကို ပြည့်ညွှန်ဟောကြားမည့်သူ မရှိသဖြင့် ဆိတ်ခြင်းသို့ရောက်၍ မဟောသဓသုခမိန်၏တရားစကားကို မကြားနာရသောကြောင့်၊ အခါခပ်သိမ်းကား ဤနန်းတော်၌ မဟောသဓသုခမိန်သည် နေ့တိုင်းမပြတ် ပစ္စုပ္ပန်,သံသရာ အကျိုးစီးပွားနှင့်စပ်သော တရားစကား ညွှန်ပြဟောကြား၏။ ယခုမူကား မဟောသဓသုခမိန်၏ တရားစကားကို မကြားမနာရ။ 'မဟောသဓသုခမိန်သည် အသို့ရှိသနည်း'ဟု ဆင်ခြင်လေသော်၊ မင်းမျက်သင့်၍ တစ်ယောက်တည်း ထွက်ပြေးရကြောင်းကို သိမြင်လေလျှင် 'ဤမင်းကြီးအားသက်သက်သား 'မဟောသဓသုခမိန်ကို ခေါ်ပါ' ဟု ငါဆိုချေက ငါ့စကားကို မနာမယူရာ။ ထိုသို့ဖြစ်၍ မဟောသဓသုခမိန်ကို ခေါ်စေကြောင်း ကောင်းမြတ်သောအနက်နှင့် လျှို့ဝှက်သောပြဿနာပြု၍ ငါမေးအံ့'ဟု ကြံပြီးသော် ညဉ့်အခါ၌ ထီးချက်ကိုဖွင့်လှစ်ပြီးလျှင် စတုက္ကနိပါတ်ကျမ်း၌ လာသောဂါထာဖြင့် ပြဿနာ ၄ ပါး ကို မင်းကြီးအား ဤသို့မေး၏။

'ဟန္တိ ဟတ္ထေဟိ ပါဒေဟိ၊ မုခဉ္စ ပရိသုမ္ဘတိ။
သ ဝေ ရာဇ ပိယော ဟောတိ၊ ကံ တေန တွာဘိပဿသိ။ ။
အက္ကောသတိ ယထာကာမံ၊ အာဂတဉ္စဿ ဣစ္ဆတိ။
သ ဝေ ရာဇ ပိယော ဟောတိ၊ ကံ တေန တွာဘိပဿသိ။ ။
အဗ္ဘက္ခာတိ အဘူတေန၊ အလီကေနာဘိ သာရယေ။
သ ဝေ ရာဇ ပိယော ဟောတိ၊ ကံ တေန တွာဘိပဿသိ။ ။
ဟရံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထ သေနာသနာနိစ။
အညဒတ္ထု ဟရာယန္တိ၊သ ဝေ ရာဇ ပိယော ဟောတိ၊ ကံ တေန တွာဘိပဿသိ။ ။'

ရာဇ၊ မင်းကြီး။ ဟတ္ထေဟိစ၊ လက်တို့ဖြင့် လည်းကောင်း။ ပါဒေဟိစ၊ ခြေတို့ဖြင့် လည်းကောင်း။ ဟန္တိ၊ ပုတ်ခတ်၏။ မုခဉ္စ၊ မျက်နှာကိုလည်း။ ပရိသုမ္ဘတိ၊ ပုတ်ခတ်၏။ သော၊ ထိုသူကို။ ဝေကေန္အေန၊ စင်စစ်သဖြင့်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုသို့ချစ်ခင်အပ်သောကြောင့်။ ကံ၊ အဘယ်မည်သော ပုဂ္ဂိုလ်ဟူ၍။ တွံ၊ သင်မင်းကြီးသည်။ အဘိပဿသိ၊ မြင်မည်နည်း။

ရာဇ၊ မင်းကြီး။ ယထာကာမံ၊ အလိုရှိတိုင်း။ အက္ကောသတိ၊ ဆဲရေးတတ်၏။ အဿ၊ ထိုသူ၏။ အာဂတဉ္စ၊ လာခြင်းကိုလည်း။ ဣစ္ဆတိ၊ အလိုရှိ၏၊ သ၊သော၊ ထိုသူကို။ ဝေကေန္အေန၊ မလွဲသဖြင့်။ ပိယော၊ ချစ်အပ်သော။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုသို့ချစ်အပ်သောကြောင့်။ ကံ၊ အဘယ်မည်သောပုဂ္ဂိုလ်ဟူ၍။ တွံ၊ သင်မင်းကြီးသည်။ အဘိပဿတိ၊ မြင်မည်နည်း။

ရာဇ၊ မင်းကြီး။ အဘူတေန၊ မဟုတ်မမှန်သော စကားဖြင့်။ အဗ္ဘက္ခာတိ၊ စွပ်စွဲ၏။ အလီကေန၊ မမှန်သောစကားဖြင့်။ အဘိသာရယေ၊ အောက်မေ့စေ၏။ သ၊သော၊ ထိုသူကို။ ဝေ ကေန္အေန၊ မလွဲသဖြင့်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုသို့ချစ်ခင်အပ်သောကြောင့်။ ကံ၊ အဘယ်မည်သောပုဂ္ဂိုလ် ဟူ၍။ တွံ၊ သင်မင်းကြီးသည်။ အဘိပဿသိ၊ မြင်မည်နည်း။

www.burmeseclassic.com



ရာဇ၊ မင်းကြီး။ အန္နဥ္စ၊ ထမင်းကိုလည်းကောင်း။ ပါနဥ္စ၊ အဖျော်ကိုလည်းကောင်း။ ဝတ္ထု၊ သေနာသနာနိစ၊ အဝတ် အိပ်ရာ နေရာတို့ကိုလည်းကောင်း။ ဟာရံ ဟာရန္တော၊ ဆောင်လေလျှင်။ အညဒတ္ထု၊ အကယ်မလွဲသဖြင့်။ ဟရာယန္တိ၊ ဆောင်စေကုန်၏။ သ၊ သော၊ ထိုသူကို။ ဝေ ကေဏ္ဍေန၊ စင်စစ်သဖြင့်။ ပိယော၊ ချစ်အပ်သည်။ ယောတိ၊ ဖြစ်၏။ တေန၊ ထိုသို့ချစ်အပ်သောကြောင့်။ ကံ၊ အဘယ်မည်သော ပုဂ္ဂိုလ်ဟူ၍။ တွံ၊ သင်မင်းကြီးသည်။ အဘိပဿသိ၊ မြင်မည်နည်း။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူကို လက်ဖြင့်လည်းကောင်း ခြေဖြင့်လည်းကောင်း ရင်၊ မျက်နှာစသည်တို့၌ ပုတ်ခတ်အပ်၏။ ထိုသို့ပုတ်ခတ်လျက်လျှင် ပုတ်ခတ်သောသူကို ခံရသောသူသည် အလွန်မြတ်လေးခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်မည်ဟု သင်မင်းကြီး ထင်ဘိသနည်း။

"အရှင်မင်းကြီး။ အကြင်သူကို အကြင်သူသည် အလိုရှိတိုင်း ဆိုမြည်ဆဲရေး၏။ ထိုသို့ ဆဲရေးလျက် ထိုသူ၏လာခြင်းကိုကား အလိုရှိ၏။ ထိုသို့ဆဲရေးလျက်လည်း ထိုသူ၏လာခြင်းကို အလိုရှိသည်ဖြစ်၍ ထိုသူကို စင်စစ်သဖြင့် အလွန် ချစ်မြတ်လေးခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်မည်ဟု သင်မင်းကြီး ထင်ဘိသနည်း။

"အရှင်မင်းကြီး။ အကြင်သူကို အကြင်သူသည် မဟုတ်မမှန်သောစကားဖြင့် ယိုးစွပ်၏။ ပျက်မှုစကား နားမကြည်ဖြူ ထိုသူမနှစ်မြို့ မနာလိုအောင် ဆို၏။ ထိုအစွပ်အစွဲကို ခံရသူကလည်း ယိုးစွပ်သူကို တစ်ဖန်ပြန်လှန်၍ မဟုတ်မမှန်သောစကားဖြင့်ပင်လျှင် ယိုးစွပ်ပြန်၏။ ထိုအချင်းချင်း ပျက်မှုစကားနှင့် နားမခံသာအောင် တစ်ယောက်ကိုတစ်ယောက် ယိုးစွပ်ဆိုမြည်လျက်လျှင် စင်စစ်သဖြင့် အလွန်ချစ်မြတ်လေးခြင်း ဖြစ်ကြ၏။ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်မည်ဟု သင်မင်းကြီး ထင်ဘိသနည်း။

"အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူ၏ ထမင်း, အဖျော်, အဝတ်ပုဆိုး, အိပ်ရာ, နေရာတို့ကို လိုရာဆောင်ယူ၍ သုံးဆောင်၏။ ထိုသို့ မိမိဥစ္စာကိုယူ၍ သုံးဆောင်သူဖြစ်လျက်လည်း ဥစ္စာရှင်သည် ထိုသူယူ၍ သုံးဆောင်တိုင်းပင်လျှင် အလွန် ချစ်မြတ်လေးခြင်း ဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်ဖြစ်မည်ဟု သင်မင်းကြီး ထင်ဘိသနည်း။ ဤသို့သော ပြဿနာ ၄ပါးကို မင်းကြီးဖြေဆိုလော့"ဟု ဆို၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း "အဘယ်နတ်သမီး။ ဤပြဿနာကို နံနက်မိုးသောက်သောအခါမှ ပညာရှိ သုခမိန်တို့ကိုမေး၍ ဖြေအံ့။ သင်နတ်သမီး ငံ့ဦးလော့"ဟု ဆို၏။ နတ်သမီးလည်း "ကောင်းပါပြီ။ မင်းကြီး။ ပညာရှိသုခမိန်တို့ကို မေးဦးလော့"ဟု ဆိုသတည်း။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း "ထိုညဥ့်မိုးသောက် ရောက်လတ်သော် ထိုပြဿနာ ၄ပါးကို ဖြေစိမ့်သောငှာ သုခမိန်အမတ် ၄ ယောက်တို့ကို ခေါ်ချေ"ဟု မင်းချင်း တို့ကို စေလွှတ်၍ခေါ်စေ၏။ သုခမိန် ၄ ယောက်တို့လည်း ခေါ်လာသောမင်းချင်းတို့တွင် "အရှင်မင်းကြီး။ အကျွန်ုပ်တို့မှာ ဦးဆံမရှိ ခေါင်းပြည်းရှိခြင်းကြောင့် ခရီးချေးလမ်းတွင် သူတစ်ပါးမြင်မည်ကို ရှက်လှပါသည်ဖြစ်၍ မရောက်မလာဝံ့ပါ"ဟု လျှောက်ထားလိုက်ကြ၏။

ဝိဒေဟရာဇ်မင်းကြီးသည် သုခမိန် ၄ ယောက်တို့ လျှောက်သည့် စကားကိုကြားသော် "ငါ၏သုခမိန် ၄ယောက်တို့ ခေါင်းပြည်းရှိခြင်းကြောင့် သူတစ်ပါးမြင်မည်ကို ရှက်၍မလာဝံ့လျှင် ဤပေါင်းထုပ်ကို ဖုံးအုံးလျက်လာစေ"ဟု ပေါင်းထုပ် ၄ လုံး လုပ်စေ၍ တစ်ယောက်တစ်လုံးစီ ပို့စေ၏။



www.burmeseclassic.com

[တဒါကိရ တေနာလိပတ္တာ ဥပ္ပန္နာ ဟုဆိုသောကြောင့် အမရာဒေဝီသည် အမတ် ၄ ယောက်တို့ကို ဦးခေါင်းပြည်းစေရာတွင်မှ အရှက်ကိုလည်းရ မလှသောဦးခေါင်းကို ဖုံးလွှမ်းခြင်း, မင်းခစားယောကျာ်းတို့၌ သိုက်မြိုက်ဖွယ်ရာ ရှိစေခြင်းငှာ ဝိဒေဟရာဇ်မင်းကြီးစီရင်၍ ပေါင်းထုပ်အစ ဖြစ်သတည်း။ ဤစကား၌ နာလိပတ္တသဒ္ဒါသည် ခွက်ဖလားနှင့်တူသော ဦးခေါင်းလွှမ်းကို သဒ္ဒတ္ထ ဟောသည်။ ခွက်ဖလားနှင့်တူသော ဦးခေါင်းလွှမ်းကား ဦးထုပ်, ခေါက်ခြာ, ပေါင်းထုပ် ဟူ၍ ပုဂ္ဂိုလ်နှင့်လျော်စွာ ၃ ဖြာ ၃ မျိုးရှိသည်တွင် မင်းမှူးမင်းမတ်ဖြစ်သောကြောင့် ဝိဒေဟရာဇ်မင်းကြီး ပေးအပ်သော ဦးခေါင်းလွှမ်း ၄ ခုကို ပေါင်းထုပ်ဟု အဓိပ္ပာယ် ဆိုလိုက်ပေသည်။ နိဿယဆရာမူကား ခေါက်ခြာဟု အနက်ပေး၏။ သင့်ရာကို ယူကြပါ။]

ထိုသို့ပေါင်းထုပ်တစ်လုံးစီ ပို့ရောက်လာသောအခါမှ အမတ်သုခမိန် ၄ ယောက်တို့သည် ထိုပေါင်းထုပ်ကို ဦးခေါင်း၌အုပ်ဆင်၍ နန်းတော်သို့ဝင်ကြပြီးသော် ခင်းအပ်သောမိမိတို့နေရာ၌ နေလျက် မင်းကြီးအား ခစားကြကုန်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သေနကသုခမိန်အမတ်ကြီးကို "ဆရာသုခမိန်။ ယနေ့ညဥ့်အဖို့တွင် ရာဇပလ္လင် ဥကင်ကနက် ထီးချက်စောင့်သောနတ်သမီးသည် ပြဿနာ ၄ ပါးကို ၄ ဂါထာဖြင့် ငါ့အားမေး၏။ ငါသည် ထိုပြဿနာကို မသိနိုင်သောကြောင့် 'တစ်နေ့မျှငံ့ပါဦး။ သုခမိန် ၄ ယောက်တို့ကို မေး၍ ဖြေပါမည်'ဟု ဝန်ခံသဖြင့် ယခုမိုးသောက်လျှင် ထိုပြဿနာ ၄ ပါးကို မေးလိုသောကြောင့် သင်တို့ကို ငါခေါ်တော်မူသည်။ သင်တို့ သုခမိန် ၄ ယောက်သာ ထောက်ရှုဆင်ခြင်၍ ဖြေကြကုန်လော့"ဟု ဆိုပြီးလျှင် နတ်သမီးမေးသည့်အတိုင်း ပြဿနာ ၄ ပါးကို ၄ ဂါထာဖြင့် သုခမိန်တို့အား ပြန်ကြား၏။

ထိုသို့ ဝိဒေဟရာဇ်မင်းကြီးသည် 'အကြင်သူကို ခြေဖြင့် လက်ဖြင့်ပုတ်ခတ်၏'စသည်ဖြင့် နတ်သမီးပြဿနာ ၄ ဂါထာကို ပြန်ကြားသည်ရှိသော် သေနကအမတ်သည် တောင်ကြံမြောက်ကြံ အမှန်မရှိ မသိနိုင်သည်ဖြစ်၍ 'အဘယ်သူကို အဘယ်သူက ခြေလက်ဖြင့် ပုတ်ခတ်ပါလိမ့် နည်း။ ပုတ်ခတ်သူဆိုသည်ကား အဘယ်သူ ဖြစ်ပါလိမ့်နည်း 'ဟူ၍သာလျှင် အဆုံးမရ အစမမြင် တပင်ပန်းပန်း မြည်တမ်းလျက်သာ နေလေ၏။

ပက္ကုသသုခမိန်, ကာမိန္ဒသုခမိန်, ဒေဝိန္ဒသုခမိန် ၃ ယောက်တို့ကား သေနက အမတ်ကဲ့သို့မျှ မသိကြ၍ တရားလစ်သဖြင့် သတိထားသော်လည်း စကားဖြစ်ရုံမျှမဆိုနိုင် မှိုင်ကာသာနေကြကုန်၏။

ဝိဒေဟရာမင်းကြီးသည်လည်း ထိုအမတ်သုခမိန် ၄ ယောက်တို့ မဖြေနိုင်သောအဖြစ်ကိုသိလျှင် ပြင်းစွာ နှလုံးမသာခြင်းနှင့် ထိုနေ့ကုန်ပြန်၍၊ တစ်ဖန်ညဥ့်အဖို့ ရောက်လေသော် ထီးချက်စောင့်နတ်သမီးသည် "မင်းကြီး။ သင်တောင်းပန်တိုင်း ငါ တစ်ရက်မျှ ငံ့နေပြီ။ ယခု ငါ၏ပြဿနာအနက်ကို သင်သိပြီလော"ဟု မေး၏။ နတ်သမီး စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "အဘယ်နတ်သမီး။ ငါသည် သင်၏ပြဿနာကို မသိနိုင်သောကြောင့် သုခမိန် ၄ ယောက်တို့အား မေးပါသော် သုခမိန် ၄ ယောက်တို့လည်း သင်၏ပြဿနာ အနက်ကို မသိနိုင်ကြဖြစ်ခဲ့၏"ဟုဆို၏။ မင်းကြီးစကားကိုကြားလျှင် နတ်သမီးသည် "မင်းကြီး။ ငါ၏ပြဿနာ ၄ ပါးကို အမတ် ၄ ယောက်တို့သည် အဘယ်သို့ သိနိုင်အံ့နည်း။ ဤလူ့ပြည်၌ မဟောသဓသုခမိန်ကိုထား၍ တစ်ပါးသော သူတို့သည် ငါ၏ပြဿနာအနက်ကို မသိနိုင်ရာ"ဟုဆို၍ အလျှံပြောင်ပြောင်တောက်သော သံလှင်တံကို မင်းကြီးဦးခေါင်းပေါ်၌ မိုးလျက် ပဥ္စကနိပါတ်ကျမ်း၌လာသော ခဇ္ဇောပနကပဉ္ဟာ ၅ ဂါထာဖြင့် ဤသို့ရွတ်ဆို၍ ခြိမ်းခြောက်၏။

www.burmeseclassic.com



'ကော၊န သန္တမှိ ပဇ္ဇောတေ၊ အဂ္ဂိပရိယေသနံ စရံ။
အဒ္ဒက္ခိ ရတ္တိံ ခဇ္ဇောတံ၊ ဇာတဝေဒံ အမညထ္ထ။ ။
သွဿ ဂေါမယ စုဏ္ဏာနိ၊ အဘိမံ တိဏာနိစ။
ဝိပရီတာယ သညာယ၊ နာသက္ခိ ပဇ္ဇလေတဝေ။ ။
ဧဝံပိ အနုပါယေန၊ အတ္ထံ နလဘတေ မိဂေါ။
ဝိသာဏတော ဂဝံ ဒုဟံ၊ ယတ္ထ ခီရံ န ဝိန္ဒတိ။ ။
ဝိဝိဓေဟိ ဉပါယေဟိ၊ အတ္ထံ ပပ္ပေါန္တိ မာဏဝါ။
နိဂ္ဂဟေန အမိတ္တာနံ၊ မိတ္တာနံ ပဂ္ဂဟေနစ။ ။
သေနာမောက္ခ ပလောဘေန၊ ဝလ္လဘာနံ နယေနစ။
ဇဂတိံ ဇဂတိပါလာ၊ အာဝသန္တိ ဝသုန္ဓရံ။ ။'

မဟာရာဇ၊ မင်းကြီး။ အဂ္ဂိပရိယေသနံ၊ မီးကို ရှာအံ့သောငှာ။ စရံ စရန္တော၊ သွားသောသူသည်။ ပဇ္ဇောတေ၊ မီးသည်။ သန္တမှိ၊ ထင်ရှားလျက်။ ရတ္တိံ၊ ညဉ့်၌။ ခဇ္ဇောတံ၊ ပိုးစုန်းကြူးကို။ အဒက္ခိ၊ မြင်လေ၏။ ဇာတဝေဒံ၊ မီးဟူ၍။ ကော၊ အဘယ်သူသည်။ အမညိတ္ထ နု၊ မှတ်ဘူးသနည်း။

မဟာရာဇ၊ မင်းကြီး။ သော၊ ထိုမီးကိုရှာသောသူသည်။ အဿခဇ္ဇောတဿ၊ ထိုပိုးစုန်းကြူး၏။ ဉပရိ၊ အထက်၌၊ ဂေါမယစုဏ္ဏာနိစ၊ နွားချေးမှုန့်တို့ကိုလည်းကောင်း။ တိဏာနိစ၊ မြက်မှုန်တို့ကိုလည်းကောင်း။ အာကိရန္တော၊ ထည့်လျက်။ ဝိပရီတာယ၊ ဖောက်ပြန်သော။ သညာယ၊ အမှတ်ဖြင့်။ အဘိမံ-အဘိမန္တော၊ မှုတ်လျက်။ ပဇ္ဇလေတဝေ၊ တောက်စိမ့်သောငှာ။ နသက္ခိယထာ၊ မတတ်နိုင်သကဲ့သို့။

ဧဝံ တထာ၊ ဤအတူ။ မိဂေါ၊ တောသမင်နှင့်တူသော သူမိုက်သည်။ အနုပါယေန၊ အကြောင်း မဟုတ်သဖြင့်။ ပရိယေသန္တောပိ၊ ရှာသော်လည်း။ အတ္ထံ၊ အကျိုးကို။ နလဘတေ၊ မရရာ။ ဝိသာဏတော၊ ဦးချိုမှ။ ဂဝံ၊ နွားကို။ ခီရံ၊ နို့ရည်ကို။ ဒုဟံ-ဒုဟန္တော၊ ညှစ်သောသူမိုက်သည်။ ယတ္ထ၊ အကြင်ဦးချို၌။ ခီရံ၊ နို့ရည်ကို။ နဝိန္ဒတိ၊ မရ။

မဟာရဇ၊ မင်းကြီး။ အမိတ္တာနံ၊ ရန်သူတို့ကို။ နိဂ္ဂဟေနစ၊ နှိပ်သဖြင့် လည်းကောင်း။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့ကို။ ပဂ္ဂဟေနစ၊ ချီးမြှောက်သဖြင့် လည်းကောင်း။ ဝိဝိဓေဟိ၊ အထူးထူးကုန်သော၊ ဉပါယေဟိ၊ အကြောင်းတို့ဖြင့်။ မာဏဝါ၊ သတ္တဝါတို့သည်။ အတ္ထံ၊ အကျိုးစီးပွားသို့။ ပပ္ပေါန္တိ၊ ရောက်ကုန်၏။

မဟာရာဇ၊ မင်းကြီး။ သေနာမောက္ခံ၊ စစ်သူကြီးဖြစ်သောအမတ်ကို။ ပလောဘေနစ၊ ဖြားယောင်းသဖြင့် လည်းကောင်း။ ဝလ္လဘာနံ၊ အကျွမ်းဝင်ကုန်သော အမတ်တို့ကို။ နယေနစ၊ ဆောင်ချေသဖြင့် လည်းကောင်း။ ဝသုန္ဓရံ၊ ဝသုမည်သော ရတနာတို့ကို ဆောင်တတ်သည်ဖြစ်၍ ဝသုန္ဓရီ ဟု ခေါ်ဆိုအပ်သော။ ဇဂတံ၊ မြေ၌။ ဇဂတိပါလာ၊ မြေကြီးသေဋ္ဌနင်းမင်းတို့သည်။ အာဝသန္တိ နေကုန်၏။ အဓိပ္ပာယ်ကား-

"မင်းကြီး။ အကြင်သူမိုက်တစ်ယောက်သည် ညဉ့်အခါ မီးကိုလို၍ ရှာသည်ရှိသော် မိမိအနီးအပါး၌ ထင်ရှားစွာမီးရှိလျက် ထိုမီးကိုကား မယူမူ၍၊ ချင်ခွေးခန့်ပမာဏရှိသော ပိုးစုန်းကြူးကိုမြင်လျှင် မီးဟူသောအမှတ်ဖြင့် ထိုပိုးစုန်းကြူးအပေါ်၌ နွားချေးခြောက်, ကောက်ရိုး,သက်ငယ်, မြက်တို့ကို လက်ဖြင့်ပွတ်နယ်လျက် လောင်စာပြု၍ စုရုံးဖို့မံပြီးသော် ယခုပင် မီးတောက်စေအံ့ဟု မြေ၌ပုဆစ်တုပ်သဖြင့် မှုတ်ခြင်းကိုပြုပါသော်လည်း

www.burmeseclassic.com



ထိုပိုးစုန်းကြူးကိုလည်း မီးထွက်စေခြင်းငှာ မတတ်နိုင်သကဲ့သို့ လည်းကောင်း၊ အကြင်သူမိုက်သည် နွားနို့ကိုအလိုရှိ၍ နွားမဦးညှစ်သည်ရှိသော် နို့ရည်၏စီးယိုရာ နို့တိုင်ထင်ရှားလျက် ထိုနို့တိုင်၌ မညှစ်မူ၍ နွားမဦးချိုဖြင့် ယခုပင် နို့ရည်ထွက်စေအံ့ ဟု ပြင်းစွာအားထုတ်၍ ညှစ်ပါတုံသော်လည်း ဦးချိုမှ နို့ရည်ထွက်စေခြင်းငှာ မတတ်နိုင်သကဲ့သို့ လည်းကောင်း၊ ချိန်ခွင်ထင်ရှားစွာရှိလျက် လက်ဖြင့် ရမ်းဆဘိသကဲ့သို့ လည်းကောင်း လုံ့လကြီးစွာ အားထုတ်ပါသော်လည်း အကြောင်းမဟုတ်လျှင် အကျိုးမပြည့်စုံရာ။

ခပ်သိမ်းကုန်သော လူအပေါင်းတို့၌ ဤသူကား အဆွေခင်ပွန်းစစ်, ဤသူကား အဆွေခင်ပွန်းတု, ဤသူကား ရန်သူဟု အမှန်နှင့်လျော်စွာပြုပြီးလျှင် ခင်ပွန်းစစ်မဟုတ်သောသူကို အယုံမသွင်း အတွင်းမထားခြင်း စသည်တို့ဖြင့်နှိပ်၍ ခင်ပွန်းစစ်ဖြစ်သောသူကို ကိုယ်တူပြုလျက် နှစ်သက်မြတ်နိုးကြောင်း ကောင်းမြတ်စွာ ချီးမြှောက်၍လည်းကောင်း၊ ဤသို့ အထူးထူးအပြားပြား ကောင်းမြတ်သောအကြောင်းကို ပြုသောသူသည် ထိုအကြောင်းနှင့်လျော်သော ကောင်းကျိုးကို ရရာ၏။ မြေကြီးသေဠ်နင်း မင်းတို့သည်လည်း စစ်မြေအရပ်၌ ရဲရင့်ကုန်သော သူရဲကောင်းစစ်သူကြီး အမတ်တို့အား အဝတ်တန်ဆာ, မြို့ရွာအဆောင်အရွက်ပေး၍ ဖြားယောင်းခြင်းဖြင့်လည်းကောင်း၊ မိတ်ကျွမ်းတဝင် ခင်ပွန်းစစ်ဖြစ်ကုန်သောအမတ်တို့ကို နေ့ညဥ့်မပြတ် တိုင်ပင်ခြင်းဖြင့် လည်းကောင်း ဤသို့အထူးထူးအပြားပြား ကောင်းမြတ်သော အကြောင်းကိုသာပြုလျက် ရတနာ ၇ ပါးတို့ တည်ရာဖြစ်သော မြေအပြင်၌ လူအပေါင်းတို့ကို ကောင်းစွာအစိုးရကုန်၏။

"သို့ပါလျက် မင်းကြီးမူကား ပိုးစုန်းကြူးကို မီးမှတ်သော ယောကျ်ား, နွားဦးချိုကို နို့ညှစ်သော ယောကျ်ား, အမှန်သိလိုလျက် စဉ်းချိန်ခွင်အနီးတွင် ထား၍ လက်ဖြင့်ရမ်းဆသော ယောကျ်ားနှင့်တူစွာ ပြဿနာတို့၏ အနက်ကိုသိလိုသဖြင့် ထိုပြဿနာကို ဖြေနိုင်သော မဟောသဓသေုခမိန်သည် ထင်ရှားရှိလျက် မဟောသဓသေုခမိန်ကို မမေးမူ၍ ပိုးစုန်းကြူး, နွားဦးချိုနှင့်တူစွာ ပညာမရှိသော အမတ် ၄ ယောက်တို့ကို မေးဘိ၏။ ထိုအမတ် ၄ ယောက်တို့သည် အဘယ်သို့ သိနိုင်အံ့နည်း။ ပိုးစုန်းကြူး, နွားဦးချိုတို့နှင့်သာ တူကုန်၏။

မဟောသဓသေုခမိန်မူကား မီးပုံကြီး, နို့တိုင်, စဉ်းချိန်ခွင်နှင့်သာ တူ၏။ မင်းကြီးသည် ပြဿနာအနက်ကို အကယ်၍ သိလိုအံ့။ တန်ဆောင်မီးကဲ့သို့ ညီးညီးပြောင်ပြောင်ထွန်းတောက်ပသော ပညာရှင် မဟောသဓကိုသာလျှင် မေးလော့။ စင်စစ် ငါမေးသော ပြဿနာကို မင်းကြီး မဖြေနိုင်အံ့။ ဤအလျှံပြောင်ပြောင်တောက်သော သံလှင်တံဖြင့် မင်းကြီးဦးခေါင်းကို ၈ စိတ် ကွဲအောင် ရိုက်အံ့"ဟု ဝိဒေဟရာဇ်မင်းကြီးအား ခြိမ်းခြောက်၍ ထီးချက်စောင့်နတ်သမီး ကွယ်လေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် သေအံ့သောဘေးမှ ကြောက်လန့်သည်ဖြစ်၍ ထိုညဥ့်မိုးသောက် ရောက်လတ်သော် အမတ် ၄ ယောက်တို့ကိုခေါ်ပြီးလျှင် "အချင်းတို့။ အဝတ်ပုဆိုးအစုံနှင့် အသပြာ ၁၀၀၀ စီ ရထား ၄ ဆူ၌ တင်၍ သင်တို့ ၄ ယောက် မြို့တံခါး ၄ မျက်နှာဖြင့် အသီးအသီး ရထားတစ်စီးစီနှင့် ထွက်သွားကြပြီးသော် ငါ့သား မဟောသဓကို ရှာချေ။ ငါ့သား မဟောသဓကို တွေ့လျှင် တွေ့ရာအရပ်မှ ဤဝတ်စုံတစ်စုံနှင့် အသပြာ ၁၀၀၀ ကိုပေး၍ အလျင်တဆော ရထားပေါ်၌ တင်ဆောင်ခဲ့လေ"ဟု စေလိုက်၏။

အမတ် ၄ ယောက်တို့လည်း မင်းကြီးဆိုတိုင်း အသီးအသီးသွားကြလေသော် အရှေ့,အနောက်,မြောက် တံခါး ၃ မျက်နှာတို့၌ သွားသော အမတ်၃ယောက်တို့ကား မဟောသဓသေုခမိန်ကို မတွေ့ကုန်။ တောင်တံခါးဖြင့် ထွက်သွားသော အမတ်သည် ဒက္ခိဏယဝ မရှုဂုံးရွာသို့ ရောက်လေ၏။ ထိုအခါ မဟောသဓသေုခမိန်သည်



www.burmeseclassic.com

ရွံ့အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် အိုးထိန်းသည်ဆရာ၏ အိုးထိန်းစက်ကိုလှည့်လျက် ကောက်ရိုးအခင်းပေါ်၌ ထိုင်၍ အဆုပ်ဆုပ် လုပ်အပ်သော မုယောထမင်းကိုစားလျက် နေ၏။

[ဤစကား၌ ထိုသို့သောပညာရှင်ဖြစ်လျက် ဤသို့ရွံ့ကြမ်းလှစွာသော အိုးထိန်းအမှုကို အဘယ့်ကြောင့် ပြုဘိသနည်း ဟူမူကား ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့သော ဆင်းရဲစွာသောအမှုကို မဟောသဓ ပြု၍နေသည်ဟု ကြားတော်မူသောအခါ၌ 'မဟောသဓကား ကြံဆောင်ထောင်ထားနိုင်သော ပညာရှိလျက် ရွံ့ကြမ်းလှစွာသော ဆင်းရဲသားအမှုကိုပြု၍ အသက်မွေး၏။ ငါ၏ရန်သူ မဟုတ်ပေ'ဟု မဟောသဓသေနာမိန့်အား ရွံ့ရှာခြင်း ကင်းစေလို၍ ဤသို့သော အိုးထိန်းအမှုကို လုပ်ဆောင်၍နေတော်မူသတည်း။]

မဟောသဓသေနာမိန့်သည် ကောက်ရိုးအခင်းပေါ်၌ အိုးထိန်းစက်ကို လှည့်လျက် မုယောထမင်းဆုပ်ကို စား၍နေစဉ် မိမိသို့ ရှေးရှုရထားနှင့် အမတ်လာသည်ကို မြင်သော် 'ယနေ့မူကား ငါ၏စည်းစိမ် ပြကတေ့ဖြစ်မည် မချွတ်ပြီ'ဟု ကြံ၍၊ 'ငါသည် အမရာဒေဝီ စီရင်အပ်သော မြိန်ယှက်စွာသောဘောဇဉ်ကောင်းကို စားရတော့မည် တကား'ဟု လက်၌ရှိသော မုယောထမင်းဆုပ်ကို ပစ်စွန့်လိုက်ပြီးသော် နေရာမှထ၍ လုတ်ဆေးသဖြင့်နေ၏။

ထိုအခါ ရထားနှင့်ဆိုက်ရောက်သော အမတ်သည်ကား သေနကသုခမိန်အမတ်၏ သင်းပင်းအဝင် အပါတည်း။ ထိုအမတ်သည်လည်း မဟောသဓရှိရာသို့ ကပ်ပြီးသော် မဟောသဓသေနာမိန့်ကို ချုပ်ချယ်စောင်းမြောင်း လို၍ ဤသို့ဆို၏။ "မဟောသဓသေနာမိန့်။ အထက်က သေနကသုခမိန်နှင့် မင်းကြီးရှေ့တော်တွင် ပညာရှင်ထက် ဥစ္စာရှင်မြတ်ကြောင်းကို သိန်းဆရာ လျှောက်ဆိုသောစကားသည် မဖောက်မပြန် မှန်လှပေ၏တကား။ သင် သုခမိန်သည် အလွန်ပညာရှင်ဖြစ်လျက် စည်းစိမ်ရှင်ကို မလွန်နိုင်ချေသောကြောင့် ယခု ရွံ့အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ငြိုငြင်ဆင်းရဲစွာ သူ့ရွာ သူ့ထံ အစေခံကျွန်ကဲ့သို့ ဖြစ်ရချေသည်"ဟုဆိုပြီးလျှင် ဒသကနိပါတ်ကျမ်း၌ လာသော ဘူရိပဥှာခန်းတွင် အစဖြစ်သော 'သစ္စံကိရ တွံအသိ ဘူရိပည' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

မြေကြီးအထုကဲ့သို့ ကြီးကျယ်ထူထပ်စွာသော ပညာရှင်သုခမိန်။ အထက်မင်းကြီး ရှေ့တော်တွင် ဆိုကြသောအခါ သေနကဆရာကြီးသည် စည်းစိမ်ရှင်သာ မြတ်ကြောင်းကို ဆို၏။ ထိုသို့ဆိုသော သေနကဆရာ စကားသည် အလွန် ဟုတ်မှန်လှပေ၏။ စည်းစိမ်ရှင်က သင်သုခမိန်ကို အမျက်မာန်နှင့် စည်းစိမ်သိမ်းလျှင် မြေကြီး အထုနှင့်တူသော သင်၏ပညာသည် သင့်အား ကိုးကွယ်ရာမပြု။ ယခု မကာဆီးနိုင်ခြင်းကြောင့် ဥစ္စာစည်းစိမ် အိမ်ထောင်နှင့် မေတ္တာနှောင်စဖြစ်သော အမရာဒေဝီကို ချစ်၍မခွာပစ်နိုင်ဘဲလျက် ဖောက်လဲဖောက်ပြန် သူ့ထံ သူ့ရွာ နေရာအဝတ်နွမ်းနှင့် ရွံ့ကြမ်းသော မုယောထမင်းကို ဟင်းစမဲ့မျှမပါ စားကာသာ ယခုနေခဲ့ရ၏တကား"ဟု ဆို၏။

အမတ်စကားကိုကြားလျှင် မဟောသဓသေနာမိန့်သည် ထိုအမတ်ကို "လူငယ်မလိမ္မာ လမ်းညွှန်တိုင်းလိုက် ရသော သူကန်းအလား စီးပွားချမ်းသာ ၂ ဖြာသောလမ်းကြောင်းကို ကောင်းစွာမသိတတ်သော အမတ်မိုက်။ ငါ၏စည်းစိမ် ပြကတေ့အတိုင်း ရှိလွယ်စေခြင်းအကျိုးငှာ ငါ၏ပညာစွမ်းဖြင့် နွမ်းနွမ်းနယ်နယ် ကိုယ်ကိုပြုလျက် ယခု ငါနေသည်ကို သင် အဘယ်သို့ သိသနည်း"ဟု ဆိုပြီးလျှင် 'သုခံဒုက္ခေန ပရိပါစယန္တော' အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ပညာအဆင်အခြင်နည်းသော အမတ်။ မြေကြီးအထုကဲ့သို့သော ပညာရှိသော ငါသည် ဤအခါကား မိမိကိုယ်ကို လျှို့ဝှက်ဖုံးလွှမ်း၍ မထင်မရှား ပြုအပ်သောအခါ၊ ဤအခါကား မိမိကိုယ်ကို ထင်ထင်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးခံညားလောက်အောင် ပြုရသောအခါဖြစ်သည်ဟု ဆင်ခြင်စဉ်းစားမိသည်နှင့် အညီ ယခု ငါ့ကို မင်းကြီး အမျက်တော်ရှိဆဲဖြစ်၍ အမျက်တော်ပြေငြိမ်းသဖြင့် ငါ၏စည်းစိမ် ပြကတေ့ရှိစေခြင်းငှာ ဤအခါကား မထင်မရှားစေအပ်သောအခါ ဖြစ်သည်ဟု ငါ၏ကိုယ်ကို ဆင်းရဲခံလျက် အစေခံကျွန်ကဲ့သို့ ရွံ့ညွန်အလိမ်းလိမ်းနှင့် အိုးထိန်းအမှုကို လည်းကောင်း၊ ဤကောက်ရိုးခင်းနီး မှယောထမင်းဆုပ်ကိုလည်းကောင်း ငါ နှစ်သက်သတည်း။ ဤသို့ ငါအား အခါကိုသိတတ်သော ပညာပြုရသောအခွင့်တို့၌ မမေ့မလျော့ နှလုံးထားခြင်း၊ သတိ အစွမ်းရှိ သမျှ နေ့ညအားထုတ်ခြင်း လုံ့လနှင့်ပြည့်စုံသည်ဖြစ်၍ ဆေးဒန်းမြင်းသိလာ ^ကျောက်ဖျာအပြင်၌ ထင်စွာနေသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အခွင့်အရာ အခါကိုသိတတ်သော ငါ၏ပညာအစွမ်းဖြင့် ကြီးစွာသော မင်းသားစည်းစိမ်၌ ချမ်းငြိမ်းစံပယ် တင့်တယ်စွာ ယခု နေရပြန်အံ့သည်ဖြစ်သော ငါ့ကို မကြာမြင့်မီပင် မြင်ရလတ္တံ့."ဟု ဆို၏။

ဤသို့ ဘုရားလောင်း မဟောသဓသေ့ခမိန်သည် ထိုအမတ်ဆိုသော စကားကို ပယ်လှန်ပြောဆိုပြီးသောအခါ ထိုအမတ်သည် မဟောသဓသေ့ခမိန်အား ဤသို့ဆို၏။ "သုခမိန်။ ယခု မင်းကြီး၏နန်းတော်ဥကင် ရာဇပလ္လင် ကနက် ထီးချက်စောင့်သော နတ်သမီးသည် မင်းကြီးအား ၄ ပါးသောပြဿနာကို ၄ ဂါထာဖြင့် မေး၏။ ထို အမေးပြဿနာကို ပညာရှိသုခမိန်အမတ် ၄ ယောက်တို့အား မင်းကြီးမေးမြန်းလျှင် တစ်ယောက်သောသုခမိန်မျှ မဖြေဆိုနိုင်ကြ ဖြစ်သောကြောင့် မင်းကြီးသည် သင်သုခမိန်ကို ရှာဆောင်ခေါ်ချေ စေတော်မူ၍ ဤရထားနှင့် ယခုသုခမိန်ထံ အကျွန်ုပ်ရောက်ပါသည်"ဟုဆို၏။

ထိုစကားကိုကြားလျှင် မဟောသဓသေ့ခမိန်သည် အမတ်ကို "အချင်းအမတ်။ သင်၏ ဆရာသေနက အမတ်က ပညာရှင်သည် စည်းစိမ်ရှင်ကို မလွန်နိုင်ရာ ဟုဆိုသောစကားကို သင် ချီးမွမ်းပြောဆို၏။ ထိုစည်းစိမ် ရှင်သည် ဤသို့ လျှို့ဝှက်ခဲခက်သောပြဿနာ ပြုရာဆောင်ရသော အခွင့်အရေးနှင့် ကြုံသောအခါ ပညာရှိကို မမှီမကိုးကွယ်ဘဲ အဘယ်သို့ စွမ်းနိုင်လိမ့်နည်း။ စည်းစိမ်ရှင်ထက် ပညာရှင်သာလျှင် လွန်မြတ်ကြောင်းကို ဤ ယခုပြဿနာပွဲ၌ မျက်မှောက်ထင်ထင် သင်မြင်ရလတ္တံ့."ဟု ပညာဂုဏ်ကို ချီးမွမ်းပြောဆိုတော်မူ၏။

အမတ်သည်လည်း "သုခမိန်။ သင့်ကို မည်သည့်မှာမဆို တွေ့လျှင် တွေ့ရာအရပ်က အလျင်တဆောခေါ်ခဲ့ ဟု အမိန့်တော်နှင့် ဖြစ်ချေသည်။ ယခုပင် ရေချိုး၍ ဤပုဆိုးအစုံကိုလည်း ဝတ်လဲတော်မူပြီးလျှင် အသပြာ ၁၀၀၀ ထုပ်ကိုလည်း ယူတော်မူလော့"ဟုဆို၍ ပုဆိုးအစုံနှင့် အသပြာ ၁၀၀၀ ထုပ်ကို မဟောသဓသေ့ခမိန်အား ပေး၏။

ဘုရားလောင်း မဟောသဓသေ့ခမိန် မှီခို၍နေသော အိုးထိန်းသည်လည်း အမတ် ရထားနှင့်ခေါ်လာသော အခါမှ မဟောသဓမှန်းသိ၍ 'ငါသည် နတ်နှင့်တကွသော လူ၌အတုမရှိ ထင်ရှားကျော်စောစွာသော မင်းကြီး၏သားတော် မဟောသဓသေ့ခမိန်ကို အစေအပါးကျွန်ကဲ့သို့ ပြုမိခဲ့ပြီတကား'ဟု ပြင်းစွာ ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်လေ၏။

မဟောသဓသေ့ခမိန်သည်လည်း အိုးထိန်းသည်၏ ကြောက်လန့်သောအမူအရာကိုမြင်လျှင် "ဆရာ။ မကြောက်နှင့်။ ဆရာသည် အကျွန်ုပ်အား ကျေးဇူးကြီးလှပေ၏။ ဤ အသပြာ ၁၀၀၀ ထုပ်ကိုလည်း အနည်းငယ်မျှသာမှတ်၍ ယူရစ်ပါတော့"ဟု နှစ်သိမ့်စေပြီးသော်၊ အိုးထိန်းသည်အား အသပြာ ၁၀၀၀ ထုပ်ကို အပ်ပေးပြီးမှ ရွံ့အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် ရထားထက်၌စီး၍ မြို့တွင်းသို့ဝင်လေ၏။

ထိုအမတ်သည်လည်း နန်းတော်တံခါးပြင်၌ မဟောသဓသေ့ခမိန်ကိုထားခဲ့ပြီးလျှင်၊ မဟောသဓသေ့ခမိန်ကို တွေ့သဖြင့် ဆောင်ယူခဲ့၍ နန်းတော်တံခါးဝသို့ ရောက်ကြောင်းကို မင်းကြီးအား လျှောက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးသည် အမတ်စကားကိုကြားလတ်သော် "သင် ဘယ်အရပ်၌ မဟောသဓကို တွေ့သနည်း"ဟု မေး၏။ အမတ်သည်လည်း "အရှင်မင်းကြီး။ မဟောသဓသေနမိန်သည် တောင် ယဝမဇ္ဈဂုံးရွာ၌ အိုးထိန်းအမှုကို ပြုလျက် မုယောထမင်းဆုပ်ကို စားရှိနေစဉ် အကျွန်ုပ်တွေ့သောကြောင့် အမိန့်တော်နှင့်အညီခေါ်လျှင် ထိုအိုးထိန်းအမှုလုပ်ရာ ရွှံ့ထဲမှထ၍ ရေမျှမချိုးဘဲ ဤအလိမ်းလိမ်းကပ်သော ကိုယ်ဖြင့်ပင်လျှင် ယခုလိုက်လာပါသည်"ဟု လျှောက်၏ ။

အမတ်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့ကြံ၏။ 'မဟောသဓကား ငါ၏ ရန်သူပြုလိုသည် စင်စစ်မှန်လျှင် မင်းဆောင်စိုးသုံး ဘုန်းလက်ရုံး မြင်းဆင်စီရင်ခင်းကျင်း၍ နေရာ၏။ ထိုသို့မနေဘဲ ဆင်းရဲသားတို့၏အမှုနှင့် ယခု အသက်မွေး၍နေသည် ဖြစ်သောကြောင့် ငါ၏ရန်သူ မဟုတ်ပေ'ဟု ကြံပြီးသော် "ငါ့သား မဟောသဓသေနမိန်ကို ယခုပင်မိမိအိမ်သို့ သွားစေပြီးလျှင် ရေချိုးခြင်း, နံ့သာအထုံအမှုန့်လိမ်းသပ်ခြင်း, မြတ်သော ဘောဇဉ်ခဲဖွယ်တို့ကိုစားခြင်း ကိစ္စတို့ကိုပြုစေပြီးမှ ငါပေးတော်မူအပ်သော အဝတ်တန်ဆာ အဆောင်အရွက်နှင့် ငါ့ထံသို့ဝင်စေ"ဟု အမိန့်တော်ပြန်စေ၏။

မဟောသဓသေနမိန်လည်း မင်းကြီးစကားကိုကြားလျှင် မိမိအိမ်သို့သွား၍ မင်းကြီးမိန့်တော်မူတိုင်း အလုံးစုံကို ပြုပြီးမှ များစွာသောအခြံအရံ အဆောင်အရွက်နှင့် နန်းတော်သို့သွားပြီးသော် တံခါးဝ၌ရပ်နေလျက် မဟောသဓ လာကြောင်းကို မင်းကြီးအား လျှောက်ကြားစေ၏။ "မင်းကြီးလည်း ယခုပင် ငါ့သားတော်ကို ဝင်စေ"ဟု အမိန့်တော်ပြန်လျှင် မဟောသဓသေနမိန်သည် နန်းတော်သို့ဝင်၍ မိမိနေရာ၌နေလျက် မင်းကြီးအား ခစား၏။ ဝိဒေဟရာဇ် မင်းကြီးလည်း နှုတ်ဆက်မေးမြန်းပြီးလျှင် မဟောသဓသေနမိန်ကို စုံစမ်းလိုသည်ဖြစ်၍ 'သုခီပိ ဟေကေ န ကရောန္တိ ပါပံ' အစရှိသောဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ငါ့သား မဟောသဓ။ ဤလောက၌ ငါတို့ကဲ့သို့ အချို့သောစည်းစိမ်ရှင်တို့သည် မိမိရအပ်သော စည်းစိမ်ထက် လွန်စွာသောစည်းစိမ်ကို အလိုရှိ၍ တစ်ပြည်တစ်နိုင်ငံတို့ကို တိုက်ဖျက် သိမ်းယူချင်သော်လည်း ပညာအကြံအစည် မပြန့်ပြူးချေသောကြောင့် သူကပြန်လှန်သဖြင့် မိမိအကျော်အစောမဲ့ ဖြစ်မည်ကိုစိုး၍ စစ်ထိုးခြင်းစသော မကောင်းမှုကို မပြု။ အချို့သောသူသည် မိမိ စွမ်းနိုင်အံ့ထင်၍ သူတစ်ပါးကို သိမ်းအုပ်ချင်သော်လည်း မိမိ စိတ်တူသဘောမျှဖြစ်သော တိုင်ပင်ကြံဆောင်ဖော်ကို မရခြင်းကြောင့် သူတစ်ပါးတို့အား နှိပ်စက်ခြင်း အစရှိသော မကောင်းမှုကို မပြု။ အချို့သောသူသည် ပြန့်ပြူးသော ပညာအကြံအစည် ဘုန်းလက်ရုံးနှင့်ပြည့်စုံလျက် ကျေးဇူးရှင်ကို ငါ ပြစ်မှားချေလျှင် ငါကြံတိုင်းပင်မြောက်သော်လည်း နောက်နောင် သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်ပြုသဖြင့် ငါ့အား အကျော်အစောမဲ့ဖြစ်ရာ၏ဟု ဆင်ခြင်အောက်မေ့၍ မိမိကျေးဇူးရှင်ဖြစ်သောသူတို့အား ပြစ်မှားခြင်းကို မပြု။

"ငါ့သားသည်လည်း အထူးထူးအပြားပြား များမြတ်သော အကြံအစည် ပညာနှင့်ပြည့်စုံသည်ဖြစ်၍ ခပ်သိမ်းသောလူအပေါင်းတို့ကို မိမိအလိုသို့လိုက်ပါစေသဖြင့် ဤဇမ္ဗူဒီပ်ကျွန်းအပြင်၌ ထီးဖြူဆောင်းချင်းမင်းအပေါင်းတို့ကိုသိမ်းယူ၍ ဧကရာဇ်မင်းစည်းစိမ်ကို သော်လည်း ဖြစ်စေခြင်းကိုငှာ စွမ်းနိုင်သောပညာရှင်ဖြစ်လျက် ပညာအကြံအစည် မပြန့်ပြူးသောငါတို့အား ထီးနန်းစည်းစိမ်မှ ယုတ်စေခြင်း စသောဆင်းရဲကို အဘယ့်ကြောင့် သင် မပြုသနည်း"ဟု ဆို၏။

မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းသေနမိန်သည် ပညာရှိ သူတော်ကောင်းတို့ကျင့်ထုံးကို ပြလို၍ 'နပဏ္ဍိတာ အတ္တသုခဿ ဟေတု' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ဤလောက၌ ပညာရှိစင်စစ် မှန်ကန်သောသူတို့သည် မိမိချမ်းသာခြင်းကိုသာ ရှေးရှု၍ သူတစ်ပါးတို့ဆင်းရဲကြောင်း မကောင်းမှုဒုစရိုက်တို့ကို မပြုမကျင့်ကုန်။ ၈ ပါးသော လောကဓံ[၃၅၁]နှင့် ဆက်ဆံ၍ ဖောက်ပြန်ခြင်းသဘောကို မလွန်နိုင်ခြင်းကြောင့် ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြီးရှင်ခံပြီး၍ တစ်ဖန် စည်းစိမ်ဖျက်သိမ်းဖောက်လှဲ၍ ဆင်းရဲခြင်းသို့ရောက်သော်လည်း ထို ပညာရှိစစ်စစ် မှန်ကန်သောသူတို့သည် မိမိအလိုနှင့်လျော်စွာ မလားအပ်သည်ကိုလားခြင်းဟု ဆိုအပ်သော ဆန္ဒာဂတိ[၃၅၂],ဒေါသမျက်မာန် ရန်ငြိုး ၉ ပါးတို့ကြောင့် မလားအပ်သည်ကိုလားခြင်းဟု ဆိုအပ်သော ဒေါသာဂတိ[၃၅၃], ဤဂတိ ၂ ပါးသို့လိုက်၍ မိမိ၌ကျင့်မြဲဖြစ်သော သူတော်ကောင်းတရားကို မစွန့်ကုန်။ ဤသို့ကျင့်ခြင်းသည်ကား ပညာရှိ စစ်စစ် မှန်ကန်သော သူတော်ကောင်း တို့၏ ထုံးတမ်းကျင့်စဉ် ဖြစ်ပါတော့သည်"ဟု လျှောက်ဆို၏။

ဝိဒေဟရာဇ်မင်းကြီးသည် တစ်ဖန် ရာဇမာယာ[၃၅၄]ဖြင့် မဟောသဓ သုခမိန်စိတ်ကို စမ်းလိုပြန်သောကြောင့် 'ယေန ကေနစိ ဝဏ္ဏေန' အစရှိသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"ငါ့သား သုခမိန်။ ပညာရှိစစ်စစ် မှန်ကန်သောသူတို့၌ သင်ဆိုတိုင်း ကျင့်ရိုးအစဉ် ရှိသည်ပင်ဖြစ်စေ၊ မိမိ၌ တစ်စုံတစ်ခု အမှုခက်ခဲစွာ ပေါ်ရောက်လျှင် မိမိတို့ကျင့်စဉ်ဖြစ်သော သူတော်ကောင်းတရားကိုပင် သော်လည်း ထိုအခိုက်အတန့်မျှ စွန့်ပစ်၍ မနှစ်သက်အပ်သော အကုသိုလ်တရားကိုပြုသဖြင့် ထို အမှုအခက်အခဲမှ ထွက်မြောက်လွတ်ငြိမ်းပြီးလျှင် မိမိကျင့်စဉ်ဖြစ်သော သူတော်ကောင်းတရားကိုပင် ကျင့်ရကောင်းပါသည် မဟုတ်လော"ဟုဆို၏။

[ဤစကား၌ မင်းကြီးသည် 'သင်စွမ်းနိုင်သောသူ ဖြစ်သည်နှင့်အညီ ငါ့ကို ထီးနန်းစည်းစိမ်မှ ရှုတ်ချပြီး၍ သင် ထီးနန်းကိုရသောအခါ ကျင့်ရိုးအစဉ်ရှိသည့်အတိုင်း သူတော်ကောင်းတရားကိုပင် ကျင့်ရကောင်းပါမည် မဟုတ်ပါလော'ဟု ဆိုလိုရင်းပင် ဖြစ်သည်ကို တိုက်ရိုက်မဆိုလိုသောကြောင့် အများနှင့်ဆက်ဆံသော စကားကို ဆိုသတည်း။]

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ခင်ပွန်း ၁၀ ပါးတို့အား မပြစ်မှားအပ်သည်ကို သစ်ပင်ဥပမာဖြင့် ထင်စွာပြလို၍ 'ယဿ ရုက္ခဿ ဆာယာယ' အစရှိသောဂါထာဖြင့် လျှောက်ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အသက်ရှိသော ခင်ပွန်း ၁၀ ပါးတို့ကို ထင်ရှားသိသာလောက်ပြီဖြစ်၍ မလျှောက်မဆိုပါပြီ။ အသက်မရှိ ဥတုဇရုပ်[၃၅၅]မျှသာဖြစ်သော သစ်ပင်ကိုသော်လည်း အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌ အိပ်ဖူး, နေဖူး နားဝင်ခိုလှုံဖူးသည်ဖြစ်အံ့။ ထိုသူသည် ထိုသစ်ပင်ကို မဖျက်ဆီးရာ။ အကယ်၍ ထိုသူ ဖျက်စီးငြားအံ့။ ခင်ပွန်းကိုပြစ်မှားသော သူယုတ်မာဟု ထိုသူကို မှတ်အပ်၏။ အရှင်မင်းကြီးသည်လည်း အကျွန်ုပ်ကို သားအရာ၌ထား၍ သူကောင်းပြုတော်မူ၏။ ကျွန်ုပ်၏မိဘကိုလည်း ကျေးစားရွာစား အဆောင်အရွက်ပေးသဖြင့် သူဌေးမျိုးမှ အမတ်မျိုးဖြစ်အောင် မြှောက်စားချီးမြှင့်တော်မူ၏။ ထိုသို့သော ကျေးဇူးရှင်ကိုစင်လျက် အကျွန်ုပ်ပြစ်မှားချေသော် ခင်ပွန်းပြစ်မှားခြင်းသို့ရောက်၍ ဆိုးညစ်ယုတ်မာသော သူတို့အောက် အထူးသဖြင့် ယုတ်လှစွာသောသူယုတ်မာ မဖြစ်လေပြီလော"ဟု လျှောက်ဆိုပြီးလျှင် ဘုရားလောင်း သုခမိန်သည် မင်းကြီး၏စိတ်ကို မဖိတ်မစောင်း ကောင်းသောတရား၌တည်စေခြင်းငှာ အဆုံးအမပေးလို၍ ၃ ဂါထာဖြင့် ဤသို့ ညွှန်ပြဟောကြားတော်မူ၏။

'ယဿ ဟိ ဓမ္မံ မနုဇော ဝိဇညာ၊ ယေ စဿ ကင်္ခံ ဝိနယန္တိ သန္တော။
တဉှိဿ ဒီပဉ္စ ပရာယနဉ္စ၊ န တေန မိတ္တံ ပဇဟေယျ ပညော။ ။



www.burmeseclassic.com

အလသော ဂိဟီ ကာမဘောဂီ နသာဓု၊
အသညတော ပဗ္ဗဇိတော န သာဓု၊
ရာဇာ န သာဓု အနိသမ္မကာရီ၊
ယောပဏ္ဍိတော ကောဓနော တံန သာဓု။ ။
နိသမ္မ ခတ္တိယော ကယိရာ၊ နာနိသမ္မ ဒိသမ္ပတိ။
နိသမ္မကာရိနော ရညော၊ ယသော ကိတ္တိစ ဝဍ္ဍတိ။ ။'

မဟာရာဇ၊ အရှင်မင်းကြီး။ မနုဇော၊ လူဖြစ်သောသူသည်။ ယဿ၊ အကြင်ဆရာ၏။ သန္တိကာ၊ အထံမှ။ ဓမ္မံ၊ ကျင့်ရာဆောင်ရာဖြစ်သော တရားကို။ ဝိဇညာ၊ သိရာ၏။ သန္တော၊ သူတော်ကောင်းဖြစ်ကုန်သော။ ယေစ၊ အကြင်သူတို့သည်လည်း။ အဿ၊ ထိုသူ၏။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိနယန္တိ၊ ဖျောက်ပယ်ကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ တံ၊ ထိုတရားပြညွှန်ခြင်း, ယုံမှားကိုဖျောက်ခြင်းသည်။ အဿ၊ ထိုသူ၏။ ဒီပဥ္စ၊ ကိုးကွယ်ရာ ကျွန်းကြီးသဖွယ်လည်း ဖြစ်ပေ၏။ ပရာယနဥ္စ၊ လဲလျောင်းရာလည်း ဖြစ်ပေ၏။ တေန၊ ထိုဆရာနှင့်။ သဒ္ဓိံ၊ တကွ။ မိတ္တံ၊ အဆွေခင်ပွန်းအဖြစ်ကို။ ပညော၊ ပညာရှိသောသူသည်။ နပဇဟေယျ၊ မစွန့်ရာ။

မဟာရာဇ၊ အရှင်မင်းကြီး။ ကာမဘောဂီ၊ အိမ်ရာထောင်သော။ ဂိဟီ၊ လူသည်။ အလသော၊ ပျင်းရိမှုကား။ နသာဓု၊ မကောင်း။ ပဗ္ဗဇိတော၊ ရသေ့ရဟန်းဖြစ်သောသူသည်။ အသညတော၊ ကိုယ်,နှုတ်,နှလုံး မစောင့်မှုကား။ နသာဓု၊ မကောင်း။ ရာဇာ၊ ရေမြေသခင်မင်းသည်။ အနိသမ္မကာရီ၊ အမှုကိုစူးစမ်းဆင်ခြင်၍ ပြုလေ့မရှိမှုကား။ နသာဓု၊ မကောင်း။ ယော၊ အကြင်သူသည်။ ပဏ္ဍိတော၊ ပညာရှိလျက်။ ကောဓနော၊ အမျက်ထွက်တတ်၏။ တံ၊ ထိုအမျက်ထွက်ခြင်းသည်။ နသာဓု၊ မကောင်း။

မဟာရာဇ၊ အရှင်မင်းကြီး။ ခတ္တိယော၊ မြေကြီးသေဋ္ဌနင်းမင်းသည်။ နိသမ္မ၊ စူးစမ်းဆင်ခြင်၍။ ကယိရာ၊ ပြုရာ၏။ ဒိသမ္ပတိ၊ အရပ်မျက်နှာတို့၏ အကြီးဖြစ်သောမင်းသည်။ အနိသမ္မ၊ မစူးစမ်းမူ၍။ နကယိရာ၊ မပြုရာ။ နိသမ္မကာရိနော၊ စူးစမ်းဆင်ခြင်၍ပြုလေ့ရှိသော။ ရညော၊ မင်းအား။ ယသောစ၊ အခြံအရံသည် လည်းကောင်း။ ကိတ္တိစ၊ ကျေးဇူးသတင်း ကျော်စောခြင်းသည် လည်းကောင်း။ ဝဍ္ဍတိ၊ နေ့ညဉ့်မပြတ် ပွားရာ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူ၏ထံမှ သိအပ်မှတ်အပ် ကျင့်ဆောင်အပ်သော တရားစကားကို အနည်းငယ်မျှပင်လည်း ရသည်ဖြစ်စေ။ မိမိ၌ ယုံမှားရှိသောအခါ ဤယုံမှားကို ပယ်ဖျောက်ပေးသည်လည်းဖြစ်စေ။ ဤသို့ နည်းဥပဒေသ [၁၄၈] ပေးပေသောသူ, ယုံမှားခြင်းကို ဖျောက်ပေးသော သူတို့သည် မိမိ၏မှီခိုရာ ကျွန်းကြီးသဖွယ်လည်း ဖြစ်၏။ ကိုးကွယ်လဲလျောင်းရာ လိုဏ် [၁၄၉] နန်းသဖွယ်လည်း ဖြစ်၏။ ထို နည်းဥပဒေသ ပေးပေသောသူ, ယုံမှားခြင်းကို ဖျောက်ပေးသောသူတို့နှင့် အခါမပြတ်လျှင် အဆွေခင်ပွန်းဖွဲ့ခြင်းကို ပြုအပ်၏။ ပြစ်မှားသောအားဖြင့် မစွန့်အပ်။

"အရှင်မင်းကြီး။ အိမ်ရာထောင်သောသူဖြစ်လျက် ပျင်းရိသောသူသည် စီးပွားချမ်းသာ ယုတ်လျော့ခြင်း၏ အကြောင်းဖြစ်သောကြောင့် မကောင်း။ ရသေ့ရဟန်းဖြစ်လျက် သီလမရှိမှုကား ပစ္စုပ္ပန်,သံသရာ ပျက်စီးရာသော အကြောင်းဖြစ်သောကြောင့် မကောင်း။ အစိုးရသောမင်းဖြစ်လျက် ရောက်လာသောအမှုကို မိမိနား,မျက်စိဖြင့် မျက်မှောက်ထင်ထင် ကြားမြင်အောင်ပြုသဖြင့် ထောက်ရှုဆင်ခြင်စုံစမ်း၍ ပြုလေ့မရှိမှုကား မိမိအခြံအရံ

www.burmeseclassic.com



ကျေးဖူးသတင်း ပျက်စီးခြင်း၏အကြောင်းဖြစ်သောကြောင့် မကောင်း။ အကြင်သူသည် ပညာရှိဖြစ်လျက် မြဲမြံစွာ သတိကိုမဖြစ်စေဘဲ အမျက်ထွက်လွယ်ခြင်းသည် သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်း၏အကြောင်း ဖြစ်သောကြောင့် မကောင်း။

"အရှင်မင်းကြီး။ အရပ်မျက်နှာတို့၏ အကြီးဖြစ်သော ရေမြေသေဌ်နှင်း မင်းတို့သည် ခပ်သိမ်းသော အရာတို့၌ စူးစမ်းဆင်ခြင်၍သာ ပြုအပ်၏။ မစူးမစမ်းမူ၍ မပြုအပ်။ စူးစမ်းဆင်ခြင်လေ့ရှိသော မင်းတို့အား အခြံအရံ ပွားများခြင်း, ကျေးဖူးသတင်း ကျော်စောခြင်းတို့သည် တိုးတက်ပြန့်ပွားသည် ဖြစ်ရာ၏" ဟုဆို၏။

## ၃၂။ ဒေဝဓိတာ ပုစ္ဆိတ ပဉှာခန်း[၁၅၈]

ဤသို့ ဘုရားလောင်း မဟောသဓသုခမိန် တရားစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ဘုရားလောင်း မဟောသဓသုခမိန်ကို ဆောင်းအပ်သောထီးဖြူရှိသော ရာဇပလ္လင်ပေါ်၌ နေစေပြီးသော် ထီးချက်စောင့် နတ်သမီး မေးအပ်သောပြဿနာကို ဤသို့ ပြန်ကြားမေးမြန်း၏။

"ငါ၏သားတော် သုခမိန်။ ထီးချက်စောင့်နတ်သမီးသည် ညဉ့်အဖို့၌ ၄ ပါးသောပြဿနာကို ၄ ဂါထာဖြင့် ငါ့အားမေး၏။ ငါသည် ထိုပြဿနာ၏အနက်ကို မသိမထင်နိုင်သောကြောင့် သုခမိန် အမတ် ၄ ယောက် တို့အား မေးမြန်းပါသော်လည်း ထို သုခမိန် ၄ ယောက်တို့တွင် တစ်ယောက်သောသုခမိန်မျှ ဤပြဿနာအနက်ကို မသိမထင်ကြဖြစ်၍ ငါ့သားသုခမိန်အား ယခု ငါ မေးပါအံ့။ ဖြေစွမ်းရှိလျှင် ဖြေပါလော့" ဟုဆို၏။ မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည်

"အရှင်မင်းကြီး။ ထီးချက်စောင့်နတ်သမီးကိုထား၍ ထိုနတ်သမီးထက် ပညာရှိသော စာတုမဟာရာဇ် နတ်မင်း, တာဝတိံသာစသော, နတ်, သိကြား, ဗြဟ္မာတို့ပင်လည်း လျှို့ဝှက်သောအနက် ခဲခက်သောပြဿနာကို ဂါထာများစွာနှင့် မေးငြားသော်လည်း အကျွန်ုပ် ဖြေစွမ်းနိုင်ပါ၏။ ဤလောက၌ မည်သည့်သူမဆို ထီးချက်စောင့် နတ်သမီးပင် ဖြစ်စေ၊ အရှင်မင်းကြီးအား မေးလာသော ပြဿနာရှိလျှင် ကြားတော်မူလော့။ အကျွန်ုပ် ဖြေပါအံ့" ဟု ဆို၏။ ထိုစကားကို ဝိဒေဟရာဇ်မင်းကြီး ကြားလျှင် ထီးချက်စောင့်နတ်သမီးမေးသော ၄ ဂါထာကို ဆိုခဲ့ပြီးသော နည်းဖြင့် ပြန်ကြားလေ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ပြဿနာဂါထာ ၄ ခုကိုကြားလျှင် ဤဂါထာကား ဤအနက်ဟု လက်ဝါးပြင်၌ တင်ပြသကဲ့သို့ ထွက်သမျှ အဓိပ္ပာယ်ကို အလွယ်တကူ နှလုံးမူကာနှင့် သိမြင်ပြီးသော် ဤသို့ဖြေပေ၏။

"အရှင်မင်းကြီး။ နတ်သမီးအမေးတွင် ရှေးဦးစွာဂါထာ၌ 'အကြင်သူက ခြေ,လက်တို့ဖြင့် ပုတ်ခတ်ခြင်းကိုပြု၏။ ထိုသို့ပြုလျက် ထိုပုတ်ခတ်သောသူကိုပင် ခံရသောသူသည် အလွန်ချစ်ခင် လေးမြတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏'ဟူရာ၌ ဂါထာအထွက် အနက်အဓိပ္ပာယ်ကား အခြားသူ မဟုတ်ပါ။ ဖွား၍ ၂လ, ၃လရှိပြီးသော သားငယ်နှင့် မိခင်, ဖခင်တို့ကို ဆိုပါသည်။ ထိုသားငယ်ကို အမိ ရင်ခွင်၌ထား၍ နို့တိုက်သောအခါ သားငယ်သည် ရွှင်သောအားဖြင့် မိမိခြေလက်ဖြင့် အမိရင်ကိုလည်းကောင်း, မျက်နှာကို လည်းကောင်း ကျောက်ကန်ပုတ်ခတ်ခြင်းကို ပြု၏။ မိမိလက်ဖြင့် အမိ၏ဆံပင်ကိုမူလည်း ဆွဲငင်၏။ ထိုသို့ သားငယ် ကျောက်ကန်ပုတ်ခတ် ဆွဲငင်သောအခါ မိခင်သည် 'သူယုတ်သား, ခိုးသူသား, မည်သူမည်ဝါသား'ဟု နှုတ်ဖြင့်ဆိုသော်ကာသာ၊ ကြင်နာခြင်းစိတ်ကား ယိုဖိတ်မတတ်ဖြစ်သဖြင့် ထိုသားငယ်ကို မိမိသားမြတ်ကြား၌ အိပ်စေခြင်း၊ အသာအယာပိုက်ဖက်၍ မျက်နှာ, နဖူး, ဒူး, ခြေ, လက်ရုံး စသည်တို့ကို နမ်းရှုပ်ခြင်းကိုပြုလျက် လွန်စွာချစ်ခင်ကြင်နာခြင်း ဖြစ်၏။ အဖသည်လည်း သားငယ်ကိုချီသောအခါ အမိနှင့်အတူပင်လျှင် သားငယ်အား ချစ်ကြင်နာခြင်း ဖြစ်၏။ ဤစကားကို ရည်၍သာလျှင် ရှေးဦးစွာ ဂါထာဖြင့် နတ်သမီးမေးသည်"ဟု ဖြေဆိုတော်မူ၏။

ဤသို့ ဘုရားလောင်းဖြေဆိုသောစကားကို နတ်သမီးကြားလေသော် ထီးချက်ကို ဖွင့်လှစ်ပြီးလျှင် ထက်ဝက်သောကိုယ်ကိုပြလျက် "မဟောသဓသုခမိန်သည် ခဲခက်သောပြဿနာကို ကောင်းစွာဖြေဆိုပေစွ"ဟု ကောင်းချီးပေး၍ ပန်းကလပ်ဖြင့် ပြည့်စေအပ်သော အထူးထူးအပြားပြား များစွာသော နတ်ပန်းတို့ဖြင့် ဘုရားလောင်းအား ပူဇော်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း အထူးထူးသောပန်းတို့ဖြင့် ပူဇော်ခြင်းကိုပြု၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ဒုတိယအမေးကို ဆိုတော်မူလော့"ဟု ဆို၏။ မင်းကြီးသည်လည်း နတ်သမီးမေးသည့်အတိုင်း ဒုတိယဂါထာဖြင့် မေးပြန်၏။ ဘုရားလောင်းမဟောသဓ သုခမိန်သည် ထိုဂါထာ၏ အနက်ကိုလည်း ကောင်းကင်ပြင်၌ လစက်ဝန်းကဲ့သို့ ငြိစွန်းမထင် သိမြင်ပြီးဖြစ်၍ "နာတော်မူဦးလော့"ဟုဆိုပြီးလျှင် ဤသို့ဖြေတော်မူပြန်၏။

"အရှင်မင်းကြီး။ ဒုတိယပြဿနာဂါထာ၏အထွက် အနက်အဓိပ္ပာယ်ကား အခြားသူ မဟုတ်ပါ။ အမိအဖတို့အား အစေအပါးရလောက်ပြီးသော ၇ နှစ်, ၈ နှစ် အရွယ်သားငယ်နှင့် မိဘတို့ကို ဆိုလိုပါသည်။ အမိသည် ၇ နှစ်, ၈ နှစ် ရှိပြီးသော သားငယ်ကို 'ချစ်သား။ ဤမည်သောအရပ်သို့ သွားပါချေဟု လယ်တောသို့လည်းကောင်း, ကုန်ရောင်းဝယ်ရာသို့လည်းကောင်း, သူတစ်ပါးအိမ်သို့လည်းကောင်း, မိမိအလိုရှိရာသို့ သွားပါချေဟု မိခင်စေခိုင်းလျှင်၊ ထိုသားငယ်သည် 'ငါ့အား မိခင်။ အဘယ်စားဖွယ်, ခဲဖွယ်ကိုပေးမည်နည်း။ ဤမည်သော ခဲဖွယ်စားဖွယ်ကို ပေးလျှင် သွားအံ့'ဟုဆိုသည်ကို မိခင်သည် သားဆိုတိုင်းပင်လျှင် လိုရာခဲဖွယ်စားဖွယ်ကို ပေး၍၊ ရလျှင် အမိစေခိုင်းရာသို့မသွားဘဲ သူငယ်ဖော် ကစားဖက်တွေ့လျှင် ထိုတွေ့ရာ၌သာ ကစား၍နေလေပြီးမှ အိမ်သို့ပြန်သဖြင့်၊ အမိက 'ချစ်သား။ မိခင်စေခိုင်းရာ ရောက်ခဲ့ပါ၏လော'ဟု မေးလျှင် ထိုသူငယ်သည် အမိထံသို့မချဉ်းကပ်ဘဲ အိမ်ရိပ်ကသာနေလျက် မာနပြုသောအားဖြင့် 'အမိစေရာ ငါမသွား'ဟု လက်ခြေကို ခါတွက်ခုန်ပေါက်၍ ဆောင့်အောင့်မြည်တမ်းခြင်းကို ပြု၏။ အမိသည် သားငယ်ကို 'လာခဲ့'ဟု ခေါ်သော်လည်း သားငယ် မလာလိုလတ်သော် ဝါးခြမ်းစိတ် စသည်ကိုကိုင်လျက် ရိုက်အံ့ ဟုလိုက်လျှင် သူငယ်သည်လည်း ဆဲရေးလျက် လွတ်ရာပြေးလေသဖြင့် အမိသည် သားကို မမီနိုင်ခြင်းကြောင့် အမျက်ထွက်၍ 'ဟယ်၊ အယုတ်သား။ ဆင်တိုး၍ သေပါလေစေ၊ ကျွဲရိုင်းခတ်၍ သေပါလေစေ' စသည်ဖြင့် ကျိန်ဆဲလိုက်၏။

"ထိုသူငယ်သည်လည်း ညဉ့်တိုင်သောအခါ အိမ်သို့ မချဉ်းဝံ့သဖြင့် မိကြီး, မိထွေး, ဘထွေး, ဘကြီးစသော ဆွေမျိုးတို့အိမ်သို့ သွား၍နေလေ၏။ မိခင်သည် သားအချိန်တန်၍ မလာလတ်သော် 'ငါ့သားသည်



www.burmeseclassic.com

www.burmeseclassic.com



ငါးဆဲရေး ခြိမ်းခြောက်လိုက်သဖြင့် အိမ်သို့ မချဉ်းဝံ့သောကြောင့် ထွက်ပြေးလေသည်။ ယခုအချိန်တန်၍မှ မပေါ်ရောက်လာ။ အဘယ်မှာ ရှိလိမ့်အံ့နည်း'ဟု ပြင်းစွာနှလုံးပင်ပန်းလျက် လမ်းခရီး၌ လှည့်လည်ရှာဖွေခေါ်သဖြင့် ဆွေမျိုးအိမ်တွင် သားငယ်ကို တွေ့မြင်သောအခါ ယိုစီးသောမျက်ရည်ဖြင့် သားငယ်ကိုဆွဲလျက် နဖူးစသည်တို့ကိုနမ်းရှုပ်၍ 'ချစ်သား။ မိခင်ဆဲရေးသည်ကို စိတ်ထားသလော'ဟု ဆိုပြောချော့မော့ကာသာလျှင် အိမ်သို့ခေါ်ဆောင်ခဲ့၏။ ဤသို့ အမိသည် သားငယ်ကို အလွန်အမျက်ထွက်၍ဆဲဆိုသော်လည်း နှလုံးတွင်း၌ အလွန်သိမ်မွေ့သဖြင့် ချစ်မြတ်နိုးခြင်း ဖြစ်၏။ ဤ ၇ နှစ် ၈ နှစ်အရွယ်ရှိသောသားနှင့် မိဘတို့ကိုရည်၍ ဤဂါထာဖြင့် နတ်သမီး မေးပါသည်"ဟု ဖြေဆို၏။

ဤ ဒုတိယဂါထာကို ဖြေသောအခါ၌လည်း နတ်သမီးသည် ရွှေနည်းအတူ ကောင်းချီးပေး၍ နတ်ပန်းဖြင့် ပူဇော်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ရွှေနည်းအတူ ပန်းဖြင့် ပူဇော်ခြင်းကိုပြု၏။

ဘုရားလောင်း မဟောသဓသေ့ခမိန်သည် "အရှင်မင်းကြီး။ တတိယအမေးကို ဆိုတော်မူဦးလော့"ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း နတ်သမီးမေးသောနည်းဖြင့် တတိယဂါထာဖြင့် မေးပြန်၏။ ဘုရားလောင်း မဟောသဓသေ့ခမိန်သည် ထိုဂါထာကိုကြားလျှင် ကောင်းကင်ပြင်၌ လစက်ဝန်းကဲ့သို့ ငြီးစွန်းမထင် သိမြင်သည်ဖြစ်၍ "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟုဆိုလျက် ဤသို့ဖြေပြန်၏။

"အရှင်မင်းကြီး။ ဤ တတိယဂါထာ၏အထွက် အနက်အဓိပ္ပာယ်မှာ အခြားသူ မဟုတ်။ အရွယ်ရှိကြသေးသော လင်နှင့်မယားကို ရည်၍ဆိုပါသည်။ အကြင် လင်မယား ၂ ယောက်တို့သည် ဆိတ်ကွယ်ရာအရပ်၌ ၂ ယောက်တည်းချင်း လူမှု၌ပျော်ရွှင်ကြသောအခါ လင်သည် မယားကို မနာလိုမနှစ်သက်အောင် 'သင့်ကို ကြိုက်ချစ်သော ယောကျ်ားမည်သူကား ပညာစည်းစိမ် ငါ့ထက်သာပေသဖြင့် ချစ်လောက်ပေ၏'ဟု မဟုတ်မမှန်သော စကားဖြင့်မူလည်း စွပ်စွဲ၏။ 'သင့်ကိုမြင်လျှင် အော့ချင်အန်ချင် နှလုံးဆို့မြဲ ရှိ၏။ သင် ငါ့ကိုကွာပါလေသော် တခြားမှာရှိသည့်မယားနှင့် နေရလေ၏' စသည်ဖြင့် မုန်းဟန်စကားကို ဆို၏။ မယားသည်လည်း လင်ကို ထိုအတူပင်လျှင် လောက်ပျော်ရွှင်မှုနှင့် စွပ်စွဲဆိုမြည်လျက် မုန်းဟန်အယောင်ဆောင် ပြု၏။ ထိုသို့ဖြစ်ကြသော်လည်း ထို လင်မယား ၂ ယောက်တို့သည် ထိုအခိုက်၌သာလျှင် လွန်စွာလျှင် ကြင်နာချစ်ခင်ခြင်း ဖြစ်ကြကုန်၏။ ဤသို့ လင်မယား ၂ ယောက်ကိုရည်၍သာ ဤတတိယဂါထာကို နတ်သမီး မေးလေသည်"ဟု ဖြေဆို၏။

ထို တတိယဂါထာကို ဖြေသောအခါ၌လည်း ရွှေနည်းအတူပင် နတ်သမီး ပူဇော်ပြန်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ရွှေနည်းအတူပင် ပူဇော်ပြန်၏။

ဘုရားလောင်းသေ့ခမိန်သည် "အရှင်မင်းကြီး။ စတုတ္ထဂါထာကို ဆိုတော်မူဦးလော့"ဟု ဆို၏။ မင်းကြီးသည်လည်း နတ်သမီးမေးတိုင်း စတုတ္ထဂါထာကို ပြန်ကြား၏။ ဘုရားလောင်း မဟောသဓသေ့ခမိန်သည် ထိုပြဿနာ၏အနက်ကို ပြက်ပြက်ထင်ထင် သိမြင်သည်ဖြစ်၍ "အရှင်မင်းကြီး။ နာတော်မူဦးလော့"ဟု ဆို၍ ဤသို့ဖြေပြန်၏။

"အရှင်မင်းကြီး။ ဤပြဿနာ ဂါထာအထွက် အနက်အဓိပ္ပာယ်မှာ အခြားသူ မဟုတ်။ တရားစောင့်သော ရဟန်း, ပုဏ္ဏားတို့ကိုရည်၍ နတ်သမီး ဆိုပါသည်။ ထို တရားစောင့်သော ရဟန်း, ပုဏ္ဏားတို့သည် ကောင်းမှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သောကြောင့် ကံကို [၁]လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကံ၏အကျိုးကို လည်းကောင်း၊ ပစ္စုပ္ပန်လောက, တမလွန်လောကကို လည်းကောင်း ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံကုန်သောသူတို့သည် ထိုရဟန်း, ပုဏ္ဏားတို့ တောင်းသည်မှုလည်း ဖြစ်စေ၊ မတောင်းသည်မှုလည်း ဖြစ်စေ မိမိတို့၌ အားနှင့်ထိုက်လျော်သော လှူဖွယ်ဝတ္ထုတို့ကို ထိုရဟန်း,ပုဏ္ဏားတို့အား ပေးလှူ၏။ ပေးလှူသော မိမိပစ္စည်း ဥစ္စာတို့ကို ထိုရဟန်း,ပုဏ္ဏားတို့ သုံးဆောင်တိုင်းပင်လျှင် အလွန်နှစ်သက်မြတ်နိုးခြင်း ဖြစ်၏။ အရှင်မင်းကြီး။ အကျွန်ုပ်ဖြေဆိုသောစကားသည် စင်စစ်လျှင် မှန်၏။ ခပ်သိမ်းကုန်သောသူတို့သည် မိမိဥစ္စာကို အခါခါ တောင်းတတ်သောသူကိုလည်း မုန်းတတ်၏။ အကျွမ်းတဝင်ယူ၍ ကြိမ်ဖန်များစွာသုံးတတ်သော သူကိုလည်း မုန်းတတ်၏။ ထိုသို့လျက် သဒ္ဓါတရားနှင့်ပြည့်စုံသောသူတို့သည် တရားစောင့်ကုန်သော ရဟန်း, ပုဏ္ဏားတို့အား မိမိတို့ပစ္စည်းကို သုံးဆောင်တိုင်းပင် သာ၍ မြတ်နိုးကြည်ဖြူခြင်းသာလျှင် ဖြစ်ကုန်၏။ ဤ သဒ္ဓါတရားရှိသော သူနှင့် ရဟန်းပုဏ္ဏားတို့ကိုရည်၍ ဤပြဿနာကို နတ်သမီး မေးပါသည်"ဟု ဖြေဆို၏။

ထိုပြဿနာကို ဖြေသောအခါ၌ လည်း ထီးချက်စောင့်နတ်သမီးသည် အလွန်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ ရေးနည်းအတူ ကောင်းချီးပေးပြီးလျှင် "ရတနာ ၇ ပါးဖြင့်ပြီးသော ပန်းကလပ်ကို သုခမိန်အား ပူဇော်ပါ၏။ ယူလော့"ဟုဆိုပြီးလျှင် ဘုရားလောင်းအနီးသို့ ချလိုက်၏။

မင်းကြီးသည်လည်း ဤသို့သောပြဿနာ ၄ ဂါထာ၏အနက်ကို ဖြေဆိုပြီးသော် အလွန်နှစ်သက် မြတ်နိုးခြင်း ရှိသည်ဖြစ်၍ "ငါ့သားတော်သုခမိန်သည် မင်းသားငယ်တို့၏အရာနှင့် မတန်။ သေနာပတိ[၁၂]ဟု ဆိုအပ်သော စစ်ဘုရင်၏ အရာထူးအရာမြတ်နှင့်သာ ထိုက်တန်၏"ဟု အိမ်ရှေ့မင်း၏အရာ အဆောင်အရွက်ကို သာချန်ထား၍ အတုမရှိသော အချီးအမြှောက်ဖြင့် ဘုရားလောင်းအား စစ်ဘုရင် သေနာပတိအရာကို ပေးလေ၏။

ဤကား ဘုရားလောင်းအား ၈ ကြိမ်မြှောက်သော မင်း၏အချီးအမြှောက်ကို ခံရခြင်းတည်း။

## ၃၃။ ပဥ္စပဏ္ဍိတ ပဉှာခန်း[၁၃]

ဘုရားလောင်းသည် သေနာပတိအရာကိုရပြီးသော် မင်းကြီးစည်းစိမ်မှုတစ်ပါး အတုမရှိသော စည်းစိမ် အခြံအရံ ဘုန်းကျက်သရေ တိုးတက်ပြန့်ပွားသည်ဖြစ်၍ အမတ်သုခမိန် ၄ ယောက်တို့သည် ဤသို့တစ်ဖန် တိုင်ပင်ပြန်၏။ "ဆရာ သုခမိန်တို့။ ယခု သူကြွယ်သားသည် သေနာပတိအရာကို ရ၍ရှိချေပြီ။ ထိုစည်းစိမ်မှ ပျက်စေခြင်းငှာ အသို့ကြံ၍ ဖြစ်နိုင်အံ့နည်း"ဟု တိုင်ပင်ကြကုန်၏။

ထိုအခါ သေနကသုခမိန်အမတ်သည် "သင်တို့သူကြွယ်သား၌ ထိုသို့ စည်းစိမ်ကြီးသည်ပင် ဖြစ်စေကာမူ ငါတို့ကား ပညာရှိပင် မဟုတ်ပါလော။ တစ်ခုသောဥပါယ်တံမျဉ်ကို ငါ ကြံမိ၏။ ငါတို့ သုခမိန် ၄ ယောက်တို့သည် သူကြွယ်သားအိမ်သို့သွားပြီးသော် 'လျှို့ဝှက်အပ်သောစကားကို အဘယ်သူအား ပြောအပ်သနည်း'ဟု မေးကြကုန်အံ့။ ထိုသို့မေးလျှင် သူကြွယ်သားသည် 'လျှို့ဝှက်အပ်သောစကားကို အဘယ်သူအားမျှ မပြောအပ်'ဟု ဆိုလတ္တံ့။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုသောအခါ ငါတို့သည် မင်းကြီးထံသို့သွား၍ ကုန်းတိုက်ချောစား လျှောက်ထားရလျှင် သူကြွယ်သားသည် ဤစည်းစိမ်၌ တည်ရပ်နိုင်မည် မဟုတ်"ဟုဆို၍၊ အမတ် ၄ ယောက်တို့သည် သဘောညီမျှ တိုင်ပင်ကြပြီးသော် မဟောသဓသုခမိန်အိမ်သို့ သွား၍ နှုတ်ဆက်မေးမြန်းပြီးလျှင် ၃ ယောက်သောသုခမိန်တို့က သေနကအမတ်ကို "ဆရာသုခမိန်။ ရှေးဦးစွာ မေးတော်မူလော့"ဟု တိုက်တွန်းကြသဖြင့်၊ သေနကသုခမိန်သည် ဘုရားလောင်းအား "အရှင့်သားတော် သုခမိန်။ ယောကျ်ားတို့မည်သည် အဘယ်တရား၌ တည်အပ်သနည်း"ဟု မေး၏။

သေနကအမတ် စကားကိုကြားလျှင် မဟောသဓသုခမိန်သည် "ဆရာသေနက။ ယောကျ်ားတို့မည်သည်ကား သစ္စာ၌သာ တည်အပ်၏"ဟု ဆိုလတ်သော်၊ သေနကအမတ်သည် "အရှင့်သားတော် သုခမိန်။ သစ္စာ၌တည်သောသူသည် အဘယ်ကိုပြုအပ်သနည်း"ဟု မေးပြန်၏။

ဘုရားလောင်းသုခမိန်သည် "သေနကဆရာအမတ်။ သစ္စာ၌တည်သောသူသည် ဥစ္စာစည်းစိမ်ကို ဖြစ်စေအပ်၏" ဟုဆိုပြန်လျှင်၊ သေနကအမတ်သည် "အရှင့်သားတော် သုခမိန်။ ဥစ္စာစည်းစိမ်ကို ဖြစ်စေအပ်ပြီးသောသူသည် အဘယ်ကို ပြုအပ်သနည်း"ဟု မေးပြန်၏။ ဘုရားလောင်းသုခမိန်သည် "ဆရာအမတ်။ ဥစ္စာစည်းစိမ် ဖြစ်ပြီးသောသူသည် မိမိလျှို့ဝှက်သောစကားကို သူတစ်ပါးတို့အား မပြောအပ်"ဟု ဆိုလတ်သော်၊ သေနကအမတ်က "မဟောသဓသုခမိန်။ သင်၏စကားသည် ကောင်းပေစွ"ဟုဆို၍၊ သုခမိန် ၄ ယောက်တို့သည် မဟောသဓသုခမိန်အိမ်မှ ဖယ်ခဲ့ပြီးသော် ဝမ်းမြောက်ဝမ်းသာ "သူကြွယ်သား၏ပျက်စီးခြင်းကို ငါတို့ မြင်ရအံ့"ဟု ပြောဆို၍လာကြပြီးလျှင်၊ နန်းတော်သို့ဝင်၍ မင်းကြီးအား ဤသို့လျှောက်ထားကြကုန်၏။

"အရှင်မင်းကြီး။ သူကြွယ်သား မဟောသဓသည် နှုတ်ဖြင့်သာ အရှင့်စီးပွားတော်ကိုလိုဟန် ပညာရှိလက္ခဏာနှင့်ပြောဆို၍ စိတ်ထဲမဖြောင့်မမှန် အကောက်ကြံသူဖြစ်ပါသည်"ဟု လျှောက်ထားကြကုန်၏။

အမတ်တို့စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန်အမတ်တို့။ ငါ၏စီးပွားတော်ယုတ်လျော့ကြောင်း မကောင်းသောအတိုင်အပင်နှင့် သင်တို့အကြံမ်ကြံမ် ငါ့သားအား ပျက်စီးစေမှု မဟုတ်မမှန်သောအခွင့်ကိုရှာ၍ ငါသို့သောမင်းကိုလျက် လှည့်စားလျှောက်ထားကြသည်လည်း များလှပြီ။ ယခု သင်တို့ လျှောက်ထားသော်လည်း ငါမယုံ။ ငါ့သားသည် ငါ့အား အကောက်ကြံ၍ ဖောက်ပြန်မည့်သူ မဟုတ်"ဟု မိန့်တော်မူ၏။

မင်းကြီးစကားကိုကြားလျှင် အမတ် ၄ ယောက်တို့သည် "အရှင်မင်းကြီး။ အကျွန်ုပ်တို့လည်း အရှင့်ကျေးဇူးတော်ကိုခံစားသူ အမတ်သုခမိန်ဖြစ်သည်နှင့်အညီ သူတစ်ပါးတို့ မကောင်းကြံသည်များကို အရှင့်နား၊ မျက်စိပြု၍ ရှုကြည့်နားထောင် ရပါသည်။ အပေါ်စကားနှင့် သူကြွယ်သားလျှောက်ထားသည်ကို ယုံကြည်တော်မူသဖြင့် နောင်အရေးတော် မလုရှိခဲ့သော် အကျွန်ုပ်တို့လည်း ဝန်မလွတ်ကြချေ ဖြစ်သောကြောင့် ကြားသိလျှင်ကြားသိတိုင်း သူတစ်ပါးမျက်နှာကို မထောက်အရှင့်ဝတ်ပျက်မည်ကိုသာ ကြောက်ရွံ့ခြင်းဖြင့် ယခုလျှောက်ထားရပါသည်။ အကျွန်ုပ်တို့စကားကို ယုံတော်မမူလျှင် သူကြွယ်သားကို ခေါ်တော်မူ၍ ရာဇမာယာဖြင့် ထိုသူမသိသာအောင် 'လျှို့ဝှက်အပ်သောစကားကို အဘယ်သူအား ပြောအပ်မည်နည်း'ဟု မေးတော်မူပါ။ စင်စစ် ထိုသူ အကောက်ကြံမည်မှန်လျှင် 'လျှို့ဝှက်အပ်သောစကားကို အဘယ်သူအားမျှ ထို ကြံသောအမှုမပြီးမီ မပြောအပ်။ နှလုံးအလိုပြည့်မှုကား ပြောလိုလည်း ပြောအပ်ပါ၏'ဟု ဆိုလတ္တံ့။ ထိုသို့ဆိုသောစကားကို ကြားတော်မူရမှ အရှင်မင်းကြီးသည် ယခု အကျွန်ုပ်တို့ လျှောက်ထားသောစကားကို ယုံကြည်တော်မူမည် ဖြစ်ပါသည်"ဟု လျှောက်ထားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အမတ်တို့စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည်လည်း "ကောင်းပြီ။ မေးအံ့"ဟုဆို၍ အမတ်တို့စကားနှင့် ယှံမှားရှိပြန်လေ၏။

ထိုအခါ တစ်နေ့သ၌ သုခမိန် ၅ ယောက်တို့သည် မင်းကြီးအား ခစားလျက်နေကြလတ်သော် ဝိဒေဟရာဇ်မင်းကြီးသည် အမတ်တို့လျှောက်ထားသောစကားကို မေးလို၍ ဝီသတိနိပါတ်ကျမ်း၌ လာသော'ပဥ္စပဏ္ဍိတပဥှာခန်း'၌ ရှေးဦးစွာ 'ပဥ္စပဏ္ဍိတ သမာဂတာ ဒ္ထ' အစရှိသော ဂါထာဖြင့် သုခမိန် ၅ ယောက်တို့အား မေးတော်မူ၏။ အဓိပ္ပာယ်ကား–

"သုခမိန် ၅ ယောက်တို့။ ယခု သင်တို့ ၅ယောက် အညီအညွတ် စည်းဝေးမိခိုက်တွင် ငါ့အား တစ်ခုသောပြဿနာ ထင်လာ၏။ ထိုပြဿနာကို ငါ မေးတော်မူသူအံ့။ သတိစွဲ၍ နာကြကုန်။ ကဲ့ရဲ့အပ်သည် ဖြစ်စေ, ချီးမွမ်းအပ်သည်ဖြစ်စေ လျှို့ဝှက်အပ်သောစကားကို အဘယ်သူအား ပြောအပ်မည်နည်း"ဟု မေး၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်သည် ဤသို့ကြံ၏။ 'ငါတို့သည် မင်းကြီးကိုပြင်ထား၍ သူကြွယ်သားနှင့်သာ ချေလဲပြောဆိုရချေသော် ငါတို့ မတတ်နိုင်ရာ။ ထိုသို့ဖြစ်၍ မင်းကြီးကို ငါတို့အသင်းအပင်း အလိုတူအလိုပါဖြစ်အောင် အတွင်းသွင်းပြီးမှ လျှောက်ထားရလျှင် သူကြွယ်သားကား မခံနိုင်ရာ'ဟု ကြံပြီးသော် 'တွံ အာဝိကရော ဟိ ဘူမိပါလ' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"မြေအပြင်၌နေကုန်သော သူခပ်သိမ်းတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ ယခုအမေးတော်ရှိသည်မှာ အကျွန်ုပ်တို့ ၅ ယောက် လျှောက်ထားရပါတော့မည်။ ထိုသို့ဖြစ်သော်လည်း အရှင့်အလို တော်ကိုသိရမှ ဆန္ဒတော်နှင့်လည်းလျော်အောင်, အမေးတော်လည်းပြေအောင် ဆင်ခြင်စဉ်းစား၍ လျှောက်ပါမည်။ အရှင်မင်းကြီးသည်လည်း ပြည်ကြီးဝန်ကို ရွက်ဆောင်တော်မူရသည့်အရှင်ဖြစ်၍ 'လျှို့ဝှက်အပ်သောစကားကို မည်သည့်သူအားသာ ပြောအပ်၏၊ မည်သည်သူအား မပြောအပ်'ဟု မပြတ်ပင်ဆင်ခြင် သတိရှိတော်မူသည်နှင့် အညီ ရှေးဦးစွာ အရှင်မင်းကြီး၏အလိုတော်ကို ဆိုတော်မူစေချင်ပါသေးသည်"ဟု လျှောက်၏။

သေနကအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ကာမဂုဏ်[၁၄]ကြူးသောမင်းဖြစ်၍ မိမိအလိုနှင့် လျော်စွာ 'ယာ သီလဝတီ အနညထေယျာ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန် ၅ ယောက်တို့။ ငါ၏အလိုကို သင်တို့သိလိုလျှင် ငါဖြေဆိုအံ့။ အကြင်မယားသည် မိမိလင်မှတစ်ပါး ယောကျ်ားတစ်ဦးကိုကူးသန်း၍ မငြိတွယ်သောစိတ်ဖြင့် မဖိတ်မယို ကိုယ်ကိုဖြူစင်ကြောင်း ကောင်းမြတ်သောအကျင့်သီလနှင့် ပြည့်စုံခြင်း၊ မယားအပြား ၇ ပါးတို့တွင် သိကြားမင်း,နတ်,ဗြဟ္မာတို့ပင် လည်း ချီးမွမ်းကောင်းချီးပေးခြင်းငှာထိုက်လျက် အမြတ်ဆုံးသော ကျွန်ကောင်း၏အသွင် လင်၏အလိုသို့လိုက် သဖြင့် အလွန်ချစ်ကြင်နာဖွယ်ရှိခြင်း၊ ဤသို့သောအကျင့်မြတ်နှင့် ပြည့်စုံသော မယားကောင်းအား မိမိ၌ သူတစ်ပါး ကဲ့ရဲ့အပ်သည်ဖြစ်စေ, ချီးမွမ်းအပ်သည်ဖြစ်စေ လျှို့ဝှက်အပ်သောစကားကို ကြားသိစေအပ်၏။ ဤကား ငါ၏အလို ဖြစ်တော့သည်"ဟု ဆို၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်သည် 'ငါ၏အကြံအတိုင်း ယခုမင်းကြီးသည်လည်း ငါတို့၏အပင်းအသင်း အဝင်အပါဖြစ်ပြီ'ဟု နှစ်သက်ရွှင်လန်းလျက် မိမိပြုအပ်သောအမှုကို အမြွက်ဆောင်၍ 'ယော ကိစ္ဆဂတဿ အာတုရဿ' အစရှိသောဂါထာဖြင့် ကြားလျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ တစ်စုံတစ်ခု ဥပဒ်အန္တရာယ်[၁၅]အသွယ်သွယ်သော ဘေးရန်တို့ကြောင့် နှောင့်ယှက် ဖောက်လဲ ဆင်းရဲငြိုငြင် နာကျင်ခြင်းရှိသောအခါ ချမ်းသာလွတ်ငြိမ်းကြောင်း ကောင်းမြတ်ချစ်ခင်ကြင်နာလျက်



www.burmeseclassic.com

www.burmeseclassic.com



ညီညာမှိုင်းမ ဆောင်ရွက်ခြင်းစသည်ဖြင့် ကိုးကွယ်ခိုဝင် လဲလျောင်းရာကိုပြုသည်ဖြစ်၍ ချစ်မြတ်နိုးအပ်သော အဆွေခင်ပွန်းကောင်းအား လျှို့ဝှက်အပ်သောစကားကို ဆိုးသည်ဖြစ်စေ, ကောင်းသည်ဖြစ်စေ သိကြားစေအပ်၏။ ဤသည်လျှင် အကျွန်ုပ်၏အလို ဖြစ်ပါတော့သည်"ဟု လျှောက်၏။

သေနကအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "သေနကဆရာ့စကားကို ကြားသိရပြီ။ ပက္ကုသဆရာကား လျှို့ဝှက်အပ်သောစကားကို အဘယ်သူအား ပြောဆိုအပ်မည် ထင်သနည်း"ဟု မေးတော်မူ၏။ ပက္ကုသအမတ်သည်လည်း မိမိဥ္စရှိသော အမှုကိုအစွဲပြု၍ 'ဖဌေ္ဘာအထမဇ္ဈိမော ကနိဋ္ဌော' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ တစ်မိတစ်ဖတည်း သားချင်းပေါက်ဖော်ဖြစ်သောသူ အစ်ကိုမူလည်း ဖြစ်စေ, ညီမူလည်းဖြစ်စေ၊ အကြီး, အငယ်, အလတ် ၃ ပါးတို့တွင် မည်သူမဆို ပေါက်ဖော်ရင်းဖြစ်သောသူသည် အကျင့်သီလရှိခြင်း, ဖြောင့်မတ်တည်ကြည်သော သမာဓိရှိခြင်း, အမျက်မာန်ရန်ငြိုးမသို ကြည်ညိုချစ်ခင်ခြင်းနှင့် ပြည့်စုံသည်ဖြစ်အံ့။ ထို ပေါက်ဖော်အား လျှို့ဝှက်အပ်သောကြောင်း အကောင်းအဆိုး စကားမျိုးကိုပင် ကြားသိစေအပ်၏။ ဤသည်လျှင် အကျွန်ုပ်၏အလို ဖြစ်ပါတော့သည်"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပက္ကုသအမတ် တင်သောစကားကိုကြားလျှင် "သုခမိန် ၂ ဦးတို့စကားကို ကြားရပြီ။ ကာမိန္ဒအမတ်ကား အသို့ထင်သနည်း"ဟု မေးပြန်၏။ ကာမိန္ဒအမတ်သည်လည်း မိမိဥ္စ ရှိသောအမှုကို အစွဲပြု၍ 'ယောဝေပိတုဟာဒယဿ ပဒ္ဒဂူ' အစရှိသောဂါထာဖြင့် လျှောက်ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အတိဇာတ, အနုဇာတ, အဝဇာတအားဖြင့် သားအပြား ၃ ပါးတို့တွင် မယုတ်မလျော့သောပညာ,သတိ,ဝီရိယ[၁၆]ဖြင့် အဖနှင့်အကျင့် သဘောတူ အဖ၏အလိုသို့သာလိုက်၍ အဖနှစ်ခြိုက်ရာ ပြုတတ်သော အနုဇာတသားအား အဆိုးအကောင်းမဆို လျှို့ဝှက်အပ်သည့် အမှုဟူသမျှကိုပင် ပြောဆို သိကြားစေအပ်၏။ ဤသည်လျှင် အကျွန်ုပ်၏အလို ဖြစ်ပါတော့သည်"ဟု လျှောက်၏။

[ဤစကား၌ သားအပြား ၃ ပါးတွင် အတိဇာတသားဟူသည်ကား 'အနုပ္ပန္နံ ယသံဥပ္ပါဒေန္တော' အတိဇာတောဟူသော အဋ္ဌကထာနှင့်အညီ အဖသည် မစွမ်းဆောင်နိုင်၍ မဖြစ်စေအပ်သေးသော စည်းစိမ်ချမ်းသာ အခြံအရံကိုဖြစ်စေသဖြင့် အဖထက်လွန်စွာ သတိ,ဝီရိယ,ပညာဘုန်းကံ ပါရမီရှိသောသားသည် 'အတိဇာတသား' မည်၏။ 'ကုလပ္ပဝေဏိ ရက္ခကော ပန အနုဇာတော'ဟူသော အဋ္ဌကထာနှင့်အညီ အမိအဖတို့ အမျိုးအနွယ် ကျင့်ထုံးကျင့်စဉ် မပျက်ရအောင် စောင့်ရှောက်ခြင်းဖြင့် အမိအဖနှင့်ထပ်တူ သတိ,ဝီရိယ,ပညာ, ဘုန်းကံရှိသောသား သည် 'အနုဇာတသား'မည်၏။ 'ကုလကုံရော အဝဇာတော'ဟူသော အဋ္ဌကထာနှင့်အညီ သားရှိ၏ပြောရရုံ မိဘအမွေခံ အမျိုး၏အညွန့်အဖြစ်မျှသာရှိ၍ မိဘအောက် သတိ,ဝီရိယ,ပညာ ဘုန်းကံနည်းသောသားသည် 'အဝဇာတသား' မည်၏။ ထို ၃ ပါးတို့တွင် အတိဇာတသားဖြစ်အံ့။ အဖသည် ကောင်းသောစကားကို ပြောကြားလျှင် နှစ်သက်၏။ မကောင်းသောစကားကိုပြောကြားလျှင် အဖအလိုသို့ မလိုက်သဖြင့် ပစ်ပယ်တတ်သည်။ အနုဇာတသားဖြစ်အံ့။ အဖနှင့်တူမျှသော သဘောရှိသောကြောင့် ကောင်းသောစကား ဖြစ်စေ၊ မကောင်းသောစကား ဖြစ်စေ အဖအလိုသို့လိုက်၍ ပြောဆိုတတ်၏။ အဝဇာတသားဖြစ်အံ့။ အဖသည် ကြားသိစေအပ်သောစကားကို သူတစ်ပါးကြားတန်သည်, မကြားတန်သည်ဟု အမှတ်ရှိသဖြင့် ပြောဆိုတတ်၏။ ထို့ကြောင့် ကာမိန္ဒ အမတ်သည် 'မိမိလျှို့ဝှက်သောအပ်စကားကို အနုဇာတသားအား ပြောဆိုကြားသိစေအပ်၏'ဟု ဆိုသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ကာမိန္ဒအမတ် တင်သောစကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန် ၃ ယောက်တို့စကားကို ကြားရပြီ။ ဒေဝိန္ဒသုခမိန်ကား အသို့ထင်သနည်း"ဟု မေးတော်မူ၏။ ဒေဝိန္ဒအမတ်သည် မင်းကြီးစကားကို ကြားလျှင် မိမိ၌ရှိသောအမှုကို အစွဲပြု၍ 'မာတာ ဒွိပဒါ ဇနိန္ဒသေဋ္ဌ ယာနံ' အစရှိသောဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ အကြင်အမိသည် သားကို မိမိအလိုနှင့် တူသောအားဖြင့် လည်းကောင်း၊ အလွန်ချစ်ခင် ကြင်နာမြတ်နိုးခြင်းဖြင့် လည်းကောင်း ကောင်းစွာကျွေးမွေး သုတ်သင်သည် ဖြစ်အံ့။ ထို ချစ်ခင်ကြင်နာသဖြင့် ကျွေးမွေးပေသောအမိအား လျှို့ဝှက်အပ်သောအကြောင်း အကောင်းအဆိုးစကားမျိုးကိုပင် ကြားသိစေအပ်၏။ ဤသည်လျှင် အကျွန်ုပ်အလို ဖြစ်ပါတော့သည်"ဟု လျှောက်၏။

အမတ် ၄ ယောက်တို့ကိုမေးပြီးလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သုခမိန် အမတ် ၄ယောက်တို့စကားကို ကြားသိရပြီ။ "ငါ့သား မဟောသဓသုခမိန်ကား အသို့ထင်သနည်း"ဟု မေးတော်မူ၏။ မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းသုခမိန်သည် မျက်မှောက်သောကိုယ်အဖြစ်၌ ရောက်အံ့သောအပြစ်ကို မရေတွက် မငဲ့ကွက်မူ၍သာလျှင် ပညာရှိလက္ခဏာနှင့်ညီစွာ သဘောဟုတ်မှန်တိုင်းကို ပြေဆိုလို၍ 'ဂုယှဿ ဟိ ဂုယှမေဝ သာဓု' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှသာလျှင် ကောင်း၏။ လျှို့ဝှက်အပ်သော အမှုကို မလျှို့ဝှက်မူ၍ သူတစ်ပါးအား ပြောမှားချေသော် နှောင် မကောင်းဖြစ်တတ်၏။ အရှင်မင်းကြီး။ အကြင်ပညာရှိသည် မိမိလိုအပ်သော အကျိုးမပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သောအမှုကို အဘယ်သူအားမျှ မသိစေအပ်သဖြင့် မပြောမဆို နှုတ်စောင့်စည်း၍ ချုပ်တည်းသည်းခံရာ၏။ မိမိအလို ပြည့်သောအခါ၌ကား ပြောလိုမူ ပြောဆိုရာ၏။ ဤသည်လျှင် ပညာရှိတို့ သဘောအလေ့ ဖြစ်ပါတော့သည်"ဟု လျှောက်၏။

ဘုရားလောင်းစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ် နားသွင်းထားသော အထက် စကားနှင့်ညီသည်ဖြစ်၍ ယုံမှားသဖြင့် နှလုံးမသာ မျက်နှာမရွှင် ဖြစ်လေ၏။ ထိုသို့ မင်းကြီး နှလုံးမသာဖြစ်သည်ကို သိ၍ သေနကအမတ်သည် ရွှင်လန်းသောမျက်နှာဖြင့် မင်းကြီးကို ကြည့်၏။ ထိုသို့ မင်းအမတ်တို့၏အမူအရာ မျက်နှာရိပ် မျက်နှာထားကို ဘုရားလောင်းသုခမိန်မြင်လျှင် 'ဤသူ ၄ ယောက်တို့သည် ဤပြဿနာကို မမေးမီကပင် ငါ့အားပျက်စီးစေကြောင်း မကောင်းသောအကြံဖြင့် မင်းကြီးထံ တိုင်ပင်ပြောဆို လျှောက်ထား၍ ၅ဦးလုံးသဘောတူ ပြုလျက် ယခု ငါ့ကို အလိုစမ်းလိုသောကြောင့်သာ ဤပြဿနာကို မေးချေသည်ဟု သိလေ၏။

သုခမိန် ၅ ယောက်တို့ ပြဿနာကိုဖြေစဉ်ပင်လျှင် ထိုနေ့ နေဝင်ခြင်းသို့ရောက်သဖြင့် ဆီမီးညှိထွန်းကြ၏။ ဘုရားလောင်းသုခမိန်သည် 'ယခုကား ညဉ့်အချိန်သို့ရောက်ပြီ။ မင်းရေးမင်းရာဟူသည်ကား အလွန်သိနိုင်ခဲ၏။ မည်သို့မဆိုနိုင်ချေ'ဟုကြံလျက် မင်းကြီးအားရှိခိုး၍ နန်းတော်မှထွက်ခဲ့ပြီးလျှင် ဤသို့ကြံ၏။ 'ဤအမတ် ၄ ယောက်တို့တွင် တစ်ယောက်ကား 'အဆွေခင်ပွန်းအား လျှို့ဝှက်အပ်သောစကားကို ပြောဆိုအပ်၏'ဟုဆို၏။ တစ်ယောက်ကား 'ညီအစ်ကိုဖြစ်သောပေါက်ဖော်ကို', တစ်ယောက်ကား 'သားကို', တစ်ယောက်ကား 'အမိကို ကြားသိစေအပ်၏'ဟု ဆိုကြကုန်၏။ ဤသူတို့စကားသည် ပညာရှိတို့စကားလည်း မဟုတ်။ လုပ်ကြံ၍လည်း မဆိုရာ။ မိမိတို့၌ မိမိတို့ဆိုတိုင်း အမှုတစ်ခုစီ ရှိသည်ဖြစ်ရာမည်။ ထိုသို့ဆိုတိုင်း ထိုသူတို့တွင် အမှုရှိသည်မှန်လျှင်



www.burmeseclassic.com

ယနေ့ပင် ငါ သိအောင်ပြုမည်'ဟုကြံ၍၊ နန်းတော်တံခါးဝ၌ တောင်း, တင်း, ဇလား, သေတ္တာများကို မှောက်၍ထားသကဲ့သို့ အဖုံးနှင့်နံကာ ၄ မျက်နှာမြေထိ လူအများနေလောက်အောင် အပြင်ကျယ်သော ခဲဖွယ် ဘောဇဉ် စားသောက်ရာ ထမင်းပွဲခုံသည် ရှိ၏။

အမတ် ၄ ယောက်တို့သည် နန်းတော်မှထွက်လျှင် နေ့တိုင်းမပြတ် ထိုထမင်းပွဲခုံ၏အပေါ်၌နေ၍ အခွင့်အမှုကို တိုင်ပင်ပြောဆိုကြပြီးမှ အိမ်သို့ သွားကြမြဲတည်း။ ထို့ကြောင့် မဟောသဓသုခမိန်သည် 'ထိုသူတို့အမှုကို ယနေ့ပင် ငါသိအောင်ပြုအံ့'ဟု ကြံပြီးသော်၊ ထိုထမင်းပွဲခုံကို မိမိအခြံအရံတို့အား မြှောက်ချီစေပြီးလျှင် ထိုထမင်းပွဲခုံ၏ အတွင်း၌ နေရာကိုခင်းစေပြီးမှ မိမိအခြွေအရံများကိုလည်း "သင်တို့သည် အမတ် ၄ ယောက်တို့ ဤထမင်းပွဲခုံပေါ်၌ နေ၍ မိမိတို့အိမ်သို့ သွားကြလေသောအခါ ငါ့ကိုယူလှည့်ကြ"ဟု မှာထားပြီးသော် ထိုထမင်းပွဲခုံအောက်၌ ဝင်၍ နေနှင့်လေ၏။ အခြွေအရံများလည်း တစ်ပါးသို့ဖွာကြလေကုန်၏။

သေနကသုခမိန်သည်လည်း မင်းကြီးအား ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ အကျွန်ုပ်တို့သည် စီးပွားတော်ကိုလို၍ လျှောက်ထားပါသည်ကိုလျက် ယုံကြည်တော်မမူ။ ထိုသူ၏အကြံကို ယခုမျက်မှောက်အတပ် ကြားသိတော်မူရပြီ။ အရှင်မင်းကြီး။ အသို့ ကြံတော်မူသနည်း"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဘုရားလောင်း လျှောက်ထားသောစကားကိုကား ထောက်ထား ဆင်ခြင်ခြင်း မရှိ။ သုခမိန် ၄ ယောက်တို့ လျှောက်ထားသည့်စကားကိုသာ နားဝင်သဖြင့် ယခုပင် မဟောသဓသုခမိန်သည် မိမိကိုလုပ်ကြံမည်လောက် ကြောက်လန့်ခြင်း ပြင်းစွာရှိ၍

"သေနကသုခမိန်။ ယခု အသို့ပြုရသော် ကောင်းပါမည်နည်း"ဟု တိုင်ပင်မေးမြန်း၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်သည်

"အရှင်မင်းကြီး။ သူကြွယ်သားကား အကြံအစည်လည်း ဆန်းပြား၏။ သူတစ်ပါးကို ဖြားယောင်း၍ မိမိအလိုသို့လိုက်စေခြင်းဌာလည်း စွမ်းနိုင်၏။ ထို့ကြောင့် သူကြွယ်သားကို ကြာမြင့်စွာ မထားသင့်။ ယခုပင် သူတစ်ပါးတို့ မသိမမြင်စေဘဲ လုပ်ကြံဖျောက်ဖျက်ရသော် ကောင်းပါမည်"ဟု လျှောက်၏။ သေနကအမတ် စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည်

"ဆရာသေနက သုခမိန်။ သင့်ထက်သာ၍ ငါ၏အကျိုးစီးပွားတော်ကို အလိုရှိသူ မရှိ။ သင်သည်သာလျှင် ငါ၏ အကျိုးစီးပွားတော်ကို အလိုရှိပေ၏။ အလိုရှိသည်နှင့် အညီလည်း ဆောင်ရွက်ပေ၏။ ထိုသို့ ငါယုံမှတ် သည်နှင့်လျော်စွာ သင် သုခမိန်အမတ်သာလျှင် သူတစ်ပါးမသိစေရအောင် နှလုံးအကျွမ်းဝင်သူ တစ်စုံတစ်ရာကိုခေါ်၍ နန်းတော်တံခါးဝ တံခါးတိုင်ကြား၌ နံနက်စောစောကစောင့်နေလျက် မဟောသဓ နက်ဖြန် နန်းတော်သို့ ဝင်သောအခါ ဤသန်လျက်ဖြင့် လုပ်ကြံလေ"ဟုဆို၍ သေနကအမတ်အား လက်စွဲသန်လျက်ကို အပ်လိုက်၏။

အမတ် ၄ ယောက်တို့လည်း မင်းကြီးစကားကိုကြားလျှင်

"အရှင်မင်းကြီး။ သူကြွယ်သား နောင့်ယှက်မည့် အမှုကြောင့်ဖြစ်လျှင် အကျွန်ုပ်တို့ရှိပါပြီ။ မည်သည်ကိုမျှ ကြောက်လန့်စိုးရိမ်ခြင်း ရှိတော်မမူပါလင့်"ဟု လျှောက်ထားဝန်ခံကြပြီးနောက် နန်းတော်မှ ဆင်းသက်ခဲ့ကြသဖြင့် ဝမ်းမြောက်ဝမ်းသာ "ငါတို့ရန်သူဖြစ်သော သူကြွယ်သား၏စည်းစိမ် အသက်ပျက်စီးခြင်းကို မြင်ရတော့မည်"ဟု အချင်းချင်းပြောဆိုလျက်လာလတ်၍ ထိုထမင်းပွဲခုံပေါ်၌ အညီအညွတ်ထိုင်နေကြကုန်၏။

www.burmeseclassic.com



ထိုသို့နေကြသောအခါ သေနကအမတ်သည် ၃ ယောက်သောအမတ်တို့အား

"အချင်းတို့။ ယခုငါတို့ကို ယုံမှတ်တော်မူသည်နှင့် အညီ မင်းကြီးက လက်စွဲတော်သန်လျက်ကိုပင် အပ်ပေးတော်မူလိုက်သဖြင့် ငါတို့လည်း ဝန်ခံခဲ့ကြချေပြီ။ သူကြွယ်သားကို အဘယ်သို့လုပ်ကြံမည်နည်း"ဟုဆို၏။

သေနကအမတ် စကားကိုကြားလျှင် အမတ် ၃ ယောက်တို့လည်း

"ဆရာ။ ဤသူကြွယ်သားကို လုပ်ကြံခြင်းအမှုသည် ကြီးမားသော အမှုဖြစ်၍ ဆရာကိုသာ အရှင်ကလည်း အမိန့်တော်ရှိချေသည်နှင့်အညီ ဆရာပင် လုပ်ကြံတော်မူသင့်လှပါသည်"ဟု သေနကအမတ်အားသာလျှင် အမှုဝန်ကို လွှဲကြကုန်၏။

ဤသို့ အချင်းချင်းပြောဆိုကြပြီးလျှင် သေနကအမတ်သည် သုခမိန် ၃ ယောက်တို့အား

"အချင်းတို့။ သင်တို့သည် မင်းကြီးထံ၌ လျှို့ဝှက်အပ်သောစကားကို ဤမည်သောသူအား ပြောဆိုအပ်၏ဟူ၍ အသီးသီးလျှောက်ထား ဖြေဆိုသည်။ သင်တို့ဖြေဆိုသော စကားအတိုင်း သင်တို့၌ ဤသို့သော အမှု ရှိ၍တည်း လျှောက်ကြသလော။ ယင်းသို့မဟုတ်မူ အကြောင်းမရှိဘဲပင် ဉာဏ်သက်ရာသာ လျှောက်ထားကြသလော။ ယင်းသို့မဟုတ်မူ သင်တို့ မြင်ဖူးကြားဖူးသော အရာရှိ၍တည်း လျှောက်ထားကြသလော"ဟုမေး၏။

သေနက အမတ်စကားကိုကြားလျှင် သုခမိန် ၃ယောက်တို့သည် "သေနကဆရာ။ မင်းကြီးထံ၌ လျှို့ဝှက်အပ်သောစကားကို ဤမည်သောသူအား ပြောအပ်၏ဟု ကျွန်ုပ်တို့လျှောက်ထားခဲ့သည်မှာ ဉာဏ်သက်၍လည်း မဟုတ်၊ သူတစ်ပါးမှာကြားမြင်ရ၍ လည်းမဟုတ်၊ မျက်မှောက်ကိုယ်တွေ့ပင်ဖြစ်၍ အတပ်လျှောက်ထားဝံ့ပါသည်"ဟုဆိုပြီးလျှင်၊ တစ်ဖန် သေနကအမတ်အား "ဆရာလည်း 'လျှို့ဝှက်အပ်သော အမှုကို အဆွေခင်ပွန်းအား ပြောအပ်၏'ဟု မင်းကြီးထံလျှောက်ထားသည်ကား အကြောင်းမဲ့ပင် လျှောက်တင်သလော။ အကျွန်ုပ်တို့ကဲ့သို့ မျက်မှောက်ကိုယ်တွေ့ဖြစ်၍ပင် လျှောက်သလော"ဟု မေးကြကုန်၏။

အမတ် ၃ ယောက်တို့စကားကိုကြားလျှင် သေနကအမတ်သည်

"အချင်းတို့။ မင်းကြီးထံ ငါလျှောက်ခဲ့သောစကားကို ကြားရ၍ သင်တို့အား အဘယ်အကျိုး ရှိမည်နည်း" ဟုဆို၏။ "ဆရာ။ အကျိုး ရှိသည်ဖြစ်စေ, အကျိုး မရှိသည်ဖြစ်စေ အကျွန်ုပ်တို့ သိလိုပါသည်"ဟု ဆိုလျက်၊ "ဆရာ၏အမှုကို အကျွန်ုပ်တို့အား မပြောကောင်းပါသလော။ ပြောတော်မူပါလော့"ဟု ဆိုကြကုန်၏။

သေနကအမတ်လည်း "အချင်းတို့။ ငါ၌လျှို့ဝှက်သောအမှုကို သင်တို့အား မကြားမသိစေလိုသည် မဟုတ်။ ထိုသို့ဖြစ်သော်လည်း ငါ၏အမှုကို မင်းကြီးကြားတော်မူလျှင် ငါ အသက်ရှင်နိုင်တော့မည် မဟုတ်ပြီ။ ထို့ကြောင့် သင်တို့အား မပြောပါရစေနှင့်"ဟုဆို၏။ အမတ် ၃ ယောက်တို့ကလည်း

"ဆရာ။ စင်စစ် ဆရာ၌ ရာဇဝတ်တော် မလွတ်သည့်အမှု ဖြစ်စေကာမူကာ ယခု ဤအရပ်၌ ကျွန်ုပ်တို့အပြင် မည်သူမျှ မရှိ။ သူကြွယ်သားသည်လည်း ဤထမင်းပွဲခုံအောက်သို့ဝင်၍ နားမထောင်ရာ။ ကျွန်ုပ်တို့ချည်းသာဖြစ်လျက် အဘယ်မင်းပြစ် သင့်နိုင်အံ့နည်း။ ပြောတော်မူလော့"ဟု ဆိုကြလတ်သော် သေနက အမတ်သည် မိမိ၏လျှို့ဝှက်အပ်သောအမှုကို သုခမိန်အမတ် ၃ ယောက်တို့အား ပြောလိုသည်ဖြစ်၍ ဤသို့ဆို၏။

"အချင်းတို့။ ဤမြို့တော်၌ ဤမည်သော ပြည့်တန်ဆာမကို သင်တို့သိ၏လော့"ဟုမေး၏။ သုခမိန် ၃ ယောက်တို့လည်း "ဆရာ။သိပါ၏"ဟု ဆိုကြလေလျှင် "ထိုပြည့်တန်ဆာမကို ယခု သင်တို့ မြင်သေး၏လော" ဟုမေး၏။ သုခမိန် ၃ ယောက်တို့ကလည်း "ဆရာ။ ယခု ထိုပြည့်တန်ဆာမကို ကျွန်ုပ်တို့ မမြင်ပြီ"ဟုဆိုကြသော်၊ သေနကအမတ်သည် "အချင်းတို့။ အင်ကြင်းဥယျာဉ်တော်၌ ငါသည် ထိုပြည့်တန်ဆာမနှင့် ယောကျ်ားတို့ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပြီးလျှင် ပြည့်တန်ဆာမဒ္ဒဆင်ဝတ်သော အဝတ်တန်ဆာတို့ကို လိုချင်ပြန်သဖြင့် ထိုဥယျာဉ်ထဲ၌ ပြည့်တန်ဆာမကို လုပ်ကြံဖျောက်ဖျက်ပြီးလျှင် ဆင်သောတန်ဆာအလုံးစုံကို ချွတ်ယူ၍ ပြည့်တန်ဆာမ၏ တဘက်ဖြင့်လျှင် ထုပ်စည်းလျက် အိမ်သို့ဆောင်ခဲ့ပြီးသော် ဤမည်သောအဆောင်, ဤမည်သောတိုက်ထဲတွင် ဆင်စွယ်ကောက်၌ ထိုဘဏ္ဍာထုပ်ကို ဆွဲ၍ထား၏။ ထိုသို့ ငါပြုသောအကြောင်းကို ငါနှင့်ချစ်ကျွမ်းဝင်သူ အဆွေခင်ပွန်းတစ်ယောက်သာ သိ၏။ ထိုအဆွေခင်ပွန်းမှတစ်ပါး ငါ၏ သား,မယားမှစ၍ အလုံးစုံသောသူတို့ မသိကြကုန်။ မင်းကြီးသည်လည်း ထိုအကြောင်းကို သိတော်မမူ။ ငါသည်လည်း ထိုဘဏ္ဍာထုပ်ကို ဖွင့်ယူ၍ ယခုတိုင်အောင် မသုံးဆောင်ဝံ့သေး။ ထို ငါ၏အဆွေခင်ပွန်းသည် နှုတ်စောင့်ပေသောကြောင့် စကားမပြန့်ပွားသဖြင့် နှစ်လအရှည် မင်းကြီးနား မကြားရပေ။ ထိုကြောင့် 'လျှို့ဝှက်အပ်သောစကားကို အဆွေခင်ပွန်းအား ပြောအပ်၏'ဟု မင်းကြီးအား ငါလျှောက်ထားပေသည်"ဟု ဆို၏။

ဤသို့ သေနက ပြောသောစကားကို မဟောသဓသေုခမိန်သည် ထမင်းပွဲခုံအောက်က နားထောင်၍ နေသဖြင့် ကြားလျှင် စကားအလုံးစုံကို အက္ခရာစာတင်လျက် မှတ်သား၍ထား၏။

သေနကအမတ်ပြောဆိုပြီးသော် ပက္ကုသအမတ်သည် မိမိလျှို့ဝှက်အပ်သောအမှုကို ဤသို့ပြောဆို၏။

"ဆရာအမတ်ကြီးတို့။ ကျွန်ုပ်တွင် လျှို့ဝှက်အပ်သောအမှုသည်ကား အခြားမဟုတ်။ ကျွန်ုပ်ပေါင်တွင်း၌ ကုဋ္ဌနာ[၁၅၇]သည်ရှိ၏။ ထို ကုဋ္ဌနာကို အကျွန်ုပ်ညီသည် နံနက်စောစောကပင် ထ၍ သူတစ်ပါးမသိစေရဘဲ ဖန်ရည်ဆေးပြီးမှ ဆေးလိမ်းပြီးလျှင် ထိုအနာဝကိုဖုံးမိအောင် ပုဆိုးကြမ်းဖြင့်ရစ်ဖုံး၍ နေ့တိုင်းမပြတ် သုတ်သင်ပြုစု၏။ ထိုသို့ပြုစုပြီးမှ နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားသောအခါ မင်းကြီးသည် အလိုတော်ရှိခိုက်များဖြစ်လျှင် ကျွန်ုပ်ကို ခေါ်တော်မူ၍ များသောအားဖြင့် ကျွန်ုပ်ပေါင်ပေါ်၌သာ ဦးခေါင်းတင်၍ စက်တော်မူ၏။ အကယ်၍ ကျွန်ုပ်ပေါင်ပေါ်၌ ကုဋ္ဌနာရှိသည်ကို မင်းကြီးသိတော်မူအံ့။ ကျွန်ုပ် အသက်ရှင်နိုင်တော့မည် မဟုတ်။ ထိုကုဋ္ဌနာရှိသည်ကို ညီမှတစ်ပါး အခြားသူတို့ မသိ။ ကျွန်ုပ်ညီသည်ကား ကောင်းစွာလျှို့ဝှက်ပေ၏။ ထို့ကြောင့် 'လျှို့ဝှက်အပ်သောစကားကို ညီအားသာလျှင် ပြောအပ်၏'ဟု မင်းကြီးအား ကျွန်ုပ်လျှောက်ထားပေသည်" ဆို၏။ ထိုပက္ကုသအမတ်စကားကိုလည်း ရှေးနည်းအတူ မဟောသဓသေုခမိန်သည် မှတ်သား၍ထား၏။

ပက္ကုသအမတ်ပြောဆိုပြီးသော် ကာမိန္ဒအမတ်သည် မိမိလျှို့ဝှက်အပ်သောအမှုကို ဤသို့ပြောဆို၏။

"ဆရာသုခမိန်တို့။ လကွယ်ပက္ခဥပုသ်[၁၅၈]နေ့တိုင်း တစ်လလျှင်တစ်ကြိမ် နရဒေဝ[၁၅၉]အမည်ရှိသော ဘီလူးသည် ကျွန်ုပ်ကို ဖမ်း၏။ ထိုဘီလူးဖမ်းသောအခါ ကျွန်ုပ်သည် တစ်နေရာတည်း၌မနေချင်။ ခွေးရူးကဲ့သို့ တောင်,မြောက် လှည့်ပတ်၍ မြည်ခြင်း,တွန်ခြင်း ရှိ၏။ ထိုအကြောင်းကို ကျွန်ုပ်သည် သားအားပြောသဖြင့် သားလည်း လကွယ်ပက္ခဥပုသ်နေ့တိုင်း အနာပေါ်ချိန်ရောက်လျှင် ကျွန်ုပ်ကို အိမ်တိုက်ခန်းတွင်းသို့သွင်းပြီးသော် တံခါးကို ပိတ်၍ထား၏။ တံခါးပြင်၌လည်း ကျွန်ုပ်မြည်သံတွန်သံကို သူတစ်ပါး မကြားစေခြင်းငှာ အတီးအမှုတ် ပွဲသဘင်ခံခြင်းကို ပြု၏။ ထိုသို့ပြုသဖြင့် ကျွန်ုပ်၌ ဘီလူးဖမ်းသော အနာရောဂါ[၁၆၀]ရှိမှန်းကို သားမှတစ်ပါး အခြားသူ မသိ။ ထို့ကြောင့် 'လျှို့ဝှက်အပ်သောစကားကို သားအားသာလျှင် ပြောအပ်၏'ဟု မင်းကြီးအား လျှောက်ထားပေသည်"ဟူ၍ဆို၏။ ထို ကာမိန္ဒအမတ်စကားကိုလည်း မဟောသဓသေုခမိန်သည် ရှေးနည်းအတူ မှတ်သား၍ ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကာမိန္ဒအမတ်ပြောပြီးလျှင် ဒေဝိန္ဒအမတ်သည် မိမိလျှို့ဝှက်အပ်သောအမှုကို ဤသို့ပြော၏။

"ဆရာသုခမိန်တို့။ ရှေးအထက်က ကုသမင်းကြီးအား သိကြားမင်းပေးအပ်သောပတ္တမြားသည် ဘုန်းကျက်သရေ စည်းစိမ်ချမ်းသာကို ဝင်စေတတ်သဖြင့် မင်္ဂလာရှိသောပတ္တမြားဖြစ်၍ ကျွန်ုပ်သည် မင်းကြီး၏စိတ်ကို ရွှင်ပျော် နှစ်သက်အောင်ပြုလျက် ထိုပတ္တမြားကို မင်းကြီးမသိစေရဘဲ ခိုးယူပြီးလျှင် အမိအားအပ်၍ထား၏။ အကျွန်ုပ်အမိ သည်လည်း တစ်ယောက်သောသူကိုမျှ မသိစေရအောင် လျှို့ဝှက်သိမ်းထား၍ ကျွန်ုပ် နန်းတော်သို့ဝင်သောအခါ ထိုပတ္တမြားကို ကျွန်ုပ်အား ပေး၏။ ကျွန်ုပ်လည်း ထိုပတ္တမြားကိုဆောင်၍ မင်းကြီးအားခစား၏။ မင်းကြီးလည်း ဆရာတို့ကို မခေါ်မမေးမီ ကျွန်ုပ်ကိုသာ ပတ္တမြား၏အာနုဘော်ကြောင့် ရှေးဦးစွာခေါ်၍ မေးမြန်းတော်မူ၏။ ခစားတိုင်း တစ်နေ့မပြတ် မင်းကြီးသည် ၈ သပြာဖြစ်စေ, ၁၆ သပြာဖြစ်စေ, ၃၂ သပြာဖြစ်စေ, ၆၄ သပြာဖြစ်စေ ကျွန်ုပ်အား အထူးသဖြင့် မျိုးရိက္ခာအလို့ငှာ ပေးတော်မူ၏။ ထိုပတ္တမြား၏ အာနုဘော်ကြောင့် ဖြစ်ကြောင်းကို မင်းကြီး သိတော်မူလျှင် ကျွန်ုပ်အသက်ရှင်နိုင်တော့မည်မဟုတ်။ ကျွန်ုပ်အမိသည် ကောင်းစွာလျှို့ဝှက်ပေသောကြောင့် ယခုတိုင် တစ်စုံတစ်ယောက်မျှ မသိကြသည်သာဖြစ်၏။ ထို့ကြောင့် 'လျှို့ဝှက်အပ်သောစကားကို အမိအားသာလျှင် ပြောအပ်၏'ဟု မင်းကြီးအား လျှောက်ထားပေသည်"ဟူ၍ ဆို၏။ ဒေဝိန္ဒအမတ်စကားကိုလည်း မဟောသဓ သုခမိန်သည် ရှေးနည်းအတူ မှတ်သားထား၏။

ဤသို့ အမတ် ၄ ယောက်တို့သည် မိမိပင်လျှင် မိမိရင်ကို ခွဲသကဲ့သို့ သူတစ်ပါး မကြားစေအပ်သော အမှုကို ပြောမှားကြသဖြင့် မဟောသဓသုခမိန်သည် ထမင်းပွဲခုံအောက်၌နေလျက် ၄ ယောက်သောအမတ်တို့၏ စကားကို အကြွင်းမရှိ ကြားသိလေ၏။ သုခမိန် ၄ ယောက်တို့သည် ထိုသို့ မိမိတို့အပြစ်ကို မိမိတို့ပင် ဖော်ပြပြောဆိုကြပြီးသော် "ဆရာတို့။ နက်ဖြန်နံနက်စောစော ထ၍ နန်းတော်တံခါးဝသို့ အရောက်လာတော်မူကြ။ သူကြွယ်သားကို လုပ်ကြံရမည့်အမှု ရှိသေးသည်။ မမေ့မလျော့ကြစေနှင့်"ဟု အချင်းချင်း တိုင်ပင်နှိုးဆော် ပြောဆိုလျက် ထမင်းပွဲခုံမှထ၍ မိမိတို့အိမ်သို့ သွားကြလေ၏။

အမတ် ၄ ယောက်တို့ သွားပြီးသောအခါ မဟောသဓသုခမိန်၏ အခြွေအရံတို့သည် လာကြလတ်၍ ထမင်းပွဲခုံကို မြှောက်ချီပြီးလျှင် ဘုရားလောင်းသုခမိန်ကို ထွက်စေပြီးသော် ထမင်းပွဲခုံကို နေရာကျအောင် ထားစေပြီးမှ ဘုရားလောင်း မဟောသဓသုခမိန်ကို ခြံရံလျက် သွားကြလေကုန်၏။

မဟောသဓသုခမိန်လည်း အိမ်သို့ရောက်လျှင် ရေချိုးခြင်း, အဝတ်တန်ဆာဆင်ခြင်း, ကောင်းမြတ်သော ဘောဇဉ်ခဲဖွယ်စားခြင်း ကိစ္စပြီးပြီးသော် မြတ်သောနေရာ၌ ထိုင်လျက် ဤသို့ကြံ၏။ 'ယနေ့ အမတ် ၄ ယောက်တို့သည် ငါ့ကိုပျက်စီးစေကြောင်း မကောင်းသောအကြံဖြင့် မင်းကြီးထံ ကုန်းတိုက်စကား လျှောက်ထားကြချေပြီ။ မင်းကြီး၏စိတ်တော် မည်သို့ရှိသည်ကို ငါ၏နှမ ဥဒုမ္ဗရဒေဝီမိဖုရား သိရာလတ္တံ့။ သိလျှင်လည်း ငါ့ထံသို့ မချွတ်လျှင် စကားရောက်လတ္တံ့'ဟု ကြံပြီးလျှင်၊ ယုံမှတ်အပ်သော မင်းချင်း တစ်ယောက်ကိုခေါ်၍ "သင်သည် နန်းတော်တံခါးဝ၌ ယနေ့ညဉ့် စောင့်နေချေ။ နန်းတော်မှ ထွက်လာသောသူကိုမြင်လျှင် ငါ့ထံသို့ခေါ်သဖြင့် အလျင်တဆောလာခဲ့"ဟု နန်းတော်တံခါးဝ၌ အစောင့်အနေ စေလွှတ်လိုက်ပြီးမှ မြတ်သောအိပ်ရာ၌ နေလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း အိပ်ရာတိုက်ခန်းသို့ဝင်၍ မြတ်သောအိပ်ရာအပြင်၌နေလျက် ဘုရားလောင်းမဟောသဓ၏ ကျေးဇူးကိုအောက်မေ့သဖြင့် အကြံတော်ဖြစ်သည်မှာ 'မဟောသဓသုခမိန်သည်



www.burmeseclassic.com

www.burmeseclassic.com



၇ နှစ်အရွယ်ကစ၍ ငါ့အားခစားလျက် ယခု ကြီးပြင်းသောအရွယ်သို့ ရောက်ပြီ။ မည်သည့်ကာလတွင်မျှ ငါ၏အကျိုးစီးပွားမဲ့ကို မပြုစဖူး။ အထူးထူးအပြားပြား များစွာသောအကြောင်းအားဖြင့် ငါ၏အကျိုးစီးပွားကိုသာ ရွက်ဆောင်လေသည်။ ထီးချက်စောင့်နတ်သမီး ပြဿနာ၌လည်း မဟောသဓမရှိလျှင် ငါ၏အသက် သေရမည် မချွတ်ရာ။ မဟောသဓသေခမိန့်ကြောင့်သာလျှင် ငါ၏အသက် ရှင်ပေ၏။ ထိုသို့ ကျေးဇူးရှိပေသောသူကိုလျက် မလို၍သာလျှောက်ထားသော သူတို့၏စကားကို နာယူသဖြင့် မဟောသဓကို လုပ်ကြံစိမ့်သောငှာ သန်လျက်ပေးအပ်လိုက်မိသည်ကား မသင့်။ မဟောသဓကို နေ့တိုင်းမြင်ရလျက် နက်ဖြန်မိုးသောက်အခါ၌ မဟောသဓကို မမြင်ရသည် ဖြစ်လတ္တံ့တကား'ဟု နှောင်တတစ်ဖန် ကြံအောက်မေ့မိသဖြင့် ပြင်းစွာစိုးရိမ်ခြင်းဖြစ်၍ ကိုယ်အလုံးမှ ချွေးတို့သည် ယိုစီးထွက်ကုန်၏။ ဤသို့ ကိုယ်,စိတ်၏ပင်ပန်းခြင်း ပြင်းစွာနှိပ်စက်သည်ဖြစ်၍ ဝိဒေဟရာဇ်မင်းကြီးသည် စက်မွေ့ရာအပြင်၌ နေ့တိုင်းကဲ့သို့ မအိပ်မစက်နိုင်။ တွေမှိုင်မိန်းမောကာသာ နေ၏။

ဥဒုမ္ဗရဒေဝီမိဖုရားသည်လည်း မင်းကြီးနှင့်အတူ စက်မွေ့ရာအပေါ်၌နေသဖြင့် မင်းကြီး၏အမူအရာကို မြင်လတ်သော် 'ယခု မင်းကြီးသည် နှလုံးတော် မသာမယာရှိဟန် ထင်၏။ ငါ၌ အပြစ်ရှိ၍တည်း နှလုံးမသာတော် မူလေသလော။ မင်းကြီး၌ တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြဖွယ် အမှုရှိ၍တည်း နှလုံးမသာ ရှိတော်မူလေသလော။ ထိုအကြောင်းကို သိရအောင် ငါမေးအံ့'ဟုကြံပြီးလျှင် 'ကိံ တွံဝိမနောသိ ရာဇသေဋ္ဌ' အစရှိသောဂါထာဖြင့် မေးလျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု ကိုယ်တော် နှလုံးမသာ ရှိတော်မူဟန် အကျွန်ုပ်ထင်၏။ အဘယ့်ကြောင့် နှလုံးမသာ ရှိတော်မူသနည်း။ လူအပေါင်းတို့ကို အစိုးရတော်မူသော အရှင်မင်းကြီး။ အကျွန်ုပ်သည် အရှင်မင်းကြီးအား ပြစ်မှားမိသောအပြစ်တည်းရှိ၍ နှလုံးမသာ ရှိတော်မူသလော။ အကျွန်ုပ်သည် အရှင်မင်းကြီးအား ကျင့်ရာဆောင်ရာသောဝတ် မကုန်ချွတ်ယွင်း လစ်ဟင်းသည့်အရာကိုလည်း မမြင်။ အရှင်မင်းကြီးသည် အကျွန်ုပ်အား လည်းကောင်း၊ မောင်းမကိုယ်လုပ် စသော နန်းတွင်းသူ, နန်းတွင်းသား, မှူးတော်, မတ်တော်, ပြည်သူပြည်သားတို့အား လည်းကောင်း ပြုရာဆောင်ရာသော မင်းတို့ကျင့်ဝတ် ချွတ်ယွင်းသည့်အရာကိုလည်း အကျွန်ုပ် မထင်ပါ။ ထိုသို့ဖြစ်လျက် အဘယ်အကြောင်းကြောင့် စိုးရိမ်ပင်ပန်းတော်မူသနည်း။ ထိုအကြောင်းကို အမိန့်ရှိတော်မူပါမှ အကျွန်ုပ် စိတ်ချမ်းသာရာ ရပါမည်'ဟု လျှောက်မေး၏။

ဥဒုမ္ဗရဒေဝီမိဖုရား စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မိမိစိုးရိမ်သော အကြောင်းကိုပြောလို၍ 'ပဉ္စော ဝဇ္ဈော မဟောသဓ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မိဖုရားမြတ်။ ငါ့အား ကျင့်ရာဆောင်ရာသော သင်၏ဝတ် မကုန်သောကြောင့် နှလုံးမသာ ရှိသည်လည်း မဟုတ်။ တစ်ပါးသောအကြောင်းတို့ကြောင့်လည်း နှလုံးမသာ ရှိသည်လည်း မဟုတ်။ ငါ့အား ယနေ့ညဦးက အမတ် ၄ ယောက်တို့ မဟောသဓကို ပျက်စီးလိုသဖြင့် လျှောက်ထားကြသည့်စကားကို ငါ မဆင်ခြင်မိခြင်းကြောင့် အလျင်တဆော အမျက်ထွက်၍ နာယူမှားသဖြင့် မြေကြီးအတုနှင့်တူစွာ ပညာရှိသော ငါ့သားမဟောသဓကို လုပ်ကြံစိမ့်သောငှာ သေနကအမတ်အား လက်စွဲတော်သန်လျက်ကို အပ်လိုက်မိ၏။ ထိုသို့ အပ်လိုက်မိသောငါ့အား ယခုမှတစ်ဖန် ပြန်၍အောက်မေ့မိသဖြင့် ပြင်းစွာ နှလုံးမသာခြင်း ရှိ၏"ဟု မိန့်ဆို၏။

မင်းကြီးစကားကိုကြားလျှင် ဥဒုမ္ဗရဒေဝီသည် 'ငါ့မောင်သုခမိန်၏ စည်းစိမ်အသက် ပျက်စီးရာရောက်ခဲ့ပြီ တကား''ဟု ပြင်းစွာစိုးရိမ်ခြင်းဖြစ်လျက် 'မင်းကြီးအား ငါသည် ဥပါယ်တံမျဉ်ဖြင့် နှစ်သိမ့်စေပြီးလျှင် မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



စက်တော်ခေါ်၍ ပျော်သောအခါမှ ထိုမင်းကြီး သန်လျက်အပ်လိုက်သောအကြောင်းကို သိစေခြင်းငှာ ငါ့မောင်ထံသို့ စေလွှတ်လိုက်အံ့’ ဟုကြံပြီးသော် မင်းကြီးအား ဤသို့လျှောက်၏။

“အရှင်မင်းကြီး။ အဘယ့်ကြောင့် စိုးရိမ်တော်မူသနည်း။ အရှင်မင်းကြီးသည် သူကြွယ်သားကို များစွာသော စည်းစိမ်ချမ်းသာကိုပေး၍ သေနာပတိအရာ မြင့်မြတ်စွာသော အချီးအမြှောက်ဖြင့်ချီးမြှောက်လျက် သူကောင်းပြုတော်မူသည့် ကျေးဇူးရှင်ဖြစ်လျက် ကျေးဇူးတော်ကိုမသိ ဆိုးသွမ်းရိုင်းပျသူဖြစ်၍ မိမိအပြစ်နှင့်လျော်စွာ စီရင်လုပ်ကြံတော်မူရသည်ကို အဘယ်အပြစ် ရှိအံ့နည်း။ စိုးရိမ်တော် မမူသင့်။ စိတ်ချ၍သာ စက်မြဲ စက်တော်မူပါ”ဟု နှစ်သိမ့်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း မိဖုရားစကားဖြင့် အတန်ငယ်ပူပန်ခြင်း ငြိမ်းသည်ဖြစ်၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ဥဒုမ္ဗရဒေဝီမိဖုရားသည် မင်းကြီး အိပ်ပျော်သည့်အခါ နန်းတော်တိုက်ခန်းတွင်းသို့ ဝင်ပြီးလျှင် မဟောသဓထံသို့ စေလွှတ်အံ့သောငှာ ဤသို့ စာစီကုံး၏။

‘မဟောသဓသေခမိန်။ ယနေ့ညဦးဦး အမတ် ၄ ယောက်တို့သည် သင့်ကိုပျက်စီးစေမှုနှင့် မင်းကြီးအား ချောစားလျှောက်ထားကြသောကြောင့် မင်းကြီးသည် အမတ်တို့စကားကိုနားဝင်၍ သင့်အား ပြင်းစွာ အမျက်တော်ရှိသဖြင့် ‘နက်ဖြန်နံနက် မဟောသဓနန်းတော်သို့အဝင်ကို တံခါးတိုင်ကြားကစောင့်နေ၍ လုပ်ကြံကွပ်မျက် ဖျောက်ဖျက်လေ’ဟု လက်စွဲတော်သန်လျက်ကို အမတ် ၄ ယောက်တို့အား အပ်လိုက်ချေသည်။ နက်ဖြန်ခါ သင် နန်းတော်သို့ မဝင်လာနှင့်။ ဝင်လိုလျှင်လည်း မြို့ကို လက်နက်ပြုနိုင်မှ ဝင်ခဲ့”ဟု စာစီကုံးပြီးသော် ထိုစာကို ကတွတ်မုန့်ထဲ၌သွင်း၍ ချည်မျှင်ဖြင့်ရစ်လျက် အိုးသစ်၌ ထည့်ပြီးလျှင် အဖုံးလုံစွာဖုံးအုပ်ပြီးမှ ထိုအိုးကို ကောင်းစွာဖုံးလွှမ်း၍ တံဆိပ်ခတ်ပြီးသော် ယုံမှတ်အပ်သော မိမိအခြွေအရံ ကျွန်မတစ်ယောက်ကို “သင်သည် ယခုပင် ငါ့မောင်ထံသို့သွား၍ ဤကတွတ်မုန့်ကို ပို့ချေ”ဟု စေလွှတ်လိုက်၏။ ထိုကျွန်မသည်လည်း ဥဒုမ္ဗရဒေဝီ မိဖုရားမိန့်မှာသည့်အတိုင်း ထို ကတွတ်မုန့်အိုးကိုရွက်၍ ထွက်လာရာ နန်းတော်ဝတွင် အစောင့်ထားသော သူနှင့်တွေ့သဖြင့် မဟောသဓထံသို့ပို့လေ၏။

[ဤအရာ၌ ညဉ့်အချိန်အခါဖြစ်လျက် နန်းတွင်းမှပြင်သို့ အဘယ့်ကြောင့် ထွက်ရလေအံ့နည်းဟု ကြံဖွယ်မရှိ။ အထက်ကပင် ဥဒုမ္ဗရဒေဝီမိဖုရားက မဟောသဓသေခမိန်ထံသို့ စေလွှတ်လျှင် မည်သည့်အချိန်မဆို ထွက်ဝင်စေဟု တံခါးကို မင်းကြီး ခွင့်ပေးလေပြီးဖြစ်သတည်း။]

ဘုရားလောင်းမဟောသဓသေခမိန်သည်လည်း ထိုအိုးကိုဖွင့်၍ ကတွတ်မုန့်၌ပါသော မှာစာကိုဖတ်လျှင် စကားအလုံးစုံကို သိနှင့်ဟောင်းတွင် ထပ်လောင်း၍ တစ်ဖန်သိရပြန်သဖြင့် “ဥဒုမ္ဗရဒေဝီ မိဖုရားအား အရှင်မိဖုရား၏ ကျေးဇူးတော်ကိုမှီ၍ သိရပါပြီ”ဟု မှာကြားလျှောက်ထားလိုက်ပြီးလျှင် ချမ်းသာစွာအိပ်နေလေ၏။ အမတ် ၄ ယောက်တို့သည်လည်း ထိုညဉ့်မိုးသောက်ရောက်လတ်သော် နံနက်စောစောကပင်လျှင် နန်းတော်တံခါးဝသို့သွားကြ၍ တံခါးတိုင်ကြား၌ ဘုရားလောင်းကို လုပ်ကြံအံ့သောငှာ သန်လျက်ကိုလက်စွဲလျက် စောင့်နေကြကုန်သော်လည်း ဘုရားလောင်းမလာသဖြင့် မျှော်ကြည့်လျက် နှလုံးမသာ ပြင်းစွာစိုးရိမ်ခြင်းဖြင့် နန်းတော်သို့ဝင်ကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း အမတ်တို့ကိုမြင်လျှင် “အမတ်ကြီးတို့။မဟောသဓကို လုပ်ကြံပြီးပြီလော”ဟု မေး၏။ အမတ် ၄ ယောက်တို့လည်း “အရှင်မင်းကြီး။ အကျွန်ုပ်တို့ နံနက်စောစောကပင် စောင့်နေကြပါလျက် သူကြွယ်သားသည် ယခုအချိန်တိုင်အောင်မှ မလာသောကြောင့် မလုပ်ကြံရပါ”ဟု လျှောက်ထားကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း မဟောသဓသုခမိန်သည် နေ့တိုင်းကဲ့သို့ အမှတ်တမဲ့မသွားမူ၍ နေအရုဏ်တက်သောအခါမှ များစွာသောအခြံအရံနှင့် ရထားစီးသဖြင့် နန်းတော်သို့သွားပြီးလျှင် နန်းတော်တံခါးဝသို့ ရောက်သောအခါ ရထားမှဆင်းသက်ပြီးသော် နန်းတော်ကိုရှိခိုးလျက် ရပ်နေ၏။ ထိုအခါ

ဝိဒေဟရာဇ်မင်းကြီးသည်လည်း လေသာပြတင်းကိုဖွင့်လှစ်၍ အရှေ့တံခါးဝသို့မျှော်လျက် ရပ်နေခိုက် ကြိမ်သဖြင့် မဟောသဓသုခမိန်ကို မြင်တော်မူသော် ဤသို့ အကြံဖြစ်၏။ 'မဟောသဓသည် စင်စစ်ရန်သူပြုလိုသူမှန်လျှင် ငါ့ကို ရှိမခိုးရာ။ ယခုမူကား ငါ့ကို ရှိခိုးလျက်နေ၏။ ထို့ကြောင့် မဟောသဓသည် ငါ၏ရန်သူ မဟုတ်'ဟုကြံပြီးသော် "ငါ၏သားတော်ကို ဝင်စေ"ဟု အမိန့်တော် ပြန်လိုက်သဖြင့် ဘုရားလောင်းသုခမိန်လည်း နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားလျက် မင်းပေးနေရာ၌နေ၏။ အမတ် ၄ ယောက်တို့လည်း မိမိတို့နေရာ၌နေ၍ မင်းကြီးအား ခစားလျက်ရှိနှင့်သတည်း။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် မိမိ မသိယောင်ကဲ့သို့ဆောင်လျက် ဘုရားလောင်းအားမေးလို၍ 'အဘိဒေါသဂတော ဒါနိ ဧဟိသိ' အစရှိသောဂါထာဖြင့် မေး၏။အဓိပ္ပာယ်ကား-

"ချစ်သားသုခမိန်။ ယမန်ညဥ့်ဦးယံက သူခပ်သိမ်းတို့ကျင့်ရာဆောင်ရာသော တရားစကားကို ပြောဆိုလျှောက်ထားပြီး၍ သင် အိမ်သို့ပြန်သွားလေသည်နှင့် နေ့တိုင်းကဲ့သို့ နံနက်စောစော ငါ့ထံသို့ဝင်မြဲဖြစ်လျက် မဝင်ဘဲနေသဖြင့် အဘယ်ကြောင့် ယနေ့ နေမြင့်မှ ဝင်လာသနည်း။ သင်သည် ငါ့အား တစ်စုံတစ်ခုတွေးဆ၍ ယုံမှားသကဲ့သို့ ရွံ့ရှာခြင်း ရှိလေသလော။ ယင်းသို့မဟုတ် တစ်စုံတစ်ယောက်သောသူသည် သင့်အား ငါ၏ စိတ် အထူးအခြားရှိလေယောင် ပြောဆို၍တည်း။ ငါ့အား ရွံ့ရှာကြောက်လန့်သဖြင့် နေမြင့်ခဲ၍ နေလေသလော။ အဘယ်ကြောင့် သင်သည် နေ့တိုင်းကဲ့သို့ နန်းတော်သို့မဝင်ဘဲ တံခါးဝ၌ရပ်နေလျက် ငါခေါ်တော်မူမှ ဝင်လာသနည်း။ ထိုအကြောင်းကို ငါ့အား သိသာအောင် လျှောက်ထားလော့"ဟုမေး၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် အကြောင်းမျိုးစုံကိုလျှောက်ထားလို၍ 'ပဇ္ဇော ဝဇ္ဇော မဟောသဓ'အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကျွန်ုပ်သည် အခါတစ်ပါးကဲ့သို့ မဝင်ဘဲ ယနေ့ ခေါ်တော်မူမှ ဝင်ရသည်မှာ အမေးတော်ရှိလျှင် လျှောက်တင်ရပါမည်။ ယမန်နေ့ညဥ့်ဦးယံက လျှို့ဝှက်အပ်သောစကားကို ပြဿနာပြု၍ အမေးတော်ရှိသဖြင့် အသီးသီး လျှောက်ထားပြောဆိုကြသည့် စကား ၆ ရပ်တွင် အရှင်မင်းကြီးက 'မယားကောင်းအား လျှို့ဝှက်အပ်သောစကားကို ပြောဆိုအပ်၏'ဟု အမိန့်တော်ရှိသည်နှင့် အကျွန်ုပ်လည်း အချိန်သို့ရောက်သဖြင့် နန်းတော်မှထွက်ခဲ့၍ အိမ်သို့ရောက်လျှင် အိပ်ရာ၌ အိပ်မည်ပြုစဉ် အရှင်မင်းကြီးသည် 'မဟောသဓကို လုပ်ကြံလေ'ဟု အမတ် ၄ ယောက်တို့အား လက်စွဲတော်သန်လျက်ကို ပေးအပ်၍ အမိန့်တော်ရှိလိုက်ကြောင်းကို လျှို့ဝှက်အပ်သော စကားဖြစ်လျက် အရှင်မင်းကြီးသည် ဆိတ်ကွယ်ရာအရပ်၌ မိဖုရားအား ပြောဆိုတော်မူသည်ဖြစ်၍ ကိုယ်တော်၏အကြံ စီရင်ဟန်အလုံးစုံကို အကုန်အစင် ထင်ထင်ရှားရှား အကျွန်ုပ် ကြားသိရပါသောကြောင့် နေ့တိုင်းကဲ့သို့ အမှတ်တမဲ့ မဝင်ဝံ့၍ နေမြင့်အောင်ငံ့လျက် ခေါ်တော်မူမှ ယခုအထံတော်သို့ ဝင်ဝံ့ပါသည်"ဟု လျှောက်၏။

ထိုအခါ ဥဒုမ္ဗရဒေဝီသည်လည်း မင်းကြီး၏အနီး၌ ရှိ၏။ ဝိဒေဟရာဇ်မင်းကြီးလည်း မဟောသဓသုခမိန် စကားကိုကြားလျှင် 'ဤစကားကို ဥဒုမ္ဗရဒေဝီမှတစ်ပါး မသိ။ ဥဒုမ္ဗရဒေဝီသာလျှင် ငါအိပ်ပျော်စဉ် မဟောသဓသုခမိန်ထံသို့ စေလွှတ်လိုက်သောကြောင့် ဤစကားကို မဟောသဓ သိသည်ဖြစ်မည်' ဟု



www.burmeseclassic.com

www.burmeseclassic.com



ဥဒုမ္ဗရဒေဝီအား အမျက်ထွက်သောအားဖြင့် ကြည့်တော်မူ၏။ မဟောသဓသေုခမိန်သည် ဥဒုမ္ဗရဒေဝီမိဖုရားအား မင်းကြီး အမျက်ထွက်သည်ကိုသိ၍ "အရှင်မင်းကြီး။ မိဖုရားအား အမျက်တော် မရှိသင့်။ လျှို့ဝှက်အပ်သော အရှင်မင်းကြီး၏စကားကို အရှင်မိဖုရား မပြောသော်လည်း အကျွန်ုပ်သည် လွန်လေပြီးသောအမှု, ဖြစ်ဆဲအမှု, ဖြစ်လတ္တံ့သောအမှု အစုစုအသွယ်သွယ် ပြုဖွယ်အတန်တန်ကိစ္စတို့ကိုပင် ဆင်ခြင်မြော်ချင့်၍ သိတတ်၏။ စင်စစ် လျှို့ဝှက်အပ်သော အရှင်မင်းကြီး၏စကားကို မိဖုရားပြောသည် မှန်ပါစေ။ သေနကဆရာ, ပက္ကုသဆရာ, ကာမိန္ဒဆရာ, ဒေဝိန္ဒဆရာအမတ်တို့ လျှို့ဝှက်အပ်သော စကား ၄ ရပ်ကို အဘယ်သူလာ၍ အကျွန်ုပ်အား ပြောပါအံ့နည်း။ ထိုသို့ ပြောလာသူမရှိဘဲပင် အကျွန်ုပ်ပညာအစွမ်းဖြင့် ထို ဆရာအမတ် ၄ ယောက်တို့၏ လျှို့ဝှက်အပ်သောစကား ၄ ရပ်ကို အတပ်အမှန် မကြွင်းမကျန်ရအောင် အကျွန်ုပ် သိပါ၏။ အကျွန်ုပ်သို့သော ပညာရှိအား တစ်ပါးမျက်ကွယ် လျှို့ဝှက်၍ ပျက်မှုနှင့်ကြံသော်လည်း ဆိတ်ကွယ်ရာ မရှိနိုင်ပါ"ဟု လျှောက်ဆိုပြီးလျှင်၊ ရှေးဦးစွာသော သေနကအမတ်၏ လျှို့ဝှက်အပ်သောစကားကို မင်းကြီးအား ကြားလို၍ 'ယံ သာလဝနသ္မိံ သေနကော' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ သေနကအမတ်သည် မင်းမူးမင်းမတ် ပညာရှိသုခမိန် ခံသူဖြစ်လျက် မင်းမှူးမင်းမတ်တို့အကျင့်ကို မကျင့်၊ အရှင့်ကျေးဇူးတော်ကို မသိ၊ ပညာရှိအလေ့သဘော မဟုတ်၊ သူယုတ်မာတို့၏ အမှုကိုသာ ပြုကျင့်လေ့ရှိသူ ဖြစ်ပါသည်။ ဤမြို့တော်၌ ဤမည်သောပြည့်တန်ဆာမကို ဤမည်သောအင်ကြင်း ဥယျာဉ်သို့ခေါ်ပြီးလျှင် မှီမိမ်းအမှုကို ပြုကျင့်၍ ထိုပြည့်တန်ဆာမကို လုပ်ကြံဖျောက်ဖျက်ပြီးမှ အဝတ်တန်ဆာကို ချွတ်ယူခဲ့သဖြင့် မိမိအိမ်၌ မိမိသားမယားကို မသိစေရဘဲ အဆွေခင်ပွန်းတစ်ယောက်ကိုသာ ဆိတ်ကွယ်ရာ၌ပြော၍ ထိုအမှုကို လျှို့ဝှက်လျက်နေ၏။ ထိုသို့လျှို့ဝှက်ငြားသော်လည်း အကျွန်ုပ်၏ပညာအစွမ်းဖြင့် ထိုသူအမှုကို တစ်ခုမကျန် ဟုတ်မှန်တိုင်း အကျွန်ုပ် ကြားသိရ၏။ ဤအမှုကို မိမိအဆွေခင်ပွန်း တစ်ယောက်သာ သိသည်ထင်၍ အရှင်မင်းကြီးပြဿနာတော်၌ သေနကအမတ်သည် ထိုအမှုကိုအစွဲပြုသဖြင့် 'လျှို့ဝှက်အပ်သောစကားကို အဆွေခင်ပွန်းအား ပြောအပ်၏'ဟု လျှောက်ထားပြောဆိုခြင်း ဖြစ်ပါသည်။ ဤသေနကအမတ်သာ အရှင့် ရာဇဝတ်တော်ကို မခန့်မလေး ကျေးဇူးတော်ကိုမမျှော်မှန်း ဆိုးသွမ်းရိုင်းပျစွာကျင့်၍ အရှင့်ရန်သူ ပြု၏။ အကျွန်ုပ်ကား အရှင့်ရန်သူ မဟုတ်ပါ။ ယခုပင် သေနကအမတ်ကို ကြပ်ကြပ်တည်းတည်း စစ်မေး၍ အရှင့်ရန်သူ လူဆိုးလူသွမ်းတို့အား ရာဇဝတ်ဒဏ်[၁၆]ပေးမြဲထုံးစံရှိသည့်အတိုင်း ရာဇဝတ်ဒဏ် ပေးတော်မူမှ သင့်ပါမည်"ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးသည် မဟာသဓစကားကိုကြားလျှင် သေနကအမတ်ကိုကြည့်လျက် "သေနကအမတ်။ ယခု မဟောသဓသုခမိန် လျှောက်ချက်အတိုင်း သင့်တွင် အမှုရှိသည် မှန်၏လော"ဟု မေး၏။ သေနကအမတ်လည်း အမှုကို မထိမ်ဝှက်ဝံ့သောကြောင့် "အရှင်မင်းကြီး။ မဟောသဓာ လျှောက်ချက်အတိုင်း အကျွန်ုပ်ပြုကျင့်မိသည် မှန်ပေ၏"ဟု လျှောက်ထားလျှင်၊ ဝိဒေဟရာဇ်မင်းကြီးသည် "ယခုပင် သေနကအမတ်ကို နန်းတော်မှဆွဲချ၍ နှောင်အိမ် သွင်းလေ"ဟု မင်းအာဏာထားသဖြင့် မင်းချင်းတို့သည် သေနကအမတ်ကို နန်းတော်တွင်းမှ ဆွဲငင်ဖမ်းယူ၍ နှောင်အိမ်သို့ သွင်းလေကုန်၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် သေနကအမတ်၏ လျှို့ဝှက်အပ်သောအမှုကို လျှောက်ထားပြီးလျှင်၊ ပက္ကုသအမတ်၏ လျှို့ဝှက်အပ်သောအမှုကို ထင်မြင်စွာပြလို၍ 'ပက္ကုသ ပုရိသဿ တော ဓနိန္ဒ'အစရှိသော ဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ဤ ပက္ကုသအမတ်သည်လည်း နန်းတော်သို့ မဝင်ထိုက်သူဖြစ်ပါသည်။ ပက္ကုသအမတ်၏ပေါင်တွင်း၌ စက်ဆုပ်ရွံရှာဖွယ်သော ကုဋ္ဌနာရှိလျက် ထို ကုဋ္ဌနာကို သူတစ်ပါးမသိအောင် လျှို့ဝှက်၍ နံနက်တိုင်း မိမိညီကို ဆိတ်ကွယ်ရာခေါ်ပြီးလျှင် ဖန်ရည်ဆေးပြီးသော် နံ့သာအမွှေးအထုံ လိမ်းသုတ်လျက် ကုဋ္ဌနာပေါ်၌ နူးညံ့စေခြင်းငှာ ပုဆိုးကြမ်းတို့ဖြင့် ရစ်စည်းပြီးမှ နန်းတော်သို့ဝင်၍ အရှင်မင်းကြီးအားခစားလျှင် မင်းကြီးသည်လည်း လူစင်လူသန့်မှတ်တော်မူသဖြင့် ပက္ကုသအမတ်၏ ပေါင်ပေါ်၌ မပြတ်ပင်ဦးခေါင်းအုံး၍ စက်တော်မူချေသည်။ ဤသို့မိမိ၌လျှို့ဝှက်အပ်သောအမှုကို ညီတစ်ယောက်သာ သိသည်ထင်၍ ထိုအမှုကို အစွဲပြုသဖြင့် 'ဤ လျှို့ဝှက်အပ်သောစကားကို ညီအားသာ ပြောအပ်၏'ဟု လျှောက်ထားခြင်း ဖြစ်ပါသည်။ မိမိလျှို့ဝှက်အပ်သောအမှုကိုကား အကျွန်ုပ်သည် ပညာစွမ်းဖြင့် အကုန်အစင် သိသည်ဖြစ်၍ အရှင်မင်းကြီးနှင့် မထိုက်တန်သူ လူယုတ်မာ ဖြစ်ကြောင်းကို လျှောက်ပါသည်။ ယခုပင် ပက္ကုသအမတ်ကို နန်းတော်မှ ဆွဲငင်ဖမ်းယူ၍ ရာဇဝတ်ဒဏ်ပေးတော်မူမှ သင့်ပါမည်"ဟုလျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ဘုရားလောင်းစကားကိုကြားလျှင် ရှေးနည်းအတူ ပက္ကုသ အမတ်ကိုစစ်ဖမ်း၍၊ ဝန်ခံသဖြင့် နှောင်အိမ်သို့သွင်းစေ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ပက္ကုသအမတ်၏ လျှို့ဝှက်အပ်သောအမှုကို လျှောက်ထားပြီးလျှင် ကာမိန္ဒအမတ်၏ လျှို့ဝှက်အပ်သောအမှုကို ထင်စွာလျှောက်ထားလို၍ 'အာဗာဓောယံ အသဇ္ဈိရူပေါ' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား—

"အရှင်မင်းကြီး။ ကာမိန္ဒအမတ်သည်လည်း သူတော်ကောင်း မဟုတ်။ နရဒေဝနတ်ဖမ်း၍ ရူးသောသူ ဖြစ်ပါသည်။ မိမိ နတ်ရူးနာ ပေါ်သောအခါ၌ ခွေးရူးကဲ့သို့ မရပ်မနေလှည့်လည်လျက် ဆိုချွတ်မြည်ချွတ် ရေရွတ်မြည်တွန်ခြင်းကို ပြု၏။ ထို နတ်ရူးနာ ရှိကြောင်းကို သူတစ်ပါး မသိ။ မိမိသားတစ်ယောက်သာ သိသဖြင့် သားသည် နတ်ရူးနာပေါ်တိုင်း အိမ်တိုက်ခန်းတွင်းသို့သွင်းပြီးလျှင် မြည်တမ်းသောအသံကို သူတစ်ပါး မကြားစေခြင်းငှာ တံခါးဝ၌ တီးမှုတ်ခြင်း ပွဲသဘင် ခံ၏။ ထိုသို့ မိမိ၌ နတ်ရူးနာရှိကြောင်းကို မိမိသား တစ်ယောက်သာ သိသည်ထင်၍ ထိုအမှုကို စွဲသဖြင့် 'လျှို့ဝှက်အပ်သောစကားကို သားအား ပြောအပ်၏'ဟု လျှောက်ထားခြင်းဖြစ်ပါသည်။ မိမိ လျှို့ဝှက်အပ်သောအမှုကိုကား အကျွန်ုပ်သည် ပညာအစွမ်းဖြင့် အကုန်အစင် ကြားသိသည်ဖြစ်၍ မှူးမတ်အရာနှင့် မတန်၊ နန်းတော်သို့ဝင်ခြင်းငှာ မထိုက်၊ သူရူးဖြစ်ပါသောကြောင့် အရှင်မင်းကြီးအား လျှောက်ထားပါသည်။ ယခုပင် ကာမိန္ဒအမတ်ကို နန်းတော်မှဖမ်းယူဆွဲချ၍ ရာဇဝတ်ဒဏ် ပေးတော်မူမှ သင့်ပါမည်"ဟုလျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဘုရားလောင်းစကားကိုကြားလျှင် ရှေးနည်းအတူ ကာမိန္ဒအမတ်ကို စစ်မေး၍ ဝန်ခံသဖြင့် နှောင်အိမ်သို့သွင်းစေ၏။

မဟောသဓသုခမိန်သည် ကာမိန္ဒအမတ်၏လျှို့ဝှက်အပ်သောအမှုကို လျှောက်ပြီးလျှင် ဒေဝိန္ဒအမတ်၏ လျှို့ဝှက်အပ်သောအမှုကိုထင်စွာလျှောက်ကြားလို၍ 'အဋ္ဌဝင်္က မဏိရတနံ ဥဠာရံ' အစရှိသောဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား—

"အရှင်မင်းကြီး။ ဒေဝိန္ဒအမတ်သည်လည်း သူတော်ကောင်း မဟုတ်။ လက်မရွံ့သူယုတ်မာ ဖြစ်ပါသည်။ အရှင့်ဘိုးတော် ကုသမင်းကြီးအား သိကြားမင်းသည် ပေးအပ်သော အကောက် ၈ တန် အလျှံအရောင်တို့ဖြင့် တင့်တယ်စွာ ရတနာပတ္တမြားမျက်မြတ်ကို နန်းတော်မှခိုးယူ၍ မိမိအမိအား ပေးအပ်ထားသဖြင့် မိမိနန်းတော်သို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုင်း ထိုပတ္တမြားကို ဆောင်လျက်ဝင်၏။ ထိုအကြောင်းကို သူတစ်ပါး မသိစေရ။ အမိတစ်ယောက်ကိုသာ သိစေသဖြင့် လျှို့ဝှက်၏။ ဤသို့ အမိတစ်ယောက်သာ သိသည်ဟုမိမိထင်၍ ထိုအမှုကိုအစွဲပြုလျက် လျှို့ဝှက်အပ်သော စကားကို အမိအား ပြောအပ်၏'ဟု လျှောက်ထားခြင်းဖြစ်ပါသည်။ မိမိ လျှို့ဝှက်သော အမှုကိုကား အကျွန်ုပ်၏ပညာ အစွမ်းဖြင့် အကုန်အစင် ကြားသိသည်ဖြစ်၍ အရှင်မင်းကြီးနှင့် မထိုက်တန်၊ လက်မရွံ့သူယုတ်မာ ဖြစ်သောကြောင့် လျှောက်ပါသည်။ ယခုပင် ဒေဝိန္ဒအမတ်ကို နန်းတော်မှ ဖမ်းယူဆွဲငင်၍ ရာဇဝတ်ဒဏ်ပေးတော်မူမှ သင့်ပါမည်"ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဘုရားလောင်းစကားကိုကြားလျှင် ရှေးနည်းအတူ ဒေဝိန္ဒအမတ်ကို စစ်မေး၍ ဝန်ခံသဖြင့် နှောင်အိမ်သွင်းစေ၏။

ဤသို့ အမတ် ၄ ယောက်တို့သည် အကောက်ကြံ၍ ဘုရားလောင်းကို စည်းစိမ် အသက် ပျက်စီးစေခြင်းငှာ လုံ့လပြုပါသော်လည်း မိမိတို့တွင် လျှို့ဝှက်အပ်သောအမှုရှိလျက် မိမိတို့ကြမ္မာ[၁၆၂] ဆော်သဖြင့် နှုတ်မစောင့်ခြင်းကြောင့် ကိုယ်သို့တစ်ဖန် အမှုပြန်၍ ရာဇဒဏ်ကြီးစွာနှင့် နှောင်အိမ်မှာ နေကြရကုန်၏။

ထို အမတ် ၄ ယောက်တို့အား မင်းဒဏ်ပေးစေပြီးသောအခါ ဘုရားလောင်း မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ဤသို့သောအကြောင်းများကို မြင်၍ အကျွန်ုပ်သည် 'လျှို့ဝှက်အပ်သောစကားကို သူတစ်ပါးအား မပြောအပ်'ဟု လျှောက်ထားပါသည်။ 'အဆွေခင်ပွန်း စသည်တို့အား ပြောအပ်၏' ဟုဆိုကုန်သောသူတို့သည် ယခု ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ကုန်သည်ကို နှလုံးထားတော်မူပါ"ဟု လျှောက်ပြီးလျှင်၊ ထိုထက် လွန်စွာ မင်းကြီးအား တရားကျင့်စဉ်ရှိတိုင်း ညွှန်ပြလို၍ 'ဂုယှဿ ဟိ ဂုယှမေဝ သာဓု အစရှိသောဂါထာ', 'နဂုယှမတ္ထံ ဝိဝရေယျ အစရှိသောဂါထာ', 'ထိယာ ဂုယှံ န သံသေယျ အစရှိသောဂါထာ', 'ဂုယှမတ္ထံ မသမ္ဗုဒ္ဓံ အစရှိသောဂါထာ', 'ယာဝန္တော ပုရိသဿတ္ထံ အစရှိသောဂါထာ', 'ဝိဝိစ္စ ဘာသေယျ ဒိဝါ ရဟဿံ အစရှိသောဂါထာ'တို့ဖြင့် လျှောက်ဆို၏။အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ လျှို့ဝှက်အပ်သောအမှုကို လျှို့ဝှက်မှသာလျှင် ကောင်း၏။ လျှို့ဝှက်အပ်သောအမှုကို မိမိမှတစ်ပါး ထင်စွာမပြကောင်း။ ဤလောက၌ ပညာရှိကုန်သောသူတို့သည် မိမိ၌ လျှို့ဝှက်အပ်သောအမှုကို အလိုမပြည့်သမျှကာလပတ်လုံး သူတစ်ပါး မသိစေရာ။ မိမိ အလိုရှိအပ်သော အကျိုးပြည့်စုံသော်ကား ထိုအမှုကို သူတစ်ပါးအား ပြောလိုမူ ပြောရာ၏။

"အရှင်မင်းကြီး။ ရွှေအိုးကို သူတစ်ပါး မခိုးယူစိမ့်သောငှာ လုံခြုံစွာစောင့်ရှောက်သကဲ့သို့ မိမိ၌ လျှို့ဝှက်အပ်သောအမှုကို လိုရာကိစ္စ မပြီးသေးသမျှကာလပတ်လုံး သူတစ်ပါးတို့အား မသိစေအပ်။ လျှို့ဝှက်အပ် သောအမှုကို မိမိမှ တစ်ပါးသူသိလေက ထို သိသောသူက မိမိကို မကောင်းသဖြင့် ပြုတတ်၏။

"အရှင်မင်းကြီး။ လျှို့ဝှက်အပ်သောအမှုကို ပြောမှားချေက လျင်စွာ အပြစ်ကို ပေးတတ်သောသူကား မိန်းမလည်း တစ်ယောက်၊ မချစ်မနှစ်သက်လိုသော ရန်သူလည်း တစ်ယောက်၊ ဥစ္စာစည်းစိမ် အဝတ်တန်ဆာ တစ်စုံတစ်ခုဖြင့် ပေးကမ်းဖြားယောင်း၍ အဆွေခင်ပွန်းဖွဲ့တတ်သောသူလည်း တစ်ယောက်၊ စိတ်ထဲမဖြောင့် မမှန် အကောက်ကြံလျက် နှုတ်ဖြင့်သာ အကျိုးလိုယောင်ပြု၍ သူ့အပြစ်ကိုရှာလိုသဖြင့် ချိုသာနာဖွယ်စကားနှင့် ချော့စားတတ်သောသူလည်း တစ်ယောက်။ ဤသူ ၄ ယောက်တို့အား လျှို့ဝှက်အပ်သောစကားကို ပြောမှားချေက လျင်စွာ အမှုရောက်တတ်၏။"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ လျှို့ဝှက်အပ်သောအမှုကို အကြင်သူသည် အကယ်၍ ကြားသိငြားအံ့။ ထိုကြားသိသောသူအား ထိုအမှုကို မဖော်ပြစေခြင်းငှာ မိမိကိုယ်ကို ကျွန်ကဲ့သို့ပြု၍ ထိုသူ့ဆဲဆိုသော်လည်း သည်းခံသဖြင့်သာ နေရရာ၏။

"အရှင်မင်းကြီး။ အကြင်သူသည် မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါး သိလေသည်ရှိသော် ထိုသူ သိလေသည်မှစ၍ မိမိအား ပြင်းစွာထိတ်လန့်ခြင်းသည် ဖြစ်ရာ၏။ ထိုသို့ တစိုးရိမ်ရိမ် ရှိရာသောကြောင့် လျှို့ဝှက်အပ်သောစကားကို သူတစ်ပါးအား မပြောအပ်။

"အရှင်မင်းကြီး။ တိုင်ပင်အပ်သောအမှုကို ယုံမှတ်သောသူတို့နှင့် တိုင်ပင်လိုသော်လည်း နေ့အခါဖြစ်မူ ဆိတ်ကွယ်ရာအရပ်၌သာ တိုင်ပင်ရာ၏။ ညဥ့်အခါဖြစ်မူကား ထိုသူကြားလောက်ရုံ အနီး၌နေ၍သာ အသံကို ပြင်မထွက်စေရဘဲ အရှည်အလဲမဆို လိုရာစကားတွင်၍သာ တိုးတိုးသက်သက် တိုင်ပင်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား တိုက်နံရံတွင်းကနေ၍ လည်းကောင်း၊ အိပ်ပျော်၍လည်းကောင်း, သူတစ်ပါးအကြံအစည်ကို ခိုးတတ်သောသူသည် ချောင်းမြောင်းလျက် နားထောင်တတ်၏။ ထိုသို့ချောင်းမြောင်း၍ နားထောင်တတ်သောသူကြားသဖြင့် မိမိအကြံအစည် အတိုင်အပင်ပျက်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် လျှို့ဝှက်အပ်သောစကား ဟူသည်ကို သူတစ်ပါးမသိစေရအောင် လုံ့လသတိ ရှိစေရာသည်"ဟု ပညာရှိတို့ ကျင့်ထုံးကျင့်စဉ်ကို ပြညွှန်ဟောကြား၏။

ဘုရားလောင်းမဟောသဓသုခမိန်၏စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အမတ် ၄ ယောက်တို့အား

"ဤသူတို့သည်သာ ငါ၏ရာဇဝတ် မလွတ်သောအမှုကို ပြုကျင့်သူဖြစ်လျက်၊ အပြစ်မရှိသော ငါ့သားသုခမိန်ကို ငါ၏ရန်သူဖြစ်ကြောင်းနှင့် ငါသို့သောမင်းကိုစင်လျက် ပျက်မှုစကား လျှောက်ထားကြသည်ဟု ပြင်းစွာအမျက်ထွက်၍၊ "ယခုပင်လျှင် ငါ၏ရန်သူအမတ် ၄ ယောက်တို့ကို မြို့မှထုတ်ပြီးလျှင် တံကျင်လျှိုလျက် လည်ပင်းကိုလည်း သန်လျက်ဖြင့် ကွပ်မျက်၍ ထင်ရှားအောင်စီရင်"ဟု လက်မရွဲ့[၁၆၃]ထောင်မှူးတို့သို့ စေလိုက်၏။ လက်မရွဲ့ထောင်မှူးတို့လည်း မင်းမိန့်ရှိတိုင်း အမတ် ၄ ယောက်တို့ကို ကြိုး လက်ပြန်ချည်နှောင်ပြီးသော် ကြိမ်လုံးဖြင့် ရာဇဒဏ် အချက် ၁၀၀၀ စီ ရိုက်ပြီးလျှင် မြို့ပြင်ကွပ်မျက်ရာသို့ ထုတ်ဆောင်ကြလေကုန်၏။

မဟောသဓသုခမိန်သည် ထိုအမတ် ၄ ယောက်တို့ကို ထုတ်လေသောအခါ 'ထိုသူတို့အား ငါမှတစ်ပါး ကိုးကွယ်ရာ မရှိပြီ'ဟုကြံ၍၊ မင်းကြီးအား ဤသို့လျှောက်တင်၏။

"အရှင်မင်းကြီး။ ထိုသူ ၄ယောက်တို့ အရှင့် ရန်သူစင်စစ်မှန်၏။ ထိုသို့မှန်သော်လည်း အရှင့်အမှုတော်ကို အစဉ်မပြတ်ထမ်းရွက်၍နေသော အမတ်ဟောင်း ဖြစ်ပါသောကြောင့် အသက်ဆုံးရှုံးအောင် မစီရင်ထိုက်ပါ။ ထိုသူတို့၌လည်း နောင်မပြုဝံ့အောင် ယခု ကြီးစွာသောရာဇဒဏ် ခံရလျက်ရှိပါပြီ။ မလိမ္မာသောအလျောက် ထိုသူတို့ ပြုကျင့်မိသည့်အပြစ်ကို သည်းခံတော်မူပါ"ဟုလျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဘုရားလောင်း မဟောသဓစကားကို ကြားလျှင် "ငါ့သားသုခမိန်က ထိုသူတို့အသက်ကို လွှတ်စေလိုလျှင် အသက်ကိုကား ငါ ချမ်းသာပေးတော်မူ၏။ မှူးမတ်စည်းစိမ်၌ကား မတည်စေနှင့်။ ငါ့သားသုခမိန်မှာ ထိုသူ ၄ ယောက်တို့ကို အစေအပါးကျွန် ပြုလေတော့"ဟုဆို၍ အမတ် ၄ ယောက်တို့ကို ခေါ်စေပြီးလျှင်၊ မဟောသဓ သုခမိန်အား ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသေုခမိန်သည် မင်းရှင်ပြင်၌ပင်လျှင် ထိုအမတ် ၄ ယောက်တို့ကို "သင်တို့သည် ငါ၏ကျွန်အဖြစ်မှ လွတ်စေတော့"ဟုဆို၍ တော်လှန်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသေုခမိန် စကားကိုကြားလျှင် "ဤသူ ၄ ယောက်တို့ကို ငါ့သားသုခမိန် ကျွန်မပြုလိုလျှင် ထိုသူ ၄ ယောက်တို့သည် ငါ့နိုင်ငံတော်နှင့် မတန်။ နိုင်ငံတော်မှ ထိုသူတို့ကို နှင်ထုတ်လေ"ဟု စေခန့်ပြန်လေ၏။

မဟောသဓသေုခမိန်သည် မင်းကြီးစကားကိုကြားလျှင်

"အရှင်မင်းကြီး။ ထိုသူ ၄ ယောက်တို့သည် အရှင်မင်းကြီးမှတစ်ပါး ကိုးကွယ်ရာ မရှိပါ။ မလိမ္မာသော အလျောက် အမှားကိုအမှန်ထင်၍ ပြုကျင့်မိသော ထိုသူတို့အပြစ်ကို သည်းခံတော်မူလျက် အထက် ချီးမြှောက်တော်မူမြဲ မှူးမတ်စည်းစိမ်ကိုပေး၍ သူကောင်းပြုတော်မူပါ"ဟု တောင်းပန်လျှောက်ထားသဖြင့် အမတ် ၄ ယောက်တို့ကို ပြကတေ့အတိုင်း မှူးမတ်စည်းစိမ်၌တည်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် 'ငါ့သားသုခမိန်ကား မိမိ စည်းစိမ်' အသက်ပျက်စီးကြောင်း မကောင်းသဖြင့် ကြံ၍ ရန်သူပြုသော အမတ်၄ယောက်တို့ကိုလျက်လည်း အမျက်ရန်ငြိုးမသိ မေတ္တာစိတ်ကိုသာ ရှေးရှုပြုတဲ့သေး၏။ မိမိအား ကြီးစွာသော အချီးအမြှောက်ဖြင့် သူကောင်းပြုသောငါ့ကိုကား ဆိုဖွယ်ရာမရှိ။ ငါ့သား ငါ့ကို လွန်စွာ ချစ်မြတ်နိုးခြင်းဖြင့် ငါ၏အကျိုးစီးပွားကိုသာ ဆောင်ရွက်အံ့သည် မချွတ်ရာ' ဟုကြံ၍၊ ရှေးထက်လွန်စွာ ယုံကြည်မြတ်နိုးခြင်းဖြစ်သဖြင့် ဘုရားလောင်းမဟောသဓသေုခမိန်အား စစ်ဘုရင်သေနာပတိအရာကို ထပ်၍ပေးပြန်လေ၏။ အမတ် ၄ ယောက်တို့သည်လည်း ထိုရာဇဒဏ်ခံရသောနေ့မှစ၍ အစွယ်ကျိုးသောမြွေကဲ့သို့ ဘုရားလောင်း မဟောသဓသေုခမိန်နှင့် တုပြိုင်၍ တစ်ခွန်းသောစကားကိုမျှ မဆိုဝံ့သဖြင့် အဆိပ်အတောက် မရှိသည်သာ ဖြစ်ကုန်၏။

ဤကား ဘုရားလောင်းမဟောသဓအား ၉ ကြိမ်မြောက်သော မင်း၏အချီးအမြှောက်ကို ခံရခြင်းတည်း။

[ဤတွင်ရွေ့ကား အမတ် ၄ ယောက်တို့သည် ဘုရားလောင်းအား အကော်ကြံ၍ အတန်တန်ဖျက်ဆီးကြသည့်စကားကိုဆိုသောအခန်း ပြီး၏။]

## ၃၄။ မဟောသဓသုခမိန် နိုင်ငံတော်ကို ပြုပြင်ခန်း

ဘုရားလောင်း မဟောသဓသေုခမိန်သည် အမတ် ၄ ယောက်တို့၏ မာန်စွယ်ကို နုတ်ပယ်ချိုးဖြတ်လျက် မြင့်မြတ်သော သေနာပတိအရာကို ရသည်မှစ၍ ဝိဒေဟရာဇ်မင်းကြီးအား အကျိုးအကြောင်းနှင့်စပ်ယှဉ်သဖြင့် မင်းတို့ကျင့်ရာ ဆောင်ရာသည့် တရားလမ်းကြောင်း ထုံးဟောင်းဥပဒေတို့ကို ညွှန်ပြဆုံးမလျက် 'မင်းကြီးမှာ ထီးနန်းစည်းစိမ်၌သာ ကြောင့်ကြမဲ့ စိတ်နှလုံးချမ်းငြိမ်းစွာ စိုးစံတော်မူ၍ နေတော်မူစေ။ ပြည်ထဲရေးဆိုရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ၏တာဝန်ဖြစ်တော့သည်။ မမေ့မလျော့ လုံ့လပြုအပ်၏'ဟု ကြံပြီးလျှင်၊ မြို့ကို အသစ်စီရင်အံ့သောငှာ ပြည်သူပြည်သားတို့ကို ဆိုင်ရာခန့်ထား၍ စည်းဝေးစေပြီးသော် ရှေးမြို့ဟောင်းကိုချဲ့ထွင်သဖြင့် မြို့ကြီး တည်ပြန်၏။

မြို့ကြီးပြင်၌ ရန်သူတို့သည် ခံတမင်[၁၆၄]မချဉ်းမကပ်ဝံ့အောင် ရှုကြည့်၍လည်း တင့်တယ်ကြောင်း မထောင့်မယွန်းစီရင်၍၊ မြို့ကြီးအောက် စဉ်းငယ်နိမ့်သော မြို့ငယ်တစ်ထပ်ကိုလည်း တည်ပြန်စေ၏။ ထိုမြို့တံတိုင်း ၂ ထပ်တို့၌လည်း တံခါး, ပဆွင်, ပြ, တန်ဆောင်း, သူရဲပြေး, သူရဲခို, ရင်လျှောက် အလုံးစုံသော မြို့အဆောက်အဦတို့ကို ပြီးစေသဖြင့် မြို့ပြင်၌လည်း ခလုတ်ဆူးငြောင့်တို့ဖြင့် ရန်သူတို့ကိုဟန့်ဆီးစေခြင်းငှာ ခြောက်သွေ့သောကျုံး တစ်ထပ်တူးစေ၍၊ ထိုကျုံး ဖြင့်၌ နွံ့ညွန်တို့ဖြင့်ပြည့်သော ညွန်ကျုံးတစ်ထပ် ရံ၏။ ထိုညွန်ကျုံးပြင်၌ ငါး, လိပ်, မကန်း, မိကျောင်း, လင်းပိုင်တို့ဖြင့် ပြွမ်းသောရေကျုံးတစ်ထပ် ရံ၏။ ထိုသို့မြို့ပြင်၌ ကျုံးခြောက်, ညွန်ကျုံး, ရေကျုံးအားဖြင့် ကျုံး ၃ ထပ် ရံစေ၏။ မြို့တွင်း၌လည်း အိမ်ဆိုးအိမ်ဟောင်းတို့ကို မရှိစေရဘဲ အိမ်သစ်အိမ်ခိုင်တို့ကိုသာ ဆောက်လုပ်၍နေစေ၏။ ၄ ထောင့်ကန်ကြီး တို့ကိုလည်း အသီးအသီး မြို့တွင်း၌ များစွာတူးစေ၏။ ထိုကန်တို့၌ ရေမပြတ်နေစိမ့်သောငှာ ကောင်းစွာစီရင်လျက်၊ မပြိုမပျက်စေခြင်းငှာ ရေလွှတ်ရာ ပြွန်ပေါက်တို့ကို အသီးအသီး ထားစေ၏။ ဈာန်သမာပတ်[၁၆၅]နှင့် ပြည့်စုံကုန်သော ဆရာရှင်ရသေ့တို့ကိုလည်း 'ဟိမဝန္တာ[၁၆၆]မှ ကုမုဒြာရာကြာ[၁၆၇]စေ့တို့ကို ဆောင်ယူတော်မူခဲ့ပါ'ဟုလျှောက်၍၊ ရှင်ရသေ့တို့ဆောင်ယူခဲ့သဖြင့် ကုမုဒြာကြာစေ့တို့ကို ထိုရေကန်၌ ပြင်ဆင်စိုက်ပျိုးစေ၏။ မြို့ပြင်၌ ဇရပ်ဟောင်း, ဇရပ်ဆိုးတို့ကိုလည်း အသစ် ဆောက်လုပ်ပြင်ဆင်စေ၏။ ထိုအလုံးစုံကို ပြင်ဆင်ခြင်းသည်ကား ဘုရားလောင်းသည် မြို့၏အတင့်အတယ် ဂုဏ်ကျက်သရေကိုလို၍ စီရင်သည်မဟုတ်။ ပြည်သူပြည်သားတို့အား တစ်ပါးရန်သူ မပြုမမှောင့် မနှောင့်မယှက်နိုင်စေသောငှာ စီရင်သတည်း။

ထိုအခါ တစ်ပြည်တစ်နိုင်ငံမှ လှေ,သင်္ဘော ကုန်သည်၊ လှည်း,ခြေကျင်,ဝန်တင် ကုန်သည် အပေါင်းတို့လည်း ရောင်းဝယ်ခြင်းငှာ မိထိလာပြည်သို့ များစွာဆူလှယ် အသွယ်သွယ်အထပ်ထပ် မပြတ်လျှင် ရောက်ပေါက်ကြကုန်၏။ မဟောသဓသုခမိန်သည် ထိုသို့ရောက်လာကုန်သော ကုန်သည်တို့ကိုခေါ်စေ၍ "သင်တို့။ အဘယ်ပြည်က ပေနည်း"ဟု မေးလျှင်၊ "အကျွန်ုပ်တို့ကား ဤမည်သော ပြည်ကတည်း"ဟု ကုန်သည်တို့ လျှောက်ကြားလျှင် မဟောသဓ သုခမိန်သည် "သင်တို့။ ပြည်ထဲရှင်မင်းကြီးကား အဘယ်မည်သောဥစ္စာကို မြတ်နိုး နှစ်သက်တော် မူသနည်း"ဟုမေး၏။ ကုန်သည်တို့လည်း "အရှင်။ အကျွန်ုပ်တို့အရှင်မင်းကြီးကား ဤမည်သောဥစ္စာကို မြတ်နိုး နှစ်သက်တော်မူပါ၏"ဟု လျှောက်ကြားလတ်သော်၊ မဟောသဓသုခမိန်သည် ထိုကုန်သည်တို့အား ကောင်းမွန်စွာကျွေးမွေးပြုစု၍ ပေးကမ်းချီးမြှောက်၏။

ဤသို့ကုန်သည်တို့ကိုမေး၍ ၁၀၁ သောမင်းတို့၏ နှစ်သက်ရာကိုသိပြီးသော် မဟောသဓသုခမိန်သည် ဖွားဖက် ၁၀၀၀ တို့တွင် ဥပါယ်တံမျဉ်၌ လိမ္မာရဲရင့်စွာ အရှင့်အမှုကို ယုံမှတ်တိုင်း အခွင့်ကုန်အောင် ဆောင်စွမ်းရှိသူ ဖွားဖက်အရေအတွက် ၁၀၀ ရွေးကောက်ပြီးလျှင်

"အချင်းတို့။ သင်တို့သည် ဤမည်သောလက်ဆောင်နှင့် ၁၀၀ သော ထီးဆောင်းမင်းတို့သို့ အသီးအသီး တစ်ယောက်စီသွား၍ခစားလျက် အခိုက်အတန့်မျှ နေကြရမည်။ သင်တို့ သား, မယားဆိုသည်မှာ ငါ၏တာဝန် ဖြစ်စေ။ ငါ ကောင်းစွာကြည့်ရှု မွေးကျွေးအံ့။ သားမယားကြောင့် စိုးရိမ်ခြင်းမည်သည် မရှိကြနှင့်။ သင်တို့သည်



www.burmeseclassic.com

အသီးအသီး တစ်နိုင်ငံမင်းထံတို့၌ ဤလက်ဆောင်တို့ကိုဆက်၍ ထိုမင်းတို့မြတ်နိုးကြောင်း ကောင်းစွာ လုံ့လသတိရှိသဖြင့် သင်တို့နေသည့်အရပ်ကိုလည်း မသိစေရဘဲ အတွင်းသားဖြစ်အောင် ခစားလျက် ထိုမင်းတို့၏ အမှုအရာအကြံအစည်ကို မပြတ်ကြည့်ရှုနားထောင်၍ အကြောင်းရှိလျှင် စကားအလုံးစုံကို သင်တို့ကြားသိတိုင်း ငါ့ထံသို့ စေလွှတ်လိုက်"ဟု မှာထားပြောဆိုပြီးသော်၊ ထိုတစ်နိုင်ငံမင်းတို့နှစ်သက်ရာ အချို့သော မင်းတို့အား ပတ္တမြား နားတောင်း, အချို့သောမင်းတို့အား ရွှေခြေနင်း, အချို့သော မင်းတို့အား သန်လျက်, အချို့သော မင်းတို့အား သင်းကျစ်, အချို့သော မင်းတို့အား ရွှေစင်၊ ဤသို့သောလက်ဆောင်တို့ကို အသီးအသီး ကမ္ပည်း လိပ်ထိုးပြီးလျှင် "အကြင်အခါ ငါ၏ အကယ်၍ ပြုဖွယ်ကိစ္စရှိအံ့။ ထိုအမှုရှိသောအခါ ငါ၏ပဏ္ဏာလက်ဆောင်သည် ထင်ရှားစေသတည်း"ဟု ဓိဋ္ဌာန်[၁၆၈]ပြီးမှ၊ ထိုအလုံးစုံသော လက်ဆောင်တို့ကို ဖွားဖက် သူရဲကောင်း ၁၀၀ တို့အား အသီးအသီးပေးအပ်၍ ထိုထိုသော တစ်ပြည်တစ်နိုင်ငံတို့သို့ အသီးအသီး စေလွှတ်လိုက်၏။

၁၀၀ သော သူရဲကောင်းတို့သည်လည်း မဟောသဓသုခမိန် စေလွှတ်တိုင်း တစ်နိုင်ငံမင်းတို့သို့ အသီးအသီး သွား၍ မိမိတို့၌ပါသော လက်ဆောင်တို့ကို မင်းအား ဆက်၏။

ထိုမင်းတို့လည်း "အဘယ်အကြောင်းကြောင့် ဤ ငါ၏ပြည်သို့ လာသနည်း"ဟုမေးလျှင်၊ "အရှင်မင်းကြီး။ ကိုယ်တော်၏ခြေရင်း၌ ခစားလျက် ကျွန်တော်မျိုး ခံလိုသောကြောင့် ရောက်ပါသည်"ဟု လျှောက်ဆိုကြကုန်၏။

ထို တစ်နိုင်ငံမင်းတို့လည်း "ငါ့ထံသို့ ခစားအံ့သောငှာ ရောက်၏ဟူသော် အဘယ်ပြည်ကနည်း"ဟု မေးကြကုန်၏။ သူရဲတို့လည်း မိမိနေရပ်ကို မသိစေဘဲ "အရှင်မင်းကြီး။ အကျွန်ုပ်ကား ဤမည်သော ပြည်ကပေတည်း"ဟု တစ်ပါးသောပြည်ကို လွှဲဖယ်၍လျှောက်ကြကုန်၏။ ထို တစ်နိုင်ငံမင်းတို့သည်လည်း မိမိတို့နှစ်သက်အပ်သော ပဏ္ဏာလက်ဆောင်ကိုရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိ၍ ထိုသူရဲကောင်း ၁၀၀ တို့ကို အသီးအသီးသူကောင်းပြုပြီးလျှင် အတွင်း၌ ခစားစေကုန်၏။ သူရဲကောင်း ၁၀၀ တို့သည်လည်း တစ်နေ့ မပြတ်လျှင် အမှုအခွင့်ကို ကြည့်ရှုနားထောင်လျက် ထိုထိုသောမင်းတို့အား အသီးအသီးခစား၍နေကြကုန်၏။

## ၃၅။ ပထမ ကျေးစေခန်း

ထိုအခါ ကပိလတိုင်း[၁၆၉]ဥတ္တရပဉ္စာလရာဇ်ပြည်[၁၇၀]၌ သမ်ပါလက[၁၇၁]မည်သော စူဠနီဗြဟ္မဒတ်မင်း[၁၇၂]သည် မင်းပြု၏။ ထို စူဠနီဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်း ကောင်းမကောင်း, သင့်မသင့်ကို ပြည့်နှံ့ဆုံးမတတ်သော ပုရောဟိတ်[၁၇၃]အမတ်ကြီးကား ကေဝဋ္ဋ[၁၇၄]အမည်ရှိ၏။

ထို စူဠနီဗြဟ္မဒတ်မင်းသည် တရံရောအခါ ဆင်, မြင်း, ရထား, ခြေသည် စစ်အင်္ဂါသူရဲကောင်းတို့ကို ရုံးစုလျက် ဓား,လှံ,လေး,မြား,လွှား,ကာ, မီးပေါက်လက်နက်မျိုးတို့ကိုလည်း ပြင်ဆင်၏။

မဟောသဓသုခမိန်က သူလျှိုထားသောယောကျ်ားသည် ထိုအကြောင်းကို ကြားသိလေသော်၊ မဟောသဓသုခမိန်ထံ ဤသို့ စေလွှတ်လိုက်၏။ 'အရှင်။ ယခုအကျွန်ုပ်ခစားလျက်နေသော ပဉ္စာလရာဇ်မင်းသည်

www.burmeseclassic.com



စစ်သည်ဗိုလ်ပါတို့ကို ရုံးစု၍ ဓား,လှံ,လေး,မြား,လွှား,ကာ,မီးပေါက်လက်နက်မျိုးတို့ကိုလည်း ပြင်ဆင်စေသည်။ အကြောင်း မည်သို့မဆိုနိုင်။ သတိထားတော်မူပါ"ဟု လျှောက်စာနှင့် စာလွှတ်လိုက်၍ လျှောက်ကြားလေ၏။

မဟောသဓာသုခမိန်၌ကား နှုတ်ကောင်းသူ လူပညာရှိ စကားတတ်ကဲ့သို့ နားခွဲနာပျော်ဖွယ် ဥပါယ်တံမျဉ်တို့၌ တတ်ပွန်လိမ္မာစွာသော ကျေးသားတစ်ကောင်သည် ရှိသည်။ ထိုကျေးသားကို ပျားသကာတို့နှင့်နယ်သော ပေါက်ပေါက်တို့ကို နေ့တိုင်းကျွေးမွေး၍ ရွှေချိုင့်၌ မွေးမြူသုတ်သင်လျက် ထား၏။ ထိုကျေးသားတမန်၏ ဓလေ့သဘောကား တစ်စုံတစ်ခုအမှုရှိ၍ စေလွှတ်လျှင် မဟောသဓသုခမိန်သာ ကြားသိအပ်သောအမှု ဖြစ်အံ့။ ထို စေလွှတ်ရာကပြန်သောအခါ မဟောသဓသုခမိန်၏ ပခုံးပေါ်၌နား၍ ကြားသိခဲ့သမျှသောအမှုကို ပြန်ပြော၏။ အမရာဒေဝီလည်း သိစေလိုသည် ဖြစ်အံ့။ မဟောသဓသုခမိန်၏ ရင်ခွင်ပေါ်၌နား၍ ပြန်ကြားပြောဆို၏။ အခြွေအရံပရိသတ်တို့ကိုလည်း သိစေလိုသည်ဖြစ်အံ့။ အိမ်ကြမ်းပြင်၌နား၍ ပြန်ကြားပြောဆို၏။ ဤကား ကျေးသား၏ ပြုမြဲသောဓလေ့တည်း။

ထို ပဉ္စာလရာဇ်ပြည်၌နေသော သူလျှို၏လျှောက်စာစကားကို ကြားသိရသောအခါ မဟောသဓသုခမိန်သည် ထိုပဉ္စာလရာဇ်မင်း၏အကြံအစည်ကို ဟုတ်မှန်တိုင်းသိလို၍ ကျေးသားကို တမန်စေလွှတ်လိုက်အံ့သောငှာ ခေါ်ပြီးလျှင် ဤသို့ မှာထား၏။

"ငါ၏ငယ်မွေးဖြစ်သော ရွှေကျေးသား။ ငါ၌ သင်နှင့်တန်သောအမှု ယခု ပေါ်ရောက်၍ ရှိပေသည်။ ထိုအမှုကို လျင်စွာသိရအောင် ပြုချေ။ သင်သွားရမည်မှာ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်မင်းသည် လက်နက်ကိရိယာ ဗိုလ်သူရဲတို့ကို ပြင်ဆင်ရုံးစုကြောင်းစကားကို ယခုကြားရသည့်အတိုင်း မှန်,မမှန်ကို အတပ်သိအောင် ပြုရမည်။ ထိုမင်းသာလျှင် မဟုတ်သေး။ ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သော ထီးဆောင်းမင်းတို့၏ အမှုအရာ အကြံအစည်ကိုလည်း ငါကထားသော သူလျှိုတို့အိမ်သို့ ရှေးဦးစွာသွား၍ မေးမြန်းသဖြင့် အခွင့်ထူးခြားကြားရလျှင် ထိုအခွင့်အရေးကို သင်၏နား,မျက်စိဖြင့် အတပ်သိမြင်အောင်ပြုခဲ့၍၊ လျင်စွာ ငါ့ထံသို့ ပြန်လည်ခဲ့။ ယခုပင် ပျံသွားချေ"ဟု မှာထားပြီးလျှင်၊ ကျေးသားအား ပျားရည်နှင့်ရောသော ပေါက်ပေါက်ကိုလည်းကောင်း၊ ပျားရည်နှင့် အဖျော်ကိုလည်းကောင်း တိုက်ကျွေးစားသောက်စေ၍ အဖန် ၁၀၀, အဖန် ၁၀၀၀ ချက်ပြီးသော ဆီကြည်ဖြင့် တောင်ပံကြားတို့၌လိမ်းသပ်ပြီးသော် အရှေ့ပြတင်းဝ၌ရပ်လျက် လက်ပေါ်မှကျေးသားကို စေလွှတ်လိုက်၏။

ကျေးသားသည်လည်း "ကောင်းပါပြီ"ဝန်ခံလျက် ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ၁၀၀ သောမင်းနေပြည်တို့ကို လှည့်လည်ပျံသွားသဖြင့် ရောက်တိုင်းရောက်တိုင်း သူလျှိုတို့အိမ်၌နားဝင်၍ မေးမြန်းလျက် ထိုမင်းတို့၏ အကြောင်းကိုသိရပြီးမှ ကပိလတိုင်းသို့ ရှေးရှုပြန်သဖြင့် ဥတ္တရပဉ္စာလရာဇ်ပြည်သို့ ရောက်လေ၏။

ထိုဥတ္တရပဉ္စာလရာဇ်ပြည်၌ ကေဝဋ် အမည်ရှိသော ပုရောဟိတ်ပုဏ္ဏားအမတ်သည် ထိုကျေးသား ရောက်သောအခါ တစ်နေ့သ၌ နံနက်မိုးသောက်၍ အိပ်ရာမှထလတ်သော် ဆီမီးအရောင်ဖြင့် မိမိအိမ်၌ အထူးထူးအပြားပြား ဆန်းကြယ်စွာသော မင်းပေးစည်းစိမ်၏တင့်တယ်ခြင်းတို့ကို တစိမ့်စိမ့်ရှုကြည့်လျက် ဤသို့ကြံ၏။

"ဤသို့သော အမတ်ကြီး၏စည်းစိမ်သည် ငါ၏စည်းစိမ် မဟုတ်။ မင်းကြီး၏ စည်းစိမ်ပေတည်း။ ဤသို့သော စည်းစိမ်ကိုပေး၍ ချီးမြှောက်တော်မူသော မင်းကြီးအား ငါသည် ကျေးဇူးတော်ကို မဆောင်မရွက်



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းငှာ မထိုက်ပေ။ ငါ၏ပညာအစွမ်းဖြင့် ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သောထီးဆောင်းမင်းတို့ကို ပျပ်ဝပ်ကျိုးနွံစေ၍ ငါတို့အရှင်မင်းကြီးအား ဧကရာဇ်မင်း(၁)အဖြစ်ကို ပြုခြင်းငှာထိုက်၏။ မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံးကို အစိုးရသဖြင့် ငါလည်း ဧကရာဇ်မင်း၏ ပုရောဟိတ်အမတ်ကြီး ဖြစ်လတ္တံ့' ဟု ကြံပြီးလျှင် နံနက်စောစောကပင် နန်းတော်သို့ဝင်၍ မင်းကြီးအား ချမ်းသာစွာအိပ်ရကြောင်း စသည်တို့ကို မေးမြန်းလျှောက်ထားပြီးသော် "အရှင်မင်းကြီး။ တစ်ခုသော တိုင်ပင်လျှောက်ထားရန် အခွင့်ရှိပါသည်"ဟုဆို၏။

ကေဝဋ္ဋအမတ်ကြီးစကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "ဆရာပုရောဟိတ်။ တိုင်ပင်ရန်ရှိလျှင် လျှောက်ဆိုတိုင်ပင်လော့"ဟု ဆိုလတ်သော်၊ ကေဝဋ္ဋအမတ်သည် "အရှင်မင်းကြီး။ ယခုကျွန်ုပ်တို့တိုင်ပင်ရန် အခွင့်ကား အလွန်ခက်ခဲ၏။ သူတစ်ပါးကြားသိခြင်းငှာ မထိုက်။ ဤနန်းတော်၌လည်း နား,မျက်စိ များသည်ဖြစ်၍ ဆိတ်ကွယ်ရာ မရှိ။ ထို့ကြောင့် ဥယျာဉ်တော်သို့ ထွက်တော်မူပါမှ အကျွန်ုပ်တို့ ၂ဦးတည်း နား ၄ ဘက် တိုင်ပင်ခြင်းဖြင့် တိုင်ပင်ပြောဆိုပါမည်"ဟု လျှောက်ထား၏။

စူဠနီဗြဟ္မဒတ် မင်းသည်လည်း "ဆရာ ထို့သို့တပြီးကား ကောင်းပြီ"ဟုဆို၍ များစွာသော အခြံအရံနှင့်တကွ ကေဝဋ္ဋအမတ်ကြီးကိုခေါ်၍ ဥယျာဉ်တော်သို့ထွက်လေ၏။ ဥယျာဉ်တော်သို့ထွက်လျှင် တစ်ပါးသော မှူးမတ်အခြံအရံတို့ကို ဥယျာဉ်ပတ်လည်၌ အစောင့်အရှောက်ထားပြီးမှ ကေဝဋ္ဋအမတ်ကြီးနှင့် ၂ ယောက်တည်းသာ ဥယျာဉ်တွင်းသို့ဝင်၍ တန်ဆာဆင်အပ်သော အင်ကြင်းပင်အောက်တွင် မြတ်သောနေရာ ကျောက်ဖျာ အပြင်၌နေကြကုန်၏။

မဟောသဓသေခမိန်က စေလွှတ်သောကျေးသားသည်လည်း မင်း,အမတ်တို့၏အမူအရာကို ရှုကြည့်ဆင်ခြင် သဖြင့် မြင်လေသော် 'ဤ မင်း,အမတ်တို့ ယခုပြုကျင့်သော အခြင်းအရာသည် အကြောင်းထူးရှိသည် ဖြစ်ရာ၏။ စင်စစ် အကြောင်းရှိသည်မှန်လျှင် ထို မင်း,အမတ်တို့၏အကြံအစည်ကို ယနေ့ပင်လျှင် ငါ သိအောင်ပြု၍ ငါ၏အရှင်သုခမိန်အား ပြန်ကြားလျှောက်ဆိုရအံ့' ဟုကြံပြီးလျှင် ဥယျာဉ်သို့ပျံလတ်၍ ထို မင်း,အမတ်တို့နေသော အင်ကြင်းပင်အခက်ကြားတွင် အရွက်ဖြင့် ဖုံးလွှမ်းရာအရပ် မင်းအမတ်တို့၏ထိပ်ပေါ်၌ ပုန်းကွယ်လျက်နား နေလေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် "ဆရာပုရောဟိတ်။ တိုင်ပင်ရန်ရှိလျှင် လျှောက်ထားလော့"ဟုဆို၏။

ကေဝဋ္ဋအမတ်ကြီးသည်လည်း မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ အရှင့်နားတော်ကို ဤသို့ ကပ်တော်မူပါလော့။ နား ၄ ဘက်တိုင်ပင်ခြင်းဖြင့် လျှောက်ထားပါအံ့"ဟုဆို၍ မျက်နှာချင်း အနီးချဉ်းကပ်ပြီးသော် "အရှင်မင်းကြီး။ အကျွန်ုပ်၏စကားကို လိုက်နာတော်မူပါမည်လော။ အကယ်၍ အကျွန်ုပ်စကားကို လိုက်နာတော် မူသည်ဖြစ်အံ့ အရှင်မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သောထီးဆောင်းမင်းတို့၏ အရှင်ဧကရာဇ်မင်း ဖြစ်အံ့သည်ကား မချွတ်ရာ၏"ဟုဆို၏။

ကေဝဋ္ဋအမတ်ကြီးစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ဝတ္ထုကာမဂုဏ်၌ အလွန်အလိုကြီးသော မင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာ မျက်နှာရွှင်လန်းလျက် "ဆရာပုရောဟိတ်။ ယခုထက်သာလွန် ကောင်းမြတ် မည်ဟုဆိုသည်ကို အဘယ့်ကြောင့် မလိုက်နာဘဲရှိအံ့နည်း။ ဆရာ၏အကြံ တိုင်ပင်ရန်အခွင့်ကိုသာ ငါ့အားကြားလော့။ သင်၏အလိုသို့ ငါလိုက်အံ့"ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် ကေဝဋ္ဋအမတ်ကြီးသည် ဤသို့ တိုင်ပင်စကား လျှောက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ များစွာသော စစ်သည်ဗိုလ်ပါတို့နှင့်တကွ ထွက်ချီတော်မူ၍ တစ်ပါးသောတိုင်းနိုင်ငံ, မြို့ငယ်များကို ရှေးဦးစွာ ဝန်းရံတော်မူပါ။ ထိုသို့ဝန်းရံလျှင် ထိုပြည့်ရှင်မင်းမှစ၍ ပြည်သူပြည်သားတို့သည် ပြင်းစွာထိတ်လန့်ခြင်း ဖြစ်လတ္တံ့။ ထိုသို့ ထိတ်လန့်ခြင်းဖြစ်သောအခါ အကျွန်ုပ်သည် တံခါးငယ်ဖြင့် မြို့တွင်းသို့ဝင်၍ ထိုပြည့်ရှင်မင်းတို့ကို လက်နက်မပြဘဲ ပျပ်ဝပ်ကျိုးနွံစေကြောင်း ကောင်းစွာဆန်းကြယ်သော ပရိယာယ် ဝေဝုစ်[၁၆]စကားဖြင့် ဖြားယောင်းပြောဆိုရက ထိုမင်းတို့သည် အရှင်မင်းကြီးခြေတော်ရင်း၌ ကျွန်တော်မခံဘဲ မနေမည့်ဘူတ် နေဝံ့မည်မဟုတ်ရာ။ ထိုသို့ စည်းစိမ် အသက် မပျက်စီးမူ၍ မြို့ငယ်မင်းတို့ကို လက်နက်နိုင်ငံပြုတော်မူပြီးလျှင် တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းတို့ကိုလည်း ရှေးနည်းအတူဝန်းရံ၍ ကျိုးနွံပျပ်ဝပ်စေသဖြင့် ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းတို့ကို နေပြည်တော်သို့ သိမ်းယူတော်မူခဲ့၍ အောင်သေသောက်ခြင်းမင်္ဂလာ ပြုအံ့ ဟု ဥယျာဉ်၌နေစေပြီးသော် ထို ၁၀၀ သောမင်းတို့အား အဆိပ်နှင့်ရောသော သေရည်ကိုတိုက်သဖြင့် မိမိတို့အသက်ကိုစွန့်စေပြီးလျှင် ၁၀၀ သောမင်းတို့၏သူကောင်ကို ဂင်္ဂါမြစ်၌မျှောလိုက်ပြီးမှ ကြီးလှစွာသော ရာဇာဘိသေကမင်္ဂလာကိုဆောင်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် အတုမရှိသော ဧကရာဇ်မင်း၏စည်းစိမ်တော်၌ စိုးစံတော်မူရမည်ကား မချွတ်ရာ"ဟု တိုင်ပင်စကား လျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ်အမတ်ကြီး စကားကိုကြားလျှင် 'ဆရာပုရောဟိတ်။ ထိုသို့တပြီး'ကား ကောင်းပြီ။ သင်၏အလိုသို့ ငါလိုက်အံ့'ဟုဝန်ခံ၏။

ကေဝဋ်အမတ်ကြီးလည်း "အရှင်မင်းကြီး။ ယခု အကျွန်ုပ်တို့အကြံအစည်ကို သူတစ်ပါး မသိစေကောင်း။ အရှင်မင်းကြီးနှင့် အကျွန်ုပ်သာ သိကောင်းသည့်အမှုဖြစ်၍ စကားအရှည်ပြောဆိုသဖြင့် အကျိုးမရှိပြီ။ ဥယျာဉ်မှ ထွက်တော်မူလော့"ဟုဆို၍၊ မင်းအမတ်တို့သည် နေရာကျောက်ဖျာအပြင်မှ ထသွားကြမည်ဟု ပြုကြကုန်၏။

ထိုအခါ ကျေးသားသည် စကားအလုံးစုံကို နားထောင်သဖြင့် ကြားသိပြီးသော် မိမိနားနေရာ ကေဝဋ်အမတ်၏ထိပ်ပေါ် သစ်ခက်ကြားမှ တွဲလွဲဆွဲသကဲ့သို့ပြုပြီးလျှင် သွားအံ့ ဟုထသော ကေဝဋ်အမတ်၏ ဦးခေါင်းထက်သို့ မစင်စွန့်ချလိုက်၏။ ကေဝဋ်အမတ်သည် 'အဘယ်နည်း'ဟု မျက်နှာမော်၍ ခံတွင်းကိုဖွင့်လျက် အထက်သို့ကြည့်၏။ ထိုသို့ကြည့်စဉ်လည်း ကျေးသားသည် ကေဝဋ်အမတ်ခံတွင်းထဲသို့ မစင် တစ်ဖန် စွန့်ချလိုက်ပြန်၏။ ကျေးသားလည်း မိမိတို့တိရစ္ဆာန်ဘာသာ[၁၇]အားဖြင့် 'ကျစ်ကျစ်'ဟူသော အသံကိုပြုလျက် သစ်ခက်ကြားမှထွက်ပြီးလျှင် ကောင်းကင်၌ လူးလားပျံဝဲ၍ လူတို့ဘာသာအားဖြင့်

"ကေဝဋ်ပုဏ္ဏား။ သင်သည် နား ၄ ဘက်တိုင်ပင်ခြင်းဖြင့် တိုင်ပင်သည်ဟု မှတ်ထင်အောက်မေ့၏။ ယခုမူကား ငါ့နားနှင့်သော် နား ၆ ဘက် တိုင်ပင်ခြင်းသို့ ရောက်လေပြီ။ တစ်ဖန် ငါ့သခင်နားနှင့်သော် နား ၈ ဘက် တိုင်ပင်ခြင်းသို့ရောက်၍၊ နောက်အဆင့်ဆင့်ကြားပြန်သဖြင့် နား အရာ, အထောင် တိုင်ပင်ခြင်းသို့ ရောက်လတ္တံ့."ဟု ဆို၏။

မင်းအမတ်တို့ကလည်း "ဤကျေးယုတ်ကို ဖမ်းကြကုန်။ ပစ်ခတ်ကြကုန်"ဟု ဆိုစဉ်ပင် လေ၏ လျင်ခြင်းဖြင့် မိထိလာပြည်သို့ ရှေးရှုပြန်သွားလေ၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း နန်းတော်သို့ဝင်လေ၏။

ကျေးသားသည် မိမိနေရာ မဟောသဓအိမ်သို့ ရောက်လေသော် သူတစ်ပါးတို့အား မကြားစေလိုသဖြင့် မဟောသဓသုခမိန်၏ပခုံးပေါ်၌ နား၏။ မဟောသဓသုခမိန်သည်လည်း ကျေးသား၌ ပြုမြဲသောဝတ်ကိုသိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဤ ငါ၏ကျေးသားကား သူတစ်ပါး မကြားမသိစေအပ်သောစကားကို ကြားသိခဲ့သည် ဖြစ်ရာ၏'ဟု ကြံ၍ အိမ်ထက်နေ အခြွေအရံအပေါင်းတို့ကို ဖယ်ရှားစေပြီးလျှင်၊ ကျေးသားကိုယူ၍ အိမ်အထက်ကြမ်းပြင်ကို ထွက်ပြီးမှ "ချစ်သား ကျေးတမန်။ သင် အဘယ်သို့ မြင်ခဲ့ကြားခဲ့သနည်း"ဟု မေးသည်တွင် မဟောသသုခမိန် စကားကိုကြားလျှင် ကျေးသားက ဤသို့အလုံးစုံ လျှောက်သည်ကား "အရှင်မင်းမြတ်။ အကျွန်ုပ်သည် အမှာတော်ရှိတိုင်း ၁၀၀ သော မင်းနေပြည်တို့ကို လှည့်လည်၍ ရှုကြည့်မေးမြန်းသော် တစ်ပါးသောမင်းတို့၏ ထူးသောအကြံ စိုးရိမ်ရန်အခွင့်ကို မမြင်,မကြား, မသိခဲ့ရ။ ငြိမ်ဝပ်ကြသည်ချည်းပင် ဖြစ်ပါသည်။ ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ် အမည်ရှိသောမင်း၏ ကေဝဋ်အမည်ရှိသောအမတ်ကြီးမှုကား စူဠနီဗြဟ္မဒတ်မင်းကို ဥယျာဉ်သို့ထွက်စံစေ၍ ထိုဥယျာဉ်ထဲတွင် အင်ကြင်းပင်အောက်ကျောက်ဖျာအပြင်၌ မင်းအမတ် ၂ ယောက်တည်းသာနေလျက် မျက်နှာချင်းကပ်၍ နား ၄ ဘက်တိုင်ပင်ခြင်းဖြင့် တိုင်ပင် လျှောက်ထား၏။ ထိုအခိုက်တွင် အကျွန်ုပ်လည်း ထိုအင်ကြင်းပင်အခက်ကြား၌ အရွက်ဖြင့်ဖုံးအုပ်စေလျက် ပုန်းကွယ်နားနေ၍ နားထောင်သဖြင့် ကေဝဋ်ပုဏ္ဏားအမတ်ကြီး လျှောက်သမျှစကား အလုံးစုံကို ကြားသိခဲ့ပြီးသော် ကေဝဋ်အမတ်၏ထိပ်ပေါ်၌ မစင်စွန့်ချသဖြင့်၊ တစ်ဖန် နှုတ်ခမ်းကိုဟလျက် မျက်နှာမော်၍ ကြည့်ပြန်သောအခါ၌ လည်း ပုရောဟိတ်ခံတွင်းသို့ တစ်ဖန် မစင်စွန့်ချခဲ့ပြီးမှ ခြိမ်းမောင်းကြွေးပ၍ အရှင့်ထံသို့ လျင်စွာ အကျွန်ုပ်လာခဲ့ပါသည်"ဟု ကေဝဋ်အမတ်၏တိုင်ပင်ဟန် အကြံအစည်စကားအလုံးစုံကို ကြားမြင်ခဲ့တိုင်း မဟောသဓသုခမိန်အား ပြန်ကြားလျှောက်ထား၏။

မဟောသဓသုခမိန်သည်လည်း ကျေးသား၏စကားကိုကြားလျှင် "ချစ်သား ကျေးသားတမန်။ ထိုသို့ ကေဝဋ်အမတ် တိုင်ပင်လျှောက်ထားသောအခါ စူဠနီဗြဟ္မဒတ်မင်း ဝန်ခံ၏လော"ဟု မေး၏ ကျေးသားသည်လည်း "အရှင်မင်းမြတ်။ စူဠနီဗြဟ္မဒတ်မင်းလည်း ကေဝဋ်အမတ်စကားကို 'ကောင်းပြီ'ဟု ဝမ်းမြောက်ဝမ်းသာပင် ဝန်ခံပါသည်"ဟု လျှောက်၏။

မဟောသဓသုခမိန်သည် ကျေးသား၏စကားကို ကောင်းစွာနှလုံးထားပြီးလျှင် ကျေးသားအား ပျားရည်နှင့်ရောသော ပေါက်ပေါက်, ပျားရည်, သကာရည်တို့ကိုတိုက်ကျွေးပြီးလျှင် ရွှေချိုင့်၌ထည့်၍ နူးညံ့စွာသော ပုဆိုးအဝတ် အထပ်ထပ်ဖြင့် စီရင်အပ်သောအခင်းပေါ်၌ ကောင်းမွန်စွာထားလေသတည်း။

ဤသို့ ကျေးသားလျှောက်ထားသော စကားအလုံးစုံကို မဟောသဓသုခမိန် ကြားသိရသည် ဖြစ်သောကြောင့် ဤသို့ကြံသည်မှာ 'စူဠနီဗြဟ္မဒတ်မင်း၏အမတ်ဖြစ်သော ကေဝဋ်ပုဏ္ဏားသည် ဝိဒေဟရာဇ် မင်းကြီး၏ စစ်ဘုရင်ဖြစ်သော မဟောသဓသုခမိန် ပညာရှိကြောင်းကို မကြား,မသိလေသည်ထင်၏။ ထို ကေဝဋ်အမတ်သည် ၁၀၀ သော ပြည်ထောင်သားနှင့် ငါတို့ပြည်သို့လာ၍ နှောင့်ယှက်စစ်တက်ခဲ့လျှင် ငါ၏ပညာစွမ်းဖြင့် မိမိတို့အကြံအတိုင်း မပြီးမမြောက်နိုင်သည်ကို ဖြစ်စေအံ့' ဟုကြံပြီးလျှင်၊ မြို့တွင်း၌ရှိသော လူဆင်းရဲဟူသမျှတို့ကို မြို့ပြင် မိမိတို့ပျော်ရာအရပ်တွင် နေစေ၍၊ ကျေးလက်, မြို့ငယ်, ရွာ, နိဂုံး, ဇနပုဒ်တို့၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသောသူတို့ကိုလည်း သိမ်းယူခေါ်စေပြီးလျှင် မြို့တွင်း၌ နေစေ၏။ ထိုမြို့တွင်း၌ အစုစုအရပ်ရပ် ရှိသမျှသော စပါးကျီတို့ကိုလည်း စပါးအပြည့်အနှက် သွင်းထားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၃၆။ စူဠနီဗြဟ္မဒတ်မင်း မင်းအများကို သိမ်းယူခန်း

ပဉ္စာလရာဇ်ပြည်ကိုအစိုးရသော စူဠနီဗြဟ္မဒတ်မင်းသည်လည်း ကေဝဋ်အမတ်ကြီး တိုင်ပင်လျှောက်ဆိုတိုင်း နာယူသဖြင့် များစွာသော စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် ထွက်ချီ၍ တစ်ခုသောမင်းနေပြည်ကို ဝန်းရံပြီးလျှင် ကေဝဋ်အမတ်ကြီးသည် တံခါးငယ်ဖြင့်ဝင်၍ ထိုပြည့်ရှင်မင်းအား ဤသို့ ဖြားယောင်းပြောဆို၏။

"အရှင်မင်းကြီး။ ဆင်,မြင်း စစ်သည်, ဗိုလ်ပါသူရဲကောင်းတို့ဖြင့် တစ်စုံတစ်ယောက်သောမင်းမျှ ရည်တူမနှုန်းနိုင်သော အကျွန်ုပ်တို့သခင် အရှင့်ဘုန်းတော်ရှိန်သည် ဝဇီရစိန် စက်သွားရွယ်ရာ ကွယ်ကာ ပိတ်ဆီးခြင်းမရှိသကဲ့သို့ အမြို့မြို့အပြည်ပြည် အတည်တည်သောထီးဆောင်းမင်းအပေါင်းတို့သည် ရန်တင်းမထောင်ထားဝံ့သဖြင့် လက်နက်ကိုချ၍ ထိုက်လျှောက်ရာပဏ္ဏာလက်ဆောင်နှင့် ပျပ်ဝပ်ကျိုးနွံ 'ကျွန်တော်ခံလိုပါသည်'ဟု လျှောက်ထားလျှင် အကျွန်ုပ်တို့သခင် အရှင်ကေရာဇ်မင်းမြတ်က ခပ်သိမ်းသော လူအပေါင်းတို့အား သနားခြင်းကရုဏာတော်ရှိသဖြင့် စည်းစိမ်, အသက် မပျက်စေဘဲ ငြိမ်ဝပ်ချမ်းသာစွာ သိမ်းအုပ် စိုးယူတော်မူ၍ လက်နက်နိုင်ငံ ပြုတော်မူသည်။

"အရှင်မင်းမြတ်လည်း ထိုသို့သော ပြည့်ရှင်မင်းတို့ကဲ့သို့ လက်နက်ကိုချ၍ တုပ်ဝပ်ကျိုးနွံလျှင် ပြည်သူပြည်သားလည်း ထိတ်လန့်ပင်ပန်းခြင်းမရှိသဖြင့် ငြိမ်ဝပ်ချမ်းသာစွာ စည်းစိမ်အသက် မပျက်မစီး ဖြစ်ရာသည်။ ယခု အကျွန်ုပ်လျှောက်ချက်အတိုင်း နာယူတော်မမူဘဲ ထောင်ထားဆီးဆို့မည် အကြံတော်ရှိလျှင် လိုအင်လည်း မပြည့်ရာ။ များစွာသောပြည်သူလူအပေါင်းလည်း အသောင်းအသိန်းမက လက်နက်ဒဏ်ဖြင့် အန္တရာယ်ရောက်၍ ဖောက်လွဲဖောက်ပြန် နိုင်ငံမြို့ပြည် မတည်မရပ်နိုင် ရှိတော့မည်။ အသာအကြည် ဝင်စားကျိုးနွံလိုသော နှလုံးရှိပါလျှင် အကျွန်ုပ်ပင် အရှင်မင်းကြီးရှေ့ဆောင်ပြု၍ ဧကရာဇ်မင်းမြတ်အား လျှောက်ထားပါမည်။ အကျွန်ုပ်တို့သခင် အရှင်ကေရာဇ်မင်းမြတ်သည် သိမ်မွေ့နူးညံ့သော နှလုံးတော်မြတ်ရှိသည်နှင့်အညီ လက်နက်ကိုချ၍ 'ချမ်းသာစွာ ဝင်လိုပါသည်'ဟု လျှောက်ထားလျှင် အကျွန်ုပ်စကားကို ပယ်တော်မမူ ယူတော်မူမြဲဖြစ်သည်။ အရှင်မင်းကြီးမှစ၍ မှူးမတ်ပြည်သူ လူအပေါင်းတို့ ဆင်းရဲပင်ပန်းစွာ အန္တရာယ်ပင်ရောက်မည်ကိုမြင်၍ ချမ်းသာငြိမ်ဝပ်စေလိုသော စိတ်ရှိသဖြင့် ယခုအကျွန်ုပ် အရှင်မင်းကြီးထံလာ၍ အကြောင်းကို လျှောက်ထားပြောဆိုပါသည်။ အကြံတော် မည်သို့ရှိမည်ကို သိသာအောင် အမိန့်ရှိလိုက်ပါ"ဟု ခြိမ်းခြောက်စကားနှင့် ဖြားယောင်းပြောဆို၏။

ထိုပြည့်ရှင်မင်းလည်း ကေဝဋ်အမတ်စကားကိုကြားလျှင် ထိတ်လန့်ကြောက်ရွံ့ခြင်းရှိသဖြင့် လက်နက်ကိုချ၍ ထိုက်လျှောက်ရာ ပဏ္ဏာလက်ဆောင်နှင့် စူဠနီဗြဟ္မဒတ်မင်းကြီးအထံသို့ တုပ်ဝပ်ဝင်စားလေ၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း ဗိုလ်ပါသူရဲကောင်းနှင့်တကွ ထိုပြည့်ရှင်မင်းကို တစ်ဗိုလ်တစ်တပ် ခန့်ထားခေါ်ခဲ့၍ တစ်ခုသောမင်းနေပြည်ကို ဝန်းရံသဖြင့် ရှေးနည်းအတူ ကေဝဋ်အမတ်သည် ဖြားယောင်းပြောဆို၍ လက်နက်နိုင်ငံ ပြုပြန်၏။

ဤသို့သောနည်းဖြင့် စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဝိဒေဟရာဇ်တိုင်းမှတစ်ပါး တစ်ခုယုတ် ၁၀၀ ^{ ရာ}သောမင်းနေပြည်တို့ကို ကေဝဋ်အမတ်ကြီး၏အစီအရင်အတိုင်း ၇နှစ် ၇လ ၇ရက် လှည့်လည်ဝန်းရံ၍ သိမ်းယူစိုးအုပ်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စာလရာဇ်မင်းကြီးထံ၌ မဟောသဓသေနခမိန်က သူလျှိုထားသော အမတ်သည်လည်း "အရှင်သုခမိန်။ ယခု စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထီးဆောင်းမင်းအပေါင်းတို့ကို လက်နက်နိုင်ငံပြု၍ သိမ်းယူမိချေပြီ။ ဝိဒေဟရာဇ် တိုင်းတစ်ခုသာလျှင် ကျန်ချေတော့သည်။ မည်သို့မသိနိုင် မမေ့မလျော့ သတိထား၍ လုံ့လပြုတော်မူပါ"ဟု မဟောသဓသေနခမိန်ထံသို့ လျှောက်ထားစေလွှတ်လိုက်၏။ မဟောသဓသေနခမိန်ကလည်း "ငါ၏ကိုယ်, စိတ်ကဲ့သို့ ယုံမှားအပ်သော အချင်းအမတ်။ သင်က အကြောင်းရှိလျှင် မှားထားစေလွှတ်လိုက်ပေသည် ဖြစ်၍ ငါလည်း အကြောင်းမျိုးကိုသိရသဖြင့် နေ့ညဥ့်မပြတ် လုံ့လသတိ ရှိလျက်နေ၏။ သင်သည်လည်း ငါကဲ့သို့ ကျေးဇူးသစ္စာကိုစောင့်ထိန်း၍ မပြတ် လုံ့လသတိ ရှိလျက်နေလေ"ဟု သူလျှိုအမတ်ထံ တစ်ဖန်ပြန်၍ မှာထားလိုက်သတည်း။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း တစ်ခုယုတ် ၁၀၀ ကုန်သော မင်းနေပြည်တို့ကို ၇ နှစ် ၇ လ ၇ ရက် ပတ်လုံး အစဉ်အတိုင်းသိမ်းယူ၍ လက်နက်နိုင်ငံဖြစ်စေပြီးသော် ကေဝဋ္ဋအမတ်ကြီးအား "ဆရာပုရောဟိတ်။ ယခုအပြည်ပြည် မင်းတို့ကိုသိမ်းယူ၍ လက်နက်နိုင်ငံဖြစ်ပြီ။ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်တစ်ခုသာ ကျန်သေး၏။ ထိုမိထိလာပြည်၌ ဝိဒေဟရာဇ်မင်းကြီးကို ယခု သိမ်းယူရသော် မကောင်းလော"ဟု တိုင်ပင်မေးမြန်း၏။ မင်းကြီးမိန့်တော်မူသော စကားကို ကေဝဋ္ဋအမတ်ကြီးကြားလျှင် ရှေ့နောက်အရေးကို တွေးခေါ်မြော်မြင်တတ်သော ပုရောဟိတ်ဖြစ်သည်နှင့် အညီ မဟောသဓသေနခမိန်၏ ပညာရှိကြောင်းကိုကြားသိသဖြင့် 'မဟောသဓ၏ ပညာစွမ်းကြောင့် နောင်အရေးမလှရှိခဲ့သော် မင်းပရိသတ်တို့အလယ်၌ အရှက်ရမည်ဖြစ်ရာ၏'ဟု ကြံ၍ မင်းကြီးအား လျှောက်ထားသည်မှာ "အရှင်မင်းကြီး။ ဝိဒေဟရာဇ်ပြည်၌ မဟောသဓအမည်ရှိသော စစ်သူကြီးသည် အထူးထူးအပြားပြား ဆန်းကြယ်စွာသော ပညာအကြံအစည်နှင့်လည်း ပြည့်စုံ၏။ ဝေဝုစ်ပရိယာယ် ဥပါယ်တံမျဉ်၌လည်း လိမ္မာ၏။ ရွှေဂူ, ပတ္တမြားဂူတို့၌စောင့်နေသော ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းလည်း ပြည့်စုံ၏။ ထို့ကြောင့် မဟောသဓနေသော ဝိဒေဟရာဇ်တိုင်း မိထိလာပြည်ကို မသိမ်းမယူစေချင်ပါသေး။ ဤ မိထိလာပြည် အနည်းငယ်မျှကို မရသည်ဟူ၍လည်း ၁၀၀ သော တိုင်းကြီးသခင် ဖြစ်တော်မူသည်ကို ဧကရာဇ်မင်း မဟုတ်ဟု မဆိုထိုက်။ ထို ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သည် ဘုန်းတော်ရှိန်ကြောင့် တရွေ့ရွေ့ကျဉ်းမြောင်းခြင်းသို့ ရောက်သဖြင့် လက်နက်နိုင်ငံ ဖြစ်ပါလိမ့်မည်။ သည်းခံတော်မူဦးလော့"ဟု ကေဝဋ္ဋအမတ်သည် လစက်ဝန်းကို လှမ်းယူ၍ လက်ဝါးပြင်၌တင်ကာ ပြသကဲ့သို့ မဟောသဓသေနခမိန်၏ ပညာကျေးဇူးကို အထူးထူးအပြားပြား များစွာချီးမြှောက်၍ မင်းကြီးအားလျှောက်၏။

ထို ၉ ကျိပ် ၉ ယောက်ကုန်သော မင်းတို့သည်လည်း မိမိတို့၏ အန္တရာယ်ရောက်လတ္တံ့သည်ကို မသိခြင်းကြောင့် "ယခုပင် ငါတို့သည် မိထိလာပြည်ကိုသိမ်းယူ၍ အရှင်ဧကရာဇ်မင်းကြီးအား ဆက်ပြီးလျှင် ကြီးစွာသောအောင်ပွဲကိုခံလျက် အောင်သေကို သောက်ကုန်အံ့"ဟု ကြီးပပြောဆိုကြကုန်၏။

ကေဝဋ္ဋအမတ်သည် ထို ၉ ကျိပ် ၉ ယောက်သော မင်းတို့အားလည်း "မင်းကြီးတို့။ ဤမိထိလာပြည် အနည်းငယ်ကို အဘယ့်ကြောင့် အပန်းတကြီး အလို ရှိတော်မူကြသနည်း။ မသိမ်းမယူဘဲပင် ဝိဒေဟရာဇ် မင်းကြီးသည် ဘုန်းတော်ကိုမခံဝံ့သဖြင့် အရှင်ရှိရာ အလိုအလျောက်လာ၍ တုံ့ဝပ်ကျိုးနွံလာလတ္တံ့။ မစိုးရိမ်ကြနှင့်"ဟု တားမြစ်ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်းအားလည်း "အရှင်မင်းကြီး။ ယခု နေပြည်တော်သို့ ပြန်တော်မူ၍ ထီးဆောင်းမင်းအပေါင်းတို့ခြံရံလျက် အောင်ပွဲသဘင်၌ အောင်သေသောက်ခြင်းမင်္ဂလာကို ပြုတော်မူဦးလော့"ဟု လျှောက်ထား၏။ စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋအမတ် လျှောက်ထားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်ဗိုလ်ပါတို့ကိုသိမ်းဆည်း၍ ၉ ကျိပ် ၉ ယောက်သော ထီးဆောင်းမင်းအပေါင်းတို့ဖြင့် ခြံရံလျက် ပဉ္စာလရာဇ်နေပြည်တော်သို့ ပြန်လည် လေ၏။

မဟောသဓသုခမိန်က သူလျှိုထားသောအမတ်သည် "အရှင်မဟောသဓသုခမိန်။ ပဉ္စာလရာဇ်မင်းကြီးသည် တစ်ပါးသော တိုင်းနိုင်ငံတို့ကို သိမ်းယူပြီး၍ ဝိဒေဟရာဇ်မင်းကြီးပြည်ကို သိမ်းယူအံ့သောငှာ များစွာသော ဗိုလ်ပါတပ်နှင့် မိထိလာပြည်ကို ရှေးရှုလာစဉ် ကေဝဋ်အမတ်က အရှင်သုခမိန်၏ပညာဂုဏ်ကို ချီးမွမ်း၍ လျှောက်ထားသောကြောင့် မိထိလာပြည်ကို ယခု မသိမ်းမယူသေးဘဲ ပဉ္စာလရာဇ်နေပြည်တော်သို့ ပြန်လည်တော်မူဦးမှ သင့်ပါမည်အကြောင်းနှင့် လျှောက်ထားသောကြောင့် စူဠနီဗြဟ္မဒတ်မင်းသည် ယခုနေပြည်တော်သို့ ပြန်လည်လေပြီ။ နောင်အရေးကိုသာ မည်သို့မသိပါ"ဟု အလျှောက်အထား စေလွှတ်လိုက်၏။

မဟောသဓသုခမိန်ကလည်း "ငါ ယုံမှတ်သည်နှင့်အညီ အခွင့်ကုန်အောင် ရှက်ဆောင်ပေသောအမတ်။ သင်က မှာထားစေလွှတ်လိုက်ပေသောကြောင့် အကြောင်းမျိုးစုံကို ငါ ကြားသိရပေသည်။ သင်လည်း ကျေးဖူးသစ္စာကို စောင့်ထိန်းသဖြင့် ဤနေ့မှစ၍ မင်းအမတ်တို့၏အမူအရာ အကြံအစည်ကို သိအောင် လုံ့လမပြတ် ပြုလေလော့"ဟု စာပြန်လိုက်၏။

## ၃၇။ အောင်သေသောက်မည့် စီမံခန်း

စူဠနီဗြဟ္မဒတ်သည်လည်း ပဉ္စာလရာဇ်နေပြည်တော်သို့ ရောက်သောအခါ ကေဝဋ်အမတ်အား အမိန့်ရှိတော်မူသည်မှာ "ဆရာအမတ်ကြီး။ ယခုနေပြည်တော်သို့ ရောက်ကြပြီ။ အဘယ်အမှုကိုပြုရသော် ကောင်းအံ့နည်း"ဟု တိုင်ပင်မေးမြန်း၏။ ထိုအခါ ကေဝဋ်အမတ်သည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ အောင်ပွဲသဘင်ခံ၍ ဥယျာဉ်တော်၌ အထက်လျှောက်ထားရင်းအတိုင်း ၉ ကျိပ် ၉ ယောက်သောမင်းတို့နှင့် အောင်သေသောက်ခြင်း မင်္ဂလာကို ဆောင်တော်မူလော့"ဟု လျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းလည်း ကေဝဋ်အမတ်စကားကိုကြားလျှင် "ကောင်းပြီ"ဟု ဝန်ခံ၍ "အောင်သေသောက်ခြင်းမင်္ဂလာကို ဆောင်တော်မူအံ့"ဟု ဥယျာဉ်တော်ကို အထူးထူးအပြားပြား များမြတ်ဆန်းကြယ်စွာ တန်ဆာဆင်စေပြီးသော်၊ ဆိုင်ရာအမတ်တို့အား "ငါ၏ဥယျာဉ်တော်၌ အရာအထောင်မက များစွာသော အိုးစရည်းတို့ကို သေအရက်အပြည့်စီထည့်၍ တည်ထားစေ။ အထူးထူးအပြားပြား များမြတ်ကောင်းမွန်စွာ ငါးအမဲ စသော ဘောဇဉ်ခဲဖွယ်တို့ကိုလည်း စီရင်ကျင်းပ၍ တည်ထားစေ။ ၁၀၀ သောမင်းတို့၏နေရာ ထီးဖြူတစ်ခုစီ စိုက်လျက် မိမိတို့နှင့်ထိုက်သော ရာဇပလ္လင့် ၁၀၀ ကိုလည်း အဆင်သင့် စီရင်ခင်းကျင်းစေ"ဟု အလုံးစုံပြုဖွယ်ကိစ္စကို ခန့်ထားစီရင်စေ၏။

မဟောသဓသုခမိန်၏ သူလျှိုအမတ်သည် ထိုအကြောင်းကို မဟောသဓထံသို့ "အရှင်သုခမိန်။ ယခုစူဠနီဗြဟ္မဒတ်မင်းကြီးသည် ၁၀၀ သောမင်းတို့နှင့် အောင်သေသောက်ခြင်းမင်္ဂလာကို ဆောင်အံ့ဟု ဥယျာဉ်၌



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာဆင်ခြင်း, သေအရက်တည်ထားခြင်း, ခဲဖွယ်စားဖွယ်စီရင်ခြင်း, မင်းတို့၏နေရာ ထီးဖြူတစ်ခုစီနှင့် တကွ အဆင်သင့်ပြင်ဆင်စေခြင်း စသည်တို့ကို ခန့်ထားစီရင်သည်။ အကြောင်း မည်သို့ မသိနိုင်ပါ"ဟု လျှောက်စာနှင့် စေလွှတ်လိုက်၏။

ထို သူလျှိုအမတ်ကား စူဠနီဗြဟ္မဒတ်မင်းနှင့် ကေဝဋ်ပုရောဟိတ်တို့၏ အထက်တိုင်ပင်ရင်း အကြံအစည်ကို မကြားမသိ။ မဟောသဓသုခမိန်မူကား ကျေးသားကိုစေလွှတ်သဖြင့် ထိုမင်းအမတ်တို့၏ အတိုင်အပင်အလုံးစုံကို ကြားသိပြီးသည်ဖြစ်၍ သူလျှိုအမတ် လျှောက်စာစကားကိုကြားလျှင် "အချင်းအမတ်။ စူဠနီဗြဟ္မဒတ်မင်းသည် မည်သည့်နေ့ရက်၌ အောင်သေသောက်ခြင်းမင်္ဂလာကို ဆောင်မည်ဟု ချိန်းချက်သည့် နေ့ရက်ကို အတပ်သိသာ အောင်ပြု၍ စေလွှတ်လိုက်ရမည်"ဟု စာပြန်လိုက်၏။

သူလျှိုအမတ်သည်လည်း အောင်သေသောက်အံ့သော နေ့ရက်ကို အတပ်သိအောင်ပြုသဖြင့် "အရှင်သုခမိန်။ စူဠနီဗြဟ္မဒတ်မင်းသည် မည်သည်နေ့ရက်ရောက်လျှင် အောင်သေသောက်ခြင်းမင်္ဂလာကို ဆောင်အံ့ဟု နေ့ရက် ချိန်းချက်ကြပါသည်"ဟု မဟောသဓထံသို့ တစ်ဖန် လျှောက်စေပြန်၏။

မဟောသဓသုခမိန်လည်း နေ့ရက်အချိန်းအချက်ကို သိပြီးသော် 'ငါသို့သော သုခမိန်ထင်ရှားရှိလျက် ထိုမင်းအပေါင်းတို့သည် ကိုးကွယ်ရာမဲ့ မသေထိုက်။ ငါသည် ထိုမင်းတို့ကိုးကွယ်ရာပြု၍ အသက်ကို ချမ်းသာစေအံ့' ဟုကြံပြီးလျှင်၊ ဖွားဖက်သူရဲကောင်း ၁၀၀၀ တို့ကို ခေါ်တော်မူ၍၊

"အချင်းတို့။ ငါကြားရသည်ကား ဥတ္တရပဉ္စာလရာဇ်ပြည်၌ စူဠနီဗြဟ္မဒတ်မင်းသည် ဥယျာဉ်ကို တန်ဆာဆင်ပြီးသော် ထီးဆောင်းမင်းအပေါင်းခြံရံလျက် 'အောင်သေ သောက်ခြင်းမင်္ဂလာကို ပြုအံ့'ဟုကြားရ၏။ ထိုပဉ္စာလရာဇ်ပြည်သို့ ယခုပင် သင်တို့ သွားချေ။ ထိုပြည်၌ သင်တို့ ဆောင်ရမည့်အမှုမှာ စူဠနီဗြဟ္မဒတ်မင်း ဥယျာဉ်သို့မထွက်မီ ၁၀၀ သော မင်းတို့၏နေရာကို အသီးအသီး စီရင်ခင်းကျင်းကြစဉ် ဥယျာဉ်သို့ဝင်ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်း၏ နေရာနှင့် အခြားမရှိ ယှဉ်လျက်ခင်းသော နေရာကြီး နေရာမြတ်ကို 'ငါတို့ဝိဒေဟရာဇ်မင်းကြီး နေရာဖြစ်သည်။ ပေးလော့'ဟုဆို၍ လုယူကြလေ။

ထိုသို့ လုယူသောအခါ ထိုနေရာရှင်မင်းတို့၏မင်းအချင်းတို့သည် 'သင်တို့ကား အဘယ်ကနည်း။ ဤပဉ္စာလရာဇ်မင်းမြတ်သည် ၇ နှစ် ၇ လ ၇ ရက်ပတ်လုံး ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ၁၀၀ သောထီးဆောင်းမင်းတို့ကို သိမ်းယူတော်မူသည်ဖြစ်လျက်လည်း ဝိဒေဟရာဇ်မင်း ဟု ငါတို့ မမြင်,မကြား စဖူးတကား။ မထင်ရှားသော သင်တို့ဝိဒေဟရာဇ်မင်း၏နေရာကို ဤတွင် မခင်းထိုက်။ သင်တို့အလိုရှိလျှင် အဆုံးဖြစ်သောနေရာကိုသာ ယူချေလော့'ဟုဆို၍ ခိုက်ရန်ငြင်းခုံခြင်းကို ပြုလတ္တံ့။ ထိုသို့ပြုလျှင် သင်တို့သည် 'ငါတို့၏သခင် ဝိဒေဟရာဇ်မင်းကြီးထက် ဗြဟ္မဒတ်မင်းကြီးတစ်ပါးသာ မြတ်သည်ဖြစ်၍ ဤနေရာ၌သာ ငါတို့သခင် ဝိဒေဟရာဇ်မင်းကြီး နေတော်မူခြင်းငှာ ထိုက်၏။ ဤနေရာကို အကယ်၍ သင်တို့ မပေးသည်ရှိသော် ဤ သေအရက်,ငါးအမဲ, စားဖွယ်သောက်ဖွယ်တို့ကိုလည်း ပျက်စီးစေအံ့'ဟုဆို၍ ပြင်းစွာသောအသံဖြင့် တညီတည်းဟစ်အော်လျက် ဆောက်ပုတ်, တုတ်, ကျောက်, အုတ်ခဲ စသည်တို့ဖြင့် သေအိုးအရက်အိုးတို့ကို ရိုက်နှက်ဖောက်ခွဲ ကြံလွှင့်ဖျက်ဆီးပြီးလျှင် တာဝတိံသာ နတ်စစ်သည်တွင်းသို့ဝင်သော အသူရာ[၃၅]ကဲ့သို့ ရွံ့ရှာကြောက်ရွံ့ခြင်းကင်းသဖြင့် ထို ဗိုလ်ပါသူရဲကောင်းတို့ကိုဖောက်ထွင်း၍၊ 'ငါတို့ကား မိထိလာပြည် မဟောသဓသုခမိန်၏ သူရဲကောင်း ၁၀၀၀ တို့တည်း။ သင်တို့ ဖမ်းဝံ့လျှင် ဖမ်းလှည့်ကုန်။ ငါတို့၏အကြောင်းကို သင်တို့ မသိသည်ဖြစ်၍ သိစေခြင်းငှာ ယခု ငါတို့လာ၏'ဟု ခြင်္သေ့ကဲ့သို့ ရွံ့ရှာခြင်းကင်းသောအသံဖြင့် ကြွေးကြော်လျက် ပြန်လာကြကုန်"ဟု မှာထား၍ စေလွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်း ၁၀၀၀ တို့သည်လည်း မဟောသဓသေုခမိန်ဆိုတိုင်း "ကောင်းပါပြီ" ဝန်ခံ၍၊ ဓား, လှံ, လေးမြား, ကာ, ဆောက်ပုတ်၊ လက်နက် ၅ ပါးစီ စွဲလျက် ပဉ္စာလရာဇ်ပြည်သို့ ထွက်သွားကြလေသဖြင့်၊ ရောက်လတ်သော် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်ကဲ့သို့ တန်ဆာဆင်အပ်သော ပဉ္စာလရာဇ်မင်း၏ဥယျာဉ်သို့ ဝင်ပြီးလျှင် မဟောသဓသေုခမိန်မှာလိုက်တိုင်း အလုံးစုံပြုပြီး၍ မိထိလာပြည်သို့ ပြန်ခဲ့ကြကုန်၏။

## ၃၈။ မိထိလာပြည်သို့ စစ်ချီခန်း

မင်းပရိသတ်အပေါင်းတို့သည်လည်း မဟောသဓ စေလွှတ်လိုက်သော သူရဲ [၁၈၀]၁၀၀၀ တို့ သေအိုးအရက်အိုး, စားဖွယ်သောက်ဖွယ်နှင့်တကွ မင်းနေရာတို့ကို ဖျက်ဆီး၍သွားကြောင်းနှင့် စူဠနီဗြဟ္မဒတ်မင်းအား လျှောက်ကြားကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ပရိသတ်တို့စကားကိုကြားလျှင် 'ငါသည် ၁၀၀ သောမင်းတို့အား အဆိပ်နှင့်ရောသောသေကို သောက်စေအံ့ ဟု အကြံရှိ၍စီရင်သည်ကို မိထိလာပြည်သား သူရဲတို့ ဖျက်ဆီးရမည်လော'ဟု ပြင်းစွာအမျက်ထွက်တော်မူသည်ဖြစ်၍၊ ၉ကျိပ် ၉ယောက်ကုန်သော မင်းတို့သည်လည်း 'ငါတို့အား ကြီးစွာသော အောင်သေသောက်ခြင်းမင်္ဂလာကို ဆောင်အံ့ဟု ယခု စီရင်ခင်းကျင်းလျက်နေသည်ကို မဟောသဓသေုခမိန်သည် အဘယ့်ကြောင့် ဖျက်ဆီးရအံ့နည်း'ဟူ၍ ပြင်းစွာ အမျက်ထွက်ကြကုန်၏။ မင်းပရိသတ်, မှူးမတ်, သူရဲအပေါင်းတို့သည်လည်း 'ငါတို့အား ကြီးစွာသော မင်းကြီး၏အောင်ပွဲသဘင်တော်၌ ရွှင်ပျော်မြူးထူးအထူးထူးသော စားဖွယ်သောက်ဖွယ်တို့ကို စားသောက်၍နေကြပါမည်ကို မဟောသဓသေုခမိန်သည် အဘယ့်ကြောင့် ဖျက်ဆီးရအံ့နည်း'ဟု အမျက်ထွက်ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ထီးဆောင်းမင်းအပေါင်းတို့ကို ခေါ်စေပြီးလျှင်–

"မင်းအပေါင်းတို့။ ယခု ငါတို့ အောင်သေသောက်အံ့သော အစီအရင်ကို မိထိလာပြည်သား သူရဲ ၁၀၀၀တို့ ဖျက်ဆီးထိုက်သည်မဟုတ်။ ထိုသို့ဖြစ်သောကြောင့် ယခုပင် မိထိလာပြည်သို့ ချီ၍ ဝိဒေဟရာဇ်မင်းကြီးကို ဖမ်းယူလျက် ထိုမင်း၏လည်ကို သန်လျက်ဖြင့် ကွပ်မျက်ပြီးလျှင် ထိုမင်း၏အကောင်ပေါ်၌ ခြေနင်း၍ အောင်သေကို သောက်ကြကုန်အံ့။ ယခုပင် အသီးသီး စစ်အင်္ဂါ[၁၈၁]ကိုခန့်ထားစီရင် ခင်းကျင်းကြချေ"ဟုဆို၏။

ထို ထီးဆောင်းမင်းအပေါင်းတို့လည်း စူဠနီဗြဟ္မဒတ်မင်းဆိုတိုင်း ဆိုင်ရာစစ်အင်္ဂါကို အသီးသီး ခန့်ထားစီရင်ကြကုန်သဖြင့် ၁၈ ခေါဘဏီ [၁၈၂] အရေအတွက်ရှိသော စစ်သည်အပေါင်းတို့သည် မိထိလာပြည်သို့ ချီအံ့သောအရာဖြင့် ခင်းကျင်းလျက်နေကြကုန်၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း ကေဝဋ္ဋအမတ်ကို ဆိတ်ကွယ်ရာသို့ခေါ်ပြီးလျှင် "ဆရာအမတ်ကြီး။ ထီးဆောင်းမင်းအပေါင်းခြံရံလျက် ၁၈ ခေါဘဏီ အရေအတွက်ရှိသော စစ်သည်ဗိုလ်ပါနှင့်တကွ မိထိလာပြည်သို့ ချီကြကုန်အံ့"ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးစကားကိုကြားလျှင် ကေဝဋ်အမတ်ကြီးသည် လာလတ္တံ့သောအရေးကို တွေးခေါ်မြင်မြော်တတ်သော ပညာရှိဖြစ်၍ ဤသို့ကြံ၏။ 'ငါသည် မဟောသဓထက်လွန်၍ ပညာအကြံအစည် မရှိနိုင်ချေ။ စင်စစ်သဖြင့် မိထိလာပြည်ကို တိုက်ဖျက်ခြင်းငှာ လုံ့လပြုငြားသော်လည်း ငါတို့အား အရှက်ရရုံမျှသာ ဖြစ်ရာ၏။ ထို့ကြောင့် မိထိလာပြည်သို့ မချီစေခြင်းငှာ မင်းကြီးကို တားမြစ်အံ့'ဟု ကြံပြီးသော် ဤသို့လျှောက်ထား၏။

"အရှင်မင်းကြီး။ ယခု သူရဲ ၁၀၀၀ ကို စေလွှတ်၍ သေအိုး, အရက်အိုးကို ခွဲဖျက်စေသောအရာသည် ဝိဒေဟရာဇ်မင်း၏အကြံ မဟုတ်။ မဟောသဓ၏ အကြံအစည်သာတည်း။ မဟောသဓသည် ဘုန်းပညာ အကြံအစည် လွန်စွာပြည့်စုံသည်ဖြစ်၍ ခြင်္သေ့စောင့်သောဂူကဲ့သို့ မိထိလာပြည်ကို ရန်သူတို့ နှောင့်ယှက်ခြင်းငှာ မစွမ်းနိုင်ရာ။ ယခု အလိုတော်အတိုင်း မိထိလာပြည်ကိုချီ၍ ဝန်းရံတိုက်ဖျက်ငြားသော်လည်း အကျွန်ုပ်တို့အား အရှက်ရရုံမျှ ဖြစ်မည်ထင်ပါသည်။ ထို့ကြောင့် မိထိလာပြည်သို့ ချီတော်မူမည့်အကြံကို အကျွန်ုပ် မနှစ်သက်ပါ"ဟု လျှောက်၏။

ကေဝဋ်အမတ်ကြီးတင်သော စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် စည်းစိမ်မာန်ယစ်၍ "ဝိဒေဟရာဇ်မင်းကို အဘယ်ကြောင့် ငါသည် ကြောက်အံ့နည်း။ ယခု ဝိဒေဟရာဇ်မင်းကို ဖမ်းယူအံ့"ဟု ဆိုလျက် ကေဝဋ်အမတ်စကားကိုပယ်၍ ထီးဆောင်းမင်းအပေါင်းတို့ဖြင့်ခြံရံလျက် ၁၈ ခေါဘဏီ အရေအတွက်ရှိသော စစ်သည်ဗိုလ်ပါများစွာနှင့် မိထိလာပြည်သို့ ချီလေ၏။ ကေဝဋ်အမတ်သည် မိမိအလိုမရှိ၍ မင်းကြီးအယူနှင့် မပြိုင်မိကြသော်လည်း မနေရစ်ဝံ့သောကြောင့် မင်းကြီးနှင့်အတူ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ချီရာ လိုက်ရလေ၏။

စူဠနီဗြဟ္မဒတ်မင်းကြီးချီ၍ ပဉ္စာလရာဇ်ပြည်မှ တစ်ညဉ့်ရှိလျှင် ၁၈ ခေါဘဏီအရေအတွက်အားဖြင့် စစ်သည်ဗိုလ်ပါများခြင်းကြောင့် ရှေးဦးစွာချီသောတပ်သည် မိထိလာပြည်သို့ ရောက်နှင့်လေ၏။ မဟောသဓသေနာမိနက ၁၀၀ သောမင်းတို့၌ တစ်ယောက်စီထားသော သူလျှိုအမတ် ၁၀၀ တို့သည်လည်း "အရှင်သေနာမိန်။ မိထိလာပြည်ကို သိမ်းယူအံ့သောငှာ စူဠနီဗြဟ္မဒတ်မင်းကြီးချီ၍ မည်သည့်အရပ်သို့ ယခုရောက်ပြီ။ မမေ့မလျော့ လုံ့လပြုတော်မူပါ"ဟု စခန်းစစ်, စခန်းထောက်ကိုချင့်၍ အဆင့်ဆင့် နေ့တိုင်းမပြတ် မဟောသဓထံသို့ လျှောက်စာနှင့် စေလွှတ်ကြကုန်၏။ မဟောသဓသေနာမိန်သည်လည်း သူလျှိုအမတ်တို့စကားကို ကြားရသဖြင့် 'ယနေ့ကား ဤအရပ်၌ မင်းကြီး စခန်းချနေ၏။ ဤနေ့ကား ငါတို့ပြည်သို့ စူဠနီဗြဟ္မဒတ်မင်း ရောက်လာလတ္တံ့'ဟု မင်းကြီး တပ်ချသောစခန်းကိုသိလျက် မပြတ်လျှင် မမေ့မလျော့ လုံ့လပြု၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း စူဠနီဗြဟ္မဒတ်မင်း မိထိလာပြည်ကို သိမ်းယူအံ့သောငှာ များစွာသောစစ်သည် ဗိုလ်ပါနှင့်ချီ၍ ဤမည်သောအရပ်သို့ ရောက်ပြီဟု စကားအဆင့်ဆင့်ကြားသဖြင့် သိလေ၏။

စူဠနီဗြဟ္မဒတ် မင်းကြီးသည် ထိုသို့ အစဉ်အတိုင်းချီ၍ မိထိလာပြည်သို့ရောက်သည့်နေ့ကား နေဝင်သဖြင့် ညဉ့်အချိန်ဖြစ်မှ ရောက်လေသတည်း။ ထို မိထိလာပြည်သို့ ညဉ့်အချိန်ဖြစ်မှ ရောက်လတ်သော် စူဠနီဗြဟ္မဒတ်မင်းသည် သင့်ရာအရပ်၌ အသိန်းအသန်းမကမီးရှူးတို့ဖြင့် ထွန်းလင်းစေလျက် တပ်တော် ချနေစေပြီးလျှင် ထိုညဉ့်တွင်းပင် အဝန်း ၇ ယူဇနာကျယ်စွာသော မိထိလာပြည်ကို ဆင်တစ်တပ်, မြင်းတစ်တပ်, ရထားတစ်တပ် ဝန်းရံစေ၍၊ ထို ဆင်, မြင်း, ရထားတို့၏ သင့်ရာအကြားအကြားတို့၌ ၁၈ ခေါဘဏီ အရေအတွက်ရှိသော ဗိုလ်ပါသူရဲ အပေါင်းတို့ ဝန်းရံစေလျက် အထူးထူးအပြားပြား များစွာသော တီးမှုတ်မျိုးတို့ကိုလည်း တီးမှုတ်စေ၏။ စစ်သည် သူရဲအပေါင်းတို့သည်လည်း ကခြင်း, ခုန်ခြင်း, လက်ပမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခတ်ခြင်း, ကြွေးကြော်ခြင်း, ဆင် မြင်း လှံ ဓားကစားခြင်း, 'ယခုပင် ဝိဒေဟရာဇ်မင်းကို ဖမ်းကြကုန် ထိုးပစ်ကြကုန်'ဟု ခြိမ်းခြောက်ခြင်း စသည်တို့ဖြင့် မြူးထူးထောင်လွှားကြကုန်၏။ အသိန်းအသန်းမကသော မီးရှူးအရောင်တို့ဖြင့်လည်းကောင်း, စစ်သည်ဗိုလ်ပါတို့၌ ဆင်သောတန်ဆာအရောင်တို့ဖြင့်လည်းကောင်း, အဝန်း ၇ ယူဇနာကျယ်သော မိထိလာပြည်အလုံး တစ်ပြိုင်နက်လင်းသည်သာ ဖြစ်ကုန်၏။ ဆင်, မြင်း, ရထား, ခြေသည် ဗိုလ်ပါသူရဲတို့၏အသံဖြင့် လည်းကောင်း၊ တိုက်စစ်, တိုက်မောင်း အသောင်းအသိန်းမကသော တီးမှုတ်မျိုးတို့၏အသံဖြင့် လည်းကောင်း ဤ မဟာပထဝီမြေကြီးသည် ဖရိုဖရဲ ကွဲအံ့သကဲ့သို့ ပွဲတင်ထပ်မျှဖြစ်၏။

ထိုအခါ သေနက အစရှိသော အမတ် ၄ ယောက်တို့သည် အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ်သော အသံကိုကြား၍ အကြောင်းကိုမသိသဖြင့် ဝိဒေဟရာဇ်မင်းကြီး၏ နန်းတော်သို့ဝင်ပြီးလျှင် "အရှင်မင်းကြီး။ ယခု မြို့ထက်ဝန်းကျင်၌ အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ်ကြားရသောအသံသည် မည်သို့အကြောင်း ဖြစ်မည် မသိကုန်။ ထို့ကြောင့် ထိုအသံကိုသိရအောင် စုံစမ်းတော်မူမှ သင့်ပါမည်"ဟု လျှောက်ထားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း အမတ်ကြီးတို့၏စကားကိုကြားလျှင် 'စူဠနီဗြဟ္မဒတ်မင်းပင် ချီတက်၍ ရောက်လာသည်မသိ'ဟု ကြံလျက် နန်းတော်လေသာပြတင်းကို ဖွင့်လှစ်၍ကြည့်လတ်သော် များစွာသော စစ်သည် ဗိုလ်ပါအပေါင်း ဝန်းရံသည်ကိုမြင်လျှင် စူဠနီဗြဟ္မဒတ်မင်း လာသောအဖြစ်ကိုသိသဖြင့် ပြင်းစွာကြောက်လန့်ခြင်း ရှိသည် ဖြစ်၍ "အမတ်တို့။ ယခု မိုးသောက်ရောက်က ငါတို့သည် ပြည်သူပြည်သားနှင့်တကွ ရန်သူလက်သို့ ရောက်၍ စည်းစိမ်အသက် ပျက်စီးရတော့မည် မချွတ်ရာပြီ"ဟု ပြောဆိုလျက် တစ်စုံတစ်ယောက်သောသူမျှ ဆီးဆို့အံ့သောအခြင်းအရာကို မကြံနိုင်၊ မှိုင်တွေညှိုးငယ်စွာ ဖြစ်ကြကုန်၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်း ရောက်ကြောင်းကိုသိလျှင် ရွှေဂူမှထွက်သော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းလျက် မိထိလာပြည်အလုံးကို မြို့စီး, မြို့နင်း, စစ်သည် ဗိုလ်ပါများစွာနှင့် အကြီးအကြပ်ခန့်ထား၍ ရန်သူမချဉ်းဝံ့အောင် အစောင့်အနေစီရင်ပြီးသော်၊ 'မင်းကြီးကိုလည်း နှစ်သိမ့်စေအံ့'ဟု နန်းတော်သို့ဝင်ပြီးလျှင် ဝိဒေဟရာဇ်မင်းကြီးကို ရှိခိုးလျက် သင့်အပ်သောအရပ်၌ နေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်ကိုမြင်လျှင် သက်သာရာရသည်ဖြစ်၍၊ "ဤယခု ရောက်သော ဆင်းရဲမှလွတ်စေခြင်းငှာ စွမ်းနိုင်သောသူမည်သည် ငါ့သားမဟောသဓမှတစ်ပါး မရှိ။ ငါ့သားသုခမိန်သာ စွမ်းနိုင်ရာ၏'ဟု စိတ်တော်ကကြံလျက်၊ မဟောသဓသုခမိန်နှင့် စကားပြောဟောလိုသောကြောင့် ဂါထာ ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော ဤမဟောသဓပဏ္ဍိတဇာတ်၏ ရှေးဦးသော 'ပဉ္စာလော သဗ္ဗသေနာယ' အစရှိသော ၈ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"ငါ့သား မဟောသဓ။ ပဉ္စာလရာဇ်မင်းသည် များစွာသောစစ်သည်ဗိုလ်ပါနှင့် ယခုငါတို့ပြည်ကို ဝန်းရံလျက် နေ၏။ ငါကြားဖူးသည်ကား- ထိုပဉ္စာလရာဇ်မင်း၏ စစ်သည်ဗိုလ်ပါအရေအတွက် ၁၈ ခေါဘဏီ ရှိသည်ဟု ကြားဖူး၏။ ထိုစစ်သည်အပေါင်း၌ တံစဉ်းသမား, ဗိသုကာ, ပန်းရံ, ပန်းပဲ, လက်သမားနှင့်လည်း ပြည့်စုံ၏။

"စစ်မြေအရပ်၌ လိမ္မာရဲရင့်စွာ တစ်ဘက်၏စစ်သည်ဘောင်သို့ မထင်မရှားသောကိုယ်ဖြင့်ဝင်၍ ဦးလည်အညွန့်ကို ဆွတ်ခူးဆောင်ယူတတ်သော သူရဲကောင်းများနှင့်လည်း ပြည့်စုံ၏။ ဆင်သံ, မြင်းသံ, ရထားသံ အစရှိသော အသံ ၁၀ ပါးတို့ဖြင့်လည်း ပြမ်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပဟိုရ်စည်မောင်း, ခေါင်းလောင်း, ခရုသင်း, ဒုံမင်း, နဲ့, ခရာ, ပတ်သာ, စည်ပုတ် အစရှိသော တီးမှုတ်မျိုးတို့ဖြင့်လည်းကောင်း၊ 'ထိုးလှည့်ကုန်, သတ်လှည့်ကုန်'ဟူသော အသံတို့ဖြင့်လည်းကောင်း မပြတ်ဆော်နှိုးကြကုန်၏။ မင်း, အမတ်, ဗိုလ်မှူး, စစ်သူကြီး, သူရဲကောင်းတို့၌ ရတနာ ၇ပါး[၁၈၄]ဖြင့် ပြီးသော တန်ဆာတို့ကို သံနန်းချည်ဖြင့်ချုပ်၍၊ ချပ်,မိန်ညို, မောက်တို, မောက်လူ, သရဖူ, နရကင်း လုပ်ကုန်လျက် တန်ဆာဆင်ကြကုန်၏။ ထို ငွေချပ်ဝတ်၊ ရွှေချပ်ဝတ်၊ ပတ္တမြား, ပုလဲ, ကျောက်မျက်ရှဲ အစရှိသော ရတနာမိန်ညိုချပ်ဝတ် သူရဲကောင်းမင်းအမတ်တို့၏ တန်ဆာအရောင်တို့သည်လည်း တပြောင်ပြောင် တလက်လက် တောက်ပကြကုန်၏။ များစွာသောရထားဦးတို့၌ အသီးသီးစိုက်ဆောက်အပ်သော အောင်လံရွှေစွက်တို့သည်လည်း တလက်လက်တလျှပ်လျှပ် လွင့်ကြကုန်၏။ ဆင်, မြင်း, ရထား တစ်ခုတစ်ခုတို့၏အကြားအကြားတို့၌ လှံ, ဓား, လေးမြား, လွှား, လက်စွဲလျက်၊ မိန်ညို, ချပ်ဝတ် သူရဲကောင်းတို့သည်လည်း လက်ဝဲ လက်ယာ စီကာတက်၍ ကျင်းပကြကုန်၏။ ဆင်စီး, မြင်းစီး အစရှိသည်ကို တတ်ကုန်သော သူရဲကောင်းတို့သည်လည်း ဆင်ရေး, မြင်းရေး, လက်နက်ရေးတို့ဖြင့် ကစားမြူးရွှင်ကြကုန်၏။

"ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ထိတ်လန့်ရွံ့ရှာခြင်းမရှိသော ဗိုလ်မှူးစစ်သူကြီးအပေါင်းတို့သည်လည်း အကြီးအကြပ်ခန့်ထား၍ အသီးအသီး စီရင်ဆောင်ရွက်ကုန်၏။ စူဠနိုပြဟ္မဒတ်မင်း၏ စစ်သည်အပေါင်း၌ မြေကြီးအထုနှင့်တူသော ပညာရှိသုခမိန်ကား တစ်ကျိပ်ရှိသည်ဟု ကြားဖူး၏။ ထို ပညာရှိတစ်ကျိပ်တို့သည် ဆိတ်ကွယ်ရာ တိုင်ပင်ညီညွတ်၍ ခပ်သိမ်းကုန်သောအရေးအခွင့်တို့ကို စီရင်လေ့ရှိကြကုန်၏။

"စူဠနိုပြဟ္မမင်း၏အမိဖြစ်သော စလာကဒေဝီ မိဖုရားနှင့်သော်ကား ပညာရှိ တစ်ကျိပ်တစ်ယောက် ဖြစ်ကုန်၏"

## ၃၉။ စလာကဒေဝီ၏ ပညာခန်း

"ထိုမင်း၏အမိ စလာကဒေဝီ၏ ပညာရှိသောအဖြစ်ကို ငါကြားဖူးသည်ကား ထိုပဉ္စာလရာဇ်ပြည်၌ ယောကျ်ား တစ်ယောက်သည် ထမင်းထုပ်, ဆန်ထုပ်, အသပြာ ၁၀၀၀ ထုပ်၊ ဤ ၃ ခုသော အထုပ်ကိုယူ၍ ပြင်းသောရေအလျဉ်ရှိသော မြစ်ငယ်တစ်ခုကိုကူးလေသည်ရှိသော် မြစ်လယ်သို့ရောက်သောအခါ ပြင်းစွာ ပင်ပန်းသဖြင့် မကူးနိုင်ခြင်းကြောင့် မြစ်နား၌ရှိသော ယောကျ်ားတစ်ယောက်ကိုခေါ်၍–

"'အဆွေ။ ထိုမှာဘက်ကမ်းသို့ ငါ့ကို ပို့ပါလော့။ ထိုမှာဘက်ကမ်းသို့ရောက်လျှင် သင့်အား ဤ ၃ ခုသောအထုပ်တို့တွင် ငါနှစ်သက်ရာအထုပ်ကို ပေးအံ့'ဟုဆို၏။

"ထိုကမ်းနား၌ရပ်နေသော ယောကျ်ားသည်လည်း ခွန်အားနှင့်ပြည့်စုံသည်ဖြစ်၍ 'ကောင်းပြီ။ နှစ်သက်ရာအထုပ်ကို ပေးလျှင် သင့်အား ငါပို့ဆောင်အံ့'ဟုဆိုလျက် ရေထဲသို့ဆင်းပြီးလျှင် ထိုဥစ္စာထုပ်ရှင် ယောကျ်ား၏လက်ကို ဆွဲယူခဲ့၍ ကမ်းတစ်ဘက်သို့ ပို့တင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကမ်းတစ်ဘက်သို့ရောက်သောအခါ ကယ်ပို့သောယောကျ်ားသည် 'ငါ့အား နှစ်သက်ရာဥစ္စာထုပ်ကို ပေးလော့'ဟု တောင်း၏။ မြစ်သို့ကူးသောယောကျ်ားသည်လည်း 'ကောင်းပြီ။ ပေးအံ့'ဟုဆို၍၊ 'ဤ ၃ ခု သောအထုပ် တို့တွင် ဤအထုပ်ကို ယခု ငါနှစ်သက်၏။ ထို ငါနှစ်သက်သော အထုပ်ကို ယူလော့'ဟုဆို၍ ထမင်းထုပ်ကိုပေး၏။ ကယ်ပို့သော ယောကျ်ားသည်လည်း 'ငါကား ဥစ္စာကိုလိုသောကြောင့် အသက်ကိုစွန့်၍ ကယ်ပို့ရသည်ဖြစ်လျက် အဘယ့်ကြောင့် ထမင်းထုပ်ကို ယူအံ့နည်း။ ငါနှစ်သက်ရာ အသပြာထုပ်ကို သင်ပေးလော့'ဟု တောင်း၏။

"ထိုသူ ၂ ယောက်တို့၏အကြားဌ်ရှိကုန်သော သူတို့သည်လည်း စကားအလုံးစုံကိုမေး၍၊ သိပြီးသော် ကယ်ပို့သောယောကျ်ားကို 'အချင်းယောကျ်ား။ အထက်မပို့မီက ဥစ္စာရှင်က ငါနှစ်သက်ရာအထုပ်ကို ပေးမည်။ ကမ်းတစ်ဘက်သို့ ပို့လော့'ဟုဆိုလျှင် သင်သည် သဘောတူပို့ချေသောကြောင့် ထိုသူနှစ်သက်ရာ ထမင်းထုပ်ကို ယခုပေးသည်မှာ ပေးထိုက် ပေ၏။ သင် မငြင်းမဖယ်သာဟု'ဆိုကြကုန်၏။

"ကယ်ပို့သောယောကျ်ားသည်လည်း ထိုအကြားဌ် ဆုံးဖြတ်သောသူတို့၏စကားကိုမယူမူ၍ ထိုဥစ္စာရှင် ယောကျ်ားကိုခေါ်လျက် တရားစီရင်ရာ လွှတ်သဘင်သို့သွားပြီးလျှင် တရားသူကြီးအမတ်တို့အား တရားအစီအရင်ခံ လျှောက်ထားလေ၏။ တရားသူကြီးအမတ်တို့လည်း ထိုသူ ၂ ယောက်တို့ကို စစ်မေး၍ စကားအလုံးစုံကို သိပြီးသော် အထက်ကြားလူများ ဆုံးဖြတ်လိုက်သည့်နည်းတူပင်လျှင် 'နှစ်သက်ရာပေးမည်ဆိုသည်နှင့်အညီ နှစ်သက်ရာ ထမင်းထုပ်ကိုပင် ပေးစေ'ဟု ဆုံးဖြတ်ကုန်၏။

"ထို ကယ်ပို့သောယောကျ်ားသည်လည်း တရားသူကြီးတို့အဆုံးအဖြတ်ကို မနှစ်သက်ပြန်သဖြင့် စူဠနီဗြဟ္မဒတ်မင်းကြီးအား လျှောက်ထားလေ၏။ မင်းကြီးလည်း တရားသူကြီးအမတ်တို့ကို ခေါ်စေ၍ 'သင်တို့ အဘယ်သို့ ဆုံးဖြတ်သနည်း'ဟု မေး၏။ 'ဤသို့ဆုံးဖြတ်ပေသည်'ဟု တရားသူကြီးအမတ်တို့က လျှောက်ထားလျှင် မင်းကြီးလည်း 'ဤယောကျ်ားသည် ဥစ္စာကိုလိုသောကြောင့် အသက်ကိုစွန့်၍ ကယ်ပို့ပေသည်။ ဤယောကျ်ားကလည်း ငါနှစ်သက်ရာ ပေးမည် ဆိုချေသည်'ဟု စကား ၂ ရပ်ကိုသာ တွေးဆလီဆယ် ပြောဆိုလျက် မဆုံးမဖြတ်နိုင် ရှိ၏။

"ထိုအခါ မင်းကြီး၏မယ်တော် စလာကဒေဝီမိဖုရားသည် မနီးမဝေးဌ်ရှိသည်ဖြစ်၍ စူဠနီဗြဟ္မဒတ် မင်းကြီးတို့ မဆုံးမဖြတ်နိုင်ကြောင်းကိုကြားလေသော် စူဠနီဗြဟ္မဒတ်မင်းအား 'ချစ်သား။ ဤမျှလောက်သော တရားကိုမျှ အမှန်ကျအောင် မဆုံးဖြတ်နိုင်သလော'ဟုဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း 'မယ်တော်။ အကျွန်ုပ်သည် ဤယခု အမတ်တို့ ဆုံးဖြတ်သည်ထက် သာ၍မဆုံးဖြတ်နိုင်ပြီ။ မယ်တော် သာ၍ဆုံးဖြတ်နိုင်လျှင် ဆုံးဖြတ်တော်မူလော့'ဟုဆို၏။

"စူဠနီဗြဟ္မဒတ်မင်းစကားကို ကြားလျှင် စလာကဒေဝီစမိဖုရားသည် "ချစ်သား။ ကောင်းပြီ၊ ငါဆုံးဖြတ်အံ့"ဟု ဆို၍ ဥစ္စာထုပ်ရှင် ယောကျ်ားကိုခေါ်၍ 'အချင်းယောကျ်ား။ သင်၏ဥစ္စာထုပ် ၃ ခုကို မြေဌ်စဉ်လျက် ထားလော့'ဟု ဆို၍၊ မြေဌ်ထားစေပြီးသော် 'အချင်းယောကျ်ား။ သင်သည် ပြင်းစွာသော ရေအလျဉ်ဌ် မျောလေသောအခါ ဤယောကျ်ားကို သင်သည် အဘယ်သို့ ဆို၍ ကယ်ပို့စေသနည်း'ဟု မေး၏။ ထိုဥစ္စာထုပ်ရှင် ယောကျ်ားလည်း 'အရှင်မိဖုရား။ အကျွန်ုပ် မြစ်ကိုမကူးနိုင်သောအခါ ငါ့ကို ကမ်းတစ်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပို့ပါလျှင် ဤဥစ္စာထုပ် ၃ ခုတွင် ငါ နှစ်သက်ရာဥစ္စာထုပ်ကို သင့်အားပေးအံ့’ဟု ဆို၍ ထိုသူစိတ်သဘောတူမှုသဖြင့် အကျွန်ုပ်ကို ကမ်းတစ်ဘက်သို့ ပို့ပါသည်’ဟု လျှောက်၏။

“စလာကဒေဝီမိဖုရားသည် ဥစ္စာရှင်၏စကားကို ကြားလျှင် ‘အချင်းယောကျ်ား။ ထိုသို့တပြီးကား။ ဤဥစ္စာထုပ် ၃ ခုတွင် သင်နှစ်သက်ရာ ဥစ္စာထုပ်ကို ကောက်ယူလော့’ဟုဆို၍ ဥစ္စာရှင်ကို ကောက်ယူစေ၏။ ဥစ္စာထုပ်ရှင် သည်လည်း မိဖုရား မိန့်တော်မူသောစကားကို ကြားလျှင် အသပြာ ၁၀၀၀ ထုပ်ကို ကောက်ယူလေ၏။ စလာကဒေဝီ မိဖုရားသည်လည်း ပရိယာယ်စကားဖြင့် ‘သင်တို့ သွားကြလေတော့’ဆို၍ အတန်ငယ်သွားစေပြီးသော် ထိုဥစ္စာထုပ်ရှင်ယောကျ်ားကိုခေါ်၍ “အချင်းယောကျ်ား။ ဤအသပြာ ၁၀၀၀ ထုပ်ကို သင် နှစ်သက်သည် မှန်၏လော”ဟုမေး၏။

“ဥစ္စာထုပ်ရှင်သည်လည်း ‘အရှင်မိဖုရား။ နှစ်သက်သည် မှန်ပါ၏’ဟု လျှောက်လျှင် စလာကဒေဝီ မိဖုရားက ‘အချင်းယောကျ်ား။ ထိုသူ သင့်ကို မြစ်ထဲမှ ကယ်တင်သောအခါ ဤဥစ္စာထုပ် ၃ ခုတွင် ငါနှစ်သက်ရာ ဥစ္စာထုပ်ကို ပေးမည်ဟု သင်ဆိုမိသလော, မဆိုမိသလော’ဟု မေးတော်မူရာ၊ ဥစ္စာထုပ်ရှင်သည်လည်း ‘အရှင်မိဖုရား။ ဆိုပေသည်’ဟု လျှောက်၏။

“စလာကဒေဝီမိဖုရားသည်လည်း ‘အချင်းယောကျ်ား။ ထိုသို့ ငါနှစ်သက်ရာ ပေးမည်ဟု သင်ဆိုမိသည် မှန်ချေလျှင် ယခု သင် အသပြာ ၁၀၀၀ ထုပ်ကို နှစ်သက်သည်ဖြစ်သောကြောင့် ထို ကယ်ပို့သောယောကျ်ားအား အသပြာ ၁၀၀၀ ထုပ်ကို ပေးစေ’ဟု ဆုံးဖြတ်စီရင်၏။ ဥစ္စာထုပ်ရှင်သည်လည်း စိုးရိမ်ငိုကြွေးလျက်ပင် ရေထဲမှ ကယ်တင်သောယောကျ်ားအား အသပြာ ၁၀၀၀ ထုပ်ကို ပေးရလေ၏။

“ထိုအခါ စူဠနီဗြဟ္မဒတ်မင်းမှစ၍ အမျုးအမတ် ပရိသတ်အပေါင်းတို့သည် စလာကဒေဝီမိဖုရားကြီးအား ကောင်းချီးပေးကြကုန်၏။ ထို တရားဆုံးဖြတ်သောအခါမှ စ၍ စလာကဒေဝီမိဖုရားကြီး၏ ပညာရှိသောအဖြစ်သည် အရပ်ထက်ဝန်းကျင်၌ ကျော်စောခြင်း ဖြစ်သတည်း။ ထို့ကြောင့် စူဠနီဗြဟ္မဒတ်မင်း၏မယ်တော် စလာကဒေဝီ မိဖုရားကြီးနှင့်သော် ပညာရှိ တစ်ကိုပ်တစ်ယောက် ရှိ၏ဟု ငါကြားဖူး၏။ ထိုသို့ ပညာရှိသူရဲကောင်းအားနှင့် ပြည့်စုံသည်ဖြစ်၍ ၁၀၀ ကုန်သော ထီးဆောင်းမင်းအပေါင်းတို့သည် ထောင်ထားခြင်းငှာ မစွံကုန်သောကြောင့် ထိုပဉ္စာလရာဇ်မင်း၏ အလိုသို့သာလျှင် လိုက်ရကုန်၏။ မိမိတို့ အလိုမရှိကုန်ဘဲလျက် ပဉ္စာလရာဇ်မင်းအား ချစ်ဖွယ်သောစကားကိုဆို၍ အလိုရှိအောင်သာလျှင် ပြုကြကုန်လျက် ပဉ္စာလရာဇ်မင်းချီသွားရာ အစဉ်မပြတ် လိုက်ရကုန်၏။

“ဤသို့ စစ်သည်ဗိုလ်ပါများစွာနှင့် ပဉ္စာလရာဇ်မင်းသည် ယခု ငါတို့၏ မိထိလာပြည်ကို ဆင်တစ်ထပ်, မြင်းတစ်ထပ်, ရထားတစ်ထပ်, ခြေသည်တစ်ထပ်အားဖြင့် ၄ ထပ်ကုန်သော စစ်အင်္ဂါဗိုလ်ပါသူရဲအပေါင်းတို့သည် ထက်ဝန်းကျင်ရံကုန်၍ မိထိလာပြည်ကို တူးဖြိုအံ့သောငှာ အားထုတ်ကုန်လျက် ကောင်းကင်ပြင်၌ ကြယ်အပေါင်းကဲ့သို့ သောင်းသောင်းရုတ်ရုတ် အုတ်အုတ်သဲသဲ ဖောက်ခွဲနင်းဖြိုခြင်းငှာ မတတ်နိုင်အောင် ဖြစ်ကုန်၏။ အဝီစိငရဲမှသည် အထက်ဘဝဂ်တိုင်အောင် ငါ့သားသုခမိန်နှင့်တူသော ပညာရှိမည်သည် မရှိ။ ဤယခုအရေးသည်လည်း ငါ့သား၏ အရေးသာတည်း။ ငါ့သားသုခမိန်သာလျှင် ထိုအကြောင်းကို ကောင်းစွာ ဆင်ခြင် စီရင်ဝေဖန်၍ ပြည်နိုင်ငံမတိမ်းအောင် စောင့်ထိန်းသဖြင့် ဤဆင်းရဲမှ အဘယ်သို့လွတ်မြောက်အောင် ကြံပါအံ့နည်း”ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းမဟောသဓသုခမိန်သည် 'ယခု ဤမင်းကြီးကား သေအံ့သောဘေးမှ အလွန်လျှင် ကြောက်လန့်ခြင်းဖြစ်၏။ သူနာအား ဆေးသမားသည် ကိုးကွယ်ရာ ဖြစ်သကဲ့သို့ လည်းကောင်း, အစာငတ်မွတ်သောသူအား အစာသည် ကိုးကွယ်ရာ ဖြစ်သကဲ့သို့လည်းကောင်း, ရေငတ်သော သူအား ရေသည် ကိုးကွယ်ရာ ဖြစ်သကဲ့သို့လည်းကောင်း ဤမင်းကြီးအား ငါမှတစ်ပါး ကိုးကွယ်ရာ မရှိပြီ။ ငါသည် မင်းကြီးကို နှစ်သိမ့်စေအံ့'ဟုကြံပြီးလျှင်၊ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ ရဲရင့်စွာထိုင်၍ ဟောက်သော ကေသရရာဇာ ခြင်္သေ့မင်း၏အသံကဲ့သို့ ရွှံရှာခြင်းကင်းလျက် 'ပါဒေ ဒေဝ ပသာရေဟိ'အစရှိသော ဂါထာဖြင့် နှစ်သိမ့်စကား လျှောက်ထား၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ မည်သို့ အထူးအထွေကြံစည်၍ စိုးရိမ်ကြောင့်ကြတော် မမူလင့်။ ရွှေနန်းစည်းစိမ်တော်၌သာ ခြေဆန့်၍ အလိုရှိတိုင်း လှည့်လည်စံပယ်လျက် နှစ်သက်ရွှင်လန်း ချမ်းသာစွာ စံနေတော်မူပါ။ စစ်အင်္ဂါမှုဆိုသည်မှာ အကျွန်ုပ်ရှိပါပြီ။ ကျိုးအပေါင်းကို အုတ်ခဲ, လုံးတံဖြင့် လှန့်လိုက်ဘိ သကဲ့သို့လည်းကောင်း, တောအရပ်၌ မျောက်အပေါင်းကို လေးမြားရွယ်ကာဖြင့် လှန့်လိုက်ဘိသကဲ့သို့လည်းကောင်း၊ ၁၈ခေါဘဏီ အရေအတွက်ရှိသော ပဉ္စာလရာဇ်မင်း၏စစ်သည်အပေါင်းတို့ကို မကြာမြင့်မီပင်လျှင် အကျွန်ုပ်၏ပညာအစွမ်းဖြင့် မိမိတို့၏ကိုယ်၌ဝတ်သော ပုဆိုးကိုမျှ အစိုးမရစေဘဲလျှင် ပျက်ပြားစေအံ့"ဟု မင်းကြီးအား နှစ်သိမ့်စေပြီးလျှင် မဟောသဓသုခမိန်သည် နန်းတော်မှထွက်ခဲ့၍ မိထိလာပြည်သူပြည်သားတို့အား မထိတ်မလန့်စေခြင်းငှာ ဤသို့ စည်လည်စေ၏။

"ဤမြို့တော်၌ရှိကုန်သော ပြည်သူပြည်သားအပေါင်းတို့။ သင်တို့သည် မည်သို့သောအကြောင်းကိုမျှ ကြံဆ၍ စိုးရိမ်ထိတ်လန့်ခြင်း မရှိကြနှင့်။ ယနေ့မှသည် ၇ ရက်ပတ်လုံး အမွှေး အထုံ, ပန်းနံ့သာ, အဝတ်တန်ဆာတို့ကို လိမ်းသပ်ဝတ်ဆင်လျက် အထူးထူးသော ီးမှုတ်မျိုးတို့ဖြင့် တီးမှုတ်,ကခုန်, မြူးထူးပျော်ရွှင်ကြကုန်သဖြင့် ဆိုင်ရာအသီးအသီး ပွဲသဘင်ခံ၍ ပျော်ရွှင်မှုနှင့်သာ ငြိမ်ဝပ်ချမ်းသာစွာ နေကြကုန်။ မျိုးရိက္ခာဆိုသည်မှာ ငါ၏ဝန် ဖြစ်စေ။ မဟောသဓအမည်ရှိသော ငါ၏ပညာအစွမ်းကို ဤစစ်ပွဲတွင် ထင်ရှားစွာပြအံ့။ သင်တို့ ရှုကြည့်ကြကုန်လော့"ဟုဆို၍ နှစ်သက်ရွှင်လန်းကြောင်း ကောင်းမြတ်သောစကားဖြင့် စည်လည်စေ၏။

ပြည်သူပြည်သားအပေါင်းတို့သည်လည်း မဟောသဓသုခမိန် အမိန့်ရှိသည့်အတိုင်း ပွဲသဘင်ခံ၍ အသီးအသီး ရွှင်ပျော်မြူးထူးကြကုန်၏။ ထိုသို့ မြို့တွင်း၌ ပွဲသဘင်ခံကြသောအသံကို မြို့ပြင်၌နေကြကုန်သော စစ်သည်သူရဲတို့ ကြားလေသည်ရှိသော် ပွဲကြည့်အံ့သောငှာ တံခါးငယ်ဖြင့် ဝင်လာကုန်၏။ မြို့၌ကား တံခါးမကိုသာပိတ်၍ တံခါးငယ်တို့ကိုကား ဖွင့်လျက်ပင်ထား၏။ မြို့တွင်းသို့ဝင်လာသော်လည်း ရန်မူသောသူကိုသာ ဖမ်းဆီး၏။ ရန်မမူသောသူဖြစ်လျှင် ထွက်ဝင်သွားလာရ၏။ ထို့ကြောင့် တံခါးငယ်ဖြင့် ထွက်ဝင်သွားလာခြင်း မပြတ်သည်ဖြစ်၍ စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်တို့သည် မိထိလာပြည်သူပြည်သားတို့ ပွဲသဘင်ခံလျက် ပျော်ရွှင်မြူးထူးကြသည်ကို မြင်ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း မိထိလာမြို့တွင်း၌ အုတ်အုတ်ကျက်ကျက်သောအသံ ရှိသည်ကို ကြားလေသော် အမတ်တို့ကိုခေါ်၍ ဤသို့မေး၏။

"အချင်းတို့။ ယခု ငါသို့သော ဧကရာဇ်မင်းသည် ၁၈ ခေါဘဏီ အရေအတွက်ရှိသော စစ်သည်ဗိုလ်ပါ များစွာနှင့် ဝန်းရံ၍နေသည်ကိုလျက် ထိုမိထိလာပြည်သူပြည်သားတို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက် ဝမ်းမြောက်သောအသံဖြင့် တီးမှုတ် ကခုန်လျက် ကျူးဟစ်ကြွေးကြော် ပျော်ရွှင်ခြင်းကို ပြုကြကုန်၏။ ထိုသို့ ပျော်ရွှင်မြူးထူးခြင်း၌ အကြောင်း အသို့ထင်ကြကုန်သနည်း"ဟု မေး၏။

ထိုအခါ မဟောသဓကလွှတ်ထားသော အမတ်တို့သည် စူဠနီဗြဟ္မဒတ်မင်းကြီးစကားကိုကြားလျှင် မုသာဝါဒဖြင့် ဤသို့လျှောက်ထားကြကုန်၏။

"အရှင်မင်းကြီး။ အကျွန်ုပ်တို့သည် အကြောင်းတစ်ခုရှိ၍ တံခါးယော်ဖြင့် မြို့တွင်းသို့ဝင်လေသော် ပွဲသဘင်ခံလျက် ပျော်ရွှင်မြူးထူးကြကုန်သော မြို့သူမြို့သားတို့ကိုမြင်၍ 'လူများအပေါင်းတို့။ ယခု ကေရာဇ်မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကုန်သော ထီးဆောင်းမင်းအပေါင်းတို့ကို လက်နက်နိုင်ငံပြု၍ ၁၈အက္ခောဘဏီခန့်သော စစ်သည်ဗိုလ်ပါများစွာနှင့် သင်တို့ပြည်ကို အထပ်ထပ်ဝန်းရံ၍နေသည်ကိုလျက် အဘယ့်ကြောင့် သင်တို့သည် ပွဲသဘင်၌သာ မြူးထူး၍ မေ့မေ့လျော့လျော့ နေကြကုန်သနည်း'ဟု အကျွန်ုပ်တို့က ဆိုလျှင်၊ ထိုမိထိလာပြည်သူပြည်သားတို့က အကျွန်ုပ်တို့အား ဤသို့ဆိုကုန်၏။

"အချင်းတို့။ ငါတို့အရှင် ဝိဒေဟရာဇ်မင်းကြီးသည် ရွှေထီးရွှေနန်း မသိမ်းမြန်းမီ မင်းသားငယ် လက်ထက်ကပင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌နေကုန်သော ထီးဆောင်းမင်းအပေါင်းတို့သည် ဤမိထိလာအမည်ရှိသော ရာဇဌာနီမင်းနေပြည်ကြီးကို ထက်ဝန်းကျင်ဝန်းရံလျက်နေစဉ် ကြီးစွာသော ပွဲသဘင်ခံလျက် စိုးစံတော်မူလိုသော နှလုံးတော်ရှိ၏။

"ထိုမင်းကြီး၏ နှလုံးအလိုတော်သည် ယခုမှပြည့်သည်ဖြစ်၍ 'အလိုရှိတိုင်း ပွဲသဘင်ခံလျက် ပျော်ရွှင်မြူးထူးကြစေ'ဟု နေပြည်တော်ပတ်လည်၌ စည်လည်စေပြီးလျှင် ငါတို့ အရှင်မင်းကြီးသည် ရွှေနန်းဥကင်တော်၌ မူးတော်, မတ်တော်အပေါင်းခြံရံလျက် ထူးမြတ်လှစွာသော အောင်သေကို သောက်တော်မူ၏။

"ငါတို့ ပြည်သူပြည်သားအပေါင်းတို့သည်လည်း 'အရှင်မင်းကြီး၏ အလိုတော်ပြည့်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ပွဲသဘင်ခံလျက် မြူးထူးကြကုန်၏'ဟု အကျွန်ုပ်တို့အား ပြည်သူပြည်သားတို့ ပြောဆိုကြပါသည်"ဟု လျှောက်ကြကုန်၏။

## ၄၀။ မိထိလာပြည်ကို တိုက်ခိုက်ခန်း

ထိုအမတ်တို့၏ စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ပြင်းစွာ အမျက်ထွက်သည်ဖြစ်၍ ဗိုလ်မှူး, တပ်မှူး, အကြီး, အကြပ်တို့ကိုခေါ်ပြီးလျှင် "အချင်းတို့။ လှည်းဘီးစက်ဖြင့် သခွားသီးနှံဆတ်ဆတ်ကို လတ်တလောချင်း နင်းဘိသကဲ့သို့ ယခုပင် မိထိလာမြို့ကို ကျုံး, မြောင်း, ပဓွင်[၁၈၅], ရင်တား[၁၈၆], ပြ[၁၈၇], တန်ဆောင်း[၁၈၈]နှင့်တကွ တွန်းလှဲနင်းနယ်ဖြိုဖျက်၍ မြို့သူမြို့သားတို့၏ ဦးခေါင်းတို့ကို တစ်လုံးစီ ဖြတ်ယူဆောင်ချေ"ဟု မင်းအာဏာပေးလျက် မိန့်ဆို၏။



www.burmeseclassic.com

သူရဲသူခက်အပေါင်းတို့သည်လည်း မင်းကြီးအာဏာဖြင့် မိမိတို့ဆိုင်ရာ အသီးအသီး လက်နက်စွဲကိုင်လျက် တိုက်ဖျက်အံ့သောငှာ မြို့ရင်းသို့ ကပ်လာကြကုန်၏။ မဟောသဓ၏ စစ်သည်ဗိုလ်ပါတို့သည်လည်း မြို့ထက်ဝန်းကျင် ပစ္စင်, ရင်တား, ပြ, တန်ဆောင်းပေါ်၌ အသီးအသီး ဆီးဆို့စောင့်ရှောက်ကုန်လျက် တံခါးရင်းသို့ ချဉ်းလာကုန်သော စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်တို့ကို ညှွန်နစ်ရေဖြင့် သွန်းခြင်း, ကျောက်လုံးဖြင့် ချခြင်း, သစ်တုံးဖြင့်ချခြင်း စသည်တို့ကို နှိပ်စက်ကုန်သည်ဖြစ်၍ မချဉ်းကပ်ဝံ့ဘဲ ခွာထွက်ပြေးစေကုန်၏။

မြို့ကိုတူးဖောက်အံ့သောငှာ ကျုံးသို့ဆင်းလျက်လာကုန်သော စူဠနီဗြဟ္မဒတ်မင်း၏ သူရဲသူခက်တို့သည်လည်း မြားဖြင့် ပစ်လွှတ်ခြင်း၊ လှံမ, ချွန်းတောင်းဖြင့် ထိုးပစ်ခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ များစွာသောပျက်စီးခြင်းသို့ ရောက်စေကုန်၏။

မဟောသဓသေနာမိန်၏ သူရဲသူခက်တို့သည် လက်ဆုပ်ပြခြင်း, တံတောင်ပြခြင်း စသည်တို့ကိုပြု၏။ စူဠဗြဟ္မဒတ်မင်း၏ သူရဲသူခက်တို့ကို ရေရွတ် ဆဲဆိုကြကုန်လျက် "ဟယ်။ ပဉ္စာလရာဇ်မင်း စစ်သည်အပေါင်းတို့။ သင်တို့ အစားအသောက်ငတ်မွတ်လျှင် ဤသို့ လာလှည့်ကုန်။ ငါး, အမဲ, သေအရက်တို့ကို ငါတို့အတန်ငယ် ပေးအံ့"ဟုဆို၍ မြို့ကြီးပြင်အထောင့်အယွန်း စီရင်အပ်သော မြို့ငယ်ပေါ်၌ ငါးတစို့, အမဲတစို့တို့ကို အုပ်, ကလပ်, တောင်းပေါင် စသည်တို့ဖြင့်ကျင်းပကုန်လျက် သေအိုး,အရက်အိုးတို့ကိုပြ၍ ထိုမှဤမှ သွားလာကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်တို့သည် မြို့ကို ဖြိုဖျက်ထွင်းဖောက်ခြင်းငှာ မတတ်နိုင်ကြလေသော် စူဠနီဗြဟ္မဒတ်မင်းကြီးထံသွား၍ "အရှင်မင်းကြီး။ ဤမိထိလာပြည်ကို ဘုန်းတန်ခိုးကြီးမားသော သိကြားနတ်တို့ပင် တိုက်ဖျက်ငြားသော်လည်း ပျက်စီးဖွယ် မထင်ပါ"ဟု လျှောက်ထားကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည်လည်း ၁၈ခေါဘဏီခန့်ရှိသော စစ်သည်ဗိုလ်ပါများစွာနှင့် မြို့ကိုဝန်းရံ၍ ၄ ရက်, ၅ ရက်ပတ်လုံး တိုက်ဖျက်လျက် ပျက်စီးအံ့သောအကြောင်းကိုမမြင်လတ်သော် ကေဝဋ္ဋအမတ်ကြီးအား "ဆရာပုရောဟိတ်။ များစွာလက်နက်ဖြင့် ဤမြို့ကိုတိုက်ဖျက် သိမ်းယူသည်မှာ ၄–၅ ရက်ရှိပြီ။ မရနိုင်။ ယခုမြို့ရင်းကို ချဉ်းကပ်ဝံ့မည့်သူ မရှိ ဖြစ်ခဲ့၏။ အသို့ကြံရသော် ကောင်းမည်နည်း"ဟု တိုင်ပင်မေးမြန်း၏။

မင်းကြီးမိန့်တော်မူသော စကားကိုကြားလျှင် ကေဝဋ္ဋအမတ်ကြီးသည် "အရှင်မင်းကြီး။ များစွာသော သူရဲသူခက် လက်နက်တို့ဖြင့် မြို့ကိုတူးဖြိုဖောက်ထွင်းခြင်းငှာမတတ်နိုင်သော် မြို့မည်သည်ကား ပြင်၌သာ ရေရှိ၏။ မြို့တွင်း၌ သုံးဆောင်လောက်အောင် ရေမရှိရာ။ ထို့ကြောင့် မြို့ပြင်ကရေကို မခပ်မယူရအောင် ပိတ်ဆို့ ဝန်းရံရပါလျှင် မိမိတို့ ရေငတ်ခံနိုင်မည် မဟုတ်။ ရေငတ်၍ ဆင်းရဲပင်ပန်းကြသောအခါ အလိုအလျောက် အရှင့်ခြေတော်ရင်းသို့ ပျပ်ဝပ်လာကြသဖြင့် အလွယ်တကူ သိမ်းယူတော်မူမည်ဖြစ်ပါသည်"ဟု လျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းလည်း ကေဝဋ္ဋအမတ်ကြီးစကားကို ကြားလျှင် 'ကောင်းပြီ'ဟု ဝန်ခံ၍၊ မြို့ပြင်ကရေကို မြို့တွင်းသို့ မယူမသွင်းစေခြင်းငှာ ပိတ်ဆို့ဝန်းရံစေ၏။ မဟောသဓသေနာမိန်က သူလျှိုထားသောအမတ်တို့သည် ထိုသို့ ရေမခပ်ရအောင်ပိတ်ဆို့ကြောင်းကို ကမ္ပည်းအက္ခရာရေးပြီးလျှင် မြားဖျား၌စာကိုဆွဲ၍ မြို့ပေါ်သို့ ပစ်လွှတ်လိုက်၏။ မဟောသဓသေနာမိန်သည် ရှေးဦးကပင် မြားဖျားတွင်စာပါလျှင် "ငါ့ထံသို့ ယူခဲ့"ဟု စစ်သည်တို့အား အမှာအထားရှိသောကြောင့် စစ်သည်သူရဲတစ်ယောက်သည် ထိုမြားကို ကောက်ယူ၍ စာကိုမြင်လျှင် မဟောသဓသေနာမိန်ထံသို့ ပို့ဆက်၏။

www.burmeseclassic.com



မဟောသဓသေ့ခမိန်သည် စာကိုမြင်၍ ထိုအကြောင်းကို သိပြီးသော် 'ပဉ္စာလရာဇ်မင်းကား မဟောသဓ ပညာရှိကြောင်းကို မသိလေ' ဟုကြံပြီးလျှင် အတောင် ၆၀ ခန့် အမြင့်ရှိသော ဝါးလုံးဖျားကို ထက်ခြမ်းခွဲစေ၍ အဆစ်အဖုတို့ကို ထုတ်နုတ်သုတ်သင်စေပြီးမှ ပြကတေ့အတိုင်း[၁၈၄] တစ်စပ်တည်းဟပ်လျက် အထက်အောက် စည်းနှောင်ပြီးသော် ရွံ့စေးနွံနှစ်တို့ဖြင့် အပေါ်၌လိမ်းကျံ၍ အထက်က ရှာန်အဘိညာဉ်နှင့်ပြည့်စုံသော ဆရာရှင်ရသေ့တို့ ဟိမဝန္တာမှဆောင်ယူခဲ့သော ကုမုဒြာကြာစေ့တို့ကို ရွံ့ညွန်ထဲ၌စိုက်ချစေသဖြင့် ထိုကြာစေ့ပေါ်တို့၌ ထိုဝါးလုံးမျုားကို တစ်ခုစီစိုက်ထောင်စေပြီးလျှင် ဝါးလုံးအဖျားတိုင်အောင် ရေဖြင့်ပြည့်စေ၏။ ထိုကြာစေတို့သည် တစ်ညဥ့်တည်းဖြင့်ပင်လျှင် ဘုရားလောင်း၏ဘုန်းတော်ကြောင့် အပင်ပေါက်သဖြင့် ကြီးလတ်၍ ထိုအတောင် ၆၀ ခန့်မြင့်သော ဝါးလုံး၏အဖျားတိုင်အောင် တက်ပြီးလျှင် အထက်သို့ တစ်တောင်လောက်ခန့်မြင့်၍ ပွင့်၏။

ထိုအခါ ကြာပင်များကိုနုတ်စေပြီးလျှင် "အချင်းတို့။ ဤကြာပင်များကို စူဠနီဗြဟ္မဒတ်မင်းအား ပြလော့" ဟု မင်းချင်းတို့အား ပေးလိုက်၏။ မင်းချင်းတို့လည်း ထိုကြာရိုးတို့ကို ခွေစည်းပြီးလျှင် မြို့တံတိုင်းငယ်ပေါ်၌နေလျက် "ပဉ္စာလရာဇ်မင်း၏အထံ စွဲမြဲသောအမတ်တို့။ သင်တို့သည် ငါတို့၏မြို့တော် အနီးအပါး၌ အစာငတ်မွတ်၍ မသေသင့်။ ဤ ကြာပွင့်ကြာရိုးများကိုယူ၍ ဝအောင်စားကြလေ။ ကြာပွင့်ကိုလည်း နား၌ ပန်ဆင်ကြလေကုန်" ဟု ဆိုလျက် ပဉ္စာရာဇ်မင်း၏ စစ်သည်သူရဲတို့အထံသို့ ကြာရိုးကြာခွေတို့ကို ပစ်လွှင့်လိုက်ကြကုန်၏။

ထိုကြာခွေတို့ကို မဟောသဓသေ့ခမိန်က သူလျှိုထားသောအမတ်တို့၏ အစေအပါးလုလင်တို့သည် ကောက်ယူ၍ မိမိတို့အရှင်အား ပေးကြကုန်၏။ သူလျှိုအမတ်တို့လည်း ထိုကြာခွေကို စူဠနီဗြဟ္မဒတ်မင်းထံသို့ ယူဆောင်သွား၍ "အရှင်မင်းကြီး။ အကျွန်ုပ်တို့သည် ဤကြာရိုးကဲ့သို့ရှည်သော ကြာရိုးကို မမြင်စဖူးကုန်။ ရှုစားတော်မူပါ" ဟု လျှောက်ထားဆက်သကြကုန်၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည်လည်း "အချင်း။ ဤကြာရိုးသည် အရှည် အဘယ်မျှ ရှိမည်နည်း။ တောင်ကြစမ်း" ဟုဆို၍ တောင်စေ၏။

ထို သူလျှိုအမတ်တို့သည် အတောင် ၆၀ မျှရှိသောကြာရိုးကို အတောင် ၈၀ ရှိအောင်ပြု၍ တောင်ပြီးလျှင် "အရှင်မင်းကြီး။ ဤကြာရိုး၏အရှည် အတောင် ၈၀ ရှိပါသည်" ဟု လျှောက်ထားကြကုန်၏။ စူဠနီဗြဟ္မဒတ်မင်းသည် "အချင်းတို့။ ထိုသူတို့မှာ ဤကြာရိုးကို အဘယ်အရပ်၌ ရလေသည်မသိ" ဟု မေးတော်မူသော် မဟောသဓကသူလျှိုထားသော အမတ်တစ်ယောက်သည် မဟုတ်မမှန်သောစကားဖြင့် ဤသို့လျှောက်ထား၏။

"အရှင်မင်းကြီး။ အကျွန်ုပ်သည် တစ်နေ့သ၌ သေအရက်ကိုသောက်လို၍ တံခါးငယ်ဖြင့် မြို့တွင်းသို့ဝင်စဉ် ရေကစားအံ့သောငှာသွားကြကုန်သော ပြည်သူပြည်သားတို့ကိုမြင်သောကြောင့် ထိုသူတို့မြို့တွင်း၌ ကစားရှင်မြူး လောက်အောင် ရေကန် ရှိသည်,မရှိသည်ကိုမသိပါ၍ ထိုသူတို့နှင့် အမှတ်မဲ့ လိုက်သွားသဖြင့်ကြည့်ရှုရာ ရေကန်ကြီးတစ်ခုကို အကျွန်ုပ် တွေ့မြင်ခဲ့ရပါသည်။

"ထိုရေကန်ထဲ၌ ကြာပွင့်တို့ကို လူအပေါင်းတို့သည် လှေဖြင့်စီး၍ ဆွတ်ယူနုတ်ငင်ကြကုန်သဖြင့် ရေတိမ်ရာ အရပ်၌ရောက်သော ကြာရိုးကို အကျွန်ုပ် တောင်၍စမ်းလျှင် အတောင် ၆၀, ၇၀, ၈၀ ရှိကုန်၏။ ရေနက်ရာ၌ ရောက်သော ကြာရိုးကား အတောင် ၁၀၀ ပင်ရှိသည်ဟု ပြည်သူပြည်သားတို့ပြောဆိုကြသည်ကို အကျွန်ုပ်ကြားခဲ့ ရပါသည်" ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို စူဠနိဗြဟ္မဒတ်မင်းကြားလျှင် ကေဝဋ္ဋအမတ်ကို ခေါ်တော်မူ၍ "ဆရာပုရောဟိတ်။ ဤမြို့ကို ရေငတ်စေခြင်းငှာ ပိတ်ဆို့သော်လည်း မြို့တွင်း၌ အတောင် ၈၀, အတောင် ၁၀၀ရှိသော ရေကန်ကြီးရှိခြင်းကြောင့် ရေကုန်နိုင်ဖွယ် မရှိ။ ဤအကြောင်းနှင့် မဖြစ်သာချေ။ တစ်ခုသောအကြောင်းကို ကြံဦးလော့"ဟု မိန့်တော်မူ၏။ ကေဝဋ္ဋအမတ်ကြီးသည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ ထိုသို့တပြီးကား မြို့မည်သည်ကား ပြင်ပမှာသာလျှင် ဆန်စပါး ရှိ၏။ ထို့ကြောင့် မြို့ပြင်ကဆန်စပါးကို မြို့တွင်းသို့မသွင်းရအောင် ဆီးဆို့သဖြင့် အစာငတ်ထားရလျှင် အလွယ်တကူနှင့် သိမ်းယူတော်မူရအံ့"ဟု လျှောက်ထား၏။

စူဠနိဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋအမတ်စကားကိုကြားလျှင် "ကောင်းပြီ"ဝန်ခံ၍ မြို့တွင်းသို့ စပါးဆန်မသွင်းရအောင် ပိတ်ဆို့စေပြန်၏။

သူလျှိုထားသောအမတ်တို့သည် ရေးနည်းအတူ မြားတွင်စာဆွဲ၍ ပစ်လိုက်သဖြင့် ထိုအကြောင်းကို မဟောသဓသုခမိန်သိလျှင် 'ကေဝဋ္ဋအမတ်ကား ငါ မဟောသဓသုခမိန်၏ ပညာရှိကြောင်းကို မသိလေ'ဟု ကြံလျက်၊ အထောင့်အယွန်းစီရင်အပ်သော မြို့ပြင်တံတိုင်းငယ်ပေါ်၌ ရွံ့ညွန်ဖို့စေပြီးသော် မြို့ထက်ဝန်းကျင်၌ စပါးစိုက်ကြံစေ၏။

ထိုစပါးတို့သည် ဘုရားလောင်း၏ အဆက်ဆက်သော ပါရမီတော်, ဘုန်းတော်ကြောင့် တစ်ညဥ့်တည်းဖြင့် ပင်လျှင် အပင်ပေါက်၍ကြီးလတ်သဖြင့် လေထိတိုင်းယိမ်းအိလျက် စိမ်းစိမ်းညို့ညို့ထင်ကုန်၏။ စူဠနိဗြဟ္မဒတ်မင်းသည် မြို့ပေါ်၌ စပါးပင်ကိုမြင်လေသော် အမတ်တို့အား "အချင်းတို့။ မြို့တံတိုင်းပေါ်၌ စိမ်းစိမ်းညို့ညို့အရောင်ကား အဘယ်နည်း"ဟုမေးတော်မူ၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓက သူလျှိုထားသောအမတ်တို့သည် မင်းကြီးနှုတ်မဆိတ်မီ ပင်လျှင် မဟုတ်မမှန်သောစကားဖြင့် ဤသို့လျှောက်ထားကြကုန်၏။

"အရှင်မင်းကြီး။ ယခု မြင်တော်မူသော စိမ်းစိမ်းညို့ညို့ ထိုအရောင်သည် တစ်ပါးမဟုတ်။ သူကြွယ်သား မဟောသဓသုခမိန်သည် လာလတ္တံ့သောဘေးကိုမြင်၍ နိဂုံးဇနပုဒ် တိုင်းနိုင်ငံမှစပါးတို့ကို အသီးအသီးဆောင်ယူစေပြီးလျှင် မြို့တွင်း၌ အစုစုအရပ်ရပ် ရှိသောကျီတို့၌ အပြည့်အနှက် သွင်းထားပြီးမှ ကြွင်းကျန်သောစပါးတို့ကို မြို့တံတိုင်း ထက်ဝန်းကျင်တို့၌ကြဲစေသဖြင့် ပေါက်ရောက်သော စပါးပင် ဖြစ်မည်ထင်ပါသည်။

"ထိုစပါးပင်သည် နေပူသောကာလ၌ ခြောက်သွေ့၍နေသောကြောင့် နေ့တိုင်း ကျွန်ုပ်တို့မမြင်။ ယနေ့မူကား မြို့တံတိုင်းပေါ်၌ မိုးဖျန်းဆွတ်သည်ဖြစ်ပါ၍ စပါးပင် ထပြန်သဖြင့် စိမ်းစိမ်းဖန့်ဖန့်ရှိသည် ဖြစ်ရာပါမည်။ အကျွန်ုပ်သည် တစ်နေ့သ၌ အကြောင်းတစ်စုံတစ်ခုရှိ၍ တံခါးငယ်ဖြင့် မြို့တွင်းသို့ဝင်၍နေစဉ် မြို့တံတိုင်းအနား မြေအပြင်ဝယ် စပါးအစုစုပုံ၍ထားသည်ကို မြင်သောကြောင့် မြို့သူမြို့သားတို့၏ အလိုကိုသိချင်၍ အကျွန်ုပ်သည် စပါးကို လက်ခုပ်ဖြင့်ကျုံးလျက် လမ်းမ၌ပစ်၏။

"ထိုသို့ အကျွန်ုပ်ပြုသည်ကို မြို့သူမြို့သားတို့မြင်လျှင် ဆဲဆိုရေရွတ်ကြလျက် 'ဟယ်၊ ယောကျ်ား။ သင်သည် ပဉ္စာလရာဇ်မင်း၏စစ်သည်လော။ အဘယ့်ကြောင့် ဤသို့ပြုရသနည်း။ ထမင်းငတ်လျှင် လာလှည့်'ဟုဆို၍ အကျွန်ုပ်၏ပုဆိုးမြိတ်၌ စပါးအပြည့် ထည့်သွင်းထုပ်စည်းပြီးလျှင် 'သင်၏အိမ်သို့ ဆောင်ယူသွား၍ ဤစပါးကို အလိုရှိတိုင်း စားလေ။ စပါးကုန်လျှင်ယူလှည့်'ဟုဆိုလျက် အကျွန်ုပ်ကို လွှတ်လိုက်၏။ ထို့ကြောင့် မြို့တွင်း၌ စပါးများစွာရှိကြောင်းကို အကျွန်ုပ်သိခဲ့ပါသည်"ဟု အသီးအသီးလျှောက်ထားကြကုန်၏။

ထိုစကားကိုကြားလျှင် စူဠနိဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋအမတ်ကြီးကိုခေါ်၍ "ဆရာပုရောဟိတ်။ ဤမြို့တွင်း၌ စပါးကုန်နိုင်မည် မထင်။ ဤမြို့ကို အစာငတ်ထား၍ ရနိုင်ဖွယ်မရှိ။ ထို့ကြောင့် အကြောင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြံဦးလော့”ဟု ဆိုတော်မူလျှင် ကေဝဋ္ဋအမတ်ကြီးသည် မင်းကြီးစကားကိုကြားလျှင် “အရှင်မင်းကြီး။ ထမင်းငတ်နိုင်ဖွယ်မရှိ ထင်တော်မူသော် မြို့မည်သည်ကား ပြင်၌သာ ထင်း ရှိ၏။ မြို့ပြင်က သစ်ထင်းကို မြို့တွင်းသို့ မသွင်းရအောင် ပိတ်ဆို့လျှင် ဆန်ရေစပါး ရှိငြားသော်လည်း မီးမွှေးရန် ထင်းမရှိက မဖြစ်နိုင်ရာ”ဟု လျှောက်ထား၏။ စူဠနီဗြဟ္မဒတ်မင်းလည်း ကေဝဋ္ဋအမတ်ကြီးစကားကိုကြားလျှင် “ကောင်းပြီ”ဝန်ခံ၍ ထင်းသစ်ကို မသွင်းရအောင် ပိတ်ဆို့စေပြန်၏။

မဟောသဓက သူလျှိုထားသော အမတ်တို့သည်လည်း ထိုအကြောင်းကို ရေးနည်းအတူ မြားဖျားတွင် စာဆွဲ၍ လွှတ်လိုက်သဖြင့် မဟောသဓသုခမိန်သိလေသော် မြို့နားအတွင်း ထက်ဝန်းကျင်၌ သစ်, ထင်းတို့ကို မြို့တံတိုင်းထက် မိုမောက်အောင် အထပ်ထပ်အဆင့်ဆင့် စုပုံထားစေပြီးမှ မြို့စီး, မြို့စောင့်, သူရဲ, သူခက်တို့ကို ပြက်ရယ်မှုပြုစေ၏။ ထို မြို့စီး, မြို့စောင့်,သူရဲ, သူခက်တို့ သည်လည်း မဟောသဓ စီရင်တိုင်း ပဉ္စာလရာဇ်မင်း၏ စစ်သည်တို့ကို

“အချင်းတို့။ သင်တို့၌ ထမင်းယာဂု ချက်ပြုတ်ရန် ထင်းမရှိလျှင် ဤထင်းဖြင့် မီးမွှေး၍ ထမင်းယာဂု ချက်ပြုတ် စားသောက်ကြကုန်”ဟု ပြက်ရယ်မှုပြုကြလျက် ကြီးစွာသောထင်းတုံးတို့ကို ပစ်ချလိုက်ကုန်၏။ စူဠနီဗြဟ္မဒတ် မင်းသည်လည်း မြို့တံတိုင်းထက် မို့မောက်စွာသောထင်းပုံကို မြင်လေသော် အမတ်တို့အား “အချင်းတို့။ မြို့တွင်း၌ မြို့တံတိုင်းထက် မို့မောက်၍နေသော အစုအပုံကား အဘယ်နည်း”ဟု မေးတော်မူရာ သူလျှိုအမတ်တို့က နှုတ်ထောက် မြန်သည်ဖြစ်၍ သူတစ်ပါးမလျှောက်မထားမီပင်လျှင်–

“အရှင်မင်းကြီး။ ယခုမြင်တော်မူသော အစုအပုံကား တစ်ပါးမဟုတ်။ သူကြွယ်သား မဟောသဓသည် လာလတ္တံ့သောဘေးကိုမြင်လှ၍ မြို့သူမြို့သားတို့အား တစ်အိမ်လျှင်တစ်ပုံစီ တောအရပ်မှ ဆောင်ယူစုပုံထားစေသဖြင့် အိမ်နောက်အိမ်နောက်တိုင်း ထင်းတစ်ပုံစီ စုပုံထားကြ၏။ ဤကမြင်သော ထင်းပုံကား မြို့တံတိုင်းကိုမှီ၍ စုပုံထားသော ထင်းစု, ထင်းပုံ ဖြစ်ပါသည်။ အကျွန်ုပ်တို့ အကြောင်းတစ်ခုရှိ၍ တစ်နေ့သ၌ မြို့တွင်းသို့ ဝင်ရောက်ရာတွင် မြင်သောကြောင့် မြို့သူ,မြို့သားတို့ကိုမေးမြန်းသဖြင့် ထိုအကြောင်းကို သိခဲ့ရပါသည်”ဟု လျှောက်ထားကြကုန်၏။

ထိုသို့တင်သောစကားကို စူဠနီဗြဟ္မဒတ်မင်း ကြားတော်မူလျှင် ကေဝဋ္ဋအမတ်ကြီးကိုခေါ်၍ “ဆရာပုရောဟိတ်။ မြို့ပြင်က သစ်, ထင်းကို မသွင်းမဆောင်ရသော်လည်း မြို့တွင်း၌ရှိသော ထင်းမျှ ကုန်နိုင်မည်မထင်။ ထင်းကိုပိတ်ဆို့၍ မြို့ကိုရနိုင်ဖွယ် မရှိ။ အကြောင်းတစ်ခု ကြံဦးလော့”ဟုဆို၏။ ကေဝဋ္ဋအမတ်သည် မင်းကြီး စကားကိုကြားလျှင် “အရှင်မင်းကြီး။ အထူးသဖြင့်ကြံစည်၍ စိုးရိမ်တော်မမူလင့်။ တစ်ခုသောဥပါယ်တံမျဉ်ကို[၁၉၀] အကျွန်ုပ်ကြံမိ၏”ဟု လျှောက်တင်၏။

ကေဝဋ္ဋအမတ်စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် “ဆရာပုရောဟိတ်။ သင်ကြံမိသော ဥပါယ်တံမျဉ်ကို ငါ့အား လျှောက်ထားလော့။ သင်ကြံမိသမျှသည် ရှေးဦး၌ ကောင်း၏။ နောက်နှောင်းသောအခါ ဖျင်းသိမ်ခြင်းသို့ ရောက်တတ်လှသည်။ ထို့ကြောင့် ငါမူကား ဝိဒေဟရာဇ်ပြည်ကို မရသော်လည်း ရှိစေတော့။ စစ်သည်ဗိုလ်ပါ သူရဲတို့၏ပင်ပန်းခြင်းကိုလည်း အလိုမရှိပြီ။ ငါ နေပြည်တော်သို့ ပြန်လည်တော့မည်အကြံ ရှိ၏”ဟု မိန့်တော်မူ၏။

မင်းကြီးစကားကိုကြားလျှင် ကေဝဋ္ဋအမတ်ကြီးသည် “အရှင်မင်းကြီး။ အဘယ့်ကြောင့် ဤစကားကို အမိန့် ရှိတော်မူသနည်း။ စူဠနီဗြဟ္မဒတ်အမည်ရှိသော ဧကရာဇ်မင်းကြီးသည် ၁၀၀ သော ထီးဆောင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့ဖြင့် ခြံရံလျက် မိထိလာပြည်ကိုသိမ်းယူအံ့သောငှာ ၁၈ ခေါဘဏီခန့်သော စစ်သည်ဗိုလ်ပါများစွာနှင့် ဝန်းရံဖြားသော်လည်း မဟောသဓ၏ပညာစွမ်းကြောင့် မခံနိုင်၍ မိထိလာပြည်မှ ပြန်လည်ထွက်ပြေးရလေသည်'ဟု အကျွန်ုပ်တို့အား ကြီးစွာသောရှက်ဖွယ်သည် ဖြစ်ရာ၏။ ထို့ကြောင့် စိုးရိမ်တော် မမူလင့်။ မဟောသဓသော ပညာရှိသည် မဟုတ်။ အကျွန်ုပ်လည်း ပညာရှိ မဟုတ်ပါလော။ တစ်ခုသောအမြွက်ကို ပြ၍ မိထိလာပြည်ကို ယူအံ့"ဟု လျှောက်၏။

ကေဝဋ်အမတ်ကြီးတင်သောစကားကို စူဠနီဗြဟ္မဒတ်မင်းကြားတော်မူလျှင် "ဆရာပုရောဟိတ်။ တစ်ခုသော အမြွက်ဆိုသည်ကား အဘယ်နည်း"ဟု မေးတော်မူ၏။

ကေဝဋ်အမတ်လည်း "အရှင်မင်းကြီး။ တရားစစ်ထိုးခြင်းကို ပြုအံ့"ဟုလျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းကလည်း "ဆရာပုရောဟိတ်။ တရားစစ်ထိုးခြင်းဟူသည်ကား အဘယ်သို့နည်း"ဟု မေးတော်မူပြန်၏။ ကေဝဋ်အမတ်သည် "အရှင်မင်းကြီး။ တရားစစ်ထိုးခြင်းဟူသည်ကား စစ်သည်ဗိုလ်ပါ သူရဲသူခက်တို့ကို မတိုက်စေဘဲ ၂ဦးသောမင်းတို့က ပညာရှိတစ်ယောက်စီထုတ်၍ ထို ၂ ယောက်သောပညာရှိတို့သည် တစ်နေရာတည်း၌ ပြိုင်ဆိုင်နေကြသောအခါ တစ်ဦးသောမင်း၏ပညာရှိသည် တစ်ဦးသောမင်း၏ပညာရှိကို အကယ်၍ ရှိခိုးသည်ဖြစ်အံ့။ ထိုသို့ ရှိခိုးခြင်းသည်လျှင် တရားစစ်ရှုံးခြင်းသို့ ရောက်သည်မည်၏။"

"ဤသို့သော အကျွန်ုပ်တို့၏အတိုင်အပင်အကြံအစည်ကို မဟောသဓ မသိရာ။ အကျွန်ုပ်သည် မဟောသဓထက် အရွယ်အားဖြင့် ကြီး၏။ မဟောသဓသည်ကား အကျွန်ုပ်အောက် ငယ်၏။ ထို့ကြောင့် တရားစစ်ထိုးကြသောအခါ အကျွန်ုပ်ကိုမြင်လျှင် မဟောသဓသည် ရှိခိုးလတ္တံ့။ ထိုသို့ရှိခိုးလျှင် ဝိဒေဟရာဇ်မင်း၏ စစ်ရှုံးခြင်း၏ ထင်ရှားစွာ ဖြစ်လတ္တံ့။ ထို တရားစစ်ရှုံးသောအခါမှ နေပြည်တော်သို့ ပြန်လည်တော်မူရပါလျှင် အရေးတော်လှသည်ဖြစ်၍ ရှက်ဖွယ်မရှိ။ ကောင်းသောပြန်လည်ခြင်း ဖြစ်ပါမည်"ဟု လျှောက်၏။

## ၄၁။ ရှေးဦးစွာ စစ်အောင်ခန်း

ကေဝဋ်အမတ်စကားကို စူဠနီဗြဟ္မဒတ်မင်းကြားလျှင် "ဆရာပုရောဟိတ်။ သင်၏အကြံ ကောင်းပြီ။ ယခုပင် ဝိဒေဟရာဇ်မင်းထံသို့ ထိုအကြောင်းကို စေလွှတ်အံ့"ဟု ဆို၍၊ မှာထားရန် ဤသို့ရာဇသံ[၃၉၁]စာစီကုံး၏။

ဝိဒေဟရာဇ်မင်း။ ငါသည် ၁သောင်း ယူဇနာကျယ်စွာသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို လက်ရုံးရည်မပြဘဲ အနူးအညွတ်စကားတရားဖြင့် ပြောဆိုလျှင် ငါ၏ဘုန်းတော်ကို ရှိသေခဲ့ညားကြသည်နှင့်အညီ ပြည်သူပြည်သားတို့အား မပင်မပန်းစေမူ၍ ထိုမင်းအပေါင်းတို့သည် ငါ့ထံသို့ ကျိုးနွံ[၃၉၂] လာကြသည်ချည်း ဖြစ်သည်။

'သင်မူကား ဤပြည်သို့ ငါရောက်တော်မူသည်မှာ ယနေ့ ၅ ရက်, ၆ ရက်ရှိပြီ။ မည်သို့အကြောင်းကိုမျှ မလျှောက်မထား။ မြို့တံခါးကိုပိတ်၍ တင်းမာခိုင်ခံ့စွာ နေသည်မှာ သင်တစ်ယောက်ကြောင့် ပြည်သူပြည်သား



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့ ဆင်းရဲပင်ပန်းရှိကြသည်ကို ငါ ကရုဏာသက်တော်မူသည်ဖြစ်၍ လက်ရုံးရည်ကိုးလျက် စစ်ထိုးခြင်းကို အလိုတော်မရှိ။ ကျွန်တော်မျိုးအပေါင်း ချမ်းသာကြောင်း ကောင်းမြတ်သောအမှုဖြင့် အောင်ခြင်းသည်သာ မင်္ဂလာဖြစ်သည်ဟု အယူရှိသဖြင့် နက်ဖြန်နံနက် ပညာရှိတစ်ယောက်စီ ထွက်၍၊ ပညာရှိချင်း တရားစစ်ထိုးကြစေအံ့။ တရားစစ် မထိုးဝံ့လျှင် အရှုံးဖြစ်စေရမည်'ဟု စာစီ၍ လိမ္မာရဲရင့်သော အမတ်တစ်ယောက်ကို ဝိဒေဟရာဇ်မင်းကြီးထံသို့ ရာဇသံစာနှင့် စေလွှတ်လိုက်၏။

မဟောသဓ သူလျှိုထားသောအမတ်တို့သည်လည်း မင်းပုရောဟိတ်တို့တိုင်ပင်ဟန် အကြံအစည်အလုံးစုံကို ရေးနည်းအတူ မြားဖျားတွင်စာဆွဲ၍ ပစ်လွှတ်လိုက်သဖြင့် မဟောသဓာသုခမိန်သည် ကေဝဋ်အမတ်၏ အကြံအစည်ပညာကို သိလေသော် 'ထို ကေဝဋ်အမတ်၏အကြံအစည် ပညာမျှကို ငါ မလွန်နိုင်လျှင် သုခမိန်ခံ၍ အဘယ်မျှအကျိုး ရှိအံ့နည်း'ဟု ကြံတော်မူ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလရာဇ်မင်းက ရာဇသံစာရောက်လျှင် မဟောသဓသုခမိန်ကိုခေါ်၍ အလုံးစုံကို ပြန်ကြားပြောဆို၏။ မဟောသဓသုခမိန်လည်း မင်းကြီးစကားကိုကြား၍ ရာဇသံပါ စကားအလုံးစုံကို အကုန်သိပြီးလျှင် "အရှင်မင်းကြီး။ ကောင်းပြီ။ နက်ဖြန်နံနက် အနောက်မြို့တံခါးဝပြင်၌ တရားစစ်ထိုးကြမည့် အကြောင်းကိုသာ ရာဇသံစာနှင့် ပြန်ကြားလိုက်တော်မူပါ"ဟု လျှောက်ထားလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ပဉ္စာလရာဇ်မင်းအား-

'အဆွေတော် ပဉ္စာလရာဇ်မင်း။ ဤ ဝိဒေဟရာဇ်ပြည်သည် ကေသရာဇာခြင်္သေ့မင်း စောင့်နေသော ရွှေဂူကဲ့သို့ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သောထီးဆောင်းမင်းတို့သည် မိမိနိုင်ငံအလုံးစုံကို လက်နက်ပြု၍ အစုစုအရပ်ရပ် အထပ်ထပ် အတည်တည် ဤနေပြည်တော် ထက်ဝန်းကျင်ကို ဝန်းဝိုင်းကာသာမက သိကြားမင်းပင် နတ်စစ်သည်အပေါင်းနှင့် နှောင့်ယှက်ငြားသော်လည်း မဖြစ်နိုင်ရာ။

'ပညာရှိတစ်ယောက်ကောင်းက အသောင်း အသန်းမက များလှစွာသော ဗိုလ်ခြေသည် နေအလျှံခိုက်သော[၁၆၇]အမိုက်မှောင်ကဲ့သို့ ရှောင်ခွာ လွင့်ပျောက်ခြင်းသို့ ရောက်ရာသည်ကို နှလုံးမထားဘဲ တောသားမြေခွေးသည် ယုန်သမင်အပေါင်းကို မကောင်းသဖြင့် နှိပ်နင်း၍မင်းပြုရလျှင် ကေသရာဇာ ခြင်္သေ့မင်းကို စင်လျက် နိုင်နိုးပိုင်နိုးထင်၍ ခြင်္သေ့မင်း၏ရွှေဂူနားမှာ ထောင်ထားရိုင်းပျလာသကဲ့သို့ တစ်ပါးသောနိုင်ငံ အပေါင်းတို့ကို မကောင်းသဖြင့်ဖြားယောင်း၍ နိုင်ရလျှင် ဤမိထိလာရာဇဌာနီ မင်းနေပြည်ကြီးကိုလည်း နိုင်နိုးပိုင်နိုးထင်၍ မလောက်မလေး ပြုမှားလာချေသောကြောင့် ကြီးစွာသောအန္တရာယ် ရောက်၍ရှိကြရလေပြီးသည်ကို သတိမရဘဲ ၁၈ ခေါဘဏီရှိသော ဗိုလ်ထုဗိုလ်တပ်နှင့် အထပ်ထပ် ဝန်းရံတိုက်ဖျက်နှောင့်ယှက်၍ မဖြစ်နိုင်ဘဲလျက် တစ်ယောက်အားနှင့် တရားစစ်ထိုးလိုဟန် ရာဇသံစကားကြားလိုက်သည်မှာ 'သတ္တဝါတို့၏ ကြံမှာအဟုန် မကုန်သမျှ သုခဖြစ်ကြောင်း ကောင်းရာကို မယူနိုင်ချေဖြစ်သောကြောင့် ဝိဒေဟရာဇ်တိုင်းကြီးရှင်က ကရုဏာတော် ရှိသည်နှင့်အညီ ချမ်းသာငြိမ်ဝပ်ကြောင်း ထုံးဟောင်းပြဆိုသော်လည်း အလိုမတူ မယူမကျနိုင်လျှင် နက်ဖြန်နံနက် အချိန်းအချက်ရှိသည့်အတိုင်း မြို့တော်အနောက် တံခါးဝပြင်၌ တရားစစ်ထိုးရာမြေတလင်းကို သန့်ရှင်းသုတ်သင် စီရင်ခင်းကျင်း၍ ပြီးစိမ့်မည်။ နက်ဖြန်နံနက်ရောက်လျှင်သာ အဆွေတော် ပဉ္စာလရာဇ်မင်းက တရားစစ်ထိုးမည့်သူ ပညာရှိကို ထိုမြေတလင်းသို့ ရောက်နှင့်စေ။ အဆွေတော် စိတ်မကုန်သေးလျှင် တရားစစ်ထိုးခြင်းအမှုကိုပင် ပြုစေရဦးတော့မည်'ဟု ရာဇသံစာ စီကုံးရေးသား၍ ထိုပဉ္စာလရာဇ်မင်း၏အမတ်တွင်ပင် စာပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသုခမိန်သည်လည်း 'နက်ဖြန်နံနက် ကေဝဋ်အမတ်၏ရှုံးခြင်းကို ထင်ရှားစေအံ့'ဟုကြံလျက် မြို့အနောက်တံခါးဝပြင်၌ တရားစစ်ထိုးရာ မြေတလင်းကို သန့်ရှင်းသုတ်သင် စီရင်ခင်းကျင်း၍ ပြီးစေ၏။ နံနက်မိုးသောက် ရောက်လတ်သော် စူဠနီဗြဟ္မဒတ်မင်းသည် 'မဟောသဓကား ပညာအကြံအစည် ဆန်းပြား၏။ အကြောင်း အသို့ဖြစ်မည် မသိနိုင်။ ကေဝဋ်ပုရောဟိတ်အမတ်ကြီးတစ်ယောက်တည်းကိုသာလွှတ်၍ မသင့်ချေ'ဟု ကြံပြီးမှ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းခြံရံပြီးလျက် ကေဝဋ်အမတ်ကြီးကိုခေါ်၍ မိမိစံတော်မူရာ သစ်တပ်တဲနန်းမှ တရားစစ်ထိုးရာ မြေတလင်းသို့ထွက်သွားလေ၏။

ထိုမြေတလင်းသို့ရောက်လျှင် စူဠနီဗြဟ္မဒတ်မင်းမှစ၍ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းတို့ အသင့်ရပ်လျက်ပင် တံခါးဝသို့ မဟောသဓကို မျှော်ကြည့်ကာသာလျှင် ငံ့လင့်နေကြကုန်၏။

ကေဝဋ်အမတ်သည်လည်း တရားစစ်ထိုးရာတလင်းတွင် မိမိနေရာအခင်း၌ရပ်လျက် ထိုမင်းများနှင့် အတူပင်လျှင် တံခါးဝသို့ရှေးရှုကာ မဟောသဓသုခမိန်ကိုမျှော်ကာ ကြည့်ငံ့လင့်လေ၏။ မဟောသဓ သုခမိန်သည် နံနက်စောစောကပင်လျှင် နံ့သာရည်ဖြင့်ရေချိုးပြီးမှ အဖိုး ၁ သိန်းထိုက်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုဝတ်လျက် ခပ်သိမ်းစုံစစ်ဘုရင်တို့ဆင်သော တန်ဆာအပေါင်းတို့ဖြင့် တန်ဆာဆင်ပြီးသော် အထူးထူးအပြားပြား ကောင်းမြတ်သောခဲဖွယ်ဘောဇဉ်တို့ကို စားသောက်ပြီးလျှင် ဖွားဖက်ရှေဖော် ၉၀၀ မှစ၍ များစွာသော ဗိုလ်မှူးသူရဲအပေါင်းခြံရံလျက် ဝိဒေဟရာဇ်မင်းကြီးစံရာ နန်းတော်သို့သွား၍ တံခါးဝပြင်၌ နန်းတော်ကိုရှိခိုးလျက် ရပ်နေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း အရှေ့လေသာပြတင်းဖြင့် မျှော်ကြည့်လတ်သော် မဟောသဓသုခမိန်ကို မြင်လျှင် အလွန် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် "ငါ့သားတော် သုခမိန်။ ဝင်စေ"ဟု မင်းမိန့်ပြန်လိုက်သဖြင့် မဟောသဓ သုခမိန်သည်လည်း နန်းတော်သို့ဝင်၍ တင့်အပ်သောနေရာ၌ မင်းကြီးကိုရှိခိုးလျက် ခစား၏။

ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သား။ အဘယ်ကိစ္စရှိ၍ ယခု နန်းတော်သို့ ဝင်လာသနည်း"ဟု မေး၏။

မဟောသဓ သုခမိန်ကလည်း "အရှင်မင်းကြီး။ တရားစစ်ထိုးရာသို့ ထွက်သွားအံ့သောငှာ ယခု နန်းတော်သို့ အကျွန်ုပ် ဝင်လာပါသည်"ဟု လျှောက်သည်တွင်–

ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သားသုခမိန်။ တရားစစ်ထိုးခြင်း၌ ငါဆောင်ရွက်ရန် ကိစ္စရှိသလော"ဟု မေးတော်မူ၏။

မဟောသဓသုခမိန်က "အရှင်မင်းကြီး။ တရားစစ်ထိုးခြင်း၌ အမှုတော်ဆောင်ရွက်ရန် တစ်ပါးကိစ္စ မရှိ။ ကေဝဋ်ပုဏ္ဏားကို ပတ္တမြားဖြင့် အကျွန်ုပ် လှည့်ပတ်လိုသည်ဖြစ်၍ အကောက် ၈ ခုရှိသော ပတ္တမြားမျက် မြတ်ကို အကျွန်ုပ်အား သနားတော်မူစေချင်ပါသည်"ဟု လျှောက်တင်၏။

ဝိဒေဟရာဇ်မင်းကြီးကလည်း "ချစ်သားသုခမိန်။ ကောင်းပြီ။ ပေးအံ့"ဟုဆို၍ ပတ္တမြားကို မဟောသဓသုခမိန်အား ပေးတော်မူ၏။

ဘုရားလောင်းမဟောသဓသုခမိန်သည် ပတ္တမြားကိုရလျှင် မင်းကြီးအားရှိခိုး၍ နန်းတော်မှ ထွက်ခဲ့ပြီးသော် သိန္ဓောမြင်းက,သော အဖိုး ၉ သိန်းထိုက်သော မြင်းရထားကိုစီး၍ ဖွားဖက်ရှေဖော် ဗိုလ်ပါအပေါင်းခြံရံလျက် နံနက်တစ်ချက်တီးကျော်[၃၅]အချိန်လောက်မှ အနောက်တံခါးဝသို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကေဝဋ္ဋအမတ်သည်လည်း မဟောသဓသုခမိန် ရောက်လာခဲ့သည်ဟု တံခါးဝသို့ မျက်နှာရှေးရှု လည်တဆန့်ဆန့် မျှော်ကြည့်လျက် နံနက်အရုဏ်တက်သည်က တစ်ချက်တီးကျော်တိုင်အောင် အရှည်အကြာ နေရခြင်းကြောင့် လည်ပင်းရှည်ခြင်းသို့ ရောက်လေ၏။ ရင်, မျက်နှာကို နေပူထိုးခတ်သဖြင့်လည်း ကိုယ်အလုံး ချွေးအဖြာဖြာ ယိုစီးထွက်ကုန်၏။

မဟောသဓသုခမိန်သည် များစွာသော ဖွားဖက်ရှေဖော် ဗိုလ်ပါအခြံအရံတို့နှင့် သွားကြသောအခါ အချင်းချင်းပြောကြသောအသံ, သွားကြသောအသံ, ရထားသံ, မြင်းသံတို့ဖြင့် မဟာသမုဒ္ဒရာရေအပြင်ကို လေအယဉ်မြှောက်တင်၍ ကောင်းကင်ယံက သွန်မှောက်ဘိသကဲ့သို့ ရွံ့ကြောက်ဖွယ်သောအသံ အခြံအရံ ဗိုလ်ပါတို့၏အလယ်၌ ကေသရရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းနှင့် ပြည့်စုံစွာ လာလတ်၍ အနောက်တံခါးဝသို့ ရောက်လေသော် တံခါးကိုဖွင့်စေသဖြင့် မြို့ပြင်သို့ထွက်ပြီးလျှင် ရထားမှ ဆင်းသက်၍ နတ်စစ်သည်အပေါင်း ခြံရံအပ်သော သိကြားမင်းကဲ့သို့ ရဲရင့်တင့်တယ်စွာ ဗိုလ်ပါအခြံအရံနှင့်တကွ တရားစစ်ထိုးရာ မြေတလင်းသို့ ပတ္တမြားကို လက်ဝါးပေါ်၌တင်ပြကာ သွားလေ၏။

၁၀၀ ကုန်သော ထီးဆောင်းမင်း အပေါင်းတို့သည် သိကြားမင်းကဲ့သို့ ရဲရင့်တယ်တယ်စွာ လာလတ်သော မဟောသဓသုခမိန်ကို မြင်လေသော် "သိရိဝဍ္ဎနသူဌေးသား မဟောသဓသုခမိန်ဟူသည် ဤသူပင်ထင်၏။ ထိုသူဌေးသားသည် မိမိပညာအစွမ်းဖြင့် ဤဇမ္ဗူဒီပါ ကျွန်းအပြင်၌ ၂ ယောက်မရှိသောကျော်စောခြင်းဖြင့် ကျော်စောထင်ရှားသော သူတည်း"ဟု အရာအထောင်မကသော ကြွေးကြော်ခြင်းကို ပြုကြကုန်၏။

ဘုရားလောင်းမဟောသဓသုခမိန်သည် သိကြားမင်းကဲ့သို့ သန့်ရှင်းစင်ကြယ် အရွယ်အဆင်း လှပခြင်းဖြင့် လက်ဝါးပြင်၌ ပတ္တမြားကိုတင်လျက် ကေဝဋ္ဋအမတ်ဆီသို့ ရှေးရှုသွားလေ၏။ ကေဝဋ္ဋအမတ်သည် မဟောသဓ သုခမိန်၏ လက်ဝါးပေါ်၌ရှိသောပတ္တမြားကို မြင်လေသော် ဆားနှင့် ချဉ်သီး အနီးသို့ရောက်လျှင် လျှာကျွန့်မရ သကဲ့သို့ ပတ္တမြားကိုလိုချင်သော လောဘဇောရမ္မက် လှုပ်ရှားသဖြင့် စိတ်ထားမငြိမ် ကိုယ်ဏ္ဍာန်မတည် မဆောင်နိုင်သည်ဖြစ်၍ ခရီးဦးကြိုဆိုခြင်းကိုပြုလျက် နှုတ်ခွန်းပျူငှာ သာယာသောစကားဖြင့် ဤသို့ပြောဆို၏။

"စစ်သူကြီးသုခမိန်။ သင်သည် ဝိဒေဟရာဇ်မင်းကြီး၌ ၂ ယောက်မရှိသော စစ်သူကြီးသုခမိန်တည်း။ ငါသည်လည်း စူဠနီဗြဟ္မဒတ်မင်းကြီး၌ ၂ ယောက်မရှိသော ပုရောဟိတ်သုခမိန်တည်း။ ဝိဒေဟရာဇ်တိုင်း၌ မဟောသဓသုခမိန်သည် မိမိတို့ပြည်သို့ ရောက်လာကုန်သော မင်းအမတ်ပရိသတ်တို့အား ထိုက်ရာ ပဏ္ဏာလက်ဆောင်နှင့် ဧည့်သည်တို့ဝတ်ကိုပြုတတ်သောအလေ့ရှိ၏ဟု ကျော်စောခြင်းဖြစ်သည်နှင့်အညီ ငါတို့အားလည်း ဧည့်သည်တို့ ဝတ်ကိုပြုလိမ့်မည်ဟု ရဲည်မှတ်လျက် သင်သုခမိန်ကိုအမှီပြု၍ ဤပြည်သို့ ယခုငါတို့ရောက်လာပါသည်။ ယခု ၄-၅-၆ ရက်ရှိပြီ။ သင်၏လက်ဆောင် တစ်စုံတစ်ခုကိုမျှ ငါတို့မရပါ။ အဘယ့်ကြောင့် ဤသို့ ပြုရာသနည်း။ ငါတို့ပြည်သို့ သင်တို့ ရောက်လာပါတပြီးကား။ သုခမိန်ချင်း ဖြစ်သည်နှင့်အညီ နှစ်သက်အပ်သော ပဏ္ဏာလက်ဆောင်နှင့် ဧည့်သည်တို့ဝတ်ကို ပြုလေ၏"ဟုဆို၏။

ကေဝဋ္ဋအမတ်စကားကိုကြားလျှင် "မဟောသဓသုခမိန်သည် ပဉ္စာလရာဇ်မင်းကြီး၏ ပုရောဟိတ်ဖြစ်သော သုခမိန်အမတ်ကြီး။ အကျွန်ုပ်သည် သုခမိန်အမတ်ကြီးနှင့် ထိုက်တန်သောပဏ္ဏာလက်ဆောင်ကို ရှာကြံကြည့်ရှုသော် ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ အတုမရှိသော ဤပတ္တမြားကိုရသဖြင့် ယခု တရားစစ်ထိုးရာ သဘင်၌ သုခမိန်အလိုရှိ ပါလျှင် ဤပတ္တမြားကို သုခမိန်အား လက်ဆောင်ပေးရတော့မည်ဟု အောက်မေ့၍ အကျွန်ုပ် ဆောင်ယူခဲ့သည်"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသူခမိန်စကားကို ကြားလျှင် ကေဝဋ်အမတ်သည် 'မဟောသဓကား ဤပတ္တမြားကို ငါ့အား ပေးမည်ပင် စင်စစ်အကြံရှိ၏'ဟု ထင်မှတ်၍၊ "စစ်သူကြီးသူခမိန်။ ဤပတ္တမြားရတနာကို အဘယ့်ကြောင့် ငါ မနှစ်သက်ဘဲရှိပါအံ့နည်း။ သင်ပေးလိုပါလျှင် ငါ့အား ပေးပါလော့"ဟု ဆိုလျက် လက်ကိုဖြန့်၍ခံလင့်၏။

ထိုအခါ မဟောသဓသူခမိန်သည် "ပုရောဟိတ်သူခမိန်။ သင်အလိုရှိလျှင် ခံလော့"ဟုဆို၍ ကေဝဋ်အမတ်၏ ဖြန့်သောလက်ဝါး လက်ချောင်းကြားသို့ကျအောင် ပစ်ချလိုက်၏။ ကေဝဋ်အမတ်သည် ထိုပတ္တမြားကို လက်ချောင်းဖြင့်ဖမ်းယူခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ လက်ချောင်းကြားမှပတ္တမြားသည် လျှောကျသဖြင့် မြေသို့လိမ့်လျှော၍ မဟောသဓသူခမိန်၏ခြေရင်း၌ တည်လေ၏။ ကေဝဋ်အမတ်သည် တပ်မက်မောခြင်းလောဘဇောနှိပ်စက်သဖြင့် မဟောသဓသူခမိန်၏ခြေရင်း၌တည်သော ပတ္တမြားကို ခါးညွတ်ပျောင်းလျက် ဦးခေါင်းဦးစောက်ပြု၍ ကောက်ယူလေ၏။

ထိုအခါ မဟောသဓသူခမိန်သည် ကေဝဋ်အမတ်၏ကျောက်ကုန်းကို လက်တစ်ဖက်ဖြင့် မထနိုင်အောင် နှိပ်ပြီးလျှင် လက်တစ်ဖက်ဖြင့် လည်ကုပ်ဦးဆံကိုကိုင်နှိပ်၍ "ဆရာပုရောဟိတ်။ ထလော့။ အကျွန်ုပ်ကား ဆရာ၏ မြေးလောက်မျှသာတည်း။ ဆရာကား အကျွန်ုပ် ဘိုးလောက်ပေတည်း။ အကျွန်ုပ်ကို ရှိမခိုးပါနှင့်"ဟု ပရိသတ်အပေါင်း ကြားအောင်ကြွေးကြော်လျက် ကျောက်ပျဉ်ပေါ်၌ ဆေးမြစ်ကိုသွေးသကဲ့သို့ ကေဝဋ်အမတ်၏နဖူးကို မြေတလင်းတွင် ထိုမှဤမှပွတ်၍ နဖူးကွဲစုတ်သဖြင့် သွေးထွက်စေပြီးသော်–

"ဟယ်၊ ပုဏ္ဏားမိုက်။ အသက်အရွယ်ကြီးသူဖြစ်လျက် 'ငါ့အား ရှိမခိုးပါနှင့်'ဟု တောင်းပန်သည်ကိုလျက် နားမထောင်ဘဲ အဘယ့်ကြောင့် ရှိခိုးချင်ပါသနည်းဟု" ငေါက်ငမ်းလျက် လည်ကုပ်ကိုကိုင်ညှစ်၍ တွန်းပစ်လိုက်သဖြင့် တစ်ဥသဘခန့်[အ]လောက်အရပ်၌ ကျလေ၏။

ကေဝဋ်အမတ်သည် ထို ကျရာအရပ်မှ လျင်စွာထ၍ ကြောက်အားနှင့် ပြေးလေ၏။ ပတ္တမြားရတနာကိုကား မဟောသဓသူခမိန်၏အခြံအရံဖြစ်ဖက်တို့ ကောက်ယူသိမ်းထားကြကုန်၏။ "ငါ့ကို ရှိမခိုးပါနှင့် ထလော့" ဟု ကြွေးကြော်သော ဘုရားလောင်း၏အသံသည် အလုံးစုံသော မိုလ်ခြေပရိသတ်တို့ကို လွှမ်းလျက်တည်လေ၏။ မဟောသဓသူခမိန်၏ အခြံအရံပရိသတ်တို့သည် "ကေဝဋ်ပုဏ္ဏားသည် ငါတို့အရှင်ခြေရင်း၌ ရှိခိုးဦးချခြင်းကို ပြု၏"ဟု တစ်ပြိုင်နက်ကြွေးကြော်ကြသဖြင့် ပဲ့တင်ထပ်မျှသော အသံတို့ကို ဖြစ်စေကုန်၏။

စူဠနီဗြဟ္မဒတ်မင်းမှစ၍ ခပ်သိမ်းကုန်သော ပဉ္စာလရာဇ်မင်းအမတ် ပရိသတ် မိုလ်ခြေအပေါင်းတို့သည် မဟောသဓခြေရင်း၌ ဦးခေါင်းညွတ်လျက်နေသော ကေဝဋ်အမတ်ကို မြင်ကြလျှင် "ငါတို့ပညာရှိသည် မဟောသဓကို ရှိခိုးသဖြင့် ရှုံးခြင်းသို့ရောက်ခဲ့ပြီ။ ငါတို့ပြေးနိုင်မှ အသက်ချမ်းသာရာရအံ့"ဟူ၍ မိမိတို့စီးနင်းသော မြင်းတို့ကို အသီးအသီးတက်စီးကြလျက် ပဉ္စာလရာဇ်ပြည်သို့ရှေးရှု ကြောက်လန့်သောနှလုံးနှင့် ရှန်းရင်းခတ်မျှ ပြေးကြကုန်၏။

မဟောသဓသူခမိန်၏ အခြွေအရံပရိသတ်တို့သည် စူဠနီဗြဟ္မဒတ်မင်းမှစ၍ ပဉ္စာလရာဇ်မိုလ်ခြေအပေါင်းတို့ ပြေးကြသည်ကို မြင်လေသော် "စူဠနီဗြဟ္မဒတ်မင်းသည် ၁၀၀ သော ထီးဆောင်းမင်းအပေါင်းနှင့်တကွ စစ်ရှုံး၍ ပြေးလေပြီ။ လိုက်ကြကုန်၊ ဖမ်းဆီးကြကုန်"ဟု တစ်ပြိုင်နက်တည်း ကြွေးကြော်ကြကုန်၏။

ထို ကြွေးကြော်သောအသံကို ကြားပြန်သဖြင့် ပဉ္စာလရာဇ်မင်းမှစ၍ မှူးမတ်မိုလ်ခြေ အပေါင်းတို့သည် မဟောသဓသူခမိန်၏သူရဲသူခက်တို့ နောက်ကထက်ကြပ်လိုက်လာဘိသကဲ့သို့ ပြင်းစွာကြောက်လန့်ခြင်းဖြင့် မသိမ်းမအုပ်နိုင်အောင်မိုလ်ထုကွဲ၍ ဖရိုဖရဲ ကိုယ်လွတ်သာလျှင် ပြေးကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသေနာပတိ၏ စစ်သည်ဗိုလ်ခြေ အခြွေအရံ သူရဲသူခက်တို့သည် အုတ်အုတ်ကျက်ကျက်[၁၉၆] ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြလျက် မြူးထူးရွှင်ပျကုန်၏။ မဟောသဓသေနာပတိသည်လည်း များစွာသော အခြံအရံနှင့်တကွ မြို့တွင်းသို့ဝင်လေ၏။

စူဠနီဗြဟ္မဒတ်မင်း၏စစ်သည် သူရဲသူခက်တို့သည် ဖရိုဖရဲကွဲ၍ ၃ ယူဇနာခန့်လောက် ရောက်အောင် ပြေးကြလေကုန်၏။ ကေဝဋ္ဋအမတ်သည်လည်း မဟောသဓသေနာပတိပစ်လွှင့်လိုက်၍ ကျရာအရပ်မှထပြေးပြီးလျှင် မိမိမြင်းကိုတက်စီး၍ နဖူး၌ မြေတွင်ပွတ်ဆောင့်မိသောအနာမှ ယိုသောသွေးကိုသုတ်လျက် "အချင်းတို့။ မပြေးကြနှင့်။ သူကြွယ်သားကို ငါ ရှိခိုးသည်မဟုတ်။ ရပ်ကြကုန်၊ ရပ်ကြကုန်"ဟုဆို၍ စစ်သည်တို့ပြေးရာ နောက်က အစဉ်တစိုက်လိုက်၏။

စစ်သည်အပေါင်းတို့သည်လည်း ကေဝဋ္ဋအမတ်၏စကားကို နားမထောင်မူ၍သာလျှင် "ဟယ်၊ ပုဏ္ဏားမိုက်။ ပညာချင်းမတူဘဲလျက် တရားစစ်ထိုးအံ့ဟု သူ့ကို အစတင်ဆိုပြီးလျှင် သင်၏မြေးလောက်မျှသာရှိသာ မဟောသဓကို ရှိခိုးဘိ၏။ သင့်စကားကို အသူနားထောင်အံ့နည်း"ဟု ဆဲဆိုရေရွတ်ကြလျက် ပြေးကြကုန်၏။ ကေဝဋ္ဋအမတ်သည်လည်း မင်း,မှူးမတ်,ဗိုလ်ခြေစစ်သည်တို့ကို လျင်စွာအပြင်းလိုက်၍၊ မီလေသော်–

"အချင်းတို့။ အဘယ့်ကြောင့် ပြေးကြသနည်း။ သူကြွယ်သားကို ငါ ရှိမခိုး။ သူကြွယ်သားသာ ငါ့ကို ပတ္တမြားဖြင့် လှည့်စား၍ မတရားသောအမှုကိုပြု၏။ မကြောက်ကြကုန်လင့်"ဟု စစ်သည်သူရဲအပေါင်းတို့ကို နှစ်သိမ့်စေပြီးလျှင် စူဠနီဗြဟ္မဒတ်မင်းမှစ၍ ၁၀၀ သော ထီးဆောင်းမင်းတို့အားလည်း–

"အရှင်မင်းကြီးတို့။ ကျွန်ုပ်သည် သူကြွယ်သားကို ရှိမခိုးဘဲလျက် သူကြွယ်သား၏ လှည့်စားသော အမှုအရာကို ယုံမှားတော်မူကြသဖြင့် အရေးအခွင့်လစ်ဟင်း၍ ယခုရှုံးချေပြီ။ လုံ့လကိုလျှော့တော်မမူကြသင့်။ ယခုစစ်သည်သူရဲအပေါင်းတို့ကို သိမ်းရုံးတော်မူကြပါ"ဟု လျှောက်ထားပြောဆိုသည်တွင် စူဠနီဗြဟ္မဒတ်မင်းလည်း ကေဝဋ္ဋအမတ်၏စကားကို နာယူသဖြင့် ဖရိုဖရဲကွဲလေပြီးသော စစ်သည် အပေါင်းတို့ကို တစ်ဖန်သိမ်းဆည်းရုံး စုစေပြီးသော် မိမိနေရာ သစ်တပ်တဲနန်းသို့ ပြန်လည်၍ဝင်ပြန်လေ၏။

ထို ၁၈ ခေါဘဏီ အရေအတွက်ရှိသော ပဉ္စာလရာဇ်မင်း၏ စစ်သည်သူရဲအပေါင်းတို့သည် စစ်သည် တစ်ယောက်လျှင် ကျောက်ခဲတစ်ခုစီကိုင်၍ပင် ပစ်သော်လည်း မိထိလာပြည်အလုံး၌ စပါးကို ဇလားနှင့်ခြင်သကဲ့သို့ မြို့တံတိုင်းနှင့်အမျှ ကျောက်ခဲဖြင့် ပြည့်ရာ၏။ ထိုသို့ဖြစ်သော်လည်း တစ်ခုသော ကေသရာဇခြင်္သေ့မင်းကို အရာအထောင်သောမြွေခွေးတို့သည် ဘုန်းအာနုဘော်မတူခြင်းကြောင့် နိုင်အံ့သောအခွင့်ကို ရှာကြံ၍ မရနိုင်သကဲ့သို့ ဘုရားလောင်း၏ ဘုန်းပညာအာနုဘော်သည် ပဉ္စာလရာဇ်မင်းစစ်သည်အပေါင်းကို အုပ်မိုးဖုံးလွှမ်းလျက် နေသောကြောင့် တစ်ယောက်သောသူမျှ ကျောက်ခဲဖြင့် ပစ်အံ့ဟူသောအကြံကို မကြံနိုင်ဖြစ်ကြလေကုန်၏။

ဤကား ဘုရားလောင်း မဟောသဓသေနာပတိ၏ဘုန်းပညာအစွမ်းဖြင့် ပဉ္စာလရာဇ်မင်းကို ရှေးဦးစွာ စစ်အောင်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ ၂ကြိမ်မြောက် စစ်အောင်ခန်း

စူဠနီဗြဟ္မဒတ်မင်းသည် ၁၈ ခေါဘဏီ အရေအတွက်ရှိသော စစ်သည်ဗိုလ်ခြေတို့ကို သိမ်းဆည်းရုံးစု၍ မိမိတို့၏ သစ်တပ်တဲနန်းသို့ ပြန်၍ဝင်ပြီးသော် ကေဝဋ်အမတ်ကြီးကိုခေါ်တော်မူ၍ "ဆရာ ပုရောဟိတ်။ ယခု အသို့ကြံရသော် ကောင်းမည်နည်း"ဟု တိုင်ပင်မေးမြန်းပြန်၏။

မင်းကြီးမိန့်တော်မူသော စကားကိုကြားလျှင် ကေဝဋ်အမတ်ကြီးသည် "အရှင်မင်းကြီး။ ယခု ကြံခဲ့သမျှသောအမှုမှာ ဝိဒေဟရာဇ်မင်းတစ်ယောက်ကိုမှီ၍ ပြည်သူပြည်သားတို့ ဆင်းရဲပင်ပန်းခြင်းဖြစ် လိမ့်မည်ကို ထောက်ထား၍ သနားညှာတာသဖြင့် အသာတကြည် ဝင်လိုလည်း ဝင်ပါစေဟု ခြိမ်းခြောက်ရုံမျှ ဖြစ်သည်။ ဤသို့ခြိမ်းခြောက်ကာမျှနှင့် မဝင်လိုလျှင် မြို့ပြင်သို့ တစ်ယောက်သောသူမျှ မထွက်စေဘဲ၊ တံခါးမ, တံခါးငယ်တို့ကိုပိတ်ဆို့၍ များစွာ ဗိုလ်ခြေနှင့် ကြပ်ကြပ်တည်းတည်း ဖိစီးတိုက်ဖျက်ရလျှင် ခံရပ်နိုင်မည်မဟုတ်ပါ။ ကြာလိုသမျှ ကြာစေ။ ဝိဒေဟရာဇ်မင်းကိုမရဘဲ နေပြည်တော်သို့ ပြန်လည်တော်မမူလင့်"ဟု လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း "ဆရာပုရောဟိတ်။ ထိုသို့တပြီးကား ကောင်းပြီ"ဟု ဝန်ခံ၏။ ယင်းသို့သောအခါ မဟောသဓသုခမိန်က သူလျှိုထားသောအမတ်တို့သည် ထိုသို့ မင်း,အမတ်တို့ အကြံရှိကြောင်းကို ရေးနည်းအတူ မြားဖျားတွင်စာဆွဲ၍ ပစ်လွှတ်လိုက်သဖြင့် မဟောသဓသုခမိန်သိလေသော် ဤသို့အကြံဖြစ်၏။

'ငါတို့ ဝိဒေဟရာဇ်စစ်သည် ဗိုလ်ခြေနှင့် ပဉ္စာလရာဇ် စစ်သည်ဗိုလ်ခြေကို နှိုင်းယှဉ်သည်ရှိသော် မြစ်ငယ်, ချောင်းငယ်ရေနှင့် မဟာသမုဒ္ဒရာရေကို နှိုင်းယှဉ်သကဲ့သို့ ငါတို့စစ်သည်ကား အနည်းငယ်မျှသာ ဖြစ်ချေသည်။ ထို ပဉ္စာလရာဇ်စစ်သည်တို့သည် ငါတို့ပြည်ကို အရှည်အကြာ ဝန်းရံ၍နေသဖြင့် ပြည်သူ ပြည်သားအပေါင်း ဆင်းရဲကျဉ်းမြောင်းစွာ ချမ်းသာမရ ဖြစ်ရာ၏။ ထို့ကြောင့် တစ်ခုသောဥပါယ်တံမျဉ်ဖြင့် ထိုပဉ္စာလရာဇ်စစ်သည် အပေါင်းတို့ကို လျင်စွာပြေးစေအံ့'ဟု ကြံပြီးလျှင်၊ အတိုင်အပင် အပြောအဆိုပညာ၌ လိမ္မာရဲရင့်သောသူကို စုံစမ်းဆင်ခြင်လတ်သော် 'ငါတို့အရှင်ဝိဒေဟရာဇ်မင်း၏ ပုရောဟိတ်[၁၉၇]ဖြစ်သော အနုကေဝဋ် အမည်ရှိသော ပုဏ္ဏားသည် အတိုင်အပင် အပြောအဆိုပညာ၌ လိမ္မာရဲရင့်၏'ဟုဆင်ခြင်မိသဖြင့် အနုကေဝဋ်ကို ခေါ်စေပြီးလျှင်–

"ဆရာပုရောဟိတ်။ အကျွန်ုပ်သည် ဆရာနှင့်တိုင်ပင်၍ ပဉ္စာလရာဇ်စစ်သည်တို့ကို နှင်ဖြိုရလျှင်[၁၉၈]ထိုသူတို့ မရပ်မခံနိုင်ရာဟု တစ်ခုသောအကြောင်းကို ကျွန်ုပ် ကြံမိ၏။ ထိုသို့အကြံရှိတိုင်း ဆရာလည်း ပြည်သူပြည်သား အပေါင်းချမ်းသာကြောင်း ကောင်းမြတ်သောသတိ,ပညာ အဆင်အခြင်ဖြင့် အရှင့်အရေးတော် လှအောင် ဆောင်ရွက်ရမည်"ဟုဆို၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် အနုကေဝဋ် အမတ်ပုဏ္ဏားသည် "အရှင် မဟောသဓသုခမိန်။ အဘယ်အမှုကို အကျွန်ုပ် ဆောင်ရွက်ရမည်နည်း။ ဆောင်ရွက်ရန်အမှုကိုသာ အမိန့်ရှိတော်မူလော့"ဟု ဆို၏။

မဟောသဓသုခမိန်သည် "ဆရာပုရောဟိတ်။ ဆောင်ရွက်ရမည့်အမှုအခွင့်မှာ မြို့တံတိုင်းငယ်ပေါ်က နေပြီးလျှင် အကျွန်ုပ်တို့စစ်သည်များကို မမြင်စေလိုယောင် မျက်နှာစောင်းလှည့်ကြည့်ဟန်ပြု၍ မုန့်, ငါး, အမဲ, ခဲဖွယ်စားဖွယ်များကို ပဉ္စလရာဇ်စစ်သည်တို့အား ပေးချလျက် ဤသို့ဆိုရမည်။

"တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဧကရာဇ်မင်းကြီး၏ စစ်သည်တော်အပေါင်းတို့။ အကျွန်ုပ်သည် လက်ဆောင်အလို့ငှာ ပေးချလိုက်သော ဤခဲဖွယ်စားဖွယ် မုန့်,



www.burmeseclassic.com

www.burmeseclassic.com



ငါး, အမဲအပေါင်းတို့ကို သုံးဆောင်တော်မူကြပါ။ အမှုအခွင့်ဆိုသည်မှာ သင်တို့၌ စိုးရိမ်ရန်မရှိပြီ။ ယနေ့မှ ၂ ရက်, ၃ ရက် နေလျှင် ဤမိထိလာပြည်ကို အလွယ်တကူသိမ်းယူရပါလိမ့်မည်။

"ယခု မိထိလာပြည်သူပြည်သားအပေါင်းတို့သည် ဆောင်းလှောင်ကြက်ကဲ့သို့ ထွက်ပြေးရာမမြင်။ ပူပင်ညှိုးငယ် ကိုးကွယ်ရာမရ ဒုက္ခနင်းနှိပ်၍ ကိုယ်,စိတ် ကျဉ်းမြောင်းကြလှပြီ။ ၂ ရက်, ၃ ရက်တိုင်ရုံမျှ ကြပ်ကြပ် တည်းတည်းပိတ်ဆို့, ဝန်းရံလျက် တိုက်ဖျက်ခြင်းလုံ့လကို ပြုတော်မူကြလျှင် မြို့တွင်း၌ အချင်းချင်း ရန်မီးထသဖြင့် တံခါးကို ဖွင့်၍ပေးလတ္တံ့။ မကြာမမြင့်မီလျှင် ဝိဒေဟရာဇ်မင်းနှင့် ယုတ်မာဆိုးညစ်လှစွာသော သူကြွယ်သားကို ဖမ်းယူရမည်ကား မချွတ်ရာဟု ဆိုလော့။

"ထိုသို့ သင်ဆိုသောစကားကို ငါတို့စစ်သည်များကြားလျှင် သင့်ကို ဆဲဆိုခြိမ်းခြောက်၍ ပဉ္စာလရာဇ် စစ်သည်တို့ မြင်စဉ်ပင်လျှင် ချည်နှောင်ပုတ်ခတ်လျက် ဆံပင်ကို ၅ စိတ်ခွဲ၍ ထုံးပြီးလျှင် အုတ်မှုန့်ဖြင့် ကြဲဖြူးခြင်း, နား ၂ ဖက်၌ ပန်းစိမ်းပန်စေခြင်း, ဝါးခြမ်းစိတ်ဖြင့် လက်ရုံးလက်ပြင် ကျောပြင်တို့၌ အပိန့်ထအောင်ရိုက်နှက်ခြင်း၊ ကျော၌ ထုံးရည်တို့ဖြင့်အရေးသားခြင်း ရာဇဒဏ်[၁၉၉]ကိုပြုပြီးမှ မြို့ကြီးတံတိုင်းပေါ်၍ သို့တင်၍ သင့်ကို ဆိုင်း၌ ကြိုးခတ်ပြီးလျှင် 'အကြံအစည်ကိုဖျက်တတ်သော ဟယ်၊ ပုဏ္ဏားယုတ်။ နင်သည် ငါတို့မြို့နှင့် မတန်။ သွားလေ'ဟု ဆဲဆိုခြိမ်းခြောက်လျက် ပဉ္စာလရာဇ်စစ်သည်ဘောင်သို့ ချလိုက်စေအံ့။ ထိုအခါ ပဉ္စာလရာဇ်စစ်သည် တို့သည် သင့်ကိုဆောင်ယူ၍ ပဉ္စလရာဇ်မင်းအား ဆက်လတ္တံ့။ သင့်ကို ပဉ္စာလရာဇ်မင်းမြင်လျှင် သင်၌ အဘယ်အပြစ်ရှိ၍ ဤသို့သောရာဇဒဏ်ကို ခံရသနည်းဟု မေးလတ္တံ့။ ထိုသို့ မင်းကြီးမေးလျှင် ဤသို့သင်လျှောက်လေ။

'အရှင်မင်းကြီး။ အကျွန်ုပ်သည် အဘိုးအဖမှဆင်းသက်၍ ထီးနန်းအဆက်ဆက် မပျက်သော ပုရောဟိတ်အမတ်မျိုး ဖြစ်သည်နှင့်အညီ ဤဝိဒေဟရာဇ်မင်းလက်ထက်တိုင် သူကြွယ်သားကို သူကောင်းမပြုမီ ရှေးအထက်က ကျွန်ုပ်၌ များစွာသောစည်းစိမ်ချမ်းသာ အခြံအရံရှိ၏။ သူကြွယ်သားကို သူကောင်းပြု၍ စစ်သူကြီး အရာ၌ ထားရာတွင်မှသာ သူကြွယ်သားသည် အကျွန်ုပ်ကို 'ငါ့အား မခညွတ် နေကောင်းအံ့လော'ဟု အမျက်ရန်ငြိုး ထား၍ မင်းကြီးအားကုန်းချောစားလျှင်[၂၀၀]မင်းကြီးအမျက်ဝင်၍ အကျွန်ုပ်စည်းစိမ်ကို ဖျက်ဆီးစေသဖြင့် သူကြွယ်သားကြောင့် အကျွန်ုပ် ဆင်းရဲငြိုငြင်စွာ အသက်မွေး၍နေရပါသည်။

'ဤကဲ့သို့ သူကြွယ်သားဖျက်ဆီးရာ ခံနေရသောအမှုကို အကျွန်ုပ် စိတ်စွဲမပြေနိုင်သဖြင့် 'အဘယ်အခါမှ အခွင့်ရ၍ သူကြွယ်သား၏ဦးလည်ကို သန်လျက်စာ ကျွေးရပါအံ့နည်း'ဟု တောင့်တလျက်နေစဉ် ထီးဆောင်းမင်း အပေါင်းတို့သခင် ဖြစ်တော်မူသော အရှင်မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တိုင်းကြီးပြည်ကြီးအပေါင်းကို လှည့်လည်သိမ်းယူတော်မူ၍ ယခုမိထိလာပြည်သို့ ၁၈ ခေါဘဏီ ဗိုလ်ထုနှင့် ဖြန့်ချီတော်မူလာပြီ'ဟု ကြားရလျှင် စိတ်ထဲဝမ်းသာခြင်းနှင့် တောင့်တမျှော်တမ်းလျက်ရှိပါသည်။

'အရှင်မင်းကြီး။ ဤပြည်သို့ရောက်၍ ဝန်းရံတော်မူစဉ်ကပင်လည်း ရွှေဖဝါးတော်အောက် ဝင်ရောက်ချင် လျက်နှင့် သို့လက်ခုပ်ရေဖြစ်ချေသောကြောင့် မလှုပ်မရှားသာဖြစ်၍ အခွင့်ကိုသာ မျှော်ချင့်ကြည့်ရှုလျက်နေသည်နှင့် ယနေ့မှ အခွင့်ရပြီထင်သဖြင့် တံတိုင်းငယ်ပေါ်ကနေလျက် စစ်သည်တော်တို့အား ငါး, အမဲ, ခဲဖွယ်, ဘောဇဉ်တို့ကိုပေး၍ မိထိလာပြည်သူပြည်သားတို့ ဆောင်းလှောင်ကြက်ကဲ့သို့ ထွက်ပြေးရာမမြင်။ ပင်ပန်းစွာ ရှိကြောင်းကို ပြောဆိုမိရာတွင် အကျွန်ုပ်ကို အရှင်မင်းကြီး၏ အပင်းအသင်းထင်မှတ်၍ ဤသို့သော ရာဇဒဏ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်း၍ထည့်၍ ကြိုးခတ်လျက် မြို့ရိုးပေါ်မှ နှင်ချလိုက်ပါသည်။ ထိုအကြောင်းကို စစ်သည်တော်တို့ အမြင်အကြား အသိပင်ဖြစ်၍ မေးတော်မူလျှင် သိရပါလိမ့်မည်'ဟု အထူးထူးအပြားပြားသော အခြင်းအရာဖြင့် ယုံကြည်လောက်အောင် ပြောဆိုလျှောက်ထား၍၊ သင့်အား မင်းကြီးယုံမှတ်သဖြင့် အကျွမ်းဝင်သောအခါ လျှောက်ထားရမည်မှာ–

'အရှင်မင်းကြီး။ ယခုမှာ အကျွန်ုပ်ရောက်ရှိပြီ။ မည်သည်ကိုမျှ စိုးရိမ်တော်မမူလင့်။ ဝိဒေဟရာဇ်မင်းနှင့် သူကြွယ်သားတို့၏အသက်ကို ရှင်စေရမည် မဟုတ်။ အကျွန်ုပ်သည် ဤမြို့၌ ခိုင်လုံရာအရပ်၊ မခိုင်လုံရာအရပ်ကိုလည်း သိ၏။ ဤရေကျုံး၌ မိကျောင်းရှိရာအရပ်၊ မရှိရာအရပ်ကိုလည်း သိ၏။ ထို့ကြောင့် မကြာမမြင့်မီပင်လျှင် ဤမြို့ကိုသိမ်းယူ၍ ခြေလက်တော်ရောက် ဆက်သပါမည်'ဟု လျှောက်ထားလေ။

"ထိုသို့ လျှောက်ထားလျှင် ပဉ္စာလရာဇ်မင်းသည် သင့်အားယုံမှတ်သဖြင့် များစွာသော အချီးအမြှောက်ကိုပေး၍ စစ်သည်ဗိုလ်ပါကိုလည်း အပ်နှင်းလတ္တံ့။ ထိုသို့ချီးမြှောက်သောအခါ မင်း၊အမတ်၊ စစ်မှူး၊ စစ်ကြပ်တို့ကို 'နောင်မိထိလာပြည်ပျက်စီးလျှင် သူ့လူ့ငါ့လူသိသာအောင် အမှတ်အသားဖြစ်စေရမည်'ဟု ထိုသူတို့ အဝတ်တန်ဆာ၌ ငါ၏တံဆိပ်အမှတ် ထိုးခတ်ပြီးမှ စစ်သည်အပေါင်းတို့ကို မိကျောင်းရှိရာကျုံးသို့ ဆင်းသက်စေလော့။ ထို စစ်သည်ဗိုလ်ပါတို့သည် မိကျောင်းဘေးကြောင့် ကျုံးကို မဆင်းမသက်ဝံ့ကြသောအခါ မင်းကြီးအား ဤသို့လျှောက်လေ။

'အရှင်မင်းကြီး။ အကျွန်ုပ်ပင် စီးပွားတော်ကိုအလိုရှိ၍ အားထုတ်သော်လည်း အများမညီလျှင် မဖြစ်နိုင်ရာ။ ယခု အကျွန်ုပ် ဤမြို့ကျုံး၌ ဖောက်ထွင်းနိုင်ရာလွယ်ရာကို ညွှန်ပြနိုးဆော်ပါသော်လည်း အရှင့် စစ်သည်တော်တို့သည် မနာမယူ ဆုတ်နစ်ကြသောကြောင့် အကြောင်းကိုသိရအောင် ရှုကြည့်ဆင်ခြင်လျှင် ၉ ကျိပ် ၉ ယောက်သော ထီးဆောင်းမင်းနှင့်တကွ ကောဝင့်အမတ်ကြီးတို့မှစ၍ စစ်ကဲ၊ စစ်ကြီး၊ အမှူးအကြီးဟူသမျှတို့ကို သူကြွယ်သားက တံစိုးပေး၍ ဖြားယောင်းသဖြင့် သူကြွယ်သား၏ အဝင်အပါချည်းဖြစ်ကြောင်းကို သိရပါသည်။

'အကြီးအကဲ အမှူးအမတ်ဟူသမျှတို့၌ သူကြွယ်သား၏တံစိုးကို မစားသောသူမည်သည် မရှိပါ။ ယခု ထိုသူတို့သည် ကိုယ်သာအရှင့်ထံရင်းမကင်းအတွင်းသားကဲ့သို့ပြု၏။ စိတ်မူကား သူကြွယ်သား၏ အချင်းအပင်း အသင်းချည်းဖြစ်၍ ကုန်ချေပြီ။ အကျွန်ုပ်တစ်ယောက်သာလျှင် ကိုယ်စိတ်အခြားမရှိသော အရှင့် ကျွန်တော်ရင်း ဖြစ်တော့သည်။ ယခု အကျွန်ုပ် လျှောက်ထားသမျှစကားကို ယုံကြည်တော်မမူလျှင် ထို မင်း၊ အမတ်၊ စစ်ကဲ၊ စစ်ကြပ်အလာတို့ကို စစ်ဝတ်တန်ဆာဆင်လျက် လာခဲ့ကြဟု အမိန့်တော်နှင့်ခေါ်တော်မူ၍ ရောက်ကြသောအခါ ထိုသူတို့ဆင်ဝတ်သော အဝတ်တန်ဆာတို့၌ သူကြွယ်သားက နှိပ်ခတ်လိုက်သော တံဆိပ်ကို အမှတ်မထင် ရှုကြည့်တော်မူလျှင် မြင်တော်မူပါလိမ့်မည်။ ထိုအခါမှ အကျွန်ုပ်စကားကို ယုံကြည်တော်မူပါ'ဟု လျှောက်လေ"

"ထိုသို့လျှောက်ထားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် သင်၏စကားကို လိုက်နာလျက် ထို မင်း၊ အမတ်၊ အကြီး၊အကြပ်တို့ကို သင်ဆိုတိုင်း ခေါ်စေ၍ကြည့်လတ်သော် တံဆိပ်ကိုမြင်သဖြင့် ကြောက်လန့်ခြင်းပြင်းစွာဖြစ်၍ ထိုသူတို့နေရာသို့ ပြန်သွားစေပြီးလျှင် သင့်ကို "ဆရာအနုကေဝဋ်။ အသို့ပြုရသော် ကောင်းအံ့နည်းဟု တိုင်ပင်လတ္တံ့."။ ထိုသို့တိုင်ပင်သောအခါ ဤသို့လျှောက်လေ။

"အရှင်မင်းကြီး။ သူကြွယ်သားသည် လှည့်ဖြားတတ်သောအကြံအစည် ရှိ၏။ အရှင့်စစ်သည်တော် အပေါင်းတို့သည်လည်း သူ့စစ်သည် ဖြစ်၍ ကုန်ချေပြီ။ ထို ကောဝင့်အမတ် အစရှိသော အရှင့်စစ်သည်တော်တို့ပင်



www.burmeseclassic.com

www.burmeseclassic.com



အရှင်မင်းကြီးကိုဖမ်းယူ၍ သူကြွယ်သားအား မျက်နှာပြုမည်[၂၈၄]ကိုလည်းမသိနိုင်ဖြစ်သောကြောင့် တစ်စုံတစ်ယောက်မျှ မသိစေရဘဲ ယနေ့ညဦးပင် သန်းခေါင်ကျော်အချိန်ရောက်လျှင် အရှင်မင်းကြီးနှင့် အကျွန်ုပ်တို့ ၂ ယောက်တည်းသာ မြင်းစီး၍ထွက်ပြေးရသော် ကောင်းမည်ထင်ပါသည်။ ဤတပ်တော်ထဲ၌ တစ်နေ့မျှ နွဲ့ဖင့်၍[၂၈၅]နေသဖြင့် အကျွန်ုပ်တို့သည် အကျိုးမဲ့ ရန်သူလက်တွင် အသက်ကုန်ရတော့မည်"ဟု လျှောက်တင်လေ၏။

"ထိုသို့လျှောက်တင်တိုင်း ပဉ္စာလရာဇ်မင်းသည် ကြောက်လန့်လျက် ထွက်ပြေးလတ္တံ့။ ထိုပဉ္စာလရာဇ်မင်း ထွက်ပြေးသောအခါ သင်သည် အတန်ငယ်လိုက်ပြီးမှ ပြန်ခဲ့သဖြင့် ငါ၏စစ်သည်များကို 'အကြောင်းစကား ကြားသိစေလော့'ဟု အစမှသည် အဆုံးတိုင်အောင် လာလတ္တံ့သော အရေးကိုမြင်သဖြင့် အလုံးစုံသော အခွင့်ကို အနုကေဝဋ္ဋပုဏ္ဏား[၂၈၆]အား သွန်သင်မှာထား၏။

အနုကေဝဋ္ဋပုဏ္ဏားသည် "အရှင်သုခမိန်။ စိုးရိမ်တော်မမူလင့်။ အရှင်သုခမိန်ဆိုတိုင်း အကျွန်ုပ် ဆောင်ရွက်အံ့"ဟု ဝန်ခံ၏။ မဟောသဓသုခမိန်သည် "ဆရာပုဏ္ဏား။ အကျွန်ုပ် မှာထားတိုင်းပြောဆို ဆောင်ရွက်နိုင်၏ ဟူ၍ကား ဝန်ခံပြီ။ အချည်အနှောင် အရိုက်အနှက်ကိုကား ဆရာပုဏ္ဏား ခံနိုင်ပါမည်လော"ဟု မေး၏။ "အရှင်သုခမိန်။ စိုးရိမ်တော်မမူနှင့်။ မျက်စိ, ခြေ, လက် မကျိုးမပျက် အသက်မသေရုံမျှသာ ရှိပါစေ။ ထိုမှတစ်ပါး အလိုရှိတိုင်း ပြုတော်မူလော့။ အကျွန်ုပ် ခံပါမည်"ဟု ဆို၏။

ထိုအခါ မဟောသဓသုခိန်သည် အနုကေဝဋ္ဋပုဏ္ဏား၏အိမ်၌ သား, မယား, အခြံအရံတို့အား များစွာ အချီးအမြှောက်တို့ဖြင့်ချီးမြှောက်ပြီးလျှင် အနုကေဝဋ္ဋပုဏ္ဏားကို ဆိုအပ်ပြီးသောနည်းဖြင့် မြို့တံတိုင်းငယ်ပေါ်က နေစေလျက် ပဉ္စာလရာဇ်စစ်သည်တို့အား ပေးကမ်းချီးမြှောက် ပြောဆိုစေသဖြင့် အပြစ်ပြု၍ ရာဇဒဏ်ကြီးစွာနှင့် ဆိုင်း၌ ကြိုးခတ်ပြီးသော် မြို့ကြီးတံတိုင်းပေါ်က ဆွဲချနှင်ထုတ်လိုက်စေ၏။

ပဉ္စာလရာဇ်မင်းစစ်သည်တို့သည်လည်း အနုကေဝဋ္ဋကိုယူဆောင်၍ ပဉ္စာလရာဇ်မင်းအား ဆက်ကြကုန်၏။ ပဉ္စာလရာဇ်မင်းသည် အနုကေဝဋ္ဋအမတ်ကို စစ်မေးလျှင် ဆိုအပ်ပြီးသောနည်းဖြင့် မဟောသဓသုခမိန်အား အပြစ်ဖို့၍ ယုံကြည်လောက်အောင်လျှောက်ထားသဖြင့် ပဉ္စာလရာဇ်မင်းသည် အနုကေဝဋ္ဋအမတ်အား ယုံကြည်သည်ဖြစ်၍ ကြီးစွာသော အချီးအမြှောက်ကိုပေးလျက် စစ်သည်အပေါင်းကို အပ်နှင်း၏။

ထိုအခါ အနုကေဝဋ္ဋပုဏ္ဏားသည် စစ်ကွပ်စစ်ကြပ်ပြု၍[၂၈၇]အမှူးအမတ်ကြီးတို့အား အမှတ်အသား ဖြစ်စေရမည်ဟု တန်ဆာအဝတ်တို့၌ တံဆိပ်ခတ်ပြီးလျှင် ပဉ္စာလရာဇ်မင်းစစ်သည်အပေါင်းတို့ကို "အချင်းတို့။ ဤအရပ်က ဆင်းကြကုန်။ ယခုပင် မိထိလာပြည်ကို ယူအံ့"ဟုဆိုလျက် မိကျောင်းရှိရာ ရေကျုံးသို့ ဆင်းသက်စေ၏။ ထိုသို့ စစ်သည်အပေါင်းတို့ ရေကျုံးကို ကူးသန်းကြလတ်သော် ကျုံးထဲ၌ကျက်စားသော မိကျောင်းတို့သည်လည်း ဖမ်းယူကိုက်ခဲကြကုန်၏။

မြို့ထိပ် ပစ္စင်, ရင်တား, သူရဲပြေးတို့၌ စီးနင်း၍နေကုန်သော သူရဲသူခက်တို့သည်လည်း မြား, လှံ, စသော လက်နက်တို့ဖြင့် ပစ်ခတ်ကုန်၏။ ထိုသို့ မိကျောင်းဘေး, လက်နက်ဘေးကြောင့် ပဉ္စာလရာဇ်မင်း စစ်သည်တို့အား များစွာ အသက်အန္တရာယ် ရောက်လေကုန်၏။ ထိုပဉ္စာရာဇ်စစ်သည်အပေါင်းတို့သည် အဖျက်အစီး အထိအပါးများခြင်းကြောင့် စစ်မှူး, စစ်ကြပ်တို့က ကွပ်ညှပ်နှိုးဆော်သော်လည်း တစ်စုံတစ်ယောက်မျှ ကျုံးထဲသို့ မဆင်းမသက်ဝံ့ကြကုန်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အနုကေဝဋ္ဋပုဏ္ဏားသည် ပဉ္စာလရာဇ်မင်းကြီးထံ သွား၍ "အရှင်မင်းကြီး။ အကျွန်ုပ်သည် မိထိလာပြည်ကို အလွယ်တကူသိမ်းယူလိုသဖြင့် ကျုံး၌ ရေတိမ်ရာ,မိကျောင်းမရှိရာ အရပ်ကိုညွှန်ပြ၍ 'ဆင်းသက်ကြကုန်'ဟု နှိုးဆော်ကွပ်ညှပ်ပါသော်လည်း မဆင်းမသက် မထီမဲ့မြင်သာ[၂၀၆]နေကြကုန်၏။ ကျုံးတစ်ဘက်ကိုကူးမိသော သူတို့ကိုလည်း မြို့စီး,မြို့နင်း ပါးရာ, မခိုင်မလုံရာကို ညွှန်ပြ၍ 'မြို့ရင်းသို့ ကပ်ကြကုန်'ဟု နှိုးဆော် ကွပ်ညှပ်ပါသော်လည်း ချဉ်းယောင်ကပ်ယောင် ရှောင်ကာရှားကာ မထီမဲ့မြင်သာ ပြုကြကုန်၏။

"ထိုသို့ပြုကြကုန်ခြင်းကြောင့် အကြောင်းကိုသိ၍ ကျွန်ုပ် ရှုကြည့်ဆင်ခြင် စုံစမ်းလျှင် ၉ ကျိပ် ၉ ယောက်သော ထီးဆောင်းမင်းတို့နှင့်တကွ ကေဝဋ္ဋအမတ်ကြီးတို့မှစ၍ အလုံးစုံသော စစ်မှူး, စစ်ကြပ်တို့အား သူကြွယ်သားက တံစိုးလက်ဆောင်ပေးသဖြင့် အရှင့်ကျေးဇူးသစ္စာတော်ကို ထုတ်အန်၍၊ သူကြွယ်သား၏ သစ္စာဝင်ကြကြောင်းကို သိရပါသည်။ အကျွန်ုပ်လျှောက်ချက်အတိုင်း ယုံတော်မမူလျှင် ထိုစစ်မှူး,စစ်ကြပ်, မင်းမှူးမတ်, ဗိုလ်ပါအပေါင်းတို့ကို အသီးသီးခေါ်၍ အမှတ်မထင် ရှုကြည့်တော်မူပါ။ ထိုသူတို့ဝတ်ဆင်သည့် အဝတ်တန်ဆာတွင် သူကြွယ်သားက နှိပ်ခတ်လိုက်သောတံဆိပ်ကို မြင်တော်မူပါလိမ့်မည်။ ဤသို့မြင်ရမှ အကျွန်ုပ်စကားကို ယုံကြည်တော်မူပါတော့"ဟု လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည် အနုကေဝဋ္ဋစကားကိုကြားလျှင် "ကောင်းလှပြီ။ စုံစမ်းဆင်ခြင်အံ့"ဟုဆိုလျက် ၉ ကျိပ် ၉ ယောက်သော ထီးဆောင်းမင်းတို့နှင့်တကွ ကေဝဋ္ဋအမတ်မှစ၍ အလုံးစုံသော စစ်မှူး, စစ်ကြပ်တို့ကို "ယခုဝတ်ဆင်သည့် စစ်ဝတ်စစ်တန်ဆာနှင့် လာခဲ့ရမည်"ဟု အသီးအသီး ခေါ်စေပြီးလျှင်၊ ထိုသူတို့ဝတ်ဆင်သော အဝတ်တန်ဆာတို့ကို အမှတ်မဲ့ကြည့်သဖြင့် တံဆိပ်အက္ခရာတို့ကိုမြင်လေသော် 'ဤသူတို့ကား မဟောသဓ၏ တံစိုးကို စားရိုးမှန်ချေပြီ'ဟု နှလုံးသန္နိဋ္ဌာန်[၂၀၇]စွဲမှတ်လျက် ထိုသူတို့အား စိတ်ထားတစ်သွယ်ခံ၍[၂၀၈]တစ်နိုင်ငံစီ လူမျိုးကွဲပြားခြင်းကြောင့် အတင်းအကြပ် မမေးမစစ်ဝံ့သဖြင့် လျောက်ပတ်ရုံသောစကားမျှကိုသာ မေးမြန်း ပြောဆိုပြီးလျှင် မိမိတို့နေရာသို့ ပြန်သွားစေ၏။

ထို စစ်မှူး, စစ်ကြပ်တို့ကို ရှုကြည့်စုံစမ်းပြီးသောနောက်မှ စူဠနီဗြဟ္မဒတ်မင်းသည် အနုကေဝဋ္ဋပုဏ္ဏားကို ခေါ်တော်မူ၍ "ဆရာပုရောဟိတ်။ သင်လျှောက်တိုင်း ထိုသူတို့၌ အမှုမှန်၍ ရှိချေပြီ။ ယခု အသို့ကြံရသော် ကောင်းမည်နည်း"ဟု မေး၏။ စူဠနီဗြဟ္မဒတ်မင်းကြီး မိန့်တော်မူသောစကားကို ကြားလျှင်–

အနုကေဝဋ္ဋပုဏ္ဏားသည် "အရှင်မင်းကြီး။ အပရန်မီးကို အနီးမရောက်အောင် ကာဆီးကာလွယ်၏။ အတွင်းရန်ကို ပယ်လှယ်ပစ်ခြင်းငှာ အလွန်ခဲ၏။ ထို့ကြောင့် အထူးကြံဖွယ် မရှိပြီ။ ဤအရပ်တွင် မြင့်ရှည်စွာ နေသဖြင့် သူကြွယ်သား ဖမ်းငင်သိမ်းယူ ကလူစားခြင်း[၂၀၉]ကိုသာ ခံရတော့မည်။ အကျွန်ုပ်သည် ထိုသူတို့ အမှုအရာထူးသောကြောင့် အကြောင်းကိုစုံစမ်း၍ သိဦးကပင် လျှောက်ထားချင်လျက် အကျွန်ုပ်အား အရှင့်စိတ်တော် မနူးမနပ်၍ ဥပဒ်[၂၁၀]ဖြစ်ပြန်မည်များကို စဉ်းစားထောက်ချင့်လျက် နေရပါသည်။

"ယခုမူကား ကိုယ်တော်ပင် အတပ်အကြပ်မြင်သိ၍ ရှိပြီးဖြစ်သောကြောင့် ကြားသိတိုင်း အကုန်အစင် လျှောက်ရပါတော့မည်။ အရှင်မင်းကြီး ယုံမှတ်တော်မူသည်နှင့်အညီ နား, မျက်စိပြု၍ အမှုတော်ကို လွှဲဖယ် အပ်နှင်းလျက် အမတ်ပုရောဟိတ်အရာ၌ထားသော ကေဝဋ္ဋအမတ်ကြီးသည် ယမန် သူကြွယ်သားနှင့် တရားစစ်ထိုးကြသည်တွင် သူကြွယ်သားက ပတ္တမြားမျက်တစ်လုံးကို တံစိုးထိုးသဖြင့် ထိုပတ္တမြားမျက်မြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူပြီးလျှင် မိမိပရိယာယ်မာယာဖြင့် သူကြွယ်သား၏ခြေကို ရှိခိုးဦးချပြု၍ တရားစစ်ရုံးယောင်ဟန်နှင့် အရှင်မင်းကြီးကို ပြေးစေပြီးမှ သူကြွယ်သားတွန်းပစ်၍ နဖူးကွဲဟန် အရှင်မင်းကြီးတို့ ယုံကြည်လောက်အောင် မိမိနဖူးကို မိမိပင်ရိုက်နက်လျက် ပွက်မှုစကား[၂၅]နှင့် ဖြားယောင်းလှည့်ပတ်၍ တပ်တော်သို့ ပြန်လည်စေပြီးလျှင် ယခု အရှင်မင်းကြီးကို အမှတ်မဲ့ဖမ်းယူ၍ သူကြွယ်သားထံသို့ ပို့ဆက်မည့်အကြံ ရှိပါသည်။

"ကိုယ်စိတ်ကဲ့သို့ ယုံမှတ်တော်မူအပ်သော ကေဝဋ်အမတ်စဉ်လျက် ပတ္တမြားဒ္ဓ တပ်မက်မောခြင်းကြောင့် သူကြွယ်သား၏ သစ္စာဝင်ချေလျှင် တစ်ပါးသောသူတို့မှာ ဆိုဖွယ်မရှိ ဖြစ်ပါတော့သည်။ ထို့ကြောင့် အကျွန်ုပ်အလိုမှာ တစ်နေ့မျှ မနေစေချင်ပြီ။ ယနေ့ညဉ့်ပင် သန်းခေါင်ကျော်အချိန်ကို တစ်စုံတစ်ယောက်မျှ မသိစေဘဲ စီးတော်မြင်းနှင့် အလျင်တဆောထွက်သွားရသော် သင့်မည်ထင်ပါသည်"ဟု လျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းသည် အနုကေဝဋ်ပုဏ္ဏားစကားကို ကြားလျှင် "ဆရာပုဏ္ဏား။ ထိုသို့ တပြီးကား[၂၂] ကောင်းပြီ။ အချိန်ရောက်လျှင် ဆရာပင် ငါ၏မြင်းကို ကြိုးကတန်ဆာနှင့် စီရင်၍ ငါ့အား ကြားလော့"ဟုဆို၏။

အနုကေဝဋ်ပုဏ္ဏားသည်လည်း "အရှင်မင်းကြီး။ ကောင်းပြီ။ ဤအကြံတော်ကို အကျွန်ုပ် တစ်ယောက်သာ သိထိုက်၏။ အကျွန်ုပ်မှတစ်ပါး ဤတပ်တော်၌ အရှင်မင်းကြီး ယုံကြည်အပ်သောသူမည်သည် မရှိ။ ထိုအချိန်ရောက်လျှင် အကျွန်ုပ် လျှောက်ကြားပါမည်။ စိုးရိမ်တော်မမူလင့်"ဟု နှစ်သိမ့်စေပြီးလျှင် မင်းကြီးထံမှထ၍၊ မဟောသဓသုခမိန်က သူလျှိုထားသော အမတ်တို့ထံသို့သွားပြီးလျှင်–

"အချင်းတို့။ ယနေ့ညဉ့် သန်းခေါင်ကျော်အချိန်သို့ရောက်လျှင် ပဉ္စာလရာဇ်မင်းကြီး ထွက်ပြေးလတ္တံ့။ သင်တို့ မအိပ်ကြနှင့်"ဟု မှာထားပြောဆို၍၊ ထိုညဉ့် သန်းခေါင်ကျော်အချိန်ရောက်သော် အနုကေဝဋ်ပုဏ္ဏားသည် 'ဤမင်းကြီးကို မစိုးမနှောင့် ဖြောင့်ဖြောင့်ထွက်ပြေးစေအံ့'ဟုကြံလျက် ပဉ္စာလရာဇ်မင်းကြီး၏ စီးတော်မြင်းကို သူတစ်ပါးမသိစေဘဲ ကြိုးကတန်ဆာဆင်ပြီးလျှင် "အရှင်မင်းကြီး။ ယခု ထွက်သွားအံ့သော အချိန်ရောက်သဖြင့် စီးတော်မြင်းကို ကြိုးကတန်ဆာ ဆင်၍ပြီးပြီ။ ကြွတော်မူပါလော့"ဟု လျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း "ဆရာပုဏ္ဏား။ ကောင်းပြီ။ ထွက်သွားကြအံ့"ဟုဆို၍ မြင်းကိုတက်စီးပြီးလျှင် ပဉ္စာလရာဇ်ပြည်သို့ ရှေးရှုထွက်ပြေးလေ၏။

အနုကေဝဋ်ပုဏ္ဏားသည်လည်း မိမိမြင်းထက် တက်စီးပြီးသော် မင်းနှင့် အတန်ငယ်လိုက်ဟန်ပြု၍ ပြန်ခဲ့သဖြင့် တပ်ထဲသို့ဝင်လျက် "ပဉ္စာလရာဇ်မင်း ထွက်ပြေးခဲ့ပြီ။ ထွက်ပြေးခဲ့ပြီ"ဟု ပြင်းစွာသော အသံဖြင့် ဟစ်ကြွေးကြော်၍ မဟောသဓသုခမိန်က သူလျှိုထားသော အမတ်ပေါင်း ၁၀၀ တို့သည်လည်း မိမိတို့အခြံအရံ လုလင်နှင့်တကွ ရှေးနည်းအတူပင်လျှင် ပြင်းစွာသောအသံဖြင့် ကြွေးကြော်ကြကုန်၏။

၉ ကျိပ် ၉ ယောက်သာ ထီးဆောင်းမင်း, အနုကေဝဋ်အမတ် အစရှိကုန်သော ပဉ္စာလရာဇ်မင်းစစ်သည် ဗိုလ်ခြေအပေါင်းတို့သည် ထိုအသံဖြင့် အလန့်တကြားနိုးလတ်ကုန်၍ "မဟောသဓသုခမိန်သည် မြို့တံခါးကို ဖွင့်ထွက်လျက် ညဉ့်အခါ စစ်နင်းယောင်တကား[၂၃]။ ငါတို့ အသက်ဦးလည်ကို အဘယ်အရပ်မှာ ရွှန့်ပစ်ရမည် မသိ"ဟု ပြင်းစွာကြောက်လန့်ခြင်းဖြင့် အတွင်းအပ အသုံးအဆောင်ဟူသမျှကို မအောက်မေ့မိနိုင်ဘဲ အိပ်ရာမှထ၍သာလျှင် ကိုယ်တွင်ဝတ်သော ပုဆိုးအဝတ်ကိုမျှ ကျွတ်မှန်းစုတ်မှန်းမသိ မျက်စိစိုက်မိရာသို့သာ ပရမ်းပတာ ပြေးကြကုန်၏။

ထိုသို့ ပဉ္စာလရာဇ်စစ်သည်တို့ တပ်ခြေမငြိမ် အုတ်အုတ်ကျက်ကျက်သောအသံကို မိထိလာမြို့ပေါ် ပစွင်, သူရဲပြေးတို့၌ စောင့်နေကုန်သော မဟောသဓသုခမိန်၏ သူရဲသူခက်တို့ကြားလျှင် ပဟိုရ်, တိုက်စည်, တိုက်မောင်းတို့ကို ဆော်တီးလျက် ပွဲတင်ထပ်မျှ ကြွေးကြော်ကြကုန်၏ ထို ပဉ္စာလရာဇ် စစ်သည်အပေါင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးကြသောအခါ ဤမဟာပထဝီမြေကြီးသည် ဖရိုဖရဲကွဲအံ့သကဲ့သို့ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးသံ၊ ဗလဝါမုခဝဲသံ[၂၆]နှင့်အတူ အုန်းအုန်းသောင်းသောင်း ရိုက်ခြောင်းပဲ့တင် မြေပြင်အနှံ့ ချောက်ချားကုန်၏။

'ပဥ္စာလရာဇ်စစ်သည်သူရဲတို့သည် ၁၀၀ သော မင်းနှင့် ကေဝဋ်အမတ်ကို မဟောသဓစစ်ဘုရင်က ဖမ်းမိချေပြီ'ဟု အမှတ်ရှိ၍ ပြင်းစွာထိတ်လန့်ကြသဖြင့် အချို့သော စစ်သည်တို့သည် မိမိတို့ ခါးဝတ်ပုဆိုးကိုမျှလည်း လေးအံ့၊ ရှုပ်အံ့ထင်လျက် ချွတ်၍၊ ကိုယ်လွတ်သာလျှင် ပြေးကြလေကုန်၏။

ဤသို့ပြေးကြသောအခါ ပဥ္စာလရာဇ်မင်း၏နေရာသစ်တပ်၌ အဝတ်တန်ဆာ၊ ဆင်၊မြင်း၊ ရထား၊ ဓား၊ လှံ၊ လက်နက်မျှသာကျန်ရစ်သဖြင့် တိတ်ဆိတ်ခြင်းသို့ ရောက်လေ၏။ ပဥ္စာလရာဇ်မင်းသည်လည်း ခရီးထောက် တော်ရာရောက်မှ ရပ်တန့်၍နေလျက် ထီးဆောင်းမင်းအပေါင်းတို့နှင့်တကွ မှူးမတ်ဗိုလ်ခြေတို့ကို သိမ်းယူ၍ မိမိနေရာ ပဥ္စာလရာဇ်ပြည်သို့ ပြန်သွားလေ၏။

ထိုသို့ ပဥ္စာလရာဇ်စစ်သည်တို့ပြေး၍ ညဥ့်မိုးသောက်ရောက်လတ်သော် မဟောသဓသေနမိန်၏ စစ်သည် သူရဲတို့သည် မြို့တံခါးကိုဖွင့်၍ ထွက်သွားကြည့်ရှုသဖြင့် ပဥ္စာလရာဇ်စစ်သည်တို့၏ ကြီးစွာသော ပျက်စီးခြင်းကို မြင်လျှင် မဟောသဓသေနမိန်အား ထိုအကြောင်းကို ပြန်ကြားလျှောက်ထားကြကုန်၏။ မဟောသဓသေနမိန်သည် စစ်သည်တို့စကားကိုကြားလျှင် "အချင်းတို့။ ထိုသို့တပြီးကား စွန့်ပစ်လေပြီးသောဘဏ္ဍာတို့ကို ငါတို့အပြင် အဘယ်သူ ရထိုက်အံ့နည်း။ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းတို့၏ အသုံးအဆောင် ဘဏ္ဍာဟူသမျှကို သိမ်းယူ၍ ငါတို့အရှင်မင်းကြီးအား ဆက်။ သူဌေးသူကြွယ်တို့၏ဥစ္စာ၊ ကေဝဋ်ပုဏ္ဏား၏ ဥစ္စာဟူသမျှကို သိမ်းယူ၍ ငါ့အား ဆက်။ ဗိုလ်မှူး၊ သူရဲ၊ စစ်ကဲ၊ စစ်ကြပ်တို့၏ဥစ္စာကိုလည်း ငါ၏ဗိုလ်မှူး၊ သူရဲ၊ စစ်ကဲ၊ စစ်ကြပ်တို့က ထိုက်ရာသိမ်းယူ၍ အညီအမျှ ယူကြစေ။ ကြွင်းသော ရဲမက်တို့၏ ဥစ္စာရပ်များမှာ ငါ၏စစ်သည် ရဲမက်မှစ၍ မြို့သူမြို့သားအပေါင်းတို့ အလိုရှိတိုင်း သိမ်းယူကြစေ"ဟု ဆို၏။

မဟောသဓသေနမိန် ဆိုသည့်အတိုင်း မင်းချင်းတို့သည် မင်းအမတ် ပုရောဟိတ်တို့၏ ဘဏ္ဍာဥစ္စာအဖိုး ထိုက်သမျှကိုသိမ်းယူ၍ ဝိဒေဟရာဇ်မင်းကြီး၊ မဟောသဓသေနမိန်တို့အား ထိုက်ရာဆက်ပြီးလျှင် အသီးအသီး မိမိတို့ထိုက်ရာဥစ္စာတို့ကို သိမ်းယူလေကုန်၏။ ဤသို့ မိထိလာပြည်သူပြည်သားအပေါင်းတို့သည် ဆင်၊ မြင်း၊ ရထား၊ ရွှေ၊ ငွေ၊ အဖိုးများစွာ ထိုက်သောအဝတ်တန်ဆာတို့ကို ပင်လျှင် ၁၄–၁၅ ရက်ပတ်လုံး ဆိုင်ရာဆိုင်ရာ အသီးအသီးမျှယူ၍ လက်စမသတ်နိုင် ဖြစ်ကုန်၏။

အဖိုးများစွာထိုက်သော အသုံးအဆောင်တို့ကိုမူကား ၄ လပတ်လုံး သိမ်းယူကြကုန်၏။ ဤသို့လျှင် ရန်စစ်ငြိမ်းပြီးသော် မဟောသဓသေနမိန်သည် အနုဏောဝဋ်ပုဏ္ဏားအား များစွာသော စည်းစိမ်အခြံအရံနှင့် ပူဇော်[၂၇] ချီးမြှောက်၏။ ပဥ္စာလရာဇ်စစ်သည်တို့သည် ထွက်ပြေးလေသည်မှစ၍ မိထိလာပြည်သူပြည်သားအပေါင်းတို့အား ရွှေ၊ ငွေ အသုံးအဆောင်များမြတ် ပြန့်ပြောခြင်းသို့ ရောက်လေကုန်၏။

ဤကား ဘုရားလောင်းမဟောသဓသေနမိန်၏ ဘုန်းပညာအစွမ်းဖြင့် ပဥ္စာလရာဇ်မင်းကို ၂ ကြိမ်မြောက် စစ်အောင်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၄၃။ ဒုတိယကျေးစေခန်း

ဥတ္တရ ပဉ္စာလရာဇ်ပြည်၌ စူဠနီဗြဟ္မဒတ်မင်းသည် ထီးဆောင်းမင်းအပေါင်းခြံရံလျက် မိထိလာပြည်ကို သိမ်းယူခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အားယုတ်ခြင်းသို့ ရောက်လေ၏။ ကေဝဋ္ဋအမတ်သည်လည်း ကြေးမုံပြင်၌ မျက်နှာရိပ်ကိုကြည့်တိုင်း မိမိနဖူး၌ အမာရွတ်ကိုမြင်လျှင် 'ဤအမာရွတ်သည် တစ်ပါးသောသူကြောင့် မဖြစ်။ သူကြွယ်သား မဟောသဓကြောင့် ဖြစ်၏။ သူကြွယ်သားသည် မင်းအမတ် ပရိသတ်အလယ်၌ ငါ့ကို အရှက်ခွဲဘိ၏။ ထို သူကြွယ်သားကို အဘယ်အခါ၌ အဘယ်အကြောင်းဖြင့် လက်စားချေရအံ့နည်း'ဟု ပြင်းစွာအမျက်ထွက်၍၊ နိုပ်စက်အံ့သောအကြောင်းကိုသာ အခါခပ်သိမ်းကြံလျက် ထိုစစ်ရှုံးသည်မှ ၁ နှစ် ရောက်သောအခါ ဤသို့သော အကြောင်းကို ကြံမိလေ၏။

'ငါတို့အရှင်မင်းကြီးသမီးတော် ပဉ္စာလစန္ဒီမင်းသမီး[၂၁၆]သည် ယခု အရွယ်ရောက်ဦးစအချိန်လည်း ဖြစ်သည်နှင့် နတ်သမီးကဲ့သို့ ရှု၍မငြီးသောအဆင်းကို ဆောင်၏။ ထိုမင်းသမီးဖြင့် ဝိဒေဟရာဇ်မင်းကိုဖြားယောင်း၍ အစာဖြင့် မွှမ်းမံသောသံမျှားချိတ်ကို မျိုသည့်ငါးကဲ့သို့ မဟောသဓနှင့်တကွ ဝိဒေဟရာဇ်မင်းကို ဖမ်းယူကွပ်မျက်ပြီးလျှင် ၁၀၀ သောထီးဆောင်းမင်းအပေါင်းခြံရံလျက် ငါတို့အရှင်မင်းကြီးအား အောင်သေ သောက်ခြင်းမင်္ဂလာကို ဆောင်စေအံ့'ဟု စိတ်ထဲအမြဲစွဲမှတ်ကြံစည်ပြီးသော် နန်းတော်သို့ ဝင်လေ၍ စူဠနီဗြဟ္မဒတ်မင်းအား

"အရှင်မင်းကြီး။ အကျွန်ုပ်တစ်ခုသော တိုင်ပင်စကား လျှောက်ထားဖွယ် ရှိပါသည်"ဟု လျှောက်တင်၏။ ကေဝဋ္ဋအမတ်စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "အမတ်ပုရောဟိတ်။ သင်၏အတိုင်အပင်ကိုမှီ၍ ငါတို့အား ခါးတွင် ပုဆိုးကိုမျှ အစိုးမရဖြစ်ကြကုန်ပြီ။ ယခု အဘယ်ကို သင် တိုင်ပင်ဦးမည်နည်း။ ငါ အလိုမတူ"ဟု ဆို၍ ဆိတ်ဆိတ်နေလေ၏။

ထိုအခါ ကေဝဋ္ဋအမတ်သည် "အရှင်မင်းကြီး။ ယခု အကျွန်ုပ်ကြံမိသောအကြောင်းသည် အတုမရှိသော[၂၁၇] ကြောင့်တည်း။ ဤဥပါယ်တံမျဉ်ဖြင့် ကြံဆောင်ရလျှင် အရှင်မင်းကြီးကို မညွတ်သောသူမည်သည် မရှိနိုင်ရာ"ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းက မိန့်တော်မူသည်မှာ "ဆရာပုရောဟိတ်။ ထိုသို့တပြီးကား သင်ကြံမိသောအကြောင်းကို လျှောက်လော့"ဟု ဆို၏။ ကေဝဋ္ဋအမတ်ကလည်း "အရှင်မင်းကြီး။ အကျွန်ုပ် ကြံမိသော ဥပါယ်တံမျဉ်ကို အကျွန်ုပ်နှင့် အရှင်မင်းကြီးသာ သိကြားစေအပ်၏"ဟု လျှောက်လျှင် စူဠနီဗြဟ္မဒတ်မင်းသည် "ဆရာပုရောဟိတ်။ ကောင်းပြီ။ အဘယ်အရပ်၌ တိုင်ပင်ကြရသော် သင့်မည်နည်း"ဟု ဆို၏။

ကေဝဋ္ဋအမတ်သည် "အရှင်မင်းကြီး။ နန်းတော်ပြာသာဒ် အထက်ဆင့်သို့တက်၍ တိုင်ပင်ရသော် ကောင်းပါ၏"ဟု လျှောက်ထားသဖြင့် မင်း,ပုရောဟိတ်တို့သည် နန်းတော်အထက်ဆင့်သို့ တက်ကြပြီးသော် ကေဝဋ္ဋအမတ်သည် မင်းကြီးအား ဤသို့ တိုင်ပင်စကားလျှောက်ထား၏။

"အရှင်မင်းကြီး။ အကျွန်ုပ်တို့သည် ဝိဒေဟရာဇ်မင်းကြီးကို ကိလေသာဖြင့် ဖြားယောင်းလျက် ဤနေပြည်တော်သို့ မဟောသဓနှင့်တကွ ခေါ်ဆောင်၍ လုပ်ကြံပယ်ဖျောက်ပြီးလျှင် အောင်သေသောက်ခြင်း[၂၁၈] မင်္ဂလာကို ဆောင်အံ့ဟု အကျွန်ုပ်ကြံမိပေသည်"ဟုလျှောက်၏။

ထိုစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "ဆရာပုရောဟိတ်။ သင်၏အကြံအစည် ဥပါယ် တံမျဉ်ကား ကောင်း၏။ ထိုသူတို့ကို အဘယ်ကိလေသာဖြင့် ဖြားယောင်း၍ ဤပြည်သို့ဆောင်ယူမည် သင် ကြံသနည်း"ဟု မေး၏။ မင်းကြီးမေးတော်မူသောစကားကိုကြားလျှင် ကေဝဋ္ဋအမတ်သည်



www.burmeseclassic.com

"အရှင်မင်းကြီး။ ဤနေပြည်တော်သို့ ထိုသူတို့ မရောက်မည်ကို စိုးရိမ်တော်မမူသင့်။ ဝိဒေဟရာဇ်မင်းကြီးသည် ကိလေသာငြိမ်းပြီးသောသူ ဧကန်ဖြစ်မူကား လွတ်နိုင်၏။ ကိလေသာ၏ကျွန်သာမှန်လျှင် နေရမည် မဟုတ်။ အကျွန်ုပ်အကြံမှာ

"အရှင့်သမီးတော်သည် အလွန်တင့်တယ်သော အရွယ်အဆင်းနှင့် ပြည့်စုံ၏။ သမီးတော်၏ အရွယ်အဆင်းနှင့်ပြည့်စုံခြင်းကို လည်းကောင်း၊ ကိုယ်သဏ္ဍာန်[၂၉]အလုံးအရပ် တင့်တယ်နုနယ် စံပယ်ခြင်းကို လည်းကောင်း၊ တေး, ဘွဲ့, ရတု, ရကန်, အဲ, အန်, သာချင်း, ပျို့ကဗျာ ဖွဲ့ဆိုတတ်သောသူများကို ဖွဲ့ဆိုစီကုံးစေပြီးလျှင် သာယာချိုအေးသောအသံဖြင့် သီတတ်ကုန်သောသဘင်များကို မိထိလာပြည်သို့ စေ၍ သီချင်းကို ပွဲပရိသတ်အလယ်၌ သီစေအံ့။ ထိုသို့သီသဖြင့် ပြည်တစ်ပါးကရောက်လာသော ရတု, ရကန်စသည်တို့ကို အပျော်အနွဲ့အဖွဲ့ အဆိုကောင်းကြောင်းကို မင်းကြီးနားကြားလျှင် နန်းတော်သို့ခေါ်၍ သီဆိုစေလတ္တံ့။

"ထိုသီချင်းသံကို ကြားရသောအခါ ဝိဒေဟရာဇ်မင်းကြီးသည် စိတ်တွင်းနှလုံးနေ မသေချွေနိုင်ဘဲ[၃၀] စွဲလမ်းကပ်ငြိသဖြင့် ပီတိညွတ်နူးလျက် ကူးယုက်သော ဆန္ဒအာသာကိုမှီ၍ 'ဤသို့သော လက္ခဏာနှင့်ပြည့်စုံစွာသော ဧကရာဇ်မင်း၏ သမီးကညာရတနာကို ငါထီးနန်းရှင်ဖြစ်လျက်နှင့် မရချေသော် ဝိဒေဟရာဇ်ပြည်ကို အစိုးရခြင်းသည် အကျိုးရှိတော့မည် မဟုတ်'ဟု နှုတ်မမြွက်သော်လည်း ဝိတက်အကြံအစည်နှင့်သာ မတည်မတံ့နိုင် ဖြစ်လတ္တံ့။

"ဤသို့ ရှေးဦးစွာ သဒ္ဒါရုံ[၃၁]ဖြင့် ဖျောင်းဖျညွတ်နူး၍ မူးယစ်စေပြီးသောအခါ မိထိလာပြည်သို့ အကျွန်ုပ်သွား၍ စကားအချိုအဆိမ့် နှစ်သိမ့်ဖွယ်ပျူငှာနှင့် လာအံ့သောနေ့ရက်ကို ချိန်းချက်ပြောဆိုခဲ့အံ့။ ထိုသို့ချိန်းချက်ခဲ့သော နေ့ရောက်၍ ဝိဒေဟရာဇ်မင်းတို့လာသောအခါမှ တံငါတို့၏သံမျှားကွေးကို အစာကျွေးသည်ထင်၍ မျိုမှားသော ငါးကဲ့သို့ သူကြွယ်သားနှင့် ဝိဒေဟရာဇ်မင်းတို့ သေခြင်းမလှ သေစေရပါမည်"ဟု တိုင်ပင်လျှောက်ထား၏။

ကေဝဋ်အမတ်ကြီးစကားကို မင်းကြီးကြားလျှင် နှစ်သက်ခြင်းရှိသဖြင့် "ဆရာပုရောဟိတ်။ ယခုသင်ကြံမိသော ဥပါယ်တံမျဉ်ကား အလွန်သင့်မြတ်၏။ ဆောင်ရွက်ရန်မူကား ကြီးကျယ်လှချေသည်။ ဤအကြံအတိုင်း ဆောင်ရွက်နိုင်သော် ဆိုဖွယ်ရာမရှိ ကောင်းလှ၏။ ဖြစ်မြောက်အောင် ကြံကြကုန်အံ့"ဟုဝန်ခံ၏။

ထို မင်း,ပုရောဟိတ်တို့ တိုင်ပင်ကြသောအခါ စူဠနီဗြဟ္မဒတ်မင်း၏ အိပ်ရာစောင့်ဖြစ်သော သာလိကာမ တစ်ကောင်သာ မင်းပုရောဟိတ်တို့၏အနီးတွင် ရွှေချိုင့်ထဲ၌ရှိသဖြင့် မင်းအမတ်တို့၏ အတိုင်အပင် စကားအလုံးစုံကို ကြားသိရ၏။

ဤသို့ တိုင်ပင်ပြောဆိုကြပြီးလျှင် အထက်နန်းပြာသာဒ်ဆင့်မှ ဆင်းသက်ခဲ့ကြ၍ စူဠနီဗြဟ္မဒတ်မင်းသည် မင်းအမတ်တို့ ညီလာခံရာနန်းတော်ဦး၌နေလျက် ကဗျာဗန္ဓ ဖွဲ့သီတတ်ကုန်သော ပညာရှိတို့ကို ခေါ်တော်မူစေပြီးသော် များစွာသော ဆုလာဘ်ပေးလျက်၊ သမီးတော်ပဉ္စာလစန္ဒီမင်းသမီးကိုလည်း ခေါ်၍ မင်းကြီး၏အနီး၌ ထားပြီးလျှင် "အချင်းတို့။ ဤ ငါ၏သမီးတော်ကိုဖွဲ့၍ ရတုရကန် ဉာဏ်သက်သမျှ စီကုံးပြီးလျှင် ငါ့အား အသီးအသီး ဆက်ကြရမည်"ဟု ဆို၏။

မင်းကြီး မိန့်တော်မူသောစကားကိုကြားလျှင် စာဆိုတော်ပညာရှိတို့သည် "ကောင်းပါပြီ"ဟု ဝန်ခံကြ၍ မင်းသမီး၏မျက်လုံးမျက်ဖန်, ကိုယ်သဏ္ဍာန်အနေအထား, သွားဟန် လာဟန်, ဆံထုံးနေ လည်နေ, အယှုအသိမ်း,

www.burmeseclassic.com



အတိမ်း အင့်၊ အနွဲ့အပျောင်း ကောင်းမြတ်သော လက္ခဏာ[၂၂၂] အမူအရာ ဟူသမျှကို ကဗျာမှုန်၌ လေ့ကျက်ကျွမ်းကျင်ကြသည့် ပညာရှိချည်း ဖြစ်ခြင်းကြောင့် တစ်ကြိမ်တည်းမျှ မျက်ရိပ်စောင်းလှည့်ကြည့်လိုက်ရုံမျှဖြင့် မြင်ထိုက်သမျှအလုံးစုံကို အကုန်အစင် သိမြင်မှတ်သားကြပြီးလျှင် မိမိတို့အိမ်သို့သွား၍-

အချို့သောပညာရှိက ပတ်၊ စောင်း၊ ညှင်းတို့၌တီးမှုတ်ရန် မင်းသမီးဖွဲ့တေးလိုက်တေးခံကို၊ အချို့သောပညာရှိက မင်းသမီးနှင့်ထိုက်လိုက်သော အတမ်း၊ အလွမ်း၊ အဲ၊ အန်ကို၊ အချို့သောပညာရှိက မင်းသမီးဖွဲ့အနွဲ့အပျောင်း နားမညောင်း နာပျော်ဖွယ်ဆန်းကြယ်သော သာချင်း၊ ရကန်ကို၊ အချို့သောပညာရှိက နှလုံးနှစ်သိမ့်သူကြားတိုင်း နားစိမ့်အောင် ချိုအိမ့်နက်လေးသော ဧချင်း၊ ရတု၊ ပျို့၊ ကဗျာကို။ ဤသို့သောအားဖြင့် ဉာဏ်သက်ရာ အသီးအသီး ဖွဲ့ဆိုစီကုံးကြပြီးသော် စူဠနီဗြဟ္မဒတ်မင်းကြီးအား ဆက်ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ထို ပညာရှိတို့ ပျို့ကဗျာဟူသမျှကိုကြားရလျှင် အလွန်နှစ်သက်ခြင်းဖြစ်၍ စာဆိုတော်ပညာရှိတို့အား များစွာသော ရွှေ၊ ငွေ၊ ဥစ္စာ ဆုလာဘ်ပေးချလိုက်ပြီးလျှင် နန်းတွင်းနန်းပြင် မြို့ထက်ဝန်းကျင် ပွဲသဘင်၌ နား၏တန်ဆာ သာယာနူးညွတ်ကြောင်း အပျောင်းအနွဲ့သီတတ်သော သဘင်သည်တို့ကိုခေါ်စေ၍၊ မိမိတို့အသံနှင့်ထိုက်တန်ရာ သာချင်း၊ ရတု၊ ရကန်၊ အဲ၊ အန်၊ ပျို့၊ ကဗျာတို့ကို စာဆိုတော်ပညာရှိတို့ထံ အသံနေအသံထားနှင့် စကားအယူအငင်ကို အသီးအသီး သင်ကြားလေ့ကျက်စေပြီးသော ပွဲသဘင်မင်္ဂလာဆောင် ပရိသတ်အစည်းအဝေးတို့၌ သင့်ရာဆိုင်ရာ ထိုကဗျာတို့ကို အသီးအသီး အပျောင်းအနွဲ့ဖွဲ့သီစေ၏။ ထိုသို့ သဘင်သည်တို့ သီဆိုဖွဲ့နွဲ့ကြသဖြင့် ပဉ္စာလစန္ဒီမင်းသမီး၏ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ ပြည့်စုံစွာ တင့်တယ်စံပယ် ရှုချင်ဖွယ်ရှိကြောင်းကို အမြို့မြို့အရပ်ရပ်တို့၌ အဆင့်ဆင့်ကြားနှံ့၍ မွှားပျံ့ထင်ရှားခြင်းသို့ ရောက်လေ၏။

ထို မင်းသမီးဖွဲ့ကဗျာသည် အရပ်ရပ်တို့၌ ထင်ရှားပျံ့နှံ့သော် စူဠနီဗြဟ္မဒတ်မင်းသည်။ ဤသို့အကြံဖြစ်ပြန်၏။ 'ယခု ငါ့သမီးတော်၏အဆင်းသဏ္ဌာန် ဂုဏ်အထူးရှိကြောင်းကို မြို့ရွာအရပ်ရပ်တို့၌ ရတု၊ ရကန်၊ အဲ၊ အန်၊ သာချင်းဖြင့်သာ ထင်ရှားခြင်းဖြစ်သေးသည်။ ထို့ထက်လွန်စွာလည်း လူ့ပြည်၌သာ ကျော်စောသည် မဟုတ်။ နတ်ပြည်ကပင် ပဉ္စာလစန္ဒီမင်းသမီး လှကြောင်းကို ကျော်စောထင်ရှားရှိ၏ဟု မိထိလာပြည်သူ့ပြည်သားလူအပေါင်းတို့ကို မှတ်စေဦးအံ့'ဟု ကြံ၍၊ ထို ရတု၊ ရကန်၊ အဲ၊ အန်၊သာချင်း ဆိုသောသူ သဘင်သည်တို့ကို ခေါ်စေပြီးလျှင် –

"အချင်းတို့။ သင်တို့သည်။ မိထိလာပြည်သို့ သွားကြပြီးသော် ငှက်ကြီးများကို မနာမကျင်ရအောင် ဖမ်းယူ၍ ညဉ့်အခါတိုင်း ကျေးငှက်တို့ကိုနားရာ သစ်ပင်ထက်သို့တက်၍ မင်းသမီးဖွဲ့ကဗျာများကို သီဆိုရင့်ရှုကျူးအေးကြလျက် မိုးသောက်သောအခါ လူမနိုးမီ နံနက်ဆောစောက ထိုငှက်ကြီးတို့ကို လည်၌ ချူဆည်းလည်းဆွဲ၍ လွှတ်လိုက်ပြီးလျှင် ထိုသစ်ပင်ထက်မှ ဆင်းသက်ကြလော့"ဟု ဆို၏။

ဤအကြံသည်ကား "ညဉ့်အခါ၌အိပ်၍ နိုးကုန်သောသူတို့သည် သစ်ပင်ထက်က ရင့်ရှုကျူးသော သီချင်းသံကို ကြားရသော်လည်းကောင်း၊ နံနက်စောစောက သစ်ပင်မှ အိမ်ပေါ်သို့ကျော်၍ ပျံကုန်သောငှက်ကြီးတို့၏ လည်က ချူဆည်းလည်းအသံကို မိထိလာပြည်သားတို့ ကြားရသော်၊ ငင်းပဉ္စာလစန္ဒီမင်းသမီး လှကြောင်းကို ဤလူ့ပြည်၌သာ ကျော်စောသည် မဟုတ်။ နတ်ပြည်တိုင်အောင် ကျော်စောခြင်းဖြစ်၍ နတ်တို့ပင်လည်း

www.burmeseclassic.com



သာယာချိုအေးသောသီချင်းသံဖြင့် ရင့်ရှူကျူအေး လာကြကုန်၏”ဟု လူအပေါင်းတို့အား ထင်မှတ်စေခြင်းငှာ စီရင်ကြံဆောင်သတည်း။]

ဤသို့ သဘင်သည်တို့အား မှာထားပြီးမှ တစ်ဖန် စာဆိုတတ်သူပညာရှိများကို ခေါ်ပြန်၍ “အချင်းတို့။ အလျင်စီကုံးသော ကဗျာများသည် အရပ်တိုင်း ပျံ့နှံ့၍ရှိပြီ။ ယခု မင်းသမီးဖွဲ့ အသစ်ကဗျာစီကုံးရမည်မှာ ငါ၏ဘုန်းအာဏာစည်းစိမ် အကြီးအကျယ် အနွယ်အမျိုးအစိုးရခြင်း နန်းရိပ်နန်းသံနှင့်တကွ ငါ့သမီးတော်၏အဆင်းသဏ္ဍာန် ထူးမြတ်တင့်တယ်ကြောင်း၊ ၁ ယောင်းယူဇနာ ကျယ်စွာသော ဤဇမ္ဗူဒိပ်ကျွန်းအပြင် ၁၀၀ သော တိုင်းကြီးပြည်ကြီးတို့၌ ငါ့သမီးတော်နှင့်ထိုက်တန်ရာမင်းကိုရွေးချယ်လျှင် ဝိဒေဟရာဇ်မင်းသည်သာ ငါ့သမီးတော်နှင့် တိုက်တန်သူဖြစ်ကြောင်းများကို သာယာချိုအေးအောင် စီကုံးဖွဲ့နွဲ့၍ အသီးအသီး ဆက်ကြရဦးမည်”ဟု မိန့်ဆိုတော်မူ၏။

မင်းကြီး မိန့်ဆိုတော်မူသောစကားကို ကြားလျှင် စာဆိုတော်ပညာရှိတို့သည် “ကောင်းပါပြီ”ဟု ဝန်ခံ၍၊ မိမိတို့အိမ်သို့ သွားကြပြီးလျှင်

ပဉ္စာလရာဇ်ပြည်၌ မိမျိုးဘမျိုးမှ ထီးရိုးနန်းစဉ်မပျက် ဆင်းသက်၍ဆက်ခံသော နန်းညွှန့်နန်းလျာ ဖြစ်ကြောင်း၊ ဘေးတော်, ဘိုးတော် မင်းအဆက်ဆက် မစိုးမစံရဖူးသော တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်း အပေါင်းတို့၏ ကောင်းမြတ်ရာ, ပဏ္ဏာကာရ[၂၄]နှင့် ပျပ်ဝပ်ကျိုးနွံရာ ပဉ္စာလရာဇ်အမည်ရှိသော ရာဇဌာနီ မင်းနေပြည်ကြီး၌ ထီးဆောင်းမင်းအပေါင်းတို့ခြံရံလျက် နတ်စည်းစိမ်နှင့်တူသော ဓကေရာဇ်မင်း၏[၂၅] စည်းစိမ်တော်ကို စိုးစံရကြောင်းများကို လည်းကောင်း၊

စူဠနီဗြဟ္မဒတ်မင်း၏ ဘုန်းတန်ခိုး အစိုးရခြင်းကို လည်းကောင်း၊ မင်းသမီး၏ မယ်တော်ဖြစ်သော နန္ဒာဒေဝီမိဖုရားအားလည်းကောင်း၊ မိန်းမကောင်းမိန်းမမြတ်ပေါ်ထွန်းရာ မဒ္ဒရာဇ်ပြည်၌ ထီးရိုးနန်းစဉ်မပျက် ဆင်းသက်၍ ဆက်ခံစိုးစံသော မဒ္ဒရာဇ်မင်းကြီးသမီးတော် ပဉ္စာလရာဇ်ပြည်၌ ဓကေရာဇ်မင်းကြီး၏ မိဖုရားကြီး တောင်ညာ နန်းမရှင်ဖြစ်ကြောင်းကို လည်းကောင်း၊

ထိုသို့ ဘုန်းအာဏာတန်ခိုး အစိုးရခြင်း စည်းစိမ်ကြီးရှင်ဖြစ်သော ဓကေရာဇ်မင်း,မိဖုရားတို့၏ အသက်ကဲ့သို့ ချစ်ခင်ကြင်နာမြတ်လေးသော ရင်သွေးရင်နှစ် သမီးတော်စစ်ဖြစ်၍ လူ့ပြည်၌ အတုမရှိသော အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာဖြင့် နတ်သမီးတမျှလှကြောင်း ပဉ္စာလစန္ဒီမင်းသမီး၏ဂုဏ်ကို လည်းကောင်း၊

နန်းရိပ်နန်းသံနှင့် ထိုက်တန်အောင် ချီးမြှောက်ပြီးလျှင်၊ ထိုသို့သောဓကေရာဇ်မင်း၏သမီးတော်နှင့် ထိုက်တန်ရာ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မင်းအပေါင်းတို့ကိုရွေးချယ်လျှင် တစ်ပါးသောမင်းတို့သည် ပဉ္စာလရာဇ် မင်းကြီး၏လက်နက်နိုင်ငံ အခွန်ပဏ္ဏာဆက်သွင်း၍ ကျွန်တော်မျိုးခံချည်းဖြစ်ခြင်းကြောင့် သမီးတော်နှင့်မထိုက်။ ဝိဒေဟရာဇ်မင်းမှုကား ဓကေရာဇ်မင်း၏လက်နက်နိုင်ငံ အခွန်သွင်းမဟုတ်ဖြစ်၍ အနွယ်အမျိုး အစိုးရချင်းတူမျှသော ထိုဝိဒေဟရာဇ်မင်းကြီးနှင့်သာ ပြည်ထောင်ဖက်ချင်း ဖြစ်သည်နှင့်အညီ ထိုက်တန်ကြောင်းကို ကောင်းမြတ်ချိုသာ နာပျော်ဖွယ်ဖွဲ့စီကုံးပြီးသော် ပဉ္စာလရာဇ်မင်းကြီးအား ရှေးနည်းအတူ အသီးအသီး ဆက်ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် စာဆိုတော်ပညာရှိတို့အား များစွာသော ရွှေ, ငွေ ဆုလာဘ် ပေးချေလိုက်ပြီးသော် သီချင်းသီတတ်ကုန်သော သဘင်သည်တို့ကို ခေါ်စေ၍ ဆုလာဘ်ပေးချေပြီးလျှင် “အချင်းတို့။ ယခု မိထိလာပြည်သို့ သွား၍ ငါမှာလိုက်တိုင်း ဤမင်းသမီးဖွဲ့ကဗျာကို သီဆိုကြချေ”ဟု စေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သဘင်သည်တို့လည်း မင်းကြီး ဆိုတိုင်း မိထိလာပြည်သို့ သွားကြလေသော် ခရီးအကြား မြို့, ရွာ,နိဂုံး, ဇနပုဒ်[၂၂၁]တို့၌ ရောက်တိုင်း ထိုမင်းသမီးဘွဲ့ကဗျာကို သီဆိုကြကုန်၏။

ငှက်တို့ကိုဖမ်းယူ၍လည်း ညဥ့်အခါ သစ်ပင်ထက်သို့တက်၍ သီကြပြီးလျှင် လူမနိုးမီ မိုးသောက်ထ၍ ထိုငှက်တို့ကို လည်၌ ချူဆည်းလည်းဆွဲ၍ လွှတ်လိုက်ကုန်၏။

ဤသို့ မြို့, ရွာရောက်တိုင်း သီလျက် အစဉ်သဖြင့် မိထိလာပြည်သို့ရောက်သောအခါ၌လည်း ဤနည်းအတူပင်လျှင် ပွဲသဘင်အလယ်၌ မင်းသမီးဖွဲ့ကဗျာကိုသီ၍၊ ညဥ့်အခါ၌ ငှက်တို့ကို လည်၌ ချူဆည်းလည်း ဆွဲလျက် လွှတ်လိုက်ကုန်၏။

မိထိလာပြည်သူပြည်သားအပေါင်းတို့သည် သာယာချိုအေးသော သီချင်းသံဖြင့် နား ညွတ်နူးသည်ဖြစ်၍ ကူးယှက်သောအာသာဆန္ဒ ရှိကြကုန်သဖြင့် ညဥ့်အခါ ထိုသဘင်သည်တို့လွှတ်လိုက်သော ငှက်တို့၏လည်မှ ချူဆည်းလည်းသံကိုကြားကြလျှင် "ပဉ္စာလစန္ဒီမင်းသမီး လှကြောင်းကို လူ့ပြည်၌သာ ကျော်စောခြင်းရှိသည် မဟုတ်။ နတ်ပြည်ကလည်း ကျော်စောခြင်းဖြစ်၍ နတ်တို့ပင် သီချင်း သီလာကြကုန်၏"ဟု တစ်ပြည်လုံး အုတ်အုတ် ကျက်ကျက် အချင်းချင်း ပဉ္စာလစန္ဒီမင်းသမီးဂုဏ်ကို ချီးမွမ်းပြောဆိုသောစကားသည် ဖြစ်၏။

ထိုသဘင်သည်တို့သည်လည်း များစွာသော ဥစ္စာဆုလာဘ်တို့ကို ရကုန်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် ပြည်တစ်ပါးက ရောက်လာသောသဘင်သည်တို့ အဖွဲ့အသီ ကောင်းကြောင်းကိုကြားလေသော် ထိုသဘင်သည်တို့ကို နန်းတော်သို့ခေါ်စေပြီးလျှင် ကြီးစွာသောပွဲသဘင်ခံ၍ မင်းသမီးဖွဲ့ကဗျာကိုသီစေသဖြင့် ဝိဒေဟရာဇ်မင်းကြီးနှင့်သာ ထိုက်တန်ကြောင်းများနှင့် သီဆိုသော ကဗျာများကို ကြားရလျှင် စည်းစိမ်ကြီးရှင်ဖြစ်၍ စိတ်နှလုံးနုပျိုဟောင်းတွင် သဒ္ဓါရုံကောင်းဆော်လှုံ့သဖြင့် ခေါက်တုံ့ပြန်စိတ် ယှက်ကူးလျက် ညွတ်နူးသောစေတနာဆန္ဒနှင့် အဆေးကရည်ငံခြင်းဖြစ်၍ "စူဠနီဗြဟ္မဒတ်မင်းသည် မိမိသမီးတော် ပဉ္စာလစန္ဒီမင်းသမီးကို ငါ့အားဆက်လိုသောကြောင့် ရှေးဦးစွာ သီချင်းဖြင့် သတင်းလွှင့်လိုက်သည်ထင်၏"ဟု လွန်စွာသောနှစ်သက်ခြင်းဖြင့် ထိုသဘင်သည်တို့အား များစွာသော ရွှေ, ငွေ ဆုလာဘ်တို့ကို ပေးချလိုက်၏။

[ဤစကား၌ ပဉ္စာလရာဇ်ပြည်သားတို့ အပေါင်းအန္တဲ့ဖွဲ့စီကုံးသော ကဗျာတို့ကို မိထိလာပြည်သားတို့ နားလည်ကြသည်ကိုထောက်လျှင် ထို ၂ ပြည် ၂ တိုင်းလည်း လူမျိုးပင်ခြားသော်လည်း စကားဘာသာ ကွဲကြဟန်မရှိ။]

ထို ပဉ္စာလရာဇ်ပြည်သား သီချင်းသည်,သဘင်သည်တို့သည် ဝိဒေဟရာဇ်မင်းကြီးကို သဒ္ဓါရုံ ကဗျာပျောင်းဖြင့် ဖျောင်းဖျ၍ညွတ်နူးစေပြီးသော် ပဉ္စာလရာဇ်ပြည်သို့ ပြန်သွားကြလေ၍၊ ပဉ္စာလရာဇ်ပြည်သို့ ရောက်သောအခါ ဝိဒေဟရာဇ်မင်းကြီး စိတ်ညွတ်ပျောင်းကြောင်းနှင့်တကွ စကားအလုံးစုံကို စူဠနီဗြဟ္မဒတ် မင်းကြီးအား လျှောက်ကြသဖြင့် ကြားတော်မူလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ် အမတ်ကြီးကို ခေါ်တော်မူ၍ ထိုအကြောင်းကို ပြန်ကြားပြောဆို၏။

ကေဝဋ်အမတ်သည်လည်း မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး။ ထိုသို့တပြီးကား နေ့ရက်အချိန်း အချက်နှင့် မေတ္တာဆက်စကားကို ပြောဆိုခြင်းငှာ အကျွန်ုပ် မိထိလာပြည်သို့ သွားချေအံ့"ဟု လျှောက်၏။ ကေဝဋ်အမတ်စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "ဆရာပုရောဟိတ်။ ကောင်းပြီ သွားချေလော့။



www.burmeseclassic.com

www.burmeseclassic.com



သွားမည့်အခွင့်၌ ဆရာပုရောဟိတ် အလိုရှိသည်ကိုသာ ဆိုလော့"ဟုဆို၏။ ကေဝဋ်အမတ်ကြီးသည် "အရှင်မင်းကြီး။ လျှောက်ပတ်ရုံမျှသော ပဉ္စာလလက်ဆောင်ကိုသာ ပေးတော်မူလိုက်ပါလော့"ဟုလျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ်အမတ်စကားကိုကြားလျှင် အဝတ်တန်ဆာ ထိုက်လျောက်ရာသော လက်ဆောင်ကို ကေဝဋ်အမတ်အားပေး၏။ ကေဝဋ်အမတ်စကားကို ကြားလျှင် အဝတ်တန်ဆာ ထိုက်လျောက် ကေဝဋ်အမတ်ကြီးသည် ထို မင်းဘဏ္ဍာ ပဉ္စာလလက်ဆောင်တို့ကိုယူ၍ များစွာသောအခြံအရံနှင့်တကွ မိထိလာပြည်သို့သွားလေသော် ဝိဒေဟရာဇ်တိုင်း နိုင်ငံစွန်းသို့ရောက်သဖြင့်၊ တိုင်းနိုင်ငံစွန်း စောင့်နေသောသူတို့က ကေဝဋ်အမတ် ဆက်သရန် ပဉ္စာလလက်ဆောင်နှင့် တိုင်းနိုင်ငံစွန်းသို့ရောက်ကြောင်းကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထားသဖြင့် ဝိဒေဟရာဇမင်းကြီးနှင့် မဟောသဓာသုခမိန်တို့သည် ကြားသိကြလေကုန်၏။

မိထိလာပြည်သူပြည်သား အပေါင်းတို့သည်လည်း ထိုအကြောင်းကို ကြားသိကြသော် "ငါတို့အား စစ်မက်အမှုကြောင့် ဥပဒ်ရန်ဘေး မရှိနိုင်ပြီ။ ပဉ္စာလရာဇ်မင်းကြီးသည် ငါတို့အရှင်မင်းကြီးအား အမျက်ရန်ငြိုးမသို၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ သမီးကညာရတနာနှင့် ပဉ္စာလလက်ဆောင် ဆက်သလိုသောကြောင့် ပုရောဟိတ် အမတ်ကြီးကို ယခု မေတ္တာအနှောင်အဖွဲ့ စေလွှတ်လိုက်သတတ်"ဟု မိထိလာပြည်အလုံး အချင်းချင်းဝမ်းမြောက် ဝမ်းသာ ပြောဆိုကြသောအသံဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်၏။

ဘုရားလောင်း မဟောသဓသုခမိန်သည်ကား ဤသို့ကြံ၏။ 'ပဉ္စာလရာဇ်မင်း, ကေဝဋ်အမတ်တို့သည် ငါ၏ပညာအစွမ်းကြောင့် ထီးဆောင်းမင်းပရိသတ် ဗိုလ်ခြေတို့၏အလယ်၌ ကွယ်ရာကိုးရာ မရ ဒုက္ခကြီးစွာနှင့် အရှက်ကြီးတွေ့ရလေပြီးသော ရန်သူစင်စစ်မှန်လျက် ငါတို့အရှင်မင်းကြီးအား အမျိုးဆက်လို၍ ယခု လာသည်ဆိုသည်မှာ အကြောင်းရှိရာ၏။ ထိုအကြောင်းကို သိအောင် ငါ စုံစမ်းဦးအံ့'ဟု ကြံပြီးလျှင် ပဉ္စာလရာဇ်ပြည်၌ သူလျှိုထားသောအမတ်ထံသို့ 'ငါတို့ပြည်သို့ ယခု ကေဝဋ်အမတ်လာသည်မှာ မင်းပုရောဟိတ်တို့ မည်သို့ အတိုင်အပင် အကြံစည်ရှိ၍လာကြောင်းကို ကြားမြင်တိုင်းသိသာအောင် လျှောက်ထားလိုက်ရမည်'ဟု စာနှင့်စေလွှတ်လိုက်၏။

သူလျှိုထားသောအမတ်သည် မဟောသဓသုခမိန်ထံက စာရောက်လျှင် 'အရှင်သုခမိန်။ ကေဝဋ်အမတ်ကြီးကို စေလွှတ်လိုက်သည်မှာ မည်သို့အကြောင်းနှင့် စေလွှတ်လိုက်သည်ဟု ကျွန်ုပ် တပ်အပ်မသိနိုင်ပါ။ ဆင်ခြင်ရန်မှုကား တစ်နေ့သ၌ ကေဝဋ်အမတ်သည် ပဉ္စာလရာဇ်မင်းနှင့် နန်းတော်ပြသာဒ် အထက်ဆင့်သို့တက်၍ မင်းကြီးအိပ်ရာ တိုက်ခန်း၌ ၂ ယောက်တည်းသာ အကြာအရှည်နေလျက် တိုင်ပင်ပြောဆိုကြသောအခါ မင်းကြီးအိပ်ရာစောင့်ဖြစ်သော သာလိကာမ တစ်ကောင်သာလျှင် ရှိ၏။ ထိုမှတစ်ပါး တစ်ယောက်သောသူမျှ မရှိ။ ထို့ကြောင့် မင်းပုရောဟိတ်တို့ အတိုင်အပင်ကို သာလိကာမ ကြားသိရလိမ့်မည် ထင်ပါသည်'ဟု စာနှင့် မဟောသဓထံသို့ ပြန်လျှောက်လိုက်၏။

ထို သူလျှိုအမတ်က လျှောက်ထားလိုက်သောစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ဤသို့ အကြံ ဖြစ်၏။ 'ပဉ္စာလရာဇ်မင်း, ကေဝဋ်အမတ်တို့သည် ငါတို့အရှင်မင်းကြီး၏ အဆွေခင်ပွန်းမဟုတ်။ ရန်သူတည်း။ ယခုလာသည်မှာလည်း မေတ္တာ[၂၆]ဆက်လို၍ လာသည်မဟုတ်။ ကိလေသာကျော့ကွင်းဖြင့် ငါတို့မင်းကြီးကို ကျော့ဖမ်းအံ့သောငှာလာသော ကေဝဋ်အမတ်အား ညှော်သည့်အဆွေခင်ပွန်းတို့ကို ပြုသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခည့်သည်တို့ ဝတ် အိပ်ရာ,နေရာစသည်ဖြင့် ပေးကမ်းချီးမြှောက်ခြင်းကို ပြုငြားသော်လည်း ကျေးဖုးတုံ့ကို မသိရာ။ 'မဟောသဓသည် ပညာရှိလျက် ငါတို့အကြံကိုမျှ မဆင်ခြင်မိလေ။ ပညာနည်းစွတကား'ဟူ၍သာ ကျေးဇူးမဲ့ကို ပြုရာ၏။

ထို့ကြောင့် ကေဝဋ္ဋအမတ်အား ချမ်းသာခွင့်ကို မပေးမူ၍ 'ငါစီရင်အပ်သော ဤမြို့၌ အလုံးစုံသော အခင်းအကျင်း အနေအထားကိုမပြဘဲ ကိုယ်,စိတ်ဆင်းရဲစွာနှင့် မိထိလာပြည်သို့ ပြန်သွားစေအံ့'ဟုကြံပြီးသော် ကေဝဋ္ဋအမတ်ဝင်ရာ တံခါးမှသည် နန်းတော်တံခါးတိုင်အောင်၊ နန်းတော်တံခါးဝမှသည် မိမိအိမ်တံခါးဝတိုင်အောင် မင်းလမ်းခရီး,အိမ်ဈေးတန်း နံပါး၂ ဘက်တို့၌လည်းကောင်း၊ အပေါ်၌လည်းကောင်း သရိုင်ဖျာ ကာမိုးပြီးလျှင် အမိုးနံကာအတွင်းတို့၌ ချောမွေ့ပြေပြစ်စွာလုပ်စေပြီးမှ ပန်းချီသမားတို့ကို ရုပ်စီ, ရုပ်ဆင့်, ပန်းပွင့်, ပန်းဖူး, အထူးထူးအဆန်းဆန်း, အခန်းခန်းအသွယ်သွယ် အတင့်အတယ်ရှိကြောင်း ကောင်းစွာသော ဆေးစုတ်တို့ဖြင့် ရေးခြယ်စေ၍ ထိုနံကာအတွင်းမြေအပြင်၌ သဲဖြူးခြင်း, ပန်းကြဲခြင်းတို့ကိုပြုစေ၏။ ရေချမ်းအိုး တည်ထားခြင်း၊ ငှက်ပျောပင် စိုက်ခြင်း၊ တံခွန်, မုလေးပွား, ကုက္ကား, ပုဆိုးဖြူ စိုက်ထူဖြန့်လွှားခြင်း တို့ကိုလည်း ပြုစေ၏။

မဟောသဓသည် ဤသို့ အလုံးစုံ ပြုရာဆောင်ရာသည်ကို ပြုပြင်စီရင်ပြီးမှ "ဝိဒေဟရာဇ်မင်းကြီးသည် ပဉ္စာလရာဇ်မင်း၏ပုရောဟိတ်ဖြစ်သော ကေဝဋ္ဋအမတ်ကြီးကို လက်ဆောင်ပဏ္ဏာနှင့် မေတ္တာဆက်လို၍ ငါ၏နိုင်ငံသို့ ရောက်လာသည်ဟု ငါကြားသိတော်မူသည်။ မြို့တော်သို့လာ၍ မည်သည့်တံခါးက ငါ့ထံသို့ ဝင်စေ"ဟု မင်းမိန့်ပြန်သဖြင့်၊ ကေဝဋ္ဋအမတ်ကြီးသည် မိထိလာပြည်သို့ လာရောက်၍ ထိုတံခါးဖြင့် မြို့တွင်းသို့ဝင်လေသော်၊ အဆန်းအကြယ် ရှုချင်ဖွယ်စီရင်အပ်သော မင်းလမ်းခရီးကိုမြင်လျှင် 'ဝိဒေဟရာဇ်မင်းကား ငါတို့အကြံအစည်ကို မသိ။ မိမိနှစ်သက်ရာပြောဆိုသော အပေါစကားနှင့် နားနှစ်သိမ့်၍ တစ်ပြည်တစ်နိုင်ငံက သံကြီးတမန်ကြီး ပညာရှိတို့ရောက်လျှင် ပြုပြင်ထုံး ရှိသည့်အတိုင်း ခရီးကို ကောင်းစွာတန်ဆာဆင်၏'ဟု ကြံအောက်မေ့၏။

မြို့၏အနေအထား အခင်းအကျင်းကို မမြင်စိမ့်သောငှာ စီရင်ကြောင်းကိုကား မသိ။ ဤသို့ ကေဝဋ္ဋ အမတ်သည် များစွာသောအခြံအရံနှင့် ဆက်သရန်ပဏ္ဏာလက်ဆောင်ကို ကောင်းစွာ ပြင်ဆင်စီရင် ခင်းကျင်း၍ နန်းတော်သို့ ဝင်လေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း များစွာသောပဏ္ဏာလက်ဆောင်နှင့် ကေဝဋ္ဋအမတ်ကြီးလာသည်ကို မြင်လျှင် နှုတ်ဆက်မေးမြန်း ပြောဆိုတော်မူ၍ တင့်အပ်သောနေရာ၌ နေစေ၏။ ကေဝဋ္ဋအမတ်သည်လည်း မင်းပေးသောနေရာ၌နေ၍ နှုတ်ဆက်စကား လျှောက်ထားပြီးလျှင် ပဏ္ဏာလက်ဆောင်တို့ကို မင်းကြီးအား ဆက်သ၏။ ဝိဒေဟရာဇ်မင်းကြီးသည် လက်ဆောင်ပဏ္ဏာကို သိမ်းထားပြီးသော် ကေဝဋ္ဋအမတ်အား ဝမ်းမြောက်ဝမ်းသာ နေရာ, အစားအသောက် တည်ကျွေး၍ ချီးမြှောက်၏။

ကေဝဋ္ဋအမတ်လည်း မင်းကြီး၏အချီးအမြှောက်ခံရပြီးလျှင် မိမိလာကြောင်းကို မင်းကြီးအား လျှောက်တင်လို၍ 'ရာဇာ သန္ထဝကာမော တေ'အစရှိသော ၂ဂါထာတို့ဖြင့် လျှောက်ဆို၏။ အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ်တိုင်းကြီးကို အစိုးရတော်မူသော အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင် ပဉ္စာလရာဇ်မင်းကြီးသည် အရှင်မင်းကြီးနှင့် အဆွေခင်ပွန်း ဖွဲ့တော်မူလိုသည်ဖြစ်၍ ဆင်ရတနာ, မြင်းရတနာ အစရှိသော ရတနာတို့နှင့် သမီးကညာ ရတနာကို အရှင်မင်းကြီးအား ပေးအပ် ဆောင်နှင်းတော်မူလျက် ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေသည်



www.burmeseclassic.com

www.burmeseclassic.com



မပြားမနား အခြားမရှိ ဂုဏ်တူ၍ တစ်စပ်တည်းစီးသကဲ့သို့ ဤတိုင်း ၂ တိုင်းသည်လည်း မပြားမနား အခြားမရှိ။ မင်း ၂ ပါးတို့သည် နှစ်စဉ်မပြတ် ထိုက်လျောက်ရာပဏ္ဏာလက်ဆောင်နှင့် သာယာပြေပြစ် ချစ်နှစ်လိုဖွယ်စကားကို ဆိုတတ်ကုန်သော သံတမန်ပညာရှိတို့ကို တစ်ပြည်မှသည် တစ်ပြည်သို့ အချင်းချင်း စေလွှတ်တော်မူကြသဖြင့် ၂ ပါးသောပြည်ထဲရေး ငြိမ်းချမ်းသာယာစွာ မေတ္တာ ၂ တည် အရှည်မကွဲ ဆက်တွဲ နှောင်ချည်တော်မူလိုသောကြောင့် ယခု အကျွန်ုပ် ရောက်လာပါသည်”ဟု ၂ ဂါထာဖြင့် လျှောက်ထားပြီးလျှင်

“အရှင်မင်းကြီး။ အကျွန်ုပ်တို့ အရှင်ပဉ္စာလရာဇ်မင်းကြီးသည် တစ်ပါးသော မှူးကြီးမတ်ကြီး ပညာရှိတို့ကို အရှင်မင်းကြီးအထံသို့ စေလွှတ်တော်မူလိုလျက် မင်း ၂ပါးတို့အထက် ရန်မူမိသောကြောင့် မငြိမ်မသက်ရှိကြသည်နှင့် ထို အမတ်, တမန်တို့ မချေမငံလျှောက်ထား၍ စကားမနူးမညံ့ ရှိချေလျှင် အရှင်မင်းကြီး မယုံမကြည် ရှိတော်မူလိမ့်မည်ကို စိုးရိမ်တော်မူသောကြောင့် အကျွန်ုပ်ကို ခေါ်တော်မူ၍ ‘ဝိဒေဟရာဇ်မင်းကြီးထံ ဆရာပုရောဟိတ် သွားမှ စကားပြေလည်မည် ဖြစ်သည်။ ဝိဒေဟရာဇ်မင်းကြီးအား စကားအလုံးစုံကို လျှောက်ထား၍ သဘော တူမူလျှင် ဤ ငါ၏ပြည်သို့ အမျိုးဆက်အံ့သောငှာ ဆရာပုရောဟိတ်ပင် ဝိဒေဟရာဇ်မင်းကြီးကို ချီးပင့် ဆောင်ယူချေရမည်”ဟု စေလွှတ်တော်မူပါသည်။

“အကျွန်ုပ်တို့အရှင် ပဉ္စာလရာဇ်မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်း[၂၇]အပြင်၌ ၁၀၀ သော ထီးဆောင်းမင်း အပေါင်းတို့တွင် အရှင်မင်းကြီးတစ်ပါးကိုသာ ပြည်ထောင်ဖက်ချင်း ထပ်တူထင်တော်မူသည်နှင့်အညီ အဆွေ ခင်ပွန်းဖွဲ့လျက် အမျိုးဆက်တော်မူလိုသည်ဖြစ်၍ အရှင်မင်းကြီး ကြွတော်မူပါလျှင် သမီးကညာရတနာနှင့် များစွာသော လက်ဆောင်လက်နက်တို့ကိုလည်း ရတော်မူလတ္တံ့။ ဤ ၂ ပြည်, ၂ တိုင်းလည်း မရိုင်းမခြား သားတော်အစဉ် မြေးတော်အဆက် မပျက်သော အဆွေခင်ပွန်းကြီး ဖြစ်တော်မူကြလတ္တံ့။ ထို့ကြောင့် ပဉ္စာလရာဇ်ပြည်သို့ အရှင်မင်းကြီး ကြွတော်မူမှ သင့်ပါမည်”ဟု လျှောက်ကြား၏။

ကေဝဋ္ဋအမတ်ကြီးစကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန် နှစ်သက်ရွှင်လန်းစွာ ‘သမီးကညာ ရတနာကို ငါ မချွတ်လျှင် ရတော့မည်’ဟု ကြားကာမျှနှင့် ဆန္ဒအာသာ[၂၈]ကူးယက်၍ မျက်စိအနီးသို့ မင်းသမီး ရောက်ပြီးလောက်ထင်လျက် ကေဝဋ္ဋအမတ်ကြီးအား “ဆရာ ပုရောဟိတ်။ ဆရာပုရောဟိတ်နှင့် ငါ၏သားတော် မဟောသဓ သုခမိန် ပညာရှိ ၂ ယောက်တို့ ယမန်နှစ်က တရားစစ်ထိုးရာ မြေတလင်း၌ အချင်းချင်း စိတ်မကြည်ဖြူ ရှိကြသည်။ ယခု ငါ၏သားတော် မဟောသဓအိမ်သို့ ဆရာပုရောဟိတ် သွား၍ အမျက်ရန်ပြေငြိမ်းကြောင်း ကောင်းသောစကားဖြင့် တစ်ယောက်အပြစ်ကို တစ်ယောက် တောင်းပန်သည်းခံ ကန်တော့ကြပြီးလျှင် ဤပြည်သို့ သင် ယခုလာကြောင်းကိုလည်း အလုံးစုံတိုင်ပင် ပြောဆိုကြလျက် ငါ့သားမဟောသဓနှင့် အညီအညွတ် ငါ၏အထံတော်သို့ လာခဲ့လော့”ဟု ဆို၏။

မင်းကြီးစကားကို ကြားလျှင် ကေဝဋ္ဋအမတ်ကြီးသည် ‘ဤပြည်၌ ကျော်စောထင်ရှားစွာသော မဟောသဓ ပညာရှိကို ငါ ရှုကြည့်ချေအံ့’ဟု ကြံပြီးလျှင် “အရှင်မင်းကြီး။ ကောင်းပါပြီ”ဟု လျှောက်တင်၍ နန်းတော်မှ သရိုင်ဖျာကာမိုးသော မင်းလမ်းခရီးဖြင့် မဟောသဓသုခမိန်အိမ်သို့ သွားလေ၏။

မဟောသဓသုခမိန်သည်လည်း ‘ထို ကေဝဋ္ဋအမတ် နန်းတော်သို့ဝင်သည်နေ့၌ မချွတ်လျှင် ငါ၏ အိမ်သို့လည်း ကေဝဋ္ဋအမတ် လာလတ္တံ့။ ယုတ်မာသောအကြံနှင့် အန္တရာယ်ဖြစ်ကြောင်း မကောင်းသဖြင့်လာသော



www.burmeseclassic.com

www.burmeseclassic.com



ထိုကေဝဋ္ဋအမတ်နှင့် စကားမေးမြန်းပြောဆိုခြင်းကိုပြု၍ အဘယ်အကျိုး ရှိအံ့နည်း’ဟုကြံလျက် အတန်ငယ်သော ထောပတ်သစ်ကိုသောက်၍၊ အိမ်အတွင်း၌ မိမိအိပ်ရာတွင် ကာသိကရာဇ်တိုင်းဖြစ်ထည်မျိုး ပုဆိုးကောင်းတို့ဖြင့် စီရင်အပ်သော အဝတ်ညောင်စောင်းတစ်ခုကိုသာ ချန်ထား၍ ထိုမှကြွင်းသော ညောင်စောင်း, အင်းပျဉ်[၂၉]တို့ကို ပြင်သို့ထုတ်စေပြီးလျှင် အိမ်ကြမ်းပြင်၌ နွားချေးစိုတို့ဖြင့် လိမ်းကျံစေ၏။ အိမ်တိုင်တို့၌လည်း ဆီဖြင့် စိုအောင် လိမ်းသုတ်စေ၏။

ဤသို့စီရင်ပြီးမှ မိမိအခြံအရံဖြစ်သော မင်းချင်းတို့ကိုခေါ်၍ ဤသို့ အမှတ်ပေး၏။ “အချင်းတို့။ ငါ့အိမ်သို့ ကေဝဋ္ဋပုဏ္ဏားရောက်သောအခါ ထိုပုဏ္ဏားသည် ငါ၌ ‘စကားပြောဟောအံ့’ဟု ပြုလတ္တံ့။ ထိုသို့ ကေဝဋ္ဋပုဏ္ဏား စကားပြောမည်ပြုလျှင် သင်တို့က ‘ပုဏ္ဏားကြီး။ ယနေ့ ငါတို့ အရှင့်သားတော်သုခမိန်သည် ထက်စွာသောထောပတ်သစ်ကို သောက်တော်မူ၏။ အရှင့်သားတော် သုခမိန်နှင့် သင်ပုဏ္ဏား စကား ပြောဟောခြင်းကို မပြုနှင့်’ဟု ဆိုကြကုန်။ ထို ကေဝဋ္ဋအမတ်အား ငါပင် စကားပြောမည်ပြုပြားသော်လည်း သင်တို့က ‘အရှင့်သား။ ကိုယ်တော် ယနေ့ညဉ့် ထက်စွာသောထောပတ်သစ်ကို သောက်တော်မူ၏။ သူတစ်ပါးနှင့် စကားပြောဟောတော် မမူပါလင့်”ဟု ငါ့အား တားမြစ်လျှောက်ထားကြကုန်။

“ဤသို့မှာထားပြီးလျှင် မဟောသဓသုခမိန်သည် နီစွာသောပုဆိုးကိုဝတ်လျက် တံခါး ၇ တန်တို့၏ အတွင်း၌ ခင်းအပ်သော ပုဆိုးညောင်စောင်းပေါ်၌ အိပ်နေလေ၏။ ၀

ကေဝဋ္ဋအမတ်သည် နန်းတော်မှလာလတ်၍ မဟောသဓသုခမိန်၏ အိမ်အပြင်တံခါးဝသို့ရောက်လျှင် တံခါးခုံ၌ ရပ်လျက် “မဟောသဓသုခမိန်။ အဘယ်မှာနည်း”ဟု မေး၏။ ထိုအခါ ကေဝဋ္ဋအမတ်ကို မဟောသဓ သုခမိန်မင်းချင်းတို့သည် “ပုဏ္ဏား။ အဘယ့်ကြောင့် ငြီးငွေ့ဖွယ်သောအသံကို ပြုသနည်း။ စကားမပြောနှင့်။ လာလိုလျှင် အသာအယာ ဆိတ်ဆိတ်လာခဲ့။ ငါတို့အရှင်မင်းသည် ထက်လှစွာသောထောပတ်သစ်ကို ယနေ့သောက်လျက် စက်တော်ခေါ်သည်ဖြစ်၍ မည်သည့်သူမျှ အသံပြင်းပြင်း မပြုကြရ”ဟု ငေါက်ငမ်း ဆိုမြည်ကြသဖြင့် ကေဝဋ္ဋအမတ်သည် အသံမပြုဘဲ ထိုတံခါးတွင်းသို့ ဝင်၏။ တစ်ဖန် ဒုတိယတံခါးသို့ ရောက်ပြန်လျှင်လည်း ရှေးနည်းအတူ ငေါက်ငမ်း ဆိုမြည်ကြကုန်၏။ ဤသို့သောနည်းဖြင့် တံခါး ၇ တန်တို့၌ စောင့်နေသူတို့က ငေါက်ငမ်းဆိုမြည်ကြသောကြောင့် အသံမပြုဘဲ အဖြည်းအသာသွား၍ တံခါး ၇ တန်ကို လွန်မြောက်သဖြင့် မဟောသဓသုခမိန်အိပ်ရာ ပုဆိုးညောင်စောင်းအနီးသို့ ရောက်လေ၏။

မဟောသဓသုခမိန်သည် ကေဝဋ္ဋအမတ်ကိုမြင်လျှင် မျက်နှာပြ၍ စကားပြောအံ့သကဲ့သို့ ပြု၏။ ထိုအခါ မင်းချင်းတို့က “အရှင့်သား။ ကိုယ်တော် ယနေ့ ထက်စွာသောထောပတ်သစ်ကို သောက်တော်မူ၏။ ဤပုဏ္ဏားညစ်နှင့် ဖက်ပြိုင်၍ စကားပြောတော် မမူထိုက်ပါ”ဟု တားမြစ်လျှောက်ထားကြကုန်၏။ ကေဝဋ္ဋ အမတ်သည် ထိုင်ခြင်းငှာ နေရာရှုကြည့်ပါသော်လည်း နွားချေးလွတ်ရာကိုမမြင်။ မှီ၍ရပ်ခြင်းငှာ မှီရာကြည့်ပါ တုံသော်လည်း ဆီ မလိမ်းမသုတ်သောတိုင်ကို မမြင့်သည်ဖြစ်၍ နွားချေးစိုကို ခြေစုံနင်းလျက်သာလျှင် ရပ်နေရလေ၏။

ထိုသို့ ကေဝဋ္ဋပုဏ္ဏားရပ်နေစဉ် မဟောသဓသုခမိန်၏ မင်းချင်းတစ်ယောက်သည် ကေဝဋ္ဋပုဏ္ဏားကို မျက်နှာချင်းကြည့်လျက် မျက်စိမှိတ်၏။ တစ်ယောက်သောမင်းချင်းသည် ပုဏ္ဏားကိုကြည့်လျက် မျက်မှောင်ချီ၏။ တစ်ယောက်သောမင်းချင်းသည် ပုဏ္ဏားကိုကြည့်လျက် တံတောင်ဆစ်ကို ယား၍ဖျောက်ဟန်နှင့် ရွယ်၏။

www.burmeseclassic.com



ကေဝဋ်အမတ်သည် ထိုမင်းချင်းတို့၏ အမူအရာကိုမြင်လေသော် နှလုံးမသာ မျက်နှာမရွှင်ဖြစ်၍ မဟောသဓသုခမိန်အား "သုခမိန်။ အကျွန်ုပ် သွားတော့မည်"ဟု ဆို၏။

ထိုအခါ အတွင်းတံခါး၌ နေသော မင်းချင်းတစ်ယောက်သည် "ဟယ်၊ ပုဏ္ဏားယုတ်။ အသံမပြုနှင့်ဟု ဆိုသည်ကို အဘယ့်ကြောင့် အသံပြုသနည်း"ဟု နောက်ကနေ၍ ငေါက်၏။ ကေဝဋ်အမတ်သည် ထိုအသံဖြင့် ထိတ်လန့်လျက် ပြန်လည်၍ကြည့်၏။ ထိုသို့ကြည့်စဉ် မင်းချင်းတစ်ယောက်သည် ဝါးခြမ်းစိတ်ဖြင့် ကေဝဋ်ပုဏ္ဏား၏ကျောကို ရိုက်နှက်ပြန်လေ၏။ ထို ရိုက်သောသူကို လှည့်၍ကြည့်စဉ်ပင်လျှင် မင်းချင်း တစ်ယောက်သည် ကေဝဋ်ပုဏ္ဏား၏ကျောကို လက်ဆုပ်ဖြင့် တွန်းတိုးပုတ်ခတ်ပြန်၏။ ထို ပုတ်ခတ်သောဒဏ်ဖြင့် ဦးလွန်၍တိမ်းစဉ် မင်းချင်းတစ်ယောက်သည် ပုဏ္ဏား၏လည်ကိုကိုင်ညှစ်၍ တွန်းပစ်လိုက်ပြန်၏။ ကေဝဋ်အမတ်သည် သစ်၊ ကျား တို့၏ခံတွင်းမှလွတ်သော ချေးသမင်ကဲ့သို့ ပြင်းစွာတုန်လှုပ်ကြောက်လန့်ခြင်းဖြင့် မဟောသဓသုခမိန်အိမ်မှ ထွက်ခဲ့၍ မင်းကြီးနန်းတော်သို့ သွားလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည်ကား ဤသို့ အကြံဖြစ်၏။ 'ပဉ္စာလရာဇ်မင်းက သမီးကညာဆက်မည့်အကြောင်းကို ကေဝဋအမတ်ကပြော၍ ငါ့သားသည် ယနေ့ ဝမ်းမြောက်ဝမ်းသာ ရှိလိမ့်သတတ်။ ငါ့သားအိမ်၌ ယနေ့ သုခမိန် ၂ယောက် တွေ့ဆုံမိကြသဖြင့် အကြောင်းအကျိုးနှင့်စပ်သော တရားစကားကို အချင်းချင်း ဆွေးနွေးမေးမြန်းတိုင်ပင်ကြလျက် အထက်က တစ်ယောက်ကိုတစ်ယောက် လွန်ကျူးမိကြသည့် အပြစ်ကိုလည်း တောင်းပန်ကန်တော့ကြ၍ အမျက်ပြေငြိမ်းကြသဖြင့် အချင်းချင်း မိတ်ဆွေခင်ပွန်း ဖြစ်ကြလိမ့်သတတ်။ ငါ့အား ဤသို့သော မင်းအဖြစ်ကို ရတော်စွတကား'ဟု အောက်မေ့ကြံစည်လျက် နေတော်မူစဉ် ကေဝဋ်အမတ် လာသည်ကို မြင်လျှင် မဟောသဓသုခမိန်နှင့် စကားအနီးအနေ့ာ[၉၀]ပြောဆိုခဲ့ရသောအကြောင်းကို မေးတော်မူ၍ 'ကထံနုကေဝဋ္ဋ မဟောသဓေန'အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ကေဝဋ်အမတ်ကြီး။ အသို့နည်း။ ငါ့သားမဟောသဓနှင့် သင်သည် တရားစစ်ထိုးကြသောအခါ၌ တစ်ယောက်ကိုတစ်ယောက် မကြည်ဖြူ ရှိဖူးကြသောအပြစ်များကို အချင်းချင်း တောင်းပန်ကန်တော့၍ ပြေငြိမ်းကြသဖြင့် အကျွမ်းတဝင် ရှိခဲ့ပါ၏လော။ ယခု သင်လာသောအကြောင်းကို ငါ့သားမဟောသဓအား ပြောလျှင် မဟောသဓသည် နှစ်သက်ဝမ်းသာ ရှိပါ၏လော"ဟု ဆီး၍မေး၏။

ဝိဒေဟရာဇ်မင်းကြီး စကားကိုကြားလျှင် ကေဝဋ်အမတ်သည် မဟောသဓသုခမိန်အား အမျက်ထွက်သောအားဖြင့် မသူတော်[၉၁]ဖြစ်ကြောင်းကို ဆိုလို၍ 'အနရိယရူပေါပုရိသော ဇနိန္ဒ'အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ မဟောသဓကို ပညာရှိသူတော်ကောင်း ထင်မှတ်၍ သုခမိန်အရာ၌ ထားတော်မူ၏။ ထိုမဟောသဓသည် သူတော်ကောင်း မဟုတ်။ ပညာရှိသသော မသက်။ အကျွန်ုပ်သည် အရှင်မင်းကြီးစကားနှင့် ပညာရှိသူတော်ကောင်းပင် ထင်မှတ်၍ စကားနီးနှော ပြောဆိုလိုသဖြင့် သွားပါသည်ကိုလျက် ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း ကောင်းမြတ်စွာ ဧည့်သည်တို့အား နှုတ်ဆက်မေးမြန်းခြင်း၊နေရာပေးခြင်း စသည်တို့ကိုမျှ မပြု။ အလွန် မာနခက်ထန်၏။ အကျွန်ုပ်ကို ကြည့်လျက်သာလျှင် နားပင်း နှုတ်အသောသူကဲ့သို့ အကြောင်းအကျိုးနှင့် စပ်သည်ကိုထား၍ တစ်ပါးသောစကားကိုပင်လည်း တစ်ခွန်းမျှ မပြောမဆို နေ၏။

"ထို့ကြောင့် ထိုသူ၌ ပညာရှိဟုထင်မှတ်ဖွယ် ဂုဏ်ကျေးဇူး တစ်စိုးတစ်စိမျှ[၉၂]မရှိ"ဟုလျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ကေဝဋ်အမတ်စကားကိုကြားလျှင် နှလုံးမသက်မသာရှိသော်လည်း မထင်ရှားစေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကေဝဋ်အမတ်ကို တည်းနေရန် သင့်ရာအရပ်၌ သံတဲစီရင်စေပြီးသော် ကေဝဋ်အမတ်အားလည်းကောင်း၊ ကေဝဋ်အမတ်၏အခြံအရံ မင်းချင်းတို့အား လည်းကောင်း "အချင်းတို့။ သင်တို့ ညောင်းညာ ပင်ပန်းကြတော့မည်။ သံတဲသို့သွား၍ အညောင်းအညာ အပင်ပန်း ဖြေကြဦးလော့"ဟုဆို၍ ကောင်းသောအိပ်ရာ, နေရာ, စားနပ်ရိက္ခာနှင့်တကွ များစွာချီးမြှောက်လျက် သံတဲသို့သွား၍ တည်းနေစေ၏။

ထို ကေဝဋ်အမတ်တို့ သံတဲသို့ ဆင်းသွားသောအခါမှ ဝိဒေဟရာဇ်မင်းသည် ဤသို့ကြံ၏။ 'ငါ့သား မဟောသဓသုခမိန်ကား နှုတ်ဆက်မေးမြန်းခြင်း စသော ဧည့်သည်တို့၏ဝတ်ကိုပြုခြင်း၌ အလွန်လိမ္မာသောသူ ဖြစ်လျက် ကေဝဋ်အမတ်ကို ယခု မလောက်မလေး[22] ပြုလိုက်သည်မှာ လာလတ္တံ့သောဘေးကိုမြင်၍ ငါ့သား ပြုသည်ဖြစ်ရာ၏'ဟုကြံလျက်၊ မိမိအလိုအလျောက်ပင်လျှင် 'အဒ္ဓါ ဣမံ မန္တပဒံ သု ဒုဒ္ဒသံ'အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"သူတစ်ပါးတို့လျှို့ဝှက်အပ်သော အတိုင်အပင်နှင့် အကောက်ကြံသည်ကို ပညာနည်းသောသူတို့ အလွန်သိနိုင်မြင်နိုင်ခဲ၏။ ငါ့သားသုခမိန်သာ အတုမရှိသော ပညာ, သတိ, ဝီရိယနှင့် ပြည့်စုံခြင်းကြောင့် ထိုသို့လျှို့ဝှက်ခက်ခဲသော အကြံအစည် အတိုင်အပင်ကို သိမြင်တတ်၏။ ယခု ငါတို့ပြည်သို့ ကေဝဋ်အမတ်လာသည်မှာ မိတ်ဖွဲ့လို၍ လာသည်မထင်။ မင်းသမီးဖြင့် ဖြားယောင်း၍ ငါ့ကို ပဉ္စာလရာဇ်ပြည်သို့ ခေါ်ဆောင်ပြီးလျှင် ဖမ်းဆီး၍ ဖျက်ဆီးမည်အကြံနှင့် လာသည်ဖြစ်၏။

"ထို့ကြောင့် ကေဝဋ်အမတ် ရောက်စကပင် ငါ၏ကိုယ်,စိတ်သည်လည်း တုန်တုန်လှုပ်လှုပ် ရှိ၏။ ထို ကေဝဋ် အမတ်တို့၏ အတိုင်အပင် အကြံအစည်ကို ငါ့သားသုခမိန်သိသဖြင့် နောင်လာလတ္တံ့သောဘေးကို မြင်သည်ဖြစ်၍ ကေဝဋ်အမတ်အား မလောက်မလေး ပြုလိုက်သည်ဖြစ်ရာ၏။ မဖြောင့်မမှန် အကြံအစည်နှင့် ဖြားယောင်းလာသော ကေဝဋ်အမတ်၏စကားကို နာယူလျက် ဤ ငါ၏ပြည်ကိုစွန့်၍ ရန်သူလက်သို့လိုက်သဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း'ဟု ထိုအကြောင်းကို အဖန်တလဲလဲ ဆင်ခြင်လျက် ကြောက်လန့်ခြင်းဖြစ်နေစဉ် သေနကအစရှိသော အမတ်သုခမိန် ၄ ယောက်တို့သည် နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားလာကြကုန်၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကို "အမတ်ကြီးသေနက။ ယခု ပဉ္စာလရာဇ်မင်းက သမီးတော်နှင့် အမျိုးဆက်လိုပါသည်။ ပဉ္စာလရာဇ်ပြည်သို့ ကြွတော်မူခဲ့ပါဟု ကေဝဋ်အမတ်ကြီးကို စေလွှတ်လိုက်၍ ငါ့အား လျှောက်ထားစေလာ၏။ ထို ပဉ္စာလရာဇ်ပြည်သို့သွား၍ စူဠနိဗြဟ္မဒတ်မင်း၏ သမီးတော်ရတနာကို ဆောင်ယူချေရသော် ကောင်းမည်လော၊ မကောင်းမည်လော။ သင် အသို့ထင်သနည်း"ဟု မေး၏။

သေနကအမတ်သည် မင်းကြီးစကားကိုကြားလျှင်

"အရှင်မင်းကြီး။ အသို့ အမိန့်ရှိတော်မူသနည်း။ ရှေ့သို့ရောက်ပြီးသော စည်းစိမ်ကို တုတ်, လှံတံဖြင့် တွန်းပစ်ရိုက်ခတ်ဘိသကဲ့သို့ ဘုန်းတော်ကြောင့် ရောက်လာသော စည်းစိမ်တော်ကို မပယ်သင့်။ ပဉ္စာလရာဇ်ပြည်သို့ ကြွတော်မူ၍ စူဠနိဗြဟ္မဒတ်မင်း၏ သမီးတော်ကို အရှင်မင်းကြီးရတော်မူလျှင် ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ စူဠနိဗြဟ္မဒတ်မင်းမှတစ်ပါး အရှင်မင်းကြီးနှင့်တူသော ထီးဆောင်းမင်းမည်သည် မရှိနိုင်ရာ။

"အဘယ့်ကြောင့်နည်းဟူမူ ထို စူဠနိဗြဟ္မဒတ်မင်းသည် မိမိသမီးတော်နှင့်ထိုက်တန်ရာ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ရွေးချယ်လျှင် တစ်ပါးသော ထီးဆောင်းမင်းတို့သည် မိမိ၏လက်နက်နိုင်ငံချည်း ဖြစ်ခြင်းကြောင့် သမီးတော်နှင့် မထိုက်။ အရှင်မင်းကြီးကိုမူကား ပြည်ထောင်ဖက်ချင်း ဖြစ်သည်ဟု မိမိနှင့်ထပ်တူပြု၍ သမီးတော်ကို



www.burmeseclassic.com

www.burmeseclassic.com



စင်လျက် အမျိုးဆက်လိုသောကြောင့် ပညာရှိအမတ်ကြီးကိုစေလွှတ်၍ လေးလေးမြတ်မြတ် ပြုပေသည်။ ထိုကြောင့် ပဉ္စာလရာဇ်ပြည်သို့ ကြွတော်မူမှ သင့်မည်ထင်ပါသည်။ အရှင်မင်းကြီး ကြွတော်မူပါလျှင် အကျွန်ုပ်တို့မှစ၍ မှူးတော်, မတ်တော်တို့အားလည်း ဘုန်းတော်ကို မှီလျက် အဝတ်တန်ဆာ ,ဥစ္စာဆုလာဘ် ရကြပါမည် ဖြစ်ပါသည်"ဟု လျှောက်ထား၏။

သေနကအမတ်စကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ပက္ကုသအစရှိသော အမတ် ၃ ယောက်တို့အားလည်း ရှေးနည်းအတူ တိုင်ပင်မေးမြန်းပြန်၏။ ထို ပက္ကုသ အစရှိသော အမတ် ၃ ယောက်တို့သည်လည်း သေနကအမတ်ကြီး လျှောက်သည်နှင့်အတူပင်လျှင် ကြွတော်မူမှသင့်မည်အကြောင်းကို အသီးအသီးလျှောက်ထားကြကုန်၏။

ထို အမတ် ၄ ယောက်တို့နှင့် စကားပြောဆို၍နေစဉ် ကေဝဋ်အမတ်သည် မိမိနေရာသတဲမှ နန်းတော်သို့ လာပြီးလျှင် မိမိပြည်သို့ ပြန်သွားအံ့သောငှာ ဝိဒေဟရာဇ်မင်းကြီးအား "အရှင်မင်းကြီး။ အကျွန်ုပ် ယနေ့ ပဉ္စာလရာဇ်ပြည်သို့ ပြန်သွားပါတော့မည်။ အရှင်မင်းကြီးလည်း နေ့ရက်အရှည်အကြာ မနေသင့်။ လိုအပ်သော ကိစ္စကို ပြီးလွယ်မှ ကောင်းပါမည်ဖြစ်၍ မကြာမမြင့်မီ ကြွတော်မူခဲ့ပါ"ဟု လျှောက်ထား၏။ ဝိဒေဟရာဇ်မင်းကြီး သည်လည်း ကေဝဋ်အမတ်ကြီးအား များစွာသော လက်ဆောင်ပဏ္ဏာအချီးအမြှောက်နှင့် မျိုးရိက္ခာပေး၍ လွှတ်လိုက်လေ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ကေဝဋ်အမတ် ပြန်သွားကြောင်းကိုသိလျှင် ရေချိုးခြင်း, အဝတ်တန်ဆာဆင်ခြင်း စသည်တို့ကိုပြီးစေလျက် မင်းကြီးအား ခစားအံ့သောငှာ နန်းတော်သို့ဝင်၍ တင့်အပ်သော စစ်သူကြီးနေရာ၌နေလျက် မင်းကြီးအားခစား၏။ ထိုအခါ ဝိဒေဟရာဇ်မင်းသည် ဤသို့ကြံ၏။

'ငါ့သားမဟောသဓသည် ကြီးကျယ်သောပညာ ရှိသည်ဖြစ်၍ အဆုံးတိုင်အောင်မြင်နိုင်သော အကြံအစည်လည်း ရှိ၏။ ဖြစ်ဆဲ, ဖြစ်ပြီး, ဖြစ်လတ္တံ့သောအမှုတို့၌ အကျိုးရှိမည်, မရှိမည်ကိုလည်း သိတတ်၏။ ယခု ပဉ္စာလရာဇ်ပြည်သို့ ငါ့အား သွားထိုက်သည်,မသွားထိုက်သည်ကိုလည်း ရှေးမဆွကပင် သိနှင့်ရာ၏'ဟု ကြံပြီးလျှင်

ဝိဒေဟရာဇ်မင်းကြီးသည် သားတစ်ကို တပ်မက်မောခြင်းပြင်း၍ ကျော့ညွှတ်ကွင်းကို မြင်လျက်နှင့် ဆင်းဝင်အံ့ကြသော ငှက်ကဲ့သို့ ကိလေသာကာမဂုဏ်၌ တပ်မက်မောခြင်းလောဘကြောင့် မောဟဖုံးလွှမ်းသဖြင့် မိမိအကြံအစည်ကို မပြောဆိုဘဲ မဟောသဓသုခမိန်၏အလိုကိုသာ သိလို၍ 'ဆန္ဒဉ္စ ကောဝမတိ သမေတိ'အစရှိသော ဂါထာဖြင့် မဟောသဓသုခမိန်အား မေး၏။ အဓိပ္ပာယ်ကား–

"မဟောသဓ သုခမိန်။ ငါသည် လည်းကောင်း, ကေဝဋ်အမတ်သည် လည်းကောင်း, ဤသုခမိန် အမတ်ကြီး ၄ ယောက်တို့သည်လည်းကောင်း, ဤငါတို့ပညာရှိ ၆ ယောက်တို့သည် ဂင်္ဂါမြစ်ရေနှင့် ယမုနာမြစ်ရေကဲ့သို့ တူမျှသော အယူဆန္ဒရှိကြသည်ဖြစ်၍၊ ပဉ္စာလရာဇ်ပြည်သို့ ငါတို့သွားမည့်အခွင့်ကို နှစ်သက်ကြပြီ။ သင် သုခမိန်သာ ပဉ္စာလရာဇ်ပြည်၌ စူဠနီဗြဟ္မဒတ်မင်း၏သမီးတော်နှင့် ငါ့အား ထိမ်းမြားမင်္ဂလာဆောင်[၁၅] သွားလျှင် သင့်မည်,မသင့်မည်ကို လည်းကောင်း၊ ဤမြို့တော်၌ပင်နေမှ သင့်မည်, မသင့်မည်ကို လည်းကောင်း၊ အလျှင်တဆောသွားမှ သင့်မည်မသင့်မည်,ငုံ့လင့်ဦးမှ သင့်မည်, မသင့်မည်ကို လည်းကောင်း, ငါတို့ ပညာရှိ ၆ ယောက်တို့၏ အယူအတိုင်းပင် သင့်မည်, မသင့်မည်ကို လည်းကောင်း ကြံ၍၊ သင်၏အလိုကို ဆိုဦးလော့"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် 'ဤမင်းကား အထူးအမြတ်ဖြစ်သော ကိလေသာဖြင့် နှောင့်ဖွဲ့ဖြားယောင်းခြင်းကြောင့် စိတ်နှလုံးမဆည်နိုင် ရှိသည်တွင် ဤ အမတ် ၄ ယောက်တို့ ဆော်လှုံ့တိုက်တွန်းပြန်သဖြင့် လွန်စွာသောကာမဂုဏ် ယစ်မူး၍ ကျေးဇူးအပြစ်ကို မသိမမြင်နိုင်အောင် ယခုရှိချေပြီ။ ထိုမင်းအား ပဥ္စာလရာဇ်ပြည်သို့သွားခြင်း၌ အပြစ်ကိုထင်စွာပြ၍ သွားရအောင် ငါ၏ ပညာတည်းဟူသော ဆေးဖြင့် ကုနိုင်ပါဦးမည် မသိ'ဟု ကြံ၍

'ဇာနာသိ ခေါ်ရာဇာ မဟာနုဘာဝေါ'အစရှိသော ၄ ဂါထာတို့ဖြင့် လျှောက်ကြား၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဆင်ခြင်တော်မူဦးလော့။ စစ်သည်ဗိုလ်ပါ အခြံအရံ များစွာသော စူဠနီဗြဟ္မဒတ်မင်းသည် ဤမိထိလာပြည်ကိုဝန်းရံ၍ ဗိုလ်ပါအားနှင့် မတတ်နိုင်ခြင်းကြောင့် ကာမဂုဏ်အားနှင့် ဖြားယောင်းမည်ဟု ယခု အကြံရှိပါသည်။ စင်စစ် အရှင်မင်းကြီး ပဥ္စာလရာဇ်ပြည်သို့ ကြွတော်မူချေလျှင် သမင်တိန်ညင်မနှင့် မှုား၍ မုဆိုးလက်သို့ရောက်သော သမင်နှင့် တူတော်မူရာ၏။

"အဘယ်သို့ တူမည်နည်းဟူမူကား အကြင်မုဆိုးသည် သင်အပ်ပြီးသော အတတ်ရှိသော သမင်တိန်ညင်မ တစ်ကောင်ကို ခြေ၌ ကြိုးချည်လျက် သမင်အပေါင်းတို့ ကျက်စားရာအရပ်၌ ထားပြီးလျှင် မိမိကား ထက်စွာသော လှံကိုထမ်း၍ သစ်ခက်အုံ ချုံကွယ်ရာမှ စောင့်နေလေ၏။

"ထို သမင်တိန်ညင်မသည် သင်အပ်ပြီးသော အတတ်ရှိသဖြင့် မိမိကိုယ်ကို လျှပ်ပေါ်လော်လည်ဟန် ပြုလျက် သမင်မတို့၏ဘာသာဖြင့် မက်မောသောအသံကိုပြုလျှင် ထိုအသံဖြင့် အန္တရာယ်ဖြစ်အံ့သည်ကို မမြင်သော သမင်ဖိုသည် သမင်မအား တပ်မက်ခြင်းဖြစ်၍ မိမိရွှေဖော် အနီးအပါး၌ များစွာသောသမင်မတို့ရှိလျက် ထိုသမင်မတို့ကို အမှတ်မပြုဘဲ သမင်တိန်ညင်မသို့သာလျှင် ချဉ်းကပ်လေ၏။ ထို တိန်ညင်မသည်လည်း သမင်ဖိုလာလျှင် မုဆိုးကို နံပါးတစ်ဘက်ပေး၍ နေလေ၏။

"မုဆိုးသည်လည်း ချုံမှထွက်၍ ထက်စွာသောလှံဖြင့် သမင်တိန်ညင်မကိုကွယ်လျက် ထိုးလေသော် ထိုသမင်ဖိုသည် သမင်တိန်ညင်မကြောင့် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရာ၏။ ဤဥပမာ၌ စူဠနီဗြဟ္မဒတ်မင်းကြီးသည် မုဆိုးနှင့် တူ၏။ ထိုမင်း သမီးတော်သည် သမင်တိန်ညင်မနှင့် တူ၏။ ကေဝဋ်အမတ်သည် မုဆိုးလက်နက်နှင့် တူ၏။ ဤဥပမာနှင့်တူစွာ အရှင်မင်းကြီးကိုလည်း ပဥ္စာလရာဇ်မင်းသည် အသက်အန္တရာယ်ပြုလို၍ သမီးတော်ဖြင့် ဖြားယောင်းခြင်းဖြစ်ပါသည်။

"အရှင်မင်းကြီး။ ပုံဆိုဦးအံ့။ အကြင်တံငါသည် ငါးကိုဖမ်းလိုသောကြောင့် ရှည်စွာသောကြိုးဖျား၌ သံမျှားချိတ်ကိုချည်၍ ထိုသံမျှားချိတ်ပေါ်၌ အစာမွမ်းမံပြီးလျှင် ရေထဲသို့ ပစ်ချလိုက်၏။ ထိုရေထဲ၌ ကျက်စားသော ငါးသည် သံမျှားချိတ်ကို မမြင်။ ပြင်၌ အစာကိုသာ တပ်မက်မောခြင်းဖြင့် ထိုသံမျှားချိတ်ကို မျိုမှားချေသော ထိုငါးအား အသက်ဆုံးရှုံးခြင်းသို့ ရောက်ရာ၏။ ဤပုံ၌လည်း စူဠနီဗြဟ္မဒတ်မင်းသည် သံမျှားချိတ်နှင့် တူ၏။ ကေဝဋ်အမတ်သည် တံငါနှင့်တူ၏ မင်းသမီးသည် သံမျှားပေါ်၌မွမ်းမံသော အစာနှင့် တူ၏။ ဤပုံနှင့်တူစွာ အရှင်မင်းကြီးကို နှိပ်စက်လို၍ ပဥ္စာလရာဇ်မင်းသည် သမီးတော်နှင့်ဖြားယောင်းခြင်းသာဖြစ်ပါသည်။

"အရှင်မင်းကြီး။ ပုံဆိုဦးအံ့။ တော၌ကျက်စားသော အကြင်သမင်သည် အစာ၌တပ်မက်မော ခြင်းကြောင့် မိမိတို့ ကျက်စားရာအရပ် မဟုတ်သော မြို့ရွာစရိုးဖြင့်သွား၍ ကျက်စားလွန်ချေအံ့။ သမင်ကိုအလိုရှိသော ရွာသားတို့နှင့်တွေ့ကြိမ်လေသော် ထိုသမင် အသက်အန္တရာယ် ရောက်ရာသကဲ့သို့ အရှင်မင်းကြီးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးအား တပ်မက်မောခြင်းနှင့် ဤနေပြည်တော်မှ သူ့ပြည်, သူ့နိုင်ငံသို့ ကြွတော်မူမှားချေလျှင် များစွာသော အခြံအရံ ဗိုလ်ပါအားနှင့်ပြည့်စုံသော စူဠနီဗြဟ္မဒတ်မင်း၏လက်တွင် ကိုယ်,စိတ် ချမ်းသာမရ ဖြစ်မည်ထင်ပါသည်”ဟု လျှောက်၏။

ဤ ၄ ဂါထာဖြင့် ဘုရားလောင်းမဟောသဓသေုခမိန်သည် သိမြင်တိုင်း မင်းကြီးအား နှိပ်၍လျှောက်ထားလေသော် ဝိဒေဟရာဇ်မင်းကြီးသည် ပြင်းစွာအမျက်ထွက်လျက် “ဤမဟောသဓကား မိမိကျွန်လောက်မျှ ငါ့ကိုမမှတ်။ ပြည်ကြီးသခင် မင်းဖြစ်ပေသည်ဟူ၍မျှ ထောက်ထားခြင်း မရှိ။ ကေရာဇ်မင်းပေစဉ်လျက် ငါ့အား ထပ်တူပြုလို၍ သမီးကညာရတနာကို ဆောင်နှင်းပေးအပ်မည်ဟု စေလွှတ်လိုက်ပေသည်ကို မဟောသဓသည် မင်္ဂလာရှိသောစကားကို တစ်ခွန်းမျှမဆိုဘဲ ငါ့အား သမင်, သား, ငါးအမိုက်များနှင့် ပုံပြု၍သာ အမင်္ဂလာစကားကို ပြောဆိုပေ၏”ဟု မင်းမာန်ဖြင့် အာဏာသံပေးလို၍ ‘မယမေဝ ဗာလမှသေ ဧဠမူဂါ’အစရှိသော ၂ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“အမတ်တို့။ ထူးထူးလွန်လွန် ရတနာရရာသည့်အကြောင်း ကောင်းမြတ်သောမင်းရေးမင်းရာ မင်္ဂလာစကားကို ထွန်တုံးစွန်းတွင်ကြီးသော လယ်လုပ်သားအား ပြောဆိုတိုင်ပင်မှားချေသောကြောင့် ငါ့အား အမိုက်အရာ ရောက်ချေပြီ။

“ထွန်တုံးစွန်းတွင်ကြီးသော လယ်လုပ်သား။ သင်သည် လယ်လုပ်မှုကိုသာ ကျွမ်းကျင်၏။ မင်းရေးမင်းရာကို သင် အဘယ်သို့ သိအံ့နည်း။ ကေဝဋ္ဋအမတ်ကြီး, သေနက, ပက္ကုသ, ကာမိန္ဒ, ဒေဝိန္ဒဆရာငါ၏ သုခမိန်အမတ်ကြီးတို့ကား မျှုးရိုး,မတ်ရိုးသား ဖြစ်သည်နှင့်အညီ ဤသို့သောမင်းရေးမင်းရာ၌ လိမ္မာကျွမ်းကျင်ကြကုန်၏။ ထို မင်းတို့၏မင်္ဂလာအမှုကို မသိမလိမ္မာဘဲလျက် မြတ်သောမင်းသမီးရတနာကို ရခြင်း၏အန္တရာယ်စကားနှင့် ငါ့အားအကျိုးနည်းအောင် ကြံဆောင်သူဖြစ်သောကြောင့် ဤလယ်လုပ်အမျိုးသား၏လည်ကို ဆွဲငင်၍ချ။ ငါ၏တိုင်းနိုင်ငံမှ ရာဇဒဏ်ပေးလျက် နှင်ထုတ်လိုက်”ဟု အမျိုးဖြင့်ဆဲရေး၍ မင်းအာဏာ ထားလေ၏။

ထိုသို့ မင်းအမျက်ရှိသော်လည်း မင်းချင်းတို့သည် မင်းတို့၏အရိပ်အသံကို အလွန်သိနိုင်ခဲသည် တစ်ကြောင်း၊ မဟောသဓသုခမိန်သည် သူခပ်သိမ်းတို့၏ ချမ်းသာကိုဆောင်လျက် ပြည်ထဲရေးကို အုပ်ချုပ်စီရင်၍ ဘုန်းအာဏာ အရှိန်အဝါနှင့်တကွ စစ်သူကြီးဖြစ်ခြင်းကြောင့် ချစ်ကြောက်ရိုသေ ရှိသည်တစ်ကြောင်း၊ ယင်းသို့ဖြစ်၍ အလျင်တဆောဆွဲငင်ခြင်းငှာ မဝံ့ကုန်။ ဘုရားလောင်း မဟောသဓသုခမိန်သည်လည်း ထို မင်းအာဏာ ထားသော စကားကိုကြား၍ မင်းကြီးအမျက်ရှိကြောင်းကို သိလေသော် ‘စင်စစ်သဖြင့် ငါ့ကို တစ်စုံတစ်ယောက်သော သူသည် မင်းမိန့်ရှိတိုင်း ဆွဲငင်ခြင်းကိုပြုချေလျှင် ငါ့အား တစ်သက်ပတ်လုံး အရှက်ကြီးရရာ၏။ ထို့ကြောင့် မင်းချင်းတို့ မဆွဲမငင်မီ အလိုအလျောက် ဆင်းသွားအံ့’ဟုကြံ၍ မင်းကြီးအား ရှိခိုးပြီးသော် မိမိအိမ်သို့ သွားလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် မိမိအလိုဆန္ဒနှင့် မပြိုင်မိ၍သာ အမျက်ထွက်သောအားဖြင့် ဆဲဆိုခြင်းကိုပြု၏။ ထိုသို့ဆဲဆိုသော်လည်း မဟောသဓသုခမိန်အား စိတ်ထဲအမြဲ ချစ်ခင်သနားခြင်းရှိခြင်းကြောင့် နန်းတော်မှထွက်သော မဟောသဓသုခမိန်အား မင်းချင်းတို့ကိုစေ၍ ဖမ်းယူခြင်းစသော ရာဇဒဏ်ကိုမပေးသတည်း။

မဟောသဓသုခမိန်သည်လည်း ထိုသို့ မင်းကြီး ဆဲဆိုရှုတ်ချခြင်းကို အမှတ်မပြုဘဲ မိမိအား ကျေးဇူးအထူးရှိပေသောအဖြစ်ကိုသာ အဖန်တလဲလဲအောက်မေ့လျက် ဤသို့ကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဤမင်းသည် ကိလေသာကာမဂုဏ်ဖုံးလွှမ်း၍ ချမ်းသာဆင်းရဲကြောင်း ကောင်း,မကောင်း အကျိုးစီးပွားကို ထောက်ထား ဆင်ခြင်ခြင်းမရှိပြီ။

'စူဠနီဗြဟ္မဒတ်မင်း၏သမီးကို စင်စစ် ငါရတော့မည် စိတ်စွဲနှင့်သာ နောင်လာလတ္တံ့သောဘေးကို မတွေးမမြော်ဘဲ သူ့ပြည်သို့သွားချေသော် မချွတ်လျှင် စည်းစိမ်,အသက် ပျက်စီးခြင်းသို့ရောက်လတ္တံ့။ ထိုအကြောင်းကိုမြင်၍ ဆင်ခြင်စိမ့်သောငှာ ငါ လျှောက်ထားပါသော်လည်း မနာမယူ ဖြစ်ခဲ့၏။ ထိုသို့ 'ငါ့စကားကို မင်းကြီး မနာမယူဘဲနေဘိသော'ဟု ငါ ကြောင့်ကြမဲ့ပြုချေလျှင် မင်းကြီးပျက်စီးသဖြင့် ငါ့အား ပညာရှိအဆက်ဆက်တို့က ကဲ့ရဲ့ဖွယ်ဖြစ်ရာ၏။

'ဤမင်းကြီးသည် ငါ့အား ရင်သွေးရင်သားကဲ့သို့ ချစ်ခင်မြတ်နိုးခြင်းဖြင့် ကြီးစွာသောစည်းစိမ် အခြံအရံကိုပေး၍ ချီးမြှောက်တော်မူပေသော ကျေးဇူးပေတည်း။ ထို ကျေးဇူးရှင်ဖြစ်သော မင်းကြီးပျက်စီးခြင်းကို ရှု၍ ငါ မနေထိုက်။ လုံ့လ ပြုသင့်လှပေ၏။ ထို့ကြောင့် မင်းကြီး၏အလိုသို့လိုက်၍ပင် ငါဆောင်ရွက်အံ့။ ဆောင်ရွက်ရမည်မှာ ရှေးဦးစွာ ငါ၏ကျေးသားကို စေလွှတ်လိုက်၍ ထိုအမှုတို့ အတပ်အမှန်သိရပြီးမှ ပဉ္စာလရာဇ်ပြည်သို့ ငါသွားအံ့'ဟု ကြံပြီးလျှင်၊ ကျေးသားကို စေလွှတ်လို၍ 'ဖေဟိ သမ္မဟရိတပက္ခ'အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အတောင်အမြီး စိမ်းလဲ့နုဖပ်စွာနှင့် မာတရအမျိုးဖြစ်သော ငါ၏ ငယ်မွေးကျေးသား ပညာရှိ။ ဤသို့ လာလှည့်"ဟု မဟောသဓသုခမိန် ခေါ်တော်မူလျှင် ကျေးသားသည် မဟောသဓသုခမိန်၏ ရင်ခွင်ပေါ်၌ ရွှေချိုင့်ထဲမှထွက်၍ နားလေ၏။ ထိုရင်ခွင်ပေါ်၌ ကျေးသားနားနေသောအခါ မဟောသဓသုခမိန်သည် "ချစ်သား။ တစ်စုံတစ်ယောက်သောသူသည် လူပညာရှိဖြစ်သော်လည်း မဆောင်စွမ်းနိုင်။ သင်နှင့်သာ ထိုက်တန်သောအမှုသည် ယခု ငါ၌ ရောက်၏။ ထိုအမှုကို သင် ဆောင်ရွက်ရမည်"ဟု ဆိုလျှင်၊ ကျေးသားသည် "အရှင့်သား။ အဘယ်အမှုကို ကျွန်ုပ် ဆောင်ရွက်ရမည်နည်း"ဟု မေးလျှောက်၏။

မဟောသဓသုခမိန်သည် "ချစ်သား။ ပဉ္စာလရာဇ်ပြည်က ကေဝဋ်အမတ်သည် တမန်အမှုနှင့် ယခု ရောက်လာသည့်အခွင့်ကို မည်သို့အကြံအစည်ရှိ၍ လာသည်ဟု စူဠနီဗြဟ္မဒတ်မင်း, ကေဝဋ်အမတ်မှတစ်ပါး တစ်စုံတစ်ယောက်မျှ မသိကြကုန်။ ထို မင်း,ပုရောဟိတ် ၂ ယောက်တည်းသာ နှန်းတော်အဆင့်သို့ တက်ကြပြီးလျှင် မင်းကြီးအိပ်ရာတိုက်ခန်း၌ တိုင်ပင်ကြ၏။ ထိုသို့ တိုင်ပင်ကြသောအခါ မင်းကြီးအိပ်ရာတိုက်ခန်း၌ အိပ်ရာစောင့် ဖြစ်သော သာလိကာမတစ်ကောင်သာ ရှိသည်ဟု ငါကြားရ၏။ ထိုသာလိကာမသည် ခပ်သိမ်းသောအမှုတို့၌ လိမ္မာသည်ဖြစ်၍ စူဠနီဗြဟ္မဒတ်မင်း, ကောသိယအနွယ်ဖြစ်သော ကေဝဋ်အမတ်တို့၏ လျှို့ဝှက်အပ်သော အတိုင်အပင်ကို ကြားသိလေရာ၏။

ထို့ကြောင့် ပဉ္စာလရာဇ်ပြည်သို့သွား၍ သာလိကာမနှင့် ကိလေသာအနှောင်အဖွဲ့ဖြင့် အဆွေခင်ပွန်းဖွဲ့ ပြီးလျှင် ဆိတ်ကွယ်ရာအရပ်၌ သူတစ်ပါး မကြားမသိရအောင် မင်း,ပုရောဟိတ်တို့၏အတိုင်အပင်ကို သင် မေးချေရမည်။ သာလိကာမအား ထိုအကြောင်းကို သင်မေးသောအခါ သူတစ်ပါး ကြားသည်ဖြစ်အံ့။ သင်၏အသက် မရှင်နိုင်ရာပြီ။ လုံ့လသတိပြု၍ ကိုယ်လည်းချမ်းသာ လိုရာလည်းပြည့်အောင် အရှင့်အရေးလည်း ကုန်အောင် ဆောင်ရွက်လေ"ဟု မှာထားပြောဆိုလျက် ရှေးနည်းအတူ ကျေးသားအား ပြုရာသောဝတ်ကိုပြု၍ အရှေ့ပြတင်းဝမှ စေလွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျေးသားသည်လည်း "အရှင့်သား။ ကောင်းပါပြီ။ စိုးရိမ်တော် မမူလင့်"ဟု ဝန်ခံလျက် မဟောသဓသုခမိန်အား လက်ယာရစ်လှည့်၍ရှိခိုးပြီးလျှင် အရှေ့လေသာပြတင်းဝဖြင့် ပျံလေသော် သိဝရာဇ်တိုင်း အရိဋ္ဌပုရပြည်သို့ ရောက်လေ၏။ ထိုပြည်၏ အနေအထားအလုံးစုံကို မှတ်သားခဲ့ပြီးမှ ပျံသွားပြန်သဖြင့် ပဉ္စာလရာဇ်ပြည်သို့ ရောက်လေသော် မင်းကြီးနန်းတော် ထုပိကာ[၁၃၅]ဘုံထွတ်ဖျား၌ နားပြီးလျှင် 'ဤနန်းတော်ကြီးရှင် သာလိကာမ၏စိတ်ကို မသေမဝပ်နိုင်ဘဲရှိအောင် ဤကပင် ငါ အသံပေးလိုက်အံ့။ ထိုငါ၏အသံဖြင့် ညွတ်ပျောင်းသောနှလုံးရှိ၍ သာလိကာမသည် အတုံ့မြည်လတ္တံ့။ ထိုအခါမှ အခွင့်ကုန်အောင် ငါဆောင်အံ့'ဟု ကြံလျက် ကျေးတို့ဘာသာ ရာဂနှင့်ယှဉ်သောအသံဖြင့် သာယာချိုအေးစွာ ရင့်ရှုကျူးကျော်လိုက်၏။ သာလိကာမသည် နန်းတော်၌ မင်းကြီးအိပ်ရာတိုက်ခန်းတွင် ရွှေချိုင့်၌နေလျက် ကျေးသား၏ ရာဂနှင့်ယှဉ်သော အသံကို ကြားလေသော် နန်းတွင်းသူဖြစ်၍ အာရုံမထိခိုက်နိုင်သဖြင့် စိတ်အိုက်လျက် နေရခြင်းကြောင့် ရွှင်မူနှင့်သာယာစွာ သာလိကာတို့၏ဘာသာဖြင့် ၃ ကြိမ်တိုင်အောင် အသံ တုံ့ပေးလေ၏။

ကျေးသားသည် သာလိကာမ၏အသံကို ကြား၍ ဘုံထွတ်ဖျားမှ အသံပေးကာ တရွေ့ရွေ့ဆင်းလျက် သာလိကာမ၏ ရွှေချိုင့်အနီးဖြစ်သော နန်းလေသာပြတင်းဝ၌ သားရန် ရှိမရှိကို လှည့်လည်ကြည့်ရှု၍ နားပြီးလျှင် "ရွှေအိမ် ရွှေချိုင့်ရှင် သူကောင်းမ။ ကိုယ်စိတ်ချမ်းသာ အနာဆင်းရဲမရှိ ပကတိ ကျန်းခံ့ပါ၏လော။ ပျားရည်နှင့် ရောသော ပေါက်ပေါက်ကိုလည်း သုံးဆောင်ရပါ၏လော"ဟု လူတို့ဘာသာဖြင့် နှုတ်ဆက်မေးမြန်း၏။

သာလိကာမသည် "အမောင် ကျေးသားသုခမိန်။ ကျွန်ုပ်မှာ ရွှေနန်းသခင် အရှင့်ဘုန်းတော်ကြောင့် အနာဆင်းရဲမရှိ၊ ပကတိ ကျန်းခံ့ပါ၏။ ပျားရည်နှင့်ရောသော ပေါက်ပေါက်ကိုလည်း သုံးဆောင်ရပေ၏"ဟု လူတို့ဘာသာဖြင့်ပင် စကားတုံ့ပြန်ပြောဆိုပြီးလျှင်၊ "ကျေးသားသုခမိန်။ မကျွမ်းမကျင် မတွေ့မြင်ဘူးဘဲလျက် များစွာသော ရွှေလေး၊ ရွှေလုံ အစောင့်အရှောက်တို့ဖြင့် ကြောက်လန့်ဖွယ်ရှိသော ဤနန်းတော်သို့ ရဲရင့်စွာ ဝင်လာသည်ကား အဘယ်အရပ်နေ အဘယ်သူစေ၍ ဤနန်းမြေအောင်ချာသို့ ရောက်လာသနည်း"ဟု မေး၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် ဤသို့ကြံ၏။ 'ဤသာလိကာမအား ငါသည် မိထိလာပြည်က ဝိဒေဟရာဇ်မင်းကြီး၏တမန် ဖြစ်သည်ဟုပြောချေသော် ဤသာလိကာမသည် အသက်ကို အသေခံရာ၏။ ငါ့ကို အကျွမ်းတဝင် မပြုရာ။ ထို့ကြောင့် ဝိဒေဟရာဇ်မင်း၏ တမန်ဖြစ်သည်ဟုမပြောဘဲ ငါမှတ်သား၍ လာခဲ့ရသော သိဝရာဇ်တိုင်း အရိဋ္ဌပုရပြည်သားဖြစ်ကြောင်းကို မဟုတ်သော်လည်း ပြောရတော့မည်" ဟု ကြံပြီးလျှင် 'အဟောသိ သိဝိရာဇဿ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ရွှေအိမ့်ရှင်မ။ ရွှေလေး, ရွှေလုံ, ကိုယ်ရံသင်းပင်း ဝင်းအစောင့်အရှောက်နှင့် ကြောက်လန့်ဖွယ်ရှိသော ဤနန်းတော်သို့ မကြောက်မရွံ့ ဝင်လာသည်ကို ထောက်ရှုစာနာသဖြင့် နန်းတွင်းသားဖြစ်သည်, တောသားဖြစ်သည်ကို အရိပ်အခြည်နှင့်ပင် တွေးယူမိကောင်းပါပြီ။ အတပ်သိချင်၍ ပြောစေလိုလျှင်သာ ပြောရဦးတော့မည်။ အကျွန်ုပ်လည်း သိဝရာဇ်တိုင်း အရိဋ္ဌပုရပြည်ကိုအစိုးရတော်မူသော သိဝရာဇ်မင်းကြီး၏ နန်းတော်အိပ်ရာတိုက်ခန်း၌ အိပ်ရာစောင့်ဖြစ်သော သာလိကာမနှင့် သင့်နေစေ၏။ ရွှေချိုင့်ဖြင့် အရှင်မင်းကြီးမွေးတော်မူသော ကျေးသားတည်း။

"ကျွန်ုပ်တို့သခင် သိဝရာဇ်မင်းကြီးသည် တရား ၁၀ပါး[၁၃၆]စောင့်တော်မူလျက် ရာဇပလ္လင် ဥကင်ဖွင့်လှစ်၍ ရာဇဘိသေကကို ခံတော်မူသော မင်္ဂလာသဘင်ကြီးကြိမ်သည်နှင့် ထောင်တန်း နှောင်အိမ်စသည်တို့၌ အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



အမြောင်းနေရကုန်သော သူတို့ကိုလည်း လွှတ်တော်မူ၏။ 'ငါ၏ အလိုတော် ပြည့်သည့်အတိုင်း သူခပ်သိမ်းတို့၏ အလိုကိုလည်း ပြည့်စေတော်အံ့'ဟု နှလုံးတော်မြတ် ရှိသည်နှင့်အညီ ယခု ပြည်သူပြည်သားတို့၏ ကောင်းမြတ်သော အလိုကိုလည်း ပြည့်စေတော်မူ၏။ ကျွန်ုပ်ကိုလည်း အလိုပြည့်စိမ့်သောငှာ စေလွှတ်တော်မူသောကြောင့် အရိဋ္ဌပုရပြည်မှ သတင်းနာ၍ ဤပဉ္စာလရာဇ်နန်းတော်သို့ ယခု ကျွန်ုပ်ရောက်လာပါသည်"ဟု ဆို၏။

ကျေးသားစကားကိုကြားလျှင် သာလိကာမသည် စိတ်နှလုံး မစိမ်းမကျက်ရှိသည်ဖြစ်၍ ချေသည်တို့ဝတ်ကိုလည်း ကောင်းစွာပြုလိုသဖြင့် "အမောင် ကျေးသားသုခမိန်။ နန်းတော်သားပေစဉ်လျက် ကျွန်ုပ်တို့သည် သင့်အား ထိုက်ရာသောဝတ်ကို မသိရာကျတော့မည်။ ဤပြတင်းဝ၌ နေတော်မမူသင့်။ ဤရွှေချိုင့်သို့ဝင်၍ ပျားရည်နှင့် ရောသော ဤပေါက်ပေါက်ကို လည်းကောင်း, ဤပျားရည်ကို လည်းကောင်း သုံးဆောင်တော်မူလှည့်ပါ။ တစ်ပြည် တစ်နိုင်ငံ ဝေးလံစွာသောအရပ်မှ ဤနန်းတော်သို့ ယခုကြွလာသည်မှာ အဘယ်အကြောင်းကြောင့်လာသည်ဟု သိသာအောင်လည်း အမိန့်ရှိစေချင်ပါသည်"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် လိုအပ်သောဆန္ဒ ပြည့်စေခြင်းငှာ မဟုတ်မမှန်သော စကားဖြင့်ပြောဆို၍ 'တဿ မေကာ ဒုတိယာသိ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား—

"ရွှေအိမ့်ရှင်မ။ ဝေးလံစွာသောအရပ်မှ ဤနန်းတော်သို့ အသက်စွန့်၍ ကျွန်ုပ်လာသည်မှာ အထက်စကားနှင့်ပင် နားရိပ်မိသဖြင့် ကျွန်ုပ်ခင်ပွန်းသာလိကာမသည် သာသာချိုအေးသောအသံလည်း ရှိ၏။ မင်းကြီး၏အိပ်ရာစောင့်ဖြစ်၍ နန်းတွင်း၌ ကြီးရသူဖြစ်သည်နှင့်အညီ အလုံးစုံကျင့်ရာ,ဆောင်ရာသော ဝတ်တို့၌လည်း လိမ္မာကျွမ်းကျင်၏။ ထို ကျွန်ုပ်ခင်ပွန်း သာလိကာမသည် ကျွန်ုပ်နှင့်အတူ နန်းတော် စုလစ်အမွန်း တုရင်ခေါင်၌နားနေစဉ် မည်သည့်နေ့ရက်ကပင် စွန်သုတ်၍ အသက်ကိုယ်လုံး ဆုံးခြင်းသို့ ရောက်ချေသည်"ဟု ဆို၏။

ကျေးသားစကားကိုကြားလျှင် သာလိကာမသည် "အဆွေ ကျေးသားသုခမိန်။ သင်၏ခင်ပွန်းမကို အဘယ်သို့သောအကြောင်းဖြင့် စွန်သုတ်သနည်း"ဟု မေး၏။ ကျေးသားသည် သာလိကာမအား စွန်သုတ်လေသော အကြောင်းကို ကြားလို၍ "ရွှေအိမ့်ရှင်မ။ စွန်သုတ်သောအကြောင်းကို ကျွန်ုပ်ပြောပါမည်။ နာတော်မူလော့။ ကျွန်ုပ်တို့သခင် သိဝရာဇ်မင်းကြီးသည် တစ်နေ့သ၌ ကျွန်ုပ်တို့ဇနီးမောင်နှံကို ခေါ်ဆောင်၍ ရေသဘင် ကစားအံ့သောငှာ မြစ်ဆိပ်သို့ထွက်တော်မူလျှင် ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ထိုနေ့ပတ်လုံး ရေသဘင်ကစား၍ ညချမ်းသောအခါ မင်းကြီးနှင့်အတူ နန်းတော်သို့ဝင်ပြီးသော် ကိုယ်၌စွတ်သော ရေကို ခြောက်သွေ့စေလိုသဖြင့် ကျွန်ုပ်သည် ခင်ပွန်းသာလိကာမကိုခေါ်၍ နန်းတော်စုလစ်အမွန်း တုရင်ခေါင်၌ အမြီးအတောင်ကို ဖြန့်လှန်းလျက် နားနေစဉ် ထို တုရင်ခေါင်၌ စွန်သိုက်ရှိမှန်း မသိရှိနှင့်သဖြင့် စွန်တစ်ကောင်သည် တုရင်ခေါင်မှထွက်လာ၍ ကျွန်ုပ်တို့ဇနီးမောင်နှံကို ဖမ်းသုတ်အံ့ဟုပြု၏။

"ထိုအခါ ကျွန်ုပ်သည် ကိုယ့်အသက်ကိုမျှ မသိနိုင်သည်ဖြစ်၍ ခင်ပွန်းမကို မကယ်နိုင်ဘဲ လွတ်ရာပြေးရလေသော် ကျွန်ုပ်ခင်ပွန်း သာလိကာမသည် သန္ဓေအရင့်အမာနှင့်ဖြစ်ခြင်းကြောင့် အလျင်တဆော မပျံနိုင်သည်ဖြစ်၍ ကျွန်ုပ်မြင်စဉ်ပင် ထိုစွန်၏လက်တွင် အသက်ဆုံးခြင်းသို့ ရောက်ချေသည်။ ထိုခင်ပွန်းမဆုံးသည်ဖြစ်၍ ငိုကြွေးမြည်တမ်းလျက်နေသော ကျွန်ုပ်ကို မင်းကြီးမြင်သဖြင့် 'အဘယ့်ကြောင့် ငိုကြွေးမြည်တမ်းသနည်း'ဟု အမေးတော်ရှိရာ ခင်ပွန်းမ ဆုံးကြောင်းကိုလျှောက်လျှင်၊ မင်းကြီးသည် 'အချင်းကျေးသား။ သေလေပြီးသောသူကို



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးမြည်တမ်း၍ ရတော့မည်မဟုတ်။ မငိုကြွေးနှင့်။ သင့်အား အသစ်သာရှာ၍ ပေးရတော့မည်'ဟု အမိန့်တော်ရှိလတ်သော် 'အရှင်မင်းကြီး။ အသစ်ရှာတော်မူမည် အမိန့်တော်ရှိသည်မှာ ဘုန်းတော်ကြီးသော သခင်ဖြစ်၍ ကျေးမ, သာလိကာမကို ရှာနိုင်မည်မှန်ပါ၏။ ထိုသို့ရှာနိုင်သော်လည်း အရှင့်ဝတ်, လင့်ဝတ်ကိုမသိ၊ အကျင့်သီလမရှိသော လျှပ်ပေါ်လော်မာ ယုတ်ညံ့စွာနှင့်ကြိမ်ဖြန်လျှင် အကျွန်ုပ်တစ်ယောက်တည်း နေရလောက်မျှ မကောင်းရှိမည်ကို စိုးရိမ်လှပါသည်'ဟု ကျွန်ုပ်လျှောက်ထားလျှင်၊ 'အချင်းကျေးသား။ မစိုးရိမ်လင့်။ သင့်၏ခင်ပွန်း သာလိကာမနှင့် အဆင်းကဏ္ဍာန် အကျင့်သီလနှင့် တူမျှစွာသော သာလိကာမတစ်ကောင်ကို သင့်ကို ငါ ရွယ်စားလျက်ရှိပြီ။ ထိုသာလိကာမသည် တခြားမဟုတ်။ ပဉ္စာလရာဇ်ပြည်၌ ဧကရာဇ်မင်းကြီး၏အိပ်ရာစောင့် ဖြစ်သော သာလိကာမတည်း။ ထိုသာလိကာမသို့ ယခု သင်သွား၍ သိသာအောင် စုံစမ်းချေ။ အကယ်၍ ၂ ဦးလုံး သဘောတူမျှကြသည် ဖြစ်အံ့။ ငါ့ထံ သင်ပြန်ခဲ့သဖြင့် ငါ့အား အကြောင်းကိုကြားဦးလော့။

'ထိုသို့ အကြောင်းကိုသိရသောအခါမှ ငါသည် မိဖုရားကြီးကိုခေါ်၍ များစွာသောအခြံအရံနှင့် ပဉ္စာလရာဇ်ပြည်သို့သွားပြီးလျှင် ဧကရာဇ်မင်းကြီးအား ခွင့်ကြား၍ ထိုသာလိကာမကို သင့်အား ဆောင်နှင်းစေအံ့'ဟု မိန့်တော်မူလျက် ဤပြည်သို့ ကျွန်ုပ်ကို စေလွှတ်တော်မူသောကြောင့် ယခု ရွှေအိမ့်ရှင်မအထံသို့ ကျွန်ုပ် ရောက်လာပါသည်"ဟု ဆိုပြီးလျှင် စကားနိုက်လွယ်အောင် တိုက်ရိုက်မေးလို၍ 'တသ္မ ကာမေဟိ သမ္မဒ္ဒေါ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ရွှေအိမ့်ရှင်မ။ ကျွန်ုပ်လာခြင်းအကြောင်းကို ရွှေအိမ်ရှင်မက သိလို၍ မေးသောကြောင့် သိသာအောင် ကျွန်ုပ် ပြန်ပြောရပြီ။ ရွှေအိမ့်ရှင်မထံသို့ ယခုလာရောက်ခြင်း၌ လိုအပ်သောအကျိုး ရှိမည်,မရှိမည်ကို သိလိုပါသည်။ ကျွန်ုပ်တို့မှာ အရှင်ရှိကျွန် ဖြစ်ချေသောကြောင့် အကြိမ်ကြိမ်အခေါက်ခေါက် မရောက်မလာသာဖြစ်၍ ယခုသိသာအောင် ပြောဆိုစေချင်ပါသည်"ဟု ဆို၏။

သာလိကာမသည် ကျေးသားစကားကိုကြားလျှင် အလွန် နှစ်လို့ဝမ်းမြောက်ခြင်းရှိသော်လည်း; မိန်းမတို့ဓလေ့အားဖြင့် ချစ်စိတ်ကို ပြင်မထွက်စေဘဲ အလိုမတူယောင်ဆောင်လို၍ 'သုဝေါစ သုဝိ ကာမေယျ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အဆွေ ကျေးသားသုခမိန်။ အသို့ မေးတော်မူသနည်း။ ကျေးသားသည် ကျေးမနှင့် သာလိကာဖိုသည် သာလိကာမနှင့်သာ ဇာတ်တူချင်းသင့်နေမှ တစ်သက်လုံး အရှည်မြဲကြသဖြင့် လျောက်ပတ်၏။ ကျေးသားသည် သာလိကာမနှင့် သင့်နေချေသော် ဇာတ်တူမဟုတ်ခြင်းကြောင့် ဇာတ်တူဖြစ်သောကျေးမကို တွေ့ကြိမ်ပြန်လျှင် ထိုကျေးမမှာသာ ကြင်နာမျိုးစု၍ သာလိကာမကို မေတ္တာအနှောင်အဖွဲ့ပြတ်သဖြင့် စွန့်ပစ်ခဲ့သော် ထို ဇာတ်တူမဟုတ်သော သာလိကာမသည် ချစ်လျက်နှင့်ကွဲရသည်ဖြစ်၍ ကျေးသားကြောင့် ဆင်းရဲကြီးစွာ မရပြီလော။ ထိုသို့ ကျေးသားနှင့် သာလိကာမ ဇာတ်တူမဟုတ်ကြသည်ဖြစ်သောကြောင့် ချစ်ကြင်နာဖော် ရှာတော်မူလိုလျှင် နှစ်သက်ရာဇာတ်တူဖြစ်သော ကျေးမကိုသာ ရှာတော်မူသင့်ပါသည်"ဟု ရေစီးဖောင်ဆန်စကားကို ဆို၏။

သာလိကာမစကားကို ကြားလျှင် ကျေးသားသည် 'ဤသာလိကာမကား ယခု ငါ့ကို ပြက်ရယ်မှုစကားနှင့် ပြောဆို၏။ ထိုသာလိကာမကို ယုံကြည်လောက်အောင် ငါ ပြောဆိုအံ့'ဟု ကြံပြီးသော် 'ယော ယံ ကာမေ ကာမယတိ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ရွှေအိမ့်ရှင်မ။ ဇာတ်တူသည်,မတူသည်ဆိုရာမှာ ပမာဏ မဟုတ်။ ကျွန်ုပ်တို့ သားငှက်တိရစ္ဆာန်မျိုးကို မဆိုနှင့်ဦး။ လူတို့၌လည်း ဒွန်းစဏ္ဍားမပင်ဖြစ်စေ, တိရစ္ဆာန်မပင်ဖြစ်စေကာမူ စိတ်အလိုဆန္ဒတူမျှကြလျှင် ကာမဂုဏ်မှုဆိုသည်မှာ တူသည်ချည်းဖြစ်သည်။ မတူသော ကာမဂုဏ်မည်သည် မရှိ။ ထို့ကြောင့် စိတ်သာလျှင် ပမာဏဖြစ်၍ ကျွန်ုပ်နှင့်တူမျှသော စိတ်ရှိသည်ကိုသာ ရွှေအိမ်ရှင်မက ဆိုသင့်ပါသည်။ ဇာတ်တူသည်,မတူသည်ကို မဆိုထိုက်ပါ။ လူတို့၌ ဇာတ်မတူကြဘဲ စိတ်တူမျှသဖြင့် စပ်ယှဉ်ဖူးသောအကြောင်းကို ထုံးသက်သေပြပါမည်"ဟု ဆို၍ သာဓကဆောင်အံ့သောငှာ 'အတ္ထိ ဇမ္ဗာဝတီနာမ'အစရှိသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား-

"ရွှေအိမ့်ရှင်မ။ ကျွန်ုပ် အစဉ်စကား ကြားဖူးသည်မှာ ဒွါရာဝတီ အမည်ရှိသောပြည်၌ သိဝိအမည်ရှိသော မင်း၏အမိသည် ဇမ္ဗာဝတီ အမည်ရှိ၏။ ထို ဇမ္ဗာဝတီမိဖုရားသည် ဒွန်းစဏ္ဍားအမျိုးတည်း။ ရှေးသောအခါ ဒွါရာဝတီပြည်၌ ကဏှာယနအမျိုးဖြစ်သော ဝါသုဒေဝ, ဗလဒေဝ အစရှိသော ညီနောင်တစ်ကျိပ်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းရုံး၍ မင်းပြုကြကုန်၏။

"ထို မင်းညီနောင်တစ်ကျိပ်တို့တွင် အစ်ကိုကြီးဖြစ်သော ဝါသုဒေဝမင်းသည် ထစ်နေ့သ၌ ဒွါရာဝတီမြို့၌ ဥယျာဉ်ကစားအံ့သောငှာ ထွက်လေသော် မြို့တံခါးဝသို့ ရှေးရှုဝင်လာသော ဒွန်းစဏ္ဍားမတစ်ယောက်ကိုမြင်လျှင် အရွယ်အဆင်းနှင့် ပြည့်စုံခြင်းကြောင့် တပ်မက်မောသောစိတ် ရှိသည်ဖြစ်၍ အမျိုးအနွယ်ကို စစ်မေးစေသဖြင့် ဒွန်းစဏ္ဍားမျိုးဖြစ်ကြောင်းကို ကြားသိရလေသော်လည်း တပ်စိတ် မပြေနိုင်သည်နှင့် ခင်ပွန်းရှိ, မရှိကိုစစ်မေးစေပြန်၍၊ ခင်ပွန်းမရှိကြောင်းကိုကြားလျှင် ထိုဒွန်းစဏ္ဍားမကို ဆင်ကျောက်ကုန်းပေါ်သို့တင်ယူလျက် ထွက်ခဲ့သော တံခါးဝသို့ပင် ပြန်လည်၍ နန်းတော်သို့ဝင်ပြီးသော် ထိုဒွန်းစဏ္ဍားမျိုးဖြစ်သော သတို့သမီးအား ဇမ္ဗာဝတီ ဟူသောအမည်ဖြင့် နန်းမတောင်ညာနှင်း၍ မိဖုရားကြီးအရာ၌ ထားဖူးလေ၏။

"ထို ဝါသုဒေဝမင်းကြီး၏ မိဖုရားဖြစ်သော ဇမ္ဗာဝတီတွင် သိဝိမည်ရှိသောသားကို ဖွားမြင်သဖြင့် ထိုသိဝိ မင်းသားသည် ခမည်းတော် ဝါသုဒေဝမင်းကြီး ဘဝပြောင်းလဲသောအခါ ဒွါရာဝတီပြည်၌ အဖအရိုက်အရာဖြစ်သော ထီးနန်းကိုရ၍ မင်းပြုလေ၏။ ဤသို့ လူတို့အမျိုးတွင် အမြတ်ဆုံးဟုသမုတ်အပ်သော မင်းမျိုးစဉ်လျက် ယုတ်ညံ့လှစွာသော ဒွန်းစဏ္ဍားမနှင့် သင့်နေကြကုန်သေး၏။ တိရစ္ဆာန်မျိုးဖြစ်သော ကျွန်ုပ်တို့မှာ ဆိုဖွယ်မရှိ။ စိတ်ဆန္ဒချင်း တူမျှသည်သာ ပမာဏဖြစ်တော့သည်။

"ရွှေအိမ့်ရှင်မ။ သက်သေတစ်ဦးမှာလည်း ကျွန်ုပ်ကြားဖူးသည်ကား ရှေးသောအခါ ဝစ္ဆ အမည်ရှိသော ပုဏ္ဏားတစ်ယောက်သည် ကာမဂုဏ်၌ငြီးငွေ့သဖြင့် များစွာသောစည်းစိမ်ဥစ္စာ အခြံအရံအိမ်ထောင် သား, မယားတို့ကို စွန့်ပြီးသော်၊ ရသေ့, ရဟန်းပြုလျက် ဟိမဝန္တာ၌ သခ်မ်းဆောက်လုပ်၍ နေသတတ်။ ထို ဝစ္ဆရှင်ရသေ့၏ ကျောင်းသခ်မ်းနှင့်မနီးမဝေးတွင်လည်း တစ်ခုသောလိုဏ်၌ များစွာကုန်သောကိန္နရာတို့သည် နေကြကုန်၏။ ထို လိုဏ်ဥမင်တံခါးဝတွင်လည်း ပင့်ကူတစ်ကောင်သည် တွင်းအုံ၌နေလျက် ထိုလိုဏ်မှထွက်လာ ကုန်သော ကိန္နရီ, ကိန္နရာတို့၏ဦးခေါင်းကို နေ့တိုင်းမပြတ်ဖောက်၍ သွေးကိုသောက်၏။

[ကိန္နရာတို့သဘောကား အားနည်းခြင်းကြောင့် ကြောက်လန့်တတ်သောစိတ် ရှိကုန်၏။]

"ထိုပင့်ကူသည်ကား ကိုယ်သဏ္ဌာန် လှည်းဘီးစက်ပမာဏ ရှိ၏။ အလွန် တင့်တယ်ကြီးကျယ်သော ခွန်အားနှင့်လည်း ပြည့်စုံ၏။ ထိုကိန္နရာတို့သည် အပေါင်းအဖော်များစွာ ရှိကုန်သော်လည်း ကြောက်လန့်တတ်သော သဘောရှိခြင်းကြောင့် ထို တစ်ကောင်တည်းသောပင့်ကူကြီးကို နှိပ်နင်းခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍

www.burmeseclassic.com



တစ်နေ့သ၌ ကိန္နရာတို့သည် ဝစ္ဆရှင်ရသေ့သို့ ချဉ်းကပ်ပြီးသော် ပဋိသန္ထာရစကား ပြောဟော၍နေ၏။ ဝစ္ဆရှင်ရသေ့လည်း ပဋိသန္ထာရစကား ပြောဟောပြီးလျှင် 'သင်တို့ အဘယ့်ကြောင့် ယခု ငါ့ထံသို့ လာကြသနည်း'ဟု မေးလျှင်၊ ကိန္နရာတို့သည် 'အရှင်သူမြတ်။ ကျွန်ုပ်တို့နေရာ လိုဏ်တံခါး၀၌ တစ်ခုသော ပင့်ကူကြီးသည် အကျွန်ုပ်တို့အမျိုးအဆွေများကို တစ်နေ့မပြတ် သတ်ပုတ်ညှဉ်းဆဲခြင်းကို ပြုဘိ၏။ အကျွန်ုပ်တို့အား အရှင်ရသေ့မှတစ်ပါး ကိုးကွယ်ရာမရှိပြီ။ အရှင်သည် ထိုပင့်ကူကို ပယ်ဖျက်၍ အကျွန်ုပ်တို့၏ အသက် ချမ်းသာကြောင်းကို ဆောင်တော်မူပါ'ဟု ဆိုကြကုန်၏။

"ဝစ္ဆရှင်ရသေ့သည် ကိန္နရာတို့စကားကိုကြားလျှင် 'သင်တို့ ဖယ်ကြလေ။ ငါတို့ ရသေ့, ရဟန်းမည်သည် သူ့အသက်ကို မသတ်ကောင်း'ဟု ပယ်ဆိုကြိမ်းမောင်းလိုက်သဖြင့် အခွင့်မရ၍ မိမိတို့နေရာ လိုဏ်သို့ပြန်ကြလေ၏။ ထို ကိန္နရီ,ကိန္နရာအပေါင်းတို့တွင် ရတ္တဝတီ အမည်ရှိသော ကိန္နရီမ တစ်ခုသောအရွယ်လည်း အချိန်သင့်၊ ခင်ပွန်းလည်းမရှိသေးဖြစ်၍ တစ်နေ့သ၌ ကိန္နရာအပေါင်းတို့သည် ထိုရတ္တဝတီအမည်ရှိသော ကိန္နရီမကို နတ်ဝတ်တန်ဆာဆင်စေပြီးသော ဝစ္ဆရှင်ရသေ့ထံသို့ ဆောင်ယူသွား၍ 'အရှင်သူမြတ်။ အကျွန်ုပ်တို့၏ရန်သူကို ပယ်ဖျက်နှိမ်နင်း၍ အကျွန်ုပ်တို့၏ကိုးကွယ်ရာကို ပြုတော်မူပါ။ ဤကိန္နရီမကိုလည်း အရှင်ရသေ့၏ခြေရင်း၌ အလုပ်အကျွေး ထားတော်မူပါလော့'ဟု ဆိုကြကုန်၏။

"ထို ဝစ္ဆရှင်ရသေ့သည် ရတ္တဝတီအမည်ရှိသော ကိန္နရီမကိုမြင်လျှင် ကပ်ငြိသောစိတ် ရှိသည်ဖြစ်၍ 'ကောင်းပြီ'ဟု ဝန်ခံလျက် ရတ္တဝတီကိန္နရီမကို သိမ်းယူပြီးလျှင် အစာရှာအံ့သောငှာ တွင်းမှထွက်သော ထိုပင့်ကူကို ဆောက်ပုတ်ဖြင့်ရိုက်နှက်၍ အသက်ကုန်စေပြီးသော်၊ ထိုရတ္တဝတီကိန္နရီမနှင့် အညီအညွတ် အသက်ထက်ဆုံး သင့်နေကြလျက် များစွာသောသား,သမီး ပြန့်ပွားခြင်းသို့ရောက်သဖြင့် ဟိမဝန္တာအရပ်၌ပင်လျှင် ဘဝ ပြောင်းလဲခြင်းသို့ ရောက်ကြဖူးလေ၏။

"ထိုမှတစ်ပါး လူဖြစ်လာသောသူသည် သမင်မနှင့် သင့်နေကြဖူးသော ထုံးသက်သေတို့သည်လည်း အများရှိကုန်သေး၏။ ဤသို့ လူတို့သည်ပင်လည်း တိရစ္ဆာန်မနှင့် သင့်နေကြဖူးသော ထုံးသက်သေရှိပါလျက် တိရစ္ဆာန်ငှက်မျိုးချင်းတူသော အကျွန်ုပ်တို့မှာ အဘယ်ဆိုဖွယ် ရှိကောင်းအံ့နည်း။ ဆန္ဒတူမျှပါလျှင် သင့်နေထိုက်လှ တော့သည်"ဟု ဆို၏။

ကျေးသားစကားကိုကြားလျှင် သာလိကာမသည် "အရှင်ကျေးသား။ စိတ်မည်သည်ကား လျင်သော အပြန့်ရှိခြင်းကြောင့် အခါခပ်သိမ်း တူမျှခဲလှပါသည်။ ယခုသာ ချစ်ခင်မှုနှင့်ပြောဆို၍ လိုက်နာမှားသဖြင့် နောင်စွန့်ပစ်၍သွားခဲ့သော် အကျွန်ုပ်တို့မိန်းမဟူသည်မှာ ယောကျ်ားကဲ့သို့ အဟုတ်ဖြစ်၍ ချစ်လျက်နှင့်ကွဲရမည်ကို အလွန်ကြောက်လှပါသည်"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် မိန်းမမှု၌ လိမ္မာကျွမ်းကျင်သူဖြစ်၍ သာလိကာမ၏ စိတ်ကို စမ်းလိုသည်ဖြစ်သောကြောင့် 'ဟန္ဒခေါဟံ ဂမိဿာမိ'အစရှိသော ဂါထာဖြင့်ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"ရွှေအိမ်ရှင်မ။ ကျွန်ုပ်တို့အရှင် သိဝရာဇ်မင်းကြီးက ထိုက်သည်ဟု ညွှန်ကြားတော်မူလျှင် ကျွန်ုပ်လည်း ရွှေအိမ်ရှင်မကို မမြင်ရမီကပင် ချစ်ကြင်နာမျိုးဟူသမျှ စုပေါင်းလျက် တစ်ချောင်းတည်းစိတ်ထား၍ ရောက်သည်နှင့်အညီ အသွယ်သွယ်စကားနှင့် လှုပ်ရှားသော်လည်း စိတ်ထားခိုင်မခိုင်ကိုသာ စမ်းသည်ထင်မှတ်၍ သေဝပ်သောနှလုံးနှင့် ချစ်ထုံးဖွဲ့ခွေသာအောင် သက်သေထုံးဟောင်း အကြောင်းကြောင်းကိုပြလျက် ပြောဆိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အမှုကုန်လောက်ပါပြီကို အလိုမတူသဲ ယခုပေါက်၍ နောက်နောင်အရေးများကို တွေးခေါ်မြော်ချင့်ယောင်နှင့် ရှောင်ကာတိမ်းကာ ပြောဆိုပြန်သည်မှာ သဘောတူသည်, မတူသည်ကို အထက်မေးမြန်းစဉ်ကပင် စိတ်မမျှကြောင်းနှင့် သိသာအောင်ပြောဆိုပါလျှင် ဤမျှလောက် စကားတံငင်၍ ပြောရမည်မဟုတ်။ ယခု စကားချင်းပေါင်းကူးမိမှ စိတ်မတူသံစကားကို ကြားရသဖြင့် အထက်ပြောဆိုမိသမျှစကားကိုသာ သိမ်းနုတ်၍ ကျွန်ုပ်နေရပ် နေပြည်သို့ ပြန်သွား သင့်ပေသည်။

"ရွှေအိမ့်ရှင်မက ဆိုတိုင်းလည်း မှန်ပေသည်ပင်။ ကျွန်ုပ်တို့ယောက်ျားဟူသည်မှာ စိတ်လိုလျှင် ကိုယ်ပါတတ်ချေ၏။ အလိုတူရာ မေတ္တာညွတ်လျက် တပ်မက်မိသောစိတ်ကိုလည်း တွန့်လိပ်၍ မဖောက်မလဲတတ်ဖြစ်တော့သည်။ ယခု အကျွန်ုပ်ကို တောသားအရိုင်းနှင့်နှင့် ကျေးသားကဲ့သို့ တစ်ပါးမှာထိုက်ရာရှာ၍ မရနိုင်မည်လောက် မှတ်ရည်သဖြင့် မတည်မကျစကားနှင့် နားယောင်အောင် မထီမဲ့မြင်ပြုသည်မှာ အကျွန်ုပ်လည်း သိဝရာဇ်မင်းကြီး၏ အချီးအမြှောက်ကိုခံရသော တမန်အမတ်ပင်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် အရာမကသော ထီးနန်းရှင်မတို့၌ အကျွန်ုပ်နှင့်ထိုက်ရာ သာလိကာမကို ရှာ၍မရနိုင်ဘဲ ရှိတော့မည်မဟုတ်။ ဤရွှေအိမ်ရွှေချိုင့်၌ တစ်ယောက်တည်းသာပျော်လို၍ သင် စိတ်မတူလျှင် နေရစ်တော့။ ယခုပင် ပြန်သွားတော့မည်"ဟုဆို၏။

ကျေးသားစကားကိုကြားလျှင် သာလိကာမသည် ကျေးသားကိုတွေ့မြင်ဦးကပင် နူးညွတ်သောအာရုံ၌ ကာမဂုဏ်ဝိထိစိတ် ယိုဖိတ်ယုက်တင်၍ ဘဝင်မကျနိုင်ရှိသည်တွင် ဖဲကြဉ်သုန်မှုန်သံနှင့် နှောင့်ယုက်ပြန်သဖြင့် နှလုံးကွဲအံ့သကဲ့သို့ရှိသော်လည်း မိမိတို့မိန်းမမာယာဖြင့် လျင်စွာအခွင့်မပေးဘဲ အရည်အသွေးလိုပြန်၍ 'န သိရီ တရမာနသ'အစရှိသော ဂါထာခွဲဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား—

"အရှင် ကျေးသားသုခမိန်။ အဘယ့်ကြောင့် အလျင်လိုတော်မူသနည်း။ လောက၌ ဂုဏ်သရေ၏ တင့်တယ်ခြင်းကို အလိုရှိအပ်သော အမှုဟူသည်၌ အချိန်ကိုမဆင်မခြင် အလျင်တဆောဒ္ဓဆောင်ရွက်၍ မတင့်တယ်ရာ။ လေးလေးမြတ်မြတ် ပြုရာသည်၊ ပေါ့ပေါ့မြန်မြန် ပြုရာသည်၊ အတည်တည်အစုစု ဆောင်ရွက်ရန်များတွင်လည်း ဤ အိမ်ထောင်ခြင်းအမှုသည် ဆေးဆေးလေးလေး ပြုရာသည့်အမှုဖြစ်ခြင်းကြောင့် အချိန်အခါ အခါအခွင့် သင့်မသင့်ကိုမြော်ချင့်လျက် သိအပ်ကြားအပ်သောသူတို့ကိုလည်း သိကြားစေသဖြင့် နောင်တစ်ဖန် မရှိရအောင် ဆောင်ရွက်အပ်သည်နှင့်အညီ။

"ယခု ဤရွှေချိုင့် ရွှေအိမ်၌ ပျားပေါက်ပေါက်တို့ကိုသုံးဆောင်လျက် ငုံလင့်တော်မူဦး၍ ညချမ်းဆည်းဆာ ချိန်ရောက်သောအခါ ကျွန်ုပ်တို့သခင် ဧကရာဇ်မင်းကြီးသည် ဤနန်းတော်အထက်ဆင့်သို့ တက်တော်မူလျက် ဤကျက်သရေတိုက်၌ ကိန္နရီမကဲ့သို့ တင့်တယ်စွာအရွယ်အဆင်းရှိသော နန်းသူကိုယ်လုပ်တော် ရွှေဖော်မိန်းမငယ်များစွာနှင့် တေးဖွဲ့, ရတု, ရကန် စသော သီချင်းမျိုး၊ စည်, စောင်း, ငြင်း စသော တီးမှုတ်မျိုးတို့ကို တီးမှုတ် စေလျက် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း သဘင်အရှင်အပျော်ဖြင့် စံတော်မူသည်ကို မြင်ရပါလိမ့်မည်။

"ထိုသို့ မင်းကြီးစံတော်မူသည် အချိန်ရောက်မှ အကြောင်းသင့်အောင်လျှောက်ထား၍ အကျွန်ုပ် ကြံဆောင်ပါမည်။ ဆီ, ထောပတ်အရသာကို နေရာကျအောင်စီရင်၍ မသုံးဆောင်တတ်သကဲ့သို့ အရှင်ကျေးသား သုခမိန်သည် အဘယ့်ကြောင့် အခါမဟုတ်ဘဲ အလျင်လိုတော်မူဘိသနည်း။ ငုံလင့်နေတော်မူဦးမှ သင့်ပါမည်"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် စိတ်ဆန္ဒညီ,မညီကို တစ်လီတစ်ကြိမ်တည်းဖြင့် စုံစမ်း ဆီးတန့် ဟန့်ကာဆိုပိတ်၍ စကားမြိတ်ဆုံးကြောင်းကိုသိပြီးသော် "ကောင်းပြီ။ ငုံလင့်ရဦးတော့မည်"ဆို၍



www.burmeseclassic.com

www.burmeseclassic.com



ထိုရွှေချိုင့်ထဲ၌ ညချမ်းအချိန်ရောက်သောအခါ ကျေးသားနှင့်သာလိကာမတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ လိုရာအမှုအပြီးသို့ ရောက်ကြလေကုန်၏။ ဤသို့ နှစ်သက်ဝမ်းသာ ပျော်ရွှင်ကြလျက် ဇနီးမောင်နှံဖြစ်ပြီးလျှင် ကျေးသားသည် ဤသို့ကြံ၏။

'ယခု ငါ၏အမှုမှာ အဆုံးသို့ရောက်ပြီ။ အရှင့်အရေးဆောင်ရန်ကိစ္စ အပြီးမရောက်သေး။ သာလိကာမသည်လည်း ယခု ငါ၏ အချစ်မျိုးစုပုံ၍ ရှိပြီဖြစ်သောကြောင့် အရှင့်အရေးကို ဆောင်ချိန်အခါ သင့်တော့သည်။ ယခု သာလိကာမအား လျှို့ဝှက်အပ်သောစကားကို ငါမေးလျှင် မချွတ်ဧကန် မှန်တိုင်းပြောဆိုလတ္တံ့။ ငါ့အရှင်၏ကိစ္စကို ယခုပင် သိအောင်မေး၍ မိထိလာပြည်သို့ ပြန်သွားအံ့'ဟု ကြံပြီးလျှင်၊ အာလုပ်သံပေး၍ "အဘယ် သာလိကာမ" ဟုခေါ်၏။ သာလိကာမလည်း "အသို့နည်း အရှင်"ဟုဆို၏။

ကျေးသားလည်း "သင့်အား တစ်ခုသောစကားကို ပြောလိုပါသည်"ဟု ဆို၏။

"အရှင်။ ပြောဆိုတော်မူပါလော့"ဟု ဆို၏။

ကျေးသားသည် စကားစပေါ်စေလို၍ "အဘယ် ထိုသို့ကား ဆို၏။ ယနေ့သည် ငါတို့အား မင်္ဂလာ ဆောင်သည့်နေ့ဖြစ်သောကြောင့် တစ်ပါးစကားကိုပြော၍ ကောင်းသေးမည်မထင်။ နက်ဖြန်မှ ပြောဆိုတော့မည်"ဟု ဆို၏။

သာလိကာမလည်း "အရှင်။ ယခုပြောဆိုလိုသောစကားသည် မင်္ဂလာရှိသော စကားဖြစ်မူကား ယနေ့ပင် ပြောဆိုတော်မူလော့။ မင်္ဂလာမရှိသော စကားဖြစ်မူ ယနေ့ပြောဆို၍ မသင့်"ဟု ဆို၏။

ကျေးသားလည်း "အဘယ် ယခုပြောဆိုလိုသောစကားသည် မင်္ဂလာရှိသော စကားပင်တည်း"ဟု ဆို၏။

သာလိကာမလည်း "အရှင်။ ထိုသို့တပြီးကား ပြောဆိုတော်မူလော့"ဟု ဆို၏။

ကျေးသားသည် ဤသို့ စကားစဖော်ပြီးသော် "အဘယ်။ သင် အကယ်၍နာလိုပါလျှင် ထိုစကားကို ငါပြောဆိုအံ့"ဟုဆို၍၊ လျှို့ဝှက်အပ်သောစကားကို မေးလိုသောကြောင့် 'ယောနုခွါယ် တိဗ္ဗော သဒ္ဒေါ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အဘယ် သာလိကာမ။ ငါပြောဆိုလိုသော စကားမှာ တစ်ပါးမဟုတ်ပြီ။ ဤကေရာဇ်မင်းကြီး၏ သမီးတော် ပဉ္စာလစန္ဒီမင်းသမီးသည် သောက်ရှူးကြယ်ရောင်ကဲ့သို့[၅၉]အရည်အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံ၏။ ထိုပဉ္စာလစန္ဒီ မင်းသမီးကို ဝိဒေဟရာဇ်မင်းကြီးအား ပေးထိမ်းမြား[၆၀]မည်ဟု ငါတို့ပြည်မှာစ၍ အရပ်ရပ်မြို့ရွာ ဇနပုဒ်တို့၌ နှံ့ပျံ့ထင်ရှားစွာ ကျော်စောခြင်းဖြစ်၏။ ထိုသို့ ကျော်စောသောစကားကို ကြား၍ ငါ၌ ဤသို့ အကြံ ဖြစ်ပေသည်။

'စူဠနီဗြဟ္မဒတ်မင်းကြီး၏ သမီးတော်သည် ထိုသို့ ကျော်စောထင်ရှားတိုင်း အရွယ်အဆင်းနှင့် ပြည့်စုံသည်မှန်လျှင် ဝိဒေဟရာဇ်မင်းကြီးသည် စူဠနီဗြဟ္မဒတ်မင်းကြီး၏ရန်သူ ဖြစ်သည်။ စင်စစ် သမီးတော်ကို ချီးမြှောက်တော်မူလိုသော် ဝိဒေဟရာဇ်မင်းမှတစ်ပါးသော ထီးဆောင်မင်းအပေါင်းတို့သည် မိမိအလိုသို့ချည်း လိုက်လျက် မိတ်ကျွမ်းဝင်ကြကုန်၏။ ထို မိတ်ဆွေဖြစ်သော ထီးဆောင်မင်းအပေါင်းတို့တွင် ထိုက်တော်ရာ မင်းနှင့်သာလျှင် စုံဖက်တော်မူရာ၏။ ထိုသို့ကားမပြုမူ၍ ဘုန်းကြီးသော ကေရာဇ်မင်းဖြစ်လျက် မဖက်မပြိုင်လောက်သော မိမိရန်သူ ဝိဒေဟရာဇ်မင်းအား အဘယ့်ကြောင့် သမီးတော်ကိုပေးမည် ကြံလေသည် မသိဟု မတွေးမယူနိုင်အောင်ရှိ၍ပင် သင့်အား ငါ မေးရတော့သည်"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သာလိကာမသည် ကျေးသားစကားကိုကြားလျှင် "အရှင်။ အဘယ့်ကြောင့် မင်္ဂလာနေ့၌ အမင်္ဂလာစကားကို ဆိုတော်မူသနည်း။ ဤစကားကို အမိန့်မရှိပါနှင့်"ဟု ဆို၏။

သာလိကာမ စကားကိုကြားလျှင် ကျေးသားသည် "အဘယ်။ ငါကား ဤစကားကို 'မင်္ဂလာရှိသောစကားဖြစ်သည်'ဟူ၍ပင် ငါပြောဆိုသည်။ သင်ကား အဘယ့်ကြောင့် 'မင်္ဂလာမရှိသော စကား'ဟုဆိုသနည်း"ဟုမေး၏။ သာလိကာမသည် "အရှင်။ ဤသို့သောရန်သူမင်းအား အဘယ့်ကြောင့် မင်္ဂလာရှိသောအမှုကို ပြုပါအံ့နည်း"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် "အဘယ်။ ဝိဒေဟရာဇ်မင်းအား သမီးတော်နှင့် ထိမ်းမြားမင်္ဂလာ မပြုလိုဘဲလျက် အဘယ့်ကြောင့် အရပ်တိုင်းနှံ့အောင် ဤစကား ဖြစ်ရမည်နည်း။ ငါတို့မှာ အကျော်အစောဖြစ်၍သာ မေးရတော့သည်။ အကြောင်းမျိုးကိုမူကား သင်တို့ကဲ့သို့ သိနိုင်တော့မည် မဟုတ်ပြီ။ ထို့ကြောင့် မင်္ဂလာမရှိဟု သင်ဆိုသောစကား၏အနက်ကို ငါ့အား သင်ပြောဦးလော့"ဟုဆို၏။ သာလိကာမလည်း "အရှင်။ ဤစကားကို ကျွန်ုပ် မပြောဝံ့ပါ"ဟုဆို၏။

ကျေးသားသည် သာလိကာမစကားကိုကြားလျှင် "အဘယ်။ ငါသည် သင့်အား အသက်နှင့်အတူတူ ကြည်ဖြူလေးမြတ်ခြင်း ဖြစ်၏။ သင်မူကား ငါ့ကို အပေါ်စကားနှင့်သာ ချစ်ကြင်နာယောင်ပြု၍ စိတ်ထဲမကြည်မဖြူသဖြင့် ထိုလျှို့ဝှက်အပ်သောစကားကို ငါ့အားမပြောလျှင် ငါ့ကိုပင် သင် အကောက်ကြံသော်လည်း ငါ သိနိုင်တော့မည် မဟုတ်။ ထို့ကြောင့် သင့်အား ခင်ပွန်းပြု၍ အကျိုးမရှိပြီ"ဟု ဆို၏။

ဤသို့ သာလိကာမအား နှိပ်၍ မနေသာအောင် ကျေးသားဆိုလျှင် သာလိကာမသည် အရှင့်ရေးထက် ကိုယ်ရေးပျက်မည်ကို စိုးသောကြောင့် ထိုလျှို့ဝှက်အပ်သောစကားကို အရိပ်ပြလို၍ 'ဧဒိသော မာ အမိတ္တာနံ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"မာတရ[၂၅]အမျိုးဖြစ်သော အရှင် ကျေးသားသုခမိန်။ ပဉ္စာလရာဇ်မင်းကြီးသည် ရန်သူဖြစ်သော ဝိဒေဟရာဇ်မင်းကြီးအား သမီးထိမ်းမြားခြင်းကို ပြုအံ့သကဲ့သို့ အရှင်ကျေးသားအားလည်း ဤသို့ဆိုသော ထိမ်းမြားခြင်းကို ဖြစ်စေလိုသလော"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် "အဘယ်။ သင်သည် ငါ့ကို မလောက်မလေး အဘယ့်ကြောင့် ကလူစားသနည်း"ဟု ဆိုလျှင်၊ သာလိကာမသည် "အရှင်။ ထိုသို့တပြီးကား နာတော်မူလော့"ဟု ဆို၍ 'အာနယိတွာန ဝေဒေဟံ' အစရှိသောဂါထာဖြင့် လျှို့ဝှက်အပ်သောစကားကို ပြန်ကြားပြောဆို၏။ အဓိပ္ပာယ်ကား-

"အရှင် ကျေးသားသုခမိန်။ ပဉ္စာလရာဇ်မင်းကြီးသည် ဝိဒေဟရာဇ်မင်းကြီးအား သမီးတော်နှင့် ထိမ်းမြားလို၍ မဟုတ်။ ထို ဝိဒေဟရာဇ်ပြည်၌ မင်း၏အကျိုးအကြောင်းကို ဆုံးမတတ်သော ပညာရှိသုခမိန်ကား မဟောသဓ အမည်ရှိ၏။ ကျွန်ုပ်တို့အရှင်မင်းကြီးသည် သမီးတော်နှင့်ဖြားယောင်း၍ ထိုမဟောသဓ သုခမိန်နှင့်တကွ ဝိဒေသဟရာဇ်မင်းကို ဤပြည်သို့ လာရောက်စေပြီးလျှင် ထိုသူတို့ကို ပယ်ဖျောက်သုတ်သင်၍ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းတို့နှင့် အောင်သေသောက်ခြင်းကို ပြုကြကုန်အံ့ဟု ကေဝဋ်ပုဏ္ဏားသည် မင်းကြီးနှင့်တိုင်ပင်၍ မိထိလာပြည်သို့သွားခြင်းသာ ဖြစ်သည်။ မိတ်ဖွဲ့လို၍ မဟုတ်"ဟု ဆို၏။

သာလိကာမစကားကိုကြားလျှင် ကျေးသားသည် "အဘယ်။ ဆရာ ကေဝဋ်အမတ်ကြီးကား အလွန်ပညာရှိပေ၏။ သိမ်မွေ့ခဲခက်သော ဥပါယ်တံမျဉ်၌လည်း လိမ္မာပေ၏။ ဤသို့သော ဥပါယ်တံမျဉ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးကို အသာတကြည်ဖမ်းယူခြင်းငှာ ကြံဆောင်ပေသည်။ အလွန် အံ့ဩဖွယ်ရှိပေစွ”ဟု ကေဝဋ္ဋအမတ်အား ချီးမွမ်းပြီးလျှင် “အဘယ်။ ထိုသို့တပြီးကား ယနေ့သည် ငါတို့၏ မင်္ဂလာနေ့ဖြစ်သည်။ မင်္ဂလာမရှိသော ဤစကားကို ပြောဆို၍ အကျိုးမရှိ။ ဆိတ်ဆိတ်နေကြကုန်အံ့”ဟု ဆိုလျက်၊ မိမိလာအပ်သော ကိစ္စ အပြီးသို့ရောက်သည်ကို သိသဖြင့် ထိုညဉ့်ပတ်လုံး သာလိကာမနှင့်အတူ ဝမ်းမြောက်ဝမ်းသာ အိပ်နေလေ၏။

နံနက်မိုးသောက် ရောက်လတ်သော် ကျေးသားသည် သာလိကာမအား မိမိပြည်သို့သွားအံ့သော အခွင့်ကို တောင်းပန်လို၍ ‘ဟန္ဒ မံ အနုဇာနာဟိ’ အစရှိသောဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“အဘယ် ရွှေအိမ်ရှင်မ။ ငါတို့သည် မိတ်လင်ခင်ပွန်း ဖြစ်ကြကုန်ပြီ။ စိတ်အပျော်အရွှင်သို့ လိုက်၍ ဤမျှနှင့်သာနေချေလျှင် အမှုမကုန် ရှိတော့မည်။ ထို့ကြောင့် ယနေ့ သိဝရာဇ်ပြည်သို့သွား၍ ငါတို့အရှင်မင်းကြီးအားလည်းကောင်း၊ အရှင်မိဖုရားကြီးအား လည်းကောင်း ပဉ္စာလရာဇ်မင်းကြီး၏ အိပ်ရာ စောင့်ဖြစ်သော ရွှေအိမ့်ရှင် သာလိကာမကို စုံစမ်းပြောဆို၍ အခွင့်ရခဲ့ကြောင်းနှင့် လျှောက်ထားချေအံ့။ ယနေ့မှသည် ၇ ရက်တိုင်ရုံ ဤတွင် သင် နေရစ်ဦးလော့။ ၈ ရက်မြောက်သောနေ့၌ များစွာသော လက်ဆောင်ပဏ္ဏာ အခြံအရံများစွာနှင့်တကွ ငါ၏အရှင်မင်းကြီး၊ အရှင်မိဖုရားကြီးတို့ကို ခေါ်၍ ဤနန်းတော်သို့ လာခဲ့အံ့။ ခဏမျှ ငါနှင့်ကွဲရသည် ဟူ၍ ပူဆွေးခြင်း သင် မဖြစ်ရစ်နှင့်”ဟု ဆို၏

ကျေးသား၏စကားကိုကြားလျှင် သာလိကာမသည် မိမိမှခွာ၍ မသွားစေလိုသော်လည်း ကျေးသား၏ စကားကို မပယ်နိုင်သည်ဖြစ်၍ ‘ဟန္ဒ တံ အနုဇာနာမိ’အစရှိသော ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“အရှင်ကျေးသားသုခမိန်။ ချစ်ကြင်နာစဖြစ်ပါသည်ကို အဘယ့်ကြောင့် အလျင်လိုတော်မူဘိသနည်း။ ကျွန်ုပ်သည် အရှင်ကျေးသားနှင့် တစ်ခဏမျှ ခွဲရမည်ကို အလိုမရှိပါ။ ထိုသို့ဖြစ်သော်လည်း အရှင်ကျေးသား ကြွတော်မူလိုလျှင် အလျင်တဆောသာ[၂၆] ဤသို့ပြန်တော်မူခဲ့ပါတော့။ ယနေ့မှ ၈ ရက်မြောက်သောနေ့၌ ဤသို့ရောက်အောင် ပြန်လာတော်မမူဘဲ နွဲ့ဖင့်၍အရှည်အကြာ ထိုပြည်မှာနေတော်မူလျှင် ကျွန်ုပ် အသက်မရှည်နိုင်ပြီ။ ရက်လွန်မှ ကြွလာတော်မူသော်လည်း နှလုံးကွဲ၍သေလေပြီးသော အကျွန်ုပ်၏ အလောင်းကိုသာ အရှင်ကျေးသား တွေ့မြင်ရလတ္တံ့။ ထို့ကြောင့် ကြာမြင့်စွာ နေတော်မမူပါလေနှင့်”ဟုဆို၏။

သာလိကာမ စကားကိုကြားလျှင် ကျေးသားသည် “အဘယ်။ အသို့ဆိုသနည်း။ ငါလည်း သင်နှင့် တခဏမျှကွဲရမည်ကို နှလုံးပြတ်မျှ ပူဆွေးလှ၏။ ထိုသို့ဖြစ်သော်လည်း မနေသာသည့်အမှုဖြစ်၍သာ ခေတ္တမျှ သွားရချေဦးတော့မည် ကြံပေသည်။ ၈ ရက်မြောက်၌ ရွှေအိမ်ရှင်မကိုမမြင်ရလျှင် ငါ၏အသက် ရှင်နိုင်တော့မည် မဟုတ်”ဟု အပေါ်စကားဖြင့်သာ လိုရာအခွင့်ရရုံ ချစ်ယောင်ပြုလျက် စိတ်ထဲ၌ကား ‘သေလိုသေ၊ ရှင်လိုရှင်၊ သင်သည် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း’ဟုကြံ၍၊ ကောက်ပင်ရိတ်ဖြတ်စကား[၂၇]ကိုဆိုပြီးသော် နန်းတော်ပြတင်းမှထွက်၍ အတန်ငယ် သိဝရာဇ်တိုင်းသို့ ရှေးရှုပျံပြီးလျှင် ထိုခရီးမှတုံ့လည်သဖြင့် မိထိလာပြည်သို့ ရှေးရှုပျံခဲ့လေ၏။

မိထိလာပြည် မိမိနေရာ မဟောသဓသုခမိန်အိမ်သို့ရောက်သောအခါ မဟောသဓသုခမိန်၏ ပခုံးစွန်း၌ နား၏။ မဟောသဓသုခမိန်သည်လည်း ကျေးသား၏ ပြုမြဲလေ့ ရှိသည်ဖြစ်၍ ထိုပခုံးစွန်း၌နားသော အမှတ်ဖြင့် မိမိအိမ်ထက် ပြာသာဒ်ဆင့်သို့တက်ပြီးလျှင် ကျေးသားအား အကြောင်းကို မေး၏။ ကျေးသားလည်း မိမိဆောင်ရွက်ခဲ့သည့်အတိုင်း စကားအလုံးစုံကို မဟောသဓသုခမိန်အား လျှောက်ကြားလေ၏။ မဟောသဓ သုခမိန်သည် ကျေးသားအား ထိုက်လျောက်ရာ များစွာသောပူဇော်သက္ကာတို့ဖြင့် ချီးမြှောက်ပူဇော်ခြင်းကိုပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤအရာ၌ 'ကျေးသားသည် ငှက်တိရစ္ဆာန်ဖြစ်လျက် လူပညာရှိ မတန်။ ထုံးပုံစံများနှင့် အဆန်းတကျယ် စကားကို ပြောဆိုနိုင်ရာအံ့လော'ဟု တွေးဆယုံမှား မဖြစ်ရာချေ။ အဘယ့်ကြောင့်နည်းဟူမူ ဂန္ဓာရုံကို မယူတတ်သော ဖက်ရွက်မျှလည်း မွှေးလှသောပန်းကိုထုပ်လျှင် ပန်းအနံ့ လှိုင်ထုံသေး၏။ ဤကျေးသားမူကား ဘဝအဆက်ဆက် ဖြည့်ဆည်းပူးအပ်သော ပုညသမ္ဘာရ အဆောက်အဦဖြင့် ပဝတ္တိဉာဏ် ဖွံ့သန်ကြီးရင့်ဟောင်းတွင် ဘုရားအလောင်းတော် မဟောသဓသုခမိန် တည်းဟူသော ဉာဏ်ပဒေသာကြီးနှင့် တွေ့ကြုံပေါင်းယှက်ရသဖြင့် မိမိကိုပင် သွန်သင်ဆုံးမ ဩဝါဒမပေးငြားသော်လည်း သူတစ်ပါးတို့အား နေ့ညဥ့်မပြတ် အထူးထူးအပြားပြား မိန့်ကြားညွှန်ပြသော ထုံးဥပဒေ သက်သေပုံစံကို အဖန်ဖန်အခါခါ ကြားနာရခြင်းသည်ပင်လည်း ပညာရှိ ခံလောက်အောင်အမှုမျိုး၌ လိမ္မာကျွမ်းကျင်ရာ၏။ ထို့ကြောင့် ယုံမှားဖွယ် မရှိချေ။ ဤကား ဘုရားလောင်း မဟောသဓသုခမိန်၏ငယ်မွေး မာတရအမျိုးဖြစ်သော ကျေးသား၏ဂုဏ်ကို ပြခြင်းတည်း။]

ပဉ္စာလရာဇ်မင်း, ကေဝဋ်အမတ်တို့သည် အကောက်ကြံ၍ တိုင်ပင်ဆောင်ရွက်ဟန် အစီအရင်၌ လည်းကောင်း၊ ကျေးသားလိကာမတို့၏ စကားမာယာ လိမ္မာကြဟန်ကို လည်းကောင်း ပြဆိုသောအခန်းကား ဤတွင်ရွေ့ ပြီးပြီ။

## ၄၄။ ဥမင် စီရင်ခန်း

ဤသို့ မဟောသဓသုခမိန်သည် ကျေးသားကိုစေလွှတ်ပြီး၍ ပဉ္စာလရာဇ်မင်း, ကေဝဋ်အမတ်တို့၏ အတိုင်အပင် အကြံအစည်အလုံးစုံကို သိရပြီးသော် ဤသို့ အကြံဖြစ်လေ၏။

'ဤမင်းကြီးသည် ငါအလိုမရှိသော်လည်း မိန်းမရမ္မက်ကြောင့် ထိုပဉ္စာလရာဇ်ပြည်သို့ မချွတ်လျှင် သွားလတ္တံ့။ ထိုသို့သွားလျှင်လည်း မင်းကြီးအား ကြီးစွာသောပျက်စီးခြင်းသို့ ရောက်လတ္တံ့။ ထိုမင်းကြီး ပျက်စီးလတ္တံ့သည်ကိုမြင်လျက် ငါ မထောက်မပံ့ ကြောင့်ကြမဲ့နေချင်သော် ငါ့အားလည်း သူတော်ကောင်းတို့ ကဲ့ရဲ့ဖွယ်ဖြစ်လတ္တံ့။ ငါသို့သော ပညာရှိသုခမိန် ထင်ရှားရှိလျက် စည်းစိမ်အခြံအရံကို ပေးတော်မူသော ငါ၏ ကျေးဇူးရှင်မင်းကြီးသည် အဘယ့်ကြောင့် ပျက်စီးရအံ့နည်း။

'ထို့ကြောင့် မင်းကြီးမကြွမီ ငါ ရှေးဦးစွာ ပဉ္စာလရာဇ်ပြည်သို့သွား၍ စူဠနီဗြဟ္မဒတ်မင်းနှင့် စကားလျှောက် ပတ်အောင်ပြောဆိုပြီးမှ လက်ထပ်နန်းဆောက်ရာ မြို့တည်လုပ်လျက် တစ်ဂါဝုတ်မျှလောက် အကွေ့အကောက် သွားရသော ခရီးဥမင်နှင့် ၂ ဂါဝုတ်မျှသော ဥမင်ကြီးကိုတူးစီရင်ပြီးလျှင် မင်းကြီးကိုကြွလာစေ၍၊ စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော်ကိုလည်း ဆောင်ယူစေသဖြင့် မင်းကြီး၏ ခြေရင်းအလုပ်အကျွေး ဖြစ်စေလျက် အဘိသိက်သွန်း၍ ထိမ်းမြားမင်္ဂလာဆောင်ပြီးသော်၊ ရာဟုဂြိုဟ်ခံတွင်းမှလွတ်သော လပြည့်ဝန်းကဲ့သို့ ၁၈ ခေါဘဏီမျှ လောက်သော စစ်သည်ဗိုလ်ခြေနှင့်တကွ ဝန်းရံလျက်နေသော ထီးဆောင်းမင်းအပေါင်းတို့ မြင်စဉ်ပင်လျှင် မင်းသမီးကိုယူ၍ ဤနေပြည်တော်သို့ မင်းကြီးကိုပြန်လည်စေရမည်ကား ငါ၏ ဝန်သာတည်း'ဟုကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ကြံမိသော ဘုရားလောင်း၏ကိုယ်တော်၌ နှစ်သက်ခြင်းတည်းဟူသော ခုဒ္ဒကာပီတိ[၂၅၅]သည် အခါခါ တက်၍ ပြန့်၏။ ထို နှစ်သက်ခြင်းပီတိအဟုန်ဖြင့် စိတ်အာရုံမသတ်နိုင်၍-

'ယဿေဝ ဃရေ ဘုဉ္ဇေယျ ဘောဂံ၊ တဿေဝ အတ္ထံ ပုရိသော စရေယျ။ ။'ဟု ထက်ဝက်သော ဂါထာဖြင့် ဥဒါန်း[၂၅၆] ရင့်ကျူးတော်မူလေ၏။

ဘောန္တော၊ အိုအချင်းတို့။ ယဿေဝ၊ အကြင်သူ၏သာလျှင်၊ ဃရေ၊ အိမ်၌။ ပုရိသော၊ ခစားသော ယောကျ်ားသည်။ ဘောဂံ၊ စည်းစိမ်းချမ်းသာကို။ ဘုဉ္ဇေယျ၊ ခံစားသုံးဆောင်ငြားအံ့။ သော၊ ထို သူခစားသည်။ တဿ၊ ထို မိမိကျေးဇူးရှင်၏။ အတ္ထံဝေ၊ အကျိုးစီးပွားကိုသာလျှင်။ စရေယျ၊ ကျင့်ဆောင်ထိုက်လှပေ၏။ အဓိပ္ပာယ်ကား-

"အချင်းတို့။ အကြင်မင်း၏ထံ၌ ခစားလျက် ကျေးဇူးကိုခံစား၍နေကုန်သော မင်းခယောကျ်ားတို့သည် မိမိအရှင် အမျက်ထွက်၍ ဆဲဆိုကြိမ်းမောင်း မကောင်းသဖြင့်ကျိန်ဆဲလျက် လည်ကိုကိုင်ညှစ်၍ တွန်းပစ်ထုတ်ငင်ငြားသော်လည်း စည်းစိမ်ကိုပေးပေတတ်သော ကျေးဇူးရှင်အား အမျက်ရန်ငြိုး မထားအပ်။ ကိုယ်,နှုတ်,နှလုံး ၃ ပါးတို့ဖြင့် အခွင့်နှင့်လျော်စွာ အရှင်၏အကျိုးစီးပွားကိုသာ ဆောင်ထိုက်လှပေသည်"ဟု နှစ်သက်ရွှင်လန်းစွာ ဥဒါန်း ကျူးရင့်တော်မူ၏။

ဤသို့ ကြံစည် ဥဒါန်းကျူးပြီးလျှင် ရေချိုးခြင်း, တန်ဆာဆင်ခြင်း စသည်တို့ကိုပြီးစေသဖြင့် များစွာသော အခြံအရံနှင့်တကွ နန်းတော်သို့သွား၍ တင့်အပ်သောနေရာ၌ မင်းကြီးအား ရှိခိုးလျက်နေပြီးလျှင် "အရှင်မင်းကြီး။ ဥတ္တရပဉ္စာလရာဇ်ပြည်သို့ အလျင်တဆောပင် ကြွမည် အကြံတော်ရှိသလော"ဟုလျှောက်၏။ ဝိဒေဟရာဇ်မင်းကြီး သည် မဟောသဓသုခမိန်၏စကားကို ကြားလျှင် 'ငါ ကြိမ်းမောင်းလိုက်သောစကားနှင့် ခံညား၍ ငါသားလည်း ငါ၏အလိုသို့ ပါပြီ'ထင်သဖြင့်၊ "ချစ်သား။ ယခု မကြာမြင့်မီပင် ပဉ္စာလရာဇ်ပြည်သို့ ငါ ကြွသွားတော်မူမည်"ဟုဆို၍ ငါ့အား ပဉ္စာလစန္ဒီမင်းသမီးကိုမရချေသော် မင်းဖြစ်ကျိုး ရှိတော့မည်မဟုတ်။ ငါ့သားသုခမိန်လည်း ဤမိထိလာပြည်၌ မနေရစ်ပါလင့်။ ငါနှင့်အတူ ပဉ္စာလရာဇ်ပြည်သို့ လိုက်ခဲ့လော့။ ထို ပဉ္စာလရာဇ်ပြည်သို့ သွားခြင်း၌ ငါသည် ၂ ပါးသောအကျိုးနှင့် ပြည့်စုံမည်ကို မြင်၏။

"အကျိုး ၂ ပါးဟူသည်မှာ ငါ့အား ပဉ္စာလစန္ဒီမင်းသမီးကိုလည်း ရအံ့။ စူဠနီဗြဟ္မဒတ်မင်းနှင့်လည်း အဆွေ ခင်ပွန်းဖြစ်လတ္တံ့။ ဤအကျိုး ၂ ပါးကို မြင်သောကြောင့် မကြာမီပင် ငါသွားအံ့"ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် မိမိ ရှေးဦးစွာ သွားလိုသောအကြောင်းကို ဆိုလို၍ 'ဟန္ဒဟံ ဂစ္ဆာမိ ပုရေ ဇနိန္ဒ' အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ထိုသို့ကြွတော်မူမည်မှန်လျှင် အရှင်မင်းကြီးမကြွမီ ကျွန်ုပ် အလျင်သွား၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ပဉ္စာလရာဇ်ပြည်၌ လက်ထပ်မင်္ဂလာဆောင်ရန် တဲနန်းတော် ဆောက်လုပ်စီရင်ပါမည်။ တဲနန်းတော် စီရင်ခင်းကျင်းပြီးလျှင် အကျွန်ုပ်က နေ့ရက်အချိန်အချက်နှင့် အလျှောက်အထား စေလွှတ်လိုက်ပါမည်။ ထို စေလွှတ်သူရောက်မှ ပဉ္စာလရာဇ်ပြည်သို့ အရှင်မင်းကြီး ကြွတော်မူခဲ့ပါ"ဟု လျှောက်ထား၏။ မဟောသဓာစကားကိုကြားလျှင် 'ငါ့သားကား ငါ့ကို မပစ်မစွန့်ပေ'ဟု စိတ်လိုရာရောက်သဖြင့် ဝမ်းမြောက်ခြင်း ဖြစ်၍ "ငါ့သား သုခမိန်။ သင် အလျင်သွားနှင့်မည်ဟူသော် အဘယ်ကို ငါဆောင်ရွက်ရမည်နည်း"ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ မဟောသဓ သုခမိန်သည်လည်း "အရှင်မင်းကြီး။တစ်ပါးသော ဆောင်ရွက်ခြင်းကို ကျွန်ုပ် အလိုမရှိပါ။ စစ်သည်ဗိုလ်ပါကိုသာ ပေးတော်မူစေချင်ပါသည်"ဟု လျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ချစ်သား။ သင် အလိုရှိတိုင်း ယူလေလော့"ဟု ဆိုလျှင် မဟောသဓ သုခမိန်သည် "အရှင်မင်းကြီး ၄ မျက်နှာသော ထောင်တန်းနှောင်အိမ်တို့၌ မင်းပြစ်သင့်ကုန်သော လူဆိုးလူသွမ်းတို့သည် များစွာရှိကုန်၏။ ထိုသူတို့ကိုလည်း ပေးသနားတော် မူစေချင်ပါသည်"ဟု လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သား။ ငါနှင့် မိဖုရားသာ လွတ်စေ။ မည်သူမဆို သင်အလိုရှိရာ ခေါ်ဆောင်လေလော့" ဟု ဆိုလတ်သော် မဟောသဓ သုခမိန်သည် ၄ မျက်နှာသောထောင်တန်းတို့၌ အနှောင်အဖွဲ့ အကျဉ်းအမြောင်းခံရသောသူ ဟူသမျှကို လွတ်စေပြီးလျှင် အမှုကိုထမ်းရွက်စေခြင်းငှာ ရဲစွမ်းရှိကုန်သော သူရဲကောင်းတို့ကို ရွေးချယ်ကောက်ယူသဖြင့် "ငါ၏ဝယ် သင်တို့စားလျက် အရှင့်အမှုကို မြဲစွာဆောင်ရွက်ကြရမည်" ဟုဆို၍၊ ထိုသူရဲကောင်းတို့အား ရွှေ, ငွေ, အဝတ်ပုဆိုး မျိုးရိက္ခာ များစွာဆုလာဘ် ပေးချ၏။

ထိုမှတစ်ပါး မြို့ရွာနိုင်ငံ၌ရှိကုန်သော လက်သမား ဗိသုကာ, ပန်းပွတ်, ပန်းပု, ပန်းချီ, ပန်းပဲ,ပန်းရန်, ပန်းထိမ်, သားရေနယ်သမား အစရှိသောအားဖြင့် လက်အတတ်၌ကျွမ်းကျင်ကုန်သော သူတို့ကိုလည်း ခွဲကောက်သိမ်းယူ၍ အစုစုဗိုလ်ထုအပေါင်း ၁၈ ကုဋေခန့် ရှိ၏။ ထို ၁၈ ကုဋေမျှလောက်သော ဗိုလ်ပါအပေါင်းတို့အား ဓား,လှံ အစရှိသော လက်နက်၊ ပဲခွပ်, ပုဆိန်, ပေါက်တူး, တူးရွင်း အစရှိသော အဆောက်အဦတို့ကိုလည်း ကိုယ်စီ ဆောင်ယူခဲ့စေလျက်၊ အလုံးစုံကို စီရင်ခန့်ထားပြီးသော် ဘုရားလောင်း မဟောသဓသုခမိန်သည် များစွာသော ဗိုလ်ပါအခြံအရံနှင့်တကွ ဝိဒေဟရာဇ် မင်းကြီးအား ပန်ကြားပြီးလျှင် မိထိလာပြည်မှထွက်၍ ပဉ္စာလရာဇ်ပြည်သို့ ရှေးရှုချီသွားလေ၏။

[ဤစကားတွင် ဗိုလ်ထုပေါင်း ၁၈ ကုဋေဟု အဓိပ္ပာယ်ဆိုလိုက်သည်မှာ ဤဇာတ်တော်ပါဠိ၌ အဋ္ဌာရသ သေနိယောဟုရှိသော သချာမျှကို ဆိုသည်။ သချာ၏ အဘိဓာနဖြစ်သော အမည်ကို မဆို။ နိဿယဆရာမူကား ၁၈ခေါဘဏီဟူ၍ပင် အနက်ပေး၏။ ထိုစကားကို ရှေ့နောက်အလားအလာနှင့် နှိုင်းယှဉ်ထောက်စာသော် စူဠနီဗြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်ပြည်ကို နင်းနယ်အံ့ဟူသော ရာဇမာန်ဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၀ သော တိုင်းကြီးပြည်ကြီးတို့ကို သိမ်းရုံးသည်ဖြစ်လျက်လည်း ၁၈ ခေါဘဏီမျှသော ဗိုလ်ထုကိုသာ ရနိုင်သည်ကိုလည်းကောင်း၊ စင်စစ် ဝိဒေဟရာဇ်မင်းကြီး၌ ၁၈ ခေါဘဏီခန့် ဗိုလ်ထုရှိသည်မှန်လျှင် ထို ဥမင်မတူးဘဲ မြို့က နေကာပင်လည်း ဝိဒေဟရာဇ်မင်း၏ အခြံအရံလက်ရုံး ဘုန်းအာဏာ, ဘုရားလောင်း၏ ပညာလက်ရုံး ဘုန်းအရှိန်ဖြင့် ဝိဒေဟရာဇ်မင်းသို့ ဇမ္ဗူဒိပ်ကျွန်းအလုံး ညွတ်ရုံးခပ်ဖွယ်ရှိသည်ကို လည်းကောင်း၊ ရှေး၌ဆိုခဲ့ပြီးသော စစ်စခန်း၌ ငါတို့စစ်သည်ကား အနည်းငယ် သာတည်း။ ပဉ္စာလရာဇ် စစ်သည်ကား များစွာရှိ၏။ ဤသို့ ဘုရားလောင်း အကြံဖြစ်သည်ဟုဆိုသော ရှေ့စကားနှင့်အညီ၊ ဆန့်ကျင်ရာသည်ကို လည်းကောင်း ထောက်၍၊ နိဿယဆိုတိုင်းမဆိုဘဲ မြို့အားတိုင်းအားနှင့် လည်းကောင်း၊ ထို ဆောင်ရွက်လတ္တံ့သောအမှုနှင့် လည်းကောင်း တော်လျော်အောင် နှိုင်းယှဉ်၍သာ ၁၈ ကုဋေဟု ဆိုလိုက်သည်။]

မဟောသဓသုခမိန်သည် များစွာသောဗိုလ်ပါအခြံအရံနှင့် ပဉ္စာလရာဇ်ပြည်သို့သွားလေသော် တစ်ယူဇနာကြားတို့၌ ရောက်တိုင်းရောက်တိုင်း တစ်ရွာတစ်ရွာတည်ထားပြုစုလျက် အမတ်တစ်ယောက်စီ



www.burmeseclassic.com

www.burmeseclassic.com



အကြီးအအုပ်ထားပြီးလျှင် 'နောင် ပဉ္စာလစန္ဒီ မင်းသမီးကိုယူ၍ နေပြည်တော်သို့ မင်းကြီးပြန်တော်မူသောအခါ သင်၏ရွာသို့ရောက်လျှင် ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်တို့ကို ကောင်းစွာကျွေး၍ ဘေးရန်မရှိစေဘဲ နေပြည်တော်သို့ အလျင်တခဲ့ခဲ့ရောက်အောင် မင်းကြီးကို ပို့ဆောင်ရမည်'ဟု အသီးအသီးမှာထားခဲ့သဖြင့် အစဉ်အတိုင်းသွား၍ ဂင်္ဂါမြစ်နားသို့ ရောက်လေ၏။

မိထိလာပြည်နှင့် ပဉ္စာလရာဇ်ပြည်ကား ယူဇနာ ၁၀၀ ကွာ၏။ ထို ဂင်္ဂါမြစ်နားသို့ရောက်သောအခါ မဟောသဓသုခမိန်သည် အာနန္ဒာ အမည်ရှိသော ဖွားဖက်တော် လုလင်ပျိုတစ်ယောက်ကိုခေါ်စေ၍၊ "အာနန္ဒာ။ သင်သည် လက်သမား ၃၀၀ တို့ကို အုပ်ချုပ်လျက် မြစ်ညာသို့ ဆန်တက်ပြီးလျှင် စင်းရေလှေပေါင်း ၃၀၀ ရအောင် လုပ်စေပြီးသော်၊ ယခုလုပ်အံ့သော ငါ၏မြို့မှာသုံးရန် အကာစင် ရွေးဖျင်ပြီးသော အလုံးအရပ်တောင်ထွာ ဤမျှခန့် ရှိသောသစ်ပျဉ်တို့ကို ထို ၃၀၀ သောလှေမှာ အပြည့်တင်၍ အလျင်အမြန် ငါရှိရာရောက်အောင် လာခဲ့"ဟု လက်သမား ၃၀၀ နှင့် အာနန္ဒာအမည်ရှိသောလုလင်ပျိုကို မြစ်ညာသို့စေခန့်လိုက်ပြီးလျှင် လှေဖြင့် ဂင်္ဂါမြစ်တစ်ဘက်သို့ များစွာသောအခြံအရံနှင့်တကွ ကူးလေ၏။

မြစ်တစ်ဘက်သို့ရောက်ပြီးလျှင် မဟောသဓသုခမိန်သည် မြစ်နားမှ ပဉ္စာလရာဇ်မင်း၏ နန်းတော် တိုင်အောင် ခရီးအကွာ တာပေါင်းကိုသိလို၍ ခြေလှမ်းမှန်လှမ်းသဖြင့် အလှမ်းတွင်တာဖွဲ့၍ မြစ်ဆိပ်မှ တက်သွားလေသော် ၂ ဂါဝုတ်မျှလောက်သောအရပ်သို့ ရောက်သောအခါ ရပ်တန့်လျက် မြစ်ဆိပ်မှသည် ဤအရပ်တိုင်အောင် ဥမင်လိုဏ်ကျယ်ကို တူးဖောက်စီရင်၍၊ 'ဤအရပ်၌ မြို့နန်းစီရင်ရသော် သင့်၏။ ဤအရပ်မှ မင်းကြီးနန်းတော်တိုင်အောင် တစ်ဂါဝုတ်ခန့်သောအရပ်ကိုကား ဥမင်ငယ်ကွေ့ စီရင်အံ့'ဟု မြို့နန်းဥမင် တည်ထားရန်ကို ပိုင်းခြား သတ်မှတ်ခဲ့ပြီးမှ မြို့တွင်းသို့ဝင်လေ၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း မဟောသဓလာကြောင်းကို ကြားရလေသော် 'ယခု မကြာမြင့်မီ ငါ၏ နှလုံးအလို ပြည့်တော့မည်။ မဟောသဓလာလျှင် ဝိဒေဟရာဇ်မင်းသည်လည်း နောက်မကြာမြင့်မီပင် လာလတ္တံ့။ ထိုသို့ အညီရောက်ကြသောအခါမှ ထိုသူ ၂ ယောက်တို့ကို ဖမ်းယူကွပ်မျက်ပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဧကရာဇ်မင်း ပြုအံ့'ဟုကြံလျက်၊ အလွန်နှစ်သက်ဝမ်းမြောက်ခြင်းသို့ ရောက်လေ၏။ ပဉ္စာလရာဇ်ပြည်သူပြည်သား အပေါင်းတို့ကလည်း ခရီးလမ်းနားစသည်တို့၌ စုရုံးကြည့်ရှုကြကုန်လျက် "ဝိဒေဟရာဇ်ပြည်၌ မဟောသဓ သုခမိန်ဟူသည်ကား ဤသူပင်တည်း။ ဤမဟောသဓသုခမိန်သည် ၁၀၀သော ထီးဆောင်းမင်းနှင့်တကွ ၁၈ ခေါဘဏီခန့်သော စစ်သည်ဗိုလ်ခြေတို့ကို အုတ်ခဲဖြင့်လှန့်ခြောက်လိုက်သော ကျီးအပေါင်းတို့ကဲ့သို့ ပြေးစေသတတ်"ဟု အုတ်အုတ်ကျက်ကျက် ထိတ်လန့်ချောက်ချားကုန်၏။

ထိုသို့ ပြည်သူပြည်သားတို့ ကြည့်ရှုကြစဉ်ပင်လျှင် ဘုရားလောင်းသည် နန်းတော်တံခါးဝသို့ ရောက်လေ၍၊ မင်းကြီးအား တံခါးဝသို့ရောက်ကြောင်းကို လျှောက်ကြားစေသဖြင့် 'မဟောသဓသုခမိန်ကို နန်းတော်သို့ဝင်စေ'ဟု မင်းမိန့်ပြန်သောအခါမှ မဟောသဓသုခမိန်သည် နန်းတော်သို့ဝင်ပြီးလျှင် တင့်အပ်သောနေရာ၌ မင်းကြီးအား ရှိခိုးလျက် နေလေ၏။ စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓသုခမိန်အား နှုတ်ဆက်မေးမြန်းပြီးလျှင် "မဟောသဓ သုခမိန်။ သင်ကား ယခုရောက်ပြီ။ သင်၏အရှင် ဝိဒေဟရာဇ်မင်းကား အဘယ်အခါမှ ရောက်မည်နည်း"ဟု မေး၏။

မဟောသဓသုခမိန်လည်း "အရှင်မင်းကြီး။ အကျွန်ုပ်က ကြွတော်မူချိန်သင့်ကြောင်းကို အလျှောက်အထား စေလွှတ်လိုက်သောအခါမှ အကျွန်ုပ်သခင် အရှင်မင်းကြီး ကြွလာပါမည်"ဟုလျှောက်လျှင် စူဠနီဗြဟ္မဒတ်မင်းသည်



www.burmeseclassic.com

www.burmeseclassic.com



"သုခမိန်။ သင်ကား အဘယ့်ကြောင့် ယခု အလျင်လာခဲ့သနည်း"ဟု မေး၏။ မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။အကျွန်ုပ်တို့ အရှင်မင်းကြီးရောက်တော်မူလျှင် တည်းနေရန် နန်းတော်ဆောက်လုပ် စီရင်အံ့သောငှာ အလျင်လာခဲ့ပါသည်"ဟု လျှောက်လျှင်၊ စူဠနီဗြဟ္မဒတ်မင်းသည် သုခမိန် ထိုသို့တပြီးကား "ကောင်းပြီ"ဟုဆို၍ ဗိုလ်ပါအခြံအရံနှင့်တကွ မဟောသဓသုခမိန်နေရန် သံတဲ စီရင်စေပြီးသော် များစွာလုံလောက်အောင် အိပ်ရာ, နေရာ, စားနပ်ရိက္ခာစသည်တို့ဖြင့်ချီးမြှောက်လျက် "သုခမိန်။ သင်သည် ဤ ငါ၏ပြည်တွင် နေသမျှကာလ ပတ်လုံး စိတ်နှလုံးချမ်းသာပျော်မွေ့စွာ လိုရာအမှုကို ဆောင်ရွက်၍နေလော့"ဟု ဆို၏။

မဟောသဓသုခမိန်သည် နန်းတော်ကို တက်စကပင်လျှင် နန်းတော်စောင်းတန်း လှေကားခုံ၌ရပ်လျက် 'ဤလှေကားခုံအောက်၌ ငါ၏ဥမင်ကွေ့[၂၇]တံခါးဝကို ထားရသော်သင့်၏'ဟု မှတ်ခဲ့သဖြင့်၊ ဤသို့အကြံဖြစ်၏။ 'စူဠနီ ဗြဟ္မဒတ်မင်းသည် ငါ့အား ယခု လိုရာအမှုကိုရွက်ဆောင်၍ ချမ်းသာစွာနေလော့ဟု ဆို၏။ ထိုမင်းဆိုတိုင်း ငါလိုအပ်သောအမှုကို ရွက်ဆောင်အံ့။ ရွက်ဆောင်ရမည်မှာ ဤနန်းတော်လှေကားသည် လှေကားရှင် ဖြစ်သောကြောင့် ရွေ့ရှားသဖြင့် ဥမင်ကွေ့တံခါးဝထားခြင်းငှာ မလျောက်ပတ်သေး။ ထိုနန်းတော် လှေကား ဟောင်းကိုပယ်ပစ်၍ မလှုပ်မရှားအောင် လှေကားအသေအသစ်လုပ်ရသော် ကောင်း၏"ဟု ကြံပြီးလျှင်–

"အရှင်မင်းကြီး။ ဤနန်းတော်သို့ အကျွန်ုပ်တက်သောအခါ နန်းတော်လှေကားခုံ၌ရပ်၍ အလုပ်အဆောင် ကောင်းသည်, မကောင်းသည်ကို မျှော်လှည့်ရှုကြည့်လျှင် လှေကား၌ အပြစ်ရှိသည်ကိုမြင်သိခဲ့ပါသည်။ အကယ်၍ နှစ်သက်တော်မူပါသဖြင့် အသစ်ပြင်ရမူ အပြစ်မရှိ၊ ကောင်းစွာနှစ်လိုဖွယ် လှေကားသစ် ပြုလုပ်စီရင်၍ အကျွန်ုပ် ဆက်ပါမည်"ဟု လျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်၊ ကောင်းပြီ။ သင်စီရင်လိုလျှင် သစ်, ပျဉ် လိုရာရစေတော့မည်"ဟုဆို၍ လှေကားသစ် လုပ်စေ၏။ မဟောသဓသုခမိန်သည် 'ဤအရပ်၌ ဥမင်တံခါးဝ ထားအံ့'ဟုမှတ်လျက် ရှေကားဟောင်းကိုပယ်ပြီးလျှင် ဥမင်တံခါးဝထားစရာ လှေကားခုံအောက်၌ မြေမှုန့်မကျစိမ့် သောငှာ ခိုင်ခံ့ထူထပ်စွာ ပျဉ်ခင်းပြီးမှ ထိုပျဉ်ခင်းပေါ်၌ လှေကားခုံတည်၍ မလှုပ်မရှား ခိုင်ခံ့ပြေပြစ် ကျစ်လစ်တင့်တယ်စွာ နန်းတော်လှေကားကို ပြင်လုပ်စီရင်လေ၏။

စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓသုခမိန်၏ စိတ်တွင်းအကြံကို မသိသဖြင့် 'မဟောသဓကား ငါ့ကို ချစ်ခင်မြတ်နိုးခြင်းရှိပေ၏'ဟု အောက်မေ့၏။ ဤသို့ နေ့ချင်းဖြင့်ပင်လျှင် နန်းတော်လှေကားကို စီရင်ပြီး၍ နံနက်မိုးသောက်ရောက်လတ်သော် မဟောသဓသုခမိန်သည် မိမိနေရာသံတဲမှ နန်းတော်သို့ဝင်ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်းအား "အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင် ဝိဒေဟရာဇ်မင်းကြီးတည်းနေရန် တဲနန်းကို မည်သည့်အရပ်၌ ဆောက်ရမည်ဟု အမိန့်တော်ခံ၍ ယနေ့ပင် သုတ်သင်ရှင်းလင်းခင်းကျင်းလိုပါသည်"ဟု လျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းသည်ကား "သားတော်သုခမိန်။ တဲနန်းအသစ် ဆောက်လုပ်၍ ပင်ပန်းတော့မည်။ ငါ၏မြို့တော်တွင် သင် လှည့်လည်ကြည့်ရှု၍ နှစ်သက်ရာအိမ်ကိုသာ သိမ်းယူပြင်ဆင်လေတော့"ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ယခု အမိန့်တော်ရှိတိုင်း မယူဝံ့ပါ။ အကျွန်ုပ်တို့ကား တစ်ပြည်တစ်နိုင်ငံသားဖြစ်၍ မျက်နှာငယ်သူ ဖြစ်ပါသည်။ ယခု သိမ်းယူ ပြင်ဆင်ရမည်လည်း မင်းထိုက်နေရာဖြစ်သောကြောင့် အိမ်သိမ်အိမ်ငယ်နှင့် မတန်။ မင်းစိုးတို့နေရာ အိမ်ကြီးအိမ်ကောင်းကိုပင် သိမ်းယူရမည် ဖြစ်ခဲ့သည်။ အကျွန်ုပ် နှစ်သက်သည်ဟူ၍ တစ်စုံတစ်ယောက်သော မင်းစိုးတို့အိမ်ကို သိမ်းယူချေလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ့်ရှင် မင်းတို့သည် အသိမ်းအယူ မခံ၊ ခိုက်ရန်ကြီးစွာ ပြုကြချေသော် အကျွန်ုပ်တို့ မျက်နှာထားရာ မရရှိမည်ကို စိုးရိမ် ပါသည်”ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် “သားတော်သုခမိန်။ ငါ အမိန့်တော်ရှိပြီးသည်ကို သင် အဘယ့်ကြောင့် စိုးရိမ်သနည်း။ ထိုသူတို့စကားကို နားမထောင်နှင့်။ မည်သူ့အိမ်မဆို နှစ်သက်ရာ သင်ယူလေ”ဟုဆို၏။ မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် “အရှင်မင်းကြီးအမိန့်တော်နှင့်ပင် အကျွန်ုပ် သိမ်းယူသော်လည်း ထိုအိမ့်ရှင်တို့ မတားမဟန့်ဘဲ မနေရာချေ။ အကျွန်ုပ်လည်း ထိုအိမ့်ရှင်တို့ တားဟန့်သည်ဟူ၍ မနေသာ။ အမိန့်တော်နှင့်ဖြစ်၍ ကြပ်တည်းနိုင်နင်းစွာပင် သိမ်းယူရချိမ့်မည်။ ဤသို့အကျွန်ုပ်နိုင်နင်းအောင်ပြုလျှင် ထိုအိမ့်ရှင်တို့သည် အရှင်မင်းကြီးထံသွား၍ အကျွန်ုပ်၏အပြစ်ကိုသာ ရှာလျက် အခါခါအဖန်ဖန် မဟုတ်မမှန်စကားနှင့် လျှောက်ထားလေသော် ထိုအိမ့်ရှင်တို့ လျှောက်ဖန်များသဖြင့် အရှင်မင်းကြီး နှလုံးမသာ ရှိမည်ကို စိုးလှပါသည်။ အရှင်မင်းကြီး အလိုတော်ရှိပါမူ မိန့်တော်မူရင်းအတိုင်း လိုရာအိမ်ကို အကျွန်ုပ်တို့ သိမ်းယူပြင်ဆင်၍ ပြီးရုံမျှကာလပတ်လုံး အကျွန်ုပ်တို့လူများကို တံခါးစောင့် ထားရပါလျှင် ထိုအိမ့်ရှင်တို့ကို အလျှောက်အထားမဝင်ရအောင် ဆီးဟန့်နိုင်မည်ဖြစ်၍ အရှင်မင်းကြီးလည်း နှလုံးတော်မသာ မရှိ၊ အကျွန်ုပ်လည်း နှလုံးကျကျ ဆန္ဒရှိရာအိမ်ကို သိမ်းယူဝံ့ပါမည်”ဟု လျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည် သူ့စိတ်အကြံကို မသိ။ မိမိအကြံကိုသာ လိမ်မိပြီထင်လျက် “ဝိဒေဟရာဇ်မင်း၏ သားတော် သုခမိန်။ ကောင်းပြီ။ တံခါးမှာ သင်က အစောင့်ထား၍ပင် လိုရာအိမ်ကို သိမ်းယူပြင်ဆင်လေတော့”ဟု ဆို၏။ ထိုအခါ ဘုရားလောင်း မဟောသဓသုခမိန်သည် မင်းကြီးနန်းတော်လှေကားမှသည် လှေကားဦးတိုင်အောင် လည်းကောင်း, နန်းတော်တံခါး၀၌ လည်းကောင်း အလုံးစုံသောတံခါးတို့၌ မိမိအခြံအရံ ဗိုလ်ပါအပေါင်းတွင် ရဲရင့်သန်မာသောသူတို့ကို ရွေးကောက်၍ “တစ်စုံတစ်ယောက်သောသူမျှ မဝင်စေနှင့်။ အကြပ်အတည်း ဆီးတားစောင့်ရှောက်ကြ”ဟု မှာထားလျက်၊ အစောင့်အရှောက်ထားပြီးသော် စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်ဖြစ်သော စလာကဒေဝီအိမ်သို့သွား၍ မိမိနေသင့်ရာက နေပြီးလျှင် “အချင်းတို့။ ဤအိမ်ကို ဖျက်အံ့သော အခြင်းအရာကို ပြုချေ”ဟု စေခန့်လိုက်၏။ မင်းချင်းတို့လည်း ထို စလာကဒေဝီအိမ်၌ တံခါးမုခ်ဦးမှစ၍ တိုက်နံရံ, အခင်းအုတ်ချပ်အုတ်လွှာ, ရမတော, အင်္ဂတေ မြေအခင်းအကျင်းတို့ကို အသီးအသီး ခွာလှန်တွန်းဖယ် ဖျက်ဆီးအံ့ဟု ပြုကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်း၏မယ်တော် စလာကဒေဝီသည် အိမ်တွင်းတိုက်ခန်း၌နေလျက် အုတ်အုတ် ကျက်ကျက်သော ထိုအသံကိုကြားလေသော် တိုက်ခန်းမှထွက်၍ “အမောင်တို့။ အဘယ့်ကြောင့် ငါ့အိမ်ကိုဖျက်မည် ကြံကြသနည်း”ဟုဆို၏။ မင်းချင်းတို့လည်း “မိခင်။ အကျွန်ုပ်တို့အလိုအတိုင်း မဖျက်ဆီး။ မင်းမဟောသဓ သုခမိန်သည် ဤအိမ်၌ မိမိအရှင်ဖြစ်သော ဝိဒေဟရာဇ်မင်းကြီး၏တည်းနေရန် နန်းတော်ဆောက်လိုသည်ဖြစ်၍ ယခုအလျင်တဆော စေခန့်သောကြောင့် ကျွန်ုပ်တို့ ဖျက်ဆီးမည်လာရသည်နည်းဟု ဆိုကြကုန်၏။

စလာကဒေဝီလည်း “အမောင်တို့။ ဤ ငါ၏အိမ်ရာမြေ အကျဉ်းမျှ၌ အခြံအရံ ဗိုလ်ပါများစွာနှင့် ဝိဒေဟရာဇ်မင်း အဘယ်သို့ နေလောက်ပါမည်နည်း”ဟု ဆိုလျှင်၊ မင်းချင်းတို့သည် “မိခင်။ ဤအိမ်ရာနှင့် မဆံ့လျှင် ထက်ဝန်းကျင် အနီးအစပ်ရှိသောအိမ်တို့ကိုလည်း ဖျက်စီးချဲ့ဖွင့်ရတော့မည်”ဟု ဆိုကြကုန်၏။ ထိုစကားကိုကြားလျှင် စလာကဒေဝီသည် “အမောင်တို့။ ငါ့ကို မထင်မရှားမိန်းမ မှတ်ကြသလော။ ငါသည်



www.burmeseclassic.com

www.burmeseclassic.com



ကေရာဇ်မင်းကြီး၏ မယ်တော်တည်း။ သင်တို့ကို အသာတကြည် တောင်းပန်ပြောဆိုပါသည်ကိုလျက် မနာမယူ။ ဆိုလိုရာ ပြောလိုရာနှင့် မထီမဲ့မြင် ပြုကြသည်။ ယခုပင် ငါ၏သားတော်ထံ သွား၍ သင်တို့ မခံမညား၂၆၀ ပြုကြောင်းကို ပြောဆိုအံ့"ဟုဆို၏။ မင်းချင်းတို့လည်း "ရှင်မိဖုရား။ ယခုပင် မဟာသမေသုခမိန်က ဖျက်စေသည်မှာ ကေရာဇ်မင်းကြီး၏အမိန့်တော်နှင့်ပင် ဖျက်ဆီးစေသည်ဖြစ်၍ ရှင်မိဖုရား မြစ်တားနိုင်ပါမည်လော။ မတားမြစ်နိုင်လျှင်လည်း မတားနှင့်။ အရှက်အကြောက် ရရုံမျှသာ ဖြစ်မည်။ အသာအကြည်ဆင်းသွား ပြောင်းလွှဲရမည်ကိုသာ ကြံ"ဟု ဆိုကြကုန်၏။

မင်းချင်းတို့စကားကိုကြားလျှင် စလာကဒေဝီမိဖုရားသည် အမျက်ခြောင်းခြောင်းထွက်သဖြင့် "သင်တို့ ငါ့ကိုမထီမဲ့မြင်ပြုကြသည့်အကြောင်းကို ယခုပင်သွား၍ ငါ့သားတော်မင်းကြီးအား ကြားသိစေအံ့"ဟု ဆိုလျက် မိမိအိမ်မှ လျင်စွာသွား၍ နန်းတော်တံခါးဝသို့ရောက်လေသော် မဟာသမေသုခမိန်ကထားသော တံခါးစောင့်တို့သည် "မိန်းမကြီး။ မဝင်နှင့်"ဟု တားမြစ်ကြကုန်၏။ စလာကဒေဝီလည်း "အမောင်တို့။ ငါကား အခြားမဟုတ်။ မင်းကြီး၏ မယ်တော်ဖြစ်သည်။ ဝင်ပါရစေ"ဟုဆို၏။ တံခါးစောင့်တို့လည်း "မိန်းမကြီး။ ငါတို့ မသိချေ။ ငါတို့မှာ မင်းကြီးက မည်သူ့ကိုမျှ မဝင်စေနှင့်။ အာဏာတော်ထားသောကြောင့် စောင့်နေရသည်။ သင် သွားလေ"ဟု ဆိုကြလတ်သော်၊ စလာကဒေဝီသည် နန်းတွင်းသို့ဝင်ရာသော အခွင့်ကိုမရ။ တစ်ယောက်မျှလည်း မျက်နှာသိမရှိ ဖြစ်၍၊ မိမိအိမ်သို့ ပြန်သွားရသဖြင့် အိမ်၏အနီး၌ရပ်လျက် မျှော်ကြည့်ကာနေလေ၏။

ထိုအခါ မင်းချင်းတစ်ယောက်သည် "မိန်းမကြီး။ မရှင်းသာမဖယ်သာ အဘယ့်ကြောင့် ဤအရပ်မှာနေ လာသနည်း။ သွားလေ"ဟုဆို၏။ စလာကဒေဝီလည်း "အဘယ့်ကြောင့် သွားရမည်နည်း"ဟုဆိုလျှင်၊ မင်းချင်း တစ်ယောက်သည် "မိန်းမကြီး သွားဆိုသည်ကို အဘယ့်ကြောင့် မသွားသနည်း"ဟု ကြိမ်းမောင်းလျက် နေရာမှထ၍ စလာကဒေဝီ၏လည်ကို ကိုင်ညှစ်သဖြင့် မြေ၌လဲစေ၏။ ထိုအခါ စလာကဒေဝီသည် လဲရာမြေမှထ၍ ဤသို့ကြံ၏။ 'ဤသူတို့သည်လည်း ငါ့ကို မင်း၏မယ်တော်မှန်းသိလျက်နှင့် ဤသို့ မလေးမခံ့ ရဲဝံ့စွာပြုကြသည်မှာ စင်စစ်ပင် မင်းမိန့်ရှိသည် ဖြစ်ရာချိမ့်မည်။ ဤသူတို့တွင် ပြောဆိုသော်လည်း အမှုမကုန်ရာချေ။ မဟောသဓထံသွား၍ ပြောဆိုမှ ဖြစ်တော့မည်'ဟု ကြံပြီးလျှင်၊ မဟောသဓသုခမိန်ရှိရာသို့သွား၍ "ချစ်သား သုခမိန်။ အဘယ့်ကြောင့် မိခင်အိမ်ကို ဖျက်ဆီးစိမ့်ဟူ၍ လုလင်မင်းချင်းတို့ကို စေလွှတ်ဘိသနည်း"ဟု ဆို၏။

မိဖုရားကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် "မိခင်။ ဝိဒေဟရာဇ်မင်းကြီးနေရန် တနန်း ဆောက်လုပ်ရမည်ဟု ကေရာဇ်မင်းကြီးက ခန့်ထားတော်မူသောကြောင့် ကျွန်ုပ် ဖျက်ရပါသည်"ဟုဆို၏။ စလာက ဒေဝီလည်း "ချစ်သားသုခမိန်။ မိခင်အိမ်နေရာသာ တနန်းတော်ဆောက်ရန် သင့်သည် မဟုတ်ပါ။ ဤ ကျယ်စွာသောမြို့တွင်း၌ တနန်းဆောက်ခြင်းငှာ လျောက်ပတ်သောနေရာသည်လည်း များစွာရှိပါသေး၏။ တစ်ပါးသင့်ရာမှာ ဆောက်စေချင်ပါသည်။ မိခင်အိမ်ရာကို လွှတ်ပါစေ။ အလွှတ်စားလည်း အသပြာ ၁ သိန်းကို ချစ်သား ယူပါ"ဟု တောင်းပန်၏။

မဟောသဓသုခမိန်သည် "ရှင်မိဖုရား။ ကျွန်ုပ်မှာ အရှင့်အမိန့်တော်နှင့်ဖြစ်၍ တနန်းဆောက်ရန် အလျင်လိုလှသည်။ ထိုသို့ပင် အလျင်လိုသော်လည်း အရှင့်မယ်တော်စဉ်လျက် ၁ သိန်းသောဥစ္စာကို ပဏ္ဏာပြု၍ တောင်းပန်လာပေသည်ကို ပယ်၍ကောင်းတော့မည် မဟုတ်။ မိခင် နှုတ်စောင့်ပါမှ ပဏ္ဏာကိုသိမ်း၍ အိမ်ကို လွှတ်စေသဖြင့် တစ်ပါးသင့်ရာမှာ ရှာကြည့်ပြင်ဆင်ရတော့မည်။ မိခင်နှုတ်မစောင့်၍ ပဏ္ဏာဥစ္စာပေးသဖြင့် အိမ်လွှတ်ကြောင်းကို သူတစ်ပါးအားပြောချေလျှင် ထိုသူတို့လည်း မိခင်နည်းတူပင် အိမ်ကို မဖျက်မဆီးပါမည့်



www.burmeseclassic.com

အကြောင်းနှင့် ပဏ္ဍာတံစိုး ထိုးလာပြန်ချေသော် ကျွန်ုပ်မှာ ဤမြို့ထဲတွင် တဲနန်းတော်ဆောက်ရန် ရှာ၍ ရနိုင်တော့မည် မဟုတ်"ဟုဆို၏။

မဟောသဓစကားကိုကြားလျှင် စလာကဒေဝီသည် "ချစ်သားသုခမိန်။ အဘယ်မှာ ပြောပါအံ့နည်း။ စင်စစ် မိခင်ပြောချေသော် မင်း၏မယ်တော်ဖြစ်လျက် ပဏ္ဍာတံစိုး ထိုးလေသည်ဟု ကျွန်ုပ်အား ရှက်ဖွယ် မဖြစ်ပြီလော။ ထို့ကြောင့် တစ်စုံတစ်ယောက်ကိုမျှမပြောဘဲ နှုတ်စောင့်ပါအံ့။ ဤ အသပြာ ၁ သိန်းကိုသာ သိမ်းယူပါ"ဟုဆို၏။ မဟောသဓသုခမိန်သည် "ထိုသို့တပြီးကား ကောင်းပြီ။ မိခင်အိမ်ကို လွှတ်စေတော့"ဟုဆို၍ ပဏ္ဍာဥစ္စာကိုသိမ်းလျက် စလာကဒေဝီကိုလွှတ်လိုက်ပြီးသော် မိမိအခြံအရံ မင်းချင်းတို့နှင့်တကွ ကေဝဋ္ဋ အမတ်ကြီး၏အိမ်သို့ သွားပြန်လေ၏။

ထို ကေဝဋ္ဋအမတ်ကြီးအိမ်၌လည်း ဘုရားလောင်းသည် သင့်ရာကနေ၍ မင်းချင်းတို့ကိုစေသဖြင့် ရေးနည်းအတူပင် ပြုကြလတ်သော် ကေဝဋ္ဋအမတ်သည် အမှုက်ထွက်လျက် နန်းတော်သို့ အလျှောက်ထသွား၍ တံခါးဝသို့ ရောက်လျှင် "တံခါးစောင့်တို့သည် မဝင်နှင့်" ဟု တားမြစ်ကြကုန်သဖြင့်၊ "ငါကား မင်း၏ပုရောဟိတ် အမတ်ကြီးတည်း။ အဘယ့်ကြောင့် သင့်တို့ကား တားမြစ်ကြကုန်သနည်း။ ဝင်အံ့"ဟု ဆိုလျှင် တံခါးစောင့်တို့သည် ကေဝဋ္ဋအမတ်၏ကျောက်ကုန်းကို ဝါးခြမ်းစိတ်ဖြင့် အရေစုတ်ပြတ်အောင်ရိုက်နှက်လျက် "ပုဏ္ဏားကြီး။ မဝင်နှင့်ဆိုသည်ကို အဘယ့်ကြောင့် အနိုင်အထက် ဝင်ချင်ရသနည်း"ဟုဆို၍ တွန်းဖယ်လိုက်ကြကုန်၏။

ကေဝဋ္ဋအမတ်လည်း ဝင်အံ့သောငှာ အခွင့်မရသည်ဖြစ်၍ အိမ်သို့ ပြန်သွားပြီးလျှင် ရေးနည်းအတူပင်လျှင် မဟောသဓရှိရာသို့ သွား၍ ၁ သိန်းသော ဥစ္စာပဏ္ဍာ တံစိုးထိုးလျက်[၂၄၉]မဖျက်မဆီးမည့်အကြောင်းကို တောင်းပန်သဖြင့် မဟောသဓသုခမိန်သည် ရေးနည်းအတူပင်လျှင် နှုတ်ပိတ်၍၊ အသပြာ ၁ သိန်းကို သိမ်းယူလျက် ကေဝဋ္ဋအမတ်ကြီးကို လွှတ်လိုက်ပြီးသော် ထို ပဉ္စာလရာဇ်ပြည်၌ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်မှစ၍ စည်းစိမ်ဥစ္စာ များစွာ ပြည့်စုံကုန်သောသူတို့၏အိမ်တို့ကို လှည့်လည်၍ ရှေး၌ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဖျက်ဆီးအံ့ဟုပြုလျက် တံစိုးဥစ္စာ ပဏ္ဍာလက်ဆောင်တို့ကို ယူလေ၏။ ထိုသို့ပြုသဖြင့် ရအပ်သော ဥစ္စာပေါင်းကား အချိန် ၉ ကုဋေခန့် ရှိ၏။ ဤသို့ ၉ ကုဋေခန့်ရှိသော ဥစ္စာတို့ကိုရပြီးသော် မဟောသဓသုခမိန်သည် နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားလေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်။ သင်သည် တဲနန်းရာရှာကြည့်၍ ရခဲ့ပါ၏လော"ဟုမေး၏။ မဟောသဓသုခမိန်လည်း "အရှင်မင်းကြီး။ ဤသို့သောမြို့တော်တွင် တဲနန်းရာရှာ၍ ရနိုင်တော့မည်မဟုတ်ပါ။ ထိုသို့ရသော်လည်း အဖိုးများစွာထိုက်သော အိမ်ကောင်းရာကောင်းချည်းဖြစ်ခြင်းကြောင့် အိမ်ရှင်တို့လည်း အိမ်ကိုစုံမက်ခြင်းနှင့် နှလုံးမသာ မျက်နှာမရွှင် ပင်ပန်းခြင်းဖြစ်ကြသဖြင့် အကျွန်ုပ်လည်း ထိုအိမ်ရှင်တို့ကို ထောက်ညှာသနား၍ပင် မဖျက်မဆီးရက်နိုင် ရှိပါသည်။ ထို့ကြောင့် ဤမြို့တော်ထဲတွင် မဆောက်မူ၍ မြို့တော်နှင့် ဂင်္ဂါမြစ်အကြားတွင် ဤမြို့တော်မှ တစ်ဂါဝုတ်ခန့်ကွာသော ဤမည်သောအရပ်၌ အကျွန်ုပ်တို့အရှင် ဝိဒေဟရာဇ် မင်းကြီးနေရာ မြို့နန်းကို လွှတ်လွှတ်မှာပင် တည်ဆောက်ချင်ပါတော့သည်"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ဤသို့ကြံ၏။ 'ဤမြို့တွင်း၌ ဝိဒေဟရာဇ်မင်းကို နေစေသည်ထက် မြို့ပြင်၌နေစေရသော် နောင် အဖမ်းအယူ လွယ်၏။ ဤမြို့တွင်း၌ဖြစ်မူ နောင် ဖမ်းယူသောအခါ သူ့လူ၊ ငါ့လူမှန်း မသိသဖြင့် အဖမ်းအယူ ခဲယဉ်းတော့မည်။ ထို့ကြောင့် မြို့ပြင်၌ပင်နေစေ၍ မဟောသဓနှင့်

www.burmeseclassic.com



ဝိဒေဟရာဇ်မင်းကြီးကို ဖမ်းယူထောင်းသတ် ကွပ်မျက်ခြင်းကိုပြုအံ့'ဟု ကြံလျက်၊ နှစ်သက်ဝမ်းမြောက်စွာ "သုခမိန်။ သင်လျှောက်ချက်အတိုင်း ကောင်းပြီ။ အလိုရှိရာ မြို့နန်း တည်ဆောက်လေလော့"ဟုဆို၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် "အရှင်မင်းကြီး။ ထို မြို့ပြင်အရပ်၌ အကျွန်ုပ်တို့ မြို့နန်းတည်ဆောက်သောအခါ သစ်, ထင်း, ရေ, ဟင်းသီးဟင်းရွက်စသည်အလို့ငှာ လှည့်လည်သွားလာကြကုန်သော မြို့သူမြို့သားတို့ကို အကျွန်ုပ် ဆောက်လုပ်စီရင်ရာသို့ မလာမသွားရအောင် အာဏာထားတော်မူပါ။ စင်စစ် ထိုသူတို့ လာချေသည်ရှိသော် အကျွန်ုပ်တွင်လည်း လူအများဖြစ်၍ စိတ်ပျိုကိုယ်နု နှုတ်လျှင်လက်လျှင်သူတို့နှင့်တွေ့ကြိမ်သဖြင့် ခိုက်ကြီးရန်ကြီးဖြစ်ခဲ့လျှင် ထိုသူမလိမ္မာတို့ကြောင့် အရှင့်ကို မခံမညားရာ ရောက်တော့မည်။ အရှင်မင်းကြီးလည်း နှလုံးတော်မသာ ရှိပြန်တော့မည်။ ထို့ကြောင့် ပြည်သူပြည်သားတို့ကို အကျွန်ုပ်တို့နေရာသို့ အသွားအလာ ဆင်ခြင်ပါစေ"ဟုလျှောက်၏။ စူဠနီဗြဟ္မဒတ်မင်းသည် ထိုစကားကိုကြားလျှင် "သုခမိန်။ ကောင်းပြီ။ မြို့သူမြို့သားတို့ကို သင်တို့ရှိရာသို့ အသွားအလာ ဖြတ်စေအံ့"ဟု ဆို၏။

မဟောသဓသုခမိန်သည် တစ်ဖန် "အရှင်မင်းကြီး။ အကျွန်ုပ်တွင်ပါသော ဆင်အပေါင်းတို့သည်လည်း ရေထဲ၌သာလျှင် မွေ့လျော်ကုန်၏။ ထိုဆင်တို့သည် မြစ်၌ကစား၍ ရေနောက်ခဲ့သော် 'မဟောသဓ လာသောအခါမှစ၍ ရေကြည်ကိုပင် ငါတို့ မသောက် မချိုးရကုန်'ဟု မြို့သူမြို့သားတို့သည် အကျွန်ုပ်ကို အမျက်ထွက်ကြရာ၏။ ထိုအမျက်ကိုလည်း သည်းခံကြပါစေ။ အရှင်မင်းကြီး။ ရှေးဦးရှင်းမှ နောက်လင်းမည်ဖြစ်၍သာ အကြောင်းရှိသမျှကို လျှောက်ထားရပါသည်"ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်။ မစိုးရိမ်လင့်။ သင်၏ဆင်တို့ကို အလိုရှိတိုင်းပင် မြစ်၌ ကစားစေတော့"ဟု ဆို၍၊ မြို့၌ စည်လည်စေ၏။

"ငါ၏ မြို့သူမြို့သားအပေါင်းတို့။ တစ်စုံတစ်ယောက်မျှ မည်သည့်အကြောင်း ရှိသည်ဟူ၍ မဟောသဓ မြို့နန်းတည်ရာသို့ မသွားကြနှင့်။ သွားသည်ဟူ၍ ငါ ကြားတော်မူရလျှင် ရာဇဒဏ်အချက် ၁၀၀၀ ခံကြရမည်"ဟု စည်လည်စေ၏။

မဟောသဓသုခမိန်သည်လည်း စူဠနီဗြဟ္မဒတ်မင်းကြီးအား ရှိခိုးပန်ကြားပြီးလျှင် မိမိအခြံအရံ ဗိုလ်ပါနှင့်တကွ မြို့ပြင်သို့ထွက်၍ 'ပိုင်းခြားမှတ်သားခဲ့သောအရပ်၌ မြို့တည်အံ့'ဟု သွားပြီးသော် မိမိမြို့မှပါသော ဆင်, မြင်း, နွားလားတို့ကို ရေစာအမှီအတည်း လွယ်စေခြင်းငှာ ဂင်္ဂါမြစ်နား၌ ရွာကြီးတစ်ခု တည်ဆောက်၍ ဆင်, မြင်း, နွားလားတို့ကို အထိန်းအကျောင်းနှင့်တကွ ထား၏။ ထိုရွာသည်ကား လက်အတတ်ပညာသည်, စစ်သည်ဗိုလ်ခြေတို့ကို အမှုနှင့်လျော်စွာ ခေစုခွဲခန့်ရာဖြစ်သောကြောင့် ဝဂ္ဂုလိ[၂၃၀]အမည်ရှိ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ထိုစစ်သည်ဗိုလ်ခြေတို့ကို စုရုံးပြီးလျှင် ဥမင်ကျွေ့၊ မြို့နန်း၊ ကျုံးခြောက်, ညွန်ကျုံး, ရေကျုံးအားဖြင့် ကျုံး ၃ထပ်၊ ဥမင်ကြီး အစရှိသောအားဖြင့် အလုံးစုံ ပြုရာဆောင်ရာသည်တို့ကို အတောင်အတာပမာဏနှင့်တကွ နေရာကွက်မှတ်ခင်းကျင်းလျက် လျော်ရာ အသီးအသီး အကြီးအကြပ်ထား၍[၂၃၁]စီရင်ခွဲခန့်၏။ ထို ဗိုလ်ခြေအပေါင်းတို့လည်း စီရင်ခွဲခန့်သည့်အတိုင်း ထိုက်လျော်ရာအမှုတို့ကို တညီတညွတ်တည်း အသီးအသီးဆောင်ရွက်ကြကုန်၏။ ထို ဆောင်ရွက်ကြသော အမှု အစုစုအရပ်ရပ်တို့တွင် လှူဗိုလ်ခြေအရေအတွက် ၆ သောင်းတို့မှာ ဂင်္ဂါမြစ်နားမှသည် တည်လတ္တံ့သော မြို့တွင်းဥမင် တံခါးဝထားရာတိုင်အောင် အရှည် ၂ ဂါဝုတ်ခန့်ရှိသော ဥမင်ကြီးကို တူးဖောက်လုပ်ဆောင်ကြရကုန်၏။

ထိုဥမင်ကြီးမှ ပေါက်တူးစာသဲမြေမှုန့်တို့ကို သားရေအိတ်ဖြင့် ကျုံးယူထုတ်၍ ဂင်္ဂါမြစ်၌ချပြီးလျှင် ဆင်တို့ဖြင့် နင်းနယ်မွှေနှောက်စေ၏။ ထိုအခါ ဂင်္ဂါမြစ်ရေသည် နောက်နောက်ကျိုကျိုစီး၏။ မြို့သူမြို့သားအပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရေနောက်ကိုသာ သောက်ကြရကုန်သဖြင့် "မဟောသဓ လာသည်မှစ၍ ငါတို့သည် ရေကြည်ကိုပင် မသောက်ရကုန်။ ဤမြစ်ရေသည် မနောက်စဖူး အဘယ့်ကြောင့် နောက်လေသနည်း"ဟု ဆိုကြကုန်၏။ ထိုမြို့သူမြို့သားတို့ ဆိုမြည်ကြသောစကားကို မဟောသဓသုခမိန်က သူလျှိုထားသောအမတ်တို့ ကြားလေသည်ရှိသော် "အချင်းတို့။ အဘယ့်ကြောင့် မနောက်မကျို ရှိနိုင်မည်နည်း။ မဟောသဓတွင်ပါသော ဆင်အပေါင်းတို့သည် မြစ်ညာ၌ ကျွန်း, သောင်, ကမ်းပါးပြတ်တို့ကို ဖြိုနင်းတိုးဝှေ့၍ မြစ်၌ကျစေလျက် ရေကစားကုန်သည်ဟု ငါတို့ကြား၏။ ထို့ကြောင့် ရေနောက်သည် ဖြစ်မည်"ဟု ဆိုကြကုန်၏။

'ဗောဓိသတ္တာနံ အဓိပ္ပါယော နာမ သမိဇ္ဈတိ'ဟူသော ပါဠိနှင့်အညီ ဘုရားလောင်းတို့အလိုရှိလျှင် မပြီးသောမည်သည် မရှိ။ ပြီးသည်သာဖြစ်၍ ထိုဥမင်တူးရာ မြေထဲ၌ အတူးအဖောက် အနုတ်အဖြုတ် ခဲခက်သော ရေညွန့်, ကျောက်လုံး, ကျောက်တုံး, သစ်မြစ်ကြီး ဟူသမျှတို့သည် ပါရမီဿတော် ဘုန်းတော်ကြောင့် အလိုတော်ကို သိသကဲ့သို့ လွတ်ရာမြေအောက်သို့သာလျှင် လျှိုးငုပ်တိမ်းဖယ်ကြကုန်၏။ ထိုဥမင်ကြီး မုခ်တံခါးဝကိုကား ဂင်္ဂါမြစ်နား၌လည်းကောင်း, တည်လတ္တံ့သောမြို့တွင်း၌ လည်းကောင်း ထား၏။ ထို မြို့တွင်း ဥမင်ကြီးတံခါးဝမှ စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်လှေကားခုံ တိုင်အောင်လည်း အရှည်တစ်ဂါဝုတ်ခန့်သော ဥမင်ကွေ့ကို တူးစေ၍ ပေါက်တူးစာမှုန့်တို့ကို သားရေအိတ်ဖြင့် ကျုံးယူထုတ်စေပြီးလျှင် မြို့လုပ်ခန့်စီရင်သူတို့အား ထိုပေါက်တူးစာမြေကို ရေဖြင့်နယ်၍ အမြင့် ၁၈ တောင်ရှိအောင်မြို့တည်စေ၏။ ထိုမှတစ်ပါးလည်း ခန့်ထားတိုင်းအသီးအသီးဆိုင်ရာ လုပ်ကြကုန်၏။

ထိုမြို့ကား ပဉ္စာလရာဇ်ပြည်၏အနီး၌ ကပ်၍တည်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဝိဒေဟရာဇ်မင်း၏ ကျေးဇူးကိုဆောင်ရွက်ရာ ဖြစ်ခြင်းကြောင့် လည်းကောင်း ဥပကာရီမြို့ဟု ကမ္ပည်းမော်ကွန်း ထိုး၏။

ဥမင်ကွေ့, တံခါးသည်ကား စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်လှေကားခုံအောက်မှဝင်လျက် ဥပကာရီမြို့ထဲ၌ ဥမင်ကြီးတံခါးဝဖြင့်ထွက်၏။

ထိုဥမင်ကြီး၌ သင့်ရာသင့်ရာယန္တရားစက်နှင့်တကွ ချစီရင်အပ်သော တံခါးပေါင်းကား တံခါးမ ၈၀, တံခါးငယ် ၆၄ ခု, ဆီမီးတိုင်တံခါး ၁၀၁, မင်းနေရာတိုက်တံခါး ၁၀၁ ရှိ၏။

တံခါးမ ၈၀ တို့ကား အစောက်အားဖြင့် ၁၈ တောင် မြင့်ကုန်၏။

အဖွင့်အပိတ်အားဖြင့် ယန္တရားစက် ၂ သွယ်ကို ထိုတံခါးငယ်, တံခါးမတို့၌ တစ်စပ်တည်း ထားခြင်းကြောင့် ဖွင့်စေခြင်းငှာ တစ်ခုသောတံခါးဆောင်၌ အတွင်းကနေ၍ ဖွင့်စက်ကိုနင်းလျှင် ထိုတံခါးငယ်, တံခါးမတို့သည် တစ်ပြိုင်နက်တည်း ပွင့်ကုန်၏။ ပိတ်စေလို၍ ပိတ်စေတတ်သောစက်ကိုနင်းလျှင်လည်း တစ်ပြိုင်နက်တည်း ပိတ်ကုန်၏။ ဥမင်ကြီးတံခါးမုခ်ဝ ဂင်္ဂါမြစ်နား၌လည်း လက်ထပ်နန်း ဆောက်လုပ်စေ၏။ ထိုဥမင်ကြီး၏ နံရံ ၂ဘက်တို့၌ ပန်းရန်သမားတို့ကို အုတ်,အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုစေ၏။ အပေါ်အမိုး၌ကား လက်သမားဗိသုကာတို့ကို ခိုင်ခံ့ထူထပ် ပြေပြစ်ကောင်းမွန်စွာ သစ်ပျဉ်ဖြင့် စီရင်လုပ်ဆောင်စေ၏။ အရာအထောင်မကသော လေသာရောင်လင်းပြတင်းတို့လည်း ကြာပဒုမ္မာပွင့်သဏ္ဌာန် အုတ်,အင်္ဂတေတို့ဖြင့် အပေါက်စီရင်စေ၏။ ၈၀ သော တံခါး, လိုဏ်ဝတို့၌လည်း အုတ်,အင်္ဂတေ,သစ်ပျဉ်တို့ဖြင့် စမုတ်ထုတ်စီရင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးဝတစ်ခုတည်းကိုသာ ပိတ်စေ, ပွင့်စေလို၍ တံခါးရွက်ကိုဆွဲငင်ပြားသော်လည်း မပိတ် မပွင့်နိုင်ကုန်။ လိုရာစက်ကို နင်းမှသာလျှင် တစ်ပြိုင်နက်တည်း ပိတ်ကုန်ဖွင့်ကုန်၏။

ထိုဥမင်ကြီးတွင် အတွင်းနံပါး ၂ ဘက်တို့၌ ၁၀၁ ပါးသော မင်းတို့၏နေရာ တိုက်ခန်း ၁၀၁ ခုဖွဲ့ စီရင်စေ၏။ တစ်ခုတစ်ခုသော တိုက်ခန်း၌ အထူးထူးအပြားပြားဆန်းကြယ်သော အခင်းတို့ကိုခင်း၍ ဆောက်စိုက်အပ်သော ထီးဖြူ, မင်းနေရာ, ကောင်းမြတ်သောအခင်းနှင့်တကွ ရာဇပလ္လင်[၂၅၃]တစ်ခုစီ ပြုလုပ်စီရင်စေ၏။

ထိုထီးဖြူအောက် မင်းနေရာတစ်ခုတစ်ခု၌လည်း အရွယ်အဆင်းနှင့်ပြည့်စုံသော သတို့သမီး၏ သဏ္ဌာန်ပိပြင်စွာ အရုပ်ထုလုပ်စေပြီးလျှင် ပန်းချီသမားတို့ကို ဆေးခြယ်စေ၍ တစ်ခုစီထား၏။

ထိုမိန်းမရုပ်တို့ကား မျက်စိဖြင့်မြင်ကာမျှကို မဆိုနှင့်ဦး။ လက်ဖြင့်စမ်းသပ်၍မျှလည်း အရုပ်ဖြစ်သည်ဟု တစ်ရံသူတို့ မသိနိုင်ကုန်။ အသက်ရှိသောသတို့သမီး ဟူ၍သာ ထင်ကြကုန်၏။

ဥမင်ကြီး, ဥမင်ငယ်တို့၏ အမိုး,နံရံ,တိုက်ခန်း စသည်တို့၌လည်း ပန်းချီသမားတို့ကို စကြဝဠာတိုက်[၂၅၄] နေဟန် မြင်းမိုရ်တောင်ကို သီတာ ၇ တန် သတ္တရဘန်တောင် ၇ လုံးတို့သည် ၇ ခွေ ၇ ထပ် ပတ်ရစ်၍နေဟန်၊ ဆားငန် သမုဒ္ဒရာရေပေါ်၌ ကျွန်းငယ် ၂၀၀၀ နှင့်တကွ ကျွန်းကြီး ၄ ကျွန်းတို့၏ နေဟန်၊ ဟိမဝန္တာတောင်, အိုင်ကြီး ၇ အိုင်တို့၏နေဟန်၊ အနောတတ်အိုင်၌ တောင် ၅ လုံးရံလျက် ပြွန် ၄ ဝမှထွက်သော အာဝဋ္ဋဂင်္ဂါ၊ သီဒါ ၁၂ ခွေနှင့်တကွ ဆေးဒန်မြင်းသိလာကျောက်ဖျာ နေဟန် မြင်းမိုရ်တောင် တံခါး ယုဂန္ဓိုရ် တောင်ဖျားနှင့်အမျှ ကျွန်းကြီး ၄ ကျွန်းထိပ်ပေါ်၌ နေ, လ, နက္ခတ်, တာရာတို့ လှည့်လည်ထွန်းပဟန်၊ စာတုမဟာရာဇ်, တာဝတိံသာ အစရှိသော နတ်ပြည် ၆ ထပ်တို့၏ တည်နေဟန်၊ ဤသို့စသောအားဖြင့် လောကတန်ဆာ အလုံးစုံတို့ကို အနေအထား သိုက်မြိုက်တင့်တယ်စွာ ရေးခြယ်စေ၏။ တံခါးမုခ်ဝတို့၌လည်း အဆန်းအကြယ် ရေးခြယ်စေ၏။ ဥမင်ကြီးတံခါးမုခ်ဝ ဂင်္ဂါမြစ်နား လက်ထပ်နန်းတော်၌လည်း အဆန်းအကြယ်ရေးခြယ်စေ၏။ လေသာရောင်လင်း ပြတင်းအပေါင်းတို့ကို တင့်တယ်စွာရေးခြယ်စေသဖြင့် ပဒုမ္မာကြာသည် အခါအချိန်သင့်၍ တစ်ပြိုင်တည်းပွင့်သကဲ့သို့ ထင်ကုန်၏။

ထိုဥမင်ကြီး, ဥမင်ငယ်တို့၏ အတွင်း၌ အရာအထောင်မကသော ဆီမီးတို့ကိုလည်း ညဥ့်နေ့မပြတ် ထွန်းစေကုန်၏။ ဥမင်ကြီးအတွင်း၌ ရောင်းပွဲ, ဝယ်ပွဲ, ဈေးနာတို့ကိုလည်း ခင်းကျင်းရောင်းဝယ်စေ၏။ နံ့သာဆိုင်း, ပန်းဆိုင်းဆွဲခြင်း, သဲဖြူးခြင်းစသည်တို့ဖြင့် ဥမင်ကို သုဓမ္မာဇရပ်ကဲ့သို့ နှလုံးမွေ့လျော်ဖွယ် တန်ဆာဆင်စေ၏။

လက်သမား ၃၀၀ နှင့် မြစ်ညာသို့စေခန့်လိုက်သော အာနန္ဒာအမတ်သည်လည်း မိမိဆောင်ရွက်ရန် ကိစ္စပြီးသဖြင့်၊ ၃၀၀ သော လှေတို့၌ သစ်ပျဉ်အပြည့်တင်၍ လက်သမား ၃၀၀ နှင့်တကွ ဘုရားလောင်းရှိရာသို့ ရောက်လာကြလေကုန်၏။

မဟောသဓသေုခမိန်သည် ထိုလှေတို့၌ပါသော သစ်ပျဉ်တို့ကို ဥပကာရီမြို့သို့တင်ပို့စေပြီးလျှင် အာနန္ဒာအမတ်ကိုခေါ်၍ "အာနန္ဒာ။ သင်သည် ဤလှေ, ဤလူတို့နှင့်ပင် မြစ်ညာသို့ဆန်သွားသဖြင့် လှေ ၃၀၀ တို့ကို ပဉ္စာလရာဇ်တိုင်းသားတို့ မမြင်မသိရအောင် ပုန်းရှောင်၍ နေလေဦး။ ငါက အခေါ်အဆောင်စေလွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှ ဤလှေ ၃၀၀ နှင့် ငါ့ထံ အလျင်တဆောရောက်အောင် သင် လာခဲ့ရမည်”ဆို၍ အာနန္ဒာအမတ်ကို မြစ်ညာသို့ပင် လွှတ်လိုက်ပြန်၏။

ဥပကာရီမြို့၌ကား ကျုံးခြောက်, ညွန်ကျုံး, ရေကျုံးအားဖြင့် ကျုံး ၃ တန်တို့ကိုလည်း မြို့ထက်ဝန်းကျင်၌ တူးစေ၏။

တုတ်ခတ်၍ မြေဖို့ကာ ရေလောင်းကာ အထပ်ထပ်တည်းသော မြေတောင်မြို့တံတိုင်းကား ၁၈ တောင် အမြင့်ရှိ၏။ ထိုမြို့၌ မုခ်တံခါး, ပဿွင်, ရင်တား, ပြ, တန်ဆောင်းအစရှိသော မြို့၏အဆောက်အအုံတို့ကိုလည်း ပြီးစေ၏။ ထိုမြို့တွင်း၌မင်းကြီးနေရာ နန်းတော်ကိုလည်း ရာဇပလ္လင်ဥကင် ထီးဖြူနှင့်တကွ အလုံးစုံမကျန် မကြွင်းရအောင် ဆောက်လုပ်စီရင်စေပြီး၍၊ ဆင်တင်းကုပ်စသည်တို့ကိုလည်း ဆောက်လုပ်စီရင်စေ၏။ နန်းတော်နှင့်မနီးမဝေး သင့်ရာအရပ်၌ ရေကန်တစ်ခုကိုလည်း တူးစေ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဥမင်ကြီး, ဥမင်ငယ်, မြို့, ကျုံး, နန်း, ရေကန်တို့သည် အလုံးစုံအဆောက်အဦနှင့်တကွ ၄ လတိုင်လျှင် အပြီးသို့ရောက်လေ၏။

အလုံးစုံဆောင်ရာသောကိစ္စပြီး၍ ၄ လလွန်လတ်သော် ဘုရားလောင်း မဟောသဓသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးထံသို့ စေလွှတ်အံ့သောငှာ “အရှင်မင်းကြီး။ ကပိလတိုင်း မာတုလပြည်၌ အရှင်မင်းကြီး စံတော်မူရာ လက်ထပ်တဲနန်းကို အကျွန်ုပ် ဆောက်လုပ်စီရင်၍ ပြီးစေပါပြီ။ ယခု ဤပြည်သို့ ကြွချီတော်မူချိန် သင့်ပါတော့သည်”ဟု စာနှင့် အမတ်တစ်ယောက်ကို ဝိဒေဟရာဇ်မင်းကြီးထံသို့ စေလွှတ်လိုက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်က လျှောက်သောစကားကိုကြားလျှင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍၊ မကြာမြင့်မီပင်လျှင် များစွာသော မှူးမတ် ဗိုလ်ပါအပေါင်းခြံရံလျက် အမတ်သုခမိန် ၄ ယောက်နှင့်တကွ မိထိလာပြည်မှထွက်ချီသဖြင့် အလွန်ဝပြောစည်ပင်စွာသော ကပိလတိုင်း မာတုလမြို့သို့ ရှေးရှုခရီးစဉ်အတိုင်းသွား၍၊ ဂင်္ဂါမြစ်နားသို့ ရောက်လေ၏။

[ဤစကားသည် မာတုလမြို့ဟူသည်ကား ဥတ္တရပဉ္စာလရာဇ်မြို့၏ အမည်ပင်တည်း။]

ဝိဒေဟရာဇ်မင်းကြီး ဂင်္ဂါမြစ်နားသို့ရောက်သောအခါ မဟောသဓသုခမိန်သည် ခရီးဦးကြိုဆို၍ ဝိဒေဟရာဇ်မင်းကြီးကို ဥပကာရီမြို့တွင်းသို့ ဥမင်ကိုမမြင်မသိစေဘဲလျက် မှူးမတ်အခြွေအရံနှင့်တကွ ပင့်ဆောင်လေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုဥပကာရီမြို့နန်းတော်၌ အထူးထူးအပြားပြား ကောင်းမြတ်သော သောဇဉ်ခဲဖွယ်တို့ကို သုံးဆောင်တော်မူပြီး၍ အတန်ငယ်အိပ်စက်လျက် အညောင်းဖြေပြီးသော် ညချမ်းသောအခါ မိမိရောက်ကြောင်းကို စူဠနီဗြဟ္မဒတ်မင်းအား ကြားလို၍–

“တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ပဉ္စာလရာဇ်တိုင်းကြီး သခင် အရှင်မင်းမြတ်။ အကျွန်ုပ်သည် ဝေးလှစွာသော မိထိလာပြည်မှ အရှင်ကေရာဇ်မင်းမြတ်၏ ခြေတော်စုံကို ရှိခိုးအံ့သောငှာ အမှာတော်ရှိတိုင်း ယခု ရောက်ပါသည်။ အကျွန်ုပ်အား အထိန်းအကြပ် ရွှေဖော် သတို့သမီး အပေါင်းခြံရံလျက် ရွှေဝတ်ရွှေတန်ဆာတို့နှင့် တင့်တယ်စွာသောသမီးတော်ရတနာကို ဆောင်နှင်းဆးအပ် လက်ထပ်ထိမ်းမြားတော် မူစေချင်ပါသည်”ဟု အမတ်တစ်ယောက်ကိုစေလွှတ်၍ စူဠနီဗြဟ္မဒတ်မင်းအား လျှောက်ကြားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤအရာ၌ ဝိဒေဟရာဇ်မင်းကြီးသည် အရွယ်အသက်အားဖြင့် စူဠနီဗြဟ္မဒတ်မင်းထက် အလွန်ကြီး၏။ စူဠနီဗြဟ္မဒတ်မင်းသည်ကား မိမိသားနောင်း၏မျှသာ အရွယ်ရှိ၏။ ထိုသို့ မိမိ အရွယ်ကြီးသည်ဖြစ်၍ စူဠနီဗြဟ္မဒတ်မင်းအား ရှိမခိုးထိုက်ဘဲလျက် ဥမ္မင်္ဂက ၈ ပါးတွင် ကာမမ္မင်္ဂက ဖြစ်ခြင်းကြောင့် အထိုက်အလိုက်ကို မဆင်ခြင်နိုင်သဖြင့် 'သမက်ဖြစ်ချေက ယောက္ခမကို ရှိခိုးထိုက်ပေသည်'ဟူသောအမှတ်ဖြင့်သာလျှင် ဤသို့သောစကားဖြင့် လျှောက်စေသတည်း။]

စူဠနီဗြဟ္မဒတ်မင်းသည် ထိုတမန်စကားကိုကြားလျှင် 'ယခု ငါ၏ရန်သူဖြစ်သော ဝိဒေဟရာဇ်မင်းကြီး, မဟောသဓတို့သည် ငါ့လက်တွင်းသို့ရောက်လာပြီ။ ထိုသူ ၂ ယောက်တို့ကို ဖမ်းယူကွပ်မျက်၍[၂၈]အောင်သေသောက်ခြင်းသဘင်ကြီးကို ပြုအံ့'ဟုကြံလျက်၊ ရွှင်လန်းဝမ်းမြောက်စွာ ထိုတမန်အမတ်အား ပြုရာဆောင်ရာသော ဝတ်ကိုပြုပြီးလျှင် 'သွာဂတန္တေ ဝ ဝေဒေဟ'အစရှိသော ဂါထာခွဲဖြင့် ထိုအမတ်တွင်ပင် ပြန်ကြားလိုက်၏။ အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ်မင်းကြီး။ ယခု ငါ၏ပြည်တော်သို့ အမျိုးတောင်းလို၍ သင်ရောက်သည်ဟု ငါ ကြားတော်မူရလျှင် အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်နှင့်အညီ သင့်အား အပြစ်မရှိ။ ကောင်းသောလာခြင်း ဖြစ်စေခြင်းငှာ သင်တောင်းအပ်သောဆုကို ငါ ပေးတော်မူမည်။ ပုရောဟိတ်သုခမိန်တို့အား နက္ခတ်ကောင်းသည့် နေ့ရက်ကိုသာ ရွေးချယ်စစ်ဆေး မေးလေတော့"ဟု မှာကြားလိုက်၏။

တမန်အမတ်လည်း ဝိဒေဟရာဇ်မင်းကြီးထံ ပြန်ခဲ့ပြီးလျှင် စူဠနီဗြဟ္မဒတ်မင်း မှာလိုက်တိုင်းလျှောက်လို၍–

"အရှင်မင်းကြီး။ စူဠနီဗြဟ္မဒတ်မင်းသည် အရှင်မင်းကြီးအား နှစ်သက်မြတ်နိုးစွာလည်း မေးမြန်းတော်မူ၏။ မိမိ၏သမီးတော်ကိုလည်း ပေးထိမ်းမြားလိုသောဆန္ဒ အားကြီးဟန်ရှိ၏"ဟု လျှောက်ထား၏။

ဝိဒေဟရာဇ်မင်းကြီးသည် တမန်အမတ်စကားကိုကြားလျှင် လွန်စွာနှစ်သက်ခြင်းဖြစ်သဖြင့် ပညာရှိပုရောဟိတ်တို့ကိုခေါ်၍ နက္ခတ်ကောင်းသည့်နေ့ရက်ကို ရွေးချယ်စေ၏။ ပညာရှိပုရောဟိတ်တို့လည်း နက္ခတ်ကောင်းသော နေ့ရက်စန်းလဂ်အခါကို ဆင်ခြင်ပြီးလျှင် မင်းကြီးအား "အရှင်မင်းကြီး။ ယနေ့ည အချိန်ပင် နက္ခတ်ကောင်းသောအခါ ရပါသည်"ဟု လျှောက်ကြားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပုရောဟိတ်တို့စကားကိုကြားလျှင် ဝမ်းမြောက်ခြင်းဖြစ်သဖြင့် တစ်ဖန် တမန်အမတ်ကိုခေါ်၍ "၁၀၀ သော ထီးဆောင်မင်းအပေါင်းတို့သခင် ဖြစ်တော်မူသော ကေရာဇ်မင်းကြီး အမှာတော်ရှိလိုက်တိုင်း နက္ခတ်ကောင်းသောနေ့ရက်ကို ရွေးချယ်စေလျှင် ယနေ့ပင် အခါရကြောင်းကို ပညာရှိတို့ ထွက်ဆိုပါသည်ဖြစ်၍ ယခုညပင် အကျွန်ုပ်အား သမီးတော်နှင့် ထိမ်းမြားမင်္ဂလာကို ဆောင်တော်မူစေချင်ပါသည်" ဟု အလျှောက် အထားစေလွှတ်လိုက်ပြန်၏။

တမန်အမတ် လျှောက်ထားလာသောစကားကို စူဠနီဗြဟ္မဒတ်မင်းကြီးကြားလျှင် 'ဒဒါမိ ဒါနိ တေ ဘရိယံ' အစရှိသော ဂါထာဖြင့် ထိုအမတ်တွင်ပင် ပြန်ကြားလိုက်၏။ အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ်မင်းကြီး။ နက္ခတ်ကောင်းသော အခါရလျှင် မှူးမတ်ဖိုလ်ပါ အခြံအရံနှင့်တကွ လက်ထပ်နန်းသို့ ယခု ငါ ထွက်တော်မူ၍၊ သင့်အား သမီးတော်နှင့် ထိမ်းမြားတော်မူမည်"ဟု လှည့်ပတ်သော စကားဖြင့် မှာထားလိုက်၏။ ထို တမန်အမတ်လည်း ဝိဒေဟရာဇ်မင်းကြီးထံပြန်သွား၍ မှာလိုက်သောစကားကို လျှောက်ထားလျှင် ဝိဒေဟရာဇ် မင်းကြီးသည် နှစ်သက်မျိုးမက နှစ်သက်ခြင်းသို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စူဠနီဗြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်မင်းကြီးအား မဟုတ်မမှန်သောစကားဖြင့် မှာထားလိုက်ပြီးသော် ထီးဆောင်းမင်းအပေါင်းမှစ၍ မှူးမတ်, ဗိုလ်မှူး, စစ်ကဲ, စစ်ကြပ်တို့ကိုခေါ်၍ စကားအမှတ်ပေးပြီးလျှင် ၁၈ ခေါဘဏီခန့်သော စစ်သည်ဗိုလ်ခြေတို့ကို အသီးအသီး စီရင်ခန့်ထား ရုံးစုစေ၏။ စစ်သည်ဗိုလ်ပါ အပေါင်းတို့သည်လည်း "ယနေ့ည မကြာမီပင်လျှင် ဝိဒေဟရာဇ်မင်း, မဟောသဓသေ့ခမိန်တို့၏ ဦးခေါင်းကို သန့်လျက်ပန်းပြု၍ အောင်သောကိုသောက်ကုန်အံ့"ဟု မြူးထူးရွှင်လန်းကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် စစ်သည်ဗိုလ်ပါတို့ကို စုရုံးပြီးသော် မိမိနန်းတော်အထက်ဆင့် ကျက်သရေတိုက်၌ မယ်တော်ဖြစ်သော စလာကဒေဝီမိဖုရား, မိမိ၏မိဖုရားကြီးဖြစ်သော နန္ဒာဒေဝီမိဖုရား, သားတော်ပဉ္စာလစန္ဒာမင်းသား, သမီးတော် ပဉ္စာလစန္ဒီမင်းသမီး၊ ဤ ၄ ပါးတို့ကို ကျွန်မိန်းမအခြံအရံ အစောင့်အရှောက်နှင့်တကွ တင်ထားခဲ့ပြီးလျှင် ထီးဆောင်းမင်း မှူးမတ်အပေါင်းခြံရံလျက် ၁၈ ခေါဘဏီခန့်သော စစ်သည်ဗိုလ်ပါများစွာနှင့်တကွ ဝိဒေဟရာဇ်မင်းကြီး, မဟောသဓသေ့ခမိန်တို့ကို ဖမ်းယူအံ့သောငှာ မြို့မှထွက်လေ၏။

ဘုရားလောင်း မဟောသဓသေ့ခမိန်သည်ကား ဝိဒေဟရာဇ်မင်းကြီးနှင့်အတူ မိထိလာပြည်ကပါကုန်သော စစ်သည်ဗိုလ်ပါတို့အား များစွာသောအစားအသောက်တို့ကို တည်ကျွေးစီရင်၍ နေသတည်း။ ထိုဝိဒေဟရာဇ်မင်း၏ အခြံအရံဗိုလ်ပါတို့သည်လည်း အချို့သောသူတို့သည် ထမင်းဟင်းလျာတို့ကို, အချို့သောသူတို့သည် ငါးအမဲတို့ကို, အချို့သောသူတို့သည် သေအရက်တို့ကို စားသောက်၍ နေကြကုန်၏။ အချို့သော သူတို့သည်ကား ခရီးဝေးစွာ လာခဲ့ရသည်ဖြစ်၍ ပင်ပန်းခြင်းကြောင့် ဦးခေါင်းလှဲရာ အိပ်ပျော်ကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည်ကား သေနကအစရှိသော အမတ်ကြီးသုခမိန် ၄ ယောက်တို့နှင့်တကွ မှူးမတ်အပေါင်းခြံရံလျက် ညီလာခံရာ တန်ဆာဆင်အပ်သော နန်းတော်ဦး၌ မင်း၏တင့်တယ်ခြင်းဖြင့် နေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် ၁၈ ခေါဘဏီ အရေအတွက်ရှိသော စစ်သည်ဗိုလ်ပါများစွာနှင့် လာလတ်၍ ဥပကာရီမြို့ကို ဆင် တစ်ထပ်, မြင်း တစ်ထပ်, ရထား တစ်ထပ်, ခြေသည် တစ်ထပ်အားဖြင့် မြို့ပြင်ထက်ဝန်းကျင်၌ ၄ ထပ်ဝန်းရံလျက် အသိန်းအသန်းမကသော မီးရှူးတို့ဖြင့်ထွန်းသည်ဖြစ်၍ နေခြည်ပျောက်ကာမျှ ညဉ့်ကိုပင် နံနက်အရုဏ်တက်သကဲ့သို့ တစ်မြို့လုံးတစ်ပြိုင်နက် လင်းကုန်၏။ စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်အပေါင်းတို့သည် 'ဤမြို့ကို ဖျက်ကြကုန် တက်ကြကုန်'။ 'ဝိဒေဟရာဇ်မင်းကြီးကို ဖမ်းကြကုန်'။ 'မဟောသဓသေ့ခမိန်ကို ဖမ်းကြကုန်'။ စသည်ဖြင့် မြို့ထက်ဝန်းကျင်၌ တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံကို ဖြစ်စေကုန်၏။

မဟောသဓသေ့ခမိန်သည် ထို ပဉ္စာလရာဇ်စစ်သည်တို့ မြို့ကိုဝန်းရံသောအခါ မြို့တံခါးကိုပိတ်စေ၍ မြို့စီး မြို့စောင့်ခန့်ထားပြီးသော် သူရဲကောင်း ၃၀၀ တို့ကိုခေါ်၍ "သင်တို့သည် ဥမင်ကွေ့ဖြင့် စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်သို့သွားပြီးလျှင် စူဠနီဗြဟ္မဒတ်မင်း၏မယ်တော်, မင်း၏မိဖုရားကြီး, မင်းသမီး, မင်းသား၊ ဤ ၄ ယောက်တို့ကို ထိုဥမင်ကွေ့ဖြင့်ပင်လျှင်ဆောင်ခဲ့၍ ဥမင်တံခါးဝအတွင်း၌ထား။ တစ်ပါးပြင်လွင် မထွက်မသွားစေနှင့်။ နောင် မင်းကြီးနှင့် ငါတို့ လာသောအခါ ထိုသူတို့ကို ဥမင်မှပြင်ပ ဂင်္ဂါမြစ်နား တံခါးဝသို့ ထုတ်ဆောင်၍ ထိုဥမင်ဝ ပြာသာဒ်စမုခ်ဦးပေါ်၌ ထားနှင့်ရမည်"ဟု မှာထား၍စေခန့်လိုက်၏။

ထို သူရဲ ၃၀၀ တို့သည်လည်း 'ကောင်းပါပြီ'ဝန်ခံ၍ ဥမင်ကွေ့ဖြင့်သွားကြလေသော်၊ နန်းတော်တံခါးခုံသို့ ရောက်ကြသောအခါ ပျဉ်အခင်းကို ဖွင့်လှစ်တွန်းလှန်လျက်ထွက်ကြပြီးလျှင် နန်းတော်လှေကားခုံ၌လည်းကောင်း, လှေကားဦး၌လည်းကောင်း, နန်းတော်ဦး၌လည်းကောင်း အစောင့်အရှောက်ထားခဲ့ကုန်သော အခြွေအရံအလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကျွေးဖြစ်သော ကျွန်မိန်းမမှစ၍ နန်းတွင်း၌ရှိကုန်သော မိန်းမယောက်ျားတို့ကို တစ်ယောက်မကျန် ဖမ်းဆီး တုပ်နှောင်လျက် မအော်မဟစ်နိုင်အောင် ခံတွင်း၌ ပုဆိုးကြမ်းစသည်တို့ဖြင့် သိပ်ဆို့ပြီးလျှင် ပြင်လွင်လွတ်ရာ ထားပြီးမှ နန်းတော်ထဲ၌ မင်း,မိဖုရားတို့ သုံးဆောင်စားသောက်စေခြင်းငှာ စီရင်ခင်းကျင်းလျက်ရှိသော ခဲဖွယ်စားဖွယ်တို့ကို နှစ်သက်မြိန်နိုးရာ ဝစွာစားကြ၍၊ ကြွင်းကျန်သည့် ခဲဖွယ်စားဖွယ်တို့ကို ဖရိုဖရဲကြဲဖြန့်သွန်မှောက် ဖျက်ဆီးပြီးသော် နန်းတော်အထက်ဆင့်သို့ တက်လေကုန်၏။

ထိုအခါ စလာကဒေဝီမှစ၍ မင်း ၄ ပါးတို့သည်လည်း 'ယခုညဥ့်အခါဟူသည် အကြောင်းအသို့ဖြစ်မည်ကို အသူသိနိုင်အံ့'ဟု အမှတ်ရှိသဖြင့် တစ်ခုတည်းသောကျက်သရေတိုက်ခန်း၌ တစ်စုတည်း အိပ်နေကြကုန်၏။ ထိုသူရဲသူခက်တို့သည် မင်း ၄ ပါးတို့အိပ်ရာ ကျက်သရေတိုက်တံခါးဝပြင်၌ ရပ်လျက် "အရှင်, အရှင်မတို့"ဟု ခေါ်ကြကုန်၏။ ထိုအခါ စလာကဒေဝီသည် ကျက်သရေတိုက်တံခါးကိုဖွင့်လျက် ထွက်၍ "အမောင်တို့။ အဘယ်နည်း"ဟု မေး၏။

သူရဲတို့လည်း "အရှင်မိဖုရား။ အကျွန်ုပ်တို့ အရှင်မင်းကြီးသည် ဝိဒေဟရာဇ်မင်းကြီး, မဟောသဓ သုခမိန်တို့ကို ဖမ်းယူကွပ်မျက်၍ ပြီးပါပြီ။ ယခုညဥ့်ပင် အခါတော်ရသည်ဖြစ်၍ ၁၀၀ သောထီးဆောင်မင်း အပေါင်းခြံရံလျက် မှူးတော်, မတ်တော်, စစ်သည်ဗိုလ်ခြေတို့နှင့်တကွ အောင်သေသောက်ခြင်းကိုပြုပြီးလျှင် စကရာဇ်မင်း၏ အဘိသိက်မင်္ဂလာကို ခံတော်မူမည်အကြံတော် ရှိသောကြောင့် 'ငါ၏မိဖုရားကြီး, သားတော်, သမီးတော်, မယ်တော်တို့ကိုလည်း ယခု သင်တို့ ချီပင့်ကြချေ'ဟု အကျွန်ုပ်တို့ကို စေလွှတ်တော်မူ၍ အရှင်မတို့ထံ လာရပါသည်"ဟု လျှောက်ကြကုန်၏။

ထိုစကားကိုကြားလျှင် မင်း ၄ ပါးတို့သည် ယုံကြည်ကြသည်ဖြစ်၍ "ကောင်းပြီ။ လိုက်ကြကုန်အံ့"ဟု ဆိုလျက် နန်းတော်မှ ဆင်းသက်ကြသဖြင့် နန်းတော်တံခါးခုံသို့ ရောက်သောအခါ သူရဲတို့သည် မင်း ၄ ပါးတို့ကို တစ်ယောက်စီထမ်း၍ ဥမင်ကွေ့ဖြင့် ဝင်သွားလေကုန်၏။ မင်း ၄ ပါးတို့လည်း "အချင်းတို့။ ငါတို့သည် ဤမျှလောက်သာ တိုင်တော့သည်။ ဤခရီးကို မသွားလည်း မသွားစဘူး။ မြင်လည်း မမြင်စဖူး"ဟု ဆိုကြကုန်၏။ သူရဲတို့လည်း "အရှင်တို့။ ဤယခု သွားသောခရီးသည် မင်္ဂလာရှိသောခရီးတည်း။ ယခု မင်္ဂလာအခါကြီး ဖြစ်သောကြောင့် အရှင်မင်းကြီးက 'ငါ၏မယ်တော်, မိဖုရား သား,သမီးတို့ကို ဤမင်္ဂလာခရီးဖြင့် ဆောင်ခဲ့ကုန်'ဟု အမိန့်တော်ရှိသည်ဖြစ်၍ အကျွန်ုပ်တို့ ဆောင်ရပါသည်"ဟု လျှောက်ဆိုကြကုန်၏။

မင်း ၄ ပါးတို့သည်လည်း ထိုသူရဲတို့စကားကိုကြားလျှင် ယုံကြည်ကြပြန်ကုန်၏။ ဤသို့ အချို့သော သူရဲတို့သည် မင်း ၄ ပါးတို့ကို ဆောင်ယူ၍သွားကြကုန်၏။ အချို့သောသူရဲတို့သည်ကား စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်သို့ပြန်လည်ကြ၍ မင်းကြီး၏ရွှေတိုက်, ငွေတိုက်, ရတနာတိုက်တို့ကို ဖွင့်လှစ်ဖောက်ခွဲပြီးလျှင် အလိုရှိတိုင်း ရွှေ, ငွေ, ဥစ္စာ ရတနာတို့ကို ယူဆောင်၍လာကြကုန်၏။ မင်း ၄ ပါးတို့သည်လည်း ဥမင်ကွေ့ဖြင့် အစဉ်အတိုင်း သွားကြလေသော် ဥမင်ကြီးတံခါးဝသို့ ရောက်သောအခါ သုဓမ္မာ နတ်သဘင်ကဲ့သို့ တန်ဆာဆင်အပ်သော ဥမင်ကြီးကို မြင်ကြလေသဖြင့် နှလုံးမွေ့လျော်ကြလျက် 'ဤသို့သော အခင်းအကျင်းကို ငါတို့မင်းကြီးစံရာအလို့ငှာ မှူးတော်မတ်တော် ပညာရှိတို့ စီရင်ပေသည်'ဟု ထင်မှတ်အောက်မေ့ကြကုန်၏။

သူရဲတို့သည်လည်း ထိုမင်း ၄ ပါးတို့ကို ဥမင်ကြီးသို့ သွင်းဆောင်ပြန်သဖြင့် ၁၀၁ ပါးသောမင်းတို့၏နေရာ တိုက်ခန်းကိုလည်းကောင်း, ပန်းချီဆေးရေး အဆန်းအကြယ်တို့ကိုလည်းကောင်း အစဉ်အတိုင်းရှုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



သွားစေလျက် ဂင်္ဂါမြစ်နှင့်မနီးမဝေး ဥမင်ကြီးထွက်လုနီးဖြစ်သော မင်းနေရာတိုက်ခန်းတစ်ခု၌ နေစေ၍ သူရဲအချို့တို့သည် မင်း ၄ ပါးတို့အား နှလုံးမွေ့လျော်ရာ ညွှန်ပြပြောဆိုလျက် စောင့်နေကြကုန်၏။ သူရဲအချို့ကား မဟောသဓသုခမိန်ထံ သွားကြပြီးလျှင် "မင်း ၄ ပါးတို့ကိုခေါ်၍ ဥမင်ကြီးထဲတွင် ဤမည်သော မင်းနေရာ တိုက်ခန်း၌ အစောင့်အရှောက်နှင့်တကွ ထားခဲ့ကြောင်းကို "လျှောက်ကြားကြကုန်၏။

သူရဲတို့စကားကိုကြားလျှင် မဟောသဓသုခမိန်သည် "ငါ၏အလို ယခု အပြီးသို့ ရောက်တော့သည်"ဟု နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာ ဝိဒေဟရာဇ်မင်းကြီးရှိရာ နန်းတော်သို့သွား၍ တင့်အပ်သောနေရာ၌ နေလေ၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ကိလေသာဖြင့် ယစ်သည်ဖြစ်၍ များစွာသောစစ်အင်္ဂါနှင့်တကွ စူဠနီဗြဟ္မဒတ်မင်း လာသည်ကို ကြားလျှင် "ယခု စူဠနီဗြဟ္မဒတ်မင်းသည် ငါ့အား သမီးတော်ကို ထိမ်းမြားပို့ဆက်အံ့သောငှာ လာပြီထင်၏"ဟု မိမိနေရာ ဥကင်ရာဇပလ္လင်ပေါ်မှ ထ၍ရပ်လျက် အရှေ့စမုခ်ဝဖြင့် မျှော်ကြည့်ကာနေ၏။

ထိုသို့ ဝိဒေဟရာဇ်မင်းကြီး မျှော်ကြည့်စဉ်ပင်လျှင် စူဠနီဗြဟ္မဒတ်မင်းလာလတ်၍ အသိန်းအသန်းမကသော မီးရှူးတို့ဖြင့် တစ်ပြိုင်နက်ထွန်းလင်းစေလျက် မြို့ထက်ဝန်းကျင်တို့၌ ဆင်, မြင်း, ရထား, ခြေသည်အားဖြင့် လေး, လွှား ၃ စပ် အထပ်များစွာစစ်အင်္ဂါတို့ဖြင့် ကြောက်မက်ဖွယ်သောအသံကိုပြု၍ ဝန်းရံသည်ကို ဝိဒေဟရာဇ်မင်းကြီးမြင်လေသော် 'ငါ့အား သမီးဆက်လေသာ အဖျက်လော'ဟု တွေးတောချွဲ့ရာခြင်းဖြစ်၍ 'ဟတ္ထိ အဿာ ရထာ ပတ္တိ'အစရှိသောဂါထာဖြင့် အမတ်သုခမိန်တို့အား တိုင်ပင်မေးမြန်း၏။ အဓိပ္ပာယ်ကား-

"ငါ၏သားတော်မှစ၍ သုခမိန်အပေါင်းတို့။ ယခု ပဉ္စာလရာဇ်မင်းသည် ဆင်, မြင်း, ရထား, ခြေသည်တို့နှင့်တကွ ရွှေ, ငွေ, ရတနာတို့ဖြင့်ပြီးသော ချပ်ကာဝတ်လုံတို့ကိုဝတ်ဆင်စေ၍ များစွာသော စစ်သည် ဗိုလ်ခြေတို့ကို ဤမြို့ထက်ဝန်းကျင်၌ မီးရှူးရောင်ဖြင့် တပြောင်ပြောင်ထွန်းလျက် ဝန်းရံစေ၏။ ထိုသို့ ထက်ဝန်းကျင်ရံခြင်း၌ သင်တို့ အဘယ်သို့ထင်ကြသနည်း။ စူဠနီဗြဟ္မဒတ်မင်းသည် ငါ့အား သမီးနှင့် ထိမ်းမြားလို၍ပင်တည်း လာသလော။ ယင်းသို့မဟုတ်မူ အမျက်ငြိုးစူ ရန်သူပြုလို၍တည်း လာသလော။ ငါ့အား ထင်တိုင်း လျှောက်ကြလော့"ဟု တိုင်ပင်မေးမြန်း၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်သည် "အရှင်မင်းကြီး။ အထူးထူးအပြားပြား ကြံတော်မမူသင့်။ စိုးရိမ်ဖွယ် မရှိ။ ယခု စူဠနီဗြဟ္မဒတ်မင်းလာသည့်အခါ ညဉ့်မှောင်မိုက်သည်ဖြစ်၍ မင်းရေးမင်းကွက်ပေါ်ထွက်လျှင် နိုင်လောက်အောင် သူရဲသူခက် လက်နက်များစွာ ဗိုလ်ပါအခြံအရံနှင့် လာရပေသည်။ စစ်သည်ဗိုလ်ပါ များသည်ဟူ၍ အရှင်မင်းကြီး၌ ထိတ်လန့်ဖွယ် မရှိ။ မိမိသမီးတော်ကို အရှင်မင်းကြီးအား ထိမ်းမြားပို့ဆက်လို၍ပင် လာသည်ဟု အကျွန်ုပ်ထင်ပေသည်"ဟု လျှောက်၏။

သေနကအမတ် လျှောက်ဆိုပြီးလျှင် ပက္ကုသအမတ်သည်လည်း "အရှင်မင်းကြီး။ ယခု စူဠနီဗြဟ္မဒတ်မင်း လာသည်မှာ အရှင်မင်းကြီးအား သမီးတော်နှင့်ထိမ်းမြား၍ များစွာသော မင်း၏ပဏ္ဏာလက်ဆောင် အချီးအမြှောက် ဖြင့် ချီးမြှောက်ဆက်သလျက် ဤနေ့ညဉ့်ပတ်လုံး စိမ့်စိမ့်ပြေပြေ စံနေတော်မူစေလိုသောကြောင့် အစောင့် အရှောက်များစွာ ဗိုလ်ပါသင်းပင်း, ၄င်းကိုယ်ရံနှင့် လာသည်ဖြစ်မည် အကျွန်ုပ် ထင်ပါသည်"ဟုလျှောက်ကြား၏။ ဤသို့ သေနကအမတ်, ပက္ကုသအမတ်တို့သည် မိမိတို့အလိုရှိရာ လျှောက်ထားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုအမတ်သုခမိန်တို့ လျှောက်ထားကြသော်လည်း ပဉ္စာလရာဇ်စစ်သည် အပေါင်းတို့က "အချင်းတို့။ ဤအရပ်၌ စောင့်နေကြကုန်။ ဤအရပ်က မြို့ကိုဖြိုဖျက်နင်းနယ်၍ ဝိဒေဟရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မင်ကြီး၊, မဟောသဓသုခမိန်တို့ကို ဖမ်းကြကုန်။ မမေ့မလျော့လုံ့လပြုကြကုန်”ဟု ဆိုမြည်ကြွေးကြော်ကြသော အသံကိုသာ အဖန်တလဲလဲ နားမှာစွဲဝင်သဖြင့် မရွှင်မပျ သေအံ့သောဘေးဖြင့်လန့်၍ ထိုပဥ္စာလရာဇ်စစ်သည်တို့ကိုသာ မျှော်ကြည့်လျက် ‘ငါ့သားသုခမိန်ကား အသို့အကြံအစည် ရှိလိမ့်မည်မသိ”ဟု ဘုရားလောင်း၏ စကားကိုသာ နာခံချင်သောနှလုံး ရှိသည်ဖြစ်၍ ‘ဟတ္ထီ အဿာ ရထာ ပတ္တိ’အစရှိသောဂါထာဖြင့် ဘုရားလောင်းအား တိုင်ပင်မေးမြန်းပြန်၏။ အဓိပ္ပာယ်ကား–

“ငါ့သားသုခမိန်။ ယခု ပဥ္စာလရာဇ်မင်းသည် များစွာသောမီးရှူးတို့ဖြင့် ထွန်းစေလျက် များစွာသော စစ်သည်တို့ဖြင့် ဤမြို့ကို ဝန်းရံလာသည်မှာ ကောင်းသောလာခြင်း ဖြစ်မည်၊ မကောင်းသောလာခြင်း ဖြစ်မည်။ ငါတို့အား အသို့ပြုလို၍ လာသည်ဖြစ်မည်ကို ငါ့သားသုခမိန် သိမြင်တိုင်း လျှောက်ကြားပါလော့။ ယခု ငါတို့ အသို့ကြံရသော် ကောင်းပါမည်နည်း”ဟုမေး၏။ မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းမဟောသဓသုခမိန်သည် ‘ဤမင်းကြီးကား ဤအရာတွင်သာ ကာမဂုဏ်ယစ်၍ မလိမ္မာသည် မဟုတ်။ အရာတိုင်းမှာပင် မိမိအလိုသို့လိုက်၍ မလိမ္မာသော အမတ်တို့လျှောက်သည့်စကားကို နာယူသဖြင့် ချွတ်ယွင်းသည်လည်း[၅၇] များလှပြီ။ ထို့ကြောင့် ဤမင်းကြီးကို အတန်ငယ် ကိုးကွယ်ရာမရရှိနိုင်အောင် ခြိမ်းခြောက်ပြီးမှ ငါ၏ပညာအစွမ်းကိုပြ၍ ထိုမင်းကြီးအား သက်သာရာကို ရစေအံ့’ဟု ကြံပြီးလျှင်–

‘ရက္ခတိ တံ မဟာရာဇ၊ စူဠနေယျော မဟဗ္ဗလော။

ပဒုဋ္ဌော တေ ဗြဟ္မဒတ္တော၊ ပါတောဝ တံ ဃာတယိဿတိ။ ။’ ဟူသောဂါထာဖြင့် လျှောက်ကြား၏။

မဟာရာဇ၊ အရှင်မင်းကြီး။ မဟဗ္ဗလော၊ ဗိုလ်ပါအားနှင့်ပြည့်စုံသော။ စူဠနေယျော၊ စူဠနီမင်းသည်။ တံ၊ အရှင်မင်းကြီးကို။ ရက္ခတိ၊ စောင့်၏။ တေ၊ အရှင်မင်းကြီးအား။ ပဒုဋ္ဌော၊ ပြစ်မှားလိုသော။ ဗြဟ္မဒတ္တော၊ စူဠနီဗြဟ္မဒတ်မင်းသည်။ ပါတောဝ၊ ယနေ့ညဥ့် နံနက်မိုးသောက်ရောက်လျှင်၊ တံ၊ အရှင်မင်းကြီးကို။ ဃာတယိဿတိ၊ သတ်လတ္တံ့။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ စစ်သည်ဗိုလ်ပါများစွာနှင့် ပြည်စုံသော စူဠနီဗြဟ္မဒတ်မင်းသည် အရှင်မင်းကြီးကို ဖမ်းယူဖျက်ဆီးလို၍ ယခုမြို့ထက်ဝန်းကျင်၌ အထပ်ထပ် စောင့်နေဝန်းရံစေ၏။ ယနေ့ညဥ့်နံနက် မိုးသောက်ရောက်လျှင် ဤမြို့ကို ဖြိုဖျက်နင်းနယ်၍ အရှင်မင်းကြီးကို ဖမ်းယူလတ္တံ့သည်ကား မချွတ်ရာပြီဟု အကျွန်ုပ် ထင်ပါသည်”ဟု လျှောက်၏။

မဟောသဓသုခမိန်စကားကို ကြားလျှင် သေနက, ပက္ကုသ အစရှိသော မှူးမတ်ပရိသတ် ဗိုလ်ပါအပေါင်းတို့သည် သေအံ့သောဘေးမှ ပြင်းစွာကြောက်လန့်ခြင်းသို့ ရောက်ကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ကိုယ်တွင်း၌ မီးဖြင့်တိုက်သကဲ့သို့ ပူလောင်ခြင်းဖြစ်၍ လည်ချောင်းခြောက်ကပ်သဖြင့် ခံတွင်းမှ တံတွေးသလိပ် မရနိုင်အောင် သေအံ့သောဘေးမှ ပြင်းစွာကြောက်လန့်လျက် ‘ဥဗ္ဗေဓတိ မေ ဟဒယံ၊ ကမ္မာရာနံ ယထာ ဥတ္တာ’ အစရှိသော ၂ ဂါထာတို့ဖြင့် မြည်တမ်းပြန်၏။ အဓိပ္ပာယ်ကား–

“ချစ်သားသုခမိန်။ ယခု ငါ၏နှလုံးသည် ပြင်းစွာတုန်လှုပ် ပူပန်လှ၏။ ငါ၏ခံတွင်းသည်လည်း တံတွေးကပ်၍ ခြောက်ကပ်ခဲ့ပြီ။ ယခုဖြစ်ရသော ငါ၏ကိုယ်ကို ဥပမာဆိုချေလျှင် နွေကာလ ပူပြင်းခိုက်တွင် လွင်တီးခေါင်အရပ်၌ မီးတောက်မီးလျှံ ဝန်းရံ၍ ထွက်ပြေးရာမမြင်၊ ပင်ပန်းလျက် တုန်လှုပ်သော ယောကျ်ားကဲ့သို့ ဖြစ်ခဲ့ပြီတကား။ ပန်းပဲတို့၏ဖိုသည် ပြင်၌လက်ဖြင့် စမ်းထိဝံ့သော်လည်း အတွင်း၌ မီးလျှံမီးခဲ တရဲရဲတောက်



www.burmeseclassic.com

www.burmeseclassic.com



လောင်သကဲ့သို့ ငါ၏ကိုယ်သည်လည်း သူတစ်ပါးမြင်လျှင် မပူပင်ယောင် ထင်ရှားလိမ့်မည်။ ငါ၏နှလုံးမူကား သည်းအူပြတ်ကြွေ သေချင်လုလု ယခု ပူလောင်လှ၏တကား”ဟု မြည်တမ်း၏။

ဤသို့မြည်တမ်းသော မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ‘ဤ မလိမ္မာလွန်းသော မင်းကြီးအား ဟုတ်မှန်တိုင်း အပြစ်ကိုပြ၍ တစ်ဖန်ခြိမ်းခြောက်ဦးအံ့’ဟုကြံပြီးလျှင် ‘ပမတ္တော မန္တနာတီဓော’ အစရှိသော ၇ ဂါထာတို့ဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ ယခု အကျွန်ုပ် မကြံနိုင်ပါ။ အထက်က မြို့တော်မှာ ဤအရာကို တိုင်ပင်တော်မူသည် ကာလ၌ အကျွန်ုပ်ပညာသက်ရာ လာလတ္တံ့သောအရေးကို တွေးချင့်၍ ကြောက်သည်နှင့်အညီ လျှောက်ပါလျက် အယူတော်မပြိုင်မိ၍ ယခု တွေ့ကြိမ်ရချေသည်။ ဤအရေး၌ အမေးတော်ရှိသော်လည်း အကျွန်ုပ် အကြံကုန်ခဲ့ပြီ ဖြစ်သောကြောင့် ချမ်းသာရာကို မမြင်အောင်ရှိခဲ့၏။ ဆရာသေနက အစရှိသော အမတ်ကြီးသုခမိန်တို့မူကား အထက်တိုင်ပင်တော်မူစဉ်ကပင် ဖြစ်လတ္တံ့သောဤဘေးရန်ကို မြင်သိကြသည်ဖြစ်သော်လည်း ‘ငါတို့ ပညာအစွမ်းဖြင့် ချမ်းသာအောင်ဆောင်ရွက်အံ့’ဟု ကိုယ့်အစွမ်းကိုယုံ၍ ကြံဆောင်လျှောက်ထားကြသည် ဖြစ်ရာ၏။ ထို ဆရာသုခမိန် အမတ်ကြီးတို့သာ ဤအရေးများကို ဘေးလွတ်အောင်ဆောင်နိုင်မည် ဖြစ်ပါသည်။

“အရှင်မင်းကြီး။ အကျွန်ုပ်သည် အရှင်မင်းကြီး၏ စီးပွားတော်ကို လိုသည်ဖြစ်၍ အထက်လျှောက်ထားပါသောစကားကို နာယူတော်မမူခြင်းကြောင့် ယခု အရှင်မင်းကြီးသည် တိန်ညင်သမင်မရှိရာ မုဆိုး၏ ကျော့ညွှတ်ကွင်းသို့ ဝင်မားသော သမင်ဖိုကဲ့သို့ လည်းကောင်း၊ အစာကို တပ်မက်မောခြင်းနှင့် တံငါတို့၏ သံမျှားချိတ်ကို မျိုမားသော ငါးကဲ့သို့ လည်းကောင်း၊ အစာ၌ လော်လည်ခြင်းဖြင့် ကျက်စားကြူး၍ မြို့တွင်းရွာတွင်းသို့ဝင်မိသော တောသမင်ကဲ့သို့ လည်းကောင်း၊ ကိလေသာဖြင့် ဖြားယောင်းရာပါ၍ ပဉ္စာလရာဇ်မင်း၏လက်တွင်းသို့ ရောက်ခဲ့ပြီ။ အရှင်မင်းကြီးသည် အဆိပ်ထန်သောမြွေကို ရင်၌ပိုက်မားသကဲ့သို့ သူတော်ကောင်း မဟုတ်၊ ယုတ်မာသောအကြံအစည်နှင့် ဖြားယောင်းလာသော ကေဝဋ္ဋအမတ်ကို အဆွေခင်ပွန်း ဖွဲ့မားချေသောကြောင့် ဤသို့သောဆင်းရဲကို ယခု တွေ့ကြိမ်တော်မူရချေသည်။

“အရှင်မင်းကြီး။ လောက၌ ပညာရှိကုန်သောသူတို့သည် ကေဝဋ္ဋအမတ်ကဲ့သို့ မဖြောင့်မမှန် အကောက်ကြံ၍ ယုတ်မာသောအကျင့်ကိုသာ ကျင့်တတ်ကုန်သောသူယုတ်တို့နှင့် တစ်ရံတစ်ဆစ်မျှ အဆွေခင်ပွန်းဖွဲ့ခြင်းကို မပြုကြကုန်။ အကြင်သူသည် မဖြောင့်မမှန်အကောက်ကြံတတ်သော ထိုသူယုတ်မာနှင့် အကယ်၍ အဆွေခင်ပွန်း ဖွဲ့ငြားအံ့။ ထိုသူသည် အဆိပ်ထန်သောမြွေကို ခါးပိုက်၌ ပိုက်မားသကဲ့သို့ ပစ္စုပ္ပန်၌လည်း ကိုယ်,စိတ်၏ဆင်းရဲခြင်းသို့ ရောက်ရာ၏။ သံသရာ၌လည်း ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရာ၏။

“အရှင်မင်းကြီး။ ဤလောက၌ အကြင်သူသည် ဤသူကား ဖြောင့်မှန်သောနှလုံး, ကျင့်သုံးအပ်သော တရား, များမြတ်သောအကြားအမြင်, အဆင်အခြင်ပညာ, အရာရာတို့၌ လိမ္မာကျွမ်းကျင်ခြင်း ရှိ၏။ ဤသူကား မရှိဟု သိသာအောင်ပြုဦး၍၊ ဖြောင့်မှန်သောနှလုံး, ကျင့်သုံးအပ်သော သီလ, သုတ,ပညာ အရာရာ၌မြော်မြင်သော သူတော်ကောင်းကိုသာလျှင် အဆွေခင်ပွန်း ဖွဲ့ရာ၏။ ထိုသို့သော သူတော်ကောင်းတို့ကို အဆွေခင်ပွန်းဖွဲ့သောသူ သာလျှင် ပစ္စုပ္ပန်,သံသရာ ၂ပါးလုံး ကိုယ်,စိတ်ချမ်းသာစွာ မြင့်မြတ်တင့်တယ်ခြင်းသို့ ရောက်ရာ၏။ ယခု ဤအရေးမှာလည်း အကျွန်ုပ်တို့ထက်သာ၍ မြင်မြော်နိုင်သည်ဟု တိုင်ပင်ဖက်ပြုတော်မူသော ဆရာသုခမိန် အမတ်ကြီးတို့သာ တတ်နိုင်ရာမည် ဖြစ်ပါမည်။ ထို ဆရာအမတ်ကြီးတို့နှင့် တိုင်ပင်၍ ကြံဆောင်တော်မူပါလော့”ဟု လျှောက်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ပြင်းစွာသောပင်ပန်းခြင်းသို့ရောက်ပြန်သည်ဖြစ်၍ "ချစ်သားသုခမိန်။ ဤသို့ မဆိုပါလင့်။ ဤဘေးရန်မှ လွတ်ကြောင်းကို သင် ကြံဆောင်မှ ချမ်းသာရာရပါမည်"ဟု ဆို၏။ မဟောသဓသုခမိန်သည်လည်း 'ဤသို့သောအမှုကို နောင်မပြုဝံ့အောင် မင်းကြီးအား နှိပ်၍ဆိုဦးအံ့'ဟု ကြံပြီးလျှင်၊ 'ဗာလော တုဝံ ဧဠမူဂေါသိ ရာဇ'အစရှိသော ဂါထာ၊ 'ဣမံ ဂလေ ဂဟေတွာန'အစရှိသော ဂါထာတို့ဖြင့် လျှောက်ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု အဘယ့်ကြောင့် အကျွန်ုပ်ကို 'သင်ကြံဆောင်မှ ချမ်းသာရာ ရပါမည်'ဟု အမိန့်တော် ရှိပြန်သနည်း။ အထက်က စီးပွားတော်ကိုလို၍ အကျွန်ုပ်လျှောက်ထားသောအခါ အရှင်မင်းကြီးသည် အကျွန်ုပ်ကို 'ထွန်တုံးစွန်းတွင်ကြီးသော သား။ အဘယ်ကို သင် သိဘိသနည်း။ ငါ့အား မိန်းမရတနာကို ရခြင်း၏အန္တရာယ်ကို သင် ပြုဘိ၏။ ဤထွန်တုံးစွန်းတွင်ကြီးသော လယ်လုပ်သား၏လည်ကို ကိုင်ငင်၍ နန်းတော်မှချ။ တိုင်းနိုင်ငံမှ နှင်ထုတ်လိုက်ကြ'ဟု ဆဲဆိုရေရွတ်ခြင်းအမျက်တော်ကို ခံရပါသည်။

"အရှင်မင်းကြီး အမိန့်ရှိတော်မူတိုင်း အကျွန်ုပ်လည်း ထွန်တုံးစွန်းတွင်ကြီးသော သူကြွယ်သားဖြစ်၍ ဆရာသေနကအစရှိသော အမတ်ကြီးသုခမိန်တို့ကဲ့သို့ မင်းရေးမင်းရာကို မသိနိုင်ပါ။ လယ်လုပ်ခြင်း, ရောင်းဝယ်ခြင်းစသော သူဌေးသူကြွယ်တို့၏အတတ်ကိုမူကား အကုန်အစင် အကျွန်ုပ် တတ်သိပါ၏။ ဤအရေးသည်ကား သူဌေးသူကြွယ်တို့အရေး မဟုတ်။ မင်းရေး ဖြစ်ခြင်းကြောင့် ဆရာအမတ်ကြီးသုခမိန်တို့ အရေးသာ ဖြစ်ချေသည်။ အကျွန်ုပ်၏အရာ မဟုတ်ပါ။ ဆရာသုခမိန်တို့ကိုသာ ကိုးကွယ်ရာ ပြုတော်မူလော့"ဟု လျှောက်ဆို၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့ကြံ၏။ 'ဤမဟောသဓသုခမိန်သည် လာလတ္တံ့သောဘေးကိုမြင်၍ ငါ့အားပင် အသွယ်သွယ်ပုံဆောင်လျက် နှိပ်နယ်စကားနှင့် နာကျင်အောင် အထက်ကလျှောက်ကြားပေလျက် ငါသာ မိုက်သောအလျောက် ဖောက်ပြန်မိချေသည်။ ထိုသို့ ငါမှားဖောက်၍ အပြစ်ရောက်လျှင် ငါ့သားသည် ငါ့ကို ကြည့်၍မနေရာ။ ယခု ငါသည် ချမ်းသာမည့်အကြောင်းကို မဟောသဓသုခမိန်အား တိုင်ပင်မေးမြန်းပါသော်လည်း ပြောလိုရာ, ဆိုလိုရာနှင့်သာ ရှေးက ငါဆိုမိသော စကားများကို ဖော်ပြလျက် ကြောင့်ကြမဲ့နေသည်မှာ ငါ့အား ချမ်းသာရအံ့သောအကြောင်းကိုမြင်၍ နေသည်ဖြစ်မည်မချွတ်။ သင် ငါ့သား၏ပညာအစွမ်းဖြင့် ချမ်းသာရာရလတ္တံ့'ဟုကြံလျက် ဘုရားလောင်းအား ချီးမြှောက်လို၍ 'မဟောသဓ အတိတေန'အစရှိသော ဂါထာ၊ 'သဓေ ပဿသိ မောက္ခံဝါ' အစရှိသော ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သားသုခမိန်။ လောက၌ ပညာရှိကုန်သောသူတို့သည် ရှေး၌ ဆဲဆိုရေရွတ်ဖူးသော အပြစ်ကိုဖော်၍ အရှင်, မိဘတို့အား နှုတ်လှံထိုးခြင်း[၁၃၅]ကို မပြုကုန်။ သင်မူကား ပညာရှိဖြစ်လျက် ကြိုးကတန်ဆာတို့ဖြင့် မြဲစွာဆွဲနှောင်အပ်ပြီးသောမြင်းကို လှံတံဖြင့်ထိုးဘိသကဲ့သို့ အဘယ့်ကြောင့် ငါ့ကို နှုတ်လှံထိုးဘိသနည်း။ 'ဤသို့ ကြံဆောင်ရသော် ဤရန်သူအပေါင်းမှ လွတ်မြောက်၏။ ဤသို့ကြံဆောင်ရသော် ဘေးရန်ကင်း၏'ဟူ၍ ချမ်းသာမည့်အကြောင်းကိုသာ ငါ့အား ပြည့်ဆုံးမလော့။ သင်မှတစ်ပါး ငါ၏ကိုးကွယ်ရာမည်သည် မရှိပြီ"ဟု ဆို၏။

မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် 'ဤမင်းကြီးကား အလွန် ပညာနည်း၏။ ဂုဏ်အထူးရှိသော ပုရိသဝိသေသ[၁၃၆]ကို မသိတတ်။ ထို့ကြောင့် ဤမင်းကို အတန်ငယ် ပင်ပန်းစေဦး၍ နောင်မှ



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ရာကိုပြုအံ့"ဟု ကြံပြီးလျှင်၊ 'အတီတံ မာနုသံ ကမ္မံ' အစရှိသော ၆ ဂါထာတို့ဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ကိုယ်တော်လည်း ဆင်ခြင်ပါဦးလော့။ ဤ ၁၈ ခေါဘဏီခန့်သော စစ်သည်ဗိုလ်ပါများစွာတို့သည် ဤမြို့အကျဉ်းခန့်၌ အထပ်ထပ်ဝန်းရံ၍နေသည်ကို အဘယ်လူပညာရှိ ထွင်းဖောက် လွတ်မြောက်အောင် ကြံဆောင်နိုင်ပါအံ့နည်း။ ယခုရောက်သော ဤဘေးရန်မှ လူတို့ဆောင်ရွက်၍ လွတ်မြောက်အံ့သောအကြောင်းသည် လွန်ခဲ့ပြီ။ အလွန်ကြံနိုင်ခဲသော အရာသို့ ရောက်ခဲ့၏။

"အကြောင်းတစ်မူကား[၂၆၀]ဘုန်းတော်ကြောင့် ကောင်းကင်ပျံခြင်း, ဖန်ဆင်းခြင်းတန်ခိုးနှင့်ပြည့်စုံစွာ ဆဒ္ဒန်မျိုး, ဥပေါသထမျိုးဖြစ်ကုန်သော ဆင်ပြောင်တို့သည်လည်းကောင်း၊ ကောင်းကင်ပျံခြင်းတန်ခိုးနှင့် ပြည့်စုံစွာ ဝလာဟကမျိုးဖြစ်သော မြင်းတို့သည် လည်းကောင်း၊ ကောင်းကင်ပျံခြင်း, ဖန်ဆင်းခြင်းတန်ခိုးနှင့်ပြည့်စုံစွာ ဂဠုန်ငှက်တို့သည် လည်းကောင်း, ကောင်းကင်ဖြင့်သွားခြင်း, ဖန်ဆင်းခြင်း တန်ခိုးနှင့်ပြည့်စုံစွာ သာတာဂိရိ အစရှိသော နတ်ဘီလူးတို့သည် လည်းကောင်း၊ ထို ဆင်, မြင်း, ဂဠုန်, နတ်ဘီလူးတို့တွင် တစ်ယောက်တစ်ယောက်သည် မိမိတို့အခြံအရံနှင့်လာလတ်သဖြင့် အရှင်မင်းကြီးမှစ၍ အကျွန်ုပ်တို့ မှူးမတ်ဗိုလ်ခြေအပေါင်းတို့ကိုရီဆောင်၍ မိထိလာပြည်သို့ ပို့ပါလျှင်ကား ဤဘေးရန်မှ လွတ်မြောက်တော့မည်။ အကျွန်ုပ်လည်း ထိုဆင်, မြင်း, ငှက်ဂဠုန်ကဲ့သို့ ကောင်းကင်သို့ပျံသွားခြင်းငှာ မတတ်နိုင်ချေသောကြောင့် ဤဘေးရန်မှ လွတ်မြောက်အောင် မဆောင်နိုင်ပါ။ ယခုရောက်သော ဘေးရန်သည် လူပညာရှိတို့ လွတ်မြောက်အောင် ဆောင်ခြင်းငှာ အမှုလွန်၍ရှိခြင်းကြောင့် ဆောင်နိုင်ခဲသောအရာသို့ ရောက်ခဲ့ပြီ"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် 'မကြံနိုင်ပြီ'ဟူသောစကားကြောင့် ဘုရားလောင်းအား စကားတုံ့ပြန်လုန်၍ ဆိုရာမရှိခြင်းသို့ ရောက်လေ၏။

ထိုအခါ သေနကအမတ်သည် ဤသို့ကြံ၏။ 'ယခု မင်းကြီးအား လည်းကောင်း, ငါတို့အား လည်းကောင်း, မဟောသဓသုခမိန်မှတစ်ပါး ကိုးကွယ်ရာမည်သည် မရှိ။ မင်းကြီးသည်လည်း မဟောသဓသုခမိန်၏ စကားကိုကြားပြန်လျှင် သေအံ့သောဘေးမှ ကြောက်သည်ဖြစ်၍ ယခု တစ်ခွန်းသောစကားကိုမျှ မဆိုနိုင်ဖြစ်ခဲ့၏။ ငါသည် မဟောသဓသုခမိန်အား တောင်းပန်အပ်၏'ဟုကြံပြီးလျှင် 'အတီ ရဒဿီ ပုရိသော' အစရှိသော ဂါထာတို့ဖြင့် တောင်းပန်၏။ အဓိပ္ပာယ်ကား-

"မဟောသဓသုခမိန်။ မဟာသမုဒ္ဒရာ၌ သင်္ဘောလှေပျက်၍ ကမ်းကိုမမြင်နိုင်ဘဲ သမုဒ္ဒရာလှိုင်းတံပိုးထဲ၌ တပြောင်းပြန်ပြန် နစ်မွန်းမျောပါလေသော ယောကျ်ားကို ထိုမဟာသမုဒ္ဒရာထဲမှ ကမ်းတစ်ဘက်သို့ ထုတ်ဆယ် ကယ်တင်သကဲ့သို့ ထို့အတူ အရှင်မင်းကြီးအား လည်းကောင်း, အကျွန်ုပ်တို့ အမတ်ဗိုလ်ပါတို့အား လည်းကောင်း ဤဘေးရန်ထဲမှ ထုတ်ယူကယ်ဆောင်ပါလော့။ သင်သုခမိန်သည် အကျွန်ုပ်တို့ ပညာရှိသုခမိန်တို့ထက် အရာအထောင်မက ကြီးကျယ်မြင့်မြတ်သောပညာနှင့် ပြည့်စုံပေ၏။ ထို သင်၏ပညာအစွမ်းဖြင့် အထက်မိထိလာ ပြည်ကို ပဉ္စာလရာဇ် စစ်သည်တို့ ဝန်းရံသောအခါ၌လည်း အရှင်မင်းကြီးမှစ၍ အကျွန်ုပ်တို့ မှူးမတ်, ပြည်သူပြည်သား အပေါင်းတို့ကို သေဘေးမှ လွတ်စေဖူးပြီ။ ယခုလည်း သင်သုခမိန်မှတစ်ပါး အကျွန်ုပ်တို့အား ကိုးကွယ်ရာ မရှိပြီ။ သင်သုခမိန်သည် ဆင်းရဲမှလွတ်မြောက်အောင် ကြံဆောင်ပါလော့"ဟု တောင်းပန်၏။

မဟောသဓသုခမိန်သည် သေနကအမတ် တောင်းပန်သောစကားကိုကြားလျှင် 'ဤသေနအမတ်ကိုလည်း နှိပ်၍ ခြိမ်းခြောက်ဆိုဦးအံ့'ဟုကြံ၍ 'အတီတံ မာနုသံ ကမ္မံ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"သေနကအမတ်ကြီး။ သင်တို့ သုခမိန်အမတ်တို့သည် ပညာရှိသည်နှင့်အညီ လာလတ္တံ့သောဘေးရန်ကို မြင်သိလျက် မင်းကြီးအား ရှေးညွှန်ပြခြင်းကြောင့် ယခု ဆောင်ရွက်ရန်အမှု လွန်၍ရှိပြီ။ လွတ်မြောက်အောင် အကျွန်ုပ် မကြံနိုင်။ သင် သေနကသုခမိန်သာ အရှင်မင်းကြီးကို မိထိလာပြည်သို့ရောက်အောင် ကောင်းကင်ခရီးဖြင့် ပျံချီ၍ ဆောင်သွားပါလော့"ဟုဆို၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် ကြံရာမသိ၊ ကိုးကွယ်ရာမဲ့ သေအံ့သော ဘေးမှကြောက်လန့်သည်ဖြစ်၍ ဘုရားလောင်းနှင့် စကားပြောဆိုခြင်းငှာ မဝံ့သဖြင့်၊ 'သေနကအမတ်သည်လည်း ချမ်းသာအံ့သောအကြောင်း တစ်စုံတစ်ခုကို သိလေရာ၏'ဟုကြံလျက် သေနကအမတ်အား မေးမြန်းလိုသောကြောင့် 'သုဏောဟိ မေ တံ၀စနံ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"သေနကအမတ်ကြီး။ သင်သည် ငါ၏စကားကို နာလော့။ ယခု ပဉ္စာလရာဇ်စစ်သည်တို့သည် မြို့ထက်ဝန်းကျင် ဝန်းရံကုန်၏။ ထို ပဉ္စာလရာဇ်စစ်သည်ဘေးမှ အဘယ်အကြောင်းဖြင့် လွတ်မြောက်နိုင်အံ့ဟု သင်ကြံမိသနည်း။ ယခု မဟောသဓသည် ငါ့ကိုစွန့်ပစ်၍ ရှိခဲ့ပြီ။ သင်တို့မှတစ်ပါး ကြံဆောင်ဖော်မရှိ"ဟု ဆို၏။

မင်းကြီးစကားကိုကြားလျှင် သေနကအမတ်သည် 'ယခု ငါ့အား မေးအပ်သည်နှင့်အညီ အကြောင်းကို မေးတော်မူ၏။ ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ စကားဖြစ်ရုံမျှ ရှိစေတော့။ အကြောင်းတစ်ခုကို လျှောက်ထားရတော့မည်'ဟု ကြံပြီးလျှင် 'အဂ္ဂိံ ဝါ ဒွါရတော ဒေမ' အစရှိသော ဂါထာဖြင့်လျှောက်ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု အကြံကုန်၍ ရှိကြပြီးသည်ကို တစ်ပါးချမ်းသာရာ ကြံနိုင်တော့မည် မဟုတ်။ မြို့တံခါး ၄ မျက်နှာကို ဆို့ပိတ်ပြီးလျှင် မြို့တွင်း၌ရှိသော ပြ,တန်ဆောင်း, နန်းတော်, ဆင်တင်းကုပ် စသည်တို့ကို မီးတိုက်ပြီးမှ ဓါး, လှံ, လက်နက်တို့ဖြင့် တစ်ယောက်ကိုတစ်ယောက် အချင်းချင်း ထိုးခုတ်သတ်ပစ်ကြသဖြင့် ဤမြို့ကို တလားပြုလျက် ဤနန်းတော်ကိုထင်းပုံပြု၍ သေကြရသော် ပဉ္စာလရာဇ်စစ်သည်တို့လက်တွင် အသက်ကုန်ရသောထက် မြတ်၏။ သေကြရမည် ဧကန်မုချ်လျက် ရန်သူ၏ညှဉ်းဆဲခြင်းကိုခံ၍ မသေမရှင် ပူပင်ဆင်းရဲခြင်းသာ ရှိတော့မည်။ ယခုအကြံအတိုင်း ဆင်းရဲအရှည်မခံ မြန်မြန်သေရသော် ကောင်းပါ၏"ဟုလျှောက်၏။

သေနကအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန် စိတ်နှလုံးမသာသည်ဖြစ်၍ "ဤသေနကအား ငါသည် အသက်ချမ်းသာမည့်အကြောင်းကိုသာ မေးသည်ဖြစ်လျက်၊ သေအံ့သောအခြင်းအရာကိုသာ နှလုံးထိတ်လန့်အောင် ပြောဆိုဘိ၏။ သင့်သားမယားနှင့်တကွ သင့်အိမ်ကို ထင်းပုံပြု၍သေလေ။ ငါတို့ မသေဝံ့"ဟု ဆိုပြီးလျှင်၊ ပက္ကုသ, ကာမိန္ဒ, ဒေဝိန္ဒ ဤအမတ်သုခမိန် ၃ ယောက်တို့အားလည်း 'သုဏောဟိ မေ တံ၀စနံ' အစရှိသော ဂါထာဖြင့်ပင်လျှင် သေနကအမတ်ကိုမေးသကဲ့သို့ ဤဘေးရန်မှ လွတ်အံ့သောအကြောင်းကို တစ်ယောက်စီ မေးပြန်၏။

ပက္ကုသအမတ်သည် မိမိအလိုကို ကြားလို၍ 'ဝိသံ ခါဒိတွာ မိယျာမ'အစရှိသော ဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကျွန်ုပ်အကြံမူကား သေရမည်ဧကန် မုချ်ပြီဖြစ်သောကြောင့် ရန်သူ့လက်တွင် ကြီးစွာသောဆင်းရဲကိုခံ၍ သေရသည်ထက် ပူလောင်နာကျင်ခြင်းကို အရှည်မခံရ။ ခဏချင်းငြိမ်းလွယ်အောင် အဆိပ်သေဆေးကိုစား၍ သေကြရသော် ကောင်းပါ၏"ဟုလျှောက်၏။

ထို့နောက် ကာမိန္ဒအမတ်သည်လည်း မိမိအလိုကို ကြားလို၍ 'ရဇ္ဇုယာ ဗဇ္ဈ မိယျာမ' အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ အကျွန်ုပ်၏အလိုမှုကား သေရမည်ကေန်မှန်လျက် ပြင်းပြစွာသောဆင်းရဲကိုခံ၍ ရန်သူ့လက်တွင် သေရသောထက် တောင်ကုမ်းပါးပြတ်ပေါ်မှ ဆင်း၍သော်လည်းကောင်း, လည်ကြိုးဖွဲ့၍ သော်လည်းကောင်း ခဏချင်းသေရသော် ကောင်းပါ၏"ဟု လျှောက်၏။

ထို့နောက် ဒေဝိန္ဒအမတ်သည်ကား ဤသို့ကြံ၏။ 'မင်းကြီးသည် အဘယ်သို့ပြုလေသည် မသိ။ မီးတောက်မီးခဲ ထင်ရှားရှိလျက် ပိုးစုန်းကြူးကိုမီးမှုတ်ဘိသကဲ့သို့ မီးတောက်မီးခဲနှင့်တူစွာ ပညာရှိဖြစ်သော မဟောသဓသုခမိန် ထင်ရှားရှိလျက် ပိုးစုန်းကြူးနှင့်တူစွာ ဤအရာ၌ ချမ်းသာကြောင်းကိုမသိနိုင်သော ငါတို့အား မေးမြန်းခြင်းကို ပြုဘိ၏။ ဤဘေးရန်မှ လွတ်စေခြင်း၌ မဟောသဓသုခမိန်မှတစ်ပါး စွမ်းနိုင်သောသူမည်သည် မရှိ'ဟုကြံပြီးလျှင် 'အဂ္ဂိ ဝါ ဒွါရတော ဒေမ'အစရှိသော ဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကျွန်ုပ်၏အကြံမှုကား အကျွန်ုပ်တို့ သုခမိန် အမတ် ၄ ယောက်တို့သည် မဟောသဓ သုခမိန်အား ဤဘေးရန်မှလွတ်မြောက်အောင် ဆောင်ရွက်ပါမည့်အကြောင်းကို တောင်းပန်ကြဦး၍ မဟောသဓသုခမိန်သည် ဤဘေးရန်မှလွတ်မြောက်အောင် ရွက်ဆောင်နိုင်ပါလျှင်ကား အကျွန်ုပ်တို့ ချမ်းသာရတော့မည်။ ထိုသို့ မဟောသဓသုခမိန် မဆောင်ရွက်နိုင်ခဲ့သော် ရန်သူ့လက်မှာ အသက်သေရသောထက် သေနကဆရာအမတ်ကြီး၏ အကြံအတိုင်းပင် မြို့ကိုတလားပြုလျက် နန်းပြာသာဒ်စသည်တို့ကို ထင်းပုံပြု၍ သေကြရသော် ကောင်းပါ၏"ဟုလျှောက်၏။

ဒေဝိန္ဒအမတ်စကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်အား ရှေးက မိမိ ဆဲဆိုဖူးသောအပြစ်ကိုသာ အဖန်တလဲလဲအောက်မေ့သဖြင့် ဘုရားလောင်းနှင့် စကားမပြောဆိုဝံ့၍ ဘုရားလောင်းကြားအောင် မြည်တမ်းလိုသောကြောင့် 'ယထာ ကဒလိနော သာရံ' အစရှိသော ၅ ဂါထာ တို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"သုခမိန်အမတ်အပေါင်းတို့။ ငှက်ပျော,လက်ပံပင်တို့၌ အနှစ်ကိုရှာ၍ မရနိုင်သကဲ့သို့ ဤဘေးမှ လွတ်မြောက်ကြောင်းဖြစ်သော ပညာရှိသုခမိန် ၅ ယောက်တို့အား မေး၍ရှာပါသော် ငါ့အား ဘေးမှ လွတ်မြောက်ကြောင်းဖြစ်သော ပညာရှိကို မရပါ။ သုခမိန် ၅ ယောက်တို့သည်လည်း ဤဘေးမှ လွတ်အံ့ သောအကြောင်းကို မသိနိုင်ကြကုန်သောကြောင့် ငါမေးသောစကားကို မကြားယောင်ဆောင်၍ နေကြကုန်၏။ ရေမရှိရာ မသင့်တင့်သောအရပ်၌နေမိသော ဆင်ယေါက်ကဲ့သို့ ဤဘေးမှလွတ်အံ့သော အကြောင်းကို မသိ၊ ငှက်ပျောပင်, လက်ပံပင်ကဲ့သို့ ပညာအနှစ်မရှိသော အမတ်တို့၏အပေါင်း၌ ငါ နေခဲ့မိ၏တကား။ ယခုဖြစ်သော ငါ၏ကိုယ်သည် ပန်းပဲဖိုကဲ့သို့ အလွန်ပူလောင်လှ၏တကား။ ငါ၏နှလုံးသည်လည်း နွေကာလနေပူခိုက် လွင်တီးခေါင်၌ အလျှံပြောင်ပြောင်တောက်လောင်သော မီးလျှံဝိုင်းမိသော သူကဲ့သို့ ပူလောင်ခြင်းပြင်းပြစွာဖြစ်၍ လည်ချောင်းခံတွင်းတို့၌ တံတွေး ခြောက်ကပ်ခဲ့ပြီတကား"ဟု မြည်တမ်း၏။

ထိုသို့ ဝိဒေဟရာဇ်မင်းကြီး ပင်ပန်းစွာမြည်တမ်းသောအခါမှ ဘုရားလောင်းမဟောသဓသုခမိန်သည် 'ဤမင်းကြီးသည် ယခု သေအံ့သောဘေးမှ ကြောက်သည်ဖြစ်၍ နှလုံးပြတ်မျှရှိပြီ။ အကယ်၍ ငါသည် ထိုမင်းကြီးအား သက်သာရာကို မပေးသည်ဖြစ်အံ့။ နှလုံးကွဲ၍ သေရာ၏။ ထို့ကြောင့် ယခု ထိုမင်းကြီးအား သက်သာရာကို ပေးတော့မည်'ဟု ကြံပြီးလျှင်-

'မာ တွံ ဘာယိ မဟာရာဇ၊ မာ တွံ ဘာယိ ရထေသဘ။

အဟံ တံ မောစယိဿာမိ၊ ရာဟုဂ္ဂဟိတံဝ စန္ဒိမံ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ရာဟုဂ္ဂဟိတံဝ သူရိယံ၊ မဏော် သန္ဓံဝ ကုဥ္ဇရံ။
ပေဋ္ဌာဗဒ္ဓံဝ ပန္နဂံ၊ ပက္ခိံ ပဉ္ဇံဝ ပဉ္စရေ။ ။
'မစ္ဆေ ဇာလဂတေရိဝ၊ သ ယောဂ္ဂ ဗလဝါဟနံ။
ပဉ္စာလံ ဝါဟယိဿာမိ၊ ကာယသေနံဝ လေဍ္ဍုနာ။ ။
'အဒ္ဓ ပညာ ကိမတ္ထိယာ၊ အမစ္စော ဝါပိ တာဒိသော။
ယော တွံ သမ္ဗာဓပက္ခန္ဒံ၊ ဒုက္ခာ န ပရိမောစယေ။ ။' ဟူသော ၉ ဂါထာတို့ဖြင့်လျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ တွံ၊ အရှင်မင်းကြီးသည်။ မာဘာယိ၊ ကြောက်တော်မမူလင့်။ ရထေသဘ၊ တိုင်းသားတိုင်းသူ လူအပေါင်းတို့၏ ဦးစွန်းသဖွယ်ဖြစ်တော်မူသော အရှင်မင်းကြီး။ တွံ၊ သင်မင်းကြီးသည်။ မာ ဘာယိ၊ ကြောက်တော်မမူလင့်။ အဟံ၊ အကျွန်ုပ်သည်။ ရာဟုဂ္ဂဟိတံ၊ ရာဟု ဖမ်းလေပြီးသော။ စန္ဒိမံဣဝ၊ လကိုကဲ့သို့။ တံ၊ အရှင်မင်းကြီးကို။ မောစယိဿာမိ၊ လွှတ်စေအံ့။

ရာဟုဂ္ဂဟိတံ၊ ရာဟုဖမ်းလေပြီးသော။ သူရိယံဣဝ၊ နေကိုကဲ့သို့။
ပင်္ကေ၊ ညွန်ပျောင်း၌။ သန္ဓံ၊ ကပ်ငြိကျွံနစ်သော။ ကုဉ္စရံဣဝ၊ ဆင်ကိုကဲ့သို့။
ပေဋ္ဌာဗဒ္ဓံ။ ပခြုပ်ထဲ၌ လှောင်အပ်သော။ ပန္နဂံဣဝ၊ မြွေကိုကဲ့သို့။
ပဉ္စရေ၊ ချိုင့်၌။ ဗဒ္ဓံ၊ လှောင်အပ်သော။ ပက္ခိံဣဝ၊ ငှက်ကိုကဲ့သို့။
ဇာလဂတေ၊ ပိုက်ကွန်ထဲသို့ ရောက်ကုန်သော။ မစ္ဆေဣဝ၊ ငါးတို့ကိုကဲ့သို့။

သယောဂ္ဂံ၊ ဆင်ယာဉ်, မြင်းယာဉ်နှင့်တကွ။ သဗလဝါဟနံ၊ စစ်သည်ဗိုလ်ပါနှင့်တကွ။ တံ၊ အရှင်မင်းကြီးကို။ မောစယိဿာမိ၊ လွှတ်စေအံ့။

လေဍ္ဍုနာ၊ ကျောက်ခဲဖြင့်။ ကာကသေနံဣဝ၊ ကျီးစွန်ကိုကဲ့သို့။ ပဉ္စာလံ၊ ပဉ္စာလရာဇ်စစ်သည် အပေါင်းကို။ ဝါဟယိဿာမိ၊ နှင်ခြောက်လိုက်အံ့။

မဟာရာဇ၊ အရှင်မင်းကြီး။ ယောတွံ၊ အရှင်မင်းကြီးသည်။ သမ္ဗာဓ ပက္ခန္ဒံ၊ သေအံ့သောကျဉ်းမြောင်းခြင်းသို့ ရောက်၏။ တံ၊ အရှင်မင်းကြီးကို။ ဒုက္ခာ၊ ဆင်းရဲမှ။ နပရိမောစယေ၊ မလွှတ်စေနိုင်ငြားအံ့။ ပညာ၊ ပညာသည်။ ကိမတ္ထိယာ၊ အဘယ်အကျိုး ရှိအံ့နည်း။ အဒ္ဓ၊ ထိုမြို့၊ တာဒိသော၊ ထိုသို့သဘောရှိသော။ အမစ္စောဝါပိ၊ အမတ်သည်လည်း။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိအံ့နည်း။

[ဤ ၉ ဂါထာတို့တွင် အလယ် ၇ ဂါထာတို့၌ ရှေ့ ၃ ပါဒသည် ပထမဂါထာ၏ ရှေ့ ၃ ပါဒနှင့် ပုဒ်, အက္ခရာ, သဒ္ဒါ အနက်တူပြီဖြစ်၍ နောက်ပါဒတစ်ခုစီကိုသာသဒ္ဒါ အနက်ရေးလိုက်သည်။] အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ်တိုင်းကြီးသခင် အရှင်မင်းကြီး။ စိုးရိမ်ကြောက်လန့်တော် မမူလင့်။ ရာဟု အသူရိန်ဖမ်းသော လစက်ဝန်း, နေစက်ဝန်းတို့ကို အသူရိန်၏ ခံတွင်းမှ နုတ်ယူသကဲ့သို့ လည်းကောင်း၊ ကြီးစွာသော ညွန်ပျောင်း၌ ကိုယ်လုံးမြုပ်အောင်ကျွံသော ဆင်ကို ထိုညွန်ပျောင်းမှနုတ်ယူ၍ ကုန်းထက်သို့ တင်သကဲ့သို့ လည်းကောင်း၊ အိုး, ပခြုပ်စသည်တို့၌ ထွက်ရာအပေါက်မရှိ၍ ပင်ပန်းစွာနေရသောမြွေကို ထို အိုး,ပခြုပ်စသည်တို့မှ ယူထုတ်၍ လွှတ်သကဲ့သို့လည်းကောင်း၊ ငှက်လှောင်ချိုင့်၌ ထွက်ပြေးရာမမြင် ပင်ပန်းစွာနေရသော ငှက်အပေါင်းတို့ကို ချိုင့်မှထုတ်ယူ၍ လွှတ်သကဲ့သို့လည်းကောင်း၊ တံငါတို့၏ပိုက်ကွန်၌ ဖမ်းမိသောငါးအပေါင်းတို့ကို ထိုပိုက်ကွန်မှ ထုတ်ယူ၍ လွှတ်သကဲ့သို့ လည်းကောင်း၊ အရှင်မင်းကြီးကိုလည်း ဆင်, မြင်း, ရထား, မှူးမတ်, ဗိုလ်ပါနှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com



ဤဘေးရန်မှ လွတ်မြောက်စေအံ့။ ယခု မကြာမမြင့်မီပင် ဤ ပဉ္စာလရာဇ်စစ်သည်အပေါင်းတို့ကို ကျောက်ခဲ၊ တုတ်၊ အုတ်၊ လှံကန်ဖြင့် လှန့်ခြောက်လိုက်သောကျီးစွန်တို့ကဲ့သို့ ဖရိုဖရဲ ကွဲ၍ပြေးစေအံ့။

"အရှင်မင်းကြီး။ ဤမျှလောက်သော ဘေးရန်ကိုပင် ကြောက်တော်မူသလော။ မိမိပညာဖြင့် မိမိကိုယ်ကိုမျှ ချမ်းသာလွတ်မြောက်အောင် မကြံဆောင်နိုင်လျှင် ထိုသူကို အဘယ်သို့ ပညာရှိခေါ်ရအံ့နည်း။ အကျွန်ုပ်သည် အရှင်မင်းကြီးမကြွမီကပင် အရှင်မင်းကြီးအားလျှောက်ထား၍ ဤပြည်သို့ အလ ျင်လာခဲ့သည့်အကြောင်းကို အရှင်မင်းကြီး သိတော်မူပါ၏လော။ ဤသို့သောဘေးကိုမြင်၍ ရှေးဦးစွာ လာခဲ့သည်ဖြစ်လျက် ကျွန်ုပ်လက်ထဲတွင် အရှင်မင်းကြီး ဆုံးရမည်ဟူသော် အလျင်လာခဲ့ရကျိုး ရှိတော့မည်မဟုတ်။ စိုးရိမ်ကြောက်လန့်တော် မမူလင့်။ ယခုပင် လွတ်စေအံ့"ဟု ရေမရှိသောခရီးခဲ၌ ရေငတ်၍ ပန်းဟိုက်စွာနေစဉ် အလျင်ထန်စွာ အာကာသလုံး၌ကြုံး၍ မိုးကြီးရွာသကဲ့သို့ မင်းကြီးအား သက်သာရာစကားကိုလျှောက်ထား၍ နှစ်သိမ့်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဘုရားလောင်းစကားကိုကြားလျှင် 'ငါ၏အသက်ကို ယခု ရတော့မည်'ဟု နှလုံးချမ်းမြေ့၍ ထွက်သက်လှိုက်ဖို ပြင်းစွာရှိခြင်းမှာ ငြိမ်းလျက်သက်သာခြင်းသို့ ရောက်လေ၏။ ခပ်သိမ်းကုန်သော မှူးမတ်ဗိုလ်ခြေအပေါင်းတို့သည်လည်း ကေသရာဇာခြင်္သေ့မင်း ဟောက်သောအသံကဲ့သို့ ရွှံ့ရှာခြင်းကင်းသော ဘုရားလောင်း၏စကားကိုကြားရသဖြင့် မျက်နှာရွှင်လန်း ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်၏။

ထိုအခါ သေနကအမတ်သည် မဟောသဓသုခမိန်အား "သုခမိန်။ အကျွန်ုပ်တို့ကို ဤရန်သူလက်မှ လွတ်မြောက်အောင် ထုတ်မည်ဟူသော် အဘယ်ခရီးဖြင့် ထုတ်ပါအံ့နည်း"ဟု မေး၏။ ဘုရားလောင်းသုခမိန်သည် "သေနကအမတ်ကြီး။ သင် အဘယ်ကို စိုးရိမ်ပြန်သနည်း။ တန်ဆာဆင်အပ်သော ဥမင်ခရီးဖြင့် သင်တို့ကို ထုတ်အံ့။ သင်တို့ ယခုထွက်သွားရအောင် အဝတ်တန်ဆာ အဆောင်အရွက်များကိုသာ ပြင်ဆင်ကြ "ဟုဆိုပြီးလျှင် မိမိသူရဲတို့ကိုခေါ်၍ ဥမင်တံခါးဝကို ဖွင့်လှစ်ပြင်ဆင်စိမ့်သောငှာ 'ဧထ မာဏဝ ဥဋ္ဌေထ'အစရှိသောဂါထာဖြင့် မှာဆိုစေခန့်လိုက်၏။ အဓိပ္ပာယ်ကား-

"အချင်းတို့။ ဝိဒေဟရာဇ် တိုင်းကြီးသခင်ဖြစ်သော ငါတို့အရှင်မင်းကြီးသည် မှူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ ဥမင်ဖြင့် ထွက်စံတော်မူမည်ဖြစ်၍ ယခု သင်တို့ ဥမင်တံခါးကို လည်းကောင်း၊ လေသာ ရောင်လင်း ပြတင်းတို့ကိုလည်းကောင်း၊ ၁၀၁ ခုသော တိုက်တံခါးတို့ကို လည်းကောင်း၊ အရာအထောင်မကသော ဆီမီးထွန်းရန် တိုက်တံခါးတို့ကို လည်းကောင်း ဖွင့်လှစ်သုတ်သင် ခင်းကျင်းကြချေ"ဟု စေလိုက်၏။ ထိုသူရဲတို့သည်လည်း မဟောသဓသုခမိန်ဆိုတိုင်း ဥမင်သို့သွား၍ ဖုံးကာဆို့ပိတ်သမျှအလုံးစုံကို ဖွင့်လှစ်သုတ်သင် လိုက်သဖြင့် လေသာရောင်လင်းပြတင်းတို့မှဖြစ်သော အရောင်၊ တံခါးဝမှဖြစ်သောအရောင်တို့ဖြင့် ထုတ်ချင်းလျှို တစ်ပြိုင်နက် လင်းစေလျက် တန်ဆာဆင်အပ်သော သုဓမ္မာဇရပ် နတ်သဘင်ကဲ့သို့ ခင်းကျင်းခဲ့ပြီးသော် မဟောသဓ သုခမိန်ထံသွား၍ 'ပြီးကြောင်း'ကို လျှောက်ကြားကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် "အရှင်မင်းကြီး။ ယခုဥမင်ဖြင့် ထွက်သွားတော်မူချိန်အခါ ရောက်ပြီ။ ဤနန်းတော်မှ ဆင်းသက်တော်မူပါလော့"ဟုလျှောက်၏။ မဟောသဓသုခမိန်စကားကို ကြားလျှင် ဝိဒေဟရာဇ် မင်းကြီးသည်လည်း "ကောင်းပြီ။ ဆင်းသွားကုန်အံ့"ဟုဆို၍ နန်းတော်မှ မှူးမတ်အခြံအရံတို့နှင့်တကွ ဆင်းသက် လေ၏။ သေနကအမတ်သည်လည်း ဦးခေါင်းမှပေါင်းထုပ်ကိုချွတ်ပြီးလျှင် ပုဆိုးကိုမြဲစွာပြင်ဝတ်လျက် ကျစ်လိမ်၍ ခါးတောင်းကျိုက်၏။ ထိုအခါ မဟောသဓသုခမိန်သည် "အဘယ်သို့ သင်ပြုသနည်း"ဟုမေး၏။ သေနကအမတ်



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း "သုခမိန်။ ဥမင်သို့ဝင်သောသူမည်သည်ကား ပေါင်းထုပ် ဦးရစ်ချခြင်း, ပုဆိုးကိုမြဲစွာပင့်လိမ်၍ ခါးတောင်းကျိုက်ခြင်းတို့ကို ပြုအပ်၏"ဟုဆိုလျက်သွားသဖြင့် ဥမင်တံခါးဝသို့ဝင်ကြသောအခါ သေနက အမတ်သည် ကျောက်ကုန်းညွတ်လျက် ပုဆစ်တုပ်၍ဝင်အံ့ ဟုပြု၏။

မဟောသဓသုခမိန်သည် "သေနကအမတ်ကြီး။ သင် အသို့ ပြုပြန်သနည်း။ ဥမင်ကို တိမ်သည်, ကျဉ်းသည် မှတ်သလော။ ဆင်စီး၍ဖြစ်စေ, မြင်းစီး၍ဖြစ်စေ အလိုရှိတိုင်းပင် ဝင်သွားလောက်အောင် အစောက်, အနံကျယ်၏။ တံခါးသည်လည်း အစောက် ၁၈ တောင် ရှိ၏။သင်သည် မှူးကြီးမတ်ကြီးပီပီဝတ်ဆင်လျက် မင်းကြီး၏ရှေ့တော်မှ သွားလော့"ဟုဆို၍ သေနကအမတ်ကို မိမိအခြံအရံနှင့်တကွ မင်းကြီးရှေ့က သွားစေ၏။ မဟောသဓ သုခမိန်သည်ကား မိမိအခြံအရံနှင့်တကွ မင်းကြီးနောက်မှ လိုက်၏။ မင်းကြီးသည်လည်း မိမိအခြံအရံ မှူးမတ်တို့နှင့်တကွ ထိုသုခမိန် ၂ ယောက်တို့၏အလယ်၌ လိုက်၏။

[ဘုရားလောင်းသည် အဘယ့်ကြောင့် ဤသို့သော အခြင်းအရာဖြင့် သွားစေသနည်းဟူမူကား ထိုဥမင်ထဲ၌ များမြတ်သော ခဲဖွယ်စားဖွယ်တို့ကိုမြင်လျှင် မှူးမတ်ဗိုလ်ခြေတို့သည် ဥမင်မှ မထွက်မသွားချင်ဘဲ ထိုခဲဖွယ်စားဖွယ်တို့၌သာ မွေ့လျော်ကြသဖြင့် လည်းကောင်း, မင်းကြီးသည်လည်း ဥမင်၏အထူးအဆန်း အတင့်အတယ်ကို ရှုကြည့်ကာသာလျှင် မခွာမရွေ့ချင်ဘဲရှိသဖြင့် လည်းကောင်း, အကျိုးမဲ့ အချိန်လွန်၍ရှိသည်ကို စိုးသောကြောင့် လိုရာအရပ်သို့ လျင်စွာရောက်စေခြင်းငှာ မှူးမတ်ဗိုလ်ပါနှင့်တကွ မင်းကြီးအားနှိုးဆော်တိုက်တွန်း၍ မိမိလည်း မင်းကြီးနောက်က လိုက်သတည်း။]

ဤသို့ မင်းကြီးအား လျင်စွာသွားမည့်အကြောင်းကို တိုက်တွန်းသောအခါ သေနကအမတ် ရှိချေလျှင် ထိုသေနကအမတ်သည် အရာ ဟုတ်သည်, မဟုတ်သည်ကို မသိ။ မိမိစိတ်လိုရာ ဝင်၍ ပြောဆိုတတ်သောကြောင့် ထိုသေနကအမတ်စကားကို ပယ်လှန်ချေလဲရသဖြင့် အချိန်လွန်နှင့်မည်စိုးသည်ဖြစ်၍၊ သေနကအမတ်နှင့် စကားမပြောလိုသဖြင့် မင်းကြီး၏ရှေ့က သွားစေသတည်း။ ထိုသို့သောအစီရင်ဖြင့် ဝိဒေဟရာဇ်မင်းကြီးသည် ဥမင်သို့ဝင်သွားလေသည်ရှိသော် ဘုရားလောင်းသည်လည်း မင်းကြီးနောက်ကလိုက်၍ အလုံးစုံသောမုခ်တံခါး, လေသာပြတင်း, မင်းတို့နေရာတိုက်ခန်း၌ အဆန်းအကြယ်ဖြစ်သော ပန်းချီးဆေးရေးခြယ်သည်တို့ကို ပြညွှန် လျှောက်ကြားပေ၏။

ထို အဆန်းအကြယ်တို့ကိုကြည့်လျက် ကြာမြင့်စွာ မင်းကြီးရပ်တန့်၍ နေလျှင်လည်း "အရှင်မင်းကြီး။ ကြွတော်မူပါဦး"ဟု တိုက်တွန်း၍၊ များစွာသောခဲဖွယ်တို့ကို စားသောက်ပျော်ရွှင်ခြင်းဖြင့် နောက်ကျကုန်သော အခြံအရံမှူးမတ်တို့ကိုလည်း နှိုးဆော်၍၊ မင်းကြီးသို့ မီအောင်လိုက်စေ၏။

စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော်, မိဖုရားကြီး, သားတော်, သမီးတော်တို့ကို စောင့်ရှောက်လျက် နေကုန်သော သူရဲတို့သည်လည်း ဝိဒေဟရာဇ်မင်းကြီးလာကြောင်းကိုသိလျှင် ထိုမင်း ၄ ပါးတို့ကို ဥမင်တိုက်ခန်းမှ ထုတ်ဆောင်၍ ဥမင်စမုခ်ဦး လက်ထပ်နန်း ပြာသာဒ်ထက်၌ တင်ထားနှင့်ကြလေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓသုခမိန်နှင့် စကားပြောဟောလျက် အစဉ်အတိုင်းလာလတ်၍ ဥမင်တံခါးဝမှ ထွက်ကြလေသော်၊ မင်း ၄ ပါးတို့သည် ဝိဒေဟရာဇ်မင်းကြီးကို လည်းကောင်း, မဟောသဓသုခမိန် ကိုလည်းကောင်း မြင်လျှင် 'ငါတို့သည်။ ယခု ရန်သူ့လက်သို့ ရောက်ခဲ့ပြီ။ ငါတို့ကို ခေါ်ဆောင်လာသောသူတို့ကား ငါတို့မင်းကြီးက စေသောသူမဟုတ်။ မဟောသဓက စေသော သူဖြစ်ရာ၏'ဟု ကြံကြလျက် သေအံ့သောဘေးမှ ကြောက်လန့်ကုန်သည်ဖြစ်၍ သည်းစွာသောအသံ^ဖြင့် ငိုကြွေးကြကုန်၏။

www.burmeseclassic.com



စူဠနိဗြဟ္မဒတ်မင်းသည်လည်း ဝိဒေဟရာဇ်မင်းကြီးထွက်ပြေးမည်ကို စိုးသောကြောင့် ဥပကာရီမြို့မှ တစ်ဂါဝုတ်မျှလောက်ခြားရာ ဂင်္ဂါမြစ်နား၌ များစွာသော ဗိုလ်ပါနှင့်တကွ စောင့်နေလေ၏။ ထို ၄ ယောက်တို့၏ ဥမင်တံခါး၀ လက်ထပ်နန်းပေါ်၌ ငိုကြွေးမြည်တမ်းကြသောအသံကို စူဠနိဗြဟ္မဒတ်မင်းသည် ထိုမိမိတပ်ချနေရာ အရပ်က ညဥ့်အဖို့ဖြစ်၍ ကြားလေလျှင် 'ဤအသံကား နန္ဒာဒေဝီအသံနှင့် တူ၏။ နန္ဒာဒေဝီ အဘယ်မှာနည်း'ဟု ဆိုချင်, မေးချင်ငြားသော်လည်း မှူးမတ်အခြံအရံတို့ ပြက်ရယ်မှု ပြုအံ့သည်မှစိုးသောကြောင့် မမေးမဆိုဘဲ နေ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ထို ဥမင်မုခ်ဦး လက်ထပ်နန်းပြာသာဒ်ထက် ရတနာစုပေါ်၌ ပဉ္စာလစန္ဒီမင်းသမီးကို နေစေပြီးလျှင် များစွာသော ပုရောဟိတ်ပုဏ္ဏားs, အမတ်သုခမိန်, ဗိုလ်ပါပရိသတ်အပေါင်း ခြံရံလျက် ဝိဒေဟရာဇ်မင်းကြီးအား ကြီးကျယ်မြင့်မြတ်စွာသော အဘိသေကမင်္ဂလာ[၁၆၄]ဖြင့် ပဉ္စာလစန္ဒီမင်းသမီးကို မိဖုရားကြီးအရာ၌ အဘိသိက်သွန်း၍ ထိမ်းမြားလက်ထပ် ပေးအပ်ဆောင်နှင်းခြင်းကို ပြုလေ၏။ ဤသို့ ထိမ်းမြားမင်္ဂလာဆောင်ပြီးသော်၊ ဘုရားလောင်း မဟောသဓသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးအား "အရှင်မင်းကြီး။ ဤမင်းသမီးကို လိုသောကြောင့် ဤအရပ်သို့ အရှင်မင်းကြီး ကြွတော်မူလာသည်နှင့်အညီ ဤမင်းသမီးအား အလွန်ချစ်ခင်မြတ်နိုးခြင်းကို ဖြစ်စေတော်မူလျက် မိဖုရားကြီးအရာ၌ ထားတော်မူပါ"ဟု အဆုံးအမကို ပေး၏။

စူဠနိဗြဟ္မဒတ်မင်းကြီး ဝန်းရံစကပင် အာနန္ဒာအမတ်ဆီသို့ စေလွှတ်လိုက်သဖြင့် ထို ထိမ်းမြားမင်္ဂလာ ဆောင်သောအခါ အာနန္ဒာအမတ်သည် လှေ ၃၀၀ တို့ကို မင်းကြီးနှင့်ထိုက်တန်အောင် ကောင်းစွာ တန်ဆာဆင်၍ ဘုရားလောင်းထံသို့ ရောက်၏။ ဘုရားလောင်း မဟောသဓသုခမိန်သည်လည်း ဝိဒေဟရာဇ် မင်းကြီးအား "အရှင်မင်းကြီး။ မိထိလာပြည်သို့ ကြွတော်မူရိုန် တန်ပြီ။ လှေပေါ်သို့ တက်တော်မူပါလော့"ဟု လျှောက်ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ဘွားတော်, ယောက္ခမတော်, မိဖုရားကြီး, ယောက်ဖတော်တို့နှင့်တကွ မှူးမတ်ဗိုလ်ပါ အပေါင်းခြံရံလျက် လက်ထပ်နန်းတော်မှဆင်းသက်၍ တန်ဆာဆင်အပ်သောလှေထက်သို့ တက်ကြလေ၏။

ထိုအခါ ဘုရားလောင်း မဟောသဓသုခမိန်သည် မြစ်ဆိပ်နား၌နေလျက် ဤသို့ကြံ၏။ 'ဤမင်းကြီးသည် ပဉ္စာလစန္ဒာမင်းသားအား တစ်ရံတစ်ဆစ်[၁၆၅]အမျက်ထွက်၍ သတ်မည်ကိုမသိနိုင်။ နန္ဒာဒေဝီမိဖုရားသည်လည်း အရွယ်အဆင်းနှင့် ပြည့်စုံခြင်းကြောင့် ထိုနန္ဒာဒေဝီနှင့် မသူတော်အကျင့်ကို ကျင့်မည်လည်း မသိနိုင်။ ပဉ္စာလစန္ဒီ ဒေဝီအားလည်း မိမိစိတ်မမြဲ၍[၁၆၆]မထီမဲ့မြင်ပြုမည်ကို[၁၆၇]လည်း မသိနိုင်။ ထို့ကြောင့် မင်းကြီးအား အဆုံးအမ ပေးလိုက်အံ့'ဟု ကြံပြီးလျှင်– 'အယန္တေ သသုရော ဒေဝ'အစရှိသောဂါထာတို့ဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ပဉ္စာလစန္ဒီဒေဝီ၏မောင်ငယ် စူဠနိဗြဟ္မဒတ်မင်း၏သားတော်ဖြစ်သော ပဉ္စာလစန္ဒာ မင်းသားသည် ယခု အရှင်မင်းကြီး၏ ယောက်ဖတော်ဖြစ်ပြီ။ တစ်မိတစ်ဖတည်းဖြစ်သော ညီအား အစ်ကို ကျင့်သကဲ့သို့ 'ညီ'ဟူသောအမှတ်ဖြင့် မြတ်နိုးကြင်နာတော်မူပါ။ ဤ နန္ဒာဒေဝီ အရှင်မိဖုရားကြီးသည်လည်း ယခု အရှင်မင်းကြီး၏ယောက္ခမတော် ဖြစ်ပြီ။ သားတို့သည် အမိ၌ ရိုသေစွာ ဝတ်ကြီးဝတ်ငယ်ကိုပြုသကဲ့သို့ နန္ဒာဒေဝီ အရှင်မိဖုရားကြီးအားလည်း 'အမိ' ဟူသောအမှတ်ကို မပြတ်သတိရှိတော်မူပါစေ။ တပ်သောစိတ်နှင့်မျှ ကြည့်တော်မမူပါလင့်။ ဤပဉ္စာလစန္ဒီဒေဝီမူကား အရှင်မင်းကြီးအား မိဖုရားကြီး၏အရာဖြင့် ကြီးကျယ်စွာ အဘိသိက်ကိုသွန်း၍ လက်ထပ်မင်္ဂလာ ဆောင်နှင်းအပ်ပြီးသော မိဖုရားကြီးဖြစ်ပေသည်။ တစ်ရံတစ်ဆစ်မျှ မထီမဲ့မြင်မပြုဘဲ နှမငယ်အား မောင်ကကျင့်သကဲ့သို့ ချစ်ခင်မြတ်နိုးတော်မူပါ"ဟု အဆုံးအမစကား လျှောက်ထားလိုက်၏။

စလာကဒေဝီကိုကား အရွယ်လွန်ပြီးဖြစ်သောကြောင့် ထိုနန္ဒာဒေဝီ, ပဉ္စာလစန္ဒီဒေဝီတို့၌ မင်းကြီးစိတ် နေရာမှန်လျှင် ဖောက်ပြန်ခြင်းမရှိရာဟု အောက်မေ့တော်မူ၍ တစ်ခွန်းသောစကားကိုမျှ မလျှောက်လိုက်သတည်း။



www.burmeseclassic.com

ဘုရားလောင်း၏ အဆုံးအမစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "ချစ်သားသုခမိန်။ ကောင်းပြီ။ ဤအမှုများမှာ မစိုးရိမ်ပါနှင့်။ သင်ဆိုတိုင်းပင် ငါ ကျင့်ဆောင်အံ့"ဟုဝန်ခံပြီးလျှင် မဟောသဓသုခမိန်အား မြတ်နိုးသောအခြင်းအရာအားဖြင့်အတူ မြို့သို့ပါအောင် ခေါ်လို၍ 'အာရုဟ နာဝံ တရမာနော'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သားသုခမိန်။ သင်သည် အဘယ့်ကြောင့် လှေထက်သို့မတက်ဘဲ မြစ်ကမ်းထိပ်က ရပ်နေဘိသနည်း။ ငါတို့သည် ဤ ကြောက်မက်ဖွယ်သောဘေးရန်မှ ငြိမ်ငြင်စွာ လွတ်မြောက်ကြကုန်ပြီ။ ယခု ငါတို့ပြည်သို့ သွားကြကုန်အံ့။ ဤလှေထက်သို့ သင် တက်ခဲ့လော့"ဟုဆို၏။ မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းသည် မိမိ စစ်ဘုရင်ဖြစ်သည်နှင့်အညီ နာယကဂုဏ် [၂၆၈]ကိုပြုလျက် နေရစ်ဦးမည့်အကြောင်းကို လျှောက်ကြားလို၍ 'နေသ ဓမ္မော မဟာရာဇ' အစရှိသော ၂ ဂါထာဖြင့် လျှောက်ဆို၏။ အဓိပ္ပာယ်ကား–

"ဝိဒေဟရာဇ် တိုင်းကြီးသခင်ဖြစ်တော်မူသော အရှင်မင်းကြီး။ အကျွန်ုပ်ကား စစ်သည်အပေါင်းတို့အား အမှူးအကြီး အချုပ်အအုပ်ဖြစ်ချေ၍ ယခု မလိုက်သာပါသေး။ အရှင်မင်းကြီးနှင့်တကွ မြို့တော်မှပါကုန်သော ဗိုလ်ပါအချို့တို့သည်လည်း ထိုဥပကာရီမြို့ထဲ၌ ခဲဖွယ်စားဖွယ် သေအရက်တို့ကို စားသောက်ယစ်ဝလျက် ပျော်ရွှင်မြူးထူး၍ ကျန်ရစ်ကုန်သောသူ, ခရီးဝေးစွာလာရသဖြင့် ပင်ပန်း၍ ဦးခေါင်းလှဲရာ အိပ်ပျော်လျက် ကျန်ရစ်ကုန်သော သူတို့သည် အကျွန်ုပ်ကိုယ်တိုင် ဥမင်ခရီးဖြင့် ထွက်လာမှန်းကိုမျှ မသိ။ သောက်စားအိပ်ပျော်ကာ ကျန်ရစ်ကြကုန်၏။ ကိုယ်လက်မကျန်းမမာ နာဖျား၍ မြို့ထဲ၌ကျန်ရစ်ကုန်သော သူတို့သည်လည်း များစွာရှိကုန်၏။

"အကျွန်ုပ်နှင့် ၄ လပတ်လုံး အမှုကိုထမ်းရွက်၍ ဆင်းရဲဖက်ဖြစ်ကုန်သော ဗိုလ်ပါသူရဲအပေါင်းတို့သည်လည်း ထိုမြို့ထဲ၌ အစောင့်အရှောက်ခန့်ထားသဖြင့် နေရစ်ကြကုန်၏။ ထို ဆင်းရဲဖက်ဖြစ်ကုန်သော ဗိုလ်ပါတို့ကို သနားကြင်နာခြင်း မရှိ၊ မိမိနှင့် ထပ်တူမပြု၊ ရန်သူ့လက်တွင်ထားခဲ့၍ ကိုယ်ကိုသာ အလွတ်ရုန်းချေသော် အကျွန်ုပ်အား စစ်သူကြီးတို့ကျင့်ဆောင်အပ်သော တရား, ၆ ပါးသော နာယကဂုဏ် ပျက်စေသဖြင့် ဘုန်းကျက်သရေဆုတ်ယုတ်ခြင်းသို့ မရောက်ရာပြီလော။

"တစ်ကြောင်းမှာလည်း စူဠနီဗြဟ္မဒတ်မင်းသည် သမီးတော်ကို အရှင်မင်းကြီးအား ပေးထိမ်းမြားအံ့ဟူသော မျက်ကွယ်စကား[၂၆၉]နှင့်သာ ယခု အကျွန်ုပ်ယူဆောင်၍ အရှင်မင်းကြီးအား ထိမ်းမြားခြင်းကိုပြုရသည်။ စူဠနီဗြဟ္မဒတ်မင်းနှင့် ထိုအကြောင်းကို အပြေအလည် မပြောမဆိုရသေး။ ထို့ကြောင့် အကျွန်ုပ်သည် စစ်သည်ဗိုလ်ပါတို့ကိုလည်း ချမ်းသာစေလျက်၊ စူဠနီဗြဟ္မဒတ်မင်းအားလည်း အပြေအလည်ပြောဆိုသဖြင့် အရှင် ၂ ပါးတို့၏ မေတ္တာတော် ၂ ပါးကို ၂ ပြားသောရွှေ၌ ဂဟေကောင်းဆော်သကဲ့သို့ သားတော်, မြေးတော်ဆင်းသက်၍ မပျက်မကွဲအောင် တွဲနှောင်စေ့စပ်ခဲ့ပြီးမှ ထိုစူဠနီဗြဟ္မဒတ်မင်းက ဆက်သလိုက်သော ရွှေ, ငွေ, ဥစ္စာ, ပဏ္ဏာလက်ဆောင်တို့ကိုယူဆောင်လျက် နောက်မှ အကျွန်ုပ်လာပါမည်။

"ယခု အရှင်မင်းကြီးသာ မြို့တော်သို့ အလျင်တဆောရောက်အောင် ကြွတော်မူပါလေ။ ခရီးစဉ်, ခရီးဆစ်ဆိုရာမှာ စိုးရိမ်ရန်မရှိပါ။ တစ်ယူဇနာ ခြားရာခြားရာအရပ်တိုင်း အကျွန်ုပ်လာစဉ်ကပင် ဆင်,မြင်း, ရထားနှင့်အစုံ အကြီးအအုပ်ခန့်ထားလျက် တစ်ရွာစီတည်ထား၍ အသင့်ရှိနှင့်ပါပြီ။ ပန်းမောသောဆင်,မြင်းတို့ကို ရောက်ရာ၌ပစ်ခဲ့၍ တစ်ရွာရောက်လျှင်တစ်ယာဉ် ဆွလှယ်စီးနင်း[၂၇၀]လျက် အလျင်တဆော ရောက်အောင် ကြွတော်မူပါလော့"ဟု လျှောက်ကြား၏။

www.burmeseclassic.com



ဘုရားလောင်းစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓ၏ပညာအစွမ်းကိုပင် ယုံသော်လည်း ချစ်ခင်သောအားဖြင့် စိုးရိမ်ခြင်းမကုန်နိုင်၍ 'အပ္ပသေနော မဟာသေနံ'အစရှိသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား-

"ချစ်သားသုခမိန်။ မြင်းမိုရ်တောင်လုံးခန့် လိမ့်၍လာသည်ကို လက်ဆုပ်ဖြင့်ဆီးကာမည် ပြုဘိသကဲ့သို့ စစ်သည်ဗိုလ်ပါ နည်းလှစွာသောသင်သည် စစ်သည်ဗိုလ်ပါ များလှစွာသောပဉ္စာလရာဇ်မင်းအား အဘယ်သို့ ဆီးဆို့ ရပ်ခံနိုင်ပါအံ့နည်း။ စစ်သည်ဗိုလ်ပါအားနည်းစွာသော သင့်ကို ပဉ္စာလရာဇ်မင်းသည် ဗိုလ်ပါအားနှင့် ဖိစီး၍ မနိုပ်စက်ပြီလော"ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ပညာရှိ တို့ဂုဏ်ကိုပြလို၍-

'အပ္ပသေနော ပိ စေ မန္တီ၊ မဟာသေနံ အမန္တိနံ။

ဇိနာတိ ရာဇာ ရာဇာနံ၊ အာဒိစ္စော ဝုဒယံ တမံ။ ။'ဟူသောဂါထာဖြင့် လျှောက်၏။

မဟာရာဇ၊ အရှင်မင်းကြီး။ မန္တီ၊ ဥပါယ်တံမျဉ်အကြံအစည်ပညာနှင့်ပြည့်စုံသော။ ရာဇာ၊ အရှင် မင်းကြီးသည်။ အပ္ပသေနော၊ စစ်သည်ဗိုလ်ပါနည်းသည်။ စေပိဟောတိ၊ အကယ်၍ဖြစ်သော်လည်း။ အမန္တိနံ၊ ဥပါယ်တံမျဉ် အကြံအစည်မရှိသော။ မဟာသေနံ၊ စစ်သည်ဗိုလ်ပါများစွာရှိသော။ ရာဇာနံ၊ မင်းကို။ ဇိနာတိ၊ အောင်နိုင်မြဲတည်း။ ကိမိဝ၊ အဘယ်ဥပမာကဲ့သို့နည်း ဟူမူကား။ အာဒိစ္စော၊ နေမင်းသည်။ ဥဒယံ-ဥဒယန္တော၊ တက်လတ်သော်။ တမံ၊ အမိုက်တိုက်ကို။ ဝိဓမိတွာ၊ ဖျောက်၍။ ဒဿေတိဣဝ၊ အလင်းကိုပြသကဲ့သို့တည်း။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ပညာအကြံအစည် ဥပါယ်တံမျဉ်၌ လိမ္မာသောမင်းသည် တစ်ယောက်မျှ တည်းပင်ဖြစ်သော်လည်း၊ ပညာအမြော်အမြင် အကြံအစည် ဥပါယ်တံမျဉ်၌ မလိမ္မာသောမင်း အထောင်,အရာ များစွာသောစစ်သည်ဗိုလ်ပါတို့ကို အောင်လေမြဲတည်း။ ထိုသို့ ပညာမရှိသူ အထောင်,အရာကို ပညာရှိသူ တစ်ယောက်တည်းဖြင့် နိုင်ခြင်း၌ ဥပမာဆောင်လျှင် အမိုက်မှောင်အသိန်းအသန်းမကကို တစ်ခုတည်းမျှသော နေစက်ဝန်းဖြင့် ထွန်းလင်းနိုင်သကဲ့သို့ ဖြစ်၏။ ထိုနေစက်ဝန်းသည် မှောင်အပေါင်းကိုဖျောက်၍ တင့်တယ်စွာ ထွန်းပသကဲ့သို့ အကျွန်ုပ်သည်လည်း ပဉ္စာလရာဇ်စစ်သည်အပေါင်းတို့ကို နှိပ်နင်းလျက် အရှင်မင်းကြီး၏ ဘုန်းကျက်သရေကို ပေါ်ထွန်းပါစေအံ့"ဟုလျှောက်ဆိုပြီးလျှင် ဝိဒေဟရာဇ်မင်းကြီးအားရှိခိုးလျက် "အရှင်မင်းကြီး။ ကြွတော်မူချိန် တန်ပါပြီ"ဟုလျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည်လည်း 'ငါ ယခု ရန်သူ့လက်မှ လွတ်မြောက်ပြီ။ ဤမင်းသမီးကိုလည်း ရအပ်ပြီ။ ငါ၏နှလုံးအလိုကား ပြည့်တော့သည်'ဟုကြံလျက်၊ ဘုရားလောင်း၏ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သော် မင်းကြီးအား နှစ်သက်ခြင်း'ပီတိ'သည် ဖြစ်၏။ ထို နှစ်သက်ခြင်းပီတိကို အစွဲပြု၍ ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်သဖြင့် ဘုရားလောင်း၏ဂုဏ်ကျေးဇူးကို သေနကအမတ်အား ချီးမွမ်းပြောဆိုလို၍-

'သုသုခံ ဝတ သံဝါသော၊ ပဏ္ဍိတေဟီတိ သေနက။

ပက္ခီဝ ပဉ္စရေ ဗဒ္ဓေ၊ မစ္ဆေ ဇာလဂတေ ရိဝ။

အမိတ္တဟဿ ဟတ္ထဂတေ၊ မောစယိ နော မဟောသဓော။ ။'ဟူသော ဂါထာခွဲဖြင့်ဆို၏။

သေနက၊ သေနကအမတ်။ ပဉ္စရေ၊ ချိုင့်၌။ ဗဒ္ဓေ၊ ဖွဲ့အပ်ကုန်သော။ ပက္ခီဝ၊ ငှက်တို့ကိုကဲ့သို့ လည်းကောင်း။ ဇာလဂတေ၊ ပိုက်ကွန်၌ရောက်ကုန်သော။ မစ္ဆေဣဝ၊ ငါးတို့ကိုကဲ့သို့လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



အမိတ္တသဟတ္ထဂတော၊ ရန်သူ့လက်သို့ရောက်ကုန်ပြီးသော။ နော၊ ငါတို့ကို။ မဟောသဓ၊ မဟောသဓသည်။ ယသ္မာ၊ အကြင်ကြောင့်။ မောစယိ၊ လွတ်စေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဏ္ဍိတေဟိ၊ ပညာရှိသူတော်ကောင်းတို့နှင့်။ သံဝါသော၊ ပေါင်းဖော်ရခြင်းသည်။ သုသုခံဝတ၊ အလွန်ချမ်းသာစွတကား။ အဓိပ္ပာယ်ကား–

"သေနကအမတ်။ ချိုင့်, ညွှတ်, ပိုက်ကွန်တို့၌မိလေသော ငှက်, သား, ငါးတို့ကို အနှောင်အဖွဲ့မှထုတ်ယူ၍ လွှတ်သကဲ့သို့ မဟောသဓသုခမိန်သည် မိမိပညာအစွမ်းဖြင့် ငါတို့ကို ရန်သူ့လက်မှ လွတ်မြောက်စေ၏။ ထို့ကြောင့် ပညာရှိသောသူတို့နှင့် အတူတကွပေါင်းဖော်ရခြင်းသည် အလွန် ကိုယ်,စိတ် ချမ်းသာခြင်း ဖြစ်စွတကား"ဟုဆို၏။

သေနကအမတ်သည်လည်း မင်းကြီးချီးမွမ်းသကဲ့သို့ပင်လျှင် မဟောသဓသုခမိန်၏ဂုဏ်ကို ချီးမွမ်းလို၍ 'ဧဝ မေဝ မဟာရာဇ' အစရှိသော ဂါထာခွဲဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ မဟောသဓသုခမိန်သည် ချိုင့်, ညွှတ်, ပိုက်ကွန်တို့မှ ငှက်, သား, ငါးတို့ကို ထုတ်ယူ၍လွှတ်သကဲ့သို့ အကျွန်ုပ်တို့ကို ရန်သူ့လက်မှ လွတ်မြောက်စေ၏။ ထို့ကြောင့် ပညာရှိသော သူနှင့် အတူတကွနေရခြင်းသည် အလွန် ကိုယ်,စိတ်ချမ်းသာခြင်း ဖြစ်၏"ဟု လျှောက်ဆို၏။ ဤသို့ ဘုရားလောင်းဂုဏ်ကို ချီးမွမ်းကြပြီးလျှင် ဝိဒေဟရာဇ်မင်းကြီးသည် မှူးမတ်ဗိုလ်ပါ အခြံအရံနှင့်တကွ ထို ၃၀၀ သောလှေတို့ဖြင့် မြစ်ကိုကူးပြီးမှ လှေကို မြစ်နား၌ပစ်ခဲ့၍၊ မိထိလာပြည်သို့ ရှေးရှုတက်သွားကြသော် တစ်ယူဇနာခန့်သောအရပ်၌ ဘုရားလောင်းတည်ထောင်ခဲ့သော ရွာသို့ရောက်လေ၏။

အကြီးအအုပ်နှင့်တကွ ထိုရွာသားတို့သည် မင်းကြီးလာသည်ဟုကြားလျှင် မိမိရွာ၌ရှိသော ဆင်,မြင်း, ရထားတို့ကို ကောင်းစွာပြင်ဆင်လျက် ခဲဖွယ်, စားဖွယ်, ပူဇော်သက္ကာရတို့ဖြင့် ခရီးဦးကြိုဆိုကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဥပကာရီမြို့မှဆောင်ခဲ့သော ဆင်,မြင်းတို့ကို ထိုရွာ၌ထားခဲ့၍ အသစ်ဖြစ်သော ဆင်,မြင်း,ရထားတို့ကိုဆောင်ယူလျက် သွားပြန်လေ၏။ ဤသို့သောနည်းဖြင့် အစဉ်အတိုင်း ရောက်ရာရောက်ရာ ရွာတို့၌ အသစ်အသစ်ဖြစ်သော ဆင်, မြင်း, ရထားတို့ကိုဆောင်ယူလျက်သွားလေသော် ဘုရားလောင်းတည်ထောင်ခဲ့သော ရွာပေါင်း ၁၀၀ ကုန်၍ ယူဇနာ ၁၀၀ လွန်သဖြင့် မိုးသောက်သောနေ့၌ နံနက်အချိန်ကပင်လျှင် များစွာသော မှူးမတ်ဗိုလ်ပါအပေါင်းခြံရံလျက် မိထိလာပြည်သို့ ဝင်တော်မူလေ၏။

ဘုရားလောင်းမဟောသဓသုခမိန်သည် မြစ်ဆိပ်မှ ဥမင်တံခါးဝသို့သွားပြီးလျှင် ရတနာကျောက်စီအိမ်ဖြင့် ပခုံး၌လွယ်အပ်သော လက်စွဲသန်လျက်ကို အိမ်မှထုတ်၍ ဥမင်တံခါးဝယ် ဖြူးခင်းအပ်သောသဲအပြင်၌ မြှုပ်ထားခဲ့ပြီးလျှင် ဥမင်ခရီးဖြင့် ဥပကာရီမြို့သို့ ဝင်လေ၏။ ဥပကာရီမြို့ နန်းတော်သို့ရောက်သောအခါ နံ့သာရေဖြင့် ချိုးလိမ်း၍ အထူးထူးအပြားပြား ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်စားသောက်ပြီးသော် မြင့်မြတ်သော စက်မွေ့ရာပေါ်၌ လျောင်း၍ 'ငါ၏နှလုံးအလိုသည် ယခု အပြီးသို့ရောက်ပြီ'ဟု နှလုံးသွင်းလျက် နှစ်သက်ခြင်းဖြင့် အိပ်ပျော်ခြင်းသို့ရောက်လေ၏။ ဤသို့ ဘုရားလောင်းသည် မြို့ထက်ဝန်းကျင်၌ ဝန်းရံသော စူဠနီဗြဟ္မဒတ်မင်း၏စစ်သည်ကို ပမာဏမပြုဘဲ[၂၇၁]မိမိနှလုံးအလို အပြီးသို့ရောက်သည်ကိုသာ ဆင်ခြင်လျက် နှစ်သက်ခြင်း'ပီတိ'ဖြင့် ချမ်းသာစွာ ထိုညဉ့်ပတ်လုံးအိပ်ပြီး၍ နံနက်မိုးသောက်ရောက်သောအခါ စူဠနီဗြဟ္မဒတ်မင်း မြို့သို့ကပ်လာသဖြင့် စစ်ပွဲ တစ်ကြိမ် ဖြစ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



[ဤကား စူဠနီဗြဟ္မဒတ်မင်း ကေဝဋ်အမတ်တို့သည် ပညာချင်းမတူဘဲလျက် အကောက်ကြံမှားချေသောကြောင့် ကိုယ်၏စည်းစိမ်ပျက်၍ အရှက်အကြောက်ကြီးစွာရကြောင်း ယူဇနာ ၁၀၀ ခြားရာ ဝေးစွာအရပ်က ယုံမှတ်လောက်အောင်စကားဖြင့် ဖြားယောင်း၍ အကောက်ကြံသော အလွန်ခဲခက်စွာအရေးမှ အထွေးအရှုပ်ကို ထိုးထွင်းလျက် သိမြင်တိုင်း လိုအင်ပြည့်အောင်ဆောင်ရွက်တော်မူနိုင်ကြောင်း ဥမင်မြို့နန်းတည်ခြင်း အစရှိသောအားဖြင့် ချီးမွမ်းအံ့ဩ ပြောဆို၍မကုန်နိုင်သော ဘုရားလောင်း၏ပညာဂုဏ်တို့ကို ပြခြင်းတည်း။]

## ၄၅။ ဥမင်စစ်ပွဲ ဆင်ခန်း

စူဠနီဗြဟ္မဒတ်မင်းသည် ထိုညဥ့်မိုးသောက်ရောက်လတ်သော် ဝိဒေဟရာဇ်မင်းကြီးကိုစောင့်နေရာ ထိုဂင်္ဂါမြစ်နားမှ ဆင်ပြောင်ကြီးပေါ်၌စီးလျက် များစွာသောအခြံအရံ ဗိုလ်ပါနှင့်တကွ ဥပကာရီမြို့ရင်းသို့ ကပ်ပြီးလျှင် တစ်ကုဋေ မကသော စစ်ဆော် စစ်ကြပ်, အသန်းမကသော စစ်ကဲ, အသိန်းမကသော ဗိုလ်မှူး,အသောင်းမကသော ဗိုလ်ချုပ် စစ်သူကြီးတို့ကို အပြင်းအမြန် အာဏာသံပေးလျက် ဝိဒေဟရာဇ်မင်းကြီး, မဟောသဓသေုခမိန်တို့ကို အရှင်ဖမ်းစိမ့်သောငှာ 'ဟတ္ထာရောဟေ အနီကဋ္ဌေ'အစရှိသော ၁၄ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အချင်းတို့။ ပိုက်ကွန်ထဲ၌မိသော ငါးတို့ကို တံငါတို့ဖမ်းသကဲ့သို့ ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓသေုခမိန်တို့ကို အရှင် ဖမ်းကြရမည်။ ထိုသူတို့သည် အထက်က မိထိလာပြည်ကို ငါတို့ဝန်းရံသောအခါ မဟောသဓသေုခမိန်က အကြံဦး၍သာ လွတ်နှင့်ရသည်။ ယခုကား ငှက်လိုပင် ကောင်းကင်သို့ပျံတက်သော်လည်း မလွတ်စေနှင့်။ နတ်လုလင်ကဲ့သို့ တင့်တယ်ကုန်သော ငါ၏ဆင်စီးသူရဲတို့သည် လှံမ, ချွန်းတောင်, လေးမြား, လွှားကာတို့ကို လက်စွဲလျက် တိုက်ဆင်အပေါင်း အသောင်းမကများစွာတို့နှင့် ဤမြို့ကို ယခု နင်းနယ်ကြကုန်။ ကုဋေသိန်းသန်းမက များလှစွာသော မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲအပေါင်းတို့သည်လည်း ဤမြို့ထက်ဝန်းကျင်တို့၌ ယခုပင် တစ်ပြိုင်နက်တည်း ဓား, လှံ, လေးမြားတို့ဖြင့် လက်နက်မိုး ရွာစေကုန်။ ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ အတုမရှိဟု ရွေးကောက်၍ရအပ်သော ၃ သောင်း ၉ ထောင်ကုန်သော သူရဲကောင်း စစ်သူကြီးတို့သည်လည်း ယခုပင် ဤမြို့ကိုဖြိုနင်း၍ ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓသေုခမိန်တို့ကို အရှင်ဖမ်းကြကုန်"ဟု ပြင်းစွာသောအာဏာသံဖြင့် ဆို၏။

ထို ၃ သောင်း ၉ ထောင်ကုန်သော သူရဲကောင်းတို့သည် လက်နက်မစွဲဘဲ လက်ချပ်တီးကာဝင်၍ ရန်သူတို့လက်နက်ကို လုယူပြီးလျှင် ထိုလက်နက်ဖြင့် ထိုရန်သူတို့ကို ထိုးခုတ်ခြင်းငှာ စွမ်းနိုင်ကုန်၏။ ထို ၁၈ ခေါဘဏီကုန်သော စစ်သည်အပေါင်းတို့သည်လည်း မြို့ထက်ဝန်းကျင်တို့၌ ကောင်းကင်မှပြိုကွဲ၍ ကျအံ့သကဲ့သို့ ကြောက်မက်ဖွယ်သောအသံဖြင့် တစ်ပြိုင်နက်တည်း ဥပကာရီမြို့ကို နင်းနယ်အံ့သောငှာ အားထုတ်ကြကုန်၏။

များစွာကုန်သော ဆင်စီးသူရဲ လုလင်ပျိုတို့သည်လည်း ဦးခေါင်း၌ ရွှေဖြင့်ပြီးသော နရတင်သရဖူ စိန်တောင်ကိုဆောင်းလျက်၊ ကျော်, ရင်, လက်ကြပ် အထပ်ထပ်အလွှာလွှာချုပ်အပ်သော ရွှေအင်္ကျီ, ရွှေချပ်,ရွှေကာ,



www.burmeseclassic.com

ရွှေဝတ်လုံ, ရွှေပုဆိုး, ရွှေခါးစည်းတို့ကိုဝတ်ဆင်၍ ရွှေကြိုး, ရွှေကတို့ဖြင့် တန်ဆာဆင်အပ်သော အနှစ် ၆၀ တိုင်အောင် အားကိုဆောင်သော ဆင်ပြောင်ကြီးတို့၏ကျောက်ကုန်းပေါ်၌စီးလျက် နန္ဒဝန်ဥယျာဉ်သို့ ထွက်သော နတ်လုလင်တို့ကဲ့သို့ တင့်တယ်စွာ ဆင်ဦးစီး, နောက်ပုံ, ဆင်ခြေဖုံး လုလင်နှင့်တကွ အသီးအသီး ဥပကာရီမြို့သို့ ဦးတည်ကာသာလျှင် များစွာသောလက်နက်တို့ဖြင့် ပစ်လွှတ်ကြကုန်၏။

မြင်းစီးသူရဲတို့သည်လည်း ရွှေပြားဖြင့်ကွပ်အပ်သော မောက်တို့, သိဝန်းတို့ကိုဆောင်းလျက် ရဲရဲနီစွာသော ခါးစည်းနှင့်တကွ ရွှေဝတ်လုံ, ငွေဝတ်လုံ, မိန်ညိုတို့ကို ဝတ်ဆင်၍၊ ရွှေကြိုးရွှေကတို့ဖြင့် တန်ဆာဆင်အပ်သော မြင်းကိုစီးလျက် နတ်လုလင်ကဲ့သို့တင့်တယ်စွာ မြင်းကဲကျော့နောက်ပါနှင့်တကွ လက်နက်ရေး, မြင်းရေး ကစားမြူးရွှင်ကာသာလျှင် မြို့သို့ကပ်ကြကုန်၏။ သားမြီးတို့ကို မြင်လောက်ရုံကနေ၍ မှန်အောင်ပစ်ခြင်းငှာ စွမ်းနိုင်ကုန်သော လေးသည်ကျော်, ပွတ်ဆောက်ဖျားတို့ကဲ့သို့ ဖွေးဖွေးဖြူစွာသော မြားစဉ်းသွားဖြင့် အရိုးကိုဖောက်ထွင်းအောင် ပစ်နိုင်ကုန်သော လေးသည်ကျော်တို့သည်လည်း လေးမြားလက်နက်စွဲလျက် ဒိုင်း, လှံ, ချပ်, ကာတို့ဖြင့် ကစားမြူးရွှင်ကြ၍ ကောင်းကင်သို့ပစ်လိုက်သဖြင့် မြားမိုးကို ရွာစေကုန်၏။

အမုန်ယစ်သောဆင်ပြောင်သည် ပြင်းစွာသောမာန်ဖြင့် ထိုးသတ်အံ့ဟု မိမိသို့ ရှေးရှုပြေးသော်လည်း ထိုဆင်ပြောင်၏ အစွယ် ၂ ချောင်းကို လက်ဖြင့်ကိုင်ဆုပ်ကာတက်၍ ဦးကင်း၌ တံဆိပ်ခတ်ခြင်းငှာ ရဲဝံ့ကုန်သော သူရဲကောင်းတို့သည်လည်း ခက်ရင်း, လှံ, ဓား, မြား, ဆောက်ပုတ် လက်နက် ၅ ပါးစွဲလျက် နီစွာသော သန်လျက်အိမ်ကို တပ်ဆင်၍ ဆီဖြင့်သွေးအပ်သော သန်လျက်တို့ကို အရိုးကကိုင်၍ လျှပ်သည်ရှိသော် သန်လျက်သွားတို့သည် စက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် အလျှံချင်းခတ်၍ လျှပ်စစ်နွယ်ကူးသကဲ့သို့ တလက်လက်တထိန်ထိန်အရောင်တို့သည် တောက်ကုန်၏။

ထိုမှတစ်ပါး ရွှေပုဆိုး, ရွှေဝတ်လုံတို့ဖြင့် နတ်လုလင်ကဲ့သို့ တန်ဆာဆင်အပ်ကုန်သော သူရဲကောင်းတို့သည်လည်း ရွှေဖြင့်ပြီးသော ငါးဖယ်ပြားသဏ္ဍာန်သန်လျက်အိမ်တို့ကို ပခုံး၌လွယ်၍ ကြိုးကြာငှက်တို့ကို ၇ ခါမျိုစေပြီးမှ မကြေနိုင်သော သံမာ, သံပျော့, သံကောင်းတို့ကို အလွန်တတ်လှစွာသော ပန်းပဲတို့ လုပ်သည်ဖြစ်၍ ဆင်လည်တိုင်ကို တစ်ချက်တည်းဖြင့်ချနိုင်လျက် ထက်လှစွာသော ဆီဖြင့်သွေးချင်းအပ်သော သန်လျက်တို့ကို အိမ်မှထုတ်၍ သန်လျက်ကစားကြသည်ရှိသော် ထိုသန်လျက်အရောင်တို့သည် တပြောင်ပြောင် တလက် လက်ခတ်သဖြင့် ရောင်ခြည် ၁၀၀ ကိုဆောင်သော သောက်ရှူးကြယ်ရောင်, ဥက္ကာရောင်,မွန်းတည့်အချိန်၌ နေစက်ချိန် အရောင်ကဲ့သို့ တောက်လောင်မတတ်ဖြစ်ကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း အထူးထူးအပြားပြား များမြတ်သောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်ပြောင်ကြီးပေါ်၌စီး၍၊ အရိုး၌ ရတနာမျိုးတို့ဖြင့်ခြယ်စီလျက် ဝဇိရစိန်သွားတပ်သော ချွန်းတောင်းကိုကိုင်စွဲကာ သာလျှင်–

"အချင်းတို့။ ယခုပင် ဝိဒေဟရာဇ်မင်းကြီးနှင့် မဟောသဓသုခမိန်ကို အရှင်ဖမ်းကြကုန်။

"ဝိဒေဟရာဇ်မင်းကြီး။ သင်၏သားတော် မဟောသဓသုခမိန်သည် ယခု ငါ၏လက်ထဲ၌ ဘုန်းအာနုဘော်ကုန်ခဲ့ပြီတကား။

"ငါတို့အကြံအစည်မရ၍ ရေးကတစ်ကြိမ် နိုင်လေဖူးသော မဟောသဓသုခမိန်၏အစွမ်းကိုယုံ၍ ဂုဏ်ပြိုင်လာသော သင်သည် ယခု ငါ၏လက်မှ ငှက်လိုပင်ပျံသော်လည်း လွတ်နိုင်ရန် မရှိပြီတကား"ဟု ဗိုလ်ပါလက်ရုံး ဘုန်းအာဏာကို ပြဆိုကြိမ်းမောင်းလျက် ဘုရားလောင်းနေရာ ဥပကာရီမြို့သို့ ချဉ်းကပ်လေ၏။

www.burmeseclassic.com



မဟောသဓသေနာမိန်က သူလျှိုထားသောအမတ်တို့သည်လည်း 'ယခု ပဉ္စာလရာဇ်စစ်သည်တို့ကား အားကျမခံ မာန်ထွက်ကြလျက် ဗိုလ်ထုဗိုလ်ခဲလည်း အလွန်ကြီးလှ၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း ရှေးက အရှက်တစ်တန်ရသဖြင့် ယခု ရှေးကထက်လွန်စွာ ရာဇမာန်ပေါက်၍ ငါတို့အရှင်ကို ဖမ်းရအောင် ကြိုးပမ်းခဲ့၏။ အကြောင်းမည်သို့ ဖြစ်မည်မဆိုနိုင်ချေ'ဟုကြံကြလျက်၊ မိမိတို့အခြံအရံနှင့်တကွ ၁၀၀ ကုန်သော သူလျှို အမတ်တို့သည် စူဠနီဗြဟ္မဒတ်မင်း၏အနီး၌သာလျှင် ခြံရံလျက်လိုက်ကြကုန်၏။

ဤသို့ စူဠနီဗြဟ္မဒတ်မင်းသည် စစ်သည်အပေါင်းတို့ကိုနှိုးဆော်လျက် 'ထိုးကြကုန်, ဖမ်းကြကုန်'ဟူသော အသံဖြင့်တစ်မြို့လုံးကို ဖုံးလွှမ်းအုံ့သကဲ့သို့ မြို့ရင်းသို့ချဉ်းကပ်လေသော် ဘုရားလောင်း မဟောသဓသေနာမိန်သည် အသရေရှိသောအိပ်ရာတိုက်မှ ထ၍၊ ကိုယ်လက်သုတ်သင်ပြီးမှ ထမင်းနံနက်စာ စားသောက်ပြီးလျှင် အဖိုး ၁ သိန်း ထိုက်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုဝတ်လဲ၍ ရတနာ ၇ ပါးတို့ဖြင့်စီခြယ်အပ်သော ကမ္ဗလာ[174]ကို ပခုံးတစ်ဘက်တင် ရုံလျက် ရွှေ, ငွေ, ပတ္တမြားတို့ဖြင့် ဆန်းကြယ်စွာစီရင်အပ်သော လက်စွဲတော်ရတနာလှံတံကို စွဲကိုင်၍ ရွှေခြေနင်းကိုစီးပြီးသော် နတ်သမီးနှင့်တူစွာ တန်ဆာဆင်အပ်သော ကိုယ်လုပ်မိန်းမငယ်တို့ကိုလည်း စာမရီသားမြီးယပ်ဖြင့် ယပ်လေခတ်စေလျက် အနီး၌နေစေပြီးလျှင်၊ တန်ဆာဆင်အပ်သော နန်းတော်စမုခ်ဝ အရှေ့လေသာ ပြတင်းကိုလည်း ဖွင့်လှစ်စေပြီးသော် စူဠနီဗြဟ္မဒတ်မင်းကိုမြင်စိမ့်သောငှာ သိကြားမင်း၏ တင့်တယ်ခြင်းဖြင့် တောင်မြောက်လူးလာ စင်္ကြံသွားလျက်နေ၏။

စူဠနီဗြဟ္မဒတ်မင်းသည် ရဲရင့်တင့်တယ်စွာနေသော ဘုရားလောင်းကိုမြင်သော် ချစ်နှစ်လိုဖွယ် အရောင် အဆင်းတင့်တယ်ခြင်း ဟုဆိုအပ်သော ဣဋ္ဌာရုံ[175]ကို မြင်လျက်လည်း ချစ်ခင်တတ်သော မေတ္တာစိတ်ကင်း၍ နှိပ်နင်းလိုသောဒေါသမျက်မာန် ပြင်းထန်စွာဖြစ်ခြင်းကြောင့် အနိဋ္ဌာရုံ[176]သာထင်၍ 'မဟောသဓသေနာမိန်ကို ယခုပင်ဖမ်းအံ့'ဟု မိမိစီးသောဆင်ကို လျင်စွာသာလျှင် တံခါးဝသို့ ရှေးရှုစိုင်းနှင်လေ၏။

ဘုရားလောင်းသုခမိန်သည် ဤသို့ကြံ၏။ 'ဤမင်းကား ငါနှင့် ငါ့အရှင်ကို ဖမ်းမည်ဟူ၍ အငြင်းအပြ ယခုလာ၏။ မိမိ အမိ, မယား, သား, သမီးတို့ကိုယူ၍ ငါတို့ အရှင်မင်းကြီး မိထိလာပြည်သို့ သွားကြောင်းကိုကား မိမိ မသိလေ။ ယင်းသို့ဖြစ်သောကြောင့် ရွှေကြေးမုံ[177]နှင့်တူစွာသော ငါ၏မျက်နှာကိုပြ၍ ဤမင်းနှင့် စကားပြောအံ့'ဟု ကြံပြီးလျှင် လေသာပြတင်းဝ၌ရပ်လျက် သာယာချိုအေးသောအသံဖြင့် စကားပြောလိုသောကြောင့်–

'ကိန္နု သန္တရမာနောဝ၊ နာဂံ ပေသေသိ ကုဉ္ဇရံ။
ပဟဋ္ဌရူပေါ အာဂတောသိ၊ သိဒ္ဓတ္ထောသ္မီတိ မညသိ။ ။
'ဩဟာရေတံ ဓနုံ စာပံ၊ ခုရပ္ပံ ပဋိသံဟရ။
ဩဟာရေတု သုဘံ ဝမ္မံ၊ ဝေဠုရိယ မဏိသန္ထတံ။ ။'ဟူသော ၂ ဂါထာတို့ဖြင့် ဆို၏။

မဟာရာဇ၊ အရှင်မင်းကြီး။ ကုဉ္ဇရံ၊ မြတ်သော။ နာဂံ၊ ဆင်ပြောင်ကို။ သန္တရမာနောဝ၊ အဆောတလျင်လျှင်။ ကိံ၊ အဘယ့်ကြောင့်။ ပေသေသိနု၊ စိုင်းနှင်၍လာသနည်း။ ပဟဋ္ဌရူပေါ၊ ဝမ်းမြောက်သော သဘောရှိသည်ဖြစ်၍။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်သလော။ သိဒ္ဓတ္ထော၊ ငါ၏နှလုံးအလို ပြည့်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ မညသိ၊ အောက်မေ့သလော။

မဟာရာဇာ၊ အရှင်မင်းကြီး။ စာပံဓနုံ၊ လေးပျင်းကို။ ဩဟာရေတု၊ စွန့်ပစ်တော်မူလေလော့။ ခုရပ္ပံ၊ လွယ်အပ်သော မြားကိုလည်း။ ပဋိသံဟရ၊ ချွတ်၍ အပါး၌ထားလေလော့။ သုဘံ ၊ တင့်တယ်စွာသော။

www.burmeseclassic.com



ဝေဠုရိယ မဏိသန္တတ်၊ ပတ္တမြား ကျောက်မျက်စွဲတို့ဖြင့် စီခြယ်အပ်သော။ ဇေတ်ဝမ္ဘိ၊ ဤချပ်တန်ဆာကိုလည်း။ ဩဟာယရေတု၊ စွန့်တော်မူသလော့။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု အဘယ့်ကြောင့် အပင်အပန်း ဆင်ကိုစိုင်းနှင်၍ လာတော်မူသနည်း။ ဝမ်းမြောက်ဝမ်းသာ ငါ၏အလို ပြည့်တော့မည်ဟု အောက်မေ့၍တည်း လာတော်မူသလော။ ယင်းသို့ အကြံနှင့် လာတော်မူသည်မှန်လျှင် ပင်ပန်းကာမျှသာ ရှိမည်။ လက်စွဲတော်ရွှေလေးကိုလည်း ယခုပင် စွန့်ပစ်တော်မူဘိ။ ပခုံး၌ ရတနာကျောက်စီအိမ်ဖြင့်လွယ်အပ်သော လက်စွဲတော်သန်လျက်ကိုလည်း ပခုံးမှချွတ်၍ လွတ်ရာသော်လည်း ထားတော်မူ။ သန်လျက်စွဲသူတို့ကိုလည်း ပေးအပ်တော်မူလိုက်ဘိ။ ပတ္တမြားကျောက်မျက်စွဲ ရတနာတို့ဖြင့် စီခြယ်အပ်သော ချပ်ဝတ်ပုံတော်ကိုလည်း ယမန်နေ့ညကပင် ဝတ်ဆင်၍ နေတော်မူဟန်ရှိ၏။ ထိုချပ်တန်ဆာ ကိုလည်း ကိုယ်တော်မှချွတ်၍ လွတ်ရာ စွန့်ပစ်တော်မူလိုက်ဘိ။ ယခု ကိုယ်တော်သည် နွမ်းနွမ်းလျော့လျော့ ဖျော့တော့သောမျက်နှာနှင့် မသာမရွှင် ပင်ပန်းတော်မူဟန်တကား။ ယင်းသို့ အကျိုးမဲ့ ကိုယ်တော် မပင်ပန်းစေနှင့်။ ယနေ့နံနက်စောစောကပင် မြို့တော်သို့ ပြန်လည်ဝင်သွားတော်မူပါလေ"ဟု ချစ်ဖွယ်မူ စကားသွယ်၍ ပြက်ရယ်ပြုလေ၏။

ထို ဘုရားလောင်းစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည်။ 'ဤမဟောသဓသူခမိန်ကား ငါ့ကို ယခု မလေးမစား ပြက်ရယ်မှုပြုဘိ၏။ မိမိအန္တရာယ် ရောက်အံ့သည်ကို မသိ။ ငါခြိမ်းခြောက်၍ ယခုပင်လျှင် သိစေအံ့"ဟု ကြံပြီးသော်–

'ပသန္နမုခဝဏ္ဏောသိ၊ မိတပုဗ္ဗဉ္စ ဘာသသိ။

ဟောတိခေါ မရဏကာလေ၊ ဧဒိသီ ဝဏ္ဏသမ္ဘဝါ။ ။' ဟူသောဂါထာဖြင့် ဆို၏။

မဟောသဓ၊ မဟောသဓာ။ တွံ၊ သင်သည်။ ပသန္နမုခဝဏ္ဏော၊ အဆင်းကြည်လင် ရွှင်သောမျက်နှာ ရှိသည်။ အသိ၊ ဖြစ်၏။ မိတပုဗ္ဗဉ္စ၊ ရယ်ဖွယ်ကားရှေး မိန့်ရေးကားနှောင်း[၂၇၆]စကားကောင်းကိုလည်း။ ဘာသသိ၊ ဆိုဘိ၏။ မရဏကာလေ၊ သေခါနီးသို့ ရောက်သောအခါ၌။ ဧဒိသီ၊ ဤသို့သဘောရှိသော။ ဝဏ္ဏသမ္ဘဝါ၊ အဆင်းနှင့် ပြည့်စုံခြင်းသည်။ ဟောတိခေါ၊ ဖြစ်သလျှင်ကတည်း။ အဓိပ္ပာယ်ကား–

"မဟောသဓ။ သင်သည် ယခု အဆင်းကြည်လင် ရွှင်သောမျက်နှာဖြင့် ရယ်ဖွယ်ကား ရှေး မိန့်ရေးကားနှောင်း စကားကောင်းကို ဆိုဘိ၏။ ဤသို့အရောင်အဆင်း ကြည်လင်ခြင်းနှင့် ရွှင်လန်းသော စကားကို ပြောဆိုခြင်းသည်ကား သေခါနီးရောက်သောသူတို့၏ သဘောဓလေ့ပင် ဖြစ်ဟန်ရှိ၏။ ငါသည် ယနေ့ပင် သင်၏ဦးခေါင်းကို ထက်လှစွာသောသန်လျက်ဖြင့် ပယ်၍ အောင်သေသောက်ခြင်းသဘင် ခံအံ့သည်ကား မချွတ်ရာပြီ"ဟု ဆို၏။

ဤသို့ စူဠနီဗြဟ္မဒတ်မင်းနှင့်ဘုရားလောင်း စကားပြောဆိုကြလတ်သော် ပဉ္စာလရာဇ်စစ်သည် ဗိုလ်ပါတို့သည် ဘုရားလောင်း၏ ပြုံးရွှင်သောမျက်နှာ, တင့်တယ်စွာသောအဆင်းအသရေကို တစိမ့်စိမ့်မျှော်ကာ ကြည့်ရှုကြလျက် 'ငါတို့အရှင်မင်းကြီးနှင့် မဟောသဓသူခမိန်တို့ ယခု စကားပြောဆိုကြ၏။ အဘယ်စကားကို ဆိုကြသည် မသိ။ နားထောင်ကြကုန်အံ့'ဟု စူဠနီဗြဟ္မဒတ်မင်း၏အနီးသို့သာလျှင် ဝန်းရံလာကြကုန်၏။

မဟောသဓသူခမိန်သည်လည်း မင်းကြီးစကားကိုကြားလျှင် 'ငါ မဟောသဓသူခမိန် ပညာရှိကြောင်းကို မင်းကြီး မသိလေ။ ကေဝဋ်အမတ်နှင့် မိမိတို့ အလျှို့အဝှက် တိုင်ပင်ကြသောအကြံအစည်ကို မသိနိုင်ရာ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ် စကားနှင့်သာ ဟုတ်နိုးထင်၍ နေရာလိမ့်မည်ဟု ငါ့ကို ထိုမင်းမှတ်ယူ၍၊ သတ်ရတော့မည် စိတ်စွဲနှင့်သာ ယခုလာ၏။ မိမိတို့အကြံအစည်ပျက်၍ အချည်းနှီးဖြစ်ကြောင်းကို သိစေအံ့ဟုကြံပြီးလျှင် 'မောဃံ တေ ဇိန္တိတံ ရာဇာ' အစရှိသော ဂါထာ 'တိဏ္ဏော ဟိယျော ရာဇာ ဂင်္ဂ'အစရှိသော ဂါထာ, ဤ ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ခဲခဲခက်ခက် လျှို့ဝှက်အပ်သောအတိုင်အပင်နှင့် အကြံအစည်သော်ကား အလွန်အံ့ဩဖွယ် ရှိပေ၏။ ယင်းသို့ဖြစ်သော်လည်း အရှင်မင်းကြီးတို့၏အကြံအစည်တို့ကား အကျိုးမနပ် အချည်းနှီးဖြစ်ခဲ့ပြီ တကား။ အရှင်မင်းကြီးသည် ကေဝဋ်အမတ်တည်းဟူသော ယုတ်ညံ့သောအမျိုး မြင်းပေါင်ကျိုးကို စီးနင်း၍ အကျွန်ုပ်တည်းဟူသော ဝလာဟကမျိုး တန်ခိုးကြီးသော သိန္ဓောမြင်းပျံသခင် အရှင်ဝိဒေဟရာဇ် မင်းကြီးကို မဖမ်းမိခဲ့ပြီတကား။ အရှင်မင်းကြီးသည် အထက်နန်းတော် ကျက်သရေတိုက်၌ ကေဝဋ်အမတ်နှင့် တိုင်ပင် တော်မူသောအကြံအစည်ကို သူတစ်ပါး မကြားမသိနိုင်ရာဟု မှတ်ထင်တော်မူသလော။ အရှင်မင်းကြီးတို့၏ အကြံအစည်ကို ရှေးတိုင်ပင်ကြံဆောင်ကြဦးကပင် အကျွန်ုပ် ကြားသိ၍ရှိပြီ။ ယခု အကြံပျက်ပြီးမှ ရှက်ဆေးချေတော် မူသော်လည်း ဖြစ်နိုင်တော့မည်မဟုတ်။

"ကျွန်ုပ်သခင် အရှင်ဝိဒေဟရာဇ်မင်းကြီးသည် ယမန်နေ့ညဉ့်ဦးကပင် မိထိလာပြည်တော်သို့ ပြန်လည် ချီသွားတော်မူသည်ကို သိတော်မမူလိုက်လော။ အကျွန်ုပ်တို့ အရှင်မင်းကြီး ကြွတော်မူသည်လည်း တစ်ပါးတည်းသာ မထင်မရှား ကြွတော်မူသည်မဟုတ်။ များစွာသော မှူးတော်မတ်တော်, ဗိုလ်ပါအခြံအရံနှင့်ပင် ဂင်္ဂါမြစ်ကိုကူး၍ အထင်အရှားကြွသွားတော်မူပါသည်တကား။ ယခု အရှင်မင်းကြီးသည် အကျွန်ုပ်တို့အရှင် ဝိဒေဟရာဇ်မင်းကြီးကို အားကျမခံ လိုက်ဦးမည်ဟု အကြံတော်ရှိသလော။ လိုက်တော်မမူလေနှင့်။ စင်စစ် လိုက်တော်မူလျှင် ရွှေဟင်္သာအပေါင်း အသောင်းမကခြံရံလျက် ပျံသွားလေပြီးသော ရွှေဟင်္သာမင်းကို နောက်ကအစဉ်တစိုက် လိုက်လျက် ချောက်, မြောင်, တောင်ကြားတို့၌ကျနစ်ရစ်သော ကျီးမည်းကဲ့သို့ အကျွန်ုပ်တို့အရှင်မင်းကြီးကို မမြင်ဘဲ ခရီးအကြား၌ကျနစ်ရစ်သဖြင့် များစွာသော ဝိဒေဟရာဇ်မင်းကြီး စစ်သည်ဗိုလ်ခြေတို့လက်တွင် အရှင်မင်းကြီး ပျက်စီးခြင်းသို့ ရောက်မည်ကား မချွတ်ရာ"ဟုဆို၏။

ဤသို့ဆိုပြီးလျှင် တစ်ဖန် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရွံ့ရှာခြင်းကင်းသောစကားဖြင့် ဥဒါဟရဏ်[၂၇] ဆောင်လိုပြန်၍–

'သိင်္ဂါလာ ရတ္တိဘာဂေန၊ ဖုလ္လံ ဒိသွာန ကိံသုကံ။
မံသပေသီတိ မညန္တာ၊ ပရိဗ္ဗူဠှာ မိဂါတမာ။ ။
'ဝီတိဝတ္တာသု ရတ္တီသု၊ ဥဂ္ဂတသ္မိံ ဒိဝကရေ။
ကိံသုကံ ဖုလ္လံ ဒိသွာန၊ အာသာ ဆိန္နာ မိဂါတမ။ ။
'ဧဝမေဝ တုဝံ ရာဇာ၊ ဝေဒေဟံ ပရိဝါရယိ။
အာသာ ဆိန္နာ ဂမိဿသိ၊ သိင်္ဂါလာ ကိံသုကံ ယထာ။ ။' ဤ ဂါထာတို့ဖြင့် ဆိုပြန်၏။

မဟာရာဇ၊ မင်းမြတ်။ သိင်္ဂါလာ၊ မြေခွေးတို့သည်။ ရတ္တိဘာဂေန၊ ညဉ့်အဖို့ဖြင့်။ ဖုလ္လံ၊ ပွင့်သော။ ကိံသုကံ၊ ပေါက်ပင်ကို။ ဒိသွာန၊ မြင်လတ်၍။ မံသပေသီတိ၊ သားတစ်ဟူ၍။ မညန္တာ၊ အောက်မေ့ကုန် လျက်။ မိဂါတမာ၊ ထိုသားမြေခွေးမိုက်တို့သည်။ ပရိဗ္ဗူဠှာ၊ ဝန်းရံကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ရတ္တိသု၊ ညဉ့်တို့သည်။ ဝီတိဝတ္တာသု၊ မိုးသောက်လတ်ကုန်သော်။ ဒိဝက်ရေ၊ နေသည်။ ဥဂ္ဂတသို့၊ တက်လတ်သည်ရှိသော်။ ဖုလ္လံ၊ ပွင့်သော။ ကိံသုကံ၊ ပေါက်ပင်ကို။ ဒိသွာန၊ မြင်၍။ မိဂါတမာ၊ မြေခွေးမိုက်တို့သည်။ အာသာဆိန္နာယထာ၊ ချင်ခြင်းပြတ်ကုန်သကဲ့သို့။

ဝေမေဝ၊ ဤမြေခွေးနှင့် အတူ လည်းကောင်း။ တုံဝ ရာဇာ၊ အရှင်မင်းကြီးသည် ။ ဝေဒေဟာ၊ အကျွန်ုပ်တို့ သခင် ဝိဒေဟရာဇ်မင်းကြီးကို။ ပရိဝါရယိ၊ ဝန်းရံ၍။ သိင်္ဂါလာ၊ မြေခွေးတို့သည်။ ကိံသုကံ၊ ပေါက်ပွင့်ကို။ ဒိသွာန၊ မြင်၍။ အာသာဆိန္နာ၊ ချင်ခြင်းပြတ်ကုန်သဖြင့်။ ပမိဿန္တိ ယထာ၊ သွားလေကုန်သကဲ့သို့။ ဇဝံ၊ ဤအတူ။ တုဝံ ရာဇာပိ၊ အရှင်မင်းကြီးသည်လည်း၊ ဂမိဿတိ၊ သွားတော်မူရလတ္တံ့။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု ဥပကာရီမြို့သို့ ဝန်းရံလာသောအကြောင်းကို အရှင်မင်းကြီးနှင့် တူရာပုံဆောင်၍ အကျွန်ုပ်ဆိုအံ့။ နာတော်မူလော့။ အကြင်မြေခွေးအပေါင်းတို့သည် ညဉ့်အခါ၌ လ၏အရောင်ဖြင့် ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကိုမြင်လျှင် သားတစ် ဟူသောအမှတ်ရှိလျက် 'ငါတို့စားရကုန်အံ့'ဟူသော တပ်မက်ခြင်းအာသာဖြင့် ထိုပေါက်ပင်သို့သွား၍ ပေါက်ပင်ရင်း၌ ခြင်းခြင်းနီသောအပွင့်တို့ကို မျှော်ကြည့်ကာ မလီမွာသောအလျောက် စောင့်နေဝန်းရံကြကုန်၏။ ထို မလီမွာသော မြေခွေးအပေါင်းတို့သည် နံနက်နေအရုဏ် တက်လတ်သဖြင့် 'သားတစ် မဟုတ်။ ပေါက်ပွင့်တကား'ဟု သိမြင်လေသော် တပ်မက်ခြင်းအာသာပြေ၍ မိမိတို့လိုရာ ပြေးသွားကုန်သကဲ့သို့ ထိုပုံနှင့်အလားတူစွာ အရှင်မင်းကြီးသည်လည်း ဤမြို့၌ 'ဝိဒေဟရာဇ်မင်းကြီးကို ငါတို့ဖမ်းယူအံ့'ဟု ပြင်းစွာသောဒေါသမာန်ဖြင့် ဤဥပကာရီမြို့ကို တစ်ညဉ့်ပတ်လုံး ဝန်းရံ စောင့်နေတော်မူ၏။ ထိုသို့ ကြိုးပမ်းအားထုတ်၍ စောင့်နေဝန်းရံတော်မူပါလျက် ဝိဒေဟရာဇ်မင်းကြီး ထွက်သွားတော်မူခြင်းကြောင့် ဥပကာရီမြို့ကို လိုအပ်သော ဆန္ဒအာသာ ကင်းသဖြင့် အားလျော့ခြင်းသို့ ရောက်သည်ဖြစ်၍ စိတ်နှလုံးအလိုမပြည့်ဘဲ မြို့တော်သို့ ပြန်လည် ဝင်သွားတော်မူရလတ္တံ့"ဟု ဆိုတော်မူ၏။

မဟောသဓသေနာမိန်စကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ပြင်းစွာအမျက်ထွက်၍ 'ဤမဟောသဓ သုခမိန်ကား ငါသို့သောမင်းကိုစင်လျက် မကြောက်မရွံ့ ရဲရင့်စွာ ဤသို့သောစကားကို ပြောဆို၍၊ ထိုပြောဆိုတိုင်းပင် သော်လည်း ဝိဒေဟရာဇ်မင်း ထွက်ပြေးသည် မှန်ရာ၏။ ဤ မဟောသဓသုခမိန်သည် အထက်ကလည်း ငါတို့ကို ခါးတွင်ဝတ်သည့်ပုဆိုးကိုမျှ အစိုးမရအောင် အရှက်ခွဲဖူးလေသည်။ ယခုလည်းတစ်ဖန် ငါ၏လက်သို့ ရောက်ပြီးသောရန်သူကို ထွက်ပြေးစေပြန်၏။ ဤသူသည် အကျိုးစီးပွားမဲ့ကိုသာ ပြုသောသူဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် ခပ်သိမ်းသောရန်သူတို့၏ အပြစ်ရာဇဒဏ်ဟူသမျှကို မဟောသဓသုခမိန်မှာ စုပေါင်း၍ ထင်ရှားအောင် ငါ ဖမ်းယူ ကွပ်မျက်အံ့'ဟုကြံပြီးလျှင်၊ မိမိစစ်သားတို့ကို အာဏာထားလို၍ 'ဣမဿ ဟတ္ထေစ ပါဒေစ'အစရှိသော ၄ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အချင်းတို့။ ဤ မဟောသဓသုခမိန်သည် ငါ၏လက်သို့ရောက်ပြီးသော ငါ၏ရန်သူ ဝိဒေဟရာဇ်မင်းကြီးကို ယခု လွှတ်ဘိ၏။ ထို ငါ၏ရန်သူ ဝိဒေဟရာဇ်မင်းကြီးကို လွှတ်သောအပြစ်နှင့်တကွ ဤ မဟောသဓသုခမိန်ကို လျင်စွာဖမ်းပြီးလျှင် မဟောသဓသုခမိန်၏လက်ခြေတို့ကို လည်းကောင်း၊ နှာသီး နှုတ်ခမ်းတို့ကို လည်းကောင်း ဖြတ်ပိုင်းလှီးပယ်ကြကုန်။ သမင်, စိုင်, ဆတ်တို့၏အသားကို ချက်သကဲ့သို့ မဟောသဓသုခမိန်၏အသားကိုလည်း ချက်ကြကုန်။ တံစို့ထိုး၍မူလည်း မီးကျီးစု၌ ကင်ကြကုန်။ ခွေး, ကျွဲ, ကျားသစ်, သမင်, ခြင်္သေ့ရေတို့ကို အရာမကသော တံသင်းပန္နက်ရိုက်နက်၍ ကားကြက်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဤမဟောသဓသုခမိန်၏ခြေ ၂ ဖက်၊ လက် ၂ ဖက်၊ ဦးခေါင်းတို့ကိုလည်း ပက်လက်ထားလျက် လှံ၊ တံသင်းနှက်၍ ကားကြက်လေကုန်"ဟုဆို၏။

တိုစကားကိုကြားလျှင် မဟောသဓသုခမိန်သည် ပြင်းစွာရယ်လျက် 'ဤမင်းကား မိမိမယား၊ သမီး၊ သားအမိတို့ကို နန်းမှချဆောင်၍ မိထိလာပြည်သို့ ငါပို့သောအဖြစ်ကို မိမိမသိလေသောကြောင့် ဤသို့သော စကားကို ဆိုဘိ၏။ စင်စစ် ထိုအကြောင်းကို ဤမင်းမသိလျှင် ငါ့ကို မြားဖြင့်သော်လည်း ပစ်ရာချေ၏။ ယင်းသို့ မပြုမူလည်း မိမိပြုလိုရာ အန္တရာယ်ဖြင့်သော်လည်း ငါ့ကို နှိပ်စက်ရာချေ၏။ ထို့ကြောင့် ဤမင်းကို ပြင်းစွာသော စိုးရိမ်ပူဆွေးခြင်းဖြင့် ပူဆွေးစိုးရိမ်စေလျက် ဤဆင်ဦးကင်းထက်၌ပင်လျှင် တွေဝေမိန်းမော၍ မပြောမဆိုနိုင်ဘဲ ရှိအောင် ပြုအံ့'ဟုကြံပြီးလျှင်၊ 'သစေ မေ ဟတ္ထေစ ပါဒေစ'အစရှိသော ၁၂ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကယ်၍ အကျွန်ုပ်၏ လက်၊ ခြေ၊ ဦးခေါင်း၊ နှာသီးတို့ကို ဖြတ်ငြားအံ့။ အကျွန်ုပ် သခင် ဝိဒေဟရာဇ်မင်းကြီးသည် ထိုအကြောင်းကိုကြားသိတော်မူလျှင် အရှင်မင်းကြီး၏ မိဖုရားနန္ဒာဒေဝီ၊ သမီးတော် ပဉ္စာလစန္ဒီမင်းသမီး၊ သားတော် ပဉ္စာလစန္ဒာမင်းသားတို့၏ လက်၊ ခြေ၊ ဦးခေါင်း၊ နှာသီးတို့ကိုဖြတ်လတ္တံ့။ ကျွန်ုပ်ကား ယောကျ်ားတို့၏ဆောင်ရွက်ရန်ကိစ္စ ပြီးပြီဖြစ်သောကြောင့် အရှင်မင်းကြီးစီရင်လိုသမျှ စီရင်သော်လည်း ခံဝံ့၏။ ကျွန်ုပ်တစ်ယောက်ကို စီရင်မှားချေက အရှင်မင်းကြီး ချစ်မြတ်နိုးအပ်သော သား၊သမီး၊ မယား၊ ဤ ၃ ယောက်တို့ကို ဝိဒေဟရာဇ်မင်းကြီးစီရင်သဖြင့် ၃ ယောက်စလုံး ဆုံးရှုံးခြင်းသို့ရောက်လတ္တံ့။

"အရှင်မင်းကြီးသည် အကျွန်ုပ်၏အသားကို သမင်၊ စိုင်၊ ဆတ်သားကဲ့သို့ အကယ်၍ ချက်ငြားအံ့။ တံစို့ထိုး၍မူလည်း အကယ်၍ ကင်ငြားအံ့။ အရှင်မင်းကြီး၏မိဖုရားကြီး နန္ဒာဒေဝီ၊ သမီးတော်ပဉ္စာလစန္ဒီ၊ သားတော်ပဉ္စာလစန္ဒာတို့ကိုလည်း အကျွန်ုပ်တို့သခင် ဝိဒေဟရာဇ်မင်းကြီးသည် ချက်ကင်ခြင်းကို ပြုတော်မူလတ္တံ့။ အကျွန်ုပ်ကို အကယ်၍ လှံ၊တံသင်းတို့ဖြင့် ကားကြက်ငြားအံ့။ ကျွန်ုပ်တစ်ယောက်ကို ကားကြက်မှားချေသောကြောင့် အရှင်မင်းကြီး၏ သား၊ သမီး၊ မယားတို့ကိုလည်း တံသင်းနှက်၍ ကားကြက်လတ္တံ့။

"အရှင်မင်းကြီး။ ဝိဒေဟရာဇ်တိုင်းကြီးကို အစိုးရတော်မူသော အကျွန်ုပ်တို့သခင် အရှင်မင်းကြီးအား ဆိတ်ကွယ်ရာ ၂ ယောက်ချင်းနေလျက် 'အရှင်မင်းကြီး။ ဤ ဥပကာရီမြို့ထဲ၌ စူဠနီဗြဟ္မဒတ်မင်းအဖမ်းကို အကျွန်ုပ်ခံ၍ ထိုစူဠနီဗြဟ္မဒတ်မင်းသည် အကျွန်ုပ်၏ လက်၊ ခြေ၊ ဦးခေါင်း၊ နှာသီးတို့ကိုဖြတ်စေခြင်း၊ ချက်၊ ကင်၊ ဖုတ်ကြော်စေခြင်း၊ လှံ တံသင်းနှက်၍ ကားကြက်စေခြင်းတို့ကို မသေမရှင် ပြုစီရင်ပါလိမ့်မည်။ ထိုသို့ အကျွန်ုပ်ကို စူဠနီဗြဟ္မဒတ်မင်း ပြုစီရင်ပြီဟု ကြားတော်မူသောအခါ စူဠနီဗြဟ္မဒတ်မင်း၏ မိဖုရား နန္ဒာဒေဝီ၊ သမီးတော် ပဉ္စာလစန္ဒီ၊ သားတော် ပဉ္စာလစန္ဒာ၊ ဤမင်း ၃ ယောက်တို့ကိုလည်း လက်၊ ခြေ၊ နှာသီးတို့ကိုဖြတ်၍ မသေမရှင် ထားခြင်း၊ အသားကို အတစ်အတုံးလှီး၍ ချက်၊ ကင်၊ ဖုတ်ကြော်ခြင်း၊ လှံ၊ တံသင်းနှက်၍ ကားကြက်ခြင်းတို့ဖြင့် ကွပ်မျက်စီရင်တော်မူပါလေ'ဟု မှာထားလျှောက်ဆိုလိုက်ပြီ။

"အရှင်မင်းကြီး။ သားရေနယ်သမားတို့သည် နူးညံ့ပျောင်းပျော့စေအပ်သော သားရေနယ်ကို အထပ် ၁၀၀ ထပ်၍ မိမိတို့ ဓား၊ ဆောက် တန်ဆာဖြင့် ချုပ်ကာဝတ်လုံကို စီရင်ကုန်၏။ ထိုအထပ် ၁၀၀ ရှိသော သားရေချုပ်ကာကို ဝတ်ကုန်သောသူရဲသားတို့အား အရာမကသော မြားလက်နက်တို့သည် ကျရောက်လာတုံ သော်လည်း ထိုဝတ်လုံချုပ်ကာသာလျှင် ကာဆီးသည်ဖြစ်၍ သူရဲတို့၏ကိုယ်သို့ မြားသွား မရောက်နိုင်သကဲ့သို့ ထို့အတူ အကျွန် သည်လည်း အရှင်ဖြစ်သော ဝိဒေဟရာဇ်မင်းကြီး၏ဆင်းရဲကို ပယ်လျက် ချမ်းသာကိုဆောင်အပ်



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း အထပ် ၁၀၀ စီရင်အပ်သော ဝတ်လုံချုပ်ကာကဲ့သို့ ခပ်သိမ်းသော ဘေးရန်ဆင်းရဲကို ကျွန်ုပ် ဆီးကာခံဝန် ဆောင်ရွက်သဖြင့် တစ်စုံတစ်ခုသောဆင်းရဲကို တွေ့ကြုံမိရမည်ထား၍ နားမျှမကြားရဘဲ ချမ်းသာစွာ အလိုတော်ပြည့်ခြင်းသို့ ရောက်လေပြီ”ဟုဆို၏။

ဘုရားလောင်းစကားကိုကြားလျှင် စူဠနိဗြဟ္မဒတ်မင်းသည် ‘ဤသူကြွယ်သားကား ငါ ဖမ်းယူစီရင်အံ့သော အခြင်းအရာကိုပြ၍ ကြိမ်းမောင်းလျှင် မိမိသေအံ့သောဘေးမှ ကြောက်လန့်သည်ဖြစ်၍ ကြီးစွာသော ရွှေနန်းကျက်သရေတိုက်၌ များစွာသောအစောင့်အရှောက်တို့နှင့် ထားခဲ့အပ်သော ငါ၏မိဖုရား, သား, သမီးတို့ကိုလည်း ဝိဒေဟရာဇ်မင်းကြီး စီရင်လတ္တံ့ဟု ငါ၏နှုတ်ယောင်ကိုလိုက်၍သာလျှင် ဆိုမှားဆိုချွတ် မြည်တမ်းခြင်းကိုပြု၏။ ငါ၏မိဖုရား,သား,သမီးတို့အား များစွာသောအစောင့်အရှောက်နှင့် သူတစ်ပါးနှောင့်ယှက်၍ မဖြစ်နိုင်ရာသောအကြောင်းကိုကား သူကြွယ်သား မသိလေ’ဟု ကြံလျက် ဘုရားလောင်း၏စကားကို မယုံမကြည်နေလေ၏။

မဟောသဓသေုခမိန်သည် စူဠနိဗြဟ္မဒတ်မင်းကား ‘ငါဆိုသောစကားကို သေအံ့သည်မှကြောက်၍သာ မြည်တမ်းသည်ဟု မယုံမကြည် ထင်မှတ်ဘိ၏။ ထိုမင်းအား မိမိနန်း၌ သား, မယား မရှိသောအဖြစ်ကို သိစေဦးအံ့’ဟု ကြံပြီးလျှင် ‘ဣာယံ ပဿ မဟာရာဇ’အစရှိသောဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ အကျွန်ုပ်စကားကို ယုံတော်မမူလျှင် ယခုပင်သွား၍ မင်းကြီးနန်းတော်မှာ ကြည့်စေလော့။ တစပြင်ကဲ့သို့ခြောက်ကပ်စွာသော နန်းတော်ရင်ပြင်ကို မြင်ရလတ္တံ့။ အကျွန်ုပ်သည် ယမန်နေ့ညဉ့်ကပင် သူရဲကောင်းတို့ကိုစေလွှတ်လိုက်၍ အရှင်မင်းကြီး၏အမိ စလာကဒေဝီ, မယား နန္ဒာဒေဝီ, သမီး ပဉ္စာလစန္ဒီ, သား ပဉ္စာစန္ဒာ၊ ဤမင်း ၄ ယောက်တို့ကို နန်းတော်အထက်ဆင့် ကျက်သရေတိုက်မှချလျက် ဥမင်ခွဲ့ခရီးဖြင့် ဆောင်ယူစေပြီးလျှင် ဥမင်ကြီးတံခါးဖြင့်ထုတ်ယူ၍ အကျွန်ုပ်သခင် ဝိဒေဟရာဇ်မင်းကြီးအား ပေးအပ်လိုက်ပြီးပြီ။ အကျွန်ုပ်စကားကို မယုံလျှင် ကြည့်တော်မူစေဦးတော့”ဟုဆို၏။

မဟောသဓသေုခမိန်စကားကိုကြားလျှင် စူဠနိဗြဟ္မဒတ်မင်းသည် ‘ဤသူကြွယ်သားကားသည် အလွန် ပညာလည်း ရှိ၏။ ယခုလည်း ယုံကြည်လောက်အောင်ပင် ဆိုမိသောစကား မချွတ်မြဲမြံစွာပင် ဆို၏။ ညဉ့်ကလည်း ဂင်္ဂါမြစ်နားတွင် နန္ဒာဒေဝီ၏အသံကဲ့သို့ ငါကြားမိ၏။ ဤ မဟောသဓသေုခမိန်သည် ဥပါယ်တံမျဉ် အကြံအစည်၌လည်း လိမ္မာလှသောသူ ဖြစ်သောကြောင့် မိမိဆိုတိုင်းပင် မှန်မည်ကိုလည်း မသိနိုင်’ဟုကြံလျက် ပြင်းစွာစိုးရိမ်ခြင်း ဖြစ်၏။ ထိုသို့စိုးရိမ်ခြင်း ပြင်းစွာဖြစ်သော်လည်း မစိုးရိမ်ယောင်ကဲ့သို့ သတိဆောင်ပြီးလျှင် ယုံမှတ်အပ်သော အမတ်တစ်ယောက်ကိုခေါ်၍ နန်းတော်သို့စေလွှတ်အံ့သောငှာ ‘ဣာယံ အန္တေ ပုရံမယုံ’ အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

“အချင်း။ ယခုပင် ငါ၏နန်းတော်သို့ သွား၍ကြည့်ရှုချေ။ သူကြွယ်သား၏စကား မှန်, မမှန်ကို သိရကုန်အံ့”ဟု စေလွှတ်လိုက်၏။

ထိုအမတ်သည်လည်း ‘ကောင်းပြီ’ဝန်ခံလျက် စူဠနိဗြဟ္မဒတ်မင်း၏နန်းတော်သို့ သွား၍ ကြည့်ရှုစုံစမ်းသော် နန်းတော်တံခါး ပွင့်လျက်ရှိသည်ကိုလည်း မြင်လေ၏။

နန်းတွင်းသို့ရောက်လျှင် တစ်ယောက်သောလူသံကိုမျှ မကြားသောကြောင့် လှည့်လည်ကြည့်ရှုလတ်သော် ခံတွင်းကိုပိတ်ဆို့လျက် တုပ်နှောင်၍ ဆင်စွယ်ကောက် စသည်တို့၌ တွဲလွဲဆွဲထားခဲ့သဖြင့် ဆင်းရဲစွာနေရကုန်သော နန်းတော်အစောင့်အရှောက်လူ, နန်းတွင်းသူ ကိုယ်လုပ်မောင်းမ စသည်တို့ကို မြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်၌ရှိသော အိုးခွက်စသည်တို့ကို ရိုက်ခွဲ၍ ဖရိုဖရဲ ကြဲဖြန့်သွန်မှောက်ခဲ့သော စားဖွယ်သောက်ဖွယ်တို့ကိုလည်း မြင်လေ၏။ရွှေတိုက်, ငွေတိုက်တို့ကို ကြည့်လျှင်လည်း တံခါးပွင့်လျက် ရွှေငွေရတနာ အနေအထားပျက်စီးယိုယွင်းသည်ကိုလည်း မြင်လေ၏။

မင်း, မိဖုရား, သား, သမီးတို့၏နေရာ ကျက်သရေတံခါးအားလုံးလည်း ပွင့်လျက်ရှိသောကြောင့် ထိုတံခါးတို့ဖြင့်ဝင်၍ ကျက်သရေတိုက်တို့ကို ရှုကြည့်လျှင်လည်း တစ်စုံတစ်ယောက်သောသူမျှ မရှိ။ မြစ်နား၌ တံငါတို့စွန့်ပစ် သွားလေပြီးသော တံငါတဲကဲ့သို့ လည်းကောင်း၊ သူကောင်ပစ်စွန့်ရာ သုသာန်တစပြင်ကဲ့သို့ လည်းကောင်း၊ တဖြုတ်ဖြုတ်တအာ အာပုံကာနားကာနေကုန်သော ကျီးအပေါင်းတို့ကိုသာ မြင်လေ၏။

ထိုအမတ်သည် ဆင်စွယ်ကောက်၌တုတ်နှောင်၍ ဆွဲလျက်နေရကုန်သောသူတို့ကို အနှောင်အဖွဲ့မှ လွှတ်ပြီးလျှင် ဖြစ်လေသောအခြင်းအရာကို မေးမြန်းပြီးမှ တစ်ဖန်မင်းကြီးရှိရာ စစ်မြေအရပ်သို့သွား၍ ထိုအကြောင်းကို အကုန်အစင်ပြန်ကြားလို၍ 'ဓဝ မေတံ မဟာရာဇ'အစရှိသော ဂါထာဖြင့်လျှောက်ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ သူကြွယ်သား မဟောသဓဆိုတိုင်းပင် မှန်ချေသည်။ အရှင်မင်းကြီးစံတော်မူရာ နန်းတော်သည် ဆိတ်ဆိတ်ညံ့ညံ့ လူသံမကြား ဖြစ်ခဲ့၏။ တံငါတို့စွန့်သွားလေပြီးသော ဂင်္ဂါမြစ်နား၌ တံငါရွာကဲ့သို့ လည်းကောင်း၊ သုသာန်တစပြင်ကဲ့သို့ လည်းကောင်း ကျီးအပေါင်းတို့နေရာသာ ဖြစ်ခဲ့ပြီ"ဟု လျှောက်ကြား၏။

စူဠနီဗြဟ္မဒတ်မင်းသည် ထိုစကားကိုကြားလျှင် ချစ်နှစ်လိုစွာသော မယား, သား,သမီး, အမိတို့နှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော ပြင်းစွာ ပူဆွေးစိုးရိမ်ခြင်းဖြင့် တုန်လှုပ်သောကိုယ်,စိတ်ရှိလျက် 'ဤသူကြွယ်သားကိုမှီ၍ ဤသို့သော ဆင်းရဲကို ငါကြုံရ၏'ဟု လှံတံခတ်မိသော မြွေဟောက်ကဲ့သို့ ဘုရားလောင်းအား ပြင်းစွာအမျက်ထွက်ခြင်းသို့ ရောက်လေ၏။

မဟောသဓသုခမိန်သည်လည်း စူဠနီဗြဟ္မဒတ်မင်း အမျက်ထွက်ကြောင်းကိုသိ၍ 'ဤမင်းကား စစ်သည်ဗိုလ်ပါ အခြံအရံ ကြီးမားမြင့်မြတ်သောမင်း ဖြစ်ချေသည်။ အကယ်၍ အမျက်ရန်ငြိုး ဖုံးလွှမ်းသဖြင့် ငါ၏သားမယားပင် သေ၍ကုန်သော်လည်း ကုန်စေ။ ဤမဟောသဓသုခမိန်ကို မနှိပ်စက်ဘဲ အဘယ့်ကြောင့်နေရအံ့နည်းဟု မင်းမာန်ပေါက်ချေသော် ငါ့အား အခွင့်မပေးရှိတော့မည်။

'ထို့ကြောင့် ငါကြံမိသည်ကား ဤမင်းသည် ရှေးက မမြင်ဖူးသကဲ့သို့ထင်အောင် နန္ဒာဒေဝီ၏ အရောင်အဆင်း တင့်တယ်ခြင်းကို ချီးမွမ်းအံ့။ ထို ချီးမွမ်းစကားကိုကြားလျှင် ဤမင်းသည် နန္ဒာဒေဝီကိုသာ အဖန်တလဲလဲအောက်မေ့သဖြင့် 'ဤမဟောသဓသုခမိန်ကို အကယ်၍ ငါသတ်ချေအံ့။ ဤသို့သောမိန်းမရတနာ မိဖုရားကြီး နန္ဒာဒေဝီကို မရလတ္တံ့ဟု မိမိမယား၌ချစ်ခြင်းဖြင့် ငါ့ကိုလည်း မညှဉ်းဆဲလတ္တံ့'ဟု ကြံပြီးလျှင်၊ မိမိနန်းတော် လေသာပြတင်း၀၌ရပ်လျက် နီစွာသောကမ္ဗလာထည်ကိုခြုံသဖြင့် ရွှေအဆင်းနှင့်တူသော လက်ရုံးတစ်ဘက်ကိုထုတ်၍ နန္ဒာဒေဝီမိဖုရား ထွက်သွားလေသောခရီးကို လက်ညှိုးညွှန်ပြကာ ယောမနာလို၍[၂၇၆] 'ဣတော ဂတော မဟာရာဇ'အစရှိသော ၆ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ခပ်သိမ်းသောမိန်းမမြတ်တို့၏ အင်္ဂါလက္ခဏာတို့ဖြင့် တင့်တယ်စွာ အရာမထင် ရွှေစင်ပြားကဲ့သို့ နှစ်လိုဖွယ်သောကိုယ်အင်္ဂါနိမိတ်နှင့် ပြည့်စုံလျက် ကျက်စားအံ့သောငှာထွက်သွားသော ဟင်္သာငယ်၏အသံကဲ့သို့ ငယ်မူငယ်ရာ သာယာချိုအေးသောအသံကိုဆိုတတ်သော နန္ဒာဒေဝီမိဖုရားသည်

www.burmeseclassic.com



ဤဥမင်တံခါးဝမှ ဤခရီးဖြင့် မိထိလာပြည်သို့ ယခုသွားလေပြီ။ အရှင်မင်းကြီး။ အကြွံ, အဆူ, မည်း, ဖြူ, နီမှဲ, မြင့်အားဖြင့် အပြစ် ၆ ပါးကင်းလျက် ဇမ္ဗူရာဇ်ရွှေကဲ့သို့ အရေ၏ကောင်းခြင်း, နုထွတ်ညံ့ထွားသော အသား၏ကောင်းခြင်းတို့နှင့်ပြည့်စုံစွာ နန္ဒာဒေဝီ အမည်ရှိသော မိန်းမရတနာသည် ပိုးချည်သွန်ဖြင့်ရက်အပ်သော ဝတ်လဲအထည်ပေါ်၌ ဇမ္ဗူရာဇ်ရွှေစင်ပြားကို ပိုးချည်မျှင်ဖြင့်ယှက်တင်၍ စီကပ်အပ်သော ရွှေထဘီ, ရွှေတဘက်, ဘယက်တန်ဆာ, ရတနာခါးကြိုးတို့ကို ဝတ်ဆင်၍ ဥမင်တံခါးဝမှ ဤခရီးဖြင့် လျှပ်စစ်နွယ်တက်သကဲ့သို့ တလက်လက်ထွက်သွားလေပြီ။

"အရှင်မင်းကြီး။ ထိုနန္ဒာဒေဝီမင်းသမီးသည် ရှုချင်ဖွယ်နီမြန်းသော လက်ဖဝါး, ခြေဖဝါးလည်းရှိ၏။ ကျီးအာသီးမှည့်အဆင်းကဲ့သို့ ပြကတေ့အားဖြင့် နီမြန်းသော နှုတ်ခမ်းလည်းရှိ၏။ ခိုမျက်စိကဲ့သို့ မျက်လုံးနား၌ ရစ်၍မထင်မရှား နီရောင်, ညိုရောင်ပြေးသော အရေးဖြင့်လည်း အလွန်တင့်တယ်၏။ မွေး၍တစ်လရှိသော သမင်မငယ်၏ မျက်လုံးကဲ့သို့ ရှုမဆုံးတင့်တယ်သော မျက်စိလည်း ရှိ၏။ မိမိလက်ဖြင့် လုံးပတ် ၂ ထွာခန့် သာရှိသည်ဖြစ်၍ ပြေပြစ်နုနယ်ငယ်သော ခါးလည်း ရှိ၏။ ရွှေပွတ်တိုင်ကဲ့သို့ သွယ်သင်ကျော့ရှင်းသော ကိုယ်သဏ္ဍာန်လည်းရှိ၏။ တောင်,မြောင်,ချောက်ကြားတို့၌ ဝါးပင်ငယ်တို့ဖြင့် ဖုံးလွှမ်းအပ်သော မှုစ်ငယ်ကဲ့သို့ မထင်မရှားသောမွေးနုတို့ဖြင့် ရှုချင်ဖွယ်သောကိုယ်သဏ္ဍာန်လည်း ရှိ၏။ နူးညံ့ဖွံ့ထွား ပြေပြစ်စွာရှိသော ဆင်နှာမောင်းကဲ့သို့ နှစ်လိုဖွယ်သော ဦရုလက္ခဏာ[ဿ]နှင့်လည်း ပြည့်စုံ၏။

တစ်ထွာခန့်လောက်သော ရွှေစင်ပြားပေါ်၌ တစ်စပ်တည်းစီ၍ တင်ထားအပ်သော ရွှေတည်သီးအစုကဲ့သို့ အကြားမရှိ အချင်းချင်းထိလျက် ဖွံ့အိညံ့ထွားသော ရင်သားရင်အုံအစုံသော ထနဝဏ္ဏလက္ခဏာနှင့်လည်း ပြည့်စုံ၏။ တောင်လျှဉ်, တောင်ဝှမ်း, တောင်ခါးပန်းစသည်တို့၌ မွေး၍ တစ်လမြောက်ပြီးသော ကျားမငယ်ကဲ့သို့ စံပယ်တင့်တယ်သော ကိုယ်သဏ္ဍာန်လည်းရှိ၏။ မလိမ်းမဖြီးဘဲ မည်းနက်သောအရောင်ဖြင့် သန့်ရှင်းသေးသွယ်စွာ ဖြန့်၍ချသည်ရှိသော် တစ်လံကျော် ခန့်လောက် အောက်သို့သွားလျက် သားလိုးစားကဲ့သို့ အဖျားကော့ရရော့တက်သော ဆံပင်၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။

၁၅ နှစ်ရောက်သစ်သော အခါကဲ့သို့ တင့်တယ်စွာသောအရွယ်၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။

ရွှေတကျစ်နွယ်ကို ဘယ်ညာတောင်မြောက်က လာရောက်၍ လေညှင်းထိလျှင် တအိအိတယိမ်းယိမ်း တိမ်းနွဲ့သကဲ့သို့ နုထွတ်နွဲ့နှောင်းညံ့ပျောင်းစွာ ကောင်းမြတ်သောအရိုး၏ တင့်တယ်ခြင်းနှင့်လည်း ပြည့်စုံ၏။

ကောင်းမျိုး ၅ သွယ် တင့်တယ်စွာသောကိုယ်သဏ္ဍာန်တွင် မျက်မြတ်ရတနာမျိုး ၉ ဖြာတို့ဖြင့် စီခြယ်အပ်သော ရွှေတဘီ, ရွှေတဘက်, ရွှေခါးရန်းကြိုးတန်ဆာတို့ကို ဝတ်ဆင်ပြန်သောအခါ ကိုယ်အသွေးအရောင် ရတနာရောင် ၂ ပါးပေါင်း၍ ဆောင်းလရာသီ၌ တညီတည်းတောက်လောင်သော မီးရှူးရောင်ကဲ့သို့ တပြောင်ပြောင် တလက်လက် တင့်တယ်၏။

ထိုသို့ မိန်းမရတနာတို့၏ လက္ခဏာကောင်းဟူသမျှ စုပေါင်းရာ နန္ဒာဒေဝီ အမည်ရှိသော တောင်နန်းရှင် မသည် ဤဥမင်တံခါးဝမှထွက်၍ ဤခရီးဖြင့် သွားလေပြီ "ဟု မင်းကြီးစိတ်ကို ယိုဖိတ်ညွတ်နူးအောင် ထူးကြောင်း, မြတ်ကြောင်းနှင့် နန္ဒာဒေဝီကိုချီးမွမ်း၍ သွားလမ်းခရီးကို ညွှန်ကြားလျက်ပြောဆိုလေ၏။

ဤအရာ၌ မဟောသဓသုခမိန်သည် ပဋ္ဌပွန်သံသရာ အကျိုး,အပြစ် ၂ ပါးကိုသိမြင်တတ်သော သုခမိန် ဖြစ်လျက် အရှင်တစ်ပါးရှိလေပြီးသော မိန်းမကို မိမိ ချစ်ခင်နှစ်သက်သံစကားနှင့် ချီးမွမ်းရာအံ့သော



www.burmeseclassic.com

www.burmeseclassic.com



ဟူဗြာ:အံ့။ အတ္တာနံ အနုရက္ခတ္တံ့ဟူသော အကျိုးတဒတ္တသမ္ပဒါနိပါဌ်နှင့်အညီ ကိုယ်တော်၏အသက်ကို ရှင်စေခြင်းအကျိုးငှာ တပ်မက်သောစိတ် မရှိသော်လည်း ချီးမွမ်းတော်မူရသတည်း။ ဤသို့ မဟောသဓသုခမိန် ဖြစ်တော်မူသောဘဝ၌ ကာမဂုဏ်နှင့်စပ်ယှဉ်၍ ချီးမွမ်းဖူးသောစကားကိုလည်း အကြောင်းဆိုက်သဖြင့် ကျွတ်ထိုက်သောဝေနေယျ[၂၈၁]တို့၏ အလိုသို့လိုက်၍ သဗ္ဗညုတအထွတ်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည်လျှင် ဟောတော်ပြန်ရသတည်း။]

နန္ဒာဒေဝီမိဖုရားကို ချီးမွမ်း၍ဆိုသော ဘုရားလောင်း၏စကားကိုကြားလည်း စူဠနီဗြဟ္မဒတ်မင်းသည် နန္ဒာဒေဝီကို ရှေးက မမြင်ဖူးသကဲ့သို့ အထူးသဖြင့် ချစ်ခင်ခြင်းဖြစ်လေ၏။ မဟောသဓသုခမိန်သည် နန္ဒာဒေဝီအား ထိုသို့ စူဠနီဗြဟ္မဒတ်မင်း ချစ်ခင်ခြင်း ပြင်းစွာရှိသောအဖြစ်ကို သိသဖြင့် မင်းကြီးစိတ်ကို မိမိသို့ ညွတ်စေခြင်းငှာ 'နန္ဒာယ နုန မရ ဏေန'အစရှိသော ဂါထာဖြင့်ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဤသို့ အရွယ်အဆင်းအားဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ အတုမရှိသော နန္ဒာဒေဝီမိဖုရားကို စဉ်လျက် သေစေချင်တော်မူသလော။ အကျွန်ုပ်သည်လည်း ဇမ္ဗူဒိပ်ကျွန်းအပြင်၌ အတုမရှိသော သုခမိန်ဖြစ်သည်နှင့်အညီ ဝိဒေဟရာဇ်မင်းကြီး၏စီးပွားတော်ကို ဆောင်သဖြင့် ယခု အလိုတော်ပြည့်လေပြီ။ အရှင်မင်းကြီး၏စီးပွားတော်ကိုမူကား မဆောင်ရသေးဖြစ်သောကြောင့် မသေထိုက်။ စင်စစ် အကျွန်ုပ်ကို အရှင်မင်းကြီး ဖမ်းယူကွပ်မျက်တော်မူလျှင် ဝိဒေဟရာဇ်မင်းကြီးသည်လည်း နန္ဒာဒေဝီကို မချွတ်လျှင် ကွပ်မျက်လတ္တံ့။

"အကျွန်ုပ်မူကား အရှင်မင်းကြီးကွပ်မျက်၍ပင် သေရသော်လည်း အရှင့်အလိုတော် ပြည့်ပြီဖြစ်သောကြောင့် အကျိုးယုတ်လျော့ခြင်း မရှိ။ အကျွန်ုပ်ကိုသတ်သဖြင့် နန္ဒာဒေဝီမိဖုရားဆုံးခဲ့သော် အရှင်မင်းကြီး၌ အကျိုး ယုတ်လျော့ခြင်း မဖြစ်ပြီလော။ ရာဇပလ္လင် ဥကင်ထီးဖြူအောက်၌ အတူတကွ အဘိသိက်သွန်းခံ၍ စိုးစံတော်မူဖက်ဖြစ်သော ဤသို့သော မိန်းမရတနာ နန္ဒာဒေဝီမိဖုရားကြီးသည် ယမမင်းလက်သို့ ရောက်သကဲ့သို့ ကြီးစွာသောပျက်စီးခြင်းသို့ရောက်သဖြင့် အရှင်မင်းကြီးအား ဧကရာဇ်မင်းစည်းစိမ်ကို ခံစားရသည်ဟူ၍ အဘယ်အကျိုး ရှိတော့မည်နည်း"ဟုဆို၏။

[ဤသို့သောဂါထာဖြင့် ဘုရားလောင်းသည် နန္ဒာဒေဝီမိဖုရားကိုသာလျှင် ချီးမွမ်းတော်မူ၏။ စလာကဒေဝီ, ပဉ္စာလစန္ဒီ,ပဉ္စာလစန္ဒာ မင်းသားတို့သည်လည်း စူဠနီဗြဟ္မဒတ်မင်း၏ ချစ်နှစ်လိုအပ်သော အမိ, သမီး, သားကြီးပင် ဖြစ်ကြပါလျက် ထိုသူတို့နှင့် လျော်သောဂုဏ်ကိုချီးမွမ်း၍ အဘယ့်ကြောင့် ဆိုတော်မမူသနည်းဟူဗြာ:အံ့။

[သတ္တာပဟိပိယ ဘရိယာ ဝိယသေသေသု န အာလယံ ကရောန္တိ အစရှိသော ပါဌ်နှင့်အညီ ကိလေသာမကုန်သေးသောသတ္တဝါတို့၏ သဘောသည် မိမိချစ်ခင်ကြင်နာအပ်သော မယားကိုသာ ကပ်ငြိစုံမက်ခြင်း ဖြစ်သကဲ့သို့ မယားမှတစ်ပါးသော သား,သမီး,အမိ,အဘတို့ကို ကပ်ငြိစုံမက်ခြင်း မဖြစ်။

[ထို့နောက် နန္ဒာဒေဝီမိဖုရားကြီးကိုသာလျှင် ချီးမွမ်းပြောဆိုတော်မူဘိ၏။ သား,သမီး,တို့ကိုမူကား အမိဖြစ်သော နန္ဒာဒေဝီကို အောက်မေ့သဖြင့် သား,သမီးဖြစ်သော ပဉ္စာလစန္ဒီမင်းသမီး, ပဉ္စာလစန္ဒာမင်းသား တို့ကိုလည်း အောက်မေ့လတ္တံ့ဟု ရည်မှတ်သဖြင့် သား,သမီးတို့ဂုဏ်ကို ထုတ်ဖော်၍ မဆိုသတည်း။ စလာက ဒေဝီကိုမူကား အရွယ်လွန်ပြီဖြစ်သောကြောင့် မချီးမွမ်းသတည်း။]

ဤသို့ဘုရားလောင်းသည် ဉာဏ်တော်ဖြင့်စီမံ၍ အသံချိုအေးစွာဖြင့် နန္ဒာဒေဝီဂုဏ်ကို ချီးမွမ်းပြောဆို လေသော် စူဠနီဗြဟ္မဒတ်မင်းသည် မိမိရှေ့၌ ရပ်လာဘိသကဲ့သို့ နန္ဒာဒေဝီမိဖုရား၏အသွင်အပြင်ကိုသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင် တရေးရေးထင်သဖြင့် 'ငါ၏မိဖုရားကြီး နန္ဒာဒေဝီကို ငါ့အား မဟောသဓသုခမိန်မှတစ်ပါး ဆောင်ယူ၍ ပေးနိုင်သောသူမည်သည် မရှိရာချေ'ဟုကြံလျက် ဆင်ကျောက်ကုန်းပေါ်၌ မှိုင်ယောင်ကာနေလေ၏။

ဘုရားလောင်းသည် 'စူဠနီဗြဟ္မဒတ်မင်းကား ယခု မယားကိုမှီ၍ ပြင်းစွာစိုးရိမ်ခြင်းရှိသဖြင့် ငါ့အား စဉ်းငယ် အမျက်ပြေပြီ'ဟု သိပြီးလျှင်၊ 'မင်းကြီးအား သက်သာရာကို ငါပေးအပ်သည်'ဟုကြံ၍၊ "အရှင်မင်းကြီး။ မယ်တော်, သားတော်နှင့်တကွ နန္ဒာဒေဝီမိဖုရားကြီးကို အရှင်မင်းကြီးထံသို့ ရောက်စေခြင်း၌ အကျွန်ုပ်မှတစ်ပါး စွမ်းနိုင်သောသူမည်သည် မရှိ။ မိထိလာပြည်သို့ အကျွန်ုပ် သွားရပါလျှင် ထိုမင်း ၃ပါးတို့ကို ဤပြည်သို့ရောက်စိမ့်မည်။ စိုးရိမ်တော်မမူပါနှင့်"ဟု နှစ်သိမ့်စေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် ဤသို့ကြံ၏။

'ငါသည် ၁၈ ခေါဘဏီလောက်သောစစ်သည် ဗိုလ်ခြေများစွာနှင့် ဥပကာရီမြို့ကို အထပ်ထပ် ဝန်းရံစေ၍ တိုက်ဖျက်နင်းနယ်အံ့သောတာ လုံ့လကြီးစွာပြုလျက်လည်း ဤမဟောသဓသုခမိန်သည် မိမိစစ်သည်အနည်းငယ်မျှနှင့် ဤမြို့ကိုလည်း လုံခြုံအောင် စီးနင်းစောင့်ရှောက်နိုင်၏။

'ကိုယ်ရံ, သင်းပင်း ဝင်းအစောင့်အရှောက်နှင့် လုံခြုံစွာ နန်းတော်ကျက်သရေတိုက်၌ထားခဲ့သော ငါ၏မိဖုရား, သား, သမီး, မယ်တော်တို့ကိုလည်း နတ်, နဂါး, ဂဠုန်တို့တန်ခိုးဖြင့် ဆောင်ယူလေသကဲ့သို့ အသူတစ်ယောက်မျှ မသိစေရဘဲ ယူဆောင်၍ ဝိဒေဟရာဇ်မင်းကြီးအား ပေးနိုင်လေ၏။ ထို ငါ၏ သားမယားတို့ကို ယူဆောင်၍ များစွာသောအခြံအရံဗိုလ်ခြေနှင့် ဝိဒေဟရာဇ်မင်းကြီး ထွက်သွားသည်ကိုလည်း များစွာသော စစ်သည်ဗိုလ်ခြေနှင့် ထက်ဝန်းကျင် ဝန်းရံစောင့်နေကုန်သော ငါတို့ကိုလည်း တစ်စုံတစ်ယောက်မျှ မသိရအောင် စီရင်နိုင်လေ၏။ ထိုသို့ ခက်ခဲစွာသောအရာများကို စီရင်နိုင်ခြင်းသည် မဟောသဓသုခမိန်၌ ပြကတေ့သော ပညာစွမ်းပင် ဟုတ်မည်မထင်။ နတ်တို့၏မာယာကိုပင်လည်း တတ်သည်ဖြစ်ရာ၏။ ယင်းသို့မဟုတ်မူ သူတစ်ပါးတို့မျက်စိကို မှောက်မှားစေတတ်သော မျက်လှည့်, မျက်ကာ, ဂါထာ[၂၅],ဝိဇ္ဇာမိုရ် [၂၆]လိုရာရေးပြီး ဆေး, မန္တရားအတတ်ကိုသော်လည်း တတ်သည်ဖြစ်ရာ၏'ဟု ကြံပြီးလျှင် ထိုအကြောင်းကိုသိလိုသောကြောင့် 'ဒိဗ္ဗ အဓိယသေ မာယံ'အစရှိသော ဂါထာဖြင့်မေး၏။ အဓိပ္ပာယ်ကား-

"မဟောသဓသုခမိန်။ သင်သည် ငါ၏လက်တွင်းသို့ရောက်ပြီးသော ငါ၏ရန်သူ ဝိဒေဟရာဇ်မင်းကြီးကို လွှတ်စေ၏။ ထိုသို့လွှတ်စေရာ၌ သင်သည် နတ်တို့မာယာကိုတည်း တတ်သလော။ ယင်းသို့မဟုတ်မူ သူတစ်ပါးတို့မျက်စိကို မှောက်မှားစေတတ်သော ဂါထာ, ဝိဇ္ဇာမိုရ်, လိုရာပြီးရေး ဆေး, မန္တရားစသော စက္ခုမောဟန အတတ်စသည်ကိုတည်း တတ်သလော"ဟု မေး၏။

မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်းစကားကိုကြားလျှင် ထိုအကြောင်းကိုကြားလို၍ 'အဓိယန္တိ မဟာရာဇ'အစရှိသော ၂ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကြံအစည်နှင့်ပြည့်စုံကုန်သော ပညာရှိတို့သဘောသည် ထို ဒိဗ္ဗမာယာ အတတ်, စက္ခုမောဟန အတတ်တို့ကို ကြံကာမျှသော် လည်းကောင်း၊ ကြားကာ, မြင်ကာမျှသော် လည်းကောင်း၊ သင်ကြားလေ့ကျက်သဖြင့် သော်လည်းကောင်း တတ်မြောက်ခြင်းသို့ ရောက်၏။ ထိုပညာရှိတို့သည် ကြောက်မက်ဖွယ်သော ဘေးအရေးအခွင့်ရှိလတ်သော် မိမိပညာအစွမ်းဖြင့် ကိုယ်ကို လည်းကောင်း၊ အပေါင်းအဖော်ကို လည်းကောင်း တစ်ဘက်ရန်သူတို့ အကြံမရမီပင် ရှောင်တခင်လွတ်မြောက်အောင် ဆောင်ရွက်နိုင်ကုန်မြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုရောက်သော အရေးအားရန်မှာမူကား ထိုသို့သောအတတ်ပညာဖြင့် အကျွန်ုပ်မပြု။ အမှုနှင့်လျော်သည်ကို မြော်ဆထောက်ထား၍ မင်း ၂ ပါးတို့၏မေတ္တာတော် ၂ သွယ် ၂ ကုံးကို တစ်လုံးတည်းမြဲမြဲစွာ ဆက်စပ်နှောင်ချည်လိုသောကြောင့် ကိုယ်ကိုင်အပင်ပန်းခံ၍ ကြံစီရင်လျက် ဥမင်မြို့နန်း တည်လုပ်ပြီးမှ အကျွန်ုပ်အခြံအရံ ရွှေဖော် သူရဲကောင်းလုလင်ပျိုတို့ကို ထိုဥမင်ကွေ့ခရီးဖြင့် စေခန့်၍ တောင်နန်းရှင် မိဖုရား, သားတော်, မယ်တော်, သမီးတော် မင်း ၄ ပါးတို့ကို ဆောင်ယူခဲ့စေပြီးလျှင် ဥမင်ကြီးတံခါးဝဖြင့် ထုတ်၍ အကျွန်ုပ်တို့အရှင် ဝိဒေဟရာဇ်မင်းကြီးအား သမီးတော်နှင့် မင်း ၃ ပါးကို ဆောင်သွားပါစေသည်"ဟုဆို၏။

ဘုရားလောင်းစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ညွတ်နူးသောနှလုံး ရှိသည်ဖြစ်၍ 'ဤမဟောသဓ သုခမိန်သည် ဥမင်ခရီးဖြင့် ဆောင်စေသည်ဟူသော ထိုဥမင် အဘယ်သို့ဖြစ်လေသည်မသိ'ဟု ထိုဥမင်ကိုမြင်ချင်, ကြည့်ချင်, ရှုမျှော်ချင်သော ဆန္ဒအာသာကြောင့် မျက်နှာနေ့ထူးကြောင်းကို ဘုရားလောင်း သိလေသော် 'ဤစူဠနီဗြဟ္မဒတ်မင်းကား ငါစီရင်အပ်သော ဥမင်ကို ကြည့်ချင်သောဆန္ဒ ရှိ၏။ ယခုပင် ငါပြအံ့'ဟုကြံပြီးလျှင် 'ဣယံ ပသ မဟာရာဇ'အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကျွန်ုပ်စီရင်အပ်သော ဥမင်သည် တံခါးမ ၈၀, တံခါးငယ် ရောင်လင်းပြတင်းပေါက် ၆၄ ဆူတို့နှင့်လည်း ပြည့်စုံ၏။ အရာမကသော တိုက်ခန်းတို့ဖြင့်လည်း တင့်တယ်၏အရာမကသော ဆီမီးရောင်တို့ဖြင့်လည်း တစ်ပြိုင်နက်လင်း၏။ ဆင်, မြင်း, ရထား, ခြေသည် ဗိုလ်ပါတို့နှင့် စစ်ချီဟန် ရုပ်စီး ရုပ်ဆင့် အနေအထားသင့်အောင် ပန်းချီဆေးရေးမှုတို့ဖြင့်လည်း သုဓမ္မာနတ်၏သဘင်ကဲ့သို့ ရှုချင်ဖွယ် ဆန်းကြယ်၏။ ထို အဆန်းအကြယ် တင့်တယ်စွာသောဥမင်ကို အရှင်မင်းကြီး ရှုကြည့်တော်မူလိုလျှင် အကျွန်ုပ် ဤမြို့တံခါးကို ဖွင့်လှစ်ပါမည်။ လက်နက်ကိုချ၍သာ ဗိုလ်ပါအခြံအရံနှင့်တကွ ဝင်တော်မူခဲ့ပါတော့"ဟု ဆို၏။

ဘုရားလောင်းစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် 'မဟောသဓသုခမိန်နှင့် အဆွေခင်ပွန်းပြုမှ ငါ၏မိဖုရားကို ရချေအံ့'ဟူသောစိတ်စွဲဖြင့် "သုခမိန်။ ကောင်းပြီ။ ဥမင်ကိုရှုကြည့်အံ့။ မြို့တံခါးကို ဖွင့်လော့"ဟု ဆိုလျှင်၊ မဟောသဓသုခမိန်သည်လည်း မြို့တံခါးကို ဖွင့်စေ၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း ဆင်ထက်မှ ဆင်းသက်၍ လက်နက်များကိုချထားခဲ့ပြီးသော် ဝမ်းမြောက်ဝမ်းသာ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းတို့နှင့် တကွ ဥပကာရီမြို့သို့ ဝင်လေ၏။

မဟောသဓသုခမိန်သည်လည်း နန်းပြာသာဒ်ထက်မှ ဆင်းသက်၍ ခရီးဦးကြိုဆိုလျက် ထိုထီးဆောင်းမင်း အပေါင်းနှင့်တကွ စူဠနီဗြဟ္မဒတ်မင်းကိုပင့်ဆောင်၍ မိမိသာလျှင် ခရီးညွှန်ပြလျက် ဥမင်တံခါးသို့ ဝင်လေ၏။ စူဠနီဗြဟ္မဒတ်မင်းသည် သုဓမ္မာနတ်သဘင်ကဲ့သို့ တန်ဆာဆင်အပ်သော ဥမင်ကိုမြင်လေသော် ဘုရားလောင်း၏ ဂုဏ်ကိုချီးမွမ်းလို၍ 'လာဘာဝတ ဝိဒေဟာနံ'အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မဟောသဓသုခမိန်။ အကြင် တိုင်း,နိုင်ငံ, မြို့, ရွာ, နိဂုံး,ဇနပုဒ်တို့၌ သင်သို့သော ပညာရှိသုခမိန်သည် ရှိ၏။ ထို သင်သို့သောသုခမိန် ရှိရာအရပ်၌နေရကုန်သော တိုင်းနိုင်ငံသားတို့သည် ပတိရူပ အရပ်[၂၄]ကို ရတော်လေစွ။ ဝိဒေဟရာဇ်တိုင်းသားတိုင်းသူ လူအပေါင်းတို့သည်လည်း သင်သို့သောသုခမိန်နှင့် အတူတကွနေရခြင်းကို ရတော်လေစွ "ဟု ချီးမွမ်း၏။

မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်း၏နောက်၌ အစဉ်သဖြင့်လိုက်လျက် 'ဤတိုက်ခန်းကား ဤမည်သောမင်း၏နေရာ'ဟု ၁၀၁ ပါးသောမင်းတို့၏တိုက်ခန်းတို့ကို ဖွင့်လှစ်၍ပြ၏။ တံခါးပေါင်တစ်ခု၌



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်စက်ပိတ်စက်တို့ကို တစ်ကြိမ်စီနင်းသဖြင့် အလုံးစုံသော တံခါးအပေါင်းတို့သည် ပိတ်ကုန် ပွင့်ကုန်၏။ ဤသို့ အထူးထူးအဆန်းဆန်း ချီးမွမ်း၍မကုန်နိုင်သော အံ့သြဖွယ်တို့ကို စူဠနီဗြဟ္မဒတ်မင်း၏နောက်က လိုက်ပြလျက် အစဉ်အတိုင်း ရှုကြည့်ကာသွားကြလေသော် စူဠနီဗြဟ္မဒတ်မင်းသည် ရှေးဦးစွာ ဥမင်တံခါးဖြင့် ထွက်လေ၏။

မဟောသဓသုခမိန်သည်လည်း စူဠနီဗြဟ္မဒတ်မင်း ထွက်ပြီးမှ မိမိထွက်၍ ထီးဆောင်းမင်းများနှင့်တကွ မှူးမတ်ဗိုလ်ခြေတို့ကို မထွက်စိမ့်သောငှာ ဥမင်တံခါးပေါင်၌ ပိတ်စေတတ်သောစက်ကို နင်းလေ၏။ ထို တစ်ချက်တည်းနင်းကာမျှဖြင့် ၈၀ ကုန်သော တံခါးမ, ၆၄ ဆူကုန်သော လေသာရောင်လင်း ပြတင်းတံခါးငယ်, ၁၀၁ ခုသော တိုက်တံခါး, အရာမကကုန်သော ဆီမီးတိုက်တံခါး၊ ဤ အလုံးစုံသော တံခါးမ, တံခါးငယ်တို့သည် တစ်ပြိုင်နက်တည်း ပိတ်ကုန်၏။ ထိုအခါ ဥမင်အလုံးသည် လောကန္တရိက်[၂၅၀]ငရဲကဲ့သို့ မိုက်မှောင်အတိ ဖြစ်လေ၏။ စူဠနီဗြဟ္မဒတ်မင်းမှတစ်ပါး ဥမင်ထဲ၌ရှိကုန်သော ထီးဆောင်မင်း, မှူးမတ်ဗိုလ်ခြေအပေါင်းတို့သည် "ယခု ငါတို့ကား လက်နက်နှင့်မသေရဘဲ တိုက်လှောင်၍သေရတော့မည် ထင်၏တကား"ဟု ပြင်းစွာ ထိတ်လန့်ခြင်း ဖြစ်ကြကုန်၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ယမန်နေ့ ညဦးကပင် ဥမင်တံခါးဝ သဲအပြင်၌ မြှုပ်ထားခဲ့သော လက်စွဲတော်သန်လျက်ကို ထုတ်ယူစွဲကိုင်၍ အမြင့် ၁၈ တောင်ခန့်လောက် ကောင်းကင်သို့ခုန်တက်ပြီးမှ ဆင်းသက်လျက် စူဠနီဗြဟ္မဒတ်မင်း၏လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီးလျှင် သန်လျက်သွားဖြင့် မင်းကြီးထိပ်ပေါ်၌ ပြမိုးခြိမ်းခြောက်၍ "မင်းကြီး၊ ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ အရာမကသော နိုင်ငံ, မြို့, ပြည် ဟူသမျှသည် အဘယ်သူ၏ နိုင်ငံ မြို့ ပြည်နည်း"ဟု မေး၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း ပြင်းစွာကြောက်လန့်ခြင်း ရှိသည်ဖြစ်၍ "အရှင့်သား သုခမိန်၊ ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြို့ပြည်ဟူသမျှသည် အရှင့်သားသုခမိန်၏ မြို့ပြည်သာပေတည်း။ အကျွန်ုပ်ကိုလည်း အသက်ချမ်းသာရေး ဘေးမဲ့ပေးတော်မူပါ[၂၆]"ဟုဆို၏။

ဘုရားလောင်းသည်လည်း "အရှင်မင်းကြီး၊ မကြောက်နှင့်။ အရှင်မင်းကြီးကို ပယ်ရှင်းလိုသောကြောင့် သန်လျက်ကို အကျွန်ုပ် ပြမိုးသည်မဟုတ်။ အရှင်မင်းကြီးတို့အား အကျွန်ုပ်ပညာစွမ်းကို သိစိမ့်သောငှာသာလျှင် ပြမိုးခြင်းဖြစ်သည်။ စိုးရိမ်တော်မမူလင့်။ အကျွန်ုပ်သန်လျက်ကိုပင် အရှင်မင်းကြီး စွဲကိုင်တော်မူပါတော့"ဟုဆို၍ စူဠနီဗြဟ္မဒတ်မင်းအား သန်လျက်ကို ပေးအပ်ပြီးသော် "အရှင်မင်းကြီး၊ ဤသန်လျက်ဖြင့် အလိုရှိတိုင်း အကျွန်ုပ်ကို ကွပ်မျက်စီရင်တော်မူလော့"ဟုဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်၊ သင့်ကို အဘယ့်ကြောင့် အကျွန်ုပ် စီရင်ပါအံ့နည်း"ဟုဆိုလျှင်၊ မဟောသဓသုခမိန်သည် "အရှင်မင်းကြီး၊ ယင်းသို့ စီရင်တော်မမူလျှင် ယနေ့မှစ၍ အသက်ရှိသည့် ကာလပတ်လုံး အကျွန်ုပ်အား ဘေးမဲ့ပေးတော်မူပါ"ဟုဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း "သုခမိန်၊ မစိုးရိမ်နှင့်။ အကျွန်ုပ်သည် ယနေ့မှစ၍ အသက်ရှိသည့်ကာလပတ်လုံး သင့်အား ဘေးမဲ့ပေးပါ၏"ဟုဆို၏။

ဤသို့ စူဠနီဗြဟ္မဒတ်မင်းနှင့် မဟောသဓသုခမိန်တို့သည် အညီအညွတ် သစ္စာဆို၍ ဘေးမရှိသည်ကို ပြုကြကုန်၏။ ယင်းသို့ သစ္စာဆိုကြပြီးသော် စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်၊ ဤသို့ ပညာအစွမ်းရှိလျက် ဤဇမ္ဗူဒိပ်ကျွန်းအလုံးကိုသိမ်း၍ အဘယ့်ကြောင့် မင်း မပြုသနည်း"ဟုဆို၏။ မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းသည် "အရှင်မင်းကြီး၊ အကျွန်ုပ်သည် အကယ်၍ မင်းအဖြစ်ကို အလိုရှိသည်ဖြစ်အံ့။



www.burmeseclassic.com

တစ်နေ့ချင်းဖြင့်ပင်လျှင် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၁ ယောက်သော ထီးဆောင်းမင်းအပေါင်းတို့ကို ဖမ်းယူသုတ်သင်၍ ကေရာဇ်မင်းပြုခြင်းငှာ စွမ်းနိုင်၏။ ယင်းသို့စွမ်းနိုင်သော်လည်း မိမိကောင်းစားလိုသောကြောင့် သူတစ်ပါးကို သတ်ပုတ်ညှဉ်းဆဲ၍ စည်းစိမ်ဥစ္စာကို သိမ်းယူခြင်းမည်သည်ကို ဘုရား[၂၅၇], ပစ္စေကဗုဒ္ဓါ[၂၅၈], ရဟန္တာ[၂၅၉] စသော သူတော်ကောင်းတို့ ချီးမွမ်းတော်မမူကုန်။ အကျွန်ုပ်သည်လည်း သူတော်ကောင်းတို့ချီးမွမ်းအပ်သော အလေ့အကျင့်ကိုသာ အလိုရှိသူဖြစ်၍ သူတော်ကောင်းတို့ စက်ဆုပ်ရွံရှာအပ်သောအမှုကို မပြုလိုပါ"ဟုဆို၏။

စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်။ ဤဥမင်ထဲ၌ ရှိကုန်သော လူအပေါင်းတို့သည် ထွက်ရာတံခါးကို မရနိုင်ကုန်သည်ဖြစ်၍ သည်းစွာငိုကြွေးလျက် ဆင်းရဲပင်ပန်းခြင်း ဖြစ်ကြကုန်ပြီ။ တံခါးကိုဖွင့်၍ ထိုလူအပေါင်းတို့အား ဇီဝိတဒါန[၂၆၀]ဖြစ်သော အသက်အလှူကို လှူပါ"ဟုဆိုလျှင်၊ မဟောသဓသုခမိန်သည် တံခါးအပေါင်းကိုဖွင့်စေတတ်သောစက်ကို နင်းလိုက်၏။ ထိုအခါ အလုံးစုံသော တံခါးကြီး, တံခါးငယ်တို့သည် တစ်ပြိုင်နက်တည်း ပွင့်သဖြင့် ဥမင်အလုံး တစ်စပ်တည်းလင်း၍ မင်း, မှူးမတ်, ဗိုလ်ခြေအပေါင်းတို့သည်လည်း ချမ်းသာရကြလေကုန်၏။

ထီးဆောင်းမင်းအပေါင်းတို့သည်လည်း မိမိတို့အခြံအရံနှင့်တကွ ဥမင်မှထွက်၍ မဟောသဓသုခမိန်ရှိရာသို့ သွားကြလေကုန်၏။ မဟောသဓသုခမိန်သည်လည်း စူဠနီဗြဟ္မဒတ်မင်းနှင့် အတူတကွ စကားပြောဆိုလျက် ဥမင်,တံခါး,စမုခ်ဦး လက်ထပ်နန်းပေါ်၌ နေလေ၏။ ထိုအခါ ထီးဆောင်းမင်းအပေါင်း တို့သည် "သုခမိန်။ သင့်ကိုမှီ၍သာ အကျွန်ုပ်တို့ အသက်ရှင်ပေသည်။ ထို့နောက် ခဏကြာရုံမျှ တံခါးကိုမဖွင့်ဘဲ အကယ်၍နေချေလျှင် ဥမင်ထဲ၌ရှိကုန်သော အကျွန်ုပ်တို့မှစ၍ လူအပေါင်းတို့သည် အသက် မရှင်နိုင်ကြရာပြီ"ဟု ဆိုကြကုန်၏။

မဟောသဓသုခမိန်သည် ထီးဆောင်းမင်းအပေါင်းတို့၏စကားကို ကြားလျှင် "မင်းများအပေါင်းတို့။ ယခုမှသာ အကျွန်ုပ်ကိုမှီ၍ မင်းကြီးတို့ အသက်ရှင်သည်မဟုတ်။ အထက်ကတစ်ကြိမ်လည်း အကျွန်ုပ်ကိုမှီ၍ အသက်ရှင်ဖူးကြလေပြီ"ဟုဆိုလျှင်၊ ထီးဆောင်းမင်းအပေါင်းတို့သည်လည်း "သုခမိန်။ အဘယ် ကာလကနည်း"ဟု မေးကြကုန်၏။ မဟောသဓသုခမိန်သည်လည်း "မင်းကြီးတို့။ အထက်က ရှင်ဖူးကြောင်းကို သိတော်မူကြသလော"ဟု ဆိုပြီးလျှင်၊ "အရှင်မင်းကြီးတို့။ အထက်က ပဉ္စာလရာဇ်မင်းကြီးသည် ကျွန်ုပ်တို့ မိထိလာပြည်မှတစ်ပါး ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တိုင်းကြီးပြည်ကြီးတို့ကိုသိမ်းယူလျက် မင်းအပေါင်းတို့ကို ဤပဉ္စာလရာဇ်ပြည်သို့ခေါ်ခဲ့၍ တန်ဆာဆင်အပ်သောဥယျာဉ်၌ အောင်သေသောက်အံ့ဟု များစွာသော သေအိုး, အရက်အိုးတို့ဖြင့် စီရင်ခင်းကျင်းဖူးသည်ကို မှတ်မိတော်မူကြ၏ မဟုတ်လော"ဟုမေး၏။

မင်းအပေါင်းတို့သည်လည်း "သုခမိန်။ မှတ်မိပါ၏"ဟုဆိုကြလေသော်၊ မဟောသဓသုခမိန်သည် "အရှင်မင်းကြီးတို့။ ထိုသို့ သေ,အရက်တို့ကိုစီရင်ခြင်း၌ ကောင်းသောစီရင်ခြင်း မဟုတ်။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် ကေဝဋ်အမတ်နှင့် မကောင်းသဖြင့်တိုင်ပင်၍ အဆိပ်နှင့်ရောသော သေအရက်, ငါး,အမဲတို့ကို အရှင်မင်းကြီးတို့အား စားသောက်စေသဖြင့် သေစိမ့်မည်ဟုကြံ၍ စီရင်ခြင်းဖြစ်သည်။ ထိုသို့ စူဠနီဗြဟ္မဒတ်မင်းကြီး စီရင်ကြောင်းကို အကျွန်ုပ်ကြားသိသောကြောင့် 'ငါသို့သောသုခမိန်သည် ဤလူ့ပြည်၌ ထင်ရှားရှိလျက် ဤမင်းများတို့သည် ကိုးကွယ်ရာမဲ့ အဘယ့်ကြောင့် သေရအံ့နည်း"ဟုကြံ၍၊ အကျွန်ုပ် သူ့ရဲကောင်းတို့ကို စေလွှတ်လိုက်သဖြင့် သေအိုး, အရက်အိုးတို့ကိုရိုက်ခွဲလျက် စူဠနီဗြဟ္မဒတ်မင်းကြီးတို့၏ အကြံအစည်ကိုလည်း ဖျက်စီး၍ အရှင်မင်းကြီးတို့အား အသက်အလှူကို ပေးဖူးသည်မဟုတ်လော"ဟုဆို၏။

မဟောသဓသုခမိန်စကားကိုကြားလျှင် ထီးဆောင်းမင်းအပေါင်းတို့သည် ထိတ်လန့်သောနှလုံး ရှိကုန်သည်ဖြစ်၍ စူဠနီဗြဟ္မဒတ်မင်းအား "အရှင်မင်းကြီး။ ယခု မဟောသဓသုခမိန်ဆိုတိုင်း အရှင်မင်းကြီးတို့ ကြံဆောင်တော်မူသည် မှန်၏လော"ဟု မေးလျှောက်ကြကုန်၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း "မင်းများတို့။ ယခု မဟောသဓသုခမိန် ဆိုသည့်အတိုင်းပင် မှန်ပေ၏။ ကေဝဋ်အမတ်စကားကို နားယူမှား၍ သင်တို့ကို ထိုသို့သောအစီအရင်ဖြင့် သေစိမ့်မည်ဟူ၍ပင် ကြံမိပေသည်"ဟုဆိုလတ်သော်၊ ထီးဆောင်းမင်းအပေါင်းတို့သည် ဘုရားလောင်း၏လည်ကို ဖက်ယမ်းလျက် "သုခမိန်။ သင်သည် အကျွန်ုပ်တို့ ကိုးကွယ်ရာ ဖြစ်ပေ၏။ သုခမိန်ကိုမှီ၍သာလျှင် အကျွန်ုပ်တို့ အသက်ရှင်ပေသည်"ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြလျက် မိမိတို့ကိုယ်၌ဆင်သော အဝတ်တန်ဆာတို့ဖြင့် ဘုရားလောင်းအား အသီးအသီး ပူဇော်ကြကုန်၏။

ထိုအခါ ဘုရားလောင်း မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်းအား "အရှင်မင်းကြီး။ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်မိ၍ ယုတ်မာသောအကြံကို ကြံမိ၏။ ထိုသို့ကြံမိခြင်းသည်ကား အရှင်မင်းကြီး၏ အပြစ်သာဖြစ်ချေသည်။ ထိုအပြစ်ကိုဖော်ပြ၍ မင်းအပေါင်းတို့အား တောင်းပန်တော်မူလော့ဟု"ဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည်လည်း ထီးဆောင်းမင်းအပေါင်းတို့အား "မင်းများတို့။ အကျွန်ုပ်သည် ကေဝဋ်အမတ်ကိုမှီ၍ မကောင်းသောအကြံအစည်နှင့် ဤသို့သောပြစ်မှားခြင်း အကျွန်ုပ် ပြုမိပေသည်။ ထိုပြုမိခြင်းကား ကျွန်ုပ်အပြစ်သာ ဖြစ်ချေသည်။ မင်းများတို့၌ အပြစ်မရှိပေ။ ထိုသို့ ကျွန်ုပ်ပြစ်မှားမိသောအပြစ်ကို မင်းများအပေါင်းတို့ သည်းခံကြပါ။ နောက်နောင် ဤသို့သောပြစ်မှားခြင်းကို အကျွန်ုပ် မပြုပါပြီ"ဟုဆို၍ တောင်းပန်၏။

မင်းအပေါင်းတို့သည် စူဠနီဗြဟ္မဒတ်မင်းအပြစ်ကို သည်းခံကြသဖြင့် ၁၀၀ သော ထီးဆောင်းမင်း အပေါင်းတို့သည် ကိုယ်, စိတ်, စကား အခြားအထူး မရှိ။ နိတုံရွှေကဲ့သို့ မိတ်ဆွေအစစ် ချစ်ခင်ယုံကြည်ခြင်းသို့ ရောက်၍ ဝမ်းမြောက်ဝမ်းသာ တညီတညွတ်တည်း ဖြစ်ကြကုန်၏။ ထိုသို့တညီတညွတ်တည်း ဖြစ်ကြပြီးသော် စူဠနီဗြဟ္မဒတ်မင်းသည် အထူးထူးအပြားပြား များစွာသော ခဲဖွယ်စားဖွယ်တို့ကို လည်းကောင်း၊ အဝတ်တန်ဆာ, ပန်းနံ့သာ စသည်တို့ကိုလည်းကောင်း ဆောင်ယူစေ၍ ထီးဆောင်းမင်း, မှူးမတ်, ဗိုလ်ပါများစွာနှင့်တကွ ထိုဥမင်တံခါး၀ လက်ထပ်နန်း၌နေလျက် ၇ ရက်ပတ်လုံး ကြီးစွာသောပွဲသဘင်ခံ၍ ရွှင်မြူးပျော်ပါးကြစေပြီးမှ မိမိနေရာ ပဉ္စာလရာဇ်မြို့သို့ များစွာသော အခြံအရံနှင့်တကွဝင်၍ ဘုရားလောင်းအား ရွှေ, ငွေ, အဝတ်တန်ဆာ, ဆင်, မြင်း စသည်တို့ဖြင့် ချီးမြှောက်ပူဇော်ခြင်းကို ပြုလေ၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် သံသရာ[၂၉၁]ရှေးရှေးက လေးမြတ်ကြည်ဖြူ အတူယှဉ်ပေါင်း ကောင်းမှု ပြုဖော်ဖြစ်သည်နှင့်အညီ ပစ္စုပ္ပန်ဘဝ၌ ဒေါသမျက်မာန် ရန်ငြိုးငြိမ်းသဖြင့် ခပ်သိမ်းသောမေတ္တာ[၂၉၂]ဟောင်းဟူသမျှ နှိုးဆော်၍ မြတ်နိုးကြည်ဖြူခြင်းနှင့် အတူတကွနေလိုသောကြောင့် မှူးမတ်အပေါင်းတို့ညီလာခံရာ နန်းတော်ဦး၌ နေစဉ် ဘုရားလောင်းအားတောင်းပန်လို၍ 'ဝုတ္တိဥ္စပရိဟာရဉ္စ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ ငါသည် သင့်အား မိထိလာပြည်၌ စိုးစံခံစားရသော စည်းစိမ်အခြံအရံဟူသမျှတို့ထက် ကောင်းမြတ်လွန်ကဲသော စည်းစိမ်းအခြံအရံတို့ကို ၂ ဆတက် ငါပေး၍ ချီးမြှောက်ပါမည်။ သင်သည် သားမယားကိုခေါ်၍ ငါနှင့်အတူ ဤပြည်၌ အလိုရှိတိုင်း ကာမဂုဏ်[၂၉၃] ၅ ပါးဖြင့်ခံစားလျက် နေလော့။ ဝိဒေဟရာဇ်မင်းကြီးဖြင့် အဘယ်ပြုအံ့နည်း။ မိထိလာပြည်သို့ မသွားလေနှင့်တော့"ဟုဆို၏။ မင်းကြီးစကားကို ကြားလျှင် မဟောသဓသုခမိန်သည် သူတော်ကောင်းတို့ကျင့်ထုံးကိုပြ၍ မင်းကြီးစကားကို ပယ်လိုသောကြောင့် 'ယော စဇေထ မဟာရာဇ'အစရှိသော ဂါထာဖြင့်လျှောက်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ အကြင်သူသည် ဥစ္စာစည်းစိမ်၌ တပ်မက်မောခြင်းကြောင့် မိမိအား မွေးကျွေးပြုစုပေးသော ကျေးဇူးရှင်ကို အကယ်၍ စွန့်ပစ်ငြားအံ့။ ထိုကျေးဇူးရှင်ကို စွန့်ပစ်သောသူအား မိမိပင်လည်း မိမိကိုယ်ကို သူယုတ်မာဖြစ်သည်ဟု ကဲ့ရဲ့ဖွယ်သို့ ရောက်လေ၏။ သူတစ်ပါးတို့သည်လည်း မိမိကို သူယုတ်မာဟု ကဲ့ရဲ့ခြင်းငှာ ထိုက်ကုန်၏။ အကျွန်ုပ်အားလည်း ဝိဒေဟရာဇ်မင်းကြီးသည် ၇ နှစ်အရွယ်ကပင် သားပြု၍ မွေးကျွေးပြုစု ပေးသော ကျေးဇူးရှင် ဖြစ်ပေသောကြောင့်၊ ထိုဝိဒေဟရာဇ်မင်းကြီး သက်တော်ရှည်သမျှကာလပတ်လုံး တစ်ပါးသော မင်းတို့ထံ သွား၍ မခစားသာ ဖြစ်ပါသည်။ အကယ်၍ ကျေးဇူးရှင်ဖြစ်သော ဝိဒေဟရာဇ်မင်းကို စွန့်ပစ်ငြားအံ့။ အကျွန်ုပ်အားလည်း မိမိကိုယ်ကို မိမိလည်း ကဲ့ရဲ့ဖွယ်, သူတစ်ပါးလည်း ကဲ့ရဲ့ဖွယ် ရောက်ရာ၏။ ထို့ကြောင့် အရှင်မင်းကြီးခြေရင်းတော်၌ ထမ်းရွက်မြဲစွဲ၍ နေချင်ပါသော်လည်း မနေသာဖြစ်ခဲ့သည်"ဟုလျှောက်ဆို၏။

မဟောသဓသုခမိန်စကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်။ ယခု သင်သည် ကျေးဇူးရှင် ဖြစ်သော ဝိဒေဟရာဇ်မင်းကြီးကို မစွန့်ပစ်သာဖြစ်၍ ငါ့ထံ မနေရသေးလျှင် နောင် ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံလွန်သောအခါ ဤပြည်သို့ လာရောက်ပါမည်ဟု ယခုက သင် ဝန်ခံခဲ့ရမည်"ဟုဆို၏။ မဟောသဓ သုခမိန်သည်လည်း "အရှင်မင်းကြီး။ အကျွန်ုပ် အသက်ရှင်ပါလျှင် ဝိဒေဟရာဇ်မင်းကြီး မရှိသောအခါ သားမယားနှင့်တကွ အထံတော်သို့ လာရောက်ပါမည်"ဟု လျှောက်ဆို၏။ စူဠနီဗြဟ္မဒတ်မင်းသည် ဤသို့ ပဋိညာဉ်[၁၄၅]စကားကိုရပြီးလျှင် ဘုရားလောင်းအား များစွာသောပူဇော်သက္ကာတို့ဖြင့် ၇ ရက်ပတ်လုံး ပူဇော် ချီးမြှောက်ခြင်းကို ပြုပေ၏။

ဘုရားလောင်းသည်လည်း ၈ ရက်မြောက်လတ်သော် နန်းတော်သို့ဝင်၍ မိထိလာပြည်သို့ ပြန်သွားမည့်အကြောင်းကို ပန်ကြားလျှောက်ထား၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း မဟောသဓသုခမိန်အား အထူးသဖြင့် ဆုလာဘ်ပေးလိုက်ပြန်လို၍ 'ဒမ္မိ နိက္ခ သဟဿံ တေ'အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ သင့်အား နိက္ခ[၁၄၆]အားဖြင့် အထူးသဖြင့် ရွှေစင် ၁၀၀၀, ကျွန်သမီး ၄၀၀, ခြေရင်း အလုပ်အကျွေး အလို့ငှာ အရွယ်အဆင်းနှင့်ပြည့်စုံသော သတို့သမီး ၁၀၀ တို့ကိုလည်း ငါ ပေးတော်မူ၏။ ကာသိကရာဇ်တိုင်း၌ ၁ နှစ် ၁ နှစ်လျှင် တစ်ရွာတစ်ရွာတွင် စပါးလုပ်ခွန် ၁ သိန်းစီထွက်သော မြို့, ရွာ, ခရိုင် အပေါင်း ၈၀ တို့ကိုလည်း ငါပေးတော်မူ၏။ ထိုအလုံးစုံတို့ကို သိမ်းယူ၍ သင်၏အခြံအရံ စစ်သည်သူရဲတို့နှင့် တကွ မိထိလာပြည်သို့ ချမ်းသာစွာသွားလေတော့"ဟုဆို၏။

[ဤအရာ၌ 'နိက္ခ'ဟူသည်ကား 'ပဉ္စသုဝဏ္ဏော နိက္ခေန နိက္ခာနံ သဟဿံ'ဟူသည်နှင့်အညီ ရွှေစင် ၅ကျပ်သည် 'တစ်နိက္ခ'မည်၏။ ထို နိက္ခ ၁၀၀၀ အချိန်ရှိသော ရွှေစင် ဆိုလိုသည်။ ကျပ်ချိန်အားဖြင့်ကား ရွှေစင် ၅၀၀၀ ရှိ၏။ ယခုအခါ မြန်မာတို့ဝေါဟာရအားဖြင့်ကား အခွက် ၅၀ တည်း။]

[စူဠနီဗြဟ္မဒတ်မင်းသည် ပဉ္စာလရာဇ်ပြည်တည်ရာ ကပိလတိုင်း၌ မြို့,ရွာ,ခရိုင်တို့ကို မပေးမူ၍ ဗာရာဏသီပြည်, သာဝတ္ထိပြည်တို့၏ နယ်နိမိတ်အဝင်ဖြစ်သော ကာသိကရာဇ်တိုင်း၌ မြို့, ရွာ, ခရိုင်တို့ကို အဘယ့်ကြောင့် ပေးလေသနည်းဟူမူကား 'ကာသိကရဋ္ဌ ဝိဒေဟရဋ္ဌဿ အာသန္နံ၊ တသ္မာ တတ္ထ အသီတိဂါမေ အဒါသိ'ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ ကာသိကရာဇ်တိုင်းသည် ဝိဒေဟရာဇတိုင်းနှင့် နယ်ပယ်အနီးအစပ် ဖြစ်သောကြောင့် အသိမ်းအယူလွယ်စေခြင်းငှာ ကာသိကရာဇ်တိုင်း၌ မြို့, ရွာ, ခရိုင်တို့ကို ပေးသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်းအား "အရှင်မင်းကြီး။ အကျွန်ုပ်သည် ဝိဒေဟရာဇ်မင်းကြီးအား 'နန္ဒာဒေဝီ ရှင်မိဖုရားကြီးကို အမိကဲ့သို့ လည်းကောင်း၊ အစ်ကိုကဲ့သို့ လည်းကောင်းမှတ်၍ ရှိသေအပ်သောဝတ်ကို သိတော်မူပါ။ ပဉ္စာလစန္ဒာမင်းသားကိုလည်း ညီငယ်အရာ၌ ထားတော်မူပါ'ဟူ၍ မှာထားလျှောက်ဆိုလိုက်ပါသည်။ အရှင်မင်းကြီး၏သမီးတော် ပဉ္စာလစန္ဒီကိုမူကား မိဖုရားကြီးတို့ ဆောင်ရွက်ရိုးထုံးစံရှိသည့်အတိုင်း ဆောင်ရွက်၍ မိဖုရားကြီးအရာဖြင့် အဘိသိက်သွန်းလျက် စုံဖက်လိုက်ပေသည်။ ယခု အကျွန်ုပ်ပြန်သွား၍ မိထိလာပြည်သို့ ရောက်လျှင် မြောက်သားတော် ရှင်မိဖုရားနှင့် မယ်တော်၊ သားတော်တို့ကို ဤနေပြည်တော်သို့ ရောက်အောင် အလျင်တဆော ပို့လာပါစိမ့်မည်"ဟုလျှောက်၏။

စူဠနီဗြဟ္မဒတ်မင်းသည်လည်း "သုခမိန်။ ကောင်းပြီ။ ငါ၏သမီးတော် ပဉ္စာလစန္ဒီအားလည်း လက်ဖွဲ့ဥစ္စာ ပေးအပ်လိုက်ပါမည်"ဆို၍ ကျွန်သမီး၊ ကျွန်ယောကျ်ား၊ အထိန်း၊ အချီ၊ အကျေးအမွေး၊ ရွှေ၊ ငွေ၊ ရတနာ၊ အဝတ်တန်ဆာ၊ မြင်း၊ ရထား၊ ရွှေယာဉ်၊ ရွှေဝေါ အစရှိသော များစွာကုန်သော လက်ဖွဲ့ဘဏ္ဍာဥစ္စာရပ် တို့ကိုလည်း ပေးအပ်လိုက်၏။ ဤမှတစ်ပါး မဟောသဓသုခမိန်ကို မိထိလာပြည်သို့ ပို့စိမ့်သောငှာ များစွာသော ဆင်၊ မြင်း၊ ရထား၊ စစ်သည်ဗိုလ်ခြေတို့ကိုလည်း ခန့်ထားစီရင်၍ ပြင်ဆင်ချီးမြှောက် ခင်းကျင်းစေ၏။

မဟောသဓသုခမိန်နှင့် ပါရင်းဖြစ်ကုန်သော ဗိုလ်ပါသူရဲတို့အားလည်း များစွာသောဆုလာဘ်ပေး၍ ကျွေးမွေးချီးမြှောက်လိုက်၏။ ဆင်စာ၊ မြင်းစာ အလို့ငှာ မုယောနတ်ကောက်စပါးတို့ကိုပြုတ်၍ ခရီးရိက္ခာ စားလောက်အောင်ပေးလိုက်၏။ ထိုသို့ စူဠနီဗြဟ္မဒတ်မင်းသည် ဘုရားလောင်းအား ကြီးစွာချီးမြှောက်၍ စစ်အင်္ဂါ ၄ ပါးနှင့်တကွ ပို့လိုက်အံ့သောအခြင်းအရာကို စီရင်ပြီးသော် "သုခမိန်။ သင်သည် ဤ များစွာသော စစ်သည်ဗိုလ်ခြေနှင့်တကွ ဘေးရန်မရှိ ချမ်းသာစွာ မိထိလာပြည်သို့သွားလေလော့။ သင်၏တင့်တယ်စွာလာခြင်းကို ဝိဒေဟရာဇ်မင်းကြီး မြင်ပါစေ"ဟုဆို၏။ ၁၀၀ သော ထီးဆောင်းမင်းတို့ထံ၌ သူလျှိုထားကုန်သော အမတ်တို့သည်လည်း 'မိထိလာပြည်သို့ လိုက်ကုန်အံ့'ဟု ပြင်ဆင်၍ ဘုရားလောင်းထံ ခြံရံလာကြကုန်၏။

မဟောသဓသုခမိန်သည် မင်းကြီးအား ရှိခိုးပန်ကြားခဲ့ပြီးလျှင် ထီးဆောင်းမင်း၊ မှူးတော်၊ မတ်တော်တို့အားလည်း ပန်ကြားပြောဆိုခဲ့၍ များစွာသောဗိုလ်ပါအပေါင်းခြံရံလျက် ပဉ္စာလရာဇ်ပြည်မှ ခရီးအစဉ်အတိုင်း လာသဖြင့် ယူဇနာ ၁၀၀ လွန်လတ်သော် မိထိလာပြည်သို့ရောက်လေ၏။

သေနကအမတ်သည်လည်း ပဉ္စာလရာဇ် မင်း လိုက်လာသည်၊ မလိုက်လာသည်ကိုသိလို၍ ခရီးအကြား၌ 'မထင်မရှား ဘယ်သူမဆိုလာလျှင် အကြောင်း ကြားလှည့်'ဟု မှာဆို၍ အစောင့်အရှောက်ထား၏။ ထို သေနကအမတ်ကထား၍ ခရီးအကြား၌ စောင့်နေရကုန်သော သူတို့သည် များစွာသောအခြံအရံ ဗိုလ်ပါ၊ ဆင်၊ မြင်း၊ ရထားအလုံးအရင်းနှင့် ဘုရားလောင်းလာသည်ကို မြို့မှ တစ်ယူဇနာကွာရာအရပ်၌ တွေ့မြင်လေသော် သေနကအမတ်ထံပြန်သွား၍ "အရှင်အမတ်ကြီး။ ယခု မဟောသဓသုခမိန်သည် များစွာသောအခြံအရံနှင့် ဤနေပြည်တော်သို့လာ၍ တစ်ယူဇနာကွာရာ ဤမည်သော အရပ်သို့ ရောက်ပြီ"ဟု ကြားလျှောက်ကြကုန်၏။

သေနကအမတ်သည် ထိုသူတို့စကားကိုကြားလျှင် မင်းကြီးစံရာ နန်းတော်သို့ ဝင်လေ၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း နန်းတော်ပြာသာဒ်ထက်၌နေလျက် လေသာပြတင်းကို ဖွင့်လှစ်၍ မျှော်ကြည့်လတ်သော် များစွာသော စစ်သည်ဗိုလ်ခြေတို့ကိုမြင်လျှင် 'မဟောသဓ၏စစ်သည်ကား ဤမျှလောက် မရှိ၊ အနည်းငယ်မျှသာ ဖြစ်၏။ ဤစစ်သည်ကား အလွန်များအံ့သကဲ့သို့ ထင်၏။ ပဉ္စာလရာဇ်မင်းပင် လာပြန်လေသည်မသိ'ဟု



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ သေနကအမတ်အား မေးလိုသောကြောင့် 'ဟတ္ထိ အဿာ ရထာပတ္တိ' အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"သေနကအမတ်ကြီး။ ယခု ဆင်, မြင်း, ရထား, ခြေသည် စစ်အင်္ဂါဗိုလ်ပါများစွာနှင့် ဤပြည်သို့ ရှေးရှု ကြောက်မက်ဖွယ်လာသည်ကို ငါမြင်၏။ သင် အသို့ထင်သနည်း။ ပညာရှိဖြစ်သည်နှင့်အညီ သိမြင်တိုင်း လျှောက်လော့"ဟုဆို၏။ သေနကအမတ်သည်လည်း မိမိ သိနှင့်ပြီးဖြစ်သောအကြောင်းကို လျှောက်ကြားလို၍ 'အာနန္ဒော တေ မဟာရာဇ'အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ စူဠနီဗြဟ္မဒတ်မင်းသည် အရှင်မင်းကြီးအား အမျက်မာန်ရန်ပြေငြိမ်းသဖြင့် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ များစွာသော စစ်အင်္ဂါအခြံအရံနှင့်တကွ မဟောသဓသုခမိန်ကို လွှတ်လိုက်သည် ဖြစ်မည် ထင်၏"ဟုလျှောက်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ဤမျှသောစကားနှင့် နှလုံးမငြိမ်နိုင်သည်ဖြစ်၍ "သေနကအမတ်ကြီး။ သင်လျှောက်တိုင်း မှန်ပါမည်လော။ မဟောသဓ၏အခြံအရံ စစ်သည်ကား အနည်းငယ်မျှသာ ဖြစ်သည်။ ယခုမြင်သော စစ်သည်ကား အလွန်များပြားဟန် ထင်၏တကား"ဟု မေးပြန်၏။ သေနကအမတ်လည်း "အရှင်မင်းကြီး။ အကျွန်ုပ်လျှောက်တိုင်း မချွတ်လျှင် မှန်ပါ၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် အရှင်မင်းကြီးကို ကြည်ညိုလေးမြတ်သည်ဖြစ်၍ များစွာသော ဗိုလ်ပါ ဆင်, မြင်း, အလုံးအရင်းတို့ကို မဟောသဓသုခမိန်အား ပေးလိုက်သည် ဖြစ်ပါမည်"ဟုလျှောက်၏။

ထိုအခါမှ ဝိဒေဟရာဇ်မင်းကြီးသည် နှလုံးငြိမ်ဝပ်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ "ယခု ငါ၏သားတော် လာပြီ။ ဤနေပြည်တော်ကို တန်ဆာဆင်ပြီးလျှင် ခပ်သိမ်းသော မှူးတော်မတ်တော်, မြို့သူမြို့သားအပေါင်း တို့သည် စားဖွယ်သောက်ဖွယ်, ပဏ္ဏာလက်ဆောင်နှင့် မြို့မှထွက်၍ ခရီးဦးကြိုဆိုကြကုန်"ဟု စည်လည်စေ၏။

မှူးမတ်ပြည်သူလူထုအပေါင်းတို့သည်လည်း များစွာသော ပဏ္ဏာလက်ဆောင်တို့နှင့် မြို့မှထွက်၍ ဘုရားလောင်းအား ခရီးဦးကြိုဆိုကြကုန်၏။

မဟောသဓသုခမိန်သည် များစွာသော အခြံအရံနှင့်တကွ မြို့တွင်းသို့ရောက်လျှင် နန်းတော်သို့ဝင်၍ မင်းကြီးအားရှိခိုးလျက် တင့်အပ်သောအရပ်၌ နေလေ၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် နေရာမှထ၍ ဘုရားလောင်း၏လည်ကိုဖက်လျက် ရာဇပလ္လင်ပေါ်၌ မိမိနှင့် အတူနေစေပြီးသော် ပဋိသန္ထာရစကား မေးမြန်းပြောဆိုလို၍– 'ယထာပေတံ သုသာနသ္မိံ'အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ချစ်သား သုခမိန်။ သင့်ကို စွန့်ပစ်၍ ငါတို့လာသောအရာ၌ ဥပမာထုတ်လျှင် ဇီဝိတ[၁၈၆]ချုပ်ပြီးသော သူကို အလောင်းစင်၌တင်၍ ၄ ယောက်ကုန်သောသူတို့သည် သုဿာန်တစပြင်သို့ ပို့ဆောင်ပြီးလျှင်၊ ထိုသုဿာန်တစပြင်၌ အာလယ[၁၈၇]ကင်းသဖြင့် စွန့်ပစ်ကုန်သကဲ့သို့ ငါတို့သည်လည်း ထိုဥပကာရီ မြို့၌ ဤသို့သော စစ်သည်ဗိုလ်ခြေ အထပ်ထပ်ဝန်းရံသည်ကို ထွင်းဖောက်၍ မလာနိုင်ရာပြီဟု ယုံမှားကင်းသဖြင့် သင်ချစ်သားကို စွန့်ပစ်ခဲ့၍ ငါတို့ လာကုန်၏။ ထိုသို့ဖြစ်လျက် အဘယ်အကြောင်းကြောင့် လည်းကောင်း, အဘယ်သူ အထောက်အပံ့ရှိ၍ လည်းကောင်း, အဘယ်အကျိုးစီးပွားကိုဆောင်၍ လည်းကောင်း, ထိုရန်သူ့လက်မှ ထွက်ခဲ့သနည်း"ဟု မေး၏။ မင်းကြီးစကားကိုကြားလျှင် ဘုရားလောင်းသည် ကိုယ်တော်၏ပညာဂုဏ်ကို ပြလို၍



www.burmeseclassic.com

www.burmeseclassic.com



'အတ္ထံ့ အတ္တေန ဝေဒေဟ၊မန္တံ့ မန္တေန ခတ္တိယ။ ပရိဝါရယိ ရာဇာနံ၊ ဇမ္ဗုဒီပံဝ သာဂရော။ ။'ဟူသော ဂါထာဖြင့် ဆို၏။

ဝေဒေဟ၊ ဝိဒေဟရာဇ်တိုင်းကြီးသခင် အရှင်မင်းမြတ်။ အတ္ထံ့၊ သူတစ်ပါးတို့သည်။ ကြံအပ်သော အကြောင်းကို။ အတ္တေန၊ အကျွန်ုပ်ကြံသောအကြောင်းဖြင့် ။မန္တံ့၊ သူတစ်ပါးတို့၏။ အတိုင်အပင်ကို။ မန္တေန၊ အကျွန်ုပ်၏အတိုင်အပင်ဖြင့်။ ပရိဝါရယိ၊ ခြံရံ၏။ ခတ္တိယ၊ရေမြေ့သခင် အရှင်မင်းမြတ်။ ကိမိဝ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဇမ္ဗုဒီပံ၊ ဇမ္ဗူဒိပ်ကျွန်းကို။ သာဂရော၊သမုဒ္ဒရာသည်။ ပရိဝါရယိယထာ၊ ထက်ဝန်းကျင် ရံသကဲ့သို့ ။ ဧဝံ၊ ဤအတူ။ ရာဇာနံ၊ ၁၀၀ သော ထီးဆောင်းမင်းအပေါင်းကို။ ပရိဝါရယိ၊ ရံ၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး ။ သူတစ်ပါးတို့ ကြံသမျှသောအရာကိုလည်းကောင်း, သူတစ်ပါးတို့ လျှို့ဝှက်၍ တိုင်ပင်သမျှ အတိုင်အပင်ကို လည်းကောင်း, အကျွန်ုပ်၏ အကြံအစည် တည်းဟူသောအကြောင်းဖြင့် လည်းကောင်း, အကျွန်ုပ်၏အတိုင်အပင်ဖြင့် လည်းကောင်း ခြံရံနိုင်သည်သာ ဖြစ်၏။

"ဥပမာကား–

ဤဇမ္ဗူဒိပ်ကျွန်းကို မဟာသမုဒ္ဒရာသည် ခြံရံနိုင်သကဲ့သို့ လည်းကောင်း, ဤမြေကြီးကို ကောင်းကင်သည် ဖုံးအုပ်သကဲ့သို့ လည်းကောင်း, သူတစ်ပါးတို့ အကြံအစည် အတိုင်အပင် ဟူသမျှကို အကျွန်ုပ်၏ အကြံအစည် အတိုင်အပင်ဖြင့်သာလျှင် ခြံရံဖုံးအုပ်မိသည်ဖြစ်၍ အခြံအရံဗိုလ်ပါနှင့်တကွ ချမ်းသာစွာ အကျွန်ုပ် ရောက်နိုင်ပါသည်"ဟု လျှောက်ပြီးလျှင် အလုံးစုံသောအကြောင်းအရာကို မကြွင်းမကျန်ရအောင် မင်းကြီးအား လျှောက်ကြားလေ၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း ဘုရားလောင်းစကားကိုကြားလျှင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လေ၏။

ထိုအခါ မဟာသတ္တဝါသခမိန်သည် မိမိအား စူဠနီဗြဟ္မဒတ်မင်း ချီးမြှောက်လိုက်သော ပဏ္ဏာ လက်ဆောင်တို့ကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ကြားလို၍ 'ဒိန္နံ နိက္ခသဟဿံ မေ'အစရှိသော ဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ စူဠနီဗြဟ္မဒတ်မင်းသည် အကျွန်ုပ်အား နှစ်သက်မြတ်နိုးသည်ဖြစ်၍ ရွှေစင်နိက္ခပေါင်း ၁၀၀၀၊ ကာသိကရာဇ်တိုင်း၌ ၁နှစ်လျှင် လုပ်ခွန် ၁ သိန်းထွက် မြို့, ရွာ, ခရိုင်ပေါင်း ၈၀၊ ကျွန်မိန်းမ ၄၀၀၊ အလုပ်အကျွေးသတို့သမီး ၁၀၀၊ ဤအလုံးစုံတို့ကို ဆုပေးတော်မူလိုက်၏။ ပဉ္စာလစန္ဒီဒေဝီ မိဖုရားအားလည်း ဤမည်သော အခြွေအရံ, အလုပ်အကျွေး, သင်းပင်း, မြို့, ရွာ, ဆင်, မြင်း အလုံးအရင်းနှင့်တကွ ဤမည်သော ရွှေ, ငွေ, ရတနာ, အဝတ်တန်ဆာတို့ကိုလည်း လက်ဖွဲ့တော်မူလိုက်၏။ များစွာသော စစ်သည် ဗိုလ်ခြေတို့ကိုလည်း အကျွန်ုပ်အားပို့စေသဖြင့် အကျွန်ုပ်သည် ချမ်းသာစွာ ဤနေပြည်တော်သို့ ယခုလာရပေသည်"ဟု လျှောက်၏။

ထိုစကားကိုကြားပြန်၍လည်း ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက်ခြင်းဖြစ်သဖြင့် ဘုရားလောင်း၏ ဂုဏ်ကို ချီးမွမ်းလိုသောကြောင့် 'သုသုခံဝတ သံဝါသော' အစရှိသောဂါထာဖြင့် ဥဒါန်းကျူးရင့်လေ၏။ အဓိပ္ပာယ်ကား–

"သေနကအမတ်ကြီး။ ပညာရှိသောသူတို့နှင့် အတူတကွနေရခြင်းသည် အလွန် ကိုယ်,စိတ် ချမ်းသာစွတကား။ ငှက်လှောင်ချိုင့်၌ လှောင်၍ထားသောငှက်ကဲ့သို့ လည်းကောင်း, တင်ါတို့၏ပိုက်ကွန်၌ ဖမ်းမိ၍ မထွက်နိုင်သောငါးကဲ့သို့လည်းကောင်း ငါတို့သည် အလွန် ထွက်မြောက်နိုင်ခဲသော ရန်သူ၏



www.burmeseclassic.com

www.burmeseclassic.com



လက်သို့ ရောက်ကြကုန်ပြီးလျက်၊ ထိုငှက်, ထိုငါးတို့ကို ချိုင့်,ပိုက်ကွန်တွင်းမှ ထုတ်ယူ၍လွှတ်သကဲ့သို့ ငါတို့ကိုလည်း ဤ ငါ့သားမဟောသဓာသုခမိန်သည် ရန်သူ့လက်မှ လွှတ်မြောက်စေပြီးတကား"ဟု ဆို၏။

သေနက အမတ်သည်လည်း မင်းကြီးဆိုတိုင်း မှန်ကြောင်းကို ဝန်ခံလိုသောကြောင့် 'ဓဝမေဝ မဟာရာဇ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ခဲယဉ်းစွာသော အရေးအခွင့်ရောက်သောအခါ၌ ပညာရှိသောသူသည်သာလျှင် ရေမနှောက်, ကြာမခြောက် ၂ ယောက်အကျိုးရှိကြောင်း ကောင်းမြတ်သောလုံ့လ, ပညာဖြင့် ချမ်းသာစွာ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ပေသည်။ ထို့ကြောင့် 'ပညာရှိတို့နှင့် အတူတကွနေရခြင်းသည် အလွန်ချမ်းသာ၏'ဟု ယခုအမိန့်တော်ရှိတိုင်း မှန်လှပါသည်။ ဤ မဟောသဓသုခမိန်သည်လည်း ချိုင့်, ညွှတ်, ပိုက်ကွန်တို့၌မိသော ငှက်, သား, ငါးတို့ကို ထုတ်ယူ၍လွှတ်လိုက်သကဲ့သို့ အကျွန်ုပ်တို့ကိုလည်း ရန်သူ့လက်မှ လွှတ်စေပေ၏"ဟု လျှောက်ဆို၏။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် မိထိလာပြည်အလုံးကိုလည်း ဤသို့ စည်လည်စေ၏။

"ဤငါ၏ နေပြည်တော်ထက်ဝန်းကျင်၌ နေကုန်သော မှူးမတ်, ပြည်သားပြည်သူ လူအပေါင်းတို့သည် ငါ့ကိုကြည်ညို ချစ်ခင်ကြင်နာကြလျှင် ယနေ့မှ ၇ ရက်ပတ်လုံး တစ်ပါးကိစ္စတို့ကို မဆောင်မူ၍ အသီးအသီး ကြီးစွာသော ပွဲသဘင်ခံလျက် မိမိတို့နှင့်ထိုက်တန်ရာ ပဏ္ဏာလက်ဆောင်နှင့် မှူးမတ်တို့မှာလည်း ငါချီးမြှောက်တော်မူသည့် အဆောင်အရွက် အချီးအမြှောက်နှင့် သွား၍ ငါ့သား မဟောသဓသုခမိန်ကို ပူဇော်ချီးမြှောက်ကြရမည်"ဟု သဘင် စည်ကြီး လည်စေ၏။

အလုံးစုံသော မှူးမတ်, ပြည်သားပြည်သူ လူအပေါင်းတို့သည်လည်း ဤ စစ်သူကြီးသုခမိန်သည် အထက်က စူဠနီဗြဟ္မဒတ်မင်း ငါတို့ပြည်ကို ဝန်းရံလာသောအခါ၌လည်း ငါတို့အား စည်းစိမ်အသက် မပျက်စီးစေရဘဲ စည်းစိမ်ကြီးကို ပေးတော်မူဖူးပြီ။ ယခုလည်း ငါတို့အရှင်မင်းကြီးကို ပျက်စီးစေကြောင်း မကောင်းသဖြင့် ကြံဆောင်လေ့ရှိသော စူဠနီဗြဟ္မဒတ်မင်း၏အကြံအစည်ကို ဖျက်၍ ၂ ဘက်စလုံး ချစ်ထုံးအစဉ် ဖြစ်ကြောင်း ကောင်းမြတ်သောပညာတော်ဖြင့် အရှင့်စီးပွား, တိုင်းသားပြည်သူ လူအပေါင်းတို့စီးပွားကို ဆောင်တော်မူလျက် ရန်သူ့လက်မှ ဤပြည်သို့ ချမ်းသာစွာရောက်တော်မူလာ၏ဟု ပြကတေ့အားဖြင့်ပင်လျှင် နှစ်သက်ဝမ်းမြောက်စွာ, နေကြစဉ်တွင် စည်လည်သံကိုကြားပြန်သဖြင့် အတိုင်းထက်အလွန် နှစ်သက် ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍၊ အသီးအသီး စောင်း, ငြင်း, နှဲ, ခရာ, ပတ်သာ, ဒုံမင်း, မဂဓရာဇ်တိုင်းဖြစ် ခရုသင်း, စည်, မောင်း, ခေါင်းလောင်း, လင်းကွင်း, အိုးစည် စသော အထူးထူးအပြားပြား များစွာသောတီးမှုတ်မျိုး တေးတျာ, ဘွဲ့, ချေင်း, သာချင်း, ရကန်, အဲ, အန်, ရတု,အနုအပျော် ကောင်းမြတ်ချိုအေးသောသီချင်းမျိုး, လက်ရှစ်, ကျွမ်းသမား, လက်ဖွေ့ လက်ပမ်း, တန်းလျှောက်, တိုင်တက်, မျက်လှည့် စသော ကခြင်းမျိုးတို့ကို ကြီးစွာသောပွဲသဘင်ခံ၍ တီးမှုတ်သီက ရွှင်ပျမြူးထူးကြလျက် ၇ ရက်ပတ်လုံး နလုံးအလိုလွှတ်ကြကုန်၏။

တောင်နန်းမိဖုရားကြီး ဥဒုမ္ဗရဒေဝီမှစ၍ မိဖုရား, ကိုယ်လုပ်မောင်းမ, နန်းတွင်းသူနန်းတွင်းသား အပေါင်းတို့သည်လည်း မိမိတို့ထိုက်တန်ရာ ပဏ္ဏာလက်ဆောင်နှင့် စုံရာစေလွှတ်၍ ဘုရားလောင်းအား ပူဇော်ချီးမြှောက်စေ၏။မင်းဆွေမင်းမျိုး, မှူးတော်မတ်တော်တို့သည်လည်း မိမိအရာနှင့် ထိုက်တန်စွာရအပ်သော အဆောင်အရွက်တို့ဖြင့် ဆောင်ရွက်၍ ထိုက်တန်ရာပဏ္ဏာလက်ဆောင်နှင့် သွားကြကုန်လျက် ဘုရားလောင်းအား



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ချီးမြှောက်ကြကုန်၏။ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကျည်းကုလားမျိုးတို့သည်လည်း မိမိတို့အားနှင့်လျော်စွာ ပဏ္ဏာလက်ဆောင်တို့ဖြင့်သွား၍ ဘုရားလောင်းအား ပူဇော်ချီးမြှောက်ကြကုန်၏။ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ခြေသည်သူရဲ၊ အမှုလုပ်သူရဲ အစရှိသော စစ်အမှုထမ်း ဝင်းကိုယ်ရံ ဗိုလ်ပါအပေါင်းသည်လည်း မိမိတို့ထိုက်တန်ရာ ပဏ္ဏာလက်ဆောင်နှင့်သွား၍ ဘုရားလောင်းအား ပူဇော်ချီးမြှောက်ကြကုန်၏။ မြို့၊ ရွာ၊ နိဂုံး၊ ဇနပုဒ်သားအပေါင်းတို့သည်လည်း ထိုက်တော်ရာပဏ္ဏာလက်ဆောင်နှင့်တကွ လာလတ်၍ ဘုရားလောင်းအား ချီးမြှောက်ပူဇော်ကြကုန်၏။ ထို ခပ်သိမ်းကုန်သော တိုင်းသားပြည်သူ လူအပေါင်းတို့သည် ဘုရားလောင်း၏ မျက်နှာတော်ကိုမြင်တိုင်း ပညာဂုဏ်ကျေးဇူးကို အောက်မေ့မိသဖြင့်လည်းကောင်း၊ အရွယ်အဆင်းတော်၏ တင့်တယ်ခြင်းဖြင့် လည်းကောင်း၊ မိမိတို့လူ့ခြေကို ဆောင်ယူခြင်းငှာမတတ်နိုင် ကုန်သည်ဖြစ်၍ ဦးရစ်ပေါင်း ပစ်လွှားခြင်း၊ အင်္ကျီအပေါ်ရုံ ဖြန့်ကြဲခြင်း စသည်ကိုပြု၍ ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြကုန်၏။

ဤသို့ ၇ ရက်ပတ်လုံး ပွဲသဘင်အခါကြီးပြု၍၊ ၈ ရက်မြောက်လတ်သော် မဟောသဓသုခမိန်သည် မင်းကြီးစံရာနန်းတော်သို့ဝင်ပြီးလျှင် "အရှင်မင်းကြီး။ စူဠနီဗြဟ္မဒတ်မင်း၏မယ်တော်၊ သားတော်၊ မိဖုရားကြီး၊ ဤ မင်း ၃ ပါးတို့ကို ယခုအလျင်တဆော ပဉ္စာလရာဇ်ပြည်သို့ ပို့တော်မူမှ သင့်ပါမည်"ဟု လျှောက်၏။ ဘုရားလောင်းစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည်လည်း "ချစ်သား။ ကောင်းပြီ။ ယခုပင် ပို့စေလော့"ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည် ထိုမင်း ၃ ပါးတို့အား ကြီးစွာသောပူဇော်သက္ကာတို့ဖြင့် ချီးမြှောက်၍၊ မိမိနှင့်အတူပါကုန်သော ပဉ္စာလရာဇ် စစ်သည်ဗိုလ်ပါတို့အားလည်း များစွာသောဆုလာဘ်တို့ဖြင့် ချီးမြှောက်ပြီးလျှင် အခြံအရံဖြစ်သော သူရဲဗိုလ်ခြေတို့ကိုလည်း အပို့အသခန့်ထားလျက် မိမိအား စူဠနီဗြဟ္မဒတ်မင်းက ပေးလိုက်သော အလုပ်အကျွေးသတို့သမီး ၁၀၀၊ ကျွန်မိန်းမ ၄၀၀ တို့ကိုလည်း နန္ဒာဒေဝီမိဖုရားအား ဆက်သလိုက်၍ မျိုးရိက္ခာ အစုံအလုံအလောက်နှင့် များစွာသောဗိုလ်ပါအပေါင်း ခြံရံလျက် ပဉ္စာလရာဇ်ပြည်သို့ အလျင်တဆော ရောက်အောင်ပို့စေ၏။

ထိုမင်း ၃ ပါးတို့သည် အစဉ်အတိုင်း များစွာသောအခြံအရံနှင့်တကွ သွားကြ၍ ပဉ္စာလရာဇ်ပြည်သို့ ရောက်ကြလေကုန်၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် မယ်တော် စလာကဒေဝီကို "မယ်တော်။ ဝိဒေဟရာဇ်မင်းကြီးသည် မယ်တော်တို့ကို ချစ်ကြည်မြတ်နိုးခြင်းဖြင့် သဂြိုဟ်ထောက်ပံ့ပါ၏လော"ဟုမေး၏။ စူဠနီဗြဟ္မဒတ်မင်းစကားကို ကြားလျှင် စလာကဒေဝီသည် "ချစ်သား။ အသို့ မေးသနည်း။ ဝိဒေဟရာဇ်မင်းကြီးသည် မိခင်ကိုလည်း မိမိတို့ မပြတ်ကိုးကွယ်သော နတ်ကဲ့သို့ပင် ရှိသေလေးမြတ်ပေ၏။ ချွေးမဖြစ်သော နန္ဒာဒေဝီကိုလည်း အမိအရာ၌ထား၍ ရှိသေလေးမြတ်ပေ၏။ ပဉ္စာလစန္ဒာ ချစ်မြေးကိုလည်း မိမိညီငယ်အရာ၌ထား၍ ချစ်မြတ်နိုးပေ၏။ အပြစ်ဆိုဖွယ် တစ်စုံတစ်ခုမျှ မရှိ"ဟု ပြောဆို၏။

မယ်တော်စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် အလွန်နှစ်သက်ခြင်းဖြစ်၍ ပို့လာကုန်သော ဘုရားလောင်း၏ စစ်သည်ဗိုလ်ခြေတို့ကို ထိုက်လျောက်ရာ ပဏ္ဏာလက်ဆောင်တို့ဖြင့် ဝိဒေဟရာဇ်မင်းကြီးအား ပေးဆက်လိုက်၏။ ထိုမှစ၍ မင်း ၂ ပါးတို့သည် မေတ္တာချင်းယှက်တွဲမိကြသည်ဖြစ်၍ တစ်ပြည်မှ တစ်ပြည်သို့ လက်ဆောင်ပဏ္ဏာ ထိုက်လျောက်ရာများနှင့် သံကြီးတမန်ကြီး၊ ပညာရှိသုခမိန်အမတ်တို့ စေလွှတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်မြတ်နိုးယုံကြည်စွာ ဝမ်းမြောက်ဝမ်းသာ တညီတညွတ်တည်းကြည်ညိုကြသဖြင့် ထိုတိုင်းကြီး ၂ ပါးသည် ရွှေစင်ပြား ၂ ချပ်လိုတစ်စပ်တည်းဂဟေဆော်သကဲ့သို့ ရောင်းဝယ်ဖောက်ကားသွားလာခြင်း အစဉ်မပျက် တစ်ချက်တည်း ဖြစ်ကြလေ၏။

ဤကား ရန်သူ့လက်သို့ရောက်ပြီးသော ခဲခက်စွာသောဘေးရန်ကို လှံ,ဓား,လေးမြား လက်နက်တို့ဖြင့် မရှင်းမထွင်ဘဲ အမြင်ကျယ်စွာသော ပညာတော်သန်လျက်ဖြင့် လှန်ဖျက်ရှင်းထွက်တော်မူလျက် ရန်သူမင်းကိုလည်း ညီရင်းမကချစ်စေပြီးလျှင် အရှင်ဖြစ်သော ဝိဒေဟရာဇ်မင်းကြီးအား ပြန့်ပွားထပ်ဆင့်၍ မြင့်မြတ်သော ဘုန်းကျက်သရေကို ဖြစ်စေနိုင်ခြင်းတို့ဖြင့် တန်ဆာဆင်အပ်သော ဘုရားလောင်း၏ပညာတော်အစွမ်းကြောင့် စူဠနီဗြဟ္မဒတ်မင်းကို ၃ ကြိမ်မြောက်သော အောင်ခြင်းတည်း။

## ၄၆။ ရေစောင့်ဘီလူး ပဥှာခန်း

ဝိဒေဟရာဇ်မင်းကြီးသည် ပဥ္စာလစန္ဒီ ဒေဝီမိဖုရားအား အလွန်ချစ်ခင် ကြင်နာမြတ်နိုးသည်ဖြစ်၍ ဥဒုမ္ဗရဒေဝီ မိဖုရားကြီးနှင့်ထပ်တူပင်လျှင် မိဖုရားကြီးအရာ၌ထားလျက် ချီးမြှောက်၏။ ပဥ္စာလစန္ဒီဒေဝီ မိဖုရားကြီးသည် ဝိဒေဟရာဇ်မင်းကြီးနှင့်အတူတကွ ထီးနန်းစံမြန်း၍ ၁ နှစ်မြောက်လတ်သော ကိုယ်ဝန် ဆောင်ခြင်းဖြင့် ၁၀ လ လွန်သောအခါ သတို့သားကို ဖွားမြင်လေ၏။ ထို သတို့သားအား အမည်မှည့်အံ့သော နေ့၌ 'ဒီဃာဝု' သတို့သား ဟူသောအမည်ကို မှည့်ကုန်၏။ ဒီဃာဝုမင်းသားသည် ၁၀ နှစ်အရွယ်ရောက်လတ်သော် ဝိဒေဟရာဇ်မင်းကြီးသည် ဘဝတစ်ပါး ပြောင်းလဲလေ၏။

ထိုအခါ ဘုရားလောင်း မဟောသဓသုခမိန်သည် ဒီဃာဝုမင်းသားအား ကြီးစွာသော ရာဇာဘိသေက မင်္ဂလာကိုဆောင်၍ ခမည်းတော်၏ အရိုက်အရာဖြစ်သော ထီးနန်းကိုအပ်နှင်းပြီးလျှင် "မင်းမြတ်။ အကျွန်ုပ်သည် အရှင့်ဘိုးတော် စူဠနီဗြဟ္မဒတ်မင်းကြီး၏အထံသို့ ပြောင်းသွားရပါတော့မည်"ဟု လျှောက်ဆိုပန်ကြားလေ၏။ ဘုရားလောင်းစကားကို ကြားလျှင် ဒီဃာဝုမင်းသားသည် "သုခမိန်။ အကျွန်ုပ်ကား အလွန် ငယ်လှသေး၏။ သုခမိန် စောင်မမှသာ ဤထီးနန်းကို စိုးအုပ်နိုင်ပါမည်။ ငယ်စွာသောအကျွန်ုပ်ကို စွန့်ပစ်၍ မသွားပါနှင့်။ အကျွန်ုပ်သည် သုခမိန်ကို ခမည်းတော်အရာ၌ထား၍ ရိုသေမြတ်နိုးစွာ ကိုးကွယ်ပါမည်"ဟု ပြောဆိုတောင်းပန်၏။

ပဥ္စာလစန္ဒီဒေဝီ မိဖုရားကြီးကလည်း "သုခမိန်။ အကျွန်ုပ်သားကာ အလွန်ငယ်လှသေး၏။ သုခမိန်သည် သာလျှင် အကျွန်ုပ်တို့ကိုးကွယ်ရာ ဖြစ်ပါသည်။ သုခမိန်သွားခဲ့သော် အကျွန်ုပ်တို့အား ကိုးကွယ်ရာ မရှိပြီ။ မသွားပါလေနှင့်" ဟု တောင်းပန်၏။ မဟောသဓသုခမိန်သည်လည်း "အကျွန်ုပ်သည်။ စူဠနီဗြဟ္မဒတ်မင်းကြီးအား ဝန်ခံခြင်းပဋိညာဉ်ကို ပေး၍ရှိခဲ့ချေသည် ဖြစ်သောကြောင့် မသွားဘဲမနေသာ။ ထိုပြည်မှာပင် အကျွန်ုပ်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



၂ တိုင်း ၂ ပြည်ကို စည်ပင်သာယာကြောင်း ကောင်းစွာလုံ့လပြု၍ ကြည့်ရှုစောင်မပါမည်"ဟု ပန်ကြားပြောဆိုပြီးလျှင် မိမိအိမ်ထောင် သားမယား, အလုပ်အကျွေး, အခြွေအရံနှင့် တကွ ပဉ္စာလရာဇ်ပြည်သို့ သွားလေ၏။ ပြည်သားပြည်သူလူအပေါင်းတို့သည်လည်း သနားဖွယ်သော ငိုကြွေးခြင်းတို့ဖြင့် ငိုကြွေးမြည်တမ်းကြလျက် ခရီးလမ်းတိုင်အောင် လိုက်၍ပို့ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓသုခမိန် လာကြောင်းကိုကြားလျှင် မိမိပြည်မှထွက်၍ များစွာသော အခြံအရံတို့နှင့်တကွ ခရီးဦးကြိုဆိုလာလျက် ကြီးစွာသော ပွဲသဘင်အချီးအမြှောက်ဖြင့် ချီးမြှောက်၍ မြို့တွင်းသို့ ဝင်စေပြီးသော် နေရာအလို့ငှာ ကြီးစွာသောအိမ်ကို ပေး၏။ အထက်က ချီးမြှောက်လိုက်သော မြို့, ရွာ, ခရိုင် ၈၀ မှ တစ်ပါးလည်း များစွာသောမြို့ရွာတို့ကို နောက်ထပ်၍ ပေးပြန်၏။ ထိုရောက်သည့်နေ့မှစ၍ မဟောသဓသုခမိန်သည် စူဠနီဗြဟ္မဒတ်မင်းကြီးအား တစ်နေ့မပြတ် ခစားစေ၏။

ထို ပဉ္စာလရာဇ်ပြည်၌ 'ဘေရီ'အမည်ရှိသော ပရိဗိုဇ်ရဟန်းမသည်လည်း အလွန် ပညာရှိ၏။ ခပ်သိမ်းကုန်သောအရာအခွင့်တို့၌လည်း လိမ္မာကျွမ်းကျင်၏။ ထို ဘေရီပရိဗိုဇ်မသည် စူဠနီဗြဟ္မဒတ်မင်းကြီး နန်းတော်၌ နေ့တိုင်းမပြတ်လာ၍ ဆွမ်းစား၏။ မိထိလာပြည်မှ မဟောသဓသုခမိန် ရောက်လာကြောင်းကို လည်းကောင်း, နန်းတော်သို့ဝင်၍ နေ့တိုင်းမပြတ် မင်းကြီးထံ ခစားကြောင်းကို လည်းကောင်း ထိုပရိဗိုဇ်မသည် ကြား၏။

မဟောသဓသုခမိန်သည်လည်း ဘေရီပရိဗိုဇ်မကို မမြင်စဘူးသေး။ နေ့တိုင်းမပြတ်ပင် မင်းကြီးနန်းတော်၌ ဆွမ်းစားလာကြောင်းကိုမူကား ကြား၏။

နန္ဒာဒေဝီမိဖုရားကြီးသည်ကား 'ဤ မဟောသဓာသုခမိန်သည် ငါတို့အား ချစ်သောသူနှင့် ကွေကွင်းစေသဖြင့် ကိုယ်,စိတ်မချမ်းသာအောင် ပြုဘိ၏'ဟု ဘုရားလောင်းအား နှလုံးအခုအခံ မိန်းမတို့မာန်[၂၉၈] မပြေနိုင်သည် ဖြစ်၍

ထို စိတ်ထဲ အခုအခံ အမျက်မာန်ရှိသဖြင့် နန္ဒာဒေဝီ မိဖုရားကြီးသည် တစ်နေ့သ၌ စူဠနီဗြဟ္မဒတ်မင်း၏ ကိုယ်လုပ်မောင်းမ ၅၀၀ တို့ကို "သင်တို့သည် မဟောသဓသုခမိန်၏ တစ်စုံတစ်ခုသောအပြစ်ကိုရှာ၍ မင်းကြီးအား ကုန်းချောစားကြလေကုန်"ဟုဆို၏။ ထို မောင်းမ ၅၀၀ တို့သည်လည်း မိဖုရားကြီးဆိုတိုင်း မဟောသဓသုခမိန်၏ အပြစ် အမြွက်အရိပ်ကိုသာလျှင် နေ့တိုင်းမပြတ် ရှာကြည့်လျက် နေကြကုန်၏။

ထိုအခါ တစ်နေ့သ၌ ဘေရီပရိဗိုဇ်မသည် ဆွမ်းစားပြီး၍ နန်းတော်မှထွက်လတ်သော် မင်းခစားအံ့သောငှာလာသော မဟောသဓသုခမိန်ကို မင်းရင်ပြင် နန်းတော်တံခါးဝ၌ တွေ့မြင်လေ၏။ မဟောသဓသည်လည်း ပရိဗိုဇ်မကိုမြင်လျှင် ရှိခိုးလျက် ရပ်နေလေ၏။ ဘေရီပရိဗိုဇ်မသည် 'ဤမဟောသဓ သုခမိန်ကား ပညာရှိကြောင်း ကျော်စောထင်ရှား၏။ ယခု ပညာရှိ,မရှိကို ရှေးဦးစွာ မဟောသဓအား ငါစမ်းအံ့'ဟု ကြံပြီးလျှင် ဘုရားလောင်းအား လက်ဝါးကို ဖြန့်၍ပြ၏။

ဘုရားလောင်း မဟောသဓသုခမိန်သည် ဘေရီပရိဗိုဇ်မက လက်ဝါးဖြန့်၍ ပြသည်ကိုမြင်လျှ 'ဤပရိဗိုဇ်မသည် ငါ့ကို 'သုခမိန်။ မင်းကြီးသည် တစ်ပြည်တစ်နိုင်ငံ ဝေးလံစွာသောအရပ်မှ သင့်ကိုခေါ်ဆောင်၍ ဤအရပ်သို့ရောက်လာသော သင့်အား ယခု မင်း၏အချီးအမြှောက်ကို ခံရပါ၏လော'ဟု နှလုံးဖြင့်သပြဿနာ[၂၉၉]ပြု၍ ဤလက်ဝါးကို ပြသည်ဖြစ်မည်'ဟု လျှင်သောဉာဏ်ဖြင့် မြန်စွာသိပြီးသော် ပြဿနာတုံ့ဖြေလို၍ လက်ဆုပ်ကို ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရိဗိုဇ်မသည်လည်း ဘုရားလောင်း လက်ဆုပ်ပြသည်ကိုမြင်လျှင် 'အရှင်မ။ မင်းကြီး၏ အချီးအမြှောက်တော် အရာအထူးကို အကျွန်ုပ် မခံရသေးပါ'ဟု နှလုံးဖြင့်သာ ပြဿနာတုံ့ဖြေလို၍ လက်ဆုပ်ပြသည် ဖြစ်မည်'ဟု သိပြီးသော်၊ တစ်ဖန် စမ်းလိုပြန်၍ မိမိလက်ဖြင့် ဦးခေါင်းကိုသုံးသပ်၍ ပြ၏။ ထိုသို့ လက်ဖြင့် ဦးခေါင်း၌သုံးသပ်သည်ကို ဘုရားလောင်းမြင်လျှင် 'ဤပရိဗိုဇ်မကား ငါ့ကို 'သုခမိန်။ ထိုသို့မင်း အချီးအမြှောက်ကို မခံရသဖြင့် ကိုယ်, စိတ်ပင်ပန်းခြင်းဖြစ်လျှင် အဘယ့်ကြောင့် ငါတို့ကဲ့သို့ ဦးပြည်းရိတ်၍ ရဟန်းမပြုပါသနည်း'ဟု နှလုံးဖြင့်မေးလိုချေသည် ဖြစ်မည်'ဟုသိပြီးသော်၊ ဘုရားလောင်းသည် ပြဿနာတုံ့ဖြေလို၍ လက်ဖြင့် မိမိဝမ်းကို သုံးသပ်၏။

ပရိဗိုဇ်မသည်လည်း ထိုသုံးသပ်သည်ကို မြင်လျှင် 'ဤမဟောသဓသုခမိန်ကား 'အရှင်မ။ အကျွန်ုပ်မှာ တစ်ကိုယ်တည်း မဟုတ်။ အကျွန်ုပ်ကျွေးမွေးရသော သားမယားတို့ များစွာဖြစ်ခဲ့၏။ ထို များစွာသော သားမယားတို့ကို ကျွေးမွေးရသောကြောင့် အရှင်မတို့ကဲ့သို့ ရဟန်းမပြုသာ ဖြစ်ပါသည်'ဟု ပြဿနာတုံ့ဖြေသည် ဖြစ်မည်'ဟုသိလေ၏။

ထိုသို့ ဘုရားလောင်းအားစုံစမ်းပြီးသော် ဘေရီပရိဗိုဇ်မသည် မိမိနေရာကျောင်းသို့ သွားလေ၏။ မဟောသဓ သုခမိန်သည်လည်း ပရိဗိုဇ်မအား ရှိခိုးလတ်ပြီးသော် နန်းတော်သို့ဝင်၍ မင်းကြီးအား ခစားလေ၏။

ဘုရားလောင်းနှင့် ဘေရီပရိဗိုဇ်မတို့ ပြဿနာမေးကြဖြေကြသောအခြင်းအရာကို နန္ဒာဒေဝီက အကြည့်အရှုထားသော မင်းကြီးကိုယ်လုပ်မောင်းမတို့သည် နန်းတော်လေသာပြတင်းဝက ရပ်နေလျက် ကြည့်ရှုသဖြင့်မြင်ကြလေသော်၊ ဘုရားလောင်း နန်းတော်မှဆင်းသောအခါ၌ မင်းကြီးထံသွား၍ ဤသို့ ကုန်းချောစားလျက် လျှောက်ထားကြကုန်၏။ "အရှင်မင်းကြီး။ မဟောသဓသုခမိန်ကို အယုံသွင်း၍ အတွင်းထားတော်မမူပါနှင့်။ မဟောသဓသုခမိန်သည် ဘေရီပရိဗိုဇ်မနှင့် တစ်ကိုယ်တစ်စိတ်တည်းပြုလျက် ယခု မကြာမြင့်မီပင် အရှင်မင်းကြီး၏ စည်းစိမ်တော်ကို ဖျက်ဆီးလုယူမည် အကြံရှိပါသည်။ သတိထားတော်မူပါ"ဟု လျှောက်ထားကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းသည် ကိုယ်လုပ်မောင်းမတို့စကားကို ကြားလျှင် "သင်တို့နှင့် ဤစကား တန်သလော။ အဘယ်ကို ကြားသနည်း။ အဘယ်ကို မြင်သနည်း။ ကြားမြင်၍တည်း လျှောက်သလော"ဟုဆို၏။

"အရှင်မင်းကြီး။ ကြားကာမျှဖြင့် အကျွန်ုပ်တို့ လျှောက်ထားခြင်းမဟုတ်ပါ။ မျက်စိဖြင့် အတပ်မြင်၍သာ လျှောက်ထားဝံ့ပါသည်။ အကျွန်ုပ်တို့မြင်သည်မှာ နံနက်က ဘေရီပရိဗိုဇ်မသည် ဆွမ်းစားပြီးသဖြင့် နန်းမှ ဆင်းလတ်သော် နန်းတော်သို့ဝင်လာသော မဟောသဓသုခမိန်ကို မြင်လျှင် စူဠနီဗြဟ္မဒတ်မင်းကား လက်ဝါးပြင်မျှလောက်သာ, ကောက်နယ် တလင်းလောက်မျှသာ ဖြစ်၍၊ သင်၏ပညာအစွမ်းဖြင့် မချေမနှယ် လောက်တကား။ အဘယ့်ကြောင့် ဤပြည်ကို သင်၏လက်သို့ရောက်အောင် မပြုသနည်း'ဟု ကြံလျက် သူတစ်ပါးသိအံ့စိုးသောကြောင့် နှုတ်မမြွက်ဘဲ လက်ဝါးကိုသာ ဖြန့်၍ပြ၏။

"မဟောသဓသုခမိန်ကလည်း 'မစိုးရိမ်နှင့်။ ယခု နေစေဦး။ ၂ ရက်, ၃ ရက် လွန်မှ စူဠနီဗြဟ္မဒတ်မင်းကို သန်လျက်ဖြင့် ပယ်ဖျောက်၍ ဤပြည်ကို သိမ်းယူမည်'ဟု သန်လျက်ရိုးကို ကိုင်ဆုပ်သော သဏ္ဌာန်ဖြင့် လက်ကိုဆုပ်ပြ၏။ ဘေရီပရိဗိုဇ်မကလည်း တစ်ဖန် သင်သည် သန်လျက်ဖြင့် ပယ်မည်ဟူသော်



www.burmeseclassic.com

www.burmeseclassic.com



စူဠနီဗြဟ္မဒတ်မင်း၏ဦးခေါင်းကိုတည်း ပယ်ဖြတ်မည်လော'ဟု မိမိလက်ဖြင့် ဦးခေါင်းကို သုံးသပ်ပြန်၏။ မဟောသဓသုခမိန်ကလည်း တစ်ဖန် 'ဦးခေါင်းကို မဟုတ်။ စူဠနီဗြဟ္မဒတ်မင်း၏ခါးကို သန်လျက်ဖြင့်ကွပ်မျက်၍ ၂ ပိုင်းဖြစ်စေအံ့'ဟု မိမိလက်ဖြင့် ဝမ်းကို သုံးသပ်၏။ ဤသို့သောအကြံအစည်ကို အကျွန်ုပ်တို့ အတပ်မြင်သောကြောင့် လျှောက်ထားဝံ့ပါသည်။ မမေ့မလျော့ လုံ့လသတိ ရှိတော်မူပါ။ ဤ မဟောသဓသုခမိန်ကို အရှည်အကြာထားချေက ကိုယ်တော်၏စိတ်နှလုံး ပင်ပန်းခြင်းသာ ရှိတော့မည်။ ယခုပင် မဟောသဓသုခမိန်ကို ဖျောက်ဖျက်စေချင်ပါသည်"ဟု ကုန်းချောစား၍ လျှောက်ထားကြကုန်၏။

ထို မောင်းမ ကိုယ်လုပ်တော်တို့၏စကားကို ကြားလျှင် 'စူဠနီဗြဟ္မဒတ်မင်းသည်။ မဟောသဓသုခမိန်ကား ပစ္စုပ္ပန်,သံသရာတို့၌ အကျိုးအပြစ်ကိုမြင်မြော်သော ပညာရှိလည်း မှန်၏။ ငါ၌လည်း ရှိသေမြတ်နိုးခြင်းရှိ၏။ ထိုသို့ဖြစ်သောကြောင့် ငါ့ကို ပြစ်မှားမည့်သူ မဟုတ်။ နက်ဖြန်ခါမှသာ ပရိဗိုဇ်မကို မေးရတော့မည်'ဟု ကြံလျက် ထို မောင်းမကိုယ်လုပ်တော်တို့ လျှောက်သည့်စကားကို မည်သို့မျှအထူးမဆိုဘဲ ဆိတ်ဆိတ် နေလိုက်၏။

နက်ဖြန် မိုးသောက်အချိန်ရောက်သဖြင့် ဘေရီပရိဗိုဇ်မသည် နန်းတော်သို့ ဆွမ်းစားလာရောက် သောအခါ 'စူဠနီဗြဟ္မဒတ်မင်းသည် ပရိဗိုဇ်မထံသို့ချဉ်းကပ်၍ "မဟောသဓသုခမိန်ကို အရှင်မ တွေ့မြင်ဖူးပါ၏လော"ဟု မေး၏။

ပရိဗိုဇ်မလည်း "မင်းကြီး။ ယမန်နေ့ နံနက်က ဆွမ်းစားပြီး၍ နန်းတော်မှ ထွက်သောအခါ မဟောသဓ သုခမိန်ကို တံခါးဝတွင် တွေ့မြင်လိုက်ဖူး၏"ဟု ဆိုလျှင် စူဠနီဗြဟ္မဒတ်မင်းသည် "အရှင်မ။ ထိုသို့တွေ့မြင်ရ သောအခါ မဟောသဓသုခမိန်နှင့် စကားပြောဟောတော်မူလိုက်ရပါ၏လော"ဟု မေး၏။ ဘေရီပရိဗိုဇ်မလည်း "မင်းကြီး။ မဟောသဓသုခမိန်နှင့် စကားမူကား မပြောလိုက်။ ဤ မဟောသဓသုခမိန်ကို ပညာရှိသည်ဟူ၍ ကျော်စောခြင်း ဖြစ်သည်နှင့်အညီ 'ကျော်စောတိုင်း ပညာရှိ, မရှိကို စုံစမ်းအံ့။ ပညာရှိမှန်လျှင် သိလတ္တံ့'ဟု နှုတ်မမြွက်ဘဲ လက်ဝါးပြ၍ ပြဿနာမေး၏။

"ထို ငါမေးသော ပြဿနာ၏အနက်မူကား 'သုခမိန်။ သင့်အား မင်းကြီးသည် ဖြန့်သောလက် ရှိပါ၏လော။ မတွန့်မလိပ်သောလက် ရှိပါ၏လော။ ယုံကြည်လေးမြတ်စွာ အရာအထူးဖြင့် သဂြိုဟ် ချီးမြှောက်ပါ၏လော'ဟု မေးလိုသည်။ လက်ဝါးပြသည်ကိုမြင်လျှင် မဟောသဓသုခမိန်ကလည်း ငါမေးလိုသော အကြောင်းကို သိ၍ 'အရှင်မ။ မင်းကြီးသည် အကျွန်ုပ်ကို ဤပြည်မှာ နေ့လည့်ပါဟု အကြိမ်ကြိမ် အမိန့်ရှိသောကြောင့် အကျွန်ုပ် ဝန်ခံခဲ့ရသည်နှင့်အညီ ယခု နေရပ် ဆွေမျိုးတို့ကိုပစ်၍ ဤပြည်သို့ ရောက်ပါသည်။ ဤသို့ ရောက်ပါသည်ကိုလျက် အရှင်မင်းကြီးသည် အကျွန်ုပ်အား ထိုက်တန်သောအရာအထူးဖြင့် ချီးမြှောက်တော်မမူပါသေး။ ဆုပ်သော လက်ကို မဖြန့်ပါ'ဟု ဖြေလိုသဖြင့် လက်ကို ဆုပ်၍ ပြ၏။

"ထိုမဟောသဓသုခမိန်၏ ပြဿနာအနက်ကိုသိ၍ ငါကတစ်ဖန် 'သုခမိန်။ မင်းကြီး၏အချီးအမြှောက်ကို မခံရသဖြင့် အကယ်၍ ကိုယ်,စိတ်,ပင်ပန်းမူ ငါကဲ့သို့ ဦးပြည်းရိတ်၍ အဘယ့်ကြောင့် ရဟန်းမပြုသနည်း'ဟု မေးလိုသောကြောင့် ဦးခေါင်းကို လက်ဖြင့်သုံးသပ်၏။ မဟောသဓသုခမိန်သည်လည်း ငါမေးလိုသောအကြောင်းကို သိပြန်၍ 'အကျွန်ုပ်မှာ တစ်ကိုယ်တည်း မဟုတ်။ ကျွေးမွေးရသော သားမယား အများရှိခြင်းကြောင့် ရဟန်းမပြုသာပါ'ဟု ဖြေလိုသဖြင့် မိမိဝမ်းကို လက်ဖြင့်သုံးသပ်၏။ ဤမျှသော ပြဿနာဖြင့် စုံစမ်း၍သာ ငါ၏နေရာကျောင်းသို့ သွားလေတော့သည်။ တစ်ခွန်းသောစကားကိုမျှ မဟောသဓသုခမိန်နှင့် မပြောဟောလိုက်ရ"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



စူဠနီဗြဟ္မဒတ်မင်းသည်လည်း "အရှင်မ။ မဟောသဓသည် ပညာရှိပါ၏လော"ဟုမေး၏။ ဘေရိ ပရိဗိုဇ်မလည်း "မင်းကြီး။ မဟောသဓသုခမိန်ကား ဆိုဖွယ်မရှိ အလွန် ပညာရှိပေ၏။ ဤမြေအပြင်၌ မဟောသဓသုခမိန်နှင့်တူသောသူ မည်သည် မရှိနိုင်ချေ"ဟုဆို၏။ ဤသို့ ပရိဗိုဇ်မအား မေးမြန်းပြောဆိုပြီးလျှင် ဆွမ်းလုပ်ကျွေး၍ လွှတ်လိုက်၏။

ဘေရိပရိဗိုဇ်မ နန်းတော်မှ ဆင်းသွားလေပြီးသောအခါ ဘုရားလောင်းသည် နန်းတော်သို့ဝင်၍ မင်းကြီးအား ခစား၏။ ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် "သုခမိန်။ ငါ၏ဆရာပရိဗိုဇ်မကို တွေ့မြင်ဖူး၏လော"ဟု မေး၏။ မဟောသဓသုခမိန်လည်း "အရှင်မင်းကြီး။ ယမန်နေ့ ဆွမ်းစားပြီး၍ နန်းတော်မှထွက်လာသောအခါ အကျွန်ုပ် နန်းတော်သို့အဝင်တွင် တွေ့မြင်လိုက်ရ ပါသည်"ဟု လျှောက်၏။

မင်းကြီးလည်း "သုခမိန်။ ပရိဗိုဇ်မနှင့် စကား ပြောဆိုလိုက်ရပါ၏လော"ဟု မေး၏။ မဟောသဓသုခမိန်လည်း "အရှင်မင်းကြီး။ စကားမူကား မပြောလိုက်ရပါ။ ပရိဗိုဇ်မသည် အကျွန်ုပ်အား ဤသို့သောအနက်ကို မေးလိုသဖြင့် လက်ဝါးပြလျှင် အကျွန်ုပ်လည်း ထိုအနက်ကိုသိ၍ ဤသို့သောအလိုဖြင့် လက်ဆုပ်ပြလျက်ဖြေ၏။ တစ်ဖန် ဤသို့သောအနက်ကို မေးလို၍ ဦးခေါင်းကို မိမိလက်ဖြင့်သုံးသပ်ပြန်လျှင် အကျွန်ုပ်လည်း ထိုပြဿနာ အနက်ကိုသိ၍ ဤသို့သောအလိုဖြင့် ဝမ်းကိုသုံးသပ်လျက် ဖြေ၏။ ဤသို့ ပြဿနာကို နှုတ်မမြွက်ဘဲ ဖြေပြီးလျှင် အကျွန်ုပ် နန်းတော်သို့ဝင်ခဲ့ပါသည်။ စကား မပြောလိုက်ရပါ"ဟု ဘေရိပရိဗိုဇ်မ ထွက်ဆိုသည့်အတိုင်း စကားအလုံးစုံကို မင်းကြီးအား လျှောက်ကြား၏။

ထိုအခါ စူဠနီဗြဟ္မဒတ်မင်းသည် အလွန် ယုံကြည်လေးမြတ်ခြင်းရှိသည်ဖြစ်၍ ထိုနေ့၌ပင်လျှင် ဘုရားလောင်းအား စစ်သူကြီးအရာကိုပေး၍၊ အလုံးစုံသော ပြည်ထဲရေးကိစ္စ အမှုဟူသမျှကို အပ်နှင်းလေ၏။

ထိုနေ့မှစ၍ မဟောသဓသုခမိန်အား များစွာသော စည်းစိမ်ချမ်းသာ အခြံအရံ တိုးတက်ပြန့်ပွားခြင်းသို့ ရောက်သဖြင့် မင်းကြီးစည်းစိမ်ဟူ၍ အခြားမရှိ ဖြစ်လေ၏။ မဟောသဓသုခမိန်သည်လည်း မိမိအား အချီးအမြှောက် ကြီးလွန်းသောကြောင့် ဤသို့ကြံ၏။

'ဤမင်းကြီးသည် မိမိထီးနန်းစည်းစိမ်ကိုသာချန်၍ အလုံးစုံသော ပြည်ထဲရေးကိစ္စဟူသမျှတို့ကို တစ်နေ့ချင်းဖြင့်ပင်လျှင် ငါ့အား အပ်နှင်းတော်မူ၏။ ထိုသို့ အပ်နှင်းခြင်းသည် ငါ့အား သဘောအားဖြင့် ချီးမြှောက်လို၍ပင် ဖြစ်မည်၊ သတ်လို၍ပင် ဖြစ်မည်ကို မသိနိုင်။ မင်းတို့မည်သည်လည်း လျှို့ဝှက်အပ်သော အကြံအစည်သာ များခြင်းကြောင့် သတ်လိုသည်ဖြစ်၍လည်း များစွာသောစည်းစိမ်ဖြင့် ချီးမြှောက်တတ်၏။ ထို့ကြောင့် မင်းကြီး၏နှလုံးသွင်းကို သိရအောင် ငါစုံစမ်းအံ့။

'မင်းကြီးနှလုံးသွင်းကို သိရအောင် ပြုခြင်း၌လည်း တစ်ပါးသောသူတို့သည် မစွမ်းနိုင်ရာ။ ဘေရိပရိဗိုဇ်မသည်ကား အဆင်အခြင် သတိပညာနှင့် ပြည့်စုံ၏။ ဥပါယ်တံမျဉ်၌လည်း လိမ္မာ၏။ မင်းနှင့်လည်း အကျွမ်းဝင်၏။ ယင်းသို့ဖြစ်သောကြောင့် ဘေရိပရိဗိုဇ်မသည်သာ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ်ဖြင့် မင်းကြီးနှလုံးသွင်းကိုသိအောင် ပြုနိုင်ရာ၏'ဟု ကြံပြီးလျှင်၊ နံ့သာ, ပန်း အစရှိသော များစွာကုန်သော လှူဖွယ်ဝတ္ထုတို့ကို ယူလျက် ဘေရိပရိဗိုဇ်မကျောင်းသို့ သွား၍၊ ပရိဗိုဇ်မအား လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ပြီးသော် ရှိခိုးလျက်

"အရှင်မ။ အကျွန်ုပ်အား မင်းကြီးသည် အကျွန်ုပ်ဂုဏ်ကို ချီးမွမ်း၍ အရှင်မ ပြောဆိုသည့်နေ့မှစ၍ အလုံးစုံသော ပြည်ထဲရေးကိစ္စဟူသမျှကို အပ်နှင်းလျက် များစွာသော စည်းစိမ်းခြံအရံဖြင့် ချီးမြှောက်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချီးမြှောက်တော်မူခြင်းသည် သဘောအားဖြင့်ပင် ချီးမြှောက်သည်ဖြစ်မည်။ နှလုံးအထူးရှိ၍ မင်းတို့၏ ဝတ်ကျေရုံမျှသာ ချီးမြှောက်ခြင်းဖြစ်မည်ကို အကျွန်ုပ် မသိနိုင်ပါ။ အရှင်မသည်သာလျှင် မင်းကြီး၏နှလုံးသွင်းကို သိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အား သနားသဖြင့် မင်းကြီး၏စိတ်ကိုသိရအောင် စုံစမ်းတော်မူပါ"ဟု လျှောက်ဆို၏။ ပရိဗိုဇ်မလည်း "သုခမိန်။ ကောင်းပြီ။ နက်ဖြန် သိအောင် စုံစမ်းအံ့"ဟု ဝန်ခံလိုက်၏။ မဟောသဓသုခမိန်သည်လည်း ပရိဗိုဇ်မဝန်ခံပြီးလျှင် ပရိဗိုဇ်မအားရှိခိုး၍ မိမိအိမ်သို့ ပြန်သွားလေ၏။

နက်ဖြန်မိုးသောက်လတ်သော် ဘေရီပရိဗိုဇ်မသည် ဤသို့ကြံ၏။

'မဟောသဓာသုခမိန်အား မင်းကြီးသည် ကောင်းသော နှလုံးသွင်းခြင်းဖြစ်မည်။ မကောင်းသော နှလုံးသွင်းခြင်း ဖြစ်မည်ကို မင်းကြီးအား တိုက်ရိုက်မေး၍ မလျှောက်ပတ်။ ဥပါယ်တံမျဉ်ဖြင့်ကြံ၍ ဒကရက္ခသ[၁]ပြဿနာကို ငါမေးအံ့။ ထိုပြဿနာကိုလည်း ပရိသတ်အလယ်၌မေးချေသော် မင်းကြီးသည် မဟောသဓသုခမိန်အား ကောင်းသောနှလုံးသွင်းခြင်းရှိမူကား အလွန်လျှောက်ပတ်၏။ မကောင်းသောနှလုံးသွင်းခြင်း ရှိခဲ့လျှင်လည်း ပရိသတ်အလယ်၌ ထိုအံကြောင်းကို ဆိုသဖြင့် မလျှောက်ပတ်ဘဲ ရှိပြန်တော့မည်။ ထို့ကြောင့် သင့်တင့်ရာအရပ်၌ မင်းကြီးကို ခေါ်၍ ထိုပြဿနာကို မေးအံ့'ဟု ကြံပြီးသော် နန်းတော်သို့ သွား၍ ဆွမ်းစားခြင်းကိစ္စပြီးလျှင် မင်းကြီးကိုခေါ်၍၊

"မင်းကြီး။ ယခု တစ်ခုသောစကားကို ငါ ပြောဆိုချင်သည်ဖြစ်၍ မင်းကြီးမှတစ်ပါး လူမရှိဘဲ ဆိတ်ညံခြင်းကို လိုပါသည်"ဟုဆို၏။ ပရိဗိုဇ်မစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ခပ်သိမ်းကုန်သော အခြံအရံ,မှူးမတ်, ကိုယ်လုပ်မောင်းမတို့ကို ဖယ်ခွာ၍ လွတ်ရာနေစေ၏။ ထိုအခါ ပရိဗိုဇ်မသည် "မင်းကြီး။ သင့်အား တစ်ခုသော ပြဿနာကို ငါ မေးအံ့"ဟု ဆို၏။ မင်းကြီးသည်လည်း "အရှင်မ။ မေးတော်မူလော့။ အကျွန်ုပ်သိလျှင်လည်း ဖြေလျှောက်ရတော့မည်"ဟု ဆို၏။

ပရိဗိုဇ်မသည် ရေစောင့်ဘီလူးပြဿနာကို မေးလို၍ ရှေးဦးစွာ–

'သစေ ဝေါ ဝုယှမာနာနံ၊ သတ္တန္နံ ဥဒကဏ္ဏဝေ။

မနုဿဗလိ မေသာနော၊ နာဝံ ဂဏှေယျ ရက္ခသော။ ။

'အနုပုဗ္ဗံ ကထံ ဒိတွာ၊ မုဉ္စေသိ ဒကရက္ခသာ။ ။'ဟူသော ၁ ဂါထာခွဲဖြင့် ဆို၏။

အနက်ကား။ ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဥဒကဏ္ဏဝေ၊ အပြောကျယ်စွာသော မဟာသမုဒ္ဒရာ၌။ ဝုယှမာနာနံ၊ မျောလေကုန်ထသော။ သတ္တန္နံ ၊ ၇ ယောက်ကုန်သော။ ဝေါ–တုမှာကံ၊ သင်တို့အား။ မနုဿဗလိမေ သာနော၊ လူသားကို ရှာသော။ ရက္ခသော၊ ရက္ခိုသ်ဘီလူးသည်။ နာဝံ၊ သင်တို့စီးသော လှေကို။ ဂဏှေယျ၊ကိုင်ရာ၏။ အနုပုဗ္ဗံ၊ အစဉ်အတိုင်း။ ကထံ၊ အဘယ်သူကို၊ ဒတွာ၊ ပေး၍။ ဒကရက္ခသာ၊ ရေစောင့် ဘီလူးမှ။ တွံ၊သင်သည်။ မုဉ္စေသိ၊ လွတ်စေရာမည်နည်း။ အဓိပ္ပာယ်ကား–

"မင်းကြီး။ မယ်တော် စလာကဒေဝီ, မိဖုရားကြီးနန္ဒာဒေဝီ, ညီတော် တိခိဏမန္တီမင်းသား, မင်းကြီးနှင့် ရောင့်ရဲဖက်သူငယ်ဖော်ဖြစ်သော စားတော်ကဲသား ဓနုသေခ, ကေဝဋ္ဋ ပုရောဟိတ်, မဟောသဓ၊ ဤ ၆ ယောက်သားတို့နှင့် မင်းကြီးသည် အပြောကျယ်စွာသောမဟာသမုဒ္ဒရာ၌ လှေသဘောဖြင့် မျောပါလေသည်ရှိသော် မဟာသမုဒ္ဒရာထဲ၌ ရေစောင့်ဘီလူးသည် လူသားကို ရှာလျက်နေသဖြင့် မင်းကြီးတို့ ၇ ယောက်ကိုတွေ့မြင်လျှင် ရေထဲမှ လျင်စွာထွက်၍ မင်းကြီးတို့လှေကို မြဲစွာဖမ်းကိုင်ပြီးသော် 'မင်းကြီး။ သင့်တွင်ပါသော ဤသူ ၆ ယောက်တို့ကို အစဉ်အတိုင်း ငါ့အားပေးလော့။ ထိုသို့ပေးလျှင် သင့်ကို လွှတ်မည်'ဟု ဆိုငြားအံ့။ ထို

www.burmeseclassic.com



၆ ယောက်တို့တွင် အဘယ်သူကို ရှေးဦးစွာပေး၍ ရေစောင့်ဘီလူးဘေးမှ လွတ်စေမည်နည်း။ ဤပြဿနာ၏ အနက်ကို မင်းကြီးသဘောသက်တိုင်း ဆိုလော့”ဟုမေး၏။

ထိုစကားကိုကြားလျှင် စူဠနိဗြဟ္မဒတ်မင်းသည် မိမိသဘောအတိုင်းဆိုလိုသောကြောင့်-

‘မာတရံ ပဌမံ ဒဇ္ဇံ၊ ဘရိယံ ဒတွာန ဘာတရံ။

တတော သဟာယံ ဒတွာန၊ ပဉ္စမံ ဒဇ္ဇံ ဗြာဟ္မဏံ။ ။

‘ဆဋ္ဌာဟံ ဒဇ္ဇမတ္တာနံ၊ နေဝ ဒဇ္ဇံ မဟောသဓံ။ ။’ဟူသော ၁ ဂါထာခွဲဖြင့်ဆို၏။

အယျေ၊ အရှင်မ။ ပဌမံ၊ ရှေးဦးစွာ။ မာတရံ၊ မယ်တော်ကို။ ဒဇ္ဇံ၊ ပေးအံ့။ တတော၊ ထိုနောက်မှ။ ဘရိယံ၊ မိဖုရားကြီးကို ။ ဒတွာန၊ ပေးပြီး၍ ။ တတော၊ ယိုနောက်မှ။ ဘာတရံ၊ ညီတော်ကို။ ဒဇ္ဇံ၊ ပေးအံ့။ တတော၊ ထိုနောက်မှ။ သဟာယံ၊ သူငယ်ချင်းကို။ ဒတွာန၊ ပေးပြီး၍ ။ ပဉ္စမံ၊ ၅ ကြိမ်မြောက်၌။ ဗြာဟ္မဏံ ကေဝဋ္ဋပုဏ္ဏားကို။ ဒဇ္ဇံ၊ ပေးအံ့။ တတော၊ ထိုနောက်မှ ။ အဟံ၊ အကျွန်ုပ်သည်။ ဆဋ္ဌံ၊ ၆ ကြိမ်မြောက်၌။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒဇ္ဇံ၊ ပေးအံ့။ မဟောသဓံ၊ မဟောသဓကို။ နေဝဒဇ္ဇံ ၊ မပေး။ အဓိပ္ပာယ်ကား-

“အရှင်မ။ ယင်းသို့ ဒကရက္ခိသ်ဘီလူး တောင်းပြားအံ့။ ရှေးဦးစွာ မယ်တော်ကို ပေးမည်။ ထို့နောက် မိဖုရားကြီး နန္ဒာဒေဝီကို ပေးပါမည်။ ထို့နောက် ၃ ကြိမ်မြောက်၌ ညီတော် တိခိဏမန္တီကို ပေးပါမည်။ ထို့နောက် ၄ ကြိမ်မြောက်၌ သူငယ်တော် ဓနုသေခကို ပေးပါမည်။ ထို့နောက် ၅ ကြိမ်မြောက်၌ ပုရောဟိတ် အမတ်ကြီးဖြစ်သော ကေဝဋ်ကို ပေးပါမည်။ထို့နောက် ၆ ကြိမ်မြောက်၌ကား အကျွန်ုပ်သည် ပုဆိုးကို မြဲမြံစွာ ခါးတောင်းကျိုက်ပြီးလျှင် ဤပြည်စည်းစိမ်ကို မရေတွက်ဘဲ’ရေစောင့်ဘီလူး။ သင့်ခံတွင်း ဖွင့်လော့။ ယခုပင် ငါ ဆင်းအံ့’ဟုဆိုလျက် ဘီလူးခံတွင်းသို့ဆင်းဝင်၍ အကျွန်ုပ်ကိုပင် စားစေအံ့။ အကျွန်ုပ် အသက်ရှင်စဉ် ရေစောင့်ဘီလူးအား မဟောသဓသုခမိန်ကို မပေးလိုပါ”ဟုဆို၏။

ဤသို့ စူဠနိဗြဟ္မဒတ်မင်းသည် ရေစောင့်ဘီလူးပြဿနာကို ဖြေဆိုလျှင် ဘေရိပရိဗိုဇ်မသည် ‘ဤမင်းကြီးအား မဟောသဓသုခမိန်၌ ကောင်းသော နှလုံးသွင်းခြင်းရှိသည်ကို သိရပါပြီ။ ယင်းသို့ သိရသော်လည်း ဤမျှလောက်ဖြင့် မဟောသဓသုခမိန်၏ဂုဏ်သည် မထင်ရှားသေး။ ထင်ရှားအောင် ငါပြုအံ့။ အဘယ်သို့ ပြုရသော် ကောင်းအံ့နည်းဟူမူ ငါသည် ပရိသတ်အလယ်၌ ထိုပြဿာနာကိုပင် မေးဦး၍ ထို ၅ ယောက်သော သူတို့၏ဂုဏ်ကို ဖော်ပြအံ့။ မင်းသည်လည်း မိမိမယ်တော် အစရှိသော ၅ ယောက်သားတို့၏ ကျေးဇူးမဲ့ကို ပရိသတ်အလယ်၌ဆို၍ မဟောသဓသုခမိန်၏ဂုဏ်ကို ချီးမွမ်းလတ္တံ့။ ထိုသို့ ပရိသတ်အလယ်၌ ချီးမွမ်းသည်ရှိသော် ကောင်းကင်၌ အပြစ်ကင်းသော လပြည့်ဝန်းကဲ့သို့ မဟောသဓသုခမိန်သည် ဤလူ့ပြည်၌ ထင်ရှားစွာ ဖြစ်လတ္တံ့’ဟု ကြံပြီးလျှင် “မင်းကြီး။ နန်းတွင်းသူနန်းတွင်းသားအပေါင်းတို့ကို ယခု စည်းဝေးစေလော့”ဟု ဆို၏။

မင်းကြီးသည်လည်း ပရိဗိုဇ်မဆိုတိုင်း အလုံးစုံသော နန်းတွင်းသူ, နန်းတွင်းသားအပေါင်းတို့ကို စည်းဝေးစေ၏။ ထိုအခါ ပရိဗိုဇ်မသည် ပရိသတ်တို့၏အလယ်၌ ထိုပြဿနာကိုပင်လျှင် မင်းကြီးအား မေးပြန်၏။ မင်းကြီးသည်လည်း ရှေးနည်းအတူပင် ဖြေပြန်၏။

ထိုအခါ ပရိဗိုဇ်မသည် ဤသို့ ဆို၏။ “မင်းကြီး။ ရေစောင့်ဘီလူးအား ရှေးဦးစွာ မယ်တော်ကို ပေးမည်ဟူ၍ မင်းကြီးဆိုသည်မှာ ခပ်သိမ်းသောသူတို့၌ အမိ၏ကျေးဇူးကို ဆပ်၍ မပြေနိုင်ရာ။ အမိတို့၏ ကျေးဇူးသည်ကား သားသမီးတို့အား အလွန်ကြီး၏။ သင်၏အမိမူကား သူတစ်ပါးတို့၏အမိကဲ့သို့မျှ မဟုတ်သေး။ သူတစ်ပါးတို့၏ အမိထက်သာ၍ သင့်အား ကျေးဇူးကြီးလေသေးသည်”ဟု ပြလို၍ ‘ပေါသိတာ တော ဇနေတ္တိစ’ အစရှိသော ၂ ဂါထာ တို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

www.burmeseclassic.com



"မင်းကြီး။ သင်၏အမိသည် သင့်ကို အငယ်ကပင်လျှင် တစ်နေ့တည်း၌ ၂ ကြိမ်, ၃ ကြိမ် ရေချိုးခြင်း၊ နံ့သာလိမ်းခြင်း၊ နို့တိုက်ခြင်း၊ ထမင်းကျွေးမွေးခြင်းတို့ဖြင့် နေ့ညဥ့်ရှည်စွာ ပြုစုကျွေးမွေးပေ၏။ ဤမျှသော ကျေးဇူးသာလည်း မဟုတ်သေး။ ဆမ္ဘိပုဏ္ဏားသည် သင့်ကိုပယ်ဖျောက်မည် ကြံသောအခါလည်း သင်၏ မယ်တော်သည် အကျိုးအပြစ်ကိုမြင်တတ်သော ပညာရှိမိန်းမ ဖြစ်သည်နှင့်အညီ သင်နှင့်တူစွာ အရုပ်ပြု၍ ဖျောက်ပယ်ယောင်ပြုလျက် သင့်ကို ဘေးအန္တရာယ်မှ လွတ်စေ၏။ ထိုသို့ ကျေးဇူးအထူးတင်ပေသဖြင့် သင့်ကို ၁၀ လပတ်လုံး ဝမ်း၌လွယ်ပိုက်၍ ရင်၌သာလျှင်ကြီးရသော ကျေးဇူးရှင်ဖြစ်ပေလျက် အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ရှေးဦးစွာပေးမည် ဆိုဘိသနည်း"ဟု မေး၏။

ဤစကား၌ ဆမ္ဘိပုဏ္ဏားသည် အဘယ်သို့ စူဠနီဗြဟ္မဒတ်မင်းကို ပြစ်မှားမည်ကြံသနည်း ဟူမူကား ဤစူဠနီဗြဟ္မဒတ်မင်း၏ ခမည်းတော်သည်ကား မဟာစူဠနီအမည်ရှိ၏။ စူဠနီဗြဟ္မဒတ်မင်း၏ မယ်တော် စလာကဒေဝီသည် စူဠနီဗြဟ္မဒတ်မင်း ငယ်စဉ်အခါကပင် ဆမ္ဘိပုဏ္ဏားနှင့်မှားယွင်း၍ မဟာစူဠနီမင်းကြီးကို စားတော်ထမင်း၌ အဆိပ်ခတ်သဖြင့်သတ်ပြီးသော်၊ ထို ဆမ္ဘိပုဏ္ဏားကို ထီးနန်းနှင်းလျက် မိမိလည်း မိဖုရားကြီးအရာဖြင့်ပင် စိုးစံကြ၏။ တစ်နေ့သ၌ စူဠနီဗြဟ္မဒတ်မင်းသားသည် "မိခင်။ အကျွန်ုပ်သည် အလွန် ဆာမွတ်၏။ တစ်စုံတစ်ခု ခဲဖွယ်စားဖွယ်ကို ပေးပါလော့"ဟု တောင်းလျှင် မယ်တော် စလာကဒေဝီသည် သကာ, ထန်းလျက်ဖြင့်လုပ်အပ်သော ခဲဖွယ်ကို စူဠနီဗြဟ္မဒတ်မင်းသားအား ပေး၏။

မင်းသားသည်လည်း ထိုခဲဖွယ်ကို စားလျက်နေလတ်သော် ချိုသောအရသာ, အနံ့ဖြင့် ယင်တို့သည် လာလုတ်၍ မိမိကိုယ်ကို အုံကြကုန်၏။ မင်းသားသည် ယင်မအုံစိမ့်သောငှာ လက်၌ရှိသောခဲဖွယ်ကို အတန်ငယ်ဖဲ့ခွဲ၍ ကြမ်း၌ အစုစုအပေါက်ပေါက်ချပုံပြီးလျှင် လက်၌အုံသောယင်တို့ကို လက်ဖြင့် ပုတ်ခတ်၍ ပျံစေ၏။ ယင်အပေါင်းတို့သည်လည်း မင်းသားလက်၌ မအုံဘဲ ထိုကြမ်း၌ပုံသော ခဲဖွယ်ပေါက်တို့၌သာလျှင် အုံကြကုန်၏။ မင်းသားလည်း ထိုမင်းရင်ပြင်၌ ခဲဖွယ်ကိုစားပြီးလျှင် လက်, ခံတွင်းတို့ကိုဆေး၍ မိမိလိုရာသို့ သွားလေ၏။

ဆမ္ဘိပုဏ္ဏားသည် ဤသို့သော မင်းသား၏အမူအရာကိုမြင်လျှင် 'ဤမင်းသားကား ယခုအရွယ်ကပင် မိမိလက်၌ ယင်ကိုမျှမနားစေရဘဲ ခဲဖွယ်ကို စား၏။ နောင် အရွယ်ရောက်လတ်သော်ကား ဤထီးနန်းစည်းစိမ်ကို ငါ့အား မပေးလတ္တံ့။ ထို့ကြောင့် ဤသတို့သားကို ယခုကဖျောက်ဖျက်မှ ရန်ငြိမ်းအံ့သည်'ဟု ကြံပြီးလျှင် ထိုအကြောင်းကို စလာကဒေဝီမိဖုရားအား တိုင်ပင်ပြောဆို၏။

စလာကဒေဝီသည်လည်း ဆမ္ဘိပုဏ္ဏားစကားကို ကြားလျှင် "အရှင်မင်းကြီး။ ထိုသို့တပြီးကား သားပင် ဖြစ်သော်လည်း ချစ်စွာသောလင်၏ ရန်သူကိုထား၍ အကျိုးမရှိ။ သူတစ်ပါးမသိရအောင် ထို စူဠနီဗြဟ္မဒတ် မင်းသားကို ကျွန်ုပ် ဖျောက်ဖျက်ပါအံ့"ဟု ပုဏ္ဏားအားလှည့်စားပြီးသော်၊ ပုဏ္ဏားလည်း "ကောင်းပြီ။ ဖျောက်ဖျက်လေ"ဟု ဆိုပြီးလျှင် စလာကဒေဝီသည် ဥပါယ်တံမျဉ်၌လိမ္မာသော ပညာရှိသည်ဖြစ်၍ တစ်ခုသော ဥပါယ်တံမျဉ်ကိုကြံပြီးမှ စားတော်ကဲကို ခေါ်၍-

"အမောင်စားတော်ကဲ။ ငါ့သား စူဠနီဗြဟ္မဒတ်မင်းသားသည် သင့်သားခနုသေခနှင့် တစ်နေ့တည်း ဖွားဖက်လည်း ဖြစ်၏။ အလွန်ချစ်ခင်ကြသော သူငယ်ချင်းကစားဖက်လည်း ဖြစ်၏။ ယခု ငါ့သားကို ဆမ္ဘိပုဏ္ဏားသည် သတ်မည်အကြံရှိ၍ ငါ့အား အာဏာထားဘိ၏။ ထို့ကြောင့် ငါ၏ အလိုသို့လိုက်သဖြင့် ငါ့သား၏အသက်ကို သင် ပေးပါလော့"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



စားတော်ကဲလည်း "အရှင်မိဖုရား။ ကောင်းပြီ။ အလိုတော်သို့ အကျွန်ုပ် လိုက်ပါအံ့"ဟု ဆိုလျှင် စလာကဒေဝီသည် "အမောင်စားတော်ကဲ။ ထိုသို့တပြီးကား ငါ့သား စူဠနီဗြဟ္မဒတ်မင်းသားကို သင်၏အိမ်သို့ခေါ်၍ သင့်သားမနေသောခနှင့် အတူနေစေလျက် သူတစ်ပါးကို ယုံမှားမရှိစေခြင်းငှာ ၂ ရက်, ၃ ရက်ခန့် စဖိုထဲမှာ အိပ်စေ၍၊ ဤစဖိုအိမ်၌ မနေသောခနှင့်အတူ မင်းသားအိပ်သည်ဟု အများအပြားသိကြသောအခါမှ သင်သည် ထိုစဖိုအိမ်၌ ဆိတ်ရိုးတို့ကိုစုထားပြီးလျှင် သူခပ်သိမ်းတို့အိပ်ပျော်စဉ် ညဥ့်အခါမှ စဖိုအိမ်ကိုမီးတိုက်၍ တစ်စုံတစ်ယောက်မျှမသိစေဘဲ သင့်သားနှင့် ငါ့သား စူဠနီဗြဟ္မဒတ်မင်းသားကိုခေါ်လျက် မင်္ဂလာရှိသော တံခါးဖြင့်ထွက်၍ တစ်တိုင်းတစ်နိုင်ငံသို့ သွားလေလော့။

"ထို တစ်ပါးတိုင်းနိုင်ငံသို့ ရောက်သောအခါ၌လည်း ငါ့သား စူဠနီဗြဟ္မဒတ်မင်းသားကို မင်းသားဖြစ်သည် ဟူ၍ မပြောမဆိုလေနှင့်။ သင်၏သား ဟူ၍သာဆိုလျက် ငါ့သား၏အသက်ကို သင် စောင့်ရှောက်ပါလေ"ဟုဆို၏။ စားတော်ကဲသည်လည်း "အရှင်မိဖုရား။ ကောင်းပါပြီ"ဟု ဝန်ခံ၏။

ထိုအခါ စလာကဒေဝီသည် စားတော်ကဲအား အသုံးအဆောင်အလို့ငှာ ရွှေ,ငွေ ဥစ္စာနှစ်တို့ကို ပေးလိုက်၏။ စားတော်ကဲသည်လည်း မိဖုရားဆိုတိုင်း အလုံးစုံကိုပြုပြီးလျှင် မိမိသား မနေသောခနှင့် စူဠနီဗြဟ္မဒတ်မင်းသားကို ခေါ်၍ မဒ္ဒရာဇ်တိုင်း သာဂလပြည်သို့ ထွက်ပြေးသဖြင့် ထိုပြည်သို့ရောက်သောအခါ မင်းကြီးထံ ခစားလေ၏။ သာဂလမင်းကြီးသည်လည်း ယုံကြည်မြတ်နိုးခြင်းဖြစ်သဖြင့် စားတော်ကဲဟောင်းကိုချ၍ စူဠနီဗြဟ္မဒတ်မင်း၏ အထိန်းတော်ကို စားတော်ကဲအရာ၌ထား၍ နေ့တိုင်းလျှင် မင်းကြီးထံ ခစားလေ၏။ သူငယ် ၂ ယောက်တို့လည်း စားတော်ကဲနှင့်အတူ နေ့တိုင်း နန်းတော်သို့ လိုက်ကြကုန်၏။

တစ်နေ့သ၌ "သာဂလမင်းကြီးသည်သူငယ် ၂ ယောက်ကိုမြင်လျှင် စားတော်ကဲအား ဤသူငယ် ၂ ယောက်ကား အသူ့သားနည်း"ဟု မေး၏။ စားတော်ကဲလည်း "အရှင်မင်းကြီး။ ဤသူငယ် ၂ ယောက်တို့ကား အကျွန်ုပ်သားချည်းပင် ဖြစ်ပါသည်"ဟု လျှောက်၏။ မင်းကြီးလည်း "သင့်သားချည်းပင် ဟူသော် ထိုသူငယ် ၂ ယောက်တို့သည် အသွင် မတူကြတကား"ဟု ဆိုလျှင်၊ စားတော်ကဲလည်း "အရှင်မင်းကြီး။ အမိခြားသောကြောင့် မတူပါသည်"ဟု လျှောက်၏။ မင်းကြီးလည်း စားတော်ကဲစကားကို ယုံကြည်သဖြင့် "ထိုသို့တပြီးကား သင့်သား ၂ ယောက်ကို ဤ ငါ၏နန်းတော်သို့ဝင်၍ နေ့တိုင်းမပြတ် ခစားစေ"ဟုဆို၏။

သူငယ် ၂ ယောက်တို့သည်လည်း တစ်နေ့မပြတ် နန်းတော်သို့ဝင်၍ ကစားကြသဖြင့် အကျွမ်းဝင်လတ်သော် နန်းတော်၌ မင်းကြီးသမီးတော်နှင့် အတူပင်လျှင် ကစားရကုန်၏။ ထိုအခါ စူဠနီဗြဟ္မဒတ် မင်းသားနှင့် မဒ္ဒရာဇ်မင်းသမီးတို့သည် မပြတ်တွေ့မြင်ရခြင်းကြောင့် အရွယ်လည်း ရောက်ဦးစဖြစ်ကြသည်နှင့် အချစ်ချင်းယှက်ကူး၍ ၂ ဦးလုံး စိတ်ထဲရောက်ကြလေ၏။

ထိုနန်းတော်တွင်း၌ စူဠနီဗြဟ္မဒတ်မင်းသားသည် ကျင်ကစားသည်ရှိသော် မဒ္ဒရာဇ် မင်းသမီးကိုသာလျှင် ကျင်ကို ကောက်စေ၏။ ကျည်းသားကစားသည်ရှိသော် ကျည်းသားကို ကောက်စေ၏။ 'ကောက်ချေ'စေ၍ မကောက်နေလျှင် စူဠနီဗြဟ္မဒတ်မင်းသားသည် မင်းသမီး၏ထိပ်ကို လက်ဝါးဖြင့် ပုတ်၏။ မင်းသမီးသည်လည်း ငို၍သာလျှင် နေ၏။ တစ်ခွန်းမျှ ပြန်လှန်၍ မဆို။ မင်းသမီးငိုသံကိုကြား၍ မင်းသမီးအထိန်းတော်တို့ မေးလျှင်လည်း 'ဤသူငယ် ငါ့ထိပ်ကို ပုတ်သည်'ဟုပြောချေလျှင်၊ 'ငါ့ကြောင့် ထိုသူငယ် မင်းဒဏ် သင့်လေတော့မည်'ဟု မိမိနှင့်ထပ်တူ ချစ်ခြင်းရှိသည်ဖြစ်၍ 'အဘယ်သူမျှ ငါ့ကို မပုတ်မခတ်ပေ။ ငါ၏အလိုအလျောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဤမည်သော တုတ်, အုတ်, ခလုတ်, ဆူး, ခြောင့် ထိခိုက်၍ ငိုသည်'ဟု တစ်ပါးကိုသာလျှင် လွှဲဖယ်၍ ပြော၏။

ထိုအခါ တစ်နေ့သ၌ စူဠနီဗြဟ္မဒတ်မင်းသားသည် ကျင်ကစားလတ်သော် မင်းသမီးအား ကျင်ကောက်စေ၏။ မင်းသမီးလည်း အချစ်ယုံ၍ မကောက်ဘဲနေလျှင် စူဠနီဗြဟ္မဒတ်မင်းသားသည် မင်းသမီးထိပ်ကို လက်ဝါးဖြင့် ပုတ်၏။ ထိုသို့ မင်းသားပုတ်သည်ကို မဒ္ဒရာဇ်မင်းမြင်လေသော် 'ဤသူငယ်ကား စားတော်ကဲသားနှင့်မတူ။ ရှုချင်ဖွယ် တင့်တယ်သောအဆင်းလည်း ရှိ၏။ မကြောက်မရွံ့ အလွန်လည်း ရဲရင့်၏။ စားတော်ကဲသား မဟုတ်ရာ။ မျိုးကောင်းဆွေကောင်းသားပင် ဖြစ်ရာ၏'ဟု ကြံ၏။

ထိုနေ့မှစ၍လည်း မဒ္ဒရာဇ်မင်းသည် စူဠနီဗြဟ္မဒတ်မင်းသားကို အထူးသဖြင့် ကြည့်ရှုသိမ်းပိုက်၏။ တစ်နေ့သ၌ မင်းသမီး၏ အထိန်းတော်တို့သည် အချို, အချဉ်, မုန့်ခဲဖွယ်တို့ကို မင်းသမီးကစားရာ သွား၍ပေး၏။ မင်းသမီးသည် မိမိနှင့် ကစားဖော်ဖြစ်ကုန်သော သူငယ်တို့အား မုန့်ခဲဖွယ်ကို ဖဲ့၍ မိမိလက်ဖြင့်ဝေ၏။ သူငယ်အပေါင်းတို့သည် ပုဆစ်တုပ်လျက် မျက်နှာအောက်ချ၍ မုန့်ကို ခံကြရကုန်၏။ စူဠနီဗြဟ္မဒတ်မင်းသားမူကား မင်းသမီးနှင့်ယှဉ်ပြိုင်၍ ရပ်လျက်သာလျှင် မင်းသမီးလက်၌ မုန့်ကို လု၍စား၏။ ထိုသို့လု၍စားသည်ကို မဒ္ဒရာဇ်မင်းမြင်သော်လည်း မည်သို့မဆို မမြင်ယောင်သာ ပြု၍နေ၏။

တစ်နေ့သ၌ ကျင်ကစားလတ်သော် စူဠနီဗြဟ္မဒတ်မင်းသား၏ကျင်သည် မင်းကြီးအိပ်ရာအောက်သို့ ဝင်လေလျှင် စူဠနီဗြဟ္မဒတ်မင်းသားသည် 'ဤ ပဉ္စာလရာဇ်[၃၀၂]မင်း၏အိပ်ရာအောက်ကို ငါ အဘယ့်ကြောင့် လျှိုးဝင်အံ့နည်း'ဟု မင်းမာန်ဖြင့် ဝင်၍မကောက်ဘဲ ပြင်ကနေလျက် တုတ်နှင်တံ[၃၀၃]ဖြင့် ထုတ်ယူ၏။ ထိုသို့သော အမူအရာကို မဒ္ဒရာဇ်မင်းမြင်လေသော် 'ဤသူငယ်ကား စင်စစ်လျှင် စားတော်ကဲသား မဟုတ်သည် မုန်၏'ဟု နှလုံးအမြဲ စွဲယူပြီးလျှင်၊ စားတော်ကဲကိုခေါ်၍ "အချင်း။ ဤသူငယ်ကား အသူ့သားနည်း"ဟုမေး၏။ စားတော်ကဲလည်း "အရှင်မင်းကြီး။ အကျွန်ုပ်သားပင်ဖြစ်ပါသည်"ဟုလျှောက်လျှင် မဒ္ဒရာဇ်မင်းသည် "အချင်းစားတော်ကဲ။ သင်၏သား ဟုတ်သည်, မဟုတ်သည်ကို ငါ အတပ်အမှန် သိရှိပြီ။ အဘယ့်ကြောင့် ငါ့ကို လှည့်စား လျှောက်ဆိုသနည်း။ ဟုတ်မှန်တိုင်း သင် လျှောက်လော့။ အကယ်၍ ဟုတ်မှန်တိုင်း ငါ့အား မလျှောက်လျှင် သင်၏အသက်ကို ဤသန်လျက်သွားတွင် ကုန်စေအံ့"ဟု ဆို၍ သန်လျက်ဖြင့် မိုး၏။

ထိုအခါ စားတော်ကဲသည် သေအံ့သည်မှ ကြောက်လန့်သည်ဖြစ်၍ "အရှင်မင်းကြီး။ အကျွန်ုပ် ဟုတ်မှန်တိုင်း လျှောက်ပါမည်။ ဆိတ်ကွယ်ရာကိုသာ ပေးတော်မူပါလော့"ဟု လျှောက်၏။ မင်းကြီးသည်လည်း စားတော်ကဲကို ဆိတ်ကွယ်ရာခေါ်ပြီးလျှင် ထိုအကြောင်းကို မေး၏။ စားတော်ကဲလည်း "အရှင်မင်းကြီး။ အကျွန်ုပ်အား လည်းကောင်း, ထိုသူငယ်အား လည်းကောင်း ဘေးမဲ့ ပေးတော်မူပါ"ဟု လျှောက်တောင်းပန်၏။ မင်းကြီးလည်း "အချင်း။ မစိုးရိမ်နှင့်။ ဟုတ်မှန်တိုင်းသာ လျှောက်လော့"ဟု ဆိုလျှင် စားတော်ကဲသည် ပဉ္စာလရာဇ်ပြည်၌ မဟာစူဠနီ ဗြဟ္မဒတ် မင်းကြီး၏ သားတော်ဖြစ်ကြောင်း, ဤပြည်သို့ ထွက်ပြေးခဲ့ရကြောင်း အလုံးစုံကို မင်းကြီးအား လျှောက်ကြား၏။

မဒ္ဒရာဇ်မင်းကြီးသည် ထိုသို့ မင်းသားဖြစ်ကြောင်းကို ဟုတ်မှန်တိုင်းသိပြီးသော် စူဠနီဗြဟ္မဒတ်မင်းသားအား ကောင်းစွာ ပြုစုသိမ်းပိုက်၍ ၁၆ နှစ်အရွယ်ရောက်သောအခါ၌ သမီးတော်နှင့် ထိမ်းမြားလေ၏။

ပဉ္စာလရာဇ်ပြည်၌လည်း စဖိုအိမ်ကိုမီးတိုက်၍ စားတော်ကဲတို့ ထွက်ပြေးကြသောအခါ ဆမ္ဘိပုဏ္ဏားမှစ၍ ခပ်သိမ်းကုန်သော ပြည်သူပြည်သားအပေါင်းတို့သည် "ဤစားတော်ကဲအိမ်၌ စူဠနီဗြဟ္မဒတ်မင်းသားသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်၏။ စားတော်ကဲသားအဖတို့သည်လည်း အိပ်ကုန်၏။ ထို ၃ ယောက်တို့သည် မထွက်မပြေးနိုင်။ မီးလောင်ရာပါ၍ သေကြလေပြီ”ဟု တစ်မြို့လုံးအုတ်အုတ်ကျက်ကျက်ဖြစ်၏။ စလာကဒေဝီသည်လည်း ထိုစားတော်ကဲအိမ်ကို မီးလောင်စဉ်ပင်လျှင် ဆမ္မိပုဏ္ဏားထံသို့သွား၍ “အရှင်မင်းကြီး။ ယခု အကျွန်ုပ်တို့၏ နှလုံးအလို ပြည့်တော့သည်”ဟု လျှောက်ကြား၏။

ဆမ္မိပုဏ္ဏားလည်း “အဘယ်သို့ ပြည့်သနည်း”ဟု မေးလျှင်၊ “အရှင်မင်းကြီး။ ယခုအကျွန်ုပ်အိမ်ကို မီးလောင်ရာ၌ စားတော်ကဲသားအဖနှင့် အကျွန်ုပ်သား စူဠနီဗြဟ္မဒတ်မင်းသားလည်း ထိုအိမ်မှာအိပ်သဖြင့် ထို ၃ ယောက်စလုံး မီးတွင်ကျွမ်း၍ သေကြကုန်ပြီ”ဟုလျှောက်၏။ ဆမ္မိပုဏ္ဏားသည်လည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်းသို့ ရောက်လေ၏။ စလာကဒေဝီသည်လည်း ထိုစားတော်ကဲအိမ်၌ မီးကိုငြိမ်းစေပြီးလျှင် ဆိတ်ရိုးတို့ကို ဆောင်ယူစေ၍ ဆမ္မိပုဏ္ဏားအား “အရှင်မင်းကြီး။ ဤအရိုးသည် စူဠနီဗြဟ္မဒတ်မင်းသား၏ အရိုးပင်တည်း”ဟုပြ၍ သုသာန်တစပြင်၌ စွန့်ပစ်လေ၏။

ဤအကြောင်းကို ရည်၍ ဘေရီပရိဗိုဇ်မသည် “မင်းကြီး။ သူတစ်ပါးအမိကဲ့သို့မျှ မဟုတ်။ သင်၏ အမိသည် ဆိတ်ရိုးကို သင်၏အရိုးပြု၍ပင်လည်း ဆမ္မိပုဏ္ဏား၏ ပြစ်မှားခြင်းတည်းဟူသောဘေးမှ သင့်ကို လွတ်စေပေသော ကျေးဇူးရှင်တကား။ အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ရှေးဦးစွာ ပေးမည်ဆိုဘိသနည်း”ဟု မင်းကြီးအား မေးလေသတည်း။

ဘေရီပရိဗိုဇ်မစကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် “အရှင်မ။ အကျွန်ုပ်မယ်တော်သည် အရှင်မ ဆိုတိုင်းပင်လျှင် အကျွန်ုပ်အား အလွန် ကျေးဇူးကြီးပေ၏။ ယင်းသို့ ကျေးဇူးကြီးသည်ပင်ဖြစ်သော်လည်း အကျွန်ုပ် ကျေးဇူးမဲ့ကို ပြုသောအရာကား အလွန်များစွာ ရှိခဲ့၏”ဟုဆို၍၊ စလာကဒေဝီ၏ အပြစ်ကို ပြအံ့သောငှာ ‘ဒဟရာဝိယ အလင်္ကာရံ’အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

“အရှင်မ။ အကျွန်ုပ်မယ်တော်သည် အရွယ်လွန်ပြီးသည်တိုင်အောင်လည်း အပျိုအရွယ်ကဲ့သို့ မိမိနှင့် မတန်မတင့် စိန်ဖြင့်စီအပ်သော ရွှေခါးရန်းကြိုးဆင်လျက် ကိုယ်ကို အမွှေး၊ အထုံ၊ ပန်းနံ့သာတို့ဖြင့် ပြုပြင်ပြီးလျှင် အကျွန်ုပ်ခမည်းတော်၏ အမတ်ကြီးတို့သည် အကျွန်ုပ်ထံ ခစား၍နေသောအခါ ထိုအမတ်ကြီးတို့မြင်အောင် ဤနန်းတော်ဦး၌ လူးလာခတ် တောင်သွားမြောက်သွားပြု၍၊ မိမိခါးရန်ကြိုးသံဖြင့်လည်း တစ်နန်းတော်လုံး ညံညံတက်ဖြစ်၏။ မိမိစားနပ်စားပေါက်ကိုမျှ စားခြင်းငှာမထိုက်သော ဤနန်းတော် တံခါးမှူး၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲတို့ကိုခေါ်၍လည်း ထိုသူတို့နှင့် အခါအချိန်ကိုမသိ အရှည်အကြာ သူငယ်စကားကိုပြောလျက် ဣန္ဒြေပျက်အောင် ရယ်ရွှင်ခြင်းကို ပြု၍နေ၏။

“တစ်ပါးသော ထီးဆောင်းမင်းတို့ထံသို့လည်း အကျွန်ုပ်အလိုတူ ဖြစ်ဟန်စကားဖြင့် ‘ဤမည်သောပြည်ကို အစိုးရသော ဤမည်သောမင်းကြီး အကျွန်ုပ်သားတော် စူဠနီဗြဟ္မဒတ်မင်းကြီးက မယ်တော်နှစ်သက်ရာမင်းကို အောင်တမန်စေ၍ ကာမဂုဏ်စည်းစိမ်ဖြင့် စံပျော်တော်မူလေတော့ဟု အခွင့်ပေးသည်နှင့်အညီ မင်းကြီးကိုသာ အကျွန်ုပ် မြတ်နိုးခြင်းရှိသည်ဖြစ်၍ ယခု စာနှင့် တမန်စေလိုက်ပါသည်။ အတူတကွ စံပျော်ရမည့်အကြောင်း ကောင်းမြတ်သောလက်ဆောင်နှင့် လာ၍ အကျွန်ုပ်ကိုဆောင်လည့်ပါ’ဟု ရက်ကြောက်ဖွယ်စကားနှင့် အကျွန်ုပ်မသိရအောင် တမန်စေလွှတ်ခြင်းကို ပြုဘိ၏။

“ထိုမင်းတို့လည်း အကျွန်ုပ်ကို ခံညားခြင်းရှိသည်ဖြစ်၍ ‘အရှင်မိဖုရား။ အကျွန်ုပ်တို့ကား စူဠနီဗြဟ္မဒတ် မင်းကြီး၏ အခွန်သွင်းရာ ကျွန်တော်မျိုးဖြစ်ပါသည်။ အကျွန်ုပ်တို့ကား အရှင့်မယ်တော်နှင့် မထိုက်မတန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နောင် ဤစကားကို တမန် မစေလွှတ်လိုက်ပါနှင့်။ အကျွန်ုပ်တို့ မဝံ့ပါ'ဟု စာနှင့် တမန်စေလွှတ်လိုက် ပြန်ကုန်၏။ ထိုတမန်တို့သည် မူးမတ်ပရိသတ်အလယ်၌ ထိုစာကိုဖတ်သည်ရှိသော် အကျွန်ုပ်ဦးခေါင်းကို ၁၆ စိတ်ခွဲဘိသကဲ့သို့ အလွန်ဆင်းရဲခြင်း ဖြစ်ရ၏။ ထိုသို့သောအပြစ်ကြောင့် တင်ပေဖူးသောကျေးဇူးကို မရေမတွက်နိုင်။ ရေစောင့်ဘီလူးအား မယ်တော်ကိုပင် ရှေးဦးစွာပေးရတော့မည်"ဟု ဆို၏။

မင်းကြီးစကားကိုကြားလျှင် ဘေရီပရိဗိုဇ်မသည် "မင်းကြီး။ ယင်းသို့သော အပြစ်ကြောင့် ရေစောင့် ဘီလူးအား မယ်တော်ကိုပေးမည်ဟူသော် ပေးတန်စေ။ မိဖုရားကြီး နန္ဒာဒေဝီကိုမူကား အဘယ့်ကြောင့် ပေးမည် ဆိုဘိသနည်း။ နန္ဒာဒေဝီ မိဖုရားကြီးသည် သင့်အား များစွာသောကျေးဇူး ရှိပေသည်မဟုတ်လော" ဟု ဆို၍ နန္ဒာဒေဝီ မိဖုရားကြီး၏ ဂုဏ်ကို ပြအံ့သောငှာ-'ဒဠ္ဟာ ဂုမ္ဗဿ ပဝရာ' အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"မင်းကြီး။ နန္ဒာဒေဝီ မိဖုရားကြီးသည် ခပ်သိမ်းသောမိန်းမတကာတို့ထက် မြတ်သော မိဖုရားကြီးလည်း ဖြစ်၏။ ချစ်ဖွယ်သော စကားကိုလည်း ဆိုတတ်၏။ အထက်မဒ္ဒရာဇ်ပြည်၌နေစဉ် ငယ်သော အခါကပင်လည်း မိဘဂုဏ်ကိုစွဲ၍ အမျက်မာန်မပြုဘဲ မင်းကြီးညှဉ်းဆဲသော်လည်း ချစ်သောအားဖြင့် မိဘတို့ကို မသိစေရဘဲ မင်းကြီး၏အပြစ်ကို ကာဆီးလျက် အရိပ်သဖွယ်ကဲ့သို့ မင်းကြီးအလိုရှိရာသို့သာ လိုက်၍ကျင့်၏။ အမျက်လည်း နည်း၏။ အကျင့်သီလလည်း ရှိ၏။ ဘုန်းပညာလက္ခဏာကောင်း ဟူသမျှနှင့်လည်း ပြည့်စုံ၍ ဤသို့စင်သော မိန်းမမြတ်ကို အလွန်ရခဲ၏။ ယင်းသို့ ရခဲသောမိန်းမမြတ်ဖြစ်လျက် အဘယ်အပြစ်ကြောင့် ရေစောင့်ဘီလူးအား နန္ဒာဒေဝီကို ပေးမည်ဆိုဘိသနည်း"ဟု မေး၏။

ပရိဗိုဇ်မစကားကို ကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် နန္ဒာဒေဝီ၏အပြစ်ကိုပြလို၍ 'ခိဍ္ဍာရတိ သမာပန္နံ'အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မ ။ ဤနန္ဒာဒေဝီသည် အကျွန်ုပ်အား ကျေးဇူးများသည်လည်း ဖြစ်ပေ၏။ ယင်းသို့ဖြစ်သော်လည်း ကျေးဇူးမဲ့ကို ပြုသောအရာသည်လည်း များစွာရှိခဲ့၏။ အကျွန်ုပ်သည် စည်းစိမ်ရှင်ဖြစ်၍ ပုထုဇဉ်အလျောက် တစ်ပါးသောမိဖုရားတို့အား ကာမဂုဏ်ဖြင့်မြူးထူးလျက် နှစ်သက်ချစ်ခင် ကြင်နာခြင်းဖြင့် အဝတ်တန်ဆာ, ဥစ္စာရွှေငွေတို့ဖြင့် ချီးမြှောက်ပေးကမ်းလျှင်လည်း ထိုနန္ဒာဒေဝီသည် နှစ်မြို့ခြင်း မဖြစ်၊ ဝန်တိုပိတ်ပင်တတ်၏။

"ထို မိဖုရားငယ်တို့သားသမီးများကို အကျွန်ုပ်သည် ချစ်ခင်ကြင်နာခြင်း အဝတ်တန်ဆာဆင်ပြင် ပါလျှင်လည်း နန္ဒာဒေဝီသည် မကြည်မဖြူသောစိတ်ဖြင့် ထိုသားငယ်,သမီးငယ်တို့၌ ကျွန်ုပ်ဆင်ပြင်သော အဝတ်တန်ဆာသည် ၂ ရက် ၃ ရက်မျှ မနေရ။ အကျွန်ုပ်မျက်နှာကွယ်လျှင် ထို အဝတ်တန်ဆာတို့ကို သိမ်းယူ၍ထား၏။ သားငယ်,သမီးငယ်တို့သည်လည်း ငိုကြွေးလျက်သာလျှင် အကျွန်ုပ်ဆီသို့ လာကြကုန်၏။ ဤသို့ အကျွန်ုပ်စိတ်နှလုံး မချမ်းသာအောင်ပြုတတ်သော အပြစ်ကြောင့် ရေစောင့်ဘီလူးအား နန္ဒာဒေဝီကို ပေးမည် ဆိုပေသည်"ဟု ဆို၏။

မင်းကြီးစကားကို ကြားလျှင် ဘေရီပရိဗိုဇ်မသည် "ထိုသို့သောအပြစ်တို့ကြောင့် နန္ဒာဒေဝီကို ရေစောင့်ဘီလူးအားပေးသော်လည်း ပေးတန်စေ။ ညီတော် တိခိဏမန္တီမင်းသားကိုကား အဘယ်အပြစ်ကြောင့် ရေစောင့်ဘီလူးအား ပေးမည်ဆိုဘိသနည်း။ ထိုညီတော်သည် မင်းကြီးအား ကျေးဇူးများစွာရှိပေသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လော"ဟု ဆို၏၊ တိခိဏမန္တီမင်းသား၏ ကျေးဇူးကိုပြခြင်းငှာ 'ယေနောစိတာ ဇနပဒါ'အစရှိသော ၂ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ ထက်မြက်သော ပညာအကြံအစည်ရှိသောကြောင့် တိခိဏမန္တီ အမည်ရှိသော ညီတော်မင်းသားသည် မဒ္ဒရာဇ်ပြည်၌ မင်းကြီးနေရသောအခါ ဆမ္ဗိပုဏ္ဏားကို ပယ်ရှား၍ ပြည်ထဲရေး ၄ မျက်နှာ သာယာပွင့်လင်းကြောင်းကိုလည်း ပြု၏။ မိမိထီးနန်းကို မသိမ်းမြန်းဘဲ မဒ္ဒရာဇ်ပြည်၌နေသော သင်မင်းကြီးကို များစွာသော ဗိုလ်ပါအခြံအရံနှင့် သွား၍ဆောင်ယူပြီးလျှင် ပဉ္စာလရာဇ်ပြည်၌ အဖအရိုက်အရာဖြစ်သော ထီးနန်းကို မင်းကြီးအား အပ်နှင်းပေ၏။ ထီးနန်းကိုမအပ်နှင်းမီလည်း မဒ္ဒရာဇ်ပြည်မှာ သင် နေသည်ဟုကြားလျှင် ညီတော်သည် မပြတ်ပင်လျှင် ရွှေ, ငွေ, အဝတ်တန်ဆာတို့ကို သင်ထံ ပို့ဆက်စေ၏။ သားမြီးဖျားကို မှန်အောင်ပစ်နိုင်ကုန်သော လေးသည်ကျော် သူရဲအပေါင်းတို့ထက်လည်း လွန်ကဲလျက် ဆင်စီး, မြင်းစီး, စစ်စီး, စစ်ဆင်တို့၌လည်း ကျွမ်းကျင်ရဲရင့်စွာ ဖြစ်၏။ ရန်သူ့ရန်ကြောင့်တို့နှင့် နှောင့်ယှက်ခြင်းငှာမဝံ့သော ပြည်စွယ် ပြည်သွား, ယောက်ျားကောင်းလည်း ဖြစ်ပေ၏။ ထိုသို့ ကျေးဇူးများပေသောသူဖြစ်လျက် အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ပေးမည်ဆိုဘိသနည်း"ဟု မေး၏။

ဤအရာ၌ တိခိဏမန္တီမင်းသားသည် ဆမ္ဗိပုဏ္ဏားကို အဘယ်သို့ပယ်ရှားသနည်း ဟူမူကား မယ်တော် စလာကဒေဝီသည် ဆမ္ဗိပုဏ္ဏားနှင့် အကောက်ကြံ၍ မဟာစူဠနီဗြဟ္မဒတ်မင်းကြီးကို အဆိပ်ခတ်သောထမင်းဖြင့် ပြစ်မှားသောအခါ တိခိဏမန္တီမင်းသားသည် စလာကဒေဝီမိဖုရားဝမ်း၌ ပဋိသန္ဓေနှင့်–ရှိ၏။ ဤဆမ္ဗိပုဏ္ဏား ထီးနန်းကိုသိမ်းမြန်းသောအခါမှ ဖွားမြင်သတည်း။ ဆမ္ဗိပုဏ္ဏားလည်း တိခိဏမန္တီမင်းသားကို မိမိသားအရင်းကဲ့သို့ ချစ်ခင်ခြင်းရှိ၏။ ဤ တိခိဏမန္တီမင်းသား အရွယ်ရောက်လတ်သော် 'ဤသန်လျက်ကိုစွဲမြဲလျက် ငါ့ထံ ခစားလော့'ဟု ဆို၍ သန်လျက်ကို ပေး၏။ ထို တိခိဏမန္တီမင်းသားလည်း ဆမ္ဗိပုဏ္ဏားကို 'မိမိအဖအရင်း'ဟူသော အမှတ်ဖြင့်သာလျှင် မပြတ်ခစား၏။ ထိုအခါ အမတ်တစ်ယောက်သည် မင်းသားအား 'အရှင့်သား။ ဤမင်းကား မင်းရိုးမင်းဆက် မဟုတ်။ ပုဏ္ဏားတည်း။ ဤပုဏ္ဏားသည် မယ်တော် စလာကဒေဝီဝမ်း၌ အရှင့်သားပဋိသန္ဓေနေစဉ် အရှင့်ခမည်းတော် မဟာစူဠနီဗြဟ္မဒတ်မင်းကြီးကို ပြစ်မှားပြီးလျှင် အရှင့်မယ်တော်နှင့် ထီးနန်းကို သိမ်းယူစိုးစံကြ၏။ အရှင့်သားမူကား မဟာစူဠနီဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်သည်"ဟု ဆို၏။

ထိုအမတ်စကားကို ကြားလျှင် တိခိဏမန္တီမင်းသားသည် ပုဏ္ဏားအား အမျက်ထွက်၍ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် 'ဤပုဏ္ဏားကို သုတ်သင့်အံ့'ဟုကြံပြီးသော်၊ မိမိအခြံအရံဖြစ်သော လုလင် ၂ ယောက်ကိုခေါ်စေ၍ တစ်ယောက်သောလုလင်အား မိမိလက်စွဲသန်လျက်ကို အပ်ပြီးလျှင် တစ်ယောက်သော လုလင်အား "နန်းတော်သို့ ဝင်သောအခါ သင်တို့ ၂ ယောက် တံခါး၌နေလျက် ဤသူ့လက်၌ရှိသော သန်လျက်ကို ငါ့သန်လျက်ဖြစ်သည်" ဟု သင်လုလင်ပင် ယူလော့။ သန်လျက်စွဲသူကလည်း သန်လျက်ကိုမပေးဘဲ 'ငါ့သန်လျက်ကို အဘယ့်ကြောင့် လုသနည်း'ဟု ခိုက်ရန်ငြင်းခုံခြင်းကို ပြုကြလော့" ဟုမှာထားပြီးသော် နန်းတော်သို့ ဝင်လေ၏။

ထိုသူ ၂ ယောက်တို့လည်း မင်းသားမှာထားတိုင်း ခိုက်ရန်ငြင်းခုံခြင်းကို ပြုကြကုန်၏။ ဆမ္ဗိပုဏ္ဏား သည်လည်း ထိုအသံကိုကြား၍ "နန်းတော်တံခါး၌ အဘယ်ကို ငြင်းခုံကြသနည်း"ဟု မင်းချင်း တစ်ယောက်ကို စေလွှတ်လိုက်၏။ ထိုမင်းချင်းလည်း အကြောင်းကိုသိပြီးသော် မင်းကြီးထံပြန်သွား၍ "အရှင်မင်းကြီး။



www.burmeseclassic.com

တစ်ခုသော သန်လျက်ကို သူ့သန်လျက်, ငါ့သန်လျက်ဟူ၍ လုယူကြလျက် ခိုက်ရန်ဖြစ်ကြပါ သည်”ဟု လျှောက်ကြား၏။

ဆမ္ဗုပုဏ္ဏားသည်လည်း ထိုစကားကိုကြားလျှင် “ယခုလုယက်ကြသော သန်လျက်သည် အဘယ် မင်းခယောကျ်ားစွဲသော သန်လျက်နည်း”ဟု မေး၏။ ထိုအခါ တိခိဏမန္တီမင်းသားသည် “အရှင်မင်းကြီး။ ဤသန်လျက်ကား အကျွန်ုပ်အား အရှင်မင်းကြီးသနားပေးအပ်တော်မူသော သန်လျက်ဖြစ်ပါသည်။ ဤသန်လျက်ကို အကျွန်ုပ် လုလင်တစ်ယောက်မှာ ပေးအပ်ခဲ့၍ အရှင်မင်းကြီးထံခစားလျက် ယခုနေခိုက်တွင် ထို အကျွန်ုပ်၏ လုလင်မှာ တစ်ပါးမင်းချင်းတို့က ‘ငါ့သန်လျက်ဖြစ်သည်’ဟု လုယက်ကြသဖြင့် ခိုက်ရန်ဖြစ်ကြသည်ဖြစ်ပါမည်”ဟု လျှောက်၏။

မင်းသားစကားကိုကြားလျှင် ဆမ္ဗုပုဏ္ဏားသည် “ချစ်သား။ ထိုသို့တပြီးကား ထိုသန်လျက်ကို ယခုပင် ယူချေ။ ငါ့ထံရောက်လျှင် ဟုတ်,မဟုတ်ကို သိရလိမ့်မည်”ဟု ဆို၍ သန်လျက်ကို ယူစေ၏။ တိခိဏမန္တီ မင်းသားသည်လည်း ပုဏ္ဏားဆိုတိုင်း သွား၍ ထိုလုလင်လက်မှ သန်လျက်ကိုဆောင်ယူခဲ့ပြီးလျှင် သန်လျက် အိမ်မှထုတ်၍ “အရှင်မင်းကြီး။ ဟုတ်,မဟုတ်ကို ကြည့်တော်မူပါ”ဟုဆိုလျက် ပြယောင်ဆောင်၍ အနီးသို့ ချဉ်းကပ်ပြီးသော် ဆမ္ဗုပုဏ္ဏား၏ပခုံးညွန့်ကို ထိုသန်လျက်ဖြင့် လှဲကာပယ်ရှား၍ မိမိခြေရင်း၌ ကျစေ၏။ ထိုသို့ ဆမ္ဗုပုဏ္ဏားကိုသုတ်သင်ပြီးသော် နန်းတော်ကို ဆေးသန့်စင်ကြယ်စေ၍၊ မြို့ကို တန်ဆာဆင်စေပြီးလျှင် တိခိဏမန္တီမင်းသားသည် ရာဇာဘိသိက်မင်္ဂလာကိုဆောင်လျက် ထီးနန်းကို သိမ်းမြန်းမည်ပြု၏။ ထိုအခါ မယ်တော် စလာကဒေဝီသည် စူဠနီဗြဟ္မဒတ်မင်း အမည်ရှိသော သင်၏နောင်တော်သည် ထိုသို့သော အကြောင်းဖြင့် ထွက်ပြေး၍ ယခု မဒ္ဒရာဇ်ပြည်မှာ ရှိသည်”ဟု နောင်တော်ရှိကြောင်းကို ပြောဆိုလေ၏။

ထို မယ်တော်စကားကိုကြားမှ နောင်တော်ရှိကြောင်းကို သိလေသော် တိခိဏမန္တီမင်းသားသည် များစွာသော စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် မဒ္ဒရာဇ်ပြည်သို့သွား၍ နောင်တော် စူဠနီဗြဟ္မဒတ်မင်းကို မိဖုရားကြီး နန္ဒာဒေဝီနှင့်တကွ ချီပင့်ခဲ့ပြီးလျှင် ခမည်းတော် မဟာစူဠနီဗြဟ္မဒတ်မင်း၏အရိုက်အရာဖြစ်သော ထီးနန်းကို အပ်နှင်းလေ၏။ ထို ဆမ္ဗုပုဏ္ဏားကို ပယ်ရှားသောအခါမှ စ၍လည်း ထိုမင်းသားအား ထက်မျက်လျင်လျားသော ပညာအကြံအစည်ရှိခြင်းကြောင့် တိခိဏမန္တီမင်းသား ဟူ၍ ထင်ရှားစွာဖြစ်လေ၏။ ထို့ကြောင့် ပရိဗိုဇ်မသည် မင်းကြီးအား ‘ဤသို့သောကျေးဇူးရှိပေလျက် အဘယ့်ကြောင့် ညီတော်ကို ရေစောင့်ဘီလူးအား ပေးမည်’ဆိုဘိ သနည်း”ဟု မေး၏။

စူဠနီဗြဟ္မဒတ်မင်းကြီးသည်လည်း ပရိဗိုဇ်မစကားကိုကြားလျှင် တိခိဏမန္တီမင်းသား၏အပြစ်ကို ပြလို၍– ‘ပယာာ ဇိတာ ဇနပဒါ’ အစရှိသော ၃ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

“အရှင်မ။ အကျွန်ုပ်ညီတော် တိခိဏမန္တီမင်းသားသည် အရှင်မ ဆိုတိုင်းပင် ပြည်ထဲရေး ၄ မျက်နှာ သာယာငြိမ်ဝပ်ကြောင်း မကောင်းသောရန်ဆူးရန်ငြောင့်ကို နုတ်ထွင်လျက် အကျွန်ုပ်ကိုလည်း တိုင်းတစ်ပါးမှ ပင့်ချီ၍ ဤထီးနန်းစည်းစိမ်ကို အပ်နှင်းပေ၏။ လေးအတတ်, ဆင်စီး, မြင်းစီး အစရှိသော စစ်အင်္ဂါအမှုတို့၌လည်း တစ်စုံတစ်ယောက်မျှ မတူသောလက်ရုံးရည်လည်း ရှိပေ၏။ ထိုညီတော်သည် မိမိဘုန်းလက်ရုံးရည်ဖြင့် တစ်ပါးသော ထီးဆောင်းမင်းတို့ကိုလည်း အကျွန်ုပ်အား ခစားစေသည်ဖြစ်၍ ထိုထိုသောတိုင်းနိုင်ငံတို့မှ များစွာသော အခွန်ပဏ္ဏာ လက်ဆောင်လက်နက်တို့ကိုလည်း ဆောင်ယူပေ၏။ ရဲရင့်ထက်မြက်စွာ ပညာအကြံအစည်နှင့်လည်း ပြည့်စုံပေ၏။

www.burmeseclassic.com



ထိုသို့သောကျေးဇူးဂုဏ်နှင့် ပြည့်စုံသောသူဟူ၍ အကျွန်ုပ်လည်း ညီတော်အား ကြီးစွာသော အရာအထူးဖြင့် ချီးမြှောက်ပါ၏။ ယင်းသို့ ချီးမြှောက်ပါလျက် ညီတော်သည် အကျွန်ုပ်ကို မင်းဟူသောအမှတ်မျှ မရှိ။ မိမိကျေးဇူးဂုဏ်ကိုသာပြ၍ မထီမဲ့မြင် မခံ့မညားပြုခဲ့၏။ ယခုလည်း ရှေးကကဲ့သို့မျှ အကျွန်ုပ်ထံလာ၍ မခစားဘဲနေဘိ၏။ ထိုသို့သောအပြစ်တို့ကြောင့် ရေစောင့်ဘီလူးအား ညီတော်ကိုပေးမည် ဆိုပေသည်"ဟုဆို၏။

စူဠနီဗြဟ္မဒတ်မင်းကြီးစကားကို ကြားလျှင် ဘေရီပရိဗိုဇ်မသည် "မင်းကြီး။ ယင်းသို့သော အပြစ်တို့ကြောင့် ရေစောင့်ဘီလူးအား ညီတော်ကို ပေးမည်ဟူသော် ပေးတန်စေ။ ယခု သူငယ်ဖော် ဖွားဖက်ဖြစ်သော ဓနုသေခကိုကား အဘယ်အပြစ်ကြောင့် ပေးအံ့နည်း။ သူငယ်ဖော် ဓနုသေခသည် မင်းကြီးအား များစွာ ကျေးဇူးရှိပေသည် မဟုတ်လော"ဟုဆို၍ ဓနုသေခ၏ကျေးဇူးကို ပြခြင်းငှာ 'ကေရဇ္ဇေသု ဥဘယော'အစရှိသော ၃ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ စားတော်ကဲသား ဓနုသေခသည် ဤပြည်၌ မင်းကြီးနှင့် ဖွားဖက်တော်ကိုရှာလျှင် ဤဓနုသေခသည်သာလျှင် မင်းကြီးနှင့် တစ်ညဉ့်တည်း ဖွားဖက်ဖြစ်၏။ မင်းကြီးနှင့် ငယ်စဉ်ကပင် အတူတကွ ကစားလျက်ကြီးသော သူငယ်ချင်းလည်း မှန်၏။ ငယ်စဉ်ကပင် မင်းကြီးသွားလေရာ အရိပ်သဖွယ် ပါသော ဆင်းရဲဖော်ချမ်းသာဖက် သမာန[၁၀၀] သုခ, ဒုက္ခ အဆွေခင်ပွန်းစစ်လည်း မှန်၏။ ညဉ့်,နေ့မဟူ အပူ, အချမ်းမရွေး ဘေးရန်မှန်းမသိ မင်းကြီးစီးပွားတော်ကိုလည်း အခါခပ်သိမ်း လုံ့လပြုလျက် အမြဲရွက်ဆောင်လေ့ရှိ၏။ ငယ်သောအခါမှသည် ယခုတိုင်အောင် မင်းကြီး၏အလိုသို့သာလည်း လိုက်၍ ကျင့်ဆောင်တတ်၏။ ဤသို့ အတူမကွဲ ဆင်းရဲချမ်းသာခံလျက် ရောင့်ရဲဖက်ဖြစ်သော အဆွေခင်ပွန်းစစ်ကိုလျက် အဘယ်အပြစ်ကြောင့် ရေစောင့်ဘီလူးအားပေးမည် ဆိုဘိသနည်း"ဟု မေး၏။

ပရိဗိုဇ်မစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ဓနုသေခ၏အပြစ်ကို ပြလို၍ 'စရိယာ မံ အယံ အယျေ' အစရှိသော ၃ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မ။ အကျွန်ုပ်နှင့် ဆင်းရဲဖော်ချမ်းသာဖက်ဖြစ်သော ဓနုသေခသည် အရှင်မဆိုတိုင်းပင် အကျွန်ုပ်အား ကျေးဇူးကြီးသည် မှန်ပေ၏။ ယင်းသို့မှန်သော်လည်း ကျေးဇူးမဲ့ကို ပြုသောအရာလည်း အလွန်များခဲ့၏။ အထက်က အကျွန်ုပ်ဆင်းရဲသောအခါ ဤဓနုသေခနှင့် ထမင်း တစ်ခွက်တည်းစားခြင်း, အတူ တစ်နေရာတည်း နေခြင်းတို့ကိုပြုလျက် အကျွမ်းတဝင် အချင်းချင်း လက်ဖြင့်တို့ဆိတ် ကျီစယ် ရယ်ရွှင် မြူးထူးခြင်းကို ပြုကြ၏။ ထို ဆင်းရဲသောအခါက ပြုသည့်အတိုင်းသာလျှင် မင်းဖြစ်ပေသည်ဟူ၍မျှ ထောက်ထားဆင်ခြင်ခြင်း မရှိ။ မှူးမတ်များစွာ အခြံအရံနှင့်နေသော အကျွန်ုပ်အား ပြင်းစွာရယ်ရွှင်ခြင်း, ပြက်ရယ်ပြောဆိုခြင်းကို ပြုဘိ၏။ အကျွန်ုပ်သည် ကျက်သရေတိုက်၌ နန္ဒာဒေဝီမိဖုရားကြီးနှင့် ၂ ယောက်တည်း တံခါးပိတ်လျက်နေလျှင်လည်း ဓနုသေခသည် အကျွန်ုပ်မမြင်အောင် ကွယ်ရာက အမှတ်မထင်လာလျက် 'ငါ တံခါးကိုရသောသူတကား' ဟူ၍သာလျှင် တံခါးကိုဖွင့်၍ အဆောတလျင်ဝင်လာဘိ၏။ အကျွန်ုပ်အား ရိုသေခံ့ညားခြင်း, ရှက်ကြောက်ခြင်း တစ်စုံတစ်ခုမျှ မရှိ။ ထိုသို့သောအပြစ်ကြောင့် ရေစောင့်ဘီလူးအားပေးမည် ဆိုပေသည်"ဟုဆို၏။

စူဠနီဗြဟ္မဒတ်မင်းကြီးစကားကို ကြားလျှင် ဘေရီပရိဗိုဇ်မသည် "မင်းကြီး။ ယင်းသို့သောအပြစ်တို့ကြောင့် သူငယ်ဖော် ဓနုသေခကို ရေစောင့်ဘီလူးအား ပေးသော်လည်း ပေးတန်စေ။ ပုရောဟိတ်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကေဝဋ်အမတ်ကြီးသည် သင့်အား များစွာသောကျေးဇူး ရှိပေသည်မဟုတ်လော။ အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ပေးမည် ဆိုဘိသနည်း"ဟုဆို၍၊ ကေဝဋ်အမတ်ဂုဏ်ကို ပြခြင်းငှာ'ကုသလော သဗ္ဗနိမိတ္တာနံ' အစရှိသော ၂ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"မင်းကြီး ။ ပုရောဟိတ်ဖြစ်သော ကေဝဋ်အမတ်ကြီးသည် ခပ်သိမ်းသောနိမိတ်တို့၌လည်း လိမ္မာ၏။ ၁၀၁ ပါးသောလူမျိုးတို့၏ ဘာသာကိုလည်း နားလည်၏။ လက္ခဏာကျမ်း[၂၀၆], နိဃဏ္ဍုကျမ်း[၂၀၇], ကေဋုဘကျမ်း[၂၀၈], ဣတိဟာသကျမ်း[၂၀၉]တို့နှင့် တကွ ဗေဒင် ၃ ပုံကိုလည်း အာဂုံမြဲစွာ နှုတ်မှာဆောင်ရွက် လေ့ကျက် ကျွမ်းကျင်၏။ မြေလှုပ်ခြင်း, တော်လည်းခြင်း, ကြိုတ်ထွက်ခြင်း, စံနည်း, တံပေါင်ပေါ်ထွက်ခြင်း စသော ဘုမ္မိနိမိတ်၌လည်းကောင်း၊ နေကြတ်ခြင်း, ဥက္ကာကျခြင်း, ကောင်းကင်၌ စိုးပြခြင်း, တိမ်တံခွန် ထွက်ခြင်း, တိမ်ခွပ်ခြင်း,တိမ်ကြိတ်ခြင်း, ကြယ်တံခွန်လွှားခြင်း, အခိုးထွက်ခြင်း, ဂြိုဟ် ၈လုံး[၂၁၀] အသွားပျက်ခြင်း, နက္ခတ်တာရာ အရောင်ညှိုးခြင်း, အရောင်ထွက်ခြင်းစသော အာကာသနိမိတ်၌ လည်းကောင်း၊ နေ့ လ ရက်အစွဲနှင့်တကွ ဥပဒ်ဖြစ်ရာသည်, ကောင်းကျိုးဖြစ်ရာသည်တို့ကိုလည်း သိတတ်၏။ နေ့ရက်အချိန်နှင့် အိပ်မက်ကိုလည်း မှန်စွာ ဖတ်တတ်၏။ နက္ခတ် ၂၇ လုံး[၂၁၁]တို့၌လည်း တြင်း, နဝင်းဖြင့်ဖွဲ့၍ ၁၂ရာသီ[၂၁၂]အစွဲ အဝေ, နေ လ စသော ဂြိုဟ် ၈ လုံးတို့၏ နှစ် လ အကူးအပြောင်း, အချိန်အခါ စန်း လက် ရာသီကိုလည်း သိတတ်၏။ လနှင့် နက္ခတ်အယှဉ်၌ ဥပဒ်ဖြစ်ကြောင်း, သုဘဖြစ်ကြောင်း တို့ကို သိသည်နှင့်လျော်စွာ ဤနက္ခတ်ဖြင့် ဤမည်သောအရပ်သို့ ထွက်ခြင်းယတြာကို ပြုအပ်၏။ ဤနက္ခတ်ဖြင့်ကား ဝင်ခြင်းယတြာကို ပြုအပ်၏။ ဤနက္ခတ်ဖြင့်ကား ယတြာ မပြုကောင်း စသည်ဖြင့် ခပ်သိမ်းသော ဆောင်ရွက်ရာအမှုဟူသမျှတို့၌ ဆောင်ရာသည်, မဆောင်ရာသည် နက္ခတ်တို့ကိုလည်း ပြဋ္ဌန်းတတ်၏။ ထိုသို့ ပုရောဟိတ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံစွာသော သုခမိန်အမတ်ကြီးကို အဘယ့်ကြောင့် ရေစောင့်ဘီလူးအားပေးမည် ဆိုဘိသနည်း"ဟု မေး၏။

သောရီပရိဗိုဇ်မ စကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် ကေဝဋ်ပုရောဟိတ်၏အပြစ်ကို ပြလို၍ 'ပရိသာယံ ပိ မေ အယျေ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မ။ ပုရောဟိတ်ဖြစ်သော ကေဝဋ်အမတ်ကြီးသည် အရှင်မ ဆိုတိုင်းပင် ပုရောဟိတ်အင်္ဂါနှင့် ပြည့်စုံညီညွတ်စွာရှိပေ၏။ ယင်းသို့ဖြစ်သော်လည်း အကျွန်ုပ် မနှစ်မြို့သောအပြစ်သည်လည်း ရှိခဲ့၏။ ထို ကေဝဋ်ပုရောဟိတ်သည် အကျွန်ုပ်ထံစားလျှင် မျက်စိမျက်တောင် မျက်မှောင်အောက်ကိုချ၍ မစား။ ကြောက်မက်ဖွယ် မျက်မှောင်တံကိုချီ၍ မျက်လုံးပြောင်တောင်ပြုလျက် အမျက်ထွက်သကဲ့သို့ ကြည့်တတ်၏။ ထိုသို့သောအပြစ်ကြောင့် ရေစောင့်ဘီလူးအားပေးမည် ဆိုပေသည်"ဟုဆို၏။

စူဠနီဗြဟ္မဒတ်မင်းစကားကိုကြားလျှင် သောရီပရိဗိုဇ်မသည် "မင်းကြီး။ ယင်းသို့ အသီးအသီး အပြစ်ရှိသောကြောင့် မယ်တော်, မိဖုရား, ညီတော်, သူငယ်ဖော်, ပုရောဟိတ်အားဖြင့် ၅ယောက်သော သူတို့ကို ရေစောင့်ဘီလူးအားပေးသော်လည်း ပေးတန်စေ။ ဤသို့သော ထီးနန်းစည်းစိမ်ကို မရေတွက်ဘဲ အသက်ကိုစွန့်၍ မင်းကြီးကိုယ်ကို အဘယ့်ကြောင့် ရေစောင့်ဘီလူးအားပေးမည် ဆိုဘိသနည်း။ မဟောသဓသုခမိန်လည်း ရှိသေးသည် မဟုတ်လော။ မဟောသဓသုခမိန်၌ အဘယ်ကျေးဇူးကိုမြင်၍ မပေးဘဲနေဘိသနည်း"ဟု ဆိုလျက် မင်းကြီး၏စည်းစိမ်ကို ချီးမွမ်း၍ မဟောသဓ၏ဂုဏ်ကို မေးအံ့သောငှာ 'သ. သမုဒ္ဒ ပရိယာယံ'အစရှိသော ၅ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး။ ထက်ဝန်းကျင်သော သမုဒ္ဒရာရေတို့ဖြင့် ဝန်းရံအပ်သည်ဖြစ်၍ ဤဇမ္ဗူဒိပ်ကျွန်းသည် မဟာသမုဒ္ဒရာ၏ နားတောင်းသဖွယ်လည်း ဖြစ်၏။ ရတနာ ၃ ပါး, ၇ ပါး, ရတနာ ၁၀ ပါးတို့၏ တည်ရာလည်း ဖြစ်၏။ တိုင်းကြီး ၁၆ တိုင်း, တိုင်းငယ် အရာမက များလှစွာသော မြို့,ရွာ,ခရိုင်တို့ဖြင့်လည်း တင့်တယ်၏။ ထိုသို့တင့်တယ်စွာ မဟာသမုဒ္ဒရာလျှင်အဆုံးရှိသော ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ အောင်အပ်ပြီးသော စစ်မြေပြင်ရှိသည်ဖြစ်၍ တိုင်းကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ကို သိမ်းရုံးစိုးအုပ်လျက် ကေရာဇ်မင်း စည်းစိမ်ဖြင့် များစွာသော မင်းပရိသတ် ဗိုလ်ပါအပေါင်းခြံရံလျက် မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းသူ လူအပေါင်းတို့၏ အထွတ် ဖြစ်တော်မူသည် မဟုတ်လော။

"ယင်းသို့ ကေရာဇ်မင်း ဖြစ်သည်နှင့်အညီ အရာမကသော တိုင်းကြီးပြည်ကြီး မြို့ရွာဇနပုဒ်တို့မှစ၍ အရည်အဆင်းလှပကုန်သော သမီးကညာရတနာတို့ကို အသီးအသီး ပို့ဆက်ကြရသဖြင့် ဤနန်းတော်၌ ၁ သောင်း ၆ ထောင်ကုန်သော မောင်းမတို့သည်လည်း ပတ္တမြား,ပုလဲ,ကျောက်မျက်ရွဲစသော မျက်မြက်ရတနာတို့ဖြင့် စီအပ်သော ရွှေနားတောင်း, ရွှေလက်ကောက် စသည်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ နတ်သမီးတမျှ တင့်တယ်ကြကုန်၏။

ထို နတ်စည်းစိမ်နှင့်တူစွာသော ကာမဂုဏ်စည်းစိမ်ကို ဆင်းရဲပင်ပန်းခြင်းမရှိ စိုးရိမ်ကြောင့်ကြမဲ့ စိုးစံတော်မူရသော ကေရာဇ်မင်းဖြစ်၍-'သုခိတာနံ ပိယံ ဒီဃံ ဇီဝိတံ'ဟူသော ရှေးပညာရှိ သူဟောင်းတို့ စကားနှင့်အညီလျော်စွာ ကိုယ်,စိတ်ချမ်းသာကုန်သောသူတို့သည် မိမိ၏အသက်ရှည်ခြင်းကို ချစ်အပ်သည်ဖြစ်လျက် မိမိ၏အသက်ကိုမချစ်ဘဲ ရေစောင့်ဘီလူးအားပေး၍၊ မဟောသဓသေ့ခမိန်ကိုကား အဘယ့်ကြောင့် မပေးသနည်း။ မဟောသဓသေ့ခမိန်၏ ဂုဏ်ကျေးဇူးအထူး မည်သို့ရှိသည်ဟု သိမြင်သောကြောင့်တည်း မင်းကြီး မပေးသလော"ဟု ဆို၏။

ဘေရီပရိဗိုဇ်မစကားကိုကြားလျှင် စူဠနီဗြဟ္မဒတ်မင်းသည် မဟောသဓာသေ့ခမိန်၏ဂုဏ်ကို ပြလို၍ 'ယတောပိ အာဂတော အယျေ' အစရှိသော ၃ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မ ။ မဟောသဓသေ့ခမိန်သည် အကျွန်ုပ်နိုင်ငံသို့ ရောက်သည်နေ့မှ ယခုနေ့တိုင် အဏုမြူ[၃၃]လုံးမျှ အကျွန်ုပ်အား ကိုယ်, နှုတ်ဖြင့် ပြစ်မှားခြင်းမည်သည်ကို မပြုစဖူးပေ။ ယင်းသို့ အပြစ်မရှိဘဲလျက် အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ပေးထိုက်အံ့နည်း။ အရှင်မ။ တစ်ကြောင်းမှာလည်း ဤမဟောသဓသေ့ခမိန်သည် အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ကာလ ၃ ပါးတို့၌ အကျိုးစီးပွားများ မြတ်အံ့သော အကြောင်းကိုလည်း သိမြင်နိုင်၏။ သူတစ်ပါး တို့အား ကံ ၃ပါး[၃၄]တို့ဖြင့် ပြစ်မှားခြင်းကိုလည်း မပြုတတ်။ မဟောသဓသေ့ခမိန် မသေမီ အကျွန်ုပ်သေရလျှင် သားတော်အစဉ် မြေးတော်အဆက်တိုင်အောင် မဟောသဓသေ့ခမိန်သည် စောင့်ရှောက်ရစ်သဖြင့် အကျွန်ုပ်အားလည်း ကောင်းသောသေရခြင်း ဖြစ်ပါသည်။ သူခပ်သိမ်းတို့အားလည်း ပစ္စုပ္ပန်,သံသရာတို့၌ စီးပွားချမ်းသာ ရရာသောအကြောင်း ဖြစ်ပါသည်။ ယင်းသို့ ဂုဏ်ကျေးဇူးအထူး ရှိပေသောသူဖြစ်ပေသောကြောင့် ရေစောင့်ဘီလူးအား အသက်ကိုအသေခံ၍ အကျွန်ုပ်ကိုယ်ကိုသော်လည်း ပေးထိုက်လှ၏။ မဟောသဓသေ့ခမိန်ကိုကား မပေးထိုက်"ဟု စူဠနီဗြဟ္မဒတ်မင်းသည် လပြည့်ဝန်းကို ချီး၍ပြသကဲ့သို့ ဘုရားလောင်း၏ဂုဏ်ကို ချီးမြှောက်၍ ဘေရီပရိဗိုဇ်မအား ပြောဆို၏။

ထိုသို့ မင်းကြီးစကားဖြင့် ဘုရားလောင်းအား မင်းကြီး နှလုံးသွင်း အခြားမရှိသည်ကိုသိရပြီးသော် ဘေရီပရိဗိုဇ်မသည် ဤသို့ ကြံပြန်၏။ 'ဤမျှသောစကားနှင့် မဟောသဓသေ့ခမိန်ဂုဏ် မထင်ရှားသေး။ ပြည်သား



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ လူအပေါင်းတို့၏အလယ်၌ ဤပြဿနာကိုပင်မေး၍ မင်းကြီးကို ဤနည်းအတူဖြေစေရသော် မဟာသမုဒ္ဒရာအပြင်၌ များစွာသောဆီကို လောင်းသွန်းဘိသကဲ့သို့ အများအပြားပျံ့နှံ့ခြင်းဖြစ်၍ မဟောသဓ သုခမိန်၏ဂုဏ်ကျေးဇူးသည် အထူးသဖြင့် ထင်ရှားလတ္တံ့' ဟုကြံပြီးလျှင်၊ မင်းကြီးကိုခေါ်ခဲ့၍ နန်းတော်မှ ဆင်းသက်ပြီးသော် မင်းရင်ပြင်မြေတလင်း၌ နေရာခင်းကျင်းစေပြီးမှ မိမိတို့နေရာ၌နေကြ၍ မှူးတော် မတ်တော်, ပြည်သူပြည်သားအပေါင်းတို့ကို ထိုမြေတလင်း၌ စည်းဝေးစေပြီးလျှင် ဘေရီပရိဗိုဇ်မသည် စူဠနီဗြဟ္မဒတ် မင်းကြီးအား ရှေးနည်းအတူပင်လျှင် ရေစောင့်ဘီလူးပြဿနာကို မေးပြန်၏။ စူဠနီဗြဟ္မဒတ် မင်းကြီးသည် ပရိဗိုဇ်မမေးတိုင်း အစမှစ၍ အဆုံးတိုင်အောင် ရှေးနည်းအတူပင်လျှင် ဖြေလျှောက်ပေ၏။

ဤသို့ ပြည်သားပြည်သူလူအပေါင်းတို့၏အလယ်၌ ဘုရားလောင်း၏ဂုဏ်ကို ထင်ရှားစေပြီးလျှင် ရတနာ ၇ ပါးတို့ဖြင့်ပြီးသော ရွှေနန်းရွှေအိမ်၌ ပတ္တမြားမျက်မြတ်ကို အထွတ်တပ်သကဲ့သို့ ဘေရီပရိဗိုဇ်မသည် မိမိတစ်ဖန် အထွတ်တပ်လိုပြန်၍-

'ဣဒံ သုဏာထ ပဉ္စာလာ၊ စူဠနေယျဿ ဘာသိတံ။
ပဏ္ဍိတံ အနုရက္ခန္တော၊ ပါဏံ စဇတိ ဒုစ္စဇံ။ ။
'မာတု ဘရိယာယ ဘာတုစ၊ သခိနော ဗြာဟ္မဏဿစ။
အတ္တနောစာပိ ပဉ္စာလော၊ဆန္နံ စဇတိ ဇီဝိတံ။ ။
'ဧဝံ မဟိဒ္ဓိကာ ပညာ၊နိပုဏာ သာဓု စိန္တိတာ၊
ဒိဋ္ဌေ ဓမ္မေ ဟိတတ္ထာယ၊ သမ္ပရာယေ သုခါယစ။ ။'ဟူသော ၃ ဂါထာတို့ဖြင့် ပြည်သူပြည်သားတို့အား ကြားသိစေပြန်၏။

အနက်ကား။ ၊ဘောန္တော ပဉ္စာလာ၊ အိုး ပဉ္စာလရာဇ် ပြည်သားပြည်သူတို့။ စူဠနေယျဿ၊ စူဠနီ ဗြဟ္မဒတ်မင်း၏။ ဘာသိတံ၊ဆိုအပ်သော။ ဣဒံဝစနံ၊ ဤစကားကို။ သုဏာထ၊ နားကြားကုန်လော့။ ပဏ္ဍိတံ၊ မဟောသဓသုခမိန်ကို ။ အနုရက္ခန္တော၊ အစဉ်စောင့်ရှောက်လျက်။ ဒုစ္စဇံ၊ စွန့်ဝံ့ခဲသော။ ပါဏံ၊ မိမိအသက်ကို။ စဇတိ၊ စွန့်ဘိ၏။

ပဉ္စာလော၊ ပဉ္စာလရာဇ်မင်းသည် ။ မာတုစ၊ မယ်တော်၏လည်းကောင်း။ ပရိယာယစ၊ မိဖုရားကြီး၏ လည်းကောင်း။ ဘာတုစ၊ ညီတော်၏လည်းကောင်း။ သခိနောစ၊ သူငယ်ချင်း၏လည်းကောင်း။ ဗြာဟ္မဏဿစ၊ ပုရောဟိတ်၏လည်းကောင်း။ အတ္တနောစ၊ မိမိ၏လည်းကောင်း။ ဣတိ၊ ဤသို့။ ဆန္နံ၊ ၆ ယောက်ကုန်သော သူတို့၏။ ဇီဝိတံ၊ အသက်ကို။ စဇတိ၊ စွန့်၏။

ဧဝံကမ္မိနာဝုတ္တနယေန၊ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့်။ ပညာ၊ပညာသည်။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးလည်းရှိ၏။ နိပုဏာ၊ သိမ်မွေ့စွာ၏။ သာဓုစိန္တိတာ၊ သူတော်ကောင်းတို့သည်သာ ကြံအပ်၏။ ဒိဋ္ဌေဓမ္မေစ၊ ဤပစ္စုပ္ပန်မျက်မှောက်၌လည်း။ ဟိတတ္ထာယ၊ စီးပွားဖြစ်ခြင်းငှာ။ သမ္ပရာယေစ၊ တမလွန်၌လည်း။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ်ကား-

"ပဉ္စာလရာဇ် ပြည်သူလူအပေါင်းတို့။ ယခု မင်းကြီးဆိုအပ်သောစကားကို ကြားကြပြီးလော။ အလွန် ချစ်ခင်လေးမြတ်အပ်သော မိမိမယ်တော်, မိဖုရားကြီး နန္ဒာဒေဝီ, ညီတော် တိခိဏမန္တီမင်းသား, သူငယ်ချင်း ဓနုသေခ, ပုရောဟိတ်ဖြစ်သော ကေဝဋ္ဋအမတ်, မိမိကိုယ်နှင့် တကွ ထို ၆ယောက် သားတို့၏ အသက်ကိုကား မရေတွက်မူ၍ စွန့်နိုင်ခဲ့သောအရာဖြင့် ရေစောင့်ဘီလူးအား စွန့်မည်ဟု ဆို၏။ ယခုမှ ဤပြည်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာစသာဖြစ်သော မဟောသဓသုခမိန်ကိုကား ပညာဂုဏ်တန်ခိုးကြောင့် မြတ်နိုးခြင်းဖြစ်၍ ရေစောင့်နတ်အား မပေးဘဲ ကောင်းစွာစောင့်ရှောက်ခြင်းကို ပြု၏။

"ထို့ကြောင့် ပရိသတ်အပေါင်းတို့။ ပညာဟူသည်ကား အလိုရှိအပ်သော အရာခပ်သိမ်းကို ပြီးစေတတ်သော မဏိဇောတိရသ် ပတ္တမြားကဲ့သို့ သွားလေရာရာ ဥစ္စာပစ္စည်းရှေ့သို့ ချဉ်းရောက်စေသည်ဖြစ်၍ အလွန်တန်ခိုးကြီး၏။ ဒုစရိုက် ၁၀ပါး[235]ကို မကျင့် , အသင့်အားဖြင့် နှလုံးသွင်းတတ်သော သူတော်ကောင်းတို့ သည်သာလျှင် ကြံအပ်၏။ ပညာသည်သာလျှင် ပစ္စုပ္ပန်၌ ကိုယ့်စီးပွား,သူတစ်ပါးတို့၏စီးပွား ၂ ပါးသော အကျိုးကိုဆောင်၍ နောင်တမလွန်၌လည်း မနုဿဂတိ[236], ဒေဝဂတိ[237]ဟုဆိုအပ်သော ချမ်းသာ, မြင့်မြတ်သော ဂတိ တို့သို့ ပို့ဆောင်လျက် မဂ်, ဖိုလ်, နိဗ္ဗာန်, ချမ်းသာကိုလည်း ရွက်ဆောင်နိုင်၏"ဟု ဘောရိပရိဗိုဇ်မသည် ရတနာ ၇ ပါးဖြင့်ပြီးသော ရွှေနန်းရွှေအိမ်၌ ပတ္တမြားတုံးကို တစ်လုံးတည်း အထွတ်တင်ဘိသကဲ့သို့ ဘုရားလောင်း၏ ပညာဂုဏ်ကိုချီးမွမ်း၍ ပရိသတ်တို့အား သောတဒွါရဝီထိ၌ အထွတ်တင်လေ၏။

ဤကား ဆင်ရတနာ, မြင်းရတနာ, ကျောက်မျက်ရွဲ ပုလဲ ,ပတ္တမြားစသော မျက်မြတ်ရတနာတို့၌ အဖိုးထိုက်မထိုက်ကိုသိတတ်သော ရာပြတ်[238]ကဲ့သို့ ရှုဋ္ဌနိဗြဟ္မဒတ်မင်းသည်လည်း ခပ်သိမ်းသောသူတို့၏ အထိုက်အလိုက်ကိုသိတတ်သော ပညာရှိဖြစ်သည် တစ်ကြောင်း။

ဒီပင်္ကရာ မြတ်စွာဘုရားခြေတော်ရင်း၌ ဘုရားလောင်းကို ဗျာဒိတ်[239]ပေးတော်မူသောအခါ လက်ယာရံ ပထမသာဝကအရာဖြင့် တံဆိပ်မှတ်ချက် တင်းတော်မူလိုက်သော ပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ အနောမဒဿီ မြတ်စွာဘုရားခြေတော်ရင်းမှစ၍ ပထမသာဝကဆုကိုပန်တော်မူလျက် အဆက်ဆက်သော သံသရာတို့၌ မေတ္တာချင်းနှောကြိုတ်၍ တစ်စိတ်တည်းကဲ့သို့ နှစ်လိုအပ်သော အကျိုးစီးပွားကို ၂ ပါးလုံးပင် ဆောင်ဖူးကြသဖြင့် သူ့ကျေးဇူးကိုသိတတ်သော သဘောအလေ့ ရှိတော်မူသည်တစ်ကြောင်းဖြစ်၍ ဘုရားလောင်းအား ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၂ ယောက် မရကောင်းသော ပညာရှိဖြစ်ပေသည်ဟု ဂုဏ်အထူးကို သိသည်နှင့်လျော်စွာ သူ့ပြည်သူ့နိုင်ငံသို့ ရောက်သည်ဟူ၍ မညှိုးမငယ်စေ။ ကိုယ့်ရပ်ကိုယ့်ပြည်မှာ စိုးစံရသော စည်းစိမ်ထက် ၂ ဆတက်၊ ၃ ဆတက် ချင့်တွက်၍မဆုံးနိုင်အောင် ကေရာဇ်မင်း၏စည်းစိမ်နှင့် အခြားမရှိပြုလျက် အသက်ရှည်သမျှ ကာလပတ်လုံး ဘုန်းကျက်သရေတို့ဖြင့် တင့်တယ်ပွင့်လင်းစေ၏။

ရှုဋ္ဌနိဗြဟ္မဒတ်မင်းသည် ဘုရားလောင်းအား ဂုဏ်နှင့်ထိုက်လျောက်စွာ ချီးမြှောက်ကြောင်း။ ဘောရိ ပရိဗိုဇ်မသည်လည်း ဒုတိယသာဝိကာအဖြစ်ဖြင့် ဒီပင်္ကရာ မြတ်စွာဘုရား၏ နှုတ်တော်တံဆိပ် ဗျာဒိတ်တော်ဝင် ဖြစ်သည်နှင့်အညီ ပဒုမုတ္တရာဘုရားရှင်ခြေတော်ရင်း၌ လက်ဝဲရံရဟန္တာမိန်းမဆုကို ပန်ပြီးမှ ဘုရားလောင်းနှင့် တွေ့ကြိမ်သမျှ ဘဝအဆက်ဆက်တို့၌ သဗ္ဗညုတဉာဏ်၏ရင့်ခြင်းကို ထောက်ပံ့ဖော်ဖြစ်၍ အဘိုးအနဂ္ဃ[240]ထိုက်သော ပတ္တမြားမျက်မြတ်ကို မထိုက်မလိုက်သောနေရာတို့၌ မထားမချစေဘဲ ရတနာကြုတ် ၇ ထပ်မှ လုပ်ကာ လှာကာ အသာအညင်း ဖွင့်လှစ်ထုတ်ယူလျက် ဇမ္ဗူရာဇ်ရွှေကို ကလပ်ပေါ်၌တင်ထား၍ အများထင်ရှားအောင် ပြသကဲ့သို့ ဘုရားလောင်းအား ဂုဏ်နှင့်ထိုက်လျောက်စွာ ပဉ္စာလရာဇ်မင်းမှူးမတ် ပရိသတ်တို့၏အလယ်၌ ပညာရှိဂုဏ်ကျေးဇူးကို အထူးသဖြင့်ချီးမြှောက်၍ ထင်ရှားစေကြောင်းကို ပြခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၄၇။ ဇာတ်တော်ပေါင်းစန်း

ဤသို့ မဟောသဓသေုခမိန်သည် ထို ရေစောင့်ဘီလူးပြဿနာပွဲ ဖြစ်သည့်နေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ကျော်စောထင်ရှားစွာ ရောဇ်မင်း၏စည်းစိမ်နှင့် ထီးနန်းမှတစ်ပါး ထပ်တူဖြစ်သောစည်းစိမ်ကို စိုးစံလျက် အသက်အာယုကပ်ပတ်လုံး မင်း၏အကျိုးစီးပွားကို လည်းကောင်း၊ ပြည်သူပြည်သားတို့၏အကျိုးစီးပွားကို လည်းကောင်း ဘုရားပွင့်တော်မူသောအခါကဲ့သို့ တစ်နေ့မပြတ် ဆုံးမပြဩန်၍ အသက်၏အဆုံး၌ တာဝတိံသာ နတ်ပြည်သို့ ဘဝပြောင်းလဲ စံတော်မူလေ၏။

ဘုရားလောင်း၏အဆုံးအမ၌တည်ကုန်သော ပြည်သားပြည်သူ လူအပေါင်းတို့သည်လည်း ဘဝအဆုံး၌ ဘုရားလောင်းစံရာ တာဝတိံသာနတ်ပြည်သို့ချည်း ပြောင်းလဲကြကုန်၏။ ဘုရားလောင်း၏အဆုံးအမ၌ မတည်၊ ၁၀ မည်သောဒုစရိုက်ဖြင့် သူမိုက်ကို အဆွေခင်ပွန်းပြုကုန်သော ပါပကာရီ၊ ပါပမိတ္တဖြစ်သူ လူအပေါင်းတို့သည်ကား ဘဝအဆုံး၌ မိမိတို့ကမ္မနိမိတ် တံဆိပ်မှတ်ချက်ချရာ မဟာပထဝီမြေထဲ ငရဲကြီး ၈ ထပ်တို့သို့ ပြောင်းလဲကြရကုန်၏။ ထို့ကြောင့်–

'ဗောဓိသတ္တဿ ပရိသာ၊ သဂ္ဂံ ဂစ္ဆန္တိ ဥတ္တမံ။

အတ္တဓမ္မန္တိနော စေကော၊ ပတန္တိ နိရယံ အဓော။ ။'ဟူသော ဂါထာကို ဟောတော်မူ၏။ အနက်ကား–

ဗောဓိသတ္တဿ၊ ဘုရားလောင်း၏။ ပရိသာ၊ ပရိသတ်ဖြစ်ကုန်သော။ အတ္တ ဓမ္မ မန္တိနော၊ အကျိုးအကြောင်းကို ကြံလေ့ရှိကုန်သော သူတို့သည်။ ဥတ္တမံ၊ မြတ်သော။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂစ္ဆန္တိ၊ သွားလေကုန်၏။ စေကော၊ အချို့သော သူတို့သည်။ အဓောနိရယံ၊ အောက်ငရဲသို့။ ပတန္တိ ၊ ကျလေကုန်၏။

[ဤဂါထာတို့၌ 'အချို့ ငရဲသို့ကျ၏' ဟူသော်လည်း ငရဲသို့ကျသောသူ အနည်းငယ်မျှသာ ဖြစ်ရာ၏။ ဘုရားလောင်း၏ အဆုံးအမ၌တည်၍ နတ်ပြည်သို့လားရသောသူသာ များရာ၏။ အဘယ်ကိုထောက်၍ သိရသနည်းဟူမူ စေကော–ဟူသော သဒ္ဒါဖြင့်ပြသောကြောင့် ငရဲသို့သွားသူ နည်းကြောင်းကို သိရသည်။ အပရေသဒ္ဒါ၊ ကေစိ ဧကစ္စ၊ တိုင်းပါ ယူသင့်၏။]

ဤသို့ မြတ်စွာဘုရားသည် ဝေနေယျတို့၏အလိုကို သိတော်မူသောအားဖြင့် ဤမဟောသဓာ သုခမိန် ပဏ္ဍိတဇာတ်၌ အတ္တုပ္ပတ္တိမကြွင်းမကျန်ရအောင် ဟောတော်မူပြီးလျှင် စကားဆက်ဝေး၍ အကြောင်းရင်း ပျောက်မည်စိုးတော်မူသောကြောင့် သစ္စာ ၄ ပါးကို ပြတော်မူပြီးသည်၏အဆုံး၌ 'နဘိက္ခဝေ ဣဒါနေဝ' အစရှိသောပါဠိတော်ဖြင့် စကားစကို ဖော်ပြတော်မူ၏။ အဓိပ္ပာယ်ကား–

"သံသရာဘေးကို ရှုလေ့ရှိကုန်သော ငါ၏ တပည့်သားတော် အပေါင်းတို့၊ ယခု သဗ္ဗညုတဉာဏ် အထွတ်အမြတ်သို့ ရောက်တော်မူမှသာလျှင် ငါ ပညာရှိတော်မူသည် မဟုတ်။ သဗ္ဗညုတဉာဏ်ကိုရှာ၍ သံသရာ၌ ကျင်လည်လျက် ရေးပါရမီ မရင့်မီဘဝကပင်လည်း ဤ ဟောတော်မူအပ်သော ဒေသနာအစဉ်ဖြင့် ကြီးကျယ်သော ပညာ ရှိတော်မူသည်သာဖြစ်၏"ဟု မိန့်တော်မူ၍–

'ဘေရီ ဥပ္ပလဝဏ္ဏာသိ၊ ပိတာ သုဒ္ဓေါဒနော အဟု။

မာတာ အသိ မဟာမာယာ၊ အမရာစ ဗိမ္ဗာဒေဝီ။ ။



www.burmeseclassic.com

www.burmeseclassic.com



'သေနကော ကာသပေါအာသိ၊ အမ္ဗဋ္ဌော အသိ ပဏ္ဍုသော။
ကာမိန္ဒော ကုဋ္ဌဒန္တောစ၊ ဒေဝိန္ဒော စ ပိလောတိကော။ ။
'သုဝေါ အဟောသိ အာနန္ဒော၊ သာရိပုတ္တောစ ဇုဇ္ဇကော။
ဒေဝဒတ္တော စ ကောဝဋ္ဋော၊ ပဉ္စာလစန္ဒီ သုန္ဒရီ။ ။
'မလ္လိကာ သာလိကာ အဟု၊ ဥဒုမ္ဗရာ ဒိဗ္ဗမင်္လိကာ။
ဝေဒေဟော ကာဠု ဒါယီစ၊ အဟံ ဗုဒ္ဓေါ မဟောသဓော။ ။' ဟူသော ၄ ဂါထာတို့ဖြင့် ဇာတ်ကို ပေါင်းတော်မူ၏။ အဓိပ္ပာယ်ကား-

"ယခု အစည်းအဝေးဖြစ်ကုန်သော တပည့်သားတော်အပေါင်းတို့။ ငါ မဟောသဓသုခမိန် ဖြစ်တော်မူသောအခါ ပဉ္စာလရာဇ်မင်းအား ဒကရက္ခသပြဿနာကိုမေး၍ ချီးမြှောက်သော 'ဘေရီပရိဗိုဇ်မ'သည် ယခု ငါဘုရားဖြစ်တော်မူသောအခါ သာဝတ္ထိပြည်၌ ကုဋေ ၈၀ ဥစ္စာကြွယ်သော သူဌေး၏သမီးဖြစ်၍၊ ကြာညို ပွင့်အဆင်းနှင့်တူသော အဆင်းရှိခြင်းကြောင့် ဥပ္ပလဝဏ် အမည်တွင်လျက် ကမ္ဘာ ၁ သိန်းပတ်လုံး ဖြည့်ဆည်းပူး အပ်သော ပါရမီနှင့်လျော်စွာ ငါဘုရား၏အထံတော်၌ လက်ဝဲရံ ဒုတိယ အဂ္ဂသာဝိကာ၏ အရာအထူးဖြင့် ရဟန်းဖြစ်ပြီး၍၊ သာဝတ္ထိပြည်၌ ကဏ္ဍမ္ဗအမည်ရှိသော သရက်ပင်ကိုအမှီပြု၍ ငါဘုရားသည် ယမကပါဋိဟာရိယ[၃၅]ဖြင့် တိတ္ထိတို့၏မာန်စွယ်ကို နုတ်ပယ်ချိုးဖြတ်တော်မူခါနီး၌ ငါ့ထံလာ၍ 'အရှင်ဘုရား။ ပြာဋိဟာ ပြတော်မမူပါနှင့်။ အကျွန်ုပ်သည် အလျား ၁၂ ယူဇနာ, အနံ ၁၂ ယူဇနာ, အဝန်း ၃၆ ယူဇနာ ဗိုလ်ထုနှင့်တကွ စကြာမင်းအဟန်ဖန်ဆင်း၍ ခြေတော်အစုံကို ဦးခိုက်ပါမည်'ဟု လျှောက်ရာတွင် 'ဧတဒဂ္ဂံဘိက္ခဝေ မမသာဝိကာနံ ဣဒ္ဓိမန္တာနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ' ဟု တန်ခိုးကြီးသောအရာဖြင့် ငါဘုရား ချီးမွမ်းတော်မူအပ်သော ဥပ္ပလဝဏ်ထေရီ ဖြစ်လာ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒ္ဓိမန္တာနံ၊ တန်ခိုးကြီးကုန်သော။ မမသာဝိကာနံ၊ ငါဘုရား၏ တပည့်တော်မ ဖြစ်ကုန်သော ဘိက္ခုနီတို့တွင်။ ယဒိဒံ-ယာအယံ ဥပ္ပလဝဏ္ဏာ၊ အကြင် ဥပ္ပလဝဏ်ထေရီသည်။ အတ္ထိ၊ ရှိ၏။ ဧတ-သော ဥပ္ပလဝဏ္ဏာ၊ ထို ဥပ္ပလဝဏ်ထေရီသည်။ အဂ္ဂံအဂ္ဂါ၊ အထွတ်အမြတ်တည်း။

"ငါ မဟောသဓသုခမိန် ဖြစ်တော်မူသောအခါ မိထိလာပြည်၌ အရှေ့မဇ္ဈိမဂုံးရွာစားဖြစ်သော ငါ၏ ခမည်းတော် 'သိရီဝဍ္ဍန' သူဌေးကြီးသည် ယခု ငါဘုရားဖြစ်တော်မူသောအခါ ဥက္ကာမုခမင်းမှ သားတော် မြေးတော်မပျက် ဆင်းသက်၍ဆက်ခံသော သာကီဝင်မင်းမျိုး ကပိလဝတ်ပြည်ကိုအစိုးရသော ငါဘုရား၏ ခမည်းတော်'သုဒ္ဓေါဒန'မင်းကြီး ဖြစ်လာ၏။

"ငါ မဟောသဓသုခမိန်ဖြစ်သောအခါ မိထိလာပြည် အရှေ့မဇ္ဈိမဂုံးရွာစား မင်း၏မိဖုရားဖြစ်သော ငါ၏ မယ်တော်'သုမနဒေဝီ 'သည် ယခု ငါဘုရားဖြစ်တော်မူသောအခါ သာကီဝင်မင်းမျိုး ဒေဝဒဟပြည်ကို အစိုးရတော် မူသောအခါ အဉ္စနမင်းကြီး၏သမီး၊ ငါ့ဘုရား၏မယ်တော်'မဟာမာယာဒေဝီ' မိဖုရားကြီး ဖြစ်လာ၏။

"ထိုအခါ မဟောသဓသုခမိန်၏မိဖုရားကြီးဖြစ်သော 'အမရာဒေဝီ'သည် ယခုအခါ ဒေဝဒဟပြည်ကို အစိုးရသော ငါ၏ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးသမီး ဇမ္ဗူရာဇ်ရွှေစင်ကို ရှုချင်ဖွယ်ပုံသွန်းဘိသကဲ့သို့ အတုမရှိတင့်တယ်သော အဆင်းအရည်ဖြင့် 'ဗိမ္ဗာဒေဝီ' ဟူသော အမည်, 'ဘဒ္ဒကစ္စာနာ'ဟူသော အမည် တင်ပြီးမှ ဖွားမတော်၏အမည်ဖြင့် 'ယသောဓရာဒေဝီ' ဟုထင်ရှားစွာ ငါ၏မြောက်သားတော်ဖြစ်၍၊



www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ်ပြည်၌ ရွှေနန်း ၃ ဆောင်[၃၂၂]ကို အတူစိုးစံခဲ့ပြီးမှ ငါဘုရား၏သာသနာတော်၌ ရဟန်းပြုပြီး၍၊ အာသဝေါကင်းပြီးသော ခေမာ, ဥပ္ပလဝဏ် အစရှိသော ရဟန်းမိန်းမဟူသမျှတို့သည် အလွန်အားဖြင့် ကမ္ဘာ ၁ သိန်းသာမြင်နိုင်သော အဘိညာဉ်ရှိကုန်မြဲဖြစ်လျက် ရဟန်းမိန်းမတို့ မြင်နိုင်ရိုးတမ်းထက်လွန်ကဲစွာ တစ်ကြိမ်တည်းမျှ ဆင်ခြင်ကာဖြင့် ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းတိုင်အောင်မြင်နိုင်သော အဘိညာဉ်နှင့် ပြည့်စုံခြင်းကြောင့်– 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ မဟာ ဘိညာပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စာနာ။'ဟု အလွန်ကြီးမြတ်သော အဘိညာဉ်အရာဖြင့် ငါဘုရား ချီးမွမ်းတော်မူအပ်သော ရာဟုလာမိခင်'ဗိမ္ဗာထေရီ'ဖြစ်လာ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ မမသာဝိကာနံ၊ ငါ၏ တပည့်တော်မဖြစ်ကုန်သော။မဟာဘိညာ ပတ္တာနံ၊ကြီးမြတ်လွန်ကဲစွာ မဟာအဘိညာဉ်သို့ ရောက်ကုန်သော ဘိက္ခုနီတို့တွင်။ ယဒိ ဒံ–ယာအယံ ဘဒ္ဒကစ္စာနာ၊ အကြင် ဘဒ္ဒကစ္စာနာ ငယ်မည်ရှိသော ရာဟုလ မာတာထေရီသည်။ အတ္ထိ၊ရှိ၏။ဧတံ–သောထေရီ၊ ထို ရာဟုလမာတာ ထေရီသည်။ အဂ္ဂံ–အဂ္ဂေါ၊ အမြတ်အထွတ်တည်း။

[ထို့ကြောင့် 'မိန်းမမြတ်တကာတို့၏ မြင်ရိုးတမ်းကိုဖျက်သည်ကား ယသောဓရာတည်း'ဟု သာသနာတော်၌ ထင်ရှားစွာဖြစ်၏။]

"ရာဂီမစင်သေးသောရွှေလျှင် စံဖက်ရှိမှ ဖမ္ဗူရာဇ်ရွှေစင်သည် ထူး၍ဂုဏ်ထွန်းသကဲ့သို့ ထိုအခါ မိထိလာပြည်၌ မဟောသဓသုခမိန်၏ပညာဂုဏ်ကို ထွန်းစေတတ်သော 'သေနက'အမတ်ကြီးသည် ယခုအခါ မဂဓရာဇ်တိုင်း၌ 'ဗြာဟ္မဏမဟာသာလ'မျိုးဖြစ်၍၊ လက်သို့ရောက်ပြီးသော ကာမဂုဏ်စည်းစိမ်ကြီးကို တံတွေးပေါက်ကဲ့သို့စွန့်ပစ်သဖြင့် ငါ၏ထံ၌ ရဟန်းပြုပြီးသော် မဟာသာဝကတို့၏အကြီး'တတိယသာဝက' အဖြစ်သို့ရောက်လျက် အသက်ထက်ဆုံး ၁၃ ပါးသော ဓုတင်[၃၂၃]ကို တစ်နေ့မပြတ် အခါခပ်သိမ်းဆောင်၍ သူတစ်ပါးတို့ကိုလည်း ဓုတင်ဖြင့် ဆုံးမညွှန်ပြတတ်သောကြောင့်–'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဓုတင်္ဂ ဝါဒါနံ ယဒိဒံ မဟာကဿပေါ။'ဟုဓုတင်ကိုဆောင်ခြင်း, ဓုတင်ကို ဆုံးမညွှန်ပြတတ်ခြင်း တည်းဟူသော ဂုဏ်ဖြင့် ငါဘုရား ချီးမွမ်းတော်မူအပ်သော 'မဟာကဿပ'ဖြစ်လာ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ မမသာဝကာနံ၊ ငါ၏တပည့်သားဖြစ်ကုန်သော။ ဓုတင်္ဂ ဝါဒါနံ၊ ဓုတင် ၁၃ ပါးတို့ကို ကျင့်ဆောင်တတ်, ဆုံးမတတ်ကုန်သောရဟန်းတို့တွင်။ ယဒိဒံ–ယောအယံ မဟာကဿပေါ။ အကြင် မဟာကဿပသည်။အတ္ထိ၊ ရှိ၏။ ဧတံ–ဧသော မဟာကဿပေါ၊ ထို မဟာကဿပသည်။ အဂ္ဂံ–အဂ္ဂေါ၊ အထွက်အမြတ်တည်း။

[ဤအရာ၌ နဒီ,ဂယာ,ဥရုဝေဠ,ကုမာရသဒ္ဒါတို့ကို အစထား၍မဆို၊ ကဿပဟူ၍သာ သာမညဆိုခြင်းကြောင့် အရှင်မဟာကဿပပင် ဖြစ်သည်ဟု အဓိပ္ပာယ်ဆိုလိုက်ပေသည်။]

"ထိုအခါ ဝိဒေဟရာဇ်မင်းကြီး၏ သုခမိန်တစ်ယောက်ဖြစ်သော 'ပက္ကုသ'အမတ်သည် ယခုအခါ 'အမ္ဗဋ္ဌလုလင်' ဖြစ်လာ၏။

"ထိုအခါ ဝိဒေဟရာဇ်မင်းကြီး၏ သုခမိန်တစ်ယောက်ဖြစ်သော 'ကာမိန္ဒ'အမတ်သည် ယခုအခါ မဂဓရာဇ်တိုင်း၌ 'ပုဏ္ဏားသူကြွယ်'ဖြစ်၍၊ ယဇ်တွင်း၌ ဆိတ်, ဝက်, ကြက်တို့ဖြင့် ယဇ်ပူဇော်အံ့ဟု စီရင်စဉ် ငါဘုရားနှင့်တွေ့ကြိမ်ရသဖြင့် 'ငါကား ယခု ဗုဒ္ဓယညကိုသာ သိ၏။ ရဟန်းဂေါတမကား မဟာယညကို သိရာလိမ့်မည်'ဟု ငါ့ထံလာ၍ မေးလျှောက်သောကြောင့် ရှေး၌ သူတော်ကောင်းတို့စီရင်ဖူးသော အလှူပေးခြင်း,



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့ကိုသနားခြင်း' တည်းဟူသော မဟာယညကိုဟောတော်မူရာတွင် မိစ္ဆာကွန်ရက်ပြတ်၍ ငါဘုရား၏ သောတာပတ္တိ အမြိုက်ရေစင်ကို ချိုးသောက်ရသော 'ကုဋဒန္တပုဏ္ဏား'ဖြစ်လာ၏။

"ထိုအခါ 'ဒေဝိန္ဒ'သုခမိန်သည် ယခုအခါ 'ပိလောတိကလုလင်'ဖြစ်လာ၏။

[ဤအမ္ဗဋ္ဌလုလင်, ပိလောတိက လုလင်တို့ကား မထင်ရှားလွန်းသောသူဖြစ်၍ အကျယ်တဝန်း အစိပ်ပွားယ် မဆိုလိုက်သည်။]

"ထိုအခါ ခက်ခဲစွာသော မဟောသဓသုခမိန်၏အမှုအခွင့်၌ ညီညာရွက်ဆောင်ဖော်ရပေသော 'ကျေးသား'သုခမိန်သည် ယခုအခါ ကပိလဝတ်ပြည်၌ ငါ၏ဘထွေးတော် အမိတ္တောဒနသား ငါဘုရားနှင့် တစ်ရက်တည်းဖွား များစွာသောစည်းစိမ်ကိုစံပြီးမှ ငါ့ထံ၌ရဟန်းပြုပြီးသော် စကြာမင်းတို့ဘဏ္ဍာစိုး ရွှေတိုက်ဝန်ကဲ့သို့ မိမိကိုယ်ကျိုးကိုမငဲ့ ငါ၏အဆုံးအမတော် သာသနာမြင့်ရှည် တည်အံ့သည်ကိုသာ ငဲ့လျက် ငါဘုရား ဟောကြားတော်မူအပ်သော ပိဋကတ် ၃ ပုံတို့ကို မယိုမယွင်းရအောင် သင်ကြားလေ့ကျက် ဆောင်ရွက်ခြင်းတည်းဟူသော ဗဟုသုတဂုဏ်။ နိဒါန်း,ဝတ္ထု,ပုဂ္ဂိုလ် စသည်တို့နှင့်တကွ ငါဟောတော်မူအပ်သော တရားတော်ကို တစ်ပါးသောသာဝကတို့ထက် သာလွန်၍ မှတ်သားခြင်းတည်းဟူသော သတိဂုဏ်။ တစ်ဖဝါးလှမ်းကာမျှ၌ ပုဒ် ၆ သောင်း, ဂါထာပေါင်း ၁ သောင်း ၅ ထောင်တို့ကို ခဏချင်းပီပြင်စွာ ရွတ်အံနိုင်ခြင်း တည်းဟူသော နှုတ်ကောင်းခြင်း ဂတိဂုဏ်။ ငါ၏တရားတော်ကို သင်ကြားခြင်း,ရွတ်အံခြင်း, ငါ့အား နေ့ညဥ့်မပြတ် ဝတ်ကြီး ဝတ်ငယ်ဖြင့်လုပ်ကျွေးခြင်းတို့၌ တစ်ပါးသောသာဝကတို့ထက် သာလွန်စွာ လုံ့လပြုခြင်းတည်း ဟူသော ဓိတိဂုဏ်။ မေဃိယ, နာဂိတ စသော တစ်ပါးသောသာဝကတို့ လုပ်ကျွေးကြသော်လည်း ငါဘုရား၏ နှလုံးကို ကျိုးဘိသကဲသို့ မသိကြကုန်။ ဤသူသည်သာ ငါဘုရား၏နှလုံးကို ကျိုးဘိသကဲ့သို့ သိလျက် နေ့ညဥ့်မပြတ် ရိုသေစွာလုပ်ကျွေးခြင်းတည်းဟူသော ဥပဋ္ဌာကဂုဏ်။ ဤဂုဏ် ၅ ပါးနှင့် ပြည့်စုံခြင်းကြောင့် 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဗဟုဿုတာနံ သတိမန္တာနံ ဂတိမန္တာနံ ဓိတိမန္တာနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော'ဟု ၅ သွယ်သော ဂုဏ်ဖြင့် ၅ ကြိမ် ၅ ခါ ငါဘုရား ချီးမွမ်းတော်မူအပ်သော ငါ၏ညီတော် 'အာနန္ဒာထေရ်' ဖြစ်လာ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ မမ သာဝကာနံ၊ ငါဘုရား၏ တပည့်သားတော်ဖြစ်ကုန်သော။ ဗဟုဿုတာနံ၊ အကြားအမြင်များကုန်သော ရဟန်းတို့တွင်။ သတိမန္တာနံ၊ သတိရှိကုန်သော ရဟန်းတို့တွင်။ ဂတိမန္တာနံ၊ အရွတ်အဖတ်လျင်မြန်သော ရဟန်းတို့တွင်။ ဓိတိမန္တာနံ၊ လုံ့လကြီးကုန်သော ရဟန်းတို့တွင်။ ဥပဋ္ဌာကာနံ၊ ငါဘုရားအား လုပ်ကျွေးကုန်သောရဟန်းတို့တွင်။ ယဒိဒံ–ယောအယံ အာနန္ဒော၊ အကြင်အာနန္ဒာသည်။ အတ္ထိ၊ ရှိ၏။ ဧတံ–ဧသော အာနန္ဒော၊ ထိုအာနန္ဒာသည်။ အဂ္ဂံ၊ အဂ္ဂေါ၊ အထွတ်အမြတ်တည်း။

"ထိုအခါ ပဉ္စာလရာဇ်ပြည်၌ မဟောသဓသုခမိန်အား မိမိကိုယ်နှင့်ထပ်တူပြု၍ ကြီးစွာသောစည်းစိမ်ဖြင့် ချီးမြှောက်ပေသော ဇမ္ဗူဒိပ်ကျွန်းလုံးဘုရင်'စူဠနီဗြဟ္မဒတ်'မင်းသည် ယခုအခါ မဂဓတိုင်း နာလကရွာ၌ ဗြာဟ္မဏ မဟာသာလမျိုး ဥပတိဿရွာသူကြီးသား များစွာသော စည်းစိမ်အခြံအရံဖြင့် ကြီး၍ ၁၆ နှစ်မြောက်သောအခါ တောင်ထိပ်သဘင်ကစားရာတွင် သံဝေဂ[၃၂၄]ဖြစ်သဖြင့် ပရိဗိုဇ်ရဟန်းပြုလျက် အမြိုက်တရားကိုရှာလျှင်–

'ယေဓမ္မာ ဟေတုပ္ပဘဝါ၊တေသံ ဟေတုံ တထာဂတော။

အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ။'ဟူသော ဂါထာကို အဿဇိထေရ် ဟောရာတွင် ယေဓမ္မာမှသည် အာဟ–တိုင်ရုံသော ဂါထာဝက်ဖြင့်ပင် ဒိဋ္ဌိ, ဝိစိ ကိစ္ဆာ ၅ ဖြာသော



www.burmeseclassic.com

www.burmeseclassic.com





သံယောဇဉ်ကင်းသော အမြိုက်ရေကို သောက်ချိုးပြီးမှ မိမိအခြံအရံ ၂၅၀ နှင့်တကွ ငါ့ထံလာ၍ 'ဟေဘိက္ခု ဥပသမ္ပဒ' ရဟန်းပြုလျက် ၁၅ ရက်မြောက်သည့်နေ့၌ ငါဘုရားနှင့် ဂိဇ္ဈကုဋ်တောင်ယံ၌နေစဉ် ဒီဃနခအား ဟောကြားအပ်သောတရားကို ငါ့အားယပ်ခတ်ရင်း ကြားနာရပြန်သဖြင့် အထက်မဂ် ၃ တန်ကို ဘဝင်မခြား တန့်နားခြင်းမရှိ ကိလေသာကွန်ရက်ကို ၃ ချက်ဆင့်ကာဖွင့်ဖြတ်၍ အရဟတ္တဖိုလ်အထွတ်အထိပ် အဘိသိက်အမြိုက်ရေကို သွန်းချိုးပြီးမှ ဩဝါဒပါတိမုက်ပြရာ သံဃာ ၁ ထောင် အရေအတွက်နှင့် ငါဘုရား၏ ပထမအစည်းအဝေး၌ အမိကိုစွဲ၍ဖြစ်သောအမည်ဖြင့် စကြာမင်း၏ သားကြီးရတနာကဲ့သို့ ငါဘုရား၏ တပည့်ကြီးလက်ယာရံ'အဂ္ဂသာဝက'အရာ၌ ထားတော်မူပြီးလျှင်

'ဂင်္ဂါမြစ်ထဲ၌ သဲလုံးအပေါင်းတို့ကို ရေတွက်နိုင်ရာ၏။ သာရိပုတ္တရာ၏ပညာကို မရေတွက်နိုင်ရာ မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုး, ရေပွက်တို့ကို ရေတွက်သော် ရေတွက်နိုင်ရာ၏။ သာရိပုတ္တရာ၏ပညာကို မရေတွက်နိုင်ရာ။ ဟိမဝန္တာ တော ၃ ထောင် မဟာသမုဒ္ဒရာ ၄ စင်း၌ ရှိသော သဲမြေမှုန့်တို့ကို တစ်ခုမကျန် ရေတွက်သော် ရေတွက်နိုင်ရာ၏။ သာရိပုတ္တရာ၏ပညာကို မရေမတွက်နိုင်။ ငါဘုရားကိုထား၍ ဤလောက၌ ပညာရှိသူ လူ, နတ်,ဗြဟ္မာ, ရဟန္တာအပေါင်းတို့၏ပညာကို တစ်ပေါင်းတည်းစု၍ သာရိပုတ္တရာ၏ ပညာနှင့် နှိုင်းယှဉ်သော်လည်း ထိုသတ္တဝါတို့ ပညာအစုသည် သာရိပုတ္တရာ၏ ပညာကို ၁၆ စိတ်စိတ်၍၊ တစ်စိတ်ကို တစ်ဖန် ၁၆ စိတ်စိတ်ပြန်၍၊ ထိုအစိတ်အဝက်သောပညာကိုလည်း မတူမျှနိုင်ရာ'ဟု အခါခါအထပ်ထပ် ငါ ထောမနာပြုတော်မူလျက်-'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ မဟာပညဝန္တာနံ ယဒိဒံ သာရိပုတ္တော။'ဟု ဘုရားမှတစ်ပါး ပညာရှိကုန်သော သူတို့တွင် အထွတ်တပ်၍ ငါချီးမွမ်းတော်မူအပ်သော 'ဓမ္မ သေနာပတိ သာရိပုတ္တရာ' ထေရ်ဖြစ်လာ၏။

[ဧတဒဂ်ထားတော်မူသော ပါဠိအနက် လွယ်ပြီ။]

ယခင်ဂါထာ၏ အနက်ကား။ ။ယေဓမ္မာ၊ အကြင်ခန္ဓာ ၅ ပါးတရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းသာလျှင် အမွန်ဖြစ်ကုန်၏။ တေသံ၊ ထိုခန္ဓာ ၅ ပါးတို့၏။ ဟေတုံ၊ အကြောင်းကို ။ တထာဂတော၊ လာခြင်းကောင်းသော ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။ တေသဉ္စ၊ ထိုအကြောင်းတရား တို့၏လည်း။ နိရောဓော၊ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ရှိ၏။ ဧဝံ၊ဤအကြောင်းတရားကို စွဲ၍သာလျှင် ခန္ဓာ ၅ ပါး ဖြစ်၏။ အကြောင်းတရားတို့၏ ချုပ်ကြောင်းသည်လည်း ရှိ၏ဟူ၍။ မဟာသမဏော၊ ရဟန်းတကာတို့၏ အထွတ်အမြတ်ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားသည်။ ဝါဒီ၊ အယူတော်ရှိ၏။

[ဤဂါထာ၌ ယေဓမ္မာဟူသောပါဠိဖြင့် ဒုက္ခသစ္စာကို ပြတော်မူ၏ ဟေတုပ္ပဘဝါယူသော ပါဠိဖြင့် သမုဒယ သစ္စာကို ပြတော်မူ၏။ နိရောဓောဟူသော ပါဠိဖြင့် နိရောဓသစ္စာကို ပြတော်မူ၏ ။ ထိုသဒ္ဒါ၏ အစွမ်းဖြင့် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ပြတော်မူ၏။]

"ထိုအခါ ပဉ္စာလရာဇ်မင်းအား အကျိုးအကြောင်းကို ပြည့်စွန်တတ်သော'ဓောဝင်'ပုဏ္ဏားသည် ယခုအခါ ဓေဝဒဟပြည်၌ ငါ၏ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းကြီးသား ငါဘုရား၏အထံ၌ ရဟန်းပြု၍ လောကီဈာန်အဘိညာဉ်ကို ရပြီးမှ ပစ္စုပ္ပန်၌ အမျိုး၏ချစ်ခင်နှစ်သက်ခြင်းကို သံသရာရှည်ပြီးအဆက်ဆက် နှိပ်စက်နိုင်နင်းသဖြင့် ကြည်ညိုခြင်း ပြတ်၍ အဇာတသတ်ကိုအမှီပြုလျက် အလီလီအဝဝ ၉ လပတ်လုံး အသက်ဆုံးကြောင်း မကောင်းသော လုံ့လဖြင့် မြင်းမိုရ်တောင်ကို လက်ဆုပ်ပြသကဲ့သို့ ငါ့အား အန္တရာယ်ပြု၍ မဖြစ်နိုင်လျှင် သံကို သံချေးဖျက်သည်နှင့် အတူ မိမိကိုယ်ကို မိမိပင်နှိပ်စက်ရာတွင် ဂယာသီသ၌ တစ်ယောက်တည်း အထီးကျန်လျက် အသက်မကုန်မီ



www.burmeseclassic.com

ငါ့ထံ အဖူးအမြင်ရောက်သောအခါ မဟာပထဝီမြေထဲ ငရဲသို့မဆင်းမီ ငါ့အား လက်အုပ်ချီ၍ ကန်တော့စဉ် 'နောင်အခါ၌ ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့'ဟု ငါ၏အမိန့်တော်တံဆိပ် ဗျာဒိတ်တော်ကိုခံရသော 'ဒေဝဒတ်'ဖြစ်လာ၏။

"ထိုအခါ ဝိဒေဟရာဇ်မင်းကြီး၏မိဖုရားကြီး'ပဉ္စာလစန္ဒီ ဒေဝီ' ယခုအခါ သာဝတ္ထိပြည်၌ အဆင်းနှင့်ပြည့်စုံသော သတို့သမီးဖြစ်၍၊ တိတ္ထိတို့သည် ငါ့အားစွပ်စွဲအံ့သောငှာ ဖြားယောင်းသော စကားနှင့် တံစိုးကိုစားလျက် ပြစ်မှားမိသောကြောင့် မိမိကို ထိုတိတ္ထိတို့ပင်သတ်၍ အကောင်ကို ငါ၏ကျောင်းတော် တံမြက်ချေးစွန့်ရာ၌ ပစ်ထားခြင်းကိုခံရလေသော 'သုန္ဒရီ' အမျိုးသမီး ဖြစ်လာ၏။

[စလာကာ ထုလ္လနန္ဒရီ ဟူ၍ စလာကဒေဝီသည် ထုလ္လနန္ဒာဘိက္ခုနီ ဖြစ်လာသောအကြောင်းကို အချို့စာ၌ရှိသည်။ အချို့စာ၌ မရှိ။ ဤပါဒကို နိဿယဆရာလည်း အနက်မပေး။ ဤပါဒကို သွင်းချေလျှင်လည်း ဤဒုတိယဂါထာ၌ တစ်ပါဒ လွန်ရာသည်။ ဆန်းဂိုဏ်းအားဖြင့်လည်း မသင့်၊ ထို့ကြောင့် စလာကာ ထုလ္လနန္ဒရီ ဟူသောပါဌ်ကို အဓိပ္ပါယ် မဆိုလိုက်သည်။]

"ထိုအခါ စူဠနီဗြဟ္မဒတ်မင်းကြီး၏ အိပ်ရာစောင့်ဖြစ်သော 'သာလိကာမ'သည် ယခုအခါ သာဝတ္ထိပြည်၌ ပသေနဒီ ကောသလမင်း၏ စစ်သူကြီးဖြစ်သော ဗန္ဓုလအမတ်၏မိဖုရား ဆင်ပြောင် ၅ စီးအားကိုဆောင်လျက် မဟာလ္လတာတန်ဆာကိုဆင်နိုင်သော 'မလ္လိကာဒါယိကာမ'ဖြစ်လာ၏။

"ထိုအခါ မဟောသဓသုခမိန်၏နှမ ဝိဒေဟရာဇ်မင်းကြီး၏မိဖုရားကြီး'ဥဒုမ္ဗရဒေဝီ'သည် ယခုအခါ သာဝတ္ထိပြည်၌ 'ဒိဋ္ဌမင်္ဂလိက' အမည်ရှိသောအမျိုးသမီး ဖြစ်လာ၏။

"ထိုအခါ မဟောသဓသုခမိန်၏ခမည်းတော်ဘုရားဖြစ်သော ဝိဒေဟရာဇ်မင်းကြီးသည် ယခုအခါ သာဝတ္ထိပြည်၌ 'သူကြွယ်သား'ဖြစ်၍၊ သာသနာတော်၌ သဒ္ဓါခြင်းဖြင့် ငါဘုရားထံ ရဟန်းပြုပြီးလျှင် ကိုယ်,နှုတ်လျှပ်ပေါ်သဖြင့် ငါ အကြိမ်ကြိမ်အဖန်ဖန် မောဃပုရိသတင်၍ ကဲ့ရဲ့ရခြင်းကြောင့် ငါထင်ရှားရှိစဉ် မင်္ဂဖိုလ်ကို မရ။ ငါ ပရိနိဗ္ဗာန်လွန်မှ ရလတ္တံ့သော 'ကာဠုဒါယီထေရ်'ဖြစ်လာ၏။

"ထိုအခါ အဝီစိငရဲမှ အထက်ဘဝဂ်တိုင်အောင် လောကီပညာဖြင့် ၂ ယောက်မရကောင်းသော 'မဟောသဓ'သုခမိန်သည်ကား ယခုအခါ ကပိလဝတ်ပြည်၌ မဟာသမ္မတမင်းမှဆင်းသက်၍ မပျက်သော အနွယ်ရှိသော သာကီဝင်မင်းမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ဘုန်းကြောင့်ဖြစ်သော ရွှေအိုးကြီး ၄ လုံး[၂၄၅]နှင့်တကွ ဥတု ၃ ပါးတို့၌ အပူအချမ်းမျှသော ရွှေနန်း ၃ ဆောင်ပေါ်၌ သာကီဝင်မင်းသမီးအပေါင်း ၄ သောင်း ၂ ထောင်တို့၏အကြီးဖြစ်သော မြောက်သားမင်းသမီးနှင့် ၂၉ နှစ်အရွယ်တိုင်အောင် စိုးစံပြီးမှ ရာဟုလာသတို့သားကို ဖွားမြင်သောနေ့၌ နိမိတ် ၄ ပါး[၂၄၆]ကို မြင်သဖြင့် လောကီစည်းစိမ်ကိုစွန့်ပစ်၍ အနောမာမြစ်နား၌ ရဟန်းပြုပြီးလျှင် ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်[၂၄၇]ပြီး အဆုံးမှ သေနနိဂုံးရွာ၌ သုဇာတာ၏ နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူလျက်၊ ကဆုန်လပြည့်နေ့ ညချမ်းအခါ မဟာဗောဓိပင်[၂၄၈]ရင်း၌ ဒေဝပုတ္တမာရ်ကို ပယ်လှန်ပြီးလျှင် မိုးသောက်ယံ နေအရုဏ်တက်လုနီး၌ ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းကာလပတ်လုံး မပြတ် ဖြည့်ဆည်းပူးအပ်သော ပါရမီအပေါင်း ရင့်ခြင်းသို့ရောက်သဖြင့် သူတစ်ပါး မပြဉ္ဇန် ကိုယ်တော်တိုင်သာလျှင် ဉေယျဓမ်တရား ၅ ပါး[၂၄၉]ကို သိတော်မူလျက် မရေမတွက်နိုင်သော ဂုဏ်တော်အပေါင်းနှင့်တကွ သဗ္ဗညု အထွတ်သို့ ရောက်တော်မူပြီးသော 'ငါဘုရား' ဖြစ်တော်မူ၏။

www.burmeseclassic.com



[ဤတွင်ရွှေကား ဓကက နိပါတ်ကျမ်း, စတုက္က နိပါတ်ကျမ်း, ပဥ္စက နိပါတ်ကျမ်း, ဒသက နိပါတ်ကျမ်း, ဒွါဒသက နိပါတ်ကျမ်း, ဝီသတိ နိပါတ်ကျမ်းတို့၌လာသော အစုစုအရပ်ရပ် ပြဿနာခန်းနှင့်တကွ –'ပဉ္စာလော သဗ္ဗ သေနာယ'အစရှိသော ဂါထာ ၁ ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော မဟောသဓ ပဏ္ဍိတ ဇာတ်တော် အဆုံးသတ်တည်း။]

ထိုဇာတ်ကိုပေါင်းရာ၌ ဘုရားလောင်းသည် သာကီဝင်မင်းမျိုး၌ အဘယ်သို့ ဖြစ်တော်မူသနည်း ဟူမူကား ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ပါရမီကိုဖြည့်တော်မူပြီးသော ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ဝေဿန္တရာမင်းအဖြစ်မှ စုတေတော်မူလျှင် တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏။

ထိုဘုရားလောင်း တုသိတာနတ်ပြည်၌ စံတော်မူစဉ် လူ့ပြည်တွင် မဟာသမ္မတမင်း[၃၀]မှ အမျိုးအနွယ် မပျက်ဆင်းသက်၍ဆက်ခံသော သီဟဟနုမင်း၏သားတော် သုဒ္ဓေါဒနမင်းကြီးသည် ဒေဝဒဟမင်းကြီး၏ နှမတော် မဟာမာယာဒေဝီ, မဟာပဇာပတိဂေါတမီ၊ ဤ မင်းသမီးညီအစ်မကို မိဖုရားကြီးအရာ၌ ထား၍ ကပိလဝတ်ပြည်၌ ထီးနန်းစိုးစံ၏။

ဒေဝဒဟပြည်၌လည်း ထို မဟာမာယာဒေဝီ၏မောင်တော် သုပ္ပဗုဒ္ဓမင်းကြီးသည် သုဒ္ဓေါဒနမင်းကြီး၏ နှမတော် အမိတ္တာဒေဝီကို မိဖုရားကြီးအရာ၌ထား၍ ထီးနန်းစိုးစံ၏။

ထိုအခါ လူ့ပြည်၌ ဘုရားပွင့်လတ္တံ့ဟု ကျော်စောခြင်း ကောလာဟလသည်လည်း အနှစ် ၁ သိန်း ရှိပြီးသတည်း။ ဤသို့ကျော်စောခြင်း နှစ်ရှည်စွာ ဖြစ်သဖြင့် စကြဝဠာ ၁ သောင်း၌ နေကုန်သော နတ်မင်းကြီး ၄ ပါး , သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တီ, မဟာဗြဟ္မာအစရှိသော နတ်မင်း, ဗြဟ္မာမင်း အပေါင်းတို့သည် နတ်မျက်စိဖြင့် ဘုရားဖြစ်အံ့သောသူကို ရှာကြည့်လတ်သော် ဤစကြဝဠာတိုက် တုသိတာနတ်ပြည်၌ နတ်သက်စေ၍ စုတေခါနီးသောဘုရားလောင်းကို မြင်ကြလတ်လျှင် ဘုရားလောင်းရှိရာ အညီအညွတ်စည်းဝေးလာကြ၍–

"အချင်းနတ်မင်း။သင်သည် အဆက်ဆက်သော ဘဝတို့၌ ပါရမီကိုဖြည့်သော်လည်း လောကီစည်းစိမ်ကို တောင့်တ၍မဖြည့်။ သံသရာဝဲ၌ တပြောင်းပြန်ပြန် နစ်မွမ်းမျောပါကုန်သော သတ္တဝါအပေါင်းတို့ကို နိဗ္ဗာန်သို့ ထုတ်ဆယ်လျက် သဗ္ဗညုတအထွတ်သို့ ရောက်ခြင်းငှာသာလျှင် ဖြည့်၏။ ထိုပါရမီတို့ကို ဖြည့်ကျင့်သည်နှင့် လျော်စွာ သင်နတ်သားအား ယခု ဘုရားဖြစ်အံ့သောအခါ တန်ပြီ။ လူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ဆင်း၍ ဘုရားဖြစ်တော်မူပါ"ဟု တောင်းပန်ကြကုန်၏။

ထိုအခါ ဘုရားလောင်းနတ်သားသည် ထိုနတ်မင်းတို့အား ပဋိညာဉ်ကိုမပေးဦးဘဲ ဘုရားလောင်းတို့ ဓမ္မတာအားဖြင့် 'ကာလ,ဒီပ,ဒေသ, ကုလဇနေတ္တိ, အာယုပရိစ္ဆေဒ'အားဖြင့် ၅ ပါးသော ကြည့်ခြင်းကြီးတို့ကို ကြည့်ဆင်ခြင်တော်မူ၏။ အဘယ်သို့ ကြည့်ဆင်ခြင်တော်မူသနည်း ဟူမူကား ထို ၅ ပါးတို့တွင်–ကာလကို ရှေးဦးစွာ 'ငါသည် ယခု ဘုရားဖြစ်အံ့သောအခါ တန်ပြီလော, မတန်သေးလောဟု ကြည့်လတ်လျှင်၊ လူတို့၏ အာယုကပ် ကစ်သိန်းတမ်းမှ အနှစ် ၁၀၀ တမ်းတိုင်အောင်သောကာလသည် ဘုရားပွင့်အံ့သောကာလတည်း။ ယခုလည်း လူတို့အသက် အနှစ် ၁၀၀ တမ်းဖြစ်သောကြောင့် ငါ့အား ဘုရားဖြစ်အံ့သောအခါ တန်ပြီ'ဟု မြင်တော်မူ၏။

ဤအရာ၌ ဘုရားလောင်းတို့သည် အလွန်အားဖြင့် လူတို့အသက် အနှစ် တစ်သိန်းတမ်းမှ အထက်ကို အဘယ့်ကြောင့် ပွင့်တော်မမူသနည်းဟူမူကား–



www.burmeseclassic.com

www.burmeseclassic.com



['တဒါပိ သတ္တာနံ ဇာတိ ဇရာ မရဏာနိန ပညာယန္တိ'အစရှိသော အဋ္ဌကထာပါဠ်နှင့်အညီ ထို တစ်သိန်းထက် အသက်ရှည်သောကာလတို့၌ လူတို့မှာ အသက်ရှည်ခြင်းကြောင့် ဇာတိ,ဇရာ,မရဏ တရားတို့သည် မထင်ကုန်။ မြတ်စွာဘုရားတို့၏တရားတော်သည်လည်း လက္ခဏာယာဉ် ၃ ပါးမှလွတ်သောမည်သည် မရှိ။ ထို ဇာတိ, ဇရာ, မရဏ မထင်ကုန်သောသူတို့အား လက္ခဏာယာဉ် ၃ ပါးနှင့်ယှဉ်သော တရားတော်ကို ဟောကြားသော်လည်း– အနိစ္စ ဟူသည်ကား အဘယ်နည်း။ ဒုက္ခ ဟူသည်ကား အဘယ်နည်း။ အနတ္တ ဟူသည်ကား အဘယ်နည်း။ ဟူ၍သာ နားကြားရုံမျှ နှလုံးမမူ နေကြကုန်၏။ထိုသို့ နှလုံးမသွင်းကုန်သောသူတို့အား သဒ္ဓါ တရားမဖြစ်, ထိုသဒ္ဓါ တရားမဖြစ်ကုန်သော သူတို့အား ဒါန, သီလ, ဘာဝနာ တရားမဖြစ်။ ထို ဒါန, သီလ, ဘာဝနာ မဖြစ်ကုန်သောသူတို့အား အကျွတ်တရားကို မရနိုင်ရာ။ ထိုသို့ အကျွတ်တရားကို မရနိုင်ရှိခဲ့သော် မြတ်စွာဘုရားတရားတော်သည် နိယျာနိက စင်စစ်မှန်လျက် အနိယျာနိက ဖြစ်ခဲ့ရာ၏။ထို့ကြောင့် အနှစ် တစ်သိန်းထက် အသက်ရှည်သော ကာလသည် ဘုရားပွင့်တော်မူသောအခါ မဟုတ်သတည်း။

[အနှစ် ၁၀၀ အောက် အသက်တိုသောကာလ၌ကား အဘယ့်ကြောင့် ဘုရားမပွင့်သနည်းဟူမူကား– 'တဒါသတ္တာ ဥဿန္နကိလေသာ၊ ဥဿန္နကိလေသာနဉ္စ ဒိန္နောဝါဒေါ ဩဝါဒဋ္ဌာနေ နတိဋ္ဌတိ၊ ဥဒကေ ဒဏ္ဍာရာဇိ ဝိယ ခိပ္ပံဝိဂစ္ဆတိ 'ဟူသော အဋ္ဌကထာပါဠ်နှင့် အညီ အနှစ် ၁၀၀ အောက် အသက်တိုသော ကာလတို့၌ သတ္တဝါတို့သည် များသောကိလေသာ ရှိကုန်၏။ ကိလေသာများကုန်သော သူတို့အားလည်း ပေးအပ်သော ဘုရားရှင်တို့၏အဆုံးအမတော်သည် ရေ၌ အရေးသားသကဲ့သို့ ရှည်လျားစွာမတည်၊ ခဏချင်း ချုတ်ယွင်းရာ၏။ အဆုံးအမမတည် ချုတ်ယွင်းသောသူတို့အားလည်း အကျွတ်တရား မရနိုင်ရာ။

[ထိုသို့ မရနိုင်ရှိခဲ့သော် မြတ်စွာဘုရားရှင်တို့၏ တရားတော်သည် နိယျာနိက စင်စစ်မှန်လျက် အနိယျာနိက ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် အနှစ် ၁၀၀ အောက် အသက်တိုသောကာလသည်လည်း ဘုရားပွင့်တော်မူသော ကာလ မဟုတ်သတည်း။]

ဤသို့ ကာလကို ကြည့်ပြီးလျှင် 'ဘုရားလောင်းသည်။ ငါကား ယခု ဘုရားဖြစ်အံ့သောအခါ တန်ပြီ။ အဘယ်၌ ဖြစ်ရအံ့နည်း'ဟု ကျွန်းငယ် ၂ ထောင်နှင့် တကွ ကျွန်းကြီး ၄ ကျွန်းကို ကြည့်လတ်သော်၊ တစ်ပါးသော ကျွန်းတို့၌ ရှေးရှေးသောဘုရားတို့ ဖြစ်တော်မမူ။ အဝန်းအားဖြင့် ၁ သောင်းယူဇနာရှိသော ဇမ္ဗူသပြေပင်ရောက်ရာ ကျွန်းကြီး၌သာ ဖြစ်ကုန်ပြဲဟု ဤဇမ္ဗူဒိပ်ကျွန်းကို မြင်လေ၏။ ဤသို့ ကျွန်းကိုကြည့်ပြီးလျှင် 'ထိုဇမ္ဗူဒိပ်ကျွန်းတွင် အဘယ်အရပ်၌ ရှေးဘုရားတို့ ဖြစ်ကုန်သနည်း'ဟု ဒေသကို ကြည့်လတ်သော်– ဇမ္ဗူဒိပ်ကျွန်း၏အလယ် အရှေ့သို့လားလျှင် ဇင်္ဂလနိဂုံးရွာ၏အရှေ့ အင်ကြင်းပင်ကြီး၊ အရှေ့တောင်သို့လားသော် သလ္လာဝတီမြစ်၊ တောင်သို့လားသော် သေတကဏ္ဏိက နိဂုံးရွာ။ အနောက်သို့လားသော် ထူဏ မည်သော ပုဏ္ဏားရွာ၊ မြောက်သို့လားသော် ဥသီရဓဇတောင်။

'ဤနိမိတ် ၅ ပါးတို့ဖြင့် မှတ်အပ်သော အလျား ယူဇနာ ၃၀၀, အနံ ယူဇနာ ၁၅၀, အဝန်း ယူဇနာ ၉၀၀ ရှိသော မဇ္ဈိမဒေသအရပ်သည် ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, အသီတိမဟာသာဝက, စကြာမင်း, ခတ္တိယမဟာသာလ, ဗြာဟ္မဏ မဟာသာလ, ဂဟပတိ မဟာသာလတို့၏ဖြစ်ရာ ဖြစ်၏။ ထို မဇ္ဈိမဒေသအရပ်တွင် ကပိလဝတ်ပြည်၌ ငါဖြစ်ရသော် ကောင်း၏'ဟု ဒေသကို မြင်လေ၏။

ဖြစ်ရာဒေသကိုကြည့်ပြီးလျှင် ထိုကပိလဝတ်ပြည်၌ အဘယ်အမျိုးမှာ ဖြစ်ရအံ့နည်းဟု ကြည့်ပြန်လတ်သော်၊ 'သူကြွယ်မျိုး,သူဆင်းရဲမျိုးတို့၌ ရှေးဘုရားတို့ ဖြစ်တော်မမူကုန်။ မင်းမျိုး, ပုဏ္ဏားမျိုးတို့၌သာ ဖြစ်တော်မူကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို အမျိုး ၂ ပါးတွင် ယခုအခါ လူတို့သည် မင်းမျိုးကို အမြတ်ဆုံးဟု သမုတ်ကြကုန်၏။ ထို့ကြောင့် မဟာသမ္မတမင်းမှ ဆင်းသက်၍ အမျိုးမပြတ် ထီးနန်းဆက်ခံသော သုဒ္ဓေါဒန မင်းကြီး၏သားတော် ဖြစ်ရသော် ကောင်း၏'ဟု အမျိုးကို မြင်လေ၏။

ဤသို့ အမျိုးကိုကြည့်ပြီးလျှင် 'သုဒ္ဓေါဒနမင်းကြီးနန်းတော်ဝယ် အဘယ်မိဖုရားဝမ်း၌ ဖြစ်ရအံ့နည်း'ဟု ကြည့်လတ်သော် ဘုရားလောင်းတို့အမိသည်ကား လျှပ်ပေါ်လော်လည်ခြင်း, ကာမဂုဏ်ကြူးခြင်း မရှိ။ ကမ္ဘာ တစ်သိန်းပတ်လုံး ဖြည့်အပ်သောပါရမီလည်း ရှိ၏။ ဖွားသည်မှ စ၍လည်း ၅ ပါးသောသီလတို့ကို မကျိုးမပြတ်ရအောင် စောင့်ရှောက်လေ့ရှိ၏။ ပဌမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်အားဖြင့် အရွယ် ၃ ပါးတွင် မဇ္ဈိမအရွယ်ကို ၃ စုစု၍ တတိယအစုသို့ရောက်မှသာလျှင် ကိုယ်ဝန်ဆောင်ကုန်မြဲတည်း။

'ယခု သုဒ္ဓေါဒနမင်းကြီး၏ မဟာမာယာဒေဝီသည်။ ဆိုအပ်ပြီးသောဂုဏ်နှင့်လည်း ပြည့်စုံ၏။ အရွယ်အားဖြင့်လည်း မဇ္ဈိမအရွယ်တွင် တတိယအရွယ်စုသို့ ရောက်ပြီ။ အသက်အပိုင်းအခြား အားဖြင့်လည်း ယနေ့မှသည် ၁၀ လနှင့် ၇ ရက်သာ အသက်ကြွင်း ရှိတော့သည်။ ထို မဟာမာယာဒေဝီ၌ ပဋိသန္ဓေယူရသော် ကောင်း၏' ဟု အသက်အရွယ်နှင့်တကွ မယ်တော်ကို မြင်လေ၏။

[ဤအရာ၌ ဘုရားလောင်းတို့သည် အဘယ့်ကြောင့် မယ်တော်၏အရွယ်ပဌမပိုင်း၌ ပဋိသန္ဓေ မနေကုန်သနည်း ဟူမူကား–

['ပဌမဝယသ္မိံ ဟိသတ္တာနံ အတ္တဘာဝေါ ဆန္ဒရာဂေါ ဗလဝါ ဟောတိ။ တေန သဗ္ဗာတဣတ္ထိ ဂဗ္ဘိအနုရက္ခိ တုံနသက္ကောတိ၊ ဂဗ္ဘော ဗဟွာဗာဓောဟောတိ'–ဟူသော သုတ်မဟာဝါ အဋ္ဌကထာပါဠိနှင့် အညီ ပဌမအရွယ်၌ သတ္တဝါတို့၏အတ္တဘောသည် ဆန္ဒရာဂအား ကြီးသည်ဖြစ်၍၊ ထို ဆန္ဒရာဂအားကြီးခြင်းကြောင့် ပဌမအရွယ်၌ ကိုယ်ဝန်ဆောင်သောမိန်းမတို့သည် မိမိတို့ကိုယ်ဝန်ကို စောင့်ရှောက်နိုင်ခဲ၏။ ကိုယ်ဝန်တည်ပြီးမှ ပျက်စီးသည်သာ များ၏။ ထို့ကြောင့် ဘုရားလောင်းတို့သည် မယ်တော်၏ အရွယ်ပဌမပိုင်း၌ ပဋိသန္ဓေ မနေကုန်။

[မဇ္ဈိမအရွယ်ကို ၃ စုစု၍ တတိယအစု၌ကား ကိုယ်ဝန်တည်ရာတိုက်ခင်းသည် ကောင်းစွာစင်ကြယ်သည် ဖြစ်၍ ထို သန့်ရှင်းသောကိုယ်ဝန်တိုက်၌ ပဋိသန္ဓေနေကုန်သောသူငယ်တို့သည် အနာမရှိ ချမ်းသာသည်သာ ဖြစ်၏။ ထို့ကြောင့် ဘုရားလောင်းတို့မယ်တော်တို့သည် ပဌမအရွယ်၌ ကာမဂုဏ်စည်းစိမ်ကို ခံစား၍ မဇ္ဈိမ အရွယ်ကို ၃ စုစုလျှင် တတိယအစု၌ ဘုရားလောင်းကို ပဋိသန္ဓေဆောင်ပြီးမှ ဖွားမြင်၍ ၇ ရက်မြောက်၌ စုတေကုန်မြဲ ဓမ္မတာတည်း။]

ဤသို့ ကြည့်ခြင်းကြီး ၅ ပါးတို့ဖြင့် ကြည့်တော်မူပြီးလျှင် စကြဝဠာတိုက် ၁ သောင်းမှ တောင်းပန် လာကုန်သော နတ်မင်းဗြဟ္မာမင်းတို့ကို "အချင်းတို့။ ကောင်းပြီ။ သဗ္ဗညုတဉာဏ်ကိုရှာသော ငါသည် ယခု လူ့ပြည်သို့ဆင်း၍ ပဋိသန္ဓေ နေအံ့"ဟု ပဋိညာဉ်ပေး၍ လွှတ်လိုက်ပြီးသော်၊ တုသိတာနတ်ပြည်၌ရှိသော နတ်အပေါင်းခြံရံလျက် ထို တုသိတာနတ်ပြည် နန္ဒဝန်ဥယျာဉ်သို့ ဝင်လေ၏။

['သဗ္ဗဒေဝလောကေသု ဟိ နန္ဒနဝနံ အတ္ထိယေဝ' ဟုဆိုသောကြောင့် နတ်ပြည် ၆ ထပ်လုံးမှာပင် နန္ဒာဝန်ဥယျာဉ် ရှိသည်ဟု မှတ်အပ်၏။]

ထိုအခါ ကပိလဝတ်ပြည်၌လည်း ဝါဆိုလပြည့်နေ့၌ အာသဠီနက္ခတ်သဘင် ကြိမ်သည်ဖြစ်၍ များစွာကုန်သော ပြည်သူပြည်သားအပေါင်းတို့သည် သဘင် ကစားကြကုန်၏။ မဟာမာယာဒေဝီ မိဖုရားကြီးသည်



www.burmeseclassic.com

လည်း လမပြည့်မီ ၇ရက်ကစ၍ နက္ခတ်သဘင်ကစားလျက် ၇ ရက်မြောက်သော် ထိုလပြည့်နေ့ နံနက်ကပင်လျှင် နံ့သာရည်တို့ဖြင့် ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စားသောက်ခြင်း ကိစ္စ ပြီးပြီးသော် အလှူဇရပ် ၄ ဆောင်တို့၌ တစ်သိန်းသောဥစ္စာတို့ကို ထုတ်၍ ကြီးစွာသောအလှူကို ပေးပြီးလျှင် အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ကောင်းစွာဆောက်တည်လျက် ညဉ့်အခါ တန်ဆာဆင်ခြင်းနှင့် စပ်သော ကျက်သရေတိုက်သို့ဝင်၍၊ မြတ်သောသလွန် စက်မွေ့ရာအပြင်၌လျော်း..ုက် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ထိုအခါ မဟာမာယာဒေဝီမိဖုရားကြီးသည် ဤသို့သောအိပ်မက်ကို မြင်လေ၏။ နတ်မင်းကြီး ၄ ယောက်တို့သည် လာလတ်သဖြင့် မိဖုရားစက်ရာ သလွန်ညောင်စောင်းနှင့်တကွ မိဖုရားကို ဟိမဝန္တာ[အ]သို့ ချီဆောင်၍ အနောတတ်အိုင်၏အနီး အမြင့် ၇ ယူဇနာရှိသော အင်ကြင်းပင်ကြီးအောက် အပြင် ၇ ယူဇနာရှိသော ဆေးဒန်းမြင်းသီလာကျောက်ဖျာပေါ် မြတ်သောနတ်အိပ်ရာ၌ သိပ်ထားပြီးလျှင် မိမိတို့သင့်ရာအရပ်သို့ ဖယ်၍ နေကြကုန်၏။

ထိုအခါ နတ်သမီးအပေါင်းတို့လာလတ်၍ မဟာမာယာဒေဝီကို အနောတတ်အိုင်သို့ဆောင်လျက် မသန့်မရှင်းသော လူနံ့ အညစ်အကြေးတို့ကို စင်ကြယ်စေခြင်းငှာ အနောတတ်ရေဖြင့်ချိုး၍ နတ်၏ အဝတ်တန်ဆာ ပန်း, နံ့သာတို့ကို ဝတ်စားလိမ်းဆင်စေပြီးသော်၊ အနောတတ်အိုင်၏အနီး၌ကား တစ်ခုသော ငွေတောင်သည်လည်း ရှိ၏။ ထိုငွေတောင်၏အတွင်း၌လည်း တစ်ခုသောရွှေဗိမာန်သည် ရှိ၏။ ထို ရွှေဗိမာန်သို့ ဆောင်ပြီးလျှင် မြတ်သောအိပ်ရာပေါ်၌ အရှေ့သို့ဦးခေါင်းပြုလျက် အိပ်စေကုန်၏။

ထိုအခါ ဘုရားလောင်းသည် တုသိတာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နိမိတ် ၅ ပါးထင်လျက် စုတေခြင်းသို့ ရောက်လေ၏။ ထို စုတေသောအခါ ဘုရားလောင်းသည် ကိုယ်လုံးကျွတ်ဖြူသော ဆင်ပြောင်ကြီးအယောင်ကဲ့သို့ ဖြစ်လျက် မဟာမာယာဒေဝီနေသော ငွေတောင်၏အနီး တစ်ခုသောရွှေတောင်ထွတ်သို့တက်ပြီးလျှင် ထို ရွှေတောင်ပေါ်မှဆင်းသက်၍ ငွေတောင်သို့တက်ပြန်သဖြင့် ငွေပန်းဆိုင်းနှင့်တူစွာသော နှာမောင်းဖျား၌ ကြာဖြူပွင့်ကို ကိုင်စွဲလျက် ကြိုးကြာသံနှင့် တူစွာသောအသံကိုပြု၍၊ မြောက်မျက်နှာမှ ရွှေဗိမာန်သို့ဝင်ပြီးသော် မယ်တော်၏ အိပ်ရာကို လက်ယာရစ် ၃ ပတ်လှည့်ပြီးမှ လက်ယာနံတောင်းကိုဖောက်၍ ဝမ်းထဲသို့ဝင်သည်နှင့် တူစွာကဲ့သို့ပင် မြင်မက်လေ၏။

[ ဤသို့ ဘုရားလောင်းသည် ဝါဆိုလပြည့်နေ့ ညဉ့် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်သောအခါ မယ်တော်ဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။]

မဟာမာယာဒေဝီသည်လည်း ထိုအိပ်မက်မြင်သည့်ညဉ့်မှ ' နံနက်မိုးသောက်ရောက်လတ်သော် မင်းကြီးထံ သွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ သုဒ္ဓေါဒနမင်းကြီးသည် မိဖုရားစကားကိုကြားလျှင် ထိုအိပ်မက်ကို ဖတ်စိမ့်သောငှာ ပုဏ္ဏားအပေါင်းတို့တွင် ပါမောက္ခ[အ]ချည်းဖြစ်ကုန်သော ပုဏ္ဏားဆရာကြီး ၆ ကျိပ် ၄ ယောက်တို့ကို ခေါ်စေ၍–နွားချေးစိုတို့ဖြင့် အပြေအပြစ်လိမ်းကျံလျက် ပန်းပေါက်ပေါက်စသည်တို့ဖြင့် ကြဲဖြန့်၍ထားအပ်သော မင်္ဂလာပြုရာမြေအပြင်၌ မြတ်သောသူတို့သာ နေခြင်းငှာထိုက်သော နေရာတို့ကိုခင်းစေသဖြင့် ထိုနေရာ၌ ထို နိမိတ်ဖတ်ဆရာ ပါမောက္ခ ၆ ကျိပ် ၄ ယောက်တို့ကိုနေစေပြီးလျှင် ထောပတ်, ပျား, သကာတို့ဖြင့် စီရင်အပ်သော နို့ဃနာသောဇဉ်ကို ရွှေခွက်, ငွေခွက်တို့ဖြင့်ထည့်၍၊ ထိုဆရာပုဏ္ဏားတို့အား တည်ကျွေးပေ၏။ ဆွေတော်မျိုးတော်,



www.burmeseclassic.com

www.burmeseclassic.com



မူးတော်မတ်တော်တို့အိမ်မှ အသီးသီးဆောင်ခဲ့ကြကုန်သော ထောပတ်, နို့ဃနာ, ခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်း ရောင့်ရဲစေ၏။

ထိုသို့ကျွေးမွေးပြီးသော် သုဒ္ဓေါဒနမင်းကြီးမြင်မက်သောအိပ်မက်ကို ပါမောက္ခဆရာတို့အား ပြန်ကြား၍၊ "ဤအိပ်မက်ကား အကြောင်းအသို့ဖြစ်မည်နည်း"ဟုမေး၏။ ပုဏ္ဏားတို့သည်လည်း ထိုအိပ်မက်ကို ကြားလျှင် "အရှင်မင်းကြီး။ စိုးရိမ်တော် မမူနှင့်။ ဤ အရှင်မိဖုရားကြီးဝမ်း၌ ယနေ့ ကိုယ်ဝန်တည်ခြင်းသို့ ရောက်၏။ ထိုကိုယ်ဝန်သည် မိန်းမ မဟုတ်။ ယောကျ်ားတည်း။ ထိုယောကျ်ားသည်လည်း ဘုန်းနည်းသောသူ မဟုတ်။ ယခု ရှင်မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေသောယောကျ်ားသည် အိမ်ရာထောင်သော လူ၏ဘောင်၌ အကယ်၍ နေသည်ဖြစ်မူ ကျွန်းငယ်၂ ထောင်နှင့် တကွ ၄ ကျွန်းလုံးကိုအစိုးရသော စကြာမင်း ဖြစ်လတ္တံ့။ အကယ်၍ ရဟန်းပြုသည်ဖြစ်မူ မချွတ်လျှင် လောက၌ ဝဋ် ၃ ပါးတရားကို ဖြတ်တတ်သော ဘုရားဖြစ်လတ္တံ့"ဟုအိပ်မက်ကို ဖတ်ကြားလျှောက်ထားကြကုန်၏။

ထို ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသည်နှင့်တစ်ပြိုင်နက်လျှင်– တစ်သောင်းသော လောကဓာတ်သည်လည်း ပြင်းစွာတုန်လှုပ်လေ၏။ ခပ်သိမ်းကုန်သော ပုဗ္ဗနိမိတ်တို့သည်လည်း ထင်ရှားဖြစ်လေကုန်၏။ တစ်သောင်းသောလောကဓာတ်တို့၌ အလျှံအရောင်တို့သည်လည်း ထက်ဝန်းကျင် နံ့ကုန်၏။ ထိုအခါ မျက်စိ မရှိကုန်သောသူတို့သည်လည်း မျက်စိကို ရလေကုန်၏။နားမရှိကုန်သော သူတို့သည်လည်း နားကို ရလေကုန်၏။ သူအ, သူဆွံ့တို့သည်လည်း မအ,မဆွံ့ ပြကတေ့ဖြစ်လေကုန်၏။ ကုန်းခြင်း, ကွခြင်း, ခွင်ခြင်း,ကောက်ခြင်း ရှိကုန်သောသူတို့သည်လည်း ပြကတေ့ ဖြစ်လေကုန်၏။ အနှောင်အဖွဲ့သင့်ကုန်သော သူတို့သည်လည်း အနှောင်အဖွဲ့မှ လွတ်လေကုန်၏။ အလုံးစုံသော ငရဲကြီး,ငရဲငယ်တို့၌ မီးလျှံတို့သည်လည်း ငြိမ်းလေကုန်၏။ ပြိတ္တာတို့၌လည်း ရေစာငတ်မွတ်ကုန်သော ပြိတ္တာတို့သည် ရေစာကို သောက်စားကြကုန်၏။ တိရစ္ဆာန်အပေါင်း တို့သည်လည်း ဘေးရန်မရှိခြင်းသို့ ရောက်လေကုန်၏။

ခပ်သိမ်းကုန်သော သတ္တဝါတို့သည်လည်း အနာမရှိခြင်းသို့ ရောက်လေကုန်၏။ ရန်သူဖြစ်သော သတ္တဝါတို့ပင်လည်း အချင်းချင်း ချစ်ခင်ကြကုန်သည်ဖြစ်၍၊ ချိုသော,နှစ်သက်သောစကားဖြင့် နှစ်သိမ့်ဝမ်းမြောက် ကြလေကုန်၏။ ခပ်သိမ်းကုန်သော စည်,စောင်း, ငြင်း, နှဲ, ခရာ စသော တီးမှုတ်မျိုးတို့သည်လည်း လူ မတီးမမှုတ်ဘဲ အလိုလိုသာလျှင် သဘင်သည်တို့ တီးသကဲ့သို့ သာယာစွာမြည်ကုန်၏။ ခပ်သိမ်းကုန်သောလူတို့၏ အဝတ်တန်ဆာ အဆောင်အရွက်တို့သည်လည်း အရောင်အဝါ ထွက်လေကုန်၏။

အရပ် ၈ မျက်နှာတို့သည်လည်း အလွန်ကြည်လင်ခြင်းသို့ ရောက်လေကုန်၏။ သတ္တဝါတို့၏ချမ်းသာကို ဆောင်တတ်သော လေပြည်လေညင်းတို့သည်လည်း ကိုယ်တွင်းငြိမ့်မျှ လာကုန်၏။ မိုးကြီးတို့သည်လည်း သည်းထန်စွာ ရွာကုန်၏။ မြေထဲမှ ရေကြောင်းတို့သည်လည်း ပေါ်ထွက်၍ အလျဉ်ထန်စွာ စီးကုန်၏။ ငှက်တို့သည်လည်း ကောင်းကင်ပျံခြင်းကို စွန့်ကုန်၏။ မြစ်ရေအလျဉ်တို့သည်လည်း အရှင်ဝေါက်၍ ကြောက်ရွံ့သဖြင့် မသွားဝံ့သောကျွန်ကဲ့သို့ တန့်ရပ်ကုန်၏။ ဆားငန်သမုဒ္ဒရာရေသည်လည်း ဂင်္ဂါရေကဲ့သို့ ချိုလေကုန်၏။ အရပ် ၁၀ မျက်နှာတို့၌ ကြာမျိုး ၅ ပါး ဖုံးလွှမ်းသကဲ့သို့ ဖြစ်လေကုန်၏။ ကြည်းပန်း,ရေပန်း, သစ်ခွပန်း, သစ်ခက်ပန်း, နွယ်ပန်းတို့သည်လည်း တစ်ပြိုင်နက် ပွင့်လေကုန်၏။ကျောက်ဖျာ အပြင်တို့မှထွင်း ဖောက်၍ အထပ် ၁၀၀ ပဒုမ္မာကြာရိုးတို့သည်လည်း အပွင့်နှင့်တကွ ပေါ်ထွက်ကုန်၏။ ကောင်းကင်၌ ပန်းဆိုင်းဆွဲ သကဲ့ကို ပဒုမ္မာကြာပွင့်တို့သည်လည်း ဦးစောက် တည်လေကုန်၏။ ထက်ဝန်းကျင် ပန်းမိုးတို့သည်လည်းရွာကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်၌ နတ်တို့၏ စည်,စောင်း, ငြင်း တီးမှုတ်မျိုးတို့သည်လည်း အလိုလိုသာလျှင် မြည်လေကုန်၏။ စကြဝဠာအပေါင်း တစ်သောင်းသောလောကဓာတ်သည် အထူးထူးသော ပန်းတို့ဖြင့် စီရင်အပ်သော ပန်းဆိုင်း, ပန်းပုံတောင်း စသည်တို့ကဲ့သို့ ပန်းနံ့သာအခိုးအထုံ အရောင်မျိုးတို့ဖြင့် တစ်ကောင်းကင်လုံး တစ်စပ်တည်းဖြစ်၍ တင့်တယ်ခြင်းသို့ ရောက်လေ၏။

ဤသို့ ပဋိသန္ဓေနေတော်မူသော ဘုရားလောင်းအား မယ်တော်၏ လည်းကောင်း, ကိုယ်တော်၏ လည်းကောင်း အန္တရာယ်ပြုခြင်းငှာ မြင်းမိုရ်တောင်လုံးနှင့်ပင် နှင်းဖိဘြားသော်လည်း အသက်အန္တရာယ် မဖြစ်နိုင်ရာ။ ယင်းသို့ဖြစ်သော်လည်း ဘုန်းရှိသောသူတို့၏ အာနုဘော်တန်ခိုးကြောင့်– စကြဝဠာ တစ်သောင်း၌ ရှိကုန်သော စာတုမဟာရာဇ် နတ်မင်းကြီး ၄ ယောက်တို့သည် မယ်တော်၏အိပ်ရာ တံခါးဝမှစ၍ အရပ် ၄ မျက်နှာတို့၌ တစ်ယောက်စီ သန်လျက်စွဲလျက် ဖွားတော်မူသည်တိုင်အောင် ၁၀ လပတ်လုံး သေးရန်အဆီးအတားအလို့ငှာ စောင့်ရှောက်ကြကုန်၏။ ဤ စကြဝဠာတိုက်သား နတ်မင်းကြီး ၄ ယောက်တို့ကား အိပ်ရာတိုက်တံခါးဝ ခပ်သိမ်းသော စာတုမဟာရာဇ်နတ်တို့၏အတွင်း၌ နေ၍ စောင့်ရှောက်ကြကုန်၏။

ဘုရားလောင်း ပဋိသန္ဓေနေသည်မှစ၍ ဓမ္မတာအားဖြင့် မယ်တော်သည်လည်း ယောကျ်ားတို့၌တပ်မက်ခြင်း ရာဂစိတ် မရှိ။ တစ်ပါးမိန်းမတို့ကဲ့သို့ ကိုယ်ဝန်ဆောင်ခြင်း၌လည်း ပင်ပန်းခြင်းမရှိ။ ပြကတေအားဖြင့်သာလျှင် များစွာသောအခြံအရံတို့နှင့် ချမ်းသာစွာနေ၏။ ပတ္တမြားနီ၏အတွင်း၌ သီအပ်သောပိုးဖြူကြိုးကို ပြင်ကမြင်သကဲ့သို့ ဝမ်း၌ အမိကျောကို တံကဲပြု၍ ရှေ့သို့မျက်နှာမူလျက် ထက်ဝယ်ဖွဲ့ခွေနေတော်မူသော ဘုရားလောင်းကိုလည်း မယ်တော်သည် ပြင်ကကြည့်သဖြင့် မြင်ရ၏။ ဘုရားလောင်းတို့၏ နေပြီးသောကိုယ်ဝန်တိုက်သည်လည်း စေတီအိမ်ကဲ့သို့ ဖြစ်၏။ တစ်ပါးသောသတ္တဝါတို့ နေခြင်း, သုံးဆောင်ခြင်းငှာ မထိုက်ကုန်။

ဤသို့ ပဋိသန္ဓေကိုဆောင်၍ ၁၀ လစေ့လတ်သော် ဘုရားလောင်းတို့သည် ဓမ္မတာအားဖြင့် တောအရပ်သာ ဖွားမြဲဖြစ်၍၊ ထို ၁၀ လစေ့သော် ကဆုန်လပြည့်နေ့၌ မယ်တော်မဟာမာယာဒေဝီသည် မိမိမယ်တော်,ခမည်းတော်တို့စံရာ ဒေဝဒဟပြည်သို့ သွားလိုသောစိတ် ရှိသဖြင့်၊ သွားရမည့်အကြောင်းကို မင်းကြီးအား လျှောက်ကြားလေ၏။

မင်းကြီးလည်း "ကောင်းပြီ။ သွားချေတော့"ဟုဆို၍ ကပိလဝတ်ပြည်မှသည် ဒေဝဒဟမြို့တိုင်အောင် မိဖုရားသွားအံ့သော မင်းလမ်းခရီး၌ သဲဖြူးခြင်း၊ တံခွန်, မုလေးပွား, ကုက္ကား, ပုဆိုးဖြူ စိုက်လွှားခြင်း စသည်တို့ဖြင့် တန်ဆာဆင်စေပြီးသော်၊ အမတ် တစ်ထောင်ထမ်းဆောင်ရသော ရွှေဝေါပေါ်၌စီးစေလျက် များစွာသောအခြံအရံနှင့်တကွက ဒေဝဒဟပြည်သို့ ပို့စေ၏။ ကပိလဝတ်ပြည် ဒေဝဒဟပြည်တို့၏အကြား၌ ထို ၂ ပြည်သောမင်းတို့၏ကစားရာ လုမ္ဗိနီအမည်ရှိသော မင်္ဂလာဥယျာဉ်သည်လည်း အင်ကြင်းပင်ပျိုတို့ဖြင့် တင့်တယ်စွာရှိ၏။ ထို ကဆုန်လပြည့်နေ့၌လည်း အင်ကြင်းပင်ပျိုတို့သည် ပင်လုံးကျွတ် ပွင့်ကြကုန်၏။ သစ်ခက်ကြား ပန်းပွင့်ကြားတို့၌ ပိတုံးအပေါင်းတို့သည်လည်း ရစ်ကာဝဲကာ ချိုသာသောအသံတို့ဖြင့် ရင့်ရွှကျူးအေးကြကုန်၏။ အခါကောင်း လာဖြစ်၍ အလုံးစုံသောလုမ္ဗိနီဥယျာဉ်သည် တာဝတိံသာနတ်ပြည်၌ စိတ္တလတာဥယျာဉ်ကဲ့သို့ နှလုံး မွေ့လျော်ဖွယ် ဖြစ်၏။

မဟာမာယာဒေဝီသည်လည်း များစွာသောအခြံအရံနှင့်တကွ ထွက်လာလတ်သော် ထိုအရပ်သို့ ရောက်၍၊ ဥယျာဉ်၏တင့်တယ်ခြင်းကိုမြင်လျှင် ဥယျာဉ်ကစားလိုသဖြင့် အမတ်တို့သည် မိဖုရားကိုဆောင်လျက် ဥယျာဉ်သို့ ဝင်ကြလေကုန်၏။ မဟာမာယာဒေဝီသည်လည်း ဥယျာဉ်ထဲသို့ရောက်သောအခါ ရွှေဝေါထက်မှ ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရှိသောအင်ကြင်းပင်ရင်းသို့ ညီမတော် မဟာပဇာပတိဂေါတမီမိဖုရားနှင့်တကွ ကိုယ်လုပ်တော်တို့ကို လက်ဝဲ,လက်ယာတွဲ၍ ထက်ဝန်းကျင်ခြံရံလျက်သွားသဖြင့် ထိုအင်ကြင်းပင်သို့ ရောက်သောအခါ တစ်ကိုင်းလုံးကျွတ်ပွင့်သော အင်ကြင်းခက်ကိုဆွဲအံ့ဟု လက်ယာလက်ကို မြှောက်ချီလေ၏။

ထိုအခါ အင်ကြင်းခက်သည် မီးအုံးသောကြိမ်ညွန့်ကဲ့သို့ ပျောင်းကာညွှတ်၍ မိဖုရားကြီး၏ လက်တွင်းသို့ ရောက်လာ၏။ မဟာမာယာဒေဝီမိဖုရားကြီးသည် အင်ကြင်းခက်ကို လက်တစ်ဖက်ဖြင့်ဆွဲလျက် တစ်ဖက်သော နံပါးက ညီမတော်မိဖုရားကို ဖက်တွဲ၍ရပ်နေလေ၏။ ထိုအခါ သားဖွားခြင်း၏ အကြောင်းဖြစ်သော ကမ္မဇလေသည် နေရာမငြိမ်သဖြင့် ကန့်လန့်ကာထူးခြင်းသို့ရောက်လေသော် နန်းတွင်းသူ အပျိုတော်အပေါင်းတို့သည် ရွှေတင်းတိမ် ထက်ဝန်းကျင်ကာရံလျက်၊ မူးမတ်အပေါင်းတို့ကိုလည်း ဖယ်ရှားစေ၏။

ထိုအခါ ရွှေခွက်၌တည်သော ခြင်္သေ့ဆီကို ရွှေခွက်တစ်ခုသို့ တိမ်းကာငဲ့စောင်း လောင်းသွန်ဘိသကဲ့သို့ လည်းကောင်း, တရားဟောပလ္လင်မှဆင်းသက်သော ဓမ္မကထိကပုဂ္ဂိုလ်ကဲ့သို့ လည်းကောင်း, မယ်တော်ဝမ်း၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူရာမှစ၍ အရိအမြေး ညစ်ကြေးမတင် စင်ကြယ်စွာအစုံသော ခြေတော်စက်ဖြင့် ရပ်လျက် ခြေဖွား ဖွားတော်မူလေ၏။ ထိုခဏ၌ အကနိဋ္ဌဗြဟ္မာမင်း ၄ ယောက်တို့သည်လာလတ်သဖြင့် မိဖုရားကြီး၏ရှေ့၌ ရွှေကွန်ရက် တစ်ထောင့်စီကိုင်၍ဖြန့်လျက် ဘုရားလောင်းကို ခံလင့်ကြကုန်၏။

မယ်တော်အားလည်း "မိဖုရားမြတ်။ သင်၏ သားတော်ကား တန်ခိုးကြီးသော ယောကျာ်းမြတ်ပေတည်း။ နှစ်လို့ဝမ်းသာခြင်းကို ဖြစ်စေလော့"ဟု ထိုဗြဟ္မာမင်း ၄ ယောက်တို့ ဆိုကြကုန်၏။ ဘုရားလောင်းသည်လည်း အညစ်အကြေးမတင် သန့်စင်စွာ ကာသိကရာဇ်တိုင်းဖြစ်ပုဆိုးပေါ်၌ ပတ္တမြားမျက်ရှင်ကို တင်ထားဘိသကဲ့သို့ ထွန်းလင်းလျှံညီးသော ကိုယ်ရောင်ကိုယ်ဝါဖြင့် ဗြဟ္မာမင်းလောက်ရှိ ထင်စေလျက် မယ်တော်ဝမ်းမှဖွားမြင်ပြီးလျှင် ဗြဟ္မာမင်းတို့ခံသော ရွှေကွန်ရက်ပေါ်သို့ ကြွသွားတော်မူ၏။

ဘုရားလောင်းအား လည်းကောင်း, မယ်တော်အား လည်းကောင်း ချမ်းမြေ့သော ဥတုကို ယူစေခြင်းငှာ ကောင်းကင်မှ လက်ဝဲ, လက်ယာ ရေအလျဉ်တို့သည်လည်း ယိုစီး၍ကျကုန်၏။ ထိုဗြဟ္မာမင်းတို့၏လက်မှ စာတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့သည် နူးညံ့သိမ်မွေ့သောအတွေ့ရှိ၍ မင်္ဂလာရှိသည်ဟု သမုတ်အပ်သော သစ်နက်ရေကို တစ်ထောင့်စီကိုင်၍ ဖြန့်လျက်ခံကြကုန်၏။

ထို စာတုမဟာရာဇ်နတ်မင်းကြီးတို့လက်မှ နန်းတွင်းသူကိုယ်လုပ်တော်တို့သည် နူးညံ့လှစွာသော ဘွဲ့ဖြူပုဆိုးဖြင့် ခံလင့်ကြကုန်၏။ ထို ဘွဲ့ဖြူပုဆိုးပေါ်မှ မြေသို့ဆင်း၍ရပ်တော်မူလျက် 'ဤလောက၌ ငါ့ထက်မြတ်သူ ရှိလေသေး၏လော'ဟု အရှေ့မျက်နှာသို့ ရှေးရှုကြည့်တော်မူလျှင် ထိုသို့သောစကြဝဠာ တစ်သောင်းတို့ကို ထုတ်ချင်းလျှိုထွင်း၍ အကြွင်းမဲ့ မြင်တော်မူလေ၏။

ထိုသို့ စကြဝဠာသား, နတ်ဗြဟ္မာ အပေါင်းတို့သည်လည်း "ယောကျာ်းမြတ်။ ဤလောက၌ သင်နှင့် တူသောသူ တစ်ယောက်မျှမရှိဘဲလျက် သင့်ထက်မြတ်သောသူ အဘယ်မှာ ရှိနိုင်ပါအံ့နည်း"ဟု ဆိုကြကုန်လျက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြကုန်၏။

ဤသို့သောနည်းဖြင့် အရပ် ၁၀ မျက်နှာတို့ကိုလှည့်လည်၍ ကြည့်ရှုတော်မူသဖြင့် ကိုယ်တော်နှင့်တူသောသူ တစ်ယောက်ကိုမျှ မြင်တော်မမူလျှင် ထိုရပ်သောနေရာမှ မြောက်သို့ရှေးရှု ၇ လှမ်းတိုင်အောင် ဗြဟ္မာမင်း၏ အရောင်အဝါဖြင့် ရွှေစက်ဖဝါး ကြွသွားတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြွသွားတော်မူစဉ် ဗြဟ္မာမင်းတို့သည်လည်း ထီးဖြူဖြင့် မိုးကာကြကုန်၏။ သုယာမနတ်သားသည်လည်း စာမရီသားမြီးယပ်ဖြင့် လေညင်းသွင်းလျက် ပူဇော်၏။ သိကြားမင်းမှစ၍ ခပ်သိမ်းကုန်သော နတ်တို့သည် နတ်၌ဖြစ်သောတီးမှုတ်မျိုး, ပူဇော်မျိုးတို့ဖြင့် ထက်ဝန်းကျင် တီးမှုတ်ပူဇော်ကြကုန်၏။

ဘုရားလောင်းသည် ၇ လှမ်းစေ့သောဖဝါး၌ ရပ်တော်မူလျက် 'အဂ္ဂေါ ဟမသ္မိ လောကဿ။ သေဋ္ဌော ဟမသ္မိ လောကဿ။ ဇေဋ္ဌော ဟမသ္မိ လောကဿ။'ဟု ၃ ခွန်းသောအသံဖြင့် ကြုံးဝ မြွက်ဆိုတော်မူ၏။ ဤဖွားတော်မူသောအခါ၌လည်း ပဋိသန္ဓေနေတော်မူသောအခါကဲ့သို့ မြေလှုပ်ခြင်း စသော ၃၂ ပါးသော ပုဗ္ဗနိမိတ်တို့သည်လည်း ထင်ရှားဖြစ်ကုန်၏။

ထို ဘုရားလောင်း ဖွားတော်မူသည်နှင့် မရှေးမနှောင်းပင်လျှင် ဘထွေးတော် အမိတ္တောဒနအိမ်၌ အာနန္ဒာမင်းသားကို ဖွားမြင်လေ၏။ဒေဝဒဟပြည်၌ သုပ္ပဗုဒ္ဓမင်းကြီး၏သမီးတော် ဘဒ္ဒကစ္စာနာကိုလည်း ဖွားမြင်လေ၏။ ကပိလဝတ်ပြည်၌ ဆန္နအမတ်, ကာဠုဒါယီအမတ်, ကဏ္ဍကမြင်းတို့ကိုလည်း ဖွားမြင်လေကုန်၏။ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌လည်း ရွှေအိုးကြီး ၄ လုံးတို့သည် တစ်ပြိုင်နက် ပေါ်လေကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၏အလယ်ချက်မ ဘုရားတကာတို့ပွင့်ရာဖြစ်သော မြေအရပ်၌လည်း မဟာဗောဓိပင်အလို့ငှာ ညောင်ဗုဒ္ဓဟေပင် ပေါက်လေ၏။ [ဤ ၇ပါးကား ဘုရားလောင်း၏ ဖွားဖက်တော်တည်း။]

ဤသို့ ဘုရားလောင်းကိုဖွားမြင်ပြီးသော် ကပိလဝတ်ပြည်, ဒေဝဒဟပြည်တို့၌နေကုန်သော ၂ ပြည်ထောင်မင်း, ဆွေတော်မျိုးတော်, မှူးတော်မတ်တော်, ပြည်သူလူထု အပေါင်းတို့သည် ထို လုမ္ဗိနီဥယျာဉ်မှ သုဒ္ဓေါဒနမင်းကြီးနန်းတော်သို့ မိဖုရားကြီးကို ပို့ဆောင်ကြလေကုန်၏။ ထို ဘုရားလောင်းဖွားသည့်နေ့၌ပင်လျှင် သိကြားမင်းမှစ၍ တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်ပျော်ကခုန် မြူးထူးကြကုန်၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီးဆရာ သမာပတ်၈ပါး[222]နှင့်ပြည့်စုံသော ကာဠဒေဝီလ အမည်ရှိသော ရှင်ရသေ့သည် ထိုလပြည့်နေ့နံနက် ဆွမ်းစားပြီးလျှင် တာဝတိံသာသို့သွား၍ ဈာန်၏မွေ့လျော်ခြင်းဖြင့် နေလတ်သော်၊ နတ်တို့၏မြူးထူးခြင်းကိုမြင်လျှင် "အဘယ့်ကြောင့် သင်တို့ အခါတစ်ပါးထက်ထူး၍ မြူးထူးရွှင်ပျကြသနည်း"ဟု မေး၏။ "သုဒ္ဓေါဒနမင်းကြီး၌ ဘုရားလောင်းဖြစ်သော သားတော်ကို ယနေ့ ဖွားတော်မူ၏။ ထိုသူသည် မချွတ်လျှင် ဘုရားဖြစ်သဖြင့် 'ဘုရား၏တင့်တယ်ခြင်းကိုလည်း အကျွန်ုပ်တို့ မြင်ဖူးရကုန်အံ့။ ဓမ္မစကြာတရား ဟောတော်မူသည်ကိုလည်း ကြားနာရလတ္တံ့'ဟု ဝမ်းမြောက်ဝမ်းသာရှိကြ၍ မြူးထူးရွှင်ပျကြသည်"ဟု ဆိုကြကုန်၏။

ကာဠဒေဝီလ ရှင်ရသေ့သည် နတ်တို့စကားကိုကြားသဖြင့် တာဝတိံသာမှ အလျင်တဆော ဆင်းသက်ခဲ့ပြီးသော် မင်းကြီးနန်းတော်သို့သွား၍ ခင်းအပ်သောနေရာ၌နေလျက် "မင်းကြီး။ သင်၏သားတော် ယနေ့ ဖွားမြင်သည်ဟု ငါကြားသည်။ အဘယ်မှာနည်း။ ငါ ရှုလို၏"ဟုဆိုလျှင် သုဒ္ဓေါဒနမင်းကြီးသည် တန်ဆာဆင်အပ်သောဘုရားလောင်းကို ပိုက်ချီဆောင်ယူစေပြီးသော် ရှင်ရသေ့အားရှိခိုးစိမ့်သောငှာ ဦးခေါင်းရှေးရှု၍ ရှင်ရသေ့၏အနီးသို့ ကပ်လေ၏။ ထိုအခါ ဘုရားလောင်း၏ခြေတော်အစုံသည် ဦးခေါင်းထားရာ ပြန်လည်လျက် ရှင်ရသေ့၏ဆံကျစ်နှား၌ တည်လေ၏။

[ထိုစကားသည် မှန်၏။ ပစ္ဆိမဘဝိက[225] ဖြစ်သော ဘုရားလောင်းတို့ ရှိခိုးခြင်းငှာထိုက်သောသူ မည်သည်မရှိ။ ဂုဏ်အထူးကို မသိကုန်သည်ဖြစ်၍ဘုရားလောင်း၏ဦးခေါင်းကို အကယ်၍ ရှင်ရသေ့ခြေရင်း၌ ထားငြားအံ့။ ရှင်ရသေ့ဦးခေါင်းသည် ၇ စိတ် ကွဲရာ၏။]

www.burmeseclassic.com



ရှင်ရှသေ့သည်လည်း ဘုရားလောင်း၏အခြင်းအရာကို မြင်လျှင် မိမိနေရာမှထ၍ လက်အုပ်ချီလျက် ဘုရားလောင်းအား ရှိခိုး၏။ ဤသို့သောအံ့ဖွယ်ကိုမြင်လျှင် မင်းကြီးသည်လည်း သားတော်ဘုရားလောင်းအား ရှိခိုး၏။

ရှင်ရသေ့သည်ကား လွန်လေပြီးသောကမ္ဘာ ၄၀, လာလတ္တံ့သောကမ္ဘာ ၄၀ အားဖြင့် ကမ္ဘာ ၈၀ တို့ကို အောက်မေ့နိုင်သော အဘိညာဉ်ရှိသည်ဖြစ်၍ ဘုရားလောင်း၏လက္ခဏာနှင့်ပြည့်စုံခြင်းကို မြင်သဖြင့် 'ဘုရားဖြစ်အံ့လော။ မဖြစ်အံ့လော'ဟု ဆင်ခြင်လတ်သော်၊ 'မချွတ်လျှင် ဘုရားဖြစ်လတ္တံ့'ဟုသိပြီးလျှင်၊ 'ဤသို့သော ယောကျ်ားမြတ်ကား အလွန်အံ့ဖွယ်ရှိပေစွ'ဟု နှစ်သက်ခြင်းဖြစ်၍ ရွှင်ပြုံးခြင်းကိုပြု၏။

ထို့နောင် 'ငါသည် ဤသူ ဘုရားဖြစ်သောအခါ ဖူးတွေ့ရအံ့လော့, မတွေ့ရအံ့လောဟု ဆင်ခြင်ပြန်လျှင် ဤသူ ဘုရားမဖြစ်မီပင် စုတေသဖြင့် ဘုရားအရာ, ဘုရားအထောင် ပွင့်တော်မူ၍မျှ မတွေ့ရကောင်းသော အရူပဘုံ၌ ဖြစ်အံ့သည်ကိုသိလတ်သော် ဤသို့သော ယောကျ်ားမြတ်ကို တွေ့ရပါလျက် ဘုရားအဖြစ်ဖြင့် ငါ မဖူးမမြင်ရဘဲ ကြီးစွာသောရှုံးခြင်းသို့ ရောက်ခဲ့ပြီးတကား'ဟု နှလုံးမသာ ရှိပြန်သဖြင့် ငိုဘိ၏။

မှူးမတ်အပေါင်းတို့သည်လည်း ရှင်ရသေ့၏အမူအရာကိုမြင်လျှင် "အရှင်ဘုရား။ ဤသတို့သား၏ အန္တရာယ်ဖြစ်အံ့သည်ကို မြင်တော်မူသလော။ အဘယ့်ကြောင့် ရွှင်ပြုံးခြင်း, ငိုကြွေးခြင်းကို ပြုတော်မူသနည်း"ဟု မေးလျှောက်ကြကုန်၏။ ရှင်ရသေ့လည်း မိမိ ရယ်ခြင်း, ငိုခြင်းအကြောင်းကို အမတ်တို့အား ပြန်ကြားပြီးလျှင် တစ်ဖန် 'ဤသတို့သား ဘုရားဖြစ်သောအခါ ငါပင် မဖူးမတွေ့ရသော်လည်း ငါ၏အဆွေအမျိုး တစ်စုံတစ်ယောက် ဖူးတွေ့ရပါမည်လော'ဟု ဆင်ခြင်ပြန်လတ်သော်၊ 'ငါ၏တူ နာလကသတို့သားသည် ဖူးတွေ့ရလတ္တံ့'ဟု မြင်သဖြင့် နန်းတော်မှဆင်းသက်ခဲ့၍၊ နှမအိမ်သို့သွားပြီးလျှင် "သင်၏သား နာလက အဘယ်မှာနည်း။ ခေါ်ချေ"ဟုဆို၍ နာလကသတို့သားကို ခေါ်စေသဖြင့် မိမိထံသို့ ရောက်လျှင် "နာလက။ ယခု သုဒ္ဓေါဒနမင်းကြီးမှာ ဘုရားအညွန့် ဖြစ်သောသားတော်ကို ဖွားပြီ။ ထိုသားတော်သည် ယခုနှစ်မှ နောက် ၃၅ နှစ်လွန်လျှင် ဘုရားဖြစ်လတ္တံ့။ သင်သည် ထိုဘုရားကို ဖူးမြင်ရလတ္တံ့။ ယခုပင် သင် ရဟန်းပြုလော့"ဟုဆို၏။

ဦးရီးရှင်ရသေ့စကားကို ကြားလျှင် ကုဋေ ၈၀ ကြွယ်သော အမျိုးသားနာလက သတို့သားသည် 'ငါ၏ ဦးရီး ရှင်ရသေ့သည် ငါ့အား အကျိုးမရှိသောအရာကို မတိုက်တွန်းရာ'ဟုကြံလျက် ထိုခဏ၌ပင်လျှင် အိမ်ဈေးတို့၌ ရဟန်းပရိက္ခရာတို့ကိုဝယ်၍ ဆံမုတ်ဆိတ်တို့ကိုပယ်ရိတ်စေပြီးသော် ဘုရားလောင်းရှိရာသို့ လက်အုပ်ချီ၍ ရှိခိုးလျက် "ဤလောက၌ အကြင်ပုဂ္ဂိုလ်ကို အထွတ်အမြတ်ဟု သမုတ်အပ်၏။ ထို အထွတ်အမြတ်ဟုသမုတ်အပ်သော ပုဂ္ဂိုလ်ကိုရည်မှတ်၍ အကျွန်ုပ် ရဟန်းပြုပါမည်" ဆိုပြီးလျှင်၊ ရဟန်းပြုသဖြင့် ဟိမဝန္တာသို့ဝင်၍ ရဟန်းတရားကို ပွားစေလျက်နေ၏။ [ထို နာလကရဟန်းသည် ဘုရားဖြစ်တော်မူသောအခါ မောနေယျ[၂၃၃]အကျင့်ကို ကျင့်ဆောင်တော်မူသော အရှင် နာလကထေရ်ပင်တည်း။]

ဘုရားလောင်းဖွားတော်မူ၍ ၅ ရက်မြောက်။ အမည်မှည့်အံ့သောနေ့၌ ကြီးစွာသောအခင်းအကျင်း အကျွေးအမွေးပွဲသဘင်တို့ကိုဖြစ်စေလျက် လက္ခဏာကျမ်း စသည်တို့နှင့်တကွ ဗေဒင် ၃ ပုံတို့ကို အာဂုံ ဆောင်ရွက်နိုင်ကုန်သော ပုဏ္ဏား ၁၀၈ ယောက်တို့ကိုပင့်ဖိတ်၍၊ ကျွေးမွေးပြီးလျှင် ဘုရားလောင်း၏ လက္ခဏာတို့ကို ဖတ်စေ၏။ ထို ပုဏ္ဏား ၁၀၈ ယောက်တို့တွင် ယာမ,ဓဇ, လက္ခဏ, ဇာတိမန္တီ, ယတိ, သုဂေါစ, သုယာမ,

www.burmeseclassic.com



သုဒတ္တ၊ ဤ ၈ ယောက်သောပုဏ္ဏားတို့သည် ဆဋ္ဌင်္ဂဗေဒင်ကို တတ်ကြကုန်သည်ဖြစ်၍ အလုံးစုံသော လက္ခဏာတို့ကို သိကုန်၏။ ပဋိသန္ဓေ နေတော်မူစကလည်း ဤ ၈ ယောက်တို့ပင်လျှင် ဖတ်ကုန်၏။

ထို ၈ ယောက်တို့တွင် ၇ ယောက်သော ပုဏ္ဏားတို့သည် 'လူဖြစ်လျှင် စကြာမင်း ဖြစ်လတ္တံ့။ ရဟန်းဖြစ်လျှင် ဘုရားဖြစ်လတ္တံ့'ဟု လက် ၂ ချောင်းပြ၍ ဖတ်ကြကုန်၏။ အမျိုးအားဖြင့် ကောဏ္ဍညတွင်သော အငယ်ဆုံးသုဒတ္တ ပုဏ္ဏားသည်ကား "ဤမင်းသားသည် အိမ်ရာထောင်သော လူ၏ဘောင်၌ နေအံ့သော အကြောင်းမရှိ။ မချွတ်လျှင် ဘုရားဖြစ်လတ္တံ့"ဟု လက်ညှိုး တစ်ချောင်းသာ ပြ၍ ဖတ်၏။

ထိုနေ့၌ပင်လျှင် ဘုရားလောင်းအားလည်း 'သိဒ္ဓတ္ထ'ဟူသောအမည်ကို မှည့်ကုန်၏။ သုဒ္ဓေါဒန မင်းကြီးသည်လည်း အမတ်တို့အား "အချင်းတို့။ ငါ့သားသည် ရဟန်းပြု၍ ဘုရားဖြစ်လတ္တံ့ဟုဆိုသော် အဘယ့်ကြောင့် ရဟန်းပြုလတ္တံ့နည်း"ဟု မေး၏။ အမတ်တို့လည်း "အရှင်မင်းကြီး။ ရဟန်းပြုခြင်း၏ အကြောင်းသည်ကား သူအို၊သူနာ၊သူသေ၊ ရဟန်း၊ ဤ ၄ ပါးတို့တွင် တစ်ခုခုကိုမြင်သဖြင့် ရဟန်းပြုလတ္တံ့"ဟု လျှောက်ကြကုန်လျှင်၊ သုဒ္ဓေါဒနမင်းကြီးသည် "အချင်းတို့။ ယင်းသို့တပြီးကား ငါ့သားအား ထို ၄ ပါးတို့ကို မမြင်စေနှင့်။ စကြာမင်းစည်းစိမ်ဖြင့် တင့်တယ်စွာစိုးစံသော ငါ့သားကို ငါမြင်လိုသည်"ဟု ဆို၍၊ ဘုရားလောင်းအား မမြင်စေရအံ့ မြို့ထက်ဝန်းကျင် အရပ် ၄ မျက်နှာတို့၌လည်း ထို ၄ ပါးကို ဆီးတားစိမ့်သောငှာ တစ်ဂါဝုတ်မျှ လောက်သောအရပ်၌ အစောင့်အရှောက်ထား၏။

သာကီဝင်မင်းမျိုး ဖြစ်ကုန်သော ဆွေတော်မျိုးတော်တို့သည်လည်း ၈ သောင်း ရှိကုန်၏။ ထို ၈ သောင်းသော ဆွေတော်မျိုးတော်တို့သည် အညီအညွတ် မင်းကြီးထံစည်းဝေးကြ၍ "အရှင်မင်းကြီး။ ဤ သိဒ္ဓတ္ထမင်းသားသည် စကြာမင်းဖြစ်လည်း ဖြစ်စေ၊ ဘုရားဖြစ်လည်း ဖြစ်စေ၊ သိဒ္ဓတ္ထမင်းသားနှင့်အတူ အခြံအရံဖြစ်စေခြင်းငှာ အကျွန်ုပ် တို့က သားတစ်ယောက်စီ ပေးအပ်ပါအံ့"ဟု လျှောက်ကြားကြ၍၊ သိဒ္ဓတ္ထမင်းသား၏အခြံအရံ သားတစ်ယောက်စီထားကြသဖြင့် ၈ သောင်းကုန်သော သာကီဝင်မင်း အပေါင်းခြံရံလျက် ဘုရားလောင်းသည် မရေမတွက်နိုင်သော စည်းစိမ်အခြံအရံဖြင့် ကြီးတော်မူရ၏။ မယ်တော် မဟာမာယာဒေဝီသည်လည်း ဖွား၍ ၇ ရက်စေ့သောနေ့၌ ဘဝပြောင်းလဲသဖြင့် တုသိတာနတ်ပြည် 'သန္တုသိတ'နတ်သား ဖြစ်လေ၏။

ဘုရားလောင်းသည် သာကီဝင်မင်းသားအပေါင်း ၈ သောင်းခြံရံလျက်ကြီး၍၊ ၁၆ နှစ် မြောက်လတ်သော် သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်း၏စံရာအလို့ငှာ ဥတု ၃ ပါးနှင့်လျောက်ပတ်သော နန်း ၃ ဆောင်တို့ကို စီရင်စေပြီးလျှင်၊ နတ်သမီးကဲ့သို့အဆင်းလှပသော သာကီဝင်မင်းသမီး ၄ သောင်းအခြံအရံ ကိုယ်လုပ်မောင်းမတို့နှင့် တကွ သုပ္ပဗုဒ္ဓမင်းကြီး၏သမီးတော် ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလျက် ဘုရားလောင်းအား ဘိသိက်သွန်း၍ ထီးနန်းအပ်နှင်းလေ၏။

ဘုရားလောင်းသည်လည်း မြောက်သားတော်မင်းသမီးကို မိဖုရားကြီးအရာ၌ထား၍ များစွာသော အခြံအရံဖြင့် ထီးနန်းစိုးစံလျက် ၂၉ နှစ်တိုင်အောင်မင်းပြုတော်မူပြီးမှ ရဟန်းပြု၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူလေ၏။

ဤသို့ ဘုရားလောင်း မဟာသမ္မတသုခမိန်သည် ယခုအခါ သာကီဝင်မင်းမျိုး၌ဖြစ်၍ ဘုရားဖြစ်တော်မူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤ မဟောသဓဇာတ်၌ စန္ဒကုမာရဇာတ်, ဝေဿန္တရာဇာတ် စသောဇာတ်တော်များမှာ 'သေသပရိသာ ဗုဒ္ဓပရိသာ အဟေသုံ။ ။'ဟု အကြွင်းပရိသတ်ကို သိမ်းသကဲ့သို့ ဇာတ်ပေါင်းခဲ့ပြီးသောသူတို့မှ ကြွင်းကုန်သော သူတို့ကို သိမ်း၍မဆိုသောကြောင့် ဖွားဖက် တစ်ထောင် အစရှိသောသူတို့သည် ယခုအခါ ဘုရား၏ပရိသတ်ဖြစ်လာ ဟန်မရှိ။ဤဇာတ်တော်သည် ဤကမ္ဘာတွင်း၌ အထူးသဖြင့် ပါရမီဖြည့်တော်မူသော ဇာတ်တော်တို့ကိုပြရာ စရိယာပိဋကတ်ကျမ်း၌ မပါမဝင်သော်လည်း၊ ကုသမင်းအား သိကြားမင်းပေးသောပတ္တမြားကို ဝိဒေဟရာဇ်မင်း လက်ထက်တိုင်အောင် ဆက်ခံရသေးသည်ကိုထောက်လျှင် ကုသမင်းသည် ကုသာဝတီပြည်၌ ဥက္ကာကရာဇ်မင်း၏ သားဖြစ်သောကြောင့် မဟောသဓသုမိန် ဖြစ်သော်လည်း ဤကမ္ဘာတွင်ပင်ဖြစ်သည်ဟု ယူဖွယ်ရှိပေသည်။ ဤကျမ်းဂန်တွင် အထူးမဆို။ ဤကား ဇာတ်ပေါင်း၏ အတ္ထုပ္ပတ္တိကို ပြခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းပြီးနိဂုံး

'ရဋ္ဌေ သုနာပရန္တမှိ၊ စကုဘိဓာန နဂရေ။
သိရိပရိသ ပုဏ္ဏတ္ထာ၊ မင်းပူးတိလဒ္ဓဂုါယကော။ ။
'အထဝါစန မန္တဂ္ဂ၊ ဝိလာသဋ္ဌာန ဘာဝတော။
ပုရတ္ထိမေစ ရောဝတီ၊ လောဏာဝတီစ ဒက္ခိဏော။
ပစ္ဆိမေ ပဋ္ဌိသိပဉ္စာ၊ နမန္တာပိစ ဥတ္တရေ။ ။
'ဝါရိတော တေဟိယော တသ္မိံ၊ ထူပါရာမာဒိသောဘိတော။
လေသာဘိဓေယျလဋ္ဌမှိ၊ လီနတ္ထ မေသိဋ္ဌာနတော။ ။
'သောတာလယပဝါရမှိ၊ ကပ္ပရုက္ခ ပမာလယေ။
တိဘူမကေ မနောရမ္မေ၊ ကူဋာဂါရာဒိမဏ္ဍိတေ။ ။
'ဝသန္တော ဂန္ဓကာရောစ၊ သိဿာနံ ပီတိဝဍ္ဎနော။
ပိဋကေသု နိရာသင်္ကော၊ သာသနေသု ဝိရာလယော။ ။
'ဝိသုဒ္ဓေါ သုဒ္ဓသီလေဟိ၊ သောဘန္တော စန္ဒိမာ ယထာ။
ပါသာဒိကော စ နိပုဏော၊ သဗ္ဗရဋ္ဌေ သုပါကဋော။ ။
'တဿာ စရိယသေဋ္ဌဿ၊ သိဿေနိဒံ မယာကတံ။
သုတေသိနံ ဟိတတ္ထာယ၊ ဥပနိဓာ ဝုယာစိတော။ ။
'ပုဗ္ဗာပရ သုဝိဿဒံ၊ သောတာ လင်္ကာရ ရူပမံ။
ဖုလ္လရိဓေ သသာသိဿ၊ ပိယဝါစေ ယုဝါနကေ။ ။
'အမရ ပုရိန္ဒဘူပါလ၊ ရာဇကာလေဝ သမ္ဘဝေ။
ကာဠပက္ခေ စ ကတ္တိကေ၊ ပုဗ္ဗေ ဒွိကေပိ သုက္ကာဟေ။ ။
'စန္ဒိမေ ပြိဿရာသိမှိ၊ ကတ္တိကာယ နိယုတ္တေစ။
မိန္ဒေလဂ္ဂန သမ္ဘဝေ၊ နိဋ္ဌင်္ဂတံဝသမ္ပုဏ္ဏံ။ ။
'ဝါကျာနုသန္ဓိမယုတ္တံ၊ မိနေတွေတ္တ မနုဿယာ။
ဝဏ္ဏိတာ သုတာသမ္ပန္နာ၊ သဒ္ဒန္ဓာ သဒ္ဒန္တ ပဏ္ဍိတာ။ ။
'တေန ပုညေန သံသာရေ၊ ဘဝါမဟံ တိဟေတုကော။
ဂဏ္ဌိပဒေသု ပညာတော၊ ကုဟာကေသွာဘိဘူ သမ္ဘာ။ ။
'သဗ္ဗကိစ္စေသု သံမိဏ္ဍော၊ကူဋမန္တေသု ပါကဋော။
ဘီသနုပဒ္ဒဝါ ပန္ထေ၊ ဉာဏဗ္ဗလေန နိဗ္ဗုဒေါ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဒုလ္လဘော သဒ္ဓိတော ဌိတော၊ ဓမ္မေန သုခဂါဟကော။
ပိယာယိကော ပဏ္ဍာမိတ္တော၊ မမ ဝါစာယ ဓမ္မတော။ ။
'ဉာဏဗ္ဗလံ ပရေသံပိ၊ မမ ဉာဏာနုယာယိကော။
သာမိကဿ ယထာ ဒါသော၊ သဗ္ဗေသံပိ သုခါဝဟော။ ။
'ဉာတိမိတ္တေသု ဝိရောစော၊ သဗ္ဗဋ္ဌာနေ ဝိသာရဒေါ။
ကတဝေဒီ ပဋိက္ကာရော၊ အသောဓ္ဓ ဝုဒ္ဓိ သောဂဝါ။ ။
'ကလျာဏမိတ္တ သမာနေဟိ၊ သမာဂမော အနာကုလော။
ဉာဏံ ဝဓေတွာ ဝရံ လဘော၊ ပဏ္ဍိမေ မဟောသဓော ယထာ။ ။'ပဏ္ဍာနာ ဂါထာပေါင်း ၁၇ ဖြင့် ကမ္ဗည်းချုပ်လိုက်သည်။

သူနာပရန္တ မိုရဋ္ဌေ၊ သူနာပရန္တတိုင်းဖြစ်သော။စကုဘိဓာန နဂရေ၊ စကုမြို့၏ နယ်အတွင်း၌။ပုရတ္ထိမေ၊ အရှေ့မျက်နှာ၌။ ဧရာဝတီစ၊ ဧရာဝတီ အမည်ရှိသောမြစ်သည် လည်းကောင်း။ ဒက္ခိဏေ၊ တောင်မျက်နှာ၌။ လောဏဝတီစ၊ ဆားပွက်တောင်သို့ညွှတ်၍စီးရာဖြစ်သော ချောင်းမကြီးသည် လည်းကောင်း။ ပစ္ဆိမေ၊ အနောက်မျက်နှာ၌။ ပဉ္စသိပဗ္ဗာစ၊ ဘုရားမပွင့်မီက ဈာနလာဘီရှင်ရသေ့ ၅ ဦးတို့ နေရာဖြစ်သော တောင်လျှော်တောင်ဝှမ်းတို့သည် လည်းကောင်း။ ဥတ္တရေ၊ မြောက်မျက်နှာ၌။ နမန္တာစ၊ မန်းမြစ်သည် လည်းကောင်း။ တေဟိ၊ ထို မြစ်ငယ်, မြစ်ကြီး,ချောင်းကြီး,တောင်လျှဉ်တို့ဖြင့်။ ဝါရိတော၊ ၄ ရပ်မျက်နှာ ဆီးကာဝန်းလည်၍ တည်ထသော။ သိရိပရိသ ပုဏ္ဏတ္တာစ၊ ကောင်းမြတ်သော ကျက်သရေအိမ်ခြေပရိသတ်တို့နှင့် ပြည်စုံသည်၏ အဖြစ်ကြောင့် လည်းကောင်း။

အထဝါ၊ တစ်နည်းသော်ကား။။ နမန္တ ဂင်္ဂါဝိလာသ ဌာနဘာဝတော၊ မြစ်မသို့ပေါင်းဆုံရာ မန်းမြစ်၏ အညွန့်အဖူး၌ တင့်တယ်စွာတည်ထောင်အပ်သော အရပ်ဖြစ်သောကြောင့် လည်းကောင်း။ မင်းပူးတိ လဒ္ဓဟာယကော၊ မင်းပူး ဟု ရအပ်သောအမည် ရှိထသော။ ယော ဂါမော၊ အကြင်ရွာသည်။ အတ္ထိ၊ရှိ၏။တသ္မိံ ဂါမေ၊ ထိုမင်းပူးရွာ၌။ ထူပါရာမာဒိသောဘိတော၊ ရွှေစေတီ,ဆုတောင်းပြည့်, ရွှေတန်းဆာ အစရှိသော စေတီလိုဏ်နန်းတို့၏တည်ရာ စေတီယတောင်စသည့်တို့ဖြင့် တင့်တယ်ထသော။ မနောရမ္မေ၊ နှလုံးမွေ့ လျော်ဖွယ်လည်းရှိထသော။ တိဘူမကော၊ ဘုံ ၃ ဆင့်လည်း ရှိထသော။ ကုဋာဂါရာ ဒိမဏ္ဍိတော၊ မုခ် မုခ်ကင်း, အမွှန်းတန်ဆာ စသည်တို့ဖြင့် ဆင်အပ်ထသော။

သောတာလယပဝါရမ္မိ၊ စာသင်သားတို့၏ဆန္ဒကို ဖိတ်မန်ရာလည်း ဖြစ်ထသော။ ဝါ၊ စာသင်ကျောင်း တို့၏ ခြံရံဝန်းအပ်ထသော။ လီနတ္ထံ၊ ပါဠိ,အဋ္ဌကထာ, ဋီကာတို့၌ ကွယ်ဝှက်ခက်ခဲသောအနက်ကို။ ဓသိဌာနတော၊ စာသင်သားတို့၏ ရှာမှီးရာဖြစ်သောကြောင့်။လေသာဘိဓေယျလဍ္ဍမှိ၊ လေသာ ဟူ၍ဟောအပ်သော အမည် တံဆိပ်လည်း ရှိထသော။ ကပ္ပရုက္ခုပမာလယေ၊ သဒ္ဒါ,သီလ, သုတ အစရှိသော သူတောင်ကောင်းဥစ္စာ ရတနာမြတ် ၇ ရပ်ကို ပရိသတ်တို့ဆွတ်ယူရာ ပဒေသာပင်သဖွယ်ဖြစ်သော ကျောင်းမြတ်၌။

ဝသန္တော၊ နေတော်မူထသော။ ဂန္ထကာရော၊ ကျမ်းပို့, ကျမ်းပြုဆရာလည်း ဖြစ်ထသော။ သိဿာနံ၊ တပည့်အပေါင်းတို့၏။ ပီတိဝဍ္ဍနော၊ နှစ်သက်ခြင်းကိုလည်း ပွားစေတတ်ထသော။ ပိဋကေသု၊ ပိဋကတ်တို့၌။ နိရာသင်္ကော၊ ရွံ့ရှားခြင်းလည်း ကင်းတော်မူထသော။ သာသနေသု၊ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သာသနာတော် တို့၌။ ဝီရာလယော၊အားထုတ်တော်မူလေ့ရှိထသော။



www.burmeseclassic.com

www.burmeseclassic.com



ဝိသုဒ္ဓေါ၊ စတုပါရိသုဒ္ဓိသီလ , အာစာရ, ဂေါစရ စသည်တို့၌ အညစ်အကြေးမတင် ဖြူစင်တော်မူလျက်။ တာရကာဂဏောဟိ၊ ကြယ်အပေါင်းတို့ဖြင့်။ သောဘန္တော၊ တင့်တယ်သော။ စန္ဒိမာယထာ၊ လပြည့်ဝန်းကဲ့သို့။ သုဒ္ဓသိဿေဟိ၊ စင်ကြယ်စွာကုန်သော တပည့်အပေါင်းတို့ဖြင့်။ သောဘန္တော၊ တင့်တယ်တော်မူသည်ဖြစ်၍။ သဗ္ဗရဋ္ဌေ၊ အလုံးစုံသော မြန်မာတိုင်းနိုင်ငံ၌ ။ သုပါကဋော၊ ကောင်းစွာထင်ရှားထသော။ ပါသာဒိကော၊ ကိုယ်အင်္ဂါဖြင့်လည်း ကြည်ညိုဖွယ် ရှိထသော။ နိပုဏော၊ သိမ်မွေ့နူးညံ့သော နှလုံးတော်လည်း ရှိထသော။ ယောအာစရိယ သေဋ္ဌော၊ အကြင်ဆရာမြတ်သည်။ အတ္ထိ၊ ရှိ၏။

တဿအာစရိယ သေဋ္ဌဿ၊ ထိုကျေးဇူးတော်ရှင်ဘုရား၏။ သိဿေန၊ လက်ရင်းငယ် တပည့်လည်း ဖြစ်ထသော။ ယုဝါနကေ–ယုဝေန၊ ပထမအရွ ပျိုနုသောအရွယ်လည်း ဖြစ်ထသော။ ပိယဝါစေ–ပိယဝါကျေန၊ ချစ်ဖွယ်သောစကားကိုလည်း ဆိုတတ်ထသော။ သဿာသိသေ–သဒ္ဓမ္မအာသိသေန၊ သူတော်ကောင်းတရားကိုလည်း တောင့်တလေ့ ရှိထသော။ ဖုလ္လရိဇေ ဝိကသိတဝါရိဇေန၊ အခါသင့်၍ပွင့်သော ကုမုဒြာကြာကဲ့သို့ ဆရာမြတ်မှ ရအပ်သော နည်းဥပဒေသဖြင့် ပွင့်လန်းသောပညာလည်း ရှိထသော။

မယာ၊ 'ဩဘာသ'အမည်ရှိသော ငါသည်။ သုတေသီနံ၊ သုတပညာကို ရှာကုန်သောသူတို့၏။ ဟိတတ္ထာယ အစီးအပွားအလို့ငှာ။ ပုဗ္ဗာပရသုဝိသဒံ၊ ရှေ့နောက်စကား အထားအနေ သေချာကျစ်လစ် ပြေပြစ်သန့်ရှင်းထသော။ သောကာလက်ာရဋ္ဌပမံ၊ သုတကို ရှာကုန်သောသူတို့၏ ဆင်သောတန်ဆာသဖွယ်လည်း ဖြစ်ထသော။ ဣဒံဇာတက ဝတ္ထုံ၊ ဤ မဟောသဓပဏ္ဍိတ ဇာတ်ဝတ္ထုကို။ ဥပါနိဓာဝ ယာစိတော၊ 'မောင်ထောက်' အမည်ရှိသောသူသည် ရိုသေစွာ တောင်းပန်အပ်သည်ဖြစ်၍ ။ မြန်မာဘာသာယ၊ မြန်မာဘာသာ သိသာမှတ်လွယ် အဓိပ္ပာယ်ထုတ်ဖွေ စကားပြေဖြင့်။ ကတံ၊ စီကုံးအပ်ပြီ။

တံဇာတကဝတ္ထုံ၊ ထို မဟောသဓာသုခမိန် ဇာတ်ဝတ္ထုသည်။ အမရပူရိန္ဒဘူပါလ ရာဇကာလေ၊ အမရပူရ အမည်ရှိသော ရာဇဓာနီ မင်းနေပြည်ကြီးကိုတည်ထောင်၍ ထီးနန်းကိုစိုးစံတော်မူဦးဖြစ်သော ရွှေမြို့သခင် မဟာဓမ္မရာဇ် မင်းလက်ထက်၌။ သဿာသိသေ၊ သာသနာတော်သည်။ဖုလ္လရိဇေ၊ ၂၃၂၈ ခုနှစ်သို့။ယုဝါနကေ၊ လူတို့၏ အသက်ကို ရေတွက်ကြောင်းဖြစ်သော ကောဇာသက္ကရာဇ် ရှည်သည်။ပိယဝါစေ၊ ၁၁၄၆ ခုသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ကတ္တိကေ၊ တန်ဆောင်မုန်းလဖြစ်သော။ ကာလပက္ခေ၊ လဆုတ်ပက္ခ၌။ ပုဏ္ဏေ၊ တိထီအားဖြင့် ၁၅ လုံးပြည့်သော။ ဒိုကေ၊ ဝေါဟာရရက်အားဖြင့် လပြည့်ကျော် ၂ ရက်ဖြစ်သော။ သုက္ကာဟေ၊ သောကြာနေ့၌။

စန္ဒိမေ၊ လပြည့်ဝန်းသည်။ ပြိဿရာသိမှိ၊ ပြိဿရာသီ၌။ ကတ္တိကာယ၊ ကြတ္တိကာနက္ခတ်နှင့်။ နိဿုစ္စေ၊ ယှဉ်သွားစဉ်။ မိန္နေ၊ မိန်ရာသီသို့။ လဂ္ဂနသမ္ပတ္တေ၊ လဂ်ရောက်သည်ရှိသော်။ သမ္ပုဏ္ဏံ၊ ဆိုဖွယ်စကား အပြည့်အစုံသည်။ နိဋ္ဌင်္ဂတံ၊ အပြီးသို့ ရောက်သည်သာလျှင်တည်း။

အနုသုယာ၊ သူ့တစ်ပါးတို့အား ငြူစူချုပ်ချယ်ခြင်း မရှိကုန်ထသော။ ပဏ္ဍိတာ၊ ပညာရှိတို့သည် ချီးမွမ်းအပ်ကုန်ထသော။ သုတသမ္ပန္နာ၊ သုတနှင့် ပြည့်စုံကုန်ထသော။ သဓ္ဓန္နာ၊ သူတော်ကောင်းစင်စစ် ဖြစ်ကုန်ထသော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဓတ္ထု၊ ဤ အကျွန်ုပ်ရေးစီရင်အပ်သော ဝတ္ထု၌။ ဝါကျာနုသန္ဓိ၊ ရှေ့နောက် စကား အထားအသို အဆိုအမြွက် အဆက်အဟပ် အစပ်အဆော်ကို။ မိနေတွာ၊ ပညာဖြင့် နှိုင်းချိန်၍၊ သစေ အယုတ္တံ၊ အကယ်၍ မသင့်သောအရာ ထင်အံ့။တံ၊ ထို မသင့်သောအရာကို။ သဓ္ဓန္တု၊ လောင်းနုတ်စီရင်၊ ပြင်ဆင်တော် မူစေကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ ငါသည်။ ဓာနပုညေန၊ ထိုမဟောသဓဝတ္ထုကို ရေးစီရင်ရသော ကောင်းမှုကြောင့်။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ရသည်ရှိသော်။ တိဟေတုကော၊ မဟောသဓသေုခမိန်ကဲ့သို့ တိဟိတ် ပဋိသန္ဓေနေရခြင်းသည်။ ဘဝါမိ၊ ဖြစ်ရလို၏။ ဂဏ္ဍိပဉှေသု၊ အနက်အားဖြင့် လျှို့ဝှက်ခက်ခဲသော ပြဿနာတို့၌။ ပညာတော၊ မဟောသဓသေုခမိန် ပညာတော်ကဲ့သို့ လျင်မြန်စွာသိနိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။ ကုဟကေသု၊ သေနကအမတ် အစရှိသည်တို့ကဲ့သို့ ယုတ်မာသောဂုဏ်မာန်ဖြင့် ထောင်လွှားဖက်ပြိုင်လာသောသူတို့ကို။ သမ္မာ၊ကောင်းစွာ။ အဘိဘူ၊ မဟောသဓာ သုခမိန်ကဲ့သို့ အဆိပ်အတောက်မာန်စွယ်ကို နုတ်ပယ်နှိပ်နင်းနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။

သဗ္ဗကိစ္စေသု၊ ခပ်သိမ်းသော အမှုကြီး,ငယ်တို့၌။ သံမိတ္တော၊ မဟောသဓသေုခမိန်အား ဖွားဖက်တစ်ထောင်,အမရာဒေဝီ, ဥဒုမ္ဗရဒေဝီ, ထီးချက်စောင့်နတ်သမီး, ကျေးသား, အနုကေဝဋ္ဋတို့ကဲ့သို့ ငါ့အား အမှုဆောင်ရွက် ညီညာဖော် အဆွေခင်ပွန်းကောင်းကို ရသည်။ ဘဝါမိ၊ ဖြစ်ရလို၏။ ကုဋမန္တေသု၊ သေနကအစရှိသော အမတ် ၄ ယောက်, စူဠနီမင်း, ကေဝဋ္ဋအမတ်တို့ကဲ့သို့ အကောက်တိုင်ပင်၍ မကောင်းကြံဆောင်ကုန်သော သူတစ်ပါးတို့၏ အတိုင်အပင် အကြံအစည်တို့၌။ ပါကဋော၊ မဟောသဓသေုခမိန်ကဲ့သို့ ထင်ရှားသိအောင် ပြုနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ ဘီသန ပဒ္ဒဝေ၊ စူဠနီမင်းစစ်သည် ဝန်းရံသကဲ့သို့ ကြောက်မက်ဖွယ်သော ဘေးရန်သည်။ အာပန္နေပိ၊ ရောက်လတ်သော်လည်း။ ဉာဏဗ္ဗလေန၊ ငါ၏ပညာအစွမ်းဖြင့်။ နိဗ္ဗုဒေါ၊ မဟောသဓာသုခမိန်ကဲ့သို့ သူခပ်သိမ်းတို့အား ဘေးမဲ့ပေးနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။

ဒုလ္လဘေသု၊ ကိုယ်ရံဝန်းကျင်အစောင့်အရှောက် မြို့နန်းအဆီးအကာနှင့် ပဉ္စာလရာဇ်နန်းတော်ကဲ့သို့ လုံခြုံစွာရနိုင်ခဲကုန်သော အရပ်တို့၌။ ဌိတော၊ တည်ကုန်သော။ ဣဋ္ဌိတော၊ ပဉ္စာလစန္ဒီ မင်းသမီးကဲ့သို့ အလိုရှိအပ်သော ဝတ္ထုတို့ကို။ ဓမ္မေန၊ တရားသဖြင့်။ သုခါဂါဟကော၊ မဟောသဓာသုခမိန်ကဲ့သို့ အလွယ်တကူ ဆောင်ယူနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ ပစ္စာမိတ္တေ၊ စူဠနီမင်းကဲ့သို့ ရန်သူပြု၍ နှိပ်စက်အံ့သောဟု အားထုတ်ကုန်သောသူတို့ကို။ မမဝါစာယ၊ သာယာချိုမြွက် နှစ်သက်ဖွယ်သော ငါ၏စကားဖြင့်။ ဓမ္မတော၊ သဘောဖြောင့်ဖြောင့်။ ပိယာယိကော၊ မဟောသဓသေုခမိန်ကဲ့သို့ ချစ်မြတ်နိုးစေနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။

သာမိကဿ ၊ အရှင်၏။ အနုယာယိကော၊ နောက်သို့ အစဉ်လိုက်တတ်သော။ ဒါနေသာယထာ၊ ကျွန်ကဲ့သို့။ ပရေသံပိ၊ သူတစ်ပါးတို့၏လည်း၊ ဉာဏဗ္ဗလံ၊ ပညာအစွမ်းကို၊ မမဉာဏာနုယာယိကော၊ ငါ၏ ပညာအစွမ်းသို့သာလျှင် အစဉ်တစိုက် လိုက်စေနိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ သဗ္ဗေသံပိ၊ ခပ်သိမ်းကုန်သော သူအပေါင်းတို့သည်လည်း။ သုခါဝဟော၊ ကိုယ်,စိတ်ချမ်းသာခြင်းကို ဆောင်ရွက်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။

ဉာတိမိတ္တေသု၊ မိမျိုးဖမျိုး,အဆွေခင်ပွန်းစစ် ချစ်နှစ်လိုအပ်ကုန်သော သူတို့၌။ အဝိရောဓော၊ တစ်ရံတစ်ဆစ်မျှ မကြည်မဖြူမရှိ ချစ်မိသောမေတ္တာ မပျက်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ သဗ္ဗဌာနေ၊ ကိုယ်ဖြင့် ဆောင်အပ်သော အမှု, အကြံအစည် အတိုင်အပင်ဖြင့် ဆောင်အပ်သော အမှု, အစုစုအရေး အထွေးအရှုပ်ကို သုတ်သင်ခြင်းတို့၌။ ဝိသာရဒေါ၊ မဟောသဓသေုခမိန်ကဲ့သို့ တွန့်တိုရွံ့ရှာခြင်းမရှိ ရဲရင့်သည်။ ဘဝါမိ၊ ဖြစ်ရလို၏။ ကတဝေဒီစ၊ ကြီးကြီးငယ်ငယ် တင်ပေဖူးသောသူတို့ ကျေးဇူးကို မဟောသဓသေုခမိန်ကဲ့သို့ သိတတ်သည် လည်းကောင်း။ ပဋိကာရောစ၊ သူတစ်ပါးတို့ကျေးဇူးကို သိသည်နှင့်လျော်စွာ မဟောသဓသေုခမိန်ကဲ့သို့ ကျေးဇူးတုံ့ဆပ်နိုင်ခြင်းသည် လည်းကောင်း။ အသောဓဝုဒ္ဓိသောဂဝါစ၊ မဟောသဓ သုခမိန်ကဲ့သို့ ရန်သူ ၅ ပါးတို့



www.burmeseclassic.com

www.burmeseclassic.com



မပျက်ဆီးနိုင်သဖြင့် ကြီးကျယ်ပြန့်ပွား များမြတ်သောစည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းသည် လည်းကောင်း။ ဘဝါမိ၊ ဖြစ်ရလို၏။

ကလျာဏမိတ္တသမာနေဟိ၊ အမရာဒေဝီ, သေရိပရိဗိုဇ်မ, စူဠနီဗြဟ္မဒတ်မင်းတို့ကဲ့သို့ တူမျှသော စိတ်ရှိကုန်သော အဆွေခင်ပွန်းကောင်းတို့နှင့်။ သမာဂတောစ၊ မဟောသဓသုခမိန်ကဲ့သို့ ရှင်လန်းကြည်ဖြူ အတူတကွပေါင်းဖက်ရခြင်းသည် လည်းကောင်း။ အနာကုလောစ၊ ကေဝဋ်အမတ်, နန္ဒာဒေဝီတို့ မနှောင့်ယှက်နိုင်သော ဘုရားလောင်းကဲ့သို့ ငါ့အား သူတစ်ပါးတို့ မနှောင့်ယှက်နိုင်ခြင်းသည် လည်းကောင်း၊ ဘဝါမိ၊ ဖြစ်ရလို၏။ ပစ္ဆိမေ၊ အဆုံးစွန်သော ကိုယ်၏အဖြစ်၌။ မဟောသဓော၊ မဟောသဓသုခမိန်သည်။ ဝရံ၊ အမြတ်ဆုံးဖြစ်သော သဗ္ဗညုတဉာဏ်ကို။ လဒ္ဓေါ–လာဘတိယထာ၊ ရလေသကဲ့သို့။ တထာ၊ ထို့အတူ။ အဟံ၊ ငါသည်။ဉာဏံ၊ ပညာပါရမီဉာဏ်ကို၊ ဝဍ္ဎေတွာ၊ ပွားစေ၍၊ ပစ္ဆိမေ၊ အဆုံးစွန်သောဘဝ၌။ ဝရံ၊ မြတ်လှစွာသော သဗ္ဗညုတ ဉာဏ်ကို။ လဒ္ဓေါ၊ လဘာမိ၊ ရလို၏။

[မဟောသဓာ ဇာတကဝဏ္ဏ ဟူသောပုဒ်၏ ဝိဂြိုဟ်ကား မဟန္တံ ဩသဓံ ယဿ သောယန္တိ မဟောသဓော။ (တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ သမာသ်) မဟောသဓဿဇာတော မဟောသဓ ဇာတော။'တပ္ပုရိသ်' မဟောသဓဇာတံ ကထေတိ ဇာနာတိ မဟောသဓဇာတကံ 'ကရဏ–သာဓနကိတ်ဝိဂြိုဟ်' မဟောသဓ ဇာတဿဝဏ္ဏ မဟောသဓ ဇာတကဝဏ္ဏ'တပ္ပုရိသ်သမာသ်'

[ယဿသေဋ္ဌိပုတ္တဿ၊ အကြင်သူဌေးသားအား။ မဟန္တံ၊ အာနုဘော်ကြီးမြတ်သော။ ဩသဓံ၊ ဆေးတုံးသည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ ထိုသို့အာနုဘော် ကြီးမြတ်သော ဆေးတုံးရှိသော သတ္တိကြောင့်။ သောအယံ သေဋ္ဌိပုတ္တော၊ ထိုသူဌေးသားသည်။ မဟောသဓော၊ မဟောသဓမည်၏။

[မဟောသဓဿ၊ မဟောသဓသုခမိန်၏။ ဇာတော၊ အဖြစ်တည်း။ မဟောသဓဇာတော၊ မဟောသဓ သုခမိန်၏အဖြစ်။ ဇာနဒေသနာဂ္ဂမေန၊ ထိုဒေသနာတော်အစဉ်ဖြင့်။ မဟောသဓဇာတံ၊ မဟောသဓ အဖြစ်ကို။ ကထေတိ၊ ဟောတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ဟောကြားတော်မူကြောင်းဖြစ်သော သတ္တိကြောင့်။ ဇာနာတိပဒေန၊ ဇာနဟူသော ပုဒ်ဖြင့်။ နိဒ္ဒိဋ္ဌ၊ ညွှန်းအပ်သော။ တံဒေသနာက္ကမံ။ ထိုဒေသနာတော်အစဉ်သည်။ မဟောသဓဇာတကံ၊ မဟောသဓဇာတ်တော် ပါဠိမည်၏။

[မဟောသဓဇာတကဿ၊ မဟောသဓဇာတ်တော်ပါဠိ၏။ ဝဏ္ဏ၊ အနက် မြန်မာပြန်ခြင်း အခင်းအကျင်းတည်း။ ဣတိတသ္မာ၊ ထိုသို့ ဇာတ်တော်ကို အနက်မြန်မာ သိသာမှတ်လွယ် အဓိပ္ပာယ်ထုတ်ရာဖြစ်သော သတ္တိကြောင့်။ ဣဒံလိခိတံ၊ ဤစာသည်။ မဟောသဓဇာတကဝဏ္ဏ၊ မဟောသဓ ဇာတကဝဏ္ဏမည်၏။]

ထိုသို့ ဆိုအပ်ခဲ့ပြီးသော ဂါထာတို့တွင် သိရိပရိသပုဏ္ဏတ္တာဟူသော ဟိတ်ပါဌ်၏ အလိုကား–

မံသိရိံ ပရိသံ ဝါ ပူရေတိ ဇ္ဇောတိ မင်းပူး–အဓိကရဏသာဓန ကိတ်ဝိဂြိုဟ် ပြုစေလိုသည်။

ဇ္ဇောဂါမေ၊ ဤရွာ၌၊ မံသိရိံ၊ ကျက်သရေအပေါင်းကို။ ဝါ၊ တစ်နည်းကား။ ပရိသံ၊ ဘိက္ခု, သာမဏေရ, ဥပါသကာ ဥပါသိကာဟု ဆိုအပ်သော ပရိသတ် ၄ ပါးကို။ ပူရေတိ၊ ပြည့်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကျက်သရေအပေါင်း, ပရိသတ်အပေါင်းတို့ကို ပြည့်စေရာဖြစ်သော သတ္တိကြောင့်၊ သောဂါမော၊ ထိုရွာသည်။ မင်းပူး၊ မင်းပူးမည်၏။

[မံသဒ္ဒူပဒ၊ ပူရဓာတ်။ ကွိ–ပစ္စည်း။ မံ–သဒ္ဒါသည် ကျက်သရေအနက်, ပရိသတ်အနက်ကို ဟော၏။]



www.burmeseclassic.com

www.burmeseclassic.com



အထပါဖြင့် တက်သော နောက်နည်း၏အလိုကား မန်းမြစ်အဆုံး အညွှန့်အဖူး၌ တည်အပ်သောကြောင့် မန်းဖူး မည်၏။ ကာလရှည်လျား၍ စကားရွေ့သဖြင့် နောက်လူတို့သည် 'မင်းပူး' ခေါ်စကုန်သည် ဆိုလိုသတည်း။

လီနမဗ္ဗမေသိ ဋ္ဌာနတော ဟူသောဟိတ်ပါဌ်၏အလိုကား 'လီနံ အတ္တံ သေန္တိ ဂဝေသန္တိ ဧတ္ထာတိလေသာ' ဟူ၍ ဝိဂြိုဟ်ပြုစေလိုသည်။

ဧတ္ထအာလယေ၊ ဤကျောင်း၌။ လီနံ၊ ကွယ်ဝှက်သော။ အတ္တံ၊ အနက်ကို။ သေန္တိဂဝေသန္တိ၊ ရှာမှီးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကွယ်ဝှက်သောအနက်ကို ရှာရာဖြစ်သောသတ္တိကြောင့်။ သောအာလယော၊ ထိုကျောင်းသည်။ လေသာ၊ လေသာ မည်၏။

[လီနသဒ္ဒါပ္ပပဒ၊ သေဓာတ်၊ ဏ-ပစ္စည်း။]

ဖုလ္လရိဓေ, သဿာသိသေ, ပိယဝါစေ, ယုဝါနကေ ဟူသောပါဌ်တို့ကို နှစ်ဝိဂကပ်အနက် ယော နေသာသည်ကား ဘိန္နပဒ ဝါကျသိလေသနည်းတည်း။

## နိဂုံးကေပိုဒ်လင်္ကာ

မြတ်သာသနာ၊ နှစ်ထောင်သာ၍၊ သုံးရာကျော်လစ်၊ နှစ်ဆယ့်ရှစ် ဇတည်။ သက္ကရာဇ် ဂေါဇာ၊ ထောင့်တန်ရာနှင့်၊ စွန်းလာလေးဆယ်၊ ခြောက်ခုဝယ်၌။ ရွှေနှယ်ပုံ့သင်း၊ အင်ကြင်း ပိတောက်၊ ကြက်မောက်သရဖီ၊ နှင်းဆီလိုင်ထုံ၊ တောရဂုံနှင့်၊ မှုန်မှုန်မှိုင်းမှိုင်း၊ ရီဆိုင်းဆိုင်းတည့်၊ ရစ်ဝိုင်းတိမ်ခြေ၊ မင်းလွင်ဝေလျက်၊ လေဝန်းဆော်ဖန်၊ ဆီးနှင်းအန်၍၊ ဟေမန်ကုန်ပြောင်း၊ လတပေါင်းဟု၊ ရွက်ဟောင်းကြွေပစ်၊ ရွက်သစ်ညွှန့်ရှင်၊ ဖူးဆင်လုလု၊ ရတုပူချမ်း၊ ရောရောပြွမ်းသား၊ နွေလှမ်းဆောင်းကျွတ်၊ နေပြာသာဒ်လည်း၊ နက္ခတ်နေသိဒ်၊ ဖော်မိတ်ယှဉ်လျက်၊ ဆန်းဆယ်ရက်တွင်၊ လင်္ဂမိဿခန်း၊ စန်ပြီးသခွင်၊ ရောက်စဉ်တွင်ဝယ်၊ သဘင်အခါ၊ နေ့ဖီဝါ၌၊ ဤစာဝတ္တု၊ ကျွတ်ဆုအောင်မြိုက်၊ မြတ်သည့် သိုက်ကိုပုရပိုက်ရွှေတောင်၊ ဆင့်ဆင့်ဆောင်လျက်၊ သံတောင် လေးဆူ။ အပြည့်ဟူသား၊ မူလက်စံမှာ၊ အက္ခရာကို၊ သေချာမြတ်သည်၊ အစွန့်ရှည်စွာ၊ စည်ပင်ပွားစေ၊ နှလုံးခွေ၍၊ ပေထက်တင်မှု၊ ရေးကူးပြုသား၊ ကောင်းမှုဤစာ၊ ဒါယကာလည်း၊ စေတနာရွှင်ကြည်၊ ရှစ်မိမ့်မည်ဟု၊ စိတ်ရည်ကြိုးကုတ်၊ အောင်ဆုချုပ်လျက်၊ ကျွန်ုပ်ရေးကူး၊ အထူးလုံ့လ၊ ပြုရကြည်ညို၊ ဤကုသိုလ်ကြောင့်၊ ထိုထိုနောင်လာ၊ သံသရာ၌၊ ပညာဘုန်းဝေ၊ ပြည့်ပါစေရှင့်၊ များထွေသတ္တိ၊ ရှိသမျှလည်း၊ သမသမာ၊ ညီမျှစွာလျှင်၊ ရပါစေကြောင်း၊ မျှဝေလောင်းသည်၊ မြတ်ပေါင်းလှူဗိုလ်၊ ကြည်ညိုသာဓု ခေါ်စေသော်။



www.burmeseclassic.com

www.burmeseclassic.com



# မဟောသဓဇာတ်တော် စကားလုံးများ

၁။ မာန်=မာန-ထောင်လွှားမော်ကြွားခြင်း။
၂။ ဝေနေယျ=ဆုံးမထိုက်သော သတ္တဝါ။
၃။ ကာသိတိုင်း=တင့်တယ်ဖွယ်ရာသော နိုင်ငံ။
၄။ ကောသလတိုင်း=ရွှေ,ငွေ,ဥစ္စာ ဘဏ္ဍာများကို သွင်းယူရာနိုင်ငံ။
၅။ အစိရဝတီ=လျင်စွာ ရေယဉ်စီးဆင်းသောမြစ်။
၆။ သာဝတ္ထိ=သဝတ္ထုမည်သော ရှင်ရသေ့ကြီးတစ်ပါး၏ သစ်မြစ်ကျောင်းနေရာ၌ တည်သောမြို့။
၇။ အနာထပိဏ်=အနာထပိဏ္ဍက-ကိုးကွယ်ရာမဲ့တို့ကို ကျွေးမွေးပေးကမ်းတတ်သော သူဌေး။
၈။ ဇေတဝန်=ဇေတဝန-ဇေတမင်းသားဥယျာဉ်၌ ဆောက်ထားသောကျောင်း။
၉။ ပညာပါရမီ=နိဗ္ဗာန်သို့ရောက်စေတတ်သောဉာဏ်။
၁၀။ ကုရုဒ္ဒွ=ကုရု-အထွတ်,အတက်၊ ဒ္ဒွ-သွား၊ သွားတက်ရှိသော ပုဏ္ဏား။
၁၁။ သစ္စက=မိမိအယူသာ အမှန်ဟုပြောလေ့ရှိသော ပရိဗိုဇ်။
၁၂။ ပရိဗိုဇ်=ရဟန်းများနှင့် အဝတ်အရုံတူသော သူများ။
၁၃။ အာဠဝက= အာဠဝီတိုင်းနေ နတ်ဘီလူး။
၁၄။ သိကြား=သက္က-တစ်ထောင်သော အရေးအကြောင်းကို တစ်ခဏချင်း မြင်စွမ်းနိုင်သော၊ ဝါ-အသူရာတို့ကို အောင်စွမ်းနိုင်သော နတ်မင်းကြီး။
၁၅။ ဗက=ဝက-အယူမှားကိုယူသော ဗြဟ္မာ။
၁၆။ မဂ်ဉာဏ်=မဂ္ဂင် ၈ ပါး ပေါင်းဆုံမိ၍ ကိလေသာတို့ကို ပယ်ဖျက်နိုင်သောဉာဏ်။
၁၇။ ဖိုလ်ဉာဏ်=မဂ်၏အကျိုးဖြစ်၍ ငြိမ်းအေးစွာ ဖြစ်ပေါ်လာတတ်သောဉာဏ်။
၁၈။ သဗ္ဗညုတဉာဏ်=အလုံးစုံသော တရားအပေါင်းကို သိတတ်သောဉာဏ်။
၁၉။ ဖလသမာပတ်=ဖိုလ်ဝင်စားခြင်း။
၂၀။ ဝိဒေဟရာဇ်တိုင်း=ဝိ-ထူးမြတ်သော၊ ဒေဟ-ကိုယ်ဟန်သဏ္ဌာန်၊ ကိုယ်ဟန်သဏ္ဌာန်ထူးသော မင်းတို့ စိုးပိုင်ရာနိုင်ငံ။
၂၁။ မိထိလာပြည်=ရန်သူတို့ကို နှိပ်စက်တွန်းလှန်တတ်သော နိုင်ငံ။
၂၂။ ပါစီနယဝမဇ္ဈဂုံးရွာ=အရှေ့မုယောကွင်းလယ်ရွာကြီး။
၂၃။ ဒက္ခိဏယဝမဇ္ဈဂုံးရွာ=တောင်ဘက်မုယောကွင်းလယ်ရွာကြီး။
၂၄။ ပစ္ဆိမယဝမဇ္ဈဂုံးရွာ=အနောက်ဘက် မုယောကွင်းလယ်ရွာကြီး။
၂၅။ ဥတ္တရယဝမဇ္ဈဂုံးရွာ=မြောက်ဘက် မုယောကွင်းလယ်ရွာကြီး။
၂၆။ သိရိဝဍ္ဍန=ကျက်သရေပွားသောသူဌေး။
၂၇။ သုမနဒေဝီ=စိတ်ကောင်းရှိ၍ သုမနဒေဝီမည်သော သူဌေးကတော်။
၂၈။ တာဝတိံသာ=၃၃ ကျိပ် ၃ယောက်သော နတ်တို့၏နေရာ။
၂၉။ ပဋိသန္ဓေ=ပဋိသန္ဓိ၊ ဘဝ ၂ ပါးတို့၏ အစပ်။
၃၀။ စကြဝဠာတိုက်=စက္က-စကြ-အဝိုင်း၊ ဝဠ-ဝန်းရံသော၊ တောင်စဉ်ဝန်းရံသော နေရာဝိုင်းကြီး(စကြဝဠာ သဏ္ဌာန်)
၃၁။ သာရဏီယ ကထာ=အသက်ထက်ဆုံး မြဲစွဲ အောက်မေ့ထိုက်သော စကားကြီးစကားကောင်း။
၃၂။ မင်္ဂလာ=မင်္ဂ-မကောင်းသောအရာ၊ လာ-ပယ်ဖျက်ခြင်း၊ ကောင်းသောအရာ။
၃၃။ ဗေဒင်ကျမ်း=သိမှတ်ဖို့ နည်းစုံပါသော ဗေဒင် ၃ ပုံ၊ သို့မဟုတ် ၄ ပုံ။
၃၄။ နေမိတ္တကကျမ်း=နိမိတ်ဖတ်တို့အတတ်ကို ပြသောကျမ်း။

ဝန်းအမြှုပ်ညီတောင်ပိုက်

www.burmeseclassic.com

www.burmeseclassic.com



၃၅။ ဓမ္မရိက်ရေစစ်=ဓမ-ကရ-လေမှုတ်တတ်သော ရေစစ်။
၃၆။ အာနုဘော်=အာနုဘာဝ-အရာဌာန အားလျော်စွာဖြစ်ခြင်း၊ တန်ခိုးစွမ်းရည်သတ္တိ။
၃၇။ ပဒုမ္မာကြာရွက်=ပဒုမ-ပဒုမာကြာ-ရေ၌ပေါက်ရောက်တတ်၍ ရွက်ချပ် ၁၀၀ ရှိသောဝန်း။
၃၈။ ဇနပုဒ်=ဇန-ပဒ-လူတို့သွားလာနေထိုင်ရာနယ်ကြီး။
၃၉။ မဟောသဓ=မဟာဩသဓ-သိကြားပေးသောကောင်းမြတ်သောဆေးတုံးကိုရ၍ မဟောသဓ ဟု အမည်မှည့်သည်။
၄၀။ ကုမာရ=မြေကို ရေးခြစ် ပုတ်ခတ်ကစားတတ်သော သူငယ်။
၄၁။ အာဂန္တုက=ဧည့်သည်။
၄၂။ ဘဏ္ဍာ=ပစ္စည်းဘဏ္ဍာ။
၄၃။ သုဓမ္မာ=သု-ကောင်းသော၊ ဓမ္မ-တရား၊ တရားသဘင်ပြုရာဇရပ်။
၄၄။ နန္ဒာရေကန်=နှစ်သက်ဖွယ်ရှိသော ရေကန်။
၄၅။ နန္ဒဝန်ဥယျာဉ်=နန္ဒဝနဥယျာန-နှစ်သက်ဖွယ်ကောင်းသော ဥယျာဉ်။
၄၆။ ဒါနဝတ်=လှူရန်ဝတ္တုကို အမြဲပြုစုတည်ထားခြင်း။
၄၇။ နိဂုံး=နိဂမ-ရွာကြီး။
၄၈။ အတ္ထုပ္ပတ်=ဖြစ်ပေါ်သော အကြောင်းအရာ။
၄၉။ ဥဒါန်း=ဥဒါန ပညာရှိတို့နှုတ်မြွက်ထားသော စကားစဉ်။
၅၀။ လာဘ်ပူဇော်သက္ကာ=လာဘ-လာဘ်ရသောပစ္စည်း၊ ပူဇ-ပူဇော်ခြင်းသက္ကာ-သက္ကာရ-လေးမြတ်ရှိသေခြင်း။
၅၁။ မုသာဝါဒ=လိမ်လည်ပြောဆိုခြင်း။
၅၂။ အပါယ်=အပါယ-ချမ်းသာကင်းသောဘုံ၊ ဆင်းရဲသက်သက်ခံရသောဘုံ။
၅၃။ ပဉ္စင်္ဂသီလ=ပဉ္စ-၅ပါး၊ အင်္ဂ-အစိတ်အပိုင်း၊ သီလ-အလေ့အကျင့်၊ ၅ ပါးသီလ။
၅၄။ သဗ္ဗသာဟာရက=သဗ္ဗ-အလုံးစုံ၊ သာဟာရက-အပေါင်း၊ နံ့သာပေါင်း။
၅၅။ ဂန္ဓာရုံ=ဂန္ဓာရမ္မဏ-အနံ့အာရုံ။
၅၆။ လက္ခဏာ=လက္ခဏ-မှတ်သားရန်အချက်။
၅၇။ သံသရာ=သံသာရ-ခန္ဓာ,အာယတန,ဓာတ်တို့၏ မပြတ်ဖြစ်ရာ။
၅၈။ ပြိတ္တာ=ပေတ-ချမ်းသာကင်းသော သတ္တဝါ။
၅၉။ အာယုကပ်=အာယုကပ္ပ-အသက်တမ်းနှင့်ဆိုင်သော ကာလ။
၆၀။ ဓေါတကာဠ=ဓေါတ-ပကွသော၊ ကာဠ-မည်းနက်ခြင်း။ လှပနက်။
၆၁။ ဒီဃတာလာ=ဒီဃ-ရှည်သော၊ တာလာ-ထန်းပင်၊ ထန်းပင်နီးပါးမြင့်ရှည်သော မိန်းမ။
၆၂။ ပဏ္ဏာ=ပဏ္ဏာကာရ-လက်ဆောင်။
၆၃။ ဘောဇဉ်=ဘောဇန-စားဖွယ်စားရာ။
၆၄။ ဒီဃပိဋ္ဌိ=ဒီဃ-ရှည်သော၊ ပိဋ္ဌိ-ကျောက်ကုန်း၊ ခါးရှည်သူ။
၆၅။ သဏ္ဌာန်=သဏ္ဌာန- လုံးရပ်ပုံဟန်။
၆၆။ စေတနာ=စေ့ဆော်တိုက်တွန်းတတ်သော တရား။
၆၇။ သတ္တဒါရက ပဉှာခန်း=၇နှစ်သူငယ်အရွယ် ၇ ကြိမ်တိုင်တိုင်တရားစီရင်၍ ပြဿနာဖြေရှင်းခန်း။
၆၈။ ဒိဗ္ဗစက္ခုအဘိညာဉ်=နတ်မျက်စိကဲ့သို့ မြင်သောဉာဏ်။
၆၉။ ဥဿဘ=အကြီးအမြတ် အုပ်စီးနွားလားကြီး။
၇၀။ ကမ္ဗလာ=သက္ကလပ်။
၇၁။ ရမ္မက်=ရမ္မက-နှစ်သက်တတ်သော လောဘတဏှာ။
၇၂။ ဝိဘဇ္ဇဗျာကရဏ=ခွဲခြမ်းစိတ်ဖြာ၍ ဖြေချက်။
၇၃။ ပဋိပုစ္ဆာဗျာကရဏ=ပြန်မေး၍ ဖြေဆိုချက်။
၇၄။ နပုံသကပဏ္ဍုက်=ယောကျ်ားကိုယ်, မိန်းမကိုယ် မထင်ရှားရှိတဲ့သူ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



၇၅။ ပဥှာ=အမေးပုစ္ဆာ
၇၆။ သဒ္ဒါ=ယုံကြည်ခြင်း-ကြည်ညိုခြင်း။
၇၇။ အာသာ=အလိုဆန္ဒ။
၇၈။ ဣဋ္ဌဓမ္မ=အုပ်စိုးသောတရား။
၇၉။ သစ္စာ=မှန်ကန်ခြင်း။
၈၀။ မေတ္တာ=ချစ်ခြင်း။
၈၁။ ပဋိသန္ထာရ=အဖော်အစပ်စကား။
၈၂။ အနုဇာလ=မိုက်ကန်းသောသူ။
၈၃။ ပဏ္ဍိတ=ပြုစင်သောအဖို့သို့ ရောက်သောသူ-ပညာရှိ။
၈၄။ အာဇာနည်မြင်း=အာဇာနိယ-အလွန်သိတတ်သောမြင်း။
၈၅။ အဿတိုရ်မြင်း=မြင်းထူးမြင်းကောင်း။
၈၆။ ဓောဒနာ=ပြောဆိုရန်စကားစွန်းတင်ခြင်း။
၈၇။ ပရိဟာရ=လွှဲဖယ်ခြင်း-ပြောဆိုခြင်း။
၈၈။ ပါရမီသမ္ဘာရ=ပါရမီအဆောက်အဦ၊ မြတ်သောတရားအဆောက်အဦ။
၈၉။ ဥကင်=ရာဇပလ္လင်၏ အထက်တံကဲပန်းကုံး။
၉၀။ ရာဇပလ္လင်=ရာဇ-ပလ္လင်-မင်းနေရာ။
၉၁။ သေဋ္ဌနင်း=သေဋ္ဌ-ကြီးမြတ်သူ၊ နင်း-လွှမ်းမိုးအုပ်စိုးသောဘုရင်။
၉၂။ ဓမ္မဒီပ်ကျွန်း=ဓမ္မဒီပ-သပြေပင်ထွန်းသောကျွန်း။
၉၃။ ဧကူနဝီသတိ ပဥှာခန်း= ၁၉ ပါးသော မေးခန်း။
၉၄။ ကကဏ္ဍကပဥှာခန်း=ပုတ်သင်အမေးခန်း။
၉၅။ ဥပုသ်နေ့=ဥပေါသထ-ဘာသာကျင့်ဝတ်ကို ဆောင်သုံးသောနေ့။
၉၆။ သိရိကာလကဏ္ဏိ ပြဿနာခန်း=ဥဒုမ္ဗရဒေဝီမိန်းမမြတ်နှင့် ပိင်္ဂုတ္တရ ယောကျ်ားယုတ်တို့အကြောင်း မေးခန်း။
၉၇။ ပိင်္ဂုတ္တရ=ပိင်္ဂဥတ္တရ-မည်းနက်သော ဥတ္တရလုလင်။
၉၈။ တက္ကသိုလ်=တက္ကသီလ-ပညာအကြံအစည် အလေ့အကျင့်များသောမြို့။
၉၉။ ဒိသာပါမောက္ခ=နယ်ပယ်ချုပ် ဆရာကြီး။
၁၀၀။ ဥဒုမ္ဗရဒေဝီ=ရေသဖန်းပင်မှ ရသောမိပုရား။
၁၀၁။ အဘိသေကမင်္ဂလာ=အဘိသေက-ဆောင်ရေသွန်းလောင်းသော၊ မင်္ဂလာ-မင်္ဂလာ။
၁၀၂။ တင်သီးနှား=တင်ပါးနှား။
၁၀၃။ ဣဋ္ဌာရုံ=ဣဋ္ဌအာရမ္မဏ-ကောင်းသောအာရုံ။
၁၀၄။ အနိဋ္ဌာရုံ=အနိဋ္ဌအာရမ္မဏ၊ မကောင်းသောအာရုံ။
၁၀၅။ မဟာသမုဒ္ဒရာ=မဟာသမုဒ္ဒ-ရေနှင့်အမျှ ဆားရှိသောဝင်လယ်။
၁၀၆။ မေဏ္ဍကပဥှာခန်း=သိုးဆိတ်အမေးခန်း။
၁၀၇။ သကာ=မယုံမကြည်ဖြစ်ခြင်း။
၁၀၈။ သန္နိဋ္ဌာန်=စိတ်ကို ဆုံးဖြတ်အတည်ပြုခြင်း။
၁၀၉။ အဝီစိငရဲ=မီး,ဆင်းရဲ,သတ္တဝါ ကြားလပ်မရှိသော ငရဲ။
၁၁၀။ ဗြဟ္မာ့ဘုံ=ကိုယ်ထည်ကြီးသော ဗြဟ္မာတို့နေရာဘုံ။
၁၁၁။ သိရီမန္ဒ ပြဿနာခန်း=စည်းစိမ်ပညာမေးခန်း။
၁၁၂။ ရာဇဝတ်ရေး=မင်းရေး, မင်းပြစ်။
၁၁၃။ ဆန္ဒ=အလို
၁၁၄။ ဓမ္မသတ်ကျမ်း=ဓမ္မသတ္ထ-ဥပဒေကျမ်း။

www.burmeseclassic.com



၁၁၅။ ယတြာ=ထွက်ရပ်လမ်း၊ စိတ်ဖြင့် လေ့လာအားထုတ်အပ်သော အစီအရင်ကိုပြထားသော ယောဂကျမ်း၊ ဝသီကရဏကျမ်း။
၁၁၆။ သိပ္ပ=နှုတ်အတတ်,လက်အတတ်–နှုတ်မှု, လက်မှု။
၁၁၇။ အကုသိုလ်=အကုသလ–မကောင်းမှု။
၁၁၈။ ပစ္စုပ္ပန်=ပစ္စုပ္ပန္န–ဖြစ်ဆဲကာလ။
၁၁၉။ ဂေါဝိန္ဒသူဌေး=နွားပေါင်းများစွာရှိသူ။
၁၂၀။ ဒုဂ္ဂတိ=မကောင်းသော လားရာဂတိ။
၁၂၁။ ဒုစရိုက်=ဒုစ္စရိတ– မကောင်းကျင့်သော ကာယကံ, ဝစီကံ,မနောကံ။
၁၂၂။ ဂဂ်ါ=စီးဆင်းတတ်သောမြစ်။
၁၂၃။ ဥပဒ်=ဥပဒ္ဒဝ–ကပ်၍နှိပ်စက်တတ်သော အနှာင့်အယှက်။
၁၂၄။ သီဒါ=သီဒ–နစ်မြုပ်ခြင်း၊ အေးလွန်းသည်ဖြစ်၍ ဝါဂွမ်း,ငှက်ရင်မွေးတောင် နစ်မြုပ်သောမြစ်။
၁၂၅။ ဗလဝါမုခဝဲ=ရေတက်, ရေကျ အဝဲကြီး။
၁၂၆။ လောကီ=လောကိယ–ပျက်တတ်သော ဘုံ ၃ ပါး၌ ဖြစ်သောတရားစု။
၁၂၇။ လောကုတ္တရာ=လောက–ဥတ္တရ–ဘုံ ၃ ပါးမှ ထွက်မြောက်ပြီးသော တရား ၉ ပါး။
၁၂၈။ ဒါန=ပေးကမ်းခြင်း။
၁၂၉။ သီလ=ဆောက်တည်အပ်သော အလေ့ကောင်း။
၁၃၀။ ကုသိုလ်=ကုသလ–အပြစ်ကင်းသော တရားကောင်းမှု။
၁၃၁။ အမရာဒေဝီ ပရိယေသနခန်း=အမရာဒေဝီကို ရှာခန်း။
၁၃၂။ သြဇာ=ရုပ်ခန္ဓာကို သန့်စွမ်းစေသောအဆီ။
၁၃၃။ ကရုဏာ=သနားခြင်း။
၁၃၄။ သိင်္ဂနိက်=သိင်္ဂီနိက္ခ–သိင်္ဂနိက်ရွှေစင်။
၁၃၅။ သဗ္ဗရတနစောရခန်း=မင်းသုံးရတနာအလုံးစုံ ခိုးယူခန်း။
၁၃၆။ ဥပါယ်=ဥပါယ–ရန်အောင်ကြောင်းနည်း။
၁၃၇။ ကမ္မည်းအက္ခရာ=အထင်ကရရေးထားသော လိပ်စာ–စာတမ်း။
၁၃၈။ အစောက်တစ်သူကျော်=လူတစ်ရပ်ကျော်။
၁၃၉။ ဟိရိဩတ္တပ္ပနအင်္ဂါများ=အရှက်ဂုဏ်ကို ဖျက်ဆီးတတ်သောအစိတ်အပိုင်း အင်္ဂါဇာတ်။
၁၄၀။ ဘူရိပဥှာခန်း= ပညာနှင့်စပ်သော ကြီးကျယ်သောအမေး။
၁၄၁။ ကနက်=ကနက–ရွှေထီးရွှေနန်း။
၁၄၂။ မြင်းသီလာ=မနောသိလာ–စိတ်အလိုကို ပြည့်စေတတ်သော ကျောက်၊ ဆေးဒန်း။
၁၄၃။ လောကဓံ=လောက၌ ဖြစ်မြဲသောတရား။
၁၄၄။ ဆန္ဒာဂတိ=ဆန္ဒအဂတိ–ချစ်၍ မတရားလိုက်စားခြင်း။
၁၄၅။ ဒေါသာဂတိ=ဒေါသအဂတိ–မုန်း၍ မတရားလိုက်စားခြင်း။
၁၄၆။ ရာဇမာယာ=မင်း၏လှည့်ပတ်ခြင်း။
၁၄၇။ ဥတုဇရုပ်=အပူအအေးဥတုကြောင့် ဖြစ်သောရုပ်။
၁၄၈။ နည်းဥပဒေသ=နယ–နည်း၊ ဥပဒေသ–ညွှန်ကြားချက်။
၁၄၉။ လိုဏ်=ပုန်းအောင်းမှီခိုရာဌာန။
၁၅၀။ ဒေဝတာ ပုစ္ဆိတပဥှာခန်း=နတ်သမီး မေးခန်း။
၁၅၁။ ကံ=ကမ္မ–ပြုခြင်း,ပြုအပ်သောအရာ။
၁၅၂။ သေနာပတိ=စစ်ဗိုလ်ချုပ်
၁၅၃။ ပဥ္စပဏ္ဍိတပဥှာခန်း=ပညာရှိ ၅ ဦးအား မေးခန်း။
၁၅၄။ ကာမဂုဏ်=ကာမဂုဏ– နှစ်သက်အပ်သော အာရုံ ၅ ပါးစု။



www.burmeseclassic.com

www.burmeseclassic.com



၁၅၅။ အန္တရာယ်=အကြား၌ဖြစ်ပေါ်လာတတ်သော ဘေးရန်။
၁၅၆။ ပညာ,သတိ,ဝီရိယ=ပညာ–အပြားအားဖြင့်သိခြင်း၊ သတိ–အောက်မေ့ခြင်း၊ ဝီရိယ–အားထုတ်ခြင်း။
၁၅၇။ ကုဋ္ဌနာ=အင်္ဂါခြေလက် ပြတ်ကြွေတတ်သော နူနာ။
၁၅၈။ ပက္ခဥပုသ်=၁၅ ရက်အပိုင်း ဥပုသ်နေ့။
၁၅၉။ နရဓေဝ=လူကိုဖမ်းစားသော နတ်ဘီလူး။
၁၆၀။ ရောဂါ=ကျင်နာသောအနာ။
၁၆၁။ ရာဇဝတ်ဒဏ်=မင်းဘေး, မင်းပြစ်။
၁၆၂။ ကြမ္မာ=(သက္ကတဘာသာ) စေတနာကံ။
၁၆၃။ လက်မရွံ့=အာဏာပါးကွက်–လူသတ်။
၁၆၄။ နံ့တမင်=(ပေါရာဏ) အဆောတလျင်။
၁၆၅။ ရှာန်သမာပတ်=ဈာနသမာပတ္တိ–ဈာန်ဝင်စားခြင်း။
၁၆၆။ ဟိမဝန္တာ=ဆီးနှင်းထွက်သောတောင်။
၁၆၇။ ကုမုဒြာကြာ=ဥပ္ပလ–ကြာဖြူမျိုး။
၁၆၈။ မိဿာန်=ဆောက်တည်ခြင်း။
၁၆၉။ ကပိလတိုင်း=ကပိလရသေ့နေရာ၌ တည်သောနိုင်ငံ။
၁၇၀။ ဥတ္တရပဉ္စာလရာဇ်ပြည်=မင်းကတစ်လှည့်, ပြည်သူကတစ်လှည့် အုပ်စိုးသောကြောင့် အာဏာများ၍ အာဏာပျံ့နှံ့သောပြည်။
၁၇၁။ သခ်ပါလ=ကဇရသင်းကဲ့သို့ ဖြူစင်တောင့်ရှောက်သောမင်း။
၁၇၂။ စူဠနီဗြဟ္မဒတ်မင်း=မကိုင်ရသရဖူဆင်သော ဗြဟ္မာမင်း၊ဖန်ဆင်းသောမင်း။
၁၇၃။ ပုရောဟိတ်=ပုရောဟိတ–မင်း၏ ရှေ့ဆောင်ရှေ့ရွက် မင်းဆရာ။
၁၇၄။ ကေဝဋ်=ကေဝဋ္ဋ–တံငါသည်နှာမည်ယူ၍ မှည့်သောပုဏ္ဏား။
၁၇၅။ ဧကရာဇ်မင်း=တစ်ကျွန်းလုံးစိုးသောမင်း။
၁၇၆။ ပရိယာယ်ဝေဝုစ်=ပရိယာယဝေဝစန–အနက်တစ်ခုတည်း၌ များသောပုဒ်စု၊ ၄င်းစကား ၂–ခု အဓိပ္ပာယ်တူ၏။
၁၇၇။ တိရစ္ဆာန်ဘာသာ=တိရစ္ဆာန–လူကဲ့သို့ အထက်သို့မတ်ရပ်မသွားဘဲ မှောက်သွားသောသတ္တဝါမျိုး၊ ဘာသာ–စကား။
၁၇၈။ တစ်ခုယုတ် တစ်ရာ=၉၉ မင်းနေပြည်။
၁၇၉။ အသူရာ=နတ်ကဲ့သို့ မရဲရင့်သူ။
၁၈၀။ သူရဲ=သူရ (ပါဠိ) ရဲရင့်သူ။
၁၈၁။ စစ်အင်္ဂါ=ရထား, ဆင်, မြင်း, ခြေသည် ဟူ၍ ၄ ပါးရှိသည်။
၁၈၂။ ခေါ်ဘဏီ=ဤ၌အကျောဘဏီတပ်အဖွဲ့ ရေတွက်ပုံမှာ ဝါးအလုံး ၆၀ ရှိသော ဝါးအစည်းပေါင်း ၆၀ ကို စစ်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော တပ်ဖွဲ့သည်နင်းသွား၍ မှုန့်မှုန့်ညက်ညက်ကြေလျှင်၊ ထိုတပ်ကို အကျောဘဏီတပ် ခေါ်သည်။ စစ်သည် တစ်ဘက်သားတို့ မလှုပ်ရှားစေနိုင်၍ အကျောဘဏီတပ် ခေါ်သည်။
၁၈၃။ တင့်အပ်သောအရပ်=နီးလွန်းသောအရပ်, ဝေးလွန်းသောအရပ်, လေညာဖြစ်သောအရပ်, မြင့်သောအရပ်, ရှေ့တူရူဖြစ်သော အရပ်, နောက်တူရူဖြစ်သောအရပ်၊ ၎င်း ၆ ရပ်မှ ကင်းလွတ်သောအရပ်ကို ဆိုသည်။
၁၈၄။ ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကျောက်မျက်ရွဲ, ဝဇိရစိန်, သန္တာ၊ ဤကား ရတနာ ၇ ပါးတည်း။
၁၈၅။ ပစွင်=တံခါးအပေါ်က ပြာသာဒ်ကြီး။
၁၈၆။ ရင်တား=ရန်တားထားသောနေရာ။
၁၈၇။ ပြ=မြို့ရိုးပတ်လည် တံခါးတို့၏အကြားအကြားတို့၌ ဘုံ ၂ ဆင့်, ၃ ဆင့်စသည်ဖြင့် ပြုလုပ်ထားသောအရာ။
၁၈၈။ တန်ဆောင်း=၎င်းကား မြို့တွင်း, မြို့ပ ၂ ဌာန၌ပင် ရှိ၏။ (တစ်နည်း) ထောင့်ကျသောအရပ်များ၌ ဘုံ ၂ ဆင့်, ၃ ဆင့် ရှိသော အထွတ်တစ်ခုနှင့် အထောင့်များလျှင် 'မာဠ'မည်၏။ တံခါးအထပ်ဟုလည်း ဆို၏။
၁၈၉။ ပြကတေ့အတိုင်း=ပင်ကိုမူလအတိုင်း။
၁၉၀။ ဥပါယ်တံမျဉ်=လှည့်ပတ်သော အကြောင်းအချက်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



၁၉၁။ ရာဇသံ=မင်း၏အမိန့်။
၁၉၂။ ကျိုးနွံ=ရိုသေတုပ်ဝပ်ခြင်း။
၁၉၃။ နေအလျှံနိုက်သော=နေအရောင်နှင့် တွေ့ထိသော။
၁၉၄။ နံနက်တစ်ချက်တီးကျော်=မြန်မာနာရီကိုဆိုသည်။ စက်နာရီအားဖြင့် ၈ နာရီခွဲနှင့် ညီမျှသည်။
၁၉၅။ တစ်ဥသဘစန်=ကိုက် ၇၀ ခန့်, အတောင် ၁၄၀ ခန့်။
၁၉၆။ အုတ်အုတ်ကျက်ကျက်=ဆူဆူညံညံ သူတစ်မျိုးငါတစ်ဖုံ လူအများပြောဆိုကြလျက်။
၁၉၇။ ပုရောဟိတ်=ပုရောဟိတ-ပြည်၏အကျိုးကို ဆောင်သောသူ။
၁၉၈။ နှင်ဖြိုရလျှင်=တိုက်ဖျက်ချေမှုန်းရလျှင်။
၁၉၉။ ရာဇဒဏ်=မင်း၏အပြစ်ဒဏ်။
၂၀၀။ ကုန်းချောစားလျှင်=မဟုတ်မမှန်သည်ကို အမှန်ကဲ့သို့ပြုလုပ်ပြောဆိုကာ အချစ်ပျက်အောင် ကုန်းတိုက်ခြင်း။
၂၀၁။ စစ်ကဲ,စစ်ကြပ်=စစ်သည်တပ်သားတို့အပေါ်၌ အကြီးအကဲ အရာရှိ, ဆော်ဖန်ကြပ်မတ်သော အရာရှိ။
၂၀၂။ မျက်နှာပြုမည်ကို=မျက်နှာလို, မျက်နှာရပြုမည်ကို။
၂၀၃။ နွဲ့ဖင့်၍=ကြန့်ကြာ၍။
၂၀၄။ အနှကောဝင်ပုဏ္ဏား=ကောဝင့်ပုဏ္ဏားငယ်။
၂၀၅။ စစ်ကွပ်, စစ်ကြပ်ပြု၍=စစ်ဦးစီးခေါင်းဆောင် တပ်ဦးပြု၍။
၂၀၆။ မထီမဲ့မြင်သော=မလိုက်မနာ နားမထောင်ဘဲသော။
၂၀၇။ သန္နိဋ္ဌာန်=စိတ်ကိုဆုံးဖြတ်၍ အတည်ပြုခြင်း။
၂၀၈။ စိတ်ထားတစ်သွယ်ခံ၍=စိတ်မာန်ခံပြီးခုခံ၍။
၂၀၉။ ကလူစားခြင်း=နှိပ်စက်ဖိစီးခြင်း။
၂၁၀။ ဥပဒ်=ဘေးရန်ဥပဒ် အနှောင့်အယှက်။
၂၁၁။ ပျက်မှုစကား=သရော်ချော်တော် ပြောင်လှောင်စကား။
၂၁၂။ တပြီးကား=သည်လိုဖြင့်။
၂၁၃။ စစ်နင်းယောင်တကား=စစ်ဆင်၍ တိုက်ယောင်တကား။
၂၁၄။ ဗလဝါမှဓဝဲသံ=ရေတာက်, ရေကျအစ ဝဲကြီးသံ။
၂၁၅။ ပူဇော်=နှစ်မြိုက်သော အမှုအရာပြုသည်ကို ပူဇော်ခြင်းဟုဆိုသည်။
၂၁၆။ ပဉ္စာလစန္ဒီမင်းသမီး=ယမင်းရုပ်ကဲ့သို့ တင့်တယ်အဆင်း အလွန်လှပခြင်းရှိသော မင်းသမီး။
၂၁၇။ ,အတုမရှိသော=တုဖက်ပြိုင်ဖက် မရှိသော။
၂၁၈။ အောင်သေသောက်ခြင်း=စစ်အောင်ရာ၌ ပျော်ပျော်ရွှင်ရွှင်သောက်စားမှု။
၂၁၉။ သဏ္ဌာန်=အမှတ် အခြင်းအရာပုံပန်း။
၂၂၀။ မသေချေနိုင်ဘဲ=မစောင့်မချုပ်တည်းနိုင်ဘဲ။
၂၂၁။ သဒ္ဒါရုံ=လူတို့၏နား၌ နှစ်သိမ့်စေတတ်သောအသံ။
၂၂၂။ လက္ခဏာ=အသွင်အပြင် အမှုအရာ။
၂၂၃။ ပဏ္ဏာကာရ=လက်ဆောင်၏ အကြောင်းခြင်းရာ။
၂၂၄။ ဧကရာဇ်မင်း=တစ်ကျွန်းလုံးကို အစိုးရသောမင်း။
၂၂၅။ မြို့, နိဂုံး=ဇနပုဒ်-တံတိုင်းလည်းရှိ ဈေးလည်းရှိသောနေရာကို-မြို့။ တံတိုင်းမရှိ၍ ဈေးသာရှိသောနေရာကို-နိဂုံး။ လူတို့ သွားလာနေထိုင်ရာ နယ်ကြီးကို-ဇနပုဒ်ဟု ခေါ်၏။
၂၂၆။ မေတ္တာ=ချစ်ခြင်း။
၂၂၇။ ဇမ္ဗူဒိပ်ကျွန်း=ဇမ္ဗူသပြေပင်ဖြင့် မှတ်သောကျွန်း။
၂၂၈။ ဆန္ဒအာသာ=လိုချင်ခြင်း, စွဲလမ်းခြင်းအာသာ။
၂၂၉။ ညောင်စောင်းအင်းပျဉ်=ခုတင်, ထိုင်ခုံ-ကုလားထိုင်။



www.burmeseclassic.com

www.burmeseclassic.com



၂၃၀။ အနီးအနေး=အတိုင်အပင်။
၂၃၁။ မသူတော်=သူတော်မဟုတ် သူယုတ်မာ။
၂၃၂။ တစိုးတစိမျှ=နဲနဲကလေးမျှ။
၂၃၃။ မလောက်မလေး=မထီမဲ့မြင် အရှိအသေ။
၂၃၄။ မင်္ဂလာဆောင်=မင်္ဂလာ-ကြီးပွားခြင်း, ဆောင်-ဆောင်ရွက်ခြင်း၊ ကြီးပွားအောင်ဆောင်ရွက်ပေးခြင်း။
၂၃၅။ ထုပိကာ=အထွတ်။
၂၃၆။ မင်းကျင့်တရား ၁၀ ပါး=အလှူ, အလေ့အကျင့်, စွန့်ကြဲခြင်း, ဖြောင့်မတ်ခြင်း, နူးညံ့ခြင်း, မြိုးမြွှာကျင့်ခြင်း, အမျက်မထွက်ခြင်း, မညှဉ်းဆဲခြင်း, သည်းခံခြင်း, မဆန့်ကျင်ခြင်း။
၂၃၇။ ပဋိသန္ဓာရစကား=အစေ့အစပ်ပြောဆိုခြင်းစကား။
၂၃၈။ တမန်အမတ်=စေလွှတ်အပ်သောအမတ်။
၂၃၉။ သောက်ရှူးကြယ်ရောင်ကဲ့သို့=သောကြာကြယ်ရောင်ကဲ့သို့။
၂၄၀။ ထိမ်းမြား=မိမိ၏ဖနိး, မိမိ၏ခင်ပွန်းအပေါ်၌သာ စွဲမြဲသောစိတ်ဓာတ်, မွန်မြတ်ချစ်ခင်သောစိတ် ထားရှိပါဟူ၍ ဆိုလိုရင်းဖြစ်သည်။
၂၄၁။ မာတရ=မာဓရဟု ခေအောက်ဖြိုက်နှင့်လည်း အရျို့မှဋ္ဌရှိသည်။
၂၄၂။ အလျှင်တဆောသာ=ခပ်မြန်မြန်သာ။
၂၄၃။ ကောက်ပင်ရိတ်ဖြတ်စကား=ကောက်ပင်ကိုလက်တစ်ဖက်နှင့် ကြပ်ကြပ်ဆုပ်ပြီးလျှင် အရင်းက တံစဉ်ဖြင့်ရိတ်၍ လက်တွင်းသို့ ဝင်သည်မှ စပါးကိုရိတ်၍ သုံးဆောင်ရသကဲ့သို့ သူ့စကားကို ဖမ်းမိအောင်ပြောဆိုပြီးလျှင် အရင်းကဖြတ်၍ ပိုင်အောင်ပြောသော စကားသည် ကောက်ပင်ရိတ်ဖြတ်စကား မည်၏။
၂၄၄။ ရာဟု=ကြီးကျယ်သောအဋ္ဌဘောရှိသော အသူရိန်။
၂၄၅။ ခုဒ္ဒကာဝိတ်=အနည်းငယ် ဝမ်းမြောက်ခြင်း။
၂၄၆။ ဥဒါန်း=ဥဒါန-မိမိအဖြစ်ကို ဝမ်းမြောက်ဝမ်းသာမြွက်ဆိုခြင်း။
၂၄၇။ ဥမင်ကွေ့=လိုဏ်ကွေ့။
၂၄၈။ မခံ့မညား=မရှိမသေ မလေးမစား။
၂၄၉။ တံစိုးထိုးလျက်=ကိစ္စပြီးမြောက်ရန်ပေးသော လာဘ်။
၂၅၀။ ဝဠလိ=အစုအပေါင်း။
၂၅၁။ အကြီးအကြပ်ထား၍=အကြီးအမှူး ဦးစီးထား၍။
၂၅၂။ ပါရမီ=ကူးမြောက်ကြောင်း သူမြတ်တို့၏ဥစ္စာ။
၂၅၃။ ရာဇပလ္လင်=မင်းတို့၏ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာပလ္လင်။
၂၅၄။ စကြဝဠာတိုက်=အပိုင်းအဝန်း တောင်စဉ်ဝန်းရံသော နေရာပိုင်းကြီး။
၂၅၅။ မိမိသားနှောင်း=မိမိ သားထွေး အငယ်ဆုံး။
၂၅၆။ ဖမ်းယူကွပ်မျက်၍=ဖမ်းယူသတ်ဖြတ်၍။
၂၅၇။ ချွတ်ယွင်းသည်လည်း=မှားယွင်းသည်လည်း။
၂၅၈။ နှုတ်လှန်ထိုးခြင်း=ပြန်ပြောခြင်း။
၂၅၉။ ပုရိသဝိသေသ=ဂုဏ်အထူး ပညာရှိသောယောကျ်ား။
၂၆၀။ အကြောင်းတစ်မှုကား=အကြောင်းတစ်နည်းကား။
၂၆၁။ လည်ကြိုးမွဲ့၍=ဆွဲကြိုးချ၍။
၂၆၂။ အာကာသ=ကောင်းကင်။
၂၆၃။ သည်းစွာသောအသံ=ပြင်းထန်စွာသောအသံ။
၂၆၄။ အဘိသေကမင်္ဂလာ=ရေဖျန်းမင်္ဂလာပြုခြင်း။
၂၆၅။ တစ်ရံတစ်ဆစ်=တစ်ခါတလေ။



www.burmeseclassic.com

www.burmeseclassic.com



၂၆၆။ စိတ်မမြဲ၍=စိတ်မတည်ကြည် ဖောက်ပြန်၍။
၂၆၇။ မထိမဲ့မြင်ပြုမည်ကို=နှင်လားငါလား အတင်းအဓမ္မ ပြုကျင့်မည်ကို။
၂၆၈။ နာယကဂုဏ်=အကြီးအမှူး ဦးစီးနာယကတို့၏ဂုဏ်။
၂၆၉။ မျက်ကွယ်စကား=နောက်ကွယ်စကား။
၂၇၀။ ဆွလှယ်စီးနင်း=လဲလှယ်စီးနင်း။
၂၇၁။ ပမာဏမပြုဘဲ=နှိုင်းယှဉ်ခြင်းမပြုဘဲ, ဂရုမစိုက်ဘဲ။
၂၇၂။ ကမ္ဗလာ=သားမွေးစောင်, သက္ကလပ်စောင်, စုလျားအပေါ်ရုံမှုဆိုး။
၂၇၃။ ဣဋ္ဌာရုံ=အလိုရှိအပ်သောအာရုံ။
၂၇၄။ အနိဋ္ဌာရုံ=အလိုမရှိအပ်သော အာရုံ။
၂၇၅။ ရွှေကြေးမုံ=ရွှေမှန်။
၂၇၆။ မိန့်ရေးကားနှောင်း=မိန့်ရေးစကား နောက်ထား၍ပြောခြင်း။
၂၇၇။ ဥဒါဟရုဏ်=ထုတ်ဆောင်ခြင်းပုံစံ, သက်သေ။
၂၇၈။ အာဏာထားလို၍=အမိန့်ထုတ်ပြန်လို၍။
၂၇၉။ ထောမနာလို၍=ချီးမွမ်းလို၍။
၂၈၀။ ဦရုလက္ခဏာ=ပေါင်တံဆိပ်အမှတ်။
၂၈၁။ ဝေနေယျ=ဆုံးမထိုက်သောသတ္တဝါ။
၂၈၂။ ဂါထာ=ဆန်းနှင့်အညီ ဖွဲ့စီအပ်သောအရာ။
၂၈၃။ ဝိဇ္ဇာမိုရ်=အတတ်ပညာကို ဆောင်သော,ပိုင်သော။
၂၈၄။ ပတိရူပအရပ်=သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်။
၂၈၅။ လောကန္တရိက်ငရဲ=လောကဓာတ်ကျယ်ဝန်း, ၄ ကျွန်း တစ်မြင်းမိုရ်, ထိုထိုစကြဝဠာတို့အကြား၌တည်သောငရဲ။
၂၈၆။ ဘေးမဲ့ပေးတော်မူပါ=အသက်အလှူ ပေးတော်မူပါ။
၂၈၇။ ဘုရား=အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော် ၉ ပါးလုံးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။
၂၈၈။ ပစ္စေကဗုဒ္ဓါ=သာသနာတော်ပ၌ အသီးအခြား ပွင့်တော်မူသော ဘုရားငယ်။
၂၈၉။ ရဟန္တာ=လူ့နတ်ဦးခိုက် ပူဇော်အထူးကို ခံထိုက်သောပုဂ္ဂိုလ်, ကိလေသာရန်ကို အမြစ်မကျန် တွန်းလှန် သတ်ဖြတ်သောပုဂ္ဂိုလ်, သံသရာစက်၏ အကန့်အကွက်တို့ကို ချိုးဖဲ့ခုတ်ထွင် သုတ်သင်တတ်သောပုဂ္ဂိုလ်။
၂၉၀။ ဇီဝိတဒါန=အသက်ရှည်ရန် အလှူပေးခြင်း။
၂၉၁။ သံသရာ=ရုပ်, နာမ်ခန္ဓာတို့၏ဖြစ်စဉ်။
၂၉၂။ မေတ္တာ=ချစ်ခြင်း။
၂၉၃။ ကာမဂုဏ်=ရှုပါရုံစသော ၅ ဖြာအာရုံ ကာမဂုဏ်။
၂၉၄။ ပဋိညာဉ်=ဝန်ခံခြင်း။
၂၉၅။ နိက္ခ=အချိန်အတွယ်။
၂၉၆။ ဇီဝိတ=အသက်။
၂၉၇။ အာလယ=တပ်ခြင်းတဏှာ။
၂၉၈။ မာန်=မာနထောင်လွှားခြင်း။
၂၉၉။ ပြဿနာ=ပဉှာမေးမြန်းခြင်း။
၃၀၀။ ဒကရက္ခသ=ရေစောင့်ဘီလူး။
၃၀၁။ စပိုအိမ်=မီးဖိုဆောင်။
၃၀၂။ ပစ္စန္တရာဇ်မင်း=တိုင်းစွန်ပြည်နတ် ဇနပုဒ်ကို အုပ်စိုးသောမင်း။
၃၀၃။ နင်တံ=ကြိမ်လုံး, ကြာပွတ်။
၃၀၄။ အောင်တမန်=အောင်သွယ်ခြင်း, ပွဲစားလုပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၃၀၅။ သမာန=တူမျှသော, ညီမျှသော။
၃၀၆။ လက္ခဏာကျမ်း=အင်္ဂါလက္ခဏာကိုပြသော ကျမ်း။
၃၀၇။ နိဃဏ္ဍုကျမ်း=သစ်ပင်စသည်တို့ အမည်ပြသောကျမ်း။
၃၀၈။ ကေဋုဘကျမ်း=အလင်္ကာရကျမ်း။
၃၀၉။ ဣတိဟာသကျမ်း=ရှေးထုံးဟောင်းကို ပြသောကျမ်း။
၃၁၀။ ဂြိုဟ် ၈ လုံး=တနင်္ဂနွေဂြိုဟ်, တနင်္လာဂြိုဟ်, အင်္ဂါဂြိုဟ်, ဗုဒ္ဓဟူးဂြိုဟ်, စနေဂြိုဟ်, ကြာသပတေးဂြိုဟ်, ရာဟုဂြိုဟ်, သောကြာဂြိုဟ်။
၃၁၁။ နက္ခတ် ၂၇ လုံး=အဿဝဏီ, ဘရဏီစသော ၂၇ လုံးကို ဆိုသည်။
၃၁၂။ ၁၂ ရာသီ=မိဿ, ပြိဿ, မေထုန်, ကရကဋ်, သိဟ်, ကန်, တူ, ဗြိစ္ဆာ, ဓနု, မကာရ, ကုံ, မိန်။
၃၁၃။ အဏုမြူ=အသေး, အငယ်, အမှုင်, အမှုန့်။
၃၁၄။ ကံ ၃ ပါး=ကာယကံ, ဝစီကံ, မနောကံ။
၃၁၅။ ဒုစရိုက် ၁၀ ပါး=ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ။
၃၁၆။ မနုဿဂတိ=လူ့ပြည်သို့လားခြင်း။
၃၁၇။ ဒေဝဂတိ=နတ်ပြည်သို့လားခြင်း။
၃၁၈။ ရာပြတ်=စိန်ကျောက် စသည်တို့ကို အကဲတန်ဖိုးဖြတ်သူ။
၃၁၉။ ဗျာဒိတ်=တံဆိပ်, မှတ်ချက်, အနာဂတ်ကာလ၌ ဖြစ်ပျက်ရန်အကြောင်းကို အထူးသဖြင့် မိန့်မြွက်တော်မူသော ဘုရားစကားတော်။
၃၂၀။ အနဂ္ဃ=အဖိုးများစွာ ထိုက်တန်သော။
၃၂၁။ ယမကပ္ပါဋိဟာရိယ=ရေ, မီးအစုံအစုံသော တန်ခိုးပြာဋိဟာ။
၃၂၂။ ရွှေနန်း ၃ ဆောင်=ဘုံ ၅ ဆင့်ရှိသော ရမ္မနန်းတော်၊ ဘုံ ၇ ဆင့်ရှိသော သုဘနန်းတော်၊ ဘုံ ၉ ဆင့်ရှိသော သုရမ္မနန်းတော်။
၃၂၃။ ၁၃ ပါးသော ဓုတင်=ပံ့သုကူဓုတင်, တေစီဝရိက်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, သပဒါနဓုတင်, ဧကာသနိက်ဓုတင်, ပတ္တပိဏ္ဍိကဓုတင်, ခလုပစ္ဆာဓုတင်, အာရညကင်ဓုတင်, ရုက္ခမူဓုတင်, သဗ္ဗောကာသိဓုတင်, သုသာန်ဓုတင်, ယထာသန္တတိဓုတင်, နိသိဓုတင်။
၃၂၄။ သံဝေဂ=ထိတ်လန့်ခြင်း။
၃၂၅။ ရွှေအိုးကြီး ၄လုံး=သင်္ခရွှေအိုး, ဧလရွှေအိုး, ဥပ္ပလရွှေအိုး, ပုဏ္ဍရိက ရွှေအိုး။
၃၂၆။ နိမိတ် ၄ ပါး=သူအို, သူနာ, သူသေ, ရဟန်း။
၃၂၇။ ဒုက္ကရစရိယာ=ခဲယဉ်းပင်ပန်းစွာ ကျင့်ခြင်း။
၃၂၈။ မဟာဗောဓိပင်=ပင်စည်လုံးပတ် ၃၂ တောင်, အမြင့် သံတောင် ၁၀၀, ခက်မ ၅ ဖြာ ရှိ၏။
၃၂၉။ ဆွေယျစ်တရား ၅ ပါး=သဒ္ဓါ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်,ပညတ်။
၃၃၀။ မဟာသမ္မတမင်း=များစွာသော လူအပေါင်းတို့ သမုတ်အပ်သောမင်း။
၃၃၁။ ဟိမဝန္တာ=သည်းထန်သော ဆီးနှင်းရှိသော ဟိမဝန္တာတောင်။
၃၃၂။ ပါမောက္ခ=မြတ်သော, အကြီးအကဲဖြစ်သော။
၃၃၃။ သမာပတ် ၈ ပါး=ရူပဈာန် ၄ ပါး, အရူပဈာန် ၄ ပါး ဤ ၈ပါးတည်း။
၃၃၄။ ပစ္ဆိမဘဝိက=အဆုံးစွန်ဘဝ၌ ဖြစ်သောသူ။
၃၃၅။ မောနေယျအကျင့်=[ဓိနတ္တပကာသနီ၌ကြည့်ပါ။]
၃၃၆။ သိဒ္ဓတ္ထ=လောကအကျိုး ပြီးစေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ကောက်

ပါဝွဲတွေအား
ပုဏ္ဏားကိုလို့
နှင်းသော့တုသော သူခိုးများ
ဝင်ခိုးတဲ့ကောင်းသောသူအား
ဝ ချုပ်ကောက်ပုဏ္ဏားတဲ့
ပြည့်ပြီးသော့
ထံပါးအား
သမင်တောင်လိုက် သေသော်သော
ပုဏ္ဏားချက် သေဆ" ဟု ပြီ၍


သား သေသောအခါသည် "ငါ ချစ်သောသူ့ကို
မကောင်းမှုကိုပြုသော သင်နှင့်
တစ်ပေါင်းမျှ အတူနေလျှင်" ဟု၍
ပညာရှိသော သေသောအခါတွင်သည် မိခင်ကောင်း
အဘ မနာယူသောကြောင့် သည်းခံသောအခါမှ
"မကောင်းမှုကိုပြုသော အသားတုံးနှင့် အတူနေမှုပါ"
ဟု နတ်များကို တိုင်ကြားပြောဆိုကြလျှက်
အတန်ကြီးစဉ်းစား ပြန်၍
ဟိမဝန္တာတောသို့ ဝင်ပြီးလျှင် ရသေ့ပြုလေ၏။

အသက်၌ ထင်. မြင်ကြီး
အနိုင်အထက်ရှိသော မိကို ကျွေးသောသူသည်
ကောင်းမှုကိုပြုသည်ဖြစ်၏
မိမိအမှုနှင့်သော သူတို့သည် လည်းကောင်း၊ အာရုံချက်သော သူတို့သည် လည်းကောင်း
ဆာနိုးသည် တို့သည် လည်းကောင်း၊ သူတော်ကောင်းတပါးသော သူတို့သည် လည်းကောင်း
ကောင်းမှုကိုပြုသည် မည်ကုန်သတည်း။

ပုဏ္ဏားတို့ဆိုတိုင်း ထိုအကောင်းလျှင် မင်းချိုးပေးတော်မူ မင်းအကြိုက်ကို မရရှား ပုဏ္ဏားပေးတော်မူ စောင် ပေးတော်မူ သူကြွယ်ပေးတော်မူ
လယ်လုပ်၊ ကုန်သွယ် မပြုရ၊ သူဆင်းရဲအမျိုးလည်း သူတစ်ပါးအသိမှ မလွတ်ရ၊ ထိုသို့ကား ပေးတော် မင်းပေးတော်မူသည်
မင်းအကြိုက်ကို ရ၏၊ ပုဏ္ဏား ပေးတော်မူလည်း စောင် သင်၏ သူကြွယ်ပေးတော်မူသည်လည်း ကုန်သွယ်၊ လယ်လုပ်၏
သူဆင်းရဲသည်လည်း သူတစ်ပါးအသိမှ လွတ်၏၊ ဤသို့ လောကတွင် ထင်ရှားရှိသောကြောင့် ပုဏ္ဏားတို့ကား မှန်
ဝန်ကိုခံလိုသောကြောင့် မပေးတော်မမှန်သောအကြောင်း လည်းမကျ၍ ဆိုကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ အလမ္ပာယ်သည် ငါ့ကို နဂါးဖြင့် တိုက်လတ္တံ့၊ ငါကလည်း ဖားဖြင့် အလမ္ပာယ်ကို တိုက်လတ္တံ့၊
ထို ငါတို့ ၂ယောက် နဂါးနှင့်ဖား တိုက်၍ လောင်းတမ်းကစားသည်ကို အရှင်မင်းကြီးရှုတော်မူလော့"

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခင်းကဝိ

ကျွန်မသည်
မည်သူ့ကိုမျှ
နှင့်အကျွမ်းဝင်ရန်မလိုသော
ပတ်ဝန်းကျင်ကောင်းသောသူအား
ဒီ ဘုရင်ကတိုက်တွန်းသည်
ယုံကြည်သော
ထိုသူအား
မင်းကြီးကောင်းကိုဆောင်သော
သမုဒ္ဒရာ၌ အဆင် ၀၇ ကြိမ်

သား ပေါမဆင်သည် "ငါ ရပ်မြဲပေါ့ကွဲ
မကောင်းမှုကိုပြုသော သင်နှင့်
တစ်ပေါင်းတည်း အတူမလုပ်ပြီ" ဆို၍
ပြောနိုင်သော ပေါ်ဆောင်ယုတ်ပတ်သည့် မိခင်ကို
အဘ မှားယွင်းသောကြောင့် သည်းခံပေးသောသမီး
"မကောင်းမှုကိုပြုသော အဘနှင့် အတူနေမည်"
ဟု နတ်မင်းက တိုင်ကြားပြောကြားကြလျက်
အကျွမ်းဝင်ခဲ့ပြီ ပြောပြ
ဟိမဝန္တာတော၌ ဝင်ပြီးလျှင် ရဟန်းပြုခဲ့

အသက်၅၀ ထင်း မြစ်ခြင်း
အနိုင်ကျင့်နိုင်သော ဒီဂါ ကျွဲကောလေသည်
ကောင်းမှုကိုပြုသည်ဖြစ်စေ
မိဘနှင့်တူသော သူတို့သည် လည်းကောင်း, အကျွမ်းဝင်သော သူတို့သည် လည်းကောင်း
တစ်ဦးသည် တို့သည် လည်းကောင်း, သူ့အသားကောင်းရုပ်သော သူတို့သည် လည်းကောင်း
ကောင်းမှုကိုပြုသည် မည်ကျန်ရစ်သောတည်း

ပုဏ္ဏားတို့ဆိုတိုင်း တိုးလောကမှန်လျှင် မင်းသို့ပေးကုတ်လှ မင်းအကြွင်းကို မရှား ပုဏ္ဏားပေးကုတ်လှ ဆောင် မသင်ရာ သူကြွယ်ပေးကုတ်လှ
လယ်ရှင်, ကုန်သွယ် မပြုရာ သူဆင်းရဲအချို့လည်း သူအစေအပါးမှ မလွတ်ရာ ထိုသို့ကား မဟုတ်။ မင်းပေးကုတ်သူလည်း
မင်းအကြွင်းကို ရ၏။ ပုဏ္ဏား ပေးကုတ်သူလည်း ဆောင် သင်၏။ သူကြွယ်ပေးကုတ်သူသည်လည်း ကုန်သွယ်, လယ်ရှင်၏။
သူဆင်းရဲသည်လည်း သူအစေအပါးမှ လွတ်၏။ ဤသို့ လောကတွင် ထင်ရှားရှိသောကြောင့် ပုဏ္ဏားတို့စကား မမှန်။
ဝါဒကိုတလိုသောကြောင့် မဟုတ်မမှန်သောစကားဖြင့် လှည့်ပတ်၍ ဆိုကုန်၏။

www.burmeseclassic.com



"အရှင်မင်းကြီး၊ အလမ္ဗာယ်သည် ငါ့ကို နဂါးဖြင့် တိုက်လတ္တံ့၊ ငါကလည်း ဖားဖြင့် အလမ္ဗာယ်ကို တိုက်လတ္တံ့။ ထို ငါတို့ ၂ယောက် နဂါးနှင့်ဖား၊ တိုက်၍ လောင်းတမ်းကစားသည်ကို အရှင်မင်းကြီးရှုတော်မူလော့"

www.burmeseclassic.com

www.burmeseclassic.com

# ဘူရိဒတ် ဇာတ်တော်ကြီးဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ကို ဆွမ်းခံအမှီပြု၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ်ဝယ် ဥပုသ်သီတင်းသုံးကုန်သော ဒါယကာတို့ကို အကြောင်းပြု၍ 'ယံကိဉ္စိရတနံ'အစရှိသည်ဖြင့် တန်ဆာဆင်အပ်သော ဤ ဘူရိဒတ်ဇာတ်တော်ကို ဟောတော်မူ၏။ ထို ဒါယကာတို့သည် ဥပုသ်သီတင်းနေ၍ နံနက်စောစောထလျက် ဥပုသ်ဆောက်တည်၍ အလှူကိုလည်း ပေးကုန်၏။ထမင်းစားပြီးသော် ပန်းနံ့သာတို့ကို လက်ကိုင်စွဲလျက် ဇေတဝန်ကျောင်းတော်သို့သွား၍ တရားနာအံ့သောငှာ တင့်အပ်သောအရပ်၌ နေကုန်၏။ မြတ်စွာဘုရားသည် တရားသဘင်သို့ကြွလာတော်မူ၍၊ တန်ဆာဆင်အပ်သောနေရာ၌ နေတော်မူလျက် ရဟန်းတို့ကို ကြည့်တော်မူ၍ 'ရဟန်းတို့တွင် အကြင်ပရိသတ်ကို အကြောင်းပြု၍ တရားစကားသည် ဖြစ်လာလတ္တံ့သတည်း' ဟုသိတော်မူ၏။

ထိုဒါယကာတို့နှင့်တကွ ဘုရားသခင်သည်လည်း စကားပြောဟောတော်မူ၏။ ထိုသို့ပြောဟောတော်မူသောကြောင့် 'ယခုအခါ ဒါယကာတို့ကို အကြောင်းပြု၍ ရှေးအကျင့်နှင့်ယှဉ်သော တရားစကားသည် ဖြစ်လတ္တံ့' ဟု သိတော်မူလျှင် ထို ဒါယကာတို့နှင့် စကားပြောဟောတော်မူအံ့သောငှာ "ဥပါသကာတို့။ သင်တို့သည် ဥပုသ်သီတင်း သုံးကုန်၏လော"ဟု မေးတော်မူ၍ "အရှင်ဘုရား။ သုံးပါကုန်၏"ဟု နားတော်လျှောက်လျှင်၊ "သင်တို့ ဥပုသ်သုံးခြင်းသည် ကောင်းစွာ။ ဆိုဖွယ်သော်ကား ရှိသေး၏။ အဆုံးအမကို ပေးတော်မူတတ်သော ငါသို့သောဘုရားကို သင်တို့ ရကုန်သည်ဖြစ်၍ အကြင်ဥပုသ်ကို ဆောက်တည်ကုန်၏။ ဤသို့ ဆောက်တည်ခြင်းကို မအံ့ဩအပ်။ ရှေးပညာရှိတို့သည်ကား ဆရာမရှိဘဲလျက် ကြီးစွာသော စည်းစိမ်ကိုစွန့်၍ ဥပုသ်သုံးကုန်သတည်း"ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏။

"အရှင်ဘုရား။ ဆရာမရှိဘဲလျက် ရှေးပညာရှိတို့ ဥပုသ်သီတင်း စောင့်သုံးခြင်းကို မိန့်တော်မူပါ"ဟု ထိုဥပါသကာတို့ လျှောက်တောင်းပန်လတ်သော် မြတ်စွာဘုရားသည် ဥယျောဇဉ်အားလျော်စွာ အတိတ်ကို ဆောင်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



# ဘူရိဒတ် ဇာတ်တော်ကြီးဝတ္ထု

## ၁။ နဂရခန်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသတတ်။ ထိုအခါ သားတော်အကြီးအား အိမ်ရှေ့အရာကို ပေးတော်မူ၍ ထိုအိမ်ရှေ့မင်း၏ အခြံအရံ စည်းစိမ်ချမ်းသာ ပြန့်ပွားသည်ကို မင်းကြီးမြင်တော်မူလျှင် ထီးနန်း၏အန္တရာယ်ကို စိုးရိမ်တော်မူသောကြောင့် "ချစ်သား။ သင်သည် ပြည်မှထွက်၍ နှစ်သက်ရာအရပ်၌ နေလေလော့။ ငါလွန်မှ အမျိုး၏ဥစ္စာ ငါ၏အမွေဖြစ်သော ရွှေထီးရွှေနန်းကို စိုးမြန်းရစ်" ဟု အမိန့်တော်ရှိလျှင်၊ မင်းသားလည်း အမိန့်တော်မြတ်ကို ဦးထိပ်ဆင့်ရွက်၍ ပြည်မှ တစ်ယောက်တည်း ထွက်လေသော် အစဉ်အတိုင်း ယမုနာမြစ်သမုဒ္ဒရာတို့၏အလယ် တစ်ခုသောတောင်ကြား၌ နေရာသင်္ခမ်း[၁] ဖန်ဆင်းစီရင်၍ ရသေ့၏အသွင်ဖြင့် တောသစ်သီးသစ်ဖုတို့ကို ဆောင်ယူသုံးဆောင်လျက် နေလေ၏။

ထိုအခါ သမုဒ္ဒရာအောက် နဂါးပြည်၌ မုဆိုးမဖြစ်သော နဂါးမတစ်ယောက်သည် လင်ရှိသော နဂါးမတို့၏ မိမိတို့လင်နှင့် အတူတကွ တင့်တယ်စံပယ်ခြင်းစည်းစိမ်ကို မြင်၍ ထိုသူတို့နည်းတူ ပျော်မြူးလိုသော ကိလေသာဖြင့် နှိပ်စက်သည်ဖြစ်၍ နဂါးပြည်မှထွက်ခဲ့သော် သမုဒ္ဒရာနား၌သွားလေသော် မင်းသား၏ ခြေရာကို မြင်၍ ထိုခြေရာကို အစဉ်မှီးသဖြင့်လိုက်လေလျှင် နေရာသင်္ခမ်းကို မြင်လေ၏။ ထိုသို့မြင်သောအခါ မင်းသားကား သစ်သီးကြီးငယ်အလို့ငှာ တစ်ပါးသို့သွားခိုက် ထိုနဂါးမသည် မင်းသားနေရာသင်္ခမ်းသို့ဝင်၍ သစ်ခက်ခင်းနီး[၂]ကို လည်းကောင်း၊ ကြွင်းသော ပရိက္ခရာတို့ကို လည်းကောင်း မြင်လျှင် ဤသို့ အကြံဖြစ်၏။ 'ဤကျောင်းသင်္ခမ်းသည် တစ်ယောက်သောရဟန်း၏နေရာ ဖြစ်မည်။ ထိုရဟန်းကို စူးစမ်းအံ့' ဟု ကြံ၏။

'ထိုရဟန်းသည် သဒ္ဓါ၍တည်း ရဟန်းပြုသလော။ ယင်းသို့မဟုတ် တစ်ပါးအမှုကြောင့်တည်း ရဟန်းပြုသလော။ အကယ်၍ သဒ္ဓါပဗ္ဗဇိတ[၃]ဖြစ်အံ့။ ကာမဂုဏ်ကို အလိုမရှိသည်ဖြစ်၍ တန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော ငါ၏ အိပ်ရာ၌ မနေလတ္တံ့။ အကယ်၍ ငါစီရင်အပ်သော အိပ်ရာ၌ နေသည်ဖြစ်အံ့။ သဒ္ဓါပဗ္ဗဇိတမဟုတ်။ ကာမဂုဏ်ကို အလိုရှိသောသူတည်းဟု သိရအံ့။ ထို ငါခင်းအပ်သောအိပ်ရာ၌ မွေ့လျော်မူ ငါ၏လင်အဖြစ်ကို ပြု၍ ဤတောအရပ်၌လျှင် နေအံ့' ဟု ကြံလျက် ထိုနဂါးမသည် နဂါးပြည်သို့သွားပြီးလျှင် နတ်တို့၏ ပန်းနံ့သာကိုဆောင်၍ အိပ်ရာကိုစီရင်လျက် ရသေ့နေရာသင်္ခမ်းကို ပန်းနံ့သာတို့ဖြင့်ပူဇော်လျက် နံ့သာမှုန့်တို့ကိုကြဲ၍ သင်္ခမ်းကိုတန်ဆာဆင်လျက် နဂါးပြည်သို့ သွားလေ၏။

မင်းသားသည် ညချမ်းသောအခါ သင်္ခမ်းသို့ရောက်လျှင် အတွင်းသို့ဝင်လာသော် ထိုအိပ်ရာအခင်းစသည်တို့ကိုမြင်၍ 'မည်သူ ဤအိပ်ရာကို စီရင်သနည်း' ဟု ကြံလျက် သစ်သီးကြီးငယ်ကိုသုံးဆောင်၍ 'ဩော်–ကောင်းစွာ့၊ ဩော်–ချမ်းသာစွာ့' ဆိုလျက် နှစ်လို့ဝမ်းမြောက်စွာ ထိုအိပ်ရာ၌ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်သော အခါထ၍ သခ်မ်းကို တံမြက်လှည်းပြီးလျှင် သစ်သီးကြီးငယ်အလို့ငှာ သွားပြန်လေ၏။ နဂါးမလည်း ထိုအခါ လာပြန်လတ်၍ ညှိုးနွမ်းကုန်သော ပန်းနံ့သာ စသည်တို့ကိုမြင်လျှင် 'ဤသူကား သဒ္ဒါပဗ္ဗဇိတ မဟုတ်။ ကာမဂုဏ်၌ အလိုရှိသောသူတည်း။ ထိုသူကို လင်ပြုအံ့သောငှာ တတ်ကောင်း၏'ဟု သိပြီးသော် ဟောင်းသောပန်းတို့ကို ပယ်၍ တစ်ဖန် အသစ်သောပန်းတို့ကို ဆောင်လျက် ရှေးအတူစီရင်ပြီးလျှင် နဂါးပြည်သို့ ပြန်သွားလေ၏။ ထိုမင်းသားသည် ထိုနေ့၌လည်း ပန်းအိပ်ရာ၌အိပ်၍ မိုးသောက်လျှင် ကြံ၏။ 'ဤသခ်မ်းကို မည်သူသည် တန်ဆာဆင်သနည်း' ဟုကြံလျက် သစ်သီးကြီးငယ်အလို့ငှာ မသွားမူ၍ သခ်မ်းမှ မနီးမဝေး ပုန်းကွယ်ရာ အရပ်၌ ချောင်း၍နေလေ၏။

နဂါးမလည်း များစွာသောပန်းနံ့သာတို့ကို ယူ၍ သခ်မ်းသို့လာလျှင် မင်းသားသည် မြတ်သောအဆင်းနှင့် ပြည့်စုံသော နဂါးမကိုမြင်၍ တပ်သောစိတ် ရှိသည်ဖြစ်၍ မိမိကိုယ်ကိုမပြဦးဘဲ နဂါးမသည် သခ်မ်းတွင်းသို့ ဝင်၍ အိပ်ရာစီရင်သောအခိုက်မှ မင်းသား နောက်ထပ်ဝင်၍ "သင်ကား အသူနည်း"ဟု မေး၏။ "အရှင်။ အကျွန်ုပ်ကား နဂါးမတည်း"ဟု ဆို၏။ "သင်ကား။ လင်ရှိသလော"ဟု မေး၏။ "အရှင်။ အကျွန်ုပ်ကား ရှေး၌ လင်ရှိပါ၏။ ယခု လင်မရှိ၊ မုဆိုးမတည်း"ဟု ဆို၏။

"အရှင့်သားကား။ အဘယ်အရပ်ကပေနည်း"ဟု မေး၏။ "ငါကား။ ဗာရာဏသီမင်းကြီး၏ သားတော်ဖြစ်သော ဗြဟ္မဒတ်မင်းသား"ဟုဆို၏။ "သင်ကား နဂါးပြည်ကိုစွန့်၍အဘယ့်ကြောင့် ဤအရပ်သို့ လာသနည်း"ဟုမေး၏။ "အရှင်။ ထိုနဂါးပြည်၌ လင်ရှိ မိန်းမတို့၏ တင့်တယ်စံပယ်ခြင်းစည်းစိမ်ကိုမြင်သော အကျွန်ုပ်ကား ကိလေသာကိုအမှီပြု၍ ပျော်မြူးလိုသောကြောင့် ထိုနဂါးပြည်မှထွက်၍ မြတ်သောလင်ကို ရှာမည်လာသည်"ဟုဆို၏။ "ထိုသို့တပြီးကား 'ငါသည်လည်း သဒ္ဒါပဗ္ဗဇိတဟုတ်။ ခမည်းတော်ပြည်မှ နှင်ထုတ်သောကြောင့် ဤတောအရပ်၌ နေ၏။ သင်သည် မကြံလင့်။ "ငါသည် သင်၏ လင်ဖြစ်အံ့"ဟုဆို၏။ "ငါတို့ ၂ ယောက် အညီအညွတ်တင့်တယ်စံပယ်ကြလျက် ဤတောအရပ်၌ နေကုန်အံ့" ဟုဆို၏။ နဂါးမလည်း 'ကောင်းပြီ'ဟု ဝန်ခံ၍၊ မင်းသား, နဂါးမ ၂ ယောက်တို့သည် ဇနီးမောင်နှံ[4]အဖြစ်ဖြင့် ထိုတောအရပ်၌ နေကြကုန်၏။ နဂါးမသည် မိမိအာနုဘော်ဖြင့် ကြီးစွာသောအိမ် ဖန်ဆင်း၍ ကြီးစွာသောနေရာပလ္လင်ကို ဆောင်၍ အိပ်ရာခင်းပေ၏။

ထိုနေ့မှစ၍ တောသစ်မြစ်သစ်သီးတို့ကို မစား။ နတ်တို့၏ထမင်းအဖျော် စသည်တို့ကိုသာ သုံးဆောင်ခံစားပြီးလျှင် မွေ့လျော်ကြကုန်၏။

ထိုရောအခါ နဂါးမသည် ပဋိသန္ဓေနေ၍ သားယောကျ်ားဖွားလျှင် ထိုသတို့သားအား သမုဒ္ဒရာနား၌ ၎င်းဖွားသောကြောင့် သာဂရ[5] ဟူသောအမည်ကို မှည့်ကုန်၏။ သာဂရ သတို့သား ခြေဖြင့်သွားတတ်သောအခါ သမီးကို ဖွား၏။ ထိုသမီးအား သမုဒ္ဒရာနား၌ ဖွားမြင်သောကြောင့် သမုဒ္ဒဇာ[6] ဟူသောအမည်ကို မှည့်ကုန်၏။

ထိုအခါ ဗာရာဏသီပြည်သား မုဆိုးတစ်ယောက်သည် ထိုအရပ်သို့ရောက်လေ၍ စကားစမြည်[7] ပြောပြီးသော် အရှင်သား၏အဖြစ်ကိုသိ၍ ၁ ရက်, ၂ ရက်နေလျက် "အရှင့်သား။ အကျွန်ုပ်သည် ခမည်းတော်မင်းအား ဤအရပ်၌ အရှင့်သားနေသောအဖြစ်ကို လျှောက်ကြားအံ့"ဟု ရှိခိုး၍ မြို့သို့ ပြန်လာ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီး သေခဲ့လေ၏။ အမတ်တို့သည် ထိုမင်း၏ အလောင်းကောင်ကို ဖုတ်သော[8]အမှုကိုပြု၍ ၇ ရက်မြောက်သောနေ့၌ စည်းဝေးတိုင်ပင်ကုန်၏။ "အချင်းတို့။ မင်းမရှိသောပြည်



www.burmeseclassic.com

မည်သည်ကား ရန်ဆူးရန်ငြောင့်တို့ကို တားမြစ်ခြင်းငှာ မတတ်နိုင်ရာ, မနိုင်ခဲ့ရာသည်။ ငါတို့အရှင်မင်းကြီးသား နေရာအရပ်ကို လည်းကောင်း၊ ရှိသောအဖြစ်ကို လည်းကောင်း၊ မရှိသောအဖြစ်ကိုလည်းကောင်း ဘယ်သူ တစ်ယောက်မျှ မသိကြ ကုန်သည်ဖြစ်၍ အဘယ်သို့ ပြုကြရအံ့နည်း"ဟု တိုင်ပင်ကုန်၏။ "ယခု ဖုတ်သွင်းရထား[၂၉] လွှတ်၍ မင်းကို ဆောင်ယူသော် ကောင်း၏"ဟု တစ်ဖန် တိုင်ပင်ကုန်၏။

တိုင်ပင်၍နေသောခဏ၌ မုဆိုး တစ်ယောက်သည် ပြည်သို့ရောက်လာ၍ မှူးမတ်တို့တိုင်ပင်သော စကားကို မုဆိုးကြားလျှင် အမတ်တို့ အထံသို့သွား၍ "အကျွန်ုပ်သည်။ မင်းသားအထံ၌ ၃ ရက်, ၄ ရက် နေ၍ အကျွန်ုပ်လာခဲ့သည်"ဟု အမတ်တို့အား ကြားလျှောက်၏။ အမတ်တို့သည် မုဆိုးစကားကို ကြားလျှင် ထိုမုဆိုးအား ထိုက်လျောက်ရာ ပဏ္ဏာ[၃၀]လက်ဆောင်ပေး၍၊ မင်းအပေါင်းတို့သည် မုဆိုးကိုခရီးညွှန်ပြု၍ စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် အစဉ်အတိုင်းသွားကြ၍၊ မင်းသားအထံသို့ရောက်လျှင် စကားပြော ဟောကြပြီးသော် ခမည်းတော်မင်းကြီးသည် သဇီဝ[၃၁]သဘောမှ ရွေ့လျော၍ နိဗ္ဗိဝ[၃၂]သဘောသို့ရောက်ကြောင်းကို မင်းသားအား လျှောက်ကြားပြီးမှ တစ်ဖန် "ပြည်ကို စိုးစံတော်မူပါ"ဟု လျှောက်ကုန်၏။

ထိုအခါ မင်းသားသည် 'နဂါးမစိတ်ကို သိအောင်ပြုအံ့'ဟု နဂါးမထံသို့ ချဉ်းကပ်လေ၍ "အဘယ်[၃၃]ရှင်မ။ ဗာရာဏသီပြည်၌ ငါ၏ခမည်းတော်သည် လူ့ပြည်ငြီးငွေ့၍ နတ်ပြည်စံတော်မူသဖြင့် ငါ့အား ပြည်ကိုသိမ်း စေလိုသောကြောင့် အမတ်အပေါင်းတို့သည် ငါ့အား ဆောင်နှင်းအံ့ဟု လျှောက်ကြကုန်၏။ အဘယ်ရှင်မ။ ငါတို့ ၂ယောက်တို့သည် သွားကြကုန်အံ့။ ၁၂ ယူဇနာရှိသော ဗာရာဏသီပြည်ကို မင်းပြုကြကုန်အံ့။ ရှင်မသည် လည်း ၁ သောင်း ၆ ထောင်သော မောင်းမအပေါင်းတို့တွင် အကြီးဖြစ်လတ္တံ့"ဟုဆို၏။

"အရှင်မင်းသား။ အကျွန်ုပ်သည် လိုက်အံ့သောငှာ မတတ်နိုင်"။ "ရှင်မ။ အဘယ့်ကြောင့် လိုက်အံ့ သောငှာမတတ်နိုင်သနည်း"။ "အရှင့်သား။ အကျွန်ုပ်တို့အမျိုးသည် အဆိပ် ရှိ၏။ လျင်သောအမျက် ရှိ၏။ စိုးစဉ်းငယ်ကိုမျှလည်း အမျက်ထွက်တတ်၏။ စည်းစိမ်ချမ်းသာနှင့် နေခြင်းသည်ကား အလွန် ဝန်ဖြစ်ပါသည်။ အကယ်၍ အကျွန်ုပ်သည် မြင်၍လည်းကောင်း၊, ကြား၍လည်းကောင်း, အမျက်ထွက်လတ်သည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူကို ကြည့်မိအံ့။ ဖွဲပြာကဲ့သို့ ကြေလိမ့်သတတ်။ ဤအကြောင်းကြောင့် အကျွန်ုပ်သည် လိုက်ခြင်းငှာ မတတ်နိုင်ပါ"ဟုဆိုလျှင် မင်းသားလည်း တောင်းပန်မြဲ တောင်းပန်ပြန်၏။

နဂါးမသည် တစ်စုံတစ်ခုသော ပရိယာယ်ဖြင့် မလိုက်ခြင်း အကြောင်းကိုဆို၍ "ဤသားတို့သည်ကား နဂါးငယ်သာတည်း။ အရှင်မင်းသားနှင့် အကျွန်ုပ် ပေါင်းဖော်သောကြောင့် သားဖွားလျှင် လူဇာတ် ဖွားပါသည်။ အကယ်၍ အရှင်မင်းသားသည် အကျွန်ုပ်ကို ချစ်ရိုးမှန်အံ့။ ဤသားတို့ကို မမေ့ပါလင့်။ ဤသူငယ်တို့သည် ရေမျိုးဖြစ်ခဲ့၍ နူးညံ့လှသည်။ ခရီးသွားမည်ရှိသော် နေပူတဲလုပ်[၃၄]တို့ဖြင့် နှိပ်စက်၍ သေလတ္တံ့။ ထို့ကြောင့် အရှင်မင်းသားသည် တစ်ခုသောလှေကိုထွင်းစေ၍ ရေအပြည့်ထည့်လျက် ထိုရေဖြင့် သားငယ်တို့မပင်ပန်းစေမူ၍ ကစားစေလျက် ဆောင်ပါလေ။ ပြည်သို့ရောက်ရှိသော် ပြည်တွင်း၌ ရေကန်ကြီးတူးပါလေ"

ဤသို့မှာထားခဲ့ပြီးလျှင် နဂါးမသည် မင်းသားကို လက်ယာရစ်လှည့်၍ ရှိခိုးပြီးလျှင် သားတို့ကို လည်း၌ဖက်လျက် သားမြတ်စုံကြား၌ အိပ်စေပြီးလျှင် ဦးခေါင်းကိုနမ်း၍၊ မင်းသားအားဆောင်နှင်းခဲ့၍ ငိုမြည်တမ်းလျက် နဂါးပြည်သို့ သွားလေ၏။

မင်းသားလည်း နှလုံးမသာသည်ဖြစ်၍ မျက်ရည်တို့ဖြင့်ပြည့်လျက် အိမ်မှထွက်ခဲ့၍၊ မျက်ရည်ကိုသုတ်လျက် အမတ်တို့ဆီသို့ ချဉ်းကပ်လေ၏။ ထိုအမတ်တို့သည်လည်း မင်းသားကို အဘိသိက်သွန်းပြီးလျှင် "အရှင်မင်းကြီး။ အကျွန်ုပ်တို့ ပြည်သို့ ကြွတော်မူပါ"ဟု လျှောက်လေ၏။ "အမတ်တို့။ ကောင်းပြီ။ သင်တို့သည် လှေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အလျင်တဆော တွင်းကြပါကုန်။ လှည်းကိုလည်း လုပ်ကြပါကုန်။လှေကိုတွင်းပြီးလျှင် လှည်းပေါ်မှာ လှေကိုတင်၍ လှေ၌ ရေအပြည့်ထည့်လျက် အဆင်း,အနံ့, အရသာနှင့်ပြည့်စုံသော ပန်းတို့ကိုထည့်၍ ငါ၏သားတို့ကို ရေ၌ကစားစေကုန်လျက် ချမ်းသာစွာသွားကုန်အံ့"ဟု မင်းကြီးဆိုတိုင်း ပြုကုန်၏။

မင်းကြီးသည်လည်း တန်ဆာဆင်သော ဗာရာဏသီမြို့သို့ အစဉ်အတိုင်းသွား၍ ရာဇလင်္ဂပြည်တွင်းသို့ ဝင်၍ ၁ သောင်း ၆ ထောင်သော မောင်းမတို့ဖြင့်လည်းကောင်း, ကချေသည် မိန်းမတို့ဖြင့် လည်းကောင်း, အမတ်စသည်တို့ဖြင့် လည်းကောင်း ခြံရံလျက် မြတ်သောပြာသာဒ်၌နေ၍၊ ၇ ရက်ပတ်လုံး ကြီးစွာသော အပျော်တို့ကို သောက်၍နေကုန်၏။

ပြည်တွင်း၌ ထိုမင်းသားတို့၏ကစားရာ ပေါက္ခရဏီ ရေကန်ကိုပြု၏။ မင်းသားတို့သည်လည်း ထိုရေကန်၌ ကစားကုန်၏။ တစ်နေ့သောအခါဝယ် ပေါက္ခရဏီရေကန်သို့ ရေသွင်းလတ်သော် လိပ်တစ်ကောင်သည်ဝင်လေ၍ ထွက်အံ့သောအရပ်ကို မမြင်သဖြင့် ရေကန်တွင်း၌ဝပ်လျက် နေလေ၏။ မင်းသား,မင်းသမီးတို့သည် ရေကစားလတ်သော် ထိုလိပ်သည် ဦးခေါင်းကို ဖော်၍ကြည့်လျက် တစ်ဖန် ငုပ်ပြန်၏။ မင်းသား,မင်းသမီးတို့သည် ထိုလိပ်ကိုမြင်၍ ကြောက်လန့်တကြား ရေကန်မှတက်၍ ခမည်းတော်မင်းကြီးအား ဤသို့လျှောက်၏။ "အရှင်မင်းကြီး။ ရေကန်တွင်း၌ ဘီလူး တစ်ကောင်သည် အကျွန်ုပ်တို့ကို ခြောက်သည်"ဟု လျှောက်၏။ မင်းကြီးလည်း မင်းချင်းတို့ကိုခေါ်၍ "ထိုလိပ်ကို ဖမ်းချေ"ဟု စေတော်မူ၏။ မင်းချင်းတို့လည်း ကွန်ဖြင့်ပစ်၍ လိပ်ကိုဖမ်းပြီးလျှင် မင်းကြီးအား ဆက်၏။ မင်းသားတို့လည်း ထိုလိပ်ကိုမြင်လျှင် "ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို ခြောက်သည်ကား ဤဘီလူးပင် တည်း"ဟု ငိုမြည်တမ်း၏။ မင်းကြီးသည် သားတော်,သမီးတော်တို့ကိုချစ်ခြင်းဖြင့် အမျက်ထွက်၍ "အမှုနှင့်လျော်စွာ စီရင်ကုန်"ဟု မိန့်တော်မူ၏။

ထိုအခါ အမတ်သည် "ဤလိပ်ကား အရှင်မင်းကြီး၏ ရန်သူတည်း။ ထိုလိပ်ကို ဆုံ၌ထည့်၍ ကျည်ပွေ့ဖြင့်ထောင်းလျက် မှုန်မှုန်ညက်ညက်ပြုခြင်းငှာ ထိုက်၏"ဟုဆို၏။ အချို့သောအမတ်ကလည်း "ဥပါးသော ချက်ခြင်းတို့ဖြင့်ချက်၍ စားထိုက်၏"ဟုဆို၏။ အချို့သောအမတ်ကလည်း "မီးပုံကြီး၌ ထည့်၍ ကျက်စေခြင်းငှာ ထိုက်၏"ဟုဆို၏။ အချို့သော အမတ်ကလည်း မိမိအခွံ့ကို အိုးပြု၍ ခံလောက်[၃၆]ပေါ်၌တင်ပြီးလျှင် ထမင်းချက်သကဲ့သို့ မိမိအခွံဖြင့်မိမိအသားကို ကျက်ခြင်းငှာ ထိုက်၏"ဟု ဆို၏။ ရေကိုကြောက်တတ်သော အမတ်တစ်ယောက်မူကား ဤလိပ်ကို 'ယမုနာမြစ်ဝဲ၌ ချခြင်းငှာ ထိုက်၏"ဟု ဆို၏။

အလိုအားလျော်စွာ ဆိုကြသောအခါ ယမုနာဝဲ၌ ချအံ့' ဟုဆိုသော အမတ်စကားကို လိပ်ကြားလျှင် မိမိအခွံမှ ဦးခေါင်းကိုထုတ်၍ "အို၊ အရှင့်သား။ သင့်အား အဘယ်မည်သော ပြစ်မှားခြင်းကို အကျွန်ုပ် ပြုမိပါသနည်း။ အကျွန်ုပ်ကို ယမုနာဝဲ၌ အဘယ့်ကြောင့် ချမည် စီရင်တော်မူဘိသနည်း။ ဤမှတစ်ပါးသော အစီအရင်တို့ကို အပြစ်အလျောက် ခံရသော်လည်း သည်းခံနိုင်ပါသေး၏။ ယခု 'ယမုနာဝဲ ချမည်' ဟူသော အစီရင်စကားကို မိန့်တော်မမူပါလင့်"ဟုဆို၏။

ထိုစကားကို မင်းကြီးကြားတော်မူလျှင် ဤအစီအရင်အတိုင်း ယမုနာဝဲ၌ ချစေတော်မူ၏။ မင်းချင်းတို့လည်း ထိုဝဲ၌ ချကုန်၏။ ထိုအခါ ထိုလိပ်သည် နဂါးပြည်သို့စီးသော ရေအလျဉ်ဖြင့်သွား၍ နဂါးပြည်သို့ ရောက်လေ၏။

ထိုအခါ ထိုရေအလျဉ်၌ ကစားကုန်သော ဓတရဋ္ဌ နဂါးမင်း၏ သားဖြစ်ကုန်သော နဂါးလုလင်ပျိုတို့သည် လိပ်ကိုမြင်၍၊ "ဤလိပ်ကို ဖမ်းကုန်"ဟု ဆိုကြကုန်၏။ထိုအခါ လိပ်သည် ငါကား၊ ဗာရာဏသီမင်းကြီးလက်မှ လွတ်၍ ကြမ်းကြုတ်စွာသော ဤနဂါးတို့လက်သို့ ရောက်ပြန်ခဲ့ပြီ။ အဘယ်မည်သော ဥပါယ်တံမျဉ်[၃၇]ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်နိုင်ပါအံ့နည်း' ဟုကြံလျှင်၊ တစ်ခုသောဥပါယ်တံမျဉ်ကိုရ၍ မဟုတ်မမှန်ပျက်စကားကိုဆိုဘိ၏။ "အဆွေ နဂါးလုလင်ပျိုတို့။ သင်တို့သည် ဓတရဋ္ဌနဂါးမင်း၏ မင်းချင်းဖြစ်လျက် အဘယ့်ကြောင့် ရုန့်ရင်းသော စကားကို ဆိုဘိသနည်း။ ငါကား စိတ္တစူဠ အမည်ရှိသော ဗာရာဏသီမင်းကြီး၏ တမန်တည်း။ သင်တို့အရှင် ဓတရဋ္ဌမင်းအား ငါတို့အရှင် သမီးတော်ကို ဆောင်နှင်းလိုသည်ဖြစ်၍ ငါ့ကို စေတော်မူ၏။ သင်တို့အရှင်မင်းကြီးထံ ငါ့ကို ပို့ဆောင်လော့"ဟု ဆို၏။

နဂါးလုလင်ပျိုတို့လည်း လိပ်စကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာ မင်းကြီးထံဆောင်၍ ထိုအကြောင်းကို လျှောက်ကြားကုန်၏။ မင်းကြီးလည်း လိပ်ကိုမြင်လျှင် နှလုံးမသာရှိတော်မူ၍ 'ယုတ်သော ကိုယ်ရှိသော ဤလိပ်ကို ဗာရာဏသီမင်းကြီး တမန်မပြုပေရာ' ဟုဆို၏။ ထိုစကားကိုကြားလျှင် လိပ်သည် "နဂါးမင်းကြီး။ အဘယ့်ကြောင့် ဤသို့ ဆိုတော်မူဘိသနည်း။ ထန်းပင်လောက် ကြီးမှ, မြင့်မှသာ တမန်ဆိုရတော့မည်လော။ တမန်တို့မည်သည်ကား ကြီးသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ ပမာဏမဟုတ်။ သွားလေရာရာ တမန်၏လက္ခဏာနှင့်ညီသဖြင့် တင့်တယ်လျော်ညီအောင် ဆောင်ရွက်သောအမှု ပြီးခြင်းသည်သာလျှင် ပမာဏတည်း။ အရှင်မင်းကြီး။ အကျွန်ုပ်တို့သခင် ဗာရာဏသီမင်းကြီး၌ တမန်များစွာ ရှိသည်။ ကြည်းကုန်း၌ လူတို့ကို တမန် စေတော်မူသည်။ ကောင်းကင်၌မူကား ငှက်ကို တမန် စေတော်မူသည်။ ရေ၌မူကား အကျွန်ုပ်ကိုသာ တမန်စေတော်မူသည်။ ကျွန်ုပ်ကား အမည်အားဖြင့် စိတ္တစူဠ အမည်ရှိသော လိပ်တည်း။ သာမညလိပ် မဟုတ်ပါ။ အရာအထူးရသော အမတ်တည်း။ ကျွန်ုပ်တို့အရှင်မင်းကြီးနှင့်လည်း အကျွမ်းဝင်သည် ဖြစ်၍ အရှင်မင်းကြီး မြတ်နိုးတော်မူသော သူတည်း။ အကျွန်ုပ်ကို အရှင်မင်းကြီး ဆဲရေးတော်မမူနှင့်"ဟု မိမိဂုဏ်ကိုချီးမွမ်း၍ နဂါးမင်းအား ပြောဆို၏။

ထိုစကားကို နဂါးမင်းကြီးကြားလျှင် "အဘယ်အကြောင်းကြောင့် ဤနဂါးပြည်သို့ ဗာရာဏသီမင်းကြီး စေသနည်း"ဟု မေးပြန်၏။ "အရှင်နဂါးမင်း။ အကျွန်ုပ်တို့အရှင် ဗာရာဏသီမင်းကြီးသည် 'ငါကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ၁၀၁ ကျွန်းသော မင်းတို့နှင့် မိတ်ဆွေခင်ပွန်းဖွဲ့ခြင်းကို ပြုရပြီ။ ဓတရဋ္ဌနဂါးမင်းနှင့် အဆွေခင်ပွန်း မဖွဲ့ရသေး။ ယခု ငါ၏သမီးတော် သမုဒ္ဒဇာကိုပေး၍ မိတ်ဆွေခင်ပွန်းဖွဲ့မည်။ ဓတရဋ္ဌ နဂါးမင်းကြီးထံ သွားချေ' ဟု ကျွန်ုပ်ကို စေတော်မူ၏။ အရှင်မင်းကြီးတို့လည်း ကြာမြင့်စွာအခါမနေးမူ၍ အကျွန်ုပ်နှင့်အတူ စုံရာမင်းချင်းတို့ကိုစေတော်မူသဖြင့် ထိမ်းမြားဆောင်ရွက်ရမည့်နေ့ရက်ကို ချိန်းချက်တော်မူပါ"ဟုဆို၏။

ထိုအခါ နဂါးမင်းနှစ်သက်၍ လိပ်အား များစွာချီးမြှောက်လျက် နဂါးလုလင် ၄ ယောက်တို့ကို ခေါ်တော်မူ၍ "သင်တို့သည် တမန်လိပ်နှင့် အတူလိုက်၍ ဗာရာဏသီမင်းကြီး၏သမီးတော်ကို ထိမ်းမြား ဆောင်ရွက်ရမည့် နေ့ရက်ကို ချိန်းချက်" စေတော်မူ၏။ နဂါးလုလင်ပျို ၄ယောက်တို့သည်လည်း "ကောင်းပြီ" ဝန်ခံလျက် လိပ်ကို ယူ၍ နဂါးပြည်မှ ထွက်ခဲ့ကုန်၏။

လိပ်သည် ယမုနာမြစ်နှင့် ဗာရာဏသီပြည်အကြား တစ်ခုသောကြာအိုင်ကိုမြင်၍ ဥပါယ်တံမျဉ်ဖြင့် ပြေးပုန်းရှောင်ရှားလိုရကား "အချင်းနဂါးလုလင်တို့။ ငါတို့အရှင့်သား,အရှင့်သမီးတို့သည် ငါ့ကို ရေ၌ ကျက်စားသောသူ ဖြစ်သောကြောင့် မင်းအိမ်သို့ရောက်လျှင် 'ကြာပွင့်, ကြာပန်း, ကြာဥတို့ကို မဆောင်ခဲ့လော, မပါလော'ဟု ဆိုလျက် တောင်းကြကုန်အံ့။ ထို့ကြောင့် မင်းသား,မင်းသမီးတို့ကို ဆက်သရန် ကြာစွယ်, ကြာဥတို့ကို ယူဦးအံ့။ ဤကြာအိုင်၌ ငါ့ကိုလွှတ်၍ မင်းကြီးထံ သင်တို့ အလျင်သွားလင့်ကုန်။ ငါ နောက်မှ လာမည်"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို နဂါးလုလင်ပျိုတို့လည်း လိပ်ဆိုသောစကားကို ယုံကြည်၍ ကြာအိုင်၌ လွှတ်လေကုန်၏။ လိပ်သည် ထိုကြာအိုင်၌ သင့်တင့်ရာအရပ်ကိုရှာ၍ ပုန်းရှောင်လေ၏။ နဂါးလုလင်ပျိုတို့လည်း လိပ်ကိုမမြင်လျှင် 'မင်းကြီးထံ သွားပြီ ဖြစ်မည်'ဟု လူ၏အသွင်ဖန်ဆင်း၍ မင်းကြီးထံသို့ ရောက်ကြလေကုန်၏။

မင်းကြီးလည်း ထိုနဂါးလုလင်ပျိုတို့နှင့် စကားပြောဟောခြင်းကိုပြု၍ "သင်တို့ အဘယ်အရပ်မှ လာခဲ့ကုန်သနည်း"ဟု မေးတော်မူ၏။ "အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင် ဓတရဋ္ဌနဂါးမင်းက စေတော်မူသောကြောင့် ရောက်သည်" ဟုဆိုကြလျှင်၊ "အဘယ်အကြောင်းကြောင့်နည်း"ဟု မေးတော်မူပြန်၏။ "အရှင်မင်းကြီး။ အကျွန်ုပ်တို့ကား နဂါးမင်း၏ တမန်တို့တည်း။ အကျွန်ုပ်တို့အရှင် နဂါးမင်းသည် အရှင်မင်းကြီးတို့၏ အနာမရှိသောအဖြစ်ကို မေးတော်မူ၏"ဟုဆိုလျှင်၊ "အနာမရှိ ပကတိသဘောသာတည်း။ သင်တို့ကား ဤအရပ်၌ အလိုရှိသည်ကို ဆိုကုန်"ဟု မင်းကြီး မိန့်တော်မူလျှင် 'အရှင်မင်းကြီး။ အရှင်မင်းကြီး၏ သမီးတော် သမုဒ္ဒဇာကို အကျွန်ုပ်တို့အရှင် ဓတရဋ္ဌနဂါးမင်းအား ဆောင်နှင်းတော်မူစေလိုသည်' စကားကို လျှောက်လိုရကား–

'ယံ ကိဉ္စိ ရတနံ အတ္ထိ၊ ဓတရဋ္ဌ နိဝေသနေ။

သဗ္ဗာနိ တေ ဥပါယန္တု၊ ဓီတရံ ဒေဟိ ရာဇိနော'။ ဟူသောဂါထာကို နဂါးလုလင်ပျိုတို့ ဆိုကုန်၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကျွန်ုပ်တို့အရှင် ဓတရဋ္ဌနဂါးမင်း၌ များစွာကုန်သောရတနာတို့သည် ရှိကုန်၏။ ထိုခပ်သိမ်းသော ရတနာတို့ကို မင်းကြီးအား လက်ဆောင်ပြုပါမည်။ သမီးတော် သမုဒ္ဒဇာကို ဆောင်နှင်းတော်မူပါ"ဟူလိုသည်။ ထိုစကားကို ကြား၍ မင်းကြီးလည်း–

'န နော ဝိဝါဟော နာဂေဟိ၊ ကတပုဗ္ဗော ကုဒါစနံ၊

တံ ဝိဝါဟံ အသံယုတ္တံ၊ ကထံ အမှေ ကရောမသေ။' ဟူသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"နဂါးလုလင်ပျိုတို့။ သင်တို့ တိရစ္ဆာန်ဖြစ်သော နဂါးမျိုးနှင့် ငါတို့သည် ဇာတ်မတူကြ။ တစ်ရံတစ်ဆစ်မျှ မပေးမထိမ်းမြားစဖူး။ ထိုသို့လျှင် တိရစ္ဆာန်ဖြစ်သောသင်တို့ကို အဘယ့်ကြောင့် ထိမ်းမြားရအံ့နည်း"ဟူလိုသည်။

ထိုစကားကိုကြား၍ နဂါးလုလင်ပျိုတို့သည် အကယ်၍ ဤမင်းကြီးသည် ငါတို့အရှင်မင်းကြီးနှင့် အမျိုးဆက်ခြင်းသည် မလျောက်ပတ်သည်ဖြစ်အံ့။ ထိုသို့ မလျောက်ပတ်ဘဲလျက် အဘယ့်ကြောင့် မိမိတမန် စိတ္တစူဠ အမည်ရှိသောလိပ်ကို သမီးတော်သမုဒ္ဒဇာကို ဆက်ပါမည်ဟု ငါတို့အရှင်မင်းကြီးအား စေဘိသနည်း။ ထိုသို့စေပြီး၍ ယခု ငါတို့အရှင်မင်းကြီးကို ဇာတ်၏ဆဲရေးခြင်းဖြင့် ဆဲရေးသော ဤဗာရာဏသီမင်းကြီးအား ငါတို့ အရှင်မင်းကြီး၏ ဘုန်းတန်ခိုးကိုပြ၍ ခြိမ်းခြောက်လိုရကား–

'ဇီဝိတံ နူန တေ စတ္တံ၊ ရဋ္ဌံ ဝါ မနုဇာဓိပ။

န ဟိ နာဂေ ကုပိတမှိ၊ စိရံ ဇီဝန္တိ တာဒိသာ။

ယော တွံ ဒေဝ မနုဿောသိ၊ ဣဒ္ဓိမန္တံ အနိဒ္ဓိမာ။

ဝရုဏဿ နိယံ ပုတ္တံ၊ ယာမုနံ အတိမညသိ။ ။' ဟူသော ၂ ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"လူတို့ကိုအစိုးရသောမူသော မင်းကြီး။ ငါတို့အရှင် ဓတရဋ္ဌနဂါးမင်းကြီးအမျက်ထွက်လျှင် သင်ကဲ့သို့သောသူသည် အဘယ်ကြောင့် ကြာမြင့်စွာ အသက်ရှင်နိုင်အံ့နည်း။ သင်၏အသက်ကိုလည်းကောင်း, ပြည်ကိုလည်းကောင်း ယခု စွန့်ရလတ္တံ့။ သင်သည် တန်ခိုးမရှိသောသူဖြစ်လျက် ဘုန်းတန်ခိုးကြီးသော ယမုနာမြစ်သား ဝရုဏနဂါးမင်း၏ သားတော်ရင်နှစ်ဖြစ်သော ငါတို့အရှင် ဓတရဋ္ဌနဂါးမင်းကို သင်မင်းကြီး သို့စင် မလောက်မလေး ပြုဘိ၏တကား" ဟူလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဗာရာဏသီမင်းကြီးသည် နဂါးလုလင်ပျိုတို့စကားကို ပယ်လိုသောကြောင့်–

'နာတိ မညာမိ ရာဇာနံ၊ တေရဋ္ဌ ယသဿိနံ။

တေရဋ္ဌော ဟိ နာဂါနံ၊ ဗဟူနမ ပိတ္တဿရော။

အဟိ မဟာနုဘာဝေါပိ၊ န မေ ဓီတရ မာရဟော။

ခတ္တိယော စ ဝိဒေဟာနံ၊ အဘိဇာတာ သမုဒ္ဒဇာ။'ဟူသော ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"နဂါးလုလင်တို့၊ အခြံအရံ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော သင်တို့အရှင် ဓတရဋ္ဌနဂါးမင်းကို ငါ မလောက်မလေးမပြု။ သင်တို့အရှင် ဓတရဋ္ဌနဂါးမင်းသည် ယူဇနာ ၅၀၀ ကျယ်သော နတ်ပြည်ကို အစိုးရသည်ဖြစ်၍ ဘုန်းတန်ခိုးကြီးသော်လည်း ဖားစိမ်းစား, ငါးစိမ်းစား မြွေမျိုး၌ဖြစ်သောကြောင့် မြင့်မြတ်သော လူဇာတ်ဖြစ်သော ငါ၏သမီးတော် သမုဒ္ဒဇာနှင့် မထိုက်။ မြင့်မြတ်သော လူဇာတ်ဖြစ်သော ငါ၏သမီးတော် သမုဒ္ဒဇာသည် ငါတို့ ပြည်ထောင်ချင်းချင်း လူမင်းလူဇာတ် မြင့်မြတ်သော အမျိုးသားချင်းမိတ်ဆွေ ဝိဒေဟရာဇ် မင်းသားနှင့်သာ ထိုက်သည်"ဟူလိုသည်။

ထိုစကားကိုကြားလျှင် နဂါးလုလင်ပျိုတို့သည် အမျက်ထွက်၍ 'ဤဗာရာဏသီမင်းကို ယခု ငါတို့ နှာခေါင်းလေဖြင့် သတ်အံ့' ဟုကြံကုန်သော်လည်း၊ "ငါတို့ကို အရှင်က နေ့ရက်သတ်မှတ်စိမ့်မည်သာ စေတော်မူသည်။ သတ်ချေ မစေသောကြောင့် မသတ်သင့်ပေ။ ဤအကြောင်းကိုသာ ငါတို့အရှင်မင်းကြီးအား လျှောက်ထားအံ့" ဟု နဂါးပြည်သို့ သွားကြလေကုန်၏။

နဂါးလုလင်တို့ရောက်လျှင် နဂါးမင်းလည်း "ချစ်သားတို့။ အသို့နည်း။ သမုဒ္ဒဇာမင်းသမီးကို ရခဲ့ပါ၏လော"ဟု မေး၏။ နဂါးလုလင်တို့လည်း အမျက်ထွက်၍ "အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို အဟုတ်အမှန် အတပ်အကြပ်မသိဘဲလျက် ဗာရာဏသီမင်းကြီးထံ စေပါးဘိသနည်း။ အကျွန်ုပ်တို့ကို အမျက်တော်ရှိ၍ သတ်တော်မူလိုလျှင် ဤနဂါးပြည်၌ပင် သတ်တော်မူပါလော့။ ဗာရာဏသီမင်းသည် ကိုယ်တော်ကို ဆဲရေးလျက် မိမိဇာတိမာန်[၁၈]ဖြင့်ထောင်လွှား၍ အမျက်ထွက်ဘိ၏"ဟု လျှောက်ကြကုန်၏။

နဂါးမင်းသည် ထိုစကားကို ကြားလျှင် မိမိပရိသတ်ကို စည်းဝေးစိမ့်သောငှာ စေလိုရကား–

'ကမ္ဗလဿတရာ ဥဋ္ဌေန္တု၊ သဗ္ဗေ နာဂေ နိဝေဒယ။

ဗာရာဏသိံ ပဝဇ္ဇန္တု၊ မာ စ ကိဉ္စိ ဝိဟေဌယုံ။' ဟူသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"အချင်းနဂါးလုလင်တို့၊ သင်တို့ ယခုသွား၍ ငါ၏အမျိုးဖြစ်သော မြင်းမိုရ်[၁၉]တောင်ခြေရင်း၌နေသော နဂါးတို့ကိုလည်း ရောက်စေ။ ဟိုမှတစ်ပါး အရပ် ၈ မျက်နှာ၌ရှိကုန်သော နဂါးတို့ကိုလည်း ယခုအလျင် ရောက်စေ" ဟုဆို၏။

ထို့နောက်မှ ခပ်သိမ်းကုန်သော နဂါးအပေါင်းတို့သည်လည်း စည်းဝေးလာကုန်၍ "အရှင်နဂါးမင်း။ အဘယ်အကြောင်းကြောင့် အကျွန်ုပ်တို့ကို ခေါ်တော်မူသနည်းဟု လျှောက်ကြလေသော် မင်းကြီးလည်း သင်တို့ ဗာရာဏသီပြည်သို့ ယခုသွားလေကုန်, ဗာရာဏသီပြည်အလုံးကို နှာခေါင်းလေဖြင့်လွှတ်၍ ကြောက်မက်ဖွယ် ခြိမ်းခြောက်လေကုန်, တစ်စုံတစ်ယောက်သောသူကိုမျှ မညှဉ်းဆဲ မသတ်ဖြတ်ကြ ကုန်နှင့်"ဟု ဆိုတော်မူ၏။

[အမျက်ထွက်သောနဂါးမင်းသ ည် အဘယ်ကြောင့် ဗာရာဏသီပြည်သူတို့၏သေခြင်းကို အလိုမရှိ သနည်းဟူမူ ဗာရာဏသီမင်းကြီး၏သမီးတော် သမုဒ္ဒဇာကို မြတ်နိုးချစ်ခင်ကြင်နာလှသောကြောင့် ထိုပြည်သူတို့၏ ပျက်စီးခြင်းကို အလိုမရှိသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ "အရှင်နဂါးမင်း။ တစ်စုံတစ်ယောက်သောသူကို မသတ်မညှဉ်းဆဲရဘဲလျက် ဗာရာဏသီပြည်သို့ သွား၍ အကျွန်ုပ်တို့ အဘယ်ကဲ့သို့ ပြုရကုန်အံ့နည်း"ဟု လျှောက်၏။ ထိုအခါ "သင်တို့ကား ဤမည်သော အမှုကိုပြု။ ငါကား ဤမည်သောအမှုကို ပြုမည်" ဟု ကြားလိုရကား–

'နိဝေသနေ သုသောဗ္ဘေသု၊ ရထိယာစစ္စရေ သုစ။

ရုက္ခဂ္ဂေသုစ လမ္ဗန္တု၊ ဝိတတာ တောရဏေသု စ။ ။

အဟံပိ သဗ္ဗသေတေန ၊ မဟာဘာသု မဟံပုရံ။

ပရိက္ခိ ပိဿံဘောဂေဟိ၊ ကာသီနံ ဇနယံ ဘယံ။ ။'ဟူသော ၂ ဂါထာတို့ကို ရွတ်ပြန်၏။ထို ၂ ဂါထာတို့၏ အဓိပ္ပာယ်ကား–

"နဂါးလုလင်တို့။ ဗာရာဏသီမင်းကြီး၏နန်းတော်သို့ ရှေးဦးစွာသွား၍ မင်းကြီးအိပ်သော ဆောင်စောင်းအစရှိသည်တို့၏အောက်၌ လည်းကောင်း၊ အထက်၌ လည်းကောင်း၊ တိုက်တွင်းတို့၌ လည်းကောင်း၊ တိုက်ပြင်တို့၌ လည်းကောင်း၊ ရေကန်၏အပြင်တို့၌ လည်းကောင်း၊ ခရီးလမ်းဆုံစသည်တို့၌ လည်းကောင်း၊ မြို့၏အနီးအစပ် တော စသည်တို့၌ လည်းကောင်း အသီးသီးသွားကြကုန်၍ ကြီးစွာသောကိုယ်ကို ဖန်ဆင်းလျက် ကြီးစွာသောပါးပျဉ်းကိုပြု၍ ပန်းပဲဖိုထိုးသကဲ့သို့ ရှုးရှုးဟူသော အသံကိုပြုလျက် တွဲရရွဲဆွဲ၍ နေလေကုန်။ သို့ရာတွင်မူကား ငယ်လှစွာသောသူငယ်, သူအို, ကိုယ်ဝန်ဆောင်မိန်းမ, သမုဒ္ဒဇာမင်းသမီး ဤသူ ၄ ယောက်တို့ကို မမြင်စေနှင့်။ ငါမူကား ကိုယ်လုံးဖြူသော ကြီးစွာသောကိုယ်ဖြင့် ၁၂ ယူဇနာရှိသော ကာသိကရာဇ်ပြည်ကို ၇ ပတ်ရစ်၍ ကြီးစွာသောပါးပျဉ်းဖြင့် လူအပေါင်းတို့ကိုဖုံးလွှမ်းလျက် အမိုက်တိုက်ကိုပြု၍ ကာသိကရာဇ်ပြည်သူတို့ကို ကြောက်လန့်စေခြင်းငှာ ရှုးရှုးဟူသောအသံကို လွှတ်အံ့" ဟုဆိုလျှင် နဂါးတို့လည်းနဂါးမင်းဆိုတိုင်း ပြုကြကုန်၏။

ထိုအခါ အိမ်တို့၌ လည်းကောင်း၊ ရေကန်တို့၌ လည်းကောင်း၊ ခရီးလမ်းဆုံတို့၌လည်းကောင်း၊ တံခါးတိုင်တို့၌ လည်းကောင်း၊ ခပ်သိမ်းသောအရပ်တို့သို့ သန်းခေါင်ယံအခါ၌ လာကြကုန်လတ်၍ ကြီးစွာသော ကိုယ်တို့ဖြင့် တွဲရရွဲဆွဲလေကုန်၏။အထက်တမန်ပြု၍လာသော နဂါးလုလင် ၄ယောက်တို့ကား မင်းကြီး စက်တော်မူသော ဆောင်စောင်းခြေ ၄ ခုတို့ကို ကိုယ်စီရစ်၍ ဦးခေါင်းထက်၌ ပါးပျဉ်းဖြန့်ကာလျက် နှုတ်သီးတို့ဖြင့် မင်းကြီးဦးခေါင်းကို ပေါက်အံ့သကဲ့သို့ အစွယ်ကိုပြလျက် ပြင်းစွာရှူ၍နေကုန်၏။ ဓတရဋ္ဌနဂါးမင်းလည်း အထက်မိမိဆိုတိုင်း တစ်ပြည်လုံးကို ဖုံးလွှမ်း၏။ ထိုအခါ အိပ်၍နိုးကုန်သော သူတို့သည် လက်ကိုလည်းကောင်း, ခြေကိုလည်းကောင်း ဆန့်ကုန်ပစ်ကုန်၏။ ထို လက်ဆန့်ရာ,ခြေဆန့်ရာအရပ်တို့၌ တရှုးရှုးနေသော မြွေကိုတွေ့၍ "အလို။ မြွေ၊ မြွေ" ဟု မြည်တမ်းကုန်၏။ အချို့သော အိမ်တို့၌ မီးထွန်းကုန်၏။ ထို အိမ်ရှင်မိန်းမတို့နိုး၍ ကြည့်လတ်သော် မြို့တံခါး, ပစ္စင်[၂၀] ရင်တား[၂၁]တို့၌ တွဲရရွဲဆွဲကုန်သော နဂါးတို့ကိုမြင်၍ တစ်ပြိုင်နက် တစ်ချက်တည်း ကြွေးကြော်ငိုမြည်တမ်းကြကုန်၏။ ဤသို့ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်သော အသံသည်ဖြစ်၏။

မိုးသောက်လတ်သော် နဂါးတို့၏ရှူသံဖြင့် နန်းတော်မှစ၍ တစ်ပြည်လုံးပျက်စီးအံ့သကဲ့သို့ ကြောက်လန့်တကြား "အရှင်နဂါးမင်းတို့။ အဘယ့်ကြောင့် အကျွန်ုပ်တို့ကို ညှဉ်းဆဲကုန်သနည်း"ဟု ပြည်သူတို့ ငိုမြည်တမ်းလျှင် "သင်တို့မင်းသည် သမီးတော်သမုဒ္ဒဇာကို ငါတို့အရှင် ဓတရဋ္ဌနဂါးမင်းအား ဆက်ပါမည်ဟု တမန်စေလွှတ်သောကြောင့် ငါတို့အရှင်မင်းက နေ့ရက်အချိန်းအချက်စေလွှတ်သည့် နဂါးလုလင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အသာအယာစကားကိုမျှ မပြော။ သဘောမမှန် အကောက်ကြံ၍ တိရစ္ဆာန်ဖြစ်ဟန်နှင့် ငါတို့အရှင်နဂါးမင်းကို ဆဲရေးလိုက်သည်။ အကယ်၍ သင်တို့မင်းကြီးသမီး သမုဒ္ဒဇာကို ငါတို့အရှင်မင်းကြီးအား မပေးသည်ဖြစ်အံ့။ အလုံးစုံသောပြည်သူပြည်သားတို့ကို သတ်မည်” ဟု နဂါးတို့ဆိုကုန်၏။

ထိုစကားကို ကြားလျှင် “အရှင်နဂါးတို့ စိုးရိမ်တော် မမူကြကုန်လင့်။ အကျွန်ုပ်တို့အားမင်းကြီးထံ ရောက်အောင် လမ်းဖွင့်ပါ။ အကျွန်ုပ်တို့ မင်းကြီးထံသွား၍ တောင်းပန်ပါမည်”ဟု ဆိုကြကုန်၏။

ထိုအခါ နဂါးတို့လမ်းဖွင့်သော် ပြည်သူတို့သည် မင်းကြီးနန်းတော်တံခါးဝသို့ သွား၍ သည်းစွာသော ငိုကြွေးခြင်းဖြင့် ငိုကြွေးကြကုန်၏။ မင်း,မိဖုရား ကိုယ်လုပ်မောင်းမတို့သည်လည်း မိမိတို့အိပ်ရာတိုက်၌ အိပ်လျက်ပင်လျှင် “အရှင်မင်းကြီး၏သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးလော့”ဟု တစ်ပြိုင်နက် တစ်ချက်တည်း ကြွေးကြော်ကြကုန်၏။ မင်းကြီးသောင်စောင်း၌နေသော နဂါးလုလင် ၄ ယောက် တို့သည်လည်း “ပေးလော့၊ ပေးလော့”ဟု ဆိုလျက် နှုတ်သီးဖြင့် မင်းကြီးဦးခေါင်းကို ပေါက်အံ့သကဲ့သို့ ပြုကုန်၏။ ဗာရာဏသီမင်းကြီးလည်း ပက်လက်ပင်လျှင် ပြည်သူတို့၏ လည်းကောင်း၊ မင်းမိဖုရားကိုယ်လုပ် မောင်းမတို့၏ လည်းကောင်း ငိုကြွေးသံကိုကြား၍၊ နဂါးလုလင် ၄ ယောက်တို့သည် ခြိမ်းခြောက်သောကြောင့် ကြောက်လန့် သည်ဖြစ်၍ “ငါ၏သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးတော်မူမည်”ဟု ၃ ကြိမ် ဟစ်၏။

ထိုစကားကိုကြား၍ ခပ်သိမ်းကုန်သောနဂါးတို့သည် ၁ ဂါဝုတ်မျှသောအရပ်သို့ ဖဲလျက် နတ်ပြည်ကဲ့သို့ ပြည်ဖန်ဆင်းပြီးလျှင် ထိုပြည်၌နေပြီးမှ “ဗာရာဏသီမင်းကြီး၏သမီးတော် သမုဒ္ဒဇာကို ဆက်ရမည်” ဟု ထိုက်လျောက်ရာပဏ္ဏာကာရ^{ဃ}နှင့် စေ၏။ မင်းကြီးလည်း နဂါးတို့လက်ဆောင်ကိုယူ၍ “သင်တို့ သွားနှင့်ကုန်။ သမီးတော်သမုဒ္ဒဇာကို သင်တို့အရှင်ထံ စုံရာအမတ်နှင့် ဆက်သလာအံ့”ဟု စေသူနဂါးလုလင်တို့ကို မှာလိုက်၏။ ထို့နောက်မှ သမီးတော်သမုဒ္ဒဇာကို ခေါ်တော်မူ၍ အထက်ပြာသာဒ်သို့တင်တော်မူ၍ လေသာပြတင်းပေါက် ဖွင့်လှစ်လျက်

“အမိငယ်။ တန်ဆာဆင်သော ပျော်ဖွယ်ရှိသော ထိုပြည်ကို ရှုလော့။ ထိုပြည်ထဲရှင်မင်းကြီး၏ မိဖုရားကြီး အဖြစ်ကို သင့်အား ဆောင်နှင်းမည်။ ထိုပြည်ကား ငါတို့ပြည်နှင့် မနီးလွန်း မဝေးလွန်း။ ငါတို့ မိဘတို့ကို အောက်မေ့၍ သင်လာမည်ဆိုလျှင်လည်း လွယ်၏။ သွားခြင်းငှာလည်း လွယ်၏”

ဤသို့ ဖျောင်းဖျပြောဆိုပြီးမှ ဦးခေါင်းဆေးလျှော်စေ၍ ဝတ်စားတန်ဆာဆင်ပြီးလျှင် ရထားပေါင်းချုပ်၌ တင်၍ မှူးမတ်ပရိသတ်နှင့် ပို့စေ၏။ နဂါးမင်းလည်း ပရိသတ်နှင့်တကွ ခရီးဦးကြိုဆိုလင့်၍ ကြီးစွာချီးမြှောက်၏။ အမတ်တို့လည်း ပြည်တွင်းသို့ဝင်ပြီးလျှင် မင်းကြီးသမီးကို နဂါးမင်းအား အပ်နှင်းခဲ့၍ များစွာသော ပဏ္ဏာဥစ္စာတို့ ကိုယူ၍ ပြန်ခဲ့ကုန်၏။

နဂါးမင်းလည်း မင်းသမီးကို ပြာသာဒ်ပေါ်သို့တင်၍ တန်ဆာဆင်သော နတ်အိပ်ရာ၌ အိပ်စေပြီးလျှင် ထိုခဏ၌ နဂါးသတို့သမီးတို့သည် အစေအပါးကိုယ်လုပ် မောင်းမအသွင်ဖန်ဆင်း၍ လူ့အလုပ်အကျွေးကဲ့သို့ ခြံရံကုန်၏။ သမုဒ္ဒဇာမင်းသမီးသည် နတ်အိပ်ရာ၌ လျောင်းကာမျှလျှင် နတ်၏အတွေ့ကို တွေ့၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ထိုအခါ ဓတရဋ္ဌနဂါးမင်းသည် သမုဒ္ဒဇာကိုယူ၍ နဂါးပရိသတ်နှင့်တကွ ထိုအရပ်မှကွယ်ခဲ့၍ နဂါးပြည်သို့ ရောက်လေ၏။ မင်းသမီးနိုးလျှင် တန်ဆာဆင်သော နတ်အိပ်ရာကိုလည်းကောင်း၊ ရွှေပြာသာဒ်၊ ပတ္တမြားပြာသာဒ် ကိုလည်းကောင်း၊ ဥယျာဉ်,ရေကန်တို့ကို လည်းကောင်း၊ တန်ဆာဆင်သော နဂါးပြည်ကို နတ်ပြည်ကဲ့သို့ လည်းကောင်းမြင်၍ အလုပ်အကျွေး အခြွေအရံ မောင်းမမိဿံတို့ကို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



“ဤပြည်သည် အလွန် တန်ဆာဆင်ခြင်းနှင့် ပြည့်စုံ၏။ ငါတို့ ပြည်ကဲ့သို့မဟုတ်၊ အဘယ်သူ့ ပြည်နည်း”ဟုဆို၏။

“အရှင်မိဖုရား။ ကိုယ်တော်၏အရှင်ဖြစ်သော ဓတရဋ္ဌနဂါးမင်းကြီး၏ ပြည်တည်း။ ဤပြည်ကို ဘုန်းနည်းသောသူတို့ နေခြင်းငှာမထိုက်။ အရှင်မိဖုရားသာ ဘုန်းတော်ကြီးလှသောကြောင့် ဤနတ်စည်းစိမ်ကို ရပေသည်”ဟု လျှောက်ကြကုန်၏။

ဓတရဋ္ဌနဂါးမင်းလည်း ယူဇန ၅၀၀ ရှိသော နဂါးပြည်၌ စည်လည်စေ၏။

“အကြင်သူတို့သည် ငါ၏ မိဖုရားကြီး သမုဒ္ဒဇာအား မြေ၏အဆင်းကို ပြအံ့။ ထို ပြသောသူအား ရာဇဒဏ် ကြီးစွာစီရင်မည်”

ဤသို့ စည်လည်စေ၏။ ထို့ကြောင့် တစ်စုံတစ်ယောက်သော နဂါးမျှလည်း သမုဒ္ဒဇာ နန်းမရှင်အား မြေအဆင်းကိုပြခြင်းငှာ မဝံ့။ ထိုမိဖုရားသည် ‘လူ့ပြည်’ဟူသော အမှတ်ဖြင့် ထိုနဂါးပြည်၌ ဓတရဋ္ဌနဂါးမင်း နှင့်အတူ မွေ့လျော်စံပျော်၏။

## ၂။ ဥပေါသထခန်း

သမုဒ္ဒဇာ မိဖုရားသည် ဓတရဋ္ဌနဂါးမင်းကိုစွဲ၍ ပဋိသန္ဓေကိုယ်ဝန်ဆောင်လျက် နေ့ရက်စေ့သောအခါ တစ်ယောက်သောသားကို ဖွား၏။ ထိုသတို့သားအား ရှုချင်ဖွယ်ရှိသောကြောင့်‘သုဒဿန’ အမည်ကို မှည့်၏။ တစ်ဖန် အချိန်ရောက်သောအခါ တစ်ယောက် ဖွားပြန်၏။ ထိုသတို့သားအား ‘ဒတ္တ’အမည်ကို မှည့်၏။ ထို ဒတ္တ သတို့သားကား ဘုရားလောင်းတည်း။ တစ်ဖန်သားတစ်ယောက်ဖွားပြန်၏။ ထိုသတိုးသားအား ‘သုဘောဂ’ အမည်ကို မှည့်၏။ တစ်ဖန် သားတစ်ယောက် ဖွားပြန်၏။ ထိုသတို့သားအား ‘အရိဋ္ဌ’ အမည်ကို မှည့်၏။ ဤသို့ သား ၄ ယောက် ဖွားမြောက်သည်တိုင်အောင် သမုဒ္ဒဇာမိဖုရားသည် မိမိပြည်ကို နဂါးပြည်ဖြစ်သည်ဟု မသိ။

ထိုအခါ တစ်နေ့သ၌ နဂါးငယ်တို့သည် အရိဋ္ဌအား ကြားကုန်၏။ “သင်၏အမိကား လူမိန်းမတည်း။ နဂါးမ မဟုတ်။ ဤသို့ဆိုကုန်သော် “ထိုသို့တပြီးကား ငါမယ်တော်ကို စုံစမ်းအံ့” ဟု အရိဋ္ဌလည်း တစ်နေ့သ၌ နို့စို့လျက်လျှင် မြွေ၏သဏ္ဌာန်ဖန်ဆင်း၍ မြီးထူးဖြင့် အမိ၏ခြေဖမိုးကို ခတ်လိုက်၏။ မယ်တော် သမုဒ္ဒဇာမိဖုရားသည် သားတော် အရိဋ္ဌ မြွေ၏ သဏ္ဌာန်ဖြင့် ပြသည်ကိုမြင်၍ ကြောက်လန့်တကြား ဟစ်အော် မြည်တမ်းလျက် သားတော် အရိဋ္ဌကို လက်ဖြင့် မြေသို့ပစ်လိုက်၏။ မယ်တော်သမုဒ္ဒဇာ၏လက်သည်းဖြင့် သားတော်အရိဋ္ဌမျက်စိကို ခတ်မိ၍ မျက်စိတစ်ဘက် ပျက်၏။ ထို ပျက်သောမျက်စိမှ သွေးတို့သည်လည်း ယိုစီးကုန်၏။

ဓတရဋ္ဌ နဂါးမင်းသည်လည်း သမုဒ္ဒဇာမိဖုရား၏ အလန့်တကြားမြည်တမ်းသံကိုကြား၍ “အဘယ့်ကြောင့် မိဖုရားကြီး မြည်တမ်းသနည်း”ဟုမေးသော်၊ သားတော်အရိဋ္ဌ ပြုဟန်အကြောင်းကို လျှောက်ထား၍၊ ကြားတော်မူလျှင် မင်းကြီးလည်း သားတော်အရိဋ္ဌကိုဖမ်းယူ၍ သတ်မည်ဟု ခြိမ်းခြောက်လျက် အမျက်ထန်စွာ လာလတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒဇာမိဖုရားကား သားတော်ကို မင်းကြီး အမျက်ထွက်လေပြီဟုသိ၍ သား၏ ချစ်ခြင်းဖြင့် "အရှင်မင်းကြီး။ သားတော်အရိဋ္ဌသည် မျက်စိတစ်ဘက်ပျက်ခဲ့ပြီ။ သားတော်အား အပြစ်ပြုတော် မမူပါနှင့်။ သည်းခံတော်မူပါ"ဟု လျှောက်လျှင် မိဖုရား၏စကားကို လွန်ကျူး၍ပြုခြင်းငှာ မတတ်နိုင်။ မိဖုရားကို ချစ်ကြင်နာတော်မူသောကြောင့် သား၏အပြစ်ကို သည်းခံတော်မူ၏။

ထိုနေ့၌ သမုဒ္ဒဇာမိဖုရားသည် 'ဤပြည်ကား နဂါးပြည်တည်း'ဟု သိလေ၏။ သားတော်အရိဋ္ဌလည်း မျက်စိတစ်ဘက်ပျက်သည်မှစ၍ 'ကာဏာရိဋ္ဌ'ဟု အမည်တွင်၏။

ထိုအခါ သားတော် ၄ ယောက်တို့သည် အရွယ်ရောက်ကြလတ်သော် ခမည်းတော်မင်းကြီးလည်း ယူဇနာ ၃၀၀ ရှိသော နဂါးပြည်ကို ၅ စု စု၍ ယူဇနာ ၁၀၀ စီ, ၁ သောင်း ၆ ထောင်သော နဂါးမောင်းမ အခြံအရံ မှူးမတ်ပရိသတ်တို့နှင့်တကွ အသီးအသီးပေးတော်မူ၏။ ခမည်းတော်လည်း ကိုယ်အဖို့ကျ ယူဇနာ ၁၀၀ မျှကိုသာ မင်းပြုတော်မူ၏။ သုဒဿန, သုဘောဂ, ကာဏာရိဋ္ဌ ဤ သား ၃ ယောက်တို့ကား မယ်တော်,ခမည်းတော်တို့ကို အဖူးအမြင် ၁ လ ၁ ကြိမ်ရောက်ကြကုန်၏။ ဘုရားလောင်း ဒတ္တ မင်းသားကား လခွဲ ၁ကြိမ်ရောက်၏။ နဂါးပြည်၌ တစ်စုံတစ်ရာပြဿနာရှိလျှင် ဘုရားလောင်းသာ ဖြေတော်မူ၏။ ခမည်းတော် မင်းကြီးနှင့် စာတုမဟာရာဇ် ဝိရူပက္ခနတ်မင်းကြီးထံ ခစားရသောအခါ ထိုနတ်ပြည်၌ ပြဿနာဖြစ်သော်လည်း ဘုရားလောင်းသာဖြေတော်မူ၏။ တစ်နေ့သောအခါ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးပရိသတ်နှင့်တကွ တာဝတိံသာနတ်ပြည်သို့သွား၍ သိကြားမင်းကြီးအား ခစား၏။ ထို နဂါး, သိကြားပရိသတ်၌ တစ်ခုသော ပြဿနာသည် ဖြစ်၏။

ထိုပြဿနာကို တစ်စုံတစ်ယောက်သောသူမျှ မဖြေနိုင်။ ဘုရားလောင်း ဒတ္တသတို့သားသာ မြတ်သော ပလ္လင်ထက်၌နေ၍ ဖြေပေ၏။ ထိုအခါ ဘုရားလောင်းကို သိကြားမင်းသည် နတ်၌ဖြစ်သော ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍ "ချစ်သားဒတ္တ။ သင်သည် 'ဘူရိ 'ဟုဆိုအပ်သော မြေနှင့်တူသော ကြီးကျယ်ပြန့်ပြော စွာသော ပညာနှင့် ပြည့်စုံ၏။ ဤနေ့မှစ၍ သင့်အား 'ဘူရိဒတ္တ' အမည် ပေးတော်မူမည်' ဟု ဘုရားလောင်းအား ဘူရိဒတ် ဟူသောအမည်ကို မှည့်၏။

ထိုနေ့မှစ၍လည်း သိကြားမင်းထံ မပြတ် ခစားရ၏။ ထိုသို့ခစားသောအခါ အဆန်းတကြယ် တင့်တယ်လျောက်ပတ်သော ဝေဇယန္တာပြာသာဒ်၌တန်ဆာဆင်သော ချစ်နှစ်လိုဖွယ်ရှိသော နတ်သမီး အပေါင်းခြံရံလျက် သိကြားမင်း၏ တင့်တယ်စံပယ်ခြင်းစည်းစိမ်ကို မြင်လျှင် နတ်ပြည်၌ ဖြစ်လိုသည်ဖြစ်၍ 'ငါ့အား ဖားစိမ်းစား, ငါးစိမ်းစား နဂါးအဖြစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ နဂါးပြည်သို့ သွား၍ ဤနတ်ပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော ဥပုသ်သီတင်းသုံးခြင်းကို ပြုအံ့'ဟု ကြံလျက် နဂါးပြည်သို့ ရောက်လေလျှင် မယ်တော်, ခမည်းတော်တို့အား "မိခင် ဖခင်တို့။ အကျွန်ုပ်သည် ဥပုသ် ဆောက်တည်ပါအံ့"ဟု ပန်ကြား၏။ မယ်တော်, ခမည်းတော်တို့လည်း "ချစ်သား။ ကောင်းပြီ။ ဆောက်တည်လော့။ သို့ရာတွင်မူကား နဂါးပြည်တွင် ဆိတ်ငြိမ်ရာအရပ်၌သာ ဆောက်တည်လော့။ နဂါးပြည်မှ ပြင်လွင်ဆောက်တည်လျှင် နဂါးတို့၏ အန္တရာယ် များစွာရှိသည်"ဟု ဆိုပေကုန်၏။ဘုရားလောင်းလည်း "ကောင်းပါပြီ"ဟုဝန်ခံ၍။ ထိုနဂါးပြည် ဆိတ်ငြိမ်ရာအရပ် တစ်ခုသောဥယျာဉ်၌ ဥပုသ်ဆောက်တည်၍ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ နဂါးသတို့သမီးငယ်တို့သည် စည်, စောင်း, ငြင်းတို့ဖြင့် တီးမှုတ်မြှုးထူးလျက် ခြံရံကြကုန်၏။ ဘုရားလောင်းသည်လည်း ထိုနဂါးပြည်၌ 'ငါ့အား ဥပုသ်သုံးခြင်းအမှုသည် အပြီးမရောက်နိုင်ရာ။ လူ့ပြည်သို့သွား၍ စောင့်'ဟုကြံပြီးလျှင် မယ်တော်, ခမည်းတော်တို့ တားမြစ်မည်စိုးသောကြောင့် မလျှောက်မထား မပန်ကြားမူ၍ မိမိမယားတို့ကိုသာခေါ်လျက် "အဘယ်၊ ငါ လူ့ပြည်အရပ်သို့သွား၍ ယမုနာမြစ်နားပညောင်ပင်ကြီးအနီး တောင်ပို့ထိပ်၌ အခွေတို့ဖြင့်ဖွဲ့ခွေ၍ အင်္ဂါ ၄ပါးနှင့် ပြည့်စုံစွာသော ဥပုသ်ကို ဆောက်တည်အံ့။ ဥပုသ်နေ့လွန်၍ နံနက်အရုဏ်တက်လျှင် သင်တို့ အကြီးအခြွေအရံနှင့်တကွ စည်, စောင်း, ငြင်း တီးမှုတ်မြှုးထူးလျက် ငါ့ထံ အလှည့်ကျလာလတ်၍ နဂါးပြည်သို့ဆောင်ကုန်"ဟု မှာပြီးလျှင် ထိုအရပ်သို့သွား၍ တောင်ပို့ထိပ်၌ နေလျက်ကြံ၏။

'အကြင်သူသည် ငါ၏ အရေကို လည်းကောင်း၊ အကြောကို လည်းကောင်း၊ အရိုးကိုလည်းကောင်း၊ အသွေးကို လည်းကောင်း အလိုရှိအံ့။ ထိုသူ၏နှစ်သက်ရာ ယူစေသတည်း" ဟု အင်္ဂါ ၄ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၍ ထွန်တုံးဖျားပမာဏရှိသော ကိုယ်ကိုဖန်ဆင်းလျက် ဥပုသ်ကို ဆောက်တည်၏။

နေအရုဏ်တက်လတ်သော် နဂါးမိန်းမတို့သည် လာလတ်၍ မှာခဲ့သည့်အတိုင်းစီရင်လျက် ဘုရားလောင်းကို နဂါးပြည်သို့ ဆောင်လေကုန်၏။ ဤသို့သောနည်းဖြင့် နေ့ရှည်စွာ ဘုရားလောင်းသည် ဥပုသ် သုံးတော်မူ၏။

## ၃။ နဂရုပဒေသနခန်း

ထိုအခါ ဗာရာဏသီပြည်တံခါးအနီး ရွာ၌ နေသော ပုဏ္ဏားတစ်ယောက်သည် သောမဒတ္တ အမည်ရှိသော သားငယ်ပုဏ္ဏားနှင့်တကွ တောသို့သွား၍ တံသင်း[၃]ကျော့ကွင်း, ပိုက်ကွန် စသည်တို့ဖြင့်ထောင်၍ သမင်သားကို သတ်လျက် အသက်မွေးသတတ်။ ထိုပုဏ္ဏားသည် တစ်နေ့သ၌ ဖွတ်, ပတတ်ကိုမျှ မရသည်ဖြစ်၍ "ချစ်သား သောမဒတ်။ လက်ချည်း အနည်းငယ်မျှမပါ အိမ်သို့ပြန်ချေသော် သင်၏အမိသည် စိတ်ဆိုးလတ္တံ့။ တစ်စုံတစ်ခု ယူ၍ သွားကြအံ့"ဟု သားကိုဆိုလျက် ဘုရားလောင်းနေရာ တောင်ပို့သို့ ရှေးရှုသွားလေသော် ရေသောက်အံ့သောငှာ ယမုနာမြစ်သို့ဆင်းလာကုန်သော သမင်တို့၏ခြေရာကို မြင်၍ ဤသို့ဆိုလေ၏။

"ချစ်သား သောမဒတ်။ သမင်ခြေရာကို မြင်သည်။ သင် ဖယ်၍နေဦး။ ငါသည် ရေကျသော သမင်ကို ပစ်အံ့"ဟု ဆို၍ လေးကိုယူလျက် သမင်ကျမည့်လမ်းကိုကြည့်လျက် သစ်ပင်ရင်း၌ ရပ်နေလေ၏။

ထိုအခါ သမင်တစ်ကောင်သည် ညချမ်းသော အချိန်ရောက်သဖြင့် မြစ်ကို ရေသောက်ဆင်းလာ၏။ ပုဏ္ဏားလည်း ထိုသမင်ကိုပစ်လေသော် သမင်သည် ပစ်ရာအရပ်၌ မလဲမူ၍ မြားအဟုန်ဖြင့် ကြောက်လန့်တကြား ယိုစီးသောသွေးဖြင့် ပြေးလေ၏။ ပုဏ္ဏားမှဆိုး သားအဖလည်း ထိုသမင်ကိုလိုက်၍ရလျှင် တောမှထွက်ခဲ့ကုန်သော် နေဝင်သည့်အချိန်၌ ဘုရားလောင်း၏နေရာ တောင်ပို့အနီး ညောင်ပင်ကြီးသို့ ရောက်လေ၏။ 'ယခုကား သွားအံ့သောအချိန်အခါ မဟုတ်ပြီ။ ဤအရပ်၌ပင် ယနေ့အိပ်ကုန်အံ့'ဟု သင့်တင့်ရာ၌ သမင်သားကိုထား၍ သစ်ပင်ထက်သို့ တက်ပြီးလျှင် သစ်ခွကြားတွင် အိပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားသည် မိုးသောက်၍နိုးလတ်သော် သမင်၏အသံကို နာခံလျက်နေ၏။

ထိုအခါ နဂါးမတို့သည် လာလတ်၍ ဘုရားလောင်းအား ပန်းမွေ့ရာကို ခင်းကုန်၏။ ဘုရားလောင်းသည် မြွေ၏ကိုယ်ကိုကွယ်စေ၍ တန်ဆာဆင်သော နတ်၏ကိုယ်ကို ဖန်ဆင်း၍ သိကြားမင်း၏တင့်တယ်ခြင်းဖြင့် ပန်းမွေ့ရာ၌ နေလေ၏။ နဂါးမတို့လည်း စည်,စောင်း, ငြင်း တီးမှုတ်ကုန်လျက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်၍ ဘုရားလောင်းအား ခစားကုန်၏။

ထိုအသံကို ပုဏ္ဏားကြားလျှင် 'ဤအသံကား အကြောင်းအသို့နည်း။ ထိုအသံကို သိအောင်ပြုအံ့။' ဤသို့ကြံလျက် "ချစ်သား ထ,ထ"ဟု သားကိုနှိုးသော် မနိုးနိုင်ဖြစ်၍ 'ငါ့သား ပင်ပန်း၍ အိပ်သည်။ အိပ်စေတော့။ ငါသာ သွား၍စုံစမ်းအံ့' ဟု သစ်ပင်မှဆင်းသက်၍ ဘုရားလောင်းထံသွားလျက် "အချင်း။ သင်ကား မျက်စိလည်း နီ၏။ ရင်ဝလည်း ကျယ်၏။ လက်ရုံးလည်း ကြီး၏။ ပန်းတို့ဖြင့်ထုံအပ်သော ဤတောအလယ်၌ ရွှေတို့ဖြင့်တန်ဆာဆင်လျက် ကောင်းသောအဝတ်ကိုဝတ်လျက် မိန်းမအပေါင်းတို့သည် ခြံရံကုန်၏။ အဘယ်သူနည်း"ဟု မေး၏။ ထိုစကားကိုကြား၍ ဘုရားလောင်းသည် အကယ်၍ 'ငါကား သိကြား, နတ်တည်း စသည်ဖြင့် တစ်ယောက်ယောက်ကို ညွှန်၍ ပြောဆိုအံ့။ ပုဏ္ဏားလည်း ယုံကြည်လိမ့်သတတ်။ ယင်းသို့သော်လည်း ပျက်စကားကို မဆိုမူ၍ ဟုတ်မှန်ရာကိုသာ ဆိုအံ့' ဟုကြံလျက် မိမိနဂါးအဖြစ်ကို ဆိုလိုရကား—

'နာဂေါဟမသ္မိ ဣဒ္ဓိမာ၊ တေဇသီ ဒုရတိက္ကမော။
ဍံသေယျံတေဇသာ ကုဒ္ဓေါ၊ ဖီတံ ဇနပဒံ အပိ။ ။
သမုဒ္ဒဇာ ဟိမေ မာတာ၊ ဓတရဋ္ဌော စ မေ ပိတာ။
သုဒဿန ကနိဋ္ဌောသ္မိ၊ ဘူရိဒတ္တောတိ မံ ဝိဒူ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်လေ၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား—

"ပုဏ္ဏား။ ငါကား တန်ခိုးကြီးသော နဂါးတည်း။ ပြင်းထန်သော အဆိပ်၏အဟုန်ဖြင့် သူတစ်ပါးတို့ လွှမ်းနိုင်ခဲ၏။ ငါတို့အမျက်ထွက်သဖြင့် ကျော်စောသာယာစွာသော ဇနပုဒ်ကိုပေါက်အံ့။ ငါ၏အစွယ် မြေသို့ ကျကာမျှလျှင် မြေနှင့်တကွ အလုံးစုံသောဇနပုဒ်သည် ဖွဲပြာ ဖြစ်ရာ၏။ ငါကား ယူဇနာ ၅၀ ရှိသော နဂါးပြည်ကိုအစိုးရသော ဓတရဋ္ဌနဂါးမင်း၏ သားတော် ၄ ယောက်တို့တွင် ဘူရိဒတ် အမည်ရှိသော သားတော် အလတ်တည်း။ သုဒဿန အမည်ရှိသောနဂါးမင်းကား ငါ၏နောင်တော်တည်း။ သုဘောဂ, ကာဏာရိဋ္ဌ မင်းသားတို့ကား ငါ၏ ညီတော်တို့တည်း။ ငါတို့နဂါးပြည်အလုံး 'ဘူရိဒတ် နဂါးမင်း' ဟု သိကြကုန်၏။"

ဤသို့ဆိုပြီးလျှင် 'ဤပုဏ္ဏားကား ရှန့်ရင်းကြမ်းတမ်း၏။ အကယ်၍ မြွေသမားအား ငါ့ကိုပြချေသော် ဥပုသ်အန္တရာယ် ဖြစ်ရာဘိ၏။ ထိုသို့ဖြစ်ရာသောကြောင့် ဤပုဏ္ဏားကို နဂါးပြည်သို့ဆောင်၍ ကြီးစွာသော စည်းစိမ်ကိုပေးသည်ရှိသော် ငါလည်း ဥပုသ် ကောင်းမွန်စွာသုံးရလတ္တံ့.' ဤသို့ကြံ၍ "အဆွေပုဏ္ဏား။ သင့်အား ကြီးစွာသောစည်းစိမ်ကို ပေးအံ့။ နလုံးမွေ့လျော်ပျော်ဖွယ်ရှိသော ငါတို့နဂါးပြည်သို့ လိုက်ခဲ့"ဟု ဆို၏။

ပုဏ္ဏားလည်း "အရှင်။ ငါ၏ကိုယ်ချည်း မဟုတ်။ သစ်ပင်ထက်၌ သား ရှိသေးသည်။ ငါ့သား လိုက်လိုပါလျှင် ငါလိုက်မည်"ဟု ဆို၏။ ထိုအခါ ဘုရားလောင်းသည် "အဆွေ ပုဏ္ဏား။ သားကို ခေါ်ချေ"ဟု ဆို၍ မိမိနေရာ နဂါးပြည်ကို ကြားလိုရကား—

'ယ ဂမ္ဘီရံ သဒါဝဋ္ဋံ၊ ရဟဒံ ဘိမ္မံ ပေက္ခသိ။
သေ ဒိဗ္ဗော မမာဝါသော၊ အနေကသတပေါရိသော။ ။



www.burmeseclassic.com

www.burmeseclassic.com



မယုရကောဉ္စာဘိရုဒံ၊ နီလောဒံ ဝနမဇ္ဈတော။

ယမုနံ ပဝိသမာ ဘိတော၊ ခေမံ ဝတ္တုဝသိ သိဝံ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"အစောက်နက်စွာသော ဝဲရှိထသော အကြင်အိုင်ကို သင် ရှုလော့။ ဤအိုင်ကား နတ်တို့နေရာဖြစ်သော ငါတို့ အရပ်တည်း။ အသျှ^ာတရာမက အနက် ရှိ၏။ ကမ်း ၂ ဘက်တို့၌ တောအုပ်တို့ဝယ် စံပယ်မြူးထူးကုန်သော ဥဒေါင်း,ကြိုးကြာသံတို့ဖြင့် တင့်တယ်ထသော ညိုသောရေအလျဉ်တို့သည် တောအလယ်သို့ စီးကုန်၏။ ဤယမုနာမြစ်တွင်းသို့ မကြောက်မရွံ့သည်ဖြစ်၍ သွားကြကုန်အံ့" ဟုဆိုပြီး၍၊ ပုဏ္ဏားသားကို ခေါ်စေ၍ ဘုရားလောင်းထံရောက်လျှင် ဘုရားလောင်းလည်း ထိုသားအဖတို့ကိုဆောင်ယူ၍ ယမုနာကမ်းနား၌ ရပ်လျက် "ပုဏ္ဏား။ သင်သည် သားနှင့်တကွ ငါတို့နေရာ နဂါးပြည်သို့ရောက်သည်ရှိသော် ငါသည် ချီးမြှောက်အပ်သော ကာမဂုဏ်တို့ဖြင့် နေရလတ္တံ့" ဤသို့ဆို၍ ပုဏ္ဏားသားအဖတို့ကို နဂါးပြည်သို့ ဆောင်လေ၏။

ပုဏ္ဏားသားအဖတို့ကား နဂါးပြည်သို့ရောက်လျှင် လူ၏သဏ္ဌာန်ကွယ်၍ နတ်လုလင်အဆင်းသဏ္ဌာန် ရှိကုန်၏။ ဘုရားလောင်းလည်း ပုဏ္ဏားသားအဖတို့အား နတ်၏စည်းစိမ်ကို ပေးအပ်နှင်းပြီးလျှင် ၄၀၀ ကုန်သော နဂါးသမီးတို့ကို ပေး၏။ ပုဏ္ဏားသားအဖတို့သည်လည်း ကြီးစွာသောစည်းစိမ်ကို ခံစားရကုန်၏။

ဘုရားလောင်းလည်း မမေ့မလျော့ ဥပုသ်ဆောက်တည်ခြင်းကို ပြု၏။ လခွဲ ၁ကြိမ် မယ်တော်, ခမည်းတော်တို့အား ခစား၍ တရားစကားပြောဆိုပြီးလျှင်၊ ထိုနောက်မှ ပုဏ္ဏားသားအဖထံသွား၍ ကျန်းမာခြင်းစသည်တို့ကို မေးလျက် "သင်တို့အလိုရှိသည့် ဝတ္ထုကို ဆိုလော့။ ငါ ဆောင်ရွက်အံ့။ မစိုးရိမ်လင့်။ ကာမဂုဏ်စည်းစိမ်ဖြင့်သာ မွေ့လျော်လော့" ဟုဆို၍ တစ်ဖန် သောမဒတ်နှင့်တကွ စကားပြောဟောခြင်းကို ပြုပြီးလျှင် မိမိနေရာသို့ သွားလေ၏။

ပုဏ္ဏားကား နဂါးပြည်၌နေ၍ နှစ်လည်လတ်သော် ဘုန်းနည်းသောကြောင့် နဂါးပြည်၌ မပျော်။ လူ့ပြည်သို့ သွားလိုသည်ဖြစ်၍ နဂါးပြည်ကို လောကန္တရိက်ငရဲပြည်ကဲ့သို့ လည်းကောင်း, တန်ဆာဆင်သော ပြာသာဒ်ကို နှောင်အိမ်ကဲ့သို့ လည်းကောင်း, နတ်တန်ဆာဆင်သော နဂါးသမီးတို့ကို ဘီလူးမတို့ကဲ့သို့ လည်းကောင်း ထင်၏။

ဤသို့ထင်ပြီးသည့်နောက် 'ငါသည် ယခု နဂါးပြည်၌ မပျော်မွေ့။ ငါ၏သား သောမဒတ်ကား အသို့ စိတ်ရှိမည်နည်း။ သားကို မေးအံ့'ဟု ကြံ၍၊ သောမဒတ်ထံသွားလျှင် "ချစ်သား။ သောမဒတ်။ ဤနဂါးပြည်၌ ပျော်မွေ့ပါ၏လော"ဟုမေး၏။ သောမဒတ်လည်း "ဖခင်။ အဘယ့်ကြောင့် မပျော်ပါအံ့နည်း"ဟု ဆိုပြီး၍၊ "ဖခင်လည်း ပျော်မွေ့ပါ၏လော"ဟု ပြန်မေး၏။ "ချစ်သား။ ငါကား မပျော်"ဟုဆို၏။ "အဘယ့်ကြောင့် မပျော်သနည်း"ဟု သားကမေးသော်၊ "ချစ်သား။ သင့်အမိ, သင့်ညီ, သင့်နှမတို့ကို မမြင်ရသည်မှာ အလွန်ကြာလတ်ပြီ။ ယခု ငါတို့ သွားကြအံ့"ဟုဆိုလျှင် သောမဒတ်လည်း "အကျွန်ုပ် မသွားအံ့"ဟု ဆိုသော်လည်း အဖန်တလဲလဲ အဖတောင်းပန်သောကြောင့် "ကောင်းပြီ"ဟု ဝန်ခံရလေ၏။

ထိုအခါ ပုဏ္ဏားသည် 'ငါ့၏နှလုံးအလို့ငှာ ရပြီ။ အကယ်၍ ဘူရိဒတ်နဂါးမင်းအား မပျော်မွေ့ကြောင်းကို ဆိုငြားအံ့။ အတိုင်းထက်အလွန် စည်းစိမ်ကို ပေးလတ္တံ့။ ထိုသို့ပေးသည်ရှိသော် ငါ လူ့ပြည်သို့ မသွားရလတ္တံ့'ဟု တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဘူရိဒတ်နဂါးမင်း၏ စည်းစိမ်ကို ချီးမွမ်း၍ "သင်သည် ဤစည်းစိမ်ကို စွန့်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် လူ့ပြည်၌ ဥပုသ်သုံးသနည်း”ဟု မေးအံ့။ နတ်ပြည်အလို့ငှာဆိုလျှင် သင်သည် ရှေးဦးစွာ ဤစည်းစိမ်ကိုစွန့်၍ နတ်ပြည်အလို့ငှာ ဥပုသ်ဆောက်တည်ခြင်းကိုပြု၏။ ငါတို့ကား သူတစ်ပါး၌စွာဖြင့် အသက်မွေးရကုန်၏။ ဆိုဖွယ်မရှိပြီ။ လူ့ပြည်သို့သွား၍ မယား, သားသမီး, ဆွေမျိုးတို့ကို ခွင့်ပန်ပြီးလျှင် ရဟန်းပြု၍ တရားကျင့်ကုန်အံ့။ ဤသို့ဆိုလျှင် ဘူရိဒတ်နဂါးမင်းသည် ငါ့စကားကို မပယ်ရာ။ လူ့ပြည်သို့ သွားခွင့်ကို ပေးလတ္တံ့.’

ဤသို့ကြံလျက် တစ်နေ့သ၌ ဘူရိဒတ် နဂါးမင်းလာ၍ “အဆွေပုဏ္ဏား။ အသို့နည်း။ နဂါးပြည်၌ ပျော်မွေ့ပါ၏လော”ဟု မေးလျှင် “သင်တို့အထံမှ ငါတို့အလို မပြည့်သောမည်သည် မရှိ”ဟု သွားရမည့် အခွင့်နှင့် စပ်သည့်စကားကိုမဆိုမူ၍ ဘူရိဒတ်နဂါးမင်း၏စည်းစိမ်ကို ချီးမွမ်းလိုရကား–

‘သမာ သမန္တ ပရိတော၊ ဗဟုတဂ္ဂရာ မဟီ။
ဣန္ဒ ဂေါပက သဉ္ဆန္နာ၊ သောဘတိ ဟရိတုတ္တမာ။ ။
ရမ္မာနိ ဝန စေတျာနိ၊ ရမ္မာ ဟံသပကူဇိတာ။
ဩပုပ္ဖာပဒုမာ တိဋ္ဌန္တိ၊ ပေါက္ခရညော သုနိမ္မိတော။ ။
အဋ္ဌံသာ သုကတာ ထမ္ဘာ၊ သဗ္ဗေ ဝေဠုရိယာ မယာ။
သဟဿထမ္ဘာ ပါသာဒါ၊ ပူရာ ကညာဟိ ဇောတရေ။ ။
ဝိမာနံ ဥပပန္နောသိ၊ ဒိဗ္ဗံ ပုညေဟိ အတ္တနော။
အသမ္ဗာဓံ သိဝံ ရမ္မံ၊ အစ္စန္တ သုခ သညိတံ။
မညေ သဟဿ နေတ္တဿ၊ ဝိမာနံ နာဘိကင်္ခသိ။
ဣဒ္ဓိဟိ တျာယံ ဝိပုလာ၊ သက္ကဿေဝ ဇုတိမတော။ ။’ဟူသော ၅ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

“ထက်ဝန်းကျင် ခပ်သိမ်းကုန်သော အရပ် ၈ မျက်နှာအဖို့တို့၌ ဤမြေကား ရွှေ, ငွေ, ပုလဲသွယ်တို့ဖြင့် ပြွမ်း၏။ အပြင်လည်း ညီညွတ်၏။ များစွာကုန်သော တောင်ဇလပ်ချုံ အစရှိသည်တို့ဖြင့် ပြည့်၏။ ရွှေပိုးပရုံတို့သည်လည်း ဖုံးလွှမ်းကုန်လျက် တင့်တယ်၏။ စိမ်းသောအဆင်းရှိသော နေဇာမြက်တို့ဖြင့် ဖုံးလွှမ်း၏။ ပန်းတို့ဖြင့်ထုံအပ်သော တောနှင့်လည်း ပြည့်စုံ၏။ရေအပေါ်အပြင်၌ ကြာတို့ဖြင့်ဖုံးလွှမ်းအပ်သော ရေကန်နှင့်လည်း ပြည့်စုံ၏။ သင်နေသော ပြာသဒ်တို့၌ ၈ မြှောင့်သော ကြောင်မျက်ရွဲသည်တိုင်တို့ဖြင့် တိုင်ပေါင်း ၁၀၀၀ခန့် ရှိကုန်၏။ နဂါးမင်းသမီးတို့ဖြင့် ပြည့်စုံလျက် ထွန်းပကုန်၏။ ဤသို့သော ဘုံပြာသာဒ်၌ စံပျော်သော သင်၏တန်ခိုးကား အလွန်ပြန့်ပြော၏။ ထိုသို့ ပြန့်ပြောသာယာလှသောကြောင့် သိကြားမင်း ဗိမာန်သော်လည်း ထူးမည်မထင်ရာ။ သင်စောင့်သော ဥပုသ်အစွမ်းအမှုဖြင့် သိကြားမင်းဗိမာန်ကို အလိုမရှိရာပေ။ သိကြားဗိမာန်ထက် အလွန်လို၍သာ ဥပုသ်စောင့်သည် ဖြစ်မည်”ဟု ငါအောက်မေ့၏” ဟူလိုသည်။

ထိုစကားကို ဘုရားလောင်းကြားလျှင် “အဆွေပုဏ္ဏား။ ဤစကားကို မဆိုလင့်။ သိကြားမင်း၏ စည်းစိမ်အောက် ငါတို့စည်းစိမ်သည် ယုတ်နိမ့်၏။ ယူဇနာ ၈ သောင်း ၄ ထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းကို မုန်ညင်းစေ့နှင့် နှိုင်းယှဉ်သကဲ့သို့ ငါတို့စည်းစိမ်သည် မုန်ညင်းစေ့ခန့်မျှသာတည်း။ ငါတို့သည် သိကြားမင်း၏ အလုပ်အကျွေးမျှသာတည်း။ မနှိုင်းယှဉ်ထိုက်ပေ၏”ဟု ဆို၍–

www.burmeseclassic.com



'မနသာဝိ နပတ္တဗ္ဗော၊ အာနဘာဝေါ ဇုတိမတော။

ပရိစာရယ မာနာနံ ၊ ဣန္ဒာနံ ဝသဝတ္တိနံ။ ။'ဟူသော ဂါထာကို၊ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"အဆွေပုဏ္ဏား။ သိကြားမင်း၏ စည်းစိမ်သည်ကား ၃ ရက် ၄ ရက် ဆက်၍ ဤမျှအရေအတွက် ရှိကုန်၏ဟု စိတ်ဖြင့် ရေတွက်ငြားသော်လည်း မရေမတွက်နိုင်ရာ။ သိကြားမင်း၏ အလုပ်အကျွေးဖြစ်သော စာတုမဟာရာဇ်နတ်မင်းကြီးတို့၏ စည်းစိမ်ကို ၁၆ စိတ် စိတ်၍ ၁ စိတ်ကိုမျှ တိရစ္ဆာန်ဖြစ်သော ငါတို့၏ စည်းစိမ်ကို မတူချေ"ဟု ဆို၍၊ ငါသည် ဝေဇယန္တာပြာသာဒ်ကို တောင့်တ၍ ဥပုသ်သုံးသည်'ဟု ပြလိုရကား-

'တံ ဝိမာန အဘိဇ္ဈာယ၊ အမရာနံ သုခေသိနံ။

ဥပေါသထံ ဥပဝသန္တော၊ သေမိ ဝမ္မိ ကမုဒ္ဒနိ။ ။'ဟူသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"အဆွေပုဏ္ဏား။ ငါကား ချမ်းသာ၌တည်ကုန်သော နတ်တို့၏ဗိမာန်ကိုတောင့်တ၍ ဥပုသ်သုံးလျက် တောင်ပို့ထိပ်၌ နေသည်"ဟုဆို၏။ ထိုစကားကို ပုဏ္ဏားကြားလျှင် 'ငါ့အား အခွင့်ရတော့မည်'ဟု ဝမ်းမြောက်ဝမ်းသာ လူ့ပြည်သို့ ပြန်လိုရကား-

'အဟဉ္စ မိဂမေသာနော၊ သပုတ္တော ပါဝိသိံ ဝနံ။

တံ မံ မတံဝါ ဇီဝံဝါ၊ နာဘိသေဒ္ဒက္ခိ ဉာတကာ။

အာမန္တယေ ဘူရိဒတ္တံ၊ ကာသိပုတ္တံ ယသဿိနံ။

တယာနော သမနုညာတာ၊ အပိ ပဿေမု ဉာတကေ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား-

"ဘူရိဒတ်နဂါးမင်း။ အကျွန်ုပ်သည် သမင်သားအလို့ငှာ တောသို့ဝင်လျက် သားနှင့်တကွ အသင်တို့ ပြည်သို့ ငါရောက်သည်မှာ အလွန်ကြာလတ်ပြီ။ ငါတို့ သေကြောင်း၊ရှင်ကြောင်း သား၊မယား၊ ဆွေမျိုးတို့သည် လည်းမသိကြကုန်။ ကာသိကရာဇ်မင်းကြီးသမီးတော်၏ သားဖြစ်သော ဘူရိဒတ်နဂါးမင်း။ သင့်ကို တောင်းပန်ပါ၏။ သင် အနူးအညွတ်လွှတ်ပါမူကား ငါတို့သည် သား၊မယား၊ ဆွေမျိုးတို့ကို ဖူးမြင်ရပါကုန်အံ့"ဟု ဆို၏။ ထိုအခါ ဘုရားလောင်းလည်း-

'ဧသော ဟိ ဝတ မေ ဆန္ဒော၊ ယံ ဝသသိ မမန္တိကေ။

နဟိ ဧသာဒိသာ ကာမာ၊ သုလဘာ ဟောန္တိ မာနုသေ။ ။

သစေ တွံ နိစ္ဆသေ ဝတ္ထုံ၊ မမ ကာမေဟိ ပူဇိတော။

မယာ တွံ သမနုညာတော၊ သောတ္ထိံ ပဿာဟိ ဉာတကေ။ ။'ဟူသော ၂ ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား-

"အဆွေပုဏ္ဏား။ ငါ၏အထံ၌ သင်နေရခြင်းသည်ကား အလွန်ချမ်းသာ၏။ ဤစည်းစိမ်ကဲ့သို့ စည်းစိမ်တို့ကို သင်တို့လူ့ပြည်၌ ရခဲ၏။ သင့်ကို ကာမဂုဏ်တို့ဖြင့် ချီးမြှောက်လျက် သင် မပျော်မွေ့သော် လူ့ပြည်သို့သွားလေတော့"ဟုဆို၏။

'ဤပုဏ္ဏားသည် ပတ္တမြားကိုမှီ၍ ချမ်းသာစွာ အသက်ရှည်မှုကား တစ်စုံတစ်ယောက်သောသူအား ငါဥပုသ်စောင့်ရာအရပ်ကို မညွှန်ကြားလတ္တံ့။ ထိုပုဏ္ဏားအား ခပ်သိမ်းသောအလိုကို ပေးတတ်သော ပတ္တမြားရှင်ကို ပေးအံ့'ဟု ကြံ၍ ပတ္တမြားကို ပြလိုရကား-

'ဓာရယိ မံ မဏိံ ဒိဗ္ဗံ၊ ပသုံ ပုတ္တေ စ ဝိန္ဒတိ။

အရောဂေါ သုခိတော ဟောဟိ၊ ဂစ္ဆေဝါဒါယ ဗြာဟ္မဏ။ ။'ဟူသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"အဆွေပုဏ္ဏား။ နတ်၏ဥစ္စာဖြစ်သော ဤပတ္တမြားကို ဆောင်သောသူအား ကျွဲ,နွား, စသည်တို့ကိုလည်းကောင်း, သားသမီးတို့ကိုလည်းကောင်း, အလိုရှိတိုင်းသော ဥစ္စာကိုရတတ်၏။ အနာမရှိ ချမ်းသာစေတတ်၏။ ဤပတ္တမြားကိုယူ၍ သွားလေတော့"ဟု ဆိုလေ၏။ ထိုနောက်မှ ပုဏ္ဏားလည်း–

'ကုသလံ ပဋိနန္ဒာမိ၊ ဘူရိဒတ္တ ဝစော တဝ။

ပဗ္ဗဇိဿာမိ ဇိဏ္ဏောသ္မိ၊ န ကာမေ အဘိပတ္ထယေ။ ။'ဟူသောဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ဘူရိဒတ်နဂါးမင်း။ သင်၏ စကားသည် ကောင်း၏။ အပြစ်မရှိ နှစ်လို၏။ ငါမပယ်။ သို့ရာတွင်မူကား အကျွန်ုပ်သည် အိုမင်းခဲ့ပြီ။ လူ့ပြည်သို့ ရောက်လျှင် ရဟန်းပြုပါအံ့။ ကာမဂုဏ်တို့ဖြင့်အလိုမရှိ။ ထိုသို့ ရဟန်းပြုသဖြင့် အကျွန်ုပ်အား ပတ္တမြားဖြင့် အဘယ်အကျိုးရှိတော့မည်နည်း"ဟု ပုဏ္ဏားဆိုလေ၏။ ဘုရားလောင်းလည်း "အဆွေပုဏ္ဏား။ ရဟန်းအဖြစ်မည်သည် အလွန်ပြုနိုင်ခဲ၏။ ရဟန်းအဖြစ်မှ မကျင့်နိုင်၍ လူထွက်သည်ရှိသော် ဥစ္စာကို အလိုရှိသည်ဖြစ်အံ့ထိုသို့ အလိုရှိသောအခါ မကြောက်မရွံ့ငါ၏ အထံသို့ လာခဲ့လော့။ ဥစ္စာသပြာများစွာ ပေးအံ့"ဟုဆို၏။ ပုဏ္ဏားလည်း "ဘူရိဒတ်နဂါးမင်း။ သင့်စကားသည် အပြစ်မရှိ နှစ်လိုဖွယ်ရှိ၏။ အကယ်၍ အကျွန်ုပ် အလိုရှိသည်ဖြစ်အံ့ အလိုရှိသောအခါ လာပါမည်"ဟု ဆို၏။ ဘုရားလောင်းသည် နဂါးပြည်၌ ပုဏ္ဏား မပျော်မွေ့သည်အဖြစ်ကိုသိလျှင် နဂါးလုလင် ၄ ယောက်တို့ကိုခေါ်၍ "ပုဏ္ဏားသားအဖကို သင်တို့ ယခုလူ့ပြည်သို့ ပို့ချေ"ဟု စေလို၏။ နဂါးလုလင် ၄ ယောက်တို့သည်လည်း ပုဏ္ဏားသားအဖကို ဆောင်၍ ယမုနာမြစ်မှ သက်ခဲ့၍ ဗာရာဏသီခရီးသို့ ရောက်လျှင် သင်တို့သွားကြလေကုန်လော့"ဟု ပုဏ္ဏားသားအဖကို လွှတ်လိုက်၍ မိမိတို့နေရာ နဂါးပြည်သို့ ပြန်ခဲ့ကြကုန်၏။

ပုဏ္ဏားလည်း "ချစ်သား သောမဒတ်။ ဤအရပ်ကား ငါတို့ သမင်ကို သတ်သောအရပ် ဤအရပ်ကား ဝက်ကို သတ်သောအရပ် ဤသို့ စသည်ဖြင့် ထိုးခတ် ပစ်သတ်ဖူးသောအရပ်ကို ပြညွှန်လျက် အစဉ်အတိုင်း သွားကြလေသော် ခရီးအကြား၌ ရေကန်တစ်ခုကိုမြင်၍ ရေချိုးကြကုန်အံ့"ဟု သားအဖ ၂ ယောက်တို့သည် နတ်တို့၏ ဝတ်စားတန်ဆာကိုချွတ်၍ ထုပ်ပိုးလျက် ရေကန်နား၌ထားပြီးလျှင် ရေကန်တွင်းသို့ ဆင်းသက်၍ ရေချိုးကြကုန်၏။ ထိုခဏ၌ ထိုဝတ်စားတန်ဆာတို့သည် ထားရာအရပ်မှ ကွယ်ပျောက်ခဲ့၍ နဂါးပြည်သို့ ပြန်ရောက်လေ၏။ ပုဏ္ဏားသားအဖတို့လည်း ထိုနတ်ဝတ်တန်ဆာပျောက်ခဲ့လျှင် မိမိတို့အိမ်ကပါရင်းတိုင်း ဖန်ရည်ဆိုးသော ပုဆိုးညစ်သည် မိမိတို့ကိုယ်၌ ရောက်လာစွပ်လာ၏။ ပါရင်းတိုင်း လေး, မြား, လှံ စသည်တို့လည်း ပြကတေ့ဖြစ်လာကုန်၏။ သားသောမဒတ်ကား "ဖခင်။ သင်သည် မြတ်သောစည်းစိမ်မှ ဆုံးရှုံးလျက် ပျက်စီးခဲ့ပြီတကား"ဟု ငိုကြွေးမြည်တမ်း၏။ ထိုအခါ၌ ပုဏ္ဏားလည်း မိမိသားကို "ချစ်သား။ မစိုးရိမ်လင့်။ တော၌ သမင်ရှားသည်မဟုတ်။ သမင်တို့ကို သတ်၍ အသက်မွေးကုန်အံ့"ဟု နှစ်သိမ့်စေလျက် အိမ်သို့ ပြန်ကြလေ၏။

သောမဒတ် အမိ ပုဏ္ဏေးမသည် လင်နှင့်သား လာပြီကြား၍ ခရီးဦးကြိုဆိုလင့်လျက် အိမ်သို့ ဆောင်၍ ထမင်းအဖျော် တို့ဖြင့် ရောင့်ရဲစေ၏။ ပုဏ္ဏားသည် ထမင်းစားပြီးလျှင် ပင်ပန်းသည်ဖြစ်၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ ပုဏ္ဏားအိပ်စဉ် ပုဏ္ဏေးမသည် သား သောမဒတ်ကို "ချစ်သား။ သောမဒတ် သင်တို့ သားအဖသည် ဤမျှလောက်ကြာလတ်သည်မှာ အဘယ်မှာ သွား၍ နေကြကုန်သနည်း"ဟု မေး၏။ "မိခင်။ ဘူရိဒတ်



www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိသော နဂါးမင်းသည် အကျွန်ုပ်တို့ သားအဖကို နဂါးပြည်သို့ ဆောင်ကြဉ်းပြီးလျှင် အလွန်သော စည်းစိမ်ဥစ္စာနှင့်တကွ ချမ်းသာစွာ ထားသော်လည်း အကျွန်ုပ်တို့ မပျော်မွေ့သဖြင့် ယခု ပြန်လာကြသည်"ဟုဆိုလျှင် "သင်တို့သည် နဂါးပြည်မှ ပြန်လာသည်ဟုဆိုသော် တစ်စုံတစ်ခုသော ရတနာတို့ကိုဆောင်ခဲ့ပါသလော"ဟု မိခင်မေးပြန်၏။ "မိခင်။ မဆောင်ခဲ့ပါ"ဟုဆိုသော် "ထိုဘူရိဒတ် နဂါးမင်းသည် သင်တို့ပြန်မည်ဟု ဆိုသော်အခါ တစ်စုံတစ်ခုသော ဥစ္စာကိုမျှ မပေးသလော"ဟု မေး၏။ "မိခင်။ ဘူရိဒတ်နဂါးမင်းသည် ခပ်သိမ်းသောအလိုကို ပေးတတ်သော ပတ္တမြားရတနာကို အကျွန်ုပ်အဖအား ပေး၏။ ကျွန်ုပ်အဖကား မယူ"ဟုဆို၏။ "အဘယ့်ကြောင့် မယူသနည်း"ဟု မေးပြန်သော် "လူ့ပြည်သို့ရောက်လျှင် ရဟန်းပြုမည်ဖြစ်သောကြောင့် မယူဟု နဂါးမင်းနှင့် ဆိုပြောသောအခါ ကျွန်ုပ်ကြားသည်"ဟု ဆိုလျှင် ပုဏ္ဏေးမလည်း "ဤမျှလောက်အခါပတ်လုံး သားသမီးငယ်နှင့် အိမ်ထောင်ပရိက်ကို ပစ်သွားသည်မှာ နစ်ရှည်လများရှိခဲ့ပြီ။ ငါသာ ကိုးကွယ်ရာမဲ့လုပ်ကျွေးဆောင်ရွက်ရသည်။ မိမိကား နဂါးပြည်သို့ ရောက်လျှင် ငါတို့ကို သားမှန်း မယားမှန်းမသိ နစ်ရှည်လများနေပြီးမှ ယခုရဟန်းပြုတော့မည်လော"ဟု အမျက်ထွက်ပြီးလျှင် အိပ်ပျော်နေသော ပုဏ္ဏားနှင့်ကျောက်ကို စပါးမွှေသော ယောက်မဖြင့် ရိုက်ပုတ်လျက် "ဟယ်၊ ပုဏ္ဏား။ အလွန်တရာစည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော ဘူရိဒတ် နဂါးမင်းက ပေးသော ခပ်သိမ်းသောအလိုကို ပေးတတ်သော ပတ္တမြားရတနာကို မယူ။ လူ့ပြည်သို့ရောက်လျှင် အကျွန်ုပ် ရဟန်းပြုမည်"ဟုဆိုလျက် အဘယ့်ကြောင့် ငါ့အိမ်ကို ပြန်လာသနည်း။ ငါ့အိမ်မှ နင်ယခုထွက်လေ"ဟု ဆဲရေးမောင်းမဲ၏။ ထိုအခါ ပုဏ္ဏားလည်း "အဘယ်ပုဏ္ဏေးမ။ အမျက်မထွက်လင့် တောမှာ သမင်ရှားသည်မဟုတ်။ မုဆိုးလုပ်၍ သင့်ကို မွေးမည်"ဟု ဆိုပြီးလျှင် သားနှင့်တကွ တောသို့သွား၍ ရေးနည်းမုဆိုးလုပ်လျက် အသက်မွေးမြူ မွေးကြကုန်၏။

ထိုအခါ တောင်သမုဒ္ဒရာလက်ပံတောတစ်ခု၌နေသော ဂဠုန်တစ်ကောင်သည် အတောင်ခတ်သော လေအဟုန်ဖြင့် သမုဒ္ဒရာရေကိုကွဲစေလျက် သမုဒ္ဒရာအောက်၌ရှိသော နဂါးတို့ ဦးခေါင်းကို ယူ၏။ ထိုအခါ ဂဠုန်တို့သည် နဂါးကို ဖမ်းယူအံ့သောငှာ အဆစ်အပိုင်းကို မသိသေးသည်ဖြစ်၍ ဦးခေါင်းကို ဖမ်း၏။ နောက်ကာလမှ ပဏ္ဍရဇာတ်၌ ရှင်ရသေ့ကို မှီ၍ နဂါးတို့ကို အမြီးကသာ ဖမ်းကုန်၏။ ဤဂဠုန်ကား နဂါးကို ဖမ်းသည်တွင် အဆစ်အပိုင်းကို မသိသည်ဖြစ်၍ ဦးခေါင်းကို ဖမ်းလျက် သမုဒ္ဒရာ ရေအလျဉ်မစပ်မီ ချီ၍ တွဲရရွဲဆွဲလျက် ဟိမဝန္တာတောအပေါ်သို့ ပျံသွားလေ၏။ ထိုအခါ ကာသိကရာဇ်တိုင်း၌ နေသော ပုဏ္ဏားတစ်ယောက်သည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာတော၌ နေရာသခ်မ်းဖန်ဆင်းလျက် နေသတတ်။

ထိုရသေ့၏ စင်္ကြံဦး၌ ကြီးစွာသော ပညောင်ပင်ကြီးရှိ၏။ ထိုပညောင်ပင်ရင်း၌ တစ်နေ့သောအခါ ရသေ့နေ၏။ ဂဠုန်သည် ပညောင်ပင်၏အထက် ကောင်းကင်ဖြင့် နဂါးကိုဆောင်လေသော် နဂါးသည် တွဲရရွဲပင် လွတ်ခြင်းငှာ မြီးထူးဖြင့် ပညောင်ပင်ခွကို ရစ်လေ၏။ ဂဠုန်သည် ခွန်အားကြီးလှသောကြောင့် ထိုသို့ ရစ်ခြင်းကိုမျှ မသိ။ မိမိအဟုန်ဖြင့် ကောင်းကင်သို့ ပျံလေ၏။ ပညောင်ပင်ကား အမြစ်ဖရိဖရဲနဂါးရစ်ခွေလျက် ပါလေ၏။ ဂဠုန်သည် နဂါးကို လက်ပံပင်သို့ဆောင်၍ နှုတ်သီးဖြင့်ပေါက်လျက် ဝမ်းကိုခွဲ၍ နဂါးဆီကို စားပြီးလျှင် နဂါး၏အလောင်းကောင်ကို သမုဒ္ဒရာသို့ ပစ်ချလေ၏။ ပညောင်ပင်သည် သည်းစွာသောအသံဖြင့် ဖရိဖရဲ ကျလေ၏။ ဂဠုန်သည် 'ဤအသံကား အဘယ်အသံနည်း'ဟု အောက်သို့ကြည့်လိုက်သော် ပညောင်ပင်ကို မြင်၍၊ 'အဘယ်အရပ်မှ ဤပညောင်ပင်ကို ငါနုတ်မိသနည်း' ဟုကြံမိလျှင် ဤပညောင်ပင်သည် ရှင်ရသေ့စင်္ကြံဦး၌



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရောက်သော ပဒေါင်ပင်ဖြစ်သည်ကို အမှန်သိ၍၊ 'ဤပဒေါင်ပင်ကား ရှင်ရသေ့နေတော်မူသော ပဒေါင်ပင် ဖြစ်သည်။ ရှင်ရသေ့အား ကျေးဇူးများပေ၏။ ရှင်ရသေ့နေသော ပဒေါင်ပင်ကိုနုတ်မိသော ငါ့အား အပြစ်ရှိသလော၊ မရှိသလောဟု ရှင်ရသေ့အား မေး၍ သိအောင်ပြုအံ့' ဟု ကြံပြီးလျှင် လုလင်အသွင်ဆောင်၍ ရှင်ရသေ့ထံ လာဘိ၏။

ထိုခဏ၌ ရှင်ရသေ့သည် ပဒေါင်ပင်ပါရာအရပ်ကို တလင်းညီညွတ်စွာ ညိုလျက်နေ၏။ ဂဠုန်သည် ရှင်ရသေ့ကိုရှိခိုးလျက် တင့်အပ်သောအရပ်၌နေပြီးသော် မသိသကဲ့သို့ "အရှင်ဘုရား။ ဤယခု ပြင်သော အရပ်ကား အဘယ်အရပ်နည်း"ဟု မေး၏။

"ဒါယကာ။ ဂဠုန်တစ်ကောင်သည် အစာအလို့ငှာ နဂါးကို ဆောင်ခဲ့လေ၏။ ထိုဆောင်သော ခဏတွင် နဂါးသည် မိမိလွတ်ခြင်းငှာ ပဒေါင်ပင်ကို မြီးထူးဖြင့် ရစ်လေ၏။ ဂဠုန်သည်လည်း မိမိခွန်အားကြီးသောကြောင့် ပဒေါင်ပင်ပါမှန်းမသိ ကောင်းကင်သို့ ဆောင်သွားလေ၏။ ထိုသို့သွားသောအခါ ဤအရပ်၌ ပဒေါင်ပင်သည် ပါလေ၏။ ဤ ငါပြင်သောအရပ်ကား ပဒေါင်ပါရာ အရပ်တည်း"ဟုဆိုသော်၊ "အရှင်ဘုရား။ ထိုဂဠုန်အား အပြစ်ရှိရာသလော၊ မရှိရာသလော"ဟု မေး၏။ "ဒါယကာ။ အကယ်၍ ပါစေလိုသော စေတနာ မရှိအံ့။ အပြစ်မရှိ"ဟု ဆို၏။

"အရှင်ဘုရား။ ထိုနဂါး၌လည်း အပြစ်မရှိလော"ဟု မေး၏။

"ထိုနဂါးသည် ဤပဒေါင်ပင်ကို ပျက်စီးစိမ့်သောငှာမရစ်၊ လွတ်စိမ့်သောငှာ ရစ်၏။ ထိုသို့ ရစ်သောကြောင့် နဂါး၌လည်း အပြစ်မရှိ"ဟုဆိုလျှင်၊ ဂဠုန်လည်း

"အရှင်ဘုရား။ အကျွန်ုပ်ကား ဂဠုန်တည်း။ အကျွန်ုပ်၏ ပြဿနာကို အရှင်ဘုရားဖြေသောအားဖြင့် နှစ်သက်ဖွယ်ရှိ၏။ အရှင်ဘုရားတို့သည် တော၌နေကုန်သည် မြွေနဂါးဘေးတို့ကို တားမြစ်စေခြင်းငှာ တစ်ခုသော အလမ္မာယ်အတတ်ကို အကျွန်ုပ်ကတ်၏။ အကျွန်ုပ်၏မန္တရားကား အဖိုးများစွာ ထိုက်၏။ ထိုမန္တန်ကို အရှင်ဘုရားအား ဆရာတစ်ဆူပြု၍ ပေးပါအံ့။ ထိုမန္တန်ကို ယူတော်မူလော့'ဟု ဂဠုန်ဆို၏။

"ငါသည် မန္တန်ကို မလို။ သင့်နေရာသို့သာ သွားလေလော့"ဟုဆိုလျှင် ဂဠုန်သည် ယူတော်မူမည့် အကြောင်းကို အဖန်တလဲလဲတောင်းပန်၍၊ ဝန်ခံပြီးလျှင် ဆေးနှင့်တကွ မန္တန်ကိုပေး၍ မိမိနေရာသို့ ပြန်သွားလေ၏။

ထိုအခါ ဗာရာဏသီပြည်၌နေသော ဆင်းရဲသား ပုဏ္ဏားတစ်ယောက်သည် သူ့မြီတင်၍ မြီရှင်တို့က တောင်းလတ်သော် 'ဤလူ့ပြည်၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ တောသို့ဝင်၍သေသော် မြတ်၏'ဟု ကြံပြီးလျှင် မြို့မှထွက်ခဲ့၍ တောသို့ဝင်လေသော်၊ အစဉ်သဖြင့် ရှင်ရသေ့နေသောသခ်မ်းသို့ ရောက်လေ၏။

ထိုပုဏ္ဏားဆင်းရဲသားသည် ရှင်ရသေ့အား ဝတ်ကြီးဝတ်ငယ်ဖြည့်လျက် နေ၏။ တစ်နေ့သ၌ ရှင်ရသေ့သည် ငါ့အား ဤသူသည် အလွန်ကျေးဇူးကြီးပေ၏။ ဂဠုန်ပေးသော နတ်၏မန္တန်ကို ထိုသူအား ပေးအံ့'ဟု ကြံပြီးလျှင်၊ ပုဏ္ဏား။ အလမ္မာယ်အတတ်ကို ငါတတ်၏။ ထိုအတတ်ကို သင့်အား ငါပေးအံ့။ ယူလော့"ဟုဆို၏။

"အရှင်ဘုရား။ အကျွန်ုပ်အလိုမရှိ"ဟု ဆိုသော်လည်း၊ အဖန်တလဲလဲ တိုက်တွန်းဖန်များလျှင် ငြီးငွေ့၍ ဝန်ခံရလေ၏။

ရှင်ရသေ့လည်း ထိုမန္တန်ကို လည်းကောင်း၊ ထို့နှင့်လျော်သော ဆေးကို လည်းကောင်း၊ မန္တန်၏ ဥပစာကို လည်းကောင်း အလုံးစုံကို ပုဏ္ဏားအား သင်၏ ပုဏ္ဏားသည်ကား 'အသက်မွေးရာ ရပြီ' ဟု ၁ ရက်, ၂ ရက်နေပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား။ အကျွန်ုပ်အား လေနာသည် နှိပ်စက်ဘိ၏။ ဆေးအလို့ငှာ အရပ်တစ်ပါးသို့ သွားပါအံ့"ဟု ဆိုလျှင် ရှင်ရသေ့လည်း ခွင့်ပြုသဖြင့် ပုဏ္ဏားသည် ရှင်ရသေ့ကိုရှိခိုး၍ တောမှထွက်ပြီးလျှင်၊ အစဉ်သဖြင့် ယမုနာမြစ်နားသို့ ရောက်လေ၍ ထိုမန္တန်ကို သရဇ္ဈာယ်လျက် ခရီးမသို့ သွားလေ၏၊ ထိုသို့သွားသောအခါ ၁၀၀၀ မျှလောက်သော ဘူရိဒတ် နဂါးမင်း၏ အလုပ်အကျွေး နဂါးမတို့သည် ခပ်သိမ်းသောအလိုကို ပေးတတ်သော ပတ္တမြားရှင်ကိုယူ၍ နဂါးပြည်မှထွက်၍ ယမုနာမြစ်နား၌ သဲပေါ်အပြင်ဝယ်ထား၍ ထိုပတ္တမြား၏ အရောင်ဖြင့် ညဉ့် ၃ ယံပတ်လုံး ရေကစား၍ နေကြ၏။

အရုဏ်တက်သောအခါ၌ အဝတ်တန်ဆာဆင်ပြီးလျှင် ထို ပတ္တမြားရတနာကို ရံ၍ အသရေသွန်းလျက် နေကုန်၏။ ပုဏ္ဏားလည်း မန္တန်ကို သရဇ္ဈာယ်လျက် ထိုအရပ်သို့ ရောက်၏။ နဂါးမတို့သည် မန္တန်ရွတ်သံ ကိုကြားလျှင် "ဤသူကား ဂဠုန်ဖြစ်ရာ၏"ဟု သေအံ့သောဘေးမှ ကြောက်လန့်သောကြောင့် ပတ္တမြားကို မယူဘဲ မြေ၌ငုပ်ပြီးလျှင် နဂါးပြည်သို့ ပြေးကြလေ၏။

ပုဏ္ဏားသည် ပတ္တမြားကိုမြင်လျှင် "ငါသည် ယခုအလိုပြည့်ပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ပတ္တမြားကိုယူ၍ သွားလေ၏။

ထိုခဏ၌ နေသာဒပုဏ္ဏားသည် သားသောမဒတ်နှင့် သမင်အလို့ငှာ တောသို့ဝင်လေသော် ထိုပုဏ္ဏား လက်၌ ပတ္တမြားကိုမြင်လျှင် "ချစ်သား သောမဒတ်။ ဤပတ္တမြားသည် ငါတို့အား ဘူရိဒတ် နဂါးမင်းပေးသော ပတ္တမြား မဟုတ်တုံလော"ဟု မေး၏။ "ဖခင်။ ဟုတ်၏"ဟုဆိုသော် ထိုသို့တပြီးကား ပတ္တမြား၏ ကျေးဇူးမရှိသည်ကိုဆို၍ ဤပုဏ္ဏားကိုလှည့်ပတ်၍ ပတ္တမြားကို ငါတို့ ယူကုန်အံ့"ဟုဆို၏။

"ဖခင်။ ထိုပတ္တမြားကို ရှေး၌ ဘူရိဒတ်နဂါးမင်းသည် အကျွန်ုပ်တို့အား ပေး၏။ ပေးသောအခါ မယူဘဲပယ်ပြီးမှ ယခုအဘယ့်ကြောင့် အလိုရှိပြန်သနည်း။ ဤပုဏ္ဏားသည် ဖခင်ကိုသာ လှည့်ပတ်လတ္တံ့။ မဆိုလင့် ဆိတ်ဆိတ်နေ"ဟုဆို၏။

နေသာဒပုဏ္ဏားလည်း "ချစ်သား သောမဒတ်။ ထိုသို့တစ်မူလည်း ဖြစ်စေ။ ဤပုဏ္ဏားနှင့် ငါသည် မည်သူက လှည့်ပတ်မိသည်ကို သင်ရှုလော့"ဟု ဆို၍ အလမ္ပာယ်ပုဏ္ဏားနှင့် စကားပြောလိုရကား–

'မဏိံ ပဂ္ဂယှ မင်္ဂလံ၊ သာဓုဝိတ္တံ့ မနောရမံ။

သေလံ ဗျဉ္ဇနသမ္ပန္နံ၊ ကော ဣမံ မဏိမဇ္ဈဂါ။ ။'ဟူသောဂါထာကို ရွတ်၏။ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ပုဏ္ဏား။ မင်္ဂလာရှိ၏"ဟု သမုတ်အပ်သော, ဥစ္စာမြတ်လည်းဖြစ်ထသော လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိထသော ဤပတ္တမြားကိုယူ၍ သင် လာ၏။ အဘယ်အရပ်မှ သင် ရသနည်း"ဟု ဆိုလေ၏။ ထိုနောက်မှ အလမ္ပာယ်ပုဏ္ဏားသည်–

'လောဟိတက္ခေ သဟဿာဟိ၊ သမန္တာ ပရိဝါရိတံ၊

အဇ္ဇကာလံ ပထံဂစ္ဆံ၊ အဇ္ဈဂါဟံမဏိံ ဣမံ။ ။'ဟူသောဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"နေသာဒပုဏ္ဏား။ နီသောမျက်စိရှိကုန်သော အထောင်မကသော နဂါးမင်းသမီးတို့သည် ထက်ဝန်းကျင်မှ ပတ္တမြားကိုရံလျက် နေကြသောအခါ ခရီးမ၌သွားသော ငါ့ကိုမြင်လျှင် ထိုနဂါးမတို့သည် ဘေးကို ကြောက်လန့်သည်ဖြစ်၍ ဤပတ္တမြားကိုစွန့်ပစ်ပြီးလျှင် ပြေးကြကုန်သောကြောင့် ပတ္တမြားကို ငါရလေသည်"ဟု ဆိုလေ၏။

နေသာဒပုဏ္ဏားသည် ထိုအလမ္ပာယ်ပုဏ္ဏားကို လှည့်ပတ်လိုသည်ဖြစ်၍ 'သုပစိဏ္ဏော'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



“အလမ္ဗာယ်ပုဏ္ဏား။ အကြင်သူသည် ပတ္တမြားကို ကောင်းစွာလုပ်ကျွေးခြင်း၊ ပူဇော်ခြင်း၊ မိမိအသက်ကဲ့သို့ မြတ်နိုးခြင်း၊ ကောင်းစွာ ဆောင်ခြင်း၊ ကောင်းစွာသိမ်းခြင်းငှာ တတ်နိုင်မူကား ကောင်းသော အကျိုးကို ပေးတတ်၏။ ထိုသို့ မတတ်နိုင် မရှိမသေ မသန့်မရှင်းရှိမူကား ကြီးစွာသောအပြစ်ကို ပေးတတ်၏။ သင်သည် ဤပတ္တမြားကို ဆောင်ခြင်းငှာ မထိုက်။ ရွှေအချိန် ၁၀၀ နှင့် ငါ့အား ရောင်းလော့။ ငါမူကား ထိုပတ္တမြားရတနာ၏ ဆောင်ရမည့်အစီအရင်ကို သိ၏”ဟု ဆိုလေ၏။

“ထိုနေသာဒပုဏ္ဏားအိမ်၌ကား ရွှေအချိန် ၁၀၀ ကိုထား၍ တစ်ကျပ်မျှလည်း မရှိ။ ထိုသို့မရှိသော်လည်း ပတ္တမြား၏ ခပ်သိမ်းသောအလိုကို ပေးတတ်သောအကြောင်းကို သိ၍ ‘ငါကား ဦးခေါင်းဆေးလျက် ပတ္တမြားကို ရေနှင့်ဖျန်း၍ ရွှေအချိန် ၁၀၀ ကို ငါ့အားပေးလော့ဟုဆိုအံ့။ ထိုသို့ဆိုလျှင် ဤပတ္တမြားသည် ငါ၏အလိုအတိုင်း ပေးလတ္တံ့။ ထိုဥစ္စာကိုရပြီးလျှင် အချိန် ၁၀၀ သော ရွှေကို အလမ္ဗာယ်ပုဏ္ဏားအား ငါပေးမည်’ဟု ကြံလျက် ရဲရင့်စွာသောစကားကို ဆိုသတည်း။

ထိုအခါ အလမ္ဗာယ်ပုဏ္ဏားသည်–

‘နစ မျှာယံ မဏိ ကေယျော၊ ကေဟိ ဝါ ရတနေဟိဝါ။

ဝံသလော ဗျဥ္ဇနသမ္ပန္နော၊ နေဝ ကေယျော မဏိ မမ။ ။’ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

“နေသာဒပုဏ္ဏား။ ငါ၏ ဥစ္စာဖြစ်သော ဤပတ္တမြားရတနာကို တစ်စုံတစ်ခုသောဝတ္ထုဖြင့် လည်းကောင်း၊ ရတနာတို့ဖြင့် လည်းကောင်း မရောင်းအပ်။ ဤပတ္တမြားရတနာသည် မြတ်သောလက္ခဏာနှင့် ပြည့်စုံ၏”ဟု ဆိုလေ၏။ ထိုစကားကို နေသာဒပုဏ္ဏား ကြားလျှင်–

‘နောစေ တယာ မဏိ ကေယျော၊ ကေဟိ ဝါ ရတနေဟိဝါ။

အထ ကေန မဏိ ကေယျော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။’ဟူသောဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

“အလမ္ဗာယ်ပုဏ္ဏား။ သင်သည် ပတ္တမြားကို တစ်စုံတစ်ခုသော ဝတ္ထုရတနာတို့ဖြင့် မရောင်းအပ်ဟု ဆိုသည်မှာ အဘယ်အကြောင်းဖြင့် ရောင်းပါမည်နည်း။ မေးသောငါ့အား ပြောလော့”ဟု ဆိုလျှင်၊ အလမ္ဗာယ် ပုဏ္ဏားသည်–

‘ယော မေ သံသေ မဟာနာဂံ၊ တေဇသိံ ဒုရတိက္ကမံ။

တဿ ဒဇ္ဇံ ဣမံ သေလံ၊ ဇလန္တံ ရိဝ တေဇသာ။ ။’ဟူသောဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

“နေသာဒပုဏ္ဏား။ အကြင်သူသည် တန်ခိုးရှိသော သူတစ်ပါးတို့လွန်နိုင်ခဲသော နဂါးကို ငါ့အား ပြညွှန်နိုင်အံ့။ ထိုသူအား ဤပတ္တမြားကို ငါပေးမည်”ဟု ဆို၏။ နေသာဒပုဏ္ဏားလည်း–

‘ကော နု ဗြာဟ္မဏဝဏ္ဏေန၊ သုပဏ္ဏော ပက္ခတံ ဝရော။

နာဂံ ဇိဂီသ မန္ဝေသိ၊ အန္ဝေသံ ဘက္ခမတ္တနော။ ။’ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

‘ဤသူသည် နဂါးကို အစာအလို့ငှာ ပုဏ္ဏားအသွင်ဖြင့် ဆောင်၍ရှာသော ဂဠုန် ဖြစ်ရာသည်’ဟု ကြံလျက် “အချင်း။ သင်သည် ပုဏ္ဏားအသွင်ဖြင့် နဂါးကို တောင့်တရှာမှီး၏။ သင်ကား အသူနည်း။ မိမိ၏ အစာကို ရှာသော ဂဠုန်မင်းပေလော”ဟု မေး၏။ အလမ္ဗာယ်ပုဏ္ဏားလည်း ‘ဂဠုန်မဟုတ်။ အလမ္ဗာယ်တည်း’ ဟုသိစေလို၍ ‘နာဟံ’ အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

www.burmeseclassic.com



"နေသာဒပုဏ္ဏား။ ငါကား ဂဠုန်မဟုတ်။ ဂဠုန်ကိုမျှ မမြင်စဖူး။ မြွေဆိပ်ကျမန္တန် တတ်သော အလမ္ပာယ်သမားတည်း"ဟု ဆိုလေ၏။ နေသာဒ ပုဏ္ဏားလည်း–

'ကိံ နုတုယှံဖလံ အတ္ထိ၊ ကိံ သိပ္ပံ ဝိဇ္ဇတေ တဝ။

ကိံ'သို့ဝါတွံ ပရတ္ထဒ္ဓေါ၊ ဥရဂံ နာပစာယသိ။ ။'ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"အလမ္ပာယ်ပုဏ္ဏား။ သင်သည် အဘယ်မျှ အားရှိသနည်း။ အဘယ်မည်သောအတတ်ကို ကိုးကွယ်ရသနည်း။ ဘုန်းတန်ခိုးနှင့် အလွန်တရာပြည့်စုံသော နဂါးမင်းကို သင် မလောက်မလေး ပြုဘိ၏တကား"ဟု ဆိုလေ၏။ ထိုစကားကို အလမ္ပာယ်ပုဏ္ဏားကြားလျှင် မိမိအစွမ်းကို ပြလိုရကား–

'အာရညိကဿ ဣသိနော၊ စိရရတ္တံ တပဿိနော။

သုပဏ္ဏော ကောသိယဿက္ခာ၊ ဝိသဝိဇ္ဇံ အနုတ္တရံ။ ။

'တံ ဘာဝိတတ္တညတရံ၊ သမ္မန္တံ ပဗ္ဗတန္တရေ။

သက္ကစ္စံ တံ ဥပဋ္ဌာသိံ၊ ရတ္တိန္ဒိဝ မတန္ဒိတော။

သော တဒါ ပရိစိဏ္ဏော မေ၊ ဝတ္တဝါ ဗြဟ္မစရိယဝါ။

ဒိဗ္ဗံ ပါတုကရီ မန္တံ၊ ကာမသာ ဘဂဝါ မမ။ ။

'တျာဟံ မန္တေ ပရတ္ထဒ္ဓေါ၊ နာဟံ ဘာယာမိ ဘောဂိနံ။

အာစရိယော ဝိသဃာတာနံ၊ အလမ္ပာနောတိ မံ ဝိဒူ။ ။'ဟူသော ၄ ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"နေသာဒပုဏ္ဏား။ ငါသည် ဟိမဝန္တာတောဌ် ကောသိယအမျိုး ခြိုးခြံသောအကျင့်နှင့် ပြည့်စုံသော ရှင်ရသေ့အား ဂဠုန်မင်းသည် နဂါးဆိပ်ကျမန္တန်ကို ပေးခဲ့၏။ ထိုရှင်ရသေ့ကို ငါသည် နေ့ညပတ်လုံး ဝတ်ကြီး ဝတ်ငယ်တို့ဖြင့် လုပ်ကျွေးပြုစုလျက် နေ၏။ ထိုရှင်ရသေ့သည် ငါ့အား နေ့ညမပြတ် လုပ်ကျွေးသသူဖြစ်သည်ဟု နတ်တို့မန္တရား ဖြစ်သော ထိုနဂါးဆိပ်ကျ မန္တန်ကို ငါ့အားပေးသည်ဟု ဆို၏။ ငါသည် ဆရာပေးသော မန္တန်ရှိသောကြောင့် နဂါးကို မကြောက်။ ငါ့ကို အလမ္ပာယ်မြွေဖမ်းသမားဆရာဟူ၍ လူတို့သိကုန်၏"ဟု ဆိုလေ၏။ ထိုစကားကို နေသာဒပုဏ္ဏားကြားလျှင် "ဤအလမ္ပာယ်ပုဏ္ဏားသည် နဂါးကို အလိုရှိ၏။ နဂါးကို ညွှန်ပြသောသူအား ပတ္တမြားကို ပေးလတ္တံ့။ ငါသည် ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်သုံးသောနေရာကို ပြပြီးလျှင် ပတ္တမြားကို ယူအံ့"ဟု ကြံလျက် သားသောမဒတ်လုလင်နှင့် တိုင်ပင်လိုရကား–

'ဂဏှာမသေ မဏိံ တာတ၊ သောမဒတ္တ ဝိဇာနဟိ။

မာဒဏ္ဍေန သိရိံ ပတ္တံ၊ ကာမသာ ဝိဟာမသေ။ ။'ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ချစ်သား သောမဒတ်။ သင် ရှုလော့။ ဤပတ္တမြားကို ယူကုန်အံ့။ မိမိအိမ်သို့ ရောက်လာသော နတ်၏အသရေကို လှံတံဖြင့်ခတ်၍ အဘယ့်ကြောင့် စွန့်ကုန်ရမည်နည်း"ဟု ဆိုလေ၏။ ထိုစကားကို သောမဒတ် လုလင် ကြားလျှင်–

'သကံ နိဝေသနံ ပတ္တံ၊ ယော တံ ဗြာဟ္မဏ ပူဇယိ။

ဧဝံ ကလျာဏကာရိဿ၊ ကိံ'မောဟာ ဒုဗ္ဘိမိစ္ဆသိ။ ။

သစေ တွံ ဓနကာမောသိ ၊ ဘူရိဒတ္တံ ပဒဿတိ။

တမေဝ ဂန္တွာ ယာစဿု၊ ဗဟုံ ဒဿတိ တေ ဓနံ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်ပြန်၏။

www.burmeseclassic.com



ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ဖခင်။ အကြင်ဘူရိဒတ် နဂါးမင်းသည် မိမိအိမ်သို့ရောက်လာသော သင့်ကို နတ်၏ကာမဂုဏ်ဖြင့် ပူဇော်ချီးမြှောက်သည် မဟုတ်တုံလော။ ထို ကျေးဇူးရှင်ဖြစ်ဖူးသော ဘူရိဒတ်နဂါးမင်းအား အဘယ့်ကြောင့် ပြစ်မှားခြင်းကို အလိုရှိဘိသနည်း။ သင်သည် ဥစ္စာကို အလိုရှိအံ့, ဘူရိဒတ် နဂါးမင်းထံသွား၍ တောင်းလော့။ သင့်အား များစွာသော ဥစ္စာ, ရွှေ, ငွေတို့ကို ပေးလတ္တံ့။ ကျေးဇူးရှင်ကို မပြစ်မှားနှင့်"ဟု ဆိုလေ၏။

'ဟတ္ထဂတံ ပတ္တ ဂတံ၊ နိကိတ္တံ့ ခါဒိတုံ ဝရံ၊

မာနော သန္ဒိဋ္ဌိကော အတ္ထော၊ သောမဒတ္တ ဥပစ္စျဂါ။ ။'ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ချစ်သား သောမဒတ်။ သင်ကား ငယ်သေး၏။ လူမှုကို မသိသေး။ အကြင်အစာသည် လက်တွင်းသို့ မှုလည်း ရောက်လာအံ့၊ ရေ့တွင်မှုလည်း တည်လာအံ့၊ ထိုအစာကို စားခြင်းဟာ လျောက်ပတ်၏။ အဝေး၌ ရှိသောဥစ္စာဖြင့် အဘယ်ပြုအံ့နည်း"ဟု ဆိုလေ၏။ ထိုစကားကို သောမဒတ်လုလင် ကြားလျှင် အဖအား တားမြစ်လို၍ –

'ပစ္စတိ နိရယေ ဃောရေ၊ မဟိဿမပိ ဝိဝြတိ။

မိတ္တဒုဗ္ဘိ ဟိဝစ္စာဂီ၊ ဇီဝရေဝါပိ သုဿတိ။ ။

သစေ တွံ့ ဓနကာမောသိ၊ ဘူရိဒတ္တံ ပဒိဿတိ။

မညေ အတ္တကတံ ဝေရံ၊ န စိရံ ဝေဒယိဿသိ။ ။'ဟူသော ၂ ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ဖခင်။ အကျိုးစီးပွားကိုဆောင်တတ်သော အဆွေခင်ပွန်းအား ပြစ်မှားသောအမှုကို သင်ပြုသည်ရှိသော် သင်သည် ကြီးစွာသောငရဲ၌ ခံရလတ္တံ့။ မြေကြီးသည်မှုလည်း မျိုလတ္တံ့။ အသက်ရှင်သော်လည်း ချမ်းသာခြင်းကို မရခြောက်ကပ်လတ္တံ့။ အကယ်က သင် ဥစ္စာကိုလိုမူ ဘူရိဒတ်နဂါးမင်းထံ သွားလော့။ ဤ ခင်ပွန်းပြစ်မှားခြင်းကို သင်ပြုသည်ရှိသော် သင်၌ မကြာမြင့်မီ အပြစ်ရောက်မည် ငါထင်၏"ဟုဆို၏။ ထိုအခါ နေသာဒပုဏ္ဏားသည် သား၏စကားကိုကြားလျှင် ပယ်လို၍–

'မဟာယည် ယဇိတွာန၊ ဧဝံ သုဇ္ဈန္တိ ဗြာဟ္မဏာ။

မဟာယည် ယဇိဿာမ၊ ဧဝံ မောက္ခာမ ပါပကာ။ ။'ဟူသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ချစ်သား သောမဒတ်။ ပုဏ္ဏားတို့မည်သည်ကား မကောင်းမှုကို ပြုမိသည်ရှိသော် ကြီးစွာသော ယဇ်ပူဇော်ခြင်းကို ပြုရ၏။ ထိုသို့ ပြုပြီးသည်ရှိသော် ထိုမကောင်းမှုမှ လွတ်ကုန်အံ့"ဟု ဆိုလေ၏။

ထိုအခါ သားသောမဒတ်သည် "ငါ ပြေးတော့အံ့။ မကောင်းမှုကိုပြုသော သင်နှင့် တစ်ဖဝါးမျှ အတူမသွားပြီ" ဟုဆို၍၊ ပညာရှိသောသောမဒတ်လုလင်သည် မိမိစကားကို အဖ မနာယူသောကြောင့် သည်းစွာသော အသံဖြင့် "မကောင်းမှုကိုပြုသော အဖယုတ်နှင့် အတူမသွားပါ"ဟု နတ်များကို တိုင်ကြားကြွေးကြော်လျက် အဖမြင်စဉ်ပင် ပြေး၍၊ ဟိမဝန္တာတောသို့ဝင်ပြီးလျှင် ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ပွားသဖြင့် အသက်အဆုံးတိုင်းနေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ "နေသာဒပုဏ္ဏားသည် 'သားသောမဒတ်သည် အိမ်မှတစ်ပါး အဘယ်အရပ်သို့ သွားလိမ့်မည်နည်း'ဟု ကြံစည်လျက် အလမ္ဗာယ်ပုဏ္ဏား နှလုံးမသာသည်ကိုမြင်၍ "အဆွေ အလမ္ဗာယ်ပုဏ္ဏား။ မပူဆွေးလင့်။ ဘူရိဒတ်နဂါးမင်းကို သင့်အား ငါ ညွှန်ပြအံ့" ဟုဆိုပြီးလျှင် အလမ္ဗာယ်ပုဏ္ဏားကိုခေါ်၍ နဂါးမင်း ဥပုသ်စောင့်သုံးသောနေရာသို့ သွားကြလေ၏။ ထိုအခါ တောင်ပို့ထက်၌ ခွေ၍နေသော ဘူရိဒတ်နဂါးမင်းကို မြင်လျှင် မနီးမဝေးသောအရပ်က ရပ်လျက် လက်ညှိုးညွှန်၍-

'ဂဏှာဟေ တံ မဟာနာဂံ၊ အာဟရေ တံ မဏိံမမ။

ဣန္ဒဂေါပက ဝဏ္ဏာဘော၊ ယဿ လောဟိတကော သိရော။ ။

ကပ္ပာသ ပိစု ရာသီဝ၊ ဧသော ကာယော ပဒိဿတိ။

ဝမ္မိကဂ္ဂဂတော သေတိ၊ တံ တွံ ဂဏှာဟိ ဗြာဟ္မဏ။ ။'ဟူသော ၂ ဂါထာတို့ကို ရွတ်ဆို၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား-

"အဆွေပုဏ္ဏား အလမ္ဗာယ်။ အကြင်နဂါးမင်း၏အရောင်ကား ပိုးပရုန်အဆင်းကဲ့သို့ ရှိ၏။ ဦးခေါင်း ချင်းချင်းနီ၏။ ထိုနဂါးကို သင်ဖမ်းပြီးလျှင် ငါ့အား ပတ္တမြားကို ပေးလော့။ ထိုနဂါး၏ကိုယ်သည် ဝါဂွမ်းစုကဲ့သို့ ထင်၏။တောင်ပို့ထက်၌ အိပ်၍နေသောနဂါးကို သင် ဖမ်းလော့"ဟုဆိုလေ၏။

ဘုရားလောင်းနဂါးမင်းသည် ထိုအသံကိုကြားလျှင် မျက်စိကိုဖွင့်လှစ်၍ကြည့်သော် နေသာဒပုဏ္ဏားကို မြင်လေ၏။

'ဤသူကား ဥပုသ်သုံးသောငါ၏ အန္တရာယ်ကို ပြုရာ၏"ဟု ငါသည် ဤသူ့သားအဖတို့ကို နဂါးပြည်သို့ ဆောင်၍ ကြီးစွာသောစည်းစိမ်ကိုပေး၏။ လူ့ပြည်သို့ သွားလိုလျှင်လည်း ပတ္တမြားကို ငါပေး၏။ ထိုပုဏ္ဏားသည် ငါပေးသောပတ္တမြားကို မယူ။ ယခုကား မြွေသမားကို ခေါ်၍လာခဲ့၏။ အကယ်၍ ငါသည် ခင်ပွန်းပြစ်မှားသော နေသာဒပုဏ္ဏားအား အမျက်ထွက်မိအံ့။ ငါ၏သီလ ပျက်ခဲ့ရာသည်။ စင်စစ်ကား ငါသည် ရှေးမဆွကပင် အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၏။ ထို ဆောက်တည်သည့်အတိုင်း မြွေသမားသည် ငါ့ကို ဖြတ်လိုလည်းဖြတ်စေ၊ ချက်လိုလည်း ချက်စေ၊ တစို့ဖြင့်ထိုးလိုလည်း ထိုးစေ၊ အလမ္ဗာယ်ပုဏ္ဏားအား ငါသည် အမျက်မထွက်အံ့'ဟုကြံ၍၊ 'ငါသည် ထိုသူ ၂ ယောက်တို့ကို အမျက်ဖြင့် ကြည့်စေအံ့။ ထိုသူတို့သည် ပြာမှုန့်ကဲ့သို့ ညက်ညက်ကြေရာ၏။ ထိုသို့ တန်ခိုးနှင့် ပြည့်စုံသော်လည်း ငါ မပြုပြီ။ ပုတ်ခတ်သော်လည်း အမျက်မထွက်ပြီ။ ထိုသူတို့ကို မကြည့်ပြီ'ဟု မျက်စိမှိတ်၍ အဓိဋ္ဌာန်ပါရမီကို ရှေ့သွားပြု၍ အခွေကြား၌ ဦးခေါင်းကိုသွင်းပြီးလျှင် မတုန်မလှုပ် အိပ်၍နေ၏။

ထိုအခါ နေသာဒပုဏ္ဏားသည် "အဆွေအလမ္ဗာယ် ပုဏ္ဏား။ ဤနဂါးကို ဖမ်းလော့။ ငါ့အားလည်း ပတ္တမြားကို ပေးလော့" ဟုဆို၏။

အလမ္ဗာယ်ပုဏ္ဏားသည် နဂါးကိုမြင်လျှင် အလွန်နှစ်သက်၍ အဖိုးများစွာထိုက်သော ပတ္တမြားကို မရေမတွက်ဘဲ "အဆွေပုဏ္ဏား။ ယူလော့"ဟု ပတ္တမြားကို နေသာဒပုဏ္ဏားလက်သို့ ပစ်၍ ပေးလိုက်လေ၏။ ပတ္တမြားသည်လည်း နေသာဒပုဏ္ဏားလက်မှ လျှောကျ၍ မြေတွင်းသို့ဝင်ပြီးလျှင် နဂါးပြည်သို့ သွားလေ၏။

နေသာဒပုဏ္ဏားသည် ပတ္တမြားရတနာမှ လည်းကောင်း၊ ဘူရိဒတ်နဂါးမင်းနှင့် အဆွေခင်ပွန်းအဖြစ်မှ လည်းကောင်း၊ သား သောမဒတ်မှ လည်းကောင်း၊ ဤ ၃ ပါးတို့မှ ယုတ်ခဲ့၏။ ကိုးကွယ်ရာမဲ့ ဖြစ်ခြင်းသို့ ရောက်လျှင် "ငါသည် သားစကားကို နားမထောင်မိသည်မှာ အလွန်မှားယွင်းသည်"ဟု ဆိုပြီးလျှင် ငိုကြွေးမြည်တမ်းလျက် အိမ်သို့ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အလမ္ပာယ်မြွေသမားသည် နတ်၏ဆေးမြစ်ဖြင့် မိမိတစ်ကိုယ်လုံးကို လိမ်းကျံပြီးလျှင် အတန်ငယ်စဉ်းစား၍ မိမိကိုယ်ကိုရံတားလျက် မန္တန်စိပ်ပြီးလျှင် ဘုရားလောင်းနဂါးမင်းထံ ချဉ်းကပ်၍ အမြီးကို ကိုင်ပြီးလျှင် ဦးခေါင်း၌ မြစ္စာကိုင်လျက် နဂါးမင်းခံတွင်းကိုဖွင့်၍ ဆေးသွတ်ပြီးလျှင် မိမိတံတွေးဖြင့် နဂါးမင်းခံတွင်းကို ထွေး၏။ နဂါးမင်းသည် သီလပျက်အံ့သည်မှ ကြောက်သောကြောင့် အမျက်မထွက် မျက်စိမဖွင့်ဘဲ နေ၏။ ထိုအခါ မန္တန်စိပ်သဖြင့် ဘုရားလောင်းကို အမြီးကကိုင်ပြီးလျှင် ဦးခေါင်းတွဲရရွဲ လှုပ်ရှားလျက် စားသောအစာကို အန်စေ၍ အလျားလိုက်အိပ်စေပြီးမှ သားရေနယ်ကို ကိုင်သကဲ့သို့ ခြေဖြင့် တစ်ကိုယ်လုံးနင်းလေသော် အရိုးတို့သည် မှုန့်မှုန့်ညက်ညက်ကြေမည်ကဲ့သို့ ဖြစ်၏။ တစ်ဖန် မြီးထူးကို ကိုင်၍ ပုဆိုးဖွပ်သကဲ့သို့ ရိုက်ပြန်၏။ ဘုရားလောင်းနဂါးမင်းသည် ဤသို့ ဆင်းရဲကိုခံရသော်လည်း မြွေသမားအား အမျက်မထွက်။ ထိုအခါ အလမ္ပာယ်ပုဏ္ဏားသည် နဂါးမင်းကို အားနည်းအောင်ပြုပြီးလျှင် ဝါး, ကြိမ်,နွယ်တို့ဖြင့်, ပခြုပ်ရက်၍ ထည့်၏ နဂါးမင်းကိုယ်သည် ကြီးသောကြောင့် ပခြုပ်၌ မဆံ့။ ဘုရားလောင်းကိုယ်ကို ခြေဖနောင့်ဖြင့် ကျောက်၍ ပခြုပ်တွင်းသို့သွင်းပြီးမှ ဆောင်ယူလေသော်၊ ရွာတစ်ရွာသို့ ရောက်လေ၏။

ထိုရွာအလယ်၌ချ၍ "နဂါးက, သည်ကို ကြည့်လိုသောသူလာကြကုန်" ဟု ဟစ်၏။ ရွာသူအများ စည်းဝေးကုန်ကြသော် ထိုခဏ၌ အလမ္ပာယ်ပုဏ္ဏားသည် "နဂါးကြီးထွက်လော့"ဟုဆို၏။ ဘုရားလောင်း နဂါးမင်းသည်လည်း 'ငါသည် ယခု ပရိသတ်အလယ်၌ နှစ်သက်အောင် က,ခြင်းငှာ အပ်၏။ ဤသို့ က,သည်ရှိသော် အလမ္ပာယ်အား ဥစ္စာများစွာရ၍ နှစ်သက်သဖြင့် ငါ့ကို လွှတ်ရာ၏။ အလမ္ပာယ်ဆိုတိုင်း ငါပြုအံ့' ဟုကြံလျက် ပခြုပ်မှထွက်၍၊ "ကြီးစွာသောကိုယ်ကို ဖြစ်စေလော့"ဟု ဆိုလျှင် အလမ္ပာယ်ဆိုတိုင်း ဖြစ်စေ၏။

'ဝပ်သည်, ပြားသည်, ပါးပျဉ်း ၁ ခုရှိသည်, ပါးပျဉ်း၂ ခုရှိသည်, ပါးပျဉ်း ၃ ခုရှိသည်၊ ဤသို့သောနည်းဖြင့် အစဉ်အတိုင်း ပါးပျဉ်း ၁၀ ခုရှိသည် ဖြစ်စေလော့။ မြင်စေလော့။ ထင်သောကိုယ် ရှိသည်။ မထင်သောကိုယ် ရှိသည်။ ထက်ဝက်ထင်သော ကိုယ်ရှိသည်။ ညိုသောကိုယ်, ရွှေသောကိုယ်,နီသောကိုယ်, ဖြူသောကိုယ်, မောင်းသောကိုယ် ရှိသည်။ ဖြစ်စေလော့။ အလျှံလွှတ်လော့။ အခိုးလွှတ်လော့။'

ဤသို့သောအရာတို့၌ အလမ္ပာယ် ပုဏ္ဏားဆိုတိုင်းလျှင် ကိုယ်ကိုဖန်ဆင်း၍ က,၏။ လူအများတို့သည် ထိုသို့ က,ခြင်းကို မြင်လျှင် မျက်ရည်မထွက်သော သူမည်သည် မရှိ။ ထိုအခါ ရွာသူရွာသားတို့သည် အလမ္ပာယ်ပုဏ္ဏားအား များစွာသော ရွှေ, ငွေ, အဝတ်တန်ဆာ စသည်တို့ကို ပေး၏။ ထိုရွာ၌ ၁၀၀၀ မျှသောဥစ္စာကို ရ၏။

ထို အလမ္ပာယ်ပုဏ္ဏားသည် ဘုရားလောင်းနဂါးမင်းကို ဖမ်းသောအခါ "သင့်ကိုကစား၍ ဥစ္စာ ၁၀၀၀ ရလျှင် သင့်ကို ငါလွှတ်မည်" ဟု ဆိုဖူး၏။ ထိုအလမ္ပာယ်သည် ဥစ္စာရမ္မက်နှိပ်စက်၍ ဘုရားလောင်း နဂါးမင်းကို မလွှတ်။ ထိုရွာ၌ရသော ဥစ္စာ ၁၀၀၀ ကို ရတနာဖြင့်ပြီးသော ပခြုပ်ကိုရက်၍ ထိုပခြုပ်၌ နဂါးမင်းကို ထည့်လျက် ဖြည်းညှင်းသာယာယာဉ်ထက် စီး၍ များစွာသောအခြံအရံနှင့် ထိုရွာကသည် ရွာငယ်,ရွာကြီး တစ်ပါးအရပ်တို့၌ က,စေလျက် အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လေ၏။ အလမ္ပာယ်သည် နဂါးမင်းအား ပျားရည်ဖြင့်နယ်သော ပေါက်ပေါက်ကို လည်းကောင်း၊ ဖားကိုသတ်၍လည်းကောင်း ပေး၏။ ဘုရားလောင်း နဂါးမင်းသည် မလွှတ်အံ့သည်ကို ကြောက်သဖြင့် အစာမစား။ ထိုသို့မစားသော်လည်း မြတ်သော သီလအဟုန်ဖြင့် မမှတ်သိပ်နိုင်[၂၅]၊ မြို့တံခါးပြင်ရှိသော ရွာကို အစပြု၍ ထိုထိုသောအရပ်တို့၌ က,စေ၏။ ၁၅ရက်မြောက်သော ဥပုသ်နေ့[၂၆]၌ကား 'ယနေ့ အရှင်မင်းကြီးထံ က,စေအံ့'ဟု မင်းကြီးအား လျှောက်ကြားစေ၏။ ဗာရာဏသီမင်းကြီးသည် စည်လည်စေ၍ ပြည်သူပြည်သားအပေါင်းတို့ကို စည်းဝေးစေ၏ မင်းရင်ပြင်၌ ခံအဆင့်ဆင့် ဖွဲ့စေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အလမ္ဗာယ်ပုဏ္ဏားသည် ဘုရားလောင်းကို ဖမ်းသောနေ့၌ မယ်တော် သမုဒ္ဒဇာမိဖုရား အိပ်မက် မြင်မက်၏။ အိပ်မက်ကား 'နီသောမျက်စိရှိသော, ယောကျ်ားတစ်ယောက်သည် သန်လျက်ဖြင့် လက်ယာလက်ရုံးကို ဖြတ်၍ သွေးယိုစီးလျက်ဆောင်လေသည်' ကိုမြင်မက်၏။ ထိုခဏ၌ မိဖုရားသည် ကြောက်လန့်တကြားထ၍ လက်ဝဲလက်ဖြင့် လက်ယာလက်မောင်းကိုစမ်းလျက် ပြကတေ့ရှိသောကြောင့် အိပ်မက်သည်ဟုသိ၏။ ထိုအခါ ဘုရားလောင်းမယ်တော်သည် 'ငါကား မကောင်းသော အိပ်မက် မြင်၏။ ငါ့သား ၄ ယောက်တို့အား လည်းကောင်း၊ ဓတရဋ္ဌနဂါးမင်းအား လည်းကောင်း၊ ငါ့အား လည်းကောင်း ဘေးရန်ရှိသည် ဖြစ်ရာ၏'ဟုကြံ၏။ စင်စစ်ဖြင့်ကား ဘုရားလောင်းကိုသာ အတိုင်းထက်အလွန် စိုးရိမ်၏။ အဘယ်ကြောင့်နည်း ဟူမူကား ဘုရားလောင်း မှကြွင်းကျန်သောသူတို့သည် နဂါးပြည်တွင်း၌သာ နေကုန်၏။ ငါ့သား ဘူရိဒတ်ကား သီလကို အလိုရှိသောကြောင့် လူ့ပြည်သို့ သွား၍ ဥပုသ်စောင့်၏။ ထိုကြောင့် ငါ့သားကို မြွေသမားသည် လည်းကောင်း၊ ဂဠုန်သည် လည်းကောင်း ဖမ်းလေသလောဟု ဘုရားလောင်းကိုသာလျှင် အတိုင်းထက်အလွန်စိုးရိမ်၏။ ထိုအိပ်မက် မြင်မက်သည်မှ ၁၅ ရက် ရောက်လတ်သော် 'ဘူရိဒတ်ကား လခွဲလွန်သဖြင့် ငါ့ကို ကင်း၍ မနေရာ။ မချွတ်လျှင် ငါ့သားအား တစ်စုံ တစ်ခုသောဘေး ဖြစ်ရာသည်' ဟုကြံလျက် နှလုံးမသာခြင်းသို့ ရောက်လေ၏။

တစ်လလွန်သဖြင့် မယ်တော်အား စိုးရိမ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ မျက်ရည်မယိုသောအခါ မရှိ။ နှလုံးခြောက်ကပ်လျက် မျက်စိ ကျိန်းစပ်၏။ မယ်တော်သည် 'ယနေ့ ငါ့သား လာလတ္တံ့'ဟု လာလမ်းကို ကြည့်လျက်နေ၏။

ထိုအခါ သားတော်အကြီးဖြစ်သော သုဒဿနသည် တစ်လလွန်သဖြင့် များစွာသော ပရိသတ်နှင့်တကွ အမိအဖတို့အား ဖူးမြင်အံ့သောငှာ လာလတ်၍ ပရိသတ်ကို အပ၌ထား၍၊ ပြာသာဒ်ထက်သို့ တစ်ယောက်တည်း တက်ပြီးလျှင် မယ်တော်ကိုရှိခိုးလျက် တင့်အပ်သောအရပ်၌ နေလေ၏။ မယ်တော်သည် ဘူရိဒတ်ကို အစဉ်စိုးရိမ်သဖြင့် သုဒဿနအား တစ်ခွန်းသောစကားကိုမျှ မဆို။ ထိုအခါ သုဒဿနက 'ငါ၏အမိသည် အခါတစ်ပါး၌ ငါလာသည်ရှိသော် နှစ်လို့ဝမ်းမြောက်စွာ စကားပြောဟောခြင်းကို ပြု၏။ ယခုမူကား နှလုံးမသာ ဖြစ်၏။ အကြောင်း အသို့ရှိမည်နည်း'ဟု ကြံလျက် မယ်တော်ကို မေးလိုရကား–

'မမံ ဒိသွာန အာယန္တံ၊ သဗ္ဗကာမ သမိဒ္ဓိနံ။

ဣန္ဒြိယာနိ အဟဋ္ဌာနိ၊ သာဝံ ဇာတံ မုခံ တဝ။

ပဒ္မံ ယထာ ဟတ္ထဂတံ၊ ပါဏိနာ ပရိမဒ္ဒိတံ။

သာဝံ ဇာတံ မုခံ တုယှံ၊ မမံ ဒိသွာန ဧဒိသံ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"မိခင်။ ခပ်သိမ်းသော အလိုနှင့် ပြည့်စုံလျက်လာသော အကျွန်ုပ်ကို မြင်လတ်သော် မိခင်မျက်နှာသည် လက်ဖြင့်ဆုပ်နယ်သော ပဒုမ္မာကြာကဲ့သို့ ညှိုးနွမ်းခဲ့၏တကားဟု ဆိုလေ၏။ ထိုသို့ သုဒဿနဆိုသော်လည်း မယ်တော်သည် စကားမပြောမဆိုသောကြောင့် သုဒဿနသည် ငါ၏ မယ်တော်၌ တစ်စုံတစ်ယောက်သောသူနှင့် အမျက်ခိုက်ရန် ဖြစ်ကြ၍လည်းကောင်း၊ တစ်စုံတစ်ခုသောဘေးအန္တရာယ်ရှိ၍လည်းကောင်း ဤသို့သော အကြောင်းကြောင့် စကားမဆို နေဘိသလော"ဟု ကြံလျက် မယ်တော်ကို မေးလိုရကား–

'ကစ္စိ နု တေ နာဘိသသိ၊ ကစ္စိ တေ အတ္ထိ ဝေဒနာ။

ယန္တံ န သာဝံ မုခံ တုယှံ၊ မမံ ဒိသွာန အာဂတံ။ ။'ဟူသောဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား –



www.burmeseclassic.com

"မိခင်။ သင့်အား တစ်စုံတစ်ယောက်သော သူသည် ညှဉ်းဆဲသလော။ အသို့နည်း။ ဝေဒနာရှိသလော။ အကျွန်ုပ်လာသည်ကို မြင်၍ စကားမဆို၊ မိခင်၏မျက်နှာသည် မည်းခဲ့၏။ ဤအကြောင်းကို အကျွန်ုပ်အား ကြားဘိလော့"ဟု ဆိုလေ၏။ ထိုစကားကို သမုဒ္ဒဇာမိဖုရားကြားလျှင် အိပ်မက်ကို ကြားလိုရကား–

'သုပိနံ တာတ အဒ္ဒက္ခိံ၊ ဣတော မာသံ အဓောဂတံ။
ဒက္ခိဏံ ဝိယမေ ဗာဟုံ၊ ဆေတွာ ရုဟိရမက္ခိတံ။ ။
ပုရိသာ ဒါယ ပက္ကာမိ၊ မမ ရောဒန္တိယာ သတိ။
ယတော ဟံ သုပိနံ မဒ္ဒက္ခိံ၊ သုဒဿန ဝိဇာနဟိ။
တတော ဒိဝါဝါ ရတ္တိံ ဝါ၊ သုခံ မေနောပလဗ္ဘတိ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ချစ်သား သုဒဿန။ ငါသည် ယမန်နေ့က ဤသို့ အိပ်မက်မြင်၏။ ယောကျ်ားတစ်ယောက်သည် ငါ၏လက်ယာမောင်းကိုဖြတ်၍ သွေးအလိမ်းလိမ်းကပ်လျက် ငါလည်းငိုစဉ်ပင် ဆောင်ယူသွားခဲ့၏။ ထို အိပ်မက်မြင်သည်နေ့မှ၍ နေ့ညဥ့်ပတ်လုံး ငါ့အား ချမ်းသာမရ ဒုက္ခရောက်၏။ ချစ်သားသုဒဿန။ သင်၏ညီ ဘူရိဒတ်သည် လခွဲ တစ်ကြိမ် နှစ်လိုဖွယ်သော နဂါးသမီးအပေါင်းခြံရံလျက် မဟာလှေကားပန်းကဲ့သို့ များစွာသော ဓား, သန်လျက်စွဲကုန်သော နဂါးလုလင်တို့နှင့်တကွ ရှေး၌ ငါ့ထံ ရောက်မြဲဖြစ်၏။ ထိုသို့ဖြစ်လျက် ယခု ငါ့ထံမလာ ကြာမြင့်လေစွ။ ငါ့သား ဘူရိဒတ်အား တစ်ခုသောဘေး ဖြစ်ရာသည်လည်းမသိ' ဟု ငိုမြည်တမ်းလျက် ဆိုပြီးမှ "ငါ၏ချစ်သား သုဒဿန။ ဘူရိဒတ်၏အိမ်သို့ ယခုသွားကုန်အံ့။ တရားနှင့်တင့်တယ်သော, သီလနှင့် ပြည့်စုံသော သင်၏ ညီတော်ကို ရှာချေကုန်အံ့"ဟု ဆို၍၊ သုဒဿနမင်းသားနှင့်တကွ ပရိသတ်အပေါင်းခြံရံလျက် မယ်တော် သမုဒ္ဒဇာသည် ဘူရိဒတ်အိမ်သို့ သွားလေ၏။

ဘူရိဒတ်မယား နဂါးမတို့သည် ဥပုသ်ဆောက်တည်ရာ တောင်ပို့၌ ဘူရိဒတ်နဂါးမင်းကို မမြင်လျှင် "ငါတို့သခင် မယ်တော်အိမ်၌သာ ရှိရာသည်"ဟု ကြောင့်ကြမဲ့ နေကြကုန်၏။ ထိုနဂါးမတို့သည် ဘုရားလောင်း မယ်တော် သားကိုမေးလာသည်ဟု ကြားလျှင်၊ ခရီးဦးကြိုဆိုလင့်၍ "အရှင်မ။ ကိုယ်တော်၏သားကို မမြင်ရသည်ကား တစ်လလွန်ခဲ့ပြီ။ မယ်တော်အိမ်၌ ရှိသည်ထင် မှတ်ပါသည်။ ယခု မရှိပါတကား"ဟု ပြင်းစွာငိုမြည်တမ်းကုန်လျက် သမုဒ္ဒဇာ မိဖုရားခြေရင်း၌ လဲကြကုန်၏။

ဘုရားလောင်း မယ်တော် သမုဒ္ဒဇာလည်း ချွေးမတို့နှင့်တကွ ငိုမြည်တမ်းလျက် သားတော် ဘူရိဒတ်နေရာ ပြာသာဒ်ထက်သို့တက်၍ သားတော်အိပ်ရာနေရာကို ကြည့်၍ ငိုကြွေးလျက်–

'သကုဏီ ဟတ ပုတ္တာဝ၊ သုည် ဒိသွာ ကုလာဝကံ။
စိရံ ဒုက္ခေနဈာယိဿံ၊ ဘူရိဒတ္တံ အပဿတီ။ ။
ကုရရီ ဟတဆာပါဝ၊ သုည် ဒိသွာ ကုလာဝကံ။
စိရံ ဒုက္ခေန ဈာယိဿံ၊ ဘူရိဒတ္တံ အပဿတီ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"သားငယ်ကို သူတို့သတ်ပြီး၍ သားငယ်မဆိတ်သော မိမိအသိုက်ကိုမြင်သော ငှက်မသည် စိုးရိမ်သကဲ့သို့ ငါ့သားဘူရိဒတ်ကို မမြင်ရသည်ရှိသော် ငါ၏ရင်တွင်း၌ ပြင်းစွာပူခဲ့၏တကား။ သားငယ် သေလေသော ဝန်လိုမသည် ပြင်းစွာစိုးရိမ်သကဲ့သို့ လည်းကောင်း၊ သားဘူရိဒတ်ကို မမြင်ရသောငါသည် ရင်တွင်း၌ ပြင်းစွာ စိုးရိမ်ဘိ၏တကား။ ငါ၏စိုးရိမ်ခြင်းသည် ငါ၏ရင်ထဲ၌ ပန်းပဲဖိုထိုးသကဲ့သို့ ရှိ၏တကား"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မယ်တော် ငိုသည်ရှိသော် ဘူရိဒတ်နဂါးမင်း၏အိမ်သည် သမုဒ္ဒရာအဝန်းကဲ့သို့ တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် အသံသည် ဖြစ်၏။ တစ်ယောက်သောမိန်းမမျှလည်း မိမိကိုယ်အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်။ အိမ်အလုံးသည် ယုဂန္ဓိုရ် လေခတ်၍ ငြိုးလဲသော အင်ကြင်းပျိုတောကဲ့သို့ ဖြစ်ကုန်၏။

ထိုအခါ သုဘောဂ, အရိဋ္ဌ မင်းသားညီနောင် ၂ ယောက်တို့သည် မိဘတို့အား ခစားအံ့သောငှာ လာကုန်လတ်သော် ထိုသို့ငိုကြွေးသံကိုကြား၍ ဘူရိဒတ်နဂါးမင်းအိမ်သို့ သွားကြလျက် မယ်တော်ကို နှစ်သိမ့်စေ၏။ "မယ်တော် ခပ်သိမ်းသောသတ္တဝါတို့သည် သေခြင်းသဘောပျက်ခြင်းသဘောကို မလွန်နိုင်ကြကုန်။ သက်သာရာကို ရတော်မူပါ" ဟုဆိုကုန်၏။

မယ်တော် သမုဒ္ဒဇာမိဖုရားလည်း "ချစ်သားတို့။ သတ္တဝါတို့ဖြစ်ခြင်း, ပျက်ခြင်းကို ငါသိ၏။ ငါ့သား ဘူရိဒတ်ကို မမြင်ရသဖြင့် ပြင်းစွာစိုးရိမ်ခြင်း ဖြစ်၏။ ချစ်သား သုဒဿန။ ငါ့သားဘူရိဒတ်ကို ယနေ့ညဥ့် မမြင်မတွေ့ရသည်ရှိသော် ငါ၏အသက် ဆုံးရတော့မည်"ဟုဆိုလေ၏။

သားတော် ၃ ယောက်တို့သည်လည်း "မယ်တော်။ စိုးရိမ်တော်မမူပါလင့်။ ညီတော်ဘူရိဒတ်ကို တော, တောင်, မြောင်, ချောက်ကြား, ရွာ, နိဂုံး, မင်းနေပြည် အစရှိသောအရပ်တို့သို့ သွား၍ရှာကုန်အံ့။ ယခုနေ့မှ ၇ ရက်မြောက်သောနေ့၌ သားတော် ဘူရိဒတ်ကို ရှုတော်မူပါလော့"ဟုဆို၍၊ သုဒဿနမင်းသားသည် 'အကယ်၍ ငါတို့ ညီနောင် ၃ယောက်ရှာသည် ဖြစ်အံ့' ကြံမြင်သည်ဖြစ်ရာ၏။ အသီးအသီး ၃ ကွဲခွဲ၍ ရှာသော် 'ကောင်း၏'ဟုကြံလျက်

တစ်ယောက်ကား နတ်ပြည်ကို, တစ်ယောက်ကား ဟိမဝန္တာကို, တစ်ယောက်ကား လူ့ပြည်သို့ သွား၍ရှာအံ့။ ထိုသို့ရှာရာတွင်ကား ကာဏာရိဋ္ဌကို လူ့ပြည်သို့ အရှာထည့်ချေသော် အကြင်အရပ်၌ ဘူရိဒတ်ကို တွေ့အံ့။ ထို တွေ့ရာအရပ် ရွာ, နိဂုံး, မင်းနေပြည်တို့ကို မှုန့်မှုန့်ညက်ညက်ဖျက်ဆီး၍လာလတ္တံ့။ 'ငါ့ညီ ကာဏာရိဋ္ဌသည် ရှုန့်ရင်းကြမ်းတမ်းလှ၍ လူ့ပြည်နှင့် မတန်။ နတ်ပြည်သို့ ရှာစေအံ့' ဟုကြံ၍၊ "ညီထွေး။ ကာဏာရိဋ္ဌ။ သင် နတ်ပြည်သို့ သွားလေ။ နတ်တို့သည် တရားနာလိုသည် ဖြစ်၍ ဘူရိဒတ်ကို နတ်ပြည်သို့ အကယ်၍ ဆောင်အံ့။ ထိုဘူရိဒတ်ကို သင် ဆောင်ချေလော့"ဟု စေလိုက်၏။ တစ်ဖန် ညီတော် သုဘောဂကို ခေါ်ပြန်၍

"ငါ့ညီသုဘောဂ။ သင်သည် ဟိမဝန္တာသို့ သွား၍ မြစ်ကြီး ၅ စင်းတို့၌ ဘူရိဒတ်ကို ရှာချေ"ဟု စေလိုက်၏။ မိမိကား လူ့ပြည်သို့ သွားလိုသည်ဖြစ်၍ ဤသို့ အကြံဖြစ်၏။

'အကယ်၍ လုလင်အသွင်ဖြင့် လူ့ပြည်သို့ သွားအံ့။ လူတို့သည် ငါ့ကို ချစ်ခင်ကြည်ညို မြတ်နိုးခြင်းကို မပြုကုန်ရာ။ ရသေ့အသွင်ဆောင်၍ သွားရသော်ကား ကောင်း၏။ လူ့တို့သည် ရဟန်းတို့ကို ချစ်ခင်မြတ်နိုး တတ်ကုန်၏' ဤသို့အကြံပြု၍ ရသေ့အသွင်ဖန်ဆင်းလျက် အမိကိုရှိခိုးပြီးလျှင် ထွက်ခဲ့၏။

ထိုအခါ ဘုရားလောင်း၏ မိထွေးသမီးဖြစ်သော အဇမုခီ အမည်ရှိသောနဂါးမသည် ရှိသတတ်။ ထို အဇမုခီ နဂါးမင်းသမီးသည် ဘူရိဒတ်နဂါးမင်းကို မောင်တကာတို့ထက် ထူး၍ချစ်၏။ ထို အဇမုခီသည် သုဒဿန သွားသည်ကိုမြင်လျှင် "မောင်ကြီး။ အကျွန်ုပ်ကား အလွန်ပင်ပန်း၏။ သင်နှင့်အတူလိုက်၍ မောင်တော် ဘူရိဒတ်ကို ရှာပါမည်" ဟုဆို၏။

" အမိငယ်။ ငါကား ရဟန်းအသွင်ဖြင့် သွားခဲ့၏။ သင်ကား မိန်းမဖြစ်၍ လိုက်ခြင်းငှာ မလျောက်ပတ်"ဟု သုဒဿန ဆိုလျှင်၊ "အကျွန်ုပ်ကား မိန်းမအသွင်ဖြင့် မလိုက်။ ဖားမငယ်ဟန် ဖန်ဆင်း၍ သင်၏ဆံကျစ်ကြား၌ လိုက်ပါအံ့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့တပြီးကား ကောင်းပြီ။ လိုက်ခဲ့တော့" ဆိုလျှင်၊ အဇမုခီသည် ဖားငယ်မဟန် ဖန်ဆင်း၍ သုဒဿနဆံကျစ်ကြား၌ လိုက်လေ၏။

သုဒဿနကား 'ဥပုသ်စောင့်ရာ တောင်ပို့မှစ၍ စူးစမ်းအံ့' ဟု ဘုရားလောင်းမယား နဂါးမတို့ကို ဘုရားလောင်း ဥပုသ်စောင့်ရာအရပ်ကို ညွှန်ပြစေ၍၊ ထိုအရပ်သို့ရောက်လေသော် အလမ္ပာယ်သည် ဘုရားလောင်းကို ယူရာအရပ်၌ သွေးကို လည်းကောင်း၊ ဝါး,ကြိမ်,နွယ်တို့ဖြင့် ပခြုပ်သွင်းရာအရပ်ကို လည်းကောင်း မြင်၍ "ငါ့ညီဘူရိဒတ်ကို မြွေသမား ဖမ်းယူသည်"ဟုသိ၍၊ စိုးရိမ်ခြင်းနှိပ်စက်သဖြင့် ငိုကြွေးလျက် အလမ္ပာယ်သွားရာ ခရီးဖြင့် ခြေရာခံ၍ ရှေးဦးစွာကစားသော ရွာသို့ ရောက်လေ၏။

ထိုရွာ၌ ရွာသားတို့ကို "ဤသို့သောနဂါးကို မြွေသမားတစ်ယောက် ကစားသည်ကို မြင်ကြပါ၏လော" ဟုမေးလျှင် "မြွေသမားသည် ဤရွာတွင် ယမန်လက ကစား၏"ဟုဆိုသော်၊ "ထိုမြွေသမားသည် တစ်စုံတစ်ခုသော ဥစ္စာကို ရ၏လော" ဟု မေးပြန်၏။ "သြော်၊ ရ၏။ ဤရွာ၌ပင် ၁၀၀၀ မျှသောဥစ္စာကို ရ၍ သူကြွယ်ဖြစ်၏။ "ယခု အဘယ်အရပ်သို့ သွားသနည်း"ဟု မေးပြန်၏။ "ဤမည်သောအရပ်သို့ သွားသည်"ဟု ညွှန်းလေသော် သုဒဿနသည် ထိုရွာမှစ၍ အစဉ်အတိုင်းမေးလျက် လိုက်လေလျှင် မင်းအိမ်တံခါးသို့ ရောက်လေ၏။

ထိုခဏ၌ အလမ္ပာယ်သည် ကောင်းစွာ ရေချိုးပြီးသော် နံ့သာလိမ်းကျံလျက် ပုဆိုးကောင်းကိုဝတ်၍ မြွေထည့်သော ရတနာပခြုပ်ကိုယူပြီးလျှင် မင်းအိမ်တံခါးသို့ သွားလေ၏။ ပြည်သူပြည်သားအပေါင်းတို့သည်လည်း စည်းဝေးလာကုန်လတ်သော် ဗာရာဏသီမင်းကြီးလည်း နန်းတော်တွင်း၌ရပ်လျက် "နဂါးက,တတ်သော အလမ္ပာယ်သမား၊ ဝင်စေ။ နဂါးက ကစေ"ဟု စေတော်မူလိုက်၏။

အလမ္ပာယ်လည်း ဆန်းကြယ်သောအခင်း၌ ရတနာပခြုပ်ကိုထား၍ ဖွင့်လှစ်ပြီးလျှင် နဂါးကြီး ထွက်လှည့်ဟု လက်ဖျစ်တီး၏။

ထိုအခါ သုဒဿနကား ပရိသတ်၏အကြား၌နေ၏။ ဘုရားလောင်း နဂါးမင်းသည် ဦးခေါင်းကိုဖော်၍ ပရိသတ်ကိုကြည့်၏။ နဂါးတို့သည်ကား ၂ ပါးသော အကြောင်းတို့ဖြင့် ကြည့်ကုန်၏။ ၂ ပါးသော အကြောင်း ဟူသည်ကား ဂဠုန်ဘေးကို လည်းကောင်း၊ အဆွေအမျိုးတို့ကို လည်းကောင်း ရှုအံ့သောငှာ ကြည့်ကုန်၏။ ထို ၂ ပါးတို့တွင် ဂဠုန်မြင်သော် ကြောက်သောကြောင့် မကကုန်။ အဆွေအမျိုးကို မြင်သော် ရှက်သောကြောင့် မကကုန်။ ဘုရားလောင်းနဂါးမင်းသည် ထို ၂ ပါးသောအကြောင်းတို့ကြောင့် ကြည့်လေသော် ပရိသတ်အကြား၌ ရသေ့အသွင်ဖြင့် အစ်ကိုသုဒဿနကို မြင်လေ၏။

ဘုရားလောင်း နဂါးမင်းသည် မျက်စိ ၂ ဘက်မှ အသွယ်သွယ်မျက်ရည်ယိုစီးလျက် ပခြုပ်မှထွက်၍ အစ်ကိုသို့ ရှေးရှု သွားလေ၏။ လူများတို့သည် နဂါးလာသည်မြင်လျှင် ကြောက်လန့်တကြား ရှောင်လွှဲ၍ ပြေးကြကုန်၏။ သုဒဿနတစ်ယောက်သာ ရပ်လျက်နေ၏။ နဂါးမင်းသည် သုဒဿနခြေဖမိုးပေါ်၌ ဦးခေါင်းတင်၍ ငို၏။ သုဒဿနသည်လည်း ငို၏။ ထို့နောင်မှ နဂါးမင်းသည် ပခြုပ်သို့ပြန်၍ ဝင်ပြန်လေ၏။ ထိုအခါ အလမ္ပာယ်မြွေသမားကား 'ငါ့နဂါးသည် ရှင်ရသေ့ကို ကိုက်သည်ဖြစ်မည်'ဟု သုဒဿနထံချဉ်း၍၊ 'ဟတ္ထ မုတ္တော'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ နဂါးသည် အကျွန်ုပ်လက်မှ လွတ်ခဲ့၏။ ရှင်ရသေ့ခြေဖမိုးပေါ်ကို တက်၍နေသည်။ ရှင်ရသေ့ကို နဂါး ကိုက်သလော။ မကြောက်လင့်။ ကိုက်လျှင် နဂါးဆိပ်ကျမန္တန်ဖြင့် ရှင်ရသေ့ကို ချမ်းသာစိမ့်မည်"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သုဒဿနကား မြွေသမားနှင့် စကားပြောဟောလို၍ 'နေဝမယှံ'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ဒကာ အလမ္ပာယ်သမား။ သင့်မြွေကား ငါ့ကို မကိုက်ဝံ့။ မြွေသမားတို့တွင် ငါ့ထက်တတ်သော မြွေသမားမည်သည် မရှိ"ဟု ဆို၏။ အလမ္ပာယ်သမားကား 'ဤသူသည် အဘယ်သူနည်း'ဟု မသိဘဲလျက်လျှင် အမျက်ထွက်၍ 'ကော နု ဗြာဟ္မဏ ဝဏ္ဏေန'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ဤသူသည် ရန့်ရင်းကြမ်းတမ်း၏။ ရသေ့ရဟန်းအသွင်ဖြင့် ငါ့မြွေပြရာ ပရိသတ်အလယ်သို့လာ၍ ချုပ်ခြယ်စောင်းမြောင်းဘိ၏။ သင်ကား အဘယ်သူနည်း။ ငါ့စကားကို ပရိသတ်များ နာကြကုန်" ဟုဆို၏။

ထိုအခါ အလမ္ပါယ်မြွေသမားကို သုဒဿနသည် 'တွံမာနာဂေန' အစရှိသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား

"အလမ္ပာယ်မြွေသမား။ သင် ငါ့ကို မြွေဖြင့် တိုက်လော့။ သင့်ကို ငါ ဖားမငယ်ဖြင့်တိုက်မည်။ ထိုသို့တိုက်ရာ၌ ရှုံးလျှင် အသပြာ ၅၀၀၀ လောင်းတမ်းဖြစ်စေ"ဟု ဆို၏။

ထိုစကားကို ကြားလျှင် မြွေသမားသည် 'အဟဉ္စ'အစရှိသော ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"လုလင် ငါကား ဥစ္စာကြွယ်၏။ သင်ကား လူဆင်းရဲသာဖြစ်လျက် အဘယ်မှာ ဥစ္စာရနိုင်အံ့နည်း။ သင် လောင်းတမ်းပြုမည်မှန်လျှင် ဝန်ခံသူ ရှိပါ၏လော။ ငါကား ဥစ္စာလည်း ရှိ၏။ ဝန်ခံသူလည်းရှိ၏။ သင်ဆိုတိုင်း လောင်းတမ်းဖြစ်စေလော့ဟု မြွေသမား ဆိုလေ၏။

ထိုစကားကို သုဒဿနကြား၍ "ကောင်းပြီ။ ဖြစ်စေလော့" ဟု မကြောက်မရွံ့ မင်းအိမ်ပေါ်သို့ တက်၍ အရှင်မင်းကြီးထံ၌ ရပ်လျက် 'သုဏောဟိ' အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး။ သင်မင်းကြီးအား ပြည်စည်းစိမ်သည် တိုးတက်ပြန့်ပွားများသည် ဖြစ်ပါစေသတည်း။ ငါ့စကားကိုလည်း အရှင်မင်းကြီး နာတော်မူပါ။ ငါ့အား အသပြာ ၅၀၀၀ အလိုရှိ၏။ အရှင်မင်းကြီး ဝန်ခံစေချင်ပါသည်"ဟုဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် 'ဤရသေ့သည် ငါ့ကို ဥစ္စာများစွာ တောင်း၏။ အဘယ် ပြုလိုသနည်း'ဟု ကြံ၍ 'ပေတ္တိကံ ဝါ'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"အရှင်ရသေ့။ သင်တို့၏ ဆွေဘိုးဥစ္စာကို ငါ ငင်ယူစားသောက်သကဲ့သို့ ငါ့ကို ဥစ္စာများစွာ တောင်းဘိ၏။ အကြောင်းအသို့နည်း"ဟု မင်းကြီးမေးလျှင်၊ 'အလမ္ပာယ နော'အစရှိသော ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အလမ္ပာယ်သည် ငါ့ကို နဂါးဖြင့် တိုက်လတ္တံ့။ ငါကလည်း ဖားဖြင့် အလမ္ပာယ်ကို တိုက်လတ္တံ့။ ထို ငါတို့ ၂ ယောက် နဂါးနှင့် ဖား တိုက်၍ လောင်းတမ်းကစားသည်ကို အရှင်မင်းကြီး ရှုတော်မူလော့" ဟုဆို၏။ မင်းကြီးသည် "ထိုသို့တပြီးကား သွားကုန်အံ့"ဟု ရှင်ရသေ့နှင့်အတူ ထွက်ခဲ့လေ၏။

ထိုအခါ ရှင်ရသေ့နှင့်မင်း အတူလာသည်ကို အလမ္ပာယ်မြင်လျှင် 'ဤရသေ့သည် သာမညမဟုတ်။ မင်းဆရာဖြစ်ဟန် ထင်သည်'ဟု ကြောက်ရွံ့လျက်၊ သုဒဿနနောက်သို့ အစဉ်လိုက်၍ 'နေဝ'အစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ အကျွန်ုပ်သည် အတတ်ဂုဏ်ကိုကိုး၍ ရှင်ရသေ့ကို မလောက်မလေး မပြု။ ရှင်ရသေ့သာ အဆိပ်ထန်သော နဂါးကိုပင် မိမိမာန်ယစ်၍ မလောက်မလေးပြုသည်တကား" ဟုဆို၏။ ထို့နောက်မှာ သုဒဿနသည် 'အဟမ္ပိ'အစရှိသော ဂါထာတို့ကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အလမ္ပာယ်။ ငါကား အတတ်ဂုဏ်ကိုကိုး၍ မလောက်မလေး မပြုးသင်သာ အဆိပ်မရှိနဂါးဖြင့် လူကိုလှည့်ပတ်၍ ဥစ္စာရှာဘိ၏။အလမ္ပာယ် သင့်နဂါးအကြောင်းကို ငါသိသကဲ့သို့ လူအပေါင်းတို့သည် ဤနဂါး အဆိပ်မရှိသောအဖြစ်ကို အကယ်၍သိအံ့။သင်သည် ဥစ္စာကို မဆိုထားဘိဦး။ ဖွဲတစ်ဆုပ်ကိုမျှ မရလတ္တံ့."ဟု ဆို၏။

ထိုအခါ အလမ္ပာယ်သည် အမျက်ထွက်၍ 'ခရာဇိနော' အစရှိသောဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ သင်သည် ကြမ်းတမ်းသောသစ်နက်ရေကို ဝတ်၍ ဆံကျစ်ထုံးလျက် ပရိသတ်အလယ်သို့ လာ၍ ပြင်းထန်စွာအဆိပ်ရှိသော ငါ၏နဂါးကို အဆိပ်မရှိဟု မလောက်မလေးပြုဘိ၏။ ရှင်ရသေ့ သင့်ထက် ထက်သောတန်ခိုးနှင့်ပြည့်စုံသော ငါ၏နဂါးသို့ ကပ်လော့။ ထိုအခါ သိရလတ္တံ့။ ဤနဂါးသည် သင့်ကို ဖွဲပြာကဲ့သို့ ဖြစ်စေလတ္တံ့" ဟုဆို၏။

ထိုစကားကို သုဒဿန ကြားလျှင် အလမ္ပာယ်ကို ပြက်ရယ်မှု ပြုလိုရကား 'သိယာ ဝံသ' အစရှိသော ဂါထာကို ရွတ်ပြန်၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား–

"အလမ္ပာယ်။ ကျိုင်းကောင်, မြက်လျှော, ရေမြွေ, မြွေစိမ်းတို့၏ အဆိပ်ရှိသည်ရှိသော် မှန်ရာ၏။ ဦးခေါင်းနီသောနဂါးသည် အဆိပ်မရှိ" ဟုဆို၏။

ထိုအခါ သုဒဿနကို အလမ္ပာယ်သည် 'သုတမေတံ'အစရှိသော ၂ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ ကိုယ်, နှုတ်,နှလုံးစောင့်သော ရသေ့ရဟန်းတို့အား ဤလူ့ပြည်၌ အလှူပေး၍ ဒါယကာတို့သည် နတ်ပြည်သို့ လားရဖူး၏' ဟူသောစကားကို ငါကြားရဖူး၏။ ရှင်ရသေ့။ သင်ကား ပေးစရာ ဥစ္စာ အကယ်၍ ရှိအံ့။ သင်အသက်ရှင်စဉ် အလှူပေးလေလော့။ ငါ့နဂါး တန်ခိုးကြီး၏။ ထိုနဂါးဖြင့် သင့်ကို ကိုက်စေအံ့။ ငါ့နဂါးသည် သင့်ကို ဖွဲပြာကဲ့သို့ ပြုလတ္တံ့။ နဂါးပေါက်၍မသေမီ နတ်ရွာသို့ရောက်ကြောင်း ကောင်းမှု ရှေးဦးစွာ ပြုလေဦး" ဟုဆို၏။

ထိုစကားကို သုဒဿန ကြားလျှင် 'မယမ္ပေ' အစရှိသောဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"အလမ္ပာယ်။ ကိုယ်,နှုတ်,နှလုံး သုံးသော ရသေ့ရဟန်းတို့အား အလှူပေး၍ ဒါယကာတို့ နတ်ရွာလားရ ကြောင်းကို ငါ သိကြား၏။ အကယ်၍ သင့်အားပေးစရာ ဒါနဝတ္ထု ရှိအံ့။ အသက်ရှင်စဉ် သင်သာ ပေးလေလော့။ အချင်းအလမ္ပာယ်။ ဤ ငါ၏ဖားမငယ်ကား အဇမုခီ အမည်ရှိ၏။ ပြင်းထန်သောအဆိပ်လည်း ရှိ၏။ ထိုဖားမဖြင့် သင့်ကို ကိုက်အံ့။ ဖားမငယ်သည် သင့်ကို ဖွဲပြာကဲ့သို့ဖြစ်အောင် ပြုလတ္တံ့။ အချင်းအလမ္ပာယ်။ ငါ၏ ဖားမငယ်သည် ဓတရဋ္ဌနဂါးမင်းကြီး၏ သမီးတော်တည်း။ ငါ့မိထွေးတော် သမီးတည်း။ ငါ၏ နှမတည်း။ အဆိပ်ပြည့်လျက် ထက်သောအစွယ်လည်း ရှိ၏။ ထို အဇမုခီ ဖားမငယ်ဖြင့် သင့်ကို ယခု ခဲစေတော့မည်" ဟု သုဒဿနဆို၍ "နှမအဇမုခီ။ ငါ့ဆံကျစ်ကြားမှထွက်၍ ငါ၏ လက်ဝါးပြင်၌ တည်လော့"ဟု လူများ၏ အလယ်တွင် နှမကိုခေါ်၍ လက်ဝါးဖြန့်၏။

အဇမုခီလည်း ထိုအသံကို ကြားလျှင် ဆံကျစ်ကြားမှ ဖားမ၏မြည်သံဖြင့် ၃ ကြိမ်မြည်၍ ပခုံးပေါ်၌ ဆွေ့ဆွေ့ခုန်လျက် လက်ဝါးပြင်၌ ၃ ခုသောအဆိပ်ပေါက်တို့ကို ချခဲ့၍ တစ်ဖန် ဆံကျစ်ကြားသို့ ပြန်လေ၏။

သုဒဿနသည် အဆိပ်ကိုယူ၍ ရပ်လျက် "ဤဗာရာဏသီတိုင်းကားသည် ပျက်စီးလတ္တံ့."ဟု ဟစ်အော်လေ၏။ ထို သုဒဿန အသံသည် ၁၂ ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်း၍ တည်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုအသံကို မင်းကြီးကြား၍ “ရှင်ရသေ့။ အဘယ်အကြောင်းကြောင့် ဗာရာဏသီပြည် ပျက်မည်နည်း”ဟု မေး၏။ “အရှင်မင်းကြီး။ ဤအဆိပ်သွန်စရာအရပ်ကို မမြင်” ဟုဆိုသော် “ရှင်ရသေ့ မြေပြင် ကျယ်ပါ၏တကား။ မြေကြီး၌ သွန်လော့”ဟု ဆို၏။

ထိုစကားကို ရှင်ရသေ့ပယ်လို၍ ‘ဆမာယ’အစရှိသော ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

“ဗြဟ္မဒတ်မင်းကြီး။ ဤအဆိပ်ကို အကယ်၍ မြေ၌သွန်အံ့။ မြက်နွယ်ဆေးပင်တို့သည် မချွတ်လျှင် သေ့ခြောက်ကုန်အံ့”ဟုဆို၏။ ထိုသို့တပြီးကား “ရှင်ရသေ့။ ကောင်းကင်သို့ ပစ်လော့”ဟုဆိုသော် “ဗြဟ္မဒတ် မင်းကြီး။ အကယ်၍ ကောင်းကင်သို့ ပစ်အံ့။ မိုး ၇ နှစ် ခေါင်ရာ၏။ နှင်းတစ်ပေါက်မျှ မကျလတ္တံ့” ဟုဆို၏။

“ထိုသို့တပြီးကား ရှင်ရသေ့။ ရေ၌ သွန်ဘိလော့”ဟု ဆိုသော်၊ “ဗြဟ္မဒတ်မင်းကြီး။ ဤအဆိပ်ကို အကယ်၍ ရေ၌ သွန်အံ့။ ရေ၌ကျက်စားကုန်သော ရေသတ္တဝါများစွာ သေလတ္တံ့”ဟုဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် “ရှင်ရသေ့။ သင် အဆိပ်သွန်ရာအရပ်ကို ငါတို့ မသိနိုင်ကုန်ပြီ။ ငါ့ပြည်ကို မပျက်ရအောင် ရှင်ရသေ့ ကြံ၍သာ သွန်ပါလော့”ဟု ဆိုလျှင်၊ ဗြဟ္မဒတ်မင်းကြီး ထိုသို့တပြီးကား ဤအရပ်၌ အစဉ်အတိုင်းဖြင့် ၃ ခု တူးလော့”ဟု ဆိုသော်၊ မင်းကြီးလည်း ရှင်ရသေ့ဆိုတိုင်း တူးစေ၏။

ထိုအခါ သုဒဿနသည် ရှေးဦးစွာတွင်း၌ အထူးထူးသောဆေးတို့ဖြင့် ပြည့်စေ၏။ အလယ်တွင်း၌ကား နွားချေးတို့ဖြင့် ပြည့်စေ၏။ အဆုံးတွင်း၌ကား နတ်တို့၏ဆေးဖြင့် ပြည့်စေ၏။ ထိုသို့ စီရင်ပြီးမှ ရှေးဦးစွာသော တွင်း၌ အဆိပ်ပေါက် ၃ ခုတို့ကို ချလေ၏။ ထိုခဏ၌ အခိုးထွက်၍ အလျှံတက်၏။ ထိုအလျှံသည် နွားချေးတွင်း၌ စွဲ၏။ နွားချေးတွင်းမှ အလျှံထပြန်၍ နတ်ဆေးတွင်းသို့ဝင်ပြီးလျှင် နတ်ဆေးတို့ကို ကြေစေလျက် ပျောက်စေ၏။

ထိုအခါ အလမ္ပာယ်သည် တွင်းနား၌ တည်ရှိစဉ် အဆိပ်နှင့်တကွ အခိုးအငွေ့သင့်၍ အလမ္ပာယ်၏ ကိုယ် အရေပေါက်သဖြင့် ကွက်၏။ ထိုအခါမှ တစ်ကိုယ်လုံး နူဖြူဖြစ်လျှင် အလမ္ပာယ်ကား ကြောက်လန့် သည်ဖြစ်၍ ဘုရားလောင်းနဂါးမင်းကို “လွတ်၏ လွတ်၏”ဟု ၃ ကြိမ်ဟစ်၏။

ထိုအသံကို ဘုရားလောင်းနဂါးမင်း ကြားလျှင် ရတနာပခြုပ်မှထွက်၍ တန်ဆာဆင်အပ်သောကိုယ်ကို ဖန်ဆင်းလျက် သိကြားမင်း၏တင့်တယ်ခြင်းဖြင့် ရပ်၏။ သုဒဿန, အစ္စမုခီတို့လည်း ထို့အတူဖန်ဆင်း၍ နေကြကုန်၏။ ထို့နောက်မှာ သုဒဿနသည်

“အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို သိ၏လော။ ဤသူတို့သည် ဤသူ၏ သမီးသာတည်းဟု အရှင်မင်းကြီး မသိသေး။ ကာသိကရာဇ်မင်းကြီး၏ သမီးတော်ဖြစ်သော သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းအား ပေးသောအဖြစ်ကို မှတ်မိပါ၏လော”ဟု မေးလျှင်၊ သြော်၊ မှတ်မိ၏။ “ထိုသမုဒ္ဒဇာကား ငါ့နှမတည်း”ဟု မင်းကြီးဆိုလျှင် သုဒဿနလည်း “အရှင်မင်းကြီး။ အကျွန်ုပ်တို့ကား အရှင်မင်းကြီး၏နှမတော် သမုဒ္ဒဇာ သားတို့တည်း။ သင်မင်းကြီးကား အကျွန်ုပ်တို့ ဦးရီးတော်တည်း”ဟုဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးသည် သုဒဿန, ဘူရိဒတ်နဂါးမင်းတို့၏ လည်ကိုဖက်ပြီးလျှင် ဦးခေါင်းကို နမ်းလျက် ငိုကြွေး၍ ပြာသာဒ်ထက်သို့တင်ပြီးသော် ကြီးစွာသောပူဇော်သက္ကာကိုပြု၍ ဘူရိဒတ် နဂါးမင်းနှင့် စကားပြောပြောခြင်းကို ပြုလျက် “ချစ်သားဘူရိဒတ်။ သင်သည် ဤသို့သောဘုန်းတန်ခိုးနှင့် ပြည့်စုံပါလျက် အလမ္ပာယ် အဘယ့်ကြောင့် ဖမ်းလေသနည်း”ဟု မေးလျှင်၊ ဘုရားလောင်းသည် အလမ္ပာယ် ဖမ်းဟန်အကြောင်းကို အကုန်အစင်ပြန်ပြောပြီးမှ ဦးရီးတော်မင်းကြီးအား မင်းကျင့်တရားကို ပြည့်သွန်ဟောပြော လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုဒဿနသည် "ဦးရီးတော်မင်းကြီး။ အကျွန်ုပ်တို့မယ်တော်သည် ဘူရိဒတ်ကို လခွဲတစ်ကြိမ် မြင်မြဲမမြင်ရသဖြင့် ပင်ပန်းလှ၏။ အကျွန်ုပ်တို့ ကြာမြင့်စွာ မနေသာ။ သွားလိုပါပြီ"ဟု ဆို၏။ မင်းကြီးလည်း "တူတော်တို့။ ငါ၏နှမ သမုဒ္ဒဇာကို သင်တို့အဖ ဆောင်ယူသည်မှစ၍ ပြင်းစွာစိုးရိမ်ခြင်းရှိသောကြောင့် ငါ့အား ပြည်ကိုနှင်းပြီးလျှင် ရဟန်းပြုပြီးသော် ဤမည်သော တောအုပ်၌ နေသည်"ဟု ဆိုလေ၏။

"ဦးရီးတော်မင်းကြီး။ အကျွန်ုပ်တို့မယ်တော်သည် ဦးရီးတော်တို့ကို လည်းကောင်း၊ ဘိုးတော်ကို လည်းကောင်း၊ ဖူးမြင်လို၏။ ဦးရီးတော်သည် ဘိုးတော်ထံ နေ့ရက်ချိန်းချက်၍ကြွတော်မူပါကုန်။ အကျွန်ုပ်တို့သည်လည်း မယ်တော်ကိုဆောင်၍ ဘိုးတော်ထံလာပါမည်။ ထိုအခါ ဆွေတော်မျိုးတော်တို့သည် အချင်းချင်း ဖူးမြင်ကြကုန်အံ့"ဟု ဦးရီးတော်မင်းကြီးအား နေ့ရက်ချိန်းချက်၍ မင်းအိမ်မှ သက်ခဲ့ကုန်၏။

မင်းကြီးလည်း တူတော်တို့ကို ပို့လိုက်၍ ငိုကြွေးလျက် ပြန်လာခဲ့လေ၏။ ထိုအခါ နဂါးညီနောင်မောင်နှမတို့လည်း မြေ၌ငုပ်၍ နဂါးပြည်သို့ သွားလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ မိဇ္ဇာဒိဋ္ဌိကထာ

ဘုရားလောင်း နဂါးပြည်သို့ရောက်လျှင် နဂါးအလုံး အုတ်အုတ်ကျက်ကျက် ငိုကြွေးသောအသံသည် ဖြစ်၏။ ဘုရားလောင်းလည်း အလမ္ဗာယ်ပခြုပ်၌ တစ်လပတ်လုံး ပင်ပန်းလှသောကြောင့် ကြင်နာခြင်းသို့ ရောက်သည် ဖြစ်၍ ပြာသာဒ်ထက်၌ အိပ်၏။ ဘုရားလောင်းထံလာကုန်သော နဂါးအပေါင်းတို့သည်ကား အရေအတွက် အတိုင်းအရှည်မသိ များပြားစွာ၏။ဘုရားလောင်းသည် ထိုနဂါးအပေါင်းတို့နှင့် စကားပြောဟော ခြင်းငှာမတတ်နိုင်။ ပင်ပန်းလှ၏။

ကာဏာရိဋ္ဌသည် နတ်ပြည်သို့ အရှာသွား၍ ဘုရားလောင်းကိုမတွေ့လျှင် ဘုရားလောင်းမရောက်မီ ရှေးဦးစွာပင် ပြည်သို့ ရောက်နှင့်လေ၏။ ထိုအခါ ကာဏာရိဋ္ဌကို 'ဤကာဏာရိဋ္ဌကား စိတ်ကြမ်းတမ်းစွာရှိ၏။ နဂါးပရိသတ်တို့ကို ဘုရားလောင်း ဘူရိဒတ်နဂါးမင်းထံ မဝင်ရအောင် ဆီးတားနိုင်၏' ဟု ဘုရားလောင်း အိပ်ရာပြာသာဒ်၌ တံခါးစောင့် ထား၏။

သုဘောဂလည်း အလုံးစုံသော ဟိမဝန္တာကိုရှာပြီးမှ မဟာသမုဒ္ဒရာကို လည်းကောင်း၊ မြစ်ကြီး မြစ်ငယ်တို့ကို လည်းကောင်း၊ ဘုရားလောင်းကို ရှာဖွေစူးစမ်းသော် ယမုနာမြစ်သို့ ရောက်လေ၏။ 'နေသာဒပုဏ္ဏားလည်း အလမ္ဗာယ် နူသည်ကိုမြင်ရ၍ 'အလမ္ဗာယ်ကား ဘူရိဒတ်နဂါးမင်းကို ဖမ်းယူမိသောကြောင့် နူ၏။ ငါသည်လည်း ထိုဘူရိဒတ်ကို ပတ္တမြား၌ တပ်သော ရမ္မက်ဖြင့် အလမ္ဗာယ်အား ပြညွှန်မိ၏။အဆွေခင်ပွန်းကို ပြစ်မှားမိသော ထိုမကောင်းမှုအကျိုးသည် ငါ၌ ယခုမချွတ် ရောက်လတ္တံ့။ ထို မကောင်းမှုမရောက်မီ ယမုနာမြစ်နားသို့ သွား၍ ပယာဂဆိပ်၌ မကောင်းမှုကို လျှော်အံ့'ဟု ထိုဆိပ်သို့ သွားလေ၏။

ဆိပ်သို့ရောက်လျှင် 'ငါသည် ဘူရိဒတ်နဂါးမင်း၌ အဆွေခင်ပွန်းပြစ်မှားသောအမှုကို ပြုမိ၏။ ထိုမကောင်းမှုကို ဤမြစ်၌ လျှော်အံ့' ဟုငုပ်၏။

ထိုခဏ၌ သုဘောဂသည် ထိုအရပ်သို့ ရောက်လေသော် နေသာဒပုဏ္ဏား ဆိုသောစကားကို ကြား၍ ဤသူယုတ်သည် ကြီးစွာသောစည်းစိမ်ကိုပေးတတ်သော ငါ၏အစ်ကိုကို ပတ္တမြား၌ တပ်ခြင်း ရမ္မက်ကြောင့် အလမ္ဗာယ်အား ပြညွှန်ဘိ၏။ဤသူယုတ်၏အသက်ကို သေစေအံ့' ဟု နေသာဒပုဏ္ဏား၏ ခြေကို မြီးထုးဖြင့်ရစ်၍ ဆွဲငင်ပြီးလျှင် ရေ၌နှစ်မွန်းစေ၏။ အလွန်ပင်ပန်းသောအခါ အတန်ငယ် အရစ်ကို လျှော့ပြန်လျှင် ပုဏ္ဏားဦးခေါင်း ဖော်နိုင်ပြန်၏။ ထိုအခါ ပုဏ္ဏားကို တစ်ဖန်ငင်၍ ရေ၌ နှစ်ပြန်၏။ဤသို့ အကြိမ်များစွာ ဖော်ကာ, နှစ်ကာ သက်သာမရ ပင်ပန်းစေပြီးသော် နေသာဒပုဏ္ဏားသည် ဦးခေါင်းကိုဖော်၍ 'လောကျံ' အစရှိသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"ယမုနာမြစ်သို့သက်၍ ပယာဂဆိပ်၌ 'မကောင်းမှုကို လျှော်ရာဆိပ်'ဟု လူတို့သမုတ်အပ်သော ရေကို သွန်းချိုးလျက်နေသောငါ့ကို ရေ၌နှစ်သည်ကား အဘယ်သူနည်း"ဟု မေး၏။

ထိုစကားကို သုဘောဂကြားလျှင် "ဟယ်၊ ပုဏ္ဏား။ အကြင်နဂါးမင်းကား နဂါးပြည်ကို အစိုးရ၏။ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၏။ ဗာရာဏသီပြည်အလုံး ထက်ဝန်းကျင်ရစ်၍ပါးပျဉ်းဖြင့် ဖုံးလွှမ်းနေသော နဂါးမင်းကို နင် မသိသလော။ ငါကား ထိုနဂါးမင်း၏ သားတော်တည်း။ အမည်ကား သုဘောဂ ဟုထင်ရှား၏"ဟု ဆို၏။

ထိုအခါ နေသာဒ ပုဏ္ဏားသည် 'ဤသူကား ဘူရိဒတ်နဂါးမင်း၏ ညီတည်း။ ငါ့အသက်ကို အရှင်မထားပေရာ။ မချွတ်လျှင် သတ်လတ္တံ့။ သို့ရာတွင်မူကား ထို သုဘောဂကိုလည်းကောင်း၊ သုဘောဂ၏



www.burmeseclassic.com

www.burmeseclassic.com



ဒီဘတို့ကိုလည်းကောင်း၊ အဆင်းကျော်စောခြင်းဖြင့် စိတ်နှလုံးညှိုးသည်၏အဖြစ်ကို ချီးမွမ်း၍ အသက်ကို ချမ်းသာရအောင် တောင်းပန်အံ့ဟု ကြံပြီးသော် "အချင်း။ သင်သည် အကယ်၍ မြွေတကာတို့ထက် မြင့်မြတ်သော နဂါးတို့ကိုအစိုးရသော ကာသိကရာဇ်မင်းကြီး၏သားဖြစ်အံ့။ သင်၏အဖကား နဂါးအပေါင်းတို့တွင် တန်ခိုးကြီးသော နဂါးမင်းတည်း။ သင်၏အမိကား လူတို့တွင် အရှင်ဟုမှတ်အပ်သော အတုမရှိသော ကာသိကရာဇ်မင်း၏ သမီးတော်တည်း။ ထိုသို့ မိမျိုးဖမျိုးအားဖြင့် တန်ခိုးကြီးသော်လည်း ပုဏ္ဏားတို့၏ ကျွန်ကိုမျှ ရေမှာ မနှစ်ထိုက်" ဟုဆိုလေ၏။

ထိုစကားကို ကြားလျှင် သုဘောဂသည် "ဟယ်၊ မကောင်းသော ပုဏ္ဏား။သင်ငါ့ကို လှည့်ပတ်၍ သင် အသက်ရှင်မည် မှတ်သလော။ သင်၏အသက်ကို မရှင်စေရ။ အသေသတ်မည်"ဟု ခြိမ်းခြောက်လျက် နေသာဒပြုသောအပြစ်ကို ထင်စွာ ပြလိုရကား 'ရက္ခံနိဿယ' အစရှိသော ဂါထာတို့ကို ရွတ်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"သစ္စာမျိုးဖြစ်သော ဟယ်၊ ပုဏ္ဏား။ သင်ကား ရေသောက်ဆင်းသောသမင်ကို သစ်ပင်ကိုမှီ၍ ပစ်ဘိ၏။ ထိုသမင်ကား မှန်သော မြား၏အဟုန်ဖြင့် အရပ်ဝေးသို့ ပြေးလေ၏။ ထိုသမင်ကို လိုက်၍ရပြီးသော် ပြန်ခဲ့သဖြင့် ညချမ်းသောအခါ ပညောင်ပင်သို့ ရောက်လာ၏။ ကျေးသား, ဆက်ရက်, ဥဩ, ကြိုးကြာ, သာရကာနှင့် ဟမာ, ငှက်ခါးတို့ဖြင့် တွန်မြူး ကျူးမြည်သောအသံ တစ်ရံမကြွင်း မွေ့လျော်ဖွယ်ရှိသော ဤပညောင်ပင်ရင်းသို့ ကပ်လေ၏။ ထိုပညောင်ပင်ရင်း၌ တန်ခိုးကြီးသော ငါ၏နောင်တော်သည် နဂါးသမီးတို့ဖြင့် ထက်ဝန်းကျင် ခြံရံလျက် တင့်တယ်စံပယ်သည်ကို သင် မြင်လေ၏။ ထိုအခါ သင့်ကို နဂါးပြည်သို့ဆောင်၍ ကြီးစွာသော စည်းစိမ်ဖြင့် ငါ၏နောင်တော် ချီးမြှောက်သည် မဟုတ်တုံလော။ ကျေးဇူးရှင်ဖြစ်သော ငါ့နောင်တော်ကို သင် ပြစ်မှားဘိ၏။ ထိုမကောင်းမှုသည် သင်၌ ယခု ရောက်တော့သည်။ ဟယ်၊ ပုဏ္ဏား။ ငါ့အစ်ကို၌ သင်ပြုသော အမှုသည် ငါစိတ်မပြေပြေအောင်သတ်အံ့။ သင့်လည်ကို ယခုဆန့်၊ သင့်ဦးခေါင်းကို တောက်တောက်ဖြတ်မည်"ဟု ဆိုလေ၏။

ထိုအခါ နေသာဒပုဏ္ဏားသည် 'ဤသူကား ငါ့အသက် အရှင်မထားရာ။ တစုံတစ်ခုဆို၍ လွတ်သော်လည်း လွတ်ပါစေ။ အကြောင်းရှာ၍ ဆိုရဦးတော့မည်' ဟု ကြံလျက်–

'အဇ္ဈာယကော ယာစယောဂီ၊ အာဟုတဂ္ဂိစ ဗြာဟ္မဏော။

ဧတေဟိ တီဟိ ဌာနေဟိ၊ အဝဇ္ဈော ဟောတိ ဗြာဟ္မဏော။ ။'ဟူသောဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား–

"အချင်းသုဘောဂ။ ပုဏ္ဏားတို့သည် ဗေဒအတတ်ကို သင်၏။ အလှူခံ၍လည်း စားတတ်၏။ မီးကိုလည်း ပူဇော်တတ်၏။ ဤ ၃ ပါးသော အကြောင်းတို့ကြောင့် မသတ်အပ်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် သုဘောဂသည် ယုံမှားခြင်း ရှိသည်ဖြစ်၍ 'ဤပုဏ္ဏားကို နဂါးပြည်သို့ ဆောင်ပြီးသော် ငါ့အစ်ကိုကိုမေး၍၊ ပုဏ္ဏားဆိုသောအကြောင်းကို သိအောင်ပြုအံ့' ဟုကြံပြီးလျှင်–

'ယံ ပုရံ ဓတရဋ္ဌဿ၊ ဩဂါဠှံ ယမုနံ နဒိံ။

ဇောတတေ သဗ္ဗသောဝဏ္ဏံ၊ ဂိရိမာဟစ္စ ယာမုနံ။ ။

'တတ္ထ တေ ပုရိသဗျဂ္ဃာ၊ သောဒရိယာ မမ ဘာတရော။

ယထာ တေ တတ္ထ ဝက္ခန္တိ၊ တထာ ဟေဿတိ ဗြာဟ္မဏ။ ။'ဟူသော ၂ဂါထာတို့ကို ရွတ်ပြန်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–



www.burmeseclassic.com

"ဟယ်၊ ပုဏ္ဏားႆ ခမည်းတော်၏ တေရသပြည်သည် ဤယမုနာမြစ်အောက်၌ မြစ်နှင့်မနီးမဝေး ဟိမဝန္တာတောင်ကိုထိလျက် ခပ်သိမ်းသောရွှေအတိ ထွန်းတောက်ပ၏။ ဤသို့ဆိုပြီးလျှင် နေသာဒ ပုဏ္ဏားကို လည်၌ကိုင်လျက် တွန်းငင်ထိုးကြိတ် ဆဲရေး၍ ဘုရားလောင်းအိမ် ပြာသာဒ်တံခါးသို့ ရောက်လေ၏။

ထိုအခါ သုဘောဂကို တံခါးစောင့်ပြု၍နေသော ကာဏာရိဋ္ဌ်မြင်လျှင် သုဘောဂရှိရာလမ်းသို့ သွား၍ "နောင်တော် သုဘောဂ မညှဉ်းဆဲလင့်။ ပုဏ္ဏားတို့မည်သည်ကား ဗြဟ္မာမင်း၏ သားတည်း။ ဗြဟ္မာမင်းသည် အကယ်၍ ညှဉ်းဆဲကြောင်းကို သိအံ့။ 'ငါ့သားကို နဂါးတို့ ညှဉ်းဆဲရမည်လော' ဟု ဗြဟ္မာမင်း အမျက်ထွက်လျှင် ငါတို့နဂါးပြည်အလုံး ပျက်စီးရလတ္တံ့။ လောက၌ ပုဏ္ဏားမည်သည် မြတ်၏၊အာနုဘော်ကြီး၏။ သင်ကား ပုဏ္ဏားတို့အာနုဘော်ကို မသိ။ ငါသာ သိ၏"ဟု ဆို၏။

[ကာဏာရိဋ္ဌ်ကား အခြားမဲ့ လွန်လေပြီးသောဘဝ၌ ယစ်ပူဇော်ခြင်းကိုပြုသောပုဏ္ဏား ဖြစ်သတတ်။ ထိုသို့ ပုဏ္ဏားဖြစ်ဖူးသောကြောင့် ဤစကားကို ဆိုသတည်း။]

ထိုစကားကိုပြောဆိုပြီးလျှင် အစဉ်ဖြစ်ဖူးသောအားဖြင့် ယဇ်ပူဇော်လေ့ရှိသည်ဖြစ်၍ သုဘောဂကို လည်းကောင်း၊ နဂါး ပရိသတ်ကိုလည်းကောင်း ခေါ်၍ "အချင်းတို့။ လာကြကုန်။ ယစ်ပူဇော်ကုန်သော ပုဏ္ဏားတို့ကျေးဇူးကို ငါဆိုအံ့"ဟု ယဇ်ကျေးဇူးကိုကြားလိုရကား-

'အနိတ္တရာ ဣတ္တရ သမ္ပယုတ္တာ၊ ယညာစ ဝေဒါစ သုဘောဂ လောကေ။

တဒ ဂါရယှန္တိ ဝိနိန္ဒမာနော၊ ဇဟာတိ ဝိတ္တဥ္စ သတဥ္စ ဓမ္မံ။ ။' ဟူသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"နောင်တော်သုဘောဂ။ လူ၌ ယဇ်တို့သည် လည်းကောင်း၊ ဗေဒင်တို့သည် လည်းကောင်း မယုတ်ကုန်။ မယုတ်ကုန်သောပုဏ္ဏားတို့သည် ထိုယဇ်ပူဇော်ခြင်း ဗေဒင်အတတ်တို့၌သာ ယုံကြည်ကုန်၏။ ထိုသို့ ယုံကြည်ကုန်သော ပုဏ္ဏားတို့အား မကဲ့ရဲ့အပ်ကုန်။ ကဲ့ရဲ့သောသူတို့အား သူတော်ကောင်းတရားသည် လည်းကောင်း၊ စည်းစိမ် ဥစ္စာသည် လည်းကောင်း၊ ယုတ်လျော့ဆုံးရှုံးခြင်းသို့ ရောက်တတ်၏"ဟု ဆိုပြီးသော်၊ ကာဏာရဋ္ဌ်သည် "နောင်တော် သုဘောဂ။ ဤလူတို့ကို အဘယ်သူ စီရင်သနည်း"ဟု မေး၏။ "ငါမသိ" ဟုဆိုသော် ပုဏ္ဏားတို့၏ အဘိုးဖြစ်သော တန်ခိုးကြီးသောဗြဟ္မာမင်း စီရင်သည်ဟု ပြအံ့သောငှာ-

'အဇ္ဈေန မရိယာ ပထဝိံ ဇနိန္ဒာ၊ ဝေဿာ ကသိံ ပါရိစယဉ္စ သုဒ္ဒါ။

ဥပါဂု ပစ္စေကံ ယထာ ပဒေသံ၊ ကတာဟုံ ဧတေဝသိနာတိ အာဟု။ ။'ဟူသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"နောင်တော်သုဘောဂ။ အသီးသီး ညွှန်သောအတိုင်း ပုဏ္ဏားတို့ကား ဗေဒင်သင်ခြင်းသို့သာ ရောက်ကုန်၏။ မင်းတို့ကား မြေကိုအောင်ခြင်းသို့ ရောက်ကုန်၏။ သူကြွယ်တို့ကား လယ်ထွန်ခြင်းသို့ ရောက်ကုန်၏။ သူဆင်းရဲတို့ကား အမျိုး ၃ပါးတို့အား လုပ်ကျွေးခြင်းသို့ ရောက်ကုန်၏။ ထို အမျိုး ၄ပါးတို့ကို ဗြဟ္မာမင်းသာ စီရင်ဖန်ဆင်းသည်ဟု ဆိုကုန်၏။ဤပုဏ္ဏားတို့ကား ကြီးစွာသောဂုဏ် ရှိ၏။ အကြင်သူသည် ကြည်ညိုသောစိတ်ဖြင့် ထိုပုဏ္ဏားတို့အား လှူအံ့။ထိုသူကား တစ်ပါးအရပ်၌ မဖြစ်ရာပြီ။ နတ်ပြည်သို့သာ သွားရသတည်း။

"နောင်တော် သုဘောဂ ဓာတာမည်သော နတ်၊ ဝိဓာတာမည်သော နတ်၊ ဝရုဏနတ်၊ ကုဝေရနတ်၊ သောမနတ်၊ ယာမာနတ်၊ လနတ်၊ နေနတ်၊ ဤနတ်တို့သည် အထူးထူးသောယဇ်ကို ပူဇော်၍ ဗေဒင်တတ်သော ပုဏ္ဏားတို့အား ခပ်သိမ်းသော အလိုကိုပေး၍ ဤနတ်အဖြစ်သို့ ရောက်ကြလေကုန်၏။

www.burmeseclassic.com



"နှောင်တော် သုဿောဂ။ ဗေဒင်အတတ်ကို တတ်ထသော, သီတင်းသီလကိုလည်း ရှာမှီးလေ့ရှိထသော, အလှူခံခြင်း၌လည်း ယှဉ်ထသော သူဟူ၍ သမုတ်အပ်သောပုဏ္ဏားကို သမုဒ္ဒရာမြစ်သည် မွန်းနစ်စေ၏။ ထို့ကြောင့် မသောက်ကောင်းသတည်း။ နှောင်တော် သုဿောဂ။ ကောင်းမှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ်ဖြစ်သော ပုဏ္ဏားတို့သည် ဤမြေအပြင်၌ ရှိကုန်၏။ အရှေ့,အနောက်, တောင်, မြောက် မျက်နှာအရပ်တို့၌ နှစ်လိုခြင်းကို ပုဏ္ဏားတို့သာ ဖြစ်စေနိုင်ကုန်၏"။

ဤသို့ ကာဏာရိဋ္ဌသည် ၁၄ ဂါထာတို့ဖြင့် ပုဏ္ဏားတို့ကို လည်းကောင်း၊ ယဇ်ပူဇော်သက္ကာတို့ကို လည်းကောင်း၊ ဗေဒင်တို့ကိုလည်းကောင်း ချီးမွမ်း၏။

## ၅။ ဓမ္မကထာခန်း

ထိုအခါ ကာဏာရိဋ္ဌ၏စကားကိုကြား၍ ဘုရားလောင်းနေရာအရပ်သို့ လာကုန်သော များစွာသော နဂါးပရိသတ် အပေါင်းတို့သည် 'ဤကာဏာရိဋ္ဌသည် အမှန်ကို ဆိုပေ၏' ဟု မှားသောအယူရှိသော နဂါးတို့သည် ရောက်လာကုန်၏။

ဘုရားလောင်းဘူရိဒတ်သည်လည်း နေရာမှလျောင်းလျက် ကာဏာရိဋ္ဌ၏အသံကို နာ၍ နေ၏။ နဂါးအပေါင်းတို့သည် ဘုရားလောင်းအား လျှောက်ကြကုန်သော် ဘုရားလောင်းသည်လည်း နောက်မှ ကြံ၏။

'ကာဏာရိဋ္ဌကား မှားသောအယူရှိသောခရီးကို ချီးမွမ်းဘိသည်။ ထိုကာဏာရိဋ္ဌ၏ အယူကိုဖျက်၍ နဂါးပရိသတ်တို့အား ကောင်းသောသမ္မာဒိဋ္ဌိအယူကို ယူစေ'ဟု ဘုရားလောင်းသည် အိပ်ရာမှထ၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော တရားဟောသဘင် ပလ္လင်၌နေပြီးလျှင် အလုံးစုံသော နဂါးပရိသတ်တို့ကို စည်းဝေးကြစေ၍ ကာဏာရိဋ္ဌကိုခေါ်ပြီးလျှင်

"ကာဏာရိဋ္ဌ။ သင်သည် မဟုတ်မမှန်သည်ကိုဆို၍ ဗေဒင်ကို လည်းကောင်း၊ ယဇ်ပူဇော်ခြင်းကို လည်းကောင်း၊ ပုဏ္ဏားတို့ကို လည်းကောင်း ချီးမွမ်းသည်။ အကယ်၍ သင်ဆိုသော စကား သင့်စေ။ ပုဏ္ဏားတို့သည် ဗေဒင်ကိုစီရင်သဖြင့် ယဇ်ပူဇော်ခြင်းကိုကား မကောင်းမှုဟု သမုတ်အပ်၏။ နတ်ရွာသို့ ဆောင်သည် မဟုတ်။ သင့်အယူ မဟုတ်သည်ကို ငါမြင်၏"ဟု ယဇ်ပူဇော်ခြင်း အယူကို ဖျက်လို၍–

– ကလိဟိ ဓီရာနံ ကဋံ မဂါနံ၊ ဘဝန္တိ ဝေဒဇ္ဈဂတာနရိဋ္ဌ။
မရီစိ ဓမ္မံ အသမေက္ခိတတ္တာ၊ မာယာဂုဏာ နာတိဝဟန္တိ ပညံ။ ။

– ဝေဒါန တာဏာယ ဘဝန္တိ ဒဿ၊ မိတ္တဒ္ဒုနော ဘူနဟုနော နရဿ။
န တာယတေ ပရိစိဏ္ဏော စ အဂ္ဂိ၊ ဒေါသန္တရံ မစ္စံ မနရိယကမ္မံ။ ။

– သဗ္ဗဉ္စ မစ္စာ သဓနံ သဘောဂံ၊ အာဒီပိတံ ဒါရု တိဏေန မိဿံ။
ဒဟံ န တပ္ပေ အသမတ္ထတေဇော၊ ကော တံ သုဘိက္ခံ ဒွိရသညု ကယိရာ။ ။



www.burmeseclassic.com

www.burmeseclassic.com



- ယထာပိ ခီရံ ဝိပရိဏာမ ဓမ္မံ၊ ဒဓိ ဘဝိတွာ နဝနီတံပိ ဟောတိ။
ဧဝံပိ အဂ္ဂိ ဝိပရိဏာမဓမ္မော၊ တေဇော သမောရောဟတိ ယောဂ ယုတ္တော။ ။
- န ဒိဿတိ အဂ္ဂိ မနုပ္ပဝိဋ္ဌော၊ သုက္ခေသု ကဋ္ဌေသု နဝေသု စာပိ။
နာမတ္ထမာနော အရဏီနရေန၊ နာကမ္မုနာ ဇာယတိ ဇာတဝေဒေါ။ ။
- သစေ ဟိ အဂ္ဂိ အန္တရတော ဝသေယျ၊ သုက္ခေသု ကဋ္ဌေသု နဝေသုစာပိ။
သဗ္ဗာနိ သုဿေယျု ဝနာနိ လောကေ၊ သုက္ခာနိ ကဋ္ဌာနိစ ပဇ္ဇလေယျုံ။ ။
- ကရောတိ စေ ဒါရု တိဏေန ပုညံ၊ ဘောဇံ နရော ဓူမသိခိံ ပတာပဝံ။
အင်္ဂါရိကာ လောဏကရာ စ သူဒါ၊ သရီရဒါဟာပိ ကရေယျု ပုညံ။ ။
- အထစေ ဟိ ဧတေ နကရောန္တိ ပုညံ၊ အဇ္ဈေန မဂ္ဂိံ ဣဓ တပ္ပယိတွာ။
နကောစိ လောကသ္မိံ ကရောတိ ပုညံ၊ ဘောဇံ နရော ဓူမသိခိံ ပတာပဝံ။ ။
- ကထဉ္ဟိ လောကာ ပစိတော သမာနော၊ အမနုညဂန္ဓံ ဗဟူနံ အကန္တံ။
ယဒေဝ မစ္စာ ပရိဝဇ္ဇယန္တိ၊ တဒပ္ပသတ္ထံ ဒွိရသညု ဘုဉ္ဇေ။ ။
- သိခိမ္ပိ ဒေဝေသု ဝဒန္တိ ဟေကေ၊ အာပံ မိလက္ခူ ပန ဒေဝမာဟု။
သဗ္ဗေဝ ဧတေ ဝိတထံ ဘဏန္တိ၊ အဂ္ဂီန ဒေဝညတရော န စာပေါ။ ။
- အနိန္ဒြိယဗဒ္ဓ မသညကာယံ၊ ဝေဿနရံ ကမ္မကရံ ပဇာနံ။
ပရိစရိယမဂ္ဂိံ သုဂတိံ ကထံ ဝဇေ၊ ပါပါနိ ကမ္မာနိ ပကုဗ္ဗမာနော။ ။
- သဗ္ဗာဘိ ဘူတာဟုဓ ဇီဝိကတ္ထာ၊ အဂ္ဂိဿ ဗြဟ္မာ ပရိစာရိကောတိ။
သဗ္ဗာနုဘာဝီ စ ဝသီ ကိမတ္ထံ၊ အနိမ္မိတော နိမ္မိတံ ဝန္ဒိတဿ။ ။
- ဟဿံ အနိဇ္ဈာနက္ခမံ အတစ္ဆံ၊ သက္ကာရဟေတု ပကိရိံသု ပုဗ္ဗေ။
တေ လာဘသက္ကာရေ အပါတုဘောန္တေ သန္ဓာပိတာ ဇန္တုဘိ သန္တိဓမ္မံ။ ။
- အဇ္ဈေနမရိယာ ပထဝိံ ဇနိန္ဒာ၊ ဝေဿာ ကသိံ ပါရိစရိယဉ္စ သုဒ္ဒါ။
ဥပါဂု ပစ္စေကံ ယထာပဒေသံ၊ ကတာဟု ဧတေ ဝသိနာတိ အာဟု။ ။
- ဧတဉ္စ သစ္စံ ဝစနံ ဘဝေယျ၊ ယထာ ဣဒံ ဘာသိတံ ဗြာဟ္မဏေဟိ။
နာခတ္တိယော ဇာတု လဘေထ ရဇ္ဇံ ၊ နာဗြာဟ္မဏော မန္တပဒါနိ သိက္ခေ။
နာညတြ ဝေဿေဟိ ကသိံကရေယျ၊ သုဒ္ဒေါ န မုစ္စေ ပရ ပေသနာယ။ ။
- ယသ္မာ စ ဧတံဝစနံ အဘူတံ၊ မုသာဝိမေ ဩဒရိယာ ဘဏန္တိ။
တဒပ္ပပညာ အဘိသဒ္ဒဟန္တိ၊ ပဿန္တိ တံ ပဏ္ဍိတာ အတ္တနာဝ။ ။
- ခတျာ ဟိ ဝေဿာနံ ဗလိံ ဟရန္တိ၊ အာဒါယ သတ္ထာနိ စရန္တိ ဗြာဟ္မဏာ။
တံ တာဒိသံ သင်္ခုဘိတံ ပဘိန္နံ၊ ကသ္မာ ဗြဟ္မာ နုဇ္ဇု ကရောတိ လောကံ။ ။
- သစေ ဟိ သော ဣဿရော သဗ္ဗလောကေ၊ ဗြဟ္မာ ဗဟူဘူတပတီ ပဇာနံ။
ကိံ သဗ္ဗလောကံ ဝိဒဟီ အလက္ခိံ၊ ကိံ သဗ္ဗလောကံ နသုခိံ အကာသိ။ ။
- သစေ ဟိ သော ဣဿရော သဗ္ဗလောကေ၊ ဗြဟ္မာ ဗဟူဘူတပတီ ပဇာနံ။
မာယာ မုသာဝဇ္ဇမဒေန စာပိ၊ လောကံ အဓမ္မေန ကိမတ္ထ မကာရိ။ ။



www.burmeseclassic.com

www.burmeseclassic.com



– သစေ ဟိ သော ဉ္ဇာသရော သဗ္ဗလောကေ၊ ဗြဟ္မာ မဟာဘူတပတီ ပဇာနံ။
အစ္စိကော ဘူတပတီ အရိဋ္ဌ၊ ခမ္မေ သတိ ယော ဝိဒဟီ အခမ္မံ။ ။
– ကိဋ္ဌာ ပဋင်္ဂါ ဥရဂါ စ ဓောကာ၊ ဟာဂန္တွာ ကိမိ သုဇ္ဈတိ မက္ခိကာ စ။
ဧတေပိ ဓမ္မာ အနရိယရူပါ၊ ကမ္ဗောဇကာနံ ဝိတထာ ဗဟူနံ။ ။' ဟူသော ၂၁ ဂါထာတို့ကို မိန့်၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ကာဏာရိဋ္ဌ။ ဗေဒင်အတတ်တို့ကား ပညာရှိအား အရှုံးသာတည်း။ ထိုစကားသည် သင့်စေ။ သူမိုက်တို့အား အောင်သောအယူသည် ဖြစ်၏။ အဆင်အခြင်နှင့် မစပ်သောကြောင့် တံလှပ်သဘောကဲ့သို့သော သဘောရှိ၏။ လှည့်ပတ်သော အဖို့ရှိသော ဗေဒင်ကိုကား ပညာရှိတို့သည် မဆောင်ရွက်ကုန်။

"ကာဏာရိဋ္ဌ။ ဗေဒင်တို့ကား ခင်ပွန်းကိုပြစ်မှားတတ်သည့်, အစီးအပွားကိုဖျက်ဆီးတတ်သည့် သူအားလည်း စောင့်ခြင်းငှာ မဖြစ်ကုန်။ လုပ်ကျွေးသောမီးသည်လည်း မကောင်းမှုရှိသော, ပြစ်မှားသော နှလုံးရှိသောလူကို မစောင့်ပေ။

"၂ ခုသောလျှာတို့ဖြင့် အရသာကိုသိသော ကာဏာရိဋ္ဌ။ လူတို့သည် ဥစ္စာစည်းစိမ်တို့ကို ထင်း, မြက်တို့ဖြင့် ရောစ၍ မီးတိုက်အံ့။ ထိုထင်းမြက်တို့ကို လောင်သော, အတုမရှိရှိန်စော်သော ထိုမီးသည် မရောင့်ရဲ။ အဘယ်သူသည် ထိုမီးကို ဝအောင် ပြုနိုင်ပါအံ့နည်း။

"ဥပမာကို ဆိုဦးအံ့။ နို့ရည်လည်း ဖောက်ပြန်သောသဘော ရှိ၏။ နို့ဓမ်းလည်း ဖြစ်၏။ ဆီဦးလည်း ဖြစ်၏။ ဤအတူ ၄င်းမီးသည် ဖောက်ပြန်သောသဘော ရှိ၏။ ထိုမီးသည်ကား လုံ့လယှဉ်မှသာ ဖြစ်သည်။

"မီးသည် ခြောက်ကုန်သောသစ်တို့၌ လည်းကောင်း၊ သစ်ရွက်ခြောက်တို့၌ လည်းကောင်း, ဝင်သည်ကို မထင်။ ထိုမီးကား ပွတ်ကျေပွတ်ခုံတို့ဖြင့် မပွတ်ဘဲမဖြစ်။ အမှုနှင့်ကင်း၍လည်း မဖြစ်။

"ထိုစကားသည်လည်း သင့်စေ။ အကယ်၍ မီးသည် ခြောက်ကုန်သောသစ်တို့၏ လည်းကောင်း၊ သစ်ရွက်တို့၏ လည်းကောင်း၊ အတွင်း၌ နေအံ့။ လောက၌ ခပ်သိမ်းသောတောတို့သည်ကား ခြောက်ကုန်ရာ၏။ ခြောက်သည်ရှိသော် သစ်ပင်တို့၌လည်းကောင်း တောက်ကုန်ရာ၏။

"ကာဏာရိဋ္ဌ။ အကယ်၍ ထင်း, မြက်ဖြင့် အခိုးအလျှံရှိသော မီးကို ကျွေးသောလူသည် ကောင်းမှုကို ပြုသည်ဖြစ်အံ့။ မီးသွေးဖုတ်သော သူတို့သည်လည်းကောင်း၊ ဆားချက်သော သူတို့သည်လည်းကောင်း၊ စားဖိုသည်တို့သည် လည်းကောင်း၊ သူကောင်ဖုတ်သောသူတို့သည် လည်းကောင်း ကောင်းမှုကိုပြုသည် မည်ကုန်အံ့သတည်း။

"အကယ်၍ ထို မီးသွေးဖုတ်သောသူတို့သည် ကောင်းမှုပြုသည် မမည်ကုန်အံ့။ ပုဏ္ဏားတို့သည် လည်းကောင်း၊ တစ်စုံတစ်ယောက်သောသူသည် လည်းကောင်း အခိုးအလျှံနှင့်ယှဉ်သော ပူသောမီးကို အစာဖြင့် ရောင့်ရဲစေ၍ လူ့ရွာ၌ ကောင်းမှုကိုပြုသည် မဖြစ်။

"၂ ခုသောလျှာနှင့် အရသာကိုသိတတ်သော ကာဏာရိဋ္ဌ။ ထိုစကားသည် သင့်စွာ။ လူတို့သည် မနှစ်လိုဖွယ်သောအနံ့ရှိသော, လူတို့သည် မနှစ်လိုအပ်သော အကြင်ခွေးကောင်ပုပ်, မြွေကောင်ပုပ် စသည်တို့ကို ကျွေးကုန်၏။ စက်ဆုပ်ဖွယ်ရှိသော ထိုအကောင်ပုပ်စသည်တို့ကို သင်၏မီးသည် ပူဇော်လျက် အဘယ့်ကြောင့် စားချေအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ထိုစကားသည် သင့်စေဦး။ အချို့သောသူတို့ကား နတ်တို့တွင် မီးကို နတ်ဟူ၍ ဆိုကြကုန်၏။ တောင်သူတို့ကား ရေကို နတ် ဟူ၍ ဆိုကုန်၏။ အလုံးစုံသော ဤသူတို့ကား ချွတ်လွဲသောစကားကို ဆိုကုန်၏။ မီးသည်လည်း တစ်ပါးသောနတ်သည် မဖြစ်၊ ရေသည်လည်း တစ်ပါးသောနတ်သည် မဖြစ်။

"ဣန္ဒြေနှင့်မစပ် ကိုယ်စိတ်လည်းမရှိ သတ္တဝါတို့၏အမှုကိုပြုသော ထိုမီးကိုလုပ်ကျွေး၍ မကောင်းမှုကို ပြုသောသူသည် နတ်ရွာ၌ အဘယ်သို့ လားရအံ့နည်း။

"ကာဏာရိဋ္ဌ။ ဤလူ့ရွာ၌ အသက်မွေးလိုသောကြောင့် 'ဗြဟ္မာမင်းသည် ခပ်သိမ်းသောလောကကို အစိုးရ၏' ဟူ၍ လည်းကောင်း၊ မီးကို လုပ်ကျွေးအပ်၏ ဟူ၍လည်းကောင်း၊ ခပ်သိမ်းသောလောကကို ဖြစ်စေတတ်သည် ဟူ၍လည်းကောင်း၊ မီးသာလျှင် မိမိအလိုသို့လိုက်သည် ဟူ၍လည်းကောင်း ဆိုရာအံ့။ ထိုသို့မှန်လျှင် အဘယ်ကြောင့် မိမိ မဖန်ဆင်းနိုင်ဘဲလျက် သူတစ်ပါးဖန်ဆင်းသောမီးကို ရှိခိုးသနည်း။

"ပုဏ္ဏားတို့၏စကားသည် ဆင်ခြင်ခြင်းငှာ မခန့်၊ အချည်းနှီး ရယ်ဖွယ်သာ ရှိ၏။ ထိုပုဏ္ဏားတို့ကား ရှေး၌ လာဘ်ပူဇော်သက္ကာ မရှိခြင်းကြောင့် လာဘ်ပူဇော်သက္ကာကို လိုသည်ဖြစ်၍ ဇန္နု ဟုသမုတ်အပ်သော ယဇ်ကျမ်းကို ဖွဲ့လုပ်စီရင်ကုန်၏။ အသီးအသီး မိမိတို့ညွှန်းသောအတိုင်း ပုဏ္ဏားတို့ကား ဗေဒင်သင်ခြင်း၊ မင်းတို့ကား မြေကို အောင်ခြင်း၊ သူကြွယ်တို့ကား လယ်လုပ်ကုန်သွယ်ခြင်း၊ သူဆင်းရဲတို့ကား အမျိုး၃ပါးတို့၏ အလုပ်အကျွေး ဖြစ်ကုန်၏။ ထို အမျိုး ၄ပါးတို့ကို ဗြဟ္မာမင်းသာ စီရင်ဖန်ဆင်းသည်ဟု ရှေးသူဟောင်းတို့ ဆိုကြောင်းကို ပုဏ္ဏားတို့ ဆိုကုန်၏။

"ပုဏ္ဏားတို့ဆိုတိုင်း ထိုစကားမှန်လျှင် မင်းမျိုးမဟုတ်သူ မင်းအဖြစ်ကို မရရာ။ ပုဏ္ဏားမဟုတ်သူ ဗေဒင်မသင်ရာ။ သူကြွယ်မဟုတ်သူ လယ်လုပ်ကုန်သွယ် မပြုရာ။ သူဆင်းရဲအမျိုးလည်း သူ့အစေအပါးမှ မလွတ်ရာ။ ထိုသို့ကား မဟုတ်။ မင်း မဟုတ်သူလည်း မင်းအဖြစ်ကိုရ၏။ ပုဏ္ဏား မဟုတ်သူလည်း ဗေဒင်သင်၏။သူကြွယ် မဟုတ်သူလည်း ကုန်သွယ်လယ်လုပ်၏။ သူဆင်းရဲလည်း သူ့အစေအပါးမှ လွတ်၏။ ဤသို့ လောကတွင် ထင်ရှားရှိသောကြောင့် ပုဏ္ဏားတို့စကား မမှန်။ ဝမ်းကိုဝလိုသောကြောင့် မဟုတ်မမှန်သော စကားဖြင့် လှည့်ပတ်၍ဆိုကုန်၏။ ထိုပုဏ္ဏားတို့စကားကို ပညာနည်းသောသူတို့သာ ယုံကုန်သည်။ ပညာရှိတို့ မယုံကုန်။

"ထိုစကားသည် မှန်လှ၏။မင်းတို့သည် သူကြွယ်တို့၏အခွန်ကို တောင်းယူကုန်၏။ ပုဏ္ဏားတို့ကား ဓားလက်နက်တို့ကိုယူ၍ သွားကုန်၏။ ထိုသို့ မညီမညွတ် ချောက်ချောက်ချားချား လူအများ စီးပွားယုတ်လျော့ ပျက်စီးကြောင်းကို အဘယ့်ကြောင့် ဗြဟ္မာသည် ဖြောင့်မှန်ညီညွတ်အောင် မစီရင်သနည်း။

အကယ်၍ "ဗြဟ္မာမင်းသည် ခပ်သိမ်းသောလောကကို အစိုးရ၏" ဟူသော ပုဏ္ဏားတို့စကား မှန်အံ့။ အဘယ့်ကြောင့် လူအပေါင်းတို့၏ဆင်းရဲကို ပြုသနည်း။ လူတို့၏ အရှင်မှန်လျှင် ချမ်းသာကိုသာ ဆောင်ရမည် မဟုတ်လော။

"ထိုစကားသည် သင့်စွာ။ ဗြဟ္မာမင်းသည် ခပ်သိမ်းသောလောကကို အစိုးရသည်ဖြစ်၍ လူအပေါင်း တို့၏အရှင် အကယ်၍ ဖြစ်အံ့။ လှည့်ပတ်သဖြင့် လည်းကောင်း၊ မဟုတ်မမှန် ပြောဆိုသဖြင့် လည်းကောင်း၊ မေ့လျော့သဖြင့် လည်းကောင်း၊ မတရားသဖြင့် လည်းကောင်း လူတို့ကို အဘယ့်ကြောင့် အကျိုးစီးပွားမဲ့ ပြုစေသနည်း။



www.burmeseclassic.com

"ငါညီ ကာဏာရိဋ္ဌ။ ထိုဗြဟ္မာသည် ခပ်သိမ်းသောလောကကို အစိုးရသည်ဖြစ်၍ လူအပေါင်းတို့ အရှင် ဖြစ်အံ့။ တရားထင်ရှားရှိလျက် မတရားကို အဘယ့်ကြောင့် ဆောက်တည်စေသနည်း။ဗြဟ္မာကား အဓမ္မကို ကျင့်စွာတကား။

"ပေါက်ဖတ်,ကင်း,သန်း,နံ့,မြွေ, ဖား,ငါး, ယင်,မှက်,ပိုးရွ, ခြပုန်းတို့ကို သတ်၍ စင်ကြယ်၍ဟူသော အယူဝါဒ အဓမ္မသဘောသည် ကမ္ဗောဇတိုင်းသားတို့၏ အဓမ္မသဘောတည်း"

ဤမှတစ်ပါး ပုဏ္ဏားတို့၏ ချွတ်လွဲသောသဘောကို ပြလိုရကား-

- သစေ ဟိ သော သုဇ္ဈတိယော ဟနာတိ၊ ဟတောပိ သော သဂ္ဂ မုပေတိဌာနံ။
  ဘောဝါဒီ ဘောဝါဒိန မာရယေကျုံ၊ ယေစာပိ တေသံ အဘိသဒ္ဒဟေယျုံ။ ။
- နေဝ မဂါ န ပသု နောပိ ဂါဝေါ၊ အာယာစန္တိ အတ္တဝဓာယ ကေစိ။
  ဝိပ္ဖန္ဒမာနေ ဣဓ ဇီဝိကဉ္စာ၊ ယညေသု ပါဏေ ပသုမာရဘန္တိ။ ။
- ယူပုဿနေ ပသုဗန္ဓေ စ ဗာလာ၊ စိတ္တေဟိ ဝဏ္ဏေဟိ မုခံ နယန္တိ။
  အယန္တေ ယူပေါကာမဒုဟော ပရတ္ထ၊ ဘဝိဿတိ သဿတော သမ္ပရာယေ။ ။
  သစေ စ ယူပေ မဏိ သင်္ခမုတ္တံ၊ ဓညံ ဓနံ ရဇတံ ဇာတရူပံ။
- ကုတော စ ယူပေ မဏိသင်္ခမုတ္တံ၊ ဓညံ ဓနံ ရဇတံ ဇာတရူပံ။
  သုက္ခေသု ကဋ္ဌေသု နဝေသုစာပိ၊ သစေ ဒုဟေ တိဒိဝေ သဗ္ဗကာမေ။
  တေဝိဇ္ဇ သံဃာဝ ပုထူ ယဇေယျုံ၊ နဗြာဟ္မဏံ ကိဉ္စိ န ယာစယေယျုံ။ ။
  ကုတော စ ယူပေ မဏိသင်္ခမုတ္တံ၊ဓညံ ဓနံရ ဇတံ ဇာတရူပံ။
- သုက္ခေသု ကဋ္ဌေသု နဝေသုစာပိ၊ ကုတော ဒုဟေ တိဒိဝေ သဗ္ဗကာမေ။ ။
  သဌာ စ လုဒ္ဒါစ ပလုဒ္ဒါဗာလာ၊ စိတ္တေဟိ ဝဏ္ဏေဟိ မုခံ နယန္တိ
- အာဒါယ အဂ္ဂိံ မမ ဒေဟိ ဝိတ္တံ၊ တတောသုခီ ဟောဟိတိ သဗ္ဗကာမေ။
  တမဂ္ဂိဟုတ္တံ သရဏံ ပဝိဿ၊ စိတ္တေဟိ ဝဏ္ဏေဟိ မုခံ နယန္တိ။
  ဩရောပယိတွာ ကေသမဿု နခဉ္စ၊ ဒေဟိဝိတ္တံ အတိဂါဠှယန္တိ။ ။
- ကာကာ ဥလူကံ ဝရဟော လဘိတွာ၊ ဧကံသမာနံ ဗဟုကာ သမေစ္စ။
  အန္နာနိ ဘုတွာ ကုဟကာ ကုဟိတွာ၊ မုဏ္ဍံ ကရိတွာ ယညပထော သဇန္တိ။ ။
- ဧဝဉှိ သော ဝဉ္စိတော ဗြာဟ္မဏေဟိ၊ ဧကော သမာနော ဗဟုကာ သမေစ္စ။
  တေ ယောဂယောဂေန ဝိလုမ္ပမာနာ၊ ဒိဋ္ဌံ အဒိဋ္ဌေန ဓနံ ဟရန္တိ။ ။
- အကာသိ ယာ ရာဇူဟိဝါ နုသိဋ္ဌာ၊ တဒဿ အာဒါယ ဓနံ ဟရန္တိ။
  တေတာဒိသာ စောရသမာ အသန္တာ၊ ဝဇ္ဈာန ဟညန္တိ အရိဋ္ဌ လောကေ။ ။
- ဣန္ဒဿ ဗာဟာရသိ ဒက္ခိဏာတိ၊ ယညေသု ဆိန္ဒန္တိ ပလာသယလဋ္ဌိံ။
  တံစေပိ သစ္စံ မဃဝါ ဆိန္နဗာဟု၊ ကေနဿ ဣန္ဒော အသုရေ ဇိနာတိ။ ။
- တဉ္စေဝ တုစ္ဆံ မဃဝါ သမင်္ဂီ၊ ဟန္တာ အဝဇ္ဈော ပရမော သုဒေဝေါ။
  မန္တာ ဣမေ ဗြာဟ္မဏာ တုစ္ဆရူပါ၊ သန္ဒိဋ္ဌိကာ ဝဉ္စနာ ဧသလောကေ။ ။
- မာလာဂိရိ ဟိမဝါယော စ ဂိဇ္ဈော၊ သုဒဿနော နိသဘော ကုဝေရု။
  ဧတေစ အညေစ နဂါ မဟန္တာ၊ စိတျာ ကတာ ယညကရေဘိမာဟု။ ။

www.burmeseclassic.com



– ယထာပကာရာနိပဟိ ဉာဏ္ဍကာနိ၊ စိတျာကတာယညကရောဘိမာဟု။
နပဗ္ဗတာ ဟောန္တိ တထာပကာရာ၊ အညာဒိသာ အစလာ တိဋ္ဌသေလာ။ ။
– နဣဋ္ဌကာ ဟောန္တိ သိလာစိရေန၊ နတတ္ထ သဉ္ဇာယတိ အယောနလောဟံ။
ယညဥ္စတော် ပရိဝဏ္ဏယန္တာ၊ စိတျာကတာ ယညကရေဟိမာဟု။ ။
– အဇ္ဈာယကံ မန္တဂုဏုပပန္နံ၊ တပဿိနံ ယာစယောဂေါတိစာဟု။
တီရေ သမုဒ္ဒဿုဒကံ သဇ္ဇန္တံ၊ တံသာဂရဇ္ဈော ဟရိတေနာပေယျော။ ။
– ပရော သဟဿံပိ သမန္တံ ဝေဒေ၊ မန္တူပပန္နေ နဒိယော ဝဟန္တိ။
န တေန ဗျာပန္နရသုဒကာနိ၊ ကသ္မာသမုဒ္ဒေါ အတုလော အပေယျော။ ။
– ယေကေစိ ကူပါဣဓမိဝလောကေ၊လောဏူဒကာ ကူပခဏေဟိ ခတာ။
န ဗြာဟ္မဏဇ္ဈော ဟရိဏေနကေသ၊ အာပေါ အပေယျော ဒွိရသညုအာဟု။ ။
– ပုရေ ပုရတ္ထာ ကာကဿ ဘရိယာ၊ မနော မနုဿံ အဇနေသိ ပုဗ္ဗေ။
တေနာပိ ဓမ္မေနနကောစိ ဟီနော၊ ဧဝံပိ ဝေါသဂ္ဂ ဝိဘင် မာဟု။ ။
– စဏ္ဍာလပုတ္တောပိ အဓိစ္စ ဝေဒေ၊ ဘာသေယျ မန္တေ ကုသလော မတိမာ။
နတဿ မုဒ္ဓါပိ ဖလေယျ သတ္တဓာ၊ မန္တာ ဣမေ အတ္တဝဓာယ ကတာ။ ။
– ဝါစာကတာ ဂိဒ္ဓိကတာ ဂဟိတာ၊ ဒုမ္မောစယာ ကဗျပထာ နုပ္ပန္နာ။
ဗာလာနံ စိတ္တံ ဝိသမေ နိဝိဋ္ဌံ၊ တဒပ္ပပညာ အဘိသဒ္ဒဟန္တိ။ ။
– သီဟဿ ဗျဂ္ဃဿစ ဒီပိနောစ၊ နဝိဇ္ဇတိ ပေါရိသိယံ ဗလေန။
မနုဿဘာဝေါစ ဂဝံပေက္ခော၊ ဇာတိဟိတေသံ အသမာသမာနံ။ ။
– သစေစ ရာဇာ ပထဝိံ ဝိဇိတွာ၊ သဇီဝဝါ အဿဝ ပါရိသဇ္ဇော။
သယမေဝသောသတ္တု သံဃံ ဝိဇေယျ၊ တဿ ပဇာ နိစ္စသုခီဘဝေယျ။ ။
– ခတ္တိယ မန္တာစ တယောစ ဝေဒါ၊ အတ္ထေန ဧတေ သမကာ ဘဝန္တိ။
တေသဉ္စ အတ္ထံ အဝိနိစ္ဆိနိတွာ၊ နဗုဇ္ဈတိ ဩဃပထံဝ ဆန္နံ။ ။
– ခတ္တိယမန္တာစ တယောစ ဝေဒါ၊ အတ္ထေန ဧတေ သမကာ ဘဝန္တိ။
လာဘောအလာဘော ယသောအယသောစ၊ သဗ္ဗေဝ တေသံ စတုန္နဥ္စ ဓမ္မာ။ ။
– ယထာပိ ဣဗ္ဘာဓနေ ဓနဟေတု၊ ကမ္မာနိ ကရောန္တိ ပုထူပထဗျာ။
တေဝိဇ္ဇသံဃာပိ တထေဝ သဒ္ဒါ၊ ကမ္မာနိ ကရောန္တိ ပုထူပထဗျာ။ ။
– ဣဗ္ဘေဟိ ယေတေ သမကာ ဘဝန္တိ၊ နိစ္စုဿုကာ ကာမဂုဏေသု ယုတ္တာ။
ကမ္မာနိ ကရောန္တိ ပုထူပထဗျာ၊ တဒပ္ပပညာ ဒွိရသညုရာတေ။ ။' ဟူသော ၂၇ ဂါထာတို့ကို ဆို၏။ ထိုဂါထာတို့၏ အဓိပ္ပာယ်ကား–

"ငါ့ညီ ကာဏာရိဋ္ဌ။ အကယ်၍ အကြင်သူသည် သတ်၏။ ထို သတ်သောသူသည် အပြစ်မှ စင်ကြယ်အံ့။ အကြင်သူကိုသတ်၍ နတ်ပြည်သို့ ရောက်သည် မှန်အံ့။ ပုဏ္ဏားတို့သည် မိမိတို့အချင်းချင်း သတ်ကုန်ရာ၏။ ပုဏ္ဏားတို့ဆိုတိုင်း ယုံကြည်ကုန်သော လူအပေါင်းတို့သည်လည်း အချင်းချင်း သတ်ကုန်ရာ၏။



www.burmeseclassic.com

"အချို့သော သားသမင်တို့ကား မိမိကိုယ်ကို သတ်အံ့သောငှာ မတောင်းပန်ကုန်။ ဆိတ်, နွား, ကြက်, ဝက် အစရှိသောသတ္တဝါတို့သည်လည်း မိမိကိုယ်ကို သတ်စိမ့်သောငှာ မတောင်းပန်ကုန်။ ထိုသို့လျက် ယဇ်တွင်း၌ နွားအစရှိသောသတ္တဝါတို့ကို တုန်လှုပ်စေလျက် အသက်ရှည်လိုသောငှာဟု သတ်ကြကုန်၏။

"သူမိုက်တို့ကား ဤယဇ်သည် တမလွန်ဘဝ၌ အလိုကိုပေးတတ်သည် ဖြစ်လတ္တံ့။ တမလွန်၌ အမြဲချမ်းသာကို ပေးလတ္တံ့ ဟု နွားချေးစုဝယ် စိုက်ထားအပ်သောယဇ်တိုင်၌ ဆန်းကြယ်စွာသောအကြောင်းတို့ဖြင့် မျက်နှာကို ကြည်ညိုစေကုန်၏။ အကယ်၍ ယဇ်တိုင်၌ လည်းကောင်း၊ သစ်ခြောက်, သစ်စိုတို့၌ လည်းကောင်း၊ ပတ္တမြား, ခရုသင်း, ပုလဲ, ရွှေ, ငွေ, ဆန်စပါးဥစ္စာများကို လည်းကောင်း၊ နတ်ပြည်ကိုလည်းကောင်း ပေးတတ်သည် မှန်အံ့။ ထိုပုဏ္ဏားအပေါင်းတို့သည် များစွာ ပူဇော်ကုန်အံ့သတည်း။ တစ်စုံတစ်ယောက်သော ပုဏ္ဏားတို့သည် မပူဇော်ကုန်။ ယဇ်၌ လည်းကောင်း၊ သစ်ခြောက်, သစ်စိုတို့၌ လည်းကောင်း၊ ပတ္တမြား, ခရုသင်း, ပုလဲ ရွှေ,ငွေ, ဆန်စပါး ဥစ္စာများကို လည်းကောင်း၊ နတ်ပြည်၌ ခပ်သိမ်းသော အလိုကို လည်းကောင်း အဘယ်မှာလျှင် ပြည့်စုံစေနိုင်အံ့နည်း။

"ကြမ်းကြုတ်ယုတ်မာ စဉ်းလဲစွာသောပုဏ္ဏားမိုက်တို့သည် ဖြားယောင်းလျက် မီးကိုစွဲ၍ ငါ့အား ဥစ္စာပေးလော့။ငါတို့ ပုဏ္ဏားအား ဥစ္စာကိုပေးလှူရအောင် ခပ်သိမ်းသောအလိုကိုရ၍ ချမ်းသာလတ္တံ့။ ဆန်းကြယ်စွာသောအကြောင်းတို့ဖြင့် မျက်နှာကို ရွှင်စေ၏။ မီးပူဇော်ရာ အုံတွင်းသို့ဝင်၍ ဆန်းကြယ်စွာသော အကြောင်းဖြင့် မျက်နှာကို ရွှင်စေကုန်၏။ ဆံမုတ်ဆိတ်,ခြေသည်း, လက်သည်းတို့ကိုလည်း ရိတ်ဖြတ်၍ မီး၌ ထည့်ကုန်၏။ ဗေဒင်တို့ဖြင့် ဥစ္စာကိုလည်း ဖျက်ဆီးကုန်၏။

"များစွာကုန်သောကျီးတို့သည် တစ်ခုသောခင်ပုပ်ကို ခြံရံကုန်၍ ထမင်းသောဇဉ်တို့ကို စားသောက်လျက် ဦးခေါင်းဖြင့်ပြည့်စေ၍ ယဇ်ပူဇော်ရာအရပ်သို့ ကပ်လေကုန်၏။ထိုပုဏ္ဏားတို့သည် တစ်ယောက်တည်းသော မင်းအား များစွာလှည့်ပတ်ခြင်းဖြင့် လုယက်ကုန်လျက် မျက်မှောက်ထင်ထင်မြင်သော ဥစ္စာကို မမြင်မသိရသော နတ်ရွာဖြင့် လှည့်ပတ်၍ ဆောင်ကုန်၏။ မင်းတို့သည် ဆုံးမအပ်သော မင်းချင်းကဲ့သို့ မင်း၏ဥစ္စာကိုယူ၍ ဆောင်လေကုန်သော ခိုးသူနှင့်တူသော သူတော်မဟုတ် ယုတ်လှစွာသောထိုပုဏ္ဏားတို့ကို သတ်ထိုက်လျက် လူ့ပြည်၌ မသတ်မညှဉ်းဆဲကုန်။

"ကာဏာရိဋ္ဌ။ နာဦးလော့။ ပုဏ္ဏားတို့သည် ပေါက်ကိုင်းကို သိကြားမင်းလက်ရုံးဟု ယဇ်ပူဇော်ရာ၌ ဖြစ်ကုန်၏။ အကယ်၍ ထိုစကား မှန်အံ့။ နတ်တို့ကိုအစိုးရသော သိကြားမင်းသည် လက်ရုံးပြတ်ရကား အဘယ့်ကြောင့် လက်ရုံးဖြင့် အသုရာတို့ကို အောင်နိုင်အံ့နည်း။ ထိုစကား မမှန်။ သိကြားမင်းသည် ဘုန်းလက်ရုံးနှင့်လည်း ပြည့်စုံ၏။ ထိုနတ်မင်းကား ပုတ်ခတ်၍ မသတ်အပ်သော နတ်မြတ်တည်း။ပုဏ္ဏား၏ ဗေဒင်တို့ကား အကျိုးမရှိ။ ဤလှည့်ပတ်ခြင်းကား လူ၌ မျက်မှောက်ဖြစ်သော လှည့်ပတ်ခြင်းတည်း။

"မာလာဂိရိတောင်, ဟိမဝန္တာတောင်, ဂိဇ္ဈတောင်, သုဒဿနတောင်, နိသဘောဂတောင်, ကုဝေရတောင် ဤတောင်တို့ကိုလည်းကောင်း, ဤမှတစ်ပါးသော တောင်တို့ကိုလည်းကောင်း၊ ပုဏ္ဏားတို့သည် ယဇ်ပူဇော်သောအခါ အုတ်ဖြင့်စီ၍ စီရင်ကုန်၏။ ထိုစကား သင့်ဖွ။ အကြွင်အုတ်တို့ကို ယူ၍ ယဇ်ပူဇော်သောသူတို့သည် စီရင်၍ ပြုကုန်၏ဟု ဆိုကုန်၏။ တောင်တို့ကား အုတ် မဖြစ်ကုန်။ မတုန်မလှုပ် တည်ကုန်၏။ အုတ်တို့သည်

www.burmeseclassic.com



ကြာမြင့်သဖြင့် ကျောက် မဖြစ်၊ ကြေးတို့သည်လည်း သံ မဖြစ်ကုန်။ ဤယဇ်ကို ချီးမွမ်းအပ်ကုန်၏။ ယဇ်ပူဇော်သော သူတို့သည် အုတ်ဖြင့်စီရင်၍ ပြုအပ်သောကြောင့် ကောင်းသည်ဟု ဆိုကုန်၏။ မန္တရား ဗေဒင်အတတ် အကျင့်သီတင်းနှင့် ပြည့်စုံသော ပုဏ္ဏားတို့ကို အလှူခံခြင်းနှင့် ယှဉ်သောသူဟူ၍လည်း ဆိုကုန်၏။ သမုဒ္ဒရာရေကို သွန်ထသော ထိုပုဏ္ဏားကို သမုဒ္ဒရာရေသည် နှစ်မိ၏။ ထို့ကြောင့် မသောက်ကောင်းသတည်း။ ဗေဒင်နှင့် ပြည့်စုံကုန်သောပုဏ္ဏားတို့ကို အထောင်မကသောမြစ်တို့သည် မျှော်လေကုန်၏။ ထိုမြစ်တို့သည် မသောက်ကောင်းသည် မဖြစ်။ အဘယ်ကြောင့် အတုမရှိသော သမုဒ္ဒရာရေကိုသာလျှင် မသောက်ကောင်း ပြုဘိသနည်း။

"လျှာ ၂ ခုရှိသော ကာဏာရိဋ္ဌ။ ဤလူ့ရွာ၌ အကြင်တွင်းတို့သည် ဆားငန်ရေအတိသာ ရှိကုန်၏။ ထိုတွင်းတို့သည် ပုဏ္ဏားတို့ကို မနှစ်။ ထိုသို့မနှစ်ဘဲလျက် အဘယ့်ကြောင့် မသောက်ကောင်းသနည်း။ ရှေးကမ္ဘာဦးအစ၌ အဘယ်အမည်ရှိသော မိန်းမသည် အဘယ်မည်သောသူ၏ မယားနည်း, ဤစိတ်သည်လူကို ဖြစ်စေတတ်၏။ ထိုသဘောဖြင့် တစ်စုံတစ်ယောက်သောသူသည်မရှိ။ ဤသို့သော်လည်း မိမိပြုသော ကြံမှုဖြင့် သူယုတ်ဖြစ်သည်ဟု ဆိုကုန်၏။

"ပညာရှိသော ဒွန်းစဏ္ဍားတို့၏သားသည်လည်း ဗေဒင်ကိုသင်၍ မန္တန်တို့ကို ဆိုအံ့။ ထိုဒွန်းစဏ္ဍား သား၏ ဦးခေါင်း ၇ စိတ် ကွဲရာ၏။ ဤဗေဒင်ကား မိမိကိုယ်ကို သတ်အံ့သောဓား မပြုသတည်း။ ဤဗေဒင်တို့ကား စကားဖြင့်ကြံ၍ သိကုန်၏။ လာဘ်သပ်ပကာကို လိုသဖြင့်ပြုကုန်၏။ ကဗျာပြုကုန်သော ပုဏ္ဏားတို့၏စကားသို့ လိုက်ရကား လွန်နိုင်ခဲ၏။ သူမိုက်တို့၏စိတ်နှလုံးကား မသင့်မတင့်သောအရာ၌လည်း နှလုံးဝင်လွယ်၏။ ထိုဗေဒင်ကို ပညာနည်းသောသူတို့သာ ယုံကြည်ကုန်၏။ ခြင်္သေ့, သစ်, ကျား, လူယောကျ်ား ထိုသူတို့၏ အားသည် ရှိ၏။ ထိုယောကျ်ားတို့အားနှင့် ပြည့်စုံသော ပုဏ္ဏားမည်သည်ကား မရှိ။ လူ့အဖြစ်ကိုလည်း နွားကဲ့သို့ ရှုအပ်၏။ ထိုပုဏ္ဏားတို့၏ ပညာမရှိသောအဖြစ်သည်ကား နွားနှင့်တူ၏။ ဇာတ်သာမတူ။ အကယ်၍ မင်းသည် မြေကြီးကိုမအောင်မူ၍ အမတ်နှင့်တကွ စကားနာသော အခြင်းအရာဖြင့် ပြည့်စုံသည်ဖြစ်ရာ၏။ ထိုမင်းသည် မိမိအလိုလိုလျှင် ရန်သူအပေါင်းကို အောင်သည်ဖြစ်ရာ၏။ ထိုမင်း၏အချင်းကား အမြဲချမ်းသာသည် ဖြစ်ရာ၏။

"ယတြာ စသောကျမ်း, မင်း စသောကျမ်းတို့သည် လည်းကောင်း၊ ဗေဒင် ၃ပုံတို့သည် လည်းကောင်း၊ ဤကျမ်းတို့ကား အနက်အားဖြင့် ဇာတ်တူကုန်၏။ ထိုကျမ်းတို့သည်လည်း အနက်ကို မဆုံးဖြတ်မူ၍ ရေအလျဉ်ဖြင့် ဖုံးလွှမ်းသောခရီးကဲ့သို့ မသိ။

"ယတြာစသောကျမ်း မင်းစသော ကျမ်းတို့သည် လည်းကောင်း၊ ဗေဒင် ၃ပုံတို့သည် လည်းကောင်း၊ ဤကျမ်းတို့သည်ကား အနက်အားဖြင့် ဇာတ်တူဖြစ်ကုန်၏။လာဘ်ရခြင်း, မရခြင်းလည်းကောင်း၊ အခြံအရံရှိခြင်း, မရှိခြင်း လည်းကောင်း၊ ခပ်သိမ်းသောတရားတို့သည်ကား ထိုအမျိုး ၄ပါးတို့၏ တရားတို့တည်း။

"ဥပမာ မည်သည်ကား–သူကြွယ်တို့သည် ဥစ္စာစပါးတို့ကို လိုသောကြောင့် များစွာမြေ၌ အမှုတို့ကို ပြုစေကုန်၏။ ထိုပုဏ္ဏားအပေါင်းတို့သည် လည်းကောင်း၊ များစွာသော သူဆင်းရဲတို့သည် လည်းကောင်း၊ များစွာမြေ၌ အမှုတို့ကို ပြုစေကုန်၏။ ၂ ခုသောလျှာဖြင့် အရသာကိုသိတတ်သော ကာဏာရိဋ္ဌ။ ထိုစကားသည် သင့်စွ။ ဤသူကြွယ်တို့သည်ကား ဇာတ်တူ ဖြစ်ကုန်၏။ မပြတ်ကြောင့်ကြံမှုကုန်၏။ကာမဂုဏ်တို့၌ ယှဉ်ကုန်၏။ များစွာမြေ၌ အမှုတို့ကို ပြုစေကုန်၏။ ထို့ကြောင့် ပညာနည်းသော ပုဏ္ဏားတို့ကား တရားမှကျင့်ကြောင်း ဝေးကုန်၏"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားလောင်းဘူရိဒတ်သည် ထိုပုဏ္ဏားတို့အယူကို ဖျက်ဆီး၍မိမိအယူ၌ တည်စေ၏။

ထိုအခါ ဘုရားလောင်း၏တရားစကားကို ကြား၍ ခပ်သိမ်းသော နဂါးပရိသတ်အပေါင်းတို့သည် နှစ်လို့ဝမ်းမြောက်ကြကုန်၏။ဘုရားလောင်းသည်ကား နေသာဒပုဏ္ဏားကို နဂါးပြည်မှ နှင်ထုတ်စေ၏။ ထိုပုဏ္ဏားမှဆိုးအား ရေစွတ်ခြင်းကိုမျှ မပြု။သာဂရဗြဟ္မဒတ်မင်းသည်လည်း ဆုံးဖြတ်သောနေ့ကို မလွန်စေမူ၍ စစ်အင်္ဂါ ၄ပါးဖြင့် ခြံရံလျက် အဖနေရာအရပ်သို့ သွား၏။

ဘုရားလောင်း ဘူရိဒတ် နဂါးမင်းသည်လည်း ဦးရီးအား လည်းကောင်း၊ အဘိုးအား လည်းကောင်း ဖူးမြင်အံ့ဟု နဂါးပြည်၌ စည်လည်စေ၍ များစွာသော နဂါးပရိသတ်နှင့်တကွ အစိုးရခြင်း, တင့်တယ်ခြင်းဖြင့် ယမုနာမြစ်မှထွက်ခဲ့၍ အစဉ်အတိုင်းသာလျှင်လာလျက် အဘိုးနေရာကျောင်းသခ်မ်းသို့ သွားလေ၏။ ထိုဘုရားလောင်းမှ ကြွင်းသော အစ်ကို တစ်ယောက်, အမိအဖတို့ သည်လည်း နောက်မှလိုက်ကုန်၏။ ဝရီးတော် သာဂရဗြဟ္မဒတ်မင်းကြီးသည် ခမည်းတော်ထံ ရှေးဦးစွာ ရောက်နှင့်လေ၏။

ထိုအခါ သာဂရ ဗြဟ္မဒတ်မင်းကား များစွာသော ပရိသတ်တို့နှင့်လာသော ဘုရားလောင်းကို မသိ၍ သာဂရမင်းသည် အဖကိုမေးလို၍ 'တာတ တာပ'သအစရှိသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"အရှင်အဖရသေ့။ စည်ကြီးတို့ဖြင့်လည်းကောင်း၊ မုရိုးစည်တို့ဖြင့်လည်းကောင်း၊ ခရုသင်းတို့ဖြင့်လည်းကောင်း၊ ထက်စည်တို့ဖြင့် လည်းကောင်း မင်းမြတ်ကို ရွှင်စေလျက် မင်း၏ရှေ့မှ တီးမှုတ်ကုန်၏။ အဘယ်မင်း၏ စည်စောင်းငြင်းတို့နည်း"ဟုမေး၏။

"အဖရှင်ရသေ့။ ကြီးစွာသောလျှပ်စစ်နှင့်တူကုန်သော အဆင်းလည်းရှိသော ရွှေသင်းကျပ်နှင့် မျက်နှာလည်း ထွန်းပ၏။ငယ်လည်းငယ်၏။ တောင့်လည်းလွယ်၏။ အသရေဖြင့် ထွန်းပလျက်လာ၏။ အဘယ်မည်သော သူနည်း။

"ရှားမီးကျီးနှင့်တူသော ဖိုခွံရှိသောရွှေကဲ့သို့ မျက်နှာသည် ထွန်းပ၏။အသရေဖြင့် ထွန်းပလျက် လာသည်ကား အဘယ်သူနည်း။

"ဇမ္ဗူရာဇ်ရွှေဖြင့် ပြီးထသော အချင်းနှင့် တကွဖြစ်သော ထီးဖြူသည်ကား နှလုံးမွေ့လျော်ဖွယ်ရှိ၏။ နေရောင်ကိုလည်း ကာ၏။ အဘယ်မည်သော မင်း၏ ထီးဖြူနည်း။ အသရေဖြင့်ထွန်းပလျက် လာသည်ကား အဘယ်သူနည်း။ လက်ဖြင့်စွဲသော မြတ်သော စာမရီမည်သောယပ်သည် မြတ်သောပညာနှင့်ပြည့်စုံသောသူ၏ နံပါး ၂ ဘက်၌ လည်းကောင်း၊ ဦးခေါင်း၌ လည်းကောင်း၊ အထက်အထက်၌ လည်းကောင်း တင့်တယ်၏။ အဘယ်မည်သောသူနည်း။

"ရတနာတို့ဖြင့် ဆန်းကြယ်သော နူးညံ့သော ရွှေ, ပတ္တမြားအရိုးတပ်သော ဥဒေါင်းယင်ယပ် စသည်တို့ကား မျက်နှာ၏အပါး ၂ ဖက်တို့၌ သွားကုန်၏။ အဘယ်မည်သောသူနည်း။

"ရှားမီးကျီးအဆင်းကဲ့သို့ ထွန်းပသောဖိုခွံ ဦးသစ်သော ရွှေကဲ့သို့ ထွန်းပသောအသံသာသော ထိုနားတောင်းတို့ကား ပါး ၂ ဖက်တို့၌ တင့်တယ်ကုန်၏။ အဘယ်မည်သော သူနည်း။

"နူးညံ့သော, မည်းသော ဆံရောင်တို့ကား လေသည်ခတ်သည်ရှိသော် တိမ်တိုက်မှတက်သော လျှပ်စစ်ကဲ့သို့ နဖူးပြင်ကို တင့်တယ်စေကုန်၏။ အဘယ်မည်သော သူနည်း။

"ဤမျက်စိတို့ကား အလျားရှည်ကုန်၏။ ကြီးလည်း ကြီးကုန်၏။ ခံတွင်းဝ၌ဖြစ်သော, စင်ကြယ်စွာ မြတ်သော ခရုသင်းနှင့်တူသော, မျောက်လှေကူး အမှုန့်နှင့်တူသော ဤသွားတို့ကား စကားဆိုသည်ရှိသော် တင့်တယ်စေကုန်၏။အဘယ်မည်သော သူနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာစွာ တည်ကုန်ထသော ခြေ,လက်တို့ကား ချိပ်ရည်နှင့်တူ၏။ အဘယ်သူ၏ ခြေလက်နည်း။

"ထိုသူကား ကျီးအာသီးမှည့်နှင့်ရှုသော နှုတ်သီးနှင့်လည်း ပြည့်စုံ၏။ နေလုလင်ကဲ့သို့ တင့်တယ်၏။ အဘယ်သူနည်း။

"ဆီးနှင်းနှင့်စပ်သော ဟိမဝန္တာ၌ ပြင်းစွာပွင့်သောအင်ကြင်းပင်ကဲ့သို့ ထိုသူသည် ပုဆိုးဖြူဝတ်သော အသုရာကိုအောင်သော သိကြားမင်းကဲ့သို့ တင့်တယ်၏။ အဘယ်သူနည်း။

"ရွှေသားတို့ဖြင့်ပြည့်သော ပတ္တမြားအဆောင်နှင့် ဆန်းကြယ်သောသန်လျက်ကိုကိုင်လျက် ထိုသူသည် ပရိသတ်အတွင်းသို့ဝင်၍ ပခုံးမှ ချွတ်၏။ အဘယ်မည်သော သူနည်း။

"ရွှေဓတ်သော ဆန်းကြွယ်စွာထသော ကောင်းစွာပြုထသော ဆန်းကြယ်စွာ ချွတ်သောခြေနင်းတို့ကို ထိုသူသည် အရှင်အား ရှိခိုးခြင်းကိုပြု၍ ခြေမှချွတ်၏။ အဘယ်သူနည်း"

ဤသို့ သားဖြစ်သော သာဂရဗြဟ္မဒတ်မင်းနှင့်တွေ့၍ တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံသော အရှင်ရသေ့သည် "ချစ်သား ဗြဟ္မဒတ်။ ဤသူတို့သည် ဓတရဋ္ဌနဂါးမင်း၏ သားတို့တည်း။ သင်၏တူဖြစ်သော နဂါးမင်းတည်း" ဟု ကြားလိုကား'ဓတရဋ္ဌာ'စသော ဂါထာကိုမိန့်၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"ချစ်သား ဗြဟ္မဒတ်။ ထိုနဂါးတို့သည်ကား ဓတရဋ္ဌနဂါးမင်း၏ သားတို့တည်း။ တန်ခိုးကြီး၏။ အခြံအရံများ၏။ ငါ၏သမီး သမုဒ္ဒဇာသား ချည်းတည်း။ နဂါးတို့ကား တန်ခိုးကြီးကုန်၏"

ဤသို့ ထိုသူတို့ စကားဆိုစဉ်ပင်လျှင် နဂါးပရိသတ်တို့သည် ရောက်ကုန်၏။ ရှင်ရသေ့ကိုရှိခိုး၍ တင့်အပ်သောအရပ်၌ နေကုန်၏။

သမီး သမုဒ္ဒဇာသည်လည်း အဖကို ရှိခိုးလျက် ငို၍၊ နဂါးပရိသတ်နှင့်တကွ နဂါးပြည်သို့ သွားလေ၏။ သာဂရ ဗြဟ္မဒတ်မင်းသည် အဖထံတွင် ၁ ရက်, ၂ရက် နေ၍ ဗာရာဏသီပြည်သို့ ပြန်လေ၏။ သမုဒ္ဒဇာလည်း နဂါးပြည်၌ပင် သေလေ၏။

သားတော်ဘူရိဒတ် ဘုရားလောင်းသည်လည်း အသက်ထက်ဆုံး သီလကိုစောင့်လျက် ဥပုသ်သုံးလျက် နေ၏။ အသက်ကုန်သောအခါ၌ ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟော၍ "ဥပါသကာတို့။ ရှေးပညာရှိတို့သည် နဂါးဖြစ်သော်လည်း ဤသို့သဘောရှိသော နဂါးတို့၏စည်းစိမ်ကိုစွန့်၍ ဥပုသ်ဆောက်တည်သောအမှုကို ပြုကုန်၏" ဟု ရှေး၌ ဖြစ်ဖူးသောဇာတ်တော်ကို ပေါင်းတော်မူ၏။

"ထိုအခါ မယ်တော်သည်, ခမည်းတော်တို့သည် ယခုအခါ မြတ်သောမင်းမျိုး၌ ဖြစ်ကုန်၏။ မုဆိုးပုဏ္ဏားသည် ဒေဝဒတ် ဖြစ်လာ၏။ သား သောမဒတ်သည်ကား အာနန္ဒာ ဖြစ်လာ၏။ မိထွေးတော်သမီး အဇမုခီသည်ကား ဥပ္ပလဝဏ်ဖြစ်လာ၏။ နောင်တော် သုဒဿနသည်ကား သာရိပုတ္တရာဖြစ်လာ၏။ သုဘောဂသည်ကား မောဂ္ဂလာန် ဖြစ်လာ၏။ ကာဏာရိဋ္ဌသည်ကား သုနက္ခတ် ဖြစ်လာ၏။ ဘူရိဒတ် နဂါးမင်းသည်ကား ခပ်သိမ်းသောတရားတို့ကို သူတစ်ပါးမပြ မိမိအလိုလို ကိုယ်တော်တိုင်ထိုးထွင်း၍ သိတတ်သော ငါသာလျှင် လောက၌ အတုမရှိ ထင်ပေါ်ကျော်စောသောဘုရား ဖြစ်လာ၏"

ဟု ဇာတ်တော်ကို ပေါင်း၍ သစ္စာ ၄ပါးကို ပြတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ်သုံးရာ၊ နှစ်ဆယ်သာလျှင်၊ ရောက်လာသောနှစ်၊ သက္ကရာဇ်သချ်ာ၊ နှစ်ကောဇာမှု၊ ဧကောဇကော၊ ဆေဒစတု၊ နှစ်ဗသျှူဒြဲ ၊ ရွက်နုလန်းလန်း၊နွယ်ပန်းညွန့်ရှင်၊ ဇေါ်သဇင်နှင့်၊ ခွာပင်ကျော့ဖူး၊ သင်းပျံ့ကြူးလျက်၊ အထူးပျော်မှုန်၊ မြောက်လေပြန်၍ ၊ ဝဿန်ကျော်ပြောင်း၊ ဆောင်းသို့အဝင်၊ ရာသီခွင်ဝယ်၊ စက်ရှင်နေမင်း၊ ဗြိစ္ဆာချဉ်း၍၊ လမင်းမေထုန်၊ သင့်ကြုံခါကျော်၊ လနတ်တော်ဝယ်၊ ပုဏ္ဏော်ပြည့်ရွှေ့၊ နှစ်ရက်နေ့တွင်၊ ချမ်းမြေ့ဇီဝါ၊ ဤအခါ၌ မင်္ဂလာလျှံမြူး၊ ရွှာမင်းပူး၏၊နောက်စူးဒိသာ၊ ရပ်မျက်နှာဝယ်၊ လေသာတိုက်ကျော်၊ ဆရာတော်၏၊ ဉာဏ်တော်ဖလမ်၊ ဆုကြီးပန်သား၊ နန္ဒမေဓာ၊ သညာပျံ့ဆွတ်၊ မထေရ်မြတ်ကို၊ ဘူရိဒတ်စစ်၊ သားရင်နှစ်ကို၊ ဖော်လှစ်မီပွာယ်၊ သိသာလွယ်အောင်၊ မကျယ်မကျဉ်း၊ မလျဉ်းမပါး၊ စကားမြန်မာ၊ ညီညွတ်စွာနှင့် သမ္မာဆောင်ယူ၊ ရှင်လူတကာ၊ မှတ်စိမ့်ငှာလျှင်၊ ထုတ်ပါမည်ကြောင်း၊ လျှံတောင်းပဏ္ဏမျှဉက္ကံသဟု၊ နာမမြူကော၊ သာမဏေလျှင်၊ ရိုသေဝပ်တွား၊ ပန်သောအားဖြင့်၊ အများမှတ်မှု၊ ဇာတ်ဝတ္ထုကို၊ လက်နုသွန်စိုက်၊ ယဉ်သိုက်မြိုက်အောင်၊ ပုရပိုက်လကွံ၊ မလျှံမယွင်း၊ မကြွင်းစေချင်၊ ပေထက်တင်၍၊ အောင်မြင်ပြီးလတ်၊ ကမ္ဘည်းသတ်သည်၊ ကောင်းမြတ်မင်္ဂဖိုလ်၊ မညိုလွယ်ကူ၊ ဆွတ်ယူအသင့် ပန်လိုသော်။ ။

**ဘူရိဒတ် ဇာတ်တော်ကြီး ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



## ဘူရိဒတ်ဇာတ်တော် ခက်ဆစ်များ

၁။ သစ်မ်း=ရသေ့ရဟန်းတို့ နေရာကျောင်း။
၂။ ခင်းနီး=အိပ်ရာအခင်း၊ အခင်းအဖြစ်ဖြင့် နီးနီးကပ်ကပ် သုံးဆောင်ရသောကြောင့် ခင်းနီးဟုခေါ်သည်။
၃။ သဒ္ဓါပဗ္ဗဇိတ=သံသရာမှလွတ်မြောက်ရေးကို တကယ်ယုံကြည်၍ ရဟန်းပြုသူ။
၄။ သမီးမောင်နှံ=ဇနီးမောင်နှံ=လင်မယား။
၅။ သာဂရ=သမုဒ္ဒရာ။
၆။ သမုဒ္ဒဇာ=သမုဒ္ဒ–သမုဒ္ဒရာ၊ ဇာ–ဖြစ်ပေါ်မွေးဖွားခြင်း။
၇။ စကားစမြည်=တစ်ဦးတစ်ယောက်ထည်းက တောက်လျှောက်ပြောသွားခြင်းမျိုး မဟုတ်ဘဲ ၂ဦး ၂ဘက် အပြန်အလှန် ပြောကြားခြင်းကို ခေါ်သည်။
၈။ ဖုတ်သော=ဖုတ်မြိုက်သင်္ဂြိုဟ်ခြင်း။
၉။ ဖုတ်သွင်းရထား=ဖုသ္သရထား, မင်္ဂလာရထား၊ ထိုရထားကို တန်ဆာဆင်၍ လွှတ်လိုက်လျှင် မင်းလောင်းရှိရာ၌ ဆိုက်သော ဟူ၏။
၁၀။ ပဏ္ဏာ=လက်ဆောင်။
၁၁။ သဇီဝ=သ–ရှိ၊ ဇီဝ–အသက်၊ အသက်နှင့်ကိုယ် အတူတကွရှိခြင်း။
၁၂။ နဇ္ဇီဝ=နိ–မရှိ၊ ဇီဝ–အသက်၊ အသက်နှင့်ကိုယ်အိုးစားကွဲခြင်း၊ သေခြင်း။
၁၃။ အဘယ်=ဇနီးသည်အား ခေါ်ဆိုသောစကား။
၁၄။ တံလျှပ်=သဲများကို နေရောင်ဟပ်သောအခါ တလျှပ်လျှပ်ဖြစ်နေခြင်းကို ဆိုလိုသည်။
၁၅။ ပေါက္ခရဏီ=၄ ထောင့် ရေကန်။
၁၆။ ခုံလောက်=ဖိုခနောက်။
၁၇။ ဥပါယ်တံမျဉ်=အကြောင်းတစ်မျိုးတစ်မည်ကို ရှာကြံစိတ်ကူးခြင်း။
၁၈။ ဇာတိမာန်=အမျိုးဇာတ်ကိုစွဲမှီ၍ အထင်ကြီးခြင်း။
၁၉။ မြင်းမိုရ်=မြင့်၍မိုမိုမောက်မောက်ရှိသော တောင်။
၂၀။ ပစ္စင်=တံခါးအပေါ်ကပြသာဒ်ကြီး။
၂၁။ ရင်တား=ရန်တားထားသောနေရာ။ တစ်နည်း–အမြောက်, သေနတ်, လက်နက် ပစ်ခတ်ရန် ရင်ပတ်ခန့်မြင့်အောင် ကာထားသောအရာ။
၂၂။ ပဏ္ဏာကာရ=လက်ဆောင်။
၂၃။ တံသင်း=ဆူးခြောင့်ခလုတ်။
၂၄။ အသူ=လက်ခုတ်တစ်ဖောင်ကို တစ်သူခေါ်သည်။ တစ်သူ–အသူ။
၂၅။ မမွတ်သိပ်နိုင်=မဆာလောင်မမွတ်သိပ်။
၂၆။ ဥပုသ်နေ့= သီတင်းသီလ ကျင့်သုံးဆောက်တည်သောနေ့။

## စန္ဒကုမာရ ဇာတ်တော်ကြီးဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

ယခု ဒုက္ခသစ္စာ။

ငါသည် ရှာမှီးတွေ့

သတ်ဖို့ကောဂျ

နှင့် သောင်သည့်ဝို့ရောက်

ငါ၏ စိတ်နှလုံး

စိုးမိုးခြင်းမှ ကင်းကွာ ပြတ်၏။

ဤ ငါ၏ စိုးမိုးခြင်းသည်

နှင့်အစီ ပင်ညွှ

ဝင်ရောသတည်း

"သက်ကိုသတ်၍ ယဇ်ပူဇော်သဖြင့် နတ်ပြည်သို့ ရောက်၏" ဟုဆိုသော

သူမိုက်တို့၏စကားကို ချစ်သား မယုံလင့်။

သူတစ်ပါးကို သတ်ခြင်းသည်ကား အပါယ် ၄ ပါး ကာလကြာ မကောင်းသောသူယုတ်တို့၏

အကျင့်သာဖြစ်သည်။ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုမဟုတ်။

သူတစ်ပါးကို မသတ်, ရှောင်ကြဉ်၍ အကျင့်ပေးခြင်းသည်

နတ်ရွာရောက်ကြောင်း ကောင်းမှုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟယ်၊ ဓမ္မပါလပုဏ္ဏား။ ငါ့သားစန္ဒကုမာရကို သတ်အံ့သောငှာ နင်ဆောင်သည်ရှိသော် ငါ၏
နှလုံးစိုးရိမ်ခြင်း ပြင်းစွာဖြစ်၏။ ဤ ငါ၏စိုးရိမ်ခြင်းသည် နင့်အမိဝမ်း၌ ဝင်စေသတည်း။”

www.burmeseclassic.com

www.burmeseclassic.com


[illegible]

"ဟယ် ဒေါ့ကူးကာလမှာတော့
ငါ့သား နေ့ကျမှာကို
သတိထားသော
နှင့် ဘောင်းသည့်ဖိုးဘော်
ငါ့ရဲ့ စိတ်နှလုံး
နိုးနိုးမြွှင်းမြှင်းမှာ ဖြစ်တယ်
ဤ ငါ့ရဲ့ နိုးနိုးမြွှင်းသည့်
နှင့်အမိ ဝမ်းကို
ဝင်ပေးသတည်း"

"သက္ကရာဇ်၌ ပေါ်မှတ်သဖြင့် မှတ်ကြည့်လို့ ရောက်ချိ" ဟုဆိုသော
သူ့မိုက်တိုင်းတော၏ ချစ်သား မယုံလင်း
သူတော်မိခင်၏ သတိမြွက်သည့်ကား အခါ ၄ ပါး လာရောက်ခြင်း မကောင်းသေးသည့်လုပ်ကိုင်
အကျဉ်းသဖြင့်သည်။ မှတ်ကြည့်လို့ရောက်ကြောင်း ကောင်းမှုပေါက်။
သူတော်မိခင်၏ မေတ္တာ ပျော့ညံ့ရ၍ အလွမ်းမကြွင်းသည်
မှတ်မှုရောက်ကြောင်း ကောင်းမှုပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်၊ ဓညပါလပုဏ္ဏား။ ငါ့သားစန္ဒကုမာရကို သတ်ဖို့သောမှာ နင်ဆောင်သည့်ရှိသော် ငါ၏
နှလုံးနိုးရိမ်ခြင်း၊ ပြင်းစွာဖြစ်၏။ ဤ ငါ၏စိုးရိမ်ခြင်းသည် နင့်အမိဝမ်း၌ ဝင်စေသတည်း။"

www.burmeseclassic.com

www.burmeseclassic.com

# စန္ဒတူမာရ ဇာတ်တော်ကြီးဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ

'ပစ္စတ္ထိက မဗန္ဓံဝ၊ ပိယံ သမံ ပိယံပိ စ။
နဏ္ဏာရတ္တံ နမေ ဗုဒ္ဓံ၊ သဒ္ဓမ္မံ သံဃ မုတ္တမံ။
တဿ တေဇေန မယှံပိ၊ သမိဇ္ဈတု မနောရထံ။ ။' (ယဝတ္တဂါထာ)

အဟံ၊ အကျွန်ုပ်သည်။ ပစ္စတ္ထိကံ၊ ရှင်ဒေဝဒတ် အစရှိသော ရန်သူဖြစ်သောသူကိုလည်း။ အပဗန္ဓံဝ၊ သားတော်ရင်နှစ်ဖြစ်သော ရာဟုလာ မင်းသားကဲ့သို့။ ဝါ–ပစ္စတ္ထိကဥ္စ၊ ရှင်ဒေဝဒတ် အစရှိသော ရန်သူဖြစ်သော သူကို လည်းကောင်း။ အပစ္စဥ္စ၊ သားတော်မျက်ရှု မင်းရာဟုကို လည်းကောင်း။ ပိယသမံ၊ ထပ်တူချစ်မြတ်နိုးသော မဟာကရုဏာတော် မေတ္တာတော်လည်း ရှိတော်မူထသော။ အပိယံပိ၊ ရန်သူ မနှစ်လိုသော်လည်း။ အတ္ထံ၊ ဝေနေယျတို့အား အကျိုးစီးပွားနှင့်စပ်သော စကားကို။ နိစ္စာရံ၊ ထုတ်ဖော်မြွက်ဟ ဟောတော်မူတတ်ထသော။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကို လည်းကောင်း။ သဒ္ဓမ္မဥ္စ၊ သူတော်ကောင်းတို့၏ ဥစ္စာရတနာဖြစ်သော ၁၀,ပါးသော တရားတော်မြတ်ကို လည်းကောင်း။ ဥတ္တမံ၊ မြတ်တော်မူသော။ သံဃဥ္စ၊ သီလဝန္တ သမ္မုတိသံဃာနှင့်တကွဖြစ်သော ၈ ယောက်သော ပရမတ္ထ သံဃာတော်ကို လည်းကောင်း။ နမေ–နမာမိ၊ ရှိခိုးပါ၏။ တဿ–ပုညဿ၊ ထို ရှိခိုးရသော ပဏာမ စေတနာ၏။ တေဇေန၊ အစွမ်းအားဖြင့်။ မယှံပိ၊ အကျွန်ုပ်အားလည်း။ မနောရထံ၊ နှလုံးအလိုအတိုင်း။ သမိဇ္ဈတု၊ ပြည့်စုံစေသတည်း။

www.burmeseclassic.com



## နိဒါန်း

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မင်းတကာတို့၏အထွတ်သရဖူ မှန်ကူသင်းကျစ် မျက်ရစ်သဖွယ်ဖြစ်တော်မူသော ၃ လောကသေဋ္ဌနင်း တရားမင်းဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်[1] ကျောင်းတော်အနီး ဂိဇ္ဈကုဋ်တောင်ယံ၌ နေတော်မူသောအခါ ဒေဝဒတ်ကိုအကြောင်းပြု၍ 'ရာဇာသိ လုဒ္ဒကမ္မော' အစရှိသောဂါထာဖြင့် တန်ဆာဆင်အပ်သော ဤ 'စန္ဒကုမာရ'ဇာတ်တော်ကို ဟောတော်မူသတည်း။

အဇာတသတ်မင်းသည် ဒေဝဒတ် အကြံပေးသည့်အတိုင်း ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးသော် ဒေဝဒတ်သည် အဇာတသတ်မင်းထံသို့သွား၍ "ဒကာတော်မင်းမြတ်။ ဒကာတော်အလိုအတိုင်း ပြည့်စုံပြီ။ ငါ၏အလို အပြီး မရောက်သေး"ဟု ဆို၏။ "ရှင်ဒေဝဒတ်။ အရှင်ဘုရား အဘယ်အလို ရှိတော်မူသနည်း"ဟု မေး၏။ "အရှင်မင်းကြီး။ ငါကား အား ၁၀ ပါးနှင့်ပြည့်စုံသော ဘုရားကိုသတ်၍ ဘုရားလုပ်ရအံ့သည် မဟုတ်လော"ဟုဆို၏။ "အရှင်ဒေဝဒတ်။ ထိုသို့တပြီးကား အကျွန်ုပ် အဘယ်အကြောင်းကို ပြုရပါအံ့နည်း"ဟု မေး၏။ "အရှင်မင်းကြီး။ လေးသမားကျော်တို့ကို စည်းဝေးစေ"ဟု ဆို၏။

အဇာတသတ်မင်းလည်း ရှင်ဒေဝဒတ်စကားကို "ကောင်းပါပြီ"ဟု ဝန်ခံ၍ အရိုးကိုပေါက်အောင် ပစ်နိုင်သော အက္ခဏဝေဓိ[2] လေးသမား ၅၀၀ တို့ကိုစည်းဝေးစေ၍ လေးသမား ၅၀၀ တွင် လက်ရွေးလေးသမားကျော် ၃ ကျိပ် ၁ယောက်တို့ကို "ရှင်ဒေဝဒတ်စကားကို လိုက်နာကြလေကုန်"ဟုဆို၍ ရှင်ဒေဝဒတ်ထံ စေလိုက်၏။

ဒေဝဒတ်သည် ထိုလေးသမား ၃ ကျိပ် ၁ယောက်တို့တွင် လေးသမားကြီးကိုခေါ်၍ "ဒကာ လေးသမားကြီး။ ယခု ရဟန်းဂေါတမ ဂိဇ္ဈကုဋ်တောင်၌ နေလျက် ဤမည်သော နေ့သန့်ရာ[3]၌ စင်္ကြံသွား၏။ ထိုအရပ်သို့ သင်သွား၍ ဘုရားဂေါတမကို ဆိပ်လူးမြားဖြင့် ပစ်သတ်ပြီးသော် ဤမည်သောခရီးဖြင့် လာလှည့်"ဟု စေလိုက်ပြီးလျှင်၊ လေးသမား ၂ယောက်ကိုခေါ်၍ ထိုလေးသမားကြီး ပြန်ရာခရီး၌ထား၍၊ "သင်တို့ နေသောခရီးဖြင့် ယောကျ်ားတစ်ယောက် လာလတ္တံ့။ ထိုယောကျ်ားကို သတ်၍ ဤမည်သော ခရီးဖြင့် သင်တို့ လာလှည့်"ဟု ဆို၏။ ထို လေးသမား ၂ ယောက် ပြန်ရာခရီး၌လည်း လေးသမား ၄ ယောက်ကိုခေါ်ပြန်၍ "သင်တို့ခရီးဖြင့် ယောကျ်ား ၂ ယောက် လာလတ္တံ့။ ထိုသူတို့ကိုသတ်၍ ဤမည်သောခရီးဖြင့် လာလှည့်"ဟု ထားပြန်၏။

ထိုလေးသမား ၄ ယောက် ပြန်ရာခရီး၌လည်း လေးသမား ၈ ယောက်ခေါ်၍ "သင်တို့ခရီးဖြင့် ယောကျ်ား ၄ ယောက် လာလတ္တံ့။ ထိုသူတို့ကိုသတ်၍ ဤမည်သောခရီးဖြင့် လာလှည့်"ဟုထား၏။ ထို လေးသမား ၈ ယောက်ပြန်ရာခရီး၌လည်း လေးသမား ၁ ကျိပ် ၆ ယောက်ကိုခေါ်၍ "သင်တို့ခရီးဖြင့် ယောကျ်ား ၈ ယောက် လာလတ္တံ့။ ထိုသူတို့ကိုသတ်၍ ဤမည်သော ခရီးဖြင့်လာလှည့်"ဟု ထား၏။

[ဤသို့စီရင်ခြင်းသည်ကား ဒေဝဒတ်သည် မိမိပြုသောအမှုကို ဖုံးလွှမ်းလျှို့ဝှက်လိုသောကြောင့် စီရင်သတည်း။]

www.burmeseclassic.com



ထိုအခါ လေးသမားကြီးသည် လက်ဝဲလက်မှ သန်လျက်ကိုလွယ်၍ ကျောဖြင့် မြားတောင့်ဖွဲ့လျက် ဆိတ်ချိုလေးကိုယူ၍ မြတ်စွာဘုရားရှိရာ အနီးသို့ကပ်ပြီးသော် 'ပစ်အံ့'ဟု လေးကိုတင်၍ မြားကို ဒူးပေါ်၌တင်၍ 'လွှတ်အံ့'ဟု ညို့ကိုင်သည်ရှိသော မတတ်နိုင်။ မြားကိုချအံ့သောငှာလည်း မတတ်နိုင်ရကား နံရိုးကျိုးသကဲ့သို့ ခံတွင်းမှလည်း တံတွေးယိုစီးလျက် ပြင်းစွာပင်ပန်းခြင်းသို့ ရောက်၏။ ကိုယ်အလုံးလည်း ခက်တရော်ရှိ၏။ ယန္တရားစက်ဖြင့် ညှစ်သကဲ့သို့ ပြင်းစွာနာကျင်၏။ ထိုလေးသမားသည် သေအံ့သောအားမှ ကြောက်လန့်လျက် တည်နေ၏။

ထိုလေးသမားကို မြတ်စွာဘုရားမြင်တော်မူ၍ ရွှေနှုတ်တော်တည်းဟူသော ပဒုမ္မာကြာတိုက်မှ သာယာစွာသောအသံတော်ကိုမြွက်လျက် "အချင်းယောကျ်ား ။ မကြောက်လင့်။ ဤသို့လာလှည့်"ဟု မိန့်တော်မူ၏။ ထိုလေးသမားသည် ထိုခဏ၌ မြတ်စွာဘုရားခေါ်တော်မူလျှင် လက်နက်များကိုပစ်စွန့်ခဲ့၍ အထံတော်သို့ ကပ်လျက် ခြေတော်ရင်း၌ ဦးဖြင့်ဝပ်၍

"အရှင်ဘုရား။ အကျွန်ုံအား ကြီးစွာသောအပြစ် နိုပ်စက်ဘိ၏။ အကျွန်ုပ်သည် မသိမလိမ္မာ မိုက်မဲတွေဝေသောအလျောက် ဘုန်းတော်ကြီးလှသော အရှင်ဘုရား၏ ဂုဏ်ကျေးဇူးတော်မြတ်ကို မသိသည်ဖြစ်၍ အလွန်မိုက်သော ဒေဝဒတ်၏စကားဖြင့် အရှင်ဘုရားကို ပစ်သတ်အံ့သောငှာ လာမိ၏။ ထို လွန်ကျူးပြစ်မှားမိသော အကျွန်ုပ်၏ အပြစ်ကို အစဉ်သနားသဖြင့် သည်းခံတော်မူပါ"ဟု တောင်းပန်ကန်တော့ ပြီးလျှင် တင့်အပ်သောနေရာ၌နေ၏။

ထိုအခါ မြတ်စွာဘုရားသည် လေးသမားကြီးအား တရားဟောကြားတော် မူလျက် သစ္စာ ၄ ပါးကိုပြ၍ သောတာပတ္တိဖိုလ်၌ တည်စေပြီးသော် "ဒကာလေးသမား။ ဒေဝဒတ် ကြားသောခရီးကို မသွားမူ၍ တစ်ပါးသော ခရီးဖြင့်သွားလေ"ဟု လွှတ်တော်မူလိုက်၏။ ထိုလေးသမားပြန်သွားပြီးလျှင် စင်္ကြံမှ သက်တော်မူ၍ တစ်ခုသောသစ်ပင်ရင်း၌ နေတော်မူ၏။

ထိုအခါ ဒေဝဒတ် ကြားသောခရီးဖြင့် လေးသမားကြီး မလာလတ်သော် ထိုခရီး၌ထားသော လေးသမား ၂ ယောက်တို့သည်" အကြောင်းအသို့နည်း။ ထိုယောကျ်ားသည် မလာ။ ကြာလေစွ"ဟု ခရီးရင်ဆိုင်သွားကြလတ်လျှင် သစ်ပင်ရင်း၌ မြတ်စွာဘုရားကိုမြင်၍ အထံတော်သို့ကပ်လျက် ရှိခိုးကုန်သဖြင့် တင့်အပ်သောအရပ်၌ နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုလေးသမား ၂ ယောက်တို့အား တရားဟောတော်မူပြီး၍ သစ္စာ ၄ ပါးကိုပြလျက် သောတာပတ္တိဖိုလ်၌ တည်စေပြီးသော် "ဒကာတို့။ ဒေဝဒတ်ဆိုသောခရီးဖြင့် မသွားမူ၍ ဤခရီးဖြင့် သွားလေကုန်"ဟု လွှတ်တောမူလိုက်၏။

ဤသို့သောနည်းဖြင့် လေးသမား ၄ယောက်, ထို့နောက် ၈ ယောက်, ထို့နောက် ၁ ကျိပ် ၆ယောက်သော လေးသမားတို့သည် လာလတ်ကုန်၍ နေကုန်ပြီးသော် သောတာပတ္တိဖိုလ်၌ တည်စေပြီး၍ "တစ်ပါးသောခရီးဖြင့် လွှဲသွားလေကုန်"ဟု လွှတ်တော်မူလိုက်၏။

ထိုအခါ ရှေးဦးစွာလာသော လေးသမားကြီးသည် ဒေဝဒတ်အထံသို့ကပ်၍ "ရှင်ဒေဝဒတ်။ အကျွန်ုပ်သည် မြတ်စွာဘုရားကို ပစ်သတ်အံ့သောငှာ မတတ်နိုင်။ မြတ်စွာဘုရားသည် ကြီးစွာသော ဘုန်းတန်းခိုးအာနုဘော်နှင့် ပြည့်စုံတော်မူပေ၏"ဟု ကြား၏။ ထို လေးသမား ၃ကျိပ် ၁ ယောက်တို့သည် "မြတ်စွာဘုရားကိုမှီ၍ ငါတို့ အသက်ရှည်ပေသည်"ဟု သံဝေဂကိုဖြစ်စေလျက် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကြ၍ ရဟန္တာဖြစ်ကုန်၏။

ဤသို့ မြတ်စွာဘုရားကို ဒေဝဒတ် သတ်မည်အကြံ စီရင်ဟန်အကြောင်းကို ရဟန်းသံဃာတို့၌ ထင်ရှားပြောဆိုကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်တို့။ ဒေဝဒတ်သည် မြတ်စွာဘုရား တစ်ပါးတည်းကို ရန်ငြိုးဖွဲ့သောစိတ်ဖြင့် ဘုရားရှင်ကိုသာ သတ်မည်မကြံ။ များစွာသောသူတို့ကိုလည်း သတ်မည်အကြံနှင့်အတန်တန် လုံ့လပြုခဲ့၏။ ထို လေးသမားတို့သည်လည်း မြတ်စွာဘုရားကိုမှီ၍ အသက်ရှည်ကုန်၏"ဟုပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရား ကြွတော်မူလတ်၍ "ရဟန်းတို့။ ယခု ငါဘုရား လာတော်မူသောအခါ ဤတရားသဘင်၌ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်း"ဟု မေးတော်မူလျက်၊ 'ဤမည်သော အကြောင်းဖြင့်တည်း'ဟု ရှေနားတော်လျှောက်လတ်သော်၊ "ချစ်သားရဟန်းတို့။ ယခုသာလျှင် ဒေဝဒတ်သည် ငါတစ်ယောက်ကိုမှီ၍ ငါ၌ရန်ငြိုးဖွဲ့သောစိတ်ဖြင့် များစွာသောသူတို့ကို သတ်အံ့သောငှာ လုံ့လပြုသည် မဟုတ်။ ရှေးသံသရာ၌လည်း ဤကဲ့သို့ လုံ့လပြုဖူး၏"ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏။ ရဟန်းတို့သည် "ဘုန်းတော် အလွန်ကြီးလှသော အရှင်ဘုရား။ ယခုအဖြစ်၌ ဒေဝဒတ်အကြောင်း အတ္တုပ္ပတ္တိကို သိရပါပြီ။ ရှေးသံသရာ၌ အကြောင်းကို မသိကြရပါ။ ခပ်သိမ်းသောဝေနေယျတို့အား သနားတော်မူသဖြင့် အတိတ်ကို ဆောင်တော်မူပါ"ဟု လျှောက်တောင်းပန်လတ်သော် လွန်လေပြီးသောအကြောင်းကို ဆောင်၍ ဤ'စန္ဒကုမာရ' ဇာတ်တော်ကို ဟောတော်မူပေ၏။



www.burmeseclassic.com

www.burmeseclassic.com



# စန္ဒကုမာရ ဇာတ်တော်ကြီးဝတ္ထု

## ၁။ ခဏ္ဍဟာလပုဏ္ဏားကို တရားသူကြီးအရာမှ ချခန်း

ရှေးလွန်လေပြီးသောအခါ ဤဗာရာဏသီပြည်သည် ပုပ္ဖဝတီ[၅] အမည်ရှိ၏။

ထိုပုပ္ဖဝတီပြည်၌ ဝသဝတ္တိ[၆]မင်း၏သား ကေရာဇ်[၇]အမည်ရှိသောမင်းသည် မင်းပြု၏။ ထို ကေရာဇ်မင်း၏ သားတော်ကြီးကား 'စန္ဒကုမာရ' အမည်ရှိ၏။ ထို စန္ဒကုမာရမင်းသားအား အိမ်ရှေ့[၈] ပေးတော်မူ၏။ ခဏ္ဍဟာလ[၉] အမည်ရှိသော ပုဏ္ဏားကား ပုရောဟိတ်[၁၀] တည်း။ ထို ခဏ္ဍဟာလပုဏ္ဏားကား ကေရာဇ်မင်း၏ အကျိုးကို လည်းကောင်း, အကြောင်းကို လည်းကောင်း အစဉ်ဆုံးမ၏။ ထို ခဏ္ဍဟာလပုဏ္ဏားကို ပညာရှိသောသူ ဟူ၍ တရားအဆုံးအဖြတ်ခံရာ လွှတ်သဘင်[၁၁]၌နေစေ၍ စီရင်ဆုံးဖြတ်စေ၏။ ထို ခဏ္ဍဟာလပုဏ္ဏားကား တံစိုး[၁၂] စားကြူး၏။ တံစိုးစား၍ တရားကိုဖြောင့်မတ်အောင် မစီရင်။ ဥစ္စာရှင်ကို ဥစ္စာရှင်မဟုတ်, ဥစ္စာရှင် မဟုတ်သောသူကို ဥစ္စာရှင်အဖြစ်ကို ပြု၏။

ထိုအခါ တစ်နေ့သ၌ တရားရှုံးသော ယောကျ်ားတစ်ယောက်သည် တရားဆုံးဖြတ်ရာလွှတ်သဘင်မှ ကြွေးကြော်လျက် ထွက်လေ၏။ ထိုအခါ နန်းတော်သို့ဝင်သော စန္ဒကုမာရမင်းသားကိုမြင်လျှင် ပြေးလေ၍ ထိုအိမ်ရှေ့မင်း၏ခြေရင်း၌ ဝပ်လျက်ငိုကြွေး၏။ အိမ်ရှေ့မင်းသည် "အချင်းယောကျ်ား။ အဘယ့်ကြောင့် ငိုကြွေးသနည်း"ဟု မေး၏။ "အရှင်မင်းသား။ တရားသူကြီး ခဏ္ဍဟာလပုဏ္ဏားသည် တရားဆုံးဖြတ်ရာ၌ တံစိုးစား၍ အကျွန်ုပ်ကို တရားမဟုတ်မမှန် အရှုံးစီရင်ဘိ၏"ဟုလျှောက်၏။

"အချင်းယောကျ်ား။ ငါ ရှိ၏တကား။ ထိုသို့မှန်လျှင် မစိုးရိမ်လင့်"ဟု နှစ်သိမ့်စေ၍ တရားဆုံးဖြတ်ရာ လွှတ်သဘင်သို့ခေါ်ခဲ့သဖြင့် မြင့်သောတရားသူကြီးနေရာ၌နေ၍၊ ထိုအမှုသည် ၂ ဦးတို့ကို စကားအချေအတင် တရားဝင်ဆိုစေပြီးလျှင် ဥစ္စာရှင်ကို ဥစ္စာရှင်, ဥစ္စာရှင်မဟုတ်သူကို မဟုတ်ဟု ဖြောင့်မှန်သည့်အတိုင်း ကောက်ယူဆုံးဖြတ် စီရင်တော်မူ၏။

ထိုတရားသဘင်၌ စည်းဝေးကုန်သော ပရိသတ်အပေါင်းတို့သည် "အိမ်ရှေ့မင်းသည် တရားကို ကောင်းစွာ ဆုံးဖြတ်စီရင်ပေ၏"ဟု ကြွေးကြော်အံ့ချီး ကောင်းချီးပေးကြကုန်၏။

ထိုအသံကို ကေရာဇ်မင်းကြားလေ၍ "ဤအသံကား အဘယ်အသံနည်း"ဟု မေးတော်မူ၏။ မင်းချင်းတို့လည်း "အရှင်မင်းကြီး။ သားတော်အိမ်ရှေ့မင်းသည် တရားသဘင်၌ တရားဆုံးဖြတ်သတည်း။ ထို တရားဆုံးဖြတ်ရာ၌ ဤ ယခုကြားတော်မူသောအသံကား တရားဖြောင့်မှန်စွာ ဆုံးဖြတ်ပေသောကြောင့် ပရိသတ်တို့ ကောင်းချီးပေးသောအသံ ဖြစ်ပါသည်"ဟု လျှောက်ကုန်၏။ ထိုစကားကို မင်းကြီးကြားတော်မူလျှင် အလွန် ဝမ်းမြောက်တော်မူလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းလည်း တရားဆုံးဖြတ်ပြီးလျှင် နန်းတော်သို့ဝင်၍ ခမည်းတော်မင်းကြီးထံ တင့်အပ်သော အိမ်ရှေ့မင်းနေရာ၌ နေလျက်ခစား၏။

ထိုအခါ ကေရာဇ်မင်းကြီးသည် "ချစ်သား။ သင် တစ်ခုသောတရားကို ဆုံးဖြတ်သည်ဟု ကြားသည်။ မှန်၏လော"ဟု မေးတော်မူ၏။ "ခမည်းတော်ဘုရား။ မှန်ပေ၏"ဟု လျှောက်၏။ "ချစ်သား။ ထိုသို့တပြီးကား ထိုနေ့မှစ၍ သင်သာ တရားဆုံးဖြတ်ရာလွှတ်သဘင်သို့တက်၍ တရားဆုံးဖြတ်"ဟု တရားသူကြီးဟောင်း ခဏ္ဍဟာလကိုချ၍ အိမ်ရှေ့မင်းအား တရားသူကြီးအဖြစ်ကို ပေးတော်မူ၏။

ထိုနေ့မှစ၍ ခဏ္ဍဟာလပုဏ္ဏားအား လာဘ်ပူဇော်သက္ကာ ပဏ္ဏာကာရ ပြတ်၏။ ခဏ္ဍဟာလပုဏ္ဏားသည် ထိုနေ့မှစ၍ 'အိမ်ရှေ့မင်းကြောင့်သာ ငါ့အား လာဘ်ပူဇော်သက္ကာရ ပြတ်၏'ဟု အိမ်ရှေ့မင်းအား ရန်ငြိုးဖွဲ့၍၊ 'ဤသူကို အဘယ်သောအခါ အဘယ်သို့သောအကြောင်းဖြင့် နှိပ်စက်ရပါအံ့နည်း'ဟု နှိပ်စက်ဖျက်ဆီးရအံ့သော အခွင့်ကို ရှာစောင့်လျက်နေ၏။

## ၂။ မင်းကြီး ယစ်ပူဇော်မည် ကြံစည်ခန်း

ကေရာဇ်မင်းသည်လည်း အလွန် ပညာနည်းလှသော မင်းတည်း။

တစ်နေ့သ၌ ကေရာဇ်မင်းသည် ညဥ့်အခါ စက်ပျော်သည်ရှိသော် မိုးသောက်ယံအခါ၌ အိပ်မက်တွင် ရတနာ ၇ ပါးဖြင့်ပြီးသော မြို့တံတိုင်းတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော မုခ်တံခါးရှိသောမြို့ကြီး၌ ရွှေသဲတို့ဖြင့်ခင်းအပ်သော ယူဇနာ[၃၂] ၆၀ အကျယ်ရှိသော ခရီးဈေးလမ်းမလည်းရှိထသော, ယူဇနာ ၁၀၀၀ အမြင့်ဆောင်သော ဝေဇယန္တာ[၃၃] ပြာသာဒ်စသော အထူးအဆန်း ဘုံဗိမာန်တို့ဖြင့် လည်းကောင်း၊ နန္ဒဝန်ဥယျာဉ် အစရှိသည်တို့ဖြင့် လည်းကောင်း တန်ဆာဆင်အပ်သော တာဝတိံသာနတ်ပြည်ကို မြင်မက်သတည်း။

အိပ်မက်မြင်ပြီး၍ နိုးလျှင် ထိုတာဝတိံသာနည်ပြည်သို့ ရောက်၍ စံစားပျော်မွေ့လိုသောစိတ် ရှိသည်ဖြစ်၍ 'မိုးသောက်သောအခါ ဆရာ ခဏ္ဍဟာလသည် ငါ၏အထံသို့ခစားလာလတ္တံ့။ ထိုအခါ နတ်ပြည်သို့ရောက်အံ့သော အကြောင်းကို ဆရာပုရောဟိတ်အား မေး၍၊ ဆရာကြားအပ်သောခရီးဖြင့် ထိုတာဝတိံသာနတ်ပြည်သို့သွားအံ့'ဟုကြံလျက်၊ နံနက်မိုးသောက်လျှင် ခဏ္ဍဟာလပုဏ္ဏားကို လည်တစွင့်စွင့် မျှော်လင့်တောင့်တလျက် နေ၏။

ခဏ္ဍဟာလပုဏ္ဏားသည် နံနက်မိုးသောက်လျှင်, ခစားမြဲအချိန်ရောက်လျှင်, ရေချိုး၍ ဝတ်စားတန်ဆာဆင်ယင်ဝတ်စားပြီးလျှင် ခစားအံ့သောငှာနန်းတော်သို့ဝင်၍ မင်း၏အထံတော် ပုရောဟိတ်တို့နေရာ၌နေပြီးသော် "အရှင်မင်းကြီး။ ယနေ့ ချမ်းသာစွာ စက်တော်မူရပါ၏လော"ဟု လျှောက်၏။

ကေရာဇ်မင်းလည်း ခဏ္ဍဟာလပုဏ္ဏားအား မြတ်သောနေရာ၌ နေစေ၍–

'သဂ္ဂါန မဂ္ဂမာစိက္ခ၊ တွံသိ ဗြာဟ္မဏ ဓမ္မဝိနယကုသလော။

ယထာ ဣတော ဝဇန္တိ သုဂတိံ၊ နရာ ပုညာနိ ကတွာန။ ။' ဟူသောဂါထာဖြင့် ပြဿနာမေး၏။ ဆိုဂါထာ၏အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပုဏ္ဏား။ ဆရာကား တရားသဖြင့် ပြဿနာဆုံးမခြင်း၌ လိမ္မာ၏။ အကြင်အချင်းဖြင့် လူတို့သည် ကောင်းမှုပြုကုန်၍ နတ်ပြည်သို့သွားကြကုန်၏။ ထိုသူတို့ နတ်ပြည်သို့သွားသကဲ့သို့ ငါလည်း နတ်ပြည်သို့ သွားလို၏။ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုကို ငါ့အား မြွက်ကြားညွှန်ပြလော့"ဟုဆို၏။

ခဏ္ဍဟာလပုဏ္ဏားသည် 'ယခု ငါ့ရန်သူ၏ပျက်စီးခြင်းကို မြင်ရတော့အံ့။ ငါ၏ရန်သူဖြစ်သော စန္ဒကုမာရ မင်းသားကို သေကျေပျက်စီးအောင်ပြုသဖြင့် အခွင့်သာယာစွာ ငါ၏အလို ပြည့်အံ့သည်'ဟု ကြံပြီးသော်-

'အတိဒါနံ ဒဒိတွာန၊ အဝဇ္ဈေ ဒေဝ ဃာတေတွာ။

ဧဝံ ဝဇ္ဇန္တိ သုဂတိံ၊ နရာ ပုညာနိ ကတွာန။' ဟူသောဂါထာဖြင့် နတ်ပြည်သို့ရောက်ကြောင်း ကောင်းသော ခရီးဖြစ်သည်ဟု ကြားပေ၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ သူတစ်ပါးတို့ လှူနိုင်ခဲသော အလွန်သော အတိဒါန[၅] ကို ပြုသောကြောင့် လည်းကောင်း၊ မသတ်အပ်သောသူတို့ကို သတ်၍ ကောင်းမှုပြုသောကြောင့် လည်းကောင်း နတ်ပြည်သို့ရောက်ကြကုန်၏"ဟု ဆို၏။ ထိုအခါ မင်းကြီးသည် အတိဒါန စသည်ကို ပြုရမည်ဆိုသော ပုဏ္ဏားစကားကို အဓိပ္ပာယ် မသိမထင်နိုင်သည် ဖြစ်၍-

'ကိံ ပနေတံ အတိဒါနံ၊ ကေ စ အဝဇ္ဈာ ဣမသ္မိံ လောကသ္မိံ။

ဧတဉ္စ ခေါ နော အက္ခာဟိ၊ ယဇိဿာမိ ဒဒါမိ ဒါနာနိ။'ဟူသော ဂါထာဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား-

"ဆရာပုဏ္ဏား။ 'အတိဒါန' ဟူသည်ကား အဘယ်နည်း။ 'မသတ်အပ်သောသူ'ဟူသည်ကား အဘယ်သူနည်း။ ငါ့အား ထင်စွာကြားလော့။ ငါ လှူဒါန်းပူဇော်အံ့"ဟု ဆို၏။

ပုဏ္ဏားလည်း အတိဒါန စသည်ကိုကြားလို၍-

'ပုတ္တေဟိ ဒေဝ ယဇိတဗ္ဗံ၊ အဟေသီဟိ နေဂမေဟိ စ။

ဥသဘေဟိ အာဇာနိယေဟိ စတူဟိ၊ သဗ္ဗစတုက္ကေန ဒေဝ ယဇိတဗ္ဗံ။' ဟူသော ဂါထာဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ သား၊ သမီး၊ မိဖုရား၊ သူကြွယ်၊ နွားလားဥသဘ၊ အာဇာနည်မြင်း စသော ခပ်သိမ်းစုံ ၄ခုစီဖြစ်သော သဗ္ဗစတုက္က[၆]ဖြင့် ပူဇော်အပ်၏"ဟု ကြား၏။

ထိုခဏ္ဍဟာလပုဏ္ဏားသည် နတ်ပြည်ခရီးကို မင်းကြီး မေးတော်မူလျှင် ငရဲသို့ရောက်ကြောင်း မကောင်းသောခရီးကို ကြားလေသတည်း။ ထို သားသမီးစသော သဗ္ဗစတုက္ကကို ပူဇော်ခြင်းအစီအရင်ကို ကြားလိုပြန်၍လည်း အရှင်မင်းကြီး။ သားသမီးစသည်တို့၏ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်၍ ရွှေခွက်ဖြင့် လည်ချောင်းသွေးကို ခံယူပြီးလျှင် တွင်း၌ထည့်၍ ယဇ်ပူဇော်ကုန်သောမင်းတို့သည် ဤကိုယ်၏ အထီးကျန်[၇]သော သူ ဖုန်းတောင်းယာစကာတို့အား အဝတ်အစား စသည်တို့ကို ပေးလှူစွန့်ကြဲခြင်းသည် ဒါနသာ မည်၏။ ပြုနိုင်ခဲသည် မဟုတ်။ မိမိရင်သွေးရင်သား စသည်တို့၏လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ခြင်းသည်သာ သူတစ်ပါးတို့ စွန့်နိုင်ခဲသောကြောင့် အတိဒါနဖြစ်သည်ဟူ၍ အလွန်မလိမ္မာသော ကေရာဇ်မင်းကြီးအား လှည့်ပတ်လျက် စကား ၁၀ ပါးအနက်တွင် ကောက်ပင်ရိတ်ဖြတ်စကား[၈]ဖြင့် စန္ဒကုမာရ မင်းသားတစ်ယောက်ကိုသာ သတ်လိုလျက် များစွာသောသူတို့နှင့်တကွ သတ်ရမည်စီရင်သည်ကား ထို ခဏ္ဍဟာလပုဏ္ဏားသည် 'စန္ဒကုမာရမင်းသားကို သတ်၍ ယဇ်ပူဇော်တော်မူပါ'ဟု ဆိုချေသော် 'မင်းသား၌ ရန်ငြိုးရှိသောကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ဤပုဏ္ဏား စီရင်သည်ဟူ၍ မင်းကြီး အယူတော်ရှိရာသည်’ဟု နှလုံးပြုလျက်၊ အစုစု ၄ခု, ၄ခုစီသော သတ္တဝါတို့အတွင်း၌ မင်းသားအိမ်ရှေ့ရှင်ကို မထင်မရှားသွင်း၍ ဆိုဘိ၏။

ထိုသို့ သဗ္ဗစတုက္ကဖြစ်သော အတိဒါနကို စီရင်မည် နှီးနှောပြောဆိုကြသော မင်း, ပုဏ္ဏား ၂ယောက်တို့၏ စကားကို နန်းတော်တွင်း၌ မင်းခစားပရိသတ် မှူးမတ်အပေါင်း, မောင်းမမိဖုရားတို့ ကြားလေလျှင် ယုဂန္ဓိုရ်လေသွဲ့၍ နွဲ့ပျောင်းသော အင်ကြင်းပင်ပျိုတောကဲ့သို့ သောသောအုတ်အုတ် တုန်လှုပ်ကြောက်လန့်လျက် ငိုကြွေး မြည်တမ်းသောအသံသည် နန်းတော်အလုံး လွှမ်း၍တက်၏။

ခဏ္ဍဟာလပုဏ္ဏားသည် “အရှင်မင်းကြီး။ အသို့နည်း။ ဤအစီအရင်အတိုင်း ယဇ် ပူဇော်နိုင်အံ့လော, မပူဇော်နိုင်အံ့လော”ဟု မေး၏။

“ဆရာ။ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုဖြစ်သော ဤယဇ်ပူဇော်ခြင်းကို အဘယ့်ကြောင့် မပူဇော်နိုင်အံ့နည်း။ ယဇ်ပူဇော်၍ ငါ နတ်ပြည်သို့သွားအံ့”ဟု မင်းကြီးဆိုလျှင်၊ “အရှင်မင်းကြီး။ ကြောက်တတ်သော သဘောရှိ၍ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုကို အလိုနည်းကုန်သောသူတို့သည် ယဇ်ပူဇော်ခြင်းငှာ မတတ်နိုင်။ အရှင်မင်းကြီးကား နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှု၌ ရဲရင့်ပေသည်။ ကောင်းစွ”ဟုဆိုလျက်၊ “ကောင်းမှုဟူသည် မနေးမဆိုင်းရာ။ အလျင်တဆောပြုရာ၏။ အရှင်မင်းကြီး။ အကျွန်ုပ်ဆိုသည့်အတိုင်း နန်းတော်ကနေ၍ စီရင်တော်မူ။ အကျွန်ုပ်ကား ယဇ်ပူဇော်ရန် တွင်းကို စီရင်အံ့”ဟုအမှုနှင့်လျော်စွာ ဗိုလ်ပါအပေါင်းနှင့် မြို့မှထွက်ခဲ့၍ မြို့ပြင်အရှေ့မျက်နှာ၌ မြေအခင်းအကျင်းသင့်ရာ ညီညွတ်စွာသုတ်သင်လျက် ယဇ်တွင်းစီရင်ပြီးသော် ပတ်လည်ဝန်းကျင် ဝင်း, စောင်ရန်း ကာရံစေ၏။

[အဘယ့်ကြောင့် ဝင်း ကာရံစေသနည်း ဟူမူကား ယဇ်ပူဇော်သောအခိုက် ‘မထိုက်မလျော် မတော်မသင့် ကျင့်၏တကား’ဟု တရားစောင့်သောရဟန်းပုဏ္ဏားတို့ မြစ်တားမည်ကိုစိုး၍ ထိုသူတို့မဝင်စိမ့်သောငှာ ဝင်း, စောင်ရန်း ကာရံစေသတည်း။]

## ၃။ သားတော်, သမီးတော်များကို ဆောင်ယူစေခန်း

ဧကရာဇ်မင်းကြီးသည်လည်း မင်းချင်းတို့ကိုခေါ်၍ “ငါသည် မယား, သားသမီးတို့ကိုသတ်၍ ယစ်ပူဇော်ပြီးလျှင် နတ်ပြည်သို့ သွားအံ့။ သင်တို့ သွား၍ ငါ့သားသမီး, မိဖုရားတို့ကို အကြောင်းကြားလျက် ၄ ပါးသောစတုက္ကကို ဆောင်ယူချေ” ဆိုပြီးလျှင်၊ သားတော် ၄ယောက်ကို ရှေးဦးစွာ ဆောင်စိမ့်သောငှာ–

‘ဂန္တွာ ဝဒေထ ကုမာရေ၊ စန္ဒံ သူရိယဉ္စ ဘဒ္ဒသေနဉ္စ။

သူရံ ဝါမဂေါတ္တဉ္စ၊ ပစုရာ ကိရ ဟောထ ယညတ္ထာယ။’ ဟူသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

“အချင်းတို့။ ယခု သွားချေ။ စန္ဒကုမာရ, သူရိယကုမာရ, ဘဒ္ဒသေန, ဝါမဂေါတ္တ ဤ သားတော် ၄ ယောက်တို့ကို ခမည်းတော်မင်း ယဇ်ပူဇော်တော်မူမည့်အကြောင်းကို ပြောဆို၍ အစုစု နေစေကုန်”ဟုစေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းတို့သည် ရှေးဦးစွာ အိမ်ရှေ့မင်း စန္ဒကုမာရထံသွား၍ "အရှင့်သား။ 'အရှင်မင်းသားတို့ကိုသတ်၍ ခမည်းတော် နတ်ပြည် သွားတော်မူလိုသည်ဟု အရှင်မင်းသားတို့ကို ဖမ်းယူချေ'စေတော်မူသောကြောင့် ရောက်ပါသည်"ဟု လျှောက်၏။ "အဘယ်သူ့စကားကြောင့် 'ငါ့ကို ဖမ်းချေ' စေတော်မူသနည်း"ဟု မင်းသားမေး၏။ "အရှင်မင်းသား။ ခဏ္ဍဟာလပုဏ္ဏား စကားကြောင့်တည်း"ဟု လျှောက်၏။ "အချင်းတို့။ ထိုသို့တပြီးကား ငါတစ်ယောက်ကိုသာ ဖမ်းသလော, တစ်ပါးသော သူတို့ကိုလည်း ဖမ်းသလော"ဟု မေး၏။ မင်းချင်းတို့လည်း "အရှင့်သားကိုသာ မဟုတ်။ ၄ ပါးသော သားတော်, သမီးတော်တို့ကို ဖမ်းစေ၏။ သဗ္ဗစတုက္ကဖြစ်သောယဇ်ကို ပူဇော်လိုသတည်း"ဟုလျှောက်၏။

အိမ်ရှေ့မင်းလည်း 'ခဏ္ဍဟာလပုဏ္ဏားအား တစ်ပါးသောသူတို့နှင့် ရန်မဖြစ်။ တရားသူကြီးအရာကို စန္ဒကုမာရ လုယူဘိသည်ဟု ငါ၌သာ ရန်ငြိုး ရှိဘိ၏။ ငါတစ်ယောက်ကြောင့် များစွာသောသူတို့ကို သတ်မည်ကြံသည်ကား မသင့်။ ထိုသူတို့ မသေထိုက်ပေ။ ငါ့ခမည်းတော် မင်းကြီးကို ငါ ဖူးမြင်ရပါမူ ထိုသူအပေါင်းတို့ကို သေဘေးမှလွတ်အောင် ဆောင်ရွက်ရမည်ကား ငါ၏ဝန်တည်း'ဟု ကြံ၍ "အချင်းတို့။ ခမည်းတော်အမိန့်နှင့်ညီအောင် ငါ့ကို ပြုတော့"ဟုဆို၏။

မင်းချင်းတို့လည်း အိမ်ရှေ့မင်းကို အမိန့်တော်ရင်းနှင့်ညီအောင် ဆောင်ယူခဲ့၍ မင်းရင်ပြင် တင့်အပ်သောအရပ်၌ ထား၏။ ကြွင်းသော သားတော် ၃ ယောက်တို့ကိုလည်း ဖမ်းယူ၍ အိမ်ရှေ့မင်း၏အပါး၌ ထား၏။

မင်းချင်းတို့လည်း "အရှင်မင်းကြီး။ သားတော် ၄ ယောက်တို့ကို ဆောင်ယူ၍ရောက်ပါပြီ"ဟု လျှောက်ကြကုန်၏။ မင်းကြီးလည်း မင်းချင်းတို့စကားကိုကြားလျှင် "အချင်းတို့။ ငါ့သားတော်များကို ဆောင်၍ ပြီးမူ ငါ၏သမီးတော် ဥပသေနာ, ကောကိလာ, မုဒိတာ, နန္ဒာ ဤသမီးတော် ၄ ယောက်တို့ကိုလည်းဆောင်၍ မိမိတို့ မောင်တော်များအနီး၌ နေစေ"ဟု စေလိုက်၏။

မင်းချင်းတို့လည်း မင်းကြီးဆိုတိုင်း သမီး ၄ ယောက်တို့ကို ယဇ်ပူဇော်မည့်အကြောင်းကို ပြောဆိုပြီးလျှင် ငိုကြွေးမြည်တမ်းကုန်လျက်ပင်လျှင် ဆောင်ယူခဲ့၍ မောင်တော်များအနီး၌ ထားကုန်၏။

ထို့နောင် မိဖုရား ၄ ယောက်တို့ကို ဆောင်ယူစေလိုပြန်၍ "အချင်းတို့။ ငါ၏ မိဖုရားကြီးဖြစ်သော ဝိဇယာ, ဧရာဝတီ, ကေသိနီ, သုနန္ဒာ ဤမိဖုရား ၄ ယောက်တို့ကို ယဇ်အလို့ငှာ အစုစု နေစေ"ဟုစေ၏။ မင်းချင်းတို့လည်း မိဖုရား ၄ ယောက်တို့ကို ငိုမြည်တမ်းလျက်ပင်ဆောင်ယူခဲ့၍ မင်းသားတို့၏အနီး၌ ထား၏။

ထို့နောက် သူဌေးကြီး ၄ ယောက်တို့ကို ယူစေလိုပြန်၍ "အချင်းတို့။ ပုဏ္ဏမုခသူဌေး, ဘဒ္ဒိယသူဌေး, သိင်္ဂါလသူဌေး, ဝဍ္ဍသူဌေး ဤ ၄ ယောက်သောသူဌေးတို့ကို ယဇ်အလို့ငှာ ဆောင်၍ အစုစုနေစေ"ဟုစေ၏။ မင်းချင်းတို့လည်း သူဌေး ၄ ယောက်တို့ကို ဆောင်ကုန်၏။

မင်း၏သားတော်, သမီးတော်, မိဖုရားတို့ကို ဆောင်သောအခါကား ပြည်သားပြည်သူအပေါင်းတို့က တစ်ခွန်းသောစကားကိုမျှ မဆို။ သူဌေး ၄ ယောက်တို့ကို ဖမ်းယူသောအခါကား သူဌေးတို့နှင့် ဆွေမျိုးသားချင်း ပေါက်ဖော်တော်စပ်သူ များသည်ဖြစ်၍ တစ်ပြည်လုံး ချောက်ချားလျက် "မင်းကြီး။ သူဌေး ၄ ယောက်တို့ကိုသတ်၍ ယဇ်ပူဇော်မည်ဆိုသော် မသတ်ရအောင် လျှောက်မည်"ဟု သူဌေး ၄ ယောက်ကို ခြံရံကုန်လျက် သား,မယား, ပြည်သားပြည်သူအပေါင်းလိုက်၍၊ မင်းကြီးအား "အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို ဦးစွန်းထုံး၍ ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည်းစေသဖြင့် ပြည်မှုသော်လည်း နှင်ထုတ်တော်မူပါ။ ထိုသို့မပြုမူ အကျွန်ုပ်တို့ကို ကျွန်အဖြစ်သော်လည်း ပြုတော်မူပါ။ အသက်ကို သနားတော်မူပါ”ဟု လျှောက်တောင်းပန်ကြကုန်သော်လည်း နားမျှမခံ မပြန်မကြည့် နေပြီးသော်၊ မင်းချင်းတို့လည်း မင်းကြီးအလိုကိုသိသဖြင့် သား, မယား, ပြည်သားပြည်သူအပေါင်းတို့ကို ပယ်ခွာနှင်ထုတ်လိုက်၍ သူဌေး ၄ ယောက်တို့ကို မင်းသားများအနီး၌ ထားလေ၏။

ထို့နောင်မှ ဆင် အစရှိသည်တို့ကို ယူစိမ့်သောငှာ စေပြန်လို၍ “အချင်းတို့။ အဘယက်ရ မည်သော ဆင်, နာဠာဂိရိ မည်သော ဆင်, အစ္စုဂ္ဂတ မည်သော ဆင်, ဝရဏဒန္တ မည်သော ဆင်၊ ဤ ဆင် ၄ စီးတို့ကိုလည်း ယဇ်အလို့ငှာ ဆောင်ချေ။ ထိုမှတစ်ပါး ကေသနီ မည်သော မြင်း, သုရာမုခ မည်သော မြင်း, ပုဏ္ဏက မည်သော မြင်း, ဝိနတက မည်သော မြင်း၊ ဤမြင်း ၄ စီးတို့ကိုလည်း ဆောင်ချေ။ ထိုမှတစ်ပါး ယူထပတိ မည်သော နွားလား, အနောဇ မည်သော နွားလား, နိသဘ မည်သော နွားလား, ဂဝံပတိ မည်သော နွားလား၊ ဤဥသဘ ၄ ခုတို့ကို ဆောင်ချေ။ ဤသတ္တဝါများကို ယဇ်ပူဇော်တော်မူမည်။ အစုစု သင့်ရာနေစေ။ ခပ်သိမ်းစုံ ယဇ်ပူဇော်တော်မူရန် ကိစ္စကို ပြီးအောင်စီရင်၍ နေထွက်လျှင် ပူဇော်တော်မူမည်။ ငါ့သား စန္ဒကုမာရမင်းသား ကိုလည်း နေထွက်လျှင် လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်တော်မူမည်ဖြစ်သောကြောင့် နေမထွက်မီ ယခု မိုးသောက်ယံ စံပျော်မွေ့လျော်စေ”ဟု စေ၏။

ဇကရာဇ်မင်း၏ မယ်တော်, ခမည်းတော်တို့သည်လည်း ရှိသေးသတတ်။

## ၄။ မင်းကြီးမယ်တော်, ခမည်းတော်တို့အား တင်လျှောက်ခန်း

ထိုအခါ အမတ်တို့သည် မင်းကြီးမယ်တော်ထံ သွား၍ “အရှင်မ။ သားတော်မင်းကြီးသည် မိမိ၏မိဖုရား, သားသမီးတို့ကို သတ်၍ ယဇ်ပူဇော်တော်မူမည် ပြုဘိ၏”ဟု ကြားလျှောက်ကုန်၏။ ထိုစကားကို မင်းကြီးမယ်တော် ကြားလျှင် “သင်တို့ အသို့ ဆိုကြကုန်သနည်း”ဟု အသည်းလိုက်၍ ရှိုက်ငင်ဖျားကြီးလျက် လက်အစုံဖြင့် ရင်အုံကိုခတ်၍ မရပ်မတည် မျက်ရည်စွတ်စို ငိုမြည်တမ်းလျက် သားတော်ဇကရာဇ်မင်းထံလာ၍

“ချစ်သား။ ဤသို့သောယဇ်ကို ပူဇော်မည်ဆိုသည် မှန်၏လော”ဟု မေး၏။ “မယ်တော်။ မှန်၏။ အကျွန်ုပ်သည် နတ်ပြည်သို့ လိုသည်ဖြစ်၍ ပြည်ကြီးဝန်ကိုဆောင်နိုင်သော, ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော, နန်းညွန့်နန်းလျာ ရတနာမျက်ရစ် ချစ်လှစွာသော စန္ဒကုမာရကိုစင်လျက်လည်း ငဲ့ကွက်ခြင်း မရှိ။ သုဂတိချမ်းသာ နတ်ရွာရောက်ကြောင်း ကောင်းမှုပြုပါမည်။ ကြွင်းသည့် မိဖုရား, သားသမီး စသည်များမှာ ဆိုရာမရှိ၊ စွန့်အပ်လှတော့သည်။ ထိုသူအပေါင်းတို့၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်၍ နတ်ပြည်သို့ သွားပါမည်”ဟုဆို၏။ မယ်တော်လည်း–

‘မာ တံ ပုတ္တ သဒ္ဒဟေသိ၊ သုဂတိ ကိရ ဟောတိ ပုတ္တယညေန။
နိရယာ နေသော မဂ္ဂေါ၊ နေသော မဂ္ဂေါ ဟိ သဂ္ဂါနံ။ ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနာနိ ဒေဟိ ကောဏ္ဍညာ၊ အဟိံသာ သဗ္ဗဘူတဘဗျာနံ။

ဧသ မဂ္ဂေါ သုဂတိယာ၊ န စ မဂ္ဂေါ ပုတ္တယညေန။ ။' ဟူသော ၂ ဂါထာတို့ဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"သူတစ်ပါးတို့ကို အပြစ်မဲ့ ညှဉ်းဆဲလေ့မရှိသော ကောဏ္ဍညအမျိုး၌ဖြစ်သော ချစ်သား။ 'သားကိုသတ်၍ ယစ်ပူဇော်သဖြင့် နတ်ပြည်သို့ရောက်၏' ဟုဆိုသော သူမိုက်တို့၏စကားကို ချစ်သား မယုံလင့်။ သူတစ်ပါးကို သတ်ခြင်းသည်ကား အပါယ် ၄ ပါး လားကြောင်း မကောင်းသောသူယုတ်တို့၏ အကျင့်သာ ဖြစ်သည်။ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှု မဟုတ်။ သူတစ်ပါးကို မသတ်,မညှဉ်းဆဲမူ၍ အလှူပေးခြင်းသည် နတ်ရွာရောက်ကြောင်း ကောင်းမှုဖြစ်သည်" ဟု ဆို၏။

မင်းသည် မယ်တော်စကားကိုပယ်လို၍ 'အာစရိယာနံ' အစရှိသော ဂါထာဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"မယ်တော်။ ဤသို့မဆိုလင့်။ အကျွန်ုပ်ပြုသော ယခုအမှုသည် ကြံစည်တွေးတော၍ အတ္တနောမတိ ပြုသည်မဟုတ်။ ထုံးစံရှိသည်အတိုင်း ဆရာတို့ ပြညွှန်းစီရင်ပေးသော စကားဖြစ်သည်။ မယ်တော် ချမ်းသာစွာသာ နေ။ အကျွန်ုပ် သားတော်စန္ဒကုမာရ စသည်တို့ကိုသတ်၍ သူတစ်ပါးပြုနိုင်ခဲသော ယဇ်ပူဇော်ခြင်းဖြင့် နတ်ပြည်ရောက်ကြောင်း ကောင်းမှုပြုပါမည်" ဟုဆို၏။

ထိုအခါ မယ်တော်သည် မိမိစကားကို သားတော် မယူသည် ဖြစ်ရကား ငိုမြည်တမ်းလျက် ဖဲလေ၏။

ထို့နောင် ကေရာဇ်မင်း၏ခမည်းတော် ဝသဝတ္တိမင်းသည် ထိုအကြောင်းကိုကြားသဖြင့်လာလတ်၍ "ချစ်သား။ သင်သည် သား ၄ ယောက်တို့ဖြင့် ယဇ်ပူဇော်မည်ကြားသည်။ မှန်၏လော" ဟု မေး၏။

"ခမည်းတော်မင်း။ မှန်ပါ၏။ အကျွန်ုပ်၏ လက်ယာမျက်လုံး လက်ရုံးသဖွယ် တင့်တယ်ပျိုနု ရှုမခန်း နန်းညွန့်နန်းလျာဖြစ်သော စန္ဒကုမာရကိုစင်လျက် ငဲ့ကွက်ခြင်းမရှိ သုဂတိချမ်းသာ နတ်ရွာရောက်ကြောင်း ကောင်းမှုပြုပါမည်။ ကြွင်းသည့် သား,သမီး စသည်များမှာ ဆိုရာမရှိ စွန့်အပ်လှူတော့သည်။ ထိုသူအပေါင်း၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်၍ နတ်ပြည်သို့သွားပါအံ့" ဟုဆို၏။

ခမည်းတော်လည်း "ချစ်သား ကေရာဇ်မင်း။ သားကိုသတ်၍ ယဇ်ပူဇော်သဖြင့် နတ်ပြည်သို့ ရောက်အံ့သည်ဆိုသော သူမိုက်စကားကို ရွှေသားရင်နှစ် ကေရာဇ်ပြည့်ရှင် မယုံနှင့်။ ဤ ယဇ်ပူဇော်ခြင်းသည်ကား အပါယ် ၄ပါး လားအံ့သောအကြောင်းသာ ဖြစ်သည်။ နတ်ရွာလားကြောင်း မဟုတ်။ ကောဏ္ဍညမျိုး မင်းရိုးမပျက် စဉ်ဆက်စိုးယူလျက် ပြည်သူတကာတို့၏ချမ်းသာကို ရှာလေ့ရှိသော ငါ့သားကေရာဇ်။ နတ်ပြည်သို့ ရောက်လိုမူ သူတစ်ပါးကို မသတ်, မညှဉ်းဆဲမူ၍ အလှူပေးလော့။ အလှူပေးခြင်းသည်သာ နတ်ရွာရောက်ကြောင်း ကောင်းမှု ဖြစ်သည်" ဟု ဆို၏။

ကေရာဇ်မင်းသည် "ခမည်းတော်မင်း။ အကျွန်ုပ်ပြုသော အစီအရင်သည် တိုင်ပင်နှီးနှောခြင်း မရှိ၊ မိမိအယူနှင့်သာ ပြုသောအစီအရင် မဟုတ်ပါ။ သံသရာ, ပစ္စုပ္ပန် ၂ တန်သော အကျိုး,အကြောင်း ကောင်း, မကောင်း ရာ,မရာကို ပညာမြော်မြင်နိုင်သော ဆရာတို့၏စကားဖြင့် တရားရှိသည်ဟူ၍ စီရင်ပါသည်။ ပြည်သူပြည်သား သူတစ်ပါးတို့ပြုနိုင်ခဲသော သားသမီးတို့ဖြင့် ယဇ်ပူဇော်၍ နတ်ပြည်သို့ သွားအံ့" ဟုဆို၏။

ထို့နောင် "ခတ္တိယမျိုး နန်းရိုးအစဉ် ကောဏ္ဍညအနွယ်ဖြစ်သော ငါ့သားကေရာဇ်။ သားသမီးစသည်ကို မညှဉ်းဆဲမူ၍ အလှူပေးလျက် အသက်ထက်ဆုံး သားအပေါင်းအခြံအရံနှင့်ပြည့်စုံစွာ ကာသိကရာဇ်တိုင်းသူ လူအပေါင်းကို အုပ်စိုးစောင့်ရှောက်လော့" ဟု ဆိုသော်လည်း သားတော်ကေရာဇ် မနာမယူလို။



www.burmeseclassic.com

## ၅။ စန္ဒကုမာရမင်းသား တောင်းပန်ခန်း

ထို့နောင် စန္ဒကုမာရမင်းသားသည် သတ်မည်စီရင်သော သူအပေါင်းတို့ကို သေဆားမှလွတ်စိမ့်သောငှာ ခမည်းတော်မင်းအား လျှောက်ထားတောင်းပန်လိုရကား–

'မာ နော ဒေဝ အဝဓိ ဒါသေ၊ နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂဠဗန္ဓကာပိ၊ ဟတ္ထိ အဿေ စ ပါလေမ။ ။
'မာ. နော ဒေဝ အဝဓိ၊ ဒါသေ နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂဠဗန္ဓကာပိ၊ ဟတ္ထိ ဆကဏာနိ ဥဇ္ဈေမ။ ။
'မာ နော ဒေဝ အဝဓိ၊ ဒါသေ နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂဠဗန္ဓကာပိ၊ အဿ ဆကဏာနိ ဥဇ္ဈေမ။ ။
'မာ နော ဒေဝ အဝဓိ၊ ဒါသေ နော ဒေဟိ ခဏ္ဍဟာလဿ။
ယဿ ဟောန္တိ တဝ ကာမာ၊ အပိ ရဋ္ဌာ ပဗ္ဗာဇိတာ။ ။
ဘိက္ခာစရိယံ စရိဿာမ။ ။' ဟူသော ၄ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို သတ်တော်မမူပါလင့်။ အကျွန်ုပ်တို့ကို ကျွန်ပြု၍ ခဏ္ဍဟာလ ပုဏ္ဏားအား ပေးတော်မူလော့။ ထိုသို့မပြုမူ နွား, ခွေး စသည်တို့ကဲ့သို့ လည်တောက်ဆွဲ၍ ဆင်ထိန်း, မြင်းထိန်း ထည့်တော်မူပါလော့။ ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို သတ်တော်မမူပါလင့်။ ဆရာခဏ္ဍဟာလပုဏ္ဏားအား ကျွန်အဖြစ်ဖြင့် ပေးတော်မူပါလော့။ ထိုသို့မပြုမူ အကျွန်ုပ်တို့ကို ဆင်ချေးကျုံး, မြင်းချေးကျုံး ထားတော်မူပါလော့။ ထိုသို့မပြုမူ ခဏ္ဍဟာလပုဏ္ဏား၏ အစေအပါး အကျွန်ုပ်တို့ ခံပါအံ့။ ထိုသို့မပြုမူ ပြည်မှမူလည်း နှင်ထုတ်တော်မူပါလော့။ ခွက် လက်စွဲ၍ တောင်းစားပါအံ့။ အကျွန်ုပ်တို့ကို အသက်ချမ်းသာ ပေးတော်မူပါ"ဟု လျှောက်တောင်းပန်၏။

ဧကရာဇ်မင်းသည် သားတော်အိမ်ရှေ့မင်း၏ အထူးထူးအပြားပြား သနားချစ်ခင်ဖွယ် အသွယ်သွယ်သော အကြောင်းဖြင့် လျှောက်တောင်းပန်သံကိုကြားလျှင် သား၏ချစ်ခြင်းဖြင့် နှလုံးကွဲအံ့သကဲ့သို့ဖြစ်၍ မျက်ရည်စီးယို ငိုကြွေးလျက် 'ငါ့အသက်အတူ ကြည်ဖြူချစ်ခင် ကြင်နာသနားအပ်စွာသော ငါ၏သားတော်များကို အဘယ်သူ သတ်ခြင်းငှာ ဝံ့အံ့နည်း။ နတ်ပြည်သို့ မရောက်လျှင်ရှိစေ။ ငါ၏သားတော်များကို မသတ်ပြီ'ဟု နှလုံးကျ၍ သာယာလှသောစကားဖြင့်

"ငါ၏သားတော်တို့ အသက်ရှည်လိုသောကြောင့် သင်တို့မြည်တမ်းငိုကြွေးသောအသံဖြင့် အသည်းအအူလန်မည့်နှယ် မခံမသာ ပူဆာအောင် သင်တို့ ပြုဘိ၏တကား။ သားကိုသတ်၍ ယဇ်ပူဇော်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ငါ့သားများကို လွှတ်စေ" ဆိုလျှင် မင်းသား, မင်းသမီးမှစ၍ ခပ်သိမ်းစုံ ၄ ခု စီသော သတ္တဝါတို့ကို လွှတ်စေ၏။

ခဏ္ဍဟာလပုဏ္ဏားသည်ကား ယဇ်တွင်း၌ စီရင်၍နေ၏။

ထိုအခါ ယောကျ်ားတစ်ယောက်သည် "သားတော် သမီးတော်တို့ကို လွှတ်တော်မူပြီ"ဟု ကြားသိလျှင် လျင်စွာသွား၍ "ပုဏ္ဏားယုတ်, ပုဏ္ဏားကျယ်, ဟယ် ခဏ္ဍဟာလ။ ဧကရာဇ်မင်းမြတ်သည် သားတော်, သမီးတော်တို့ကို လွှတ်တော်မူပြီ။ နင့်သား, နင့်သမီး, နင့်မယားများကိုသတ်၍ နင့်သား, နင့်သမီး, နင့်မယား၏ လည်ချောင်းသွေးဖြင့် နင်သာ ယဇ်ပူဇော်လော့"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလျှင် ခဏ္ဍဟာလပုဏ္ဏားသည် "မင်းကြီး။ အဘယ့်ကြောင့် ဤသို့ ပြုပြန်သနည်း"ဟု ကမ္ဘာပျက် မီးလောင်သကဲ့သို့ မျက်လုံးပြောင်တောင် မျက်မှောင်ကြုတ်ကြုတ် ပုပ်ညှိုးသမ်းမည်းသောမျက်နှာဖြင့် လျင်စွာထ၍ မင်းကြီးထံသို့ သွားပြီးသော်-

'ပုဗ္ဗေဝ ခေါ သိ မေ ဝုတ္တော၊ ဒုက္ကရံ ဒုရဘိ သမ္ဘဝမွေတံ။

အထ နော ဥပက္ခဋသ္မိ ယညသ္မိ၊ ကသ္မာ ကရောသိ ဝိက္ကမ္ပံ။

'သဗ္ဗေ ဝဇ္ဈန္တိ သုဂတိံ၊ ယေ ယဇန္တိ ယေပိ ယာဇေန္တိ။

ယေ စာပိ အနုမောဒန္တိ၊ ယဇန္တာနံ ဧဒိသံ မဟာယညံ။ ။' ဟူသော ၂ဂါထာတို့ဖြင့် ဆို၏။

အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ ယဇ် မစီရင်မီကပင် သင့်ကို ငါဆိုပါသည် မဟုတ်လော။ 'ဤ ယဇ်ပူဇော်ခြင်းကိုကား အလွန်ပြုနိုင်ခဲ၏။ ပြုသော်လည်း ဖြစ်ခဲ၏'ဟု ခက်ခဲသောအကြောင်းကို ပြောဆိုပါလျက် 'စီရင်သာ စီရင်ပါ ပြုပါမည်'ဆို၍ စီရင်သည်ကို ဆောင်ရွက်ခြင်းကိစ္စ အကျိုးမဲ့ဖြစ်အောင် အဘယ့်ကြောင့် ရှေ့စကားအတိုင်း မတည် ယဇ်ပူဇော်ခြင်းကို ဖျက်တော်မူသနည်း။ အရှင်မင်းကြီး။ ဤသို့သော ယဇ်ပူဇော်သောသူကို ထားဘိဦး။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကုန်သော သူတို့ပင်လျှင်လည်း နတ်ပြည်သို့ ရောက်ကြကုန်၏"ဟု ဆို၏။

အလွန်မိုက်လှစွာသော ဧကရာဇ်မင်းသည် အမျက်ရန်ငြိုးနိုင်ငံသို့လိုက်သော ပုဏ္ဏားစကားကို ကြားပြန်လျှင် သဘောဖေါက် အမှန်ဟုတ်နီးထင်မှတ်၍ သားတော်တို့ကို တစ်ဖန် ဖမ်းစေပြန်၏။

ထိုအခါ စန္ဒကုမာရမင်းသားသည်

"ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို ချမ်းသာပေးပြီးမှ အဘယ့်ကြောင့် သတ်တော်မူပြန်အံ့နည်း။ ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို သတ်တော်မူလိုလျှင် ငယ်ငယ်ကပင် သတ်တော်မူပါတော့လော။ သဘောစုံမက် ရင်ထက်ပိုက်ယူ မွေးမြူခြင်းကိုပြု၍ ယခု ရွယ်သာတင့်တယ် အရွယ်ရောက်မှ မိဘပြည်သူ လူအပေါင်းတို့အား ပြစ်မှားတစ်စိ မရှိစဖူးသောအကျွန်ုပ်တို့ကို အဘယ့်ကြောင့် သတ်တော်မူပါအံ့နည်း။

"ခမည်းတော်မင်းကြီး။ ဝတ်စားတန်ဆာဆင်ယင်၍ ဆင်ထက်, မြင်းထက်စီးနင်းလျက် တစ်ဘက်ရန်သူ ရည်တူမဝံ့ ကြောက်လန့်စေဘတ်သော အကျွန်ုပ်တို့ရဲစွမ်းအင်ကို မျက်မှန်းထင်ထင် မြင်တော်မူပါသည် မဟုတ်လော။ ထိုသို့ ဆင်စီး, မြင်းစီး, စစ်ဆင် စီရင်ခွဲခြမ်း ရဲစွမ်းအင်အားနှင့်ပြည့်စုံသော အကျွန်ုပ်တို့ကို ယဇ်ပူဇော်ခြင်းငှာ သတ်တော်မမူပါလင့်။

"ခမည်းတော်မင်းကြီး။ ပစ္စန္တရစ်ဖနပုဒ်၌ လူမိုက်လူသွမ်းတို့ သောင်းကျန်းပုန်ကန် ရန်မီးထလျှင် လျင်စွာ ခမည်းတော်မင်းကြီး၏နှလုံးတော်မြတ် ချမ်းငြိမ်းအောင် စိုးရိမ်ကြောင့်ကြမဲ့ကိုပြုခြင်းသည် အကျွန်ုပ် မဟုတ်ပါလော့။ ထိုသို့ စီးပွားတော်ကိုရှာတတ်သော သားတော်စစ်ကို အပြစ်မဲ့ဘဲ အဘယ့်ကြောင့် သတ်တော်မူပါအံ့နည်း။

"ခမည်းတော်မင်းကြီး။ ပညာကြီးသော လူကိုထား၍ ပညာမဲ့သော တိရစ္ဆာန်ဖြစ်လျက် ငှက်တို့သည် မြက်ကို အသိုက်ပြု၍နေကုန်သဖြင့် မိမိတို့သားကို သနားချစ်ခင် ကြင်နာပါသေး၏။ ထိုသို့ သားသမီးဟူသည်ကို ပညာမဲ့သော ငှက်တိရစ္ဆာန်တို့ပင်လျှင်လည်း ချစ်ခင်ပါလျက် ပညာမြော်မြင်နိုင်သော ခမည်းတော်မင်းကြီးသည် အကြောင်းမဲ့ အဘယ့်ကြောင့် အကျွန်ုပ်တို့ကို ယဇ်အလို့ငှာ သတ်တော်မူဘိအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ခမည်းတော်မင်းကြီး။ ခဏ္ဍဟာလစကားကို ယုံတော်မမူပါလင့်။ ခဏ္ဍဟာလစကားကို ယုံတော်မူ၍ လက်ယာမျက်လုံး, လက်ရုံးတော်နှင့်တူသော အကျွန်ုပ်တို့ကို သတ်ဖြတ်တော်မူလျှင် နောင်မကြာမြင့်မီ ခမည်းတော်မင်းကြီးကိုလည်း သတ်လတ္တံ့။

"ခမည်းတော်မင်းကြီး။ ရေမြေသေဌ်နင်း မင်းတို့သည် ပုဏ္ဏားတို့အား မြို့ရွာသင်းပင်း အဝတ်အစား စည်းစိမ်ချမ်းသာတို့ကိုပေး၍ ချီးမြှောက်ကုန်၏။ ထိုသာမဟုတ် အိမ်တိုင်းအိမ်တိုင်း ထမင်းဦးလည်း စားရကုန်၏။ ထိုသို့ ကျေးဇူးရှင်ဖြစ်လျက် များသောအားဖြင့် ပုဏ္ဏားတို့သည် ကျေးဇူးကိုမသိတတ် အခွင့်ရသည်ရှိသော် ပြစ်မှားတတ်၏။ ထို့ကြောင့် အကျွန်ုပ်တို့ကို သတ်တော်မမူပါလင့်။

"အကျွန်ုပ်တို့ကို ကျွန်ပြု၍ ခဏ္ဍဟာလပုဏ္ဏားအား ပေးတော်မူပါလော့။ ထိုသို့မပြုမူ ဆင်ထိန်း, မြင်းထိန်း အပ်တော်မူပါလော့။ အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို သတ်တော်မမူပါလင့်။ ဆင်စာ ရိတ်, မြင်းစာ ထိုး, ဆင်ချေး ကျုံး, မြင်းချေး ကျုံး ထားတော်မူပါလော့။ ထိုသို့မပြုမူ ပြည်မှမူလည်း နှင်ထုတ်တော်မူပါလော့။ ခွက်လက်စွဲလျက် တောင်းစား၍ အသက်မွေးပါကုန်အံ့"ဟုဆို၏။

ထိုအခါ ဧကရာဇ်မင်းကြီးသည် စန္ဒကုမာရမင်းသား မြည်တမ်းတောင်းပန်သောစကားကို ကြားပြန်လျှင် "ချစ်သားတို့။ အသက်ရှည်လိုသောကြောင့် မြည်တမ်းသောသင်တို့သည် ငါ့နှလုံးကို ယူကျုံးမရ ဒုက္ခရောက်အောင် ပြုဘိ၏။ ယဇ်ပူဇော်ခြင်း၌ အဘယ်အကျိုး ရှိအံ့နည်း။ ယခု ငါ့သားတော်များကို လွှတ်စေ"ဆို၍ တစ်ဖန် လွှတ်ပြန်၏။

ထိုအခါ မင်းချင်းတစ်ယောက်သည် ယဇ်တွင်းစီရင်ရာ ခဏ္ဍဟာလပုဏ္ဏားအထံ သွား၍

"ကျေးဇူးသခင် အရှင်မမှတ် ယုတ်မြတ်မဟူ ငြူစူစောင်းမြောင်း မကောင်းပြစ်ရှာ မိုက်လှစွာဘိ တိတ္ထိအန္ဓယ်။ ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ နင့်သား, မယား၏ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ရန် ယဇ်တွင်းကို စီရင်သလော။ ငါတို့သခင် အရှင်မင်းကြီးကား သားတော်, သမီးတော်တို့ကို လွှတ်လိုက်တော်မူပြီ"ဟု ဆို၏။

ထိုစကားကို ခဏ္ဍဟာလပုဏ္ဏား ကြားလျှင် ဒေါသမာန်ဖြင့် ပြင်းထန်လှစွာ မိစ္ဆာကျစ်ညစ် ဧကရာဇ်မင်း ထံလာ၍ "အရှင်မင်းကြီး။ 'ဤယဇ်ပူဇော်ခြင်းသည် အလွန်ပြုနိုင်ခဲ၏။ ပြုသော်လည်း ဖြစ်ခဲ၏'ဟု အထက်ကဆိုလျက် ဤသို့မစွမ်းနိုင်ဖြစ်လျှင် မစီရင်မီ ရှေးမဆွကပင် နေရပါမည်ကို စွမ်းနိုင်ကြောင်းဆို၍ စီရင်ပြီးမှ ယဇ်ပူဇော်ခြင်းကို ယခုအဘယ့်ကြောင့် ဖောက်ပြန် ဖျက်ဆီးတော်မူသနည်း။ ဧကရာဇ်မင်းကြီး။ အကြင်သူတို့သည် ယဇ်ပူဇော်ကုန်၏။ ထို ပူဇော်ကုန်သောသူတို့အား သာဓုအနုမောဒနာ ခေါ်ကုန်၏။ ထိုသူအပေါင်းတို့သည် နတ်ပြည်သို့သာ သွားရလေကုန်၏"ဟုဆိုလျှင် မင်းကြီးသည် သားတော်တို့ကို တစ်ဖန် ဖမ်းယူစေပြန်၏။

ထိုအခါ အိမ်ရှေ့မင်းသည် ခမည်းတော်မင်းကြီးကို သိစိမ့်သောငှာ 'ယဒိ ကိရ ယဇိတွာ'အစရှိသော ဂါထာဖြင့် လျှောက်ပြန်၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်မင်းကြီး။ အကယ်၍ သား, သမီးဖြင့် ယဇ်ပူဇော်သောသူတို့သည် နတ်ပြည်သို့ ရောက်သည်ဟုဆိုသော ခဏ္ဍဟာလပုဏ္ဏားစကား မှန်လျှင် ခဏ္ဍဟာလပုဏ္ဏားသည် မိမိသား,မယားကို သတ်၍ ရှေးဦးစွာ ပူဇော်ပါစေ။ ထို့နောက်မှ ခမည်းတော်မင်းကြီးသည် အကျွန်ုပ်တို့ကို သတ်တော်မူပါလော့။ ခမည်းတော် မင်းကြီး။ အကယ်၍ သားသမီးတို့ကိုသတ်၍ ယဇ်ပူဇော်သောသူတို့သည် သေလျှင် နတ်ပြည်သို့ ရောက်သည်မှန်မူ နတ်ပြည်သို့ရောက်ကြောင်း ခရီးကိုသိသော ခဏ္ဍဟာလသည် အဘယ့်ကြောင့် မိမိသားသမီးကို မသတ်သနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သတ်သဖြင့် နတ်ပြည်သို့ရောက်သည်မှန်လျှင် အဘယ့်ကြောင့် မိမိကိုယ်ကို လည်းကောင်း, မိမိအဆွေအမျိုးတို့ကိုလည်းကောင်း မသတ်စေသနည်း။ ခမည်းတော်မင်းကြီး။ သူတစ်ပါးကို သတ်ခြင်းတည်းဟူသော ယဇ်ကို မိမိလည်း ပူဇော်အံ့။ သူတစ်ပါးတို့ကိုလည်း ပူဇော်စေအံ့။ သူတစ်ပါးတို့ ပူဇော်သည်ကိုမူလည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုအံ့။ ထိုသူတို့လည်း ငရဲသို့ လားရကုန်၏။ အရှင်မင်းကြီး။ ဤ ခဏ္ဍဟာလ စီရင်သောအမှုသည် အကယ်၍ နတ်ပြည်သို့ရောက်ကြောင်း မှန်အံ့။ မိမိတို့ပုဏ္ဏားချင်းချင်း သတ်၍ ယဇ်ပူဇော်ရာ၏။ ထိုသို့ အချင်းချင်းသတ်၍ မိမိတို့ကိုယ်ကို ပူဇော်လတ်မူကား သူတစ်ပါးတို့ ယုံကြည်လောက်ပေ၏။ ထိုသို့ကား မပြု။ အရှင်မင်းကြီးတို့ကိုသာ စီရင်သော ပုဏ္ဏားစကားကို မယုံကြည်အပ်''ဟုဆို၏။

## ၆။ မှူးမတ်, သားမယားတို့ကို တောင်းပန်စေခန်း

အိမ်ရှေ့မင်းသည် ဤမျှလောက်သောစကားဖြင့် ထင်ရှားသိသာစွာဆိုသော်လည်း ခမည်းတော် မနာယူရကား မင်းကြီးကို ခြံရံခစား၍နေကုန်သော မှူးမတ်ပရိသတ်တို့ကိုရည်၍ 'ကထဋ္ဌ'အစရှိသောဂါထာကို ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"ပြည်အတွင်း၌ သားသမီးကို အလိုရှိသည်ဖြစ်၍ တောင့်တကုန်သော သူဌေး, သူကြွယ်, မှူးမတ်အပေါင်းတို့သည် လည်းကောင်း၊ သူကြွယ်မ, အိမ်ရှင်မတို့သည် လည်းကောင်း 'အရှင်မင်းကြီး။ သားတော်တို့ကို သတ်တော်မမူပါလင့်'ဟု ခမည်းတော်မင်းကြီးကို အဘယ့်ကြောင့် မတောင်းပန်ကြပါသနည်း။ ငါသည် ခမည်းတော်မင်းကြီး အကျိုးတော်ကိုလည်း အလိုရှိ၏။ တိုင်းသားပြည်သူ လူအပေါင်းတို့၏အစီးအပွားကိုလည်း ငါ ဆောင်လေ့ရှိ၏။ တစ်စုံတစ်ယောက်သောသူနှင့်မျှ ခိုက်ရန် မဖြစ်စဖူး။ ထိုသို့ဖြစ်ပါလျက် ပြည်သူပြည်သားအပေါင်းတို့သည် မတောင်းပန်ပါကုန်"ဟု မင်းသားဆိုသော်လည်း တစ်စုံတစ်ယောက်သောသူသည် တစ်ခွန်းသောစကားကိုမျှ မဆိုဝံ့။

ထို့နောင် အိမ်ရှေ့မင်းသည် မိမိမယား ၇၀၀ တို့ကို တောင်းပန်စေလိုပြန်၍

"အိမ်ကြီးဝန်ကိုရွက်ဆောင်နိုင်သော, လင်၏အလိုသို့လည်း လိုက်တတ်သော အိမ်ရှင်မတို့။ သင်တို့သည် ယခုသွား၍ ခမည်းတော်မင်းကြီးကို လည်းကောင်း၊ ခဏ္ဍဟာလပုဏ္ဏားကို လည်းကောင်း တောင်းပန်လျက် 'ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့်တူသော, ပြည်ထဲရေးချမ်းသာ ပြည်သူတကာတို့၏စီးပွားကိုလည်း ဆောင်တတ်သော မင်းသားတို့ကို အပြစ်မဲ့ သတ်တော်မမူလင့်' တောင်းပန်ချေ"ဟု စေ၏။

ထိုအခါ ၇၀၀ သောအိမ်ရှင်မတို့သည် မင်းသားစေတိုင်း သွား၍ တောင်းပန်ကုန်၏။ ထိုသို့ တောင်းပန်ကုန်သော်လည်း ကေရာဇ်မင်းသည် မိမိချွေးမတို့ကို မော်လှည့်၍မျှ မကြည့်။

ထိုသို့ အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်ပါသော်လည်း ခမည်းတော်မင်းကြီး မနာမယူနေလျှင် အိမ်ရှေ့မင်းလည်း ကိုးကွယ်ရာမရှိရကား ဤသို့ငိုကြွေး မြည်တမ်း၏။ "ယခု ငါသည် သားရေနယ်သမားအမျိုး,



www.burmeseclassic.com

www.burmeseclassic.com



ပန်းမှိုက်သွန်အမျိုး, ကုန်သွယ် လယ်လုပ်အမျိုးအစရှိသော တစ်ပါးအမျိုး၌ဖြစ်ပါလေသော် အရှင်မင်းကြီးသည် ယခုအလို့ငှာ ငါတို့ကို မသတ်ရာ။ ခတ္တိယအမျိုး, မင်းမျိုး၌ ဖြစ်ခြင်းကြောင့် ငါတို့ သေရအံ့"ဟုမြည်တမ်းလျက် တစ်ဖန် ၇၀၀ သော မယားတို့ကိုစေပြန်လိုရကား

"အမှုကြီးစွာ ရေးရာရောက်လျှင် အတိုင်အပင်ခံတတ်သော အမတ်ကြီးသဖွယ်ဖြစ်သော အိမ်ရှင်မတို့။ သင်တို့ ယခုသွား၍ အရှင်ခဏ္ဍဟာလဆရာ၏ ခြေရင်း၌ဝပ်လျက် 'ဆရာ။ အကျွန်ုပ်တို့သည် ပြစ်မှားမိသော အပြစ်ကို မမြင်,မသိပါ။ အကျွန်ုပ်တို့သည် လည်းကောင်း၊ အိမ်ရှေ့သခင် အရှင်မင်းသားသည် လည်းကောင်း ဆရာအား ပြစ်မှားမိသောအပြစ် ရှိချေသလော။ ဆရာကို အဘယ်သို့ ပြစ်မှားမိသနည်း' ဤသို့ဆို၍ တောင်းပန်ချေ"ဟုစေ၏။

ထိုအခါ အိမ်ရှေ့မင်း၏နှမအငယ် 'သေလာ' အမည်ရှိသောမင်းသမီးသည် မောင်တော်များကို သတ်အံ့ စီရင်သော အခင်းအကျင်းကိုမြင်လျှင် ပူပန်စိုးရိမ်ခြင်း ပြင်းစွာနှိပ်စက်သည်ဖြစ်၍ ချုပ်တည်းခြင်းငှာ မတတ်နိုင်ရကား ခမည်းတော်မင်းကြီး ခြေရင်း၌ဝပ်လျက်၊ "ခမည်းတော်မင်းကြီး။ အကျွန်ုပ်၏ မောင်တော် ၄ ပါးကို နတ်ပြည်စံတော်မူလိုသောဖခင်သည် ယဇ်အလို့ငှာ သတ်မည် စီရင်ဘိ၏တကား။ မောင်တော် ၄ ပါး မရှိလျှင် တစ်မိသားချင်း အရင်းမဲ့ပြီး အထီးကျန်သော အကျွန်ုပ်၏ကိုးကွယ်ရာလျှင် အဘယ်မှာ ရပါအံ့နည်း"ဟု လူးလဲလျက် ငိုကြွေးမြည်တမ်း၏။ ထိုသို့ သေလာမင်းသမီး ငိုကြွေးမြည်တမ်းသော်လည်း မင်းကြီး နားယူတော်မမူ။

ထိုအခါ အိမ်ရှေ့မင်း၏သားတော် ဝသုလ အမည်ရှိသောမင်းသားသည် ခမည်းတော်အိမ်ရှေ့မင်း၏ ဆင်းရဲခြင်းကိုမြင်၍ သည်းမခံနိုင်ရကား အဘိုးဖြစ်သောမင်းကြီးကို တောင်းပန်၍ 'ငါ့အဖအသက်ကို ချမ်းသာစေအံ့'ဟု ကြံလျက် ဘိုးတော်ဧကရာဇ်မင်း၏ခြေရင်း၌ဝပ်၍ ဘယ်ပြောင်းညာပြန် ပူပန်ပြင်းစွာ လူးလဲလျက် "ဘိုးတော်မင်းကြီး။ အကျွန်ုပ်ခမည်းတော်ကို မသတ်ပါလင့်။ အကျွန်ုပ်သည် လိမ္မာလောက်သောအရွယ်သို့ မရောက်သေး။ နို့ရည်နံ့မပြယ် ငယ်ရွယ်လှပါသေး၏။ ငယ်ကတည်းက အဖမဲ့သား ဖြစ်ရပါတော့မည်။ အကျွန်ုပ်တို့ကို သနားတော်မူပါ"ဟု တပြောင်းပြန်ပြန် လူးလဲ၍ ငိုကြွေးမြည်တမ်း၏။

ဧကရာဇ်မင်းကြီးသည် မြေးတော် ဝသုလမင်းသား မြည်တမ်းသောအသံကိုကြား၍ နှလုံးကွဲအံ့သကဲ့သို့ မျက်ရည်ယိုစီးလျက် သတို့သားဝသုလကို ရင်ခွင်၌ပိုက်ချီ၍ လည်ဖက်ပြီးလျှင်

"ချစ်မြေး ဝသုလ။ မစိုးရိမ်လင့်။ သင့်အဖကို မသတ်ပြီ။ သင့်အဖ ရှိ၏။ ဤသူပင်တည်း။ သင့်အဖနှင့် အတူနေလော့။ ငါ ဘိုးတော်မင်းကြီးသည် သင်ချစ်မြေး မြည်တမ်းသံကိုကြားလျှင် နှလုံးသားကို အပ်သွားထိသကဲ့သို့ မရိုပ္ပဆာ ပြင်းစွာဆင်းရဲလှ၏"ဟု မြေးတော်ကိုနှစ်သိမ့်စေပြီးလျှင် "ယခု သားတော်များကို လွှတ်စေ။ ယဇ်ပူဇော်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟုဆို၏။

ထိုစကားကို ခဏ္ဍဟာလပုဏ္ဏားကြားလျှင် "အရှင်မင်းကြီး။ 'ဤ ယဇ်ပူဇော်ခြင်းကို ပြုနိုင်ခဲ၏။ ပြုသော်လည်း ဖြစ်ခဲ၏'ဟု ရှေးမဆွကပင် ဆိုသည်မဟုတ်ပါလော။ ထိုသို့လျက်, ပူဇော်မည်စီရင်ပြီးမှ အဘယ့်ကြောင့် ဖျက်မည်ပြုပြန်သနည်း။ အရှင်မင်းကြီး။ အကြင်သူတို့သည် မိမိလည်း ပူဇော်၏။ သူတစ်ပါး ပူဇော်သည်ကိုလည်း သာဓု အနုမောဒနာ ခေါ်၏။ ဤသို့သောသူတို့သည် နတ်ပြည်သို့သာ သွားရကုန်၏"ဟု ဆိုပြန်၏။

မင်းမိုက်သည် ပုဏ္ဏားဆိုပြန်လျှင် တစ်ဖန် သားတော်တို့ကို ဖမ်းယူစေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၇။ ယဇ်တွင်းသို့ ဆောင်ယူခန်း

ထိုနောင်မှ ခဏ္ဍဟာလပုဏ္ဏားသည် 'ဤကေရာဇ်မင်းကြီးကား သားသမီးတို့ကို ချစ်မြတ်နိုးသောစိတ်ရှိ၏။ နတ်ပြည်သို့ရောက်ကြောင်း အကျင့်ဖြစ်သည် ဆိုသောကြောင့်သာ ယဇ်ပူဇော်မည် ကြံ၏။ ထို့ကြောင့် မင်းကြီးစိတ်သည် မမြဲ။ သားသမီးတို့တောင်းပန်လျှင် လွှတ်ပြန်၏။ တစ်ဖန် ငါဆိုပြန်လျှင်လည်း ဖမ်းယူစေပြန်၏။ တစ်ဖန် သားမယားတို့စကားကြောင့် မင်းကြီးလွှတ်ပြန်လေသော် ငါ၏အလိုအတိုင်း မပြီးရှိတော့ မည်။ ယခုလျှင်စွာ ထိုသူကို ယဇ်တွင်းသို့ ဆောင်အံ့'ဟုကြံပြီးသော် မင်းကြီးအား ယဇ်တွင်းသို့ သွားအံ့သောငှာ–

'သဇ္ဇိရထာနဿ ယညော ဥပက္ခဋော၊ ကေရာဇ တဝ ပဋိယတ္တော။
အဘိနိက္ခမဿု ဒေဝ၊ သဂ္ဂံ ဂတော တွံ ပမောဒိဿသိ။'ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ကေရာဇ်မင်းကြီး။ ခပ်သိမ်းသောရတနာတို့ဖြင့် ယဇ်တွင်းကို အကျွန်ုပ် စီရင်၍ပြီးပြီ။ အရှင်မင်းကြီး။ တန်ဆာဆင်လျက် ထွက်တော်မူ၍ ယဇ်ပူဇော်တော်မူသဖြင့် နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုပြုပါ"ဟုဆို၏။

ထို့နောက်မှ ကေရာဇ်မင်းသည် သားတော်အိမ်ရှေ့မင်း စသည်တို့ကိုဆောင်ယူ၍ ယဇ်တွင်းသို့ ထွက်ကြကုန်၏။ အိမ်ရှေ့မင်း၏ မယားကြီး, မယားငယ်, ရှုဖွယ်တင့်အပ် မြတ်သောမင်းသမီး ၇၀၀ တို့သည် ဆံပင်ဖြန့်ကြလျက် ငိုကြွေး၍လိုက်ကြကုန်၏။ တစ်ပါးသောမိန်းမတို့သည်လည်း ပြင်းစွာစိုးရိမ်ခြင်းဖြင့် နန္ဒဝန်ဥယျာဉ်သို့ထွက်ကုန်သော နတ်သမီးတို့ကဲ့သို့ ဆံပင်ဖြန့်ကြလျက် လက်တွဲယှဉ်မှီ တိမ်းပီတိမ်ပါလျှင် မင်းသားများနောက်သို့ ငိုမြည်တမ်း၍ လိုက်ကြကုန်၏။

ထို ၇၀၀ သောမယားတို့၏ ငိုမြည်တမ်းသောစကားကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည် 'ကာသိကာ သုစိ ဝတ္ထဓရော' အစရှိသော ဂါထာတို့ကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား–

"ကာသိကတိုင်း၌ဖြစ်သော စင်ကြယ်စွာပုဆိုးကိုဝတ်လျက် ရွှေနားတောင်းဖြင့် ရောင်မောင်းရှုဖွယ် တင့်တယ်လှစွာ နံ့သာစန္ဒကူးတို့ကို လိမ်းကျံကုန်သည်ဖြစ်၍ စန္ဒကုမာရ, သူရိယကုမာရ မင်းသားတို့သည် ကေရာဇ်မင်း၏ယဇ်အလို့ငှာ ထွက်ခဲ့ကုန်ပြီ။

"ကာသိကရာဇ်တိုင်းဖြစ်ပုဆိုး ထောင်တန်မျိုးနှင့် ညှိုးညှိုးငယ်ငယ် နနယ်ပျို့ထွား မင်းသားညီနောင် ရွှေတောင်အဆင်း ရွှေသည်းရင်းတို့သည် မိမိနှလုံး ယူကျုံးမရ သောကဖြစ်မှု ဆင်းရဲပြု၍ ယခု ထွက်တော်မူခဲ့ပြီ။

"မြတ်သော သားဟင်းမျိုးအရသာ, သကာ, ထောပတ်, မြတ်သော ဘောဇဉ်တို့ကိုစားပြီး၍ စန္ဒကူးနံ့သာရည်ဖြင့် ရေချိုးပြီးသော် အကျော်,စန္ဒကူးလိမ်းကျံလျက် သန့်ရှင်းစွာသော ကာသိတိုင်းဖြစ်ပုဆိုးကို ဝတ်တော်မူကုန်၍ ရွှေနားတောင်းဖြင့် တန်ဆာဆင်လျက် စန္ဒကုမာရ, သူရိယကုမာရ မင်းသားညီနောင်တို့သည် ပြည်သူအပေါင်း စိုးရိမ်ကြောင်းကိုပြု၍ ယခုထွက်တော်မူခဲ့ပြီ။

"မင်းသားညီနောင် ၂ ပါးတို့သည် ရှေးအခါမှ ထွက်သွားတော်မူလျှင် ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်ဖြင့် ယှဉ်မှီစီး၍ ရွှေထီး မိုးကာလျက် ထွက်စံတော်မူမြဲတည်း။ ယခုအခါကား မင်းသားညီနောင်တို့သည် ခြေကျင်သွားရခဲ့ပြီ။

"ရှေးအခါမှ မင်းသားညီနောင်တို့သည် ရေသဘင်ကစား ထွက်သွားတော်မူလျှင် စစ်အင်္ဂါ ၄ ပါး ရံတား ဝင်းသင်း ရှေ့နောက်ခင်း၍ ကျင်းကျင်းပပ ထွက်တော်မူရကုန်၏။ ယခုမူကား မင်း ၂ ပါးတို့သည် ခြေကျင် ထွက်တော်မူခဲ့ရပြီ"

ဤသို့သည်းစွာ ငိုကြွေးမြည်တမ်းကြကုန်စဉ်လျှင် ဘုရားလောင်းကို မင်းပုဏ္ဏားတို့သည် မြို့မှ ထုတ်ဆောင်ကုန်၏။



www.burmeseclassic.com

## ၈။ ပုပ္ဖဝတီပြည်အလုံး ချောက်ချားခန်း

ထိုအခါ ပုပ္ဖဝတီပြည်အလုံး ချောက်ချား၍ ပြည်သူအပေါင်းတို့သည်လည်း အတူတကွ ထွက်သွားအံ့သော ငှာ လာလတ်ကုန်၏။ တံခါးမဆံ့ အပြည့်အနက် ထွက်ရာလမ်းမတွေ့ တိုးဝှေ့ပွတ်သပ်လျက် ထွက်ကြကုန်၏။

ခဏ္ဍဟာလပုဏ္ဏားသည် ထို ပြည်သူပြည်သားများစွာသော ပရိသတ်တို့ကိုမြင်လျှင် 'မင်းရေးမင်းမှုကို မည်သို့မဆိုနိုင်ရာ'ဟု ကြံ၍၊ 'မထွက်စေရ'၊ တံခါးကို ပိတ်၍ထား၏။ ပြည်သူပြည်သားပရိသတ်အပေါင်းလည်း မထွက်ရလျှင် မြို့နား၌ရှိသော ဥယျာဉ်သို့သွားကြကုန်၍ ဥယျာဉ်၏အနီး၌ သည်းစွာငိုကြွေးကြကုန်၏။ ထိုသို့ ငိုကြွေးသံဖြင့် ဥယျာဉ်၌ သစ်သီး, သစ်ပွင့် ဆွတ်ယူနားနေသော ငှက်အပေါင်းတို့သည် လန့်၍ပျံလေကုန်၏။ လူများအပေါင်းတို့သည် ထိုငှက်အပေါင်း ကောင်းကင်သို့ ပျံသွားသည်ကိုမြင်လျှင်

"အို၊ ကောင်းကင်ပျံသွား ငှက်အများတို့။ သင်တို့သည် အကယ်၍ သားဟင်းမျိုးကို အလိုရှိကုန်မူကား ဤပုပ္ဖဝတီပြည်၏ အရှေ့မျက်နှာ၌ ယဇ်တွင်း ရှိ၏။ ထိုယဇ်တွင်း၌ မင်းမိုက်ဧကရာဇ်သည် မိမိသား ၄ယောက်တို့ကိုသတ်၍ ယဇ်ပူဇော်လေ၏။ ထိုအရပ်သို့ ပျံကြပါလေ။

"အို၊ ငှက်အပေါင်းတို့။ သင်တို့သည် အကယ်၍ သားဟင်းမျိုးကို အလိုရှိမူကား ဤပုပ္ဖဝတီပြည်၏ အရှေ့မျက်နှာ၌ ယဇ်တွင်းရှိ၏။ ထိုယဇ်တွင်း၌ မင်းမိုက်ဧကရာဇ်သည် သမီး ၄ ယောက်တို့ကို လည်းကောင်း, မိဖုရား ၄ ယောက်တို့ကို လည်းကောင်း, သား ၄ ယောက်တို့ကို လည်းကောင်း, သူဌေးကြီး ၄ ယောက်တို့ကို လည်းကောင်း, လက္ခဏာဝင် ဆင် ၄ စီးတို့ကို လည်းကောင်း, စီးတော်မြင်း ၄ စီးတို့ကို လည်းကောင်း, နွားလားဥသဘ ၄ ကောင်တို့ကို လည်းကောင်း၊ ၄ ခုစီဖြစ်သော သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်၏။ ထိုအရပ်သို့ ပျံကြပါလေ"ဟု ကြွေးကြော်မြည်တမ်းကြကုန်၏။

ဤသို့ ပြည်သူပြည်သားအပေါင်းတို့ ဥယျာဉ်အနီး၌ ငိုကြွေးပြီးသော် ဘုရားလောင်းအိမ်ရှေ့မင်းစံရာ နန်းတော် ပြာသာဒ်ထက်သို့သွား၍ လက်ယာရစ်လှည့်လည်လျက် အိမ်တော်တွင်း၌ ပန်းချီပန်းပု ပြောက်ထုရေးသား ထူးပြားအံ့ဖွယ် ဆန်းကြယ်ပြေပြစ် စုလစ်မွန်းချွန်း အမွှန်းတန်ဆာ စသည်တို့ကိုလည်းကောင်း၊ ဥယျာဉ်သစ်ပင် စသည်တို့ကိုလည်းကောင်း ရှုကြကုန်လျက် ငိုကြွေးမြည်တမ်းကုန်၏။

## ၉။ ယဇ်တွင်း၌ ငိုမြည်တမ်း၍ လျှောက်တောင်းပန်ခန်း

ထို ငိုမြည်တမ်းသောအကြောင်းကို ထင်စွာပြလိုသည်ဖြစ်၍ 'အယမသ ပါသာဒေါ'အစရှိသော ဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား–

"အိုအချင်းတို့။ ဤပြာသာဒ်နန်းကား စန္ဒကုမာရမင်းသား၏ ပြာသာဒ်တည်း။ အိမ်တော်တွင်း၌ အလွန်မွေ့လျော်ဖွယ် ရှိ၏။ ရွှေစင်အတိ ရောင်ငြိလျှံမြူး ခြူးပန်းခြူးနွယ် ဆန်းကြယ်လှစွာသော

www.burmeseclassic.com



အမွန်းတန်ဆာတို့သည်ကား အိမ်ရှေ့မင်းစီရင်အပ်သော တန်ဆာတည်း။ ယခုကား မင်းသား ၄ ယောက်တို့သည် အိမ်တော်ကိုစွန့်၍ ထွက်ခဲ့ကုန်၏။

"၁၂ရာသီလုံး အပွင့်အသီးနှင့်ပြည့်စုံစွာ နှလုံးမွေ့လျော်ဖွယ်ရှိသော ဤဥယျာဉ်သည်လည်း ရောက်သောသူတို့၏စိတ်ကို စိုးရိမ်ကင်းပျောက် ဝမ်းမြောက်ပျော်ရွှင်စေတတ်သောကြောင့် အသောက မည်သော စန္ဒကုမာရမင်းသား၏ ဥယျာဉ်တည်း။ ယခု မင်းသား ၄ ယောက်တို့သည် ဥယျာဉ်ကိုစွန့်၍ ထွက်ခဲ့ကုန်ပြီ။

"အခါနှင့်ယှဉ်၍ ပင်လုံးကျွတ်ပွင့်သော ဤပန်းတောသည်ကား စန္ဒကုမာရမင်းသား၏ မဟာလေ့ကား ပန်းတောတည်း။ ဤကား အသောက ပန်းတောတည်း။ ဤကား သရက်တောတည်း။ ထိုပန်းတောတို့ကိုစွန့်၍ မင်းသား ၄ယောက်တို့သည် ထွက်ခဲ့ကုန်ပြီ။

"ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်တို့ဖြင့်ဖုံးလွှမ်းသော ဤရေကန်သည်ကား စန္ဒကုမာရမင်းသား၏ ရေကန်တည်း။ ဤရေကန်တွင်း၌ ရွှေလှေ, ရွှေလှော်င်းတို့ဖြင့် လည်းကောင်း၊ နွယ်ပန်းတို့ဖြင့်လည်းကောင်း ဆန်းကြယ်ကုန်၏။ ထို နှလုံးမွေ့လျော်ဖွယ်ရှိသော ရေကန်တို့ကိုစွန့်၍ မင်းသားညီနောင် ၄ယောက်တို့သည် ထွက်ခဲ့ကုန်ပြီ။ မင်းမိုက်ကေရာဇ်သည် သားတော် ၄ ပါးတို့ကို သနားကြင်နာ မရှိ၊ သတ်အံ့သောငှာ ထုတ်ခဲ့ပြီ" ဤသို့ အထူးထူးအပြားပြား ပြည်သားပြည်သူအပေါင်းတို့ ငိုကြွေးကြကုန်၏။

ထို ပြည်သူတို့သည် ဆင်တော်တင်းကုပ် စသည်သို့ သွားကြပြန်ကုန်၏။

"အချင်းတို့။ ဤဆင်ကား စန္ဒကုမာရမင်းသား၏ ရောဝဏ်မည်သော ဆင်ရတနာတည်း။ ကြီးသောခွန်အားလည်း ရှိ၏။ တင့်တယ်သော အစွယ်လည်း ရှိ၏။ အချင်းတို့။ ဤရထားကား စန္ဒကုမာရ မင်းသား၏ မြင်းရထားတည်း။ ထိုရထားတို့သည် သာလိကာတို့၏အသံနှင့် တူသောလည်း ရှိကုန်၏။ ရတနာ ၇ ပါးတို့ဖြင့် ဆန်းကြယ်တင့်တယ်စွာ၏။ ဤရထားထက်စီးလျက် မင်းသားညီနောင် ၄ ပါးတို့သည် နန္ဒဝန်ဥယျာဉ်သို့ထွက်၍ နတ်သားလုလင်ကဲ့သို့ တင့်တယ်ကုန်၏။ ယခုမူကား အရှင် မင်းသားညီနောင် ၄ ပါးတို့ကို မင်းမိုက် သတ်အံ့ဟု ထုတ်ခဲ့ကုန်ပြီ။

"အချင်းတို့။ ရွှေဖမ္ဘူရာဇ်ကဲ့သို့ ချစ်ဖွယ်သောအရောင်အဆင်းနှင့် ပြည့်စုံစွာ နံ့သာစန္ဒကူး လိမ်းသပ်လျက် မြတ်လှစွာသော မင်းသားညီနောင် ၄ ပါးတို့ကို မင်းမိုက်ကေရာဇ်သည် မချစ်မသနား သားမဟုတ်သကဲ့သို့ အဘယ့်ကြောင့် သတ်၍ ယဇ်အလို့ငှာ ပြုပါဘိသနည်း။

"အချင်းတို့။ ရွှေစင်အတု နုနုနယ်နယ် ရှုဖွယ်စတောင်း ယိုပျောင်းညွှတ်အိ မျက်စိအသရေဖြစ်သော မင်းသမီး ၄ ပါး သနားစရာတို့ကို လည်းကောင်း၊ ရွှေစင်အလား စက်ထွားမွတ်ကြေ အသရေရှိသော မင်းမိဖုရား ၄ ပါးတို့ကိုလည်းကောင်း၊ အဆင်း,အရွယ် တင့်တယ်လျောက်ပတ် မြတ်သောသူဌေးကြီး ၄ဦးတို့ကို လည်းကောင်း အဘယ့်ကြောင့် မင်းမိုက်ကေရာဇ် ယဇ်ပူဇော်အံ့နည်း။

"အချင်းတို့။ လူနည်း၍ တောကျယ်သော ရွာငယ်, နိဂုံး, ဓနပုဒ်ကဲ့သို့ ငါတို့ပုပ္ဖဝတီပြည်ကြီးသည် မင်းသားညီနောင်တို့ကိုသတ်၍ ယဇ်ပူဇော်လတ်သော် ဆိတ်လတ္တံ့."ဟု ငိုကြွေးမြည်တမ်းကြကုန်၏။

ထိုအခါ လူများအပေါင်းတို့သည် မြို့ပြင်သို့ထွက်အံ့သောငှာ မရသည်ဖြစ်၍ မြို့တွင်း၌သာလျှင် တောင်သွားမြောက်လာ ဘယ်ညာလှည့်လည်လျက် မတည်မရပ် ရင်ခတ်လက်ချီ ငိုမြည်တမ်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း မင်းသားကိုလည်း ယဇ်တွင်းသို့ ဆောင်လေကုန်၏။ ယဇ်တွင်းအနီးသို့ ရောက်သောအခါ ဧကရာဇ်မင်း၏ မိဖုရားကြီးဖြစ်သော ဘုရားလောင်းမယ်တော် ဂေါတမီသည် "အရှင်မင်းကြီး။ အကျွန်ုပ်သားကို အသက် ချမ်းသာပေးတော်မူပါ"ဟု မင်း၏ခြေရင်း၌ ဝပ်၍ ငိုကြွေးမြည်တမ်းလျက်–

'ဥမ္မတ္တိကာ ဘဝိဿာမိ၊ ဘူနဟတာ ပံသုနာ စ ပရိကိဏ္ဏာ။

သစေ စန္ဒဝရံ ဟန္တိ၊ ပါဏာ မေ ဒေဝ ရုဇ္ဈန္တိ။

ဥမ္မတ္တိကာ ဘဝိဿာမိ၊ ဘူနဟတာ ပံသုနာ စ ပရိကိဏ္ဏာ။

သစေ သူရိယဝရံ ဟန္တိ၊ ပါဏာ မေ ဒေဝ ရုဇ္ဈန္တိ။'ဟူသော ၂ဂါထာတို့ဖြင့် လျှောက်တောင်းပန်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကယ်၍ မြတ်လှစွာသော စန္ဒကုမာရကို သတ်တော်မူအံ့။ အကျွန်ုပ်သည် အရုပ်အဆင်း ပျက်ခြင်းသို့ရောက်သဖြင့် မဆောက်တည်နိုင် မြေမှုန့်ကြဲလိမ်းလျက် ရှက်ကြောက်မရှိသော ရူးသွပ်ခြင်းသို့ ရောက်တော့အံ့။ အကျွန်ုပ်၏အသက်ကို ချစ်သောထက် အဆအရာ ရင်မှာပိုက်မွေး သားရင်သွေးကို ချစ်ကြင်နာလှ၏။ အရှင်မင်းကြီး။ အကျွန်ုပ် ရင်ခွင်ပိုက်မွေး ရင်သွေးသူရိယကို အကယ်၍ သတ်အံ့။ အကျွန်ုပ်သည် ရူးသွပ်ခြင်းသို့ ရောက်လေအံ့။ အသက်ကိုချစ်သောထက် သားကို ချစ်လှသေး၏။ အရှင်မင်းကြီး။ အကျွန်ုပ် သားသမီးတို့ကို သတ်တော်မမူပါလင့်"ဟု ငိုကြွေးမြည်တမ်းလျက် တောင်းပန်သော်လည်း ဧကရာဇ်မင်းသည် နားမျှမထောင်နေရကား မိဖုရားကြီးဂေါတမီသည် မိမိချွေးမ စန္ဒကုမာရမင်းသား၏ မယားတို့ကို ဆိုမြည်တမ်းပြန် လို၍ "အို၊ ချွေးမကောင်းတို့။ သင်တို့ချစ်လင် အိမ်ရှေ့ရှင်သည် သင်တို့ကို အမျက်ထွက်၍ သွားအံ့သည်တကား။ မသွားရအောင် သင်တို့ အဘယ့်ကြောင့် မတားကုန်သနည်း"ဟု အိမ်ရှေ့မင်းမိဖုရားကြီး ယဋ္ဌိကာ၊ ဥပရိက္ခိ၊ ပေါက္ခရဏီ၊ ဘာရိကာ ဤ ၄ ယောက်တို့၏လည်ကိုဖက်လျက်–

'ကိန္နုမာ န ရမာပေယျုံ၊ အညမညံ ပိယံ ဝဒါ။

ယဋ္ဌိကာ ဥပရိက္ခိ စ၊ ပေါက္ခရဏီ စ ဘာရိကာ။

စန္ဒသူရိယေသု နစ္စန္တိယော၊ သမာ တာသံ န ဝိဇ္ဇတိ။'ဟူသော ဂါထာဖြင့် ငိုမြည်တမ်း၏။ အဓိပ္ပာယ်ကား–

"ငါ့သားစန္ဒကုမာရ၏ ငယ်ချစ်ငယ်ကြင်ဖြစ်သော သင်တို့ချွေးမ ၄ ယောက်သည် အချင်းချင်း နှစ်လိုဖွယ်သောစကားကို ဆိုကုန်လျက် စန္ဒကုမာရမင်းသား၊ သူရိယမင်းသားတို့၏အထံ၌ ကခြင်း၊ သီခြင်းဖြင့် ငါ့သားများကို အဘယ့်ကြောင့် မမွေ့လျော်စေကုန်သနည်း။ လင်၏မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော ကခြင်း၊ သီခြင်းအမှု၌ သင်တို့ ၄ ယောက်နှင့်တူသော သူတို့သည် မရှိကုန်"ဟုဆို၏။

ချွေးမ ၄ ယောက်တို့နှင့်အတူ ငိုကြွေးမြည်တမ်းပါသော်လည်း ဧကရာဇ်မင်းသည် တစ်စုံတစ်ခုသော စကားကိုမျှ မယူသည်ဖြစ်၍ ခဏ္ဍဟာလပုဏ္ဏားကို ကျိန်ဆဲလိုရကား ဘုရားလောင်းမယ်တော် ဂေါတမီသည်–

'ဣမံ မယှံ ဟဒယသောကံ၊ ပဋိမုဉ္စတု ခဏ္ဍဟာလ တဝ မာတာ။

ယော မယှံ ဟဒယသောကော၊ စန္ဒမှိ ဝဓာယ နိန္နီတေ။ ။

ဣမံ မယှံ ဟဒယသောကံ၊ ပဋိမုဉ္စတု ခဏ္ဍဟာလ တဝ မာတာ။

ယော မယှံ ဟဒယသောကော၊ သူရိယမှိ ဝဓာယ နိန္နီတေ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဣမံ မယှံ ဟဒယသောကံ၊ ပဋိမုဉ္စတု ခဏ္ဍဟာလ တဝ ဇာယာ။
ယော မယှံ ဟဒယသောကော၊ စန္ဒမှိ ဝဓာယ နီတိတေ။ ။
'ဣမံ မယှံ ဟဒယသောကံ၊ ပဋိမုဉ္စတု ခဏ္ဍဟာလ တဝ ဇာတာ။
ယော မယှံ ဟဒယသောကော၊ သူရိယမှိ ဝဓာယ နီတိတေ။ ။
'မာ စ ပုတ္တေ မာ စ ပတိံ၊ အဒ္ဒက္ခိ ခဏ္ဍဟာလ တဝ မာတာ။
ယော ဃာတေသိ ကုမာရေ၊ အဒူသကေ သီဟသင်္ကာသေ။ ။
'မာ စ ပုတ္တေ မာ စ ပတိံ၊ အဒ္ဒက္ခိ ခဏ္ဍဟာလ တဝ မာတာ။
ယော ဃာတေသိ ကုမာရေ၊ အပေက္ခိတေ သဗ္ဗလောကဿ။ ။
'မာ စ ပုတ္တေ မာ စ ပတိံ၊ အဒ္ဒက္ခိ ခဏ္ဍဟာလ တဝ ဇာယာ။
ယော ဃာတေသိ ကုမာရေ၊ အဒူသကေ သီဟသင်္ကာသေ။ ။
'မာ စ ပုတ္တေ မာ စ ပတိံ၊ အဒ္ဒက္ခိ ခဏ္ဍဟာလ တဝ ဇာယာ။
ယော ဃာတေသိ ကုမာရေ၊ အပေက္ခိတေ သဗ္ဗလောကဿ။ ။'ဟူသော ၈ ဂါထာတို့ဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ ငါ့သားစန္ဒကုမာရကို သတ်အံ့သောငှာ နင် ဆောင်သည်ရှိသော် ငါ၏နှလုံးစိုးရိမ်ခြင်း ပြင်းစွာဖြစ်၏။ ဤ ငါ၏စိုးရိမ်ခြင်းသည် နင့်အမိဝမ်း၌ ဝင်စေသတည်း။

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ ငါ့သား သူရိယကုမာရကို သတ်အံ့သောငှာ နင် ဆောင်သည်ရှိသော် ငါ၏ စိုးရိမ်ခြင်း, ပူဆွေးခြင်း ဖြစ်၏။ ဤ ငါ၏စိုးရိမ်ခြင်း, ပူဆွေးခြင်းသည် နင့်အမိဝမ်း၌ ဝင်စေသတည်း။

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ ငါ့သားစန္ဒကုမာရကို သတ်အံ့သောငှာ နင် ထုတ်သည်ရှိသော် ငါ၏ပူပန်ခြင်း ဖြစ်၏။ ထို ငါ၏ပူပန်ခြင်းသည် နင့်မယားဝမ်း၌ ဝင်စေသတည်း။

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ ငါ၏သားသူရိယကို သတ်အံ့သောငှာ ထုတ်သည်ရှိသော် ငါ၏ပူပန်ခြင်း ဖြစ်၏။ ထို ငါ၏ ပူပန်ခြင်းသည် နင့်မယားဝမ်း၌ ဝင်စေသတည်း။

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ နင်သည် ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့်တူသော ငါ့သားတော်တို့ကို အပြစ်မဲ့ သတ်ဘိ၏။ နင့်အမိသည် သား,လင်တို့ကို မမြင်ရသည် ဖြစ်စေသတည်း။

"ဟယ်၊ ခဏ္ဍာဟာလပုဏ္ဏား။ ပြည်သားပြည်သူအပေါင်းတို့၏ မျက်ရစ်သဖွယ်ဖြစ်သော ငါ့သားတော်တို့ကို နင် သတ်ဘိ၏။ နင့်အမိသည် သား,လင်တို့ကို မမြင်ရသည် ဖြစ်စေသတည်း။

"ဟယ်၊ ခဏ္ဍဟာလပုဏ္ဏား။ ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့်တူသော ငါ့သားတော်တို့ကို အပြစ်မရှိ နင် သတ်ဘိ၏။ နင့်မယားသည် သား,လင်တို့ကို မမြင်ရသည် ဖြစ်စေသတည်း။

"ဟယ်၊ ခဏ္ဍာဟာလပုဏ္ဏား။ ပြည်သားပြည်သူလူအပေါင်းတို့၏ မျက်ရှုဖြစ်သော ငါ့သားတော်များကို နင် သတ်ဘိ၏။ နင့်မယားသည် သားကိုလည်းကောင်း, လင်ကိုလည်းကောင်း မမြင်ရသည် ဖြစ်စေသတည်း"ဟု ဘုရားလောင်းမယ်တော် ဂေါတမီသည် ကျိန်ဆဲ၏။

ဘုရားလောင်းအိမ်ရှေ့မင်းသည် ယဇ်တွင်းသို့ရောက်သောအခါ ခမည်းတော်ကို တောင်းပန်ပြန်လို၍–
'မာ နော ဒေဝ အဝဓိ၊ ဒါသေ နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂ္ဂလဗန္ဒကာပိ၊ ဟတ္ထီ အဿေ စ ပါလေမ။ ။



www.burmeseclassic.com

www.burmeseclassic.com



'မာ နော ဒေဝ အဝဓိ၊ ဒါသော နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂ္ဂလဗန္ဓကာပိ၊ ဟတ္ထိဆကဏာနိ ဥဇ္ဈေမ။ ။
'မာ နော ဒေဝ အဝဓိ၊ ဒါသော နော ဒေဟိ ခဏ္ဍဟာလဿ။
အပိ နိဂ္ဂလဗဒ္ဓကာပိ၊ အဿဆကဏာနိ ဥဇ္ဈေမ။ ။
'မာ နော ဒေဝ အဝဓိ၊ ဒါသော နော ဒေဟိ ခဏ္ဍဟာလဿ။
ယဿ ဟောန္တိ တဝ ကာမာ၊ အပိ ရဋ္ဌာ ပဗ္ဗာဇိတာ။
ဘိက္ခာစရိယံ စရိဿာမ။ ။
'ဒိဗ္ဗံ ဒေဝ ဥပယာစန္တိ၊ ပုတ္တတ္ထိကာပိ ဒလိဒ္ဒါ။
ပဋိဘာနာနိပိ ဟိတွာ၊ ပုတ္တေ န လဘန္တိ ဧကစ္စာ။ ။
'အာသီသိကာနိ ကရောန္တိ၊ ပုတ္တာ နော ဇာယန္တု တတော ပပုတ္တာ။
အထ နော အကာရဏသ္မာ၊ ယညတ္ထာယ ဒေဝ ဃာတေသိ။ ။
'ဥပယာစိတကေန ပုတ္တံ လဘန္တိ၊ မာ တာတ နော အဃာတေသိ။
မာ ကိစ္ဆာ လဒ္ဓကေဟိ ပုတ္တေဟိ၊ ယဇိတ္ထော ဣမံ ယညံ။
'ဥပယာစိတကေန ပုတ္တံ လဘန္တိ၊ မာ တာတ နော အဃာတေသိ။
မာ ကပဏလဒ္ဓကေဟိ ပုတ္တေဟိ၊ အမ္မာယ နော ဝိပ္ပဝါသေဟိ။'ဟူသော ၈ ဂါထာတို့ကိုဆို၏။
အဓိပ္ပာယ်ကား–

"ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို သတ်တော်မမူပါလင့်။ ခဏ္ဍဟာလပုဏ္ဏားအား ကျွန်အဖြစ်ဖြင့် ပေးတော်မူပါလော့။ ထိုသို့မပြုမူ ဆင်ထိန်း, မြင်းထိန်း, ဆင်စာရိတ်, မြင်းစာရိတ်, ဆင်းချေးကျုံး, မြင်းချေးကျုံး ထားတော်မူပါလော့။ ထိုသို့မဟုတ်မူ ပြည်မှမူလည်း နှင်ထုတ်တော်မူလော့။ ခွက်လက်စွဲလျက် တောင်းစား၍ အသက်မွေးပါကုန်အံ့။

"ခမည်းတော်မင်းကြီး။ ဆင်းရဲသောမိန်းမတို့သည် သားလိုချင်သည်ဖြစ်၍ နတ်တို့ကို တောင်းပန်ကုန်၏။ အချို့သော မိန်းမတို့သည် ချင်ခြင်းကိုစွန့်သောကြောင့်လည်း သား မရကုန်။ ခမည်းတော်တို့သည် ချင်ခြင်းရှိသည် ဖြစ်၍ သားကို တောင့်တသောကြောင့် အကျွန်ုပ်တို့ကို ရသည်မဟုတ်လော။ ထိုသို့ချစ်မြတ်နိုးသဖြင့် ရအပ်သောသား တို့ကို အပြစ်မဲ့ အဘယ့်ကြောင့် သတ်တော်မူပါအံ့နည်း။ သားကိုရခြင်းသည်ကား အလွန် ဆင်းရဲငြိုငြင်သဖြင့်ရ၏။ ထိုသို့ ငြိုငြင်စွာရသော အကျွန်ုပ်တို့ကို ယဇ် မပူဇော်လင့်။ အကျွန်ုပ်တို့ကိုသတ်၍ အမိတစ်ယောက်တည် အထီးကျန်သည်ကို မပြုလင့်"ဟု မင်းသားအိမ်ရှေ့ရှင် ဦးတင်လက်မြှောက် အကြိမ်ကြိမ်လျှောက် သော်လည်း နှုတ်ထောက်မပြန် လှန်၍မကြည့်နေလျှင်၊ မင်းကြီးခြေရင်း၌ ဝပ်၍ မင်းသား ငိုကြွေးလျက်–

'ဗဟုဒုက္ခာ ပေါသိယစန္ဒ၊ တုဝံ ဓိယသေ ပုတ္တံ။
ဝန္ဒာမိ ခေါ တေ ပါဒေ၊ လဘတံ တာတော ပရလောကံ။ ။
'ဟန္ဒ စ မံ ဥပဂူဟ၊ ပါဒေ တေ အမ္မ ဝန္ဒိတုံ ဒေဟိ။
ဂစ္ဆာမိ ဒါနိ ပဝါသံ၊ ယညတ္ထာယ ဧကရာဇဿ။ ။
'ဟန္ဒ စ မံ ဥပဂူဟ၊ ပါဒေ တေ အမ္မ ဝန္ဒိတုံ ဒေဟိ။
ဂစ္ဆာမိ ဒါနိ ပဝါသံ၊ မာတု ကတွာ ဟဒယသောကံ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဟန္ဒ စ မံ ဥပဂူဟ၊ ပါဒေ တေ အမ္မ ဝန္ဒိတုံ ဒေဟိ။

ဂစ္ဆာမိ ဒါနိ ပဝါသံ၊ ဇနေသာ ကတ္တာ ဟာဒယသောက်။ ။'ဟူသော ၄ ဂါထာတို့ဖြင့် ရွတ်ဆို၏။ အဓိပ္ပာယ်ကား–

ကိုယ့်အသက်ထက် ဆထက်ကြည်လင် ချစ်ခင်လှပေသောမယ်တော်သည် ဆင်းရဲငြိုငြင်သဖြင့် သနားမြတ်လေး မွေးကျွေးသုတ်သင် ပြုပြင်တော်မူပေ၏။ မယ်တော်သည် သားကို အောက်မေ့တော်မူပေ၏။ အကျွန်ုပ်သည် မယ်တော်၏ခြေတော်ကို ရှိသေစွာရှိခိုးပါ၏။ အကျွန်ုပ်အဖသည် အကျွန်ုပ်တို့ကိုသတ်၍ နတ်ပြည် စည်းစိမ်ကို ရစေသတည်း။

"မယ်တော်။ ယခု အကျွန်ုပ်ကို ဖက်တော်မူပါလော့။ ခြေတော်ကိုလည်း ရှိခိုးအံ့သောငှာ ပေးတော်မူပါလော့။ ယခု မယ်တော်၏ စိုးရိမ်ပူဆွေးခြင်းကိုပြု၍ မယ်တော်နှင့် သေကွဲ ကွဲရတော့အံ့။ မယ်တော် အကျွန်ုပ်ကို ဖက်ပါလော့။ ခြေတော်ကိုလည်း ရှိခိုးအံ့သောငှာ ပေးပါလော့။ ပြည်သူတို့၏ စိုးရိမ်ပူဆွေးခြင်းကိုပြု၍ ကွေကွင်းရတော့အံ့"

ထိုအခါ ဘုရားလောင်းမယ်တော် ဂေါတမီသည် သား ငိုမြည်တမ်းသံကို သည်းမခံနိုင်သည်ဖြစ်၍ ငိုမြည်တမ်းလိုရကား–

'ဟန္ဒ စ ပဒုမပတ္တာနံ၊ မောဠိံ ဗန္ဓဿု ဂေါတမိပုတ္တ။

စမ္ပက ကာဒလိမိဿာယော၊ သော တေ ပေါရာဏိကာ ပကတိ။ ။

'ဟန္ဒ စ ဝိလေပနံ တေ၊ ပစ္ဆိမကံ စန္ဒနံ ဝိလိမ္ပဿု။

ယေဟိ စ သုဝိလိတ္တော၊ သောဘသိ ရာဇပရိသာယံ။ ။

'ဟန္ဒ စ မုဒုကာနိ ဝတ္ထာနိ၊ ပစ္ဆိမကံ ကာသိကံ နိဝါသေဟိ။

ယေဟိ စ သုနိဝတ္ထော၊ သောဘသိ ရာဇပရိသာယံ။ ။

'မုတ္တာမဏိကနကဝိဘူသိတာနိ၊ ဂဏှဿု ဟတ္ထာဘရဏာနိ။

ယေဟိ စ ဟတ္ထာဘရဏေဟိ၊ သောဘသိ ရာဇပရိသာယံ။ ။'ဟူသော ၄ဂါထာတို့ကို ရွတ်ပြန်၏။ အဓိပ္ပာယ်ကား–

"ချစ်သားစန္ဒကုမာရ။ ယခု ကြာချပ်နှင့်တူသော ဦးရစ်ပေါင်းကို ပေါင်းလော့။ ဂေါသဖင်, စကား, ပန်းမြတ်များကို ရွှေသားသခင် ပန်ဆင်ဦးလော့။ ဤတန်ဆာတို့ကား သင်ဆင်မြဲသော တန်ဆာတို့တည်း။ အကျော်စန္ဒကူး လိမ်းသပ်အပ်သော သားမြတ်ရတနာသည် များစွာသောမှူးမတ်ပရိသတ်အလယ်၌ ရှုဖွယ်တင့်တယ် ရှိ၏။ ထိုစန္ဒကူးအကျော်တို့ကို သားတော် သတ်မှတ်လိမ်းသပ်ပါဦး။ သင့်အား နောင်သောအခါ မလိမ်းရလတ္တံ့။ ယခု အဆုံးသောလိမ်းသပ်ခြင်းဖြင့် လိမ်းသပ်ဦးလော့။

"ချစ်သား။ အကြင်ပုဆိုးတို့ကို ဝတ်သည်ရှိသော် မင်းပရိသတ်အလယ်၌ ရှုဖွယ်တင့်တယ်ရှိ၏။ ထို ရှုဖွယ်တင့်အပ် မြတ်သောပုဆိုးတို့ကို အဆုံးစွန်သောဝတ်ခြင်းဖြင့် ဝတ်ပါ ဦးလော့။ ပုလဲမျိုး, ပတ္တမြားမျိုး အဖိုးထိုက်သောမျက်မြတ်တို့ဖြင့် စီရင်အပ်သော ရွှေလက်ကောက်, ရွှေနားတောင်း, ရွှေဘယက်တို့ကို ဆင်သည်ရှိသော် မင်းပရိသတ်အလယ်၌ တင့်တယ်၏။ ထိုတန်ဆာတို့ကို ဆင်ပါဦးလော့"ဟု ဆို၍ ငိုမြည်တမ်း၏။

အိမ်ရှေ့မင်း၏မိဖုရားကြီးသည် စန္ဒာဒေဝီ အမည်ရှိ၏။ ထိုစန္ဒာဒေဝီ မိဖုရားကြီးသည် ယောကျ်ာမဖြစ်သော ကေရာဇ်မင်း၏ခြေရင်း၌ ဝပ်၍ ငိုကြွေးမြည်တမ်းလျက်–



www.burmeseclassic.com

www.burmeseclassic.com



'န ဟိ နူနာယံ ရဋ္ဌပါလော၊ ဘူမိပတိ ဇနပဒဿ ဒါယာဒေါ။

လောကိဿရော မဟန္တော၊ ပုတ္တသိနေဟံ ဇနယတိ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"ရေမြေစိုးချင်း မင်းတကာတို့၏ သခင်အရှင် ဖြစ်တော်မူသော မင်းတရားကြီးသည် ရင်တော်၌ဖြစ်သော သားရတနာကိုစင်လျက် မကြင်မနာ အဘယ့်ကြောင့် သတ်ပါအံ့နည်း"ဟု ဆို၏။

ထိုရွှေးမ စန္ဒာဒေဝီကားကို မင်းကြီးကြားလျှင်-

'မယှံပိ ပိယာ ပုတ္တာ၊ အတ္တာ စ ပိယော တုမှေ စ ဘရိယာယော။

သဂ္ဂဉ္စ ပတ္ထယာနော၊ တေနာဟံ ဃာတယိဿာမိ။ ။'ဟူသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား-

"ရွှေးမ စန္ဒာဒေဝီ။ ငါသည် သားကို လည်းကောင်း, မိမိကိုယ်ကို လည်းကောင်း, သင်တို့ရွှေးမများကို လည်းကောင်း, မယားကို လည်းကောင်း ချစ်၏။ ထိုသို့ချစ်လျက်ပင် နတ်ပြည်ကို လိုသောကြောင့် သတ်အံ့သတည်း"ဟု ဆို၏။

စန္ဒာဒေဝီလည်း-

'မံ ပဌမံ ဃာတေဟိ၊ မာ မေ ဟဒယံ ဒုက္ခံ ဖာလေသိ။

အလင်္ကတော သုန္ဒရကော၊ ပုတ္တော ဒေဝ တဝ သုခုမာလော။ ။

'ဟန္ဒယျ မံ ဟနဿု၊ ပရလောကေ စန္ဒကေန ဟေဿာမိ။

ပုညံ ကရဿု ဝိပုလံ၊ ဝိစရာမ ဥဘောပိ ပရလောကေ။ ။'ဟူသော ၂ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ လူကိုသတ်၍ နတ်ပြည်သို့ရောက်မည်မှန်လျှင် အကျွန်ုပ်လင် စန္ဒကုမာရမင်းသားကို မသတ်မီ အကျွန်ုပ်ကို ရှေးဦးစွာ သတ်တော်မူပါ။ အကျွန်ုပ်လင်၏ ဆင်းရဲခြင်းကို မမြင်လိုပါပြီ။ လင်၏ ဆင်းရဲခြင်းဖြင့် အကျွန်ုပ်နှလုံးသားကို ခွဲတော်မမူပါလင့်။

"အရှင်မင်းကြီး။ သားတော် စန္ဒကုမာရမင်းသားသည် ဝတ်စားမဆင်မပြင်ဘဲလျက် မျက်စိအစု ရှု၍မခန်းသော စကားပန်းသဖွယ် တင့်တယ်လှပါ၏။ အရှင်မင်းကြီး။ ရှေးဦးစွာ ယခု အကျွန်ုပ်ကို သတ်တော်မူပါ။ တမလွန်၌ ကြည်ဖြူချစ်ခင် သက်လုံးကြင်၍ မြဲလျှင်မကွာ ဖြစ်လိုပါ၏။ အရှင်မင်းကြီး။ ပြန့်ပြောစွာကောင်းမှု ပြုတော်မူပါလော့။ အကျွန်ုပ်တို့ ၂ ယောက် နောင်တမလွန်ဘဝသို့ အတူတကွ သွားကုန်ပါအံ့"ဟုဆို၏။

မင်းကြီးလည်း-

'မာ တွံ စန္ဒေ ရုစ္စိ ပရဏံ၊ ဗဟုကာ တဝ ဒေဝရာ ဝိသာလက္ခိ။

တေ တံ ရမယိဿန္တိ၊ ယိဋ္ဌသမိံ ဂေါတမိပုတ္တေ။ ။'ဟူသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား-

"ယနေ့ မွေးစသောသမင်ငယ်မ၏ မျက်လုံးသဖွယ်တင့်တယ်သော မျက်စိရှိသော ရွှေးမ စန္ဒာဒေဝီ။ သင့်ကို အဘယ့်ကြောင့် သတ်အံ့နည်း။ သင်၏သေခြင်းကို သင် အလိုမရှိလင့်။ ဂေါတမီမိဖုရား၏ သားဖြစ်သော သင်၏ချစ်လင် စန္ဒကုမာရကို ယဇ်ပူဇော်သည်ရှိသော် ကျနိရစ်သော သားတော်အငယ် သင်၏မတ်သည် များစွာရှိသေး၏။ ထို မတ်အများတွင် သင်နှစ်သက်ရာ တော်သင့်ထိုက်တန်သောမတ်နှင့် အိမ်ရှေ့မင်း မိဖုရားကြီး အဖြစ်ဖြင့် သင့်ကို မွေ့လျော်စံပျော်စေအံ့"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤစကားကို မင်းကြီးဆိုလျှင် စန္ဒာဒေဝီ အိမ်ရှေ့မိဖုရားသည် သွေးခြည်တမ်းလု နုလှသောရင်သားကို လက်ဝါးလက်ဆုပ် ခတ်ပုတ်ရိုက်တီးလျက် 'အလမတ္ထော ဓိဝိတေန၊ ပါယာမိ ဝိသံ ပရိဿာမိ'ဟူသော ဂါထာဝက်ဖြင့်ဆို၍ သည်းစွာငိုကြွေးမြည်တမ်း၏။ အဓိပ္ပာယ်ကား-

"အသက်ကဲ့သို့ နှစ်လိုချင်ခင်ကြင်နာလှသော အရှင့်သားနှင့်ကွေကွင်းလျက် အသက်ရှည်သဖြင့် အဘယ် အကျိုး ရှိအံ့နည်း။ အဆိပ်ကိုစား၍ သေအံ့။ ဤမင်းကြီး၏အဆွေအမျိုး လမ်းရိုးညွှန်တတ်သော အမတ်ကောင်း, ခင်ပွန်းကောင်း မရှိလေသလော။ ရင်သွေးအစစ်ဖြစ်သော သားကိုသတ်အံ့ဟု ပြုသည်ကို ပြည်သူတို့ မည်သူမျှ မဆိုကြပါကုန်တကား။ ခြေချင်းလက်ကောက် လျှံတောက်ပြိုးပြက် ဘယက်တန်ဆာ, ရတနာရွှေကုံး, မင်းသုံးမင်းဝတ်ဖြင့် တင့်တယ်စွာဆင်ကုန်သော အကျွန်ုပ်၏သားတို့သည် ရှိကုန်၏။ ထို အကျွန်ုပ်သားတို့ကို ယဇ်ပူဇော်တော်မူပါလော့။ ဂေါတမီ အရှင်မသား စန္ဒကုမာရကို လွှတ်တော်မူပါ။

"အရှင်မင်းကြီး။ အကျွန်ုပ်ကိုယ်ကို အပိုင်းပိုင်းဖြတ်၍ အစု ၁၀၀ ပြုပြီးလျှင် ၇ ပါးသောအရပ်တို့၌ ပူဇော်တော်မူပါ။ ခြင်္သေ့မင်း၏ ရဲရင့်ခြင်းနှင့်တူသော အိမ်ရှေ့ရောက်ပြီး သားကြီးရတနာကို သတ်တော်မမူပါလင့်။ အရှင်မင်းကြီး။ အကျွန်ုပ်ကို အဖို့ ၁၀၀ပြု၍ ၇ပါးသော အရပ်တို့၌ ပူဇော်တော်မူပါလော့။ ပြည်သားပြည်သူ လူအပေါင်း၏ မျက်ရစ်သဖွယ် ငယ်ချစ်ကျွမ်းဝင် အကျွန်ုပ်လင်ကို အရှင်မင်းကြီး။ သတ်တော်မမူပါလင့်"ဟု စန္ဒာဒေဝီမိဖုရားသည် မင်းကြီး၏ အနီး၌နေ၍ ဤမျှလောက်သော ငိုမြည်တမ်းခြင်းဖြင့် ငိုကြွေးတောင်းပန် ပါသော်လည်း တစ်ခုသောသက်သာရာကိုမျှ မရသည်ဖြစ်၍ အိမ်ရှေ့မင်းထံသွားပြီးလျှင် ငိုကြွေးလျက်နေ၏။

ထိုအခါ စန္ဒာဒေဝီကို ဘုရားလောင်းအိမ်ရှေ့မင်းသည်

"အသက်ကဲ့သို့ ချစ်ခင်မြတ်နိုးပေသော စန္ဒာဒေဝီ။ ရှေးအထက်က အသက်ရှင်စဉ် သင်တို့နှင့်ငါ ချမ်းသာစွာ စံပျော်သောအခါ အမှုကြီး,အမှုငယ် အသွယ်သွယ်သော အကြောင်း ကောင်း,မကောင်း ရာ,မရာကို ပညာဖြင့် အခွင့်လျော်အောင် ဆောင်ရွက်ပြောဆို နိုင်ပေသည်ဖြစ်၍ သင့်အား အမှုနှင့်အင်တန် ဆင်ရန်တန်ဆာ ရတနာဆုလာဘ်ကို အထပ်ထပ် ငါ ပေးတော်မူသည်။ ဤယခု သင့်အား ငါပေးခြင်းသည်ကား အဆုံးစွန်သော ပေးခြင်းတည်း။ သင်သည် ငါ၏ကိုယ်၌ဆင်သော တန်ဆာကိုယူလော့"ဟု ကိုယ်တော်၌ဆင်သော တန်ဆာကို ပေးတော်မူ၏။

စန္ဒာဒေဝီမိဖုရားသည် အိမ်ရှေ့မင်းစကားကိုကြားလျှင် ထိုဂါထာတို့ဖြင့် တစ်ဖန် မြည်တမ်းပြန်၏။

"ရှေးသောအခါ အရှင့်မင်းသားတို့၏လည်ကုပ်၌ ပွင့်ကုန်သော ပန်းတို့သည် လည်းကောင်း, ဆန်းကြွယ် စွာ သီကုံးသော ပန်းကုံးတို့သည် လည်းကောင်း ကျကုန်၏။ ယခုကား မကြာမြင့်မီ အရှင့်သား လည်တော်၌ ထက်စွာသွေးပြီးသော သန်လျက်ဓားအသွားဖြင့် ကျလတ္တံ့။ ငါသည် အကြင်မျှကာလပတ်လုံး နှလုံးကွဲ၍ မသေသေး။ ထို နှလုံး မကွဲသေးသော ကာလပတ်လုံး ယူကျုံးမရ ဒုက္ခအပေါင်းဖြင့် နှောင်ဖွဲ့ဘိ၏တကား။

"ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုဝတ်လျက် ရွှေနားတောင်းဖြင့် တင့်တယ်စွာ နံ့သာအကျော်လိမ်းသပ်၍ မြတ်သောခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်သဖြင့် တင့်တယ်လျောက်ပတ် မြတ်လှကုန်သော ငါတို့သခင် အရှင်မင်းသားတို့သည် မိဖုရားဘိုးဘွား, သားမယား, ပြည်သားပြည်သူလူအပေါင်းတို့၏ စိုးရိမ်ခြင်းကိုပြု၍ ယခု ထွက်ခဲ့ကုန်၏"

ဤသို့ စန္ဒာဒေဝီမိဖုရားသည် ပြင်းစွာ ငိုကြွေးမြည်တမ်း၏။ ထိုငိုကြွေးစဉ်လျှင် ယဇ်တွင်း၌ စီရင်ရန် အမှုခပ်သိမ်းကို ပြီးစေပြီးလျှင် အိမ်ရှေ့မင်းကို ယဇ်တွင်းသို့ဆောင်ယူခဲ့၍ တွင်းပေါ်၌ လည်တော်ကို ညွတ်စေလျက် နေစေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ သစ္စာကြောင့် သိကြားမင်း ဆင်း၍ကယ်ဆယ်ခန်း

ထိုအခါ ခဏ္ဍဟာလပုဏ္ဏားသည် ရွှေခွက်ကို မင်းသားလည်တော်အောက်၌ ညွတ်စေပြီးလျှင် သန်လျက်ကို ထမ်း၍ 'အိမ်ရှေ့မင်း၏လည်ကို ဖြတ်အံ့'ဟုရပ်၏။ ထို ခဏ္ဍဟာလပုဏ္ဏား၏ ကြောက်မက်ဖွယ်အမူအရာကို စန္ဒာဒေဝီမိဖုရားမြင်လျှင် "ငါ့အား တစ်ပါးသောကိုးကွယ်ရာ မရှိပြီ။ သစ္စာစကားသာ ကိုးကွယ်ရာ ဖြစ်တော့သည်။ ငါ၏သစ္စာဖြင့် ချစ်စွာသောလင်သည် ချမ်းသာစေသတည်း"ဟု လက်အုပ်ချီ၍ ပရိသတ်တို့အလယ်၌ လှည့်လျက်

"ပညာမရှိသော ခဏ္ဍဟာလပုဏ္ဏားသည် အကြင် မမှန်သောသဘောဖြင့် မကောင်းမှုကိုပြု၏။ ထိုခဏ္ဍဟာလပုဏ္ဏား မကောင်းမှုကိုပြု၏ဟု ဆိုသော ငါ၏ ဟုတ်မှန်သောသစ္စာစကားဖြင့် ငါ၏လင်နှင့်အတူတကွ အသက်ထက်ဆုံး နေရစေသတည်း။ အကြင် ဘီလူး, ဖုတ်, ပြိတ္တာ, မြေစောင့်နတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ငါ့အား ကံကျေး[၂၃] ပြုကြပါကုန်။ အကြင်နတ်တို့သည် ဤအရပ်သို့ လာကုန်လတ်၍ ငါ၏ကိုးကွယ်ရာကို ပြုကြပါကုန်။ သင်တို့အား စောင့်သောတရားကို တောင်းပန်ပါ၏။ ငါသည် လင်မှ ဆားရန်ကို အောင်စေသတည်း"ဟု သစ္စာပြုပြီးလျှင် နတ်တို့ကို တောင်းပန်၏။

ထိုအခါ သိကြားမင်းသည် စန္ဒာဒေဝီမိဖုရား မြည်တမ်းသောအသံကိုကြား၍ ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိပြီး၍ ထိုခဏ ရဲရဲတောက်သောသံလှံတံကို လှည့်လည်လျက် ဧကရာဇ်မင်းကိုကြားစေ၍ ခြိမ်းခြောက်လိုရကား

"ဟယ်၊ မင်းယုတ်။ ငါ့ကို သင် မသိလော။ သင့်ဦးခေါင်းကို ထောင်းထောင်းပြတ်အောင် ရိုက်ခတ်အံ့။ ဦးခေါင်းပြတ်ခြင်းကိုကြောက်လျှင် အပြစ်ကင်းသော စန္ဒကုမာရမင်းသားကို မသတ်လင့်။

"ဟယ်၊ မင်းယုတ်။ နတ်ပြည်ကို တောင့်တသဖြင့် အပြစ်မရှိသော သား, မယား, သူဌေး, သူကြွယ်တို့ကို သတ်သည်ကို အဘယ်မှာ သင် မြင်ဖူးသနည်း"ဟုဆို၏။

ထိုသို့ခြိမ်းခြောက်သော သိကြားမင်းစကားကို ဧကရာဇ်မင်း, ခဏ္ဍဟာလပုဏ္ဏားတို့သည် ကြောက်မက်ဖွယ်သောအရောင်အဝါ ဘုန်းအာဏာနှင့်လာသော မဖြစ်ဖူးမြဲသောအကြောင်းကို သိမြင်လျှင် ပြင်းစွာ ထိတ်လန့်ကြောက်ရွံ့သည်ဖြစ်၍ မင်းသား, မင်းသမီးမှစ၍ ခပ်သိမ်းစုံသောသူတို့ကို အနှောင်အဖွဲ့မှ လွှတ်စေ၏။ ထို မင်းမိဖုရား, မင်းသား, မင်းသမီး, သူဌေး, သူကြွယ်အပေါင်းတို့သည် အနှောင်အဖွဲ့မှ လွတ်ပြီးသော် အညီအညွတ် စည်းဝေးကြကုန်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ ထိုယဇ်တွင်း၌ စည်းဝေးကုန်သော လူအပေါင်းတို့သည် အုတ်ခဲ တစ်ယောက်တစ်ခုစီဖြင့် ခဏ္ဍဟာလပုဏ္ဏားအား ဒဏ်ပေးခြင်းကိုပြု၏။ ထိုအုတ်ခဲဒဏ်ဖြင့် ခဏ္ဍဟာလပုဏ္ဏား သေလေ၏။

ခဏ္ဍဟာလကို သတ်ပြီးလျှင် လူအပေါင်းတို့သည် ဧကရာဇ်မင်းကို 'သတ်အံ့'ဟုပြုကြကုန်၏။ ဘုရားလောင်းအိမ်ရှေ့မင်းသည် အဖ ဘဝရှင်မင်းဧကရာဇ်ကိုဖက်၍ လူအပေါင်းအား အဖ၏အသက် ချမ်းသာကြောင်းကို တောင်းပန်တော်မူ၏။ ပြည်သားပြည်သူ လူအပေါင်းတို့သည်လည်း

"ဤမင်းယုတ်အား အသက်ကိုသာ ချမ်းသာပေးအံ့။ ထီးနန်းပြည်စည်းစိမ်ကို ငါတို့ မပေး။ မြို့တွင်းသို့ မဝင်စေရ။ မြို့ပြင်၌ ဒွန်းစဏ္ဍားပြု၍ နေစေကုန်အံ့"ဟုဆိုလျက် မင်းဝတ်တန်ဆာကို ပယ်ချွတ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



သစ်ခေါက်ဆိုးကိုဝတ်စေပြီးလျှင် နနွင်းဆိုးပုဆိုးညစ်ကို ဦးခေါင်းရစ်၍ ဒွန်းစဏ္ဍားလုပ်ပြီးသော် ဒွန်းစဏ္ဍား နေရာအရပ်သို့ ပို့စေ၏။

အကြင်သူတို့သည် သူ့ကိုသတ်၍ မိမိမှုလည်း ယဇ်ပူဇော်အံ့။ သူတစ်ပါးကိုမှုလည်း ပူဇော်စေအံ့။ သူတစ်ပါးပူဇော်သည်ကိုလည်း ဝမ်းမြောက်အံ့။ ထိုသူတို့သည် ငရဲသို့သာ သွားရကုန်၏။

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်–

'သဗ္ဗေ ပဝိဋ္ဌာ နိရယံ၊ ယထာ တံ ပါပကံ ကရိတွာန။

န ဟိ ပါပကမ္မံ ကတွာ၊ လဗ္ဘာ သုဂတိံ ဣတော ဂန္တုံ။ ။' ဟူသော ဂါထာကို ဟောတော်မူ၏။ အဓိပ္ပာယ်ကား–

"ချစ်သားရဟန်းတို့။ ခပ်သိမ်းသောသူတို့သည် မကောင်းမှုကိုပြုသောကြောင့် အောက်ငရဲသို့ ဝင်ရလေကုန်၏။ မကောင်းမှုကိုပြုသောကြောင့် ဤလူ့ပြည်မှ သေသည်ရှိသော် နတ်ပြည်သို့ မရောက်ကုန်"ဟု ဟောတော်မူ၏။

## ၁၁။ စန္ဒကုမာရမင်းသားကို ထီးနန်းနှင်းအပ်ခန်း

ပြည်သားပြည်သူ လူအပေါင်းတို့သည်လည်း မင်းနှင့် ပုဏ္ဏား ဤသူယုတ် ၂ယောက်တို့ကို ပယ်ရှားစီရင်ပြီးသော် ထိုမြို့ရှေ့၌ပင်လျှင် ရာဇာဘိသေကမင်္ဂလာ ဆောင်ရာဖြစ်သော အဆောက်အဦတို့ကို ရှေးမှုထုံးဟောင်းရှိသည်အတိုင်း စီရင်ခင်းကျင်းပြီးလျှင် စန္ဒကုမာရအိမ်ရှေ့မင်းကို အဘိသိက်သွန်း၍ ထီးနန်းနှင်းကုန်၏။ ခပ်သိမ်းကုန်သော မင်းညီ,မင်းသား,မင်းသမီး, မင်းမိဖုရား, ပြည်သားပြည်သူ လူအပေါင်းတို့သည် တီးမှုတ်ကခုန်မြူးထူးကြကုန်လျက် များစွာသော ပူဇော်သက္ကာကိုပြု၍ အဘိသိက်သွန်းကြကုန်၏။ ဘုမ္မစိုး, ရုက္ခစိုးစသော နတ်တို့သည် လည်းကောင်း၊ သုဓာတာ စသော နတ်သမီးတို့သည် လည်းကောင်း၊ များစွာကုန်သော နတ်အပေါင်းတို့သည် လည်းကောင်း ကောင်းချီးပေးကုန်လျက် ဝမ်းမြောက်ဝမ်းသာ ပူဇော်သက္ကာ ပြုကြကုန်၏။ ပြည်တော်တွင်း၌လည်း အောင်စည်လည်စေ၏။ အနှောင်အဖွဲ့မှုလည်း လွတ်စေ၏။

ဤသို့ စန္ဒကုမာရမင်းကြီးသည် ပုပ္ဖဝတီပြည်၌ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ၏။ ခမည်းတော်ဧကရာဇ်မင်းအားလည်း ပေးမြဲသောဝတ်ကို ဖြစ်စေတော်မူ၏။ ပြည်တွင်းသို့သာ မဝင်စေရ။ ဝတ်ရုံစားရုံ မျိုးရိက္ခာကုန်လျှင် ဥယျာဉ်ကစား စသည် ထွက်တော်မူခိုက် အထံတော်သို့ဝင်၍ ပေးစေ၏။ အဖဖြစ်သည်ဟူ၍ကား ရှိခိုးတော်မမူ။ လက်ယှက်ရုံသာပြု၍ "အရှင်။ အသက်ရှည်စေသတည်း"ဟု ဆိုတော်မူ၏။ "အကြောင်းရှိမူကား ကြားစေ"ဟု အမိန့်တော်ရှိ၏။ မျိုးရိက္ခာလည်း မပြတ်ပေးတော်မူ၏။

ဘုရားလောင်း စန္ဒကုမာရမင်းကြီးသည် တရားသဖြင့် ပြည်စည်းစိမ်ကို စိုးစံတော်မူ၍ အသက်အဆုံး၌ နတ်ပြည်သို့ လားတော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ဇာတ်တော်အဆုံး၌ သစ္စာ ၄ပါး ဝေဖန်ခန်း

ဤသို့ ဓမ္မဒေသနာ[၁၃]တော်ကို ဟောတော်မူပြီး၍ သစ္စာ ၄ပါးကို ပြတော်မူ၏။

အဘယ်သို့ ပြသနည်း ဟူမူကား ဝဋ်တရား၌ ကျင်လည်ရကုန်သော သတ္တဝါအပေါင်းတို့သည် ဤ စန္ဒကုမာရမင်းသားကဲ့သို့ စည်းစိမ်အသက် ပျက်စီးကြောင်း မကောင်းသောသူတို့၏အကြံဖြင့် ကိုယ်၏ဆင်းရဲခြင်း၊ ကိုယ်နှင့် စပ်သောသူတို့၏ ဆင်းရဲခြင်း၊ မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းဖော်ခြင်း၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း၊ မချစ်သောသူတို့နှင့် အတူတကွနေရခြင်း၊ သူတစ်ပါးတို့ စွပ်စွဲခြင်း၊ ရန်သူကြီး ၅ပါးတို့ ဖျက်ဆီးခြင်း စသော ဆင်းရဲသံသရာ၌ တပြောင်းပြန်ပြန် အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်းစသော ဝဋ်ဆင်းရဲ သဘောတရားသည် စင်စစ် ဆင်းရဲဧကန် မှန်သောကြောင့် 'ဒုက္ခသစ္စာ' မည်၏။

ထို ဆင်းရဲခြင်းတည်းဟူသော ဒုက္ခသစ္စာသည်ကား ဝတ္ထုကာမ, ကိလေသာကာမ အားဖြင့် ပြားသော ရူပါရုံ[၁၄]၌ တပ်မက်မောခြင်း, သဒ္ဒါရုံ[၁၅]၌ တပ်မက်မောခြင်း, ဂန္ဓာရုံ[၁၆]၌ တပ်မက်မောခြင်း, ရသာရုံ[၁၇]၌ တပ်မက်မောခြင်း, ဖောဋ္ဌဗ္ဗာရုံ[၁၈] ၌ တပ်မက်မောခြင်း တည်းဟူသော ကာမတဏှာ[၁၉]၊ ဘဝ၌တပ်ခြင်းဟု ဆိုအပ်သော ဘဝတဏှာ[၂၀]၊ သတ္တဝါတို့သည် သေလျှင် ဘဝပြတ်တော့သည်ဟု ဥစ္ဆေဒဒိဋ္ဌိ[၂၁]နှင့်ယှဉ်၍ ဘဝပြတ်ခြင်း၌ တပ်တတ်သော ဝိဘဝတဏှာ[၂၂]၊ ဤသို့ ဝဋ်တရား၌ တပ်တတ်သော လောဘစေတသိက်ဟု ဆိုအပ်သော တဏှာဥပါဒါန်တရားကြောင့်သာ ဖြစ်၏။ ထိုသို့ တပ်တတ်သော လောဘစေတသိက်သည် ဝဋ်ဆင်းရဲ၌ ကျင်လည်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် 'သမုဒယသစ္စာ' မည်၏။

ခန္ဓာ ၅ ပါးတို့၏ မဖြစ်ခြင်း, ပြုပြင်ခြင်း, စီရင်ခြင်းမှကင်းသော အသခ်တဓာတ် မြတ်သောနိဗ္ဗာန်သည် ထို ဒုက္ခ, သမုဒယတရားတို့၏ ချုပ်ရာငြိမ်းရာဖြစ်သောကြောင့် 'နိရောဓသစ္စာ' မည်၏။

ထို ဒုက္ခ, သမုဒယတို့၏ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကား ခပ်သိမ်းသော သခ်ါရတို့၏အမြဲမရှိသောအဖြစ်၊ ခပ်သိမ်းသောသခ်ါရတို့၏ ဆင်းရဲအတိသာ သုခမရှိသောအဖြစ်၊ ခပ်သိမ်းသော တရားတို့၏ အတ္တ ဟုဆိုအပ်သော အနှစ်မရှိ အနတ္တသာရှိသည်၏အဖြစ်၊ ဤသို့ လက္ခဏာယာဉ် ၃ပါးကို မဖောက်မပြန် ဟုတ်မှန်တိုင်းမြင်တတ်သော 'သမ္မာဒိဋ္ဌိမဂ္ဂင်'။

ကောင်းသောအာရုံသို့သာ မိမိစိတ္တုပ္ပါဒ်ကို တက်စေခြင်း, ကောင်းသောအာရုံကိုသာ ကြံခြင်း ဟုဆိုအပ်သော 'သမ္မာသင်္ကပ္ပမဂ္ဂင်'။

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း, ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်း, အကျိုးမရှိသော စကားကို ပြောဆိုခြင်း၊ ဤ ဝစီဒုစရိုက် ၄ပါးမှကြဉ်၍ အသက်မွေးခြင်းအကြောင်းကို မငဲ့သဖြင့် ကောင်းသော စကားကိုသာ ပြောဆိုခြင်းဟု ဆိုအပ်သော 'သမ္မာဝါစာ မဂ္ဂင်'။

အသက်မွေးခြင်းအကြောင်း၌ မငဲ့သဖြင့် သူ့အသက်ကိုသတ်ခြင်း, သူ့ဥစ္စာကိုခိုးယူခြင်း, ကာမဂုဏ်တို့၌ မှားသောအားဖြင့် လွန်ကျူးခြင်း ဤ ကာယဒုစရိုက် ၃ပါးမှကြဉ်၍ ကောင်းသောအမှုကိုပြုခြင်းဟု ဆိုအပ်သော 'သမ္မာကမ္မန္တ မဂ္ဂင်'။

အသက်မွေးခြင်းအကြောင်းကိုငဲ့၍ ထို ဝစီဒုစရိုက် ၄ ပါး, ကာယဒုစရိုက် ၃ပါးမှ ကြဉ်၍ ကောင်းသောအသက်မွေးခြင်းဟုဆိုအပ်သော 'သမ္မာအာဇီဝ မဂ္ဂင်'။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသောလုံ့လကို ကြဉ်၍ ကောင်းသောလုံ့လကိုပြုခြင်းဟု ဆိုအပ်သော 'သမ္မာဝါယာမ မဂ္ဂင်'။

ကုသိုလ်တရား၌ မမေ့မလျော့ရအောင် ကောင်းစွာအောက်မေ့ခြင်းဟုဆိုအပ်သော 'သမ္မာသတိမဂ္ဂင်'။

မကောင်းသောအာရုံသို့ မပျံ့မလွင့်စေမူ၍ ကောင်းသော အာရုံ၌ ကောင်းစွာဆောက်တည်ခြင်းဟု ဆိုအပ်သော 'သမ္မာသမာဓိမဂ္ဂင်'။

ဤသို့ မဂ်စိတ်၌ သမ္ပယုတ်ဖြစ်သော မဂ္ဂင်တရား ၈ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့် 'မဂ္ဂသစ္စာ' မည်၏။

## ၁၃။ ဇာတ်တော်ပေါင်းခန်း

ဤသို့ သစ္စာ ၄ပါးကို ပြတော်မူပြီး၍ ရှေးအမိန့်တော်ရင်း ဒေသနာကို မပျောက်အောင် ဝတ္ထုနှင့်လျော်စွာ စပ်တော်မူလိုရကား

"ချစ်သားရဟန်းတို့။ ယခုသာလျှင် ဒေဝဒတ်သည် ငါတစ်ယောက်ကို မှီ၍ များစွာသောသူတို့ကို သတ်အံ့သောငှာ လုံ့လပြုသည် မဟုတ်။ ရှေး၌လည်း ပြုဖူးသတည်း"ဟု မိန့်တော်မူပြီးလျှင် ဇာတ်တော်ကိုပေါင်းတော်မူ၏။

"ချစ်သားရဟန်းတို့။ ထို စန္ဒကုမာရမင်း ဖြစ်တော်မူသောအခါ၌ ခဏ္ဍဟာလပုဏ္ဏားသည် ယခု ငါဘုရားလက်ထက်တော်၌ ဒေဝဒတ် ဖြစ်လာ၏။ စန္ဒကုမာရမင်းသား၏ အမိဂေါတမီ မိဖုရားသည်ကား ယခုအခါ ငါဘုရား၏မယ်တော် ဖြစ်လာ၏။ စန္ဒကုမာရမင်းသား၏ မိဖုရားကြီး စန္ဒာဒေဝီကား ယခုအခါ ရာဟုလာမယ်တော် ယသောဓရာ ဖြစ်လာ၏။ စန္ဒကုမာရမင်းသား၏ သား ဝသုလမင်းသားကား ယခုအခါ ငါဘုရား၏သားတော် ရာဟုလာ ဖြစ်လာ၏။ စန္ဒကုမာရမင်းသား၏နှမတော် သေလာ မင်းသမီးကား ယခုအခါ ဥပ္ပလဝဏ်ထေရီ ဖြစ်လာ၏။ စန္ဒကုမာရမင်းသား၏ညီတော် ဝါမဂေါတ္တ ကား ယခုအခါ မဟာကဿပ[၃၃]မထေရ် ဖြစ်လာ၏။ ဘဒ္ဒသေန ညီတော်ကား ယခုအခါ လက်ဝဲရံ မောဂ္ဂလာန်[၃၄] ဖြစ်လာ၏။ ညီတော် သူရိယကုမာရ မင်းသားကား ယခုအခါ ငါဘုရား၏တပည့်ကြီး လက်ယာရံ သာရိပုတ္တရာ[၃၅]ဖြစ်လာ၏။ ထိုအခါ စန္ဒကုမာရကား သစ္စာ ၄ပါးတရားကို မဖောက်မပြန် သိတော်မူပြီးသော ငါဘုရား လျှင်တည်း"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံးပိုဒ်စုံရတု

နတ်ပဒေသာ။ ။ မြတ်သုဓာကို၊ သတ္တဝါလှူ၊ သုံးရပ်သူဝယ်၊ ပူဆာကိလေ၊ ကင်းငြိမ်းစေဟု၊ ငှဝေသနား၊ မိန့်ခဲ့ထားသား၊ တရားနို့ရည်၊ အင်ကိုးမည်တွင်၊ ဝဲလည်ပမာ၊ ရေးသံသာက၊ ချမ်းသာဆင်းရဲ၊ မလွဲဖြစ်မှု၊ ဇာတ်တော်စုကို၊ ဝတ္ထုကြောင်းလျော်၊ ပြုမြွက်ဖော်သား၊ ထိုရော်အခါ၊ သုံးလူ့ချာလျှင်၊ ရာဟုလာမိ၊ ရွှေအတိနှင့်၊ အမိအဖ၊ မပြားကြသား၊ ဒေဝဒဟ၊ ပြည်မသေဥ္စနင်း၊ ဦးရိုးမင်း၏၊ သားရင်းရင်နှစ်၊ ဖြစ်သားမျိုးမြတ်၊ ဒေဝဒတ်၏။ ထုပ္ပတ်ကြိမ်လာ၊ ရတနာအား၊ သံသာရေးတိတ်၊ ဝေရိစိတ်ဖြင့်၊ သေဟိတ်မကောင်း၊ ကြံဖူးကြောင်းကို၊ သံညောင်းမြွက်ပြန်၊ မကြွင်းကျန်သား၊ ခဏ္ဍဟာလ၊ ဇာတကလျှင်၊ ဤမျှစေ့စုံ၊ သိဒ္ဓိကြုံရှင့်၊ ထုံးပုံစကား၊ ဤတရားကို၊ မှတ်သားမြဲဆင်၊ သုံးလူ့ရှင်မှ၊ ရှင်အင်လောကစံ၊ နိယံမသွေ၊ တွေ့ရချေရှင့်၊ ကိလေပြောထူ၊ ဒါတို့မှုကား၊ ရန်သူဘယ်မှာ၊ လွတ်နိုင်ရာဟု၊ ပညာမြော်ဆ၊ သံဝေဂဖြင့်၊ ဝဋ်မှကွာဆု၊ လုံ့လပြုလျက်၊ ကုသိုလ်ပွားပါက်၊ ကောင်းကျိုးနက်၍။ ။ မောင်စက် ပြတ်ကြစေသတည်း။

ဖတ်မပြေရာ။ ။ ထုံးနည်းနာဖြင့်၊ ဤစာမျက်ရှု၊ ဇာတ်ဝတ္ထုကို၊ စကုမှန်ကင်း၊ ကျော်သတင်းနှင့်၊ မင်းပုံးပှသည်၊ ရပ်သာစည်တွင်၊ အသည်ခေါင်းသား၊ ပျို့ထွားနုနယ်၊ အာဒိရွယ်က၊ သုံးသွယ်ပညာ၊ သုတရှာလျက်၊ သံသာမျက်မှောက်၊ ကောင်းကျိုးဆောက်သား၊ မောင်ထောက်မည်ဆို၊ လုလင်ပျိုလျှင်၊ မင်္ဂဖိုလ်ရငှာ၊ တောင်းပန်ရာတွင်၊ ပညာပါရမီ၊ ဖြည့်သည်ညီအောင်၊ ဂမ္ဘီလေးနက်၊ မိန့်တော်စက်မှ၊ သိစက်ခဲ့စွာ၊ ပုဒ်ဂါထာကို၊ မြန်မသံခြေ၊ စကားပြေဖြင့်၊ သင့်နေစိပ္ပါယ်၊ မကျယ်မကျဉ်း၊ မလျဉ်းမပါး၊ စကားစုံစေ့၊ ကျောမြေ့ပြေပြစ်၊ ကျစ်လစ်လှစွာ၊ သာသနာစီးပွား၊ အများတကာ၊ မှတ်စိမ့်ငှာဟု၊ စိန္တာသုတ၊ နေနှယ်ပလျက်၊ ပထမအရွယ်၊ နုနယ်ပျိုညက်၊ ရှင်လက်ထက်က၊ လေ့ကျက်ငြိကာ၊ ဌာကထာနှင့် ညဝါပဌာန်း၊ ဆန်း၊ အလင်္ကာ၊ နည်းနာစေ့စုံ၊ တတ်မျိုးပုံလျက်၊ အာဂုံလေ့လာ၊ စွမ်းပညာဖြင့်၊ ရောင်ဝါရွှင်ပျ၊ ဩဘာသဟု၊ နာမနုနယ်၊ ပဋ္ဌင်းငယ်လျှင်၊ မှတ်လွယ်စေမူ၊ ထုတ်ဖော်ပြုသား၊ ဝတ္ထုဤစာ၊ နတ်သုဓာကို၊ သဒ္ဓါကြည်ဖြူ၊ လေးမြတ်မူဖြင့်၊ ဆွတ်ယူလေ့ကျက်၊ ပညာသက်၍။ ဆောင်ရွက် မှတ်ကြစေသတည်း။

မြတ်မဟောသာ။ ။သိစိမ့်ငှာလျှင်၊ မှာပိမ့်ဤခါ၊ သာသနာကား၊ ဒွယာသဟဿ၊ တိသတနှင့်၊ ဝီသနောက်မှာ၊ ဆသချာတည့်၊ ကောဇာသက္ကရာဇ်၊ ရောက်သည်နှစ်ကား၊ ဧက်နှင့်ကေ၊ စာယစတု၊ ခါကောင်းရှုလျက်၊ ရတုဟေမန်၊ မြောက်လေပြန်၍၊ နှင်းသွန်ကျစို၊ လပြာသိုဝယ်၊ ခွာညိုပွင့်ဆော်၊ လပြည့်ကျော်သား၊ ဝေါဟာလေ့၊ ငါးရက်စေ့၍၊ နေ့တနင်္လာ၊ အခါကောင်းလတ်၊ ကံမြတ်ရာသီ၊ လက်သို့ညီလျက်၊ သသီကြကင်၍၊ နက္ခတ်အဿလိသ်၊ အမြိတ္တာစုတ်၊ မယုတ်နေမင်း၊ ခနုချဉ်း၍၊ နဝင်းစနေ၊ တြင်းရေမူ၊ ကုမ္ဘနိုင်ငံ၊ သောရာလွှံရှင့်၊ ရွှင်စံပျော်မြဲ၊ ခါကောင်းထဲတွင်၊ မလွဲမလေး၊ မနှေးဆောလျင်၊ သိဒ္ဓိတင်ရှင့်၊ ဤလျှင်နည်းတူ၊ ခပ်သိမ်းသူလည်း၊ မပူမဆာ၊ ချမ်းသာကျိုးစက်၊ ဘုန်းမျိုးတက်၍။ ။ လောင်ပျက် လွတ်ကြစေသတည်း။

နိဂုံး ပိုဒ်စုံရတု ပြီး၏။

စန္ဒကုမာရ ဇာတ်တော်ကြီး ဤတွင်ရွှေ ပြီးပြည့်စုံပြီ။

ပန်းမျှော်ပြည်တဆုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## စန္ဒကုမာရဇာတ်တော် ခက်ဆစ်များ

၁။ ဝေဇ္ဇယန္တ=ဝါးတော၌ဆောက်သောကျောင်းတော်။
၂။ အဂ္ဂရာဇေခီ=အရိုးကိုပေါက်အောင်ပစ်နိုင်သော လေးသမား။
၃။ နေ့သန့်ရာ=နေ့အခါ သီတင်းသုံးသောနေရာ။
၄။ ယန္တရား=စက်ယန္တရား။
၅။ ပုပ္ဖဝတီ=ဗာရာဏသီပြည်၏ရှေးအမည်တစ်ခု။
၆။ ဝသဝတ္တီ=မိမိအလိုသို့လိုက်စေတတ်သောမင်း။
၇။ ဧကရာဇ်=တစ်ပါးတည်းသောမင်း။
၈။ အိမ်ရှေ့=နန်းတော်၏အရှေ့ဆောင်တွင် ဘုရင်လက်အောက်ခံ ဒုတိယဘုရင်ရာထူး။
၉။ ခဏ္ဍဟာလ=ပုဏ္ဏားအမည်။
၁၀။ ပုရောဟိတ်=တိုင်းပြည်အကျိုးစီးပွား ဆောင်ရွက်သောပုဏ္ဏား။
၁၁။ လွှတ်သဘင်=တိုင်းပြည်ရေးဆောင်ရွက်သော အမတ်တို့ စည်းဝေးရာရုံး။
၁၂။ တံစိုး=မိမိအလိုသို့လိုက်ရန် ပေးသောလက်ဆောင်ဥစ္စာ။
၁၃။ ယူဇနာ=၄ ဂါဝုတ်ကို ၁ ယူဇနာ။
၁၄။ သေဇယန္တာ=အထူးအောင်ရာ သိကြားမင်း၏ ဘုံနန်းပြာသာဒ်။
၁၅။ အတိဒါန=သူတစ်ပါးတို့ မစွန့်မလှူနိုင်သောဒါန။
၁၆။ သဗ္ဗစတုက္က= ၄ ခုအပေါင်းခပ်သိမ်းစုံ ၄ခု ၄လီ။
၁၇။ အထီးကျန်=တစ်ကိုယ်ထီးတည်း ဘာမျှမရှိသောအဖြစ် အခြေအနေမျိုး။
၁၈။ ကောက်ပင်ရိတ်ဖြတ်စကား=မိမိအလိုရှိသည်ကို မထင်မရှားသွင်း၍ဆိုသောစကား။
၁၉။ ဗျာကြီးလျက်=လုံ့လဗျာပါရများလျက်။
၂၀။ တိတ္ထိအနွယ်=မှားသောအယူဝါဒရှိစေသောသူတို့၏အဆက်အနွယ်။
၂၁။ ကံကျွေး=အစေအပါး။
၂၂။ ရာဇာဘိသေကမင်္ဂလာ=ဦးထိပ်ထက်မှ အောင်ရေလောင်း၍ မင်းမြှောက်ခြင်းမင်္ဂလာ။
၂၃။ ဓမ္မဒေသနာ=ဟောပြောညွှန်ပြ ဆုံးမသော တရားဒေသနာ။
၂၄။ ရူပါရုံ=အဆင်းဟူသော အာရုံ။
၂၅။ သဒ္ဒါရုံ=အသံဟူသော အာရုံ။
၂၆။ ဂန္ဓာရုံ=အနံ့ဟူသော အာရုံ။
၂၇။ ရသာရုံ=အရသာဟူသော အာရုံ။
၂၈။ ဖောဋ္ဌဗ္ဗာရုံ=အတွေ့ဟူသော အာရုံ။
၂၉။ ကာမတဏှာ=ကာမဂုဏ်နှင့်ယှဉ်သောတဏှာ။
၃၀။ ဘဝတဏှာ=သဿတဒိဋ္ဌိနှင့်ယှဉ်သောတဏှာ။
၃၁။ ဥစ္ဆေဒဒိဋ္ဌိ=သေလျှင်ပြတ်၏ဟု အယူရှိသောဝါဒ။
၃၂။ ဝိဘဝတဏှာ=ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာ။
၃၃။ မဟာကဿပ=မြတ်သောအနွယ်ဖြစ်သော မထေရ်။
၃၄။ မောဂ္ဂလာန်=မောဂ္ဂလိပုဏ္ဏေးမ၏သားဖြစ်သော မထေရ်။
၃၅။ သာရိပုတ္တရာ=သာရိပုဏ္ဏေးမ၏သားဖြစ်သော မထေရ်။



www.burmeseclassic.com

www.burmeseclassic.com



ဤလူ့ပြည်၌ ပညာရှိတို့သည်

ပညာအမြော်အမြင်ရှိသောသူ၊ လုံ့လထကြွ ကြောင့်ကြရှိသောသူ၊

သိတတ်ရှိသောသူ၊ သူ့ကျေးဇူးကို သိတတ်သောသူ၊

ထိုထိုသော သူတော်ကောင်းတို့အားသော်လျှင်

တွေ့မြင်ရခြင်းကို မြှော်ရာ၏

ထိုသူတို့အား ချစ်ခင်သောကြောင့် ထိုသည့်အတိုင်း အရင်းအမြစ် ရရာ၏

ထိုသို့ သဘောပြောင်းမှန်သော သူကိုသာလျှင်

'ဥစ္စာအလိုရှိလျှင် ချေးယူလည့်'

ဟူ၍ စိတ်ကြွားရာ၏

"အရှင်သက်မင်းကြီး

'သူမိုက်ကို မမြင်ပါစေနဲ့ ဆည်းကပ်သောသူသည်

မိုက်သောအခြင်းကို ဆောက်၏' ဟူ၍ "အကျွန်ုပ်သည်

ရေ၌လည်း ကြာရှည်၏ မျက်မှောက်လည်း မြင်ရ၏

ထိုအကြောင်းသည် မှန်၏

အရှင်မင်းကြီး၊ သူမိုက်သည် သူမိုက်ကိုမှီ၍

အကျိုးမဲ့အလွန်

မိုက်ခြင်းသို့ ရောက်၏"

www.burmeseclassic.com

www.burmeseclassic.com



ရုစာမင်းသမီးသည် ခမည်းတော်အား နံနက်ကသည် ညဥ့် ဥယံပတ်လုံး တရားဟောလျက်၊ "အရှင်မင်းကြီး၊ အချည်းနှီးသော မိစ္ဆာဒိဋ္ဌိ တက္ကတွန်းစကားကို ယူတော်မမူလင့်။ ဤပစ္စုပ္ပန်လောကသည်လည်းရှိ၏။ တမလွန်လောကသည်လည်းရှိ၏၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးသည်လည်းရှိ၏။

www.burmeseclassic.com

ဤလူပြည်၌ ပညာရှိတို့သည်

ပညာအမြော်အမြင်ရှိသောသူ, လုံ့လထကြွ ကြောင့်ကြနိုင်သောသူ,

သီလရှိသောသူ, သူကျေးဇူးကို သိတတ်သောသူ,

ထိုသို့သော သူတော်ကောင်းတို့အားသာလျှင်

ကြွေးမြီချခြင်းကို ပြုကုန်ရာ၏

ထိုသူတို့အား ချေးပေးသော်ပြီးသည် ဆိုသည့်အတိုင်း အရင်းအပွား ရရာ၏

ထိုသို့ သဘောကြောင့်မှန်သော သူကိုသာလျှင်

'ဥစ္စာအလိုရှိလျှင် ချေးမှုလည်း'

ဟူ၍ မိတ်ကြာကုန်၏

"အရှင်တော်မင်းကြီး

'သူမိုက်ကို ပေါင်းဖော်မှီ၍ ဆည်းကပ်သောသူသည်

မိုက်သောအဖြစ်ကို ရောက်၏' ဟူ၍ "အကျွန်ုပ်သည်

ရှေ့၌လည်း ကြားဖူး၏ မျက်မှောက်လည်း မြင်ဖူး၏

ထိုစကားသည် မှန်၏


အရှင်မင်းကြီး သူမိုက်သည် သူမိုက်တို့၏

အတိုင်းအတာလျှင်

မိုက်မြင်းသို့ ရောက်၏"

www.burmeseclassic.com

www.burmeseclassic.com



ရှာဇာဒင်းသမီးသည် ဓညီးတော်အား နံနက်ကသည် ညဥ့် ဝှယ်ဖတ်လုံး တရားဟောလျက်၊ "အရှင်မင်းကြီး၊ အချည်းနှီးသော မိစ္ဆာဒိဋ္ဌိ တဏှာတွန်းစေသောကို ယူတော်မူလင့်၊ ဤပစ္စုပ္ပန်လောကသည်လည်းရှိ၏၊ တမလွန်လောကသည်လည်းရှိ၏၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးသည်လည်းရှိ၏၊

www.burmeseclassic.com

www.burmeseclassic.com

# နာရဒ ဇာတ်တော်ကြီးဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပထမ

'ယော ဇာတိ ပုညဝဏ္ဏေဟိ၊ ဓဇံ ဘဉ္ဇေသိ မာနိနံ။
ဒိဋ္ဌိဇာလံပိ တေဇေန၊ တဿ မေ ဇယမင်္ဂလံ။ ။' (ပဏ္ဏာဝတ္တု ဂါထာ)

ယော နာထော၊ အကြင်မြတ်စွာဘုရားသည်။ မာနိနံ၊ ငါသာလျှင် အမျိုးမြတ်၏, ငါသာလျှင် ဘုန်းကြီး၏, ငါသာလျှင် ဂုဏ်ရှိ၏ဟု ထောင်လွှားကုန်သောသူတို့၏။ ဓဇံ၊ မာန်တည်းဟူသော တံခွန်ကို။ ဇာတိ ပုညဝဏ္ဏေဟိ၊ အသမ္ဘိန္နခတ္တိယ ဟုဆိုအပ်သော မျိုးတော်, ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ဖြည့်ဆည်းပူးတော်မူအပ်သော ဘုန်းတော်, စတုဝေသာရဇ္ဇ ဆအသာဓာရဏ, ဒသဗလ, နဝဂုဏ စသော ဂုဏ်တော်တို့ဖြင့်။ ဘဉ္ဇေသိ၊ ချိုးဖဲ့ ဖျက်ဆီးတော်မူလေပြီ။ ဒိဋ္ဌိဇာလံပိ၊ ဥစ္ဆေဒဥကာဿပ အစရှိကုန်သော သူတို့၏ မိစ္ဆာကွန်ရက်ကိုလည်း။ တေဇေန၊ ဘုန်းတော် ၆ ပါးတည်းဟူသော အလျှံတော်ဖြင့်။ ဘဉ္ဇေသိ၊ နှိပ်နင်းတော်မူလေပြီ။ တဿနာထဿ၊ ထိုသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ တေဇေန၊ တန်ခိုးတော်ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

အစိန္တေယျ လောကသေဋ္ဌ်နင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး နွယ်ချိုတောဥယျာဉ်၌ နေတော်မူသောအခါ ဥရုဝေဠကဿပအား ဆုံးမခြင်းကိုအကြောင်းပြု၍ 'အဟု ရာဇာ ဝိဒေဟာနံ'အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤ 'နာရဒ'ဇာတ် ဒေသနာတော်ကို ဟောတော်မူ၏။ ထိုစကားကို ချဲ့၍ဆိုဦးအံ့။

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ 'ဝါဆိုလပြည့်နေ့၌ မဟာဗောဓိပင်မှသည် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ကြွတော်မူ၍ ပဥ္စဝဂ္ဂီ ၅ ယောက်တို့အား ဓမ္မစကြာတရားကို ဟောတော်မူပြီးလျှင် အစဉ်အတိုင်း မဂ်ဖိုလ်အရသာကို ပေးတော်မူလျက် ဝါကပ်တော်မူ၏။ ထိုဝါတွင်း၌ ယသဝဂ္ဂီ, ဘဒ္ဒဝဂ္ဂီတို့ကိုလည်း ချွတ်တော်မူပြီး၍၊ ဝါကျွတ်လတ်သော် ပဥ္စဝဂ္ဂီ, ယသဝဂ္ဂီ, ဘဒ္ဒဝဂ္ဂီရဟန်းတို့ကို ထိုထိုသော အရပ်မျက်နှာ မြို့ရွာဇနပုဒ်တို့သို့ စေလွှတ်တော်မူပြီးလျှင် ကိုယ်တော်တစ်ပါးတည်းသာ ဥရုဝေဠတောသို့ ကြွတော်မူ၍ ထိုတော၌ တပည့် ၅၀၀ အခြံအရံရှိသော ဥရုဝေဠကဿပ, တပည့် ၂၅၀ စီ အခြံအရံရှိသော နဒီကဿပ, ဂယာကဿပ ဤရသေ့ညီနောင် ၃ယောက်တို့သည် တပည့် ၁၀၀၀ တို့နှင့်တကွ ကျော်စောထင်ရှားစွာ မိမိတို့ကိုယ်ကို 'ရဟန္တာ'ဟုမှတ်လျက် မီးပူဇော်ခြင်းစသော အတ္တကိလမထကို အားထုတ်၍နေကြ၏။

ထို ရသေ့ ၁၀၀၀ တို့အား ဆုံးမတော်မူပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအား ဘုရားမဖြစ်မီက ဝန်ခံတော်မူအပ်သော ပဋိညာဉ်ရှိတော်မူသည်ဖြစ်၍ ထို ၁၀၀၀သော ရဟန္တာတို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ နွယ်ချိုတောဥယျာဉ်၌ နေတော်မူ၏။ ထိုအခါ မဂဓရဋ္ဌ်တိုင်း ရာဇဂြိုဟ်ပြည်ကိုအစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ၁သိန်း ၂သောင်းသော ပရိသတ်နှင့်တကွ လာလတ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တင့်အပ်သောအရပ်၌ နေ၏။

ထိုပရိသတ်အတွင်း၌ ပုဏ္ဏား, သူကြွယ်တို့အား ဤသို့ အကြံဖြစ်၏။

'ဥရုဝေဠကဿပတည်း ရဟန်းကြီး၏ တပည့်လော။ ယင်းသို့မဟုတ်မူ ရဟန်းကြီးသည်တည်း ဥရုဝေဠကဿပ၏ တပည့်လော။ အဘယ်အကြောင်းဖြင့် ငါတို့ သိရပါအံ့နည်း'ဟု အကြံဖြစ်ကုန်၏။

ထိုပရိသတ်အပေါင်းတို့၏အကြံကို မြတ်စွာဘုရားသည် ဘုန်းတော်ဖြင့် သိတော်မူလတ်၍ 'ဥရုဝေဠကဿပသည် ငါဘုရား၏အထံတော်၌ ရဟန်းပြုသောအဖြစ်ကို ပရိသတ်အပေါင်းတို့အား သိစေအံ့'ဟု ကြံတော်မူပြီးလျှင်–

'ကိမေဝ ဒိသွာ ဥရုဝေဠဝါသိ၊ ပဟာသိ အဂ္ဂိံ ကိသကာဝဒါနော။

ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ၊ ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တံ။ ။' ဟူသောဂါထာဖြင့် ဥရုဝေဠကဿပကို မေးတော်မူ၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ဥရုဝေဠတောခွဲနေလျက် ခြိုးခြံသောအကျင့်ကို ကျင့်ရသည်ဖြစ်၍ ကြုံသောကိုယ်ရှိသော ကဿပ။ အဘယ်အကြောင်းကိုမြင်၍ သင်တို့ပူဇော်မြဲဖြစ်သော မီးကို အဘယ့်ကြောင့် မပူဇော်ဘဲ ယခု စွန့်ပစ်သနည်း"ဟု မေးတော်မူ၏။ အရှင်ဥရုဝေဠကဿပမထေရ်သည်လည်း မြတ်စွာဘုရားအလိုတော်ကိုသိ၍–

'ရူပေစ သဒ္ဒေစ အထော ရသေစ၊ ကာမိတ္ထိယောစာပိ ဝဒန္တိ ယညာ။

ဧတံ မလန္တိ ဥပဓိသု ဉတွာ၊ တသ္မာ ဟိနဋ္ဌေ နဟုတေ အရဉ္ဇိံ။ ။'ဟူသော ဂါထာဖြင့် နားတော်လျှောက်၏။ အဓိပ္ပာယ်ကား–

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား။ ယဇ်ပူဇော်ကုန်သောသူတို့သည် အဆင်း, အသံ, အရသာ ကြိုက်နှစ်သက်သော မိန်းမရတနာတို့ကို အလိုရှိ၍ ပူဇော်ကုန်၏။ ထို ကာမဂုဏ်တို့သည် ရဟန်းတို့၌ အညစ်အကြေးတည်းဟု အကျွန်ုပ်သိသောကြောင့် ယဇ်ပူဇော်ခြင်းကို လည်းကောင်း, မီးပူဇော်ခြင်းကို လည်းကောင်း ပယ်စွန့်သတည်း"ဟု လျှောက်ပြီး၍၊ မိမိ၏ဘုရားတပည့်သာဝက၏အဖြစ်ကို ထင်ရှားစိမ့်သောငှာ မြတ်စွာဘုရားခြေဖမိုးတော်၌ ဦးချလျက် "ဘုန်းတော်အလွန်ကြီးလှသော အရှင်ဘုရား။ အရှင်ဘုရားသည် အကျွန်ုပ်၏ဆရာတည်း။ အကျွန်ုပ်ကား အရှင်ဘုရား၏တပည့်တည်း"ဟု ဆို၍ ထန်းတစ်ဖျားခန့် ကောင်းကင်သို့ တက်ပြီးလျှင် လျှောသက်၍ ခြေတော်အစုံကိုဦးခိုက်လျက် ဆိုမြဲတစ်ဖန် ဆိုပြန်၏။ တစ်ဖန် ထန်း ၂ဆင့်, ၃ဆင့်, ထို့အတူ ၇ဆင့်တိုင်အောင် ၇ကြိမ် ကောင်းကင်သို့တက်၍ ဆင်းသက်ခဲ့ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုးလျက် တင့်အပ်သောအရပ်၌ နေ၏။

ပရိသတ်အပေါင်းတို့သည် ထိုသို့သော တန်ခိုးပြာဋိဟာကိုမြင်၍ "မြတ်စွာဘုရားသည် တန်ခိုးအာနုဘော်ကြီးပေစွတကား။ အယူမှား၍ မိမိကိုယ်ကို ရဟန္တာဟုမှတ်သော ဥရုဝေဠကဿပကိုလည်း အယူမှားသော ကွန်ရက်ကို ဖြတ်တော်မူ၍ ကိုယ်တော်၏အဆုံးအမ၌ တည်စေ၏"ဟု မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်းကြကုန်၏။

မြတ်စွာဘုရားသည် ထိုသို့ချီးမွမ်းကြသော စကားကိုကြားတော်မူလျှင် "ရဟန်းတို့။ ယခုအခါ သဗ္ဗညုတဉာဏ်ကိုရပြီး၍ အထွတ်အထိပ်ဖြစ်တော်မူသော ငါဘုရားသည် ဥရုဝေဠကဿပ၏ အယူမှားခြင်း ကွန်ရက်ကို ဖျက်ဆီးခြင်း၌ အံ့ဖွယ်မဖြစ်သေး။ ရှေး နာရဒဗြဟ္မာ ဖြစ်တော်မူသောအခါ ရာဂ, ဒေါသ အစရှိသော ကိလေသာမကင်းသေးသော ပုထုဇဉ်ဖြစ်လျက်လည်း ဥရုဝေဠကဿပ၏ မိစ္ဆာကွန်ရက်ကိုဖြတ်၍ ငါ၏အဆုံးအမ၌ တည်စေ၏"ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။ ပရိသတ်တို့သည် 'ထိုအတ္တုပ္ပတ္တိကို ဟောတော်မူပါ'ဟု တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၍၊ ဤ 'နာရဒ'ဇာတ်တော်ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



# နာရဒ ဇာတ်တော်ကြီးဝတ္ထု

## ၁။ ရုစာမင်းသမီးအခန်း

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ 'အင်္ဂတိ'အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုမင်းကား မင်းကျင့်တရား ၁၀ပါးနှင့် ပြည့်စုံ၏။ တရားကိုလည်း စောင့်၏။

ထိုမင်း၏သမီးတော်ကား 'ရုစာ' အမည်ရှိ၏။ အလွန်အဆင်းလှ၏။ ရှုဖွယ်တင့်တယ် ကြည်ညိုဖွယ် သဏ္ဌာန် ကြန်အင်လက္ခဏာလည်း ရှိ၏။ ကမ္ဘာ ၁သိန်း ကာလပတ်လုံး တောင်းအပ်ပန်အပ်သော ဆုအထူးနှင့်လည်း ပြည့်စုံ၏။ ဘုန်းပညာ လက္ခဏာနှင့်လည်း ပြည့်စုံ၏။ တောင်ညာနန်းမ အဂ္ဂမဟေသီ မိဖုရားကြီး သမီးပေတည်း။

၁သောင်း ၆ထောင်သော မိဖုရားငယ်, မောင်းမတို့၌ သားသမီး တစ်ယောက်မျှ မရှိ။ အမြုံမ နှင်နှင်ချည်းတည်း။ အင်္ဂတိမင်းကြီးသည် သမီးတော်တစ်ယောက်တည်းသာရှိ၍ လည်းကောင်း, ဘုန်းပညာ လက္ခဏာနှင့်တကွ ချစ်နှစ်လိုဖွယ် ရှိသည်ဖြစ်၍ လည်းကောင်း ထိုသမီးတော် ရုစာမင်းသမီးအား အထိန်းနှင့်တကွ သူငယ်ဖော် မှူးမတ်သမီး ၅၀၀ တို့ဖြင့် ခြံရံခစားစေလျက် ဘုံ ၇ဆင့်ရှိသော ပြာသာဒ်ထက်၌ နေစေ၏။ သဇင်, စံကား, ချရား အစရှိသော အထူးထူးသောပန်းတို့ဖြင့် ပြည့်သော ရွှေတံ ဆံကျင် ၂၅ ခုတို့ကို လည်းကောင်း, အဖိုး အတိုင်းမသိထိုက်သော သိမ်မွေ့နူးညံ့လှစွာသော အဝတ်တန်ဆာတို့ကို လည်းကောင်း ဝတ်ဆင်စိမ့်သောငှာ နေ့တိုင်းနေ့တိုင်း ပေးတော်မူ၏။ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပေးခြင်း၌ကား အတိုင်းအရှည်မသိ။ လခွဲ တစ်ကြိမ် အလှူပေးစိမ့်သောငှာ ဥစ္စာ ၁၀၀၀ ကိုလည်း ပေးတော်မူ၏။ ဤကား မင်းသမီး၌ ပြုမြဲသောဝတ်တည်း။

## ၂။ အမတ်တို့နှင့် တိုင်ပင်ခန်း

ထိုမင်း၌ အမှုကြီးငယ်ကို စီရင်ဆုံးဖြတ်တတ်သောအမတ်ကား ဝိဇယ မည်သော အမတ်, သုနာမ မည်သောအမတ်, အလာတ မည်သောအမတ်၊ ဤ ၃ယောက်တို့သည် အမှုကြီး,ငယ်ကို စီရင်ဆုံးဖြတ်တတ်သော အမတ်တို့တည်း။

တစ်ရံရောအခါ မိုး ၄ လ အဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ ကြတ္တိကာနက္ခတ်သဘင် ဖြစ်လာသော်၊ နတ်ပြည်ကဲ့သို့ မိထိလာပြည်ကို လည်းကောင်း, နန်းတော်ကို လည်းကောင်း တန်ဆာဆင်၍ မင်းကြီးသည် ဦးခေါင်းဆေးလျှော်ပြီးလျှင် နံ့သာလိမ်းပြီး၍၊ ခပ်သိမ်းသောမင်း၏တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်

www.burmeseclassic.com



ညစာထမင်း စားတော်ခေါ်ပြီးလျှင် ခြသေ့ံခံသော လေသာနန်းတံခါးသို့ဖွင့်လျက် ပြာသာဒ်ထက်၌ အမတ်ပေါင်းခြံရံလျက် ပျော်စံတော်မူ၏။

ထိုသို့ စံပျော်စဉ် ဖြူသောရောင်ခြည်ဖြင့် ထွန်းတောက်ပသော လပြည့်ဝန်းကို မင်းကြီး မြင်တော်မူ၍

"အချင်းအမတ်တို့။ အမိုက်အပေါင်းကိုဖျောက်၍ အလင်းကိုဆောင်လျက် အရှေ့မျက်နှာမှတက်၍ ထွန်းပသောလပြည့်ဝန်းလည်းရှိသော ယခုညဉ့်သည်ကား အလွန်မွေ့လျော်ဖွယ် ရှိ၏။ အဘယ်မည်သော မွေ့လျော်ခြင်းဖြင့် ငါတို့ မွေ့လျော်ကြရကုန်အံ့နည်း။ သင်တို့နှစ်သက်ရာ လျှောက်ကုန်လော့"ဟုဆို၏။

အမတ်တို့လည်း အလိုရှိရာ လျှောက်အံ့သောငှာ အသီးအသီး ကြံကြကုန်၏။ ထိုအမတ်တို့တွင် စစ်သူကြီးဖြစ်သော အလာတအမတ်ကြီးသည် ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ များစွာသော စစ်အင်္ဂါ ၄ပါး မှူးမတ် ဗိုလ်ခြေ သူရဲသင်းပင်းတို့ကို စည်းဝေးစေ၍ စစ်ထိုးအံ့သောအစီအရင်ဖြင့် ထွက်တော်မူပါလော့။ အရှင်မင်းကြီး အလိုသို့မလိုက်သော လူတို့ကို လည်းကောင်း, မအောင်သေးသော ရန်သူတို့ကို လည်းကောင်း အကျွန်ုပ်တို့ အောင်စေကုန်အံ့။ ဤသည်လျှင် အကျွန်ုပ်၏အလိုတည်း"ဟုလျှောက်၏။

အလာတအမတ်ကြီးစကားကို ကြားလျှင် သုနာမအမတ်ကြီးသည် ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ အရှင်မင်းကြီး၏အလိုသို့ မလိုက်သောသူ မည်သည်လည်း မရှိ။ ခပ်သိမ်းသောရန်သူတို့ သည်လည်း လက်နက်ကိုချ၍ ဝင်ကြလေကုန်ပြီ။ ယနေ့ကား မြတ်သော ဥပုသ်နေ့တည်း။ စစ်ထိုးခြင်းကို အကျွန်ုပ် မနှစ်သက်။ ယခုညဉ့်၌ မြတ်သော ခဲဖွယ်, ဘောဇဉ်, အဖျော် စသည်တို့ကိုသောက်စား၍ ကခြင်း သီခြင်း အစရှိသော အထူးထူးသောကာမဂုဏ်တို့ဖြင့် မွေ့လျော်တော်မူလော့။ ဤကား အကျွန်ုပ်၏အလိုတည်း"ဟု လျှောက်၏။

သုနာမအမတ်ကြီးစကားကို ကြားလျှင် ဝိဇယအမတ်ကြီးကား ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ ခပ်သိမ်းကုန်သော ကာမဂုဏ်တို့ဖြင့် နေ့တိုင်းနေ့တိုင်း စံပျော် မွေ့လျော်တော်မူရ၏။ ကာမဂုဏ်ကို ရခဲသည် မဟုတ်။ အထွတ်အမြတ်ဖြစ်တော်မူသော အရှင်မင်းကြီးတို့အား အလွန်ရလွယ်၏။ ကာမဂုဏ်၌ မွေ့လျော်သည်ကို အကျွန်ုပ် မနှစ်သက်။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော ရဟန်း,ပုဏ္ဏားတို့ကို ဆည်းကပ်ရသော် ကောင်းအံ့။ အကျိုးစီးပွားကိုသိတတ်သော ရသေ့,ရဟန်းတို့သည် အရှင်မင်းကြီး၏ယုံမှားခြင်းကို ပယ်ဖျောက်ပေလတ္တံ့"ဟု လျှောက်၏။

ဝိဇယအမတ်ကြီးစကားကို ကြားလျှင် အင်္ဂတိမင်းကြီးသည်

"ဝိဇယအမတ်ကြီးလျှောက်သောစကားကို ငါ နှစ်သက်တော်မူ၏။ ဗဟုသုတနှင့်ပြည့်စုံသော ရဟန်း, ပုဏ္ဏားတို့သို့ ဆည်းကပ်ရသော် ကောင်း၏။ အကျိုးစီးပွားကို မြင်မြော်ကုန်သော ရသေ့,ရဟန်းတို့သည် ငါတို့၏ယုံမှားခြင်းကို ဖျောက်ပေလတ္တံ့"ဟု ဆို၏။

ထိုသို့ မင်းကြီးဆိုလျှင် အလာတအမတ်ကြီးသည် ဤသို့လျှောက်ပြန်၏။

"အရှင်မင်းကြီး။ ဗဟုသုတနှင့်ပြည့်စုံသော ရသေ့,ရဟန်းတို့သို့ ဆည်းကပ်တော်မူလိုသော် မိဂဒါဝုန်တော၌ အဝတ်လည်းမဝတ်ထသော, ပညာရှိဟူ၍လည်း သမုတ်အပ်ထသော တက္ကတွန်းဆရာသည် ရှိ၏။ ဤ တက္ကတွန်းဆရာကား အမျိုးအားဖြင့် ကဿပ အမျိုးတည်း။ အကြားအမြင်လည်း များ၏။ အဆန်းတကြယ်



www.burmeseclassic.com

www.burmeseclassic.com



နှာပျော်ဖွယ်သောစကားကိုလည်း ဆိုတတ်၏။ အခြွေအရံကိုလည်း ဆောင်တတ်၏။ ထိုဆရာသို့လျှင် အကျွန်ုပ်တို့ ဆည်းကပ်ကုန်အံ့။ အကျွန်ုပ်တို့ ယုံမှားခြင်းကို ဖျောက်ပါလတ္တံ့.”ဟုဆို၏။

မင်းကြီးသည်လည်း ‘အလာတအမတ်ကြီးသည် ညွှန်အပ်သောဆရာသို့ ဆည်းကပ်အံ့’ဟု ရထားထိန်းကို ခေါ်တော်မူ၍ “မြင်းရထားကို ဆောင်ချေ”ဟု စေတော်မူ၏။ မှူးမတ်တို့သည်လည်း အလုံးစုံသော အခင်းအကျင်းကို စီရင်ကြကုန်၏။ ရထားထိန်းသည် ဆင်စွယ်အတိပြီးသော ငွေလက်တင်တို့ဖြင့် ဆန်းကြယ်ပြေပြစ်လှစွာသော, လပြည့်ဝန်းနှင့်တူသော, ဖြူစင်လှစွာသောရထား၌ ကြာဖြူအဆင်းကဲ့သို့ ဖြူသောအဆင်းရှိသော, ကြာညိုအဆင်းကဲ့သို့ ညိုသောခွာရှိသော သိန္ဓောအမျိုးဖြစ်သော မြင်း ၄ စီးတို့ကို ရွှေစည်ပေါင်း စသည်တို့ဖြင့် ဆင်ယင်ပြီးသော် က,လတ်၍ ထီးဖြူနှင့်တကွ မင်းအား ဆက်ကပ်လေ၏။

ထီး, သားမြီးယပ်, ရထား, မြင်း အလုံးစုံ အဖြူချည်းဖြစ်၍ လဝန်းကဲ့သို့ အလွန်တင့်တယ်၏။ အလုံးစုံစီရင်ပြီးသော် အင်္ဂတိမင်းကြီးသည် မြင်းရထားစီးလျက်, မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် မြင်းစီးလျက် ထက်ဝန်းကျင်ခြံရံ၍ ကဿပတက္ကတွန်းထံသို့ ဆည်းကပ်အံ့သောငှာ ထွက်ကုန်၏။

တက္ကတွန်း၏နေရာအနီးသို့ ရောက်လတ်သော် ယာဉ်မှသက်၍ ခြေဖြင့်သာလျှင် တက္ကတွန်း၏အထံသို့ ဆည်းကပ်ကုန်၏။ ပုဏ္ဏား, သူကြွယ်တို့လည်း မင်းပရိသတ်နှင့်အတူ လိုက်၍ ဆည်းကပ်ကြကုန်၏။

အင်္ဂတိမင်းကြီးသည် ကဿပတက္ကတွန်းထံသို့ ရောက်လျှင် တင့်အပ်သောမင်းနေရာ၌ နေပြီးသော်

“အရှင်ကဿပ။ ခန့်ကျန်းတော်မူပါ၏လော၊ ပစ္စည်း မျှလောက်ပါ၏လော၊ ကိုယ်,စိတ် ချမ်းသာပါ၏လော။ မျက်စိ မသိမဝေ ပကတိရှိပါ၏လော”ဟု မင်းကြီး မေး၏။

## ၃။ ကဿပ တက္ကတွန်းထံ ကပ်ခန်း

ကဿပတက္ကတွန်းလည်း စကားတုံ့ပြန်၍ ပြောဟောမေးမြန်း၏။ ဤသို့ သာရဏီယစကားကို ပြောဟောမေးမြန်းကြပြီးသော် ပြည်ထောင်အချင်းချင်း မင်းတကာတို့၏အရှင်ဖြစ်သော အင်္ဂတိမင်းကြီးသည် တရားကို အလိုရှိသည်ဖြစ်၍ အကြောင်းအကျိုးနှင့်စပ်သော တရားစကားကို မေးလျှောက်လိုသောကြောင့်–

‘ကထံ ဓမ္မံ့ ခရေ မစ္စော၊ မာတာ ပိတူသု ကဿပ။

ကထံ စရေ အာစရိယေ၊ ပုတ္တဒါရေ ကထံစရေ။ ။

‘ကထံ စရေယျ ဝုမေသု၊ ကထံ သမဏဗြာဟ္မဏေ။

ကထံ ဗလကာယေ၊ ကထံ ဇနပဒေ စရေ။ ။

‘ကထံစရေ ဓမ္မံ စရိတွာန၊ မစ္စာ ဂစ္ဆန္တိ သုဂ္ဂတိ။

ကထံစေကေ အဓမ္မဋ္ဌာ၊ ပတန္တိ နိရယံ အထော။ ။’ဟူသော ၃ ဂါထာတို့ဖြင့် မေးလျှောက်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ကဿပ။ လူအပေါင်းတို့သည် မိဘတို့၌ အဘယ်သို့ ကျင့်ရပါအံ့နည်း။ ဆရာ၌ လည်းကောင်း၊ သားမယား၌ လည်းကောင်း၊ အသက်အရွယ်ကြီးသောသူ၌ လည်းကောင်း၊ ရဟန်း ပုဏ္ဏားတို့၌ လည်းကောင်း၊ မှူးမတ်ဗိုလ်ပါ၌ လည်းကောင်း၊ မြို့ရွာနိဂုံး ဇနပုဒ် ပြည်ထဲရေး၌ လည်းကောင်း အဘယ်သို့ ကျင့်ရပါအံ့နည်း။ အဘယ်အကျင့်ကို ကျင့်၍ အထက်နတ်ပြည်သို့ ရောက်ရပါအံ့နည်း။ အဘယ်တရားမှ ယုတ်သောကြောင့် အောက်အဝီစိငရဲသို့ ကျကုန်သနည်း"ဟု မေး၏။

[ဤအမေးကား အလွန် သိမ်မွေ့ခဲခက်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက၊ ဘုရားလောင်းတို့အားသာ မေးမြန်းခြင်းငှာ ထိုက်၏။ တစ်စုံတစ်ခုသောတရားကိုမျှ မသိသော၊ အဝတ်မျှမဝတ်သော၊ အသရေမရှိ မိုက်လှစွာသော တိတ္ထိတက္ကတွန်းကို မေးမိလေ၏။]

ထိုသို့ မင်းကြီးမေးသော် ကဿပတက္ကတွန်းကား အမေးနှင့်လျော်သောအဖြေကို မဖြေမူ၍ ကျက်စားသော နွားကို လှံတံဖြင့် ခတ်မိသကဲ့သို့ လည်းကောင်း၊ ခူးပြီးသောထမင်းပွဲ၌ အမှိုက်ကို ပစ်ချဘိသကဲ့သို့ လည်းကောင်း "မင်းမြတ်။ နာတော်မူ"ဟု ဆို၍–

'နတ္ထိ ဓမ္မစရိတဿ၊ ဖလံ ကလျာဏ ပါပကံ။
နတ္ထိ ဒေဝ ပရလောကော၊ ယော တတောဟိ ဣဓာဂတော။ ။
'နတ္ထိ ဒေဝ ပိတရောဝါ၊ ကုတော မာတာ ကုတော ပိတာ။
နတ္ထိ အာစရိယော နာမ၊ အဒန္တံ ကော ဒမိဿတိ။ ။
'သမတုလျာနိ ဘူတာနိ၊ နတ္ထိ ဇေဋ္ဌာပစာယိကာ။
နတ္ထိဗလံဝါ ဝီရိယံဝါ၊ ကုတော ဥဋ္ဌာန ပေါရိသော။ ။
'နိယတာနိ ဟိ ဘူတာနိ၊ ယထာ ဂေါဠဝိသော တထာ။
လဒ္ဓေယျံ လဘတေ မစ္စော၊ တတ္ထ ဒါနဖလံ ကုတော။ ။
'နတ္ထိ ဒါနဖလံ ဒေဝ၊ အဝသော ဒေဝဝီရိယော။
ဗာလေဟိ ဒါနံ ပညတ္တံ၊ ပဏ္ဍိတေဟိ ပဋိစ္ဆိတံ။ ။

'အဝသာ ဒဒန္တိ ဓီရာနံ၊ ဗာလာ ပဏ္ဍိတ မာနိနော။'ဟူသော ၅ဂါထာခွဲဖြင့် မိမိမိစ္ဆာအယူကို ပြပေ၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ တရားကျင့်သောသူအား ကောင်းကျိုးလည်း မရှိ၊ မကောင်းကျိုးလည်း မရှိ၊ တမလွန် လောကလည်း မရှိ။ ထိုစကားသည် မှန်၏။ မင်းကြီး။ အဘယ်မည်သောသူသည် တမလွန်လောကမှ ဤပစ္စုပ္ပန်လောကသို့လာသည်ကို မြင်ဖူးသနည်း။ အမိ၊ အဖ၊ ဆရာ ဟူသည် မရှိ။ မယဉ်ကျေးသောသူကို အဘယ်သူသည် ဆုံးမနိုင်အံ့နည်း။ ခပ်သိမ်းသောသတ္တဝါတို့သည် ထပ်တူသာပင်လျှင် ဖြစ်ကြလေကုန်၏။ အသက်ကြီးသောသူကို အရိုအသေ အလေးအမြတ် ပြုအပ်သည်လည်း မရှိ။ အားလုံ့လ အကျိုးလည်း မရှိ။ သဘောပုံကဲ့သို့ သတ္တဝါတို့သည် ထပ်တူသာပင်လျှင် အမြဲ ဖြစ်လေကုန်၏။ ထိုသတ္တဝါတို့သည် ရအပ်သောဥစ္စာတို့ကို ရခြင်း၌ အဘယ်ကောင်းမှုအကျိုးဟု ဆိုရအံ့နည်း။ မင်းကြီး။ အလှူပေးခြင်း အကျိုးလည်း မရမရှိ။ လုံ့လလည်း အစိုးမရ။ သူမိုက်တို့သည် အလှူကို ဆောက်တည်ကြကုန်၏။ ပညာရှိတို့သည် ခံယူကုန်၏။ သူမိုက်တို့သည် မိမိတို့ဥစ္စာကို အစိုးမရ၍ ပညာရှိတို့အား ပေးရကုန်၏"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့အလှူပေးခြင်း၌ အကျိုးမရှိသည်ကို ချီးမွမ်းပြီး၍ မကောင်းမှု၌ အပြစ်မရှိသောအဖြစ်ကို ပြလိုရကား–

'သတ္တိမေ သဿတာ ကာယာ၊ အဆေဇ္ဇာ အဝိကောပိနော။

တေဇော ပထဝီ အာပေါစ၊ ဝါယော သုခံ ဒုက္ခဉ္စိမေ။ ။

'သတ္တိ မေ သဿတာ ကာယာ၊ ယေသံ ဆေတ္တာ နဝိဇ္ဇတိ။

နတ္ထိဟန္တာဝ ဆေတ္တာဝ၊ ဟညရေဝါပိ ကောစိနံ။ ။

'အန္တရေနေဝ ကာယာနံ၊ သတ္ထာနိ ဝီတိဝတ္တရေ။

ယောစာပိ သိရမာဒါယ၊ ပရေသံ နိသိတာသိနာ။ ။

'န သော ဆိန္ဒတိ တေကာယေ၊ တတ္ထ ပါပဖလံ ကုတော။

စုလ္လာသီတိ မဟာကပ္ပေ၊ သဗ္ဗေ သုဇ္ဈန္တိ သံသရံ။ ။

'အနာဂတေ တမ္ပိကာလေ၊ သညတောပိ နသုဇ္ဈတိ။

စရိတွာပိ ဗဟုံ ဘဒြံ၊ နေဝ သုဇ္ဈန္တိ နာဂတေ။ ။

'ပါပဉ္စေပိ ဗဟုံကတွာ၊ တံခဏံ နာတိဝတ္တရေ။

အနုပုဗ္ဗေန နောသုဒ္ဓိ၊ ကပ္ပါနံ စုလ္လာသီတိယာ။ ။

'နိယတိံ နာတိဝတ္တာမ၊ ဝေလန္တ မိဝ သာဂရော။'ဟူသော ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

'ဤ ၇ ပါးသော အပေါင်းတို့သည် မြဲကုန်၏။ မစွန့်အပ်ကုန်။ ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကုန်။ ၇ ပါးသော အပေါင်းဟူသည်ကား မီး, မြေ, ရေ, လေ, ချမ်းသာ, ဆင်းရဲ, အသက် ဤ ၇ ပါးတည်း။ ဤ ၇ ပါးသောအပေါင်း တို့သည် မြဲကုန်၏။ ကွဲခြင်းမည်သည် မရှိ။ သတ်ခြင်း,ဖြတ်ခြင်း, ညှဉ်းဆဲခြင်းမည်သည်လည်း တစ်စုံတစ်ယောက်မျှ မရှိ။ ကိုယ်၏အကြား၌သာလျှင် ဓား, လှံ စသောလက်နက်တို့သည် သွားကုန်၏။ အကြင်သူသည် သူတစ်ပါးတို့၏ ဦးခေါင်းကို ထက်စွာသောသန်လျက်ဖြင့် ဖြတ်၏။ ထိုသူသည် ထိုအပေါင်း ဖြစ်သောသူတို့ကို ဖြတ်သည် မဖြစ်။ ထိုသို့ ဖြတ်သည်မဖြစ်ရာ၌ မကောင်းမှုအကျိုးသည် အဘယ်မှာ ရှိအံ့နည်း။ ခပ်သိမ်းသောသူတို့သည် ကမ္ဘာကြီး ၈၄ ကမ္ဘာ ပြည့်သည်ရှိသော် စင်ကြယ်ကုန်၏။ ထိုကမ္ဘာကြီး ၈၄ မစေ့မရောက်မီ ကိုယ်,နှုတ်,နှလုံးကိုစောင့်၍ ကောင်းမှုကိုပြုသော်လည်း မစင်ကြယ်ကုန်။ ကမ္ဘာကြီး ၈၄ မစေ့သမျှကာလပတ်လုံး များစွာသော မကောင်းမှုကိုပြုသော်လည်း ထိုခဏကို မလွန်နိုင်ကုန်။ ခပ်သိမ်းသောသတ္တဝါတို့သည် ကမ္ဘာကြီး ၈၄ သာလျှင် ဖြစ်ကုန်၏။ ကမ္ဘာကြီး ၈၄ ပြည့်မှသာ မဖြစ်ကုန်။ ကမ္ဘာကြီး ၈၄ မစေ့သမျှကာလပတ်လုံး မဟာသမုဒ္ဒရာသည် ကမ်းကိုမလွန်နိုင်သကဲ့သို့ ထိုခဏကို မလွန်နိုင်ကုန်"

ဤသို့ ဥစ္ဆေဒဒိဋ္ဌိ အယူရှိသော ကဿပတက္ကတွန်းသည် မိမိအစွမ်းအားဖြင့် မိမိအယူကို အကြွင်းမဲ့ မင်းကြီးအား ဖြေ၏။

ထို တက္ကတွန်းစကားကိုကြားလျှင် အလာတအမတ်သည် ဤသို့ဆို၏။

"အရှင်ကဿပ။ အရှင်ဘုရားသည် အထူးထူးအပြားပြားသောနည်းဖြင့် ဆိုတော်မူပေ၏။ ထိုသို့ အရှင်ဆိုသောစကားကို အကျွန်ုပ် နှစ်သက်၏။ အကျွန်ုပ်သည်လည်း ရှေးသောကိုယ်၏အဖြစ်ကို မှတ်မိ၏။ အကျွန်ုပ်သည် ရှေးသောဘဝက ဗာရာဏသီပြည်၌ အလွန်ကြမ်းကြုတ်သော ပိင်္ဂလအမည်ရှိသော နွားသတ်ယောကျ်ား ဖြစ်ခဲ့ဖူး၏။ ထို နွားသတ်ယောကျ်ားဖြစ်သောအခါ နွား, ကျွဲ, ဝက်, ဆိတ်တို့ကိုသတ်၍ များစွာသော မကောင်းမှုကို ပြုခဲ့ဖူး၏။ ထို နွားသတ်ယောကျ်ားအဖြစ်မှ စုတေ့မနေ သေလွန်ခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



ဤမိထိလာပြည်ဝယ် စစ်သူကြီးအမျိုး၌ ပဋိသန္ဓေနေ၍ 'အလာတအမတ်ကြီး'ဟု ယခု ထင်ရှားစွာဖြစ်လာခဲ့၏။ ထိုသို့သတ်ဖူးသော မကောင်းမှုအကျိုးသည် မရှိမည်ကဲ့သို့ ထင်၏။ အကျွန်ုပ်သည် ငရဲသို့လည်း မလားပလေ"ဟုဆို၏။

## ၄။ ဗီဇက သူဆင်းရဲ ငိုကြွေးခန်း

ထိုရောအခါ မိထိလာပြည်၌ 'ဗီဇက'အမည်ရှိသော ကျွန်ယောကျ်ား ဆင်းရဲသားတစ်ယောက်သည် ဥပုသ် သီတင်းသုံးလျက် ကဿပတက္ကတွန်းထံသို့ ဆည်းကပ်၍နေ၏။ ထို ဗီဇကသူဆင်းရဲသည် ကဿပတက္ကတွန်း၊ အလာတအမတ်တို့ ပြောဆိုကြသောစကားကို ကြားလျှင်ပင် အသက်ရှိုက်ရှုပြုလျက် ရှိုက်တငင်ငင်ငိုကြွေး၏။

ဝိဒေဟရာဇ်မင်းသည် ထိုဗီဇကကိုမြင်လျှင် "အချင်းယောကျ်ား။ အဘယ့်ကြောင့် ငိုသနည်း။ သင် ကြားဖူး၊ မြင်ဖူးသလော။ အဘယ်ဝေဒနာကို သင် ခံရသနည်း။ ငါ့အား လျှောက်လော့"ဟုဆို၏။

ဗီဇကသူဆင်းရဲသည် မင်းကြီးအား ဤသို့လျှောက်၏။ "အရှင်မင်းကြီး။ အကျွန်ုပ်အား ဆင်းရဲဝေဒနာ မရှိ။ အကျွန်ုပ်သည် ရှေး၌ ချမ်းသာစွာသောကိုယ်အဖြစ်ကို မှတ်မိ၏။ အကျွန်ုပ်သည် ရှေးဘဝက သာကေတပြည်၌ သီလသီတင်း၌ မွေ့လျော်သော 'ဘာဝ' မည်သောသူဌေးကြီး ဖြစ်ခဲ့ဖူး၏။ ထို ဘာဝသူဌေးသည် အလှူသီတင်း စသောကောင်းမှုကိုသာ ပြု၏။ မကောင်းမှုကို ပြုမိသည်ကို အကျွန်ုပ် မမှတ်မိပါ။ အရှင်မင်းကြီး။ ထိုသူဌေးအဖြစ်မှ စုတေခဲ့သော အကျွန်ုပ်သည် ဤမိထိလာပြည်၌ အိုးထိန်းသည်ကျွန်မဖြစ်သော သူဆင်းရဲမဝမ်း၌ ပဋိသန္ဓေနေ၍ ဗီဇက ဟု ဆင်းရဲငြိုငြင်စွာ ဖြစ်လာ၏။ ဤဘဝ၌ ကျွန်မသားဖြစ်၍ ဆင်းရဲစွာလျက်လည်း အကျွန်ုပ်၏ အဖို့ဖြစ်သော ထမင်းကို အကြင်သူသည် အလိုရှိအံ့။ ထိုသူအား တစ်ဝက်ခွဲ၍ ပေးလှူ၏။ စာတုဒ္ဒသီပန္နရသီ ဥပုသ်နေ့တို့၌လည်း အခါခပ်သိမ်း ဥပုသ်သုံးခြင်းကို ပြု၏။ သူတစ်ပါးအား ညှဉ်းဆဲခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း စသော မကောင်းမှုကိုလည်း တစ်ရံတစ်ဆစ်မျှ မပြု။ ထို ပြုအပ်သောကောင်းမှုသည် အလာတအမတ်ကြီး ဆိုသကဲ့သို့ အကျိုးမရှိမည် ထင်မိ၏။ အကျွန်ုပ်သည် မလိမ္မာသော အန်သမားကဲ့သို့ အရှုံးကိုသာလျှင် ပြုမိ၏။ လိမ္မာစွာသော ငှက်ခတ်မုဆိုးကဲ့သို့ အရှင် အလာတအမတ်သည် နိုင်ရာကိုသာ ယူမိလေ၏။ ထိုသို့ဖြစ်သောကြောင့် အကျွန်ုပ်သည် နတ်ပြည်သို့ရောက်အံ့သောတံခါး လမ်းကိုမမြင်သဖြင့် အရှင်ကဿပစကားကိုကြား၍ အကျွန်ုပ် ငိုသည်"ဟု လျှောက်၏။

(ထိုဗီဇကသည် သူဌေးအဖြစ်မှ ဗီဇကဟု ကျွန်မသားဖြစ်လာသောဝတ္ထုကို ဤသို့ သိအပ်၏။ ဗီဇကသည် ကဿပဘုရားရှင်လက်ထက်တော်၌ မထင်ရှားသောအမျိုး၌သာဖြစ်၍ တစ်ရံရောအခါ နွားပျောက်သောကြောင့် တောအရပ်၌ နွားရှာသွားလတ်သော် ရဟန်းတစ်ပါးသည် တောအရပ်၌ ခရီးမှား၍ တလည်လည် ရှိသတတ်။ ထို နွားရှာသောယောကျ်ားကို တွေ့လျှင် "ဒကာ။ ဤမည်သောအရပ်သို့ သွားသောခရီးသည် အဘယ်မှာ ရှိပါသနည်း"ဟု မေး၏။ ထိုယောကျ်ားသည် နွားမရသောကြောင့် စိတ်ပင်ပန်းခြင်းဖြစ်၍ ဆိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းလည်း တစ်ဖန် မေးပြန်၏။ ထိုယောက်ျားသည် အမျက်ထွက်လတ်၍ "သင်ကား ကျွန်မသား ရဟန်းလော။ အလွန် နှုတ်ကြမ်း၏။ သင်သည် ကျွန်မသားလော"ဟု ဝစီကံဖြင့် ပြစ်မှားခဲ့ဖူး၏။ ထို မကောင်းမှုသည် ထိုယောက်ျားအဖြစ်မှ အခြားမဲ့၌ အကျိုးမပေးမူ၍ ပြာဖြင့်ဖုံး၍ထားအပ်သော မီးကဲ့သို့ အခွင့်မရသေး၍ တည်၏။ ထိုယောက်ျားအဖြစ်မှ စုတေမနေ သေလွန်ခဲ့ လတ်လျှင် တစ်ပါးသောကံတို့သည်သာ အကျိုးပေးလေ၍ သံသရာ၌ ကျင်လည်သည်ရှိသော် အမှတ်မဲ့သောဘဝ၌ ပြုခဲ့ဖူးသောကောင်းမှုကြောင့် သာကေတမြို့၌ ဆိုခဲ့ပြီးသော အပြားအားဖြင့် ဘဝ မည်သောသူဌေး ဖြစ်၍၊ အလှူသီတင်း စသောကောင်းမှုကိုသာ ပွားစေ၏။ ထိုကောင်းမှုသည် အခြားမဲ့သောဘဝ ဗီဇကအဖြစ်၌ အကျိုးမပေးမူ၍ မြေ၌မြုပ်ထားအပ်သော ရွှေအိုးကဲ့သို့ အခွင့်မရသမျှ ကာလပတ်လုံး တည်၏။ ကဿပဘုရားရှင်လက်ထက်၌ ရဟန်းအား ပြစ်မှားခဲ့ဖူးသောမကောင်းမှုသည် အခွင့်ရ၍ မိထိလာပြည်၌ ကျွန်မသားအဖြစ်ကို အကျိုးပေး၏။ ထို ဗီဇကသည် ရှေး၌ မိမိပြုအပ်သော မကောင်းမှုကို မမြင်၍၊ အခြားမဲ့သောဘဝ ဘဝသူဌေးအဖြစ်၌ပြုအပ်သော အလှူသီတင်း စသောကောင်းမှုသည်ပင် ဤဘဝ၌ အိုးထိန်းသည် ကျွန်မသားအဖြစ်ကို ပေးသည်ဟုထင်မှတ်၍ ကောင်းမှု၏အကျိုးသည် မရှိမည်ကဲ့သို့ ထင်မှတ်၏"ဟုဆိုသတည်း။)

ဗီဇကစကားကို မင်းကြီးကြားလျှင် ဤသို့ဆို၏။

"အချင်းဗီဇက။ 'သုဂတိသို့ လားရခြင်းအကြောင်းမည်သည်ကား မရှိ'ဟု အမြဲလျှင် သင် ယုံမှားကင်းလော့။ ချမ်းသာ, ဆင်းရဲသည်ကား အမြဲဖြစ်၏။ ခပ်သိမ်းသောသတ္တဝါတို့သည် ကမ္ဘာကြီး ၈၄ မဇ္ဈေသဓြွေ့ကာလပတ်လုံး သံသရာမှ မလွတ်နိုင်, မစင်နိုင်ကုန်။ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ဖြစ်မြဲတည်း။ ကောင်းမှု, မကောင်းမှုကြောင့် ဖြစ်သည်မဟုတ်။ ကမ္ဘာကြီး ၈၄ အတွင်း၌ အဆောတလျင် သံသရာမှ စင်ကြယ်လိုသည်ဟူ၍ မပြုလင့်။ ငါလည်း ရှေး မြို့တံခါး ၄ မျက်နှာ, မြို့လယ်တို့၌ အလှူတင်းကုပ်ဆောက်၍ ပုဏ္ဏား, သူကြွယ်, ဖုန်းတောင်းယာစကာတို့အား လှူဒါန်းစွန့်ကြဲခြင်းကိုပြုလျက် တရားသဖြင့် ပေးကမ်းစွန့်ကြဲခြင်းကို ပြု၏။ ထိုသို့ အလှူသီတင်း ပေးကမ်းစွန့်ကြဲခြင်းကိစ္စတို့ကို ဆောင်ရွက်သောအခိုက် ကာမဂုဏ်၌ မွေ့လျော်စံပျော်ရခြင်း ယုတ်ခဲ့၏"ဟုဆို၍ ကဿပတက္ကတွန်းအားလည်း ဤသို့ဆို၏။

"အရှင်ကဿပ။ အကျွန်ုပ်တို့သည် ဤမျှလောက်သောကာလပတ်လုံး မမေ့မလျော့ကုန်အံ့။ ယခု အကျွန်ုပ်တို့သည် အရှင်ဘုရားတည်းဟူသော ဆရာကို ရပြီ။ ဤနေ့မှစ၍ ကာမဂုဏ်ချမ်းသာကိုသာ ခံစားအံ့။ အရှင်ကဿပအထံ၌ ဤမျှလောက်သောကာလပတ်လုံး တရားနာ၍နေရခြင်းသည်လည်း ကြာမြင့်လှပြီ။ အကျွန်ုပ်တို့ သွားပါကုန်အံ့။ အသက်ရှည်ကြာပါလျှင် နောင်လည်း အရှင်ဘုရားအား ဖူးမြင်ရပါလတ္တံ့."ဟု ကဿပတက္ကတွန်းကို ပန်ခဲ့၍ နန်းတော်သို့ပြန်လေ၏။

[ထို အင်္ဂတိမင်းကြီးသည် ကဿပတက္ကတွန်းထံ လာသောအခါကား အရိုအသေပြု၍ ရှိခိုးလျက် ပြဿနာကို မေး၏။ ပြန်သောအခါကား 'ရှိခိုးပူဇော်ခြင်း, အရိုအသေပြုခြင်း အကျိုးမရှိ' ဟုဆိုသော တက္ကတွန်း၏ မိစ္ဆာအယူဝင်၍ အရိုသေပြုခြင်း, ရှိခိုးခြင်းကို မပြုမူ၍ ပြန်၏။ ထို ကဿပတက္ကတွန်းသည် မိမိကိုယ်ကို မိမိပင်လျှင် ကျေးဇူးမဲ့ပြုခြင်းကြောင့် ရှိခိုးပူဇော်ခြင်း, အရိုအသေပြုခြင်းကို မခံရသတည်း။ ဆွမ်း အစရှိသော ပူဇော်သက္ကာတို့သည်ကား ဆိုဖွယ်မရှိ၊ မရသည်သာလျှင်တည်း။]



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ထိုညဉ့်ကိုလွန်စေ၍ မိုးသောက်သောနေ့၌ ဝိဇယ, သုနာမ, အလာတ အစရှိသော အမတ်ကြီး, အမတ်ငယ်, မင်းပရိသတ်တို့ကို စည်းဝေးစေ၍ 'စန္ဒကေ မေ ဝိမာနသ္မိံ'အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အချင်းအမတ်တို့။ စန္ဒက အမည်ရှိသောနန်းတော်၌ အထူးထူးသော ကာမဂုဏ်တို့ကိုစီရင်၍ အခါခပ်သိမ်း ဆက်ကပ်ကုန်။ အကျိုးစီးပွားအမှု, လျှို့ဝှက်အပ်သောအမှု, ထင်ရှားပြုအပ်သောအမှု, အလုံးစုံသော အမှုကိစ္စ ဟူသမျှကို ငါ့အား မကြားလင့်။ ဝိဇယ, သုနာမ, အလာတ ဤအမတ် ၃ယောက်တို့သည် တရားဆုံးဖြတ်ခြင်း၌ လိမ္မာ၏။ သင်တို့အမတ်ကြီး ၃ယောက်တို့သာ တရားဆုံးဖြတ်ရာ လွှတ်သဘင်၌နေ၍ တရားဆုံးဖြတ်ကြကုန်။ အလုံးစုံသော ပြည်ထဲရေးကိစ္စတို့ကို စီရင်ခွဲခန့်ကြကုန်။ ငါကား ကာမဂုဏ်ချမ်းသာကိုသာ ခံစားအံ့"ဟုဆို၍ တစ်စုံတစ်ခုသောအမှုကိုမျှ နားမထောင်၊ ကြောင့်ကြမဲ့ ကာမဂုဏ်၌သာ မွေ့လျော်၏။

ဤ့တံခါး ၄ မျက်နှာတို့၌ စီရင်အပ်သောအလှူဇရပ်တို့ကိုလည်း ဖျက်စေ၏။ မိမိနှစ်သက်သည်ရှိသော် သူတစ်ပါးတို့၏ မယားကို လည်းကောင်း, မိဘစသည် စောင့်ရှောက်အပ်သော သမီးပျိုတို့ကို လည်းကောင်း အနိုင်အထက် သိမ်းယူ၏။

"မင်းကြီးသည် ကဿပတက္ကတွန်းကို မှီ၍ မှားသောအယူကို ယူသတတ်"ဟု တစ်ပြည်လုံး အုတ်အုံး ကျက်ကျက်သောအသံသည် ဖြစ်၏။

## ၅။ ရုစာမင်းသမီး တရားဟောခန်း

ထိုသို့ပြောဆိုကြသောအသံကို ရုစာမင်းသမီး၏အထိန်းတော်သည် ကြားလတ်၍ ရုစာမင်းသမီးအား ခမည်းတော်သည် တက္ကတွန်းကဿပကိုမှီ၍ အယူမှားသောအကြောင်းကို အကြွင်းမဲ့ ကြားလျှောက်၏။ ထိုစကားကို ရုစာမင်းသမီးကြားလျှင် ပြင်းစွာနှလုံးမသာရှိလျက် "အဘယ့်ကြောင့် ငါ့ခမည်းတော်သည် အကျင့်သီလ မရှိ၊ အရှက်အကြောက်လည်း မရှိ၊ အဝတ်မျှမဝတ်သော တက္ကတွန်းထံသို့ကပ်၍ ပြဿနာကို မေးလေဘိသနည်း။ တရားကျင့်သော ရဟန်း ပုဏ္ဏားတို့ကိုသာလျှင် ကပ်၍ ပြဿနာတို့ကို မေးအပ်သည်တကား။ ငါ့ခမည်းတော်၏ မိစ္ဆာအယူကိုပယ်၍ သမ္မာအယူ၌ တည်စေခြင်းငှာ ငါမှတစ်ပါး စွမ်းနိုင်သောသူ မည်သည် မရှိ။ အဘယ်ကြောင့်နည်း ဟူမူကား ငါသည် ဤကိုယ်အဖြစ်သို့ မရောက်မီ နတ်သမီးဖြစ်သောအခါကပင် လွန်လေပြီးသော ၇ ဖြစ်ကို လည်းကောင်း, လာလတ္တံ့သော ၇ ဖြစ်ကို လည်းကောင်း, ဤ ၁၄ ဖြစ်ကို သိ၏။ ထို့ကြောင့် ငါသည် ရှေး၌ပြုဖူးသော မကောင်းမှု၏အပြစ်ကိုပြ၍ ခမည်းတော်ကို သိစေအံ့။ ထိုသို့ဖြစ်သော်လည်း ယခု ငါ့ခမည်းတော်ထံသွားသော် မသင့်သေး။ အဘယ့်ကြောင့်နည်းဟူမူကား ငါသည် အကယ်၍ ယခု သွားအံ့။ ငါ၏ခမည်းတော်သည် ငါ့ကို ဆိုရာ၏။ 'ချစ်သမီး။ အခါတစ်ပါးကား လခွဲ တစ်ကြိမ် လာ၏။ ယခုကား လ,မပြည့်မီ အဖိတ်နေ့ကပင် လာပြီးဖြစ်လျက်လည်း နေ့ရက်မရောက်မီ အခေါက်ခေါက် အဘယ်ကြောင့် လာသနည်း။ အခွင့်ရှိသလော"ဟု ဆိုလတ္တံ့။ ထိုသို့ဆိုရာ၌ 'ခမည်းတော်သည်



www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဒိဋ္ဌိအယူရှိသည်’ဟု ကြားသောကြောင့် လာသည်ဟု အကယ်၍ ဆိုချေအံ့။ ခမည်းတော်သည် ငါ့စကားကို အလေးအမြတ် မပြုရာချေ။ ထိုသို့ဖြစ်သောကြောင့် ယခု ငါ မသွားသေးမူ၍ ဤနေ့မှ ၁၄ ရက်မြောက်ဖြစ်သော လ,မကွယ်မီ အဖိတ်နေ့မှ ပြကတေ့သောအခြင်းအရာဖြင့် ခမည်းတော်၏အကြောင်းကို မသိသကဲ့သို့ သွား၍ အလှူအဖို့ ပေးမြဲတိုင်းသော ၁၀၀၀ သောဥစ္စာကို ခမည်းတော်အား တောင်းအံ့။ ထိုအခါ ခမည်းတော်သည် မိစ္ဆာအယူကို ဆိုလတ္တံ့.ဆိုလျှင် ခမည်းတော်မင်းကြီးအား ငါ၏အစွမ်းဖြင့် မိစ္ဆာအယူကို စွန့်စေအံ့’ဟုကြံ၏။

တန်ဆောင်မုန်းလမကွယ်မီ အဖိတ်နေ့ရောက်လတ်သော် ရုဇာမင်းသမီးသည် နတ်တို့၏ အဝတ်တန်ဆာနှင့်တူသော အထူးထူးသောအဝတ်တန်ဆာ ရတနာတို့ကို ဝတ်စားဆင်ယင်လျက် အမွှေးအထုံ နံ့သာမျိုးတို့ဖြင့်ထုံ၍ အခြံအရံ ရွှေဖော်မင်းသမီး ၅၀၀ တို့ကိုလည်း ဝတ်စားတန်ဆာ ဆင်ယင်စေ၍၊ ရွှေဖော် ၅၀၀ ခြံရံလျက် အထိန်းတော်နှင့်တကွ ဘုံ ၇ဆင့်ရှိသော နန်းပြာသာဒ်မှ တိမ်တိုက်မှထွက်သော လပြည့်ဝန်းအရောင်ကဲ့သို့ တစ်နန်းလုံးကို ပြောင်ပြောင်လင်းစေလျက် ဆင်းသက်ခဲ့၍ ခမည်းတော်စံရာ စန္ဒကပြာသာဒ်သို့ သွားလေ၏။

ခမည်းတော်အထံသို့ ရောက်လျှင် တင့်အပ်သောမင်းသမီးနေရာ၌ နေ၏။

အင်္ဂတိမင်းကြီးသည် သမီးတော်ကိုမြင်လျှင် ဤသို့ သာရဏီယကထာ ပြောဟော၏။

“ချစ်သမီး။ ဘုံ ၇ ဆင့်ရှိသော နန်းပြာသာဒ်, ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သောရေကန်တို့၌ မွေ့လျော် ပျော်ပါးပါ၏လော။ အထူးထူးသော အဝတ်တန်ဆာ ရတနာတို့သည် လည်းကောင်း, မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့သည် လည်းကောင်း တစ်နေ့မပြတ် ရောက်ပါ၏လော။ စံကား, သဇင် စသောပန်းတို့ကို သတို့သမီးတို့သည် သီကုံး၍ မညှိုးမနွမ်း အခါခပ်သိမ်း ပန်ဆင်ရပါ၏လော။ ချစ်သမီး။ အဘယ်ကို အလိုရှိသနည်း။ ခမည်းတော်အား ကြားလော့။ ချစ်သမီး အလိုရှိရာ ယခုပြီးစေအံ့”ဟု ဆို၏။

ရုဇာမင်းသမီးလည်း ဤသို့လျှောက်၏။

“ခမည်းတော်မင်းကြီး။ ခမည်းတော်ပေးသော အလုံးစုံသည် ခမည်းတော်၏ကျေးဇူးတော်, ဘုန်းတော်ကြောင့် ပြည့်စုံပါ၏။ ခမည်းတော်မင်းကြီး နက်ဖြန်ခါ နတ်တို့စည်းဝေးရာဖြစ်သော လကွယ် ဥပုသ်နေ့တည်း။ အကျွန်ုပ်အား ပေးမြဲသော ၁၀၀၀ သော ဥစ္စာကို ပေးတော်မူပါ။ အကျွန်ုပ်သည် ပေးလှူမြဲတိုင်း ရသေ့, ပုဏ္ဏား, ဖုန်းတောင်းယာစကာ, ဥစ္စာကုန်၍ရောက်လာသော သူတို့အား ပေးလှူစွန့်ကြဲပါအံ့”ဟုဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် ဤသို့ဆို၏။

“ချစ်သမီး။ အကျိုးမရှိ အချည်းနှီး များစွာသောဥစ္စာကို ဖျက်ဆီးဘိ၏တကား။ ချစ်သမီး။ အခါခပ်သိမ်း ဥပုသ်စောင့်သောသင်သည် ထမင်း, အဖျော် စသည်ကို မသုံးဆောင်ရတကား။ ထို ထမင်း, အဖျော် စသည်တို့ကို မသုံးဆောင်မစားသောက်ဘဲ နေသောသူကား ကောင်းမှု မဖြစ်။ ထိုစကားသည် မှန်၏။ ချစ်သမီး။ အရှင်ကဿပအထံသို့ ငါတို့ ဆည်းကပ်သောအခါ ဗီဇက အမည်ရှိသော ကျွန်သည် အရှင်ကဿပတရားကိုနာ၍ အဖန်တလဲလဲ ရှိုက်တငင်ငင်ငိုကြွေး၏။ ချစ်သမီး။ သင်သည် အသက်ရှည်သမျှကာလပတ်လုံး ထမင်း, အဖျော် အစရှိသည်ကိုစားသောက်၍ ကာမဂုဏ်ချမ်းသာကိုသာ ခံစားလေလော့။ နေလွှဲသောအခါ ခဲဖွယ် ဘောဇဉ်တို့ကိုမစားဘဲ မနေလင့်။ ချစ်သမီး။ တမလွန်လောက ဟူ၍မရှိဘဲလျက် အဘယ့်ကြောင့် ဆင်းရဲခံဘိသနည်း”ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်စကားကိုကြားလျှင် ရှေ့ဘဝ,နောက်ဘဝကို မြော်မြင်နိုင်သော ရဇာမင်းသမီးသည် တရားရှိသည့်အတိုင်း သိရကား–

'သုတမေဝ ပုရေ အသိ၊ ပစ္စက္ခံဒိဋ္ဌမိဒံ မယာ။
ဗာလူပသေဝိယော ဟောတိ၊ ဗာလော ဝသ မပဇ္ဇထ။ ။
'မုဠှော ဟိ မူဠှမာဂမ္မ၊ ဘိယျော မောဟံ နိဂစ္ဆတိ။
ပတိရူပံ အလာတေန၊ ဗီဇကေနစ မုယှိတုံ။ ။
'ဝွဋ္ဌ ဒေဝေါသိ သပ္ပညော၊ ဓိရော အတ္ထဿကောဝိဒေါ။
ကထံ ဗာလေဟိ သဒိသံ၊ ဟီနဒိဋ္ဌိ မုပါဂမိ။ ။
'သစေဟိ သံသာရပထေ နသုဇ္ဈတိ၊ နိရတ္ထိကာ ပဗ္ဗဇဂုဏာဿ။
ကီဋောဝ အဂ္ဂိံ ဇလိတံ အပါပတံ၊ ဥပပဇ္ဇတိ မောဟမုဠှော နဂ္ဂ ဘာဝံ။ ။
'သံသာရသုဒ္ဓီတိ ပုရေ နိဝိဋ္ဌာ၊ ကမ္မံ ဝိဒူသေန္တိ ဗဟူဇနာ။
ပုဗ္ဗေကလီ ဒုဂ္ဂဟိတောဝ အတ္ထော၊ ဒုမ္မောစယာ ဗလိသာ အမ္ဗုဇောဝ။ ။' ဟူသော ၅ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်မင်းကြီး။ 'သူမိုက်ကို ပေါင်းဖော်မှီဝဲ ဆည်းကပ်သောသူသည် မိုက်သောအဖြစ်သို့သာ ရောက်၏' ဟူ၍ အကျွန်ုပ်သည် ရှေး၌လည်း ကြားဖူး၏၊ မျက်မှောက်လည်း မြင်ဖူး၏။ ထိုစကားသည် မှန်၏။ အရှင်မင်းကြီး။ သူမိုက်သည် သူမိုက်ကိုမှီ၍ အတိုင်းထက်အလွန် မိုက်ခြင်းသို့ ရောက်၏။ အလာတအမတ်, ဗီဇကသူဆင်းရဲတို့သည် ကဿပတက္ကတွန်းမိုက်ကို မှီဝဲမိ၍ မိုက်သောအဖြစ်သို့ ရောက်ကုန်၏။ ခမည်းတော်မင်းကြီးကား ပညာအဆင်အခြင်နှင့်လည်း ပြည့်စုံ၏။ အကျိုးစီးပွား ရှိသည်,မရှိသည်၊ အကြောင်း ဟုတ်သည်,မဟုတ်သည်၌လည်း လိမ္မာ၏။ အဘယ့်ကြောင့် မိုက်စွာသော အလာတအမတ်, ဗီဇကတို့နှင့်အတူ အယူမှားသောတက္ကတွန်းသို့ ဆည်းကပ်ပါသနည်း။ အရှင်မင်းကြီး။ အကယ်၍ တက္ကတွန်းဆိုတိုင်း ကမ္ဘာ ၈၄ ကမ္ဘာရောက်မှ သံသရာအစဉ် ပြတ်မည်မှန်လျှင် ကဿပတက္ကတွန်းသည် မိမိရဟန်းပြုသောအရာ အကျိုးမဲ့ဖြစ်ရာ၏။ အလျှံတပြောင်ပြောင် တောက်လောင်သောမီးအလျှံသို့ ဆင်းဝင်သော ပိုးဖလံကဲ့သို့ မိုက်လှစွာသော ကဿပတက္ကတွန်းသည် အချည်းနှီးသောအဖြစ်သို့ ရောက်ရာ၏။ အရှင်မင်းကြီး။ သံသရာဖြင့် စင်ကုန်၏ဟု ရှေး၌ယူမိကုန်သော သူမိုက်တို့သည် မသိသောသူအပေါင်းတို့ကို ဖျက်ဆီးကုန်၏။ ထိုသူတို့သည် မိစ္ဆာအယူမှ လွတ်နိုင်ခဲ၏။ သံမြားချိတ်မှ မလွတ်နိုင်သော ငါးကဲ့သို့တည်း။"

ထို့ထက်အလွန် ဥပမာဆောင်၍ ဆိုပြန်လိုရကား–

'ဥပမန္တေ ကရိဿာမိ၊ မဟာရာဇ တဝတ္ထယာ။
ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။ ။
'ဝါဏိဇာနံ ယထာနာဝါ၊ အပ္ပမာဏဘာရာ ဂရုံ။
အတိဘာရံ သမာဒါယ၊ အဏ္ဏဝေ အဝသီဒတိ။ ။
'ဧဝမေဝ နရော ပါပံ၊ ထောကံ ထောကံပိ အာစိနံ။
အတိဘာရံ သမာဒါယ၊ နိရယေ အဝသီဒတိ။ ။



www.burmeseclassic.com

www.burmeseclassic.com



'န ဟာ၀ ဘာရော ပရိပူရော၊ အလာတဿ မဟီပတိ။
အာစိနာတိစ တံပါပံ၊ ယေန ဂစ္ဆတိ ဒုဂ္ဂတိံ။ ။
'ပုဗ္ဗေ၀ဿ ကတံပုညံ၊ အလာတဿ မဟီပတိ။
တဿေ၀ ဒေ၀ နိဿန္ဒော၊ ယဥ္စ သော လဘတေ သုခံ။ ။
'ခီယ တေစဿ တံပုညံ၊ တထာ ဟိ အဂုဏေ ရတော။
ဥဇုမဂ္ဂံ အ၀ဟာယ၊ ကုမဂ္ဂံ အနုဓာ၀တိ။ ။
'တုလာ ယထာ ပဂ္ဂဟိတာ၊ ဩဟိတေ တုလမဏ္ဍလေ။
ဥန္နမေတိ တုလာသီသံ၊ ဘာရေ ဩရောပိတေ သတိ။ ။
'ဧ၀မေ၀ နရော ပုညံ၊ ထောက်ထောက် ပိ အာစိနံ။
သဂ္ဂါဓိမာနော ဒါသော၀၊ ဗီဇကော သာတဝေ ရတော။ ။
'ယမဇ္ဇ ဗီဇကော ဒါသော၊ ဒုက္ခံ ပဿတိ အတ္တနိ။
ပုဗ္ဗေ၀ဿ ကတံ ပါပံ၊ တမေသော ပတိသေ၀တိ။ ။
'ခီယတေစဿ တံ ပါပံ၊ တထာဟိ ဝိနယေရတော။
ကဿပဥ္စ သမာ ပဇ္ဇ၊ မာ ဟေ၀ ဥပ္ပထ မာဂမာ။ ။'ဟူသော ၁၀ ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ သင့်အား ဥပမာ ဆောင်ဦးအံ့။ သင်၏အကျိုးစီးပွားကို ပြုတတ်သော ဥပမာ၏အနက်ကို ဤလူ့ရွာ၌ အချို့သောပညာရှိတို့သည် သိကုန်၏။ ဥပမာကား အရှင်မင်းကြီး။ ကုန်သည်တို့၏လှေသည် အနည်းငယ် အနည်းငယ်သော၀န်ကို ဆည်းပူး၍တင်သဖြင့် ကြာမြင့်လတ်သော် လေးသောအဖြစ်သို့ ရောက်၏။ ထို ဝန်လေးစွာသောလှေသည် ဝန်ကို ကောင်းစွာယူ၍ မဟာသမုဒ္ဒရာ၌ နစ်လေ၏။ ထို့အတူလျှင် အကြင်သူမိုက်တို့သည် မကောင်းမှုကို အတန်ငယ်အတန်ငယ်ဆည်းပူး၍ မကောင်းမှုများလတ်သော် ထို မကောင်းမှုတည်းဟူသော၀န်ကို ဆောင်၍ ငရဲ၌ နစ်ရလေ၏။ မြေကြီးသေဌ်နင်းဖြစ်တော်မူသော ခမည်းတော်မင်းကြီး။ အပါယ်ဒုဂ္ဂတိသို့ လားရခြင်းအကြောင်းဖြစ်သော မကောင်းမှုကိုဆည်းပူးသော အလာတအမတ်အား အကြင်မျှလောက် မကောင်းမှုတည်းဟူသော၀န်သည် မပြည့်မလေးသေး။ ထိုမျှလောက်ကာလပတ်လုံး ထို အလာတအမတ်အား ရှေး၌ပြုအပ်သော ကောင်းမှုကြောင့် ဤကိုယ်အဖြစ်ကို ရ၏။ ထိုကောင်းမှု ကုန်လတ်သော် ကျေးဇူးမရှိသော မကောင်းမှု၌မွေ့လျော်သော အလာတအမတ်သည် ဖြောင့်သောခရီးဖြစ်သော သုဂတိလမ်းကို ပယ်စွန့်၍ ခရီးကောက်ဖြစ်သော အပါယ်ခရီးသို့ အစဥ်အတိုင်း ပြေးရလိမ့်သတည်း။

"ဥပမာကား–မြေကြီးသေဌ်နင်းဖြစ်တော်မူသော ခမည်းတော်မင်းကြီး။ လူတို့သည် ချိန်အပ်သောချိန်ခွင်၌ ဝန်ကိုချသည်ရှိသော် ချိန်ပေါင်သည် အထက်သို့တက်၍ စောင်းထောင်နေသကဲ့သို့။ ဤအတူ လူသူတော်ကောင်းဖြစ်သော ဗီဇကသည် အတန်ငယ်အတန်ငယ် ကောင်းမှုကိုဆည်းပူး၍ နတ်ပြည်ခရီးဖြစ်သော ကောင်းမှုသာလျှင် မွေ့လျော်၏။ ယခုကား ထိုဗီဇကသည် ရှေးမကောင်းမှုကြောင့် ကျွန်အဖြစ်ကို ရ၏။ ထို မကောင်းမှု၏အကျိုး ကုန်သည်ရှိသော် ကောင်းမှု၌မွေ့လျော်သော ဗီဇကသည် တက္ကတွန်းကဿပကို မကပ်မူ၍ ကောင်းသောအယူကို ယူသည်ရှိသော် သုဂတိသို့ လားရလိမ့်သတည်း"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် သူမိုက်ကိုမှီဝဲဆည်းကပ်ခြင်း၌ အပြစ်ကို လည်းကောင်း, သူတော်ကောင်းတို့ကို မှီဝဲခြင်း၌ အကျိုးကိုလည်း ပြလိုသည်ဖြစ်၍–

'ယံ ယံ ဟိ ရာဇဘဇတိ၊ သန္တံ ဝါ ယဒိ ဝါ အသန္တံ။
သီလဝန္တံ နိဿီလံ ဝါ၊ ဝသံ တဿေဝ ဂစ္ဆတိ။ ။
'ယာဒိသံ ကုရုတေ မိတ္တံ၊ ယာဒိသံ ဥပသေဝတိ။
သောပိ တာဒိသကော ဟောတိ၊ သဟဝါသောဟိ တာဒိသော။ ။
'သေဝမာနော သေဝမာနံ၊ သမ္ဖုဋ္ဌော သမ္ဖုသံ ပရံ။
သရော ဒိဒ္ဓော ကလာပံဝ၊ အလိတ္တ မုပလိမ္ပတိ။ ။
'ဥပလိမ္ပ ဘယာဓီရော၊ နေဝ ပါပသခါသိယာ။
ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။ ။
'ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။
တဂရဉ္စ ပလာသေန၊ ယော နရော ဥပနယှတိ။ ။
'ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ ဓီရူပသေဝနာ။
တသ္မာ ပတ္တပုဋဿေဝ၊ ဉတွာ သမ္ပာက မတ္တနော။ ။
'အသန္တေ နုပသေဝေယျ၊ သန္တေ သေဝေယျ ပဏ္ဍိတော။
အသန္တော နိရယံ နေန္တိ၊ သန္တော ပါပေန္တိ သုဂ္ဂတိ။ ။'ဟူသော ၆ ဂါထာတို့ဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ခမည်းတော်မင်းကြီး။ အကြင်သူသည် သူတော်ကောင်းလည်း ဖြစ်စေ, သူတော်မဟုတ် သူယုတ်မာလည်း ဖြစ်စေ, သီလရှိသည်မှုလည်း ဖြစ်စေ, သီလမရှိသည်မှုလည်း ဖြစ်စေ ထိုသူတို့ကို ဆည်းကပ်သောသူသည် ထိုသူတို့၏ အလိုသို့သာ လိုက်ရလေကုန်၏။ အရှင်မင်းကြီး။ အကြင်သူသည် အဆွေခင်ပွန်းကို အလေးအမြတ်ပြု၍ ဆည်းကပ်၏။ ထိုသူသည် ထို မိမိမှီဝဲသော အဆွေခင်ပွန်းနှင့် သွားခြင်း, စားခြင်း အစရှိသောအမူအရာ တူသည်သာလျှင် ဖြစ်၏။ အရှင်မင်းကြီး။ မကောင်းသောအယူ, မကောင်းသောအကျင့်ရှိသော သူယုတ်နှင့် အကြင်သူသည် ပေါင်းဖော်အံ့။ ထိုသူယုတ်၏အကျင့်သည် ထိုသူ၌ လိမ်းကျံကပ်ငြိလေ၏။ ဥပမာကား အဆိပ်လူးမြား၏တည်ရာဖြစ်သော မြားတောင့်ကဲ့သို့တည်း။ ထို့ကြောင့် ပညာရှိသောသူသည် မကောင်းမှုလိမ်းကျံအံ့သည်မှ ကြောက်သောကြောင့် ယုတ်မာသောအဆွေခင်ပွန်းကို ဝေးစွာကြဉ်ရာ၏။

"အရှင်မင်းကြီး။ နာတော်မူဦးလော့။ အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်၏။ ထိုသမန်းမြက်သည်လည်း အပုပ်အတိသာ လှိုင်၏။ ထို့အတူ သူမိုက်နှင့်ပေါင်းဖော်သောသူသည် မိုက်သည်သာ ဖြစ်၏။ အရှင်မင်းကြီး။ အကြင်သူသည် တောင်ဇလပ်စသောပန်းတို့ကို ပေါက်ရွက်ဖြင့် ထုပ်၏။ ထိုပေါက်ရွက်သည် မွှေးသောအနံ့ဖြင့်သာ လှိုင်၏။ ထို့အတူ ပညာရှိနှင့် ပေါင်းဖော်ရသောသူသည် ပညာရှိသည်သာ တည်း။ ထို့ကြောင့် ပေါက်ရွက်ဖြင့်ထုပ်သော ပန်းနံ့ကဲ့သို့ မိမိ၏အကျိုးစီးပွားကို သိသောပညာရှိသည် သူတော်ကောင်းမဟုတ်သောသူကို မမှီဝဲရာ။ သူတော်ကောင်းကိုသာ မှီဝဲရာ၏။ သူတော်ကောင်းမဟုတ်သော သူသည် ငရဲသို့သာလျှင် ဆောင်တတ်၏။ သူတော်ကောင်းသည် နတ်ပြည်သို့ ရောက်စေတတ်၏။"



www.burmeseclassic.com

www.burmeseclassic.com



## ၆။ ရုစာမင်းသမီး အတိတ်ကို ဆောင်ခန်း

ဤသို့ ရုဇာမင်းသမီးသည် ခမည်းတော်အား ၆ ဂါထာတို့ဖြင့် တရားဟောပြီး၍ လွန်လေပြီးသောအခါ၌ မိမိခံခဲ့ရဖူးသော ဆင်းရဲကိုပြလိုသည်ဖြစ်၍–

'အဟံ ဝိဇာတိယော သတ္တ၊ သရေ သံသရိတတ္တနော။
အနာဂတေပိ သတ္တေဝ၊ ယာ ဂမိဿံ ဣတောစုတာ။ ။
'ယာ မေ သာ သတ္တမီဇာတိ၊ အဟု ပုဗ္ဗေ ဇနာဓိပ။
ကမ္မာရ ပုတ္တော မဂဓေသု၊ အဟုရာဇ ဂဟေ ပုရေ။ ။
'ပါပံ သဟာယ မာဂမ္မ၊ ဗဟုပါပံ ကတံမယာ။
ပရဒါရဿ ဟေဌေန္တာ၊ စရိမှာ အမရာဝိယ။ ။
'တံ ကမ္မံ နိဟိတံ အဋ္ဌာ၊ ဘသ္မာ ဆန္နောဝ ပါဝကော။
အထ အညေဟိ ကမ္မေဟိ၊ အဇာယိံ ဝံသဘူမိယံ။ ။
'ကောသမ္ဗိယံ သေဋ္ဌိကုလေ၊ ဣဒ္ဓေ ဖီတေ မဟဒ္ဓနေ။
ဧကပုတ္တော မဟာရာဇ၊ နိစ္စံ သက္ကတ ပူဇိတော။ ။
'တတ္ထမိတ္တံ အသေဝိဿံ၊ သဟာယံ သာတဝေရတံ။
ပဏ္ဍိတံ သုတသမ္ပန္နံ၊ သော မံ အတ္ထေ နိဝေသယိ။ ။
'စာတုဒ္ဒသိံ ပဉ္စဒ္ဒသိံ၊ ဗဟုရတ္တိံ ဥပါဝသိံ။
တံ ကမ္မံ နိဟိတံ အဋ္ဌာ၊ နိဓိဝ ဥဒကန္တိကေ။ ။
'အထ ပါပါန ကမ္မာနံ၊ ယမေတံ မဂဓေ ကတံ။
ဖလံ ပရိယာဂမံ ပစ္ဆာ၊ ဘုတွာ ဒုဋ္ဌဝိသံ ယထာ။ ။
'တတော စုတာဟံ ဝေဒေဟ၊ ရောရုဝေ နိရယေ စိရံ။
သကမ္မုနာ အပစ္စိဿံ၊ တံသရံ နသုခံ လဘော။ ။
'ဗဟု ဝဿဂဏေ တတ္ထ၊ ခေပယိတွာ ဗဟုံ ဒုခံ။
ဘိန္နာဂတေ အဟုံရာဇ၊ ဆကလော ဥဒ္ဓတပ္ဖလော။ ။
'သာတပုတ္တာ မယာ ဝုဠှာ၊ ပိဋ္ဌိယာ စ ရထေနစ။
တဿ ကမ္မဿ နိဿန္ဒော၊ ပရ ဒါရ ဂမနဿမေ။ ။
'တတော စုတာဟံ ဝေဒေဟ၊ ကပိ အာသိံ ဗြဟာဝနေ။
နိလုဉ္စိတ ဖလောယေဝ၊ ယူထပေန ပဂဗ္ဘိနာ။ ။
'တဿ ကမ္မဿ နိဿန္ဒော၊ ပရဒါရဂမနဿ မေ။
တတော စုတာဟံ ဝေဒေဟ၊ ဒဿနေသု ပသု အဟုံ။ ။
'နိလုဉ္စိတော ဇဝေါ ဘဒြော၊ ယောဂ္ဂံ ဝူဠှံ စိရံ မယာ။
တဿ ကမ္မဿ နိဿန္ဒော၊ ပရ ဒါရ ဂမနဿမေ။ ။



www.burmeseclassic.com

www.burmeseclassic.com



'တတော စုတာဟံ ဝေဒေဟ၊ ဝဇ္ဇီ သု ကုလမာဂတာ။
နေဝိတ္တိ နပုမာ အာသိ၊ မနုဿတ္တေသု ဒုလ္လဘော။
တဿ ကမ္မဿ နိဿန္ဒော၊ ပရဒါရ ဂမနဿ မေ။ ။
'တတော စုတာဟံ ဝေဒေဟ၊ အဇ္ဈာယိံ နန္ဒနေ ဝနေ။ ။
ဘဝနေ တာဝတိံသာဟံ၊ အစ္ဆရာ ဝရဝဏ္ဏိနီ။ ။
'ဝိစိတြ ဝတ္ထာဘရဏာ၊ အာမုတ္တ မဏိကုဏ္ဍလာ။
ကုသလာ နစ္စဂီတဿ၊ သက္ကဿ ပါရိစာရိကာ။ ။
'တတ္ထ ဋ္ဌိတာဟံ ဝေဒေဟ၊ သရာမိ ဇာတိယော ဣမာ။
အနာဂတေပိ သတ္တေဝ၊ ယာဂမိဿံ ဣတောစုတာ။ ။
'ပရိယာဂတံ ကုသလံ၊ ယံ မေ ကောသမ္ဗိယံ ကတံ။
ဒေဝေ စေဝ မနုဿေစ၊ သန္ဓာဝိဿံ ဣတော စုတာ။ ။
'သတ္တ စ္ဆာ မဟာရာဇ၊ နိစ္စံ သက္ကတပူဇိတာ။
ဣတ္ထိဘာဝါ နမုစ္စိဿံ၊ ဆဋ္ဌာနိ ဂတိယော ဣမာ။ ။
'သတ္တမိစ ဂတီဒေဝ၊ ဒေဝပုတ္တော မဟိဒ္ဓိကော။
ပုမာ ဒေဝေါ ဘဝိဿာမိ၊ ဒေဝကာယသ္မိ မုတ္တမော။ ။
'အဇ္ဇာပိ သန္တာနမယံ၊ မာလံ ဂန္ထေန္တိ နန္ဒနေ။
ဒေဝပုတ္တော ဇဝေါနာမ၊ ယော မေ မာလံ ပဋိစ္ဆတိ။ ။
'မုဟုတ္တော ဝိယ သောဠသဝဿာနိ၊ ဣမဝဿာနိ သောဠသ။
ရတ္တိန္ဒိဝေစ သောဠသဝဿာ၊ မာနုသိံ သရဒေါသတံ။ ။
'ဣတိ ကမ္မာနိ အန္ဝေန္တိ အသင်္ချေယျေပိ ဇာတိယော။
ကလျာဏံ ယဒိဝါ ပါပံ၊ နဟိကမ္မံ ဝိနဿတိ။ ။'ဟူသော ၂၃ ဂါထာတို့ဖြင့် ဆိုပြန်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကျွန်ုပ်သည် တာဝတိံသာ၌ သိကြားမင်းအလုပ်အကျွေး နတ်သမီးဖြစ်သောအခါ လွန်လေပြီးသော ၇ ဖြစ်, လာလတ္တံ့သော ၇ ဖြစ်အားဖြင့် ၁၄ ဖြစ်တို့ကို မြင်၏။ အရှင်မင်းကြီး။ ရှေး၌သရာ၌ ကျင်လည်သောအခါ အကျွန်ုပ်သည် ရာဇဂြိုဟ်ပြည်၌ ရွှေပန်းထိမ်သည်၏သား ဖြစ်ဖူး၏။ ထိုရွှေပန်းထိမ်သည်၏ သားဖြစ်သောအခါ မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းဖော်မိ၍ များစွာသောမကောင်းမှုတို့ကို ပြုမိ၏။ သူတစ်ပါးတို့၏မယားကို အနိုင်အထက်စီးယူ၍ မသေဘဲနေရမည်ကဲ့သို့ မိစ္ဆာစာရကို ကျင့်မိ၏။ ထိုမကောင်းမှုသည် အခြားမဲ့သောဘဝ၌ အကျိုးမပေးမူ၍ ပြာဖြင့်ဖုံးလွှမ်းအပ်သော မီးကဲ့သို့ တည်၏။

"ထိုရွှေပန်းထိမ်သည်၏ သားအဖြစ်မှ စုတေလတ်သော် တစ်ပါးသောကောင်းမှုကြောင့် ဝံသတိုင်း ကောသမ္ဗီပြည်တွင် ကြွယ်ဝလှစွာသောသူဌေးအမျိုး၌ ဖြစ်၏။ ထို သူဌေးအမျိုး၌ အကျွန်ုပ်တစ်ယောက်တည်းသာ သားရှိသည် ဖြစ်၍ သူခပ်သိမ်းတို့ပူဇော်ရာ ဖြစ်၏။ ထို ကောသမ္ဗီပြည်၌ ကုသိုလ်ကောင်းမှု၌ မွေ့လျော်သော အကြားအမြင်ရှိသော အဆွေခင်ပွန်းကောင်းကို မှီဝဲမိ၍ အကျွန်ုပ်ကို ထိုအဆွေခင်ပွန်းသည် အကျိုးစီးပွားရှိသည်၌သာ ဆောက်တည်စေ၏။ စာတုဒ္ဒသီ ပန္နရသီဥပုသ်နေ့တို့၌ အကြိမ်များစွာ ဥပုသ်သီတင်း ဆောက်တည်ခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝ၌ပြုအပ်သော ကောင်းမှုသည် ရေလျှင်အဆုံးရှိသောတွင်း၌ မြှုပ်အပ်သောရွှေအိုးကဲ့သို့ အခြားမဲ့သောဘဝ၌ အကျိုးမပေးမူ၍ တည်၏။

"ထိုသူဌေးအဖြစ်မှ စုတေ့မနေ သေလွန်လတ်သော် ရွှေပန်းထိမ်သည်၏အဖြစ်၌ပြုအပ်သော မကောင်းမှုသည် အခွင့်ရ၍ ထိုရွှေပန်းထိမ်သည်၏အဖြစ်၌ပြုအပ်သော ပရဒါရ မကောင်းမှုကြောင့် ရောရုဝငရဲ၌ ကြာမြင့်စွာကာလပတ်လုံး ခံရလေ၏။ ထို ငရဲ၌ခံရသောအဖြစ်ကို အောက်မေ့မိသောအကျွန်ုပ်သည် ပြင်းစွာသော ကြောက်လန့်ခြင်းဖြစ်၍ တစ်ခဏမျှ ချမ်းသာရာကို မရနိုင်။

"ထို ရောရုဝငရဲ၌ နှစ်လရှည်စွာခံပြီး၍ ငရဲမှစုတေလတ်သော် ဘိန္နာဂတပြည်၌ ဝေးစေ့ထုတ်သော ဆိတ် ဖြစ်ပြန်၏။ ထိုဆိတ်သည် အားနှင့်ပြည့်စုံသည်ဖြစ်၍ ကျောက်ကုန်းဖြင့် လည်းကောင်း, ရထားဖြင့် လည်းကောင်း လေးစွာသောဝန်ကို ရွက်ဆောင်ရ၏။ ထို ဝေးစေ့ထုတ်သောဆိတ် ဖြစ်ရခြင်းသည်ကား သူ့မယားကို ပြစ်မှားခဲ့ဖူးသော မကောင်းမှု၏အကျိုးလျှင်တည်း။

"ဆိတ်အဖြစ်မှ စုတေမနေ သေလွန်ပြန်လတ်သော် တောကြီးစွာ၌ မျောက်အမျိုး၌ ပဋိသန္ဓေ နေရ၏။ ထိုမျောက်အမျိုး၌ ဖွားစကပင်လျှင် အမိမျောက်မသည် အဖဖြစ်သောမျောက်မင်းအား သားကိုပြပေ၏။ ထိုမျောက်မင်းသည် 'ငါ့သားကို ဆောင်ခဲ့'ဆို၍ ပြင်းစွာဖက်ပြီးလျှင် မြည်တမ်းစဉ်ပင် မျောက်၏ဝေးစေ့ကို သွားဖြင့်ကိုက်၍ ထုတ်ဘိ၏။ ထိုသို့ခံရခြင်းသည်ကား ရွှေပန်းထိမ်သည်သား ဖြစ်သောအခါ၌ သူတစ်ပါးမယားကို ပြစ်မှားခဲ့ဖူးသော မကောင်းမှုအကျိုးဆက်တည်း။

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ထိုမျောက်အဖြစ်မှ စုတေမနေ သေလွန်လတ်သော် ဒသဏနတိုင်း၌ ဝေးစေ့ထုတ်အပ်သော နွားလား ဖြစ်ပြန်၏။ ထို နွားလားဖြစ်ခြင်းသည်လည်း သူတစ်ပါးတို့၏မယားကို ပြစ်မှား ခဲ့ဖူးသော မကောင်းမှုအကျိုးဆက်တည်း။

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ထိုနွားလားအဖြစ်မှ စုတေမနေ သေလွန်လတ်သော် ဝဇ္ဇီတိုင်းတွင် ရွာသူကြီးအမျိုး၌ ဖြစ်ပြန်၏။ ထိုအမျိုး၌ ရခဲလှစွာသော လူ၏အဖြစ်ကို ရပါသော်လည်း မိန်းမလည်းမဟုတ် ယောကျာ်းလည်းမဟုတ် နပုန်းပဏ္ဍုက် ဖြစ်လာ၏။ ထိုသို့ နပုန်းပဏ္ဍုက် ဖြစ်လာရခြင်းသည်ကား သူတစ်ပါး မယားကို ပြစ်မှားခဲ့ဖူးသော မကောင်းမှုအကျိုးဆက်တည်း။

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ထို နပုန်းပဏ္ဍုက်အဖြစ်မှ စုတေမနေ သေလွန်လတ်သော် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နှစ်သက်ဖွယ်သောအဆင်းနှင့် ပြည့်စုံစွာ ဆန်းကြယ်လှစွာသော အဝတ်တန်ဆာ ပတ္တမြားနားတောင်း ရွှေစည်ပေါင်းတို့ဖြင့်တန်ဆာဆင်လျက် ကခြင်း,သီခြင်း၌ လိမ္မာစွာသော သိကြားမင်း၏အလုပ်အကျွေး နတ်သမီး ဖြစ်လာ၏။ ထို နတ်သမီးအဖြစ်၌တည်သော အကျွန်ုပ်တို့သည် သေလွန်လေပြီးသော ၇ ဖြစ်ကို လည်းကောင်း, လာလတ္တံ့သော ၇ ဖြစ်ကို လည်းကောင်း ကြံအောက်မေ့သဖြင့် မြင်၏။ အရှင်မင်းကြီး။ ထို နတ်သမီးအဖြစ်နှင့်တကွသော နောက် ၇ ဖြစ်တို့သည်ကား များစွာသောချမ်းသာနှင့် ပြည့်စုံ၏။ မိန်းမအဖြစ်ကား ၆ ဖြစ်တိုင်အောင် ဖြစ်လတ္တံ့။ ၇ ဖြစ်မြောက်ကား တန်ခိုးကြီးသောနတ်သား ဖြစ်ရလတ္တံ့။ အရှင်မင်းကြီး။ နန္ဒဝန်ဥယျာဉ်၌ အကျွန်ုပ်၏အလုပ်အကျွေးဖြစ်သော နတ်သမီးတို့သည် ယနေ့တိုင်အောင်လည်း အစဉ်သဖြင့် ပန်းကို ကုံးသီကုန်၏။ ဇဝနမည်သောနတ်သားသည် အကျွန်ုပ်ချသောပန်းကို ခံလင့်၏။ အရှင်မင်းကြီး။ အကျွန်ုပ်၏ ယခုကိုယ်အဖြစ်သည်ကား ၁၆ နှစ်သာ ရှိသေး၏။ ထို ၁၆နှစ်မျှကာလသည် နတ်တို့၌ တစ်ခဏ သာတည်း။ လူတို့၏အရေအတွက်အားဖြင့် အနှစ် ၁၀၀ သည် တာဝတိံသာနတ်တို့၏

www.burmeseclassic.com



နေ့အားဖြင့် တစ်နေ့ သာတည်း။ အရှင်မင်းကြီး။ ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် ကောင်းမှုသည် လည်းကောင်း, မကောင်းမှုသည် လည်းကောင်း ပျောက်သည်မရှိ။ အရိပ်သဖွယ်ကဲ့သို့ လိုက်ကုန်၏ဟု မှတ်တော်မူပါလော့”ဟုဆို၏။

## ၇။ ရုစာမင်းသမီးသည် ၇ ဖြစ်တို့ကို ဆင်ခြင်ခန်း

ထို ရုစာမင်းသမီး၏အတ္တုပ္ပတ္တိကို ဤသို့ သိအပ်၏။ ရုစာမင်းသမီးသည် ရှေးသိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်သောအခါ ‘ငါသည် ဤနတ်ပြည်သို့ အဘယ်ဘဝမှ လာသနည်း’ဟု ဆင်ခြင်လတ်သော် ဝဇ္ဇိတိုင်း ရွာသူကြီး၏အမျိုး၌ နပုန်းအဖြစ်မှလာသည်ကို မြင်၏။ ‘အဘယ်ကောင်းမှုကြောင့် ဤနတ်ပြည်၌ ဖြစ်သနည်းဟု ကြည့်လတ်သော် ကောသမ္ဗီပြည်၌ သူဌေးဖြစ်၍ အလှူသီတင်းကို ဆောက်တည်ခဲ့ဖူးသော ကောင်းမှုကြောင့်တည်းဟုမြင်၏။ အဘယ်အဖြစ်မှလာ၍ နပုန်းဖြစ်သနည်း’ဟု ဆင်ခြင်ပြန်လေသော်၊ ဝေးစေ့ထုတ်သောနွားလားအဖြစ်မှ လာသည်ကိုမြင်၏။ ‘အဘယ်အဖြစ်မှလာ၍ နွားလားဖြစ်သနည်း’ဟု ဆင်ခြင်ပြန်လတ်သော်၊ ဝေးစေ့ထုတ်သော မျောက်အမျိုးမှလာသည်ကို မြင်ပြန်၏။ ‘အဘယ်အဖြစ်မှလာ၍ မျောက်ဖြစ်လေသနည်း’ဟု ဆင်ခြင်ပြန်လတ်သော် ဘိန္နာဂတပြည်၌ ဝေးစေ့ထုတ်သော ဆိတ်အဖြစ်မှ လာသည်ကို မြင်၏။ ‘အဘယ်အဖြစ်မှလာ၍ ဆိတ်ဖြစ်သနည်း’ဟု ဆင်ခြင်ပြန်လတ်သော် ရောရုဝငရဲ၌ နှစ်လရှည်စွာခံပြီး၍ ဖြစ်လာသည်ကို မြင်လာ၏။ ထိုသို့ ငရဲ၌လည်းကောင်း, တိရစ္ဆာန်အမျိုး၌လည်းကောင်း ခံရသောဆင်းရဲကိုမြင်၍ ထိုနတ်သမီးသည် အလွန်ကြောက်လန့်ခြင်း ဖြစ်၏။ ‘ထို ရောရုဝငရဲ၌ အဘယ့်ကြောင့်ခံနေရသနည်း’ဟု နောက်ဘဝကိုအောက်မေ့လတ်သော် ကောသမ္ဗီပြည်၌ သူဌေးဖြစ်၍ ပြုဖူးလေသောကောင်းမှုကို မြင်၏။ ထိုသူဌေးအဖြစ်မှ နောက်အဖြစ်ကို ဆင်ခြင်ပြန်လတ်သော် မဂဓရဋ္ဌတိုင်း ရာဇဂြိုလ်ပြည်၌ ရွှေပန်းထိမ်သည်ဖြစ်၍ မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းဖော်မိသောကြောင့် သူတစ်ပါးမယားကို ပြစ်မှားခဲ့ဖူးသော ပရဒါရကံကိုမြင်၍ ‘ဤမကောင်းမှုအကျိုးဆက်ကြောင့် ဤသို့သောဆင်းရဲကို ငါခံရသတည်း’ဟု သိလေ၏။

ဤသို့လွန်လေပြီးသော ၇ ဖြစ်ကိုဆင်ခြင်ပြီး၍ လာလတ္တံ့သောဘဝကို တစ်ဖန် ဆင်ခြင်ပြန်၏။ ‘ငါသည် ဤနတ်သမီးအဖြစ်မှစုတေလျှင် အဘယ်၌ဖြစ်ရအံ့နည်း’ဟု ဆင်ခြင်လတ်သော်၊ ဤနတ်သမီးအဖြစ်မှ အနှစ် ၃ ကုဋေ ၆ သန်း အသက်အတိုင်းနေ၍ စုတေလတ်သော် ‘ဉာတာဝတိံသာနတ်ပြည်၌ပင်လျှင် ယခုကဲ့သို့ သိကြားမင်းကိုယ်လုပ်နတ်သမီး ဖြစ်လတ္တံ့’ဟု ၂ ကြိမ်မြောက်သောအဖြစ်ကို မြင်၏။ ‘ထို ဒုတိယဘဝမှ စုတေလတ်သော် အဘယ်ဘဝ၌ ဖြစ်ရအံ့နည်း’ဟု ဆင်ခြင်ပြန်လျှင် ဉာတာဝတိံသာနတ်ပြည်၌ပင် သိကြားမင်းကိုယ်လုပ်နတ်သမီး ဖြစ်အံ့သည်ကို မြင်ပြန်၏။ ထို တတိယဘဝမှ တစ်ဖန် ဆင်ခြင်ပြန်လတ်သော် ၄ ကြိမ်မြောက်ဖြစ်သော အဖြစ်၌လည်း သိကြားမင်းကိုယ်လုပ်နတ်သမီး ဖြစ်အံ့သည်ကို မြင်ပြန်၏။ ထို စတုတ္ထဘဝမှ တစ်ဖန်ဆင်ခြင်ပြန်လတ်သော် ၅ ကြိမ်မြောက်သောဘဝ၌ကား ဉာတာဝတိံသာနတ်ပြည်၌



www.burmeseclassic.com

www.burmeseclassic.com



ဇဝနနတ်သား၏မိဖုရားကြီး နတ်သမီး ဖြစ်အံ့သည်ကို မြင်ပြန်၏။ ထို ပဋ္ဌမဘဝမှတစ်ဖန် ဆင်ခြင်ပြန်လတ်သော် ၆ ကြိမ်မြောက်သော ဘဝ၌ကား လူ့ပြည်၌ မိထိလာပြည်ကိုအစိုးရသော အင်္ဂတိမင်းကြီး၏သမီး ရုဇာ အမည်ရှိသော မင်းသမီး ဖြစ်အံ့သည်ကို မြင်၏။ ထို ရုဇာအဖြစ်မှ ဆင်ခြင်ပြန်လတ်သော် တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသော နတ်သား ဖြစ်အံ့သည်ကို မြင်၏။ ထို ၇ ကြိမ်မြောက်သောဘဝတိုင်မှ မိန်းမအဖြစ်မှ လွတ်အံ့သည်ကိုမြင်၏။

ဤသို့ ရုဇာမင်းသမီးသည် ရှေး သိကြားမင်းကိုယ်လုပ်နတ်သမီး ဖြစ်သောအခါ လွန်လေပြီးသော ၇ ဖြစ်, လာလတ္တံ့သော ၇ ဖြစ်ကို မြင်၏ဟု ရုဇာမင်းသမီးအဖြစ်၌ ရှေးအဖြစ်, နောက်အဖြစ်ကို မြင်ပြန်၍ ဤစကားကို ခမည်းတော်ဖြစ်သော အင်္ဂတိမင်းကြီးအား ဆိုပေသတည်း။

## ၈။ အထူးထူးသော ဥပမာဖြင့် ပြဆိုခန်း

ထို့ထက်အလွန် ခမည်းတော်အား တရားရှိတိုင်း ပြပြန်လိုသည်ဖြစ်၍–

'ယော ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိံ ဇာတိံ ပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါဝ ကဒ္ဒမံ။ ။
'ယာ ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိံ ဇာတိံ ပုနပ္ပုနံ။
သာမိကံ အပစာယေယျ၊ ဣန္ဒံဝ ပါရိစာရိကာ။ ။
'ယော ဣစ္ဆေ ဒိဗ္ဗဘောဂဉ္စ၊ ဒိဗ္ဗမာယုံ ယသံ သုခံ။
ပါပါနိ ပရိဝဇ္ဇေယျ၊ တိဝိဓံ ဓမ္မ မာစရေ။ ။
'ကာယေန ဝါစာ မနသာ၊ အပ္ပမတ္တော ဝိစက္ခဏော။
အတ္တနော ဟောတိ အတ္ထာယ၊ ဣတ္ထီ ဝါ ယဒိ ဝါ ပုမာ။ ။
'ယေ ကေစိ မေ နရာ ဇီဝလောကေ၊ ယသဿိနော သဗ္ဗသမန္တဘောဂါ။
အသံသယံ တေဟိ ပုရေ သုစိဏ္ဏံ၊ ကမ္မဿကာသေ ပုထု သဗ္ဗသတ္တာ။ ။
'ဣင်္ဃာ နုစိန္တေသိ သယံပိ ဒေဝ၊ ကုတော နိဒါနာ တေ ဣမာ ဇနိန္ဒ။
ယာ တေ ဣမာ အစ္ဆရာ သန္နိကာသာ၊ အလင်္ကတာ ကဥ္စနဇာလဆန္နာ။ ။'ဟူသော ၆ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"ရေမြေသေဋ္ဌနင်းဖြစ်တော်မူသော ခမည်းတော်မင်းကြီး။ အကြင်ယောကျာ်းသည် ဖြစ်တိုင်းဖြစ်တိုင်း အဖန်တလဲလဲ ယောကျာ်းအဖြစ်ကို အလိုရှိအံ့။ ခြေဆေးပြီးသောသူသည် ရွှံ့ညွန်ကိုကြဉ်ရှောင်သကဲ့သို့ သူတစ်ပါး မယားကို မပြစ်မှားမူ၍ ဝေးစွာ ကြဉ်ရှောင်ရာ၏။ ခမည်းတော်မင်းကြီး။ အကြင်မိန်းမသည် ဖြစ်တိုင်းဖြစ်တိုင်း အဖန်တလဲလဲ ယောကျာ်းအဖြစ်ကို အလိုရှိအံ့။ မိမိကိုယ်ကို ကျွန်ကဲ့သို့ပြု၍ မိမိလင်ကို အရိုအသေပြု၍ ပ်ကျွေးရာ၏။ ခမည်းတော်မင်းကြီး။ အကြင်သူသည် လူ့နတ်တို့၏ စည်းစိမ်ချမ်းသာ အခြံအရံကို အလိုရှိအံ့။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှု၃စရိုက် တို့ကိုကြည့်၍ ကိုယ်,နှုတ်,နှလုံး ၃ ပါးကို စောင့်သုံးခြင်းဟု ဆိုအပ်သော ကုသိုလ်ကောင်းမှု သုစရိုက်တို့ကို ပွားစေရာ၏။ များစွာသော စည်းစိမ်ချမ်းသာ အခြံအရံနှင့်ပြည့်စုံကုန်သောသူတို့သည် ရှေး၌ မိမိတို့ပြုအပ်သော ကောင်းမှုသည်သာလျှင် အဆွေခင်ပွန်း ဖြစ်ကုန်၏။ အရှင်မင်းကြီး။ ကြံတော်မူဦးလော့။ အထူးထူးအဆန်းဆန်း ရှုမခန်းသောအဝတ်တန်ဆာတို့ကို ဝတ်ဆင်ကုန်လျက် ရွှေခြူကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်သော နတ်သမီးကဲ့သို့သော မိဖုရားကြီး, ကိုယ်လုပ်မောင်းမဖြစ်ကုန်သော သတို့သမီးတို့ကို အဘယ်ကြောင်းကြောင့် ငါ ရသနည်းဟု ကြံတော်မူလော့”ဟုဆို၏။

ဤသို့ ရုဇာမင်းသမီးသည် ခမည်းတော်အား နံနက်ကသည် ညဉ့် ၃ ယံပတ်လုံး တရားဟောလျက် “အရှင်မင်းကြီး။ အချည်းနှီးသော မိစ္ဆာဒိဋ္ဌိ တက္ကတွန်းစကားကို ယူတော်မမူလင့်။ ဤ ပစ္စုပ္ပန်လောက သည်လည်း ရှိ၏။ တမလွန်လောကသည်လည်း ရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးသည်လည်း ရှိ၏။ အကျွန်ုပ်ကဲ့သို့သော အဆွေခင်ပွန်းကောင်း၏ တရားလမ်းကြောင်းဖြစ်သောစကားကို ယူတော်မူလော့”ဟု ဆို၏။

ရုဇာမင်းသမီးသည် ခရီးမှားသောသူကို ခရီးလမ်းပြသကဲ့သို့ မိစ္ဆာအယူရှိသောခမည်းတော်မင်းကြီးအား သမ္မာအယူဖြစ်စေခြင်းငှာ အထူးထူးအပြားပြားအားဖြင့် ပြညွှန်ပါသော်လည်း ခမည်းတော်၏အယူကို စွန့်စေခြင်းငှာ မတတ်နိုင်။ သားသမီးတို့ သာယာစွာဆိုသောစကားကို မိဘတို့က နှစ်လိုမြဲဖြစ်သကဲ့သို သမီးတော်ရုဇာမင်းသမီး၏ သာယာစွာသောစကားကိုကား အလွန်နှစ်လို၏။ မိမိမိစ္ဆာအယူကိုကား မစွန့်။

ပြည်သားပြည်သူလူအပေါင်းတို့သည် “မင်းသမီးရုဇာသည် ယနေ့ ခမည်းတော်မင်းကြီးကို မိစ္ဆာအယူမှ လွတ်စေ၍ ပြည်သားပြည်သူလူအပေါင်းတို့၏ ချမ်းသာရာဖြစ်သော စီးပွားများကို ဆောင်ပေသတတ်”ဟု တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်သောအသံသည်ဖြစ်၍ အလွန် ဝမ်းမြောက်ကြကုန်၏။

## ၉။ အဓိဋ္ဌာန်ပြုခန်း

ရုဇာမင်းသမီးသည် မင်းကြီးကို မိစ္ဆာအယူမှထွက်စေခြင်းငှာ မတတ်နိုင်သော်လည်း ပြုအပ်သော်လုံ့လ မလျှော့မူ၍ တစ်စုံတစ်ခုသောအကြောင်းဖြင့် ‘ယနေ့ ငါ့ခမည်းတော်၏ချမ်းသာကို ဆောင်အံ့’ဟုကြံလျက် ဦးခေါင်းထက်၌ လက်အုပ်ချီမြှောက်၍ အရပ်မျက်နှာတို့ကိုရှိခိုးပြီးသော် ဤသို့တောင်းပန်၏။

“လောက၌ လူတို့၏တည်ရာကို ဖြစ်စေတတ်ကုန်သော တရားစောင့်ကုန်သော ရဟန်း, ပုဏ္ဏားတို့သည် လည်းကောင်း၊ လူအပေါင်းတို့ကို စောင့်ကုန်သော နတ်မင်း, ဗြဟ္မာမင်းတို့သည် လည်းကောင်း ရှိကုန်၏။ ထို ရဟန်း, ပုဏ္ဏား, နတ်, ဗြဟ္မာတို့သည် ဤအရပ်သို့ လာတော်မူလတ်ကုန်၍ မိမိတို့အစွမ်းဖြင့် အကျွန်ုပ်၏ ခမည်းတော်မင်းကြီးအား မိစ္ဆာဒိဋ္ဌိအယူကို လွတ်စိမ့်သောငှာ အကျွန်ုပ်ခမည်းတော်၏ ဂုဏ်ကျေးဇူးမရှိသော်လည်း အကျွန်ုပ်၏သီလကျေးဇူးဖြင့် လည်းကောင်း၊ ဟုတ်မှန်စွာဆိုသော အကျွန်ုပ်၏သစ္စာစကားဖြင့် လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လာတော်မူလတ်၍ ခမည်းတော်၏ မိစ္ဆာအယူကို လွတ်စေလျက် ခပ်သိမ်းသောပြည်သူတို့၏ ချမ်းသာကို ဆောင်စေကုန်သတည်း”ဟု အဓိဋ္ဌာန်ပြု၍ ရှိခိုး၏။

## ၁၀။ နာရဒဗြဟ္မာမင်း တရားဟောခန်း

ထိုအခါ ဘုရားလောင်းသည် ‘နာရဒ’အမည်ရှိသော ဗြဟ္မာ ဖြစ်သတတ်။

ဘုရားလောင်းတို့မည်သည်ကား မိမိ မေတ္တာဘာဝနာဖြင့် သနားခြင်းရှိသည်ဖြစ်၍ ကောင်းသောအကျင့်, မကောင်းသောအကျင့် ရှိကုန်သော သတ္တဝါတို့ကိုသိခြင်းငှာ အခါခပ်သိမ်း လောကကို ကြည့်သတည်း။

ထိုမင်းသမီး အဓိဋ္ဌာန်ပြု၍ ရှိခိုးသောအခါ နာရဒဗြဟ္မာမင်းသည်လည်း လောကကိုကြည့်လတ်သော် ရုဇာမင်းသမီး၏ ရှိခိုးခြင်းအလိုကို သိ၍

‘ငါမှတစ်ပါး ထိုအင်္ဂတိမင်းကြီး၏ မိစ္ဆာဒိဋ္ဌိအယူကို လွတ်စေခြင်းငှာ တတ်နိုင်သောသူမည်သည် မရှိ။ ယနေ့ ငါသည် ရုဇာမင်းသမီးအား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို လည်းကောင်း, ပရိသတ်နှင့်တကွ မင်း၏ချမ်းသာခြင်းကို လည်းကောင်း ပြုအပ်သောငှာ အပ်၏။ အဘယ်သို့သော အသွင်ဖြင့် သွားရအံ့နည်း’ဟု ကြံပြီးသော်

‘လူတို့သည်ကား ရသေ့တို့ကို ချစ်မြတ်နိုးကုန်၏။ ဆိုအပ်သောစကားကိုလည်း အရိုအသေ အလေးအမြတ်ပြု၍ နာယူတတ်ကုန်၏။ ထိုသို့ဖြစ်သောကြောင့် ရဟန်းအသွင်ဖြင့် သွားအံ့’ဟု စိတ်ကို ဆုံးဖြတ်ပြီးမှ ကြည်ညိုဖွယ် ရွှေအဆင်းနှင့်တူသော လူ၏အသွင်ဖန်ဆင်း၍၊ နှစ်လိုဖွယ်သောဆံကျစ်အဝန်းကို ဖွဲ့ပြီးလျှင် ဆံကျစ်ကြား၌ ရွှေဦးသျှောင်ကျင်ကိုထိုးလတ်၍ ပံသုကူသင်္ကန်းကဲ့သို့ နီစွာသော ကိုယ်ဝတ်သင်းပိုင်ကိုဝတ်၍၊ ဖန်ရည်ဆိုးသောသင်္ကန်းကို စံပယ်တင်ဝတ်၍၊ ရွှေကြယ်အတိဆန်းကြယ်သော ရွှေစင်ဖြင့်ပြီးသော သစ်နက်ရေသင်္ကန်းကို ပခုံးတစ်ဘက်၌တင်သည်ကိုပြု၍၊ ပုလဲဆိုင်သဏ္ဌာန်ကဲ့သို့သော ကရားကိုယူ၍၊ ရသေ့အသွင်ဖြင့် ကောင်းကင်ပြင်၌ လမင်းကဲ့သို့ထွန်းပလျက် ကောင်းကင်ခရီးဖြင့်လာလတ်၍၊ စန္ဒကူးနံ့သာ နန်းပြာသာဒ်သို့ဝင်ပြီးသော် အင်္ဂတိမင်းကြီး၏ရှေ့တူရူ ကောင်းကင်၌ တည်လေ၏။

ထို နာရဒရှင်ရသေ့ကို မြင်လျှင် ရုဇာမင်းသမီးသည် ရှင်ရသေ့ကို ရှိခိုးလျက်နေ၏။

အင်္ဂတိမင်းကြီးကား ရှင်ရသေ့၏အရှိန်အဝါဖြင့်ပင်လျှင် မိမိမင်းနေရာ၌ မနေဝံ့သဖြင့် ကြောက်လန့်တကြား နေရာမှသျှော၍ အောက်၌နေပြီးသော် ရှင်ရသေ့၏လာရာအရပ်သို့ လည်းကောင်း၊ အမည်,အမျိုးကို လည်းကောင်း မေးလိုသည်ဖြစ်၍–

‘ကုတော နု အာဂစ္ဆသိ ဒေဝဝဏ္ဏီ၊ ဩဘာသယံ သဗ္ဗဒိသံ စန္ဒိမာ။

အက္ခာဟိ မေ ပုစ္ဆိတော နာမ ဂေါတ္တံ၊ ကထံ တံ ဇာနန္တိ မနုဿလောကေ။ ။’ဟူသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

www.burmeseclassic.com



"နတ်၏အဆင်းကဲ့သို့ အဆင်းရှိသော ရှင်ရသေ့။ ခပ်သိမ်းသောအရပ်မျက်နှာကို လကဲ့သို့ အရောင်အဝါဖြင့်ထွန်းပစေလျက် အဘယ်အရပ်မှ လာသနည်း။ ရှင်ရသေ့သည် အကျွန်ုပ်အား လာရာအရပ်ကို လည်းကောင်း, အမည်အမျိုးကို လည်းကောင်း ကြားလော့။ ဤလူ့ရွာ၌ သင့်ကို အဘယ်သူဟူ၍ သိကြသနည်း"ဟုမေး၏။

ထိုသို့ မင်းကြီးမေးလျှင် 'ဤမင်းသည် တမလွန်လောက မရှိဟု အယူရှိ၏။ ထိုမင်းအား တမလွန်လောကကို ရှေးဦးစွာ ကြားအံ့'ဟုကြံ၍–

'အဟဥ္စ ဒေဝ တော ဣဒါနိ ဧမိ၊ ဩဘာသယံ သဗ္ဗဒိသံ စန္ဒိမာ။

အက္ခာမိတေ ပုစ္ဆိတော နာမဂေါတ္တံ၊ ဇာနန္တိ မံ နာရဒေါ ကဿပေါစ။ ။'ဟူသောဂါထာဖြင့် ကြား၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ ငါသည် နတ်ပြည်မှ ခပ်သိမ်းသောအရပ်မျက်နှာတို့ကို လကဲ့သို့ထွန်းပစေလျက် လာ၏။ သင့်အား ငါသည် အမည်အမျိုးကို ကြားအံ့။ ငါ့ကို နာရဒ ဟူ၍လည်းကောင်း, ကဿပ ဟူ၍လည်းကောင်း လူတို့ သိကုန်၏"ဟု ဆို၏။

ထိုအခါ မင်းကြီးသည် 'ဤရသေ့ကို နောက်မှ တမလွန်လောကကို မေးအံ့။ ရှေးဦးစွာ တန်ခိုး၏ ရအပ်သောအကြောင်းကို မေးဦးအံ့'ဟုကြံ၍–

'အစ္ဆရိယ ရူပံ တဝ ယာဒိသဉ္စ၊ ဝေဟာသယံ ဂစ္ဆသိ တိဋ္ဌသိ စ။

ပုစ္ဆာမိ တံ နာရဒ ဧတမတ္ထံ၊ အထ ကေန ဝဏ္ဏေန တဝါယ မိဒ္ဓိ။ ။'ဟူသော ဂါထာဖြင့်မေး၏။ အဓိပ္ပာယ်ကား–

"အကြင်။ သင်သို့သောသူသည် ကောင်းကင်၌ သွားလည်းသွား၏၊ တည်လည်း တည်၏။ ထိုသို့သောသင်သည် အံ့ဖွယ်သရဲ ရှိပေစွ။ နာရဒရှင်ရသေ့။ သင့်အား အဘယ်အကြောင်းကြောင့် ဤသို့သော တန်ခိုးသည် ဖြစ်လေသနည်း။ ငါ့အား ကြားလော့"ဟု ဆို၏။

နာရဒရှင်ရသေ့သည် မင်းကြီးအမေးကို ဖြေလို၍–

'သစ္စဉ္စ ဓမ္မောစ ဒမောစ စာဂေါ၊ ဂုဏာ မမေတေ ပကတာ ပုရာဏာ။

တေဟေ၀ ဓမ္မေဟိ သုသေဝိတေဟိ၊ မနော ဇဝေါ ယေန ကာမံ ဂတောသ္မိ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ ငါသည် ရှေး တမလွန်က သစ္စာကို လည်းကောင်း, တရားကို လည်းကောင်း, ဣန္ဒြေဆုံးမခြင်းကို လည်းကောင်း, ပေးကမ်းစွန့်ကြဲခြင်းကို လည်းကောင်း ဤ ၄ ပါးသောတရားတို့ကို ပြုခဲ့ဖူး၏။ ထိုသို့ပြုခဲ့ဖူးသော ကောင်းမှုကြောင့် ဤသို့သောတန်ခိုးသည် ဖြစ်သတည်း။ ထိုသို့ပြုခဲ့ဖူးသော ကောင်းမှုကြောင့် ငါသည် စိတ်ဖြင့်အလိုရှိတိုင်း ပြီးသတည်း"ဟု ဆို၏။

မင်းကြီးသည် ကုသိုလ်၏အကျိုးဖြစ်ကြောင်းကို ရှင်ရသေ့ဆိုပါသော်လည်း မိစ္ဆာဒိဋ္ဌိအယူ မြဲစွာစွဲခြင်းကြောင့် တမလွန်လောက ရှိသည်ကို မယုံသောအားဖြင့် 'ကောင်းမှုအကျိုး အဘယ်မှာ ရှိအံ့နည်း'ဟု ဆိုလို၍–

'အစ္ဆရိယ မာစိက္ခသိ ပုညသိဒ္ဓိံ၊ သစေဟိ ဧတေဟိ ယထာ ဝဒေသိ။

ပုစ္ဆာမိ တံ နာရဒ ဧတမတ္ထံ၊ ပုဋ္ဌောစ မေ သာဓု ဝိယာကရောဟိ။ ။'ဟူသော ဂါထာဖြင့် မေးပြန်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"နာရဒရှင်ရသေ့။ သင်သည် ကောင်းမှု၏အကျိုး ရှိကြောင်းကို အံ့ဖွယ်သရဲ သင်ကြား၏။ အကယ်၍ ကောင်းမှု၏အကျိုး ရှိအံ့။ ငါ့အား ထင်စွာ သင်ပြလော့"ဟုဆို၏။

နာရဒရှင်ရသေ့သည်

"မင်းကြီး။ သင်သည် ယုံမှားခြင်းကို အလေးအမြတ် ပြု၏။ ထို အလေးအမြတ်ပြုသော ယုံမှားခြင်းကို ငါ့အား မေးလော့။ ငါသည် အထူးထူးသောနည်းတို့ဖြင့် လည်းကောင်း, အကြောင်းအကျိုးတို့ဖြင့် လည်းကောင်း သင်၏ယုံမှားခြင်းကို ပျောက်စေအံ့"ဟုဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးသည်–

'ပုစ္ဆာမိ တံ နာရဒ ဧတမတ္ထံ၊ ပုဋ္ဌော စ မေ နာရဒ မာမုသာဘဏိ။

အတ္ထိနု ဒေဝါ ပိတရော စ အတ္ထိနု၊ လောကော ပရောအတ္ထိနု ဇနောယမာဟု။ ။'ဟူသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"နာရဒရှင်ရသေ့။ ဤမည်သောပြဿနာကို ငါ မေးအံ့။ ထိုပြဿနာကို ဟုတ်တိုင်း ဖြေလော့။ ပြက်ရယ်စကားကို မဆိုလင့်။ နာရဒရှင်ရသေ့။ 'နတ်သည်လည်း ရှိ၏, အမိအဖသည်လည်း ရှိ၏။ ပစ္စုပ္ပန်လောက, တမလွန်လောကသည်လည်း ရှိ၏'ဟူ၍ လူတို့သည် ဆိုကုန်၏။ ထိုစကားသည် မှန်အံ့လော"ဟု မေး၏။

နာရဒရှင်ရသေ့သည် ထိုစကားကိုဖြေလို၍–

'အတ္ထေဝ ဒေဝါ ပိတရော စ အတ္ထိ၊ လောကော ပရော အတ္ထိ ဇနော ယမာဟု။

ကာမေသု ဂိဒ္ဓါ စ နရာ ပမူဠှာ၊ လောကံပရံ နဝိဒူ မောဟယုတ္တာ။ ။'ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ နတ်သည် လည်းကောင်း, အမိအဖသည် လည်းကောင်း, ပစ္စုပ္ပန်လောကသည် လည်းကောင်း, တမလွန်လောကသည် လည်းကောင်း ရှိ၏။ လူတို့သည်ကား ကာမဂုဏ်တို့၌ တပ်မက်မောခြင်း, တွေဝေမိန်းမောခြင်းကြောင့် တမလွန်လောကကို မသိမမြင်နိုင်ကုန်"ဟုဆို၏။

ထိုစကားကိုကြားလျှင် အင်္ဂတိမင်းကြီးသည် ပြက်ရယ်ပြုလိုသည်ဖြစ်၍–

'အတ္ထီတိစေ နာရဒ သဒ္ဒဟာသိ၊ နိဝေသနံ ပရလောကေ မတာနံ။

ဣဓေဝမေ ပဉ္စသတာနိဒေဟိ၊ ဒဿာမိ တေ ပရလောကေ သဟဿံ။ ။'ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"နာရဒရှင်ရသေ့။ 'တမလွန်၌ သေကုန်သောသူတို့၏အိမ်သည် ရှိ၏'ဟူ၍ သင် ယုံကြည်အံ့။ ယခု မျက်မှောက်၌ သင်သည် ငါ့အား အသပြာ ၅၀၀ ပေးလော့။ တမလွန်လောကသို့ရောက်လျှင် သင့်အား ၁၀၀၀ သောဥစ္စာကို ငါ ပေးအံ့"ဟု ပြက်ရယ်စကားကို ဆို၏။

ထိုအခါ အင်္ဂတိမင်းကြီးကို ပရိသတ်တို့၏အလယ်၌ ကဲ့ရဲ့လိုသည်ဖြစ်၍–

'ဒဇ္ဇေမု ခေါ ပဉ္စသတာနိ ဘောတော၊ ဇညာမုစေ သီလဝန္တံ ဝဒညုံ။

လုဒ္ဒံ့ ဘောန္တံ နိရယေ ဝသန္တံ၊ ကော စောဒယေ ပရလောကေ သဟဿံ။ ။

'ဣဓေဝ ယော ဟောတိ အဓမ္မသီလော၊ ပါပါစာရော အလသော လုဒ္ဒကမ္မော။

န ပဏ္ဍိတာ တသ္မိံ ဣဏံ ဒဒန္တိ၊ နဟိ အာဂမော ဟောတိ တထာဝိဓမှာ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ဒက္ခန္တ ပေါသံ မနုဇာ ဝိဒိတွာ၊ ဥဠာနကံ သီလဝန္တံ ဝဒညုံ။
သယမေဝ ဘောဂေဟိ နိမန္တယန္တိ၊ ကမ္မံ ကရိတွာ ပုန မာဟရေသိ။ ။'ဟူသော ဂါထာတို့ကို ရှင်ရသေ့ ဆို၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ သင်သည် သီလရှိသော, သူ့ကျေးဇူးကိုသိတတ်သော သူတော်ကောင်းဖြစ်မူ သင့်အား ၅၀၀ သောဥစ္စာကို မယုတ်သဖြင့် ယခု ငါ ပေးအံ့။ ကြမ်းကြုတ်ယုတ်မာစွာသော မိစ္ဆာအယူရှိသော သင့်အား ၅၀၀ သောဥစ္စာကို ငါ ပေးမိပချေသော်၊ ငရဲ၌နေသော သင့်ကို တမလွန်၌ ဥစ္စာ ၁၀၀၀ လိုသည်ဖြစ်၍ အဘယ်သူ လိုက်၍ တောင်းပချေအံ့နည်း။

"မင်းကြီး။ ဤလူ့ပြည်၌ ပညာရှိကုန်သောသူတို့သည် မကောင်းသောအကျင့် ရှိသောသူ, ပျင်းသောသူ, အလွန်ကြမ်းကြုတ် သော့သွမ်းညစ်ညမ်းသောသူ၊ ထိုသူတို့အား ကြွေးမြီချခြင်းကို မပြုကုန်။ ထို မကောင်းသော သူယုတ်တို့အား မြီချ မှားချေအံ့။ ထိုမြီ အရင်းအပွားကို ရခြင်းမည်သည် မဖြစ်ရာ။

"မင်းကြီး။ ဤလူ့ပြည်၌ ပညာရှိတို့သည် ပညာအမြော်အမြင်ရှိသောသူ, လုံ့လထကြွ ကြောင့်ကြရှိသောသူ, သီလရှိသောသူ, သူ့ကျေးဇူးကို သိတတ်သောသူ၊ ထိုသို့သော သူတော်ကောင်းတို့အား သာလျှင် ကြွေးမြီချခြင်းကို ပြုကုန်ရာ၏။ ထိုသူတို့အား ချအပ်သောမြီသည် ဆိုသည့်အတိုင်း အရင်းအပွား ရရာ၏။ ထိုသို့ သဘောဖြောင့်မှန်သော သူကိုသာလျှင် 'ဥစ္စာအလိုရှိလျှင် ချေးယူလှည့်'ဟူ၍ ဖိတ်ကြားကုန်၏"

ဤသို့ နာရဒရှင်ရသေ့သည် မင်းကြီးကို နှိပ်၍ဆိုသည်ရှိသော အင်္ဂတိမင်းကြီးသည် စကားဆိုရာ မရှိသည်ဖြစ်၍ ဆိတ်ဆိတ်နေ၏။

မှူးမတ်ဗိုလ်ပါ ပရိသတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ "ဘုန်းတန်ခိုးကြီးလှစွာသော အရှင်နတ်မင်းသည် ယနေ့ မင်းကြီးကို မိစ္ဆာအယူမှ လွတ်စေအံ့သတည်း"ဟု တစ်ပြည်လုံး အုတ်အုတ် ကျက်ကျက်သောအသံသည် ဖြစ်၏။

ဘုရားလောင်း ဗြဟ္မာမင်း၏တန်ခိုးအားဖြင့် ၇ ယူဇနာ အပြောကျယ်သော မိထိလာပြည်၌ ဘုရားလောင်း ဗြဟ္မာမင်းသည် ဟောကြားအပ်သောတရားကို မကြားသောသူမည်သည် မရှိ။

## ၁၁။ ငရဲအကြောင်းကို ပြမန်း

ထိုအခါ ဘုရားလောင်း နာရဒဗြဟ္မာမင်းသည် 'ဤမင်းကား အလွန်လျှင် မိစ္ဆာအယူကို မြဲစွာယူ၏။ ထိုမင်းအား ငရဲဘေးဖြင့် ခြိမ်းခြောက်၍ မိစ္ဆာအယူကို လွတ်စေပြီးသော်၊ တစ်ဖန် နတ်ပြည်ခရီးဖြင့် ထိုမင်းကြီးကို နှစ်သိမ့်စေအံ့'ဟု ကြံ၍၊ "မင်းကြီး။ သင်သည် အကယ်၍ မိစ္ဆာအယူကို မစွန့်အံ့။ မရေတွက်နိုင် ဆင်းရဲလှစွာသော ငရဲသို့ ရောက်လိမ့်သတည်း"ဟုဆိုပြီးလျှင် ငရဲအကြောင်းကို ပြလိုသည်ဖြစ်၍–

'ဣတော စုတော ဒက္ခသိ တတ္ထ ရာဇ၊ ကာလောလ သံဃေဟိ ဝိကဿမာနံ။
တံ ခဇ္ဇမာနံ နိရယေ ဝသန္တံ၊ ကာကေဟိ ဂိဇ္ဈေဟိ စ သောဏကေဟိ။



www.burmeseclassic.com

www.burmeseclassic.com



သံဆိန္နဂတ္တံ ရုဟိရသာဝတ္တံ၊ ကော စောဒယေ ပရလောကေ သဟာသံ။ ။'ဟူသော ဂါထာဖြင့် ကြားပေ၏။ အဓိပ္ပာယ်ကား-

"မင်းကြီး။ ဤကိုယ်၏အဖြစ်ကို သင်သည် စုတေမနေ သေလွန်လတ်သော် ကြီးစွာသောငရဲ၌ ကျီးအပေါင်းတို့ဖြင့် ထိုးဖောက်ကုန်လျက်ခံရကုန်သော ငရဲသူတို့ကို မင်းကြီး မြင်ရလတ္တံ့။ ထိုငရဲ၌ ကျီး၊ လင်းတ, သိန်း, စွန်, ခွေးတို့သည် အထွင်းအထွင်း အစုတ်အစုတ် ထိုးခုတ်ကိုက်ခဲ၍ သွေးဖြာဖြာယိုစီးလျက် ခံရသော သင်မင်းကြီးကို တမလွန်၌ 'ဥစ္စာ ၁၀၀၀ ကို လိုသည်ဟူ၍ အဘယ်သူ သင့်ထံလာ၍ တောင်းပချေအံ့နည်း။ ထိုငရဲကြီး၌ သင် မဖြစ်ရမူ လောကန္တရိက်ငရဲ၌ ဖြစ်ရလတ္တံ့."ဟု ဆို၍၊ ထို လောကန္တရိက်ငရဲကို ပြအံ့သောငှာ-

'အန္ဓံတမံ တတ္ထ နစန္ဒသူရိယာ၊ နိရယော သဒါ တုမုလော ဃောရရူပေါ။

သာ နေဝရတ္တိ နဒိဝါ ပညာယတိ၊ တထာဝိဓေ ကော ဝိစရေ ဓနတ္ထိကော။ ။'ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"မင်းကြီး။ ထို လောကန္တရိက်ငရဲ၌ လ, နေ တို့သည် မရှိကုန်သည်ဖြစ်၍ အလွန်မိုက်၏။ အုတ်အုတ် ကျက်ကျက် ကြောက်မက်ဖွယ်လည်း ရှိ၏။ ညဉ့်,နေ့ ဟူ၍လည်း မရှိ။ ထိုငရဲ၌ ခံရလေသောသင့်ကို 'ဥစ္စာ ၁၀၀၀ လိုသည်'ဟူ၍ အဘယ်သူ သင့်ထံလာ၍ တောင်းပချေအံ့နည်း"

ဤသို့သော လောကန္တရိက်ငရဲကို အကျဉ်းအားဖြင့်ပြပြီး၍

"မင်းကြီး။ မိစ္ဆာအယူကို မစွန့်သောသူသည် ထိုလောကန္တရိက်ငရဲ၌ မဖြစ်မူ တစ်ပါးသောငရဲ၌ ခံရလိမ့်သတည်း"ဟု ဆိုပြန်လို၍-

'သဗလောစ သာမောစ ဒုဝေသုဝါနာ၊ ပဝဒ္ဓကာယာ ဗလိနော မဟန္တာ။

ခါဒန္တိ ဒန္တေဟိ အယောမယေဟိ၊ ဣတော ပနုတ္တံ ပရလောကေပတ္တံ။ ။

'တံ ခဇ္ဇမာနံ နိရယေ ဝသန္တံ၊ လုဒ္ဒေဟိ ဝါဠေဟိ အဃမိဂေဟိ စ။

သံဆိန္နဂတ္တံ ရုဟိရသာဝတ္တံ၊ ကော စောဒယေ ပရလောကေ သဟာသံ။ ။'ဟူသော ၂ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား-

"မင်းကြီး။ ပြောက်ကျားသောအဆင်းရှိသော ခွေး, ရွှေသောအဆင်းရှိသော ခွေး၊ ဤငရဲ၌ ခွေး ၂ကောင်တို့သည် ကြီးသောကိုယ်လည်း ရှိကုန်၏။ အားနှင့်လည်း ပြည့်စုံကုန်၏။ ဤလူ့ပြည်မှ သေခဲ့သော် မင်းကြီးသည် ဤငရဲ၌ကျလေ၍ သင့်ကို ထိုခွေးတို့သည် သံဖြင့်ပြီးသောသွားတို့ဖြင့် ကိုက်ဖဲ့၍ စားလေကုန်အံ့ သတည်း။ အလွန် သည်းမခံနိုင်သော ကြမ်းကြုတ်လှစွာသော ခွေးကျားကြီး ငရဲ၌ အစုတ်အစုတ် အထွင်းအထွင်းသောကိုယ်ဖြင့် သွေးယိုစီးလျက်ခံရသော သင်မင်းကြီးကို ဥစ္စာ ၁၀၀၀ လိုသည်ဟူ၍ အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ မိစ္ဆာအယူကို မစွန့်သောသင်သည် ထိုငရဲ၌ မခံရမူ ထိုမှတစ်ပါးသောငရဲ၌ ခံရလတ္တံ့."ဟု ပြလိုသည်ဖြစ်၍-

'ဥသူဟိ သတ္တီဟိစ သုနိသိတာဟိ၊ ဟနန္တိ ဝိဇ္ဈန္တိစ ပေါထယန္တိ။

ကာဠူပကာဠာ နိရယမှိ ဃောရေ၊ ပုဗ္ဗေ နရံ ဒုက္ကဋကမ္မကာရိံ။ ။



www.burmeseclassic.com

www.burmeseclassic.com



'တံ ဟညမာနံ နိရယေ ဝဇန္တံ၊ ကုစ္ဆိသ္မိံ ပဿသ္မိံ ဝိပ္ဖာလိတုဒရံ။
သဆိန္နဂတ္တံ ရုဟိရဿဝန္တံ၊ ကော စောဒယေ ပရလောကေ သဟာဿံ၊ ။

'သတ္တိ ဥသု တောမရ ဘိဏ္ဍိဝါလ္ဗာ၊ ဝိဝိဓာဝုဓာ ဝဿန္တိ တတ္ထ ဒေဝါ။
ပတန္တိ အင်္ဂါရမိဝစ္စိမန္တော၊ သိလာသနိ ဝဿတိ လုဒ္ဒကမ္မေ။ ။

'ဥဏှော စ ဝါတော နိရယမှိ ဒုဿဟော၊ နတမှိ သုခံ လဗ္ဘတိ ဣတ္တရံပိ။
တံတံ ဝိဓာဝန္တံ အလေဏ မာတုရံ၊ ကော စောဒယေ ပရလောကေ သဟာဿံ။ ။

'သန္ဓာဝမာနံပိ ရထေသုယုတ္တံ၊ သဇောတိဘူတံ ပထဝိံ ကမန္တံ။
ပတောဒ လဋ္ဌိဟိ သုစောဒယန္တံ၊ ကော စောဒယေ ပရလောကေ သဟာဿံ။ ။

'တမာရုဟန္တံ ခုရသဉ္စိတံ ဂိရိံ၊ ဝိဘိံသနံ ပဇ္ဇလိတံ ဘယာနကံ။
သံဆိန္နဂတ္တံ ရုဟိရဿဝန္တံ၊ ကော စောဒယေ ပရလောကေ သဟာဿံ။ ။

'တမာရုဟန္တံ ပဗ္ဗတ သံနိကာသံ၊ အင်္ဂါရရာသိံ ဇလိတံ ဘယာနကံ။
သုဒဍ္ဍဂတ္တံ ကပဏံ ရုဒန္တံ၊ ကော စောဒယေ ပရလောကေ သဟာဿံ။ ။

'အဗ္ဘကူဋ သမာဥစ္စာ၊ ကဏ္ဋကာနိစိတာ ဒုမာ။
အယောမယေဟိ တိက္ခေဟိ၊ နရလောဟိတ ပါယိဘိ။ ။

'တမာရုဟန္တိ နာရိယော၊ နရာစ ပရဒါရဂူ။
စောဒိတာ သတ္တိဟတ္ထေဟိ၊ ယမ နိဒ္ဒေသ ကာရိဘိ။ ။

'တမာရုဟန္တံ နိရယံ၊ သိမ္ဗလိံ ရုဟိရမက္ခိတံ။
ဝိဒဍ္ဍကာယံ ဝိတစံ၊ အာတုရံ ဂါဠ္ဟဝေဒနံ။ ။

'ပဿသန္တံ မုဟုံ ဥဏှံ၊ ပုဗ္ဗကမ္မ ပရာဓိကံ။
ဒုမဂ္ဂေ ဝိတစံ ဂတ္တံ၊ ကော တံ ယာစေယျ တံဓနံ။ ။

'အဗ္ဘကူဋ သမာဥစ္စာ၊ အသိပတ္တာစိတာ ဒုမာ။
အယောမယေဟိ တိက္ခေဟိ၊ နရလောဟိတ ပါယိဘိ။ ။

'တမာရုဟန္တံ အသိပတ္တပါဒပံ၊ အသီဟိ တိက္ခေဟိစ ဆိဇ္ဇမာနံ။
သံဆိန္နဂတ္တံ ရုဟိရဿဝန္တံ၊ ကော စောဒယေ ပရလောကေ သဟာဿံ။ ။

'တတော နိက္ခန္တမတ္တံတံ၊ အသိပတ္တာစိတာ ဒုမာ။
သမ္ပတိတံ ဝေတရဏိံ၊ ကော တံ ယာစေယျ တံဓနံ။ ။

'ခရာ ခါရောဒကာ တတ္တာ၊ ဒုဂ္ဂါ ဝေတရဏီ နဒီ။
အယောပေါက္ခရသံဆန္နာ၊ တိက္ခ ပတ္တေဟိ သန္ဒတိ။ ။

'တတ္ထ သံဆိန္နဂတ္တံ တံ၊ ဝုယှန္တံ ရုဟိရမက္ခိတံ။
ဝေတရညေ အနာလမ္ဗေ၊ ကော တံ ယာစေယျ တံ ဓနံ။ ။'ဟူသော ၁၆ ဂါထာတို့ကို ဆို၏။

အဓိပ္ပာယ်ကား-

"မင်းကြီး။ ရှေး၌ မကောင်းမှုကိုပြုကုန်သော ငရဲသားအပေါင်းတို့ကို ငရဲထိန်းတို့သည် ထက်လှစွာသော မြားတို့ဖြင့် လည်းကောင်း, လှံတို့ဖြင့် လည်းကောင်း ကြောက်မက်ဖွယ် ထိုးသတ်ကုန်၏။ ထိုငရဲ၌ ငရဲထိန်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းစွာညှဉ်းဆဲလျက် ဝမ်းကို လည်းကောင်း, နံထောင်း ၂ဘက်ကို လည်းကောင်း ခွဲ၍ အစုတ်အစုတ် အထွင်းအထွင်း သောကိုယ်ဖြင့် ယိုသောသွေးရှိသော သင်မင်းကြီးကို ဥစ္စာ ၁၀၀၀ လိုသည်ဟူ၍ အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ ထိုငရဲ၌ မခံရမှု လှံ, မြား, ချွန်းတောင်း, ခက်ရင်း အစရှိသော လက်နက်မိုးတို့သည်လည်း ရွာကုန်၏။ မီးကျီးကဲ့သို့ ပြိုးပြိုးပြက်သော လက်နက်မိုးတို့သည်လည်း ဦးခေါင်းထက်၌ ကျကုန်၏။ ရဲရဲတောက်သော ကျောက်ဖျာမိုးကြီးတို့သည်လည်း ကျကုန်၏။ သည်းမခံနိုင် ပူလှစွာသောလေတို့သည်လည်း လာကုန်၏။ တစ်ခဏမျှ ချမ်းသာကို မရ။ ထိုငရဲ၌ ကြမ်းကြုတ်သောမကောင်းမှုကို ပြုကုန်သောသူတို့သည် ခံရကုန်၏။ ထို သံမြေငရဲ၌ ညစ်ညမ်းကျင်နာစွာခံရသော သင်မင်းကြီးကို တမလွန်၌ 'ဥစ္စာ ၁၀၀၀ ကို လိုသည်'ဟူ၍ အဘယ်သူ တောင်းပချေအံ့နည်း။

"မင်းကြီး။ ရထားတို့၌ ကသော အလျှံတပြောင်ပြောင်တောက်သော သံမြေငရဲကို ထွန်တုံးလောက်ရှိသော သံလှံတံတို့ဖြင့် ပြင်းစွာပုတ်ခတ်လျက် ပြေးရာရသော သင်မင်းကြီးကို တမလွန်၌ 'ဥစ္စာ ၁၀၀၀ ကို လိုသည်'ဟူ၍ သင့်ကို အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ သင်တုန်းသွားအတိခတ်အပ်သော ကြောက်မက်ဖွယ် အလျှံတပြောင်ပြောင် တောက်လောင်သောတောင်သို့တက်လျက် အစုတ်စုတ် အထွင်းအထွင်းသောကိုယ်ဖြင့် သွေးယိုစီးသော သင်မင်းကြီးကို 'ဥစ္စာ ၁၀၀၀ လိုသည်'ဟူ၍ အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ တောင်ထွတ်နှင့်တူစွာ ကြောက်မက်ဖွယ် ရဲရဲတောက်သော မီးကျီးစုသို့ တက်ရသည်ဖြစ်၍ လောင်သောကိုယ်ရှိသော တစ်ယောက်တည်း ငိုမြည်တမ်းလျက်ခံရသော သင်မင်းကြီးကို 'ဥစ္စာ ၁၀၀၀ လို၏"ဟူ၍ အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ ဆူးအတိစီအပ်သော တိမ်တိုက်တရှိမြင့်စွာသော ငရဲလက်ပံပင်တို့၌ ထက်လှစွာသော သံဆူးတို့သည် ငရဲသူတို့၏အသွေးကို သောက်ကုန်၏။ မင်းကြီး။ သူ့မယားကိုခိုးကုန်သော ယောကျ်ားတို့သည် လည်းကောင်း, မိမိလင်မှတစ်ပါးသော ယောကျ်ားကို ခိုးကုန်သောမိန်းမတို့သည်လည်းကောင်း ထိုငရဲလက်ပံပင်သို့ တက်ရကုန်၏။ လှံ လက်စွဲကုန်လျက် ငရဲထိန်းတို့သည် ပြင်းစွာထိုးသတ်ကုန်၏။ သွေးအလိမ်းအလိမ်းကပ်လျက် ထိုငရဲလက်ပံပင်ကိုတက်သဖြင့် လောင်သောကိုယ်ရှိသော, အရေမရှိသည်ဖြစ်၍ အလွန်နာကျင်သော, ထွက်သက် ဝင်သက်ကို အဖန်တလဲလဲ ပင်ပန်းစွာရှိုက်ရှုရသော, ဆင်းရဲကြီးစွာခံရလျက် ငရဲလက်ပံပင်၌ ရှေးမကောင်းမှု ကြောင့်နေရသော သင်မင်းကြီးကို 'ဥစ္စာ ၁၀၀၀ လိုသည်"ဟူ၍ အဘယ်သူ တောင်းလာပချေအံ့နည်း။

"မင်းကြီး။ သန်လျက်ဓားအရွက်အတိ စီထသော, ထက်လှစွာသောသံဆူးအတိ စီထသော ငရဲသစ်ပင် တို့သည် တိမ်တိုက်နှင့်အတူ မြင့်ကုန်၏။ ထိုသစ်ပင်ထက်သို့ အစုတ်အစုတ် အထွင်းအထွင်းသောကိုယ်ဖြင့် သွေးယိုစီးလျက်တက်ရသော သင်မင်းကြီးကို 'ဥစ္စာ ၁၀၀၀ လိုသည်'ဟူ၍ အဘယ်သူတောင်းလာပချေအံ့နည်း။

"မင်းကြီး။ ထိုသန်လျက်ဓားအတိစီသော ငရဲလက်ပံပင်မှ ဝေတရဏီအမည်ရှိသော ကြိမ်ပိုက်ချောင်း၌ ကျသော သင်မင်းကြီးကို အဘယ်သူဥစ္စာ ၁၀၀၀ လိုသည်ဟူ၍ တောင်းလာပချေအံ့နည်း။ မင်းကြီးမှု သံလျက်သွားကဲ့သို့ ကြမ်းကြုတ်စွာ ပူလည်းပူစွာသော ရေလည်းရှိသော ကူးနိုင်ခဲသော ဝေတရဏီအမည်ရှိသော ကြိမ်ပိုက်ချောင်းသည်ကား သံမြားအတိ စီသော ကြာရွက်ဖြင့် ဖုံးလွှမ်း၏။ ထက်စွာသောအရွက်တို့ဖြင့် စီအပ်၏။ မင်းကြီး။ ထိုကြိမ်ပိုက်ချောင်း၌ သွေးအလိမ်းလိမ်းကပ်လျက်ခံရသော သင်မင်းကြီးကို 'ဥစ္စာ ၁၀၀၀ လိုသည်'ဟူ၍ အဘယ်သူ လာ၍တောင်းလာပချေအံ့နည်း"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း နာရဒဗြဟ္မာမင်းသည် ပြအပ်သော ဤသို့သော ငရဲစကားကိုကြားလျှင် အင်္ဂတိမင်းကြီးသည် ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍ ဘုရားလောင်းကိုသာလျှင် ကိုးကွယ်ရာပြုလျက်–

'ဝေဓာမိ ရုက္ခောဝိယ ဆိဇ္ဇမာနော၊ ဒိသံ နဇာနာမိ ပမူဠ္ဟသညော။

ဘယာနု တပ္ပါမိ မဟာစ မေ ဘယာ၊ သုတွာန ကထာ တဝ ဘာသိတာ ဣသေ။ ။

'အာဒိတ္တေ ဝါရိမဇ္ဈံဝ၊ ဒီပံ ဝေါဃေ မဟဏ္ဏဝေ။

အန္ဓကာရေဝ ပဇ္ဇောတော၊ တွံနောသိ သရဏံ ဣသေ။ ။

'အတ္ထဉ္စ ဓမ္မဉ္စ အနုသာသ မံ ဣသေ၊ အတီတ မဒ္ဒ အပရာဓိတံ မယာ။

အာစိက္ခ မေ နာရဒ သုဒ္ဓိမဂ္ဂံ၊ ယထာအဟံ နောနိရယံ ပတေယျံ။ ။'ဟူသော ဂါထာတို့ကို ဆို၏။

အဓိပ္ပာယ်ကား–

"ရှင်ရသေ့။ အရှင်ဘုရား၏စကားကိုကြားလတ်၍ အမြစ်အရင်းပြတ်သော သစ်ပင်ကြီးကဲ့သို့ အကျွန်ုပ်တုန်လှုပ်၏။ တောင်,မြောက်ဟူ၍ အရပ်များကိုမျှ မသိနိုင်၊ တွေဝေမိန်းမော၏။ နောင်တ အလိုလိုရှိလျက် အကျွန်ုပ်အား ကြီးစွာသောကြောက်လန့်ခြင်းသည် ဖြစ်၏။

"ရှင်ရသေ့။ ကြည်းခဲ့တင်၍ ပူပန်လှသောငါးကို ရေချမ်းသကဲ့သို့, သမုဒ္ဒရာဝဲသြဃ၌မျောပါသောသူအား ကိုးကွယ်ရာကျွန်း ပေါ်သကဲ့သို့, အမိုက်တိုက်၌ ဆီမီးထွန်းသကဲ့သို့ အလွန်ပူဆာလှသော အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်တော်မူပါလော့။

"ရှင်ရသေ့။ အကျွန်ုပ်ကို အကျိုးအားဖြင့် လည်းကောင်း, အကြောင်းအားဖြင့် လည်းကောင်း ဆုံးမတော်မူပါလော့။ အကျွန်ုပ်သည် အကုသိုလ်ကို ပြုမိ၏။

"ရှင်ရသေ့။ အကျွန်ုပ်သည် အကြင်မျှလောက် ငရဲသို့မကျသေး။ ထိုငရဲသို့မကျမီ သုဂတိဘဝသို့လားခြင်းအကြောင်းဖြစ်သော မြတ်သောခရီးကို ကြားတော်မူပါလော့"

## ၁၂။ ရှေးမင်းမြတ်တို့အကျင့်ကို ပြဆိုခန်း

ထိုအခါ ဘုရားလောင်း နာရဒဗြဟ္မာမင်းသည် စင်ကြယ်စွာသောခရီးကို ကြား၍ ကောင်းသောအကျင့်ရှိကုန်သော ရှေးမင်းမြတ်တို့ကျင့်ဆောင်အပ်သော အကြောင်းကိုပြလို၍–

'ယထာ အဟု ဓတရဋ္ဌော၊ ဝေဿာမိတ္တော စ အဋ္ဌကော။

ယမဒဂ္ဂိ ဥသိန္နရော၊ သိဝိ ရာဇာ ပါရိစာရိကာ သမဏဗြာဟ္မဏာနံ။ ။

'ဧတေစညေ့စ ရာဇာနော၊ ယေ သဂ္ဂ ဝိသယံ ဂတာ။

အဓမ္မံ ပရိဝဇ္ဇေတွာ၊ ဓမ္မံစရ မဟီပတိ။ ။

'အန္နဟတ္ထာ စ တေ ဗျမှေ၊ ဃောသယန္တု ပုရေတာဝ။

ကောဆာတော ကောစ တသိတော၊ ကောမာလံ ကော ဝိလေပနံ။ ။



www.burmeseclassic.com

www.burmeseclassic.com



'နာနာရတ္တာနိ ဝတ္ထာနိ၊ ကော နဂ္ဂေါ ပရိဒဟိဿတိ။
ကော ပန္ထေ ဆတ္တံ ဓာရေတိ၊ ပါဒုကာစ မုဒူ သုဘာ။ ။
'ကုတိ သာယဥ္စ ပါတော စ၊ ဃောသယန္တု ပုရေတာ ဝ။
ဓိဂ္ဃောပေါသံ ဂဝဿဥ္စ၊ မာဿုယုဥ္စ ယထာ ပုရေ။
ပရိဟာရဥ္စ ဒဇ္ဇာသိ၊ အဓိကာရ တတော ဗလိ'။ ။'ဟူသော ဂါထာတို့ကို ဆိုတော်မူ၏။ အဓိပ္ပာယ်ကား–

"အင်္ဂတိမင်းကြီး။ ရှေး၌ဖြစ်သော ဓတရဋ္ဌမင်း, ဝေဿာမိတ္တမင်း, အဋ္ဌကမင်း, ယမဒဂ္ဂိမင်း, ဥသိန္နရမင်း, သိဝိရာဇ်မင်း ဤမင်းတို့သည် ရဟန်းပုဏ္ဏားတို့၏ အလုပ်အကျွေးဒကာ ဖြစ်ကြကုန်၏။ ထိုမင်းတို့သည် လည်းကောင်း, ထိုမှတစ်ပါးသော မင်းတို့သည် လည်းကောင်း အလှူသီတင်း၌ မွေ့လျော်ကုန်သောကြောင့် နတ်ပြည်သို့ သွားကြကုန်ပြီ။

"မြေကြီးကိုအစိုးရသော အင်္ဂတိမင်းကြီး။ မတရားသောအမှုအကျင့်ကို မကျင့်နှင့်။ တရားသော အမှုအကျင့်ကိုသာလျှင် ကျင့်လော့။ သင်မင်းကြီး၏နန်းတော်ရှေ့၌ ထမင်း,အဖျော် စသည်တို့ကိုစီရင်၍ ကြွေးကြော်စေလော့။ 'အဘယ်သူ ငတ်မွတ်သနည်း။ အဘယ်သူ ရေ သိပ်သနည်း။ အဘယ်သူ ပန်းနံ့သာပျောင်း အဝတ်တန်ဆာတို့ကို အလိုရှိသနည်း'ဟု ကြွေးကြော်စေ။ 'အဘယ်သူသည် ထီး, ခြေနင်းကို အလိုရှိသနည်း'ဟု ညချမ်း, နံနက်ချမ်းသောအခါတိုင်း သင်မင်းကြီး၏ နန်းတော်ရှေ့၌ ကြွေးကြော်စေ။

"သူတစ်ပါး၏ အိမ်အိုကို လည်းကောင်း၊ နွား,မြင်းအိုကို လည်းကောင်း ရှေးကဲ့သို့ မပျက်မစီးစေလင့်။ ကျေးဇူးရှိသောသူ, ခွန်အား ပညာအား ကျေးဇူးအား ရှိသောသူတို့သည် အိုမင်းမစွမ်းရှိ၍ အရှင်မင်းကြီး၏အမှုကိစ္စကို ရှေးကကဲ့သို့ မရွက်ဆောင်နိုင်သော်လည်း ထို အမှုထမ်း ကျေးဇူးရှိဖူးသောသူတို့အား ရှေးကကဲ့သို့ အခြေအရံ မျိုးရိက္ခာ မပြတ်ပေးလော့"

## ၁၃။ ရထားဥပမာဖြင့် ပြဆိုခန်း

ဤသို့ ဘုရားလောင်း နာရဒဗြဟ္မာမင်းသည် အင်္ဂတိမင်းကြီးအား ဒါနကထာ, သီလကထာကို ဟောပြောပြီး၍ ယခုကား ဤမင်းသည် အကြင်မိမိကိုယ်ကို ရထား၏ဥပမာဖြင့် ဆောင်၍ပြသည်ရှိသော် နှစ်သက်လတ္တံ့။ ထို့ကြောင့် ခပ်သိမ်းသောအလိုကို ဆောင်တတ်သော ရထားဥပမာဖြင့် တရားဟောလိုသည်ဖြစ်၍–
'ကာယော တေ ရထသညာတော၊ မနော သာရထိကော လဟု။
အဝိဟိံသာ သာရိတက္ခော၊ သံဝိဘာဂ ပဋိစ္ဆဒေါ။ ။
'ပါဒသည မနေမိယော၊ ဟတ္ထသည မပက္ခရော။
ကုစ္ဆိသည မနဗ္ဘန္တော၊ ဝါစာသညာ မကူဇနော။ ။
'သစ္စဝါကျ သမတ္တင်္ဂေါ၊ အပေသုည သုသညတော။
ဂိရာ သခိလ နေလင်္ဂေါ၊ မိတဘာဏီ သိလေသိတော။ ။



www.burmeseclassic.com

www.burmeseclassic.com



'သဒ္ဓါလောဘာ သုသင်္ခါရော၊ နိဂ္ဂတဏှလိ ကုဗ္ဗရော။
အထဒ္ဓတာ နဘိသကော၊ သီလသံဝရ နန္ဒနော။ ။
'အက္ကောဓနံ မနုယာတိ၊ ဓမ္မကဏှရ ဆတ္တကော။
ဗာဟုသစ္စ မုပါလမ္ဗော၊ ဓိတိစိတ္တ မုပါဓိယော။ ။
'ကာလညုတာ စိတ္တသာရော၊ ဝေသာရဇ္ဇ တိဒဏ္ဍကော။
နိဝါတဝုတ္တိ ယောတ္တင်္ဂေါ၊ အနတိမာန ယုဂေါသဟု။ ။
'အလီနစိတ္တ သန္ထာရော၊ ဝုဒ္ဓိသေဝီ ရဇောဟတော။
သတိပတော ဓေါရီရသ္သ၊ ဓိတိယောဂေါစ ရသ္မိယော။ ။
'မနောဒန္တံ ပထံ နေတိ၊ သမဒန္တေဟိ ဝါဟိဘိ။
ဣစ္ဆာလောဘောစ ကုမ္မဂ္ဂေါ၊ ဥဇုမဂ္ဂေါ စ သံယမော။ ။
'ရူပေ သဒ္ဒေ ဂန္ဓေ ရသေ၊ ဝါဟနဿ ပဓာဝတော။
ပညာ အာကောဋနီ ရာဇ၊ တတ္ထ အတ္တာဝ သာရထိ။ ။
'သစေ ဧတေန ယာနေန၊ သမစရိယာ ဒဠှာဓိတိ။
သဗ္ဗကာမ ဒုဟော ရာဇ၊ န ဇာတု နိရယံ ဝဇေ။ ။'ဟူသော ၁၀ ဂါထာတို့ဖြင့် ဟောတော်မူပေ၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ သင်၏ကိုယ်ကို 'ရထား'ဟု မှတ်အပ်၏။ သင့်စိတ်ကို 'ရထားထိန်း'ဟု မှတ်အပ်၏။ သူတစ်ပါးတို့အား မညှဉ်းဆဲခြင်းမေတ္တာကို အနှစ်ပြည့်သော 'ရထားဝင်ရိုး'ဟု မှတ်အပ်၏။ ဝေဖန်ခွဲခြမ်းခြင်းကို 'ရထားဝန်ခံ'သဖွယ် မှတ်အပ်၏။ မင်းကြီး။ သင်၏ခြေကိုကား 'ရထားလှည်းဘီး'သဖွယ် မှတ်အပ်၏။ သင်၏လက်ကိုကား 'ရထားလက်တင်'သဖွယ် မှတ်အပ်၏။ သင်၏ဝမ်းကို ဆီဖြင့်သွန်းအပ်သော 'ရထားပုံတောင်း' သဖွယ် မှတ်အပ်၏။ သင်၏စကားကို 'ရထားအသံ'သဖွယ် မှတ်အပ်၏။

"ဟုတ်မှန်စွာ သစ္စာစကားကိုဆိုခြင်းကိုကား 'အညီအညွတ်သော ရထားအင်္ဂါ' သဖွယ် မှတ်အပ်၏။ ချောပစ် ကုန်းတိုက်သောစကားကို မဆိုမူ၍ သူ ၂ယောက်တို့အား စေ့စပ်အပ်သောစကားကို ဆိုခြင်းကို ရထားဦး၌စိုက်ဆောက်အပ်သော 'အလံ' သဖွယ် မှတ်အပ်၏။ သိမ်မွေ့နူးညံ့သောစကားကိုဆိုခြင်းကို 'ပြေပြစ်သောရထားအင်္ဂါ' သဖွယ် မှတ်အပ်၏။ ကိုယ်နှင့်တန်သော စကားကိုဆိုခြင်းကို 'ကောင်းစွာစေ့စပ်အပ်သော ရထားတန်ဆာ' သဖွယ် မှတ်အပ်၏။ သဒ္ဓါခြင်း, အလှူနည်းခြင်းကို 'ကောင်းစွာပြုပြင်အပ်သော ရထား' သဖွယ် မှတ်အပ်၏။ နှိမ့်ချခြင်း, လက်အုပ်ချီခြင်းကို 'ရထားဝက်စွယ်' သဖွယ် မှတ်အပ်၏။ မာန် မခက်ထန်သဖြင့် ကိုင်းညွတ်ခြင်းကို 'ရထားလှည့်သန်' သဖွယ် မှတ်အပ်၏။ သီလစောင့်ခြင်းကို 'ရထားစည်းကုံး' သဖွယ် မှတ်အပ်၏။

"အမျက်မထွက်ခြင်း, မသတ် မညှဉ်းဆဲခြင်း, တရားစောင့်ခြင်းကိုကား ရထား၌စိုက်အပ်သော ထီးဖြူသဖွယ် မှတ်အပ်၏။ အကြားအမြင်များခြင်းကို 'ရထားလက်တင် နောက်မှီတံကဲ' သံဖွယ် မှတ်အပ်၏။ တည်ကြည်သောစိတ်ကိုကား 'ရထား မင်းနေရာ'သဖွယ် မှတ်အပ်၏။ အခါအခါကို သိသောအဖြစ်ကို 'ဆန်းကြယ်သော ရထားတန်ဆာ'သဖွယ် မှတ်အပ်၏။ ရဲရင့်ခြင်းကိုကား 'ရထား ဒေါက် ၃ချောင်း' သဖွယ် မှတ်အပ်၏။



www.burmeseclassic.com

"နှိမ့်ချ၍ အဆုံးအမခံခြင်းကို 'ရထားဦး၌ဖွဲ့သော လွန်ကြိုး' သဖွယ် မှတ်အပ်၏။ မာနမရှိခြင်းကို 'ရထားတံကျင်' သဖွယ် မှတ်အပ်၏။ စိတ်၏ မတွန့်တိုခြင်းကို အဆန်းတကြယ် ငြိမ်သက်စွာသော 'ရထားခင်း' သဖွယ် မှတ်အပ်၏။ ပညာရှိကို မှီဝဲခြင်းသည်ကား 'မြူကို ဆေးလျှော်သည်'နှင့် တူ၏။ သတိတရားကိုကား ' ရထား လုံတံ'သဖွယ် မှတ်အပ်၏။ တည်ကြည်ခြင်း၌ ယှဉ်ခြင်းကိုကား 'ရထားထိန်းဆွဲသော ကြိုး' သဖွယ် မှတ်အပ်၏။

"မင်းကြီး။ လုံကန်တို့ကြောင့် ကောင်းသောမြင်းတို့ဖြင့် ကဲ၍ဆောင်လေသကဲ့သို့ ထို့အတူ ယဉ်ကျေးသောနှလုံးဖြင့် နိဗ္ဗာန်သို့သာ ဆောင်နိုင်လေ၏။ အလိုရမ္မက်ကြီးခြင်း တည်းဟူသော ခရီးလမ်းမသည်ကား အပါယ် ၄ပါးသို့သွားရာ မကောင်းသော ခရီးလမ်းမတည်း။ ကိုယ်, နှုတ်, နှလုံးကို စောင့်သုံးခြင်းသည်ကား ဖြောင့်သော လမ်းခရီးတည်း။

"မင်းကြီး။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတည်း ဟူသောလမ်း၌ 'ကိုယ်တည်းဟူသော ရထား'သည် ပြေးလတ်သည်ရှိသော် ပညာတည်းဟူသော လုံကန်ဖြင့် မစောင်းမတိမ်းရအောင်ပြု၍၊ ထို ကိုယ်တည်းဟူသော ရထား၌ မိမိစိတ်သည်ပင်လျှင် ရထားထိန်းတည်း။ မင်းကြီး။ ကောင်းသောအကျင့်, ကောင်းသောတည်ကြည်ခြင်း၌ အကယ်၍ မြဲသည်ဖြစ်အံ့။ ဤသို့သောသံယာဉ်ဖြင့် ခပ်သိမ်းသောအလိုကို ပေးတတ်သော မင်းကြီးသည် ငရဲသို့ မလားပေရာ"

ဤသို့ အင်္ဂတိမင်းကြီးအား ဆုံးမသောအားဖြင့် မှားသောအယူကိုပယ်၍ သီလ၌တည်စေပြီးသော် "ဤနေ့မှစ၍ မကောင်းသောအဆွေခင်ပွန်းကိုပယ်၍ အဆွေခင်ပွန်းကောင်းတို့ကို အမြဲဆည်းကပ်လျက် မမေ့မလျော့ ကျင့်လော့"ဟု အဆုံးအမပေး၍၊ ရုစာမင်းသမီးအားလည်း များစွာသောအကြောင်းတို့ဖြင့် ချီးမွမ်း၍ မင်း, မိဖုရား, မောင်းမမိသံ, ခြွေရံပရိသတ်တို့အားလည်း အဆုံးအမပေး၍ များစွာသောတန်ခိုးအာနုဘော်ဖြင့် ထိုပရိသတ်တို့မြင်စဉ်ပင်လျှင် ဗြဟ္မာ့ပြည်သို့ သွားလေ၏။

## ၁၄။ ဇာတ်တော်ပေါင်းခန်း

မြတ်စွာဘုရားသည် ဤစကားကို စပ်တော်မူလို၍ "ချစ်သားရဟန်းတို့။ ယခုသာလျှင် ဥရုဝေဠကဿပ၏ မိစ္ဆာကွန်ရက်ကိုဖျက်၍ ငါ၏အဆုံးအမ၌ တည်စေသည် မဟုတ်။ ရှေး၌လည်း မိစ္ဆာကွန်ရက်ကိုဖျက်၍ ငါ၏ အဆုံးအမတော်၌ တည်စေသေးသည်"ဟု မိန့်တော်မူ၍–

'အလာတော ဒေဝဒတ္တောသိ၊ သုနာမော အာသိဘဒ္ဒဇိ။
ဝိဇယော သာရိပုတ္တောသိ၊ မောဂ္ဂလာနောသိ ဗီဇကော။ ။
'သုနက္ခတ္တော လိစ္ဆဝိပုတ္တော၊ ဂုဏော အာသိ အစေလကော။
အာနန္ဒော သာရုစာ အာသိ၊ ယောရာဇာနံဝ သာဒယိ။ ။

www.burmeseclassic.com



'ဥရုဝေဠ ကဿပေါ ရာဇာ၊ ပါပဒိဋ္ဌိ တဒါ အဟု။

မဟာဗြဟ္မာ ဗောဓိသတ္တော၊ ဧဝံ ဓာရေထ ဇာတကံ။ ။'ဟူသော ဂါထာဖြင့် ဇာတ်တော်ကို ပေါင်းတော်မူ၏။ အဓိပ္ပာယ်ကား–

"ချစ်သားရဟန်းတို့။ ငါ နာရဒဗြဟ္မာ ဖြစ်သောအခါ 'အလာတ'အမတ်ကြီးသည် ယခုအခါ 'ဒေဝဒတ်' ဖြစ်လာ၏။ 'သုနာမ' မည်သောအမတ်ကြီးသည် 'ဘဒ္ဒဇိ' ဖြစ်လာ၏။ 'ဝိဇယ' အမည်ရှိသော အမတ်ကြီးသည်ကား ယခုအခါ တရားစစ်သူကြီးအရာ လိမ္မာကျွမ်းကျင်သော လက်ယာရံ 'သာရိပုတ္တရာ' ဖြစ်လာ၏။ 'ဗီဇက' အမည်ရှိသော သူဆင်းရဲသည် လက်ဝဲရံ 'မဟာမောဂ္ဂလာန်' ဖြစ်လာ၏။ အဝတ်မဝတ်သော 'ကဿပတက္ကတွန်း' ကား ယခုအခါ လိစ္ဆဝီမင်းသား 'သုနက္ခတ်' ဖြစ်လာ၏။ 'ရုဇာ'မင်းသမီးကား ယခုအခါ ဘထွေးတော်သား 'အာနန္ဒာထေရ်' ဖြစ်လာ၏။ ထိုအခါ မိစ္ဆာဒိဋ္ဌိအယူကိုယူသော 'အင်္ဂတိ'မင်းကြီးသည်ကား ယခုအခါ 'ဥရုဝေဠကဿပ' ဖြစ်လာ၏။ 'နာရဒ'မည်သော ဗြဟ္မာမင်းသည်ကား လူ ၃ ပါးတို့၏ ရှိသေမြတ်နိုး ကိုးကွယ်ရာဖြစ်သော အလုံးစုံသောတရားတို့ကို အလိုလိုသိမြင်တော်မူသည်နှင့်အညီ ယခုအခါ ငါ 'ဘုရား'လျှင်တည်း"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

[ဤ နာရဒဇာတ်တော်သည် ဤကမ္ဘာတွင်း၌ ကဿပမြတ်စွာဘုရားနှင့် ငါတို့မြတ်စွာဘုရား၏ အကြားတွင်ဖြစ်တော်မူသော ဇာတ်တော်တည်း။ အဘယ့်ကြောင့် သိရသနည်းဟူမူ ဤဇာတ်တော်တွင် ရုဇာမင်းသမီးသည် ကမ္ဘာ ၁ သိန်းဖြည့်ပြီးသော ပါရမီရှိ၏ဟု ဆိုသောကြောင့် လည်းကောင်း၊ ဗီဇက သူဆင်းရဲသည် ကဿပမြတ်စွာဘုရား၏ တပည့်ရဟန်းတစ်ပါးအား ပြစ်မှားမိဖူးသောမကောင်းမှု အကျိုးဆက်ကြောင့် သူ့ကျွန်ဖြစ်ရသည် ဆိုသောကြောင့်လည်းကောင်း ဤသို့ ရုဇာမင်းသမီး၏အတ္ထုပ္ပတ္တိ၊ ဗီဇကဝတ္ထုတို့ကို ထောက်၍ သိအပ်၏။]



www.burmeseclassic.com

www.burmeseclassic.com



## နီဝိုး ပိုဒ်စုံရတု

ရှေးဦးကမ္ဘာ၊ တည်စခါက၊ မဟာသမ္မတ်၊ မင်းမြတ်စတည်၊ ကသာပြည်သို့၊ ဘုန်းစိပွင့်လှိုင်း၊ မြန်ရပ်တိုင်းကို၊ အုပ်သိုင်းပြုစု၊ ရန်မတုသား၊ သမ္မုဒ္ဒိရာဇ်၊ စောနတ်စစ်လျှင်၊ ဘုန်းသစ်ပွင့်လန်း၊ စိုးမြန်းစံရာ၊ အဖြာဖြာတွင်၊ ရပ်သာဟူသည်၊ မြို့အောင်စည်၌၊ အသည်ကြီးသား၊ တို့ဘိုးဘွားလျှင်၊ တိုင်းကား ပြည်ရွာ၊ မငြိမ်ရာတွင်၊ ရပ်သာ နာဂရ၊ ထိုဌာနမှ၊ တူကွမကွေ၊ မျိုးဆွေနွယ်ချည်း၊ တစ်အုပ်တည်းလျှင်၊ တစည်းတဝေး၊ လုပ်ကျွေးကိုးကွယ်၊ မြတ်နွယ်ဆရာ၊ တို့ထိပ်ချာနှင့်၊ သာယာပျိုနု၊ စကုမြို့ကျေး၊ ရွာသူဌေးဟု၊ နီးဝေးခိုလာ၊ ငြိမ်းချမ်းစွာသား၊ ရောမြစ်ဦး၊ ကမ်းနဖူးဝယ်၊ မင်းပူးအောင်မြေ၊ ကျက်သရေသို့၊ ဖြိုးဝေကံငင်၊ ရောက်ကြလျှင်လည်း၊ နှစ်အင်တရား၊ စက်  လေးပါးတွင်၊ တော်သားကြိမ်သင့်၊ ကောင်းကျိုးဆင့်ရှင့်၊ လှစ်ဖွင့်ပြဆို၊ ဤအလိုကား၊ ကုသိုလ်ပွားရာ၊ ကြောင်းအင်္ဂါတွင်၊ ဆရာတင့်တယ်၊ မျိုးနွယ်ကောင်းမြတ်၊ ပြည့်စုံလတ်က၊ ကျင့်ဝတ်တရား၊ အကြားအမြင်၊ ဆင်ခြင်လိမ္မာ၊ ထိုနည်းနာဖြင့်၊ ရေးရာတွင်ကျယ်၊ ဂုဏ်စံပယ်သည်။ ။ ပန်းနှယ်ရောင်ခြည် ရွှန်းလှည့်သောဝ်။

ကျေးဖူးမဟာ၊ ကြီးလှစွာသား၊ ဆရာမြတ်မွန်၊ တို့ထိပ်ပန်လျှင်၊ ကျော်ဝှန်သတင်း၊ ကျွန်းလုံးချဉ်းမျှ၊ မင်းပူးတန်ဆောင်၊ နောက်တောင်ခပ်ယွန်း၊ သိကြားညွှန်း၍၊ တက်ထွန်းကျက်သရေ၊ ဘုန်းပွင့်မြေဝယ်၊ ဓာတ်မွေတော်ပေါင်း၊ ကျိန်းအောင်းပျော်ရာ၊ ရှေ့မျက်နှာက၊ များစွာစေတီ၊ သရီရမျိုး၊ ဂူပုထိုးဝယ်၊ အမျိုးတကာ၊ ပူဇော်ရာသား၊ မဟာစေတီယ၊ ပဗ္ဗတနှင့်၊ ချိုမြရာသာ၊ သြဇာပြည့်နက်၊ သရက်အုန်းပေ၊ ညွှန့်ဝေရွှင်ရွှင်၊ မြေပြန့်သန့်ရှင်း၊ ရေတွင်းရေကန်၊ ပန်းမန်ကြိုင်မွှေး၊ ထုံနံ့အေးလျက်၊ ရန်ဘေးမိစ္ဆာ၊ ပျောက်လွင့်ကွာသား၊ လေသာသမိုက်၊ ကျောင်းတိုက်တော်ကြီး၊ သံဃာ့ထီးဟု၊ ဝေးနီးခိုလာ၊ ရုံသံဃာကို၊ နည်းနာဥပဒေ၊ ပို့ဌဝေလျက်၊ လေးထွေသီလ၊ ဖြူစင်ပသား၊ မိုးဝကြွယ်ရုံ၊ ရွှေလစံသို့၊ ဘုန်းလျှံဂုဏ်ဝင်း၊ ကျော်နံ့ခြင်းရှင့်၊ ထံရင်းမကွာ၊ မြတ်ဆရာဝယ်၊ သဒ္ဒါကစ္စည်း၊ ချသည်နည်းနှင့်၊ ပစ္စည်းနာမ်ရုပ်၊ ပစ္စယုဂ်ဝီထိ၊ နှိုင်းညှိပဋ္ဌာန်း၊ ဆန်းအလင်္ကာ၊ ကဗျာဖွဲ့ထုံး၊ ပန်းနှယ်ကုံး၍၊ နှလုံးယဉ်ကျေး၊ ဂုဏ်နံ့မွှေးလျက်၊ ငယ်သွေးပျိုနု၊ ကောင်းရာမှုဖြင့်၊ ဆယ်စုသက်ဝယ်၊ ဝဏ္ဏရွယ်၌၊ ရှုဖွယ်ရှုပ၊ သမဏလျှင်၊ သုတစရော၊ ပညာပွားမှု၊ ဤဝတ္ထုကို၊ ပြုစုစီရင်၊ ထုတ်စေချင်ဟု၊ ချစ်ခင်နှောင်လား၊ နွယ်မပြားသား၊ ပျိုထွားရွယ်ပေါက်၊ တောင်းပန်လျှောက်၍၊ 'မောင်ထောက်'မည်ဆို၊ ထိုသူကိုလျှင်၊ မဂ်ဖိုလ်ရလွယ်၊ အကြောင်းသွယ်သည်။ ။ ခန့်ရှယ်အောင်စည် မွှန်းလှည့်သောဝ်။

မွှေးကြူရသာ၊ ဤသည့်စာကို၊ နှောင်လာသိထင်၊ ကမ္ဘည်းဆင်အံ့၊ မြတ်ရှင်သာသနာ၊ ထောင်မှာကားဒွိ၊ တြိကား ရာ၊ ဒွါရာကား ဆယ်၊ ခြောက်ခုကယ်ရှင့်၊ မှတ်ရွယ်ဖြိုပစ်၊ သက္ကရာဇ်ကောဇာ၊ ဒီဃမှာကား၊ သချေ် တစ်ထောင်၊ ထိုနောင်ဲ့တစ်ရာ၊ ဆယ်မှာစတု၊ လေးခုစွန်းပါ၊ ဝိသာခါဟု၊ မည်သာနှစ်မည်၊ လသည်လည်းကောင်း၊ တပေါင်းကြူးလစ်၊ ရွက်ဟောင်းပစ်၍၊ ရွက်သစ်ရွှင်ရွှင်၊ မင်းလွင်ဆိုင်းဆိုင်း၊ ညှိမှိုင်းရီရီ၊ သရဖီဖြော်ဖြော်၊



www.burmeseclassic.com

www.burmeseclassic.com



ကုံကော်ဆွတ်ဆွတ်၊ ရင်ခတ်သင်းသင်း၊ အင်ကြင်းလှိုင်လှိုင်၊ ပျံ့ကြိုင်စုံခြေ၊ မြစ်ရေဖွေးဖွေး၊ မြစ်တွေးရင်ကာ၊ ဟသာလည်နွဲ့၊ ဝမ်းဘဲအတူ၊ သဲဖြူပြင်ရိပ်၊ ကမ်းဆိပ်သာယာ၊ ရေမှာတစ်သွယ်၊ ကုန်းဝယ်တစ်ထူး၊ ပျော်ဖွယ်မြူးသား၊ တန်ခူးဆန်းတက်၊ ဆယ့်နှစ်ရက်စေ့၊ သောကြာနေ့ဝယ်၊ ဘုန်းဟော့လျှံဝင်း၊ နေမင်းရောင်စို၊ သုံးပဟိုရ်ကျော်၊ ခြောက်မောင်းပေါ်တွင်၊ သော်တာလစက်၊ လင်္ဂနှင့်ယှဉ်မှီ၊ ရာသီကြကင့်၊ နက္ခတ်အမြိတ္တာ၊ ပုနဗ္ဗသူ၊ ပျိုနွှက်သက်၊ ကြင်ဖက်ရှိသူ၊ အတူနွဲ့ခွေ၊ သက်ဝေကြင်ဖော်၊ မရှိသော်မူ၊ မူးမော်စိတ်ဝမ်း၊ နုံးခွေနွမ်းသား၊ ညချမ်းဤခါ၊ မင်္ဂလာတွင်၊ မကြာဆောလျင်၊ ပြီးအောင်မြင်ရှင့်၊ ဤလျှင်မငြို၊ ငါ့ကုသိုလ်ကြောင့်၊ လူမိုလ်တကာ၊ မေတ္တာသက်ဝင်၊ ဘေးရန်စင်၍၊ များဖြင်ကောင်းကြွယ်၊ လွန်တင့်တယ်သည်။ ။ မြန်နံ့လယ်မှောင်ပြည် ထွန်းလှည့်သော်။

**ဤတွင်ရွေ့ နာရဒဇာတ်တော်ကြီး ပြီးပြည့်စုံပြီ။**

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ထို ဝတ္ထုတိုသည် အခြားမဲ့သောသဘော ပုဏ္ဏကာ၏မယား ဖြစ်ရသောဥစ္စာ ထိုလို သံသရာ ချိန်ထိတ်ထိသော အဆုံးမဲ့သော ပုဏ္ဏကာဘီလူးသည် ဝတ္ထုတို၏တီချင်းသံကို ကြားလျှင် ဦးခေါင်းရေရှား ကြွမည်ကဲ့သို့ စိတ်လှုပ်ရှားခြင်းအတိုင်း နှမ်းလက်ခြင်းပါတိသည် ဖြစ်၍ ဝတ္ထုတိုအား တပ်မက်သောစိတ်ဖြင့် မြင်အကိုရ်ပဲ၍ သိနေရဖြင်းနဲ့ပြီ နေလျှင်လျှင် "အသက်။ ငါ၏မယားအမွန်ဖြင့် တရားနှင့်အညီ ဝိဝရသုဓမ်နှိမ်နှင့်သောကို ဆောင်ခြင်းငှာ စွမ်းနိုင်၏။ သင် မကိုရ်မ် လင်း။ သင်သည် ငါ၏မယား ဖြစ်တော့"ဟု ဆို၏။

ပုဏ္ဏကသည် အနှင်းကြီး ကာယ၏ အလျှံ့နှင့် မင်းကြီး ဘောင်းထား အာဘရကြည့်
အလျှံ့ စုံ ဟုဆိုကာ ပုဏ္ဏကသော အမင်းကြီးများ အသက်ကို ဆောင်ထားချိန်သည် ဟု ဆေ၏။

'အကြောင်း အဆိုနှည်း' ဟု ကြည့်လင်သော် 'မင်း၏ ကိုယ်အစောင့်နတ်သမီး၏ အနဆောက်တည်း' ဟု သိလျှင်
မျက်စိကိုမှိန်၍ အမျက်ချောက်သကဲ့သို့ နတ်သမီးကို မျက်စောင်းထိုးနိုင်လေ၏။
နတ်သမီးသည်။ ကြောက်လန့်တကြားပြေးလေ၍
ဧကြာဝွာဆောင်ထိမ်သို့ရောက်လျှင် တုန်လှုပ်လျက် ချောက်ကြည့်၍နေလေ၏။

ထို ဝိမာနဝေါ်၏သမီးဖြစ်သော ဝတ္ထု၏ နဂါးမင်းသမီးကို အလိုရှိ၏။
ထို ဝတ္ထုတိုအဆည့်ရှိသော နဂါးမင်းသမီးသည် မကြီးမငယ် အရွယ်အချိန်သင့် ဖြစ်သည်နှင့်
ချစ်ကြင်နာသောက်သောသူနှ လျော့ကောကောင်းဟုဆသူမည်း ဂေငါ်ဆောည့်ရ၍ ရှုပ်ပြောက်တော်မူ၏။
ထိုနဂါးမင်းသမီးကို ရိုသေသောကြောင်းကြောင့် သင့်ကို သက်ချင်သောစိတ်သည် ထို့ ဖြစ်၏။

အမော်လုပ်ပါ၏။ 'သူ့အဆောသူရောက်သို့ အစ်ပိုက်ခြင်း' ဆိုသည့်တား အသက်နှည်း။
'ခွတ်သောလက်ကို မပူလောင်စေနှင့်' ဆိုသည့်တား အသက်နှည်း။
'ဝိန်းလျက်' ဟူသည့်တား အသက်နှည်း။
'ခင်မွန်း ဖြစ်မှုသော' ဟူသည့်တား အသက်နှည်း။
ဤ ၄ ပါးသောတရားကို သင်ဆောင်သော်လည်း
သဘောချိုလျက် ခံကုက်ကျဉ်းမှုသောကြောင့် ငါ မသိနိုင်။



မွေ့သိမ်ညှံ့၍ ရှုမငြီးသော ကုရုန္တီမင်းသမီးကို ငါ့အား ထိမ်းမြားလက်ထပ် ပေးအပ်သော အခြင်းအရာဖြင့် အတူတကွ စံပျော်ရမည့်အကြောင်းကို ပြပေ၏။ သင်သုခမိန်အားလည်း ငါသည် ကျေးဇူး တုံ့အပ်ပါအံ့။ စကြဝတေးမင်းတို့သာ သုံးဆောင်ထိုက်သော ဤမနောဟာရပတ္တမြားကို သင့်အား ပေး၏။

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်

ထို ထုရှုမက်သည် အမြဲနေသောတရား ပုဏ္ဏားဆိုးသား ဖြစ်ရသောကြောင့် ထိုသို့ သံသရာ နှိမ်ချထားရာ အဆုံးသော ပုဏ္ဏားတို့မှသည် ထုရှုမက်၏အမျိုးသမီးကို ကြားလျှင် ဦးခေါင်းရေသား ကြွေကျသကဲ့သို့ ဖိတ်ခေါ်ခဲ့ပြီးသောအခါ နှင်းထက်ဖြူဖွေးသောသည် ဖြစ်၍ ထုရှုမက်အား ထပ်မံထောက်ခံခြင်း မြင်တော်မူရ၍ သိမှုမြဲခံနိုင်၍ နေမှုကုန်လျှင် "အသယ်။ ငါ၏ပညာအရှမ်းကြောင့် တရားနှင့်အညီ ဝိစ္ဆေသနိမိတ်နက်ရှိုင်းသော ဆောင်ရွက်ခြင်းမှာ စွမ်းနိုင်၏။ သင် မဆိုနိုင်လင့်၊ သင်သည် ငါ၏မယား ဖြစ်စေရဲ့" ဟု ဆို၏။

ပုဏ္ဏားသည် အလှမင်းကြီး၏ သားသမီး အလွန်မြင့် မင်းကြီး တောင်းပန်၏ ငါ၏ဆရာကြီး။ အလွန် ထူးမြတ်၏ ပျော်ရွှင်သော အလှမင်းကြီးများအား ဆက်သ၍ လေးစားလျက်ရှိသည်" ဟု ဆော၏

'အကြောင်း အသို့နည်း' ဟု ကြည့်လတ်သော် 'မင်း၏ ကိုယ်တော်နှင့်သမီး အနီးတော်တည်း' ဟု သိလျှင်
မျက်စိကိုဖွင့်၍ အမျက်ထွက်သကဲ့သို့ နတ်သမီးကို မျက်စောင်းထိုးလိုက်လေ၏
နတ်သမီးလည်း ကြောက်လန့်တကြားဖြစ်လေ၍
ကြောင့်ကြောင့်ကြည့်ကာ တုန်လှုပ်လျက် မျက်ကြည့်ရှိနေလေ၏

ထို ဝိမာန်တော်၏ အမြဲဖြစ်သော ထုရှုမက် မှုန်မင်းသမီးကို အကဲခတ်၏
ထို ထုရှုမက်အလည်ရှိသော မှုန်မင်းသမီးသည် မကြီးမငယ် အရွယ်အနေအထား ဖြစ်သည်နှင့်
ချစ်ကြင်နာလောက်သောရုပ်၊ လက္ခဏာကောင်းသူ့အမှုသည်း ထပေါ်တည်ရှိ၍ မြင်နိုင်ကျက်လိုက်၏
ထိုမှုန်မင်းသမီးကို လိုသောအကြောင်းကြောင့် သင့်ကို သတ်ချင်သောစိတ်သည် ထို့ ဖြစ်၏

အမတ်သူကြီး၊ 'သွားသောရသူရောက်သို့ အစဉ်လိုက်ခြင်း' ဆိုသည်ကား အဘယ်နည်း။
'ရွတ်သောလက်ကို ပေးလော်စေနှင့်' ဆိုသည်ကား အဘယ်နည်း။
'မိန်းမယုတ်' ဟုသည်ကား အဘယ်နည်း။
'အမွှန်း ဖြစ်ရာသောလူ' ဟုသည်ကား အဘယ်နည်း။
ဤ ၄ ပါးသောတရားကို သင်မေးသော်လည်း
သင်ဘာကြောင့် ခံကျဉ်းတတ်ကြောင်း ငါ မသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေသိမ်ညို၏ ရှုံ့မပြီးသော ဇာတ္တတိမင်းသမီးကို ငါအား ထိမ်းမြားလက်ထပ် ပေးအပ်သော အခြင်းအရာဖြင့်
အတူတကွ စံပျော်ရမည့်အကြောင်းကို ပြုပေ၏၊ သင်သုခမိန်အားလည်း ငါသည် ကျေးဇူး တုံ့အပ်ပါအံ့
ကြေးဝတ်တောမင်းတို့သာ သုံးဆောင်ထိုက်သော ဤမနောဟရပတ္တမြားကို သင့်အား ပေး၏

www.burmeseclassic.com

www.burmeseclassic.com



# ဝိဓုရ ဇာတ်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

ဝိဒိတဓမ္မံ ဝိဇာနန္တံ၊ ဝိသုဒ္ဓံ သုဒ္ဓနိဿိတံ။
သိဒ္ဓိမေဝ မမိစ္ဆန္တော၊ နမာမိ တဿ တေဇသာ။ (ပဏ္ဍာဝဏ္ဏ ဂါထာ)

အဟံ၊ ငါသည်။ ဝိဒိတဓမ္မံ၊ သိအပ်သော ဉေယျမံတရား ၅ ပါးအပေါင်းကို။ ဝိဇာနန္တံ၊ သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူထသော။ ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကို လည်းကောင်း။ ဝိသုဒ္ဓံ၊ ညစ်ကြေးမတင် ဖြူစင်စွာသော။ ဓမ္မဥ္စ၊ မဂ် ၄ တန် ဖိုလ် ၄ တန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ၁၀ ပါးသောတရားတော်မြတ်ကို လည်းကောင်း။ သုဒ္ဓနိဿိတံ၊ သာသနာတော် ၃ ပါးတည်းဟူသော ဖြူစင်လှစွာသောတရားကို ကျင့်ဆောင်သောအားဖြင့် မှီသော။ သံဃဥ္စ၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်နှင့်တကွ ၈ ယောက်သော ပရမတ္ထ သံဃာတော်မြတ်ကိုလည်းကောင်း။ နမာမိ၊ ရှိခိုးပါ၏။ တဿ ပုညဿ၊ ထိုရှိခိုးခြင်း ပဏာမ ကုသိုလ်စေတနာ၏။ တေဇသာ၊ အစွမ်းဖြင့်။ မမ၊ အကျွန်ုပ်၏။ ဣစ္ဆာ၊ အလိုဟူသမျှသည်။ သိဒ္ဓိမေဝ၊ အပြီးသို့သာလျှင်။ ဧတု၊ ရောက်ပါစေသတည်း။

## နိဒါန်း

နတ်မင်း, အသုရာမင်း, ဂဠုန်မင်း, လူမင်း, နဂါးမင်း, ဂန္ဓဗ္ဗနတ်မင်းတို့၏ မကိုဋ်သရဖူအထွတ်အဖျားဦ၌ တပ်အပ်သော ကျောက်မျက်ရှင်ပေါ်၌ ၁၀၈ ကွက် စက်လက္ခဏာတော်နှင့်ပြည့်စုံတော်မူသော ခြေတော်အစုံဖြင့်ရပ်ခြင်းဟု ထိုက်တော်မူသည်ဖြစ်၍ ဘုံ ၃ ဦး၌ တုဖက်လွတ်ကင်း မင်းတကာတို့၏သခင် ဖြစ်တော်မူသော တရားမင်းဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ ကိုယ်တော်မြတ်၏ ပညာပါရမီတော်ကိုအကြောင်းပြု၍ 'ပဏ္ဍုကမ္ဗလသီလာ ဒုဗ္ဗမလာ'အစရှိသော ဂါထာပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤ 'ဝိဓုရ'ဇာတ်တော်ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်းအကျယ်ကား

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် ဤသို့သောစကားကို ဖြစ်စေကြကုန်၏။

"အရှင်တို့။ လောက ၃ ပါး၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အံ့ဩဖွယ် ရှိစွ။ ကြီးသော ပညာတော်, အထူးထူးအပြားပြားသော ပညာတော်, နက်နဲသော ပညာတော်, ရွှင်သော ပညာတော်, လျင်သော ပညာတော်, ထက်သော ပညာတော်, အခိုက်အငြိမရှိသော ပညာတော်, သူတစ်ပါးတို့၏အယူကို နှိမ်နင်းနိုင်သော ပညာတော် ရှိတော်မူ၏။ ပညာတော်၏အစွမ်းအားဖြင့် မင်း, ပုဏ္ဏား အစရှိကုန်သောပညာရှိတို့သည် စီရင်အပ်သော သိမ်မွေ့လျို့ဝှက် ခက်ခဲသောပြဿနာတို့ကို ဖြေဆိုတော်မူသည်ဖြစ်၍၊ အယူကိုဖျက်ဆီးလျက် ထိုထို မင်း, ပုဏ္ဏား အစရှိသောသူတို့ကို ဆုံးမတော်မူသဖြင့် အဆိပ်အတောက်မရှိသည်ကိုပြု၍၊ သရဏဂုံ, ပဉ္စသီ, အဋ္ဌသီ, ဒသသီ အစရှိသည်တို့၌တည်စေသဖြင့် နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်း ကောင်းမြတ်သောခရီးကို ညွှန်ကြားတော်မူပေ၏"ဟု စကားဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် ထို ရဟန်းတို့အစည်းအဝေးသို့ ကြွတော်မူလတ်၍

"ရဟန်းတို့။ ယခု ငါလာတော်မူသောအခါ အဘယ်စကားကြောင့် စည်းဝေးကြကုန်သနည်း"ဟု မေးတော်မူလျှင်၊ ရဟန်းတို့လည်း "ပညာပါရမီတော်ကို ချီးမွမ်းပါကုန်သည်"ဟု ဦးတင်လျက် နားတော် လျှောက်ကုန်လတ်သော်၊

"ရဟန်းတို့။ လာခြင်းကောင်းသော ငါဘုရားသည် သဗ္ဗညုတဉာဏ် အထွတ်အမြတ်သို့ရောက်ပြီဖြစ်၍ သူတစ်ပါးတို့၏အယူကို ဖျက်ဆီးလျက် မင်း အစရှိသောသူတို့ကို ဆုံးမခြင်းသည် မခဲယဉ်းဖြစ်သောကြောင့် ယခု ငါ၏ပညာတော်သည် အံ့ဖွယ် မရှိလွန်းသေး။ ရှေးသံသရာ၌ သဗ္ဗညုတဉာဏ်ကိုရှာလျက် ပါရမီတော် မရင့်မီကပင်လျှင် ပညာရှိတော်မူသည်ဖြစ်၍ သူတစ်ပါးတို့အယူကို နှိပ်နင်းတော်မူဖူး၏။ ထိုစကားသည် မှန်၏။ ငါဘုရားသည် 'ဝိဓုရ'သတို့သား ဖြစ်တော်မူသောအခါ ယူဇနာ ၆၀ အမြင့်ရှိသော ကာဠာဂိရိတောင်ထိပ်ထက်၌ 'ပုဏ္ဏက' အမည်ရှိသော ဘီလူးစစ်သူကြီးကို ဉာဏ်တော်အစွမ်းဖြင့် ဆုံးမ၍၊ အဆိပ်အတောက်မရှိသည်ကိုပြုလျက် မိမိ၏အသက်ကိုလည်း ပေးစေ၏"ဟု မိန့်တော်မူ၍၊ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ရဟန်းတို့သည် "ပုဏ္ဏကအား ဆုံးမကြောင်း, ကိုယ်တော်၏အသက်ကို ပေးစေကြောင်း အစရှိသော ဝိဓုရဇာတ်တော်ကို ထင်ရှားသိသာအောင် ဟောတော်မူပါ"ဟု လျှောက်တောင်းပန်လတ်သော်၊ အတိတ်ကိုဆောင်၍ ဝိဓုရဇာတ်တော်ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဝိဓုရဇာတ်တော်ကြီး

## ၁။ မင်း ၄ ပါးတို့ ဥပုသ် သုံးခန်း

လွန်လေပြီးသောအခါ ကုရုတိုင်း[၁] ကုရုပဉ္စာလနဂိုရ်ပြည်၌ ဓနဉ္စယကောရဗျ[၂] အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်း၏အကျိုးကို လည်းကောင်း, အကြောင်းကို လည်းကောင်း ဆုံးမတတ်သော အမတ်ပညာရှိသည်ကား ဝိဓုရ အမည်ရှိ၏။

ထို ဝိဓုရသုခမိန်[၃]သည် သာယာစွာသောစကားဖြင့် လူအပေါင်းတို့အား တရားဟော၏။ ဇမ္ဗူဒီပကျွန်းအပြင်၌နေကုန်သော မင်းအပေါင်းတို့သည် ဆင်ကို နှစ်သက်စေတတ်သောစောင်းကို တီးလျှင် ဆင်အပေါင်းတို့သည် ထိုစောင်းသံ၌ တပ်မက်ခြင်းဖြင့် မနွာရက်သကဲ့သို့ သာယာလှစွာသောတရားသံဖြင့် ကြည်ညိုတပ်မက်ကြသည်ဖြစ်၍၊ မိမိတို့ပြည်သို့မျှ သွာ၍မပြန်ရက်နိုင် ဖြစ်ကြကုန်၏။

ဝိဓုရအမတ်သုခမိန်သည် ဘုရား၏တင့်တယ်ခြင်းဖြင့် မင်း အစရှိသောလူအပေါင်းတို့အား တရားဟောလျက် များစွာသော စည်းစိမ်အခြံအရံဖြင့် ထို ကုရုပဉ္စာလနဂိုရ်ပြည်၌ ထင်ရှားစွာနေ၏။

ဗာရာဏသီပြည်၌လည်း အဆွေခင်ပွန်းဖြစ်သော ပုဏ္ဏားသူကြွယ် ၄ ယောက်တို့သည် ကာမဂုဏ်၌ အပြစ်ကိုမြင်၍ များစွာသောစည်းစိမ်ကိုစွန့်ပစ်လျက် ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုသဖြင့် အဘိညာဉ်[၅] သမာပတ်[၆]ကိုဖြစ်စေ၍၊ တောသစ်မြစ်, သစ်သီးသာလျှင် အစာရှိကုန်လျက် ဟိမဝန္တာ၌ ကာလအရှည်နေကြပြီးမှ ချဉ်, ဆား မှီဝဲလိုသောငှာ မြို့, ရွာ, ဇနပုဒ်တို့သို့ လှည့်လည်သွားလာကြသော်၊ အင်္ဂတိုင်း စမ္ပာနဂိုရ်ပြည်သို့ ရောက်လေ၍ မင်း၏ဥယျာဉ်၌ နေကြကုန်၏။

မိုးသောက်လျှင် ဆွမ်းအလို့ငှာ မြို့သို့ဝင်လေကုန်သော် ထိုမြို့၌ သူကြွယ်အဆွေခင်ပွန်း ၄ ယောက်တို့သည် ထိုရသေ့တို့၏ သွားခြင်း, ရပ်ခြင်း အစရှိသော ဣရိယာပုထ်[၇]ကိုမြင်လျှင် ကြည်ညို၍ ရသေ့တို့၏အထံသို့ ကပ်ကြကုန်လျက် ရှိခိုး၍ သပိတ်ကိုယူပြီးသော်၊ မိမိ, မိမိတို့အိမ်သို့ တစ်ပါးစီပင့်၍ မွန်မြတ်သောခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးသော်၊ "ဤအရပ်၌နေ၍ နေ့တိုင်းမပြတ် အကျွန်ုပ်တို့အိမ်သို့ ဆွမ်းစားကြွတော်မူပါကုန်"ဟု တောင်းပန်၍၊ ပဋိညာဉ်[၈]ကိုရလျှင် ထိုဥယျာဉ်၌ နေစေကုန်၏။

ရသေ့တို့လည်း နေ့တိုင်း ထိုသူကြွယ်တို့၏အိမ်သို့ သွား၍ ဆွမ်းစားပြီးသော် နေ့နေလိုသောငှာ တစ်ရပ်စီခွဲ၍ သွားကြကုန်၏။

တစ်ပါးသောရသေ့ကား တာဝတိံသာနတ်ပြည်သို့သွား၍ နေ့နေ၏။ တစ်ပါးကား နဂါးပြည်သို့သွား၍ နေ့ နေ၏။ တစ်ပါးကား ဂဠုန်ပြည်သို့သွား၍ နေ့ နေ၏။ တစ်ပါးကား ကုရုပဉ္စာလနဂိုရ်ပြည် ဓနဉ္စယကောရဗျမင်း၏ မိဂါဇိန်အမည်ရှိသော ဥယျာဉ်သို့သွား၍ နေ့ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို ၄ ယောက်သောရသေ့တို့တွင် တာဝတိံသာသို့ သွားသောရသေ့သည် မိမိဒကာအား မိမိမြင်ခဲ့သည့် အတိုင်း သိကြားမင်းစည်းစိမ်ကို ချီးမွမ်း၍ ဟောပြော၏။ နဂါးပြည်သို့သွားသော ရသေ့သည် နဂါးမင်းစည်းစိမ်ကို, ဂဠုန်ပြည်သို့သွားသောရသေ့သည် ဂဠုန်မင်းစည်းစိမ်ကို, ကောရဗျမင်းဥယျာဉ်သို့သွားသော ရသေ့သည်လည်း ကောရဗျမင်းစည်းစိမ်ကို မိမိတို့မြင်ခဲ့သည့်အတိုင်း မိမိတို့ဒကာ အလုပ်အကျွေးသူကြွယ်တို့အား အသီးအသီး ချီးမွမ်း၍ပြောကြကုန်၏။

သူကြွယ် ၄ ယောက် တို့လည်း မိမိတို့ဆရာရှင်ရသေ့ ချီးမွမ်းသောစည်းစိမ်ကို အသီးအသီး အလိုရှိကြကုန်သဖြင့် အလှူပေးခြင်း, သီလဆောက်တည်ခြင်း အစရှိသောကောင်းမှုကို ပြုကြကုန်လျက် အသက်အတိုင်းနေ၍ စုတေကြလတ်သော် သိကြားအဖြစ်ကို တောင့်တသော သူကြွယ်သည် သိကြား ဖြစ်လေ၏။ နဂါးအဖြစ်ကို တောင့်တသောသူကြွယ်သည်လည်း မိမိသား,မယားနှင့်တကွ နဂါး ဖြစ်လေ၏။ ဂဠုန်မင်းစည်းစိမ်ကို တောင့်တသောသူကြွယ်သည် လက်ပံတောဗိမာန်၌ ဂဠုန်မင်း ဖြစ်လေ၏။ ကောရဗျမင်းစည်းစိမ်ကို တောင့်တသော သူကြွယ်သည် ဓနဥ္စယကောရဗျမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။

ရသေ့ ၄ ယောက်တို့သည်လည်း မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်၌ ဖြစ်ကြလေကုန်၏။

ကောရဗျမင်းသားသည်ဖွား၍ အရွယ်ရောက်လတ်သော် ခမည်းတော်လွန်သဖြင့် မင်းကျင့်တရားနှင့်အညီ မင်းပြု၏။ ထိုရောအခါဝယ် ကောရဗျမင်းကြီးသည်ကား အန်ကစားကြူး၏။ ဝိဓုရသုခမိန် အဆုံးအမ၌ တည်၍ အလှူပေး၏။ သီလ[၁၀]ဆောက်တည်၏။ ဥပုသ်[၁၁]ဆောက်တည်၏။

ထိုကောရဗျမင်းသည် တစ်နေ့သောဥပုသ်နေ့၌ ဥပုသ်ဆောက်တည်ပြီးသော် 'ဆိတ်ငြိမ်ခြင်းကို ပွားစေအံ့'ဟု ဥယျာဉ်သို့သွား၍၊ နှလုံးမွေ့လျော်ရာအရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

သိကြားမင်းသည်လည်း ဥပုသ်ဆောက်တည်ပြီးသော် နတ်ပြည်၌ ကြောင့်ကြစိုးရိမ်ခြင်း, နှောင့်ယှက်ခြင်း များသည်ဟု လူ့ပြည်သို့လာ၍ ထိုဥယျာဉ်၏ နှလုံးမွေ့လျော်ရာအရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

နဂါးမင်းသည်လည်း ဥပုသ်ဆောက်တည်ပြီးသော် နဂါးပြည်၌ ကြောင့်ကြများသည်ဟု ထိုဥယျာဉ်သို့ လာ၍ နှစ်သက်ရာအရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

ဂဠုန်မင်းသည်လည်း ဂဠုန်ပြည်၌ ကြောင့်ကြများသည်ဟု ဂဠုန်ပြည်မှ ထိုဥယျာဉ်သို့လာ၍ နှစ်သက်ရာ အရပ်၌နေလျက် ရဟန်းတရားကို ပွားစေ၏။

ထိုမင်း ၄ ပါးတို့သည် ညချမ်းသောအခါ မိမိတို့နေရာမှထွက်ခဲ့၍ မင်္ဂလာရှိသော ၄ ထောင့်ကန်နား၌ အညီအညွတ် တွေ့ကြုံကြသော် အချင်းချင်းကြည့်ကြ၍၊ ရှေး၌ အဆွေခင်ပွန်းဖြစ်ဖူးသောအားဖြင့် ချစ်ခင်ကြင်နာ ဝမ်းမြောက်စွာ, သာယာစွာ စကားပြောဆိုကြပြီးလျှင်၊ သိကြားမင်းသည် မင်္ဂလာရှိသောကျောက်ဖျာထက်၌နေ၏။ မင်း ၃ ပါးတို့သည်လည်း သင့်ရာအရပ်၌ နေကြကုန်၏။

ထိုရောအခါ သိကြားမင်းသည်

"မင်း ၃ ပါးတို့။ ယခု ငါတို့ ၄ ယောက် စောင့်ကြသောသီလတွင် အဘယ်သူ၏သီလသည် မြတ်မည် ထင်ကြသနည်း"ဟု မေး၏။

ဝရုဏနဂါးမင်းသည်

"အရှင်သိကြားမင်း။ အကျွန်ုပ်၏သီလသည် မင်း ၃ ပါးတို့၏သီလထက် မြတ်မည်ထင်၏"ဟု ဆို၏။ "အဘယ်ကြောင့်နည်း"ဟု မေးလျှင်၊ "ဤဂဠုန်မင်းသည် အကျွန်ုပ်ကို အန္တရာယ်[၁၂]မပြုသည် ဖြစ်စေ။



www.burmeseclassic.com

www.burmeseclassic.com



ဂဠုန်တို့မည်သည် အကျွန်ုပ်တို့အသက်အန္တရာယ်ကို ပြုတတ်၏။ ထိုသို့ အသက်အန္တရာယ်ကိုပြုတတ်သော ဂဠုန်မင်းကို မြင်ရ,တွေ့ရသော်လည်း ကြောက်လန့်စိုးရိမ်ခြင်း မရှိ။ မိမိဝေဒနာကို ပမာဏမပြုသည်ဖြင့် သည်းခံခြင်းမြတ်သောကြောင့် အကျွန်ုပ်၏သီလသည် မင်း ၃ ပါးတို့၏သီလထက် မြတ်သည် ထင်ပါသည်"ဟု ဆို၍ ဒသကနိပါတ် စတုပေါသထဇာတ်၌လာသော–

'ယောကောပနေယျေ န ကရောတိ ကောပံ၊ န ကုဇ္ဈတိ သပ္ပုရိသော ကဒါစိ။

ကုဒ္ဓေါ ပိ သော နာဝိကရောတိ ကောပံ၊ တံ ဝေ နရံ သမဏံ အာဟု လောကေ။ ။' ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"မင်း ၃ ပါးတို့။ အကြင်သူသည် အမျက်ထွက်အပ်သောသူ၌ အမျက်မထွက်စေမူ၍ အခါခပ်သိမ်းပင်လျှင် သည်းခံ၏။ ရံခါ အမျက်ထွက်သော်လည်း ထို မိမိထွက်သောအမျက်ကို ထင်စွာ မပြု။ ထိုသို့သဘောရှိသောသူတော်ကောင်းကိုလျှင် ဤလောက၌ 'ငြိမ်းပြီးသောမကောင်းမှု'ရှိသောသူဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ဤသို့ အမျက်မထွက်ခြင်း, သည်းခံခြင်းကျေးဇူးသည် အကျွန်ုပ်၌ရှိသောကြောင့် အကျွန်ုပ်၏သီလသည် ကြီးမြတ်၏"ဟု ဆို၏။

[ဤစကား၌ ခန္တီဝါဒီ[၃၃] ရှင်ရသေ့သည် အပြစ်မရှိဘဲလျက် နှိပ်စက်သော ကလာဗုမင်းအား အချင်းခပ်သိမ်း အမျက်မထွက်သကဲ့သို့လည်းကောင်း, စူဠဓမ္မပါလ ရှင်ရသေ့သည် မိမိခင်ပွန်း ရသေ့မအား ဗာရာဏသီမင်းကြီး ဖျက်ဆီးမည်အကြံရှိသည်ကိုသိ၍ နှလုံးမသာမယာရှိသော်လည်း ထိုအမျက်ကို အပြင်သို့မထွက်ရ၊ လက်ခုပ်ထဲ၌ ရှိသော မီးပွားကို ပြင်တစ်ပါး အမှိုက်မီးစာသို့ မကျမငြိစေရဘဲ လက်ခုပ်ထဲ၌ပင်လျှင် သေငြိမ်းအောင် ကြိတ်နယ်ဘိသကဲ့သို့ အမျက်ကို ထင်စွာမပြု။ ဤသို့ကျင့်သော စူဠဓမ္မပါလ ရှင်ရသေ့ကဲ့သို့လည်းကောင်း သည်းခံရမည် ဆိုလိုသည်။]

ထိုစကားကိုကြားလျှင် ဂဠုန်မင်း ဆိုပြန်၏။

"မင်းကြီးတို့။ ဤနဂါးမင်းသည် အကျွန်ုပ်တို့၏အစာတွင် အမြတ်ဆုံးတည်း။ ဤသို့သောအစာကို မြင်၍လည်း မွတ်သိပ်ခြင်းကိုသည်းခံလျက် အစာတည်းဟူသောအကြောင်းကြောင့် မကောင်းမှုကို မပြု။ ထို့ကြောင့် အကျွန်ုပ်၏သီလသည် မင်း ၃ ပါးတို့၏သီလထက် မြတ်၏" ဟုဆို၍–

'အနုဒရော ပိယော သဟတေ ဗိယတ္တံ၊ ဒန္တော တပီ မိတ ပါနဘောဇနော။

အာဟာရဟေတု န ကရောတိ ပါပံ၊ တံ ဝေ နရံ သမဏံ အာဟု လောကေ။ ။'ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"မင်းကြီးတို့။ အကြင်သူသည် အလွန်မွတ်သိပ်သော်လည်း အစာတည်းဟူသောအကြောင်းကြောင့် ယုတ်မာသောအမှုကို မပြု။ အတိုင်းအရှည် တန်ရုံမျှသော အစာ,အဖျော်တို့ကိုသာ မှီဝဲလျက် ဣန္ဒြေ[၃၄]ကို ကောင်းစွာ ဆုံးမ၍ သီလကိုမကျိုးမပျက်ရအောင် ကောင်းစွာစောင့်၏။ ထိုသို့ သဘောရှိသောသူကို ဤလောက၌ 'ငြိမ်းပြီးသော မကောင်းမှု'ရှိသောသူဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ဤ အစာတည်းဟူသောအကြောင်းကြောင့် မကောင်းမှုကိုမပြုခြင်းသည် အကျွန်ုပ်၌ ယခု ပြည့်စုံ၏။ ထို့ကြောင့် အကျွန်ုပ်၏သီလသည်လျှင် မြတ်၏"ဟု ဆို၏။

[ဤစကား၌ အစာတည်းဟူသောအကြောင်းကြောင့် သီလပျက်ကောင်းသည်ကို မဆိုနှင့်ဦး။ သီလပျက်ကောင်းသောအရာ၌ပင်သော်လည်း အရှင်သာရိပုတ္တရာသည် "လေနာပေါ်သောအခါ အဘယ်ဆေးဖြင့် ပျောက်ဖူးသနည်း"ဟု အရှင်မောဂ္ဂလာန် မေးလျှောက်သောကြောင့် "ထောပတ်ဖြင့် ပျောက်ဖူး၏"ဟု ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုပင်လျှင် 'အစာဒ္ဒ လော်လည်ခြင်းဖြစ်သည်'ဟု စက်ဆုပ်တော်မူ၍ အရှင်မောဂ္ဂလာန်ခံဆောင်ခဲ့သော ထောပတ်ကို မသုံး ဆောင်ဘဲနေ၏။ ဤသို့ သူတော်ကောင်းတို့သည် သီလမပျက်ကောင်းသော အရာဒ္ဒပင်သော်လည်း အစာကြောင့် လော်လည်ခြင်းမရှိ ဆိုလိုသည်။]

ထို ဂဋ္ဌုန်မင်းစကားကိုကြားလျှင် သိကြားမင်း ဆိုပြန်၏။

"မင်းများတို့။ ငါသည် အထူးထူးအပြားပြား များလှစွာသောနတ်စည်းစိမ်ကိုစွန့်၍ သီလစောင့်လိုသောငှာ ဤလူ့ပြည်သို့ လာ၏။ ထို့ကြောင့် ငါ၏သီလသည် သင်တို့သီလထက် မြတ်၏"ဟု ဆို၍–

'ဒိဗ္ဗေရတိ ဝိပ္ပဇဟေတွာ သဗ္ဗံ၊ န စာလိကံ ဘာသတိ ကိဉ္စိ လောကေ။

ဝိဘူသနဋ္ဌာနာ ဝိရတော မေထုနသ္မာ၊ တံ ဝေ နရံ သမဏံ အာဟု လောကေ။ ။'ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"မင်းများတို့။ အကြင်သူသည် ကိုယ်ဖြင့် မြူးထူးခြင်း၊ နှုတ်ဖြင့် မြူးထူးခြင်းကိုကြဉ်၍ စိုးစဉ်းမျှလည်း ပျက်စကားကို မဆို။ တဏှာ[၃၅]၏အကြောင်းဖြစ်သော အသားကို ပြေပြစ်ပြည့်ဖြိုးစေခြင်းငှာ အစာ မမှီဝဲ။ အရေ၏ပြေပြစ်စေခြင်းငှာ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အခိုး၊ အထုံ စသည်တို့မှလည်းကောင်း၊ မေထုန်[၃၆]မှလည်းကောင်း ရှောင်ကြဉ်၏။ ထိုသို့သဘောရှိသော သူကို ဤလူ့ပြည်၌ 'ငြိမ်းပြီးသော မကောင်းမှု' ရှိသောသူဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ငါသည်လည်း နတ်ပြည်၌ အလွန်အဆင်းလှသော နတ်သမီးအပေါင်းတို့ကို စွန့်၍ ဤလူ့ပြည်၌ သီလဆောက်တည်ခြင်းငှာ လာ၏။ ထို့ကြောင့် ငါ၏သီလသည် မြတ်၏"ဟု ဆို၏။

ထို သိကြားမင်းစကားကိုကြားလျှင် မနုဥယကောရဗျမင်းသည် ဆိုပြန်၏။

"မင်းများတို့။ ငါသည် များစွာသော ဥစ္စာကိုလည်းကောင်း၊ ၁ သောင်း ၆ ထောင်သော မောင်းမတို့ဖြင့် ပြည့်သော ရွှေနန်းစည်းစိမ်ကို လည်းကောင်း စွန့်၍ ဤဥယျာဉ်၌ ဥပုသ်စောင့်ခြင်းငှာ လာ၏။ ထို့ကြောင့် ငါ၏သီလသည် သင်တို့စောင့်သောသီလထက် မြတ်၏"ဟု ဆို၍–

'ပရိဂ္ဂဟံ လောဘဓမ္မဉ္စ သဗ္ဗံ၊ ယော ဝေ ပရိညာယ ပရိစ္စဇေတိ။

ဒန္တံ ဌိတတ္တံ အမမံ နိရာသံ၊ တံ ဝေ နရံ သမဏံ အာဟု လောကေ။ ။'ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"မင်းများတို့ အကြင်သူသည် ခန္ဓာ ၅ ပါး အစရှိသည်တို့၏သဘောလက္ခဏာကို သိတတ်သော ဉာတ ပရိညာဉ်၊ ထို ခန္ဓာ ၅ ပါး စသည်တို့၏ အနှစ်သာရ မရှိသည်ကို စူးစမ်းဆင်ခြင်တတ်သော တီရဏ ပရိညာဉ်၊ ထို ခန္ဓာ ၅ ပါးတို့သည် ပျက်စီးခြင်း၊ ဖောက်ပြန်ခြင်း စသောအပြစ်သာလျှင် ရှိ၏၊ အကျိုးမရှိဟု ဟုတ်မှန်တိုင်းသိပြီး၍ 'ငါ၏ကိုယ်'ဟု မှတ်ထင်သော ဆန္ဒရာဂကို ပယ်နုတ်ခြင်းတည်းဟူသော ပဟာနပရိညာဉ်၊ ဤ ပရိညာဉ်[၃၇] ၃ ပါးတို့ဖြင့် သဘောအလျောက် ပိုင်းဖြတ်ခြားနားစွာ သိပြီး၍ စည်းစိမ်ဥစ္စာ အခြွေအရံ အစရှိသော ဝတ္ထုကာမ၊ ထိုဝတ္ထုကာမကို တပ်မက်သော ကိလေသာကာမတို့ကို ပယ်စွန့်၍၊ အစွယ်ကျိုးသော မြွေကဲ့သို့ အမျက်ရန်ငြိုးတို့ကို မရှိစေရ နှိမ်နင်းခြင်း၊ ဤသို့ ကာမဝိတက်[၃၈]၊ ဗျာပါဒဝိတက်[၃၉]၊ ဝိဟိံသာဝိတက်[၄၀]ဟု ဆိုအပ်သော အကြံအစည်တို့ကိုမဖြစ်စေရသဖြင့် ကိုယ်၊စိတ်၏ ငြိမ်သက်တည်ကြည်ခြင်း၊ သားမယားတို့၌ မတပ်မက်ခြင်းနှင့် ပြည့်စုံ၏။ ထိုသို့ သဘောရှိသောသူကို ဤလူ့ပြည်၌ 'ငြိမ်းပြီးသော မကောင်းမှု'ရှိသောသူ ဟူ၍ ပညာရှိတို့ ဆိုကုန်၏။ ငါသည်လည်း သားမယားတို့နှင့်တကွ ရွှေနန်းစည်းစိမ်ကိုစွန့်၍ သီလစောင့်ခြင်းငှာ ဤဥယျာဉ်သို့ လာသောကြောင့် ပညာရှိတို့ဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍၊ ငါ၏သီလသာ မြတ်၏"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မင်း ၄ ပါးတို့သည် မိမိတို့သီလကိုသာလျှင် ချီးမွမ်းကြကုန်၏။

သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်းတို့သည် ဓနဥ္စယကောရဗျမင်းကို

"ဓနဥ္စယမင်းကြီး။ သင်၏ ပြည်နိုင်ငံ၌ ငါတို့ယုံမှားခြင်းကို ပျောက်နိုင်သော ပညာရှိသုခမိန် မရှိလော"ဟု မေးကြကုန်၏။ ဓနဥ္စယမင်းလည်း

"မင်းကြီးတို့။ ပညာရှိသုခမိန် ရှိ၏။ ငါ၏အကျိုးစီးပွားကို ပြည့်စွန်ဆုံးမတတ်သော အမတ်ကြီးသည် ဝိဓုရ အမည်ရှိ၏။ ထို ဝိဓုရအမတ်သုခမိန်သည် ကြီးကျယ်သောပညာလည်း ရှိ၏။ သာယာနာပျော်ဖွယ်သော အသံနှင့်လည်း ပြည့်စုံ၏။ ငါတို့ ယခုယုံမှားခြင်းကို ပျောက်စေနိုင်လတ္တံ့။ ဝိဓုရအမတ်ကြီးထံ သွား၍ အဆုံးအဖြတ် ခံကြကုန်အံ့"ဟု ဆို၏။

မင်း ၃ ပါးတို့လည်း "ကောင်းပြီ။ သွားကြကုန်အံ့"ဟု အညီအညွတ် ဥယျာဉ်မှထွက်ခဲ့၍၊ တရားစီရင် ဆုံးဖြတ်ရာသဘင်သို့သွားပြီးသော် မြတ်သောပလ္လင်ကို တန်ဆာဆင်၍၊ ဝိဓုရအမတ်သုခမိန်ကို ပလ္လင်ထက် နေစေပြီးလျှင် ပဋိသန္ထာရ[၁]စကားပြောဟော၍ မိမိတို့ယုံမှားခြင်းပြဿနာကို မေးလိုသောကြောင့်-

'ပုစ္ဆာမ ကတ္တာရ မနောမပညံ၊ ကထာသု နော ဝိဂ္ဂဟော အတ္ထိ ဇာတော။

ဆိန္ဒဇ္ဇ ကင်္ခံ ဝိစိကိစ္ဆိတာနိ၊ တဒဇ္ဇ ကင်္ခံ ဝိတရေမု သဗ္ဗေ။ ။'ဟူသော ဂါထာဖြင့် ရွတ်မေးကုန်၏။ အဓိပ္ပာယ်ကား-

"မယုတ်သောပညာရှိသော သုခမိန်အမတ်ကြီး။ ငါတို့ မင်း ၄ ပါး၌ သီလကိုမှီ၍ တစ်ခုသော အငြင်းအခုံစကား ဖြစ်ကြကုန်၏။ ထို ငါတို့ယုံမှားခြင်းကို သင်အမတ်ကြီးသည် ဝဇိရစိန်[၂]လက်နက်ဖြင့် မြင်းမိုရ်တောင်ကို ခတ်ဘိသကဲ့သို့ ထက်လှစွာသောပညာဖြင့် ဖြောင့်စေ၍ ဟုတ်မှန်သောအတိုင်း ဆုံးဖြတ်လော့"ဟု ဆိုကြကုန်၏။

ထိုအခါ ဝိဓုရအမတ်သုခမိန်သည် "အရှင်မင်းကြီးတို့။ ပညာရှိ တရားသူကြီးတို့သဘောသည် အငြင်းအခုံ စကားကို ကြားသိရမှ ကောက်ယူ ဆုံးဖြတ်သာသည်။ အငြင်းအခုံစကားကို မကြားမသိရလျှင် မဆုံးဖြတ်သာ ဖြစ်သည်။ အရှင်မင်းကြီး။ နတ်များသခင်သိကြားမင်းကား မည်သို့ဆိုသည်၊ ကုရုတိုင်းသူ လူတို့၏သခင် အရှင်မင်းကြီးကား မည်သို့ဆိုသည်၊ ဝိနတာအမျိုးဖြစ်သော ဂဠုန်မင်းကား မည်သို့ဆိုသည်၊ နဂါးမင်းကား မည်သို့ဆိုသည်ကို အမိန့်တော် ရှိတော်မူကြမှ ကောက်ယူ ဆုံးဖြတ်သာပါမည်"ဟု မင်း ၄ ပါးတို့၏အယူကို မေး၏။

မင်း ၄ ပါးတို့သည်လည်း မိမိတို့အငြင်းအခုံစကားကို ဝိဓုရအမတ်အား ပြန်ကြားလို၍-

'ခန္တီ ဟဝေ ဘာသတိ နာဂရာဇာ၊ အပ္ပါဟာရံ ဂရုဠော ဝေနတေယျော။

ဂန္ဓဗ္ဗရာဇာ ရတိ ဝိပ္ပဟာရံ အကိဉ္စနံ ကုရူနံ ရာဇသေဋ္ဌော။ ။'ဟူသောဂါထာဖြင့် မင်း ၄ ပါးတို့၏ အယူကို ပြ၏။ အနက်ကား-

ပဏ္ဍိတ၊ သုခမိန်။ ဟဝေ၊ စင်စစ်။ နာဂရာဇာ၊ နဂါးမင်းသည်။ ခန္တိံ၊ သည်းခံခြင်းကို။ ဘာသတိ၊ ဆို၏။ ဝေနတေယျော၊ ဝိနတာ အမျိုးဖြစ်သော။ ဂရုဠော၊ ဂဠုန်မင်းသည်။ အပ္ပါဟာရံ၊ အစာကြောင့် မကောင်းမှုကို မပြုခြင်း။ ဘာသတိ၊ ဆို၏။ ဂန္ဓဗ္ဗရာဇာ၊ သိကြားမင်းသည်။ ရတိဝိပ္ပဟာရံ၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းမှ ကြဉ်ခြင်းကို။ ဘာသတိ၊ ဆို၏။ ကုရူနံ၊ ကုရုတိုင်းသူတို့၏။ ရာဇသေဋ္ဌော၊ မင်းမြတ်သည်။ အကိဉ္စနံ၊ ကြောင့်ကြမရှိခြင်းကို။ ဘာသတိ၊ ဆို၏။ အဓိပ္ပာယ်ကား-

"သုခမိန်။ နဂါးမင်းသည် အမျက်ထွက်အပ်သောသူ၌ အမျက်မထွက်မူ၍ သည်းခံခြင်းကို ချီးမွမ်း၏။ ဂဠုန်မင်းသည် အစာမွတ်သိပ်သည် ဖြစ်သော်လည်း အစာတည်းဟူသောအကြောင်းကြောင့် မကောင်းမှုကိုမပြု၊



www.burmeseclassic.com

www.burmeseclassic.com



ကြဉ်ရှောင်ခြင်းကို ချီးမွမ်း၏။ သိကြားမင်းသည် ကာမဂုဏ်[၂၂] ၅ ပါးတို့၌ မွေ့လျော်ပျော်ပါးခြင်းမှ ကြဉ်ရှောင်ခြင်းကို ချီးမွမ်း၏။ ကုရုတိုင်းသူတို့၏သခင်ဖြစ်သော ဓနဉ္စယမင်းသည် ကြောင့်ကြမရှိသောအဖြစ်ကို ချီးမွမ်း၏”ဟု အယူကို ပြန်ဆိုကြကုန်၏။

ထို ဝိဓုရသုခမိန်သည် မင်း ၄ ပါးတို့၏ စကား ၄ ခွန်းကိုကြားလျှင် ဟုတ်မှန်တိုင်းသိပြီး၍ ဖြောင့်မှန်စွာ ဖြေဆိုဆုံးဖြတ်လိုသောကြောင့်–

‘သဗ္ဗာနိ ဧတာနိ သုဘာသိတာနိ၊ နဟေတ္ထ ဒုဗ္ဘာသိတ မတ္ထိ ကိဉ္စိ။

ယသ္မိံ စ ဧတာနိ သုပတိဋ္ဌိတာနိ၊ အရာဝ နာဘျာ သုသမော ဟိတာနိ။

စတုဗ္ဘိ ဓမ္မေဟိ သမင်္ဂိဘူတံ၊ တံ ဝေ နရံ သမဏံ အာဟု လောကေ။ ။’ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီးတို့။ ယခု ဆိုတော်မူကြသည့် စကား ၄ ခွန်းသည် ကောင်းသောစကားချည်း ဖြစ်သည်။ စိုးစဉ်းမျှ[၂၄] မကောင်းသောအရာ မရှိ။ ဥပမာကား လှည်းပုံတောင်း၌ ကောင်းစွာနက်အပ်သော အကန့်ကဲ့သို့တည်း။ အကြင်ပုဂ္ဂိုလ်၌ သည်းခံခြင်း, အစာကြောင့် မကောင်းမှုကိုမပြုခြင်း, ကာမဂုဏ်၌မွေ့လျော်ခြင်းမှ ကြဉ်ခြင်း, ကြောင့်ကြမရှိခြင်း ဂုဏ်နှင့် ပြည့်စုံ၏။ ထို ဂုဏ် ၄ ပါးနှင့် ပြည့်စုံသောသူကို ဤလူ့ပြည်၌ ‘ငြိမ်းပြီးသော မကောင်းမှု’ရှိသောသူဟူ၍ ပညာရှိတို့ ဆိုကုန်၏”

ဤသို့ ဘုရားလောင်း ဝိဓုရသုခမိန်သည် မင်း ၄ ပါးတို့၏ သီလကို ထပ်တူပြုတော်မူ၏။

ထိုစကားကို ကြားလျှင် မင်း ၄ ပါးတို့သည် နှစ်သက် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ဝိဓုရ သုခမိန်အား ကောင်းချီးပေးလိုသောကြောင့်–

‘တုဝံ နု သေဋ္ဌော တွမနုတ္တရောသိ၊ တွံ ဓမ္မဂူ ဓမ္မဝိဒူ သုမေဓော။

ပညာယ ပဉှံ သမဓိဂ္ဂဟေတွာ၊ အစ္ဆိန္ဒိ ဓီရော ဝိစိကိစ္ဆိတာနိ။

အစ္ဆိန္ဒိ ကင်္ခံ ဝိစိကိစ္ဆိတာနိ၊ စုန္ဒော ယထာ နာဂဒန္တံ ခရေန။ ။’ဟူသောဂါထာကို ဆိုကုန်၏။ အဓိပ္ပာယ်ကား–

“သုခမိန်။ သင်သည်ကား သူတော်မြတ်တည်း။ သင်သုခမိန်နှင့် နှိုင်းယှဉ်စရာ တစ်စုံတစ်ယောက်မျှ မရှိ။ မိမိ၏အရှင်ဖြစ်သည်ဟူ၍ ဆန္ဒ, ဘယ, အဂတိ[၂၅]သို့ မလိုက်။ တရားကို သိမြင်သည်နှင့်အညီ တရားကို စောင့်၏။ လောက၌ ထင်ရှားသောပညာနှင့် ပြည့်စုံ၏။ မိမိပညာအစွမ်းဖြင့် ငါတို့ပြဿနာကို ‘ဤအရာ၌ ဤသည်ကား ဤအကြောင်းတည်း’ဟု ဟုတ်မှန်စွာစူးစမ်းဆင်ခြင်၍ သိတိုင်း ငါတို့ယုံမှားခြင်းကို ဆုံးဖြတ်ပေ၏။ မြတ်သောအဆုံးအဖြတ်သည်လည်း ငါတို့စိတ်နှင့် မဆန့်ကျင်။ ငါတို့အလိုနှင့်လည်း လျော်၏။ တရားနှင့်လည်း ညီ၏။ ဆင်စွယ်ပွတ်သမားသည် ထက်စွာသောလွှဖြင့် ဆင်စွယ်ကိုဖြတ်သကဲ့သို့ ပိုင်းပိုင်းခြားခြား တရားနှင့် လျော်ညီအောင် ဆုံးဖြတ်ပေ၏”ဟု ကောင်းချီးပေးကြကုန်၏။

ထိုအခါ သိကြားမင်းသည် ဝိဓုရသုခမိန်အား ဘွဲ့ဖြူပုဆိုးဖြင့် ပူဇော်လို၍–

‘နီလုပ္ပလာဘံ ဝိမလံ အနဂ္ဃံ၊ ဝတ္ထံ ဣဒံ ဓူမသမာန ဝဏ္ဏံ။

ပဉှဿ ဝေယျာကရဏေန တုဋ္ဌော၊ ဒဒါမိ တေ ဓမ္မပူဇာယ ဓီရ။ ။’ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

"သုခမိန်။ သင်သည် ငါ၏ယုံမှားခြင်းကို ဖျောက်ပေးသဖြင့် ငါ နှစ်သက်၏။ သင်သုခမိန်အား တရားကို ပူဇော်ခြင်းအလို့ငှာ ကြာညိုအဆင်းကဲ့သို့တောက်ပလျက် အညစ်အကြေးမရှိ အမိုးများစွာထိုက်သော မီးခိုးအဆင်းရှိသော ဤဘွဲ့ဖြူပုဆိုးကို ငါပေး၏"ဟုဆို၍ ဘုရားလောင်းအား ဘွဲ့ဖြူပုဆိုးဖြင့် ပူဇော်၏။

ဂဠုန်မင်းသည်လည်း ရွှေပန်းဖြင့် ပူဇော်လို၍–

'သုဝဏ္ဏမာလံ သတပတ္တ ဖုလ္လိတံ၊ သကေသရံ ရတနသဟဿ မဏ္ဍိတံ။

ပဉှဿ ဝေယျာကရဏေန တုဋ္ဌော၊ ဒဒါမိ တေ ဓမ္မပူဇာယ ဓီရ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ ငါ၏ယုံမှားခြင်းကို ဖျောက်သဖြင့် ငါ နှစ်သက်သည်ဖြစ်၍ သင့်အား တရားကိုပူဇော်ခြင်း အလို့ငှာ ဝတ်ဆံတို့ဖြင့်တင့်တယ်စွာ ပွင့်ချပ် ၁၀၀ ရှိသော, ရတနာ[၆]မျိုး ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော ဤရွှေပန်းကို ငါပေး၏"ဟု ဆို၏။

နဂါးမင်းသည်လည်း ပတ္တမြားဖြင့် ပူဇော်လို၍–

'မဏိံ အနဃံ ရုစိရံ ပဘာသရံ၊ ကဏ္ဍာ ဝသတံ မဏိဝိဘူသိတံ မေ။

ပဉှဿ ဝေယျာကရဏေန တုဋ္ဌော၊ ဒဒါမိ တေ ဓမ္မပူဇာယ ဓီရ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ ငါ၏ယုံမှားခြင်းကို ဖျောက်ပေးသဖြင့် သင့်အား ငါနှစ်သက်သည်ဖြစ်၍ တရားကို ပူဇော်ခြင်း အလို့ငှာ ပြိုးပြိုးပြက် နှစ်သက်ဖွယ်သောအရောင်အဆင်းဖြင့် တင့်တယ်လျက် အဖိုး အတိုင်းမသိထိုက်သော ပတ္တမြားမျက်မြတ်တို့ဖြင့် ထက်ဝန်းကျင်ဆန်းကြယ်စွာ ငါ၏လည်၌ဆင်သော ဤပတ္တမြားကို သင့်အား ငါပေး၏" ဟုဆို၍ ပတ္တမြားဖြင့် ပူဇော်၏။

ဓနဉ္စယကောရဗျမင်းသည်လည်း ဆင်, မြင်း စသည်တို့ဖြင့် ပူဇော်လို၍–

'ဂဝံ သဟဿံ ဥသဘဉ္စ နာဂံ၊ အာဇညယုတ္တေ စ ရထေ ဒသိမေ။

ပဉှဿ ဝေယျာကရဏေန တုဋ္ဌော၊ ဒဒါမိ တေ ဂါမဝရာနိ သောဠသ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ သင်သည် ငါ၏ယုံမှားခြင်းကို ဖျောက်ပေးသည်ဖြစ်၍ ငါ နှစ်သက်၏။ သင့်အား နို့ညှစ် နွားမ ၁၀၀၀၊ နွားလားဥသဘ, ဆင်, မြင်း, သိန္ဓောမျိုးမြင်း ကသော ရထား ၁၀ စီး၊ ရွာကြီး ၁၆ ရွာ ဤ အလုံးစုံကို ငါပေး၏"ဟု ဆို၏။

ဤသို့ မင်း ၄ ပါးတို့သည် ဘုရားလောင်းဝိဓုရသုခမိန်အား အသီးအသီး တရားပူဇော်ခြင်းဖြင့် ပူဇော်ခဲ့၍ မိမိတို့နေရာပြည်သို့ သွားကြကုန်၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## ၂။ နဂါးမင်း မိဖုရားကြီး ရှင်ခြင်းဖြစ်စဉ်

ထိုမင်း ၄ ပါးတို့တွင် နဂါးမင်း၏မိဖုရားကြီး နဂါးမကား 'ဝိမလာ' အမည်ရှိ၏။ ထို ဝိမလာအမည်ရှိသော နဂါးမိဖုရားသည် နဂါးမင်း လူ့ပြည်မှပြန်ရောက်သောအခါ လည်၌ဆင်သောပတ္တမြားကို မမြင်သည်ဖြစ်၍-

"အရှင်မင်းကြီး။ ပတ္တမြားကို အဘယ်မှာ ထားခဲ့သနည်း"ဟု မေး၏။

"အဘယ်မိဖုရား။ စန္ဒ အမည်ရှိသော ပုဏ္ဏား၏သား ဝိဓုရ အမည်ရှိသောသုခမိန်၏ တရားစကားကို ကြားနာရ၍ အလွန်ကြည်ညိုသောစိတ်ရှိသဖြင့် ထို ဝိဓုရသုခမိန်အား ပတ္တမြားဖြင့် ငါ ပူဇော်ခဲ့သည်။ ငါသာ ပူဇော်သည် မဟုတ်။ သိကြားမင်းသည်လည်း ဘွဲ့ဖြူပုဆိုးဖြင့်, ဂဠုန်မင်းသည်လည်း ရွှေပန်းဖြင့်, ဓနဥ္စယကောရဗျမင်းသည်လည်း နွားမ ၁၀၀၀ စသည်ဖြင့် ပူဇော်၏"ဟု ဆို၏။

"အရှင်မင်းကြီး။ ထိုသို့တပြီးကား ဝိဓုရသည် တရားဟောသုခမိန်လော"ဟု မေး၏။

"အဘယ်မိဖုရား။ အဘယ်သို့ ဆိုသနည်း။ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း[၂]အပြင်၌ ဘုရားပွင့်တော်မူသကဲ့သို့ ဖြစ်၏။ ၁၀၁ ပါးကုန်သောမင်းတို့သည် 'ဆင်ကိုနှစ်သက်စေတတ်သော စောင်းသံဖြင့် တပ်မက်ကုန်သော ဆင်အပေါင်းတို့ကဲ့သို့' ဝိဓုရ၏ သာယာနာပျော်ဖွယ်သောတရားစကား၌ နှစ်သက်ကြကုန်လျက် မိမိတို့၏ ပြည်ရွာသို့မျှ မပြန်ရက်နိုင်ကုန်တကား။ သာယာနာပျော်ဖွယ်သောစကားဖြင့် ပြည့်စုံတတ်သော တရားဟောသုခမိန်ပေတည်း"ဟု ဝိဓုရသုခမိန်၏ ဂုဏ်ကျေးဇူးအထူးကို ချီးမွမ်း၍ပြော၏။

ထိုစကားကိုကြားလျှင် ဝိမလာမိဖုရားသည် ဝိဓုရသုခမိန်၏တရားစကားကို နာလိုသည်ဖြစ်၍ ဤသို့ကြံ၏။ ငါသည် အကယ်၍ 'အရှင်မင်းကြီး။ အကျွန်ုပ်သည် ဝိဓုရသုခမိန်၏တရားစကားကို နာလိုပါ၍ ဤနဂါးပြည်သို့ ဆောင်တော်မူပါ'ဟု ဆိုငြားသော်လည်း မင်းကြီး မဆောင်ပေရာ။ စင်စစ်သော်ကား 'ဝိဓုရသုခမိန်၏ နှလုံးကို အလိုရှိ၏'ဟူသော ဥပါယ်တံမျဉ်[၃]ဖြင့် မအီမသာ နာယောင်ပြုအံ့'ဟုကြံ၍၊ အသရေရှိသော အိပ်ရာတိုက်သို့ ဝင်ပြီးလျှင် မိမိ၏အခြွေအရံ နဂါးမငယ်တို့ကို အမှတ်ပေး၍အိပ်၏။

နဂါးမင်းသည် တစ်နေ့သ၌ မိဖုရား,မောင်းမတို့ စားသောအခါ ဝိမလာမိဖုရားကို မမြင်သောကြောင့် "ငါ၏မိဖုရား ဝိမလာကား အဘယ်မှာနည်း"ဟု မောင်းမများကိုမေးလျှင်၊ "အရှင်မင်းကြီး။ ရှင်မိဖုရားသည် နာသောကြောင့် မစားနိုင်။ ကျက်သရေတိုက်၌ ရှိပါသည်"ဟု လျှောက်၏။

နဂါးမင်းကြီးလည်း 'မိဖုရား နာသည်'ဟု ကြားလျှင် နေရာမှထ၍ မိဖုရားကြီးအထံသို့သွားပြီးသော်၊ အိပ်ရာနံပါး၌နေလျက် မိဖုရားကြီးကိုယ်ကိုသုံးသပ်၍ 'ပဏ္ဍုကိသိယာ'အစရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား-

"အဘယ်မိဖုရား။ သင်၏ကိုယ်သည် ဖက်ရွက်ဖျော့ကဲ့သို့ ဖျော့တော့ခြင်း ရှိ၏။ ကြုံလည်း ကြုံ၏တကား။ ရှေးကကဲ့သို့ ထွားထွားနုနု ရှုချင်ဖွယ်သောကိုယ်အဆင်း မရှိ။ ယခု ညှိုးငယ် လျှော့ပါးလှ၏။ သင်၌ အဘယ်ဝေဒနာ ရှိသနည်း။ ငါ့အား ပြောလော့"ဟု ဆို၏။

ဝိမလာမိဖုရားလည်း မင်းကြီးအား ကြားလိုသောကြောင့် 'ဓမ္မောမဇုဓေသု'အစရှိသောဂါထာဖြင့် လျှောက်၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"နဂါးတို့ကိုအစိုးရသော နဂါးမင်းမြတ်။ လူတို့တွင် လိုချင်ခြင်းဟူသည်ကား မိန်းမတို့၏သဘော အလေ့တည်း။ အလိုမပြည့်သဖြင့် ပြင်းစွာသောဝေဒနာသို့ ရောက်၏။ အကျွန်ုပ်သည်လည်း အနိုင်အထက် မပြုမူ၍ တရားနှင့်အညီ ဆောင်၍ရသော ဝိဓုရသုခမိန်၏နှလုံးကို အလိုရှိ၏။ ထို ဝိဓုရသုခမိန်၏ နှလုံးကိုရမှ ကျွန်ုပ် အသက်ရှင်အံ့သည်။ မရသည်ရှိသော် အရှင်မင်းကြီးနှင့် မြင့်ရှည်စွာမပေါင်းရဘဲ သေကွဲခြင်းသို့ ရောက်အံ့သည်"ဟု ဆို၏။

ထိုစကားကို ကြားလျှင် 'စန္ဒ ခေါ တွဉ္ဍ ဒေါဟဠာယသိ' အစရှိသော ဂါထာကို မင်းကြီး ဆိုပြန်၏။ အဓိပ္ပာယ်ကား–

"အဘယ်[၂၉] ဝိမလာ။ သင်သည် နေကို လည်းကောင်း, လကို လည်းကောင်း လိုချင်သော်မျှ မခဲလွန်း။ ဇမ္ဗူဒီပါကျွန်းအပြင်၌ ၁၀၁ ပါးသောမင်းတို့သည် တရားစောင့်ရန်အမှတ်ဖြင့် မြတ်နိုးကြည်ညိုသော ဝိဓုရ သုခမိန်ကို ဖူးမြင်ရရုံမျှသော်လည်း အလွန် ရခဲ၏။ ဤ နဂါးပြည်သို့သော်ကား အဘယ်သူ ဆောင်နိုင်ပါအံ့နည်း"ဟု ဆို၏။

မိဖုရားသည် မင်းကြီး၏စကားကိုကြားလျှင် 'ဝိဓုရသုခမိန်၏နှလုံးကို မရသည်ရှိသော် ဤအိပ်ရာ၌ ပင်လျှင် သေစေတော့'ဟူ၍ တစ်ဘက်သို့ ကိုယ်ကိုပြန်လှည့်လျက် မင်းကြီးကိုကျောပေးသဖြင့် မိမိမျက်နှာကို တဘက်မြိတ်ဖြင့် ဖုံးလွှမ်း၍အိပ်၏။ နဂါးမင်းသည် ခေါ်မထူး မေးမရရှိလျှင် မကြံနိုင်ပင်ပန်းစွာ နှလုံးမသာရှိ၍ မိမိနေရာတိုက်သို့ဝင်ပြီးသော် အသရေရှိသောညောင်စောင်းထက်၌ အိပ်လျက် 'ဝိမလာသည် ဝိဓုရနှလုံးကို မရသည်ရှိသော် သေခြင်းသို့ရောက်အံ့သည်ကား မချွတ်ရာ။ အဘယ်သူသည် ဝိဓုရသုခမိန်၏နှလုံးကို ဆောင်နိုင်ပါအံ့နည်း'ဟု ကြံ၏။

ထိုအခါ နဂါးမင်း သမီးသည် ဣရန္ဒတီ[၃၀] အမည် ရှိ၏။ ထို ဣရန္ဒတီမင်းသမီးသည် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်လျက် များစွာသောအသရေ၏တင့်တယ်ခြင်းဖြင့် ခမည်းတော်ထံ ခစားအံ့ သောငှာ လာလတ်၍၊ တင့်အပ်သောအရပ်၌နေပြီးသော် ခမည်းတော်မင်းကြီး၏ နှလုံးမသာဟန် ဖောက်ပြန်သော ဣန္ဒြေမူလကိုမြင်လျှင် "ခမည်းတော်မင်းကြီး။ အလွန် နှလုံးမသာခြင်းသို့ ရောက်ဟန်ရှိခဲ့သည်တကား။ အဘယ် အကြောင်းကြောင့်နည်း"ဟု မေးလို၍ 'ကိံ နုတ္ထ'အစရှိသော ဂါထာကိုရွတ်၏။ အဓိပ္ပာယ်ကား–

"ယူဇနာ ၅၀၀ ကျယ်စွာသောနဂါးပြည်ကို အစိုးရသော ခမည်းတော်မင်းကြီး။ ခမည်းတော်သည် အဘယ့်ကြောင့် ကြံမှိုင်တော်မူသနည်း။ ခမည်းတော်၏မျက်နှာတော်သည် လက်ဖြင့်ဆုပ်နယ်အပ်သော ကြာပဒုမ္မာ[၃၁] ပွင့်ကဲ့သို့ ညှိုးတော်မူ၏။ အဘယ်အကြောင်းကြောင့် စိုးရိမ်တော်မူသနည်း။ အကျွန်ုပ်အား ပြောလော့။ စိုးရိမ်တော် မမူလင့်"ဟု ဆို၏။

သမီးတော် ဣရန္ဒတီ၏စကားကိုကြားလျှင် ထိုအကြောင်းကိုပြန်လိုသောကြောင့် 'မာတာဟိတ' အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ငါ့သမီး ဣရန္ဒတီ။ သင်၏အမိသည် ဝိဓုရသုခမိန်၏နှလုံးကို အလိုရှိခဲ့၏။ နှလုံးကိုထား၍ ဝိဓုရ သုခမိန်ကိုမျှ မြင်ရခဲ၏။ အဘယ်သူလျှင် နဂါးပြည်သို့ ဆောင်နိုင်အံ့နည်း"ဟု ဆို၍၊

"ချစ်သမီး။ ငါ၏အထံသို့ ဝိဓုရသုခမိန်ကို ဆောင်နိုင်သောသူမည်သည် သမီးတော်မှတစ်ပါး မရှိ။ ငါ၏ချစ်သမီးသည်သာ မယ်တော်၏အသက်ကို ချမ်းသာစေလိုသဖြင့် ဝိဓုရသုခမိန်ကို ငါ့ထံသို့ရောက်အောင်



www.burmeseclassic.com

ဆောင်ခြင်းငှာ စွမ်းနိုင်သောလင်ကို သင်ရှာလေလော့”ဟု နဂါးမင်းသည် မယားအားချစ်ခြင်း ကိလေသာ[၂၁]ဖြင့် ယစ်သည်ဖြစ်၍၊ အလွန် အရှက်အကြောက်ကိုသိမ်းဆည်းအုပ်ချုပ်၍ ဂုဏ်အသရေ ပြုရာ,ဆောင်ရာသော သမီးကိုစင်လျက် ‘လင်ရှာချေ’ဟု မလျောက်ပတ်သောစကားကို ဆိုဘိ၏။

ဣရန္ဒတီမင်းသမီးသည် ခမည်းတော်အား နှစ်သိမ့်စေပြီးလျှင် မယ်တော်ထံသွား၍၊ မယ်တော်အားလည်း နှစ်သိမ့်စေပြီးမှ မိမိအိပ်ရာတိုက်သို့ဝင်ပြီးသော် ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်၍၊ ပန်းအထည်ကို ဝတ်လျက် ပန်းတဘက်ကို ပခုံးတစ်ဘက်၌တင်၍ ထိုညဥ့်၌ပင်လျှင် ရေအလျဉ်ကိုခွဲ၍ နဂါးပြည်မှ ထွက်ခဲ့သဖြင့် ဟိမဝန္တာ[၂၂]အရပ်၌ သမုဒ္ဒရာနားဝယ် ကာဠ အမည်ရှိသောတောင်သည် ရှိ၏။ ထိုတောင်သည် ယူဇနာ ၆၀ မြင့်၏။ တစ်ခဲနက် ကျောက်ညိုအတိ ပြီး၏။ ထို ကာဠအမည်ရှိသော မျက်စဉ်းတောင်သို့သွားလေ၍၊ ဟိမဝန္တာ၌ အဆင်း,အနံ့နှင့်ပြည့်စုံသော နတ်ပန်းတို့ကိုဆောင်ယူပြီးလျှင် တစ်တောင်လုံးကို ပတ္တမြားစုကဲ့သို့ ရွှချင်ဖွယ်တန်ဆာဆင်ပြီးသော် တောင်၏အထွတ်၌ ပန်းအခင်းကိုခင်း၍ ဤသို့ နှစ်လိုဖွယ်သောအခြင်းအရာဖြင့် က,လျက် သာယာစွာ သီချင်းကိုသီ၍ ‘ကေဂန္ဓဗ္ဗေ’ အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

“ဤဟိမဝန္တာ၌ ရှိကုန်သော အို နတ်အပေါင်းတို့။ ဂန္ဓဗ္ဗဘီလူး[၂၃], နဂါး, ကိန္နရာ[၂၄], လူပညာရှိတို့သည် ရှိကုန်၏။ ထိုသူအပေါင်းတို့တွင် အကြင်သူသည် ငါ၏အလိုကို ပေးနိုင်အံ့။ ငါသည် ဓနဉ္စယမင်း၏အမတ် ဝိဓုရသုခမိန်၏နှလုံးကို တရားသဖြင့် အလိုရှိ၏။ ထိုသို့ ငါအလိုရှိသော ဝိဓုရသုခမိန်၏နှလုံးကို တရားသဖြင့် ဆောင်၍ ပေးနိုင်အံ့။ ထိုသူသည် ငါ၏လင် ဖြစ်ရလိမ့်သတည်း”ဟု ဆို၏။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီး၏တူ ‘ပုဏ္ဏက[၂၆]’အမည်ရှိသော ဘီလူးစစ်သူကြီးသည် တစ်ဂါဝုတ် ပမာဏရှိသော မနောမယသိန္ဓောမြင်း[၂၇]ကိုစီး၍ ကာဠတောင်ထိပ်ဖြင့် ဆေးဒန်းမြင်းသီလာကျောက်[၂၈]အပြင်၌ ဘီလူးတို့အစည်းအဝေးသို့သွားလေသော် ထို ဣရန္ဒတီနဂါးမင်းသမီး၏ သီချင်းသံကို ကြားလေ၏။ ထို ဣရန္ဒတီသည် အခြားမဲ့သောဘဝက ပုဏ္ဏက၏မယား ဖြစ်ဖူးသတည်း။ ထိုသို့ သံသရာက ချစ်စိတ်ဝါသနာ အထုံပါသော ပုဏ္ဏကဘီလူးသည် ဣရန္ဒတီ၏သီချင်းသံကိုကြားလျှင် ဦးခေါင်းရေသား ကြွမည်ကဲ့သို့ ရိုးတွင်း ခြင်ဆီထိအောင် နှစ်သက်ခြင်းပီတိရှိသည်ဖြစ်၍ ဣရန္ဒတီအား တပ်မက်သောစိတ်ဖြင့် မြင်းကိုရပ်စေ၍ သိန္ဓော မြင်းပျံပေါ်၌နေလျက်လျှင် “အဘယ်။ ငါ၏အစွမ်းဖြင့် တရားနှင့်အညီ ဝိဓုရသုခမိန်၏နှလုံးသားကို ဆောင်ခြင်းငှာ စွမ်းနိုင်၏။ သင် မစိုးရိမ်လင့်။ သင်သည် ငါ၏မယား ဖြစ်စေအံ့”ဟု ဆို၏။

ထို ပုဏ္ဏကစကားကိုကြားလျှင် ဣရန္ဒတီသည် ထိုသို့တပြီးကား “အကျွန်ုပ်၏ခမည်းတော် နဂါးမင်းကြီးထံ သွားကြကုန်အံ့”ဟုဆိုလျှင်၊ ပုဏ္ဏကဘီလူးစစ်သူကြီးသည် ဣရန္ဒတီနှင့် ရှေးကဆုတောင်း အစဉ် အလျဉ်ပါကြသော ချစ်စိတ်အဟုန်ဖြင့် “ကောင်းပြီ။ သွားအံ့”ဟု ဣရန္ဒတီကို မြင်းထက်သို့တင်အံ့သောငှာ မိမိမြင်းမှဆင်း၍ ‘ဣရန္ဒတီလက်ကို ဆွဲအံ့’ဟု လက်ကိုဆန့်၏။ ဣရန္ဒတီလည်း မိမိလက်ကို အဆွဲမခံ။ ပုဏ္ဏကဆန့်သောလက်ကို ဦးအောင်ဆွဲ၍

“အရှင့်သား။ အကျွန်ုပ်ကို မိမဲ့ဘမဲ့ အထီးကျန် မှတ်တုံသလော။ အကျွန်ုပ်၏အဖသည် ယူဇနာ ၅၀၀ ကျယ်သော နဂါးပြည်ကိုအစိုးရသော ဝရုဏ နဂါးမင်းတည်း။ အကျွန်ုပ်၏အမိကား ထိုမင်း၏ မိဖုရားကြီးဖြစ်သော ဝိမလာ ဒေဝီတည်း။ အရှင့်သား။ အကျွန်ုပ်ခမည်းတော်မင်းကြီးထံ သွားကြကုန်၍ အကျွန်ုပ်နှင့် ထိမ်းမြားလက်ထပ် မင်္ဂလာပြုပါမည့်အကြောင်းကို တောင်းပန်လော့”ဟုဆို၍ ပုဏ္ဏကကို နဂါးမင်းထံသို့ ခေါ်၍သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကသည် နဂါးမင်းထံသို့ ရောက်လျှင် ဣရန္ဒတီကို တောင်းလိုသောကြောင့်–

'နာဂဝရ ဝစော သုဏောဟိ မေ၊ ပတိရူပံ ပဋိပဇ္ဇ သုကံ့ယံ။

ပတ္ထေမဟံ ဣရန္ဒတိံ၊ တာယ သမင်္ဂိံ ကရောဟိ မမံ တုဝံ။ ။

'သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီ ရထာ။

သတံ ဝလဘိယော ပုဏ္ဏာ၊ နာနာရတနဿ ကေဝလာ။ ။

'တေ နာဂ ပဋိပဇ္ဇဿု၊ ဓီတရံ ဒေဟိ ဣရန္ဒတိံ။ ။'ဟူသော ၂ ဂါထာခွဲကို ရွတ်၏။ အဓိပ္ပာယ်ကား–

"နဂါးမင်း။ အကျွန်ုပ်၏စကားကို နာစေချင်၏။ ဆိုလိုသည့်စကားမှာ အကျွန်ုပ်သည် မင်းကြီး၏ သမီးတော် ဣရန္ဒတီကို သံသရာဟောင်းက အကြောင်းပါသည်ဖြစ်၍ နှစ်သက်ခြင်း ဖြစ်၏။ မျိုးဆက်ခြင်းနှင့် လျော်ကပ်သော ဆင် ၁၀၀၊ မြင်း ၁၀၀၊ အဿတိုရ်[၆၀] မြင်းကသော ရထား ၁၀၀၊ ရတနာ ၇ ပါး, ရတနာ ၁၀ ပါးတို့ဖြင့် ပြည့်သော လှည်းရထား ၁၀၀၊ ဤလက်ဆောင်များကို သိမ်းခံတော်မူ၍ အကျွန်ုပ်အား သမီးတော်ဣရန္ဒတီနှင့် ထိမ်းမြားလက်ထပ် ပြုစေချင်၏"ဟု ဆို၏။

နဂါးမင်းသည် ပုဏ္ဏကစကားကိုကြားလျှင် အလျင်တဆော မလိုက်သာအပ်သည့်အမှု ဖြစ်သည်နှင့်အညီ သမီးမိဘတို့ ပြောဆိုခြင်းစကားကို ပြောဆိုလို၍–

'ယာဝ အာမန္တယေ ဉာတီ၊ မိတ္တေစ သုဟဒဇ္ဇနေ။

အနာမန္တ ကတံ ကမ္မံ၊ တံ ပစ္ဆာ အနုတပ္ပတိ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ဘီလူးစစ်သူကြီး။ သင်သည် ဝေဿဝဏ်နတ်မင်းကြီး၏ တူတော်အစစ် ဖြစ်ပေသည်။ တစ်စုံတစ်ခုမျှ ရှုံ့ချအပ်သည် မရှိ။ သင်တို့နှင့် အမျိုးဆက်ရမည်ဆိုသည်မှာ အလွန် နှစ်သက်ပါ၏။ သို့ရာတွင် လောက၌ အမှုဟူသည်ကို တိုင်ပင်အပ်သည်။ အဆွေအမျိုး အတ္တကျွာယီ[၈၁] အဆွေခင်ပွန်းတို့အား မတိုင်မပင် အလျင်တဆော ကိုယ့်အလိုနှင့်သာ ဆောင်ရွေပြုချေသော် ထိုအမှုသည် နောင် ကောင်းပါလျှင်မူကား အပြစ်မရှိ။ နောင် အရေးမလှ မကောင်းရှိခဲ့လျှင် မိမိလည်း နောင်တတစ်ဖန် ရှိတတ်ချေသည်။ သူတစ်ပါးတို့လည်း အပြစ်တင်ဖွယ် ဖြစ်ချေသည်။ ယခုလည်း ကိုယ့်အသက်နှင့်အတူ ထိန်းရစောင့်ရှောက်ရလျက် ချစ်ကြင်နာလှစွာသော ရင်သွေးသမီးကို ထိမ်းမြားမင်္ဂလာအရေးသည် ခဏခေတ္တအမှု မဟုတ်။ တစ်သက်လုံးတော်မှ တင့်တယ်မည့် အမှုဖြစ်၍ မြော်ချင့်စဉ်းစားလျက် ဆွေသားမျိုးသား အဆွေခင်ပွန်းများကို တိုင်ပင်ပြောဆိုပါရစေဦး။

"မိန်းမတို့သဘောသည် ဆွေမျိုးအရပ်မှခွာ၍ တစ်ပါးအရပ်မှာ ပျော်မွေ့ခဲသည်လည်း ဖြစ်ပါတော့သည်။ ဣရန္ဒတီသည်လည်း ငယ်ရွယ်သေးသည် တစ်ကြောင်း, မိဘနှင့်ခွဲ၍ မနေဖူးသည် တစ်ကြောင်း, ပြုရာဆောင်ရာ သည့်အမှုအခွင့်ကို နားမှုမကြားရအောင် ကြောင့်ကြမဲ့ချမ်းသာစွာ နေရသည်တစ်ကြောင်း ဖြစ်၍၊ နောင် သင်တို့နတ်ပြည်၌ မပျော်မမွေ့ အထူးအထွေရှိချေသော် 'ငါတို့ကို မတိုင်မပင်၊ သမီးငယ်ကို ဝေးစွာအရပ်သို့ ဆောင်နှင်းလိုက်လေသည်'ဟု ငါ့ကို ဆွေမျိုးသားချင်း ချစ်ခင်သသူတို့ အပြစ်တင်ဖွယ် ရှိချေသည်ဖြစ်၍ သင်သည် ခေတ္တငံ့လင့်ဦး"ဟု ဆိုပြီးလျှင်၊ နဂါးမင်းသည် ညီလာခံရာလျောင်းတော်ဦးမှသည် နန်းမဆောင်သို့ဝင်၍ မိဖုရားကြီးနှင့် တိုင်ပင်လိုသောကြောင့်–

'အယံ သော ပုဏ္ဏကော ယက္ခော၊ ယာစတိ မံ ဣရန္ဒတိံ။

ဗဟုနာ ဝိတ္တလာဘေန၊ တဿ ဒေမ ပိယံ မမံ။ ။'ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"အဘယ် ဝိမလာဒေဝီ။ ဝေဿဝဏ်နတ်မင်းကြီး၏တူဖြစ်သော ပုဏ္ဏကစစ်သူကြီးသည် ငါတို့သမီး ဣရန္ဒတီကို ဆောင်နှင်းပါမည့်အကြောင်းကို ဤမည်သော စည်းစိမ်ဥစ္စာ ပဏ္ဏာလက်ဆောင်များနှင့် တောင်းလာ၏၊ ထိုဘီလူးစစ်သူကြီးအား ထိမ်းမြားဆောင်နှင်းရသော် ကောင်းမည်မဟုတ်လော"ဟု တိုင်ပင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော နဂါးမင်းစကားကို ကြားလျှင် ဝိမလာမိဖုရားသည်–

'န ဓနေန န ဝိတ္တေန၊ လဗ္ဘာ အမှံ ဣရန္ဒတီ။

သစေ စ ခေါ ဟဒယံ ပဏ္ဍိတဿ၊ ဓမ္မေန လဒ္ဓါ ဣဓ မာဟရေယျ။

ဧတေန ဝိတ္တေန ကုမာရိ လဗ္ဘာ၊ နာညံ ဓနံ ဥတ္တရိ ပတ္ထယာမ။ ။'ဟူသော တစ်ဂါထာခွဲဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယူဇနာ ၅၀၀ ကျယ်စွာသော နဂါးပြည်ကိုအစိုးရသည့် ဘုရင်ဖြစ်၍ အကျွန်ုပ်တို့အား ဥစ္စာစည်းစိမ် ရှားသည်မဟုတ်။ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာနှင့်ပြည့်စုံလျက် မိဘတို့၏နှလုံးကို ရွှင်စေတတ်သော သမီးဣရန္ဒတီကို များစွာသောဥစ္စာစည်းစိမ် ပဏ္ဏာလက်ဆောင်ဖြင့် တောင်းလာသော်လည်း မရရာ။ ပညာရှိသုခမိန်၏နှလုံးကို တရားသဖြင့်ရအောင် ဤနဂါးပြည်သို့ ဆောင်နိုင်သောသူဖြစ်မှုကား အကျွန်ုပ်သမီး ဣရန္ဒတီကို ရရာ၏"ဟု ဆို၏။

နဂါးမင်းလည်း ဝိမလာမိဖုရားနှင့် အလုံးစုံကိုတိုင်ပင်ပြောဆိုပြီးလျှင် ပုဏ္ဏကရှိရာအရပ်သို့ ထွက်လာ၍၊ မိဖုရား၏အလိုနှင့်လျော်စွာ ထိမ်းမြားမည်စကားကို ဆိုလို၍–

'န ဓနေ နန ဝိတ္တေန၊ လဗ္ဘာ အမှံ ဣရန္ဒတီ။

သစေ တုဝံ ဟဒယံ ပဏ္ဍိတဿ၊ ဓမ္မေန လဒ္ဓါ ဣဓ မာဟရေယျာသိ။ ။

ဧတေန ဝိတ္တေန ကုမာရိ လဗ္ဘာ၊ နာညံ ဓနံ ဥတ္တရိ ပတ္ထယာမ။ ။'ဟူသော တစ်ဂါထာခွဲကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ဘီလူးစစ်သူကြီး။ ငါ၏သမီး ဣရန္ဒတီကို ဥစ္စာစည်းစိမ် ပဏ္ဏာလက်ဆောင် များစွာပေးသော်လည်း မရရာ။ သင်သည် ပညာရှိသုခမိန်၏နှလုံးကို တရားသဖြင့် ငါ့ထံသို့ဆောင်ပေးနိုင်မှ သင့်အား ငါ၏သမီးတော် ဣရန္ဒတီကို ထိမ်းမြားဆောင်နှင်းမည်"ဟု ဆို၏။

ပုဏ္ဏကသည် ထိုစကားကိုကြားလျှင် 'ငါသည် အထက်ကာရီက ဣရန္ဒတီပြော၍ အလုံးစုံကို သိရပြီ။ ယင်းသို့သိရသော်လည်း ယခု နဂါးမင်းသည် 'ပညာရှိနှလုံးကို ဆောင်ရမည်'ဟူ၍သာ သာမည ဆိုသည်ဖြစ်၍ အတပ်သိရအောင် ငါ မေးဦးအံ့'ဟု ကြံ၍–

'ယံ ပဏ္ဍိတော တျေကေ ဝဒန္တိ လောကေ၊ တမေဝ ဗာလောတိ ပုနာဟု ရညေ။

အက္ခာဟိ မေ ဝိပ္ပ ဝဒန္တိ ဧတ္ထ၊ ကံ ပဏ္ဍိတံ နာဂ တုဝံ ဝဒေသိ။ ။'ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"နဂါးမင်း။ လူ့ပြည်၌ အကြင်သူကို 'ပညာရှိ'ဟု သမုတ်အပ်၏။ ထို ပညာရှိဟု သမုတ်အပ်သောသူကို ပင်လျှင် အချို့သောသူတို့က 'သူမိုက်' ဟူ၍ ဆိုကုန်၏။ ထိုသို့ အငြင်းအခုံများလှသောကြောင့် အဘယ်သူသာ ပညာရှိဟု အကျွန်ုပ် မသိနိုင်။ အတပ်သိရအောင် မင်းကြီးဆိုသော ပညာရှိ၏ နေရပ်ဌာန, အမျိုးအမည်ကို ဆိုတော်မူဦးလော့"ဟု ဆို၏။

နဂါးမင်းလည်း နေရပ်နှင့်တကွ ပညာရှိ၏အမည်ကို ကြားလို၍–

'ကောရဗျရာဇဿ ဓနဉ္စယဿ၊ ယဒိ တေ သုတော ဝိဓုရောနာမ ကတ္တာ။

အာနေဟိ တံ ပဏ္ဍိတံ ဓမ္မ လဒ္ဓါ၊ ဣရန္ဒတီ ပဒစရာ တေ ဟောတု။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးစစ်သူကြီး။ ကုရုပဏ္ဏနဂိုရ်ပြည်၌ ဓနဉ္စယကောရဗျမင်း၏ ဝိဓုရ အမည်ရှိသော အမတ်ကြီးကို သင် မကြားဘူးသလော။ ထိုအမတ်သုခမိန်၏နှလုံးကို ငါ၏ထံသို့ တရားသဖြင့်ဆောင်နိုင်လျှင် ငါ့သမီး ဣရန္ဒတီကို သင့်အား ဆောင်နှင်းအံ့"ဟု ဆို၏။

ထိုသို့ အတပ်သိရပြီးလျှင် ပုဏ္ဏကစစ်သူကြီးသည် "ကောင်းပြီ" ဟုဝန်ခံ၍ ဝမ်းမြောက်ဝမ်းသာ နေရာမှထပြီးသော် မိမိနောက်ပါ မင်းချင်းတစ်ယောက်ကို ဤသို့ဆို၏။

"အချင်း။ ယခု လျင်စွာသွားချေ။ ငါ၏နှလုံးအလိုကို လည်းကောင်း၊ အကြောင်းဟုတ်သည်, မဟုတ် သည်ကို လည်းကောင်း သိတတ်သော ငါ၏ မနောမယသိန္ဓောမြင်းကို ကကြိုးတန်ဆာဆင်ယင်၍ ဆောင်ယူခဲ့"ဟု စေလိုက်၏။

[ထိုမြင်း၌ဆင်သော တန်ဆာကား နားရွက် ၂ဘက်ကို ဇာတရူပရွှေစင်ပြားဖြင့် ကပ်၏။ ခွာ ၄ ဘက်ကို ပတ္တမြားနီဖြင့် စီ၏။ ရင်လွမ်းတန်ဆာကား ဦးသစ်သောဇမ္ဗူရာဇ်ရွှေစင်ဖြင့်ပြီး၏။]

ပုဏ္ဏကစစ်သူကြီးသည် မနောမယသိန္ဓောမြင်းရောက်လျှင် ဆံမုတ်ဆိတ်ကို ကောင်းစွာသုတ်သင်ပင်သပ်၍ အဝတ်တန်ဆာတို့ကိုပြင်၍ ဝတ်ဆင်ပြီးသော် မနောမယမြင်းကိုစီးလျက် ဣရန္ဒတီကိုမှီ၍ဖြစ်သော ကိလေသာသည် နှိုးဆော်အပ်သည်ဖြစ်၍ အလျင်တဆော ကောင်းကင်ခရီးဖြင့် ဘီလူး, ဖုတ်, ပြိတ္တာ အပေါင်းတို့၏အရှင်ဖြစ်၍ ယူဇနာ ၁၀၀ ကျယ်စွာသော ဇာတုမဟာရာဇ်ပြည်ကို အစိုးရသောကြောင့် ဝေဿဝဏ်အမည်ရှိသော မိမိဦးရီး ကုဝေရနတ်မင်းကြီး ရှိရာ စတုမဟာရာဇ်နတ်ပြည်သို့ သွားလေ၏။

[ဤစကား၌ နတ်တို့မည်သည် ဆံမုတ်ဆိတ်ကို ဖီးလိမ်းသုတ်သင်ခြင်းမရှိဘဲလျက် ကပ္ပိတကေသမဿု၊ ဆံမုတ်ဆိတ်ကိုလည်း ပြုပြင်ပြီးထသော ဟု ပုဏ္ဏကသည် ဆံမုတ်ဆိတ်ကို ပြုပြင်သုတ်သင်ကြောင်းကို ဟောတော် မူသည်ကား စကားကို တန်ဆာဆင်သောအားဖြင့်သာ ဟောတော်မူသည်။

ထိုကြောင့် အဋ္ဌကထာ၌–

'ကပ္ပိတကေသမဿုမကူနဝသေန သုသံဝိဟိတကေသမဿု၊ ဒေဝါနံပန ကေသမဿုကရဏကမ္မံနာမ နတ္ထိ၊ ဝိစိတ္တကထိကေန ပန ကထိတံ'ဟု မိန့်၏။

ကပ္ပိတကေသမဿုတိ၊ ဟူသည်ကား။ မကူနဝသေန၊ တန်ဆာဆင်သည်၏ အစွမ်းအားဖြင့်။ သုသံဝိဟိ တကေသမဿု၊ ကောင်းစွာပြုပြင်အပ်ပြီးသော ဆံမုတ်ဆိတ်ရှိသည်ဖြစ်၍။ ပန၊ စင်စစ်သော်ကား။ ဒေဝါနံ၊ နတ်တို့အား။ ကေသမဿုကရဏကမ္မံနာမ၊ ဆံမုတ်ဆိတ်ကို ပြုပြင်ခြင်းကိစ္စမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ မရှိသော်လည်း။ ဝိစိတ္တကထိကေန၊ အဆန်းအကြွယ် တန်ဆာဆင်အပ်သောစကားဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတံ၊ ဟောတော်မူအပ်၏။ ။ဤကားအနက်။]

ပုဏ္ဏက စစ်သူကြီးသည် ဝေဿဝဏ်နတ်မင်းကြီးထံသို့ရောက်လျှင် နဂါးပြည်ကိုချီးမွမ်း၍ လိုအပ်သော အခွင့်ကိုပန်လိုသောကြောင့် 'ဘောဂဝတီနာမ'အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ဦးရီးတော်မင်းကြီး။ ဝရုဏနဂါးမင်း၏ပြည်သည် စည်းစိမ်ရှိသောကြောင့် ဘောဂဝတီ အမည်ရှိ၏။ မြို့တံတိုင်းသည် ရွှေအတိပြီးသောကြောင့်လည်း ဟိရညဝတီ အမည်ရှိ၏။ ထို ဟိရညဝတီ အမည်ရှိသော နဂါးပြည်၌ ရွှေစင်အတိဖြင့် ဖန်ဆင်းစီရင်အပ်၏။ ပတ္တမြားနီ ပတ္တမြားပြောက်တို့ကို အုတ်သဏ္ဌာန်လုပ်၍ ပစ္စင်,ရင်တား ပြုကုန်၏။ နန်းပြာသာဒ်တို့၌လည်း တိုင်, အခင်း, အကာတို့သည် ပတ္တမြားအတိ ပြီးကုန်၏။ အမိုးကား ရွှေနှင့် ငွေကိုသာ မိုးကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုမြို့၏ထက်ဝန်းကျင်၌ အမ္ဗဟုဆိုအပ်သော သရက်ပင်၊ တိလက ဟု ဆိုအပ်သော ပြည့်စင်ပင်၊ ဇမ္ဗူ ဟု ဆိုအပ်သော သပြေပင်၊ သတ္တပဏ္ဏိ-စရည်းပင်၊ မုစလိန္ဒ-ကျည်းပင်၊ ကေတက-ဆတ်သွားပင်၊ ပိယင်္ဂု-သျှိသွားပင်၊ ဥဒ္ဒါလက-ငုပင်၊ သဟကာရ-သရက်ဖြူပင်၊ ဥပရိဘဒ္ဒ-ငုဖြူပင်၊ သိန္ဒုဝါရိတ-ရေအုပ်နံ့ပင်၊ စမ္ပေယျ-စံကားပင်၊ နာဂ-ကံ့ကော်ပင်၊ မလ္လိကာ-ကြက်ရုံးပင်၊ ဘဂိနိမာလာ-ဆင်နှာမောင်းပင်၊ ကောဝိဠာ-ကလောပင် ဤသစ်ပင်တို့သည် ရွှေဖြင့်ပြီးသောအပွင့်တို့ဖြင့် အခါခပ်သိမ်းပွင့်ကုန်လျက် အခက်ချင်းယှက်၍ ကိုင်းညွတ်ကုန်သဖြင့် အလွန် တင့်တယ်ကုန်၏။ ခဇ္ဇုရီ ဟုဆိုအပ်သော သင်ပေါင်းပင်တို့သည်လည်း ပတ္တမြားညို အတိပြီးကုန်လျက် ရွှေပွင့်တို့ဖြင့် ပွင့်ကုန်၏။

"ထိုနဂါးပြည်၌ ပဋိသန္ဓေအားဖြင့် ဥပပတ်ဖြစ်သော ဝရုဏနဂါးမင်းသည် အစိုးရသောအားဖြင့်နေ၏။ ထိုနဂါးမင်း၏ ငယ်ကသိမ်းမြန်း ရွယ်မှန်းချစ်ခင် တောင်ညာတင်သောမိဖုရားကြီးသည်ကား ဝိမလာ အမည်ရှိ၏။

"ထိုမိဖုရားကြီးသည် ရွှေစင်စုကဲ့သို့ ရှုမခန်းသော ကိုယ်အရောင်အဝါလည်း ရှိ၏။ လေညင်းထိ၍ တအိအိနွဲ့ပျောင်းသော တံကျစ်နွယ်၊ ရွှေနွယ်ကဲ့သို့ ပျောင်းနွဲ့ကြော့ရှင်းသော လုံးရပ်သဏ္ဌာန်လည်း ရှိ၏။ ရွှေဖြင့်ပြီးသော တမာသီးကဲ့သို့ ရွှေရင်အုံအစု နုလှသောအသားအိလည်း ရှိ၏။ ပါးသောအရေ ရှိသည်ဖြစ်၍ ချိပ်ရည်ကျသကဲ့သို့ သွေးခြည်ယှက်သန်း နီမြန်းနူးညံ့သော လက်ဖဝါးခြေဖဝါးလည်း ရှိ၏။ လေငြိမ်ရာ၌ပွင့်သော မဟာလေှကားပန်းကဲ့သို့ လည်းကောင်း၊ တိမ်လိပ်တိမ်လွှာမှ စိမ်းဝါရွှေရောင် တပြောင်ပြောင်ထွက်သော လျှပ်စစ်နွယ်ကဲ့သို့ လည်းကောင်း၊ တာဝတိံသာနတ်ပြည်၌ အရည်အဆင်း ကြော့ရှင်းယဉ်နု ရှု၍မငြီးသော နတ်သမီးကဲ့သို့ လည်းကောင်း နှစ်လိုတင့်တယ် နုနယ်သောအဆင်းသဏ္ဌာန်လည်း ရှိ၏။ ထိုသို့ ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော ဝိမလာဒေဝီသည် ဝိဓုရသုခမိန်၏ နှလုံးသည်းပွတ်ကို တောင့်တ၏။ 'ထိုနှလုံးသည်းပွတ်ကို ဆောင်နိုင်လျှင် မိမိသမီး ဣရန္ဒတီကို ပေးအံ့'ဟု ဆို၏။ ဦးရီးတော်။ အကျွန်ုပ်သည် ဝိဓုရသုခမိန်၏ နှလုံးသည်းပွတ်ကို ဆောင်ပါရစေ"ဟု လျှောက်၏။

ပုဏ္ဏကသည် ဦးရီးတော်ဝေဿဝဏ်နတ်မင်း အခွင့်မပေးဘဲ မပန်ကြားမူ၍ ဝိဓုရကိုဆောင်ခြင်းငှာ မဝံ့သောကြောင့် ဤမျှလောက်ကုန်သော ဂါထာတို့ဖြင့် နဂါးပြည်စသည်ကို ချီးမွမ်း၍ လျှောက်တောင်းပန်သော်လည်း ဝေဿဝဏ်နတ်မင်းကြီးသည် နတ် ၂ ယောက်တို့၏ ဗိမာန်အလုအယက်တရားကို စီရင်ဆုံးဖြတ်ဆဲဖြစ်၍၊ ပုဏ္ဏကလျှောက်သည့်စကားကို မကြားနိုင်။ ပုဏ္ဏကသည် မိမိစကားကို ဦးရီးမင်း မကြားမှန်းသိလျှင် တရားနိုင်သောနတ်၏အနီးသို့ ချဉ်း၍နေ၏။

ဝေဿဝဏ်နတ်မင်းသည် တရားနိုင်သောနတ်ကို "သင် ယခုသွားလေ။ ဗိမာန်ကို သိမ်းယူ၍နေလော့"ဟု ဆို၏။

ပုဏ္ဏကသည် ထို တရားအောင်သောနတ်ကို-

"သင် သွားလေတော့"ဟု နတ်မင်းဆိုသောစကားကို အမှတ်အစွဲပြု၍ ထိုနတ်မင်းပရိသတ်၌ရှိသော အချို့သောနတ်တို့ကို-

"အသင်တို့။ ငါ့ဦးရီးတော်က ငါ့ကို 'သွားတော့'ဟု အမိန့်ရှိသည်ကို ကြားကြကုန်၏လော"ဟု သက်သေပြု၍ ထိုနေရာမှထပြီးလျှင် မင်းချင်းတစ်ယောက်ကို ဆိုအပ်ခဲ့ပြီးသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မနောမယသိန္ဓောမြင်းကိုယူဉ်စေ၍၊ ဆံမုတ်ဆိတ်ကို ပြုပြင်ပင့်သပ်လျက် အဝတ်တန်ဆာတို့ကိုဆင်ယင်ပြီးသော် မြင်းပျံကိုစီး၍ ကောင်းကင်ခရီးဖြင့် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သွားစဉ် ဤသို့သောအကြံသည် ဖြစ်၏။

'ဝိဓုရသုခမိန်သည် အခြံအရံ များ၏။ အဆောတလျင်ယူအံ့သောငှာ မတတ်ကောင်း။ အကြောင်းသော်ကား ဓနဉ္စယကောရဗျမင်းသည် အန်ကစားကြူး၏။ ထိုမင်းနှင့် အန်လောင်းတမ်းကစား၍ နိုင်မှ ယူအံ့'ဟု ကြံ၏။

'ထိုသို့တစ်မူကား ကောရဗျမင်း၌ ရွှေ, ငွေ အစရှိသောရတနာတို့သည် များစွာရှိသောကြောင့် အဖိုးနည်းသော ဥစ္စာလောင်းတမ်းဖြင့် ကောရဗျမင်းသည် ငါ့ကို လောင်းတမ်း မပြုရာ။ ရာဇဂြိုဟ်ပြည်၏အနီး ဝေပုလ္လတောင်[၆၃] အတွင်း၌ စကြာမင်း[၆၄]တို့သည်သုံးဆောင်အပ်သော ပတ္တမြားရတနာသည် ရှိ၏။ ထိုပတ္တမြားရတနာသည် များမြတ်သောတန်ခိုးအာနုဘော် ရှိ၏။ ထိုပတ္တမြားဖြင့် ဖြားယောင်း၍ အောင်စေအံ့'ဟု ပုဏ္ဏကသည် သိကြားမင်း၏စံရာ တာဝတိံသာနတ်ပြည်ကဲ့သို့ များစွာအံ့ဩဖွယ် အဝတ်အစား, ရတနာ, ရွှေ, ငွေ တို့ဖြင့် ပြန့်ပြောသည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ရန်သူတို့သည် တိုက်ဖျက်ခြင်းငှာမစွမ်းနိုင်သော အင်္ဂရာဇ်မင်း၏စံရာ ရာဇဂြိုဟ်ပြည်သို့ ရှေးရှုသွားလေ၏။

[ဤအရာ၌ ရာဇဂြိုဟ်ပြည်သည် မဂဓတိုင်းဖြစ်လျက် အင်္ဂရာဇ်မင်းစံရာဟု အဘယ်ကြောင့် ဆိုသနည်းဟူမူ 'တဒါ အင်္ဂဿ ရညော မဂဓရဇ္ဇံ အဟောသိ'ဟု အဋ္ဌကထာဖွင့်သောကြောင့် ထိုအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ကို အင်္ဂရာဇ်မင်းကြီး မင်းပြုသည်ဟု သိအပ်၏။]

ပုဏ္ဏကဘီလူးစစ်သူကြီးသည် ဥဒေါင်း, ကြိုးကြာ, ကရဝိက် အစရှိသော အထူးထူးအပြားပြားများစွာကုန်သော ငှက်တို့သည် သာယာစွာသောအသံဖြင့် တွန်မြည်ရင့်ကျူး မြူးထူးကခုန်ရွှင်ပျော်ရာ တောင်ထိပ်အပြင်၌ ပန်းမျိုးအစုံ မွှေးထုံပျံ့ကြိုင် တောလုံးလှိုင်လျက် ဟိမဝန္တာတောင်နှင့်တူစွာ၊ ကိန္နရာအစရှိသော သတ္တဝါတို့ မြူးထူးကခုန် ရွှင်ပျော်ရာဖြစ်သော ဝေပုလ္လတောင်ထိပ်သို့တက်၍ မြတ်သောပတ္တမြားကိုရှာလေသော် တောင်ထွတ်အတွင်း၌ မြင်လေ၏။

ထို ပတ္တမြားရတနာသည်ကား လျှပ်စစ်နွယ်ကဲ့သို့ ပြိုးပြိုးပြက်မျှ ထွန်းတောက်ပသော အရောင်အသရေလည်း ရှိ၏။ ခပ်သိမ်းသောအလိုကိုလည်း ပေးတတ်၏။ ၈ သောင်း ၄ ထောင်ကုန်သော မျက်မျိုးရတနာတို့ဖြင့်လည်း ခြံရံအပ်၏။ ကြီးမြတ်သောအာနုဘော်လည်း ရှိ၏။ စကြာမင်းတို့၏ ရတနာ ၇ ပါးတို့တွင် တစ်ပါးတည်း။ ထို မနောဟရ ပတ္တမြား[၆၅]သည် ဝေပုလ္လတောင်ထိပ်အပြင် တောင်ထွတ်အတွင်း၌ တည်၏။ ကုမ္ဘဏ္ဍ အမည်ရှိသော ဘီလူးသည် ၁ သိန်းကုမ္ဘဏ်[၆၆]တို့ဖြင့် ခြံရံလျက် ထက်ဝန်းကျင် စောင့်ရှောက်အပ်၏။

ပုဏ္ဏကသည် ထိုကုမ္ဘဏ် ၁ သိန်း တို့ကို အမျက်ထွက်၍ မျက်စောင်းထိုးလိုက်ရုံမျှဖြင့် ကြောက်လန့်တကြား စကြဝဠာနားသို့ ပြေးကြကုန်၏။ ပြင်းစွာကိုယ်,စိတ် တုန်လှုပ်ခြင်းဖြင့် မျှော်ကြည့်လျက် တည်လေကုန်၏။ ထိုသို့ ကုမ္ဘဏ် ၁ သိန်းတို့ကို ပြေးစေပြီးသော် ပုဏ္ဏကဘီလူးသည် နှလုံးဖြင့်ကြံကာမျှသော သူတို့၏အလိုကို ဆောင်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် 'မနောဟရ' ဟု ရအပ်သောအမည်ရှိသော ပတ္တမြားရတနာကိုယူ၍ ကောင်းကင်ခရီးဖြင့် ဣန္ဒပတ္ထနဂိုရ်ပြည်သို့ သွားလေ၏။

ထိုပြည်သို့ရောက်လျှင် မြင်းပေါ်မှဆင်းသက်၍ မြင်းကို မထင်မရှား မြို့နား၌ထားခဲ့၍ လုလင်အသွင်ဖြင့် ၁၀၀ သော ထီးဆောင်းမင်းနှင့်တကွ ကောရဗျမင်းကြီးတို့ထံ အန်ကစားရာသဘင်သို့ သွားလေ၍ 'ကောနိဓ' အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"၁၀၁ ပါးကုန်သော ထီးဆောင်းမင်းအပေါင်းတို့။ ဤ မင်းပရိသတ်၌ အဘယ်မည်သောမင်းသည် မြတ်သောဥစ္စာကို ဆောင်လိုသနည်း။ အဘယ်မည်သောမင်းကို မြတ်သောဥစ္စာဖြင့် ငါ အောင်ရအံ့နည်း။ အဘယ်မင်း၏ အတုမရှိသောရတနာမြတ်ကို ငါ အောင်ရအံ့နည်း။ ငါ၏ ပတ္တမြားတည်းဟူသော ဥစ္စာရတနာမြတ်ကို အဘယ်မင်းသည် အောင်လိုသနည်း"ဟု ကောရဗျမင်းကိုသာလျှင် ရည်၍ စောင်းမြောင်းသောစကားကို ဆို၏။

ထိုအခါ ဓနဉ္စယကောရဗျမင်းသည် 'ငါကား ယနေ့မှတစ်ပါး မည်သည့်နေ့တွင်မျှ ဤလုလင်ကဲ့သို့ ငါ၏ရှေ့၌ ရဲရင့်စွာ ဆိုဝံ့သောသူကို မကြုံမ မတွေ့စဖူး။ ဤလုလင်သည် အလွန်ရဲရင့်၏။ နေရပ်အမျိုးအမည်ကို ငါ မေးအံ့'ဟုကြံ၍ 'ကုဟိံနု'အစရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား-

"အိုလုလင်။ သင်ကား အဘယ်တိုင်းပြည်သားနည်း။ သင်၏စကားသည် ကုရုတိုင်းသားတို့၏ စကားမဟုတ်။ သင်၏ကိုယ်အရောင်အဆင်းသည်လည်း ငါတို့မင်းများထက်ပင် လွန်ကဲ၏။ သင့် အမျိုးအမည်ကို ငါ့အား ပြောလော့"ဟု ဆို၏။

ထိုစကားကို ပုဏ္ဏကကြားလျှင် 'ဓနဉ္စယကောရဗျမင်းသည် ငါ၏အမျိုးအမည်ကို ယခု မေး၏။ ဤမင်းအား ငါသည် 'ပုဏ္ဏက အမည်ရှိ၏'ဟု ပြောကြားအံ့။ ပုဏ္ဏက ဟူသောအမည်သည် ကျွန်အမည်ဖြစ်သောကြောင့် ငါ့ကို ဤမင်းသည် 'ဤလုလင်ကား ပြည့်ဝ အမည်ရှိသော သူ့ကျွန် ထင်၏တကား'ဟု မလောက်မလေး မထီမဲ့မြင် အောက်မေ့လတ္တံ့။ ထို့ကြောင့် ပုဏ္ဏက ဟူသောအမည်ကို မပြောမူ၍၊ အခြားမဲ့ လွန်လေပြီးသောဘဝလူဖြစ်သောကာလကအမည်ကို ပြောအံ့'ဟု ကြံ၍ 'ကစ္စယနော မာဏဝကော သ္မိ' အစရှိသောဂါထာဖြင့် နေရပ်, အမျိုး, အမည်ကို ကြား၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကျွန်ုပ်ကား မြတ်သည်ဟုသမုတ်အပ်သော 'ကစ္စည်း' အမည်ရှိသော လုလင်တည်း။ အကျွန်ုပ်၏ မိဘဆွေမျိုး, အဆွေခင်ပွန်းတို့သည် အင်္ဂတိုင်း ကာလစမ္ပာနဂိုရ်ပြည်၌ နေကုန်၏။ အကျွန်ုပ်သည် အန်ကစားလိုသောကြောင့် ဤ အရှင်မင်းကြီးပြည်တော်သို့ လာခဲ့၏"ဟု ဆို၏။

ထိုစကားကို မင်းကြီးကြားလျှင် "အန်ကစားလာသော် လောင်းတမ်းဥစ္စာ ပါ၏လော။ ဥစ္စာမပါဘဲလျက် လောင်း၍ အန်ရှုံးချေသော် အဘယ်သို့ပြုမည်နည်း"ဟု မေးလို၍၊ 'ကိံ' မာဏဝဿ'အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"ကစ္စည်းလုလင်။ သင်သည် စည်းစိမ်ရှင်ဖြစ်သော ထီးဆောင်းမင်းတို့နှင့် ဖက်ပြိုင်၍ လောင်းတမ်းအန်ကစားမည်ဟူသော် သင်၌ လောင်းတမ်းဥစ္စာ ပါ၏လော။ လောင်းတမ်းဥစ္စာမပါဘဲလျက် လောင်း၍ အန်ရှုံးချေသော် နိုင်သောမင်းတို့သည် သင့်ကို ကျွန် မပြုပြီလော။ အသီးသီး တိုင်းကြီးပြည်ကြီးကိုအစိုးရသော ရွှေထီးရွှေနန်းအရှင် ဘုရင်မင်းမြတ်ကို သူဆင်းရဲဖြစ်လျက် သင် အဘယ်ကြောင့် ဖက်ပြိုင်မည် ကြံဘိသနည်း"ဟု ဆို၏။

ပုဏ္ဏကသည် လောင်းတမ်းဥစ္စာပါကြောင်းကို ပြန်ဆိုလို၍ 'မနောဟရောနာမ'အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"အရှင်မင်းကြီး။ အကျွန်ုပ်၏ လောင်းတမ်းဥစ္စာကား ပတ္တမြားတည်း။ ထိုပတ္တမြားသည် အဖိုးများစွာ ထိုက်၏။ ရတနာခပ်သိမ်းတို့ထက် မြတ်၏။ ခပ်သိမ်းသောဥစ္စာကိုလည်း အလိုရှိတိုင်း ဆောင်နိုင်၏။ 'မနောဟရ'



www.burmeseclassic.com

www.burmeseclassic.com



ဟု အမည်တွင်၏။ ထို ပတ္တမြားတွင်သာ မဟုတ်သေး။ ရန်သူတို့ကို ပယ်လွှင့်ပျောက်ပြေစေတတ်သော ဤ အာဇာနည်မြင်းလည်း ပါ၏။ ထို ၂ ပါးဖြင့် လောင်းတမ်းပြုအံ့။ နိုင်သောသူသည် ယူစေတော့”ဟု မနောမယမြင်းကိုလည်း လျှင်စွာဆောင်ယူပြီးလျှင် ဆို၏။

[ဤပတ္တမြားကို ပါဠိတော် ပေထက်အက္ခရာ၌ ပတ္တမြားနီ ဟု ရေးသား၏။ ပတ္တမြားနီ မဟုတ်။ ဝေဠုရိယဟု ဆိုအပ်သော ကြောင်မျက်ရွဲတည်း ဟု အဋ္ဌကထာ၌ လာ၏။]

ထိုစကားကို မင်းကြီးကြား၍ ‘ဧကောမဏိ’အစရှိသောဂါထာကို ဆိုပြန်၏။ အဓိပ္ပာယ်ကား–

“ကစ္စည်းလုလင်။ သင်သည် ပတ္တမြား ၁ ခု, သိန္ဓောမြင်း ၁ စီးဖြင့် အဘယ်ပြုအံ့နည်း။ ငါတို့ ရွှေနန်းသခင်မင်းတို့မှာ ပတ္တမြားရတနာတို့သည် မရှားကုန်။ လေ၏လျှင်ခြင်းနှင့်တူသော သိန္ဓောမြင်းတို့သည်လည်း မရေတွက်နိုင်အောင် များကုန်၏”ဟု ဆို၏။

## ၃။ မြင်း၏အစွမ်း, ပတ္တမြား၏အစွမ်းကိုပြခန်း

ပုဏ္ဏကဘီလူးသည် ဓနဉ္စယကောရဗျမင်း၏စကားကို ကြားလျှင်

“အရှင်မင်းကြီး။ အဘယ်သို့ ဆိုတော်မူသနည်း။ မြင်း ၁ စီးသည် မြင်းကောင်း ၁၀၀၀ တန်၏။ ပတ္တမြား ၁ ခုသည် ပတ္တမြား ၁၀၀၀ တန်၏။ အရှင်မင်းကြီး။ မြင်း ဟူတုံသော်လည်း မြင်းချင်းတူသည် မဟုတ်။ အကျွန်ုပ်မြင်း၏အစွမ်းဂုဏ်ကို ရှုတော်မူလော့”ဟု ဆို၏။

မနောမယမြင်းပျံကို စီးပြီးလျှင် မြို့ရိုးပေါ်ဖြင့် စိုင်းနှင်လေ၏။ ၇ ယူဇနာအဝန်းရှိသော ဣန္ဒပတ္တနဂိုရ် မြို့သည် လည်ချင်းယှက်တင်လျက် မြင်းအပေါင်းတို့ဖြင့် ထက်ဝန်းကျင်ရံဘိသကဲ့သို့ ဖြစ်၏။ အစဉ်သဖြင့် မြင်းသည်လည်း မထင်၊ ပုဏ္ဏက ဘီလူးသည်လည်း မထင်၊ ပုဏ္ဏက၏ခါး၌စည်းသော ကမ္ဗလာနီသည်သာလျှင် မီးစကို ကိုင်၍လှည့်သကဲ့သို့ ထင်၏။ ထိုသို့ပြုပြီးလျှင် မြင်းမှသက်၍

“အရှင်မင်းကြီး။ မြင်း၏အစွမ်းကို မြင်ပြီလော”ဟု ဆို၏။

“လုလင်။ မြင်၏။ အံ့ဖွယ်ရှိပေစွ”ဟု ဆိုသော်–

“တစ်ခုလည်း ရှုတော်မူဦးလော့” ဟု ဆို၍ မြို့တွင်းဥယျာဉ်တစ်ခု၌ ရေကန်ရှိ၏။ ထိုရေကန်အပြင်၌ မြင်းကို စိုင်းပြန်၏။ ခွာဖျားကိုမျှ ရေမစွတ်ဘဲ တုံ့ကာပြန်ကာ ဘယ်ညာရစ်သန်းလျက် ပြေး၏။ ထို့နောက် ပဒုမ္မာကြာရွက်ပေါ်၌ သွားစေပြီးသော် လက်ခုပ်တီး၍ လက်ဝါးခင်းလျှင် မြင်းသည် လက်ဝါးပေါ်အပြင်၌ ရပ်၏။ ထိုသို့ ပြုပြီးမှ–

“အရှင်မင်းကြီး။ မြင်း၏အစွမ်းကို မြင်၏လော”ဟု မေး၏။

“မြင်ရပြီ။ အံ့ဖွယ်ရှိပေစွ”ဟုဆိုလျှင်–



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ မြင်းကို ရှိစေဦး။ ပတ္တမြားရဲ့ အာနုဘော်ကို ရှုတော်မူဦးလော့"ဟုဆို၍ အာနုဘော်ကို ပြအံ့သောငှာ 'လ္လဒ္ဒမေ' အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

ပတ္တမြားကို မင်းများရှေ့တွင် ပြပြီးလျှင်

"အရှင်မင်းကြီးတို့။ ဤပတ္တမြားကို ရှုကြကုန်လော့။ ဤပတ္တမြား၏ အရောင်တွင်း၌ တန်ဆာဆင်ယင်အပ်သော အထူးထူးသော မိန်းမအပေါင်း၊ ယောက်ျားအပေါင်း၊ ပျံ့ဝဲမြူးထူးသွားလာကုန်သော သားငှက်အပေါင်းတို့သည် ထင်ကုန်၏။ ထိုမှတစ်ပါး မိန်ညိုမိန်ချပ် စစ်ဝတ်တန်ဆာဆင်ယင်ကုန်သော ဆင်၊ မြင်း၊ ရထား၊ ခြေသည်၊ စစ်အင်္ဂါ ၄ ပါး၊ ဆင်းစီးသူရဲ၊ မြင်းစီးသူရဲ၊ ဗိုလ်မှူး၊ စစ်သည်တို့ဖြင့် စစ်ထွက်စစ်ခင်းကျင်းပဟန်များလည်း ထင်ကုန်၏။

"အရှင်မင်းကြီး။ ရှုတော်မူလော့။ ထိုမှတစ်ပါး လည်း မြို့ရိုး၊ သူရဲခို[၅၇]၊ ပြ၊တန်ဆောင်း၊ တံခါး၊ မော်ကွန်းတိုင်[၅၈]၊ ကျုံး[၅၉]၊ မြောင်း၊ ဆင်၊ မြင်း၊ စစ်မြေတလင်း စသော မြို့၏အဆောက်အအုံတို့လည်း ဤပတ္တမြားတွင် ထင်ကုန်၏။ ရှုတော်မူလော့။

"ဤမှတစ်ပါးလည်း မြို့တံခါးမုခ်ဖျား၌ အထူးထူးသောငှက်တို့သည် မြူးထူးကုန်၏။ ဟံသ-ဟင်္သာ၊ ကောဉ္စ-ကြိုးကြာ၊ မယူရ-ဥဒေါင်း၊ စက္ကဝါက-စက္ကဝါက်၊ ကုက္ကုဟ-ဥဘုတ်ငှက်၊ ကာဠကောကိလ-ဥသြနက်၊ စိတြကောကိလ-ဥသြပြောက်၊ သိခဏ္ဍီ-ဥဒေါင်းစိမ်းပြာ၊ ဇီဝဇီဝက-ဇီဝဇိုဝ်းငှက်။ ဤငှက်တို့၏ မြူးထူးဟန်သည် ဤပတ္တမြား၌ ထင်၏ ရှုတော်မူလော့။

"ထိုမှတစ်ပါးလည်း ကောင်းစွာအခင်းအကျင်းတို့ဖြင့်တင့်တယ်စွာ မြို့တွင်း၌ ရွှေသလဲတို့ဖြင့် ခင်းအပ်သော ကြက်သီးမွေးညင်းထခမန်း အဆန်းတကြယ်မွေ့လျော်ဖွယ်သော ဤမြို့သည် ထင်၏။ ရှုတော်မူလော့။

"ထိုမှတစ်ပါးလည်း ရွှေစင်အတိပြီးသော ဤမြို့အတွင်း၌ အိမ်စဉ်၊ ဈေးတန်း၊ လမ်းမ၊ လမ်းဆုံ၊ ဘုံ၊ ပြာသာဒ်၊ ဇရပ်၊ အိမ်ကြီး၊ အိမ်ငယ်၊ အရံအဝင်း၊ ပြတင်း စသည် တို့သည်လည်းကောင်း၊ သေတင်းကုပ်၌ သေသောက်ကြူးတို့သည် လည်းကောင်း၊ စားဖိုအိမ်၊ စားဖိုသည်၊ ပြည့်တန်ဆာမ၊ ပရိဗိုဇ်၊ ရဟန်းမတို့သည် လည်းကောင်း ဤပတ္တမြား၌ ထင်ကုန်၏။ ရှုတော်မူလော့။

"ဤမှတစ်ပါးလည်း ပန်းသည်၊ ခဝါသည့် နံ့သာသည်၊ ဖိနပ်၊ ခြေနင်း၊ လှည်း၊ ရထား စသည်၊ ရောင်းသော ယာဉ်သည်၊ ရွှေပန်းထိမ်သည်၊ ရွှဲထွင်းသမား၊ မုန့်သည်၊ ကချေသည်၊ သီချင်းသည်၊ လက်ခုပ်တီး၊ မုရိုးစည်၊ ခရသင်း၊ ထက်စည်၊ ပတ်သာ၊ နှဲ၊ စောင်း ငြင်း စသောတီးမှုတ်မျိုးတို့ဖြင့် တီးမှုတ်၍ နေကုန်သောသူ၊ ကျွမ်းထိုးသမား၊ လက်ဖွေ့သည်၊ မျက်လှည့်သည်၊ နာရီအချိန်စောင့် ပဟိုရ်တီးသူ၊ ဆတ္တာသည် တို့သည် ဤပတ္တမြား၌ ထင်ကုန်၏။ ရှုတော်မူလော့။

"ဝတ်စားတန်ဆာ ဆင်ယင်ကုန်လျက် အဆင်းနှင့်ပြည့်စုံကုန်သော မိန်းမ၊ ယောက်ျားတို့ဖြင့် ပြွမ်းသော ပွဲသဘင်ခံရာ ညီညွတ်စွာသောမြေတလင်း၌ ညောင်စောင်းအဆင့်ဆင့်တို့ဖြင့် တင့်တယ်ကုန်သည်တို့သည် လည်းကောင်း၊ ထိုသဘင်၌ လက်ဖွေ့သည်တို့၏ ခုန်ကြွမြူးထူးဟန်၊ လက်ကိုခွေ၍ ပုတ်ခတ်ဟန်၊ ရှုံးဟန်၊ နိုင်ဟန် တို့သည်လည်းကောင်း ဤပတ္တမြား၌ ထင်ကုန်၏။ ရှုတော်မူလော့။

"တောင်ခြေရင်းတို့၌ အထူးထူးသောငှက်အပေါင်းတို့သည်လည်း များစွာထင်ကုန်၏။ သီဟ-ခြင်္သေ့၊ ဗျဂ္ဃ-ကျား၊ ဝရာဟ-ဝက်ထီး၊ အစ္ဆ-ဝံသတ္တဝါ၊ တရစ္ဆ-အောင်းသတ္တဝါ၊ ခဂ္ဂမိဂ-ကြံ့ဆင်၊ ဂဝဇ-နွားနောက်၊



www.burmeseclassic.com

www.burmeseclassic.com



မဟိံသ–ကျွဲ, ရောဟိတ,သမင်ဖား, ရုရု,ဆတ်, ဧဏေယျ–ဏေိမည်သောသား, ဝရာဟ–ပြောင်, ဂဏိ–စိုင်, နိင်္ကသူကရ–ဝက်ပြောင်, ကဒလိမိဂ–ဝံပိုင်, စိတြမိဂ–သမင်ပြောက်, ဗိဠာရ–ကြောင်, သသ–ယုန်, သလ္လက–ဖြူသတ္တဝါတို့သည်လည်းကောင်း ဤပဗ္ဗတ္တမြားဌ ထင်ကုန်၏။ ရှုတော်မူလော့။

"မြစ်တို့သည်လည်း ကောင်းသောဆိပ်ကမ်း ရှိကုန်၏။ ရွှေသလဲအတိ ခင်းအပ်ကုန်၏။ ကြည်စွာသော ရေတို့သည်လည်း စီးကုန်၏။ ဤမြစ်၌ ကုမ္ဘိလ–လပိုင်, မကရ–မကန်း, သံသုမာရ–မိကျောင်း, ကစ္ဆပ–လိပ်, ပါဌိနု–ငါးဖယ်, ဗဟုသာမစ္ဆ–ငါးနောက်သွား (ငါးပုတင်းလည်း ဟူ၏) ဗလဇ–ငါးခူ (ငါးမြစ်ချင်းလည်း ဟူ၏), မုဥ္စ–ငါးမြင်းယင်း, ရောဟိတ–ငါးကြင်း၊ ဤသို့သဘောရှိသော ရေသားရေငါးတို့သည် မြစ်တွင်း၌ သွားလာကုန်သည်တို့သည် ဤပဗ္ဗတ္တမြား၌ ထင်ကုန်၏။ ရှုတော်မူလော့။

"အထူးထူးသော သစ်ပင်အပေါင်းတို့ဖြင့်ပြည့်လျက် ငှက်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော ကြောင်မျက်ရွဲကျောက်တို့၏ အချင်းချင်းထိကြသောအသံသည် လည်းကောင်း၊ အရပ် ၄ မျက်နှာမှလာကုန်သော ဝမ်းဘဲ, ဟင်္သာ အစရှိသောငှက်တို့သည် လည်းကောင်း၊ ငါး, လိပ်, မကန်း စသည်တို့ဖြင့်လည်းကောင်း တန်ဆာဆင် အပ်သောရေကန်တို့သည်လည်းကောင်း ထင်ကုန်၏။ ထက်ဝန်းကျင်မှ ရေဖြင့်ပြည့်ကုန်လျက် မဟာသမုဒ္ဒရာ၏ နားတောင်းသဖွယ်ဖြစ်သော တောအရေးတို့နှင့်ပြည့်စုံစွာ မြေအပြင်တို့သည်လည်း ထင်ကုန်၏။ ရှုတော်မူလော့။

"ဤပဗ္ဗတ္တမြား၏အတွင်း၌ အရှေ့မှ ဝိဒေဟရဋ္ဌကျွန်း, အနောက်မှ အပရဂေါယာနကျွန်း, မြောက်မှ ဥတ္တရ ကုရုကျွန်း, တောင်မှ ဇမ္ဗူဒိပ်ကျွန်းတို့သည် လည်းကောင်း၊ မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်၍ အရပ် ၄ မျက်နှာကို အရောင်အဝါထွန်းပနိုင်သော လမင်း, နေမင်း စသည်တို့သည် လည်းကောင်း၊ မြင်းမိုရ်တောင်, ဟိမဝန္တာတောင်, ကြီးကျယ်သောမဟာသမုဒ္ဒရာ, နတ်မင်း ၄ ပါးတို့၏နေရာ စာတုမဟာရာဇ်[၁၆]ပြည်, ကိန္နရာတို့ဖြင့် ထက်ဝန်းကျင်ပြည့်သော တောင်, တောအုပ်တို့သည် လည်းကောင်း ထင်ကုန်၏။ ရှုတော်မူလော့။

"ဖာရုသက ဥယျာဉ်, စိတ္တလတာ ဥယျာဉ်, မိဿက ဥယျာဉ်, နန္ဒဝန် ဥယျာဉ်, ဝေဇယန္တာပြာသာဒ်, သုဓမ္မာဇရပ်, တာဝတိံသာနတ်ပြည်, အပွင့်နှင့်ပြည့်စုံသော ပင်လယ်ကသစ်ပင်, ဧရာဝဏ် အမည်ရှိသော နတ်ဆင်ပြောင်တို့သည်လည်း ထင်ကုန်၏။ ရှုတော်မူလော့။

"ဤပဗ္ဗတ္တမြားအတွင်း၌ ကောင်းကင်သို့တက်သော လျှပ်စစ်နွယ်ကဲ့သို့ နန္ဒဝန်ဥယျာဉ်၌သွားကုန်သော နတ်သမီးတို့သည် လည်းကောင်း၊ နတ်သားတို့သည် လည်းကောင်း၊ ကာမဂုဏ်ဖြင့်ဖြားယောင်းလျက် မွေ့လျော်ကုန်သော နတ်သမီးတို့သည် လည်းကောင်း ထင်ကုန်၏။ ပဗ္ဗတ္တမြားအပြင်၌ ကြောင်မျက်ရွဲတို့ဖြင့်ပြီးသော အထောင်မကသောဗိမာန်တို့သည် လည်းကောင်း၊ တာဝတိံသာ[၁၇], ယာမာ[၁၈], တုသိတာ[၁၉], နိမ္မာနရတိ[၂၀], ပရနိမ္မိတဝသဝတ္တီ[၂၁] နတ်ပြည်တို့သည် လည်းကောင်း၊ ဟင်းရဲ့ကတောက်, မြောက်လေ့ကူး, ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းသော ကြည်သောရေရှိသော ရေကန်တို့သည် လည်းကောင်း ထင်ကုန်၏။ ရှုတော်မူလော့။

"ဤပဗ္ဗတ္တမြား၌ နှလုံးမွေ့လျော်ဖွယ် တင့်တယ်စွာပြုသော အရေတို့သည်ကား ၁၀ ပါး တို့တည်း။ ကြောင်သောအရေကား ၂၁ ရှိ၏။ နနွင်းသားကဲ့သို့ ရွှေသောအရေကား ၁၄ ရှိ၏။ ရွှေနှင့်တူသော အရေကား အပါး ၂၀ ရှိ၏။ ငွေနှင့်ဘူသောအရေလည်း အပါး ၂၀ ရှိ၏။ ပိုးဖလံအဆင်းနှင့်တူသော အရေကား ၃၀ ရှိ၏။ မည်းနက်သောအရေကား ၁၆ ပါးရှိ၏။ မောင်းသောအရေကား ၂၅ ပါးရှိ၏။ ထို မည်းသောအရေ,



www.burmeseclassic.com

www.burmeseclassic.com



မောင်းသောအရေတို့သည် အချင်းချင်းယှက်ကုန်လျက် မိုးရွှေပန်းနှင့် ကြာညိုပန်း ရောယှက်ဘိသကဲ့သို့ အလွန်ဆန်းကြယ်ကုန်သည်ကို မင်းကြီး ရှုတော်မူလော့။

"လှုတကာတို့ကို အစိုးရတော်မူသောမင်းကြီး။ ပြိုးပြိုးပြက် ရှုဖွယ်တင့်တယ်စွာသော ဤပတ္တမြားဖြင့် လောင်းတမ်းပြုအံ့။ အကျွန်ုပ်ရှုံးလျှင် ဤပတ္တမြားကို နိုင်သူယူစေတော့"ဟု ဆို၏။

## ၄။ အန်ကစားခန်း

ထိုသို့ဆိုပြီး၍ ပုဏ္ဏကသည် "အရှင်မင်းကြီး။ အကယ်၍ အကျွန်ုပ်နှင့် မင်းကြီး လောင်းတမ်း အန်ကစားကြအံ့။ အကျွန်ုပ်ရှုံးမူ ပတ္တမြားကို ယူတော်မူလော့။ အရှင်မင်းကြီးမူကား အဘယ်ကို လောင်းတမ်းပြုမည်နည်း"ဟု မေး၏။ ဓနဉ္စယမင်းလည်း

"ကစ္စည်းလုလင်။ သင်သည် ဤပတ္တမြားကို လောင်းတမ်းပြုလျှင် ငါက ငါ့ကိုယ်ကို လည်းကောင်း, မိဖုရားကို လည်းကောင်း, ထီးနန်းကို လည်းကောင်း ချန်၍ ငါ့ကိုယ် မိဖုရား ထီးနန်းမှတစ်ပါး လောင်းတမ်းဥစ္စာ ဖြစ်စိမ့်မည်"ဟု ဆို၏။ ထိုစကားကို ပုဏ္ဏကဘီလူးကြားလျှင် ထိုသို့တပြီးကား

"ကောင်းပြီ အရှင်မင်းကြီး။ အကျွန်ုပ် အရပ်ဝေးသားဖြစ်၍ အခါနေ့ရက် အရှည်မင့်နိုင်။ ယခုပင် အန်တလင်းကို စီရင်ပါစေ"ဟု ဆို၏။ မင်းကြီးလည်း အမတ်များကိုခေါ်၍

"ကစ္စည်းလုလင်နှင့် ငါ လောင်းတမ်း အန်ကစားတော်မူမည်။ အန်ချရာတလင်းကို ယခု ပြီးအောင် စီရင်"ဟု ဆို၏။

အမတ်တို့လည်း လျောက်ပတ်ရာအရပ်၌ အန်တလင်းကို အပြေအပြစ် ကောင်းမွန်စွာစီရင်ပြီးလျှင် ဆန်းကြယ်သော ကော်ဇော,ခင်းနီးပြောက်,ဖျာ စသည်တို့ဖြင့် တန်ဆာဆင်အပ်သော မင်းကြီးနေရာကို လည်းကောင်း၊ ၁၀၀ သောမင်းတို့၏ နေရာကို လည်းကောင်း မိမိတို့၏ဂုဏ်နှင့် ထိုက်လျောက်အောင် သင့်ရာခင်းကျင်း၍၊ ပုဏ္ဏကနေရာကိုလည်း ထိုသူနှင့်တန်အောင် တော်သင့်ရာခင်းကျင်း၍၊ အလုံးစုံစီရင်ပြီးသော် မင်းကြီးအား ပြီးကြောင်းကို လျှောက်ကြားကုန်၏။

ထိုအခါ ပုဏ္ဏကသည် "အရှင်မင်းကြီး။ အန်ခတ်ရာသဘင် စီရင်၍ပြီးလျှင် သဘင်သို့ ကြွတော်မူလော့။ အရှင်မင်းကြီးသည် 'ကိုယ်တော်,မိဖုရား, ထီးနန်းမှတစ်ပါး လောင်းတမ်းပြုမည်'ဟူ၍ အမိန့်ရှိပြီ။ မင်းတို့၏ စကားသည် ထွက်ပြီးသော ဆင်စွယ်ကဲ့သို့ ဖြစ်သည်။ ထိုသို့ဖြစ်သော်လည်း အကျွန်ုပ်ကား ဆင်းရဲသား ဖြစ်ချေသည်။ အရှင်မင်းကြီးကား လူတို့၏သခင် ရွှေနန်းရှင် ဖြစ်ပေသည်။ နောင် အရှင်မင်းကြီးနိုင်လျှင် အကျွန်ုပ်ပတ္တမြားကို ယူတော်မူမည်ကား မချွတ်ရာ။ အရှင်မင်းကြီးရှုံးလျှင် မင်းကြီးလောင်းတိုင်း မပေးဘဲ 'ငါ မင်းဖြစ်သည်'ဟူ၍ အနိုင်အထက် ရက်ရှည်လကြာသွေး၍ မပေးသွေဖည်နေတော်မူချေသော် အကျွန်ုပ်သည် ဆင်းရဲသားဖြစ်၍ ဖက်ပြိုင်နိုင်နင်း အတင်းပြုဝံ့မည် မဟုတ်ပါ။ ထိုသို့ဖြစ်သောကြောင့် အရှင်မင်းကြီး ရှုံးလျှင်ရှုံးချင်း ပေးတော်မူပါလော့"ဟု ဆို၏။ မင်းသည် ပုဏ္ဏကကို ဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကစ္စည်းလုလင်။ သင်သည် ငါ့ကို မင်းဖြစ်သည်ဟူ၍ မကြောက်လင့်။ အောင်ခြင်း, ရှုံးခြင်းမည်သည်ကို တရားသဖြင့်သာ ဖြစ်စေရမည်။ 'ငါ မင်းဖြစ်သည်'ဟူ၍ အဘယ်ကြောင့် ပြုရာအံ့နည်း"ဟု ဆို၏။

ထိုမင်းကြီးဆိုသောစကားကို ၁၀၁ ပါးသော ပြည်ထောင်မင်းတို့အား သက်သေထားလို၍ 'ပဉ္စာလ ပစ္စုဂ္ဂတာ' အစရှိသော ဂါထာကို ပုဏ္ဏက ဆို၏။ အဓိပ္ပာယ်ကား-

"ပဉ္စာလရာဇ်မင်းကြီး, မစ္ဆမင်းကြီး, သူရသေနမင်းကြီး, မဒ္ဒရာဇ်မင်းကြီး, ကေကကေဘိမင်းကြီးမှစ၍ ဤသဘင်၌ ရှိတော်မူကုန်သော အရှင်မင်းကြီးအပေါင်းတို့။ မင်းတကာတို့၏အရှင် ဓနဉ္စယကောရဗျမင်းကြီး မိန့်တော်မူသည့်စကားရပ်များကို မှတ်တော်မူကြပါ။ အရှင်မင်းကြီးတို့သည်လည်း တရားစောင့်သော ပြည်ထဲရှင် မင်းကြီးများ ဖြစ်တော်မူကြသည်။ ဤသို့ လောင်းတမ်းကစားရာ၌ သက်သေပင်မထားသော်လည်း၊ မသင့်လျှင် ဆိုထိုက်, မြစ်ထိုက် လှပါတော့သည်။ အရှင်မင်းကြီးတို့ကို အကျွန်ုပ် သက်သေထားပါအံ့။ ပြည်ထောင် မင်းချင်းဖြစ်သည်, အရှင်ဖြစ်သည်ဟူ၍ ဆန္ဒာဂတိ, ဘယာဂတိတို့သို့ လိုက်တော်မမူကြဘဲ ၂ ဦးစပ် ကြားနေပြု၍ ကြားလျှင် ကြား၏, မြင်လျှင် မြင်၏, ဖြောင့်မှန်ရာ ဖြစ်မည်အကြောင်း သူတော်ကောင်းတို့ ခလေ့ မမေ့မလျော့သတိပြု၍ ကြည့်ရှုတော်မူကြပါ"ဟု သက်သေထား၏။

ထိုအခါ ဓနဉ္စယကောရဗျမင်းသည် ၁၀၁ ပါးကုန်သောမင်းတို့ဖြင့်ခြံရံလျက် ပုဏ္ဏကကိုခေါ်၍ အန်ခတ်ရာ သဘင်သို့ ဝင်ပြီးလျှင် မိမိတို့ ဆိုင်ရာဆိုင်ရာနေရာ၌ နေကြကုန်၏။ ဓနဉ္စယကောရဗျမင်းကြီးသည် ငွေအင်းပျဉ်ပေါ်၌ ရွှေအန်ရွဲတို့ကို ထား၍ ပုဏ္ဏကသည် အဆောတလျင် "အရှင်မင်းကြီး။ အန်ရွဲတို့တွင် 'အန်စာ' မည်သော ခေါ်ခြင်းသည် 'သေ' ဟူ၍လည်းကောင်း, 'သံ' ဟူ၍လည်းကောင်း, 'အိမ်စေ' ဟူ၍လည်းကောင်း, 'ငုစုံ' ဟူ၍လည်းကောင်း၊ ဤသို့ စသောအားဖြင့် ၂၄ ပါးတို့တွင် အရှင်မင်းကြီး နှစ်သက်သောအန်စာကို ယူတော်မူလော့"ဟု ဆို၏။

မင်းသည် 'အိမ်စေ' ဟူသောအန်စာကို ယူ၏။ ပုဏ္ဏကသည် 'သံ' ဟူသောအန်စာကို ယူ၏။ ထိုသို့ ယူကြပြီးသော်၊ နောက်မှ မင်းသည်-

"အချင်းကစ္စည်းလုလင်။ ထိုသို့တပြီးကား အန်ရွဲတို့ကို ချလော့"ဟု ဆို၏။ ပုဏ္ဏကသည်

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ဆင်းရဲသား ဖြစ်ပေသည်။ ရှေးဦးစွာ အလှည့်မသင့်။ အရှင်မင်းကြီးသာ ရှေးဦးစွာ ချတော်မူလော့"ဟု ဆို၏။

မင်းသည် "ကောင်းပြီ။ ချအံ့"ဟု ဆို၏။

ကောရဗျမင်း၌ကား ၃ ခုမြောက်သောဘဝက အမိဖြစ်ခဲ့ဖူးသော မိမိကိုစောင့်သောနတ်သမီးသည် ရှိ၏။ ထိုနတ်သမီး၏တန်ခိုးဖြင့် အန်ခတ်တိုင်း အခါတစ်ပါး နိုင်မြဲတည်း။ ထိုနတ်သမီးသည် မင်း၏အနီး၌သာ တည်၏။ ထိုအခါလည်း အန်သီချင်းကို သီအံ့သောငှာ-

'သဗ္ဗာ နဒီ ဝင်္ကနဒီ၊ သဗ္ဗေ ကဋ္ဌမယာ ဝနာ။

သဗ္ဗိတ္ထိယော ကရေ ပါပံ၊ လဘမာနေ၊ နိဝါတကေ။ ။'ဟူသော အန်သီချင်းကို သီ၏။ အနက်ကား-

သဗ္ဗာနဒီ၊ ခပ်သိမ်းကုန်သော မြစ်တို့သည်ကား။ ဝင်္ကနဒီ၊ ကောက်သော မြစ်တို့သာတည်း။ သဗ္ဗေဝနာ၊ တောဟူသမျှတို့သည်။ ကဋ္ဌမယာ၊ ထင်းအတိသာတည်း။ သဗ္ဗိတ္ထိယော၊ မိန်းမ ဟူသမျှတို့သည်။ နိဝါတကေ၊ ဆိတ်ကွယ်ရာကို။ လဘမာနေ၊ ရသည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ ကရေ-ကရေယျုံ၊ ပြုကျင့် ကုန်မြဲတည်း။

နတ်သမီးကို တောင်းပန်လိုပြန်၍ 'ဒေဝတေ'အစရှိသော ၂ ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"အိုး နတ်သမီး။ ယခု ငါ့အား စောင့်ရှောက်လော့။ ငါ့အကျော်အစော မရှိသည်ကို ရှုလော့။ အစဉ်သနားသဖြင့် ငါ၏မှီခိုရာသည် ဖြစ်လော့။ မိခင်နတ်သမီး။ အန်ရှဲသည် ဇမ္ဗူရာဇ် ရွှေစင်အတိ[၃၆]ပြီး၏။ ၄ ထောင့်ရှိ၏။ လက် ၈ သစ် ပမာဏရှိ၏။ ပရိသတ်အလယ်၌ အရောင်အသရေဖြင့် တောက်ပ၏။ ခပ်သိမ်းသော အလိုကိုလည်း ပေးတတ်၏။ မိခင်နတ်သမီး။ ငါကား တန်ခိုးနည်း၏။ မိခင်နတ်သမီးကား ငါ့ကို အစဉ်သနားသဖြင့် ကောင်းသောအမြင်ကို မြင်၏။ ငါ၏အောင်မြင်ခြင်းကို ပေးလော့"ဟု အန်သီချင်းကို သီဆို၍ နတ်သမီးကို တောင်းပန်၏။

[သေ ဟူသော အန်ရှဲသည်ကား ၈ ရေး ရှိ၏။ သံ ဟူသော အန်ရှဲသည်ကား ၆ ရေး ရှိ၏။ အိမ်စေ ဟူသော အန်ရှဲသည်ကား ၄ ရေး ရှိ၏။ ငှစုံကား ၂ ပေါက် ရှိ၏ ဟူ၍ သိအပ်၏။ ခေါ်ဝေါ်သောအရေးတို့ကို ၂၄ ရေးရှိ၏ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ ဤလည်း တစ်နည်း။

စေသံ, စေငှ, သေစေငှ, ၁ လက်တွင် ၂ ရေး ရှိ၏။ ဇစုံ, စေ, ငှစေ, ၁ လက်တွင် ၇ ရေးရှိ၏။ ဤကား အရေး ၂၀ တည်း။

ငှသေသံ, စေ, ငှစုံ, သေစုံ, ငှသံ, သေသံ, သံသေ၊ ဤကား လူတကာတို့ခေါ်စရာ ၂၄ ရေးလျှင်တည်း။

တစ်နည်းလည်း ဤသို့ အန်ရေး ခေါ်စား၏။ စေငှ, စေသံ, စေသေ၊ ၃ ခု ၁ ခု ခေါ်စကုန်၏။ သံသေ, စုံ, သံသေ၊ ၃ ခု ၁ ခု ခေါ်စကုန်၏။ ငှသေ, ငှသံ, ငှသေ၊ ၃ ခု ၁ ခု ခေါ်စကုန်၏။ သေ, အိမ်သေ, သံသေငှ၊ ၃ ခု ၁ ခု ခေါ်စကုန်၏၊ ၂၄ ရေးတည်း။ ဤသို့လည်း ရှေ့အန်ရေးနှင့် နောက်အန်ရေးလျှင် ကောင်းမြတ်၏။

သေကား–အရေးဗိန္ဒု ၄ ခု၊ သံကား–အရေးဗိန္ဒု ၃ ခု၊ အိမ်စေကား–အရေးဗိန္ဒု ၂ ခု၊ ငှစုံကား–အရေးဗိန္ဒု ၁ ခု၊ ဤကား အန်ပစ် တစ်ချောင်းတွင်ကိုသာ ဆိုသည်။ တစ်ချောင်းမှာလည်း ဤမှု လည်းကောင်းတည်း။ ၂ ချောင်းသော် အရေး ၂၀ ရှိ၏။

သေ ဟူသော အန်ရှဲကား ကျီးမြည်သံကဲ့သို့ မြည်၏။ သံ ဟူသော အန်ရှဲကား ဖားမြည်သံကဲ့သို့ မြည်၏။ အိမ်စေ ဟူသော အန်ရှဲကား လှည်းဝင်ရိုးသံကဲ့သို့ မြည်၏။ ငှစုံ ဟူသော အန်ရှဲကား ၄ ပါးသော မြည်ခြင်းဖြင့် မြည်၏။ ဤသို့လျှင် အန်ရေးကို မှတ်အပ်၏။]

ဓနဥ္စယမင်းသည် အန်သီချင်းကိုသီလျက် အန်ရှဲကို လက်ဖြင့် ပြောင်းပြန်သွန်၍ ကောင်းကင်သို့ ပစ်လိုက်၏။ ပုဏ္ဏကဏ၏အာနုဘော်[၃၇]ဖြင့် မင်းကိုရှုံးစေလျက် ကျလာ၏။

မင်းသည် အန်အတတ်၌ လိမ္မာသည်၏အဖြစ်ကြောင့် အန်ရှဲကျသည်ကိုမြင်လျှင် မိမိ ရှုံးအံ့သော အခြင်းအရာဖြင့် ကျသည်ကိုသိ၍ ငွေအင်းပျဉ်ပေါ်သို့မကျမီ ကောင်းကင်ကပင်လျှင်ဖမ်းယူ၍ တစ်ဖန် ကောင်းကင်သို့ ပစ်ပြန်၏။ ဤ၌လည်း မိမိရှုံးအံ့သောအခြင်းအရာဖြင့် ကျသည်ကိုသိ၍ အင်းပျဉ်ပေါ်သို့မကျမီ ဖမ်းမိပြန်၏။

ထိုအခါ ပုဏ္ဏကသည် ကြံ၏။ 'ဤမင်းသည် ငါသို့သောဘီလူးနှင့် အန်ကစားကြသော် မိမိ ရှုံးအံ့သော အခြင်းအရာဖြင့် ကျသောအန်ရှဲကို ဖမ်းမိလေသည်ကား အကြောင်းအသို့နည်း'ဟုကြည့်လတ်သော်၊ 'မင်း၏ ကိုယ်စောင့်နတ်သမီး၏ အာနုဘော်တည်း'ဟုသိလျှင် မျက်စိကိုဖွင့်၍ အမျက်ထွက်သကဲ့သို့ နတ်သမီးကို မျက်စောင်းထိုးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလည်း ကြောက်လန့်တကြားပြေးလေ၍ စကြဝဠာတောင်ထိပ်သို့ရောက်လျှင် တုန်လှုပ်လျက် မျှော်ကြည့်၍နေလေ၏။

မင်းသည် ၃ ကြိမ်မြောက် အန်ရွဲကိုပစ်ပြန်လျှင် ကျလာသောအန်၏ ရှုံးအံ့သောအခြင်းအရာကို သိသော်လည်း ပုဏ္ဏကဏ်၏အာနုဘော်ဖြင့် မိမိလက်ကိုဆန့်၍ အန်ရွဲကိုဖမ်းခြင်းငှာ မတတ်နိုင်သည်ဖြစ်၍၊ အန်ရွဲတို့သည် ရှုံးအံ့သောအခြင်းအရာဖြင့်ချည်း ကျကုန်၏။

ထို့နောက် ပုဏ္ဏကသည် အန်ရွဲတို့ကို ပစ်သည်ရှိသော် မိမိအောင်အံ့သော အခြင်းအရာဖြင့် ကျကုန်၏။ ထိုသို့ကျသောအခါ၌ မင်းရှုံးသောအဖြစ်, မိမိနိုင်သောအဖြစ်ကိုသိလျှင် ပုဏ္ဏကသည် ထ၍ လက်ပမ်းပေါက်ခတ်လျက် 'ဇိတံ မေ, ဇိတံ မေ' "ငါအောင်ပြီ, ငါအောင်ပြီ"ဟု ပြင်းစွာသောအသံဖြင့် ၃ ကြိမ် ဟစ်၏။ ထိုပုဏ္ဏကအသံသည် ဇမ္ဗူဒိပ်ကျွန်း ၁ သောင်းလုံးနှံ့၍ ကြားလေ၏။

ဓနဉ္စယမင်းသည် အန်ရှုံးခဲ့သော် ပြင်းစွာ နှလုံးမသာဖြစ်၏။ မင်းကြီး၏ နှလုံးမသာရှိကြောင်းကို ပုဏ္ဏကသိ၍ နှစ်သိမ့်စေခြင်းငှာ 'ဇယော မဟာရာဇ'အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ လောင်းတမ်းဟူသည် ၂ ဦးလုံးပင် မိမိကိုယ်ကို နိုင်အောင် အားထုတ်ကြသည်ချည်းပင်ဖြစ်သည်။ ထိုသို့ ဖြစ်သော်လည်း ၂ ဦးစလုံး နိုင်ရိုးမရှိ။ တစ်ယောက်ယောက်သာ ရှုံးမြဲ, နိုင်မြဲ ဖြစ်သည်။ ဤ အန်ကစားကြရာ၌လည်း အရှင်မင်းကြီးကိုယ်ကို အရှင်မင်းကြီး ရှုံးအောင်ပြုတော်မူသည် မဟုတ်။ နှလုံးမသာရှိတော်မမူလင့်။ အရှင်မင်းကြီးကို မြတ်သောဥစ္စာဖြင့် အကျွန်ုပ် အောင်ပြီ။ လောင်းတမ်းဥစ္စာကို ယခု ပေးတော်မူ။ အကျွန်ုပ်အရပ်လည်း ဝေးသည်။ အကြာအရှည် မငံ့သာ"ဟုဆို၏။ မင်းကြီးလည်း လောင်းတမ်းဥစ္စာကို ပုဏ္ဏားအား ပေးလို၍ 'ဟတ္ထိဂဝဿာ'အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ ငါ အစိုးရတော်မူသော ဤမြေအပြင်၌ ဆင်, မြင်း, နွားလား အစရှိသော ဥစ္စာ၊ ပတ္တမြား, နားတောင်းဝတ်ဆင်ကုန်လျက် နှစ်သက်ဖွယ်သော သမီးကညာ၊ ရတနာ, ရွှေ, ငွေ,' ပတ္တမြား အစရှိသော များစွာကုန်သော ရတနာတို့သည် ရှိကုန်၏။ ထိုရတနာတို့တွင် ကောင်းရာမြတ်ရာ သင်နှစ်သက်ရာ တစ်ခုခုကိုယူ၍ လိုရာအရပ်သို့ သွားလေတော့"ဟု ဆို၏။

ပုဏ္ဏကလည်း မိမိလိုသောရတနာကို ကြားလို၍ 'ဟတ္ထိဂဝဿာ' အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ နိုင်ငံတော်၌ ဆင်, မြင်း, နွား, ပတ္တမြား ရောင်မောင်း နားတောင်းဝတ်ပြီး သမီးကညာတို့မှတစ်ပါး၊ များစွာသော အရှင်မင်းကြီး၏ ရတနာအပေါင်းတို့တွင် 'ဝိဓုရအမတ် သုခမိန်တည်း'ဟူသော ရတနာတစ်ပါးသည်သာ အမြတ်ဆုံးတည်း။ 'ငါရှုံးလျှင် သင်နှစ်သက်ရာ မြတ်ရာရတနာကို ယူလေတော့'ဟု ဆိုသော အရှင်မင်းကြီးစကားနှင့်အညီ 'ဝိဓုရသုခမိန်တည်း'ဟူသော ရတနာမြတ်ကို အကျွန်ုပ်အား ပေးလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဝိဓုရသုခမိန်ကို ဂုဏ်ကိုပြ၍လွှတ်စိမ့်သောငှာ 'အတ္တာ စ မေ'အစရှိသော ဂါထာကို မင်းကြီး ဆို၏။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ အန်မကစားမီ အထက်ကပင် 'ငါ့ကိုယ်ကို လည်းကောင်း, မိဖုရားကို လည်းကောင်း, ထီးဖြူကို လည်းကောင်း ကြဉ်စေ။ ဤမှတစ်ပါးသော ဥစ္စာကိုသာ လောင်းတမ်းပြုမည်'ဟု သင့်ကို ငါဆိုသည် မဟုတ်လော။ ဤ ဝိဓုရသုခမိန်သည် ငါ၏ကိုယ်ပင် ဖြစ်သည်။ ငါအစိုးရသော ရတနာတို့နှင့် မနှိုင်းယှဉ်သာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ငါ၏ကိုယ်ပင်ဖြစ်သောကြောင့် လောင်းတမ်းဥစ္စာ မဝင်ဖြစ်၍ သင် မယူထိုက်။ ဝိဓုရသည် ငါ၏ ကိုယ်မျှသာလည်း မဟုတ်သေး။ ငါ၏ကိုးကွယ်ရာလည်း ဖြစ်ပေ၏။ ကောင်းသောအလားသို့ လားရာလည်း ဖြစ်၏။ မှီရာကျွန်းကြီးသဖွယ်လည်း ဖြစ်၏။ ပုန်းအောင်းရာ လိုဏ်နန်းသဖွယ်လည်း ဖြစ်၏။ လဲလျောင်းရာလည်း ဖြစ်၏”ဟု ဆို၏။ ပုဏ္ဏကသည် ‘စိရံ ဝိဝါဒေါ’ အစရှိသော ဂါထာကို ဆိုပြန်၏။ အဓိပ္ပာယ်ကား–

“အရှင်မင်းကြီး။ ကျွန်ုပ်နှင့် အရှင်မင်းကြီးသည် လောင်းတမ်း ဖြစ်ထိုက်, မထိုက်ကို ငြင်းခုံ၍နေလျှင် ကြာတော့မည်သာ ဖြစ်သည်။ ထို ဝိဓုရသုခမိန် အထံသို့ပင်လျှင်သွား၍၊ အကျွန်ုပ်တို့ စကား၂ရပ်နှင့် ဝိဓုရ၏ အဆုံးအဖြတ်ကို ခံကြအံ့။ ဝိဓုရသုခမိန် ဆုံးဖြတ်ရာဖြစ်စေတော့”ဟု ဆို၏။ မင်းကြီးသည် ထိုစကားကို နှစ်သက်၍ ‘အဒ္ဓါ ဟိ သစ္စံ’အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

“ကစ္စည်းလုလင်။ သင်သည် စဉ်းလဲစဉ်းစား မပြု။ ဟုတ်မှန်ရာစကားလမ်းကိုပင် ဆိုပေသည်။ သင် ဆိုတိုင်း ငါလည်း နှစ်သက်၏။ ငါတို့အစုံအညီသွား၍ ဝိဓုရသုခမိန်ဆုံးဖြတ်တိုင်း ဖြစ်စေအံ့”ဟုဆို၍၊ ဓနဥ္စယ မင်းသည် ၁၀၁ ပါးသောမင်းတို့ဖြင့် ခြံရံလျက် ပုဏ္ဏကကိုလည်း ခေါ်၍၊ ဝမ်းမြောက်ဝမ်းသာ အနံကစားရာ သဘင်မှထ၍ တရားဆုံးဖြတ်ရာသဘင်သို့ လျင်စွာ သွားကြလေ၏။

ဝိဓုရသုခမိန်သည် မင်းကြီးလာသည်ကို မြင်လျှင် မိမိနေရာ တရားဆုံးဖြတ်ရာပလ္လင်မှဆင်း၍ လျောက်ပတ်ရာအရပ်၌ နေ၏။ ထိုအခါ ပုဏ္ဏကသည် ဘုရားလောင်း ဝိဓုရသုခမိန်ကို ဤသို့ဆို၏။

“သုခမိန်။ သင်သည် တရား၌လည်း တည်၏။ မိမိ အသက်ကြောင့်လည်း မမှန်သောစကားကို မဆို။ ဤသို့ ကျော်စောသော သင်၏ဂုဏ်ကျေးဇူး သံသည် အလုံးစုံသောလူ၌ နံ့၍ထင်ရှား၏။ ငါသည် ယခု သင်သုခမိန်၏ တရား၌တည်သောအဖြစ်ကို သိရအံ့”ဟု ဆို၍၊ ‘သစ္စံနုဒေဝါ’ အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

“သင် သုခမိန်။ကုရုတိုင်း၌ ဝိဓုရအမည်ရှိသောအမတ်သည် တရား၌ တည်၏။ အသက်တည်း ဟူသော အကြောင်းကြောင့် မမှန်သောစကားကို မဆိုဟူ၍၊ နတ်တို့၌ ကျော်စောထင်ရှားစွာ ချီးမွမ်းပြောဆိုကြကုန် သည်။ ထို နတ်တို့ဆိုသောစကားသည် အမှန်ပင်လော။ ယင်းသို့မဟုတ်မူ မမှန်လော။ သင်သုခမိန်သည် မင်းကြီး၏ ကျွန်ပေလော။ ယင်းသို့မဟုတ်မူ မင်းကြီး၏ ဆွေတော်မျိုးတော်ပေလော”ဟု မေး၏။

ထိုသို့မေးသောအခါ ဘုရားလောင်းသည် ဤသို့ ကြံ၏။

‘ဤလုလင်သည် ဤအကြောင်းကို ငါ့အား မေး၏။ ငါသည် ထိုသူအား မင်း၏ဆွေမျိုး ဟူ၍ လည်းကောင်း, မင်းထက်မြတ်သောသူ ဟူ၍လည်းကောင်း, မင်းနှင့် စိုးစဉ်းမျှမတော်မစပ် သူစိမ်းပြင်ပြင် ဟူ၍လည်းကောင်း ဆိုသဖြင့် ငါ့စကားကို မှတ်ယူစေခြင်းငှာ စွမ်းနိုင်၏။ ဤလောက၌ သစ္စာနှင့်တူသော ကိုးကွယ်ရာမည်သည်ကား မရှိ။ မှန်သောစကာ ကိုသာလျှင် ငါ ဆိုအံ့’ဟု ကြံ၍၊ ‘လုလင်။ ငါသည် မင်း၏ ဆွေမျိုးလည်း မဟုတ်ပေ။ မင်းထက်မြတ်သောသူလည်း မဟုတ်ပေ။ ကျွန်အပြား ၄ ပါးတွင် တစ်ပါးဝင်သော ကျွန်တည်း’ဟု ပြခြင်းငှာ၊ ‘အာမာယ ဒါသာပိ’အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

“လုလင်။ ငါတို့မင်းကြီးအား အကျိုးစီးပွား ရှိသည်မူလည်း ဖြစ်စေ, မရှိသည်မူလည်းဖြစ်စေ ဟုတ်မှန် ရာကိုသာ ငါဆိုအံ့။ လောက၌ ကျွန်မျိုးသည် ၄ ပါး ရှိသည်။ ၄ ပါးဟူသည်ကား အန္တေဝါသိတဖြစ်သော အိမ်ပေါက်ကျွန်, ဓနက္ကီတဖြစ်သော ဥစ္စာဖြင့်ဝယ်သောကျွန်, သယံဒါသုပဂတ ဟူသော သူခစားကျွန်, တိုင်းတစ်ပါးမှဆောင်ခဲ့၍ ကရမရဖြစ်သော သုံ့ရကျွန်[၁၈] ဟူ၍ ၄ ပါးတည်း။ ထို ကျွန် ၄ မျိုးတို့တွင်

www.burmeseclassic.com



ငါသည် မင်းခစားအမတ် ဖြစ်ချေသောကြောင့် 'သယံဒါသုပဂတ' ကျွန်မျိုး အဝင်ပေတည်း။ ငါသည် အရပ်တစ်ပါးသို့ပင် ရောက်သော်လည်း မင်းကြီးကျွန် မည်သည်မည်မလျှော့ပေလျှင်တည်း။ မင်းကြီးသည် တစ်စုံတစ်ခု ပြုရာကိစ္စကြောင့် ငါ့ကို သင်လုလင် အစရှိသောသူတို့အား ပေးတော်မူသော်လည်း၊ တရားသဖြင့်ပေးခြင်းပင် ဖြစ်သည်"ဟုဆို၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏကသည် ဝမ်းမြောက်ဝမ်းသာ တစ်ဖန် လက်ပမ်းပေါက်ခတ်လျက် 'အယံပိ ဒုတိယော' အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"အို-မင်းများတို့။ ငါ့အား ယခု အောင်ခြင်းကား ၂ ကြိမ်မြောက်သော အောင်ခြင်းတည်း။ ငါမေးအပ်သော ဝိဓုရအမတ်သည် ဟုတ်မှန်တိုင်း ဖြေပေ၏။ မင်းတကာတို့၏အရှင်ဖြစ်သော မင်းကြီးမူကား မတရားသော သဘော ရှိ၏။ ဟုတ်မှန်ရာကို ဆုံးဖြတ်ဖြေဆိုတတ်သော ဝိဓုရသုခမိန်ကို ငါ့အား အဘယ်ကြောင့် မပေးဘဲနေဘိ သနည်း"ဟု ဆို၏။ ထိုစကားကိုကြားလျှင် မင်းကြီးသည် အမျက်ထွက်၍

'ဝိဓုရသုခမိန်။ သင်သည် ဤသို့သော မှူးမတ်စည်းစိမ်ကိုပေး၍ ချီးမြှောက်ပါသော ငါ့မျက်နှာကိုမျှ မထောက်မရှု။ ယခု မြင်ဖူးကာမျှသော ကစ္စည်း လုလင်မျက်နှာကိုသာ ထောက်လေသည်။ ဝိဓုရသည် ငါ၏ ကျွန်မှန်လျှင် ကစ္စည်းလုလင် ဝိဓုရကို သင် ယူ၍ သွားလေတော့'ဟု 'ဧဝံ စေနော' အစရှိသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"ကစ္စည်းလုလင်။ ဤဝိဓုရသည် ငါတို့အမေးပြဿနာ၌ 'ငါ၏ဆွေမျိုး မဟုတ်၊ ငါ၏ကျွန်'ဟု မင်း ပရိသတ်အလယ်၌ ဖြေ၏။ ထိုသို့ဖြေပေပြီးလျက် သင်သည် အဘယ်ကြောင့် ယခုတိုင်ကြာအောင် ဝိဓုရကို မယူ နေဘိသနည်း။ အလုံးစုံသောရတနာတို့ထက် ဤဝိဓုရသည် မြတ်၏။ ထိုဝိဓုရကို သင် ယူ၍ အလိုရှိရာ အရပ်သို့ သွားလေတော့"ဟု ဆို၏။

## ၅။ အိမ်ရာထောင်သော ပြဿနာကို မေးခန်း

ဤသို့သောစကားကို ဆိုပြီး၍ မင်းသည် တစ်ဖန် ကြံပြန်၏။

'ငါသည် ဝိဓုရသုခမိန်ကို ကစ္စည်းလုလင်အား ပေးအပ်ပြီ။ ကစ္စည်းလုလင်သည် ဝိဓုရကိုခေါ်၍ လိုရာအရပ်သို့ သွားသည်ရှိသော် ထိုနေ့မှစ၍ သာယာစွာသောတရားစကားကို ကြားနာရခဲသည် ဖြစ်လတ္တံ့။ အကယ်မလွဲသဖြင့် ယခု ဝိဓုရကို မိမိနေမြဲဖြစ်သော တရားဟောရာ၌နေစေ၍ အိမ်ရာထောင်သောပြဿနာကို ငါ မေးအံ့'ဟု ကြံ၏။ ထို့နောင်မှ ဝိဓုရသုခမိန်ကို ဤသို့ဆို၏။

"သုခမိန်။ သင်သည် ကစ္စည်းလုလင်နှင့် လိုက်ရသောအခါ ငါ့အား တရားစကားသည် ရခဲသည်ဖြစ် လတ္တံ့။ ထိုသို့ဖြစ်သောကြောင့် သင်သည် တရားဟောနေရာ၌ နေ၍ ငါ့အား အိမ်ရာထောင်သော လူ၏ဘောင်၌ ကျင့်ရဆောင်ရာသောတရားကို ဟောလော့"ဟု ဆို၏။

ဝိဓုရသုခမိန်သည် "ကောင်းပြီ"ဟု ဝန်ခံ၍၊ တရားဟောနေရာ၌နေပြီးသော် မင်းသည် မေးအပ်သော ပြဿနာအပေါင်းတို့ကို ဝိဓုရသုခမိန်သည် ဖြေပေ၏။ မင်းသည် အဘယ်သို့ မေးသနည်းဟူမူကား-



www.burmeseclassic.com

www.burmeseclassic.com



'ဝိဓုရ ဝသမာနဿ၊ ဂဟဋ္ဌဿ သကံ ဃရံ။
ခေမာဝုတ္တိ ကထံ အဿ၊ ကထံ နု အဿ သင်္ဂဟော။
အဗျာပဇ္ဈံ ကထံ အဿ၊ သစ္စဝါဒီ စ မာဏဝေါ၊
အသ္မာ လောကာ ပရံလောကံ၊ ကထံ ပေစ္စ န သောစတိ။ ။'ဟူသောဂါထာဖြင့် မေး၏။

အဓိပ္ပာယ်ကား–

"ဝိဓုရ သုခမိန်။ အိမ်ရာထောင်သော ဤလူ့ဘောင်၌ ဘေးမရှိသောအသက်မွေးခြင်းသည် အဘယ်အကြောင်းဖြင့် ဖြစ်ရာသနည်း။ သင်္ဂြိုဟ်ခြင်းတရားသည် အဘယ်သို့သောအကြောင်းဖြင့် ဖြစ်ရာသနည်း။ ကြောင့်ကြဆင်းရဲ မရှိခြင်းသည် အဘယ်အကြောင်းဖြင့် ဖြစ်ရာသနည်း။ သစ္စာစောင့်ခြင်းအလေ့သည် အဘယ်အကြောင်းဖြင့် ဖြစ်ရာသနည်း။ ဤဘဝမှ တမလွန်သို့သွားသည်ရှိသော် အဘယ်အကြောင်းဖြင့် မစိုးရိမ်အံ့နည်း"ဟု ၅ ပါးသော ပြဿနာကို မေး၏။

သိမ်မွေ့နူးညံ့သော ပညာ, အကျိုးစီးပွားကို သိတတ်သောပညာ အစရှိသည်နှင့် ပြည့်စုံစွာသော ဝိဓုရသုခမိန်သည် ထိုမင်းအမေးကို ဖြေခြင်းငှာ–

'န သာဓာရဏ ဒါရဿ၊ န ဘုဉ္ဇေ သာဒု မေကကော။
န သေဝေ လောကာယတိကံ၊ နေတံ ပညာယ ဝဍ္ဎနံ။ ။
'သီလဝါ ဝတ္တသမ္ပန္နော၊ အပ္ပမတ္တော ဝိစက္ခဏော။
နိဝါတဝုတ္တိ အတ္ထဒ္ဓေါ၊ သုရတော သခိလော မုဒု။ ။
'သင်္ဂဟေတာ စ မိတ္တာနံ၊ သံဝိဘာဂီ ဝိဓာနဝါ။
တပ္ပေယျ အန္နပါနေန၊ သဒါ သမဏဗြာဟ္မဏေ။ ။
'ဓမ္မကာမော သုတာဓာရော၊ ဘဝေယျ ပရိပုစ္ဆကော။
သက္ကစ္စံ ပယိရုပါသေယျ၊ သီလဝန္တေ ဗဟုဿုတေ။ ။
'ဃရ မာဝသမာနဿ၊ ဂဟဋ္ဌဿ သကံ ဃရံ။
ခေမဝုတ္တိ သိယာ ဧဝံ၊ ဧဝံ နု အဿ သင်္ဂဟော။ ။
'အဗျာပဇ္ဈော သိယာ ဧဝံ၊ သစ္စဝါဒီ စ မာဏဝေါ။
အသ္မာ လောကာ ပရံလောကံ၊ ဧဝံ ပေစ္စ န သောစတိ။ ။'ဟူသော ၆ ဂါထာတို့ဖြင့် ဖြေပေ၏။

အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ဤလူ့ဘောင်၌ အိမ်ရာထောင်ကုန်သော သူတို့သည် ၁၂ ယောက်သော မယားအပြားတို့တွင် ၁ ပါးပါး၌ အကျုံးဝင်သော သူတစ်ပါးတို့၏မယားကို မပြစ်မှားအပ်။ ကောင်းမွန်မြိန်မြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို အကြောင်းသင့်ရာသူတို့အား မပေးကမ်း မဝေခြမ်းမူ၍ မစား မသောက်အပ်။ ပစ္စုပ္ပန်တွင်လည်း အကျိုးစီးပွား မရှိ။ နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်။

"လူတို့၏ ပညတ်အမှတ်မျှသာဖြစ်သော, နတ် ရွာ မဂ်ဖိုလ်၏ ဆန့်ကျင်ဘက်လည်းဖြစ်သော လောကာယတိကကျမ်း[၁၆]ကို မမှီဝဲအပ်၊ ဤ လောကာယတိက ကျမ်းစကားသည် ပညာကိုလည်း မပွားစေတတ်၊ ပညာပွားကြောင်း ကျမ်း မဟုတ်။ နေ့တိုင်းမပြတ် ၅ ပါးသီလကိုလည်း မကျိုးမပျက်ရအောင် စောင့်ရာ၏။ အိမ်ထောင်၌ ပြုရာသော ဝတ်, မင်းတို့ပြုရာသော ဝတ်နှင့်လည်း ပြည့်စုံစေရာ၏။ ကုသိုလ်ကောင်းမှုတို့၌



www.burmeseclassic.com

www.burmeseclassic.com



မမေ့မလျော့ပြုရာ၏။ ခပ်သိမ်းကုန်သောအမှုတို့၌ ပညာဖြင့်ဆင်ခြင်၍ ပြုရာ၏။ မိမိကိုယ်ကို မထောင်လွှားမူ၍ နှိမ့်ချခြင်း, သူတော်ကောင်းတို့ဆိုဆုံးမလျှင် ဝန်ခံသဖြင့် နာယူခြင်း, ဝန်တိုချုပ်ချယ် စောင်းမြောင်းငြူစူ မရှိခြင်း, လှူဒါန်းပေးကမ်းခြင်း၌ တွန့်တိုခြင်းမရှိ ရဲရင့်ခြင်း, ချစ်နှစ်လိုဖွယ်သော စကားကို ဆိုခြင်း, ကိုယ်၏နူးညံ့ခြင်း, စိတ်၏နူးညံ့ခြင်း, နှုတ်၏နူးညံ့ခြင်းနှင့်လည်း ပြည့်စုံစေရာ၏။

"အဆွေခင်ပွန်းတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ မေတ္တာစိတ်ကို ပွားစေခြင်း၊ ကိုယ်နှင့်ထပ်တူ ကျင့်ခြင်း ဤ ၄ ပါးသော သင်္ဂဟတရား[၆၀]နှင့်လည်း ပြည့်စုံစေရာ၏။ တရားစောင့်သော ရဟန်း, ပုဏ္ဏားတို့အားလည်း အလှူအဖို့ကို ဝေဖန်ခွဲခြမ်းခြင်း၊ ခပ်သိမ်းသောအမှုကိစ္စတို့၌ ဤအခါကား လယ်ထွန်ခြင်းငှာ, ဤအခါကား မျိုးကြဲခြင်းငှာ လျောက်ပတ်၏ စသည်ဖြင့် စီရင်ထုံးဖွဲ့ခြင်း၊ ရဟန်း,ပုဏ္ဏားတို့ အလှူခံလာသည်ရှိသော် မိမိတို့၌ပါသော သပိတ်စသည်ကို ဘောဇဉ်ခဲဖွယ်ဖြင့်ပြည့်စေ၍ ရောင့်ရဲစေရာ၏။

"သူတော်ကောင်းတရားကို အလိုရှိခြင်း၊ မိမိကောင်းသော အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ အကြားအမြင် များစေခြင်းငှာ ဝတ္ထု, ပုံစံ, နည်းနာ, ဓာပေ, ကျမ်းဂန်တို့ကို လေ့လာသင်ကြား မှတ်သားကြည့်ရှုနှီးနှောပဟောပြော မေးမြန်းခြင်းကိုလည်း ပြုရာ၏။ အကြားအမြင်များသော သီလဝန္တ ရဟန်း,ပုဏ္ဏားတို့သို့ အရိုအသေ ဆည်းကပ်ရာ၏။

"အရှင်မင်းကြီး။ ဤသို့ပြုသည်ရှိသော် ဤလောက၌ ဘေးမရှိသော အသက်မွေးခြင်း၊ ကြောင့်ကြဆင်းရဲ မရှိခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ ဤဘဝမှ တမလွန်သို့သွားရသော်လည်း မစိုးရိမ်ရခြင်းသည် ဖြစ်ရာ၏" ဟု ဘုရားလောင်းသည် မင်းကြီးအား အိမ်ရာထောင်သောလူ၏ဘောင်၌ ကျင့်ရာဆောင်ရာသော ပြဿနာ[၆၁]ကို ဖြေပြီးလျှင်၊ တရားဟောနေရာ ပလ္လင်မှဆင်း၍ မင်းကြီးကိုရှိခိုးလျက် သင့်ရာအရပ်၌ နေ၏။

မင်းကြီးသည် ဘုရားလောင်းအား ကြီးစွာသောပူဇော်သက္ကာရ[၆၂]ကိုပြု၍ ၁၀၁ ပါးသော မင်းအပေါင်း ခြံရံလျက် နန်းတော်သို့ ဝင်လေ၏။

## ၆။ သားမယားတို့ကို ဆုံးမခန်း

ဘုရားလောင်းသည် မင်းကြီးကိုပို့လိုက်၍ နန်းတော်မှပြန်လာသောအခါ ပုဏ္ဏကသည် 'ဇဟိဒါနိ' အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"ဝိဓုရ သုခမိန်။ သင့်ကို မင်းကြီးသည် အစိုးရသောအားဖြင့် ငါ့အား ပေးအပ်ပြီ။ ငါ့နောက်သို့ လိုက်လှည့်။ သွားကြကုန်အံ့။ သင်သည် ငါ၏အကျိုးစီးပွားကိုသာ ကျင့်လော့။ အကြင်သူသည် အရှင်၏ အကျိုးစီးပွားကိုသာ ကျင့်၏။ ထိုသို့ အရှင့်စီးပွားကို ကျွန်ဟုကျင့်ခြင်းသည် ရှေးပညာရှိတို့ သဘောတည်း"ဟု ဆို၏။

ဝိဓုရ သုခမိန်သည်လည်း 'ဇာနာမိ မာဏဝ' အစရှိသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"လုလင်။ သင်သည် ငါ့ကို ရအပ်၏ဟု ငါ သိ၏။ ထိုသို့ ငါ့ကိုရခြင်းသည်ကား တစ်ပါးသော အကြောင်းကြောင့် ရအပ်သည်မဟုတ်။ မင်းကြီးသည် ငါ့ကို အစိုးရသောအားဖြင့် သင့်အားပေးအပ်သောကြောင့် သင် ရ၏။ ငါသည် မင်းကြီးမျက်နှာကိုသာငဲ့၍ သင်တို့မေးသောပြဿနာကို မဟုတ်မမှန် ငါဖြေလျှင် ငါ့ကို သင် မရရာ။ ထိုသို့မပြုဘဲ ဟုတ်မှန်ရာကိုသာ ငါ ဖြေ၏။ ထို့ကြောင့်သာလျှင် သင်သည် ငါ့ကို ရအပ်၏။ ဤသို့ ငါ၏ကျေးဇူးသည် သင့်အား များစွာရှိသည်ကိုထောက်၍ ကျေးဇူးသိတတ်သည်နှင့်လျော်စွာ သင်သည် ငါ၏အိမ်၌ ၂ ရက်, ၃ ရက်မျှ ငံ့လင့်၍နေစေချင်၏။ ထိုမျှကာလပတ်လုံး သားမယားတို့ကို ဆုံးမပဲ့ပြင် သွန်သင်ပါရစေ။ သည်းခံ၍ ငံ့ဦး"ဟု ဆို၏။

ထိုစကားကို ကြားလျှင် 'ဝိဓုရသုခမိန်သည် မှန်သောစကားသာ ဆိုပေ၏။ ငါ့အား ကျေးဇူးကြီးလှ ပေသူဖြစ်သည်။ ၂ ရက်, ၃ ရက်ကို မဆိုနှင့်ဦး။ ၇ ရက်, လခွဲကိုပင် ငံ့လင့်ပါဆိုလျှင်လည်း ငါ ငံ့သင့်ပေသည်'ဟု ကြံ၍၊ 'တံမေတထာ ဟောတု' အစရှိသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"ဝိဓုရသုခမိန်။ သင်တောင်းပန်တိုင်း ငါသည် ၂ ရက်, ၃ ရက် ငံ့ဦးအံ့။ ထို ၂ ရက် ၃ ရက်အတွင်းတွင် အိမ်၌ ပြုရာသောကိစ္စကိုလည်း ပြုလော့။ သားမယားတို့ကိုလည်း ဆုံးမခဲ့လော့။ သင်သည် ငါ၏ နောက်သို့လိုက်ခဲ့ရသော် သင်၏သားမယားတို့သည် ချမ်းသာသဖြင့် အသက်မွေးရမည့်အကြောင်း ထုံးဟောင်း ပုံစံ ကျင့်ရန်တရားများကို ဆုံးမသွန်သင်ခဲ့လော့"ဟု ဆို၏။

ပုဏ္ဏကသည် ဘုရားလောင်းနှင့်အတူ ဝိဓုရအိမ်သို့ ဝင်လေ၏။

ဘုရားလောင်းဝိဓုရသုခမိန် နေရာအိမ်သည်ကား ဥတု ၃ ပါးနှင့်လျော်စွာ အချမ်း,အပူကို ဆောင်တတ်သော ပြာသာဒ် ၃ ဆောင်တည်း။ အမည်ကား တစ်ဆောင်သည် 'ကောဉ္စ[၆၃]' အမည်ရှိ၏။ တစ်ဆောင်ကား 'မယူရ[၆၄]' အမည်ရှိ၏။ တစ်ဆောင်ကား 'ပိယကေတ' အမည်ရှိ၏။ ထို ပြာသာဒ် ၃ ဆောင်သည် နှလုံးမွေ့လျော်ဖွယ်လည်း ရှိ၏။ များစွာသော ထမင်း, အဖျော်လည်း ရှိ၏။ သိကြားမင်း၏စံရာ တာဝတိံသာနတ်ဘုံ ကဲ့သို့တည်း။

ဝိဓုရသုခမိန်သည် ထိုအခါ ပြာသာဒ် ၃ ဆောင်တို့တွင် အကြင်ပြာသာဒ်၌ နေ၏။ ထို မိမိနေသော ပြာသာဒ်ထက်သို့ ပုဏ္ဏကကိုခေါ်၍ ဘုံ ၇ ဆင့်မြောက်၌ အိပ်ရာတိုက်ကို လည်းကောင်း, ကျယ်သောအပြင်ကို လည်းကောင်း စီရင်စေပြီးလျှင်၊ အသရေရှိသောအိပ်ရာခင်း၍ ထမင်း, အဖျော် စသည့် အလုံးစုံပြုရာဝတ်ကို ပြီးစေလျက်၊

"နတ်သမီးကဲ့သို့အဆင်းလှသော ဤ သတို့သမီး ၅၀၀ တို့သည်လည်း သင့်၏ခြေရင်း အလုပ်အကျွေး ဖြစ်စေ။ ဤသတို့သမီး ၅၀၀ တို့နှင့် ချမ်းသာစွာနေလော့"ဟု အပ်နှင်းခဲ့ပြီးသော်၊ မိမိနေရာသို့ သွားလေ၏။

ထို ဝိဓုရသုခမိန် သွားပြီးသောအခါ သတို့သမီး ၅၀၀ တို့သည် နတ်သမီးကဲ့သို့ ဆင်အပ်ပြီးသော အဝတ်တန်ဆာရှိသည်ဖြစ်၍ ထိုပုဏ္ဏက၏အနီး၌ ကောင်းရာမြတ်ရာသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို တီးမှုတ်, ကခုန်, သီကုန်လျက် နှစ်သက်ဖွယ်သောကာမဂုဏ်တို့ဖြင့် ဖြားယောင်းကုန်၏။ ထိုသို့ တရားကို စောင့်လျက် အကျိုးစီးပွားကိုသာကြံလေ့ရှိသော ဝိဓုရသုခမိန်သည် ပုဏ္ဏကအား အထူးထူးသောကာမဂုဏ်တို့ဖြင့် မွေ့လျော်စေပြီးလျှင်၊ 'အနောဇာ'အမည်ရှိသော မိမိ မိဖုရားကြီးနေရာ တိုက်ခန်းသို့ဝင်၍ ဇမ္ဗူရာဇ်ရွှေစင်အဆင်းနှင့် တူသောအဆင်းရှိသော အကျော်,စန္ဒကူးနံ့သာ လိမ်းကျံအပ်သောကိုယ်ရှိသော မယားကြီးကို



www.burmeseclassic.com

"လင်၏အလိုသို့လိုက်လျက် အမျက်စောင်မာန် ခိုက်ရန်မရှိ လင်ဝတ်သိသော အိမ်ကြီးရှင်မ၊ ငါ၏ ရင်သွေးရင်နှစ် ချစ်၍မငြီးနိုင်သော သားသမီးတို့ကို ခေါ်ချေ"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အနောဇာဒေဝီသည် ဦးချိုရင်ခတ်[၆၆] မရပ်မတည် မျက်ရည်စက်ယိုဒိုလျက် ကိုယ်တိုင်သွား၍ သားများကိုခေါ်ခြင်းငှာ မတတ်နိုင်သောကြောင့် ချွေးမကိုစေလို၍ 'ဣန္ဒိဝရ ပုပ္ပသာမေ'အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"အရောင်အဆင်း ဟင်းရုံ့ပွင့်အလား အသားနုညက် လက်သည်းခြေသည်း အာစပ်နှုတ်ခမ်း နီမြန်းရွှင်ပြုံး မျက်လုံးမျက်ဖန် လှပဟန်တော်ဘိ ချစ်ဖွယ်ရှိသော အမိချွေးမ။ သင်၏ငယ်ချစ် ငါ့ရင်နှစ်ဖြစ်သော ဓမ္မပါလ သတို့သားနှင့်တကွ ဝတ်စားတန်ဆာတို့ဖြင့် တင့်တယ်စွာသော သင့်မတ်များကို ခေါ်ပါချေ"ဟု စေလိုက်၏။

ထိုချွေးမလည်း ယောက္ခမစကားကိုဝန်ခံပြီးသော် ပြာသာဒ်ထက်မှဆင်း၍ ဓမ္မပါလ သတို့သားရှိရာ သွားပြီးလျှင် "အရှင့်သား။ မောင့်ခမည်းတော်သည် အဆုံးအမ ပေးတော်မူလိုသည်ဖြစ်၍ ခေါ်တော်မူ၏။ ယခု ခမည်းတော်ကို ဖူးမြင်ရခြင်းကား အဆုံးစွန်သော ဖူးမြင်ရခြင်းတည်း။ ခပ်သိမ်းကုန်သော အဆွေအမျိုး အကျွမ်းဝင်သူတို့ကို လည်းကောင်း, သားတော်သမီးတော်တို့ကို လည်းကောင်း စည်းဝေးစေ"ဟု ဆို၏။

ဓမ္မပါလ သတို့သားသည် ထိုစကားကိုကြားလျှင် စကားတုံ့ပြန် ပူပန်မဆည် မျက်ရည်စက်ယို ငိုမြည်တမ်းလျက် ညီအပေါင်းခြံရံ၍ ခမည်းတော်ထံ သွားလေ၏။

ထို ဝိဓုရသုခမိန်သည် မျက်ရည်သွယ်သွယ် ညှိုးငယ်သော မျက်နှာနှင့်လာသော သားတော်များကိုမြင်လျှင် ဆောက်တည်မရ ပူဆာလှသောနှလုံးဖြင့် ပြည့်သောမျက်ရည်ရှိလျက် သားတော်များကို လည်ဖက်ပိုက်ထုပ် အခါခါ နမ်းရှုပ်၍ သားကြီးဖြစ်သော ဓမ္မပါလသတို့သားကိုလည်း ရင်ခွင်ပေါ်၌ အတန်ငယ်အိပ်စေပြီးမှ သင့်ရာက နေစေ၏။

မယား, သားသမီး စုံညီပြီးသော် အသရေရှိသောအိပ်ရာတိုက်မှ ထွက်ခဲ့၍ ညီလာခံရာ ပြာသာဒ်ပြင်၌ နေပြီးသော် သားတော်များကို ဤသို့ဆို၏။

"ငါ့သားများတို့။ မောင်တို့ဖခင်ဖြစ်သော ငါသည် ယနေ့က ၃ ရက်တိုင်ရုံမျှသာ ကိုယ်,စိတ်၏ ချမ်းသာခြင်းသည် ဖြစ်အံ့။ ၃ ရက်လွန်လျှင် ကစ္စည်းလုလင်၏ အစီအရင်ကိုခံ၍ ထိုလုလင်ထားတိုင်း နေရချေအံ့။ ထိုလုလင်သည် ယနေ့မှ ၄ ရက်မြောက်သော နေ့သို့ရောက်လျှင် ငါ့ကိုခေါ်၍ အရပ်တစ်ပါးသို့ မချွတ်လျှင် သွားလိမ့်သတည်း။

"ကစ္စည်းလုလင်သည် ယနေ့ပင် သွားလို၏။ ငါသည် သားများတို့အား ကိုးကွယ်မှီခိုရာ အဆုံးအမ မပေးခဲ့ရသေးဖြစ်၍ လုလင်ကို တောင်းပန်သောကြောင့်သာ ၂ ရက်,၃ ရက် ငံ့ချေသည်။ ယခု သားများတို့အား အလုံးစုံ ကျင့်ရာဆောင်ရာသည့်တရားကို ဖခင် ဆုံးမပေးခဲ့အံ့။ အဆုံးအမကို အမြဲ နှလုံးသွင်းကြကုန်။ နောင် မင်းကြီးထံခစားသောအခါ 'သင်တို့ဖခင် သုခမိန်သည် သင်တို့ကို အဆုံးအမ ပေးခဲ့၏လော'ဟု အမေးတော်ရှိလျှင်၊ ငါပေးခဲ့သောအဆုံးအမကို မင်းကြီးအား ကုန်စင်အောင် လျှောက်လေ။ မင်းကြီးသည် ငါဆုံးမသောတရားစကားကို ကြားလျှင် 'ငါ့ကိုအောက်မေ့သဖြင့် သင်တို့ကို မြတ်နိုးတော်မူ၍ ငါနှင့်အတူ နေလှည့်'ဟု နေရာတူပေးငြား ချီးမြှောက်စားသော်လစားကိုလျှောက်လေ။ 'ဘုန်းတော် ကြီးလှ၍ တိုင်းမှုပြည်တာ မဆာမပူ ပြည်သူတို့သခင် အရှင်မင်းကြီးဘုရား။ လူတို့ကို အစိုးရကုန်သော ထီးဖြူဆောင်းချင်း မင်း ၁၀၁ ပါးတို့တွင် အဘယ်မည်သောမင်းသည် အရှင်မင်းကြီးနှင့် နေရာတူနေခြင်းငှာ ထိုက်အံ့နည်း။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ထီးဖြူဆောင်းချင်း မင်းဘို့မျှမနိုင်းယှဉ်ရသော မင်းများသခင် အရှင်မင်းကြီးကို မှူးရိုးမတ်နွယ်မျှဖြစ်သော အကျွန်ုပ်တို့သည် အဘယ်ကြောင့် နေရာတူ နေဝံ့ပါအံ့နည်း။ သားတကာတို့၏အရှင်ဖြစ်သော ခြင်္သေ့မင်းနှင့် ဇာတ်အားဖြင့်ယုတ်ညံ့သော မြေခွေးအိုသည် မနိုင်းယှဉ်ရာသကဲ့သို့ ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးနှင့် အကျွန်ုပ်တို့သည် မနိုင်းယှဉ်အပ်ဟု ရှိခိုးဦးတင်၍ လျှောက်လေလော့"ဟုဆို၏။

ထိုစကားကိုကြားလျှင် သုခမိန်၏ သားသမီး, အဆွေအမျိုး, ကျွန်အမှုလုပ် အစရှိသောသူတို့သည် မိမိတို့ကိုယ်အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ပြင်းစွာ ငိုကြွေးကြကုန်၏။ ထို့နောက်မှ သားသမီး အစရှိသောသူတို့ကို ဘုရားလောင်းသည် သိစေ၏။

## ၇။ မင်းခယောက်ျား ကျင့်ဆောင်ရာ တရားဟောခန်း

ထို သားသမီး အစရှိသော သူတို့၏ ငိုသံစဲသောအခါ၌

"ချစ်သားများတို့။ မောင်တို့ မစိုးရိမ်ကြကုန်လင့်။ ခပ်သိမ်းသော တေဘူမက သင်္ခါရတရား[၆၇]တို့သည် အမြဲ မရှိကုန်။ အခြေအရံ, စည်းစိမ်ချမ်းသာ ဟူသမျှသည် ပျက်စီးခြင်းသဘောသာ အဆုံးရှိသည်။ စင်စစ်တစ်မှုကား သင်တို့အား စည်းစိမ်ချမ်းသာများခြင်း၏အကြောင်း ဖြစ်သော ရာဇဝသတီ[၆၈] အမည်ရှိသော မင်းခယောက်ျားတို့ ကျင့်ရာ,ဆောင်ရာသည့် တရားကို ငါ ဟောအံ့။ တည်ကြည်သောစိတ်ကို ဖြစ်စေ၍ နာကြကုန်"ဟု ဝိဓုရ သုခမိန်သည် ဘုရား၏တင့်တယ်ခြင်းဖြင့် ရာဇဝသတီ အမည်ရှိသောတရားကို ဟောလို၍-

'ဧထယျော ရာဇဝသတိံ၊ နိသီဒိတွာ သုဏာထ မေ။
ယထာ ရာဇကုလံ ပတ္တော၊ ယသံ ပေါသော နိဂစ္ဆတိ။ ။
'န ဟိ ရာဇကုလံ ပတ္တော၊ အညာတော လဘတေ ယသံ။
နာသူရော နာပိ ဒုမ္မေဓော၊ န ပမတ္တော ကုဒါစနံ။ ။
'ယဒါဿ သီလံ ပညဉ္စ၊ သောစေယျဉ္စာဓိ ဂစ္ဆတိ။
အထ ဝိဿသတေ တမှိ၊ ဂုယှဉ္စဿ န ရက္ခတိ။ ။
'တုလာ ယထာ ပဂ္ဂဟိတာ၊ သမဒဏ္ဍာ သုဓာရိတာ။
အဇ္ဈိဋ္ဌော န ဝိကမ္ပေယျ၊ သ ရာဇဝသတိံ ဝသေ။ ။
'တုလာ ယထာ ပဂ္ဂဟိတာ၊ သမဒဏ္ဍာ သုဓာရိတာ။
သဗ္ဗာနိ အဘိသမ္ဘောန္တော၊ သ ရာဇဝသတိံ ဝသေ။ ။
'ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ ရာဇကိစ္စေသု ပဏ္ဍိတော။
အဇ္ဈိဋ္ဌော န ဝိကမ္ပေယျ၊ သ ရာဇဝသတိံ ဝသေ။ ။
'ဒိဝါ ဝါ ယဒိ ဝါ ရတ္တိံ၊ ရာဇကိစ္စေသု ပဏ္ဍိတော။
သဗ္ဗာနိ အဘိသမ္ဘောန္တော၊ သ ရာဇ ဝသတိံ ဝသေ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ယောစဿ သုကတော မဂ္ဂေါ၊ ရညော သုပ္ပဋိယာဒိတော။
န တေန ဝုတ္တော ဂစ္ဆေယျ၊ သ ရာဇဝသတိံ ဝသေ။ ။
'န ရညော သဒိသံ ဘုဉ္ဇေ၊ ကာမဘောဂေ ကုဒါစနံ။
သဗ္ဗတ္ထ ပစ္ဆတော ဂစ္ဆေ၊ သ ရာဇဝသတိံ ဝသေ။ ။
'န ရညော သဒိသံ ဝတ္ထံ၊ န မာလံ န ဝိလေပနံ။
အာကပ္ပံ သရကုတ္တိံ ဝါ၊ န ရညော သဒိသ မာစရေ။
အညံ ကရေယျ အာကပ္ပံ၊ သ ရာဇဝသတိံ ဝသေ။ ။
'ကီဠေ ရာဇာ အမစ္စေဟိ၊ ဘရိယာဟိ ပရိဝါရိတော။
နာမစ္စော ရာဇဘရိယာသု၊ ဘာဝံ ကုဗ္ဗေထ ပဏ္ဍိတော။ ။
'အနုဒ္ဓတော အစပလော၊ နိပကော သံဝုတိန္ဒြိယော။
မနောပဏိဓိသမ္ပန္နော၊ သ ရာဇဝသတိံ ဝသေ။ ။
'နာဿ ဘရိယာဟိ ကီဠေယျ၊ န မန္တေယျ ရဟော ဂတော။
နာဿ ကောသာ ဓနံ ဂဏှေ၊ သ ရာဇဝသတိံ ဝသေ။ ။
'န နိဒ္ဒံ ဗဟု မညေယျ၊ န မဒါယ သုရံ ပိဝေ။
နာဿ ဒါယေ မိဂေ ဟညေ၊ သ ရာဇဝသတိံ ဝသေ။ ။
'နာဿ ပီဌံ န ပလ္လင်္ကံ၊ န ကောစ္ဆံ န နာဝံ ရထံ။
သမ္မတောမှီတိ အာရူဠေ၊ သ ရာဇဝသတိံ ဝသေ။ ။
'နာတိဒူရေ ဘဇေ ရညော၊ နာစ္စာသန္နေ ဝိစက္ခဏော။
သမ္မုခဉ္စဿ တိဋ္ဌေယျ၊ သန္ဒိဿန္တော သဘတ္တုနော။ ။
'န ဝေ ရာဇာ သခါ ဟောတိ၊ န ရာဇာ ဟောတိ မေထုနော။
ခိပ္ပံ ကုဇ္ဈန္တိ ရာဇာနော၊ သုကေနာက္ခိဝ ဃဋ္ဋိတံ။ ။
'န ပူဇိတော မညမာနော၊ မေဓာဝီ ပဏ္ဍိတော နရော။
ဖရုသံ ပတိမန္တေယျ၊ ရာဇာနံ ပရိသံ ဂတံ။ ။
'လဒ္ဓဒွါရော လဘေ ဒွါရံ၊ နေဝ ရာဇူသု ဝိဿသေ။
အဂ္ဂီဝ သံယတော တိဋ္ဌေ၊ သ ရာဇဝသတိံ ဝသေ။ ။
'သပုတ္တံ ဝါ ဘာတရံ ဝါ၊ သံ ပဂ္ဂဏှာတိ ခတ္တိယော။
ဂါမေဟိ နိဂမေဟိ ဝါ၊ ရဋ္ဌေဟိ ဇနပဒေဟိ ဝါ။
တုဏှီဘူတော ဥပေက္ခေယျ၊ န ဘဏေ ဆေကပါပကံ။ ။
'ဟတ္ထာရောဟေ အနီကဋ္ဌေ၊ ရထိကေ ပတ္တိ ကာရကေ။
တေသံ ကမ္မာဝဒါနေန၊ ရာဇာ ဝဍ္ဎေတိ ဝေတနံ။
န တေသံ အန္တရာ ဂစ္ဆေ၊ သ ရာဇဝသတိံ ဝသေ။ ။
'စာပေါဝူနုဒရော ဓီရော၊ ဝံသော ဝါပိ ပကမ္ပယေ။
ပဋိလောမံ န ဝတ္တေယျ၊ သ ရာဇဝသတိံ ဝသေ။ ။



www.burmeseclassic.com

'ဓာပေါဂ္ဂနုဒရော အသူ၊ မဏ္ဍောဝသ အဇိဝှတာ။
အပ္ပါသိ နိပကော သူရော၊ သ ရာဇဝသတိ ဝသေ။ ။
'နဇာဠ ဤတွိ ဂစ္ဆေယျ၊ သမ္မတ္တံ တေဇသင်္ဂယံ။
ကာသံ သာသံ ဒရံ ဇာလျံ၊ ခီဏာမေဓော နိဂစ္ဆတိ။ ။
'နာတိဝေလံ ပဘာသေယျ၊ န တုဏှီ သဗ္ဗဒါ သိယာ။
အဝိကိဏ္ဏံ မိတံ ဝါစံ၊ ပတ္တေ ကာလေ ဥဒီရယေ။ ။
'အကောဓနော အသင်္ဃဋ္ဋော၊ သစ္စော သဏှော အပေသုဏော။
သမ္ဖံ ဂိရံ န ဘာသေယျ၊ သ ရာဇဝသတိ ဝသေ။ ။
'မာတာပေတ္တိဘရော အသူ၊ ကုလေ ဇေဋ္ဌာပစာယိနော။
သဏှော သခိလသမ္ဘာသော၊ သ ရာဇဝသတိ ဝသေ။ ။
'ဝိနိတော သိပ္ပဝါ ဒန္တော၊ ကတတ္တော နိယတော မုဒု။
အပ္ပမတ္တော သုစိ ဒက္ခော၊ သ ရာဇဝသတိ ဝသေ။ ။
'နိဝါ တဝုတ္တိ ဝုဒ္ဓေသု၊ သပ္ပတိဿော သဂါရဝေါ။
ဟိရိဩတ္တပ္ပသမ္ပန္နော၊ သ ရာဇဝသတိ ဝသေ။ ။
'အာရကာ ပရိဝဇ္ဇေယျ၊ သဉ္ဇိတုံ ပဟိတံ ဇနံ။
ဘတ္တာရမေဝ ဒိက္ခေယျ၊ န စ အညဿ ရာဇိနော။
သမဏေ ဗြာဟ္မဏေ စာပိ၊ သီလဝန္တေ ဗဟုဿုတေ။
သက္ကစ္စံ ပယိရုပါသေယျ၊ သ ရာဇဝသတိ ဝသေ။ ။
'သမဏေ ဗြာဟ္မဏေစာပိ၊ သီလဝန္တေ ဗဟုဿုတေ။
သက္ကစ္စံ အနုဝါသေယျ၊ သ ရာဇဝသတိ ဝသေ။ ။
'သမဏေ ဗြာဟ္မဏေ စာပိ၊ သီလဝန္တေ ဗဟုဿုတေ။
တပ္ပေယျ အန္နပါနေန၊ သ ရာဇဝသတိ ဝသေ။ ။
'သမဏေ ဗြာဟ္မဏေစာပိ၊ သီလဝန္တေ ဗဟုဿုတေ။
အာသဇ္ဇ ပညေ သေဝေထ၊ အာကင်္ခံ ဝုဒ္ဓိမတ္တနော။
ဒိန္နပုဗ္ဗံ နဟာပေယျ၊ ဒါနံ သမဏဗြာဟ္မဏေ။
န စ ကိဉ္စိ နိဝါရေယျ၊ ဒါနကာလေ ဝဏိဗ္ဗကေ။ ။
'ပညဝါ ဗုဒ္ဓိသမ္ပန္နော၊ ဝိဓာန ဝိဓိ ကောဝိဒေါ။
ကာလညူ သမယညူ စ၊ သ ရာဇဝသတိ ဝသေ။ ။
'ဥဋ္ဌာတာ ကမ္မဓေယျေသု၊ အပ္ပမတ္တော ဝိစက္ခဏော။
သုသံဝိဟိတ ကမ္မန္တော၊ သ ရာဇဝသတိ ဝသေ။ ။
'ခလံ သာလံ ပသုံ ခေတ္တံ၊ ဂန္တွာဝဿ အဘိက္ခဏံ။
မိတံ ဓညံ နိဓာပေယျ၊ မိတဉ္စ ပါစယေ ဃရေ။ ။
'ပုတ္တံ ဝါ ဘာတရံ ဝါ သံ၊ သီလေသု အသမာဟိတံ။

www.burmeseclassic.com



အနဂ္ဂိဝါ ဟိ တေ ဗာလာ၊ ယထာ ပေတာ တထေဝ တေ။
စောဒ္ဒုဋ္ဌ နေသံ ပိဏ္ဍာဋ္ဌ၊ အာသနာနံ ပဒါပယေ။ ။
'ဒါသ ကမ္မကရေ ပေါသေ၊ သီလေသု သုသမာဟိတေ။
ဒက္ခေ ဥဋ္ဌာနသမ္ပန္နေ၊ အဓိပစ္စမှိ ဌာပယေ။ ။
'သီလဝါ စ အလောလော စ၊ အနုရက္ခော စ ရာဇိနော။
အာဝိ ရဟော ဟိတော တဿ၊ သ ရာဇဝသတိံ ဝသေ။ ။
'ဆန္ဒညူ ရာဇိနော စဿ၊ စိတ္တဋ္ဌော စဿ ရာဇိနော။
အသင်္ကုသက ဝုတ္တိဿ၊ သ ရာဇဝသတိံ ဝသေ။ ။
'အစ္ဆာဒယေ နှာပယေ၊ ဓောဝေ ပါဒေ အဓောသိရံ။
အာဟတောပိ နကုပ္ပေယျ၊ သ ရာဇဝသတိံ ဝသေ။ ။
'ကုမ္ဘမ္ပဉ္ဇလိံ ကရိယာ၊ စာတဉ္စာပိ ပဒက္ခိဏံ။
ကိမေဝ သဗ္ဗကာမာနံ၊ ဒါတာရံ ဓီရမုတ္တမံ။ ။
'ယော ဒေတိ သယနံ ဝတ္ထံ၊ ယာနံ အာဝသထံ ဃရံ။
ပဇ္ဇုန္နောရိဝ ဘူတာနံ၊ ဘောဂေဟိ အဘိဝဿတိ။ ။
'ဧသ ယျော ရာဇဝသတိ၊ ဝတ္တမာနော ယထာ နရော။
အာရာဓယတိ ရာဇာနံ၊ ပူဇံ လဘတိ ဘတ္တုသု။ ။'ဟူသော ၄၆ ဂါထာတို့ကို ရွတ်၏။ အဓိပ္ပာယ်ကား-

"သားများတို့။ မင်းခယောကျ်ားတို့သည် မင်းပေးစည်းစိမ် အချီးအမြှောက်ကို အလိုရှိမူ ယခု ငါဟောလတ္တံ့သော 'ရာဇဝသတိ'တရားကို မှတ်သားနာခံ၍ ကျင့်ကြကုန်လော့။

"ချစ်သားတို့။ အရှင် အစိုးရမင်းတို့ အချီးအမြှောက် ဘုန်းလာဘ် မခံရရာသော မင်းခယောကျ်ားကား ၄ ယောက်တည်း။ ၄ ယောက် ဟူသည်ကား ကျေးဇူးပညာ မထင်ရှားသောသူ, မရဲရင့်သောသူ, အလွန်မလိမ္မာသောသူ, သတိမေ့လျော့သောသူ ဤသူတို့သည် မင်း၏အချီးအမြှောက်ကို တစ်ရံတစ်ဆစ်မျှ မခံရရာ။ ထို့ကြောင့် မင်းခယောကျ်ားဟူသည်ကား ကျေးဇူးပညာ သိတတ် ခြင်း, ရဲရင့်ခြင်း, ပညာရှိခြင်း, မမေ့မလျော့ခြင်း ဤ ၄ ပါးနှင့် ပြည့်စုံစေရာ၏။

"ချစ်သားတို့။ မင်းခယောကျ်ားတို့၌ အရှင်အစိုးရမင်းတို့ အကျွမ်းတဝင် ပြုအံ့သည်အကြောင်းကား ၃ ပါးတည်း။ ၃ ပါးဟူသည်ကား အကျင့်သီလနှင့် ပြည့်စုံခြင်းလည်း တစ်ပါး, ပညာ အဆင်အခြင်နှင့် ပြည့်စုံခြင်းလည်း တစ်ပါး, သောစေယျဟု ဆိုအပ်သော နှလုံး၏ ဖြောင့်မတ်စင်ကြယ်ခြင်းလည်း တစ်ပါး၊ ဤ ၃ ပါးတည်း။ ထို ၃ ပါးနှင့် ပြည့်စုံကြောင်းကို မင်း သိသည်ဖြစ်အံ့။ ထိုသူကို မိမိအရှင် အစိုးရမင်းသည် အကျွမ်းဝင်ခြင်းကိုလည်း ပြု၏။ လျှို့ဝှက်အပ်သော စကားကိုပင်လည်း တိုင်ပင်ပြောဆို၏။

"တစ်စုံတစ်ခု မင်းမှုမင်းရေးတို့၌ စေခန့်သော်လည်းကောင်း, ခပ်သိမ်းကုန်သော မင်းမှုမင်းရေး စီရင်စုစီရင်ရေးတို့၌လည်းကောင်း, လေးတူချိန်အပ်သော ချိန်သည် ငြိမ်ငြိမ်သက်သက် တစ်ဘက်မညွတ် တည့်မတ်စွာ တည်သကဲ့သို့ ဆန္ဒာဂတိ အစရှိသော အဂတိတို့သို့လိုက်သဖြင့် မဖြောင့်မမှန် မပြုရာ။ ထိုသို့ မဖြောင့်မမှန် မပြု၊ အမှုနှင့်လျော်စွာ ဖြောင့်မှန်အောင်ချိန်သကဲ့သို့ ကျင့်တတ်သောသူသည် မင်း၌ ခစား၍ နေရာ၏။ မင်း၌ ခစားသဖြင့်လည်း စည်းစိမ်ချမ်းသာကို ရရာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင် အစိုးရမင်းသည် တစ်ံတစ်ခု မင်းရေးမင်းမှုတို့၌ စေခိုင်းသော်လည်းကောင်း၊ ခပ်သိမ်းသောမင်း၏ အမှုကိစ္စတို့၌ လည်းကောင်း ညဉ့်, နေ့, မျက်မှောက်, မျက်ကွယ်ဟူ၍ အထူးမရှိ ယုံမှတ်တိုင်း ဖြောင့်မှန်စွာ အမှု ကုန်အောင် ဆောင်ရာ၏။ ထိုသို့ ပညာရှိသော မင်းခယောက်ျားသည် မင်း၌ ခစား၍ နေရာ၏။

"ချစ်သားတို့။ အရှင် အစိုးရမင်းသည် အကြင်ခရီးကို ကောင်းစွာသုတ်သင် တန်ဆာဆင်အပ်၏။ ဝိုမင်းသည် 'သုတ်သင် တန်ဆာဆင်အပ်သောခရီးဖြင့် သွားလော့'ဟု မင်းသည် တိုက်တွန်းငြားသော်လည်း သွားရာ။ ထိုသို့သဘောရှိသော သူသည် မင်း၌ ခစားရာ၏။

"ချစ်သားတို့။ ကာမဂုဏ်စည်းစိမ်ကို မင်းနှင့်ထပ်တူ တစ်ရံတစ်ဆစ်မျှ မခံစားရာ။ ခပ်သိမ်းသော ာမဂုဏ်စည်းစိမ်တို့၌ မင်းအောက် ယုတ်၍သာလျှင် ခံစားရာ၏။ မင်းတို့ဝတ်ဆင်သော အဝတ်ပုဆိုးနှင့်တူသော ဆိုးကိုလည်း မဝတ်ရာ။ မင်းပန်သည် ပန်းနှင့်တူသောပန်းကိုလည်း မပန်ရာ။ မင်းလိမ်းသည့် နံ့သာနှင့် ်သော နံ့သာကိုလည်း မလိမ်းရာ။ မင်း၏အသွင်ကိုလည်း မဆောင်ရာ။ မင်းအသံနှင့် တူသောအသံကိုလည်း ပြုရာ။ မင်း ဆင်သည်မှတစ်ပါး လျော့ညံ့၍သာ ပြုဆင်ရာ၏။ ထိုသို့သဘောရှိသော သူသည် မင်း၌ ားရာ၏။ မင်းနှင့်အတူပြုလျှင် မင်းတို့မည်သည် အမျက်ထွက်တတ်သည်။

"ချစ်သားတို့။ မင်းသည် မှူးမတ်, မိဖုရား, မောင်းမတို့နှင့် တင့်တယ်စွာစံပယ်သောအခါ မိဖုရား, ်င်းမတို့ကို အကျွမ်းတဝင် ကြည့်ရှု ပြောဆို ပြုံးရယ်ခြင်းကို မပြုရာ။ 'အနုဒ္ဓတ' ဟု ဆိုအပ်သော ပျံ့လွင့် းမောခြင်း မရှိရာ။ 'အစပလ' ဟုဆိုအပ်သော တန်ဆာဆင်ခြင်း စသည်တို့၌ မလျှပ်ပေါ် မပေါ်လွင်ရာ။ ်က' ဟုဆိုအပ်သော အရေးအခွင့်ကို အသင့်တွေးခေါ် မြော်မြင်ခြင်း၊ 'သံဝုတိန္ဒြိယ' ဟုဆိုအပ်သော း၏ ခြေ,လက်,အင်္ဂါ စသည်ကို မကြည့်မရှု စက္ခုစသော ဣန္ဒြေကို စောင့်ရှောက်ခြင်း၊ ဤသို့ အနုဒ္ဓတ, ပလ, နိပက, သံဝုတိန္ဒြိယဟု ဆိုအပ်သော တည်ကြည် နှစ်လိုဖွယ်သောစိတ်နှင့် ပြည့်စုံစေရာ၏။ ထိုသို့ ဘောရှိသော သူသည် မင်း၌ ခစားရာ၏။

"မိဖုရား,မောင်းမတို့နှင့် ကစားမြူးထူးခြင်း၊ ဆိတ်ကွယ်ရာအရပ်၌ ပြောဆိုခြင်းတို့ကို မပြုရာ။ မင်း၏ ာဥစ္စာကို မပေးဘဲ မယူမသုံးရာ။ များစွာအိပ်ခြင်းကိုလည်း မပြုရာ။ ယစ်မျိုး, သေအရက်ကိုလည်း ာက်ရာ။ မင်းသည် သိမ်မွေ့ပြုစုအပ်သော ဆိတ်, ဝက် စသော သတ္တဝါတို့ကိုလည်း မသတ်မပုတ်ရာ။ ၏အိပ်ရာနေရာ သလွန်ညောင်စောင်း, ပလ္လင်, မင်းစီးလှေ, ရထားထက်သို့ ခွင့်ပေးသည့်အမှုကို ဆောင်ရာ ဟူ၍ မတက်မစီးရာ။

"ခစားသည်ရှိသော် မင်းနှင့် မဝေးလွန်း, မနီးလွန်း၊ ပကတိစကားဖြင့် ကြားလောက်သော က်နှာအရပ်၌ မင်းမြင်အောင် ခစားရာ၏။ မင်းသည် ငါ၏အဆွေခင်ပွန်း ဖြစ်သည်, ငယ်သူငယ်ချင်းဖြစ်၍ မ်းတဝင် မပြုရာ။ မင်းတို့မည်သည် 'သုကေနာကိုဝယင္ရှိတဲ'ဟူသော ပါဠိနှင့်အညီ မျက်စိကို စပါးမွေး ကဲ့သို့ ပကတိသဘောကို စွန့်၍ အလျင်တသော အမျက်ထွက်တတ်၏။

"မင်းသည် 'ငါ့ကို ရိုသေလေးမြတ်စွာ ပြုသည်, ငါ၏အဆုံးအမ၌ တည်သည်'ဟူ၍ ပရိသတ်တို့၏ ပ်၌ မင်း မနှစ်သက်သောစကားကို မင်းအား မဆိုရာ။ ဤသို့ သဘောရှိသောသူသည် မင်း၌ ခစားရာ၏။

"အကြင် မင်းခယောက်ျားသည် တံခါးကို အခွင့်ရသူဟူ၍ ခွင့်မတောင်းဘဲ မဝင်ရာ။ မင်းတို့မည်သည်ကို ၌ မပြတ် နှလုံးထားရာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသည် သားကို လည်းကောင်း၊ ညီကို လည်းကောင်း၊ ကျွန်ကို လည်းကောင်း၊ ရွာ၊နိဂုံး၊ဇနပုဒ်၊မြို့ အစရှိသည်တို့တွင် တစ်စုံတစ်ခုသော အရာအထူးသဖြင့် ဤသူအား ဤအရာကို ပေးအံ့ဟု မင်းခယောက်ျားတို့နှင့် ပြောဆိုသောအခါ ထိုသူ၏ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ထိုသူ၏ ဂုဏ်ကျေးဇူးမဲ့စကားကို လည်းကောင်း မဆိုရာ။ ဤသို့ သဘောရှိသောသူသည် မင်း၌ ခစားရာ၏။

"မင်းသည် ဆင်စီး၊ မြင်းစီး၊ ရထားစီး အမှုလုပ်သူရဲတို့အား အမှုထမ်းရည်နှင့်လျော်စွာ ထိုသူတို့၏ ဂုဏ်ကိုပြ၍ မျိုးရိက္ခာ အစရှိသည့် ဆုလာဘ်ပေးချသောအခါ မပေးချရအောင် မဖျက်မဆီးအပ်။ မြား၏ တည်ရာ လေးကဲ့သို့ လောဘရမ္မက် မကြီးသောအားဖြင့် ဝမ်းငယ်ရာ၏။

"ဝါးပင်သည် လေခတ်လျှင် ယိမ်းသကဲ့သို့ မင်းဆိုလျှင် ကြောက်ရွံ့တုန်လှုပ်ခြင်းကို ပြုရာ၏။ ငါးသည် လျှာမရှိ၍ စကားမဆိုနိုင်သကဲ့သို့ မင်းခယောက်ျား တို့သည် စကားနည်းရာ၏။ မင်းနှင့်ဆန့်ကျင်သော အကျင့်ကို မကျင့်ရာ။ ဘောဇဉ်၊ ခဲဖွယ် စသည်တို့၌လည်း ကိုယ်၏ အတိုင်းအရှည်ကို သိရာ၏။ ထိုသို့ သဘောရှိသော သူသည် မင်း၌ ခစားရာ၏။

"ကိလေသာ၏အစွမ်းအားဖြင့် မိန်းမတို့ကို အဖန်များစွာ မသွားလာအပ်။ အဖန်များစွာ မိန်းမသွား ကြူးသောသူသည် မိမိ၏တန်ခိုး ကုန်ခြင်း၊ ချောင်းဆိုးခြင်း၊ ကုတ်ဟီးနာစွဲခြင်း၊ ကိုယ်၏ပူပန်ခြင်း၊ အားကုန် ခြင်း၊ ပညာအဆင်အခြင် ယုတ်လျော့ခြင်းသို့ ရောက်ရာ၏။ ထို့ကြောင့် မိန်းမ၌ အသွားမကြူးအပ်။

"မင်းထံ ခစားသည်ရှိသော် အတိုင်းအရှည်ထက် အလွန်စကားကို မပြောမဆိုရာ။ အခါခပ်သိမ်းလည်း ဆိတ်ဆိတ်မနေအပ်။ မိမိ ပြောဆိုခွင့်ရောက်လျှင် ဖရိုဖရဲမရှိ သန့်ရှင်းပြတ်သားစွာ ကိုယ်နှင့် အတိုင်းအရှည်စကားကို ပြောဆိုရာ၏။

"အမျက် ထွက်လည်း မထွက်ရာ၊ ပြုစုချုပ်ချယ်ခြင်းကိုလည်း မပြုရာ၊ ချောပစ်ကုန်းတိုက် စကားကိုလည်း မဆိုရာ၊ အကျိုးမရှိသော စကားကို မဆိုရာ၊ မှန်သောစကားကိုသာ ပြေပြစ် သာယာနာပျော်ဖွယ် ပြောဆိုရာ၏။

"မိခင်၊ ဖခင်တို့ကိုလည်း အရိုအသေ လုပ်ကျွေး မွေးမြူရာ၏။ ဆွေကြီးမျိုးကြီး ရှိသေလောက်သော သူတို့ကိုလည်း အရိုအသေ ပြုရာ၏။ အရှက်အကြောက်နှင့်လည်း ပြည့်စုံစေရာ၏။ ထိုသို့ သဘောရှိသော သူသည် မင်း၌ ခစားရာ၏။

"အကြင် မင်းခယောက်ျားသည် အကျင့်သီလနှင့်လည်း ပြည့်စုံစေရာ၏။ အမျိုးတို့၌ သင်အပ်သော အတတ်ပညာနှင့်လည်း ပြည့်စုံစေရာ၏။ စက္ခု အစရှိသော ဣန္ဒြေ ၆ ပါးကို ဆုံးမခြင်းနှင့်လည်း ပြည့်စုံစေရာ၏။ ပြုအပ်သော အမှုကိုလည်း ပြီးစေရာ၏။

"စည်းစိမ်ချမ်းသာ အခြေအရံကိုမှီ၍ မပေါ့မလွှင့်ရာ မာန်မာန[၆၈]လည်း မရှိစေရာ၊ ဆောင်အပ်သောအမှုကို မမေ့မလျော့စေရာ၊ သန့်ရှင်းစင်ကြယ်စွာ နှလုံးထားရာ၏။

"လှံ့လထကြွခြင်း၌ လိမ္မာရာ၏။ အသက်အရွယ်ကြီးသော သူတို့၌ နှိမ့်ချခြင်း၊ အရိုအသေ အလေးအမြတ် ပြုခြင်းနှင့် ပြည့်စုံရာ၏။ ရဲရင့်ခြင်းနှင့်လည်း ပြည့်စုံရာ၏။ ဆရာကောင်းနှင့်လည်း ဆည်းကပ်ပေါင်းဖော်ရာ၏။

"လျှို့ဝှက်အပ်သောစကားကို သိစိမ့်သောငှာ စေလိုက်အပ်သော မင်းတစ်ပါးတို့၏တမန်နှင့် စကားပြောဟောရသော်လည်း အရှင်၏ မျက်နှာကိုသာ ကြည့်ရာ၏။ အရှင်မှတစ်ပါးသောသူတို့အား မမေးရာ၊ မကြည့်ရာ။ ထိုသို့သဘောရှိသောသူသည် မင်း၌ ခစားရာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားတို့။ အကျင့်သီလ,အကြားအမြင် သုတနှင့်ပြည့်စုံသော ရဟန်း, ပုဏ္ဏားတို့ကို အရိုအသေ မှီဝဲဆည်းကပ်ရာ၏။ ထိုသို့ သီလ,သုတနှင့်ပြည့်စုံသော ရဟန်းတို့၏အထံ၌ ဥပုသ်နေ့တို့၌ ဥပုသ်သုံးလျက် မိမိကိုယ်ကို ကောင်းစွာကျင့်ရာ၏။ ထို သီလ, သုတနှင့် ပြည့်စုံသော ရဟန်း, ပုဏ္ဏားတို့အား ဆွမ်း အစရှိသော ပစ္စည်းတို့ဖြင့် ရောင့်ရဲစေရာ၏။ ထို သီလ, အကြားအမြင်သုတနှင့် ပြည့်စုံသော ရဟန်း, ပုဏ္ဏားတို့အားအကျိုးစီးပွား ရှိအံ့သော အမေးပြဿနာတို့ကို မေးမြန်းရာ၏။ ထိုသို့ သဘောရှိသော ပညာရှိသည် မင်း၌ ခစားရာ၏။

"ရဟန်း, ပုဏ္ဏားတို့၌ ပေးလှူမြဲသော ဝတ်တို့ကို မဖျက်ရာ။ ဖုန်းတောင်းယာစကာ[၅၁]တို့ကို မြင်သည်ရှိသော် တစိုးတစိမျှ မမြစ်တားအပ်။

"အဆင်အခြင်ပညာ, မချို့တဲ့သောပညာနှင့်လည်း ပြည့်စုံရာ၏။ အထူးထူးအပြားပြား များစွာသော ကျွန်အမှုလုပ်တို့ကို ဝေဖန်စီရင် ထုံးဖွဲ့ခြင်း၌လည်း လိမ္မာရာ၏။

"ဤအခါကား အလှူပေးအံ့သောအခါ၊ ဤအခါကား ကျောင်း, ဘုရား သွားအံ့သောအခါ၊ ဤအခါကား ဥပုသ်သီလဆောက်တည်အံ့သောအခါ ဟူ၍လည်း လျောက်ပတ်သောကာလကို သိရာ၏။ အိမ်ထောင်မှု၌လည်း ဤအခါကား ဤအမှုကို ပြုရာ၏ဟု သမယ[၅၂]ကိုလည်း သိရာ၏။

"မိမိဆောင်အပ်သော အမှု၌ လုံ့လထကြွကြောင်းနှင့် ပြည့်စုံရာ၏။ ဆောင်အပ်သော အမှုကို အပြစ်ရှု၍မထင်အောင် ဆောင်ရွက်စီရင်ရာ၏။ ထိုသို့သဘောရှိသော သူသည် မင်း၌ ခစားရာ၏။

"ချစ်သားတို့။ အကြင် မင်းခယောက်ျားသည် ကောက်နယ်တလင်းသို့ လည်းကောင်း, စပါးစုရာသို့ လည်းကောင်း, နွားခြံ စသည်တို့ကိုလည်းကောင်း, လယ်ယာသို့လည်းကောင်း မပြတ်သွား၍ ကြည့်ရှုရာ၏။ စပါးကို ချင့်တွက်၍ ကျီသို့ သွင်းရာ၏။ အိမ်၌သုံးသော်လည်း ချင့်တွက်မှတ်သား၍ သုံးရာ၏။ အိမ်၌ တစ်အိုးတည်းစားလူကို ချင့်တွက်၍ 'ဤမျှသောလူကို ဤမျှချက်လျှင် လောက်၏'ဟု ဆင်ခြင်လျက် အကျန်လည်း မများ လူအားလုံးလည်း သုံးဆောင်လောက်အောင် ချက်ရာ၏။

"လောက၌ လူတို့သည် မိမိတို့၏ သားကိုလည်းကောင်း, ညီကိုလည်းကောင်း, မိမိကိုယ်နှင့်အတူတူ ယုံမှတ်ရာ၏ဟု ဆိုကုန်၏။ ထိုသို့ ဆိုသော်လည်း အမှု၌ ကျိုးမနွံ ကျင့်ရန်တရားကိုမမြင် အဆင်အခြင်မရှိ အတိဗာလဖြစ်သော သား, ညီ, ကျွန်တို့ကို အမှုမျိုး၌ မျက်နှာမလွှဲရာ။ ထိုအမှု၌ မလိမ္မာ အရာကိုမချင့် အခွင့်ကိုမသိသော သား, ညီ, ကျွန်တို့ကိုယုံမှတ်၍ အမှုကို အပ်နှင်းလွှဲဖယ်မိအံ့။ သချိုင်း၌ သူသေကောင်ကို အမှုဆောင်ထားသကဲ့သို့ စီးပွားလစ်ဟင်း ယုတ်လျော့ရာသည်။ ထိုသို့ ဥစ္စာစီးပွား ယုတ်လျော့သဖြင့် ဆင်းရဲခြင်းသို့ရောက်သော သူအား မင်း၌ခစားခြင်းငှာ မစွမ်းနိုင်ရာ။ ထို မလိမ္မာ အကျင့်သီလမရှိသော သား, ညီ, ကျွန်တို့အား သေသူကိုပေးသော ကုတ်ဟီးထမင်းကဲ့သို့ ပြာစစ်ပုဆိုးကဲ့သို့သော အဝတ်အစားတို့ကိုသာ ပေးရာ၏။ အမှုတို့၌ အဆင်အခြင် ပညာ, ကျင့်ရာသော သီလ, အာစာရ လုံ့လထကြွခြင်းနှင့် ပြည့်စုံသော သား, ညီ, ကျွန် အမှုလုပ်တို့ကိုသာ အမှုကို အပ်နှင်းလွှဲဖယ်ရာ၏။

"ချစ်သားတို့။ အကြင် မင်းခယောက်ျားသည် မင်း၏အထံ၌ အကျင့်သီလနှင့်လည်း ပြည့်စုံစေရာ၏။ ရမ္မက်လောဘ မကြီးရာ၊ မင်းအား ချစ်မြတ်နိုးရာ၏။ မျက်မှောက်မျက်ကွယ်မဆို မင်း၏အစီးအပွားကိုသာ ဆောင်ရာ၏။ မင်း၏အလိုကိုလည်း သိရာ၏။ "မင်း၏အလိုသို့လည်း လိုက်ရာ၏။ မင်းအလိုနှင့် မဆန့်ကျင်သော အသက်မွေးခြင်းလည်း ရှိရာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသည် ရေချိုးသောအခါ, နံ့သာလိမ်းသောအခါ, ခြေဆေးသောအခါ မင်း၏မျက်နှာကို မကြည့်ရာ။ မျက်နှာအောက်ချ၍ နေရာ၏။

"မင်း အမျက်ထွက်သော်လည်း အမျက်မထွက်ရာ။ ထိုသို့သဘောရှိသော သူသည် မင်း၌ခစားရာ၏။

"ချစ်သားတို့။ လူတို့သည် ရေပြည့်သောအိုးကို မြင်၍လည်းကောင်း၊ ပိန်ညင်းငှက် အစရှိသော ငှက်များကို မြင်၍လည်းကောင်း၊ ထိုငှက်တို့သည် စီးပွားကို မပေးတတ်ဘဲလျက် လက်အုပ်ချီခြင်းကို ပြုမိတုံသေး၏ ရှင့်။ ခပ်သိမ်းသောအလိုကို ပေးတတ်သော, မြတ်လှစွာသော အသက်သခင်အရှင်မင်းကို အဘယ်ကြောင့် လက်အုပ်ချီ၍ ရှိမခိုးဘဲ နေထိုက်အံ့နည်း။ ရှိခိုးအပ်သည်သာ ဖြစ်၏။ အရှင်မင်းကို နှစ်သက်စေအပ်၏။

"ဤသို့ ဆိုအပ်ခဲ့ပြီးသောစကားအစဉ်ဖြင့် မင်းခယောက်ျားတို့ကျင့်ရာသော ရာဇဝသတိ အမည်ရှိသော ငါ၏အဆုံးအမ အနုသာသနကို ကောင်းစွာမှတ်သား၍ကျင့်သော မင်းခယောက်ျားသည် မင်းအား နှစ်သက်ခြင်းကို ဖြစ်စေသဖြင့် မင်းပေးစည်းစိမ် အရာအထူးကို ရရာ၏။

"ဤသို့ ဝိဓုရသုခမိန်သည် သားသမီး, အခြွေအရံ, ပရိသတ်မင်းမှူးမတ်တို့အား ဘုရား၏ တင့်တယ်ခြင်းဖြင့် ရာဇဝသတိ အမည်ရှိသော ဩဝါဒကို ဟောပြမိန့်ညွှန် သွန်သင်ပေ၏။

## ၈။ ဘုရားလောင်းကို ပုဏ္ဏက ဆောင်ယူခန်း

ထိုသို့ သား, မယား, အခြွေအရံတို့အား ဆုံးမစဉ်ပင်လျှင် ၃ ရက်မြောက်သောနေ့သို့ ရောက်ခဲ့၏။ ထိုသို့ ၃ ရက်မြောက်သည်ကိုသိ၍ ဝိဓုရသုခမိန်သည် နံနက်ကပင်လျှင် ရေချိုးပြီးသော် မြိန်မြတ်သော ဘောဇဉ်တို့ကိုစားပြီး၍၊ 'အရှင်မင်းကြီးကို ပန်ကြားပြီးမှသာလျှင် ကစ္စည်းလုလင်နှင့် အတူလိုက်အံ့'ဟု ဆွေမျိုးအပေါင်း ခြံရံလျက် နန်းတော်သို့ဝင်ပြီးသော် မင်းကြီးအား ရှိခိုးဖူးမြော်လျက် လက်အုပ်မြှောက်ချီ၍–

'အယံ မံ မာဏဝေါ နေတိ၊ ဂန္တုံ ကာမော ယထာ မတိံ။
ဉာတီ နတ္ထံ ပဝက္ခာမိ၊ တံ သုဏောဟိ အရိန္ဒမ။ ။
'ပုတ္တေ စ မေ ဥဒိက္ခေသိ၊ ယဉ္စ မ ညံ ဃရေ ဓနံ။
ယထာ ပစ္ဆာ နဟာယေထ၊ ဉာတိသံဃော မယိ ဂတေ။
'ယထေဝ ခလတိ ဘူမျံ၊ ဘူမျာ ယေဝ ပတိဋ္ဌတိ။
ဧဝေတံ ခလိတံ မယှံ၊ ဧတံ ပဿာမိ အစ္စယံ။ ။'ဟူသော ၃ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"အလွန် ကြီးမြတ်တော်မူလှသော ဘုန်းတော်ဖြင့် ရန်သူတကာတို့၏ ပျပ်ဝပ်ကျိုးနွံ ကျွန်တော်ခံရာ မင်းတကာတို့၏သခင် ဖြစ်တော်မူသော အရှင်မင်းကြီး။ ယခုနေ့ပင် ကစ္စည်းလုလင် ခေါ်၍သွားရာ အကျွန်ုပ် လိုက်ရပါမည်။ အကျွန်ုပ်သား, မယားတို့၏ အကျိုးငှာ အရှင်မင်းကြီးကို လျှောက်ကြားပါအံ့။ နာယူတော်မူပါလော့။ တရားသဘင်၌ လုလင်နှင့် အရှင်မင်းကြီးတို့ပြဿနာကို ဖြေဆိုသည်ကာလ အကျွန်ုပ်ကို 'သင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အရှင်မင်းကြီး အဘယ်သို့ တော်စပ်သနည်း'ဟု လုလင်မေးသောအခါ အကျွန်ုပ်သည် အရှင်မင်းကြီးမျက်နှာကို မထောက်မကြည့်မူ၍ မှန်သောစကားကိုသာငဲ့လျက် 'ငါကား မင်းကြီး၏ ကျွန်ပေတည်း'ဟု ဆိုမိ၏။ အရှင်မင်းကြီးအား ပြစ်မှားမိသောအပြစ်ကို ဆင်ခြင်လျှင် ထို ဆိုမိသောအပြစ်ကိုသာ အကျွန်ုပ် မြင်၏။ ဤမှ တစ်ပါး အရှင်မင်းကြီးအား ပြစ်မှားမိသောအပြစ်မည်သည် အကျွန်ုပ်၌ မရှိ။

"အကြင်ယောကျ်ားသည် မြေ၌ ပင်လျှင် ချော်၍လဲ၏။ ထို ချော်သောမြေသည်ပင်လျှင် ထိုယောကျ်ား၏ တည်ရာဖြစ်သကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ထိုသို့သောစကားဖြင့် အရှင်မင်းကြီးအား ပြစ်မှားမိ၏။ ထို ပြစ်မှားမိသော အကျွန်ုပ်အား အရှင်မင်းကြီးသာလျှင် ကိုးကွယ်ရာ မှီခိုရာဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် ပြစ်မှားမိသော အကျွန်ုပ်၏ အပြစ်ကို သည်းခံတော်မူသဖြင့် အမျက်တော်မရှိမူ၍ အကျွန်ုပ်သည် ကစ္စည်းလုလင်နှင့် ပါရလေသော် ကျန်ရစ်သော အကျွန်ုပ်၏သားမယားတို့ကို အမျက်ယူတော်မမူဘဲ အကျွန်ုပ်အိမ်၌ ၁၀၁ ပါးသော မင်းတို့သည် တရားကို ပူဇော်သဖြင့် ပေးသအပ်သော အိမ်ထောင်စည်းစိမ်ဥစ္စာ အခြွေအရံတို့သည် များစွာရှိကုန်၏။ ထိုစည်းစိမ် ဥစ္စာတို့ကိုလည်း သူတစ်ပါးတို့ မဖျက်ဆီးရဘဲ အကျွန်ုပ်ရှိစဉ်ကဲ့သို့ အကျွန်ုပ်၏ သားမယား အိမ်ထောင်ခမ်းနား တို့ကို ကြည့်ရှုစောင်မ ပြုစုတော်မူပါလော့"ဟု လျှောက်၏။

ထိုစကားကို ကြားလျှင် မင်းကြီးသည်–

'န သက္ကာ ဂန္တုံ မတိ မယှံ ဟောတိ၊ ဃာတေတွာ ဆာဒေဿာမိ ဣဓ ကာတိယာနံ။

ဣဓေဝ ဟောတိ ဣတိ မယှံ ရုစ္စတိ၊ မာ တွံ အဂမာ ဥတ္တမ ဘူရိပည။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မြေကြီးအထုကဲ့သို့ ပညာကြီးသော သုခမိန်။ ယခု သင်သည် ကစ္စည်းလုလင်နှင့် လိုက်ရမည်ဆိုသော စကားကို ငါ မနှစ်သက်။ ဥပါယ်တံမျဉ်ဖြင့် သင်သည် မလိုက်ရအောင် ငါကြံအံ့။ အဘယ်သို့ ကြံမည်နည်းဟူမူ ကစ္စည်းလုလင်ကို ဤနန်းတော်သို့ အမှတ်မဲ့ခေါ်ပြီးလျှင် သူတစ်ပါးတို့မသိရအောင် သတ်၍ ဖျောက်ဖျက်မည် ငါကြံ၏။ ငါ့ထံမှခွာ၍ သင်သည် အဘယ်ကြောင့် သွားရအံ့နည်း"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်း သုခမိန်သည်–

'မာဟေဝ ဓမ္မေသု မနံ ပဏိဒဟိ၊ အတ္ထေ စ ဓမ္မေ စ ယုတ္တော ဘဝဿု။

ဓိရတ္ထု ကမ္မံ အကုသလံ အနရိယံ၊ ယံ ကတွာ ပစ္ဆာ နိရယံ ဝဇေယျ။

'နေ ဝေသ ဓမ္မော န ပုနေတိ ကိစ္စံ၊ အရိယော ဟိ ဒါသဿ ဇနိန္ဒဿရော။

ဃာတေတုံ ဈာပေတုံ အထောပိ ဟန္တုံ၊ န စ မယှံ ကောဓတ္ထိ ဝဇာမိစဟံ။ ။'ဟူသော ၂ ဂါထာ တို့ကို လျှောက်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ ယခု အကြံတော်သည် အကျွန်ုပ်ကို သနားစုံမက်တော်မူသည်နှင့်အညီ ကြံတော်မူသည် ဖြစ်သော်လည်း သူတော်ကောင်းတို့၏ အကျင့်အလေ့ မဟုတ်။ အစီးအပွားမရှိ ထိုသို့သော နှလုံးတော်ကိုဖျောက်၍ ကုသိုလ်ပွားအံ့သည်ကိုသာ နှလုံးထားတော်မူပါလော့။ ခပ်သိမ်းသောသတ္တဝါတို့သည် မအို မသေ မနေရချေ။ ထိုသို့ သူ့အသက်ကိုသတ်ခြင်း မကောင်းမှုကို ပြု၍ သေရလေသော် ငရဲ၌ ကြီးစွာသောဆင်းရဲကို ခံရလတ္တံ့။ ထို့ကြောင့် သူ့ကိုသတ်ခြင်း မကောင်းမှုသည်ကား စက်ဆုပ်ရွံရှာဖွယ်သာ ဖြစ်၏။ သူတော်ကောင်းတို့သဘော မဟုတ်။ သတ်တော်မမူပါလင့်။ ကစ္စည်းလုလင်အား အရှင်မင်းကြီးသည် အကျွန်ုပ်၏အရှင်ဖြစ်၍ ပေးတော်မူပါ သည်ကို အရှင်မင်းကြီး၌ တစ်ရံတစ်ဆစ်မျှ အကျွန်ုပ် အမျက်မထွက်။ ကစ္စည်းလုလင်အားလည်း ပေးတော်မူသည့်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှ ယခုတိုင် စိုးစဉ်းမျှ အမျက်မထွက်။ အကျွန်ုပ်ကို ထိုလုလင်သည် ဖုတ်လိုဖုတ်, ကင်လိုကင်, သတ်လိုသတ်, အလိုရှိတိုင်းပြုစေသော်လည်း အရှင်နှင့် ကျွန်ဖြစ်၍ ခံထိုက်ပေသည်ဖြစ်၍၊ လုလင်နှင့်အတူ လိုက်ရပါအံ့"ဟု ဆိုပြီးလျှင် ဝိဓုရသုခမိန်သည် မင်းကြီးကိုရှိခိုး၍ မိဖုရား, ကိုယ်လုပ်မောင်းမ, သားတော်သမီးတော်, မှူးမတ် ပရိသတ်တို့အား ဆုံးမဩဝါဒပေးပြီးလျှင် နန်းတော်မှ ထွက်ခဲ့၏။

ထို မင်း, မိဖုရား, မောင်းမ အစရှိသော သူတို့သည် မိမိကိုယ်၏အဖြစ်ဖြင့် မဆောက်တည်နိုင်ကုန်သည် ဖြစ်၍ ဆံပင်ဖားလျား ရင်သားခတ်တီး ရှိုက်ကြီးရှိုက်ငင် ပူပင်မဆည် မျက်ရည်စက်ယို ငိုမြည်တမ်းလျက် နန်းတော်မှထွက်ခဲ့၍ လိုက်ကြကုန်၏။ ပြည်သူပြည်သား ယောကျ်ားမိန်းမ အပေါင်းတို့သည်လည်း 'ငါတို့အဖသဖွယ်ဖြစ်သော အမတ်ကြီးသုခမိန်သည် ယခု ကစ္စည်းလုလင်နှင့် လိုက်လိမ့်သတတ်။ သွား၍ ဖူးမြင်ကြကုန်အံ့'ဟု ဘုရားလောင်းထံ မျက်ရည်စက်ယို ငိုမြည်တမ်းလျက် လာကြကုန်၏။

ထို ပြည်သူ ပြည်သားတို့ကို ဘုရားလောင်း မြင်လျှင် "သင်တို့ မစိုးရိမ်ကြလင့်။ ကံ, စိတ်, ဥတု, အာဟာရ ပြုပြင်၍ဖြစ်သော ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲ မရှိကုန်။ ကိုယ်ခန္ဓာ, စည်းစိမ်ဥစ္စာ ဟူသမျှသည် ဖောက်ပြန်ပျက်စီးခြင်းလျှင် အဆုံးရှိ၏။ ထို ခန္ဓာ ၅ ပါး စည်းစိမ်ချမ်းသာတို့၏ အမြဲမရှိ၊ ပျက်စီး ဖောက်ပြန်တတ်သောသဘောကို ပညာဖြင့်ဆင်ခြင်ကြ၍ အလှူပေးခြင်း, သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုကိုသာ မမေ့မလျော့ အားထုတ်ကြကုန်လော့"ဟု ဆုံးမပေးပြီးလျှင် မိမိတို့အိမ်သို့ ပြန်စေ၍ ဘုရားလောင်းသည် မိမိအိမ်သို့ ရှေးရှုသွားလေ၏။

ထိုအခါ ဓမ္မပါလ သတို့သားသည် ညီအပေါင်းခြံရံလျက် ခမည်းတော်ကို ဆီးကြိုအံ့ ဟုလာလတ်သော် အိမ်တံခါးဝ၌ ဆိုင်မိလေ၏။ ဘုရားလောင်းသည် သားတော်ကိုမြင်လျှင် ကြင်နာသောစိတ်ဖြင့် မပိတ်မဆည်းနိုင်သည်နှင့် မျက်ရည်စက်ယို သားကိုပိုက်ချီလျက် အိမ်တွင်းသို့ ဝင်လေ၏။

[ဝိဓုရသုခမိန်အား သား ၁၀၀၀, သမီး ၁၀၀၀, မယား ၁၀၀၀, ကိုယ်လုပ်အစေအပါး မိန်းမ ၇၀၀ ရှိ၏။ ထိုမှတစ်ပါး ကျွန်မိန်းမ, ကျွန်ယောကျ်ား, အမှုလုပ်အခြွေအရံ, အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့လည်း များစွာ ရှိကုန်၏။]

ထို သား, သမီး, မယားကြီး, မယားငယ် အစရှိသော အိမ်သူအိမ်သားတစ်စုတို့သည် ယုဂန္ဓိုရ်[72] တောင်ခြေက လေမုန်တိုင်းသိမ်းခတ်၍ ယိမ်းညွတ်သော အင်ကြင်းပင်ပျိုတောကဲ့သို့ သောသော ရုတ်ရုတ်[73] လက်အုပ်မြှောက်ချီ တညီတညွတ်တည်းလဲလျက် "အသက်သခင် အရှင်မင်းကြီး။ အကျွန်ုပ်တို့ကိုပစ်၍ အဘယ်ကြောင့် သွားတော်မူမည် ကြံဘိသနည်း"ဟု သည်းစွာ ငိုကြွေးကြကုန်၏။

ဘုရားလောင်း သုခမိန်သည် ထိုအလုံးစုံသော သားမယား အစရှိသောသူတို့ကို နှစ်သိမ့်စေပြီး၍ အိမ်၌ ပြုရန်ဆောင်ရန် ကိစ္စတို့ကို ဆောင်ပြီးသော် အတွင်းသူ အပြင်သား လူအများကိုလည်း တရားနှင့်အညီ ဆုံးမပေးလျက် သားမယားတို့အားလည်း သူတစ်ပါးတို့၌ မြီချသော ဥစ္စာ, မြှုပ်ထားအပ်သော ဥစ္စာတို့ကို စာရင်းပေးအပ် မှာထားခဲ့ပြီးလျှင် ပုဏ္ဏကထံသို့ သွား၍ 'အဝသိတုဝ်'အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား—

"ကစ္စည်းလုလင်။ သင်သည် ငါ၏အိမ်၌ ငါ့ကို သနားသောအားဖြင့် အလိုသို့လိုက်၍ ၂ ရက်, ၃ ရက် ငံ့ပေ၏။ ငါသည်လည်း သား, မယား အစရှိသော ခပ်သိမ်းကုန်သောသူတို့အား ဆုံးမပေးခြင်း, မှာထားအပ်သမျှသော ကိစ္စတို့ကို မှာထားခြင်း, အိမ်၌ဆောင်ရသော အမှုတို့ကိုဆောင်ခြင်း ကိစ္စအလုံးစုံသည် ယခုပြီးပြီ။ သင်သည် အလိုရှိတိုင်း ပြုလော့။ ငါသည် သင်၏အလိုသို့ လိုက်အံ့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏကသည် ထိုစကားကိုကြား၍ 'သစေပဟိကတ္တေ' အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

ပုဏ္ဏကသည် ဝမ်းမြောက်ဝမ်းသာ "အို၊ အမတ်။ သင် ဆောင်အပ်သောကိစ္စပြီးလျှင် ယခု လာလှည့် သွားကုန်အံ့။ သွားရမည့်ခရီး ဝေး၏"ဟုဆို၍ ဘုံ ၇ ဆင့်မြောက်သော ပြာသာဒ်မှ အောက်သို့မဆင်းဘဲ အထက်သို့သာ သွားလိုသောစိတ် ရှိသည်ဖြစ်၍ 'အဆမ္ဘိတေ၀ - ဂဏှာဟိ' အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"အမတ်။ သင်သည် မကြောက်မရွံ့ မလန့်မထိတ်မူ၍ ငါမြင်းမြီးကို မြဲစွာဆွဲလော့။ သင်သည် ယခု လူ့ပြည်ကို မြင်ရခြင်းကား အဆုံးဖြစ်သော မြင်ရခြင်းတည်း"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဘုရားလောင်းသည်–

'သောဟံ ကိဿ နုဘာယိဿံ၊ ယဿ မေ နတ္ထိ ဒုက္ကဋံ။

ကာယေန ဝါစာ မနသာ၊ ယေန ဂစ္ဆေယျ ဒုဂ္ဂတိံ။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ ငါ၌ ကိုယ်,စကား,စိတ်ဖြင့် လွန်ကျူးအပ်သော အပါယ်လားကြောင်း မကောင်းမှုသည် မရှိ။ ထိုသို့ မကောင်းမှုမရှိသော ငါ့အား အဘယ်ကြောင့် စိတ်၏ တုန်လှုပ်ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ်အံ့နည်း"ဟု 'မကြောက်နှင့်'ဟုဆိုသော ပုဏ္ဏက၏စကားကြောင့် ဤသို့သောစကားကို ဘုရားလောင်း ဆိုတော်မူ၏။ ဤသို့ ဘုရားလောင်းသည် ခြင်္သေ့သံကဲ့သို့ ရဲရင့်လှစွာသောစကားကို ဆို၍ ခြင်္သေ့မင်းကဲ့သို့ ရွံ့ရှာခြင်းကင်းလျက် ဝတ်လဲတော်ပုဆိုးကို 'ဤ ယခု ဝတ်အပ်သောပုဆိုးသည် ငါအလိုရှိသမျှ ကာလပတ်လုံး မကျွတ်စေသတည်း'ဟု ဓိဋ္ဌာန်^တော်မူ၍ ဝတ်ပြီးလျှင် မြင်းမြီးထူးပေါ်သို့တက်ပြီးသော် လက် ၂ ဘက်ဖြင့် အမြီးကို မြဲစွာကိုင်၍၊ ခြေ ၂ ဘက်တို့ဖြင့် မြင်း၏ပေါင် ၂ ဘက်တို့၌ချိတ်ပြီးသော် "လုလင်။ ငါ မြင်းမြီးကို ကိုင်အပ်ပြီ။ သင် အလိုရှိရာ သွားလော့"ဟု ဆို၏။

ထိုခဏ၌ ပုဏ္ဏကသည် ဤသို့ ကြံ၏။

'ဤဝိဓိရကို အရပ်ဝေးစွာဆောင်၍ အဘယ်အကျိုးရှိတော့ အံ့နည်း။ ဟိမဝန္တာတော၌ တောင်, သစ်ပင်, ချုံပိတ်ပေါင်းထူထောင်ရာ တောင်ကြား သစ်ပင်ကြားသို့ သွား၍ တောင်စောင်း, ကျောက်စောင်း, သစ်ခက်, ဆူးငြောင့်တို့ဖြင့် ခတ်မိစေသဖြင့် သေအောင်ပြု၍ နှလုံးသားကိုထုတ်ယူပြီးလျှင် အကောင်ကို ချောက်ကြား၌ ပစ်ချခဲ့ပြီးမှ နဂါးပြည်သို့ သွားအံ့'ဟု ကြံ၍ မနောမယ သိန္ဓောမြင်းပျံကို အမှတ်ပြုလျက် မိမိလိုရာ တောင် သစ်ပင် အလယ်သို့ ချဉ်း၍သာလျှင် စိုင်းနှင်လေ၏။

"ဘုရားလောင်း၏ အမျက်မထွက်ခြင်း မေတ္တာတော်, သီလတော်, သစ္စာတော်, အဆက်ဆက်သော ကုသိုလ်တော်, ပါရမီတော် အာနုဘော်အစွမ်းဖြင့် တောင်, ကမ်း, သစ်ပင်တို့သည် ဘုရားလောင်း၏ကိုယ်တော်မှ နံပါး ၂ ဘက်တို့၌ ၁ တောင်ခန့်လောက်မျှ ဖယ်လေကုန်၏။

ပုဏ္ဏကသည် 'ဝိဓုရ သေပြီလော'ဟု ပြန်၍ ကြည့်၏။ ရွှေကြေးမုံကဲ့သို့ ရှင်လန်းကြည်လင်စွာသော ဘုရားလောင်း၏ မျက်နှာတော်ကို မြင်လျှင် ဝိဓုရသည် ငါ ဤမျှလောက် ပြု၍မျှ မသေသေး'ဟု တစ်ဖန် ထို ဟိမဝန္တာတောင်အရပ်၌ပင်လျှင် သစ်ပင်တို့ကိုလည်းကောင်း, တောင်တို့ကိုလည်းကောင်း တိုးဝှေ့စေလျက် ၃ ကြိမ်မြောက် စိုင်းနှင်ပြန်လေ၏။ ဤသို့တိုးဝှေ့သော်လည်း တောင်, သစ်ပင်တို့သည် ရှေးအတူလျှင် ဖယ်လေကုန်၏။ ဘုရားလောင်းကိုယ်တော်ကား အလွန် ပင်ပန်းတော်မူ၏။ ပုဏ္ဏကသည် 'ဤမျှလောက်



www.burmeseclassic.com

www.burmeseclassic.com



ပြု၍မျှ ဝိဓုရ မသေသေး'ဟု ပြင်းစွာအမျက်ထွက်၍ ကောင်းကင်၌ သည်းထန်ပြင်းပြစွာလာသော လေအဟုန်သို့ စိုင်းနှင် ပြန်၏။ ထိုလေအဟုန်သည် ဘုရားလောင်း၏ အာနုဘော်တော်ကြောင့် ၂ ဖြာကွဲ၍ နေ၏။

ထို့နောက် 'လေသင်တုန်းခတ်၍ မှုန့်မှုန့်ညက်ညက် ကြေစေအံ့'ဟု အမျက်မာန်ဖြင့် နှိပ်စက်သည်ဖြစ်၍ ထိုလေသင်တုန်းသို့ ၇ ကြိမ်တိုင်အောင် နှင်ပြန်လေ၏။ လေသင်တုန်းသည်လည်း အသိန်းသော မိုးကြိုးတို့သည် တစ်ပြိုင်တည်းထစ်သကဲ့သို့ အသံကိုပြုလျက် ၂ ဖြာကွဲ၍ ဘုရားလောင်းအား သွားရာအခွင့်ကို ပေး၏။ ပုဏ္ဏကသည် ထိုသို့ မိမိပြု၍မျှ ဘုရားလောင်း၏ သေအံ့သောအန္တရာယ်ကို မမြင်လျှင် ကာဠာဂိရိတောင်သို့ ဆောင်ယူစိုင်းနှင်လေ၏။

[ဤကား ဘုရားလောင်းကို ပုဏ္ဏက ဆောင်ယူသည်ကို ဆိုသောစကားတည်း။]

ထို ပုဏ္ဏကသည် ဘုရားလောင်းကို ယူ၍သွားလေသော် ဘုရားလောင်း၏ သား, မယားတို့သည် မိမိတို့အိမ် ဘုံ ၇ ဆင့်မြောက်၌ "ပုဏ္ဏကနေရာသို့ ဘုရားလောင်းသွားလေသည် ကြာလှ၏"ဟု တက်၍ ကြည့်ကြလတ်သော် ဘုရားလောင်းကိုမမြင်လျှင် ဆံပင်ဖြည်လွှား ရင်သားဆိတ်ချက် ထိပ်ထက်လက်စုံ သက်လုံကျေးဖူး လူးလဲကြလျက် "အသက်သခင် တို့အရှင်ကို ကောင်းကင်သို့စူးစူး ဘီလူးသံဘက် နတ်ပျက် နတ်ဆိုးတို့သည် လူမျိုးအသွင် လုလင်ဆောင်၍ ယူခဲ့ပြီ"ဟု သည်းစွာသောအသံဖြင့် ငိုကြွေးကြကုန်၏။

ဆင်စီးသူရဲ, မြင်းစီးသူရဲ, ခြေသည်သူရဲ, ရထားစီးသူရဲ, မင်းမှူးမင်းမတ်, မင်းညီမင်းသား, ကျေးကုလား, ဇနပုဒ် နိဂုံးသား ပုဏ္ဏားမျိုး, သူကြွယ်မျိုးသား, မိန်းမယောကျ်ားအပေါင်းတို့သည် အညီအညွတ် ထိပ်ထက် လက်မြှောက် မျက်ရည်ပေါက်ဖြိုးစွာနှင့် လာလတ်ကြကုန်လျက် "ငါတို့သခင် သုခမိန်သည် အိမ်တော်ကိုပယ်စွန့်၍ ဘယ်အခွန့်ခရီးဖြင့် ကြွရာတော်မူလေလိမ့်လဲ မသိ"ဟု ငိုကြွေးမြည်တမ်းကြကုန်၏။ ထို ဘုရားလောင်း၏ သားတော်သမီးတော်, မယား, ကိုယ်လုပ်မိန်းမတို့သည် အိမ်၌ငိုကြွေးပြီးလျှင် မြို့သူမြို့သား များစွာသော လူတို့နှင့်တကွ မင်းကြီးနန်းတော် တံခါးဝသို့သွား၍ ငိုကြွေးကြကုန်၏။

မင်းကြီးသည် ပြင်းစွာငိုကြွေးသံကိုကြား၍ "အဘယ်ကြောင့် ငိုကြွေးကုန်သနည်း"ဟု မေးစေသော်၊ အရှင်မင်းကြီး။ ကစ္စည်းဟူသောလုလင်သည် လူစင်စစ် မဟုတ်ပါ။ ဘီလူးစင်စစ်တည်း။ လူယောင်ဆောင်၍ အရှင်မင်းကြီး၏ အမတ်ကြီးသုခမိန်ကို ကောင်းကင်ဖြင့် ဆောင်ခဲ့ပြီ။ ဝိဓုရသုခမိန်နှင့်ကင်း၍ အကျွန်ုပ်တို့ အသက်ရှင်ခြင်းသည် အဘယ်အကျိုး ရှိအံ့နည်း။ အရှင် ဝိဓုရသုခမိန်သည် ယနေ့မှ ၇ ရက်မြောက်၍ မရောက်လာလျှင် အထောင်မကသော လှည်းတို့ဖြင့် ထင်းကိုဆောင်၍ မီးပုံကြီးစွာပြုပြီးလျှင် ထိုမီးပုံတွင်းသို့ အကျွန်ုပ်တို့ဆင်း၍ သေကုန်အံ့။ ဝိဓုရသုခမိန်သည် အကျွန်ုပ်တို့အသက်နှင့် တူ၏။ ဝိဓုရ သုခမိန် မရှိသဖြင့် အသက်ရှင်၍ အဘယ်အကျိုး ရှိတော့အံ့နည်း"ဟု လျှောက်ကြားကြကုန်၏။

[မြတ်စွာဘုရားကိုယ်တော် ပရိနိဗ္ဗာန်[၁] ပြုသည်ကိုမျှလည်း မီးထဲသို့ဆင်း၍ သေမည်ဟူ၍ မည်သူမျှ မဆို။ ဝိဓုရ ဘုရားလောင်းမူကား ကောင်းစွာဆိုသောစကားဖြင့် အံ့ဩဖွယ်ရှိစွာ့ဟု ပြည်သူတို့ မြတ်နိုးချစ်ခင် ကြင်နာလှသောကြောင့် ဆိုကြသတည်း။]

ထိုသို့ ပြည်သူ, ပြည်သား, သား, မယား စသော သူတို့၏စကားကိုကြားလျှင် မင်းကြီးသည် "သင်တို့ မစိုးရိမ် မကြောင့်ကြ မငိုကြွေးကြနှင့်။ ငါ့အမတ်ကြီး သုခမိန်သည် သာယာစွာသောစကားဖြင့် တရားဟောတတ်၏။ ထိုလုလင်ကို သာယာစွာသောတရားစကားဖြင့် ဖြားယောင်းဆုံးမ သြဝါဒပေး၍ မိမိငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကျွေးအသွင်ဖြင့် ဖြစ်စေပြီးလျှင် သင်တို့မျက်ရည်ကို ခန်းခြောက်စေသဖြင့် ရွှင်လန်းခြင်းကို ဖြစ်စေလျက် မကြာမြင့်မီလျှင် ဤအရပ်သို့ လာလတ္တံ့။ မစိုးရိမ် မငိုကြွေးကြနှင့်”ဟု နှစ်သိမ့်စေ၏။

ပြည်သူပြည်သားတို့သည်လည်း “အရှင်မင်းကြီး။ အမိန့်ရှိသည့်အတိုင်း သုခမိန်သည် အရှင်မင်းကြီးကို ပြောဆိုလျှောက်ထား၍ သွားသည် ဖြစ်မည်ထင်၏”ဟု မင်းကြီးစကားကို ယုံကြည်၍ မိမိတို့အိမ်သို့ ပြန်သွားကြလေကုန်၏။

ပုဏ္ဏကသည် ဘုရားလောင်းကိုဆောင်၍ ကာဠာဂိရိတောင်ထိပ်သို့ရောက်သော် ဤသို့ ကြံ၏။

‘ဤ ဝိဓုရကို ငါ မသတ်လျှင် နဂါးသမီး ဣရန္ဓတီကို ငါ မရရာ။ ငါ လုံ့လပြုကျိုးလည်း မရှိ၊ အကျိုးမဲ့ ဖြစ်ခဲ့ရာ၏။ ထို့ကြောင့် ဝိဓုရကိုသတ်၍ နှလုံးသားကိုထုတ်ယူပြီးသော် ဝိမလာဒေဝီအားပေးခဲ့ပြီးလျှင် ဣရန္ဓတီကို နတ်ပြည်သို့ ဆောင်ယူခဲ့အံ့’ဟုကြံပြီးမှ ဤသို့တစ်ဖန် ကြံပြန်၏။ ‘ထိုသို့ ငါ သတ်သော်လည်း လက်ဖြင့် သေအောင် မသတ်မူ၍ ကြောက်မက်ဖွယ်သော ဘီလူးရုပ်ဖန်ဆင်းသဖြင့် ခြောက်လှန့်၍ သေစေအံ့’ဟု ကြံ၏။

ထိုသို့ကြံပြီးလျှင် ဝိဓုရသုခမိန်ကို တောင်ထိပ်ပြင်၌ချထား၍ မိမိသည် ကြောက်မက်ဖွယ်သော ဘီလူးအသွင် ဖန်ဆင်းပြီးသော် ဝိဓုရသုခမိန်ကို ပက်လက်လဲစေ၍ နှုတ်ဖြင့်ကိုက်လျက် အထက်စွယ် အောက်စွယ်တို့၏အကြား၌ ထားပြီးလျှင် ဝါး၍စားမည်ကဲ့သို့ ပြု၏။ ထိုသို့ စားမည်ပြုငြားသော်လည်း ဘုရားလောင်းသည် ကြက်သီးမွေးညင်းမထ၊ ကြောက်လန့်ခြင်း မရှိ။ ထိုဘီလူးအသွင်ဖြင့် ခြောက်လှန့်၍ မကြောက်လျှင် ခြင်္သေ့အသွင်ဖြင့် လည်းကောင်း, အမုန်ယစ်သော ဆင်၏အသွင်ဖြင့် လည်းကောင်း သွားအစွယ်တို့ကို ဖွင့်လှစ်ကျင်းပလျက် ကိုက်မည်ကဲ့သို့, ထိုးမည်ကဲ့သို့ ပြု၏။ ထိုသို့ ခြင်္သေ့အသွင်, ဆင်အသွင်ဖြင့်လည်း ကြောက်လန့်ခြင်း မရှိ။ ထို့နောက် တစ်ယောက်စီးလောက်သော လောင်းယံပမာဏရှိသော ကြီးစွာသော မြွေ၏အသွင်ဖြင့် ဖန်ဆင်း၍ ပြင်းစွာရှူလျက် အမှတ်မဲ့သောအရပ်မှ လာပြီးလျှင် ဘုရားလောင်း ကိုယ်ကိုရစ်၍ ထိပ်ထက်၌ ပါးပျဉ်းဖြန့်မိုးလျက်နေ၏။

ထိုသို့ မြွေ၏အသွင်ဖန်ဆင်း၍ ခြောက်ငြားသော်လည်း ဘုရားလောင်းသည် ရွံ့ရှာမှုမရှိ။ ထို့နောက် ဘုရားလောင်းကို ‘တောင်ထိပ်ပြင်၌လဲစေ၍ မှုန့်မှုန့်ညက်ညက် ကြေစေအံ့’ဟု ကြံ၍ ပြင်းစွာသောလေကို လာစေ၏။ ထိုလေသည် ဘုရားလောင်းဆံဖျားကိုမျှ လှုပ်ခြင်းငှာ မတတ်နိုင်။ ထို့နောင် ဘုရားလောင်းကို ထိုတောင်ထိပ်၌ထား၍ အမုန်ယစ်သောဆင်သည် သင်ပေါင်းပင်ကို ဆွဲငင်တိုးဝှေ့သကဲ့သို့ ယူဇနာ ၆၀ မြင့်သော ကာဠာဂိရိတောင်ကို သိမ့်သိမ့်တုန်အောင် လှုပ်၍ခြောက်၏။ ထိုသို့ တစ်တောင်လုံး တုန်လှုပ်အောင် ခြောက်ငြားသော်လည်း ဘုရားလောင်းကို နေမြဲနေရာမှ ဆံခြည်တစ်လုံးမျှ ရွေ့စေခြင်းငှာ မတတ်နိုင်။

ထို့နောင် သည်းစွာသောအသံဖြင့် ‘ဝိဓုရ၏ နှလုံးကို ကွဲစေအံ့’ဟုကြံ၍ ကာဠာဂိရိတောင်အတွင်းသို့ မိမိတန်ခိုးဖြင့်ဝင်ပြီးလျှင် ထိုတောင်၏အတွင်းမြေထဲက တစ်တောင်လုံး ကွဲအံ့သကဲ့သို့ ပဲ့တင်ထပ်မျှ သည်းစွာသောအသံဖြင့် ဟစ်၏။ ဤသို့ဟစ်ငြားသော်လည်း ဘုရားလောင်း၏အာနုဘော်ကြောင့် ရွံ့ကာမျှကိုလည်း မဖြစ်စေနိုင်။

[အဘယ်ကြောင့် ဤမျှလောက် ခြောက်သည်ကိုပင် ဘုရားလောင်းသည် စိုးစဉ်းမျှ မကြောက်လန့်သနည်း ဟူမူကား ထိုပုဏ္ဏကသည် ဘီလူးအသွင်၊ ဆင်, ခြင်္သေ့, မြွေအသွင်၊ ပြင်းစွာသောလေဖြင့် တောင်ကိုလှုပ်ခြင်း၊ တောင်တွင်း၌ဝင်၍ ပြင်းစွာသောအသံဖြင့် ဟစ်ခြင်းတို့ကိုပြု၍ ခြောက်ငြားသော်လည်း ဤဘီလူးကား



www.burmeseclassic.com

www.burmeseclassic.com



တခြားမဟုတ်။ ကစ္စည်းလုလင်တည်း။ ဤဆင်ကား တခြားမဟုတ်။ ကစ္စည်းလုလင်ပင်တည်း' ဤသို့ စသည်ဖြင့် ခြောက်တိုင်းခြောက်တိုင်း တခြားသူမဟုတ်။ ကစ္စည်းလုလင်ဟု သိသောကြောင့် မကြောက်သတည်း။]

ထိုသို့ပြု၍ သေမည်ကိုထား၍ ကြောက်လန့်ရုံမျှမဖြစ်နိုင်လျှင် ဤသို့ ပုဏ္ဏက ကြံပြန်၏။

'ငါသည် ဝိဓုရကို အပဖြစ်သောလုံ့လဖြင့် သေစိမ့်သောဟု မတတ်နိုင်။ ဤဝိဓုရကို တောင်ထိပ်အပြင်၌ ထားပြီးလျှင် ကြောက်မက်ဖွယ်သောဘီလူးအသွင်ဖြင့် ခြောက်လှန့်၍ သေစေအံ့။ ထိုသို့ပြု၍ မသေမူ လက်ဖြင့်ကိုင်၍ ရိုက်သတ်အံ့'ဟု ကြံပြီးသော်၊ ပုဏ္ဏကသည် ဘုရားလောင်းကို တောင်ထိပ်၌ထား၍ ကြောက်မက်ဖွယ်သော ဘီလူးအသွင်ဖြင့် ပုံတင်ထပ်မျှ ကြွေးဟစ်ကျူးကြော်လျက် ဘုရားလောင်းကို လက်ဖြင့်ကိုင်၍ တပြောင်းပြန်ပြန် တွန်းထိုးလှုပ်ရှားလျက် တောင်ထိပ်အပြင်၌ ထိုမှဤမှ လူးလာပြန်ခေါက်ပြုသော်လည်း မသေနိုင်။ ထို့နောင် တောင်ခြေရင်းသို့ ဘုရားလောင်းကို ဦးခေါင်းငိုက်ဆိုက်ကိုင်၍ဆင်းပြီးလျှင် ပတ္တမြားလုံး၌ ချည်ဖြုဖြင့်သွင်း၍ အထက်ကနုတ်ဘိသကဲ့သို့ တောင်၏အတွင်းသို့ ဘုရားလောင်းကို ဦးခေါင်းငိုက်ဆိုက်ကိုင်၍ ဝင်ပြီးလျှင် တောင်ထိပ်သို့တက်၍ ထွက်မိလျှင် အထက်ကောင်းကင်သို့ ဘုရားလောင်းကို ခြေကကိုင်၍ ပစ်လိုက်၏။ ဘုရားလောင်းသည် ကောင်းကင်မှ မိုင်းဝါဂွမ်းစုကျသကဲ့သို့ အသာအယာ ၁၅ ယူဇနာ ခြားရာအရပ်သို့ကျလေ၏။

ပုဏ္ဏကသည် ကာဠာဂိရိ တောင်ထိပ်ပြင်၌နေလျက် လက်ကိုဆန့်တန်း၍ ဘုရားလောင်းကို ဦးခေါင်းငိုက်ဆိုက် ကောက်ယူပြီးလျှင် 'သေပြီလော'ဟု ကြည့်၏။ မသေသောအဖြစ်ကို သိပြန်လျှင် တစ်ဖန် ခြေကကိုင်၍ ကောင်းကင်သို့ပစ်ပြန်လျှင် ယူဇနာ ၃၀ ခြားသောအရပ်၌ ဘုရားလောင်း ကျလေ၍၊ တစ်ဖန် ရှေးအတူပင် ကောက်ယူ၍ 'သေပြီလော'ဟု ဘုရားလောင်းမျက်နှာကို ကြည့်ပြန်၏။ မသေသည်ကိုသိပြန်၍ တစ်ဖန် ယူဇနာ ၆၀ တိုင်အောင် ပစ်လွှင့်လိုက်၍ ရှေးအတူကောက်ယူပြီးလျှင် ခြေကိုကိုင်လျက် ဦးခေါင်းငိုက်ဆိုက်ထား၏။

ထိုအခါ ဘုရားလောင်းသည် ဤသို့ ကြံ၏။

'ပုဏ္ဏကသည် ငါ့ကို ရှေးဦးစွာ ၁၅ ယူဇနာအရပ်သို့ ပစ်၏။ ထို့နောင် ယူဇနာ ၃၀ အရပ်သို့ ပစ်၏။ ထို့နောင် ယူဇနာ ၆၀ အရပ်သို့ ပစ်၏။ ယခုလည်း ငါ့ကို တစ်ဖန် ပစ်ပြန်လတ္တံ့။ ထိုသို့ပစ်၍မျှ မသေလျှင် ဤတောင်ထိပ်၌ ခြေကိုကိုင်၍ရိုက်သဖြင့် သေရသတ္တံ့။ ထိုသို့ ငါ့ကိုမပြုမီ ယခု ဦးခေါင်းငိုက်ဆိုက် ပင်လျှင် 'အဘယ်အကြောင်းကြောင့် ငါ့ကို သတ်သနည်း'ဟု မေးအံ့'ဟု ကြံ၍၊ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ။ ဤမျှသော ခြောက်လှန့်ခြင်းကိုထား၍ ကမ္ဘာပျက်သောအခါ သံဝဋ္ဋဌာယီကပ်[၇၅]၌ ဝေဟပ္ဖိုလ်[၇၆]ဘုံမှ အောက်အဝီစိ အဆီးအတားအဆုံးမရှိသော ချောက်၌ပင်လျှင် ချလိုက်သော်လည်း သတိ၊ ပညာ၊ ဝိသာရဒဂုဏ်ဖြင့် ကြောက်လန့်ခြင်းမရှိ ရဲရင့်စွာသော ကုရုရာဇ်[၇၇]မင်း၏ အမတ်ကြီး ဝိဓုရသုခမိန်သည်-

'အရိယာဝကာသောသိ အနရိယရူပေါ၊ အသညတောတိ သညတသန္နိကာသော။

အစ္စာဟိတံ ကမ္မံ ကရောသိ လုဒ္ဒံ၊ ဘာဝေ စ တေ ကုသလံ နတ္ထိ ကိဉ္စိ။ ။

'ယံ မံ ပပါတသ္မိံ ပပါတုမိစ္ဆသိ၊ ကောနု တဝတ္ထော မရဏေန မယှံ။

အမနုဿဿေဝ တေ အဇ္ဇ ဝဏ္ဏော၊ အာစိက္ခ မေ တွံ ကတမာသိ ဒေဝတာ။ ။'ဟူသော ၂ ဂါထာ ကို ဆို၏။ အဓိပ္ပာယ်ကား-

"လုလင်။ သင်ကား သူတော်ကောင်း အသွင်အပြင် ရှိ၏။ သူတော်ကောင်းကား မဟုတ်၊ ကိုယ်၊နှုတ်၊ နှလုံးကို စောင့်ဟန်ကား ရှိ၏။ ကိုယ်၊နှုတ်၊နှလုံးကို သင် မစောင့်။ အစီးအပွားမရှိ။ ကြမ်းကြုတ်စွာသော



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုကို သင်ပြုဘိ၏။ သင်၏ကိုယ်၌ ကုသိုလ်မည်သည် စိုးစဉ်းမျှ မရှိခဲ့တကား။ လုလင်။ သင်သည် အဘယ်ကြောင့် ငါ့ကို ချောက်၌ချခြင်းကို အလိုရှိသနည်း။ ငါသေလျှင် သင်၏ အကျိုး အဘဲယ်သို့ ခံရအံ့နည်း။ သင့်၏အဆင်းကား နတ်ဘီလူးအသွင် ရှိ၏။ လူဟုတ်မည် ငါမထင်။ နတ်ပြည်၌ သင့်ကို အဘယ်မည်သောနတ်ဟု ခေါ်ဝေါ်အပ်ကုန် သနည်း။ ငါ့အား ဟုတ်တိုင်းပြောလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏကသည် အကြောင်းကိုပြောလို၍ 'ယဒိတေသု'စသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"ဝိဓုရသုခမိန်။ နတ်ပြည်၌ 'ပုဏ္ဏကအမည်ရှိသောနတ်ဟု သင်တို့လူ့ပြည်က မကျော်စော မကြားဘူးလော။ ငါကား ဝေဿဝဏ် အမည်ရှိသော ကုဝေရနတ်မင်းကြီး၏ အမတ်စစ်သူကြီးတည်း။ ထို ကုဝေရနတ်မင်းကြီး၏ အမတ်စစ်သူကြီး ပုဏ္ဏကအမည်ရှိသော ငါသည် မြေ၏အတွင်း၌ နဂါးပြည်ကို အစိုးရသော ဝရုဏ နဂါးမင်း၏ လုံးရပ်သဏ္ဍာန် ကိုယ်ဟန်ကြော့ရှင်း အဆင်းအသရေ ရှိလှပေသော ကြင်ရာမိဖုရားကြီးသည် ဝိမလာဒေဝီ အမည်ရှိ၏။ ထို ဝိမလာဒေဝီ၏သမီးဖြစ်သော ဣရန္ဒတီ အမည်ရှိသော နဂါးမင်းသမီးကို အလိုရှိ၏။ ဣရန္ဒတီ အမည်ရှိသော နဂါးမင်းသမီးသည် မကြီးမငယ် အရွယ်အချိန်သင့် ဖြစ်သည်နှင့် ချစ်ကြင်နာလောက်သော မူရာလက္ခဏာကောင်း ဟူသမျှသည် တပေါင်းတည်းစု၍ ရှုမငြီး တင့်တယ်လှ၏။ ထို နဂါးမင်းသမီးကို လိုသောအကြောင်းကြောင့် သင့်ကို သတ်ချင်သောစိတ်သည် ငါ၌ ဖြစ်၏"ဟု ဆို၏။

ဘုရားလောင်းသည် ထိုစကားကိုကြားလျှင် 'ဤဘီလူးသည် နဂါးမင်းသမီးကို လိုသည်ဟူ၍ အဘယ် ကြောင့် သတ်ရအံ့နည်း။ ငါ့ကိုသတ်လျှင် အဘယ်သို့ ထိုဘီလူး၌ အကျိုးရှိမည်ကို ငါမေးအံ့'ဟု ကြံ၍-

'မာဟေဝ တေ ယက္ခ အဟောသိ မောဟော၊ နဋ္ဌာ ဗဟူ ဒုဂ္ဂဟိတေန လောကေ။

ကိန္တေ သု မိဋ္ဌာ ပိယာယ ကိစ္စံ၊ မရဏေန မေ ဣဃ် သုဏောမိ သဗ္ဗံ။ ။'ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"ပုဏ္ဏက ဘီလူးစစ်သူကြီး။ သင်သည် သူမိုက်တို့သဘော မသက်နှင့်။ ဤလောက၌ လူတို့သည် မပြစ်မှားအပ်သည်ကို ပြစ်မှားခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သည့်ကား များစွာရှိ၏။ သင်သည် ခါးစည်း တင်ကျပ် နုနယ်ကျစ်လစ် ချစ်ခင်လောက်သော နဂါးမင်းသမီးအား ဆောင်ရွက်ရန်ကိစ္စ အဘယ်နည်း။ ငါသေသဖြင့် အဘယ်အကျိုး ရှိမည်နည်း။ ခပ်သိမ်းစုံသောစကားကို ငါ ကြားလို၏"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ပုဏ္ဏကသည် မိမိအကြောင်းကို ကြားပြန်လို၍ 'မဟာနုဘာဝဿ'အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"အမတ်သုခမိန်။ သင်မေး၍ မနေသာ ငါ ပြောရတော့အံ့။ နဂါးပြည်ကို အစိုးရသည်ဖြစ်၍ အလွန် ဘုန်းကြီးလှသော ဝရုဏ နဂါးမင်း၏သမီး ဣရန္ဒတီကို တူညီစုံဖက် နှစ်သက်ခဲ့ဖူးသော ဘဝဟောင်းသံသရာက ဝါသနာအထုံပါ၍ပင် ရှိသည်လည်း မသိ။ ဆီထိသော ဂွမ်းစိုင်ကဲ့သို့ တွေ့ဆိုင်မိဦးကပင် ညွတ်နူးသော စေတနာသည် အခါခါနှိုးဆော်သဖြင့် တော်ထိုက်သောပဏ္ဏာလက်ဆောင်နှင့် အောင်တမန်အခြားမစေ ဆွေမျိုးဆက်လို၍ ငါကိုယ်တိုင်သွားလျက် နဂါးမင်းထံ လိုရန်အခွင့်ကို နားသင့်အောင်ခညွှတ် တောင်းပန်သည်တွင် နဂါးတို့ဘုရင်က 'ဒဠ္ဍမခေါ'အစရှိသောဂါထာဖြင့်

'စာတုမဟာရာဇ် နတ်မင်းကြီး၏တူတော် လုလင်။ သင်အား ခါးစည်းတင်ကျယ် နုနယ်ကြော့ရှင်းသော အဆင်းအသွေးတွင် အမွေးအထုံနံ့သာဖြင့် ချစ်စရာများလှသော ငါ့သမီး ဣရန္ဒတီကို စုံညီလက်ထပ်လိုက်မည်ကား



www.burmeseclassic.com

www.burmeseclassic.com



အမှန်တည်း။ သင် ဆောင်ရအံ့သောအမှုမှာ လှူပြည်၌ သတင်းထင်ရှားသော ဝိဓုရသုခမိန်၏နှလုံးကို ငါ၏မိဖုရားကြီး ဝိမလာဒေဝီ အလိုရှိ၏။

'ထိုသုခမိန်၏နှလုံးကို တရားသဖြင့် ရအောင်ဆောင်နိုင်မှ ထိမ်းမြားလက်ထပ် ငါပေးအပ်မည်။ ထိုမှတစ်ပါး များစွာသောမဏ္ဍာဖြင့် ဆိုလာသော်လည်း ငါတို့ အလိုမရှိ'ဟု နဂါးမင်းဆိုသောကြောင့် သင်၏နှလုံးသားကို ယူလို၍ ငါ သင့်ကို သတ်မည်ကြံသတည်း။ အကြောင်းမရှိဘဲ မသူတော်နှလုံးဖြင့် တွေဝေမိုက်မဲ၍ အကျိုးမဲ့ သင့်ကို ညှဉ်းဆဲသည် မဟုတ်။

"ငါ၌ အကျိုးရှိကြောင်းကို ဆိုအံ့။ သင် နာဦးလော့။ သင့်ကို ငါ မတရားသဖြင့်ယူလျှင် ဓဏာချင်းဖြင့် ငါ၏အလို ပြည့်စုံရာ၏။ ထိုသို့မပြု။ တရားသဖြင့် သင့်ကို ငါ ရ၏။ ထို တရားသဖြင့်ရအပ်သော သင်၏နှလုံးကိုယူ၍ နဂါးမင်းကြီးအားပေးလျှင် နဂါးမင်းသည်လည်း သမီးတော် ဣရန္ဒတီကို ငါ့အား ပေးလတ္တံ့။ ဤသို့ ငါသည် သင့်ကိုသတ်ခြင်း၌ အကျိုးများစွာ ရှိ၏။ ထို့ကြောင့် ဤအရပ်၌ပင်လျှင် သင့်ကို ချောက်၌ ပစ်ချ၍ နှလုံးသားကို ငါဆောင်လေအံ့"ဟု ဆို၏။

ထိုစကားကို ဘုရားလောင်းကြားလျှင် ဤသို့ ကြံ၏။ 'ဝိမလာဒေဝီအား ငါ၏နှလုံးသားဖြင့် အဘယ် ကိစ္စရှိအံ့နည်း။ ဝရုဏနဂါးမင်းသည်ကား ငါ၏တရားစကားကိုကြား၍ မိမိလည်း၌ဆင်သော ပတ္တမြားကို ငါ့အား ပူဇော်ပြီးလျှင် နဂါးပြည်သို့ရောက်သောအခါ ငါ၏ တရားဟောသော ဂုဏ်ကျေးဇူးအထူးကို မိဖုရား ပရိသတ်တို့ရှေ့ ချီးမွမ်းပြောဆိုသည် ဖြစ်လိမ့်မည်။ ထိုနဂါးမင်း ပြောသောစကားကြောင့် မိမိမိဖုရား ဝိမလာဒေဝီသည် ငါ၏ တရားစကားကို နာလို၍သာ ပရိယာယ်ဖြင့်ဆိုသည်ကို ဝရုဏနဂါးမင်းသည် အတွေးအယူ အဆင်အခြင်မရှိ။ မလိမ္မာ၍ ပညာနည်းသော ဤပုဏ္ဏကဘီလူးကို စေလိုက်သည် ဖြစ်သည်။ ဤဘီလူးသည်လည်း မိမိ၏ မကောင်းသောအယူသဘောဖြင့် ငါ့ကို ပြင်းစွာနှိပ်စက်၏'ဟု ကြံမိ၏။

'ပညာရှိတို့သဘောသည် အရေးမရှိလျှင် အရာမထင်။ အရာရောက်က လွတ်မြောက်အောင် ဆောင်နိုင်ခြင်းသည်သာလျှင် ပညာရှိတို့ သဘောတည်း။ ငါသည်လည်း ပညာရှိပင်ဖြစ်လျက် ပုဏ္ဏကလက်တွင် သေရမည်ဟူသော် အဘယ်သို့ ပညာရှိ ခံကျိုးနပ်ပါအံ့နည်း။ ယခုပင်လျှင် ပုဏ္ဏကအား ငါ၏အစွမ်းကို သိစေအံ့'ဟု ကြံပြီး၍–

"လုလင်။ သင်သည် သာဓုနရ အမည်ရှိသောတရားကို နာဦးလော့။ ထိုတရားကို နာပြီးမှ သင်အလိုရှိတိုင်း ငါ့ကို ပြုလော့"ဟုဆိုလျှင်၊ 'သာဓုနရတရားကို ချီးမွမ်း၍ မိမိအသက်ကို လွတ်အောင်ဆောင်အံ့'ဟု ဦးခေါင်း ဦးစောက်ဆွဲလျက်ပင်လျှင် 'ဝိပ္ပံ မံ ဥဒ္ဓရကာတိ ယာန' အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ ငါ့ကို လျင်စွာထုတ်ဦးလော့။ ငါ၏နှလုံးသားဖြင့် လုလင်၏ ဆောင်ရာကိစ္စသည် အကယ်၍ရှိအံ့။ ခပ်သိမ်းသော သူတော်ကောင်းတို့သည် ကျင့်အပ်, သိအပ်သော သာဓုနရတရားကို သင့်အား ယခု ငါ ထင်စွာဟောခဲ့ဦးအံ့။ ငါ့ကို သက်သာပေးဦးလော့"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ပုဏ္ဏကသည် ဤသို့ကြံ၏။

'ဤတရားကို နတ်လူတို့အား သုခမိန်သည် မဟောဘူးသေးသည် ထင်၏။ လျင်စွာ သုခမိန်ကို သက်သာရာပေးသဖြင့် သက်သာစေ၍ ထိုသာဓုနရတရားကို နာဦးအံ့'ဟု ကြံပြီးလျှင် ဘုရားလောင်းကိုချီ၍ တောင်ထိပ်၌ နေစေပြီးလျှင် 'သမုဒ္ဓတော'အစရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အမတ်ကြီး သုခမိန်။ ငါသည် သင့်ကို ချောက်မှ ကောင်းစွာထုတ်၍ တောင်ထိပ်၌ ထား၏။ သင်၏ နှလုံးသားဖြင့် ငါ၏ ဆောင်ရန်ကိစ္စ ရှိ၏။ ခပ်သိမ်းသော သူတော်သူမြတ်တို့၏တရားကို မကြွင်းမကျန်ရအောင် ငါ့အား ယခု သင် ထင်စွာပြုလော့"ဟု ဆို၏။ ဘုရားလောင်းသည်

"လုလင်။ သင်သည် ငါ၏နှလုံးသားဖြင့် ဆောင်ရန်ကိစ္စရှိလျက် ချောက်မှ ဆယ်ထုတ်၍ ငါ၏ သာဓုနရတရားကို နာလိုသောကြောင့် တောင်ထိပ်၌ ထားပေ၏။ ငါသည်လည်း ထိုတရားကို ထင်ရှားပြုအံ့။ ထိုသို့တစ်မှုကား ယခု ငါ၏ကိုယ်သည် ချေးမြူအလိမ်း လိမ်းကပ်လျက် ညစ်ညူးစွာရှိ၏။ မသန့်မရှင်း ညစ်ညူးစွာသောကိုယ်ဖြင့် ဤတရားမြတ်ကို ဟောခြင်းငှာ မလျောက်ပတ်။ ရေချိုးပါရစေဦး"ဟု ဆို၏။

ပုဏ္ဏကလည်း "ကောင်းပြီ"ဆို၍ ချိုးရေဆောင်ပြီးလျှင် ဘုရားလောင်းအား ရေချိုးစေ၏။ ရေချိုးပြီးသော် နတ်၏ပုဆိုး, နတ်၏ ပန်းနံ့သာတို့ကို ဝတ်ဆင်စေပြီးသော် နတ်သောဇဉ်ကို စားစေ၏။ ထိုသို့ ဝတ်စားတန်ဆာ ဆင်ယင်ပြီးသော် ဘုရားလောင်းသည် ကာဠာဂိရိတောင်ထိပ်ကို လည်းကောင်း၊ တရားဟောနေရာကို လည်းကောင်း ခင်းကျင်းစီရင် တန်ဆာဆင်စေပြီးလျှင် ခင်းထားအပ်သော တရားဟောနေရာ၌ ဘုရား၏ တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းဖြင့် ဘုရားလောင်းသည် ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် သာဓုနရ တရားကို ဟောအံ့သောငှာ–

'ယာတာနုယာယီ စ ဘဝါဟိ မာဏာဝ၊ အလ္လဉ္စ ပါဏိံ ပရိဝဇ္ဇယဿု။

မာစဿု မိတ္တေသု ကဒါစိ ဒုဗ္ဘိ၊ မာစ ဝသံ အသတီနံ နိဂစ္ဆေ။ ။'ဟူသော ဂါထာဖြင့် ဟောပေ၏။

မာဏဝ၊ ကစ္စည်းလုလင်။ ယာတံ၊ သွားလေသောသူနောက်သို့။ အနုယာယီစ၊ အစဉ်လိုက်သည်လည်း။ ဘဝါဟိ၊ ဖြစ်လော့။ အလ္လဉ္စပါဏိံ၊ စိုစွတ်သောလက်ကိုလည်း။ ပရိဝဇ္ဇယဿု၊ မသွေ့ခြောက်စေလင့်။ မိတ္တေသု၊ ချမ်းသာကိုဆောင်ဖူးပေသော ခင်ပွန်းကောင်းတို့၌။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ ဒုဗ္ဘိ၊ ပြစ်မှားခြင်းကို။ မာစဿု၊ မပြုလင့်။ အသတီနံ၊ သူတော်ကောင်းမဟုတ် ယုတ်သော မိန်းမတို့၏။ ဝသံ၊ အလိုသို့။ မာစနိဂစ္ဆေ၊ မလိုက်ရာ။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ သူတော်ကောင်းဟု သမုတ်အပ်သောသူတို့၌သာ တည်ရှိသောကြောင့် သာဓုနရဟု ဆိုအပ်သောတရားသည် ၄ ပါးတည်း။ ၄ ပါးဟူသည်ကား ယာတာနုယာယီ ၁ ပါး, အလ္လဉ္စပါဏိံပရိဝဇ္ဇယ ၁ ပါး, မိတ္တအဒုဗ္ဘိ ၁ ပါး, အသတီနံ မာနိဂစ္ဆ ၁ ပါး, ဤသည်လျှင် ၄ ပါးတည်း။ ထို ၄ ပါးတို့တွင် ယာတာနုယာယီ ဟူသည်ကား ရှေးသူတော်ကောင်းတို့သွားသော တရားလမ်းကို မယွင်းမထောင့် ဖြောင့်မှန်စွာ လိုက်ခြင်းတည်း။ အလ္လဉ္စပါဏိံ ပရိဝဇ္ဇယ ဟူသည်ကား စိုစွတ်သောလက်ကို ခြောက်သွေ့ပူလောင်အောင် မပြုခြင်းတည်း။ မိတ္တအဒုဗ္ဘိ ဟူသည်ကား ခင်ပွန်း မပြစ်မှားခြင်းတည်း။ အသတီနံ မာနိဂစ္ဆဟူသည်ကား ယုတ်မာသောမိန်းမတို့၏ အလိုသို့ မလိုက်ခြင်းတည်း။ ဤ ၄ ပါးသော သာဓုနရ တရားနှင့် ပြည့်စုံသောသူသည် သူတော်ကောင်း မည်၏။ ထို ၄ ပါးနှင့် မပြည့်စုံသောသူသည် သူယုတ်မာ မည်၏"ဟု ဆိုလိုသည်။

ဤသို့ ဘုရားလောင်းသည် သာဓုနရ တရားကို အကျဉ်းအားဖြင့် ဟောတော်မူလေ၏။

ပုဏ္ဏကသည် ထိုတရားအနက်ကို မသိနိုင်သည်ဖြစ်၍ အကျယ်ဖွင့်စေခြင်းငှာ 'ကထံနုယာတံ' အစ ရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား–

"အမတ်သုခမိန်။ 'သွားသောသူနောက်ကို အစဉ်လိုက်ခြင်း'ဆိုသည်ကား အဘယ်နည်း။ 'စွတ်သော လက်ကို မပူလောင်စေနှင့်' ဆိုသည်ကား အဘယ်နည်း။ 'မိန်းမယုတ်'ဟူသည်ကား အဘယ်နည်း။ 'ခင်ပွန်း



www.burmeseclassic.com

ဖြစ်မှားသောသူ'ဟူသည်ကား အဘယ်နည်း။ ဤ ၄ ပါးသောတရားကို သင် ဟောသော်လည်း သဘောလျှို့ဝှက်ခဲခက်ကျဉ်းလှသောကြောင့် ငါ မသိနိုင်။ ယခု ငါမေးတိုင်း အကျယ်ချဲ့ဖွင့်၍ ဟောဦးလော့"ဟု ဆို၏။

ဘုရားလောင်းသည် ထိုတရား ၄ ပါးကို ၁ ဂါထာစီ ဖွင့်ခြင်းငှာ–

'အသန္ထုတံ နာပိစ ဒိဋ္ဌပုဗ္ဗံ၊ ယော အာသနေနာပိ နိမန္တယေယျ။

တဿေဝ အတ္ထံ ပုရိသော ကရေယျ၊ ယာတာ နုယာယီတိ တမာဟု ပဏ္ဍိတာ။ ။

'ယဿေ ကရတ္တိံပိ ဃရေ ဝသေယျ၊ ယတ္ထန္နပါနံ ပုရိသော လဘေယျ။

တဿ ပါပံ မနသာပိ န စိန္တယေ၊ အဒုဗ္ဘပါဏိံ ဒဟတေ မိတ္တဒုဗ္ဘော။ ။

'ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ။

န တဿ သာခံ ဘိန္ဒေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။ ။

ပုဏ္ဏံပိ စေမံ ပထဝိံ ဓနေန၊ ဒဇ္ဇိတ္ထိယာ ပုရိသော သမ္မတာယ။

လဒ္ဓါ ခဏံ အတိ မညေယျ တံပိ၊ တာသံ ဝသံ အသတီနံ န ဂစ္ဆေ။ ။'ဟူသော ၄ ဂါထာတို့ကို ဟော၏။ အဓိပ္ပာယ်ကား–

"ကစ္စည်းလုလင်။ အကြင်သူသည် အတူတကွ မနေကြဘူး, မတွေ့ကြဘူး, မမြင်ကြဘူးသည်ဖြစ်၍ မသိမကျွမ်းဘဲလျက်၊ မိမိကို နေရာပေးခြင်း, ခဲဖွယ်ဘောဇဉ် တည်ကျွေးခြင်း စသော ညှို့သည်တို့ဝတ်ကို ပြုပေအံ့။ ထိုသို့ပြုပေသောသူကို မိမိသည်လည်း ထိုသူကျင့်သကဲ့သို့ အစဉ်လိုက်၍ ကျေးဇူးတုံ့ ကျင့်ရာ၏။ ထိုသို့ကျင့်ခြင်းသည်လျှင် 'ယာတာနုယာယီ' တရား မည်၏ဟု ပညာရှိတို့ ဆိုကုန်၏။

"ကစ္စည်းလုလင်။ 'စွတ်သောလက်ကို မလောင်စေနှင့်'ဟူသည်ကား အကြင်သူ၏အိမ်၌ တစ်ညဉ့်မျှလည်း နေဖူး တည်းဖူးအံ့။ အကြင်သူ၏အိမ်၌ ထမင်း, အဖျော် စသော နည်းနည်းများများ တစ်စုံတစ်ခုသောပစ္စည်းကို ရအံ့။ ထိုသူအား စိတ်ဖြင့်မျှလည်း ပြစ်မှားခြင်းကို မပြုအပ်၊ အကယ်၍ ပြစ်မှားချေအံ့။ စွတ်သောလက်ကို ပူလောင်စေသည် မည်၏။ ဤသည်လျှင် 'အလ္လပါဏိပရိဝဇ္ဇယ'တရား မည်၏။

"ကစ္စည်းလုလင်။ 'ခင်ပွန်း ပြစ်မှားသောသူ' ဟူသည်ကား အကြင်သူသည် အကြင်သစ်ပင်၏အရိပ်၌ နေမှုလည်း နေဖူးအံ့၊ အိပ်မှုလည်း အိပ်ဖူးအံ့။ ထိုသစ်ပင်၏ အကိုင်းအခက်ကို မဖျက်ဆီးရာ, မချိုးဖဲ့ရာ။ ထိုသစ်ပင်သည် မိမိကိုယ်,စိတ်ချမ်းသာခြင်းကို ဆောင်ပေသောကြောင့် 'ခင်ပွန်းပင်' မည်သတည်း။ ဤသို့ အနိဋ္ဌယဗ္ဗ ဥတုဇရုပ်"မျှသာဖြစ်သော သစ်ပင်ကိုမျှလည်း တစ်နေ့တစ်ခဏမျှ တည်းနေခိုမှီဖူးပေလျှင် မဖျက်ဆီး မချိုးဖဲ့ရာ ဖြစ်တုံသေး၏။ အသက်ရှိသောလူ၌ကား အဘယ်ဆိုဖွယ် ရှိအံ့နည်း။ မပြစ်မှားအပ်သာတည်း။ ပြစ်မှားချေအံ့၊ 'မိတ္တဒုဗ္ဘိ'ဖြစ်၏။ ဤသည်လျှင် 'မိတ္တအဒုဗ္ဘိ'မည်၏။

"လုလင်။ မသူတော်သဘော သက်လိုသော မိန်းမတို့မည်သည် ၂ သိန်း ၄ သောင်း အထုရှိသော မြေကြီးအတိုင်းအရှည် များစွာသောစည်းစိမ်ဥစ္စာ အိမ်ထောင်ခမ်းနားတို့ကို ပေးအပ်နှင်း၍ သိမ်းမြန်းမွေးမြူငြား သော်လည်း သယောက်လင်စောင်"ရအံ့သည်အခွင့်ထင်လျှင် လင်၏ကျေးဇူးကို မထောက်။ အကောက်ကြံ၍ အန္တရာယ်ပြုတတ်၏။ ထိုသို့ မယုံမှတ်အပ်သည် စင်စစ်ဖြစ်လျက် နှစ်သက်ဖွယ်သောမာယာဖြင့် များစွာဖြားယောင်းသည်များကို အကောင်းထင်၍ 'ငါ့ကိုသာ ကြင်သည်, ငါ့ကိုသာ ချစ်သည်'ဟု ရမ္မက်စိတ်ဖုံးလွှမ်းသဖြင့် အခွင့်ကိုမဆင်ခြင်မတွေးဆ မိန်းမအလိုရှိတိုင်း မိန်းမနိုင်ငံသို့လိုက်၍ မကောင်းမှုကို မပြုအပ်။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com



မဆင်မခြင် မိန်းမအလိုသို့ ငင်ရာ ပါချေပြီအံ့။ စီးပွားမထင် ပင်ပန်းကာမျှ ရှိတတ်ချေသည်။ ဤသည်လျှင် 'အသတိနံ မာနိဂ္ဂ'တရား မည်၏။

"ဓာတုမဟာရာဇ်နတ်မင်းကြီး၏ တူတော် အမတ်စစ်သူကြီးဖြစ်သော နတ်မင်း။ သင်သည် ဤ ၄ ပါးသော သာဓုနရတရားနှင့် ပြည့်စုံစေလော့"ဟု ဆို၏။

## ၉။ နဂါးပြည်သို့ ဆောင်ယူစခန်း

ဘုရားအလောင်း သုခမိန်သည် ပုဏ္ဏကဘီလူးအား ၄ ပါးသော သာဓုနရတရားကို ဘုရား၏တင့်တယ်ခြင်းဖြင့် ဟောပြီး၍၊ ထိုတရားကိုနာရလျှင် ပုဏ္ဏကသည် ဤသို့ကြံ၏။

'ဤတရား ၄ ပါးလုံး၌ပင်လျှင် သုခမိန်သည် မိမိအသက်ကို တောင်းပန်လိုဟန် စကားသံ, စကားရိပ်ပါသည်။ စင်စစ်ကား ငါ့မျက်နှာကို တစ်ခါ တစ်ကြိမ်မျှ သုခမိန်သည် ရှေးက တွေ့မြင်ဖူးသည် မရှိ။ မိမိနှင့်အတူနေ အဆွေခင်ပွန်း မဟုတ်ဘဲလျက် အထက်က အတူနေဖူး, သိကျွမ်းဖူးသကဲ့သို့ပင် မိမိအိမ်၌ မြတ်သောနေရာဖြင့်နှင်း၍ များစွာသော ပူဇော်သက္ကာရကို ပြု၏။ ငါသည် ထို သုခမိန်အိမ်၌ ၂ ရက်, ၃ ရက် များစွာသောစည်းစိမ်တို့ကို ခံစံလျက်နေ၏။ ယခု ဝိဓုရသုခမိန်ကို သတ်ညှဉ်းဆဲခြင်း မကောင်းမှုသည်လည်း တစ်ပါးသောအကြောင်းကြောင့် မဟုတ်။ မိန်းမ တည်းဟူသော အကြောင်းကြောင့် ပြု၏။ ခပ်သိမ်းသော အခြင်းအရာဖြင့် သုခမိန်ဟောသော သာဓုနရတရား ၄ ပါးနှင့် ငါ့အားယခု ပြုကျင့်ဆောင်ရွက်သည့်အမှုကို ထောက်ရှုဆင်ခြင်သော် ငါသာလျှင် ခင်ပွန်းပြစ်မှားခြင်း ဖြစ်ချေ၏။

'အကယ်၍ ယခု သုခမိန်ကို ငါ သတ်ငြားအံ့။ သာဓုနရတရားကို မကျင့်သည် မည်ရာ၏။ ထိုသို့ မကျင့်သည်မည်ရာသောကြောင့် နဂါးမင်းသမီးဖြင့် အဘယ် အလိုရှိတော့အံ့နည်း။ ဤသုခမိန်ကို ဣန္ဒပတ္ထနဂိုပြည်သို့ပို့ဆောင်၍ ပြည်သူပြည်သား မိမိသားမယားများကို ရွှင်စေလျက် တရားသဘင်၌ ချခဲ့အံ့'ဟု ကြံပြီးမှ 'အဝသိဟံ တယှံ' အစရှိသောဂါထာကို လည်းကောင်း 'အပိဟာယတု' အစရှိသော ဂါထာကို လည်းကောင်း ရွတ်၏။ အဓိပ္ပာယ်ကား–

"အလွန်မြတ်သော ပညာရှိသုခမိန်။ ငါကား သင်၏အိမ်၌ ၂ ရက်, ၃ ရက် နေဖူး၏။ သင်သည်လည်း ထမင်း, အဖျော် အစရှိသည်ဖြင့် ကျွေးမွေးပေ၏။ သင်သည်ကား မပြစ်မှားအပ်သော ငါ၏ အဆွေခင်ပွန်း မှန်ပေ၏။ အဟုတ်သဖြင့် ငါ သင့်ကို လွှတ်၏။ သင်သည် အိမ်သို့ သွားလေလော့။ ပညာရှိ သုခမိန်။ ငါသည် နဂါးမင်းတို့နှင့် အမျိုးစပ်ခြင်းငှာ အလိုမရှိပြီ။ နဂါးမင်းသမီးကို ရလိုသည်ဟူ၍လည်း ဤသို့သော မကောင်းမှုကို မပြုထိုက်ပေ။ သင်သည် ငါ့အား တရားကို ကောင်းစွာဟောပေသောကြောင့် သင့်ကိုသတ်ခြင်းမှ ယခု ငါ လွှတ်၏"ဟု ဆို၏။

ထိုသို့ ဆိုသောအခါ ဘုရားလောင်းသည် 'ဟန္ဒ တုဝံ'အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"နတ်မင်း။ သင်သည် ငါ့ကို အိမ်သို့ မပို့နှင့်ဦး။ သင့်ယောက္ခမစံရာ နဂါးပြည်သို့ ဆောင်ဦးလော့။ နဂါးမင်း၏စည်းစိမ်ကိုလည်း ငါ မမြင်စဖူးဖြစ်၍ နဂါးပြည်သို့ ရောက်ချင်၏"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏကသည် 'ယံဝေနရဿ အဟိတာယ အဿ' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"မြတ်သောပညာရှင်။ သင် အဘယ်ကြောင့် ဤစကားကို ဆိုဘိသနည်း။ အကြင်ဝတ္ထုသည် စင်စစ်သဖြင့် မိမိအစီးအပွားကို မဆောင်။ ထို အစီးအပွားမရှိ၊ မိမိ အန္တရာယ်ဖြစ်သောဝတ္ထုကို ပညာရှိတို့သည် ရှုကြည့်ခြင်းငှာ မထိုက်။ ထိုသို့သောရန်သူကို အဝေးက ရှောင်ရမည်ဟု ပညာရှိတို့ဆိုကုန်လျက် အဘယ်ကြောင့် သင်၏ ရန်သူဖြစ်သော နဂါးပြည်သို့ သွားလိုဘိသနည်း"ဟု ဆို၏။

ထိုအခါ ဘုရားလောင်းသည် 'အဒ္ဓါ ပဇာနာမိ'အစရှိသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"နတ်မင်း။ ငါသည်လည်း 'ရန်သူကို အဝေးကသာ ရှောင်ရမည်'ဟူသောအရာကို သိ၏။ သင် ဆိုတိုင်း မှန်သည်ပင်။ ထိုသို့ဖြစ်သော်လည်း ငါသည် မကောင်းမှုကို တစ်ရံတစ်ဆစ်မျှ မပြု။ ကုသိုလ်ကိုသာ ပွားစေသည် ဖြစ်၍ သေအံ့သောအားကို ငါ၌ ကြောက်လန့်ရန် မရှိ။ စင်စစ်သော်ကား ဘုန်းတန်ခိုးဖြင့် မျက်ကြိုးပြင်းထန် ဆောင်းမာန်ကြမ်းကြုတ်စွာသော သင်ဘီလူးမင်းကိုစင်လျက် တရားသဖြင့် နူးညံ့စေ၍ ငါ့ကိုမသတ် ချမ်းသာစွာ လွှတ်စေ၏။ နဂါးမင်းကိုလည်း ဘီလူးမင်းကိုကဲ့သို့ တရားသဖြင့် နူးညံ့စေခြင်းသည်ကား ငါ၏ဝန် ဖြစ်စေ။ နဂါးပြည်သို့သာ ငါ့ကို ဆောင်ပါ"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏကဘီလူးသည် "ကောင်းပြီ။ သင် ရောက်လိုလျှင် ပို့ဆောင်အံ့"ဟု ဝန်ခံ၍ ဝမ်းမြောက်ဝမ်းသာ 'ဟန္ဒစ ဌာနံ'အစရှိသော ဂါထာကိုလည်းကောင်း, 'တံ နာဂကညာနံ'အစရှိသော ဂါထာကို လည်းကောင်း ဆို၏။ အဓိပ္ပာယ်ကား–

"အမတ်သုခမိန်။ လာလှည့်။ တန်ခိုးဖြင့် အတုမရှိသောနဂါးပြည်ကို ငါနှင့်အတူသွား၍ ရှုကြကုန်အံ့။ ထိုနဂါးပြည်သည် ငါ၏ဦးရီးတော် ဝေဿဝဏ် နတ်မင်းကြီးစံရာ နိဠည အမည်ရှိသော ရာဇဌာနီ မင်းနေပြည် ကြီးကဲ့သို့ နှစ်လို့ဖွယ်သော ကခြင်း, သီခြင်းတို့ဖြင့် နဂါးမင်းသမီးအပေါင်း ခညောင်တုပ်ပျပ် ဝန်းပတ်ခြံရံ၍ နေ့ညဥ့်ပတ်လုံး ဘုန်းတန်ခိုးဖြင့် စိုးစံမြူးထူးခြင်းနှင့်လည်း ပြည့်စုံ၏။ ထမင်း, အဖျော် စသော အထူးထူးသော စားဖွယ်, သောက်ဖွယ်တို့နှင့်လည်း ပြည့်စုံ၏။ အဝတ်တန်ဆာ, နံ့သာစန္ဒကူး အထူးထူးသော ကြည်းရေပန်းစုံ ဘုံဗိမာန် အရောင်တို့သည်လည်း တိမ်တောင် တိမ်ထပ်မှ လျှပ်စစ်နွယ်ယှက်သကဲ့သို့ နှစ်သက်ဖွယ် တောက်ပ၏"

ဤသို့ နဂါးပြည်ကို ချီးမွမ်းပြောဆိုလျက် ဘုရားလောင်းကို မနောမယ သိန္ဓောမြင်းပျံထက်သို့ တင်၍ ဝရဇာနဂါးပြည်သို့ သွားလေ၏။

ထို နဂါးပြည်သို့ရောက်လျှင် ပုဏ္ဏကသည် ဘုရားလောင်းကို နောက်ကထား၍ နဂါးမင်းထံ နေ၏။

[ပုဏ္ဏကသည် အဘယ်ကြောင့် ဘုရားလောင်းကို နောက်က ထားသနည်း။ နဂါးမင်းထံ အတူယှဉ်ပြိုင် ထိုင်၍ ခစားသင့်သည် မဟုတ်လော ဟူမူကား ပုဏ္ဏကသည် ဤသို့ အကြံရှိ၏။ 'နဂါးမင်းသည် ဤ ဝိဓုရ သုခမိန်ကိုမြင်လျှင် အပြစ်မပြု၊ နူးညံ့သောနလုံး ရှိပါမူကား ကောင်း၏။ ယင်းသို့မဟုတ်၊ နဂါးမင်း အမျက်ထွက်ဟန် ထင်လျှင် အလျင်တဆော သုခမိန်ကို သိန္ဓောမြင်းထက်သို့တင်၍ သွားအံ့'ဟု ကြံပြီးလျှင် ဘုရားလောင်းကို မိမိနောက်က ထားသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသုခမိန်နှင့် ပုဏ္ဏကဘီလူးတို့ အညီအညွတ်ရောက်သည်ကိုမြင်လျှင် ဝရုဏနဂါးမင်းသည် 'ယံ န တုဝံ အဟမာ ပေစ္စ လောကံ'အစရှိသောဂါထာဖြင့် မိမိသမက်ပုဏ္ဏကကို ရှေးဦးစွာမေး၏။ အဓိပ္ပာယ်ကား-

"လုလင်။ သင်သည် ဝိဓုရသုခမိန်၏ နှလုံးသည်းပွတ်ကို ဆောင်အံ့သောငှာ လူ့ပြည်သို့သွား၍ ယခု ပညာရှိဝိဓုရအမတ်ကို ဆောင်ယူခဲ့ရသည်ကား အလိုပြည့်စုံပါ၏လော"ဟု မေး၏။ ပုဏ္ဏကသည်-

'အယမာဂတော အာဂတော ယံတွမိစ္ဆသိ၊ ဓမ္မေန လဒ္ဓေါ မမ ဓမ္မပါလော။

တံ ပဿ သံမုခါ ဘာသမာနံ၊ သုခေါ ဟဝေ သပ္ပုရိသေဟိ သင်္ဂမော။ ။'ဟူသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"နဂါးမင်း။ မင်းကြီးလည်း ဤ ဝိဓုရသုခမိန်ကို အလိုရှိ၏။ ယခု မင်းကြီးအလိုရှိသော ဝိဓုရသုခမိန် ရောက်လတ်ပြီ။ တရားစောင့်သောသုခမိန်ကို အကျွန်ုပ်သည် တရားသဖြင့် ရ၏။ လူအပေါင်းတို့၏ ပူဇော်သက္ကာရ အထူးကိုခံထိုက်သော ဝိဓုရသုခမိန်၏ သာယာနာပျော်ဖွယ်အသံဖြင့် တရားဟောသည်ကို မင်းကြီးရှေ့ရောက် မျက်မှောက်ထင်ထင် ရှုကြည့်တော်မူလော့။ သူတော်ကောင်းတို့နှင့် တစ်ရံတစ်ဆစ်မျှ ပေါင်းဖော်ရခြင်းသည်ကား အလွန်ချမ်းသာ၏"ဟု ဆို၏။

## ၁၀။ နဂါးပြည်၌ တရားဟောခန်း

ထိုနဂါးမင်းသည် ပုဏ္ဏကနှင့် ပြောဆိုမေးမြန်းပြီးလျှင် ဘုရားလောင်းကို မေးမြန်းပြောဆိုလို၍-

'အဒိဋ္ဌပုဗ္ဗံ ဒိသွာန၊ မစ္စော မစ္စု ဘယဋ္ဋိတော။

ဗျမှိတော နာဘိဝါဒေသိ၊ နယိဒံ ပညဝတာမိဝ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"သုခမိန်အမတ်။ သင်သည် လူ့ပြည်၌ မမြင်စဖူး အထူးထူးအပြားပြား များစွာသော နဂါးမင်း၏ စည်းစိမ်အရှိန်အဝါ အာဏာဘုန်းအင်ကိုမြင်၍ သေအံ့သည်မှကြောက်သောကြောင့် သင် ငါနဂါးမင်းကြီးကိုလျှက် ရှိမှု မခိုးနိုင် မိန်းမောတွေဝေ ဘိသလော။ မိမိ၌အခွင့်ရောက်လျက် ကြောက်တတ်သောသူသည် ပညာရှိ မမည်။ သင်သည်လည်း ယခု သေအံ့သည်မှကြောက်သောကြောင့် ရှိမှု မခိုးနိုင် ရှိသည်ကိုထောက်လျှင် ပညာရှင်ဟူ၍ကား လူ့ပြည်၌ ကျော်စော၏။ ကျော်စောတိုင်း မမှန်။ ပညာရှိယောင် တကား"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဘုရားလောင်းသည် ပရိယာယ်၌ လိမ္မာတော် မူလှသောကြောင့် အကျွန်ုပ် မင်းကြီးကို ရှိမခိုးထိုက်ဟု တိုက်ရိုက်မဆိုမူ၍ အများနှင့်ဆက်ဆံသော စကားဖြင့် သိစေခြင်းငှာ-

'နစမှိ ဗျမှိတော နာဂ၊ န စ မစ္စု ဘယဋ္ဋိတော။

န ဝဇ္ဈော အာဘိဝါဒေယျ၊ ဝဇ္ဈံ ဝါ နာဘိဝါဒယေ။ ။



www.burmeseclassic.com

www.burmeseclassic.com



'ကထံ နု အဘိဝါဒေယျ၊ အဘိဝါဒါပယေ တဝေ။

ယံနရော ဟန္တုမိစ္ဆေယျ၊ တံ ကမ္မံ နုပပဇ္ဇတိ။ ။'ဟူသော ၂ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"နဂါးမင်း။ အကျွန်ုပ်သည် သေအံ့သည်ကိုလည်း ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခြင်းမရှိ။ အကျွန်ုပ်ကိုလည်း သေစိမ့်သောငှာ အဘယ်သူ နှိပ်စက်ပါအံ့နည်း။ စင်စစ်တမူကား ခပ်သိမ်းသောသတ္တဝါတို့သည် မိမိသတ်အပ်သောသူကိုလည်း ရှိမခိုးပေရာ။ မိမိကို သတ်တတ်သောသူအားလည်း ရှိမခိုးပေရာ"ဟု ဆို၏။

နဂါးမင်းသည် ထိုစကားကိုကြားလျှင် 'ဧဝမေတံ'အစရှိသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ သင်သည် ဤသို့သော စကားကို ဆို၏။ ထို သင်ဆိုသော စကားသည် အမှန်ပင်တည်း။ သတ်အပ်သောသူကိုလည်း ရှိမခိုးရာ။ သတ်တတ်သောသူကိုလည်း ရှိမခိုးရာ။ အကြင်သူသည် သတ်ခြင်းငှာ အလိုရှိ၏။ ထိုသို့ သတ်ခြင်းငှာအလိုရှိသောသူကို အဘယ်သူ ရှိခိုးပေအံ့နည်း"ဟု ဆို၏။

ထို့နောင် နဂါးမင်းနှင့် ပဋိသန္ဓာရစကားကို ပြောဟောလိုသောကြောင့်–

'အသဿတံ သဿတံ နုတဝယိဒံ၊ ဣဒ္ဓိဇုတိ ဗလ ဝီရိယုပပတ္တိ။

ပုစ္ဆာမိ တံ နာဂရာဇေ တမတ္ထံ၊ ကထံ နု တေလဒ္ဓ မိဒံ ဝိမာနံ။ ။

'အဓိစ္စလဒ္ဓံ ပရိဏာမဇံ တေ၊ သယံ ကတံ ဥဒါဟု ဒေဝေ ဟိ ဒိန္နံ။

အက္ခာဟိ မေ နာဂရာဇေ တမတ္ထံ၊ ယထာစတေ လဒ္ဓမိဒံ ဝိမာနံ။ ။'ဟူသော၊ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"နဂါးမင်းကြီး။ ဤသို့သော ဘုန်းတန်ခိုး အရောင်အဝါ စည်းစိမ်ချမ်းသာသည် အမြဲမဟုတ။ ထိုသို့ မမြဲသည်မှန်လျက် မြဲသကဲ့သို့ ထင်စေတတ်၏။ မင်းကြီးကို အကျွန်ုပ် မေးပါအံ့။ ဤသို့သော နတ်ဗိမာန်ကို အဘယ်ကြောင့် ရသနည်း။ ဤ ဗိမာန်စည်းစိမ်ကို အကြောင်းမရှိဘဲပင် ရသလော။ အပူအချမ်း ဥတု၏ ဖောက်ပြန်ခြင်းကြောင့် ရလေသလော။ မင်းကြီးလက်ဖြင့်တည်း လုပ်ဆောင်စီရင်၍ ဖြစ်သလော။ နတ်တို့သည် တည်း ပေး၍ရသလော။ ထိုသို့သော ဘုံဗိမာန်စည်းစိမ်ကို ရခြင်းသည် အဘယ်ကြောင့် ရသနည်းဟု မင်းကြီး ပြောတော်မူလော့"ဟု ဆို၏။

နဂါးမင်းလည်း ထိုအကြောင်းကို ပြောလို၍–

'နာဓိစ္စ လဒ္ဓံ န ပရိဏာမဇံ မေ၊ န သယံ ကတံ နာပိ ဒေဝေဟိ ဒိန္နံ။

သကေဟိ ကမ္မေဟိ အပါပကေဟိ၊ ပုညေဟိ မေ လဒ္ဓမိဒံ ဝိမာနံ။ ။'ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ ငါကား ဤဘုံဗိမာန်စည်းစိမ်ကို အကြောင်းမရှိဘဲ မရ။ အချမ်းအပူ ဥတု၏ဖောက်ပြန်ခြင်းကြောင့်လည်း မရ။ နတ်တို့သည်လည်း မပေး။ ငါသည် ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကံ၏ကြောင့်သာလျှင် ဤသို့သောစည်းစိမ်ကို ရအပ်၏"ဟု ဆို၏။

ထိုသို့ ရှေးကပြုဖူးသော အကြောင်းကို–

'ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊ ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။

ဣဒ္ဓိ ဇုတိဗလ ဝီရိယုပပတ္တိ၊ ဣဒဉ္စတေ နာဂ မဟာဝိမာနံ။ ။'ဟူသော ဂါထာဖြင့် ဘုရားလောင်း မေးမြန်း၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"နဂါးမင်းကြီး။ ရှေး၌ပြုဖူးသော ကုသိုလ်သည် အဘယ်ကုသိုလ်နည်း။ အဘယ် မြတ်သောအကျင့်ကို ကျင့်ခဲ့ဖူးသနည်း။ ယခု စိုးစံတော်မူသောစည်းစိမ်သည်ကား အလွန်ကြီးမြတ်လှ၏။ ဘုန်းတန်ခိုး အရောင်အဝါတို့လည်း အလွန်လျှင် ထွန်းတောက်ပ၏။ ဤသို့သော စည်းစိမ်ကြီးသည် အဘယ်ကောင်းမှု၏ အကျိုးနည်း"ဟု မေး၏။

နဂါးမင်းသည် ကုသိုလ်ကို ကြားလို၍–

'အဟဉ္စ ဘရိယာ စ မနုဿလောကေ၊ သဒ္ဓါ ဥဘော ဒါနပတီ အဟုမှာ။

ဩပါနဘူတံ မေ ဃရံ တဒါသိ၊ သန္တပ္ပိတာ သမဏဗြာဟ္မဏာ စ။ ။

'မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ၊ ပဒီပေယျံ သေယျ မုပဿယဉ္စ။

အစ္ဆာဒနံ သယန မန္နပါနံ၊ သက္ကစ္စံ ဒါနာနိ အဒမှာ တတ္ထ။ ။

'တမေဝ တံတံ ပန ဗြဟ္မစရိယံ၊ တဿ သုစိဏ္ဏဿ အယံ ဝိပါကော။

ဣဒ္ဓီ စ ဇုတိ ဗလ ဝီရိယူပပတ္တိ၊ ဣဒဉ္စ မေ ဓီရ မဟာဝိမာနန္တိ။ ။'ဟူသော ၃ ဂါထာတို့ကို ရွတ်၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ ငါသည် ယခု ငါ၏မိဖုရားကြီး ဝိမလာနှင့်အတူပင်လျှင် လူတို့၏ပြည် အင်္ဂတိုင်းကာလစမ္ပာနဂိုရ်မြို့၌ လူဖြစ်သောအခါ သဒ္ဓါတရားတူညီကြလျက် အလှူဒါယကာခံ၍ တစ်ရံမပြတ် မြတ်သောဒါန ဆိုကို ပြုဖူး၏။ ထိုလူ့ပြည်၌ လူဖြစ်သောအခါ ငါတို့အိမ်သည် သူခပ်သိမ်းတို့ သောက်ယူသုံးဆောင်ရာဖြစ်သော ရေတွင်းသဖွယ်ကဲ့သို့ ရသေ့, ရဟန်းစသော အလှူခံပုဂ္ဂိုလ်တို့ကို အလိုရှိတိုင်းသောပစ္စည်းတို့ဖြင့် ရောင့်ရဲစေ၏။ ထို ရသေ့, ရဟန်းတို့အား ဆွမ်း, အဖျော်, နံ့သာ, နံ့သာပျောင်း, ဆီမီး, အခင်း, မွေ့ရာ, ညောင်စောင်း၊ ကျောင်း, ဆေး ဤ ၁၀ ပါးသော ဒါနဝတ္ထုတို့ကိုလည်းကောင်း လှူခဲ့ဖူး၏။ ဤသို့ကျင့်အပ်သော ငါ၏အကျင့်သည် မြတ်သောအကျင့်တည်း။ ထိုသို့ ကောင်းစွာကျင့်အပ်သော ကုသိုလ်ကံကြောင့် ဤနဂါးပြည်၌ ကြီးမြတ်သော ဘုံဗိမာန်စည်းစိမ်ကို ရ၏။ ထိုသို့စံရခြင်းသည် ရှေး၌ ကောင်းစွာကျင့်အပ်သော ကုသိုလ်တရား၏ အကျိုးတည်း"ဟု ဆို၏။

ဘုရားလောင်းသည် ထိုစကားကိုကြားလျှင်–

'ဧဝံ စေ တေ လဒ္ဓမိဒံ ဝိမာနံ၊ ဇာနာသိ ပုညာနံ ဖလူပပတ္တိံ။

တသ္မာ ဟိ ဓမ္မံ စရ အပ္ပမတ္တော၊ ယထာ ဝိမာနံ ပုန မာဝသေသီတိ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–

"နဂါးမင်းကြီး။ သင်သည် 'ဤသို့သောကောင်းမှုကြောင့် ဤဗိမာန်စည်းစိမ်ကို ရ၏'ဟု ကုသိုလ်ကိုလည်းကောင်း၊ ကုသိုလ်၏အကျိုးကို လည်းကောင်း သိတော်မူ၏။ ထိုသို့ ကောင်းမှု၏အကျိုးရှိသည်ကို သိတော်မူတိုင်း မမေ့မလျော့ တရားကိုသာကျင့်တော်မူလော့။ ထိုသို့ တရားကိုကျင့်လျှင်နောင်လည်း ယခုကဲ့သို့ ဘုံဗိမာန်စည်းစိမ်ကို ရလတ္တံ့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် နဂါးမင်းသည်–

'နယိဓ သန္တိ သမဏဗြာဟ္မဏာ စ၊ ယေသံ အန္နပါနာနိ ဒဒေမု ကတ္တေ။

အက္ခာဟိ မေ ပုစ္ဆိတော ဧတမတ္ထံ၊ ယထာ ဝိမာနံ ပုန မာဝသေမ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"အမတ်ကြီး သုခမိန်။ ဤနဂါးပြည်၌ လူ့ပြည်မှာကဲ့သို့ ရဟန်း၊ ပုဏ္ဏား၊ အလှူခံသူ မရှိသောကြောင့် မလှူဒါန်းရ။ နောင်ဘဝ၌ ဤသို့ ဘုံဗိမာန်စည်းစိမ်ကို ခံစားရခြင်းအကျိုးငှာ ဤနဂါးပြည်၌ အဘယ်သို့ ကုသိုလ်ဖြစ်အောင် ပြုရပါအံ့နည်း။ ကုသိုလ်ဖြစ်မည့်အကြောင်းကို ငါ့အား သင် ကြားလော့"ဟု ဆို၏။

ဘုရားလောင်းသည်–

'ဘောဂီ ဟိ ဃေ သန္တိ ဣဓူပပန္နာ၊ ပုတ္တာ စ ဒါရာ စ အနုဗ္ဗိဝိနော စ။

တေသု တုဝံ ဝစသာ ကမ္မုနာ စ၊ အသမ္ပဒုဋ္ဌော စ ဘဝါဟိ နိစ္စံ။ ။

'ဧဝံ တုဝံ နာဂ အသမ္ပဒေါသံ၊ အနုပါလယ ဝစသာ ကမ္မုနာ စ။

ဌတွာ ဣဓ ယာဝတာယုကံ ဝိမာနေ၊ ဥဒ္ဓံ ဣတော ဂစ္ဆသိ ဒေဝလောကံ။ ။'ဟူသော ၂ ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"နဂါးမင်း။ ဤနဂါးပြည်၌ မင်းကြီး၏ မိဖုရား၊မောင်းမ၊ သားတော်၊ အခြွေအရံ၊ နိုင်ငံအတွင်း၌ နေကုန်သော ပြည်သူပြည်သား နဂါးအပေါင်းတို့ကို တစ်စုံတစ်ခုအမှုမပြီး မင်းကြီး စိတ်မနှစ်သက် အမျက်ထွက်ရန် ကိစ္စရှိသော်လည်း အမျက်မထွက်ရအောင် သတိပညာဖြင့် ဖျောက်ဖြေဟန့်တားလျက် စကားချိုသာစွာ အသာအကြည် စိရင်ဆုံးမလျက် နေ့ညမပြတ် စောင့်ရှောက်တော်မူ၍ ချစ်ကြင်နာခြင်း မေတ္တာကိုပွားစေတော်မူလော့။ ထို အမျက်မထွက် သည်းခံခြင်း ခန္တီ၊ ချစ်ခြင်းမေတ္တာကို ပွားစေသဖြင့် ဤဘုံဗိမာန်၌ အသက်အတိုင်းနေ၍ နောင်သောအခါ ဤနဂါးပြည်မှ အထက်ဖြစ်သောနတ်ပြည်သို့ ရောက်၍ အတုမရှိသော နတ်၏စည်းစိမ်ကို ခံစားရလတ္တံ့။ ဤသို့ သူတစ်ပါးတို့အား ချစ်ခြင်းမေတ္တာသည် 'မေတ္တာ စိတ္တံဟိ ဒါနတော အတိရေကတရံ ပုညံ'ဟူသော ဂါထာနှင့်အညီ အလှူပေးသောထက် လွန်မြတ်၏"ဟု ဆို၏။

ဝရုဏ နဂါးမင်းသည် ထိုသို့သော ဘုရားလောင်း၏ တရားစကားကိုကြားလျှင် ကြည်ညိုနှစ်သက်၏။ 'ဝိဓုရသုခမိန်ကို ငါနှင့် ဤပြည်တွင် စကားပြော၍နေလျှင် ကြာတော့အံ့။ ယခု ဝိမလာဒေဝီ၏နေရာ ဗိမာန်တွင်းသို့ ဆောင်ယူပြီးလျှင် ဝိမလာဒေဝီအား တရားစကားကိုနာစေလျက် နှလုံးသည်းပွတ်"၌ ချင်ခြင်း"ကို ငြိမ်းစေပြီးသော် ဓနဥ္စယမင်း စသော လူအပေါင်းကို ရွှင်လန်းစေသဖြင့် ဝိဓုရသုခမိန်ကို လူ့ပြည်ကိုပို့ရသော် သင့်၏' ဟုကြံ၍၊ 'အဒ္ဓါ'စသောဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"သုခမိန်။ သင်သည် ကုရုရာဇ်မင်းကြီး၏ ငယ်ကျွန်ငယ်ပေါင်း အကြောင်းအကျိုးကို ဆုံးမတတ်သော အမတ်ကြီးပေတည်း။ ထို ကောရဗျမင်းသည် သင်နှင့် ကွေကွင်းရသဖြင့် ယခုမရှုတ်လျှင် စိုးရိမ်ပူဆွေးခြင်း ပြင်းစွာဖြစ်၍ ကိုယ်၌ တစ်စုံတစ်ခု အနာအဖျားရသည်ပင် ဖြစ်ရာလိမ့်သတည်း။ သင်သုခမိန်ကို တွေ့ရ၊ ပေါင်းရမှာသာလျှင် ထိုအန္တရာယ်ပျောက်၍ ဝမ်းမြောက်ဝမ်းသာ ချမ်းသာခြင်းကို ရလေရာသတည်း"ဟု ဆို၏။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် နဂါးမင်းအား ကောင်းချီးပေးလို၍ 'အဒ္ဓါ သတံ ဘာသသိ' အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"နဂါးမင်း။ မင်းကြီးသည် စီးပွားချမ်းသာ၏ စုဝေးရာ ကောင်းစွာသောအလေ့ကျင့် မြင့်မြတ်သော သူတော်ကောင်းတရားကို အောက်မေ့လျက် ဤသို့သောစကားကို ဆိုပေ၏။ ဤသို့ မင်းကြီးဆိုအပ်သော ဘေးရန်တို့၌ အကျွန်ုပ်ကဲ့သို့သော ပညာရှိ၏ဂုဏ်အထူးသည် ထင်ရှား၏"ဟု ဆို၏။

ထိုစကားကိုကြားလျှင် နဂါးမင်းသည် အတိုင်းထက်အလွန် ဝမ်းမြောက်သည်ဖြစ်၍ ဝိဓုရသုခမိန်ကိုလျှင် မေးလိုပြန်၍ 'အက္ခာဟိ နော'အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–



www.burmeseclassic.com

www.burmeseclassic.com



"သုခမိန်။ သင်သည် ငါ့အား ဟုတ်မှန်တိုင်း ကြားလော့။ ငါ မေးအံ့။ ပုဏ္ဏကသည် သင့်ကို အချည်းနှီးပင် အကြောင်းမဲ့ ရသလော။ အန်ခတ်ရာ၌ ပုဏ္ဏကသည် သင့်ကို နိုင်လေသလော။ ငါ့အား ကြားလော့။ ဤပုဏ္ဏကကို ငါမေးလျှင် 'တရားသဖြင့် ရသည်'ဟု ငါ့အား ပြော၏။ သင်သည် အဘယ်သို့ ပုဏ္ဏကလက်ဝယ် ရောက်လေသနည်း"ဟု မေး၏။

ဘုရားလောင်းသည် 'ယောမိဿရော တတ္ထ အဟောသိ ရာဇာ'အစရှိသော ဂါထာဖြင့် အကြောင်းကို ပြော၏။ အဓိပ္ပာယ်ကား-

"နဂါးမင်း။ အကျွန်ုပ်တို့သခင် ဓနဉ္စယမင်းသည် ပုဏ္ဏကနှင့် အန်ကစားကြသော် ပုဏ္ဏကသည် နိုင်လေ၏။ ထိုသို့နိုင်လေသော် အကျွန်ုပ်တို့သခင် မင်းကြီးသည် အကျွန်ုပ်တို့ကို ပိုင်သည်ဖြစ်၍ ပုဏ္ဏကအား ပေး၏။ ပုဏ္ဏကသည် အနိုင်အထက် မနှိပ်စက်ဘဲ တရားသဖြင့် အကျွန်ုပ်ကို ရလေ၏"

ထိုသို့ဆိုသည်ကို ကြားလျှင် နဂါးမင်းသည် ရှေး အထက်ကာရိကထက် အလွန်နှစ်သက် ဝမ်းမြောက်သည် ဖြစ်၍ မိမိ မိဖုရားကြီး ဝိမလာဒေဝီနေရာ အသရေရှိသောတိုက်ခန်းသို့ ဆောင်အံ့ဟု သုခမိန်၏ လက်ကိုဆွဲလျက် ဝိမလာဒေဝီနေရာ အသရေရှိသောတိုက်ခန်းသို့ ဝင်ပြီး၍ ဝိမလာဒေဝီအား 'ယေန တွံ ဝိမလေ' အစရှိသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"အဘယ်ဝိမလာ။ သင်သည် ဝိဓုရသုခမိန်ကြောင့် ကိုယ်လက်မသာ ပူဆာဖျော့တော့ ညှိုးလျော့ရုပ်ဝါ ရေစာမယူ စိတ်ပူနှံ့လုံး ယူကျုံးမရ ရှိဘိ၏။ သင် အလိုရှိသော ဝိဓုရသုခမိန်ကား ဤသူလျှင်တည်း။ ဤ ဝိဓုရသုခမိန်သည် နတ်နှင့်တကွသော လူ၌ အတုမရှိ။ သူခပ်သိမ်းတို့၏ အမိုက်အမျက်တို့ကို ဖျောက်ပယ်တတ်၏။ ဝိမလာဒေဝီ။ သင်သည် ဤ ဝိဓုရနှလုံးသားဖြင့် အလိုရှိ၏။ ထို ဝိဓုရသုခမိန်သည် ယခု ရောက်ပြီ။ ထိုသုခမိန်သည် ဟောအပ်သောတရားစကားကို နာဦးလော့။ ဤသို့သော ပညာရှိကို တစ်ဖန် တွေ့မြင်ရမည်ကား ခဲယဉ်းလှ၏"ဟု ဆို၏။

ဝိမလာဒေဝီသည်လည်း ဘုရားလောင်းကို နဂါးမင်း လက်ဆွဲ၍လာသည်ကိုလျှင် ရွှင်လန်းကြည်ညို သည့်အမူနှင့် နလုံးသောလက် ၁၀ ချောင်းကို ဦးခေါင်းထက်တင်ထားလျက် စကားပြောဟောလို၍ ထို ဝရုဏနဂါးမင်း ရွတ်သည့်ဂါထာနှင့်နည်းတူလျှင် 'အဒိဋ္ဌပုဗ္ဗံ ဒိသွာန'အစရှိသောဂါထာကို ဆို၏။

ဘုရားလောင်းလည်း နဂါးမင်းကိုကဲ့သို့ပင် ဂါထာကို ရွတ်၍ဆို၏။ အဓိပ္ပာယ်ကား-

"သုခမိန်။ ဤသို့သော ငါတို့စည်းစိမ်ကိုမြင်၍ သေအံ့သည်မှ ကြောက်ဟန်ရှိ၏တကား။ နဂါးတို့သခင် မင်းကြီးကိုမျှ ရှိမခိုး။ အခွင့်ရောက်ကာ ကြောက်လန့်တတ်သောသဘောသည်ကား ပညာရှိသဘော မဟုတ်။ သင်လည်း ပညာရှိယောင်တကား"ဟု ဆို၏။ ဘုရားလောင်းလည်း

"နဂါးမင်းသမီး။ အကျွန်ုပ်သည် မင်းသမီးတို့ နဂါးပြည်ကိုမြင်၍ သေအံ့သည်မှ မရွံ့မထိတ်။ သူတစ်ပါးတို့စိတ်ကို နှုးညွတ်စေခြင်းငှါလိမ္မာသော အကျွန်ုပ်သို့သောပညာရှိကို အဘယ်သူ သတ်ပါအံ့နည်း။ နဂါးမင်းသမီး သတ်အပ်သောသူသည် သတ်တတ်သောသူကို ရှိခိုးခြင်းမရှိ၊ သတ်တတ်သော သူသည်လည်း သတ်အပ်သောသူကို ရှိခိုးခြင်း မရှိ။ အကြင်သူသည် အကြင်သူကို သတ်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် သတ်ခြင်းငှာအလိုရှိသောသူအား ရှိမခိုး"ဟု ဆို၏။ ဝိမလာဒေဝီလည်း



www.burmeseclassic.com

www.burmeseclassic.com



"သုခမိန်။ သင်ဆိုတိုင်း မှန်သည်။ အကြင်သူသည် မိမိကိုသတ်မည့်သူအား ရှိမခိုးရာ"ဟု ဆို၏။

ထို့နောင် ဘုရားလောင်းလည်း ဝိမလာဒေဝီနှင့် ပဋိသန္ဓာရစကား ပြောဟောလို၍

"နဂါးမင်းသမီး။ ဤသို့သော ဘုံဗိမာန်စည်းစိမ်ကို အဘယ်ကြောင့် ရသနည်း၊ အကြောင်းမရှိဘဲပင် ရသလော"ဟု မေး၏။ မိဖုရားလည်း

"သုခမိန်။ ဤသို့သော ဘုံဗိမာန်စည်းစိမ်ကို အကြောင်းမရှိဘဲ ရသည်မဟုတ်။ တစ်ပါး အကြောင်းကြောင့်လည်း မရအပ်။ ကုသိုလ်ကောင်းမှု ပြုခဲ့ဖူး၍ ရသည်"ဟု ဆို၏။ ဘုရားလောင်းလည်း

"နဂါးမင်းသမီး။ အဘယ်မည်သော ကုသိုလ်ကိုပြု၍ ဤသို့သောစည်းစိမ်ကြီးကို ရသနည်း"ဟု မေး၏။

"သုခမိန်။ ရှေး၌ ငါတို့ လူဖြစ်သောအခါ အင်္ဂတိုင်း ကာလစမ္ပာနဂိုရ်မြို့၌ ငါတို့သခင် မင်းကြီးနှင့် အတူတကွလျှင် ဒါန စသည်ကို ပြုဖူး၏"ဟု ဝရုဏနဂါးမင်းဆိုသည့်အတိုင်း အလုံးစုံကိုဆို၏။

"ထိုသို့ ကုသိုလ်ကို လည်းကောင်း၊ ကုသိုလ်၏အကျိုးကို လည်းကောင်း သိသော နဂါးမင်းသမီးသည် ဤသို့သော ဘုံဗိမာန်ကို တစ်ဖန်ဘဝသစ်၌ ခံစားရကြောင်း ကောင်းမှုတရားကို ပွားစေလော့" ဆို၏။

ထိုစကားကို ကြားလျှင် ဝိမလာဒေဝီသည် ဘုရားလောင်းကို အတိုင်းထက်အလွန် နှစ်သက်မြတ်နိုးသည် ဖြစ်၍ မိမိကျင့်ရန်တရားကို ဟောစေလိုသောကြောင့် ဘုရားလောင်းကို ၁ သောင်းမကသော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေပြီးလျှင်၊ နတ်ဝတ်နတ်တန်ဆာတို့ကို ဝတ်စေပြီးမှ နတ်၏ဘောဇဉ် မြိန်မြတ်သောရသာတို့ကို သုံးဆောင်စေ၍ တန်ဆာဆင်အပ်သော တရားဟောနေရာကို ခင်းပြီးလျှင် ထိုနေရာ၌ နေစေ၏။

ဘုရားလောင်းသည်လည်း ထို တရားဟောနေရာ၌ ဘုရား၏တင့်တယ်ခြင်းဖြင့် တင့်တယ်စွာနေ၍ မင်းကြီး, မိဖုရားတို့ မေးသော ပြဿနာကို ဖြေဆိုလျက် ဟော၏။

ဝိမလာဒေဝီသည် မိမိတို့ ကျင့်ရန်တရားကို မေးအံ့သောဌာ 'နယိမ သန္တိ'အစရှိသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား–

"အမတ် သုခမိန်။ ဤ ငါတို့နဂါးပြည်၌ ရဟန်း,ပုဏ္ဏား အစရှိသော အလှူခံ မရှိသောကြောင့် ကောင်းမှုမပြုရ။ ထိုသို့ ရဟန်း,ပုဏ္ဏား အစရှိသည် မရှိငြားသော်လည်း နဂါးပြည်၌ ဤသို့သော ဘုံဗိမာန်ကို တစ်ဖန် ဘဝသစ်၌ရမည့်အကြောင်း ကောင်းမှုဖြစ်အံ့သည့်တရားကို သင် သုခမိန်သည် ငါ့အား ဟောကြားပါလော့"ဟု ဆို၏။

ဘုရားလောင်းလည်း နဂါးပြည်၌ ကျင့်ရန်တရားကို ဟောကြားခြင်းငှာ 'ဘောဂီဟိ ယေသန္တိ'အစ ရှိသောဂါထာဖြင့် ခန္တီ, မေတ္တာတရားကို ဟောကြားပေ၏။ အဓိပ္ပာယ်ကား–

"နဂါးမင်းသမီး။ ဤနဂါးပြည်၌ သားသမီး, အခြွေအရံ အစရှိသော ပြည်သူပြည်သားအပေါင်းတို့ကို တစ်စုံတစ်ခုအမှုကြောင့် အမျက်ထွက်ခွင့်ရောက်သော်လည်း အမျက်မထွက်စေမူ၍ ကိုယ်၏သိမ်မွေ့ခြင်း, နှုတ်စကား၏ သိမ်မွေ့နူးညံ့ခြင်းဖြင့် အသာအကြည် ပြေလည်အောင် စောင်မအုပ်ချုပ်လျက် တစ်ရက်မပြတ် သူတစ်ပါးတို့အား ကိုယ်နှင့်အတူ ချစ်မြတ်နိုးခြင်းမေတ္တာကို ပွားစေရာ၏။ ဤ မေတ္တာတည်းဟူသော တရားသည် ခပ်သိမ်းသောအလှူတို့ထက် လွန်ကဲ၏။ ထိုသို့ မေတ္တာတည်းဟူသောတရားကို ကျင့်သဖြင့် ဤနဂါးပြည်၌ ကြီးမြတ်လှသော ဘုံဗိမာန် စည်းစိမ်ချမ်းသာကို အသက်ထက်ဆုံးစံစား၍ ဘဝပြောင်းရသည်ရှိသော် ဤနဂါးပြည်၏ အထက်ဖြစ်သော နတ်ပြည်၌ အတုမရှိသော နတ်မင်း, နတ်မိဖုရား စည်းစိမ်ကို ခံစားရလတ္တံ့။ ဤသို့ နတ်ပြည်စည်းစိမ်ကို ခံစားရခြင်းသည်ကား မေတ္တာတည်းဟူသော တရားအကျင့်၏ အကျိုးတည်း"ဟု ဟောပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားလောင်းဟောသော တရားစကားကိုကြားရလျှင် ဝိမလာဒေဝီသည် 'သုခမိန်၏ နှလုံးတည်းဟူသောတရားကို နာလိုခြင်းအာသာသည် ပြေငြိမ်းပြီဖြစ်၍ ဤသုခမိန်ကို နဂါးပြည်၌ ကြာမြင့်စွာနေစေသဖြင့် ဓနဥ္စယမင်း အစရှိသော ပြည်သားပြည်သူ လူအပေါင်းတို့၏စိုးရိမ်ပူပန်ခြင်းသည် ဖြစ်ရလေအံ့'ဟု ကြံ၍ 'အဒ္ဓါ ဟိ သော'အစရှိသော ဂါထာဖြင့် မင်းကြီးဆိုသကဲ့သို့ပင် ဝိမလာဒေဝီသည်လည်း-

"သုခမိန်။ သင်သည်ကား ဓနဥ္စယမင်းကြီး၏ အမတ်ကြီးပေတည်း။ သင်နှင့် ကွေကွင်းသဖြင့် မင်းကြီးသည် ပြင်းစွာ စိုးရိမ်လတ္တံ့။ သင့်ကို တွေ့မြင်ရပါမူကား ထိုမင်းသည် ချမ်းသာရလိမ့်သတတ်"ဟု ဆို၏။

ဘုရားလောင်းသည် နဂါးမင်းအား ဆိုသကဲ့သို့ပင် 'အဒ္ဓါဟိ'အစရှိသောဂါထာဖြင့်-

"နဂါးမင်းသမီး။ အကျိုးစီးပွား များစွာသော သူတော်ကောင်းတရားကို ဆုံးမခြင်း၌ အကျွန်ုပ်ကဲ့သို့သော ယောကျ်ားသည် မရှိ။ ထိုသို့ ဆားရန်ရောက်လာသောအခါ၌ အကျွန်ုပ်ကဲ့သို့သော ပညာရှိဂုဏ်ထူးသည် ထင်ရှားခဲ့၏"ဟု ဆို၏။

မိဖုရားလည်း 'အက္ခာဟိနော'အစရှိသော ဂါထာဖြင့်-

"သုခမိန်။ သင့်ကို ပုဏ္ဏကသည် 'တရားသဖြင့် ရသည်'ဟု ဆို၏။ ထို ပုဏ္ဏကဆိုတိုင်းလျှင် မှန်၏လော။ ငါ့အား ကြားလော့"ဟု မေးပြန်၏။

ဘုရားလောင်းလည်း "တရားသဖြင့်ပင် ကျွန်ုပ်ကို ပုဏ္ဏကသည် ရပေ၏"ဟု ဆိုခဲ့ပြီးသောနည်းဖြင့် အလုံးစုံကို မိဖုရားအား ကြား၏။

'ဤသို့ ဝရုဏနဂါးမင်း, ဝိမလာဒေဝီ မိဖုရားတို့သည် ငါ့ကို မေး၏။ ငါသည်လည်း အလုံးစုံသော တရားစကားကို ဖြေဆို ဟောကြား၏။ ထို မင်း,မိဖုရားတို့သည် ငါ့အား နှစ်သက်မြတ်နိုးပါ၏လော။ အထက်က ငါ တွေးသည့်အတိုင်း မိဖုရားသည် ငါ၏ တရားစကားတည်းဟူသော နှလုံးကိုသာ အလိုရှိသည် မှန်၏လော။ နဂါးမင်းသည်လည်း ငါ့ကို မြင်ဦးစကပင်လျှင် မိမိအား ရှိခိုးစေလိုသည်ဖြစ်၍ 'အဒိဋ္ဌပုဗ္ဗံ'စသော ဂါထာဖြင့် 'ပညာရှိယောင်တကား'ဟု ဆို၏။ ငါသည်လည်း 'မိမိကို သတ်ခြင်းငှာ အလိုရှိသောသူကို ရှိခိုးခြင်းမည်သည် မရှိ'ဟုဆို၏။ မင်းကြီးသည်လည်း ငါဆိုတိုင်းပင်လျှင် 'မှန်၏'ဟုဆို၏။ ထိုစကားသည် ငါ့အား နှလုံးမသာ ရှိ၍တည်း ဆိုသည်ဖြစ်မည်။ ယခု မင်းကြီးသည် နူးညံ့သောစိတ် ရှိပါ၏လော။ အလိုစမ်းအံ့'ဟုကြံ၍ ဘုရားလောင်းသည် မကြောက်မရွံ့ ရဲရင့်ခြင်းဖြင့်-

'မာရောဓယိ နာဂ အာယာဟံ မသ္မိ၊ ယေန တဝအဇ္ဇွော ဣဒံ သရီရံ။

ဟဒယေန မံသေန ကရောဟိ ကိစ္စံ၊ သယံ ကရိဿာမိ ယထာမတိ တေ။ ။'ဟူသော ဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"နဂါးမင်းကြီး။ သင်သည် ဤသုခမိန်ကို ငါသတ်ချေသော် 'ခင့်ပွန်းပြစ်မှားခြင်းသို့ ရောက်ရာ၏' ဟူ၍လည်း ကြောက်တော်မမူလင့်။ ဤသုခမိန်သည် စကား၏နူးညံ့ခြင်းဖြင့် သာယာနာပျော်ဖွယ်သောတရားကို ဟောတတ်၏။ ထိုသို့စင်လျက် ငါ အဘယ်သို့ သတ်ရပါမည်နည်း ဟူ၍လည်း ကြံတော်မမူလင့်။ အကျွန်ုပ်၏ကိုယ်ကို လက်ဆောင်ပြု၍ မင်းကြီးအား ဆက်၏။ အလိုရှိတိုင်း အကျွန်ုပ်ကို မင်းကြီး ပြုတော်မူလော့။ အကယ်၍ မင်းကြီးသည် 'ဤ သုခမိန်အား ငါတို့ကို သာယာနာပျော်ဖွယ်သောတရားကို ဟောပေသူ ဖြစ်သည်' ဟူ၍ မသတ်ရက်ဘဲ မရဲဝံ့သည် ဖြစ်အံ့။ မင်းကြီးအလိုရှိရာကို ဆိုလော့။ နှလုံးကို အလိုရှိလျှင်လည်း အကျွန်ုပ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်၍ပေးအံ့။ အသားကို အလိုရှိလျှင်လည်း အကျွန်ုပ်ပင် အသားကို လှီးဖြတ်၍ပေးအံ့။ မင်းကြီးအလိုရှိရာကို အကျွန်ုပ် ထုတ်၍ပေးပါအံ့"ဟု ဆို၏။

ထိုစကားကို နဂါးမင်း ကြားလျှင်-

'ပညာ ဟဝေ ဟဒယံ ပဏ္ဍိတာနံ၊ တေ တျမှာ ပညာယ မယံ သုတုဋ္ဌာ။

အနူန နာမော လဘတဇ္ဇဒါရံ၊ အဇ္ဇေဝ တံ ကုရုယော ပါပယာတု။ ။'ဟူသော ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား-

"သုခမိန်။ ပညာရှိကုန်သောသူတို့၏ နှလုံးသည်ကား ပညာ သာလျှင်တည်း။ သင်သုခမိန်၏ သာယာနာပျော်ဖွယ်သော တရားဟောခြင်း ပညာတည်းဟူသော နှလုံးကို ငါတို့အလိုအတိုင်း ကြားနာရ၍ အလွန်နှစ်သက် ဝမ်းမြောက်ပြီ။ သင်၌ တရားပညာမှတစ်ပါး ငါတို့အလို မရှိ။ ပုဏ္ဏက စစ်သူကြီးသည်လည်း မယုတ်မလျော့သော ဘုန်းပညာ ရှိသည်နှင့်အညီ ငါတို့အလိုရှိတိုင်း မြို့ကြီးပြည်ကြီး ထီးဆောင်းမင်းအပေါင်းတို့ဖြင့် ပျပ်ဝပ်ကျိုးနွံ ခြံရံအပ်သော ဓနဉ္စယကောရဗျမင်းကြီး၏ ဆရာသုခမိန်အဖြစ်ဖြင့် ချီးမြှောက်စောင့်ရှောက်၍ အလွန်ဆောင်နိုင်ခဲသော ဤသုခမိန်ကို တရားသဖြင့် ရအောင် ဤနဂါးပြည်သို့ ဆောင်ယူခဲ့ပေသည်ဖြစ်၍ ငါ၏အလို မိဖုရားကြီး၏ အလို အလုံးစုံသည် ပြည့်စုံပေသောကြောင့် ပုဏ္ဏက ဘီလူးစစ်သူကြီးအား ငါ၏သမီးတော် ဣရန္ဒတီကို ဆောင်နှင်းလက်ထပ် ပေးအပ်တော်မူ၏။ သင်ပုဏ္ဏက စစ်သူကြီးသည် ယနေ့ပင်လျှင် ဤသုခမိန်ကို ဣန္ဒပတ္ထနကိုရ်ပြည်သို့ ပို့ချေလော့"ဟု ဆို၏။

ဤသို့ နဂါးမင်း, ဝိမလာဒေဝီ, ပုဏ္ဏက, ဘုရားလောင်း၊ ဤ မင်း ၄ ပါးတို့သည် ကိုယ်နှင့်လျော်စွာ အလိုအတိုင်း ပြည့်စုံကြသည်ဖြစ်၍ နှစ်လိုရွှင်လန်း ဝမ်းမြောက်စွာ ဖြစ်ကြကုန်၏။

ပုဏ္ဏကသည် ဣရန္ဒတီ နဂါးမင်းသမီးကို ရလျှင် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ဘုရားလောင်းနှင့် စကားပြောဟောလိုသောကြောင့်-

'ဘရိယာယ မံ တွံ အကာရိ သမင်္ဂိ၊ အဟဉ္စ တေ ဝိဓုရ ကရောမိ ကိစ္စံ။

ဣဒဉ္စ တေ မဏိရတနံ ဒဒါမိ၊ အဇ္ဇေဝ တံ ကုရုယော ပါပယိဿာမိ။ 'ဟူသောဂါထာကို ဆို၏။ အဓိပ္ပာယ်ကား-

"ကုရုရာဇ်တိုင်းသူ လူအပေါင်းတို့၏ ကြေးမုံသဖွယ်ဖြစ်သော သုခမိန်အမတ်ကြီး။ သင်သုခမိန်သည် မွေ့သိမ်ညံ့နု ရှု၍မငြီးသော ဣရန္ဒတီမင်းသမီးကို ငါ့အား ထိမ်းမြားလက်ထပ် ပေးအပ်သောအခြင်းအရာဖြင့် အတူတကွ စံပျော်ရမည့်အကြောင်းကို ပြုပေ၏။ သင်သုခမိန်အားလည်း ငါသည် ကျေးဇူးတုံ့ဆပ်ပါအံ့၊ စကြဝတေးမင်းတို့သာ သုံးဆောင်ထိုက်သော ဤမနောဟရပတ္တမြားကို သင့်အား ပေး၏။ ယနေ့ပင်လျှင် ဣန္ဒပတ္ထနကိုရ်ပြည်သို့ ငါပို့အံ့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ပုဏ္ဏကအား ကောင်းချီးပေးလို၍-

'အဇေယျမေသာ တဝဟောတု မေတ္တိ၊ ဘရိယာယ ကစ္စာန ပိယာယ သဒ္ဓိံ။

အာနန္ဒိ စိတ္တော သုမနော ပတီတော၊ ဒတွာ မဏိံ စ မံစ နယိန္ဒပတ္ထံ။ ။'ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပာယ်ကား-

"ကစ္စည်းလုလင်။ သင်သည် ချစ်ခင်ကြင်နာအပ်သော ဤနဂါးမင်းသမီးနှင့် အတူတကွ အသက်ထက်ဆုံး နှလုံးကြည်ဖြူကြသဖြင့် သူတစ်ပါးတို့ လှည့်ဖြားနှောင့်ယှက်၍ မဖျက်ဆီးနိုင် ခိုင်ခဲ့သောမေတ္တာအစုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုံဗိမာန်၌ ပျော်စံမွေ့လျော်ကြသည် ဖြစ်စေသော်။ သင်သည် အဆွေခင်ပွန်းစစ် ဖြစ်ပေသည်နှင့်အညီ ခပ်သိမ်းသောအလိုကို ပေးတတ်သော မနောမယရပတ္တမြားကို ငါ့အားပေး၍ ငါတို့မြို့သို့ ယခုပို့မည် ဆိုသည့်အတိုင်း ကောင်းပြီ၊ ပို့လော့”ဟု ဆို၏။

## ၁၁။ နဂါးပြည်မှ ပြန်ခန်း

ထိုစကားကိုကြားလျှင် ပုဏ္ဏကသည် ဘုရားလောင်းကို “သုခမိန်။ ယခု သွားအံ့။ မြင်းပေါ်သို့ တက်လော့”ဟု မနောမယမြင်းပျံပေါ်သို့ မိမိရှေ့ကတင်၍ နဂါးမင်း၊မိဖုရားတို့အား ခွင့်ကြားပြောဆိုခဲ့ပြီးလျှင် နဂါးပြည်မှ လျင်စွာသော မြင်းပျံ၏အဟုန်ဖြင့် တစ်ခဏချင်း ကုရုရာဇ်တိုင်းသို့ ရောက်လေ၏။

တရားသဘင်၌ “ဝိဓုရသုခမိန်။ သင်သည်လည်း ပညာအစွမ်းဖြင့် အိမ်သို့ရောက်ပြီ၊ ငါသည်လည်း သင့်ကိုမှီ၍ ဣရန္ဒတီ မင်းသမီးကို ရပြီ။ ဤ သင့်နေရာ၌ နေရစ်တော့”ဟု ချထားခဲ့၍ ကောင်းကင်ခရီးဖြင့် ကာလာဂိရိ မဟာရာဇ်ပြည်သို့ သွားလေ၏။

[ထိုပုဏ္ဏကမြင်း၏ လျင်ခြင်းကား ‘စိတ်သည် အာရုံပြုသည်၏အစွမ်းအားဖြင့် သွားခြင်းသည် အလွန်မြန်၏။ ထို စိတ်သွားခြင်း လျင်မြန်သောထက်ပင်လျှင် မနောမယသိန္ဓောမြင်း၏ သွားခြင်းသည် လျင်မြန်လှ၏’ဟု ဟောတော်မူသည်။]

ထို ဘုရားလောင်းရောက်မည့်နေ့ မိုးသောက်ယံ၌ ဓနဉ္စယကောရဗျမင်းကြီးသည် အိပ်မက်မြင်၏။ အဘယ်သို့ မြင်သနည်းဟူမူကား

‘မင်းကြီးနန်းတော်တံခါးဝ၌ ပင်စည်ခိုင်ခံ့ ကြီးကျယ်စွာ ခက်မခက်ငယ် အသွယ်သွယ်ဖြာလျက်၊ ချိုဆိမ့်သောအသီးတို့ဖြင့် ပင်လုံးကျွတ်သီးလျက်၊ တန်ဆာဆင်အပ်သော ဆင်၊ မြင်း၊ နွားတို့ဖြင့် ဖုံးလွှမ်းလျက် သစ်ပင်ကြီးသည် တည်၏။ ထိုသစ်ပင်ကြီးအား လူအပေါင်းတို့သည် ကြီးစွာသော ပူဇော်သက္ကာရဖြင့် လက်အုပ်ချီ၍ ရှိခိုးဖူးမြင်ကြကုန်၏။ ထိုအခါ ရဲရဲနီစွာသော ပုဆိုး၊ ပန်း၊ နားတောင်းတို့ကို ဝတ်ဆင်ရစ်ပတ်လျက် ဓားလက်နက်စွဲထမ်း၍ ကြမ်းတမ်းရန့်ရင်း မည်းနက်သော အရုပ်အဝါဖြင့် ယောကျ်ား တစ်ယောက်သည် လာလတ်၍ ထိုသစ်ပင်ကို အရင်းကဖြတ်ပြီးလျှင် ဆွဲငင်ယူဆောင်၍ လူအပေါင်းတို့ ငိုကြွေး စဉ်ကပင်လျှင် သွားလေ၏။ တစ်ဖန် ထိုယောကျ်ားသည် ထိုသစ်ပင်ကြီးကိုပင်လျှင် ယူခဲ့ပြန်သဖြင့် ရှေးကဲ့သို့ နေရာဟောင်းတွင်ပင် ပြကတေ့ စိုက်ထားခဲ့၍ သွားလေ၏’

ဤသို့သောအိပ်မက်ကို မြင်မက်၏။

မိုးသောက်လျှင် မင်းကြီးသည် မိမိမြင်မက်သော အိပ်မက်ကို ဖတ်၏။

‘ဤအိပ်မက်သည် တစ်ပါး အကြောင်းကြောင့် မဟုတ်။ ဝိဓုရသုခမိန်ကြောင့် ထင်၏။ ဤ သစ်ပင်ကြီးနှင့် တူသောသူ မည်သည်ကား ဝိဓုရသုခမိန်မှတစ်ပါး မရှိ။ ဝိဓုရသုခမိန်၏ပညာသည် အမြစ်၊ ပင်စည်နှင့် တူ၏။ သီလအကျင့်သည် ခက်မနှင့် တူ၏။ သူတစ်ပါးတို့အား တရားဟောခြင်းသည် ချိုဆိမ့်သောအသီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တူ၏။ ထိုသစ်ပင်ကို လူအပေါင်းတို့ ငိုကြွေးစဉ်ပင် ဖြတ်ယူဆောင်လေသော ယောက်ျားဟူသည်လည်း တစ်ပါး မဟုတ်။ ဝိဓုရကို ဆောင်ယူလေသော ကစ္စည်းလုလင်ပင်တည်း။ ထို ဆောင်ယူလေသော ယောက်ျားပင် နေရာဟောင်းတွင် တစ်ဖန်စိုက်ထားလာပြန်ကိုထောက်သော် မချွတ်လျှင် လုလင်သည် ဝိဓုရကို ယနေ့ ဤတရားသဘင်သို့ ပို့လာလတ္တံ့."ဟု အိပ်မက်ကိုဖတ်လျက် ဝမ်းမြောက်ခြင်းသို့ရောက်၍၊ အလုံးစုံသော ဣန္ဒပတ္တနဂိုရ်ပြည်ကို တန်ဆာဆင်စေပြီးသော် တရားသဘင်ကိုလည်း စီရင်ခင်းကျင်းလျက် တရားဟောနေရာကို တန်ဆာဆင်၍၊ ၁၀၁ ပါးသော ထီးဆောင်းမင်း, မှူးမတ်,သူဌေးသူကြွယ် အလုံးစုံသော ပြည်သားပြည်သူ လူအပေါင်းခြံရံလျက် "ယနေ့ သင်တို့ ဝိဓုရသုခမိန်ကို ဖူးမြင်ကြရလတ္တံ့။ မစိုးရိမ်ကြနှင့်"ဟု နှစ်သိမ့်ပြောဆို၍၊ တရားသဘင်၌ ဝိဓုရ လာအံ့သောအခါကို မျှော်လင့်လျက် မင်းကြီး နေ၏။

ထိုအခါ ပုဏ္ဏကဘီလူးသည် ဝိဓုရသုခမိန်ကို တရားသဘင် ပရိသတ်အလယ်၌ ချထားခဲ့၍ ဣရန္ဒတီနှင့်အတူ စာတုမဟာရာဇ်နတ်ပြည်သို့ သွားလေ၏။

ဓနဉ္စယကောရဗျမင်းကြီးသည် ဝိဓုရသုခမိန်ကိုမြင်လျှင် အလွန်ဝမ်းမြောက်ခြင်းဖြင့် နေရာမှထ၍ ဝိဓုရသုခမိန်၏ လက်ရုံးကိုကိုင်လျက် မတုန်မလှုပ်စေသဖြင့် တရားသဘင် ပရိသတ်အလယ် တန်ဆာဆင်အပ်သော နေရာ၌ မိမိသို့ ရှေးရှုနေစေ၏။

မင်းကြီးသည် ထိုသို့နေစေပြီးသော် ဝိဓုရသုခမိန်နှင့် ကောင်းစွာ စကားပြောဟောလိုသောကြောင့် 'တွံနောပန' အစရှိသောဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"ဝိဓုရသုခမိန်။ ရထားထိန်းသည် ဖျက်ဆီးပြီးသောရထားကို တစ်ဖန် ကောင်းစွာလုပ်၍ ပို့လာဘိ သကဲ့သို့၊ သင် သုခမိန်သည် ငါတို့နှလုံးကို ရွှင်စေလျက် ယခု ရောက်လာ၏။ ထိုလုလင်လက်မှ အဘယ်မည်သော အကြောင်းကြောင့် လွတ်ပါသနည်း။ ငါတို့အား ဖြစ်လေသောအခြင်းအရာကို ပြန်ပြောလော့"ဟု ဆို၏။

ဘုရားလောင်းသည် 'ယံ မာဏဝေါ တျာဘိ ဝဒေတိ'အစရှိသော ဂါထာ၊ 'ဘူမိန္ဓရော ဝရုဏော နာမ နာဂေါ'အစရှိသောဂါထာ၊ 'တဿ သုမိဇ္ဈာယ'အစရှိသော ဂါထာတို့ဖြင့် အလုံးစုံသောအကြောင်းကို မင်းကြီးအား ပြန်လျှောက်၏။ အဓိပ္ပာယ်ကား–

"လူအပေါင်းတို့ကို အစိုးရတော်မူသော မင်းကြီး။ အကျွန်ုပ်သည် အရှင်မင်းကြီးမှစ၍ မင်း ၄ ပါးတို့အား စတုပေါသထိက ပြဿနာ^ဏကို ဖြေရသောအခါ ဝရုဏနဂါးမင်းသည် အလွန် ကြည်ညိုသည်ဖြစ်၍ မိမိလည်၌ ဆင်သော ပတ္တမြားဖြင့် ပူဇော်ပြီးလျှင် နဂါးပြည်သို့ သွား၏။ ထို နဂါးမင်း၏မိဖုရားကား ဝိမလာဒေဝီ အမည် ရှိ၏။ ထို ဝိမလာဒေဝီသည် မိမိလင်၌ဆင်သော ပတ္တမြားကိုမမြင်လျှင် 'ပတ္တမြားကို အဘယ်မှာ ထားခဲ့သနည်း' ဟု မေးသောအခါ၊ ဝရုဏနဂါးမင်းသည် အကျွန်ုပ်၏ဂုဏ်ကို ချီးမွမ်း၍ 'တရားကို ပူဇော်ခြင်းဖြင့် ဝိဓုရသုခမိန်အား ပူဇော်ခဲ့သည်'ဟု ပြော၏။ မိဖုရားသည် ထိုစကားကိုကြားလျှင် အကျွန်ုပ်၏ တရားစကားကို ကြားနာလိုသောအားဖြင့် နာဟန် ပရိယာယ်ပြု၍ 'ဝိဓုရသုခမိန်၏ နှလုံးသားကိုမရလျှင် သေတော့အံ့'ဟု မိမိလင် နဂါးမင်းအားကြားလျှင် နဂါးမင်းသည် မကောင်းသောအယူကိုယူမိသဖြင့်၊ မိမိသမီး ဣရန္ဒတီကို 'ဝိဓုရသုခမိန်၏နှလုံးသားကို တရားသဖြင့် ဆောင်နိုင်မည့်လင်ကို သွား၍ရှာချေ'စေသောကြောင့် ထို ဣရန္ဒတီနဂါးသမီးသည် သမုဒ္ဒရာနား၀ယ် ယူဇနာ ၆၀ မြင့်သော ကာဠာဂိရိတောင်ထိပ်၌ တန်ဆာ ဆင်သောကိုယ်ဖြင့်နေလျက် သာယာစွာသောသီချင်းကိုသီလျက်



www.burmeseclassic.com

www.burmeseclassic.com



'ပုဏ္ဏကအမည်ရှိသောဘီလူးသည် အလွန်ရဲရင့် ကြမ်းတမ်း၏'ဟု အရှင်မင်းကြီးတို့ ကြားဖူးသည် မဟုတ်ပါလော။ ထို ပုဏ္ဏကဘီလူးကား စာတုမဟာရာဇ်ပြည်ကို အစိုးရသော ကုဝေရ နတ်မင်းကြီး၏တူတော် အမတ်စစ်သူကြီးတည်း။ ထို ပုဏ္ဏကသည် မနောမယသိန္ဓောမြင်းပျံနှင့် ကာဠာဂိရိတောင်ထိပ်သို့သွားစဉ် ဣရန္ဓတီ၏ သီချင်းသံကိုကြားလျှင် တပ်မက်မောသောစိတ် ရှိ၍၊ 'ဣရန္ဓတီ၏အလိုဆန္ဒကို ပြည့်အောင်ဆောင်ရွက်ပါမည်' ဝန်ခံပြီးသော်၊ ဣရန္ဓတီသည် မိမိခမည်းတော် နဂါးမင်းထံ ပုဏ္ဏကကိုခေါ်၍သွားပြီးလျှင် 'ဝိဓုရသုခမိန်၏ နှလုံးသားကို တရားသဖြင့် ရအောင် ဆောင်ယူနိုင်၏'ဟု ဝန်ခံစေ၏။

"ပုဏ္ဏကသည်လည်း နဂါးပြည်မှပြန်ခဲ့၍ စာတုမဟာရာဇ်နတ်မင်းကြီး ခွင့်မပေးဘဲလျက် ရာဇဂြိုဟ်ပြည်၏ အနီး ဝေပုလ္လတောင်ထွတ်အတွင်း၌ထားအပ်သော ပတ္တမြားကိုယူခဲ့ပြီးလျှင် လုလင်အသွင်ဆောင်၍ အရှင်မင်းကြီးနှင့် အန်လောင်းတမ်း ကစားလာ၏။ အရှင်မင်းကြီးကို အန်ခတ်ခြင်းဖြင့် နိုင်လေသော လုလင်ကား လူ မဟုတ်။ ဤယခု အကျွန်ုပ်လျှောက်သော ပုဏ္ဏကသည် ဘီလူးတည်း။ ထို ပုဏ္ဏကသည် အရှင်မင်းကြီးနှင့် အန်လောင်းတမ်း ကစား၍ နိုင်သောကြောင့် အကျွန်ုပ်ကို အရှင်မင်းကြီး ပေးပြီးသော်၊ ထိုပုဏ္ဏကကို အကျွန်ုပ်အိမ်၌ ၂ ရက်၊ ၃ ရက်ပတ်လုံး ၅၀၀ သောသတို့သမီး အလုပ်အကျွေးနှင့် ကြီးမြတ်သော ကာမဂုဏ်စည်းစိမ်ဖြင့် အကျွန်ုပ် ချီးမြှောက်လုပ်ကျွေး၏။

"ပုဏ္ဏကသည် အကျွန်ုပ်ကို မြင်းမြီးဆွဲစေ၍ ဟိမဝန္တာအရပ် တော၊ တောင်၊ သစ်ပင် ထူထပ်ရာသို့ တိုးဝှေ့လျက် သေကြောင်း မကောင်းသောဆောင်ယူခြင်းဖြင့် ဆောင်ယူ၍၊ အကျွန်ုပ် မသေနိုင်သည်ကို မြင်ပြန်လျှင် တစ်ဖန် ၇ ကြိမ်လုံး လေသင်တုန်းအတွင်းသို့ မြင်းကိုစိုင်းနှင်၍ ကောင်းကင်၌သေစေခြင်းငှာ လုံ့လပြုလျက် အစဉ်သဖြင့်သွား၍၊ ယူဇနာ ၆၀ မြင့်သော ကာဠာဂိရိတောင်ထိပ်သို့ရောက်လျှင် ထိုတောင်ထိပ်၌ထား၍ ခြင်္သေ့အသွင်၊ ဆင်အသွင်၊ ဘီလူးအသွင် စသည်ဖြင့် များစွာအကြိမ်ကြိမ် ကြောက်မက်ဖွယ်ဖြင့် ခြောက်ခြိမ်းလျက် သေစေခြင်းငှာလုံ့လပြုသော်လည်း မသေနိုင်သော်၊ အကျွန်ုပ်သည် ပုဏ္ဏကအား 'အဘယ်ကြောင့် ငါ့ကို သေစေလိုသနည်း'ဟု သေစေလိုခြင်းအကြောင်းကိုမေးလျှင် ပုဏ္ဏကလည်း အကြောင်းကို ပြန်ကြား၏။

"ထိုအခါ ပုဏ္ဏကအား 'သာဓုနရ' အမည်ရှိသောတရားကို အကျွန်ုပ် ဟော၏။ ထို သာဓုနရတရားကို ကြားနာရလျှင် ပုဏ္ဏကသည် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ အကျွန်ုပ်ကို ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပို့လိုသောစိတ် ရှိ၏။ ထိုသို့ဖြစ်သော်လည်း မပို့စေသေးဘဲ နဂါးပြည်သို့ ဆောင်စေ၍ နဂါးမင်းအား လည်းကောင်း၊ ဝိမလာ ဒေဝီအား လည်းကောင်း အကျွန်ုပ်သည် တရားဟော၏။ ထိုသို့ဟောသောအခါ နဂါးမိဖုရား၊ နဂါး ပရိသတ်တို့သည် ကြည်ညိုကုန်၏။ နဂါးမင်းသည် မိမိပြည်၌ အကျွန်ုပ်နှင့် ၆ ရက်ပတ်လုံး အညီအညွတ် ပြောဟော၍ နေသောအခါ မိမိသမီး ဣရန္ဓတီကို ပုဏ္ဏကဘီလူးစစ်သူကြီးအား လက်ထပ်မင်္ဂလာ ဆောင်နှင်းပေး၏။ ပုဏ္ဏကသည် ဣရန္ဓတီ နဂါးမင်းသမီးကိုရလျှင် အလွန်ဝမ်းမြောက် ကြည်လင်သောစိတ် ရှိသည်ဖြစ်၍ ပတ္တမြားရတနာဖြင့် ပူဇော်၏။

"ဝရုဏနဂါးမင်း၊ ဝိမလာဒေဝီမိဖုရားတို့က 'သုခမိန်နှင့်ကွေကွင်းသဖြင့် ဓနဉ္စယမင်းကြီး ပင်ပန်းစိုးရိမ်ခြင်း ဖြစ်လတ္တံ့။ ကြာမြင့်စွာ ဤပြည်၌ ငါတို့နေစေခြင်းငှာ မလျောက်ပတ်။' ယခု သုခမိန်ကို သင် ပို့ချေ'ဟု ပုဏ္ဏကကို ဆိုလျှင်၊ ပုဏ္ဏကသည် မနောမယမြင်းပျံပေါ်၌ အကျွန်ုပ်ကို ရှေ့ကတင်၍ မိမိကား နောက်ကစီးလျက် ဣရန္ဓတီကို အလယ်ကထားပြီးလျှင် ဤရာဇဌာနီ မင်းနေပြည်သို့လာ၍ တရားသဘင် ပရိသတ်အလယ်၌



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်ကို ချထားခဲ့ပြီးသော်၊ ဣရန္ဒတီ နဂါးမင်းသမီးကိုယူ၍ မိမိနေရာ စာတုမဟာရာဇ် နတ်ပြည်သို့ သွားလေ၏။

"ဤသို့ အရှင်မင်းကြီး။ ပုဏ္ဏကသည် ဣရန္ဒတီအား တပ်မက်သောစိတ်ဖြင့် အလိုရှိသောကြောင့် အကျွန်ုပ်ကို သတ်လိုသောငှာ ဆောင်ယူလာ၏။ ထိုသို့ဖြစ်သော်လည်း အကျွန်ုပ်ကိုမှီ၍ နဂါးမင်းသမီး ဣရန္ဒတီကိုလည်း ပုဏ္ဏကသည် ရလေသဖြင့် မိမိအလိုအတိုင်း ပြည့်စုံ၏။ နဂါးမင်း, ဝိမလာဒေဝီ မိဖုရားတို့သည် အကျွန်ုပ်၏ တရားပညာတည်းဟူသော နှလုံးကို ရသဖြင့် နှစ်သက်ဝမ်းမြောက်စွာ မိမိတို့အလိုလည်း ပြည့်စုံလေ၏။ နဂါးမင်းသည် ကြည်ညိုမြတ်နိုးသဖြင့် အကျွန်ုပ်အား လူ့ပြည်သို့ အနူးအညွတ်ဖြ လွှတ်ပေးသည်ဖြစ်၍၊ အကျွန်ုပ်သည် ပုဏ္ဏက၏လက်၌ ခပ်သိမ်းသော အလိုကို ပေးတတ်လျက် စကြာရသော မင်းတို့သာ သုံးဆောင်ခြင်းငှာထိုက်သော ပတ္တမြားကိုလည်း ရအပ်၏။

"အရှင်မင်းကြီး။ ပုဏ္ဏကသည် ကျေးဇူးတုံ့သိသဖြင့် ပေး၍ရအပ်သော ဤ အကျွန်ုပ်၏ ပတ္တမြားရတနာကို အရှင်မင်းကြီးအား ဆက်ပါ၏။ ယူတော်မူပါလော့"ဟု ပေး၏။

ထိုသို့ပေးသည်မှ တစ်ညဥ့် မိုးသောက်သောနေ့၌ မင်းကြီးသည် မိမိမြင်မက်သောအိပ်မက်ကို ပြည်သူ ပြည်သားတို့အား ကြားလို၍

"ငါ၏နေပြည်တော်၌နေကုန်သော မှူးမတ်ပရိသတ် ပြည်သားပြည်သူ လူအပေါင်းတို့။ ငါ၏အိပ်မက်ကို နာကြကုန်"ဟု 'ရုက္ခော ဟိမယံ ဒွါရေသု'အစရှိသော ဂါထာ၊ 'နစ္စဂီတ တူရိယာဘိ နာဒိတေ' အစရှိသောဂါထာတို့ဖြင့် အိပ်မက်ကိုပြန်၍ 'ယေကေစိဝိတ္တာ'အစရှိသော ဂါထာ၊ 'ယေကေစိ ဗန္ဓာ' အစရှိသောဂါထာ၊ 'ဥန္နင်္ဂလာ' အစရှိသော ဂါထာ၊ 'မဟာပထံ နိစ္စသမော'အစရှိသော ဂါထာတို့ကို ဆို၏။ အဓိပ္ပာယ်ကား–

"ငါ၏ မှူးတော်မတ်တော် ပြည်သားပြည်သူအပေါင်းတို့။ ငါ၏သုခမိန် ရောက်မည့်နေ့ ညဥ့်မိုးသောက်ယံ၌ ငါအိပ်မက်တော်မူသည်ကား ငါ၏နန်းတော်တံခါးဝ၌ ပညာတည်းဟူသော ပင်စည်၊ သီလတည်းဟူသော အခက်, အရွက် အပွင့်၊ ၅ပါးသော နွားနို့အရသာတည်းဟူသော အသီးနှင့်ပြည့်စုံစွာ တန်ဆာဆင်အပ်သော ဆင်, မြင်း, နွားလားတို့ဖြင့် ဖုံးလွှမ်းလျက်၊ သစ်ပင်ကြီးတစ်ခုသည် ပေါက်သောအားဖြင့် မတုန်မလှုပ်တည်၏။ ပရိသတ်အပေါင်းတို့သည် ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့် ခြံရံ၍နေစဉ် ထိုသစ်ပင်ကြီးကို မည်းနက်သောအဆင်း ရှိသော ယောကျ်ားတစ်ယောက်သည် ပရိသတ်အပေါင်းကို ခြေးစေလျက် ဖြတ်၍ဆောင်ယူလေ၏။ တစ်ဖန် ထိုသစ်ပင်ကြီးသည် ဤ တည်မြဲသောနေရာ၌ပင်လျှင် ပရိသတ်တို့ ငိုကြွေးစဉ် ပြကတေ့ရောက်လာပြန်၏။

"ဤသစ်ပင်ကြီးသည်ကား ငါ၏အမတ်ကြီး ဝိဓုရသုခမိန် လျှင်တည်း။ ထို ဝိဓုရသုခမိန် တည်းဟူသော သစ်ပင်ကြီးကို သင်တို့ ပြည်သားပြည်သူအပေါင်းတို့ ပူဇော်သက္ကာရ ပြုကုန်လော့။ ငါ၏ အမှူးအမတ် ပရိသတ်တို့။ သင်တို့သည် ငါ၏ ချီးမြှောက်တော်မူအပ်သော အဆောင်အရွက်တို့ဖြင့် အသီးအသီး ဆောင်ရွက်ကျင်းပ ခင်းကျင်းကြကုန်၍ ထူးမြတ်သော ပဏ္ဏာလက်ဆောင်တို့ဖြင့် ဤသစ်ပင်ကြီးအား အရိုအသေ ပူဇော်ကြကုန်။

"ဤ ငါ၏အမတ်ကြီး ဝိဓုရသုခမိန်သည် အနှောင်အဖွဲ့မှလွတ်သကဲ့သို့ ငါ၏မြို့တော်၌ မင်းပြစ် သင့်၍ ထောင်တန်း နှောင်အိမ် စသည်တို့၌ အနှောင်အဖွဲ့ ခံရကုန်သောသူတို့ကို လွှတ်စေ။ ပိုက်ကွန် မြှား



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ကျောက္ကွင်းတို့ဖြင့် ဖမ်းမိကုန်သော သား, ငါး, ငှက်တို့ကိုလည်း လွှတ်စေ။ မုဆိုး, တံငါ မလုပ်စေနှင့်။ ဤလအတွင်း၌ လယ်ယာကိုင်းကျွန်း လုပ်သူတို့မှာလည်း ထွန်တုံးထောင်ခြင်း စသည်ဖြင့် မလုပ်မဆောင်စေနှင့်။ ကုန်သည်တို့မှာလည်း မရောင်းမဝယ်စေနှင့်။ တစ်မြို့လုံး စည်လည်၍ အလိုရှိတိုင်း ပွဲသဘင်ခံလျက် မြူးထူးရွှင်ပျကြစေ။ ပုဏ္ဏား, မင်းဆရာတို့မှာလည်း သားပြွမ်းထမင်း[၆၄]စသော မြိန်မြတ်ရာ စားသောက်၍ ရွှင်ပျော်စေ။ သေသောက်ကြူး[၆၅]တို့လည်း သေတင်းကုပ်[၆၆]၌ သေရည်ဖြင့်ပြည့်သောအိုးတို့ကို ကျင်းပ၍ စိတ်ရှိသောက်စားစေ။ နတ်သမီးကဲ့သို့သော အဆင်းကိုဆောင်ကုန်သော ပြည့်တန်ဆာမတို့လည်း တန်ဆာဆင်အပ်သော မင်းလမ်းမ၌ ကိလေသာဖြင့်အလိုရှိကုန်သော ယောကျာ်းတို့ကို စိတ်ရှိရာ ခေါ်ဝေါ်မြူးထူးစေ။ သားငှက်မှစ၍ တစ်ယောက်ကို တစ်ယောက် ညှဉ်းဆဲသတ်ပုတ်ခြင်း, ဆဲရေးခြင်း မရှိကြစေနှင့်။ ဤ ငါ၏ အိပ်မက်တော်မှုသော သစ်ပင်ကြီးကဲ့သို့ ပြည်သူတို့နှစ်လိုခြင်းကို ဆောင်တတ်သော ငါ၏အမတ်ကြီး ဝိဓုရသုခမိန်သည် မိမိအိမ်သို့ ယခု ရောက်လာပြီ။ အရှိအသေ ပဏ္ဏာကာရ[၆၇] များစွာနှင့် ပူဇော်သက္ကာရ ပြုကြစေ”ဟု မင်းကြီးဆိုလျှင်၊ ထိုမင်းမိန့်ရှိတိုင်း အမတ်တို့သည် ပွဲသဘင်ကြီးစွာစီရင်၍ တစ်လပတ်လုံး ဘုရားလောင်း ဝိဓုရသုခမိန်အား မင်းမိဖုရား, မောင်းမ, ကိုယ်လုပ်, မင်းညီ, မင်းသားမလွတ်, မှူး, မတ်, ပြည်သူ လူအပေါင်းတို့သည် ထိုက်လျောက်ရာ ပဏ္ဏာလက်ဆောင်တို့ဖြင့် လာလတ်၍၊ ဘုရားလောင်းကိုမြင်လျှင် အပေါ်တင်, အပေါ်လွှမ်း, ဦးရစ်ခေါင်းပေါင်း စသည်တို့ကိုပစ်လွှားလျက် အားရရွှင်လန်း ဝမ်းမြောက်စွာ ပူဇော်ဆက်သ ဖူးမြင်ကြကုန်၏။

[ဤသို့ ဘုရားလောင်း ဝိဓုရသုခမိန်သည် ကြမ်းတမ်းလှစွာသော ပုဏ္ဏကဘီလူး, ဝရုဏနဂါးမင်း တို့ကို ဟုတ်မှန်စွာပြောဆိုခြင်းတည်းဟူသော သစ္စ။ သူတစ်ပါးကို မထိမပါး ကိုယ်အားမချီးမြှောက် အကြောက်အရွံ့မရှိဘဲ ပကတိသဘောတမ်း လမ်းမှန်စွာသွားသော ယောကျာ်းကဲ့သို့ စီးပွားချမ်းသာများကြောင်း တရားစကားကိုပြောဆိုခြင်း တည်းဟူသော ဓမ္မ။ ရန်သူ့လက်သို့ ရောက်သည်မှစ၍ တွေးဆမြော်ချင့် အခွင့်အမှု တစ်ခုမကြွင်း မလစ်ဟင်းရအောင် သတိမလွတ် မပြတ်လုံ့လပြုခြင်း တည်းဟူသော ဝီရိယ။ ရန်သူဖြစ်သော ပုဏ္ဏက, ဝရုဏနဂါးတို့အား ကိုယ်တော်၏အသက်ကိုစွန့်ခြင်း၊ ထိုသူတို့၏ အလိုဆန္ဒကိုပေးခြင်း တည်းဟူသော စာဂ။ ဤသို့ သစ္စ, ဓမ္မ, ဝီရိယ, စာဂ တည်းဟူသော ရန်အောင်ကြောင်း တရား ၄ ပါးနှင့်ပြည့်စုံစွာ မုသာဝါဒမှ ကြဉ်ခြင်းဟု ဆိုအပ်သော သစ္စာ၊ ပိသုဏဝါစာမှ ကြဉ်ခြင်းဟု ဆိုအပ်သော သုဘာသိတ၊ ဖရုသဝါစာမှ ကြဉ်ခြင်းဟုဆိုအပ်သော ပိယဝါစာ၊ သမ္ဖပ္ပလာပမှ ကြဉ်ခြင်းဟု ဆိုအပ်သော ဓမ္မဝါစာ။

ဤသို့ သစ္စဝါစာ, သုဘာသိတဝါစာ, ပိယဝါစာ, ဓမ္မဝါစာ စကားကောင်း အင်္ဂါ ၄ ပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ရန်သူဖြစ်သော ပုဏ္ဏကဘီလူးကိုလျက်လည်း ကိုယ်တော်၏အစေအပါးဖြစ်သော သူကဲ့သို့ ပြုတော်မူ၏။ ဝရုဏနဂါးမင်းကိုလည်း အတိုင်းထက်အလွန် ကြည်ညိုမြတ်နိုးခြင်းကို ပွားစေ၏။ ဤသို့ ရှေးပညာရှိတို့ ကျင့်ထုံးဝတ္တု သက်သေကိုထောက်၍ လူပညာရှိတို့သည် တစ်စုံတစ်ခုမျှ အမှုအခွင့်ရောက်လျှင် ကြောက်လန့်မှေ့လျော့ ယွင်းချွတ်ခြင်းကိုမဖြစ်စေမူ၍၊ သစ္စ, ဓမ္မ, ဝီရိယ, စာဂ ဤ ရန်အောင်ကြောင်းတရား ၄ ပါးနှင့်ပြည့်စုံစွာ အသာအယာ အခွင့်ကိုချင့်၍ နာသင့်နာပျော်အောင် ဆောင်ရွက်ရာသည်။ သစ္စ, ဓမ္မ, ဝီရိယ, စာဂ ရန်အောင်ကြောင်း တရား ၄ ပါးနှင့်ပင် ပြည့်စုံငြားသော်လည်း စကားမချိုသာလျှင် လိုရာအမှုမပြီး ရန်မီးမသေ ရှိတတ်ချေသည်။ ထို့ကြောင့် သုဘာသိတ, ပိယဝါစာ စကားကောင်း အင်္ဂါကိုလည်း ပြည့်စုံစေရာသည်။ ဤကား အလျဉ်းသင့်၍ စကားချပ်လိုက်သည်။]

ဘုရားလောင်း သုခမိန်သည် ထိုသို့ တစ်လပတ်လုံး ပွဲသဘင်ပြုပြီးသည်၏ နောက်ကာလတို့၌လည်း ရှေးနည်းအတူ တရားသဘင်၌ သဗ္ဗညုတဉာဏ်အလို့ငှာ ဗုဒ္ဓကိစ္စ[၆၈]ကို ပြီးစေလျက် မင်းမိဖုရားမှစ၍ ပြည်သား



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ လူအပေါင်းတို့အား တရားဟောမြဲ, အဆုံးအမ ပေးမြဲအတိုင်း ဒါနကထာ[၉၉], သီလကထာ[၁၀၀] စသည်တို့ဖြင့် အဆုံးအမပေးတော်မူ၍၊ အသက်၏အဆုံး၌ ကောင်းမှုကိုပြုသောသူတို့၏ လားရာ တာဝတိံသာနတ်ပြည်၌ ဖြစ်တော်မူလေ၏။ ဓနဥ္စယမင်းကြီး, မိဖုရားမှစ၍ ခပ်သိမ်းကုန်သော ပြည်သူပြည်သား အပေါင်းတို့သည်လည်း ဘုရားလောင်း အဆုံးအမ၌တည်၍ အလှူပေးခြင်း, နေ့တိုင်းမပြတ် ပဉ္စသီလ[၁၀၁]ကို ဆောက်တည်ခြင်း, ဥပုသ်နေ့၌ ဥပေါသထသီလ[၁၀၂]ကို ဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုကို ပြုကျင့်ကြကုန်သဖြင့် နတ်ပြည်သို့ လားကြကုန်၏။

## ၁၂။ ဇာတ်တော်ပေါင်းခန်း

ဤသို့ မြတ်စွာဘုရားသည် တရားဒေသနာတော်ကို အကျယ်ဟောတော်မူ၍ စကားဆက်ဝေးသဖြင့် ရှေးဝတ္ထုအကြောင်းရင်း ပျောက်မည် စိုးတော်မူသောကြောင့်

"ရဟန်းတို့။ ငါဘုရားသည် သဗ္ဗညုတ အထွတ်အထိပ် သို့ ရောက်တော်မူသောအခါ၌သာလျှင် မအံ့ဩနိုင်သော ပညာတော်နှင့် ပြည့်စုံသည်မဟုတ်။ ရှေးဘဝ၌လည်း ငါဘုရားသည် ဤသို့ ဟောတော်မူအပ်သော ဒေသနာတော် လာသည့်အတိုင်း မနှိုင်းယှဉ်အပ်သော ပညာတော် အကျိုးစီးပွားများခြင်း၏ အကြောင်းဖြစ်သော ဥပါယ်တံမျဉ်၌ လိမ္မာတော်မူ၏"ဟု ရှေးစကားရပ်ကို ဆက်တော် မူ၍ ဇာတ်တော်ကို ပေါင်းတော်မူသည်။

"ရဟန်းတို့။ ငါဘုရားသည် ဝိဓုရသုခမိန် ဖြစ်သောအခါ ဝိဓုရသုခမိန်၏ မယ်တော်, ခမည်းတော် တို့သည် ယခုအခါ မင်းမျိုးတို့၏အထွတ် သာကီဝင်မင်းမျိုး ငါ၏မယ်တော်, ခမည်းတော် ဖြစ်လာ၏။ ဝိဓုရသုခမိန်၏ မယားကြီး အနောဇာဒေဝီသည် ယခုအခါ ရာဟုလာမိခင် ဖြစ်လာ၏။ ဝရုဏနဂါးမင်းသည် ယခုအခါ ဥပတိဿရွာ၌ ဗြာဟ္မဏ မဟာသာလ[၁၀၃] ဖြစ်သော ရူပသာရီပုဏ္ဏေးမ၏သား ငါဘုရား၏ တပည့်ကြီး သာရိပုတ္တရာ ဖြစ်လာ၏။ ဂဠုန်မင်းသည် ယခုအခါ ကောလိတရွာ၌ ဗြာဟ္မဏ မဟာသာလ ဖြစ်သော မောဂ္ဂလိပုဏ္ဏေးမ၏သား ငါဘုရား၏ဒုတိယသာဝက မောဂ္ဂလာန် ဖြစ်လာ၏။ ထိုအခါ သိကြားမင်းသည် ယခုအခါ ကပိလဝတ်ပြည်၌ ငါဘုရား၏ဘထွေးတော် ဓောတောဒနသား ငါဘုရား၏တပည့် အနုရုဒ္ဓါထေရ် ဖြစ်လာ၏။ ဓနဥ္စယကောရဗျမင်းကြီးသည်ကား ယခုအခါ ငါ၏ဘထွေးတော်သား ငါဘုရားနှင့်ဖွားဖက် တောင် ၅ တန်[၁၀၄]ရ တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာ ဖြစ်လာ၏။ ထိုအခါ ပုဏ္ဏက ဘီလူးစစ်သူကြီးသည် ယခုအခါ သာဝတ္ထိပြည် ကောသလမင်းကြီး၏ပုရောဟိတ် ဘဂ္ဂဝ ပုဏ္ဏား၏သား အင်္ဂုလိမာလထေရ် ဖြစ်လာ၏။ ထိုအခါ ပုဏ္ဏကစီးသော မနောမယသိန္ဓောမြင်းသည် ယခုအခါ ငါဘုရားနှင့်ဖွားဖက် တောထွက်တော်မူရာပါသော ကဏ္ဍကမြင်း ဖြစ်လာ၏။ နဂါးမင်းမိဖုရား ဝိမလာဒေဝီသည် ယခုအခါ ရာဇဂြိုဟ်ပြည်ကိုအစိုးရသော ဗိမ္ဗိသာရမင်းကြီး၏မိဖုရား ငါဘုရားထံ၌ ၄ တန်သောမဂ်ဖိုလ်ကို မငြိမ်းမငြင်း ဘဝင်မခြား လျှင်လျှားစွာရသော အဂ္ဂသာဝိကာ ခေမာဘိက္ခုနီ ဖြစ်လာ၏။ နဂါးမင်း၏သမီး ဣရန္ဒတီသည် ယခုအခါ ငါဘုရား၏အရီးတော်သမီး ကိသာဂေါတမီ ဖြစ်လာ၏။ ထိုမှကြွင်းသော ဝိဓုရသုခမိန်၏ပရိသတ်တို့သည် ယခုအခါ ငါဘုရား၏ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ၏။ ထိုအခါ ၁၀၁ ပါးသော မင်းနှင့်တကွသော လူအပေါင်းတို့ကို ဆုံးမပဲ့ပြင် သွန်သင်ညွှန်ပြ တရားရေအေး တိုက်ကျွေးတတ်သော ဝိဓုရ သုခမိန်သည်ကား ယခုအခါ လူနတ်တို့၏ဆရာ သဗ္ဗာ ၄ ပါး တရားတို့ကို သူတစ်ပါးတို့ မညွှန်ကြားဘဲ မိမိအလိုလို ကိုယ်တိုင်တော်သာလျှင် တစ်ပြိုင်နက် အရဟတ္တမဂ်ဉာဏ်[၁၀၅]ဖြင့် ဗောဓိမဏ္ဍိုင်[၁၀၆]၌ သိတော်မူပြီး၍ သဗ္ဗညုတဉာဏ်[၁၀၇]ကို ရတော်မူသော ငါဘုရား လျှင်တည်း”ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

[ဤအရာ၌ မယ်တော်, ခမည်းတော်တို့သည် သာကီဝင်မင်းမျိုး ဖြစ်လာ၏ဟူသော် အဘယ်ကြောင့် သာကီဝင် မည်သနည်းဟူမူ သက္ယဝံသ–ဟု မာဂဓဘာသာ ဆိုသည်ကို မြန်မာတို့ဘာသာ၌ သ–ကို သာ–ပြု၍ ကျ–ကိုလည်း ကီ–ပြု၍ ဝံသ–ကိုလည်း ဝင်ပြု၍၊ သာကီဝင်–ဟု အမည်တွင်သတည်း။ ထိုသာကီဝင်သည် အဘယ်ကစ၍ ဖြစ်သနည်းဟူမူကား ကပိလဝတ်ပြည်ကို တည်ထောင်စဖြစ်သော ဥက္ကာမုခမင်း၊ ဟတ္ထိနိကမင်း စသော မင်းညီနောင် ၄ ပါးတို့တွင် ပိယာ, သုပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတာသေနာ ဟူ၍ နှမတော် ၅ ယောက်တို့တွင် ပိယာ ဟူသော နှမတော်အကြီးကို အမိအရာထား၍ အမျိုးပျက်ပြားမည်စိုးသောကြောင့် အကြွင်း နှမတော် ၄ ပါးနှင့် အသီးအသီးစုံဖက်၍ ရွှေထီးရွှေနန်း စံမြန်းစံပယ်ကြရာတွင် စ၍ ဖြစ်သတည်း။ ထိုမင်းသမီးမောင်တော်, နှမတော်တို့ အသီးအသီး စုံဖက်ကာမျှပင်လျှင် သာကီဝင်မင်း ဟူသောအမည်ကို ရသလောဟူမူ ထို စုံဖက်ကာမျှ သာကီဝင် ဟူသောအမည်ကို မရသေး။ ကုသဝတီပြည်၌ ခမည်းတော် ဥက္ကာကရာဇ် မင်းကြီး ကြားတော်မူသောကြောင့် ‘သက္ယာ ဝတ ဘောကုမာရာ’ဟု ၃ ကြိမ် အံ့ဩတော်မူသော် ဘုန်းကြီးသော မင်း၏ နှုတ်ဩဇာတံဆိပ်ကိုစွဲ၍ ‘သာကီဝင်’ဟု ခေါ်ဝေါ်ကုန်သတည်း။ ထို့ကြောင့် ဘုံခန်း၌ ‘သက္ယာဝတ၊ ကုမာရဟု၊ ဩဇာသာကြည်၊ နှုတ်မွန်ရည်ကြောင့်၊ မင်းစည်ညွှန့်ညှောက်၊ မင်းရိုးပေါက်၏’ဟု စပ်တော်မူသည်။ ဘော၊ အိုအမတ်တို့။ ကုမာရာ၊ ငါ၏သားတော် မင်းသားတို့သည်။ သက္ယာ ဝတ၊ တတ်နိုင်ပေစွ။ (ဤကား အနက်)။ ဘုံခန်းလင်္ကာ၌ ‘ဩဇာသာကြည်၊ နှုတ်မွန်ရည်’ဆိုသည်ကား မင်းကြီးသည် ‘သက္ယာ ဝတ, သက္ယာဝတ’ ဟု ၃ ကြိမ်ဆိုသောစကားသည် အနက်မပြားသောကြောင့် အာမေဍိတ် ဖြစ်သတည်း။ ထိုအာမေဍိတ်စကားသည် မြွေကိုမြင်လျှင် မြွေ,မြွေဟု အထပ်ထပ်ဆိုသော အာမေဍိတ်ကဲ့သို့ ကြောက်လန့်၍ ဆိုသည်မဟုတ်၊ မကောင်းသော တပည့်သားသမီးကို ဆရာ, မိဘတို့သည် အမျက်ထွက်၍ အမိုက်, အမိုက်ဟုဆိုအပ်သော အာမေဍိတ်ကဲ့သို့ အမျက်ထွက်၍ ဆိုသည်လည်းမဟုတ်၊ ငါ့သားတော်တို့သည် အမျိုးကို အလွန်စောင့်ရှောက်ပေသည်ဟု ဝမ်းမြောက် လှသောကြောင့်သာ ကြည်ရွှင်လန်းသော နှုတ်မွန်ရည်ဖြင့် ၁ ကြိမ်နှင့်မရပ်နိုင်၍ ၃ ကြိမ်တိုင်အောင် ‘သက္ယာ ဝတ ဘော ကုမာရာ’ဟု အံ့ဩတော်မူသောစကားကို ဆိုလေသတည်း။

“ဤအန္တရကပ်၏အစ၌ မဟာသမ္မတမင်းသည် ငါတို့ ဘုရားလောင်းတည်း။ ထိုမဟာသမ္မတမင်းမှ သားတော်, မြေးတော်, မြစ်တော်မှ ဆင်းသက်၍ ကုသဝတီအမည်ရှိသော ရာဇဗြိုဟ်ပြည်၌ မင်းပြု၏။ မဟာသမ္မတ မင်းမှစ၍ ဥက္ကာကရာဇ် မင်းကြီးတိုင်အောင် မင်းဆက်ပေါင်း ၂ သိန်း ၅ သောင်း ၂ ထောင် ၅ ရာ ၅ ကျိပ် ၆ ပါးတည်း။

ဥက္ကာကရာဇ်မင်းကြီးတွင် ဟတ္ထာ, စိတ္တာ, ဇန္တု, ဇာလိနီ, ဝိသာခါဟု မိဖုရား ၅ ယောက်ရှိ၏။ ထို ၅ ယောက်တွင် ဟတ္ထာ အမည်ရှိသော မိဖုရားကြီး၌ ဥက္ကာမုခ စသော သားတော် ၄ ပါး, ပိတာ အစရှိသော



www.burmeseclassic.com

www.burmeseclassic.com



သမီးတော် ၅ ပါး ဖွားမြင်ပြီးသည့်နောက် ဟတ္ထာမိဖုရား လွန်၏။ နောက် ဇန္တုမိဖုရားတွင် ဇန္တုအမည်ရှိသော မင်းသားကိုဖွား၍ မိဖုရားသည် မိမိသားငယ်ကို အိမ်ရှေ့နန်းစေလိုသောကြောင့် ဥက္ကာမုခ စသော သားတော်ကြီး ၄ ပါး၏အန္တရာယ်ကို စိုးရိမ်တော်မူသည်ဖြစ်၍ ဥက္ကာကရာဇ်မင်းကြီးသည် သားတော် ၄ ပါးကို "တခြားသင့်ရာ အရပ်မှာ သွား၍နေဦး။ ငါမရှိမှ ထီးနန်းကို သိမ်းမြန်းလာလော့"ဟု နှင်တော်မူရာတွင် သမီးတော် ၅ ယောက်လည်း မောင်တော်များနှင့် အတူပင်လိုက်၍ တစ်ယူဇနာခန့်ကွာသော ဗိုလ်ထုပရိသတ်နှင့်တကွ သားတော်, သမီးတော်တို့သည် ထွက်သွား၍ တစ်ခုသော ကျွန်းပင်ပျိုတော၌ ရေကန်တစ်ခုကို မှီ၍နေသော ကပိလရှင်ရသေ့၏ သခ်မ်းကျောင်းရာ၌ မြို့နန်းတည်၍ စံကြကုန်၏။ နောက်၌ ဥက္ကာမုခမင်း၏ညီတော်သည် 'ဒေဝဒဟ'ဟု တစ်ပြည် တည်ထောင်ပြန်၏။ နမတော်အကြီးကို အမိအရာထားသော ပိယာမင်းသမီးသည် နောက် ကုဋ္ဌနာစွဲ၍ တောအရပ်၌ လုံခြုံစွာ ဥမင်နှင့် ထား၏။ ဗာရာဏသီမင်းလည်း ကုဋ္ဌနာစွဲသောကြောင့် တောသို့ ထွက်လာခဲ့သည်နှင့် ကလောသီးကိုစား၍ ထိုအနာပျောက်ပြီးမှ ပိယာမင်းသမီးကိုတွေ့၍၊ ၎င်း ကလောသီးကို စားစေသဖြင့် အနာပျောက်လျှင် ထိုမင်းကြီး, မင်းသမီးတို့သည် ကလောပင်ကိုအမှီပြု၍ မြို့တည်ထောင် ပြန်သောကြောင့် 'ကောလိယ'ဟု တစ်ပြည် တွင်ပြန်၏။

ဥက္ကာမုခမင်းမှသည် ဇေယျသိန်မင်းတိုင်အောင် မင်းဆက်ပေါင်း ၈ သောင်း ၂ ထောင်တည်း။ ကပိလဝတ်ပြည်၌ ဇေယျသိန်မင်းကြီး၏မိဖုရားကြီးတွင် သားတော် သီဟနု, သမီးတော် ယသောဓရာ ဟု ၂ယောက် မြင်၏။ ဒေဝဒဟမင်းကြီး၏မိဖုရားကြီးတွင် သားတော် အဉ္စန, သမီးတော် ဘဒ္ဒကဉ္စနာ ဟု ၂ယောက် မြင်၏။ သီဟနုမင်းသားနှင့် ဒေဝဒဟမင်းကြီးသမီးတော် ဘဒ္ဒကဉ္စနာ ထိမ်းမြားရာတွင် သုဒ္ဓေါဒန, ဓောတောဒန, သက္ကောဒန, သုက္ကောဒန, အမိတ္တောဒန ဟူ၍ သားတော် ၅ ယောက်၊ အမိတ္တာ, ပါလိတာ ဟု သမီးတော် ၂ ယောက်၊ ပေါင်း ၇ ယောက် မြင်၏။ ဒေဝဒဟမင်းကြီးသား အဉ္စနနှင့် ဇေယျသိန်မင်းကြီးသမီး ယသောဓရာကို ထိမ်းမြားရာတွင် ဒဏ္ဍပါဏိ, သုပ္ပဗုဒ္ဓဟု သား ၂ ယောက်၊ မဟာမာယာ, မဟာပဇာပတိဂေါတမီ ဟူ၍ သမီး ၂ယောက်၊ ပေါင်း ၄ ယောက် မြင်၏။ အဉ္စနမင်းကြီးသားတော် သုပ္ပဗုဒ္ဓမင်းသားနှင့် သီဟနုမင်းကြီး သမီးတော် အမိတ္တာကို ထိမ်းမြားရာတွင် ဒေဝဒတ္တ, ဗိမ္ဗာမင်းသမီး ၂ ယောက် မြင်၏။ သီဟနုမင်းသားတော် သုဒ္ဓေါဒနနှင့် အဉ္စန မင်းကြီးသမီးတော် မဟာမာယာ, ပဇာပဇာတိဂေါတမီ ညီအစ်မ ၂ ယောက် ထိမ်းမြားရာတွင် မဟာမာယာကား ဘုရားရှင် မယ်တော်တည်း။ မဟာပဇာပတိကား နန္ဒမင်းသား, ဇနပဒကလျာဏီ မင်းသမီး ၂ယောက် မြင်၏။ ဤသို့ မဟာသမ္မတမင်းမှသည် ကိုယ်တော်မြတ်လက်ထက်တိုင်အောင် မပျက်သောကြောင့် ငါ၏ မယ်တော်, ခမည်းတော်တို့သည် မြတ်သောမင်းမျိုး၌ ဖြစ်ကုန်၏"ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး ပိုဒ်စုံရတု

အေးမျက်သီတာ။ ။ဂန္ဓမာတွင်၊ နံ့သာဆူဆူ၊ မွှေးအတူသား၊ မဉ္ဇူသက၊ ပင်ရက္ခဝယ်၊ အလှအဆန်း၊ ပွင့်သည့်ပန်းကို၊ လန်းလန်းသီရုံး၊ ဆွတ်ယူကုံး၍၊ သက်လုံးမြတ်လေး၊ ဆင်တော့ပေးသို့၊ ပျံ့အေးဂုဏ်အင်၊ သုံးလူ့ရှင်၏၊ သုံးခွင်ဒေသနာ၊ ပင်ရိပ်သာမှ၊ ဤစာဝိဓူ၊ ပွင့်ပဉ္စူကို အယူမခက်၊ အနက်ထင်ထင်၊ ဓိပ္ပာယ်ဆင်၍၊ မသင်ဘူးသား၊ သူတို့အားကို၊ နားလည်စိမ့်ငှာ၊ ထုတ်စီပါဟု၊ ရွာတွင်ရွာထူး၊ ရွာများမွှူးဖြင့်၊ မင်းပူးမည်ရှိ၊ ရပ်သိရိဌ၊ ကဝိတစ်ယောက်၊ 'တစ်'ခေါ်လောက်သား၊ မောင်ထောက်တွင်ခြင်း၊ မိတ်ဆွေရင်းလျှင်၊ ဝပ်စင်းရိုသေ၊ တောင်းပန်ထွေကြောင့်၊ ပေ ၉ ကြောင်းစာ[၁၀၈]၊ ၄ အင်္ဂါ[၁၀၉]ဖြင့်၊ သိသာစေမူ၊ ထုတ်ဖော်ပြုရှင့်၊ ဗဟုသုတ၊ ကုန်လောက်လှစွာ၊ ပညာဝါတို့၊ ဤရာဤဒွ၊ ဤမထိုက်ဟု၊ အဆိုက်အသွား၊ စကားရှေ့နောက်၊ နှိုင်းညှိထောက်၍၊ ကျရောက်မြူသွင်၊ အပြစ်မြင်က၊ တင်၍နှုတ်သာ၊ ကဲ့ရဲ့ပါနှင့်၊ လျင်စွာလျှောက်ကူ၊ ပြင်တော်မူရှင့်၊ အယူဒိဋ္ဌိဟ[၁၁၀]၊ မကျနမူ၊ မောဟဆို့ပတ်၊ ကုသိုလ်ဟိတ်ဖြင့်။ ။ဉာဏ်စိတ် ထောက်ကြပါစေသောဝ်။

မွှေးညက်ဆီမှာ။ ။ကျွဲဝမ်းဝါသို့၊ ရသာချိုအိမ့်။ နှလုံးဖိမ့်၍၊ နှစ်သိမ့်စေမူ၊ ဤဝတ္ထုကို၊ ပြု၍မငြိုး၊ ဤကုသိုလ်ကြောင့်၊ ထိုထိုနောင်ခါ၊ သံသရာဒွ၊ ဝါန[၁၁၁]မကုန်၊ လည်ရတုံလည်း၊ လုံးစုံပညာ၊ အင် ၈ ဖြာနှင့်၊ ဝိသာရဒ၊ တတ်ကုန်င,လျက်၊ ဗုဒ္ဓအလောင်း၊ သူတော်ကောင်းတို့၊ ကျင့်ဟောင်းထုံးနည်း၊ နိသျှည်းကို၊ ငါလည်း ဤတူ၊ ရပါမူလော့၊ လူမလိမ္မာ၊ လူမိစ္ဆာနှင့်၊ ကြုံလာတော်မိ၊ တွေ့ရဘိလည်း၊ ဒိဋ္ဌိပယ်ရှေး၊ စင်စွာဆေး၍၊ နည်းပေးဆရာ၊ မြောက်လိုပါ၏။ ကြမ်းစွာဒေါသ၊ ဂုဏ်မာနနှင့်၊ ပပလွှားလွှား၊ သူတို့အားလည်း၊ တရားသဖြင့်၊ တစ်ခွန်းရင့်ကာ၊ အသင့်နှလုံး၊ ယူကျုံးကြည်ညို၊ ညွတ်စေလို၏။ ထိုထိုခက်စွာ၊ ခွင့်ရေးရာဒွ၊ ပညာနေဝန်း၊ ကဲ့သို့ထွန်း၍၊ ငြိစွန်းမထင်၊ နံ့သိမြင်လျက်၊ များဖြင်သတ္တ၊ ရှိသမျှကို၊ သုခတိုက်ကျွေး၊ ဖြည့်သိမ်းမွေး၍၊ ရန်ဘေးကင်းပြီ၊ လွတ်ရလို၍၊ ကြည်ညိုမေတ္တာ၊ သူတကာလည်း၊ ကြင်နာနှစ်သက်၊ အဆက်ဆက်လျှင်၊ တိုးတက် လျှံဖိတ်၊ ဉာဏ်နိမိတ်ဖြင့်။ ။ပဋ္ဌိတ် မြောက်ရပါစေသောဝ်။

လေးနက်ဤစာ။ ။ပြီးသည်မှာကား၊ အဇာတသတ်၊ မင်းမြတ်ပြုနောက်၊ ဤနှစ်ရောက်အောင်၊ လျှံတောက်သာသနာ၊ ဒွယာတြိ၊ ဒွိနှင့်သတ္တ[၁၁၂]၊ သချ်ာရ၏။ ဒီဃသက္ကရာဇ်၊ ဂေါဇာနှစ်ကား၊ ဇော်နှင့်ဇော၊ ဇယပဋ္ဌာ[၁၁၃]၊ ခုသချ်ာဒွ၊ မဟာအမရ[၁၁၄]၊ ရွှေပြည်မကို၊ နရထိပ်ပန်း[၁၁၅]၊ စိုးသိမ်းမြန်း၍၊ ရွှေနန်းထောက်စံ၊ ဘိသိက်ခံလျက်၊ ဘုန်းလျှံတောက်ပ၊ ထွန်းသစ်စတွင်၊ လ–ကား ဝါခေါင်၊ တောင်လေဆောင်၍၊ ကျွန်းသောင်မြစ်ဝှမ်း၊ ကမ်းပြည့်လျှမ်းလျက်၊ တင်းကြမ်းရေပြင်၊ ကိုင်းပင်ဖေါင်ပွင့်၊ ဖွေးဖွေးဆင့်၍၊ ကျူးရင့်ချိန်ဆုံး၊ ပဒ္မန်ဖုံး[၁၁၆]၍၊ ထစ်ချုန်းရိုက်မြည်၊ မိုးပွဲစည်လျက်၊ စိုပြည်မြေပြင်၊ ပန်းသစ်ပင်လည်း၊ ညွန့်ရှင်ဆိုင်းဆိုင်း၊ ရိပ်ညိုမှိုင်းနှင့်၊ ခက်ကျိုင်းလန်းလန်း၊ မြရည်သွန်းသို့၊ ထက်ဝန်းစုံညီ၊ သိဟ်ရာသီဒွ၊ တိထိလဆုတ်၊ ခြောက်ရက်ဟုတ်သား၊ မည်ထုတ်ဝေဟာ၊ နေ့အင်္ဂါတည်း၊ အခါကောင်းမြတ်၊ မွန်းတိမ်းညွတ်တွင်၊ နက္ခတ်ပြီသ၊ စန်းဥစ်ရရှင့်၊ ကာလဤဒွ၊ အပြီကျိုက်သို့၊ သုံးတိုက်သတ္တ၊ ရှိသမျှလည်း၊ တောင့်တရာရာ၊ လွတ်ကာမဆိတ်၊ ကောင်းကျိုးစိတ်ဖြင့်။ ။ရန်မြိတ် ပျောက်ကြပါစေသောဝ်။

**ဤတွင်ရွှေ ဝိဓုရဇာတ်တော်ကြီး ပြီးပြည့်စုံပြီ။**



www.burmeseclassic.com

www.burmeseclassic.com



## ဝိဓုရဇာတ်တော် စကားဆက်များ

၁။ ကုရုတိုင်း=မကောင်းမှုကို ပိတ်ပင်တတ်သောမင်းတို့ နိုးပိုင်သောတိုင်းပြည်။
၂။ ဣန္ဒပတ္ထနဂိုရ်=ဣန္ဒပတ္ထနဂရ-သိကြားမင်း တောင်ဖြိုမြေညှိ၍ ထူထောင်အပ်သောမြို့။ (ဒေလီမြို့)
၃။ ဓနဥ္စယ ကောရဗျ=ကုရုတိုင်းကိုအစိုးရသော ဓနဥ္စယမည်သောမင်း။
၄။ ဝိဓုရသုခမိန်=အရာရာ၌ပြိုင်ဖက်ကင်းသော ပညာရှိအမတ်။
၅။ အဘိညာဉ်=အဘိညာဏ-ထူးသောအသိဉာဏ်။ (အဘိညာဉ် ၆ ပါး)
၆။ သမာပတ်=တည်ကြည်စွာဝင်စားခြင်း။ (သမာပတ် ၈ ပါး။)
၇။ ဣရိယာပုထ်=ဣရိယာပထ-ကိုယ်အမူ၏ဖြစ်ကြောင်း။ (သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း)
၈။ ပဋိညာဉ်=ပဋိညာတ-ဝန်ခံခြင်း။
၉။ ဈာန်=ဈာန-ကပ်၍ရှုခြင်း။ (နိဝရဏတရားတို့ကို ရှို့မြိုက်ခြင်း။)
၁၀။ သီလ=ကိုယ်,နှုတ်စောင့်ထိန်းခြင်း။
၁၁။ ဥပုသ်=ဥပေါသထ-စောင့်သုံးခြင်း။
၁၂။ အန္တရာယ်=အန္တရာယ-အကြားအကြား၌ ကျရောက်တတ်သောဘေးရန်။
၁၃။ ခန္တီဝါဒီ=သည်းခံခြင်းသည် မြတ်၏ဟု အယူရှိသောရှင်ရသေ့။
၁၄။ ဣန္ဒြေ=ဣန္ဒြိယ-အုပ်စိုးသော ဣန္ဒြေ ၆ ပါး။
၁၅။ တဏှာ=နှစ်သက်ခြင်း လောဘရမ္မက်။
၁၆။ မေထုန်=တပ်မက်ခြင်းတူသော ဖို,မ တို့၏အမှု။
၁၇။ ပရိညာဉ်=ပိုင်းခြား၍သိခြင်း။ (ပရိညာဉ် ၃ ပါး။)
၁၈။ ကာမဝိတက်=ကာမဂုဏ်ကို ကြံစည်သော လောဘနှင့် ယှဉ်သောဝိတက်။
၁၉။ ဗျာပါဒဝိတက်=သူတစ်ပါးတို့ သေကြေပျက်စီးဖို့ရန် ကြံစည်သောဒေါသနှင့် ယှဉ်သောဝိတက်။
၂၀။ ဝိဟိံသာဝိတက်=သူတစ်ပါး သေကြေအောင်မဟုတ်ဘဲ ညှဉ်းဆဲနှိပ်စက်လိုသော ဒေါသနှင့်ယှဉ်သော ဝိတက်။
၂၁။ ပဋိသန္ထာရ=အဖော်အစပ်စကား။
၂၂။ ဝဇိရစိန်=လျင်မြန်စွာ သွားတတ်သော သိကြားမင်း၏လက်နက်။
၂၃။ ကာမဂုဏ်=လိုချင်တပ်မက်ဖွယ် အာရုံအစု။ (ကာမဂုဏ် ၅ ပါး)
၂၄။ စိုးစဉ်း=အနည်းငယ်။
၂၅။ ဆန္ဒ,ဘယ,အဂတိ=ချစ်ခြင်း, ကြောက်ခြင်းတို့ကြောင့် မလိုက်စားအပ်သည့်အရာ။
၂၆။ ရတနာ=မြတ်နိုးခြင်းကို ဖြစ်စေတတ်သော။ (လောကီရတနာ ၇ ပါး, လောကုတ္တရာရတနာ ၃ ပါး)
၂၇။ ဇမ္ဗူဒီပါကျွန်း=ဇမ္ဗူသပြေပင်ပေါက်သောကျွန်း။ (တောင်ကျွန်း)
၂၈။ ဥပါယ်တမျဉ်=ရန်အောင်ကြောင်း ဥပါယ် ၄ ပါး။ (သစ္စ,ဓမ္မ,ဓိတိ,စာဂ)
၂၉။ အဘယ်=ပါဠိဘာသာ၌ ဘဒ္ဒေ-ဟုခေါ်၏။ (ချစ်သူဇနီးအား ခေါ်သောစကား ဖြစ်၏)
၃၀။ ဣရန္ဒတီ=နှစ်သက်ဖွယ်သောစကားဖြင့် မိဘတို့၏နှလုံးကို ရွှင်စေတတ်သော သတို့သမီး။
၃၁။ ကြာပဒုမာ=ရေ၌ပေါက်ရောက်တတ်၍ ရွက်ချပ် ၁၀၀ ရှိသောပန်း။
၃၂။ ကိလေသာ=သတ္တဝါတို့၏စိတ်အစဉ်ကို ညစ်နွမ်းစေတတ်သော။ (ကိလေသာ ၁၀ ပါး)
၃၃။ ဟိမဝန္တာ=ဆီးနှင်းထူပြောသောအရပ်။ (ဟိမဝန္တာတောင်, ဟိမဝန္တာတော)
၃၄။ ဂန္ဓဗ္ဗ=ကခြင်း,သီခြင်း,စသည်ဖြင့် မြူးထူးပျော်ပါးတတ်သော နတ်မျိုး။
၃၅။ ကိန္နရာ=လူနှင့် အသွင်တူသော ငှက်တစ်မျိုး။
၃၆။ ပုဏ္ဏက=မိဘတို့၏စိတ်နှလုံး ပြည့်ဝစေတတ်သောသူ။
၃၇။ မနောမယသိန္ဓောမြင်း=စိတ်အလိုအတိုင်း လျင်မြန်စွာပြေးသွားနိုင်သော နတ်မြင်းပျံ။
၃၈။ ဆေးဒန်း မြင်းသိလာကျောက်=စိတ်အလိုကို ပြည့်စေတတ်သော ကျောက်ဆေးဒန်း။
၃၉။ အထီးကျန်=ဆွေမျိုးမိဘ သေဆုံးပျက်စီး၍ တစ်ယောက်တည်းကျန်သော သူဆင်းရဲ။



www.burmeseclassic.com

www.burmeseclassic.com



၄၀။ အသဿတိုရ်=အဿတရ-မြင်းမြတ်, မြင်းကောင်း။
၄၁။ အတ္တာကွာယီ=အကျိုးစီးပွား ဖြစ်ထွန်းရန် ညွှန်ပြပြောဆိုတတ်သော မိတ်ဆွေကောင်း။
၄၂။ ဘုတ်ပြိတ်=မြေဘုတ်ဘီလူး ပြိတ္တာ။
၄၃။ ဝေပုလ္လတောင်=အထူးထူးသောရတနာတို့ဖြင့် ပြန့်ပြောခြင်းရှိသောတောင်။
၄၄။ စကြာမင်း=စက္ကဝတ္တိရာဇာ-စကြရတနာတို့ကို လည်စေတတ်သောမင်း။
၄၅။ မနောဟာရ ပတ္တမြား=နှလုံးဖြင့် ကြံကာမျှသော သူတို့၏အလိုကို ဆောင်စွမ်းနိုင်သော ပတ္တမြား။
၄၆။ ကုမ္ဘဏ်=ကုမ္ဘဏ္ဍ-နတ်ဘီလူး။
၄၇။ သူရဲခို=စစ်သည်သူရဲများ ပုန်းခိုရာနေရာ။
၄၈။ မော်ကွန်းတိုင်=ထူးထွေသောအကြောင်းတစ်ခုခုကို ရေးမှတ်ထားသောတိုင်။
၄၉။ ကျူး=ရန်သူမဝင်နိုင်ရန် နန်းတော်ပတ်ဝန်းကျင်၌ တူး၍ထားသော ကျုံးခြောက်, ညွန်ကျုံး, ရေကျုံး။
၅၀။ စာတုမဟာရာဇ်=စာတုမဟာရာဇိတ-လောကကိုစောင့်ကုန်သော နတ်မင်းကြီး ၄ ပါးတို့ စိုးအုပ်သောနတ်ဘုံ။
၅၁။ တာဝတိံသာ=မာဃလုလင်နှင့်တကွ ကုသိုလ်ကောင်းမှုပြုဖက်ဖြစ်သော ၃၃ ယောက်သော သူတို့၏ဖြစ်ရာ ဒုတိယဆင့် နတ်ဘုံ။
၅၂။ ယာမာ=ဆင်းရဲခြင်းမှ ဖဲကြဉ်ရာဖြစ်သော နတ်တို့၏နေရာ ဖြစ်သောဘုံ။
၅၃။ တုသိတာ=ပြန့်ပြောသောကျက်သရေနှင့် ပြည့်စုံခြင်းသို့ရောက်သဖြင့် အမြဲနှစ်သက်ရာဖြစ်သော နတ်ဘုံ။
၅၄။ နိမ္မာနရတီ=အလိုရှိအပ်ကုန်သော စည်းစိမ်တို့ကို ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်တတ်သော နတ်တို့၏နေရာဖြစ်သော ဘုံ။
၅၅။ ပရနိမ္မိတဝသဝတ္တီ=သူတစ်ပါးဖန်ဆင်းသောအာရုံ၌ မိမိအလိုကို ဖြစ်စေသောဘုံ (ဝါ) စိတ်တိုင်းကျဖန်ဆင်းသော နတ်သမီး ရှိသောဘုံ။
၅၆။ ဇမ္ဗူရာဇ်ရွှေစင်=ဇမ္ဗူသပြေပင် အကိုင်းကျရာမြစ်အတွင်းမှ ဖြစ်လာသောရွှေစင်။
၅၇။ အာနုဘော်=အာနုဘာဝ-အရာဌာနအားလျော်စွာဖြစ်ခြင်း တန်ခိုးစွမ်းရည်သတ္တိ။
၅၈။ သံ့ရကျွန်=သံ့ပန်း-စစ်မြေပြင်မှ အနိုင်အထက် ညှဉ်းဆဲကလူပြု၍ ရရှိသောကျွန်။
၅၉။ လောကာယတိကကျမ်း=ပညာရှိတို့၏စိတ်နှလုံးကို တုန်လှုပ်စေ၍ လောကကို ချဲ့ထွင်တတ်သောကျမ်း။
၆၀။ သင်္ဂဟတရား=ချီးမြှောက်ခြင်း သင်္ဂဟတရား ၄ ပါး။
၆၁။ ပြဿနာ=အမေးပုစ္ဆာ။
၆၂။ ပူဇော်သက္ကာရ=ပူဇ-ပူဇော်ခြင်း, လေးမြတ်ခြင်း, ရိုသေခြင်း၊ သက္ကာရ-မြတ်နိုးခြင်း။
၆၃။ ကောဉ္စပြာသာဒ်=ကြိုးကြာရုပ် အမှတ်ရှိသော ပြာသာဒ်။
၆၄။ မယူရပြာသာဒ်=ဥဒေါင်းရုပ် အမှတ်ရှိသော ပြာသာဒ်။
၆၅။ ဝိယကေတ=နှစ်သက်ဖွယ်ရာကို ဆောင်တတ်သော ပြာသာဒ်။
၆၆။ ဦးချိရင်ခတ်=ဦးခေါင်းချိပင့်ခါ. ရင်လက်ခတ်တီး ငိုကြွေးခြင်း။
၆၇။ တေဘူမက သင်္ခါတရား=ဘုံ ၃ ပါး၌ဖြစ်၍ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား ၄ ပါးတို့ ပြုပြင်အပ်သော ရုပ်တရား, နာမ်တရား။
၆၈။ ရာဇဝသတီ=မင်းခယောက်ျားတို့ လိုက်နာရန်ဥပဒေ။
၆၉။ မာန်မာန=ထောင်လွှားမော်ကြွားခြင်း။
၇၀။ ဖုန်းတောင်းယာစကာ=သူတောင်းစား။
၇၁။ သမယ=အချိန်အခါ။
၇၂။ ဩဝါဒ=အဆုံးအမစကား။
၇၃။ ယုဂန္ဓိုရ်=ယုဂန္ဓရ-နေ,လ ၂ ပါးစုံကို ဆောင်တတ်သောတောင်။
၇၄။ သောသောရတ်ရတ်=အုတ်အုတ်ကျက်ကျက် ညံညံစီစီ။
၇၅။ မိဋ္ဌာန်=အဓိဋ္ဌာန-ဆောက်တည်ခြင်း။
၇၆။ ပရိနိဗ္ဗာန်=ပရိနိဗ္ဗာန-ခန္ဓာအကြွင်းအကျန်မရှိ ချုပ်ငြိမ်းမှု။
၇၇။ သံဝဋ္ဋဋ္ဌာယီကပ်=ပျက်ပြီးသည့်နောက် ပျက်သည့်အတိုင်း တည်နေသောကမ္ဘာ။
၇၈။ ဝေဟပ္ပိုလ်=ဝေဟပ္ဖလ-ချာန်၏အစွမ်းကြောင့် ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသော ရူပဗြဟ္မာ့ဘုံ။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၇၉။ ကုရုရာဇ်=ကုရုရာဇ-ကုရုတိုင်းကို အစိုးရသောမင်း။
၈၀။ ခညွတ်တောင်းပန်=ဦးညွှတ်၍ လေးစားစွာတောင်းပန်သည်။
၈၁။ အနိဗ္ဗြိယဇန္န ဥတုဇရုပ်=အသက်ရှိဝတ္ထုနှင့် မဆိုင်ဘဲ အပြင်ဘက် အပူ,အအေး,ဥတုကြောင့် ဖြစ်သောရုပ်။
၈၂။ သယောက်လင်စောင်=လင်ငယ်။
၈၃။ နှင်း၍=ပိုင်ပိုင်နိုင်နိုင်အပ်နှံ၍။
၈၄။ ကြည်းရေပန်းစုံ=ကုန်းပန်း, ရေပန်းအစုံ။
၈၅။ ကုသိုလ်ကံ=ကုသလကမ္မ-ကောင်းမှုကံ။
၈၆။ ဒါန=စွန့်ကြဲခြင်း,ပေးကမ်းခြင်း,လှူဒါန်းခြင်း။
၈၇။ ညောင်စောင်း=ခုတင်။
၈၈။ နှလုံးသည်းပွတ်=အသည်းနှလုံး။
၈၉။ ချင်ခြင်း=တောင့်တခြင်း အလိုအာသာ။
၉၀။ ကုရုရဋ်=ကုရုရဋ္ဌ-ကုရုတိုင်း။
၉၁။ စတုပေါသထိကပြဿနာ=ဥပုသ်စောင့်ပုံ ၄ မျိုးနှင့်ဆိုင်သော အမေးပုစ္ဆာ။
၉၂။ အနူးအညွတ်=ကျေကျေနပ်နပ်။
၉၃။ ပြကတေ=ပကတိ-နဂိုအတိုင်း။
၉၄။ သားပြွမ်းထမင်း=အသားနှင့်ရော၍ ချက်အပ်သော ဒန်ပေါက်ထမင်း။
၉၅။ သေသောက်ကြူး=အရက်သမား။
၉၆။ သေတင်းကုပ်=အရက်ဆိုင် (ဘုံဆိုင်)
၉၇။ ပဏ္ဏာကာရ=လက်ဆောင်။
၉၈။ ဗုဒ္ဓကိစ္စ=ဘုရားဖြစ်မှုနှင့် ဆိုင်သောလုပ်ငန်း။
၉၉။ ဒါနကထာ=ပေးလှူခြင်းနှင့် စပ်သောစကား။
၁၀၀။ သီလကထာ=သီလစောင့်ထိန်းခြင်းနှင့် စပ်သောစကား။
၁၀၁။ ပဉ္စသီလ=၅ ပါးသီလ။
၁၀၂။ ဥပေါသထသီလ=၈ ပါးသီလ။
၁၀၃။ ဗြာဟ္မဏ မဟာသာလ=မြေမြှုပ်ငွေ ကုဋေ ၈၀, တစ်နေ့ဝင်ငွေ တစ်လှည်း, သုံးငွေ လှည်းဝက်မျှ ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုး။
၁၀၄။ ဓုတင် ၅ တန်=ဓုတင်-ဆိုင်ရာဌာနတွင် အတော်ဆုံးအကောင်းဆုံး ဂုဏ်ထူးဘွဲ့ထူး (ဓုတင် ၅ တန်ကား- ၁။ သတိအကောင်းဆုံး၊ ၂။ မှတ်ဉာဏ်အကောင်းဆုံး၊ ၃။ ဝီရိယအကောင်းဆုံး၊ ၄။ လုပ်ကျွေးပြုစုမှု၌ အကောင်းဆုံး၊ ၅။ အကြားအမြင် အများဆုံး။)
၁၀၅။ အရဟတ္တမဂ်ဉာဏ်=ကိလေသာရန်သူကို အကြွင်းမဲ့ပယ်သတ်တတ်သော မဂ်ဉာဏ်။
၁၀၆။ ဗောဓိမဏ္ဍိုင်=သဗ္ဗညုတဉာဏ်တော်၏ကြည်လင်ရာ ဗောဓိပင်နှင့် ရွှေပလ္လင်။
၁၀၇။ သဗ္ဗညုတဉာဏ်=အလုံးစုံသော တရားအပေါင်းကို သိတတ်သောဉာဏ်။
၁၀၈။ ဃ ၉ ကြောင်းစာ=ပေတစ်ချပ်လျှင် ၉ ကြောင်း ရှိသောစာ။
၁၀၉။ ၄ အင်္ဂါ=တစ်အင်္ဂါလျှင် ၁၂ ချပ်၊ ၄ အင်္ဂါ ၄၈ ချပ်။
၁၁၀။ အယုဒ္ဓိဟ=၂ လုံး ၂ ခွ ယှဉ်မှားခြင်း။
၁၁၁။ ဝါန=ဘဝဟောင်းဘဝသစ် ချုပ်စပ်တတ်ခြင်း (တဏှာ)
၁၁၂။ ဒွယတြိ၊ ဒွိသတ္တ=ဒွယ ၂, တြိ ၃, ဒွိ ၂, သတ္တ ၇၊ ၎င်းသင်္ချာများကို ဆက်စပ်၍ ၂၃၂၇ ခု ဖြစ်၏။
၁၁၃။ ဇော်,ဇက,ဇယ,ပဉ္စ=ဇော် ၁, ဇက ၁, ဇယ ၄, ပဉ္စ ၅၊ ၎င်းသင်္ချာများကို ဆက်စပ်၍ ၁၁၄၅ ခု ဖြစ်၏။
၁၁၄။ မဟာအမရ=သေခြင်းမရှိရာ အမရပူရနေပြည် (တောင်မြို့)
၁၁၅။ နရထိပ်ပန်း=လူတို့၏ဦးထိပ်တွင် ပန်ဆင်အပ်သော ပန်းသဖွယ်ဖြစ်သောမင်း။
၁၁၆။ ပဒ္မုန်-ပဒ္မုန္န=ခေါ် မိုးနတ်သား။

ပန်းချေပြည်အောင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ဝေဿန္တရာဇာတ်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ

'ဝေရံ အဝေရေန၊ ပဝေဇယန္တံ၊ သန္တံ  အသန္တံ ဝုပသန္တကံပိ။
တတျံ မမာလင်္ကာရံ ပဏမျ၊ ရာသိဿ ပါဒါဒိ တနာမ ဝါစေ။  ။'[ဣန္ဒဝဇိရာ ဂါထာ။]

အဟံ၊ အကျွန်ုပ်သည်။ဝေရံ၊ ဒေဝဒတ်, စိဉ္စမာနဝိကာ အစရှိသော ယုတ်မာညစ်ဆိုး ရန်သူမျိုးကို။ အဝေရေန၊ ရန်တုံ့မမူ ကြည်ဖြူမြတ်လေး မွေးကြိုင်စွာသော မဟာကရုဏာ မေတ္တာတော်ဖြင့်။ဝါ–ဝေရံ၊ ၁၅၀၀ ကိလေသာတည်းဟူသော အတွင်းရန်ကို။ အဝေရေန၊ ကိလေသာမကပ်သော အရဟတ္တမဂ်ဉာဏ်ဖြင့်။ ပဝေဇယန္တံ၊ မကြွင်းမကျန် ပယ်လှန်နှိပ်ကွပ်လျက် သဗ္ဗညုတအထွတ် အရိယမဂ်ဉာဏ် ဝေဇယန်ရွှေနန်းသခင် ဘုရင်တကာတို့၏သေဋ္ဌနင်း ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရားကို လည်းကောင်း။ သန္တဉ္စ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ချိုးမွှမ်းအပ်မြတ်သော ၁၀ပါးသော တရားတော်မြတ်ကို လည်းကောင်း။ အသန္တံ ဝုပသန္တကံပိ၊ မသူတော်တရားကို ငြိမ်းစေသောအားဖြင့် သူတော်ကောင်းတရားနှင့်ပြည့်စုံသော ပရမတ္ထသံဃာ, သမ္မုတိသံဃာတော် အပေါင်းကို လည်းကောင်း။ တတျံ–တံ ရတနာတ္တယံ၊ ထို ရတနာ ၃ ပါး တို့၏အပေါင်းကို။ ပဏာမာမိ၊ ရှိခိုးပါ၏။ မမ၊ ငါ၏။ အလင်္ကာရံ၊ တတ်လိမ္မာကြောင်း ကောင်းမြတ်လှစွာ ပညာသုတတည်းဟူသော တန်ဆာဆင်ခြင်းကို ပြုတတ်ထသော။ ဝါ–မမ၊ အကျွန်ုပ်ကို။ အလင်္ကာရံ၊ ဆုံးမပဲ့ပြင် သင်ကြားခြင်း နည်းဥပဒေသ သုတပညာဖြင့် တန်ဆာဆင်တော်မူတတ်သော။ ဝါ–မမာလင်္ကာရံ၊ မင်းပုဏ္ဏားအစရှိသော ပရိသတ် ၄ ပါးတို့၏ မြတ်နိုးကြည်ညိုဖွယ် စင်ကြယ်သောသီလစရ ၂ ဖြာတည်းဟူသော တန်ဆာဖြင့် တင့်တယ်သော ဂုဏ်အသရေ ရှိတော်မူထသော။ ဂရုမ္ပိ၊ ဆရာ ကျေးဇူးရှင်ကိုလည်း။ ပဏာမာမိ၊ ရှိခိုးပါ၏။ ပဏမျ၊ ရှိခိုးဦး၍။ အဿဝုတ္တဿ၊ ဤပဏာမဂါထာ၏။ ပါဒါဒိ၊ ၄ ပါဒအစဉ္ဖြ တည်သော အက္ခရာ ၄ လုံးကို။ ရာသိသမ္ဗန္ဓကတွာ၊ အစဉ်အတိုင်း စပ်ယှဉ်၍။ တနာမံ–တေန အက္ခရေန လဒ္ဓနာမကံ၊ ထိုအက္ခရာ ၄ လုံးဖြင့် "ဝေဿန္တရာ"ဟု ရအပ်သောအမည်ရှိသော ဇာတ်တော်ကို။ မြန်မာဘာသာယ၊ မြန်မာတို့ဘာသာ သိသာမှတ်လွယ် ဓိပ္ပာယ်ထုတ်ဖွေ စကားပြေဖြင့်။ ဝါစေ–ဝါစေဿံ၊ ယာစကပုဂ္ဂိုလ်၏ အလိုနှင့်လျော်စွာ ဒေသနာရင်း မကြွင်းကုန်စင် ရေးစီရင်အံ့။

[ဤဂါထာ၌ ၄ ပါဒ၏ အက္ခရာ ၄ လုံးဟူသည်ကား ပထမပါဒ၌ ဝေ–ဟူသော အက္ခရာ, ဒုတိယ ပါဒ၌ သန်–ဟူသော အက္ခရာ, တတိယပါဒ၌ တ–ဟူသော အက္ခရာ , စတုတ္ထပါဒ၌ ရာ–ဟူသောအက္ခရာ၊ ဤ ၄ လုံးကို အစဉ်အတိုင်း ဝေဿန္တရာ ဟု ယှဉ်၍ ဤဇာတ်တော်၏အမည်ကိုယူပါ ဆိုလိုသည်။]



www.burmeseclassic.com

www.burmeseclassic.com

[illegible]

"ယောင်သားရဲတို့သည်လည်း

ခွန်အားနှင့်ပြည့်စုံစွာသော သားရဲတို့ပေတည်း။

ငါ ဇာ်သည်လည်း

မိမျိုးဘမျိုးမှ ထီးရိုးနန်းစဉ်မပျက်သော မင်းသမီးလျှင်တည်း။

ထိုသို့ မင်းဆျင်း သရေဘာ တူသောအားဖြင့်

သင်တို့အား မောင်တော် မှတ်ပါ၏။

ငါ့အား နှမတဲ့သို့ မှတ်၍

ချစ်ခြင်းဖြင့် သွားရာလမ်းကို ပေးပါကုန်လော့"

"သင်၏ ဥစ္စာရတနာ များစွာတို့ကို

ကျိုကျွတ်ကိုက်တာ မြေတွင်း သွင်းမြှုပ် သိမ်းထားခြားသော်လည်း

၅ ပါးရန်သူ မနှောင့်ယှက်စေကာမူ

တစ်သက်တာမျှ၍ အခိုက်အတန့်သာ တည်သည်ဖြစ်၍ မလုံခြုံသေး၏

သီလဝန္တဖြစ်သော အလှူခံမြေခိုင်နိုင်၌

မယိုင်မပြို ကြည်ညိုခြင်း သဒ္ဒါတိုက်ကြီးဖွဲ့၍

ငွဲကျွက်ပိတ်သို ဝန်တိုခြင်း မြူဆေးညိုမတင်သော လွတ်လွတ်ပေးလှူခြင်းစေတနာဖြင့်

ရတနာအစစ် ဥစ္စာနစ်ကို ကျစ်လစ်သေချာစွာ မြှုပ်ထားလော့။

ဤလှူဒါန်းခြင်းဖြင့် ရွှေအိုးကိုသာ

သံသရာအဆက်ဆက် အရိပ်သဖွယ် ကိုယ်နှင့်ထက်ကြပ်လိုက်လျက်

သုံးဆောင်၍မကုန်နိုင်သော အနာဂါမိက ရွှေအိုး ဖြစ်သည်။

ဤရွှေအိုးထက် ခိုင်လုံသောရွှေအိုး မည်သည် မရှိ"

www.burmeseclassic.com

www.burmeseclassic.com



နံ့နက်မိုးသောက်လတ်သော် အလုံးစုံသော အမှုတို့ကို မိမိဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်၍ သူငယ် ၂ယောက်တို့၏ နဖူး၊ ဦးခေါင်းတို့ကို နမ်းလျက်၊ "ချစ်သား၊ ချစ်သမီးတို့၊ ငါသည် ယနေ့ညဉ့် အိပ်မက် မကောင်းမြင်သည်၊ သင်တို့မမေ့လျော့ကြကုန်လင့်" ဟု သွန်သင်ပြီးလျှင် မင်းကြီးအားလည်း "အရှင်မင်းကြီး၊ သူငယ်၂ယောက်တို့ကို မမေ့မလျော့ ကြည့်ရှုတော်မူရစ်ပါ" ဟုဆို၍


www.burmeseclassic.com

www.burmeseclassic.com

"ပေါင်သာစံကိုသည်လည်း
ခွန်အားနှင့်ပြည့်စုံသွားသော သားရဲတို့ပေတည်း။
ငါ တို့သည်လည်း
မိမိကြောင့်မှု၊ အိတ်ဆို့နှင့်ဆင့်ပေါက်သော မင်းသမီးကျွန်တော်တည်း။
ထို့ကြောင့် မင်းကျင်း၊ သဘော ဤသူသောကာကြွင်း
သင်တို့အား ဆောင်ပေ၏ မှတ်ပါလော်
ငါအား နောက်သို့ မှတ်၍
လှုပ်ရှားခြင်း သွားရာလမ်းကို မေ့ပါကုန်လော့"

"သင်၏ ဥစ္စာဓနာ များစွာတို့ကို
ကျိုးကျွတ်ကိုက်တော မြေကွင်း၊ သွင်းမြှုပ် သိမ်းထားခြင်းသော်လည်း
၅ ပါးရန်သူ မနှောင့်ယှက်စေကာမူ
တစ်သက်တာမျှ အခိုက်အတန့်သာ တည်သည်ဖြစ်၍ မလုံခြုံသော
သီလသုမ္မာဖြစ်သော အကျင့်မြင့်မြင့်ဖြင့်
မယိုင်မယို ကြည်ညိုခြင်း သဒ္ဓါတိုက်ကြီးထဲ၌
ငုံကျက်မိတ်သို ခန့်တိုင်ခြင်း မြဲမြဲချည်နှောင်သော ရှက်ကြောက်စေသော ကျင့်ခြင်းစေတနာဖြင့်
ရတနာအစစ် ဥစ္စာနှံကို ကျစ်လစ်သေချာစွာ မြှုပ်ထားလော့။
ဤလျှော်နိမ့်မြင့်ခြင်း ရွှေအိုးကိုသာ
သံသရာအဆက်ဆက် အခိုင်သခွယ် ကိုယ်နှင့်အကျိုးကြိုက်ကျွက်
သုံးဆောင်၍မကုန်နိုင်သော အနုဂါမိက ရွှေအိုး ဖြစ်သည်။
ဤရွှေအိုးထက် ခိုင်လုံသောရွှေအိုး မည်သည် မရှိ"

www.burmeseclassic.com



နံနက်မိုးသောက်လတ်သော် အလုံးစုံသော အမှုတို့ကို မိမိဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်၍ သူငယ် ၂ယောက်တို့၏ နဖူး၊ ဦးခေါင်းတို့ကို နမ်းလျက်၊ "ချစ်သား၊ ချစ်သမီးတို့၊ ငါသည် ယနေ့ည၌ အိပ်မက် မကောင်းမြင်သည်။ သင်တို့မမေ့မလျော့ကြကုန်လင့်" ဟု သွန်သင်ပြီးလျှင် မင်းကြီးအားလည်း "အရှင်မင်းကြီး၊ သူငယ်၂ယောက်တို့ကို မမေ့မလျော့ ကြည့်ရှုတော်မူရစ်ပါ" ဟုဆို၍

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

သဗ္ဗညုမြတ်စွာဘုရားသည် ကပိလဝတ်[၁]ပြည် နိဂြောဓာရုံ[၂]ကျောင်း၌ နေတော်မူသောအခါ ကြာတော၌ ရွာသောမိုးနှင့် တူသောမိုးကို အကြောင်းပြု၍ 'ဖုဿတိဝရ ဝဏ္ဏာဘော' အစရှိသော ဂါထာ ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော ဤ'ဝေဿန္တရာ'ဇာတ်တော်ကို ဟောတော်မူ၏။

### နိဒါန်းအကျယ်ကား

မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်[၃]၌ သဗ္ဗညုတဉာဏ်[၄] အထွတ်အမြတ်သို့ ရောက်တော်မူသည်မှ သတ္တဋ္ဌာန[၅]၌ သတ္တသတ္တာဟ[၆]ကို လွန်ပြီးသော် ဝါဆိုလပြည့်နေ့၌ ဗာရာဏသီ[၇]ပြည် မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဤပဉ္စဝဂ္ဂီ[၉] ရသေ့ ၅ ယောက်တို့အား ဓမ္မစက္ကသုတ္တန်[၁၀] ဒေသနာတော်မြတ်ကို ဟောတော်မူသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၌တည်စေလျက် ဧဟိဘိက္ခု ဥပသမ္ပဒ[၁၁] ဖြစ်ပြီးသော် ပဉ္စဝဂ္ဂီ ရဟန်းတို့နှင့် မိဂဒါဝုန်တော၌ပင် ဝါကပ်တော်မူ၍ ဝါခေါင်လပြည့်ကျော်လျှင် ယသဝဂ္ဂီ, ဘဒ္ဒဝဂ္ဂီ တို့အား လည်းကောင်း, ဥရုဝေလ ကဿပအစရှိသော ရသေ့ညီနောင် ၃ ယောက်တို့နှင့် ၁၀၀၀ သော ရသေ့တို့အား လည်းကောင်း, ဧဟိဘိက္ခု ဥပသမ္ပဒအဖြစ်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၌ တည်စေပြီးသော်၊ ဥရုဝေလကဿပ အစရှိသော ရဟန္တာ[၁၂] ၁၀၀၀ ခြံရံလျက် ဗိမ္ဗိသာရမင်းကြီး[၁၃]အား ဘုရားမဖြစ်မီက ပဋိညာဉ်[၁၄] ရှိတော်မူသည်နှင့် လျော်ညီစွာ ရာဇဂြိုဟ်[၁၅]ပြည်သို့ကြွတော်မူ၍ ဝေဠုဝန်[၁၆]ကျောင်းတော်၌ ဆောင်းလရာသီကိုလွန်စေ၍ ဥပတိဿရွာသူကြီး ဝင်္ဂန္တပုဏ္ဏားၢ၏သား ဥပတိဿပရိဗိုဇ်[၁၇], ကောလိတ ရွာသူကြီး၏သား ကောလိတပရိဗိုဇ် ဤ ပရိဗိုဇ်ရဟန်း အဆွေခင်ပွန်း ၂ ယောက်တို့သည် အမြိုက်တရားကို ရှာကြလေသော် ပဉ္စဝဂ္ဂီ ၅ ယောက် တို့တွင် အငယ်ဆုံးဖြစ်သော အဿဇိထေရ်၏တရားတော်ကို ကြားနာရ၍ သောတာပန်[၁၈]ဖြစ်ပြီးမှ မြတ်စွာဘုရားထံသို့ လာလတ်သဖြင့်၊ ဆောင်းလရာသီ တပို့တွဲလဆန်း ၁ ရက်နေ့တွင် ဧဟိဘိက္ခု ရဟန်းဖြစ်ကြ၍ ကောလိတထေရ်သည် လဆန်း ၇ ရက်နေ့, ဥပတိဿထေရ်သည် လပြည့်နေ့ ရဟန္တာဖြစ်ပြီးသော်၊ ဥပတိဿထေရ်ကို 'သာရိပုတ္တရာ' ဟူသော အမည်ဖြင့် လက်ယာရံ ပထမအဂ္ဂသာဝကအရာ၌ ထားတော်မူ၏။ ကောလိတထေရ်ကို 'မောဂ္ဂလာန်' ဟူသော အမည်ဖြင့် လက်ဝဲရံ ဒုတိယအဂ္ဂသာဝကအရာ၌ ထားတော်မူ၏။ တစ်ပါးသော အမျိုးသားတို့သည်လည်း ရဟန်းပြုကြသဖြင့် ရာဇဂြိုဟ်ပြည်သား ရဟန္တာအပေါင်း ၁ သောင်းအရေအတွက် ရှိ၏။

ရာဇဂြိုဟ်ပြည်၌ ဘုရားရှိတော်မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒန[၁၉]မင်းကြီးကြား၍ အမတ် ၉ ယောက်တို့ကို အခြံအရံ ၁၀၀၀ စီနှင့် မြတ်စွာဘုရားအား အပင့်အလျှောက် ၉ ခေါက် ၉ ကြိမ် စေလွှတ်သမျှ ပရိသတ်တို့လည်း ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကြကုန်၏။ နောက်ဆုံး ဖွားဖက်တော်[၂၀] ကာဠုဒါယီအမတ်ကြီးကို အခြံအရံ ၁၀၀၀ နှင့် စေလွှတ်ပြန်၏။ ထိုသူတို့လည်း ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကြသဖြင့် ကပိလဝတ်ပြည်သား ရဟန္တာပေါင်း ၁ သောင်း အရေအတွက် ရှိ၏။ ဤသို့ ရဟန္တာပေါင်း ၂ သောင်းအခြံအရံရှိပြီးသော်

www.burmeseclassic.com



မြတ်စွာဘုရားကို တပေါင်းလပြည့်နေ့၌ ကာဠုဒါယီထေရ်သည် ခမည်းတော်မင်းကြီး လျှောက်ထား ပင့်ဖိတ်သည့်စကား နား၌ နာပျော်ဖွယ် ၆၀ သောဂါထာတို့ဖြင့် ပြည်တော်သို့ ကြွတော်မူပါမည့်အကြောင်းကို လျှောက်ထား တောင်းပန် သောကြောင့် ကာဠုဒါယီထေရ်လျှင် ခရီးလမ်းညွှန်ရှိသည်ဖြစ်၍ ၂ သောင်းအရေအတွက်ရှိသော ရဟန္တာ အပေါင်းခြံရံလျက် ယူဇနာ[၂၁] ၆၀ ကွာသော ကပိလဝတ်နေပြည်တော်သို့ ပကတိလူတို့၏ အသာအယာသွားခြင်းဖြင့် တစ်ရက်လျှင် တစ်ယူဇနာကျ ၂ လတိုင်တိုင်ကြွတော်မူ၍ ကဆုန်လပြည့်နေ့ ဆိုက်ရောက်တော်မူလေ၏။

[ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်ပြည် ယူဇနာ ၆၀ ကွာကြောင်း ၂ လဖြင့် ဆိုက်ရောက်တော်မူကြောင်းကို ဤဓာတ်တော်တွင် မလာသော်လည်း စရိယာပိဋက အဋ္ဌကထာ၌ 'ကာဠုဒါယိတ္ထေရေန ရညော အဓိပ္ပါယေ အာရောစိတေ ဘဂဝါ ဝီသတိသဟဿခီဏာသဝပရိဝုတော ရာဇဂဟတော နိက္ခမိတွာ သဋ္ဌိယောဇနံ ကပိလဝတ္ထုံ ဒွိဟိမာသေဟိ သမ္ပာပုဏိ'ဟု လာသောကြောင့် သိရသတည်း။]

ကာဠုဒါယိတ္ထေရေန၊ ကာဠုဒါယီမထေရ်သည်။ ရညော၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏။ အဓိပ္ပါယေ၊ အလိုကို။ အာရောစိတေ၊ ကြားလျှောက်အပ်သည်ရှိသော်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝီသတိသဟဿ ခီဏာ သဝပရိဝုတော၊ ရဟန္တာအပေါင်း ၂ သောင်းခြံရံလျက်။ ရာဇဂဟတော၊ ရာဇဂြိုဟ်ပြည်မှ။ နိက္ခမိတွာ၊ ထွက်တော်မူ၍။ သဋ္ဌိယောဇနံ၊ ယူဇန ၆၀ ကွာသော။ ကပိလဝတ္ထုံ၊ ကပိလဝတ်ပြည်သို့။ ဒွိဟိမာသေဟိ၊ နှစ်လတို့ဖြင့်။ သမ္ပာပုဏိ၊ ရောက်တော်မူလေ၏။ ဤကား အနက်။ ကာဠုဒါယီထေရ်သည် ခမည်းတော်သုဒ္ဓေါဒန မင်းကြီး၏ အလိုကို ကြားလျှောက်အပ်သည်ရှိသော် မြတ်စွာဘုရားသည် ရဟန္တာအပေါင်း ၂ သောင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍ ယူဇနာ ၆၀ ကွာသော ကပိလဝတ်ပြည်သို့ ၂ လဖြင့် ရောက်တော်မူ၏။ ။ စရိယာပိဋက အဋ္ဌကထာအလို။]

ထိုအခါ သာကီဝင်[၂၂]မင်းတို့သည်လည်း "ငါတို့၏အဆွေအမျိုး၏ အထွတ်အညွန့်ဖြစ်သော သိဒ္ဓတ်[၂၃]သတို့သားကို ဖူးမြင်ရကုန်အံ့"ဟု အညီအညွတ်စည်းဝေး၍ ကျောင်းနေရာကိုစူးစမ်းကြည့်ရှုကြသော် နိဂြောဓအမည်ရှိသော သာကီဝင်မင်းသား၏ဥယျာဉ်သည် နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ထို နိဂြောဓဥယျာဉ်၌ ကျောင်းနေရာပြင်ဆင်အံ့သောငှာ လျောက်ပတ်၏' ဟု တိုင်ပင်ညီညွတ်ကြသဖြင့် ထိုဥယျာဉ်၌ ကျောင်းနေရာ အလုံးစုံကို သုတ်သင်ခင်းကျင်း စီရင်ပြီးလျှင် ပန်း, နံ့သာ စသည်တို့ကို လက်စွဲကုန်လျက် ခရီးဦးကြိုဆိုအံ့သောငှာ မြို့သူမြို့သားတို့၏ သားငယ်, သမီးငယ်တို့ကို အဝတ်တန်ဆာဆင်စေ၍ ရှေးဦးစွာ ကြိုဆိုစေ၏။ထို သတို့ သားငယ်,သမီးငယ်တို့၏နောက် သာကီဝင်မင်းသား, မင်းသမီးတို့ကိုလည်း ကြိုဆိုစေ၏။ ထို မင်းသား, မင်းသမီး; တို့၏ အကြား နောက်ကွယ်ရာကနေလျက် သာကီဝင်မင်း,မိဖုရားတို့သည် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်၍ မြတ်စွာဘုရားကို နိဂြောဓာရုံကျောင်းသို့ ပင့်ဆောင်ကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန္တာ ၂ သောင်းခြံရံလျက် ကြယ်အပေါင်းတို့ဖြင့်ခြံရံအပ်သော လပြည့်ဝန်း၏တင့်တယ်ခြင်းကဲ့သို့ တင့်တယ်သော အရောင်အသရေတော်ဖြင့် နိဂြောဓာရုံကျောင်းတော်တွင် ခင်းအပ်သော မြတ်သောဘုရားနေရာ၌ နေတော်မူ၏။

ထိုအခါ သာကီဝင်မင်းတို့သည် မဟာသမ္မတ[၂၄]မင်းမှဆင်းသက်၍ မပြတ်သော မင်းရိုးအမျိုးမာန်ဖြင့် ယစ်သည်[၂၅]ဖြစ်၍ အလွန် ခက်ထန်ကုန်၏။ထိုအခါ မြတ်စွာဘုရား၏ခမည်းတော်, ဘထွေးတော်,မိထွေးတော်, ဦးရီးတော်, အရီးတော်,အစ်ကို,ဘိုးဘွား တော်စပ်သည့် သာကီဝင်မင်း,မိဖုရားတို့သည် 'ဤသိဒ္ဓတ်သတို့သားကား



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အောက် အသက်အရွယ် ငယ်သေး၏။ ငါတို့၏ သားတည်း။ ငါတို့၏ တူတည်း။ငါတို့၏ ညီတည်း။ ငါတို့၏ မြေးတည်း'ဟု အကြံရှိ၍၊ "မင်းသားငယ်, မင်းသမီးငယ်တို့ကို သင်တို့ ရှိခိုးကြကုန်။ ငါတို့ကား သင်တို့၏နောက်၌ နေကုန်အံ့"ဟု ဆိုကြကုန်၏။

ထို သာကီဝင် မင်းသား, မင်းသမီးအပေါင်းတို့သည် မိမိတို့၏ ဝယဝုဒ္ဓိ[၂၆]ဂုဏ်ကို ကိုး၍ ရှိခိုးခညွတ်ခြင်း မရှိကြောင်းကိုသိမြင်တော်မူလျှင်၊ 'ငါ၏ဆွေတော်မျိုးတော်တို့သည် ငါ့ကိုရှိမခိုးဘဲ နေကြကုန်၏။ ယခု ငါ့ကို ရှိခိုးစေအံ့'ဟု ကြံတော်မူ၍၊ အဘိညာဉ်[၂၇]၏အခြေဖြစ်သော စတုတ္ထဈာန်[၂၈]ကို ဝင်စားပြီးလျှင် ထိုဈာန်ကို အခြေပြုသောအားဖြင့် ထတော်မူပြီးမှ ကောင်းကင်သို့ကြွတော်မူ၍ သာကီဝင်မင်းတို့ဦးခေါင်းပေါ်၌ ခြေစက်တော် ဖဝါးအစုံမှ မြူမှုန်မြေမှုန်တို့ကို ကျလျှောစေတော်မူ၍ မအံ့သြနိုင်သော ယမိုက်ပြာဋိဟာ[၂၉]ကို ပြတော်မူ၏။

[ထို ဆွေတော်မျိုးတော်တို့ပွဲ၌ ပြအပ်သောယမိုက်ပြာဋိဟာသည် သာဝတ္ထိပြည်၌ ကဏ္ဍ အမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်ပျိုးအပ်သောသရက်ပင် ဖြစ်သောကြောင့် 'ကဏ္ဍမ္ဗ' အမည်ကိုရသော သရက်ပင်ကြီးကို အမှီပြု၍ တိတ္ထိတက္ကတွန်းတို့၏မိစ္ဆာတံခွန်ကို ပယ်နှိမ်ချိုးဖြတ်ခြင်းငှာ ပြတော်မူအပ်သော ယမိုက်ပြာဋိဟာနှင့် အတူတူတည်း။]

ထိုသို့သောပြာဋိဟာကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမြင်လျှင် ရှင်ပျသောနှလုံးဖြင့် ယူကျုံးမရ ခညွတ်မြတ်နိုး ရှိခိုးလို၍ ကြည်ညိုလှစွာ ဆရာရှေ့မှောက် တပည့်လျှောက်သကဲ့သို့ လျှောက်သည်ကား

"နှစ်လို့မဆုံး ဘုန်းတော်နှင့်ပြည့်စုံတော်မူသော တရားမင်း အရှင်ဘုရား။ ဖွားတော်မူသည့်နေ့၌ အကျွန်ုပ်ကိုးကွယ်သော ကာဠဒေဝိလရှင်ရသေ့ နန်းတော်သို့ ကြွလာသောကြောင့် ရှင်ရသေ့အား ရှိခိုးစိမ့်သောငှာ အရှင်ဘုရားကို ဦးဖြင့် ရှင်ရသေ့သို့ညွတ်စေပါသော်လည်း ဦးညွတ်မခံ ခြေတော်ဆန့်၍ ဈာန်ရသော ရှင်ရသေ့ထိပ်ပေါ်၌ ခြေတော်တည်သည်ကို မြင်ရစဉ်ကပင်လျှင် အရှင်ဘုရား၏ခြေတော်စုံကို ကြာငုံလက်အုပ်ဖြင့်[၃၀] အကျွန်ုပ် ရှိခိုးရ၏။ ထိုသို့ရှိခိုးခြင်းသည် ရှေးဦးစွာသော ရှိခိုးခြင်းတည်း။

"ထို့နောင် လယ်ထွန်မင်္ဂလာ ပြုသောအခါ၌လည်း သပြေပင်ရိပ်တွင် ကျက်သရေရှိသောအိပ်ရာ၌ အရှင်ဘုရားကို သိပ်ထားမြူးပျော်စေ၏။ ထိုအခါ နေဝန်းသည် လှည့်လည်၍သွားလျက် ခက်လက်ညွန့်ဝေ သပြေပင်ရိပ်မလည်ဘဲ နေခြည်မထိုးရအောင် မိုးမြဲတိုင်းမိုးကာ၍ နေသည်ကို မြင်ရပြန်၍လည်း တစ်ဖန် တစ်ကြိမ် ဦးနှိမ်မြတ်နိုး ရှိခိုးရ၏။ ထိုသို့ရှိခိုးခြင်းသည် ၂ ကြိမ်မြောက်သော အကျွန်ုပ်၏ ရှိခိုးခြင်းတည်း။"

"ဤယခုလည်း ရှု၍ထင်ထင် မမြင်စဖူး အထူးထူးအဆန်းဆန်း ချီးမွမ်း၍မကုန်နိုင်သော ယမိုက်ပြာဋိဟာကို မြင်ပြန်ရသဖြင့်လည်း ဆင့်လောင်း၍ယုံကြည်လျက် အစုံသောခြေတော်မြတ်ကို ဦးညွတ်မြတ်နိုး ရှိခိုးပူဇော်ပါ၏။ ဤရှိခိုးခြင်းသည် ၃ကြိမ်မြောက်သော အကျွန်ုပ်၏ ရှိခိုးခြင်းတည်း"ဟုလျှောက်၍ရှိခိုး၏။

ခမည်းတော်မင်းကြီး ရှိခိုးသည်ရှိသော် တစ်စုံတစ်ယောက်သောသူမျှ ရှိမခိုးဘဲနေခြင်းငှာ မဝံ့ကုန်၍ အလုံးစုံသောဆွေတော်မျိုးတော်တို့သည် ပူဇော်မြတ်နိုး ရှိခိုးညွတ်ပျောင်းလျက် ကောင်းစွာဆုံးမအပ်ပြီးသော တပည့်သာဝကကဲ့သို့ချည်း ဖြစ်ကြကုန်၏။

ဤသို့ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့၏မာနစွယ်[၃၁]ကို နုတ်ပယ်ဖြတ်ချိုး ရှိခိုးစေပြီးလျှင် ကောင်းကင်မှသက်တော်မူ၍ ခင်းအပ်သော မြတ်သောဘုရားနေရာတော်၌ ထိုင်နေတော်မူ၏။

အလုံးစုံသော သာကီဝင်အပေါင်းတို့သည် ညွတ်ပျောင်းသောစိတ်ဖြင့် အဆိပ်အတောက်ကင်းလျက် ငြိမ်သက်တည်ကြည်ကြပြီးသည့်အဆုံး၌ ကောင်းကင်အလုံး ထစ်ချုန်းမြည်ကြိုး[၃၂]၍ မိုးတိမ်အထပ်ထပ်တက်



www.burmeseclassic.com

www.burmeseclassic.com



လတ်သဖြင့် ရွက်ချပ်ရွက်လွှာပဒုမ္မာကြာတော၌ ရွာသောမိုးပေါက်ကဲ့သို့ ဖြိုးမောက်ချမ်းအေး ကြေးနီအဆင်းနှင့်တူသော ရေအလျဉ်စီးလျက် မိုကြီးသည်းထန်စွာ ရွာ၏။

ထိုမိုးသည် စွတ်လိုသောသူသာ စွတ်၏။ မစွတ်လိုသောသူ၏ကိုယ်၌ တစ်ပေါက်မျှ မကျ။ ထိုအခြင်းအရာကိုမြင်၍ ခပ်သိမ်းကုန်သောပရိသတ်တို့သည် ရင်သပ်ရှုမော အံ့သြကုန်လျက် အဆက်ဆက်ကာလက ကြားမျှမကြားစဖူး ထူးထူးခြားခြား ဘုရားသခင့်အာနုဘော်တော်ကြောင့် ဆွေတော်မျိုးတော်အစည်းအဝေး၌ နီတွေးသောအရောင်အဝါဖြင့် ကြာတော၌ရွာသော မိုးကဲ့သို့ အချို့ကားစွတ် အချို့လွတ်နှင့် မြတ်လှသောမိုးကြီးသည်းစွာရွာ၏။ "အလွန်အံ့သြဖွယ် ရှိစွတကား"ဟု စကားဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုပရိသတ်တို့ အံ့သြသောစကားကိုကြားတော်မူ၍၊

"ရဟန်းတို့။ ယခုသာလျှင် ဆွေတော်မျိုးတော်တို့အစည်းအဝေး၌ မိုးကြီးသည် ကြာတော၌ရွာသကဲ့သို့ အံ့သြဖွယ်ကိုဖြစ်စေလျက် ရွာသည် မဟုတ်။ ငါဘုရားသည် ရှေးပါရမီကို ဖြည့်သောအခါ၌လည်း ဆွေမျိုးအစည်းအဝေး၌ ပေါက္ခရမိုး[၃၃]သည် ရွာဖူး၏"ဟု မိန့်တော်မူ၍ ဖလသမာပတ်[၃၄]ဝင်စားသောအားဖြင့် ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ရဟန်းတို့သည် "ရှေး၌ ရွာဖူးကြောင်းကို ဟောတော်မူပါ"ဟု လျှောက်တောင်းပန်လတ်သော်၊ မြတ်စွာဘုရားသည် တပည့် သားတော်တို့ မေးလျှောက်တောင်းပန်သည့်စကားနှင့်တန်ရုံ ပေါက္ခရမိုးရွာခြင်းကိုသာ မဟောမူ၍၊ အသီးကိုမေးလျှင် အပင်နှင့်တကွ ညွှန်ပြဘိသကဲ့သို့ ဝေနေယျ[၃၅]တို့၏အလိုကို သိတော်မူလှသောအားဖြင့် ကရားမှထွက်သော ရေအလျဉ်ကဲ့သို့ စကားစဉ်မပြတ် အဋ္ဌုပ္ပတ္တိ[၃၆] မကြွင်းမကျန် ဤ'ဝေဿန္တရာဇာတ်တော်'ကို ဆောင်၍ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဓနသန္တ ရာဇာတ်တော်ကြီး ဝတ္ထု

## ၁။ ဖုဿတီမိဖုရား ဆုတောင်းခန်း

ရှေးလွန်လေပြီးသောအခါ သိဝိတိုင်း[၃၇]စေတုတ္တရာပြည် [၃၈]၌ သိဝိရာဇ်မင်းကြီး မင်းပြု၏။ ထို သိဝိရာဇ်မင်းကြီး၏သားတော်ကား သိဉ္စည်း[၃၉]အမည်ရှိ၏။ ထို သိဉ္စည်းမင်းသားသည် အရွယ်သို့ရောက်လတ်သော် မဒ္ဒရာဇ်မင်း၏သမီး ဖုဿတီ အမည်ရှိသောမင်းသမီးကို ဆောင်ယူစေ၍ ထိမ်းမြားလက်ထပ်ပြုပြီးလျှင် ခမည်းတော် သိဝိရာဇ်မင်းကြီးသည် သားတော်သိဉ္စည်းမင်းသားအား ထီးနန်းကို အပ်နှင်း၏။ သိဉ္စည်းမင်းသည်လည်း ဖုဿတီမင်းသမီးအား မိဖုရားကြီးအရာကို ပေး၏။

ထို ဖုဿတီမိဖုရား၏ ရှေး၌ဆုတောင်းသော အစဉ်အတ္တုပ္ပတ္တိကား ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ၉၁ ကမ္ဘာထက်၌ ဝိပဿီ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထို ဝိပဿီမြတ်စွာဘုရားသည် ဗန္ဓုမတီ အမည်ရှိသော ပြည်ကိုမှီ၍ ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်ဥယျာဉ်၌ နေတော်မူသောအခါ ဗန္ဓုမတီပြည်ကို အစိုးရသော ဗန္ဓုမတီမင်းအား တစ်ပါးတစ်နိုင်ငံမင်းက အဖိုးများစွာထိုက်သော စန္ဒကူးနံ့သာနှစ်နှင့် အဖိုးများစွာ ထိုက်သော ရွှေပန်းကုံးကို ဆက်သလာ၏။

ဗန္ဓုမတီမင်း၌ကား သမီးတော်၂ ယောက်ရှိ၍ ထိုလက်ဆောင်ကို သမီးတော်တို့အား ပေးလိုသဖြင့် စန္ဒကူးနံ့သာနှစ်ကို သမီးတော်အကြီးအား ပေး၏။ ရွှေပန်းကုံးကို သမီးတော် အငယ်အား ပေး၏။

ထို မင်းသမီး ၂ ယောက်တို့သည်လည်း 'ဤစန္ဒကူးနှစ် ရွှေပန်းကုံးတို့ကို ငါတို့ မလိမ်းမဆင်လိုပြီ။ မြတ်စွာဘုရားကိုသာ ပူဇော်အံ့'ဟု ကြံပြီးသော်၊ ခမည်းတော်မင်းကြီးအား အကြောင်းကိုလျှောက်ထား၍၊ "ကောင်းပြီ။ ပူဇော်ကြတော့"ဟု မင်းကြီးဆိုလျှင် သမီးတော်အကြီးသည် စန္ဒကူးနံ့သာနှစ်ကို အထုံအမှုန့်ပြုပြီးမှ ရွှေပန်းကလပ်ပေါ်၌ အပြည့်ထည့်၍၊ သမီးတော်အငယ်လည်း ရွှေပန်းကုံးကို ရင်လွှမ်းတန်ဆာပြုပြီးမှ ရွှေပန်းကလပ်ပေါ်၌တင်၍ ဆောင်ယူစေလျက်၊ မင်းသမီး ၂ ယောက်တို့သည် မိဂဒါဝုန်ဥယျာဉ်သို့ သွားကြသဖြင့်၊ မင်းသမီးအကြီးသည် အချို့သောနံ့သာမှုန့်ဖြင့် မြတ်စွာဘုရားအားပူဇော်၍ အချို့သောနံ့သာမှုန့်ဖြင့် ဂန္ဓကုဋီ[၄၀]တိုက်ကို ကြဲဖြန့်ထုံစေပြီးသော် ဤသို့ ဆုတောင်း၏။

"ဘုန်းတော်ကြီးလှသော အရှင်ဘုရားအား ဤသို့သော နံ့သာအမွှေးအထုံဖြင့် အကျွန်ုပ်ပူဇော်ရသော ကောင်းမှုကြောင့် နောင်လာလတ္တံ့သောကာလ၌ အရှင်ဘုရားကဲ့သို့ လူ ၃ ပါးတို့၏ဆရာဖြစ်သော မြတ်စွာဘုရား၏ မယ်တော် ဖြစ်ရပါလို၏"ဟု ဆုတောင်း၏။

မင်းသမီးအငယ်သည်ကား ရင်လွှမ်းတန်ဆာဖြင့် မြတ်စွာဘုရားအား ပူဇော်၍

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားအား ဤရင်လွှမ်းတန်ဆာဖြင့် ပူဇော်ရသောကောင်းမှုကြောင့် အကျွန်ုပ်သည် အကြင်မျှလောက်သော ကာလပတ်လုံး နိဗ္ဗာန်ကို မရသေး။ ထိုနိဗ္ဗာန်ကို မရသေးသမျှကာလပတ်လုံး အကျွန်ုပ်၏ကိုယ်၌ ဤရင်လွှမ်းတန်ဆာသည် မပြတ်ဖြစ်ပါစေသတည်း"ဟု ဆုတောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည်လည်း မင်းသမီးညီအစ်မတို့အား တရားအနုမောဒနာ[၅] ပြုတော်မူ၏။

ထို မင်းသမီး ၂ ယောက်တို့သည် အသက်အတိုင်းနေ၍ စုတေကြသော် နတ်ပြည်၌ ဖြစ်ကြကုန်၏။ ထိုမင်းသမီး ၂ ယောက်တို့တွင် မင်းသမီးကြီးသည် ထိုဘဝမှစ၍ အပါယ် ၄ ပါးသို့ မလားရ။ နတ်ပြည်မှသည် လူ့ပြည်သို့, လူ့ပြည်မှသည် နတ်ပြည်သို့ စုန်ဆန်လူးလာ ကျင်လည်၍ ၉၁ ကမ္ဘာအဆုံးဖြစ်သော ဤဘဒ္ဒကမ္ဘာထက်၌ ငါတို့မြတ်စွာဘုရားမယ်တော် မဟာမာယာဒေဝီ ဖြစ်လာ၏။ ညီမငယ်သည်ကား ထို့အတူလည်းကောင်း နတ်ပြည်လူ့ပြည်တို့၌ကျင်လည်၍ ဤဘဒ္ဒကမ္ဘာထက်၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ကိကီ အမည်ရှိသောမင်းကြီး၏ သမီး ဖြစ်၏။

ထိုမင်းသမီးသည် ပန်းချီစုတ်ရေး ဆေးခြယ်ဘိသကဲ့သို့ နှစ်လိုဖွယ်သော ရင်လွှမ်းတန်ဆာဖြင့် တန်ဆာဆင်လျက်ဖွားသောကြောင့် ဥရစ္ဆဒါ[၆]မင်းသမီး ဟု အမည့်မှည့်၏။ ထို ဥရစ္ဆဒါမင်းသမီးသည် ၁၆ နှစ် မြောက်သောအခါ မြတ်စွာဘုရား၏ ဆွမ်းအနုမောဒနာ တရားကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။ နောက်တစ်ကြိမ် ခမည်းတော် ကိကီမင်းကြီး ဆွမ်းလှူ၍ မြတ်စွာဘုရား ဆွမ်းအနုမောဒနာပြုသောအခါ ကိကီမင်းကြီးလည်း သောတာပတ္တိဖိုလ်၌ တည်၏။ ဥရစ္ဆဒါ မင်းသမီးလည်း လူဝတ်နှင့်ပင်လျှင် မဂ် ၃ တန် ဘဝင်မခြား လျင်လျားစွာ ရဟန္တာမ ဖြစ်ပြီးမှ ရဟန်းပြု၍ ဘဝအဆုံးသို့ ရောက်၏။

ကိကီမင်းကြီး၌ ဥရစ္ဆဒါမင်းသမီးမှတစ်ပါး သမီးတော် ၇ ယောက် ရှိ၏။ ထို သမီးတော်တို့၏ အမည်ကား သမဏီ,သမဏဂုတ္တာ,ဘိက္ခုနီ,ဘိက္ခုဒါယိကာ,ဓမ္မာ,သုဓမ္မာ,သင်္ဃဒါသီ၊ ဤ ၇ ယောက်တည်း။ ထို မင်းသမီး ၇ ယောက်တို့သည် ငါတို့ ရှင်ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ခေမာ, ဥပ္ပလဝဏ်, ပဋာစာရီ, မိထွေးတော် ဂေါတမီ, ဓမ္မဒိန္နာ,မဟာမာယာ,ဝိသာခါ ဟု အစဉ်အတိုင်း ဖြစ်လာ၏။

ထို ၇ ယောက်တို့တွင် မဟာမာယာအလောင်းကား သုဓမ္မာ မင်းသမီးတည်း။ ထို သုဓမ္မာမင်းသမီးသည် ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ လူ့ပြည်, နတ်ပြည်ကျင်လည်ပြန်သည်ရှိသော် မဒ္ဒရာဇ် မင်း၏မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍၊ စန္ဒကူးနံ့ရည်ဖြင့် သွန်းဘိသကဲ့သို့ မွှေးကြိုင်လှသောကိုယ်ဖြင့် ဖွားသောကြောင့် 'ဖုဿတီ' ဟူသောအမည်ဖြင့် ဖြစ်လာ၏။ ထို ဖုဿတီမိဖုရားသည် မဒ္ဒရာဇ်မင်း၏သမီး မဖြစ်မီဘဝက သိကြားမင်း၏မိဖုရား ဖြစ်၏။ ထို သိကြားမင်း၏မိဖုရား ဖြစ်သောအခါ အသက်အတိုင်းနေ၍ စုတေခါနီးကာလ၌ နိမိတ် ၅ ပါး[၇]ထင်လတ်သော် သိကြားမင်းသည် မိဖုရား အသက်ကုန်မည့် အကြောင်းကို သိလျှင် အခြံအရံများစွာနှင့် ထိုမိဖုရားကို နန္ဒဝန်[၈]ဥယျာဉ်သို့ဆောင်၍ တန်ဆာဆင်အပ်သော အိပ်ရာအပြင်၌ လျောင်းစေလျက်၊ မိမိသည် မိဖုရားကြီး၏နံပါး၌ထိုင်၍ ဤသို့ ဆို၏။

"အဘယ် ဖုဿတီ မိဖုရား။ သင့်အား ၁၀ ပါးသောဆုကို ငါပေးအံ့"ဟု ဆို၍ ဂါထာ ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော ဤဝေဿန္တရာဇာတ်၌ ရှေးဦးစွာဖြစ်သော 'ဖုဿတီ ဝရဝဏ္ဏာဘေ' အစရှိသော ဂါထာကို သိကြားမင်း ဆို၏။ အဓိပ္ပာယ်ကား-

"လုံးရပ်သဏ္ဍာန် ကိုယ်ဟန်ကြော့ရှင်း အဆင်းနှင့်ပြည့်စုံစွာ ကြန်အင်္ဂါအပေါင်းတို့တွင် ပျောင်းပျော့ကျစ်လျစ် ပြေပြစ်ညှံ့နု ဥရုလက္ခဏာဖြင့် ငါ၏ချစ်မငြီးဖြစ်သော အဘယ် ဖုဿတီ။ ၁၀ ပါးသောဆုကို သင့်အား ငါပေးအံ့။ သင်နှစ်သက်ရာ ရွေးတွက်၍ ၁၀ ပါးပြည့်အောင် ယူလော့"ဟုဆို၏။

ထိုဖုဿတီဒေဝီ သိကြားမင်းမိဖုရားသည် မိမိ စုတေအံ့သည်ကို မသိ။ ဂိုဏ်းမောမေ့လျော့သည်ဖြစ်၍ သိကြားမင်းအား 'နမောတေ'အစရှိသောဂါထာဖြင့် ပြန်လျှောက်၏။ အဓိပ္ပာယ်ကား-



www.burmeseclassic.com

www.burmeseclassic.com



"နတ်တကာတို့၏အရှင်ဖြစ်သော သိကြားမင်း။ အရှင်မင်းကြီးအား အကျွန်ုပ် ရှိခိုးပါ၏။ အကျွန်ုပ်သည် အရှင်မင်းကြီး၏ခြေတော်ရင်း၌ အဘယ်မည်သောမကောင်းမှုကို ပြုမိလေသည်မသိ။ ပြင်းစွာလေခတ်၍ တုန်လှုပ်သောသစ်ပင်ကဲ့သို့ အလွန်နှလုံးမွေ့လျော်ဖွယ်ရှိသော နတ်ပြည်စည်းစိမ်၌ မမွေ့လျော် မပျော်ပါးနိုင်။ အကျွန်ုပ်၏စိတ်သည် တုန်လှုပ်ခဲ့၏တကား"ဟု ဆို၏။

သိကြားမင်းသည် မိဖုရား၏ သတိလွတ်သောအဖြစ်ကိုသိ၍ စုတေအံ့သည်ကို သိစိမ့်သောငှာ ၂ ဂါထာဖြင့် ဆို၏။ အဓိပ္ပာယ်ကား–

"အဘယ်ဖုသသတီ။ သင်သည် ငါနှင့် စံပျော်သည့်ကာလပတ်လုံး တစ်စုံတစ်ခု သင်ပြုသော မကောင်းမှုမည်သည် မရှိ။ သင်၌ ငါအမျက်ထွက်ရန်အခွင့် တစိုးတစိမျှ မရှိ။ အပြစ်မရှိသောသင့်အား ငါ မချစ်မကြင်နာသည်လည်း မဟုတ်။ ငါသည် အလွန် မြတ်နိုးချစ်ခင်ကြင်နာ စုံမက်ပါသော်လည်း သင်၏ ကောင်းမှုကုန်ချေပြီဖြစ်သောကြောင့်၊ 'နောင်တမလွန်သို့ လားရလေသော်လည်း ကောင်းသောအကျိုး ဖြစ်စေသတည်း'ဟု ငါအောက်မေ့၍ သင့်အားမြတ်နိုးသဖြင့် ၁၀ ပါးသောဆုကို ငါ ပေးသတည်း။ သင်သည် ယခု စုတေခြင်းတရားအနီးသို့ ရောက်ချေပြီ။ ငါနှင့် ယခုပင်လျှင် ကွေကွင်းရအံ့သည် မချွတ်ပြီ။ ထိုသို့ဖြစ်၍ သင်သည် ငါပေးအပ်သော ဆု ၁၀ ပါးကိုသာ ယူလော့"ဟုဆို၏။

သိကြားမင်းစကားကို ကြားလျှင် ဖုသသတီမိဖုရားသည် 'ငါကား ယခု သေအံ့သည် မချွတ်ရာ'ဟုသိပြီး၍၊ 'ဤနတ်ပြည်မှ စုတေသော် အဘယ်မှာဖြစ်ရလျှင် ကောင်းအံ့နည်း'ဟု ကြည့်လတ်ပြီးမှ သိဝိရာဇ်မင်းကြီး၏ နန်းတော်ကို မြင်လေ၏။ ထိုသို့မြင်ပြီးသောနောက်မှ ၁၀ ပါးသောဆုကို ဤသို့ တောင်း၏။

"နတ်တကာတို့ကို အစိုးရတော်မူသော မင်းကြီး။ အရှင်မင်းကြီးသည် အကျွန်ုပ်အား အကယ်၍ဆု ၁၀ ပါးကို ပေးတုံအံ့–

"အကျွန်ုပ်သည် ဤကိုယ်အဖြစ်မှ စုတေလျှင် သိဝိရာဇ်မင်းကြီး၏ နန်းတော်ကို အစိုးရသော မိဖုရားကြီး ဖြစ်လို၏။

"၁ နှစ်မြောက်သော သမင်မငယ်၏မျက်စိနှင့်တူသော ညိုသောမျက်စိ ရှိသည်လည်း ဖြစ်လို၏။

"ညိုသောမျက်မှောင်တံ ရှိသည်လည်း ဖြစ်လို၏။

"အမည်အားဖြင့် ဖုသသတီဒေဝီ ဟူ၍ပင် အမည်ရှိလို၏။

"တန်ဆာဆင်အပ်သော ဦးခေါင်းကို လည်းကောင်း၊ မျက်စိအစုံကို လည်းကောင်း၊ နှလုံးသည်းပွတ်ကို လည်းကောင်း၊ ထီးဖြူကို လည်းကောင်း၊ သားသမီးကို လည်းကောင်း အလိုရှိသော ယာစကာတို့သည် တောင်းလာခံလာသည်ရှိသော်၊ ထိုယာစကာတို့ကို အလိုရှိတိုင်း ပေးလှူစွန့်ကြဲတတ်သည်ဖြစ်၍ ဝန်တိုပိတ်ပင် စဉ်းလဲခြင်းမရှိ၊ မင်းတစ်ပါးတို့ ပူဇော်ထိုက်သော ကျော်စောခြင်းနှင့်ပြည့်စုံသော သားကောင်းရတနာကိုလည်း ရလို၏။

"ကိုယ်ဝန်ဆောင်လေသော်လည်း အကျွန်ုပ်၏ဝမ်းသည် မယမ်းမစုန့်၊ ပုံ့ပုံ့မထင် လေးအတတ်၌ ကျွမ်းကျင်လိမ္မာသော လေးသမားသည် ကောင်းစွာသင်အပ်သော လေးပျဉ်းကဲ့သို့ ညီညွတ်စွာ ပြကတေအတိုင်း ရှိစေလို၏။

"သားများစွာပင် ဖွားမြင်သော်လည်း အကျွန်ုပ်၏သားမြတ်အစုံသည် မတွဲမကျ အရွယ်ရောက်ဦးစ အတိုင်း တည်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



"အရွယ်လွန်သည်တိုင်အောင်လည်း ဆံပင်မဖြူ ငယ်မူငယ်သွေးအတိုင်း တည်စေသတည်း။

"အကျွန်ုပ်ကိုယ်အဆင်းသည်လည်း ချေးညှိမတင် စင်ကြယ်သောကိုယ် ရှိသည်လည်း ဖြစ်လို၏။

"မင်းပြစ်မင်းမျက်သင့်၍ သေခြင်းအနီးသို့ရောက်ပြီးသောသူကိုလည်း အကျွန်ုပ်၏ အစွမ်းဖြင့် နုတ်ယူကယ်ဆောင် နိုင်လို၏။

"ဤ ဆိုအပ်ခဲ့ပြီးသော ဆု ၁၀ ပါးနှင့် ပြည့်စုံစွာ 'စားလှည့်ကုန်, သောက်လှည့်ကုန်' အစရှိသော ၁၀ ပါးသော အသံတို့ဖြင့် တစ်ရံမလပ် လျောက်ပတ်တင့်တယ်စွာ စေတုတ္တရာပြည်ကြီး၏အရှင် မြတ်လှသော သိဝိရာဇ်မင်းကြီး၏နန်းတော်၌ မိဖုရားကြီး ဖြစ်ရလို၏"ဟု သိကြားမင်းအား ၁၀ ပါးသောဆုကို တောင်း၏။

[ဤ ဆု ၁၀ ပါးတွင် နောက်ဆုံးဖြစ်သောဆုဖြင့် 'စိုးနိုင်သော်လည်း ပိုင်ခဲသည်' ဆိုသော စကားယောင်နှင့် လျော်စွာ နန်းမတောင်ညာဖြစ်၍ စိုးပိုင်နိုင်သောအရာ ရှိသည်နှင့်အညီ စိုးပိုင်ရမည့်အကြောင်းကို တောင်းသတည်း။ ထို့ကြောင့် 'ဣမိနာ အတ္တနော ဣဿရိယ ဘာဝံ ဒီပေတိ' ဟု အဋ္ဌကထာဆရာ မိန့်အပ်၏။]

ဤ ဆု ၁၀ ပါးတို့ကို သိကြားမင်းမိဖုရားတောင်းလျှင် သိကြားမင်းသည် "ငါ၏နှလုံးကို ကျူးဘိသကဲ့သို့ နှစ်လို့ရှုဖွယ် တင့်တယ်မျိုးမကတင့်တယ်လှသော အဘယ်ဖုဿတီ။ သင်သည် ငါ့အား ၁၀ ပါးသောဆုကို ယခုတောင်း၏။ ထို တောင်းတိုင်းသော ဆု ၁၀ ပါးသည် သင်အား မချွတ် သိဝိရာဇ်မင်း၏နိုင်ငံ၌ ပြည့်စုံလိမ့်သတည်း"ဟုဆုပေးလျက်၊ မြတ်လေးကြည်ဖြူ ချစ်ခင်သူတို့နှင့် အတူမကွေ နေချင်သော်လည်း သံသရာဝဋ်မှ မလွဲသာဖြစ်သည်ကို ဖြေဆည်မြော်တွေး၍ နောင်အရေး ဖုဿတီ၌ကောင်းမည်ကို မြင်သောကြောင့် နတ်ဘုရင်သည် မရှင်စိတ်ဖျောက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်သတည်း။

## ၂။ ဟိမဝန္တာ ချီးမွမ်းခန်း

ထို ဖုဿတီမိဖုရားသည် ၁၀ ပါးသောဆုကိုတောင်းယူ၍ နတ်ပြည်မှစုတေခဲ့လေလျှင် ထူးမြတ်သော အသွေးအသားဖြင့် ယောကျ်ားတကာမူးယစ်အောင် ချစ်ဖွယ်သောမိန်းမရတနာပေါ်ထွန်းရာ မဒ္ဒရာဇ်ပြည် မဒ္ဒရာဇ်မင်း၏မိဖုရားကြီးဝမ်း၌ ဖြစ်လေ၏။ ထို မင်းသမီး ဖွားဦးစကပင်လျှင် စန္ဒကူးနံ့သာမှုန့်တို့ဖြင့် တစ်ကိုယ်လုံးလိမ်းကျံသကဲ့သို့ မွှေးကြိုင်စွာဖွားသောကြောင့် အမည်မှည့်အံ့သောနေ့၌ 'ဖုဿတီ'ဟု နတ်ပြည်က အမည်ကိုပင် မှည့်ပြန်၏။ ထို ဖုဿတီမင်းသမီးသည် ၁၆ နှစ်ရောက်လတ်သော် တစ်ယောက်မတူ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ရှချင်ဖွယ်သော အဆင်းအရည် ရှိ၏။

ထိုအခါ သိဝိတိုင်း စေတုတ္တရာပြည်ကိုအစိုးရသော သိဝိရာဇ်မင်းကြီး၌ 'သိဉ္စည်း'အမည်ရှိသော သားတော်သည် ထီးနန်းနှင်းချိန် အရွယ်ရောက်သည်ဖြစ်၍ သိဉ္စည်းမင်းသားနှင့်ထိုက်တန်သော မင်းသမီးကို ရွေးချယ်လျှင် 'မဒ္ဒရာဇ်မင်း၏သမီးတော် ဖုဿတီသည် ထိုက်လျောက်၏'ဟု များစွာသော ထိမ်းမြားခမ်းမင်္ဂလာဖြင့် ဆောင်ယူစေပြီးသော်၊ ထိမ်းမြားမင်္ဂလာပြု၍ သိဉ္စည်းမင်းသားအား ထီးနန်းကိုဆောင်နှင်းသဖြင့် ဖုဿတီ



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးအားလည်း ၁ သောင်း ၆ ထောင်သော ကိုယ်လုပ်မောင်းမအပေါင်းခြံရံလျက် နန်းမတောင်ညာတင်ထား၍ မိဖုရားကြီးအရာကို ပေး၏။

ထိုမင်း ၂ ပါးတို့သည် သံသရာအဆက်ဆက်က မပျက်သောမေတ္တာဖြင့် မကွာအတူ ဆုယူဆုတောင်းကောင်းမှုပြုဖော်ဖြစ်ကြ၍ ရေတွေ့သောကြာကဲ့သို့ ဝမ်းသာရွှင်လန်းလျက် ရွှေနန်းရှင်သိဋ္ဌည်းမင်းသည် ဖုဿတီဒေဝီမိဖုရားကြီးအား အလွန်နှစ်လို့ မြတ်နိုးကြင်နာလေ၏။ ထိုအခါ သိကြားမင်းသည် 'ငါ၏မိဖုရား ဖုဿတီသည် မည်သည့်အရပ်မှာ ဖြစ်လေသနည်း'ဟု ဆင်ခြင်လတ်သော်၊ သိဝိတိုင်း သိဋ္ဌည်းမင်း၏မိဖုရားကြီး ဖြစ်ပြီးသည်ကို မြင်၍၊ 'ဖုဿတီဒေဝီအား ၉ ပါးသောဆုသည် ယခု ပြည့်စုံပြီ။ သားဆုတစ်ပါးသာ မပြည့်စုံသေး။ ဖုဿတီဒေဝီအား သားဆုကို ပေးအံ့'ဟုကြံ၏။

ထိုအခါ ငါတို့ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်၌ နတ်သား ဖြစ်သတည်း။ ထိုဘုရားလောင်းနတ်သားသည် အသက်ကုန်သဖြင့် စုတေခါနီးဖြစ်၍ သိကြားမင်းသည် ဖုဿတီဒေဝီအား သားကောင်း ထိုက်တန်ရာကို ရှာကြည့်လတ်လျှင် ဘုရားလောင်းနတ်သားကို မြင်ပြီးသော်၊ ထိုနတ်သား၏ အသက်ကုန်ကြောင်းကို သိ၍ ထိုနတ်သားထံသွားပြီးလျှင် "အချင်းနတ်သား။ သင်သည် လူ့ပြည်သို့လားခြင်းငှာ ထိုက်၏။ လူ့ပြည်တွင် သိဝိရာဇ်မင်း၏မိဖုရားကြီး ဖုဿတီဒေဝီ၏ဝမ်း၌ ပဋိသန္ဓေယူလော့"ဟု တိုက်တွန်း၏။ ဘုရားလောင်းနတ်သားမှတစ်ပါး စုတေခါနီးဖြစ်ကုန်သော နတ်သားအရေအတွက် ၆ သောင်းတို့အားလည်း "ဘုရားလောင်း၏ အပေါင်းအဖော် အခြံအရံဖြစ်စေခြင်းငှာ အမတ်တို့အိမ်၌ ဖြစ်လေကုန်လော့"ဟု တိုက်တွန်း ဝန်ခံစေပြီးသော်၊ မိမိနေရာသို့ သွားလေ၏။

ဘုရားလောင်းနတ်သားသည် နတ်ပြည်မှစုတေခဲ့ပြီးသော် ဖုဿတီမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ကြွင်းသော နတ်သား ၆ သောင်း တို့လည်း စုတေကုန်သဖြင့်၊ အမတ် ၆သောင်း တို့အိမ်၌ အသီးအသီး ဖြစ်လေကုန်၏။ ဘုရားလောင်းပဋိသန္ဓေနေလျှင် ဖုဿတီမိဖုရားသည် အလှူပေးခြင်း၌ ပြင်းစွာနှစ်လိုလျက် မြို့တံခါး ၄ မျက်နှာ, မြို့လယ်,နန်းတော်တံခါး၀၊ ဤ ၆ ဌာနတို့၌ အလှူဇရပ် ၆ ဆောင်ဆောက်၍ နေ့တိုင်း နေ့တိုင်း ၆ သိန်း ၆ သိန်းသော ဥစ္စာတို့ကို စွန့်ကြဲလှူဒါန်းချင်သော အလိုရှိသဖြင့်၊ မိမိအလိုရှိတိုင်း မင်းကြီးအား လျှောက်ကြား၍ ၊ သိဋ္ဌည်းမင်းကြီး ကြားသိလျှင် "အကြောင်း အသို့ဖြစ်မည်နည်း"ဟု လက္ခဏာဖတ်ပုဏ္ဏားတို့ကို ခေါ်၍မေး၏။

ပုဏ္ဏားတို့လည်း "အရှင်မင်းကြီး။ ရှင်မိဖုရားကြီးဝမ်း၌ ပေးလှူစွန့်ကြဲခြင်းဖြင့် မွေ့လျော်သောသူ ပဋိသန္ဓေယူသည် ဖြစ်မည်။ ထို ရှင်မိဖုရားကြီးဝမ်း ပဋိသန္ဓေနေသောသူသည် ပေးလှူစွန့်ကြဲခြင်းဖြင့် မရောင့်ရဲနိုင်သည် ဖြစ်လတ္တံ့."ဟု နိမိတ်[၇၇]ဖတ်ကြားလျှောက်ထားကြကုန်၏။

ပုဏ္ဏားတို့စကားကိုကြားလျှင် သိဋ္ဌည်းမင်းသည် အလွန် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ မိဖုရားကြီး အလိုရှိတိုင်း အလှူဇရပ် ၆ ဆောင် ဆောက်စေပြီးသော် နေ့တိုင်းနေ့တိုင်း ၆ သိန်း, ၆ သိန်းသော အလှူဥစ္စာတို့ကို ဖြစ်ခစေ၏။ ဘုရားလောင်း ပဋိသန္ဓေနေသည့်နေ့မှစ၍ သိဋ္ဌည်းမင်းကြီးအား အခွန်အတုတ် ပဏ္ဏာကာရ လက်ဆောင်တို့သည် အတိုင်းအရှည်မရှိ ပြန့်ပွားတိုးတက်ကုန်၏။ ဘုရားလောင်း၏ဘုန်းတော်ကြောင့် ဇမ္ဗူဒိပ်[၇၈]ကျွန်းအပြင်၌နေကုန်သော ထီးဆောင်းမင်းအပေါင်းသည် ပဏ္ဏာလက်ဆောင်များစွာ ဆက်သလာကုန်၏။

ဖုဿတီမိဖုရားကြီးသည် များစွာသော မောင်းမ,ကိုယ်လုပ်,အခြံအရံတို့ဖြင့် ကိုယ်ဝန်ဆောင်လျက် ၁၀ လ ပြည့်လတ်သော် "မြို့ကိုလှည့်လည်၍ ရှုလိုသည်"ဟု မင်းကြီးအား လျှောက်ကြား၏။ မင်းကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



စေတုတ္တရာပြည်အလုံးကို တန်ဆာဆင်စေ၍ မိဖုရားကြီးနှင့်တကွ မြင်းရထားစီးလျက် မြတ်သောမင်း၏ လှည့်လည်ခြင်းဖြင့် လှည့်လည်လတ်သော်၊ လှည်းကုန်သည်တို့၏ ရောင်းဝယ်ဖောက်ကား သွားလာရာဖြစ်သော ခရီးလှည်းလမ်းအလယ်သို့ ရောက်သောအခါ၌ ဖုသတီမိဖုရားကြီးသည် သားဖွားချင်၍ မူလကမ္မဇလေ[၅၆] လှုပ်နိုက်သဖြင့် ဝမ်းမှ မအီမသာ ကျင်နာခြင်းဖြစ်၍ ထိုအကြောင်းကို မင်းကြီးအားကြားလျှောက်လျှင် မင်းကြီးလည်း ထိုခရီးလမ်းမအလယ်၌ပင် သားဖွားမင်္ဂလာ တဲနန်းဆောက်လုပ်စီရင်စေ၍ မိဖုရားကြီးသည် ထိုတဲနန်းတော်၌ သားတော်ကို ဖွားမြင်လေ၏။

ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ခြေသမ်းမရှိ မငြိမတင် စင်ကြယ်သန့်ရှင်းစွာ မျက်စိတော်ကိုဖွင့်လျက် ဖွားတော်မူ၏။ မယ်တော်ဝမ်းမှ ဖွားမိလျှင်ပင် လက်တော်ကိုဆန့်တန်းလျက် "မယ်တော် အကျွန်ုပ် အလှူပေးအံ့။ ဥစ္စာတစ်စိုးတစိ[၅၇]မျှရှိပါ၏လော"ဟုဆို၏။ ထိုအခါ မယ်တော်သည် "ချစ်သား။ အလိုရှိတိုင်း အလှူပေးလော့"ဟု ဆန့်သောလက်အနီး၌ အသပြာ ၁၀၀၀ ထုပ်ကိုထား၏။

[၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်း ကာလပတ်လုံး သမ္ဗုဒ္ဓတဉာဏ်အလို့ငှာ ကိုယ်,နှုတ်,နှလုံးဖြင့် ပါရမီ ၁၀ ပါးကိုဖြည့်လျက် ဘဝများစွာ ကျင်လည်တော်မူရသော ဘုရားလောင်းသည် ဤဝေဿန္တရာဇာတ်တော်, ဥမင်္ဂဇာတ်တော်, အဆုံးစွန်သောကိုယ်တော် ဤ ၃ ဖြာသောဘဝ၌သာလျှင် ဖွားဦးစက စကားပြောဟော တော်မူ၏။]

ဘုရားလောင်းကိုဖွားမြင်ပြီးသော် မင်းကြီးသည် နန်းတော်သို့ ဝင်လေ၏။ ဤသို့ ဘုရားလောင်းသည် ကုန်သည်တို့သွားရာ ခရီးအစွန်း၌ ဖွားသောကြောင့် အမည်မည့်အံ့သောနေ့၌ ဘုရားလောင်းအား 'ဝေဿန္တရာ' ဟူသောအမည်ကို မှည့်ကုန်၏။

[ဤ'ဝေဿန္တရာ'ဟူသော အမည်သည် အမိမျိုးမှဖြစ်သော အမည်, အဖအမျိုးမှာ ဖြစ်သော အမည်, အကြောင်းမရှိဘဲ သာမညပညတ်အပ်သော ရုဠှီအမည် မဟုတ်။ ကုန်သည်တို့သွားရာခရီးကို လွန်မြောက်ခြင်း တည်းဟူသော အကြောင်းကိုစွဲ၍ဖြစ်သော နေမိတ္တိက အန္ဝတ္ထ အမည်တည်း။ ထို့ကြောင့် ဘဒ္ဒလက္ခဏာ၌ လိမ္မာကုန်သောဆရာမြတ်တို့သည် 'ဝေဿံ တရတီတိ ဝေဿန္တရော၊ ရာဇာ'ဟု ဝိဂြိုဟ်ပြုတော်မူကုန်၏။ ယော ရာဇာ၊ အကြင်မင်းသည်။ ဝေဿံ၊ ကုန်သည်တို့သွားရာခရီးကို။ တရတိ၊ ဖွားသောအားဖြင့် လွန်မြောက်တတ်၏။ ဣတိ၊ ထိုသို့ ကုန်သည်တို့သွားရာခရီးကို လွန်မြောက်တတ်သောသတ္တိကြောင့် ။ သော ရာဇာ၊ ထိုမင်းသည်။ ဝေဿန္တရော၊ ဝေဿန္တရာမည်၏။]

ထို ဝေဿန္တရာမင်းကို ဖွားမြင်သည့်နေ့၌ပင်လျှင် ကောင်းကင်သို့သွားတတ်သော ဥပေါသထဆင်မသည် ဆင်၏ကြန်အင်လက္ခဏာ မင်္ဂလာအပေါင်း အကောင်းဟူသမျှစုံလင်စွာ ငွေစင်ပြားဖြင့်ဖုံးသကဲ့သို့ ကိုယ်လုံးဖြူသော ဆင်ပေါက်ကိုဆောင်ယူခဲ့၍ မင်္ဂလာရှိသောဆင်တင်းကုပ်၌ ထားပြီးလျှင် မိမိနေရာဖြစ်မဝန္တာသို့ ဆင်မ ပြန်သွားလေ၏။ ထိုဆင်ဖြူပေါက်ငယ်အား ဘုရားလောင်း၏ ကောင်းမြတ်သောအယောက်အပံ့ ဖြစ်လာသောကြောင့် 'ပစ္စယ'ဟူသောအမည်ကို ပေး၏။

သိဝိဍည်းမင်းကြီးသည် သားတော်ဝေဿန္တရာမင်းသားအား ယုယထိန်းသိမ်းစိမ့်သောငှာ နို့ထိန်း ရွေးချယ်သည်ကား အလွန်မြင့်သော မိန်းမ, အလွန်နိမ့်သော မိန်းမ, အလွန်ဖြူသော မိန်းမ, အလွန်ညိုသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ, နှာခေါင်းရှည်သော မိန်းမ, နှာတံပိစပ်ရှိသော မိန်းမ, ကုတ်ပဲ့ချောင်းဆိုးနာ စသည်စွဲသော မိန်းမ, သားမြတ်ရှည်လွန်းသော မိန်းမ, သားမြတ်တိုလွန်းသော မိန်းမ ဤသို့ဆိုအပ်ခဲ့ပြီးသော အပြစ်မကင်းသော မိန်းမတို့ကိုပယ်၍ နုနယ်ကျစ်လစ် အပြစ်ကင်းလွတ်သဖြင့် ကောင်းမြတ်ချိုမြိန်သောနို့ရည်နှင့် ပြည့်စုံလျက် ညှသက်သာယာစွာ မွေးမြူထိန်းယနိုင်သောအမျိုးသမီး ၂ ရာ ၄ ကျိပ် တို့ကို ရွေးချယ်ကောက်ယူ၍ နို့ထိန်းထား၏။

[ပါဠိတော်၌ 'စတုသဋ္ဌိဓာတိယော' ဟုရှိသည်။ စတုသဒ္ဒါသည် ၄ ခုကို ဟော၏။ သဋ္ဌိသင်္ချာသဒ္ဒါသည် ၆၀ ကို ဟော၏။ ထို သင်္ချာသဒ္ဒါကို မိဿက သင်္ချာနည်းအားဖြင့် ၆ ကျိပ် ၄ ယောက်ဟု ပေါင်းနှော၍ မယူအပ်။ တစ်နေ့နှင့် တစ်ညဉ့်လျှင် နာရီ ၆၀ တစ်နာရီလျှင် ၄ ယောက်ထိန်းသဖြင့် တစ်နေ့နှင့် တစ်ညဉ့် အဖို့တွင် ၄ ယောက်စီအလှည့်ပေါင်း ၆၀ ဖြစ်သောကြောင့် ဂုဏသင်္ချာနည်းအားဖြင့် ၆၀ ကို ၄ ခုနှင့်မြှောက်၍ ၂ ရာ ၄ ကျိပ် ဟု ယူအပ်၏။ တစ်နာရီကို ၄ ယောက်ထိန်းသည်တွင် တစ်ယောက်ကား ရေချိုးခြင်းဖြင့် ထိန်း၏။ တစ်ယောက်ကား နံ့သာလိမ်းခြင်း, တန်ဆာဆင်ခြင်းဖြင့် ထိန်း၏။ တစ်ယောက်ကား ယပ်လေခတ်ခြင်း, သတို့သားငယ်ကို ရွှင်မြူးစေခြင်းဖြင့် ထိန်း၏။ တစ်ယောက်ကား ချီပိုးခြင်း, နို့တိုက်ခြင်းဖြင့် ထိန်း၏။]

အမတ် ၆ သောင်းတို့၏အိမ်၌လည်း တစ်ယောက်စီ ဖွားမြင်ကြကုန်၏။ ထို အမတ်တို့၏သား ဖွားဖက်တော် ၆ သောင်း အရေအတွက်ရှိသော သူငယ်တို့အားလည်း မိမိတို့နှင့်တန်သော အဝတ်တန်ဆာ နို့ထိန်းအစောင့်ရှောက်ကို ပေးစေ၏။ ဝေဿန္တရာမင်းသားသည် ၆ သောင်းသော ဖွားဖက်တော်တို့နှင့်တကွ များစွာသောအခြံအရံနှင့် တင့်တယ်စွာဖြစ်၏။ သိဉ္စည်းမင်းကြီးသည် သားတော် ဝေဿန္တရာမင်းသားအား အဖိုး ၁ သိန်းထိုက်သော သတို့သားတို့ဆင်ရန်တန်ဆာကို ကောင်းစွာစီရင်စေ၍ ပေး၏။

ဝေဿန္တရာမင်းသားသည် ၄ နှစ်, ၅ နှစ် မြောက်သောအခါ ထို အဖိုး ၁ သိန်းထိုက်သော လည်ရွဲတန်ဆာကိုချွတ်၍ အထိန်းတို့အား ပေး၏။ အထိန်းတော်တို့သည် မင်းသားပေးသည်ကို မယူမနေဝံ့။ ခမည်းတော်ကို ကြောက်၍လည်း ပိုင်ပိုင် မယူဝံ့သဖြင့် မိမိတို့လက်သို့ရောက်ပြီးမှ "အရှင်သားအား အကျွန်ုပ်တို့ ဆက်ပြန်ပါအံ့"ဟု ပြန်၍ ပေးဆက်၏။ ထိုသို့ အထိန်းတော်တို့ ပြန်၍ဆက်သော်လည်း မင်းသား မယူလိုသောကြောင့် အကြောင်းကို မင်းကြီးအား ကြားလျှောက်ကုန်၏။

မင်းကြီးကြားလျှင် "သင်တို့အား ငါ့သားတော်ပေးသည်မှန်မူ 'သူငယ် မလိမ္မာပေးသည်ဖြစ်၍ မပေးပိုင်သောကြောင့် မယူပိုင်ချေ'ဟု နှလုံးမရှိကြနှင့်။ ငါ့သားတော်၏ပေးခြင်းသည် ငါပေးသည်နှင့်အတူ ကောင်းသောပေးခြင်းပင် ဖြစ်စေ"ဟုဆို၏ တစ်ဖန် အသစ်ဖြစ်သော လည်ရွဲတန်ဆာကို မင်းသားအားပေး၍ ဆင်ပြန်စေ၏။ ဝေဿန္တရာမင်းသားသည်လည်း ထိုလည်ရွဲတန်ဆာကို တစ်ဖန် အထိန်းတော်တို့အား ပေးပြန်၏။ ဤသို့ သူငယ်အဖြစ်ကပင်လျှင် ဘုရားလောင်းသည် အထိန်းတော်တို့အား ၉ ကြိမ်တိုင်အောင် ပေး၏။

၈ နှစ်မြောက်သောအခါ၌ မြတ်သောရွှေနန်းပြာသာဒ်ထက်၌ ကျက်သရေရှိသောစက်မွေ့ရာ ပေါ်တွင်နေလျက် ဤသို့ အကြံဖြစ်၏။

'ငါသည် ယခု အပဖြစ်သောအလှူကိုသာ လှူရ၏။ ထိုအပဖြစ်သောအလှူဖြင့် ငါ၏စိတ်ကို နှစ်သက်စေခြင်းငှာ မတတ်နိုင်သေး။ အတွင်းအလှူကို လှူရသော်ကား ငါ၏စိတ်သည် နှစ်သက်ခြင်းဖြစ်အံ့။ တစ်စုံတစ်ယောက်သောသူသည် ငါ၏နှလုံးသားကို တောင်းလာအံ့။ ငါသည် ရင်ကိုခွဲ၍ ထိုသူအား ပေးအံ့သတည်း။ ငါ၏မျက်စိအစုံကို အကယ်၍ တောင်းအံ့။ အစုံသောမျက်စိကို ထုတ်၍ ပေးအံ့။ အကယ်၍ ကိုယ်၏အသား



www.burmeseclassic.com

www.burmeseclassic.com



တောင်းအံ့။ ဓားငယ်ဖြင့် အသားကိုလှီးဖြတ်၍ ပေးအံ့။ တစ်စုံတစ်ယောက်သော သူသည် ငါ့ကို ကျွန်ပြုလုပ်လိုသည်ဟု ဆိုအံ့။ ထိုသူအား 'ကျွန်ရလုပ်လော့'ဟု ဆို၍ ကျွန်၏ အဖြစ်ဖြင့် ငါ့ကို ထိုသူအား ပေးအံ့'ဟု အကြံဖြစ်၏။

ဤသို့ အကြံဖြစ်လတ်သော် ဘုရားလောင်း၏ပါရမီတော်ကြောင့် ၂ သိန်း ၄ သောင်း အထုရှိသော ဤမဟာပထဝီမြေကြီးသည် အမုန်ယစ်သောဆင်ပေါက်ကဲ့သို့ သည်းစွာသောအသံကိုပြုလျက် တုန်လှုပ်၏။ ၈ သောင်း ၄ ထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းသည်လည်း မီးအုံးသောကြိမ်ညွန့်ကဲ့သို့ ပျောင်းညွတ်ခွေပျော့လျက် စေတုတ္တရာပြည်သို့ ရှေးရှုတည်လေ၏။မြေလှုပ်သောအသံဖြင့် ကောင်းကင်ယံအလုံး ထစ်ချုန်းရိုက်ကြိုးလျက် မိုးကြီးသည်းထန်စွာ ရွာ၏။ မိုးအခါမဟုတ်ဘဲ တိမ်ပုပ်တိမ်ထပ်ကြားမှ လျှပ်စစ်နွယ်တို့သည်လည်း အသွယ်သွယ်ယှက်သန်းလျက် တက်ကုန်၏။ မဟာသမုဒ္ဒရာသည်လည်း လှိုင်းတံပိုးထသဖြင့် ချောက်ချား၏။ သိကြားမင်းသည်လည်း ရွှင်လန်းခြင်းမကရွှင်လန်းလျက် လက်ပန်းပေါက်ခတ်၏။ ၁၅ ရွာ ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီးပေးကြကုန်၏။လူ့ပြည်မှသည် အကနိဋ္ဌဘုံတိုင်အောင် အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သောအသံ ဖြစ်၏။ [ဤကား ရှေးဦးစွာသော မြေလှုပ်ခြင်းတည်း။]

ဘုရားလောင်းသည် ၁၆ နှစ်မြောက်လတ်သော် ၁၈ ပါးသောအတတ်တို့ကို အပြီးသို့ရောက်စေ၏။ ခမည်းတော်သိဉ္စည်းမင်းသည် အတတ်မျိုးအပေါင်းတတ်ပြီးလျှင် ၁၆ နှစ်အရွယ်ရောက်သော သားတော်မင်းသားအား ထီးနန်းနှင်းလိုသည်ဖြစ်၍၊ ဘုရားလောင်းမယ်တော် ဖုဿတီဒေဝီမိဖုရားနှင့် တိုင်ပင်ကြလျက် ဖုဿတီဒေဝီမိဖုရားကြီးမောင်တော် မဒ္ဒရာဇ်မင်း၏သမီးတော်သည် အရည်အဆင်းဖြင့် မင်းယောကျာ်းတို့ စိတ်ကို ယိုဖိတ်ညွတ်နူး မူးယစ်အောင်လှသောကြောင့် 'မဒ္ဒီမင်းသမီး' ဟု အမည်တွင်၏။ ထိုဘုရားလောင်း ဦးရီးတော်သမီး မဒ္ဒီမင်းသမီးကို ကြီးစွာသော မင်းခမ်းမင်းနားဖြင့် စေတုတ္တရာပြည်သို့ဆောင်ယူစေ၍ သားတော် ဝေဿန္တရာမင်းသားနှင့် ထိမ်းမြားမင်္ဂလာဆောင်ပြီးလျှင်၊ ခမည်းတော် သိဉ္စည်းမင်းသည် သားတော်မင်းသားအား ထီးနန်းနှင့်တကွ တစ်ပြည်လုံးကိုနှင်း၍ မင်း၏အဖြစ်ကို အဘိသိက်မြှောက်သွန်း၏။ မဒ္ဒီမင်းသမီးအားလည်း ၁ သောင်း ၆ ထောင်သော မောင်းမအပေါင်းခြံရံလျက် မိဖုရားကြီးအရာ၌ ထား၏။

ဝေဿန္တရာမင်းကြီးသည် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံ ဘိသိက်ခံသည်မှစ၍ နေ့တိုင်းနေ့တိုင်း ၆ သိန်း, ၆ သိန်းသောဥစ္စာတို့ကို ထုတ်စွန့်လျက် ကြီးစွာသောအလှူကို ဖြစ်စေ၏။

အခါတစ်ပါး မဒ္ဒီဒေဝီမိဖုရားကြီးသည် ကိုယ်ဝန်ဆောင်၍ ၁၀ လမြောက်လတ်သော် သားတော်ကို ဖွားမြင်၏။ ထိုသတို့သားကို ရွှေကွန်ရက်ဖြင့် ခံကုန်၏။ ထို ရွှေကွန်ရက်ဖြင့်ခံသောကြောင့် အမည်မှည့်အံ့သောနေ့၌ 'ဇာလီ'မင်းသားဟု အမည်မှည့်၏။ ဇာလီမင်းသား ခြေဖြင့်သွားနိုင်သောအခါ သမီးငယ်တော်ကို ဖွားမြင်ပြန်၏။ ထိုသမီးတော်ကို သစ်နက်ရေပုဆိုးဖြင့် ခံကုန်၏။ ထို သစ်နက်ရေဖြင့်ခံသောကြောင့် အမည်မှည့်အံ့သောနေ့၌ 'ကဏှာဇိန်'ဟု အမည်မှည့်ကုန်၏။

ဘုရားလောင်းသည် ၁ လလျှင် ၆ ကြိမ်, ၆ ကြိမ် ဆင်ဖြူတော်ပစ္စယကိုစီးလျက် အလှူဇရပ် ၆ ဆောင်တို့ကို လှည့်လည်ကြည့်ရှုတော်မူ၏။

ထိုအခါ ကလိင်္ဂရာဇ်ပြည်၌ မိုးခေါင်သည်ဖြစ်၍ မွတ်သိပ်ခြင်း ဒုဗ္ဘိက္ခန္တရကပ်[၁၂]ဖြစ်၍ လူတို့သည် မိမိတို့ အသက်ကိုရှင်စေခြင်းငှာ တစ်ဦးကိုတစ်ဦး အနိုင်အထက် လုယက်ဖျက်ဆီးကြသဖြင့် ခိုးသားဓားပြ ထူထပ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အလွန်ငတ်မွတ်သောဘေးဖြင့် နှိပ်စက်ကုန်သော ပြည်သူပြည်သားအပေါင်းတို့သည် မင်းကြီးနန်းတော်သို့ အညီအညွတ်စည်းဝေးကြလျက် ပြင်းစွာ မြည်တမ်းကြွေးကြော်ကြကုန်၏။ ထိုပြည်သူတို့အသံကို ကာလိင်္ဂရာဇ်မင်းကြီး ကြား၍ "အဘယ့်ကြောင့် ကြွေးကြော်ကြကုန်သနည်း"ဟုမေးလျှင်၊ "ငတ်မွတ်ခြင်းဘေးရောက်၍ ကိုးကွယ်ရာ မရသောကြောင့် ကြွေးကြော်ကြကုန်သတည်း"ဟု ကြားလျှောက်၏။

ကာလိင်္ဂရာဇ်မင်းသည် "သင်တို့ မစိုးရိမ်လင့်။ မမြင့်မကြာမီ မိုးကြီးရွာစေသဖြင့် ဝပြောစေအံ့"ဟု ဆို၍ ပြည်သူပြည်သားတို့ကို မိမိတို့အိမ်သို့ပြန်စေပြီးလျှင်၊ မင်းကြီးသည် မိုးရွာခြင်းအကြောင်း ကောင်းမြတ်စင်ကြယ်စွာ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ၇ ရက်ပတ်လုံး ဆောက်တည်၏။ ထိုသို့ ဥပုသ်ဆောက်တည်သော်လည်း မိုးမရွာ၊ ခေါင်မြဲတိုင်းသာခေါင်၍ မိုးရွာခြင်းကို မဖြစ်စေနိုင်ခဲ့သော် အမတ်ပညာရှိတို့ကို ခေါ်၍ "အဘယ်အကြောင်းဖြင့် မိုးရွာခြင်းကို ဖြစ်စေနိုင်အံ့နည်း"ဟု တိုင်ပင်မေးမြန်း၏။

အမတ်ပညာရှိတို့လည်း "အရှင်မင်းကြီး။ တစ်ပါးသောအကြောင်းဖြင့် မိုးရွာစေခြင်းငှာ လုံ့လပြုပါ သော်လည်း မရွာနေခဲ့သော် မိုးရွာခြင်းအကြောင်းတစ်ခုသည် ထင်၏။ အကြောင်းမူကား 'ဥပေါသထဆင်ဖြူ မျိုးတို့သွားရာ ခရီးရောက်တိုင်း မိုးသည်ရွာ၏'ဟု ရှေးသူတော်ကောင်းတို့ ဆိုသည့်ထုံးစံစကား ရှိပါသည်။ ဆင်ဖြူကိုဆောင်ရသော် ကောင်း၏"ဟု လျှောက်ကြ၏။

"ဥပေါသထဆင်ဖြူမျိုးသည် တန်ခိုးကြီးသည် ဖြစ်၍ ဟိမဝန္တာတောဌ်သာ နေရသည်ဖြစ်သောကြောင့် ဤလူ့ပြည်၌ မိုးထက်ပင် ရှားခဲ၏။ အဘယ်မှာ ရနိုင်အံ့နည်း"ဟု မင်းကြီးဆိုလျှင်–

"အရှင်မင်းကြီး။အခါတစ်ပါးဖြစ်မူကား အမိန့်တော်ရှိတိုင်း ဆင်ဖြူရှားသည်ပင် ဖြစ်၏။ ယခုမူကား စေတုတ္တရာပြည်၌ ဝေဿန္တရာမင်းကြီး၏ဘုန်းတော်ကြောင့် ဆင်ဖြူ ရောက်လာရ၏။ ဝေဿန္တရာမင်းကြီးသည် 'ဆင်ဖြူ, ထီးနန်း, ပြည်စည်းစိမ်ကို မဆိုနှင့်ဦး။ မိမိမျက်လုံး, နှလုံးသည်းပွတ်ကိုပင်သော်လည်း အလိုရှိသူ တောင်းလျှင် ပေးလို၏'ဟု အလှူပေးခြင်း၌မွေ့လျော်ကြောင်းကို ၁ သောင်း ယူဇနာ ကျယ်စွာသော ဇမ္ဗူဒိပ်ကျွန်းအလုံး ကျော်စောထင်ရှား၏။ ထိုသို့ဖြစ်သောကြောင့် အလှူခံခြင်း၌ လိမ္မာရဲရင့်သော ပုရောဟိတ်ပုဏ္ဏားတို့ကို စေလွှတ်၍ ဝေဿန္တရာမင်းကြီး၏ဆင်ဖြူတော်ကို အလှူခံ၍အဖြစ်ဖြင့် တောင်းရသော်ကောင်း၏"ဟု အမတ်တို့ လျှောက်ကုန်၏။ ကာလိင်္ဂရာဇ်မင်းသည် အမတ်တို့စကားကိုကြားလျှင် "ကောင်းပြီ"ဟုဆို၍၊ ပုဏ္ဏားအပေါင်းကို စည်းဝေးစေပြီးသော် အမှုအခွင့်အရေးအရာ၌ လိမ္မာရဲရင့်သော ပုဏ္ဏား ၈ ယောက်ကို ရွေးချယ်ပြီးလျှင်၊ ထိုပုဏ္ဏား ၈ ယောက်တို့အား မျိုးရိက္ခာ, အလုပ်အကျွေး လုံလောက်အောင်ပေး၍ "သင်တို့သည် စေတုတ္တရာပြည်၌ ဝေဿန္တရာမင်းကြီး၏ဆင်ဖြူကို အလှူခံချေ"ဟု စေလွှတ်လိုက်၏။

ပုဏ္ဏား ၈ ယောက်တို့သည် ခရီးအစဉ်ဖြင့် သွားကြလေသော် စေတုတ္တရာပြည်သို့ရောက်၍ အလှူဇရပ်၌ ထမင်းအစာစားပြီးလျှင် မြူအလိမ်းအလိမ်းကပ်သောကိုယ်ဖြင့် 'မင်းကြီးသည် အလှူဇရပ်သို့ထွက်သောအခါ ဆင်ဖြူကို ခံအံ့' ဟု အရှေ့တံခါးသို့သွား၍ စောင့်နေမျှော်လင့်ကြကုန်၏။

ဝေဿန္တရာမင်းကြီးသည်လည်း ထိုအခါ လပြည့်နေ့ကြိမ်သည်ဖြစ်၍ 'ယနေ့ အလှူဇရပ်သို့ ထွက်အံ့'ဟု မင်္ဂလာဆင်တော်ပစ္စယကို များစွာသောတန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ နံနက်စောစောကပင်လျှင် မိမိကိုယ်တော်ကို ရေချိုးခြင်း, နံ့သာပျောင်း အမွှေးအထုံလိမ်းခြင်း, အဝတ်တန်ဆာဆင်စေခြင်း, မြိန်မြတ်သောဘောဇဉ်ကို စားခြင်း ကိစ္စပြီးပြီးသော်၊ ဆင်ဖြူတော်ပစ္စယကိုစီးလျက် များစွာသော ဗိုလ်ပါအခြံအရံနှင့်တကွ အရှေ့တံခါးဖြင့် ထွက်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏား ၈ ယောက်တို့သည် မူးမတ်,ဗိုလ်ပါ,ပရိသတ် ထူထပ်လှသောကြောင့် အရှေ့တံခါး၌ အခွင့်မရလျှင် တောင်တံခါးသို့ သွားကြကုန်၍ ကုန်းမြင့်ဖြင့် မင်းကြီးမြင်လောက်ရာကနေလျက် 'မင်းကြီးသည် အရှေ့အလှူဇရပ်မှ ဤတောင်တံခါးသို့ လာလတ်သောအခါ ဆင်ဖြူကို အလှူခံအံ့'ဟု မျှော်လင့်ငံ့နေကြကုန်၏။

မင်းကြီးသည်လည်း အရှေ့တံခါးဝ အလှူဇရပ်၌ကြည့်ရှုပြီးသော် လက်ယာရစ်လည်သောအားဖြင့် တောင်တံခါးသို့ ရှေးရှုလာတော်မူ၏။ ထိုအခါ ပုဏ္ဏား ၈ ယောက်တို့သည် မင်းကြီးသို့ရှေးရှု လက်ကို ဆန့်တန်းဖြန့်ကာလျက် "မင်းကြီးဝေဿန္တရာ။ သင်မင်းကြီးအား အောင်ခြင်းမင်္ဂလာ ဖြစ်စေသတည်း"ဟု ၃ ကြိမ် ကောင်းချီးပေးကြကုန်၏။ ထိုပုဏ္ဏားတို့၏ ကောင်းချီးပေးဟန် အလှူခံ၏လက္ခဏာကို မင်းကြီးမြင်လျှင် ပုဏ္ဏားတို့နေရာသို့ ဆင်တော်နှင့်ချဉ်းကပ်၍ ဆင်ကျောက်ကုန်းပေါ်က နေတော်မူလျက် 'ပရူဠကစ္ဆာနခလောမာ' အစရှိသောဂါထာဖြင့် မေးတော်မူ၏။ အဓိပ္ပာယ်ကား-

"နှာခေါင်းဝဖျား လက်ကတီးကြားတို့မှ ဖားလျားလိမ်တင် ပြင်သို့ထွက်သော မည်းနက်စွာအမွေး, သွားချေးထူထူ ဖြူနီကြောင်ကျား နှာသီးဖျားမိုမို ကိုယ်မှာမြူလိမ်းကပ်လျက် လက်သည်းရှည်စွာထားသော ဆရာပုဏ္ဏားတို့။ ငါ အလှူဇရပ်သို့ထွက်တော်မူသည့်အခါ အဘယ်ကိုအလိုရှိ၍ လက်ယာလက်ကို ဆန့်တန်း ဖြန့်ကာလျက် ကောင်းချီးပေးကြကုန်သနည်း။ သင်တို့အလိုရှိသည်ကို တောင်းကုန်လော့"ဟု ဆို၏။ ပုဏ္ဏားတို့လည်း "သိဝိရာဇ်ပြည်သူ လူအပေါင်းတို့၏အစီးအပွားကို ဆောင်တော်မူပေသော တရားမင်းမြတ်။ အကျွန်ုပ်တို့၏ ကလိင်္ဂရာဇ် ပြည်သည် မိုးခေါင်သည်ဖြစ်၍ ဝတ်မွတ်ရှားပါးလျက် ခိုးသားဓားပြ ထူထပ်လှ၏။ ထိုသို့ငတ်မွတ်ခြင်းဘေးကြောင့် အလွန်တင့်တယ်သောအစွယ်, အံ့ဩဖွယ်သောကိုယ်သဏ္ဌာန်, အားအန်ရဲရင့်ခြင်းနှင့် ပြည့်စုံစွာ ရတနာမြတ်ဖြစ်သော အရှင်မင်းကြီး၏မင်္ဂလာဆင်တော်ကို အလိုရှိ၏။ လှူတော်မူကုန်လော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် 'ငါကား ဦးခေါင်း, မျက်စိ အစရှိသော အတွင်းအလှူကို ပေးခြင်းငှာ အလိုရှိ၏။ ဤပုဏ္ဏားတို့ကား ငါ၌ အလှူမြတ်ဟု မမှတ်သေးသော အပအလှူ ဆင်ဖြူရတနာကို အလိုရှိ၏။ ထိုပုဏ္ဏားတို့အလိုကို ပြည့်စေအံ့'ဟု ကြံပြီးလျှင်၊ "ဤကျွန်း၌အပြင်၌ ဘုရင်တကာတို့ မစီးထိုက်။ ငါ၏ဘုန်းတော်ကြောင့် ရောက်သည်ဖြစ်၍ ချစ်မြတ်နိုးအပ်သော ဤရတနာဆင်ဖြူတော်ကို သင်တို့အား ငါလှူအံ့။ ငါ၏စိတ်တော်သည် ဖိတ်ယိုတုန်လှုပ်ခြင်း ဒွိဟမရှိ"ဟု ဆိုလျက်၊ 'ဆင်ဖြူတော်၏ အလုံးစုံသော ကိုယ်အပြင်၌ တန်ဆာမဆင် လွတ်လပ်သည့်အရာတို့ ရှိလေသလော'ဟု ကျောက်ကုန်းထက်မှ ဆင်းသက်တော်မူ၍ လှည့်လည်ကြည့်ရှုလျှင် မည်သည့်အရာတွင်မျှ တန်ဆာမဆင် လွတ်လပ်သည်ကို မြင်တော်မမူသောကြောင့် ဝမ်းမြောက်ရွှင်လန်းလျက် ဝတ်ပန်းရည်ရောထွေး၍ မွှေးကြိုင်လှစွာ နံ့သာရည်ဖြင့်ပြည့်သော ရွှေကရားကို ကိုင်တော်မူပြီးသော်၊ "အလှူခံပုဏ္ဏားတို့။ ဤသို့ လာလှည့်ကုန်"ဟု ပုဏ္ဏားတို့ကို အနီး၌နေစေ၍ ရွှေပန်းကုံးနှင့် တူသော ဆင်ဖြူတော်၏နှာမောင်းကိုကိုင်တော်မူလျက် ပုဏ္ဏားတို့လက်၌ထားပြီးသော် ရွှေကရားဖြင့် ရေစက်ချ၍ တန်ဆာဆင်အပ်သောဆင်ဖြူတော်ကို လှူတော်မူ၏။

ထိုဆင်ဖြူတော်၌ ဆင်သော တန်ဆာကား ခြေ ၄ ဘက်တို့၌ ဆင်သောတန်ဆာသည် အဖိုး ၄ သိန်း ထိုက်၏။ နံပါး ၂ ဘက်တို့၌ ဆင်သောတန်ဆာသည် အဖိုး ၂ သိန်း ထိုက်၏။ အောက်ဝမ်းရေအပြင်၌ လွှမ်းဆင်အပ်သော ကမ္ဗလာနီသည် အဖိုး ၁ သိန်း ထိုက်၏။ ကျောက်ကုန်းအပြင်၌ ဆင်အပ်သော ပုလဲကွန်ရက် ပတ္တမြားကွန်ရက်, ရွှေကွန်ရက်သည် အဖိုး ၃ သိန်း ထိုက်၏။ နား ၂ ဘက်၌ ဆင်အပ်သောတန်ဆာသည် အဖိုး ၂ သိန်း ထိုက်၏။ ကျောက်ကုန်းထက်၌ ခင်းအပ်သောကမ္ဗလာသည် အဖိုး ၁ သိန်း ထိုက်၏။ ရေခမိုးတင်၌ ဆင်အပ်သောတန်ဆာသည် အဖိုး ၁ သိန်း ထိုက်၏။ ဦးဆောက်ပန်းကဲ့သို့ ထိပ်ပြင်၌ ၃ သွယ်ဆွဲသော



www.burmeseclassic.com

www.burmeseclassic.com



တန်ဆာသည် အဖိုး ၃ သိန်း ထိုက်၏။ နားစွန်းဖျား၂ ဘက်၌ ဆင်အပ်သောတန်ဆာသည် အဖိုး ၂ သိန်း ထိုက်၏။ အစွယ် ၂ ချောင်း၌ ဆင်အပ်သောတန်ဆာသည် အဖိုး ၂ သိန်း ထိုက်၏။နှာမောင်း၌ အတန့်တန့်ဆင်ထားသော တန်ဆာသည် အဖိုး ၁ သိန်း ထိုက်၏။ မြီးထူး၌ ဆင်အပ်သောတန်ဆာသည် အဖိုး ၁ သိန်း ထိုက်၏။ ဆင်တက်လှေကားသည် အဖိုး ၁ သိန်း ထိုက်၏။ ဆင်တော်စားခွက်သည် အဖိုး ၁ သိန်း ထိုက်၏။ ဤသို့ ဆင်ဖြူတော်ကိုထား၍၊ ဆင်ဖြူတော်၌ဆင်သော တန်ဆာအစုစုပေါင်းသည် ၂ သန်း ၂ သိန်း အဖိုးထိုက်၏။ ဆင်တက်လှေကား, ဆင်စားခွက်နှင့်သော်ကား ၂ သန်း ၄ သိန်း အဖိုးထိုက်၏။ ထီးဖြူအချက်၌တပ်အပ်သော ပတ္တမြား, ထီးဖြူထွတ်ပတ္တမြား, ပုလဲသွယ်၌တပ်အပ်သော ပတ္တမြား, ချွန်း၌တပ်အပ်သော ပတ္တမြား, ဆင်၏လည်ပင်း၌ဆွဲသော ပုလဲသွယ်, အဖျား၌တပ်အပ်သော ပတ္တမြား, ဆင်ဦးကင်း၌တပ်အပ်သော ပတ္တမြား၊ ဤ ၆ လုံးသော ပတ္တမြားတို့သည်ကား အဖိုးမည်မျှ ထိုက်တန်၏ဟူ၍ မပြတ်ဆိုနိုင်။ အတိုင်းအရှည်မရှိ အဖိုးထိုက်၏။ ဆင်ဖြူတော်သည်လည်း အဖိုးအတိုင်းအရှည် မရှိ။

ဤသို့ ၂ သန်း ၄ သိန်း အဖိုးထိုက်သောတန်ဆာနှင့်, အဖိုးအနဂ္ဃ ဖြစ်သော ပတ္တမြား ၆ လုံးနှင့်, ဆင်ဖြူတော်၊ ဤ ရတနာ ၇ ပါးတို့ကို ပုဏ္ဏားတို့အား လှူတော်မူ၏။ ထိုမှတစ်ပါးလည်း ဆင်ဖြူတော် အကျွေးအမွေး အိမ်ခြေ ၅၀၀, ဆင်ချေးကျုံး, ဆင်ထိန်းနှင့် တကွ လှူတော်မူ၏။ ဤသို့ ဆင်ဖြူတော်ကို လှူသောအခါ၌လည်း ရှေးနည်းအတူလျှင် မြေကြီးပဲ့တင်ထပ်မျှ တုန်လှုပ်၏။ [ဤကား ၂ ကြိမ်မြောက်သော မြေတုန်လှုပ်ခြင်းတည်း။]

လူအပေါင်းတို့သည်လည်း သောင်းသောင်းအုတ်အော် ကြွေးကြော်သံမဆုံး တစ်ပြည်လုံး ချောက်ချား ကုန်၏။

ပုဏ္ဏား ၈ ယောက်တို့သည် ဆင်ဖြူတော်ကို ရလျှင် ရွှင်လန်းဝမ်းမြောက်စွာ တက်စီး၍ လူအပေါင်း ခြံရံလျက် မြို့လယ်မင်းလမ်းခရီးဖြင့် သွားလေကုန်၏။ ပြည်သားပြည်သူ လူအပေါင်းတို့သည် ပုဏ္ဏားတို့သွားရာသို့ လိုက်ကုန်သဖြင့် "သူတစ်ပါးတို့အား ထောက်ထားခြင်းမရှိ၊ မိမိတို့ကိုယ်ဖို့ကိုသာ အရတောင်းခံတတ်သော ပုဏ္ဏားစဉ်းလဲတို့။ ငါတို့အရှင်၏ယာဉ်သော ရတနာဆင်ဖြူတော်ကို မထိုက်မတန် သင်တို့ အဘယ့်ကြောင့် စီး၍ လာကုန်သနည်း။ သင်တို့ကို 'စီးတော့'ဟု ဘယ်သူ ညွှန်ဘိသနည်း။ သင်တို့ မစီးနှင့်"ဟု ဆီးတားကြကုန်၏။

ပုဏ္ဏားတို့သည် "ဤဆင်ဖြူရတနာကို မင်းတကာတို့ထက်မြတ်သော ဝေဿန္တရာမင်းကြီးသည် ထီးဖြူ အခြေအရံနှင့်တကွ လှူတော်မူသောကြောင့် ငါတို့ဥစ္စာ ဖြစ်ပြီ။ သင်တို့ အဘယ် အရာအထူးရှိသော သူတို့နည်း။ မင်းကြီးအမိန့်တော်ကို မရဘဲလျက် ငါပုဏ္ဏားတို့အား မဆီးတားကြနှင့်"ဟု တွန်းဖယ်ပုတ်ခတ်၍ တောင်တံခါးမှသည် မြောက်တံခါးသို့ထွက်သဖြင့် ကလိင်္ဂရာဇ်ပြည်သို့ သွားလေကုန်၏။

ဘုရားလောင်းပါရမီကို နတ်တို့ ကူညီစောင်မလျက် မပျက်ရအောင် လှည့်ပတ်စောင့်ရှောက်ခြင်းကြောင့် ၈ ယောက်သောပုဏ္ဏားတို့ကိုမျှ ပြည်သားပြည်သူအပေါင်း မဆီးတားနိုင်ရှိခဲ့သော် ဘုရားလောင်း ဝေဿန္တရာ မင်းအားသာလျှင် အမျက်ထွက်ကြကုန်လျက် ခမည်းတော်သိဉ္စည်းမင်းကြီး၏ နန်းတော်တံခါးဝ၌ စည်းဝေးကြ၍ သည်းစွာသောအသံဖြင့် မြည်တမ်းကြွေးကြော်ကြကုန်၏။

"အရှင်မင်းကြီး။ ယခု ပြည် ပျက်စီးခဲ့ပြီ။ အရှင့်သားတော် ဝေဿန္တရာမင်းကြီးသည် မင်း၏အင်္ဂါ မင်္ဂလာမျိုးတို့ထက် လွန်မြတ်သည်ဖြစ်၍ ပြည်တိုင်းကားဖြင့် ပူဇော်ခြင်းငှာထိုက်သော အကျွန်ုပ်တို့၏ မျက်ရစ်တန်ဆာ ရတနာဆင်ဖြူတော်ကို ယာစကာ[1] ပုဏ္ဏားတို့အား အဘယ့်ကြောင့် ပေးလှူရအံ့နည်း။

www.burmeseclassic.com



"ဟင်းရမ့်ဖူးရထားသန်သဖွယ် အစွယ်၏ပြေပြစ်ခြင်း, အဆင်း ငွေအသွင်,ဆင်မည်းတကာတို့ မဆောင်နိုင်သောဝန်ကို အလွန်ရှက်ဆောင်နိုင်လျက်, စစ်အောင်ရာမြေအရပ်ကိုလည်း သိတတ်သော ဆင်ဖြူ ဆင်မြတ် ဆင်များထွတ်ကို မအပ်မရာ ယာစကာပုဏ္ဏားတို့အားမလှူထိုက်ဘဲ မထောက်မထား လှူဘိ၏ တကား။

"ပိုးချည်ညွန့်ဖြင့်ရက်အပ်သော ကမ္ဗလာဖုံးလွှမ်းလျက် ပါးစောင် ၂ ဘက်မှ မပြတ်ထွက်ယိုသောမုန်ဖြင့် တင့်တယ်စွာ ရန်သူတကာတို့ကိုနှိပ်နင်းနိုင်သော ရဲစွမ်း, အထူးအဆန်းသော တန်ဆာဆင်ခြင်း, မင်းတို့သာ စီးထိုက်သော ဂုဏ်သရေ, ငွေတောင်ထွတ်ကဲ့သို့ ဖြူဆွတ်သောအမွေးဖြင့်, ပြည်ပေး၍မျှ မရထိုက်သော ဆင်ဖြူရတနာကို တန်ဆာထီးဖြူ, လှူဆင်ထိန်း, ဆင်ဆေးသမားနှင့်တကွ အရှင့်သားတော်ဝေဿန္တရာမင်းသည် ထောက်ထားတွယ်တာ အားနာခြင်းမရှိ မိမိအလိုအလျောက် တစ်ပြည်ကရောက်လာသော ယာစကာပုဏ္ဏားတို့အား လှူဘိ၏ တကား။

"အရှင့်သားတော် ဝေဿန္တရာမင်းကြီးသည် စင်စစ်အားဖြင့် ပေးလှူစွန့်ကြဲလိုလျှင် ထမင်း,အဖျော်,အဝတ် ပုဆိုး, အိပ်ရာနေရာတို့ကိုသာ ပေးလှူသင့်၏။ ထို အိပ်ရာနေရာ, အဝတ်,ပုဆိုး,ထမင်း, အဖျော်တို့နှင့်သာ ရဟန်း, ပုဏ္ဏားတို့အား လျောက်ပတ်၏။ ဤဆင်ဖြူဖြင့် ပုဏ္ဏားတို့အား အဘယ်အကျိုး ရှိအံ့နည်း။ ဘုန်းကြီးသော ရွှေနန်းသခင် အရှင်မင်းတို့နှင့်သာလျောက်ပတ်သော ဆင်ဖြူကို ပုဏ္ဏားတို့အား မထိုက်မတန်ဘဲလျက် မဟာသမ္မတမင်းမှဆင်းသက်တော်မူ၍ မပျက်သောနန်းရိုး မင်းမျိုးမင်းနွယ်ဖြစ်သော အရှင့်သားတော် ဝေဿန္တရာမင်းသည် အဘယ့်ကြောင့် လှူရအံ့နည်း။

"အရှင်မင်းကြီးသည် မင်းသား,မင်းညီ,မှူးတော်,မတ်တော်,ပြည်သူပြည်သားတို့စကားကို မလိုက်နာသည် ဖြစ်မူ အရှင့်သားတော်ဝေဿန္တရာမင်းနှင့် အတူပင်လျှင် အရှင်မင်းကြီးလည်း ပြည်သူပြည်သားတို့လက်တွင် ထင်ရှားစွာ ယခုရောက်မည် အကျွန်ုပ်တို့ထင်ကုန်၏"ဟု လျှောက်ထားကြွေးကြော်ကြကုန်၏။

ထိုစကားကို သိဉ္စည်းမင်းကြီးကြားလျှင် 'မှူးမတ် ပြည်သူအပေါင်းတို့သည် ငါ၏သားတော် ဝေဿန္တရာကို သတ်လိုသည်ထင်၏'ဟု အမှတ်ရှိ၍ ဤသို့ဆို၏။

"မင်းသား,မင်းညီ, မှူးမတ်, ပြည်သူပြည်သား လူအပေါင်းတို့။ဇေတုတ္တရမြို့ရှာ တိုင်းနိုင်ငံလုံးပင် ပျက်စီးစေကာမူ သိဝိရာဇ်ပြည်သူတို့၏စကားဖြင့် အပြစ်မဲ့သော ငါ၏သားတော်ဝေဿန္တရာကို ပြည်မှ မနှင်ထုတ်သင့်။ ငါ၏ရင်ခွင်၌ ပိုက်ချီ၍မွေးသော ရင်သွေးရတနာကို ငါ၏အသက်နှင့်အမျှ ချစ်ကြင်နာ၏။ စင်စစ်ချစ်ကြင်နာသည့် ရင်သွေးရင်သားပင်ဖြစ်စေကာမူ မင်းမျိုးမင်းနွယ်ဖြစ်လျက် မင်းကျင့်တရားနှင့်အညီ မကျင့်မူကား ဆုံးမဖြစ်တားရာ၏။ ဆုံးမ၍မရနိုင် စိတ်ပိုင်ကိုယ်ကိုး အဆိုးအသွမ်းကျင့်သော်သာ တိုင်းကားပြည်နယ်မှမူလည်း နှင်ထုတ်ထိုက်၏။ ထီးနန်းစည်းစိမ်မှမူလည်း ရွှတ်ချထိုက်၏။ ယခု ငါ၏သားတော်ဝေဿန္တရာမှာမူကား ဆုံးမ၍မနိုင် ဆိုနိုင်ခဲခက်သော သားလည်းမဟုတ်။ အမျိုးယုတ်ညံ့သောသူတို့အကျင့် မင်းနှင့်မလျောက်ပတ်သော အမှုကိုလည်း ငါ့သား မပြု။ အဏုမြူ[၃၂]မျှငါ့သားတော်တွင် အပြစ်မရှိ။ ငါ့သားတော် ဝေဿန္တရာသည် အလှူသီတင်း မင်းတို့ကျင့်ရာ ၁၀ ဖြာသော ဓမ္မ[၃၄], သင်္ဂဟ ၄ မည်[၃၃], ၆ တည်သော နာယကဂုဏ်[၃၅]နှင့်လည်း ပြည့်စုံ၏။ ယခု ဆင်ဖြူကိုလှူသောကြောင့် နန်းစည်းစိမ်မှရွှတ်ချ၍ ပြည်မှနှင်ထုတ်လိုသံ သင်တို့ လျှောက်ကြားကြသော စကားသည် မလျောက်ပတ်။ 'ပြည်မှ နှင်ထုတ်ခြင်း'ဟူသောဒဏ်သည် မမှန်မဖြောင့် မစောင့်တရား ယွင်းမှားယုတ်မာ ကြီးစွာသောအပြစ်ရှိသောသူကိုသာ စီရင်သောဒဏ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဖြူကို လှူကာမျှနှင့် နှင်ထုတ်ရမည် မဟုတ်။ အလှူ ဟူသည်ကား မင်းတို့၏အကျင့်ပင်ဖြစ်၍ ငါ့သားတော်၌ အပြစ်မရှိ။ ထို အပြစ်မဲ့ဖြစ်ပေလျက် သင်တို့စကားကိုလိုက်နာ၍ သားတော်ကို ငါသည် သတ်ခြင်း, ပြည်မှနှင်ထုတ်ခြင်း နန်းစည်းစိမ်မှရှုတ်ချခြင်း ရာဇဒဏ်ဒဏ်ကို ပြုမိချေအံ့။ ပြည်ထောင်ချင်းချင်း မင်းတစ်ပါးတို့သည်လည်း ကဲ့ရဲ့ရာ၏။ နောက်နောင်သားတော်အစဉ် မြေးတော်အဆက်လည်း မပျက်သောထုံးစံ ဖြစ်လေရာ၏။နောက် မလိမ္မာလွန်းသောသူတို့လည်း 'မင်းကြီးဝေဿန္တရာ အလှူပေးသောကြောင့် ခမည်းတော် ပြည်မှ နှင်ထုတ်ဖူးလေသည်။ အလှူပေးခြင်းကား မင်းကျင့်တရားမဟုတ်'ဟု ယူမှားလေရာ၏။ ငါ၌လည်း များစွာသောမကောင်းမှုသည် ပွားများရာ၏။ ထိုသို့ဖြစ်သောကြောင့် အပြစ်မရှိသော ငါ၏သားတော်ဝေဿန္တရာကို သတ်ခြင်း, ပြည်မှနှင်ထုတ်ခြင်း စသည်ဖြင့် ပြစ်မှားခြင်းကို သင်တို့ အလိုမရှိသင့်ပေ"ဟု ဆို၏။

ထိုစကားကို ကြားလျှင် မှူးမတ်, ပြည်သူပြည်သားအပေါင်းတို့သည်

"အရှင်မင်းကြီး။ အရှင့်သားတော် ဝေဿန္တရာမင်းကြီးကို အမိန့်တော်ရှိတိုင်း အပြစ်မရှိသည် ဖြစ်သောကြောင့် တုပ်နှောင်၍ ရိုက်ခတ်ဆုံးမခြင်း, နှောင်အိမ်ထောင်တန်း ထားခြင်း, ဓားလက်နက်နှင့် ကွပ်မျက်သတ်ဖြတ်ခြင်းကို ပြုတော်မမူအပ်ပေ။ အကျွန်ုပ်တို့လည်း ထိုသို့စီရင်သည်ကို မမြင်မကြားလိုပါ။

"ဆင်ဖြူကိုလှူခြင်းသည် မင်းတို့အကျင့် ချွတ်ယွင်းသည့်အမှု မဟုတ်သော်လည်း ဆင်ဖြူရတနာသည် အရှင်မင်းကြီးတို့အား များစွာသောဘုန်းကျက်သရေတို့ကိုလည်း ဆောင်၏။ ပြည်ထောင်ချင်းချင်း မင်းအပေါင်းတို့တွင် အရှင်မင်းကြီး၌သာ ဆင်ဖြူရောက်သည်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် တိုင်းကြီးပြည်ကြီးရှင် မင်းဟူသမျှ ကျိုးနွံပျပ်ဝပ်လျက် မြတ်သောလက်ဆောင်ပဏ္ဏာဖြင့်ဦးညွှတ်ရာ ဧကရာဇ်မင်းစည်းစိမ်ကိုလည်း ဆောင်၏။ မင်းအပေါင်းတို့ ညွှတ်ပျောင်းရှိသေသည်ဖြစ်၍ တိုင်းနိုင်ငံ ဇနပုဒ်တို့၌ တိုက်ဖျက်စစ်ကြီး ရန်မီးမထ ဓားပြ,သူခိုး လူဆိုး, မုဒိမ်း ကင်းငြိမ်းသဖြင့် ပွင့်လင်းသာစည်လျက် ပြည်သားပြည်သူ လူအပေါင်းတို့၏စီးပွားကို ဆောင်ပေ တတ်သောကြောင့် အကျွန်ုပ်တို့ ကိုးကွယ်ရာတစ်ဆူလည်း ဖြစ်ပေ၏။

"ထိုသို့ ပြည်သားပြည်သူတို့၏ကိုးကွယ်ရာ ဧကရာဇ်မင်း၏အင်္ဂါ ရတနာမြတ်သောဆင်ဖြူတော်ကို ပြည်သားပြည်သူတို့အား ထောက်ထားကြင်နာခြင်းမျှ မရှိ။ မိမိအလိုအလျောက်လှူလေသော အရှင့်သားတော်ကို အကျွန်ုပ်တို့ အလိုမရှိ။ ထိုမင်းသည် အရှည်ထီးနန်းစံသဖြင့် နိုင်ငံ,မြို့,ရွာ တုန်လှုပ်ချောက်ချားအံ့သည် ဖြစ်သောကြောင့် မင်း မပြုစေလို။ အရှင့်သားတော်ကို ပြည်မှနှင်ထုတ်တော်မူ၍ ဝင်္ကအမည်ရှိသောတောင်၌ နေစေတော်မူလော့"ဟု လျှောက်ကြားကြကုန်၏။

သိဉ္စည်းမင်းကြီးသည် ပြည်သူပြည်သားတို့စကားကို ကြားလျှင် မိမိ၌ ဖုဿတီဒေဝီမိဖုရားကြီးမှတစ်ပါး သင်းပင်းအဝင်အပါ အဖော်မရှိဖြစ်၍ ပြည်သူတို့စကားကို တားမြစ်ပစ်ပယ်ခြင်းငှာ မတတ်နိုင် ရှိချေသောကြောင့် 'ပြည်သူတို့သည် ယခု အမျက်ထွက်ဆဲ ဖြစ်၍သာ ငါ့စကားကို မယူမနာ တင်းမာကြပ်တည်းကြသည်။ နက်ဖြန်မိုးသောက်လျှင် ပြည်သူတို့ အမျက်ပြေလတ္တံ့။ ထို ပြည်သူတို့အလိုသို့လိုက်လျက် ရက်ရှည် ဆွဲအံ့'ဟု ကြံ၍၊

"ငါ၏မှူးမတ် ပြည်သားပြည်သူတို့။ ငါ၏သားတော်ကို ပြည်မှ နှင်ထုတ်ခြင်းငှာ သင်တို့ အကယ် အလိုရှိကြအံ့။ သင်တို့အလိုကို ငါ မပယ်ပြီ။ ထိုသို့မူကား ငါ့သားဝေဿန္တရာကို ဤနေ့ညဉ့်ပတ်လုံး ကာမဂုဏ် စည်းစိမ်ဖြင့် ချမ်းသာစွာနေပါစေဦး။ နက်ဖြန်မိုးသောက်မှ သင်တို့အလိုရှိတိုင်း ပြုပါလော့"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလျှင် ပြည်သားပြည်သူတို့လည်း "အရှင်မင်းကြီး။ အမိန့်တော်ရှိတိုင်း ဤနေ့ညဉ့် နေပါစေဦးတော့"ဆို၍ မိမိတို့အိမ်သို့ ပြန်ကြလေကုန်၏။

သိဥ္စည်းမင်းကြီးသည် ထိုအကြောင်းကို သားတော်ဝေဿန္တရာမင်းအား ကြားသိစေခြင်းငှာ အမတ်တစ်ယောက်ကို ခေါ်ပြီးလျှင် ဤသို့မှာထား၍ စေလိုက်၏။

"ဤ ငါ၏ကိုယ်ကဲ့သို့ ယုံမှတ်အပ်သော အမတ်။ သင်သည် ငါ့သားတော် ဝေဿန္တရာမင်း၏နန်းတော်သို့ ယခုသွား၍ လျှောက်ကြားချေ။ လျှောက်ရမည့် စကားမှာ 'အရှင်မင်းကြီး။ သိဝိတိုင်းသူ လူအပေါင်းတို့သည် အရှင်မင်းကြီးအား အမျက်ထွက်ကုန်၏။ မင်းညီ, မင်းသား, မင်းမျိုးမှူးရိုးမတ်ရိုးသား, ပုဏ္ဏား, ကုန်သည်, ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲ, အလုံးစုံသော ပြည်သားပြည်သူ လူအပေါင်းတို့သည် ဤနေ့ညဉ့်ကိုလွန်စေ၍ နက်ဖြန်မိုးသောက်လျှင် အညီအညွတ်စည်းဝေးကြလျက် ပြည်မှ အရှင်မင်းကြီးကို နှင်ထုတ်ကြလတ္တံ့'။ ဤသို့ ဆိုချေ"ဟု စေလိုက်၏။

ထိုအခါ ဝေဿန္တရာမင်းကြီးသည်လည်း ဆင်ဖြူတော်ကိုလှူပြီးလျှင် ဖွားဖက်တော် အမတ် ၆ သောင်း ခြံရံလျက် နန်းတော်သို့ဝင်၍ မြတ်သောထီးဖြူအောက်၌ ဝမ်းမြောက်ဝမ်းသာ ဒါနပါရမီကို မှီ၍ဖြစ်သော နှစ်သက်ခြင်းဖြင့် ရွှင်လန်းတင့်တယ် စံပယ်ပျော်ပါးလျက် နေတော်မူ၏။ ထိုသို့ ဖွားဖက်တော်အမတ် ၆ သောင်း ခြံရံလျက် မြတ်သောထီးဖြူအောက်၌ စံပျော်ရွှင်လန်းလျက်နေစဉ် ခမည်းတော်မင်းကြီးက စေအပ်သော အမတ်သည် ရွှေလက်ကောက်, မြနားတောင်း, ဝတ်ကောင်းတန်ဆာဆင်ယင်လျက် ဝေဿန္တရာမင်းကြီးစံရာသို့ ရောက်လေ၏။

ထိုအမတ်သည် ဝေဿန္တရာမင်းကြီး၏တင့်တယ်ခြင်းကို မြင်လျှင် အရှင်သခင်ဖြစ်၍ မနှစ်သက်အပ်သော စကားကို လျှောက်ထားရမည့်အတွက်ကြောင့် အသည်းနှလုံး ယူကျုံးမရ စိတ်ကမဆည်နိုင်အောင် မျက်ရည် အသွယ်သွယ်ယိုစီးလျက်၊ ဘုန်းကြီးသောအရှင်အား အလျင်တဆော အမှာတော်အတိုင်း မလျှောက်တည့်ဝံ့ ခဲ့ညားရှိသေခြင်း မင်းဝတ်သိသဖြင့် ရှိခိုးဦးချလျက် ခွင့်တောင်းပန်ကြား လျှောက်ထားသည်ကား

"အရှင့်ဘုန်းတော်ကျေးဇူးတော်ကို ထုတ်ဖော်ချီးမွမ်း၍မပြီး တိုင်းကြီးပြည်ကြီး ထီးဖြူဆောင်းချင်း မင်းတကာတို့၏အထွတ် ဖြစ်တော်မူသော တရားမင်းကြီး။အကျွန်ုပ်၏ အသက်စည်းစိမ်ကို သနားတော်မူပါဘုရား။ ခမည်းတော်က စေတော်မူလျှင် အရှင်ရှိကျွန် ဖြစ်ချေသောကြောင့် အရှင်မင်းကြီးအား သူတစ်ပါး မကောင်းကြံသော အမှုကို ယခု လျှောက်ရပါမည်။ ဤအမတ်သာ မနာလိုသောအလိုက် ကုန်းတိုက်စကား လျှောက်ထားဘိသည်ဟု အယူတော်စွဲလျက် အမျက်တော်မရှိပါနှင့်။ အရှင်မင်းကြီးတို့သာ အကျွန်ုပ်တို့အား စည်းစိမ်,အသက် ပေးတတ်သော အရှင် ဖြစ်တော်မူပါသည်။ အရှင်မင်းကြီးတို့မှတစ်ပါး ကိုးကွယ်ရာမရှိသည်ကို နှလုံးတော်မြတ်ထား၍ 'ဤအမတ်သည် ငါ့အား အကျိုးလိုစကား လျှောက်ထားပေသည်'ဟု အကျွန်ုပ်ကို မြတ်နိုးယုံကြည်တော်မူသဖြင့် အခွင့်သနားတော်မူပါ"ဟု လျှောက်ထား၏။

ဝေဿန္တရာမင်းကြီးသည် "အမတ်။ ငါ့အား သင်သည် ငါ့ခမည်းတော်မှာသည့်အတိုင်း ဆုတ်ဆိုင်းခြင်းမရှိ သိသာကုန်စင်အောင်လျှောက်။ ကြောက်ရွံ့ထိတ်လန့်ခြင်း သင် မရှိနှင့်"ဟု ဆို၏။ ထိုသို့ အခွင့်ရပြီးသော် အမတ်သည် သိဥ္စည်းမင်းကြီး မှာတော်မူတိုင်း အလုံးစုံသောပြည်သူတို့၏ အကြံအစည်ဖြစ်သည့် အမှုကို တစ်ခုမကျန် ကုန်စင်အောင်လျှောက်ထား၏။အမတ်စကားကိုကြားလျှင် ဝေဿန္တရာမင်းကြီးသည် ဤသို့ဆို၏။

"ငါ၏အကျိုးကိုသာ အလိုရှိသောအမတ်။ ယခု သင်လျှောက်သောကြောင့် ပြည်သားပြည်သူတို့၏ အကြံကို ငါ ကြားသိရပြီ။ ငါသည် ခမည်းတော်မင်းကြီး ထီးနန်းကိုနှင်းအပ်၍ အထွတ်အမြတ်ရောက်သည်မှ



www.burmeseclassic.com

ယခုတိုင် မင်းတို့ကျင့်ရာ, ဆောင်ရာသည့်တရား ယွင်းမှားတိမ်းစောင်း မကောင်းသောအကျင့်ဖြင့် ပြုကျင့်မိသည်ကို ငါ မမြင်။ ငါ၌ အဘယ်အပြစ်ရှိ၍ သိဝိတိုင်းသူ လူအပေါင်းတို့သည် အမျက်ထွက်ကုန်သဖြင့် ပြည်မှနှင်ထုတ်မည် ကြံကြသနည်း။ အဘယ်အပြစ်ကြောင့် ပြည်သူပြည်သားတို့ အမျက်ထွက်ကုန်သနည်း။ ယခု သင်သိလျှင် ထိုအပြစ်ကို ငါ့အား လျှောက်ကြားလော့"ဟုဆို၏။

အမတ်သည် "အရှင်မင်းကြီး။ မင်းသားမင်းမျိုး မှူးရိုးမတ်ရာ ပြည်သူတကာအပေါင်းတို့ မကောင်းသော အမှုနှင့် ယခုကြံသည်မှာ အရှင်မင်းကြီး၌ မင်းကျင့်တရား ယွင်းမှားတိမ်းစောင်းသောကြောင့် မဟုတ်ပါ။ တိုင်းကြီးပြည်ကြီး ထီးဆောင်းချင်းချင်း မင်းတစ်ပါးတို့၏ရန်စွယ်ကို နုတ်ပယ်ချိုးတတ် မြတ်လှသော ဆင်ဖြူရတနာကို ယာစကာပုဏ္ဏားတို့အား လှူတော်မူသောကြောင့် အမျက် ထွက်ကြကုန်သဖြင့် ပြည်မှနှင်ထုတ်မည် အကြံဖြစ်ကြသတည်း"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းမင်းဝေဿန်သည် ဤသို့ဆို၏။

"အမှုကိုသိသာအောင် လျှောက်ထားပေတတ်သော အမတ်။ သဗ္ဗညုတဉာဏ်ကိုရှာသော ငါသည် 'ဦးခေါင်း, မျက်စိ, နှလုံးသား အစရှိသော အတွင်းအလှူကိုပင်သော်လည်း အလိုရှိသောသူ တောင်းခံလာလျှင် ပေးလှူအံ့'ဟု အကြံရှိ၏။ ထိုသို့ အတွင်းအလှူကိုစင် စွန့်လှူဝံ့ရဲလျက် ဖြစ်ခြင်း,ပျက်ခြင်းနှင့်ဆက်ဆံသော ရွှေ,ငွေ, ပုလဲ, ကြောင်မျက်ရွဲ အစရှိသော အင်္ဂသမဉ္စာ[၅၈]။ ဆင်, မြင်း, လူ အစရှိသော ဇင်္ဂမဉ္စာ[၅၉]။ မြို့,ပြည် တိုင်းကား, ဥယျာဉ်,လယ်ယာ အစရှိသော ထာဝရဉ္စာ[၆၀]။ဤအပဖြစ်သော ဉစ္စာမျှကို အဘယ့်ကြောင့် ငါမလှူဘဲ နေအံ့နည်း။ 'ဦးခေါင်းကို အလိုရှိသည်'ဟု တောင်းလာလျှင် ငါ၏ဦးခေါင်းကို ထောင်းထောင်းဖြတ်၍ ပေးအံ့။လက်ရုံး, မျက်လုံးကို အလိုရှိသည်ဟု တောင်းလာလျှင် လက်ရုံးကို လည်းကောင်း, မျက်လုံးကို လည်းကောင်း ပိုင်းဖြတ်ထုတ်ယူ၍ ပေးအံ့။ အလှူပေးခြင်း၌ ငါ၏စိတ်သည် ဆံခြည်ဖျားမျှ တွန့်တိုတုန်လှုပ်ခြင်း မရှိ။ အလွန်နှစ်သက်၍ မွေ့လျော်တော်မူ၏။ စင်စစ် သိဝိရာဇ်ပြည်သူ လူအပေါင်းတို့သည် အလှူပေးရမည်လော'ဟု ငါ့ကို ပြည်မှ နှင်ထုတ်လိုလည်း နှင်ထုတ်စေ၊ သတ်လိုလည်း သတ်စေ၊ ဖြတ်လိုလည်း ဖြတ်စေ။ အလှူပေးခြင်းကို ငါ မကြဉ်ရှောင်ပြီ"ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားလျှင် အမတ်သည် မိမိအရှင် သိဥ္စည်းမင်းကြီးလည်း မှာတော်မမူ၊ ပြည်သူပြည်သားတို့ စကားလည်း မဟုတ်ဘဲလျက် နတ်တို့လှည့်ပတ်သဖြင့် သိဥ္စည်းမင်းကြီးမှာတော်မူဟန် စကားသံနှင့် တစ်ဖန် လျှောက်ထားပြန်၏။

"အရှင်မင်းကြီး။ ဆင်ဖြူကိုလှူသောကြောင့် 'ကောန္တိမာရ'[၆၁]အမည်ရှိသော မြစ်၏အနီး အာရဥ္စရ[၆၂] အမည်ရှိသောတောင်သည် ပြည်မှနှင်ထုတ်ကုန်သော မင်းတို့နေရာ ဖြစ်၏။ ထို အာရဥ္စရအမည်ရှိသော တောင်သို့ ရှေးရှုကောင်းသောအလှူပေးခြင်း၌ မွေ့လျော်သောမင်းကြီးဝေဿန္တရာကို ပြည်မှ ထွက်သွားစေရမည်ဟု ပြည်သား ပြည်သူအပေါင်းတို့ ဆိုကုန်သည်"ဟု လျှောက်၏။

ထိုစကားကို ကြားလျှင် မင်းကြီး ဝေဿန္တရာသည် "ငါ့အား ပြည်သူတို့စကားကို မကြွင်းမကျန် ဟုတ်မှန်တိုင်း လျှောက်ကြားပေသောအမတ်။ သင် လျှောက်ထားသည့်စကားအတိုင်း သင့်မြတ်လှပြီ။ ထို ကောန္တိမာရမြစ်နား အာရဥ္စရတောင်သည် အပြစ်ရှိသောမင်းတို့ကို ပြည်မှနှင်ထုတ်သည့်နေရာ ဖြစ်သည်။ ငါမှုကား တစ်ပါးသောမင်းတို့ကဲ့သို့ မင်းကျင့်ပျက်သည် မဟုတ်။ ဆင်ဖြူကိုလှူသောကြောင့် ပြည်မှနှင်ထုတ်၍ အာရဥ္စရတောင်သို့ သွားစေလိုလျှင် ငါ သွားအံ့။ ထိုသို့သွားရမည်ပင်ဖြစ်သော်လည်း ၇၀၀ တို့၏အပေါင်းဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အလှူကြီးကို ငါ ပေးတော်မူလိုသေးသည်။ နက်ဖြန် တစ်နေ့မျှ ပြည်သူအပေါင်းတို့ သည်းခံ၍နေပါစေဦး။ နက်ဖြန် အလှူကြီးပေး၍ သန်ဘက်ခါ ပြည်သူတို့အလိုရှိရာသို့ ထွက်သွားပါအံ့။ တစ်နေ့နှင့် တစ်ညဉ့်အတွက်ကို သည်းခံပါစေဦး"ဟု ဆို၏။

အမတ်သည် "အရှင်မင်းကြီး။ကောင်းပြီ။ ပြည်သူတို့ကို အရှင်မင်းကြီးမှာတော်မူတိုင်း ကြား၍ ငံ့စေဦးအံ့"ဟု ဆိုပြီးလျှင် ဝေဿန္တရာမင်းကြီး၏နန်းတော်မှဆင်း၍ ခမည်းတော်မင်းကြီးထံ ပြန်၍သွားလေ၏။

ဘုရားလောင်းဝေဿန္တရာမင်းကြီးသည် စစ်သူကြီးအမတ်ကို ခေါ်တော်မူ၍ "ငါ၏အမူကို တစ်ခုမကျန် ရွက်ဆောင်သော အမတ်ကြီး။ နက်ဖြန်မိုးသောက်လျှင် ၇၀၀ အပေါင်းဖြစ်သော အလှူကြီးကို ငါ ပေးတော်မူလို၏။သင်သည် ဆင် ၇၀၀, မြင်း ၇၀၀, ရထား ၇၀၀, မိန်းမ ၇၀၀,နို့ညှစ်နွားမ ၇၀၀, ကျွန်ယောကျ်ား ၇၀၀, ကျွန်မိန်းမ ၇၀၀၊ ဤ ၇ ဦးကို ၇၀၀ စီ စီရင်လော့။ အထူးထူးအပြားပြား များသော ထမင်းအဖျော် အစရှိသော စားဖွယ်သောက်ဖွယ်ဟူသမျှကို တစ်ခုမကျန် အယုတ်သဖြင့် သေအရက်ကိုမျှ မလွှတ်စေနှင့်။ ပြီးစီးအောင်စီရင်လော့"ဟု ဆို၏။

အမတ်တို့သည် အလှူကိုစီရင်အံ့သောငှာ နန်းတော်မှ ဆင်းသက်ကြကုန်၏။

ဝေဿန္တရာမင်းကြီးသည် တစ်ကိုယ်တော်တည်း မဒ္ဒီဒေဝီမိဖုရားကြီးနေရာ နန်းမဆောင် ကျက်သရေရှိသောတိုက်ခန်းသို့ဝင်၍ စက်မွေ့ရာအပြင်၌ နန်းမရှင်နှင့်အတူ ထိုင်တော်မူလျက် ဤသို့ တိုင်ပင် ပြောဆိုတော်မူ၏။

"မိဘ ၂ ပါး ပေးထိမ်းမြား၍ ထပ်ပွားမေတ္တာ ကြင်နာလှဘိ လင့်ဝတ်သိသော အဘယ်မဒ္ဒီဒေဝီ။ ငါသည် သင့်အားပေးအပ်သော ရွှေ,ငွေ,စပါး အစရှိသောဥစ္စာသည်လည်း သင်၌ များစွာရှိ၏။ ငါဦးရီးတော် သင်၏အဖ မဒ္ဒရာဇ်မင်းမှပါသော လက်ဖွဲ့ဥစ္စာ ရတနာအပေါင်းတို့သည် သင်၌ များစွာရှိ၏။ ထို ဥစ္စာအပေါင်းကို သင်သည် မပျောက်မယွင်း မဆွေးမကြေရအောင် ကောင်းစွာ ရွှေအိုးကြီးပြု၍ မြှုပ်ထားလော့"ဟု ဆို၏။

မဒ္ဒီမိဖုရားကြီးသည် ဒီပင်္ကရာမြတ်စွာဘုရား၏ခြေတော်ရင်း၌ အလုပ်အကျွေးဆုကို ယူသည်မှ ၄ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းအတွင်း ဘဝများစွာ ဘုရားလောင်းသူတော်ကောင်းနှင့် ပေါင်းဖော်လုပ်ကျွေး နည်းပေးတိုင်း ကျင့်ဖူးသော အထူးပါရမီဖန်၍ ဉာဏ်ပညာ, သမာဓိ, သတိ ရှိသည်နှင့်လျော်စွာ ကာမဂုဏ် လောဘရမ္မက်သို့ မသက်၊ အမြွက်မျှသောစကားကို ထောက်ထားနှိုင်းယှဉ်၍ 'ငါ၏မြောက်သား မင်းတရားကြီးသည် ငါနှင့်အတူ ရွှေနန်းစံတော်မူသည်မှ ယခုတိုင် မည်သည့်ကာလမျှ ဥစ္စာပစ္စည်းကို သိမ်းဆည်းသိုထားဖူးသည်လည်း မရှိ။ 'သိမ်းဆည်းလုံခြုံစေ' ဟူ၍လည်း မဆိုစဘူး။ ယခုမူကား 'သင့်၌ ဥစ္စာရတနာကို ကောင်းစွာမြှုပ်၍ထား'ဟု အမိန့်တော်ရှိသည်။ ကိုယ်တော်၏အလိုကို ငါ မသိသာသေး။ကိုယ်တော်သည် အလိုတော်တစ်စုံတစ်ခု ရှိသောကြောင့်ဆိုသည် ဖြစ်မည်။ ယခုသိရအောင် ငါ လျှောက်ဦးအံ့'ဟု ကြံလျက်၊ "အရှင်မင်းကြီး။ အကျွန်ုပ်၏ ဥစ္စာရတနာ များစွာကို အဘယ်အရပ်၌ မြှုပ်ထားရသော် လုံခြုံပါအံ့နည်း"ဟု လျှောက်ထား၏။

ဘုရားလောင်းသည် မြောက်သားတော်မိဖုရားကြီးအား မြှုပ်ထားရာကို ပြညွှန်လို၍-

'သီလဝန္တေသု ဒဇ္ဇာသိ၊ ဒါနံ မဒ္ဒီ ယထာရဟံ။ န ဟိ ဒါနာ ပရံ အတ္ထိ၊ ပတိဋ္ဌာ သဗ္ဗပါဏိနံ။ ။'

ဟူ၍ဆိုတော်မူ၏။အဓိပ္ပာယ်ကား-

"အဘယ် မဒ္ဒီမိဖုရားကြီး။ သင်၏ ဥစ္စာရတနာ များစွာတို့ကို ကျိုကျ,တိုက်တာ,မြေတွင်းသွင်းမြှုပ် သိမ်းထားငြားသော်လည်း ၅ ပါးရန်သူ[၆၂]မနှောင့်ယှက်စေကာမူ တစ်သက်တာမျှ အခိုက်အတန့်သာ တည်သည် ဖြစ်၍ မလုံခြုံသေး။ သီလဝန္တ[၆၃]ဖြစ်သော အလှူခံမြေနိုင်နိုင်၌ မယိုင်မပြို ကြည်ညိုခြင်းသဒ္ဓါတိုက်ကြီးဖွဲ့၍



www.burmeseclassic.com

www.burmeseclassic.com



ငုံကွက်ပိတ်သို ဝန်တိုခြင်း မြူချေးညှိမတင်သော လွတ်လွတ်ပေးလှူခြင်းစေတနာဖြင့် ရတနာအစစ် ဥစ္စာနှစ်ကို ကျစ်လစ်သေချာစွာ မြှုပ်ထားလော့။ ဤ လှူဒါန်းခြင်းရွှေအိုးကိုသာ သံသရာအဆက်ဆက် အရိပ်သဖွယ် ကိုယ်နှင့်ထက်ကြပ်လိုက်လျက် သုံးဆောင်၍မကုန်နိုင်သော အနုဂါမိက[၆၁]ရွှေအိုး ဖြစ်သည်။ ဤရွှေအိုးထက် ခိုင်လုံသောရွှေအိုးမည်သည် မရှိ”ဟု ဆိုတော်မူ၏။

မဒ္ဒီမိဖုရားကြီးလည်း “အရှင်အမိန့်တော်အတိုင်း ကောင်းပါပြီ”ဟု ဝန်ခံ၏။

ထို့နောက် ဘုရားလောင်းသည် မြောက်သားတော်အား တစ်ဖန် ဆုံးမလိုပြန်၍ “ငါ၏ချစ်မငြိုး ဖြစ်သော အဘယ်မဒ္ဒီမိဖုရား။ သင်သည် ငါ၏သားတော် ဇာလီ, သမီးတော်ကဏှာဇိန်၊ ဤငါ့ရင်သွေး ၂ ယောက်ကို ရှေးကထက်သာ၍ ကြင်နာစုံမက် ချစ်ခင်ရစ်။ သင်၏အရီးယောက္ခမ ဖုဿတီဒေဝီမိဖုရား, သိဉ္စည်း ်းကြီး ဤငါ့မယ်တော်, ခမည်းတော်တို့အား ဆပ္ပားကြင်နာ ကောင်းစွာမြတ်နိုး ကိုးကွယ်ကြည်ညိုရစ်။ ငါနှင့် ပြည်ထောင်ဖက်ချင်း မင်းတစ်ပါးသည် သင့်ကို တောင်ညာနှင်းလိုပါသည်ဆိုလျှင် ထိုဆိုလာသောမင်းကို ‘အရှင်’ ဟုမှတ်၍ ငါ့ကိုလုပ်ကျွေးသကဲ့သို့ အရှိအသေလုပ်ကျွေးရစ်။ ထိုသို့ဆိုလာသော မင်းတို့၏အမျိုးအနွယ် အကျင့်အမှုကိုမသိ၍ မနှစ်သက်လျှင် သင့်စိတ်ရောက်ရာ ထိုက်တန်သောအရှင်ကို ရှာ၍ ငါ့ကိုကဲ့သို့ ရိုသေစွာ လုပ်ကျွေးရစ်လော့။ ငါသည် သင်နှင့် ကွေကွင်းရအံ့။ ငါနှင့် ကွေကွင်းရသည်ဟူ၍ သင်သည် ကြုံလှီဖျော့တော့ နွမ်းလျော့ညှိုးငယ် ကိုးကွယ်ရာမရ ဒုက္ခမဖြစ်ရစ်နှင့်”ဟု ဆို၏။

ထိုစကားကိုကြားလျှင် မဒ္ဒီမိဖုရားကြီးသည် ‘ဤစကားကို အရှင်မင်းကြီး မဆိုတန်။ အဘယ့်ကြောင့် ဆိုသနည်း’ဟု ကြံ၍၊ “အရှင်မင်းကြီးသည်။ မအပ်မရာ ဤစကားကို အဘယ့်ကြောင့် ဆိုတော်မူဘိသနည်း”ဟု မေးလျှောက်၏။

ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည် ဤသို့ အလုံးစုံကို ပြန်ကြား၏။

“အဘယ် မဒ္ဒီ။ငါသည် ဤလပြည့်နေ့ နံနက်က ထွက်တော်မူစဉ် တောင်တံခါးဝ၌ ပုဏ္ဏား ၈ ယောက် အလှူခံလာသောကြောင့် ဆင်သောတန်ဆာ, အလုပ်အကျွေးအမွေး, ဆေးသမား, အထိန်းအကြပ်နှင့် တကွ ငါ၏မင်္ဂလာဆင်ဖြူတော် ပစ္စယကို လှူလိုက်၏။ ထို ဆင်ဖြူကိုလှူသောကြောင့် မယ်တော်, ခမည်းတော်, သင်မိဖုရား ဤ ၃ ယောက်မှတစ်ပါး ပြည်သား ပြည်သူ လူအပေါင်းတို့သည် ‘ဆင်ဖြူကို လှူရမည်လော’ဟု ငါ့ကို အမျက်သိုကြသဖြင့် ယနေပင် ပြည်မှ နှင်ထုတ်မည်ဟု အညီအညွတ် စုရုံးကြ၏။ ငါသည် အလှူပေးလို သောကြောင့် ‘တစ်နေ့မျှ ငံ့ပါဦး’ဟု တောင်းပန်၍ ပြည်သူတို့ငံ့နေသဖြင့် နက်ဖြန် ၇၀၀ အပေါင်းဖြစ်သော အလှူကြီးကိုပေး၍ သန်ဘက် မိုးသောက်လျှင် ဤပြည်တော်မှ ထွက်သွားရမည်ကား မချွတ်ပြီ။ ယခု ငါသွားရမည့် တောအုပ်သည် လူသူမနီး သစ်ကြီးဝါးကြီး ပိတ်ဆီးမိုးကာလျက် များစွာသောသစ်,ကျား,ဆင်, ခြင်္သေ့, ဝံ, အောင်း မကောင်းသောသားရဲတို့ဖြင့် ပြွမ်းသည်ဖြစ်၍ အလွန်ကြောက်မက်ဖွယ် ရှိ၏။ ထို ကြောက်မက်ဖွယ် သားရဲတို့ဖြင့်ပြွမ်းသော တောအုပ်သို့ တစ်ယောက်တည်း သွားရအံ့သောငါသည် အဘယ်မှာ အသက်ရှင်နိုင်အံ့နည်း။ ထိုသို့ ဖြစ်သောကြောင့် မမေ့မလျော့ရှိအောင် သတိဖြစ်ကြောင်း ကောင်းမြတ်သောနောင်အခွင့်ကို အသင့်နှလုံးထား စေခြင်းငှာ သင့်အား ငါမှာထားခဲ့သည်”ဟု ဆို၏။

ထိုစကားကိုကြားလျှင် မိဘအမျိုးမှ အစဉ်မပျက်သော မင်းရိုးနန်းနွယ် တင့်တယ်သောမိန်းမကောင်း လက္ခဏာ ၅ ဖြာသောကြိန်အင် မိမိအရှင်၌ ကျင့်ရာ,ဆောင်ရာသော မိန်းမကောင်းတို့ဝတ် ဤသို့ အမျိုး,အဆင်း သီတင်း ၃ ဖြာ ကြိန်အင်္ဂါနှင့်ပြည့်စုံသော မဒ္ဒီမိဖုရားသည် ဤသို့ လျှောက်ထားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အကျွန်ုပ်အသက်တမျှ ကြင်နာလှသော ပြည်မသခင် အရှင်မင်းကြီး။ အဘယ့်ကြောင့် မအပ်သော စကားကို ဆိုတော်မူဘိသနည်း။ 'ယခု ငါ တစ်ယောက်အထီးတည်း လူမနီးသော တောကြီးသို့ သွားရမည်'ဟု ဆိုတော်မူသော် အရှင်မင်းကြီးစကားသည် မယား၌ ချစ်ခင်ကြင်နာသူတို့၏စကား မဟုတ်တကား။ မယားကို ချစ်သောသူတို့ သဘောသည် အခွင့်ကိုပြောဆို၍ခေါ်လျက် 'မယားမလိုက်လိုသော်သာ တစ်ယောက်တည်း သွားရမည်' ဆိုသင့်၏။ အရှင်မင်းကြီးသည် အကျွန်ုပ်၏အလိုကို သိသကဲ့သို့ မအပ်မရာ မှာထားတော်မူခဲ့သည်ကား မသင့်။ စင်စစ် ပြည်သူတို့နှင့်၍ အရှင်မင်းကြီး ထွက်သွားရသော်လည်း အရှင်မင်းကြီးသွားရာ ဖဝါးခြေထပ် အကျွန်ုပ် လိုက်ပါအံ့။ အရှင်မင်းကြီးနှင့် အတူနေ၍ ယခုပင်သေရမည်ဖြစ်စေ၊ အရှင်မင်းကြီးနှင့် ကွေကွင်းလျက် အသက်ထက်ဆုံး နေရမည်ဖြစ်စေ၊ အသက်ထက်ဆုံး အိုအောင်ပင် စည်းစိမ်ချမ်းသာနှင့် နေရငြားသော်လည်း အရှင်နှင့်ကွေကွင်း၍ မနေလိုပါ။ ယခုပင် သေရမည်ဆိုသော်လည်း အရှင်မင်းကြီးနှင့် အတူနေရလျှင် သေလိုပါ၏။ အသက်ရှင်လျှင်လည်း မင်းကြီးလက်တွင် ရှင်စေ၊ သေလျှင်လည်း မင်းကြီးလက်တွင် သေစေ။ အရှင်မင်းကြီးနှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍ အဘယ်အကျိုး ရှိတော့အံ့နည်း။ အလျှံပြောင်ပြောင် တောက်လောင်သော ရှားမီးကျီးထဲ၌ ဆင်း၍သေရသော်မှ ကောင်း၏။

"အရှင်မင်းကြီး။ အကျိုးအပြစ်ကို ဆင်ခြင်နိုင်သောလူကိုထား၍ တိရစ္ဆာန်မှသော်လည်း မိမိတို့လင် သွားရာ နောက်၌ အစဉ်တစိုက်လိုက်လျက် ဆင်းရဲမကျွာ ချမ်းသာမကွဲ အတူတကွ ပျော်ပါးကြကုန်ပါသေး၏။ ကိုယ်အသက်နှင့်အတူ ချစ်၍ အကျိုးအပြစ်ကိုမြင်မြော်နိုင်သော အကျွန်ုပ်သည် သွားတော်မူရာနောက်တော်သို့ အဘယ့်ကြောင့် မလိုက်နေပါအံ့နည်း။ တောင်,မြောင်,ချောက်ကြားသွားသော ဆင်ပြောင်ကြီး၏နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်တော်သို့ အကျွန်ုပ် သားငယ် ၂ ယောက်နှင့် အတူတကွလိုက်၍ အရှင်မင်းကြီးအား စိတ်တော်ချမ်းမြေ့အောင် ရှိသေစွာလုပ်ကျွေးပါအံ့"ဟု ဆို၏။

ဤသို့ဆိုခဲ့ပြီးလျှင် မဒ္ဒီဒေဝီသည် မိမိမရောက်ဘူးဘဲ မင်းကြီးစိတ်ကို ကြည်နူးစေခြင်းငှာ ဟိမဝန္တာ၌ ပျော်ကြောင်းပျော်ဖွယ်ကို ဤသို့ ချီးမွမ်း၍ဆိုပြန်၏။

"အရှင်မင်းကြီး။ အကျွန်ုပ် သားငယ် ၂ ယောက်နှင့် တောအုပ်သို့ ထွက်သွားရသောအခါ ထိုတောအုပ်၌ ပြည်စည်းစိမ်ကိုအောက်မေ့၍ ပူဆွေးခြင်းဖြစ်လေသော်လည်း သာယာစွာသောအသံဖြစ် ချစ်ဖွယ်သောစကားကို ဆိုလျက် ကစားရွှင်မြူးကြသော ဤ ဇာလီ,ကဏှာဇိန် သားငယ်,သမီးငယ်တို့၏မျက်နှာကို မြင်ရလျှင် ပူဆွေးခြင်း ပျောက်လတ္တံ့။ ဟိမဝန္တာဝယ် နေရာသစ်မိမ်း ဆောက်လုပ်၍ နေသောအခါ မိဘ, ပြည်, ရွာ, စည်းစိမ်ကို အောက်မေ့လျှင် တန်ဆာဆင်အပ်သောကိုယ်ဖြင့် ပန်းနံ့သာလိမ်းပန်လျက် ကခုန်ရွှင်ပျော်ကြသော သားငယ်, သမီးငယ်တို့မျက်နှာကို မြင်ရသဖြင့် မအောက်မေ့ဘဲ ပြေပျောက်ရလိမ့်အံ့။

"အရှင်မင်းကြီး။ ဟိမဝန္တာ သာယာစုံလင် မြိုင်တောခွင်ဝယ် မာတင်္ဂအမျိုးဖြစ်၍ အနှစ် ၆၀ မှ အားယုတ်သဖြင့် တင့်တယ်လှသောဆင်ပြောင်ကြီးကို အနီးအပါး၌ သွားဟန်နေဟန် မြည်သံများကို ညနံနက်တိုင်း ကြားရမြင်ရသဖြင့်လည်း စိတ်ပျော်မွေ့ခြင်းဖြစ်၍ ပြည်စည်းစိမ်ကိုမအောက်မေ့ဘဲ ပျောက်ပြေရလိမ့်အံ့။

"ခပ်သိမ်းသောအလိုကိုပေးတတ်သော အကျွန်ုပ်၏သခင် အရှင်မင်းမြတ်။သားရဲဖြင့်ပြည့်သော ထိုတောစုံ မြိုင်ခန်း၌ လမ်း ၂ ဘက်မှ ခက်ရွက်ညွှန့်ဖူး ယှက်ကူးသိုင်းမို့ စိမ်းညို့မှိုင်းဝေ ပင်ခြေရှင်းရှင်း သင်းသင်း ပျံ့မွှေး တောအရေး၏တင့်တယ်ခြင်းကို မျှော်ကာရှုကာ ရိပ်ခိုကာနှင့် မကွာတူကွ သွားကြရလျှင် ပြည်မရတနာ နန်းအောင်ချာကို ဘယ်မှာသခင် အောက်မေ့ချင်တော့အံ့။

www.burmeseclassic.com



"ဘုန်းလျှံတောက်ပ ဖွားဦးကပင် ငွေမှုမတူ ဆင်ဖြူရတနာ ရောက်လာရသော လူများသခင် ရွှေနန်းရှင်။ အင်ကြင်းတောစုံခြေ၌ ညနေညချမ်း စခန်းချတောက် ရောက်သောအခါ ပဋ္ဌမာလိနီ အမည်ရှိသော မြစ်သို့ ဆင်းသက်လာသော သမင်, ဆိုင်, ဖား သားအပေါင်းတို့ မိတ်လင်စုံညီ ယှဉ်တွဲမှီလျက် ကိန္နရီကိန္နရာတို့ မြူးကာဝဲပျံ သီချင်းသံနှင့် ကဟန်ရွှင်ဟန်များကို ကြားရ မြင်ရသောအခါ အောင်ချာကြငှန်း ရွှေပြည်နန်းကို လွှမ်းဆွတ်ခြင်း ပျောက်ပြေရလိမ့်အံ့။

"၁ သောင်း ၆ ထောင် မောင်းမဘောင်တွင် တောင်ညာတင်ခြင်း နန်းမနှင်း၍ ချစ်ခြင်းမတူ ချစ်တော်မူသော ဇမ္ဗူသခင် ကျေးဖူးရှင်။ ထိုစုံခွင်သို့သွား၍ ညဥ့်အချိန်ရောက်သောအခါ ဤနန်းတော်၌ ညဦးယံ, သန်းခေါင်ယံလုံး စည်သံ, နှဲသံ, အဲ, အန်, ဇချင်း, စောင်း, ငြင်း, ရတု, ပျော်မှုပျော်ခင်းဖြင့် နန်းတွင်းသူအပေါင်းတို့ ညွတ်ပျောင်းခယ သီကြကကြသောစည်းစိမ်တော်ကို အချိန်သင့်လွမ်းဆွတ်လျှင် တောအုပ်၌ ခင်ပုတ်, ဓိဝဓိုး, ကြိုးကြာ, ဥဒေါင်းတို့၏ ရင့်သျောင်းအေးကျူး မြူးထူးသောကျေးငှက်သံတို့ဖြင့် နိုင်ငံလုံးသခင် အရှင်ဖျော်ဖြေစရာ ရပါလိမ်အံ့။

"မင်းနွယ်နန်းရိုး အမျိုးမပြား ၂ ပါးမိဘ အငယ်ကပင် တူကွလက်ထပ် ထိမ်းမြားအပ်၍ နန်းပြာသာဒ် အလယ်၌ ငယ်ကြင်ငယ်ကျွမ်းဖြစ်သော မြောက်သားတော်မင်းတရား။ တောင်,မြောင်,ချောက်ကြားသို့ ၂ ပါးတူကွ သွားကြရသောအခါ ဤရာဇဌာနီ မင်းနေပြည်ကြီး၌ ခရီးလမ်းကြား တံခါး,ရေဆိပ်, မြို့ထိပ်မြို့ပြင် ထွက်ဝင် မြူးထူး ကူးသန်းကြသော မြို့သားမြို့သူ လူတို့အသံ၊ ဆင်,မြင်း,ဥသဘ စသည်တို့အသံ၊ ပဟိုရ်စည်မောင်း ခေါင်းလောင်းကြေးစည်သံတို့ကို ပြန်၍တဖေ အောက်မေ့ကြစည် လွမ်းဆွတ်မိလျှင် ထိုဟိမဝန္တာ သာယာပျော်ရွှင် မြိုင်တောခွင်ဝယ် ဆင်,မြင်း,နွားလား, သစ်, ကျား, ခြင်္သေ့တို့၏ တွန်မြည်ရင့်ကျူး မြူးထူးကြွေးကြော် အုတ်အော်ရှင်ညံအသံများကို ကြားရသဖြင့် စိတ်ဝမ်းဖျော်ဖြေ နေနိုင်ပါအံ့။

"မင်းတို့ကျင့်ထုံး ဘုန်းအင်လက္ခဏာ ပညာဂုဏ်နှင့် ပြည့်စုံသောလျောက် ၁၆ နှစ်ရွယ် ငယ်ကတည်းက ခမည်းတော်မင်း ပြည်လုံးနှင်း၍ မင်းများအထွတ် ဖြစ်တော်မူသော ရွှေနန်းရှင်။ ရင်ခွင်ပိုက်ထား သားငယ် ၂ ယောက်နှင့် ချောက်,မြောင်,တောင်ကြား သွားလာရသောအခါ ဤပြည်တော်၌ ၂ ဖော် မောင်နှံ ထွက်စံပျော်ရာ ရတနာမဥ္ဇူ ဥယျာဉ်တော်များကိုလွမ်းဆွတ်လျှင် ထိုစုံမြိုင်ခွင်၌ ရွှက်ကျင်ရွက်ဟောင်း ကျကြွေပြောင်း၍ တပေါင်းနွေဦး ညွန့်ဖူးပေါ်စ ချိန်ရောက်ကလျှင် ပိတောက်အင်ကြင်း နံ့သင်းစွယ်တော် ကံ့ကော်စကား ခရား ပုန်းညက် နံ့မြက်ရွှင်လန်း ပန်းသစ်ပင်တို့ ပင်ချင်းနွဲ့ညွတ် ပင်လုံးကျွတ်အောင် ပွင့်ဝတ်ဆင်သည်ကို တွေ့မြင်ရကြသဖြင့် ဖျော်ဖြေစရာ ရပါလိမ့်အံ့။

"ကိုယ်ဖို့ကိုယ်သာ ရှာတော်မမူ သူခပ်သိမ်းတို့ ငြိမ်းမည်စကာန် မှန်လျှင်ဆက်ဆက် ကိုယ်အသက်ကို ရေတွက်မခံ့ ပေးစွန့်ဝံ့သော ရွှေနန်းသခင် အရှင်မင်းမြတ်။ တောရပ်မြိုင်ချောင် တစ်တောင်ဆင်းသက် တစ်တောင်တက်၍ ရွှေစက်ဖဝါး ကြွသွားတော်မူရသောအခါ ဤပြည်တော်၌ မင်းညီမင်းသား မှူးမတ်များတို့ ခစားဝန်းရံ သဘင်ခံရာဖြစ်သော မြေတလင်း၏ ခင်းကျင်းသာယာ ညီညွတ်စွာကို ရုံခါစိတ်ညွတ်၍ လွမ်းဆွတ် ကြကုန်လျှင် ထိုစုံမြိုင်ခြေ၌ နွေဦးဆန်းစ တပေါင်းလရာသီရောက်က မြကျောက်ကဲ့သို့ လဲ့လဲ့စိမ်းသောအမျိုး ပိုးပရန်တို့ဖြင့် နှစ်လိုဖွယ်ဖုံးလွှမ်းအပ်သော မြေအပြင်ကိုရှုမြင်ရသဖြင့် တ,ယူလွမ်းဆွတ်ခြင်း ပျောက်ပြေရအံ့။

"ဖွားဖက်ရွှေဖော် အမတ်ကျော် ၆ သောင်းခြံရံလျက် ကနက်ဥကင် နန်းသဘင်၌ ဘုရင်တကာတို့၏ အထွတ်ဖြစ်သော မင်းတရား။ ရှေ့သွားနောက်ပါ မကွာတွဲစုံ ရုံမြိုင်ခွင်သို့ အရှင်ကြွသွားသောအခါ ဤရွှေနန်း၌

www.burmeseclassic.com



အဆန်းတကြယ် ခြယ်ဆင်သီရုံးလျက် နန်းသုံးမင်းထိုက် သိုက်မြိုက်သန့်ရှင်း မွှေးသင်းလှသော ပန်းကုံးနံ့သာမျိုး အနိုးအထုံတို့ကို အလိုတော်မြတ်ညွှတ်၍ လွမ်းဆွတ်အောက်မေ့လျှင် ထိုမြိုင်ခွင်အရပ်၌ ဆောင်းကျွတ်နွေပြောင်း တပေါင်းလရာသီရောက်က ကြက်မောက်,ရင်ခတ်, တောက်ရပ်,မျက်နှာပန်း, လက်ထုတ်စသော သစ်ပင်တို့မှ ပွင့်သောပန်းရနံ့ တပျံ့သင်းသင်း လှိုင်သည်ကိုကြွရသဖြင့် စိတ်ဝမ်းဖျော်ဖြေရအံ့”ဟု မဒ္ဒီဒေဝီသည် မိမိ မရောက်ဘူးဘဲလျက် ရောက်ဖူး, မြင်ဖူးဘိသကဲ့သို့ ဟိမဝန္တာ၏တင့်တယ်ခြင်းကို ချီးမွမ်း၍ ဝေဿန္တရာမင်းကြီးအား လျှောက်ထား၏။

## ၃။ ဒါနခန်း

ထိုအခါ ဘုရားလောင်းမယ်တော် ဖုဿတီမိဖုရားသည် ‘ယခုအခါ ငါ၏သားတော် ရွှေနန်းရှင်ကို ပြည်သူပြည်သားတို့ မကောင်းကြံမည်ကို ကြားရသဖြင့် ပူဆွေးလှ၍ ငါသားတော်ထံသို့ သွားအံ့။ အကြောင်း အဘယ်သို့ဖြစ်မည်ကို မသိ’ဟု ကြံ၍၊ မင်္ဂလာရှိသော ရထားပေါင်းချုပ်စီး၍ ဝေဿန္တရာမင်းကြီးစံရာ နန်းတော်သို့ သွားလေ၏။ နန်းမဆောင်သို့တက်ပြီးလျှင် ကျက်သရေရှိသော တိုက်တံခါးဝကနေလျက် သားတော် ချွေးမတော်တို့ ပြောဟောကြသောစကားကို ကြားလျှင်၊ မယ်တော်ဖုဿတီဒေဝီသည် ဆောက်တည်မရ သောကထပ်မွှား သနားဖွယ်သောငိုကြွေးခြင်းဖြင့် ဤသို့ ငိုကြွေးမြည်တမ်း၏။

“မင်းကျင့်တရားနှင့်အညီ ကျင့်သည်ဖြစ်၍ မြတ်လှသော ငါ့သားဝေဿန္တရာကို ပြည်မှ နှင်ထုတ်ထိုက်သည့်အပြစ် မြူတစ်ရစ်မျှ မရှိဘဲလျက် အဘယ့်ကြောင့် နှင်ထုတ်မည် ကြံပါလိမ့်မည်နည်း။ ငါ့သားနှင့်ကွေကွင်းရ၍ မင်း,မိဖုရားစည်းစိမ်၌ ချမ်းငြိမ်းစွာအသက်မရှင်ရဘဲ ကြေကွဲသောစိတ်ဖြင့် အဆိပ်သေဆေးကိုစား၍ မနေ့လျှင်ပြင်း သေရခြင်းဖြင့် လည်းကောင်း၊ တောင်ပေါ်ကမ်းပါးပြတ်မှ လတ်တလော ဆင်း၍ သေခြင်းမလှ သေရခြင်းဖြင့်လည်းကောင်း၊ ဦးခေါင်းဖောက်ထိုး လည်ခေါက်ချိုးဖြင့် ထမ်းပိုးစည်း ကန်းနစ်သကဲ့သို့ ရစ်ဖွဲ့စည်းထုပ်၍ သူယုတ်၏သေရခြင်းဖြင့် လည်းကောင်း၊ ယခု ငါ့ကို လျှင်လျှင်သေအောင် အပြစ်မရှိဘဲလျက် ငါ့သားကို အဘယ်ကြောင့် နှင်ထုတ်ကြပါလိမ့်မည်နည်း။

“သြော်၊ ငါ့သားတော်ဝေဿန္တရာသည် ခိဋ္ဌာဒသက[၆၆] ရောက်ဦးကပင် သာမ, ယဇု, ဣရုမည်တွင် ဗေဒင် ၃ စု နိဃဏ္ဍုကျမ်း, ကေဋုဘကျမ်း, လက္ခဏာကျမ်း, ဆန်း, အလင်္ကာ , သဒ္ဒါ, နီတိ, ဝိဒင်, ဇျာကရိဏ်း စသောကျမ်းတို့ကို အစွမ်းဉာဏ်အင်ဖြင့် သင်ကြားတတ်မြောက် ထင်ရှားလောက်သော သုတ, သိပ္ပ စသည်နှင့်လည်း ပြည့်စုံ၏။

“ဝန်တိုမိတ်ပင် စဉ်းလဲခြင်းမရှိ။ ဖုန်းတောင်းယာစကာတို့အား စွန့်ကြဲပေးကမ်းခြင်း အလှူဒါယကာလည်း ဖြစ်၏။ ထီးဖြူဆောင်းချင်း မင်းတကာတို့သည် ပဏ္ဏာလက်ဆောင်တို့ဖြင့် ပူဇော်ရိုညွှတ် ပျပ်ဝပ်ကျိုးနွံခြင်းငှာ ထိုက်သော အကျင့်သီတင်း ကျော်စောခြင်းလည်း ရှိ၏။ ရန်သူတစ်ပါး ထောင်ထားခြားသန့်ခြင်းငှာ မဝံ့သော ဘုန်းလက်ရုံး အထူးသဖြင့် မူးကောင်းမတ်ကောင်း အခြံအရံစည်းစိမ်နှင့်လည်း ပြည့်စုံ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိခင် ဖခင်တို့အားလည်း ဝပ်တွားကြည်ညိုရိုသေလုပ်ကျွေးမွေးမြူတတ်၏။

"ရွှေနန်းသခင် ဘုရင်ဖြစ်သည်ဟု ဂုဏ်မာနမပြုဘဲ အသက်အရွယ်ကြီးသောသူတို့ကိုလည်း အရိုအသေပြုလေ့ရှိ၏။ ငါ၏သည်းရင်း သိဋ္ဌည်းမင်း၏ ချမ်းသာကျော်စောခြင်း အစီးအပွားကို လည်းကောင်း, မိမျိုးဖမျိုးတို့၏ အကျိုးစီးပွားကို လည်းကောင်း, ကိုယ်လုပ်မောင်းမ စသည်မကြွင်း နန်းတွင်းသူတို့၏ အစီးအပွားကို လည်းကောင်း, ခြွေရံပရိသတ် မှူးမတ်အဆွေခင်ပွန်းတို့၏ အစီးအပွားကို လည်းကောင်း, သိဝိတိုင်းသူ လူအပေါင်းတို့၏ အစီးအပွားကို လည်းကောင်း ဆောင်ပေတတ်၏။ ဤသို့ အသီးအသီး ချီးမွမ်း၍မကုန် ကျေးဇူးဂုဏ်နှင့်ပြည့်စုံစွာသော ငါ့သားဝေဿန္တရာကို မြူလွှာတစ်ရစ်မျှ အပြစ်မရှိဘဲလျက် အဘယ်ကြောင့် နှင်ထုတ်ရက်ကြပါလိမ့်မည်နည်း"ဟု ငိုကြွေးမြည်တမ်း၏။

ဤသို့ ဘုရားလောင်းမယ်တော် ဖုဿတီမိဖုရားသည် ငိုကြွေးမြည်တမ်းပြီးလျှင် စိတ်ကိုချုပ်တည်း၍ သားတော် ချွေးမတော်တို့အား "ငါ့သား ငါ့ချွေးမတို့ မစိုးရိမ်ကြနှင့်။ သင်တို့ခမည်းတော် ထံမှာဆို၍ ပြည်သား ပြည်သူတို့ကို တားမြစ်စေအံ့"ဟု နှစ်သိမ့်စေပြီးသော် မိမိနန်းတော်သို့ပြန်သွား၍ သိဋ္ဌည်းမင်းကြီးထံ ဤသို့ လျှောက်တောင်းပန်ပြန်၏။

"မိဘတို့အား ကြောင့်ကြမဲ့ပြုလျက် တစ်ခုမကျန် ပြည်ကြီးဝန်ကို ဆောင်ရွက်အုပ်စိုးနိုင်သော သားကောင်း၏အဖ ခံရသည်နှင့်အညီ သတို့သားဝေဿန္တရာအား ပြည်နိုင်ငံအလုံးနှင်း၍ မင်းမြှောက်စံတော်မူသော အကျွန်ုပ်၏သခင် အရှင်မင်းကြီး။ ယခု ပြည်သားပြည်သူ လူအပေါင်းတို့ မကောင်းသောအကြံဖြင့် သားတော် ဝေဿန္တရာကို နိုင်ငံမှနှင်ထုတ်မည်ဟု အုတ်အုတ်ကျက်ကျက် ထိပ်ထက်လက်မြှောက် လျှောက်ထား ကြံဆောင်ကြသည်ကို အရှင်မင်းကြီး လိုက်နာတော်မူမည်လော။ အကယ်၍ ပြည်သူတို့စကားကို ရွှေနားထောင်ယူ လိုက်နာတော်မူသဖြင့် ရည်တူမနှုန်းရသော ဘုန်းပညာလက္ခဏာ အာဏာသတင်း ကျော်စောခြင်းရှိလျက် မိဘမျက်ရှု နနယ်ပျိုထွား ငါ့သားဝေဿန္တရာကို ပြည်တော်နိုင်ငံမှ နှင်ထုတ်ကုန်အံ့။

"အရှင်မင်းကြီး၏ပြည်တော်သည် ယင်,ပျားအပေါင်းတို့ ပျံလေပြီးသော မစုတ်ပျားအုံကဲ့သို့ လည်းကောင်း၊ အပင်မှကျကြွေ၍ မြေပြင်သို့ရောက်သော သရက်သီးမှည့်ကဲ့သို့ လည်းကောင်း ပြည်ထောင်ချင်းချင်း မင်းတစ်ပါးတို့သည် မရွံ့မထိတ် စီးနိုပ်လွယ်ကူ သိမ်းယူတိုက်ဖျက်ခြင်းငှာ မခဲယဉ်းသည် ဖြစ်ရာ၏။ ပြည်ထဲသခင် အရှင်မင်းကြီးလည်း ရေမရှိသောညွန်ပျောင်း၌ ဟင်္သာအပေါင်းတို့ စွန့်၍ပျံသွားသဖြင့် အတောင်ကျွတ်၍ မပျံနိုင်ကျန်ရစ်သော ဟင်္သာငယ်ကဲ့သို့ သားတော်နှင့်ဖွားဖက် ၆ သောင်း အမတ်သူရဲကောင်းတို့သည် မပျောင်းမညွတ် လွတ်ရာစွန့်ပစ်သွားကြခဲ့သော် အရှင်မင်းကြီးတစ်ယောက်ထီးတည်းကျန်ရစ်၍ ကိုယ်,စိတ်၏ ပင်ပန်းခြင်း မဖြစ်ခဲ့ပြီလော။ ထိုသို့ အကျွန်ုပ် လျှောက်သည့်စကားကို အရှင်မင်းကြီး ယူတော်မူလော့။ စီးပွားခိုင်ဖြိုး ကြီးကျယ်မြင့်မြတ်သောစည်းစိမ်ကို မပျက်စေလင့်။ သိဝိရာဇ်ပြည်သူအပေါင်းတို့၏စကားကို နာယူ၍ အပြစ်မရှိဘဲလျက် သားတော်ကို ပြည်မှ နှင်ထုတ်တော် မမူလင့်"ဟု လျှောက်တောင်းပန်၏။

ဖုဿတီမိဖုရား၏စကားကို ကြားလျှင် သိဋ္ဌည်းမင်းကြီးသည် "ငါ၏အယူ ဖြောင့်မှန်ကြောင်း ထုံးကောင်း ကိုပြု၍ ခယဝပ်တွား သား၏ကြင်နာခြင်းဖြင့် လျှောက်ထားတောင်းပန်သော အဘယ် ဖုဿတီဒေဝီ။ သင်ဆိုတိုင်း ဖြစ်မည် မှန်၏။ ငါသည်လည်း သားတော် ဝေဿန္တရာကို ငါတို့ဘေးဘိုး နန်းရိုးမင်းဆက် ဆင်းသက်၍ မပျက်အောင် ဆောင်ရာ,ကျင့်ရာသည့် မင်းကျင့်တရားကို ငါ ဆုံးမပြသသည့်အတိုင်း နာယူကျင့်ဆောင်ပေ သောကြောင့် ငါ၏ အသက်နှင့်အတူ ကြည်ဖြူနှစ်သက် စုံမက်မြတ်နိုးတော်မူ၏။ ထိုသို့ အသက်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြည်ဖြူသော်လည်း ပြည်သူတို့စကားကို မလွန်နိုင်သောကြောင့် ငါ၏သားတော်ကို ပြည်မှနှင်ထုတ်စိမ့်သောငှာ မတားမြစ်နိုင်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဖုသတီဒေဝီလည်း ကိုးကွယ်ရာမရ ပူပန်လှသည်ဖြစ်၍ ဤသို့ ငိုကြွေး ပြန်၏။

"ရှေး၌ ငါ့သားဝေဿန္တရာသည် ဧရကန်တော်သို့ လည်းကောင်း၊ ဥယျာဉ်တော်သို့ လည်းကောင်း၊ အလှူဇရပ်သို့ လည်းကောင်း မြို့လည်အံ့သောငှာ နန်းတော်မှထွက်စံသည်ရှိသော် ရှေ့တော်၌ ၂ သွယ် ၂ မြောင် ထောင်လွှားလျက်စဉ်ကာ မဟာလေ့ကားပွင့်သဏ္ဌာန် အောင်လံရှေ့ရွက် တလက်လက်ရှေ့ဆောင်၍ အဖိုးထောင် သောင်းမကထိုက်တန်သော ဂန္ဓာလရာဇ်တိုင်းဖြစ် ပုဆိုးပိုးချည်ဖြင့်ရက်၍ မွေ့ညက်နူးညံ့စွာ ကမ္ဗလာနီကိုယ်စီ ဝတ်ခြုံလွှမ်းဆင်ကာ များစွာသောမှူးမတ်အပေါင်းခြံရံ၍ လိုက်ကုန်၏။ ယခုမူ ငါ့သားဝေဿန္တရာ တစ်ယောက်တည်း သွားရအံ့တကား။

"ရှေး၌ ငါ့သား နန်းတော်မှထွက်လျှင် မင်္ဂလာရှိသောဆင်ဖြင့် လည်းကောင်း၊ ရွှေဝေါ, ရွှေယာဉ်ဖြင့် လည်းကောင်း၊ မြင်းကသော ရထား, ဆိတ်မြန်မာ, ဆိတ်ကုလား ကသောရထားဖြင့် လည်းကောင်းထွက်တော်မူ၏။ မိခင်ဖွားး၍ခြေဖြင့် သွားနိုင်သည်မှ မည်သည့်ကာလတွင် မြေအပြင်သို့ဆင်း၍ ခြေဖြင့် သွားဖူးသည် မရှိ။ ယခု ငါ့သားတော်သည် နူးညံ့စွာသောခြေဖြင့် မြေအပြင်ကို အဘယ်သို့နင်း၍ သွားတတ်ရာလိမ့်နည်း။

"နေပူတာလှပ်မှူ မခတ်စဘူး နူးညံ့လှစွာ နံ့သာအမွှေးအထုံ ကာမဂုဏ်စည်းစိမ်ဖြင့် ချမ်းငြိမ်းစံပယ်လျက် ကြီးရသော ငါ့သားဝေဿန္တရာသည် တင်းမာခိုင်ကြမ်းသောသူတို့နှင့်သာ ထိုက်တန်ကုန်သော အလွန်ရှုန့် ကြမ်းစွာသော သစ်နက်ရေပုဆိုး, ထမ်းပိုးကောက် ခြင်းတောင်းတို့ကို အဘယ်သို့ ဆောင်နိုင်အံ့နည်း။

"ယခု တောကြီးထဲသို့ဝင်ရအံ့သော ငါ့သားအား ဖန်ရည်စွန်းသော သစ်နက်ရေပုဆိုးတို့ကို အဘယ့်ကြောင့် မစီရင်ကြပါကုန်သနည်း။ သမန်းကျစ်ပုဆိုးကိုလည်း အဘယ့်ကြောင့် မကျစ်ပါကုန်သနည်း။

"မင်းတကာတို့ကိုအစိုးရသော ရွှေနန်းသခင်ဖြစ်၍ ကာသိကရာဇ်တိုင်း, ကောဋုမ္ဗရာဇ်တိုင်း, ခေါမတိုင်းတို့မှ ဖြစ်သော ပုဆိုးတို့ကိုသာဝတ်ရုံရသော ငါ့သားဝေဿန္တရာသည် သမန်းကျစ်ပုဆိုးကို အဘယ်သို့ ဝတ်နိုင်အံ့နည်း။

"ငါ့ချွေးမ မဒ္ဒီသည်လည်း မြင်မှုမမြင်စဘူးသော သမန်းကျစ်ပုဆိုးကို အဘယ်သို့ ရက်နိုင်ပါလိမ့်နည်း။ ငါ့မောင်မဒ္ဒရာဇ်မင်း၏ ရင်နှစ်ရင်သွေး ချွေးမမဒ္ဒီသည် ရှေး၌သွားလိုလျှင် ရွှေသံလျင်း, ရွှေဝေါ,ရွှေယာဉ်, မြင်းရထားတို့ဖြင့် သွားလေ့ရှိ၏။ ယခု ခြေကျင် အဘယ်သို့ သွားနိုင်ပါလိမ့်နည်း။

"ငါ့တူမ မဒ္ဒီသည် စုံစီခပ်သိမ်း မိန်းမမြတ်အင်္ဂါ လက္ခဏာကောင်းဖြင့် ရှိုးဖြောင့်ညံ့မွတ် ဆွတ်ဆွတ်နုနယ် ရှုဖွယ်သောကိုယ်ဖြင့် ကြာညိုရိုးကဲ့သို့ လှုပ်လှုပ်လဲလဲ နွဲ့နွဲ့လျလျ နန်းမတော်ညာ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြီးသခင် နန်းပြင်နန်းထဲ တွဲမှီဖော်မပါဘဲ မသွားဘူးပါလျက် ယခုခြေကျင် အဘယ်သို့ သွားနိုင်ရာလိမ့်နည်း။

"ငါ့တူမ မဒ္ဒီသည် တွဲမှီရွှေဖော်နှင့် နန်းတော်အပြင်တွင် ထွက်ဝင်သွားလိုလျှင် ဝါဂွမ်းစုမျှမက နူးညံ့လှသော ခေါမတိုင်းဖြစ် ဝတ်ထည်သစ်ကို ပြေပြစ်လျှောက်ပတ် အထပ်ထပ်အလွှာလွှာခင်း၍ အတွင်းစံ ရွှေအတိပြီးသော ခြေနင်းကိုစီး၍သာလျှင် ထွက်ဝင်သွားလာခြင်းကို ပြု၏။ ယခုမူ နုလှသောခြေဖြင့် မြေကို အဘယ်သို့ နင်းနိုင်ပါလိမ့်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူမ မဒ္ဒီသည် နှံမှိုယှဉ်ကာ လက်ယာလက်ဝဲ တွဲယူမဆောင် ၁၀၀၀ မျှသော အပျိုဖော် ခြွေရံနှင့် ရွှေနန်းထက်၌ ထွက်ဝင်ပျော်ပါး စံစားရ၏။ယခုမူ ရွေဖော်ခြံရံမပါ တစ်ယောက်တည်း လိုက်ရှာရာလိမ့်အံ့။

"ငါ့တူမ မဒ္ဒီသည် ဤနန်းပြာသာဒ်၌ မြတ်သောစက်မွေ့ရာထက် ချမ်းသာစွာနေလျက်လည်း နှလုံးနူးညံ့သည်ဖြစ်၍ အခါခါအဖန်ဖန် ကြောက်ရွံ့ထိတ်လန့်တတ်၏။ယခု ဟိမဝန္တာတောင်၌ ကောသိယအမျိုးဖြစ်သော ခင်ပုပ်ငှက်သံ, မြေခွေးသံတို့ကိုကြားရပြန်သော် အလွန်ကြောက်ရွံ့ ထိတ်လန့်ခြင်းဖြစ်၍ မူးယစ်တိမ်းဘီ နတ်မှီသောမိန်းမကဲ့သို့ ဒုက္ခဖြစ်ရှာလိမ့်အံ့။

"အသိုက်၌ အုသော ဝံလိုငှက်မသည် မိမိဥကို သူတစ်ပါးယူ၍ပျောက်ခဲ့သော် ထိုသားငယ်နေရာ အသိုက်အအုံကိုမြင်သဖြင့် ရှည်မြင့်စွာ ပူဆာကြွေးကြွေးခြင်းဖြစ်သကဲ့သို့၊ ငါသည်လည်း သားဝေဿန္တရာ ထွက်သွားခဲ့၍ သားအဆောက်အအုံ နန်းဘုံဗိမာန်ကို မြင်ရပြန်သဖြင့် မြင့်ရှည်စွာပူဆွေး၍ သေဘေး ရောက်ရလိမ့်တကား။ ထို ဝံလိုငှက်မသည် အသိုက်အအုံ၌ သားကိုမမြင်လျှင် မရွှင်ပူဆွေးသောငိုကြွေးသံဖြင့် ပျံခါဝဲခါ ရှာယောင်ရှာမှား သားကြောင့် ဆင်းရဲဖြစ်ရသကဲ့သို့ ငါသည်လည်း သားလှမျက်မှန် မင်းဝေဿန်တို့စံပျော်ရာ ထီးနန်းသို့ သွား၍ သားချစ်ရွှေနန်းရှင်ကို မမြင်မတွေ့ရသော် သားချွေးမတို့ သွားကြသောလမ်းသို့ မြည်တမ်းမဆည် မျက်ရည်ဖြိုးမှု တွေ့နိုးမြင်နိုး ညှိုးချုံးငိုကြွေးလျက် ပြေးယောင်ရှာယောင် တောင်မြောက်လူးလဲ အူသည်း ဆွေးကြွေ၍ သေရချေအံ့။ အမျိုးမှဆင်းသက်၍ မပျက်သောမင်းရိုးဖြစ်လျက် အသက်ကဲ့သို့ချစ်ခင်လှသော ငါ့သား ဝေဿန္တရာကို အကယ်၍ ပြည်သူတို့ နှင်ထုတ်ကြချေအံ့။ ငါသည်လည်း အပြစ်မဲ့သောသားကို နှင်ထုတ်ခြင်းကြောင့် လျင်မြန်မကြာ မုန်စွာသေရချေတော့အံ့တကား"ဟု ဤသို့ ဘုရားလောင်းမယ်တော် ဖုဿတီဒေဝီမိဖုရား ငိုကြွေးမြည်တမ်း၏။

ထို ဖုဿတီဒေဝီ ငိုကြွေးသံကိုကြားလျှင် သိဝိဥည်းမင်းကြီး၏နန်းတော်၌ရှိကုန်သော မင်းမောင်းမ ကိုယ်လုပ်တို့သည်လည်း သောသောအုတ်အုတ် ငိုကြွေးကြကုန်၏။

ခမည်းတော်သိဝိဥည်းမင်းကြီးနန်းတော်က ငိုကြွေးသံကိုကြားလျှင် ဝေဿန္တရာမင်းကြီးနန်းတော်၌လည်း ၁ သောင်း ၆ ထောင်သော မောင်းမကိုယ်လုပ်တော် အထိန်းအသိမ်းမှစ၍ နန်းတွင်းသူအပေါင်းတို့သည်လည်း သောင်းသောင်းအုတ်အုတ် ငိုကြွေးကြကုန်၏။ ဤသို့ ၂ ဦးသောနန်းတော်တို့၌ တစ်ယောက်သောသူမျှ မငိုကြွေးဘဲ နေခြင်းငှာ မတတ်နိုင်၍ အလုံးစုံသော နန်းတွင်းသူနန်းတွင်းသားအပေါင်းတို့သည် သောင်းသောင်းအုတ်အာ ကမ္ဘာပျက်လေနိုက်၍ အလိုက်သင့်လဲညွတ်သော အင်ကြင်းပင်ပျိုတောကဲ့သို့ လောကသခင် ရွှေနန်းရှင်ထံပါး၌ ဖားလျားဆံပင် ဦးတင်လက်ချီ တညီတညွတ်လူးလဲ အူသည်းပြတ်မျှ ငိုကြွေးကြ၍ ထိုနေ့ညဥ့်မိုးသောက် ရောက်လေ၏။

ထိုလပြည့်နေ့ကုန်၍ တစ်ရက်နေ့မိုးသောက်ရောက်လျှင် အလှူတော်အဖို့ ခန့်စီရင်သောအမတ်သည် ဝေဿန္တရာမင်းကြီးအား "အရှင်မင်းကြီး။ အမိန့်တော်ရှိတိုင်း အလှူတော် ၇၀၀ စုကို ယခုစီရင် ခင်းကျင်း၍ ပြီးပါပြီ။ လှူတော်မူပါလော့"ဟု လျှောက်၏။

မင်းကြီး ဝေဿန္တရာလည်း ရေချိုး၍ ကောင်းမြတ်သောအဝတ်တန်ဆာ ဆင်ယင်ဝတ်စားပြီးသော် ဖွားဖက်တော်အမတ် ၆ သောင်းခြံရံလျက်၊ ၇၀၀ အပေါင်းဖြစ်သောအလှူကြီးကို ပေးအံ့သောငှာ အလှူဇရပ်သို့ ထွက်တော်မူ၍၊ အလှူဇရပ်၌ အမတ် ၆ သောင်း တို့ကို ခေါ်တော်မူ၍၊



www.burmeseclassic.com

www.burmeseclassic.com



"အမတ်တို့။ သင်တို့သည် ဖုန်းတောင်းယာစကာတို့အား အလိုရှိရာ ပေး၍ပေး။ အဝတ်ပုဆိုးကို အလိုရှိသောသူအား လိုရာအဝတ်ကို၊ စားဖွယ်ခဲဖွယ်ကို အလိုရှိသောသူအား လိုရာစားဖွယ်ခဲဖွယ်ကို၊ သေသောက်ကြူးတို့အား လိုရာသေအရက်ကို ပေး။ မည်သည့် ဖုန်းတောင်းယာစကာကိုမျှ ဤအလှူဇရပ်သို့ ရောက်လျှင် မရ, မင,မဝ, မလောက် မရှိစေနှင့်။ ရောက်လာသော ဖုန်းတောင်းယာစကာတို့အား နှုတ်ဖြင့် ငေါက်ငမ်းခြင်းကိုမျှ မပြုကြနှင့်။ အလိုရှိတိုင်း တောင်းစေ, ခံစေ။ ထိုသူတို့နှလုံးကို ရွှင်ပြုံးအောင်ပြု၍ လိုရာအဝတ်အစားဖြင့် ရောင့်ရဲအောင်ပေး၍ လွှတ်လိုက်"ဟု ဆို၏။

၇၀၀ အပေါင်းဖြစ်သော အလှူကြီးကို ထိုနေ့ညဉ့်ပတ်လုံး ပေးလှူ စွန့်ကြဲတော်မူ၏။

[ဤသို့အလှူပေးရာ၌ သေအရက်ယစ်မျိုးကိုလှူခြင်းသည် အကျိုးမရှိဟု သိတော်မူလျက် သေသောက်ကြူးတို့သည် အလှူဇရပ်သို့ရောက်လာလျှင် "ဝေဿန္တရာမင်းကြီးအလှူ၌ သေအရက်ကိုမျှ မသောက်ရပါ"ဟု ဆိုမည်စိုးတော်မူသောကြောင့်၊ 'မရ, မင ဟူသောစကားကို မကြားလို'ဟု နှလုံးတော်မြတ်ရှိ၍ လူတို့ သုံးဆောင်မျိုးဟူသမျှကို မကြွင်းရအောင် ပေးလှူ စွန့်ကြဲတော်မူသတည်း။]

ထိုအခါ စေတုတ္တရာပြည်၌ ဖုန်းတောင်းယာစကာအပေါင်းတို့သည် ဦးခေါင်းထက်လက်တင်လျက် သေသောက်၍ ယစ်သောသူကဲ့သို့လည်းကောင်း၊ အစာတော်မွတ်၍ အားနည်းသောသူကဲ့သို့ လည်းကောင်း, မြေ၌လူးလဲ၍ ဤသို့ ငိုကြွေးကြကုန်၏။

"မင်းကြီးဝေဿန္တရာသည် ယခု အလှူပေးပြီး၍ ပြည်မှ ထွက်တော်မူခဲ့သော် မြတ်သောအပွင့်ကို ဆောင်တတ်သောပန်းပင်ကို လည်းကောင်း၊ ချိုဆိမ့်စွာ အသီးကိုဆောင်တတ်သော သစ်ပင်ကို လည်းကောင်း၊ မြိမြိစွာ အရသာကိုဆောင်တတ်သော သစ်ပင်ကြီးကို လည်းကောင်း အမြစ်နှင့်တကွ ဖြတ်၍ပစ်ဘိသကဲ့သို့ ငါတို့ ကိုးကွယ်ရာမဲ့ ဖြစ်ရအံ့"ဟု ငိုကြွေးကြကုန်၏။

မြို့တွင်း၌နေကုန်သော မင်းဆွေမင်းမျိုး, မှူးမတ်, ချစ်မြတ်နိုးသူ လူအပေါင်း**တို့သည်**လည်း အညီအညွတ် စည်းဝေးကုန်၍ ဤသို့ဆိုလျက် ငိုကြွေးကြကုန်၏။

"မင်းကြီး ဝေဿန္တရာ။ အရှင်မင်းကြီးသည် အလှူပေးသောကြောင့် ပြည်မှ နှင်ထုတ်မည်ဟု ပြည်သူတို့ ကြုံကြကုန်၏။ ထိုသို့ဖြစ်လျက် မာတင်္ဂအမျိုးဖြစ်သော မင်္ဂလာဆင်တော် ၇၀၀ ကို ရွှေကြိုး ,ရွှေက ခက်တင်လျက် လှံမ,ချွန်းတောင်းစွဲသော ဆင်စီးသူရဲနှင့်တကွ ယခု လှူပြန်၏။

"သိန္ဓောမျိုး အာဇာနည်မြင်းပျံ တိမ်ညွန့်စား ၇၀၀ ကိုလည်း လေးမြားတောင့်လွယ်သော မြင်းစီးသူရဲနှင့်တကွ လှူပြန်၏။

"အောင်လံရွှေပြား စိုက်ထောင်လွှားလျက် ကျားရေ,သစ်ရေတို့ဖြင့် ရံကုန်သည်ဖြစ်၍ ကောင်းစွာ ဆန်းကြယ်ကုန်သော မင်းစီးရထား ၇၀၀ တို့ကိုလည်း ဝတ်လုံမိန်ချပ်ဝတ် ရထားစီးနှင့်တကွ လှူပြန်၏။

"ထို ရထား ၇၀၀ တို့၌ တစ်ယောက်, တစ်ယောက်စီ ရွှေခါးရမ်းကြိုး, ရွှေတန်ဆာ, ရွှေထဘီ, ရွှေတာဘက်, ရွှေလက်ကောက်တို့ဖြင့် တန်ဆာဆင်လျက် မျက်လုံးမျက်ဖန်ရွှင်ရွှင် ပါးပြင်ညှံ့ထွား ယောကျာ်းတို့ နှလုံးကို ပြုံးရွှင်ညွတ်နူးအောင် ပျံ့ပျူးချိုအေးစွာ စကားကိုဆိုတတ်သော သပ်သပ်သွယ်သွယ် နုနယ်သော မိန်းမရတနာ ၇၀၀ တို့ကို တစ်ယောက်တစ်ယောက်၌ အခြံအရံ မိန်းမ ၈ ယောက်စီနှင့်တကွ လှူပြန်၏။

"နို့ရေခံ ရွှေဖျဉ်းအိုးနှင့်တကွ နို့ညှစ်နွားမ ၇၀၀ ကိုလည်း လှူပြန်၏။

"ကျွန်ယောကျာ်း ၇၀၀, ကျွန်မိန်းမ ၇၀၀ ကိုလည်း လှူပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဤသို့ ဆင် ၇၀၀၊ မြင်း ၇၀၀၊ ရထား ၇၀၀၊ မိန်းမကညာ ၇၀၀၊ နို့ညှစ်နွားမ ၇၀၀ ၊ ကျွန်ယောကျ်ား ၇၀၀၊ ကျွန်မိန်းမ ၇၀၀၊ ဤသို့ ၇၀၀ အပေါင်းဖြစ်သော အလှူကြီးကိုပေးပြီး၍ မင်းကြီး ဝေဿန္တရာသည် ပြည်မှထွက်သွားမည် ကြဘိ၏တကား။ မင်းကြီးဝေဿန္တရာသည် ဤသို့ အလှူကြီး ပေးသော်လည်း မြို့သူမြို့သား သူတစ်ပါးတို့၏ဥစ္စာကို အနိုင်အထက် လုယက်တောင်းယူ၍ အလှူပေးသည် မဟုတ်။ မိမိဥစ္စာကိုသာ အလိုအလျောက် ပေးလှူစွန့်ကြဲပေသည်ကို ပြည်သူပြည်သားတို့ မျက်ပွားရန်လို ဝန်တိုပိတ်ပင်၍ ရွှေနန်းသခင်အရှင်မင်းကြီးကို ပြည်မှနှင်ထုတ်မည် ပြုကြဘိ၏။ သဘောမဟုတ် တကား"ဟု ငိုကြွေးကြကုန်၏။

စေတုတ္တရာပြည်အလုံးသည် "မင်းကြီးဝေဿန္တရာ။ အရှင် အလှူပေးသောကြောင့် ပြည်မှနှင်ထုတ်မည် ကြံသည်ကို တစ်ဖန် အလှူပေးပြန်၏တကား"ဟု အုတ်အုတ်ကျက်ကျက် ကြောက်မက်ဖွယ်သောအသံသည်ဖြစ်၏။

[မိန်းမကညာ ၇၀၀ တို့ကိုကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထီးနန်းသခင်မင်းတို့သည် မင်းကြီး ဝေဿန္တရာ မိန်းမရတနာ ၇၀၀ ကို ပေးသတတ်ဟု နတ်တို့၏တန်ခိုးဖြင့်ကြား၍ လာကုန်လျက် တစ်ယောက်စီဆောင်၍ သွားကြကုန်၏။]

ဘုရားလောင်းမင်းကြီး ဝေဿန္တရာသည် ထို အလုံးစုံ ၇၀၀ အပေါင်းဖြစ်သော အလှူကြီးကို ပေးသော အခါ လက်အုပ်ချီလျက် အလှူကိုမြတ်နိုးရိုသေစွာ ရှိခိုး၍-

'ဣဒံ မေပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု'ဟု ဆုတောင်းတော်မူ၏။

[မေ၊ငါ၏။ ဣဒံ ပုညံ၊ ဤယခု ပြုအပ်သောအလှူပေးခြင်း ကောင်းမှုသည်။သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏ်တော်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။]

ထိုအခါ ကြက်သီးမွေးညင်း ထခမန်းသော ကြောက်မက်ဖွယ်သည်ဖြစ်၍ ၂ သိန်း ၄ သောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် သည်းစွာအသံပြု၍ တုန်လှုပ်၏။ မြင်းမိုရ်တောင်သည်လည်း အရှင်ရှိ ကျွန်ကဲ့သို့ စေတုတ္တရာပြည်သို့ ညွတ်ပျောင်း၏။ [ဤကား ကြီးမ်မြောက်သော မြေတုန်လှုပ်ခြင်းတည်း။]

ဝေဿန္တရာမင်းကြီးသည် ထိုနေ့ပတ်လုံး အလှူဇရပ်၌နေ၍ အလှူပေးလျက် ညဦးမိုးချုပ်လတ်သော် 'ငါသည် နက်ဖြန်နံနက် ပြည်မှထွက်ရအံ့။ ယခုညဉ့် မယ်တော်၊ ခမည်းတော် တို့ကို ဖူးမြော်ပူဇော်၍ ထွက်သွားအံ့။ နန်းတော်သို့ မဝင်ပြီ' ဟု ကြံလျက် မြင်းရထားစီး၍ မယ်တော်၊ ခမည်းတော်တို့စံရာ နန်းတော်သို့ သွားလေ၏။

မြောက်သားတော်မဒ္ဒီဒေဝီသည်လည်း 'ယခု ငါ နန်းတော်သို့မဝင်ပြီ။ အရှင့်မယ်တော်၊ ခမည်းတော်ကို ဖူးမြော်လျက် ခွင့်ပန်ကြား၍ ငါ့ခင်ပွန်းနှင့်အတူ ထွက်သွားရာလိုက်အံ့'ဟု ကြံသဖြင့် ဘုရားလောင်းနှင့် အတူ ရထားထက်၌ လိုက်လေ၏။

မယ်တော်၊ ခမည်းတော်တို့ထံရောက်လျှင် ဘုရားလောင်း ဝေဿန္တရာမင်းသည် ခမည်းတော်မင်းကြီးအား ရိုသေစွာရှိခိုး၍ ဤသို့ ပန်ကြားလျှောက်ထား၏။

"ခမည်းတော်မင်းကြီး။ အကျွန်ုပ်ကို ပြည်သူတို့ နှင်ထုတ်သည်ဖြစ်၍ ဝင်္ကပါတောင်[၅၇]သို့ နက်ဖြန် မိုးသောက်ရောက်လျှင် ထွက်သွားရပါအံ့။ ခမည်းတော် မင်းကြီး။ လောကဓံ[၅၈]တရား ၈ပါးသည် လူ၌ ထင်ရှားဖြစ်၏။ ခပ်သိမ်းကုန်သောသူတို့သည် ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ဖြစ်ဆဲ၊ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သော



www.burmeseclassic.com

www.burmeseclassic.com



သဘောကား အမှန်မလွဲတည်း။ ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကာမဂုဏ်စည်းစိမ်ကိုသာ စံစား၍မနေဘဲ မလွဲမဖယ်သာခြင်းဖြင့် သေမင်းနိုင်ငံသို့သာ လိုက်ရကုန်မြဲတည်း။ ထိုသို့ ဝဋ်ဆင်းရဲကိုကြောက်လန့်သော အကျွန်ုပ်သည် သဗ္ဗညုတဉာဏ်အလို့ငှာ မိမိနှမ်း၌ မိမိဥစ္စာကို ယာစကာတို့အား ပေးလှူစွန့်ကြဲ၏။ ထိုသို့ အလှူပေးခြင်းဖြင့် ပြည်သူတို့ကို နှိပ်စက်မိသောအပြစ်ကြောင့် ပြည်သူ့တို့ မျက်လိုသောစကားဖြင့် အကျွန်ုပ် ပြည်မှထွက်ရပါအံ့။ သတ္တဝါဟူသမျှသည်လည်း ချမ်းသာ, ဆင်းရဲကို မလွန်နိုင်ချေသောကြောင့် သစ်,ကျား,ကြံ့, ခြင်္သေ့, သားရဲတို့ဖြင့်ပြည့်သော တောအရပ်၌ ပြိုပြိုငြင်ငြင် ပူပင်ဆင်းရဲစွာ ဖြစ်ရလေသော်လည်း ကိုယ်နှင့်လျော်စွာ ကောင်းမှုတို့ကို အကျွန်ုပ် ပြုပါလိမ့်အံ့။ ခမည်းတော်မင်းကြီးသည်သာ ဤ ကာမဂုဏ်[၆၉]တည်းဟူသော ညွန်မျောင်း၌ လူးရစ်တော်မူလော့”ဟု လျှောက်ကြား၏။

ဤသို့ ခမည်းတော်မင်းကြီးအား ၄,ဂါထာတို့ဖြင့် လျှောက်ကြားပြီးလျှင် မယ်တော်၏အထံသို့ ချဉ်းကပ်၍ ဤသို့ ပန်ကြားလျှောက်ထားပြန်၏။

“မွေးကျေးဇူးကို အထူးဆပ်၍ မကုန်နိုင်သော မိခင်။ အကျွန်ုပ်အား ခွင့်ပြုတော်မူပါလော့။ မိမိဥစ္စာကို အလှူပေးခြင်းဖြင့် ပြည်သူတို့ကို နှိပ်စက်မိ၏။ ထို အလှူပေးမိသောအပြစ်ကြောင့် ပြည်မှနှင်ထုတ်၍ သားရဲတို့ဖြင့် ပြည့်သော ဝင်္ကပါတောင်သို့သွားရသဖြင့် ဆင်းရဲငြိုငြင်စွာ ရဟန်းပြုရပါလိမ့်အံ့။ မယ်တော်သည် အနုအညွတ် ခွင့်လွှတ်တော်မူပါလော့”ဟု တောင်းပန်လျှောက်ထား၏။

မယ်တော် ဖုဿတီဒေဝီသည်လည်း “ငါ့သားဝေဿန္တရာ။ သင်သည် ဝင်္ကပါတောင်၌ ရဟန်းပြု၍ တန်ခိုးအဘိညာဉ်[၇၀]ဈာန်[၇၁]သမာပတ်[၇၂]အကျင့်မြတ်နှင့် ပြည့်စုံပါစေသတည်း။ ငါ့သားအား အနုအညွတ် ခွင့်လွှတ်ပါ၏။ တံလှပ်,လေ,နေပူ တစ်ခါမျှ မခံရစဘူး၊ နူးညံ့လှသော ငါ့ချွေးမ မဒ္ဒီမူကား တောကြီးနှင့်မတန် ဈာန်သမာပတ်ကို ရှာသော ရဟန်းတို့နှင့်မထိုက်၊ လိုက်၍ အဘယ်အကျိုး ရှိတော့မည်နည်း။ ဤနန်းတော်၌ပင်လျှင် သားငယ်, သမီးငယ်နှင့်အတူ နေရစ်ပါစေလော့”ဟု ဆို၏။

ထိုစကားကို ကြားလျှင် မင်းကြီးဝေဿန္တရာသည်

“မိခင်။ အကျွန်ုပ်မူကား ယခု မိမိကိုယ်ကိုမျှ အစိုးမရချေ။ သူ မလိုက်လိုလျှင် စေပါးသည့်ကျွန်ကိုမျှလည်း ‘လိုက်ရမည်’ဟု အပါမခေါ်နိုင်။ သူ လိုက်လိုလည်း လိုက်ပါစေ၊ နေရစ်လိုလည်း နေရစ်ပါစေတော့”ဟု လျှောက်၏။

ထိုသို့ မယ်တော်အားလျှောက်ထားသံကို ခမည်းတော်သိဉ္စည်းမင်းကြီး ကြားလေသော် ချွေးမတော် မဒ္ဒီဒေဝီထံ သွား၍၊

“ငါ့ချွေးမ မဒ္ဒီ။ သင်သည် ရွှေနန်းထက်၌ စန္ဒကူးအမွှေးအထုံဖြင့် လိမ်းကျံသောကိုယ်ရှိလျက် ယခု တောအရပ်၌ အဘယ့်ကြောင့် မြူမှုန်မြူချေး ကပ်တင်စေချင် ပြန်ဘိသနည်း။ ကာသိကရာဇ်တိုင်းဖြစ်ထည်မျိုး အဖိုး ၁ သိန်းမကထိုက်သော ဝတ်ကောင်းတန်ဆာကို ဝတ်ဆင်ပြီးမှ ယခု အဘယ့်ကြောင့် သမန်းကျစ်သက်န်းကို ဝတ်ဆင်ချင်ပြန်ဘိသနည်း။

“ငါ့ချွေးမ မဒ္ဒီ။ တော၌နေရခြင်းသည် မင်းပြစ်မင်းဒဏ်သင့်သောသူ၊ ကာမဂုဏ်ကို ရွံရှာသောသူ၊ အဝတ်အစား, အိပ်ရာနေရာ၌ ရှောင့်ရဲလွယ်သဖြင့် ကိုယ်,စိတ်ကြံ့ခိုင်သော ယောကျ်ားတို့မှတုံသော်လည်း အလွန် ငြိုငြင်ဆင်းရဲသေး၏။ သင်မူကား အလွန် ကိုယ်,စိတ် နူးညံ့လှသည်ဖြစ်၍ ထိတ်လန့်တတ်၏။ တောနှင့် မတန်။ မလိုက်လေနှင့်”ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမမင်းကြီးစကားကို ကြားလျှင် မဒ္ဒီဒေဝီသည်

"ဦးရီးတော်မင်းကြီး။ အရှင်ဆိုတော်မူသော စကားသည် စင်စစ် မှန်သည်ဖြစ်စေ။ အကျွန်ုပ် လင်နှင့်ကင်းရသဖြင့် စန္ဒကူးနံ့သာ အထုံအမွှန် လိမ်းဆင်ရသော်လည်း အလိုမရှိ။ အဖိုး ၁ သိန်းမကထိုက်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ရသော်လည်း အလိုမရှိ ။ လင်နှင့် အတူတကွနေရသဖြင့် မြူမှုန်အလိမ်းလိမ်းကပ်လျက် သစ်နက်ရေ သမန်းကျစ်သက်န်းကိုဝတ်၍ ရသမျှသော တောသစ်သီး, တောသစ်ရွက်, သစ်ဖုသစ်ဥလျှင် အစာရှိသဖြင့် သစ်ရိပ်ဝါးရိပ်မျှတွင်ပင် နေရသော်လည်း အလွန် စိတ်ချမ်းမြေ့ပါ၏။ စိုးရိမ်တော်မမူပါလင့်"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် မင်းကြီးသည် ဟိမဝန္တာ၌ ဘေးရန်ကိုပြ၍ ခြိမ်းခြောက်လိုသောကြောင့် ဤသို့ဆိုပြန်၏။

"ငါ့ချွေးမ မဒ္ဒီ။ ငါဆိုသောစကားကို သင် နာယူလော့။ တောအရပ်ဟူသည်ကား ဤနန်းပြာသာဒ်မှာကဲ့သို့ မဟုတ်။ ဘောက်ဖတ်, ကင်း, သန်း, နံ့, မှက်, ခြင်, ယင်, ပျား တို့သည် များစွာရှိကုန်၏။ ထိုသတ္တဝါတို့၏ ကိုက်ခဲခြင်းဆင်းရဲကို အလွန် သည်းခံနိုင်ခဲ၏။ ထိုသို့သောဆင်းရဲကို သင်သည် သည်းမခံနိုင်ဖြစ်လတ္တံ့။ ဤမှတစ်ပါးလည်း လူတို့၏ဘေးရန်ကို ပြုတတ်လျက် မြစ်နားအိုင်နားကို အမှီပြု၍နေကုန်သော စပါးကြီးမြွေတို့သည်ကား အဆိပ်မရှိသော်လည်း ကြီးသောခွန်အားရှိသောကြောင့် မိမိအနီးသို့ရောက်လာသော လူ,သမင်, စိုင်, ဆတ် သတ္တဝါတို့ကို အချွေဖြင့်ရစ်ပတ်၍ အလိုရှိတိုင်း နှိပ်စက်တတ်ကုန်၏။ဤမှတစ်ပါးလည်း အဆင်းမည်းနက် ယှက်လိမ်သောအမွေးရှိသော ဝံသတ္တဝါတို့သည်ကား လူတို့၏ဆင်းရဲကို ဆောင်တတ်ကုန်၏။ ထိုဝံနက်တို့သည် လူကိုမြင်လျှင် သစ်ပင်ထက်သို့ တက်ပြေးငြားသော်လည်း မလွတ်နိုင်ရာ။ ထိုမှတစ်ပါး ဦးချိုဖျားထက်စွာနှင့် ၂ ဘက်ထိခမန်း ကြမ်းတမ်းခက်ထန်သော ကျွဲရိုင်းတို့သည်လည်း သောဒုမ္ဗရ ဂုအမည်ရှိသော မြစ်နား၌ များစွာရှိကုန်၏။ ဤသို့ သားရဲဘေးရန် တွေ့သည်ရှိသော် သင် အဘယ်သို့ ပြုနိုင်ပါလိမ့်မည်နည်း။ သားငယ်, သမီးငယ်ကိုမမြင်ရသော သင့်အား နွားငယ်ကိုမက်မောသော နွားမကဲ့သို့ မရှိပြီလော။

"ငါ့ချွေးမ မဒ္ဒီ။ သင်သည် ဤရွှေနန်းထက်၌နေလျက် မြေခွေးသံကို တစ်ရံတစ်ခါ ကြားရသဖြင့်လည်း သေခြင်းအနီးသို့ရောက်သကဲ့သို့ ကြောက်ထိတ် လန့်ကြားတတ်၏။ ထိုသို့ဖြစ်လျက် ဝင်္ကပါတောင်သို့ သွားရလေသော် အဘယ်သို့ သင် ဖြစ်နိုင်ပါလိမ့်မည်နည်း။ တောကြီးထဲ၌ နေမွန်းတည့်အခါကြိမ်လျှင် ငှက်အပေါင်းတို့သည် တညီတညွတ်တွန်မြည်သောအသံဖြင့် တောသံပေးသကဲ့သို့ အလွန်ကြောက်မက်ဖွယ်ရှိ၏။ ထို ကြောက်မက်ဖွယ်ရှိသောတောကြီးသို့ သင် အဘယ့်ကြောင့် လိုက်ချင်ဘိသနည်း"ဟု ဆို၏။

ထိုစကားကို ကြားလျှင် မဒ္ဒီဒေဝီသည်

"သိဝိတိုင်းကြီးကို အစိုးရတော်မူသော ဦးရီးတော်မင်းကြီး။ တောကြီးထဲ၌ ယခုအမိန့်တော်ရှိတိုင်း ဘေးရန်များသည် ဖြစ်စေ၊ ထိုဘေးရန်ကို သည်းခံလျက် အကျွန်ုပ် လိုက်ပါအံ့။ ဦးရီးတော်မင်းကြီး ချမ်းသာကိုသာစံ၍ ဆင်းရဲအတူမခံသော် မယားကောင်း၏ လက္ခဏာမဟုတ် ဖြစ်ရာ၏။ထိုတောကြီးထဲ၌ ကျွဲနှာခေါင်းပင်, ပေါက်ပင်, ကိုင်းပင်, ဖြူဆံမြက်, ပန်းရင်းမြက်, ပြိန်းမြက်, သမန်းမြက်တို့ကို အကျွန်ုပ်သည် လင်၏ရှေ့ကရှင်ဖြင့်တွန်းဖယ်လှည်းလှဲ၍ လမ်းထွင်သောအားဖြင့် သွားပါအံ့။ ရွှေနန်းသခင်ကျေးဇူးရှင်ကို မြက်တစ်ပင်, နွယ်တစ်တံမျှ မခိုက်မထိ မငြိမရှုစေဘဲ လိုက်၍လုပ်ကျွေးပါအံ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရှီးတော်မင်းကြီး။ မိန်းမတို့မည်သည်ကား လင်ကောင်းကို အလွန်ရခဲ၏။ လင်ကောင်းကို ရလိုသောကြောင့် မီးနတ်ကို လုပ်ကျွေးခြင်း၊ ရေငုပ်ခြင်း၊ ကောင်းသောအရက်အကြောက်ကို သိမ်းဆည်းခြင်း၊ ကိုယ်ကိုပြုပြင် တန်ဆာဆင်ခြင်း အစရှိသောအကျင့်အလေ့နှင့် ယှဉ်စေရာ၏။

"ဦးရှီးတော်မင်းကြီး။ လောက၌ မိန်းမတို့၏ဆင်းရဲဟူသမျှတွင် မုဆိုးမဖြစ်ရခြင်းသည် အလွန် ဆင်းရဲလှ၏။ အကျွန်ုပ် လင်သွားရာ ဖဝါးခြေထပ်မလိုက်ဘဲ အဘယ့်ကြောင့် မုဆိုးမ လုပ်နေရစ်ပါအံ့နည်း။ မင်းစဉ်မင်းမျိုး ထီးရိုးနန်းနွယ် မဟုတ်၊ အမျိုးယုတ်ညံ့သောသူ ထီးဖြူဆောင်းရွှေနန်းရှင် ဖြစ်လင့်ကစား မင်းစဉ် မင်းမျိုး ထီးရိုးနန်းနွယ်ဖြစ်သောမုဆိုးမ၏ စားကြွင်းကိုစားခြင်းငှာ မထိုက်။ ထို အမျိုးယုတ်ညံ့သောသူသည် ထီးဖြူဆောင်းဘုရင် ဖြစ်သည်ဟု အနိုင်အထက် အလိုမတူဘဲ လက်ကိုဆွဲငင် ကျီစယ်ပြုချေအံ့။ ထို ထီးရိုးနန်းနွယ် မုဆိုးမသည် ဆင်းရဲတကာတို့၏အဆုံး ရှုံးပါးပျက်စီး အရှက်ကြီးရ ဒုက္ခသေဘေးရောက်ရာ၏။

"ဦးရှီးတော်မင်းကြီး။ ခပ်သိမ်းသောအမျိုး၌ အရွယ်ရှိသေးလျက် မုဆိုးမဖြစ်ရသောမိန်းမတို့ကို ယှဉ်ပါးလိုသောယောကျ်ားတို့သည် ရှက်ကြောက်ခံ့ရှ့ခြင်း မရှိ။ မိမိပြက်ရယ်စကားဖြင့် ဖြားယောင်း၍ ကျော်နင်းလွန်ကြူးတတ်၏။ အခါအချိန်ကိုမထောက် ရှက်ကြောက်ခြင်းကိုမဆို့ပိတ် စိတ်အလိုကိုမချုပ် ကိုယ်,နှုတ်ဖြင့်မထိမဲ့မြင် ကလွှင်ကပေါက် မလောက်မလေးပြုတတ်၏။ ခပ်သိမ်းစုံအမှုတို့၌လည်း ညှဉ်းဆဲကလူ ပြုတတ်ကုန်၏။

"ဦးရှီးတော် မင်းကြီး။ ပုံဆိုဦးအံ့။ အရွယ်ရှိလျက် မုဆိုးမဖြစ်ရသောမိန်းမတို့သည် ကျီးအပေါင်းတို့၏ အလယ်၌ရောက်သော ခင်ပုပ်ငှက်ကဲ့သို့ ဖြစ်ရာ၏။ ယှဉ်ပါးလိုသောယောကျ်ားတို့သည် ထိုမုဆိုးမကို အလိုမရှိဘဲလျက် အနိုင့်အထက် အနည်းငယ်မျှသော ဥစ္စာကိုပေး၍ ကျော်နင်းဆွဲငင်တတ်၏။ ရွှေအိုးရွှေခွက် ရွှေလင်ပန်းဖြင့်သာ သုံးဆောင်ရာသော မင်းမျိုး,သူဌေးမျိုးတို့၌ မောင်, အစ်မ, ညီမ, မိဘ, ဆွေမျိုး, အဆွေခင်ပွန်းတို့သည် 'ဤသူကား ငါတို့အပြင် ကျွေးမွေးပြုစုမည့်သူ မရှိ'ဟု သိမ်းထားအုပ်ချုပ်၍ နေသော်လည်း ယောကျ်ားမတော်မမှန်တို့သည် ပေါ့လျှော့စား၍ တိမ်းမှားမိသဖြင့် ပေါက်ဖော်မိဘ ဆွေမျိုးတို့၏ ကဲ့ရဲ့ပြစ်တင်သည်ကိုလည်း ခံရရာ၏။ ထို လင်မဲ့မိန်းမကြောင့် ပေါက်ဖော်ဆွေမျိုးတို့သည်လည်း အရှက်ရရာ၏။ အရွယ်ရှိလျက် လင်မဲ့သောမိန်းမတို့သည် မိမိသို့ ယောကျ်ားတစ်ပါး မလာမရောက်စေခြင်းငှာ 'ဥစ္စာပေး၍ မလာပါလင့်'ဟု မြစ်တားငြားသော်လည်း ရှိသေခံ့ညားခြင်း မရှိခြင်းကြောင့် ထိုဥစ္စာသာ ကုန်ရာ၏။ မလာဘဲ မနေရာ။

"ဦးရှီးတော်မင်းကြီး။ ပုံဆိုဦးအံ့။ ဆိပ်ကမ်း, ကျွန်း, သောင် ရှိလင့်ကစား ရေမရှိသောမြစ်သည် အချည်းနှီးတည်း။ မြို့, ပြ,ကျုံး, ပစ္စင်, ရင်တား, တံခါး, မုခ်, ဆိုင်တန်း, အိမ်စဉ် ရှိလင့်ကစား မင်းမရှိသော ပြည်သည် အချည်းနှီးတည်း။ အမျိုးစည်းစိမ် အရောင်အဝါ ရှိလင့်ကစား အတတ်ပညာမရှိသောယောကျ်ားသည် အချည်းနှီးတည်း။အဖိုး ၁ သိန်းတန်သော အဝတ်တန်ဆာကို ဝတ်ဆင်လင့်ကစား အကျင့်မရှိသောသူသည် အချည်းနှီးတည်း။ မောင် ၁ ကျိပ်ပင် ရှိလင့်ကစား လင်မရှိသောမိန်းမသည် အချည်းနှီးတည်း။

"ဦးရှီးတော်မင်းကြီး။ ပုံဆိုဦးအံ့။ ရထား၏တန်ခိုးကား အောင်လံ တံခွန်တည်း။မီး၏တန်ခိုးကား အခိုးဟည်း။ ပြည်တိုင်းကား၏တန်ခိုးကား မင်းလျှင်တည်း။ ယောကျ်ားတို့၏တန်ခိုးကား အတတ်ပညာတည်း။ မိန်းမတို့၏တန်ခိုးကား လင်သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရီးတော်မင်းကြီး။ အကြင်မိန်းမသည် လင်ဆင်းရဲသောအခါ အတူဆင်းရဲ၏၊ လင်ကောင်းစားသော အခါလည်း အတူကောင်းစား၏။ ထိုသို့ သဘောဖြောင့်မှန်သောမိန်းမကို နတ်, သိကြား, ဗြဟ္မာမင်းတို့သည်လည်း အလွန်မြတ်နိုးကြည့်ရှု သာဓုခေါ်ကြကုန်၏။

"စင်စစ်အားဖြင့် ကျွန်ုပ်သည် ရွှေနန်းသခင် အရှင့်သား ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍နေသမျှ ကာလပတ်လုံး အရှင့်သားနှင့်အတူ ဖန်ရည်စွန်းသောသင်္ကန်းကိုဝတ်လျက် လိုက်၍ ဆင်းရဲအတူ အပူမရွေး ချမ်းအေးမရှောင် တောင်မြောင်ချောက်ကြားတို့၌ သားရဲဘေးရန် ကြုံတွေ့မှုလည်း ရှေ့ကနေ၍ အရှင့်သားအလျင် အသေခံပါအံ့။ အရှင့်သားနှင့်ကင်း၍ ဤပြည်ကြီးကို တစ်ကိုယ်တည်းစိုးအုပ် စံစားလျက်နေရစ် ဆိုသော်လည်း အကျွန်ုပ် အလိုမရှိ။ အရှင့်သား မြေကြီးသေဌ်နင်းမင်းဖြစ်လျှင်လည်း ဖြစ်ချင်းအတူမကွာ စံရလိုပါ၏။ လင်ချမ်းသာခိုက်စံစား၍ လင်ဆင်းရဲတွေ့သောအခါ အဖော်မလုပ်လိုသောမိန်းမသည် ဘီလူးမ, မြေဖုတ်မကဲ့သို့ ယုတ်လှသောမိန်းမ သဘောတည်း။ ထို့ကြောင့် အကျွန်ုပ် လင်နှင့်အတူ လိုက်ပါရစေ"ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် သိဥ္စည်းမင်းကြီး ဆိုပြန်၏။

"ငါ့ချွေးမ မဒ္ဒီ။ သင်သည် လင်ကိုချစ်မြတ်နိုးခြင်း မိန်းမကောင်းမိန်းမမြတ်တို့၏လက္ခဏာဖြင့် ချမ်းသာ ဆင်းရဲ မကွဲတူကွ လိုက်ရမည့်အကြောင်းကို သင် တောင်းပန်လျှောက်ထားသောကြောင့် မြစ်တားခြင်းငှာ မထိုက်ပေ။ ဇာလီ,ကဏှာဇိန် သင့်သားငယ်, သမီးငယ်တို့သည်ကား အလွန်ငယ်ရွယ် နုနယ်လှသေး၏။ တောအရပ်နှင့်မတန်။ ငါ့ထံ ထားခဲ့လော့။ ငါသည် မြေးတော် ၂ ယောက်ကို သင်တို့မျှမက သုတ်သင်မွေးကျွေး ပြုစုပါအံ့"ဆို၏။

ထိုစကားကို ကြားလျှင် မဒ္ဒီဒေဝီသည်

"ဦးရီးတော်မင်းကြီး။ အကျွန်ုပ်ကား ဤသားငယ် ၂ ယောက်ကို အသက်ကဲ့သို့ ချစ်ကြင်နာလှ၏။ တောအရပ်၌ မြို့ပြည်ထီးနန်း စသည်ကိုလွမ်းဆွတ်၍ စိတ်ကြေကွဲခြင်းဖြစ်လတ်သော် ဤရင်သွေး၂ ယောက်နှင့်ပင် ဖျော်ဖြေရပါအံ့"ဟု လျှောက်၏။

ထိုစကားကို ကြားလျှင် သိဥ္စည်းမင်းကြီးသည်-

"ငါ့ချွေးမ မဒ္ဒီဒေဝီ။ သင့်မှုကား လင်ကိုချစ်၍ ဆင်းရဲကိုခံလိုမူ ခံနိုင်ပါစေ။ ဤ ငါ့မြေးတော် ၂ ယောက်သည် အလွန်နုနယ် ငယ်ရွယ်လှသေး၏။ ဤရွှေနန်းစည်းစိမ်၌ ငါး, အမဲ, သလေးထမင်းတို့ဖြင့် မြိန်မြတ်သောအစာကိုသာ စားရသူဖြစ်၍ တောအရပ်၌ သစ်သီးသစ်ဖုကို အဘယ်သို့ စားနိုင်ရှာလိမ့်နည်း။ ဤနန်းစည်းစိမ်၌ အချိန် ပိုလ် ၁၀၀, အနားရေး ၁၀၀ရှိသော ရွှေလင်ပန်း၌သာ စားရသူဖြစ်လျက် တောသို့ ရောက်သောအခါ သစ်ရွက်ပေါ်၌ထည့်၍ ငါ့မြေးငယ်များ အဘယ်သို့ စားနိုင်ရှာလိမ့်နည်း။

"ကာသိကရာဇ်တိုင်း, ကောဋုမ္ဗရာဇ်တိုင်းဖြစ် ပုဆိုးတို့ကိုဝတ်ခဲ့ပြီး၍ အဘယ်သို့လျှင် သမန်းကျစ်သင်္ကန်း ရှန့်ကြမ်းသောအဝတ်ကို ဝတ်နိုင်ရှာလိမ့်နည်း။ ရွှေသံလျင်း, ရွှေယာဉ်, ရွှေဝေါ, မြင်းရထား, ဆိတ်ရထားတို့ဖြင့် သာလျှင် နန်းတွင်းနန်းပြင် ထွက်ဝင်သွားလာ ကစားရွှင်ပျော်ခဲ့ပြီး၍ ခြေကျင် အဘယ်သို့ သွားနိုင်ရှာလိမ့်နည်း။ လေမျှမခတ် ပိတ်အပ်သော တံခါးရွက်ဖြင့် ကျက်သရေရှိသော တိုက်၌ အိပ်စက်ခဲ့ပြီး၍ အသို့လျှင် မြေမှုန့်,ခလုတ်, ဆူးငြောင့် နှောင့်ယှက် ခက်ကြမ်းသောသစ်ပင်ရင်း၌ အိပ်နိုင်ရှာလိမ့်နည်း။ ရွှေသလွန်ပေါ်၌ ကော်ဇောခင်းနှီးပြောက် လဲဝါပေါက်မက နုလှသောမွေ့ရာ၌ အိပ်ခဲ့ပြီး၍ အသို့ ရှန့်ကြမ်းစွာသောမြက်ခင်းနီး၌ အိပ်နိုင်ရှာလိမ့်နည်း။ အကျော်စန္ဒကူးနံ့သာ အမွှေးအထုံတို့ကိုလိမ်းကျံပြီးမှ အသို့လျှင် မြူချေးညှီတို့ကို လိမ်းကျံနိုင်အံ့လိမ့်နည်း။



www.burmeseclassic.com

www.burmeseclassic.com



စာမရှိသားမြီးယပ်, ဥဒေါင်းမြီးယပ်တို့ဖြင့်ယပ်၍ ဥပဒ်မှန်းမသိ ရှိပြီးမှ တောအရပ်၌ မှက်, ခြင်, ယင်ရဲတို့ ကိုက်ခဲသော် ငါ့မြေးတော်တို့သည် အသို့လျှင် ခံနိုင်ရှာလိမ့်နည်း"ဟု ဆို၏။

[ဤစကားအပေါင်း၌ ပိုလ် ၁၀၀ ဟူသည်ကား ၆ ခွေးလျှင် ၁ ပဲ, ၂ ပဲလျှင် ၁ မူး, ၁၀ မူးလျှင် ၁ကျပ်, ၅ ကျပ်လျှင် ၁ ပိုလ်, ပိုလ် ၂၀ လျှင် ၁ ပိဿာ ဖြစ်၏။ ပိုလ် ၁၀၀ ဟူသောကြောင့် ၅ ပိဿာခုတ် ရွှေလင်ပန်း ဆိုလိုသည်။ ဤကား စကားချပ်တည်း။]

မဒ္ဒီဒေဝီသည် သိဠည်းမင်းကြီး၏ ကြေကွဲသံစကားကို ကြားလျှင်

"ဦးရီးတော်မင်းကြီး။ ငိုကြွေးကြေကွဲတော် မမူလင့်။ အရှင့်မြေးတော်တို့ကို အကျွန်ုပ်စားရလျှင် စားရခြင်း, ဝတ်ရလျှင် ဝတ်ရခြင်း မဆင်းရဲရအောင် မွေးကျွေးပါအံ့"ဟု လျှောက်၏။

ထိုသို့ ပြောဟောကြစဉ်ပင် ထိုညဥ့် မိုးသောက်ခဲ့၍ သိန္ဓောမြင်း ၄ စီးကလျက် တန်ဆာဆင်အပ်သော ရထားကို သိဠည်းမင်းကြီးနန်းတော်တံခါးဝ၌ ပြင်ဆင်ခင်းကျင်း၍ ထားကြကုန်၏။ မဒ္ဒီဒေဝီလည်း ယောက္ခမမင်းကြီး, ယောက္ခမမင်းမိဖုရားတို့အား လျှောက်ထား၍၊ အပါးအစေခံ, ကိုယ်ရံမောင်းမ စသော နန်းတွင်းသူတို့အားလည်း မှာကြားပြောဆိုပြီးလျှင် သားတော်,သမီးတော်တို့ကိုချီလျက် ဝေဿန္တရာ မင်းကြီးမဆင်းမီ မင်းကြီးရှေ့ကအလျင် ယောက္ခမမင်းကြီးနန်းတော်မှ ဆင်းသက်ခဲ့၍ ရထားထက်၌ နေနှင့်လေ၏။

ဝေဿန္တရာမင်းကြီးသည်လည်း မယ်တော်, ခမည်းတော်တို့အား လက်ယာရစ်လှည့်၍ ရှိခိုး ပူဇော်ပြီးသော် သိန္ဓောမြင်းကသော ရထားထက်သို့တက်၍ သား, မယားနှင့်တကွ အမတ် ၆ သောင်း ခြံရံလျက် ဝင်္ကပါတောင်သို့ ထွက်သွားတော်မူလေ၏။

ထိုအခါ 'ဘုရားလောင်း ထွက်သွားသည်ကို ဖူးမြော် လိုက်ကြည့်ကုန်အံ့'ဟု ပြည်သားပြည်သူတို့သည် အိမ်မှကိုယ်စီထွက်၍ စုဝေးလျက် နေကြကုန်၏။ထိုလူအများရှိရာသို့ မြင်းရထားကိုနှင်တော်မူ၍

"ပြည်သူပြည်သားတို့။ ယခု ငါသည် ဝင်္ကပါတောင်သို့ သွားအံ့။ သင်တို့အား အနာအဖျားမရှိ, ဆင်းရဲမရှိ, ဘေးရန်ဥပဒ်မရှိ ချမ်းသာခြင်းသည် ဖြစ်စေသတည်း။ သင်တို့သည် အလှူပေးခြင်း, သီလ ဆောက်တည်ခြင်းအစရှိသောကောင်းမှုကို ပြုရစ်ကုန်"ဟူ၍ အဆုံးအမပေး၍သာလျှင် သွားတော်မူ၏။

ထိုအခါ ဘုရားလောင်း၏မယ်တော် ဖုသတီဒေဝီသည် 'ငါ့သားကား အလှူ၌ မွေ့လျော်၏။ အလှူပေးလိုလျှင် ပေးပါစေ'ဟုကြံ၍ ဆင်သောတန်ဆာများစွာနှင့်တကွ ရတနာ ၇ ပါးဖြင့်ပြည့်သောလှည်းတို့ကို ရထား၏နံပါး ၂ ဘက် လက်ဝဲ, လက်ယာနှင်၍ လိုက်စေ၏။

ဘုရားလောင်းဝေဿန္တရာမင်းကြီးသည် ကိုယ်တော်၌ဆင်သော တန်ဆာတို့ကိုချွတ်၍ အလှူခံ ရောက်လာသော ဖုန်းတောင်းယာစကာတို့အား ၁၈ ကြိမ်ပေးပြီးမှ အကြွင်းဖြစ်သော ဥစ္စာရတနာအလုံးစုံကို ပေးလှူပြီး၍ မြို့မှထွက်ပြီးသော် အတန်ငယ်ရောက်သောအရပ်၌ နေပြည်တော်ကို ပြန်၍ မျှော်ရှုလိုသည်ဖြစ်၏။

ထိုအခါ ဘုရားလောင်း၏ပါရမီတော် ဘုန်းတော်ကြောင့် မဟာပထဝီမြေကြီးသည် ရထားနေရာအတိုင်း အရှည်ကွဲပြတ်၍ အိုးထိန်းစက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် နေပြည်တော်သို့ ရှေးရှုတည်လေ၏။ ထိုအခါ မယ်တော်, ခမည်းတော်တို့စံရာ နန်းပြာသာဒ်ကို ရှုမျှော်တော်မူ၏။ ထိုသို့ ရှုမျှော်တော်မူခြင်းကြောင့် ၂သိန်း ၄သောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် ပုံတင်ထပ်မျှအသံပြုလျက် တုန်လှုပ်၏။ မြင်းမိုရ်တောင် သည်လည်း ဦးဆောက်ပန်းကဲ့သို့ ညွတ်ပျောင်းလေ၏။ [ဤကား ၄ ကြိမ်မြောက်သော မြေလှုပ်ခြင်းတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြည်တော်ကို ရှုမျှော်သောအခါ မြောက်သားတော် မဒ္ဒီမိဖုရားကိုလည်း ဤသို့ ဆိုတော်မူ၏။

"အဘယ်မဒ္ဒီ။ သင် ရှုစမ်းပါလော့။ သင့်ခမည်းတော်၏စံရာဖြစ်သော စေတုတ္တရာနေပြည်တော်သည် အလွန် နှလုံးမွေ့လျော်ဖွယ်ရှိ၏ ဟု ငါထင်သည်"ဟု ဆို၍ အညီအညွတ်ရှုမျှော်ကြပြီးသော်၊ ဖွားဖက်တော် အမတ် ၆ သောင်း တို့ကိုလည်း "သင်တို့ နေရစ်ကြလော့"ဟု မျက်ရည်စက်လက် ငိုကြွေးလျက်ပြန်စေပြီးလျှင် ရထားကို တစ်ဖန်နှင်ပြန်သဖြင့် မဒ္ဒီဒေဝီကို "အဘယ်မဒ္ဒီဒေဝီ။ အလှူခံဖုန်းတောင်းယာစကာတို့ကို သင်ရှုမြင်လျှင် ငါ့အား ကြားလော့"ဟုဆို၏။ မဒ္ဒီဒေဝီသည် ဖုန်းတောင်းယာစကာတို့ကို မျှော်ကြည့်လျက်သာလျှင် လိုက်လေ၏။

ထိုအခါ မင်းကြီးဝေဿန္တရာသည် ၇၀၀ အပေါင်းဖြစ်သော အလှူကြီးကိုပေးတော်မူသောအခါ မမီလိုက်ကုန်သော ပုဏ္ဏား ၄ ယောက်တို့သည် ပြည်သူပြည်သားတို့ကို "မင်းကြီး။ အဘယ်အရပ်သို့ သွားသနည်း"ဟု မေးသဖြင့် "ဤမည်သော အရပ်သို့ သွားသည်"ဟု ပြည်သူပြည်သားတို့ကပြောလျှင် "မင်းကြီး၌ အလှူပေးရန် ဥစ္စာ ပါသေး၏လော"ဟု မေးပြန်၍ "မြင်းရထားနှင့်ပင် ကြွတော်မူသည်"ဟု ပြည်သူတို့ညွှန်ကြားလိုက်သော စကားဖြင့် ဘုရားလောင်းသွားရာလမ်းသို့ အစဉ်သဖြင့် 'မြင်းကို အလှူခံအံ့'သောငှာ တပင်ရှားရှား ပုဏ္ဏား ၄ ယောက်တို့ လိုက်လာကြကုန်၏။

မဒ္ဒီဒေဝီသည် ပုဏ္ဏား ၄ ယောက်လာသည်ကို မြင်လျှင် "အရှင်မင်းကြီး။ အလှူခံယာစကာ လာသည်ကို မြင်၏"ဟု လျှောက်ကြား၏။ ဘုရားလောင်းသည် ရထားကိုတန့်နေစေ၍ ပုဏ္ဏား ၄ ယောက်တို့သည် အနီးသို့ရောက်လျှင် မြင်း ၄ စီးကို အလှူခံကြလေ၏။ ဘုရားလောင်းသည် ထိုပုဏ္ဏား ၄ ယောက်တို့အား မြင်း ၄ စီးကို ရထားမှချွတ်၍ လှူ၏။ထိုအခါ ရထားထမ်းပိုးဦးသည် မြေသို့မကျဘဲ မြင်းက, သောအခါကဲ့သို့ ကောင်းကင်၌ တည်၏။

ပုဏ္ဏားတို့သည် မြင်း ၄ စီးကို တစ်စီးစီယူ၍ ပြန်ကြလေကုန်၏။ ဘုရားလောင်း၏ ပါရမီတော်ကြောင့် နတ်သား ၄ ယောက်တို့သည် စိုင် ၄ စီး အသွင်ဖန်ဆင်း၍ ရထားထမ်းပိုးခွင်သို့ ဝင်ပြီးလျှင်ရုန်းဆောင်ကြလေကုန်၏။

ဘုရားလောင်းသည် ထို စိုင် ၄ စီးတို့၏ နတ်သားအဖြစ်ကိုသိသဖြင့် မြောက်သားတော် မိဖုရားအား "အဘယ် မဒ္ဒီ။ သင် ရှုစမ်းပါလော့။ အံ့ဖွယ်သရဲ တောထဲ၌ကျက်စားသော ဤစိုင်တို့သည် သွန်သင် ဆုံးမပြီး၍ ယဉ်ကျေးသောမြင်းကဲ့သို့ ရထားထမ်းပိုးခွင်သို့ ဝင်၍ရုန်းကြ၏"ဟု ပြောဆိုကာ သွားကြလေ၏။

တစ်ဖန် ပုဏ္ဏားတစ်ယောက်သည် ရထားနံပါးမှလာလတ်၍ ရထားကို အလှူခံပြန်၏။ ဘုရားလောင်းသည် ထိုပုဏ္ဏား လာသောလမ်း, ကိုယ်တော် သွားသောလမ်း ဤလမ်း ၂ ခု အဆုံခရီး၌ ရထားကိုတန့်စေလျက် သားတော်,သမီးတော်နှင့် မြောက်သားတော်ကိုဆင်းစေပြီးလျှင် တွန့်တိုခြင်းမရှိ ရထားကို ပုဏ္ဏားအား လှူလိုက်၏။

ဤပုဏ္ဏားလာရာအရပ်ကို မည်သည့်အရပ်ကလာသည်ဟု ဇာတ်တော်တွင် မဆိုသော်လည်း စရိယပိဋက အဋ္ဌကထာ၌ 'မဟာပထေတိ အတ္တနော ဂမနမဂ္ဂေန ပဿတော အာဂတေန ဗြာဟ္မဏေန မဂ္ဂေနစ ဝိနိဝိဇ္ဈိတွာ ဂတဋ္ဌာနတ္တာ စတုမဂ္ဂ သင်္ဃာတေ မဟာပထေ ဌတွာ'ဟု လာသောကြောင့် ရထားခံပုဏ္ဏားသည် နောက်က လည်းကောင်း၊ ရင်ဆိုင် သည်းကောင်း မလာ။ နံပါးကလာသည်ဟု သိအပ်၏။ မဟာပထေတိ၊ဟူသည်ကား။ အတ္တနော၊ ဘုရားလောင်း၏။ ဂမနမဂ္ဂေနစ၊ သွားသောခရီးဖြင့်လည်းကောင်း။ ပဿတော၊ နံပါးမှ။ ဗြာဟ္မဏေန၊ ပုဏ္ဏားသည်။ အာဂတေန၊ လာသော။ မဂ္ဂေနစ၊ ခရီးဖြင့်လည်းကောင်း။ ဝိနိဝိဇ္ဈိတွာ၊ ခရီးချင်းဖောက်၍။



www.burmeseclassic.com

www.burmeseclassic.com



ဂတဗ္ဗာနုဣာ၊ သွားရာဖြစ်သောကြောင့်။ စတုမဂ္ဂသဃာတေ၊ လမ်း ၄ မြွာဆုံ ဖြစ်သော။ မဟာပထေ၊ ခရီးရှည်၌။ ဌတွာ၊ တန့်၍။ ။ဤကား အနက်။]

ထိုအခါ စိုင် ၄ စီးတို့သည် ကွယ်ပျောက်လေ၏။ မင်း ၄ ပါးတို့သည်လည်း မိမိတို့ခြေသာလျှင် ယာဉ်ရှိကုန်သည် ဖြစ်၏။

ဘုရားလောင်းသည် မဒ္ဒီဒေဝီအား "အဘယ်မဒ္ဒီဒေဝီ။ ကဏှာဇိန်သည် ငယ်သောကြောင့် ပေါ့သောကိုယ်ရှိ၏။ သင် ချီလော့။ ဇာလီကား ကဏှာဇိန်ထက် ကြီးသောကြောင့် လေး၏။ ငါ ချီအံ့"ဟု ဆို၍မင်း ၂ ပါးတို့သည် သားတော် သမီးတော်တို့ကို တစ်ယောက်စီချီလျက် အချင်းချင်း ချစ်ဖွယ်သောစကားကိုပြောဆို၍ သွားကြလေ၏။

## ၄။ ဝနပ္ပဝေသနခန်း[၇၃]

မင်း ၂ ပါးတို့ သွားကြလေသော် ခရီးရင်ဆိုင်လာသော ခရီးသွားသူ လူတို့ကိုမြင်၍ "ဝင်္ကပါတောင် အဘယ်မှာ ရှိသနည်း"ဟု မေး၏။ခရီးသွားသူ လူတို့သည်လည်း ရွှေနန်းရှင်မှန်းသိ၍ မျက်ရည်စက်ယို ငိုကြွေးလျက်လျှင် "အရှင်မင်းကြီး။ ဝင်္ကပါတောင် ဝေးသေးစွတကား"ဟု လျှောက်ကြား၍ သွားကြကုန်၏။ မင်း ၂ ပါးတို့ သွားရာ ခရီးအကြား လမ်းနား၂ဘက်၌ အသီးသီးသော သစ်ပင်တို့ကိုမြင်လျှင် သားတော်, သမီးတော် တို့သည် ငိုကြွေးကြကုန်၏။ထိုအခါ ဘုရားလောင်း၏အာနုဘော်ကြောင့် အသီးသီးသော သစ်ပင်တို့သည် သူငယ်တို့ငိုသည်ကိုမြင်လျှင် ထိတ်လန့်ကုန်သည်ဖြစ်၍ မိမိတို့အလိုလို ဆွတ်မီအောင် ညွှတ်ကုန်၏။ ထိုအသီးတို့ကို ဆွတ်၍ သားတော်,သမီးတော်တို့အား ပေး၏။

[ဤစကား၌ သစ်ပင်သည် အသက်ဣန္ဒြေ မရှိ၊ ဥတုဇရုပ်မျှသာဖြစ်လျက် 'သူငယ်တို့ငိုသည်ကို မြင်၍ ထိတ်လန့်သဖြင့် ညွှတ်၍ကျ၏'ဟု ဟောတော်မူခြင်းသည် ဒေသနာတော်ကိုစံပယ်၍ အံ့ဖွယ်သရဲ ဖြစ်စေခြင်းငှာ ဌာနီဖြစ်သောရုက္ခစိုးနတ်၏ မြင်ခြင်း, ထိတ်လန့်ခြင်းကို ဌာနဖြစ်သောသစ်ပင် မြင်ဘိ, ထိတ်လန့် ဘိသကဲ့သို့ တင်စား၍ သောင်စောင်းကြွေးကြော်၏' ဟူသကဲ့သို့ ဌာနူပစာရနည်းအားဖြင့် ဟောတော်မူသည်။ မုချအားဖြင့်ကား ရုက္ခစိုးနတ်တို့သည် အသီးကိုလို၍ သူငယ်တို့ငိုသည်ကိုမြင်လျှင် ဘုရားလောင်း၏ အာနုဘော်ကြောင့် ထိတ်လန့်ရှိသေခြင်းရှိ၍ မိမိတို့သစ်ကိုင်းကို မိမိတို့၏တန်ခိုးဖြင့် ညွှတ်စေသည်ဟု မှတ်အပ်၏။ ဤကား စကားချပ်တည်း။]

ဤသို့ သစ်ပင်တို့သည် လေမလာဘဲ အလိုလိုညွှတ်သည်ကို မဒ္ဒီဒေဝီမြင်လျှင် 'ဤသို့သောအခြင်းအရာကို ငါတို့လူ့ပြည်၌ မြင်ဖူးမည်ကိုထား၍ ကြားမျှမကြားစဘူး။ အထူးအဆန်းအံ့သြဖွယ် သစ်ပင်တို့သည် အလိုလိုပင် ညွှတ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည်ကား ငါ၏ငယ်လင် ရွှေနန်းရှင်၏ဘုန်းတော်ကြောင့်တည်း'ဟု အံ့သြချီးမွမ်း၏။

ဤသို့ ခရီးအစဉ်အတိုင်းသွားကြလေသော် စေတုတ္တရာပြည်မှ ၅ယူဇနာကွာသော သုဝဏ္ဏဂိရိ တာလတောင်သို့ ရောက်လေ၏။ ထို သုဝဏ္ဏဂိရိတာလတောင်မှ သွားပြန်သော် ၅ ယူဇနာကွာသော



www.burmeseclassic.com

www.burmeseclassic.com



ကောန္တိမာရမြစ်သို့ ရောက်၏။ ထိုကောန္တိမာရမြစ်မှ သွားပြန်သော် ၅ ယူဇနာကွာသော အဥ္စရဂိရိတောင်သို့ ရောက်လေ၏။ ထိုတောင်မှ သွားပြန်သော် ၅ ယူဇနာကွာသော တုဏ္ဍဝိနာလိဒဏ္ဍ အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်လေ၏။ ထိုရွာမှသွားပြန်သော် ၁၀ ယူဇနာကွာသော ဦးရီးတော် မဒ္ဒရာဇ်မင်းကြီးစံရာ စေတတိုင်း မဒ္ဒရာဇ်ပြည်သို့ ရောက်လေ၏။ဤသို့ စေတုတ္တရာပြည်တော်မှ ယူဇနာ ၃၀ ကွာသော စေတတိုင်း ဦးရီးတော်မင်း၏ စံရာ မဒ္ဒရာဇ်မင်း၏ပြည်သို့ တစ်နေ့ချင်းဖြင့် ရောက်လေ၏။

[ထိုသို့ ယူဇနာ ၃၀ ခရီးကို တစ်နေ့ချင်းဖြင့်ရောက်လေသည်ကား နတ်တို့သည် ဘုရားလောင်း၏ သားတော်,သမီးတော်တို့ ဆင်းရဲပင်ပန်းမည်ကို သနားသောကြောင့် မိမိတို့၏တန်ခိုးဖြင့် ခရီးကိုချုံ့၍ နီးအောင် ဖန်ဆင်းသတည်း။]

ထိုဦးရီးတော်စံရာ မဒ္ဒရာဇ်ပြည်၌ ဆွေတော် မျိုးတော်အပေါင်း မင်း ၆သောင်းတို့သည် နေကုန်၏။

ဘုရားလောင်းဝေဿန္တရာသည် စေတုတ္တရာပြည်တော်မှ နံနက်စာစားပြီး၍ ထွက်ခဲ့သော် ညချမ်းသောအခါ ထိုဦးရီးတော်ပြည်သို့ရောက်လျှင် မြို့တွင်းသို့မဝင်မူ၍ မြို့ပြင်တံခါးဝ၌ တစ်ဆောင်သောဇရပ်တွင် ဝင်နားလေ၏။

ထိုဇရပ်သို့ ရောက်သောအခါ မဒ္ဒီဒေဝီသည် ဘုရားလောင်း၏ခြေ၌ကပ်သော မြူကိုသုတ်၍ ဆုပ်နယ်ပြီးလျှင် 'ငါ၏သခင် ရွှေနန်းရှင်လာကြောင်းကို ဆွေမျိုးအပေါင်း သိကြားစေအံ့'ဟု ကြံလျက် မြို့တံခါး၌ ထွက်ဝင်သွားလာကြသည့် ပြည်သူတို့မြင်စေခြင်းငှာ ဘုရားလောင်းရှေ့တူရူ ဇရပ်ပြင်တံခါးဝ၌ ရပ်နေ၏။

ထိုအခါ မြို့တံခါး၌ ထွက်ကုန်ဝင်ကုန်သော မိန်းမကြီးငယ် အရွယ်အလတ်တို့သည် မြတ်သော အဆင်းအသရေဖြင့်ရပ်သော မဒ္ဒီဒေဝီကိုမြင်လျှင် သိချင်ကျွမ်းချင် မေးမြန်းချင်သောနှလုံးဖြင့် စုရုံးဝန်းရံလျက် ရှုကြည့် မေးမြန်းကြကုန်၏။ မဒ္ဒီဒေဝီသည်လည်း မျိုးမည် နေရပ် အတ္တုပ္ပတ်အလုံးစုံကို အကုန်ပြန်ပြောပေ၏။ ပြည်သူတို့သည် မိမိတို့သခင် ရွှေနန်းရှင်သမီးတော် ဖြစ်ကြောင်းသိ၍

"ရွှေနန်းသခင် အရှင်မိဖုရား။ သခင်မတို့သည် စေတုတ္တရာ ပြည်သာရိပ်ငြိမ် နန်းစည်းစိမ်၌ မွေ့သိမ်ညံ့နု လဲဝါစုမကသောခြေတော်ဖြင့် မြေပေါ်မနင်းစဘူး ထူးမြတ်ဆန်းကြွယ်စွာ ရတနာသလျှင်း ရွှေယာဉ်ရွှေဝေါတို့ဖြင့်သာ ထွက်စံတော်မူမြဲဖြစ်လျက် ယခု နုညက်သောခြေတော်ဖြင့် မြေပေါ်နင်းချ၍ အပြင်းအပြ ကြွတော်မူခဲ့ရသည်။ ပင်ပန်းလှဟန်တကား"ဟု သနားစုံမက်သဖြင့် မျက်ရည်စက်ယို ငိုကြွေးကြလျက် မေးမြန်းပြောဆို၍၊ ဆွေတော် မျိုးတော် မင်း ၆ သောင်းတို့အား အကြောင်းခြင်းရာကို မကြွင်းမကျန် ပြန်ကြားလျှောက်ထားကြကုန်၏။

စေတမင်းမျိုးအပေါင်း ၆ သောင်းသောဆွေတော်မျိုးတော်တို့သည် ပြည်သူတို့လျှောက်ထား၍ စကားအလုံးစုံကို ကြားသိရလျှင် အလျင်တဆော သောသောညာညာ လာလတ်ကုန်ကြ၍ အဝေးကပင် ရင်ပတ်ခတ်တီး ရှိုက်ကြီးတငို စက်ယိုမျက်ရည်နှင့် ပြည်ကြီးသခင်တည်နေရာ ဇရပ်သို့ တညီတညွတ်ရောက်လာ ကြကုန်လျက် ဤသို့စကားဖြင့် မေးမြန်းပြောဆိုကြကုန်၏။

"ပြည်ကြီးသခင် မင်းကြီးဝေဿန္တရာ။ ကိုယ်တော် အဘယ်သို့ ရှိပါသနည်း။ အနာမရှိ ပကတိ ကျန်းမာပါ၏လော။ အရှင့်ခမည်းတော်, မယ်တော်တို့သည်လည်း ကျန်းမာပကတိ ရှိကြပါကုန်၏လော။ သိဝိတိုင်းသူ လူအပေါင်းတို့သည်လည်း အနာမရှိ ကျန်းမာကုန်သည်ဖြစ်၍ ပြည်တော် ဝပြောစည်ပင် ပါ၏လော။ မိုလ်ခြေပရိသတ် မှူးမတ်ကိုယ်ရံ ရွှေလှံရွှေဓား ရထားဆင်မြင်း သင်းပင်းအပေါင်း ဘယ်မှာရှိသနည်း။ ယခု ကိုယ်တော် ရထားဆင်မြင်း မစီးဘဲ ယူဇနာ ၃၀ ကွာဝေးသော ခရီးကို သားငယ်,သမီးငယ်များနှင့်ပင် မင်း



www.burmeseclassic.com

www.burmeseclassic.com



၂ ပါးတည်း ကြွလာသည်ကား အကြောင်းအသို့နည်း။ တစ်ပါးမင်းတို့ ရန်တင်းထောင်ထား၍ တိုင်းကားမြို့ပြည် မတည်မရပ်နိုင်သောကြောင့် ကြွတော်မူခဲ့သလော”ဟု မေးလျှောက်ကြကုန်၏။

ဘုရားလောင်းသည် စကားအလုံးစုံကို ပြန်ပြောလို၍

“အချင်း ဆွေတော်မျိုးတော်တို့။ ငါ့အား အနာမရှိ ပကတိ ကျန်းမာပါ၏။ ခမည်းတော်,မယ်တော်, ဆွေတော်,မျိုးတော်တို့လည်း အနာမရှိ ကျန်းမာကြပါ၏။ သိဝိတိုင်းသူ လူအပေါင်းတို့သည်လည်း အနာပျောက်ကင်း ဆင်းရဲမရှိ။ တိုင်းကားပြည်ရွာလည်း သာယာဝပြော စည်ပင်ပါ၏။ ယခု ဤအရပ်သို့ မူးမတ်ဗိုလ်ခြေ အခြွေအရံမပါ တောင်ညာမဒ္ဒီဒေဝီနှင့် ၂ ကိုယ်တော်တည်း သားငယ်, သမီးငယ်ကို ခေါ်လာခဲ့သည်ကား တစ်ပါးမင်းတို့ ရန်တင်း ထောင်လွှားသဖြင့် တိုင်းကားမြို့ပြည် မတည်မရပ်နိုင်သောကြောင့် လာသည်မဟုတ်။

“အကြောင်းတစ်မူကား လူ့ပြည်နယ်တွင် ခပ်သိမ်းသောမင်းတို့၏မာန်စွယ်ကို နုတ်ပယ်နှိမ်ချိုး ဝပ်လျှိုးညွတ်ခစေခြင်းငှာထိုက်လျက် ငါ၌သာ ဘုန်းကြောင့်ရောက်လာသော ဥပေါသထ မာတင်္ဂမျိုး တန်ခိုးအသရေဖြင့် ငွေတောင်ထွတ်ကဲ့သို့ ကိုယ်လုံးကျွတ်ဖြူစင်စွာ မင်္ဂလာဆင်တော်ကို အပေါ်လွှမ်းပိုးချည် ကမ္ဗလာ အစရှိသော အဖိုး ၂ သန်း ၄ သိန်းထိုက်သောတန်ဆာ အဆောင်အရွက်နှင့် အဖိုးအနဂ္ဃမြ ၆ လုံးပါ စာမရီသားမြီးယပ် စိုက်အပ်သော ထီးဖြူ,ဆင်ထိန်းလူ ၅၀၀, အကျွေးအမွေး ဆင်ဆေးသမားနှင့်တကွ ကလိင်္ဂရာဇ်ပြည်သား ပုဏ္ဏား ၈ ယောက်တို့အား လှူလိုက်၏။ ထိုသို့ ဆင်ဖြူကိုလှူသောကြောင့် သိဝိရာဇ် ပြည်သူပြည်သားတို့သည် ငါ့အား အမျက်လိုအငြိုးထားလျက် ခမည်းတော်လည်း နှလုံးရှိတော်မူ၍ ပြည်သူတို့အကြံနှင့် တစ်သံတည်းညီကြသဖြင့် ပြည်မှ ငါ့ကို နှင်ထုတ်လိုက်၏။ ထိုသို့ဖြစ်သောကြောင့် ဝင်္ကပါတောင်သို့ ငါ သွားအံ့သတည်း။ ထို ဟိမဝန္တာတော၌ ဝင်္ကပါတောင်နေရာကို သင်တို့ သိပါကုန်၏လော”ဟု မေးမြန်း ပြောဆိုတော်မူ၏။

ထိုစကားကို ကြားလျှင် စေတမင်းသားတို့သည်

“ပြည်ကြီးသခင် အရှင်မင်းကြီး။ ထိုသို့တပြီးကား ကိုယ်တော်၌ အပြစ်မရှိ။ ယခု ကြွလာတော်မူ ခြင်းသည်ကား ကောင်းသောလာခြင်းပေတည်း။ ဤအရပ်၌ အရှင်မင်းကြီး အလိုရှိတိုင်း အမိန့်တော်ရှိတော်မူလော့။ ဧည့်သည်တို့အား ပြုရာသောဝတ်ကို အကျွန်ုပ်တို့ ကုန်စင်အောင်ပြုပါအံ့။ ထီးနန်းရှင်တို့သာ သုံးဆောင်ထိုက်သော ဤမည်သောနေရာ၌ နေတော်မူလျက် ဤမည်သောအမဲဟင်းလျာ ဖြူစင်စွာသလေးထမင်း, စားတော်ခဲဖွယ်စားဖွယ် မြိန်နိုးရာရာကို သုံးဆောင်ခံစား၍ ယခုဤပြည်တော်၌ ခေတ္တ ငံ့တော်မူဦးလော့။ အကျွန်ုပ်တို့သည် အရှင့်ခမည်းတော် သိဉ္စည်းမင်းကြီးထံသွား၍ သားတော်ရွှေနန်းရှင်၌ အပြစ်မရှိ။ မိမိဥစ္စာကိုသာ လှူလေရာ သူတစ်ပါးဥစ္စာကို လုယက်၍လှူသည် မဟုတ်။ ပြည်မှ မနှင်ထုတ်သင့်။ ခေါ်တော်မူမှ သင့်မည်အကြောင်းကို လျှောက်ထားလျှင် သိဉ္စည်းမင်းကြီးလည်း အကျွန်ုပ်တို့စကားကို နာယူတော်မူလိမ့်မည်။ ထိုသို့လျှောက်ထားပြီးမှ ဆွေတော်မျိုးတော် အပေါင်း မင်း ၆ သောင်းခြံရံလျက် စေတုတ္တရာနေပြည်တော်သို့ အရှင်မင်းကြီးကို အကျွန်ုပ်တို့ ပို့လိုက်ပါအံ့။ ခဏမျှ သည်းခံတော်မူဦးလော့”ဟု လျှောက်ထားကြကုန်၏။

ထိုစကားကိုကြားလျှင် ဝေဿန္တရာမင်းကြီးသည်

“အချင်း မင်းအပေါင်းတို့။ ယခု ငါ့အား ဧည့်သည်ဝတ်ဖြင့် ‘မြတ်သောနေရာအစောင့်အရှောက်နှင့် တကွ မြိန်မြတ်သောခဲဖွယ်သောဇဉ်တို့ကို သုံးဆောင်ခံစားလျက် ခဏမျှ ငံ့တော်မူပါဦး။ ခမည်းတော်သို့

www.burmeseclassic.com



လျှောက်ထားပါမည်' ဆိုကြသည်မှာ ဆွေမျိုးတို့ဝတ် ကုန်ပေသည်ဖြစ်၍ အလွန်နှစ်သက်ဖွယ် ရှိ၏။ ထိုသို့ ဖြစ်သော်လည်း ယခုငါ့ကို ပြည်မှနှင်ထုတ်သည်ကား ခမည်းတော်နှင်ထုတ်လိုရင်း မဟုတ်ပေ။ ပြည်သူပြည်သား အပေါင်းတို့သည် ခမည်းတော်ထံ စည်းဝေးကြကုန်၍ 'အရှင့်သားတော် မင်းကြီးကို အကျွန်ုပ်တို့ အလိုမရှိ။ ယခု ပြည်မှ နှင်ထုတ်တော်မူပါ။ အရှင်မင်းကြီး ပြည်သူတို့စကားကို မနာမယူ အလိုမတူလျှင် အရှင်လည်း သားနှင့်အတူပင် ပြည်မှ ထွက်သွားရမည်'ဟု အတင်းအဓမ္မ ပြင်းပြစွာအမျက်ဝင်ကြ၍၊ ပြည်မသခင်ကိုစင် အရှင်မမှတ် မထိမဲ့မြင် ကြွေးကြော်ဆိုမြည် ကြိမ်းမောင်းကြလျှင် ခမည်းတော်သည် ငါ့ကြောင့်ပင် ကိုယ်တော်၏ ပင်ပန်းခြင်း, စိတ်တော်၏ပင်ပန်းခြင်းဖြစ်၍ ချစ်လျက်နှင့် မမြစ်နိုင်သောကြောင့်သာ အလိုတူပြုရပေသည်။ သင်တို့က ငါ့ခမည်းတော်ကိုပင် လျှောက်ထားသော်လည်း ပြည်သူတို့စကားကို မလွန်နိုင်ချေသောကြောင့် အခွင့် မရရာ။ ထိုသို့ဖြစ်၍ သင်တို့ ပင်ပန်းရုံမျှသာ ဖြစ်မည်။ အလျှောက်အထား မသွားကြနှင့်တော့။ ယနေ့ညဥ့်သာ ဤပြည်တွင်တည်းနေ၍ နက်ဖြန်မိုးသောက်လျှင် ခမည်းတော်အမိန့်တော်အတိုင်းညီအောင် ဝင်္ကပါတောင်သို့ သွား၍ နေလေအံ့။ ငါသွားရမည့် ခရီးစဉ်ကိုသာ သင်တို့သိတိုင်း ညွှန်ကြားလိုက်လော့"ဟု ဆို၏။

ထိုစကားကို ကြားလျှင် စေတမင်းသားအပေါင်းတို့သည်

"အရှင်မင်းကြီး။ ထိုသို့တပြီးကား ဝင်္ကပါတောင်သို့ ကြွတော်မူ၍ အဘယ်အကျိုး ရှိတော်မူမည်နည်း။ ဤပြည်၌ အကျွန်ုပ်တို့ ဆွေတော်မျိုးတော်အပေါင်း မင်း ဖြသောင်း ခြံရံလျက် ရွှေနန်း စိုးစံတော်မူပါလော့။ ဤစေတတိုင်းသည် အလွန် ဝပြောစည်ပင်၏။ မြို့၏အင်္ဂါ များစွာသောအသုံးအဆောင်နှင့်လည်း ပြည့်စုံ၏။ ကိုယ်တော်၏နှလုံးကို ရွှင်ပြုံးမွေ့လျော်စေခြင်းငှာ ထိုက်လျောက်ပါ၏။ မင်းပြုတော်မူပါ"ဟု တောင်းပန် လျှောက်ထားကြကုန်၏။

ဘုရားလောင်းသည် စေတမင်းသားတို့စကားကို ကြားလျှင်

"စေတမင်းအပေါင်းတို့။ ယခု သင်တို့ ငါ့ကို မြတ်နိုးကြသည်နှင့်အညီ တစ်ပြည်လုံး အပ်နှင်းကြပေ သည်မှာ ငါလည်း မပယ်မလှန် သိမ်းခံထိုက်လှပေသည်။ ထိုသို့တစ်မူကား မိမိကိုယ်ကိုသာ ကောင်းအောင်မပြုဘဲ သူ့ချမ်းသာကိုသာ ရှာလေ့ရှိသော ပညာရှိတို့အင်သည် ဆင်ခြင်တွေးတောခြင်းဖြင့် ဆင်းရဲရောက်လည်း ကြောက်လန့်ခြင်းမဖြစ်ရာ။ ချမ်းသာမြင်လည်း အလျင်တဆော ဝမ်းမမြောက်သင့်။ ယခုထက်လည်း နောင်အခွင့်တော်, မတော်ကို မြော်ခေါ်စဉ်းစားမြဲ ဖြစ်သည်။ တစ်ယောက်ကောင်းလို၍ အပေါင်းဆင်းရဲ မဖြစ်သာ။ နောင်လာလတ္တံ့သောဘေးကို အဝေးက ရှောင်ရာချေသည်။ စင်စစ် သင်တို့လျှောက်တိုင်း ဤပြည်၌ မင်းပြုချေအံ့။ ငါ့ခမည်းတော်မင်းကြီး ကြားသိတော်မူလျှင် 'ငါ့သား ဝေဿန္တရာသည် ငါ၌ရန်ငြိုးဖွဲ့လျက် မိမိယောက္ခမပြည် စေတတိုင်းကို လက်နက်ပြုသဖြင့် ယခုထောင်ထားမည် ကြံသတတ်'ဟု မှူးမတ်တို့ နှောင့်ယှက်သောစကားဖြင့် ယူမှားတော်မူချေသော် ငါ့ခမည်းတော်လည်း စိတ်ပင်ပန်းခြင်း ငါ့ကြောင့် ရောက်ပြန်တော့မည်။ ငါလည်း မကောင်း၊ ပြည်သူအပေါင်းလည်း မငြိမ်မဝပ် ငါ့ကြောင့် နှောင့်ယှက်ပူပန် ရှိပြန်တော့မည်။ ထိုသို့ ငါ့ခမည်းတော်ပင် အယူတော်မရှိစေကာမူ သိဝိရာဇ်ပြည်သူပြည်သားအပေါင်းတို့သည် 'ငါတို့အလိုမရှိ၍ ဤပြည်မှ ဝင်္ကပါတောင်သို့ နှင်ထုတ်လိုက်သည့် မင်းဝေဿန္တရာကို စေတတိုင်းသူတို့ ချီးပင့်ရမည် မဟုတ်'ဟု သင်တို့အား ရန်ငြိုးထားလျက် သိဝိတိုင်းသားတို့သည် များစွာသော ဗိုလ်ထုဗိုလ်ပါနှင့် တပ်တာခင်းကျင်းလျက် စစ်မက်ပြိုင်ချေသော် သင်တို့လည်း အကျိုးမဲ့မခံ ရန်တုံ့မူရာသည်နှင့် ၂ ပြည်စလုံး လက်ရုံးရည်ကိုး၍ စစ်ထိုးကြချေသော် ငါတစ်ယောက်ကြောင့် ပြည်သူပြည်သား ၂ ပါးစလုံးပင် ဆင်းရဲပူပန် နိုင်ငံဆူလောင်၍ 'တောင်လဲရာမြက်ပြတ်' ရှိပြန်ကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"စေတတိုင်း, သိဝိတိုင်း ဤတိုင်းကြီး ၂ တိုင်းသည် ၂ ပြားသောရွှေကို ဂဟေထပ်၍စပ်ဘိသကဲ့သို့ ထီးနန်းအဆက်ဆက် ကာလအရှည် တညီတညွတ်တည်း ရှိကြသည်ကို ငါတစ်ယောက်ကြောင့် ၂ တိုင်းစလုံး ချစ်ထုံးပြတ်၍ တစ်ရပ်တစ်သီး စစ်ကြီးမက်ကြီး ရန်မီးအစဉ် ဖြစ်ကြတော့မည်။ ထိုသို့ဖြစ်၍ သင်တို့ပြည်ကို ငါ မင်းမပြုလို။ ဝင်္ကပါတောင်သို့သာ သွား၍နေလိမ့်အံ့" ဟု ဆို၍ ပြည်ကိုလက်မခံ ပယ်တော်မူ၏။

ထိုစကားကိုကြားလျှင် စေတမင်းသားအပေါင်းတို့သည်

"အရှင်မင်းကြီး။ ထိုသို့ နောင်လာလတ္တံ့သောဘေး အရေးအခွင့်ကို မြော်ချင့်တော်မူ၍ မင်းမပြုလိုလျှင် အကျွန်ုပ်တို့ တတ်နိုင်တော့မည် မဟုတ်ပြီ။ မင်းပင် မပြုလိုသော်လည်း ဤပြည်တွင် မွေ့လျော်သမျှအခိုက် မြို့တွင်းသို့ဝင်၍ တည်းနေတော်မူပါ"ဟု လျှောက်ထားကြကုန်၏။

ဘုရားလောင်းလည်း

"အသင်တို့။ ငါ ဤပြည်တွင် နေ့ရက်အရှည် မနေပြီ။ ယနေ့တစ်ညဉ့်မျှ တည်းနေ၍ နက်ဖြန် မိုးသောက်လျှင် ဝင်္ကပါတောင်သို့ သွားအံ့သည်ဖြစ်သောကြောင့် ဤဇရပ်တွင်ပင် နေတော့အံ့။ မြို့တွင်းသို့မဝင်ပြီ"ဟု ဆို၏။

ထိုအခါ စေတမင်းသားအပေါင်းတို့သည် ကောင်းမြတ်သော ပဏ္ဏာ ပူဇော်သက္ကာတို့ဖြင့် များစွာဆက်သ ပူဇော်ကုန်လျက် ပြည်ထဲသခင်မင်းတို့စံရာ နန်းပြာသာဒ်ကဲ့သို့ ဇရပ်ကို တန်ဆာဆင်ယင် သုတ်သင်ခင်းကျင်း ဝင်းသင်းအိပ်ဖန် ကိုယ်ရံအစောင့်အရှောက်နှင့် လဲပေါက်ဝါဂွမ်းစုမက နူးညံ့လှသောစက်မွေ့ရာတော်ကို ရွှေသလွန်ပေါ်၌ခင်း၍ ရွှေတင်းတိမ်ဝန်းလည်ရံကာလျက် ရွှေဗိတာန် မျက်နှာကြက်စသော မင်းဆောင်စိုးသုံး အလုံးစုံကိစ္စကို မကြွင်းရအောင် စီရင်ကြကုန်၏။

ဝေဿန္တရာမင်းကြီးသည် စေတတိုင်းသား ဆွေတော်မျိုးတော်အပေါင်း မင်း ၆ သောင်း တို့နှင့် အကြောင်းအကျိုးနှင့် စပ်ယှဉ်သောစကားကို ဟောပြောလျက် ထိုညဉ့်ပတ်လုံး တည်းနေတော်မူ၍ နံနက်မိုးသောက်လျှင် ရေချိုးပြီး၍ မြိန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်ပြီးသော် စေတမင်းသားအပေါင်း ၆ သောင်း ခြံရံလျက် တည်းနေရာဇရပ်မှ ဝင်္ကပါတောင်သို့ ထွက်သွားတော်မူလေ၏။

စေတမင်းသား ဆွေတော်မျိုးတော်အပေါင်း မင်း ၆ သောင်း တို့လည်း ထိုမာတုလရာဇ်ပြည်မှ ၁၅ ယူဇနာ တိုင်အောင်ပို့လိုက်၍ ဟိမဝန္တာသို့ဝင်လုနီး တောကြီးဝ၌ ဘုရားလောင်းလည်း "မင်းသားတို့။ ငါသွားရမည့် ခရီးဆစ်ကိုသာကြား၍ ပြန်ကြလေတော့"ဟု ဆိုသောကြောင့် ထိုတောမှ ၁၅ ယူဇနာကွာသော ဝင်္ကပါတောင်သို့ သွားရမည့်ခရီးစဉ်ကို ညွှန်ကြားလို၍ ငိုသောမျက်ရည်ကိုသုတ်လျက် ဤသို့ လက်ယာလက်ဖြင့် ညွှန်ပြ လျှောက်ထားကြကုန်၏။

"ပြည်ထဲသခင် အရှင်မင်းကြီး။ နံ့သာပင်ပျို ညိုသောအရောင်ဖြင့် ဤကမြင်သော ထိုတောင်သည် လှ့သောင်၌တွင်သည်ကား ပန်းမန်ရှိသောကြောင့် ဂန္ဓမာဒန[၇၈]အမည်ရှိ၏။ ဤမှ မြောက်အရပ်သို့ ထိုတောင်ကို ဦးတည်လျက် ကြွတော်မူလော့။ ထို ဂန္ဓမာဒနတောင်သို့ရောက်လျှင် မြောက်အရပ်၌ ထူးမြတ်သော သစ်ပင်ရိပ်ဖြင့် စိတ်နှလုံးပြန့်ပြောဖွယ်ရှိသောကြောင့် ဝေပုလ္လ[၇၉]အမည်ရှိသောတောင်ကို ညိုရောင်မှိုင်းမှိုင်း မြင်တော်မူလတ္တံ့။ ထိုဝေပုလ္လတောင်သို့ကြွ၍ ရောက်တော်မူလျှင် မြောက်အရပ်၌ ပတ်ရစ်ခွေလျက် တောင်ခြေရင်းသို့စီးသော မြစ်ကြီးရေဝှမ်း ဆိပ်ကမ်းသာယာစွာကို မြင်တော်မူလတ္တံ့။ ထိုမြစ်ကို ကေတုမတီ[၈၀]မြစ်ကြီးဟု ခေါ်ဝေါ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထို ကေတုမတီမြစ်သို့ရောက်လျှင် မြောက်သားတော်နှင့်တကွ မင်း ၄ ပါးတို့ အမောအပန်းဖြေ၍ ရေမိုးချိုးတော်မူပြီးမှ ထိုက မြောက်သို့မျှော်လျှင် မွှေ့လျော်ဖွယ်အရိပ်ကြီးနှင့် အသီးချိုမြစွာ တောင်ထွတ်၌ ရောက်သော ပညောင်ပင်ကြီးကို မနီးမဝေးက မြင်တော်မူလတ္တံ့။ ထိုပညောင်ပင်ကြီး၌ ဝင်နားပြီး၍ ခရီးချင့် ထောက်မျှော်မြောက်ကိုရှုမျှော်ပြန်လျှင် မြူးထူးရင့်ကျူး အထူးထူးသော ငှက်ကိန္နရာတို့ဖြင့်ပြည့်လျက် နာလိက အမည်ရှိသောကျောက်တောင်ကို မြင်လတ္တံ့။ ထိုတောင်သို့ရောက်လျှင် အရှေ့မြောက်ထောင့်၌ ကြာမျိုး ၅ ပါးဖြင့် ဖုံးလွှမ်းအပ်သော မုစလိန္ဒာ[၁၁]အိုင်ကို မြင်လတ္တံ့။ ထိုမုစလိန္ဒာအိုင်သို့ ရောက်သောအခါ အရှေ့မြောက်သို့ မျှော်လျှင် ကောင်းကင်အလုံးကြီး၍ မိုးဦးအချိန်၌ တိမ်လိပ်တိမ်တောင် ညိုရောင်ထပ်ထပ်ယှက်သကဲ့သို့ ရှုက်ညို ဆိုင်းဆိုင်း ခက်တိုင်းဖြိုးဖြိုး အသီးအပွင့်ကိုဆောင်လျက် လမ်းမြောင်၂ ဘက်တို့၌ ယှက်ကူးမိုးကာ၍ နေဇာမြက်စိမ်းစိမ်း မြရည်လိမ်းသကဲ့သို့ ခပ်သိမ်းစုံခြေ မြေပြင်အလုံးဖုံးလွှမ်းသဖြင့် စိတ်ဝမ်းမဆည်နိုင်အောင် မြိုင်တောစိမ့်တောကြီးကို မြင်တော်မူလတ္တံ့။ ထိုတော၌ ရာသီအလိုက်သီးပွင့်သော သစ်ပင်ထက် တွန်မြူးရင့်ကျူး အထူးထူးသောငှက်သံများကိုလည်း ကြားတော်မူလတ္တံ့။ ထို ကြောက်မက်ဖွယ် နက်စွာသောတောကြီးသို့ သားဟင်းမျိုးကိုအလိုရှိသော ကေသရာဇာ[၁၂] ခြင်္သေ့မင်းသည် ရဲရင့်စွာဝင်ဘိသကဲ့သို့ အရှင်မင်းကြီးသည်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်တော်မူလျက် လူတစ်ယောက်သွားလောက်ရုံ မြက်,ချုံ,နွယ်ဆီးသော ခရီးမြောင် ခရီးကွေ့ အရှေ့မြောက်သို့ ကြွဝင်တော်မူလေလော့။ ထိုတောတောင်သည် မြောင်ကြားချောက်ကြား ကမ်းပါးတောင်ယံသို့ ကွေ့လည်၍သွားရသောကြောင့် 'ဝင်္ကပါ'ဟု အမည်တွင်၏။

"ထိုဝင်္ကပါတောင်၌ တောင်မြောင်ချောက်ကြားတို့မှစီးလာသော မြစ်ငယ်ချောင်းငယ်တို့၏ အထက်အညာသို့ရောက်လျှင် ရေခံတက်, ကြည်းခံတက်ပင်တို့ဖြင့် ဝန်းရံကာလျက် ဈာန်သမာပတ်ရသော ရသေ့, ရဟန်းတို့၏သောက်ချိုးရာ ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ၄ ထောင့်ကျယ်စွာ ဆိပ်ကမ်းသာသော ရေကန်ကြီးကို တွေ့တော်မူလတ္တံ့။ ထိုရေကန်သည် အလွန် ပျံ့မွှေးအေးကြည်လျက် နက်စွာသောရေသည် ရှိ၏။ ငါးကြီးတို့ပျော်မြူးရာလည်း ဖြစ်၏။ ထိုရေကန်ကြီးကိုအမှီပြု၍ အရှေ့မြောက်မနီးမဝေးတွင် မြေပြင် အခင်းအကျင်း သန့်ရှင်းတော်သင့်ရာ၌ နေရာသခ်မ်းဆောက်၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ သတိထက်ကြပ် မပြတ်နေ့ည လုံ့လပြုလျက် တောသစ်သီးတောသစ်ဖုတို့ဖြင့် အသက်မွေး၍ နေတော်မူလော့"

ဤသို့ စေတမင်းသား ၆ သောင်းတို့သည် ဘုရားလောင်းအား ၁၅ ယူဇနာရှိသော ခရီးစဉ်ခရီးဆစ်ကို ဖွင့်လှစ်ညွှန်ကြားပြီးလျှင် 'ယခု မင်းကြီးသွားရမည့်ခရီးသည် ဥပဒ်အန္တရာယ် ထူထပ်လှ၏။ မင်းကြီးလည်း မသွားစဘူး, မရောက်စဘူးဖြစ်သည်။ ထိုသို့ဖြစ်၍ အန္တရာယ်ကိုတားမြစ်စေခြင်းငှာ ခရီးလမ်းညွှန်ရန် တောရေးတောင်ခွင်၌လိမ္မာသော လူတစ်ယောက်ကိုထားခဲ့မှ သင့်မည်'ဟု ကြံစည်တိုင်ပင်ကြပြီးသော် စေတတိုင်းသား မုဆိုးတစ်ယောက်ကို "သင်သည် လူသွားလူလာကို စူးစမ်းမေးမြန်း၍ အန္တရာယ်မရှိရအောင် မင်းကြီးအားစောင့်ရှောက်လျက် လိုက်၍ ခရီးလမ်းညွှန်ကြားလေ"ဟု ထိုတောဝ၌ မုဆိုးသားကို အစောင့် ထားခဲ့ပြီးသော် မိမိတို့တိုင်းပြည်သို့ ပြန်ကြလေကုန်၏။

ဘုရားလောင်းဝေဿန္တရာမင်းကြီးသည် လက်စွဲတော် သန်လျက်, ဓား, လေး,မြားစွဲလျက် သားတော် သမီးတော်နှင့်တကွ မြောက်သားတော်ကိုခေါ်၍ မုဆိုးသာလျှင် လမ်းညွှန်ရှိသဖြင့် တောကြီးထဲသို့ သက်ဝင် ကြွသွားလေသော် ထိုနေ့ညဉ့် ဂန္ဓမာဒနတောင်သို့ ရောက်လေ၏။ ဂန္ဓမာဒနတောင်၌အိပ်၍ နံနက် မိုးသောက် ပြန်လျှင် တစ်ဖန် မြောက်သို့ရှေးရှု ဝေပုလ္လတောင်ခြေရင်းဖြင့်သွား၍ ကေတုမတီမြစ်သို့ ရောက်လေ၏။ ထို



www.burmeseclassic.com

ကေတုမတီမြစ်၌ မုဆိုးသားသည် ပေးဆက်အပ်သော ကောင်းမြတ်စွာသော သားအမဲဟင်းမျိုးတို့ကိုစားပြီးလျှင် ထိုမုဆိုးသားအားလည်း ဘုရားအလောင်းသည် ရွှေဦးသျှောင်ကျင်[၉၃]ကို ချွတ်၍ပေးတော်မူ၏။ ထိုမြစ်နား၌ အပင်အပန်းဖြေလျက် ရေမိုးသောက်ချိုးပြီးသော် မုဆိုးသားလည်း ပြန်၍ တောဝ၌စောင့်နေလေ၏။

ဘုရားလောင်းသည်လည်း မြစ်ကိုကူးလျက် မြောက်စူးစူးသို့သွားကြလေသော် သာနုအမည်ရှိသော တောင်ထိပ်၌ ချမ်းရိပ်အေးမြသောပညောင်ပင်ကြီးသို့ ရောက်လေ၏။ ထိုပညောင်ပင်ရိပ်၌ ခဲ့ရုံမျှနားနေပြီးသော် ပညောင်သီးကိုစားကြလျက် ထ၍သွားကြပြန်သဖြင့် နာလိကတောင်သို့ ရောက်လေ၏။ ထို နာလိကတောင်မှ အရှေ့မြောက်သို့သွားပြန်တော် မုစလိန္ဒာအိုင်သို့ ရောက်လေ၏။ ထိုအိုင်၌ တောသစ်သီး ကြာစွယ်ကြာမှုတို့ကို စား၍ ရေမိုးသောက်ချိုးပြီးသော် အရှေ့မြောက်အရပ်၌ တစ်ယောက်သာ သွားလောက်ရုံမျှသော ခရီးကြွေ့ဖြင့် တောနက်ကြီးထဲသို့ ဝင်တော်မူလေ၏။ ထို စိမ့်တော,မြိုင်တောမှထွက်ပြန်လျှင် တောင်မြောင်ချောက်ကြားတို့မှ စီးကုန်သော မြစ်တို့၏အညာသို့ သွား၍ ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ၄ ထောင့်ကန်သို့ ရောက်လေ၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ ရှုကြည့်ဆင်ခြင်လတ်သော် 'ယခုယောကျ်ားမြတ်သည် ဟိမဝန္တာသို့ ဝင်၏။ ထိုယောကျ်ားမြတ်အား နေရာသခ်မ်း[၉၄]ကို ဖန်ဆင်း၍ ပေးအံ့သောငှာ လျောက်ပတ်၏'ဟု ဝိသုကြံနတ်သားကို ခေါ်ပြီးလျှင် "သင်သည် ယခု လူ့ပြည်သို့သွားချေ။ ဝင်္ကပါတောင်ဝှမ်း၌ နှလုံးမွေ့လျော်ဖွယ်ရှိရာ အရပ်တွင် ယောကျ်ားမြတ်တို့ နေရာသခ်မ်းကို ဖန်ဆင်းချေ"ဟု စေလိုက်၏။

ဝိသုကြံနတ်သားသည်လည်း "အရှင်သိကြားမင်း။ ကောင်းပါပြီ"ဟု ဝန်ခံ၍ နတ်ပြည်မှ ထိုဝင်္ကပါတောင်သို့ ဆင်းသက်ပြီးသော် နှလုံးမွေ့လျော်ဖွယ်ရှိသောအရပ်၌ နေရာသခ်မ်း ၂ ဆောင်, စင်္ကြံ ၂ ဆောင်, ညဥ့်အိပ်ရာနေရာ အလုံးစုံတို့ကိုဖန်ဆင်းပြီးလျှင် စင်္ကြံဦး၌ အထူးထူးသော ပန်းပင်, ငှက်ပျောပင်တို့ကိုလည်း ထင်စေလျက် ရဟန်းတို့၏ ပရိက္ခရာအသုံးအဆောင်တို့ကိုလည်း စီရင်၍ 'ခပ်သိမ်းကုန်သောသူတို့သည် ရဟန်းပြုလိုလျှင် ဤ ပရိက္ခရာအသုံးအဆောင်တို့ဖြင့် ရဟန်းပြုပါကုန်'ဟု ကမ္ဗည်းအက္ခရာရေးလျက် ကျောက်သခ်မ်းအတွင်း၌ ထား၏။ ဘီလူး,မြေဖုတ်,တစ္ဆေ, ကြောက်မက်ဖွယ်သော အသံကို ပြုတတ်သော ငှက်ဆိုး, သားရဲတို့ကိုလည်း ဝေးရာဖဲကြဉ်စေပြီးသော် နတ်ပြည်သို့ ပြန်သွားလေ၏။

ဘုရားလောင်းသည် ရေကန်၏အရှေ့မြောက် တစ်ယောက်မျှသာ သွားလောက်ရုံသောခရီးကြွေ့ဖြင့် ကျောင်းသခ်မ်းကို မြင်လျှင် 'ဤနေရာကား ရဟန်းတို့နေရာ ဖြစ်မည်'ဟု ကြံ၍၊ မဒ္ဒီဒေဝီနှင့် သားတော်, သမီးတော်တို့ကို သခ်မ်းတံခါးဝ၌ထားခဲ့ပြီးမှ တံခါးကိုဖွင့်ပြီးသော် ကျောင်းသခ်မ်းတွင်းသို့ဝင်လျက် ကမ္ဗည်း အက္ခရာကိုဖတ်လျှင် 'ငါ့အား သိကြားပေးအပ်သော နေရာတည်း'ဟု သိ၍၊ လက်စွဲတော်, သန်လျက်, လေးမြားတို့ကို တော်သင့်ရာစွန့်ထားလျက် ဖန်ရည်စွန်းသော လျှော်တေသင်္ကန်းဖြင့် ဝတ်လဲတော်ပုဆိုးကို လဲချွတ်တော်မူ၍၊ နီမြန်းသောလျှော်တေသင်္ကန်းကို ဝတ်တော်မူ၍ သစ်နက်ရေသင်္ကန်းကို ပခုံးတစ်ဘက်ဖြင့် လက်ကန်တော့စပယ်တင် ရုံလျက် ဆံကျစ်ဦးစွန်းထုံးသဖြင့် ရသေ့ရဟန်းပြုပြီးသော် ဝါးရင်းတောင်ဝှေးကို လက်စွဲလျက် ကျောင်းသခ်မ်းတွင်းမှ ပြင်သို့ ထွက်ခဲ့၍ ရဟန်း၏ကျက်သရေ အသရေကိုဖြစ်စေသဖြင့်–

'အဟောသုခံ အဟောသုခံ၊ ပဗ္ဗဇ္ဇာ မေ အဓိဂတာ' ဟု နှစ်သက်ရွှင်လန်းစွာသော စကားဖြင့် ဥဒါန်းကျူး[၉၅]တော်မူ၏။

www.burmeseclassic.com



[မေ မယာ၊ ငါသည်။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်ကို။ အဓိဂတာ၊ ရအပ်ပြီ။ အဟောသုခံ, အဟောသုခံ၊ သြော် ချမ်းသာစွာ့, သြော်ချမ်းသာစွာ့။]

ဤသို့ ဥဒါန်းမြွက်ကျူးတော်မူလျက် စကြံ[၈၈]သို့တက်၍ ရှေ့နောက်လူးလာ စင်္ကြံကြွသွားတော်မူပြီးမှ အရှင်ပစ္စေကဗုဒ္ဓါ အရိယာတို့၏ ငြိမ်သက်ခြင်းဣန္ဒြေဖြင့် သားတော်,သမီးတော်, ခမြောက်သားတော်တို့၏အထံသို့ ကြွသွားတော်မူ၏။

ထိုအခါ မဒ္ဒီဒေဝီသည် အသွင်အပြင်ခြားသော ဘုရားလောင်းကိုမြင်လျှင် ထင်ယောင်ထင်မှား ဘုရားလောင်းမှန်းကို နောက်မှအတပ်သိ၍ မိမိကိုယ်အဖြစ်ဖြင့် မရပ်မတည်နိုင်ခြင်းဖြင့် ခြေတော်ရင်း၌ ဝပ်လျက် ငိုကြွေးပြီးလျှင် ဘုရားလောင်းနှင့်အတူ ကျောင်းတွင်းသို့ဝင်၍ မိမိတိုက်ခန်း ကျောင်းသခ်မ်းသို့သွားပြီးလျှင် ရသေ့မ၏အသွင်ကို ယူလေ၏။ ထို့နောက် သားတော်,သမီးတော်တို့ကိုလည်း ရသေ့ငယ် ပြုစေကုန်၏။ ဤသို့ မင်း ၄ပါးတို့သည် ဝင်္ကပါတောင်ဝှမ်း[၈၉]တွင် ကျောင်းသခ်မ်း၌ ရသေ့၏အသွင်ကို ယူလျက်နေကြကုန်၏။ ထိုအခါ မဒ္ဒီဒေဝီသည် ဘုရားလောင်းအား ဤသို့ တောင်းပန်၏။

"အရှင်မင်းကြီး။ အရှင်သည် သစ်သီး ကြီးငယ်အလို့ငှာ တောသို့ အရှာအဖွေ ကြွတော်မမူပါနှင့်။ ဤကျောင်းသခ်မ်း၌ သားငယ် ၂ ယောက်နှင့်သာ မွေ့လျော်တော်မူပါလော့။ အကျွန်ုပ်သည် တောသို့သွား၍ သစ်သီးကြီးငယ်တို့ကို ဆောင်ယူပါအံ့"ဟုတောင်းပန်၏။

ထိုနေ့မှစ၍ မဒ္ဒီဒေဝီသည် တောမှ သစ်သီးကြီးငယ်တို့ကို ဆောင်ယူခဲ့၍ မင်း ၃ ပါး တို့အား လုပ်ကျွေးမွေးမြူ၏။ ဘုရားလောင်းသည်လည်း မဒ္ဒီဒေဝီအား

"အဘယ်မဒ္ဒီ။ ငါတို့သည် ဤနေ့မှစ၍ ရဟန်းဖြစ်ကြကုန်ပြီ။ မိန်းမတို့မည်သည်ကား ဗြဟ္မစရိယ သိက္ခာပုဒ်[၉၀]၏ အညစ်အကြေး ဖြစ်ချေသည်။ ဤနေ့မှစ၍ အခါမဟုတ်သည်၌ သင် ငါ့ထံသို့ မလာပါနှင့်"ဟု တောင်းပန်၏။ မဒ္ဒီဒေဝီလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၏။

ထိုအခါ ဘုရားလောင်း၏ပါရမီတော် အာနုဘော်ကြောင့် ထက်ဝန်းကျင် ၃ ယူဇနာအရပ်၌ နေကြကုန်သော တိရစ္ဆာန်အပေါင်းတို့သည် အချင်းချင်း နှိပ်စက်ညှဉ်းဆဲခြင်းမပြု ချစ်ခင်မြတ်နိုးလျက် မေတ္တာစိတ်ကို ရကြကုန်၏။

မဒ္ဒီဒေဝီသည် နံနက်စောစောထ၍ သောက်ရေသုံးရေကိုဆောင်ယူပြီးသော် ဘုရားလောင်းအား ဒန်ပူ,မျက်နှာသစ်ရေကပ်၍၊ ကျောင်းကို တံမြက်လှည်းပြီးမှ သားငယ်,သမီးငယ်ကို ခမည်းတော်ထံ၌ထားခဲ့၍ တံချူ, ခြင်းတောင်း, တူရွင်းလက်စွဲလျက် တောသို့ဝင်ပြီးသော်၊ တောသစ်မြစ်, သစ်ဖု, သစ်ဥ, သစ်သီး ကြီးငယ်တို့ဖြင့်၊ ခြင်းတောင်း၌ပြည့်စေသဖြင့်၊ ညချမ်းသောအခါ ကျောင်းသခ်မ်းသို့ပြန်၍ ခြင်းတောင်းကို ချထားပြီးလျှင် သားငယ်, သမီးငယ်တို့ကို ရေချိုးစေ၏။ ထို့နောက်မှ မင်း ၄ ပါးတို့သည် ကျောင်းတံခါးဝ၌ နေ၍ သစ်သီးသစ်ဖုတို့ကို သုံးဆောင်ကြကုန်၏။ သုံးဆောင်ပြီးသော် မဒ္ဒီဒေဝီသည် သားငယ် ၂ ယောက်တို့ကို ယူ၍ မိမိအိပ်ရာသခ်မ်းသို့ သွား၏။

ဤသို့သောနည်းဖြင့် မင်း၄ ပါးတို့သည် ဝင်္ကပါတောင်ဝှမ်း၌ ချမ်းသာအေးငြိမ်းသော ရသေ့အသွင်ဖြင့် ၇ လပတ်လုံး နေကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ ဇုဇကော ပဗ္ဗဓိန်း

ထိုအခါ ကလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌ^၆၈အမည်ရှိသော ပုဏ္ဏားရွာ၌နေသော ဇူဇကာ^၆၉ပုဏ္ဏားသည် သားမယား မရှိ။ အလှူလှည့်လည်ခံသဖြင့် အသပြာ ၁၀၀ ရ၏။ထိုအသပြာ ၁၀၀ ကို မိမိ မဆောင်နိုင်၊ အလိုလည်း မတိုင်သေးသောကြောင့် ရွာတစ်ခုတွင် တစ်ယောက်သောပုဏ္ဏားအိမ်၌ အပ်ထား၍ တစ်ဖန် အလှူခံအံ့သောငှာ အရပ်တစ်ပါးသို့ လှည့်လည်သွားလာပြန်၏။ ထို ဇူဇကာပုဏ္ဏားသည် အလှူခံသွား၍ တစ်ပါးအရပ်၌ နှစ် လ အရှည် ကြာမြင့်လေသော် ဇူဇကာပုဏ္ဏား၏ဥစ္စာကို သိမ်းထားသောပုဏ္ဏားသည် သုံးစားနှင့်၍ ကုန်လေ၏။ နောက်မှ ဇူဇကာပုဏ္ဏားရောက်လာသဖြင့် ထို အပ်နှံထားခဲ့သော မိမိဥစ္စာကိုတောင်းလေလျှင် ဥစ္စာထိန်းပုဏ္ဏားသည် ဇူဇကာပုဏ္ဏားအား ဥစ္စာမလျော်မပေးနိုင်သောကြောင့် အမိတ္တာပုံ^၇၀အမည်ရှိသော မိမိသမီးကို ပေး၏။ ဇူဇကာပုဏ္ဏားသည် အမိတ္တာပုံကိုခေါ်ယူလျက် ကလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌပုဏ္ဏားရွာသို့ သွား၍နေလေ၏။

အမိတ္တာပုံသည်လည်း 'မိမိလင်'ဟု ချစ်ခင်ကြင်နာခြင်းဖြင့် ဇူဇကာပုဏ္ဏားအား လုပ်ကျွေး၏။ အခါ တစ်ပါးသောနေ့၌ ပုဏ္ဏားလုလင်ပျိုတို့သည် ဇူဇကာပုဏ္ဏားအိမ်သို့ရောက်၍ အမိတ္တာပုံ၏ အကျင့်သီတင်း ပြည့်စုံခြင်းကိုမြင်လျှင် မိမိတို့မယားထံသွား၍ "ဇူဇကာပုဏ္ဏား၏မယား အမိတ္တာပုံသည် မိမိအဆင်းအရွယ်နှင့် ပြည့်စုံလျက် သက်ကြီးရွယ်အို ထိုဇူဇကာအား အရိုအသေ လုပ်ကျွေးတုံသေး၏။ အရွယ်ချင်းမျှသော ငါတို့ကိုကား အဘယ့်ကြောင့် နင်တို့ အရိုအသေ မပြုကုန်သနည်း"ဟု မောင်းမဲဆဲရေး ခြိမ်းခြောက်ကြကုန်၏။

ထို ဒုန္နိဝိဋ္ဌရွာသူ ပုဏ္ဏေးမတို့သည် 'အမိတ္တာပုံကြောင့် လင်၏အဆဲအရေးကို ငါတို့ခံရသည်။ ငါတို့ ရွာမှာ အမိတ္တာပုံမနေဝံ့အောင် အရှက်ခွဲဆဲရေး၍ ထွက်ပြေးစေအံ့'ဟု ကြံပြီးသော်၊ မြစ်ဆိပ်,ရွာနား စသည် အရပ်တို့၌ စည်းဝေးကုန်လျက် ဤသို့ အရှက်ခွဲ ဆဲရေးကြကုန်၏။

"အမိငယ်။ သင်သည် အရွယ်မျှ မရောက်တတ်ပါသေးဘဲလျက် သင့်မိသင့်ဖတို့သည် ဆံမုတ်ဆိတ်ဖြူညို ထိုပုဏ္ဏားအိုနှင့် ပေးစားပလေ၏။ သင့်မိသင့်ဖတို့သည် အထောက်မတန် ရန်သူကိုကဲ့သို့ ပြုယောင်တကား။"

"သင့်ဆွေမျိုးတို့သည်လည်း သင့်ကို အိမ်မထောင်လောက် ရွယ်မရောက်သေးဘဲ မိထွေး,မိကြီး, ဦးရီး, ဆွေမျိုးတို့ငြိုငြင်၍ ဆိတ်ကွယ်ရာ သင့်မိသင့်ဖတို့နှင့်တိုင်ပင်၍ ရေသားရွှတ်ယို ပုဏ္ဏားအိုနှင့် ပေးစား လိုက်ယောင်တကား။

"အမိငယ်။ သင်သည် အရွယ်မရောက် မလောက်မလားသေးဘဲလျက် အိမ်နီးချင်းအတူနေ အဆွေခင်ပွန်း သင်တို့ရပ်သူရပ်သားတို့သည် သင့်မိဘဆွေမျိုးနှင့် ဆိတ်ကွယ်ရာတွင် မကောင်းတိုင်ပင်ကြ၍ သင့်ကိုမလို အဘယ် အငြိုးသို၍ ရွယ်အိုသက်ကြီးနှင့် ပေးစားသနည်း။ လင်အိုနှင့် နေရသောသင်သည် သေရသော်မှ ကောင်း၏။ ပေါင်းဖက်၍နေရသဖြင့် အဘယ်သို့ ကောင်းနိုင်အံ့နည်း။

"အမိငယ်။ သင်သည် အရွယ်အဆင်း တင့်တယ်ခြင်းနှင့်ပြည့်စုံပါလျက် သင့်မိ,သင့်ဖတို့သည် သင့်ဖို့လင် အရွယ်တန် ရှာ၍မရနိုင်သောကြောင့် ပုဏ္ဏားမည်းညို သက်ကြီးအိုနှင့် ပေးစားလေယောင်တကား။

"သင်သည် လင်ကောင်းသားကောင်းအလို့ငှာ လဆန်း ၉ ရက်နေ့၌ ယာဂုဆွမ်းဖြင့်ပူဇော်၍၊ ထို သင်ပူဇော်သောယာဂုဆွမ်းကို ကျီးအိုတစ်ကောင် လု၍စားလာသောကြောင့် ဦးခေါင်းဆံဖြူရောက် သင့် အဘိုးလောက်ကို မြောက်သားယယ်လင်မှတ် ထင်ရရှာလေသလော။

"လင်ကောင်းသားကောင်းအလို့ငှာ မီးနတ်ကို သင် မပူဇော်မိလေသလော။



www.burmeseclassic.com

www.burmeseclassic.com



"အမိငယ်။ သင်ကား အရွယ်မျှပြီပြီမရောက်ခင် သင့်လင်ကား အရွယ်လွန်မြောက်ပြီး ရှေ့နောက်ကို မြော်တွေးသော် မြေး၊အဘိုး အဟန်တကား။

"ပုဏ္ဏားမည်းညို သက်ကြီးအိုနှင့် နေရသောသင်သည် လူ့ပြည်၌ အကျင့်သီတင်းနှင့်ပြည့်စုံသော ရသေ့ရဟန်းတို့ကို ကျိန်ဆဲကဲ့ရဲ့ ပြုဖူးသောအပြစ်ဒဏ်ပင် သင့်လေသလော။

"အမိငယ်။လောက၌မြွေဆိပ်, ကျားဆိပ်စသည်ဖြင့် သေရခြင်းသည်လည်း ဆင်းရဲ မဟုတ်သေး။ လေမြား၊လှံ၊ဓားဖြင့် ပစ်ခတ်ထိုးခုတ်၍ သေရခြင်းသည်လည်း ဆင်းရဲ မဟုတ်သေး။ အရွယ်လွန်ပြီး သက်ကြီးအိုကို လင်လုပ်ရသောမိန်းမသည်သာ ဆင်းရဲတကာတို့ထက် လွန်၍ဆင်းရဲ၏။

"သွေးသားယွင်းထို ထိုလင်အိုသည် ပျိုနုရွယ်ရှိ အမိအလိုရှိတိုင်း အဘယ်သို့လိုက်၍ မြူးထူးရွှင်ပျော် မွေ့လျော်နိုင်လိမ့်အံ့နည်း။ ရွယ်အိုလင်နှင့် လူမြင်သူကြား စကားဘယ့်နှယ် ပြောဆိုဝံ့အံ့။ သွားလည်း မကွေ နေလည်းအတူ ကလူယပျော်ပါး ရွှင်ခြင်းအားလည်း အများမြင်၍ မတင့်တယ်ဖြစ်ခဲ့၏တကား။

"လုလင်ပျို, မိန်းမငယ် အရွယ်တူချင်းဖြစ်ကြလျှင် တစ်ယောက်အလိုကို တစ်ယောက်လိုက်နိုင်လျက် ကာမဂုဏ် ၅ ပါးဖြင့် ပျော်ပါးရွှင်မြူး ယှဉ်ပူးတွဲမှီ စုံညီမွေ့စံခြင်းငှာလည်း တင့်တယ်လျောက်ပတ်၏။ သင့်လင်သက်ကြီးအိုမှုကား သင်နှင့်အရွယ်မတူ ကလူယှဉ်တွဲ နှံ့မှီပျော်မြူးရမည်လည်း သွားကျိုး၊ပါးရေဝင် မရယ်ခင်လျှာထွက်၍ ရုက်ဖွယ်ကြောက်ဖွယ် မတင့်တယ်ခဲ့တကား။ ထိုသို့ဖြစ်လျက် ဤလင်အိုနှင့် အတူနေ၍ အကျိုးမရှိ။ သင့်မိသင့်ဖအိမ်သို့ ပြန်လေလော့"ဟု ဆဲရေးဆိုမြည်ကြကုန်၏။

အမိတ္တာပုံလည်း ရွာသူတို့ ဆဲရေးဆိုမြည်သောစကားကို ရေခပ်သွားရန် မြစ်ဆိပ်နားတွင် မခံနိုင်အောင် ကြားရလျှင် ရေအိုးကိုရွက်၍ ငိုကြွေးလျက် အိမ်သို့သွားလေ၏။

ဇူဇကာပုဏ္ဏားသည် မိမိမယားအမိတ္တာပုံ ငိုကြွေးလျက်လာသည်ကိုမြင်လျှင် "အမယ်။ သင် အဘယ့်ကြောင့် ငိုကြွေးသနည်း"ဟု ဆီး၍မေး၏။

အမိတ္တာပုံသည် "အရှင်ပုဏ္ဏား။ အလိုရှိသော်လည်း ဖြစ်လိုရာဖြစ်စေ။ ယနေ့မှစ၍ အကျွန်ုပ် မြစ်ဆိပ်သို့မသွားပြီ။ သင်လူအိုကို လင်လုပ်မိချေသောကြောင့် ရွာသူတို့ ဆဲရေးဆိုမြည်တမ်းခြင်းကို ခံရ၏"ဟုဆို၏။

ထိုစကားကို ကြားလျှင် "အမယ် အမိတ္တာပုံ။ သင်သည် ငါ့အမှုကြီးငယ်ကို မပြုနှင့်။ ရေကိုလည်း မခပ်နှင့်။ ဤအိမ်ထဲတွင်သာ ချမ်းငြိမ်းစွာနေလော့။ ငါပင် ရေခပ်ခြင်းစသည်ကို ပြုအံ့။ သင် နှလုံးမသာ မရှိနှင့်"ဟုဆို၏။

အမိတ္တာပုံသည် "ပုဏ္ဏား။ ငါတို့အမျိုးသည် လင်ကိုစေခိုင်း၍ ကျွန်ပြုသည့်အမျိုး မဟုတ်။ အကယ်၍ သင်သည် ငါ့ကို ချစ်ရိုးမှန်၍ ကျွန်ယောကျ်ား၊ကျွန်မိန်းမ စေစားရန်အမှုလုပ်ကျွန်ကိုမရှာဘဲ သင်သာ ငါ့ကို ကျွန်ကဲ့သို့ ရေခပ်ခြင်း, မောင်းထောင်းခြင်းစသည်ဖြင့် လုပ်ကျွေးအံ့။ သင့်အိမ်မှာ ငါ မနေပြီ။ သင်နှင့် ကွာတော့အံ့။ သင် ငါ့ကိုချစ်ခင်လျှင် ကျွန်ယောကျ်ား, ကျွန်မိန်းမ အစေအပါးပြုရမည့်ကျွန်ကို ရအောင် ရှာလော့ဟု"ဆို၏။

ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည် "အမယ်။ ငါ့အား တစ်စုံတစ်ခုသောအတတ်ပညာလည်း မရှိ၊ ဥစ္စာစပါးလည်း မရှိ။ ထိုသို့ ငြိုငြင်ဆင်းရဲစွာဖြစ်လျက် အဘယ်သို့ ကျွန်ယောကျ်ား၊ကျွန်မိန်းမ ရနိုင်အံ့နည်း။ အမယ်။ သင် အားမနာလင့်။ ငါပင် သင့်ကို လုပ်ကျွေးအံ့။ သင် မငိုကြွေးလင့်။ နှလုံးမသာ မရှိလင့်"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် အမိတ္တာပုံသည် "အရှင်ပုဏ္ဏား။ ဤသို့လာလည်း။ ငါပြောအံ့။ ငါကြားဖူးသည်ကား ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတောင်၌ နေ၏။ သင်သည် ဝေဿန္တရာမင်းကြီးရှိရာ ဝင်္ကပါတောင်သို့သွား၍ ကျွန်ယောကျ်ား, ကျွန်မိန်းမကို တောင်းချေလော့။ သင့်အား မင်းကြီးသည် ကျွန်ကို ပေးလှူလတ္တံ့."ဟု ဆို၏။

[ဤစကားကို အမိတ္တာပုံဆိုသည်ကား ဘုရားလောင်း ပါရမီပြည့်စေခြင်းငှာ နတ်တို့လှည့်ပတ်သဖြင့် ဆိုမိသတည်း။]

အမိတ္တာပုံ၏စကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည် "အမယ်။ ငါကား အိုမင်းသည်ဖြစ်၍ အားမရှိပြီ။ ယခု သင်ပြောသောတောင်သည် ဝေးလှ၏။ ခရီးဝေးစွာ မသွားနိုင်ပြီ။ သင်သည် မစိုးရိမ်လင့်။ ငါပင် သင့်ကို လုပ်ကျွေးပါအံ့။ မငိုကြွေးနှင့်။ နလုံးမသာ မရှိလင့်"ဟု ဆိုပြန်၏။

ထိုစကားကိုကြားလျှင် အမိတ္တာပုံသည် "အရှင်ပုဏ္ဏား။ သင်သည် စစ်မြေအရပ်သို့မျှ မသွားမထွက်သေးဘဲလျက် ရှုံးခဲ့ပြီဟုဆိုသော စစ်သူကြီးကဲ့သို့ မသွားမီကပင် 'မသွားနိုင်'ဟု သင် ဆိုဘိ၏။ စင်စစ် ကျွန်ယောကျ်ား, ကျွန်မိန်းမကို ရအောင်မရှာလျှင် ငါ သင့်အိမ်၌ မနေပြီ။ ထိုသို့ ငါနှင့်ကင်းသော သင့်အား ကြီးစွာသောဆင်းရဲ ရောက်လတ္တံ့.။ ဤရွာ၌ နက္ခတ်သဘင် ကြိမ်သောအခါ၌ လည်းကောင်း, ဥတု ၆ ပါး၏ အစ၌ သဘင်ကာလ ကြိမ်သောအခါ၌ လည်းကောင်း, ငါသည် ယောကျ်ားတစ်ပါးနှင့်နေ၍ ပွဲသဘင်၌ တင့်တယ်စွာ ပျော်ရွှင်မြူးထူးသောငါ့ကို သင်မြင်ရသောအခါ ကြီးစွာသောဆင်းရဲခြင်း, ပူဆွေးခြင်း, ငိုမြည်တမ်းခြင်းဖြင့် နိုပ်စက်ပြန်လျှင် အသက်အရွယ်အိုမင်း၍ ကျောက်ကုန်းညွှတ်ခြင်းရှိရာတွင် ထပ်၍ညွှတ်ခွေ မြေနှင့်မျက်နှာ ထိလုခမန်း ရှိလိမ့်သတည်း။ သင်၏ဆံပင်သည်လည်း ဖောင်းပွင့်ကဲ့သို့ ခေါင်းလုံးကျွတ်မျှ ဆွတ်ဆွတ်ထပ်၍ ဖြူလိမ့်သတည်း"ဟု ဆို၏။

ထိုအမိတ္တာပုံ၏စကားကို ကြားလျှင် အရွယ်လွန်မြောက် ကျောက်ကုန်းညွှတ်ခွေ အရေတွန့်လိပ် မှတ်ဆိတ်ဆံကြောင်ကျား သွားပဲ့,ပါးပိန် သေချိန်ရောက်လုနီး အသက်ကြီးဇူဇကာ ပုဏ္ဏားအိုသည် မယားပျိုကိုရ၍ ရာဂနှိပ်စက် နှောင့်ယှက်လေသောအလျောက် ချစ်ကြောက်အလိုလိုက် မိုက်စွာသောမောဟ ဖုံးလွှမ်းခြင်းဖြင့် မငြင်းဆန်နိုင် မိန်းမနိုင်ငံသို့လိုက်၍

"အမယ် ပုဏ္ဏေးမ။ ထိုသို့တပြီးကား သင်အလိုရှိသည်ဟူက ငါဆောင်ရွက်မည်။ မစိုးရိမ်လင့်။ ယခု ငါသွားအံ့။ ခရီးစာ မုန့်လက်ကောက်,မုန့်ကြွပ်, ပျားရည်နှင့်နယ်သော ပေါက်ပေါက်ဆုပ်, နာရီဆုပ်,မုန့်ခြောက်, ထမင်းဆုပ် မျိုးရိက္ခာတို့ကို စီရင်လော့။ အမျိုးအနွယ်တူ ဇာတ်တူအရွယ်တူဖြစ်သော သတို့သား, သတို့သမီးငယ် ၂ ယောက်ကို သင်၏အစေအပါး ကျွန်အလို့ငှာ ငါဆောင်ချေအံ့" ဟု ဆို၏။

အမိတ္တာပုံသည် ပုဏ္ဏားစကားကိုကြားလျှင် မျိုးရိက္ခာအလုံးစုံကို စီရင်ပြီးစေ၏။ ဇူဇကာပုဏ္ဏားသည် မိမိအိမ်၌ ယွင်းယိုဆွေးပျက်သည့် အရာ, မခိုင်မလုံရှိသည် အရာများကို ကြပ်တည်းခိုင်ခံ့ လုံခြုံအောင် ချည်နှောင်ကာရံ၍ တံခါးကိုလည်း လုံခြုံစွာလုပ်ပြီးလျှင် မီးထည့်ရန်ထင်းကိုလည်း တောမှဆောင်ယူ၍ အိမ်၌ ခွဲစိတ်ပုံထား၏။ အိမ်၌ ရှိသမျှသောရေအိုးတို့ကိုလည်း ရေခပ်၍ အပြည့်ထား၏။ ဤသို့ အိမ်ထောင်မှုကိစ္စ ပြည့်စုံပြီးသော် မိမိသည် ရသေ့လုပ်၍ အမိတ္တာပုံကိုလည်း "အမယ်ပုဏ္ဏေးမ။ သင်သည် ယနေ့မှစ၍ ငါပြန်၍မရောက်မီ ကာလပတ်လုံး အခါမဟုတ်သည်၌ အိမ်တွင်းမှ ပြင်သို့ မထွက်ရစ်နှင့်။ သင်၌ ကြောင့်ကြရန်မရှိပြီ။ မမေ့မလျော့ လုံ့လပြုရစ်"ဟု ဆုံးမမှာထားပြီးလျှင် ဖိနပ်စီး၍ မီးပွတ်,ရေကရားပါ



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာအိတ်ကို ပခုံးဖြင့်လွယ်လျက် အမိတ္တာပုံကို လက်ယာရစ်လှည့်လည်ပြီးမှ မျက်ရည်ပြည့်သောမျက်စိဖြင့် ဝါးရင်းတောင်ဝှေးကိုထောက်လျက် အလွန်ဝပြော စည်ပင်လှစွာသော သိဝိတိုင်း စေတုတ္တရာပြည်သို့ ရှေးရှုသွားလေ၏။

စေတုတ္တရာပြည်သို့ရောက်လေသော် ပြည်သူပြည်သားအစုအဝေးရှိရာသို့ ချဉ်းကပ်၍ "ပြည်သားပြည်သူတို့။ သင်တို့အရှင်မင်းကြီး ဝေဿန္တရာသည် အဘယ်အရပ်သို့ သွားလေသနည်း"ဟု မေး၏။ ရသေ့အလားဖြင့် ဝါးရင်းတောင်ဝှေးကိုထောက်၍ ကျောက်ကုန်းညွတ်ကိုင်းလျက်လာသော ထိုဇူဇကာပုဏ္ဏားအိုကို မြင်လျှင် ပြည်သားပြည်သူတို့သည်–

"ကိုယ်ဖို့သာ တောင့်တ၍ သူတစ်ပါးအကျိုး ယုတ်လိမ့်မည့်အရာကို စာနာထောက်ထားလေ့ မရှိ၊ ရသေ့အယောင်ဆောင်လျက် စဉ်းလဲစဉ်းစားပြုတတ်သော ပုဏ္ဏားအို။ သင်တို့အမျိုး ဖုန်းတောင်းယာစကာ ပုဏ္ဏားစဉ်းလဲတို့သည် ကိုယ်နှင့် တန်သည်,မတန်သည်၊ ရာသည်,မရာသည်ကို တွေးမြော်ထောက်ထားခြင်း မရှိ။ ပြည်ကြီးသခင် အရှင်မင်းကို မနေဝံ့အောင် အကြိမ်ကြိမ်အဖန်ဖန် အလှူခံခြင်းဖြင့် နှိပ်စက်ဘိ၏။ ထိုသို့ သင်တို့ ပုဏ္ဏားစဉ်းလဲ အလှူခံအများ တစ်ရံမလပ် မပြတ်နှိပ်စက်လာသောကြောင့် ဤတွင်မနေဝံ့၍ သား,မယားနှင့် တကွ ဝင်္ကပါတောင်သို့ မင်းကြီးဝေဿန္တရာ ထွက်သွားတော်မူသဖြင့် ငါတို့ကိုးကွယ်ရာ မရှိပြီ။ ထိုသို့ ငါတို့စီးပွားအလုံး ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ပြီးသည်ကိုမျှ အားမရနိုင်သေး။ ပုဏ္ဏားအို၊ အဘယ့်ကြောင့် ငါတို့အနီး၌ ရပ်လာပြန်သနည်း"ဟု ဆဲရေးဆိုမြည်ကြ၍ အုတ်ခဲ,လုံကန် စွဲကုန်လျက် ပုဏ္ဏားအိုကိုလိုက်၍ ခြိမ်းခြောက်ကြကုန်၏။

ထိုသို့ ပြည်သူတို့၌ မျက်နှာသာစကား မရလျှင် ဇူဇကာပုဏ္ဏားသည် ကြောက်လန့်တကြား သွားပြန်သဖြင့် ဘုရားလောင်း ပါရမီပြည့်စိမ့်သောငှာ နတ်တို့လှည့်ပတ်၍ ဝင်္ကပါတောင်သို့သွားသော ခရီးကိုပင်လျှင် အသင့်တွေ့ကြိမ်သဖြင့် 'မည်သည့်အရပ်၌ မင်းကြီးဝေဿန္တရာသည် နေသတတ်'ဟု ကြားဖူးသောစကားကို မှီလျက် ဝင်္ကပါတောင်သို့ရှေးရှုသွား၍ တောကြီးထဲသို့ဝင်လေ၏။

ထိုတောဝ၌ စေတမင်းသားတို့သည် ဘုရားလောင်းအား အန္တရာယ်ကိုတားမြစ်စေခြင်းငှာ အစောင့် အရှောက်ထား၍နေရသော စေတမုဆိုးသား နေရာအနီးသို့ ဇူဇကာပုဏ္ဏား ရောက်လေ၏။ စေတမုဆိုးသည်လည်း တော၌ သားဟင်းမျိုးအရှာ များစွာသောခွေးတို့ဖြင့် တောလည်လေသော် မုဆိုးခွေးတို့သည် မလှသောအဆင်းအပြင် အသွင်ယွင်းယို ပုဏ္ဏားအိုကိုမြင်လျှင် မှင်ဆဲဖားဖား သွားကိုဖြဲလျက် ကိုက်ခဲအံ့ဟု လိုက်ကြကုန်၏။ ထိုအခါ ဇူဇကာပုဏ္ဏားသည် မုဆိုးခွေး ကိုက်အံ့သည်မှကြောက်၍ လမ်းကိုလွှဲဖယ်လျက် ကိုးကွယ်ရာမရအောင် တောင်မြောက်မထင် တပင်ရှားရှား ချောက်ကြားစေးချုံစုံမြိုင်ကြီးထဲ၌ ကွဲပြတ်စုတ်ရှသောကိုယ်ဖြင့် သစ်ပင်ထက်သို့ တက်ပြေးလေ၏။ မုဆိုးခွေးတို့သည်လည်း သစ်ပင်ကို ဝန်းရံကုန်၏။ ဇူဇကာပုဏ္ဏားသည် 'ငါကား အဘယ် မကောင်းသောအဖို့ ကြိမ်သည်မသိ။ ဒုန္နိဝိဋ္ဌရွာသူတို့အဆဲအရေးကို ရှေးဦးစွာခံရသည် တစ်ကြိမ်၊ အိမ်ရှင်ပုဏ္ဏေးမ ရှုတ်ချဆိုမြည်သည် တစ်တန်၊ သူ့အလိုနိုင်ငံကို သက်အိုရွယ်ကြီး ခရီးရှည်လျား မသွားထိုက်ဘဲ လိုက်နာရချေ၍ စေတုတ္တရာပြည်သားတို့ 'ပုဏ္ဏားအို, ပုဏ္ဏားဆိုး'ဟု ဆဲရေးမျိုးမက ဆဲဆိုရေရွတ်လျက် ပစ်ခတ်လိုက်လံခြင်း ခံရသည်တစ်ခါ၊ ဟိမဝန္တာတောဝ၌ သွားဖြဲလျက် ကိုက်အံ့ဟုလိုက်သော ခွေးတို့၏ဘေးကြောင့် ပြေးရသည်လည်း တစ်ခါ၊ သွားရာလမ်းပျောက်၍ တောင်မြောက်မှန်းမသိ မျက်စိယောင်မှားလျက် တောင်ကြားချောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တဝဲလည်လည် ပြည်ရွာနှင့်မနီး တောကြီးအစုံ၌ ယခုကြုံရသောငါသည် အဘယ်မှာ ကိုးကွယ်ရာ ရှိပါအံ့နည်း”ဟု ကြံလျက် ဇာတ်ပျက်ပုဏ္ဏား မယားအလိုလိုက်၍ မိုက်လှစွာသော ဇူဇကာပုဏ္ဏားအိုသည် ထိုသစ်ပင်ထက်၌ ဤသို့ ငိုကြွေးမြည်တမ်း၏။

“ရန်ခပ်သိမ်းကို ငြိမ်းစေတတ်,အောင်စေတတ်တော်မူသည်ဖြစ်၍ ပြည်သူတကာတို့၏ဘေးမဲ့ကို ပေးတတ်သော မင်းကြီးဝေဿန္တရာသည် အဘယ်မှာရှိသည်ဟု ငါ့အား ဘယ်သူလာ၍ ညွှန်ကြားပါအံ့နည်း။

“ဤမြေကြီးသည် ခပ်သိမ်းကုန်သောသတ္တဝါတို့၏ တည်ရာဖြစ်သကဲ့သို့၊ ထို့အတူ မင်းကြီး ဝေဿန္တရာသည် ဖုန်းတောင်းယစကာတို့၏ တည်ရာဖြစ်ပေ၏။ မြေကြီးနှင့်တူသော မင်းကြီးဝေဿန္တရာ၏ နေရပ်ကို အဘယ်သူ ညွှန်ကြားပါအံ့နည်း။

“မဟာသမုဒ္ဒရာသည် မြစ်ကြီး၅သွယ် မြစ်ငယ်အပေါင်းတို့၏ စီးဝင်ရာဖြစ်သကဲ့သို့၊ ထို့အတူ မင်းကြီး ဝေဿန္တရာသည် ဖုန်းတောင်းယာစကာတို့၏လားရာ ဖြစ်၏။ မဟာသမုဒ္ဒရာနှင့်တူသော ဝေဿန္တရာ၏ နေရပ်ကို အဘယ်သူ ညွှန်ကြားပါအံ့နည်း။

“မင်းကြီးဝေဿန္တရာသည် ကောင်းစွာဆိပ်ကမ်း, ချမ်းမြေ့အေးကြည်သောရေ, ၅ ထွေသောကြာပန်း ဖုံးလွှမ်းပွင့်တံ ဝတ်ဆံရနံ့ မွှေးပျံ့မဆုံး နှလုံးမွေ့လျော်ဖွယ်ရှိသော အိုင်ကြီးနှင့်လည်း တူတော်မူ၏။ ခရီးပန်းသူတို့ နားဝင်ခိုမှီရာ လေးမြွာသောခရီးဆုံ၌ ရိပ်မြုံချမ်းမြေ့ မွေ့လျော်ဖွယ်ရှိသော ညောင်ဗုဒ္ဓဟေပင်, ပညောင်ပင်, သရက်ပင်,အင်ကြင်းပင်အစရှိသော သစ်ပင်ကြီးများနှင့်လည်း တူတော်မူ၏။ ထိုသို့သဘောရှိသော မင်းကြီး ဝေဿန္တရာကို အဘယ်သူ ငါ့အား ညွှန်ကြားပြလာပါအံ့နည်း။

“ဤသို့ ငိုကြွေးလျက် တောနက်ထဲ၌ ဆင်းရဲစွာနေသောငါ့အား ‘ဝေဿန္တရာမင်းကြီးသည် ဤအရပ်၌ ရှိ၏’ဟု တစ်စုံတစ်ယောက်သောသူ ညွှန်ကြားလာပါသော် ကောင်းလေစွ”ဟု မြည်တမ်း၏။

ထို ဇူဇကာပုဏ္ဏား၏မြည်တမ်းသံကို စေတမုဆိုးသား ငှက်ပစ်ခတ်မည်ဟု လာသည်အခိုက် အကြိုက်သင့် ကြားလေသော် ‘ဤပုဏ္ဏားကား ဝေဿန္တရာမင်း၏နေရာကို တောင့်တလျက် ငိုကြွေးမြည်တမ်း၏။ ထိုပုဏ္ဏားသည် သဘောဖြောင့်ဖြောင့်လာသည် မဟုတ်ရာ။ မင်းကြီး၏မိဖုရား မဒ္ဒီကို သော်လည်းကောင်း, သားသမီးကို သော်လည်းကောင်း တောင်းလို၍လာသည် ဖြစ်မည်။ စင်စစ် မင်းကြီးကိုတွေ့၍ ထိုပုဏ္ဏားတောင်းလျှင် တောင်းတိုင်း ပေးချေသော် သား, မယား အလုပ်အကျွေး မရှိ၊ မင်းကြီးတစ်ယောက်တည်းသာ တောကြီးထဲ၌ နေတော်မူရသဖြင့် အန္တရာယ်ဖြစ်ရာ၏။ ငါ့ကိုလည်း မင်းကြီး၏အန္တရာယ်ကို တားမြစ်စေခြင်းငှာ စေတမင်းသားတို့က အစောင့်အရှောက်ထားပေသည်။ ထို့ကြောင့် ငါသည် ဤပုဏ္ဏားကို သတ်ပစ်အံ့’ဟုကြံ၍၊ ပုဏ္ဏားအနီးသို့ ချဉ်းကပ်ပြီးလျှင် ‘ဤပုဏ္ဏား၏အသက်ကို ယခုသေစေအံ့’ဟု လေးကိုတင်၍ ဆိပ်လူးမြားဖြင့် ပစ်အံ့ဟု ရွယ်လျက် ဤသို့ ခြိမ်းခြောက်၏။

“ဟဲ့၊ ပုဏ္ဏားအို။ နင်တို့အမျိုး ပုဏ္ဏားဆိုးတို့သည် ထီးရိုးနန်းရှင် ဘုရင်ဖြစ်ပြီး ဘုန်းကြီးသောမင်းတို့ သာထိုက်သော မင်းသုံးစိုးသုံးဘဏ္ဍာမှန်း မသိ၊ မိမိတို့ကိုယ်နှင့် ထိုက်တန်ရုံကိုသာမခံ၊ မတန်မထိုက်သော ဆင်ဖြူရတနာ မင်းစီးဘဏ္ဍာကို မဆင်မခြင်အလှူခံခြင်းဖြင့် မင်းကြီးအားနိုပ်စက်ဘိသောကြောင့် မြို့တွင် မနေဝံ့၍ ဝင်္ကပါတောင်သို့ သား,မယားနှင့်တကွ ထွက်သွားတော်မူရသည်ကို မတန်သေး။ ဥဗျိုင်းသည် ရေထဲ၌ ငါးကိုရှာသကဲ့သို့ မင်းကြီးဝေဿန္တရာကိုရှာလျက် ယုတ်မာသောအမှုကို ပြုမည်အကြံနှင့် ဆံဖြူသွားကျိုး ကျောရိုးညွတ်ကုန်း နှလုံးပညာ မဲ့လှစွာသော သင်ပုဏ္ဏားအိုသည် ယခုဤအရပ်သို့ ရောက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အသွားထက်မြက် ငါ့မြားချက်တွင် သင့်အသက်ကုန်မည်ကို ယုံမှားခြင်းမရှိလင့်တော့။ ငါ့မြားသွားသည် သင့်အသွေးကို ယစ္စ သောက်လိမ့်သတည်း။

"ဟဲ့ ပုဏ္ဏား။ သင်၏ဦးခေါင်းကို တောင်းတောင်းဖြတ်ပြီးလျှင် ရင်ကိုခွဲ၍ သည်းပွတ်နှလုံး အဆုတ်ကို ထုတ်ပြီးမှ သင့်အသားဖြင့် ဇန္ဓသကုဏာ[၆၇]မည်သော တောင်စောင့်နတ်အား တင်ထားပူဇော်အံ့။

"ဟဲ့ ပုဏ္ဏားအို။ သင့်နှလုံးသည်းပွတ်ကို ဖြတ်၍ သင့်အသား, အဆီ, ဦးနှောက်,အသွေးဖြင့် မီးနတ်ကို ပူဇော်အံ့။

"ဟဲ့ ပုဏ္ဏား။ သင်သည် ငါ့အား တောင်စောင့်နတ်, မီးနတ်တို့ကို ပူဇော်စိမ့်မည်ဟူ၍ ရောက်လာ၏။ သင်၏အသားအသွေးဖြင့် တောင်စောင့်နတ်မင်းအား ငါ ကောင်းစွာပူဇော်ရအံ့။ သင်သည် မင်းကြီးဝေဿန္တရာ၏ သား,မယားတို့မရမီ ယခုသေရမည်ကား မချွတ်ပြီ"ဟု ခြိမ်းခြောက်ဆဲရေးလျက် လေးဖြင့်ရွယ်၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏားဇာတ်ပျက်ဖြစ်သော ဇူဇကာသည် 'ငါ အတန်တန်သောဆားကို ပြေးရှောင်၍ လွတ်ပြီးလျက် ဤမုဆိုးလေးတွင် ပြေးရာမသိ ရှိခဲ့ပြီ။ စကားမဟုတ်သော်လည်း လုပ်၍ပြောဆိုမှ အလိုပြည့်လျက် အသက်ချမ်းသာတော့မည်'ဟု ကြံ၍၊ သေဘေးမှ ကြောက်လန့်သောကြောင့် မဟုတ်မမှန်သောစကားဖြင့် ဤသို့ ဆို၏။

"စေတမုဆိုး။ သင် အဘယ်ကြောင့် မစုံးမစမ်းမမေးမြန်းဘဲ ငါ့ကို သင် သတ်မည် ကြံဘိသနည်း။ သင့်အား ငါ့အကြောင်းကို ပြန်ဆိုအံ့။ ငါ့စကားကို နားလင့်ဦး။ လောက၌ မသတ်အပ်သောသူ မည်သည်ကား ရဟန်းပုဏ္ဏားတို့ကိုလည်း ရန်တုံ့မမူ ဖြူစင်သောသီလရှိသောကြောင့် မသတ်အပ်။ မင်းတို့စေလွှတ်သည့် တမန်ကိုလည်း ပြည်ရေးတိုင်းရေး အရှင့်အရေးကို ဆောင်ရွက်သူဖြစ်သောကြောင့် မသတ်အပ်။ ဤသို့ မသတ်ရှောင်ကြဉ်ခြင်းသည် ရှေးသူတော်ကောင်းတို့ ထုံးဟောင်းအစဉ် သဘောဖြစ်သည်။ ငါတုံ့သည်လည်း စေတုတ္တရာပြည်ကို အစိုးရတော်မူသော သိဉ္စည်းမင်းကြီး၏ တမန်တော်တည်း။ ငါတို့စေတုတ္တရာပြည်သူ လူအပေါင်းတို့သည် ဝေဿန္တရာမင်းကြီးအား အမျက်ပြေကြသဖြင့် တောင့်တမြော်တမ်းကြကုန်၏။ ခမည်းတော် သိဉ္စည်းမင်းကြီးသည်လည်း သားတော်ကိုဖူးမြင်လို၍၊ မယ်တော်သည်လည်း သားတော်နှင့် ကွေကွင်းသဖြင့် နေ့, ညဉ့်တိုင်းငိုကြွေး၍ အသွေးအသား လျော့ပါးနွမ်းရိလျက် မျက်စိကျိန်းစပ်ခြင်းဆင်းရဲသို့ ရောက်၏။ ထိုသို့ ဖြစ်ကြသောကြောင့် ပြည်သူပြည်သား မှူးတော်မတ်တော်,ဆွေတော်မျိုးတော်အပေါင်းတို့နှင့် တိုင်ပင်၍ သိဉ္စည်းမင်းကြီးသည် သားတော်ကိုယူဆောင်စိမ့်သောငှာ ငါ့ကို စေလွှတ်လိုက်၏။ ဝေဿန္တရာမင်းကြီးနေရာကို သင်သိပါလျှင် ငါ့အား ညွှန်ကြားပါလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် စေတမုဆိုးသည် စကားပျူငှာ လူ့လက္ခဏာ ရှာ, မရှာ တော်,မတော်ကို မြော်ခေါ်တွေးတောလေ့ မရှိ။ မိမိတို့တောသားအလိုက် နှစ်ခြိုက်ရာပြောလျှင် သဘောဟုတ်နိုးထင်၍၊ 'မင်းကြီးဝေဿန္တရာ၏ မယ်တော်,ခမည်းတော်တို့လည်း ပူဆွေးပင်ပန်းသောကြောင့် ဤပုဏ္ဏားကို စေလွှတ်သည်ဖြစ်မည်'ဟု ယုံကြည်လျက် နှစ်သက်ဝမ်းမြောက်စွာ မိမိ၏ခွေးများကို ဖြားယောင်းချော့မော့၍ ခေါ်ပြီးလျှင် နွယ်ဖြင့်တုပ်နှောင်ထားပြီးမှ ပုဏ္ဏားကို သစ်ပင်ကဆင်းသက်စေပြီးသော် သစ်ခက်အခင်းပေါ်၌ နေစေ၍၊ "အဆွေပုဏ္ဏား။ သင်ကား မင်းကြီးဝေဿန္တရာ၏ ရန်သူမဟုတ်။ ချမ်းသာကိုဆောင်မည် လာသော အဆွေခင်ပွန်းပေတည်း။ မင်းကြီးဝေဿန္တရာ၏ အဆွေခင်ပွန်းမှန်လျှင် ချစ်မြတ်နိုးအပ်သော ငါ၏ အဆွေခင်ပွန်းသည် ဖြစ်၏။ သင့်အား ငါ၌ မြတ်နိုးအပ်သည်ဖြစ်၍ မွန်မြတ်သော ခဲဖွယ်စားဖွယ်ကို ပေးအံ့။



www.burmeseclassic.com

www.burmeseclassic.com



ဤမည်သော ခဲဖွယ်စားဖွယ်တို့ကို စားလော့။ ခရီးရိက္ခာစာလည်း ပျားရည်ဖြင့်ပြည့်သော ဤဘူးကို လည်းကောင်း, အမဲညှင်း ကျပ်တင်ခြောက်ကို လည်းကောင်း ဆောင်ယူလေလော့။ မင်းကြီးဝေဿန္တရာ နေတော်မူသောအရပ်ကို သင့်အား ညွှန်ကြားလိုက်အံ့"ဟုဆို၍ ဇူဇကာပုဏ္ဏားအား ခဲဖွယ်စားဖွယ်တို့ဖြင့် ကျွေးမွေးလေ၏။

## ၆။ စူဠဝန ဝဏ္ဏနာခန်း[ဏ]

ဤသို့ စေတမုဆိုးသည် ဇူဇကာပုဏ္ဏားကိုကျွေးမွေးပြီးသော် ခရီးရိက္ခာစာအလို့ငှာ ပျားရည်ဖြင့်ပြည့်သော ဘူးကို လည်းကောင်း, အမဲညှင်းကျပ်တင်ခြောက်ကို လည်းကောင်း ပေး၍၊ ခရီးလမ်းအလယ်၌ ရပ်ပြီးလျှင် လက်ယာလက်ကိုမြှောက်ချီလျက် ခရီးလမ်းကို ညွှန်ကြားလို၍ ဤသို့ဆို၏။

"ပုဏ္ဏားမြတ်။ အကြင်အရပ်၌ မင်းကြီးဝေဿန္တရာသည် သား,မယားနှင့်တကွ ရသေ့အသွင်ကိုယူလျက် ကျောင်းသခ်မ်း၌ နေတော်မူ၏။ ထို နေတော်မူသောအရပ်ကို ငါ ပြအံ့။ ရှုလော့။ ညိုရောင်ဖြင့်ထင်သော ထိုကျောက်တောင်သည် ဂန္ဓမာဒန အမည်ရှိ၏။ ထိုတောင်ခြေရင်းမှ လျှောက်၍ မြောက်သို့သွားလျှင် သင် တွေ့ရလတ္တံ့။

"တစ်ကြိမ်သာသောက်၍ ယစ်မူးသော သေသောက်ကြူးလုလင်ပျိုတို့၏ကိုယ်သည် ထိုမှဤမှ ယိမ်းညွှတ်တိမ်းပါးသကဲ့သို့ ဓဝ–ချောက်ဒိုပင်, အဿကဏ္ဏ–မြင်းနားပင်, ခဒိရ–ရှားပင်, သာလ–အင်ကြင်းပင်, ဖန္ဒန–ကြို့ပင်, မာလုဝ–ကညင်ပင်၊ ဤသစ်ပင်တို့သည် လေခတ်သဖြင့်ယိမ်းညွှတ်လျက် စိမ်းဖန့်ပင်ပျို ချိုဆိမ့်သော အသီးကိုဆောင်၍ တိမ်တောင်တိမ်လိပ်ကဲ့သို့ ညို့ညို့မှိုင်းမှိုင်းထင်ကုန်၏။

"နဇ္ဇုဟာ–နွယ်ပေါက်ငှက်, ကောကိလ– ဥဩငှက်, သိယ–ပိန်ညင်းငှက်၊ ဤငှက်တို့သည် နတ်သီချင်းသံကဲ့သို့သောအသံဖြင့် သစ်ပင်ဖျား၌နားလျက်လျှင် တစ်ပင်ပျံကူး တစ်ပင်ကူး၍ တွန်မြူးကြွေးကြော်ကြကုန်၏။ သစ်ကိုင်းတို့၏ အရွက်ချင်းချင်းယိမ်းညွှတ်၍ သိမ်းခတ်မိသောအသံကို နာခံမိသောခရီးသည်တို့ မသွားဖြစ်နိုင် ထိုင်၍ သစ်ရိပ်ခိုသောလူတို့သည်လည်း နှလုံးမွေ့လျော်စေခြင်းငှာ စည်,စောင်း, ငြင်း တီးသကဲ့သို့ အနီးမှ မခွာဖြစ်နိုင်အောင် ရှိ၏။ အကြင်အရပ်၌ မင်းကြီးဝေဿန္တရာသည် သား, မယားနှင့်တကွ ရသေ့ရဟန်းပြုလျက် ကျောင်းသခ်မ်း၌ နေတော်မူ၏။

"ထိုအရပ်၌ အမ္ဗ–သရက်ပင်, ကပိတ္ထ–သီးပင်, ပနသ–ပိန္နဲပင်, သာလ–အင်ကြင်းပင်, ဇမ္ဗူ–သပြေပင်, ဝိဘီတက–သစ်ဆိမ့်ပင်, ဟရီတကီ–သဖန်းခါးပင်, အာမလက–သျှိသျှားပင်, အဿတ္ထ–ညောင်ဗုဒ္ဓဟေ, ဗဒရ–ဆီးပင်၊ ဤသစ်ပင်တို့သည်လည်း အသီးအပွင့်တို့ကိုဆောင်လျက် များစွာရှိကုန်၏။

"ကျောင်းသခ်မ်းအနီး ထက်ဝန်းကျင်၌လည်း တာရုတိမ္ဗရု–ရွှေတည်သီးပင်, နိဂြောဓ–ပညောင်ပင်, ကပိတန–ညောင်ကြတ်ပင်, မဓုက–ပျားရည်နှင့်တူစွာ အရသာရှိသော သစ်မည်စည်ပင်၊ ဤသစ်ပင်တို့ဖြင့် တင့်တယ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြေနိမ့်ရာအရပ်တို့၌လည်း ရေသဖန်းပင်တို့သည် အသီးမှည့်လျက် တည်ကုန်၏။ ပါရေဝတ– ငှက်ပျောနီပင်, ဘာဝေယ–ငှက်ပျောသင်ပေါင်းပင်, မုဒ္ဒိက –ငှက်ပျောဆင်အံ၊ ဤငှက်ပျောတို့သည် ပျားအရသာကဲ့သို့ ချိုသောအသီးကိုဆောင်လျက် တည်ကုန်၏။

"ကျောင်းသခ်မ်းအနီး၌ ပျားတို့သည် အုံဖွဲ့၍အရည်တည်ပြီးသော် မစုပ်ဘဲပျံကုန်သဖြင့် အလိုရှိတိုင်း ယူ၍ သုံးဆောင်ရကုန်၏။

"ဤမှတစ်ပါးလည်း အသင်ပုဏ္ဏား။ ကျောင်း၏အနီး၌ အချို့သောသရက်ပင်တို့သည် ပွင့်ကုန်၏။ အချို့ ကင်းကုန်၏။ အချို့ စိမ်းရွှမ်းကုန်၏။ အချို့ မှည့်ကုန်၏။ ထိုသရက်ပင်တို့၏ အပွင့်အသီးတို့ကို မတက်ရဘဲ မြေက ဆွတ်မိကုန်၏။ ထိုသရက်သီးတို့ကား ဖားကျောက်ကုန်းသဏ္ဌာန်ရှိလျက်, စိမ်းမှည့်မရွေး ချိုအေးသောအရသာကိုဆောင်လျက် တည်ကုန်၏။

"အဆွေပုဏ္ဏား။ မင်းကြီးဝေဿန္တရာနေတော်မူရာ ကျောင်းသခ်မ်းသည် ငါ့အား အံ့သြ၍ မကုန်နိုင်အောင်ဖြစ်၏။ သောင်းသောင်းညံညံ သာယာစွာတွန်ကျူးရင့်ကြွေးသော ငှက်တို့၏အသံဖြင့် တစ်ရံမလပ် နတ်ပြည်နှင့်လည်း တူ၏။ နန္ဒဝန်ဥယျာဉ်ကဲ့သို့ နှစ်လိုဖွယ်လည်း ရှိ၏။ ထန်းပင်, အုန်းပင်, သင်ပေါင်းပင် တို့ဖြင့်လည်း တင့်တယ်၏။

"အဆွေပုဏ္ဏား။ ထိုတောသည် ကြယ်အပေါင်းနှင့် ပြည့်စုံသော ကောင်းကင်ကဲ့သို့ အထူးထူးသော ပန်းပင်တို့ဖြင့် ပြည့်၏။ ကုဋဇ–လက်ထုတ်ပင်, ကုဋ္ဌ–သမင်စာပင်, တဂ္ဂရ–တောင်ဇလပ်ပင်, ပါဋလိ– သခွတ်ပင်, ပုဏ္ဏာဝ–ရှောက်ပင်, ဂိရိပုဏ္ဏာဝ–ရှောက်ကြီးပင်, ကောဝိဠာရ–ပင်လယ်ကသစ်ပင်, ဥဒ္ဒါလက– ငုစပ်ပင်, သောမရုက္ခ–ငုရွှေပင်, အဂလု–အကျော်ပင်, ဘလ္လိယ–နှောပင်, ပုဋဇီဝ–ပုဒ်ပင်, ကကုဓ–ခံတက်ပင်, အသန –ပိတောက်ပင်, သလလ–ထင်းရှူးပင်, နီပ–တမာပင်, ကောသမ္ဗ–ကြို့ပင်, လဗုဇ–တောင်ပိန္နဲပင်, ဓဝ–မျောက်ငိုပင်, သာလ–အင်ကြင်းပင်၊ ဤသစ်ပင်တို့သည် သခ်မ်းအနီး၌ပွင့်ကုန်လျက် ထိုသစ်ပင်တို့၏ အောက်၌ မြေအပြင်သည် စပါးဖြင့်ပြည့်သော ကောက်နယ်တလင်းကဲ့သို့ ပန်းတို့ဖြင့်ပြည့်လျက် တည်ကုန်၏။

"သခ်မ်း၏အနီးထက်ဝန်းကျင်တွင် နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအပြင်၌ ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သောရေကန်သည် နန္ဒဝန်ဥယျာဉ်၌ရှောက်သော ရေကန်နှင့်လည်း တူ၏။

"ဤမှတစ်ပါးလည်း သခ်မ်း၏အနီး၌ ပန်းရက်တို့ဖြင့်ယစ်ကုန်သော ဥဩငှက်တို့သည် ရာသီအလိုက် ပွင့်သော သစ်ပင်တို့၌နားလျက် သာယာစွာသောအသံဖြင့် တောအလုံး ပဲ့တင်ထပ်စေ၏။ ထိုမှတစ်ပါးလည်း ကြာဝတ်ဆံဖျားတို့မှယိုစီးလျက် ကြာဖက်ပေါ်သို့ကျကုန်သော ကြာပျားရည်တို့သည် ယင်ပျားရည်နှင့်တူသော အရသာရှိကုန်၏။

"အဆွေပုဏ္ဏား။ ထိုမှတစ်ပါးတုံ ဤသခ်မ်း၏အနီးဖြစ်သော တော၌ တောင်လေ,အနောက်လေ လာလတ်သော် ကြာတိုက်မှကျွတ်၍ ကြာဝတ်ဆံတို့သည် ပျံ့လွင့်ကုန်လျက် ကျောင်းသခ်မ်း၌ ဖွားရရားကြ၍ ကျကုန်၏။

"အဆွေပုဏ္ဏား။ ထိုမှတစ်ပါးတုံ ဤရေကန်ကြီးအနား၌ ကုက္ကိုပင်ကြီး, လူမပျိုးမစိုက်ဘဲ အလိုလို ရောက်သော သလေးစပါးပင်တို့သည် အသီးအနံ့ ဖားဖားဝေဝေ မြေသို့ညွတ်၍ ကျကုန်၏။ ငါး, လိပ်, ပုစွန်, ရေသား ရေငါးတို့သည်လည်း ဤရေကန်၌ များစွာရှိကုန်၏။ ကြာစွယ်တို့မှလည်း ပျားရည်အရသာကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ယိုစီးကုန်၏။ ကြာရင်းတို့မှလည်း နို့ရည်နှင့်ရောသော ဆီထောပတ်ကဲ့သို့ ယိုစီးကုန်၏။ ထိုတောအလုံးသည် မွှေးကြိုင်သော ပန်းနံ့ဖြင့် ပျံ့ပျံ့ထုံလှိုင်ကုန်၏။ ပိတုန်းအပေါင်းတို့သည်လည်း ပန်းရက်သောက်ယူကာ ဝဲယစ်မြူးထူးကုန်၏။

ဤရေကန်၌ ဟင်္သာ, စက္ကဝက်, ရေကြက်, ဝမ်းဘဲ အစရှိသော ရေကျေးရေငှက် အပေါင်းတို့သည်လည်း မောင်နှံမကွာ လည်ယှက်ကာနှင့် 'ငါတို့မောင်နှံ ဤရေကန်ဝယ် ပျံကာလူးလားတူမကွာလျှင် ဝမ်းသာရွှင်ကြည် ပျော်ရသည်သို့ ပြည်ကြီးသေဋ္ဌနင်း မင်းမြတ်ဝေဿန်လည်း မောင်နှံဇနီး သမီးသားနှင့် ပျော်ပါးရွှင်လန်း ဤသခ်မ်း၌ ချမ်းငြိမ်းမကွာ သက်ရှည်စွာလျှင် နေပါကြစေသတည်း'ဟု ဆုတောင်းဆုယူ ရင့်ရှူကျူးအေးလျက် ရေကျေးရေငှက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်၏။

"လိမ္မာစွာသောပန်းကုံးသည်သည် အထူးထူးသောပန်းတို့ကို ခြယ်လှယ်သီကုံးဘိသကဲ့သို့ တောအလုံးသည် အထူးထူးအခြားခြား များစွာသောပန်းတို့မှ အဖြူအဝါအစိမ်းအပြာညိုရွှေ အထွေထွေအဆန်းဆန်း ပန်းမျိုးစုံစီပွင့်လျက် လေသင့်၍လွင့်သော ပန်းခိုင်,ပန်းတံ,ပန်းနှာမောင်းတို့သည် ကောင်းကင်ပြင်၌ တံခွန်များကဲ့သို့ ဖားဖားသီသီ စီရရီဖြာ၍ တည်ကုန်၏။

"ဤသို့ နှလုံးမွေ့လျော်ဖွယ်ရှိသောအရပ်၌ သခ်မ်းဆောက်၍ မင်းကြီးဝေဿန္တရာသည် သားမယားနှင့် တကွ ဆံကျစ်ထုံး၍ ရသေ့အသွင် သက်န်းဝတ်လျက် မြေ၌သာလျှင် ကျိန်းစက်မွေ့လျော်တော်မူရစ်၏"ဟု တောအရပ်ကို ချီးမွမ်း၍ ညွှန်ကြား၏။

ထိုစေတမုဆိုးစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြင့် ပဋိသန္ဓာရ[၆၆]စကား ပြောဟော၍

"အဆွေမုဆိုး။ အိမ်က ရိက္ခာ[၆၇]စာအလို့ငှာ ဆောင်ခဲ့သော ဤ နာရီဆုပ်, မုန့်ဆန်း, မုန့်ကြွပ်တို့ကို စားလော့။ ဤမုန့်ကား ထမင်းခြောက်ကိုအမှုန့်ပြု၍ ပျားရည်နှင့်ဆုပ်သော မုန့်တည်း။ ဤကား မုန့်မှုန့်တည်း။ ချိုဆိမ့်သောအရသာ ရှိ၏။ သင် သုံးဆောင်လော့"ဟုပေး၏။

ထိုစကားကိုကြားလျှင် စေတမုဆိုးသည်

"အဆွေပုဏ္ဏား။ သင့်အားသာလျှင် ခရီးရိက္ခာစာ ဖြစ်စေ။ ငါ အလိုမရှိ။ သင်သည် ဤလမ်းကိုမလွှတ်ဘဲ ချမ်းသာစွာ တစ်ယောက်မျှသာ သွားလောက်ရုံသော ခရီးကြွေ့သို့လိုက်၍ အစဉ်အတိုင်းသွားလျှင် သွားချေးထူထူ မြူအလိမ်းလိမ်းကပ်သောကိုယ်ဖြင့် အစ္စုတ[၆၈]အမည်ရှိသော ရှင်ရသေ့ကျောင်းကို တွေ့လတ္တံ့။ ထို အစ္စုတရှင်ရသေ့ကို မေးလျှင် မင်းကြီးဝေဿန္တရာ၏နေရာကို ညွှန်လိုက်လိမ့်သတတ်"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဇူဇကာပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာ စေတမုဆိုးကို လက်ယာရစ်လှည့်၍ မုဆိုးညွှန်တိုင်းသောခရီးဖြင့် အစ္စုတရှင်ရသေ့နေရာ ကျောင်းသခ်မ်းသို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၇။ မဟာဝန ဝဏ္ဏနာခန်း[၉၉]

ဤသို့ ပုဏ္ဏားဇာတ်ပျက် အသက်ကြီးစွာ ဘာရဒွါဇ[၁၀၀]အနွယ်ဖြစ်သော ဇူဇကာပုဏ္ဏားသည် ထိုခရီးဖြင့် သွားလေသော်၊ အစ္စုတရှင်ရသေ့ နေရာသခ်မ်းသို့ရောက်၍ အစ္စုတရှင်ရသေ့နှင့် အညီအညွတ် ဤသို့ စကား ပြောဟော၏။

"ရှင်ရသေ့။ ကိုယ်တော် အဘယ်သို့ ရှိပါသနည်း။ အနာဆင်းရဲ ကင်းပါ၏လော။ တောသစ်မြစ် သစ်သီး ရှာမှီးခြင်းဖြင့် မျှလောက်ပါ၏လော။ သစ်သီးသစ်မြစ် ရလွယ်ပါ၏လော။ မှက်,ခြင်,မြွေ,ကင်း, သန်း နည်းပါ၏လော။ သားရဲတို့ဖြင့်ပြည့်သော ဤတော၌ ဘေးအန္တရာယ်မရှိ ငြိမ်းချမ်းပါ၏လော"ဟု မေး၏။

အစ္စုတရှင်ရသေ့သည် ပုဏ္ဏားစကားကို ကြားလျှင်

"ပုဏ္ဏားကြီး။ ငါကား အနာဆင်းရဲမရှိ ချမ်းသာ၏။ သစ်မြစ်သစ်သီးတို့ဖြင့် မျှလောက်၏။ သစ်သီးသစ်မြစ်တို့ကိုလည်း ရလွယ်၏။ မှက်, ခြင်, မြွေ,ကင်း,သန်းတို့လည်း နည်းကုန်၏။ သားရဲတို့ဖြင့် ပြည့်သော ဤတော၌ အန္တရာယ်မရှိ ငြိမ်းချမ်း၏။ ငါ ဤကျောင်းသခ်မ်း၌ နေသည်ကား နှစ်ပေါင်းများစွာ ရှိပြီ။ နှလုံးမမွေ့လျော်နိုင်အောင် နှိပ်စက်သောအနာကို ငါ မမှတ်မိ။ ပုဏ္ဏားမြတ်။ သင့်အား ကောင်းသောလာခြင်း ဖြစ်၍ သင်သည် ငါ၏ကျောင်းတွင်းသို့ဝင်၍ ခြေဆေးလော့။ တည်သီး,လွန်သီး, သစ်မည်စည်သီး,သရက်ဖြူသီး ဤသစ်သီးတို့သည် ပျားမွဲအရသာနှင့် တူသောအရသာ ရှိကုန်၏။ သင် နှစ်သက်မြတ်နိုးရာ သုံးဆောင်လော့။ တောင်, မြောင်, ချောက်ကြားတို့မှ စီးသောမြစ်ရေကိုဆောင်၍ ဤရေအိုး၌ ပြည့်စေ၏။ ထို ကြည်အေး လှစွာသောရေကို သင်သောက်လိုလျှင် သောက်ပါလော့"ဟုဆို၏။

ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည်

"ရှင်ရသေ့။ အရှင်သည် အကျွန်ုပ်အား သစ်သီးတို့ကို ပေး၏။ ထိုသစ်သီးဖြင့်ပင် ရှင်ရသေ့ကို ပူဇော်ပြန်ပါ၏။ အကျွန်ုပ် ဤအရပ်သို့ ယခုလာသည်ကား စေတုတ္တရာပြည်ကြီးသခင် သိဉ္စည်းမင်းကြီးသားတော် သိဝိတိုင်းသူတို့ နှင်ထုတ်လိုက်၍သွားရသော ဝေဿန္တရာမင်းကြီးကို ဖူးမြင်လိုသောကြောင့် အကျွန်ုပ်လာ၏။ ဝေဿန္တရာမင်းကြီးနေရာကို ရှင်ရသေ့သိလျှင် ညွှန်ပြတော်မူပါ"ဟုဆို၏။

ထိုစကားကိုကြားလျှင် အစ္စုတရှင်ရသေ့သည်

"ပုဏ္ဏားကြီး။ သင်သည် ကောင်းမှုကိုအလိုရှိ၍ သိဝိတိုင်းကြီးသခင် ဘုရင်ဝေဿန္တရာ မင်းကြီးကို ဖူးမြင်လာသည် မဟုတ်။ ကိုယ်,နှုတ်၏ရိုသေခြင်းဖြင့် လင်ကို ကောင်းစွာလုပ်ကျွေးသော မင်းကြီး၏မိဖုရား မဒ္ဒီကိုတောင်း၍၊ ကဏှာဇိန်, ဇာလီတို့ကို ကျွန်သမီး,ကျွန်ယောကျ်ားပြုလျက် သားအမိ ၃ ယောက်တို့ကို တောမှ ဆောင်သွားမည်အကြံနှင့် လာသည်ဟု ငါထင်၏။ ဤတောအရပ်၌ မင်းကြီးဝေဿန္တရာသည် ဆန် စပါး, ဥစ္စာစည်းစိမ် မရှိ။ ဆင်းရဲငြိုငြင်စွာ မယား၏အမွေးအကျွေးဖြင့် သားငယ် ၂ ယောက်တို့နှင့်သာ ပျော်မွေ့ရှာ၏။ မင်းကြီးဆီသို့ သင်သွား၍ အဘယ်အကျိုး ရှိအံ့နည်း"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဇူဇကာပုဏ္ဏားသည် 'ငါသည် ဤရှင်ရသေ့အား စေတမှဆိုးမှာ လှည့်စားသကဲ့သို့ 'သိဉ္စည်းမင်းကြီးက စေလိုက်သည့်တမန် ဖြစ်သည်'ဟု ပြောလျှင် ငါအရှယ်အသက် အသွင်အပြင်ကိုထောက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရသေ့ မယုံတန်ချေ။ ရှင်ရသေ့ယုံကြည်လောက်အောင် တခြားကြံ၍ ပြောရချေသော် ကောင်းသေး၏"ဟု ကြံပြီးလျှင်၊

"ရှင်ရသေ့။ အကျွန်ုပ်သည် ခမဲသိမ်းသောသူတို့၌ ဖျက်ဆီးတတ်သောအလေ့ မရှိ။ ယခုလာသည်မှာလည်း တောင်းလိုခံလို၍ လာသည်မဟုတ်။ အကျွန်ုပ်ကား ဝေဿန္တရာမင်းကြီး၏ ဆရာပုရောဟိတ်တည်း။

"ရှင်ရသေ့။ ဖြူစင်သောအကျင့်ရှိသောကြောင့် 'အရိယာ'ဟုသမုတ်အပ်သော သူတော်ကောင်းတို့ကို တစ်ကြိမ်မျှသော်လည်း ဖူးမြင်ရခဲ၏။ အတူတကွ ပေါင်းဖော်ရခြင်းကိုကား ဆိုဖွယ်မရှိ။ သူတော်ကောင်းကို ဖူးမြင်ရခြင်း, အတူတကွနေရခြင်းသည် အလွန် ကိုယ်,စိတ်ချမ်းသာခြင်း ၊အကြောင်းဖြစ်၏။

"ရှင်ရသေ့။ အကျင့်မြတ်သော မင်းကြီးဝေဿန္တရာကို သိဝိရာဇ်ပြည်သူတို့ နှင်ထုတ်လေသည်မှ ယခုတိုင် မမြင်မတွေ့ရသည်ကြာသောကြောင့် ဖူးမြင်လို၍ အကျွန်ုပ် လာခဲ့သတည်း။ မင်းကြီးနေရာကိုသိလျှင် ရှင်ရသေ့ ညွှန်ကြားတော်မူပါလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အစ္စုတရှင်ရသေ့သည် ပုဏ္ဏားစကားကိုယုံကြည်၍

"ပုဏ္ဏားကြီး။ ထိုသို့ မင်းကြီးကို ဖူးမြင်လိုသည်ဖြစ်စေ၊ ယခု အချိန်မဟုတ်ပြီ။ ဤကျောင်းတွင်ပင် အိပ်နေဦးလော့။ နက်ဖြန်မိုးသောက်မှ ငါ ညွှန်ကြားလိုက်အံ့"ဟုဆို၍ ဇူဇကာပုဏ္ဏားအား သစ်သီးကြီးငယ်တို့ဖြင့် ရောင့်ရဲစေ၏။

နံနက်မိုးသောက်လျှင် အစ္စုတရှင်ရသေ့သည် ဇူဇကာပုဏ္ဏားအား ခရီးညွှန်ကြားလို၍ လက်တစ်ဘက်ကို ဆန့်တန်းလျက် ဤသို့ ဆို၏။

"ဇူဇကာပုဏ္ဏားကြီး။ သင် ရှုလော့။ ကျောက်အတိပြီးသော ဤတောင်ကား ဂန္ဓမာဒန အမည်ရှိ၏။ ထိုတောင်ခြေရင်းသို့ သွားသောခရီးဖြင့် မင်းကြီးဝေဿန္တရာ နေရာသခ်မ်းသို့ ဖြောင့်ဖြောင့်ရောက်လတ္တံ့။ အကြင်အရပ်၌ မင်းကြီးဝေဿန္တရာသည် သားမယားနှင့်တကွ ရသေ့အသွင်ဖြင့် ဆံကျစ်ဦးစွန်း,သစ်နက်ရေ သက်န်း,တံချူ,မီးပွတ်တို့ကိုဆောင်လျက် မြေ၌ပင်လျှင် အိပ်ခြင်းနေခြင်းကိုပြု၍ အဖြစ်မြတ်သောသူကို ပူဇော်ရှိခိုး ကိုးကွယ်လျက် ကျောင်းသခ်မ်း၌နေ၏။

"ထိုမင်းကြီး နေသောအရပ်၌ အထူးထူးသောအသီးကိုဆောင်လျက် သစ်ပင်တို့သည် စိမ်းညိုသော အရောင်ဖြင့် တိမ်တောင်တိမ်လိပ်ကဲ့သို့ ချမ်းရိပ်ဝေဝေ ပင်ခြေဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ထင်ကုန်၏။ တစ်ကြိမ် သောက်၍ ယစ်သောလုလင်ပျိုတို့သည် ထိုမှဤမှ တိမ်းဘီတိမ်းပါးသွားဘိသကဲ့သို့ ခက်ကျိုင်းစိမ်းညို့ နှစ်လိုဖွယ်သောသစ်ပင်ပျိုတို့သည် ဥဒဟိုလေသိမ်းခတ်၍ တိမ်းညွတ်ပျောင်းအိလျက် အကိုင်းချင်း ကြိတ်မိသောအသံသည်လည်း နတ်စည်,စောင်း,ငြင်း,နှဲ,ခရာသံကဲ့သို့ သာယာစွာမြည်ကုန်၏။

"ထိုသစ်ပင်တို့၏အဖျား၌ များစွာသောကျေးငှက်တို့သည် တစ်ပင်ပျံကူး တစ်ပင်မြူး၍ ကျူးအေးသံညှင်း နတ်သီချင်းကဲ့သို့ သန့်ရှင်းချိုသာ သံစာစာနှင့် လာကုန်သွားကုန် နေကုန်သောသူတို့၏နှလုံးကို ရွှင်ပြုံး ပျော်မွေ့စေလျက် မခွာရက်အောင် ရင့်ရှူတွန်မြူးကြကုန်၏။

"ထိုတောအရပ်၌ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအပြင်သည် ဆင်နှာမောင်းပင်, မြေဇာပင်တို့ဖြင့် ပြည့်ကုန်သည်ဖြစ်၍ မြရည်လိမ်းသကဲ့သို့ စိမ်းစိမ်းဖန့်ဖန့်ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစိမ်းအရွေ ၂ တွေရောပေါင်း၍ ဥဒေါင်းရင်မွေးအဆင်းရှိလျက် လဲစုမက နုညက်လှသောမြက်ပင်တို့သည်လည်း မြေမှ လက် ၄ သစ်ထက်မလွန်မူ၍ တညီတညွတ် ထက်ဝန်းကျင်ရှိကုန်၏။ ထိုမြက်ပင်ပေါ်၌ မြူတစ်လွှာမျှ မကျမလွင့် မြပွင့်နီလာကဲ့သို့ စိမ်းညိုလန်းလန်း ရှုမခန်းဖြစ်ကုန်၏။

"လူတို့သုံးဆောင်ဖွယ် တင့်တယ်စွာ အသီးအပွင့်ကိုဆောင်ကုန်သော သစ်ပင်တို့ဖြင့် နှစ်လိုခြင်းကိုပွားစေကုန်၏။

"ကြောင်မျက်ရွဲအဆင်းကဲ့သို့ အဆင်းရှိလျက် သင်းပျံ့အေးကြည်စွာ ငါး,လိပ်ဂို့၏မှီခိုရာဖြစ်သော မြစ်တို့သည်လည်း သခ်မ်းအနီး၌ရစ်ခွေယှက်ကာ စီးကုန်၏။

"ထိုကျောင်းသခ်မ်း၏ မနီးမဝေး နှလုံးမွေ့လျော် ပျော်ဖွယ်ရှိသောမြေအရပ်၌ ကြာမျိုး၅ပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည် နန္ဒဝန်ဥယျာဉ်၌ နတ်တို့၏ပျော်မြူးရာ ရေကန်နှင့်လည်း တူ၏။ ထိုရေကန်၌ ကြာမျိုး ၅ ပါးတို့သည် အဆင်းအားဖြင့် ကြာညို,ကြာဖြူ,ကြာနီ ဟု ၃ ထွေ ၃ သွယ် ဆန်းကြယ်စွာပွင့်ကုန်၏။

"ပုဏ္ဏားကြီး။ထိုရေကန်ကိုမရောက်မီ မုစလိန္ဒာ မည်သောအိုင်သည်လည်း ရှိ၏။ ထို မုစလိန္ဒာအိုင်၌ ကြာပဒုမ္မာပွင့်တို့သည် ခေါမတိုင်းဖြစ် ပိတ်ဖြူသစ်ကို ဖြန့်လှစ်၍လွှမ်းသည်နှင့်အတူ ဖြူသောအရောင်ဖြင့် ဖုံးလွှမ်းကုန်၏။ ကြာဖြူ, ကြာညို, လယ်ကန်စွန်းတို့သည်လည်း ပြွမ်းယှက်၍ တစ်ချက်တည်း ဖုံးလွှမ်းကုန်၏။ နွေလ,ဆောင်းလတို့၌ပွင့်ကုန်သော ပဒုမ္မာကြာတို့သည်လည်း အဆုံးမရှိ။ ပုဆစ်ဒူးလောက်မျှသော ရေအပြင်၌ အထပ်ထပ်ဖြန့်၍လှန်းသကဲ့သို့ ထက်ဝန်းကျင်ရှိကုန်၏။ ကြာဝတ်ဆံပွင့်တို့၌လည်း ပန်းရက်သောက်ယူကုန်သော ပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။

"ထို မုစလိန္ဒာအိုင်နားထက်ဝန်းကျင်၌ ကဒမ္ဗ–ထိန်ပင်, ပါဋလိ–သခွတ်ပင်, ကောဝိဠာရ–ပင်လယ်ကသစ်ပင်, အင်္ကောလ–အင်ပင်, ကဏ္ဏိကာရ–ကန်စွန်းပင်, ပါရိဇ္ဇ–သစ်ပန်းပင်, ဝါရဏ–ရှောနဲပင်, ယဝန–ယင်းရည်းပင်, သိရီသ –ကုက္ကိုပင်, သေတပါရိတ– ပုန်းရည်စာပင် (ဆင်နားပင် ဟူ၏), မဒ္ဒက–ကြက်မောက်ပင်, နိဂ္ဂုဏ္ဍီ–ကြောင်ပန်းဖြူပင်, သရနိဂ္ဂုဏ္ဍီ–ကြောင်ပန်းနက်ပင်, အသန–ပိတောက်ပင်, ပင်္ဂုလ–ပျဉ်းပင်, ဗကုလ–ခရားပင်, သေလ–ပြည့်စင်ပင်, သောဘဥ္ဇနက–ဒန့်သလွန်ပင်, ကေတက–ဆတ်သွားပင်, ကဏိကာရ–မဟာလှေကားပင်,ကဏဝေရ–ခေါင်ရန်းပင်, အဇ္ဇုန–ထောက်ကြံ့ပင်, အဇ္ဇုကဏ္ဍ–မှတ်ဆိတ်နားပင်, မဟာနာမ–သစ်ကြံပိုးပင်, ကိံသုက–ပေါက်ပင်, သေတမဏ္ဍိ–သစ်အယ်ပင်, သတ္တပဏ္ဍိ–စရည်းပင်, ကဒလိ–ငှက်ပျောပင်, ကုသုမ္ဘရ–ဆူးပန်းပင်, ခန–ဆူးချဉ်ပင်, တက္ကာရိ–ရေသကျည်းပင်, သီသပ–ထန်းဆင်ပင်, အဋ္ဌိဝ–ရင်ခတ်ပင်, သိဒဝ–သံနပ်ခါးပင်, သလ္လကီ–နပဲပင်, သေတဂ္ဂေရု–မုရားသိမ်ပင်, တဂရ–တောင်ဇလပ်ပင်, မံသိ–မဲသီးမြတ်ပင်, ကုဋ္ဌ–ပန်းနုပင်, ဂုဠ–ပန်းမပင်, ကုလာဝရ–ကန့်ပလူပင်၊ ဤသစ်ပင်တို့သည် အချို့ကြီး, အချို့ငယ်, အချို့ပျောင်း, အချို့ညွတ် ထက်ဝန်းကျင်အရပ်တို့၌ ပင်လုံးကျွတ်ပွင့်လျက် တည်ရှိကုန်၏။

"ပုဏ္ဏားကြီး။ ထိုမှတစ်ပါးတုံ ထိုမုစလိန္ဒာအိုင်နား ထက်ဝန်းကျင်၌ ဖဏိဇ္ဇက–ရုံးပင်, မုဂ္ဂတိယ–ပဲနောက်ပင်, ကရတိယ–ပဲလွန်းပင်, သေဝါလ–ပဲပုစွန်ပင်, သိံသ–ပဲရှောက်ပင် (စန္ဒကူးနီလည်း ဟူ၏) ဤသစ်ပင်တို့သည်လည်း များစွာရှိကုန်၏။ နက်စွာသောရေတို့သည်လည်း လေခတ်သဖြင့် လှိုင်းတအိအိ ထကုန်၏။ ယင်ပျားတို့သည်လည်း ပန်းထိမ်ငိုပင်တို့၌ စွဲကုန်၏။ ထိုအိုင်နား၌ ဒါသိမ–သျှိသျှားပင်, ကောဋ္ဌဘ–ကွန်းလင်ပင်, ကလမ္ဘက–ကန်စွန်းပင်တို့သည်လည်း များစွာရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏားကြီး။ ထိုအိုင်နား၌ ဇရမ္မုက–သစ်ခွပန်းပင်, သဇင်ဂေါ်ပန်းတို့သည် သစ်ပင်တို့ကိုလွှမ်းလျက် တည်ကုန်၏။ထို သစ်ခွ,သဇင်ပန်းတို့သည် ၇ ရက်ပတ်လုံး ပန်ဆင်အပ်သော်လည်း မွှေးကြိုင်ပျံ့သင်းသော အနံ့သည် မပြယ်နိုင်ကုန်။ ဤအိုင်နား၌ ဥက္ကန္တိဝရ ဟုဆိုအပ်သော ရွှေကတောက်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ တောအလုံးသည် အလွန်တင့်တယ်၏။ ထို ရွှေကတောက်ပန်းသည် လခွဲပတ်လုံး ပန်ဆင်အပ်သော်လည်း အနံ့မပြယ်နိုင်။

"နီလပုပ္ဖီ–အောင်မဲညို(ခွာညိုပင်သော်လည်း ဟူ၏), သေတပါရိ–အောင်မဲဖြူ, ဂိရိကဏ္ဏက–ကြံဟင်းပင်, ဤနွယ်ပင်တို့သည်လည်း နွယ်ချင်းယှက်၍ ပွင့်ကုန်၏။ ကလေရုက္ခ–ဒန့်ကျဲပင်, တုလသိဟိ–ကျဲနှာခေါင်းပင် ဤသစ်ပင်တို့ဖြင့်လည်း ဖုံးလွှမ်းအပ်ကုန်၏။ ထို အိုင်နားပတ်လည်၌. ပန်းပင်, နွယ်ပင် စသည်ရောက်ရာ မြေအဖို့သည်လည်း ငွေပြားခင်းဘိသကဲ့သို့ သဲတို့ဖြင့် ပြည့်ကုန်၏။ ထို မုစလိန္ဒာအိုင်နားထက်ဝန်းကျင်၌ တက္ကာရဇာတ ဟုဆိုအပ်သော ဖရုံနွယ်အသီးတို့သည် အကြီး, အလယ်, အငယ် ၃ ထွေ ရှိကုန်၏။ အကြီးဖြစ်သော ဖရုံသီးကား အိုးစရည်းကြီးပမာဏ ရှိကုန်၏။ ထိုမှတစ်ပါးသော ဖရုံသီး ၂ မျိုးတို့သည်ကား မုရိုးစည်ပမာဏ ရှိကုန်၏။

"ပုဏ္ဏားကြီး။ ဤမှတစ်ပါးတုံ့ ထို မုစလိန္ဒာအိုင်ထက်ဝန်းကျင်၌ သာသပ–မုန်ညင်းပင်, ဟရိတ–ကြက်သွန်နီပင်, နာရိ–ကြက်သွန်ဖြူပင် ဤသစ်ပင်တို့သည်လည်း များစွာရှိကုန်၏။ အသိ–ဟု ဆိုအပ်သော ကုတ်ဟဲပင်တို့သည်လည်း ထန်းပင်ကဲ့သို့ တည်ကုန်၏။ လက်ဆုပ်ဖြင့်ဖြတ်အပ်ကုန်သော ရွှေကတောက်ပင်တို့သည်လည်း များစွာရှိကုန်၏။ အပ္ဖေါတ–ဖောက်လောက်ပင်, သူရိယဝလ္လိ–ဆူးလေပင်, ကောသိယ–ထန်းကျစ်နွယ်ပင်, မဓုဂန္ဓိလ–သင်းခွေပင်, အသောက– ပန်းသုန်းပင်, မုဒ္ဒယန္တိ–ဒန်းပင်, ဝလ္လိတ–ဆင်သမနွယ်ပင်, ခုဒ္ဒပုပ္ဖိယ–ရဲယိုသိမ်ပင်, ကောရဏ္ဍက–လိပ်ဆူးညိုပင်, အနောဇ–လိပ်ဆူးရွှေပင်, နာဟ–ကံ့ကော်ပင်, မလ္လိကာ–ကြက်ရုံးပင် ဤသစ်ပင်တို့သည်လည်း များစွာပွင့်လျက် တည်ကုန်၏။

"ကိံသုကဝလ္လိ ဟုဆိုအပ်သော ပေါက်နွယ်ပင်တို့သည်လည်း များစွာပွင့်လျက် တည်ကုန်၏။ ထိုကိံသုကဝလ္လိ–ဟု ဆိုအပ်ကုန်သော ပေါက်နွယ်ပင်တို့သည်လည်း သစ်ပင်ထက်၌ တက်၍ပွင့်ကုန်၏။ကဋေရုဟ–ဂမုန်းပင်, ဝါသန္တီ–ပန်း ၃ ဆင့်ပင်, ယောဓိယ–ပင်လယ်ကြက်တက်ပင်, မဓုဂန္ဓိယ–တောစံပယ်ပင်, နီလိယ–မုရိုးပင်, သုမန–မြတ်လေးပင်, ဘဏ္ဍီ–ဘိန်းနွယ်ပင်, စိသဝ–ဘင်းပင်, ပဒုမုတ္တရ–ဒဟာသကိုင်းပင် ဤသစ်ပင်တို့သည်လည်း တင့်တယ်စွာပွင့်လျက် တည်ကုန်၏။ ပါဋလိ–သခွတ်ပင်, သမုဒ္ဒကပ္ပါသီ–ဘီလူးဝါပင်, ကဏိကာရ–မဟာလှေကားပင် ဤသစ်ပင်တို့သည် ပွင့်ကုန်လျက် ရွှေကွန်ရက်ကဲ့သို့၌ တင့်တယ်ကုန်၏။ ဤသို့ ကြည်းပန်း, ရေပန်း အလုံးစုံသောပန်းပင်မျိုးတို့သည် ဤမုစလိန္ဒာအိုင်၌ ရောက်ကုန်သည်ဖြစ်၍ နလုံးမွေ့လျော်ဖွယ် ရှိ၏။

"ပုဏ္ဏားကြီး။ ဤမှတစ်ပါး ထိုမုစလိန္ဒာအိုင်ထဲ၌ ကျက်စားကုန်သောသတ္တဝါတို့အား ရောဟိတ–ငါးကြင်း, မုဋ္ဌ –ငါးရံ့, မဂ္ဂုရ–ငါးခူ, ကုမ္ဘိလ– လပိုင်, မကရ–မကာရ်း, သံသုမာရ–မိကျောင်း၊ ဤသတ္တဝါတို့သည်လည်း ရှိကုန်၏။

"မဓုလဋ္ဌိ–နွယ်ချိုပင်, ကုဋ္ဌဏ္ဍဇ–နွားမြေရင်းသိမ်ပင်, သေတပုပ္ဖ–စမုန်နက်ပင်, လောလုပ–ဖာလာပင်၊ ဤသစ်ပင်တို့သည်လည်း များကုန်၏။ အဂရု–အကျော်ပင်, တုက်–စမုန်ဖြူ စမုန်နီပင်, မလ္လိက–မလ္လာပင်, နာရစ–ထင်းရှူးပင်, ကုဋ္ဌ–ပန်းဥပင်, စျာမက–ပန်းမပင်, ဟရေဏုက–နနွင်းနက်ပင်, ဟလိဒ္ဒက–နနွင်းပင်, ဂန္ဓသိလာ–ဆေးဒန်းမြင်းသီလာပင်, ဟိရိဝေရ–ကန့်ချုပ်ပင်, ဂုဂ္ဂုလ–ကြစုပင်, ဝိဘောဒိကာ–သစ်ဆိမ့်ပင်, စောရက–



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဖလှူးပင်, ကုဋ္ဌ–ပန်းရင်းပင်, ကပ္ပုရ–ပရုတ်ပင်, ကလိင်္ဂက–ဖုံးမသိမ်ပင်၊ ဤသစ်ပင်တို့သည်လည်း များစွာတင့်တယ်သဖြင့် ပေါက်ရောက်ကုန်၏။

“ထိုမှတစ်ပါးတုံ ထိုမုစလိန္ဒာအိုင်ကို မှီကုန်သောသတ္တဝါတို့သည်ကား သီဟ–ခြင်္သေ့, ဗျဂ္ဃ–ကျား, ပုရိသာလု–အောင်း, ဟတ္ထိ–ဆင်, ဧဏေယျ–ဧဏီ မည်သော သား, ပသဒ–ချေ, ရောဟိစ္စ–သမင်ဖား, သရဘ–သရဘမည်သော သား, မိဂ–သမင်, ကောတ္ထုသုန–တောခွေး, သုနေပိဏ–ဝံရှေ့, တုလိယ–ရှူးပျံ, နလသန္နိဘ– သစ်တက်ခွေး, စာမရီ– စာမရီမည်သော သား, စလနီ–စလနီ မည်သောသား, လင်္ဃီ–သမင်ပျံ, ဇာပိတ–မျောက်လှောင်, မက္ကဋ–မျောက်ငို, ပိစု–မျောက်စပ်, ကက္ကဋ–သမင်ဆီးဆောက်, ကဋမာယ–သမင်ဘီလူး, ဣက္က–ဝံ, ဂေါဏသိရ–တောနွား(စိုင်လည်းဟူ၏)ဤသတ္တဝါတို့သည်လည်း များစွာကုန်၏။ ခဂ္ဂ–ကြံ့ဆင်, ဝရာဟ–ဝက်ထီး, နကုလ–မြွေပါ, ကာဠက–ဝံနက်, တသ–ပတတ်, မဟိံသ–ကျွဲ, သိင်္ဂါလ–မြေခွေး, ပမ္ပက–ကျောင်းသခ်မ်း, ထက်ဝန်းကျင်၌နေသော ဝါးလုံးပမာဏရှိသော ပုတ်သင်ပျံ, အကုစ္ဆ–ဖွတ်, ပစာလက–သင်းခွေချပ်, (ဆင်ဦးကင်းကဲ့သို့ ဦးကင်းရှိသော သားလည်း ဟူ၏), စိတြက–သမင်ပြောက်, ဒီပိ–သစ်, ပေလက–ယုန်, ဤသတ္တဝါ တို့သည်လည်း များစွာ ရှိကုန်၏။

“မောရ–ဥဒေါင်း, ဘဿလ–ဝမ်းဘဲဖြူ, ကုကုဋ္ဌက–ဖုတ်လှူးငှက်, စကောရ–စင်ရော်, ကုက္ကုဋ–တောကြက်, နာဂ–ငှက်ဆင်, ဗက–ဗျိုင်း, ဗလာက–ဗျိုင်းနှမ်း, နန္ဒမုဟ–နွယ်ပေါက်ငှက်, ဒိန္နိဘ–ဘုမ္မတီးငှက်, ကောဋ္ဌ –ကြိုးကြာ, ဝါဗိက–ငှက်ခါး ဤငှက်တို့သည် အချင်းချင်းလည်ယှဉ်လျက် တွန်မြည်ရင့်ရှုကြကုန်၏။ ဗျဂ္ဃိနသ–စွန်ရဲ, ဓိဝဓိဝက–ဓိဝဓိုး, ကပိဋ္ဌရ–ရစ်၊ တိတ္တိရ–ခါ၊ ကုလ–ဖွတ်၊ ပတိကုတ္တက–တင်ဆတ်၊ မန္ဒလက–ယင်ဆောင်၊ စေလကေတု–ငှက်ငမည်း, ဘဏ္ဍု–တီတီတွတ်, နာမက–ငဟစ်, စေလာပက– ရေစငှက်,ပိင်္ဂလာယ–အောက်ချင်း, ဂေါဋက–ကျွဲဆက်ရက်, အင်္ဂဟေတုက–နွားသွေးသောက်, ကရဝိက–ကရဝိက်, သဂ္ဂ–ငှက်ဆီးဆောက်, ဥဟုက္ကာရ–ခင်ပုပ်, ကုက္ကုဟ–ငှက်ဒီးဒုတ် ဤငှက်အပေါင်းတို့ဖြင့် ပြည့်သည်ဖြစ်၍ တွန်မြူးကျူးရင့်သောအသံဖြင့် ပြွမ်းကုန်၏။

“ပုဏ္ဏားကြီး။ ထိုမှတစ်ပါးတုံ သေတက္ခ ကူဋအဏ္ဍဇ–ငှက်တော်ဟု ဆိုအပ်သော မျက်ကွင်းဖြူလျက် မျက်စိလှသောငှက်, အဥမှပေါက်၍ ပြောက်ကြားသော အတောင်ရှိသောငှက်, ဤငှက်တို့သည်လည်း တွန်မြူးကျူးရင့်ကြကုန်၏။ ဥဒေါင်းဖိုတို့သည်လည်း ညိုသောလည်ရှိသော ဥဒေါင်းမတို့နှင့် အချင်းချင်း တွန်မြည်ရင့်ကျူးကြကုန်၏။ ကုက္ကုဋ္ဌက–ငှက်ကုလား (ငှက်မိန်လည်း ဟူ၏), ကုဋိရက–ငှက်ကူး, ပေါက္ခရသာဋက–သက်န်းဖွပ်ငှက်, ကာလမေယျ–စွန်နက်, ဗလိ–စွန်ပြောက်, ယက္ခ–ငှက်ဘီလူး, ကဒမ္ဗ–ကျေးကြက်တော, သုဝသာလိကာ–ကျေးကုလား, ဟလိဒ္ဒ–စာသက်န်း, လောဟိတ–စာနီ, သေတ–စာဖြူ, နလက–စာပေါင်းသောင်း, ဝါရဏ–ငှက်ဆင်, ဘိင်္ဂ–ဇရက်ငှက်, ကဒ္ဒမ–ကျေးတမာ, သုဝကောကိလ–ကျေးဖောင်းကား, ဥက္ကုသ–ဝံလိုနက်, ကုရရ–ဝံလိုဖြူ, ဟံသ–ဟသ်ာ, အာဋ–ငှက်ပျင်း, ပါရေဝတ–ခို, ရဝိဟံသ–ရွှေဝမ်းဘဲ, စက္ကဝါက–စက္ကဝါက်, နဒီစရ–တင်ကျီး, ဝါရဏ–ငှက်ကြီး ထီးလှိုင်ကာ, ဤသို့ အထူးထူးအပြားပြား များစွာကုန်သော ရေငှက်,ကြည်းငှက်တို့သည် မောင်နှံမကွာ လည်ယှက်ကာလျှင် သာယာရင့်ကျူး မြူးထူးတွန်မြည်ကြကုန်၏။

“ပုဏ္ဏားကြီး။ ထိုမုစလိန္ဒာအိုင် ရေကန်၏ထက်ဝန်းကျင်၌ နတ်ကောက်,လူး,ဆပ်,ပြောင်း,သလေးစပါး တို့သည် မပျိုးမစိုက်ဘဲ မှည့်သောအသီးကိုဆောင်လျက် တည်ကုန်၏။ ချိုသောအရသာရှိကုန်သော ကြံပင် တို့သည်လည်း များစွာရှိကုန်၏။ တစ်ယောက်သွားလောက်ရုံမျှ ရှိသောခရီးကို လိုက်၍သွားသည်ရှိသော် မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာ၏နေတော်မူရာ သစ်မ်းကျောင်းသို့ ရောက်လတ္တံ့။ ထိုအရပ်သို့ ရောက်သောသူတို့သည် ငတ်မွတ်ခြင်း၊ ရေသိပ်ခြင်း၊ နှလုံးမမွေ့မလျော် မပျော်မပါးခြင်း မရှိကုန်။ အလွန်ပျော်မွေ့သည်သာ ဖြစ်ကုန်၏။ ဤမည်သောခရီးကိုသာ သွားလေလော့"ဟု ဆို၏။

ထို အစ္စုတရှင်ရသေ့၏စကားကို ကြားလျှင် ဇူဇကာပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာ အစ္စုတ ရှင်ရသေ့ကို လက်ယာရစ်လှည့်လျက် ရှင်ရသေ့ညွှန်ပြသော ခရီးဖြင့်သွားလေ၏။

## ၈။ ကုမာရ ပဥ္စခန်း[၁၀၀]

ဇူဇကာပုဏ္ဏားသည် အစ္စုတရှင်ရသေ့ ညွှန်ကြားအပ်သောခရီးဖြင့် သွားလေ၍ ၄ ထောင့်ကန်အနီးသို့ ရောက်လေသော် 'ငါသည် ယခု မိုးချုပ်ပြီ။ မဒ္ဒီဒေဝီသည် တောမှ သစ်မြစ်သစ်သီးရှာ၍ ပြန်ချိန်တန်ပြီ။ မိန်းမတို့မည်သည်ကား ဝန်တိုပိတ်ပင် စဉ်းလဲတတ်၏။ သားသမီးကို မင်းကြီး ငါ့အားပေးလိုသော်လည်း မဒ္ဒီဒေဝီ ဖျက်ဆီးနှောင့်ယှက်သဖြင့် ပျက်စီးရာချေသည်။ နက်ဖြန်နံနက် မဒ္ဒီဒေဝီ တောသို့ သစ်မြစ်သစ်သီး အရှာသွား၍ မင်းကြီးတစ်ပါးတည်း ရှိသည့်ကာလမှ သူငယ် ၂ ယောက်တို့ကိုတောင်း၍ မဒ္ဒီဒေဝီမလာမီ သွားအံ့'ဟု ကြံပြီးလျှင်၊ ထို ၄ ထောင့်ကန်အနီး သာနုအမည်ရှိသော တောင်ပုလုထက်သို့တက်၍ တစ်ခုသော သစ်ပင်ရင်း မြေတလင်း တော်သင့်ရာ၌ ထိုည၌ အိပ်လေ၏။

မဒ္ဒီဒေဝီသည် ထိုည၌ မိုးသောက်ယံ၌ ဤသို့သောအိပ်မက်ကို မြင်မက်၏။

'မည်းနက်ရုပ်သွင် အဆင်းဆိုးဝါးသော ယောကျ်ားတစ်ယောက်သည် ဖန်ရည်စွန်းသောပုဆိုးကိုဝတ်၍ နီစွာသောပန်းကို နား ၂ ဘက်၌ပန်လျက် လက်နက်ကိုင်စွဲခြင်းဖြင့် အဘင်းခြိမ်းခြောက်၍ မဒ္ဒီမိဖုရား၏ အိပ်ရာ သင်္ခမ်းတွင်းသို့ဝင်ပြီးသော်၊ မဒ္ဒီမိဖုရား၏ဆံကျစ်ကိုဆွဲငင်လျက် မြေ၌လဲစေပြီးလျှင် ငိုမြည်တမ်းစဉ်ပင် မဒ္ဒီမိဖုရား၏ မျက်စိ ၂ လုံးကို ထုတ်ယူပြီးသော် လက် ၂ ဘက်ကိုလည်းဖြတ်ပြီးမှ ရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကို ယူသွားလေ၏။'

ထိုသို့သောအိပ်မက်ကို မြင်ပြီးလျှင် အလန့်တကြားနိုးလတ်သော် မဒ္ဒီမိဖုရားသည် 'ငါကား ယုတ်မာစွာသောအိပ်မက်ကို ယခု မြင်၏။ အကြောင်း အဘယ်သို့ဖြစ်အံ့နည်း'ဟု ကြောက်လန့်လျက်၊ 'ဤအရပ်၌ အိပ်မက်နိမိတ်ဖတ်ခြင်းမည်သည် မင်းကြီးပြင် မရှိ'ဟု ကြံပြီးသော်၊ မင်းကြီးဝေဿန္တရာ၏ အိပ်ရာသင်္ခမ်းသို့သွား၍ တိုက်တံခါးရွက်ကို လက်ဖြင့်ခေါက်၏။

ဘုရားလောင်းသည် "တံခါးရွက်ကိုခေါက်သည်ကား အသူနည်း"ဟု မေးတော်မူ၏။

မဒ္ဒီသည်လည်း "အရှင်မင်းကြီး။ အကျွန်ုပ်တည်း"ဟုဆို၏။

မင်းကြီးသည် မဒ္ဒီမှန်းသိလျှင် "အဘယ် မဒ္ဒီ။ သင်နှင့် ငါသည် အထက် ရသေ့အသွင်ကို ယူဦးကပင် အချိန်မဟုတ်သည်၌ တစ်ယောက်ဆီသို့ တစ်ယောက် မလာစတမ်းဟု ကတိကဝတ်ရှိပြီးလျက် ကတိကဝတ်ကို ဖျက်၍ ယခု အခါမဟုတ်သည်၌ အဘယ့်ကြောင့် ငါ့ထံ လာသနည်း"ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီဒေဝီသည်လည်း "အရှင်မင်းကြီး။ အကျွန်ုပ် ယခုလာခြင်းကား ကိလေသာကာမဂုဏ်ဖြင့် လာခြင်း မဟုတ်။ စင်စစ်သော်မူ အကျွန်ုပ်၌ ထိတ်လန့်ဖွယ် ယုတ်မာသောအိပ်မက်ကို မြင်မက်သောကြောင့် အကြောင်း ကြားမည် လာပါသည်"ဟု ဆို၏။ ထိုစကားကိုကြားလျှင် မင်းကြီးဝေဿန္တရာသည် "အဘယ်မဒ္ဒီ။ ထိုသို့တပြီးကား သင်မြင်မက်သော အိပ်မက်ကို ကြားလော့"ဟုဆို၏။

မဒ္ဒီဒေဝီသည် မိမိမြင်မက်သော အိပ်မက်၏အတိုင်း အလုံးစုံကို ပြန်ကြား၏။ မင်းကြီးသည် မဒ္ဒီဒေဝီမြင်မက်သောအိပ်မက်ကိုကြား၍ အိပ်မက်သဘောကို ဆင်ခြင်လတ်သော် 'ငါ့အား ဒါနပါရမီကို မချွတ်ဖြည့်ရလတ္တံ့။ နက်ဖြန်မိုးသောက်လျှင် ငါ့ထံသို့ တစ်စုံတစ်ယောက်သောအလှူခံ ရောက်လိမ့်မည်'ဟုသိပြီး၍၊ 'မဒ္ဒီမိဖုရားအား ထင်တိုင်း ငါကြားချေအံ့။ ပြင်းစွာသောဆင်းရဲ ရောက်ရာသည်'ဟု အောက်မေ့တော်မူလျက်၊ "အဘယ်မဒ္ဒီ။ အိပ်မက်မည်သည်ကား ဓာတ်ချောက်ချား၍ မြင်မက်သောအရာသာ များ၏။ အိပ်မက်တိုင်းလည်း အကျိုး,အပြစ်ကို ပေးသည်မဟုတ်။ သင် စိုးရိမ်ခြင်း, ထိတ်လန့်ခြင်း မရှိနှင့်။ ချမ်းသာစွာ အိပ်ချေလော့"ဟု နှစ်သိမ့်စေလျက် လွှတ်လိုက်၏။

မဒ္ဒီဒေဝီသည် နံနက်မိုးသောက်လတ်သော် အလုံးစုံသောအမှုတို့ကို မိမိဆောင်ရွက်မြဲအတိုင်း ဆောင်ရွက်၍ သူငယ် ၂ ယောက်တို့၏ နဖူး,ဦးခေါင်းတို့ကိုနမ်းလျက်

"ချစ်သား,ချစ်သမီးတို့။ငါသည် ယနေ့ညဉ့် အိပ်မက်မကောင်း မြင်သည်။ သင်တို့ မမေ့မလျော့ကြ ကုန်လင့်" ဟု သွန်သင်ပြီးလျှင်၊ မင်းကြီးအားလည်း "အရှင်မင်းကြီး။ သူငယ် ၂ ယောက်တို့ကို မမေ့မလျော့ ကြည့်ရှုတော်မူရစ်ပါ"ဟုဆို၍ သားငယ် ၂ ယောက်တို့ကို မင်းကြီးအထံတော်၌ အပ်ထားခဲ့ပြီးသော်၊ ခြင်းတောင်း, တူရွင်း, တံချူ တို့ကို ယူလျက် မျက်ရည်ကိုသုတ်၍ သစ်သီးသစ်မြစ်အလို့ငှာ တောသို့ဝင်လေ၏။

ဇူဇကာ ပုဏ္ဏားသည်လည်း 'ယခု မဒ္ဒီဒေဝီ တောသို့ ဝင်ချိန်တန်ပြီ'ဟု သာနုတောင်မှ ဆင်းသက်ခဲ့၍ တစ်ယောက်သွားလောက်ရုံမျှသော ခရီးဖြင့် ကျောင်းသခ်မ်းသို့ ရှေးရှုသွားလေ၏။

ဘုရားလောင်း ဝေဿန္တရာမင်းကြီးသည်လည်း ကျောင်းသခ်မ်းမှထွက်၍ တံခါးဝ၌ခင်းအပ်သော ကျောက်ဖျာပေါ်၌ ရွှေဆင်းတုကဲ့သို့ ထိုင်တော်မူလျက် ယခု အလှူခံဖုန်းတောင်းယာစကာသည် 'ငါ့ထံသို့ လာလတ္တံ့သတည်း'ဟု သေသောက်ကြူးတို့သည် သေအရက်ကိုမျှော်သကဲ့သို့ တစ်ယောက်သွားလောက်သော ခရီးသို့ ရှေးရှုမျှော်လျက်နေ၏။

သားတော်, သမီးတော်တို့သည်လည်း ဘုရားလောင်း၏နံပါး၌ ကစားလျက်နေကြကုန်၏။

ဘုရားလောင်းသည် ခရီးသို့ မျှော်လျက်နေစဉ် ဇူဇကာပုဏ္ဏား လာသည်ကိုမြင်လျှင် ၇ လပတ်လုံး ချ၍ ထားအပ်သော အလှူထမ်းပိုးကို ယခုတစ်ဖန် ချီပြန်ရသကဲ့သို့ နှစ်လို့ဝမ်းမြောက်ခြင်းဖြစ်၍၊ ဇာလီမင်းသားကို ခေါ်ပြီးလျှင် "ချစ်သား ဇာလီ။ သင် ထ၍ကြည့်လော့။ ငါသည် ရှေး စေတုတ္တရာပြည်၌နေစဉ် အထူးထူးသော အရပ်မျက်နှာတို့မှ အလှူခံယာစကာတို့ လာလတ်ကုန်သကဲ့သို့ ယခုလည်း ပုဏ္ဏားတစ်ယောက် လာသည်ကို မြင်ရ၏။ ထိုပုဏ္ဏားကိုမြင်ရသော် ငါ့အား မြင်သည်မှစ၍၊ ချွေးယိုစီးလျက် ပူအိုက်သောသူတို့အား အေးကြည်စွာသောရေချမ်းအိုး ၁၀၀၀ ဖြင့် ထိပ်ထက်သွန်းလောင်းဘိသကဲ့သို့ နှစ်လို့ရွှင်လန်းခြင်းသည် ငါ၏ တစ်ကိုယ်လုံးကို နှံ့၍ တည်၏"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာလီမင်းသားသည်လည်း "ခမည်းတော်မင်းကြီး။ အကျွန်ုပ်လည်း မြင်ပါ၏။ ထို လာသောသူသည် ပုဏ္ဏားအသွင်နှင့်တူ၏။ အကျွန်ုပ်တို့ ဧည့်သည်ပေတည်း"ဟု ဆိုပြီးသော်၊ ခမည်းတော်အား ရိုသေခြင်းဖြင့် ဇာလီမင်းသားသည် ပုဏ္ဏားထံသို့သွား၍ ခရီးဦးကြိုဆိုလျက် ပုဏ္ဏား၏အဆောင်အရွက်ကို ယူအံ့သောငှာ ခွင့်ပန်၏။

ဇူဇကာပုဏ္ဏားသည် ဇာလီမင်းသားကို စိန်းစိန်းကြည့်လျက် 'ဤသူငယ်ကား ဝေဿန္တရာမင်းကြီး၏ သားဖြစ်ရာသည်။ ဤသူငယ်သည် ယခုကပင်လျှင် ငါ့ကို အကျွမ်းတဝင် ရန့်ရင်းကြမ်းတမ်းမည့်လက္ခဏာ ရှိ၏'ဟု ကြံ၍၊ "သင် ဖယ်လေ, သင် ဖယ်လေ"ဟု ဆိုလျက် လက်ဖြင့် တွန်းခါခြင်းကို ပြု၏။ ဇာလီမင်းသားသည် ဖယ်ရှောင်၍ 'ဤပုဏ္ဏားကား အလွန် ရန့်ရင်းကြမ်းတမ်း၏။ လက္ခဏာ အသို့နည်း'ဟု ဇူဇကာပုဏ္ဏား၏ ကိုယ်အင်္ဂါလက္ခဏာကို ကြည့်လတ်သော် ၁၈ ပါးသော ယောကျ်ားယုတ်တို့၏အပြစ်ကို မြင်လေ၏။

ဇူဇကာပုဏ္ဏားသည် မင်းကြီးအနီးသို့ရောက်လေသော် ပဋိသန္ထာရစကားဖြင့် ဤသို့ ပြောဟော၏။

"အရှင်မင်းကြီး။ အနာဆင်းရဲ ကင်းပါ၏လော။ သစ်သီးသစ်မြစ် မျှလောက်ပါ၏လော။ သစ်သီး သစ်မြစ်တို့ကို ရလွယ်ပါ၏လော။ မှက်,ခြင်,မြွေ,ကင်း,သန်း နည်းပါးပါ၏လော။ သားရဲအန္တရာယ်မရှိ ငြိမ်းချမ်းပါ၏လော"ဟု မေး၏။ ဝေဿန္တရာမင်းကြီးသည်လည်း

"ပုဏ္ဏား။ ငါ့အား အနာဆင်းရဲမရှိ ကျန်းမာပါ၏။ သစ်မြစ် သစ်သီး ဖြင့်လည်း မျှတစွာ၏။ သစ်မြစ် သစ်သီးတို့ကိုလည်း ရလွယ်၏။ မှက်, ခြင်, မြွေ ,ကင်း, သန်းသည်လည်း နည်းပါး၏။ သားရဲဘေးအန္တရာယ်တို့သည်လည်း မရှိ။ လူမနီးသော တောကြီးအရပ်၌ဖြစ်၍ စိုးရိမ်ကြောင့်ကြခြင်းနှင့် နေရသောငါတို့အား ယခု ၇ လရှိပြီ။ လူတစ်ယောက်မျှ မရောက်စဘူး။ ယခု ဥသျှစ်သီးမှည့်အဆင်းနှင့် တူသော ဝါးရင်းတောင်ဝှေးကိုစွဲလျက် မီးပွတ်,ရေကရားပါ အိတ်လွယ်၍လာသော သင်ပုဏ္ဏားကို ငါတို့ မြင်ရပေသည်။

"ပုဏ္ဏားကြီး။ သင်၏လာခြင်းသည်ကား ကောင်းသောလာခြင်း, အပြစ်မရှိသောလာခြင်း ဖြစ်စေသတည်း။ ကျောင်းတွင်းသို့ဝင်၍ ခြေဆေးလော့။ တည်သီး,လွန်သီး,သစ်မည်စည်သီး,သရက်ဖြူသီး အစရှိသော သစ်သီး တို့ကို သုံးဆောင်လော့။ ထိုအသီးတို့သည် ပျားမွဲအရသာကဲ့သို့ ချိုသောအရသာ ရှိကုန်၏။ တောင်,မြောင်, ချောက်ကြားတို့မှ စီးသည်ဖြစ်၍ ချမ်းအေးကြည်လင်လှစွာသော မြစ်ရေသည်လည်း အိုးဖြင့်ပြည့်စေလျက် ကျောင်းသခ်မ်းတွင်း၌ရှိ၍ အလိုရှိလျှင် သုံးဆောင်လော့"ဟု ပဋိသန္ထာရစကား ပြောဆိုခြင်းပြီးလျှင်၊ ဘုရားလောင်းသည် 'ဤပုဏ္ဏားကား အကြောင်းမရှိဘဲလျက် ဤတောအရပ်သို့ မလာရာ။ အကြောင်းရှိသောကြောင့်လာသည် ဖြစ်မည်။ ထိုပုဏ္ဏား၏ လာခြင်းအကြောင်းကိုမေး၍ ပုဏ္ဏား၏အလိုကို လျင်မြန်စွာပြည့်စေအံ့'ဟု ကြံပြီးသော်၊

"ပုဏ္ဏားကြီး။ သင်သည် အဘယ်အကြောင်းကြောင့် ဤတောသို့ ရောက်လာသနည်း။ ငါ့အား လာခြင်း၏ အကြောင်းကို သင် ကြားလော့"ဟု မေးတော်မူ၏။

ထိုစကားကို ကြားလျှင် ဇူဇကာပုဏ္ဏားသည်

"အရှင်မင်းကြီး။ မြစ်ကြီး ၅ စင်း၌စီးသော ရေအလျဉ်သည် သူတစ်ပါးတို့ သောက်ယူသုံးဆောင်၍ မကုန်ခန်းသကဲ့သို့ အရှင်မင်းကြီးသည်လည်း သဒ္ဓါတရားဖြင့် ပြည့်သည်ဖြစ်၍ ယာစကာတို့၏ မှီရာ,ကိုးကွယ်ရာ ဖြစ်သောကြောင့် အကျွန်ုပ်သည် အလှူခံအံ့သောငှာ ရောက်သတည်း။ ထိုသို့ရောက်သော အကျွန်ုပ်အား အရှင့်သားတော်, သမီးတော် ၂ ယောက်ကို ကျွန်အလို့ငှာ လှူတော်မူပါလော့"ဟု တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဆန့်သော လက်ဝါးပြင်၌ ဥစ္စာ ၁၀၀၀ ထုပ်ကို ထားဘိသကဲ့သို့၊ ပုဏ္ဏားစိတ်ကို နှစ်သက်စေလျက် အလုံးစုံသော တောတောင်ကို ပဲ့တင်ထပ်စေသဖြင့် 'ဒဒါမိ တဝ မယှံ ပုတ္တကေ' အစရှိသော ဂါထာဖြင့် ဆို၏။အဓိပ္ပာယ်ကား-

"ပုဏ္ဏားကြီး။ သင့်အား ငါ၏ သားတော်,သမီးတော်တို့ကို ကျွန်အလို့ငှာ လှူ၏။ သင်သည် အစိုးတရ 'အရှင်'ဟူသောအမှတ်ဖြင့် ဆောင်ယူလေလော့။ ထိုသို့တစ်မူကား ထိုသူငယ် ၂ ယောက်တို့၏ အမိဖြစ်သော မဒ္ဒီမင်းသမီးသည် ယခု မရှိသေး။ ညချမ်းသောအခါမှ သစ်သီးကြီးငယ်တို့ကိုဆောင်ရွက်၍ တောက ပြန်လာမည် ဖြစ်သည်။ ယနေ့ညဥ့် ဤတွင်အိပ်၍ နက်ဖြန်နံနက်ခါမှ တန်ဆာဆင်အပ်သော သား,သမီး ၂ ယောက်ကို ဆောင်ယူ၍ သင် သွားလော့။ ဇာလီမိခင် ရောက်အောင်ငံ့နေဦး။ သင့်အား ရိက္ခာစာအလုံအလောက်နှင့် လွှတ်လိုက်အံ့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည်

"တိုင်းကြီးသခင် အရှင်မင်းကြီး။ ဆိုတော်မူသောစကားကို အကျွန်ုပ် မနှစ်သက်။ အဘယ့်ကြောင့်နည်း ဟူမူကား မိန်းမတို့မည်သည်ကား များစွာလှည့်ပတ်တတ်သော မာယာလည်း ရှိ၏။ ယုတ်မာသောအမှုကိုသာလျှင် အပါသွေးဆောင် ဖျက်ဆီးတတ်၏။ အရှင်မင်းကြီးသည်လည်း ကံ,ကံ၏အကျိုးကို ယုံကြည်တတ်သော အလှူဒါယကာတည်း။ မိန်းမတို့မည်သည် ကောင်းမှု၏အန္တရာယ်ကိုလည်း ပြုတတ်၏။ ဖုန်းတောင်းယာစကာတို့၏ လာဘ်ကိုလည်း ဖျက်ဆီးတတ်၏။ ထိုသို့ဖြစ်သောကြောင့် ဤ သားတော်,သမီးတော်တို့ကို လှူရာ၌ မဒ္ဒီမိဖုရားကို မမြင်မသိစေလင့်။ ယခု မဒ္ဒီမရောက်မီပင် အကျွန်ုပ်သည် သား,သမီးကို ဆောင်သွားလို၏။ သားတော်,သမီးတော် တို့ကို ခေါ်တော်မူလော့"ဟုဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးဝေဿန္တရာသည်

"ပုဏ္ဏားကြီး။ သင်သည် လင်ကို အရိအသေ လုပ်ကျွေးတတ်သော ငါ၏မြောက်သားမိဖုရားကို မတွေ့မမြင်စေလိုသည် အကယ်၍ ဖြစ်အံ့။ ငါ၏သားတော်သမီးတော် ဇာလီ,ကဏှာဇိန် ဤမောင်နှမ ၂ ယောက် တို့ကို အဘိုးဖြစ်သောသိဝိဥ္စည်းမင်းကြီးထံသို့ ရောက်အောင် ပို့ပါလေလော့။ သာယာစွာသောအသံဖြင့် ချစ်ဖွယ်သောစကားကို ဆိုတတ်ကုန်သော ငါ့သားတော်,သမီးတော်တို့ကို ငါ့ခမည်းတော် သိဝိဥ္စည်းမင်းကြီး မြင်ရသည်ရှိသော် အလွန်စုံမက် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ သင့်အား များစွာ ဥစ္စာပေးလတ္တံ့"ဟုဆိုတော်မူ၏။

ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည်

"ပြည်ထဲသခင် အရှင်မင်းကြီး။ အကျွန်ုပ် လျှောက်ဦးအံ့။ နာတော်မူလော့။ သားတော်,သမီးတော်တို့ကို အရှင်မင်းကြီးအမိန့်ရှိတိုင်း ဘိုးတော် သိဝိဥ္စည်းမင်းကြီးထံ ဆောင်ယူသွားချေသော် အကျွန်ုပ် အန္တရာယ်ရောက်မည်ကို ကြောက်ပါသည်။ အကယ်၍ ဘိုးတော်ထံ ရောက်ချေအံ့။ အကျွန်ုပ်အား အမျက်ထွက်၍ မင်းကြီးသည် ရာဇဒဏ်ကြီးစွာသော်လည်း ပေးရာ၏။ ရောင်း၍မူလည်း စားရာ၏။ သတ်မူလည်း သတ်ရာ၏။ ထိုသို့ဖြစ်သော် အကျွန်ုပ်အား ဥစ္စာလည်းမရ ကျွန်လည်းဆုံး၍ ပုဏ္ဏေးမအမိတ္တာပုံ၏ ဆဲရေးဆိုမြည် ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရရာ၏"ဟု ဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးဝေဿန္တရာသည်

"ပုဏ္ဏားကြီး။ သင် မစိုးရိမ်လင့်။ ငါ့ခမည်းတော် သိဝိဥ္စည်းမင်းကြီးသည် သူတစ်ပါးအား နှိပ်စက်ခြင်းမရှိ။ မင်းကျင့်တရားနှင့်လည်း ပြည့်စုံ၏။ မြေးတော် ၂ ယောက်ကို မြင်ရသည်ရှိသော် အလွန် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်၍ သင့်အား များစွာဥစ္စာ ပေးအံ့သည်ကား မချွတ်တည်း"ဟုဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇူဇကာပုဏ္ဏားသည်

"အရှင်မင်းကြီး။ အရှင် ယခု သွန်သင်တော်မူသောစကားကို အကျွန်ုပ် မနာမယူပြီ။ ဥစ္စာကိုလည်း အလိုမရှိ။ ဤသူငယ် ၂ ယောက်တို့ကို ဆောင်ယူ၍ ပုဏ္ဏေးမအအိမ်တွာပုံ၏ အလုပ်အကျွေးကျွန် ဖြစ်စေအံ့"ဟု ဆို၏။

ဤသို့ ဇူဇကာပုဏ္ဏား ဆိုသောစကားကို မင်းသား,မင်းသမီးတို့ကြားလေသော် 'ဤပုဏ္ဏားသည် အလွန်ရုန့်ရင်းကြမ်းတမ်းသောစကားကို ဆို၏'ဟု ပြင်းစွာသော ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်၍ ကျောင်းသခ်မ်း၏ နောက်သို့ သွားကြပြီးလျှင် ပြေးကြလေသဖြင့်၊ တစ်ခုသောချုံထဲသို့ ဝင်၍ ပုန်းကြကုန်၏။ ထိုချုံ၌ ပုန်းသည်ကို လျက်လည်း. အလွန်ကြောက်အားကြီးသောကြောင့် ဇူဇကာပုဏ္ဏား လိုက်လံရှာဖွေသကဲ့သို့ ပုဏ္ဏား၏ မျက်နှာကိုသာမြင်၍ စိတ်မလုံနိုင်သောကြောင့် ပြင်းစွာတုန်လှုပ်သောကိုယ်ဖြင့် ချုံထဲသို့ ဝင်ယောင်, ပြင်သို့ ထွက်ယောင် တောင်ပြေးမြောက်ပြေး မရပ်မတည်နိုင်သဖြင့် ၄ ထောင့်ကန်သို့သွား၍ ပုဆိုးအဝတ်ကို မြဲစွာဝတ်ပြီးသော် ရေကန်ထဲသို့ဆင်းလျက် ကြာဖက်အုပ်မိုး၍ ငုပ်လျှိုးပုန်းကွယ်ကြကုန်၏။

ဇူဇကာပုဏ္ဏားသည် သူငယ်တို့ကိုမမြင်လျှင် ဤသို့ မခံ့ညားသောစကားကို ဆို၏။

"မင်းကြီး ဝေဿန္တရာ။ သင်မင်းကြီးသည် ယခု ငါ့အား သားသမီးတို့ကိုလှူပြီးလျက် စေတုတ္တရာပြည်သို့ မသွားပြီ။ ပုဏ္ဏေးမ အိမ်သို့သာ သွားအံ့'ဟု ငါဆိုလျှင်ပင် သားသမီးတို့ကို မျက်ရိပ်မျက်စောင်း မကောင်းသော အမှတ်ပေးသဖြင့် ပြေးစေပြီး၍ အဘယ့်ကြောင့် ယခု မသိယောင်ဆောင်၍ နေဘိသနည်း။ ဤလူ့ပြည်တွင် သင်နှင့်တူ၍ လှည့်စားတတ်သူမည်သည် မရှိ ငါထင်၏"ဟု ခြိမ်းခြောက်သံစကားကို ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် 'ငါ့သားတော်,သမီးတော်တို့ ကြောက်လန့်၍ ပြေးပုန်းသည် ဖြစ်မည်'ဟု ကြံ၍၊ "ပုဏ္ဏားကြီး။ မစိုးရိမ်လင့်။ သားငယ်,သမီးငယ်တို့ကို ငါ ခေါ်၍ပေးအံ့"ဟု ဆိုလျက် နေရာမှထပြီးသော် ကျောင်းသခ်မ်းနောက်သို့သွား၍၊ သူငယ်တို့သည် တောထဲချုံထဲသို့ ဝင်၍ပုန်းရာသည်ဟု မှတ်လျက် ခြေရာကိုခံ၍ရှာလေသော် ရေကန်နားသို့ရောက်သောအခါ ရေကန်ထဲသို့ ဆင်းသောခြေရာကို မြင်လျှင် 'ဤရေကန်ထဲ၌ ငါ့သား,ငါ့သမီးများ ပုန်းနေသည် ဖြစ်ရာသည်'ဟု သိပြီး၍၊ ရေကန်နား၌ ရပ်လျက် "ချစ်သားဇာလီ, ချစ်သားဇာလီ"ဟု ခေါ်တော်မူ၍၊

"ချစ်သား။ သင်သည် ဤသို့ လာလှည့်။ ခမည်းတော်ဒါနပါရမီကို ဖြည့်ပါရစေ။ ပုဏ္ဏား ဆဲရေးဆိုမြည် ညှဉ်းဆဲနှိပ်စက်ခြင်းကြောင့်ဖြစ်သော နှလုံးပူပန်ခြင်းကို သင် သည်းခံ၍ ခမည်းတော်၏စကားကို လိုက်နာပါလော့။ သင်သည် မဟာသမုဒ္ဒရာအလယ်၌ လှိုင်းတံပိုးမနှိပ်စက်နိုင်သော သင်္ဘောဖောင်ကဲ့သို့ သံသရာ၌ နိဗ္ဗာန်သို့ကူးသော ငါ့အား ကောင်းမြတ်သောယာဉ်သည် ဖြစ်ပါစေလော့။ ခမည်းတော်သည် ဒါနပါရမီ တည်းဟူသော သင်္ဘောဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာမှ ပဋိသန္ဓေနေခြင်းကင်းသော နိဗ္ဗာန်ကမ်းသို့ ကူးပါအံ့။ ငါကူးမြောက်လျှင် သင်နှင့်တကွသော လူအပေါင်းတို့ကိုလည်း သံသရာမှ ထုတ်ဆယ် ကယ်တင်ပါအံ့"ဟု ဆို၏။

ဇာလီမင်းသားသည် ခမည်းတော်၏စကားကိုကြားလျှင် အလွန်ရှိသေ မြတ်နိုးခြင်းရှိသည်ဖြစ်၍ 'ပုဏ္ဏားသည် ငါ့အား ပြုလိုရာပြုစေ။ ခမည်းတော်အား တစ်ခွန်းမျှ ပြန်၍ မလျှောက်ထားအံ့'ဟု ကြံပြီးလျှင်၊ ကြာရွက်ကိုဖယ်လှန်လျက် ဦးခေါင်းကိုဖော်ပြီးသော် ရေထဲမှတက်လတ်၍ ခမည်းတော်၏လက်ယာခြေရင်း၌ ဝပ်လျက်, ခြေဖမျက်ကိုကိုင်လျက် ငိုကြွေး၏။

— —



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဇာလီမင်းသားကို ဘုရားလောင်းသည် "ချစ်သား ဇာလီ။ သင်၏နှမကား အဘယ်မှာရှိသနည်း" ဟု မေး၏။ ဇာလီမင်းသားသည် "ခမည်းတော်။ သတ္တဝါတို့မည်သည်ကား ဘေးရောက်သောအခါ ကိုယ့်ကိုသာ အလွတ်ကြိုးစားမြဲ"ဟု ဆို၏။

ထိုစကားကို ကြားလျှင် ဘုရားလောင်းသည် 'ငါ၏သားတော်သမီးတော်တို့ကား အချင်းချင်း ကတိကဝတ် ရှိသည် ဖြစ်ရာ၏'ဟု သိ၍၊ သမီးတော်ကို ခေါ်ပြန်၏။

"ချစ်လှစွာသော သမီးကဏှာဇိန်။ ဖခင်ထံ ဤသို့ လာလှည့်။ ခမည်းတော်၏ဒါနပါရမီကို ချစ်သမီး ကူညီ၍ ဖြည့်ပါလော့။ ပုဏ္ဏား၏ နှိပ်စက်ခြင်း,ဆင်းရဲခြင်းကို နှလုံးမမူ၊ ပူပန်ခြင်းကိုလည်း သည်းခံ၍ ခမည်းတော်စကားကို လိုက်နာလော့"ဟု သားတော်ကို မှာသကဲ့သို့လျှင် ဆိုပြန်၏။

ကဏှာဇိန်မင်းသမီးလည်း ခမည်းတော်စကားကိုကြားလျှင် 'ခမည်းတော်အား တစ်ခွန်းမျှ ပြန်၍ မဆိုပြီ။ ပုဏ္ဏား ပြုလိုရာပြုစေ'ဟု ရှေးအတူ ရေကန်မှတက်ပြီးလျှင် ခမည်းတော်၏ လက်ဝဲခြေရင်း၌ဝပ်လျက် ခြေဖမျက်ကို လက်နှင့်ဖက်၍ ငိုကြွေး၏။

ထို မင်းသား,မင်းသမီးတို့ ငိုသောမျက်ရည်သည် ပဒုမ္မာကြာပွင့်အဆင်းနှင့်တူသော ဘုရားလောင်း၏ ခြေဖမိုးပေါ်၌ကျ၏။ ထိုအခါ ဘုရားလောင်း၏မျက်ရည်သည်လည်း ရွှေအင်းပျဉ်နှင့်တူသော သားတော်,သမီးတော် ၂ ယောက်တို့၏ ကျောက်ကုန်းပေါ်၌ ကျ၏။ ထိုအခါ ဘုရားလောင်းသည် သားတော်,သမီးတော်တို့ကို ထစေပြီးသော်

"ယောကျ်ားမြတ်,မိန်းမမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော သင်တို့သည် ယုတ်မာသောပုဏ္ဏား၏ကျွန် အရှည်အမြင့် မဖြစ်ရာ။ သင်တို့ မစိုးရိမ်လင့်"ဟုနှစ်သိမ့်စေပြီးလျှင်၊ "ချစ်သားဇာလီ။ သင်သည် ခမည်းတော် အလှူပေးကြူးသောအဖြစ်ကို သိပြီးပြီ မဟုတ်လော။ ခမည်းတော်၏အလိုကို အပြီးသို့ရောက်အောင် ချစ်သား ပြုလော့"ဟုဆို၍၊ နွား,ကျွဲ,ဆင်,မြင်းကို အဖိုးဖြတ်သကဲ့သို့ သားတော်,သမီးတော်တို့ကိုလည်း ထိုအရပ်၌ ရပ်လျက်ပင်လျှင် ဤသို့ အဖိုးဖြတ်တော်မူ၏။

"ချစ်သား ဇာလီ။ သင်သည် အကယ်၍ တော်လှန်လိုသည် ဖြစ်အံ့။ ပုဏ္ဏားအား ရွှေစင်နိက္ခ ၁၀၀၀ ပေး၍ တော်လှန်လေ။ သင့်နှမသည်ကား မြတ်သောအဆင်းကို ဆောင်သည်ဖြစ်၍ တစ်စုံတစ်ယောက်သော ယောကျ်ားသည် ပုဏ္ဏားအား ဥစ္စာပေး၍ အမျိုးဆက်လိုသည် ဟူအံ့။ ယုတ်သောအမျိုးပင် ဖြစ်စေ၊ မည်သည့် အမျိုးမဆို ကျွန်ယောကျ်ား ၁၀၀, ကျွန်မိန်းမ ၁၀၀ , ဆင် ၁၀၀, မြင်း ၁၀၀, နွားလားဥသဘ ၁၀၀, ရွှေစင်နိက္ခ ၁၀၀, ငွေစင်နိက္ခ ၁၀၀၊ ဤ အလုံးစုံသော ၁၀၀ စီ ပုဏ္ဏားအားပေးနိုင်လျှင် တော်လှန်သဖြင့် အမျိုး၏ ရောယှက်ခြင်းကို ပြုလေလော့" ဟုဆို၍

ဤ သားတော်,သမီးတော်တို့ကို အဖိုးဖြတ်တော်မူပြီးလျှင် ကျောင်းသခ်မ်းသို့ သွား၍ ရေဖြင့်ပြည့်သော ရွှေကရားကို ကိုင်လျက် "ပုဏ္ဏား။ ဤသို့ လာလှည့်"ဟု ခေါ်တော်မူ၍–

'ဣဒံ မေ ပုညံ သဗ္ဗညုတညာဏဿ ပစ္စယော ဟောတု။ ' ဟု ဆုပန်တော်မူလျက် ရေစက်သွန်းချ၍ သမီးတော်တို့ကို လှူတော်မူ၏။

ထိုရေစက်သည် မြေထက်သို့ကျစဉ်ပင်လျှင် ၂ သောင်း ၄ ထောင် အထုရှိသော ဤ မဟာပထဝီ မြေကြီးသည် ပဲတင်ထပ်လျက် ပြင်းစွာတုန်လှုပ်၏ ထိုအခါ ကြောက်မက်ဖွယ် ကြက်သီးမွေးညင်း ထခမန်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မဟာသမုဒ္ဒရာသည်လည်း ကြီးစွာသောလှိုင်းတံပိုးတို့ဖြင့် ချောက်ချား၏။ မြင်းမိုရ်တောင်သည်လည်း ကောင်းစွာမီးအုံးသော ကြိမ်ညွန့်,ကြိမ်ညှောက်ကဲ့သို့ ဝက်ပါတောင်သို့ ညွတ်လျက်တည်၏။ သိကြားမင်းသည်လည်း လက်ပန်းပေါက်ခတ်၏။ ဗြဟ္မာမင်းသည်လည်း ကြီးစွာသောကောင်းချီး ပေး၏။ ခပ်သိမ်းကုန်သောနတ်တို့သည်လည်း ကောင်းချီး ပေးကြကုန်၏။ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သော အသံ ဖြစ်၏။ မြေတုန်လှုပ်သောအသံဖြင့် ကောင်းကင်ယံအလုံး ထစ်ချုန်းရိုက်ကြိုး မိုးကြိုးသည်းထန်စွာ ရွာ၏။ လျှပ်စစ်နွယ်တို့သည်လည်း မိုးအခါမဟုတ်ဘဲလျက် တိမ်လိပ်တိမ်တောင်ထဲမှ ယှက်သန်း၍ ပြက်ကုန်၏။ ဟိမဝန္တာတောဌ်နေကုန်သော ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, ခြင်္သေ့, ကျား,သစ် အစရှိသောသတ္တဝါတို့၏ မြူးထူးသောအသံဖြင့် ဟိမဝန္တာတောအလုံး တစ်ခဲနက် ပဲ့တင်ထပ်ကုန်၏။ [ဤကား ၅ ကြိမ်မြောက်သော မြေလှုပ်ခြင်းတည်း။]

ဤသို့ ဘုရားလောင်းသည် သားတော်သမီးတော်တို့ကို အလွန်ချစ်ခင် ကြင်နာလျက်လည်း သားသမီးထက် အဆအရာ,အဆအထောင်,အဆအသိန်းအသန်းမက အလွန်အဖိုးထိုက်လှစွာသော သဗ္ဗညုတဉာဏ်တော်ကို ချစ်မြတ်နိုးတော်မူသည်ဖြစ်၍၊ ပုဏ္ဏားအားလှူပြီးလျှင် သားတော်,သမီးတော်တို့ကို ကြည့်လျက်နေတော်မူ၏။

ဇူဇကာပုဏ္ဏားသည်လည်း ချုံထဲသို့ဝင်ပြီးသော် နွယ်ကို သွားဖြင့်ကိုက်ဖြတ်၍ ယူခဲ့ပြီးလျှင် ဇာလီမင်းသား၏ လက်ယာလက်ကို ကဏှာဇိန်မင်းသမီး၏လက်ဝဲလက်နှင့် ပူးတွဲလျက် ထိုနွယ်ဖြင့်တုပ်နှောင်ပြီးမှ နွယ်စကို လက်တစ်ဘက်ကကိုင်၍ လက်တစ်ဘက်က လှင်ကန်[၁၀၂]ဖြင့် ပုတ်ခတ်မောင်းမဲလျက် ဘုရားလောင်းမျက်မှောက်၌ ပင်လျှင် သွားလေ၏။

မင်းသား,မင်းသမီး ၂ ယောက်တို့အား ပုဏ္ဏားအို လှင်ကန်ဖြင့်ရိုက်၍ ကိုယ်၌ အရေစုတ်ပြတ်သဖြင့် သွေးယိုစီးကုန်၏။ ရိုက်သောအခါ ကိုယ်တုန်လှုပ်၍ အချင်းချင်း ဘယ်အိညာအိ တိမ်းဘိတိမ်းပါး သနားစဖွယ် ဖြစ်ကုန်၏။ ထိုအခါ ဇူဇကာပုဏ္ဏားသည် မညီမညွတ်ရာကိုနင်းမိသဖြင့် ချော်၍ မှုးမော်ပန်းဟိုက်သောကိုယ် အိုမစွမ်းဖြစ်သည်နှင့် ကျစ်လျစ်မဲ့တွေ ခြေလက်မသိမ်းနိုင် ကိုင်၍ရိုက်သကဲ့သို့ မြေ၌လဲ၏။

ထိုအခါ မင်းသား,မင်းသမီးတို့သည် နူးညံ့လှစွာသော မိမိတို့လက်ဖြင့် နွယ်အဖွဲ့ကိုချွတ်၍ ငိုကြွေးလျက် ခမည်းတော်ဝေဿန္တရာမင်းကြီးထံ ပြေးလာကြကုန်၏။ ခမည်းတော်အနီးသို့ ရောက်လျှင် ဇာလီမင်းသားသည် လေခတ်၍လှုပ်သော ပညောင်ရွက်ကဲ့သို့ သက်ရှိုက်ပင့်ရှူ သည်းအူပြတ်မျှတုန်လှုပ်လျက် ဘုရားလောင်း ခြေရင်း၌ ရှိခိုး၍ ဤသို့လျှောက်၏။

"ဖခင်။ အကျွန်ုပ်တို့အမိသည် တောမှာရှိပါသေးလျက် အကျွန်ုပ်တို့ကို ဖခင် လှူတော်မူဘိ၏။ အကျွန်ုပ်တို့ မိခင် ရောက်မှ လှူတော်မူပါလော့။ ဤပုဏ္ဏားသည် အကျွန်ုပ်တို့ကို ရောင်းလိုလည်း ရောင်းပါစေ၊ သတ်လိုလည်း သတ်ပါစေ။ ဖခင်လည်း လှူတော်မူပါလော့။ မိခင်ရောက်ရုံသာ ငံ့တော်မူပါဦး ဖခင်။

"ဤပုဏ္ဏားအိုသည် အနံ့,အလျား ခြားနားမသိသာအောင် ကြီးစွာသောခြေဖဝါးလည်း ရှိ၏။ ပဲ့ပဲ့ကုပ်ကုပ် ပုပ်သောခြေသည်း,လက်သည်းလည်း ရှိ၏။ ပါးရေတွန့်လျော့ ကျောဝမ်းတစ်ကိုယ်လုံးမှ စက်ဆုပ်ဖွယ်ထမင်းဆုပ် ဆွဲသကဲ့သို့ တွဲရွဲကျသောအသားလည်း ရှိ၏။ အံသွားကျိုးပြတ်၍ အထက်နှုတ်ခမ်းဖျားလည်း ပါးရိုးခိုက်လုနီး ထူကြီးလျက် ရှည်၏။ ပါးစောင် ၂ ဘက်မှ ယိုထွက်သောအရည်သည် စက်ဆုပ်လိခမန်း ရှိ၏။ မကျိုးဘဲ ကျန်သေးသည့် ရှေ့သွားလည်း နှုတ်ခမ်းသားမဖုံးနိုင်အောင် ခေါ၏။ ရင်းပိန်ဖျားမော်က် ကောက်သော



www.burmeseclassic.com

www.burmeseclassic.com



နှာယောင်လည်း ရှိ၏။ အိုးစရည်း[၁၀၃]လောက်နီးနီး အိုင့်ကြီးသောဝမ်းလည်း ရှိ၏။ ထွန်ကိုင်း လ,ရေးကဲ့သို့ ကောက်ကွေးသောကျောက်ကုန်းလည်း ရှိ၏။ တစ်ဘက်ကျဉ်း,ကျယ် မတင့်တယ်သောမျက်စိလည်း ရှိ၏။ ဖြူနီပြောက်ကျား ဖွာရရွှားထသော မုတ်ဆိတ်ကျင်စွယ်လည်း ရှိ၏။ ဦးခေါင်း၌ ဆံပင်လည်း ဖြူနီရောရွှေ၍ ရွှေသောအဆင်းလည်း ရှိ၏။ အခေါက်ထူစွာ တွန့်လိမ်သောအရေလည်း ရှိ၏။ ရင်ဘတ်,လည်ပင်း,မျက်နှာ စသည်တို့၌ မဲ့မည်းပြောက်ကျား၍ စက်ဆုပ်ဖွယ်ရှိ၏။မွဲပြာသီမှောင် ကြောင်သောမျက်စိလည်း ရှိ၏။ ခါး,ကျောက်ကုန်း, လည်ကုပ် ဤ ၃ ပါးသောအရပ်တို့၌ ရှိုင်းချိုင်း[၁၀၄]၏။ အရိုးဆက်မစပ်၍ ဆတ်ဆတ်ခါလျက် ဆာသောသွားခြင်းဖြင့် ခွင်ကောက်သောခြေလည်း ရှိ၏။ ကြီးမြင့်ကြွခိုင်သောကိုယ်, ရုန့်ရင်းကြမ်းတမ်းသော အမူအရာ ရှိသည်ဖြစ်၍ သစ်နက်ရေပုဆိုးကိုလည်း မြဲစွာဝတ်၏။

"ဤပုဏ္ဏားအိုသည် ထိုသို့သောသူယုတ်အင်္ဂါ ၁၈ ပါးသောလက္ခဏာ ရှိသောကြောင့် လူ မဟုတ်၊ မြေဖုတ်ဘီလူး ဟု အကျွန်ုပ်ထင်၏။ အလွန်ကြောက်ရွံ့ဖွယ်လည်း ရှိ၏။

"ဖခင်။ တစ်စုံတစ်ယောက်သောသူကို ဤပုဏ္ဏားအိုသည် လူလော, ဘီလူးလောဟု မေးငြားအံ့။ လူဖြစ်သည်ဟု မည်သူမျှ မဆိုရာ။ 'လူသားစား ဘီလူးတည်း' ဟုသာ ဆိုရာ၏။ ထို လူသားစားဘီလူးသည် အသားအသွေးကို စားသောက်လိုသောကြောင့် အကျွန်ုပ်တို့ကို တောင်းလာသည်ဖြစ်လျက် ခမည်းတော် အဘယ့်ကြောင့် ရှုစိမ့်ပါသနည်း။ ထိုဘီလူးအား မြစ်တားခြင်းငှာမဝံ့သောကြောင့် ကြည့်နေတော်မူသလော။ မိဘတို့သဘောသည် သား,သမီးတို့၏ ဆင်းရဲခြင်းကိုမြင်လျှင် မိမိကိုယ်ခံရသကဲ့သို့ နှာကျင်ပူဆွေးမြဲ ဖြစ်ပါလျက် ခမည်းတော်၏နှလုံးသည် သံပြား,သံပတ် ကွပ်နှောင်အပ်သော ကျောက်လုံးကဲ့သို့ ခိုင်မာတော်မူ လှ၏တကား။

"ထိုဘီလူး တုပ်နှောင်ရာ,ရိုက်ခတ်ရာတို့မှ အရေအသားစုတ်ပြတ်၍ သွေးယိုစီးလျက် နှာကျင်ဆင်းရဲစွာ သော အကျွန်ုပ်၏ကိုယ်ကို မြင်တော်မူသည်ကိုမျှလည်း စိတ်၏ဆင်းရဲခြင်း မရှိ၊ မသိယောင် လျစ်လျူရှုတော်မူ ဘိ၏။ ထိုဘီလူးပုဏ္ဏားအိုသည် နွားကိုကဲ့သို့ အကျွန်ုပ်တို့ကို ပြင်းပြစွာ လှင်ကန်ဖြင့် အသားအရေပြတ်အောင် ရိုက်ခတ်ဘိ၏။ ထိုသို့ ဆင်းရဲကိုခံရသော်လည်း ခမည်းတော်၌ အကျိုးရှိသောကြောင့် အကျွန်ုပ် ခံပါလေအံ့။

"နှမငယ် ကဏှာဇိန်မူကား မိဘရင်ခွင်၌သာနေလျက် ငယ်ရွယ်ညှံ့နု တစ်ခုသော ပူပန်ဆင်းရဲခြင်းကိုမျှ မတွေ့မကြုံစဘူးသေး။ အမိနို့ မကွာဘူးသေးသော သမင်မငယ်သည် အမိအပေါင်းအဖော်မှ တစ်ကောင်တည်း ကျန်ရစ်သဖြင့် နို့စို့လိုသောငှာ အမိကိုရှာ၍ မတွေ့မမြင်သည်ရှိသော် ထိုမှ ဤမှပြေးလျက် ပူဆွေးမြည်တမ်းသကဲ့သို့ ကဏှာဇိန်လည်း အမိကိုမမြင်သဖြင့် ငိုကြွေးမြည်တမ်းလျက် ခြောက်ကပ်၍ သေရှာလိမ့်အံ့သတည်း။

"ထိုသို့ဖြစ်သောကြောင့် ကဏှာဇိန်ကို လှူတော်မမူဘဲ ဤကျောင်းသခ်မ်း၌ချန်ထား၍ အကျွန်ုပ်ကိုသာ လှူတော်မူပါလော့"ဟု ဇာလီမင်းသားသည် ခမည်းတော်အား သနားစဖွယ် ကိုးကွယ်ရာမရ ညွတ်ခ တောင်းပန် ပါသော်လည်း ဘုရားလောင်းသည် မည်သည်ကိုမျှမဆို စိတ်တော်ကိုသိမ်းဆည်းလျက် ဆိတ်ဆိတ်နေတော်မူ၏။

ထိုသို့လျှောက်ထားသော်လည်း ခမည်းတော် မတုန်မလှုပ်နေသောကြောင့် ဤသို့ ငိုကြွေးမြည်တမ်း၏။

"ပုဏ္ဏား ရိုက်ခတ်ညှဉ်းဆဲသော ဆင်းရဲသည် ငါ၏ဆင်းရဲခြင်း မဟုတ်သေး။ ဤသို့သောဆင်းရဲကို သံသရာ၌ ကျင်လည်ရကုန်သော သတ္တဝါဟူသမျှပင်လျှင် ခံကြရကုန်၏။ မိခင်ကို ဖူးမြင်ထိုက်ပါလျက် မဖူးမြင်ရဘဲ ပုဏ္ဏားဆောင်ယူ၍ လိုက်ရလိမ့်သော ငါ့အား အမိ,အဖကိုမမြင်ရခြင်း ဆင်းရဲသည်သာလျှင် ပုဏ္ဏားရိုက်သော ဆင်းရဲထက် လွန်ကဲလှသော ဆင်းရဲတည်း။ ငယ်ရွယ်ညှံ့နုလှလျက် မိဘရင်ခွင်၌ နေမြဲသော ကဏှာဇိန်နှမငယ်ကို ပုဏ္ဏားဆောင်ယူ၍သွားသဖြင့် မမြင်ရသော ငါ့မိခင်,ဖခင်တို့သည် ရှည်စွာသောနေ့,ညဉ့်ပတ်လုံး ကြင်နာပူဆွေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲ ဖြစ်ရစ်လေအံ့သည်တကား။ ငါ့မိခင်သည် သန်းခေါင်ယံ, မိုးသောက်ယံအခါတိုင်း သမီးငယ်ကဏှာဇိနကို ကြင်နာအောက်မေ့၍ ရေခန်းသောမြစ်ငယ်ကဲ့သို့ ခြောက်သွေ့ညှိုးခွေ ရလိမ့်တကား။

"ပညောင်, ရေညှိ, ပိန္နဲ, သပြေ အထွေထွေအထူးထူး ပွင့်ဖူးသီခိုင် ဝေမြိုင်သာမော တောဥယျာဉ် အပေါင်းကို လည်းကောင်း၊ ဤကျောင်းသင်္ခမ်းအနီး၌ ရစ်လည်၍စီးသော ဤမြစ်သည် ချမ်းကြည်အေးမြသော ရေ ရှိ၏။ ထိုမြစ်၌ ငါတို့ မောင်နှမ မိဘသားချင်းတို့သည် အတူတကွ အစဉ်မပြတ် ကစားမြူးပျော်ကြမြဲတည်း။ ထို ကျောက်စက်ရေကြည် ရစ်လည်၍စီးသောမြစ်ငယ်တို့ကို လည်းကောင်း၊ တောင်ထိပ်တောင်ဝှမ်း တောင်ခါးပန်း၌ ထူးဆန်းလှပတင့်တယ်သော ပန်းပွင့်တို့ကို လည်းကောင်း မပြတ်လျှင် ငါတို့ ဆွတ်ယူသီကုံး၍ ပန်ဆင်ရကုန်၏။ ထိုပန်းတို့ကို လည်းကောင်း, ချိုဆိမ့်သောအရသာ များစွာသော သစ်သီးကြီးငယ် တို့ကို လည်းကောင်း ယခု ငါတို့စွန့်၍ ပုဏ္ဏားနောက်သို့ လိုက်ရအံ့တကား။

"ငါတို့ဖခင်သည် ငါတို့မောင်နှမ ကစားပျော်ရွှင်စေခြင်းငှာ လုပ်၍ပေးအပ်သော ဤအရုပ်သည်ကား ဆင်ရုပ်တည်း။ ဤအရုပ်ကား မြင်းရုပ်တည်း။ ဤအရုပ်ကား နွားလားရုပ်တည်း။ အကြင်အရုပ်တို့ဖြင့် ငါတို့မောင်နှမ ရှေး၌ ကစားပျော်ပါးကြကုန်၏။ထိုအရုပ်တို့ကို ယခု စွန့်၍ သွားရအံ့တကား"ဟု သနားစဖွယ်သော စကားဖြင့် ငိုမြည်တမ်း၏။

ထိုသို့ ဇာလီသတို့သား ငိုမြည်တမ်းစဉ်ပင် ဇူဇကာပုဏ္ဏားလိုက်လာ၍ "သင်တို့ အဘယ့်ကြောင့် ပြေးလေကုန်သနည်း" ဟု ဘုရားလောင်း၏မျက်မှောက်တွင်ပင်လျှင် မောင်းမဲဆဲရေးလျက် နွယ်ဖြင့်တုပ်နှောင် ရိုက်ခတ်၍ ယူပြန်လေ၏။

ဇာလီမင်းသားသည်လည်း "ခမည်းတော်။ အကျွန်ုပ်တို့ လိုက်ရပါလေအံ့။ မိခင်ရောက်လျှင် အကျွန်ုပ်တို့ အနာမရှိကြောင်းကို ကြားတော်မူရစ်လော့။ ခမည်းတော်သည်လည်း ကိုယ်,စိတ်၏ချမ်းသာခြင်း ဖြစ်တော်မူရစ်လော့။ ဤ အကျွန်ုပ်တို့ကစားသော ဆင်ရုပ်, မြင်းရုပ်, နွားလားရုပ်တို့ကိုလည်း မယ်တော် စိတ်ဝမ်းဖြေစရာ ပေးတော်မူရစ်လော့"ဟု ဆို၍ ပုဏ္ဏားနောက်သို့ လိုက်ရလေ၏။

ဘုရားလောင်းသည် ရှေ့တွင်ပင်လျှင် အငြိုးထားသောရန်သူကဲ့သို့ ပုဏ္ဏား၏ ပုတ်ခတ်ညှဉ်းဆဲခြင်းကို ခံ၍လိုက်လေသော သားငယ်,သမီးငယ်တို့ကိုမြင်၍ အောက်မေ့ကြင်နာခြင်းဖြင့် ပြင်းစွာနှိပ်စက်ရကား နှလုံးပူပန်ခြင်း ဖြစ်၍ ကေသရာဇာခြင်္သေ့ ဖမ်းမိသော အမုန်ယစ်သောဆင်ပြောင်ကဲ့သို့ လည်းကောင်း၊ ရာဟု ခံတွင်းသို့ဝင်သော လပြည့်ဝန်းကဲ့သို့ လည်းကောင်း ပြင်းစွာတုန်လှုပ်လျက် မဆောက်တည်နိုင်သည်ဖြစ်၍ မျက်ရည်အပြည့်အိုင်လျက် ထိုင်နေရာမှထပြီးလျှင် ကျောင်းသင်္ခမ်းတွင်းသို့ဝင်၍ သနားဖွယ်သောငိုကြွေးခြင်းဖြင့် ဤသို့ငိုကြွေး၏။

"ငါ့သား,ငါ့သမီးတို့သည် ရေဆာမွတ်သိပ်သည်ရှိသော် အဘယ်သူ့သို့ကပ်၍ ငိုရှာတောင်းရှာလေအံ့နည်း။

"မိဘနှင့်ကွေကွင်းသော ငါ့သား,ငါ့သမီးတို့အား နံနက်စာ, ညစာ ထမင်းဘောဇဉ်တို့ကို အဘယ်သူ ပေးပါလိမ့်အံ့နည်း။

"ငါ့သား ငါ့သမီးတို့ ရေဆာမွတ်သိပ်၍ ငိုမြည်တမ်းသည်ရှိသော် အဘယ်သူချော့မော့၍ ကျွေးမွေး ပါလိမ့်အံ့နည်း။

"လက်ခြေနူးညံ့စွာသော ငါ့သား,ငါ့သမီးတို့သည် ခြေကျင် ခရီးဝေး မသွားစဘူးဘဲလျက် ယူဇနာ ၆၀ ကွာဝေးသောဤခရီးကို အဘယ်သို့ သွားရှာကြလိမ့်အံ့နည်း။ ခရီးအကြား၌ မသွားနိုင် ပင်ပန်း၍ ငိုမြည်တမ်းသည်ရှိသော် အဘယ်သူလျှင် ချီပိုးပါလိမ့်နည်း။



www.burmeseclassic.com

www.burmeseclassic.com



“ငါ့သား,ငါ့သမီးတို့အား အပြစ်မရှိဘဲလျက် မရက်မကြောက် မထောက်မထား ထိုပုဏ္ဏားသည် ငါ့မျက်မှောက်တွင်ပင် ပုတ်ခတ်အား လေစွာ့တကား။ အရက်အကြောက် အထောက်အထားနှင့်ပြည့်စုံသော သူတော်ကောင်း စင်စစ်မှန်သည်ဖြစ်အံ့။ အပြစ်မရှိသော ငါ့သား,ငါ့သမီးကို ထားပါဦး။ ငါ့ကျွန်၏ကျွန်ကိုပင် ဖြစ်သော်လည်း အဘယ်သို့ ရိုက်ဖြစ်အားလိမ့်နည်း။ ဤပုဏ္ဏားမှုကား တံငါတို့သည် မြုံး၊ ၀၌ ငါးကိုရိုက်နှက် သကဲ့သို့ ငါ့ရှေ့တွင်ပင် သမီး,သားချင်းမျှမထောက်မစာ ကြင်နာမဲ့ဘဲ ဆဲရေးရိုက်ပုတ် ကြမ်းကြုတ်စွာ ပြုဘိ၏တကား”ဟု မြည်တမ်းလျက် သားတော်,သမီးတော်တို့၌ ချစ်သောအားဖြင့် ဤသို့ အကြံဖြစ်၏။

“ပုဏ္ဏားသည် ငါ့သား,ငါ့သမီးတို့ကို ငါ့ရှေ့တွင်ပင် ဆင်ခြင်ထောက်ထားခြင်း မရှိ။ ရိုက်ပုတ်ဆဲရေးခြင်းကို ပြု၏။ ထိုသို့ပြုသောပုဏ္ဏားအား ငါ သည်းမခံနိုင်။ ယခုပင်လိုက်၍ ဤသန်လျက်ဖြင့် ပုဏ္ဏားကိုသတ်ပြီးလျှင် ငါ့သား ငါ့သမီးတို့ကို ယူခဲ့အံ့”ဟု အကြံဖြစ်၏။

ထိုနောက်မှ တစ်ဖန် ‘ဤသို့ သားသမီးကို မှီ၍ဖြစ်သောဆင်းရဲခြင်းသည် ငါကြောင့် မဟုတ်ချေတကား။ သူတစ်ပါးအားလှူပြီးမှ တစ်ဖန် စိုးရိမ်ခြင်းမည်သည် ရှေးသူတော်ကောင်းတို့ ထုံးဟောင်း မဟုတ်ချေတကား’ဟု စိတ်ကို သိမ်းဆည်းချုပ်တည်းတော်မူ၍ ဤသို့ ကိုယ်တော်ကို ဆုံးမပြန်၏။

‘ဝေဿန္တရာ။ သင်သည် ရှေးဘုရားလောင်း သူတော်ကောင်းတို့ ထုံးဟောင်းကျင့်စဉ်ကိုသိပြီးသော ပညာရှိ မဟုတ်လော။ ရှေးရှေးသောဘုရားလောင်းတို့သည်–

‘ဓနပရိစ္စာဂ–ဥစ္စာစည်းစိမ်ကို စွန့်ခြင်း၊ အင်္ဂပရိစ္စာဂ–ခြေ,လက်,မျက်စိ စသော အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊ ပုတ္တပရိစ္စာဂ–သားသမီးတို့ကို စွန့်ခြင်း၊ ဘရိယပရိစ္စာဂ–မယားကို စွန့်ခြင်း၊ ဇီဝိတပရိစ္စာဂ–အသက်ကို စွန့်ခြင်း။

‘ဤစွန့်ခြင်းကြီး ၅ ပါးတို့ကိုစွန့်၍သာ သဗ္ဗညုတဉာဏ်ကို ရကြကုန်၏။ တစ်စုံတစ်ယောက်သော ဘုရားလောင်းမျှ စွန့်ခြင်းကြီး ၅ ပါးတို့ကိုမစွန့်ဘဲ သဗ္ဗညုတဉာဏ်ကို မရနိုင်။ သင်တုံ့သည်လည်း သဗ္ဗညုတဉာဏ်ကိုရှာသော ဘုရားလောင်းတို့တွင် တစ်ယောက်မဟုတ်လော။ ထိုသို့ဖြစ်လျက် သားသမီးကို လှူပြီးမှ အဘယ့်ကြောင့်တစ်ဖန် စိုးရိမ်ပြန်သနည်း။ သဗ္ဗညုတဉာဏ်ကိုရှာသော သင်သည် သူတစ်ပါးအား သားသမီးကိုလှူလျှင် ထိုသူ ကျွန်ပြုလိမ့်မည်ကို အသိမဟုတ်လော။ ထိုသို့ဖြစ်လျက် လှူပြီးမှ ပုဏ္ဏားအား သတ်ပုတ်ညှဉ်းဆဲမည်ဟု သင် အဘယ့်ကြောင့်ကြံသနည်း။ ပေးပြီးမှ နောင်တရှိပြန်ခြင်းသည် သင်၌ မလျောက်ပတ်တကား’ဟု ကိုယ်ကိုကဲ့ရဲ့ ကွပ်ဆုံးမတော်မူ၍၊

‘ငါ့သား,ငါ့သမီးတို့ကို ပုဏ္ဏားအား ငါပေးသောအခါမှစ၍ ပုဏ္ဏားသည် သတ်ပုတ်ညှဉ်းဆဲတုံသော်လည်း တစ်စုံတစ်ခုသော စိုးရိမ်ခြင်းကို ငါ၌မဖြစ်စေပြီ ’ဟု မြဲမြံစွာ သတိတည်းဟူသောချည်တိုင်၌ စိုးရိမ်ခြင်းတည်း ဟူသောစိတ်ဆင်ရိုင်းကို သမ္မာဝါယမတည်းဟူသော ကြိုး, ဉာဏ်တော်တံည်းဟူသော လက်တော်ဖြင့် ကိုင်ခွဲချည်နှောင် ဆောက်တည်ပြီးသော်၊ ကျောင်းသခ်မ်းတွင်းမှထွက်တော်မူ၍ ကျောင်းသခ်မ်းတံခါး ကျောက်ပျဉ်ပေါ်၌ ရွှေဆင်းတုကဲ့သို့ ငြိမ်သက်တည်ကြည်စွာ ထိုင်နေတော်မူ၏။

ဇူဇကာပုဏ္ဏားသည်လည်း ဘုရားလောင်း၏မျက်မှောက်၌ပင်လျှင် သားငယ်,သမီးငယ်တို့ကို ရိုက်ပုတ်ဆဲရေးလျက် ဆောင်လေ၏။ ထိုအခါ ဇာလီသတို့သားသည် ဤသို့ ငိုမြည်တမ်း၏။

“ဤလူ့ပြည်၌ မွေးသည့်အဖသာရှိ၍ အမိမဲ့သောသားသည် သနားဖွယ်သော ဆင်းရဲခြင်းနှင့် မကင်းရာ ဟုဆိုသော စကားသည် အမှန်ဖြစ်သည်နှင့်အညီ ငါတို့သည်လည်း ယခုအမှန်ပင်လျှင် တွေ့ကြိမ်ရ၏။ ငါ့နှမ ကဏှာဇိန်။ လာလှည့်။ ငါတို့ မောင်နှမ သေကြကုန်အံ့။ အသက်ရှင်၍ အဘယ်အကျိုး ရှိတော့အံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ခမည်းတော်မင်းကြီးသည် ဥစ္စာရမ္မက် နှိပ်စက်သည်ဖြစ်၍ ကြမ်းကြုတ်စွာသောဘီလူးပုဏ္ဏားအား ယခု ငါတို့ကို ပေးခဲ့ကုန်ပြီ။ ထိုပုဏ္ဏားသည် တိရစ္ဆာန်,ကျွဲ, နွားကိုကဲ့သို့ ငါတို့ကို ပုတ်ခတ်ဘိ၏။ ဤ ငါတို့ တောအရပ်၌ သဖြေပင်, ယင်းရည်းပင်, ရှောက်နဲ့ပင်, ညောင်ကြတ်ပင်, ပိန္နဲပင်, ပညောင်ပင်, သီးပင် အစရှိသော အထူးထူးအပြားပြား အသီးအပွင့်ကို ဆောင်ပေကုန်သော သစ်ပင်တို့သည် ရှိကုန်၏။ ငါ့နှမကဏှာဇိန်။ ထိုသစ်ပင်တို့ကိုစွန့်၍ ယခု ငါတို့သွားရကုန်အံ့။ ငါတို့ ကျောင်းသခ်မ်းထက်ဝန်းကျင်၌ အရံကဲ့သို့ ချမ်းအေး ကြည်လင်စွာသော မြစ်ရေတို့သည်လည်း ရစ်လည်၍စီးကုန်၏။ ရှေးသောအခါ ငါတို့မောင်နှမတို့သည် ဤမြစ်၌ ကစားမြူးပျော်ကြရကုန်၏။ တောင်ထိပ်,တောင်ခါးပန်းတို့၌ အထူးထူးသော ပန်းအမွှေးနံ့သာတို့ကို ဆွတ်ယူသီကုံး ပန်ဆင်ရကုန်၏။ အထူးထူးသောသစ်သီးတို့ကိုလည်း ရှေး၌ မြိန်နိုးရာရာ စားကြရကုန်၏။

"ဤအရပ်ကား ဆင်ရုပ်, ဤအရပ်ကား မြင်းရုပ်, ဤအရပ်ကား နွားလားရုပ်၊ ထိုအရုပ်တို့ဖြင့် ရှေး၌ ငါတို့ ကစားကြရကုန်၏။ ထိုသို့သော ကစားဖွယ်ပျော်ဖွယ်တို့ကို စွန့်၍ ယခု ငါတို့ သွားရကုန်အံ့တကား"ဟု ငိုမြည်တမ်း၏။

ထိုသို့ မင်းသား, မင်းသမီးတို့ ငိုမြည်တမ်းလျက်သွားစဉ်ပင်လျှင် ဇူဇကာပုဏ္ဏားသည် မညီမညွတ်ရာကို နင်းမိသဖြင့် ချော်၍ တစ်ဖန်လဲပြန်၏။ ထိုအခါ မင်းသား,မင်းသမီးတို့လက်မှ တုပ်နှောင်သောနွယ်သည်လည်း ကျွတ်လွတ်၏။ မင်းသား,မင်းသမီးတို့သည် လှင်ကန်ဖြင့် ခြောက်လှန့်အပ်သောကြက်ကဲ့သို့ ပြင်းစွာတုန်လှုပ်လျက် ခမည်းတော်မင်းကြီးထံသို့ အတူတကွ ပြေးလာကြလေကုန်၏။

ဇူဇကာပုဏ္ဏားအိုလည်း လဲရာက လျင်မြန်စွာထလတ်၍ နွယ်တစ်ဘက်, လှင်ကန်တစ်ဘက်ကိုင်လျက် ကမ္ဘာဖျက်မီးလောင်သကဲ့သို့ မျက်မှောင်ကြုတ်ကြုတ်ထလျက် လိုက်လာပြန်၍ ဘုရားလောင်း ရှေ့တွင်ပင်လျှင် "နင်တို့သည် ပြေးတတ် ပုန်းတတ်လှ၏တကား"ပြင်းစွာဆဲရေးမောင်းမဲရိုက်ပုတ်လျက် လက် ၂ ဘက်ကို နွယ်ဖြင့် ကြပ်တည်းအောင် ချည်နှောင်ဖွဲ့တုပ်၍ ဆောင်ပြန်လေ၏။ ထိုအခါ ကဏှာဇိန်သည် ခမည်းတော်သို့ မျက်နှာတိမ်းငဲ့ကြည့်၍ ငိုမြည်တမ်းပြန်၏။

"ဖခင်။ ဤပုဏ္ဏားသည် အကျွန်ုပ်တို့ကို မိမိသပေါက်ကျွန်ကဲ့သို့ တုပ်နှောင်ရိုက်ပုတ် ဆဲရေးခြင်းကို ပြု၏။ ဤသူအိုသည် ပုဏ္ဏားဟုတ်မည် မထင်။ ပုဏ္ဏားမည်သည်ကား တရားကို စောင့်၏။ သူတစ်ပါးတို့အားလည်း သနားတတ်ပါ၏။ ဤသူမှုကား ဖခင်၊ ဘီလူးထင်၏တကား။ အကျွန်ုပ်တို့ကိုစားအံ့သောငှာ ပုဏ္ဏား အယောင် ဆောင်၍ လာသည်ထင်၏တကား။ ဘီလူးစားမည်ဆောင်သော အကျွန်ုပ်တို့ကို ဖခင် အဘယ့်ကြောင့် ရှု၍နေစိမ့်ဘိသနည်း"ဟု ငိုကြွေးမြည်တမ်းလေ၏။

ဤသို့ သတို့သမီးငယ်ငိုမြည်တမ်း၍ တုန်လှုပ်လျက်သွားလေသည်ရှိသော် ဘုရားလောင်းအား ပြင်းစွာသော ပူဆွေးစိုးရိမ်ခြင်းသည် ဖြစ်၏။ ဟဒယဝတ္ထု ဟု ဆိုအပ်သောနှလုံးသားသည်လည်း ပန်းပဲဖို၌ပစ်သော သံတွေခဲကဲ့သို့ အလွန်ပူ၏။ အလွန်ပူလှစွာသော ထွက်သက်, ဝင်သက်တို့ကိုလည်း နှာခေါင်းဖြင့် မဆံ့သည်ဖြစ်၍ ခံတွင်းဖြင့် ရှိုက်ရှူတော်မူရ၏။ မျက်ရည်တို့သည်လည်း သွေးပေါက်ကဲ့သို့ဖြစ်၍ မျက်စိတော် ၂ ဘက်မှ ယိုထွက်ကုန်၏။ ဘုရားလောင်းသည် 'ဤသို့သောဆင်းရဲကို ခံရသည်ကား သားသမီးတို့၌ ချစ်ခြင်းကိုမှီ၍ ငါ ခံရသတည်း။ တစ်ပါးအကြောင်းကြောင့် မဟုတ်။ လျစ်လျူရှုသော်ကား ထိုသို့မဖြစ်ရာ'ဟု အလုံးစုံသော စိုးရိမ်ခြင်းကို ပညာတော်အခွင့်အစွမ်းဖြင့် တစ်ဖန် သိမ်းဆည်းမိပြန်၍၊ စိုးရိမ်ပူဆွေးခြင်းကို ဖျောက်လျက် ပြကတေ့သော နေခြင်းဖြင့် နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်္ကပါတောင်တံခါးသို့ ရောက်လေသော် ကဏှာဇိန်သည် ဤသို့ ငိုမြည်တမ်းလျက် လိုက်ရလေ၏။

"ငါတို့နူးညံ့လှစွာသော ဤခြေငယ်တို့သည်လည်း ယခု ခက်တရော်[၁၁၈]ရှိကုန်ပြီ။ သွားရမည့်ခရီးသည်လည်း အလွန် ဝေးလှစွာသေး၏။ ငါတို့သည် ချမ်းသာစွာရောက်ခြင်းငှာ ခဲစွတကား။ ယခု နေသည်လည်း ဝင်လုပြီ။ ပုဏ္ဏားသည် ငါတို့ကို ပင်ပန်းစွာဆောင်ယူခဲ့၏။

"ဘုမ္မစိုးနတ်, တောင်စောင့်နတ်, ကြာအိုင်စောင့်နတ်, မြစ်ဆိပ်စောင့်နတ်, သစ်ပင်စောင့်နတ်, မြက်ပင်စောင့်နတ်, နွယ်ပင်စောင့်နတ်, ဆေးပင်စောင့်နတ်၊ ဤနတ်မင်းအပေါင်းတို့အား အကျွန်ုပ်တို့ ပန်ကြားပါကုန်၏။ ဦးခေါင်းဖြင့်လည်း အကျွန်ုပ်တို့ ရှိခိုးပါကုန်၏။ အရှင်နတ်မင်းတို့သည် အကျွန်ုပ်တို့မိခင်အား အနာမရှိသောအဖြစ်ကို ပြောဆိုတော်မူရစ်ပါကုန်။ ယခု အကျွန်ုပ်တို့ ပုဏ္ဏားနောက်သို့ လိုက်ပါလေရအံ့။

"အရှင်နတ်မင်းအပေါင်းတို့။ အကျွန်ုပ်တို့မိခင် မဒ္ဒီကို ဆိုရစ်ပြောရစ်တော် မူပါကုန်။ အကယ်၍ အကျွန်ုပ်တို့ထံသို့ ခြေရာခံ၍ လိုက်လာအံ့။ ဤ တစ်ယောက်သွားလောက်ရုံမျှသော ခရီးသည်ကား အကျွန်ုပ်တို့ နေရာ ကျောင်းသခ်မ်းသို့ ထုတ်ချင်းလျှိုပေါက်၏။ ဤခရီးဖြင့် မိခင်ကို လိုက်လာပါစေလော့။ ဤခရီးဖြင့် လျင်စွာ လိုက်လာသည်ရှိသော် မိခင်မဒ္ဒီသည် အကျွန်ုပ်တို့ကို လျင်စွာ တွေ့လိမ့်သတည်း။

"အို၊ မိခင် ရသေ့မ။ မိခင်က တော၌ သစ်သီးသစ်မြစ်တို့ကို ဆောင်၍သာ နေဘိ၏။ မိခင် တောမှ ပြန်သောအခါ သားသမီးမရှိ ဆိတ်ဆိတ်ညံညံဖြစ်သောကျောင်းသခ်မ်းကို မိခင်မြင်ရသဖြင့် ပြင်းစွာ ဆင်းရဲ ရောက်လိမ့်သတည်း။

"မိခင်ရသေ့မကား ယခုညဥ့် အချိန်လွန်အောင် ရှာမှီးသဖြင့် သစ်သီးသစ်မြစ်တို့ကို မိခင် များစွာရပြီ တကား။ သစ်သီးရှာရခြင်းကြောင့် ဤ ကြမ်းကြုတ်စွာသောပုဏ္ဏားသည် အကျွန်ုပ်တို့အား ညှဉ်းဆဲရိုက်ပုတ်ခြင်းကို မိခင် မမြင်ရလေတကား။ ယခု မိခင် တောမှ သစ်သီးသစ်မြစ်ရှာပြီး၍ပြန်ချိန် ညဥ့်အခါ၌ အကျွန်ုပ်တို့သည် မိခင်ကို အကယ်၍ မြင်ပါကုန်အံ့။ မိခင်သည် ပုဏ္ဏားအား ပျားမွဲအရသာနှင့်တူသော သစ်သီးတို့ကို ပေးရလိမ့်သတည်း။ ထိုသို့ ပေးသည်ရှိသော် ချိုဆိမ့်စွာသောအသီးကို အဝစားရသော ပုဏ္ဏားသည် အကျွန်ုပ်တို့ကို ပြင်းစွာမရိုက်ပုတ်ဘဲ နေရာ၏တကား။ ယခု အကျွန်ုပ်တို့ခြေဖဝါးသည်လည်း ပေါက်ခဲ့ကုန်ပြီ။ ပုဏ္ဏားသည် ပြင်းပြစွာ ဆောင်ယူဘိ၏တကား" ဟု ဝင်္ကပါတောင်တံခါး၌ မင်းသား,မင်းသမီးတို့သည် အမိကို လွမ်းဆွတ်တယူ၍ ငိုကြွေးကြကုန်၏။

## ၉။ မဒ္ဒီပဗ္ဗခန်း[၁၁၅]

ဘုရားလောင်းသည် သားတော်,သမီးတော်တို့ကို ပုဏ္ဏားအား မဟာပထဝီမြေကို ပဲ့တင်ထပ်စေလျက် လှူအပ်သည်ရှိသော် အကနိဋ္ဌ[၁၁၀] ဗြဟ္မာပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက်သောအသံသည် ဖြစ်၏။ ထိုအသံဖြင့် ဟိမဝန္တာတော၌နေကုန်သော နတ်တို့သည် နှလုံးကြေကွဲစဉ် ဇူဇကာပုဏ္ဏားသည် ပြင်းစွာဆောင်ယူအပ်သော မင်းသား,မင်းသမီးတို့၏ငိုကြွေးသံကို ကြားပြန်ကြလေသော် ဤသို့ တန်ခိုးကြီးသောနတ်တို့ချင်း တိုင်ပင် ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဒ္ဒီဒေဝီသည် အကယ်၍ စောစောကလျှင် ကျောင်းသင်္ခမ်းသို့ပြန်၍ သားသမီးကို မမြင်သည် ဖြစ်အံ့။ ဝေဿန္တရာမင်းကြီးကိုမေး၍ ပုဏ္ဏားအား လှူသောအဖြစ်ကိုကြားလျှင် ပြင်းစွာသော သား,သမီး၌ ချစ်ခြင်းဖြင့် ခြေရာခံလျက်ပြေးရာလတ်၍ တောနက်ထဲသို့ရောက်လျှင် သားရဲဘေးကြောင့် အန္တရာယ်ရောက်လေသော် မိမိသားသမီးကိုလည်း မတွေ့မမြင်၊ လင်လည်း မသိ၊ တစ်ယောက်အထီးတည်း ကြီးစွာသောဆုံးရှုံးခြင်းသို့ ရောက်ရလေအံ့"ဟု တိုင်ပင်ကြပြီးမှ တန်ခိုးကြီးသောနတ်တို့သည် နတ်သား ၃ ယောက်တို့ကို ခေါ်၍၊

"သင်တို့ ၃ ယောက်သည် တစ်ယောက်ကား ခြင်္သေ့အသွင်, တစ်ယောက်ကား ကျားအသွင်, တစ်ယောက်ကား သစ်အသွင် ဖန်ဆင်း၍၊ မဒ္ဒီဒေဝီ လာလတ္တံ့သောခရီးလမ်းကို ပိတ်ဆီးလျက် သွားရာ အခွင့်မရစေဘဲ နေဝင်သည်တိုင်အောင် ခရီးဝဌ်နေ၍ တစ်ပါးသော သစ်, ကျား, ခြင်္သေ့ သားရဲအန္တရာယ် မရှိစေရ။ လ၏အရောင်ဖြင့် လာသောကာလ မဒ္ဒီဒေဝီကို ကျောင်းသို့ဝင်သည်တိုင်အောင် လုံခြုံစွာ စောင့်ရှောက်လေ" ဟု စေလွှတ်လိုက်ကုန်၏။ နတ်သား ၃ ယောက်တို့သည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍၊ နတ်မင်းကြီးတို့စေတိုင်း ခြင်္သေ့, ကျား, သစ် အသွင်ဖြင့် မဒ္ဒီဒေဝီလာသောခရီး၌ အစဉ်အတိုင်း ဝပ်လျက်နေကြကုန်၏။

မဒ္ဒီဒေဝီသည်လည်း 'ငါသည် ယနေ့ အိပ်မက်မကောင်း မြင်မက်သည်ဖြစ်၏။ စိတ်မချမ်းမသာ ဖြစ်ခဲ့၏။ စောစော နေမဝင်မီလျှင် ဤ ရသမျှသော သစ်သီးသစ်မြစ်တို့ကိုယူ၍ ပြန်တော့အံ့'ဟု နနယ်ပျောင်းညွှံသော ကိုယ်ဖြင့်တုန်လှုပ်လျက် သစ်သီးသစ်မြစ်တို့ကိုထည့်၍ မျှော်ကြည့်၏။ ထိုအခါ လက်ယာလက်မှ တူရွင်းသည်လည်း လွတ်ကျ၏။ လက်ဝဲပခုံးမှ ခြင်းတောင်းသည် လည်းကောင်း, တံချူသည် လည်းကောင်း လွတ်ကျ၏။ လက်ယာမျက်စိလည်း လှုပ်၏။ အသီးသီးကုန်သောသစ်ပင်တို့သည်လည်း အသီး မသီးသကဲ့သို့ ထင်ကုန်၏။ အသီးမသီးသော သစ်ပင်တို့သည်လည်း အသီးသီးသကဲ့သို့ ထင်ကုန်၏။ အရပ် ၁၀ မျက်နှာတို့၌လည်း သွားရမည့်လမ်းကို မထင်ကုန်။

ထိုအခါ မဒ္ဒီဒေဝီသည် 'ငါ့အား အသို့နည်း။ ရှေးက ဤကဲ့သို့ မဖြစ်စဘူး။ ယခု မဖြစ်ဘူးမြဲ ဖြစ်လာ၏။ ငါ့အား အန္တရာယ်တည်း ဖြစ်အံ့လော။ ထိုသို့မဟုတ်မူ ငါ့သား,ငါ့သမီးတို့၏အန္တရာယ်တည်း ဖြစ်အံ့လော။ ထိုသို့မဟုတ်မူ မင်းကြီးဝေဿန္တရာ၏ အန္တရာယ်တည်း ဖြစ်အံ့လော'ဟု တွေးတော၍မရ ဟူ၍ ငိုကြွေးမြည်တမ်းလျက် ကျောင်းသင်္ခမ်းသို့ သွားလေ၏။

ထိုသို့ သွားစဉ်ပင်လျှင် တောင်ရိပ်ကွယ်သဖြင့် နေသည်လည်း ဝင်ခဲ့၏။ ထိုနတ်တို့ ဖန်ဆင်းသော သားရဲ ၃ ကောင်တို့သည်လည်း မဒ္ဒီဒေဝီလာသောခရီး၌ ရင်ဆိုင်ဝပ်လျက် နေရာကထ၍ ခြင်္သေ့, ကျား, သစ် အသွင်ဖြင့် အစဉ်အတိုင်း လမ်းကိုပိတ်၍နေကြကုန်၏။

ထိုအခါ မဒ္ဒီဒေဝီသည် ဤသို့ငိုကြွေးမြည်တမ်း၏။

"နေလည်း ဝင်ခဲ့ပြီ။ ကျောင်းသင်္ခမ်းသည်လည်း ဝေးသေးစွာ။ ထို ကျောင်းသင်္ခမ်း၌ ငါ့လင်,ငါ့သား, ငါ့သမီးတို့သည် ငါဆောင်အပ်သော သစ်သီးသစ်မြစ်တို့ကိုသာလျှင် သုံးဆောင်ကြရကုန်၏။ အချိန်တန်၍ မရောက်သည်ရှိသော် အဘယ်သို့ နေရှာကြလိမ့်နည်း။

"မင်းကြီးဝေဿန္တရာသည် အချိန်တန်၍မရောက်သော ငါ့အား ခရီးဦးကြိုဆိုလေကောင်းလျက် သားငယ်, သမီးငယ်တို့သည် ညစာမစားရ၍ မွတ်သိပ်ခြင်းကြောင့် သားငယ်,သမီးငယ်တို့ကို နှစ်သိမ့်ချော့မော့လျက် နေလေယောင်တကား။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား,ငါ့သမီးတို့သည်လည်း ညစာစားအံ့သောအခါ အမိမဲ့သောသမင်ငယ်သည် နို့ရည်ကို တောင့်တသကဲ့သို့ တောင့်တ မျှော်တမ်းရှာလိမ့်တကား။

"နွားငယ်သည် အမိကို ခရီးဦးကြိုဆိုဘိသကဲ့သို့ အမိနှင့်ကင်းသော ငါ့သား ငါ့သမီးတို့လည်း ငါ့ကို ခရီးဦးကြိုဆိုလျက် တသကုန်မြဲတကား။

"ဤလမ်းသည်လည်း တစ်ယောက်သွားလောက်ရုံမျှ ဖြစ်၏။ နံပါး ၂ ဘက်တို့၌ ချောက်, ကမ်းပါးပြတ်, အင်း, အိုင် တို့သည် တည်ကုန်၏။ ဤလမ်းမှတစ်ပါး သွားစရာလမ်းမရှိ ဖြစ်ခဲ့၏တကား။

"ခွန်အားကြီးသည်ဖြစ်၍ မင်းဖြစ်ကုန်သော သားရဲအပေါင်းတို့။ သင်သားရဲတို့သည် သဘောအားဖြင့် 'ငါ၏မောင် ဖြစ်ပါကုန်လော့။ သင်တို့အား တောင်းပန်ပါ၏။ နှမကဲ့သို့ ငါ့ကို ကြင်နာချစ်ခင် မြတ်နိုးသဖြင့် သွားရာလမ်းကို ငါ့အား ဖွင့်ပေးပါကုန်လော့။ ငါကား ပြည်မှနှင်ထုတ်အပ်သော မင်းကြီးဝေဿန္တရာ၏ မယားတည်း။ ငါသည် လင်ဖြစ်သောမင်းကြီးဝေဿန္တရာကို တစ်ခါတစ်ကြိမ်မျှ မထီမဲ့မြင် မပြုစဘူး။

"ရှေးသောအခါ ဗာရာဏသီပြည်၌ ဒသရထမင်းကြီး၏သားတော် ရာမမင်းသည် ခမည်းတော်နှင်ထုတ်၍ တော၌နေရသည်ရှိသော်၊ နှမတော်ဖြစ်သော သီတာဒေဝီမင်းသမီးသည် မောင်တော်ရာမမင်းအား လိုက်၍ မိဖုရားအဖြစ်ဖြင့် ရိုသေစွာလုပ်ကျွေးသကဲ့သို့ ငါသည်လည်း ခမည်းတော်နှင်ထုတ်၍ တော၌နေရသော ဝေဿန္တရာမင်းကြီးအားလိုက်၍ ရိုသေစွာလုပ်ကျွေးပါ၏။

"မောင် သားရဲအပေါင်းတို့။ သနားချစ်ခင်ကြင်နာခြင်းဖြင့် ကျောင်းသခ်မ်း၌ ညစာမစားရသေးသော သားငယ် သမီးငယ်တို့ကိုလည်းကောင်း, သားသမီးမျက်နှာကို မြင်လိုသော ငါ့ကိုလည်းကောင်း ထောက်စာ သနားသဖြင့် သွားရာလမ်းကို ပေးပါကုန်လော့။ မောင်သားရဲတို့အား တောင်းပန်ပါ၏။ အစာကို လိုသည်ရှိသော် ဤခြင်းတောင်း၌ပါသော သစ်သီးတို့ကို တစ်ဝက်ခွဲ၍ မောင်တို့အား ပေးပါအံ့။ မောင်သားရဲတို့သည်လည်း ခွန်အားနှင့် ပြည့်စုံစွာသောသားရဲတို့ပေတည်း။ ငါတုံသည်လည်း မိမျိုးဘမျိုးမှ ထီးရိုးနန်းစဉ်မပျက်သော မင်းသမီးလျှင်တည်း။ ထိုသို့ မင်းချင်း သဘောတူသောအားဖြင့် သင်တို့အား မောင်တော် မှတ်ပါ၏။ ငါ့အား နှမကဲ့သို့ မှတ်၍ ချစ်ခြင်းဖြင့် သွားရာလမ်းကို ပေးပါကုန်လော့"ဟု မဒ္ဒီဒေဝီသည် သစ်သီးတောင်းကို ဦးခေါင်းမှ ချပြီးလျှင် လက်အုပ်ချီ၍ ရိုသေစွာရှိခိုးသဖြင့် သားရဲတို့ကိုတောင်းပန်သတည်း။

ထိုအခါ ခြသေ့်, ကျား, သစ် ဖန်ဆင်းသော နတ်သား ၃ ယောက်တို့သည် အချိန်ကို မှတ်၍ 'ယခု မဒ္ဒီဒေဝီအား လမ်းဖွင့်ချိန်တန်ပြီ'ဟု သနားဖွယ်သော မဒ္ဒီဒေဝီ၏ငိုကြွေးသံကို ကြားသဖြင့် လမ်းမှ ဖယ်သွားကြလေ၏။ မဒ္ဒီဒေဝီလည်း မိမိနေရာကျောင်းသခ်မ်းသို့ ပြန်သွားရလေ၏။ ထိုနေ့ကား လပြည့်ဥပုသ်နေ့တည်း။

မဒ္ဒီဒေဝီသည် ကျောင်းသခ်မ်းစင်္ကြံဦးသို့ ရောက်လေသော် ထိုထိုသောအရပ်တို့၌ သားသမီးတို့ကို ကြည့်ရှု၍ မမြင်လျှင် ဤသို့ ဆို၏။ 'နွားငယ်သည် အမိကိုမြင်လျှင် ရှေ့မှနောက်မှ တွန်မြည်ကြွေးကြော် ကြိုဆိုမြူးထူးဘိသကဲ့သို့ လည်းကောင်း၊ သမင် သားငယ်တို့သည် အမိကို မြင်လျှင် နားရွက် ၂ ဘက်ကို ချီ၍ လည်ကို ဆန့်လျက် အမိဆီသို့ ရှေးရှုပြေးသဖြင့် ရှေ့မှနောက်မှ နစ်လိုကြည်ညို့ကြိုဆိုမြူးထူးဘိသကဲ့သို့ လည်းကောင်း၊ နေ့တိုင်းလျှင် တောအရပ်မှပြန်လာသော ငါအမိအား ငါ့သားငါ့သမီးတို့သည် ခရီးရင်ဆိုင်ပြေးလာ၍ ကြိုဆိုမြူးထူးကြကုန်၏။ တော၌ သစ်သီးသစ်မြစ်ရှာမှီး၍ ပင်ပန်းတုံသော်လည်း သားသမီးတို့မျက်နှာကို မြင်ရသဖြင့် အပင်အပန်း ပျောက်ငြိမ်း၏။ ယခုမူကား ငါ့သားငါ့သမီး ဇာလီ, ကဏှာဇိန်မောင်နှမတို့ကို ငါ မမြင်ရခဲ့တကား။



www.burmeseclassic.com

www.burmeseclassic.com



"အစာရှာလိုသောဆိတ်မသည် ဆိတ်သားငယ်ကိုစွန့်၍ အစာရှာသကဲ့သို့ လည်းကောင်း၊ အစာရှာလိုသော ငှက်မသည် အသိုက်၌ ငှက်သားငယ်တို့ကိုထားခဲ့၍ အစာရှာသကဲ့သို့ လည်းကောင်း၊ အစာရှာလိုသော ခြင်္သေ့မသည် ဂူအတွင်း၌ ခြင်္သေ့ငယ်ကိုထားခဲ့၍ အစာရှာသကဲ့သို့ လည်းကောင်း ငါသည်လည်း အစာရှာလိုသောကြောင့် သားငယ်,သမီးငယ်တို့ကို ကျောင်းသခ်မ်း၌ထားခဲ့၍ အစာရှာခဲ့ရ၏။ယခု ငါ့သားငါ့သမီး ဇာလီ,ကဏှာဇိန် မောင်နှမတို့ကို မမြင်ရခဲ့တကား။

"သာနုမည်သောတောင်ထိပ်၌ ဆင်တို့၏ခြေရာကဲ့သို့ မြေမှုန့်ဖြင့်ရောသောဤသဲပြင်၌ ငါ့သား ငါ့သမီးတို့ခြေရာ မထင်ခဲ့တကား။ ငါ့သားငါ့သမီးတို့သည် ငါလာသည်ကိုမြင်လျှင် မနီးမဝေးကပင် မြေမှုန့် အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် ခရီးဦးကြိုဆိုလာကြကုန်လျက် ရှေ့မှနောက်မှ နံပါးမှလည်းကောင်း ပြေးခုန်မြူးထူးကြကုန်၏။ ယခုမူကား ငါ့သားငါ့သမီးတို့သည် အဘယ်မှာ ရှိပါလိမ့်နည်း။

"နေ့တိုင်းမှာကား ဆိတ်မသည် အစာရှာ၍ ပြန်သည်ရှိသော် ဆိတ်သားငယ်တို့သည် အမိမျက်နှာကို ကြည့်ကုန်လျက်လိုက်သကဲ့သို့ ငါ့သား ငါ့သမီးတို့သည် မြေမှုန့် အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် အမိသို့ ကပ်၍နေ၏။ ယခု မမြင်ရခဲ့တကား။

"နေ့တိုင်းလျှင် ငါ့သား ငါ့သမီးတို့သည် မိခင်လာသည်ရှိသော် ပြေးလာကြသဖြင့် ကစားစရာအလို့ငှာ ဥသျှစ်သီးမှည့်တို့ကို ပေးရကုန်၏။ ယခု မမြင်ရခဲ့တကား။

"ယခု ငါ၏ သားမြတ်အစုံတို့သည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏။ဇာလီ,ကဏှာဇိန်မောင်နှမတို့ကို မမြင်ရခဲ့တကား။

"နေ့တိုင်းမှာမူ ဤကျောင်းသခ်မ်းသို့ရောက်သောအခါ ရင်ခွင်ပေါ်၌ ငါ့သား ငါ့သမီးတို့သည် မြေမှုန့်အလိမ်းလိမ်းကပ်သောကိုယ်ဖြင့် လူးလဲပျော်ပါးကြကုန်၏။ ယခု မမြင်ရခဲ့တကား။

"နေ့တိုင်းမှာမူ သူတစ်ပါးမရှိသော်လည်း သားသမီးတို့နှင့်နေရခြင်းကြောင့် ဤကျောင်းသခ်မ်းသည် ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသောငါ့အား ဤကျောင်းသခ်မ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့၏တကား။ အကြောင်း အသို့နည်း။

"နေ့တိုင်းကား ကျီး, ဥဩ အစရှိသောတောငှက်တို့သည် တွန်မြူးကုန်၏။ ယခုကား ထိုငှက် အပေါင်းတို့သည် သေကုန်လေသလော။ ကျောင်းသခ်မ်းသည် မည်သည့်အသံကိုမျှ မကြား၊ တိတ်ဆိတ်ဘိ၏ တကား"ဟု ငိုကြွေးမြည်တမ်းလျက်၊ ဘုရားလောင်းအနီးသို့သွား၍ သစ်သီးတောင်းကို ဦးခေါင်းမှချပြီးသော် ဘုရားလောင်း၏အပါး၌ သားငယ်,သမီးငယ်တို့ကို မမြင်၊ တစ်ယောက်အထီးတည်း ဆိတ်ဆိတ်နေသော ဘုရားလောင်းကို မြင်လျှင် ဤသို့မေး၏။

"အရှင်မင်းကြီး။ အကြောင်းအသို့နည်း။ အဘယ့်ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်နေတော်မူဘိသနည်း။ အကျွန်ုပ် နံနက်မိုးသောက်ထက မြင်မက်သောအိပ်မက်နှင့် ညီစွာတကား။ ယခု ဤအရပ်၌ ဥဩငှက်တို့သည်လည်း မတွန်မမြည်ကုန်။ အကျွန်ုပ်၏ သားငယ်,သမီးငယ်တို့သည် သေလေကုန်သလော။ သို့မဟုတ် ဆိတ်ညံ့စွာသော ဤတောအရပ်၌ အကျွန်ုပ်၏သားငယ်,သမီးငယ်တို့ကို ခြင်္သေ့, သစ်, ကျား သားရဲတို့ စားလေကုန်သလော။ အဘယ်သူသည် သားငယ်,သမီးငယ်တို့ကို ဆောင်ယူလေသနည်း။ ထိုသို့မဟုတ်မူ အရှင်မင်းကြီးတည်း သားငယ်, သမီးငယ်တို့ကို ဘိုးတော်သိဝိဥ်မင်းထံ စေတုတ္တရာပြည်သို့ စေလွှတ်တော်မူသလော။ ထိုသို့မဟုတ်မူ ချစ်ဖွယ်သော စကားကိုဆိုတတ်သော သား,သမီးတို့သည် ကျောင်းသခ်မ်းတွင်း၌ အိပ်ပျော်နေသလော။ ပြင်လွင်တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၍ ကစားမြူးထူးကြလေသလော။ ယခု သား,သမီးတို့၏ ဆံပင်ကို လည်းကောင်း, ရွှေကွန်ရက်နှင့် တူသော လက်, ခြေကိုမျှ လည်းကောင်း အကျွန်ုပ် မမြင်ရခဲ့တကား။ ထိုသို့မဟုတ်မူ သားငယ်,သမီးငယ်တို့ကို ဟတ္ထိလိင် သကုဏ[၁၁၈]ဟုဆိုအပ်သော ငှက်ဆင်တို့သည်တည်း သုတ်ချီလေသလော။ အဘယ်သူသည် အကျွန်ုပ်၏ သားငယ်, သမီးငယ်တို့ကို ဆောင်ယူလေသနည်း"

ဤသို့ မဒ္ဒီဒေဝီသည် ကိုးကွယ်ရာမရ ငိုမြည်တမ်းလျက်မေးလျှောက်သော်လည်း ဘုရားလောင်းသည် တစ်ခွန်းသောစကားကိုမျှ ပြန်၍မပြော၊ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မဒ္ဒီဒေဝီသည် "အရှင်မင်းကြီး။ အဘယ့်ကြောင့် အကျွန်ုပ်နှင့် စကားပြောတော်မူခြင်းကို မပြုသနည်း။ အကျွန်ုပ်၌ အဘယ်အပြစ် ရှိပါသနည်း"ဟု ဆို၍ဤသို့ မေးလျှောက်ပြန်၏။

"အရှင့်သား။ အကျွန်ုပ်တို့သည် ပြည်မှနှင်ထုတ်သည်ဖြစ်၍ တော၌နေရကုန်သော်လည်း သား,သမီးတို့ဖြင့် ပျော်ပါးရကုန်၏။ ထိုသို့ မိဘတို့၏နှလုံးကို ရွှင်ပြုံးပျော်ပါးစေတတ်သော သား,သမီးတို့ကို ယခု မမြင်ရသော အကျွန်ုပ်အား ပြင်းစွာသောဆင်းရဲခြင်းသည် ဖြစ်၏။ ထိုဆင်းရဲထက်ပင်လျှင် အကျွန်ုပ်နှင့် စကားမပြောဘဲ အရှင့်သားနေတော်မူသဖြင့် အလွန်သာ၍ပင် ဆင်းရဲပြန်ဘိ၏။

"စပါးကြီးမြွေကိုက်၍ ပင်ပန်းသောသူကို ပုတ်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ ထန်းပင်ထက်မှကျသော သူကို ရိုက်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ သွေး,ပြည်ယိုစီးလျက် နာကျင်စွာသောအနာကို ထက်စွာသော ဆူးချောင်ဖြင့် ထိုးဘိသကဲ့သို့ လည်းကောင်း, သားသမီးတို့ကို မမြင်ရ၍ ပင်ပန်းသောအကျွန်ုပ်အား အရှင့်သားသည် စကားမပြောဘဲ ဆိတ်ဆိတ်နေသောအားဖြင့် အကျွန်ုပ်၏နှလုံးကို အလွန်နာကျင်အောင် ပြုပြန်ဘိ၏။

"အရှင့်သား။ အကျွန်ုပ်နှင့် ယနေ့ညဥ့်ပတ်လုံး အကယ်၍ စကားမပြောမဆို နေတော်မူသည် ဖြစ်အံ့။ နက်ဖြန်မိုးသောက်သောအခါ ထွက်သက်,ဝင်သက်မရှိဘဲ သေခြင်းသို့ရောက်သော အကျွန်ုပ်၏အကောင်ကိုသာ အရှင့်သား မြင်တော်မူရလတ္တံ့." ဟုဆို၏။

ထိုအခါ ဘုရားလောင်းသည် မဒ္ဒီဒေဝီကို မနာသာအောင်ဆို၍ 'သားသမီး၌ စိုးရိမ်ခြင်းကိုပျောက်စေအံ့'ဟု ကြံပြီးလျှင်—

'နူန မဒ္ဒီ ဝရာရောဟာ၊ ရာဇပုတ္တိ ယသဿိနီ။ ပါတော ဂတာသိ ဥဉ္ဆာယ၊ ကိမိဒံ သာယ မာဂတာ။ ။' ဟူသော ဂါထာဖြင့် မဒ္ဒီဒေဝီ၏နှလုံးကို အပ်ဖြင့် ထိုးဆွဘိသကဲ့သို့သော စကားကို ဆိုတော်မူ၏။ အဓိပ္ပာယ်ကား-

"မဒ္ဒီဒေဝီ၊ သင်ကား သူတစ်ပါးတို့ ကြည်ညိုနှစ်သက်ဖွယ်သော လုံးရပ်သဏ္ဍာန် ကြန်အင်လက္ခဏာ အရွယ်အဆင်းနှင့် ပြည့်စုံ၏။ ဤ တောအရပ်မည်သည် ရသေ့,ရဟန်း,ဝိဇ္ဇာဓိုရ်,တောသား,မုဆိုး စသော သူတို့သည်လည်း များစွာ လှည့်ပတ်သွားလာကြကုန်၏။ သင်သည် တောအရပ်၌ မည်သို့ဖြစ်လိမ့်မည်ကို အဘယ်သူ သိနိုင်ချေအံ့နည်း။ သင် နေ့တိုင်းရောက်ချိန်ကို မရောက်။ အဘယ့်ကြောင့် ယနေ့ ကြာဘိသနည်း။ နံနက်စောစောကပင်လျှင် တောသို့ သွားလေသည်နှင့် ယခု ညဥ့်အချိန်မတော်မှ ရောက်လာ၍ ရေစာထင်းမီး ရှာပြီးလျှင် လင်သားကိုလုပ်ကျွေးသော တောလည်မိန်းမဟူက သင်ကဲ့သို့ မဟုတ်။ သွားချိန်ကိုသွား၍ ရောက်ချိန် ရောက်မြဲတည်း။ သင်သည်ကား 'ငါ့သား,ငါ့သမီးငယ်များ မည်သို့ဖြစ်လိမ့်မည်။ ငါ့လင် မည်သို့ စိတ်ရှိလိမ့်မည်'ကိုမျှ အောက်မေ့ခြင်း မရှိ။ စိတ်ပိုင်ကိုယ်ပိုင် အချိန်အခါမသိ သွားလိုရာ, နေလိုရာ ယခု လရောင်ထွက်မှ သင် ရောက်လာ၏။ သင်သည် ငါ့စိတ်နှလုံး မသာမယာရှိအောင် ပြုဘိ၏။ ထိုသို့ အချိန်တာန်၍



www.burmeseclassic.com

www.burmeseclassic.com



မရောက်ခြင်းသည် သင်၏အပြစ်တည်း" ဟု ဘုရားလောင်းသည် ဥပါယ်တံမျဉ်[၁၁]၌ လိမ္မာတော်မူလှသောအားဖြင့် မဒ္ဒီမိဖုရားကို သားသမီး၌ ကြောင့်ကြပူဆွေးခြင်းမှ ငြိမ်းစိမ့်သောငှာ နှလုံးသားကို အပ်နှင့်ဆွသကဲ့သို့ မခံသာအောင် ခြိမ်းခြောက်မောင်းမဲသောစကားကို ဆိုတော်မူ၏။

မဒ္ဒီဒေဝီသည် မင်းကြီးစကားကိုကြားနာလျှင်

"အရှင်မင်းကြီး။ စိတ်အထူး ရှိတော်မမူလင့်။ အကျွန်ုပ် လျှောက်ပါအံ့။နာတော်မူဦးလော့။ ယခု ညဉ့် မိုးသောက်ထက အိပ်မက်မကောင်းမြင်သည်မှာလျှင် အကျွန်ုပ်စိတ်က တကြောင့်ကြကြနှင့်ပင် သစ်သီး သစ်မြစ်အလို့ငှာ တောသို့ သွားရပါသည်။တောသို့ရောက်လျှင်လည်း ထိုညဉ့်ကမြင်မက်သော အိပ်မက်ကိုသာ အောက်မေ့မိသဖြင့် စိတ်နေမကောင်းရှိ၍၊ သစ်သီးသစ်မြစ်တို့ကို ရသမျှ တန်လောက်ရုံဆွတ်ယူပြီးလျှင် အလျင်တဆော နေစောစောကပင် ပြန်မည်အကြံနှင့် မြန်မြန်ထက်ထက် လုံ့လပြုပါစဉ်၊ ဤမြေကြီးသည်လည်း ပြင်းထန်စွာ တုန်လှုပ်လျက်၊ သားငှက်တို့သည်လည်း သောင်းသောင်းညံညံ ကြော်သံဟစ်ကြွေး ပြေးခုန်မြူးထူးသဖြင့် တစ်တောလုံး ပွဲတင်ထပ်မျှသောအသံ ဖြစ်၏။

"ထိုသို့ သားငှက်တို့၏ အုတ်အုတ်ကျက်ကျက်သောအသံကို အရှင်မင်းကြီး ကြားတော် မမူပါသလော။ ဤအရပ်၌ အကျွန်ုပ်တို့နေသည်မှာ ၇ လ ရှိပြီ။ ယနေ့ကဲ့သို့ တစ်ရံတစ်ခါမျှ မတွေ့မကြိမ်စဘူး တွေ့ကြိမ်ရသဖြင့် တစ်ယောက်အထီးတည်း တောနက်ထဲ၌ ကိုးကွယ်ရာမရ ပြင်းစွာထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ အကျွန်ုပ်သည် မြေသို့ရှေးရှုဝပ်လျက် လည်းကောင်း၊ အထက်ကောင်းကင်သို့ မျှော်လျက် လည်းကောင်း၊ အရပ် ၈ မျက်နှာတို့ကို လက်ယာရစ်လှည့်လျက် လည်းကောင်း၊ ဤ ၁၀ ပါးသောအရပ်မျက်နှာတို့ကို အသီးအသီး လက်အုပ်ချီ၍ ရှိခိုးလျက် 'ငါ့လင်, ငါ့သားတို့ကို ဤ သစ်, ကျား, ခြသေ့်, ဝံ, အောင်း အစရှိသော သားရဲငှက်ရဲတို့သည် မညှဉ်းဆဲသည် ဖြစ်ပါစေသတည်း။ ငါ့လင်,ငါ့သားတို့သည် သားရဲငှက်ရဲတို့၏အန္တရာယ်မှ လွတ်ကင်းပါစေ ၄
သတည်း' ဟု ဆုတောင်းပါ၏။

"ထို ကြောက်မက်ဖွယ်များသည် နေ့တိုင်းထက်ထူး၍ မြူးထူးတွန်မြည်သော သားရဲငှက်ရဲတို့အသံကို ကြားရတိုင်း မိုးသောက်ထက မြင်မက်သောအိပ်မက်ကိုအောက်မေ့မိသဖြင့် နေမဝင်မီ စောစောကပင် သင်္ခမ်းသို့ပြန်လို၍ အသီးသီးသောသစ်ပင်တို့ကို ဆွတ်ချူအံ့သောငှာ ချဉ်းကပ်တုံပါသော်လည်း အကျွန်ုပ် ချဉ်းကပ်တိုင်း ပင်လုံးညွှတ်အောင် သီးလျက်ပင်လည်း တစ်လုံးမျှမသီးသကဲ့သို့ ထင်ရ၏။ အသီးမသီးသော သစ်ပင်တို့သည်လည်း အသီး သီးသကဲ့သို့ထင်ရ၏။ ထိုသို့ ထင်ယောင်ထင်မှား သွားလာလှည့်လည်၍သာလျှင် ငြိုငြင်ဆင်းရဲစွာ သစ်သီးသစ်မြစ်တို့ကိုရှာရ၍၊ ရသမျှနှင့် ပြန်တော့မည်ဟုပြုစဉ် မကောင်းသောနိမိတ်တို့သည် အကျွန်ုပ်အား ထင်လာ၏။

အဘယ်သို့ ထင်လာသနည်းဟူမူကား အကျွန်ုပ်လက်၌ မြဲစွာဆုပ်အပ်သောတံချူသည် လက်မှ လွတ်၍ကျ၏။ လက်ဝဲပခုံးဖြင့်လွယ်သော သစ်သီးခြင်းတောင်းသည်လည်း ပခုံးမှ လွတ်၍လျှောကျ၏။ ထိုသို့သော ပုဗ္ဗနိမိတ်[၁၂]တို့ကို မြင်ရသောအကျွန်ုပ်အား ပြင်းစွာသောစိုးရိမ်ခြင်းတို့သည် ထပ်လောင်းပြန်သည်ဖြစ်၍ အရပ် ၁၀ မျက်နှာကိုရှိခိုးလျက် နေမဝင်မီကပင် ဤကျောင်းသင်္ခမ်းသို့ လာပါသည်ကို ခြသေ့်, ကျား, သစ်၊ ဤ သားရဲ ၃ ကောင်တို့သည် လမ်းခရီးကို ပိတ်ဆီးဝန်းရံ၍နေသောကြောင့် ဝက်ပါတောင်တံခါးသို့ ရောက်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍၊ ထိုသားရဲတို့ တစ်ပါးသို့လွဲရှောင်သွားပြီးမှ လာရသဖြင့် ယနေ့သည် နေ့တိုင်းထက်



www.burmeseclassic.com

www.burmeseclassic.com



သာလွန်၍ မိုးချုပ်ပေသည်။ အကျွန်ုပ်အား အရှင့်သား စိတ်နှလုံးမသက်သာ ရှိတော်မမူပါလင့်။ သည်းခံတော်မူပါ"ဟု လျှောက်၏။

[တောသားတောင်ကတို့ နေ့တိုင်းထက်ထူး၍ မြူးထူးမြည်ကြွေးသည့်အသံကား ဘုရားလောင်းသည် သားတော်, သမီးတော်တို့ကို လှူတော်မူသောအခါ ဟိမဝန္တာတောအလုံး ပဲ့တင်ထပ်မျှ အုတ်အုတ်ကျက်ကျက် ဖြစ်သော အသံပင်တည်း။]

ဘုရားလောင်းသည် ထို ရှေးဦးစွာဆိုသောစကားနှင့် နောက်ကို ထိုညဦးပတ်လုံး နေအရုဏ်တက်သည် တိုင်အောင် တစ်ခွန်းသောစကားကိုမျှ မဒ္ဒီမိဖုရားအား ပြန်၍မဆို ဆိတ်ဆိတ်သာနေဘိ၏။

ထိုအခါ မဒ္ဒီမိဖုရားသည် စိတ်၏ပင်ပန်းခြင်းဖြစ်၍ အထူးထူးအပြားပြားသောစကားဖြင့် ဤသို့ ငိုမြည်တမ်းပြန်၏။

"ဆံကျစ်ထုံးလျက် ရသေ့အသွင်ဖြင့် ရှာသူတို့၏အကျင့်မကြဉ်၍ ဗြဟ္မစရိယ ဟုဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်လျက် ဝတ် ၅ ပါးနှင့် ပြည့်စုံသောတပည့်သည် ဆရာကိုလုပ်ကျွေးသကဲ့သို့ လင်ဖြစ်သော မင်းကြီးအား ငါသည် ခြေဆုပ်ခြင်း, လုံ့လထကြွပြုခြင်း စသည်ဖြင့် လုပ်ကျွေး၏။ သားသမီးတို့အားလည်း မဆင်းရဲစေရမူ၍ ကောင်းစွာမွေးကျွေး၏။

"ငါ၏ ရင်သွေးရင်နှစ် ချစ်သမီး,ချစ်သားတို့။ သင်တို့ အဘယ်မှာ နေကြကုန်သနည်း။ မိခင်ထံ လာပါကုန်လော့။ မိခင်သည် သင်တို့ ငတ်မွတ်ဆင်းရဲမည်ကို စိုးသောကြောင့် ညဥ့်,နေ့မဆို သွားလာလှည့်လည်၍ သစ်သီးသစ်မြစ် ရှာရ၏။ တောမှ မိခင်ပြန်ရောက်လျှင်လည်း နေ့တိုင်း နေ့တိုင်း ပန်းမောသည် မရှိ။ ချစ်သား ချစ်သမီးတို့အား ရွှေအဆင်းနှင့်တူသော နန္ဒင်းဥကိုသွေး၍၊ ရေချိုးပြီးလျှင် ကသယ်မှုန့် ပြုစီမံသောငှာ ပေး၏။ သား,သမီးတို့ ကစားစိမ့်သောငှာ ဥသျှစ်သီးမှည့်ကိုလည်း မိခင် ဆောင်ခဲ့၏။ ဤဥသျှစ်သီးဖြင့် ချစ်သား, ချစ်သမီးတို့ ကစားလေကုန်လော့။ သားသမီးတို့ သုံးဆောင်စေခြင်းငှာ ကြာစွယ်ကြာရင်းတို့ကို လည်းကောင်း၊ ဝတ်ဆံနှင့်တကွသော ကြာနားတောင်းကို လည်းကောင်း၊ ပျားမွဲအရသာကဲ့သို့ ချိုစွာသော ကုက္ကိုသီးကို လည်းကောင်း မိခင် ဆောင်ခဲ့၏။ ချစ်သားချစ်သမီးတို့။ လာလှည့်ကုန်၍ ခမည်းတော်မင်းနှင့်အတူ သုံးဆောင်ကြကုန်လော့။

"သိဝိရာဇ်တိုင်းသူတို့၏ သခင်ဖြစ်တော်မူသော အရှင်မင်းကြီး။ အကျွန်ုပ် ရေကန်မှဆောင်ယူခဲ့သော ဤပဒုမ္မာကြာကို သားတော်ဇာလီအား ပေးတော်မူပါလော့။ ဤကြာညိုပန်းကို သမီးတော်ကဏှာဇိန်အား ပေးတော်မူပါလော့။ ထိုပန်းတို့ကို ပန်ဆင်စေလျက် သားတော်သမီးတော်တို့ကို သာယာစွာသောသီချင်းသံဖြင့် သီ၍ ကစိမ့်သောငှာ ခေါ်တော်မူပါလော့။

"အရှင်မင်းကြီး။ သားသမီးတို့ကို မြင်လို၏။ ရှိလျှင် ပြတော်မူပါလော့။သားသမီးရှိလျက်ဖြစ်မူ အဘယ့်ကြောင့် အကျွန်ုပ်ကို ပူဆွေးခြင်းဖြင့်နှိပ်စက်၍ အသက်ဆုံးအောင် ပြုတော်မူဘိသနည်း။

"အရှင်မင်းကြီး။ အကျွန်ုပ်တို့ကို ခမည်းတော်မင်းကြီး ပြည်မှနှင်ထုတ်၍ ဤတောအရပ်၌ သားသမီးနှင့် တကွ နေကြရသည်ရှိသော် ချမ်းသာမကွဲ ဆင်းရဲအတူ ဆိုးတူကောင်းဖက် စုံမက်ချစ်ခင်သော အကြင်လင်နှင့် မယားဖြစ်ပါလျက် အရှင်မင်းကြီးသည် ကျွန်မ မဒ္ဒီအား 'သားသမီးတို့ကို မမြင်ရစေသတည်း'ဟု ကျိန်ဆဲတော်မူဘယောင်ကဲ့သို့ ကျွန်ုပ် ထင်၏တကား"ဟု မဒ္ဒီဒေဝီသည် အထူးထူးအပြားပြား သနားဖွယ်ငိုမြည်တမ်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားနှင့် တစ်ခွန်းသောစကားကိုမျှ ဖက်ပြိုင်ပြန်လှန်၍ မပြော။ ဆိတ်ဆိတ်သာလျှင် ဘုရားလောင်းသည် နေတော်မူ၏။

မဒ္ဒီဒေဝီသည် ဘုရားလောင်း တစ်ခွန်းသောစကားကိုမျှ ပြန်၍ မပြောနေလေသော် ပြင်းစွာတုန်လှုပ်လျက် ဘုရားလောင်း၏ထံမှ ထခဲ့၍ ထိုညဉ့်ပတ်လုံး လ၏အရောင်ဖြင့်သွား၍ ရှေး၌ သားငယ်သမီးငယ်တို့ ကစားဖူးသောအရပ်တို့၌ ရှာ၏။ ထိုထိုသော သစ်ပင်ရင်းသို့ ရောက်သည်ရှိသော် "ဤသပြေပင်ရိပ်ကား ငါ့သား,ငါ့သမီးတို့ ကစားမြဲ အရိပ်တည်း။ ဤ ယင်းရည်းပင်, ရှောက်နဲပင်, ညောင်ကြတ်ပင်, ပညောင်ပင်, ညောင်ဗုဒ္ဓဟေပင်, ပိန္နဲပင်, သီးပင် ဤပန်းပင်တစ်ပင်ရင်းတို့၌ မရှိခဲ့တကား'ဟု ငိုကြွေးလျက်၊ 'ဤမည်သော သစ်ပင်ရင်းတို့၌ ငါ့သားငါ့သမီးတို့ ကစားမြဲတည်း။ ထိုသစ်ပင်ရင်းတို့၌ ငါ့သား,ငါ့သမီးတို့ကို မမြင်ရခဲ့တကား" ဟု ငိုကြွေးလျက် မြစ်ဆိပ်သို့သွားပြန်၍၊

"ဤမြစ်သည် ချမ်းမြအေးကြည်သောရေ ရှိ၏။ ငါ့သား,ငါ့သမီးတို့ ကစားမြဲတည်း။ ယခု မမြင်ရပါ တကား"ဟု မြည်တမ်း၍ တောင်ထိပ်သို့ တက်ပြန်၏။

"ထိုတောင်ထိပ်၌ ဤမည်သောပန်းတို့ကို ငါ့သား,ငါ့သမီးတို့သည် ဆွတ်ယူ၍ ပန်ဆင်ကုန်မြဲတည်း။ ယခု မမြင်ရပါတကား။ ဤမည်သောသစ်သီးတို့ကို ဆွတ်ချူ၍ စားကုန်မြဲတည်း။ ဤသစ်ပင်တို့၌ မရှိခဲ့တကား" ဟု ငိုကြွေးလျက်၊ တောင်ထိပ်မှ ဆင်းသက်ခဲ့၍ ကျောင်းသခ်မ်းသို့ရောက်ပြန်လျှင် "ဤအရပ်ကား ငါ့သား, ငါ့သမီးတို့ကစားသော ဆင်ရုပ် , မြင်းရုပ်, နွားလားရုပ်တို့တည်း။ ထိုအရုပ်တို့ဖြင့် ကစားမြဲဖြစ်လျက် ယခု မရှိခဲ့တကား"ဟု လှည့်လည်ငိုကြွေး၏။

ထိုအခါ မဒ္ဒီဒေဝီမိဖုရားငိုကြွေးသံဖြင့် လည်းကောင်း၊ သွားလာသောခြေသံဖြင့် လည်းကောင်း သားငှက်တို့သည် လန့်ထိတ်၍ ခုန်ပြေးပျံဝဲကြကုန်၏။ ထိုသားငှက်တို့ကို မြင်တိုင်းမြင်တိုင်းလျှင် မဒ္ဒီဒေဝီသည် ဤသို့ ငိုကြွေး၏။

"ဤ ရွှေသမင်, ဒရယ်, ယုန်, ဝံပိုင် တောသားအပေါင်းတို့နှင့် ငါ့သား,ငါ့သမီးတို့သည် အတူ ကစားကုန်၏။ ယခု မမြင်ရခဲ့တကား။ ဤ ရွှေဟင်္သာ, ကြိုးကြာ, ဥဒေါင်း အစရှိသောငှက်တို့နှင့် ငါ့သား, ငါ့သမီးတို့သည် ရှေး၌အတူ ကစားမြဲတည်း။ ယခု မမြင်ရခဲ့တကား"ဟု ငိုကြွေး၍၊ ကျောင်းသခ်မ်းမှ တစ်ဖန်ထွက်လျက် တောအုပ်သို့ဝင်ပြန်၍၊ ထိုထိုသောအရပ်တို့ကို မျှော်ကြည့်ပြီးလျှင်

"အပွင့်အသီးတို့ဖြင့် တန်ဆာဆင်အပ်သော ဤတောအုပ်သည် အလွန်မွေ့လျော်ဖွယ်ရှိ၏။ ဤတောအုပ်၌ ငါ့သား,ငါ့သမီးတို့သည် ရှေး၌ ကစားကုန်မြဲတည်း။ ယခု မမြင်ရတကား"ဟုငိုကြွေးလျက် ရေကန်သို့ သွားပြန်၍၊

"ဤရေကန်သည် ဟင်္သာ,စက္ကဝ က်, ဝမ်းဘဲငှက်တို့ဖြင့် ယှက်သန်းမြူးပျံ ကျူးသံရင့်အေးလျက် မွေးကြိုင်ရနံ့ သင်းသင်းပျံ့သော ဟင်းရမ်း,ကတောက်,မျောက်လေ့ကျားနှင့် အထူးထူးသော ကြာညိုကြာဖြူ ကြာပုဏ္ဍရိက် ကြာတံဆိပ် ကြာပဒုမ္မာတို့သည် ပျားပိတုန်းတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ အလွန်မွေ့လျော်ဖွယ် ရှိ၏။ ဤရေကန်ဝယ် ငါ့သား,ငါ့သမီးတို့ ရှေး၌ ကစားရွှင်မြူးကြမြဲတည်း။ ယခု မမြင်ရခဲ့တကား"ဟု ငိုကြွေးမြည်တမ်းလျက် ထိုထိုသောအရပ်သို့ လှည့်လည်၍ရှာပါသော်လည်း သားငယ်,သမီးငယ်များကို မမြင်ခဲ့ရသော်၊ တစ်ဖန် ဘုရားလောင်း အထံသို့ သွားပြီးလျှင် ညှိုးနွမ်းသောမျက်နှာဖြင့် မှိုင်တွေကာနေသော ဘုရားလောင်းမျက်နှာကို မြင်၍ ဤသို့ လျှောက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။အရှင်မင်းကြီးသည် နေ့တိုင်းမှု ထင်းကိုပေါက်ခွဲခြင်း, ရေကိုဆောင်ယူခြင်း, မီးမယ်မျှုး၍ မီးညှိခြင်း ဤ ၃ ပါးသောကိစ္စကို ပြုမြဲတည်း။ ယခုကား တစ်ခုခုသောကိစ္စကိုမျှ မဆောင်ဘဲ အဘယ့်ကြောင့် ညှိုးနွမ်းသောမျက်နှာဖြင့် ပညာမရှိသူကဲ့သို့ စိုးရိမ်တော်မူဘိသနည်း။ အရှင်မင်းကြီး၏အမူအရာကို အကျွန်ုပ် မနှစ်သက်။ အရှင်မင်းကြီး။ အကျွန်ုပ်အား မင်းကြီးနှင့်တူ၍ ချစ်ခင်သောသူမည်သည် မရှိ။ မင်းကြီးကိုသာလျှင် ကိုယ်ထက်လွန်၍ ချစ်၏။ ထိုသို့ ချစ်ခင်ကြင်နာလှသောမင်းကြီးနှင့် အတူတကွ ပေါင်းဖော်ရသောအကျွန်ုပ်သည် တောအရပ်၌ ဆင်းရဲပင်ပန်းစွာ သစ်သီးသစ်မြစ်ရှာရသော်လည်း မင်းကြီးမျက်နှာကိုမြင်ရသဖြင့် ပင်ပန်းခြင်း ဆင်းရဲဟူသမျှ ပျောက်၍ ပျော်ရွှင်ငြိမ်းချမ်းခြင်း ဖြစ်မြဲတည်း။ ယခုမူကား ချစ်လှစွာသော အရှင့်မျက်နှာကို မြင်ရတုံသော်လည်း စိတ်ပင်ပန်းခြင်း ဆင်းရဲမပျောက်ဘဲ စိုးရိမ်ခြင်း,ပူဆွေးခြင်းသာလျှင် ဖြစ်ခဲ့၏။ ထိုသို့ အကျွန်ုပ်ဖြစ်ရခြင်းသည် သားသမီးတို့ကိုမမြင်ရ၍ မေးလျှောက်သည်ဖြစ်လျက်၊ မမြွက်မပြန် အရှင်မင်းကြီး နေတော်မူဘိသောကြောင့် ပူဆွေးခြင်းဖြစ်ရ၏"ဟု မြည်တမ်းငိုကြွေးသော်လည်း ဘုရားလောင်းသည် မတုန်မလှုပ်သာလျှင် နေဘိ၏။

ထိုသို့ စကားမပြောမဆိုဘဲ ဘုရားလောင်းနေသည်ရှိသော် မဒ္ဒီဒေဝီသည် လှင်ကန်ဖြင့် ပုတ်ခတ်အပ်သော ကြက်မကဲ့သို့ ပြင်းပြစွာတုန်လှုပ်လျက် မိမိသွားမြဲသောအရပ်သို့ သွား၍၊ တစ်ဖန် လာပြန်သဖြင့် ဤသို့ ငိုကြွေးမေးလျှောက်ပြန်၏။

"အရှင်မင်းကြီး။ ယခု သားငယ်များကို အကျွန်ုပ် မမြင်ရခဲ့တကား။အဘယ်သူသည် ဆောင်ယူလေအပ်သနည်း။ သေလေကုန်သလော။ ကျီး,ဥဩ ငှက်မျှတို့ကိုလည်း ယခု မမြင်ရခဲ့တကား။ သားငယ်,သမီးငယ်တို့သည် သေခဲ့ယောင်တကား"ဟု ငိုကြွေးဖြားသော်လည်း ဘုရားလောင်းသည် တစ်ခွန်းသောစကားကိုမျှ မဆို။ ထိုသို့ မင်းကြီးနေပြန်သဖြင့်၊ မဒ္ဒီဒေဝီသည် ထိုထိုသောအရပ်သို့ သွားလေပြန်၍ လျင်မြန်ခြင်းဖြင့် လှည့်လည် မွေနှောက်လျက် တစ်ညဉ့်ပတ်လုံး ရှာဖွေ၏။ [ထိုတစ်ညဉ့်ပတ်လုံး ၃ ကြိမ်တိုင်အောင် မဒ္ဒီမိဖုရားသွားသော ခရီးကို ချင့်တာသည်ရှိသော် ၁၅ ယူဇနာအတိုင်းအရှည်ခန့် ရှိ၏။]

ထိုညဉ့် မိုးသောက်၍ နေအရုဏ်တက်လတ်သော် မဒ္ဒီဒေဝီသည် ဘုရားလောင်းအထံသို့လာ၍ ပြင်းစွာသော ငိုကြွေးခြင်းဖြင့် ဤသို့ ငိုကြွေး၏။

"အရှင်မင်းကြီး။ အကျွန်ုပ်သည် တောသို့ လည်းကောင်း၊ တောင်ထက်သို့ လည်းကောင်း၊ ကျောက်ဂူ, ကမ်းပါးပြတ်,ချောက်,ထုံးအိုင်,ရေကန်,မြစ်ဆိပ်,သစ်ပင်ရင်းတို့ကို လည်းကောင်း၊ တစ်ညဉ့်ပတ်လုံး လှည့်လည်၍ ရှာပါတုံသော်လည်း သားသမီးတို့ကို မမြင်မတွေ့ဖြစ်ခဲ့၏။ အကျွန်ုပ်သားသမီးများသည် မချွတ်လျှင် သေချေပြီထင်၏"ဟုငိုကြွေး၍၊ ထိပ်ထက် လက်စုံချီလျက်လျှင် ရွှေငှက်ပျောပင်ကို အရင်းကဖြတ်သကဲ့သို့ မတ်တတ်ပင် မိန်းမောမူးဝေ၍ ဘုရားလောင်းခြေရင်း၌ လဲလေ၏။

ထိုအခါ ဘုရားလောင်းသည် 'မဒ္ဒီဒေဝီ သေခဲ့ပြီ'ဟူသောအမှတ်ဖြင့် ပြင်းစွာတုန်လှုပ်လျက်၊ 'ငါ၏ မြောက်သားမဒ္ဒီသည် ငါတို့နေရပ် နေပြည်တော်မဟုတ်ဘဲ လူမရှိသောတောကြီးထဲ၌ သေခဲ့ပြီ။ အကယ်၍ ငါတို့ စေတုတ္တရာရွှေပြည်တော်နေရပ်၌ သေခဲ့သည်ဖြစ်မူ များစွာသောဆွေမျိုးသားချင်း မှူးမတ်အပေါင်းတို့ဖြင့် ခြံရံလျက် စေတတိုင်း, သိဝိတိုင်း၊ ဤတိုင်းကြီး ၂ တိုင်းသည် အုတ်အုတ်ကျက်ကျက် တုန်လှုပ်ခြင်းဖြစ်ရာ၏။ ယခုမူကား တောအရပ်၌ ငါတစ်ယောက်တည်း အသို့ ပြုပါရအံ့နည်း'ဟု ပြင်းပြစွာ ပူဆွေးစိုးရိမ်ခြင်းဖြစ်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ စိတ်ကိုသိမ်းဆည်းလျက် သတိကိုဖြစ်စေ၍ 'မဒ္ဒီသည် စင်စစ်ပင် သေပြီလော'ဟု နေရာမှထပြီးလျှင် မဒ္ဒီဒေဝီ၏ရင်ပေါ်၌ လက်ကိုထား၍၊ ထွက်သက်ဝင်သက် အငွေ့ရှိသေးသောအဖြစ်ကို သိလတ်သော် ရွှေကရားဖြင့် ရေကိုဆောင်ယူ၍ ၇ လပတ်လုံး ကတိကဝတ်ဖြင့် ကိုယ်လက်နှီးနှောခြင်းသို့ မရောက်စဖူးသော်လည်း စိုးရိမ်ခြင်း ပြင်းပြစွာနှိပ်စက်အပ်သဖြင့် ရသေ့ ရဟန်းအဖြစ်ကို မှတ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍၊ ပြည့်သော မျက်ရည်ရှိလျက် လက် ၂ ဘက်ဖြင့် မဒ္ဒီဒေဝီ၏ဦးခေါင်းကို အဖြည်းအသာချီပြီးလျှင် ပေါင်ပေါ်၌ထား၍, ရေဖြင့်ဖျန်းဆွတ်၍ မဒ္ဒီဒေဝီ၏မျက်နှာကို လည်းကောင်း၊ ရင်ကို လည်းကောင်း သုံးသပ်လျက်ရှိတော်မူ၏။

မဒ္ဒီဒေဝီသည် အတန်ငယ်ကြာမှ သတိရလေသော် အရှက်အကြောက်ကိုဖြစ်စေလျက် ထပြီးလျှင် ဘုရားလောင်းကို ရှိခိုး၍

"အရှင့်သား။ အကျွန်ုပ်၏သားသမီးတို့သည် အဘယ်သို့ သွားလေကုန်သနည်း"ဟု မေးလျှောက်၏။ ထိုအခါ ဘုရားလောင်းသည် "မဒ္ဒီမိဖုရား။ ငါသည် သားသမီးတို့ကို အလှူခံရောက်လာသော ပုဏ္ဏားအို တစ်ယောက်အား ကျွန်အလို့ငှာ လှူလိုက်၏"ဟု ပြန်ကြားပေ၏။ ထိုစကားကိုကြားလျှင် မဒ္ဒီဒေဝီသည်

"အရှင့်သား။ အရှင့်သားသည် သားသမီးတို့ကို ပုဏ္ဏားအားလှူပြီးလျှင် အကျွန်ုပ် တစ်ညဉ့်ပတ်လုံး မေးလျှောက်လျက် ငိုကြွေးခြင်းပြင်းစွာ ထိုမှဤမှ လူးလာပြန်ခေါက် သား ၂ ယောက်ကြောင့် ပင်ပန်းစွာသော အကျွန်ုပ်အား အဘယ့်ကြောင့် မကြားမနှုတ် နေတော်မူဘိသနည်း"ဟု ဆို၏။ထိုစကားကို ကြားလျှင် ဘုရားလောင်းသည်

"မဒ္ဒီဒေဝီ။ သင့်အား အစဖွာက ငါ မကြားဘဲနေသည်ကား ငါသို့သောယောကျာ်းစင်လျက် သားသမီးနှင့်ကွေကွင်းရသဖြင့် စိုးရိမ်ခြင်းဆင်းရဲ ဖြစ်တုံသေး၏။ မိန်းမတို့မည်သည် ကိုယ်,စိတ် နူးညံ့သည်ဖြစ်၍ သင့်အားမချုပ်နိုင်သဖြင့် နှလုံးအသည်း ကွဲရာ၏။ ထို့ကြောင့် ငါ မကြားသတည်း။

"မဒ္ဒီဒေဝီ။ ယမန်နေ့နံနက်ကပင်လျှင် ဆင်းရဲငြိုငြင်စွာ ဖုန်းတောင်းယာစကာဖြစ်သော ပုဏ္ဏားသက်ကြီးအို တစ်ယောက်သည် ဤကျောင်းသခ်မ်းသို့ အလှူခံရောက်လာ၏။ ထို ပုဏ္ဏားသက်ကြီးအိုအား သားသမီးတို့ကို ကျွန်အလို့ငှာ လှူလိုက်ပေ၏။ သင် စိုးရိမ်ခြင်းမရှိပါလင့်။ သက်သာရာ ဖြစ်စေလော့။ သားသမီးတို့မျက်နှာကို မရှုတုံလင့်။ ငါ့မျက်နှာကိုသာ ရှုတုံလော့။ ငိုကြွေးခြင်းကို မပြုလင့်။ ထိုပုဏ္ဏားသည် ငါ့တို့သားသမီးကို ဆောင်လေသည်ရှိသော် ငါတို့ခမည်းတော်ကြားသဖြင့် ငါတို့ကို ပြည်သို့ခေါ်လတ္တံ့။ ပြည်သို့ရောက်သောအခါ အနာမရှိ ချမ်းသာစွာ သားသမီး, ကျွန်အခြွေအရံ,ရွှေ, ငွေ, စပါး အစရှိသော သက်ရှိ,သက်မဲ့စည်းစိမ်ဥစ္စာတို့ကို ရပြန်လတ်၍အတူတကွ ငါတို့ နေရအံ့သတည်း။

"မဒ္ဒီဒေဝီ။ သူတော်ကောင်းတို့သည် မြတ်သောဝတ္ထုကို လိုချင်တောင့်တသည်ရှိသော် သားသမီးကို လည်းကောင်း၊ မိမိရင်ကိုခွဲလျက် နှလုံးသည်းပွတ်ကိုပင် သော်လည်းကောင်း ထုတ်ယူ၍ တောင်းလာသော ယာစကာတို့အား ပေးရာ၏။ သင်သည် အလွန်မြတ်လှစွာသော သားသမီးအလှူကို နှစ်သက်ဝမ်းမြောက်လော့"ဟု ဆိုတော်မူ၏။ထိုစကားကိုကြားလျှင် မဒ္ဒီဒေဝီသည်

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ၁၀ လပတ်လုံး ဝမ်းဖြင့်ဆောင်၍ ဖွားမြောက်လတ်သော် နေ့တိုင်း ၃ ကြိမ် ၃ ကြိမ် ရေချိုးပြီးလျှင် နံ့သာပျောင်းလိမ်းဆင်လျက် နို့ရည်ဖြင့် ရင်ခွင်ပေါ်၌ မွေးကျွေးသုတ်သင်ခြင်းဖြင့် ကြီးစေအပ်သော သားသမီးတို့ကို အရှင်မင်းကြီးသည် ဝန်တိုခြင်းဖြင့် နှိပ်စက်တတ်သောပုဏ္ဏားအား လှူခြင်းကို ဝမ်းမြောက်ပါ၏။ လှူတော်မူပြီးသော အရှင်မင်းကြီးသည် တွန့်တိုခြင်းမရှိ စိတ်ကို ကြည်စေတော်မူပါလော့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်အလွန်လည်း အဖန်တလဲလဲ အလှူပေးရသည် ဖြစ်ပါစေသတည်း"ဟု အနုမောဒနာပြု၏။ ထိုစကားကို ကြားလျှင် ဘုရားလောင်းသည်

"မဒ္ဒီဒေဝီ။ သင် အဘယ့်ကြောင့် 'စိတ်ကို ကြည်စေပါလော့'ဟု ဆိုဘိသနည်း။ အကယ်၍ ငါသည် သားသမီးကိုလှူ၍ စိတ်ကိုကြည်စိမ့်သောဟာ မတတ်နိုင်သည် ဖြစ်အံ့။ ငါ့အား ဤသို့သော အံ့ဖွယ်သရဲတို့သည် မဖြစ်ကုန်ရာ"ဟု အလုံးစုံမြေတုန်လှုပ်ခြင်း, ပဲ့တင်ထပ်ခြင်း အစရှိသော အံ့ဖွယ်သရဲတို့ကိုချဲ့ဖွင့်၍၊

"လှူသောအခါ ဖြစ်သည့်အတိုင်း ငါ့စိတ်နှလုံးသည် ရွှင်ပြုံးစွာရှိ၏"ဟု မဒ္ဒီမိဖုရားအား ပြန်ကြားပေ၏။

ထိုအခါ မဒ္ဒီမိဖုရားသည် အံ့ဖွယ်သရဲကို ချီးမွမ်းလျက် ထိုအလှူကို အနုမောဒနာပြုလို၍ ဤသို့ဆို၏။

"အရှင်မင်းကြီးအား ဤမြေကြီးသည်လည်း ပဲ့တင်ထပ်မျှ ဖြစ်၏။ အရှင်မင်းကြီး ကျေးဇူးသတင်း ကျော်စောခြင်းသည်လည်း အထက်နတ်ပြည်တိုင်အောင် နှံ့၍တက်၏။ ထက်ဝန်းကျင်သော အရပ်မျက်နှာမှလည်း မိုးအခါမဟုတ်ဘဲ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏။ တောင်ပြိုသောအသံ, ကမ်းပါးပြတ်၍ ချောက်သို့ကျသောအသံ ကဲ့သို့လည်း တစ်တောလုံး ထင်ကုန်၏။ နာရဒနတ်, ပဗ္ဗတနတ်, ဣန္ဒနတ်, သောမနတ်, ယာမနတ်, ဝေဿဝဏ်နတ်၊ ဤနတ်မင်းတို့သည်လည်း မိမိတို့ဗိမာန်တံခါးဝ၌ ရပ်ကုန်လျက် 'ဝေဿန္တရာမင်းကြီးသည် မြတ်သောအလှူကို လှူသတတ်'ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကုန်၏။ သိကြားအမှူးရှိသော တာဝတိံသာ နတ်တို့သည် လည်းကောင်း၊ ဗြဟ္မာတို့သည်လည်းကောင်း ဝမ်းမြောက်ဝမ်းသာ သာဓုကောင်းချီးပေးကြကုန်၏။ အရှင်မင်းကြီးဆိုတိုင်း အမှန်ပင်တည်း"ဟု မဒ္ဒီမိဖုရားသည် မင်းကြီးစကားအတိုင်း ပြန်၍ ချီးမွမ်းလျက်နေ၏။

## ၁၀။ သက္က ပဗ္ဗခန်း[၁၀၃]

ဤသို့ မင်း ၂ ပါးတို့သည် အချင်းချင်း သမ္မောဒနီယ ကထာ[၁၀၄]ကို ပြောဆိုလျက် နေကြကုန်လတ်သော် သိကြားမင်းသည် ဤသို့ ကြံ၏။

'မင်းကြီးဝေဿန္တရာသည် ယမန်နေ့က ဇူဇကာပုဏ္ဏားအား မြေကြီးကို ပဲ့တင်ထပ်စေလျက် သားသမီးတို့ကို လှူလိုက်၏။ ယခုတစ်ဖန် အမျိုးယုတ်သောယောကျ်ားတစ်ပါးတို့သည် မင်းကြီးသို့ကပ်၍ မိန်းမကောင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော မဒ္ဒီမိဖုရားကိုတောင်းလာလျှင်မူ ပေးပြန်ရာ၏။ မဒ္ဒီမိဖုရားကို ပေးလှူသဖြင့်လည်း မင်းကြီးအား လုပ်ကျွေးပြုစုမည့်သူ မရှိ၊ တစ်ယောက်ထီးတည်း တောကြီးထဲ၌ ကိုးကွယ်ရာမရ ဆင်းရဲပင်ပန်းခြင်း ဖြစ်လေအံ့။ ထို့ကြောင့် ငါသည် ပုဏ္ဏား၏အသွင်ဖြင့် မင်းကြီးသို့ကပ်ပြီးလျှင် မဒ္ဒီမိဖုရားကိုတောင်း၍ မင်းကြီးအား သဗ္ဗညုတပါရမီအထွတ်သို့ ရောက်စေပြီးမှ တစ်စုံတစ်ယောက်သောသူအား မပေးမစွန့်စေရအောင်ပြု၍၊ တစ်ဖန် မဒ္ဒီမိဖုရားကို မင်းကြီးအား ပေးခဲ့အံ့'ဟု ကြံပြီးသော်၊ ထိုနေ့နံနက် အရုဏ်တက်သောအခါ သိကြားမင်းသည် ပုဏ္ဏား၏အသွင်ဖြင့် မင်း ၂ ပါးတို့ထံ ရှေးရှုလာလတ်၍ ရှေ့၌ရပ်လျက် ဤသို့ ပဋိသန္ထာရ သာရဏီယ[၁၀၅]စကားဖြင့် ပြောဟောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိဝိရာဇ်မင်းကြီး။ အသို့နည်း။ မင်းကြီးအား အနာဆင်းရဲ ကင်းပါ၏လော။ သစ်သီးသစ်မြစ် မျှလောက်ပါ၏လော။ သစ်သီးသစ်မြစ်တို့ကို ရလွယ်ပါ၏လော။ မှက်,ခြင်,ကင်း, သန်း နည်းပါးပါ၏လော။ သားရဲတို့ဖြင့်ပြွမ်းသော ဤတောအရပ်၌ ဘေးအန္တရာယ်မရှိ ငြိမ်းချမ်းပါ၏လော"ဟုဆို၏။

ဘုရားလောင်းသည်

"ပုဏ္ဏားမြတ်။ ငါ့အား ဆင်းရဲမရှိ၊ သစ်သီးသစ်မြစ်တို့ဖြင့် မျှလောက်၏။ သစ်သီးသစ်မြစ်တို့ကိုလည်း ရလွယ်၏။ မှက်,ခြင်,ကင်း,သန်းတို့သည်လည်း နည်းပါး၏။သားရဲတို့ဖြင့်ပြွမ်းသော ဤတောအရပ်၌ ဘေးအန္တရာယ်မရှိ။ ပုဏ္ဏားမြတ်။ဤတောအရပ်၌ မပြတ်စိုးရိမ်ကြောင့်ကြခြင်းနှင့် ၇ လပတ်လုံး နေရသော ငါတို့အား နတ်၏အဆင်းနှင့်တူသော အဆင်းရှိသဖြင့် ဝါးရင်းတောင်ဝေးကိုကိုင်လျက် ခွာနှင့်တကွသော သစ်နက်ရေကိုခြုံ၍ ၂ ယောက်မြောက်ဖြစ်သော သင်ပုဏ္ဏားကို ငါ မြင်ရပြန်၏။ သင်ပုဏ္ဏားမြတ်အား ကောင်းသောလာခြင်း ဖြစ်စေသတည်း။သင့်အား အပြစ်မရှိသောလာခြင်းသည် ဖြစ်စေသတည်း။

"ပုဏ္ဏားမြတ်။ သင်သည် ကျောင်းတွင်းသို့ဝင်၍ ခြေဆေးလော့။တည်သီး, လွန်သီး, သစ်မည် စည်သီး, သရက်ဖြူသီးတို့သည်လည်း ပျားမွဲအရသာနှင့်တူသော အရသာ ရှိကုန်၏။မြိန်နိုးရာရာကိုသာ သုံးဆောင်လော့။ တောင်,မြောင်,ချောက်ကြားတို့မှ ဆောင်ယူခဲ့သော ဤရေသည်လည်း အလွန်ချမ်းအေးကြည်၏။ သင် သောက်,ချိုးသုံးဆောင်လိုတိုင်း သုံးဆောင်လော့"ဟု ပဋိသန္ထာရစကားဖြင့် ပြောဟောပြီးလျှင် ဤသို့မေးမြန်း၏။

"ပုဏ္ဏားမြတ်။ သင်သည် ဤတောအရပ်သို့ အဘယ်အကြောင်းကြောင့် လာသနည်း။ ငါ့အား အကြောင်းကြားလော့"ဟု ဆိုတော်မူ၏။ထိုအခါ သိကြားမင်းပုဏ္ဏားသည်

"အရှင်မင်းကြီး။ ရေဖြင့်ပြည့်သောမြစ်သည် အခါခပ်သိမ်း မခန်းကုန်သကဲ့သို့ အရှင်မင်းကြီးသည်လည်း အလှူပေးခြင်း၌ မွေ့လျော်သည်ဖြစ်၏။ ထို့ကြောင့် အလှူခံအံ့သောငှာ ရောက်လာ၏။ အလှူခံအံ့သောငှာ ရောက်လာသော အကျွန်ုပ်အား သင်၏မယားဖြစ်သော မဒ္ဒီဒေဝီကို လှူတော်မူပါလော့"ဟုဆို၏။ ဤသို့ အလှူခံအပ်သည်ရှိသော် ဘုရားအလောင်းသည် 'ယမန်နေ့၌ ငါသည် တစ်ယောက်သောပုဏ္ဏားအား သားသမီး ၂ ယောက်တို့ကို လှူအပ်ပြီ။ ယခုလည်း မဒ္ဒီမိဖုရားကို လှူအံ့'ဟု ကြံလျက်၊ 'တောကြီးထဲ၌ ငါတစ်ယောက် တည်းသာ ဖြစ်၍၊ အသို့လျှင် မဒ္ဒီမိဖုရားကို လှူအံ့နည်း'ဟု မဆိုဘဲလျက်လျှင် လက်ဝါးပြင်၌ အသပြာ ၁၀၀၀ ထုပ်ကို ထားဘိသကဲ့သို့ ငြိတွယ်ခြင်း, တပ်ခြင်း, တွန့်တိုခြင်းမရှိ ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် တောတောင်အလုံးကို ပဲ့တင်ထပ်စေလျက် မဒ္ဒီမိဖုရား၏လက်ကိုကိုင်၍၊ 'ငါသည် ယမန်နေ့၌ သားသမီးကို လှူပြီ။ ယခုလည်း ဤ မဒ္ဒီမိဖုရားကို လှူ၏။ ထိုသို့လှူခြင်းသည် သားမယားတို့၌ မချစ်မခင်သောကြောင့် လှူသည် မဟုတ်။ သားမယားကို ချစ်ခင်သည်ထက် အဆအရာ, အဆအထောင်သာ၍ သဗ္ဗညုတဉာဏ်ကို ချစ်ခင်သောကြောင့် လှူသတည်း'ဟု ကြံ၍–'ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏ ပ္ပဋိဝေဓဿ ပစ္စယော ဟောတု'ဟူ၍ ပတ္ထနာပြုလျက် ဆုတောင်း၏။

ရေကရားဖြင့် ရေစက်သွန်းချသော ခဏ၌ပင်လျှင် အောက်၌ဆိုခဲ့ပြီးသော်နည်းဖြင့် မြေတုန်လှုပ်ခြင်း အစရှိသော အံ့ဖွယ်သရဲတို့သည် ဖြစ်ကုန်၏။ [ဤကား ၆ ကြိမ်မြောက်သော မြေလှုပ်ခြင်းတည်း။]

မဒ္ဒီမိဖုရားသည်လည်း 'ငါ့ကို မင်းကြီး လှူလေသည်'ဟု နှလုံးမသာခြင်း မရှိ။ မျက်ရည်မျှမထွက်။ မျက်မှောင်ကြုတ်ခြင်း, မျက်နှာသမ်းညှိုးခြင်းမျှ မရှိ။

'ကြန်အင်လက္ခဏာ အဆင်းအရွယ်တို့ဖြင့်တင့်တယ်စွာ လင်၏အလိုသို့လိုက်တတ်သော ငါသို့သော မိန်းမကိုလျက် မင်းကြီး မုန်းတော်မူသည် မဟုတ်ရာ။ ငါ့ကို ချစ်ခင်သောထက်လွန်၍ ချစ်မြတ်နိုးအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆုကို လိုသောကြောင့်သာ မင်းကြီး လှူတော်မူသည်ဖြစ်ရာ၏။ ထိုမင်းကြီး လိုအပ်သောဆုသည် ပြည့်စုံစေသတည်း'ဟု ဆိတ်ဆိတ်နေလျက်သာလျှင် ကြာပဒုမ္မာပွင့်နှင့်တူသော မင်းကြီး၏ရွှေမျက်နှာတော်ကို ရှုကြည့်၍နေ၏။ ထိုအခါ ဘုရားလောင်းသည် 'မဒ္ဒီဒေဝီ အသို့ရှိလေသနည်း'ဟု မိဖုရား၏မျက်နှာကို ကြည့်၏။ မဒ္ဒီမိဖုရားသည် မင်းကြီးကြည့်လတ်သော် ""အရှင်မင်းကြီး။ အကျွန်ုပ်ကို အဘယ့်ကြောင့် ကြည့်တော်မူသနည်း"ဟု ဆိုပြီးလျှင်–

'ကော မာရိကာဟံ ဘရိယာ၊ သာမိကော မမ ဣဿရော။

ယဿိစ္ဆေ တဿ မံ ဒဇ္ဇာ၊ ဝိက္ကိဏေယျ ဟနေယျ ဝါ။ ။'ဟူသောဂါထာဖြင့် မိန်းမသာမညတို့ မဆိုဝံ့သော ခြင်္သေ့ကဲ့သို့ ရွှံရှာတွန့်တိုခြင်းကင်းသော စကားကို ဆို၏။ အနက်ကား

မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ ကောမာရိကာ။ ငယ်သောအခါမှဖြစ်သော။ ဘရိယာ၊ သင်မင်းကြီး၏။ မယားတည်း။ တွံ၊ သင်မင်းကြီးသည်။ မမ၊ အကျွန်ုပ်ကို ။ ဣဿရော၊ အစိုးရသော။ သာမိကော၊ လင်တည်း။ ယဿ၊ အကြင်သူအား။ ဣစ္ဆေ၊ ပေးလိုကြားအံ့။ တဿ၊ ထိုသူအား။ မံ၊ အကျွန်ုပ်ကို။ ဒဇ္ဇာ၊ ပေးပိုင်ရာ၏။ဝိက္ကိဏေယျဝါ၊ ရောင်းမူလည်း ရောင်းပိုင်၏။ ဟနေယျဝါ၊ သတ်မူလည်း သတ်ပိုင်၏။ အဓိပ္ပာယ်ကား–

"အရှင်မင်းကြီး။ အကျွန်ုပ်သည် ၁၆ နှစ်အရွယ်ကပင်လျှင် မိဘတို့ဆောင်နှင်းအပ်သော အရှင်မင်းကြီး၏ ငယ်မယားတည်း။ အရှင်မင်းကြီးသည် အကျွန်ုပ်၏ ငယ်လင်တည်း။ ထိုသို့ ငယ်လင်, ငယ်မယားဖြစ်သောကြောင့် အကျွန်ုပ်ကို အရှင်မင်းကြီး အစိုးရတော်မူပေ၏။ အစိုးရသောသူမည်သည်လည်း တစ်စုံတစ်ယောက်သောသူအား ပေးလိုလည်း ပေးရာ၏။ ဥစ္စာကိုအလိုရှိမူကား ရောင်းမူလည်း ရောင်းစားရာ၏။ အသား,အသွေး,ခြေလက်, မျက်စိကို အလိုရှိသည် ဟူတုံအံ့။သတ်မူလည်း သတ်တော်မူရာ၏။ အရှင်မင်းကြီးအလိုရှိတိုင်း အကျွန်ုပ်ကို ပြုလော့။ အကျွန်ုပ်သည် တစိုးတစိမျှ အရှင်မင်းကြီးအား အမျက်ထွက်ခြင်း မရှိပါ"ဟု ဆို၏။

သိကြားမင်းသည် မဒ္ဒီမိဖုရား၏ မြတ်သောအလိုကိုသိ၍ မင်းကြီးဝေဿန္တရာအား–

'တသ္မာ သတဉ္စ အသတံ၊ နာနာဟောတိ ဣတော ဂတိ။

အသန္တော နိရယံ ယန္တိ၊ သန္တော သဂ္ဂပရာယနာ။ ။' ဟူသောဂါထာဖြင့်ဆို၏။ အနက်ကား–

တသ္မာ၊ထို့ကြောင့်။သတဉ္စ၊ သူတော်ကောင်းတို့၏ လည်းကောင်း။ အသတဉ္စ၊ မသူတော်တို့၏ လည်းကောင်း။ ဣတော၊ ဤလူ့ပြည်မှ။ ဂတိ ၊ သွားရာသည်။ နာနာ၊ ထူးသည်။ ဟောတိ၊ ဖြစ်၏။ အသန္တော၊ မသူတော်တို့သည်။ နိရယံ၊ ငရဲသို့။ ယန္တိ၊ သွားရကုန်၏။ သန္တော၊ သူတော်ကောင်းတို့သည်။ သဂ္ဂပရာယနာ၊ နတ်ပြည်သို့ သွားရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဓိပ္ပာယ်ကား–

"မင်းကြီး။ သင်သည် နတ်ပြည်၌ စည်းစိမ်ကိုမှီ၍ ဝန်တိုပိတ်ပင် စဉ်းလဲခြင်း တည်းဟူသော ရန်သူ, ဤသို့ပြည်၌ဖြစ်သော စည်းစိမ်ဥစ္စာကိုမှီ၍ဖြစ်လေသော ဝန်တိုပိတ်ပင် စဉ်းလဲခြင်းတည်းဟူသော ရန်သူ ဤအလုံးစုံသော မစ္ဆရိယ[၁၆]ရန်သူကြီးတို့ကို အောင်မြင်အပ်ပြီ။ သင်မင်းကြီးသည် သား,မယားတို့ကို လှူသော ခဏ၌ ရေလျှဉ်အဆုံးရှိသော ဤမြေကြီးကို ပဲ့တင်ထပ်မျှ တုန်လှုပ်စေပြီ။ သင်၏ကျေးဇူးသတင်း ကျော်စောခြင်းသည် နတ်ပြည်အလုံး နှံ့၍တက်ပြီ။ အရပ်ထက်ဝန်းကျင်မှ လျှပ်စစ်နွယ်တို့သည် အခါမဲ့ ပြိုးပြိုးပြက် ထွက်လတ်ကုန်ပြီ။ တောင်ကမ်းပါး ပြိုကွဲသောအသံကဲ့သို့လည်း ထင်ကုန်ပြီ။ နာရဒနတ်, ပဗ္ဗတနတ်, ဣန္ဒနတ်, သောမနတ်, ယာမနတ်, ဝေဿဝဏ်နတ်, သိကြား, ဗြဟ္မာတို့သည်လည်း မိမိတို့ဗိမာန်ဝ၌ နေကုန်သဖြင့် 'မင်းကြီးဝေဿန္တရာသည် တော၌ တစ်ယောက်တည်းမျှဖြစ်လျက်လျှင် အလုပ်အကျွေးမယားကို ပုဏ္ဏားအားပေး၍



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးတို့ ပြုနိုင်ခဲသောအမှုကို ပြု၏'ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြကုန်ပြီ။ ဝန်တိုပိတ်ပင် စဉ်းလဲခြင်းဖြင့်နှိပ်စက်အပ်သော မသူတော်တို့သည် အလှူပေးခြင်း အစရှိသော သူတော်ကောင်းတို့ ထုံးတမ်းအစဉ်ကို သိတုံသော်လည်း မစွန့်ရက်နိုင်ကုန်။ အကြင်ကြောင့် သူတော်ကောင်းတို့၏ အလှူပေးခြင်း အစရှိသောတရားကို မသူတော်တို့သည် သိနိုင်,ယူနိုင် ခဲကုန်၏။

"ထိုသို့ တရားကိုမယူနိုင်သော မသူတော်တို့သည်လည်း ရှိသောကြောင့် ဤလောက၌ သတ္တဝါတို့၏ လားရာဂတိသည် နိရယဂတိ[၁၁၇], သဂ္ဂဂတိ[၁၁၈]ဟူ၍ ၂ သွယ် ၂ ကြောင်း ဖြစ်ကုန်၏။ ထို ဂတိ ၂ ပါးတို့တွင် ဝန်တိုပိတ်ပင် စဉ်းလဲခြင်းအစရှိသော အကုသိုလ်ဒုစရိုက်[၁၁၉]နှင့်ပြည့်စုံသော မသူတော်တို့သည် နိရယဂတိဟု ဆိုအပ်သောငရဲသို့ လားရကုန်၏။ အလှူပေးခြင်းအစရှိသော ကုသိုလ်သုစရိုက်[၁၂၀]နှင့်ပြည့်စုံသော သူတော်ကောင်းတို့သည် သဂ္ဂဂတိ ဟုဆိုအပ်သော နတ်ပြည်သို့ လားရကုန်၏။

"ဤအရပ်၌နေသော မင်းကြီးသည် သဗ္ဗညုတဉာဏ်ကို ရလိုသောကြောင့် သားသမီးကို လည်းကောင်း၊ မယားကို လည်းကောင်း လှူ၏။ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်ဟု ဆိုအပ်သော ဒါနကုသိုလ်၌ ဒွါရအားဖြင့် ၃ ပါးသောကျင့်ဝတ်တို့သည် မြတ်သောအရိယာမဂ်၏ အကြောင်းမြတ်ဖြစ်သောယာဉ် မည်၏။ သင်မင်းကြီးအား ဤ ဒါနသုစရိုက် ဟုဆိုအပ်သော ယာဉ်မြတ်သည် ယခု အပြီးသို့ရောက်ပြီ။ ထို ဒါနသုစရိုက် တည်းဟူသော ယာဉ်ထက်၌ တက်စီးလျက် အပါယ် ၄ ပါးသို့ မသက်ရပြီ။ တာဝတိံသာနတ်ပြည်သို့ ယာဉ်ဖြင့်တက်၍ တာဝတိံသာနတ်တို့၏စည်းစိမ်ချမ်းသာကို လူတို့၏အရေအတွက်အားဖြင့် အနှစ် ၅၇ ကုဋေ ၆ သန်း ကာလပတ်လုံး စံစားပြီးသော် လူ့ပြည်၌ဖြစ်လာ၍ သဗ္ဗညုတဉာဏ်ကို ဤဒါန ကုသိုလ်သည် သင့်အား ပေးစေသတည်း"ဟု သိကြားမင်း ပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးအား အနုမောဒနာပြု၏။

ထိုသို့ အလှူကို အနုမောဒနာပြုပြီးသော်၊ သိကြားမင်းသည် 'ယခု ငါသည် ဤအရပ်၌ ကြာမြင့်စွာ မနေမူ၍ မင်းကြီးအား မဒ္ဒီဒေဝီကိုပေးအပ်ခဲ့ပြီးလျှင် နတ်ပြည်သို့ သွားအံ့'ဟု ကြံလျက်–

'ဒဒါမိ ဘောတော ဘရိယံ၊ မဒ္ဒိံ သဗ္ဗင်္ဂသောဘနံ။

တွဉ္စေဝ မဒ္ဒိယာ ဆန္နော၊ မဒ္ဒီစ ပတိနာ သဟ။ ။'အစရှိသောဂါထာဖြင့် ဘုရားလောင်းအား ပေး၏။ အနက်ကား–

မဟာရာဇ၊ မင်းကြီး။ ဘောတော၊ သင်မင်းကြီးအား။ သဗ္ဗင်္ဂသောဘနံ၊ ခပ်သိမ်းသော အင်္ဂါတို့ဖြင့် တင့်တယ်သော။ ဘရိယံ၊ မယားဖြစ်သော။ မဒ္ဒိံ၊ မဒ္ဒီမိဖုရားကို။ အဟံ၊ ငါသည်။ ဒဒါမိ၊ ပြန်ပေး၏။ တွဉ္စေဝ၊ သင်မင်းကြီးသည်လည်း။ မဒ္ဒိယာ၊ မဒ္ဒီဒေဝီနှင့်။ သဟ၊ တကွ။ ဆန္နော၊ထိုက်၏။ မဒ္ဒီစ၊ မဒ္ဒီဒေဝီသည်လည်း။ ပတိနာ၊ လင်ဖြစ်သော သင်မင်းကြီးနှင့်။ သဟ–တကွ။ ဆန္နာ၊ထိုက်၏။ အဓိပ္ပာယ်ကား–

"မင်းကြီး ငါသည် လုံးရပ်သဏ္ဌာန်ကြွန်အင်လက္ခဏာနှင့်ပြည့်စုံစွာသော သင်၏ မယားဖြစ်သော ဤမဒ္ဒီဒေဝီကို သင့်အား ပြန်၍ ငါပေး၏။ ဤမဒ္ဒီဒေဝီသည် အမျိုးအားဖြင့် လည်းကောင်း၊ အဆင်းအားဖြင့် လည်းကောင်း၊ အကျင့်အားဖြင့် လည်းကောင်း မြတ်၏။ သင်တုံသည်လည်း အမျိုးအားဖြင့် လည်းကောင်း၊ အဆင်းအားဖြင့် လည်းကောင်း၊ အကျင့်အားဖြင့်လည်းကောင်း မြတ်၏။ အမျိုးသာ မြတ်တုံသော်လည်း အဆင်းမလှ စာရိတ္တ[၁၂၁]မရှိသော ယောကျ်ား, အဆင်းအရွယ်ရှိတုံသော်လည်း အမျိုးညံ့ယုတ် စက်ဆုပ်ဖွယ် အဆင်းရှိသော ယောကျ်ား, အမျိုးအရွယ်ရှိ တုံသော်လည်း အမျိုးအကျင့်မရှိသော ယောကျ်ား အကျင့်ရှိတုံ သော်လည်း အကျင့်မရှိသော ယောကျ်ား၊ ထို ၃ ပါးသောအင်္ဂါနှင့် မစုံညီသောယောကျ်ားတို့သည် ဤမဒ္ဒီဒေဝီ၏ အပါး၌ ယှဉ်ပါခြင်းငှာ မထိုက်ကုန်။ သင်မင်းကြီးကိုလည်း အမျိုး,အဆင်း,အရွယ်, အကျင့်မရှိ တစ်စုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါချို့တဲ့သောမိန်းမတို့သည် အနီး၌လုပ်ကျွေးခြင်းငှာ မထိုက်ကုန်။ နွားနို့နှင့် ခရုသင်းပွတ်သစ်သည် တူမျှသောအဆင်း ရှိသကဲ့သို့ သင်မင်းကြီးနှင့် မဒ္ဒီဒေဝီသည် တူမျှသောစိတ် ရှိကြကုန်၏။

"အလုံးစုံသောအရာတို့၌ နှမသည် မောင်အား၊ မောင်သည် နှမအား ရက်ကြောက်ခြင်းဖြစ်သကဲ့သို့လည်းကောင်း၊ ဝတ်နှင့်ပြည့်စုံသော တပည့်သည် ဆရာအား၊ ဝတ်နှင့်ပြည့်စုံသော ဆရာသည် တပည့်အား ရှိသေခြင်းရှိသော အရာကဲ့သို့လည်းကောင်း၊ ဝတ်နှင့်ပြည့်စုံသော သားသမီးတို့သည် မိဘအား၊ ဝတ်နှင့်ပြည့်စုံသောမိဘတို့သည် သားသမီးအား ချစ်ခင်မြတ်နိုးသကဲ့သို့လည်းကောင်း ရက်ကြောက်၊ ရှိသေ၊ ချစ်ခင်မြတ်နိုးခြင်း တူမျှလျက် ဖြူစင်သောသဘော ရှိကြကုန်သည်ဖြစ်၍၊ ၂ ကိုယ် ၂ စိတ် ဖြစ်ကုန်သော်လည်း ဂင်္ဂါမြစ်ရေနှင့် ယမုန်နာမြစ်ရေသည် တစ်ပေါင်းတည်း ရောယှက်၍စီးသကဲ့သို့ တစ်ယောက်အလိုကို တစ်ယောက်လိုက်လျက် တူမျှသောစိတ် ရှိကြကုန်သဖြင့် မိမျိုးဘမျိုးမှမကွဲမပြား ငယ်မယား၊ ငယ်လင်ဖြစ်သဖြင့် စေတုတ္တရာပြည်၌လည်း အကြိမ်ကြိမ်အထပ်ထပ် အတူတကွ အလှူကြီးပေးကြကုန်ပြီ။ ပြည်မှနှင်ထုတ်၍ ဤတောအရပ်၌ နေရတုံသော်လည်း သားမယားကိုလှူခြင်း စသော အလှူကြီးကို ပေးကြရကုန်ပြီ။ နောက်ကိုလည်း သင်တို့ မင်း ၂ ပါး အတူမကွာ အသက်ထက်ဆုံး ရှေးထက်အလွန် အလှူကြီးကို အကြိမ်ကြိမ်အထပ်ထပ် ပေးကြလျက် သဗ္ဗညုတဉာဏ်၏အဆောက်အဦဖြစ်သော ကုသိုလ်တို့ကို ပြုရစ်လော့"ဟုဆို၏။

ဤသို့ ဘုရားလောင်းအား မဒ္ဒီဒေဝီမိဖုရားကို အပ်နှင်းပြီး၍ သိကြားမင်းသည် မိမိသိကြားအဖြစ်ကို ပြလျက် ဘုရားလောင်းအား ဆုပေးအံ့သောငှာ–

'သက္ကော ဟမသ္မိ ဒေဝိန္ဒော၊ အာဂတော သ္မိ ဝတန္တိကေ။

ဝရံ ဝရဿု ရာဇိသိ၊ ဝရေ အဋ္ဌ ဒဒါမိ တေ။ ။'ဟူသောဂါထာကို ဆိုစဥ်ပင်လျှင် နတ်၏ ကိုယ်အဖြစ်ဖြင့် ထွန်းတောက်ပသော နေလုလင်ကဲ့သို့ ကောင်းကင်ပြင်၌ တင့်တယ်စွာတည်၏။ အနက်ကား–

ရာဇိသိ၊ ရသေ့မင်းမြတ်။ အဟံ၊ ငါကား။ ဒေဝိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားသည်။ အသ္မိ၊ ဖြစ်၏။ တဝန္တိကေ၊ သင်မင်းကြီးအထံသို့။ အာဂတော၊ လာသည်။ အသ္မိ၊ ဖြစ်၏။ တွံ၊ သင်မင်းကြီးသည်။ ဝရံ၊ ဆုကို။ ဝရဿု၊ ယူတော်မူလော့။ အဋ္ဌဝရေ၊ ၈ ပါးသောဆုတို့ကို။ တေ၊ သင်မင်းကြီးအား။ ဒဒါမိ၊ ငါပေး၏။ ထိုဂါထာ၏အဓိပ္ပာယ်သော်ကား–

"မင်းမြတ်။ ငါကား နတ်တကာတို့ကိုအစိုးရသော သိကြားမင်း ဖြစ်၏။ မင်းကြီးအား ၈ပါးသောဆုကို ငါပေး၏။ ယူတော်မူလော့"ဟု ကောင်းကင်ပြင်၌တည်လျက် ဆို၏။

ထိုသို့ ကောင်းကင်ပြင်၌ တင့်တယ်စွာသော အသရေဖြင့်နေလျက် ဆုပေးသော သိကြားမင်းစကားကို ကြားလျှင် ဘုရားလောင်းသည် ဤသို့ ဆု ၈ ပါးကို တောင်း၏။

"နတ်တကာတို့ကိုအစိုးရသော သိကြားမင်း။ သင်သည် ဆု ၈ ပါးကို ငါ့အား အကယ်၍ပေးတုံအံ့။ ငါတောင်းအံ့။

"ငါ၏ ခမည်းတော်သည် ငါ့အား အမျက်ပြေသဖြင့် ပြည်သို့ခေါ်တော်မူ၍ ရှေးကကဲ့သို့လျှင် မင်းအဖြစ်ကို ဆောင်နှင်းပေးအပ်တော် မူစေသတည်း။ဤကား ရှေးဦးစွာသော ဆုတည်း။

"မင်းအဖြစ်သို့ရောက်ပြီးသော ငါသည် မကောင်းသောအမှုအကျင့်ရှိ၍ မင်းပြစ်မင်းဒဏ်သင့်လျက် အခွင့်နှင့်လျော်စွာ သတ်အပ်သောသူကိုပင်သော်လည်း သတ်ဖြတ်ချင်သောစိတ် မရှိသည် ဖြစ်စေသတည်း။ ဤကား ၂ ကြိမ်မြောက်သော ဆုတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးငယ်ငယ် ခပ်သိမ်းကုန်သောသူတို့သည် ငါ့ကိုသာလျှင်မှီ၍ အသက်မွေးကြသည် ဖြစ်စေသတည်း။ ဤကား ၃ ကြိမ်မြောက်သော ဆုတည်း။

"သူတစ်ပါးတို့၏မယားကို တပ်သောစိတ်ဖြင့်မျှ မကြည့်လို။ ကိုယ်ပိုင်သော မယား၌သာလျှင် ရောင့်ရဲခြင်း၊ မိန်းမတို့၏အလိုသို့ မလိုက်ခြင်းသည် ဖြစ်စေသတည်း။ ဤကား ၄ ကြိမ်မြောက်သော ဆုတည်း။

"ငါနှင့်စပ်၍ ဖြစ်ကုန်သော သား,သမီး, မယား, ဆွေမျိုးတို့သည် အနာမရှိ အသက်ရှည်ကြကုန်လျက် တရားသဖြင့် ရန်သူတို့ကိုအောင်၍ မင်းစည်းစိမ်၌ စံပျော်ရစေသတည်း။ ဤကား ၅ ကြိမ်မြောက်သော ဆုတည်း။

"နေ့တိုင်းနေ့တိုင်း ညဉ့်မိုးသောက်၍ နေအရုဏ်တက်လတ်သော် ထမင်း, အဖျော် အစရှိကုန်သော ခပ်သိမ်းသောအသုံးအဆောင်တို့သည် ရှေ့သို့ ရောက်လာစေသတည်း။ ဤကား ၆ ကြိမ်မြောက်သော ဆုတည်း။

"ဥစ္စာစည်းစိမ်တို့သည် အလှူပေးကုန်သော်လည်း မကုန်နိုင်ဘဲ တလဲလဲလျှင်ဖြစ်လာ၍ သဒ္ဓါကြည်ညိုစွာ စေတနာ ၃ တန်ပြတ်လျက် လွတ်လွတ်ပေးကမ်း စွန့်ကြဲလှူဒါန်းပြီး၍၊ ထိုအလှူကိုသာလျှင် ဝမ်းမြောက်ဝမ်းသာ အောက်မေ့မိစေသတည်း။ ဤကား ၇ ကြိမ်မြောက်သော ဆုတည်း။

"ဤကိုယ်အဖြစ်မှ စုတေခဲ့သည်ရှိသော် တုသိတာနတ်ပြည်၌ဖြစ်၍ ထိုနတ်ပြည်မှ လူ့ပြည်၌ တစ်ကြိမ်သာလျှင် ပဋိသန္ဓေနေရပြီးသော် သဗ္ဗညုတဉာဏ်ကိုရပါစေသတည်း။ ဤကား ၈ ကြိမ်မြောက်သော ဆုတည်း။ ဤသို့သော ဆု ၈ ပါးကို ဘုရားလောင်းသည် တောင်း၏။ထိုစကားကို ကြားလျှင် သိကြားမင်းသည်

"ဝေဿန္တရာမင်းကြီး။ သင်၏ ခမည်းတော်မင်းကြီးသည် မကြာမြင့်မီပင်လျှင် သင့်ကို ဖူးမြင်လိုပါသည်ဟု ဤအရပ်သို့လာ၍ သင့်အား ထီးနန်းကိုအပ်နှင်းပြီးလျှင် စေတုတ္တရာပြည်သို့ ဆောင်လတ္တံ့။ ခပ်သိမ်းသော သင်၏နှလုံးအလိုသည် အပြီးသို့ရောက်လတ္တံ့။ မစိုးရိမ်လင့်။ မမေ့မလျော့ လုံ့လပြုလော့"ဟုဆို၍ သိကြားမင်းသည် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ သွားလေ၏။

ဘုရားလောင်းနှင့် မဒ္ဒီဒေဝီ ဤ မင်း ၂ ပါးတို့သည် အညီအညွတ် နှစ်လိုဝမ်းမြောက်စွာ သိကြားပေးသော ကျောင်း၌ နေကြကုန်၏။

## ၁၁။ မဟာရာဇ ပဗ္ဗခန်း[၁၂]

ဇူဇကာပုဏ္ဏားသည် မင်းသား,မင်းသမီးတို့ကိုယူ၍ ယူဇနာ ၆၀ အခွန့်ရှည်သောခရီးသို့ သွားလေသည်ရှိသော် နတ်တို့သည် မင်းသား, မင်းသမီးတို့အား စောင့်ရှောက်ကုန်၏။ ဇူဇကာပုဏ္ဏားသည် မိုးချုပ်နေဝင်သောအခါ ရောက်တိုင်း မင်းသား,မင်းသမီးတို့ကို နွယ်ဖြင့် ချုံ၌ဖွဲ့တုပ်၍ မြေတွင်အိပ်စေလျက် မိမိမူကား သားရဲဘေးမှ ကြောက်သောကြောင့် သစ်ပင်ထက်သို့တက်၍ သစ်ခွကြား၌ အိပ်၏။ ထိုသို့အိပ်နေသောအခါ နတ်သား တစ်ယောက်သည် ဝေဿန္တရာမင်းအသွင်ဖြင့်, နတ်သမီးတစ်ယောက်သည် မဒ္ဒီဒေဝီအသွင်ဖြင့် လာလတ်၍၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသား,မင်းသမီးတို့၌ အနှောင်အဖွဲ့ကိုဖြည်ပြီးလျှင် လက်ခြေကိုဆုပ်လျက် ရေချိုးခြင်း, တန်ဆာဆင်ခြင်း, နတ်၏ခဲဖွယ်သောဖဉ်တို့ကို စားသောက်စေခြင်း, နတ်၏အိပ်ရာ၌ အိပ်စေခြင်းတို့ဖြင့် ထိန်းယစောင့်ရှောက်၍၊ နေအရုဏ်တက်သောအခါ မင်းသား,မင်းသမီးတို့၌ နှောင်ဖွဲ့မြဲဖွဲ့ခဲ့ပြီးမှ ကွယ်လေ၏။ ဤသို့ နေ့တိုင်း နေ့တိုင်းလျှင် နတ်သား,နတ်သမီးတို့၏ ထောက်ပံ့သဂြိုဟ်ခြင်းဖြင့် မင်းသား, မင်းသမီးတို့သည် ချမ်းသာစွာ အနာမရှိ သွားရကုန်၏။

ဇူဇကာပုဏ္ဏားသည် မိမိနေရာ ကလိင်္ဂရာဇ်တိုင်း ဒုန္နိဝိဋ္ဌရွာသို့ သွားအံ့ဟု ခရီးကိုမှတ်၍သွားလေသော် နတ်တို့လှည့်ပတ်သဖြင့် ကလိင်္ဂရာဇ်တိုင်းသို့မရောက်ဘဲ ဝင်္ကပါတောင်မှ ယူဇနာ ၆၀ ကွာသော စေတုတ္တရာပြည်သို့ ၁၅ ရက်ဖြင့် ရောက်လေ၏။

ထို ဇူဇကာပုဏ္ဏားရောက်မည့်နေ့ ညဉ့်မိုးသောက်ထ၌ သိဉ္စည်းမင်းကြီးသည် ဤသို့ အိပ်မက်မြင်၏။

'ကြီးစွာသောတရားသဘင်၌ မင်းကြီးနေစဉ် မည်းနက်စွာအဆင်းရှိသော ယောကျာ်းတစ်ယောက်သည် ပဒုမ္မာကြာ ၂ ပွင့်ကို ဆောင်ယူခဲ့၍၊ မင်းကြီးအား ပေးဆက်၏။ မင်းကြီးသည် ထို ကြာ ၂ ပွင့်ကို နား ၂ ဘက်၌ တစ်ပွင့်စီပန်လေသော်၊ ထိုကြာပွင့်တို့မှ ဝတ်ဆံတို့သည်ကြွေလတ်၍ မင်းကြီး၏ရင်ခွင်ပေါ်၌ ကျ၏။'

ဤသို့သော အိပ်မက်ကို မြင်သတည်း။

ထိုသို့မြင်မက်ပြီးမှ မင်းကြီးနိုးလတ်သော် နံနက်စောစောကပင်လျှင် နိမိတ်ဖတ်ပုဏ္ဏားတို့ကို ခေါ်၍ မေးတော်မူ၏။ ပုဏ္ဏားတို့သည်လည်း

"အရှင်မင်းကြီး။ အိပ်မက်သည် ကောင်းသော အိပ်မက်တည်း။ နှစ်လ ရှည်စွာ ကွေကွင်းလေပြီးသော အရှင်မင်းကြီး၏ဆွေတော်မျိုးတော် ချစ်မြတ်နိုးအပ်သောသူတို့သည် အထံတော်သို့ ရောက်သည်ဖြစ်၍ အရှင်မင်းကြီး တွေ့မြင်တော်မူရလတ္တံ့"ဟု အိပ်မက်ကို ဖတ်ကြားလျှောက်ထားကြကုန်၏။

ပုဏ္ဏားတို့စကားကိုကြားလျှင် ဝမ်းမြောက်ဝမ်းသာ သိဉ္စည်းမင်းကြီးသည် တစ်လ တစ်ကြိမ် သကြန်တော်ခေါ်မြဲ ဦးခေါင်းဆေးသောအခါရောက်သည်နှင့် နံနက်ကပင်လျှင် ဦးခေါင်းဆေး သကြန်တော်ခေါ်၍၊ အထူးထူး အပြားပြား မြိန်မြတ်သောဘောဇဉ်တို့ကို သုံးဆောင်ပြီးလျှင် အဝတ်တန်ဆာဝတ်ဆင်ပြီးသော် တရားစီရင်ရာ လွှတ်သဘင်၌ မှူးမတ်အပေါင်းခြံရံလျက် နေတော်မူ၏။

ထိုအခါ ဇူဇကာပုဏ္ဏားသည် စေတုတ္တရာပြည်သို့ သွားခြင်းငှာ အလိုမရှိတုံသော်လည်း နတ်တို့၏ တန်ခိုးဖြင့်ဆောင်ယူခဲ့၍ မင်းကြီး၏မျက်နှာမူရာ တူရူသောခရီးသို့ ရောက်လေ၏။ သိဉ္စည်းမင်းကြီးသည် ခရီးလမ်းကို မျှော်ကြည့်လတ်သော် သူငယ် ၂ ယောက်ကိုမြင်၍ ဤသို့ ဆို၏။

"အမတ်များတို့။ ထို မင်းလမ်းမ၌ ဦးသစ်သောရွှေစင်ကဲ့သို့ ရှုချင်ဖွယ်သောမျက်နှာဖြင့် လာလတ်သော သူငယ် ၂ ယောက်သည်ကား အလွန် အဆင်းလှ၏။ တူမျှသောအသွေးအရည်လည်း ရှိ၏။ အသူနည်း။ တစ်ယောက်သောသူငယ်ကား ငါ့မြေးတော် ဇာလီသတို့သားနှင့် တူစွာ၏။ တစ်ယောက်ကား ငါ့မြေးတော် ကဏှာဇိန်သတို့သမီးနှင့် တူစွာ၏။ ငါ့မြေးတော် ၂ ယောက်တို့သည်လည်း ရွှေဂူမှထွက်သော ခြင်္သေ့ငယ် မောင်နှမကဲ့သို့ တူမျှသောအဆင်းသဏ္ဌာန် ရှိကုန်၏။ ဤသူငယ် ၂ ယောက်တို့သည်လည်း ရွှေစင်ဦးသစ်ကဲ့သို့ ချစ်ဖွယ်သောမျက်နှာဖြင့် တူစွာသောအဆင်းသဏ္ဌာန် ရှိသည်ဖြစ်၍ ငါ့မြေးတော်များပင် ငါထင်တော်မူ၏"ဟု ချီးမွမ်းသောစကားကိုဆိုပြီးလျှင် အမတ်တစ်ယောက်ကိုခေါ်၍ "အမတ်။ သင် ယခုသွားချေ။ သူငယ် ၂ ယောက်နှင့်တကွ ပုဏ္ဏားကိုခေါ်ခဲ့"ဟု စေတော်မူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အမတ်သည် သွား၍ သူငယ် ၂ ယောက်နှင့်တကွ ပုဏ္ဏားကိုခေါ်ခဲ့သဖြင့် မင်းကြီးထံသို့ရောက်လတ်သော် မင်းကြီးသည် ပုဏ္ဏားကို ဤသို့မေး၏။

"ပုဏ္ဏားကြီး။ သင်သည် ဤသူငယ် ၂ ယောက်တို့ကို အဘယ်အရပ်မှ ယူဆောင်လာခဲ့သနည်း။ ယခု နေပြည်တော်သို့ သင်ရောက်လာပြီ။ အဘယ်မည်သောအရပ်သို့ သင် သွားလိမ့်မည်နည်း"ဟု မေး၏။ ဇူဇကာ ပုဏ္ဏားသည်

"အရှင်မင်းကြီး။ အကျွန်ုပ်အား ဤသူငယ် ၂ ယောက်တို့ကို နှစ်လိုကြည်ညိုဖွယ်ရှိသော မင်းကြီး ဝေဿန္တရာသည် လှူအပ်၏။ ထို လှူသောနေ့မှ ယနေ့သည် ၁၅ ရက်ရှိပြီ"ဟုဆို၏။ ထိုစကားကိုကြားလျှင် သိဉ္စည်းမင်းကြီးသည်

"ပုဏ္ဏား။ သင် ယခုဆိုသောစကားဖြင့် ငါ ယုံကြည်တော်မမူ။ ရင်၌ဖြစ်၍ ချစ်လှစွာသော သား,သမီးကို စင်လျက် အဘယ်သူလျှင် ပေးလှူ စွန့်ပစ်နိုင်ပါအံ့နည်း။ ဤသူငယ် ၂ ယောက်ကို မည်သို့သော အကြောင်းဖြင့် ရသည်ဟု ဟုတ်တိုင်း ငါ့အားမလှည့်စားမူ၍ ဖြောင့်မှန်စွာ ယုံကြည်လောက်အောင် ပြောလော့"ဟုဆိုပြန်၏။ ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည်

"အရှင်မင်းကြီး။ ဤမြေကြီးသည် သတ္တဝါတို့၏တည်ရာ ဖြစ်သကဲ့သို့၊ ထို့အတူ မင်းကြီးဝေဿန္တရာ သည် ဖုန်းတောင်းယာစကာတို့၏တည်ရာ ဖြစ်ပေ၏။ မဟာသမုဒ္ဒရာသည် ခပ်သိမ်းသောမြစ်တို့၏ စီးဝင်ရာဖြစ်သကဲ့သို့ မင်းကြီးဝေဿန္တရာသည် ဖုန်းတောင်းယာစကာတို့၏လားရာ ဖြစ်ပေ၏။ ထိုသို့ ဖြစ်သောကြောင့် မင်းကြီးဝေဿန္တရာသည် တောအရပ်၌ပင်နေတုံသော်လည်း အလှူခံရောက်လာသော အကျွန်ုပ်အား သား,သမီးကို လှူတော်မူလိုက်၏"ဟု လျှောက်၏။

ဤသို့လျှောက်သော ပုဏ္ဏားစကားကိုကြားလျှင် လွတ်သဘင်၌ရှိကုန်သော မှူးတော်, မတ်တော် အပေါင်းတို့သည် မင်းကြီးဝေဿန္တရာအား ဤသို့ ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

"ဤတရားသဘင်၌ရှိကုန်သော မှူးတော်,မတ်တော် ပရိသတ်အပေါင်းတို့။ နာတော်မူကြကုန်လော့။ မင်းကြီးဝေဿန္တရာသည် မိမိသည် ဤပြည်ဟော်၌ မင်းစည်းစိမ်ဖြင့်ပင်နေရသော်လည်း ချစ်လှစွာသော သား,သမီးကို မလှူအပ် မလှူထိုက်သည်သာဖြစ်လျက်၊ ပြည်မှနှင်ထုတ်၍ တော၌နေရသောမင်းကြီး ဝေဿန္တရာသည် သား,သမီးကိုလှူခြင်းငှာ အဘယ်သို့သင့်ပါအံ့နည်း။

"ပရိသတ်အပေါင်းတို့။ နာတော်မူကုန်လော့။ ပြည်စည်းစိမ်ကင်းသည်ဖြစ်၍ ဆင်းရဲပင်ပန်းစွာ တောအရပ်၌ သား,သမီးဖြင့် စိတ်နှလုံးကိုဖျော်ဖြေရသည်ဖြစ်လျက် ချစ်လှစွာသော သား,သမီးတို့ကို ကျွန်ပြုစိမ့်သောငှာ ပုဏ္ဏားအား လှူလိုက်ခြင်းသည် အဘယ်သို့ တော်သင့်ပါအံ့နည်း။ အဘယ်သူသည်လျှင် ရင်၌ဖြစ်သော သား,သမီးကို လှူရိုးလှူထုံးရှိပါသနည်း။ အလှူပေးလိုလျှင် ဆင်,မြင်း,နွား,ဆိတ်,ရွှေ,ငွေ,စပါး,အဝတ်တန်ဆာ တို့ကိုမူကား ပေးရာ၏။ ချစ်လှစွာသော သား,သမီးတို့ကို ကျွန်အဖြစ်ဖြင့် ဆင်းရဲစိမ့်သောငှာ မလှူမပေးထိုက် တကား"ဟု ဆိုကြကုန်၏။

ထို မှူးမတ်ပရိသတ်တို့ ကဲ့ရဲ့ပြစ်တင်ပြောသောစကားကို ဇာလီ,ကဏှာဇိန် မင်းသားမင်းသမီးတို့ ကြားလေသော် အဖအား ကဲ့ရဲ့သောစကားကို သည်းမခံနိုင်သည်ဖြစ်၍ မြင်းမိုရ်တောင်ကို လေမခတ်စိမ့်သောငှာ လက်ဝါးဖြင့်ကာဘိသကဲ့သို့ ဇာလီမင်းသားသည်



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးတော်မင်းကြီး။ တောအရပ်၌နေရသော အကျွန်ုပ်တို့ဖခင်ဝေဿန္တရာမင်းအား ဆင်,မြင်း, ဆိတ်,နွား,ရထား, ကျွန်ကျေးတို့ကို လှူချင်သော်လည်း အဘယ်မှာ ရအံ့နည်း"ဟု ဆို၏။ ထို မြေးတော်တို့ စကားကိုကြားလျှင် သိဉ္စည်းမင်းကြီးသည်

"ငါ့မြေးတော်တို့။ သင့်ခမည်းတော်၏ သားသမီးအလှူကို ငါတို့ ချီးမွမ်းသည်သာ ဖြစ်၏။ မကဲ့ရဲ့ပါကုန်။ မြေးတော်တို့ကိုလှူသောအခါ သင်တို့ဖခင်သည် အဘယ်သို့ နှလုံးရှိပါသနည်း"ဟု ဆို၏။ ဇာလီမင်းသားသည် ထိုစကားကိုကြားလျှင်

"ဘိုးတော်မင်းကြီး။ ဤပုဏ္ဏားအား အကျွန်ုပ်တို့ကို လှူသောအခါ ခမည်းတော်၏နှလုံးသည် အလွန် ပူပန်ဆင်းရဲတော်မူ၏။ ပုဏ္ဏားအား လှူပြီးသည့်နောက်၌ ပုဏ္ဏား၏ရိုက်ပုတ်ဆဲရေးခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ အကျွန်ုပ်၏နမ ကဏှာဇိန်သည် 'ခမည်းတော်မင်းကြီး။ အကျွန်ုပ်တို့ကို ပုဏ္ဏားသည် သားပေါက်ကျွန်မကဲ့သို့ နွယ်ဖြင့်တုပ်နှောင်လျက် ပြင်းစွာပုတ်ခတ်ဘိ၏။ ပုဏ္ဏားမည်သည် တရားကို စောင့်လေ့ရှိလျက်၊ ဤသူကား ပုဏ္ဏားမဟုတ်၊ ဘီလူး ထင်၏။ အကျွန်ုပ်တို့ကို စားအံ့သောငှာ ဆောင်ယူလာသည် မသိ။ ဤ ဘီလူးပုဏ္ဏားအား ခမည်းတော် အဘယ့်ကြောင့် ရှုစိမ့်ဘိသနည်း'ဟု သည်းစွာငိုကြွေးမြည်တမ်းသောအခါ၊ အကျွန်ုပ်၏ ခမည်းတော် မင်းကြီးသည် ကြေးနီအဆင်းနှင့်တူသော နီသောမျက်စိရှိလျက် မျက်ရည်ပေါက်တို့သည်လည်း မရပ်မဆည်နိုင်အောင် ထွက်ယိုစီးကျလျက် အလွန်ပင်ပန်းသောနှလုံး ရှိတော်မူသည်"ဟုဆို၏။

ထိုသို့ ဇာလီမင်းသားသည် ဘိုးတော်သိဉ္စည်းမင်းကြီးအား အကြောင်းကိုလျှောက်ထားသော်လည်း ဇူဇကာပုဏ္ဏားသည် သူငယ်တို့အား မလွှတ်ဘဲနေသည်ကို မင်းကြီးမြင်၍ ဤသို့ဆို၏။

"ချစ်မြေးတို့။ သင်တို့အမိသည်လည်း အမျိုးတကာတို့၏အထွတ် ဖြစ်တော်မူသော မင်းသမီးတည်း။ သင်တို့ဖခင်သည်လည်း အမျိုးတကာတို့၏အထွတ် ဖြစ်တော်မူသော မင်းသားတည်း။ သင်တို့သည်လည်း ငါ့မြေးတည်း။ ဝက်ပါတောင်သို့မသွားမီ ရှေးအထက်၌ ငါတို့ကိုမြင်သည်ရှိသော် ရင်ခွင်သို့သာလျှင် တက်၍ နေကြကုန်၏။ ယခုမူကား အဘယ့်ကြောင့် ဘိုးတော်အနီးသို့မချဉ်းကပ်ဘဲ အဝေးက နေကြကုန်သနည်း"ဟု ဆို၏။ ထိုစကားကို ကြားလျှင် ဇာလီမင်းသားသည်

"ဘိုးတော်မင်းကြီး။ အကျွန်ုပ်တို့၏အမိသည်လည်း မင်းသမီး တည်း။ အကျွန်ုပ်တို့၏ဖခင်သည်လည်း မင်းသားတည်း။ အကျွန်ုပ်တို့သည်လည်း ရှေးကမူကား မင်းမြေးတည်း။ ယခုကား အကျွန်ုပ်တို့သည် ဘိုးတော် မင်းကြီး၏မြေး မဟုတ်။ ပုဏ္ဏားကျွန် ဖြစ်ချေပြီ"ဟုဆို၏။ သိဉ္စည်းမင်းကြီးသည် ထိုစကားကို ကြားလျှင်

"ချစ်မြေးတို့။ ဤစကားကို မဆိုပါကုန်လင့်။ ဘိုးတော်၏ နှလုံးသည် မီးဖြင့်တိုက်သကဲ့သို့ ပူလောင်လှ၏။ အလျှံပြောင်ပြောင် တောက်လောင်သောမီးကျီးစု၌ ထားဘိသကဲ့သို့ နေထိုင်၍မချမ်းသာ ပူစွာသောကိုယ် ရှိ၏။ ချစ်မြေးတို့စကားကိုကြားလျှင် အတိုင်းထက်အလွန် ပြင်းစွာသော စိုးရိမ်ခြင်း ဖြစ်ပြန်၏။ ချစ်မြေးတို့။ မစိုးရိမ်ကြလင့်။ ပုဏ္ဏားအား ဥစ္စာကိုပေး၍ မြေးတော်တို့ကို ရွေးအံ့။ ချစ်မြေးတို့။ အဘယ့်ကြောင့် ကျွန် ဖြစ်အံ့နည်း။ သင်တို့ဖခင်သည် သင်တို့ကိုလှူသောအခါ အဘယ်မျှအဖိုးဖြတ်၍ ပုဏ္ဏားအား လှူလိုက်သနည်း။ အဖိုးဖြတ်လိုက်သည်ကို ဘိုးတော်အား ဟုတ်မှန်တိုင်း ကြားလော့။ ပုဏ္ဏားအား အဖိုးပေး၍ ရွေးအံ့"ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားလျှင် ဇာလီမင်းသားသည် ခမည်းတော် အဖိုးဖြတ်လိုက်ကြောင်းကို ဤသို့ လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ဘိုးတော်မင်းကြီး။ အကျွန်ုပ်ကို ခမည်းတော်မင်းကြီးသည် ရွှေစင် ၁၀၀၀ အဖိုးဖြတ်၍၊ ဤပုဏ္ဏားအား လှူလိုက်၏။ အကျွန်ုပ်၏နှမငယ်ဖြစ်သော ကဏှာဇိန်ကို ဆင် ၁၀၀, မြင်း ၁၀၀, နွားလားဥသဘ ၁၀၀, ရထား ၁၀၀, ကျွန်ယောကျ်ား ၁၀၀, ကျွန်မိန်းမ ၁၀၀, ရွှေစင် ၁၀၀, ငွေစင် ၁၀၀ အယုတ်သဖြင့် ညောင်စောင်းအင်းပျဉ် ၁၀၀ အစရှိသော အလုံးစုံအသုံးအဆောင်ဟူသမျှ ၁၀၀ စီ အဖိုးဖြတ်၍ လှူလိုက်၏”ဟု လျှောက်၏။ ထိုစကားကိုကြားလျှင် သိဉ္စည်း မင်းကြီးသည် အမတ်ကြီးကိုခေါ်၍၊

“အမတ်ကြီး။ ယခု ငါ့မြေးတော်လျှောက်ထားသည့်အတိုင်း အရှေးဥစ္စာကို ဆောင်ယူ၍ ပုဏ္ဏားအား ပေးလော့”ဟု ဆို၏။

အမတ်ကြီးသည်လည်း မင်းကြီးဆိုတိုင်း ဆင် ၁၀၀, မြင်း ၁၀၀, နွားလားဥသဘ ၁၀၀, ရထား ၁၀၀, ကျွန်ယောကျ်ား ၁၀၀, ကျွန်မိန်းမ ၁၀၀, ရွှေစင် ၁၀၀, ငွေစင် ၁၀၀, ညောင်စောင်းအင်းပျဉ် ၁၀၀ အစရှိသော အလုံးစုံ ၁၀၀ စီသောစည်းစိမ်ဥစ္စာတို့ကို ပုဏ္ဏားအား ပေး၏။ ထိုမှတစ်ပါးလည်း ဘုံ ၇ ဆင့်ရှိသော ပြာသာဒ်ကို ပေးတော်မူလေ၏။

ထိုအခါ ဇူဇကာပုဏ္ဏားအား များစွာသော စည်းစိမ်ချမ်းသာအခြံအရံသည် ဖြစ်၏။ ဇူဇကာပုဏ္ဏားသည် မိဘဘိုးဘေးမှဆင်းသက်၍ တစ်ကြိမ်တစ်ခါမျှ ခံစားရမည်ကိုထား၍ မြင်မျှမမြင်စဘူးသော စည်းစိမ်ကိုရလျှင် ထို အလုံးစုံသောဥစ္စာတို့ကို သိမ်းယူသိမ်း၍ ပြာသာဒ်ထက်၌ မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ကို စားလျက် မြတ်သောအိပ်ရာအပြင်ဝယ် နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် နေ၏။

ထိုသို့ ဥစ္စာစည်းစိမ်တို့ဖြင့် မြေးတော်တို့ကိုရွေးပြီးလျှင် မင်းသား,မင်းသမီးတို့ကို ဦးဆေး မင်္ဂလာပွဲစေပြီးမှ ရေချိုးပြီးသော်၊ မြတ်သော အဝတ်တန်ဆာတို့ဖြင့် ဝတ်ဆင်လျက် နံ့သာပျောင်းတို့ဖြင့် လိမ်းသပ်၍၊ နဖူးပြင်တို့၌ နံ့သာပျောင်းကိုထုံစေလျက် အဆင်း,အနံ့,ဂုဏ်နှင့်ပြည့်စုံသော မင်္ဂလာပန်းတို့ကို ပန်ဆင်စေပြီးသော်၊ ဇာလီမင်းသားကို ဘိုးတော်သိဉ္စည်းမင်းကြီး၏ ရင်ခွင်ပေါ်၌,ကဏှာဇိန်မင်းသမီးကို ဘွားတော်ဖုသတီဒေဝီ မိဖုရားကြီး၏ ရင်ခွင်ပေါ်၌ ထား၍၊ သိဉ္စည်းမင်းကြီးသည် မြေးတော်ဇာလီမင်းသားကို ဤသို့ ပဋိသန္ဓာရ သာရဏီယစကားဖြင့် မေးမြန်းတော်မူ၏။

“ငါ၏ချစ်မြေးဇာလီ။ အသို့နည်း။ သင်တို့မိခင်,ဖခင်တို့သည် အနာမရှိ ကျန်းမာပါ၏လော။ သစ်သီး, သစ်မြစ်ရှာမှီးခြင်းဖြင့် မျှလောက်ပါ၏လော။ သစ်သီး,သစ်မြစ် ပေါများပါ၏လော။ ခြင်, မှက်, ကင်း, သန်းနည်းပါးပါ၏လော။ သားရဲတို့ဖြင့်ပြွမ်းသော တောကြီးထဲ၌ ဘေးအန္တရာယ်မရှိ လွတ်ငြိမ်းပါ၏လော”ဟု မေးတော်မူ၏။ ဇာလီမင်းသားသည်လည်း ဤသို့လျှောက်၏။

“ဘိုးတော်မင်းကြီး။ အကျွန်ုပ်တို့၏မိခင်,ဖခင်တို့သည် အနာမရှိ ကျန်းမာကြပါကုန်၏။ သစ်သီး, သစ်မြစ်တို့ဖြင့်လည်း မျှလောက်ပါကုန်၏။ သစ်သီး,သစ်မြစ်တို့သည်လည်း ရလွယ်ပါကုန်၏။ ခြင်,မှက်, ကင်း, သန်း တို့သည်လည်း နည်းပါးပါကုန်၏။ သစ်,ကျား အစရှိသော သားရဲဘေးမှလည်း လွတ်ငြိမ်းချမ်းသာ ပါကုန်၏။ အကျွန်ုပ်တို့မိခင်သည် နေ့တိုင်း နံနက်စောစောကပင်လျှင် နေရာကျောင်းသင်္ခမ်း၌ ပြုရာဆောင်ရာသည့် ဝတ်ကို ပြုခဲ့ပြီးလျှင်၊ တံချူ,တူးရွင်း, ခြင်းတောင်း လက်စွဲလျက် တောအရပ်၌ မျောက်ဉ,သင်းတောက်ဉ,ပိန်းဉ, သထွေးဉ တို့ကိုတူး၍၊ ဆီးသီး, ဥသျှစ်သီး အစရှိသောသစ်သီးတို့ကို ဆွတ်ချူပြီးသော် ခြင်းတောင်းဖြင့်လွယ်လျက် ညချမ်းသောအခါမှလျှင် နေရာကျောင်းသင်္ခမ်းသို့ပြန်၍ အကျွန်ုပ်တို့အား ကျွေးမွေးပေ၏။ ထိုသို့ မိခင်



www.burmeseclassic.com

www.burmeseclassic.com



တောအရပ်က ပြန်ရောက်လာ၍ ညဥ့်မိုးချုပ်မှသာလျှင် အကျွန်ုပ်တို့ သားအမိတစ်စုသည် အညီအညွတ် သစ်သီးသစ်မြစ်တို့ကို စားရကုန်၏။ နေ့အခါ၌မူကား မစားရကုန်။ အကျွန်ုပ်တို့မိခင်သည်လည်း သစ်သီး,သစ်မြစ် ဆောင်ယူရာမိုးရဖန်များသဖြင့် ပင်ပန်းသည်ဖြစ်၍ ကြုံသောကိုယ် ရှိ၏။ ဖျော့တော့[၁၃]သောအဆင်း ရှိ၏။ ချမ်းသာလှစွာသော မင်းသမီးဖြစ်လျက် နေပူတဲလှပ်တို့ခတ်ခြင်းကြောင့် လက်ဖြင့်ဆုပ်နယ်အပ်သော ကြာညိုပွင့်ကဲ့သို့ ညှိုးသမ်းသောကိုယ် ရှိ၏။ သစ်, ကျား, ခြသေ့, ဝံ, အောင်း,ကြံ့, ပြောင် အစရှိသော သားရဲတို့ဖြင့် ပြွမ်းလျက် တောနက်ကြီးထဲ၌ ချုံအောက် သစ်ပင်သစ်ခက်ကြားတို့၌ လျှိုသွားရသဖြင့် သစ်ခက်ချုံနွယ်ငြိ၍ မိခင်၏ဆံပင်တို့သည်လည်း ကျွတ်ပြတ်ခြင်းကြောင့် နည်းပါးကုန်၏။ ရင်, လက်ရုံး, လက်ကတီး, လည်ကုပ်, မျက်နှာတို့၌လည်း မြေမှုန့်အလိမ်းလိမ်းကပ်ကုန်၏။ ဆံကျစ်ထုံးလျက် သစ်နက်ရေကိုဝတ်၍ မြေ၌သာလျှင် အိပ်ရ၏။ ဤသို့ ငြိုငြင်ဆင်းရဲလှစွာ အစာရှာ၍ မွေးကျွေးပေသောမိခင်အား အကျွန်ုပ် ရှိခိုးပါ၏"ဟုလျှောက်၏။

ထိုဇာလီမင်းသားသည် မိခင်၏ ဆင်းရဲသောအဖြစ်ကို ကြားပြီးလျှင်၊ မယ်တော်,ခမည်းတော်တို့ကို မြို့သို့ ခေါ်ပါမည့်အကြောင်းကို တိုက်တွန်းတောင်းပန်လိုသည်ဖြစ်၍ ဤသို့ လျှောက်ပြန်၏။

"ဘိုးတော်မင်းကြီး။ ဤလူ့ပြည်၌ လူတို့သည် မိမိတို့၏ရင်၌ဖြစ်သော သားသမီးတို့ကို ချစ်မြတ်နိုး ကြကုန်၏။ ဘိုးတော်မင်းကြီးကား သားသမီးတို့ကို မချစ်မခင်ယောင်တကား"ဟု ဆို၏။

ထိုစကားကိုကြားလျှင် သိဉ္စည်းမင်းကြီးသည် နှောင်တနှလုံး ယူကျုံးမရရှိ၍ ပြုမိသောအပြစ်ကို မြေးတော် ဇာလီမင်းသားအား ဤသို့ဆို၏။

"ငါ၏ချစ်မြေး ဇာလီ။ ငါ၏ရင်သွေး,ငါမြေးတော်တို့၏ဖခင်ဖြစ်သော ဝေဿန္တရာကို အပြစ်မရှိဘဲလျက် သိဝိရာဇ်ပြည်သူတို့ စကားကို လိုက်နာ၍ ပြည်မှ နှင်ထုတ်မိချေ၏။ ထိုသို့နှင်ထုတ်ခြင်းသည် အကြောင်းအရာ မသင့်သည်သာ ဖြစ်ပေ၏။ ပြည်သူတို့စကားကြောင့် ငါ၌ လည်းကောင်း, ငါ့သားတော်၌ လည်းကောင်း များစွာသော စီးပွားချမ်းသာတို့သည် ယုတ်လျော့ပျက်စီးခြင်းသို့ ရောက်ချေပြီ။ ချစ်မြေးဇာလီ။ သားတော်ကို နှင်ထုတ်ခြင်း၌ အပြစ်ကို ဘိုးတော် မြင်အပ်ပြီ။ ဤပြည်တော်၌ အလုံးစုံသော မင်း၏စည်းစိမ်ကို သင်တို့ဖခင်အား ငါပေးအံ့။ သင်တို့ဖခင်သည် ရှေးကအတိုင်; မင်းအဖြစ်ဖြင့် ပြည်သူပြည်သားလူအပေါင်းတို့ကို ဆုံးမစေလော့"ဟုဆိုတော်မူ၏။ ထိုစကားကိုကြားလျှင် ဇာလီမင်းသားသည်

"ဘိုးတော်မင်းကြီး။ အကျွန်ုပ်တို့ခေါ်ကာမျှဖြင့် သိဝိရာဇ်တိုင်းကြီးသခင်ဖြစ်သော အကျွန်ုပ်တို့ ခမည်းတော်သည် ဤအရပ်သို့ ကြွတော်မမူရာ။ ဘိုးတော်မင်းကြီး ကိုယ်တိုင် သွား၍ ညှိုးနွမ်းပြီးသောသစ်ပင်ကို သည်းထန်စွာသောမိုးသည် လန်းလန်းရွှင်အောင် ရွာသွန်းဘိသကဲ့သို့ သားတော်မင်းကြီးကို များစွာသော မင်းစည်းစိမ်ဖြင့် အဘိသိက်သွန်းတော်မူပါလော့"ဟု လျှောက်၏။ ထိုအခါ သိဉ္စည်းမင်းကြီးသည် စစ်သူကြီး အမတ်ကိုခေါ်၍ ဤသို့ ဆို၏။

"အမတ်စစ်သူကြီး။ ယခု သားတော်ဝေဿန္တရာကို မင်းစည်းစိမ်ဖြင့် အဘိသိက်သွန်းအံ့သောငှာ ဝင်္ကပါတောင်သို့သွားအံ့။ ဆင်, မြင်း, ရထား, ခြေသည်သူရဲ, ပုရောဟိတ်ပုဏ္ဏားမှစ၍ အလုံးစုံသော စစ်အင်္ဂါကို လည်းကောင်း၊ မင်းလမ်းခရီးကို လည်းကောင်း တင့်တယ်လျောက်ပတ်အောင် စီရင်။

"ငါ၏သားတော်နှင့် ဖွားဖက်ဖြစ်သော အမတ် ၆ သောင်းတို့ကိုလည်း အထူးထူးသော စစ်ဝတ် စစ်တန်ဆာတို့ကိုဝတ်ဆင်လျက် ငါ၏ထံသို့ စည်းဝေးကြစေ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုမှတစ်ပါးသော သူရဲတို့ကိုလည်း မိမိတို့နှင့်ထိုက်တန်ရာ အချို့သောသူရဲကို အဆင်းညိုသောပုဆိုး, အင်္ကျီ,မိန်ချပ်တန်ဆာတို့ကို ဝတ်ဆင်စေ။ အချို့ကို အရွှေ,အချို့ကို အနီ, အချို့ကိုအဖြူ ဝတ်ဆင်စေ။

"နီစွာသော သင်းကျစ်,နဖူးစည်း, ဦးရစ်ခေါင်းပေါင်း ပေါင်းစေလျက် အထူးထူးသောတန်ဆာတို့ဖြင့် တန်ဆာဆင်၍၊ ဟိမဝန္တာဝယ် အထူးထူးသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းလျက် နတ်ဘီလူးတို့၏နေရာဖြစ်သော ဂန္ဓမာဒနအမည်ရှိသောတောင်သည် အထူးထူးသော နတ်ဆေးအမွှေးအထုံပင်တို့ဖြင့် အရပ် ၈ မျက်နှာ၌ နေ့ညဥ့်ပတ်လုံး တောက်ပလျက်လျှင်သကဲ့သို့ အလုံးစုံသော မှူးမတ်,စစ်သည်သူရဲတို့ဖြင့် စည်းဝေးသည်ဖြစ်၍၊ ငါ၏နေပြည်တော်သည် အရပ် ၈ မျက်နှာ၌ တောက်ပလျက် လျှင်သည်ဖြစ်စေ။

"ထိုမှတစ်ပါး ရွှေကြိုး,ရွှေကဆင်လျက် မာတင်္ဂမျိုးဖြစ်သော ငါ၏ဆင်တော် ၁ သောင်း ၄ ထောင် တို့ကိုလည်း လုံမ, ချွန်းတောင်းလက်စွဲလျက် ဆင်စီးသူရဲနှင့်တကွ စည်းဝေးစေ။

"ထိုမှတစ်ပါးလည်း အာဇာနည် သိန္ဓောမျိုး[၂၄]ဖြစ်၍ လေ၏လျင်ခြင်းကဲ့သို့ လျင်ခြင်းရှိသော ၁ သောင်း ၄ ထောင် ကုန်သော မြင်းတို့ကို မြား,လေး လက်နက်စွဲလျက် မြင်းစီးသူရဲနှင့်တကွ အညီအညွတ် ယခုစည်းဝေးစေ။

"ထိုမှတစ်ပါးလည်း သံဖြင့်ကွပ်အပ်သည်ဖြစ်၍ ကောင်းစွာအကွပ်ရှိလျက် လက်ရုံး,နံရံ စသည်တို့၌ ရွှေ,ငွေစသည်တို့ဖြင့် ဆန်းကြယ်လှစွာသော ၁ သောင်း ၄ ထောင် ကုန်သောရထားတို့ကို ရထားဦး၌ တံခွန်အောင်လံစိုက်၍၊ ရထားတို့၌ ဒိုင်း,လွှား,ကာချပ် စွဲကုန်သော သူရဲ၊ တစ်ချောင်းသောသားမြီးဖျားကို မြင်လောက်ရာကနေ၍ ထိအောင်ပစ်ခြင်းငှာစွမ်းနိုင်သော ဝါဠဝေဓိ[၂၅]လေးသည်ကျော်တို့ကို လည်းကောင်း စီရင်စေလျက် ယခု စည်းဝေးစေ"ဟု အလုံးစုံသောစစ်အင်္ဂါတို့ကို စီရင်စေ၏။ ထိုမှတစ်ပါးလည်း သိဝီဥည်းမင်းကြီးသည် စေတုတ္တရာပြည်မှ ဝင်္ကပါတောင်သို့တိုင်အောင် အခွန့်ယူဇနာ ၆၀ ကွာသော ခရီးကို အကျယ် ၈ ဥသဘမျှ[၂၆]လောက် သုတ်သင်ညီညွတ် ရှင်းလင်းခင်းကျင်း ဆင်ယင်စိမ့်သောငှာ ဤသို့ အမတ်တို့ကို ဆိုတော်မူပြန်၏။

"အမတ်တို့။ အကြင်ခရီးဖြင့် ငါ့သားဝေဿန္တရာမင်းသည် လာလတ္တံ့။ ထို သားတော်လာရာဖြစ်သော ခရီးကို အကျယ် ၈ ဥသဘ အတိုင်းအရှည်မျှ သစ်ပင်,ချုံနွယ်တို့ကို ရှင်းလင်းသုတ်သင်၍ မညီညွတ်သော မြေတို့ကိုလည်း ညီညွတ်အောင်ညှိပြီးလျှင် ဆိုင်ရာဆိုင်ရာ မြို့,ရွာ,နိဂုံးဇနပုဒ်သားတို့ကို သဲဖြူခင်းခြင်း, ပန်းပေါက်ပေါက်နံ့သာပျောင်းတို့ဖြင့် ကြဲဖြန့်ခြင်း, ရာဇမတ် လက်ရန်းကာခြင်း၊ ငှက်ပျောပင်, ကြံပင်စိုက်ခြင်း၊ ပုဆိုးဖြူ စိုက်လွှားခြင်း၊ အထူးထူးအပြားပြား များစွာသော ပန်းဆိုင်း,ရတနာဆိုင်းဆွဲခြင်း အစရှိသော ခရီး၌ ပြုရာဆောင်ရာ စသည်တို့ကို မကျန်မကြွင်းရအောင် စီရင်ခင်းကျင်း၍ တန်ဆာဆင်စေ။

"ငါ၏သားတော် လာလတ္တံ့သောခရီးအနား မြို့တံခါးတို့၌လည်း သေအိုး,အရက်အိုး အရေအတွက် ၁၀၀ စီ တည်ထားစေ။

"ထမင်း,အဖျော်,ငါး,အမဲဟင်းလျာ,မုန့်ပေါင်း,မုန့်လက်ကောက် အစရှိသော အလုံးစုံသော ခဲဖွယ်ဘောဇဉ်ဟူသမျှတို့ကို ခရီး ၂ မြှောင်၌ ဈေးဆိုင်တည်ထား ရောင်းဝယ်စားသောက်ကြစေ။

"ပင်ပန်းစိုးရိမ်ခြင်း ပြင်းစွာရှိသော်လည်း မြင်ရကြားရသဖြင့် စိုးရိမ်ခပ်သိမ်း ငြိမ်းစေခြင်းငှာစွမ်းနိုင်သော ပွဲသဘင်များသည် လည်းကောင်း၊ ထိုမှတစ်ပါးလည်း မျက်လှည့်သည်, ကျွမ်းသမား, တိုင်တက်, ကွင်းလျှိုကြိုးတန်းလျှောက်, သီချင်းဆို၍ ကတတ်သောသူ, လက်ခုပ်တီး,အိုးစည်တီး,သဘင်သည်တို့ကိုလည်း အလုံးစုံသော တူရိယာ[၂၇]ဘဏ္ဍာမျိုးတို့ဖြင့် တီးမှုတ်ကခုန် မြူးထူးရွှင်လန်းစေ။

"ရတု,ရကန်,သာချင်း,အဲအံ,တေးတျာ အသာအယာသီတတ်ကုန်သော သူတို့ကိုလည်း သီစေ။



www.burmeseclassic.com

www.burmeseclassic.com



"ပလွေ့, ခရာသင်း, ဒုံမင်း, ပတ်သာ တီးမှုတ်တတ်ကုန်သောသူတို့ကိုလည်း တီးမှုတ်စေ။

"စည်ကြီး, မုရိုးစည်,ထက်စည်,နဲ့,ခရာ,သံလွင်, ပတ်သာတို့ဖြင့် တေးတျာခံ၍ တီးမှုတ်စေ။ စောင်းငြင်းကြိုး ၃ချောင်းမှတ်လျက် ဂေါဌဟုဆိုအပ်သော မိကျောင်းစောင်း, စည်းဆုပ်, ပတ်တလား, ပတ်သာတို့ဖြင့် တေးတျာအလိုက် အသံညီစွာ သာယာချိုအေးသော တီးမှုတ်မျိုးတို့ကိုလည်း တီးမှုတ်စေ"

ဤသို့ သိဥ္စည်းမင်းကြီးသည် ခရီးကို တန်ဆာဆင်စေ၏။

ဇူဇကာပုဏ္ဏားသည်ကား မိမိသည် တစ်ကြိမ်တစ်ခါမျှ မတွေ့မကြုံမိစဖူးသောစည်းစိမ်ကြီးကို တွေ့ကြုံမိ ခံစားရသဖြင့် အာဟာရအတိုင်းအရှည်ကိုမသိ မွန်မြတ်သောဘောဇဉ်အာဟာရ၌ မရောင့်ရဲနိုင်သည်ဖြစ်၍ လွန်စွာစားခြင်းကြောင့် အစာမကြေနိုင် စားပိုးနင့်၍ သေလေ၏။

သိဥ္စည်းမင်းကြီးသည် ထိုဇူဇကာပုဏ္ဏားအား ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကို ပြုပြီးလျှင်၊ "ဤပြည်အတွင်း၌ ဇူဇကာပုဏ္ဏား၏ ဆွေမျိုးပေါက်ဖော် တော်စပ်သသူရှိလျှင် ပုဏ္ဏား၏ဥစ္စာစည်းစိမ်တို့ကို သိမ်းယူလှည့်ကုန်"ဟု စေတုတ္တရာပြည်အလုံးကို စည်လည်စေ၏။ တစ်စုံတစ်ယောက်မျှ ဇူဇကာပုဏ္ဏား၏အဆွေအမျိုးတော်စပ်သသူ မပေါ်မရှိခဲ့လျှင် အရှင်မရှိသောဥစ္စာလည်း မင်းဘဏ္ဍာထိုက်သည် ဖြစ်သောကြောင့် မင်းကြီး သိမ်းယူတော်မူပြန်၏။

သိဥ္စည်းမင်းကြီးသည် အလုံးစုံသော စစ်အင်္ဂါတို့ကို လည်းကောင်း, ခရီးကို လည်းကောင်း စီရင်စေပြီးသော် ဇာလီမင်းသားတို့ရောက်သည့်နေ့မှ ၇ရက်မြောက်သောနေ့၌ ၁၂ ခေါဘိဏီ အတိုင်းအရှည်ရှိသော စစ်သည် ဗိုလ်ပါ, များစွာသော မှူးမတ်အခြံအရံဖြင့် ဇာလီမင်းသားလျှင် ခရီးလမ်းညွှန်ရှိသည်ဖြစ်၍ စေတုတ္တရာပြည်မှ ဝင်္ကပါတောင်သို့ ထွက်လေ၏။

ထိုအခါ ကလိင်္ဂရာဇ်တိုင်းသည် ဆင်ဖြူရောက်သည်မှစ၍ မိုးကောင်းသည် ဖြစ်သောကြောင့် ဝေဿန္တရာမင်းကြီး၏ဆင်ဖြူတော်ပစ္စယကို သိဥ္စည်းမင်းကြီးအား ကလိင်္ဂရာဇ်မင်းက ပို့ဆက်လာစေသည်ဖြစ်၍ စေတုတ္တရာပြည်၌ ရှိနှင့်သတည်း။

သိဥ္စည်းမင်းကြီးသည် 'ဝင်္ကပါတောင်သို့ ထွက်တော်မူမည်' ဟုဆင်ဖြူတော်ပစ္စယကို ကကြိုးတန်ဆာဆင်လျှင်၊ ဆင်ဖြူတော်ပစ္စယသည် 'ယခု အရှင်သခင်ဖြစ်သော ဝေဿန္တရာမင်းကြီးကို ဖူးမြင်ရအံ့တကား'ဟု အလွန်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍၊ ကြိုးကြာသံနှင့် တူသောအသံဖြင့် ပြင်းစွာမြည်၏။

သိဥ္စည်းမင်းကြီး ထွက်တော်မူသည်ရှိသော် အလုံးစုံသော ဆင်အာဇာနည်, အဿတိုရ်မြင်း၁၂၈ အပေါင်းတို့၏ မြည်သောအသံ, ရထားသံတို့ဖြင့် ပဲ့တင်ထပ်လျက် အထက်ကောင်းကင်ပြင်အလုံးစုံသည် မြူဖြင့် ဖုံးလွှမ်းသည်သာ ဖြစ်လေ၏။

သိဥ္စည်းမင်းကြီးသည် များစွာသောစစ်သည်ဗိုလ်ပါ ခြံရံလျက် ခရီးအစဉ် အတိုင်းသွားလေသော် တောင်,မြောင်,ချောက်ကြားတို့မှစီးသော မြစ်တို့မှလည်းကောင်း၊ အထူးထူးသော ကြည်းပန်း,ရေပန်း, အထူးထူးသော သစ်သီးပင် ပန်းပင်တို့ဖြင့်လည်းကောင်း တန်ဆာဆင်အပ်လျက် သစ်ပင်ဖျား မြစ်နားအိုင်နားတို့၌ အထူးထူးအပြားပြား များလှစွာသောငှက်တို့သည် မောင်နှံမကွာ တစ်ပင်ပျံကူး တစ်ပင်မြူး၍ ကျူးရင့်တွန်မြည် လည်ချင်းယှက်တင် လွန်းကြင်ငှက်တို့ဖြင့် နှလုံးညွတ်နူးဖွယ်ရှိသော ဟိမဝန္တာသို့ဝင်သွားသဖြင့် စေတုတ္တရာပြည်မှ ယူဇနာ ၆၀ ကွာသောဝင်္ကပါတောင် ဝေဿန္တရာမင်း၏ ကျောင်းသင်္ခမ်းအနီးသို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ဆခတ္တိယခန်း[၁၂၉]

သိဉ္စည်းမင်းကြီးသည် များစွာသော စစ်သည်ဗိုလ်ပါနှင့်တကွ မုစလိန္ဒာအိုင်နားသို့ရောက်လေသော် ဇာလီမင်းသားသည် ထိုအိုင်အနီး၌ သစ်တပ်တဲစခန်းချ၍ ၁ သောင်း ၄ ထောင်ကုန်သောရထားတို့ကို လာခဲ့သော ခရီးလမ်းမသို့ ရှေးရှုထား၏။ သစ်, ကျား, ခြသေ့် စသောသားရဲတို့သွားလေသည့် ခရီးလမ်းဆုံ စသည်တို့၌လည်း ဆင်, မြင်းအစရှိသော စစ်အင်္ဂါတို့ကို အစောင့်အရှောက်ထား၏။ ထို အလုံးစုံသော ၁၂ ခေါဘိဏီရှိသော စစ်သည်ဗိုလ်ပါ,ဆင်, မြင်း, ရထားတို့၏အသံသည် ဟိမဝန္တာတောင်အလုံး ပဲ့တင်ထပ်မျှ အုတ်အုတ်ကျက်ကျက် ဖြစ်၏။

ထိုအခါ ဘုရားလောင်းဝေဿန္တရာသည် ထိုအသံကိုကြားလေသော် 'အကြောင်းအသို့နည်း။ ငါ၏ ရန်သူတို့သည် ခမည်းတော်သိဉ္စည်းမင်းကြီးကို သတ်ပြီးလျှင် ယခု ငါ့ကိုသတ်အံ့သောငှာ လာလေသည် မသိ' ဟု သေအံ့သောဘေးမှ ကြောက်သည်ဖြစ်၍ မဒ္ဒီဒေဝီကိုခေါ်ပြီးလျှင် တောင်ထက်သို့ ပြေးတက်ကြ၍၊ တောင်ထိပ်သို့ရောက်သောအခါ စစ်သည်အပေါင်းတို့ကို မျှော်ကြည့်လျက် မဒ္ဒီဒေဝီအား ဤသို့ညွှန်ပြ၏။

"မဒ္ဒီဒေဝီ။ သင် ကြည့်ပါလော့။ ဤတောအုပ်၌ ဆင်သံ, မြင်းသံ အစရှိသောအသံတို့သည် အုတ်အုတ် ကျက်ကျက် ဖြစ်ကုန်၏။ တံခွန်, အောင်လံများတို့သည်လည်း တလျှပ်လျှပ်လွင့်လျက် ထင်ကုန်၏။ အဘယ်မဒ္ဒီ။ သမင်,သား,ငါးတို့ကို မုဆိုးတံငါတို့သည် ပိုက်ကွန်ဖြင့်ဝန်းရံလျက် တွင်း,ချောက်,ထုံးအိုင်တို့၌ချပြီးလျှင် ဆူနိုးရာရာကိုရွေး၍ ထက်လှစွာသောလှံမဖြင့် ထိုးသတ်ဘိသကဲ့သို့ ငါတို့ကိုလည်း ဤစစ်သည်တို့သည် သတ်ယောင်တကား။ အဘယ်မဒ္ဒီ။ ကိုယ့်စစ်သည်ဖြစ်မည်,သူ့စစ်သည်ဖြစ်မည်ကို သင် ရှုပါလော့။ မင်းစည်းစိမ်ကို ရှုတ်ချ၍ ပြည်မှနှင်ထုတ်သဖြင့် ဆင်းရဲစွာသောအရပ်၌နေရသော ငါတို့ကို အဘယ့်ကြောင့် သတ်ညှဉ်းဆဲလိုဘိသနည်း"ဟု သေအံ့သောဘေးမှ ကြောက်သည်ဖြစ်၍ ငိုကြွေး၏။

မဒ္ဒီဒေဝီသည် ဘုရားလောင်း၏စကားကိုကြားလျှင် 'သူ့စစ်သည်လော, ငါတို့စစ်သည်လော'ဟု မျှော်ရှုလတ်သော်၊ 'ငါတို့စစ်သည်ပင် ဖြစ်ရာသည်'ဟု ဆင်ခြင်၍၊ မင်းကြီးအား ဤသို့ နှစ်သိမ့်စေ၏။

"အရှင်မင်းကြီး။ မြက်မှိုက်စသည်ဖြင့် ညှိအပ်သောမီးသည် အပြောကျယ်စွာသောမဟာသမုဒ္ဒရာကို ပူလောင်စိမ့်သောငှာ မတတ်နိုင်သကဲ့သို့ အရှင်မင်းကြီးကိုလည်း ရန်သူတို့သည် နှိပ်စက်ခြင်းငှာမတတ်နိုင်ရာ။ အကြောင်းသော်တစ်မူကား အရှင်မင်းကြီးအား သိကြားပေးခဲ့သော ဆု ၈ ပါးကို ဆင်ခြင်တော်မူလော့။ သိကြားမင်းသည် 'အရှင်မင်းကြီးအား ခမည်းတော်သိဉ္စည်းမင်းကြီးသည် မကြာမြင့်မီပင်လျှင် သင်မင်းကြီးကို မင်းစည်းစိမ်ဖြင့်နှင်း၍ ပြည်သို့ဆောင်ယူလာလတ္တံ့'ဟု ဆိုအပ်သည် မဟုတ်လော။ ထို သိကြားမင်း၏ စကားနှင့် ညီလျှင် ဤစစ်သည် အပေါင်းတို့ကြောင့် ယခု အကျွန်ုပ်တို့ ချမ်းသာရာရလတ္တံ့"ဟု နှစ်သိမ့်စေ၏။

ထိုစကားကိုကြားလျှင် ဝေဿန္တရာမင်းကြီးသည် အတန်ငယ်သက်သာရာရ၍ မဒ္ဒီဒေဝီနှင့်အတူပင်လျှင် တောင်မှဆင်းသက်ခဲ့သဖြင့် ကျောင်းသင်္ခမ်းတံခါးဝတွင် ခင်းအပ်သောကျောက်ဖျာအပြင်၌ ရွှေဆင်းတုကဲ့သို့ ငြိမ်သက်စွာလျှင် "ငါတို့ ရသေ့ရဟန်းမည်သည်ကို အဘယ်သို့ သူတစ်ပါး ပြစ်မှားအံ့နည်း"ဟု သတိဝီရိယကို ဖြစ်စေ၍ နေတော်မူ၏။ မဒ္ဒီဒေဝီသည်လည်း မိမိအိပ်ရာတိုက် တံခါးဝ၌ ငြိမ်သက်စွာနေ၏။

ထိုခဏ၌ သိဉ္စည်းမင်းကြီးသည် ဖုဿတီဒေဝီမိဖုရားကြီးကို ခေါ်တော်မူ၍၊



www.burmeseclassic.com

www.burmeseclassic.com



"အဘယ်ဖုသတီ။ ငါတို့သည် တစ်ပြိုင်နက်သွားကြသည်ရှိသော် ငါတို့ကြောင့် ကြောက်လန့်စိုးရိမ်ခြင်း ဖြစ်ရာ၏။ ထို့ကြောင့် ငါသည် ရှေးဦးစွာ သားတော်အထံသို့သွားဦး၍ သားတော်အား ဝမ်းမြောက်ခြင်းကို ဖြစ်စေအံ့။သင်သည် အတန်ငယ်ကြာမှ အခြွေအရံနှင့်တကွ လာခဲ့လော့။ထို့နောက် အတန်ငယ်ကြာမှ မြေးတော်ဇာလီကို , ထို့နောက် အတန်ငယ်ကြာမှ မြေးတော်ကဏှာဇိနကို ဤသို့ တစ်ယောက်စီ အစဉ်အတိုင်း မိမိတို့အခြွေအရံနှင့် လာလတ်ကုန်လော့"ဟု ဆိုပြီးလျှင်၊ တစ်ပေါင်းတည်း သွားအံ့ဟု ပြင်ဆင်ပြီးသောအစီအရင်ကို ဖျက်၍ ရထားကို တစ်ဖန် သစ်တပ်တွင်းသို့ ပြန်စေသဖြင့် ဆင်, မြင်း, ဗိုလ်ပါ, များစွာသော စစ်သည်တို့ကိုလည်း အန္တရာယ်ကိုတားမြစ်စိမ့်သောငှာ အသီးသီး သင့်ရာတော်ရာထက်ဝန်းကျင်တို့၌ အစောင့်အရှောက်ထားခဲ့ပြီးမှ သိဥ္စည်းမင်းကြီးသည် ဘုရားလောင်း၏ဖွားဖက်တော် အမတ် ၆ သောင်း ခြံရံလျက် ဆင်ဖြူတော်ပစ္စယကိုစီး၍၊ သားတော်ဘုရားလောင်းအထံသို့ သွားတော်မူလေ၏။

အနီးသို့ရောက်လျှင် ဆင်ပေါ်မှဆင်း၍ မိမိအပေါ်ရုံအကျီကို လက်ကန်တော့စံပယ်တင်လျက် လက်အုပ်ချီ၍၊ အမတ် ၆ သောင်း အခြံအရံနှင့် သားတော်ဝေဿန္တရာမင်းကြီးကို အဘိသိက်သွန်းအံ့သောငှာ ကျောင်းသခမ်းသို့ ရှေးရှုသွားတော်မူလေသော်၊ မွေ့လျော်သောစိတ်,တည်ကြည်သောစိတ်နှလုံးဖြင့် ကျောက်ဖျာအပြင်၌ ငြိမ်သက်စွာသော ဝေဿန္တရာမင်းကြီးကို ရှုမြင်လေ၏။

ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့သည်လည်း သား၏ချစ်ခြင်းဖြင့်လာလတ်သော ခမည်းတော်ကို မြင်လျှင် နေရာမှထ၍ ခရီးဦးကြိုဆိုကြလျက် ရှိခိုးဖူးမြော် ကြကုန်၏။ မဒ္ဒီဒေဝီသည် ယောက္ခမဖြစ်သော သိဥ္စည်းမင်းကြီး၏ခြေတော်ကို ဦးဖြင့်တိုက်လျက်

"အရှင်မင်းကြီး။ အကျွန်ုပ်ကား အရှင်မင်းကြီး၏ချွေးမဖြစ်သော မဒ္ဒီတည်း။ အရှင်မင်းကြီး၏ ခြေတော်အစုံကို ရှိခိုးပါ၏"ဟု ဆို၍ ရှိခိုး၏။

ထိုအခါ သိဥ္စည်းမင်းကြီးသည် သားတော်ဝေဿန္တရာကို လည်းကောင်း၊ ချွေးမတော်မဒ္ဒီကို လည်းကောင်း၊ ဤ ၂ ယောက်သော သားတော်,ချွေးမတော်တို့ကိုဖက်၍ ရင်ခွင်ပေါ်၌အိပ်စေပြီးသော် နဖူး,ဦးခေါင်းတို့ကို နမ်း၍၊ နူးညံ့လှစွာသောမင်းကြီးလက်ဖြင့် သားတော်,ချွေးမတော်တို့၏ကျောကို သုံးသပ်လျက် ၃ ယောက်သော မင်းတို့သည် ငိုကြွေးကြကုန်၏။

ပူပန်ခြင်းငြိမ်းပြီးသော် သိဥ္စည်းမင်းကြီးသည် သား,ချွေးမတို့နှင့် ပဋိသန္ထာရစကားကို ဤသို့ ပြောဟော၏။

"ချစ်သား,ချစ်သမီးတို့။ အသို့နည်း။ အနာမရှိ ကျန်းမာပါ၏လော။ အစာရှာမှီးခြင်း၌ မငြိုငြင်သဖြင့် မျှလောက်ပါ၏လော။သစ်သီး,သစ်မြစ် ပေါများပါ၏လော။ ခြင်,မှက်,ကင်း,သန်း နည်းပါ၏လော။ သားရဲဖြင့် ပြွမ်းသော ဤတောအရပ်၌ စိုးရိမ်ခြင်း ငြိမ်းပါ၏လော"ဟု မေးမြန်းပြောဆို၏။ ထိုစကားကို ကြားလျှင် ဝေဿန္တရာမင်းကြီးသည် ဤသို့ ဆို၏။

"ခမည်းတော် မင်းကြီး။ အကျွန်ုပ်တို့ အသက်မွေးရခြင်းသည် တော်တော်ကြဲကြဲ ရသမျှသော တောသစ်သီး, တောသစ်မြစ်တို့ဖြင့် အသက်မွေးရခြင်းကြောင့် ယုတ်မာညစ်နွမ်း ဆင်းရဲငြိုငြင်စွာဖြစ်၏။ သားရဲတို့ဖြင့်ပြွမ်းသော ဤတောအရပ်၌ သစ်, ကျား, ခြသေ့, ဝံ, အောင်း, ကြံ့, ဆင် အစရှိသော သားရဲဘေးအန္တရာယ်ကြောင့် စိတ်နှလုံးမငြိမ် စိုးရိမ်မလပ် မပြတ်သောလုံ့လဖြင့် နေရ၏။ ခမည်းတော်မင်းကြီး။ ဤသို့ ရသမျှသောသစ်သီး,သစ်မြစ်တို့ဖြင့် ငြိုငြင်စွာ အသက်မွေးရသော်လည်း အဝတ်အစားမပြည့်စုံ မကုံလုံသော သူဆင်းရဲသည် မိမိကိုယ်ကို ဆုံးမသကဲ့သို့ လည်းကောင်း၊ ရထားထိန်းသည် မြင်းကို ဆုံးမသကဲ့သို့ လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား၌ တောင့်တခြင်းမရှိ ရသမျှဖြင့်သာရောင့်ရဲလျက် ကိုယ်,စိတ်ကို ကောင်းစွာဆုံးမသဖြင့် သည်းခံရ၏။

"သားရဲဘေးကြောင့် နေ့,ညဥ့်မပြတ် စိုးရိမ်ခြင်းဖြင့်နှိပ်စက်အပ်သော အကျွန်ုပ်တို့အား မိခင်,ဖခင်တို့နှင့် ကွေကွင်းရခြင်းဆင်းရဲသည် နေ့,ညဥ့်မပြတ် ထပ်လောင်းအပ်သည်ဖြစ်၍ ကြံလိုဖျော့တော့ လျော့ပါးသော ကိုယ်လက် ရှိ၏။ တောကြီးထဲ၌ ဆင်းရဲစွာနေရသော အကျွန်ုပ်တို့အား အဘယ်မှာလျှင် ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို ရပါအံ့နည်း"ဟုဆိုပြီးလျှင် ဝေဿန္တရာမင်းကြီးသည် မိမိသားတော်,သမီးတော်တို့၏ အကြောင်းကို ဤသို့မေးမြန်း၏။

"ခမည်းတော်မင်းကြီး။ ခမည်းတော်၏အမွေအနှစ် သိဝိရာဇ်ပြည်စည်းစိမ်ကို ဆက်ခံခြင်းငှာထိုက်သော ဇာလီ,ကဏှာဇိန် မောင်နှမ ၂ ယောက်တို့ကို အလွန်ကြမ်းကြုတ်စွာသော ပုဏ္ဏားအား လှူလိုက်သဖြင့် မိဘတို့အား ရိုသေမြတ်နိုး အကျိုးစီးပွားကိုဆောင်တတ်သော ထို ဇာလီ,ကဏှာဇိန်တို့သည် ကြမ်းကြုတ်စွာသောပုဏ္ဏား၏အလိုသို့ လိုက်ရလေ၏။ ထိုပုဏ္ဏားသည် နွားကိုကဲ့သို့ ရိုက်ပုတ်ညှဉ်းဆဲလျက် ဆောင်ယူသွားလေ၏။ ဇာလီ, ကဏှာဇိန် တို့သည် ငယ်နုသောကိုယ်,စိတ် ရှိသည်ဖြစ်၍ မလိမ္မာသေးကုန်။

"ထိုပုဏ္ဏားသည် 'ဤမည်သောအရပ်သို့ ဆောင်ယူသွားသည်' ဟု ကြားသိတော်မူပါလျှင် အကျွန်ုပ်အား ကြားတော်မူပါလော့။ ခမည်းတော်မင်းကြီး။ ဆေးအတတ်၌ လိမ္မာစွာသောဆေးသမားသည် မြွေခဲသောသူအား ဆေးမန္တရားဖြင့် လျင်စွာ အဆိပ်ကိုကျစေသကဲ့သို့ သူငယ်တို့၏အကြောင်းကို ကြားသိတော်မူပါလျှင် အရှင်မင်းကြီးသည် သားသမီးကြောင့် စိုးရိမ်ပူဆွေးခြင်းနှိပ်စက်အပ်သော အကျွန်ုပ်အား စိတ်နှလုံးငြိမ်းချမ်းအောင် လျင်စွာကုတော်မူပါလော့"ဟု ဆို၏။ သိဥ္စည်းမင်းကြီးသည်လည်း

"ချစ်သားဝေဿန္တရာ။ ဇာလီ, ကဏှာဇိန် မောင်နှမ ၂ ယောက်တို့ကို ပုဏ္ဏားအား ဥစ္စာပေး၍ ငါ ရွေးအပ်ပြီ။ သင်တို့ မစိုးရိမ်ကြလင့်။ သက်သာရာ ရလော့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍ ခမည်းတော်အား ဤသို့ ပဋိသန္ထာရစကားဖြင့် ပြောဟော၏။

"ခမည်းတော်မင်းကြီး။ အနာမရှိ ကျန်းမာတော်မူပါ၏လော။ အကျွန်ုပ်၏ မိခင်သည် သား၏ချစ်ခြင်းဖြင့် နှိပ်စက်၍ ငိုကြွေးခြင်းကြောင့် မျက်စိကျိန်းစပ်ခြင်း ဖြစ်ရာ၏။ မိခင်အား မျက်စိမကျိန်းမစပ် ပကတိ ရှိပါ၏လော"ဟု မေးလျှောက်၏။သိဥ္စည်းမင်းကြီးသည်

"ချစ်သားဝေဿန္တရာ။ ငါ့အား အနာဆင်းရဲ မရှိ ကျန်းမာ၏။သင်၏မိခင်သည်လည်း မျက်စိ မကျိန်းမစပ် ပကတိရှိ၏"ဟုဆို၏။ ဘုရားလောင်းသည်

"ခမည်းတော်မင်းကြီး။ ဆင်,မြင်း,ရထား,ခြေသည်သူရဲ, စစ်သည်ဗိုလ်ပါ, မှူးတော် မတ်တော်,ပြည်သူ ပြည်သားတို့သည် အနာဆင်းရဲမရှိ ချမ်းသာပါကုန်၏လော။ ပြည်ရွာတိုင်းကားတို့သည်လည်း မိုးကောင်းသည် ဖြစ်၍ ဝပြောစည်ပင်ပါ၏လော"ဟု မေး၏။ သိဥ္စည်းမင်းကြီးသည်

"ချစ်သားဝေဿန္တရာ။ အလုံးစုံသောသူတို့သည်လည်း အနာဆင်းရဲမရှိ ချမ်းသာ၏။တိုင်းကား ပြည်ရွာလည်း မိုးကောင်းသည်ဖြစ်၍ ခိုးသူ,ဓားပြ,ရန်မီးရန်စစ်မရှိ ငြိမ်းချမ်းသာယာ စည်ပင်ဝပြော၏"ဟုဆို၏။

ဤသို့ သားတော်,ခမည်းတော် စကားပြောလျက်နေစဉ်ပင်လျှင် ဘုရားလောင်းမယ်တော် ဖုသတီ ဒေဝီသည် 'ယခု ငါ့သားတော်သည် ခမည်းတော်ကို ဖူးမြင်ရသဖြင့် စိုးရိမ်ခြင်းကင်း၍ ကိုယ်,စိတ် ချမ်းငြိမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လောက်ပြီ’ ဟု များစွာသော မောင်းမကိုယ်လုပ် အခြွေအရံနှင့်တကွ ဖိနပ်မျှမစီးဘဲ ‘ခြေကျင်သာ ဝေဿန္တရာမင်းအထံသို့ သွားလေ၏။

ဝေဿန္တရာမင်းသည်လည်း များစွာအခြွေအရံနှင့် မယ်တော်ဖုသတီဒေဝီ ဝင်္ကပါတောင်တံခါးဝသို့ ရောက်လာသည်ကိုမြင်လျှင် နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း, နေရာခင်းကျင်းခြင်းကိစ္စကိုပြီးစေသဖြင့် ရှိခိုးလျက်နေ၏။ မဒ္ဒီဒေဝီသည်လည်း ဖုသတီမိဖုရား၏ခြေရင်း၌ ညွတ်၍

“အရှင်မ။ အကျွန်ုပ်ကား အရှင်မ၏ချွေးမဖြစ်သော မဒ္ဒီတည်း။ အကျွန်ုပ်မဒ္ဒီသည် အရှင်မခြေတော်အစုံကို ရှိခိုးပါ၏”ဟု ဆို၍ ရှိခိုး၏။

ဤသို့ ဖုသတီမိဖုရားအား မဒ္ဒီဒေဝီ ရှိခိုးလျက်နေစဉ်ပင်လျှင် ဇာလီမင်းသားသည် မင်းသား,မင်းမြေး, မှူးသား,မတ်သား များစွာသော သတို့သားလုလင်ပျို အခြံအရံနှင့်တကွ လာလတ်၏။ ထို့နောက် ကဏှာဇိန်သည်လည်း များစွာသော သတို့သမီးငယ်အပေါင်း ခြံရံလျက်လာလတ်၏။

မဒ္ဒီဒေဝီသည်လည်း သား,သမီးတို့ လာလတ်သောလမ်းကို မျှော်ကြည့်လျက်နေ၏။ ထိုအခါ ဆင်းရဲမရှိ ချမ်းသာစွာလာသော သား,သမီးတို့ကို မဒ္ဒီဒေဝီမြင်လျှင် မိမိကိုယ်အဖြစ်ဖြင့် ဆောက်တည်ခြင်းငှာ မတတ်နိုင်သည် ဖြစ်၍ ဘီလူးဝင်၍ တုန်လှုပ်သောနတ်ဝင်မကဲ့သို့ ပြင်းစွာတုန်လှုပ်လျက် သားမြတ်အစုံမှ နို့ရည်တို့သည်လည်း ယိုစီးကုန်၏။ ဇာလီ,ကဏှာဇိန်တို့သည်လည်း အမိနှင့်ကင်းသောနွားငယ်သည် အမိကိုမြင်လျှင် အမိထံသို့ မြည်တမ်းလျက်ပြေးသကဲ့သို့ မဒ္ဒီဒေဝီကိုမြင်လျှင် သည်းစွာ ငိုကြွေးမြည်တမ်းလျက် မဒ္ဒီဒေဝီအထံသို့ ပြေးကြကုန်၏။

မဒ္ဒီဒေဝီသည်လည်း သည်းစွာသောအသံဖြင့် ငိုကြွေးလျက် ပြင်းစွာတုန်လှုပ်သောကိုယ်ဖြင့် မိန်းမော၍ မြေ၌ အလျားလိုက်လဲလေ၏။ ဇာလီ,ကဏှာဇိန် မင်းသား,မင်းသမီးတို့သည်လည်း သည်းစွာငိုကြွေးလျက် လာလတ်သဖြင့် မိန်းမောသည်ဖြစ်၍ အမိဖြစ်သောမဒ္ဒီဒေဝီအပေါ်၌ပင်လျှင် လဲလေ၏။ ထိုလဲရာ၌ မဒ္ဒီဒေဝီ၏သားမြတ်အစုံတို့မှ ထွက်ယိုသောနို့ရည်အလျဉ်သည် မင်းသား,မင်းသမီးတို့၏ခံတွင်းသို့သာ ဝင်ကုန်၏။ ဤသို့ အမိနို့ရည်ဝင်သောကြောင့်သာလျှင် နုလှစွာသော မင်းသား,မင်းသမီးတို့ အသက်ရှည်သတည်း။ အမိနို့ရည် မဝင်သည်ရှိသော် မင်းသား,မင်းသမီးတို့သည် ထိုမိန်းမောစဉ် နှလုံးခြောက်ကပ်၍ပင် သေရာ၏။

မိဖုရား သားသမီးတို့မိန်းမော၍ မြေ၌လဲသည်ကိုမြင်လျှင် ဘုရားလောင်းဝေဿန္တရာမင်းသည် ပူဆွေးခြင်းကို ဖြေဆည်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ မိန်းမောလျက် ထို မိမိထိုင်ရာကပင်လျှင် မြေ၌ လဲလေ၏။ သိဥ္စည်းမင်းကြီး ဖုသတီဒေဝီတို့သည်လည်း သား,ချွေးမ,မြေးတို့၏အမူအရာကို မြင်လျှင် မိမိတို့ ကိုယ်အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍၊ ထို မိမိတို့ ထိုင်ရာကပင်လျှင် မြေ၌မိန်းမောလျက် လဲလေကုန်၏။ ဘုရားလောင်းနှင့် ဖွားဖက်တော်ဖြစ်ကုန်သော အမတ် ၆ သောင်း တို့သည်လည်း ထိုမင်း ၆ ပါး တို့၏ အမူအရာကို မြင်လျှင် အလွန်သနားစုံမက်ခြင်းဖြင့် တစ်ယောက်သောသူမျှ ချုပ်တည်းခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ကျောင်းသခ်မ်းအလုံး ကမ္ဘာပျက်လေခတ်၍ ညွတ်လဲသောအင်ကြင်းပင်ပျိုတောကဲ့သို့ သောသောရုတ်ရုတ် လက်အုပ်ထိပ်တင် ဆံပင်ကြဲဖြေ မြေ၌လူးလဲလျက် ငိုကြွေးကြကုန်၏။

ထိုအခါ တောင်ကမ်းပါးတို့သည် ပြင်းစွာမြည်ကုန်၏။ မဟာပထဝီမြေကြီးသည်လည်း အိုးထိန်းစက်ကဲ့သို့ ပြင်းစွာတုန်လှုပ်၏။ မဟာသမုဒ္ဒရာသည်လည်း ချောက်ချား၏။ မြင်းမိုရ်တောင်သည်လည်း မီးအုံးသော ကြိမ်ညွန့်ကဲ့သို့ ဝင်္ကပါတောင်သို့ ပျောင်းညွတ်၏။ နတ်ပြည် ၆ ထပ်တိုင်အောင်လည်း တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သောအသံ ဖြစ်၏။ [ဤကား ၇ ကြိမ်မြောက်သော မြေလှုပ်ခြင်းတည်း။]



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သိကြားမင်းသည် 'ဤ ဆွေတော်မျိုးတော် မင်း ၆ ပါးတို့သည် မိန်းမောလျက် မြေ၌ လဲကုန်၏။ ထို မင်း ၆ ပါးတွင် တစ်ယောက်ယောက်သောသူမျှ ထ၍ ရေစင်သွန်းခြင်းငှာ မတတ်နိုင်ရာ။ ယခု ငါသည် ဤမင်း ၆ ပါးတို့အား ကြာတော၌ရွာသောမိုးနှင့် တူစွာ 'ပေါက္ခရဝဿ အမည်ရှိသောမိုးကို ရွာစေအံ့'ဟုကြံ၍ ဆွေတော်မျိုးတော် မင်း ၆ ပါးတို့၏အစည်းအဝေးတွင် ကြာတော၌ရွာသော မိုးနှင့်တူသောကြောင့် ပေါက္ခရဝဿအမည်ရှိသောမိုးကို သိကြားမင်း ရွာစေ၏။

ထို ပေါက္ခရဝဿ မိုးရွာသောအခါ စွတ်လိုသောသူတို့သည်လည်း စွတ်ကုန်၏။ မစွတ်လိုသော သူ၏ကိုယ်၌ မိုးရေတစ်ပေါက်မျှ မကျ။ မင်း ၆ ပါးတို့သည်လည်း သက်သာရာကို ရကုန်၏။

လူများအပေါင်းတို့သည်လည်း ထိုမိုးကိုမြင်လျှင် 'အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဤဆွေတော်မျိုးတော်တို့ အစည်းအဝေးတွင် ကြာတော၌ရွာသောမိုးကဲ့သို့ အချို့ကားစွတ်, အချို့ကား လွတ်သည်ဖြစ်၍၊ ပေါက္ခရဝဿ အမည်ရှိသောမိုးသည် ရွာ၏။ မဟာပထဝီမြေကြီးသည်လည်း ပြင်းစွာတုန်လှုပ်၏။ ကြက်သီးမွေးညင်းထခမန်း အံ့ဖွယ်သရဲ ရှိစွာတကား'ဟု အံ့သြကြကုန်၏။ လက်စုံထိပ်ထား၍ သနားဖွယ်သောအသံဖြင့် ငိုကြွေးခြင်းကို ပြုကြလျက် "အရှင်မင်းကြီး။ သားတော်ဝေဿန္တရာမင်းကို လည်းကောင်း, ချွေးမတော်မဒ္ဒီဒေဝီကို လည်းကောင်း စေတုတ္တရာပြည်သို့ဆောင်၍ ပြည်စည်းစိမ်နှင့်တကွ ထီးဖြူနှင်းလျက် မင်းပြိုင်ပြုတော်မူပါလော့"ဟု လျှောက်ထား တောင်းပန် ကြကုန်၏။

[ပေါက္ခရဝဿ ဟူသည်ကား–ပေါက္ခရဝနေ ပတိတံ ဝဿံ ပေါက္ခရဝဿံ ဟု မဓျေလောပ တပ္ပုရိသ်သမာသ် ပြုပြီးလျှင် ပေါက္ခရဝဿေန သဒိသံ ပေါက္ခရဝဿံ ဟု ဥပမာတဒ္ဓိတ် ပြုအပ်၏။ ဝိဂြိုဟ်အနက်ကား–ပေါက္ခရဝနေ၊ ကြာတော၌။ ပတိတံ၊ ရွာသော။ ဝဿံ၊ မိုးတည်း။ ပေါက္ခရဝဿံ၊ ကြာတော၌ ရွာသောမိုး။ ပေါက္ခရဝဿေန၊ ကြာတော၌ ရွာသောမိုးနှင့်။ သဒိသံ၊ တူသည်တည်း။ ပေါက္ခရဝဿံ၊ ကြာတော၌ ရွာသောမိုးနှင့်တူသောမိုး။ အဘယ်သို့ တူသနည်းဟူမူကား။ ပဒုမ ပတ္တတော ဥဒကံ ဝိယ နိဝတ္တိတွာ ဂစ္ဆတိဟူသော အဋ္ဌကထာပါဠ်နှင့်အညီ မိုးသည် ကြာတော၌ရွာသည်ရှိသော် ကြာရွက်ပေါ်၌ ကျသော မိုးပေါက်သည် ကြာရွက်မှ လျှောကျ၍ တစ်ပါးသော အရပ်တို့၌ စွတ်သကဲ့သို့ ဤမင်း ၆ ပါး အစည်းအဝေး၌လည်း မစွတ်လိုသောသူတို့၌ တစ်ပေါက်မျှ မကျ,မရွာသောကြောင့် ပေါက္ခရဝဿ–ဟု ဆိုသတည်း။)

## ၁၃။ ပြည်တော်သို့ ပြန်ခန်း

မင်း ၆ ပါးတို့သည် သက်သာရာကိုရပြီးသော် မှူးမတ်,ပရိသတ်အပေါင်းတို့ တောင်းပန်ကြသော စကားကိုကြား၍ ဘုရားလောင်းသည် အဖဖြစ်သောသိဉ္စည်းမင်းကြီးအား ဤသို့ဆို၏။

"ခမည်းတော်မင်းကြီး။ မင်းကျင့်တရားနှင့်ညီစွာ မင်းပြုသောအကျွန်ုပ်ကို ခမည်းတော်မင်းကြီးသည် လည်းကောင်း၊ မှူးတော်မတ်တော်, ပြည်သားပြည်သူတို့သည် လည်းကောင်း ပြည်မှ နှင်ထုတ်သည်ဖြစ်၍ ဤတောအရပ်၌ အကျွန်ုပ်နေရ၏"ဟု ဆို၏။ ထိုအခါ သိဉ္စည်းမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား။ ငါသည် သိဝိရာဇ်ပြည်သူတို့စကားကို လိုက်နာ၍ အပြစ်မရှိသော ငါ့သားကို ပြည်မှ နှင်ထုတ်မိချေသဖြင့် ခမည်းတော်သည် မကောင်းသောအမှုကို ပြုမှားချေ၏"ဟု မိမိအပြစ်ကိုပြပြီးလျှင် ဤသို့ တောင်းပန်၏။

"ချစ်သား။ အကျိုးစီးပွားကိုဆောင်လေ့ရှိသော သားသမီးတို့သည် မိဘဆွေမျိုးတို့၌ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဆင်းရဲဖြစ်သည်ရှိသော် မိမိအသက်ကိုပင်လည်း စွန့်၍ မိဘတို့ဆင်းရဲကို ပျောက်ရာ၏။ ငါတို့သည်လည်း အပြစ်မရှိသောသားကို နှင်ထုတ်မိသောကြောင့် နောင်တတစ်ဖန် ပြင်းစွာပူဆွေးခြင်းဆင်းရဲသည် ဖြစ်၏။ ထိုဆင်းရဲကို ပျောက်စေခြင်းငှာ ခမည်းတော်ပြုမိသောအပြစ်ကို နှလုံးမမူဘဲသည်းခံသဖြင့် ခမည်းတော်၏ စကားကို လိုက်နာပါလော့။ ယခု ချစ်သားသည် ရသေ့၏အသွင်ကိုပယ်၍ မင်း၏အသွင်ဖြင့် ထီးနန်းစိုးစံ အံ့သောငှာ ပြည်တော်သို့ ပြန်ပါဦးလော့"ဟု တောင်းပန်၏။

ဘုရားလောင်းသည် မင်း၏အဖြစ်ကို အလိုရှိသော်လည်း ပညာရှိတို့သဘောသည် ဆင်းရဲတွေ့လည်း ပြင်းစွာမတုန်လှုပ်၊ ချမ်းသာတွေ့လည်း ဝမ်းမြောက်ခြင်းကို ပြင်သို့မထုတ်၊ သိမ်းအုပ်ချုပ်တည်းလျက် ဝမ်းမြောက် ဝမ်းသာ အလျင်တဆောမပြုဘဲ ခမည်းတော်မှစ၍ ပြည်သားပြည်သူအပေါင်းတို့သည် နောက်နောင်ကိုလည်း မိမိအား အလေးအမြတ်ပြုစေခြင်းငှာ ခမည်းတော်နှင်ထုတ်သော အခြင်းအရာကိုပြ၍ နှလုံးနာယောင်စကားဖြင့် ပြောဆိုတော်မူ၏။ ခမည်းတော်က မိမိပြုမိသော အပြစ်အတိုင်းပြလျက် တောင်းပန်သောအခါမှသာလျှင် ဘုရားလောင်းသည် "ခမည်းတော်မင်းကြီး။ ထိုသို့တပြီးကား ကောင်းပြီ။ ပြည်သို့ ပြန်ပါအံ့"ဟု ဝန်ခံတော်မူ၏။

ထိုအခါ ဘုရားလောင်း၏ဝန်ခံခြင်းကိုသိ၍ ဖွားဖက်တော်အမတ် ၆ သောင်းတို့သည်

"အရှင်မင်းကြီး။ ယခုကား ရေချိုးတော်မူချိန် တန်ပြီ။ မြူချေးတို့ကို ဆေးကြောတော်မူပါလော့"ဟု ဆို၏။ ဘုရားလောင်းသည်

"အမတ်တို့။ အတန်ငယ် ငံ့လင့်ဦး"ဟု ဆို၍ ကျောင်းသင်္ခမ်းတွင်းသို့ဝင်ပြီးလျှင် ရသေ့ဝတ်သင်္ကန်းကို ချွတ်လဲ၍ သင့်ရာသိုမ်းထားပြီးမှ ခရုသင်းပွတ်သစ် အဆင်းကဲ့သို့ ဖြူစင်စွာအဆင်းရှိသော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးကိုဝတ်လျက် မင်း၏အသွင်ကိုယူပြီးသော် ကျောင်းသင်္ခမ်းတွင်းမှထွက်ခဲ့၍၊ 'ဤအရပ်၌နေသော ငါသည် ရဟန်းတရားကိုလည်း ပွားရ၏။ မြတ်သောပါရမီအထွတ်ဖြစ်သော သား,မယားအလှူကိုလည်း မြေကြီးကို တုန်လှုပ်စေလျက် လှူရပေ၏'ဟု မိမိနေသောကျောင်းသင်္ခမ်း၌ ကျေးဇူးရှိသောအဖြစ်ကိုပြု၍ ကျောင်းသင်္ခမ်းကို လက်ယာရစ် ၃ ကြိမ်လှည့်လျက် ၅ ပါးသောရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏။

ထိုအခါ ဘုရားလောင်းအား မှူးတော်မတ်တော်တို့သည် ရေချိုးစေပြီးလျှင် ဆတ္တာသည်တို့ကိုလည်း ဆံမုတ်ဆိတ်ကို သုတ်သင်ပြင်ဆင်စေ၍ ခပ်သိမ်းသော မင်းဝတ်တန်ဆာတို့ဖြင့် သိကြားမင်းကဲ့သို့ တင့်တယ်စွာ တန်ဆာဆင်ပြီးသော် တိုင်းပြည်ထီးနန်း ခပ်သိမ်းသောမင်းမြောက်တန်ဆာ ၅ ပါးတို့ဖြင့် ဘုရားလောင်းကို အဘိသိက်သွန်းကုန်၏။မှူးတော်မတ်တော်အပေါင်းတို့သည်လည်း

"ငါတို့အရှင်မင်းကြီးသည် ပြည်စည်းစိမ်ဖြင့် အထွတ်အမြတ်သို့ ရောက်တော်မူပြီးသည်ဖြစ်၍ မဒ္ဒီဒေဝီ အရှင်မိဖုရားကြီး, ဇာလီအရှင့်သားတော်, ကဏှာဇိန် အရှင့်သမီးတော်, ဆွေတော်, မျိုးတော်တို့နှင့်တကွ အသက်ထက်ဆုံး ဘုန်းတော်တောက်ထွန်းလျက် ကျွန်းအပြင်၌နေကုန်သော ထီးဆောင်းမင်းတကာတို့၏ ညွတ်ခကြောက်ရွံ့ ကျွန်တော်မျိုးခံရာ ဖြစ်စေသတည်း။ သူတကာတို့၏ ချမ်းသာစီးပွားကို ဆောင်တော်မူ နိုင်စေသတည်း"ဟု နှုတ်မင်္ဂလာ ပဏ္ဏာအောင်ထီးဖြင့် ကောင်းချီးပေးကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားလောင်းအား များစွာသော စစ်သည်ဗိုလ်ပါ မှူးမတ်ပရိသတ် အခြံအရံတို့ဖြင့် တင့်တယ်စွာဖြစ်၏။ တစ်ယောက်သောသူမျှ မကျိုးမနွံသောသူ မည်သည် မရှိ။ 'ဩလောကိတော လောကိတဗ္ဗာနေ ကမ္ဗိ'ဟူသည်နှင့်အညီ မယ်တော်,ခမည်းတော်တို့မှတစ်ပါး ဘုရားလောင်းကို မျက်နှာရှေးရှုဆိုင်၍ ကြည့်ခြင်းငှာ မဝံ့ကုန်။ ခပ်သိမ်းကုန်သောသူတို့သည် ထိပ်ထက်လက်စုံချီသော မျက်နှာရှိကုန်လျက် ငြိမ်သက်တည်ကြည်စွာ နေကြကုန်၏။ ခပ်သိမ်းသော စည်,စောင်း, ငြင်း,နှဲ, ပလွေ, စည်းဆုပ်, စည့်ပုတ်, ပတ်သာ, တယော, ခွံမင်း, ခရုသင်း အစရှိသော တူရိယာဘဏ္ဍာတို့ကိုလည်း တစ်ပြိုင်နက်တီးမှုတ်စေကုန်သဖြင့် မဟာသမုဒ္ဒရာအဝှမ်း၌ မိုးကြိုးထစ်သကဲ့သို့ ဖြစ်ကုန်၏။

ဘုရားလောင်း ဖွားတော်မူသည့်နေ့၌ ဘုန်းတော်ကြောင့်ရောက်လာသော ဆင်ဖြူတော်ပစ္စယကိုလည်း ခပ်သိမ်းလုံးစုံ ဆင်မြဲသောတန်ဆာတို့ဖြင့် တန်ဆာဆင်ပြီးသော် ဝေဿန္တရာမင်းကြီး၏အနီးသို့ ကပ်စေကုန်၏။ မဒ္ဒီဒေဝီကိုလည်း အလုံးစုံသောမင်းသမီး, ကိုယ်လုပ်မောင်းမအပေါင်းတို့သည် ရသေ့အသွင်ကိုပယ်၍ ရေချိုးပြီးသော် ခပ်သိမ်းလုံးစုံ မိဖုရားကြီးတို့ဆင်မြဲသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်စေပြီးလျှင် မိဖုရားကြီးအသွင်ကို ယူစေ၍၊

"ပြည်သူတကာတို့၏အထွတ်ဖြစ်သော အရှင်မ။ ဝေဿန္တရာမင်းကြီးသည် သားတော်,သမီးတော် တို့နှင့်တကွ အရှင်မကို နှစ်သက်မြတ်နိုးတော်မူသဖြင့် အသက်ထက်ဆုံး စောင့်ရှောက်တော်မူစေသတည်း။ သားတော် ဇာလီ, သမီးတော်ကဏှာဇိန် တို့သည်လည်း အသက်ထက်ဆုံး အရှင်မကို စောင့်ရှောက်တော်မူ စေသတည်း။ သိဝိစည်းမင်းကြီးသည်လည်း အရှင်မကို မြတ်နိုးစုံမက်တော်မူသဖြင့် အသက်ထက်ဆုံး စောင်မတော် မူစေသတည်း"ဟု နှုတ်မင်္ဂလာ ပတ္ထနာအောင်ထီးဖြင့် ကောင်းချီးပေးကြကုန်၏။

မင်းကြီးဝေဿန္တရာသည် မင်းအဖြစ်ကို ရသည်ဖြစ်၍ လည်းကောင်း၊ ၇ လပတ်လုံး ဤတောအရပ်၌ အဝတ်အစားငြိုငြင်စွာ နေရ၍ ဆင်းရဲသောအဖြစ်ကို အောက်မေ့တော်မူသဖြင့် လည်းကောင်း အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ရွှေနှယ်ကြိုးဖြင့်ဖွဲ့အပ်သော အာနန္ဒိယ အမည်ရှိသောစည်ကို ဝက်ပါတောင်ထက်ဝန်းကျင်၌ လည်စေ၍၊ အသီးသီး ကြီးစွာသောပွဲသဘင်ကိုလည်း ခံစေ၏။

မဒ္ဒီဒေဝီသည်လည်း မိဖုရားကြီးစည်းစိမ်ကို ရပြန်သဖြင့် လည်းကောင်း၊ ရှေး၌ မိမိ ၇ လပတ်လုံး ဆင်းရဲသောအဖြစ်ကို အောက်မေ့တော်မူသဖြင့် လည်းကောင်း၊ သားသမီးတို့နှင့်အတူတကွ ပေါင်းဖော်ရပြန်သဖြင့် လည်းကောင်း၊ အလွန်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ သားတော် ဇာလီမင်းသားအား ဤသို့ဆို၏။

"ချစ်သား ဇာလီ။ သင်တို့မောင်နှမ ၂ ယောက်ကို ပုဏ္ဏား ဆောင်ယူသွားသည့်နေ့မှစ၍ မိခင်သည် တစ်ထပ်မျှသာစား၍ မြေ၌သာ အိပ်ရ၏။ ထိုသို့ဆင်းရဲခြင်းသည်ကား ချစ်သားတို့နှင့် ကွေကွင်းရသဖြင့် ဖြစ်သော ဆင်းရဲတည်း။ယခုမူကား ချစ်သား,ချစ်သမီးတို့နှင့် အတူတကွပေါင်းဖော်ရပြန်၍ အဝတ်အစားပြည့်စုံ ကြွယ်ဝခြင်းသို့ရောက်ပြီ။ သင်တို့မိခင်သည် အလွန်ဆင်းရဲသော်လည်း သားသမီးတို့မျက်နှာကို မြင်ရသဖြင့် ရွှင်လန်းဝမ်းမြောက်ခြင်း မေတ္တာသည် ဖြစ်၏။ သင်တို့ဖခင်သည်လည်း သားသမီးတို့ကိုမြင်ရသဖြင့် အလွန် ဝမ်းမြောက်ခြင်း မေတ္တာသည် ဖြစ်၏။ ထိုသို့ဖြစ်သော ငါတို့၏မေတ္တာတရားသည် သင်ချစ်သားတို့ကို ထီးကဲ့သို့ မပြတ်လိုက်၍မိုးကာ စောင့်ရှောက် မစသည် ဖြစ်စေသတည်း။ သင်တို့၏ဘိုးတော်မင်းကြီးသည်လည်း သင်တို့ကို အတိုင်းထက်အလွန် စောင့်ရှောက် မစသည် ဖြစ်စေသတည်း"ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုသတီဒေဝီသည်လည်း ချွေးမဖြစ်သော မဒ္ဒီဒေဝီအား ဆင်သောတန်ဆာတို့ကို ဤသို့ ပို့စေ၏။

"ဝါချည်, ပိုးချည်တို့ဖြင့်ပြီးသော ခေါမတိုင်း, ကောဋုမ္ဗရာဇ်တိုင်း,ကာသိတိုင်းဖြစ် ဤအဝတ်တို့ကို ချွေးမ မဒ္ဒီ ဝတ်သည်ရှိသော် အလွန်တင့်တယ်၏။ဤအဝတ်တို့ကို ချွေးမ မဒ္ဒီအား ပို့ချေ။ သဘော်သီးကဲ့သို့ သဏ္ဌာန်ရှိလျက် ရွှေဖြင့်ပြီးသော လည်ရွဲတန်ဆာ, ရတနာ ၁၀ ပါးတို့ဖြင့်ပြီးသော လည်၌ဆင်သော တန်ဆာ, ပတ္တမြားဖြင့်စီအပ်သော ခါးကြိုးတန်ဆာ, နဖူးပြင်၌ဆင်အပ်သော ကျောက်စီ ရွှေပန်းကုံးတန်ဆာ, ပတ္တမြားတို့ဖြင့် စီအပ်သည်ဖြစ်၍ အစိမ်း,အရွှေ,အနီ,အပြာ အစရှိသော အထူးထူးအပြားပြား ဆန်းကြယ်စွာသော ရင်လွှမ်းတန်ဆာ, ပတ္တမြားမျိုးတို့ဖြင့်စီအပ်သော ခြေနင်းတန်ဆာ ဤတန်ဆာတို့ကို ဆင်သည်ရှိသော် ချွေးမ မဒ္ဒီသည် နန္ဒဝန်ဥယျာဉ်၌ ထွက်သော နတ်သမီးကဲ့သို့ တင့်တယ်၏။

"ငါ့ချွေးမ။ မဒ္ဒီအား အထူးထူးသော နံ့သာရေတို့ဖြင့် ရေချိုးပြီးသော်၊ ဖြူစင်စွာသော ကာသိကရာဇ် တိုင်းဖြစ် အဝတ်တို့ကိုဝတ်လျက်၊ ထို အလုံးစုံသော အဝတ်တန်ဆာတို့ကိုဆင်လျှင် ဆေးမဆိုးဘဲ ကျီးအာသီးမှည့် ကဲ့သို့ နီစွာသောနှုတ်ခမ်း, ခြေသည်း, လက်သည်းဖြင့် ရှုချင်စဖွယ် တာဝတိံသာနတ်ပြည်ဝယ် စိတ္တလတာဥယျာဉ်၌ လေခတ်၍ ပျော့ပျောင်းသော ရွှေငှက်ပျောပင်ကဲ့သို့ ပျောင်းနွဲ့သောကိုယ်ဖြင့် အလွန် တင့်တယ်၏။ ဤတန်ဆာကို ငါ့ချွေးမ မဒ္ဒီအား ပို့ချေလော့။ ထိုတန်ဆာတို့ကို ဆင်သည်ရှိသော် ဟိမဝန္တာ၌ မာနုသိနီ အမည်ရှိသောငှက်မသည် ဆန်းကြယ်သောအတောင်ဖြန့် ကောင်းကင်သို့ အတောင်ကိုဖြန့်၍ ပျံသည်ရှိသော် အလွန်တင့်တယ်သကဲ့သို့ ငါ့ချွေးမ မဒ္ဒီသည်လည်း အလွန်ရှုချင်ဖွယ် တင့်တယ်သည် ဖြစ်လတ္တံ့."ဟု ဆို၍ ပို့စေ၏။

မှူးတော် မတ်တော်တို့သည်လည်း မဒ္ဒီမိဖုရားကြီးအား မကြီးလွန်းမမြင့်လွန်းသော ဆင်ပြောင်ပေါက်ငယ် တစ်စီးကို အလုံးစုံသော ရွှေကြိုး,ရွှေကရတနာတို့ဖြင့်ဆင်၍ အနီး၌ ထားပေ၏။

ထိုအခါ ဝေဿန္တရာမင်းကြီးသည် ရွှေအိမ်ဖြင့်စွပ်အပ်သော လက်စွဲတော်သန်လျက်ကို လက်ယာပခုံးဖြင့် လွယ်လျက် ဆင်ဖြူတော်သို့တက်စီး၍၊ မဒ္ဒီဒေဝီသည်လည်း ရတနာဆင်ပြောင်ပေါ်၌တက်စီး၍ များစွာသော မှူးမတ်, ခြွေရံ, ပရိသတ်တို့နှင့်တကွ သိဋ္ဌည်းမင်းကြီးစခန်းချရာဖြစ်သော သစ်တပ်မြို့သို့ သွားလေ၏။

မင်းကြီးဝေဿန္တရာ ထွက်သွားလေသည်ရှိသော် ထိုဟိမဝန္တာ၌နေကုန်သော ငှက်အပေါင်းတို့သည် မင်းကြီးနေရာသို့ အညီအညွတ် စည်းဝေးလာကုန်၏။ ထိုငှက်အပေါင်းတို့သည် "ငါတို့အား မင်းကြီးဝေဿန္တရာ ရှိသည်ရှိသော် အချင်းချင်း မညှဉ်းဆဲမူ၍ ရက်ကြောက်ခြင်းတို့သည် ဖြစ်ကုန်၏။ ကိုယ်,စိတ်ကို စောင့်ရှောက်ခြင်း တို့သည်လည်း ဖြစ်ကုန်၏။ ယခု မင်းကြီး သွားသည်ရှိသော် ငါတို့အား ရှက်ကြောက်ခြင်း စောင့်ရှောက်ခြင်း တရားတို့သည် ပျက်စီးအံ့တကား"ဟု ငိုကြွေးသောအသံဖြင့် မြည်ကြကုန်၏။

ထိုသစ်တပ်မြို့၌ သိဋ္ဌည်းမင်းကြီးသည် တစ်လပတ်လုံး တောင်ထိပ်သဘင်ကစားခြင်းတို့ဖြင့် သဘင်ကြီးစွာခံ၍ ၁၂ ခေါဘိဏီရှိသော စစ်သည်ဗိုလ်ပါနှင့်တကွ နေ၏။ ထိုတောအရပ်၌ တစ်လပတ်လုံး များစွာသော ပရိသတ်နှင့်တကွ နေတုံသော်လည်း မင်းကြီးဝေဿန္တရာ၏ ဘုန်းတန်ခိုးကြောင့် တစ်ယောက်သော သူကိုမျှ သားရဲငှက်ရဲတို့သည် မညှဉ်းဆဲကုန်။ အလုံးစုံသောပရိသတ်တို့သည် အနာဆင်းရဲမရှိ ချမ်းသာကုန်၏။

တစ်လမျှလောက်ရှိသောအခါ သိဋ္ဌည်းမင်းကြီးသည် စစ်သူကြီးအမတ်ကိုခေါ်၍

"အမတ်စစ်သူကြီး။ ယခုတောအရပ်၌နေသည် ငါတို့ ကြာမြင့်ပြီ။ နေပြည်တော်သို့ ပြန်ကုန်အံ့။ သင်သည် ယခု ငါ့သား၏သွားရာခရီးကို တန်ဆာဆင်အပ်ပြီလော"ဟုမေး၏။ အမတ်စစ်သူကြီးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ကြွတော်မူရာ ခရီးလမ်းအလုံးစုံကို တန်ဆာဆင်၍ ပြီးပါပြီ။ ယခုကား နေပြည်တော်သို့ ဝင်ချိန်တန်ပြီ"ဟု လျှောက်၏။

"ထိုသို့ တပြီးကား ကောင်းပြီ"ဟု သားတော်ဝေဿန္တရာမင်းကြီးအား အကြောင်းကိုကြားပြီးလျှင် အလုံးစုံသော ပရိသတ်တို့အား စည်လည်စေ၏။

ပရိသတ်တို့သည်လည်း မိမိတို့အဆောင်အရွက် လက်နက်တို့ကို ပြင်ဆင်ပြီးသော် စစ်သူကြီးအမတ်သည် အမုန်ယစ်သောဆင်ပြောင်နှင့် တစ်ယောက်တည်းသောအရပ်၌ ရင်ဆိုင်တွေ့ကြုံသော်လည်း ပြန်လည်၍မပြေးဘဲ ရဲရင့်ခြင်းနှင့်ပြည့်စုံသော သိုဝန်း, စိန်တောင်, မောက်တို, မောက်လူဆောင်း, ဒိုင်း, လှွား, မြားလေး လက်နက်စွဲသော သူရဲသူခက်တို့ကိုရှေ့ထား၍ မင်းကြီး, မင်း မိဖုရား, သားတော်, သမီးတော်တို့စီးသော ဆင်တော်များကို ဆင်, မြင်း,ရထား, ခြေသည် စစ်သည်ဗိုလ်ပါ များစွာသောသူရဲသူခက်တို့ဖြင့် ထက်ဝန်းကျင်ရံစေ၏။

ထိုသို့ အလုံးစုံခင်းကျင်းစီရင်ပြီးသော် မင်းကြီးဝေဿန္တရာသည် ၁၂ ခေါဘိဏီရှိသော ဗိုလ်ပါအပေါင်း ခြံရံလျက် ဝင်္ကပါတောင်မှ စေတုတ္တရာပြည်တိုင်အောင် ယူဇနာ ၆၀ အကျယ် ၈ ဥသဘရှိသော လမ်းဖြင့် ကဆုန်လပြည့်နေ့၌ ဝိသာခါနက္ခတ်သဘင် ထွက်သောခရီးကဲ့သို့ အထူးထူးအဆန်းဆန်း ပန်း,ပေါက်ပေါက်, ထီး, တံခွန်, ရေချမ်းအိုးစင်, ဈေးစဉ်ဆိုင်တန်းတို့ဖြင့် စစ်သူကြီးအမတ်သည် စီရင်အပ်သောမင်းလမ်းခရီးသို့ တစ်နေ့လျှင် တစ်ယူဇနာကျသွား၍၊ ၂ လရှိမှ စေတုတ္တရာနေပြည်တော်သို့ ရောက်တော်မူလေ၏။

ဝေဿန္တရာမင်းကြီးသည် စေတုတ္တရာပြည်သို့ရောက်၍ ရွှေပြည်ထီးနန်း သိမ်းမြန်းစိုးစံတော်မူပြီးလျှင် စေတုတ္တရာပြည်အလုံးကို စည်လည်စေ၍ ထောင်တန်းနှောင်အိမ်၌ မင်းဒဏ်ဖြင့် ခံရသောသူတို့ကိုလည်း လွှတ်စေ၍ အယုတ်သဖြင့် ခွေး, ကြောင်ကိုမျှ မဖမ်းမဆီး မညှဉ်းဆဲရ။ အလုံးစုံသောပြည်သူ, နိဂုံးဇနပုဒ်သူ လူအပေါင်း တို့သည်လည်း အလွန်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဝတ်လုံအကျီ, ဦးရစ်ခေါင်းပေါင်း ပစ်လွှားကြလျက် ပွဲသဘင် ပြုကြကုန်၏။

ဘုရားလောင်းဝေဿန္တရာမင်းကြီးသည် ရောက်လာသည့်နေ့ ညဉ့်ဦးကပင် 'ငါရောက်သည်ဟုကြားလျှင် ဖုန်းတောင်းယာစကာ အလှူခံတို့သည် နက်ဖြန်မိုးသောက်လျှင် ရောက်လာလတ္တံ့။ ထို ရောက်လာသော ယာစကာတို့အား အဘယ်မည်သောဥစ္စာတို့ကို ပေးလှူစွန့်ကြဲရအံ့နည်း'ဟု ကြံတော်မူ၏။ ထိုသို့ ဘုရားလောင်း ကြံတော်မူသည်ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ [၁၁၀]ကျောက်ဖျာသည် ခက်တရော်ရှိသောအခြင်းအရာကို ပြ၍၊ သိကြားမင်းသည် 'အကြောင်းအသို့နည်း'ဟု ကြည့်ရှုဆင်ခြင်လတ်သော် 'ဘုရားလောင်းအလှူဝတ္ထုကို ကြံသတည်း'ဟု သိ၍၊ မင်းကြီး၏နန်းတော် မြို့တံခါးအတွင်း၌ အပြည့်အနှက် ခါးနစ်အောင် ရတနာ ၇ ပါးဟု ဆိုအပ်သော မိုးကိုရွာစေ၏။ နန်းတော်မှကြွင်းသော ပြည်အလုံးကိုလည်း ပုဆစ်ဒူးနစ်အောင် ရတနာ ၇ ပါးမိုးကို ထိုဘုရားလောင်းကြံသော ညဉ့်မိုးသောက်ထ၌ပင် ရွာစေ၏။

ဘုရားလောင်းဝေဿန္တရာမင်းကြီးသည် ထိုညဉ့် မိုးသောက်၍ နေအရုဏ်တက်သောအခါ ထိုသို့ ပြည်သူပြည်သားတို့အား "မိမိအိမ် ခြံပွတ်အတွင်း၌ရွာသော ရတနာ ၇ ပါးတို့ကို မိမိတို့အိမ်ရှင်တို့က အသီးသီးဆိုင်ရာ ယူကြစေ"ဟု အခွင့်ပေးတော်မူ၏။ ထိုပြည်သူတို့၏ အိမ်ဥပစာ ခြံပွတ်စသည်တို့မှ အလွတ် ခရီးလမ်း, မြို့တံတိုင်း စသည်တို့၌ရွာသော ရတနာ ၇ပါးတို့ကို လည်းကောင်း၊ နန်းတော်၏အတွင်း၌ ရွာသော ရတနာ ၇ ပါးတို့ကို လည်းကောင်း မင်းကြီးသိမ်းယူ၍ တပေါင်းတစ်စုတည်း ကျိကြ ရွှေတိုက်၌

www.burmeseclassic.com



သွင်းထားတော်မူ၏။ ဤသို့ ရတနာမိုးရွာသည်ဖြစ်၍ ပြည်သူပြည်သားတို့သည်လည်း အလွန်ဝမ်းမြောက်ကုန်၏။ မင်းကြီး ဝေဿန္တရာ သည်လည်း အသက်ထက်ဆုံး ရတနာ ၇ ပါးတို့ဖြင့် ၆ ဆောင်သော အလှူဇရပ်တို့၌ နေ့တိုင်းနေ့တိုင်း ကြီးစွာသောအလှူကို ပေးပြီး၍ အသက်အဆုံး၌ ကောင်းမှုကိုပြုသောသူတို့၏ စံပျော်ရာဖြစ်သော တုသိတာ နတ်ပြည်၌ ဖြစ်တော်မူလေ၏။

## ၁၄။ ဇာတ်တော်ပေါင်းခန်း

ဤသို့မြတ်စွာဘုရားသည် ဂါထာ ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော ဤ မဟာဝေဿန္တရာ ဇာတ်တော်ကို ဆောင်၍ဟောတော်မူပြီးလျှင် တရားဆက်ဝေ၍ စကားပြတ်မည်စိုးတော်မူသောကြောင့်

"ဤတရားသဘင်၌ စည်းဝေးကုန်သော တရားနာပရိသတ်အပေါင်းတို့။ ငါဘုရားသည် ယခုသာလျှင် ဆွေတော် မျိုးတော်တို့အစည်းအဝေး၌ ပေါက္ခရဝဿ အမည်ရှိသောမိုးကို ရွာစေသည် မဟုတ်။ ရှေး ဝေဿန္တရာမင်း ဖြစ်တော်မူသောအခါ၌လည်း ဆွေတော်မျိုးတော်တို့အစည်းအဝေး၌ ယခုကဲ့သို့ပင် ပေါက္ခရဝဿမည်သော မိုးကို ရွာစေပြီ"ဟု မိန့်တော်မူပြီး၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

"ရဟန်းတို့။ ငါ ဝေဿန္တရာမင်း ဖြစ်တော်မူသောအခါ ဖုဇကာပုဏ္ဏားသည် ယခု ဘုရားဖြစ်တော်မူအခါ ငါ၏ဦးရီးတော် ဒေဝဒဟ[၃၃၂]မင်းကြီးသား ဒေဝဒတ် ဖြစ်လာ၏။

"ဇူဇကာပုဏ္ဏား၏မယား အမိတ္တာပုံသည် ယခုအခါ စိဉ္စမာဏဝိကာ အမည်ရှိသော သတို့သမီး ဖြစ်လာ၏။

"ထိုအခါ ဟိမဝန္တာတောဝ၌ စောင့်ရှောက်၍နေရသော စေတမုဆိုးသည် ယခုအခါ ငါဘုရားနှင့် ဖွားဖက် တောထွက်ရာပါသော ဆန္နအမတ် ဖြစ်လာ၏။

"ထိုအခါ ဟိမဝန္တာ၌နေသော အစ္စုတရှင်ရသေ့သည် ယခုအခါ ဥပတိဿရွာသူကြီး၏သား ငါဘုရား၏ လက်ယာရံ အဂ္ဂသာဝက[၃၃၃]ဖြစ်သော သာရိပုတ္တရာ ဖြစ်လာ၏။

"ထိုအခါ သိကြားမင်းသည် ယခုအခါ ငါဘုရား၏ဘထွေးတော်သား အနုရုဒ္ဓါမင်းသား ဖြစ်လာ၏။

"ထိုအခါ ငါ၏ခမည်းတော် သိဉ္စည်းမင်းကြီးသည် ယခုအခါ ငါဘုရား၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဖြစ်လာ၏။

"ထိုအခါ ငါ၏မယ်တော် ဖုဿတီဒေဝီသည် ရှေး ၉၁ ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား၏ ခြေတော်ရင်း၌ တောင်းအပ်သောပတ္ထနာနှင့်အညီ ယခုအခါ ငါဘုရား၏မယ်တော် မဟာမာယာ ဖြစ်လာ၏။

"ထိုအခါ ငါ၏မြောက်သားတော် မိဖုရားကြီးမဒ္ဒီဒေဝီသည် ယခုအခါ ငါ၏ဦးရီးတော်၊ ဒေဝဒဟ မင်းကြီး၏သမီးတော် ဤလူ့ပြည်၌ တစ်စုံတစ်ယောက်သော လူ့သမီးတို့နှင့်မနှိုင်းယှဉ်ရာ နတ်သမီးတမျှလှပသော အဆင်းအရေ ကြန်အင်လက္ခဏာ ရွှေရတနာရွှေစင်စုကဲ့သို့ ရှိသောကြောင့် ဗိမ္ဗာဒေဝီ[၃၃၄]ဟု အမည်မှည့်ပြီးမြောက်မှ နောက်တစ်ဖန် ဖွားတော်၏အမည်ဖြင့် ယသောဓရာ[၃၃၅]ဒေဝီဟု ထင်ရှားသော ငါ၏ မြောက်သားမိဖုရားကြီး ရာဟုလာမိခင် ဖြစ်လာ၏။



www.burmeseclassic.com

"ထိုအခါ ဇာလီမင်းသားသည် ယခုအခါ ရာဟုလာမင်းသား ဖြစ်လာ၏။

"ထိုအခါ ကဏှာဇိန်သည် ယခုအခါ ငါဘုရား၏လက်ဝဲရံ အဂ္ဂသာဝိကာဆုနှင့်ပြည့်စုံသော သူဌေးသမီး ဥပ္ပလဝဏ် ဖြစ်လာ၏။

"ထိုအခါ ကြွင်းသော ဝေဿန္တရာမင်းကြီး၏ပရိသတ်သည် ယခုအခါ ငါဘုရား၏ပရိသတ် ဖြစ်လာ၏။

"ထိုအခါ ဝေဿန္တရာမင်းကြီးသည် ယခုအခါ ဉေယျဓမ် တရား ၅ ပါးတို့ကို အလိုလို ကိုယ်တော်တိုင် သာလျှင် အကြွင်းမဲ့သိတော်မူသည်ဖြစ်၍ သဗ္ဗညုတဉာဏ်အထွတ်သို့ ရောက်ပြီးသော ငါဘုရား ဖြစ်တော်မူ၏"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

မြင်းကြီးဝေဿန္တရာသည် တစ်ဘဝတည်းသော ကိုယ်တော်၏အဖြစ်၌ပင်လျှင် အလှူ၏တန်ခိုးကြောင့် ၂ သိန်း ၄ သောင်း အထုရှိသောမြေကြီးသည် စိတ်ဝိညာဉ်ရှိသောသတ္တဝါကဲ့သို့ ၇ ကြိမ်တိုင်အောင် တုန်လှုပ်၏။

ဤဇာတ်တော်၌လာသော မြေလှုပ်ခြင်း ၇ ကြိမ်ကား–

- ဖွားတော်မူ၍ ၈ နှစ်မြောက် နှလုံးသည်းပွတ်, မျက်စိ, ခြေ, လက် စသောအစွန့်အလှူကို ကြံသောအခါ မြေတစ်ကြိမ်လှုပ်၏။
- ထို့နောက် ဆင်ဖြူတော်ကို လှူသောအခါ တစ်ကြိမ်။
- ထို့နောက် ပြည်မှနှင်ထုတ်၍ ထွက်အံ့သောနေ့၌ ၇၀၀, ၇ လီစုဖြစ်သော အလှူကြီးကိုပေးသောအခါ တစ်ကြိမ်။
- ထို့နောက် ဝင်္ကပါတောင်သို့အထွက် ပြည်တော်သို့ ပြန်လည်၍ရှုကြည့်တော်မူသောအခါ တစ်ကြိမ်။
- ထို့နောက် သားတော်, သမီးတော်တို့ကိုလှူသောအခါ တစ်ကြိမ်။
- ထို့နောက် မဒ္ဒီဒေဝီကို လှူသောအခါ တစ်ကြိမ်။
- ထို့နောက် မင်း ၆ ပါး ဝင်္ကပါတောင်၌ စည်းဝေးသောအခါ တစ်ကြိမ်။

ဤသို့ ၇ ကြိမ်မြေလှုပ်ခြင်းစသော အံ့ဖွယ်သရဲတို့သည် ဖြစ်ကုန်၏ဟု လာ၏။

စရိယာပိဋက အဋ္ဌကထာ၌ကား–'အဋ္ဌဝဿိကကာလေ ဟဒယ မံသာဒီနံ ပိယာစကာနံ ဒဒေယျန္တိ ဒါနဇ္ဈာသယ ယုပ္ပါဒေ, မင်္ဂလဟတ္ထိ ဒါနေ ပဗ္ဗာဇနကာလေ ပဝတ္တိတ မဟာဒါနေ,ပုတ္တဒါနေ,ဘရိယာဒါနေ, ဝင်္ကပဗ္ဗတေ ဉာတိသမာဂမေ နဂရပဝိဋ္ဌဒိဝသေ ရတနဝဿကာလေတိ ဣမေသု ဌာနေသု သတ္တဝါရံ အကမ္ပိတ္ထဝေ' ဟု လာ၏။

အဋ္ဌဝဿိကကာလေ၊ ၈ နှစ်ရှိသော အခါ၌ ။ ဟဒယမံသာဒီနံပိ၊ နှလုံးသား အစရှိသည် တို့ကိုလည်း။ ယာစကာနံ၊ အလိုရှိသော ယာစကာတို့အား။ ဒဒေယျံ၊ ထုတ်၍ ပေးအံ့။ ဣတိ၊ ဤသို့။ ဒါနဇ္ဈာသယုပ္ပါဒေစ၊ အတွင်းအလှူပေးလိုသောအကြံ ဖြစ်စဉ်ခဏ၌ လည်းကောင်း။ မင်္ဂလဟတ္ထိဒါနေစ၊ မင်္ဂလာဆင်ဖြူတော်ကို လှူတော်မူသော ခဏ၌ လည်းကောင်း။ ပဗ္ဗာဇနကာလေ၊ ပြည်မှ နှင်ထုတ်အံ့သောအခါ၌။ ပဝတ္တိတ မဟာဒါနေစ၊ ဖြစ်စေအပ်သော ၇၀၀ အပေါင်း အလှူကြီးပေးသောခဏ၌ လည်းကောင်း။ ပုတ္တဒါနေစ၊ သားသမီးတို့ကို လှူသောခဏ၌ လည်းကောင်း။ ဘရိယာဒါနေစ၊ မဒ္ဒီဒေဝီကို လှူသောခဏ၌ လည်းကောင်း။ဝင်္ကပဗ္ဗတေ၊ ဝင်္ကပါတောင်၌။ ဉာတိသမာဂမေစ၊ ဆွေတော်မျိုးတော် မင်း ၆ပါး အစည်းအဝေး၌ လည်းကောင်း။ နဂရ ပဝိဋ္ဌဒိဝသေ၊ စေတုတ္တရာပြည်တော်သို့ ဝင်သောနေ့၌။ ရတနဝဿကာလေစ၊ ရတနာမိုးရွာသော ခဏ၌

www.burmeseclassic.com



လည်းကောင်း။ ဣတိ ဣမေသု ဌာနေသု၊ ဤ ၇ ရပ်တို့၌။ သတ္တဝါရံ၊ တစ်ကြိမ်စီအားဖြင့် ပေါင်း ၇ ခါ။ မဟာပထဝီ၊ မြေကြီးသည်။ အကမ္ပိတ္ထဝေ၊ တုန်လှုပ်ပြီးသည် သာလျှင်တည်း။

ကြဉ် စရိယာပိဋကအဋ္ဌကထာ၌ 'ပြည်တော်သို့ဝင်သည့်နေ့ ရတနာမိုးရွာသောအခါ လှုပ်သည်'ဟု ဆို၏။ ဝင်္ကပါတောင်သို့အထွက် မြို့တော်ကို ပြန်လည်၍ရှုသောအခါ လှုပ်ကြောင်းကို မဆို။ ဤ ဝေဿန္တရာ ဇာတ်နိပါတ် ပါဠိတော်၌ကား မြို့တော်ကို ပြန်လည်၍ရှုတော်မူသောအခါ လှုပ်ကြောင်းကို လာ၏။ ရတနာမိုးရွာသောအခါ လှုပ်ကြောင်းကို မဆို။ ထို့ကြောင့် စရိယာ ပိဋကအဋ္ဌကထာ စကားသည် နိပါတ်ပါဠိတော်နှင့် ဤအရာ၌ မညီလွန်း။ စရိယာပိဋက ပါဠိတော်၌မူကား 'သာ မဟာပထဝီ မမ ဒါန ပုညာနုဘာဝ ဟေတု သတ္တက္ခတ္တုံ အကမ္ပိတ္ထ' ဟူ၍သာ ဟောတော်မူ၏။

[သာ မဟာပထဝီ၊ ထိုမြေကြီးသည်။ မမ ၊ငါ၏။ ဒါန ပုညာနုဘာဝ ဟေတု။အလှူပေးခြင်း၏ ကောင်းမှု အာနုဘော်တည်းဟူသောအကြောင်းကြောင့်။ သတ္တက္ခတ္တုံ၊ ၇ ကြိမ်။ အကမ္ပိတ္ထ၊ တုန်လှုပ်ပြီ။] ဤကား အနက်။



www.burmeseclassic.com

www.burmeseclassic.com



## နိဂုံးပိုဒ်စုံ

တိုင်းကားဦးသျှောင်။ ။မြန်ရန့်အောင်တွင်၊ ဘုန်းခေါင်မှန်ကူ၊ ချတော်မူသား၊ နှစ်ဆူပါဒ၊ စေတီယဟု၊ တစ်ရာ့ရှစ်စုံ၊ စက်တော်စုံကို၊ အမွှံမြရော၊ မန်းသီတာဖြင့်၊ လက်ယာရစ်ဆိုက်၊ သုံးကြိမ်ခိုက်၍၊ ခွေပိုက်လည်ကာ၊ ရှေ့မျက်နှာသို့၊ လယ်ယာမြေကောင်း၊ ရေရှင်လောင်းလျက်၊ ဆည်မြောင်းကန်တည်၊ လုပ်စိမ့်ရည်သို့၊ မြရည် လန်းလန်း၊ ရစ်ခွေသန်းသား၊ မန်းမြစ်ဂင်္ဂါ၊ ရေသီတာနှင့်၊ ဇရာမြစ်ဆုံ၊ သန်လျက်ခုံတွင်၊ လုံးစုံကျေးဇူး၊ သာပျံ့ပျူးလျက်၊ မင်းပူးမည်သာ၊ ဂုဏ်ထူးရွာ၌၊ ဂုဏာစာရ၊ လောကသမ္မုတိ၊ ရထိုက်ဘိသား၊ ဘွဲ့ရှိပညာ၊ ထိုဆရာလျှင်၊ သေးဖြာသီလ၊ ဖြူစင်ပလျက်၊ ပန္နရသီ၊ တိထိပြည့်၍၊ ဖြစ်မည်နေ့တွင်၊ ဘုန်းဟော့ထွတ်စံ၊ ကြယ်ပေါင်းရံလျက် ၊ ရောင်လျှံပထွန်း၊ လပြည့်ဝန်းနှင့်၊ နှုန်းတန်း ပုံသွယ်၊ သံဃာလယ်၌၊ ပြန့်ကြွယ်နည်းနာ၊ အဖြာဖြာနှင့်။ ဋီကာကစ္စည်း၊ ဉာသ်နည်းနေတ္တိ၊ ပါဠိအဋ္ဌကထာ၊ ညဝါလက်သုံး၊ ကျမ်းရိုးထုံးကို၊ ပန်းကုံးအသွင်၊ လှကြောင်းဆင်၍၊ စာသင်ဝန်းလျား၊ တပည့်များအား၊ တရားနက်လေး၊ နည်းနာကျွေး၏၊ ရှည်ဝေးနောင်လာ၊ သာသနာ၌၊ ပညာမေးယှက်၊ အသိခက်၍၊ အနက်မရဲ၊ ဆိုဝံ့ခဲလည်း၊ တံကဲမလိမ့်၊ မှီရစ်စိမ့်ဟု၊ နှစ်သိမ့်စေမှု၊ ကျမ်းဂန်ပြုရှင့်၊ သုတဗုဒ္ဓိ၊ ကျေးဇူးသိသား၊ ပရိယတ္တိ၊ ပဋိအစဉ်၊ ပတ်ရစ်ယှဉ်လျက်၊ နှစ်စဉ်တရား၊ ဖြည့်သောအားဖြင့်၊ အများတကာ၊ ဝေးနီးလာ၍၊ ပဒေသာပင်၊ မှတ်ကြထင်သည်။ ။ စာသင်အောင်ပွဲ ခံမစဲ။

ပိုင်းခြားထုတ်ဆောင်။ ။ကျေးဇူးရောင်ဖြင့်၊ မြန်ဆောင်ကြေညာ၊ ထင်ရှားစွာသား၊ ဆရာ ထေရ်ကျော်၊ တို့ထိပ်ပေါ်လျှင်၊ မွေ့လျော်ဌာန၊ ဤဂါမ၌၊ ကာလအရှည်၊ ကောင်းကျိုးစည်သော်၊ ပြည်ကြီးထိပ်ချာ၊ ဧကရာကာ၊ ငါလည်းညွတ်ခိုက်၊ ကိုးကွယ်တိုက်ဟု၊ ဦးထိုက်ရှိဝန်၊ လျှောက်တောင်းပန်၍၊ ဝေယန်ဘုံသွင်၊ သိကြားဆင်သို့၊ ရွှေစင်ပြည့်မွမ်း၊ ကျောင်းသခ်မ်းကို၊ချမ်းမြေ့ရွှင်လန်း၊ ရေစက်သွန်း၍၊ ရဟန်းသံဃာ၊ တစ်ထောင်မှာလည်း၊ များစွာကုံလုံ၊ လှူဝတ်စုံနှင့်၊ စိတ်ယုံကြည်ဖြူ၊ လှူတော်မူ၏၊ ဓမ္မူထိပ်ပန်း၊ ရွှေပြည်နန်း၏၊ တောင်သန်းခတ်ဆိုင်း၊ မြောက်ရပ်ခိုင်းသား၊ စစ်ကိုင်းမြို့ဝယ်၊ ဘုန်းသစ်ကြွယ်လျက်၊ အံ့ဖွယ်ထွေပြား၊ ကျေးဇူးအားဖြင့်၊ ဘုရားတစ်ဆူ၊ မှတ်ကြမူရှင့်၊ ရှင်လူတကာ၊ သဒ္ဓါဆပွား၊ ထိုဘုရား၏၊ တရားရင်နို့၊ စို့ကြကုန်ရှောင်း၊ တပည့်ပေါင်းတွင်၊ ကောင်းရာငင်ငင်၊ ရွေးစုဝင်သား၊ မျက်ရှင်ဆန်ကျိုး၊ ငယ်လှနိုးလည်း၊ အဖိုးဖြတ်သော်၊ ဂုဏ်ညွန့်ပေါ်သို့၊ တစ် ခေါ်စလောက်၊ ရမြောက်နည်းနာ၊ အမည်မှာမူ၊ ဉာဏ်ဝါဒီပ္ပတိ၊ ဖွားဖွယ်ရှိလျက်၊ ဣတိကာရဏာ၊ ဟိတ်ဖြင့်ပြသော်၊ သရ ရှစ်လုံး၊ အဆုံးကိုလျှင်၊ အစတင်၍၊ ဘ–တွင် အာနှင့်၊ သ–နောက်ဆင့်၍၊ နံသင့်မိတ်ပါ၊ အက္ခရာနှင့် ဆရာမြတ်လှ၊ဘွဲ့မည်ရ၍၊ ဝဏ္ဏရွှယ်လောက်၊ ရောက်သားဤခါ၊ ပညာဝါလျှင်၊ ဤစာဝေဿန်၊ ဇာတ်တော်မှန်ကို၊ ဉာဏ်မြင်အနှ၊ သူတို့ရှုအောင်၊ ဝဏ္ဏသက်သေ၊ စကားပြေဖြင့်၊ အနေကျစွာ၊ ရေးစီပါဟု၊ မေတ္တာကျွမ်းဟောင်း၊ ငယ်ကပေါင်းသား၊ မျိုးကောင်းမင်းရောက်၊ ဂုဏ်ရည်သောက်လျက်၊ မောင်ထောက်မည်ရ၊ ထိုသူကတည့်၊ ညွတ်ခ၍လျှင်၊ ရေးစီရင်သည်။ ။နာတင်ဆောင်စွဲ ကြံမခဲ။



www.burmeseclassic.com

ဂိုဏ်းထား ပုဒ်နှောင်။ ။သဒ္ဒါဆောင်၍၊ ၅ ထောင်သာသနာ၊ တည်စိမ့်ငှာဟု၊ ဤစာထုတ်လှစ်၊ ပြီးသည့်နှစ်ကား၊ ကြွင်းရစ်သာသနာ၊ ဒွါရာတြိ၊ ဒွိနှင့် သတ္တ၊ ရေသော်ရဏ်၊ ဒီဃသက္ကရာ၊ နှစ်ကောဇာမူ၊ ထောင်ရာပယ်ထား၊ ၄၅–တည့်၊ လ,ကား တပေါင်း၊ ရွက်ရင့်ပြောင်း၍၊ ဆောင်းကျန်ရတု၊ နွေသို့လုသား၊ ရွက်နုဖူးဆင်၊ ပန်းသစ်ပင်နှင့်၊ မင်းလွင်မှုန်ကာ၊ လေဝန်းလာလျက်၊ သာနုမန္တ၊ သူရဇ္ဇလျှင်၊ ကုမ္ဘရာသီ၊ ယှဉ်သွားမှီ၍၊ တိထိမပျက်၊ ဆန်း ၉ ရက်တွင်၊ လင်္ကား မိဿ၊ စန္ဒရဗြိဿ၊ အနေကောင်းမြတ်၊ သင့်ရာမှတ်သို့၊ ဇာတ်လက် စန်းအုပ်၊ သိဒ္ဓိစုတ်လည်း၊ ကောင်းဟုတ်မင်္ဂလာ၊ ထိုအခါဌ်၊ ဤဇာတက၊ နိဋ္ဌိတံတိုင်၊ အပြီးပိုင်၏။ ဂုဏ်လှိုင် ဉာဏ်ဝါ၊ သူတော်စွာတို့၊ ဤစာအလို၊ ကျွန်ုပ်ဆိုအံ့၊ အသိအထား၊ စကားဝါကျ၊ ဒေါသ ခြောက်စု၊ ရှစ်ခု အပြစ်၊ မြင်သည်ဖြစ်မူ၊ ကျစ်လျစ်စေကြောင်း၊ သာ၍ကောင်းအောင်၊ လောင်းနုတ်စီရင်၊ ဆင်ခြင်မိမိ၊ ရေ့နောက်ညှိလျက်၊ ကျိုးရှိစိမ့်ငှာ၊ ပြင်လိုက်ပါလော့၊ နည်းနာစုံဖွေ၊ မလောက်လေ့၍၊ ရေ့နောက်မမိ၊ ယုံမှားရှိမူ၊ တတ်သိယောင်သွင်၊ မပြင်ဆင်ရာ၊ တောင်းပန်ပါ၏၊ ၁၀ ဖြာသဒ္ဒ၊ ဆိုမကျ၍ ၊ အတ္ထပြတ်ပြတ်၊ မယူတတ်သော်၊ ဉပဒ်တစ်ခု၊ ရန်သူပြုလျက်၊ ဂုဏာဂိဒ္ဓိ၊ ရှိသွားလက္ခဏာ၊ ဒုဗ္ဗနာ၏၊ အရာရောက်ဖွယ်၊ကဲ့ရဲ့လွယ်နှင့်၊ မျိုးနွယ် ဆွေဝါ၊ သူမြတ်များတို့၊ ဘုရားအလောင်း၊ ကျင့်ဟောင်းထုံးရှု၊ ကောင်းရာတု၍ ၊ ကောင်းမှုမညှိုး၊ ကောင်းစွာပျိုးကာ၊ ကောင်းမျိုးရအင်၊ ရန်နုတ်ထွင်သည်။ ။မာတင်ပြောင်ရဲ စံမလွဲ။ [နိဂုံး ၃ ပိုဒ် လင်္ကာဆိုလိုက်သည်။]

ဤဇာတက။ ။ ထုတ်စီရသား။ ပုညဆင့်လောင်း၊ ဆုပန်တောင်းအံ့၊ ကောင်းမြတ်သီတင်း၊ သိဋ္ဌည်းမင်းလျှင်၊ ရင်တွင်းသည်းချာ၊ ဘုန်းဖြင့်လာသား၊ ရတနာမျက်မှန်၊ မင်းဝေဿန်အား၊ မျက်မှာန်မငြို၊ မထားသိုဘဲ၊ မလိုပြည်သူ၊ ကြွက်ကြွက်ဆူကြောင့်၊ ပူဆာနှလုံး၊ မရွှင်ပြုံးနှင့်၊ ချစ်ထုံးပြတ်ယောင်၊ ဝင်္ကတောင်သို့၊ ရှောင်စေပြီးနောက်၊ မြေးတော်ရောက်သော်၊ ဝမ်းမြောက်သောအား၊ ကိုယ်တိုင်သွား၍၊ တရားမမှုရာဇ်၊ ဖြစ်စိမ့်သောကြောင်း၊ခွင့်လမ်းတောင်းလျက်၊ သွန်းလောင်းဘိသိက်၊ နိမိတ်ဆောင်ခြင်း၊ ထီးနန်းနှင်းသို့၊ ခပင်းလူတွင်၊ မွေးဖခင်တို့၊ သားတွင်မှုသစ်၊ ရကာလစ်၍၊ အပြစ်တစိ၊ မျက်ဝင်မိသည်၊ နောက်ပြီးတစ်ဖန်၊ ဆုံးမသွန်လျက်၊ အလွန်ချစ်ခြင်း၊ ဘ,ရာ[၃၂၇]နှင်း၍။ ။အရင်းပေးကြပါစေသော်။

သီတာမက။ ။ချမ်းကြည်လှသား၊ ဝင်္ကတောင်မှာ၊ ဘုရားလျာလျှင်၊ မြင်ခါမျက်လို၊ ပုဏ္ဏားအိုအား၊ ကုသိုလ်မင်္ဂလာ၊ ပြုသောအခါဌ်၊ ကဏှာ, ဇာလီ၊ ရှုအီ နုထွား၊ မင်း ၂ ပါးလျှင်၊ ပုဏ္ဏားအမိုက်၊ ဒေါသရိုက်အား၊ ထိုက်ပါဘဲပင်၊ ရင်သွေးစင်ကို၊ ဖခင်ဘုရား၊ လှူဖြစ်အားဟု၊ စိတ်ထားမကွက်၊ မနှောင့်ယှက်သည်၊ ကိုယ်သက်မမှတ်၊ သားကျင့်ဝတ်နှင့်၊ မလွတ်ရအောင်၊ ကျေးဇူးဆောင်သို့၊ လူ့ဘောင်မျိုးနွယ်၊ မီဘဝယ်လည်း၊ ထိုနှယ်ထုံးမှီး၊ လိမ္မာပြီးသား၊ သမီးသားကောင်း၊ သူအပေါင်းတို့ ၊ ညွတ်ပျောင်းကျိုးနွံ၊ လက်အောက်ခံ၍၊ နှုတ်လုံ မထိုး၊ ချစ်မြတ်နိုးလျက်၊ ကျင့်ရိုးဝတ်ကုန်၊ အင်ငါးစုံနှင့်၊ ကြည်ယုံဆပွား၊ မိဘအားကို၊ ခံညားမလပ်၊ ကျေးဇူးဆပ်၍ စောင့်ကြပ်မယွင်း၊ လုပ်ကျွေးခြင်းဖြင့်။ ။အတွင်း အေးကြပါစေသော်။

ညီညာတမျှ။ ။ရွှေနှင့်မြသို့၊ သိင်္ဂမဒ္ဒီ၊ မယောသီဟု၊ ဆေဝီထွတ်တင်၊ နန်းမရှင်လျှင်၊ ကြင်နာဆွတ်ဆွတ်၊ မင်းမျှားနတ်ကို၊ ရှိညွတ်ချစ်ကြည်၊ ဤလူ့ပြည်တွင်၊ ဤသည်မင်းဖျား၊ ဤတစ်ပါးသာ၊ ယောကျ်ားဤပြင်၊ မရှိထင်လျက်၊ အရှင်ကောင်းထံ၊ ကျွန်ကောင်းနွံသို့၊ နှုတ်လုံမစိုက်၊ စရိုက်အခွင့်၊ သိလိုကျင့်၏၊ ထိုနှင့်ပုံတူ၊ မျိုးအိမ်သူတို့၊ လူ့ဌထင်ရှား၊ မယားမျိုးကို၊ ထုတ်၍ဆိုသော်၊ လင်ကိုလျက်ပင်၊ ကျွန်လျှင်မှတ်တတ်၊ သူသတ်နှင့်တူ၊ ခိုးသူအလား၊ ဤသုံးပါးကား၊ မယားယုတ်ဆိုး၊ ဘီလူးမျိုးတည့်၊ မြတ်နိုးစွာဘိ၊ သွန်သင်ချိုမှု၊ အမိတမျှ၊ ရက်ကြောက်ရမူ၊ နှမအသွင်၊ ချစ်ခင်မှန်းမှန်း၊ ပြုဟန်သွန်းမူ၊ ခင်ပွန်းပမာ၊ ကြင်နာသဖြင့်၊ သိလိုကျင့်မှု၊

www.burmeseclassic.com



ကျွန်နှင့်အလား၊ ဤလေးပါးလျှင်၊ မယားကောင်းတို့၊ ကျင့်ရာမြို့ရှင့်၊ ထိုသို့ဖြင့်အား၊ ခုနစ်ပါးတွင်၊ ယောကျ်ားတစ်ဦး၊ ပြင်တွင်မြူးလည်း၊အထူးမပြောင်း၊ စိတ်တစ်ချောင်းတည်း၊ ကောင်းစွာလင်ကို၊ ရှိသေသဖြင့်၊ ကျွန်သို့ကျင့်၍၊ ရေနှင့်ကြာတူ၊ ကြည်ဖြူကြင်နာ၊ ရွှင်လန်းစွာလျှင်၊ တစ်ရာသက်တွင်း၊ မေတ္တာနှင်း၍။ သတင်းမွှေးကြပါစေသော်။

ဝေဿန်မင်းခေါင်။ ။မင်းများနောင်လျှင်၊ တောင်ညာဒေဝီ၊ မယ်မဒ္ဒီအား၊ မထိမဲ့မြင်၊ မကြင်သောယောင်၊ ခွာရှောင်လွန်ကြူး၊ မကျင့်ဘူးဘဲ၊ အထူးသဖြင့်၊ ကိုယ်တူကျင့်၍၊ ဘုန်းပွင့်သည်းရင်း၊ နန်းလုံးနှင်းသို့၊ ခပင်းလူများ၊ အမျိုးသားကို၊ မယားကောင်းဝယ်၊ ဝတ်ငါးသွယ်ဖြင့်၊ ချစ်ဖွယ်လေးမြတ်၊ ကိုယ်တူမှတ်လျက်၊ ညွတ်ညွတ်ကြည်ကြည်၊ ချစ်ကြိုးချည်၏၊ မည်မည်ဝါးဝါး၊ မပြုကြားဘဲ၊ ခမ်းနားအိမ်ထောင်၊ နှင်းအပ်လှောင်လျက်၊ စောင်စောင့်မမ၊ ဩဝါဒဖြင့်၊ နေ့ညသွန်သင်၊ သက်လုံးကြင်ရှင့်၊ လင်နှင့်မယား၊ ဤနှစ်ပါးတွင်၊ လင်ကားမေဃ၊ ဒါရလယ်မြေ၊ ပုံနှုန်းချေ၏။ မိုးမြေနှစ်ပါး၊ ကောင်းတုံဟြားမှ၊ စပါးနှံသီး၊ ဩဇာဖြိုးသို့၊ ထုံးနီးပုံမှီ၊ နှစ်ဦးညီလျက်၊ ထိုဤလယ်ယာ၊ ဥစ္စာပစ္စည်း၊ ဆည်းပူးတိုင်ပင်၊ သတင်းရွှင်၍။ ။ ချစ်ခင်ပေါင်းကြပါစေသော်။

လေပြန်သွင်းဆောင်။ ။မွှေးပျံ့လှောင်လျက်၊ မင်းခေါင်ရင်ဆီ၊ မင်းဇာလီနှင့်၊ သီဂီသဖွယ်၊ နမငယ်အား၊ အန္တယ်မယွင်း၊ အုပ်ချုပ်ခြင်းဖြင့်၊ ဆင်းရဲရန်မီး၊ ကာဟန့်ဆီးသို့၊ မောင်ကြီး အစ်ကို၊ ဆိုသမျှလူ၊ ဤထုံးယူလျက်၊ မိတူဖရင်း၊ ဖော်သားချင်း၌၊ မကင်းနေ့ည၊ ခါနိစ္စလျှင်၊ စောင်မသဖြင့်၊ ထိုနှယ်ကျင့်ရှင့်၊ ထိုနှင့်တမျှ၊ ငယ်သူကလည်း၊ မိဘအလား၊ မြင့်ရာထားလျက်၊ စကားမလုန်၊ နိုပ်ကြွံခံ၍၊ ကျိုးနွံမေတ္တာ၊ ရှိသေရာ၏၊ ကဏှာမင်းသမီး၊ လှဖနီးလျှင်၊ မောင်ကြီးမင်းအား၊ ရှိခံညားသို့၊ သားချင်းသွေးရည်၊မျိုးဟူသည်ကို၊ ကြည်ကြည်ညီညို၊ အစ်ကိုနှင့် ညီ၊ ပြီပြီကိုဆောင်၊ မောင်နှင့်နှမ၊ ရှက်ရစောင့်စည်း၊ တစ်စုတည်းဖြင့်၊ လူလည်းချစ်ခင်၊ နတ်လည်းကြင်၍ ။ ။ ပြစ်စင် ကောင်းကြပါစေသော်။

ရွှေမှန်ဝင်းပြောင်။ ။မြတ်နန်းဆောင်သို့၊ ကောက်တောင်ကသာ၊ဇူဇကာသည်၊ ကဏှာ, ဇာလီ၊ ရှင့်ရင်ဆီကို၊ သီဂီလက်နှဲ့၊ နွယ်ကြိုးဖွဲ့၍၊ ဆောင်ခဲ့ရောက်သော်၊ မြေးနှစ်ဖော်ကို၊ ဘိုးတော်သိဠည်း၊ ဖခမည်းလျှင်၊ အသည်းအအူ၊ လှိုက်ဆူပြတ်ပြတ်၊ ကြေမတတ်နှင့်၊ မြတ်မြတ်လေးလေး၊ ခြင်းရာမေး၏၊ ရွှေပေးပြီးဟြား၊ ရင်ခွင်ထားသို့၊ အများတကာ၊ သူတော်စွာတို့၊ ဆွေညာတကွ၊ ဆင်းရဲရ၍၊ ထိုမှဤသို့၊ ရောက်လာမြို့သော်၊ ငါတို့အပြင်၊ ဤသူတွင်၌၊ ခိုဝင်ရသူ၊ မရှိဟူ၍၊ ကြည်ဖြူသဖြင့်၊ ပေးထောက်ပင့်လျက်၊ ကိုယ်နှင့်နှုတ်ပါ၊ ထိုက်ရာပြုစု၊ သင်္ဂြိုဟ်မှုဖြင့်၊ ကြီးသူ့စကား၊ ငယ်သူ့နား၌ ၊ ပျားရည်အသွင်၊ ချို၍ဝင်သည်။ ။ဖြစ်လျှင် ဖျောင်းဖျပါစေသော်။

စေတုတ္တရာ။ ။နေပြည်သာမှ ၊ ဟေမာဝက်၊ တောင်သို့ ကြွသော်၊ စေတတိုင်းမည်၊ ဦးရီးပြည်သို့၊ ရောက်သည့်နေ့ချင်း၊ စေတမင်းတို့၊ ခပင်းရှိသေ၊ မြို့လုံးကြွေမျှ၊ မိတ်ဆွေမှတ်မှတ်၊ ညှိသည့်ဝတ်ကို၊ မလွတ်ရအောင်၊ ကျေးဇူးဆောင်သို့၊ လူ့ဘောင်ဤ၌၊ ထိုစရိုက်ဖြင့်၊ အလိုက်သိစွာ၊ နှုတ်ဖျူပြောဖြင့်၊ မေတ္တာရည်ဖျန်း၊ ဆွေခင်ပွန်း၌၊ လန်းလန်းရွှင်အောင်၊ ကျေးဇူးဆောင်က၊ နှောင်ခွင့်ရောက်သော်၊ အရာပေါ်လိမ့်၊ အော်အော်အမ်းအမ်း၊ ပြုနိုင်စွမ်းလျက်၊ စိတ်ဝမ်းပြည့်စွာ၊ မိတ်သဟာသည်။ ။သစ္စာ လေးကြပါစေသော်။

ခြေသုတ်ပမာ။ ။ နန်းတောင်ညာနှင့်၊ ပြည်သာထိုမှ၊ ခွာခဲ့ကြသော်၊ တောဝရောက်ဟြား၊ မုဆိုးသားလျှင်၊ ဤကားအရှင်၊ ငါ့ထိပ်တင်ဟု၊ ချစ်ခင်သောအား၊ လမ်းညွှန်ကြားလျက်၊ သားညှင်းကျပ်တင်၊ အကင်အကျက်၊



www.burmeseclassic.com

www.burmeseclassic.com



ပျားရည်ဆက်၍၊ နှစ်သက်လေးမြတ်၊ ကျွန်တို့ဝတ်ကို၊ မလွတ်ရှင်ဖြိုး၊ လုပ်ကျွေးကျိုးဖြင့်၊ အမိုးမဆုံး၊ မင်းသုံးတန်ဆာ၊ ရတနာလျှံရှင်၊ ဦးသျှောင်ကျင်ကို၊ အရှင်ကြည်နူး၊ ပေးလေဖူးသို့၊ အထူးပါပ၊ ဝိပါကကြောင့်၊ ဒါသဒါသီ၊ သူ့အိမ်မှီတို့၊ မထီမလေး၊ အဝေးမျက်ကွယ်၊ ခိုင်းပယ်မပြီး၊ လုပ်သီးမဝင်၊ အိမ်ရှင်မဟူ၊ မဖြူနှလုံး၊ မစွဲသုံးဘဲ၊ ရှေးထုံးအသင့်၊ ရှိသေကျင့်က၊ အရှင့်စိတ်ဝမ်း၊ နှစ်သက်မွှမ်းလိမ့်၊ အစွမ်းရှိတိုင်း၊ မရိုင်းမာန်စောင်း၊ ကောင်းစွာကျင့်ကြား၊ ကျွန်တို့အားလည်း၊ သနားချစ်ခင်၊ သားနှယ်ကြင်လျက်၊ အရှင်ပြုရေး၊ ဝတ်စားပေး၍၊ သိမ်မွေ့ပျံ့ပျူး၊ ယှော်ကြောင်းကြူးလော့၊ နှစ်ဦးခွင့်ရာ၊ သိလိမ္မာ၍။ ။ပြစ်ရှာ ဝေးကြပါစေသောဝ်။

ရွှေနှုတ်သံမာ။ ။ ချိုလှစွာဖြင့်၊ အာဏာကျော်သည်း၊ မင်းသိဋ္ဌည်းလျှင်၊ ရန်လှည်းနှိပ်နင်း၊ ငါသည်မင်း၏ ၊ ရင်တွင်းသည်းဖျား၊ မြေးတော်များကို၊ ပုဏ္ဏားယုတ်ဆိုး၊ ဘယ်ရန်ငြိုးကြောင့်၊ ကြိုး,လွှန်,တုတ်,ဓား၊ ရိုက်ပုတ်ထားဟု၊ နဂါးတို့မာန်၊ ဆိပ်မြောင်အန်သို့၊ ပြင်းထန်အမျက်၊ မထွက်ကုန်ဘဲ၊ မင်းမာန်ရဲ၍၊ ဝမ်းထဲမငြိုး၊ မထားသိုတည့်၊ ထိုပုဏ္ဏားအား၊ မေတ္တာပွားသို့ ၊အများလူဝယ်၊ အင်ကိုးသွယ်ဖြင့်၊ တွယ်တာရန်ငြိုး၊ ဒေါသမျိုးကို၊ မပျိုးညနေ့၊ အောက်မေ့မမူ၊ နှလုံးဖြူလျက်၊ ထိုသူငါ့မှာ၊ ဘယ်သောခါက၊ ကောင်းစွာကျေးဇူး၊ တင်ပေဖူးဟု၊ ညွှတ်နူးမြော်တွေး၊ ကောင်းရာရွေးလျက်၊ လေးမြတ်ကြင်နာ၊ ထုံးနည်းစာ၍ ။ ။ မေတ္တာ ရှေးကြပါစေသောဝ်။

တပေါသုတိ။ ။ ယောနိဖြင့်အား၊ သုံးသွယ်ပြားသား၊ ပုဏ္ဏားတို့တွင်၊ ဂုဏ်ရည်ရှင်လျက်၊ ဗေဒင်မတတ်၊ ကျင့်ဝတ်မရှိ၊ ဓာတိပြဟ္မဏ၊ ဤမျှညီလျက်၊ ကြောင်းတစ်ချက်ဖြင့်၊ ဓာတ်ပျက်ပုဏ္ဏား၊ ထင်မှားမိစ္ဆာ၊ ဇူဇကာသည်၊ တဏှာရှေ့သွား၊ မိုက်သောအားဖြင့်၊ မယားမိတ္တာ၊ သွန်သင်ရာကို၊ လိုက်နာမိ၍၊ ဆွေမတွေ့တည့်၊ သေဌေးမစဲ၊ ဆင်းရဲမကွာ၊ သူ့ပြည်ရွာမှာ၊ ခန္ဓာပြတ်ကြွေ၊ ဆုံးဖူးချေဟု၊ သက်သေပုံယူ၊ ခပ်သိမ်းသူတို့၊ ငယ်မူငယ်ရာ၊ ငယ်ရွယ်ခါက ပညာကျေးဇူး၊ သင်ဆည်းပူးလျက်၊ နှစ်ဦးကြင်ဖော်၊ ရံခါသော်လျှင်၊ တော်မှန်နှလုံး၊ ချစ်ရိုးထုံးဖြင့်၊ စိတ်သုံး အသင့်၊ ကိုယ်ကိုကျင့်၍၊ မြင်းရှေ့ရထား၊ မသွားရဟာန်၊ လုံ့လအန်ဖြင့်။ ။ လမ်းမှန် ကြိုးကြပါစေသောဝ်။

သဘောဒုသိ။ ။တူကြဘိသား၊ အမိတ္တာပန၊ ပုဏ္ဏေးမလျှင်၊ ငယ်က ချစ်ခင်၊ မိမိလင်ကို၊ ကြင်နာဝမ်းထဲ၊ မမုန်းဘဲနှင့်၊ အမြဲကိလိဋ္ဌ၊ နိုင်ချင်စိတ်ကြောင့်၊ ကျိုးဟိတ်မမြင်၊ လင်ကိုစင်လျက်၊ ကျွန်သွင်တရှိ၊ ပြုချေမိ၍၊ ဒုန္နိဝိဋ္ဌဝယ်၊ ပျိုသက်ရွယ်က၊ ငယ်လင်လည်းဆုံး၊စည်းစိမ်သုံးလျက်၊ ပြုန်းရှုံးပျက်စီး၊ ဆွေမနီးဘဲ၊ အထီးကျန်လေ၊ ဆင်းရဲချေဟု၊ ဥပဒေရ၊ ကြင်မိန်းမတို့၊ ဂဟပတက္ကိ၊ မည်ဘိပုံစံ၊ မီးတောက်လျှံကို၊ နှံ့စေပြီးသော့၊ သေလေတော့ဟု၊ ပေါ့လျှော့နင်းသွား၊ ဝင်ရောက်များသော်၊ ပူသားမီးပုံ၊ သက်သေရုံသာ၊ စွမ်းနိုင်ရာ၏၊ ပမာထိုထက်၊ လျှံတက်ရှိန်စော်၊ လင်ကိုသော်ကား၊ ကော်ရော်ရိုသေ၊ မပြုချေမူ၊ သက်သေထိုဟာန်၊ ပစ္စုပ္ပန်လည်း၊ ပူပန်ဆင်းရဲ၊ မလွဲဖြစ်တတ်၊ ခန္ဓာပြတ်လည်း၊ ဥပဒ်နှိပ်နင်း၊ ငရဲမင်းကား၊ အတင်းကလူ၊ ဖြတ်သတ်ယူလိမ့်၊ မပူမဆာ၊ ချမ်းသာရကြောင်း၊ မိန်းမကောင်းတို့၊ နှောက်နှောင်းသုဂတိ၊ ရကျိုးရှိအောင်၊ မိမိအရှင်၊ ချစ်သည့်လင်ကို၊ ထိပ်တွင်ပန်းဟာန်၊ ကိုးကွယ်ပန်၍။ ။ ကြမ်းမာန် ချိုးကြပါစေသောဝ်။

မနောရတိ။ ။ သေလှဘိသား၊ ဒုဗ္ဗိမိတ္တ၊ ဇူဇကာသည်၊ ဝက်တောင်မှာ၊ ဘုရားလျာလျှင်၊ ဒါယကာစစ်၊ ဖြစ်သည့်ဇကန်၊ ခင်ပွန်းမှန်လျက်၊ ဒဏ်ကြီးရောက်မူ၊ ကိုယ်ကိုပြုသို့၊ ဇမ္ဗူ့သခင်၊ ရွှေနန်းရှင်၏၊ ရှေ့တွင်မျက်မှောက်၊ သားနှစ်ယောက်ကို၊ ထောက်ထားမတန်၊ ကျွန်နှင့်နှုန်းတမ်း၊ နှုတ်သံကြမ်းဖြင့်၊ အရမ်းဘဲဆီ၊ ဒုသဳရေရွတ်၊ လှင်တံခတ်လျက်၊ နှယ်ပတ်တုပ်နှောင်၊ ယူခဲ့ဆောင်သော်၊ ရှောင်ရှားလွတ်ရာ၊ မိမိရွာသို့၊ သွားပါလိုလျက်၊ ကြမ္မာနက်၍၊ မျက်စိယွင်းလည်၊ စေတုတ်ပြည်သို့၊ ရောက်သည်ခဏ၊ စည်းစိမ်ရလည်း၊



www.burmeseclassic.com

www.burmeseclassic.com



ခိုင်လှလုံးကြီး၊ ငှက်ပျောဖီးလျှင်၊ ချင်းအပင်ကို၊ သတ်ချင်၏သို့၊ သူမိုက်တို့၌၊ နှစ်လို့မပြည့်၊ ကိုယ်၏စည်းစိမ်၊ ကိုယ်ကိုနှိမ်သော်၊ အိမ်သူမိတ္တာ၊ တူမပါဘဲ၊ ချမ်းသာမမြင်၊ သေဖောင်၍၊ ဘဝင်မခြား၊ အပါယ်လား၏။ တရားစဉ်လာ၊ ဤသို့စာ၍၊ သူ့မှာကျေးဇူး၊ အထူးသိတတ်၊ ခင်ပွန်းဝတ်ကို၊ မပြတ်အောက်မေ့၊ ဝေလေ့ကောင်းမွန်၊ မြတ်ရာညွှန်၍။ ။ ကျမ်းဂန် ကိုးကြပါစေသော်။

နီညိုမစွဲ။ ။ ခြောက်ပြစ်ဖဲသာ၊ ပုလဲဖြူထွား၊ ပတ္တမြားသို့၊ လေးပါးပဘာ၊ သင်္ဂဟနှင့်၊ ဂုဏာခြောက်တည်၊ ဆယ်မည်ဓမ္မ၊ စသည်မလွတ်၊ မင်းကျင့်ဝတ်ဖြင့်၊ လွှံ့ပတ်ဓမ္မူ၊ ထီးဖြူရာဇင်း၊ အမင်းမင်းကို၊ နှိပ်နင်းအာဏာ၊ ဗောဓိလျာလျှင်၊ ရတနာမိုး၊ မြို့လုံဖြိုးမျှ၊ နတ်စိုးသဏ္ဍာ၊ ရွာစေရ၍၊ ဒုက္ခဟန့်တား၊ တိုင်းသူများကို၊ သနားမြတ်လေး၊ သားနှယ်မွေးသား၊ ထိုရှေးမင်းကောင်း၊ ဘုရားလောင်းနှင့်၊ အကြောင်းတူစွာ၊ ဤအခါ၌၊ ရာဇာများနတ်၊ ထို့မင်းမြတ်လည်း၊ မလွတ်တရား၊ ကျင့်ဆယ်ပါးနှင့်၊ ပြည်သားပြည်သူ၊ ရှင်လူတကာ၊ ချမ်းသာငြိမ်းအေး၊ သုခကျေးလျက်၊ ရန်ဘေးပြတ်ကျိုး၊ ဘုန်းတော်ဖြိုး၍၊ မိုးလည်းကောင်းထွေ၊ ရေလည်းခါညီ၊ မြေဆီသြဇာ၊ တက်လာတုံ့ရှောင်း၊ သီးနှံကောင်းလျက်၊ တောင်းဘဲညာ့ညား၊ ပေးသူများ၍၊ တိုင်းကားပြည်ရွာ၊ ဝပြောသာလျှင်၊ မဟာသမယ၊ ဗုဒ္ဓသာသနာ၊ ပွင့်လင်းစွာဖြင့်၊ သဒ္ဓါ,သီလ၊ စသည် ခုနှစ်ဖြာ၊ သူတကာအား၊ ရတနာမိုး၊ ရွာသွန်းဖြိုး၍။ ။သောင်းစိုး မြန့်လယ်တင့်စေသော်။ BURMESE CLASSIC .com

မိုခို့တကဲ။ ။ လက်သုံးစွဲ၍ အမြဲမှတ်သား၊ မျိုးလေးပါးတို့၊ သားနှင့်မိဘ နှမနှင့် မောင်၊ ညီနောင်မြေဘိုး၊ ဆွေမျိုးကျွမ်းဝင်၊ ကျေးဇူးရှင်နှင့် ကိုယ်တွင်ခစား၊ ဤသို့အားဖြင့်၊ ခြောက်ပါးမင်းတို့၊ ကျင့်လေမြို့သား၊ မချို့ကမ္ပည်း၊ ရှေးထုံးနည်းကို၊ အသည်းစွဲချင့်၊ မှတ်ယူကျင့်၍၊ ဆွေနှင့် မျိုးစု၊ ချစ်မှုမကွဲ၊ ဆင်းရဲမတွေ့၊ လောက်လွေ့စည်းစိမ်၊ ရိပ်ငြိမ်သာယာ၊ တိုးတက်စွာဖြင့် မဟာအဏ္ဏဝ၊ သံသာရမှ၊ တူကွ စုပေါင်း၊ လမ်းရကြောင်းလျှင်၊ ကောင်းသားကုသိုလ်၊ ဆယ်ဖြာကိုသာ၊ လိုအင်မညှိုး၊ နေ့တိုင်းဖြိုး၍။ ။ကောင်းကျိုးပန်းနှယ်ပွင့်စေသော်။

ဤသို့အမြဲ။ ။ မှတ်စွဲကြငှာ၊ ချစ်မေတ္တာဖြင့် ဤစာစီရင်၊ ငါတုံ့လျှင်လည်း၊ များဖြင့်ထိုသို့ ၊ဆိုခဲ့မြို့သား၊ မချို့ဂုဏ်ရည်၊ ပြည့်စုံတည်လျက်၊ ဤသည်ဘဝ၊ ပစ္စက္ခ၌၊ ဆန္ဒရှိလျှောက်၊ကြံတိုင်းမြောက်၍ ပေါက်ရောက်သတင်း၊ ကျေးဇူးချင်းလျက်၊ ဘေးကင်းရန်ကွာ၊ မိစ္ဆာမထောင့်၊ ကြောင့်ကြမကြိမ်၊ စိုးရိမ်ကင်းလွတ်၊ ဥပဒ်မတွယ်၊ အန္တရာယ်ငြိမ်း၊ မတိမ်းမစောင်း၊ လှုပေါင်းချစ်ခင်၊ မြင်လျှင်နှစ်သက်၊ နှုတ်ထွက်စကား၊ မှားသည်မရှိ၊ ကတိမဖိတ်၊ ကိုယ်စိတ်နှစ်ပါး၊ စီးပွားချမ်းသာ၊ တစ်ရာသက်လုံး၊ ဆုံးအောင်ကုသိုလ်၊ ပြုနိုင်လို၏၊ ထိုမှနောင်ဝယ်ကြီးငယ်ဘဝ၊ ကျင့်လည်ရလည်း၊ ဤကပြည့်ဟောင်း၊ ကျေးဇူးပေါင်းနှင့်၊ ထပ်လောင်းအသစ်၊ ဆင့်ကာဖြစ်၍၊ ညစ်ကြေးစင်စွာ၊ ပု–ဒိ–အာ–ကို၊ လွယ်ကာမငြို၊ ရပါလိုဟု၊ ထိုပြည့်ရှင်များ၊ မင်း ခြောက်ပါးတို့ အားကျအန်ကိုး၊ ဆက်တိုင်းကြိုး၍။ ။လောင်းမျိုး ခန့်ရှယ်ရင့်စေသော်။

နိဂုံး ပိုဒ်စုံရတု ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



## ဝေဿန္တရာဇာတ်တော် ခက်ဆစ်များ

၁။ ကပိလဝတ်=ကပိလမည်သော ရသေ့၏နေရာ၌ တည်သောမြို့။
၂။ နိဂြောဓာရုံ=နိဂြောဓသာကီဝင် မင်းသား၏နေရာ၌ ဆောက်လုပ်သောကျောင်းတော်။
၃။ ဗောဓိမဏ္ဍိုင်=သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာ။
၄။ သဗ္ဗညုတဉာဏ်=အလုံးစုံသော တရားအပေါင်းကို သိတတ်သောဉာဏ်။
၅။ သတ္တဋ္ဌာန=ပလ္လင်,အနိမိသ,စင်္ကမ,ရတနာဃရ,အဇပါလ,မုစလိန္ဒ,ရာဇာယတန ၇-ဌာန။
၆။ သတ္တသတ္တာဟ=၇ ရက် ၇ လီ။
၇။ ဇာရာဏသီ=မျောက်ဦးခေါင်းနှင့်တူသောမြို့။
၈။ မိဂဒါဝုန်=သားသမင်တို့ကို ဘေးမဲ့ပေးရာဖြစ်သောဥယျာဉ်တော်။
၉။ ပဥ္စဝဂ္ဂီ=၅ ယောက်အစုအပေါင်း။
၁၀။ ဓမ္မစက္ကသုတ္တန်=တရားစက်ကို လည်စေသောသုတ်။
၁၁။ ဧဟိဘိက္ခု ဥပသမ္ပဒ=ဧဟိဘိက္ခုဟု ခေါ်တော်မူလျှင် ပရိက္ခရာ ၈ ပါးအစုံနှင့်ဖြစ်လာသော ရဟန်း။
၁၂။ ရဟန္တာ=ကိလေသာရန်ကို ပယ်တတ်သောပုဂ္ဂိုလ်။
၁၃။ ဗိမ္ဗိသာရမင်း=ရွှေနှစ်နှင့်တူသောမင်း။
၁၄။ ပဋိညာဉ်=ဝန်ခံချက်။
၁၅။ ရာဇဂြိုဟ်=မင်းတို့သိမ်းယူသောမြို့။
၁၆။ ဝေဠုဝန်=ဝါးတောဥယျာဉ်၌ဆောက်လုပ်သောကျောင်းတော်။
၁၇။ ပရိဗိုဇ်=သာသနာ၏ပြင်ပ၌ တရားအကျင့်ကိုကျင့်သော ရဟန်းတစ်မျိုး။
၁၈။ သောတာပန်=နိဗ္ဗာန်တည်းဟူသောအယဉ်သို့ ပထမဆိုက်ရောက်သောပုဂ္ဂိုလ်။
၁၉။ သုဒ္ဓေါဒန=သန့်ရှင်းစင်ကြယ်သော ထမင်းရှိသောမင်း။
၂၀။ ဖွားဖက်တော်=ဘုရားနှင့် တစ်ချိန်တည်းဖွားသော။
၂၁။ ယူဇနာ=၄ ဂါဝုတ်ကို ၁ ယူဇနာ ခေါ်သည်။
၂၂။ သာကီဝင်=အမျိုးကိုစောင့်ရှောက်ခြင်း၌ စွမ်းနိုင်သောသူတို့၏ အဆက်အနွယ်။
၂၃။ သိဒ္ဓတ်=မင်းသားဖွားသောနေ့၌ အလုံးစုံသော အကြံအစည်ပြီးမြောက်သောကြောင့် သိဒ္ဓတ် ဟုတွင်သည်။
၂၄။ မဟာသမ္မတ=လူအများ သမုတ်တင်မြှောက်ထားသော မင်း။
၂၅။ ယစ်သည်=တွေဝေခြင်း,မေ့လျော့ခြင်း။
၂၆။ ဝယဝုဒ္ဓိ=အရွယ်အားဖြင့် ကြီးသောသူ။
၂၇။ အဘိညာဉ်=အထူးသိသောဉာဏ်။
၂၈။ စတုဒ္ဓရျာန်=၄ ကြိမ်မြောက်ဖြစ်သောဈာန်။
၂၉။ ယမိုက်ပြာဋိဟာ=ရေ,မီး အစုံအစုံထွက်သော တန်ခိုး။
၃၀။ ကြာငုံလက်အုပ်ဖြင့်=ကြာဖူးကြာငုံနှင့် တူသောလက်အုပ်ဖြင့်။
၃၁။ ဟန်စွယ်-ထောင်လွှားတတ်ကြသော မာန်စွယ်။
၃၂။ ထင်းချုန်းမြည်ကြီး=ကြောက်မက်ဖွယ် မြည်ဟိန်းထစ်ကြိုးခြင်း။
၃၃။ ပေါက္ခရမိုး=ကြာတော၌ ရွာသောမိုး။
၃၄။ ဖလသမာပတ်=ဖိုလ်ဝင်စားခြင်း။
၃၅။ ဝေနေယျ=ဆုံးမထိုက်သောသတ္တဝါ။
၃၆။ အဋ္ဌုပ္ပတ္တိ=အကြောင်းအရာ အဖြစ်အပျက်။
၃၇။ သိဝိတိုင်း=ခပ်သိမ်းသောသူတို့၏ မိနိရာဖြစ်သောတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



၃၈။ စေတုတ္တရာ=စေတီယတိုင်း၌ ဖြစ်သောမြို့။
၃၉။ သိင္ဂုည်းမင်း=ကောင်းစွာပစ္စည်းအစုအပုံပြုတတ်သောမင်း။
၄၀။ ဂန္ဓကုဋီ=မွှေးကြိုင်သော ဘုရားနေရာတော် တိုက်ခန်း။
၄၁။ အနုမောဒနာ=အဖန်တလဲလဲ ဝမ်းမြောက်ခြင်း။
၄၂။ ဥရစ္ဆဒါ=ရင်လွှမ်းတန်ဆာရှိသော မင်းသမီး။
၄၃။ နိမိတ် ၅ ပါး=၁-နတ်ပန်းညှိုးခြင်း,၂-အဝတ်ညစ်နွမ်းခြင်း,၃-လက်ကတီးကြားမှ ချွေးယိုခြင်း,၄-ကိုယ်အဆင်းပျက်ခြင်း, ၅-နတ်ပြည်၌ မမွေ့မလျော်ခြင်း။
၄၄။ နန္ဒဝန်=နန္ဒန-နှစ်လိုဖွယ်သော၊ ဝန-ဥယျာဉ်၊နှစ်လိုဖွယ်ရှိသော နတ်ဥယျာဉ်တော်။
၄၅။ မရမ်းမစုန့်=မပွ, မပိန်ဘဲ။
၄၆။ သံသရာဝဲ=အဖန်တလဲလဲကျင်လည်ရသော ဝဋ်တရား။
၄၇။ နိမိတ်=ဖြစ်မည့်အကြောင်းအရာ။
၄၈။ ဇမ္ဗူဒိပ်=ဇမ္ဗူသပြေပင်ပေါ်ထွန်းရာ တောင်ကျွန်း။
၄၉။ ကမ္မဇလေ=ကံကြောင့်ဖြစ်သောလေ။
၅၀။ တစိုးတစိ=အနည်းငယ်။
၅၁။ ဒုဗ္ဘိက္ခန္တရကပ်=ငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးသော ကပ်ကာလ။
၅၂။ ယာစကာ=သူတောင်းစား။
၅၃။ အဏုမြူ=သိမ်မွေ့သေးသိမ်သောမြူမှုန့်။
၅၄။ ၁၀ ဖြာသောမွေ='လှူ,ကျင့်,စွန့်ကြံ၊မည္သဉ်းဆဲနှင့်၊ ဖြောင့်စွဲနူးညံ့၊ မဆန့်ကင်းပ၊ မြေမျှသည်းခံ၊ မြိုးခြံ-အသင့်၊ ဤ ၁၀ ဆင့်၊ မင်းကျင့်တရားမှတ်'ဟု ဆိုသည့်အတိုင်းသိလေ။
၅၅။ သင်္ဂဟ ၄ မည်='အခွန်ဆယ်တို့၊ တစ်ဖို့ခွဲယူမှုထမ်းသူကို၊ ကြည်ဖြူပေးကမ်း၊ ငြိမ်းချမ်းသာယာ၊ ပြောကာစကား၊ တိုးပွားကင်းပ၊ ချေးငှားက၊ ၄ ဝချီးမြှောက်နည်း'ဟု ဆိုသည့်အတိုင်းမှတ်လေ။
၅၆။ နာယကဂုဏ်၆ပါး='ထကြွ,နိုးကြား၊ သနား,သည်းခံ၊ ဝေဖန်,ကြည်ရှု၊ ကြောင်း ၆ ခု၊ ကြီးသူ့ကျင့်ရာတရားတည်း'ဟု ဆိုသည့် အတိုင်းသိလေ။
၅၇။ ရာဇဒဏ်=မင်းပြစ်မင်းဒဏ်။
၅၈။ အင်္ဂသမဥစ္စာ=ကိုယ်အင်္ဂါနှင့်တူသော ဥစ္စာ။ [ရွှေ,ငွေ,ပုလဲ,ကြောင်မျက်ရွဲစသည်။]
၅၉။ ဇင်မဥစ္စာ=ရွှေ့ကောင်းပြောင်းကောင်းသော ဥစ္စာ။
၆၀။ ထာဝရဥစ္စာ=အမြဲတည်သောဥစ္စာ။
၆၁။ ကောန္တိမာရ=ကြိုးကြာတို့ကိုသေစေတတ်သောမြစ်။
၆၂။ အာရဥ္ဇရ=လွန်စွာနှစ်သက်မွေ့လျော်စေတတ်သောတောင်။
၆၃။ ၅ ပါးရန်သူ=ရေ,မီး,မင်း,ခိုးသူ,မချစ်မနှစ်သက်လိုသူ။
၆၄။ သီလဝန္တ=အကျင့်သီလရှိသော သူတော်ကောင်း။
၆၅။ အနဂါမိက=အတူပါ၍ သုံးစွဲမကုန်နိုင်သော ရွှေအိုး။
၆၆။ ခိဋ္ဌာဒသက=ပျော်ရွှင်မြူးထူးတတ်သော ၁၀ နှစ်ပိုင်း။
၆၇။ ဝက်ပါတောင်=ကွေ့ကောက်သောတောင်။
၆၈။ လောကဓံ=လောက၌တွေ့ကြုံတတ်သော လာဘ, အလာဘ၊ ယသ, အယသ၊ နိန္ဒာ,ပသံသာ၊ သုခ,ဒုက္ခဟူသော တရား ၈ ပါး။
၆၉။ ကာမဂုဏ်=အနှောင်အဖွဲ့ဖြစ်သော ကာမအာရုံ ၅ ပါး။
၇၀။ အဘိညာဉ်=သမာဓိနှင့် ယှဉ်သော အသိဉာဏ်ထူး။
၇၁။ ဈာန်=နီဝရဏ တရားတို့ကို ဖုတ်မြိုက်လောင်ကျွမ်းစေတတ်သောတရား။ တစ်နည်း-စူးစူးစိုက်စိုက်ကပ်၍ ရှုတတ်သောတရား



www.burmeseclassic.com

www.burmeseclassic.com



၇၂။ သမာပတ်=ကောင်းစွာဝင်စားမှု။
၇၃။ သောဒမ္ဗရ=ကောင်းသော ရေသဖန်းပင်ရှိသောမြစ်။
၇၄။ အဘယ်=ချစ်သူဇနီးအား ခေါ်သောစကား ဖြစ်၏။
၇၅။ ဝနပ္ပဝေသနခန်း=တောဝင်သောအခန်း။
၇၆။ ရှေ့တူရှူ=ရှေ့တည့်တည့်။
၇၇။ အနဋ္ဌ=အဖိုးမဖြတ်နိုင်သော။
၇၈။ ဂန္ဓမာဒန=ပန်းတို့ဖြင့် မူးယစ်စေတတ်သောတောင်။
၇၉။ ဝေပုလ္လ=အထူးထူးသောရတနာတို့ဖြင့် ပြန့်ပြောသောတောင်။
၈၀။ ကေတုမတီ=ရေတံခွန်ကဲ့သို့ နှစ်သက်ဖွယ်ရှိသောမြစ်။
၈၁။ မုစလိန္ဒာ=ကျည်းပင်ရောက်သောအိုင်။
၈၂။ ကေသရာဇာ=နီသောလည်ဆံရှိသော ခြင်္သေ့မင်း။
၈၃။ ရွှေဦးသျှောင်ကျင်= ရွှေဆံထိုးတစ်မျိုး။
၈၄။ သခ်မ်း=ကိုယ်,စိတ်ကိုဆုံးမရာ သူမြတ်တို့နေရာကျောင်း။
၈၅။ ဥဒါန်းကျူး=နှစ်သက်ခြင်းပီတိအဟုန်သည် ဖြစ်စေအပ်သောကြောင့် မျိုသိပ်၍မထားနိုင်ဘဲ ပြင်သို့လျှံထွက် ကျူးရင့်ဆိုမြွက်သောစကား။
၈၆။ စင်္ကြံ=အညောင်းအညာပြေအောင် သွားလာရန်ဆောက်လုပ်သော ရှည်သောကျောင်း။
၈၇။ တောင်ဝှမ်း=တောင်၏အောက်ချိုင့်အရပ်။
၈၈။ ဗြဟ္မစရိယသိက္ခာပုဒ်=မြတ်သောအကျင့်ကို ကျင့်သုံးကြောင်းသိက္ခာပုဒ်။
၈၉။ ဒုန္နိဝိဋ္ဌ=ဒုနိဝိဋ္ဌ-မကောင်းသောနေရာ။
၉၀။ ဇမ္ဗုဇကာ=ကစားမြူးထူးတတ်သောပုဏ္ဏား။
၉၁။ အမိတ္တာပုံ=ရန်သူကဲ့သို့ ပူပန်စေတတ်သော မိန်းမ။
၉၂။ ကလူး=ကျီစယ်ခြင်း။
၉၃။ စေးချုံ=တောချုံ။
၉၄။ ဝန္ဓသကုဏာ=နှောင်ဖွဲ့အပ်သောငှက်တို့ဖြင့် ပူဇော်အပ်သောနတ်။
၉၅။ ရှုဠဝန ဝဏ္ဏနာခန်း=တောငယ်ကို ချီးမွမ်းသောအခန်း။
၉၆။ ပဋိသန္ထာရ=ဧည့်ခံစပ်သောစကား။
၉၇။ ရိက္ခာ=လမ်း၌စားရန်အစာ။
၉၈။ အစ္စုတ=မသေမရွေ့လျောခြင်း၊ငယ်စဉ်ကမိဘတို့ မင်္ဂလာအလို့ငှာ မှည့်သောအမည်။
၉၉။ မဟာဝနဝဏ္ဏနာခန်း=ကြီးသော တောကိုချီးမွမ်းသောအခန်း။
၁၀၀။ ဘာရဒ္ဒါဇ=ပုဏ္ဏားတို့တွင် ယုတ်နိမ့်သောအမျိုး။
၁၀၁။ ကုမာရပဗ္ဗခန်း=သူငယ်တို့၏ အဆစ်အပိုင်းကိုဆိုသောအခန်း။
၁၀၂။ လှင်ကန်=မောင်းနှင်ရာသုံး ကြိမ်တုတ်။
၁၀၃။ အိုးစရည်း=အိုးကြီး။
၁၀၄။ ရှိုင်းချိုင်း=မညီနိမ့်နှင်းရှိသည်။
၁၀၅။ မြူး=တံငါသည်တို့ ငါးဖမ်းသောပစ္စည်း။
၁၀၆။ ခက်တရော်=သွေးကျ၍မာကြမ်းလာသည်။
၁၀၇။ မဒ္ဒီပဗ္ဗခန်း=မဒ္ဒီမိဖုရားနှင့်သက်ဆိုင်ရာစကားအဆစ်အပိုင်းကို ဆိုသောအခန်း။
၁၀၈။ အကနိဋ္ဌ=ဗြဟ္မာ့ဘုံတွင် အမြင့်ဆုံးအကြီးဆုံးဘုံ။
၁၀၉။ သုသာန်တစပြင်=သူကောင်းပစ်ရာသချိုင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၁၀။ ဟတ္ထိလိင်္ဂသကုဏ=ဆင်နှင့်တူသောငှက်။
၁၁၁။ ဥပါယ်တံမျဉ်=နည်းပရိယာယ်အားဖြင့် ဖြားယောင်းခြင်း။
၁၁၂။ ပုဗ္ဗနိမိတ်=ရှေ့ပြေးအကြောင်းအာရုံ။
၁၁၃။ သက္ကပဗ္ဗခန်း=သိကြားမင်းနှင့်သက်ဆိုင်ရာ စကားအဆစ်အပိုင်းကို ဆိုသောအခန်း။
၁၁၄။ သမ္မောဒနီယကထာ=ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြသောစကား။
၁၁၅။ သာရဏီယ=မပြတ်အောက်မေ့အပ်သောစကား။
၁၁၆။ မစ္ဆရိယ=ဝန်တိုစဉ်းလဲခြင်း။
၁၁၇။ နိရယဂတိ=ငရဲတည်းဟူသော လားရာဂတိ။
၁၁၈။ သဂ္ဂဂတိ=နတ်ပြည်တည်းဟူသော လားရာဂတိ။
၁၁၉။ ဒုစရိုက်=မကောင်းသောအကျင့်။
၁၂၀။ သုစရိုက်=ကောင်းသောအကျင့်။
၁၂၁။ စာရိတ္တ=အကျင့်။
၁၂၂။ မဟာရာဇ ပဗ္ဗခန်း=မင်းကြီးနှင့်သက်ဆိုင်ရာ စကားအဆစ်အပိုင်းကို ဆိုသောအခန်း။
၁၂၃။ ဖျော့တော့=ဖက်ရွက်ရော်ကဲ့သို့ အဆင်းရှိသည်။
၁၂၄။ အာဇာနည်သိန္ဓောမျိုး=သိန္ဓုတိုင်း၌ ဖြစ်သောမြင်းမျိုး။
၁၂၅။ ဝါဠဝေဓိ=သားမြီးဖျားကို မြင်လောက်ရာက ထိအောင်ပစ်နိုင်သောလေးသမား။
၁၂၆။ ၈ ဥသဘ=လက်အတောင်ပေါင်း-၁၁၂၀။
၁၂၇။ တူရိယာ=တီးမှုတ်ရန်ဝတ္ထု။
၁၂၈။ အဿတိုရ်မြင်း=ခြင်းသာမညတို့ထက် ပိုလွန်၍သွားစွမ်းနိုင်သော မြင်းထူးမြင်းမြတ် [အာဇာနည်မြင်းမနှင့်မြည်းဖို သင့်မြတ်၍ ပေါက်ဖွားသော မြင်းကို အဿတိုရ်မြင်းခေါ်သည်။]
၁၂၉။ ဆခတ္တိယခန်း=မင်း ၆ ပါးတို့နှင့် သက်ဆိုင်ရာစကားအဆစ်အပိုင်းကိုဆိုသောအခန်း။
၁၃၀။ ပဏ္ဍုကမ္ဗလာ=ဖျော့တော့သောအဆင်းရှိသော ကျောက်ဖျာ။
၁၃၁။ တုသိတာ=နှစ်သက်ဝမ်းမြောက်ခြင်းသို့ရောက်သော နတ်ပြည်။
၁၃၂။ ဒေဝဒဟ=နတ်ရေကန်ရှိသောမြို့။
၁၃၃။ အဂ္ဂသာဝက=မြတ်သောတပည့်သာဝက။
၁၃၄။ ဗိမ္ဗာဒေဝီ=ရွှေအဆင်းရွှေရုပ်ကဲ့သို့ တင့်တယ်သောမိဖုရား။
၁၃၅။ ယသောဓရာ=အခြံအရံကိုဆောင်တတ်သော မိဖုရား။
၁၃၆။ ဒေယျဓမ်=သိအပ်သော တရား ၄ ပါး၊ [ဒေယျဓံတရား ၅ ပါးကား သဒ္ဓါရ,ဝိကာရ,လက္ခဏ,နိဗ္ဗာန်,ပညတ် ဤ ၅ ပါးတည်း။]
၁၃၇။ ဘရာ=အဘ၏အရိုက်အရာ။

BURMESE CLASSIC .com



www.burmeseclassic.com